www.burmeseclassic.com

အတွဲ (၁၆) အမှတ် (၆)
ပဝါခုနှစ် ဇွန်လ

ဘုရားပြေး

မဂ္ဂင်း



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ပုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ပုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

အတွဲ (၁၆) အမှတ် (၆) ၂၀၁၆ ခုနှစ် ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



ဘာသာရေးဆောင်းပါးများ

၅ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိပြုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
ပကိဏ္ဏက လေခက္ခန္ဓာကထာ
(ကထာစာပေါင်းသိုက်)
ဒီရေ
မဟာဗောဓိပြုင်ဆရာတော်ဘုရားကြီး

၁၂ သတ္တဝါကယ်မည့်
အဘအောင်မင်းခေါင်ရဲ့
ဥက္ကလာဦးစေတီ
တင်တင်ဦး(ပေါင်းတည်)

၁၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၈)
ကံဝင်း

၂၃ အဘိဓေမဟာရဋ္ဌဂုရု
စံကင်းဆရာတော်ကြီး
အမြဲရွတ်ဆိုတော်မူခဲ့သော
သက်တော်မြဂါထာတော်
ဆရာဦးစိန်လှိုင်
(ကျိုက်လတ်)

၂၅ ပစ္စေကဗုဒ္ဓကိုပူဇော်ပြီး
မိမိအလိုဆန္ဒကိုအရယူပါ
ဘုန်းခေါင်

၂၇ ရွှေကံကူလေပျံသစ်တော်
ရုပ်ရှင်တော်မြတ်၏
၂၀၁၅ နေပြည်တော်ခရီးစဉ်မှ
ထူးခြားမှုဖြစ်ပေါ်ခြင်း
ဘိုဘို(ရွှေကံကူ)

၃၉ သာစည်မြို့နယ် မြက်ဖြူတောင်မှ
သာသနာပြုခရီးသွား
ရဟန်းတော်တစ်ပါး
အာကာသ(သာစည်)

၄၅ သာမောဖွယ် မြို့ရွှေဝယ်
ကျက်သရေတော်ဆောင်
လောကသရဖူလျောင်းတော်မူ
ဘုရားကြီး
မောင်စိမ်းလွေး(ထားဝယ်)

၅၁ စလင်းကန်လယ်
ဆရာတော်ဘုရားကြီး
အမှတ်တရ
တင်အောင်(စက်မူတက္ကသိုလ်)

၅၇ ရောဝတီမြစ်အနောက်ဘက်ကမ်းက
မလွန်-မြသပိတ်စေတီတော်
ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ရွေး-သု)

၆၉ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်
သုံးဆယ်မြို့မှ မေတ္တာစွမ်းအားကြီးမား
သည့် ဘဒ္ဒန္တအရှင်ဥာဏ၏
ဖြစ်ရပ်ဆန်းကြယ်အသွယ်သွယ်နှင့်
ကြည်ညိုဖွယ်ရာဝိသေသများ
ရွှေချိုအောင်(ငပလီ)

၇၈ ဘုန်းကံကြီးမားမင်းကောင်းများနှင့်
အစီအရင်အဆောင်ဂါထာများ(၁၇)
သစ္စာဝါဒီ-ဦးမြင့်အောင်

၇၉ ဒေးဒဲရဲ့မြို့ တောင်ဆုပြည့်စုံ
ကျိုက်ဒေးယျံစေတီတော်
မင်းနန္ဒရိုန်

၈၄ သမ္မုဒ္ဒေအစွမ်း
ကောင်းစံသာ(မင်းတုန်း)

၈၇ ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့်
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၈၉ ဆင်ဖြူရှင်မင်း၏
နိဗ္ဗာန်ဆိပ်ဦးဘုရား
သန်းဆွေ(ရွှေဘို)

၉၉ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်
ပွင့်ဖြူမြို့နယ်တွင်
ထူးခြားစွာတည်ထားကိုးကွယ်သည့်
အောင်မြေလေးဌာန
ရုံလေးရုံစေတီတော်မြတ်ကြီးလေးဆူ
ရေနံ့သာ-အောင်ချမ်းဇော်

၁၁၀ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၁၁၅ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၅)
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၂၅ ဗုဒ္ဓဘာသာဝင်အစ သရဏာဂုံက
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၂၆ (၂၀) ဆုဘုရားရှိခိုးဂါထာတော်
ဝတီထွန်း(ကျောက်ဖြူ)

၁၂၉ အဘရာကျော်ဆရာတော်ဘုရားကြီး
အောင်လမ်းညွှန်ရာ
ဖောင်တော်ဦးမတ်ရပ်တော်
ဆတောင်းပြည့်ဘုရားကြီး
အောင်သာကျော်

သုတရသဆောင်းပါး

၈၆ မိဘအပေါ်မှာ
သားသမီးဝတ္တရားကျေပွန်ပါ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၉၇ စိတ်နလုံးရွှင်လန်းစေဖို့
ချစ်ဖို့(မော်ကွန်း)

၁၁၆ အဇာတသတ်မင်းအကြောင်း
သိကောင်းစရာ
ဦးကျော်ရိုန်(မဟာဝိဇ္ဇာ၊ ဝဠုသကာ

www.burmeseclassic.com

www.burmeseclassic.com

၃၃ မိုးကုတ်ဆရာတော်ဘုရားကြီးနှင့်
ပျားစွဲခြင်းဖြစ်ရပ်ဆန်း
အောင်ဆန်းလင်း(ဘီအေ)
၅၆ သံသရာခရီးသည်
ထုံးတောင်-အရှင်မေမြိဿ(မြောင်)
၁၀ ပြစ်မှားသူနှင့်အပြစ်ဒဏ်(၂)
ဒေါက်တာအရှင်လာဘသာမိ
(မြတ်ဓမ္မ)
၂၀ ဝင့်မာအမြဲ
ချောင်းဆုံအုန်းသွင်
၁၂ သီလရှင်
အရှင်ဥဇ္ဇယ
၂၄ စည်းထားကြသူများ
အိုအေစစ်(မအူပင်)
၂၉ ကျေးဇူးကြီးလှ ဒေါက်တာအရှင်ဇဋိလ
နေပြည်တော်ကျော်ကျော်စိုး
၃၄ စစ်ကောရာဝင်၏ကျွန်းကေရီ
လျှမ်းထက်
၃၇ မယုံမရှိနဲ့
တက္ကသိုလ်-မောင်လူလု
၄၂ မြန်မာတံဆိပ်ခေါင်း
ဒီဇိုင်းများအကြောင်း
ကြည်လွင်
၄၁ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု (၃)
ပန်းချီထူးလှ
(ရွှေဟောင်းသုတေသန)
၅၀ နောင်ဖွဲ့မှုမစီးမျောလာသော
သမုဒယန္တီ
မောင်လွမ်းမိုး(ချောင်းဆုံ)
၅၀ ကျေးငှက်ရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁၅)
ပထမံဆရာဦးအေးရွှေ
၅၁ ချမ်းသာရေးတရား(၄)
ချောင်းဆုံအုန်းသွင်
၅၃ ဝမ်းမြောက်ဖော်ရွှင်ဖြစ်စေချင်
ဦးကောဝိဒ(မြိတ်)
၅၃ နိမိတ်ပေးသော
ရှင်သီဝလိရဟန္တာတော်
နေဦး(အ-စ အောင်ဆန်း)
၅၅ ဆရာကောင်းသမားကောင်းနှင့်
တွေ့ကြုံကြပါစေ
စောမိသွင်(ရန်ကုန်)
၅၉ ဓေဒပညာရွှေထောင့်မှ
အစိုးရသစ်၏ပထမရက်ပေါင်း
တစ်ရာနှစ်ရာ
မင်းရှိန်အောင်

၃၆၀ အိုင်စိအက်(စ်)ဦးကာ
လှမိုး(ပညာရေး)
၃၈၃ အဝတ်နီမျက်နှာစည်းဗေဒင်ဆရာ
မနှင်းဆီ(နေပြည်တော်)

သူရဖွဲ့တိုင်းရင်းဆေး

၁၈၁ ချောင်းဆိုးအတွက်ပင်စိမ်းရွက်
သပိတ်ကျင်း-ကျော်ကျော်ထွန်း
၁၈၅ နာလန်ထူတီဘီနှင့်ရဲယိုဗီနီးဒေယျာ
၂၁၅ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၆)
ရွှေနဝင်း(ပုသိမ်)
၂၃၇ ပန်းပေါင်းတစ်ထောင်
သိဒ္ဓိဝင်ပျားရည်
အောင်စကြာ
အရှင်သုဓမ္မသာရ(ဥပစာ-ဝိဇ္ဇာ)
(အငြိမ်းစားကျန်းမာရေးမှူး)
၂၄၄ ဘိုးနက်တုတ်ပေးတဲ့
ခွေးကိုက်နာပျောက်ကြောင်း
ဆေးနည်းကောင်း
စနေထွန်း(မြစ်သား)
၂၅၃ နာခေါင်းသွေးယိုခြင်းကာကွယ်နည်း
နတ်မောက်မင်းသန့်နိုင်
၂၅၉ ပင်ပန်းနွမ်းနယ်မှု
အမြန်ပြေပျောက်နည်း
နတ်မောက်မင်းသန့်နိုင်
၂၆၅ ယားယံအဖုအပိမ့်များ
အသုံးတည့်သည့်
နွားမြက်ရင်းမြစ်
နေဝင်းဝင်း(ထွန်ဆေး)
၂၆၇ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၂၉၉ လေ့လာမှတ်သားလိုက်နာ
ကျန်းမာစေရာ
တိုင်းရင်းဆေးပညာ(၁)
ဦးကြည်ဝင်း(ရွှေစင်)ချောက်

သူရဖွဲ့ဝတ္ထုတို

၁၄၂ ဦးအောင်မောင်းနှင့်တောင်ပိုကြီးများ
ထောင်မှူးကြီးသိန်းဝင်း
၁၄၆ တရူးရူးမာန်ဖိ၍ပါးပျဉ်းထောင်ကာ
ကိုကိုသက်(ရေနံ)
၁၇၀ ဝစီကံဝဋ်ကြွေး တန်ပြန်ပေးဆပ်
လမင်းငယ်(ဟုမ္မလင်း)

၁၇၄ ပုဏ္ဏားဝန်ကျိန်စာ
မဟာသျှံ
၁၈၂ တမလွန်ပုံရိပ်
ထင်တရာ(ပြည်)
၁၈၆ ရွာသူအန္တရာယ်
အောင်မြင့်ထွန်း(မသုံးလုံး)
၁၉၈ ကြက်စောင်းတောင်မှ
ဖြစ်ရပ်ဆန်းများ
ရန်မျိုးအောင်
(ရတနာမြေ-ချောင်းကြီး)
၂၁၀ သံနီချောင်းတံတား ဝါးဝါးလေးပုံပြင်
မောင်စိန်ဝင်း(ရွှေမိုးညို)
၂၂၇ ဘုရား,မတဲ့အိမ်
သော်တာအောင်(ကျောက်တောင်)
၂၃၄ ကျွန်း၏မာယာ
သက်နိုင်(ဂျီတွော)
၂၅၈ ထူးဆန်းသောပတ္တမြားနှစ်လုံးနှင့်
သိုက်တို၏မာယာ
ရောမြေ-ကျော်ဝေ
၂၆၇ မြွေပညာနှင့်မြွေဆရာ
ကျော်မိုးလွင်(ဝါးခယ်မ)
၂၇၀ ကာမဘုံချောက်ကမ်းပါးမှ
အပါယ်လေးဘုံသို့လက်တစ်လုံးအလို
သန့်ဇင်
၂၈၂ တောလိုက်မုဆိုးနှင့်
ထူးဆန်းသောအလင်းရောင်များ
ကိုဆောင်းဦး
(အလိန်လည်ကျေးရွာ)
၂၉၄ ပန်ထွာမိဖုရားသခင်္ဂီမှ
အစောင့်နဂါးမြွေကြီး
သီရိစန္ဒာဒေဝီနဂါးမနှင့်
နန်းတွင်းအန်စာတုံး
မန်းပွင့်(ပြည်)
၃၀၆ အရှူးကြီးကို ချစ်
ပြောတော်အသစ်ကသောညနှင့်
ချစ်သမီးလေးမှုရွှေရည်
ပျောက်ဆုံးခြင်း
ကိုဇော်ဝင်း(လှတော)
၃၁၄ သခင်္ဂီငြိုးထဲမှာ
သရဲနှင့်ရင်ဆိုင်တွေ့တော့
သပိတ်ကျင်း-ကျော်ကျော်ထွန်း
၃၁၈ မှန်းပြိုးပြေပါ
ခင်မမထင်း(ကလော)
၃၂၆ သိမ်ပန္နက်အစွမ်း
သုသုသ
၃၄၆ တမလွန်မှအမွေကိုရလိုက်ခြင်း
စိုးထွန်း(ဥပဒေ)
၃၅၁ ထူးလည်းထူးတဲ့မြွေဖူးစာ
လနယုန်မိုး

www.burmeseclassic.com

www.burmeseclassic.com





၃၆၄ ဖေဇော်ဂျီနှင့်ဆုံခဲ့သည့် ကျွန်တော့်သူငယ်ချင်း
နန္ဒဝင်းကျော်ခေါင်(ခတ္တ-လူပြည်)
၃၇၄ ပြကျောက် (၄)
နေပြည်တော်ကျော်ကျော်စိုး
၃၉၆ နန်းတွင်းဝိညာဉ်များ
လွှာပေါ်ခဲ
၄၀၄ ပရလောကသားများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်
လှမြင့်(စက်မှု-၂ ငြိမ်း)

သူရဿအခန်းဆက်ဝတ္ထုရှည်

၂၄၆ လူမိုက်ကြီးသုံးယောက်(၁)
ရွှေပြည်စိုး(မိုးကုတ်)
၃၃၀ ပညာရှင်
ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)

သူရဿ ပညာရပ်

၂၂၀ နာမည်များနှင့်ငြင်းခုံခြင်း(၉)
နေဝိဇ္ဇာ
၂၅၃ ဝိဇ္ဇာခရမြန်မာ့အင်္ဂါရတ်ပညာ(၆၃)
ဆရာဦးဆက်ထွန်းလင်း (အာယုဗေဒ)
၂၆၂ ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်
ဘသုန်
၃၅၄ ကျောက်စက်ရေစင် မတည့်စာယှဉ် ကျွဲငမန်း၏ယကြာဓာတ်လေးအင်
ထင်ကျော်စွာ(ကွန်ရွာစု)
၃၅၆ တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
ဆရာစိုး-ရွှေအာရုဏ်ဦး (တားရော့သုတေသီ) မိုးကောင်း
၃၆၉ တရုတ်ဂန္ဓိရဖုန်းရွှေပညာ
ဦးအောင်လိုင်(သုဝဏ္ဏ)
၃၈၈ အရေးကြုံမှုယုံကြမှာလား(၁)
အဓိပတိ(အုန်းချော)
၄၀၇ တားရော့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး

သူရဿလက်တွေ့အသုံးချ

၁၂၈ ထီ
ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)
၁၅၃ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်
၁၆၈ ထူးထူးခြားခြားအစွမ်းသိဒ္ဓိရသည့် အဓိဋ္ဌာန်ကျင့်စဉ်
ပညာကျော်
၂၅၁ အမြစ်ကိုရေလောင်း အညွှန်တက်စေမှာ
နတ်မောက်မင်းသန့်နိုင်
၂၉၃ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ကမ္ဘီရ)
၃၀၆ ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ မေထုန်ရာသီပြောင်း မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်
၄၁၁ ရေတွင်းကိုဘယ်လိုတူးကြမလဲ
နေပြည်တော်ကျော်ကျော်စိုး
၄၁၃ ၂၀၁၆ ခုနှစ်၊ ဇွန်လ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
ဓေါ်ခင်စံသူ(B.Sc)
၄၁၅ ၂၀၁၆ ခုနှစ်၊ ဇွန်လ ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်
၄၁၈ ဘာလုပ်လုပ် ဘာမှဖြစ်မလာသူများအတွက် သူရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)
၄၂၁ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွက် ခုနှစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဓေါ်သန်းသန်း(ခ)
ဓေါ်ချောသိရိခိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇)
မျက်နှာဖုံးနှင့် အတွင်းပန်းချီ
စိုးအောင်
သူရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းရေးလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၄၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၀၆၇၄
မြန်မာ့ရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလွင်၊ ချမ်းမြေကျော်၊
အိမွန်တွန်း၊ နင်းသန္တာကျော်၊
စန်းထွန်းမြင့်
ဖုံးအဖွဲ့
သဲယုလွင်၊ အေးအေးစန်း၊
စုမွန်၊ စုစုဝေ၊ နန္ဒ၊ ပြီးရတနာ၊
စာတည်းအဖွဲ့ဝန်းနှင့်ပြန့်ရိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၈၂) ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်၊
ဖြန့်ရိရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၀၀၀၃၀
မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစံပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရွှေမြောင်ကယား-ဂင်္ဂါနဒီ မိလှုံမှာ
ပဲခူး- သင်္ဘောစာပေ
ဟသံတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
ဘောင်္ဂလား-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေမွာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဝေရေး
(၃၀၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြေခြင်ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ပကိဏ္ဏက လေးကွန့်ကထာ (ကထာစာပေါင်းသိုက်)

ဒီဂရေ

ဟုလွှာ သန္ဓိကေ မမ၊ တက္က ဝစရ ဝတ္ထုန်၊
တမ္မ ဒဗ္ဗိ ရာသိဧကော၊ ဧကေကော မမ္မ ဝိတက္ကော။ ။

မမ သန္ဓိကေ- ငါတို့၏အာရုံသဏ္ဌာန်များ၌၊ **တက္ကဝစရ ဝတ္ထုနိ** -တွေးစရာကောင်း အကြောင်းတို့သည်၊ **ဗဟု လွှာ** - တွေးလိုက် တိုင်းပွား အများသား။ **တမ္မာ** - ပွေလိမ်ရှုပ်ယှက် ထိုစာပေါင်းသိုက်ထဲမှ၊ **ဣဒမ္မိ** - ဒီရေ ဆိုသော၊ ဤစကားလုံးလေးကလည်း၊ **ဧကောရာသိ** - တစ်ခုဝင်ပါလိုက်သော ဝေစုလေး၊ **ဧကေကော**- တစ်ခု၏ထက် တစ်ခုတက်လာသော၊ **မမ္မဝိတက္ကော** - တရားအတွေး။

ဟုလဆွဲငင်အားဖြင့်ရပ်တည်နေရသောရေ

ကမ္ဘာပြုပြိုးကြီးရွာသွန်းချိန်...
ကမ္ဘာတည်မည့်နေရာသို့ ဓာတ်ခိုးကြီးလေးမျိုးထိုးဆင်းလာကြရာ...
နေသည် ... ခရီးထွက်ခါစ၏ အနီးဝန်းကျင်မှ စောင့်ကြို့နေကာ ကျန်ဓာတ်ခိုးသုံးမျိုးတို့အား ဖမ်းဆီးချုပ်နှောင်၍ ကမ္ဘာတစ်ခုတည်၏။ ယင်းသည် ဓာတ်ခိုးကြီးလေးမျိုးတို့တွင် ဆွဲငင်အားအပြင်းဆုံး မီးဓာတ်ဖြစ်ခြင်းကြောင့်...

အသစ်တည်မည့်ကမ္ဘာနှင့် ကမ္ဘာပေါ်နေသက်ရှိ၊ သက်မဲ့များကို ကြီးထွားဖွံ့ဖြိုးရန်လည်း အခိုးလွှတ်ပေးနိုင်စွမ်းရှိ၏။ ကြီးထွားလာသော် ခိုင်မာရင့်ကျက်ရန်လည်း တာဝန်ယူနိုင်စွမ်းရှိ၏။ ကမ္ဘာကြီးပေါ် သက်ရှိ၊ သက်မဲ့များတင်၍ အရပ်အားလုံးသို့ လှည့်လည်ပြသပေး၏။

လသည် ... ခရီးပြီးဆုံးခါနီး၏ တဲတဲလေးလိုနေရာမှ ရပ်နေကာ ကျန်ဓာတ်ခိုးသုံးမျိုးတို့အား မျိုထား၍ ကမ္ဘာသစ်တည်၏။ ယင်းသည် ဓာတ်ခိုးကြီးလေးမျိုးတို့တွင် အခံဓာတ်များဖြစ်ကြသော ရေဓာတ်၊ မြေဓာတ်နှစ်ပါးတွင် ဦးဆောင်ဖြစ်ခြင်းကြောင့် ခုခံအားပြင်း၏။ သို့ကြောင့် ထိုလသည် ကမ္ဘာနှင့် ကမ္ဘာပေါ်နေ သက်ရှိ၊ သက်မဲ့များကို ... အပူလျှော့ချ၍ အေးမြခြင်းကိုပေးဝေ၏။ အေးမြလာသော် ... အိပ်စက်အနားယူရန် အချိန်ကိုပါ ဖန်ဆင်းပေး၏။ ကမ္ဘာနှင့် သက်ရှိ၊ သက်မဲ့များကို အပူလွတ်ရာဘက်သို့လည်း လှည့်ပတ်ပို့ဆောင်ပေးသေး၏။

မှတ်ချက် ။ ။ ကြယ်တာရာများကား မီးဓာတ်နေ၏ ဖမ်းဆီးဒဏ်မခံနိုင်ကြသဖြင့် ကိုယ်လွတ်ထွက်ပြေးကြသော ရေဓာတ်စုလေးများ ဖြစ်ကြသည်။ ကျန်သော ဓာတ်ခိုးလေးမျိုးကား ကမ္ဘာကြီး



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် သူနေရာအရောက် တည်မိသွားကြသည်။

သည်သို့ ကမ္ဘာသစ်တည်ချိန် အမျိုးသားရေစိတ်ပြင်းထန်လွန်းသူများ ခွဲထွက်သွားကြသောပမာ... မီးဓာတ်နှင့် ရေဓာတ်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနေ၊ လအဖြစ် ကမ္ဘာတည်ဆောက်ကြရာတွင်...

နေသည် ကောင်းကင်နေ လေပြင်၏ အကူအညီဖြင့် အုပ်ချုပ်၏။

လသည် မြေပြင်နေ ရေပြင်၏ အကူအညီဖြင့် အုပ်ချုပ်၏။

ထိုစဉ်...

လသည် သူထွက်လာချိန် ရေကိုပါခေါ်လေ့ရှိရာ ရေသည် ဒီရေအဖြစ်ဖြင့် လနောက်က လိုက်ပါရစမြဲသာ။ ယင်းမှာ... သပိတ်လုံးမျှသော ရေလုံးက ရှေ့ပြေးပြေးလာရခြင်းကြောင့် ဒီရေအမည်ရ၏။ ဤ ဒီလုံးနောက်မှသာ ပင်လယ်ရေများ တလိပ်လိပ်လိပ်တက်တက်လာခွင့်ရကြ၏။

ထိုဒီရေသည် လဆုတ်ပိုင်း လုံးဝမတက်။ သို့ကြောင့် လဆုတ်ပိုင်းကို ရေသေပတ်။ လဆန်းလျှင်ကား လအသေး၊ အကြီးအလိုက် အတက်အန္၊ အကြမ်းတို့ဖြင့်လည်း ရေတက်ပြ၏။ အချိန်စောခြင်း၊ နောက်ကျခြင်းများဖြင့်လည်း ခွဲခွဲခြားခြား ရေတက်ပြ၏။ လပြည့်နေ့ကား အထွတ်အထိပ်ဖြစ်သဖြင့် အကြမ်းဆုံးအရမ်းဆုံးဖြစ်တော့သည်။ သည့်နောက် လဆုတ်သွားလျှင် ဆုတ်သလောက် ရေများလည်း သတ္တိပျောက်ကြရတော့သည်ပမာ...

လူတွင်လည်း... နေ၏တစ်ရက်လျှင် စက္ကန့်-၂၀နှုန်းသော အတက်အကျ

www.burmeseclassic.com

www.burmeseclassic.com

များနှင့်ယှဉ်၍ ကြီးထွားနှုန်း တိုးတက်လာစေတတ်၏။ ၁၀-နှစ်ကြာမှ ရုပ်ပုံတစ်ပုံ ပီပြင်၏။ သို့ကြောင့်... မွေးစမှ ၁၀-နှစ်သားအထိကို ကလေးခေါ်ရသည်။ တစ်ဖန် ... ၁၁-နှစ်မှ ၂၀-အထိကို လူလေး သို့မဟုတ် 'မောင်' တပ်ခေါ်ခွင့်ရပြီ။ တစ်ဖန် ... ၁၂-နှစ်မှ ၃၀-အထိကို 'ကို' တပ်ခေါ်ခွင့်ရပြီ။ ထိုမှနောက် အသက်-၆၀တွင်းအထိကိုကား ဦးစီးအရာဝင်ဖြစ်၍ 'ဦး' တပ်ခေါ်ရမည်။ အသက်-၆၀ကျော်မှ မသေမချင်းကိုကား တန်ဖိုးကြီးသော ကျေးဇူးရှင်ဖြစ်လာ၍ အဖိုး(အဘိုး)။ သည်သို့ အရွယ်များ အချိန်နှင့်စက်၍ အတက်အကျဖြစ်ခဲ့ရာ... မွေးစမှ ၁၀-နှစ်သားသည် ဒီရေမတက်မီရှိ ရေသေပတ်ကာလပင်။ ၆၀-ကျော် ၇၀မှ မသေမီကား ဒီရေကျပြီးနောက်ရှိ ရေသေပတ်ကာလများ။

သို့ဖြစ်ရာ... လူသဏ္ဌာန်တွင်းနေ ကာမသွေးအတက်အကျများကို အသက်-၂၀မှ၆၀-အတွင်းသာ မှတ်တမ်းပြုစုခွင့်ရပါတော့မည်။ ထိုစဉ်...

(က) အသက်-၂၀မှ ၄၀-အထိအရွယ်သည် တက်သွေးထချိန်။

(ခ) အသက်-၅၀အရွယ်သည် တန့်သွေးပြချိန်။

(ဂ) အသက်-၆၀မှ အထက်အရွယ်များက ကျသွေးစပြချိန်။

ဤခွဲတမ်းသည် အရွယ်လိုက်၍ ခွဲထားသော ဒီရေမှတ်တမ်း ဖြစ်၏။ ယေဘုယျနည်းစနစ်ဖြင့် တွက်ချက်ထား၏။

လူသည် မိဘတို့၏ ပူအေးသော ဥတုသွေးမှီဖြစ်ရ၍ ဥတုဇရုပ်ပိုရှင်။ တစ်ဖန်... မြေဓာတ်-၂၀၊ ရေ-၁၂ ပေါင်း ၃၂ တို့ဖြင့် တည်ထား၍ ဥတုဇရုပ်ပိုင်ရှင်။ ထို့ ဥတုဇရုပ်ပိုင်ရှင် လူသားများ ကိုယ်ခန္ဓာအရွယ်အားကြီး အားကြီးသလောက် ဥတုတွင်းပါ လေ၊ မီးများ အနှောင့်ခံကြရခြင်းကြောင့် သွေးများ ဆူကြမည်။ မနေနိုင် မထိုင်နိုင်အထိ ထိုသွေးများက သောင်းကျန်းပြကြမည်။ ထို့အခါ... ကိုယ်သည် ကိုယ့်အတွက် သူ့အဖော်လုပ်ကြရမြဲ။ သူသည်လည်း သူ့အတွက် ကိုယ့်အဖော်ထားရစမြဲ။

ဤသည်မှာ 'ဝယ' ခေါ် အရွယ် ဒီရေတက်တို့၏သဘော။

□သီလဆွေငင်အားဖြင့် ရပ်တည်နေရသော ဒီရေ

လူတို့၏အရွယ်ဒီရေနည်းတူ...

လူတို့၏ ခေတ်လိုက်၍ တက်ကျစေသော ဒီရေလည်းရှိသေး၏။ ယင်းမှာ... လူတို့၏ သီလခေါ် အကျင့်၏ အကောင်း၊ အဆိုးများနှင့် ဆိုင်၏။

လူတို့အကျင့်ကောင်းလျှင် ရာသီဥတုလည်းကောင်း၏။

လူတို့အကျင့်ယုတ်လျှင် ရာသီဥတုမကောင်း။

ဤ၌ တက်ခေတ်၊ ဆုတ်ခေတ်တို့ အကြောင်း ဦးစွာလမ်းခင်းပေးလိုသေး၏။

ကမ္ဘာ့တည်ဦးစရှိ လူတို့သည် အအေးလွန်ကဲနေခြင်းကြောင့် သွေးများ မဆူပွက်၊ အစာမကြေမ်းသောကြောင့် အတိုက်အခံလည်းမကြမ်း။ အာရုံများက တိုက်ဆွဲ၊ ညှိုဆွဲများဖြင့် ဘက်စုံမဖြားယောင်းကြသေး။ သို့ကြောင့် စိတ်နှင့်ကိုယ်သည် ငြဟ္မာထိနှင့် အဆင့်မီ၏။

ပထမဆုံးသော ကမ္ဘာ၏ ပထမဆုံးသော လူသားများသည် ငြဟ္မာပြည်က ပြန်လာသူ မဟုတ်ကြသေး၍ ဈာန်စိတ်ဖြင့်နေခြင်းကား မဟုတ်။

မှတ်ချက်။ ။နောက်နောက် ကမ္ဘာဟောင်းဖျက်၍ ကမ္ဘာသစ်တည်ကြရာ၌ ကာ...

၁။ အချို့က ငြဟ္မာပြည်က ပြန်ဆင်းလာကြ၍ ဈာန်စိတ်ဖြင့် နေထိုင်ကြမည်။

၂။ အချို့က မီးလွတ်ဘုံများမှပြန်လာကြ၍ ဈာန်စိတ်ပါခွင့်မရှိ။

၃။ အချို့က တိရစ္ဆာန်မှ လူဘက်ကူးဆက်ကာ လူအင်အားဖြည့်တင်းပေးကြမည်။

သူတို့များလည်း ဈာန်ကင်း၏။

သည်သို့ စိတ်နှင့်ကိုယ် ငြဟ္မာအဆင့်မီနေခြင်းကြောင့် ဖြူစင်၏။ ရိုးသား၏။ အာမဘန္တေ ဝန်ခံချက်မပေးရဘဲနှင့် အလိုလိုသီလရနေကြ၏။ သို့ကြောင့် သူတို့နေခွင့်ရသက်တမ်းကလည်း ငြဟ္မာ့သက်တမ်းအတိုင်း အသခ္ဒေတိုင်အောင် နေထိုင်သွားကြရ၏။ ထို့အတွင်း ကမ္ဘာ့တည်ဦးစ လူသားများ အစုအဝေးကြီး ဖြစ်ထွန်းလာကြသည်နှင့်...

၁။ နေက တစ်ရက် စက္ကန့်-၂၀ နှုန်းသောအတက်၊ အကျတို့ဖြင့် အပူသွင်းပေးခြင်း။

၂။ နေ၏အပူဓာတ်လှိုင်းအားကြောင့် မြေဆီများ တစ်စတစ်စငုပ်သွားခြင်း။

၃။ မြေဆီသက်သက်အစား သီးနှံတွင်း သွင်းပေးထားသလောက်ကိုသာ စားခွင့်ပြုကြခြင်း။

ထိုအချက်များကြောင့် လူတို့ ခန္ဓာတွင်းရှိ ဥတုသွေးများလှုပ်ရှားလာကြ၏။ သွေးလေများလည်းပတ်နှုန်းပိုလာကြ၏။ ဝေဒနာဆိုးတစ်မျိုးတိုး ခံစားလာကြရ၏။

ထိုစဉ်...

လေအားကောင်းသူများ၌ ဖိုအင်္ဂါများ ထွက်ပြူလာကြတော့၏။

သွေးအားကောင်းသူများ၌ မအင်္ဂါများ ထွက်ပြူလာကြတော့၏။ သည်

www.burmeseclassic.com

www.burmeseclassic.com

အထိ စိတ်ကိုဖိပေးထားစရာ ဝန်ထုပ်ဝန်ပိုးကလည်း ကြီးကြီးကျယ်ကျယ်မရှိ။ ကိုယ်ကို ဖိထားစရာ ဝန်ထုပ်ဝန်ပိုးက လည်း ကြီးကြီးကျယ်ကျယ်မရှိ။ သို့ဖြစ်ရာ. . . သွေးဆာတိုင်း ဆန္ဒဖြစ်၊ ဆန္ဒဖြစ်တိုင်း ဖြိမဆန်ကျင်ဘက်တို့ထွန်းကား ရာနယ်မြေတွင် . . . ကလေးငယ်များ လင်လုပ်တမ်း မယားလုပ်တမ်း ကစား နည်းပမာ . . . ကစားကြည့်မိကြရာ တစ်ခုမဟုတ် တစ်ခါ အလုပ်ဖြစ်သွား ကြပြီ။ တစ်ခါ ခရီးပေါက် နောက်နောက် သွားလာရန် မခဲယဉ်းကြ။

သို့ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိများက စိတ်ကိုကြိုးကိုင်ခွင့်ရကြ၏။ နှစ်ဦးနှစ်ဖက် အလုပ်မဖြစ်က ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဆိုသောမုန်းဦးပြစ်များ အာယာတ ထားခြင်းအသိ၊ မနာလိုအသိ၊ သဝန်တို အသိ၊ တအုံနွေးနွေးအသိတို့က စိတ်ကြိုး ကိုင်ခွင့်ရသွားကြ၏။

တစ်ဖန် လူစိတ်ကို ချစ်၊ မုန်းနှစ်ပါး အပြန်အလှန်ကစားပေးနေကြရာမှ. . .

အကြိုက်ပတ်စက် မရှက်တော့ခြင်း အဟီရိကသဘာဝဓာတ်အား။

အမုန်းခလောက် မကြောက်တော့ခြင်း အနောတပ္ပသဘာဝဓာတ်အား။

အပူလှန်၍ လန့်ပြေး ပြေးနေရခြင်း ဥဒ္ဓစ္စသဘာဝဓာတ်အား။

အပူစွဲ၍ ခွဲမပြတတ်တော့ခြင်း ဝိစိကိစ္ဆာသဘာဝဓာတ်အား။

အပူဥ၍ မှေမက်နေတော့ခြင်း မောဟသဘာဝဓာတ်အား။

ဤ ဓာတ်အားကြီးများကပါ စိတ်ကိုလွှမ်းမိုးထားတော့ရာ ထိုလူသားများ ပြဟ္မာအကျင့် ဖျက်သိမ်းပေးကြရပြီ။ ထိုအခါ လူမှထွက်သော အပူလိုင်းများ လွှမ်းမိုးလာခြင်းကြောင့် လည်းကောင်း၊ နေမှထွက်သော အပူလိုင်းများ လွှမ်းမိုးထားခြင်းကြောင့် လည်းကောင်း မြေဆီများ အနှစ်တစ်ရာလျှင် တစ်လက်မနှုန်းဖြင့် ဆုတ်သွားကြရသည်။ လူသက်တမ်းများလည်း အနှစ်တစ်ရာလျှင် တစ်နှစ်နှုန်း ဆုတ်သွားကြတော့သည်။ သို့ဖြင့် လူသက်တမ်းမှ သန်း၊ သိန်း၊ သောင်း၊ ထောင်မှနေ ရာ၊ ဆယ် တစ်ဖန် . . . ဆယ်သည်ပင် ကိုးမှနေ တစ်အထိ ဆုတ်ကျသွားကြတော့မည်။

ဤခေတ်က တဏှာနှင့်အပေါင်းဒါတို့ ကြီးစိုးသောခေတ်။

မှတ်ချက်။ ။ သီလနှင့် အပေါင်းအဖေါ်များကို တဏှာက ဖြိုဖျက်ချရာ၌ တဏှာ၏ စွမ်းရည်သတ္တိ နည်းပါးခြင်းကြောင့် လည်းကောင်း၊ ပယ်အပ်သော တရားက မတန်မရာနေရာမှနေ၍ ပယ်တတ်သောတရားကိုပယ်နေခြင်းကြောင့် လည်းကောင်း အကျနေးမည်။

အကျဘက် လိမ့်ဆင်းဆင်းရာ ထိုခေတ်များ၌. . . လူကြီးများက အုပ်ချုပ်နေရာယူ၍ ထိန်းပေးနေကြရသည်။ သက်တမ်းတိုလေ မုန့်ယိုလေကြောင့်။ ထိုစဉ် . . . အိမ်လူကြီးက အိမ်ကလေးများကို ထိန်းပေး။ ရပ်ကျေးကြီးများက ရပ်ကျေးတွင်းကလေးများကို ထိန်းပေး။ သည့်အတူ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟို အထိအဆင့်ဆင့်ထိန်းပေးနေကြရသည်။ သီလဒီရေကျခေတ်သည် လူကြီးက ကလေးထိန်းပေးနေရသော ခေတ်။ သို့မဟုတ် တဏှာဒီရေ တက်ခေတ် ကလေးတို့ ကာမရေလက်ကြား ကစား သော ခေတ် ဖြစ်နေ၍ လူကြီးများက ဥပဒေဖြင့်ထိန်းပေးနေရသော ဒိဋ္ဌလူကြီး ခေတ်။

ဒီရေတက်ချိန် ငါးဖမ်းစားသူများ ကစားကြမ်းလာရာမှ. . .

သက်တမ်းရှည်ကြီးများ တစ်စ တစ်စ တိုဝင်သွားခြင်းကြောင့် ဆုတ်။

ယဉ်ကျေးသိမ်မွေ့စိတ်များ တစ်စ တစ်စ တိုဝင်သွားခြင်းကြောင့် ဆုတ်။

ကိုယ်ခန္ဓာအရွယ်အစားများလည်း တစ်စတစ်စ တိုဝင်သွားခြင်းကြောင့် ဆုတ်။

ထိုအဆုတ်ကို ဆုပ်၍ယူစားပြနေသူများကား ဆုတ်ခေတ်လူသား. . . ။

သီလဒီရေကျ၍ တဏှာဒီရေတက် နေခြင်းသည် ထိုဆုတ်ခေတ်၏သင်္ကေတ။

ဥကလေးဓလေ့ ဘေးတွေ့မှကြောက်

ကစားခုန်စား ပျော်ပါးခြင်းမှန်သမျှ တို့သည် ကလေးကစားစရာများချည်း . . . ။

ငယ်စဉ်က ငယ်စဉ်အလိုက် ကျား၊ မအလိုက် ကလေးကစားနည်းဖြင့် ကစားခြင်းသည် . . .

ပထမ ကိုယ်ခန္ဓာဖွံ့ဖြိုးစေရန် အခိုးဖွင့်ပေးသော ကစားနည်းများဖြစ်ကြသည်။

ဒုတိယ သက်လုံကောင်းခြင်း၊ အင်အားတောင့်တင်းခြင်းများကို အားပေးသည်။

တတိယ တစ်ဦးနှင့်တစ်ဦး ခင်မင်ခြင်း၊ စည်းလုံးခြင်းများကို ဖြစ်စေသည်။ သို့ဖြင့် ငယ်စဉ်က ကစားဖက်များသည် အန္တရာယ်နှင့်တိုးမိတိုင်း တစ်ဦးကိုတစ်ဦးက အသက်ပေးကာကွယ်လေးရှိကြသည်။ သည်မှနောက်. . .

မုန်ကျ ဒီရေတက်စပြုလာသော ကာလသား၊ ကာလသမီးများအဖြစ် ရောက်လာကြသောအခါ. . . ငယ်ကလို ကျား-ကျားချင်း၊ မ-မချင်း အုပ်စုဖွဲ့ ကစားနည်း ရုပ်သိမ်းကြကာ ကျားနှင့်မ တစ်ဦးတည်း စီးချင်းထိုးကစားနည်း ဘက် အကွက်စကြပြီ။

ဤကစားနည်းက တဏှာဖွဲ့ဖြိုး မာနခိုး၊ ဒိဋ္ဌခိုး တိုးပွားစေ၏။ မိသားစု၊ အခွေအရံ အသင်းအပင်းများဖြင့် သောကအား တောင့်တင်းစေ၏။ တစ်ဦးအပေါ် တစ်ဦး အစွဲကြီးခြင်း၊ အနှောင်အဖွဲ့ထားခြင်းများကို အားကြီးစေ၏။ သို့ဖြင့် အသခ်ျသက်တမ်းမှ သန်းတမ်းသို့ ဆုတ်ပေးခဲ့ကြရပြီ။ ထိုမှနောက် တဏှာမုန်သောက်ကြောင့် ၁၀-နှစ်တန်းအထိ ဆုတ်ခဲ့ကြရပြီ။ ၁၀-နှစ်ဆိုသော သက်တမ်းသည် ခွေးသက်တမ်းနှင့် မတိမ်းမယိမ်း။ ၁၀-နှစ် သက်တမ်းရှိ ကိုယ်အနေအထားသည် ခွေးအရပ်နှင့် မတိမ်းမယိမ်း။ ၁၀-နှစ် သက်တမ်းရှိ စိတ်အနေအထားလည်း ခွေးစိတ်နှင့် မတိမ်းမယိမ်း။ သို့ဖြစ်ရာ အကျင့်ကလည်း ခွေးများနှင့် နင်္ဂလား၊ ငါလားနေမှာပင်။

ခွေးသည် တစ်ဘို့တည်းထား အတ္တသမားသက်သက်ဖြင့် ခရီးထွက်မည်။

ခွေးသည် ဓာတ်သက်ဓာတ်ဥာဉ်နှင့် ဓာတ်စီစဉ်ပေးသောအတိုင်း ဖြစ်သည်။

ခွေးသည် ရှေ့မမြင်၊ နောက်မသိ အတွေ့တွင် အပြင်သိမ္မသာသိသည် . . . ပမာ. . . ထို ၁၀-နှစ် သက်တမ်း တိုကလေးမျှဖြင့် ဘဝဆုံးပါးကြရမည့် လူများသည်လည်း ရှေ့ဆို ကိုယ့်ခြေဖျား ကိုယ်ပင် မြင်နိုင်ကြမည် မဟုတ်ချေ။ နောက်ဆို ကိုယ့်ဖနောင့်ကိုယ်ပင် မြင်နိုင် ကြတော့မည် မဟုတ်ချေ။ ဘာ့ကြောင့် . . . ။ အတွင်းပူ အပြင်ပူမိကြရာမှ သွေးတက်လွန် မွန်နေပြီဖြစ်သောကြောင့်။

ထိုခေတ်တွင်း ကျရောက်မည့် ဥတုကလည်း အပူပြင်းဆုံး။

ထိုခေတ်တွင်း စားသုံးခွင့်ရကြမည့် အစာများကလည်း အဆီခန်းအကြမ်းဆုံး။ သို့ကြောင့် ထိုခေတ်တွင်း သားများ၏ နေခွင့်ရ ဥတုအခြေပြများသည် ဂရုတ်သိန်းနှင့် ဂရုတ်ပိုးများကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

လူများဆင်တူဖြစ်ကြမည်။ တစ်ဖန် လူဝမ်းတွင်းနှင့် ဝမ်းတွင်းနေပိုးများနှင့် ဥတုနှင့် လူသားများ ဆင်တူဖြစ်ကြမည်။ လူပုနှင့် စိတ်ကြမ်း ရမ်းချင်တိုင်းရမ်းကြတော့မည်။

တော်သလင်းခွေးတို့သည် နှစ်ဦးသဘောတူလျှင် မိတ်လိုက်၏။ မတူမလိုက်။

တော်သလင်းခွေးတို့တွင် ခွေးမကသာ သား၊ သမီးတာဝန်ယူ၏။အထီးကလုံးဝမယူ။

တော်သလင်းခွေးတို့သည် ကြုံလျှင်ကြုံရာ၌သာ ကြုံသူနှင့်ဆုံ၏။ သည်သို့ဆုံကြခြိန် ခွေး၊ လူ၊ နွား၊ ကျွဲ စသည်များနှင့်တွေ့မူ မည်သူ့ကိုမျှ မရှက် . . . ပမာ. . . ၁၀-နှစ်တမ်းဝင် လူသားများသည်လည်း ခွေးထက်ဆိုးလျှင်သာဆိုးမည်။ ခွေးအောက်မလျော့။

ထိုအခါ တော်သလင်းပွဲ ခွေးမတစ်ကောင်တည်းအနီး ခွေးဖိုအုပ်ကြီးရန်ပွဲကျင်းပကြသည့်ပမာ. . . ၊ စားခွက်တစ်ခုအတွင်း ခွေးတစ်သင်း အစာလုပွဲကြီး ကျင်းပကြသည့်ပမာ၊ ခွေးဇည့်တစ်ကောင်အား ရွာခံခွေးများ ဝိုင်းအုံကိုက်ခဲလွတ်လိုက်ကြသည့်ပမာ. . . လူကျင့်ဝတ်များ ပျက်စီးကာ ဓာတ်သွေးငင် ဓာတ်ဉာဉ်ခိုင်းရာအတိုင်းသာ ရိုင်းစိုင်းပြကြရပါတော့မည်။

သို့သော် . . . ခွေးထုံးလူလိုက် ခွေးထုံးနှင့် အံကိုက်ကား ဖြစ်လာမည် မဟုတ်ချေ။ ခွေးအကျင့် လူကျင့်လည်း ခွေးအဆင့်မီမည်လည်း မဟုတ်ချေ။ ခွေးသည် ခွေး၏သဘာဝ ဓာတ်သွေးမှဖြစ်သော ဓာတ်အလေ့ (ဓလေ့) အတိုင်းပြုကျင့်၍။ လူက လူသွေးဖြင့် ခွေးကျင့်ပြောင်းကျင့်ပေးနေရသောကြောင့်. . . ထိုစဉ်. . .

(က) ခွေးများကဝမ်းစာရှာ၏။ သို့သော် စုဆောင်းလေ့မရှိ။
လူများက ဝမ်းစာရှာ၏။ ရသမျှ အပိုစုဆောင်းထားလေ့ရှိ၏။

(ခ) ခွေးများက တစ်နှစ်တွင် တစ်လသာ မိတ်လိုက်လေ့ရှိ၏။
လူများက နေ့တိုင်းလိုက် နေ့တိုင်းချည်း တိုက်ခိုက်နေကြရ၏။

၇။ ခွေးများက ပွဲပြီး ပြီး၏။ မီးကြွင်း၊ မီးကျန် မရှိရ၏။
လူများက ပွဲပြီးသွားသော်မှလည်း အံငြိုးအတေးများ တန်းလန်းကျန်နေခဲ့ကြ၏။

သို့ဖြင့် ဥတုအပူငွေ့ ဆွေ့ဆွေ့ဝေ့ ယမ်းထားသော ကမ္ဘာမြေပြင်ဝယ်. . . လူမကျေပွဲကြီးများ သေသည်၊ကျေသည် အထိန်ကြမည်ဖြစ်တော့ရာ. . . လူသက်အဆက်ကျန်စေလိုသော လောကစောင့်နတ်များက ကောလာဟလဖြင့် လှန့်ပေးကြရသည်။ ယုံသူရှိက သဒ္ဓါသက်ဖြင့် လူဘက်ဆက်ရန် ရည်ရွယ်၍။ ကြောက်သူများရှိသေးက • ဩဇာပွတရားမျိုးထားကျန်ခဲ့၍ လူဘက်ဆက်နိုင်ရန် ရည်ရွယ်၍။

လောကစောင့်ကြီးများ လှန့်ပေးသောကောလာဟလစကားများမှာ. . .

လူသားတို့. . . နောင်တစ်လကြာသော် ရွှေမိုး၊ ငွေမိုးများရွာမည်။ (ပစ္စည်းမဲ့များက ပစ္စည်းရှင်များအား လုယက်ကြတော့မည်။)

လူသားတို့ . . . သည့်နောက် တုတ်မိုး၊ ဓားမိုးကြီးများ ရွာချမည်။ (ပစ္စည်းမဲ့အချင်းချင်းသတ်ဖြတ်ကြတော့မည်။)

အို - လူသားများတို့. . . တုတ်ဒဏ်၊ ဓားဒဏ်များဖြင့် အသေမခံချင်သူများ. . .

၁။ လူသူကင်းရာ တောတောင်များသို့ ရှောင်နေကြပါ။ (ဓာတ်တူကာမအာရုံမှလွတ်ရာ)

၂။ သက်သတ်လွတ်အဖြစ် သီးနှံများ စားသုံး၍နေကြပါ။ (တိရစ္ဆာန်သွေးကင်းစင်သွားရန်)

၃။ ငါးပါးသီလများ ဓောင့်ထိန်းနေကြပါ။ (ကိုယ်တွင်းသွေးအထစောင့်စည်းပေးရန်)

သည်သို့ ကမ္ဘာမြေ ခြေဆန့်၍ နေရာအနှံ့ လိုက်လံ ကြွေးကြော်ကြရာ . . . ကြောက်သူကို ယုံစိတ်က လူသူကင်းဆိတ်ရာသို့ပို့၍ ခွဲထားပေးလိုက်သည်။

မြို့ရွာတို့၌ကား လူလူချင်း အပူချင်း တင်းမာနေကြရာမှ သတိထိန်းလွတ်သွားကြတော့ကာ နောင်တစ်လကြာမှ စတင်၍ . . .

ပစ္စည်းမဲ့အများစုက ပစ္စည်းရှိအနည်းစုအား လုယက်ဖျက်ဆီးပစ်လိုက်ကြပြီ။

ပစ္စည်းမဲ့ ပစ္စည်းမဲ့ချင်း ပစ္စည်းလုရာနောက် သတ်ပွဲဖြတ်ပွဲကြီး ရောက်လာကြ၏။ မည်းမည်းမြင် အတွင်သတ်ဖြင့် အချို့လက်ချက်ဖြင့်သေ၊ အချို့ဒဏ်ရာဖြင့်သေ . . . တစ်ပြည်လုံး တစ်ကမ္ဘာလုံး တောအောင်း ရန်ရှောင်များကလွဲ၍ သေပွဲဝင်ပေးသွားရပြီ။

သူတို့ကို သတ်သော လူသတ်တရားခံက မကြောက်တရား။

သူတို့ကို သေတွင်းပို့သည့်တရားခံက မယုံတရား။

သူတို့ကို သတ်ဖြတ်ပစ်သူများက ချစ်မုန်းမာန်။ ယင်းမကြောက်တရား စသည်များသည်. . .

အာရုံမငြိ၍ မသိသေးသော ကလေးငယ်များကိုလည်း ကာလကစားကွင်းထိသွင်း အသေညှဉ်းပစ်လိုက်ကြ၏။

အာရုံငြေ့၍ မေ့မက်နေသော လူကြီး၊ ကလေးများကိုလည်း ကာမကစားကွင်းကြီးထဲသွင်း အသေညှဉ်းညှဉ်းသတ်ပစ်လိုက်ကြ၏။

ဘာနှင့်ပဲ ကစားကစား ကစားစိတ်မကုန်သေး ကလေးပဲ မှတ်လိုက်ကြပါ။ ထိုကလေးများအချင်းချင်း ချစ်ညှဉ်း မုန်းညှဉ်းတို့ဖြင့် မတင်းတိမ်ကြသောအခါ . . . သူစိမ်းမြောင် ငြောင်လုခြင်းဖြင့် ရက်စက်ယုတ်မာလာကြတော့ရာ . . . တောမီးကြီး ရွှင်ခြောက်ရှိရာ၊ လေလှည့်ရာစီး တဟီးဟီးလိုက်လံရှိသည့်ပမာ. . .

ရာဝမာန်ချင်း မီးကူးစက် အားလုံးအသက်ပျက်ကြရပြီ။

ဒေါသမာန်ချင်း မီးကူးစက် အားလုံး အသက်ထွက်ကြရပြီ။

ယင်းကို. . . တစ်နှစ်ကြာညောင်း၍ တောအောင်းများ မိမိတို့ နေရာဟောင်းများဆီသို့ ခရီးလှည့်လည်ကြစဉ် လူလုံးဝမရှိ အရိုးပုံများသာ တွေ့သွားကြရာ. . .

မကောင်းတာလုပ် မကောင်းတာဖြစ်မည်ကို ယုံလာကြ၏။

ကောင်းတာလုပ်က ကောင်းတာဖြစ်သည်ကိုလည်း အပိုင်ယုံလာကြ၏။ ဘေးဆိုးများနှင့် ပက်ပင်းတွေ့၍ ကြောက်ဓလေ့များလည်း ထွန်းကားလာကြ၏။ ကလေးတို့ဓမ္မတာ ကြောက်စရာပါမှ ကြောက်ပါပြီ အော်ပြကြ၏။

ကြောက်သွေးသည် ကြိုက်သွေးကို နောက်ဆုတ်စေသော ကိရိယာ။

ယုံသွေးသည် ကိုယ်ချင်းစာတန်းတူထား တရားနှစ်ပါး မွေးဖွားပေးသည့် မိခင်။

သို့ဖြင့်. . . သဒ္ဓါ၊ သီလ၊ ဩဇာပွဲနှင့် မေတ္တာ၊ ကရုဏာအရင်းပါလာကြသော ကမ္ဘာ့လက်ကျန် လူသားများသည် သူတို့နေမြဲ ဧတာ၊ တောင်ဒဂ္ဂ ရွာတည်ကြကာ. . .

www.burmeseclassic.com

www.burmeseclassic.com

(က) သီးနှံများ စားသုံးကြခြင်းဖြင့် ဓာတ်သက်နုတ်၍ လူသက်ဖော်ထုတ်လိုက်ကြသည်။

(ခ) ငါးပါးသီလမြဲခြင်းဖြင့် ဓာတ်ဥဉ်နုတ်၍ လူဥာဏ်ဖော်ထုတ်လိုက်ကြသည်။

(ဂ) ဖို၊ မ ပေါင်းဖက်ရာ၌ မေတ္တာ၊ ကရုဏာစိတ်ဖြင့် ဓာတ်ဆိတ်၍၊ နှုတ်၍ လူစိတ်ဖော်ထုတ်လိုက်ကြသည်။

သို့ကြောင့် ၁၀-နှစ်တမ်းသေရာမှ လူပြန်ဖြစ် ၂၀-တမ်းတန်းတက်ခွင့်ရတော့သည်။ သည့်အတူ သီလဖြင့် တက်ခေတ်ဖော်ရာ၌ ခေါက်ချိုးတိုး သက်တမ်းများဖြင့်သာ တစ်ဟုန်ထိုး ထိုးတက်သွားတော့ရာ အသခ္ခေကျမှ (ပြဟ္မာဩကတမ်းနှင့်ညီမှ) နားတော့သည်။

ပယ်တတ်သောဘက်က ဦးစီးလျှင် အတက်မြန်ဆန်လွန်း၏။

ပယ်အပ်သောဘက်က ဦးစီးလျှင် အကျနှေးကွေး၏။

ယင်းကို . . . တဏှာကြောင့်ကျစဉ်က နှစ်တစ်ရာလျှင် တစ်ရက်ဆုတ်ဖြင့် သီလကြောင့်တက်ရာ၌ ခေါက်ချိုးတက်သည်။ နှစ်ချက်တို့ဖြင့် ချိန်ထိုးကြည့်လေ။

□ ဒီရေတွင်း လည်ပင်းမြှုပ်ရုံဆိုတော်သေး

ဝယဒီရေခေါ် အရွယ်မှဖြစ်သော ဒီရေကိုလည်း သိခဲ့ကြပြီးပြီ။

ကာလဒီရေခေါ် ခေတ်မှဖြစ်သော ဒီရေကိုလည်း သိခဲ့ကြပြီးပြီ။

ဤ၌ကား သင်ရော၊ ငါရော၊ အများရော ထိုဒီရေများအကြား လက်ပစ်ကူး ကစားနေကြပုံကိုသာ မှတ်တမ်းတင်ပြခွင့်ရတော့မည်။ ထိုစဉ် . . .

ယနေ့ခေတ်သည် ဆုတ်ခေတ်။

ယနေ့အရွယ်သည် ကာလသား၊ ကာလသမီးများမှ အထက် အထက်။ ကာလသား၊ သမီးများသည် တည်ဆဲဥတု၊ အာဟာရ၊ ကံ၊ စိတ်များ သွေးတိုးလွန်ဆော်သောအတိုင်း 'ဒါ တို့ခေတ်၊ ဒါ တို့စနစ်' သီဆိုကာ သရုပ်ဖော်နေကြသည်။

တစ်ဖန် . . . ၁၀-နှစ်လျှင် တစ်ကြိမ်ကျ ခေတ်ပြောင်းနေရာမှ သက်တမ်းအလိုက် ပါလာကြသူများကလည်း 'တို့ခေတ်တုန်းက သည်လို၊ သူတို့ခေတ်ကျ ဟိုလို' သီဆို၍ သရုပ်ဖော်နေကြသည်။

ထိုသူများ . . . မည်သည့်ခေတ်က လူသားများဖြစ်ဖြစ် ယခုရောက်ဆဲ ဥတု၏အဓိန္ဓ မလွန်ဆန်ရဲရကား လက်ရှိများနှင့် ယိမ်းကက လိုက်ပါနေကြပါမည်။ ထိုစဉ် သားလေးအမူအရာကြည့်၍ အဘိုးနှင့် အဖေတို့က ပြုံးစိစိ။ သမီးလေး အရာကြည့်၍ အဘွားနှင့် အမေက ပြုံးစိစိ။ ထိုသား၊ ထိုသမီးလေးများက ဥတု အစာတို့၏ စည်းလုံးမှုကြောင့် ခေတ်သားချင်း စည်းလုံးနေကြတော့ရာ . . . သွားလျှင်လည်း လေတွေ့ရွှမ်းပမာ လူးကာလိမ့်ကာ။ စားလျှင်လည်း ကြက်တူရွေးအစားအစာပမာ ပူချဉ်စပ်။ ဝတ်လျှင်လည်း မွေ့စိမ်း၊ မွေ့ပြဒါးများပမာ တစ်ရောင်ခြယ်အရင့်များသာ။ ဝတ်ပုံကလည်း နွဲ့သး၊ ကွဲမများ၏ အမြီးဖြင့် ဖုံးထားနည်းပမာသာ . . . ။ ရှက်ရကောင်းမှန်းမသိ၊ ကြောက်ရကောင်းမှန်းမသိ ဓာတ်ရှိန်၏ အဖိခံနေရပြီ။ မိဘတို့ကား သူ့ခေတ်နှင့်သူပဲဆိုသော လက်စွဲအတွေးဖြင့်သာ ခွင့်လွှတ်နေကြရပါမည်။

သို့ဖြင့် ထိုခေတ်သားကောင်လေးများ အနှစ်-၂၀အတွင်းထိ ခရီးပေါက်ကာလက ထိုးပေးထားသည့်သွေးများ ရိုးတွင်းခြင်ဆီပြည့်အထိ လှည့်လည်နေခွေရာ ခန္ဓာတွင်းမှာနေ ပင်လယ်ဝသို့ မုန်ကြီဒီရေများ တခွေ့ခွေ့အတက်ပြနေပြီ။ ပင်လယ်လေချွန်းကလည်း သုတ်သုတ်ဖြူးဖြင့် စိတ်ကူး အယဉ်ခိုင်းနေပြီ။ ကျောက်ဆောင်များကလည်း ပင်လယ်ဝအနီးမှနေ ကြိုဆောင့်နေကြပြီ။

သို့ဖြင့် ရေတက်ကာလသားလေး ကျောက်ဆောင်တစ်ခုမဟုတ်တစ်ခုနှင့် တိုက်မိရာ . . . ၊ သို့ဖြင့် ရေတက်ကာလသမီးလေး ကျောက်ဆောင်တစ်ခုမဟုတ်တစ်ခုနှင့်တိုက်မိရာ . . . ကျောက်ဆောင်နှင့်မိသော ရေလုံးကြီးများ ကမ်းတက်ဆန် လျှံပြဿည့်ပမာ . . . ကိုယ့်သမီးနှင့် သူ့သား စုလျားရစ်ပတ်လက်ထပ်ပေးစားကြရပြီ။ သူ့သမီးနှင့် ကိုယ့်သား စုလျားရစ်ပတ် လက်ထပ်ပေးစားကြရပြီ။

ခြေရင်းက သား၊ သမီးတို့ မင်္ဂလာဦးည . . . ခေါင်းရင်းက ဘိုးဘွားများ အတွေးပွားကြရပြီ။ တစ်ဖက်ခန်းက သား၊ သမီးတို့ မင်္ဂလာဦးည သည်ဘက်က အဖေမေတို့ တစ်စခန်းထကြရပြီ။ ရောက်ဆဲခေတ်၏ ဒီရေကြောင့် မျောပါလာကြသည့်နောက် ကျန်ခေတ်သားများ . . . သား၊ သမီးများမှ မြေးဘက်ထွက်လည်း ဆက်လိုက်ပါနေကြဦးမည်။

မြေးချင်းဘက်မှ မြစ်ဘက်ထွက်လည်း ဆက်လိုက်ပါနေကြဦးတော့မည်။ သည့်မနောက် မြစ်ချင်းဖက်၍ ဘီဘက် ဆက်ထွက်လာသောအခါ . . .

မိမိတို့ရှိ အရွယ်သွေးက ဒီရေစီးမပြေးတော့သောကြောင့် ခေတ်ဒီရေနောက် မလိုက်နိုင်ကြတော့ပါ။ အရွယ်များက ၇၀-ကျော် ၈၀-ကာလ သွေးဒီရေတို့ ကျသွားပြီ။ ခေတ်ဒီရေ လှုပ်ပြလည်း အရွယ်များက အဆုတ်ပြနေကြ၍ မထသာကြပြီ။

ကာမဒီရေသည် အရွယ်မို့၍ ဖြန်း၊ ခေတ်မို့၍ သရမ်းသည်။

ကာလဒီရေသည် တဏှာမို့၍ ဖြန်း၊ အရွယ်မို့၍ သရမ်းသည်။

သီလဒီရေကား သဒ္ဓါ၊ သတိ စသည်များ အမှိရများ တက်ခွင့်သာကြမည်။ ဒီရေလှိုင်းအပုတ် လည်ပင်းအထိ မြုပ်လျှင် အသက်ရှူချောင်သေး၏။ အကယ်တိတိ တစ်ကိုယ်လုံးမြုပ် လှိုင်းပုတ်ရာအောက် ရောက်သွားတော့လျှင်ကား . . . ကမ္ဘာဆက်ဆက် သံသရာအဆက်ဆက် ဒီရေအတက် ပက်လက်တစ်ခေါက် မှောက်ချည်တစ်လှည့် စုန်ကြည့်၊ ဆန်ကြည့်ရစ်ကြလေဦး။ မော့ကြည့်၊ ငုံ့ကြည့်လှည့်ကြဦး။

ထိုအထဲ ငါလည်းပဲ တွဲပါနေသေး၏။ အရှိန်သတ်မရသေး။

□ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ
ဝတ္ထုန်၊
တမ္မိ ဒမ္မိ ဧကေတက္ကော၊ ဧကေ ကော
ခမ္မသဘာယော၊ ။

မမ သန္တိကေ - ငါ့ထံဝယ်. . . ၊ **တက္က ဝစရ ဝတ္ထုန်** - တွေးစရာအကြောင်းအရာတို့သည်ကား. . . ၊ **ဗဟုလ္လာ** - အများဆား (ဝါ) စာပေါင်းသိုက်အလား အရှုပ်သား။

တမ္မာ - ထို စာပေါင်းသိုက်ထဲက . . . ၊ **ဣဒမ္မို** - ဒီရေဆိုသော ဤစကား ကပေး ဤအတွေးကလည်း၊ **ဧကော တက္ကော** - အတွေးစတစ်ရွက် သင်ပေါင်းစမြက်၊ **ဧကေကော** - တစ်ခုပေါ် တစ်ခု တက်ထွက်လာသော၊ **ခမ္မသဘာယော** - တရားသဘင်ပွဲ. . . ။ ။

၁၃၇၃ ခုနှစ်၊
နယုန်လဆန်း ၃-ရက်။
စနေနေ့။

မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါကယ်မည့် အာဘအောင်မင်းခေါင်ရဲ့ ဥက္ကလာဦးစေတီ

တင်တင်ဦး(ပေါင်းတည်)

သတ္တဝါအပေါင်း မိုတင်းနေထိုင်ကြသည့် ကမ္ဘာလောကကြီးတွင် မိုမိအပေါ် မျှော်လင့်ချက်တွေမထားသော စေတနာမေတ္တာမျိုးဖြင့် ကျေးဇူးပြုသူများရှိတတ်ကြပါသည်။ ယုတ်စွအဆုံး ထမင်းတစ်လုတ်၊ ရေတစ်မှုတ်မျှဖေးကမ်း ကျွေးမွေးသူရှိပါက ထိုသူများကို ကျေးဇူးရှင် ဟူသော တံဆိပ်စေတနာမျိုး ထားသင့်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရတနာသုံးပါး၊ အနန္တောအနန္တင်းပါးနှင့် သိဒ္ဓိရှင့်မဟိဒ္ဓိရှစ်အပေါင်းတို့သည်လည်း မမေ့အပ်သော ကျေးဇူးရှင်ကြီးများ ဖြစ်ပါသည်။

ယခုလည်း ကျွန်မတို့မိသားစုသည် အတအောင်မင်းခေါင်တည်ထားစေသည့် ဥက္ကလာဦးဘုရားသို့ ဖူးမြော်ကန်တော့ရန် ရောက်ရှိခဲ့ပါသည်။ ၁၉၅၁ - ၁၉၅၂ခုနှစ် ဥက္ကလာဦး စေတီတော်အား အဘအောင်မင်းခေါင်၏ ညွှန်ကြားချက်အရ ဖခင်ဖြစ်သူ ဆန်စက်ပိုင်ရှင် ဦးဘဦး (B.A) အပါအဝင် ခုနစ်ရက်သားသမီးများ၏ စုပေါင်းအလှူဖြင့် တည်ထားသောစေတီ ဖြစ်ပါသည်။

ဥက္ကလာဦးစေတီနှင့်ပတ်သက်၍ ထပ်မံ ဖော်ပြလိုသော အချက်များရှိရာတွင် ဦးစွာပထမ ကျေးဇူးတင်ထိုက်သူများကို ထုတ်ဖော်မှသာလျှင် မှန်ကန်မည်ဟု ယူဆပါသည်။ ကျေးဇူးတင်ထိုက်သူများစာရင်းတွင် ဒီဝါတပတိအာဒီစ္စောတရားတော်ကို ရွှေဆုံးစာမျက်နှာတွင် အမြဲပူဇော်လေ့ရှိသည့် သူရဇ္ဈမဂ္ဂဇင်းကြီးနှင့် စာရေးဆရာမောင်ရွှေစိုးတို့ ဖြစ်ပါသည်။ အခြားကျေးဇူးတင်ထိုက်သောသူများအားလည်း ကျေးဇူးတင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါးရေးသောစာပေများကိုသာ ဖတ်ရှုပြီး ကိုယ်တိုင်စာရေးရန် မကျွမ်းကျင်သည့်ကျွန်မအတွက် မဂ္ဂဇင်းတွင် စာမူပေးပို့ရန် စာမရေးရဲသည်မှာ အမှန်ပင် ဖြစ်ပါသည်။ မည်သို့စတင်ပြီး မည်သို့ရေးရမည်ကို လက်တွေ့ရေးမည်ဟု တွေးမိသည်နှင့် မည်သို့မျှမရေးတတ်ခဲ့ပါ။



သို့ရာတွင် စာရေးဆရာမောင်ရွှေစိုးက ဥက္ကလာဦးစေတီအကြောင်းကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အံစအဆုံးသော်လည်းကောင်း သိရှိခဲ့ပါက ရေးသားဖော်ပြစေလိုကြောင်း သူရဇ္ဈမဂ္ဂဇင်းကြီးမှ တစ်ဆင့် ဖိတ်ခေါ် လိုက်ပါသည်။ ထိုအခါ ကျွန်မစိတ်ထဲတွင် စေတီကော်အကြောင်းကို ရေးသားလိုစိတ်များပေါ်ပေါက်လာသော်လည်း မည်သို့စတင်ပြီး မည်သို့ရေးရမှန်းမသိခဲ့ပါ။

သို့နှင့် အစ်ကိုကြီးဖြစ်သူ ဦးမောင်မောင်သန်း (စာရေးဆရာမိုးနံတ်ရှင်) ထံ သွားပြီး အကူအညီတောင်းခံရပါသည်။ ကျွန်မအနေဖြင့် ဖေဖေ ဦးဘဦး ဦးစီးတည်ထားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

ဟူသော အကြောင်းအရာသာ မှတ်မိပြီး ကျန်သော အပိုင်းများကို သေချာစွာ မသိခဲ့ပါ။ အစ်ကိုပြောပြချက်အတိုင်း တက်စွမ်းသမျှ ရေးသားခဲ့ပြီး သူရဇ္ဈ မဂ္ဂဇင်းကြီးထဲပေးပို့ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် 'မူလဥက္ကလာဦး စေတီအကြောင်း သိကောင်းစရာများ' ဟူသည့် ခေါင်းစဉ်ဖြင့် ပါဝင်ခဲ့ပါသည်။ စာမရေးတတ်သော ကျွန်မ၏ ကြိုးစား ရေးသားထားခဲ့သမျှကို မှတ်တမ်းတင် ဖော်ပြပေးပါသော သူရဇ္ဈမဂ္ဂဇင်းကြီး၏ စာတည်းချုပ်နှင့် အယ်ဒီတာအဖွဲ့ကို အလွန်ကျေးဇူးတင်မိပါသည်။

ရွေးဥက္ကလာဦးစေတီတော်မြတ် ဆောင်းပါး ပါဝင်ပြီးနောက် ငယ်စဉ်က သာ ရောက်ဖူးခဲ့ပြီး ယခုအချိန်အထိ မသွားဖြစ်ခဲ့သည့် ဥက္ကလာဦးစေတီတော်ကို ကျွန်မတို့မိသားစုနှင့် အစ်ကို တို့ သွားရောက် ဖူးမြော်ခဲ့ကြပါသည်။ စေတီရင်ပြင်သို့ ရောက်လာအခါ နေရာ အနေအထားများ၊ အဆောက်အအုံများ မှာ အတော်ပင် ပြောင်းလဲသွားသည်တို့ တွေ့မြင်ရပါသည်။ သို့ရာတွင် ဥက္ကလာဦး စေတီတော်မှာ ယခင်ထက်ပင် တိုးတက် ကောင်းမွန်ပြီး သန့်ရှင်းသပ်ရပ်မှုရှိသည် ကို ဖူးမြော်မြင်တွေ့ရသဖြင့် ဝမ်းသာ ပီတိဖြစ်မိပါသည်။ ယခင်ကာလများက မိဘများလက်ဆွဲခေါ် ငင်မှုကိုခံခဲ့ရသည့် ကလေးဘဝအချိန်နှင့် ယခု အသက် (၇၀) နီးပါး အဘွားအိုဘဝမှာ အလွန် တရားရစရာကောင်းလှသည်ဟုထင်မိပါ သည်။

စေတီတော်ကို လှည့်ပတ်ကြည့်ရှု ဖူးမြော်ရာ အဘအပ်ကြီး၊ အဘုပွားတို့ ၏ ပုံတော်များကိုလည်း ဖူးတွေ့ခဲ့ရပါ သည်။ ထိုပုဂ္ဂိုလ်များမှာ ကျွန်မတို့ ငယ်စဉ်ကနေထိုင်ခဲ့သော ဗိုလ်တထောင် မြို့နယ် ခရစ်လမ်း (ယခင်အခေါ် အဝေါ်) အိမ်တွင် မကြာခဏ လာရောက်လေ့ရှိ သဖြင့် မှတ်မိနေပါသည်။ ထိုသို့ ဖူးမြော် ပြီး ပြန်တော့မည့်အဓိဋ္ဌာန်ဖြင့် ကားလေး အနားသို့လမ်းလျှောက်လာရာ မမွာရံကြီး အဝင်ပေါက်တွင် လူတစ်ယောက် ကျွန်မ တို့ကို လှမ်းကြည့်ပြီး -

"ဘုရားဖူးလာကြတာလား။ ဘယ် ကလာတာပါလဲ။ အထဲမှာ သာသနာ အလင်းရောင်မြတ်စွာဘုရားကြီး သီတင်း သုံးနေပါတယ် ဖူးကြပါလား"

ဟု ဖိတ်ခေါ် လိုက်ပါသည်။

(ယခုအခါ ခရစ်လမ်းအား ဗိုလ်မြတ်ထွန်းလမ်းဟု အမည်ပြောင်းလဲ ထားပါသည်။)

ကျွန်မတို့လည်း ဝမ်းသာအားရ မမွာရံထဲသို့ဝင်ခဲ့ရာ အလွန်ကြည်ညိုဖွယ် ကောင်းသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကို ဖူးတွေ့လိုက်ပါသည်။ ထိုပုဂ္ဂိုလ် ပြောပြချက်အရ ဖူးမြော်ရသဖြင့် အလွန် ဝမ်းသာမိပါသည်။ ထိုသူမှာ အသား ဖြူဖြူ၊ ဥပဓိရုပ်ကောင်းပြီး ကြည်လင် သည့်မျက်လုံးများရှိပါသည်။ အသက် (၇၀) ကျော်ပြီဟု နောက်မှသိရသော် လည်း အလွန်အရွယ်တင်သူဖြစ်ပါသည်။

"ဘုရားဖူးပြီးရင် စားပွဲပေါ် မှာ ရေနွေးကြမ်းရှိပါကယ်။ နားနားနေနေ ပေါ့ဗျာ လာကြပါ"

ကျွန်မတို့လည်း ထိုပုဂ္ဂိုလ်၏ ဖော်ရွေစွာဧည့်ခံမှုကြောင့် ကုလားထိုင် များမှာထိုင်ပြီး ရေနွေးကြမ်းသောက်ကြ ပါသည်။

"ကျွန်တော်တို့ ဥက္ကလာဦးစေတီ ကို လာဖူးမြော်တာပါ။ ဖေဖေတည်ခဲ့တဲ့ ဘုရားဆိုပေမယ့်လည်း မရောက်ဖြစ်ခဲ့ တာကြာပါပြီလေ။ အခုတော့ ညီမလေး က တင်တင်ဦး (ပေါင်းတည်) အမည်နဲ့ ဘုရားသမိုင်းကိုရေးတာ သူရဇ္ဈမဂ္ဂဇင်း ကြီးကဖော်ပြခဲ့ပါတယ်။ အဲဒါနဲ့ အခုမှ ရောက်ဖြစ်တာပါ ခင်ဗျား"

"အံ့ဩလိုက်တာဗျာ၊ ဝမ်းလည်း ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားအကြောင်းရေးတဲ့အခါမှာ မြေကို လှူခဲ့တဲ့ မယ်တော်ကြီးဆိုတာပါတယ် ပေါ့ဗျာ။ အဲဒီမြေအလှူရှင်ဟာ ဟောဒီ နံရံပေါ်မှာ ချိတ်ဆွဲထားတဲ့မယ်တော်ကြီး ပါပဲ။ ဒေါ်လှမေလို့ခေါ်ပါတယ်။

အဲဒီ မယ်တော်ကြီးကတော့ ကျွန်တော်ရဲ့ အဘွားပါပဲ ခင်ဗျာ။ ကျွန်တော်ကတော့ သူ့မြေးပါ။ ဦးသိန်းအေးလို့ခေါ်ပါတယ်။ ဥက္ကလာဦး စေတီရဲ့ ဂေါပက (ဥက္ကဋ္ဌ) ဖြစ်ပါတယ် ဗျာ"

ထိုစကားကို ကြားလိုက်ရသော



ဗုဒ္ဓဂယာအောင်မြေ ဗုဒ္ဓပဉ္စာရာတွင် ထုပ်စိထွားသော ဘုရားကြီး
သဏ္ဌမကျော်အောင်စံထားဆရာတော်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အုပ်စုမှာ အလွန်အံ့သြသွားပါသည်။ မယ်တော်ကြီးဆိုသည့် သူတော်ကောင်းမကြီးသည် မည်သူမည်ဝါဟူ၍ သိနိုင်မည်ဟု မမျှော်လင့်ခဲ့မိပါ။ ယခုအခါ ပုံတော်ကိုလည်း တွေ့ရပါပြီး အမည်နှင့်တကွ မြေးဖြစ်သူကိုလည်း တွေ့ရပါပြီ။ အဘိုးအဘွားများ၏ သာသနာ့အမွေကို ဝမ်းသာအားရ ကျေနပ်စွာ ခံယူဆောင်ရွက်နေသော မြေးဖြစ်သူကိုလည်း တွေ့ရပါပြီ။ အံ့သြစရာအဖြစ်အပျက်များဆိုလျှင် မှားမည်မထင်ပါ။

"ကျွန်တော်လေ အဘကို မနောနဲ့ လျှောက်တင်ပါတယ်။ ဒီဘုရားဟာ တယ်သူတည်ခဲ့သလဲဆိုတာ မသိခဲ့ပါ။ အဘရယ် အဲခုတော့ စေတီဘေးမှာ ကြက်ရုပ်တွေတွေ့ရတော့ အချို့မသိနားမလည်သူတွေက 'ကြက်ဘုရားငှက်ဘုရား' လို့ထင်တော့ ပြောကြားသံကြားရပါတယ်။ တပည့်တော်လည်း မဟုတ်မှန်းသိပေမယ့် တိတိကျကျမသိတော့ ပြန်မပြောနိုင်ခဲ့ပါဘူး။ ပြောသူတွေကလည်း မကြည်ညိုလို့ပြောတာမဟုတ်ပေမယ့် သူတို့ထင်ရာပြောကြတာမို့ အပြစ်မတင်ချင်ပါဘူး အဘရယ်။ ဒါကြောင့် ဒီဘုရားသမိုင်းကို တိတိကျကျမှန်မှန်ကန်ကန် ပြောဆိုနိုင်သူများကို တပည့်တော်ထံခေါ်လာတော်မူပါလို့ အထပ်ထပ် အခါခါတောင်းဆိုမိပါတယ်။ အခုတော့ ဆုတောင်းပြည့်ပါပြီ။ တကယ်ပဲ ဘုရားဒကာအစစ်ရဲ့အမှီးတွေကိုတွေ့ရပါတော့တယ်။ ဝမ်းသာလိုက်စာဗျာ"

ဦးသိန်းအေးစကားကိုကြားလိုက်ရသော ကျွန်မတို့မှာ အလွန်ဝမ်းသာမိပါသည်။ တိမ်မြုပ်စပြုနေသော ဘုရားသမိုင်းသည်ပြန်လည်ပေါ်ထွန်းလာသည်ဟု ယူဆပါသည်။

"ဒါဆို အဲဒီဘုရားသမိုင်းစာအုပ်လေးများပါလာခဲ့ရင် မိတ္တူကူးပေးခဲ့ပါလား"

ဟု ဦးသိန်းအေး၏ တောင်းဆိုမှုကို ကျွန်မတို့ချက်ချင်းမဖြည့်ဆည်းနိုင်ခဲ့ပါ။ နောက်မှ တစ်ခါသီးသန့်ပြန်လာပြီး ပေးပါမည်ဟု ကတိပေးပြီး ပြန်လာခဲ့ကြပါသည်။

နောက်ပိုင်းကာလများတွင် အခြားလူမှုရေးကိစ္စများဖြင့် မအားလပ်သဖြင့် ဥက္ကလာဦးစေတီနှင့် ထပ်မံအဆက်ပြတ်ခဲ့ပြန်ပါသည်။ သို့သော် ဘုရားသမိုင်းကိစ္စကို ဦးသိန်းအေးအနေဖြင့် မမေ့ဘဲ စိတ်ထဲမှာ ထပ်မံသိလိုသောအချက်များရှိနေကြောင်းကို ကျွန်မတို့ထံ ထပ်မံဆက်သွယ်လာခြင်းအားဖြင့် သိလိုက်ရပါသည်။

ထို့ကြောင့် ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကျွန်မတို့ စေတီတော်သို့ တစ်ခေါက်ရောက်ခဲ့ပြန်ရာ ဦးသိန်းအေးသည် ကျွန်မတို့နှင့်တွေ့ဆုံဆွေးနွေးမှုကို အစီအစဉ်ကျနစွာ ဆောင်ရွက်ထားကြောင်းတွေ့ရပါသည်။ လက်ဖက်ရည်၊ ကော်ဖီ၊ ရေနွေးကြမ်းနှင့်မုန့်များတည်ခင်းထားပြီး ဝိဇ္ဇိယိုကင်မရာတစ်ခုကိုလည်း အဆင့်သင့်ပြင်ဆင်ထားပါသည်။

ထို့နောက် ဘုရားသမိုင်းအကြောင်းများနှင့် အဘ၏အကြောင်းများကို ဦးသိန်းအေးနှင့် အစ်ကိုတို့ တစ်လှည့်စီပြောဆိုကြကာ ဦးသိန်းအေး၏ အစ်မတစ်ယောက်နှင့်လည်း မိတ်ဆက်ပေးပြန်ပါသည်။ ဤသို့ဖြင့် စကားဝိုင်းလေးမှာ တစ်လှည့်စီပြောဆိုကြရင်း အထောင်ပင်နားထောင်၍ကောင်းလှပါသည်။

စကားပြောလိုက်၊ မုန့်စားလိုက်နှင့် အချိန်ကြာမြင့်သွားပြီး ညနေအချိန်ရောက်သောအခါ ကျွန်မတို့လည်း၊ ဦးသိန်းအေးနှင့် စာရေးဆရာ ကလောင်အမည် အဘဝ-သာသနာ့အလင်းရောင် (ဒီဒီယိုကင်မရာဖြင့်မှတ်တမ်းတင်သူ) တို့အား နှုတ်ဆက်၍ပြန်လာခဲ့ပါသည်။

နောက်ထပ် လအနည်းငယ်ကြာသွားချိန်တွင် စစ်ကိုင်းမြို့တွင် အလုပ်ကိစ္စဖြင့်ရောက်ရှိနေသော ခင်ပွန်းဖြစ်သူက ကျွန်မထံသို့ ဖုန်းဆက်ခဲ့ပါသည်။ အကြောင်းကိစ္စမှာ ဦးသိန်းအေးက ကျွန်မတို့ကို ၆-၂-၂၀၁၆ ရက်၊ စနေနေ့၌ တွေ့ဆုံလိုကြောင်းသိရပါသည်။

ဦးမျိုးဝင်း ဖုန်းဆက်ပြီး မကြာမီ အချိန် ဦးသိန်းအေးကိုယ်တိုင် ကျွန်မကို ဆက်သွယ်လာပါသည်။ ယခင်အခေါက်တွေ့ဆုံကြရာတွင် ထမင်းမကျွေးလိုက်ရသဖြင့် ထမင်းကျွေးလိုကြောင်းနှင့် ဘုရားသမိုင်းကို ထပ်မံဆွေးနွေးရန်ပြောလာပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်မလည်း ဝမ်းသာအားရ စွာဖြင့် လာရောက်မည့်အကြောင်းနှင့် ဦးမျိုးဝင်းလည်း ရန်ကုန်ကို အလုပ်ကိစ္စ တစ်ခုနှင့်ပြန်လာစရာရှိသဖြင့် သူပါလိုက် နိုင်မည်ဟု ပြန်လည် အကြောင်းကြားခဲ့ ပါသည်။

သို့နှင့် ၆-၂-၂၀၁၆ ရက်နေ့ အစ်ကိုနှင့် ကျွန်မတို့နှစ်ယောက် စုပေါင်း ပြီး ဥက္ကလာဦးစေတီသို့ ရောက်ခဲ့ပြန်ပါ သည်။ မွေးရှုံကြီးထဲသို့ဝင်လိုက်သည် နှင့် ထမင်းနှင့်ဟင်းမျိုးစုံအသင့်ပြင်ထား သောထမင်းစားပွဲကိုတွေ့လိုက်ရပါသည်။

"ကဲ - လာကြပါဗျာ၊ အရင်ဆုံး စားသောက်ပြီးမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့နော်"

ဦးသိန်းအေး၏ဖိတ်ခေါ်မှုကြောင့် ကျွန်မတို့နှင့် ဦးသိန်းအေးတို့ အတူစား သောက်ခဲ့ကြရာ အလွန်စားရကောင်း လှပါသည်။ ခြေလေးချောင်းသားမစား ဟုပြောမိသောကြောင့် ငါးနှင့်ကြက်သား ကိုချက်ထားပြီး ဟင်းချိုနှင့် ငါးပိရည်၊ တို့စရာတို့မှာ စားရှိအလွန်ကောင်းပါ သည်။ စားသောက်ပြီး အသင့်ပြင်ဆင် ထားသောစားပွဲသို့ ထိုင်မိသောအခါတွင် ကော်ဖီနှင့် မုန့်များ ထပ်မံရောက်ရှိလာ ပြန်ပါသည်။

ထို့နောက် အစ်ကိုဖြစ်သူက သူရေးထားသော ဘုရားသမိုင်းစာအုပ် ကို ဦးသိန်းအေးထံ အပ်နှံလိုက်ပါသည်။ ဦးသိန်းအေးကလည်း သူပြုစုထားသော ဘုရားသမိုင်းကို ပြန်လည်ပြောပြခြင်းဖြင့် တစ်ဦးနှင့်တစ်ဦးစကားပြောနေကြသည် မှာ အလွန်အဆင်ပြေလှပါသည်။

"မကြာခင် ဥက္ကလာဦးစေတီ သမိုင်းဟာ စာအုပ်အဖြစ်ထွက်လာတော့ မှာပါ။ ကျွန်တော်အဆင်သင့်ဖြစ်အောင် စီစဉ်ထားပါတယ်"

ဟု ဦးသိန်းအေးကပြောပါသည်။ ကျွန်မအနေဖြင့် သူတို့စကားပြောနေစဉ် မှာ စားပြီးခါစ ထမင်းဝိုင်းလေးကို ပြန် သတိရပြီး ရှေးဟောင်းနှောင်းဖြစ်များကို တွေးမိပါသည်။

ဟိုးလွန်ခဲ့သောနှစ်များစွာ အခိုန် ကာလတစ်ခုဖြစ်ပါသည်။ပုပ္ပားတောင်မှ အဘအောင်မင်းခေါင်ထွက်တော်မူကာ နီးအခိုန်ဟုဆိုလျှင်လည်း မှားမည်မထင် ပါ။ ပေ (၅၀) ကျော် ကျယ်ဝန်းလှသော အဘ၏ စံကျောင်းတော်မှာ အောက်ခံ သမံတလင်းခင်းထားပြီး လှေကားထစ် များမှာ ကျောက်တုံးကျောက်သားများ ကို ညီညာလှပစွာခင်းထားပါသည်။ ပြတင်း ပေါက်များရှိသော်လည်း ဝင်ပေါက်၊ ထွက်ပေါက်တံခါးမကြီးမှာ တစ်ခုတည်း သာရှိပါသည်။

ကျွန်မမှတ်မိသရွေ့ တင်ပြရမည် ဆိုပါလျှင် အဘစံမြန်းသော ကွပ်ပျစ်ကြီး မှာ (၁၀) ပေခန့်ကျယ်ပြီး ရှင်းလင်း သပ်ရပ်စွာရှိနေပါသည်။ ခြေရင်းဘက် အခန်းငယ်လေးတွင် ရုပ်သေးရုပ်ပေါင်း (၅၀) ခန့်မျှ တွေ့ရပြီး ကြိုးများချိတ်ဆွဲ လျက်အနေထားမျိုးရှိပါသည်။ တစ်ခါ တစ်ရံ အဘက ကျွန်မလက်ကလေးကို ဆွဲပြီး ရုပ်သေးရုပ်များကို လက်ညိုးညွှန် ကာ ဘယ်ဟာကိုလိုချင်သလဲဟု မေး တတ်သည်ကို အမှတ်ရနေပါသည်။

တစ်ဆက်တည်းမှာပင် ထိုစဉ်က စားသောက်ခဲ့ရသော ထမင်းဝိုင်းလေး များကို သတိရနေပြန်ပါသည်။ ထိုနေ့က ချက်သောဟင်းမှာ ငါးပိ၊ ရှည်တို့စရာ များအပြင် မန်းကျည်းရွက်နှအချဉ်ဟင်း ဖြစ်သဖြင့် အလွန်စားကောင်းပါသည်။ ထူးခြားချက်မှာ ပုပ္ပားမယ်တော်ကြီးနတ် ကွန်းထဲမှာပင် ထမင်းပွဲများချခင်းထား လေရာ ထိုနေ့က လူများသောကြောင့် စားသောက်နေကျနေရာမှာပင် လူပြည့် နေပါသည်။ အုံသြစရာကောင်းသော ဟင်းတစ်ခွက်မှာ ယခုစာဖတ်သူများ ဖူးရှုရပါလျှင် မဖြစ်နိုင်ပါဟု တွေးရ လောက်အောင် ထူးခြားလှပါသည်။ ထိုဟင်းမှာ အလွန်မွေးပျံ့နေအောင် ချက်ထားသည့် ဝက်သားဟင်းဖြစ်နေ ပါသည်။ ကျွန်မ အပါအဝင် ကလေး အုပ်စုမှာ အလွန်လိုက်ဖက်လှသည့်ဟင်း ကိုစားရသည့်အတွက် စားကောင်းသည် ဟုသာ မှတ်မိပါသည်။

နောက်မှသိရသည်မှာ မေမေက မယ်တော်ကြီးကို အားနာသဖြင့် အနား ကိုသွားကာ တီးတိုးလျှောက်တင်လိုက် ပါသည်။

"အဘ၊ ဖြစ်ပါ့မလား အဘရယ်။ သမီးတို့မစားရဲပါဘူး။ အဲဒီဟင်းကိုမယ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရမလား အဘ"

ထိုအခါ အဘကမပြုံးမရယ်တည်ငြိမ်သောပုံစံဖြင့် ဤသို့ပြောခဲ့သည်ဟု မေမေကပြောခဲ့ပါသည်။

"အဘက မယ်တော်ကြီးကိုပြောထားပြီးသားပါ။ မယ်တော်ကြီး၊ ဒီနေရာမှာ သာသနာပြုနေတဲ့အတွက် လူအများမျိုးလာကြလိမ့်မယ်။ ဒီတော့ မယ်တော်ကြီးမကြိုက်တာများရှိရင် သည်းခံခွင့်လွှတ်ပါလို့ ပြောခဲ့တယ်။ မယ်တော်ကြီးက အဘကိုပြန်လျှောက်တယ်။

အဘရှိစဉ်ကာလမှာပဲ ဒီလိုဟင်းတွေကို လက်ခံပါ့မယ်။ အဘမရှိတော့ ဘူးဆိုရင်တော့ သည်းမခံပါဘူး အဘလို့ ပြောခဲ့ဘယ်ပေါ့။ ဒီတော့ စားသာစားပါ။ မယ်တော်ကြီးအတေးကိုရှောင်နေပါတယ်လို့ဆက်ပြောပြန်တယ်"

ယခု အဘမရှိသည့်ကာလတွင် ထိုဟင်းကိုမယူပုံမတင်ပုံဖြစ်နေသည်မှာ အများအသိပင်ဖြစ်ပါတော့သည်။

ကျွန်မ စဉ်းစား တွေးတောနေစဉ်မှာပင် စေတီရင်ပြင်အတွင်းသို့ ကား အဖြူလေးတစ်စင်းရပ်နားကာ ကားပေါ်မှ လူနှစ်ဦးဆင်းလာပြီး တန်ဆောင်းထဲသို့ ဝင်လာနေပါသည်။ လှမ်းကြည့်လိုက်သောအခါတွင် စာရေးဆရာ အဘဝ (သာသနာ့အလင်းရောင်) နှင့်ဇနီးဖြစ်နေပါသည်။ အဘဝနှင့် နှစ်ကြိမ်ခန့် တွေ့ဆုံဖူးသော်လည်း ချောမောလှပသည့် ဇနီးသည်ကို ယခုမှမြင်ဖူးလိုက်ပါသည်။

ကျွန်မတို့ ပြုံးရယ်နှုတ်ဆက်ကာ ဘုရားရှိပ်ပွားတော်ရှေ့တွင် ဝတ်ပြုလိုက်ပါသည်။ ခဏအကြာတွင် ကျွန်မတို့ အုပ်စုရှိရာသို့လာပြီး ယခုမှရောက်လာရသည့်အကြောင်းကို ရှင်းပြပါသည်။

"မနက်ကတည်းက လာမလို့ပါ။ အန်ကယ်တို့လာမယ်ဆိုတာသိလို့ လာချင်နေတာပါ။ ဒါပေမယ့် အလှူတွေသွားနေရလို့ အခုမှရောက်လာတာပါ"

ဟု ရည်မွန်ဖော်ရွေစွာ ပြောပါသည်။

ထို့နောက် အစ်ကိုဖြစ်သူက အဘ၏ ထူးခြားမှုများကို ထပ်မံပြောဆိုရာ အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြပါသည်။

"ကျွန်တော့်ကို ဖေဖေက သတိပေးလိုက်တယ်။ ငါ့သား အဘကိုဓာတ်ပုံရိုက်ချင်ရင် ခွင့်တောင်းပြီးမှရိုက်နော်။ ခွင့်မတောင်းလို့မရဘူးတဲ့။

ဒါနဲ့ ကျွန်တော်လည်း ကိုဒက်ကင်မရာနဲ့ ကိုဒက်ဖလင်လိုပ်နဲ့ အဘနားမှာ ရစ်ဝဲပြီး အခွင့်ကောင်းစောင့်နေတာပေါ့ဗျာ။

အဘက သွားလာတာ၊ လမ်းလျှောက်တာ သွက်လတ်တယ်။ ရုပ်ပေးတော်မူပါလို့လည်း မလျှောက်ရဲဘူး။ ဒီတော့ ဝင်ပေါက်အပြင်ကသာချောင်းနေတာပေါ့ဗျာ။ အဲဒီကင်မရာမျိုးကလည်း ဆရာဦးသိန်းအေးတို့သိမှာပါ။ ကင်မရာကိုရင်ဘတ်မှာထားပြီး အပေါ်က ငုံကြည့်မှရိုက်လို့ရတယ်လေ။ အဲဒီတော့ ကျွန်တော်အကွက်ချောင်းနေတုန်း အဘကအပြင်ကိုထွက်လာပါလေရော။ ဒီတော့ ချက်ခနဲ ရိုက်လိုက်တာပေါ့။ စိတ်ထဲမှာတော့ တစ်ပုံရပြီကွလို့ တွေးမိပါတယ်။ အဲဒါကို အဘကလှမ်းကြည့်ပြီး ခြံထားတဲ့စောင်ကိုပြန်ပြင်လိုက်ပြီး ကျွန်တော့်ကို လှမ်းကြည့်နေတော့ ကျွန်တော်လည်း ဟုတ်ပြီကွလို့ တွေးပြီး ရိုက်တာပေါ့ဗျာ။ ရှစ်ပုံလောက်ရိုက်ပြီးတော့ ဖလင်တစ်လိပ်ကုန်သွားတာပေါ့။ ထိုခေတ်က ဖလင်တစ်လိပ်မှာ ရှစ်ပုံပဲရိုက်ရပါတယ်။ဒီလိုနဲ့ ရန်ကုန်ပြန်ရောက်တော့ ဓာတ်ပုံဆိုင်မှာသွားကူးတယ်လေ။ ဆိုင်ရှင်က ကျွန်တော့်ကို ပြောတယ်။

'ဟေ့ ချာတိတ်၊ မင်းရဲ့ပထမဆုံးပုံက ဘာမှမထင်ပါလား အမည်းရောင်ပဲ"

ကျွန်တော်က အဲဒီတုန်းက အသက်(၁၇)နှစ်သားဆိုတော့ ချာတိတ်ပေါ့ဗျာ။ ကျွန်တော်ကတော့ သိလိုက်ပါပြီ။ အဘကို ခွင့်မတောင်းဘဲရိုက်မိလို့ ပုံမထင်တာလို့ ဓာတ်ပုံဆိုင်ရှင်ကိုတော့ မပြောတော့ပါဘူး။ အဲဒီပုံတွေကို ပြန်ရောင်းခြင်းမပြုဘဲ ဒါနအနေနဲ့ပုံပွားပြီး လှူခဲ့ပါတယ်။ အခုတော်တော်များများတွေ့ဖူးနေတဲ့ ပုံတော်တွေပေါ့ဗျာ"

ရှည်လျားနေသော အစ်ကို၏ အတွေ့အကြုံကို ကြားလိုက်ရသည့် ဦးသိန်းအေးတို့မှာ ခေါင်းညိတ်ပြီး ကျေနပ်နေဟန်တူပါသည်။

"အစ်ကို၊ အဘရဲ့စီးကရက်ကြိုက်ပုံကိုပြောပါဦး"

ဟု ပြောရာ အစ်ကိုက -

"ဟုတ်တယ် ညီမရေ။ အဘက စီးကရက်သိပ်ကြိုက်တာ။ ဒါပေမယ့် ဖွာတော့ဖွာတယ်။ ရှိုက်ပြီးအခိုးတွေကို နှာခေါင်းကမထုတ်ဘူး။ ပါးစပ်ကပဲပြန်ထုတ်တာပဲ။ ထူးခြားတာက အဘစီးကရက်ကုန်ခါနီး ဒါမှမဟုတ် ပြာတောင့်ဖြစ်လာပြီဆိုရင် တပည့်တွေက အနားရောက်လာပြီး အဲဒီပြာကို လက်ဝါးခံတောင်းတော့တာပဲ။ အဘကလည်း ပြာကို ချွေပေးတာယ်။ တပည့်တွေက သူနည်းနည်း၊ ငါနည်းနည်းတို့ပြီးစားကြတယ်လေ။ သိဒ္ဓိအနေနဲ့ပေါ့။ တစ်ခါတလေ သူစိတ်ထဲမှာဘာထင်သလဲမသိဘူး။ ပြာကိုမပေဘူးဗျ။ မရရအောင် လိုက်တောင်းရင် မြေကြီးပေါ် စီးကရက်ကို ထိုးခြေလိုက်တယ်။ နောက်တော့ လေ့လာလိုက်တဲ့အခါမှာ အဲဒီလူတွေက မသမာတဲ့အသက်မွေးဝမ်းကျောင်းလုပ်ပြီး အဘထံကို ပေါ့ပေါ့တန်တန်သဘောမျိုးနဲ့လာကြတာကိုး"

ညနေပိုင်းသို့ရောက်သွားသဖြင့် ကျွန်မတို့ အိမ်မပြန်မီ ဥက္ကလာဦးစေတီကို ဖူးမြော်ကြပါသည်။ ရွှေသင်္ကန်းကပ်နေသောကြောင့် ကုသိုလ်ဝတ္ထုငွေများ လှူဒါန်းကာ ဦးသိန်းအေးတို့ကိုနှုတ်ဆက်ကြပါသည်။ ဦးသိန်းအေးကလည်း ဝမ်းသာအားရစွာဖြင့် ဘုရားသမိုင်းစာအုပ် မကြာမီပေါ် ထွက်လာတော့မည်ဖြစ်ကြောင်း ပြောကြားပါသည်။

အဘ အောင်မင်းခေါင်ကြီးက သတ္တဝါအများကိုကယ်တင်နေခဲ့ပြီး ယခုလည်း ဆက်လက်ကယ်တင်နေကြောင်းကို ထပ်လောင်း ပြောဆိုပါသည်။

သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏ ကျေးဇူးတော်တရားများသည် သတ္တဝါများအပေါ် မည်သည့်အခါမျှ ကုန်ဆုံးသွားလိမ့်မည် မဟုတ်ပါ။ အထူးသဖြင့် တစ်ဦးချင်းစီ၏ စိတ်နှလုံးထဲတွင် ရတနာအစစ်မှန်ဖြစ်သော ဘုရားရတနာ၊ တရားရတနာနှင့် သံဃာရတနာများ အမြဲကိန်းအောင်းနေပါက သူတော်ကောင်းများနှင့် မိမိကိုယ်စောင့်နတ်တို့သည် မိမိကို စောင့်ရှောက်ပေးနေကြမည်ဟု ယုံကြည်ပါသည်။ သို့မဟုတ်ပါက မည်မျှပင် ကယ်တင်ပေးလိုသော်လည်း မိမိအနေဖြင့် ကုသိုလ်ရေစက်မရှိသည့်အပြင် စိတ်ထားမဖြူစင်ပါက သူတော်ကောင်းများမှာ ကူညီနိုင်မည်မဟုတ်ပေ။ အကုသိုလ်ကြီးများသူတို့အတွက် မကောင်းသည့်ကံကြမ္မာကသာလျှင် မိမိကိုအဆုံးအဖြတ်ပေးမည်ဖြစ်ပြီး သတိပြုပြင်ဆင်ကြလျှင် ကောင်းကျိုးချမ်းသာ မင်္ဂလာသည့် အလိုအလျောက်ရောက်လာမည်ဖြစ်ကြောင်း လေးနက်စွာ ယုံကြည်မိပါသည်။

ကျေးဇူးတင်ဖွယ်

တင်တင်ဦး (ခေါင်းဆောင်)

www.burmeseclassic.com

www.burmeseclassic.com

"ဟေး - မိုးတွေရွာလာတယ် မိုးဖွဲဖွဲကလေးရွာနေတယ်။အချိန်အခါမဟုတ်မိုးလေပဲလား"

"အချိန်ခါမဟုတ်ရွာတဲ့မိုးမဟုတ်ဘူးဟေ့။ မိုးကောင်းဘုရားကြီးက တန်ခိုးပြတာ၊ မိုးကောင်းဘုရားပွဲစပြီ"

ရန်ကင်းမြို့နယ်အတွင်းမှ အရပ်သားနှစ်ဦးပြောဆိုနေကြသော စကားသံများဖြစ်ပါ၏။ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကောင်းဘုရားပွဲသည် အနည်းနှင့်အများ မိုးရွာတတ်လေ၏။ မိုးမရွာသည့်တိုင် မိုးမှောင်မည်းတာမျိုး၊ တိမ်ညိုတိမ်မည်းများ ကောင်းကင်မှာ ဖြတ်သန်းလှုပ်ရှားနေတာမျိုးတော့ ပြသတတ်၏။ 'မိုး' ဟူသောအရာသည် မိုးကောင်းဘုရားပွဲ၏ သင်္ကေတအမှတ်လက္ခဏာဟုပင် ဆိုရမလိုဖြစ်ပါသည်။ ရှေးအခါတုန်းက မိုးခေါင်ပြီဆိုပါလျှင် မိုးကောင်းဘုရားသို့လာကြပြီး စနေထောင့်မှဖြစ်စေ၊ ရာဟုထောင့်မှဖြစ်စေ ထီးဖြူတစ်လက်ကို ရေသွန်းလောင်းလိုက်ပါလျှင် မိုးဟာဆိုင်းမဆင့်ဝုံမဆင့် ရွာချပါတော့၏။

"ဘယ်ရွေ့ဘယ်မျှမြန်သလဲပြောရရင် ဘုရားဝင်းထဲကလူတွေ အမိုးအကာမရောက်မီမှာတင် စိုရွှဲသွားစေတယ်။ အဲဒီလောက်ထူးခြားလှတဲ့ တန်ခိုးကြီးဘုရားဖြစ်ပါတယ်။ မိုးရွာနေရင်းကပဲ ရောင်ခြည်တော်များ ကွန့်မြူးတော်မူလာပါသတဲ့"

ထိုအကြောင်းကို မိုးကောင်းဘုရားကြီးပေါ်တွင် နှစ်ပေါင်းများစွာ သာသနာဝေယျာဝစ္စလုပ်ရင်းနေလာခဲ့တဲ့ အမေဒေါ်သာရင်က ပြောပြဖူးပါ

ကံဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား ဒေတိဘုရားပျာ

ဝတ္ထုတြားဟူးရေမြောက်

အမှတ်-၈

မိုးကောင်းဆုတောင်းပြည့်စေတီတော်



မိုးကောင်းစေတီတော်ကြီး



ဆုတောင်းပြည့်သော ဘွဲ့စေတီ



ဘွဲ့သားအစစ် ခေါင်းလောင်းတော်

www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းဘုရားမှ ဘုန်းရွှင်ကံရွှင်စေတီတော်

အဖေကြီးဘမင်းခေါင် ဖိုထိုးခဲ့သော ထုံများ တွေ့ရသောအခန်း



ဝိဇ္ဇာကြီးများဆင်ကောင်ခန်း



ထီပေါက်အဓိဋ္ဌာန်အောင်နေရာ

သည်။

သာသနာပြုဘုရားဒါယိကာမကြီး ဘုရင်မကြီး ရှင်စောပု ရွှေတိဂုံဘုရားသို့ ဟံသာဝတီနန်းမှ လာရောက်ဖူးမြော်ရင်း မိုးကောင်းဘုရားအနီး လှေဆိပ်ရောက်တိုင်း မိုးရွာချလေ့ရှိကြောင်း ကြားဖူးပါ၏။ တချို့က 'မိုးကောင်းဘုရား' ဘွဲ့တော်ပင် မိုးကောင်းသည် ထိုအကြောင်းပြု၍ ဘုရင်မကြီး ရှင်စောပုမှတွင်စေခဲ့သည်ဟု ဆိုကြပြန်၏။ မည်သို့ပင်ဆိုစေကာမူ မိုးကောင်းဘုရားသည် မိုးနှင့် ပတ်သက်ဆက်နွယ်နေတော်မူပါသည်။

□ ဆုတောင်းပြည့်ကြပုံ

ရှေးအခါက လယ်သမားကြီးများ ရာသီဥတုမကောင်း၊ မိုးလေဝသတို့ မကောင်းခြိန်များတွင် မိုးကောင်းဘုရားသို့ အရောက်လာ၊ ပွဲလှူပွဲကပ်၍ လယ်တောမြေမှာ မိုးရွာပါစေ၊ မိုးမှန်ပါစေ၊ ဆုတောင်းသော် မကြာမီတင် အလိုပြည့်ဝ၊ ဆုတောင်းပြည့်ဝကြ၏။

ရှေးအခါက ချမ်းသာကြွယ်ဝသော သူဌေးများနေထိုင်သော ကုက္ကိုင်းအရပ်မှာနေသည့် သူဌေးမကြီးဒေါ်လှိုင်ဆိုသူသည် တစ်နေ့သ၌ လှည်းယဉ်ကြော့ကြော့ကိုစီးပြီး ကျိုက္ကဆံဘုရားကြီးသွားဖူးလေ၏။ မိုးကောင်းဘုရားဝေါက်သောအခါ ချိုင့်တွင်း လှည်းဘီးကျမိရာမှ လှည်းဆောင့်ပါသဖြင့် လှလည်း ဟန်ချက်ပျက်ကာ ဘီးတန်စိန်နားကပ် ကျပျောက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

လှည်းရပ်ပြီးရှာကြည့်သော်လည်း မတွေ့ရတော့။ စိတ်မှာတထင့်ထင့်နှင့် ကျွဲကြာဆံဘုရားသွားဖူးခဲ့ရလေ၏။ အပြန်တွင် မိုးကောင်းဘုရားသို့ ဝင်ရောက်၍ ဆုတောင်းလေ၏။ အကယ်၍ သူမသည် ဘုရားမှာဝတ်ပြုထိုက်တဲ့ကံပါလာခဲ့လျှင် ဤစိန်နားကပ်ကိုပြန်ရပါစေ၊ ပြန်တွေ့ပါစေဟု ဆုတောင်းပြီး လှည်းယဉ်ကြော့ရှိရာသို့ပြန်လာရာ လှည်းအနီးရောက်ခါနီးတွင် နေရောင်ခြည်အလင်းနှင့်တွေ့သော စိန်နားကပ်ကြီးသည် တဝင်းဝင်းတပြောင်ပြောင်အရောင်တွေလင်းလက်ပြီး ပြန်တွေ့ခဲ့လေ၏။

နောက်ပိုင်းရက်များတွင် ဒေါ်လှိုင်လည်း ဆုတောင်းပြည့်သော မိုးကောင်းဘုရားသို့ မကြာခဏ ရောက်ရောက်လာပြီး အလှူဒါနများပြုလုပ်ကြောင်းသိရပါသည်။ ဟိုလူဆုတောင်းပြည့်၊ ဒီလူဆုတောင်းပြည့် စသည့်အကြောင်းများ ရေးသော် ရေး၍ကုန်မည်မထင်ပါ။ သို့မို့ကြောင့် တခြားဆုတောင်းပြည့်ပုံများ မတင်ဆက်တော့ပါဘဲ စာရေးသူ၏ လတ်တလော ကိုယ်တွေ့ ဆုတောင်းပြည့်ပုံလေး တင်ပြလိုပါသည်။

စာရေးသူသည် မည်သည့်တန်ခိုးကြီးဘုရားသို့ရောက်ရောက် မဖြစ်မနေ ဘုရားသမိုင်းစာအုပ်ကို ရှာဖွေလေ့ရှိပါသည်။ ယခု မိုးကောင်းဘုရားကြီးသို့ ရောက်လာခါနီးတွင် ဦးစွာပထမ ဘုရားသမိုင်းစာအုပ်ကို ရှာဖွေနေမိပါသည်။ ဘုရားစောင်းတန်းမှဆိုင်များ အထူးသဖြင့် စာအုပ်ဆိုင်များတွင် မိုးကောင်းဘုရားကြီးနှင့်ပတ်သက်သော စာရွက်စာတမ်းများ ရှာမရဖြစ်နေပါသည်။ ယခုလ စာရှုသူ ဓမ္မမိတ်ဆွေများအား တင်ပြရန် ရည်ရွယ်ထားသည်က မိုးကောင်းဆုတောင်းပြည့်ဘုရားကြီး ဖြစ်ပါသည်။

စျေးဆိုင်တန်းမှာရှိ ဘာသာရေးစာပေအရောင်းဆိုင်မှ ဆိုင်ရှင်ပြောပြသည်ကတော့ မိုးကောင်းဘုရားသမိုင်းစာအုပ်မတွေ့တာ (၁၀)နှစ်နီးနီးလောက်ရှိမည်ဟု ယူဆပါကြောင်း၊ ယခင်က ထွက်ခဲ့ဖူးသည်ဟူ၍ ကြားဖူးပါကြောင်း ဂေါပကအဖွဲ့မှနေ၍ ဘုရားသမိုင်းသစ်ထွက်နိုင်ရေး ကြိုးပမ်းနေသည်ကို ကြားသိရပါကြောင်း စာရေးသူအား ရှင်းပြပါသည်။ စာရေးသူမှ ဘုရားသမိုင်းအကျဉ်းရော သိသမျှပြောပြပေးပါဆိုသောအခါ ဘုရားသမိုင်းအကျဉ်းလည်း ဟိုလူပြော ဒီလူပြော၊ ဟိုတစ်မျိုးသည်တစ်မျိုးနှင့် အတည်ယူ၍မရပါကြောင်း ပြောပြပါသည်။

စာရေးသူ အကျပ်ရိုက်ပါပြီ။ အကိုးအကားပြုရန် ဘုရားသမိုင်းစာအုပ်

မိုးကောင်းရင်ပြင်တော်မှ ရွှင်သိဝထီရဟန္တာ

ယဇ္ဇန်းစင်တောင်ဆရာတော်

မိုးကောင်းဘိုးဘိုးကြီး

မိုးကောင်းဆေးဘိုးဘိုးကြီး

ဓမ္မဇောတိမင်းခေါင်



မဂိယာမော်ကွန်း

www.burmeseclassic.com

www.burmeseclassic.com

စာစောင်လည်းမရှိ။ ဘုရားသမိုင်း အကျဉ်းသိချင်ဇောဖြင့် လိုက်မေးသော အခါမှာလည်း မည်သူမျှတုတ်တိပတ်တိ ပြောနိုင်သူမတွေ့ရ။ ခိုင်ခိုင်မာမာပြော နိုင်သူမတွေ့ပါက 'မိုးကောင်းဘုရားကြီး' သမိုင်းကို ယခုလ တင်ပြနိုင်ရန် မဖြစ် နိုင်တော့။ နောက်ဘုရားတစ်ဆူကူးရန် ဆိုပြန်တော့ အချိန်မရတော့။ စာဖောင် ပိတ်ချိန်ကလည်း နီးကပ်နေပြီဖြစ်ပါ သည်။ ထိုအခက်အခဲအကျပ်တည်းကို 'ဘုရားလူ၊ သိကြားကူ' မှ ရပါလိမ့်မည်။ မိုးကောင်း ဆုတောင်းပြည့်ဘုရားကြီးသို့ ရှိသေစွာ ရှိခိုးကန်တော့ဆုတောင်းပြီး နောက် ရင်ပြင်တော်ပတ်လမ်းအတိုင်း လမ်းလျှောက်လာခဲ့သော် အနောက် ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြားရှိ ရွှေစေတီတည်ရာသာသနိကအဆောက် အအုံရှေ့ရောက်သောအခါ ဝင်ရောက် ဖူးမြော်လိုသော်ဆန္ဒ လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာသဖြင့် ရွှေစေတီထံပါး ဝင်ရောက်ဖူးမြော်ကန်တော့ဆုတောင်း ပါသည်။

"ဆုတောင်းပြည့်မိုးကောင်းဘုရား ကြီးဦးထိပ်ထား၍ ရွှေစေတီဘုရားရှေ့၌ သားတပည့်တော် လေးလေးနက်နက် ဆုတောင်းပါသည်ဘုရား။ ယခုလ စာရှု သူများထံ 'မိုးကောင်း ဆုတောင်းပြည့် ဘုရားသမိုင်းအကြောင်း အခြေခံ၍ ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းများ မဂ္ဂဇင်းတွင် ရေးသား တင်ပြနိုင်ရန် စိတ်ရည်သန်လျက်ရှိပါသည် ဘုရား။ ဤသစ္စာစကားမှန်ကန်ပါက မိုးကောင်း ဆုတောင်းပြည့် ဘုရားကြီးသမိုင်းကို အတိအကျ အစိုင်အမာပြောပြနိုင်သူ နှင့် ဇကာမုခ္ဍ တွေ့ဆုံရပါစေဘုရား"

စသည်ဖြင့် စာရေးသူသည် ဘုရားသမိုင်းသိလိုဇောဖြင့် စိတ်အား ထက်သန်စွာ ဆုတောင်းလိုက်ပါသည်။ ဆုတောင်းပြီးနောက် ဘုရားစောင့်နတ် များကို မေတ္တာပို့သ အမျှဝေပါသည်။ ၎င်းနောက် ရွှေစေတီထံပါးမှ ဖယ်ခွာ လျက် ရင်ပြင်တော်ဘက်သို့ ထွက်ခွာ လာခဲ့ပါတော့သည်။ ရင်ပြင်တော်တွင် ဝန်ထမ်းအမျိုးသမီးတချို့နှင့် တွေ့၍ ဘုရားသမိုင်းမေးကြည့်ရာ သူတို့လည်း အတိအကျမသိ၍ အတိအကျပြောပြ နိုင်သူကို ညွှန်ပြကြပါသည်။ ဂေါပကရုံး အဖွဲ့မှူး ဦးသက်ဦးထံမှာ မေးကြည့်ပါ ဆို၍ ဂေါပကရုံးသို့သွားရပါတော့သည်။

ဂေါပကရုံးသို့ ရောက်သည်နှင့် ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရုံးအဖွဲ့မှူး

အဝေးကြီးဘမင်းဖေါင် ဆွမ်းကပ်ထုံးသောနေရာ

မုဆတ္ဒာပနာပေါက်

ဦးသက်ဦးနှင့် တည့်တည့်တိုးပါသည်။ ရွှေစေတီ ဆုတောင်းပြည့်ဘုရားတွင် စာရေးသူဆုတောင်းသည့်အတိုင်း အမှန် တကယ် ဘုရားသမိုင်းများပြောပြနိုင် သည့်အပြင် ရှေးယခင်ကထွက်ခဲ့ဖူး သော မိုးကောင်းဆုတောင်းပြည့်စေတီ တော်မြတ်ကြီးသမိုင်းစာနှင့် ဂေါပကရုံး မှတ်တမ်းဖိုင်များကို လေ့လာခွင့်ရခဲ့ပါ သည်။ ဆုတောင်းပြည့်ဝပါကြောင်း သတင်းကြီးနေသည့်အတိုင်း စာရေးသူ ၏ ယခုကြုံတွေ့ရသောအခက်အခဲများ သည် မိုးကောင်းဆုတောင်းပြည့်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်မုခ်နားမှ ဘိုးယကွ (ဧရာင်တော်)

ယကွညီတော်

ဦးထိပ်ထား ရွှေစေတီဘုရားရှေ့တွင် သစ္စာဆိုဆုတောင်းခဲ့ခြင်းက နာရီမဆိုင်း မိနစ်ပိုင်းနှင့် ဆုတောင်းပြည့်ခဲ့ကြောင်း သဲစွာစကားဖြင့် ရေးသားတင်ပြအပ်ပါသည်။

❑ မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏တည်နေရာနှင့်အကျယ်အဝန်း

မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် သစ္စာလမ်းမကြီးတောင်ဘက်တွင် တည်ရှိပါသည်။

အရှေ့ဘက်တွင် မိုးကောင်းကျောင်းတိုက်၊

အနောက်ဘက်တွင် မိုးကောင်းလမ်းမကြီး၊

မြောက်ဘက်တွင် သစ္စာလမ်းမကြီး၊

တောင်ဘက်တွင် ဘုရားပွဲ၊ တရားပွဲတန်းပရာကွင်းကြီး၊

သစ္စာလမ်းမမှ တောင်ဘက်ကွင်းအဆုံးအထိ စတုရန်းပေ (၂၄၂၀၀) ကျယ်ဝန်းပါသည်။

မဟာရံတံတိုင်း အရှေ့ဘက် (၇၂၅) ပေ၊ အနောက် (၇၈၁) ပေ။

တောင် (၄၉၀) ပေ၊ မြောက်ဘက် (၂၇၅) ပေ။

ဘုရားရင်ပြင် အကျယ်အဝန်း အရှေ့မှ အနောက် (၁၇၅) ပေ။

တောင်မှ မြောက် (၁၇၀) ပေ။

❑ မိုးကောင်းစေတီတော်မြတ်ကြီး၏သမိုင်းအကျဉ်း

မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ကမ္ဘာ့သာသနာပြု တတိယသင်္ဂါယနာတင် မင်းတရားကြီး သီရိခမ္မာသောကမင်းကြီး ကိုးတိုင်းကိုးဌာန သာသနာပြု တည်ထား ပူဇော်ခဲ့သော စေတီတော်များထဲမှ စေတီတော် တစ်ဆူဖြစ်တော်မူပါသည်။ ဗုဒ္ဓမြတ်၏ ဓာတ်တော်အစစ်များဌာပနာထားသည် ဖြစ်၍ ဓာတ်တော်စေတီတော်အဖြစ် ထင်ရှား ကျော်ကြားတော်မူပါသည်။ သီရိခမ္မာသောကမင်းကြီး တတိယသင်္ဂါယနာတင်ခြင်း ကိုးတိုင်းကိုးဌာန သာသနာပြုသောနှစ်မှာ သာသနာတော်နှစ် ၂၃၅ ခုဖြစ်ကြောင်း သိရပါသည်။

ကောဇာနှစ် ၈၃၈ နှစ်သို့ရောက်သောအခါ ရှင်စောပုဘုရင်မကြီး၏ သမက် မွေစေတီမင်းသည် မိုးကောင်းဘုရားကြီးအား သီဟိုဠ်နိုင်ငံမှပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်၏ ဓာတ်တော်မွေတော်များကို ထပ်မံ ဌာပနာ၍ စေတီတော်ကိုလည်း ဉာဏ်တော်(၆၆)တောင်၊ (၁)မိုက်ပြင့် ခမ်းနားထည်ဝါစွာ လှူဒါန်းတော်မူကြောင်း ရွှေတိဂုံဘုရားသမိုင်း စာအုပ်တွင် တွေ့ရှိရပါသည်။

မှတ်ချက်။ ။ အင်းဝခေတ် ပထမ မင်းခေါင်ဘုရင်လက်ထက်တွင် မိုးမိတ်စော်ဘွားကြီး စဝ်ခွန်နောင်မှ လက်ရှိ ဉာဏ်တော်အတိုင်း တည်ထားသည်မှစ၍ မိုးကောင်းဆုတောင်းပြည့်စေတီတော်ဟုတွင်ခဲ့ကြောင်း ဂေါပကအဖွဲ့တွဲဖက် အတွင်းရေးမှူး ဦးသိန်းဇံ ပြုစုရေးသားသည့် သိမှတ်စရာအဖြာဖြာ ဖော်ပြချက်အကျဉ်း စာစောင်တွင် လေ့လာဖတ်ရှုရပါသည်။ (စာရေးသူ)

❑ မိုးကောင်းဆုတောင်းပြည့်စေတီမြတ်ကြီးဥာဏ်တော်များ

စိန်ဖူးတော်မှ ထီးတော်နှုတ်ခမ်းတော် (၁၂) ပေ၊ (၉) လုက်မ။

ထီးတော်အောက်နှုတ်ခမ်းမှ ငှက်ပျောဖူးအထိ (၂၅) ပေ။

ကြာမှော်က်-ကြာလန် (၈) ပေ၊ (၃) လက်မ။

ဖောင်းရစ် (၁၀)ပေ၊ (၆) လက်မ။

ခေါင်းလောင်းတော်မှ ဖိနပ်တော်အထိ (၂၉) ပေ။

စေတီတော်၏ အတွင်းအလယ် ပစ္စယံတံတိုင်းမှာ (၁၆၀) ပေ ပတ်လည်ရှိပါသည်။

စေတီတော်၏စုစုပေါင်းဉာဏ်တော် အမြင့်မှာ (၉၉) ပေ၊ အရံစေတီတော်ပေါင်းမှာ (၂၄)ဆူရှိပါသည်။ အရံစေတီဉာဏ်တော်များမှာ (၁၄) ပေမှ (၁၈) ပေရှိသည်။

❑ ထူးဆန်းသောဖြစ်ရပ်ဆန်းများ

အနောက်မုခ်နှင့် မြောက်မုခ်ကြား ရှိ ဆုတောင်းပြည့်သော ရွှေစေတီတွင် ထူးဆန်းသော ဖြစ်ရပ်ဆန်းတစ်ခုပေါ်ထွန်းခဲ့ဖူးလေ၏။ ရွှေစေတီတော်၏ ထီးတော်အထက် စိန်ဖူးတော်ငှက်မြတ်နားတော်အောက်တွင် မူလအလှူရှင်များမှ ရွှေသားအစစ်ခေါင်းလောင်းတော် (၁၄) လုံးကို သံပန်းခြင်းတောင်းအတွင်းထည့်၍ လှူဒါန်းထားပါသည်။ ၎င်းရွှေစေတီသည် အမိုးအကာအောက်မှာ ဉာဏ်တော် မမြင့် (၁၃) ပေသာသာရှိသောကြောင့် ဂေါပကအဖွဲ့မှ စိတ်ပူပင်နေရလေ၏။ အရိပ်သုံးပါး အကဲခတ်ကြည့်နေရ၏။ ဂေါပကအဖွဲ့၏ စည်းဝေးဆုံးဖြတ်သဘောတူညီမှုဖြင့် ထိုရွှေခေါင်းလောင်း (၁၄)လုံးကို ဂေါပကရုံး၏ လုံခြုံရာတွင် လျှို့ဝှက်စွာသိမ်းထားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ သူဦးရန်မှ ကင်းဝေးစေခြင်းငှာ ဂေါပကရုံး၏လုံခြုံရာတွင် လျှို့ဝှက်စွာသိမ်းထားသော ရွှေခေါင်းလောင်းများကို တစ်ပတ်မျှအကြာမှာဖြင့် ဂေါပကလုကြီးများသိမ်းထားရာနေရာ၌ အများရှေ့တွင် သော့ဖွင့်ကြည့်ကြရာ ရွှေစေတီမှ ရွှေသားစစ်စစ်ခေါင်းလောင်း(၁၄)လုံး ပျောက်ခြင်းမလှ ပျောက်သွားသည်ကို တွေ့ရ၍ လုကြီးများအားလုံး ခေါင်းမီးတောက်ကုန်ကြ၏။ပြန်တွေ့လိုတွေ့ငြား ဟိုရှာဒီရှာလုပ်သော်လည်း ရှာမတွေ့တော့တဲ့အဆုံး လုကြီးများ ရွှေစေတီထံပါး ရောက်ရှိသွားပြီး ထီးတော်အားလက်အုပ်ချီမိုး ရှိခိုးဆုတောင်းရင်း ဖူးမြော်ကြည့်ရာ ယခင်ရွှေခေါင်းလောင်းကလေးများထည့်ထားသော သံပန်းခြင်းအတွင်း ရွှေရောင်များလင်းဝင်းလက်သည်ကိုတွေ့ကြရ၍ သေချာစစ်ဆေးကြည့်သောအခါ လုံခြုံစွာ သော့ခတ်ထားသော သံပန်းခြင်းအတွင်းဝယ် ရွှေခေါင်းလောင်းများ မူလအတိုင်းပြန်ရောက်နေသည်ကို အံ့ဩြဝမ်းမြောက်စွာ ပြန်လည်တွေ့ခဲ့ကြလေ၏။

နောက်တစ်ခုကတော့ မိုးကောင်းဆုတောင်းပြည့်ဘုရား၌ ထီပေါက်ပါစေ ဆုတောင်းပြီးထီထိုးရာမှ အဓိဋ္ဌာန်အောင် ထီပေါက်သူမိသားစုက အနောက်ဘက် ဆေးဘိုးဘိုကြီးရုပ်တုနှင့် မျက်နှာချင်းဆိုင်နေရာ အနောက်ဘက် အာရုံခံတန်ဆောင်းနှင့်ကပ်ရက်နေရာ ထီပေါက်ပါစေ ဆုတောင်းခဲ့သောနေရာတွင် ထီးဆောင်းထားသော ရုပ်ပွားတော်မြတ်တစ်ဆူ လာရောက်ပူဇော်ထားပါသည်။

ဆုတောင်းပြည့်သောနေရာတွင် ယခုအခါ အဓိဋ္ဌာန်ဆုတောင်းကြသူ ဘုရားဖူးများတွေ့ရ၍ ဂုဏ်တော်ပုတီးစိပ်ရင်း ထီပေါက်ပါစေဟူ၍ ဆုတောင်းနေကြလေ၏။

ထိုအဓိဋ္ဌာန်ဆုတောင်းပြည့်ဘုရားအနီး အနောက်ဘက်အာရုံခံတန်ဆောင်းအနောက်ဘက် စေတီတော်ဖိနပ်တော်တု ခေါ်သောနေရာတွင် မျက်နှာပြင်အချောကိုင်၍မရလောက်အောင် မညီမညာဖြစ်နေသည်ကို ဂေါပကရုံး ရုံးအဖွဲ့မှူး ဦးသက်ဦးအား မေးမြန်းကြည့်ရာ ထိုနေရာသည် မူလဌာပနာပေါက်ဟုပြောပြပါသည်။ ဘုရားလုကြီးအဆက်ဆက် ထိုနေရာအား ကွန်ကရစ်ချောရန် ပြုလုပ်ရာ ဘယ်အခါမျှရဖူးခြင်းမရှိကြောင်း ထူးဆန်းစွာ တွေ့ရပါသည်။ (ဓာတ်ပုံတွင်ကြည့်ပါ။)

ထို့အပြင် စေတီတော်အရှေ့မုခ်တနင်္လာထောင့်နေရာရှိ ဘုရားဆောင်သည် ရှေးယခင်က အဘ ဘိုးမင်းခေါင်ဖိထိုးခဲ့သောနေရာဟု ပြောကြပါသည်။ ရုံးအဖွဲ့မှူးအားမေးကြည့်ရာ လွန်ခဲ့သော နှစ်(၃၀)နီးပါးအခါကာလက ထိုဘုရားဆောင်ထဲတွင် ဖိထိုးပြီးလုံမျှားတွေ့ခဲ့ရဖူးကြောင်း စာရေးသူအား ပြောပြပါသည်။

ယခုလက်ရှိ ဂေါပကအဖွဲ့တာဝန်ယူပြီး (၃) လကျော်ခန့်အကြာ ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ စနေနေ့လယ် (၁၂) နာရီအချိန်တွင် ရင်ပြင်တော် အင်္ဂါထောင့်ရှိ အရံစိန်ဖူးတော်မှာ ရောင်ခြည်တော်ကွန်မြူးခဲ့ပါသည်။ နာဂစ်မတိုင်မီကာလကလည်း မိုးကောင်းဘုရားကြီးမှ ရောင်ခြည်တော်များလွှတ်တော်မူပါသည်။ နေ့ရောညပါ ဘုရားဖူးများဖြင့် ရက်အတော်ကြာအောင် စည်ကားခဲ့ကြောင်းလည်း ကြားသိရပါသည်။

❑ ကျန်းမာရေးကောင်းလိုသူများ ဆေးဘိုးကြီးထံသွား

မိုးကောင်းဆုတောင်းပြည့်ဘုရားကြီးတွင် နာမည်ဂုဏ်သတင်းကျော်စောခြင်းနှင့်ပြည့်စုံသော ဆေးဘိုးဘိုးကြီး ရုပ်တုတော်ရှိ၏။ ရင်ပြင်တော်အနောက်ဘက်အခြမ်း အာရုံခံတန်ဆောင်းနား၌ ရှိပါသည်။ တချို့ ကျန်းမာရေးမကောင်းသူများ ဘိုးဘိုးကြီး ဆေးကျောက်ပျဉ်တွင် ဆေးသွေး၍ ယူဆောင်သွားကြပါသည်။ ထိုဆေးကျောက်ပျဉ်သည် သိမ့်ဝင်သိမ့်ရှိသည်ဟုဆိုကြ၏။ မိမိ၏ခန္ဓာကိုယ်ဝေဒနာခံစားနေရသောနေရာအတိုင်း ဆေးဘိုးဘိုးကြီးအား နှိပ်နယ်ပေးလျှင် ရောဂါပျောက်ကင်းသည်ဟု အယူရှိကြ၏။ မိမိက ဒူးမကောင်းပါလျှင် ဘိုးဘိုးကြီး၏ ဒူးခေါင်းကို နှိပ်နယ်ဆုတောင်း ဒူးနာပျောက်ကင်းသည်ဟုဆိုကြသည်။ ဆုတောင်းပြည့်ကြောင်းလည်း သတင်းကြီးလှ၏။

❑ သင်အခက်အခဲရှိသလား။ ယက္ခညီနောင်မှ ကူညီပါလိမ့်မည်

မိုးကောင်း ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်တွင် အမည်သတင်းကြီးသော ယက္ခညီနောင်နှစ်ပါးရှိပါသည်။ ယက္ခနောင်တော်မှာ တောင်ဘက်မုခ်အခြမ်း မုခ်ဝအဝင် ညာဘက်မှာရှိပြီး ယက္ခညီတော်မှာ မြောက်မုခ်အဝင် ဂေါပကရုံး၏ အရှေ့ဘက်နားတွင်ရှိပါသည်။ ယက္ခညီနောင်ထံပါးတွင် ပွဲလျှပ်ကပ် ဆုတောင်းသူများ၊ ဒံပေါက်နှင့် အချိုရည်မျိုးစုံကပ်သူများဖြင့် စည်ကားနေတတ်၏။ ယက္ခညီနောင်သည် အမှန်အခက်အခဲဖြစ်၍ သွားရောက် အကူအညီတောင်းပါက အမှန်တကယ် ကူညီမစေစောင့်ရှောက်ပါကြောင်း ပြောပြကြ၏။ (၄) တန်း၊ (၈)တန်း၊ (၁၀) တန်း စာမေးပွဲဖြေဆိုကာလက ယက္ခညီနောင်တွင် ကျောင်းသူကျောင်းသားများဖြင့် စည်ကားနေတတ်၏။ ယက္ခညီနောင်၏ ခန္ဓာကိုယ်ပေါ်တွင် စာမေးပွဲဖြေဆိုနိုင်ပါစေ၊ အောင်ပါစေဟု အမည်၊ အတန်း၊ ခုံနံပါတ်များရေးပြီး ပြည့်နေအောင်ကပ်ထားကြ၏။ စာမေးပွဲဖြေကျောင်းသားများအနေဖြင့် မိမိစာမိမိကောင်းစွာကျက်ထားနိုင်ပါမှ ဖြေဆိုနိုင်မှာဖြစ်သော်လည်း ယက္ခဘိုးဘိုးထံ ဆုတောင်းထားကျောင်းသားကျောင်းသူများက မေးခွန်းကို ကောင်းစွာသဘောပေါက်၍ကောင်းစွာချောမောစွာ ဖြေဆိုနိုင်ကြကြောင်း ကြားသိရပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေများထံ မိုးကောင်းဘုရားနှင့် ပတ်သက်သော သိသင့်သိအပ်သည့် အကြောင်းအချက်အလက်များ ထူးဆန်းသောဖြစ်ရပ်ဆန်းများကို အတတ်နိုင်ဆုံးကြီးစားတင်ဆက်နိုင်ခဲ့ပါပြီ။ စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ထံပါး အရောက်သွား၍ သွားရောက်ဖူးမြော် ကုသိုလ်ယူကြသော် ထူးကဲသော အကျိုးတရားများရကြမှာ အမှန်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုးစာရင်း -

၁။ မိုးကောင်းဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူးရေး သိမှတ်စရာအဖြာဖြာဖော်ပြချက်အကျဉ်း

၂။ ဂေါပကအဖွဲ့ စီစဉ်၍ ကိုမိုးအေး (မြန်မာ့အသံ) ရေး မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး

၃။ ရွှေမိနောက်မီလူကြီးများ ပြောပြချက်နှင့်

၄။ ကိုယ်တိုင် ကွင်းဆင်း လေ့လာမှုများ

www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်)

ဆရာဦးစိန်လှိုင်

အဘိဓမ္မာရင့်ကျက်ရာ စံကင်းဆရာတော်ကြီး အမြဲရွတ်ဆိုတော်မူခဲ့သော သက်တော်မြဂါထာတော်

www.burmeseclassic.com

ပ အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရွပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန အန္တရာယော ဝိနသ်ဿန္တု။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။ ။

(အထူးဂရုပြု၊ သတိပြုရန် - ဤဂါထာကို ရွတ်လျှင် သတ္တဝါများကို မေတ္တာအရှင်ပို့ပြီးမှ ရွတ်ပါ။)

ခုနစ်နေ့ သားသမီးများအားလုံး အတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်း စေရန် လူတိုင်းအလိုရှိသော အသက်ရှည်ခြင်း၊ လာဘ်လာဘကိုရရှိနိုင်ကြစေရန် စေတနာ၊ မေတ္တာတရားဖြင့် အသက်ရှည်စေနိုင်သော၊ အန္တရာယ်အပေါင်းမှ လွတ်မြောက်စေနိုင်သော သက်တော်မြဂါထာ ဖြစ်သည်။ ဤဂါထာတော်သည် မြတ်စွာဘုရားသခင်၏ သက်တော်ရှစ်ဆယ်အတွင်း ဘုရားရှင်၏ အသက်တော်နှင့်ပတ်သက်၍ တစ်ကြိမ်တည်းသော၊ တစ်ခါတည်းသော မိန့်ခွန်းစကားတော် ဖြစ်၏။

ယနေ့ လူအများသည် မိမိတို့၏ စားဝတ်နေရေးအတွက် ခရီးများသွားလာနေကြရသည်။ ခရီးသွားလာရာ၌ ကားဖြင့်သွားလာကြရသူများ၊ မော်တော်ဆိုင်ကယ်နှင့်သွားလာရသူ၊ သင်္ဘောမော်တော်နှင့်သွားလာရသူများ ဟူ၍ အသီးသီးရှိကြရာ ခရီးသွားလာကြရာတွင် မတော်တဆဆယ်ဘဲတိုက်မှုများ၊ မှောက်မှုသတင်းများ ကြားသိနေကြ၏။ နေပြည်တော်လမ်းမကြီးတွင် မကြာခဏဆိုင်သလို မော်တော်ကားများတိုက်ကြခိုက်ကြမှောက်ကြသောကြောင့် မသေခင့်သေးသောအရွယ်မှာ ဥပဒ္ဓေဒကင်္ခနှင့် သေချိန်မကျဘဲသေကြရသောသေခြင်းမှလွတ်ကင်းသောဂါထာ ဖြစ်သည်။

ဂင်းဂါထာကို စွဲစွဲမြဲမြဲရွတ်နေဖို့၊ ဘုရားဟောထားသောစာဆိုလျှင် ရနိုင်လေ ရွတ်နိုင်လေ ကောင်းလေ ဖြစ်၏။ သို့ပေမင့် မြင့်မြတ်သော ဘုရားဟောမုခ်ပါဠိတော်များကို သေးသိမ်သောရည်ရွယ်ချက်နှင့် ရွတ်ဆိုပါလျှင် မကောင်းကျိုးကိုရတတ်၏။ ဘုရားဟောစာများသည် အကုသိုလ်အလုပ်၊ ဒုစရိုက်အလုပ်တွေမှာသုံး၍ အစွမ်းမထက်ပါ။

သည်ဂါထာကို စွဲစွဲမြဲမြဲ ရွတ်သူ

www.burmeseclassic.com

တိုင်း ကောင်းကျိုးမှန်သမျှရရှိပြီး မိမိတို့ဘဝမှာ အခက်အခဲ အကျပ်အတည်းမှန်သမျှ၊ မကောင်းသောဘေးရန် အန္တရာယ် ဟူသမျှ လွတ်ကင်း ပပျောက်စေ၏။ ကောင်းကျိုးချမ်းသာမှန်သမျှ ရရှိစေသည်။

ဩသက်တော်မြတ် ဂါထာတော်၏ နောက်ခံသမိုင်းကြောင်း

အလေးထားပြီး မှတ်သားရမှာက အဋ္ဌာနမေတ်ပါဠိတော်(လောကီအခေါ် ဂါထာ) မည်သို့မည်ပုံဖြစ်ပေါ် လာသည် ဆိုသည်ကအစ အရေးကြီးသည်။ နောက်ခံဒဏ္ဍမိုင်းကြောင်းသိလျှင် ရွတ်ရဖတ်ရအာရုံပြု၍ကောင်းသည်။ အဋ္ဌာနမေတ်ပါဠိတော်က ဝိနည်းစူဠဝဂ္ဂပါဠိတော် လောဟိတုပ္ပါဒကအခန်းနှင့်နာဠာဂိရိလွတ်ခန်းမှာပါသောပါဠိတော်ဖြစ်၏။

အဋ္ဌာနမေတ်ဂါထာဖြစ်ပေါ် လာရခြင်းမှာ ဘုရားရှင်ကိုလုပ်ကြံပြီး ဘုရားလုပ်ချင်သော ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားလေးကို အဖေဗိမ္ဗိသာရ မင်းကြီးကိုသတ်ပြီး ဘုရင်လုပ်ပေးပြီးသည့်နောက် မင်းသားလေးကို စည်းရုံး၍ ဘုရားရှင်ကိုလုပ်ကြံကြသည့် လူသတ်သမားအဆင့်ဆင့်စေလွှတ်ကာ ခြေရာပျောက် ချုံကွယ်ပြီးလုပ်ကြံကြပေမယ့်လည်း အဇာတသတ်၏ လုပ်ကြံမှုက မအောင်မြင်တာနှင့် ရှင်ဒေဝဒတ်က သုကိယ်တိုင် ဘုရားရှင်ကို လုပ်ကြံမည်ဆိုပြီး မြတ်စွာဘုရားသခင် ဝိဇ္ဇာကုဋ်တောင်ခြေရှိ အရိပ်ကောင်းသောမြေပြန့်တစ်နေရာမှာ စကြိုကြွတော်မူနေစဉ် ရှင်ဒေဝဒတ်ကိုယ်တိုင် ကျားကုတ်ကျားခဲတောင်ပေါ် တက်သွားပြီး ထောင်ထွတ်ပေါ် ကနေ ဘုရားရှင်တည့်တည့်ခိုနှိပ်ပြီးမှ ကျောက်မောင်းဆင်လျက် ကုပ်နှင့်ကော်သလို ကျောက်တုံးကြီးတစ်တုံးကို လှိမ့်ချလိုက်သည်။ ဒါပေမယ့် ဘုရားရှင်၏ အတုမရှိသော ပါရမီတော်အဟုန်၊ ဘုန်းတော်၊ ဂုဏ်တော်တို့ကြောင့် ဟိဘက်ဒီဘက်မှာရှိသော တောင်ထွတ်ကြီးနှစ်ခုသည် အလိုလိုတိုးထွက်လာကြပြီး လက်ချင်းယှက်သလိုပင်ထိုးခံလိုက်သည့်အခါ ကျောက်တုံးကြီးများကျမလာနိုင်တော့ပေ။

ဘုန်းတန်ခိုးဆိုတာ ဘုရားမို့ အလိုလိုရတာမျိုးမဟုတ်ပါ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဆည်းပူးခဲ့သော ပါရမီတော်တွေ၏အစွမ်း ဖြစ်သည်။ ဤသည်ကို ဘုန်းတော်တန်ခိုးတော်ခေါ် သည်။ သူမတူအောင် ပါရမီတော်တွေကို ပြုလုပ်ခဲ့သည့်နေရာမှာ နှစ်ဦးမရှိ၊ အတုအတူမရှိပေ။ ဘဂဝါဂုဏ်တော်ဆိုသည်မှာ ဒါကိုခေါ် တာပဲ ဖြစ်သည်။

ရှင်ဒေဝဒတ်က ကျောက်မောင်းဆင်ပြီး ကျောက်တုံးကြီးကိုလှိမ့်ချပေမယ့် တောင်ထွတ်ကြီးနှစ်ခုက ဆီးခံထား၍ ဘုရားရှင်မှာ ထိုဘေးကလွတ်တော်မူခဲ့သည်။ သို့သော် ကျောက်တုံးကြီးက ပဲ့ထွက်လွင့်စဉ်လာသော ကျောက်ချပ်ကလေးစစ်ခုက ဘုရားရှင်၏ခြေတော်ကိုထိမှန်ပြီး သွေးခြည်ဥသွေးစို့သွား၏။ ရှင်ဒေဝဒတ်သည် ဤမကောင်းမှုအကုသိုလ်ကံကြောင့် လောဟိတုပ္ပာဒကံထိုက်သွားသည်။

မြတ်စွာဘုရားသည် ခြေမတော်မှာကျောက်လွှာထိရှပြီး သွေးစိမ်းတည်သွားသည့်အခါ အပေါ် သို့ လှမ်းမော့ကြည့်ပြီး -

ဟယ်-ဒေဝဒတ်၊ သင်သည်များစွာသော မကောင်းမှုကို ဖြစ်ပွားစေပြီ။ သင်သည် သေစေလိုသောစေတနာဖြင့် ငါဘုရားအား သွေးစိမ်းရှင်ရှင်ထွက်စေခဲ့ပြီ"

ဟု မိန့်တော်မူသည်။

ရဟန်းများကိုလည်း ရှင်ဒေဝဒတ်သည် အန္တရရိယက်ကြီးလွန်ကျူးကြောင်း အသိပေးမိန့်မြွက်တော်မူသည်။

ဒီသတင်းသည် ရာဇဂြိုဟ်တစ်မြို့လုံးသို့ ပျံ့နှံ့သွားရာ ရဟန်းတော်များမှာ ဘုရားရှင်သီတင်းသုံးရာကျောင်းတော်သို့ စုရုံးရောက်ရှိလာကြတော့၏။

ကျောင်းတော်ကို လေးဖက်လေးတန် နေရာမလပ် စောင့်ကြပ်ပြီးနေကြသည်။

သူ့အုပ်စုနှင့်သူ လမ်းလျှောက်သောရဟန်းကလျှောက်ပြီး သစ်ပင်၊ ကျောင်းနံရံ စသည်မှာထိုင်ပြီး အကဲခတ်သူကခတ်နှင့် ရှင်ဒေဝဒတ်၏ရန်ကို စိုးရိမ်တကြီး ကာကွယ်နေကြ၏။ ရှင်ဒေဝဒတ်သည် အဇာတသတ်နှင့်ပေါင်း၍ ဘုရားရှင်ကို သေကြောင်းကြံခဲ့တာတွေ သဲလွန်စမပေါ် အောင် လုပ်ကြံတာတွေကိုသိနေကြသော သံဃာတော်များသည် မြတ်စွာဘုရားရှင်အပေါ် မှာကြောင့်ကြမဲ့မနေရက်ကြတော့။ တချို့လည်း ငိုက်မျဉ်းအိပ်ချင်သည့်အခါ ရသမျှစာတွေရွတ်ဖတ်ရင်း စကြိုလျှောက်ပြီး ဧစောင့်ရှောက်နေကြရသည်။

ထိုကဲ့သို့ ရဟန်းတွေ စုရုံးလာနေကြသည်ကို မြတ်စွာဘုရားသခင်ကြားသိတော်မူသဖြင့် ရဟန်းတော်များအားလုံးကို ရှေ့တော်သို့အခေါ် ခိုင်းပြီး ဘုရားရှင် ရှေ့တော်မှောက်မှာ ရဟန်းတော်များစုံတော့ ဘုရားရှင်က မိန့်တော်မူသည်။

"ချစ်သားတို့၊ မျောက်စိတ်လို ထင်ရာမြင်ရာလုပ်တတ်သော ပုထုဇဉ် သတ္တဝါများ၏မိုက်မဲမှု၊ မိုက်မဲသူတစ်ယောက်ကြောင့် ဒုက္ခရောက်ရပြီ"

ပုပန်နေကြရသော ပုထုဇဉ် ရဟန်းတော်များကို သနားကြင်နာစိတ်အပြည့်နှင့် မိန့်မြွက်တော်မူလိုက်သည်မှာ -

ဩ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရွပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။ ။

ချစ်သားရဟန်းတို့၊ မြတ်စွာဘုရားရှင်တို့မည်သည် သူတစ်ပါးပယောဂကြောင့် သေရခြင်းထုံးစံမရှိ။ သေနိုင်သော အခွင့်မရှိဘူး ချစ်သားတို့။ ဘုရားရှင်တို့မည်သည် သူတစ်ပါးပယောဂမပါဘဲ (အချိန်အခါ အခြေအနေအားလျော်စွာ) အလိုလိုသာလျှင် ပရိနိဗ္ဗာန်ပြုကြရမြဲဖြစ်သည်။ ။

ဂါထာရွတ်ပြီးဆုတောင်းကိုဆက်ရွတ်ရန်

တေန သစ္စဝဇ္ဇေန အန္တရာယော ဝိနဿန္တု။
တေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။ ။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များကို တိုတိုနှင့်ရှင်းရှင်း သံသယကင်းကြရအောင် အပြီးအပြတ်မိန့်တော်မူ၏။ သည်တော့မှ ရဟန်းတော်များဒဏ်ခံ ဘုရားရှင်ကိုကန်တော့ပြီး ကိုယ့်ကျောင်းသို့ ပြန်သွားကြလေသည်။

ဒီဂါထာသည် အသက်အန္တရာယ်အတွက်တင်မက ခရီးသွားလာတဲ့အခါတွေ့ကြုံရတတ်တဲ့အခက်အခဲ၊ လူမှုပြဿနာ၊ စီးပွားဥစ္စာရာထူးပြဿနာများအားလုံးအတွက် အကျိုးရှိနေတာကို ဒီဂါထာကို စွဲစွဲမြဲမြဲမှတ်သည့်ပုဂ္ဂိုလ်တိုင်း သိနေကြ၏။

ခုနစ်ရက်သားသမီးများ
ကောင်းကျိုးအတွေ့တွေ
ရရှိခံစားနိုင်ကြပါစေ

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

ပစ္စေကဗုဒ္ဓကိုပူဇော်ပြီး မိမိအလိုဆန္ဒကိုအရယူပါ

မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံသည် နှစ်သန်းပေါင်းများစွာက ပေါ်ထွန်းလာသကဲ့သို့ ကိုယ်ပိုင်ယဉ်ကျေးမှုလေ့များစွာတို့ဖြင့် ဖြတ်သန်းလာခဲ့မြီး ဖြစ်ပါသည်။

ယဉ်ကျေးမှုတွင် ဘာသာ၊ စကား၊ စာပေနှင့် ပညာရပ်ဆိုင်ရာ စသည်ဖြင့် များပြားလှပါသည်။ ရှေးဟောင်းအဖြစ် ရှိနေခဲ့သော သမိုင်းအထောက်အထားများ၊ ပညာရပ်ဆိုင်ရာ ဝိဇ္ဇာသိပ္ပအတတ်များတို့ကို အထူးပင်စိတ်ဝင်စားသူ ဖြစ်ပါသည်။

ကိုယ့်ပိုင်ယဉ်ကျေးမှုနယ်မှ မြန်မာသိပ္ပံများဖြစ်ကြသော ဗိသုကာအတတ်များ၊ ပန်းချီ၊ ပန်းပုများ၊ ဆေးဝါးများ၊ ဝိဇ္ဇာဓရဂန္ဓိရပညာနယ်မှအင်းများ၊ စမများ၊ ဂါထာများ၊ မန္တန်များ၊ (ယနေ့အလှရေထိုးနေကြသော တက်တူးကဲ့သို့ ရေးထိုးခဲ့ကြသည့်) ဆေးမင်ကြောင်ထိုးသည့်ဓလေ့များ စသည် စသည်တို့ကို အထူးစိတ်ဝင်စားခဲ့သူ ဖြစ်လေသည်။

ထိုပညာရပ်များထဲမှ ဝိဇ္ဇာဓရဂန္ဓိရပညာနယ်တွင် အမှန်တကယ်. အစွမ်းထက်သော ဆေးဝါး၊ ဂါထာမန္တန်၊ အင်းများ၊ စမများတို့မှာ အထင်အရှားရှိခဲ့ဖြစ်ခဲ့သောပညာရပ်များဖြစ်လေသည်။

ပြည်ပသို့ပို့ပညာရပ်များ မည်မျှထွန်းကားလာသည်ဖြစ်စေ မျက်မြင်သိနေရသောအကြောင်းများမှာ အာကာသကို ဝင်ရောက်နိုင်ကြပြီ ဖြစ်သည်။ မငြင်းဆန်နိုင်သော အုံဖွယ်ဖြစ်လေသည်။

အာကာသကို ထိုးဝင်သွားရောက်နေကြသော်လည်း ရေတွင်ဖြစ်ပေါ်နေသော ကမ္ဘာအနောက်ခြမ်းတွင် ဘာမြူရယ်ထရှိုင်နှင့် အရှေ့တွင် နဂါးထရှိုင်တို့ကို လေ့လာနိုင်စွမ်းမရှိသေးပါ။

ကျွန်ုပ်တို့ ဝါသနာကြီးသော ထဲထဲဝင်ဝင်လေ့လာခြင်းတို့မှာမူ အင်းများ၊ စမများကို အနည်းငယ်မျှလောက်ပင် မဂ္ဂဇင်းများတွင် ရေးသားတင်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။ ထဲထဲဝင်ဝင် စေ့စေ့စပ်စပ် လေ့လာတွေ့ရှိချက်ကို အခွင့်အခါသင့်လျှင် အင်းစမများအကြောင်း ခန်းဆက်ဆောင်းပါး ရေးသား တင်ပြပါဦးမည်။

ယခု တွေ့ကြုံခဲ့ရသော ကျွင့်စဉ်သည် ကျွန်ုပ်အနေဖြင့် အခါအားလျော်စွာ ရေးသားတင်ပြနေသော အဓိဌာန်ကျင့်စဉ်တို့နှင့် တမူကွဲပြားနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဂါထာများနှင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့ကို ညွှတ်ကိုင်းပြီး အဓိဌာန်ဝင်ကြရသည်ကသာ များပြားလှပါသည်။ မတူကွဲပြားနေသော်လည်း အားကိုးထိုက်၊ ကျင့်ကြံထိုက်သော ကျင့်စဉ်ဖြစ်ကြောင်း ဦးစွာပြောလိုပါသည်။

ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်နေ၍လည်း သရဏဂုံအမျက်မခံယူလိုကြပါ။ သရဏဂုံပျက်မှာ

www.burmeseclassic.com

www.burmeseclassic.com

လွန်စွာဝိုးရိမ်ပူပန်ကြပါသည်။ ယခုကျင့်စဉ်အဓိဋ္ဌာန်သည် သရဏဂုံပျက်ပျယ်ခြင်းအလျှင်းမရှိသောကျင့်စဉ်တစ်ခုဖြစ်ပါသည်။

ကျွန်ုပ်သည် ဝန်ထမ်းဘဝမိသားစုအတွက် အထူးမကြောင့်ကြရသော်ကာလ ဖြစ်ခဲ့သည့်အချိန်က (ဝိဇ္ဇာရေဂ္ဂိရပညာနယ်ကို ထမင်းဟင်းမွေ့ဖြစ်နေစဉ်ကာလကဆိုလျှင်) ဘုန်းတော်ကြီးကျောင်းတွင်ရှိသော စာတိုက်များ၊ မှန်စီရွှေချထားသော သေတ္တာကြီးငယ်များထဲတွင်ထားရှိသည့် ကျမ်းပေါင်းများစွာ၊ ပုရပိုက်များစွာ၊ ပေများစွာတို့အကြားတွင် နှစ်မြောနေခဲ့သည်မှာ (၁၈) နှစ်၊ (၂၀) နှစ်မျှပင် ကြာမည်ထင်ပါသည်။ ထိုဝိဇ္ဇာရေဂ္ဂိရပညာမဟာသမုဒ္ဒရာထဲတွင် ဖတ်လို့မဝ၊ ရေးလို့မကုန်နိုင်ဖြစ်ခဲ့ရပါသည်။ ယခုအခါမှာတော့ ဇရာ၏ခိုင်းစေချက်အတိုင်း လုပ်နေရပြီဖြစ်၍ ငယ်ရွယ်စဉ်ကနှင့်တော့ မတူတော့ပါ။ လွန်စွာအားနည်းနေပြီဖြစ်ပါသည်။

မျက်မှောက် စီးပွားရေးသဘောတရားအရဆိုလျှင်လည်း တစ်ခုတ်တစ်ရသွားရောက် လေ့လာရန် မလွယ်ကူတော့ပါ။ အရွယ်၏မစွမ်းနိုင်ခြင်း၊ ဒွေကြေးပမာန များပြား ကြီးမြင့်လာခြင်း၊ အချိန်များစွာပေးဆပ်ရခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

အတိတ်နှစ်ပေါင်း (၄၅) နှစ်ကျော်ကာလက မှတ်တမ်းမှတ်ရာတို့ဖြင့် ရေးမှတ်စုဆောင်းထားရှိခဲ့၍ ယာ ယနေ့ စာချစ်သူမိတ်ဆွေများ အကြိုက်တူလျှင် ယူနိုင်ကြစေရန် ဖြန့်ဝေပေးနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ မှတ်တမ်းစာအုပ်ထဲရေးသားထားခဲ့သည့် မှတ်ချက်တစ်ခုက ကျွန်ုပ်၏ မေလျော့နေသော အိပ်မက်ကို ပြန်လည်နိုးထပြီး အကောင်အထည်ဖော်လာနိုင်ခြင်းပင် ဖြစ်ပါသည်။

ယခုတွေ့ရှိ၍ မှတ်တမ်းစာအုပ်တွင် ရေးကူးထားသည့် ကျင့်စဉ်အဓိဋ္ဌာန်သည် အခြားသောကျင့်စဉ်များနှင့်မတူခြားနားသောကျင့်စဉ် ဖြစ်နေလေသည်။

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်အား အထွဋ်ထား ဦးတင်ခြင်းမဟုတ်။ ပစ္စေကဗုဒ္ဓ (ဘုရားငယ်) ကို ဦးတင်ထားပြီး ကျင့်ကြံပွားများရသောကျင့်စဉ် ဖြစ်လေသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်လို တရားပြောပြဆုံးမခြင်းမရှိ၊ တောင်းဆိုသောဆုကိုပြည့်စေတတ်သည့် ဘုရားငယ်ဖြစ်လေသည်။ အတော်ကို ထူးခြားရှားပါးသည့်ကျင့်စဉ် ဖြစ်ပါသည်။

ဒေသနာတော်လာသည့် ဝတ္ထုများ၊ သုတ္တန်များစွာတို့တွင် ပစ္စေကဗုဒ္ဓအရှင်မြတ်နှင့် တွေ့ကြုံရသူ ပါရမီရှင်တိုင်း ဆုတောင်းပြည့်ကြလေသည်။

- မြတ်စွာဘုရားရှင် ချေချွတ်ရသည့် သာဝကများကတစ်စု၊
- အဂ္ဂထေရ်ကြီးများချေချွတ်ရသည့် သာဝကများကတစ်စု၊
- မဟာထေရ်ကြီးများချေချွတ်ရသည့် သာဝကများကတစ်စု၊
- ပစ္စေကဗုဒ္ဓများခြေချွတ်ရသည်တို့ကတစ်စု တွေ့ရမည်လည်း ဖြစ်ပါသည်။

ယခုအခါတွင် လောကကြီး၌ အကျပ်အတည်းများစွာတို့ဖြင့် ရင်ဆိုင်ကြရသည့်အတွက် မိမိတို့အထုံအဆက်ရှိကြသူများအနေဖြင့် ဤအဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်ပြီး မိမိလိုအင်ဆန္ဒချက်ချင်းရပါစေရန် မေတ္တာရည်၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓအရှင်မြတ်အား ပူဇော်ပြီး အဓိဋ္ဌာန်ဝင်ရန်

ဦးစွာပထမ ပစ္စေကဗုဒ္ဓရှင်မြတ်ကို ပူဇော်ရန်အတွက် ဆွမ်းသပိတ်တစ်လုံး စီမံရပါမည်။

ထိုဆွမ်းသပိတ်ဟင်း မိမိအနေဖြင့် သဒ္ဓါအာရုံပြဋ္ဌာန်းသလို ဆွမ်း၊ ဟင်းလျာ၊ သစ်သီး အစရှိသည်တို့ဖြင့်ကပ်လှူရန်။

သောက်ရေ၊ အလင်းတိုင်၊ နံ့သာတိုင်တို့ဖြင့်လည်း ကပ်လှူပါ။

အမွှေးနံ့သာကောင်းသောပန်းဖြင့် ပန်းလှူပါ။

၁။ အဓိဋ္ဌာန်ကာလသတ်မှတ်ခြင်း

ရက် (၅၀) သတ်မှတ်ရပါမည်။

၂။ အဓိဋ္ဌာန်စတင်ရန်ရက်

မိမိ၏မွေးနေ့တွင်စတင်ပါ။

၃။ အဓိဋ္ဌာန်ကာလပြုဖွယ်များ

- စတုလောကပါလနတ်မင်းကြီးများ၊
- သာဠဂဒေဝိရိနတ်မင်းကြီး၊
- ဟေမဝတ္တနတ်မင်းကြီး
- ပါရမီဖြည့်ဖက်များနှင့် အမြဲကူညီပေးနေကြသော ပုဂ္ဂိုလ်များတို့ကို ဦးစွာဖိတ်ထားပါ။
- ဆွမ်းသပိတ်ကို လှူဖွယ်ပြင်ပြီး ကပ်ပါ။ အလှူခံရန် ကြွတော်မူပါဟု လျှောက်ထားရန်၊
- ဘုရားရှိခိုးခြင်း၊
- သီလခံယူခြင်း၊

- ဆုတောင်းခံခြင်း၊
- ဝေနေယျများစွာတို့ကို မေတ္တာပို့သခြင်း၊
- ကုသိုလ်အမျှပေးဝေခြင်း။

၄။ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း

ပုတီးစိပ်ရာတွင် (၁၀၈) လုံးပါသောပုတီးကုံးကို အသုံးပြုပါ။

ပုတီးစိပ်ရန်ဂါထာ

- ဣစ္ဆိတံ မတ္တိတံ တုံယံ ခေပွမေဝ သမိဇ္ဈတု။ ။

ဂါထာတစ်ပုဒ်ဆုံးမှပုတီးတစ်လုံးချ စနစ်ဖြင့် ပုတီးတစ်ပတ်စိပ်ရပါမည်။

နောက် ဖိတ်ထားသူများ နေရပ်ဌာနေပြန်ပို့ပါရန်။

ဤအဓိဋ္ဌာန်ကျင့်စဉ်သည် တန်ခိုးကြီးခြင်း၊ လာဘ်ပေါများခြင်းတို့ကို မုချရမည်ဖြစ်ပါသည်။ အဓိဋ္ဌာန်ကာလသည် ရက် (၅၀) ကြာမည်ဖြစ်၍ အောက်ပါအတိုင်းခွဲပြီး ဝါရငယ်များဖြင့် အဆက်မပြတ် အဓိဋ္ဌာန်ဝင်ရောက်နိုင်ပါသည်။

အဓိဋ္ဌာန်ကာလရက် (၅၀) ဖြစ်၍

- ပထမဝါရ ၁၀ ရက်
- ဒုတိယဝါရ ၁၀ ရက်
- တတိယဝါရ ၁၀ ရက်
- စတုတ္ထဝါရ ၁၀ ရက်
- ပဉ္စမဝါရ ၁၀ ရက်စီပိုင်းပြီး

အဆက်မပြတ်စေဘဲ တစ်ဆက်တည်းအဓိဋ္ဌာန်ဝင်ရောက်နိုင်ကြပါသည်။

(ဒိန်းရှင်းပြီး လွယ်ကူသလောက် အဖျက်အဆီးအားကြီးပါသည်။)

အောင်မြင် ကြီးပွားကြပြီးလျှင် ချမ်းသာစွာ နေထိုင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ပညာတိုးပွား၍ ချမ်းသာကြပါစေ

ဘုန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)
ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏
၂၀၁၅ နေပြည်တော်ခရီးစဉ်မှ ထူးခြားမှုဖြစ်ပေါ်ခြင်း

(ယခင်လမှအဆက်)

မယ်တော်ကြီးနှင့်အန်တီအေးတို့သည် ညွှန်ချုပ်ကြီး၏နေအိမ်သို့ ခရီးရောက်မဆိုက်ပင် ရုပ်ရှင်တော်မြတ်နှင့်အတူ ရဟန္တာကိုယ်တော်များကိုနေရာချထားခြင်း၊ နိုင်ငံတော်ဗဟိုသံဃာနာယကဆရာတော် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ အရှင်ကုမာရ ခိုးမြှင့်တော်မူထားသည့်သီဟိုဠ်မြတ်စွယ်တော်(စွယ်တော်ပွား) ကို နေရာချထားခြင်း၊ အခြံအရံပုဂ္ဂိုလ်များကို နေရာချထားခြင်း၊ ပွဲများ၊ ပန်းများ၊ သစ်သီးများ၊ သောက်တော်ရေများ လှူဒါန်းခြင်းတို့ကို ဆက်တိုက် ဆောင်ရွက်ရပါသည်။ ထိုကိစ္စများပြီးစီးမှသာ ခဏမျှနားရပါသည်။ နားသည်ဟုသာဆိုရသော်လည်း အိမ်ရှင်မိသားစုကို ပဋိသန္ဓာရစကားဆိုရခြင်း၊ ကြွရောက်လာသော ဘုရားဖူးပရိသတ်တို့ကို နှုတ်ဆက်စကားပြောရခြင်းတို့ဖြင့် လုံးဝနားရသည်ဟုမရှိလိုက်ဘဲ နေ့ဆွမ်းဆက်ကပ်ချိန်သို့ ရောက်ရှိ၍လာပါသည်။

နေ့ဆွမ်းဆက်ကပ်ရာတွင်လည်း တစ်နာရီမျှ အချိန်ယူ၍ အန်တီအေးနှင့် မယ်တော်ကြီးတို့မှ မနားတမ်းရွတ်ဖတ်ပူဇော်ကြရပါသည်။ ထိုသို့ နေ့ဆွမ်းဆက်ကပ်ချိန်၌ မယ်တော်ကြီးတွင် ထူးခြားမှုဖြစ်ပေါ်လာပါသည်။ မယ်တော်ကြီး၏ တစ်ကိုယ်လုံးသည် အေးစက်လာပြီး ကြမ်းပြင်မှကြွတက်လာသလို ခံစားရသည်။ ကြမ်းခင်းသည် ပါကေးခင်းဖြစ်၍ မာကျောသော်လည်း မယ်တော်ကြီးမှာမူ ဆိုဖာပေါ်တွင်ထိုင်ရသလို ပျော့အိ၍နေပါသည်။ မယ်တော်ကြီးအား မြင့်မြတ်သောပုဂ္ဂိုလ်တစ်ပါး ရောက်ရှိ နာမ်ကိန်း၍ ဆွမ်းကပ်နေခြင်းဖြစ်ကြောင်း မယ်တော်ကြီးမှ အိမ်ရှင်များကိုပြောပြထိုက်ပါသည်။ မှန်ပါသည်။ မယ်တော်ကြီးသည် ရုပ်ရော အသံပါ ပြောင်းလဲသွားကြောင်း အားလုံးလည်း သတိပြုမိကြပါသည်။ ထို့ကြောင့် အိမ်ရှင်မိသားစုလည်း ဝမ်းသာ၍နေကြပါသည်။ ဤသို့နှင့် ဆွမ်းကပ်ခြင်းအစီအစဉ်လည်း အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။

ထိုနေ့ညပိုင်းတွင် ညွှန်/ချုပ်ကြီး၏အစ်မ ဒေါက်တာနန္ဒာမောင် ဖျာပုံမြို့မှ ရောက်ရှိလာပါသည်။ ဒေါက်တာနန္ဒာမောင်သည် ဖျာပုံမြို့မှ တကူးတကပင် နေပြည်တော်သို့ ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရန် လာရောက်ခြင်း ဖြစ်ပါသည်။ ယခင်တစ်ကြိမ်ပင့်ဆောင်စဉ်ကလည်း ဤသို့ပင် လာရောက်ခဲ့သူ ဖြစ်ပါသည်။ ဒေါက်တာနန္ဒာမောင်သည် ရုပ်ရှင်တော်မြတ်ကြီးကို အထူးကြည်ညိုသူဖြစ်ပြီး 'ရွှေကံကူဂါထာတော်' ကိုလည်း အမြဲမပြတ် ပူဇော်၍နေသူဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ အလုပ်အကိုင်၊ ငွေရေးကြေးရေး အစစအရာရာ အဆင်ပြေ တိုးတက် အောင်မြင်ကြောင်းသိရပါ၏။ ဒေါက်တာနန္ဒာမောင်သည် အသက် (၇၀) ရှိနေပြီဖြစ်ပြီး ဖျာပုံနေအိမ်တွင် မိခင်၊ အဒေါ်ကြီး၊ အစ်မကြီးတို့အား ပြုစုစောင့်ရှောက်နေရသူဖြစ်ရာ ညအိပ်ညနေခရီးထွက်ရန် အတော်ပင်ခက်ခဲလှသော် လည်း ဖူးခဲမျှ၊ ကြုံခဲမျှဖြစ်၍ သာယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။

မိမိ နေအိမ်မှ ထွက်လာသည်နှင့် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီး၏ ဂါထာတော်ကို တောက်လျှောက်ရွတ်ဆိုလာပြီး သွားလမ်းလာလမ်းဖြောင့်တန်းပါစေ၊ အိမ်တွင်ကျန်ရစ်သောလူကြီးများလည်း အေးအေးချမ်းချမ်းရှိကြပါစေဟူ၍ ရုပ်ရှင်တော်မြတ်ကို တိုင်တည်လျက်ရှိနေပြီး ရုပ်ရှင်တော်မြတ်ကြီးထံ စိတ်ရောက်နေခဲ့သည်ဟု ပြောပြပါသည်။ ဒေါက်တာနန္ဒာမောင်သည် ဘုန်းတန်ခိုးကြီးမားတော်မူလှသော ဇာလိတောင်ဆရာတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ နှစ်သစ်မင်္ဂလာ၌ စိန်မဇ္ဈိုင်္ဂတော်၊ စိန်စလွယ်တော်ရွှေသားပုလဲသလွန်တော်တို့ဖြင့် ဖူးတွေ့ရပုံ

ကြီး၏ တပည့်ရင်းဖြစ်ကြောင်းလည်း ပြောပြပါသည်။ ဇာလီတောင်ဆရာတော်ဘုရားကြီးသည် မိမိအား အမြဲစောင့်ရှောက်လျက်ရှိသည်ဟုသိရပြီး မိမိ၏ဘဝဟောင်းဘိုက်မှ ပတ္တမြားလက်စွပ်ကိုလည်း ဆရာတော်ကြီးကပေးထားခဲ့ပါသည်။ ထိုပတ္တမြားလက်စွပ်ကိုလည်း ရွပ်ရှင်တော်မြတ်အား လှူဒါန်းရန် ယူဆောင်ခဲ့ပါသည်။ ထိုပတ္တမြားလက်စွပ်မှာ ဘဝဟောင်းမှ မိမိ၏ပစ္စည်းပင်ဖြစ်သော်လည်း ယခုဘဝတွင် ဇာလီတောင်ဆရာတော်ကြီးမှပေးအပ်၍သာ ရရှိခြင်းဖြစ်ပါ၍ ဤလက်စွပ်ကို ရွပ်ရှင်တော်မြတ်အား လှူဒါန်းရန် ဆရာတော်ဘုရားကြီးအား တိုင်တည်လျှောက်ထားလေရာ ဆရာတော်ဘုရားကြီးမှလည်း သဘောတူ ခွင့်ပြုပါကြောင်းတို့ကို မယ်တော်ကြီး၊ အန်တီအေးနှင့် အိမ်ရှင် မိသားစုနှင့် အများရှေ့မှာပင် ထုတ်ဖော်ပြောကြားပြီး ပတ္တမြားလက်စွပ်ကို လှူဒါန်းလိုက်ပါသည်။

ထိုအခါမှ အားလုံးဇာတ်ရည်လည်သွားရပါတော့သည်။ မယ်တော်ကြီးတွင် ရာသက်ပန် (၉) ပါးသီလ

www.burmeseclassic.com

www.burmeseclassic.com

ဓေါက်တာဇေယျာညီဘွေး+ဓေါက်တာဝင်စံယမ်အေးတို့ဘုရားဆောင်တွင် ပူဇော်ထားသော ရွှေကံကုပုံတော် ပန်းဆိုးတွင်းသို့ ကြွရောက်ပုံ

ရွှေကံကုကျောင်းတော်ကြီးအား ညာအချိန် တွေ့မြင်ရပုံ

'ရူးထက်' မိသားစုသို့ ဝိုင်ဖျော်သန်းထွန်းတို့သားစု ထာရောက်ပင့်ဆောင်စဉ်

ဗိန္ဓုမ် ဓေါက်တာမျိုးကြွယ်နေအိမ်သို့ မနန်းမြင့်ခိုင် မိသားစု ထာရောက်ပင့်ဆောင်စဉ်

သဖွယ်စွာ စံမြန်းတော်မူလျက်ရှိပါ၏။ ရုပ်ရှင်တော်မြတ်သည် ရှင်းသန့်တောက်ပလျက် ဖူးမြော်ရသူတို့ ဖူးချ မဝအောင်ရှိနေ၍ မယ်တော်ကြီး၏သားသမီးရင်းချာတမျှဖြစ်နေကြပြီဖြစ်သော ဘာဝကယောင်းများသာမက ယခုတစ်ခေါက်မှ ရုပ်ရှင်တော်မြတ်ကို စတင်သိရှိဖူးမြော်ခွင့်ရရှိသူ သာဝကအသစ်များမှာလည်း မချောအိမ်မှစ၍ ယခု ညွှန်ချုပ်ကြီးအိမ်သို့တိုင် နေ့စဉ် လာရောက်ဖူးမြော်လျက်ရှိကြပါ၏။

၁၃-၃-၂၀၁၅ ရက်နေ့တွင်တော့ ဥပဒေချုပ်ရုံး ညွှန်ချုပ်ကြီး၏နေအိမ်နှင့် တစ်တန်းတည်းမှာပင်ရှိသော စည်ပင်သာယာ ညွှန်ကြားရေးမှူး ဦးမောင်ချိုဇနီး ဒေါ်ခိုင်သင်းဆွေတို့ မိသားစုမှ ဆက်လက်ပင့်ဆောင်သည်။ ဤမိသားစုသည် လွန်ခဲ့သော (၃) နှစ်ခန့်ကတည်းက ရုပ်ရှင်တော်မြတ်ကို သိရှိကြည်ညိုနေကြသူများဖြစ်ပြီး ရုပ်ရှင်တော်မြတ်အား မိမိတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ရန် အဓိဌာန်ပြုခဲ့ကြသူများဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများကို ရန်ကုန်မြို့မှ ဒေါ်ခိုင်သင်းဆွေ၏ ညီမလေး မနန္ဒာဇနီးမောင်နှံနှင့် မခိုင်ခိုင်တို့ တကူးတက လာရောက် ကုသိုလ်ယူဆောင်ရွက်ကြပါသည်။

ဤနေ့အိမ်တွင် ထူးခြားမှုမှာ ဒေါ်ခိုင်သင်းဆွေ ရုပ်ရှင်တော်ကြတ်အား ကပ်လှူသော သောက်တော်ရေတို့မှာ ရေခဲရေတမျှ အေးမြ၍ လာခြင်းဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်ပေါ်ရခြင်းမှာ ဘုရားရှင်တို့တွင် အအေးဓာတ်၊ အငြိမ်း

ဆောင်ထိန်းမိ ၂၀၀၃ ရှေ့ပိုင်းနှင့် ဆာသက်ပန် (၉) ပါးသီလဆောင်ထိန်းပြီး ၂၀၀၃ နောက်ပိုင်း နှစ်အနည်းငယ်ခန့် အထိသာ ပုဂ္ဂိုလ်တို့မကြာမကြာနာမိ ထိန်ခြင်း ကြွရောက်ခြင်းတို့ရှိခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ဤသို့လာကြွရောက်ခြင်းတို့မရှိသလောက် ဖြစ်နေရာ ယနေ့နံနက်ဆွမ်းကပ်စဉ်က မယ်တော်ကြီးထံနာမ်ကိန်းခဲ့သောပုဂ္ဂိုလ်မှာ ဇာလီတောင်ဆရာတော်ဘုရားကြီးဖြစ်မည်ဟု တွက်ဆမိကြပါတော့သည်။

ရုပ်ရှင်တော်မြတ်ကြီးကား တစ်အိမ်နှင့်တစ်အိမ်၊ တစ်နေရာနှင့်တစ်နေရာ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ကြည်ညိ

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကိန်း၍နေသည်ဖြစ်ရာ ဗုဒ္ဓ၏ ကိုယ်ပွားတော်ဖြစ်သော ရုပ်ရှင်တော် မြတ်မှလည်း အအေးဓာတ်၊အပြင်းဓာတ် တို့ ထွက်ပေါ် တော်မူလာခြင်း ဖြစ်ပါသည်။ ထို့အပြင် ဒေါ်ခိုင်သင်းဆွေသည် နေ့စဉ်နှင့်အမျှ နှစ်ပေါင်းများစွာ ဘုရားရှင်အား ဆွမ်း၊ ပန်း၊ ရေချမ်း မပြတ်တမ်း ကပ်လှူပူဇော်ခဲ့ပြီး ပဌာန်းကျမ်းတော်ကြီးဖြင့် ပူဇော်နေခဲ့သောကြောင့်လည်း ယခုကဲ့သို့ ထူးထူးခြားခြား (ရွှေကုံကူ-သမိုင်းတွင် ယခုလို ထူးခြားမှုမျိုး ဤတစ်ကြိမ်သာဖြစ်ပေါ် ခဲ့ဖူးသေးသည်။) ကြုံတွေ့ရခြင်း ဖြစ်ပါသည်။

ဤနေ့အိမ်၌ (၃) ရက်တိတိ သီတင်းသုံး စံပယ်တော်မူရာ (၃) ရက်လုံးလုံး အင်ကြင်းပန်းများရရှိလှူဒါန်းနိုင်သည်မှာလည်း ထူးခြားပါသည်။ မယ်တော်ကြီးသည် အင်ကြင်းပန်းများ ကိုတွေ့ရသောအခါ -

အင်ကြင်းပန်း ဆိုတာ ဂေါတမ ဘုရားရှင်ရဲ့ အမှတ်တံဆိပ်သင်္ကေတ တစ်ခုပဲ။ ဒါကြောင့် အင်ကြင်းပန်းလှူရတာ တံကယ်မြတ်တယ်။ မြတ်စွာဘုရားရှင်ဟာ ဒီလို တပေါင်းလပြည့်ကျော်ရက်တွေမှာ ဖခမည်းတော်ကြီးနှင့် တကွ ဆွေတော်မျိုးတော်တွေဖူးတွေ့ရအောင် ရာဇဂြိဟ်ကနေ ကပ္ပိလဝတ်နေပြည်တော်ကို ကြွမြန်းနေတဲ့အချိန်ပေါ့။ ဒါတွေကို အောက်မေ့ပြီး လှူဒါန်းလိုက်ရင် ဘယ်လောက်ကြည်ညိုဖွယ်ဖြစ်ရသလဲ"

ဟု ပြောပါသည်။

ထိုနေ့သည် (၇)နာရီခွဲတွင် စည်ပင်သာယာဝင်းကြီးထဲမှာပင် မြင်အပ်သောပုဂ္ဂိုလ်များအတွက် သက်သတ်လွတ်ကြာဆံကြော် (၄) ပွဲ၊ ရေတစ်ဘူးတို့ကို စားပွဲပေါ် တင်ပြီး အကျွတ်အလွတ် ဒါနပြုလုပ်ပေးပါသည်။ ထိုဒါနပွဲ၌ အန်တီအေး၊ မယ်တော်ကြီး၊ စည်ပင်သာယာညွှန်ကြားရေးမှူး ဦးမောင်ချို၊ ဇနီး ဒေါ်ခိုင်သင်းဆွေ၊ စည်ပင်သာယာစီမံရေးရာဌာနမှူး ဦးဝိုးဝင်း၏ ဇနီး ဒေါ်ချိုချိုခိုင်နှင့် ဦးမောင်ချို၊ ဒေါ်ခိုင်သင်းဆွေတို့၏ သမီးလေး မိုးမိုးတို့ ပါဝင်ကြပါသည်။ ထိုသို့အကျွတ်ဒါနပြုနေစဉ်၌ မြင်အပ်သော ပုဂ္ဂိုလ်တစ်ဦးကို ကလေးငယ် မိုးမိုးမှ မြင်တွေ့လိုက်ရပါသည်။သို့သော် ကလေးလေးမှာ အလွန်တရာကြောက်ရွံထိတ်လန့်သွားခြင်းတော့ မဖြစ်ဘဲ သူဖခင်ရင်ခွင်ထဲသာဝင်ရောက် ခဲ့ပါသည်။ ထိုအခါ မယ်တော်ကြီးမှ မေတ္တာများပို့သပြီး အမျှအတန်းများ ပေးဝေလိုက်သောအခါ ကွယ်ပျောက်သွားခဲ့ပါသည်။

နောက်တစ်နေ့ နေ့လယ်ခင်းတွင် မယ်တော်ကြီးနှင့် အန်တီအေးတို့အား ညွှန်/မှူးမိသားစုမှ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးလှည့်လည်ပို့ဆောင်ပေးပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ရောက်ရှိသည့်ဘုရားတိုင်းတွင် တရားမွမ်းများနှင့် ပူဇော်လေ့ရှိပြီး ထိုဘုရားတွင်ရှိသော အစောင့်အရှောက်ပုဂ္ဂိုလ်တို့ကိုလည်း မေတ္တာပို့သလေ့ရှိကြပါသည်။ မယ်တော်ကြီးတို့သည် အမြဲတစေ ကုန်းလမ်းခရီး၊ ရေလမ်းခရီး၊ လေကြောင်းခရီးတို့သွားလာနေကြရသည်ဖြစ်ရာ တန်ခိုးတော်ကြီးများလှသော ရုပ်ရှင်တော်မြတ်ကြီးနှင့် လိုက်ပါရခြင်းဖြစ်စေကာမူ လူလိုမှနတ်

ဦးဝင်းဆန်း + ဒေါ်သိရီ 'စုးထက်' မိသားစုတွင် ပါဠိဆရာတော်ကြီးနှင့်သံဃာတော်များ

ရေထင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ခင်းမန်နေဂျာ မိသားစုမှ
ဦးမြင့်စိုး+ဒေါ်ခင်သန္တာဝင်း၊ မိသားစု ထာရောက်ပင့်ဆောင်စဉ်



နေပြည်တော် ကိုရဲမင်းထွန်း + ဒေါ်ကိတ်တာချစ်ငြိမ်းထက် နေအိမ်မှ
ရန်ကုန်ပြုံသို့ မဆင့်သင့်သူ၊ မဝိုင်သန္တာတို့ ထာရောက်ပင့်ဆောင်စဉ်

www.burmeseclassic.com

www.burmeseclassic.com

ဥပုဂ်ိတသန္တိစေတီတော်ကြီးအား မယ်တော်ကြီးမှ ရွှေပြားသကဲ့သို့ကပ်ထူးနေစဉ်



ရေဆင်း စိုက်ခင်းမန်နေဂျာ ဦးခင်မောင်ထွေးနှင့်ခေါင်နီလာဝင်း မိသားစု ပင့်ဆောင်ပူဇော်စဉ်

လို၊ နတ်လိုမှုဂြိုဟ်မ ဟူသော် စကား အတိုင်း လူပုဂ္ဂိုလ်များနှင့်လည်းသင့်မြတ်ရမည်၊ ရဟန်းသံဃာတော်များနှင့်လည်း သင့်မြတ်ရမည်။ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်များနှင့်လည်း သင့်မြတ်ရမည်။ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကွင်းပိုင်၊ နယ်ပိုင်နတ်များနှင့်လည်း သင့်မြတ်ရမည်ဖြစ်၍ မေတ္တာကမ္မဋ္ဌာန်းကို အဓိကပွားများကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် မယ်တော်ကြီးတို့သည် ရောက်လေရာအရပ်တွင် မေတ္တာပို့သခြင်းအလုပ်ကို အချိန်ယူ၍ ပြုလုပ်မြဲ ဖြစ်ပါသည်။

ထိုနေ့နေ့လယ်က မယ်တော်ကြီးတို့ မြို့ထဲသို့ဘုရားများ လှည့်လည်ဖူးနေစဉ်ညွန်မှူး၏နေအိမ်၌ ဒေါ်ရွှေလုံးနှင့်တလေးများသာ ကျန်ရှစ်ပါသည်။ ထိုအချိန်တွင် မယ်တော်ကြီးတို့ကား သည် အိမ်ရှေ့သို့ပြန်လည်ထိုးဆိုက်လာကြီး စကားပြောဆိုသံများကိုပါကြားရပြီး ဘုရားခန်းသို့ တက်ရောက်သွားသည်ကို ဒေါ်ရွှေလုံးနှင့် ကလေးများပါ မြင်တွေ့လိုက်ကြရပါသည်။ ဒေါ်ရွှေလုံးတို့လည်း ဘုရားခန်းသို့အလျင်အမြန်လိုက်သွားရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရဘဲ ဝရန်တာသို့ထွက်၍ စောစောက ရပ်ထားသော ကားကိုလှမ်းကြည့်ရာ ချက်ချင်းလက်ငင်း ကားပါပျောက်တွယ်သွားသဖြင့် အံ့သြမဆုံးဖြစ်ရပါသည်။ မယ်တော်ကြီးတို့ ပြန်ရောက်လာသော အခါ ဒေါ်ရွှေလုံးမှ ထိုဆန်းလှသော အကြောင်းအရာတို့ကိုပြောပြရာ -

ဒါဆိုရင်တော့ ဘုရား (၉) ဆူ ဘိုးဘိုးကြီးနဲ့ အဘအောင်မင်းခေါင်တို့ နေမှာပဲ။ ကျုပ်တို့ဘုရားဖူးနေတုန်း ကျုပ်တို့ကားနဲ့ဒီလာပြီးဘုရားဖူးတာဖြစ်မယ်" ဟု ထင်မြင်ချက်ပေးပါသည်။

နောက်တစ်နေ့နံနက်တွင် ရုပ်ရှင်တော်မြတ်သည် အခြားနောက်တစ်အိမ်သို့ ဆက်လက်ကြွမြန်းတော်မူမည်ဖြစ်၍ မယ်တော်ကြီးမှပင့်ဆောင်ပူဇော်မှုအစုစုတို့အတွက် အိမ်ရှင်မိသားစုအား ရေစက်ချ၍ပေးပါသည်။ ထိုအချိန်၌ မယ်တော်ကြီး၏နောက်မှ တစ်စုံတစ်ဦးဖြတ်လျှောက်သွားရာ မယ်တော်ကြီး၏ ယောဂီတဘာဏ်ကိုပင် ထိခတ်သွားပါသည်။ မယ်တော်ကြီးလည်း ဤအိမ်မှ ကလေးဖြစ်မည်ဟုထင်မှတ်ပြီး နောက်သို့လှည့်မကြည့်ဘဲ ရေစက်ကိုသာပြီး အောင်ချပေးလိုက်ပါသည်။ရေစက်ချပြီး သောအခါမှ အိမ်ရှင်များကိုမေးကြည့်ရာ မည်သူတစ်ဦးတစ်ယောက်မျှ မယ်တော်ကြီး၏နောက်မှ ဖြတ်မသွားပါဟု ဆိုကြသဖြင့် မယ်တော်ကြီးလည်း အံ့သြရပါတော့သည်။

မယ်တော်ကြီးတို့သည် ဤနေ့အိမ်တွင် (၃)ရက်တိတိ နေထိုင်ခဲ့သည်ဖြစ်ပြီး အိမ်ရှင်မိသားစုနှင့် နေ့နေ့ညည လက်ပွန်းတတီးနေထိုင်ခဲ့ရာ အိမ်ရှင်မိသားစုတို့သည် မယ်တော်ကြီးနှင့်အန်တီအေးကိုလည်းကောင်း၊ ရုပ်ရှင်တော်မြတ်ကြီးကိုလည်းကောင်း သံယောဇဉ်ငြိတွယ်၍ နေကြပြီဖြစ်ရာ မယ်တော်ကြီးတို့နှင့် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူမည်ဖြစ်၍ စိတ်မကောင်းဖြစ်၍နေကြပါသည်။

ထိုနေ့ ၁၆ - ၃ - ၂၀၁၅ ရက်နေ့ နံနက်ရေစက်ချပြီးခါနီမှာပင် ရေဆင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ကြည်၊ ဇနီး ဒေါ်ရီရီသိန်းမိသားစုတို့မှ ပုဗ္ဗသီရိမြို့ လက်ဒီပရပ်-ဧရာဝတီလမ်းနှင့် ချင်းတွင်းလမ်းကြား နှင်းဆီ (၃) လမ်း၊ အမှတ် (၁၁၀၉) နေအိမ်သို့ ဆက်လက်ပင့်ဆောင်ပူဇော်ကြပါသည်။ ဒေါက်တာ အောင်ကြည်နှင့် ဇနီး ဒေါ်ရီရီသိန်းတို့တွင် သားသမီးသုံးဦးရှိ၍ ဒေါက်တာချမ်းမြေ့သာနှင့် ညီမစိုပြေသာတို့က နယူးဇီလန်နိုင်ငံသို့ပညာတော်သင် ရောက်ရှိနေကြရပြီး သားမောင်ကောင်းမြတ်သာက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာပင်တာဝန်ထမ်းဆောင်နေသည်ဟု သိရပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုကြသူများဖြစ်ပြီး မယ်တော်ကြီးတို့ကိုလည်း ဖော်ရွေရင်းနှီးစွာ ဆက်ဆံလျက် လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်ကြပါသည်။

ဤမိသားစုသည် မိတ်ဆွေများပေါများသည်ဖြစ်ရာ ဘုရားဖူးဧည့်သည်များ အထူးစည်ကားလှပါသည်။ ညတွင် မယ်တော်ကြီးနှင့် အန်တီအေးတို့ကို သမီးများ၏အိပ်ခန်း၌အိပ်စေခဲ့ပါသည်။ မယ်တော်ကြီးသည် ညစဉ်ပူဇော်မြဲဖြစ်သော ဂုဏ်တော်များကျင့်စဉ်တော်များ ပူဇော်ပြီးနောက် မေတ္တာကမ္မဋ္ဌာန်းပွားများပါသည်။ ထိုနောက် အာနပါနကမ္မ

www.burmeseclassic.com

www.burmeseclassic.com

ဌာန်းရှုမှတ်ပွားများပါသည်။ ထိုသို့ ကမ္မ ဌာန်းများ ပွားများပြီးသည့်နောက်တွင်မှ သတ္တဝါဝေနေယျအပေါင်းတို့နှင့် ဤမြို့ ဤရွာ ဤအိမ်ဂေဟာအတွင်းရှိ ပုဂ္ဂိုလ် သတ္တဝါတို့ကို မေတ္တာပို့သပြီး အိပ်ရာဝင် ခဲ့ပါသည်။

ည(၁၂)နာရီခန့်၌ မယ်တော်ကြီး သည် မှေးခနအိပ်မျော်သွားပါသည်။ ထိုအချိန်မှာပင် မယ်တော်ကြီး၏ ဦးခေါင်း နှင့် ပခုံးပေါ်သို့ ကြီးမားသောဧကြောင် လက်ကြီးများ ကျရောက်လာ၍ ရုတ်တ ရက်လန့်နိုးလာပါသည်။ မယ်တော်ကြီး သည် အဲယားကွန်းလွတ်ထားသော အခန်းဖြစ်နေ၍ အေးစိမ့်လျက်ရှိသော ကြောင့် စောင်ပါးပါးတစ်ထည်ကို ခေါင်း မြီးခြုံထားခြင်းဖြစ်သော်လည်း စူးလှ သောကြောင်လက်သည်းတို့မှာ စောင် ကိုဖောက်ပြီး ဝင်ရောက်လျက်ရှိသည်။ မယ်တော်ကြီးသည် လက်ဖြင့်စမ်းကြည့် ရာ နူးညံ့သော ကြောင်မွေးတို့ကို စမ်း သပ်မိပြီး ကြောက်သီးဖြန်းဖြန်းထလာမိ သည်။ ကြောင်၏လက်တို့မှာလည်း သာ မန်ကြောင်များထက် အဆမတန်ကြီးမား လျက်ရှိရာ တကယ့်တိရစ္ဆာန်ကြောင် တစ်ကောင်မဟုတ်ဘဲ မကျတ်လွတ် သော သတ္တဝါတစ်စုံတစ်ရာဟု အလိုလို သိရှိလာသည်။ သို့သော် ဤသတ္တဝါ သည် မယ်တော်ကြီးအား ရန်ပြုတိုက် ခိုက်လိုသောသဘောမျိုးတော့မဟုတ်ပါ။ နှုတ်ဆက်ခြင်း၊ အားကိုးအားထားပြုလို ခြင်းသဘောမျိုးဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ နာမ်လောက ဘုံသားတစ်ဦးဟုသိရှိနေ၍ မယ်တော် ကြီးသည် တရားဓမ္မနှင့်မွေ့လျော်နေသူ ဖြစ်စေကာမူ ကြောက်ရွံ့သလိုတော့ဖြစ် လာမိပါ၏။ ထို့ကြောင့် တစ်ဖက်ခုတင် တွင်အိပ်ပျော်နေသော အန်တီအေးကို ခေါ်၍နိုးပါသည်။ အန်တီအေးသည် နှစ်ခြိုက်စွာအိပ်မောကျနေ၍ မနိုးဘဲရှိ ပါသည်။ ထို့ကြောင့် မယ်တော်ကြီးသည် မေတ္တာပို့သခြင်း၊ အမျှပေးဝေခြင်း၊ တရားစာများရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ ပြုလုပ်ပါသည်။အတန်ကြာမှ ထိုကြောင် ကြီး ပျောက်ကွယ်သွားခဲ့ပါတော့သည်။

နံနက်လင်းသောအခါ မယ်တော် ကြီးမှ အိမ်ရှင်များဖြစ်သော ဒေါက်တာ အောင်ကြည်နှင့်ဇနီး ဒေါ်ရီရီသိန်းတို့ကို ညတုန်းကကြုံတွေ့ရသော အကြောင်း အရာတို့ကို ပြောပြလိုက်ပါသည်။ ထို အခါ အိမ်ရှင်များမှ ၎င်းတို့နေအိမ်တွင် အလွန်ပင်လိမ္မာ၍ အလွန်ပင်ချစ်စရာ ကောင်းသော ကြီးမားထွားကျိုင်းဝဖြိုးလှ သော တုတ်ပေါ် ဆိုယဉ် ကြောင်ကြီး တစ်ကောင်ရှိကြောင်း၊ တစ်အိမ်လုံးက ချစ်ကြကြောင်း၊ ထိုကြောင်ကြီးသည် မကြာလှသေးသောရက်ပိုင်းအတွင်းက ပျောက်ဆုံးသွားကြောင်း၊ တုတ်ပေါ်သည် ခါတိုင်းအခါများတွင် အလည်အပတ် ထွက်လေရှိသော်လည်း တခြားတွင် ည အိပ်သည်ဟုမရှိပါ။ အိမ်သို့သာပြန်လာ လေ့ရှိပါသည်။ ယခုမူ ရက်အတန်ကြာ သည်အထိ ပြန်မလာတော့ဘဲရှိသည်မှာ ဤရပ်ကွက်အတွင်းရှိ လက်လုပ်လက် စားနေအိမ်တစ်ခုခုမှ ကြောင်ကြီးကို ဖမ်း ဆီးသတ်ဖြတ်ချက်ပြုတ်စားသောက်ပစ်



နေပြည်တော် စူးထက်ဆောက်လုပ်ရေးသို့ အထက်မြန်မာ ယာဉ်ထိန်းတပ်ဖွဲ့မှူး ခုရဲမှူးကြီး အောင်ကိုဦး၊ ဒေါ်ဝါဝါဝင့်ကျော် လာရောက်ဖူးမြော်ပုံ



ရေဆင်းကိုက်ပျိုးရေတက္ကသိုလ် ပါမောက္ခ ဒေါက်တာမျိုးကြွယ်+ ဒေါ်အေးအေးမူ ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်စဉ်



ဘုရားရှင်အား ထုံးဆိုနိန်းထားသောပန်းများ ထွေပတ်ပြက်ပွင့်ထားပုံ

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော် ဓာတ်ပေါင်းစုဘုရားတွင် 'ဂူးထက်' မိသားစုနှင့်အမှတ်တရ

ရွှေကံကူကျောင်းတော်ကြီးတွင် ဆရာတို့ဘို ပိဋကတ်တော်များ ပူဇော်နေစဉ်

နေပြည်တော် ပန်းမြင့်ဗိုင်စခန်းတွင် မယ်တော်ကြီး ဆရာတို့ဘို

လိုက်ကြပြီဟု ယူဆကြကြောင်းတို့ကို ပြောပြပါသည်။

ဤအတိုင်းဆိုလျှင် ကြောင်ကြီး တုတ်ပေါသေဆုံးသွားသည်မှာ ဖြစ်နိုင်ပါသည်။ ကြောင်ကြီး တုတ်ပေါသည် ခန့်လှစွာသော ဤမိသားစုကိုစွဲလမ်းပြီး မကျွတ်မလွတ်သောဘုံဘဝသို့ရောက်ရှိနေပေလိမ့်မည်။ လူမရှိသည်မှာကြာမြင့်ပြီဖြစ်သော သခင့်အိပ်ရာထက်တွင် ခေါင်းမြီးခြဲ၍ အိပ်စက်နေသော မယ်တော်ကြီးကို သူသခင်ဟုထင်မှတ်ပြီး လာရောက် နူတ်ဆက်ခြင်းလည်းဖြစ်နိုင်၍ မယ်တော်ကြီး၏ အမျှမေတ္တာတို့ကို ရရှိလိုရှိ၍ လာရောက်အသိပေးခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုနေ့ နေ့ဆွမ်းကပ်ပြီးချိန်တွင်ဟော့ မယ်တော်ကြီးမှ အိမ်ရှင်မိသားစုတို့၏ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်မှုအစုစုနှင့် အန်တီအေးနှင့်မယ်တော်ကြီးတို့အား အိပ်ရာနေရာပေးခြင်းနှင့် ကျွေးမွေးပြုစုခြင်းအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသောအခါ ကြောင်ကြီးတုတ်ပေါနှင့် အခြားသော မကျွတ်မလွတ်သေးသည့်ကြောင်များကို အလေးထား၍ အမျှပေးဝေပေးခဲ့ပါသည်။ ထို့နောက် ပစ္စည်းများသိမ်းဆည်းရပါတော့သည်။ အိမ်ရှင်မိသားစုများသည် တစ်ညအိပ်မျှ ပင့်ဆောင်ပူဇော်ခွင့်ရရှိသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ပင့်ဆောင် ပူဇော်ခွင့်ပေးသဖြင့် မယ်တော်ကြီးနှင့် အန်တီအေးတို့ကို ကျေးဇူးတင်ရှိပါသည်။ နောင်နှစ်များတွင်လည်း နေပြည်တော်ခရီးစဉ်၌ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်ရရှိလိုပါကြောင်းတို့ ပြောကြားပါသည်။

ထိုနေ့ ၁၇-၃-၂၀၁၅ နေ့လယ် တစ်နာရီခွဲတွင်တော့ ရေဆင်းစိုက်ပျိုးတက္ကသိုလ်မှ မော်ကွန်းထိန်း ဦးမြင့်စိုး၏ ဇနီး ဒေါ်ခင်သန္တာဝင်းတို့မိသားစုမှ ၎င်းတို့နေထိုင်ရာ ရေဆင်းတက္ကသိုလ်ဝင်းထဲရှိ မော်ကွန်းထိန်းအိမ်ရာသို့ ရုပ်ရှင်တော်မြတ်ကို ဆက်လက် ပင့်ဆောင်ပူဇော်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ထိုနေအိမ်သို့ရောက်ရှိတော်မူပြီး ဘုရားခန်းတွင် ပင့်ဆောင်ပူဇော်ပြီးသည့် တစ်ခဏအတွင်းမှာပင် မကိုင်ရှတော်မှ ပဝတ္ထမြားရောင်၊ မြရောင်ရောင်ခြည်တော်သို့ ထင်ရှားစွာ ကွန့်မြူးတော်မူပါသည်။ မော်ကွန်းထိန်း ဦးမြင့်စိုးနှင့် ဒေါ်ခင်သန္တာဝင်းတို့မိသားစုမှာ ၂၀၁၄ (၁၂) လ ပိုင်းတွင် ရုပ်ရှင်တော်မြတ် ရေဆင်းတက္ကသိုလ်သို့ ကြွရောက်တော်မူသော အချိန်ကစ၍ သိရှိကြည်ညိုပြီး ပင့်ဆောင်ပူဇော်ခွင့်ရရန် လျှောက်ထားခဲ့ကြသူများဖြစ်ရာ အထူးပင် ကြည်ညိုသူများ ဖြစ်ပါသည်။ ထို့ကြောင့်ပင် အန်တီအေးနှင့် မယ်တော်ကြီးတို့မှ ယခုတစ်ခေါက်တွင် ပင့်ဆောင်ပူဇော်ခွင့် ရရှိရန် စီစဉ်ပေးခြင်း ဖြစ်ပါသည်။

သို့သော် ၎င်းတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် နာရီပိုင်းမျှသာ ပူဇော်ခွင့်ပေးနိုင်သည်ဖြစ်၍ ၎င်းတို့မှာ ဖူးမြော်ကြည်ညိုရန် မဝနိုင်ဘဲရှိနေကြမါသည်။ ၎င်းတို့၏နေအိမ်တွင် တစ်ည အိပ်မျှသာ ပင့်ဆောင်ပူဇော်ခွင့်ရရှိမည်ဆိုပါက ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကို သည်ထက်မက ဖူးတွေ့ရမည်ဟု ယုံကြည်လျက်ရှိကြပါသည်။ ဤနေအိမ်တွင် တကယ်ပင် တစ်ခဏတာမျှသာ ပူဇော်ခွင့်ရရှိပါသည်။ ပွဲများ၊ ပန်းများလှူဒါန်းပြီး တစ်ခဏမျှကြာမြင့်သည်နှင့် ရေစက်ချရပါတော့သည်။

(၃) နာရီခွဲမှာပင် ရေဆင်းတက္ကသိုလ်စိုက်ခင်းမန်နေဂျာဦးခင်မောင်ထွေး၊ ဇနီးဒေါ်ခင်နီလာဝင်းမိသားစုတို့မှ ၎င်း

www.burmeseclassic.com

www.burmeseclassic.com

တို့၏ နေအိမ် (ရေဆင်းတက္ကသိုလ်ဝင်းအတွင်း) သို့ ဆက်လက် ပင့်ဆောင်ပူဇော်ကြပြန်ပါသည်။ ဤနေအိမ်သို့ကြွမြန်း ရောက်ရှိ သီတင်းသုံးတော်မူပြီးသော တစ်ခဏအတွင်းမှာပင် ပရမတ္ထသံဃာတော်များနှင့်သမုတိသံဃာတော် အရှင်မြတ်တို့အတွက်လျှဒါန်းထားသော ကန်တော့ပွဲအုန်းတော်မှရေများလျှံကျပါသည်။ အုန်းရလျှံခြင်းဆိုသည်မှာ အုန်းသီး၏ အညှာအခြေမှ လသီးကောင်း အုန်းသီးခိုင်မှ ပြတ်ခဲ့သော အညှာထိပ်မှလည်းကောင်း အရည်များထွက်ကျလာခြင်း ဖြစ်ပါသည်။ ထိုအရည်တို့သည် အုန်းမှုတ်ထဲတွင်ရှိသောအုန်းရည်မဟုတ်ပါ။ စေးထန်းထန်းရှိပါသည်။ မည်မျှပင် အုန်းရည်လျှံကြပါစေ၊ ထိုအုန်းသီးကိုခွဲကြည့်လျှင် အုန်းမှုတ်သည် အက်ကွဲခြင်းမရှိသည့်အပြင် အုန်းမှုတ်အတွင်းမှ အုန်းရည်တို့လည်း အနည်းငယ်မျှ လျော့နည်းမှုမရှိပါ။ တကယ်ပင် ထူးဆန်းလှပါသည်။

တစ်ခါတစ်ရံတွင်တော့ အုန်းပွင့်ခြင်းများလည်း ရှိတတ်ပါသေးသည်။ အုန်းပွင့်ခြင်းမှာ ဖောင်းခဲ့ခဲ့မြည်ပြီး အညှာကျွတ်ထွက်သွားကာ အုန်းသီးတွင် အက်ကြောင်းများဖြစ်ပေါ်လာပြီး အုန်းရည်များပန်းထွက်ခြင်းဖြစ်ပါသည်။ တကယ် အုန်းရည်များဖြစ်၍ အတွင်းမှုတ်ပါကွဲအက်သွားပါသည်။ထိုအဖြစ်မှာလည်း ဖြစ်တတ်သည့်သဘာဝနှင့် ကင်းလွတ်ခြင်းမရှိသော်လည်း ထူးခြားသည်ဟုတော့ ဆိုရမည်ဖြစ်ပါ၏။ ထို့ကြောင့် အုန်းပွင့်ထွက်ခြင်းထက် အုန်းရည်လျှံခြင်းက ပို၍ထူးဆန်းသည်ဟုဆိုရမည်ဖြစ်ပါ၏။

ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကို အထူးပင်ကြည်ညိုကြပြီး အန်တီအေးနှင့် မယ်တော်ကြီးတို့ကိုလည်း အထူးပင် လေးစားချစ်ခင်ကြပါသည်။ မယ်တော်ကြီးတို့အား စိုက်ခင်းများကို လှည့်လည်ပြသပေးကြပါသည်။ မယ်တော်ကြီးမှသီးနှံတွေအောင်မြင်ဖြစ်ထွန်းပါစေ၊ ကမ္ဘာသူကမ္ဘာသားအားလုံး အစာရေစာစားနပ်ရိက္ခာတွေပေါများပါစေ၊ သုတေသနပြု စမ်းသပ် စိုက်ပျိုးနေသော ကောက်ပဲသီးနှံတွေအောင်မြင်ပါစေဟု ဆုမွန်ကောင်းများတောင်းပေးပါသည်။

ဤနေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ထူးထူးခြားခြား ပြုံးတော်မူခြင်း၊ မျက်လုံးတော်ပွင့်တော်မူခြင်းများဖြစ်ပေါ်ရာ မော်ကွန်းထိန်းမိသားစုသည် ဝမ်းသာပျော်ရွှင်မဆုံးဖြစ်နေကြ၏။ သက်တော်ထင်ရှား ဘုရားရှင်တို့ ပြုံးတော်မူလျှင် တစ်စုံတစ်ရာမိန့်ကြားစရာရှိ၍ ပြုံးတော်မူခြင်းဖြစ်ပြီး ဘုရားရှင်တို့မည်သည် ကောင်းသောစကား၊ အကျိုးရှိသောစကားတို့ကိုသာ ဆိုတတ်တော်မူသော သုဂတောဂုဏ်တော်ကို ဆောင်တော်မူသည့်အတိုင်း ယခု ရုပ်ရှင်တော်မြတ် ပြုံးတော်မူခြင်းမှာလည်း ကောင်းသောစကား၊ အကျိုးရှိသောစကားတို့ကိုမိန့်ဆိုတော်မူမည်ဖြစ်သောကြောင့် မင်္ဂလာရှိလှပါ၏။ မျက်လုံးတော်ဖွင့်တော်မူခြင်းမှာလည်း ကြည့်ရှုတော်မူသောသဘောပင် ဖြစ်ရာ ဘုရားရှင်တို့မည်သည် မဟာကရုဏာတော်ရှင်၊ မဟာမေတ္တာတော်ရှင်တို့သာဖြစ်ပါ၍ ကြည့်ရှုခံရသောသူတွင် ဘုရားရှင်၏မေတ္တာတော်၊ကရုဏာတော်တို့ရရှိမည်ဖြစ်၍ လုံခြုံဘေးကင်းအေးချမ်းသောဘဝကို ရရှိမည်ဖြစ်ရာ အလွန်ပင်ကောင်းမွန်လှပါ၏။

ဤနေအိမ်တွင်လည်း ဘုရားဖူးပြည့်ပရိသတ်တို့ စည်ကားလှပါသည်။ ရေဆင်းတက္ကသိုလ်နယ်မြေတွင် ရုပ်ရှင်တော်မြတ်ကို သိရှိကြည်ညိုကြသူများ ချည်းဖြစ်နေပြီး မဖူးမြော်ရသေးသူတို့ကလည်း ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဂုဏ်တော်တို့ကို ကြားသိထားနှင့်ကြပြီး ဖြစ်ရာ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိသောသတင်းကို ကြားသိလိုက်သည်နှင့် ချက်ချင်း လာရောက်ဖူးမြော်ကြပါသည်။

နောက်တစ်နေ့နံနက်တွင်လည်း ထို့အတူသာဖြစ်ပါ၏။ မယ်တော်ကြီးနှင့် အန်တီအေးတို့မှာလည်း ဤတက္ကသိုလ်နယ်မြေတွင် အသိအကျွမ်းတို့ပေါများလှသည့်အပြင် နေပြည်တော်မြို့ထဲမှ သာဓကဟောင်းသစ်တို့ကလည်း လာရောက်နေကြ၍ နားချိန်ဟူ၍ သိပ်မရှိလိုက်ရဘဲ နေ့ဆွမ်းဆက်ကပ်ချိန်သို့ ရောက်ရှိလာခဲ့ပါသည်။

နေ့ဆွမ်းဆက်ကပ်ချိန်တွင်လည်း ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးပွဲ၊ အချိုပွဲ စုံလင်စွာဖြင့် သိုက်သိုက်ဝန်းဝန်း ကပ်လှူပူဇော်ကြပါသည်။ ဆွမ်းကပ်ပြီးနောက် မယ်တော်ကြီးတို့ ထမင်းဟင်း၊ အချိုပွဲ၊ သစ်သီး စသည်တို့ကို သုံးဆောင်ကြပါသည်။ ဓာတ်မျနားပြီးသည်နှင့် လှူဒါန်းပူဇော်မှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပါသည်။ ထို့နောက်တွင်တော့ ပစ္စည်းများကို သိမ်းဆည်းကြရပြန်ပါသည်။

ပစ္စည်းများ သိမ်းဆည်းနေဆဲ ၁၈ - ၃ - ၂၀၁၅ နေ့လယ်တစ်နာရီခွဲ) မှာပင် ရေဆင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ဒေါ် အေးအေးမူတို့မိသားစုတို့ရောက်ရှိလာပြီး ဤတက္ကသိုလ်ဝင်းထဲမှာပင်ရှိသော ၎င်းတို့အိမ်ကေဟာသို့ ရုပ်ရှင်တော်မြတ်ကို ဆက်လက် ပင့်ဆောင်ပူဇော်ကြသည်။ ဤမိသားစု၏ ပင့်ဆောင်ပူဇော်မှုမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပင့်ဆောင်ပူဇော်ခြင်းဖြစ်ပါသည်။ ၂၀၁၄ (၁၂) လ ပိုင်း (၃) ရက်နေ့က ပထမအကြိမ် ပင့်ဆောင်ပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ ထိုအကြိမ်က ပါ/ချုပ်ကြီးမိသားစုတို့သည် စဉ့်ကိုင်မြို့အောင်မြေ (စာရေးသူတို့နေအိမ်)ထိတိုင် မော်တော်ယာဉ်များဖြင့်လာရောက်ပင့်ဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။

ပင့်ဆောင်ဖြစ်ပုံမှာလည်း ဤသို့ဖြစ်ပါသည်။ ပါမောက္ခချုပ်ကြီး၏ ဇနီး ဒေါ် အေးအေးမူသည် ရုပ်ရှင်တော်မြတ်ကြီး၏ ဂုဏ်သတင်းတို့ကို သူရဇ္ဈမဂ္ဂဇင်းကြီးတွင် တွေ့ရှိကြည်ညိုခဲ့သူ ဖြစ်ပါသည်။ ထို့အချိန်မှစ၍ သူရဇ္ဈမဂ္ဂဇင်းကြီးတွင် စာရေးသူ၏ ရွှေကံကူဆောင်းပါးများကို မလွတ်တမ်း စောင့်မျှော်ဖတ်ရှုလာကြရာ ရုပ်ရှင်တော်မြတ်၏ ထူးခြားဆန်းကြယ်လှသော တန်ခိုးတော်တို့ကို ပိုမိုသိရှိရလေ ပိုမိုရှိကြည်ညိုမဆုံးနိုင်လေဖြစ်ရပါသည်။ ထို့အခါ စာအုပ်ထဲတင် ဖော်ပြပါရှိချက်များအတိုင်း မဂ္ဂဇင်းစာအုပ်ထဲမှ ရွှေကံကူရုပ်ရှင်တော်မြတ်ကိုပင် အဓိဋ္ဌာန်ပြု၍ ဆုတောင်းပါသည်။

"အရှင်ဘုရား၊ တပည့်တော်၏ အမျိုးသား ရာထူးတိုးပါစေ။ ရာထူးတိုးလျှင်လည်း ဤရေဆင်းတက္ကသိုလ်မှာပင် ဆက်လက်တာဝန်ထမ်းဆောင်ပါရစေ။ တပည့်တော်၏ဆုတောင်းတို့ ပြည့်ဝခဲ့ပါလျှင် အရှင်ဘုရားအား ရေဆင်းတက္ကသိုလ်သို့ ပင့်ဆောင်ပူဇော်ဘုရား"

ဟူ၍ ဖြစ်ပါသည်။

ထူးဆန်း အံ့ဩဖွယ်ကောင်းလှပါသည်။ မကြာမီအချိန်အတွင်းမှာပင် ဒေါ် အေးအေးမူ၏ ဆုတောင်းတို့ပြည့်ဝခဲ့ပါသည်။ သို့သော် ရုပ်ရှင်တော်မြတ်ကို မည်သို့ဆက်သွယ်၍ ပင့်ဆောင်ပူဇော်ရမည်ဟုမသိရှိဘဲဖြစ်နေ၍ အမြန်ဆုံးပင့်ဆောင်ပူဇော်ခွင့်ရရန် ရုပ်ရှင်တော်မြတ်၏ပုံတော်ကိုပင် ဆက်လက်၍ အဓိဋ္ဌာန်ပြုဆုတောင်းရပြန်ပါ၏။ ထူးဆန်းဘွယ်တိုက်ဆိုင်လှသည်ဟုဆိုနိုင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဟုသာ ဆိုရပါမည်။

ရန်ကုန်မြို့တွင် ရုပ်ရှင်တော်မြတ်ကို နှစ်စဉ်ပင့်ဆောင်ပူဇော်ခဲ့ကြသော ဦးခိုင်ခိုင်နှင့် စောနန္ဒာဝင်းတို့မှ ၎င်းတို့၏ နေအိမ်သို့ ၂၀၁၄ ရန်ကုန်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသော ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ် လက်ကမ်းစာစောင်ကို နေပြည်တော်ရှိ အစ်မများဖြစ်သော စည်ပင်သာယာညွှန်ကြားရေးမှူး ဦးမောင်ချို (ဗိုလ်မှူး-ငြိမ်း) နှင့် ဇနီးဒေါ်ခိုင်ဆွေသင်းတို့ထံ ပေးပို့လိုက်သည်။ ဦးမောင်ချိုမှ သူငယ်ချင်းဖြစ်သူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ကွင်းမန်နေဂျာ ဦးခင်မောင်ထွေး (ဗိုလ်မှူး-ငြိမ်း) နှင့် ဇနီး ဒေါ်ခင်နီလာဝင်းတို့ထံ ထပ်မံပေးပို့လိုက်သည်။ တစ်ဖန် ဦးခင်မောင်ထွေးမှ ၎င်းတို့၏ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ဇနီးဒေါ်အေးအေးမူတို့ကို ထိုစာစောင်ကို ပြသလိုက်သောအခါ ဒေါ်အေးအေးမူသည် ဝမ်းသာပျော်ရွှင်သွားပြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်သို့ လာရောက် တည်းခိုပြီး စဉ့်ကိုင်မြို့အောင်မြေသို့ လာရောက်ကြသောအခါ စာရေးသူနှင့် တွေ့ရှိပါသည်။

စာရေးသူအား ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်လိုကြောင်း ဒေါ်အေးအေးမူမှ ပြောကြားသောအခါ ပဏာမအနေဖြင့် စာရင်းစာအုပ်တွင် ပင့်ဆောင်ပူဇော်လိုကြောင်း လျှောက်ထားချက်ကို ရေးသားစေပြီး မယ်တော်ကြီးနှင့် လူကိုယ်တိုင်တွေ့ပြီး လျှောက်ထားမှသာ ရက်ခိုချိန်းရရှိင်ဖို့နီးစပ်၍ မယ်တော်ကြီးတို့နှင့် တွေ့ဆုံရန် ပြောကြားလိုက်ပါသည်။ ကံကောင်းသည် ပဌာန်းဆက်ပါသည်ဟု ဆိုရပါမည်။ နောက်တစ်နေ့မှာပင် မယ်တော်ကြီးတို့အောင်မြေသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး မကြာမီမှာပင် အထက်မြန်မာနိုင်ငံရက်များကုန်ဆုံးကာ နေပြည်တော်မှစတင်သော ရန်ကုန်မြို့နှင့် နိုင်ငံခြားခရီးစဉ်များအပါအဝင် အောက်မြန်မာနိုင်ငံခရီးစဉ်တစ်တောတွေ့မည်ဖြစ်ပါသည်။

ထိုအခါ ဒေါ်အေးအေးမူတို့သည် ခရီးသွားကြပြီး နောက်တစ်နေ့တွင် စာရေးသူတို့နေအိမ်သို့ ထပ်မံလာရောက်ကာ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြပြီး မယ်တော်ကြီးတို့ထံ ချန်ခိုးတောင်းခံပါသည်။ ထိုအခါ အစ်တီအေးမှ -

"ဒါဆိုလည်း နေပြည်တော်မကြွခင် နှစ်ရက်လောက်အိမ်မှာနားဖို့ ရက်ချန်ထားတာ နားမနေတော့ပါဘူး။ အဲဒီရက်တွေပေးလိုက်မယ်"

ဟုဆိုကာ ရက်ချိန်းသတ်မှတ်ပေးလိုက်ပါသည်။

ထို့ကြောင့် ဒေါ်အေးအေးမူတို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိသွားပါသည်။ ထို့နေ့ ၃-၁၂-၂၀၁၄ က နေပြည်တော်တွင် နေ့ဆွမ်းအမှီ ကြွမြန်းတော်မူမည်ဖြစ်၍ နံနက်အစော်ကြီးပင် ချမ်းချမ်းအေးအေးဖြင့် မယ်တော်ကြီးတို့ စဉ့်ကိုင်မြို့အောင်မြေမှ ထွက်ခွာကြရပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့လည်း ပင်ပန်းလှပါသည်။ မနေ့ညနေကမှ အိမ်သို့ပြန်လည်ရောက်ရှိလာပြီး (၆)လခန့်ကြာမြင့်မည့် ဒေသစာရီခရီးရှည်ကြီး အတွက် အဝတ်အစား၊ အသုံးအဆောင်၊ ဆေးဝါးတို့ကို ရွေးချယ်ထုပ်ပိုးကြရသည်မှာ ည (၁၂) နာရီကျော်မှအိပ်ကြရပြီး အစောကြီးထကာ ထွက်ခွာကြရခြင်းဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်အား အမြန်ကားလမ်းမကြီးက မပင့်ဆောင်ဘဲ လမ်းဟောင်းမှပင် မြို့စဉ်လျှောက်၍ ပင့်ဆောင်သွားကြပါသည်။ တပ်ကုန်းမြို့မှ ခမ္မစကြာဝတ်အသင်းများအခမ်းအနားများဖြင့် တြိဆိုပင့်ဆောင်မည်ဖြစ်၍ တပ်ကုန်းမြို့တွင် ခေတ္တရပ်နားစောင့်ဆိုင်းစဉ် ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်တစ်ဖက်ဖွင့်ထောမူ၍ ဝမ်းပန်းတသာ ဖူးမြော်ကြရပါသေးသည်။ ၎င်းတို့နေအိမ်သို့ရောက်ရှိသွားသောအခါတွင်လည်း ၎င်းတို့၏ ဘုရားခန်းတွင် ချိတ်ဆွဲထားသော စေတီတော်တစ်ဆူ၏ ဓာတ်ပုံကြီးတွင် ရွှေကဲကူရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ကြီးပေါ် ပေါက်၍ လာပြန်ရာ ဝမ်းသာအံ့သြမဆုံးဖြစ်ကြရပြန်ပါသည်။ ပါမောက္ခချုပ်မိသားစုသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသည့်အပြင် တန်ခိုးတော်များကိုပါ လက်တွေ့ ဖူးမြော်ကြရ၍ ဝမ်းသာမဆုံး၊ ကျေးဇူးတင်မဆုံးဖြစ်နေကြရပါသည်။

ယခု ၂၀၁၅ တွင် ဒုတိယအကြိမ်မြောက် ပင့်ဆောင် ပူဇော်ခြင်းကတော့ ပထမအကြိမ် ပင့်ဆောင်ပူဇော်စဉ်က ပါမောက္ခချုပ်ရာထူးကို ထမ်းဆောင်နေဦးဖြစ်သော် ပါမောက္ခချုပ်၏နေအိမ်သို့ ပြောင်းရွှေ့ နေထိုင်ရခြင်းမရှိသေး၍ ယခင်ရာထူးအဆင့်နေအိမ်မှာပင် ပင့်ဆောင်ပူဇော်ခဲ့ကြရပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပြီးသည့်နောက် မကြာမီမှာပင် ပါမောက္ခချုပ်အိမ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရပါသည်။ ဘုရားပေးသောရာထူး၊ ဘုရားပေးသောအိမ်ဟု သတ်မှတ်ထားကြပါ၍ ထိုနေအိမ်သို့လည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုသောဆန္ဒတို့ ဖြစ်ပေါ် နေမိကြပါသည်။ ထိုအခါ (၃) လပိုင်းတွင် ရုပ်ရှင်တော်မြတ်အား စည်ပင်ညွှန်ကြားရေးမှူး ဦးမောင်ချို၊ ဇနီး ဒေါ်ခိုင်ဆွေသင်းတို့မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ကြမည်ဟု သိရှိကြရသောအခါ အန်တီအေးထံဆက်သွယ်ပြီး ယခုကဲ့သို့ပင့်ဆောင်ပူဇော်ခွင့်ရရှိကြခြင်း ဖြစ်ပါသည်။

ပါမောက္ခချုပ်ဒေါက်တာမျိုးကြွယ်တွင် အသက် (၉၀)ကျော် မိဘ နှစ်ပါးစလုံးရှိနေကြသေးပြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများဟု သိရပါသည်။ အဘိုးနှင့် အတ္ထားတို့သည် ဤအသက်အရွယ်ရောက်ခါမှ အခြားတစ်နေရာတွင် ရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ရန်မှာ မည်သို့မျှ မလွယ်ကူပါ။ မိမိတို့နေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်တော်မူလာ၍သာ ဖူးမြော်ခွင့်ရရှိခြင်းဖြစ်ပေသည်ဟု ဝမ်းသာပျော်ရွှင်၍နေကြပါသည်။ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်သည် အရာရှိကြီးတစ်ဦး၊ လူကြီးတစ်ဦးဖြစ်နေပြီဖြစ်သော်လည်း ၎င်း၏မိဘများနှင့် အိမ်မှာနေသောအခါတွင်တော့ မိဘများနှင့် ဆက်ဆံပြောဆိုသောအခါ လူငယ်လေးတစ်ယောက်လိုပင်ဖြစ်ပါ၍ မယ်တော်ကြီးမှ -

"တချို့တွေက ကိုယ်ကလူကြီးဖြစ်လာတဲ့အခါနဲ့ မိဘတွေက အိုမင်းမစွမ်းဖြစ်လာတဲ့အခါနဲ့တွေမှာ လူကြီးတွေကို နေရာပေးပြီး မဆက်ဆံချင်ကြတော့ဘူး။ ဒေါက်တာကတော့ ကလေးတုန်းက အတိုင်း မိဘတွေကို ရိုရိုသေသေ လေးလေးစားစားဆက်ဆံတယ်။ ဒါဟာ တကယ့်မင်္ဂလာတရားပါပဲ"

ဟု ချီးကျူးပြောဆိုပါသည်။

ဒေါက်တာ မျိုးကြွယ်နှင့် ဒေါ်အေးအေးမူတို့မှလည်း -

"ကျွန်တော်တို့ကို သားသမီးအရင်းလို သဘောထားပါ။ သာဝက အရင်းလိုသဘောထားပါ။ မယ်တော်ကြီးထို့ဘာမှိုလိုပြောပါ။ နေပြည်တော်ပဲ ဘုရားကြီးကြွတဲ့အခါတိုင်း ပင့်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ပါရစေ"

ဟု ပြောကြားပါသည်။

ရုပ်ရှင်တော်မြတ်အား ဒုတိယ အကြိမ် ပင့်ဆောင် ပူဇော်ခွင့်ရရှိသည့် အတွက် ဝမ်းသာလှပါသည်။ နောင်လည်း နှစ်စဉ်ပင့်ဆောင်ပူဇော်ခွင့်ပေးပါဟု ပြောကြားပါသည်။

ဤနေအိမ်တွင်လည်း ဘုရားဖူး ပရိသတ်တို့မှာ များပြားလှပါသည်။ ၁၉-၃-၂၀၁၅ နေ့ နံနက် (၉) နာရီခွဲ တွင်တော့ နေပြည်တော် ပျဉ်းမနားပေါင်းလောင်း (၂) မေတ္တာလမ်း ယုဇန စေ့းလေး၏အရှေ့ဘက် အမှတ် (၅၂၇) နေအိမ်မှ မနန်းမြင့်ခိုင်မှ ရုပ်ရှင်တော်မြတ်အား ဆက်လက် ပင့်ဆောင်ပါသည်။ မနန်းမြင့်ခိုင်သည် နေပြည်တော်သို့ လွန်ခဲ့သော (၆) နှစ်ခန့် ယခုထက်တိုင် နှစ်စဉ် မပျက်မကွက် ပင့်ဆောင်ပူဇော်ခဲ့ကြသော နေပြည်တော် ရန်အောင် (၂) မှ ဆရာကြီး ဦးမြင့်းနှင့် ဇနီးဒေါ်ကြည်ကြည်စမ်းတို့၏ တပည့်မလေးတစ်ဦးဖြစ်ကာ ဦးမြင့်းတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် နှစ်စဉ်ကြွရောက်တော်မူသည့်အခါတိုင်း လာရောက် ဖူးမြော်ပြီး ကြည်ညိုနေသူ ဖြစ်ပါသည်။ ယခုမှ ဆရာကြီးဦးမြင့်းတို့က ဦးဆောင်ပင့်ဆောင်ပေးသဖြင့် ပူဇော်ခွင့်ရရှိခြင်း ဖြစ်ပါသည်။

ထိုနေ့က စာရေးသူတို့ နေပြည်တော်သို့ရောက်ရှိခဲ့ပါသေးသည်။ရောက်ရှိရသော်အကြောင်းမှာ စာရေးသူတို့ ဥတ္တရသီရိမြို့ မခြော (ဇမ္ဗူဟိန်းဆောက်လုပ်ရေး) တို့နေအိမ်သို့ သွားရောက်ခဲ့စဉ်က သာဝကအရင်းတုစီဦးဖြစ်သော မန္တလေးတိုင်းဒေသကြီး ဝေးချိုတော်စိန်ကြယ်အထည်ဆိုင်မှ မောင်ကျော်မင်းသိန်းသည် အကြောင်းမည်ညွတ်၍ မလိုက်နိုင်ခဲ့သဖြင့် စိတ်မကောင်းဖြစ်နေခဲ့သည်။ နေပြည်တော်တွင် ရုပ်ရှင်တော်မြတ် ကြွရောက်နေတော်မူခိုက် သွားရောက်ဖူးမြော်လိုပါ၍ စာရေးသူအား လိုက်ပါပို့ဆောင်ပေးရန်တောင်းဆိုသဖြင့် စာရေးသူနှင့်စာရေးသူ၏အစ်ကို ကိုဝင်းကိုတို့ လိုက်ပါခဲ့ကြခြင်း ဖြစ်ပါသည်။

မောင်ကျော်မင်းသိန်းသည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရုံသက်သက်မျှ မဟုတ်ပါ။ စာရေးသူမှ ၎င်းကို အထူးတလည် ထုလုပ်ပူဇော်ပေးထားသော ပုဒ္ဓရုပ်ပွားတော်များနှင့် ရဟန္တာရုပ်ပွားတော်များကို ရုပ်ရှင်တော်မြတ်ထံ ရင်ငွေ့တော်ခိုလှုံရန်အတွက်လည်းဖြစ်ပါသည်။ ထိုနေ့က စဉ့်ကိုင်မြို့မှ နံနက် (၈) နာရီတွင်ထွက်ခွာလာခဲ့ရာ နေ့လယ်(၁၂)နာရီတွင် နေပြည်တော်သို့ ရောက်ရှိပါသည်။ နေပြည်တော် ရာဇဂေါနေလမ်းနှင့် မန္တလေးမှလာသော လမ်းဟောင်းနှင့်ဆုံသည့်နေရာ နှင်းဆီအဝိုင်း၏အနောက်တောင်ဘက်တွင်ရှိသော ရွှေထန်းပင်ထွင် ဝင်ရောက် ထမင်းစားပြီးမှ နှင်းဆီအဝိုင်း၏ အရှေ့တောင်ဘက် မဇ္ဈေလသောနေရာရှိ မနန်းမြင့်ခိုင်တို့နေအိမ်သို့ စာရေးသူတို့ သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုအိမ်သို့ ရောက်ရှိသောအခါတွင် (၁) နာရီကျော်မျှရှိနေပြီဖြစ်ရာ နေရှိန်ပြင်းလှပါသည်။ ဆို့တိုင် ဘုရားဖူးညှော်သည်များရှိနေပြီး အနံ့တီဘေးနှင့် မယ် တော်ကြီးတို့မှာလည်း စာရေးသူတို့ လာမည်ဆို၍ အနားမယူကြသေးဘဲ စောင့်ဆိုင်းရှိနေကြပါသည်။

ရုပ်ရှင်တော်မြတ်ကြီးသည်ကား ဖူးတွေ့ရသည့်အခါတိုင်း တင့်တယ်သပ္ပာယ်တော်မူလှပါ၏။ ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိသည့်ရတနာတို့မှာလည်း သစ်လွင်လင်းလက်တောက်ပလျက်ရှိပါ၏။ ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူလျက် လာရောက်ဖူးမြော်ကြသူ အပေါင်းတို့အား နလုံးစိတ်ဒမ်းတို့ကို အေးချမ်းစေလျက်ရှိပါ၏။

အိမ်ရှင်မိသားစုတို့သည် လည်းကောင်း၊ ဘုရားဖူးရောက်ရှိနေသော ဧည့်သည်တို့သည် လည်းကောင်း စာရေးသူမှ မသိရှိသော်လည်း စာရေးသူ၏ဆောင်းပါးများမှတစ်ဆင့် စာရေးသူကို သိရှိနေကြသည်ဖြစ်ရာ စာရေးသူတို့တွေ့ကြရသဖြင့် ဝမ်းသာလျက်ရှိကြပါသည်။ ရုပ်ရှင်တော်မြတ်အား (၂၄)နာရီ ဗီဒီယိုကင်မရာဖြင့် ရိုက်ကူးပူဇော်မှတ်တမ်းတင်မည်ဖြစ်ကြောင်း သိရပါသည်။ ဗီဒီယိုရိုက်ကူးရေး ကင်မရာမင်းမှာ ဦးမြင့်းတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်စဉ်က မျက်လုံးတော်ဖွင့်တော်မူခြင်းမှတ်တမ်းကို ရယူပေးခဲ့သောသူဖြစ်ကြောင်းသိရပြီး စာရေးသူကို ရင်းနှီးစွာနှုတ်ဆက်နေပါသည်။

မောင်ကျော်မင်းသိန်းပင့်ဆောင်လာခဲ့သော ရုပ်ပွားတော်များ ရင်ငွေ့လှုံသည်ကို တွေ့မြင်သည့် ဘုရားဖူးညှော်သည် လူငယ်လေးတစ်ဦးမှလည်း ၎င်း၏နေအိမ်မှ ရုပ်ပွားတော်များကို ရင်ငွေ့လှုံလိုကြောင်း ပြောကြားသဖြင့် မယ်တော်ကြီးမှ ရင်ငွေ့ခိုလှုံခွင့်ပြုပါသည်။ သွားရောက် ပင့်ဆောင်ချေဟု ပြောကြားပါ သည်။ ထို့ကြောင့် မကြာမီ ရင်ငွေ့လှုံသော ရုပ်ပွားတော်တို့ အလျှိုလျှိုပင့်ဆောင်လာကြပြီး ရင်ငွေ့လှုံကြပါသည်။

မောင်ကျော်မင်းသိန်းသည်လည်း မန္တလေးသို့ပြန်ရောက်လျှင် ယနေ့ည (၉) နာရီကားဖြင့် ရန်ကုန်သို့ဆင်းမည်ဖြစ်သောကြောင့် စာရေးသူတို့ မကြာခင် ပြန်ကြရမည်ဖြစ်၍ မယ်တော်ကြီးမှ ရဖူးကြီးလှမျိုးရှိန်ထံ စာရေးသူ ရောက်ရှိနေ၍ လာရောက်တွေ့ဆုံရန် ဖုန်းဆက်ပါသည်။ ရဖူးကြီးသည် အစည်းဝေးခန်းတွင်ရောက်ရှိနေပြီး ညနေ (၅) နာရီမှ အစည်းအဝေးပြီးမည်ဟု အကြောင်းပြန်ပါသည်။ စာရေးသူတို့မှာ ထိုအချိန်အထိ မစောင့်နိုင်ပါ။ ထို့ကြောင့် စာရေးသူတို့လည်း ယခုတစ်ခေါက်လည်း ရဖူးကြီးနှင့် မတွေ့ဆုံရတော့ဘဲ မယ်တော်ကြီး၊ အန်တီဘေးနှင့် မနန်းမြင့်ခိုင်တို့ကို နှုတ်ဆက်ပြီး အောင်မြေသို့ ပြန်လည် ထွက်ခွာခဲ့ကြပါသည်။

ထိုနေ့ညက မနန်းမြင့်ခိုင်တို့၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်မှ နှစ်ဖြိုက် စွာပြုံးတော်မူသည်ဟု သိရပါသည်။

၂၀ ရက်နေ့ နံနက်တွင်တော့ ဥတ္တရသီရိမြို့နယ် မြတ်လေးလမ်းနှင့် တီးတိန်လမ်းကြား အမှတ် (၅၂၉) နေ ဆုထက် ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဝင်းသန်း၊ ဒေါ်သိဂီကော်မိသားစုတို့မှ ရုပ်ရှင်တော်မြတ်ကို လာရောက် ပင့်ဆောင်ကြပါသည်။ ဤမိသားစုသည် နေပြည်တော်တွင် နေထိုင်ကြသူများ မဟုတ်ပါ။ မန္တလေးမြို့တွင်နေထိုင်ကြပြီး နီဘယ်(လ်)စားသောက်ဆိုင်၊ ထက်ခနဖြိုးပိုးထည်နှင့်ဇာအထည်ဆိုင်၊ မင်္ဂလာဟိုတယ်၊ အားဘစ်သောက်ရေသန့်လုပ်ငန်းရှင်များဖြစ်ကြပြီး မန္တလေးခရီးစဉ်တွင်လည်း နှစ်စဉ် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခဲ့ကြသူများဖြစ်ပြီး ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုကြသူများဖြစ်ကာ စာရေးသူတို့မိသားစုနှင့်လည်း မိသားစုသဖွယ် ခင်မင်ရင်းနှီးကြသူများ ဖြစ်ပါသည်။

ဤမိသားစုသည် ယခင်က စာရေးသူတို့မိသားစုနှင့် အဆက်အစပ်မရှိပါ။ ရုပ်ရှင်တော်မြတ်အား အကြိမ်(၄၀)အထိ ပင့်ဆောင်ပူဇော်ခဲ့သော ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ ဇနီးဒေါ်ငြိမ်းငြိမ်းဘို့နှင့် ခမည်းခမက် တော်စပ်သောအခါမှ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်ပြီး ထိုအချိန်မှစ၍ ၎င်းတို့တွင် စီးပွားရေး၊ အလုပ်အကိုင်၊ ဥစ္စာရေးကြေးရေးတို့ အစစအရာရာအဆင်ပြေသည်။ အခိုင်္ဂါန်ဆုတောင်းတို့ ပြည့်ဝကြသည်ဟုယုံကြည်ကြကာ တစ်ဂိုက်မတ်မတ် ကိုးကွယ်ခဲ့ကြသူများဖြစ်ပါသည်။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ နေပြည်တော်ခရီးစဉ်တွင် ရက်ချိန်းရယူပြီး မန္တလေးမှ တကူးတကလာရောက်ပြီး ပင့်ဆောင်ကြခြင်း ဖြစ်ပါသည်။ ယခု ပင့်ဆောင်ခြင်းမှာ နေပြည်တော်ရှိ ၎င်းတို့၏ တိုက်သစ်တွင် ပထမဦးဆုံး ပင့်ဆောင် ပူဇော်ကြခြင်းလည်းဖြစ်၍ လာမည့်နှစ်များတွင်လည်း ရုပ်ရှင်တော်မြတ်၏ နေပြည်တော်ခရီးစဉ်များတွင် အခါအားလျော်စွာ ထပ်မံ ပင့်ဆောင် ပူဇော်ကြမည်ဟု သိရပါသည်။ ယခုတစ်ခေါက် နေပြည်တော်သို့ ပင့်ဆောင်ရာတွင် ဒေါ်သိဂီကျော်၏ မိဘများဖြစ်သော အဘိုး ဦးကျော်ဝင်း၊ အဘွား ဒေါ်နီနီကြည်တို့အပြင် ဒုတိယဝိုလ်မှူးကြီး သန်းထွန်း၏ ဇနီး ဒေါ်ငြိမ်းငြိမ်းနှင့် ဒေါ်ရွှေရွှေ၊ ဒေါ်ဆွေဆွေတို့အပြင် သားသမီးများ စုံစုံညီညီလိုက်ပါလာကြပါသည်။ သမီးငယ် မသုထက်ဇာနည်ဝင်းသန်းတစ်ယောက်သာ စာမေးပွဲဖြေဆိုနေသဖြင့် မလိုက်ပါနိုင်ခြင်းဖြစ်ပါသည်။

ဆုထက်မိသားစု နေအိမ်ကြီးမှာ ခမ်းနား ထည်ဝါလှသကဲ့သို့ ခြံထဲတွင်လည်း ပန်းဥယျာဉ်နှင့် ရေကန်ငယ်တို့ကိုပါ စနစ်တကျပြုလုပ်ထားရာ မျက်စိပသာဒ အေးချမ်းလှပြီး ပျော်မွေ့ဖွယ်ကောင်းလှပါသည်။

ကျယ်ဝန်းသောဘုရားခန်းကြီးတွင် ရုပ်ရှင်တော်မြတ်ကို ခမ်းနားလှစွာပူဇော်ထားရှိပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်နေကျဖြစ်၍ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စ၊ အန်တီအေးနှင့် မယ်တော်ကြီးတို့၏ ဝေယျာဝစ္စတို့ကို ပြုလုပ်နေကျဖြစ်ရာ အစစအရာရာ အဆင်ပြေလှပါသည်။ နေ့လယ်ဘက်တွင် မယ်တော်ကြီးမှ ဦးဆောင်၍ ပျဉ်းမနားမြို့တည်ဘုရားကိုးဆူနှင့် နေပြည်တော်မြို့တည်ဓာတ်တော်စေတီဘုရားတို့ကို သွားရောက်ဖူးမြော်ကြပါသေးသည်။ ဤမိသားစုသည် ဘုရားများကို ယခုမှဖူးမြော်ကြဖူးခြင်းဖြစ်၍ မယ်တော်ကြီးတို့ကို ကျေးဇူးအထူးတင်လျက်ရှိပါသည်။

နောက်တစ်နေ့ နံနက်တွင်တော့ နေပြည်တော် ပျဉ်းမနားမှ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်ပါဠိကျောင်းတိုက် ဆရာတော်ဘုရားကြီးကိုယ်တိုင်ကြွရောက်တော်မူ၍ ရုပ်ရှင်တော်မြတ်အား အနေကဇာတင်ပူဇော်ပါသည်။ ပါဠိဆရာတော်ကြီးမှာ ရုပ်ရှင်တော်မြတ်အား (၅)ကြိမ်ထက်မနည်း အနေကဇာတင်ပူဇော်ခဲ့ဖူးပြီး မယ်တော်ကြီးနှင့်လည်း ရင်းနှီးပါသည်။ဆရာတော်ကြီးသည် ဘုန်းတန်ခိုးကြီးမားတော်မူလှသော်လည်း မန္တလေးမြို့မှ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်နယ်စပ်၊ တောင်တန်းနှင့် ဇာမဲ့ရိုးတန်း ဒေသသာသနာပြုဝါခင်းကုန်းဆရာတော် ဘုရားကြီး ဦးတိကွန်နှင့် စဉ့်ကိုင်မြို့ အုန်းပင်ခြံ ပရိယတ္တိစာသင်တိုက်မှ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်ဆရာတော် ဘုရားကြီး ဦးကောဝိဒ၊ မန္တလေးမြို့ ပုသိမ်ကြီးမှ ကမ္မဿာသနာပြုမြကျောက်ဆရာတော်ဘုရားကြီးတို့ကဲ့သို့ပင် မာန်မာနများကင်းစင်ပြီး မယ်တော်ကြီးကို လေးလေးစားစားပင် ဆက်ဆံတော်မူပြီး ၂၀၁၀ပြည့်နှစ်ကတည်းကပင် မယ်တော်ကြီးမှ ခုနစ်ရက်သားသမီးများကို ရတနာဒီပံဖယောင်းတိုင်စီရင်ပေးရန် အချိန်သင့်ပြီဖြစ်ကြောင်း မိန့်ဆိုတော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ တိုက်တွန်းမိန့်ဆိုမှုကြောင့် မယ်တော်ကြီးသည် ထိုအချိန်မှစ၍ ဤယနေ့တိုင် ယုံကြည်စွာဖြင့် တောင်းခံလာကြသူ ခုနစ်ရက်သားသမီးအပေါင်းတို့အား ရတနာဒီပံဖယောင်းတိုင်စီရင်ပေးလျက်ရှိပါသည်။

အနေကဇာတင်ပြီးသောအခါတွင် ဆရာတော်ကြီးကိုမတွေ့ရသည်မှာ ကြာပြီဖြစ်၍ မယ်တော်ကြီးမှ လျှောက်ထားစရာတို့ မကုန်နိုင်အောင်ရှိနေပြီး ဆရာတော်ကြီးမှလည်း မယ်တော်ကြီး၏ ကြီးစားအားထုတ်မှုကြောင့် ရွှေကံကူသာသနာ မြန်မာ့မြေမှသည် နိုင်ငံရပ်ခြားတိုင်းပြည်များအထိ သာသနာ့အောင်လံစိုက်ထူနိုင်ခဲ့သဖြင့် အားရကျေနပ်တော်မူလျက်ရှိပြီး မယ်တော်ကြီးတွင် စရဏအားတို့ ပြည့်ဝ ကောင်းမွန်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ခုနစ်ရက်သားသမီးအပေါင်းနှင့် မမြင်အပ်သောမုဂ္ဂိုလ်တို့ကို ကုညီစောင့်ရှောက်နိုင်ပြီးဖြစ်ကြောင်းတို့ကို မိန့်ကြားပါသည်။ မယ်တော်ကြီးမှလည်း ၂၀၀၈ ခုနှစ်တ ဆရာတော်ကြီး ခီးမြွင့်တော်မူခဲ့သော ရှင်မထီးဆရာတော်ဘုရားကြီး၏နည်း၊ အဂ္ဂမဟာသဒ္ဓမ္မတော်ကြီးကို စွဲစွဲမြဲမြဲ အဓိဋ္ဌာန်ဝင်ခဲ့ပါကြောင်း ထူခြားသိသာစွာ အောင်မြင်မှုတို့ရရှိခဲ့ပါကြောင်း (အဂ္ဂမဟာသဒ္ဓမ္မတော်ကို အလိုရှိပါက မယ်တော်ကြီး ဝဠ - ၂၁၅၀၃၀၅ ထံတွင် တောင်းယူနိုင်ပါသည်။ သို့မဟုတ်ပါကလည်း ခုနပြည်တော် ပျဉ်းမနားမှ ပါဠိကျောင်းတိုက် ဆရာတော်ဘုရားကြီးထံတွင် တောင်းယူနိုင်ပါသည်။) ပြန်လည်လျှောက်ထားပါသည်။

ထိုနေ့ညနေပိုင်းတွင် မယ်တော်ကြီး၊ အန်တီအေးတို့ဦးဆောင်ပြီး ဆုထက်မိသားစုတို့နှင့်အတူ ပေါင်းလောင်းမြစ်သို့ သွားရောက်ပြီး နဂါးစာကျွေးကြသည်။ ညပိုင်းတွင် ဆုထက်ခြံဝင်းထဲမှာပင် အကျွတ်အလွတ်အာဟာရဒါနများကျွေးမွေးပြီး မေတ္တာဝို့သဂ္ဂ အမျှအတန်းပေးဝေကြပါသည်။ ဤမိသားစုသည် နဂါးစာကျွေးခြင်း၊ အကျွတ်အလွတ်အာဟာရဒါနပြုခြင်းတို့၏ အကျိုးတို့ကို လက်တွေ့ခံစားသိရှိကြသူများဖြစ်၍ အားတက်သရော ဆောင်ရွက်ကြသည်မှာ ပျော်ရွှင်ဖွယ်ပင်ကောင်းလှပါသည်။ ညပိုင်းတွင် ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ကန်တော့ပွဲပြုလုပ်ပါသည်။

၂၂ - ၃ - ၂၀၁၅နေ့တွင်တော့ တပ်ထိန်းချုပ် ဗိုလ်ချုပ်သန်းထွဋ်၊ ဇနီး ဒေါ်နီလာလှိုင်မိသားစုတို့မှ လာရောက်ပင့်ဆောင်ကြပါသည်။ ဗိုလ်ချုပ်မိသားစုပင့်ဆောင် ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။ (၂) လပိုင်းအတွင်းက စာရေးသူထံသို့ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လို၍ မည်သည့်နေရာသို့ သွားရောက်ဖူးမြော်နိုင်ပါသလဲဟုဖုန်းဆက်၍ မေးမြန်းစုံစမ်းသောကြောင့် စင်ကာပူနိုင်ငံတွင် ကြွမြန်း ရောက်ရှိနေတော်မူကြောင်း၊ စင်ကာပူမှ ပြန်လည်ကြွမြန်းတော်မူလာလျှင် နေပြည်တော်သို့ရောက်ရှိမည်ဖြစ်ကြောင်း ပြောပြလိုက်ပါသည်။ ထိုအခါ ဖုန်းဆက်သူမှာလည်း နေပြည်တော်မှဖြစ်သည်ဟုဆိုကာ ဖုန်းချသွားပါသည်။

(၅) ရက်ခန့်အကြာတွင် ထိုဖုန်းနံပါတ်ပြန်ပေါ်လာပြီး ၎င်းသည် ဗိုလ်ကြီးတစ်ဦးဖြစ်ပါသည်။ အထက်လူကြီးမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုပါ၍ မည်သို့ဆောင်ရွက်ရပါမည်နည်းဟု မေးပါသည်။ ထိုအခါ စာရေးသူမှ မယ်တော်ကြီးတို့ထံ ကြိုတင်အစီရင်ခံတင်ပြပေးထားပါမည်။ နေပြည်တော်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာလျှင် မယ်တော်ကြီးတို့နှင့် သွားရောက်တွေ့ဆုံပြီး ထပ်မံ လျှောက်ထားပါဟု ပြောလိုက်ပါသည်။ ထို့ကြောင့် ယခုကဲ့သို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိသွားခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်သည် လွန်ခဲ့သော(၅)နှစ်ခန့်မှစ၍ စာရေးသူ၏ဆောင်းပါးများကို

www.burmeseclassic.com

www.burmeseclassic.com

မလွတ်တမ်း စောင့်မျှော် ဖတ်ရှုလာသူ ဖြစ်၍ ရုပ်ရှင်တော်မြတ်ကို ယခုမှ ဖူးမြော်ရခြင်း၊ မယ်တော်ကြီးနှင့် အန်တီအေးတို့ကို ယခုမှ တွေ့ဆုံရခြင်းဖြစ်သော်လည်း သူရဇ္ဈမဂ္ဂဇင်းကြီးမှတစ်ဆင့် ကြိုတင် ရင်းနှီးကျွမ်းဝင်လျက်ရှိရာ ဆွေမျိုးရင်းချာပမာ ရင်းနှီးခင်မင်လျက်ရှိကြ ပါသည်။

ဗိုလ်ချုပ်နှင့်တကွ မိသားစုအား လုံးတို့သည် ရုပ်ရှင်တော်ခြေတင်ကြီးကို အထူးပင်ကြည်ညိုကြသည်ဖြစ်၍ မယ်တော်ကြီးတို့လည်း အားရလျက်ရှိကြသည့်အပြင် နှစ်ပေါင်းများစွာကွဲကွာခဲ့ရသော ဆွေမျိုးများ ပြန်လည်ဆုံတွေ့ကြရသကဲ့သို့ ဗိုလ်ချုပ်ကိုယ်တိုင်မပင် စကားများပြော၍ မကုန်နိုင်အောင်ရှိနေရာ မယ်တော်ကြီးတို့မှာလည်း အိမ်ရှင်တို့၏ နွေးထွေးမျူငှာမှုကြောင့် ပေါ်ပါးလွတ်လပ်စွာ နေထိုင်နိုင်ကြပါသည်။

"နေ့လယ်ပိုင်း၌ မယ်တော်ကြီးမှ စာရေးသူကို ဖုန်းဆက်ရာတွင် ဗိုလ်ချုပ်အား စာရေးသူနှင့်စကားပြောရရန် ဖုန်းပေးလိုက်ပါသည်။ ဗိုလ်ချုပ်သည် စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်ပါကြောင်း၊ စာရေးသူ၏ ရေးသားတင်ပြပုံတို့ အထူးကောင်းမွန်ခြင်း၊ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့မှာလည်း ထူးခြားဆန်းကြယ်လှခြင်းတို့ကြောင့် စာရေးသူ၏ ဆောင်းပါးတို့မှာ ဖတ်၍မဝအောင် ရှိပါကြောင်း၊ စာရေးသူမှ ရေးသားထုတ်ဖော်ပေး၍သာ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို အများပြည်သူတို့ သိရှိကြရသည်ဖြစ်၍ ဆောင်းပါးများ အဆက်မပြတ် ရေးသားပေးပါရန် ပြောကြားပါသည်။ စာရေးသူတို့အားလည်း ရင်းရင်းနှီးနှီး ခင်မင်ပါသည်။ ဗိုလ်ချုပ်တို့မိသားစုတို့ကိုလည်း မိတ်ရင်းဆွေရင်း ဆွေမျိုးရင်းလိုသဘောထားပါဟု ပြောကြားပါသည်။

ဗိုလ်ချုပ်နေအိမ်တွင်တော့ မယ်တော်ကြီးတို့လည်း အပြင်မထွက်ဖြစ်တော့ပါ။ ဗိုလ်ချုပ်တို့မိသားစုနှင့်ပင် ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ကြပြီး ရုပ်ရှင်တော်မြတ်အား တရားဘာဝနာများဖြင့် ပူဇော်ကြပါသည်။ရုပ်ရှင်တော်မြတ်ကို ဒီဒီယိုကင်မရာဖြင့်ရိုက်ကူးပြီး TV ဖြင့်တိုက်ရိုက်ချိတ်ဆက်ထားသည်ဖြစ်၍ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်အမျိုးမျိုးပြောင်းလဲတော်မူပုံများ၊ ရောင်ခြည်တော်ကွန့်မြူတော်မူပုံများကို မျက်ဝါးထင်ထင်ဖူးမြော်ကြည်ညိုကြရရာ ဗိုလ်ချုပ်မိသားစုမှ ဝမ်းသာအားရ ကျေနပ်မဆုံးဖြစ်နေကြပါသည်။

ဗိုလ်ချုပ်တို့မိသားစုသည် ၉-၉-၂၀၁၅ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် စဉ့်ကိုင်မြို့အောင်မြေသို့လာဖြစ်အောင် ကြိုးစားပါမည်ဟု ပြောကြားပါသည်။

မယ်တော်ကြီးတို့လည်း ဗိုလ်ချုပ်၏နေအိမ်တွင် နေစဉ်ပြုနေကျ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ကိုပြုလုပ်၍ မေတ္တာပို့သခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ပြုလုပ်ကြပြီး ဗိုလ်ချုပ်မိသားစုနှင့် စကားစမြည်များပြောဆိုကြကာ ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ကြပါသည်။

နံနက် (၈) နာရီခန့်တွင်တော့ ဗိုလ်ချုပ်သန်းထွဋ်၊ ဇနီးဒေါ်နီလာလှိုင်တို့မိသားစု၏ ပင့်ဆောင်ပူဇော်မှုအစုစုတို့ကို ရေစက်သွန်းချပြီး အမျှပေးဝေပါသည်။ နံနက် (၉) နာရီတွင်တော့ မချောမွတစ်ဆင့် ဆက်သွယ်မှုဖြင့် ဒဂို့ဏာသီရိမြို့နယ်ရှိ ဗိုလ်မှူး ရဲမင်းထွန်း၊ ဇနီးဒေါက်တာ ချမ်းငြိမ်းထက်တို့မိသားစုမှ လာရောက် ပင့်ဆောင် ပူဇော်ကြပါသည်။

တကယ်တော့ ရုပ်ရှင်တော်မြတ်သည် ဗိုလ်ချုပ်၏နေအိမ်တွင် အရှုပ်ဆွဲမ်းကပ်လျှပြီးသည်နှင့် နေ့ဆွမ်းအမီ ရန်ကုန်မြို့သို့ ပြန်လည်ကြွမြန်းရန်ဖြစ်သော်လည်း ဗိုလ်မှူးရဲမင်းထွန်းမိသားစုမှ နာရီပိုင်းမျှဖြစ်ဖြစ် ပင့်ဆောင်ပူဇော်ပါရစေဟု မချောထံပြောကြားသဖြင့် မချောမှ မယ်တော်ကြီးကို အပူကပ်ပြန်သဖြင့် ကြွမြန်းပေးတော်မူရခြင်း ဖြစ်ပါသည်။ ဗိုလ်မှူးမိသားစုသည် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခွင့်ရရှိသဖြင့် ဝမ်းသာ ပျော်ရွှင်လျက် မချောကိုလည်းကောင်း၊ မယ်တော်ကြီးနှင့် အန်တီအေးကို လည်းကောင်း အထူးပင် ကျေးဇူးတင်လျက်ရှိကြပါသည်။

ဗိုလ်မှူး၏နေအိမ်တွင် နေ့ဆွမ်းကပ်လှူပါသည်။ နေ့ဆွမ်းကပ်လှူနေဆဲမှာပင် ရန်ကုန်မြို့သို့ ပင့်ဆောင် ပူဇော်မည့် ရဲလေး(ရဲမြင့်အောင်)၏ မော်တော်ယာဉ်နှင့် မခိုင်သန္တာတို့၏ မော်တော်ယာဉ်နှစ်စီး တစ်ပြိုင်နက်တည်း ရောက်ရှိလာကြပါသည်။ ဤယနေ့တွင်တော့ မယ်တော်ကြီးတို့ အပြင်မထွက်ဖြစ်ကြပါ။ ရရှိသောအချိန်ကလေးတွင် တရားဓမ္မများဖြင့် ပူဇော်နေကြပါသည်။

ညနေ (၃) နာရီတွင် ရုပ်ရှင်တော်မြတ်၏ ပင့်ဆောင်ပူဇော်မှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြပါသည်။ ညနေ (၃) နာရီခွဲတွင်တော့ ရုပ်ရှင်တော်မြတ်သည် ဗိုလ်မှူး၏နေအိမ်မှ စတင်ထွက်ခွာကြွမြန်းတော်မူပါသည်။

မချောနှင့်တကွ အိမ်ရှင်မိသားစုတို့သည် ဝမ်းနည်း၊ ဝမ်းသာဖြစ်၍ ကျန်ရစ်ပါတော့သည်။ မယ်တော်ကြီးတို့သည်ကား သာသနာပြုခရီးသည်များဖြစ်ပါ၍ ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ နေကြရမည်၊ သွားကြရမည်ဖြစ်ပါ၏။

မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ရန်ကုန်မြို့သို့ ဦးတည်ထွက်ခွာနေသောမော်တော်ယာဉ်များပေါ်၌လိုက်ပါရင်း နောက်တွင်ကျန်ရစ်ခဲ့သော နေပြည်တော်မြို့တော်ကြီးရှိ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ၊ ခုနစ်ရက်သားသမီးအပေါင်းတို့အား မေတ္တာပို့သနေသကဲ့သို့ မကြာမီ ရောက်ရှိတော့မည့် ရန်ကုန်မြို့တော်ကြီးရှိ မြင်အပ်-မမြင်အပ်ပုဂ္ဂိုလ်များ၊ အစောင့်အရှောက်ပုဂ္ဂိုလ်များ၊ ခုနစ်ရက်သားသမီးအပေါင်းတို့အား ကြိုတင်၍ မေတ္တာများ ပို့လွှတ်လျက်ရှိပါသည်။ ထို့အတူ အမြန်လမ်းမကြီးပေါ်တွင် စုန်ဆင်းကာ သွားလာလျက်ရှိသော မော်တော်ယာဉ်များ၊ မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလျက်ရှိကြသော ခရီးသွားအပေါင်းတို့ ဘေးကင်းကြပါစေဟု မေတ္တာများပို့သလျက်ရှိပါ၏။

ထို့စဉ်မှာပင် ရန်ကုန်မြို့မှ ပင့်ဆောင်ပူဇော်ကြမည့် ပုလဲမြို့သစ် ရွှေသံသာမိသားစု ဦးမောင်မောင်အေး၊ ဇနီး ဒေါ်ခင်ခင်စု၊ သမီး မသင့်သင့်သူတို့မှလည်း ရုပ်ရှင်တော်မြတ်ကြီး မည်သည့် နေရာသို့ရောက်ရှိပါပြီနည်းဟု ဖုန်းဖြင့် မပြတ်တမ်း ထောက်လှမ်းလျက်ရှိပါသည်။ ဤသို့ဖြင့် နေပြည်တော်ခရီးစဉ်သည် အောင်မြင်စွာဖြင့် ပြီးဆုံးခြင်းသို့ ရောက်ရှိရသကဲ့သို့ ရန်ကုန်မြို့သို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူခဲ့ရပါသတည်း။

(၂၀၁၅၊ ၃ လပိုင်း နေပြည်တော် ခရီးစဉ်၌ ရုပ်ရှင်တော်မြတ်ကြီးအားပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူအပေါင်းတို့အား ဤဆောင်းပါးဖြင့် သာဓုအနုမောဒနာခေါ် ဆိုရင်း မှတ်တမ်းတင်အပ်ပါ၏။)

ဘိုဘို (ရွှေကံကူ)
၀၉-၇၉၇၅၆၀၇၀

www.burmeseclassic.com

www.burmeseclassic.com

သာစည်မြို့နယ် မြက်ဖြူတောင်မှ

သာသနာပြုဓရီးသွားရဟန်းတော်တစ်ပါး

အာကာသ(သာစည်)

မြန်မာနှစ် ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့က ဟစ်တော်မူတော်ရ ချမ်းမြေ့ပါရမီဆရာတော်ဘုရားကြီးအား စာရေးသူ၏နေအိမ်သို့ပင့်၍ ဆွမ်းကွမ်း ဘောဇဉ်များဆက်ကပ်လျှဒါန်းဖြစ်သည်။ ဆရာတော်ဘုရား ဟောကြားတော်မူသော ဆွမ်းအနုမောဒနာဝတ္ထုများတော်ကား စာရေးသူ၏ ဘာသာတရားကိုးကွယ်မှုကို များစွာနက်ရှိုင်းသွားစေခဲ့သည်။

ဆရာတော်သည် ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့က ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ရွာအနီးရှိ ဟစ်တော်မူတောင်သို့ ကနဦး ကြွလာတော်မူ၏။ တစ်ပါးတည်းနေ တစ်စိတ်တည်းထား ဓူတင်ပဋိပတ် အကျင့်မြတ်ဖြင့် ယင်းတောင်တွင် (၉) နှစ်ကြာမျှ မွေ့လျော်သီတင်းသုံးတော်မူခဲ့၏။

ဆရာတော်ကား ၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း (၃) ရက်နေ့တွင် မြစ်သားမြို့နယ် ကူမဲ၏ တောင်ဘက်ရှိသော ပြက္ခရွေတောင်ပေါ်သို့ ကြွသွားတော်မူ၏။ ပြက္ခရွေတောင်သည် မြန်မာပြည်၏ ဗဟိုချက်မဖြစ်၍ အနောက်ရထာမင်းကြီးတည်ထားသော စွယ်တော်မွားစေတီတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ နေရာမြတ်လည်း ဖြစ်၏။

ပြက္ခရွေအရှေ့တောင်ကြီးတွင် ဆရာတော်သည် ချမ်းမြေ့ပါရမီတောရ ဆောက်တည်၍ ယနေ့တိုင် သီတင်းသုံးလျက်ရှိသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးအား ဟစ်တော်မူတောရ ချမ်းမြေ့ပါရမီဆရာတော် ဟူ၍ခေါ်မည် သမုတ်လျက်ရှိနေသည်။

ဆရာတော်ခီးမြှင့်သော ဆွမ်းအနုမောဒနာတရားတော်တွင် -

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန် ကိုးကွယ်တတ်ဖို့ အရေးကြီးတော်၊ သရဏဂုံ တည်နေသူအဖို့ အပါယ်တံခါးပိတ်ထား ပြီးဖြစ်သဖြင့် သုဂတိဘုံသို့သွားရာလမ်း



ဓရီးဆင်းပန်းကြဲကြိုက်၍ ဝင်ရောက်ဖူးမြော်ခဲ့သော ထိုင်းဆက်ရှင်ဝင်းထု(၁)ဘုရားထုစေတီတော်မြတ်ကြီး

မွေပီဟာရ ရဟန်တစ်ကျောင်းတော်ကို မြက်ဖြူတောင်ခြေတွင် တွေ့ရစဉ်



ဓုတင်ပဋိပတ်အကျင့်မြတ်နှင့်သာ နေတော်မူထွေရှိသော ဆရာတော်ဦးဝိသုဒ္ဓအရှင်မြတ်

www.burmeseclassic.com

www.burmeseclassic.com

ထိုင်းတက်ရွင်ငင်းထုစေတီတော်ပုခံအဝင်တွင် ကိုညီညီလွင်နှင့် ကိုရီမောင်

ဆောက်လုပ်ဆဲ ဓမ္မဝိဟာရ ရတနာစံကျောင်းတော်

ဆရာတော်အား လာရောက်ကန်တော့ကြသော ပဒေသာကော၊ ဧကာပများ



ဓမ္မဝိဟာရ ရတနာစံကျောင်းကျောက်စာ

သာရှိကြောင်း၊ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ (၄) ပါးသောတရားကိုသာ လက်ကိုင်ထားရမှာဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ဟောကြားတော်မူပါသည်။

သံယာတော် အရှင်မြတ်တို့အား စာရေးသူတို့မှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသောပစ္စည်းလေးပါးမချို့ငဲ့စေရန် လှူဒါန်းထောက်ပံ့လျက်ရှိသည်။ ပရိယတ်အခြေခံကောင်းရှိသော ထေရဝါဒသံဃာတော်အရှင်မြတ်တို့သည် ကိုးကွယ်ရာအမှန်ကိုညွှန်ပြရန်သိတော်မူကြသည်။

(၃၁) ဘုံရှိသည့်အနက် နတ်ဘုံနှင့် ငရဲဘုံတို့သည် ဆင်းရဲစစ်စစ်၊ ချမ်းသာစစ်စစ်များပြားလွန်း၍ ပုညကိရိယာကုသိုလ်ဖြစ်စရာတို့ကို လွယ်လင့်တကူ မပြုလုပ်နိုင်ချေ။ လူဘုံကသာဆင်းရဲ၊ ချမ်းသာမျှတစွာဒုန်တွဲနေသဖြင့် ဆင်းရဲ၊ ချမ်းသာကို အကြောင်းပြုပြီး ရတနာသုံးပါးတို့အပေါ် ကြည်ညိုလေးစားသဒ္ဓါတရားအား ဖြစ်ပွားစေပါသည်။

သုံးလောကထွတ်ထား သတ္တဥ္ဇာ မြတ်ဘုရားသည် လောကကြီးတွင် ရခဲခြင်းငါးပါးကို ဟောကြားတော်မူသည်။

ယင်းငါးပါးကား -

၁။ လူ၏အဖြစ်ကိုရခဲခြင်း၊

၂။ ဘုရားပွင့်တော်မူရာကာလနှင့် ကြုံကြိုက်ခဲခြင်း၊

၃။ လူဖြစ်သော်လည်း သဒ္ဓါတရားရှိဖို့ ခက်ခဲခြင်း၊

၄။ လူအဖြစ်ကိုရသော်လည်း ရဟန်းဖြစ်ဖို့ခဲယဉ်းခြင်း၊

၅။ သူတော်ကောင်းတရား နာကြားရခဲခြင်းတို့ဖြစ်သည်။

ထိုရခဲသော ငါးပါးအစုံ ခဲယဉ်းကုန်သောတရားတို့အနက် လူဘဝလူ၏အဖြစ်ကား လွန်စွာမှရခဲသည်ဟု ဟောမြွက်တော်မူလေသည်။

ကျမ်းတတ်အကျော် ထွဋ်ခေါင်ဆရာတော်မှ -

ဂ မနုဿတ္တ ဒုလ္လဘ ရအောင်ခဲကြမင်း၊
ဖြတ္ဘာပြည်က အပ်ကိုချ မြေကအပ်တစ်စင်း၊
အပ်သွားချင်းသာ ထိဖွယ်ရာ ပမာလွန်ခဲယဉ်း။ ။

ဟူ၍ လူဘဝရရှိဖို့ ခက်ခဲပုံကို စပ်ဆိုတော်မူခဲ့သေးသည်။ ကောင်းဆိုးနှစ်တန် ခွဲခြားဝေဖန်နိုင်သော လူ၏

www.burmeseclassic.com

www.burmeseclassic.com

မြက်ခြုံများပေါက်ရောက်ရှိသည့် မြက်ခြုံတောင်ဟုခေါ်သောတောင်ကို အဝေးမှထုတ်ဖြင့်ရစဉ်



ဆရာတော်သီတင်းသုံးတော်မူရာလို့သွားသော ထင်ပိုင်းအရှေ့

ဝိုင်းတက်စိုက်ပျိုးရေးပြုအဝင်မှ ကုတ္တိုးပင်တန်းများ

အပြစ်ကိုရလာစေကာမူ သံသရာလွတ်မြောက်စေကြောင်း နည်းလမ်းကောင်းဆေးနိုင်မည့် ဆရာတွေ့ဖို့မှာ လွန်စွာအရေးကြီးပါသည်။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတွင် သံဃာရတနာသည် ဘုရားရှင်၏ သားတော်၊ သာသနာဝင် ပုဂ္ဂိုလ်မြတ်များဖြစ်တော်မူကြသည်။ ရဟန်းတို့တွင် သဒ္ဓါတရားဖြင့်ပြုသော သဒ္ဓါပဋိဋ္ဌိတရဟန်း၊ တရားတော်ပညာသိလို၍ပြုသောပညာပဋိဋ္ဌိတရဟန်းနှင့် ရာဇဝတ်ဘေး၊ အသက်မွေးကျပ်သည့်ဘေးတို့မှ ကြောက်၍ပြုသော ဘယာပဋိဋ္ဌိတရဟန်း ဟူ၍ ရှိသည်။

ရဟန်းတွင် သိက္ခာ၊ မင်းမှာ ဘိသိက် ဟူသောစကားအတိုင်း အကျည်းအားဖြင့် နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်၊ အကျယ် ကုဋေကိုးထောင်ကျော်သော ဝိနည်းဥပဒေတော်ကြီးကို သံဃာတော်တို့ ထိန်းသိမ်းတော်မူကြသည်။ ထို့ထက်အကျင့်သန့်သော သံဃာတော်တို့ကား ကိလေသာတို့ကိုခါတုတ်စေသော ဓူတင်ပဋိပတ်အကျင့်မြတ်ကိုကျင့်ဆောင်တော်မူကြကုန်သည်။

သီလအထူးစင်ကြယ်ခြင်းကို အလိုရှိကုန်သောသံဃာတော်တို့သည် ဓူတင် (၁၃) ပါးကို ဆောက်တည်တော်မူကြသည်။ယင်းသံဃာတော်တို့သည် ပစ္စည်းလေးပါး၌ ခေါင်းပါးသောအကျင့်ရှိခြင်းဟူသည့် အရိယဝံသတရားတို့တွင်တည်နိုင်ခြင်း၊ ဘာဝနာ၌မွေ့လျော်ခြင်းဖြစ်၍ တရားထူးရခြင်းငှာထိုက်တန်ခြင်းစသော အကျိုးကျေးဇူးတို့နှင့် ပြည့်စုံတော်မူလေသည်။

စာရေးသူသည် ၂၉-၁၁-၁၅ နေ့ နံနက်က သာဂရမြို့မကျောင်းတိုက်သို့ အလှူရှင်မမအေးမှ ဖိတ်ကြား၍ တရားနာရောက်ဖြစ်ခဲ့သည်။ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကိန်းဝပ်စံပယ်တော်မူရာ ပရိဝုဏ်အတွင်း၌ ယင်းလှူဒါန်းသော အာရုံခံကို အကြောင်းပြုပြီး ရေစက်ချတရားနာခြင်း ဖြစ်သည်။

တရားမနာမီ ရေနွေးကြမ်းဝိုင်းတွင် ဦးရီမောင်၊ ဦးစိုးသိန်း စသော မိတ်ဆွေတို့နှင့် စကားစမြည်ပြောရင်း ဘာသာ သာသနာရေးသို့ ရောက်သွားသည်။

ထိုစဉ် ဦးစိုးသိန်းက -

"တို့ပြီးခဲ့တဲ့ တန်ဆောင်မုန်းလပြည့်နေ့က ဟိုးလွှိုင်းတက်ရဲ့အရှေ့မြောက် တောင်ခြေတောရကျောင်းကထိန်ဖိတ်လို့သွားသေးတယ်။ တစ်ပါးတည်း တောရဆောက်တည်ပြီး တရားအားထုတ်နေတဲ့ ဦးပဉ္စင်းလေးကျောင်းမှာခင်းတာ။ ဦးပဉ္စင်းလေးက သက်တော်ငယ်ငယ်ပဲရှိသေးတယ်။ မကြာခင်ကမှ ရှင်းပြည်နယ်တောင်ပိုင်း ပင်လောင်းဘက်ကကြွလာတာလို့ ပြောတယ်။ ဓူတင်အကျင့်နဲ့ တရားအားထုတ်နေတာ။ တို့တောင့်ဖူးခဲ့ရသေးတယ်"

စာရေးသူကား ဦးစိုးသိန်းပြောပြနေသော စကားနှင့်ပင် ဦးပဉ္စင်းလေးအားဖူးချင်နေသည်။ မိတ်ဆွေကြီး ဦးရီမောင်ကိုလည်း မနက်ဖြန်တွင်သွားရောက်ဖူးကြရန်အဖော်ညှိရာ အားတက်သရောရှိစွာဖြင့် သဘောတူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက် (၇) နာရီတွင် စာရေးသူနှင့် အဖော်မိတ်ဆွေကြီး ဦးရီမောင်တို့သည် ဆိုင်ကယ်တစ်ယောက်တစ်စီးစီဖြင့် ရွာမှထွက်လာကြသည်။ ကျားပစ်ကန်ရွာ ခလယ်ကောင်အားဖြတ်၍ ထနောင်းကန်ရွာကိုရောက်သည်နှင့် စမုံရေထိန်း တမံဆီရောက်လာသည်။

တောင်မှမြောက်သို့စီးဆင်းသော စမုံမြစ်အားဖြတ်၍ ပိတ်ဆည်ထားသည့် တမံပေါင်ပေါ်ကို အရှေ့ဆီ ဦးတည်ပြီး တက်လာရာ တယ်လီဖုန်းတိုင်တို့ကို ဦးစွာတွေ့ရသည်။ အချို့သောဒေသတို့တွင် မိုးကြိုးရေလျှံဖြစ်၍ ဒုက္ခတွေ့ရသမျှ ဤဒေသမှာကား တစ်နှစ်ပတ်လုံး မိုးရေခေါင်းပါးခဲ့သည်။ ထို့ကြောင့် စမုံကန်အတွင်း၌ ဖားသောက်စရာရေမျှ မရှိဘဲ လွတ်ကျောင်းထားသော ကျွဲ၊ နွားများချို့တဲလေကို လှမ်းမြင်နေရသည်။

ရှည်လျားသော်ဘဲ တာတမံဆည်ပေါ်အတိုင်း ရှမ်းရိုးမတောင်တန်းကြီးကိုမျက်နှာမူ၍ မောင်းလာခဲ့ရာ မကြာမီတွင် တမံပေါ်အဆုံးရှိ ရေလွှဲပေါက်သို့ရောက်လာသည်။ ဖြတ်ကူးစရာလမ်းမပါဘဲ တည်ဆောက်ထားသည့်ထူးခြားသောဆည်အမျိုးအစားဖြစ်သဖြင့် မိုးကြိုးရေလျှံသောကာလများတွင် ဒေသခံပြည်သူတို့ သွားလာကူးသန်းရေးအတွက် ဒုက္ခရောက်ကြသည်။

ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်ခရီးသွားတို့သည် ကန်ရေပြည့်ချိန်တွင် ကန်အတွင်းမှ လှေဖြင့် လည်းကောင်း၊ ပုဂ္ဂလိကတစ်ဦးဆောက်လုပ်ထားသည့် ခနော်ခနဲနိုင်သော တံတားပေါ်မှ လည်းကောင်း သက်စွန့်ကြိုးပမ်းဖြတ်သွားရသည်။ ယခုနှစ်တွင် မိုးမလွှာရေမဝင်သဖြင့် ခြောက်သယောင်းနေသောကန်တွင်းအတိုင်း ဖုန်တထောင်းထောင်းထအောင် လမ်းပေါက်လျှက်ရှိသည်။

စာရေးသူတို့လည်း ကန်တွင်းထဲအတိုင်းဆင်းကာ အရှေ့ဆီသို့ကွေ့တက်ပြီး တစ်ခဏကြာမျှမောင်းလာခဲ့ပြန်ရာ တောင်နှင့်မြောက်ဖောက်လုပ်ထားသော ခရိုင်ချင်းဆက် အမှတ် (၂) လမ်းပေါ် ရောက်လာသည်။ယင်းကတ္တရာခင်းလမ်းအတိုင်း တောင်ဘက်ဆီသို့ မောင်းလာပြီး မကြာမီ၌ သဲချောင်းအလွန်တွင် ဇဝင်းရွာကိုရောက်လာသည်။

သာစည်ရွှေကျောင်းကုန်းတောင် သာသနာနှင့်ပတ်သက်လျှင် ဇဝင်းရွာမှ မိတ်ဆွေကြီး ဦးဟံညွှန့်သည် စာရေးသူအဖို့ ကျေးဇူးအထူးရှိခဲ့ဖူးသော နိဗ္ဗာန်ဆော်တစ်ဦးဖြစ်သည်။ စာရေးသူ၏ တန်ဆောင်တိုင်ဆောင်းပါးပါဝင်သော ရန်ကုန်တိုင်း(မ်)ဂျာနယ်မဂ္ဂဇင်းအသီးသီးတို့တွင်ပါရှိသော ဆောင်းပါးဝတ္ထုတို့ကို ဖတ်ရှုရန်ဝင်ပေးရင်း နှုတ်ဆက်ခဲ့သေးသည်။

ခရိုင်ချင်းဆက် အမှတ် (၂) လမ်းသည် မူလက ချိုင့်ကျင်း ပေါက်ပြနေသော ကျောက်ခွန်များ၊ သစ်ပွတို့ဖြင့် တည်ဆောက်သဖြင့် ကိုးပဲ့ပျက်စီးလျက်ရှိသောတံတားတို့သာ ဖြစ်သည်။ ယခုအခါ လမ်းပန်းများပြုပြင်ခြင်း၊ ကွန်ကရစ်တံတားတို့ဖြင့် အစားထိုးဆောင်ရွက်နေခြင်းကြောင့် အချို့သောလမ်းပိုင်တို့တွင် ချောမောကောင်းမွန်လျက်ရှိသည်။

နန်းတော်ကုန်းရွာအရောက်တွင် လက်ဝဲဘက်၌ ရွှေကျောင်းကုန်းတောင်သို့သွားသောလမ်းခွဲနှင့် လမ်းအဝင်ကွန်ကရစ်မုခ်ဦးကြီးကို တွေ့ရသည်။ မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး ကနဦး တောထွက်ပြီး သီတင်းသုံးတော်မူခဲ့သောနေရာဖြစ်၍ လူသိများထင်ရှားလျက်ရှိသည်။

အုတ်တွင်းရွာ၊ မြို့သာရွာတို့ကို တစ်ဆက်တစ်စပ်တည်းလို ဖြတ်ကျော်လာပြီးနောက် ရွာဆက်ခပ်ကွာကွာဖြစ်နေသော ဆင်ရွာကို ရောက်လာသည်။ စာရေးသူတို့သွားမည့်ခရီးစဉ်ကား ဤကတ္တရာခင်းလမ်းကိုဖဲကြဉ်ပြီး ဒီနေရာမှ အရှေ့သို့ (၄)မိုင်ခန့်ဝေးသော တောကြိုချောင်းကြားခရိုးကို တောင်ခြေအထိသွားကြမည်ဖြစ်သည်။လှိုင်းတက်မှနေ၍သွားလျှင် ခရီးလမ်းပန်းထောက်ပြီး အနည်းငယ်ဝေးသော်လည်း လမ်းကောင်းသည်ဟုသိရ၍ သိပ်မဝေးတော့သည့် လှိုင်းတက်သို့ရောက်အောင်မောင်းလာခဲ့ကြသည်။

စာရေးသူနှင့်အဖော်မိတ်ဆွေကြီး ဦးရီမောင်သည် လှိုင်းတက်စျေးနှင့် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်တွင် ဆိုင်ကယ်အင်ဂျင်အေးရင်း လက်ဖက်ရည်သောက်၊ မုန့်စား ခဏနားကြသေးသည်။ ငါးရက်တစ်စျေးခင်းသော စျေးကြီးကား စျေးကြားရက်ဖြစ်၍ လူသူရှင်းနေသည်။

လှိုင်းတက်သည် ပုဂံအနော်ရထာမင်းလက်ထက်က ကင်းမြို့(၄၃)မြို့တည်ဆောက်ရာတွင် တစ်မြို့အပါအဝင်ဖြစ်သည်။ သာစည်မြို့နယ်၏ တိုက်နယ်အဆင့်ရှိ၍ တိုက်နယ်၏ အင်္ဂါရုပ်တို့နှင့် ပြည့်စုံသည်။ ရှမ်းပြည်နယ်တောင်ပိုင်း သို့သွားသော ရထားလမ်း၊ ကားလမ်းတို့ပေါ်တွင် တည်ရှိပြီး ရထားဘူတာရုံစိုက်ထားသည်။ မိရိုးဖလာအလုပ်ဖြစ်သော အိုးခွက်လုပ်ငန်းကိုလုပ်ကိုင်ကြ၍ လှိုင်းတက်အိုးဟူ၍ လူသုံးများကာ ကျော်ကြားလျက်ရှိသည်။

စာရေးသူတို့လည်း နားနေ၍ ဆိုင်ကယ်ဆီဖြည့်ပြီးနောက် ရွာခလယ်လမ်းအတိုင်း အရှေ့မြောက်ခပ်ယွန်းယွန်းသို့ထွက်လာသည်။ ပုဂံပြည့်ရှင် အနော်ရထာဘုရင် တည်ထားတော်မူခဲ့သော ရှင်းဇင်းလှ (ခေါ်) ဘုရားလုံစေတီတော်ကို ရွာဦးအရောက် လက်ဝဲဘက်တွင်ကြည်ညိုသဖွာယ်ဖွယ်ရာဖူးတွေ့ရသည်။

လှိုင်းတက်စိုက်ပျိုးရေးဥယျာဉ်ကို ဆိုဗီယက်ပါရဂူတို့၏အကြံပေးချက်အရ ၁၉၅၇ ခုနှစ်၊ မေလမှစ၍ တောရှင်းလုပ်ကိုင်ခဲ့သည်။ ယင်းဥယျာဉ်သည်

ကျောင်းဆင်းစည်းနှင့်ကပ်ထွက်ရှိသောသုသာန်

www.burmeseclassic.com

www.burmeseclassic.com

လိုင်းတဲ့က်၏ အရှေ့ခပ်လှမ်းလှမ်းတွင် ရှိ၍ အဝင်တွင်လမ်း၏ဝဲယာ၌ ကုက္ကိုပင်များ စီတန်းစိုက်ပျိုးထားသဖြင့် အရိပ်အာဝါသကောင်းလှသည်။ ဥယျာဉ်လမ်းအတိုင်း ဖြတ်သန်းမောင်းနှင်လာပြီး စိုက်ပျိုးရေးရွာသို့ရောက်လာသည်။

စိုက်ပျိုးရေးရွာမှ ထွက်လာပြီးနောက် ချောင်းကြီးမြောင်းကြား တောချုံချောက်ကမ်းပါးတို့ကထူပြောလှသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း ယူကလစ်တောများကို ကြိုကြားကြိုကြား ကျော်ဖြတ်လာပြီး ကျောက်အိုးရွာငယ်ကို ဘွားခနဲတွေ့လိုက်ရသည်။ ဆရာတော် သီတင်းသုံးတော်မူသည့်နေရာသို့ သွားမည်ဆို၍ စာရေးသူတို့ကို လမ်းမှား မည်စိုးပြီး ယင်းရွာမှ ကိုကျော်လှိုင်က လိုက်ပါပို့ဆောင်ပေးလေသည်။

ရှမ်းရိုးမတောင်တန်းကြီးမှနိမ့်ဆင်းလာသောမြက်ဖြူတောင်သည် ဗုံး၊ တိုင်၊ ထင်းလောင်းစာခုတ်သူတို့လက်ချက်ဖြင့် တောင်ကတုံးဖြစ်၍နေသည်။ တောင်ခြေတစ်ဝိုက်တွင်လည်း အရိပ်အာဝါသကောင်းသော သစ်ကြီးဝါးကြီးဟူ၍မရှိဘဲ ယူကလစ်နှင့်မိုးဆက်သစ်အပင်ငယ်တို့သာရှိသည်။ ကျိုးတိုးကျဲတဲရှိသော ဝါးရုံပင်ချုပုတ်ပေါင်းတို့ကြားတွင် ထရံကာ တဲကျောင်းငယ်အချို့ကို တွေ့ရသည်။

စာရေးသူတို့လည်း နံနက် (၁၀) နာရီထိုးချိန်တွင် လူသူလှုပ်လှုပ်ရှားမြင်ရသော တဲငယ်အဆောက်အအုံတစ်ခုရှေ့သို့ရောက်သွားပြီး ဆရာတော်အား စောင့်ရှောက်နေသော ပုဂ္ဂိုလ်သုံးလေးဦးကို တွေ့ရသည်။

"ကျွန်တော့်နာမည် ကိုစိုးခင်ပါ။ သူက ကိုရီမောင်လို့ခေါ်ပါတယ်။ ဆရာတော်ကို ဖူးချင်တာနဲ့ သာဂရကလာကြတာပါ"

ဟု မိတ်ဆက်ရင်း ဝါးရုံပင်အောက်တွင်ရှိသောကွပ်ပျစ်ပေါ်ဝင်ထိုင်ကြသည်။

ဆရာတော်၏ဝေယျာဝစ္စတို့အား အနီးတပ်ပြုစုပေးနေသည့် မယ်ဇလီကန်နွားတွင်နေသော ကိုညီညီလွင်နှင့်ဆင်ရွာ ဦးဝုတို့က ရေနွေးဖြင့်ဧည့်ခံ၍ စကားစမြည်ပြောကြသည်။ ရှမ်းပြည်နယ်အောင်ပိုင်းရှိ ပင်လောင်းမှ ပအိုဝ်ဒကာ၊ ဒကာမများ လိုက်ထရပ်ကားတစ်စီးနှင့် ဆောက်နေသည်။ ယခုအခါ တရားပြတရားထိုင်လုပ်နေသဖြင့် ဆရာတော်ကို (၁၁) နာရီလောက်ကျမှ ဖူးရနိုင်မည်ဟုဆိုသည်။

အချိန်ရနေသေး၍ ကိုညီညီလွင်က စာရေးသူတို့ကို အညောင်းညာပြေလမ်းလျှောက်ရင်း လိုက်လံ၍ ပြသသည်။ သာသနိကအဆောက်အအုံဟူ၍ မည်မည်ရရမရှိသေးသော်လည်း ဆရာတော် သီတင်းသုံးဖို့အတွက်ဆောက်လုပ်ဆဲ ခမ္မဝိဟာရ ရတနာစံကျောင်းကို တွေ့ရသည်။ ယခုနှစ်တွင် ကထိန်ခင်းသော ဦးသီဟန်စိုး (သမဂ္ဂီးစီး-သာစည်) နှင့် ဒေါ်ဆွေဆွေလွင် (ကျန်းမာရေးမှူး-ညောင်ရွှေ) မိသားစုတို့မှ ဆောက်လုပ်လှူဒါန်းသည်ဟု သိရသည်။

ခမ္မဝိဟာရ ရတနာစံကျောင်းမှ နေ၍ကြည့်လျှင် ဆရာတော် ယာယီသီတင်းသုံးသော တဲကျောင်းငယ်ကို ဝါးပင်ကြိုဝါးပင်ကြားတို့အလယ်မှလှမ်းမြင်ရသည်။ စာရေးသူတို့လည်း ဆရာတော် တရားပြီးချိန်ကို စောင့်စားရင်း ကျောင်းဝင်းအနီးသို့ ဆိတ်ငြိမ်စွာသွား၍ လှည့်ပတ်ကြည့်ရှုကြသည်။ ကျောင်းဝင်းအပြင်ဘက်တွင် စည်းရိုးသာခြား၍ရှိနေသောသုသာန်ကိုတွေ့ရသည်။

မနက် (၁၁) နာရီထိုးပြီးချိန်တွင် ကျောင်းငယ်ပေါ်မှ ပအိုဝ်ဒကာ၊ ဒကာမများ မည်းမည်းကြုတ်ဆင်းလာကုန်၍ တရားဖြတ်သေးလိုက်ပြီဟုသိလိုက်ရ၏။ ဆရာတော်အား စာရေးသူတို့ ဖူးမြော်ရန်အတွက် ကိုညီညီလွင် ကျောင်းပေါ်တက်၍လျှောက်သည်။ တစ်ခဏမျှအကြာတွင် ကိုညီညီလွင် ထွက်လာပြီး လက်ယပ်ခေါ်သဖြင့် စာရေးသူတို့လည်း ကျောင်းပေါ်တက်ခဲ့ကြလေသည်။

ဆရာတော်ကား အရွယ်မကြီးသေး။ သက်တော်လေးဆယ်မျှသာရှိဦးမည်ထင်သည်။ ကျင်းကျုတ်သောကျောင်းပေါ်တွင်လည်း ခုတင်၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး ဟူ၍ အလှူင်းမရှိဘဲ ကျောမှီထိုင်ခုံတစ်လုံးသာရှိသည်။ ဆရာတော်သည် တစ်နပ်ဆွမ်းကိုသာဘုဉ်းပေး၍ ဓုတင်အကျင့်ခြတ်ပဋိပတ်ဖြင့်သီတင်းသုံးတော်မူလျက်ရှိသောကြောင့် ဆရာတော်၏ မျက်နှာတော်မှာ ကြည်လင်ရွှန်းပ၍နေသည်။

ဆရာတော်အား စာရေးသူ ဦးစွာဝပ်ချ၍ လှူဖွယ်ပစ္စည်းကိုကပ်လှူသည်။ ထို့နောက် စာရေးသူက အာကာသ (သာစည်) ကလောင်အမည်နှင့် စာရေးနေကြောင်း၊ ဆရာတော်၏ ကြည်ညိုဖွယ်ရာ အကြောင်းခြင်းရာတို့ကိုလည်း မဂ္ဂဇင်းတွင် ရေးသားခွင့်ပြုပါရန် အကြောင်း လျှောက်ထားခြင်းဖြစ်သည်။ ဆရာတော်က အထင်ကြီးမှုများဖြစ်လာမည်စိုး၍ အစဉ် မရေးသားစေလိုပေ။ အတန်ကြာစဉ်းစားပြီးနောက်မှ ခဲ့ကားပြီး မရေးဖို့ အတန်တန်မှာကြားပြီး ခွင့်ပြုခဲ့လေသည်။

အမှန်တော့ ဆရာတော် မူလသီတင်းသုံးတော်မူခဲ့ရာ ရှမ်းပြည်နယ် တောင်ပိုင်း နောင်တရားမြို့၊ မြင်းမထီးဘေးမဲ့တောင်တောရကစပြီးရေးရမည်ဖြစ်သည်။ သို့သော်လည်း ယင်းနေရာဒေသသို့ စာရေးသူ သွားရောက် လေ့လာရခြင်းမရှိသေးခေ့။ ထို့ကြောင့် ကိုယ်တိုင်လက်လှမ်းမီသည့်ကဏ္ဍကပဲ တင်ပြရတော့မည် ဖြစ်သည်။

ဆရာတော်၏ ဘွဲ့တော်မှာ ဦးဝိသုဒ္ဓအရှင်မြတ်ဖြစ်၍ ဆရာတော်သည် ဝါတော် (၁၉) ဝါ၊ သက်တော် (၃၉) နှစ်ရှိသည်။ အရည်ဝါသီနှံတရာပ်မှီ၍ ဓုတင်ပဋိပတ်အကျင့်မြတ်ဖြင့် တောလုံးပတ်လည် လှည့်လှည့်သီတင်းသုံးတော်မူလေ့ရှိသော ဆရာတော်သည် ဘုရားရှင်၏ အလိုတော်ကျ နေရာအတိအကျမထားခဲ့ပေ။

ဆရာတော်သည် ပအိုဝ်ဒေသ ဒကာ၊ ဒကာမတို့၏ ကိုးကွယ်ဆည်းကပ်ခြင်းကို ခံယူလျက်ရှိရာမှ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲသံယောဇဉ်တို့ကို ဖြတ်တောက်၍ နေရာရွှေ့ပြောင်းစွန့်ခွာတော်မူလာသည်။ ၁၃၇၆ ခု၊ သီတင်းကျွတ်လဆုတ်၁၃ရက် နေ့လယ် (၁၂) နာရီတွင် မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် အုတ်တွင်းရွာသို့ကြွတော်မူရာ ယင်းနေ့ ညနေ (၆) နာရီတွင် ရောက်ရှိလာသည်။

ဆရာတော်သည် အုတ်တွင်းရွာတွင် ဦးအောင်ဇင်နှင့် ဦးကျော်စိုးတို့ ဦးဆောင် ဆောက်လုပ်သော ကမ္မဋ္ဌာန်းကျောင်းလေးကို အလှူခံ၍ သီတင်းသုံးတော်မူသည်။ အိမ်စဉ်မပျက်လှည့်လည် ဆွမ်းခံ၍တစ်နပ်တည်းသောဆွမ်းကိုသာ ဘုဉ်းပေးသည်။ ဒါယကာတို့မှ လုပ်ကျွေးမှု လွယ်ကူ၍ အလိုနည်းစွာကျင့်တော်မူသည်။

၁၃၇၆ ခုနှစ်၊ နှောင်းတန်ဆေးလပြည့်ကျော် ၆ - ရက်နေ့ အုတ်တွင်းရွာသို့ ဆရာတော်ကြွမလာမီ (၆) လအလိုခန့်က ဖြစ်သည်။ ဆရာတော် သီတင်းသုံးတော်မူလျက်ရှိသော် မြင်းမထီတောင်တောရသို့ ဤအုတ်တွင်းရွာကျောင်းတိုက်မှ တပည့်ရဟန်းသာမဏေများ သွားရောက် ကန်တော့ကြသည်။ ထိုစဉ် ဆရာတော်မှ ရဟန်းသာမဏေတို့အား သာသနာတော်တွင် နေတတ်ထိုင်တတ် ကျင့်သုံးလိုက်နာတတ်ဖို့အတွက် ဩဝါဒ

www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့သည်။

ဆရာတော်၏ ဩဝါဒကထာမှာ တိုရှင်းလိုရှင်းဖြစ်၍ အကျယ်ချဲ့ပြရန်ပင် လိုမည်မထင်ပေ။

ယင်းကား -

ဩ နိုးသားဖြောင့်ဘိ၊ အလိုက်သိပါ
တာဝန်ကျေစေ၊ ကိုယ်နေယဉ်ကျေး
နှုတ်ရေးချိုသာ၊ ကြိုးစားပါ
မှန်စွာကြိုးပမ်းကြောင်း

ဟူ၍ ဖြစ်သည်။

ထို့နောက် သာသနာတော်စောင့် ကမ္မဋ္ဌာန်းတရားရှုမှုးပုံကိုလည်း ဆင်ခြင်တတ်ဖို့ မှာကြားပါသေးသည်။ အသက်ထင်ရှားရှိစဉ် ဆံပင်သည် အဆင်း၊ အနံ့၊ သဏ္ဌာန် တည်ရာအရပ်အားဖြင့် စက်ဆုပ်ဖွယ်ရာ မတင့်တယ်သာရှိချေကုန်သည်။ ဤသို့ စသည် ရှုဆင်ခြင်သောအခါ ပဋိကူလသညာ ကောင်းသာဘာဝနာသည် သာသနာတော်စောင့် တရားဖြစ်ခြင်းကြောင့် ရှုမြင်ဆင်ခြင်ရပါသည်။

ဤတရားကို ရဟန်းသာမဏေများ မရှုပွားမဆင်ခြင်ထားပါက တဏှာရာဂထိုးကျင်နှိပ်စက်ခြင်းဒဏ်ခံရသောကြောင့် သာသနာ့ဘောင်တွင် ရှည်စွာမတည်နိုင်ချေ။ အာရုံငါးပါး ပျော်ပိုးခြင်းတို့ထူပြောရာ လောကီဘောင်သို့ သက်ဆင်းကြရကုန်သည်။

ထို့ကြောင့် ငါရှင်တို့သည် အရွယ်အဆင်းနှင့်ပြည့်စုံသော မာတုဂါမများကို တွေ့မြင်ရသောအခါ -

၁။ မိခင် ဟူသောအမှတ်သညာ၊ နှမအစ်မ ဟူသော အမှတ်သညာထား၍ သညာပြောင်းလဲရှုပွားဆင်ခြင်နေထိုင်ရမည်။

၂။ ခန္ဓာကိုယ်၌ရှိနေသော ရုပ်တရားတို့၏ ရွဲရှာဖွယ်၊ စက်ဆုပ်ဖွယ်တို့ကို ရှုပွားခြင်း ဟူသော ကာလဝတာ သတိကမ္မဋ္ဌာန်းကို ရှုပွားနေရမည်။

၃။ ဒွါရခြောက်ပေါက်မှ ကိလေသာမဝင်လာစေရန် သတိပညာဖြင့် စောင့်စည်း ပိတ်ဆို့ခြင်း ဟူသော ဣန္ဒြိယသံဝရသီလနှင့်ပြည့်စုံအောင် ထိန်းသိမ်းရမည်။

ဤတရားသုံးပါးသည် သာသနာ့ဘောင်၌ ရှည်ကြာစွာ ရပ်တည်နိုင်ကြောင်းအဖြစ် လာရှိသောကြောင့် သာသနာစောင့်တရား မည်ပေသည်ဟူ၍ မိန့်ကြားတော်မူပါသည်။

ဆရာတော်သည် လာရောက်ကန်တော့ကြသောရဟန်းသာမဏေများ ပြန်သွားပြီးနောက် (၆) လမြောက်ခန့်တွင် အုတ်တွင်းရွာသို့ ကြွလာတော်မူခြင်း ဖြစ်သည်။ သုခိတ၊ ဒုက္ခိတ၊ ဝေနေယျ အများ ကျွတ်လွတ်စေခြင်းငှာ သုသာန်ဓူတင်ဆောင်၍ အမျှအတန်းပေးဝေတော်မူသည်။ အုတ်တွင်းရွာသုသာန်ဓူတင်ကို ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၂ ရက်မှ ယင်းလပြည့်ကျော် ၇ ရက်နေ့အထိ ကျင့်ကြံအားထုတ်တော်မူသည်။

ထိုမှတစ်ဖန် ဆရာတော်သည် အုတ်တွင်းရွာကိုခွာပြီး လှိုင်းတက်ရွာ သုသာန်ဆီသို့ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်နေ့တွင် ကြွတော်မူသည်။ ယင်းလဆန်း ၄ ရက်နေ့မှလပြည့်အထိ လှိုင်းတက်သုသာန်တွင် တရားအားထုတ်တော်မူပြီး ရှမ်းပြည်နယ် ပြည်ညောင်မြောက်ဘက်သို့ ကြွတော်မူပြန်လေသည်။

ဆရာတော်သည် ပြည်ညောင်မှ မြောက်မိုင် (၃၀) ခန့်ဝေးသော ညောင်ပင်ရွာအရှေ့ဘက် တောင်ပြောင်ကြီးတွင် တောရဆောက်တည်သီတင်းသုံးတော်မူသည်။ တောစွန်တောင်ဖျားနေ ရဟန်းတို့မည်သည်မှာ အလိုနည်း၍ ရောင့်ရဲလွယ်ပြီး ပေါ်ပါးစွာ အသက်မွေးနိုင်တော်မူကြသဖြင့် ဒါယကာတို့ ဘက်မှလုပ်ကျွေးရလွယ်ကူသည်။ ဆွမ်းဘောဇဉ်အလိုငှာ ဦးလှသန်းနှင့်ဒေါ်စန်းတို့၏ယာလုပ်တဲနှင့် အခြားသော ဒကာ၊ ဒကာမများက လောင်းလှူကြသည်။

ဆရာတော်သည် ရောက်ရှိသီတင်းသုံးတော်မူလျက်ရှိသော တောင်ပြောင်ကြီးကို ရွှေကုံကော်တောင်တော်ဟု သမုတ်ပြီး ဘဏ်တော် (၁၁) တောင်ရှိသောစေတီတစ်ဆူကိုလည်းတည်တော်မူသည်။ ငွေအား၊ လုပ်အား၊ ဒကာအများ၏ စွမ်းဗလာဖြင့်တည်သော ယင်းစေတီတော်ကို 'သဗ္ဗညုဓဇသိဒ္ဓိ' ဟူ၍ ဘွဲ့မည်မေးတော်မူသည်။

ဆရာတော် ရောက်ရှိ သီတင်းတော်မူခိုက် တောင်ပြောင်ကြီးခေါ် ရွှေကုံကော်တောင်တော်တွင် ဒုလ္လဘရဟန်းခံယူပွဲနှင့် အသံမစဲမဟာပဌာန်းပွဲတို့ကိုလည်း ကျင်းပနိုင်ခဲ့သည်။ ဆရာတော် ရောက်ရှိသီတင်းသုံးတော်မူသော နေရာဒေသတိုင်းတွင် တိရစ္ဆာန်တို့ကို ဘေးမဲ့လွတ်ခြင်း၊ နှစ်ရှည်သီးပင်များ စိုက်ပျိုးခြင်း၊ ဘေးမဲ့နေရာသတ်မှတ် လှူဒါန်းခြင်းတို့ ပြုလုပ်တော်မူခဲ့သည်။

၁၃၇၆ ခုနှစ် ပြာသိုလဆန်း (၅) ရက်နေ့တွင် ဆရာတော်သည် ရွှေကုံကော်တောင်တော်မှ သာစည်မြို့နယ်ရှိ မြက်ဖြူတောင်သို့ကြွတော်မူလာသည်။ မြက်ဖြူများပေါက်လေ့ရှိ၍ မြက်ဖြူတောင်ဟုခေါ်သော ယင်းတောင်သည် အုတ်တွင်းအုပ်စု ဆင်ရွာမှ အရှေ့ (၄) မိုင်ခန့်မျှဝေးသည်။ ဆင်ရွာနေ ဦးပု ဦးဆောင်သော ဒကာများ ဆောက်လုပ်လှူဒါန်းသည့် သက်ငယ်မိုး၊ ထရံကာတဲကျောင်းတွင် သီတင်းသုံးတော်မူလျက်ရှိသည်။

ယခုအခါတွင် ဆရာတော်သည် ဓူတင်ပဋိပတ်အကျင့်မြတ်ကို အားထုတ်တော်မူရင်း မြက်ဖြူတောင်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် ကြိုးပမ်းတော်မူလျက်ရှိသည်။ လွှင်တီးခေါင်သဖွယ်ဖြစ်၍ ကျေးငှက်တိရစ္ဆာန်များ ခိုကိုးရာမဲ့ဖြစ်နေသော ဤနေရာကို ရေရှည်တွင် ဘေးမဲ့တောဥယျာဉ်အဖြစ် ပေါ်ပေါက်လာစေရန်အတွက်လည်းရည်မှန်းထားတော်မူသည်။

ဆရာတော်သည် မြက်ဖြူတောင်ပေါ်တွင် စေတီတော်တည်ထားကိုးကွယ်ရန် ရည်မှန်းထားသည်ဟုလည်း သိရသည်။ စေတီတော်တည်ထားရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် အလှူရှင်များ လိုအပ်လျက်ရှိ၏။ ဦးညီညီလွင် (လှိုင်းတက်/မယ်ဇလီကန်) ဖုန်း - ၀၉၃၁၄၉၀၀၄၊ ၀၉၂၅၄၆၃၁၇၄၇၊ ၀၉၂၅၈၈၂၄၄၄၃ နှင့် ဦးပုတို့ ဦးဆောင်သော ဒကာများက ကျောင်း၏ဝေယျာဝစ္စများကိုဆောင်ရွက်လျက်ရှိကြသည်။

နေ့လယ် (၁၂) နာရီခန့်တွင် ဆရာတော်အားဝပ်ချ၍ ကျောင်းပေါ်မှ စာရေးသူတို့ဆင်းလာပြီး ဒကာများနေသောကျောင်းကို ရောက်လာကြသည်။ ပဓိုဝ်ဒကာ၊ ဒကာမများလည်း နံနက်စာစားသောက်ပြီး၍ ကားပေါ်တက်သူတက် နေရာယူပြီး ပြန်ကြရန် တပြင်ပြင်လုပ်နေသည်။

စာရေးသူတို့လည်း နှုတ်ဆက်ပြုပြီးပြန်တော့မည်လုပ်ရာ ထမင်းစားချိန်တွင် မစားမသောက်ဘဲနှင့် ပြန်သွားသည်ကြားလျှင် ဆရာတော်က သူတို့ကို ငေါက်လိမ့်မည်ဟုဆိုသည်။ ဇွတ်အတင်းကျွေးနေသဖြင့် ပဓိုဝ်တို့အကြိုက်ချက်ထားသော ငရုပ်သီးစပ်စပ်နှင့်ပဲပုပ်ချက်၊ ချဉ်ပေါင်ချဉ်ရည်ဟင်းတို့နှင့် စားခဲ့ကြရသေးသည်။ ထို့နောက် ဆင်ရွာသို့ ရောက်သောလမ်းအတိုင်းမှ ပြန်ခဲ့ကြလေသည်။

အာကာသ (သာစည်)

www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်းတွေး(ထားဝယ်)

သာမောဖွယ် မြို့ရွှေဝယ် ကျက်သရေတော်ဆောင်

လောကသရဖူလျှောင်းတော်မူဘုရားကြီး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အရှေ့တောင်ယွန်းယွန်း (၄) မိုင် အကွာအဝေး ထားဝယ်-မြိတ်ကားလမ်းပေါ်ရှိ ကူးတို့ရွာမှဖြစ်စေ၊ အလယ်ကုန်းရွာမှဖြစ်စေ အရှေ့စူးစူးသို့ (၁) မိုင်ခန့် ခရီးကွေ့ဖွဲ့ထွက်သွားပါလျှင် ရှေးအခေါ် အောက်ပုပ္ပားတောင် ယခုအခေါ် စပါးတောင်ခြေရင်းရှိ ပဋ္ဌကတ်တိုက်ကျောင်းကြီးအနီး၌ လောကသရဖူလျောင်းတော်မူဘုရားကြီးကို ကြည်ညိုဖူးမြော်ရပါသည်။ မြေတိုက်ကျောင်းဆရာတော် ဦးကွသိန္ဓရကြီးမှူးသော လျောင်းတော်မူဘုရားကြီး၏ သံဃာ့ကြီးကြပ်ရေးအဖွဲ့နှင့် အများပြည်သူတို့က ကောဇာနှစ် ၁၂၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့တွင် ဘဝနတ်ထံပြောင်းကြွစံနေတော်မူသော ဂဏဝိမုတ်စာချုပ်တော်ရှင်ဘုရားကြီးတို့၏ စတင်တည်ထောင်သော ဒီပင်္ကာတိုက်ကျောင်းဆရာတော်ဘုရားကြီးဘုန်းကြီးရွှေဆင်ခေါ် အရှင်ဣန္ဒဝံသအား အလေးဂရပြုသောအားဖြင့် ကျွန်ုပ်ရှင် ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်အဖြစ် ဤလျောင်းတော်မူဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပေသည်။

ဘုရားကြီးအုတ်မြစ်စိမ်ခဲလာ

ကောဇာ ၁၂၉၂ ခုနှစ်၊ ခရစ်နှစ် ၁၉၃၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့ည (၇) နာရီတွင် ထားဝယ်မြို့ ဇရစ်ရပ်ဦးစောလိုင်၏ နေအိမ်၌ ဆရာတော် ဦးကွသိန္ဓရအရှင်သူမြတ်နှင့် အဖွဲ့ဝင်လူပုဂ္ဂိုလ်များသည် လျောင်းတော်မူရုပ်ပွားတော်ကြီးတစ်ဆူတည်ထားရန် ပဏာမ



www.burmeseclassic.com

www.burmeseclassic.com



ထောင်းတော်မူတုရာကြီးအား ဓမ္မထောင့် အမျိုးမျိုးမှုးတွေ့ရှုံ့

ဝိဇ္ဇကတ်တိုက်ဆရာတော်ဘုရားကြီး
ဘုန်းကြီးရွှေဆင် (ဇေါ်) ဦးဏ္ဍုန္ဒဝံသပုံတော်

နာယကဆရာတော်ဘုရားကြီး
ဦးဏ္ဍသိန္ဒရဇကြေးသွန်းရုပ်တု

အစည်းအဝေးကျင်းပကြပါသည်။ ထို အစည်းအဝေး၌ ယခုတည်ထားမည့် ဘုရားကြီး၏ ဉာဏ်တော်အလျားကို ကေးဇူးရှင် ပဋ္ဌကတ်တိုက်ကျောင်းဆရာ တော်ဘုရားကြီး၏သက်တော်အားလျော် စွာ (၈၆) တောင်တည်ရန် ဆုံးဖြတ်ကြ သည်။ ၎င်းအချိန်မှာပင် မြေလျင်ကြီး ပဲ့တင်ဟည်းမျှ လှုပ်ခတ်လေသည်။ (ယင်းငလျင်ဒဏ်ကြောင့် ပဲခူးမြို့ ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ဌက်ပျောဖူးတော်ကြီး မြေသို့ခရသည့် အပြင် ပဲခူးတိုင်းဒေသကြီးတွင် လူဦးရေ (၅၀၀) နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် လူ (၅၀) အသက်ဆုံးရှုံးပြီး လူနေအိမ် ခြေများပါ ပျက်စီးကြရသည်။ ပဲခူး ငလျင်ကြီးဟု တွင်၏ စကားချပ်) ထိုသို့ ဆုံးဖြတ်ကြပြီးနောက် ဘုရားကြီးမျက်နှာ တော်မူမည့်ရွေ့ကုန်းမြေတွင် ပလ္လင်တော် အုတ်မြစ်ချရန်အတွက် မြေညှိခြင်း၊ ကျင်းတူးခြင်း၊ အုတ်သဲကျောက်ထုံး ပစ္စည်းများစုဆောင်းခြင်းလုပ်ငန်းတို့ကို စတင်ပြုလုပ်ကြသည်။

၁၂၉၂ ခုနှစ်၊ နတ်တော်လပြည့် ကျော် ၃ ရက်နေ့တွင် အုတ်မြစ်ချရန် ဒုတိယအကြိမ် အစည်းအဝေးတွင် လင်းလွန်းပင်ချောင်တောရ ရသေ့ကြီး ဦးအာဒိစ္စက 'ယခုအခါ မြေလျင်ဒဏ် ကြောင့် ပဲခူးရွှေမော်ဓောဘုရားမှစ၍ ပဲခူး မြို့ပါ ပျက်စီးယိုယွင်းနေချိန်ဖြစ်သည့် အတွက် ပဲခူးကွယ် - ထားဝယ်ကျော့ ဟူသော တဘောင်အရ ပဲခူးမြို့ ရွှေသာ လျောင်းရုပ်ပွားတော်ကြီး၏ ဉာဏ်တော် ထက်ကြီးအောင် ယခုတည်ထားသည့် ဘုရားကြီး တြင်းကျေ နဝင်းကျေ သတ္တ ဗီသကျေဖြစ်လေအောင် ဉာဏ်တော်ကို (၁၆၂)တောင်တည်လုပ်ရန်သင့်ကြောင်း' အကြံပေးသည်ကို အများသဘောတူ ဆုံးဖြတ်ကြသည်။ သို့သော် ယခင် ရွှေချယ်ထားခဲ့သော မြေဧရိယာနှင့် မလုံလောက်ရကား ယခုလက်ရှိတည်ရှိ ဆဲ မြေနေရာသစ်သို့ ပြောင်းရွှေ့လိုက် သောကြောင့် မူလအစီအစဉ်အရ ၁၂၉၂ ခုနှစ်တွင် အုတ်မြစ်မချနိုင်တော့ ဘဲ ရွှေနှစ် ၁၂၉၃ သို့ ရွှေ့ဆိုင်းလိုက်ရ လေသည်။

သို့နှင့် ရွှေ့လာမည့်နှစ်တွင် အုတ်မြစ်ချနိုင်ရန်အတွက် အထက်တန်း တောင်ဆွယ်ကုန်းမြင့်နေရာကို ပြင်းလင်း

www.burmeseclassic.com

www.burmeseclassic.com

သုတ်သင်၍ ရပ်ရွာအလိုက် အသင်းအဖွဲ့အလိုက် နေ့နေ့ည‌ည အားသွန်ခွန်စိုက် မြေတူးမြေဖြိုမြေညှိလုပ်ငန်းများကို တုသိုလ်ဒါနလုပ်အားဖြင့် အပြီးအစီး လုပ်ကိုင်ကြလေသည်။ သာသနာနှစ် ၂၄၇၅ ခုနှစ်၊ ခရစ် ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ကောဇာ ၁၂၉၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့ နံနက် နေဝန်းပေါ် ခိုနိတ်တွင် ဦးကွသိန္နရအမှူးပြုသော သံဃာတော်အရှင်မြတ်များနှင့်တကွ ဒကာ၊ ဒကာမအပေါင်း ညီညွတ်ကြလျက် အငြိမ်းစားမြို့အုပ်မင်း ဦးနှင်းလှိုင်က အောင်ခြင်းမင်္ဂလာသြဘာစာရတုကို ဖတ်ကြားပြီး သာသနာရေးဆိုင်ရာလေ့ထုံးစံများနှင့်အညီ အုတ်မြစ်စိမင်္ဂလာအခမ်းအနားကျင်းပပြုလုပ်သည်။ ဘုရားကြီး အုတ်မြစ်ချသော ၁၂၉၃ခုနှစ်သည် ဝိဋ္ဌကတ်တိုက်ကျောင်းဆရာတော် အရှင်ဂ္ဂန္ဓဝံသ၏ သက်တော်အနှစ် (၁၀၀) ပြည့်ဖြစ်သည့်အပြင် နတ်တော်လပြည့်ကျော် ၃ ရက်နေ့သည်လည်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောနေ့ဖြစ်သဖြင့် ဆရာတော်အား ရည်ရွယ်တည်ထားကြောင်း ထင်ရှားပါသည်။ ဆရာတော်ဘုရားကြီး၏ မွေးနှစ်မှာ ကောဇာ ၁၁၉၃ ခုနှစ် ဖြစ်သည်။

❑ ဘုရားကြီးမတည်မီ ပဗ္ဗနိမိတ်

ဝိဋ္ဌကတ်တိုက်ကျောင်းတွင် ဆရာတော် ဦးဂ္ဂန္ဓဝံသ သီတင်းသုံး နေထိုင်တော်မူစဉ် တစ်နေ့သ၌ နေ့လယ်ကျိန်းနေရာမှ ကျောင်းသားသူငယ်တို့ တစ်ဖက်နှင့်တစ်ဖက် အားကျမခံ သီဆို တစားကြသည့် သံချပ်ကို ကြားတော်မူလေသည်။

ထားဝယ် - ဟဲ့ကောန်သား - ဟဲ့ကောန်သား၊ မျက်နှာမာဇများ။
မျစ်နှာမာဟာ သံလွှော့စေ့
ဘားတောန် ခေရင်းကေ့။ ။

မြန်မာ - ဟေ့ကောင်လေး - ဟေ့ကောင်လေး၊ မျက်နှာမာ (ခေါင်းမာ) လှချည့်လား။
မျက်နှာမာ သံကျောက်စိ (စေ့)
စပါးတောင်ခြေရင်းကြည့်။ ။

ယင်းသံချပ်ကို တစ်ရက်မက သုံး၊ လေးရက် သီဆိုကစားကြသည်ကို ကြားတော်မူသဖြင့် ကျောင်းတိုက်ရှိ ရဟန်းဘာမကောတို့ကိုခေါ်၍ -

"ငါ့တပည့်တို့ - မျက်နှာမာသံကျောက်စိ၊ စပါးတောင်ခြေရင်းကြည့်



ဘုရားများစွာနှင့်အမှတ်တရ



ရာဇ ၁၁၉၃ ခုနှစ် ဖြစ်တယ်"
ဟု မိန့်ကြားခဲ့လေသည်။

၁၂၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့ (၁၀) နာရီခွဲအချိန် ဆရာတော်ဘုရားကြီး ဘဝနတ်ထံစံခြန်းတော်မူပြီးနောက် နှစ် (၁၀၀) ပြည့် ၁၂၉၃ ခုတွင် တပည့်ဖြစ်သူ ဦးကွသိန္နရနှင့် ဒါယကာများက လောကသရဖူလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား တည်ထား ပူဇော်ကြပါသည်။

❑ ဝိဋ္ဌကတ်တော်များဌာပနာ

ရုပ်ပွားတော်မြတ်ကြီးအား ရှေးဦးပထမ ညင်းထွေးရွာဇာတိ ပန်းရန်ဆရာ

www.burmeseclassic.com

www.burmeseclassic.com







ကြီး ဦးစောဖေက အုတ်မြစ်ချတည်လုပ်ပြီး အကြောင်းအမျိုးမျိုးကြောင့် စော်ဝရွာဇာတိ ပန်းရန်ဆရာကြီး ဦးဘဝေးမှ ဆုံးခန်းတိုင် ဆက်လက် တည်လုပ်ခဲ့ပါသည်။ ၁၂၉၄ တွင် ပလ္လင်တော်နှင့် ပထမအုံးတော် ပြီးစီးအောင်မြင်သည်။ ယင်းအုံးတော်ကြီးတွင် ဘုရားရုပ်ပွားတော်များ၊ ငွေဗောဓိပင်များ ပထမအကြိမ် ဌာပနာသည်။ ၁၂၉၅ ခုနှစ်တွင် ဒုတိယအုံးတော်ကို ဆက်လက်ပြုလုပ်ခဲ့ရာ ၁၂၉၆ တွင်ပြီးစီး၍ ဆင်းတုတော်၊ ဗောဓိပင်များအပြင် ကြေးပြားဝိနည်းပိဋကတ်တော်များ ဒုတိယအကြိမ် ဌာပနာခဲ့သည်။ တတိယအုံးတော်ကို ၁၂၉၇ ခုနှစ်တွင် ပြီးစီးသဖြင့် သုတ္တန်ပိဋကတ်တော်များ၊ ၁၂၉၈ တွင် အဘိဓမ္မာပိဋကတ်တော်များ ဌာပနာခဲ့ပါသည်။ ပိဋကတ်သုံးပုံပါဠိတော်များကို ကြေးပြားတွင် ရိုက်နှိပ်ကာ ထည့်သွင်း ဌာပနာခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ လျောင်းတော်မူဘုရားကြီးကား ဥဒ္ဒိဿစေတီတော်လည်းဖြစ်၊ ဓမ္မစေတီတော်လည်းထိုက်သည်ဟုဆိုရပါမည်။

၁၂၉၈ ခုနှစ်တွင် ဦးခေါင်းတော်နှင့် မျက်နှာတော်အတွက် သံဆန်ခါခံ၍ အင်္ဂတေသရွတ်ကိုင်ရာ ခြောက်သွေ့လျှင် အကြိမ်ကြိမ်ကွဲအက်သောကြောင့် ကျောက်စေ့(ကျောက်စရစ်ဖြူ)လုံးလေးများကို ညက်စွာထောင်းထုပြီး အင်္ဂတေနှင့် ရောစပ်ပြုလုပ်မှ အောင်မြင်လေတော့သည်။ ဤသို့ ဦးခေါင်းတော်နှင့် မျက်နှာတော်ကို သံချောင်း၊ ကျောက်စရစ်တို့နှင့် သွန်းလောင်းရသောကြောင့် 'မျက်နှာမာ သံကျောက်စိ၊ စပါးတောင်ခြေရင်းကြည့်' အဆိုနှင့် ကိုက်ညီနေပေသည်။

□ မျက်နှာတော်ဖွင့်ခြင်း

၁၂၉၉ ခုနှစ်တွင် ဦးခေါင်းတော်ကို အောင်မြင်စွာ ကွန်ကရစ်လောင်းနိုင်ခဲ့ပါသည်။ ၁၃၀၀ ပြည့်နှစ်တွင် ပန်းရန်ဦးဘဝေးက အောင်မြင်ပြီးစီးနေပြီဖြစ်သော ဦးခေါင်းတော်နှင့် မျက်နှာတော်ဖွင့်ပါသည်။ ထိုနှစ်တွင် မြန်မာ့ရိုးရာထမနဲထိုးရန် အစီအစဉ်ရှိသဖြင့် နတ်တော်လပြည့်ကျော် ၃ ရက်နေ့တွင် ကျင်းပမည့် ဌာပနာပွဲတော်ကို တပို့တွဲလပြည့်နေ့သို့ ရွှေ့လိုက်ရာမှစ၍ နှစ်စဉ် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို တပို့တွဲလပြည့်တွင် ကျင်းပခြင်းအစဉ်အလာ ယနေ့အထိဖြစ်သည်။ ကိုယ်လုံးတော်ကြီးကို ဆက်လက် လုပ်ဆောင်ခဲ့ပြီး ၁၃၀၀ ပြည့်နှစ်တွင် နဖူးသင်းကျစ်တော်ကြီးကို တပ်ဆင် ပူဇော်နိုင်ခဲ့ပါသည်။ ထားဝယ်မြို့ ကည်ရပ်နေ ဒေါ်မကြီးလှူဒါန်းသော (၅) တောင်အရွှေည့်ဥဏ္ဏလုံမွေးရှင်တော်ကိုလည်း တပ်ဆင်ပူဇော်သည်။ ၁၃၀၂ ခုနှစ်တွင် ကိုယ်လုံးတော်ကြီးမှ ခြေဖျားတော်အထိ ပြီးစီးအောင်မြင်၍ သင်္ကန်းတော်နှင့် လက်မောင်းတော်များပါ အပြီးသတ် အချောကိုင်နိုင်ခဲ့ပါသည်။

၁၃၀၃ ခုနှစ်တွင် ဒုတိယကမ္ဘာလုံးမီးကူးစက်လာသဖြင့် ဘုရားကြီးတည်ထားမှုလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြရသည်။ သို့သော် ၁၃၀၄ ခုနှစ် ဂျပန်ခေတ် စစ်ဘေးစစ်ဒဏ်အတွင်း 'ကျဇ်တော်ကေး၊ တင်းလဲခွေး၊ ကွဲကော်ပဉ္စာ၊ အုံတုံဆ' ဟူသော မြန်မာ့ကော်စပ်နည်းဖြင့် ခြေဖဝါးတော်အစုံအား ပြီးပြတ်အောင်ပြုလုပ်ကြသည်။ ထိုသို့ (၁၀) နှစ်ကျော်မျှ ဘုရားကြီးကို စာညဆောက်ခဲ့ရာတွင် ရာထောင်ချီ၍ လှူဒါန်းထည့်ဝင်ကြသူများ နည်းပါးပြီး တစ်ပဲ၊ တစ်မူး အလှူငွေများဖြင့်သာ စုဆောင်းရှိကြီးပမ်းတည်ဆောက်လာခဲ့ကြရခြင်းဖြစ်ကြောင်း သိရှိရသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်၌ ဦးစီးနာယကဆရာတော် ဦးဣန္ဒသိန္ဓရထေရ်သည် သက်တော်ကြီးရင့်လာပြီဖြစ်သောကြောင့် မြေတိုက်ကျောင်း ဦးရေဝတအား ဘုရားကြီး၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးသည်။ ဦးရေဝတသည် ပလ္လင်တော်ကြီးကို အချောကိုင်ခြင်း၊ လျှပ်စစ်မီးတိုင်ပြုပြင်ခြင်းများ ဆက်လက် ဆောင်ရွက်သည်။ ၁၃၁၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် လျောင်းတော်မူဘုရားကြီးအား လက်မွန်မဆွ တည်ထား ပူဇော်လာခဲ့သော ဆရာတော် ဦးဣသိန္ဓရ ပျံလွန်တော်မူခဲ့လေသည်။

၁ သံတန်ဆောင်းကြီးပန္နက်ချ (သံတိုင်ထူပွဲ)

နေ၊ လပမာ ပွင့်ထွန်းတော်မူလာသော လျောင်းတော်မူဘုရားကြီးမှာ ဂန္ဓကုဋိတိုက်တန်ဆောင်းတော်ကြီး မတည်ဆောက်နိုင်သေးသောကြောင့် ၁၂၉၃ မှ ၁၃၂၀ ပြည့်နှစ်အထိ (၂၇) နှစ်တိုင်တိုင် (တြင်းကျေ၊ နဝင်းကျေ၊ သတ္တဗိသကျော်) ထွင်တီးခေါင်ဟင်းလင်းတွင် အုတ်ဂေါကာသံတဓုတင်ကျင့်ဆောင်လျက် သီတင်းသုံးနေရဆဲပင် ဖြစ်သည်။ ဤကဲ့သို့ ဥတုသုံးလီအညီစံကာ အပူ၊ အအေး ဒဏ်ခံစားလျက်နေရသည်ကို မရှုဆိတ်နိုင်သဖြင့် ဦးရေဝတနှင့် ဒါယကာများက တရပ်ပြင်ရပ် ဗိသုကာဆရာကြီးဦးဖိုးစိန်အား သံတန်ဆောင်းကြီးဆောက်လုပ်ရန် တာဝန်ပေးသဖြင့် ၁၃၁၃ ခုနှစ်တွင် ဘုရားကြီး၏မျက်နှာတော် အရှေ့တည့်တည့်တွင် ပထမဦးစွာ သံတိုင်ကြီးကို ပန္နက်ချ စိုက်ထူနိုင်ခဲ့သည်။ သံတိုင်ကြီးတစ်တိုင်တွင် သုံးဆင့်ရှိရာ ပထမအဆင့်နှင့် ဒုတိယအဆင့်ကိုသာ စိုက်ထူနိုင်ပြီး ကျန်သံတိုင်ကြီးများကို မထိုက်ထူလိုက်ရ။ သံတန်ဆောင်းကြီးတည်ဆောက်နေဆဲ ၁၃၁၅ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ဦးရေဝတထေရ် ဘဝနတ်ထံ ပျံလွန်တော်မူပြန်သဖြင့် ပြီးဆုံးအောင်မြင်ခြင်းသို့ မရောက်တော့ပေ။

ဆရာတော် သံဃာတော်များနှင့် ဒါယကာများသည် သံတန်ဆောင်းကြီးကို မဖြစ်မနေ ဆက်လက် တည်ဆောက်ရန် သန္နိဋ္ဌာန်ဖြင့် ဂိုဏ်းပေါင်းစုံမှ သံဃာတော်များ ပါဝင်သော လျောင်းတော်မူဘုရားကြီးသံတန်ဆောင်းဆောက်လုပ်ရေးအဖွဲ့ကို နာယကဆရာတော်ကြီး (၁၅) ပါး၊ အမှုဆောင်ဆရာတော် (၂၉) ပါး၊ အကြံပေးအဖွဲ့ဝင် (၈) ဦး၊ အလုပ်အမှုဆောင်(၁၁)ဦး၊ အမှုဆောင်(၂၇)ဦး တို့ဖြင့် ဖွဲ့စည်းပြီးနောက် အဆောက်အအုံသံထည်ပစ္စည်းများကို နိုင်ငံခြားသို့ မှာယူခဲ့ရာ နောက် (၃) နှစ်အကြာ ၁၃၁၉ ခုနှစ်တွင် ထားဝယ်သို့ရောက်ရှိလာသည်။ ထို့နောက် သံတန်ဆောင်းကြီးဆောက်လုပ်နိုင်ရေးအတွက် နာယကဆရာတော် (၉) ပါးနှင့် ကနိုင်းဒါအုပ်စု၊ ကူးတို့အုပ်စု၊ ကျောက်ရပ်အုပ်စု အပါအဝင် ဘုရားကြီးဝေယျာဝစ္စအဖွဲ့ခွဲဖွဲ့စည်းပြီး ၁၃၁၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်မှ လဆုတ် ၁ ရက်နေ့အထိ (၃) ရက်တိုင် သံတိုင်ထူပွဲခေါ် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။ အလှူးပေ (၃၀၀)၊ အနံပေ (၆၀)၊ အမြင့် (၇၅) ပေရှိ သံတိုင်ကြီး (၁၂) လုံးနှင့် ခေါင်မိုးပါ တန်ဆောင်းကြီးမှာ နောက် (၄)လခန့်အကြာ ကဆုန်လ ၌ ဆုံးခန်းတိုင်တည်ဆောက်ပြီးစီးအောင်မြင်ပါသည်။ (ဝေယျာဝစ္စအဖွဲ့ခွဲနာယကဆရာတော် ၉ ပါးမှာ ပိဋကတ်၊ ဘုရားကြီး၊ သစ်ဖြူတောင်၊ မင်းမြောက်ကုန်း၊ ကူးတို့၊ ကနိုင်းဒါ၊ ရွှေတောင်၊ တောင်ပွား၊ ပုလွေရှောင်ဆရာတော်များ ဖြစ်သည်။)

၂ ဆက်လက် လှူဒါန်းပူဇော်

လျောင်းတော်မူ ဘုရားကြီးကို အဘက်ဘက်မှ စောင့်ရှောက်ဖြူစင်လာကြရာ ၁၃၃၃ ခုနှစ်၌ တိုင်းကုန်သွယ်ရေး ဦးစီးမန်နေဂျာ ဗိုလ်သိန်းညွှန့် ဦးဆောင်၍ ဘုရားကြီး၏ ကျောတော်ဘက် အချောကိုင်ခြင်း၊ အုံးတော်ကြီးများကို မှန်စီခြင်း၊ နဖူးသင်းကျစ်တော်ကြီးကို ထပ်မံ မွမ်းမံ၍ မှန်စီရွှေချခြင်း၊ ဥဏ္ဏာလုံမွေးရှင်တော်ကို ထပ်မံမှန်စီရွှေချခြင်း၊ ရွှေသင်္ကန်းတော်ကပ်လှူခြင်း၊ အာရုံခံတန်ဆောင်းသစ်နှင့် ရောင်တည်ဆောက်ခြင်း၊ အောင်လံတော်စာပုံနှိပ်

လောကလှလှူလျောင်းတော်မူဘုရားကြီး၏ အတိုင်းအထွာ

၁။	ဉာဏ်တော်အမြင့်	-	၆၉	ပေ	
၂။	ဦးခေါင်းတော်လုံးပတ်	-	၉၀	ပေ	
၃။	ရောင်လျှံတော်	-	၁၅	ပေ	
၄။	သင်းကျစ်တော်အလျား	-	၅၂	ပေ	၆ လက်မ
၅။	သင်းကျစ်တော်အနံ	-	၄	ပေ	၆ လက်မ
၆။	ဥဏ္ဏာလုံမွေရှင်တော်	-	၇	ပေ	၆ လက်မ
၇။	မျက်လုံးတော်	-	၆	ပေ	၇ လက်မ
၈။	နှာတံတော်	-	၁၀	ပေ	၆ လက်မ
၉။	နှာပေါက်တော်	-	၄	ပေ	၆ လက်မ
၁၀။	နှုတ်ခမ်းတော်	-	၇	ပေ	၆ လက်မ
၁၁။	နားတော်အလျား	-	၂၈	ပေ	၆ လက်မ
၁၂။	နားတော်ဒြက်	-	၈	ပေ	၃ လက်မ
၁၃။	မျက်နှာတော်	-	၃၃	ပေ	
၁၄။	လည်တိုင်တော်	-	၁၀	ပေ	၆ လက်မ
၁၅။	လက်ဖဝါးတော်	-	၃၃	ပေ	
၁၆။	လက်မတော်	-	၁၃	ပေ	၆ လက်မ
၁၇။	လက်ညိုးတော်	-	၁၅	ပေ	၉ လက်မ
၁၈။	လက်သန်းတော်	-	၁၂	ပေ	၉ လက်မ
၁၉။	ဉာဏ်ဓတ်အလျား	-	၂၄၃	ပေ	
၂၀။	ခြေဖဝါးတော်	-	၃၃	ပေ	
၂၁။	ခြေမတော်	-	၁၃	ပေ	၆ လက်မ
၂၂။	ပလ္လင်တော်	-	၃၀၀	ပေ	

www.burmeseclassic.com

www.burmeseclassic.com

စပါးတောင်မြေ ထွေျာင်းတော်မူဘုရားကြီး တည်နေရာ မြေပုံ(အညွှန်း 2010 (ကောင်းကင်ဓာတ်ပုံမြင်ကွင်း)

ပလ္လင်တော်၌ကမ္ဘည်းကျောက်စာများ

ဘုရားကြီးကျောဘက် ထူသွားလမ်း

တိုက် ဦးအောင်ညွှန့် မိသားစုက ပျက်စီးယိုယွင်းနေသော ခြေဖဝါးတော်အား (၁၀၈) ကွက် စက်လက်ကားတော်ဖြင့် တင့်တယ်သပ်ယပ်အောင် အသစ်ထပ်မံပြုပြင်ခြင်း၊ လျှပ်စစ်မီးပူဇော်ခြင်း၊ ထားဝယ်စေးသူစေးသား၊ မြို့သူမြို့သား တို့က ကျောက်ရုပ်ပွားတော်ကြီးအသွင် ဖူးမြင်ရအောင် မျက်နှာတော်နှင့် ရင်အုပ်တော်ကိုကျောက်သားအရောင်တင်ခြင်း၊ ၁၃၄၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်မှ လဆုတ် ၁ ရက်နေ့အထိ မျက်ရှင်တော်ပူဇော်ပွဲကိုကျင်းပပြီး ဗိုလ်မှူးတင်လှနှင့် အဖွဲ့သားများက သက်တော်ထင်ရှားမြတ်ဘုရားအလား ဖူးတွေ့ရသူတို့ စိတ်ဘဝင်ညွတ်စေရန် ဖန်မျက်ရှင်တော်အစုံကို တပ်ဆင်လျှဒါန်းခြင်းများ ဆက်လက် ကုသိုလ်ပြုကြပါသည်။ အထူးအစီအစဉ်အနေဖြင့် ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့) တွင် ဘုရားကြီး အား မျက်နှာတော်ဖွင့်၍ သံဃာတော် (၅၅) ပါးတို့နှင့် အနေကဇာတင်ကာ လျှဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ သာဓုအနုမောဒနာပြုကြပါသည်။

ဘုရားကြီး အနှစ် (၅၀) ပြည့် ရွှေရတုသဘင်ကျင်းပသော ကောဇာနှစ် ၁၃၄၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ နံနက် (၈) နာရီအချိန်တွင် သက်တော် (၈၈) နှစ်၊ ဝါတော် (၆၈) ဝါ ဂဏဝိမုတ္တိကူးတို့ဂိုဏ်းချုပ်ညောင်ပင်ရှိုင်ဆရာတော် ဦးဝိသုဒ္ဓက လည်းကောင်း၊ ဘုရားကြီး (၇၅) နှစ်ပြည့် စိန်ရတုသဘင် ကျင်းပသော ကောဇာနှစ် ၁၃၆၈ ခုနှစ်၊ တပို့တွဲ လပြည့်နံနက် (၇) နာရီတွင် သက်တော် (၈၃) နှစ်၊ ဝါတော် (၆၄) ဝါဂဏဝိမုတ္တိကူးတို့ဒုတိယဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသက လည်းကောင်း စိုက်ထူသော ကမ္ဘည်းကျောက်စာတို့ကို ပလ္လင်တော်၌ ရေးထိုးထားပါသည်။

ဤသို့လျှင် အံ့ဩဖွယ်ရာအဖြာဖြာနှင့် ပြည့်စုံတော်မူသော ကျက်သရေတော်ဆောင် လောကသရဖူလျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနီး၊ အဝေးမဆို ပါရမီရှင် သူတော်စင် အပေါင်းတို့က သဒ္ဓါစွမ်းအားရှိစေရွေ့ လျှဒါန်းပူဇော် ကြည်ညိုဖူးမြော် ကုသိုလ်ပွားများနိုင်ရန် သာမောဖွယ် မြို့ရွှေဝယ်မှ လှိုက်လှဲပျူငှာ ရင်နှီးစွာ ဖိတ်မန္တကပြုရပေသတည်း။

မောင်စိမ်းထွေး (ထားဝယ်)

ကိုးကား -

- လောကသရဖူ လျောင်းတော်မူ ဘုရားကြီးသမိုင်း (ဦးကျော်စိုး - သာသနာ့ဂေဒသိရိ ပဝရ ဓမ္မာစရိယ)

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မူတက္ကသိုလ်)
စလင်းကန်လယ်ဆရာတော်ဘုရားကြီး

ဂျာနယ်တရ

ကျွန်တော်၏ ဖခင် စာရေးဆရာကြီး ဦးရန်အောင်သည် ငယ်စဉ်အခါ (၁၅) နှစ်သားက ဆင်ပေါင်ဝဲ၊ စကု၊ စလင်း၊ ရွှေစက်တော်အထိ ဘုရားပွဲများတွင် စွေးလှည့်လည်ရောင်းရင်း စလင်းကန်လယ်ဆရာတော်ဘုရားကြီးကို ဖူးမြော်ခဲ့ဖူးသည်။ ကျွန်တော်သည် အဖေနှင့်အတူ မိတ္ထီလာမြို့သို့ ၁၉၉၃ ခုနှစ်တွင်ရောက်သောအခါ စလင်းကန်လယ်ဆရာတော်ဘုရားကြီး၏ဓာတ်တော်ကို မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်တွင် ဖူးမြော်ရလေသည်။

ဒအို - လူအများတို့၊ သင်တို့သည် ဘုရားနှင့် ကိုယ်တိုင်မတွေ့လိုက်ကြ၍ ဘာဝမီးနည်းစရာရှိသလဲ။ ယခုအခါ ဓမ္မကွန်ရာဘုရားတွေ အများကြီးရှိသေးသည်။ ကံရှိပါလျှင်၊ ပါရမီရှိပါလျှင်ရလိမ့်မည်ဟုသာ အေးစက်စက်နေကြလျှင် အများကြီးနစ်နာကြလိမ့်မည်။ စာမတတ်လို့ ဘာမတတ်လို့မလုပ်ကြပါနှင့်။ စာမတတ်ဘဲလည်း ဆရာကောင်းတွေ့လျှင် ရနိုင်ပါသည်။

သို့အတွက် -

အို - လူများတို့၊ ယခုအခါ ကံပါရမီမေးရန်မလိုပါ။ ရှင်ဘုရင့်သားဖြစ်ပြီးသူ အိမ်ရှေ့မင်းသားသည် ရှင်ဘုရင်ဖြစ်ရန် ဗေဒင်မေးဖို့မလို။ မုတ်ဆိတ်ဖူးစွဲသူသည် တခြားသွားပြီးဟူးဖွပ်ရန်မလို။ ရန်သူဝိုင်းရံခြင်းခံရသူသည် ထွက်ပေါက်သိလျက်ကနဲ့ မထွက်သော်ကံပါရမီချွတ်မလို။

အညစ်အကြေးလူးသူသည် ရေညှိရှိလျက်မဆေးသော် ရေ၌အပြစ်ဆို့ခွဲ့ရာမရှိအလို့ငှာတို့ဖြစ်သည်။ အသေနည်းသေးတယ်လို့သာ ဆိုဖို့ကောင်းတော့ပဲ။ ကြောက်ကြ၊ လန့်ကြ၊ ထိတ်ကြ။

အို - လူအများတို့၊ သို့အတွက် ဘုရားအားထုတ်ကြပါကုန်လော့။

ယခုဘဝနှင့်နိဗ္ဗာန်သွားနိုင်ကြောင်း ဤစာရေးသူသည် ရဲရဲကြီး ပါဠိ၊ အဋ္ဌ ဘာသာဋီကာပြုနိုင်သည်။ စာမသိလို့ဘာသိလို့သာဟု ကိုယ့်ကိုယ်ကိုယ်အဖုံးသားထား၍ စိတ်မငယ်ကြပါနှင့်။ ကကြီး ခန္ဓေးမတတ်ဘဲ ဆရာကောင်းတွေ့လျှင် နိဗ္ဗာန်ရကြောင်း ဘုရားရှိစဉ်က အများကြီးဖြစ်၏။ ဓမ္မပဒမှာကြည့်ပါ။

အထက်ဖော်ပြပါ သတိပြုဖွယ်မှတ်သားလိုက်နာဖွယ်၊ ကျင့်ကြံအားထုတ်ဖွယ်စာပိုဒ်များမှာ 'စကျအလင်း၊ သံခိဝ်ကျဉ်းစာအုပ်'မှ ကောက်နုတ်ဖော်ပြချက်များ ဖြစ်ပါသည်။ ထိုကျမ်းကို ပြုစုသူမှာ ရဟန္တာဟုံ ကျော်စောတော်မူသော စလင်းကန်လယ်ဆရာတော်ဘုရားကြီးပင် ဖြစ်ပါပေသည်။ ဆရာတော်ဘုရားကြီးသည် စာရေးသောအခါတွင် 'အညတရဘိက္ခု'ဘွဲ့အမည်နှင့်ရေးလေ့ရှိပါသည်။

ဆရာတော်အလောင်းအလျာကို မကွေးတိုင်းဒေသကြီး ရေစကြို့မြို့နယ် မအူအလယ်ရွာ ခမည်းတော် ဦးစံအုပ်၊ မယ်တော် ဒေါ်ဆယ်တို့မှ ၁၂၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊

www.burmeseclassic.com

www.burmeseclassic.com

(အေဒီ ၀၉၁၁ ခု၊ ဒီဇင်ဘာလ ၅ ရက်) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။ (မှတ်ချက် - လပြည့်ကျော် ၁၀ ရက်မှာ ကြာသပတေးနေ့ဖြစ်ကြောင်း အင်္ဂလိပ်-မြန်မာနှစ်တစ်ရာပြက္ခဒိန်ပညာအလင်းပြစာအုပ်တိုက် စာ - ၂၂၈ ကို ကြည့်နိုင်သည်။) စတုတ္ထမြောက်သားရတနာဖြစ်၍ ငယ်အမည်မှာ မောင်စိန်ကဲ ဖြစ်ပါသည်။

ဆရာတော်၏ မွေးရာဇာတိ မအူရွာသည် တစ်ရွာတည်းတည်ရှိခြင်း မဟုတ်ဘဲ လေးရွာတည်ရှိပါသည်။ ၎င်းတို့မှာ မအူမြောက်ရွာ၊ မအူအလယ်ရွာ၊ မအူတောင်ရွာနှင့် စေ့းရွာခေါ် သော မအူအရှေ့ရွာတို့ ဖြစ်ကြသည်။

ထိုမအူလေးရွာမှာ ရေစကြိုမြို့အရှေ့မြောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေးတွင်တည်ရှိပြီး ရေစကြိုမြို့နှင့် ရှစ်မိုင်မျှကွာဝေးသည်။ စာဆိုတော် ကျည်းကန်ရှင်ကြီးသည် မအူလေးရွာ၏အနောက်ဘက်၌တည်ရှိသောကျည်းကန်ရွာဇာတိဖြစ်ပြီး ရွာအမည်အစွဲပြု၍ ကျည်းကန်ရှင်ကြီးဟု ခေါ်တွင်ကျော်ကြားခြင်း ဖြစ်ပါသည်။ ကျည်းကန်ရှင်ကြီးသည် ဆရာတော်၏ဦးလေးတော်စပ်ပါသည်။

ဆရာတော်၏ မွေးရပ်ဌာနေကို မအူရွာဟုအဘယ်ကြောင့်ခေါ်ရသနည်းဆိုသော် ကုန်းဘောင်ခေတ်၌ စဉ်ကူးမင်း၏ မိဖုရား မအူမှာ ထိုဇာတိဖြစ်သည်။ ထို့ကြောင့် ထိုရွာကလေးကို မအူကိုအစွဲပြု မအူရွာဟု အမည်တွင်လာပြီး ကာလကြာညောင်းသော် မအူရွာဟု ယခုတိုင်ခေါ်ဝေါ်လာကြလေသည်။

ဆရာတော်လောင်းလျာပဋိသန္ဓေရှိစဉ်ကပင် မယ်တော်ကြီးသည် ရွှေစက်တော်ဘုရားသို့သွားလိုသောဆန္ဒပြင်းပြစွာဖြစ်ပေါ်ခြင်း၊ ဘုရားပုထိုးစေတီများကို လှည့်လည်ဖူးမြော်သည်ဟု အိပ်မက်မြင်မက်ခြင်း စသည့် အတိတ်နိမိတ်ထူးများဖြင့် ဖွားမြင်လာသူ ဖြစ်သည်။

ထူးခြားပုံမှာ ငယ်စဉ်က အကျီဝတ်ဆင်ပေးလိုက်တိုင်း ချွတ်ပစ်လေ့ရှိသည်။ တဘက်စောင်ကို ဘုန်းကြီးသင်္ကန်းဝတ်ဆင်သကဲ့သို့ဝတ်လေ့ရှိပြီး ပွဲလမ်းသဘင်များသို့လည်း ခေါ်၍မရပေ။ ဇွတ်အတင်းခေါ်သွားပြန်လျှင်လည်း ပွဲခင်းထဲရောက်လျှင်ငိုနေတော့သည်။

မောင်စိန်ကဲ အသက် (၅) နှစ်အရွယ်တွင် လူငယ်အဖော်တစ်စုတို့နှင့် အင်းစပိ၌ အဝတ်အစားများချွတ်ကာ စုပုံခဲ့ပြီး ရေချိုးကြရာ စုပုံထားသော အဝတ်အစားများထဲမှ ဆရာတော်လောင်းလျာ မောင်စိန်ကဲ၏ အင်္ကျီနှင့် လုံချည်ကိုသာ ရွေးချယ်လျက် မြင်းတစ်ကောင်ဖာပြေးလာပြီး ဝါးစားပစ်လိုက်သည်။

ငါးနှစ်သားအရွယ်တွင် ဖခင်၏ ညီဖြစ်သူ ရွာဦးကျောင်းဆရာတော် ဦးသောမထံတွင် ရှင်သာမဏေပြုသည်။ ဘွဲ့မည်တော်မှာ ရှင်ဝဇီရာဝုဓ ဖြစ်ပါသည်။

ဆရာတော် အလောင်းအလျာ အသက်(၇)နှစ်တွင် အထက်သွားအစွယ်နှစ်ချောင်းမှာ ထူးဆန်းအဲ့ဩဖွယ်ရာ နေ့ချင်းညချင်းပင် ရှည်ထွက်လာပြီး အောက်နှုတ်ခမ်းကိုပင် ကျော်လွန်သွားသဖြင့် စာရွတ်ရာတွင် လည်းကောင်း၊ စကားပြောရာတွင် လည်းကောင်း၊ အစာစားရာတွင် လည်းကောင်း အခက်အခဲတွေ့နေရသဖြင့် လူကြီးမိဘကို အသိမပေးဘဲ ရွာထဲရှိ ပန်းထိမ်ဖို့မှ ရွှေဖြတ်လွှနှင့်ဖြတ်မရဘဲ တူဖြင့်ဆက်ရိုက်လိုက်မှကျိုးသွားလေသည်။

သက်တော် (၁၈) နှစ်ပြည့်သော အခါ စာပြန်ပွဲဝင်ရန် စာပေများကျက်မှတ်နေစဉ်တွင် အထက်သွားအစွယ်နှစ်ချောင်းမှာ အသက် (၇) နှစ်ခန့်က အရှည်ထွက်လာသကဲ့သို့ ဒုတိယအကြိမ် နေ့ချင်းညချင်း ရှည်ထွက်လာပြန်သည်။ ထို့ပြင် အံသွားနှစ်ချောင်းလုံးမှာလည်း ကျောက်ခဲကဲ့သို့ ကျောက်ပန်းသဖွယ် အံပွားတွေ့ပွားလာပြန်သဖြင့် စာကျက်၍မရသည့်အပြင် ဆွမ်းစားဖို့ပင် ခက်ခဲလာ၍ ငယ်စဉ်ကကဲ့သို့ပင် ဖြတ်တောက်ပစ်ရပြန်လေသည်။

ရှင်သာမဏေဖြစ်ပြီး ငါးဝါအရွတ်ိင် ထူးဆန်းသောအိပ်မက်ကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် ဆရာတော်လောင်းလျာ ကိုရင်လေးသည် သမုဒ္ဒရာကမ်းစပ်သို့ ရောဆင်းချိုးပြီး ဝမ်းလျားမှောက်ရာ ကျောက်ဖျာတစ်ချပ်သည် ကိုရင်လေး၏ရင်ဘတ်အောက်သို့ရောက်ရှိလာသည်။ ထို့နောက် ငယ်းကျောက်ဖျာသည် အရှိန်နှင့်ပြင်းစွာဖြင့် အိုးခြမ်းပဲ့ကို ရေပေါ်ရွပ်ပြီးပစ်လိုက်သကဲ့သို့ ကိုရင်လေးအား သည်မှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ သယ်ဆောင်သွားသည်။ ထိုဘက်ကမ်းရောက်လေသော် ဘုန်းပြာသာဒ်ကြီးနှင့်တကွ ကိုယ်ရောင်ကိုယ် ဝါတောက်ပစွာသော ပုဂ္ဂိုလ်ကြီးလေးဦးတို့က ကိုရင်ကလေးကို တွဲခေါ်မတင် လိုက်သည်ဟု မြင်မက်လေသည်။

ဆရာတော်အလောင်းလျာအား ဦးလေးဖြစ်သူ ဘုန်းကြီးဦးသောမက (၁၆) နှစ်အရွယ်တွင် မော်လမြိုင်မြို့ တောင်ပိုင်းကလေး ပဓာန်ကာရုံရွှေကျင်းတိုက်သို့ ပို့လွှတ်၍ ပညာသင်ကြားစေသည်။ (၁၈) နှစ်သားတွင် ထိုကျောင်းတိုက်က ကျင်းပသော ဝိနည်းစာပြန်ပွဲ၌ အဆင့် (၁) ဖြင့် အောင်မြင်ခဲ့သည်။

ဆရာတော်သည် မျိုးချစ်စိတ်ထက်သန်သူဖြစ်၍ အမျိုးဘာသာသာသနာကြီးပွားလိုစိတ်၊ ကမ္ဘာလှည့်၍ သာသနာပြုလိုစိတ်ရှိ၏။ မော်လမြိုင်မြို့၌ အင်္ဂလိပ်စာသင်ယူတတ်မြောက်ခဲ့ပြီးနောက် အေဒီ ၁၉၁၉ (၁၂၈၁ ခုနှစ်) တွင် မန္တလေးမြို့၌ ကျင်းပသော နမဝအကြိမ်မြောက် အမျိုးသားကွန်ဖရင့်သို့ ကိုယ်တိုင်တက်ရောက်ခဲ့လေသည်။

အေဒီ ၁၉၂၂ ခု (၁၂၈၃ ခုနှစ်) (၁၉) နှစ်ပြည့်ပြီး သုံးလအလွန်တွင် မိဘနှစ်ပါးတို့တာ ပဉ္စင်းဒါယကာအဖြစ်ခံယူပြီး ဦးလေးတော် ဦးသောမက ဥပဇ္ဈာယ်ပြု လျက် မအူရွာ ခရဏသိမ်တော်ကြီးတွင် ပထမကမ္မဝါဆရာတော်(အလုံသာသနာပိုင်ဆရာတော်) ဒုတိယကမ္မဝါဆရာတော် (ဝိသုဒ္ဓါရုံဆရာတော်)၊ တတိယကမ္မဝါဆရာတော် (အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ မဒရပ်ဆရာတော်) တို့က သာကီန္တယ်ဇာတ်ဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။ ဘွဲ့တော်မှာ အရှင်ဝဇီရာဓဝပင် ဖြစ်ပါသည်။

ဆရာတော်သည် ၁၂၈၃ ခုနှစ် ကုန်ခါနီးတွင် မန္တလေးမြို့အနောက်ပြင် ဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ အရှင်မြတ်နှင့် ကျောင်းနေဖက်များမှာ ပြည်မြို့ ဗာရာဏသီဆရာတော်၊ ဓမ္မကထိက အနီးစခန်းဆရာတော်နှင့် သရက်မြို့ ဇလိတောင်ဆရာတော်တို့ဖြစ်ကြသည်။ ဦးလေးဘုန်းကြီးဥန်ကြားသော် ဘဂီလီနာဂလီမှ ထုတ်နုတ်ထားသော ဓာတ္တတ္ထသင်္ဂြိဟ်ကျမ်းမှ ဂါထာပေါင်း (၃၀၀) ကျော်ကို နှုတ်တတ်မှတ်ရသည်။

ဆရာတော်သည် အသက် (၂၀) ကျော်အရွယ်ကပင် ကျောင်းနေဖက် သူငယ်ချင်းများနှင့်အတူ တောထွက်ရန် တိုင်ပင်ခဲ့ဖူးသည်။ ရဟန်းလေးဝါအရာတွင် ဦးလေးဘုန်းကြီး နေမကောင်းသဖြင့် မအူရွာသို့ ပြန်ကြွလာခဲ့ရသည်။ ရွာသို့ရောက်ရှိပြီး ဆရာတော်ဦးသောမ

www.burmeseclassic.com

www.burmeseclassic.com

စာ ကျောင်းတိုက်နှင့်အတူ ဂရုဘဏ်၊ လယ်ဘဏ်ပစ္စည်းများကို လွှဲအပ်တော်မူရာ လက်မခံခဲ့ပေ။ မကြာမီတွင် ဦးလေးဖြစ်သူ ဘုန်းကြီးဦးသောမလည်း ပျံလွန်တော်မူသည်။

ဆရာတော်ဦးသောမပျံလွန်တော်မူပြီးနောက် ခြောက်ရက်မြောက်ညတွင် ငယ်ဆရာတော်၏အလောင်းမှ သင်္ကန်းကို ခွာယူကာ တောထွက်ရန် ပြင်တော့သည်။ သင်္ကန်းကိုခွာယူပြီးနောက် လျှော်ဖွပ်ရန် ရည်ရွယ်နေခိုန်တွင် အခါမဲ့မိုးကြီးရွာသဖြင့် အရန်သင့်လျှော်ဖွပ်ပြီး ထိုညဝင် သပြေပင်မောင်နှမဂူသို့ တောထွက်တော်မူခဲ့သည်။ သပြေပင်မောင်နှမဂူကား စည်ကြီးဆွဲအရပ်၌ တည်ရှိသည်။ စည်ကြီးဆွဲအရပ်သည် မအူရွာနှင့် ဝင်းရွာအကြား၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိသည့် အုံမှိုင်းညို့ဆိုင်းနေသော တောင်တန်းများနှင့် ကုန်းမြင့်များဝင် ဖြစ်သည်။

သပြေပင်မောင်နှမကား အလွန်ကြီးမ်းသည်။ သစ်ပင်ဂါးပင်တို့နှင်မိလျှင် သော်လည်းကောင်း၊ မသင့်တော်သည်ကိုပြုမိလျှင်သော် လည်းကောင်း အိမ်ပြန်ရောက်လျှင် သေကျေဖျားနာတတ်ကြသည်။ ဂူအောက်၌ လှေလောက်နီးနီး ငါးကြီးများရှိကာ လူသူအရောက်အပေါက်နည်းလှသည်။

အရှင်ဝဇိရာဂုဓသည် မေတ္တာဘာဝနာပွားများကာ သပြေပင်မောင်နှမဂူသို့ ဝင်လေလျှင် ဂူအတွင်း၌ ထစ်ဦးဦးစာ သန့်ရှင်းထားသကဲ့သို့ ဂူတစ်ခုလုံး သန့်ရှင်းစင်ကြယ်နေသည်ကို တွေ့ရသည့်အပြင် မြေပြင်ပေါ်၌ ထက်ဝက်မျှပေါ်နေပြီး စိုက်ထားသကဲ့သို့ရှိနေသော ခဲတိုးသွားကို ထိုဂူအတွင်း၌ တွေ့ရပြန်သည်။

ထိုအခါ ဆရာတော်သည် ငါဘွဲ့တော်ကလည်း ဝဇိရာဂုဓ၊ ယခုတွေ့ရပြန်တော့လည်း မိုးကြိုးသွား။ ငါသည် ဤဂူ၌ပင် တရားထူးရအံ့ဟု အထူးအားထား ရွှင်လန်း ဝမ်းမြောက်တော်မူလေသည်။

ထို့ပြင် ဂူဝရှိ မိကျောင်းပင်တစ်ပင်၌ ပေစာတစ်ထုပ်ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ယင်းပေစာထုပ်ကို ယူ၍ ဖတ်ကြည့်ရာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဝိသေသနာခန်းကို ရေးထားသည့်ပေစာ ဖြစ်နေသည်ကို တွေ့ရသည်။ သို့နှင့် အရှင်ဝဇိရာဂုဓသည် အထူးအံ့သြလျက် ရှိနေစဉ်၌ ငါသည် မင်္ဂတရား၊ ဖိုလ်တရား ဧကန်ရတော့မည်ဟု စိတ်အားထက်သန်ကာ အသက်ပင်သေသေ တရားရအောင် အားထုတ်အံ့ဟု ယတိပြတ် ဆုံးဖြတ်တော်မူသည်။ နောင်တွင် သပြေပင်မောင်နှမဂူကို သောတာပန်ဂူဟု ဆရာတော်က ကမ္မည်းထိုးတော်မူခဲ့သည်။

သပြေပင်မောင်နှမဂူတွင် ဓူတင် (၁၀) ပါး ဆောက်တည်လျက် တရားအားထုတ်တော်မူရာ၌ ညအခါတွင် နာနာဘာဝမောင်နှမနှစ်ယောက် တရားနာလာကြသည်။ ညီမဖြစ်သူက ရှိသေစွာ ကျိုက်ကျိုထိုင်ပြီး တရားနာယူသော်လည်း အစ်ကိုဖြစ်သူကမူ တင်ပျဉ်ခွေထိုင်ပြီး တရားနာယူတတ်သည်။ ဆရာတော်သည် သူတို့မောင်နှမအား မေတ္တာထား၍ ကြီးမားသော ကရုဏာဖြင့် ဟော်ပြောဆုံးမလေ့ရှိသည်။ ဆရာတော် တရားအားထုတ်တော်မူစဉ် ရံဖန်ရံခါ အနှောင့်အယှက်များ ကြုံတွေ့ရတတ်သည်။ တစ်ခါတစ်ရံ ထူးဆန်းသော အဖြစ်အပျက်များနှင့်လည်း ကြုံတွေ့ရတတ်သည်။

ဆရာတော်သည် မလျှော့သော လုံ့လတို့ဖြင့် တရားအားထုတ်နေစဉ် ဝါတွင်းတစ်ရက်၌ မိုးကြိုးအဆက်မပြတ် ရွာသွန်းတော့သည်။ ထို့ကြောင့် ချောင်းအနီးတစ်ဝိုက်မှ ရေများကျဆင်းနေသဖြင့် ဆွမ်းခံမကြွနိုင်ဖြစ်ခဲ့ရသည်။ ဆရာတော်သည် ထိုနေ့တွင် ဆွမ်းခံမကြွတော့ဘဲ ဂူထဲ၌ပင်နေတော်မူကာ လာရောက် လှူဒါန်းသူရှိလျှင် ဘုဉ်းပေးမည်။ လှူဒါန်းသူမရှိလျှင်လည်း အစာငတ်ခံတော့မည်ဟု အဓိဋ္ဌာန်ပြုခဲ့လေသည်။ ယင်းသို့ရှိနေခိုက် ဂူတံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးလိုက်ရာ မအူအရှေ့ရွာမှ ဦးစံဗျော ဆွမ်းလာပို့သည်ကို တွေ့ရလေ၏။ ချောင်းအတန်တန်ကို မည်ကဲ့သို့ဖြတ်လာသနည်းဟု မေးရာ ချောင်းဖျားကကူးလာကြောင်း လျှောက်ထားပြီး ပြန်သွားလေသည်။

ဦးစံဗျောပြန်သွားပြီးနောက် ဆရာတော်စဉ်းစားမိသည်မှာ ရေစီးကြောင်းများသည့် ခုနစ်မိုင်၊ ရှစ်မိုင်ဝေးသော အရပ်မှ ချောင်းဖျားခံ၍ စီးဆင်းကြရာ အခါခ်မီဆွမ်းရောက်လာခြင်းကို အံ့အားသင့်မိတော့သည်။ ဦးစံဗျောအစစ်မှ ဟုတ်ပါလေစ။ သူတော်ကောင်းတို့နှင့် ပတ်သက်သောကိစ္စရပ်များကား အသိခက်ခဲနက်နဲလှတော့သည်။

သပြေပင်မောင်နှမဂူ၌ ဝါဆိုတော်မူစဉ် ဝမ်းရောဂါဖြင့် ကွယ်လွန်သွားသော ဖခင်ကြီး၏အသုဘသို့ပင်မသွားဖြစ်တော့။ နောင်တွင် မယ်တော်ကြီး လိုက်လာပြီး မအူရွာမြောက်ဘက်ပေါ်တော်မူကုန်းတွင် ရိပ်သာကျောင်းဆောက်လုပ် လှူဒါန်းသည်။ ထိုနေရာတွင်လည်း တစ်စထက်တစ်စ လူစည်ကားလာသည်နှင့် သတိသံဝေဂတရားရကာ ညအချိန်၌ ပရိက္ခရာရှစ်ပါးဖြင့် မြင်းခြံခရိုင် နွားထိုးကြီးမြို့အနီး တလုပ်မြို့သုသာန်သို့ ကြွရောက်တော်မူသည်။ ဆရာတော်သည် ထိုနှစ်က စကြိုတော်၌ ဝါကပ်တော်မူသည်။

နောင်တွင် ရှင်မတောင်၌ တရားအားထုတ်စဉ် ဓိခင်ကြီးလိုက်လာပြီး ကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းသည်။ တစ်ညသ၌ မီးစက်များပျက်သွားသဖြင့် ဆရာတော်ကိုယ်တိုင် ကြိုးကြပ်၍ ပြင်ဆင်နေသည်။ ထိုစဉ် ချောက်ကမ်းပါးတစ်နေရာမှ ကလေးငယ်၏အသံဖြင့် -

"အရှင်ဘုရား၊ မြစ်ကြီးကူးလာပြီး ချောင်းရောက်မှ အနစ်နာခံတော့မှာလားဘုရား"

ဟု ကြားသိလိုက်ရသည်။

ဤတွင် ကြက်သီးဖြန်းဖြန်းထကာ ငါ့အား နတ်ကောင်းနတ်မြတ်တွေ သတိပေးတာပဲဖြစ်ရမည်ဟု သတိသံဝေဂဖြစ်ကာ ညတွင်းချင်းပင် ရှင်မတောင်မှထွက်လာခဲ့တော့သည်။

ထို့နောက် ဆရာတော်သည် ပခုက္ကူ မြို့မြို့နယ်ဝန်းကျင် တောကြီးတောင်ကြီးထဲ၌ တရားအားထုတ်ခဲ့သည်။ ထိုမှဆက်လက်၍ လောင်းရွာကို ဖြတ်ကာ စေတုတ္တရာ၊ နွားမတောင်၊ ပဒါးန်းရွှေစက်တော်အထိ ခြေကျင်ခရီး ကြွတော်မူပါသည်။ ထိုမှတစ်ဖန် စလင်းမြို့ အောင်နိုင်ကုန်းဇရပ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ ညပိုင်းတွင် ရွာနီးချုပ်စပ်ရှိ သုသာန်များသို့ ကြွရောက်၍ ခုတင်ဆောက်တည်တော်မူသည်။

ဆရာတော် တောတောင်တစ်ခို လှည့်လည် တရားအားထုတ်စဉ်အခါက ထူးဆန်းသော အဖြစ်အပျက်များနှင့်ကြုံတွေ့ခဲ့ရသည်။ ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ရှင်မတောင်မှ ဖိုးဝင်းတောင်သို့ လှည်း(၁၄)စီးတို့ဖြင့် ဘုရားဖူးကြွစဉ်က ဖြစ်သည်။ ဆရာတော်နှင့်တပည့်များ ဖိုးဝင်းတောင်တွင်နေကြစဉ် ညအခါ ကြောက်စရာကောင်းသော ကျားဟိန်းသံကိုကြားကြရသည်။ ပရိသတ်များမှာ သူမှားသကား၊

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်မှားသလားဟု တွေးတောကာ ကြောက်လန့်နေကြသည်။

ထိုကျားမှာ တကယ့်ကျားသတ္တဝါ မဟုတ်ပါ။ တပည့်တပန်းပြည့်စုံ၍ နာမည်ကြီးသော ဆရာတော်အား မားပြတိုက်ခိုက်ရန်လာသော လူဆိုးတို့ကို ဟိန်းဟောက် မောင်းထုတ်သော သာသနာစောင့်နတ်မင်းပင် ဖြစ်ပေလိမ့်မည်။ မားပြများကား ထွက်ပြေးကြလေတော့သည်။ သို့ဖြင့် နောက်တစ်နေ့တွင် ဖိုးဝင်းတောင် မုဝါးခုန်ရွာသို့ပြန်လာကြရာ ညအချိန်ဖြစ်၍ မည်မှောင်နေသဖြင့် ဟိုဟိုဒီဒီမမြင်ရအောင်ရှိသည်။

ထိုစဉ် လင်းဝက်ငှက်တစ်ကောင်သည် ဆရာတော်၏ရင်ဘတ်သို့ တိုးဝှေ့ဝင်လာသည်။ ဆရာတော်သည် ထိုငှက်ကလေးကို အသာအယာယူထားလိုက်ပြီး အကြောင်းထူးရှိရမည်ဟု ရှေ့သို့ ဓာတ်မီးဖြင့်ထိုးကြည့်ရာ ရှေ့ဝါးနှစ်ပြန်လောက်တွင် နက်စောက်သော ချောက်ကြီးတစ်ခုကို တွေ့မြင်ရသည်။ လှည်းအားလုံး လမ်းမှားနေကြပေပြီ။ ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာအားကြီးမားလှပါဘိ။ သာသနာစောင့်နတ်က ဖန်ဆင်းသောငှက်ပင် ဖြစ်ပေတော့သည်။

ဆရာတော်သည် ပဉ္စင်းငယ်ဘဝကတည်းက စလင်းမြို့မှ ကြိုဆိုခြင်းခံခဲ့ရဖူးသည်။ ၁၂၈၁ ခုက ဖြစ်ပါသည်။ စလင်းမြို့တောင်ဘက် ဖူးခေါင်ကျောင်းတွင် သီတင်းသုံးနေတော်မူသော ဆရာတော် ဦးနန္ဒဝံသာရမှာ အကျင့်၊ သီလ၊ သမာဓိနှင့် ပြည့်စုံတော်မူသော ဆရာတော်တစ်ပါး ဖြစ်သည်။ တစ်ညဉ့် ထိုဆရာတော် အိပ်မက်မြင်မက်သည်မှာ တောင်အရပ်နှင့် ဆင်ဖြူတော်တစ်စီး စလင်းမြို့သို့ သာသနာပြုရန် ဝင်ရောက်လာသည်ဟု မြင်မက်တော်မူပါသည်။ ဆရာတော်ကြီးသည် ပရိယတ်ကျမ်းဂန်နှံ့စပ်ပြီး ပဋိပတ်အကျင့်မြတ်ကိုလည်း အားထုတ်တော်မူသည့်အားလျော်စွာ မိမိမြင်မက်သောအိပ်မက်ကို့ဆင်ခြင်စဉ်းစားကာ နိမိတ်ဖတ်တော်မူသည်။ ဆင်ဖြူတော်သည် တကယ့်ဆင်သတ္တဝါမဟုတ်။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ရမည် ဟူ၏။

ထို့နောက် ဆရာတော်ကြီးသည် တပည့်များဖြစ်ကြသော ဒေါ်ငွေစိန်နှင့် ဖိုးရွှေခိုင်တို့ကိုခေါ်၍ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် အောင်နိုင်ကုန်း ဘုရားအရှေ့ဘက်စောင်းမှ ပုဂ္ဂိုလ်ထူးတစ်ပါးကြွလာလိမ့်မည်။ နင်တို့သွားရောက် ကြိုဆိုကြရမည်ဟု တိကျစွာ မိန့်ကြားတော်မူသည်။ ဒေါ်ငွေစိန်နှင့် ဖိုးရွှေခိုင်တို့လည်း ဆရာ တော်၏အမိန့်အတိုင်း သွားရောက် စောင့်ကြိုနေကြ၏။ နေဝင်ရီတရောအချိန်၌ အောင်နိုင်ကုန်းအရှေ့ဘက်စောင်းတန်းမှတက်လာသောဆရာတော် (ထိုစဉ်က ဦးပဉ္စင်းငယ်) ကို ဖူးတွေ့ကြရသည်။ ဆရာတော်သည် စလင်းမြို့နှင့် ယူဇနာတစ်သောင်းကျော်ဝေးသော လယ်ကိုင်း ကျောင်းတော်ရာမှ ခြေကျင်ကြွလာတော်မူခြင်းဖြစ်သည်။

ဆရာတော် စလင်း အောင်နိုင်ကုန်းတွင် သီတင်းသုံးတော်မူစဉ်က လည်း အုံဩထိတ်လန့်ဖွယ် ဖြစ်ရပ်ဆန်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရပုံကို ဖော်ပြလိုပါသေးသည်။ ထိုစဉ်က ဆရာတော်မှာ သုသာန်ခုတင်ကို တည်ဆောက်နေခြင်းဖြစ်သည်။ တစ်နေ့သောအခါ စလင်းမြို့က မစိန်မေ အမည်ရှိ အပျိုကြီးတစ်ယောက် သေဆုံးသွားရာ ထိုမိန်းကလေး အလောင်းကိုချသည့်အခါ အလွယ်တကူဖော်နိုင်ရန်အတွက် စီစဉ်ပေးရန် သုဘရာဇာကြီးကို မှာထားခဲ့သည်။

အလောင်းဖော်၍ကြည့်ရှုချင်သည့် ရည်ရွယ်ချက်မှာ ဘုရားရှင်က လူခန္ဓာကိုယ်မှာ လက်ရိုး (၆၄)၊ ခြေရိုး (၆၄) စသည်ဖြင့် သူ့အပိုင်းနှင့်သူဟောထားရာ ဘုရားရှင်၏ဉာဏ်တော်ကြီးကို ကြည်ညိုသဒ္ဓါကြည်ညိုသည်ကတစ်ကြောင်း၊ လက်တွေ့ရှုကြည့်သောအခါ သုံးဆယ့်နှစ်ကောဋ္ဌာသတစ်ခုစီခွဲသွားကာ တရားအရမြန်စေရန် တစ်ကြောင်းတို့ကြောင့် ဖြစ်သည်။

ညအချိန်ရောက်၍ သုသာန်သို့ကြွသွားလေရာ ခွေးနက်ကြီးတစ်ကောင် ပတတ်ရပ်ပြီး ဆီးကာသကဲ့သို့ ရှေ့မှကာဆီးနေသဖြင့် ဆက်မကြွတော့ဘဲ ပြန်လာခဲ့သည်။ နောက်တစ်နေ့တွင်လည်း ကြက်လျှာဆူးကြီးစူးသဖြင့်ပြန်ခဲ့ရပြန်သည်။ စတုတ္ထနေ့တွင်မူ အနှောင့်အယှက်မရှိဘဲ ကြွသွားနိုင်သည်။ သုသာန်သို့ရောက်သောအခါ ရဟန်းတစ်ပါးနှင့် လူငါးယောက်တို့ကို ထူးဆန်းစွာ တွေ့မြင်ရသည်။

ထိုလူတစ်စုသည် ဆရာတော်အား ဖူးတွေ့ရသည်နှင့် -

"တပည့်တော်တို့၊ အရှင်ဘုရား အပေါ် ပြစ်မှားမိသည်တို့ကို သည်းခံခွင့်လွှတ်တော်မူပါဘုရား"

ဟု လျှောက်ထားကြသည်။

ဤတွင် ဆရာတော်က -

"ဦးပဉ္စင်းတို့၊ ဒကာတို့ - ခင်ဗျားတို့ကို ကျုပ် အခုမှပဲ တွေ့ဖူးပါတယ်။ ကျုပ်အပေါ် ခင်ဗျားတို့ ဘာအပြစ်မှ မရှိပါဘူး။ ကျုပ်ကသတ္တဝါဝေနေယျတွေ့အပေါ် မေတ္တာပို့ထားသူ ဖြစ်ပါတယ်။ တောင်းပန်စရာမလိုပါဘူး"

ဟူ၍ မိန့်တော်မူလေသည်။

ဒကာတစ်ဦးက -

"အရှင်ဘုရား ဦးဖိုးထယ် (သုဘရာဇာ) ကို အဖော်ခိုင်းတဲ့ အလောင်းဟာ တပည့်တော်များရဲ့နှမ မစိန်မေရဲ့ အလောင်း ဖြစ်ပါတယ်။ ဒီအလောင်းကို ဖော်ပြီး လောကီအတတ်ပညာနဲ့ ဆေးစီရင်ဖို့ဖြစ်တယ်လို့ တပည့်တော်တို့ယူဆပြီး အရှင်ဘုရားလာရင် သတ်ပြီးမြေမြှုပ်မယ်လို့ဆိုပြီး တပည့်တော်တို့ သုံးညဆက်တိုက် စောင့်နေကြပါတယ်။ အဲဒီသုံးညစလုံးမှာ တပည့်တော်တို့ဟာ မနေနိုင်မထိုင်နိုင်ယူးယဲတဲ့ဝေဒနာကို ခံစားရတဲ့အတွက် တိုပြစ်မှားကြံစည်မိတဲ့ ပုဂ္ဂိုလ်ဟာ သူတော်ကောင်းဖြစ်မလားလို့ သံဃယဖြစ်လာပြီး စတုတ္ထမြောက်ကြွလာတဲ့ပုဂ္ဂိုလ်ဟာ သူတော်ကောင်းဖြစ်ရမယ်လို့ ယုံကြည်စွာ စောင့်ဆိုင်းနေတဲ့အခါ ယခု အရှင်ဘုရားကြွလာတာနဲ့ ကြုံကြိုက်နေခြင်းကြောင့် ယခုလို ဝန်ချတောင်းပန်ရခြင်းဖြစ်ပါတယ် ဘုရား"

ဟူ၍ လျှောက်ထားလေမှ အကြောင်းစုံ သိရှိရလေသည်။

ဆရာတော်သည် စလင်းမြို့၏ တောင်ဘက် သုံးမိုင်အကွာရှိ တောတောင်ကြီး၌ ဝါဆိုဝါကပ်ပြုတော်မူစဉ် အညာတြိဘိက္ခုအမည်ဖြင့် စက္ခုအလင်းသံခ်ပ်ကျဉ်းကို ရေးသား ပြုစုတော်မူခဲ့သည်။ ထိုနှစ်မှာပင် ပွင့်ဖြူမြို့မှ စက်ပိုင်ရှင် ဒေါ်လွမ်း၏ ပဋ်လျှော်ကျက်အရ ဝါဆိုတော်မူသည်။

၁၂၉၈ ခုနှစ်တွင် မြတ်စွာဘုရား ပွင့်တော်မူရာ မရွံမဒေသရှိ သံဝေဇနိယ လေးဌာနသို့ကြွရောက်ဖူးမြော်ခဲ့ပါသည်။ ဗာရာဏသီတွင် ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ ဗာရာဏသီဆရာတော် (နောင် ပြည်မြို့ အဘိဓဇ ဗာရာဏသီဆရာတော်) နှင့် တွေ့ဆုံခဲ့ပါသည်။ သီဟိုဠ်ကျွန်းသို့ တစ်ဖန် ပြန်ကြွသွားကာ အနုရာဓပြို့မှ မဟာစေတီတော်ကြီးကို သွားရောက် ဖူးမြော်ခဲ့သည်။ အိန္ဒိယမှ အပြန်တွင် ဗုဒ္ဓဂယာမဟာဗောဓိပြိုးစေ့နှင့် အရှင်အာနန္ဒာဗောဓိပြိုးစေ့တို့ကို

www.burmeseclassic.com

www.burmeseclassic.com

ဇင်ရော်ရေယာဉ်ဖြင့် ပင့်ဆောင်ကာ စလင်းကန်လယ်နှင့် ရွှေမုဋ္ဌောဘုရား အနီးတွင် စိုက်ပျိုးပူဇော်ထားရှိပါသည်။ ဆရာတော်ကြီးသည် ဒုတိယကမ္ဘာ စစ်ကြီးအတွင်း ဂျပန်များ မော်လမြိုင် ရောက်၍ မကွေးမြို့ ပုံးကြဲချပြီး နောက် တစ်နေ့တွင် မင်းဘူးမြို့မှ ဝတ်လုံတော်ရ ဦးလာဘနှင့် ခရိုင်ဝန် ဦးဘဦးတို့ လာရောက်ပင့်ဆောင်ကြသဖြင့် မင်းဘူး မြို့သို့ ကြွရောက်တာ ရှင်ပင်စက္ကိန်းတဲ ဘုရားအနီး ပန်းထိမ်ဆရာကြီး ဦးဘရွှေ ဆောက်လုပ်လျှဒါန်းသောကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစတွင် စလင်းမြို့ ရှိ ကန်လယ်ကုန်းသို့ ပြောင်းရွှေ့ သီတင်း သုံးတော်မူသည်။ ထိုအချိန်မှစ၍ စလင်း ကန်လယ်ဆရာတော်ဟု ထင်ရှားလာခဲ့ သည်။

ကန်လယ် ဟူသည် စလင်းမြို့၏ အနောက်ဘက်၌ တည်ရှိပြီး စတုရန်း (၁. ၇) မိုင် ပတ်လည် ကျယ်ဝန်းသော ကန်ကြီးတစ်ကန်၏ အလယ်ကို ဆိုလိုပါ သည်။ အလောင်းစည်သူမင်း ဝက်ဘဝ ဖြစ်စဉ်ကလူးခဲ့သော်နေရာ၊ ယင်းနေရာ ၌ နှုတ်သီးဖြင့်ထိုးဆွခဲ့သောနေရာကို တာပြည်းဖြည်းချင်း တူးဖော်ကြရာမှ တစ်စထက်တစ်စ ကျယ်ဝန်းလာကာ ကန်သည်းကန်ဟူ၍ ဖြစ်လာကြောင်းကို အမှတ်အသားရှိခဲ့ဖူးသည်။ ယင်းကန် ၏အလယ်၌ တည်ရှိသောနေရာကို ကန်လယ်ဟု ခေါ်ကြခြင်း ဖြစ်သည်။ ဤကန်ကြီးတွင် မိုတင်းနေထိုင်ကြသော သတ္တဝါများကို ဘေးမဲ့စေ၍ ထိုကန်ကြီး ကို ယခုအထိ ဘေးမဲ့ကန်အဖြစ် တည်ရှိ နေပါသည်။ ထိုကန်ကြီးကို စောင့်ရှောက် သော နတ်ကြီးသည် တရုတ်ပြေးမင်း ထက်ထက်၌ မြန်မာပြည်နယ်စပ်ကို ဖြတ်ကျော်၍ တရုတ်တို့ဝင်လာမည်ကို တရုတ်ပြေးမင်းကို သတိပေးခဲ့ပါသည်။ စလင်းဘေးမဲ့ကန်ကြီးကို ပြုပြင်ပေးပါက တရုတ်တို့၏ ဘေးရန်မှလွတ်မည်ဖြစ် ကြောင်း သံတော်ဦးတင်ခဲ့သော်လည်း တရုတ်ပြေးမင်းမှာ ကာမဂုဏ်၌သာ အလွန်ပျော်နေသဖြင့် တရုတ်တို့ တိုက်ခိုက် ခြင်းခံခဲ့ရပါသည်။ ထို့ကြောင့် ပြည်ပ အန္တရာယ်များ ကင်းပျောက်စေရန်နှင့် ဆရာတော်ကြီးသည် ကန်ကြီးကို ပြုပြင် ပေးရန်တိုက်တွန်းသည့်အနေဖြင့် 'ပဒုမ္မာ ရွှေကြာ ဘိုးတော်စံရာ နတ်ပြည်နှင့်တူ အောင်း ဘိုးတော်စံကင်း၊ ကန်ကြီး ပြုပြင်ပေး ကမ္ဘာလုံးအေး' ဟူ၍ ကန်စပ် ရှိ ရွှေမုဋ္ဌောစေတီတန်ဆောင်းတွင် စာတန်းရေးထိုးထားသည်ကိုတွေ့ရလေ သည်။ ထူးဆန်းလှသည်မှာ ထိုကန်ကြီး တွင် ပဒုမ္မာကြာမှလွဲ၍ မည်သည့်ကြာမျှ မပေါက်ခြင်းပင်။

ဆရာတော်သည် ကန်ကြီးအလယ် ရှိ ကျွန်းကလေးပေါ်၌ ဝါးကျောင်း ကလေးဖြင့် သီတင်းသုံးတော်မူရာ ထိုကန်ကြီးတစ်ဖက်ကမ်းသို့ လှေဖြင့် (၁၅) မိနစ်ခန့်သွားရသည့်ခရီးကို လာ ပင့်သူများ တစ်ဖက်ကမ်းသို့မရောက်မီ ဆရာတော် ကြိုတင်ရောက်ရှိနေတတ် သည်ကို အံ့သြဖွယ်ရာ ဖူးတွေ့ရလေ့ရှိ သည်။ဆရာတော်သည် ထိုကျွန်းကလေး ပေါ်၌ နေ့အခါမှသာ အနေများပြီး ညအခါများတွင်မူ သချိုင်းများ၌ လှည့်လည် တရားအားထုတ်တော်မူလေ့ ရှိသည်။ ဆရာတော်သည် ကန်လယ်၌ သီတင်းသုံးနေထိုင်တော်မူစဉ် တစ်ညဉ့် စလင်းမြို့ဘက် ဝက်သည်းကန်ကြီး၏ ကန်စပ်မှ ကိုက်(၁၀၀)ခန့်အကွာ ရေထဲ ရှိ ကျူတောထဲမှ ရောင်ခြည်တော် ကွန့်မြူးသည်ကို တွေ့မြင်ရသဖြင့် စောင့်ဆိုင်းကြည့်ရှုခဲ့ရာ ညစဉ်လိုပင် ရောင်ခြည်တော် ကွန့်မြူးနေသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ဒါယကာ၊ ဒါယိကာမတို့အား ကျူတောကြီးကို ရှင်းလင်းစေလျက် ထိုဓာတ်တော်ကွန့် မြူးနေသောနေရာတွင် နှစ်ပေါင်း(၇၀၀) ကျော်က တိမ်မြုပ်နေသော ကိုးတောင် ပြည့်စေတီတော်တစ်ဆူပြိုပျက်နေသည့် ကို ဖူးတွေ့ရသည်။ ဆရာတော်သည် ဘုရားရှင်၏ ဓာတ်တော်၊ မွေတော် တို့ကိန်းဝပ်ရာ စေတီတော်ကို ပြုပြင်လို ရကား မြို့သူမြို့သားများကို စေတီ တည်ထားကိုးကွယ်ရန် တိုက်တွန်းတော် မူသည်။ ဒါယကာ၊ ဒါယိကာမများသည် ဆရာတော်၏တိုက်တွန်းချက်ကို ဦးထိပ် ပန်ဆင်လျက် ဧစတနာထက်သန်စွာဖြင့် စေတီတော်ကြီးတစ်ဆူ တည်ထား ကိုးကွယ်ကြသည်။ ထိုစေတီတော် တည်ထား ကိုးကွယ်ရာတွင် ဆရာတော် တောထွက်စဉ်က အလောင်းပတ်ထား သောသင်္ကန်းကြီးနှင့်တကွအခြားပစ္စည်း များကို ဌာပနာလိုက်တော့သည်။ ယခု အခါ စလင်းမြို့၌ တန်ခိုးကြီးဘုရား တစ်ဆူဖြစ်သော ရွှေမုဋ္ဌောစေတီပင် ဖြစ် ပါသည်။

စလင်းမြို့သည် စေတီပုထိုး ပေါများလှသဖြင့် ဒုတိယပုဂံဟုပင် ခေါ်ဆိုနိုင်ပေသည်။ စလင်းမြို့ရှိ ရွှေမုဋ္ဌောစေတီတော်သမိုင်းကို မြန်မာ့ အလင်းသတင်းစာ (ဖေဖော်ဝါရီ ၇-၂၀၁၆)တွင် စစ်ကြည်(စလင်း) ရေးထား ပုံမှာ -

ရွှေမုဋ္ဌောစေတီတော်ကြီးကို သီရိ ခမ္မာသောကမင်းကြီးက သာသနာနှစ် (၂၁၈-၂၃၅) ခုနှစ်တွင် တည်ထားတော် မူခဲ့သော စေတီပေါင်း (၈၄၀၀၀) အပါ အဝင် မုဋ္ဌောစေတီဖြစ်ပြီး ကောဏာနှစ် ၄၅ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး သည် ယခု စလင်းမြို့တည်ရာဒေသသို့ ရောက်သောအခါ အသစ်တစ်ဖန်ပြန် လည် ပြုပြင်တော်မူခဲ့သည်။ တတိယ အကြိမ် ကောဏာနှစ် ၅၅၆ ခုနှစ်တွင် နရပတိစည်သူမင်းက စလင်းမြို့သူကြီး ပိုးစားပြေကိုမေးမြန်းသော် ဘေးလောင်း တော်၊ ဘိုးလောင်းတော်ကောင်းမှဟု သိရှိရသဖြင့် အသစ်တစ်ဖန် ပြန်လည် ပြုပြင်တော်မူခဲ့သည်။ စတုတ္ထအကြိမ် ကောဏာနှစ် ၁၂၄၅ ခုနှစ်တွင် အညတရ ဘိကျွ သို့မဟုတ်. ရွှက်ပုန်းသီးရဟန္တာ ဟု ကျော်ကြားသော ကန်လယ်ဆရာ တော်ကြီးက မွမ်းမံပြုပြင်ခဲ့သည်။

ဆရာတော်သည် ကမ္ဘာ့အဏုမြူ အန္တရာယ်ကြီးမှကျော်လွှားလွတ်မြောက် ရန် ရည်ရွယ်တော်မူ၍ အဏုမြူ ကပ်ကျော်စေတီများကို ပုဂံမြို့ ဘူဘုရား နီးတွင် တစ်ဆူ၊ မုံရွာမြို့တစ်ဖက်ကမ်း လက်ပတောင်းတောင်တွင် တစ်ဆူ တည်ထား ကိုးကွယ်စေခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ဆရာတော် စလင်းဆေးရုံကြီး ၌ကုသနေစဉ် ကမ္ဘာလှည့်သာသနာပြု တောင်ပုလုဆရာတော်ဘုရားကြီး ကြွ ရောက်လာပြီး ကြည့်ရှုမေးမြန်းပါသည်။

ဆရာတော်ကြီးသည် မည်သည့် နေရာကိုမျှအစွဲမထားဘဲ ခရီးပိုင်ပေါင်း များစွာဖြတ်၍ ရောက်ရာအရပ် ၌ တောမှီပျော်မွေ့ခဲ့သည်။ ဝိနည်းကို လည်း လွန်စွာ လေးစားလျက် ဓူတင် (၁၀) ပါးအထိဆောင်ခဲ့သည်။ ဝါတွင်း ကာလ၌ ဓူတင် (၁၃) ပါးစလုံးဆောင် တော်မူသည်။ တောထွက်သည့်နေ့မှ စ၍ မည်သည့် သာရေး၊ နာရေးကိုမျှ လိုက်တော်မမူ။ ဝတ္ထုအလှူခွေကိုလည်း လက်ခံတော်မမူ။ မိဘနှစ်ပါးကွယ်လွန် သည်ကိုပင် ပြန်မကြွတော့ဘဲ တရား အလုပ်ဖြင့်သာ အချိန်ပြည့်နေတော်မူခဲ့ သည်။

အင်းဝခေတ်.ရွှေပင်ဆရာတော် ကဲ့သို့ ပရိသတ်ကိုအလွန်ကြောက်တော် မူသည်။ ထို့ကြောင့် လူသူလေးပါးစေး

www.burmeseclassic.com

www.burmeseclassic.com

ရာနေရာများသို့ ကြွရောက်၍ တစ်ပါးတည်း ဧကစာရီနေခဲ့သည်ကများ၏။ သက်တော် (၇၀) မှစ၍ ကျန်းမာရေးကြောင့်သာ ကပ္ပိယအလုပ်အကျွေးကို လက်ခံခဲ့သည်။ တစ်ခါသော် ဆရာတော် မိုးညှင်းသမ္မဒွေစေတီတော်ကို ဖူးမြော်စဉ် ပရိသတ်များဝိုင်းအုံလာ၍ အနီးရှိ ပြောင်းခင်းထဲသို့ ဝင်နေတော်မူသည်။ ပရိသတ်ကြီးကလည်း ဆရာတော်အားမူးမြော်ရန် တစ်နေကုန်စောင့်နေကြလေသည်။ ညပိုင်းတွင် ပရိသတ်ရှင်းပြီးမှထင်ရှင်ထွက်လာရာ ပရိသတ်ကြီးက ရှေ့တိုးလာသဖြင့် ပြောင်းခင်းထဲပြန်ဝင်မည်ပြုပြန်သည်။

ထိုစဉ် မိုညှင်းဆရာတော်ကြီးက-

"ဆရာတော်၊ အခုထိ လူကြောက်တုန်းပဲလား။ ထွက်ခိုန်တန်ပါပြီ"

ဟု ဆိုလေမှ အပြင်သို့ထွက်၍ အဖူးအမြော်ခံသည်။

အေဒီ ၁၉၈၂ ခုတွင် ဆရာတော် တောထွက်စဉ်က ကိုင်ဆောင်ခဲ့သော တောင်ဝှေးကို မဇ္ဈိမဒေသမှ ပင့်ဆောင်လာသော ဓာတ်တော် (၁၀) ဆူ ဌာပနာလျက် ရန်ကုန်ရှိ မဟာဝိဇယစေတီတော်ကြီးတွင် ဌာပနာရန် မကွေးတိုင်းဒေသကြီးကောင်စီမှတစ်ဆင့် လှူဒါန်းတော်မူသည်။

ဆရာတော် သီတင်းသုံး နေထိုင်တော်မူခဲ့သော ကန်လယ်ကျွန်း၌ စေတီတော်တစ်ဆူကို တည်ထား ကိုးကွယ်တော်မူခဲ့သည်။ ထိုစေတီမြောက်ဘက်တွင် တရားအားထုတ်ရန် ရိပ်သာကမ္ဘဉာန်းကျောင်းများ၊ ရဟန်း၊ သံဃာများတည်းရန် တိုက်ကျောင်းနှစ်ကျောင်းနှင့် ဆွမ်းချက်ရုံများရှိပါသည်။ စေတီတော်၏ အနိမ့်ပိုင်းတွင် အုတ်တိုင်များ ကာရံထားပြီး တောင်ဘက်ရှိဆရာတော် သီတင်းသုံးသော သုံးထပ်ကျောင်း၌ သိမ်တစ်လုံးရှိပါသည်။

ဆရာတော်ကို နံနက် (၇) နာရီတစ်ကြိမ်၊ ညနေ(၇)နာရီတို့တွင် တစ်ကြိမ် ဖူးမြော်နိုင်ပါသည်။ ကျန်သောအချိန်များတွင် ဆရာတော်သည် တရားဘာဝနာများကို ပွားများပါသည်။ တွေ့ခိုန်များတွင်လည်း အာလာပသလ္လာပဖြစ်သော လောကစကားတို့ကို လုံးဝမပြောဘဲ တရားဘာဝနာကိုသာ ဟောကြားပါသည်။

ထိုသို့ တရားဟောတိုင်းလည်း လက္ခဏာရေးသုံးပါးကို ထင်လွယ်မြင်လွယ်ဖြစ်အောင် တစ်လောကလုံး ဗလာလောင်း၊ မသာလောင်း၊ ပြာလောင်း ကြာညောင်းမနေနှင့်' ဟု ဆောင်ပုဒ်ချပေးပြီး ဟောပြောတိုက်တွန်းတော်မူပါသည်။

ထို့အပြင် ကန်လယ်တွင်ရှိသော အဆောက်အအုံအုတ်တံတိုင်း အစရှိသည်တို့၌ အသိပေးသောအားဖြင့် 'ဆေးလိပ်၊ စကား၊ အပျင်း၊ အိပ်များ၊ တရားမရနိုင်' ဟု ရေးထိုးထားပါသည်။

ဆရာတော်၏ နောက်ဆုံးပိုင်း အချိန်များမှလည်း ကြည်ညိုဖွယ်ရာ၊ အုံသြထူးဆန်းဖွယ်ရာများဖြင့် ပြည့်နှက်နေပါသည်။

၁၃၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ နံနက်အရုဏ်မတက်မီ သုံးနာရီခွဲခန့်တွင် -

'ယေဓမ္မော ဟေတုပ္ပဘဝါ၊ အနေကဇာတိ သံသရာ'

စသည့် ရွတ်ဆိုသံများအား အနီးနေတပည့်များ အကြိမ်ကြိမ်ကြားနေကြရသည်။ နံနက်အရုဏ်ဆွမ်းဆက်ဝင်နေစဉ်တွင် ဆင်ကြီးလေးကောင်နှင့် သံခမောက်ဆောင်း လေးယောက်တို့ တရားနာလာကြလေသည်။ ထိုနေ့နံနက် (၉)နာရီခန့်တွင် ဆောက်မြို့နယ် လေးပင်ကုန်းရွာမှ ဒါယကာငါးယောက်တို့သည် ဝက်ဝံခေါင်းတစ်လုံးနှင့် ဝက်ဝံသားရေတို့ကိုယူ၍ ဆရာတော်ထံ လာရောက်ကန်တော့ကြသည်။ ထိုသူတို့မှာ ဝက်ဝံကို သတ်ဖြတ်ခဲ့ကြသူများ ဖြစ်ကြသည်။ အိပ်မက်ထဲတွင် ၎င်းသည် ပုဂ္ဂိုလ်ထူး ဗုဒ္ဓိုလ်မြတ်ထံ အဖူးအမြော်သွားမည့် ဝက်ဝံဖြစ်ကြောင်းကို ထိုသူအားလုံးတို့အား အတူတူအိပ်မက်ပေးခြင်းကြောင့် ကြောက်ရွံ့ကြ၍ ဆရာတော်အား လာရောက် ကန်တော့ရခြင်းဖြစ်ကြောင်း လျှောက်ထားကြသည်။

ဆရာတော်သည် မိမိပုံလွန်တော်မူမည်ကို ကြိုတင်သိရှိခဲ့ဟန်တူသည်။ ထိုနေ့နံနက်ဘုရားကျောင်းဆောင်ရှေ့၌-

"အရှင်ဘုရား၊ တပည့်တော် အပေါ် သံသရာအဆက်ဆက် ပြစ်မှားမိခဲ့သောအပြစ်များရှိက ခွင့်လွှတ်တော်မူပါ။ တပည့်တော် အဇ္ဈာမြုစဉ်ကြီးကိုလည်း တားဆီးခဲ့ပါပြီ ဘုရား"

ဟု လျှောက်ထားလေသည်။

ဤသို့သော ပစ္ဆိမဝန္ဓနာနောက်ဆုံးတောင်းပန်မှုမျိုးမှာ ဘုရားရှင်လက်ထက်တော်က ရဟန္တာအရှင်မြတ်များသာပြုလေ့ပြုထရှိခဲ့သည်။

ပုံလွန်တော်မူခါနီးတွင် ဆန်၊ ဆီ၊ ဆား စသည့် ပစ္စည်းများ လုံလောက်အောင်စုထားဖို့ အနီးနေတပည့်များအား မှာကြားထားသည်။ ၎င်းဆေးရုံ၌ ခန္ဓာဝန်ချမည့်အကြောင်းကို အနီးနေတပည့်များအား ပြောကြားပါသည်။

စလင်းကန်လယ်ဆရာတော်ကြီးသည် ၁၃၅၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ အေဒီ ၁၉၈၈ ခုနှစ် သက်တော် (၈၇) နှစ်၊ ဝါတော် (၆၇) ဝါအရွယ် ခန္ဓာဝန်ချတော်မူလေသည်။

ဆရာတော်ကြီး ခန္ဓာဝန်ချနေစဉ် မိုးမရွာဘဲနှင့် စလင်းကန်ကြီးအတွင်း၌ ရေတစ်တောင်ခန့် မြင့်တက်လာသည်ကို ထူးခြားစွာတွေ့မြင်ကြရသည်။ ကျောင်းဝင်းထဲ၌ ပေပင်များမှ ပေခက်များ လေမတိုက်ဘဲ ငါးကြိမ်စီ အပေါ်၊ အောက် လှုပ်ယမ်းသည်ကိုလည်း ထူးဆန်းစွာ တွေ့ရှိကြရသည်။

အလောင်းတော်ကို မီးသင်္ဂြိုဟ်သောအခါ ပုပ်ခြင်း၊ နံခြင်း လုံးဝမရှိ။ ပကတိ ကြည်လင်လျက်ရှိသည့် အရိုးတော်မှာ ခိုတ်ဆက်ဖြစ်နေပြီး ရောင်ခြည်တော်များကွန့်မြူးကာ ဓာတ်တော်များလည်း အလုံးလိုက်ကျလာပါသည်။ အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးနောက် ပိုင်း မီးသင်္ဂြိုဟ်သည့်နေရာမှ ရောင်ခြည်တော်များကွန့်မြူးနေသည်ကို လူအများ ဖူးတွေ့ကြရပေသည်။

(ဤဆောင်းပါးဖြင့် စလင်းကန်လယ်ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ စက္ခုအလင်းသံခိပ်ကျဉ်း (အညတရဘိက္ခု)

၂။ စလင်းမြို့ကလင်းတဲ့အရောင် (ဦးစန္ဒိမာ-စလင်း)

၃။ ကျေးဇူးတော်ရှင် (ဆရာကျော်နန္ဒအောင်)

၄။ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများပထမတွဲ (ဆရာ မောင်ပန်းမွှေး ပြုစုသည်)

၅။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်း ဖြစ်ရပ်ဆန်းများ (တင်အောင်သွင်-ပြုစုသည်၊ တိုးထက်စိုးဦး ရန်အောင်စာပေမှ ထုတ်ဝေသည်။)

www.burmeseclassic.com

www.burmeseclassic.com

ချင်းပြည်နယ် ကန်ပက်လက်မြို့အနီးက ပေတစ်သောင်းကျော်မြင့်တဲ့ နတ်မတောင်ခေါ် ဝိတိုရိယတောင်ကို တက်ရောက်ပြီး 'အင်းလေးချစ်သူ' နဲ့ ပြန်ဆင်းလာခဲ့ပါတယ်။ ဖေဖော်ဝါရီလ ခဲ့ ဆောင်းနှောင်းရာသီမှာ အစွမ်းကုန် ပွင့်လန်းရွှန်းမြနေတဲ့ တောင်ဇလပ်ပန်း နီနီတွေဟာ မျက်လုံးအိမ်မှာ လွမ်းမောဖွယ် စွဲမြဲကျန်ရစ်နေဆဲပေါ့။ ဖယောင်းသားလိုထူထဲပြီး စိမ်းမှောင်နေတဲ့ တောင်ဇလပ်ရွက်တွေ၊ တောင်ဇလပ်ငင်စည်တွေမှာ ကတ္တီပါသားထူထူလို ဘွယ်ပြီနေတဲ့ရေညှိရေမှော်တွေကလည်း ခရေမှိုင်အောင် အမြင်ဆန်းလှချည့်။

ဂန္ဓိရဆန်လှတဲ့ ဆောမြို့လေးကိုဖြတ်ခဲ့ရ ပြန်တော့ ဒဏ္ဍာရီထဲက ရုန်းထွက်လာ ရသလို နိုးတစ်ဝက်အိပ်မက်တွေကမက် နေဆဲပါ။ ဆောတို့၊ ယောတို့ကိုလည်း တစ်နေ့တော့ သီးသန့်ထပ်လာဦးမယ်လို့ တေးထားလိုက်မိတယ်။ ရွှေစက်တော်ရဲ့ မန်းချောင်းရေကြည်ကြည်လေးနဲ့တွေ့မှ ပဲ အိပ်မက်က တကယ်နိုးထလိုက်ရပါ တယ်။ မြသလွန်စေတီတော်ကြီးကိုဖူးပြီး မကွေးဟိုတယ်မှာ တစ်ညအိပ်ခဲ့ကာ မကွေး-မင်းလှ-မလွန်၊ အောင်လံ၊ ပြည် ကားလမ်းမကြီးတစ်လျှောက် နောက် တစ်နေ့မှာ ဆက်လက်ခရီးနှင်ခဲ့ရာ ဧရာ ဝတီမြစ်ကြီးကတော့ ကားပြတင်းမှန်မှာ ပျောက်လိုက်၊ ပေါ်လိုက်ရှိနေဆဲပါ။ ဗိသမိုးမြို့ဟောင်းကိုတော့ လမ်းမသင့်လို့ မဝင်ခဲ့ရပါဘူး။ ဒီလိုနဲ့ မလွန်မြို့ကို ရောက်ခဲ့ပါတယ်။ ခရီးပန်းပြီး နုံးခွေနေ မိလို့ မျက်လုံးတွေက မပွင့်တပွင့်ရယ်။

'မလွန် - မြသပိတ်စေတီတော် ကြီးကိုဝင်ဖူးဖို့ပါ လှည့်ပို့ပေးမယ်' လို့ 'အင်းလေးချစ်သူ' ခရီးသွားအဖွဲ့ ခေါင်းဆောင် ကိုသန့်ကျော်ဇင်ကပြော တော့မှ အိပ်မက်ကလန့်နိုးရတယ်။ ခရီး စဉ်တစ်လျှောက်လုံး လိုလေးသေးမရှိ တာဝန်ကျေလှတဲ့ အင်းလေးချစ်သူခရီး သွားအဖွဲ့သားတွေက ခုလည်း မမျှော်

ဧရာဝတီမြစ်အနောက်ဘက်ကမ်းက
မလွန်-မြသပိတ်စေတီတော်

ကိုဒေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သို)



ဗိသုကာဟန်ထူးခြားလှတဲ့ မလွန်မြသပိတ်စေတီတော်





မလွန်မြသပိတ်စေတီ စောင်းတန်းဘေးက ပုဂံကျောင်စေတီ

www.burmeseclassic.com

www.burmeseclassic.com



ဗီသုကာဟန်ထုခြားလုတဲ့ မလွန်မြသပိတ်စေတီတော်



မလွန်မြသပိတ်စေတီတော်ဘေးက စေတီများနဲ့ ပုဂံမျှော်ဘုရား



မလွန်မြသပိတ်စေတီရင်ပြင်မှ မုခ်၊ ကြိုးဟိတ်တိုင်နဲ့အရံစေတီငယ်များ

လင့်ဘဲ လက်ဆောင်မွန်တစ်ခုကို ပေးလိုက်ပြန်ပေါ့။ သူတို့ကျေးဇူးနဲ့သာမဟုတ်ရင်တော့ မလွန် ဆိုတဲ့မြို့ကလေးကို ရောက်ဖြစ် လိမ့်မယ်မဟုတ်ပါဘူး။

မလွန်မြို့ကို သိပ်မရင်းနှီးထားတော့ ဒီခရီးစဉ်ကိုရင်ခုန်မိပါရဲ့။ မလွန်မြို့ဟောင်းဟာ မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ကနေ တောင်ဘက်ကားလမ်းအတိုင်း (၆) မိုင်ခွဲလောက်သွားရင်ရောက်တဲ့ ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်က ပင်လယ်ရေမျက်နှာပြင်အထက် (၁၆၄) ပေမှာ တည်ရှိတဲ့ သမိုင်းဝင်မြို့ပါ။ မြသပိတ်စေတီရဲ့မုခ်ဦးကြီးက အတော်လှပခဲ့ညားပြီး မြရောင်သပိတ်တော်ကို နတ်သိကြားတွေက ပူဇော်နေဟန် ရုပ်တုတွေနဲ့ တန်ဆာဆင်ထားပါတယ်။ မုခ်ဦးအောက်ကနေ ကုန်းမြင့်လေးပေါ်မှာရှိတဲ့စေတီဆီကို နတ်လမ်းစောင်းတန်းက နေတက်ခဲ့ကြပါတယ်။ နတ်လမ်းရဲ့ လက်ယာဘက်ဘေးမှာ ပုဂံကျော်စေတီလေးကို ဖူးတွေ့ရပါတယ်။ စက်ဝိုင်းပုံ ပစ္စယာသုံးဆင့်နဲ့ ဆင်းတုတော်ရှိတဲ့ မုခ်ပေါက်တစ်ခုပါပြီး အတော့်ကိုသပ်ရပ်တင့်တယ်တဲ့စေတီလေးပါ။ မြသပိတ်စေတီတော်နားကို ရောက်လာတော့ လက်ယာဘက်မှာ ပုဂံမျှော်စေတီဆိုတာကို ထပ်မံဖူးတွေ့ရပြန်ပါတယ်။ လက်ဝဲဘက်တောင်စောင်းမှာတော့ အပွေးထူထူနဲ့ အတော်လှပတဲ့ တရုတ်စံကားပင်ကြီးတွေရှိနေလို့ အဖွဲ့သားတွေက ဓာတ်ပုံပြေးရိုက်ကြတယ်။

အရှေ့ဘက် စောင်းတန်းဟာ အရှည်ဆုံးဖြစ်ပြီး မုခ်ဝမှ ခြေလှေ့နှစ်ဆောင်အထိ (၂၅၀) ပေ ရှည်လျားပါတယ်။ အဲဒီစောင်းတန်းရဲ့ လက်ယာဘက်မှာတော့ အလွန်ရှေးကျပြီး ရိုက်သံမသုံးဘဲ သပ်ရိုက်ဆောက်လုပ်ထားတဲ့ ရှေးကျကျ ဇရပ်တစ်ဆောင်ရှိတယ်။

◘ မလွန်-မြသပိတ်စေတီတော်

ရင်ပြင်တော်ကို ရောက်တော့ အတော့်ကို သပ်ရပ်သန့်ရှင်းပြီး စနစ်ကျတဲ့ စေတီတစ်ဆူဆိုတာ သတိထားမိပါတယ်။

ဒါ့အပြင် တန်ဆောင်းတွေရဲ့ နဖူးစည်းက အလှူရှင်များရဲ့ ကမ္ဘည်းတွေကို လည်း သဘောကျမိတယ်။ 'စက်မူဆောင်ရွက်မှုလုပ်ငန်း ကော်ပိုရေးရှင်း လုပ်သားများကောင်းမှု၊ မလွန်စခန်း၊ 'မကွေးတိုင်း၊ မင်းလှမြို့၊ ရုံးရပ်ပိုင်းတူ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တုတ် ဒေါ်အုန်းရှင် သားသမီးမြေး မြစ်တစ်စုကောင်းမှု၊ 'ဒေါ်ဖွားရည်၊ ဒေါ်ဖွားကြည်ကောင်းမှု'ပါတဲ့။ တွေ့နေ ကျ နဖူးစည်းတွေမှာလို ရာထူးကြီးကြီး အာဏာရပုဂ္ဂိုလ်တွေအမည်နဲ့ 'သူကြီး ဘူရား ရွာသားကောင်းမှု' မဟုတ်လို့ ကျေနပ်သွားတာပါ။

စေတီတော်ရဲ့ မူလရင်ပြင်တော် ဟာ အလျား(၇၈)ပေ၊ အနံ(၇၈)ပေသာ ရှိခဲ့ပြီး မူလအရက်ခံတန်ဆောင်းဟာ ရင်ပြင်တော်ရဲ့ အနောက်တောင်ဘက် မှာရှိပါသတဲ့။ ၁၉၇၄ ခုမှာ ရင်ပြင်တော် ကို အလျား (၁၆၃) ပေ၊ အနံ(၁၆၃)ပေ အထိ တိုးချဲ့ခဲ့လို့ ခုတော့ ရင်ပြင်တော် အကျယ်အဝန်းဟာ (၂၆၅၆၉) ပေရှိနေ ပါပြီ။ အနောက်တောင်ထောင့်က မူလ အရက်ခံတန်ဆောင်းကိုတော့ အရှေ့ ဘက်မုခ်ဝကို ပြောင်းရွှေ့တည်ဆောက် လိုက်ပါတယ်။

စေတီတော်ရဲ့ ဗိသုကာဟာ





ဗီဆုထာဟန်တူပြားထုတဲ့ ဟွေ့ပြဿပိတ်စေတီတော်

မထွန်းပြဿပိတ်စေတီရင်ပြင်မှ မုခ်၊ ကြွယ်တိုင်နဲ့အရံစေတီငယ်များ



မထွန်းပြဿပိတ်စေတီရင်ပြင်မှ သမိုင်းပြတိုက်ဆောင်



မထွန်းပြဿပိတ်စေတီရင်ပြင်မှ သမိုင်းပြတိုက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



မဟန်မြသပိတ်စေတီတန်ဆောင်းမှ ပန်းချီကား။ စေတီခွဲပုံနဲ့ အလှူခံဌာန

ထူးခြားနေပါတယ်။ ပစ္စယာသုံးဆင့် စလုံးဟာ စက်ဝိုင်းပုံအရစ်တွေသာဖြစ်ပြီး ထောင့်ချိုးတွေမပါပါဘူး။အဲဒီစက်ဝိုင်းရစ်တွေရဲ့တစ်ပတ်လည်လုံးမှာ လေးထောင့်မုခ်ကွက်လေးတွေနဲ့ ထိုင်ကိုယ်တော်ဆင်းတုလေးတွေထည့်သွင်းထားပါတယ်။ စေတီရဲ့အောက်ခြေအဆင့်မှာသာ အရံစေတီတွေဝန်းပတ်နေပြီး အထက်ဘက်မှာတော့ရှင်းနေပါတယ်။ ခေါင်းလောင်းပုံရဲ့ အထက်ပိုင်းကိုလုံးယူလိုက်ပြီး အစိမ်းရောင်သုတ်ထားတော့ မြသပိတ်တစ်လုံးလို ရွှေရောင်သင်္ကန်းကပ်ထားတဲ့ စေတီကိုယ်ထည်တစ်ခုလုံးအပေါ်မှာ ထင်းထင်းကြီးပေါ်လွင်နေရဲ့။ အဲဒီသပိတ်လုံးပေါ်မှာမှ ဓာတ်တော်တိုက်လို လေးထောင့်စပ်စပ်တင်ထားပြန်ပါတယ်။ စေတီတော်ရဲ့အဲဒီအပိုင်းကတော့ ကမ္ဘာလုံးပုံနဲ့ ဓာတ်တော်တိုက်နဲ့မို့ သိတိုင့်

မဟန်မြသပိတ်စေတီတော် မုခ်ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com

ထာဟိုးပြတိုက်မှ ဘုရားရှင်အား နတ်မင်းကြီးလေးပါး သပိတ်တော်များ ဆက်ကပ်ပုံ ကျောက်ဆစ်လက်ရာ

ထာဟိုးပြတိုက်မှ ဘုရားရှင်အား နတ်မင်းကြီးလေးပါး သပိတ်တော်များ ဆက်ကပ်ပုံ ကျောက်ဆစ်လက်ရာ



ပါကစ္စတန်၊ ပက်ရွတ်ပြတိုက်မှ ဗုဒ္ဓအား နတ်မင်းကြီးလေးပါး သပိတ်တော်များ ဆက်ကပ်ပုံ ကျောက်ဆစ်လက်ရာ

စေတီတော်ပုံဟန်ပေါက်နေပေါ့။ ကုဗပုံ ဓာတ်တော်တိုက်တွေရဲ့ ထောင့်လေး ထောင့်မှာတော့ သိကြားရုပ်တွေနဲ့ပါ။ အဲဒီအထက်ကမှ ယနေ့ခေတ် စေတီတွေလိုပဲ ဖောင်းရစ်တွေ၊ ကြာမှော်က်၊ ကြာလန်တွေနဲ့ ငှက်ပျောဖူး၊ ငှက်မြတ်နားနဲ့ ထီးတော်တွေ ထပ်ဆင့်ထားပါတယ်။ ငှက်ပျောဖူးအပိုင်းကတော့ သိပ်မရှည်လှဘဲ ခပ်တိုတိုမို့ စေတီတစ်ဆူလုံးကိုခြုံကြည့်ရင် ရှည်မျောမျောမဖြစ်ဘဲ အချိုးကျနပြီး တင့်တယ်နေပေါ့။ ဩော် - ဒါကြောင့်လည်း ကျော်ကြားတဲ့ ဗိသုကာပုံကိုရတာပါပဲ။

□ မလွန်မြသပိတ်စေတီတော်ရဲ့ အတိုင်းအတာများ

မြသပိတ်စေတီတော်ဟာ မလွန်မြို့မှာ တန်ခိုးအကြီးဆုံးဖြစ်သလို ဗိသုကာလက်ရာလည်း ရှားပါးဆန်းကြယ်တဲ့ အံ့သြဖွယ်အကောင်းဆုံးစေတီ ဖြစ်ပါတယ်။ စေတီတော်ရဲ့တိုယ်လုံးတော်ကို ပွတ်လုံးပွတ်ခံတို့နဲ့ အချိုးကျနစွာတည်ဆောက်ထားတာပါ။ ပုဂံက ဆပဒစေတီတော်နဲ့ မလွန်မြသပိတ်စေတီတော်တို့ဟာ ပုံသဏ္ဌာန်ချင်း ဆက်နွယ်မှုရှိပါတယ်။ စေတီတော်ရဲ့ အောက်ခြေဖိနပ်တော်ဟာ စက်ဝိုင်းသဏ္ဌာန်ရှိပြီး ဖိနပ်တော်အောက်ခြေအရှည်ဟာ ပေ (၅၀) ရှိပါတယ်။ ဖိနပ်တော်ကနေ ထီးတော်အထိအမြင့်ကတော့ ဥဏ်တော် (၆၅) ပေပါ။

ပထမဖောင်းရစ်ရဲ့ပစ္စယံအောက်မှာ မုခ်ဝငယ်ကလေးတွေထွင်းထားပြီး ဆင်းတုတော်လေးတွေထည့်သွင်းထားပါတယ်။

နဝရတ်ကိုးသွယ်	- (၁၆လုံး) လုံးပတ် - ပေ၊ အချင်း (၇) ပေ (၆) လက်မ၊
ကြာနု	- လုံးပတ်- (၁၉) ပေ၊ (၄) လက်မ၊ အနံ (၇) လက်မ၊
ဖောင်းရစ်လုံးပတ်	-(၃၁) ပေနှင့် (၈) လက်မ၊ အမြင့် (၁၀) ပေနှင့် (၃) လက်မ၊
ကလပ်	-(၃) ပေနှင့် (၇) လက်မ၊
နတ်ရုပ်(၄ရုပ်)	- (၂)ပေ၊(၁၀)လက်မ ခွိ၊
နတ်တိုက် ပထမထပ်	- အလျား (၁၀) ပေ၊ (၂)လက်မ၊ အမြင့် (၄)ပေ၊ (၆)လက်မ၊

www.burmeseclassic.com

www.burmeseclassic.com

နတ်တိုက်	- အလျား (၁၀) ပေ၊
ဒုတိယထပ်	(၇) လက်မ၊ အမြင့်
	(၉) လက်မ၊
သပိတ်မှောက်	- လုံးပတ် (၅၄) ပေ၊
	အမြင့် (၈) ပေ၊
	(၁၀) လက်မ၊
ခေါင်းလောင်း	- (၅၅) ပေ၊ အမြင့်
လုံးပတ်	(၆) ပေနှင့် (၆)
	လက်မ၊
ဖရုံတုံးအမြင့်	- (၁) ပေ၊ (၆)လက်မ၊
ပထမပစ္စယံ	- (၈၂) ပေ၊ အမြင့်
လုံးပတ်	(၅)ပေ၊ (၅)လက်မ၊
ဒုတိယပစ္စယံ	- (၉၆) ပေ၊ အမြင့်
လုံးပတ်	(၆) ပေ၊
တတိယပစ္စယံ	- လုံးပတ်-(၁၁၁)ပေ၊
(ဖိနပ်တော်အထိ)	(၁) လက်မ၊ အမြင့်
	(၇)ပေ၊ (၅) လက်မ၊
ဖိနပ်တော်လုံးပတ်	- (၁၇၄) ပေ၊ အမြင့်
	(၅)ပေ၊
အောက်ခြေ	- (၂၄၂) ပေ၊
ဖရုံတုံးလုံးပတ်	
ဌက်ပျော်ဖူးမှ	- အမြင့် (၃၀) ပေ၊
သပိတ်မှောက်	(၈) လက်မ၊
အထိ	
ရင်ပြင်တော်	- မူလ အလျား (၇၈)
အကျယ်အဝန်း	ပေ×အနံ (၇၈)ပေ၊
ယခုပြင်ဆင်ထား-	(၁၆၃) ပေ × အနံ
ပြီးအလျား	(၁၆၃)ပေ၊ (၂၆၅၆၉)
	စတုရန်းပေ၊
ရင်ပြင်တော်	- (၄) ပေ။
တံတိုင်းအမြင့်	

စေတီတော်ရဲ့ ပတ်လည်ထောင့် (၈) ထောင့်မှာတော့ ဂြိုဟ်သက်အလိုက် စေတီ(၈)ဆူ၊ စေတီတော်အပေါ် ဆင့်မှာ (၈)ဆူ၊ အရံစေတီ(၈)ဆူ စုစုပေါင်း (၂၄) ဆူကို ပဋ္ဌာန်း-၂၄ပစ္စည်းကိုရည်ပြီး ဖြည့်စွက်တည်ထားပါတယ်။ အရှေ့တောင်ထောင့်နဲ့ အနောက်မြောက်ထောင့်တွေမှာ တံခွန်တိုင် (၂) ခု စိုက်ထူထားကာ ယင်းတို့အနီးမှာတော့ (၈၄) ပိသာရှိ ကြေးခေါင်းလောင်းတွေလည်း ချိတ်ဆွဲထားတယ်။

စေတီပတ်လည်က ဂြိုဟ်တိုင်တွေကို လှေကားထစ်လို အဆင့်ဆင့်တက်သွားတဲ့အတွက် ခုံလေးတွေဆင့်ပြီး အပေါ်ကမှ ဆင်းတုတော်နဲ့သက်ဆိုင်ရာဂြိုဟ်ရုပ်တွေထုလုပ်ထားတာလည်း သတိထားမိတယ်။ ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ဖို့ သံစင်လေးတွေကိုလည်း တသံာရုပ်တွေနဲ့ လုပ်ပေးထားတော့ အတော်ပြေပြစ်ပြီး အသုံးလည်းကျတဲ့ စိမံမှုကို ခီးကျူးလိုက်ပါတယ်။ ရင်ပြင်တစ်ခုလုံး သန့်ရှင်းသပ်ရပ်ပြီး စေတီတော်ကြီးကလည်း ရွှေရောင်တွေဝင်းလဲက်နေပုံကကြည်နူးစရာပါ။ စေတီတော်ရင်ပြင်ကိုဝန်းရံထားတဲ့ သံတန်းလက်ရန်းတွေကနေမှော်ကြည့်ရင်လည်း ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးဟာ ရှုမောစရာကောင်းလှရဲ့။ ရောဝတီမြစ်ကြီး၊ တောတောင်ရေမြေသဘာဝတွေကို သာယာမျှတတဲ့ရာသီဥတုမှာကြည့်ရတာ စိတ်ချမ်းသာစရာပါ။

တောင်ဘက်စောင်းတန်းလှေကားမုခ်ဝမှာလည်း အရုဏ်ခံတန်ဆောင်းတစ်ခုရှိပြီး အဲဒီမှာ အမ်-တင်အေးရဲ့ ပန်းချီကားကို တုပဆွဲထားတဲ့ ပဥ္စဝဂ္ဂိငါးပါးရဟန်းမဖြစ်မီ အသွင်သဏ္ဌာန်မုတ်ဆိတ်ဆံနွယ်တွေနဲ့ ပန်းချီကားကြီးတစ်ချပ်ရှိနေရဲ့။ ဆင်းတုတော်ရှေ့မှာတော့ အကယ်ဒမီစိုးသူတို့မိသားစုလှူထားတဲ့ အလှူခံပုံးကိုတွေ့လိုက်ရတယ်။

စေတီတော်ရင်ပြင်မှာ 'သမိုင်းပြတိုက်'လို့အမည်တပ်ထားတဲ့အဆောင်သစ်တစ်ဆောင်လည်း တွေ့ရပြန်တယ်။

ပန်းချီဆရာကြီး ဦးမင်းနိုင်ပြောခဲ့တဲ့ 'ဘုရားသမိုင်းပြတိုက်လေးတွေ ဘုရားတွေဘေးမှာ ရှိတတ်ကြတယ်။ ဘယ်ပြတိုက်မှစနစ်တကျလုပ်ထားတာ မတွေ့ရဘူး' စကားကို ကြားယောင်ရင်း အထဲကိုဝင်ကြည့်လိုက်မိပါတယ်။ အမှန်ပါပဲ၊ ဘုရားသမိုင်းကြောင်းလို့ လူပြောသူပြောတွေကို သရုပ်ဖော်ပြီး ပန်းချီကားကြီးတွေနဲ့ချိတ်ထားတာရယ်၊ မှန်တံခါးတပ်အခန်းထဲက ဆင်းတုတော်အချို့ရယ်နဲ့ စေတီတော်ရဲ့ပုံတူလေးတစ်ခုပဲရှိနေပါတယ်။ ဘာပဲဖြစ်ဖြစ် ပြတိုက်လေးတစ်ဆောင် သီးခြားရှိနေတာကိုတော့ သဘောကျမိပါတယ်။ အဲဒီမှာရေးဆွဲထားတဲ့ ပန်းချီကားကြီးတွေကတော့-

၁။ သုနာပရန္တတိုင်း ဝါကိဇုဂါမ ရွာသို့ဘုရားရှင်ကြွရောက်တော်မူလာပုံ။

၂။ သိကြားမင်းသည် ဘုရားရှင်အား မြသပိတ်တော်ဆက်ကပ်လျှဒါန်းနေပုံ။

၃။ ဘုရားရှင်သည် မြသပိတ်တော်ကို ဧရာဝတီမြစ်အတွင်းသို့ ရေစုန်အတိုင်းမျှောတော်မူနေပုံ။

၄။ သိကြားမင်းနှင့်နတ်လူအများတို့သည် သပိတ်တော်အား ပဋ္ဌနဂိုရိမြို့မှ ဖူးမြော်နေပုံ။

၅။ မလွန်ရေအလျဉ်တွင် 'ရပ်တန့်နေသောသပိတ်တော်အား မလွန်ဘက်ကမ်းသို့ ပို့ဆောင်နေပုံ။

၆။ သိကြားမင်း ဖန်ဆင်းအပ်သော ဝန္ဓကုမ္ဗိတိုက်၌ မြသပိတ်တော်အား လူအများတို့ ဖူးမြော်နေကြပုံ။

၇။ သိကြားမင်းသည် အဓိဋ္ဌာန်ပြန်လှန်ချယ်ပြီးမှ ဌာပနာတိုက်တူးဖော်ရန် နေရာကိုပြသနေပုံ။

၈။ မြသပိတ်တော်အား လိုဏ်ဂူ၏အတွင်း၌ ဌာပနာတော်မူပုံ။

မလွန်မြသပိတ်စေတီ စောင်းတန်းအတက်မြင်ကွင်းများ

မလွန်မြသပိတ်စေတီ စောင်းတန်းအတက်မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com

မလွန်မြသပိတ်စေတီရင်ပြင်မှ မုခ်၊ ပြိုဟ်တိုင်နဲ့အရံစေတီငယ်များ

မလွန်မြသပိတ်စေတီရင်ပြင်မှ သမိုင်းပြတိုက်ဆောင်

မလွန်မြသပိတ်စေတီ
စောင်းတန်းအတက်မြင်ကွင်းများ

၉။ ဌာပနာတိုက်၏ အထက်၌ အထီးအမှတ် ကျောက်စေတီတည်ထား ကိုးကွယ်ကြပုံ။

၁၀။ ငတပါးမင်း မလွန်မြို့တော် သစ်စ၍တည်ထောင်ဟန်။

၁၁။ စောလူးမင်း မလွန်မြို့အား မြို့သစ်တည်၍ စေတီတော်ကြီးအား ပြုပြင်နေပုံ။

၁၂။ တောင်တွင်း မင်းသီဟပတေ့ ကျောက်စေတီအားငုံ၍ ရတနာစက်၌စေတီတော်တည်ထားဟန်။

၁၃။ စတုမဟာရာဇနတ်မင်းကြီး လေးပါး မြတ်စွာဘုရားအား ကျောက်သပိတ်တစ်လုံးစီ လာရောက် ဆက်ကပ်ဟန်။

၁၄။ ကျောက်သပိတ်လေးလုံးအား အခြောန်ဖြင့်ဖိနှိပ်ရာ အနားလေးရစ်ဖြင့် စာသပိတ်တည်းဖြစ်လာဟန်။

၁၅။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် သပိတ်တော်အား ညီတော် အာနန္ဒာ ဇေတဝန်ကျောင်းတော်သို့ သယ်ဆောင်တော်မူခဲ့ဟန်။

၁၆။ နှစ်ပေါင်းများစွာကြာသော အခါ သပိတ်တော် ဝဇီရာပြည်သို့ ရောက်ရှိဟန်။

၁၇။ ဝဇီရာပြည်မှ သရေခေတ္တရာ-မြန်မာပြည်သို့ သပိတ်တော်ရောက်ရှိဟန်။

၁၈။ သရေခေတ္တရာမှသည် ပေါက်ကံပြည် (ပုဂံ) သို့ သပိတ်တော်ရောက်ရှိဟန်။

၁၉။ ပေါက်ကံပြည်မှ ရတနာပူရ (အင်းဝ)သို့ သပိတ်တော်ရောက်ရှိဟန်။

၂၀။ နောက်ဆုံး အင်းဝပျက်သည်းရာတွင် ဟံသာဝတီသို့ သပိတ်တော် သယ်ဆောင်လာကြဟန်။

၂၁။ မလွန်သို့ အရောက်တွင် သပိတ်တော် စံမြန်းသည့် ဖောင်တော် ဆွဲလှော်၍လုံးဝမရဘဲ ရပ်တန့်တည်နေဟန်။

၂၂။ သိကြားမင်းလှူသပိတ်တော် တည်ရှိရာစေတီတော်၌ပင် အနားလေးရစ်ရှိသပိတ်တော်အား ဌာပနာနေပုံ။

၂၃။ မူလစေတီတော်ကြီးပြိုပျက်ရာ၌ ဆရာတော်ကြီးများ ဦးဆောင်၍ ဒေသခံပြည်သူတို့ ပြန်လည်ပြုပြင်တည်ထားကြပုံ။

၂၄။ ယခုလက်ရှိ ဖူးမြော်ရသော မလွန်မြသပိတ်စေတီတော်ပုံတွေပဲဖြစ်ပါတယ်။

ပန်းချီကားများက ပြောသော ဘုရားသမိုင်းပေါ့။

ဘုဇ္ဈင်္ဂသာသနာယူအဆန့်အတူ ဆက်နွယ်နေသော သပိတ်တော်များ

'မကွေး-မြသလွန်၊မလွန်-မြသပိတ်' လို့ ဆိုစကားပြုရတဲ့ ဘုရားစေတီအထင်အရှားနဲ့ပြို့ဖြစ်ပါတယ်။ မြသပိတ်တော်ကိုအကြောင်းပြုပြီး မလွန်ဖြစ်ပေါ်လာတာမို့ မလွန်နဲ့ မြသပိတ်ဟာ အဓိ

www.burmeseclassic.com

www.burmeseclassic.com

ပြားရဲ့ခေါင်းနဲ့ပန်းလို ဒွန်တွဲနေကြပါတယ်။

မြသပိတ်စေတီနဲ့ဆက်စပ်ပြီး ဗုဒ္ဓဘာသာအယူအဆနဲ့အတူ ဆက်နွယ်ပတ်သက်နေတဲ့ သပိတ်တော်တွေ ဗုဒ္ဓဘာသာစာပေသမိုင်းတွေမှာ အများအပြားရှိနေတာကို သတိရမိပါတယ်။

အဲဒီ သပိတ်တော်တွေထဲမှာ တောထွက်စဉ်ကာလ ဗုဒ္ဓလောင်းလျာဘဝရဲ့ အသုံးအဆောင်သပိတ်တော်ဖြစ်ပြီး ဘုရားမဖြစ်မီ သုဇာတာ ယနာနွှံဆွမ်းကပ်လှူခါနီးကာလကပင် ပျောက်ကွယ်ခဲ့ရသော ယဒိုက္ကာရဗြဟ္မာမင်းကြီး ဆက်ကပ် လှူဒါန်းတဲ့ မူလသပိတ်တော်၊ မြတ်စွာဗုဒ္ဓဘုရားအဖြစ်သို့ရောက်တော်မူပြီး လင်းလွန်းပင်ရင်းမှာ စံနေတော်မူစဉ် မြန်မာပြည်သား တပုဿနဲ့ ဘလ္လိကတို့ ပျားမုန့်ကြွပ်တွေကို ဆွမ်းအဖြစ် လှူဒါန်းတော့ သပိတ်တော်လက်မဲ့ဖြစ်နေလို့ အဓိဌာန်ထားတော်မူရာမှာ နတ်မင်းကြီးလေးပါး ပူဇော်ဆက်ကပ်တဲ့ လေးလုံးသောသပိတ်တွေကိုထပ်လိုက်တဲ့အခါ ဖြစ်ပေါ်လာတဲ့ ကွန္ဒန်ဂိုလာသပိတ်တော်၊ ဘုရားရှင် စက္ကိန္ဒနဲတောင်ပေါ်မှာ ကိုန်းစက်တော်မူစဉ် သိကြားမင်း ဆက်သတဲ့ မြသလွန်နဲ့ မြသပိတ်တော်၊ သထုံပြည် စန္ဒသူရိယမင်းလက်ထက်တွင် ဆွမ်းအလှူခံရန် ပြဟ္မာမင်းလှူတဲ့ သပိတ်တော် (ဒီသထုံမြသပိတ်တော်ဟာ ဘုရားရှင်ရဲ့ဗျာဒိတ်တော်အတိုင်း သထုံမှ အခြားဒေသတွေကို မရောက်ခဲ့ပါ)။ မြန်မာနှစ် ၇၅၆ ခုမှာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ထံသို့ သီဟိုဠ်မှ ဆက်သသော သပိတ်တော် (ဒီဟံသာဝတီ သပိတ်တော်ဟာ အခိုက်အတန့်မျှသာဖြစ်ပြီး နောင်အခါမှာ အလောင်းမင်းတရားကြီး ရာမညတိုင်းကို အောင်မြင်တော်မူတဲ့အခါ ရွှေဘိုသို့ပင့်ဆောင်ခဲ့ကာ ယင်းကို ဌာပနာလျက် စေတီတော်တစ်ဆူတည်ခဲ့တဲ့သပိတ်တော်၊ အဲဒီမှတစ်ဆင့် ယင်းသပိတ်တော်ကို မင်းတုန်းမင်းကြီးက ကိုးကွယ်ရန် ရတနာပုံ မန္တလေး ကုသိုလ်တော် မဟာလောကမာရဇိန် ဘုရားသို့ပင့်ဆောင်၍ ရွှေဘိုမှာ သပိတ်တော်အရာမျှသာကျန်ပါတော့တယ်)။

အင်းဝမင်းခေါင်အား သီဟိုဠ်ကျေးမင်းက သမီးတော်နဲ့အတူ ဆက်သသော စွယ်တော်နဲ့ သပိတ်တော် (ဒီသပိတ်တော်ကတော့ အထင်အရှားမရှိပါဘူး)။ ရတနာသိင်္ဃ အလောင်းမင်းတရားကြီး ကိုးကွယ်ရန် ဝေသာလီပြည်မှ ဆက်သသော သပိတ်တော်၊ မင်းတုန်းမင်းကြီး ကိုးကွယ်သော မဟာလောကမာရဇိန် ဘုရားမှာ ဌာပနာထားပြီး ကိုးကွယ်ခဲ့တဲ့ သပိတ်တော်၊ တရုတ်ခရီးသည် ရဟန်းကြီး ဖာဟီယန်ရဲ့ ခရီးသွားမှတ်တမ်းပါ ဝေသာလီမင်းများရဲ့ သပိတ်တော်၊ ဘုရားရှင် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါသို့အရောက် ပရိနိဗ္ဗာန်စံဝင်ရန်အလို့ငှာ ကုသိနာရုံပြည်သို့ကြွတော်မူစဉ် ဝေသာလီပြည်မှ မင်းအပေါင်းတို့က ဗုဒ္ဓနဲ့အတူလိုက်သေပါရစေရယ်လို့ ငိုကြွေးပြီး နောက်က မပြတ်လိုက်လာကြတဲ့အခါ ဘုရားရှင်က ထိုမင်းတို့ပူဆွေးသောကသက်သာစေရန် အလို့ငှာ ဆက်မလိုက်နိုင်စေရန် အလွန်ရေစီးသန်တဲ့ မြစ်ကြီးတစ်စင်းကိုဖန်ဆင်းကာ ဝေသာလီမင်းများ ဗုဒ္ဓကိုယ်စား ကိုးကွယ်ဆည်းကပ်နိုင်ရန် ပေးထားရစ်ခဲ့တဲ့သပိတ်တော်။ ရှေးအခါက အေဖတော်လိုက်ဘုရင်ဟာ သပိတ်တော်ကိုဆည်းကပ်ကိုးကွယ်လိုတဲ့အတွက် ပက်သျဝါပြည်ကို တိုက်ခိုက်သိမ်းယူရာ အောင်မြင်တော်မူခဲ့ပါတယ်။ ထိုမှ ဘုရားရှင်ရဲ့ သပိတ်တော်ကို မင်္ဂလာဆင်ပေါ် ဆို့တင်ကာ ပင့်ဆောင်ရန် ကြိုးပမ်းတဲ့အခါမှာတော့ ဆင်တော်ဟာ အားအင်ကုန်ခန်းသလိုဖြစ်သွားခဲ့ပြီး မအောင်မြင်ခဲ့ပါဘူး။ ထိုအခါ သပိတ်တော်ကို ဘီးလေးဘီးပါ ရထားပေါ် သို့တင်ပြီး ဆင်တော် (၈) စီးနဲ့ ဆွဲယူပင့်ဆောင်စေပြန်တော့လည်း ရထားမရွေ့ခဲ့ပေ။ ထိုသို့ပင့်မရသောအခါ ဘုရင်လည်း အလွန်ရှက်ရွံဝမ်းနည်းခြင်းဖြစ်ရပါတယ်။ ထိုအခါမှ 'ငါပူဇော်ရန် အချိန်မတန်သေးဟာ'ရယ်လို့ အားလျော့ကာ မူလနေရာမှာ ပြန်လည်ပင့်ဆောင်ထားခဲ့ရတယ်။ အဲဒီနေရာမှာလည်း အလှူကြီးပေးလှူကာ အစောင့်အရှောက်တပ်တွေ ချထားစေခဲ့ကာ စေတီတော်တစ်ဆူတည်ကို ရဟန်း (၇၀၀) သီတင်းသုံးနိုင်တဲ့ကျောင်းတော်ကြီးလည်း ဆောက်လုပ်ခဲ့ပါတယ်။

အဲဒီကျောင်းက ရဟန်းနဲ့ ဒါယကာပြည်သူအများဟာ နေမွန်းတည့်ချိန်ရောက်တိုင်း သပိတ်တော်ကို ဒါနဝတ္ထုအစုစုနဲ့ သောင်းသောင်းဖြူဖြူ ပူဇော်ခဲ့ကြပြီး နောက်နေ့မနက် အရုဏ်မြှုသောကာလတွင်မှ သပိတ်တော်ကို ပြန်ထားတော်မူကြပါတယ်။ အဲဒီသပိတ်တော်ဟာ နှစ်စိတ်ဝင်မျှပမာဏရှိပြီး ညိုမှောင်သော အရောင်အမျိုးမျိုးတောက်ပပါသတဲ့။ ဝေသာလီနဲ့ ပက်သျဝါသပိတ်တော်နှစ်လုံးဟာလည်း အခုအခါမတော့ သူတို့ရဲ့သဒ္ဓါတရား ချို့ယွင်းမှုကြောင့် မပျက်စီးရဲမျှသာ တည်ရှိနေပါတယ်။ အဲဒီသပိတ်တော်များစာရင်းမှာ မလွန်မြို့ 'ရတနာစက် ဤစေတီတော်' တွင်းမှာ ဟံသာဝတီမွန်တို့ တည်ထားခဲ့တဲ့ ဤမြသပိတ်တော်လည်း အပါအဝင်ဖြစ်ပါတယ်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ ဗဟိုအမျိုးသားပြတိုက်မှာပြသထားတဲ့ အေဒီ ၂ ရာစုနှစ်အစောပိုင်း ကျောက်ဆစ်ပန်းပုပညာရှင်များရဲ့လက်ရာ ရှေးဟောင်းကျောက်ဆစ်လက်ရာတစ်ချပ်မှာတော့ ဗုဒ္ဓဘုရားရှင်အား နတ်မင်းကြီးလေးပါးတို့က သပိတ်လေးလုံးထပ်ပြီးလှူနေဟန်ကို သရုပ်ဖော်ထွင်းထုထားပါတယ်။

အိန္ဒိယနိုင်ငံ မဒရပ်မြို့က အဓိဋ္ဌာန်ပြတိုက်မှာတော့ ဗုဒ္ဓသပိတ်တော်ကို ပြည်သူအများက ကြည်ညိုလေးစားစွာ ပင့်ဆောင်ပူဇော်ဟန်၊ အေဒီ ၂ ရာစုနှစ်၊ အမရဝတီ(Amaravati) ကျောက်ဆစ်ပန်းပုပညာရှင်များရဲ့ကျောက်ပြားမှာ ထွင်းထုထားတဲ့လက်ရာ၊ ကျောက်ပြား ဝိုင်းလည်းရှိပါသေးတယ်။

မလွန်-မြသပိတ်စေတီတော်နဲ့ဆက်နွယ်နေတဲ့သပိတ်တော်

အဲဒီ သပိတ်တော်တွေထဲကမှ မလွန်မြသပိတ်စေတီတော်က သပိတ်တော်တွေကို တွေးကြည့်မိပါတယ်။

မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ဝါတော် (၂၀) အရမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေခိုက် မဟာပုဏ္ဏမ ထေရ်ရဲ့လျောက်ထားချက်အရ သုနာပရန္တတိုင်း ဝါကဒ္ဒဂါမရွာသို့ ကြွရောက်တော်မူပါတယ်။ ကုန်သည်ငါးရာနဲ့ သူကြွယ်တွေက ဘုရားရှင်ကို စန္ဒကူးဂန္ဓာရုံကျောင်းတော်ကို ပင့်ဆောင်ပြီး ကပ်လှူခဲ့ကြတယ်။ အဲဒီမှာ ခုနစ်ရက် သီတင်းသုံးတော်မူပြီး သုနာပရန္တတိုင်းရဲ့ အကျိုးစီးပွားအလို့ငှာ အရှင်ပုဏ္ဏမထေရ်ကို ထားရစ်ခဲ့ပြီး ဆားဘွက်တောင်ခေါ်ကေလာသဖ - စကိန္ဒကတောင်ထိပ်သို့ ဆက်လက်ကြွချီသီတင်းသုံးပြန်ပါတယ်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတောအုပ်မှာနေထိုင်ကြတဲ့ ဘောက္ခော-ဘောသော် ရက္ခသာကိဘီလူးညီနောင်နှစ်ဦးတို့ဟာ သတင်းကြားနဲ့ ရောက်ရှိလာကာ ကြစု၊ ဖန်ခါးသီးများကို မြတ်စွာဘုရားရှင်အား ဘေသဇ္ဇအဖြစ် ကပ်လှူကြလေးယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လည်း သိကြားမင်းဆက်ကပ်ထားတဲ့ မြသပိတ်တော်နဲ့ အလှူခံယူတော်မူရင်း သွန်သင်ဆုံးမတော်မူပါတယ်။ အဲဒီနောက် နံနက်မိုးသောက်အခါ ဇရတဝန်ကျောင်းတော်ကို ပြန်ကြွမယ်အလုပ် ဘီလူးညီနောင်က ဘုရားရှင်ကို သူတို့ဌာနေ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းကို ကြွရောက်ဖို့ ဖိတ်ခေါ်ကြတယ်။ ရွေးနောင်တော် ဘုရားများ ကြွရောက်လေ့မရှိတာမို့ ဒုဋ္ဌဘဋ်ငြင်းဆန်တော်မူတဲ့အခါ ဘီလူးတွေက ကိုယ်စားတော်ဖူးမြော်နိုင်ဖို့ ဆောင်းပန်းကြိုလို့ သိကြားမင်းဆက်ကပ်ဟူခါနိုးထားတဲ့ မြသလွန်တော်ကို ပေးသနားလိုက်ပါတယ်။

'ငါကျိန်းစက်ခဲ့ရာ ကေလာသဖောင်တော်နဲ့ မြသလွန်တည်ရာ ဤနဝုတ္တမဒေသတွေမှာ နောင်သောအခါ သာသနာတော်ပွင့်လင်းစည်ကားပြီး နဝရမြို့ကြီးဖြစ်လတ္တံ့'

လို့ ဗျာဒိတ်စကားလည်း မိန့်ကြားခဲ့ပါတယ်။

ဘီလူးတွေလည်း ကိုယ်စားတော်ရခဲ့လာတဲ့ သလွန်တော်ကို ဝမ်းမြောက်ဝမ်းသာ ပင့်ဆောင်ယူခဲ့ကြရင်း ဧရာဝတီမြစ်ဆိပ်မှာချထားနားနေခဲ့တော့ 'သလွန်ခုံစေတီ' ရယ်လို့ ဖြစ်ပေါ်လာပေါ့။ သူတို့နေထိုင်ကျက်စားရာ မြစ်အရှေ့ဘက်ကမ်းကို သလွန်တော်ယူဆောင်ခဲ့ပြီး ဘုရားကာ စေတီတော်တည်ပြန်တော့ 'မြသလွန်စေတီ' ဖြစ်လာပြန်ရော။ မကွေးမြို့နှစ် မြသလွန်စေတီကြီးပေါ့။

ဆက်လက်ပြီး ဘုရားရှင်ဟာ နောင်တော်ဘုရားများရဲ့ ပြုမြဲမွေတာအထိုင်း သတ္တဝါဝေနေယျတို့အကျိုးငှာ ကြည့်ရှုဆင်ခြင်တော်မူပြီး သိကြားမင်းဆက်ကပ်ထားတဲ့သပိတ်တော်ကို ဧရာဝတီမြစ်တွင်းသို့ချကာ မျှောတော်မူပြန်သတဲ့။ ဤသပိတ်တော် ကိန်းဝပ်ရာ ဒေသတွေမှာ သာသနာထွန်းကားပါမည်လေ လို့လည်း ဗျာဒိတ်စကားနှုတ်ဆော်ချွေတော်မူခဲ့ပါတယ်။ အဲဒီသပိတ်တော်မျှောတဲ့မြစ်ဆိပ်၊ မင်းဘုံမြို့ဆိုနဲ့ စေတီတော်အနီးမှာတော့ သပိတ်မျှောစေတီရယ်လို့ ဖြစ်တည်လာခဲ့ပြန်ပါ။

ဘုရားရှင် မျှောတော်မူလိုက်တဲ့ သပိတ်တော်ဟာ ဧရာဝတီမြစ်အတိုင်း ရန်ကင်းမျောပါလာရင်း အခု မလွန်အရပ်ကိုရောက်တဲ့အခါ ရေအလျဉ်နဲ့ အံတုတော် မျောပါခြင်းမပြုတော့ဘဲ ရပ်တန့်တော်မူသတဲ့။ အဲဒီအံ့ဘွယ်နန်းအဖြစ်ကို ပဋ္ဌနဂိုရ်ဆိပ်ကမ်းထိပ်ကနေ သိကြားမင်းနဲ့တကွ လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့ဟာ ကမ်းလုံးညွတ်မျှ သောင်းသောင်းဖြဖြ ဖူးမြော်ကြည်ညိုကြပါတယ်။(ဒီနေရာမှာ ပဋ္ဌနဂိုရ်မြို့ဟောင်းရဲ့အကြောင်းကိုလည်း အရပ်ပြောစကားကိုကိုးကားပြီး ပြောစရာရှိလာပေါ့။ ဗုဒ္ဓမဉ္စိမ် နှစ်ပေါင်း (၃၈၅) နှစ်ခန့်က မဇ္ဈိမဒေသ၊ သယ်ဿနဂိုရ်ပြည့်ရှင် ဘေရိန္ဒမင်းကြီးရဲ့ သားတော်ကြီး သာဂရနဲ့ သားတော်ငယ် သာနရတို့ဟာ ဇမ္ဗူဒီပ်ကျွန်းမြေအပြင် သင့်ရာအရပ်မှာ မြို့ပြတည်ထောင်ဖို့ တပ်တော်ချီလာခဲ့သတဲ့။ ယခု တောင်တွင်းကြီးမြို့အနီး ဝိဿနိုးမြို့မရောက်မီ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းက ဤအရပ်ကို အရင်ဆုံးရောက်ခဲ့ပြီး မြို့ပြတည်ထောင်ခဲ့တယ်။မြို့အမည် 'ပထမနဂရ' - 'ပဋ္ဌနဂိုရ်' လို့ပေးကာ အမတ်ကြီး ငကြမ်းတောကို အုပ်ချုပ်စေသတဲ့)။ အဲဒီ ပဋ္ဌနဂိုရ်မြို့စားမင်းနဲ့ မြို့သူမြို့သားတွေ ကမ်းပါးထိပ်ကနေ သပိတ်တော်ကို ကြည်ညိုကြတဲ့နေရာမှာ စေတီတစ်ဆူတည်တော့ 'နတ်မျှော်စေတီ' လို့သမုတ်ခဲ့ပါတယ်။ ခုတော့ ၂၀၀၉ခုနှစ်က တည်ဆောက်ခဲ့တဲ့ ပဋ္ဌနဂိုရ်-မလွန်မြစ်ကူးတံတားဘေးကစေတီပေါ့။ မြသပိတ်စေတီတော်ရင်ပြင်ကနေ တစ်ဖက်ကမ်းကိုလှမ်းမျှော်ကြည့်တဲ့အခါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မျက်စောင်းထိုးဝေးလွယ်ခုတ်သာသာမှာ နတ်မျှော်စေတီကို ဖူးမြင်နိုင်ပါတယ်။ ခုတော့ ကာလရွှေ့လျော်ပြီး နတ်မျှော်စေတီလို့လည်း ခေါ်ကြရဲ့။

□ သပိတ်တော်ကိုပင့်ဆောင်တဲ့သိကြားမင်း အစီအမံ

ဘုရားရှင်ကို မိမိဆက်ကပ်လှူဒါန်းခဲ့တဲ့ သပိတ်တော်ဟာ မလွန်ရေအလျဉ်မှာ ရပ်တန့်နေတာကို သိကြားမင်းကိုယ်တိုင် မြင်တွေ့လိုက်ရတဲ့အခါ ဒီအရပ်ဟာ သပိတ်တော်ကိန်းဝပ်မယ့်နေရာ ဘူမိနက်သန်ရယ်လို့သိသွားပါတယ်။ အဲဒီအခါမှာ ပဋ္ဌနဂိုရ်မြို့စားကို အမိဌာန်ပြုပြီး သပိတ်တော်ပင့်ဆောင်စေခဲ့တယ်။ မင်္ဂလာဖောင်တော်များစီမံကာ ကြိုးကျယ်ခမ်းနားသော အစီအစဉ်နဲ့ ရေလယ်ကနေ မလွန်ကမ်းခြေကို ပင့်ယူခဲ့ကြကာ မလွန်တောင်ဘက်ရှိ ရတနာဇာတိတောင်ကုန်းအနီးမှာ ဝန္ဒကုဋိတိုက်ဖန်ဆင်းပေးပြီး သပိတ်တော်ကို ခေတ္တကိန်းဝပ်စေပါတယ်။ အဲဒီနောက် ဒီအရပ်မှာ သပိတ်တော်ထာဝရစံနေစေခြင်းငှာ သိကြားမင်းနဲ့နတ်ဗြဟ္မာတို့ စုဝေးတိုင်ပင်ကြတော့ ရဟန်းလုံးပညာရှိတွေနဲ့ ပြည်သူတွေကလည်း တစ်ခဲနက်ကျေနပ်ကြလေရဲ့။

သိကြားမင်းဟာ တောင်ကုန်းထိပ်မှာရပ်လျက် 'ဤနေရာတွင် ကျောက်ဖျာရှိလည်းကွယ်စေ၊ မြေကြီးတို့လည်း စင်ကြယ်စေ၊ ရေမလွတ်သည်လည်း ဖြစ်စေ' လို့ အဓိဌာန်ပြုကာရွှေးချယ်ပြီး တောင်ကုန်းအောက်ခြေမှာ ကြီးကျယ်တဲ့ လိုဏ်ဂူတော်ကြီးကို နတ်သိကြားများအကူအညီနဲ့ စတင်တူးဖော်ကြတယ်။ တူးလိုက်တဲ့ လိုဏ်ဂူရဲ့ ဇောက်အနက်အတိုင်းအတာ ဧရာဝတီမြစ်ရဲ့ရေအကျဆုံးအခိုက်ဖြစ်တဲ့ တပေါင်းလကွယ်နေ့ ရေမျက်နှာပြင်နဲ့အညီနေရာအရောက်မှာ မြေပြင်ကိုအညီအညွတ်စီရင်စေပါတယ်။ နဝရတ်ကိုးပါးနဲ့တကွ ရတနာခုနစ်ပါး စီခြယ်ထားတဲ့ ကလပ်ပေါ်မှာ သပိတ်တော်ကို အခိုင်အခဲ့ အသေအချာစီမံပြီး ဌာပနာတော်မူခဲ့ကြတယ်။ ဒါ့အပြင် လူအများလှူဒါန်းထားတဲ့ ရွှေငွေရတနာတွေကိုလည်း နောက်တစ်ခါ ဖူးတွေ့သူတွေမြင်ရင် မွမ်းမံပြင်ဆင်နိုင်ဖို့ ကြုတ်တွေမှာထည့်ပြီး သေတ္တာတွေနဲ့ လုံခြုံစွာစီမံထားတော်မူပါတယ်။

မြို့စားမင်းကလည်း သူဝတ်ထားတဲ့ အဖိုးတန်ရတနာတွေကိုချွတ်ကာ လှူဒါန်းခဲ့ပြီး ဌာပနာတိုက်ကို လုံခြုံအောင်ပိတ်လိုက်ကြတယ်။ သိကြားမင်းရဲ့စေခိုင်းချက်အရ ဝိသကြံနတ်သားကလည်း သန်လျက်ကိုင်စွဲထားတဲ့သစ်သားဘီလူးရုပ်များ၊ သားရဲနဲ့စက်ယန္တရားများကို ဌာပနာတိုက်ပတ်လည်မှာစောင့်ကြပ်စေခဲ့ပါသတဲ့။ ရန်သူမျိုးငါးပါးရန်ကနေ ကင်းဝေးဖို့လည်း ဌာပနာတိုက် လိုဏ်ဂူကို လမ်းလွှဲများဖောက်လုပ်ပြီး ဧရာဝတီမြစ်ထဲရောက်သွားအောင် စီရင်ထားခဲ့ပါတယ်။ ဌာပနာတိုက်ပေါ်မှာတော့ ကျောက်တုံးတွေနဲ့အမှတ်အသားလုပ်ပြီး မြတ်စွာဘုရားရှင် ခုနစ်ရက်တာမျှ အသုံးပြုခဲ့တဲ့ သိကြားမင်းဆက်ကပ်တဲ့ သပိတ်တော်ကို မလွန်အရပ်မှာ စတင်ကိုးကွယ်ခဲ့ကြပါတယ်။

□ မလွန်မြသပိတ်စေတီတော်ရဲ့ ဝင်္ကပါလိုဏ်ဂူ

မြသပိတ်စေတီတော်ရဲ့ ရင်ပြင်အောက်ခြေမှာ ထူးဆန်း အံ့ဩဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတဲ့ ဝက်ပါလိုဏ်ဂူတွေကို ရှေးမင်းတွေက တည်ဆောက်ခဲ့ကြတယ်လို့ ဆိုထားပါတယ်။ လက်ရှိရင်ပြင်တော်တိုးချဲ့ဆောက်လုပ်မှုတွေမပြုလုပ်ခင်ကတော့ စေတီတော်ရဲ့ အရှေ့ဘက်မှခြံဝင်းတောင်ဘက် (၁၀) ပေခန့်အကွာ ရင်ပြင်တော်အောက်ခြေမြေပြင်မှာ လိုဏ်ဂူဝတစ်ခုရှိနေခဲ့ဖူးတယ်။ ရှေးလူကြီးတွေကတော့ အဲဒီဂူပေါက်ကနေ အုန်းသီးခြောက်တစ်လုံးပစ်ချလိုက်ရင် အဲဒီအုန်းသီးဟာ မလွန် - ရွှေလဝင်းဝဲမှာ သွားပေါ်တယ်လို့ပြောကြရဲ့။ တစ်ခါတုန်းက အဲဒီလိုဏ်ဂူထဲ ဝင်ကြည့်ကြဖူးသူတွေကလည်း ဂူဝအကျယ်ဟာ (၆) ပေခန့်ရှိပြီး လိုဏ်ဂူအရှည်ဟာ ... စေတီတော်အလယ်ပစ္စယံအရောက်ခန့်မှာ မြောက်ဘက်ကိုကွေ့သွားကာ လူတစ်ကိုယ်စာမျှတဲဖြည်းဖြည်း ကျဉ်းမြောင်းသွားတယ်၊ နှစ်လံလောက်ဆက်သွားပြီး မြေများဖို့ခံနေလို့ပြန်ထွက်ခဲ့ကြတယ်။ မြေအောက်ဝက်ပါလိုဏ်ဂူဟာ အင်္ဂလိပ်အက္ခရာ (H)နဲ့ (L) ပုံ ဆက်သွယ်ထားသလိုရှိတယ်လို့ဆိုကြပါတယ်။ အဲဒီလို စေတီတော်ရင်ပြင်အောက်မှာ ရောဝတီမြစ်ထဲကို တူရွေပြုထားတဲ့ ဥမင်လိုဏ်ပေါက်များ တည်ရှိတဲ့အတွက်လည်း 'ရွှေအုန်းပေါက်စေတီ' လို့လည်း ခေါ်ခဲ့ကြဖူးသတဲ့။ ခုတော့ ဘက်စုံပြုပြင်မွမ်းမံရေးတွေနဲ့အတူ လိုဏ်ဂူပေါက်လည်း လုံးဝပိတ်သွားပေါ့။

❑ တေပါးမင်းမလွန်မြို့တည်ထောင်ခဲ့ပုံ

ရတနာသုံးပါး ကြည်ညိုပြီး မင်းကျင့်တရားဆယ်ပါးနဲ့ညီတော်မူတဲ့ ငတေပါးမင်းဟာ သာသနာတော်နှစ် ၄၃၃ ခုမှာ သရေခေတ္တရာပြည်ကြီးကို အုပ်စိုးပါတယ်။ မြို့သစ်တည်ထောင်လိုတဲ့ မင်းကြီးဟာ ရဟန်းပညာရှိ၊ လူပညာရှိတွေနဲ့အတူ နေရာသစ်ရှာဖွေရာမှာ သုနာပရန္တတိုင်းကို ရောက်ရှိတော်မူခဲ့တယ်။ ဘုရားရှင်ထံ သိကြားမင်း လျှဒါန်းခဲ့တဲ့သပိတ်တော်ဌာပနာထားရာအရပ်ကိုလည်း ရဟန္တာများရဲ့ အဆုံးအမနဲ့ သက္ကရာဇ် ၄၈၅ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်နေ့မှာ မြို့တည်ခဲ့ပါတယ်။ ကျုံး၊ ပစ္စင်၊ ရင်တား၊ တံခါး၊ ပြအိုးတွေနဲ့ပြည့်စုံစေပြီးတဲ့အခါ ဘုရားရှင်မျှော်တော်မူအပ်တဲ့ သပိတ်တော် မလွန်ခဲ့တာကိုစွဲပြီးတော့ 'မလွန်မြို့'လို့သမုတ်စေခဲ့တယ်။

❑ စောလူးမင်းလက်ထက် မလွန်မြို့

အနော်ရထာမင်းကြီးရဲ့သားတော် စောလူးမင်းဟာ သက္ကရာဇ် ၄၂၁ ခုမှာ နန်းတက်တော်မူပြီး ၄၂၅ ခု ရောက်တဲ့အခါမှာတော့ မလွန်မြို့ကို တံခါးကြီး ငါးမျက်နှာနဲ့ ထပ်မံပြင်ဆင်တော်မူခဲ့လို့ မြို့အင်္ဂါနဲ့ပိုမိုပြည့်စုံလာပြီး စစ်ရေးအရလည်းအထောက်အကူဖြစ်စေခဲ့ပါတယ်။

❑ တောင်တွင်းသီဟပတေ့မင်းနဲ့မလွန်မြို့

သက္ကရာဇ် ၆၅၅ ခုရောက်တဲ့အခါ တောင်တွင်းသီဟပတေ့မင်းဟာ မလွန်-တောင်ဘက် သပိတ်တော်ဌာပနာရာရတနာဇာတိကုန်းမြေပေါ်က ကျောက်စေတီထဲကိုထပ်မံတုံးပြီး 'ရတနာစက်ဂ္ဂါစေတီတော်'လို့ သမုတ်တော်မူခဲ့ပြန်ပါတယ်။

❑ အလောင်းမင်းတရားကြီးဦးအောင်ဇေယျနဲ့ မလွန်မြို့

ဦးအောင်ဇေယျဟာ မြန်မာနှစ် ၁၁၁၇ ခုမှာ မွန်တို့ကို ချီတက်တိုက်ခိုက်အောင်မြင်တော်မူခဲ့လို့ မလွန်ဒေသကို အောင်မြေအဖြစ်သမုတ်ပြီး ခေတ္တယာယီစံမြန်းခဲ့ပါတယ်။

❑ ညီတော်မိုးနဲ့ဒွါရာဝတီမင်းသားနဲ့မလွန်မြို့

မဟာမွေရာဇာ (မိုးနဲ့ဒွါရဝတီမင်းသား) ဟာ သက္ကရာဇ် ၁၈၂၄ခု မှာ မလွန်မြို့ကို သစ်တပ်အခိုင်အမာပြုပြီး တပ်စွဲကာ ကိုယ်တိုင် စစ်သေနာပတိအဖြစ် ရုံးစိုက်အုပ်ချုပ်ခဲ့ဖူးပါတယ်။

❑ မကွရာမင်းသားကြီးနဲ့မလွန်မြို့

သက္ကရာဇ် ၁၁၈၄ ခုမှာတော့ မလွန်မြို့ကို မကွရာမင်းသားကြီးအုပ်ငှစားရပြီး မလွန်မင်းသားကြီးလို့လည်း အမည်တွင်ခဲ့ပါတယ်။မန္တလေးမှာ မလွန်မင်းသားကြီးနေထိုင်ခဲ့တဲ့အရပ်ကို မလွန်အရပ်၊ စွေးကို မလွန်စွေးလို့လည်း ယခုတိုင်ခေါ်ဆိုနေကြရဲ့။

❑ စစ်သူကြီး သတိုးသုဓမ္မ မဟာဗန္ဓုလနဲ့ မလွန်မြို့

အင်္ဂလိပ်နယ်ချဲ့တွေကို အင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ရဲရဲရင့်ရင့်တိုက်ခိုက်ခဲ့တဲ့ မြန်မာသူရဲကောင်းစစ်သူကြီးမဟာဗန္ဓုလ ၁၁၈၆ခုမှာ ကျဆုံးတော့ စစ်သည်ရဲမက်တွေက ညတွင်းချင်း မီးသင်္ဂြိဟ်ပြီး အရိုးအိုးကို ရွှေထီးဖြန့်မိုးကာ မင်းနေပြည်သို့ သယ်ယူခဲ့ကြပါတယ်။ မလွန်အရောက်မှာတော့ အမြန်ဆုတ်ခွာလာရမယ်ဆိုတဲ့ နေပြည်တော်ကအမိန့်ကြောင့် အရိုးအိုးကို မင်းလှမှာတပ်စွဲနေတဲ့တပ်မှူး ဗိုလ်မှူးဗလမင်းထင် ဦးဆောင်ပြီး ရောဝတီမြစ်ကမ်းပါးမှာ ဂူသွင်းမြှုပ်နှံကာ စေတီတစ်ဆူတည်ခဲ့ကြရတယ်။ နောင်အခါကမ်းပါးပြိုတော့ မလွန်မြေသပိတ်စေတီတော်ရဲ့အရှေ့တောင်အရပ်ကိုပြောင်းရွှေ့ပြီး မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်တည်ထားခဲ့ကြတယ်။ ခုခါမှာတော့ အဲဒီစေတီမှာပဲ မဟာဗန္ဓုလရဲ့မြင်းစီးကြွေးရုပ်နဲ့အတူ သူရဲကောင်းဗိမာန်ကို လှပတဲ့ပန်းခြံနဲ့အတူထားရှိပေးပါတယ်။

❑ စလေဦးပုည်ရဲမလွန်အဖွဲ့အနွဲ့များ

ဦးပုညကလည်း 'ဗျပွတ္တိအရ မိဿကဘာသာ သင်္ကေတသညာနှင့် ရှိပန်း၊ မလွန်မြို့ဆိပ်ကမ်းဝယ်...၊ 'တစ်မိုးယံးခန့်စမွာယ်မှာ ဆွေနွယ်နက်မြေ၊ မလွန်မြို့ချက်ကြေက မွေးသမိခင်ကျေးဇူးရှိအရှင်... စသဖြင့် မေတ္တာစာများ ရေးဖွဲ့ခဲ့တာတွေလည်းရှိပါတယ်။

❑ မလွန်မြို့အတွက် နောက်ထပ်သပိတ်တော်တစ်လုံး

'ဘဂဝါစတ္ထာ ရောသတေ အဂ္ဂဟေသိ ... ဟူသော မဟာဝါအဋ္ဌကထာလာအတိုင်း မြတ်စွာဘုရားရှင် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါကာလပတ်လုံး သုံးစွဲတော်မူခဲ့သော သပိတ်တော်ဟာ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ 'အနန္တထေရောပိ၊ ဘဂဝတော ပတ္တစီဝရံ အာဒါယ ဟူသော အဋ္ဌကထာ၊ ဝဇီရာသံ ဘဂဝတော ပတ္တော ဟူသော ပရိက္ခရာ ဘာဇနီယပါဠိတော်တို့ကို ထောက်ရှု၍' ရှင်အာနန္ဒာမထေရ်မြတ်ရဲ့လက်တော်တွင်ရှိတော်မူခဲ့ကြောင်း သိရှိရတယ်။ ထို့မှတစ်ဆင့် ဝဇီရာပြည်သို့ရောက်ရှိသွားပြန်ပါတယ်။

ယင်းမှတစ်ဖန် သရေခေတ္တရာပြည်ကြီးကို စိုးစံတော်မူတဲ့ ဒွတ္တဘောင်မင်းကြီးဟာ သက္ကရာဇ် ၁၁၁ ခုနှစ်မှာ ရဟန္တာများနဲ့အတူ ဝဇီရာပြည်ကနေထို့သပိတ်တော်ကို ပင့်ဆောင်တော်မူခဲ့ပါသတဲ့။ သပိတ်တော်ဟာ အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည် အပူဇော်ခံပြီး နောက်ဆုံးမှာတော့ အပရန္တမည်တွင်သော မြန်မာ့တိုင်းသို့ရောက်ရှိလာခြင်းဖြစ်ပါတယ်။ သရေခေတ္တရာပြည်မှာ ဒွတ္တဘောင်မင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်တွေဟာ မြင်ပါဟု၊ သာနန္တရ၊ ယောယော၊ ဆေးဆေးနှေးနှေး၊ ဗောဗော၊ ညေးညေး၊ သောကြာမနဲ့ မဟာစေတီ၊ မြသီတင်စေတီနဲ့၊ ပဲခူးက အဆင်းရှိသော သပိတ်တော်အစစ်ကို

www.burmeseclassic.com

www.burmeseclassic.com

ဌာပနာလျက် မြို့ပြင်မှာတည်ထားတဲ့ မြစည်းခုံစေတီတော်တို့ ဖြစ်ပါတယ်။ သရေခေတ္တရာပြည့်ကြီးပျက်ပြန်တော့ မြစည်းခုံစေတီတော်က သပိတ်တော်ကို ပေါ်ထွက်ပြည်သို့ ပင့်ဆောင်တော်မူခဲ့ကြတယ်။ အဲဒီ ပေါ်ထွက်ပြည်ပျက်လေသော အခါ ယင်းမှတစ်ဆင့် အင်းဝသို့ပြောင်းရွှေ့ ကိန်းဝပ် စံပယ်တော်မူစေခဲ့ကြပြန်တယ်။

သက္ကရာဇ် ၁၁၁၃ ခုမှာ အင်းဝဘုရင်မဟာဓမ္မရာဇာမိပတိနဲ့ ဟံသာဝတီပြည့်ရှင် ဗညားဒလတို့ သမိုင်းတွင်မယ့် ဒွန် - မြန်မာစစ်ပွဲကို ဆင်နွှဲကြပါတယ်။ ထိုနှစ်နှောင်းစာနှစ်ခန့်လပြည့်ကျော်ဒဂုတ်၊ တနလ်ာနေ့ အတာတက်ခိုနိမ့်မာတော့ အင်းဝ ကျဆုံးသွားပြီး အင်းဝဘုရင်နဲ့ တစ်မြို့လုံးကို မွန်တို့သိမ်းပိုက်နိုင်ခဲ့ကြတယ်။ အဲဒီနောက် တလပန်းကို အင်းဝ မှာထားရစ်ပြီး မွန်နမင်းဗညားဒလ၊ သမက်တော်စောပြု၊ ညီတော် ဥပရာဇာတို့ဟာ တပ်ပေါင်း(၃၀)နဲ့ ကြည်းကြောင်း၊ ရေကြောင်းကနေ ဟံသာဝတီကို စုန်ဆင်းခဲ့ကြပါတယ်။ စစ်အောင်မြင်ခြင်းအထိမ်းအမှတ်နဲ့ လောကသရဖူဒါယကာအင်းဝမင်းကြီးနဲ့မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်၊ ဆင်ကြီး၊ မြင်းကြီး၊ လက်နက်ကိရိယာများနဲ့တကွ ပိဋကတ်တော်များ၊ မြဆင်းတုတော်နဲ့ သပိတ်တော်တို့ကိုပါ ပင့်ဆောင်ယူငင်ပြီး ပြန်ခဲ့ကြတာပါ။ မြဆင်းတု၊ ဗုဒ္ဓသပိတ်တော်နဲ့ ပိဋကတ်တော်တွေတင်ဆောင်လာတဲ့ ဖောင်တော်ဟာ ရောဝတီမြစ်ကြောင်း အတိုင်း စုန်လာခဲ့ပါတယ်။

အလွန်ရေရီးသန်တဲ့ရေအလျဉ်မှာ အခုရွှေလဝန်းဝဲသို့အရောက်မှာတော့ လက်ဝဲလှေတော်သား (၁၅၀) ပါ ဇိပ်ပြဲပဲ့နင်းကွပ်ကဲတဲ့လှေနဲ့ လှေတော်သား (၁၅၀) ပါ ဗညားနန္ဒကွပ်ကဲတဲ့လှေတို့ဟာ အပြင်းလှော်ခတ်ပေမယ့် အချည်းနှီးသာ အခိုန်ကုန်ခဲ့ပြီး ဖောင်တော်မရွေ့ဘဲ ကျောက်တိုင်ပမာ မားမားမတ်မတ် ရပ်တည်လျက်ရှိနေပါတော့တယ်။ မွန်-မြန်မာပညာရှိတွေက ဒီအရပ်ကိုလွန်ပြီး စုန်မဆင်းနိုင်လို့ သိကြားမင်း ဆက်ထပ်တဲ့ သပိတ်တော်လည်း ရှေးကတည်းက ဝင် ဒီရတနာဇာတိတောင်ကုန်းမှာကိန်းဝပ်နေခဲ့ဖူးကြောင်း၊ အခုလည်း မိမိတို့ဖောင်တော်ဟာ ယခင်ကတည်ရှိနေပြီးဖြစ်တဲ့ သပိတ်တော်ကိုလွန်ပြီး မလှော်ခတ်နိုင်ခြင်းသာဖြစ်ကြောင်း လျှောက်တင်ကြပါတယ်။

ဗညားဒလနဲ့ ညီတော် ဥပရာဇာတို့ဟာ အမတ်တို့ ကြောင်းကျိုးခိုင်လုံစွာ လျှောက်တင်ချက်ကြောင့် သပိတ်တော်ကို လက်လျှော့ကာ မလွန်မြို့တော်ကုန်းပေါ်ရှိ 'ရတနာစက်ဂျုံစေတီတော်' အတွင်းမှာပင် ဌာပနာသွင်းပြီး ရတနာရှိရာရတနာစုသလို ထားရစ်ခဲ့ကြတယ်။ ငါတို့၌ သပိတ်တော်ကို ပူဇော်ကိုးကွယ်ရန် ပါရမီစုံစွာမရှိသေးလို့လည်း နှလုံးသွင်းပြီး မြဆင်းတုတော်တစ်ဆူကိုသာ ပင့်ဆောင်လျက် ဟံသာဝတီသို့ ခရီးဆက်တော်မူကြရာမှာတော့ ဖောင်တော်ဟာ ဒဂုန်မှော်အထိ လှော်ခတ်ခြင်းပင်မပြုရဘဲ အလိုလျောက်စုန်တော်မူပါသတဲ့။ အဲဒီလိုနဲ့ သုနာပရန္တတိုင်း စက်တော်ရာနှစ်ဆူအတွင်း ဘုရားရှင်အမိဌာန်နဲ့ ရေမျှောခဲ့တဲ့ သပိတ်တော်အစစ်ဟာ မလွန်မြို့ကုန်းထိပ်မှာ ကျန်ရစ်ကာ ကိန်းဝပ်စံပယ်နေတော်မူခဲ့ပြီး မြသပိတ်စေတီတော်ရယ်လို့ဖြစ်လာပါတယ်။

ဒီမလွန်မြသပိတ်စေတီတော်ကို ဘိုးတော်မင်းတရားကြီးကလည်း အောက်အရပ် ပြည်မြို့ကနေ အထက် မြင်းခြံအထိက သံယာတော်အပါးတစ်ထောင် ကျော်တို့ပါဝင် အနုမောဒနာပြုပြီး ထီးတင်ပွဲပြုလုပ်ခဲ့ဖူးပါတယ်။

မြသပိတ်စေတီတော်မြတ်ကြီးဟာ သက္ကရာဇ် ၁၂၂၀ ပြည်မှာ ငလျင်အပြင်းအထန် လှုပ်ခတ်ပြီး ပြိုကျပျက်စီးခဲ့ရတယ်။ ၁၂၃၅ ခုမှာတော့ နဂါးရုံကျောင်းဆရာတော်၊ စာကြောကျောင်းဆရာတော်တို့ ကြွပ်မတ်ပြီး မလွန်မြစ်ဝဉ်မင်းကြီးအစရှိတဲ့ဥပါသကာ၊ ပြည်သူအများက ဓာတ်တော်အဆူ (၁၀၀၀) ကျော် ဌာပနာပြီး ထပ်မံတည်ထား ကိုးကွယ်ခဲ့ကြပါတယ်။ ၁၂၅၆ ခု၊ တန်ခူးလပြော

မလွန်တစ်ဝိုက်က ဘုရားစေတီများမြေပုံ

www.burmeseclassic.com

www.burmeseclassic.com

တော့ မလွန်ပြို့အုပ်မင်းက ဓာတ်တော်အဆူ (၂၀၀) ကျော် ထုပ်မဲပင့်ဆောင်ကာ ငှက်မြတ်နားမှာ ဌာပနာပြီး မွမ်းမံပြင်ဆင်တော်မူခဲ့ပြန်ပါတယ်။ ၁၃၂၃ ခုမှာလည်း ဆေးဝက်ပါဆရာတော်ကြီး ဦးသူရိယလည်း မလွန်ကို ကြွလာပြီး တရားပွဲတွေ ဟောပြောကျင်းပကာ ရလာတဲ့အလှူတော်ငွေများနဲ့ ထုပ်မံပြင်ဆင်တော်မူခဲ့တယ်။ မူလစေတီရဲ့ သပိတ်တော်နဲ့ ဖောင်းရစ်ကြားမှာလည်း ဆေးဝက်ပါဆရာတော်ကြီးက နှတ်တိုက် တစ်ခုပြုလုပ်ကာ နှတ်မင်းကြီး (၄) ပါး ပုံတော်များဖြင့် ဖြည့်စွက်ပူဇော်ပေးခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနုကလည်း မကွေးတိုင်းဒေသကြီး ပါလီမန် အမတ်ဦးအုန်းဖေ၊ မင်းလှပါလီမန်အမတ်ဦးထွန်းတင်၊ အင်းဦးဆရာတော်ဦးခန္တီ၊ စာကြောဆရာတော်တို့ရဲ့ မေတ္တာရပ်ခံချက်နဲ့ စေတီတော်မွမ်းမံဖို့ကူညီပံ့ပိုးပေးခဲ့ဖူးတယ်။

◻ မလွန်-မြသပိတ်ဘုရားကျောက်စာ

'ဇေယျတု+' အစချီတဲ့ ကျောက်စာတစ်ချပ်လည်း မလွန်မြသပိတ်ဘုရားမှာ ရှိပါတယ်။ အဲဒီမှာရေးထားတာက -

ငချုစ်ဆွေကြီးစိုးသည့်ကာလ ပြည်ရနန်နိုင်စား ခြားနားသည်ကို သူတော်လွတ်အများနှင့် မလွန်ပြို့မှာ တက်သိန်းယူ၍ ပြည်ပြို့မှ ဆက်ပို့လေသည့် မလွန်ပြို့ကိုလည်း သည်အခါ မီးရှို့လေသည့် ငင်းများ နှာရာဆက်ပို့ဝင်သည့် အဖြစ်များကြောင့် သက္ကရာဇ်-၆၉-၇၀ ပြည်ပြို့ကို အလိုတော်ပြည့်ရာတွင် အနောက်ဘက်လွန် မဟာဓမ္မရာဇာမင်းတရား အမျက်တော်ရှိ ရှယ့် စက်စတင် သူကြီးငချစ်ဆွေကို နှင်မယား မိန္ဒသာ သားတောင်းညှီ ငချစ်ဘ နှမ မိထွန်းဦးတို့ကို မလွန်မြသပိတ် ဘုရားရှင် ကျွန်သီးတော်အရာ ရေစက်တော်သွန်းရယ်၊ မလွန်တဲနန်းတော်တွင်လျှက်တော်မူခဲ့၏။။ မြသပိတ်ဘုရားရှင်ကို ရည်မှတ်ရှယ့်လည်း စက်စတင်ရွာနယ်အတွင်း၊ လယ်နှင့်ကိုင်းပါ ၅- ပယ်၊ ဆီမီးဝတ်သင့်ပုတ်ဝတ်လှူတော်မူခဲ့၏။။ ငင်းမြေဆီအခွန်ဆယ်ဘို့တဘို့ ပေးစေသမုတ်တော်မူခဲ့၏'... လို့ဖြစ်ပါတယ်။

◻ မလွန်ပြို့ဟောင်းရဲ့ထူးခြားချက်များ

မလွန်ပြို့ဟောင်းမှာ ဂူ (၉) ဂူ၊ ကျောင်း (၉) ကျောင်း၊ သိမ် (၉) သိမ်၊ တောင်ကုန်း (၉) ကုန်း၊ မလွန်ပြို့ဟောင်းကို ဝန်းရံထားတဲ့ ရွာ (၉) ရွာနဲ့ မလွန်ကို အထင်အရှားအုပ်ချုပ်ခဲ့တဲ့ သူကြီး(၉)ဦး ရှိတယ်လို့လည်း သိရပါတယ်။ မလွန်ဟာ နေအခါတုန်းကတော့ တောတောင် ထူထပ်ပြီး စိမ့်ကြီးမြောင်းတွေနဲ့ စိမ်းစိမ်းစိုစိုရှိလှပြီး သူတော်စင်တွေတရားထိုင်ရာဂူတွေလည်းပေါခဲ့သတဲ့။ ဝိဇ္ဇာပညာတွေထွန်းကားပြီး ဂန္ဓိရဒေသတော်နဲ့ 'အင်း' ကစားခြင်းတွေကိုလည်း အဲဒီဂူကြီးတွေမှာ ကျင့်ကြံတတ်ကြတယ်လို့ဆိုပါတယ်။ အဲဒါကြောင့်လည်း အင်းအောင်စေတီ၊ အင်းပျက်စေတီဆိုတဲ့ စေတီပုထိုးတွေ တည်ထားခဲ့တာလည်းဖြစ်မလေ့။။ မလွန်ရွာကြီးကိုလည်း သီပေါမင်းကိုယ်တိုင် နေမြည်တော်ကနေ စာချွန်နဲ့တကွ ခန့်အပ်ခံရတဲ့ မြင်ကွန်းသူကြီး၊ တိုင်းတာမင်းကြီးကိုယ်တိုင် လာရောက်ခန့်အပ်တဲ့ ဘုရားထူးခံသူကြီးတွေလည်း အုပ်ချုပ်ခဲ့ကြပါတယ်။

◻ မလွန်ပြို့ကဘုရားစေတီများ

မလွန်ပြို့ပတ်ဝန်းကျင်မှာတော့ မြသပိတ်စေတီတော်ကြီးနဲ့အတူ စေတီပေါင်း(၅၄)ဆူကောင်ရှိသတဲ့။ မလွန်ရဲ့ ကျက်သရေဆောင်ဟာ မြသပိတ်စေတီဖြစ်ပေမယ့် မြသပိတ်စေတီတော်ကို ဝဲန်းရံထားတဲ့ တန်ဆိုးကြီးစေတီတော်တွေလည်းအများအပြားရှိပါတယ်။ မြသပိတ်စေတီတော်ရင်ပြင်ကကြည့်တဲ့အခါ စေတီရဲ့အရှေ့ဘက်က ကျုံးထိပ်စေတီ (ရွှေမင်းအေးစေတီ)၊ ပဋ္ဌနဂိုရီရွာနဲ့ ဧရာဝတီမြစ်ကြီး၊ နတ်မျှော်စေတီ၊ အနောက်ဘက်မှာတော့ ယခင်မြို့ရိုးဟောင်းပေါက ရွှေတောင်ဦးစေတီကို ရခိုင်ရိုးမတောင်တန်းကြီးများရဲ့မှိုင်းပျပျနောက်ခံအလှနဲ့အတူ ဖူးမြင်ရသလို တောင်ဆက်မှာတော့ စေတီလှစေတီ၊ ရွှေဘုန်းသာစေတီ၊ အသစ်ထပ်မံတည်ဆောက်ထားတဲ့ သတ္တဌာနစေတီတော်နဲ့ မြနန္ဒာကန်၊ နဂါးရုံစေတီများကို ဖူးတွေ့ရပါတယ်။ မြောက်ဘက်စောင်းတန်းအောက်ခြေမှာလည်း ရွှေဆံရုံစေတီ၊ ရွှေစာရုံစေတီ၊ ပုံတော်ချိုးစေတီနဲ့ မဟာဝိဇိတာဝိ (လုံးတော်ကြီးစေတီ) တို့ကို သပ္ပာယ်စွာ ဖူးမြော်နိုင်ကြပါတယ်။ အရှေ့တောင်ဘက်မှာ ရှင်ပင်သက်တွဲစေတီ၊ မဟာပန္ထလအရိုးအိုးစေတီနဲ့ သူရဲကောင်းဗိမာန်အဖြစ် တည်ဆောက်ထားတဲ့ မဟာပန္ထလမြင်းမိုးကြွရုပ်တွေကို တွေ့ရမှာပါ။ အနောက်တောင်ဘက်က အင်းအောင်စေတီ၊ အင်းပျက်စေတီ၊ အနောက်မြောက်ဘက် မြို့တောင်းပေါ်မှာတော့ ရွှေစည်းခုံစေတီနဲ့ ဘုရားနီစေတီ၊ တောင်ခြေမှာ ကုန်းဘောင်ခေတ်က စာပေအရာမှာထင်ရှားခဲ့တဲ့ စေကြောကျောင်းတော်ကြီးနဲ့ကြောင်လိမ်စေတီ (နှစ်ကျိပ်ရှစ်ဆူအောင်တော်မူစေတီ) တို့အပြင် အရှေ့မြောက်ဘက်မှာလည်း ရွှေမုဋ္ဌောစေတီတို့က ဝန်းရံတည်ရှိနေရဲ့။ အနောက်တောင်ဘက်စောင်းတန်းရဲ့ အောက်ခြေမှာတော့ ဆူတောင်းပြည့်စေတီတို့ကို ဖူးတွေ့ရပါတယ်။

မလွန်မြသပိတ်စေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကိုတော့ နှစ်စဉ် နတ်တော်လဆန်း ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ (၁၀) ရက်တိုင် စေတီတော်ကုန်းမြေရဲ့အခြေမှာ ကျင်းပလေ့ရှိသတဲ့။ ဘုရားပွဲရက်များ လာခွင့်ရချင်မိပါသေးတယ်။

မလွန်မြသပိတ်စေတီခြေတော်ရင်းမှ ကားကြီးဆက်လက်ထွက်ခွာလာတော့ ရွှခင်းတွေက လှုပလန်းဆန်းလျက်ရှိရဲ့။ ဝေ့ဝေ့ဝိုက်ဝိုက်နဲ့ ပဋ္ဌနဂိုရ်-မလွန်မြစ်ကူးတံတားသစ်ကြီးကိုလည်းလှမ်းမြင်နေရပါတယ်။ လမ်းဆုံမှတ်တိုင်က 'ပဋ္ဌနဂိုရ်' ဆိုတဲ့ ရွေးဆန်ဆန်အမည်လေးကိုလည်း သဘောကျမိရဲ့။ မြင်ကွန်းသို့လည်းမဝေးလှဘူးလို့ ညွှန်ပြနေလေတော့ တစ်နေ့နေ့မှာ 'အဲဒီ လမ်းညွှန်တွေအတိုင်း လာကြည့်ကြရအောင်လားဗျာ' လို့ ဘေးခုံက ကိုမောင်မောင်ငွေကို အဖော်စပ်လိုက်မိပါတယ်။ ကိုယ့်လိုပဲ ခရီးသွားရတာဝါသနာပါလှပြီး စီးတော်ယာဉ်ကိုလည်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်တဲ့ ကိုမောင်ကလည်း သိပ်မငြင်းရှာပါဘူး။ 'သွားကြတာပေါ့' လို့ အားတက် သရော ပြန်ပြောရဲ့။ အင်း- ကိုယ်တို့တိုင်းပြည်အတွင်းမှာလည်း လေ့လာချင်စရာတွေက မကုန်နိုင်အောင် ပေါများလှပါလား။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေးသု)

စာကိုး -

ကောင်းမြတ်(ခရာတော်) - မလွန်မြသပိတ်စေတီတော်သမိုင်း

Encyclopædia Britannica. 2014.Microsoft ® Encarta ® 2009.

www.burmeseclassic.com

www.burmeseclassic.com

ရွှေချိုအောင်(ပလီ)

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့မှ မေတ္တာဘွဲ့မ်းအားကြီးမားသည့် ဘဒ္ဒန္တအရှင်ဉာဏာ၏ ဖြစ်ရပ်ဆန်းကြယ်အံ့ဖွယ်သွယ် ကြည်ညိုမှုယ်ရာဝိသေသများ



ကမ္ဘာအေးပြည်လုံးချစ်သောစေတီတော်ကြီးအား အနီးကပ် ဖူးမြော်ရစဉ်



စေတီတော်ကြီးအဝင်မုခ်ဦး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ရှိ ဓမ္မသုခကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တအရှင်ဉာဏာသည် ဓုတင်္ဂါစာရဝိနည်းဆောင်ဆရာတော်ကြီးအဖြစ် လည်းကောင်း၊ မေတ္တာစွမ်းအားကြီးမားသည့် ဆရာတော်ကြီးအဖြစ် လည်းကောင်း၊ ၎င်းဒေသရှိ အလံတောင်၊ ရွှေနတ်တောင်၊ တောင်ညိုတောင်တန်းဒေသတစ်ခွင် သာသနာပြုပုဂ္ဂိုလ်အကျော်အဖြစ် လည်းကောင်း၊ ဆရာတော်ကြီး၏ မေတ္တာဆွမ်းနှင့် မေတ္တာရေတို့မှာ ရောဂါပေါင်းစုံတို့ကို ဖျောက်ကင်းရာဆေးအဖြစ် လည်းကောင်း များစွာထင်ပေါ်ကျော်ကြားလျက် ကြည်ညိုဖွယ်ရာသတင်းစွေးပျံသည့်အပြင် မဂ္ဂဇင်းအစောင်စောင်တို့တွင်လည်း ဖတ်ရှုရပါသည်။

ထိုအချိန်က စာရေးသူမှာ ဆရာတော်ကြီးအား ကိုယ်တိုင်သွားရောက်ဖူးမြော်ရန် အားထုတ်နေမိပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။ သို့ရာတွင် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အရေးပေါ် ညီလာခံနှင့် ၂၀၁၃ ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်းညီလာခံတွင် ဆရာတော်ကြီး ဘဒ္ဒန္တအရှင်ဉာဏာ၏ တပည့်အရာရင်းဖြစ်သူ စာရေးဆရာကြီး ဦးမြသွန်း (လူမှုထူးချွန်) (သုဓမ္မမဏိစာတမ်းရေးဘွဲ့တံဆိပ်ရ) နှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ပါသည်။ စာရေးသူသည် သူရဇ္ဈမဂ္ဂဇင်းတွင် ဘာသာရေးဆောင်းပါးများရေးသားနေသူဟုသိသည့်အလျောက် ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုရင်း သုံးဆယ်မြို့မှ ဓမ္မသုခကျောင်းတိုက်အကြောင်း ရေးသားနိုင်ရန် တစ်ခါတစ်ခေါက်လာရောက်စေချင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။

သို့ရာတွင် စာရေးသူသည် ဆရာတော်ကြီးပုံလွန်တော်မူပြီးနောက် ၂၀၁၄ ခုနှစ် ဇွန်လအတွင်းတွင်သာ သာယာဝတီ သုံးဆယ်မြို့ ဓမ္မသုခကျောင်းတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခွင့်

www.burmeseclassic.com

www.burmeseclassic.com

မမူသုခကျောင်းရှေ့ရှိ မြည်ထုံးချမ်းသာစေတီတော်ကြီး



မမူသုခကျောင်းတွင်းမှဆင်းတုတော်



ဆရာတော်ကြီးတည်သည့် ဆရာစံတောင်စေတီ

မမူသုခဗိမာန်တော်ကြီး

ကြုံခဲ့ပါသည်။ ရန်ကုန်မြို့ရှိ မရမ်းခြံတွင် ကျောင်းပြင်ပပညာရေး(NFPE)သင်တန်း ပြီးသည်နှင့် ရန်ကုန်နေ သားကြီးဖြစ်သော မောင်ချမ်းမြေ့သူက ဆရာတော်ကြီးထံ အဖူးမြော်သွားမည်ဟု အကြံပြုရာ နောက်တစ်နေ့တွင် ခရီးစတင်ဖြစ်ကြပါသည်။ ယုဇနဥယျာဉ်မြို့တော်မှ ဆူးလေသို့ ဘတ်(စ်)ကားဖြင့်သွားခဲ့ကြပါသည်။ ဆူးလေမှ တက္ကစီငှားရ၍ သာယာဝတီသုံးဆယ်ကားဂိတ်ရှိရာ သခင်မြပန်းခြံသို့ သွားရောက်ခဲ့ပါသည်။

ဆရာကြီးဦးလှထွန်းက သူ့ဆီလာလျှင် သူပိုင် စံချိန်မီကားဂိတ်ရှိရာကားဂိတ်မှဖုန်းဆက်ပါ။ သူပိုင်သည့်ဘတ်(စ်)ကားလိုင်းဖြစ်၍ ကားလက်မှတ်စီစဉ်ပေးမည်ဟု မှာကြားထားရှိပါသည်။ သို့ရာတွင် ဆရာကြီးကို ဖုန်းမဆက်ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပါးရေ ဓနုထုဝအချုပ်ကြွားဆရာတော်ကြီး
ဓနုထုဝဆရာလင်းတို့ထံ ဆုံးဆည်းခြင်း



ရှင်ဥပဂုတ္တဆောင်မိတော်

ပဏ္ဍိတဆွမ်းဘုဉ်းပေးနေစဉ်

စံခိုန်မီဘတ်(စ်)ကားဖြင့် သို့ ခရီးဆက်ဖြစ်ကြပါသည်။ အယ်ဖြစ်၍ လမ်းတစ်လျှောက် သွားနေပါသည်။ သို့ရာတွင် (၁၁) နာရီခန့် သုံးဆယ်မြို့သို့ သည့်အခါ မိုးသားတိမ်ရိပ်များ ၍ နေထွက်နေပါသည်။

သုံးဆယ်မြို့ ဆရာကြီးနေအိမ်ရှေ့ ကားဂိတ်တွင် ဆရာကြီး ကိုမေမြန်းရာ ကျောင်းသို့သွား ဖြင့် သူ့အိမ်ခြံဝင်းမှဖြတ် သန်း၍ မီးရထားလမ်းကိုကျော်ကာ ဓမ္မသုခကျောင်းသို့ သွားရောက်ခဲ့ပါသည်။ စာရေးသူလည်း နေပွင့်ခိုန်နှင့်ကြုံကြိုက် ၍ အခါအခွင့်သင့်သဖြင့် ကင်မရာဖြင့် မှတ်တမ်းတင်ဓာတ်ပုံများကို မနားတမ်း ရိုက်ယူပါတော့သည်။ ဓာတ်ပုံမှတ်တမ်း တင်နေဆဲ သားဖြစ်သူ မောင်ချမ်းမြေ့သူ က မေတ္တာဆွမ်းစားသုံးရန် လာခေါ်ပါ သည်။ ဆရာတော်ကြီး၏ဆွမ်းစားဆောင် သို့ရောက်ရှိသည့်အခါ ဆရာတော်ကြီး ၏သပိတ်ထဲတွင်ငံ့ထည့်၍ လျှဒါန်းထား သည့်ဆွမ်းများကိုပန်းကန်ပြားဖြင့်ခွဲထည့် ပေးပါသည်။ ဆရာတော်ကြီး၏ မေတ္တာ ဆွမ်းမှာ သက်သတ်လွတ်အသီးအနှံဆွမ်း များသာ ဖြစ်ပါသည်။ စာရေးသူနှင့် မောင်ချမ်းမြေ့သူတို့က ဆရာတော်ကြီး အား အဓိဋ္ဌာန်ပြု၍ ဆရာတော်ကြီးထံမှ မေတ္တာဓာတ်ခိုးပြင့်ပေးပါရန် ဆုတောင်း ၍ ဆွမ်းကိုစားသုံးကြပါသည်။ဆရာတော် ကြီး၏မေတ္တာဆွမ်းမှာ ပဏ္ဍိတဆွမ်း ဖြစ်၏။ ဆရာတော်ဘုရားကြီးရှိစဉ်အခါ က ဆွမ်းငါးလုတ်သာဘုဉ်းပေးပြီး သပိတ် ထဲမှ ကျန်ဆွမ်းများကို ဆေးအာဟာရ အဖြစ် အနယ်နယ်အရပ်ရပ်မှ လာရောက်

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဓာတ်ခံယူသူများကိုကျွေးမွေးခဲ့ပါသည်။ ဆရာတော်ကြီး၏ သပိတ်ထဲမှ ပစ္စည်းပို့ကာမေတ္တာဆွမ်းအာဟာရမှာ ကုန်သည်ဟူ၍မရှိဘဲ လာရောက်သူအားလုံးကို ဝေမျှကျွေးမွေးနိုင်စွမ်းပြီး အနာရောဂါပေါင်းစုံတို့ ပျောက်ကင်းချမ်းသာကြလေသည်။

ဆရာကြီး ဦးလှထွန်းက ဆရာတော်ကြီးအား တောင်းပန်လျှောက်ထားသည်မှာ -

"ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီး ခုတင်ဆောင်ရန်သော်လည်းကောင်း၊ တရားအားထုတ်ရန်သော် လည်းကောင်း အရပ်တစ်ပါးသို့ကြွသွားပါက တပည့်တော်တို့မှာ ဆရာတော်ဘုရားကြီး၏ မေတ္တာဆွမ်းအတွက် မည်ကဲ့သို့ ကြံဆောင်ရပါမည်နည်း"

ဟု မေးမြန်း လျှောက်ထားတောင်းပန်သည့်အခါ ဆရာတော်ကြီးက သူ၏ ပုံတော်ရှေ့တွင် ဆွမ်းတင်၍ 'ဆရာတော်ကြီးဘုရား၊ ဘုရားကပည့်တော်တို့သည် ဆရာတော်ကြီး၏မေတ္တာတော်ဓာတ်ကို ခံယူလိုပါသည် ဘုရား။ ထို့ကြောင့် ဤလျှာဒါန်းထားသည့်ဆွမ်းအား ဆေးအဖြစ် သုံးဆောင်နိုင်ရန် မေတ္တာဓာတ်များ ချီးမြှင့်ပေးသနားတော်မူပါဘုရား' ဟု ဦးချကန်တော့ အဓိဋ္ဌာန်လျှင် ဆရာတော်ကြီးကိုယ်တိုင် စွန့်ကြသကဲ့သို့ မေတ္တာဆွမ်းအာဟာရကို သုံးဆောင်နိုင်သည်ဖြစ်ကြောင်း ပြန်လည်မိန့်ကြားခဲ့သည်ဟု ဆိုပါသည်။

ဆရာတော်ကြီးက ဖျံလွန်တော် မမှုမီ မိန့်မှာကြားခဲ့သည်မှာ -

"ကျောင်းမှာ ငါမရှိသော်လည်း ငါရှိတယ်လို့ သဘောထားလိုက်"

ဟူ၍ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးပျံလွန်တော်မူပြီးနောက် ဓမ္မသုခကျောင်းတော်သို့ ရောက်ရှိကြသူများသည် ဓမ္မသုခကျောင်းတော်အတွင်းရှိ ဆရာတော်ကြီး၏ ရုပ်တုတော်၊ ပုံတော်ရှေ့တွင် ဆရာတော်ကြီး သက်ရှိထင်ရှားရှိသကဲ့သို့ အမှတ်ထားဖူးမြော်ကန်တော့ပြီးနောက် မိမိတွင်ခံစားနေရသည့် ကျန်းမာရေးဒုက္ခကို လျှောက်ထားပါ။ ဆီမီးပူဇော်၍ သောက်တော်ရေနှင့်ဆွမ်းကပ်လှူပူဇော်ပါ။ သို့မဟုတ် သောက်တော်ရေကပ်လှူပါ။ ထို့နောက် မေတ္တာဆွမ်း၊ မေတ္တာရေတို့အား ပြန်လည် စွန့်ကြဖို့ တောင်းပန်လျှောက်ထားပါ။ ဆရာတော်ဘုရားကြီး ပြန်လည်စွန့်လှူမည့် သောက်တော်ရေအား မေတ္တာရေစင်အေးအဖြစ် သောက်ပါ။ ကျန်သောရေကို ရေသန့်ဖြင့်ဆမ်း၍ ဘုရားကျောင်းဆောင်တွင်သိမ်းထားပြီး နေ့စဉ်ရက်သောက်ပါ။ ရောဂါအန္တရာယ်များ ကင်းရှင်းနိုင်သည်ဟု ဆရာကြီး ဦးလှထွန်းက ပြောပြပါသည်။



ကျောင်းတွင်းရှိ ဆင်းတုတော် ပူးစွဲနေစဉ်

တရားရှုမှတ်ရာ လိုဏ်ဂူတော်

ဓာတ်ပုံကူးယူပေါ်ထားသော ပုံပွားတော်များ

ကုံကောပင်သေးသေးနှင့်အသီး

ဓမ္မသုခမေတ္တာရေရွက်ဆင်

www.burmeseclassic.com

www.burmeseclassic.com

မွေးသုခကျောင်းဆောင်တော်ကြီး

ရေနောက်ထဲမှ ရေကြည်တော်

ဗဟော်ဝါဒိုဝတ္ထုင် ပွင့်သော ပိဇောဇင်ပင်

စာရေးသူတို့သည် မေတ္တာဆွမ်း စားပြီးသည့်အခါ ဆရာကြီးဦးလှထွန်းက သူ၏တိုက်အိမ်သို့ဖိတ်၍ မုန့်၊ လက်ဖက်ရည်များဖြင့် ဧည့်ခံပါသည်။ ထို့နောက် ဆရာတော်ကြီးနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဆရာကြီး ဦးလှထွန်းက စိတ်ရှည်လက်ရှည်ပင်ပြောပြပါသည်။ ထို့နောက် ဆရာတော်ကြီးတည်ထားခဲ့သည့် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြပါသည်။ ထို့နောက် ဆရာတော်ကြီး၏ဗိမာန်ဂူသို့ သွားရောက်ဖူးမြော်ကြပါသည်။ ဆရာတော်ကြီး၏ ဗိမာန်ဂူတော်အား ဖိတ်ထားသဖြင့် ဂူအတွင်းသို့ဝင်

ကျွဲကောသိုးထဲမှ ဓာတ်ခဲတော

အကိုင်းမကြီးမှ ထူးဆန်းသော သရက်သီး

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကာ ဖူးမြော်၍ ဓာတ်ပုံမှတ်တမ်း တင်ခွင့် တောင်းခဲ့ပါသည်။ ဆရာကြီး ဦးလှထွန်း၏ ကူညီပေးမှုဖြင့် ဓမ္မသုခ ဂေါပကအဖွဲ့ဝင် ဦးအောင်သန်းက သော့ယူ၍ဖွင့်ပေးပါသည်။ ဆရာတော်ကြီးမှာ ၁၅-၆-၂၀၁၃ နေ့တွင် ပုံလွန်တော်မူပြီးနောက် ဆရာတော်ကြီး၏ ရုပ်ခန္ဓာပျက်ယွင်းခြင်းမရှိသဖြင့် အချိန်မရွေး လာရောက်ကြည်ညိုနိုင်ရန်ထားရှိခြင်းဖြစ်ပါသည်။ သို့ရာတွင် သူ့အား ကမ္ဘာအေးပြည်လုံးချမ်းသာစေတီတော်ကြီး၏ ဓမ္မသုခသာသနာ့မြေထောင့်စွန်းတွင် ပြောင်းရွှေ့၍ အုတ်ဂူပိမာန်တော်ပြုလုပ်ပြောင်းရွှေ့ပေးရန် အိပ်မက်ပေးသဖြင့် ယခုအခါ အဆိုပါနေရာသို့ ရွှေ့ပြောင်း၍ အပူဇော်ခံထားရှိပြီးဖြစ်ပါသည်။

အပင်ငယ်မှ ကဲ့ကော်သီးသန့်စေ့



မဟာဗြဟ္မဉ်ပျောပင်နှင့် အခိုင်များ

ပင်စည်မှထွက်သီးသော သရက်သီး

ဤဓမ္မသုခသာသနာ့နယ်မြေတော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က ဗုဒ္ဓဘာသာဝင် ဟိန္ဒူလူမျိုးများနေထိုင်ခဲ့ရာဒေသဖြစ်ခဲ့ပါသည်။ဆရာတော်ကြီးခုတင်ဆောက်တည်သိတင်းသုံးရာ ဓမ္မသုခသိမ်တော်နှင့်ကပ်လျက် မင်္ဂလာကန်တော်ကြီးရှိပါသည်။ ထိုကန်ကြီး၏ အလယ်တည့်တည့်လောက်တွင် ရှေးအခါက သရက်ပင်ကြီးတစ်ပင်ရှိခဲ့ပါသည်။ သရက်ပင်ကြီးအောက်တွင် လူတစ်ကိုယ် စာသာသာတဲငယ်လေးရှိပြီး ထိုထဲတွင် ဆာဒူးယောဂီကြီးတစ်ပါး နေထိုင်ခဲ့ပါသည်။ ဆရာကြီးဦးလှထွန်း ငယ်စဉ်က ဆာဒူးကြီးထံ သွားရောက်ဂါဝရပြုလေ့ရှိရာ ဆာဒူးကြီးက မကြာခင် ဒီနေရာဟာ ဘုရားသာသနာနယ်မြေဖြစ်လာထိမ့်မည်ဟုလည်းကောင်း၊ မင်းကြီးလာသည့်အခါ သာသနာ့မြေကို ဂရုစိုက်ပါဟုလည်းကောင်း ဆာဒူးကြီးက မှာကြားခဲ့သည်ဟု သိရပါသည်။ နှစ်ပေါင်း (၆၀) ကျော်အချိန်တွင် ဓမ္မသုခသာသနာ့မြေ (၅) ကေကို ဆရာကြီး ဦးလှထွန်းမှ သာသနာ့နယ်မြေအဖြစ် ဝယ်ယူလှူဒါန်းနိုင်ခဲ့သဖြင့် ဆာဒူးကြီး မိန့်ကြားခဲ့သလိုပင် ယခုအချိန်တွင် သာသနာ့နယ်မြေအဖြစ် ကေနဲ့စင်စစ်ဖြစ်ပေါ်နေခဲ့ပြီ ဖြစ်လေသည်။

ဓမ္မသုခသိမ်တော်ကြီး၏ရှေ့တွင်ရှိရွှေတိဂုံပုံစံတူပြည်လုံးချမ်းသာစေတီတော်မြတ်မှာ ဆရာတော်ကြီးက တစ်ပြည်လုံးအေးချမ်းသာယာစွာနှင့်သာသနာတော်အစွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ တည်ထားတော်မူခဲ့ခြင်း ဖြစ်လေသည်။ စေတီတော်၏ ပန္နက်တော်မှာ ပတည်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲခါးအနီးရှိ ဌက်ပျော်ပင်

(၃) ပေအဲနက်ရှိ ရေတွင်းကို ကွန်ကရစ်အစီလောင်းထားသည့်ရေတွင်းကိုငုံ၍ ထားသည်။ ရေတွင်းသီတာပန္နက်ဖြစ်လေသည်။ ဆရာတော်ကြီးကိုယ်တိုင် ရိတ်အို (၁၀၈) လုံးကို (၄၅) ရက်တိုင် ပရိတ်တရားရွတ်၍ ယင်းပရိတ်ရေအားလုံးကို ရေတွင်းထဲသို့ ထောင်းထည့် ပူဇော်ကာ ရေတွင်းကို အခြေမှ အဖုံးဖုံး၍ လည်းကောင်း၊ ရေတွင်းကို ဗဟိုပြုပြီး ပြည်လုံးချမ်းသာ ဆောတော်မြတ်ကိုတည်ထားခဲ့ပါသည်။ ဆောတော်ရင်ပြင်တွင် ပဲမိုးရွာသွန်းခဲ့ပြီး ဆရာကြီးဦးလှထွန်း အပါအဝင် အချို့ ဘုရားတော ၎င်းပစ္စေမျှားကို ရယူပူဇော်ခဲ့ကြပါသည်။ ပြည်လုံးချမ်းသာ ဆောတော်မှ ရောင်ခြည်တော်များ (၂) နှစ် (၃) ကြိမ်တိုင်တိုင် ကွန့်မြူးခဲ့သည်ဟု ဆရာကြီးဦးလှထွန်းက ပြောပြ ထိုပြင် ကမ္ဘာအေးပြည်လုံး ဆုတောင်းပြည့်စေတိတော်မြတ် ကြီးတည်ထားတော်မူခဲ့ပါသည်။

စေတီတော်ကြီးအား ပန္နက်တော်တူးကြစဉ် ပန္နက်တော်မှ ရေများထွက်ရှိခဲ့ရာ ဆရာတော်ကြီးကိုယ်တိုင်တူးသည့်နေရာမှ ရေကြည်တော်များထွက်ရှိပြီး ကျန်လူများတူးသည့်နေရာမှာမူ ရေနောက်များထွက်ရှိလေသည်။ ထို့ကြောင့် ဆရာတော်ကြီးတူးထားသည့် ရေကြည်မြောင်းထဲမှ ရေစင်ရေသန့်များကို ဘူးတွင် ကြိုးချည်၍ ခပ်ယူရရှိကြသည်ဟု ထူးဆန်းဖွယ်ကြားသိရပါသည်။

ဆရာတော်ဘုရားကြီးသည် ရဟန်းဖြစ်သည်မှစတင်၍ ဓုတင် (၁၃) ပါးကို အမြဲမပြတ်ကျင့်ဆောင်တော်မူခဲ့ပါသည်။ မြေမှုန်သောသင်္ကန်းကိုသာဆောင်းသည့် ပုံသကူဓုတင်၊ သုံးထည်သောသင်္ကန်းကိုသာဆောင်းသည့် တိစီဝရိက်ဓုတင်၊ ဆွမ်းခံသောအကျင့် ပိဏ္ဍပါတ်ဓုတင်၊ အိမ်စဉ်ဆွမ်းခံသည့် သပဒါနဓုတင်၊ တစ်ထပ်တည်းသာစားသုံးသည့် ဧကာသနိက်ဓုတင်၊ တစ်ခွက်တည်းသာစားသော ပတ္တပိဏ္ဍိကင်္ဂဓုတင်၊ တစ်ဖွဲ့နှီးတော်ပြီဆိုလျှင် ရပ်သည့်ခလုပ္ပစ္ဆာဘတ္တိကင်္ဂဓုတင်၊ တောရဆောက်တည်သော အရညကင်္ဂဓုတင်၊ သစ်ပင်ရင်းခံနေသော ရုက္ခမူလိကင်္ဂဓုတင်၊ လွင်တီးခေါင်ခံနေသောအမ္ဘောကာသိကင်္ဂဓုတင်၊ သုသာန်ခံနေသော သောသာနိကင်္ဂဓုတင်၊ သံယာညွှန်ရာခံနေသော ယထာသန္ထတိင်္ဂဓုတင်၊ တိုးလုံးမလှဲသော နေသဇ္ဇိကင်္ဂဓုတင်ဆယ်သုံးပါးကိုအမြဲဆောက်တည်တော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် ဓမ္မသုခကျောင်းတိုက်တွင် ဝါတွင်းကာလသာ ကျောင်းခံ သီတင်းသုံးပြီး ကျန်ကာလများတွင် တောအနှံ့၊ တောင်အနှံ့၊ ဂူ၊ လျှိုမြောင်၊ ကမ်းပါး၊ သစ်ပင်အောက်၊ သုသာန်များခံသာ သီတင်းသုံး၍ ဓုတင်ပဋိပတ္တိကို ကျင့်ဆောင်တော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် သားရဲတိရစ္ဆာန်များအလွန်ပေါများသည့် လူမနီးသူမနီးတောကြီးမျက်မည်းအတွင်းရှိ တောင်ကြီး(၉)ဆောင်၊ ဂူကြီး(၉)လုံး၊ သစ်ဆိုးပင်ကြီး (၉) ပင်၊ ဧရာဝတီမြစ်ရေဆိပ်ကြီး (၉) ဆိပ်နှင့် ကျေးရွာဒေသအသီးသီးရှိ (၉၉) သချိုင်း စသည့်နေရာများတွင် သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး၊ ဝါးပိုးခြမ်းခေါင်းအုံးထစ်ခု၊ သားရေနယ်တစ်ချပ်၊ ပုတီးတစ်ကုံး၊ တောင်ဝှေးတစ်ချောင်းနှင့် ပဉ္စင်္ဂတောင်နေကျ ဘုရားတစ်ဆူတို့ကို ဆောင်ကြဉ်းကာ ဓုတင် (၁၃) ပါးကို အသက်နှင့်ခန္ဓာစွန့်၍ ကျင့်ကြံကြိုးကုတ် အားထားခဲ့သည်မှာ အလွန်ပင် ကြည်ညိုလေးစားဖွယ်ပင် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မြစိမ်းတောင်ခေါ် မစိမ်းညိုတောင်ပေါ်တွင် ဓုတင်စခန်း တည်ဆောက်ကာ ဉာဏ်တော်ကိုးတောင်သုံးမိုက်ရှိ ရပ်တော်မူရုပ်ပွားတော်ကို တည်ထား ကိုးကွယ်ခဲ့ပါသည်။ ဆရာတော်ကြီး ရက် (၉၀) ပြည့်အထိမ်းအမှတ်အဖြစ် ရုပ်ပွားတော်ကြီးအား ပင့်သံဃာ (၉) ပါးနှင့်အတူ ဘုရားအနေကဇာတင်ကြပါသည်။ ထို့နောက် နေ့လယ်ဘက်တွင် တောင်ပေါ်မှဆင်း၍ သင်္ကယ်ကျင်းရွာတွင် ညအိပ်တစ်ထောက်နားရမည်ဖြစ်ပါသည်။ ကွမ်းသီးမြောင်ချောင်းကို လူများက လှည်းဖြင့် ဖြတ်ကြရပါသည်။ ဆရာတော်ကြီးက ရှေ့မှခြေကျင်သာကြွချီတော်မူပါသည်။ လှည်းဖြင့် ချောင်းကိုဖြတ်ကူးစဉ် ဆရာတော်ကြီးသည် ချောင်းကို ဘယ်အချိန်က ဖြတ်ကြွသည်ကိုမသိကြပါ။ လှည်းများ တစ်ဖက်ကမ်းရောက်သည့်အခါ တစ်ဖက်ကမ်းတွင် ရေမစိုစွတ်သည့်

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးအား တဲပည့်ဒကာများက တအံ့တသြ ဖူးတွေ့ကြရလေသည်။ မင်းရန်းကားမြို့ဟောင်းသို့ရောက်သည့်အခါ အင်းသဖွယ် ရေကန်ကြီးတစ်ခုကို မည်သူမျှ မဆင်းရဲကြပါ။ ရေကန်ထဲ ဆင်းသူများ ပြန်လမ်းမရှိနိုင်သောကြောင့် ဖြစ်ပါသည်။ ယင်းကန်ထိပ်ရောက်သည့်အခါ ဆရာတော်ကြီးက ကိုယ်ရုံသက်နှံကိုချွတ်၍ သင်းပိုင်ဖြင့် ကန်အတွင်းသို့ ဆင်းသွားပါသည်။ ကန်လယ်သို့ရောက်ရှိသည့်အခါ ဆရာတော်ကြီးကို မမြင်တွေ့ကြရပါ။ ဆရာတော်ကို မတွေ့ရသဖြင့် တပည့်ဒကာများ ငိုကြွေးသည့်အခါမှသာ ဆရာတော်ကြီးက ရေလယ်မှဘွားခနဲပေါ်လာကာ ရေချိုးနေပါတော့သည်။ ထိုအခါကျမှ တပည့်ဒကာများ စိတ်အေးရလေတော့သည်။

ဆက်ကယ်ကျင်းရွာသို့ရောက်သည့်အခါ ရွာလယ်လမ်းမတွင် ဖျာခင်း၍ ဖျာပေါ်တွင် မျက်နှာသုတ်မဝါများခင်းထားကြသည်။ အမျိုးသမီးများက ဆရာတော်ကြွလာစဉ် ခေါင်းမှဆံပင်များကို ဖြန့်ခင်း၍ ပူဇော်ကြပါသည်။ ဆံပင်များပေါ်တွင် အုန်းဆီလိမ်း၍ ပန်းများကိုလည်း ခင်းထားကြပါသည်။ ဆရာတော်ကြီးက စက္ခုန္ဓြေချလျက် ဖြန့်ခင်းထားသော ပန်းများ၊ ဆံပင်များပေါ်မှ ကြွချီတော်မူပါသည်။ သို့ရာတွင် ဆံပင်များပေါ်၌ ဆရာတော်ကြီး၏ခြေမှမြေမှုန့်မြေစလုံးဝ မထင်သည့်အပြင် ခင်းထားသည့်ပန်းများမှာလည်း လုံးဝကြေပျက်ခြင်းမရှိကြသည်ကို အံ့ဩဖွယ်ရာ ဖူးတွေ့ကြရလေသည်။ ဆရာတော်ကြီးသည် ထိုခရီးကို ခြေကျင်သာ ကြွချီတော်မူခဲ့သော်လည်း ဖြတ်လမ်းမှလှည်းဖြင့်လိုက်ပါသူများထက် သုံးနာရီစောရောက်ရှိနေကြခြင်းကို တအံ့တသြဖူးတွေ့ကြရလေတော့သည်။

ဆရာတော်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ချင်းကုန်းအုပ်စုပိုင် မွန်ပြတောင်တွင်ရှိသော ဆေးရိုးဂူတွင် ဓုတင်ဆောက်တည်နေခဲ့ပါသည်။ ဆရာတော်ကြီး၏ ညွှန်ကြားချက်ဖြင့် မုဆိုးမောင်သန်းက ရွာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဆေးရိုးဂူမှာ အလျား ပေ(၁၅၀)ခန့်ရှည်၍ အတွင်းတွင်လက်ခုပ်တစ်ဖောင်ခန့်မြင့်ပါသည်။ ဂူထိပ်ဝသို့ မနည်းခက်ခဲစွာဝင်ကြရသည်။ စင်းချောင်းဘေးတွင် လူသွားလမ်းကလေးသဖွယ်ရှိရာ လမ်းပေါ်တွင် တစ်တောင်ခန့်ရှည်လျားသော လူခြေရာကြီးများကို မြင်တွေ့ရသဖြင့် ကြောက်လန့်သဖြင့် ဆရာတော်ကြီးက -

"သူလည်း ဘုရားဒကာပဲ။ သူဟာသူနေပါစေ။ မင်းတို့ ဒီကျောက်ဂူထဲဖိနပ်မစီးနဲ့"

ဟု ဆိုပါသည်။

ဆရာတော်ကြီးသည် နေ့စဉ် နံနက် (၉) နာရီခန့်တွင် (၅) မိုင်ခန့်ဝေးသောတောင်ခြေရွာများသို့ ဆွမ်းခံကြွလေ့ရှိပါသည်။ ဤမျှဝေးလံသည့်နေရာသို့ ဆရာတော်ကြီးသည် အချိန်တိုအတွင်း ဆွမ်းခံကြွပြန်လည်ရောက်ရှိလာခြင်းကို အလွန်တရာမှ တောကျွမ်းသည့် ဒေသခံမုဆိုး မောင်သန်းက အလွန်အံ့သြမိလေတော့၏။ ထိုနေရာကို ခြေကျင်ခရီး အမြန်ပြေးလျှင်ပင် (၆) နာရီခန့်ကြာမည်ဖြစ်ရာ ဆရာတော်ကြီးမှာ တစ်နာရီခွဲခန့်နှင့်ပြန်အရောက် ဆွမ်းခံကြွနိုင်သည်ကို အဘယ်လျှင် မအံ့သြဘဲနေနိုင်မည်နည်း။ တစ်နေ့ မုဆိုးမောင်သန်းတို့ ဆရာတော်ကြီး ဆွမ်းခံကြွရာလမ်း၌ စောင့်နေကြရာ ဆရာတော်ကြီးက မုဆိုးမောင်သန်း လျှို့ဝှက်စွာ တောင်ခြေတွင် ဖွက်ထားသည့်ငါးဆေးချသောဆေးထုပ်ကို အလျှဲခံလေသည်။ မုဆိုးမောင်သန်းလည်း နေရာနှင့်တကွ တိကျစွာပြော၍ အလျှဲခံနေသဖြင့် မတတ်သာဘဲ လျှို့လိုက်ရသည်ပြင် နောင်တွင် မုဆိုးအလုပ်ကိုပင် စွန့်လွှတ်လိုက်ရလေတော့သည်။

ဆရာတော်ကြီး ဆွမ်းခံထွက်ပြီး မကြာမီပင် ဂူထဲမှ လုံးပတ်နှစ်ပေခန့်ရှိ မြွေကြီးထွက်လာရာ ဆရာတော်ကြီးနှင့် မြွေကြီး မည်ကဲ့သို့ နေထိုင်သည်ကို မေးမြန်းလျောက်ထားရာ သာသနာစောင့်မြွေကြီးဖြစ်ကြောင်း၊ ဘုရားလာဖူးခြင်းဖြစ်ကြောင်း မိန့်ကြားလိုက်ရာ မုဆိုးမောင်သန်းခမျာကြက်သီးများပင်ထသွားလေ မိတော့သည်။

ဆရာတော်ကြီးသည် လှက်ပံစာန်းမြို့ ရှမ်းအုပ်စု သရက်ချောင်းရွာနှင့် မလှမ်းမကမ်းရှိ ဘုးခွဲမြစ်ဆိပ်ကမ်းတွင် ပထမဆုံးနေဖြင့် ဆိပ်ကြီး(၉)ဆိပ်မှတင် စဝင်ခဲ့၏။ ကျောင်းဆရာဦးစန်းကြည်သည် ကျောင်းသားများ၏ ပြောဆိုချက်အရ ဆရာတော်ကြီးကို လာရောက်ဖူးမြော်ရာ အိပ်မက်ထဲတွင် ကောင်းကင်ယံမှ စွာန်နှင့်ကြွလာသောဆရာတော်ဖြစ်ကြောင်း တွေ့ရှိရလေသည်။ ဆရာတော်ကြီး သီတင်းသုံးနေသည့် ကမ်းပါးမှာ ရေစီးအရှိန်ကြောင့် နေ့စဉ်တဝုန်းဝုန်းပြိုကျနေပါသည်။ ဆရာတော်ကြီးတရားထိုင်ဆည်နေရာသာကွက်၌ ကျန်ရှိနေကြသည်ကို ဒေသခံများက ရင်တမမနှင့် စိုးရိမ်တကြီးစောင့်ကြည့်နေကြရသည်။ ဆရာတော်ကြီး အဓိဋ္ဌာန်ပြည့်မြောက်၍ ကမ်းနဖူးပေါ်မှ စွန့်ခွာချ၍ ကုန်းခြေပေါ်သို့ ခြေတစ်လှမ်း၊ နှစ်လှမ်းလှမ်းမိသည်နှင့် ဆရာတော်ကြီးနေထိုင်ခဲ့ရာ ကမ်းပါးပြင်သည် ချက်ချင်းပင် ဝုန်းခနဲပြိုဆင်းသွားလေတော့သည်။

ဆရာတော်ကြီးသည် သစ်ဆိုးကြီး (၉) ပင်အောက်တွင် ရက္ခမူဓုတင်ဆောင်ခဲ့ရာ သာယာဝတီမြို့နယ် အသရော်ကျေးရွာအုပ်စု ယင်းတိုက်ကုန်းကျေးရွာကုတ်ပြင်ကြီးအောက်၌ ဓုတင်ဆောင်နေစဉ် ကျောင်းဆရာ ဦးစောသာကဲ့က ဆရာတော်ကြီးပုံတော်ကိုပူဇော်လိုသဖြင့် ကျောင်းဆရာ ဦးသန်းထွန်းကို ဓာတ်ပုံရိုက်စေခဲ့ပါသည်။ ဓာတ်ပုံရိုက်ပြီးနောက် ပုံတော်ကိုကူးဆေးသည့်အခါတွင် ပုံတော်တစ်ပုံတည်းမဟုတ်ဘဲ ပုံတော်များငါးပုံအပြည့်ပေါ်ထွက်နေသည်ကို ဖူးတွေ့ရလေသည်။ ထိုခေတ်က ဖလင်ဓာတ်ပုံကင်မရာများဖြစ်ပေရာ ယခုဒီဂျစ်တယ်ကင်မရာခေတ်ကဲ့သို့ ပုံပွားများကို ဒီဂျစ်တယ်နည်းအရ ကူးယူ၍မရရှိနိုင်သေးပါ။

ဆရာတော်ကြီးသည် လွန်ခဲ့သည့်နှစ်(၂၀)ခန့်က တိုက်ကြီးမြို့အရှေ့ဘက်ပဲခူးရိုးမတောင်တန်းအစွန်းရှိ ဘုရားတောင်စောင်း၌ ဖန်ခါးပင်ကြီးအောက်တွင် ရက္ခမူဓုတင်ဆောင်ခဲ့ပါသည်။ ဘုရားတောင်စွန်းပေါ်ရှိ ဖန်ခါးပင်ကြီးမှာလည်း အခြားအပင်များနှင့်မတူ ထူးခြားလှပေသည်။ ဖန်ခါးပင်ပတ်လည်ကို တောင်ကမ်ပါးယံချောက်ကြီးများကသာ ဝန်းရံထားပါသည်။ ဆရာတော်ကြီးမှာ ဖန်ခါးပင်မှ ကြွေကျသော အနီရှိရှိ ဖန်ခါးသီးကိုသာ ဆွမ်းအဖြစ် ဘုဉ်းပေးပါသည်။ တစ်ခါတစ်ရံမှသာ ဝေးကွာသောနေရာများသို့ဆွမ်းခံထွက်လေ့ရှိပါသည်။ ဆရာတော်ကြီးအနီးရှိ ဝါးကျည်တောက်ထဲမှ ရေမှာလည်း တစ်ခါမျှ လျော့သည်ဟူ မရှိဘဲအမြဲပြည့်နေတတ်ပါသည်။ ဘုရားတောင်တွင် အချိန်အခါမဟုတ် မိုးရွာသော်လည်း ဆရာတော်ကြီးသီတင်းသုံးရာ ဖန်ခါးပင်အောက်သို့ မိုးတစ်ပေါက်မှ မကျဆင်းပါ။ တပေါင်း၊ တန်ဆူးလတွင် သစ်ပင်များရွက်ဟောင်းကြွေသော်လည်း ဖန်ခါးပင်ကြီးမှာ လုံးဝအရွက်မကြွေဘဲ ရှိနေပါသည်။ အခြားအပင်ကေ့ကာ ရွက်ဟောင်းကြွေ၍ ရွက်သစ်ပေါ်ပင် ဝေနေပါ၏။ ဖန်ခါးပင်ကား လုံးဝအရွက်

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယစာရေးဒဂုတ္တရသာဆရာတော်ကြီး
ဒွေထုဘဆရာဝင်းတို့၏ ထူးဆန်းပြု

ကျော်ငြိမ်း မောင်းထောင်ဆရာတော်ဦးဣန္ဒကအား ဥပဇ္ဈာယ်ပြု၍ အရှင်ဥဏ္ဍာဘွဲ့မည်ဖြင့် ဝိနည်းသိက္ခာတော်များကို အလေးထားကာ ပရိယတ္တိ၊ ပရိပတ္တိစာပေများကိုလည်း လေ့လာလိုက်စားကာ မဟာစည်ဆရာတော် ဘုရားကြီး၏ ဝိပဿနာလမ်းလက်တွေ့ကျင့်စဉ်အတိုင်း ဝိပဿနာတရားကို ခုတင်ဆောက်တည်၍ပွားများအားထုတ်ခဲ့ပါသည်။ ပုဂ္ဂိုလ်တိုင်းကျင့်နိုင်ခဲ့သော ခုတင် (၁၃) ပါးကို တင်ဆောင်ရင်း အလွန်ကြောက်မက်ဖွယ်ကောင်းသည့် တောကြီးတောင်ကြီးထဲတွင် တရားအားထုတ်ခဲ့လေသည်။ ဆရာတော်ကြီး၏ စရဏတရားကား ကြီးမားလှပေသည်။

ဆရာတော်ကြီး၏မေတ္တာဆွမ်းနှင့် ရေကိုခံယူကြရန်နှင့် ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ရန် ဓမ္မသုခကျောင်းတိုက်ဆို ရပ်နီး၊ ရပ်ဝေးပရိသတ်များ နေ့စဉ်မစဲ တဖွဖွရောက်ရှိပူဇော်ခဲ့ကြပေသည်။ ဆရာတော်ကြီး၏ မေတ္တာဆွမ်းကိုစားသုံးရခြင်း၊ မေတ္တာရေကိုသောက်သုံးရခြင်းတို့ကြောင့် ရောဂါဝေဒနာမျိုးစုံတို့ ပျောက်ကင်း ချမ်းသာကြသည့် ပရိသတ်အပေါင်းတို့မှာလည်း ထောင်သောင်းမက များပြားလှစွာရှိနေကြသည်မှာ အထင်အရှားဖြစ်ပါသည်။ ဆရာတော်ကြီး၏ မေတ္တာဓာတ်ကား ဤရွေ့ဤမျှ ကျေးဇူးတော်ကြီးများလှပေသည်။ ဆရာတော်ကြီး ပျံလွန်တော်မူမီမကပင် ခုတင်ဂီရဒီမာန်တော်ကြီးကို ကြိုတင်ဆောက်လုပ်စေခဲ့ပါသည်။ ပျံလွန်တော်မူမီ ငါးနှစ်ခန့်ကပင် 'ငါသေရင် မြေမမြှုပ်၊ ဂူမသွင်း၊ မီးမသင်္ဂြိဟ်၊ ရေမမျှောနဲ့။ ငါရှိသလိုပဲသဘောထားပါ' ဟု မိန့်မှာတော်မူခဲ့လေသည်။

ဆရာတော်ကြီးသည် ၁၃၇၅ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့တွင် ပျံလွန်တော်မူပြီး ခန္ဓာဝန်ချခဲ့ရာ ယနေ့တိုင် ခန္ဓာတော့် မပျက်မယွင်း မပုပ်မသိုးဘဲ ရှိနေသဖြင့် စာရှုသူများအနေဖြင့် သာယာဝတီ သုံးဆယ်မြို့ ဓမ္မသုခကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော်ကြီးအား ဖူးမြော်နိုင်ကြပါကြောင်း တိုက်တွန်း နှိုးဆော် ရေးသား ပူဇော်အပ်ပါသည်။

ဒွေချိုအောင်(ငပလီ)

www.burmeseclassic.com

www.burmeseclassic.com

ပြည်ရန်နိုင်မင်းနှင့် သစ္စာတိုင်ဆုတောင်းနှစ်ဂါထာ

သစ္စာဝါဒီ-ဦးမြင့်အောင်

သီရိသရေခေတ္တရာခေါ် ပြည်မြို့တွင် ပြည်ရန်နိုင်မင်း ဟူသော မင်းကြီးစိုးစံခဲ့ပါသည်။ ရန်နိုင်မင်းသည် သက္ကရာဇ် ၉၆၇ ခုတွင် ရတနာပူရ အဝန္ရေနန်းကိုသိမ်းမြန်းစိုးအုပ်သော မဟာဓမ္မရာဇာခေါ် အနောက်ဘက်လွန်မင်းကြီးနှင့် ထီးပြိုင်နန်းပြိုင်မင်းဖြစ်ပါသည်။

ပြည်ဘုရင် ရန်နိုင်မင်းကြီးသည် ရဲစွမ်းသတ္တိရှိ၍ ရာဇကူးနွေနှင့်ပြည့်စုံကာ မင်းကျင့်တရားနှင့်ပြည့်စုံသည့်မင်းတစ်ပါးဖြစ်လေသည်။ ရန်နိုင်မင်းကြီး လက်ထက်တွင် သာသနာတော်စည်ပင်၍ သာယာဝပြောကာ တိုင်ပြည်ကလက်ာရတောင်ဖိုလာဆရာတော်ကဲ့သို့ ရဟန်းတော်၊ (၁၃) နှစ်အရွယ်မျှနှင့် ပလွန်ရဲစွမ်းသတ္တိသော ငထင်ငယ်ခေါ် နန္ဒယော်ဓာတို့ပေါ်ထွန်းခဲ့သည်။

ပြည်ဘုရင် ရန်နိုင်မင်းကြီးသည် ရတနာမြတ်သုံးပါး၌ လေးမြတ်ကြည်ညိုး၍ အားထားပူဇော်လေ့ရှိသည်။ မင်းကြီးစွဲမြဲပူဇော်ရွတ်ဆိုသရဇ္ဈာယ်သောဂါထာတော်နှစ်ဂါထာကို စာရှုသူအများ သိရှိပူဇော်နိုင်ရန် ဖော်ထုတ် တင်ပြလိုက်ပါသည်။

ပြည်ရန်နိုင်မင်းနှစ်ဂါထာ

ဩ ဩဘောင် - ပဏဝီဗလသုန္ဒရီ သဗ္ဗညု
ဗောဓိမဏ္ဍလံ၊
ဓမ္မံဓတ္တံအသင်္ခေယ္ယံ၊ ဇေယျတုံ
မာရဇိကံ၊
သိဒ္ဓိကမ်ံအဟံသာမိ၊ သဗ္ဗသတ္တြ
ဝိနဿန္တု။
ယေန သစ္စေန သံယမော
ဟောတု မေ ဇယျမင်္ဂလံ။ ။

ဣတိပိသော ဘဂဝါ ဝုတ္တော၊ ဣတိ
မန္တာသုခါဝဟာ၊
နိလောစ သောဘဂဝါဝုတ္တော၊
ဩဘောင် - ကရဏီယမတ္တ၊
ကုသလေန ယန္တံ သန္တံ ပဒံ အဘိ
သမ္ဗုဿဣတ္တောဒေဝရာဇာ၊
မုနိ ဒဒ္ဒ ရက္ခ အာဠာဝကံ ဣတိ
ဟုတ် ဟုတ်။ ။

အနက်ပြန်မာပြန်

ဩဘောင် - ရန်မာန်တို့ကိုအောင်စေသတည်း။ **အဟံ** - ငါသည်၊ **ပထဝီဗလသုန္ဒရီ** - အလွန်ကြီးလှစွာသော မြေကြီးအထူနှင့်တူသောအားနှင့်ပြည့်စုံ၏။ **ဗောဓိမဏ္ဍလံ** - ဗောဓိမဏ္ဍိုင်၌၊ **သဗ္ဗညု** - ခပ်သိမ်းသောတရားတို့ကို သိမြင်တော်မူ၏။ **ဓမ္မဓတ္တံ** - တရားတည်းဟူသော စက်ရတနာကို၊ **ပဝတ္တေသိ** - ဖြစ်စေ၏။ **အသင်္ခေယျံ** - မရေမတွက်နိုင်သော မာရ်နတ်သား (စစ်သည်)ကို၊ **ဇေယျော**-အောင်တော်မူ၏။ (**မာရဇိကံ** - မာရ်နတ်သားကိုအောင်တော်မူသော)၊ **သာမိ** - နတ်လူတို့ကိုအစိုးရသော၊ **အဟံ**- ငါသည်၊ **သိဒ္ဓိကမ်ံ**- ပြီးစီးခြင်းသို့ရောက်တော်မူ၏။ **သဗ္ဗသတ္တြ** - ခပ်သိမ်းသောရန်သူတို့သည်၊ **ဝိနဿန္တု** - ပျောက်စေကုန်သတည်း၊ **ယေနသစ္စေန** - ထိုသို့သော သစ္စာအားဖြင့်၊ **ဇယျမင်္ဂလံ** - အောင်အပ်သောမင်္ဂလာသည်၊ **ဇယျတု** - အောင်စေသတည်း။

ဣတိပိ - ဤသို့သော အကြောင်းကြောင့်လည်း၊ **သောဘဂ္ဂေါ** - ထိုမြတ်စွာဘုရားကို၊ **ဘဂဝါတိ** - ဘဂဝါဟူ၍၊ **ဝုတ္တော** - ဆိုအပ်၏၊ **ဣတိမန္တာ** - ဤမန္တရားသည်ကား၊ **သုခါဝဟာ** - ချမ်းသာကိုရွက်ဆောင်တတ်ပေ၏။ **သော** - ထိုမြတ်စွာဘုရားသည်၊ **နိလောစ** - ရာဂ စသော အညစ်အကြေး ကင်းစင်သည်လည်း၊ **ဟောတိ** - ဖြစ်၏၊ **ဣတိ** - ထို့ကြောင့်၊ **သောဘဂ္ဂေါ** - ထိုမြတ်စွာဘုရားကို၊ **ဘဂဝါတိ** - ဘဂဝါဟူ၍၊ **ဝုတ္တော** - ဆိုအပ်၏၊ **ဩဘောင်** - ချမ်းသာကိုပေးစေသတည်း။ **သန္တံ** - ငြိမ်သက်သော၊ **ယံပဒံ** - အကြင်နိဗ္ဗာန်သည်၊ **အဘို** - ရှိ၏။ **တံပဒံ** - ထိုနိဗ္ဗာန်ကို၊ **အဘိသမ္ဘု** - မဂ်ဉာဏ်ဖြင့်ကပ်၍၊ **အတ္ထကုသလေန** - အကျိုးစီးပွားဌ လိမ္မာသောသူသည်၊ **ကရဏီယံ** - ပြုအပ်၏ဟူ၍၊ **ဝုတ္တော** - ဆိုအပ်၏၊ **သက္ကောဒေဝရာဇာ** - သိကြားနတ်မင်းသည် လည်းကောင်း၊ (**မုနိ** - ရသေ့မုနိသည် လည်းကောင်း၊ **ဒက္ခရက္ခအာဠာဝက** - ရေကိုစောင့်သော ရက္ခိုက်အာဠာဝကသည် လည်းကောင်း၊ **ဣတိပိဟုတ် ဟုတ်** - လိုအပ်သောအကျိုးကို ပေးစေသတည်း။

ဖော်ပြပါနှစ်ဂါထာကို ပြည်ရန်နိုင်မင်းသည် နေ့စဉ် တစ်နေ့ နှစ်ခေါက်ရွတ်သော ဝေါမင်းကြီးဖြစ်၏။ တစ်နေ့ ငါးခေါက်ရွတ်သော် ခင်နောင်ကို အထိန်းပြု၏။ တစ်နေ့ ခုနစ်ခေါက်ရွတ်သော် ရန်နိုင်ကိုစား၏။ တစ်နေ့တစ်ထောင်ရွတ်သော် ပြည်မြို့ကိုအုပ်စိုးရသောမင်းဖြစ်သောဟူ၏။

စာရှုသူများသည် ဤပြည်ရန်နိုင်မင်းနှစ်ဂါထာကို ရွတ်ဆိုသရဇ္ဈာယ်ခြင်းအားဖြင့် လိုလား နှစ်သက်အပ်သောကောင်းကျိုးချမ်းသာမင်္ဂလာအဝဝတို့နှင့် ပြည့်စုံလျက် **ဆနဝုတိစ** - (၉၆)ပါးသော အနာရောဂါတို့သည် လည်းကောင်း၊ **ဒွတ္တိံသာစ** - သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတို့သည်လည်းကောင်း၊ **ပဉ္စဝီသတိ ဘာယာစ** - နှစ်ဆယ့်ငါးပါးသောဘေးတို့သည်လည်းကောင်း၊ **ဆောဠသဉ္ဇုဇ္ဈိစ**- တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည် လည်းကောင်း၊ **ဒသဒဏ္ဍာစ** - ၁၀ပါးသောဒဏ်တို့သည် လည်းကောင်း၊ **အဋ္ဌဒေါသာစ** - ရှစ်ပါးသောအပြစ်တို့သည် လည်းကောင်း၊ **ပဉ္စအန္တရာယာစ**- ငါးပါးသော အန္တရာယ်တို့သည် လည်းကောင်း၊ **ပဉ္စဝေရာစ** - ငါးပါးသော ရန်စွယ်တို့သည် လည်းကောင်း၊ **တိကဖွစ** - သုံးပါးသော ကပ်တို့သည် လည်းကောင်း၊ **ဝိနဿန္တု** - ပိန်းကြွားဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက် ကောင်းကျိုးရောက်လျက် ကြံတိုင်းအောင် ဆောင်တိုင်း မြောက်နိုင်ကြပါစေ။

သဒ္ဓိသံပါကံဇနေတိ

သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး -

၁။ ဦးကုလားရေးသားသော-မဟာရာဇဝင်ကြီး (တတိယအုပ်)
၂။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း-တို့မြန်မာဝတ်ရွတ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

နေဒေါ်ဖြူ တောင်းဆုပြည့်စုံ ကျိုက်ဒေးယျံစေတီတော်

မင်းနန္ဒရိုရိန်



❝ ဘုရားရှင်၏ သာသနာသုံးပါးတွင် ပရိယတ္တိသာသနာရှိမှ ပဋိပတ္တိသာသနာဖြစ်နိုင်သည်။ ပဋိပတ္တိသာသနာရှိမှ ပဋိဝေဓသာသနာဖြစ်နိုင်၏။

(ရှင်အရဟံ)

ပုဂံပြည်တွင် ပဋိကတ်သုံးပုံမရှိသေးချိန်၊ အရည်းကြီးများကြီးစိုးချိန်တွင် အနော်ရထာမင်းသည် အရှင်ခမ္မဒဿီခေါ် ရှင်အရဟံ သထုံမွန်ရဟန်းတစ်ပါး၏သာသနာပြုခရီးတွင် အထောက်အပံ့အကြံဉာဏ်သစ်ဖြင့် မွန်မင်း သထုံပြည့် ရှင် မနူဟာထံ လက်ဆောင်ပဏ္ဏာများနှင့် ပိဋကတ်သုံးပုံနှင့် ဗုဒ္ဓမွေတော်ဓာတ်တော်များကို လိမ္မာသောအမတ်တစ်ယောက်အား သာယာချေင်စွာလွှတ်၍ အတောင်းခိုင်းသော်လည်း မနူဟာမင်း၏ မချေမငံ ဆက်ဆံမှုကိုခံရကာ မြန်မာနှစ် ၄၁၉ ခုနှစ်တွင် ရာမညတိုင်းအား တိုက်ခိုက် သိမ်းပိုက်ခဲ့သဖြင့် နှစ်ပေါင်း (၂၀၀) ကျော်ခန့် မြန်မာတို့၏ လက်နက်နိုင်ငံအဖြစ်နှင့်နေခဲ့ကြရသည်။ ၆၄၃ ခုနှစ်တွင် မုတ္တမသည်လည်းကောင်း ၆၅၀ ပြည့်နှစ်တွင် ပဲခူးဟံသာဝတီသည်လည်းကောင်း ခြားနား၍ မြန်မာတို့လက်အောက်မှ လွတ်မြောက်ကြသည်။

မုတ္တမမင်းဆက်ဖြစ်သော ဝါရူရီမင်းဆက်မှ ဆင်ဖြူရှင် ဗညားဦးမင်းဆက် (၈) ဆက်မြောက်တွင် မြန်မာနှစ် ၇၁၃ ၌ ပဲခူး ဟံသာဝတီသို့ ပြောင်းရွှေ့၍ နန်းစံခဲ့ရာမှ ဟံသာဝတီမင်းဆက်ဟု ပေါ်ပေါက်လာခဲ့သည်။

ဟံသာဝတီမင်းဆက် ဖြစ်သော ဆင်ဖြူရှင် ဗညားဦးမင်းမှစ၍ မင်းဆက် (၁၁) ဆက်မြောက်တွင် သုရှင်တကာရွှတ်ပိ မွန်မင်းသည် နောက်ဆုံးမင်းဆက်ဖြစ်ပြီး ဗညားရံ၏ သားတော်၊ ဓမ္မစေတီမင်းကြီး၏ မြေးတော်၊ ဘုရင်မကြီးရှင်စောပု၏ မြစ်တော်သူ ဖြစ်သည်။

တစ်ချိန်က မြန်မာနိုင်ငံတွင် ထီးနန်းအပြိုင်စိုးစံခေတ်တစ်ခေတ်ဟုဆိုရလောက်အောင်ပင် ပဲခူးဟံသာဝတီတွင် မွန်မင်း သုရှင်တကာရွှတ်ပိ ထီးနန်းစိုးစံနေ၏။ ကေတုမတီ တောင်ငူတွင် မင်းကြီးညို၏ သားတော် တပင်ရွှေထီးနန်းစံ၏။ အင်းဝတွင် ရှမ်းမင်းတစ်ပါး သိုဟန်ဘွားတို့ ထီးနန်းအပြိုင်စိုးစံနေသောကာလ ၈၉၆ ခုနှစ်တွင် တောင်ငူဘုရင် တပင်ရွှေထီးသည် ပဲခူးဟံသာဝတီ ရွှေမောဓောဘုရားရင်ပြင် မြန်မာထီးနန်းစဉ်ရှေ့တွင် နားထွင်းရာမှစခဲ့သော စနက်မီးသည် တိုက်ပွဲခေါ်သံအကြိမ်ကြိမ်ဖြစ်ခဲ့ပြီ။ မြန်မာနှစ်စဉ၀ခုနှစ်တွင် ဟံသာဝတီကို ခီတက်လုပ်ကြံရာတွင် မွန်မင်းသုရှင်တကာရွှတ်ပိ၏ ကြီးမားသောရေတပ်နှင့် ဆင်တပ်ကြီးတို့အပြင် အထိန်းတော် ဗညားလော၊ အခ်ီတော် ဗညားကျန်းတို့၏ အစီအမံကောင်းမှုကြောင့် စစ်ထိုး၍မရောက်နိုင်ဖြစ်နေရာ နောက်ဆုံးတွင် တပင်ရွှေထီးသည် ဥပါယ်တံမျဉ် တံစိုးလက်ဆောင်များကို အထိန်းတော်တို့ထံ တစ်ဖက်လှည့်နှင့် ပေးပို့ခဲ့ရာမှ သုရှင်တကာရွှတ်ပိသည် အတွင်းမီးအပြင်တောက်သည်ဟု ယုံမှားသံသယနှင့် ဗညားကျန်းတို့ကို ကွပ်မျက်လေသည်။

ထိုအခါ ဟံသာဝတီမင်း သုရှင်တကာရွှတ်ပိတွင် အနီးကပ်အကြံပေး

www.burmeseclassic.com

www.burmeseclassic.com



ဒေးဒရဲမြို့ ကျိုက်ဒေးယဉ်စေတီတော်မြတ်ကြီးနှင့် ရဟန္တာသိမ်တော်ကြီး



ဒေးဒရဲမြို့ ကျိုက်ဒေးယဉ်စေတီတော်မြတ်ကြီးအရှေ့ဘက်မုခ်

မည့် လူယုံအင်အားလျော့လာသည်။ မြန်မာနှစ် ၉၀၃ ခုနှစ်တွင် တောင်ငူဘုရင် တပင်ရွှေထီးသည် ယောက်ဖတော် ဘုရင့်နောင်ရှင်ရဲထွတ်၏အစီအမံကောင်းမှုနှင့် ဟံသာဝတီကို ခီတက်တိုက်ခိုက်အောင်မြင်ရာ သုရှင်တကာရွှတ်ပိသည် ယောက်ဖတော် ပြည်ဘုရင်ရှိရာ ဆုတ်ခွာလျက် အင်္ဂပူအရပ်တွင် ဗိုလ်ဝင်ခံတော်မူနေ၏။

ထိုအချိန်တွင် သုရှင်တကာရွှတ်ပိ၏ သတ္တိထူးခြား မိဖုရားတစ်ပါးသည် နောက်ပါ အခြွေအရံများနှင့် တွဲတေးဒလနယ် လက်ခိုက်အရပ်ကိုဖြတ်လျက် ဒေးဒရဲနယ် မရမ်းဝဘက်သို့ စစ်ကို ရှောင်တိမ်းရင်း ရောက်ရှိလာခဲ့သည်။ ရှေးဦးစွာ ဒေးဒရဲနယ်ရောက်ရှိလာသော အခါ သွားရင်းလာရင်းဖြင့် တဒင်္ဂဖြစ်ပေါ်လာသည့်ကုသိုလ်စိတ်နှင့် မိဖုရားကြီး တလပရော်သို့သည် အခြွေအရံများနှင့် တစ်ပါတည်းပင့်ဆောင်ယူလာခဲ့သော မြတ်စွာဘုရား၏ သရီယဓာတ်တော်မွေတော်၊ နန်းစဉ်ဘုရားများနှင့် လက်ဝတ်ရတနာ၊ နန်းစဉ်ရတနာများကို ဌာပနာ၍ တော်ကျိုက်ကုန်းရွာဦး၌ စေတီတစ်ဆူတည်ထားခဲ့လေသည်။

မိဖုရားနှင့်ဆွေတော်မျိုးတော်များသည် ဒေးဒရဲမြို့နယ် တော်ကျိုက်ကုန်းရွာဦး၌ ကုန်းမြင့်ပေါ်ကဘုရား၊ ကျုံကျပ်ရွာဘုရားကြီးကုန်း၌ ကျိုက်ဒေးမွန်စေတီဟူ၍လည်းကောင်း၊ ထိုမှတစ်ဖန် ဒေးဒရဲမြို့နယ် မရမ်းကုန်းအရပ်တွင် ကျိုက်ဒေးအပ်စေတီ သို့မဟုတ် ကျိုက်ဟင်ပြန် (ကယ်ဆယ်သည့်ဘုရား) ဘုရား ဟူ၍ စေတီ (၃) ဆူတည်ခဲ့သည်ဟု သိရှိရပါသည်။

ကျိုက်ဒေးယဉ်စေတီကို မွန်ဘာသာဖြင့် (ကျိုက်ဒေးပိုက်) ကုန်းမြင့်ပေါ်ကဘုရား၊ ကျိုက်ဒေးအပ်စေတီ သို့မဟုတ် ကျိုက်ဟွန်ပရော်စေတီမှာ အသက်ကယ်ဆယ်သည့်ဘုရားဖြစ်ပြီး ထိုစေတီကို တည်တော်မူစဉ် မရမ်းကုန်းအရပ်တွင် မိဖုရားကြီးသည် တောနက်ရာအရပ်မှ စခန်းသစ်သို့ မပြောင်းရွှေ့မီ ကျန်ရစ်ခဲ့သော ဟံသာဝတီအနေးတော်ပုံကာလမှာ ဆွေတော်မျိုးတော်များအဆက်အကူးကောင်းစေရန် ရည်ရွယ်ချက်နှင့် တည်ထား ကိုးကွယ်သည်ဟု သိရပါသည်။

ထူးခြားသည်ကား မိဖုရားကြီးသည် မိမိစခန်းချရာအရပ်တိုင်းတွင် အမြင့်တူ၊ အကွာအဝေးတူ၊ ဉာဏ်တော်တူစေတီများကိုတည်ထားခဲ့ခြင်းဖြစ်ပြီး တော်ကျိုက်ရွာသည် ဒေးဒရဲမြို့၏တောင်ဘက် တစ်မိုင်ခန့်အကွာတွင်ရှိ၏။ တော်ကျိုက်ရွာတွင် ကျိုက်ဒေးယဉ်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီး တည်ရှိပါသည်။ ယခင်က စေတီတော်ပေါ် သို့တက်ရန် မုခ်ပေါက် (၄) ပေါက်ရှိပြီး မုခ်ပေါက်တစ်ခုနှင့်တစ်ခု ကြားတွင် အရံစေတီ (၆) ဆူရှိလေရာ ပတ်ပတ်လည်တွင် စေတီရံ (၂၄) ဆူရှိပါသည်။

ဒေးဒရဲမြို့ ဆရာတော်ကြီးဦးသုန္ဒရသည် ရွှေယခင်က မွန်မိဖုရားကြီး တည်ထား ကိုးကွယ်ခဲ့သော ကျိုက်ဒေးယျုံစေတီတော်ကြီးကို (၁၂၂၇ မှ ၁၂၃၀) အထိ (၉) နှစ်တိုင် ပြုပြင်တော်မူလေသည်။ ဉာဏ်တော် သံတောင် (၉၀)၊ ဖောင်း (၉) ရစ်အထိ (၉) ဆင့်ဖြင့် မြန်လည် ပြုပြင်တော်မူခဲ့သည်။

၁၂၉၂ ခုနှစ်၊ ကဆုန်လဆန်း (၉) ရက် ညနေ (၈) နာရီ၊ (၁၅) မိနစ် အချိန်တွင် မြေလျှင်ကြီးလှုပ်ရှားရာ ပိန္နဲတိုင်ကြီးအနောက်ဘက်အပိုင်းသွား၏။ ထိုနှစ်မှာပင် ပြုပြင်ပြင်ဆင်ပြီးခဲ့ပါသည်။

ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးကို ထူးခြားစွာ ဝန်းရံထားသည်က တော် (၉) လုံး၊ ကုန်း (၉) ကုန်းတို့ပင် ဖြစ်သည်။

'တော်ကိုးလုံး၊ ကုန်းကိုးကုန်း' ဆိုသည်မှာ တော်တန်း၊ တော်ကမယ်၊ တော်တမံ၊ တော်မလော့၊ တော်ညွှန့်၊ တော်မုတ်၊ တော်တလူ၊ တော်ရှိ၊ တော်ဖရုံတို့ဖြစ်ပြီး တညင်ကုန်း၊ ခန္ဓာကုန်း၊ လေးအိမ်ကုန်း၊ ကျားကုန်း၊ သဲကုန်း၊ မာလာကုန်း၊ တော်ကျိုက်ကုန်း၊ ရွှေတောင်ကုန်း၊ ကွမ်းခြံကုန်းတို့ပင် ဖြစ်လေသည်။

မွန်မိဖုရားကြီး တလပရော်သို့ကောင်းမှုရှင် ကျိုက်ဒေးယျုံစေတီတော်ကြီးဘုန်းတန်ခိုးကြောင့် တစ်ခါက ဟံသာဝတီခေတ်တွင် စည်ပင်ခဲ့သော ရွှေမွန်တို့ မြို့ပြများဖြစ်ကြသည့်အလျောက် ဒေးဒရဲမြို့ဝန်းကျင်တွင် မျက်မှောက်ခေတ်၌ ရွှေဟောင်းဘုရားကုန်း၊ ရွှဲပွားတော်များ၊ စေတီပုထိုးများ၊ ရွှေခေတ်အသုံးအဆောင်ပစ္စည်းများကို မကြာခဏ တူးဖော်ရရှိနေပါသည်။ (တညင်းကုန်း ပေါ် တော်မူဘုရားများကိုရှုပါ။)

❑ ဒေးသုံးလုံးဘုရား

မိဖုရားကြီး တလပရော်သို့သည် ကျိုက်ဒေးယျုံစေတီ (ကုန်းမြင့်ပေါ်က ဘုရား၊ ကျုံကျပ်ရွာတွင် ကျိုက်ဒေးမွန်စေတီတော်၊ မရမ်းဝကျေးရွာတွင် ကျိုက်ဒေးအပ်စေတီတော် သို့မဟုတ် အသက်ကယ်ဆယ်သည့်ဘုရား ကျိုက်ဟင်ပြန်(ကျိုက်ဟွန်ပရော်စေတီ)တည်ထား ကိုးကွယ်ခဲ့ပါသည်။ ထိုစေတီများကို ဒေးသုံးလုံးစေတီ ဟူ၍လည်း ခေါ်ဆိုကြပါသည်။ ကုန်း (၉) ကုန်းဆိုသည်မှာ တော်ကျပ်ကုန်း၊ သဲကုန်း၊ မာလာကုန်း၊ ခန္ဓာကုန်း၊ ကွမ်းခြံကုန်း၊ ရွှေတောင်ကုန်း၊ ကျားကုန်း လေးအိမ်ကုန်းရွာများဖြစ်၏။ (အချို့မူကွဲတွင် မုဆိုးကုန်း၊ ကျဲကုန်း၊ ညောင်တပင်ကုန်းရွာများဟု ဆိုရသည်။)

မိဖုရားကြီး တလပရော်သို့၏ အကြောင်းကိုရေးလျှင် သူ၏ညာလက်နှံ့သမိန္ဓောရာမမင်းသားကို ချုပ်လှုပ်ထွား၍မရချေ။ အကြောင်းသော်ကား မြန်မာနှစ် ၉၉၁ ခုနှစ်၊ ဗညားရံမင်း အိမ်နိမ့်တွင် မြင်သောသား သမိန်ဇွောရာမသည် အဖမရှိသည့်နောက် တောတောင်ကြီးရာ၌ ဆင်ဦးစီးတို့နှင့်လှည့်လည်သွားလာနေလျက်ရှိ၏။ တစ်နေ့တွင် တောဆင်ငယ်တစ်ကောင်ကိုဖမ်း၍ ယဉ်အောင်သင်ကြားလျက် ကစားဖက်ပြု၏။ ဆင်အမည်မှာ 'ချစ်ချင်း' ဟူသတည်း။

တစ်ရံခါသော် ဆင်တော်ချစ်ချင်းကို သင့်ရာအပ်၍ ဗုဒ္ဓသာရဆရာတော်ကျောင်းမှာ ရဟန်းပြုတော်၏။ သုံးဝါရလျှင် တစ်ညဉ့်သောအခါတွင် ကျောင်းမြောက်နားတွင်ရှိသော ပညောင်ပင်အောက်၌ ပရိတ်မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းတော်မူစဉ် ရက္ခစိုးနတ်ဆင်းလာ၍ ကိုယ်ထင်ပြလေသော် ပဲခူး ဟံသာဝတီကို မင်းပြုလိုပါက သီလကိုစင်ကြယ်စွာထိန်းပါလေဟုဆို၏။ ထိုအချိန်ကစပြီး ဟံသာဝတီမင်းလောင်း သမိန်ဇွောရာမသည် မွန်လူမျိုးတို့အတွက် မင်းအဖြစ် ဦးစီးဦးဆောင်ရွက်ပြုရန် သီလကို စင်ကြယ်စွာထိန်းရင်း မေတ္တာပရိတ်များပွားများနေခဲ့လေသည်။

ထိုသို့ဖြင့် သုံးလခန့်ကြာသော်



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးမှ အိပ်မက်ပေးသည်ကား -

"အာဇာရဟန်း၊ နံနက်မိုးသောက်သော် ညောင်တစ်ပင်ကျောင်းအနောက်ရှိ မြစ်ဆိပ်သို့သွားလေ။ ထိုအခါ မြစ်ထဲ၌ မိကျောင်းပေါ် လိမ့်မည်။ ထိုမိကျောင်းကိုစီး၍ အနောက်ဘက်သို့ကူးလေလျှင် ကညင်တစ်ပင်ထက်က ဥဒေါင်းတွန်ကျူးလိမ့်မည်။ သစ်ပင်ကို စင်ရော်ဝဲပျံလိမ့်မည်။ ထိုသစ်ပင်၏အရှေ့ တစ်တောင်ကွာတွင် အနက်တူးလျှင် ရွှေပေနှင့်ရေလျက် သုံးဂါထာရှိမည်။ ပထမဂါထာအကျိုးအသွားမှာ ရှိန်းဆာယာကိုယ်ပြောင်းကိုယ်ခွာရနိုင်သည်။ ဒုတိယဂါထာမှာ ဓား၊ လှံ၊ သေနတ်၊ တုတ်စသည်ပြီးသည်။ တတိယဂါထာမှာ ခြေကျိုး၊ လက်ကျိုး၊ ဓားလှံရှာနာသည်များကို ရေမန်းသောက်လျှင် ပြာတော့ရှိနိုင်သည်။ စပါး ပြောင်းဖူး၊ ပဲ၊ ဘူး၊ ဖရုံစိုက်ပျိုးရာ၌ ရေကိုမန်း၍ပက်လျှင် ဆယ်ဆဆယ်ပြန်တိုး၍ သီးပွင့်သည်။ ထိုဂါထာ (၃) ပုဒ်ကို နေ့ချင်းရအောင် ကျက်ပြီးလျှင် မြေ၌မြုပ်မြဲမြုပ်ထားခဲ့ရမည်'

ဟု အိပ်မက်ပေးလေ၏။

ထိုအခါ ရဟန်းပျိုသည် အိပ်မက်အရ မြစ်ဆိပ်သို့ဆင်းသော် မိကျောင်းပေါ်လာလျှင် အလွန်ကြောက်မက်ဖွယ်ရှိ၍ မစီးဝံ့ဘဲရှိရာ (၃) နာရီကြာကာလ ရှိလျှင် မိကျောင်းရေသို့ငုပ်၏။ နောက်တစ်လခန့်ကြာရှိလျှင် ယခင်အတိုင်း အိပ်မက်ပေးပြန်လေ၏။ ထို့ကြောင့် မြစ်ဆိပ်သို့ဆင်းလျက် မိကျောင်းပေါ်၍ စီးမည်အပြုတွင် မြစ်ကမ်းနားရှိ လူသုံးဦးမှ ဤရဟန်းပျိုစိတ်ပေါ့သွမ်း၍ မိကျောင်းစီးမည်ထင်ပြီးဝိုင်းဆွဲကြသဖြင့် ဒုတိယအကြိမ်အခွင့်မသာဘဲ မိကျောင်းသည် ရေငုပ်ပြန်လေ၏။

နောက်တစ်ကြိမ်တွင် အတန်ကြာသော် ဇရွဲဘုံမြို့သားများက မင်းအဖြစ်ကိုယူတော်မူပါ။ အရှင့်အတွက် ကျွန်တော်များတို့ အမှုထမ်းပါမည်ဟုဆို၍ ဒဂဘက်တွင် လူဝတ်လဲ၍ သန်လျင်မြို့တွင်းလူအများစုရုံးစေလျက် ကျိုက်ပေါ်ဘုရားတွင် သစ္စာပြုလေ၏။

ထိုသို့ဖြင့် တတိယအကြိမ် ဝတ်ဖြူစင် လူသူတော်မှ အိပ်မက်ပေးပြန်ရာ မိကျောင်းပေါ်လေလျှင် အရဲစွန့်၍ မိကျောင်းကိုစီးလျက် မြစ်၏အနောက်ဘက်ကမ်းသို့သွားရာ ရောက်လျှင် အိပ်မက်အတိုင်း တညင်တစ်ပင်တွင် ဥဒေါင်းတွန်၍ စင်ရော်ငှက်က ဝဲပျံရာတွေ့သဖြင့် သစ်ပင်၏အရှေ့တစ်တောင်အကွာတွင် အနက်တူးလျှင် ရွှေပေလွှာဂါထာသုံးပုဒ်ကိုတွေ့၍ အရက္ခာကိုပြီး မြေမြှုပ်ခဲ့ကာ မိကျောင်းစီး၍ ကျောင်းကိုပြန်သော် မြစ်လယ်သို့ရောက်လျှင် လေကြီးမိုးကြိုးကျ၍ မနည်းအသက်လုနေခိုက် မြစ်တစ်ခုလုံးမှောင်မိုက်ခဲ့ရာ မေတ္တာတန်ခိုးတော်ကြောင့် ကံကောင်းထောက်မစွာ ကျောင်းကိုပြန်ရောက်ခဲ့သော်လည်း ပထမ၊ ဒုတိယဂါထာတော်များကိုမေ့လျော့ပြီး တတိယဂါထာသာမှတ်မိတော့လေသည်။ နောင်တွင် ထိုအကြောင်းစုံပြန်ကြားသော် ဇရွဲဘုံမြို့သားများသိရှိသွားပြီး သွားရောက်ယူမည်ဟု လာရောက်ရာဖွေရာ တူးရာကို မဆိုနှင့်ဦး၊ ကညင်ပင်ကိုတောင်မျှမတွေ့လေတော့ဟူ၏။

ထို့နောက် သမိန်န္တော်ရာမသည် အလုံးအရင်းစုံရုံး၍ ဆင်ဖြူများရှင်ကို စစ်ပြုရာ ရုံးလေသည်နှင့် ပြေးခဲ့၍ တောင်သူကြီးတစ်ဦးအိမ်တွင် ခိုလှုံနေရလေ၏။ တောင်သူကြီး၏လယ်ယာများကို သမိန်န္တော်ရာမက သူရထားသောဂါထာဖြင့် ရေမန်းပက်ပေးလျှင် အသီးအနှံများ ဆယ်ဆမကတိုးပွား၍ သီးပွင့်လေရာ တောင်သူကြီးသိလေလျှင် သမီးအလတ်ကိုပေးလေ၏။

ဤသို့နေ၍ တစ်နေ့ သမိန်န္တော်ရာမမင်းသား ကြံစည်သည်မှာ ငါ၏ဒူးများကို ရိုက်ချိုး၍ ဘုရင့်နောင်အား ဆက်သစေ။ ရှေ့တော်မှောက်ရောက်သော် ရေတပ်သည်ဆိုလျှင် ဘုရင်ကို ရေတစ်ခွက်တောင်းမည်။ ထိုရေကိုမန်း၍သောက်၊ ဖျန်းလျှင် ဒူးနာပျောက်လိမ့်။ ထိုအခါမှ ဝှက်ယူလာသော လက်နက်ကိုယူလျက် ဘုရင်ကို လုပ်ကြံပြီးလျှင် မင်းအဖြစ်ကို ငါယူတော်မည်ဟု ကြံလေ၏။

ကြံစည်သည့်အတိုင်း ဘုရင့်ရှေ့မှောက်ရောက်လျှင် ရေတောင်း၍သောက်။ ဒူးနာကိုမန်း၍ ဖျန်းသော်လည်း ဒူးနာမပျောက် ကျိုးမြဲကျိုး၏။ ထိုအခါ သမိန်န္တော်ရာမမင်းသားသည် ငိုကြွေးလေ၏။

ထိုအခါ ဘုရင့်နောင်မင်းတရားက သူရဲကောင်းယောကျ်ားဖြစ်လျက် အဘယ့်ကြောင့်ငိုသနည်းဟု မေးတော်မူလေ၏။

ဖြေသည်ကား ရေမန်းသောက်လျက် မန်းမှုတ်က ဒူးနာပျောက်လျှင် နီးရာလင်္ကာနက်ဖြင့် မင်းကြီးကိုလုပ်ကြံမည်။ သို့သော် အရှင်မင်းကြီး ဘုန်းကံကြီး၍ ကြံမိမှားကာ အကြံကုန်စိတ်ပျက် အားလျော့၍ ငိုကြွေးခြင်းမည်၏ဟု ဆိုလေ၏။

ထိုအခါ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးက -

"ငါ၏ဘုန်းကံကို သင်မသိပြီတကား။ ယခုပင် ဗိုင်းလွှားပေး၍ကစေအမိန့်တော်ရှိလျှင် ကနိုင်လေ၏။ နေမြဲတိုင်းတည်စေဆိုလျှင် ကျိုးမြဲတိုင်းကျိုးစေ၏"

နောက်ဆုံးတွင် ဘုရင့်နောင်မင်းတရားသည် တိုင်းပြည်စည်းရုံးရေးအတွက် ပြုလုပ်နေချိန်တွင် သံတစ်ယောက်အတွက် ကွဲပြားခြားနားမှုကို တွေးမိသဖြင့် မျက်နှာတော်လွဲတော်မူလေ၏။

ဤသို့ဖြင့် ရွှေပေလွှာဂါထာတော်ရသဖြင့် တလွဲအယူအဆများစွာပြုမိများခဲ့သဖြင့် ဘုန်းကံကြီးသောမင်းတစ်ပါး၏ အစွမ်းအစကိုပင် မယုံကြည်မိ၍ ကြမ္မာဆိုးနှင့် မွန်သူရဲကောင်း သမိန်န္တော်ရာမတိုးခဲ့ရလေပြီတကား။

ထိုနေ့သည်ကား ဟံသာဝတီပဲခူး၏ ကြေကွဲရဆုံးနေ့တစ်နေ့ဖြစ်သလို မိဖုရားကြီး တလပရော်သို့ အားထားရသော မွန်သူရဲကောင်းကြီး သမိန်န္တော်ရာမမင်းသား၏နေဝင်ချိန်ဖြစ်လေတော့သည်။

သက္ကရာဇ် ၉၁၄ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ တနင်္လာနေ့တွင် ဇရွဲဘုံကရင်သူကြီးနှင့်ထောရွာသားလာရောက်ဆက်သဖြင့် စစ်ရုံးချတပ်ဖွဲ့ကာ နေသော သမိန်န္တော်ရာမမင်းသား ကွတ်မျက်ခံခဲ့ရသောနေ့ဖြစ်လေသည်။

□ ဦးဖိုးကျား - မြန်မာ့ဂုဏ်ရည်သူရဲကောင်းများ

သူရဲကောင်းဆိုသည်မှာ လက်ရုံးရည်၊ နှလုံးရည်၊ ပညာရည် ထို (၃) မျိုးစလုံး သို့မဟုတ် တစ်မျိုးမျိုး၏ထက်မြက်ကျွမ်းကျင်ထင်ရှားမှုများအပ်ကြောင်းကို နှောင်းလူတို့သည် အပြစ်ကင်းစင်ကောင်းမြတ်သော ဇာတိမာန်တက်ကြွ၍ စိတ်နေစိတ်ထား မြင့်မြင့်မြတ်မြတ်ထားရှိပြီးကြကာ လောဂိ၊ လောကုတ္တရာအကျိုးများ ဆောင်ရွက် ပြည့်စုံကြရပြီးလျှင် ဘဝမှာ အကျိုးပြုသူများသာဖြစ်စေရန် ရည်ရွယ်လျက် ပုံနှိပ်ကျမ်းမှလည်းကောင်း၊ ပေပုရပိုက်လက်ရေးစာများတို့မှ လည်းကောင်း စာပေများတွင် မရှိသေးသော ကိုယ်တိုင် ကိုက်လံစုဆောင်းထားသော အကြောင်းအရာ

www.burmeseclassic.com

www.burmeseclassic.com

များစွာဖြစ်လေသည်။

သမိန္ဓော်ရာမင်းသား တစ်ညဉ့်တာ ခိုအောင်းသွားသောအရပ်ကို အကြောင်းပြု၍ 'သမိန္ဓော်ရွာ' ဟု ယခုတိုင် ဖျာပုံ - ကျိုက်ဒွန်းသွားကားလမ်းတွင်ရှိပါသည်။

(ထိုကဲ့သို့ တပင်ရွှေထီးအရေးတော်ပုံမှ ဘုရင်နောင်အရေးတော်ပုံဆက်လက် ဖြစ်ပေါ်လာရာ နောက်ဆုံးတွင် မိဖုရားကြီး၏ညာလက်ရုံး သမိန္ဓော်ရာမင်းသား ကျဆုံးသွားပြီးနောက် မွန်လူမျိုးတို့ဘဝတွင် ဒုတိယအကြိမ်ဆုံးရှုံးခြင်းဖြစ်၍ မျော်လင့်ချက်မရှိတော့သောဘဝတွင် ချောင်းစဉ်အတိုင်း ဖျာပုံခေါ်ညိမ်းရွာမှ အောက်သို့စုန်ဆင်းသွားပြီးလျှင် တာ (၅၀၀) ခန့်အကွာတွင် လက်ယာဘက်၌ ကမ်းကုန်းဘက်မြေပြင်တွင် ယခုတိုင် ရွာကြီးတည်ရှိနေသည့်ချောင်းနားတွင် တောတန်းကွယ်နေ၍ ရွာကိုမမြင်ရ။ ကမ်းဘက်ကိုတက်သွားလျှင် အတွင်းဘက်၌ ရွာကိုတွေ့ရ၏။ ရေးက စီမံဖန်တီးထားခဲ့သည့်တံတိုင်းမြို့ရိုးသဏ္ဌာန် ဟောင်းနွမ်းပျက်စီးနေသည်ကို တွေ့ရ၏။ ထိုနေရာကို မိဖုရားကြီး နောက်ဆုံးမြို့ရိုးခံတပ်ဟောင်းအဖြစ် အသုံးပြုခဲ့သည်ကို အစွဲပြုကာ မြို့ကုန်းဟု ခေါ်ကြသည်။ တလရော်သို့မိဖုရားကြီးသည် ဤစခန်းတွင် ခပ်ကုပ်ကုပ်နှင့် ဇာတ်မြူပ်သွားခဲ့ပါလေသည်။)

ကျိုက်ဒေးယျံစေတီတော်ခြေရင်း ဟောကျိုက်ရွာကလေးသည် နှစ်စဉ်နှစ်တိုင်း မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ငါးလွှတ်ပွဲကျင်းပလာခဲ့ရာ ထူးခြားမှုဖြစ်ပြီး မြန်မာနှစ် ၁၃၇၁ ခုတွင် (၉၃) ကြိမ်ရှိခဲ့ပေပြီ။ မြန်မာပြည်၌ သက်တမ်းအရှည်ဆုံး ငါးလွှတ်ပွဲကြီးကျင်းပခဲ့သည့် နေရာလည်းဖြစ်၏။ ယခင်က သံး၊ လေးကြိမ်က နွားလွှတ်ပွဲစတင်ကျင်းပခဲ့ပြီး နောက် ပျက်ပြယ်သွားပြီး ငါးလွှတ်ပွဲဟောကြီးမှာ စစ်ကြီးကာလမှာတောင် ကျင်းပပြုလုပ်နိုင်ခဲ့သည်ဟု သိရပါသည်။

မြန်မာရန်နှင့် မြန်မာဓလေ့တို့နှင့် အဆင့်ဆုံမွမ်းနေသော ကျိုက်ဒေးယျံစေတီတော်ကြီး၊ ရွာများ၏ ချစ်ဖွယ်ဒေသဟောင်းများက ယနေ့တိုင်မြင်ကွင်းထဲတွင် ဓနရာယူနေပါသေးသည်ကိုဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကျရောက်တိုင်း တွေ့မြင်နေရပါသည်မှာ ရွှေဒေးဖြာ ဖီတ်ခေါ်နေသလိုခံစားရပါသည်။ ကျိုက်တော်ဇာတိက ဖျာပုံ-ဒေးဒရဲကားကန်းသွားတွင်ရှိ သဲကုန်းကျေးရွာနှင့် မျက်နှာချင်းဆိုင် ပန်ကဒပ်ရွာလေးဖြစ်၍ ဒေးဒရဲနှင့် အနေမဝေးသဖြင့် အမြဲသတိရစရာများဖြစ်နေပါသည်။

ကျိုက်ဒေးယျံစေတီတော်မြတ်ကြီးသည် မြန်မာနှစ် ၁၃၄၀ ပြည့်နှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်၊ ၃၀-၉-၁၉၇၈ ခုနှစ် စနေနေ့ (၃) နာရီ (၄၃) မိနစ် (၃၈) စက္ကန့်အချိန်တွင် မာကယ်လီစကေးအဆင့် (၈) ရှိသော မြေငလျင်လှုပ်ရာ ဒုက်ဗျောဖူးမှ ကြာလန်အထိပြိုကျပြီး စိန်ဖူးတော်နှင့် ထီးတော်မှာ မြေခခဲ့ရပါသည်။ ဒုက်ဗျောဖူးအတွင်းမှ ဥက္ကာတော် (၈) လက်မရှိ ငွေစေတီတော်တစ်ဆူ၊ ဥက္ကာတော် (၅) လက်မရှိ ငွေဆင်းတုတော်တစ်ဆူနှင့် ဥက္ကာတော် (၄) လက်မရှိ ရှင်ဥပဂုတ္တကြေးဝါဆင်းတုတော်တို့ကို ရရှိသည့်အပြင် 'ဝေဒါသာကု ကုသာဒါဝေ ဂါထာပါရှိသော အင်းချပ်တစ်ချပ်ရရှိခဲ့ပါသည်။

စေတီတော် ပြန်လည်ပြုပြင်ရာ၌ ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် တနင်္ဂနွေနေ့မှစ၍ပြုပြင်ခဲ့ရာ ၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အောင်မြင်စွာ စိန်ဖူးတော်နှင့်တကွ ထီးတော်အသစ်တင်လှူနိုင်ခဲ့၏။ စိန်ဖူးတော်တွင် တပ်ဆင်ထားသည့် ကုသိုလ်ရှင်များ၏ကောင်းမှုရတနာပစ္စည်းများ (က) စိန်ဖူးတော်စိန် (၁) ပွင့် ရွှေချိန် ၅½ ရွေး၊ (ခ) ထီးနှင့်ငှက်မြတ်နား၊ (ဂ) ရွှေချိန် (၆) ပဲ (၅) ရွေး၊ ထီးရှိ ဥဿဖရား (၈) ပွင့်၊ (ဃ) အထက်ပစ္စယာပတ္ထာန်းများ (၁၂) ပွင့်၊ ရွှေချိန် (၆) ပဲ၊ (င) အောက်ပစ္စယာရှိ စိန် (၉) ပွင့်၊ ရွှေချိန် (၆) ပဲ (၃) ရွေး၊ (ဆ) အောက်ပစ္စယာမြှ (၁) ပွင့်၊ ရွှေချိန် (၆) ရွေး၊ (၅) ရွှေစေတီတစ်ဆူလုံး ရွှေချိန် (၂) ကျပ် (၁၃) ပဲ၊ စိန်ဖူးတော်တွင် တပ်ဆင်ထားသော ရွှေဆင်းတုတော်များ၊ ရွှေသားပုဒ္ဓဆင်းတုတော် (၇၃) ဆူ၊ ရွှေချိန် (၃၄) ကျပ် (၅) ပဲ (၆) ရွေး၊ စိန်ဖူးတော်အလယ်ဖောင်းရစ်ရွှေပြား ရွှေချိန် (၅) ကျပ် (၈) ပဲ၊ ရွှေသားပုဒ္ဓဆင်းတုတော် (၇၃) ဆူ၊ ရွှေချိန် (၃၄) ကျပ် (၅) ပဲ (၆) ရွေး၊ အလယ်ဖောင်းရစ်ရွှေပြား ရွှေချိန် (၅) ကျပ် (၈) ပဲ၊ စိန်ဖူးတော်တွင် တပ်ဆင်ထားသော ရတနာများမှာ ရွှေထည်နှင့် ကျောက်မျက်ရတနာ (၁၀၀၆) ခု၊ ကျောက်မျက်မျိုးစုံ (၂၇၆၇) ပွင့်၊ ရွှေချိန် (၁) ပိဿာ ကျပ် (၁၃) ပဲ (၇) ရွေး၊ ရွှေခါးပတ်များမှာ (၇) ခုရှိ၊ ရွှေချိန် (၆) ကျပ် (၁၂) ပဲ (၄) ရွေး၊ စုစုပေါင်းရွှေသားအလေးချိန် (၁) ပိဿာ (၆၁) ကျပ် (၁၂) ပဲ၊ (၃) ရွေး။

(ဘဏ္ဍာတော်ထိန်း
ဂေါပကစာရင်းအရ)

စိန်ဖူးတော်တွင် တပ်ဆင်ထားသော လက်ဝတ်ရတနာများစာရင်းကို ကြည့်ခြင်းဖြင့် မြန်မာလူမျိုးတို့၏ သဒ္ဒါတရားကို ခန့်မှန်းကြည့်နိုင်ပါသည်။ ဘယ်လူမျိုးနှင့်မှမတူ မြန်မာတို့အလှူကို (တိုင်းရင်းသားအားလုံးကို ခြုံငြုံခြင်း) ဤနေရာတွင် တွေ့ရှိနိုင်ပါသည်။ တစ်ခုနှိုက်တုန်းက သမိုင်းကြေးမုံပြင်၏ ပုံရိပ်ကိုထင်ဟပ်စေသော ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် တော်ကျပ်ကုန်းရှိ ကျိုက်ဒေးယျံစေတီကြီးက ထင်ဟပ် ပြသနေသည်ဆိုတာကိုဖြင့် မငြင်းနိုင်ကြပါ။ စာရေးသူသည် ဖျာပုံတွင်မွေးသော်လည်း မိဘနှစ်ပါးက ဒေးဒရဲနယ်သားစစ်စစ်များဖြစ်ကြပြီး ကြီးတော်ဖြစ်သူ ဆရာမကြီးဟောင်းသည် မရမ်း၊ ခန်းကုံးရွာသူဖြစ်ပြီး ရောကြီးကျောင်းအုပ်ဖြစ်ပြီး ယခုအခါ အိုးဖိုကျောင်းတွင် သီလရှင်အဖြူးဝတ်သွားခဲ့ပါသည်။ သို့ပါ၍ မိမိရေးခွင့်မကြုံလိုက်ရသော နှစ် (၁၅၀) ပြည့် ကျိုက်ဒေးယျံစေတီတော်ပြုပြင်မှု မှတ်တမ်းအတွက် စာရေးသူ ယခုရေးသားသော အကြောင်းအရာများသည် တစ်ထောင့်တစ်နေရာမှ ပါဝင် ကူညီ ထောက်ပံ့နေသည်ဆိုလျှင် စာရေးရကျိုးနပ်ပေသည်ဟု ခံယူမိပါသည်။ မိမိသိရှိမှတ်တမ်းတင်ထားသော အကြောင်းအရာများနှင့်သက်ဆိုင်သော မွန်မိဖုရားကြီးတလပရော်သို့ကောင်းမှုတော်စေတီများ အမြောက်အမြားရှိပါသေးကြောင်း အသိပေးရင်း ရေးသားတင်ပြလိုက်ရပါသည်။

မင်းနန္ဒခိုရ်ခိုန်

စာကိုး -

၁။ ဖျာပုံရာဇဝင်
မွန်ပညာရှိ-ဦးဖိုးအိမ်

၂။ ဖျာပုံစိုး၏ ထမင်းစေား ရွှေတံခါး

၃။ ကျိုက်ဒေးယျံစေတီတော် သမိုင်းအကျဉ်းချုပ်
ဒေးဒရဲမြို့နယ်အသင်း၊ ရန်ကုန်။

၄။ ဒေါ်ကြည်ကြည် လ/ထ ကထိက
(ငြိမ်း)ဆရာအတတ်သင်၊ ရန်ကင်း

၅။ နှစ် (၁၅၀) ပြည့် ကျိုက်ဒေးယျံစေတီပြုပြင်မှုမဂ္ဂဇင်း

၆။ ဆရာ ဦးဖိုးကျား၏
မြန်မာ့ဂုဏ်ရည်သူရဲကောင်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်းစံသာ
(မင်းတုန်း)
သမ္မုဒ္ဓအစွမ်း

ကျွန်ုပ်နေထိုင်သော မကွေးတိုင်းဒေသကြီး၏ အစွန်အဖျားမြို့ကလေးဖြစ်သော မင်းတုန်းမြို့သည် တောင်ကုန်းပေါ်တွင်တည်ထားသော မြို့တစ်မြို့ဖြစ်၏။ သရက်ခရိုင် ချောက်မြို့နယ်တွင် တစ်ခုအပါအဝင်လည်းဖြစ်၏။ မြေပြန့်နည်းပါးပြီး တောင်စဉ်တောင်ဝှမ်းတို့ အကြားမှ စီးဆင်းနေကြသော မင်းတုန်းချောင်း၊ မူးချောင်း၊ လွှာချောင်း၊ ပန်ခြောင်း စသော ချောင်းကြီးချောင်းငယ် အသွယ်သွယ်တို့ဖြင့် သာယာလှပလျက်ရှိ၏။

မင်းတုန်းမြို့တွင် အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃)၊ အမှတ် (၄) ဟူ၍ ရပ်ကွက်ကြီး(၄)ခုရှိ၏။ အမှတ်(၁) ရပ်ကွက်၌ ရခိုင်ဘုရားဆုတောင်းပြည့်စေတီတော်တို့ရှိသကဲ့သို့ အမှတ် (၂) ရပ်ကွက်၌လည်း ရွှေဟောင်း သမိုင်းဝင်စေတီတော်ကြီးများ ဖြစ်ကြသော ဆုတောင်းပြည့်စေတီတော်၊ ရွှေကူစေတီတော်၊ မြဉ်သျှောင်စေတီတော်၊ ဓာတ်ပေါင်းစုစေတီတော်များ၊ မြဉ်သျှောင်ဓမ္မာရုံ၊ ပိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဆောက်အအုံဓမ္မာရုံနှင့် စောင်းတန်းတို့တည်ရှိပြီး မင်းတုန်းမြို့၏ကျက်သရေဆောင်ဖြစ်ပေ၏။

ထို့အပြင် အမှတ်(၂)ရပ်ကွက်၌ ရွှေဘုန်းတေဇာစေတီတော် မင်္ဂလာကန်နှင့်ဆင်ဖြူတော်ကန်တို့လည်းရှိပေသည်။ အမှတ်(၃)ရပ်ကွက်၌ကား စနေနံစေတီတော်၊ ထွဋ်ဦးခိုင်စေတီတော်၊ ဒီဗွဂိရိရွှေစည်းခုံစေတီတော်၊ ရှင်မှာလိုက်စေတီတော်၊ အောင်စေတီတော် ဟူ၍ စေတီငါးဆူရှိပေ၏။

အမှတ်(၄)ရပ်ကွက်၌မူ ဇမ္ဗူအေးစေတီ၊ မှန်ကင်းကျောင်းအတွင်းရှိ ဇေယျသိဒ္ဓိစေတီ၊ စနေနံစေတီ အစရှိသည်ဖြင့် ရှေးဟောင်း အမွေအနှစ် စေတီပုထိုးအမျိုးမျိုးတို့ကား မည်သည့်နေရာပဲကြည့်ကြည့် သာသနိကအဆောက်အအုံတို့မှာ ကြည်နူးဖွယ်ရာ ပြည့်နှက်နေ၏။

အကျွန်ုပ်သည် အထက်ဖော်ပြပါ အမှတ်(၂)ရပ်ကွက်ရှိ မြဉ်သျှောင်ဓမ္မာရုံအတွင်းတွင် ၂၀၁၁ ခုနှစ်မှ စတင်၍ အဘိဓမ္မာသင်တန်းဖွင့်လှစ်သင်ကြားခဲ့ရာ ထိုသင်တန်း၌ ဘာသာရေးနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာဗဟုသုတများနှင့် အန္တရာယ်ကင်းဂါထာအမျိုးမျိုးတို့ကို မိမိသိရှိသမျှပြောပြခဲ့၏။ ထိုသောအခါ အချို့သော သင်တန်းသား၊ သင်တန်းသူများကလည်း မိမိတို့ကြားသိခဲ့ရသောတကယ်ဖြစ်ရပ်မှန်တို့ကို ကျွန်ုပ်အား ဤသို့ဤနှယ် ဖောက်သည်ချလေတော့၏။

"ဆရာက အန္တရာယ်ဆိုသော သေခြင်းနဲ့ မွေးခြင်းရဲ့အကြားကဖြစ်တတ်တာ အန္တရာယ်လို့ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါဆိုရင် ပဝတ္ထိကာလမှာဖြစ်တာပေါ့နော် ဆရာ"

ဟု သင်တန်းသူတစ်ဦးကပြောသောအခါ ကျွန်ုပ်က -

"ဟုတ်ပါတယ်၊ အန္တရာယ်တွေတော့ အများကြီးပေါ့။ တစ်ယောက်နဲ့တစ်ယောက်မတူကြတာဘဲရှိတယ်လေ" ဟု ပြောလိုက်၏။

ထို့နောက် သူမက ဆက်လက်၍ -

"ဆရာပြောတဲ့အထဲမှာ ဘေးအန္တရာယ် တစ်စုံတစ်ရာတွေ့ကြုံရင် သမ္မဒ္ဓေဂါထာကို (၉) ခေါက်ရွတ်ရမယ်။ တစ်စုံတစ်ခုလိုလာပြီဆိုရင် (၁၇) ခေါက် ရွတ်ဆိုပြီး ဆုတောင်းရမယ်။ ရေကို (၉) ခေါက်မန်းပြီး မျက်နှာသစ်ရင် မျက်နှာမြင်သူတိုင်းချစ်တယ်။ ကျွေးချင်မွေးချင်စိတ်ပေါ်တယ်။ ကျန်းမာရေးညံ့တဲ့အခါသောက်တဲ့ရေနဲ့ အစားအသောက်တွေကို (၉) ခေါက်မန်းပြီးမှ သောက်ရမယ်၊ စားရမယ်လို့ဆိုပြီး ဆရာမင်းသိခ်ိန်ရဲ့ ပြောထဲကတစ်ခုကို ကျွန်မတို့ကိုပေးခဲ့တာတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်မရဲ့အတွေ့ပြောခဲ့တာကို ဆရာ့ကိုပြောပြချင်တယ်"

ဟု စိတ်ဝင်တစားပြောလာသဖြင့် ကျွန်ုပ်ကလည်း အထူးသိချင်စိတ်ပေါ်တာ၏။ ထို့ကြောင့် -

"ရေတော်တဲ့သူ ရေတွင်းထဲကျဆိုသလို ကျုပ်စိတ်ဝင်စားသွားပြီ။ ကဲ - ပြောပြပါဦး"

ဟု လိုလိုချင်ချင်နှင့်ပြောသောအခါ သူမက ဤသို့စပြောလေ၏။

"ဟိုးလွန်ခဲ့တဲ့ ၁၃၁၂ ခုနှစ်ကပေါ့ ဆရာရယ်။ ကျွန်မတို့ မြန်မာပြည်ကြီး တော်လှန်ရေးရခါစဆိုတော့ မင်းတုန်းမြို့နယ်မှာ သောင်းကျန်းမှုမျိုးစုံ၊ ဓားပြတိုက်မှုတို့ သူနယ်ကိုယ်နယ်လုပြီး ဖြစ်ခဲ့တိုက်နေချိန်ပေါ့"

"အင်း - ဆက်ပြောပါဦး"

"အဲဒီလူတွေဟာ ကျေးရွာတွေမှာ ဆော်ကြေးတောင်းပြီး တော်လှန်ပုန်ကန်သူတို့ သတ်ပစ်သတဲ့။ ရွာတွေကို မီးရှို့သတဲ့"

"တော်တော်ကိုဆိုးတဲ့ လူတွေပဲ ဟေ့"

"ဒါပေါ့ ဆရာရယ်။ ဒါနဲ့ဒီလိုမငြိမ်သက်ဖြစ်နေတာကြောင့် ၁၉၅၀ ပြည့်နှစ်လောလာမှာ ဗိုလ်ဖိုးကွန်း ဦးဆောင်တဲ့ အုပ်ချုပ်ရေးကော်မတီအဖွဲ့ ငါးဦးကို ဖွဲ့စည်းတယ်။ မြို့နယ်ရဲ့ငြိမ်ဝပ်ပိပြားရေးအတွက် ဗဟိုချုပ်ကိုင်မှုစနစ်နဲ့ အဆင့်ဆင့် ကော်မတီဝင်တွေဖွဲ့ပြီး အုပ်ချုပ်ခဲ့ကြတယ်။ ဒီလိုလူတွေကို ရဲဘော်ဖြူလို့ အဲဒီတုန်းက ခေါ်ဆိုခဲ့ကြတယ်။ အုပ်ချုပ်ရေးရဲဘော်ဖြူအဖွဲ့နဲ့ ဓားပြဂိုဏ်းအဖွဲ့တို့ မကြာခဏဆိုသလို တိုက်ပွဲတွေဖြစ်ကြတယ်။ အုပ်ချုပ်ရေးကို နှိုင်နှိုင်နင်းနင်း မအုပ်ချုပ်နိုင်ကြသေးလို့ပါဘဲ"

"ဒါဖြင့် နယ်သူနယ်သားတွေဟာ ကျိုးလန့်စာစားနေရတဲ့အချိန်လို့ ဆိုရမှာပေါ့"

"သိပ်မှန်တာပေါ့ ဆရာရယ်။ တိုင်းရေးပြည်ရေးမငြိမ်မသက်ဆိုတော့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတွေ အကုန်အဆင်မပြေတော့ဘူးပေါ့။ အဲဒီအချိန်တုန်းက ကျွန်မတို့တံတားရွာမှာ အုပ်ချုပ်ရေးတာဝန်နဲ့ ရဲဘော်ဖြူ ဗိုလ်အောင်ဇင်နဲ့အဖွဲ့ တပ်စွဲပြီးနေထိုင်တယ်။ ဒီလိုနေထိုင်တာကို မင်းတုန်းနယ်မှာ နာမည်အကြီးဆုံးဖြစ်တဲ့ ဓားပြဗိုလ်ဖိုးလုံးက လုံးဝမကျေနပ်ဘူး။ တံတားရွာသူရွာသားတွေကို လည်းပဲ အလွန်မှမုန်းတီးသတဲ့။ ဒါကြောင့် လစ်ရင်လစ်သလို ကျေးရွာကို မီးရှို့တာတို့၊ သတ်တာဖြတ်တာတို့ကိုလုပ်လေ့ရှိတယ်။ ရဲဘော်ဖြူများကို ကူညီတယ်၊ ထောက်ပံ့တယ်ဆိုပြီး အတော့်ကို နာကြည်းကြတယ်ဆိုပဲ"

"အင်း - ဟုတ်မှာပေါ့လေ"

"ရဲဘော်ဖြူ ဗိုလ်အောင်ဇင်နဲ့အဖွဲ့ဟာ တံတားရွာမှာတပ်စွဲပြီးနေရတယ်ဆိုပေမယ့် မကြာခဏဆိုသလို ခရီးထွက်ရလေ့ရှိတယ်ဆရာ။ ရဲဘော်ဖြူအဖွဲ့ကို ထောက်ပံ့ ကူညီပေးနေတဲ့ တံတားရွာသား ကိုသိန်းဆိုတာရှိတယ်။ ရဲဘော်ဖြူအဖွဲ့ ခရီးထွက်နေခိုက် ကိုသိန်းကို ညအခါမှာ တိတ်တဆိတ် ဖမ်းဆီးခေါ်ဆောင်သွားကြတာက ဓားပြအဖွဲ့တွေပဲ ဆရာ"

"အဲဒါမှတကယ့်ပြဿနာပဲနော်။ အသေသတ်မလို့ ခေါ်သွားတာနေမှာပေါ့"

"အဲဒီ ကိုသိန်းအကြောင်းပြောမှာ ဆရာရဲ့။ ကိုသိန်းရဲ့အသက်က (၃၅) နှစ်ဆိုပဲ။ သူဟာ အနည်းငယ် အရက်သေစာသောက်စားတတ်တယ်။ အိမ်ထောင်မရှိဘူး။ ရမ်းရမ်းကားကားလည်း မရှိဘူး။ မိဘ၊ ဆရာသမားကိုရိုသေကိုင်းရှိုင်းတယ်။ တစ်ဖက်သားကို ကူညီတတ်တယ်။ သဘောမနောလည်းကောင်းတယ်။ မိခင်မုဆိုးမကြီးကို ကောင်းကောင်းမွန်မွန်လုပ်ကျွေးတယ်။ သူဟာ ဓားပြတို့ရဲ့ ရက်စက်ယုတ်မာတာ၊ လူမဆန်တာတွေကို အတော့်ကို နာကြည်းမုန်းတီးတယ်ဆိုပဲ။ ဒါကြောင့် ရဲဘော်ဖြူတွေကို တစ်ဖက်သတ်အားကိုးပြီး သူတတ်နိုင်သမျှ ကိုယ်ဖိရင်ဖိအကူအညီပေးနေတာတဲ့။ ကျေးရွာထဲမှာလည်း ဓားပြတွေရဲ့သူလျှိုတွေအများကြီးထားလို့ ဓားပြတွေက သတင်းစုံကိုသိထားတယ်။ ဒါကြောင့် လစ်တာနဲ့ ကိုသိန်းကို ဖမ်းတာဖြစ်တယ် ဆရာ"

"ကိုသိန်းမှာလည်း အကုသိုလ်ကံကြွေးမကင်းဘဲကိုး"

"အင်း-ဒီလိုပဲပြောရမှာပေါ့ ဆရာရယ်။ အဲဒီလို ဓားပြတွေရဲ့ အတွင်းသူလျှိုတွေရဲ့သတင်းပေးချက်အရ ည (၈) နာရီလောက်မှာ သေနတ်ကိုယ်စီကိုင်ထားတဲ့ ဓားပြငါးယောက်ရောက်လာပြီး ထမင်းစားနေဆဲဖြစ်တဲ့ ကိုသိန်းကိုဖမ်းတာ ဆရာ။ ဘယ်လိုမှထွက်ပြေးခိုန်မရလိုက်ဘူး။ ချက်ချင်းလက်ပြန်ကြိုးတုပ်တယ်။ မိခင်မုဆိုးမကြီးကလည်း ငိုယိုပြီး အမျိုးမျိုးတောင်းပန်ရှာတယ်။ ခြေသလုံးဖက်ပြီး တောင်းပန်တယ်။ ဘယ်လိုပဲတောင်းပန်ပေမယ့်မရပါဘူး။ မိခင်ကြီးကို ခြေထောက်နဲ့ကန်ပြီး သေနတ်ဒင်နဲ့ ခေါင်းကို ရိုက်ချလိုက်တယ်။ သွေးတွေရဲခနဲထွက်သွားပြီး သတိမေ့သွားတော့တယ်။ ကိုသိန်းကတော့ အံကိုကြိတ်ပြီး အသာတကြည်ပဲလိုက်ပါသွားရှာတယ် ဆရာ"

"အိမ်နီးချင်းတွေကကော အကူအညီမပေးကြဘူးလား"

"အကူအညီပေးဖို့ အသာထား အသံတောင်မထွက်ရဲကြဘူး ဆရာရဲ့။ ဒါနဲ့ ကိုသိန်းကိုခေါ်သွားတဲ့နေရာကတော့ လျှိုမြောင်အမျိုးမျိုး၊ တောင်ကုန်းအသွယ်သွယ်တွေကို ဖြတ်ကျော်ပြီး သွားလိုက်တာ နာရီ (၂) ပတ်လောက် တောင်ကြာသတဲ့ဆရာ။ အဲဒါ ဓားပြတို့ရဲ့စခန်းဆိုပဲ"

"စခန်းဆိုတော့ အိမ်များများရှိမှာပေါ့နော်"

"တောထဲတောင်ထဲမှာ ပုန်းလျှိုးကွယ်လျှိုးနဲ့နေရတဲ့သူတွေပဲ ဆရာရယ်၊ ဘယ်လိုလုပ်ပြီး ကျကျနနဆောက်ပြီး များများစားစားနေနိုင်မှာလဲ။ ဖြစ်သလိုနေရတဲ့ တဲလေးသုံး၊ လေးတဲလောက်ပဲရှိတယ်ဆိုပဲ။ တဲမှာ ကျန်ရစ်ခဲ့တာကတော့ ဗိုလ်ဖိုးလုံးဆိုတဲ့ ဓားပြဗိုလ်ကြီးနဲ့ သူ့တပည့်တွေပေါ့။ စခန်းထဲရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

မိဘအပေါ်မှာ သားသမီးဝတ္တရားကျေပွန်ပါ

(ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး၏ဩဝါဒ)

အမိ၊ အဖတို့၏ အပြုအစု၊ အယူအယ၊ အစောင့်အရှောက်၊ အထိန်းအသိမ်းအောက်ဝယ် လူဖြစ်ကြီးပြင်းရှင်သန်ခဲ့ရသော လူသားအဖို့ မိဘကျေးဇူးဟူသည် ဦးထိပ်တင်ရာ၊ အမွန်အမြတ်ပြုရာ၊ အလေးထားစရာ ဖြစ်ပါသည်။ လူသားအဖြစ် ရှင်သန်နိုင်ခြင်းပင်လျှင် မိဘကျေးဇူးကြောင့်ဖြစ်ရာ မိမိ၏ အသွေးအသား၊ အသက်ဝိညာဉ်တို့တွင် မိဘတို့၏ကျေးဇူးများ ခိုကပ်ရောယှက်နေပေသည်။ မိဘကျေးဇူးကို အထူးသိတတ်ခြင်း၊ (သိသည်နှင့်အမျှ) ထိုက်ထိုက်တန်တန် ပြန်လည် ပေးဆပ်ခြင်းတို့သည် လူသား၏ မပြုမနေ တာဝန်တစ်ရပ်ပင် ဖြစ်သည်။ ဤတာဝန်ကို ကျေပွန်[illegible]ဆောင်နိုင်လျှင် လူသားအဖြစ် လူသားဘဝကို ရယူရကျိုး၊ ခံယူရကျိုးမနပ်တော့ပေ။ မိမိကို အစစအရာရာ ကျွေးမွေးပြုစု ထောက်ပံ့လာခဲ့ရသော အမိ၊ အဖအပေါ် တွင်မှ မေတ္တာ၊ စေတနာမထားတတ်သူသည် (ထိုသားသမီးသည်) လူအဖွဲ့အစည်းအတွင်းရှိ အခြားလူသားများအပေါ် တွင်လည်း စေတနာ၊ မေတ္တာထားတတ်သူဖြစ်ပါဦးတော့မည်လော။ အမိ၊ အဖအပေါ်တွင် ပေးဆပ်လိုစိတ်မရှိသူ၏ နှလုံးသား၌ အတ္တသာလျှင်အထူးထည်ကြီးမားစွာ ဖုံးလွှမ်းနေပေလိမ့်မည်မှာ မုချဖြစ်၏။ ပရဟိတစိတ်အတွက် နေရာရှိဟန်မတူပေ။

ဤသည်နှင့် စပ်လျဉ်း၍ မိဘအပေါ်၌ သားသမီးဝတ္တရားများကို မကျေပွန်သော သားသမီးတို့သည် ဤလောကကြီး၌ ဆရာသမား၊ လူကြီး မိဘသင်္ဃာတို့နှင့်စပ်ဆိုသော ဝတ္တရားများကို ကျေပွန်နိုင်တော့မည် မဟုတ်ပေ။ မိဘတို့အပေါ်၌ တာဝန်မကျေသော လူမျိုးသည် အလွန်ကြောက်စရာကောင်းသော လူစားအဖြစ်နှင့် ကျရောက်လေတော့သည်ဟု ရွှေဟင်္သာဆရာတော်ကြီး၏ဩဝါဒကို မိမိတို့နှလုံးအိမ်ဝယ် ထုံပွားများအပ်ပါသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ကြပြီဆိုတော့ တဲအတွင်းက ဗိုလ်ဖိုးလုံးထွက်လာပြီး -

'ညော် - မင်းတို့ရောက်လာကြပြီကိုးကွ'

ဆိုပြီး ပြောပြောဆိုဆို ကိုသိန်းနားကပ်လာတယ်ဆရာ။ ပြီးတော့ -

'ဟေ့ ငသိန်း။ မင်းကိုငါတို့လိုချင်တာကြောပြီကွ။ မင်းဟာ ငါတို့ရဲ့မဟာရန်သူပဲ။ ဗိုလ်အောင်ဇင်တို့ရဲ့ အနားမှာကပ်ပါးရပ်ပါးနဲ့ မျက်နှာလိုမျက်နှာရကူညီနေတဲ့အကောင်။ မင်းအသက်ဖက်နဲ့ထုပ်ထားပေတော့။ ရော့-နမူနာ'

ဆိုပြီး မျက်နှာကို လက်သီးနဲ့ သုံးချက်လောက်ထိုးတဲ့အခါ နှာခေါင်းကသွေးတွေရဲခနဲထွက်ကုန်သတဲ့။ အဲဒီနောက် ဗိုလ်ဖိုးလုံးက -

'ဒီကောင်ကိုထုံးစံအတိုင်း မနက်တုံးခေါက် (၄) နာရီကျမှ အပြတ်ရှင်းပစ်မယ်။ ဟိုးအနောက်ဘက်က ကျွန်းပင်မှာကြိုးနဲ့ခိုင်ခိုင်ချည်ထားလိုက်ဟေ့'

ဆိုပြီး တပည့်လက်သားများကို အမိန့်ပေးလိုက်တယ်တဲ့ဆရာ"

"ကိုသိန်းတော့ အတော့်ကိုသနားစရာကောင်းတာပဲ"

"သနားစရာကောင်းတာတော့ မပြောနဲ့ဆရာ။ ဗိုလ်ဖိုးလုံးရဲ့တပည့်တွေဟာ သူ့ဆရာရဲ့အလိုကျ ကျွန်းပင်မှာ လက်ပြန်ကြိုးတုပ်ထားလိုက်ကြတယ်။ ကိုသိန်းမှာလည်း ငါတော့မုချသေရတော့မှာပဲလို့တွေးပြီး ဇောချွေးတွေပြန်လာသတဲ့။ ဒီအချိန်မှာ ငါဘာကိုအားကိုးရမလဲလို့ တွေးလိုက်တဲ့အခါ မိဘကိုရိုရိုသေသေ မပြုမပြင်နဲ့ လုပ်ကျွေးတဲ့ကုသိုလ်ရယ်၊ ဆရာဘုန်းကြီး မိမိငယ်စဉ်က သင်ပေးခဲ့တဲ့ သမ္မဒ္ဒေဂါထာရယ် ဒါတွေပေါ် လာသတဲ့။ အဲ - တုံးခေါက်ဖို့နာရီဝက်လောက်အလိုလည်းရောက်ရော လက်နှစ်ဖက်စလုံး တုပ်နှောင်ထားတဲ့ခိုင်ခံ့တဲ့ကြိုးတွေဟာ တစ်စုံတစ်ယောက်ကဖြေပေးလိုက်သလို ကွင်းလုံးကျွတ်သွားသတဲ့။ ဒီအခါ ကိုသိန်းဟာ အံ့သြတဲ့စိတ်၊ ဝမ်းသာတဲ့စိတ်နဲ့ မတ်တတ်ရပ်ပြီး မားပြတွေရဲ့အရိပ်အခြည်ကို အကဲခတ်သတဲ့။ မားပြတွေ အရောက်သေစာသောက်စားပြီး -ပျော်ပါးနေကြတုန်းဆိုပဲ။ ကျကျနနတုပ်နှောင်ထားတယ်ဆိုတော့ ကိုသိန်းကို လွတ်သွားလိမ့်မယ်လို့လည်း ထင်မိပုံမရကြဘူးဆရာ"

"ဒီတော့ ကိုသိန်းလည်းလွတ်လွတ်ကျွတ်ကျွတ်ထွက်ပြေးလို့ရတာပေါ့။ မဟုတ်ဘူးလား"

"ဒါပေါ့ ဆရာရယ်။ ကိုသိန်းဟာ သမ္မဒ္ဒေဂါထာကိုချည်း မပြတ်တရစပ်နှုတ်ကရွတ်ဆိုပြီး ထွက်ပြေးလွတ်မြောက်သွားတယ်။ သမ္မဒ္ဒေဂါထာကြောင့် မားပြတွေရဲ့ အသတ်ခံရတဲ့ဘေးကသီသီလေးလွတ်မြောက်သွားခဲ့တယ်ဆရာ။ ကျွန်မအဖေက ကိုသိန်းနဲ့သူငယ်ချင်းဆိုတော့။ ဒီအကြောင်းတွေကို စုံစုံစေ့စေ့သိခွင့်ရတယ်လေ။ ကျွန်မပြောချင်တာက ဒါပါပဲ ဆရာ"

အဘိမွေ့သင်တန်းသူတစ်ဦး၏ စကားဆုံးသောအခါ ဒုတိယတစ်ချိန် သင်တန်းစရန် အချိန်ကျလာပြီဖြစ်သောကြောင့် ကျွန်ုပ်တို့နှစ်ဦး ထိုင်နေရာမှထကာ သင်တန်းခန်းမသို့ ရှေးရှုလာခဲ့ကြလေသတည်း။

ကောင်းစံသာ (မင်းဘုန်း)

www.burmeseclassic.com

www.burmeseclassic.com

လှမြင့်

(ရန်ကုန်တက္ကသိုလ်)

ပဌာန်းဆရာများကြီး ဒေါင်မြင့်

ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားသော မြန်မာနိုင်ငံတွင် ပဌာန်းသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက် လုံးပမ်းခဲ့ကြသော ရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများသည် ခေတ်အဆက်ဆက်၌ အသီးသီးအထင်အရှားရှိနေခဲ့သည်။ ယင်းသို့ ပဌာန်းသာသနာတော်ကြီး ထွန်းကားစည်ပင်ပြန့်ပွားအောင် ကြိုးပမ်းလုပ်ဆောင်ထောက်မခဲ့သော ရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများကို 'ပဌာန်းကျေးဇူးရှင်ကြီးများ' ဟူ၍ ဝိသေသပြု ခေါ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ပဌာန်းသာသနာတော်ကြီး စည်ပင်ပြန့်ပွားတိုးတက်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပဌာန်းကျေးဇူးရှင်ကြီးများမှာ ထန်းတစ်ပင်ဆရာတော်အရှင်နန္ဒမေဓာ၊ ဆရာတော်ဦးဗုဒ္ဓ၊ သဲအင်းဂူဆရာတော်၊ လယ်တီဆရာတော်၊ မြို့ပြင်ကြီးဆရာတော်၊ 'ဝိသုဒ္ဓါရုံဆရာတော်'၊ ကျီးသဲလေးထပ်ဆရာတော်၊ ပြည်- ပွင့်လှသိမ်ကုန်းဆရာတော်၊ မိုးညှင်းဆရာတော်၊

www.burmeseclassic.com

www.burmeseclassic.com

မစိုးရိမ်ဆရာတော်၊ ခင်ဦးတောရ မူလ ပဌာန်းဆရာတော် ဦးနာရဒ၊ ဂန္ဓာရုံ ဆရာတော်ရှင်ဇနကာဘိဝံသ၊ တိပိဋကဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ၊ ရုပ်စုံပဌာန်းဆရာတော် ဦးကွန္ဒာသက ဆရာတော်ကြီးများ ဖြစ်ကြလေသည်။ လူပုဂ္ဂိုလ်များတွင် ရမည်းသင်းဆရာကြီး ဦးအုန်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ပထမံကျော်ဦးကြီးဖေနှင့် ပဌာန်းဆရာမကြီးဒေါ်ခင်မြင့်တို့သည် ထင်ရှားခဲ့သည်။

မြန်မာနိုင်ငံ၏ ပဌာန်းသာသနာတော်ကြီးစည်ပင်ပြန့်ပွားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပဌာန်းကျေးဇူးရှင်၊ ရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများ အနက် အမျိုးသမီးလောကမှ ရှားရှားပါးပါး တစ်ဦးတစ်ယောက်တည်း ထင်ရှားခဲ့သော ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့်သည် အထူးထက်မြက်ထင်ရှားထူးချွန်ခဲ့သော အမျိုးသမီးပဌာန်းကျေးဇူးရှင် တစ်ဦး ဖြစ်သည်။

ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့် (ခရစ်နှစ် ၁၉၀၉ - ၁၉၈၂ ခုနှစ်) သည် မြန်မာနိုင်ငံ၏ ပဌာန်းသာသနာတော်ကြီးပြန့်ပွားရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ခင်ဦးတောရ မူလပဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ၏ တူမအရင်း ဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် ခင်ဦးတောရ၌ ဦးလေးဖြစ်သူ ဆရာတော် ဦးနာရဒထံ၌ ပဌာန်းပညာကို စနစ်တကျ လေ့လာ ဆည်းပူး သင်ယူခဲ့သည်။ ခင်ဦးတောရ ဦးနာရဒသည် ရာသက်ပန် ပဌာန်းသာသနာတော်တိုးထက်ပြန့်ပွားရေးကို ဆောင်ရွက်တော်မူခဲ့သည်။ ပဌာန်းပညာကို ရဟန်းရှင်လူပုဂ္ဂိုလ်များနှင့် အမျိုးသမီးငယ်များကိုပါ ပို့ချသင်ကြားပေးခဲ့သည်။ ပဌာန်းပါရဂူကျမ်း၊ ပဌာန်းလမ်းပြကျမ်း၊ ပဌာန်းကျဲမ်းကြီးတို့ကို ပြုစုခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအချိန်အထိ ရွှေဘို ခင်ဦးတောရ၌ သီတင်းသုံးနေထိုင်ခဲ့၍ ခင်ဦးတောရမူလပဌာန်းဆရာတော်ဟု ထင်ရှားခဲ့သည်။ ပဌာန်းဆရာမကြီးဒေါ်ခင်မြင့်သည် ငယ်ရွယ်စဉ်ကာလမှ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်အထိ ဦးလေး ဆရာတော် ခင်ဦးတောရဆရာတော် ဦးနာရဒထံ၌ ပဌာန်းစာဝါများကို အခြေခံမှစတင်၍ လေ့ကျင့်သင်ကြား ကျွမ်းကျင်တတ်မြောက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားချိန်

တွင် ဒေါ်ခင်မြင့်သည် ရွှေဘိုခင်ဦးတောရကျောင်းမှ မင်းကွန်းတွင် သီတင်းသုံးနေထိုင်တော်မူသော ပဌာန်းသာသနာပြု မစိုးရိမ်ဆရာတော်ဘုရားကြီးထံ၌ ဆက်လက်၍ ပဌာန်းစာဝါများကို သင်ယူခဲ့သည်။ မစိုးရိမ်ဆရာတော်ဘုရားကြီးသည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်တွင် မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်း စသော မြို့ရွာများတွင် ပဌာန်းစာဝါကို အဆက်မပြတ် လှည့်လည်ပို့ချတော်မူ၍ ရဟန်းရှင်လူများအား ပဌာန်းတရားကို ပွားများပို့ချခဲ့တော်မူခဲ့သည်။ ထိုသို့ ပဌာန်းသာသနာပြု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြောင့် 'သင်္ဂြိဟ်နှင့် ပဌာန်း၊ အိမ်ဦးနှင့်ကြမ်းပြင်' ဟူသော ဆိုရိုးစကားဖြင့်ထင်ရှားခဲ့သည်။ မန္တလေး မစိုးရိမ်ဆရာတော်ဘုရားကြီးထံ၌ ပဌာန်းတရား၊ ပဌာန်းပညာကို ပြန်လည်သင်ကြားပို့ချရာ၌ ထူးချွန်ထက်မြက်မှုတို့ကြောင့် မစိုးရိမ်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ချီးကျူးတော်မူခဲ့ပြီး ပဌာန်းဒေါ်ခင်မြင့် ဟူ၍ ဝိသေသပြုခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်၊ မြန်မာနှစ် ၁၃၀၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္လာနေ့တွင် ပဌာန်းသာသနာတော်ကြီးကို နေ၊ လကဲ့သို့ ထွန်းတောက်စေလိုသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းကြီးကို စတင် ထူထောင် လုပ်ဆောင်ခဲ့သည်။ ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့်သည် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးတွင် အသင်းကြီး စတင် ထူထောင်ခဲ့သော ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်နေ့မှစတင်၍ မိမိတတ်ကျွမ်းသော ပဌာန်းပညာကို ပုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ၊ အမျိုးသမီးများအား စေတနာထား၍ သဒ္ဓါတရားဖြင့် အားတက်သရော သင်ကြားပို့ချဆောင်ရွက်ခဲ့သည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးတွင် ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့်သည် ခရစ်နှစ် ၁၉၄၆ ခုနှစ်၊ မေလမှ စတင်၍ မိမိ၏ ဦးလေးဖြစ်တော်မူသော ခင်ဦးတောရမူလပဌာန်းဆရာတော် ဦးနာရဒ (နောင်တွင် ရန်ကုန်-ပြည်လမ်း ပဌာန်းကျောင်းတိုက်ဆရာတော်ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရုမစိုးရိမ်ဆရာတော် ဘုရားကြီး ဦးသုရိယနှင့် တိပိဋကဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီး)များ၏ ဩဝါဒများ၊ နည်းညွှန်မှုများ၊ အဆုံးအမများကို ခံယူကျင့်သုံး လိုက်နာလျက် ပဌာန်းပညာနှင့် ပဌာန်းတရားတော် တိုးတက်ပြန့်ပွားရေးအတွက် ရာသက်ပန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့်သည် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (ရန်ကုန်) တွင် ခရစ်နှစ် ၁၉၄၆ ခုနှစ်မှသည် ၁၉၈၂ ခုနှစ်အထိ နှစ်ပေါင်း (၄၀) နီးပါးတိုင်အောင် မိမိတတ်ကျွမ်းသော ပဌာန်းပညာကို ပုဒ္ဓဘာသာဝင်အပေါင်း တို့အား စေတနာထား၍ သဒ္ဓါတရားဖြင့် ဓမ္မပူဇာကို ရာသက်ပန် ထာဝရ သင်ကြားပို့ချမှုပြုခဲ့သည်။ ခရစ်နှစ် ၁၉၈၂ ခုနှစ်၊ ဧပြီလ ၈ ရက် အသက် (၇၃) နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။ ပဌာန်းဆရာမကြီး ဒေါ်ခင်မြင့်သည် လူသေသွားသော်လည်း 'သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာ့နှင့် သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျက်ဝင်းလျက်ကုန်ရေသတည်း' ဟူသော အမျိုးသားရေးစာဆိုကြီးဆရာဇော်ဂျီ၏ 'သင်သေသွားသော်ကဗျာ' ၏ ဝိသေသထူးနှင့်အညီ ပဌာန်းဆရာမကြီးဒေါ်ခင်မြင့် ဟူသော အမည်ဝိသေသဖြင့် လည်းကောင်း ပဌာန်းကျေးဇူးရှင် အမျိုးသမီး ပုဂ္ဂိုလ်တစ်ဦးအဖြစ် လည်းကောင်း သမိုင်းမော်ကွန်း စိုက်ထူနိုင်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

- အသံမစဲပဌာန်းပူဇော်ပွဲ (မာဂဓီ-သာစည်)

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအား ဘေးမဖူးမြောရပုံ

သန်းဆွေ(ရွှေဘို)
ဆင်ဖြူရှင်မင်း၏နိဗ္ဗာန်ဆိပ်ဦးဘုရား

ဆင်ဖြူရှင်မင်းသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဒုတိယသားတော် ဖြစ်သည်။ ငယ်အမည်မှာ မောင်ရွှေဖြစ်သည်။ နောင်သော် မြေဒူးမြို့ကို အစိုးရသဖြင့် မြေဒူးမင်းဟု ခေါ်သည်။ ထိုအချိန်တွင် ဆင်ဖြူဆက်သခံရသေးသဖြင့်မတွင်သေးပေ။ သို့သော် အင်းဝတတိယမြို့တည်နန်းတည်မင်းတရားဖြစ်နေပေပြီ။ မြေဒူးမင်းသည် ခမည်းတော် အလောင်းမင်းတရားဘွဲ့ခံယူမီကပင် ကုန်းဘောင်ဆက်တည်ဆုတွင် စစ်သူကြီးတစ်ဦးအဖြစ် ပါဝင်ခဲ့သူ ဖြစ်သည်။ တိုက်ပွဲတိုင်းပါဝင်ခဲ့သော်လည်း အထူးသတိတရဖြစ်စေသည်မှာ အင်းဝတိုက်ပွဲဖြစ်သည်။ အင်းဝကို ဝင်ရသိမ်းစဉ်ကလည်း ခက်ခဲသည်။ ရန်သူများ အင်းဝကို လာတိုက်စဉ်ကလည်း မြို့တော်ကို လက်လွတ်မသွားစေရန် တြိုကြွံခံကာ တွန်းလှန်ရသည်မှာလည်း ခက်ခဲသည်။ ခက်ခဲသောအလုပ်ကို အသက် (၁၇) နှစ်သာရှိသေးသော မောင်ရွှေက အောင်မြင်အောင် ဦးစီးခေါင်းဆောင်ပြုရ ဆောင်ရွက်ခဲ့သည်။ မြေဒူးစားဘဝတွင် ခမည်းတော် အလောင်းမင်းတရားနှင့်အတူ ယိုးဒယားသို့စစ်ချီခဲ့ရသည်။ ဒုတိယမြန်မာနိုင်ငံ (ဟံသာဝတီပျက်သုဉ်းစဉ် ပုဂံခေတ်ကတည်းက မြန်မာပိုင်ဖြစ်သောတနင်္သာရီဒေသကို ယိုးဒယားတို့က သူတို့ပိုင်ဒေသသဖွယ် ပြုမူဆောင်ရွက်နေ၍ အလောင်းမင်းတရားကြီးနှင့်အတူ အမှန်အကန်



ဘုရားရေ့မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

နီဗွာန်ဆိပ်ဦးဘုရား ရောင်ခြည်တော်ကွန်မြူးနေပုံ

နတ်များလှုမ်ိန်းထားသောရတနာပစ္စည်းများ



ဘုရားအား ရွှေတည်တည်မှ ဖူးတွေ့ရပုံ

ဖြစ်စေရန် ချီတက်ခဲ့ရခြင်း ဖြစ်သည်။ တနင်္သာရီနယ်တစ်ဖျိုးကိုကားရခဲ့သည်။ သို့ရာတွင် အလောင်းမင်းတရားကြီး မကျန်းမာ၍ပြန်လည်ဆုတ်ခွာခဲ့ရသည်။ သထုံခရိုင် ကင်းရွာအရောက် အလောင်းမင်းတရား နတ်ရွာစံသည်။ နိုင်ငံမငြိမ်မသက်မဖြစ်စေရန် တပယင်းစားကထီးနန်းသိမ်းပိုက်ထားရန် မြင်းသည်ကျော်စေလွှတ်၍ သတင်းပို့ခဲ့ရသည်။ နေပြည်တော်အရောက် ခမည်းတော်ဘုရားကို သဂြိုဟ်ပြီးနောက် တပယင်းမင်းက မင်းတစ်ပါးဖြစ်လာကာ မြေဒူးမင်းက အိမ်ရှေ့စံဖြစ်လာသည်။ တပယင်းမင်း နန်းသက်(၃)နှစ်အရတွင် နတ်ရွာစံရာ အသက် (၂၇) နှစ်ရှိသေးသော မြေဒူးမင်းက မင်းဖြစ်လာသည်။ မြေဒူးမင်းသည် ရွှေဘိုတွင် (၂) နှစ်ကြာ နန်းစံပြီး အင်းဝသို့ပြောင်းရွှေ့နန်းစံခဲ့သည်။ မြေဒူးမင်းဟုတွင်နေရာမှ မကွေးနယ်မှ ဆက်သသော ဆင်ဖြူတစ်စီးရသောကြောင့် ဆင်ဖြူရှင်ဖြစ်လာသည်။

ဆင်ဖြူရှင်မင်းသည် နိုင်ငံတွင်းသို့ ကျူးကျော်နယ်ချဲ့လာသော မန်ချူးတရုတ်တို့ကို စစ်ပွဲ (၄) ပွဲဖြင့် အနိုင်တိုက်ထုတ်နိုင်ခဲ့သည်။ အလောင်းမင်းတရားကြီး၏ဒုတိယသားတော် ဆင်ဖြူရှင်မင်းတရားကြီးမှ ၁၁၂၈ ခုနှစ်တွင် နီဗွာန်ဆိပ်ဦးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

နီဗွာန်ဆိပ်ဦးစေတီတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘို-ဆိပ်ခွန်သွားကားလမ်း၊ ရွှေဘို - မြောင်းမတော်တောင်ဘက် မင်းကုန်းပျိုးဥယျာဉ်ထိပ်မှ (၂) မိုင်ခန့်အကွာ ရွှေဘိုမြို့၏ စနေထောင့်တွင် တည်ရှိပါသည်။ ဘုရားတံတိုင်းမှာ အရှေ့ - အနောက် (၂၇၅) ပေ၊ တောင်-မြောက် (၂၈၀) ပေ ကျယ်ဝန်းပါသည်။ ဒုတိယတံတိုင်းမှာ အကျယ်ပေ (၂၄၀၀) အသစ်ကာရံထားရှိပါသည်။ တံတိုင်း (၂) ထပ်အတွင်းတွင်တည်ရှိသောဘုရားဖြစ်သည်။ နီဗွာန်ဆိပ်ဦးလေးမျက်နှာ ကျောက်စာတော်ကြီး၏ အထောက်အထားအရ မင်းပယ် (၅၅၀) ကျယ်ဝန်းသည့် ဘုရားပတ်ပတ်လည်လယ်မြေများကို စေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရန်အလို့ငှာ ဘုရားပိုင်အဖြစ် လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

(မင်းပယ် (၁) ပယ် လယ်မြေ (၃၅) တောင်ပတ်လည်)

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်ပြုပြင်ခြင်း

ယခုကျွန်းစင်တောင်ဆရာတော်ကြီး၏တပည့် ဘိုးဘိုးပွားနှင့် ချီပါတောင်ရွာ ပထမအုတ်ကျောင်းဆရာတော်ကြီးတို့မှ ဒုတိယကမ္ဘာစစ်မဖြစ်မီက စေတီတော်ထီးတော်မြေခခဲ့သဖြင့် ပြုပြင် မွမ်းမံပြီး ထီးတော်တင်မင်္ဂလာပြုလုပ်ခြင်း၊ ဘုရားဝင်းသန့်ရှင်းရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစဉ်က ဘုရားဝင်းအတွင်း သစ်ပင်များခုခုးဖက်ဝင်ခြင်း၊ ပတ်ဝန်းကျင်မြေကြီးပေါ် မုဒ်ဝ'များပေါ်ခြင်းစသည့် ထူခြားချက်များရှိခဲ့ကြောင်း၊ ယခင်က ဘုရားဖူးများစည်ကားခြင်းကို တွေ့ခဲ့ဖူးပြီး ယခုတစ်ဖန် (၈၆) နှစ်ကြာမှပြန်လည် ဆည်းကားလာခြင်းကို တွေ့ရကြောင်း၊ စစ်တိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပေလယ်ကျေးရွာနေ ဒေါ်ဖွားညွှန့် (၉၃) နှစ်မှ ယင်းဖြစ်စဉ်များကိုပြောကြားသဖြင့် သိရှိခဲ့ရပါသည်။

ဒုတိယအကြိမ်ပြုပြင်ခြင်း

၁၃၃၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့ ည (၇) နာရီအချိန် ရွှေဘိုမြို့ ဆွေသုခကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော ရွှေဘိုမြို့ ကျောင်းထိုင်ဆရာတော်များ အမှုဆောင်သံဃာအစည်းအဝေးမှ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ဆရာတော် အရှင်ဝိမလာဘိဝံသပါ နိဗ္ဗာန်ဆိပ်ဦးစေတီတော် ပြုပြင် မွမ်းမံရေးအဖွဲ့ဝင် ဩဝါဒါစရိယဆရာတော် (၁၄) ပါး၊ ဩဝါဒစရိယအဖွဲ့ဝင် ဝန်ဆောင်ဆရာတော် (၄) ပါးတို့ကို ရွေးချယ်ပေးခဲ့ပါသည်။ ယင်းအစည်းအဝေးမှ နိဗ္ဗာန်ဆိပ်ဦးစေတီတော်ပြုပြင်မွမ်းမံရေးအဖွဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းများချမှတ်ပေးခဲ့ပါသည်။ ယင်းလုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ရွှေဘိုမြို့ အောင်ဇေယျရပ်နေ မြန်မာတိုင်းရင်းဆေးသမားတော်ကြီး ဦးအောင်မှ ဦးစီး၍ ရွှေဘိုမြို့ စျေးကြီးစေ့သူစျေးသားများစုပေါင်းလှူဒါန်းမှုဖြင့် တံတိုင်းကာရံခြင်း၊ စေတီတော်ပတ်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထီးတော်သစ်လှူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဘုရားပွဲကျင်းပခြင်း

ယခင်က နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ဘုရားပွဲကျင်းပလေ့ရှိပြီး သတ်ရိုးအနေဖြင့် ဘုရားပွဲစဉ်မရှိပါ။ ရွှေဘိုမြို့ အောင်ဇေယျရပ်နေ မြန်မာဆေးသမားတော်ကြီးဦးတင်အောင်၏ သန်းညွှန့်မိသားစုတို့မှ ၂၀၀၅ ခုနှစ်တွင် စတင်ပြုပြင်ခဲ့ပါသည်။



ဘုရားရွေ့မရုပ်ပွားတော်

နွေနံဘုရားများနှင့်ကျောက်စာတိုက်



ဘုရားအနောက်မြောက်ဘက်မှ နတ်ရေကန်

မုခဦးမယ်တော်ကြီး၏ အိပ်မက်ပေးချက်အရ နိဗ္ဗာန်ဆိပ်ဦးဘုရားသို့ ဝင်ထွက်သွားလာရန် လမ်းပေါက်နေပြီဖြစ်ကြောင်း၊ ဘုရားဝင်းရင်ပြင်တော်မြေထု(၃)ပေအောက်တွင် ကျောက်ပြားများရှိနေကြောင်းသိရှိရသဖြင့် ဘုရားဝင်းပြည့်မြေ(၃)ပေတူးဖော်ပြီး တံတိုင်းပြင်ပသို့ထုတ်ခြင်း၊ ကျောက်ပြားများမူလနေရာတွင် ပြန်လည်ခင်းကျင်း၍ ကျောက်ပြားအဆက်များ ကျောက်သေးလောင်းခြင်း၊ ပိုင်းနှင်းသိပ်ခြင်းလုပ်ငန်းများကို ၂၀၀၅ ခုနှစ် (၁) နှစ်လုံး (၁) နှစ်ကြာ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရွေ့တည့်တည့်မှုဒုတွေ့ရပုံ



ဟစ်တိုင်ပုံ



ဘုရားအရှေ့မြောက်ဘက်မှ ဆင်ဝင်ကန်သာ

ဆောင်ရွက်ခဲ့ပါသည်။

ဘုရားပထမတံတိုင်းနှင့် ဒုတိယတံတိုင်း သတ်မှတ်နယ်မြေကြား ဘုရားတောင်ဘက်မှ ဆင်ဖြူရှင်မင်းလက်ထက်မှ ဟစ်တိုင်ဟုခေါ်သော ကျောက်တိုင်အား တွေ့ရှိရပါသည်။ ဆင်ဖြူရှင်မင်းလက်ထက်တွင် စပါးခင်းများ တြိုက်မှုးဖျက်ဆီးခြင်း၊ ဘေးပြများသောင်းကျန်းခြင်း၊ ရေလွှမ်းမိုးခြင်း၊ ပြဿနာများရှိပါက ဟစ်ကြွေးရာ ဟစ်တိုင်ဟု သိရှိရပါသည်။ ယခုအခါ ဘေးမဲ့လွတ်ငြိမ်းချမ်းသာကျောက်တိုင်ဟူ ကမ္ဘည်းထိုးထားပါသည်။ ၎င်းကို မူလနေရာတွင်ပင် ကွန်ကရစ်အောက်ခံအမိုးဖြင့် စိုက်ထူခဲ့ပါသည်။ အောက်ခြေအုတ်ခုံမှ အုပေါ်အထိ (၄) ပေ၊ (၈) လက်မခန့်ရှိပါသည်။ ၎င်းဘေးမဲ့လွတ်ငြိမ်းချမ်းသာကျောက်တိုင်အောင်ပွဲအခမ်းအနားကို မဟိဒ္ဓိဆရာတော်ကြီးကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ယင်းကျောက်တိုင်တို့ မကြာခဏလာရောက်ပြီး လက်ယာရစ်သုံးပတ်ပတ်ကာ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို ဆောင်ရွက်ပေးလေ့ရှိပါသည်။ နိဗ္ဗာန်ဆိပ်ဦးစေတီတော်အရှေ့ဘက်မုခ်မှ အာရုံခံတန်ဆောင်းအဆောက်အအုံနှင့် အာရုံခံမုခ်ဦးဆက်စောင်းတန်း အဆောက်အအုံတို့တို့ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့ပါသည်။

နိဗ္ဗာန်ဆိပ်ဦးစေတီတော်ဝင်းအတွင်း တန်ဂနွေထောင့်မှ အောင်သိဒ္ဓိဆုတောင်းပြည့်စေတီကျောက်ပြားမိုးခြင်း ဘုရားအဝင်လမ်းမှ သစ်သားတံတားတို့ကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ ကားလမ်းအဆင်းမုခ်ဦးတည်ဆောက်ခြင်းကို ဆောင်ရွက်ပြီး နိဗ္ဗာန်ဆိပ်ဦးဘုရားပထမတံတိုင်းနှင့် ဒုတိယတံတိုင်းကြား မြေကွက်လပ်တွင် သဒ္ဓါတတ်အားသရွေ့ တည်ဆောက်လျှောနိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အောက်ပါဘုရားဖူးစဉ်အတိုင်း ဖူးမြော်ကြည်ညိုပါက မိမိဆုတောင်းပြည့်နိုင်ကြောင်း မဟိဒ္ဓိဆရာတော်ကြီး၏ ဟောပြောမိန့်ကြားချက်အရ လက်တွေ့လုပ်ဆောင်ကြသူများ ဆုတောင်းပြည့်နေကြပါသည်။

က။ စေတီတော်အားဝတ်ပြုခြင်း

ခ။ ဘေးမဲ့လွတ်ငြိမ်းချမ်းသာကျောက်တိုင်

www.burmeseclassic.com

www.burmeseclassic.com

စနေထောင့်ရှိလင်းလွန်းပင်
ရာဟုထောင့်ရှိ ကျောက်ဌက်
မဟာကန်သာခေါ် နတ်ရေကန်
အောင်သိဒ္ဓိဆုတောင်းပြည့်စေတီ
မုခဦးစောင့်မယ်တော်ကြီးအား
သာသနာပွဲများပေးလှူခြင်း
(က-မှ ဆ-အထိ လက်ယာရစ်
သုံးပတ်ပတ်ခြင်း)

မဟာကန်သာခေါ် နတ်ရေကန်
နှင့်ပတ်သက်၍ တဘောင်အဖြစ် 'ရွှေဘို
အောက်မှ နတ်ရေကန် မအေးသောက်
နိုင်ပေါ် လာပြန်' ဟုရှိခဲ့ရာ ယင်းရေကို
သောက်ပါက ရောဂါဘယကင်းရှင်းခြင်း၊
ဆင်းတုံးအပျိုပြိမ်းခြင်း၊ သောကများ
ပြေးအေးခြင်း စသည့်အကျိုးဆက်များ
ရရှိနိုင်ကြောင်း၊ ရိုးသေစွာသုံးဆောင်ခြင်း
ဖြင့် အကျိုးကျေးဇူးများ ခံစားရနိုင်
ကြောင်း သိရှိရပါသည်။ ဘုရားဝင်း
ပြင်မွမ်းမံခြင်းတို့တွင်လည်း ဤရေကန်
ဘော်မှရေကို အသုံးပြုခဲ့ပါသည်။

အိပ်မက်အရ ဘုရားဝင်းအတွင်း
မြေ (၃)ပေတူးထုတ်ခဲ့သဖြင့် ကျောက်
ပြားပေါ်ခြင်း၊ စေတီတော်နှင့်ပလ္လင်
ဆောက်ပေါ်ခြင်း စသည်ဖြင့် ပေါ် (၃)ပေါ်
အောင် ပေါက်ခဲ့ပါသည်။ဘုရားတံတိုင်းအင်္ဂါ
အရှေ့မှ အရက်ပင်သည် ယခင် တံတိုင်း
ရှိတည်နေရာမှ (၅) ပေခန့် ဝင်းအတွင်း
ရောက်ခြင်း၊ ဘုရားတံတိုင်း ကြာသပတေး
အရှေ့မှ တမာပင် ယခင်တံတိုင်းအနီးမှ
ဘုရားတံအပြင်ဘက်သို့ (၁၅) ပေခန့်ရွှေ့
ရောက်ခြင်း၊ စေတီတော်အား ထုံးသက်နှံ
ထည့်ရာတွင်အသုံးပြုသည့် ထုံးကန်
စေတီတော်ခြေရင်းမှ (၃)ပေခန့်ရွှေ့သွား
ခြင်း စသည်ဖြင့် ရွှေ့(၃)ရွှေ့ဖြစ်ပေါ်
ခဲ့ပါသည်။ မကြာခဏ လာရောက်သည့်
ဘုရားဖူးများကိုယ်တွေ့ ဖြစ်ပါသည်။

လက်ရှိအနေအထားမှာ မိမိ
ဆောင်းသောဆု ပြည့်ဝသဖြင့် ဘုရားဖူး
ရောက်ခြင်း နေ့စဉ်စည်ကားလျက်ရှိပါသည်။
ယင်းသို့ ဘုရားဖူးများဖြင့်စည်ကားနေ
ခြင်းကို ဝမ်းသာပီတိအပြည့်ဖြင့် ဘုရား
ဝန်ထမ်း ဦးတင်အောင်-ဒေါ် သန်းညွှန့်
တို့ကြည်ကြည်မှုဖြင့် သားကြီး ကိုမင်းခိုင်မှ
ဆိုသော ဒုတိယသားဖြစ်သူ ကိုသန့်ဇင်
(နေပြည်တော်ဒါရိုက်တာ၊စက်မှုဇုန်မန္တလေး)-
ဒေါ်အေးအေး(အောင်-မော်တော်ယာဉ်
ပြုပြင်လုပ်ရေး စက်မှုဇုန်မန္တလေး) ၏
အိမ်ထောင်ဖွဲ့ကြေးပုံပိုးလှူဒါန်းမှု၊ အများ
အပြားလှူဒါန်းငွေများနှင့် ပြုပြင်တည်
ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်
ခဲ့ရှိပါသည်။



တရားစခန်းရိပ်သာအသစ်နှစ်ခုပုံ (ကုံကော်ပြင်မိသားစုမှ လှူဒါန်းသည်)

ဘုရားအနောက်တောင်ဘက်ရှိ ထင်းလွန်းပင်နှင့် ခေါင်းလောင်းပုံ



မေတ္တာကန်

www.burmeseclassic.com

www.burmeseclassic.com

ရွှံ့တွတီလူမုံ

ထူးရည်ဘီလူးပုံ

ဘုရားဝင်းအနောက်မြောက်ဘက်ရှိ ကျောက်ဂုက်



မုခ်ဦးစောင့်ဘီလူးမယ်တော်ကြီး



ဆင်ဖြူရှင်မင်းထုံရာ

ဆင်ဖြူရှင်မင်း၊ ဓားသွင်းရာ စကျင်ကျောက်တုံး

စေတီတော်ကြီးနှင့် ဘေးမဲ့လွတ်ငြိမ်းချမ်းသာကျောက်တိုင်ဆက်သွယ်သော သံကွင်းကွန်ကရစ်စောင်းတန်းဆောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ ဆင်ဝပ်ကန်သာကို ရှေးမူမပျက်ပြန်လည် ဖော်ထုတ်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဘုရား၏အရှေ့တောင်ထောင့်ရှိ မေတ္တာကန်သာကို ပြန်လည်ဖော်ထုတ်ခဲ့ပါသည်။ ယင်းမေတ္တာကန်မှာ မိုးတွင်းအခါ မိုးရွာသောအခါ အညစ်အကြေး၊ အမှိုက်သရိုက်များ စီးဝင်သွားရာကန်တော်ဖြစ်ပါသည်။ ဘုရား၏အရှေ့မြောက်ဘက်တွင် ဆင်ဝပ်ကန် (၁) ကန်ရှိပြီး ယင်းအနီးတွင် သိမ်ရှိပါသည်။

ဘုရားရောင်ခြည်တော်လွတ်သောနေ့မှာ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့ နံနက် ၉ နာရီဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ နံနက် ၉ နာရီဖြစ်ပါသည်။ ရောင်ခြည်တော်လွတ်စဉ် ဂေါပကရုံးခန်းအတွင်းမှ ဘုရားဒကာကိုမင်းခိုင်မှ ဖုန်းဖြင့်ဓာတ်ပုံရိုက်ယူထားခြင်း ဖြစ်ပါသည်။ ဘုရား၏ထီးတော်ကို ပုံကြီးချဲ့ကြည့်ရာမှ ယခုကဲ့သို့ နတ်များလှုဒါန်းထားသော ရတနာပစ္စည်းများ ပုံပေါ်လာခြင်း ဖြစ်ပါသည်။ သာမန်အချိန်တွင် သွားရောက် ဖူးမြော်ပါက နီးနီးထီးအဖြစ်တွေ့မြင်ရမည်ဖြစ်ပါသည်။

ရောင်ခြည်တော်လွတ်စဉ် ဂေါပကရုံးခန်းအထိ အလင်းရောင်များဖောက်ဝင်လာကြောင်း ဓာတ်ပုံထဲတွင်တွေ့မြင်ရပါမည်။

ဘုရားဝင်းအတွင်း အရှေ့မြောက်ဘက်၌ ညောင်ပင်ကြီးတစ်ပင်ရှိပါသည်။ ထိုညောင်ပင်အုတ်ခုံမှ တစ်တောင်ခွဲလောက်တွင် တမာပင်က ညောင်ပင်ကို ဖောက်ထွက်ပြီး အပင်ရှင်သန်နေသည်ကို တွေ့ရပါသည်။ သစ်ဖောက်သစ်ပင်ဖြစ်သည်။ယင်းသို့ ဖောက်ထွင်းမှုကြောင့် ညောင်ပင်မှာ တစ်ခြမ်းရှင်၊တစ်ခြမ်းသေဖြစ်နေပါသည်။ ရွှေဘိုမြို့ လမ်းလေးခွ မြောက်ဘက်မှ ဓာတ်ခဲ၊ ကွမ်းယာ

www.burmeseclassic.com

www.burmeseclassic.com

ရောင်းသော ကိုငယ်မှ ယင်းတမာရွက်များကို ခူးယူမီးရှို့ပြာချပြီးလျက်ကြည့်သောအခါ ချိုသည်ဟုဆိုပါသည်။ ထမာရွက်မှာ ခါးရမည်ဖြစ်ပါသည်။ မည်သို့အစွမ်းသတ္တိရှိသည်ကို စာရေးသူ မသိပါ။

ဘုရားအရှေ့ဘက်တွင် ဘီလူးပုံများရှိသည်ဟု ကြားသိရ၍ စာရေးသူသွားရောက် ရှာဖွေရာ မတွေ့ရပါ။ နောက်တစ်ခေါက်တွင် သိမ်ပုံကို ဓာတ်ပုံရိုက်နေရင်း ကိုငယ်နှင့်တွေ့၍ နှစ်ဦးသား ရှာကြည့်မှသာ တွေ့မြင်ဓာတ်ပုံရိုက်၍ ရခဲ့ပါသည်။ ၎င်းမှာ ဘုရားအရှေ့ဘက် ၌ တစ်ပိုင်းရှင်၊ တစ်ပိုင်းခြောက်နေသော ညောင်ပင်မှ ၎င်းအောက်လဲကျနေသော သစ်ခြောက်ပင်မှ ၎င်းသစ်ပင်တွင် ဖြစ်ပေါ်နေသော ကိုင်းအမာပေါ်မှ ဘီလူးရုပ်ပုံဖြစ်သည်။ ဘီလူး (၂) ကောင် ပုံမှာ (၁) ပုံက ရှုံ့တွဘီလူး၊ နောက် (၁) ပုံမှာ လျှာရှည်ဘီလူးပုံ ဟူ၍ ဘုရားဒါယကာ ဦးမင်းခိုင်မှ ပြောပါသည်။ လျှာရှည်ဘီလူးမှာ ညနေဝင်ဖျိုးဖျံအချိန်နှင့် ညပိုင်းမရောက်တရောက်အချိန်တွင် သွားကြည့်ပါက အနီရောင်လျှာကြီးဖြစ်နေခြင်း၊ အခြားအရောင်များပြောင်းလဲသွားသည်ဟု ပြောပြပါသည်။

မြေဒူးမင်းသည် ခမည်းတော်ကိုယ်တိုင် အလောင်းမင်းတရားဘွဲ့ကို မခံယူရသေးမီကပင် ခမည်းတော်နှင့် အတူ ကုန်းဘောင်ဆက်တည်ထောင်ရာတွင် စစ်သူကြီးအဖြစ်ပါဝင်ခဲ့သူဖြစ်၏။ ထိုစဉ်က သူသည် မြေဒူးစားပင် မဖြစ်သေးချေ။ သူသည် တိုက်ပွဲတိုင်းပါဝင်ခဲ့သော်လည်း အင်းဝကို လက်ရသိမ်းယူစဉ်ကလည်း ခက်ခဲသည်။ ရန်သူများမြို့တော်ကို လာရောက်တိုက်ခိုက်သည့်အခါတွင်လည်း မြို့တော်ကို လက်လွတ်မသွားစေရန် ကြံ့ကြံ့ခံကာ တွန်းလှန်ရသည်မှာလည်း ခက်ခဲသည်။ ထိုခက်ခဲသောအလုပ်ကို အသက်(၁၇)နှစ်သာရှိသေးသော မောင်ရွှက အောင်မြင်အောင် ဦးစီးခေါင်းဆောင်ပြုကာ ဆောင်ရွက်ခဲ့



နိဗ္ဗာန်ဆိပ်ဦးအဝင်မုခ်ဦး

ဟစ်တိုင်ကိုသွားရာလမ်း

ဘုရားဝင်းအတွင်းရှိ ညောင်ပင်နှင့် မန်ကျည်းပင်

ဘုရားဘို့ သစ်ပင်များ၊ ဦးစိုက်နေပုံ

သစ်ခွဲသားခြောက်များမှ အညွှန့်ထွက်လာပုံ



မူလတရားစခန်းရိပ်သာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာနံပုံ

ညောင်ပင်ကို တမာပင်ဖောက်ထွက်နေပုံ

သည်။

၁၇၆၇ တွင် မန်ချူးကေရာဇ်သည် သူ၏သမက်ဖြစ်သူကို ယူနန်ဘုရင်ခံအဖြစ် ခန့်အပ်ပြီး သူကိုယ်တိုင် တပ်မကြီးတစ်ခုကိုဦးစီး၍ ရှမ်းပြည်ဖြတ်ကာ သိန်းဝီနှင့် သီပေါကိုတိုက်ပြီး စော်ဘွားကိုသတ်ဖြတ်လိုက်ပြီး အင်အား (၅၀၀၀)ဖြင့်နေရာယူစေသည်။တပ်မကြီးနှင့် သိန်းဝီကြား အင်အား (၁၅၀၀၀) ခန့်ရှိသောတပ်များကိုစောင့်ကြပ်စေကာ သူကိုယ်တိုင်အကြီးအုချုပ်လုပ်၍ အင်းဝသို့ချီတက်ခဲ့ပါသည်။

အချို့သော မြန်မာ့တပ်များက အင်းဝမြေနန်းတော်တွင် ကြွေအန်ကစား နေသော ဘုရင်ထံဝင်ကာ သင့်တော်ရာသို့ ခေတ္တရှောင်နေသင့်ပါကြောင်း လျှောက်ထားခဲ့ပါသည်။ ထိုအခါ စစ်ဘုရင် မြေဖွားမင်းက -

"သင်တို့ဆက်၍မတိုက်လိုသော်ရှိစေ။ ငါနှင့် ငါ၏ညီတော်များထွက်တိုက်ကာ ရန်သူတို့၏အလောင်းကို ဖောင်ဖွဲ့၍ ရွှေကြက်ယက်မှ ရွှေတောင်မှော်သို့ကူးမည်"

ဟု ရဲရဲတောက် မိန့်တော်မူခဲ့သည်။

ထို့ကြောင့် အလောင်းဘုရားက ပင် -

"ဤဇမ္ဗူဒီပ် မြေအပြင်ထက် အသက် (၁၇) နှစ်သာရှိသေးသော ငါ့သားကဲ့သို့ ဧကရာဇ်မင်းတို့၏သားရှိမည်လော"

ဟု မိန့်ကြားခဲ့သည်။

မောင်ရွှေ မြေဖွားမင်း၊ ဆင်ဖြူရှင်သည် အလောင်းမင်းတရားအတွက် သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ဖြစ်ခဲ့သည်သာမဟုတ်။ မြန်မာနိုင်ငံအတွက်လည်း ဇာတိမြေကို ထိန်းပေးသူ၊ အစဉ်အလာကိုထိန်းပေးသူဖြစ်ကြောင်း ကုန်းဘောင်ခေတ်သမိုင်းကို လေ့လာကြည့်က သိနိုင်ပေသည်။

ယခုအချိန်တွင် အောင်ဇေယျရပ်နေ မြန်မာတိုင်းရင်းသားမားတော်ကြီး ဦးဟင်အောင် - ဒေါ်သန်းညွန့်မိသားစုမှ ၎င်းထားသော ယောဂီများတရား အားထုတ်ရာ (၅)ခန်း၊ (၈)ခန်း၊ (၄)ခန်း၊ (၈)ခန်း ခမ္မာရုံကြီး (၂) ခုတွင် မိုးကုတ် ဝိပဿနာတရားများ အားထုတ်နိုင်ကြမြဲ ဖြစ်သည်။

တရားစခန်းကာလတွင် ယောဂီ (၂၀၀) မျှရှိပြီး ကျန်သောကာလ ဥပုသ်ရက်ပတ်များတွင် ဥပုသ်စောင့်တရား အားထုတ်သူ (၁၀) ဦးခန့်ရှိပြီး ဥပုသ်သည်များ ဥပုသ်နေ့တိုင်း ထမင်းကျွေးပြီး (၁) ရက်စာ (၅) သောင်းကျပ်နှုန်းဖြင့် ကုသိုလ်ယူနိုင်ကြပါသည်။

ဆင်ဖြူရှင်မင်း၏ စကျင်ကျောက်ဖြူတုံးပေါ်မှ ဓားရာ၊ လှံရာများကို သက်ကြီးစကား သက်ငယ်ကြားလောက် သာရှိပါတော့သည်။ ထူးခြားမှုတစ်ခုမှာ နိဗ္ဗာန်ဆိပ်ဦးဘုရား၏ အရှေ့ဘက်မင်းလမ်းမှ ကျောက်ပြားကို ဖနောင့်နှင့် ပေါက်ကြည့်သောအခါတွင် လှိုင်းသံများကြားရပါသည်။ ကျောက်ပြားများကို ပြန်စီသည့်အခါက ကျောက်အပြည့်၊ ထုံးအပြည့်၊ သဲအပြည့်စီခဲ့ခြင်း ဖြစ်ပါသည်။ တရားစခန်းများမဆောက်မီက သစ်ပင်များ ဘုရားဘက်သို့ဦးညွတ်နေခြင်း၊ ခွဲဖြတ်ထားပြီးသော သစ်ခြောက်ကိုင်းများမှအညွှန့်အတက်များထွက်လာခြင်းတို့မှာ တစ်ချိန်တွင် တရားစခန်းဖြစ်ပေါ်လာပြီး တရားအညွှန့်အတက်များထွက်ပေါ်စည်ကားလာမည့်နိမိတ်ဟု စာရေးသူ ထင်မြင်ယူဆမိပါသည်။ စာရေးသူ၏ ထင်မြင်ယူဆချက်သာ ဖြစ်ပါသည်။

ထို့ကြောင့် ရွှေဘိုမြို့သို့ အလည်တစ်ခေါက်ရောက်ခဲ့ပါလျှင် ထူးဆန်းအံ့သြဖွယ်ရာများ ပြည့်နှက်နေသော ဆင်ဖြူရှင်မင်း၏ နိဗ္ဗာန်ဆိပ်ဦးဘုရားသို့ လာရောက် ကြည်ညိုဖူးမြော်ကြပါစေလို ကြောင်း စေတနာဖြင့် ရေးသားလိုက်ရပါတော့သည်။

သန်းဆွေ (ရွှေဘို)

ကိုးကား -

၁။ ဘုရားသမိုင်း

၂။ ဒေါက်တာမတင်ဝင်း၏ မင်းယောကျ်ားတို့၏စကားရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဖို့ (မေ်ကျွန်း)

စိတ်နလုံးရွှင်လန်းစေဖို့

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေဟု ဆုပေးသံကိုကြားရလေတိုင်း အတွေးတစ်ခုဝင်မိ၏။ တစ်စုံတစ်ယောက် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစေဖို့ တစ်ပါးသူကဆုပေးခဲ့ဖြင့် ပြည့်ဝပါမည်လား။ မိမိကိုယ်တိုင် မိမိအတွက် ဆုတောင်းခဲ့ဖြင့်ကော ပြည့်ဝနိုင်မည်လား။ ဆုတောင်းတိုင်းသာ ပြည့်စုံမည်ဆိုပါလျှင် ဘုဒ္ဓဆင်းတုတော်ရှေ့မှာ ထောတမ်း ဒူးထောက်လျက် ဆုတောင်းနေလိုပါသည်။

ဆုတောင်းခြင်း ဟူသည်မှာ မိမိဖြစ်လိုသည့်ဆန္ဒကို ခိုင်မာစေရန် အတည်ပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်းတစ်မျိုးဖြစ်သည်ဟု မှတ်ယူပါသည်။ ဘုဒ္ဓရှင်တော်ထံမှလည်းကောင်း အခြားတန်ခိုးရှင်တစ်ဦးထံမှလည်းကောင်း ဝတ်ပြုဆုတောင်းရုံဖြင့် တစ်စုံတစ်ရာပြည့်ဝလာမည်မဟုတ်ပါပေ။ ဆုပေးသည်ဆိုရာမှာလည်း တစ်စုံတစ်ရာကို ပေးလိုမျှလိုလျှင် ပေးလိုသည့်အရာ မိမိထံမှာ ဦးစွာပထမရရှိရပါမည်။ မိမိမှာမရှိသည့်အရာကို တစ်ပါးသူအား ပေးသည်ဆိုလျှင် ယုတ္တိမတန်ပါပေ။

တစ်ပါးသူအား စိတ်ချမ်းသာမှုကို ပေးလိုသည်ဆိုပါက မိမိကိုယ်တိုင် စိတ်ချမ်းသာအောင် နေတတ်ဖို့ နေနိုင်ဖို့ ဦးစွာကြိုးစားရပါမည်။ စိတ်ချမ်းသာပါစေ၊ ကိုယ်ကျန်းမာပါစေဟု ဆုပေးခြင်း၊ ဆန္ဒပြုခြင်းသည် မေတ္တာ၏သင်္ကေတဖြစ်ပါသည်။ ဝစီကံမေတ္တာဟု သတ်မှတ်နိုင်ပါသည်။ မေတ္တာဟူသည်မှာ အကျိုးကိုလိုလားခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် ဝစီကံမေတ္တာ ဟူသည်မှာ တစ်ပါးသူ၏ ကောင်းကျိုးချမ်းသာကို လိုလားကြောင်း နှုတ်ဖြင့်ထုတ်ဖော်ပြောဆိုခြင်းဟု ဆိုချင်ပါသည်။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင် ရှေ့တော်မှောက်တွင် ဘုရားဆုပန်ခဲ့သည်ဟု ကြားနာခဲ့ရဖူးပါ၏။ ဘုရားဖြစ်ရန် ဆုတောင်းခဲ့ခြင်းမဟုတ်ပါ။ ဆုပန်သည်ဆိုသည်မှာ မိမိဖြစ်လိုသည့်ဆန္ဒကို မြင့်မြတ်သော၊ အကြီးအမျူးဖြစ်သောပုဂ္ဂိုလ်ရှေ့မှောက်၌ ပန်ကြားလျှောက်ထားခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းဟု သဘောပေါက်ပါသည်။

လောကီဥပမာအားဖြင့် အထက်တန်းပညာရပ်များကို အရည်အချင်းပြည့်မီစွာ အောင်မြင်ပြီးနောက် ပါရဂူဘွဲ့ရယူလိုသူသည် ပါရဂူဘွဲ့ရရှိပြီးသူ ဆရာကြီးရှေ့မှောက်၌ မိမိသည်လည်း ဆရာကြီးကဲ့သို့ ပါရဂူဘွဲ့ရရှိအောင်ကြိုးစားပါမည်ဟု နှုတ်ဖြင့်ဖော်ထုတ်တင်ပြသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

မှတ်ယူမိပါသည်။ ပါရဂူဘွဲ့ရရန် မိမိကိုယ်တိုင် ကြိုးစားအားထုတ်ရမည်ဖြစ်သကဲ့သို့ ဗုဒ္ဓအမည်ခံ သဗ္ဗညုတဉာဏ်ပိုင်ရှင်ဖြစ်ရန် မိမိကိုယ်တိုင် ကြိုးစားအားထုတ်ရမည်ဖြစ်ပေသည်။ သဗ္ဗညုတဉာဏ်ကိုရရှိပြီးပါက လောကသုံးပါးတွင် အထွတ်အထိပ်ဖြစ်သောအနှိုင်းမဲ့ချမ်းသာကိုရရှိပြီးသူဖြစ်ပေတော့သည်။

လောကလူသားတိုင်း ကျန်းမာခြင်း၊ ချမ်းသာခြင်းကို အလိုရှိကြ၏။ ရုပ်ခန္ဓာကျန်းမာစေရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းလေးပါးကိုညီညွတ်မှုတအောင် သတိနှင့်ဉာဏ်ပညာအရင်းတည်၍ ပြုမူနေထိုင်စားသောက်ကြရမည် ဖြစ်ပါသည်။ ပြင်ပဗဟိဒ္ဓအကူအညီအထောက်အပံ့ကို လိုအပ်သလိုရယူကြရမည်ဖြစ်ပါသည်။ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစေဖို့ ပြုပြင်ရသည်မှာ ထင်လွယ်မြင်လွယ်ရှိပေသည်။

စိတ်ချမ်းသာခြင်းနှင့်ပြည့်စုံစေဖို့ ပြင်ပမှ ဝတ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ဦးက ဖြည့်ဆည်းစီမံပေးခြင်းဖြင့် မပြီးမြောက်နိုင်ပါ။ ထိုကဲ့သို့ ဖြည့်ဆည်းပေးမှုကြောင့် စိတ်ချမ်းသာပါသည်ဆိုလျှင်လည်း ထာဝရချမ်းသာမှုကိုရရှိမည်မဟုတ်သဖြင့် အားရကျေနပ်မှုအပြည့်အဝမရရှိနိုင်ပါပေ။ ချမ်းသာအစစ်ဟုလည်း မခေါ်ဆိုနိုင်ပါပေ။ မိမိစိတ်ကို ချမ်းသာအောင်အမိုကစွမ်းဆောင်နိုင်သူမှာ မိမိသာလျှင်ဖြစ်၏။ တိတိကျကျဆိုရပါလျှင် မိမိခန္ဓာတွင်ကိန်းနေသော မိမိ၏စိတ်သာလျှင်ဖြစ်ပေ၏။ သို့အတွက် စိတ်ချမ်းသာလိုလျှင် စိတ်အကြောင်းကို အမှန်တကယ်သိရှိနားလည်ဖို့လိုအပ်၏။ တရားနာရုံ၊ စာပေဖတ်ရှုရုံဖြင့် စိတ်အကြောင်းကို ပြည့်စုံစွာ မသိရှိနိုင်ပါ။ အကူအညီအထောက်အပံ့ကောင်းအဖြစ် သာရရှိနိုင်ပါသည်။ ဖတ်ရှုနာကြားထားသည့် တရားအသိကို အခြေခံပြီး မိမိစိတ်ကိုမြင်အောင် ကြည့်တတ်ရပါမည်။ ဖြောင့်မတ်စွာကြည့်တတ်ရပါမည်။ နှိုးနှိုးလေးဖြစ်နေသော၊ ရှိနေသော စိတ်၏ သဘောသဘာဝကို တည့်တည့်လေးကြည့်တတ်မှ စိတ်အကြောင်းကိုအခြေခံကျစွာ သိရှိနားလည်လာပါလိမ့်မည်။ စိတ်၏ သဘောသဘာဝကို ပကတိမျက်စိဖြင့်မမြင်တွေ့နိုင်ဘဲ ဉာဏ်မျက်စိ (၀ါ) ပညာမျက်စိဖြင့်သာ သိမြင်နိုင်ပါသည်။

ဤကဲ့သို့ သဘာဝအမှန်ကိုသိမြင်နိုင်ရေးအတွက် မိမိစိတ်ဓာတ်၊ မိမိအရည်အချင်း၊ မိမိစရိုက်နှင့်ကိုက်ညီမည့် နည်းလမ်းကို မှန်ကန်စွာ လမ်းညွှန်နိုင်သော ဆရာသမားများ၏ အကူအညီလမ်းပြမှုကို ခံယူ၍ မိမိကိုယ်တိုင် လေ့ကျင့်ရပါမည်။ ရှာဖွေရပါမည်။ အခြေခံအကျဆုံး စိတ်လေ့ကျင့်ခန်းကို အောက်ပါအတိုင်း အဆင့် (၅) ဆင့်ဖြင့် မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။

□ ပထမအဆင့်

မိမိစရိုက်ဝါသနာနှင့်ကိုက်ညီမည့် အပြစ်တင်းသောအာရုံတစ်ခုကိုရွေးချယ်ရပါမည်။ ထိုအာရုံပေါ် သို့ မိမိစိတ်ကို ပို့ပေးရပါမည်။ ယေဘုယျအားဖြင့် လူတိုင်းနီးပါးနှင့် သင့်လျော်သည့်နည်းမှာ အသက်ရှူသွင်း၊ ရှိုက်ထုတ်တိုင်း နှာသီးဖျားသို့ တိုးဝင်တိုးထွက်နေသော ဝင်လေ၊ ထွက်လေ၏ထိမှုကိုသိနေသည့် နည်းဖြစ်ပါသည်။ မွေးစမ္ပ သေသည်အထိ အသက်ရှူခြင်းကို မရပ်မနားလုပ်နေရသောကြောင့် နှိုးရှင်းပြီး လွယ်ကူစွာသိနိုင်သော အာရုံတစ်ခုဖြစ်ပါသည်။ နှားရိုင်းတစ်ကောင်ကို ကြိုးဖြင့်ချည်ပြီး ခိုင်မြဲသော တိုင်ငုတ်တစ်ခုၵ ချည်နှောင်လေ့ကျင့်သကဲ့သို့ပင် အာရုံတစ်ခုကို တစ်နေရာတည်း၌ အနေမြဲအောင် လေ့ကျင့်သည့်သဘော ဖြစ်ပါသည်။ စိတ္တ - စိတ်တို့သည်၊ ပါပ်-မကောင်းမှု၌၊ ရမတိ-မွေ့လျော်၏ဟုဆိုသည့်အလျောက် စိတ်ကိုလွှတ်ထားလျှင် ကောင်းသည့် အာရုံထက် မကောင်းသည့်အာရုံ၌ ကျက်စားမည် ဖြစ်ပေသည်။

□ ဒုတိယအဆင့်

တင်ထားသောအာရုံကို စိတ်ထဲကနေ အပျောက်မခံဘဲသုံးသပ်နေရမည် ဖြစ်၏။ ပိုးစတစ်ခုကို လက်ဖြင့်ပွတ်ကြည့်နေသကဲ့သို့ အာရုံ၏သဘာဝ၊ အာရုံ၏ အရသာ၊ အာရုံ၏အနှ-အကြမ်းတို့ကို စိတ်ဖြင့်သိနေရပါမည်။ သို့မှသာ အာရုံ၏သဘာဝကို ပိုပြီးသိလာပါမည်။ ပိုပြီးသိလာမှလည်း စိတ်သည် အာရုံပေါ်မှာ နေမည်ဖြစ်ပါသည်။ အာရုံကိုမသိတော့လျှင်ဖြစ်စေ၊ မထင်ရှားတော့လျှင်ဖြစ်စေ စိတ်သည် နောက်ထပ်အာရုံကိုရှာတော့မည် ဖြစ်၏။ အာရုံကိုရှာနေသည့်စိတ်သည် မတည်ငြိမ်တော့ပေ။ သို့ဖြစ်၍ အာရုံပေါ်မှာ ကြာကြာနေနိုင်အောင် စိတ်နှင့်အာရုံကို ထိကပ်နေရခြင်းဖြစ်၏။

□ တတိယအဆင့်

ယင်းကဲ့သို့ စိတ်နှင့် အာရုံကို တစ်ထပ်တည်းထိကပ်ထားသည့်အတွက် စိတ်သည် အာရုံကိုစိတ်ဝင်စားနေ၏။ နှစ်သက်နေ၏။ ကျေနပ်နေ၏။

□ စတုတ္ထအဆင့်

အာရုံကို နှစ်သက်၊ သဘောကျ၊ ကျေနပ်နေခြင်းသည်ပင် စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံနေခြင်းဖြစ်၏။ စိတ်တွင်လောဘ၊ ဒေါသ အစရှိသော ကိလေသာအညစ်အကြေးများမရှိခြင်းကြောင့် စိတ်သည် အပြစ်ကင်းနေ၏။ ထို့ကြောင့် စိတ်သည် ကြည်လင်နေ၏။ အေးမြနေ၏။ ချမ်းသာနေ၏။ မိမိကျေနပ်သဘောကျသည့် အပြစ်ကင်းသောအလုပ်တစ်ခုကို စိတ်ပါဝင်စားစွာလုပ်နေရလျှင် စိတ်ချမ်းသာသကဲ့သို့ဖြစ်ပေ၏။

□ ပဉ္စမအဆင့်

စိတ်သည် အခြားတစ်ပါးသော အာရုံဆီသို့မသွားတော့ဘဲ မိမိရွေးချယ်ထားသောအာရုံထဲမှာသာ အချိန်ကြာကြာတည်မြဲနေတော့ခြင်း ဖြစ်၏။

အထက်ဖော်ပြပါ စိတ်လေ့ကျင့်ခန်းကို စနစ်ထာကျဖြင့် နည်းလမ်းမှန်ကန်စွာ အားထုတ်ပြီး ပဉ္စမအဆင့်သို့ရောက်ရှိပါက စိတ်ချမ်းသာခြင်းသဘောကို ပြည့်ဝစွာ နားလည်သဘောပေါက်မည် ဖြစ်ပါသည်။ ငါးဖြာသော ဝတ္ထုအာရုံကာမဂုဏ်တို့အပေါ် ၌သာကျက်စားလေ့ရှိခဲ့သော ယင်းအာရုံတို့ကိုသာ ချမ်းသာဟုထင်ခဲ့သောစိတ်သည် လောကီချမ်းသာတို့၏ အထွတ်အထိပ်ဖြစ်သော ဤချမ်းသာမှုကို တွေ့ရှိပြီးဖြစ်လျှင် ချမ်းသာအစစ်၊ ချမ်းသာအမှန်ဖြစ်သည်မှတ်၊ ဖိုလ်နိဗ္ဗာန်ချမ်းသာက သာလွန်မြင့်မြတ်သော အနှိုင်းမဲ့ချမ်းသာခြင်းဖြစ်ကြောင်း မှန်းဆနိုင်ပါလိမ့်မည်။ အရိယာ သူတော်စင်တို့၏ စိတ်အစဉ်တွင် (၁၁) ပါးသော ကိလေသာအပူမီးတို့ ချုပ်ငြိမ်းလျက်ရှိသဖြင့် မည်မျှအေးချမ်းနေမည်ကို လည်းကောင်း လောကဓံတရားတို့နှင့် မည်သို့ပင်ကြုံတွေ့သော်လည်း ကိုယ်သာနှာ၍ စိတ်မနာဘဲ စိတ်နလုံးရွှင်လန်းချမ်းမြေ့လျက်ရှိမည်ကို လည်းကောင်း မှန်းဆကြည်ညိုပူဇော်လိုက်ရပေသည်။

ချမ်းသာနည်းလမ်း
လက်တစ်ကမ်းမှာ
ထောက်လှမ်းဖွေရှာနိုင်ပါစေ

ချစ်ဦး (ဟောကျွန်း)

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနဲ့သာကျောင်းတော်ရာ ဘုရားကုန်းတော် သာသနိကအဆောက်အဦများအား အပေါ်မှ ဖူးမြင်ရသည့် ရှုခင်းပုံ

ရေနံသာ-အောင်ချမ်းဇော်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် တူးဖြောဖွာတည်ထောင်ကိုးကွယ်သည့် အောင်မြေလေးဌာန

ရုံလေးရုံစေတီတော်မြတ်ကြီးလေးဆူ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းမှာ ထူးခြားစွာတည်ထား ကိုးကွယ်သည့် အောင်မြေလေးဌာနခေါ် ရုံလေးရုံစေတီတော်မြတ်ကြီးလေးဆူကို ဖူးမြော်ကြည်ညိုလိုတဲ့အတွက် ဒေသန္တရဗဟုသုတကြွယ်ဝတဲ့ဆင်ဖြူကျွန်းမြို့ ဥသျှစ်ကုန်းဇာတိကုန်စည်ပို့ဆောင်ရေး အကျိုးဆောင် ဦးကြည်ဝင်းဦးဆောင်ရာနောက် လိုက်ပါဖြစ်ခဲ့ပါတယ်။ မကွေးမြို့မှ နံနက်(၆)နာရီမော်တော်ဆိုင်ကယ်ကိုယ်စီနဲ့ ဘုရားဖူးခရီးစတင်ထွက်ခွာခဲ့ပါတယ်။ မကွေးဧရာဝတီမြစ်ကူးတံတားကြီးပေါ်ဖြတ်သန်းပြီး မင်းဘူးမြို့မှနေ (၁၆) မိုင်အကွာလယ်ကိုင်းမြို့လမ်းဆုံရောက်ပါတယ်။ မင်းဘူး-စလင်း-ဆင်ဖြူကျွန်းကားလမ်းပေါ်မှာတည်ရှိတဲ့ လယ်ကိုင်းမြို့လမ်းဆုံက ကျောင်းတော်ရာသို့ (၄) မိုင်သွားလိုက်တဲ့အခါ ကျောင်းတော်ရာစေတီတော်ကြီးကို ဖူးတွေ့ရပါတော့တယ်။ စေတီတော်ကြီးအနီး ကျောင်းတော်ရာ



ကကုသန်ဘုရား ကုက္ကုဆုရဲစေတီ



ကောဏဂုံဘုရား ဃောသိတာရုံစေတီ

www.burmeseclassic.com

www.burmeseclassic.com



ကဿပဘုရား ပါဒါရုံစေတီတော်

ဂေါတမဘုရား ဂန္ဓာရုံစေတီတော်



ရွာဆိုတာကလည်း မြို့လေးတမျှခေတ်မီ စည်ကားလှပါတယ်။

အောင်မြေလေးဌာန ရုံလေးရုံခေါ် စေတီတော်မြတ်ကြီးလေးဆူကို တစ်နေ့ အတွင်း အဓိဋ္ဌာန်ဖြင့် ဖူးမြော်ကြရာမှာ အစဉ်အတိုင်းဆိုပါက ဂန္ဓာရုံစေတီတော် ကျောင်းတော်ရာဘုရားကို နောက်ဆုံးမှ ဝင်ရောက် ဖူးမြော်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ခရီးလမ်းအဆင်ပြေစေဖို့ အတွက် မကွေး၊ မင်းဘူးကအလာ ကျောင်းတော်ရာ ဂန္ဓာရုံစေတီတော်ကြီး ကို အရင်ဝင်ရောက်ဖူးမြော်လိုက်ရပါ တယ်။ အောင်မြေလေးဌာန ရုံလေးရုံ ခေါ် စေတီတော်မြတ်ကြီးလေးဆူဟာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူ မြို့နယ်အတွင်းမှာသာ ထူးခြားစွာတည် ရှိနေပါတယ်။ ကကုသန်ဘုရား (၇) ရက် သီတင်းသုံးတော်မူခဲ့တဲ့ ပွင့်ဖြူမြို့နယ် အုပ်ဖိုရွာ ကုက္ကုဠာရုံစေတီတော်မြတ်ကြီး၊ ကောဏာဂုံဘုရား (၇) ရက်သီတင်းသုံး တော်မူခဲ့တဲ့ ပွင့်ဖြူမြို့နယ် ဘုရားကုန်းရွာ ပါဝါရုံစေတီတော်မြတ်ကြီးနှင့် ဂေါတမ ဘုရား (၇) ရက်သီတင်းသုံးတော်မူခဲ့တဲ့ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျောင်းတော်ရာ ရွာ စန္ဒကူးနဲ့သာဂန္ဓာရုံစေတီတော်မြတ် ကြီးတို့ ဖြစ်ပါတယ်။

ပွင့်ဖြူမြို့ဟာ မကွေး၊ မင်းဘူး စလင်း၊ ဆင်ဖြူကျွန်း၊ ချောက်မြို့တို့ကို

www.burmeseclassic.com

www.burmeseclassic.com

သဓိုင်းဝင် ပါဝါရဲ့ ရွှေပန်းပြိုင်စေတီတော်

ရွှေပန်းပြိုင်သဓိုင်းကျောက်စာစေတီတော်

ရွှေပန်းပြိုင်ဘုရားအဝင်မုခ်ဦး

ရွှေပန်းပြိုင်ဘုရားအဝင် လမ်းညွှန်ဆိုင်းဘုတ်

သွားရာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကားလမ်းပေါ် မှာတည်ရှိပါတယ်။ ကားလမ်းဟာ ညီညာချောမွေ့တဲ့ကတ္တရာလမ်းအဖြစ် ပြုပြင်တည်ဆောက်ထားလို့ သွားလာရေး၊ လမ်းပန်းဆက်သွယ်ရေး လွန်စွာကောင်းမွန်ပါတယ်။ ပွင့်ဖြူမြို့မှ ရန်ကုန်-မန္တလေးအထိသွားလာနေကြတဲ့ ကုန်တင်ကားတွေ ခရီးသည်တင်အဆင့်မြင့်လေအေးစက်ဘတ်(စ်)ကားကြီးတွေ၊ ဘုရားဖူးကားတွေ နေ့ရောညပါ သွားလာနေတာ တွေ့ရတယ်။ မင်းဘူးမြို့မှ မိုင် (၂၀) ကွာဝေးသည့် ပွင့်ဖြူမြို့လမ်းဆုံမှ မယ်လေဆည်ကြီး၏ ရေလွှဲမြောင်းပေါင်းပေါ်မှ အနောက်သို့ (၈)မိုင်ခန့်သွားသောအခါ အုပ်ဖို့ရွာအနီး ကုက္ကုဋရုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရမှာ ဖြစ်ပြီး ကုက္ကုဋရုံစေတီတော်ကြီးမှ ရွာခိုင်ရွာ ယောသိတာရုံစေတီတော်မြတ်ကြီးသို့ (၁၈) မိုင်ခန့် ကွာဝေးပါတယ်။ ရွာခိုင်ရွာ ယောသိတာရုံစေတီတော်မြတ်ကြီးမှ ဘုရားကုန်းရွာ ပါဝါရုံစေတီတော်မြတ်ကြီးသို့ (၉) မိုင် ကွာဝေးပါတယ်။ ဘုရားကုန်းရွာ ပါဝါရုံစေတီတော်မြတ်ကြီးမှ လယ်ကိုင်းကျောင်းတော်ရာဂန္ဓာရုံစန္ဒကူးနဲ့သာစေတီတော်မြတ်ကြီးသို့ (၇) မိုင်ခန့် ကွာဝေးပါတယ်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ပထမဆုံးရောက်ရှိနေတဲ့ လယ်ကိုင်းကျောင်းတော်ရာ စန္ဒကူးနဲ့သာဂန္ဓာရုံစေတီတော်မြတ်ကြီးအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုရင်း ကျောင်းတော်ရာ စန္ဒကူးနဲ့သာဂန္ဓာရုံစေတီတော်မြတ်ကြီး ဘုရားသမိုင်းကို ဦးကြည်ဝင်းက ကြည်ညိုဖွယ်ရာ ရှင်းလင်းပြောပြပါတယ်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းမြို့ စန္ဒကူးနဲ့သာကျောင်းတော်ရာ ဂန္ဓာရုံစေတီတော်ကြီး

စန္ဒကူးနဲ့သာ ကျောင်းတော်ရာ ဂန္ဓာရုံစေတီတော်မြတ်ကြီးဟာ ထီးတော် (၃) ဆင့်၊ အရံစေတီ (၁၀၈) ဆူ၊ ပစ္စယံ (၃) ဆင့်ရှိပြီး ဘုဇင်္ဂတော်အမြင့် (၁၃၁) တောင်ရှိပါတယ်။ ဂေါတမဘုရားရှင် လက်ထက် သုနာပရန္တတိုင်းသား မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ မွေးရပ်ဇာတိမြေ ဝါဇီဇဂါမရွာနေရာတွင် စန္ဒကူးနဲ့သာကျောင်းတော်ရာစေတီမြတ်ကြီးသည် အရှေ့ဘက် (၃) ဖာလုံအကွာမှာ မုန်းချောင်း ငါးကျွေးဆိပ်ကမ်းနေရာမှာ တည်ရှိပါတယ်။ ဘုရားရှင်လက်ထက်တော်အခါက သုနာပရန္တတိုင်း ဝါဇီဇဂါမ

www.burmeseclassic.com

www.burmeseclassic.com

ရွာသား မဟာပုဏ္ဏနှင့် စူဠပုဏ္ဏညီနောင်တို့ ကုန်ရောင်းကုန်ဝယ်ထွက်ကြစဉ် မဗ္ဈိမတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီး ရောက်ရှိခဲ့ကြပါတယ်။ မြို့သူမြို့သားများ ဘုရားထံ တရားနာရန် သွားနေကြသည်ကို စုံစမ်းသိရသောအခါ မဟာပုဏ္ဏသူကြွယ်ကုန်သည်သည် ဘုရားထံ တရားနာရန်ရောက်ရှိခဲ့တယ်။

တရားတော်ကို နာကြားရသဖြင့် ကြည်နူးသဒ္ဓါစိတ်ဖြင့် မိမိလှည်းစခန်းချရာမှာ မဏ္ဍပ်ဆောက်လုပ်လှူဒါန်းပြီး သံဃာတော်များနှင့်တကွ ဘုရားရှင်ကို ဆွမ်းကပ်လှူပါတယ်။ အဲဒီနောက် မဟာ ပုဏ္ဏကုန်သည်ဟာ ဘုရားရှင်ထံမှာ ရဟန်းပြုပြီး မိမိအရပ် သုနာပရန္တတိုင်း ဝါဏိဇဂါမရွာအနီး အဇ္ဈတ္တအရပ်(ယခုအခါ မင်းဘူး-စကားလမ်းဘေး ရေပုတ်ရွာအနီး ရွှေမြင်တင်တောင်စေတီ)အရပ်မှာ ပထမတရားအားထုတ်တော်မူတယ်။ အဲဒီနောက် နေရာရွှေ့ပြောင်းပြီး သမုဒ္ဒဂိရိအရပ် (ယခုအခါ မင်းဘူးမြို့ မန်းရေနံမြေအနီး အောက်ကျောင်းရွာ အောက်ကျောင်းစေတီတော်မြတ်ကြီး) ဌာနတွင် ဒုတိယတရားအားထုတ်တော်မူတယ်။ နောက်တတိယအကြိမ်အဖြစ် မာတုလာဂိရိအရပ် (ယခုအခါ စကုမြို့ထေရ်ကြီးဘုရားစေတီ) အရပ်မှာ ပြောင်းရွှေ့တရားအားထုတ်တော်မူပါတယ်။စတုတ္ထတရားအားထုတ်ရာ မကုလကာရာမအရပ် (ယခုအခါ လယ်ကိုင်းကျောင်းတော်ရာ စန္ဒကူးစေတီတော်မြတ်ကြီး) တည်ရာဌာနဌ် တရားထူးရတော်မူပါသည်။

ညီတော် စူဠပုဏ္ဏဟာ သင်္ဘောသားတွေနဲ့အတူ ဝါဏိဇဂါမရွာမှ ရွက်သင်္ဘောဖြင့် ပင်လယ်ကို ကုန်ရောင်းကုန်ဝယ်ထွက်ခဲ့တယ်။ စန္ဒကူးနဲ့သာသစ်တို့ကို ခုတ်ယူသယ်ဆောင်လာရာမှာ ကျွန်းစောင့်ဘီလူးများ အမျက်ထွက်နှောင့်ယှက်တဲ့အတွက် ပင်လယ်ပြင်မှာ ဘေးဒုက္ခကြီးစွာကြုံရတယ်။ ညီတော်စူဠပုဏ္ဏပင့်လျှောက်ချက်အရ နောင်တော် မဟာပုဏ္ဏရဟန္တာမထေရ်ကြွရောက်ပြီး ဘေးဒုက္ခတွေကနေ ကယ်တင်တော်မူခဲ့တယ်။ နေရပ်ကိုပြန်ရောက်ကြတဲ့ သင်္ဘောသားတွေနဲ့ ညီတော် စူဠပုဏ္ဏတို့ဟာ နောင်တော် မဟာပုဏ္ဏရဟန္တာမထေရ်ကျေးဇူးကိုသိပြီး သင်္ဘောနဲ့တင်ဆောင်လာတဲ့ စန္ဒကူးနဲ့သာသစ်တွေကို လှူဒါန်းကြတယ်။ မဟာပုဏ္ဏရဟန္တာအရှင်မြတ်ဟာ စန္ဒကူးနဲ့သာသစ်တွေကို ဘုရားရှင်ကို ရည်စူးပြီး ကျောင်းတော်ကြီး ဆောက်လုပ်စေခဲ့တယ်။ (စန္ဒကူးနဲ့သာသစ်ဟာ လက်လေးသစ်လျှင် အဖိုးတစ်သိန်းထိုက်တန်ကြောင်း ကျမ်းဂန်များမှာလာရှိပါတယ်။)

ဧရာမန်းပြင်ဘုရား အရှေ့မှမြင်တောင်းတန်း မြဟွာရပ်



စန္ဒကူးနဲ့သာကျောင်းတော်ကြီး တည်ဆောက်ပြီးစီးတဲ့အခါ မြတ်စွာဘုရားသခင်ဟာ ရဟန္တာငါးရာနှင့်အတူ သိကြားမင်း ဖန်ဆင်းလှူဒါန်းသော ယာဉ်ပျံငါးရာဖြင့်ကြွရောက်လို့ စူဠပုဏ္ဏနှင့် ကုန်သည်သင်္ဘောသားတို့ လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com

သော စန္ဒကူးနဲ့သာကျောင်းတော်ကြီး အလှူခံပြီး ကျောင်းတော်ကြီးမှာ (၇) ဧကာပတ်လုံး သီတင်းသုံးလျက် တရားရေးအမြဲကြက်ဆေးများ တိုက်ကျွေးတော်မူခဲ့ပါတယ်။ ဂေါတမဘုရားရှင်ဟာ (၇)ရက်စေ့လို့ပြန်ကြွတော်မူရာ မန်းချောင်းအနီး နမ္မဒါနဂါးမင်း တောင်းပန်သဖြင့် (၈ထမ) အောက်ခြေတော်ရာချတော်မူခဲ့ပါတယ်။ ကျောင်းတော်ရာသို့ကြွရောက်ရန်လာစဉ်အခါက တရားနာယူရ၍ ရဟန္တာအဖြစ်လိုက်ပါလာသော သစ္စဗန္ဓုရသွေ့တောင်းပန်သဖြင့် သစ္စဗန္ဓုတောင်တွင် (ဒုတိယ)အထက်ခြေတော်ရာကို ချတော်မူခဲ့ပါတယ်။

သုနာပရန္တတိုင်း ဝါကိုဇုဂါမဋ္ဌ်မြို့ ဟာပုဏ္ဏရဟန္တာမထေရ်နဲ့ ညီတော် ဥဉ္ဇပုဏ္ဏအမှူးပြုတဲ့ ကုန်သည်ငါးရာတို့ ဆောက်လုပ်လျှုဒါန်းသော လက်လေးသစ်လျှင် အဖိုးတစ်သိန်းတန်တဲ့ နီမြန်းဆောအဆင်းရှိပြီး အလွန်အေးမြတဲ့သတ္တိရှိတဲ့ စန္ဒကူးနဲ့သာကျောင်းတော်ကြီးကို ဟာသတ္တရာဇ် ၁၂၄ ခုနှစ်၊ ဘုရားရှင် (၂၁) ဝါမြောက် ဝါတွင်းကာလတွင် ဒေါတမဘုရားရှင် ကြွရောက် အလှူခံတော်မူပြီး (၇) ရက်ပတ်လုံး ရဟန္တာငါးရာဖြင့် သီတင်းသုံးနေထိုင်တော်မူခဲ့တယ်။ မဟာပုဏ္ဏရဟန္တာအရှင်မြတ်ဟာ သစ္စာအဓိဋ္ဌာန် (၄) ချက်ပြုခဲ့ထယ်။ ပထမအချက်က အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားတဲ့ စန္ဒကူးနဲ့သာကျောင်းတော်ကြီး သတ္တဝါများအပါယ်ဘေးဒုက္ခမှ ကင်းလွတ်စေရန် တစ်မှုဟုတ်ချင်း ကွယ်ပပါစေသတည်း။ ဒုတိယအချက်မှာ ဤကျောင်းတော်ကြီး ကွယ်ပသွားသော်လည်း ဘုရားရှင်ကိုယ်တော်တိုင် သီတင်းသုံးတော်မူသော ပလ္လင်တော်နေရာ၌ မှပျက်စီးနိုင်သော သေလာမယကျောက်စေတီတော်ပေါ် ပါစေသတည်း။ တတိယအချက်အနေဖြင့် ကျောင်းတော်ကြီး ကွယ်ပသွားသော်လည်း ကျောင်းတော့်ကြီး၏ အကျယ်အဝန်းပြမှတ်တိုင်လေးချက်ပေါ် ပါစေသတည်း။ စတုတ္ထအချက်မှာ ဤနေရာ၌ ဘုရားရှင်ကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့သော စန္ဒကူးနဲ့သာကျောင်းတော်ရာနေရာဟု သာသနာတည်သမျှ ကာလပတ်လုံး လူအပေါင်းတို့ ယုံကြည်ကိုးကွယ်ဆည်းကပ်ပူဇော်ပါစေသတည်း။

ဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သော မဏိစည်သူမင်းမြတ်သည် သိကြားမင်း၏ ညွှန်ပြချက်အရ မဟာပုဏ္ဏရဟန္တာအရှင်မြတ်စိမ်ဖန်တီးတော်မူခဲ့သော စန္ဒကူးနဲ့သာကျောင်းတော်၏ နေရာ သမိုင်းဝင်ဌာနများ၌ စေတီများ တည်ထားပူဇော်ခဲ့တယ်။ မုန်းချောင်းကို နယ်နိမိတ်သတ်မှတ်ပြီး ကျယ်ဝန်းလှတဲ့ ဝတ်မိုးဝတ်မြေများကိုလည်း ခိုင်းခြားသတ်မှတ်ခဲ့တယ်။ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ မဏိစည်သူမင်းလှူဒါန်းခဲ့တဲ့အတိုင်း အရပ် (၈) မျက်နှာ နယ်နိမိတ်တိုင်များစိုက်ထူပြီး ၁၂၉၃ခုနှစ်မှာ ထပ်မံအတည်ပြုလှူဒါန်းခဲ့ပါတယ်။ ယခု မြင်တွေ့ရတဲ့ ပုံတော်ဟာ ၁၃၂၂ ခုနှစ်မှာ ဆေးထက်ပါဆရာတော်ဦးဆောင်ပြီးမွမ်းမံပြုပြင်လှူဒါန်းထားတဲ့ပုံတော်ဖြစ်ပါတယ်။ ဘုရားအတွင်းမှာ မဏိစည်သူမင်းရဲ့ကျိန်စာချစာတမ်းကိုလည်း တွေ့ရပါတယ်။

၁။ မိမိ၏ကုသိုလ်တော်များအား အကျိုးစီးပွား တိုးတက် တည်တံ့အောင်ပြုသောပုဂ္ဂိုလ်သည် အကျိုးစီးပွားများ တိုးတက်ကြီးပွား၍ နိဗ္ဗာန်စံဝင်ပါ

ဘုရားကြီးတောင်တက်မျက်နှာရှိ အဝင်မုခ်ဦး



ဘုရားကြီးအရှေ့ဘက်ရှိ အဝင်မုခ်ဦး၊ နန်းတြိဂုံတိုင်နှင့် ပြဧည်ပြာသာဒ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘုရားရှင်ရဲ့ ဒေသနာတော်ကို ကြားနာရပြီး သောတာပတ္တိဖိုလ်တည်ကြတယ်။ (၁၅) ရက်တိုင်တိုင် ဘုရားရှင်နဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီး အလှူကြီးပေးခဲ့ကြတယ်။ အရင်သွားနှင့်ကြတဲ့ ရသေ့ငါးရာတို့ဟာလည်း ဘုရားရှင်ရဲ့ ဒေသနာတော် ကြားနာရပြီး ရဟန္တာငါးရာဖြစ်တော်မူကြတယ်။

သူဌေးကြီး (၃) ဦးတို့ဟာ ဘုရားရှင်ထံ ကောသမ္ဗီပြည်ကို ကြွရောက်သီတင်းသုံးဖို့ ပင့်ဖိတ်လျှောက်ထားကြရာမှာ ဘုရားရှင်က ရှေးဘုရားရှင်တို့ သီတင်းသုံးတော်မူခဲ့ရာဖြစ်ရုံမျှမက မိမိကိုယ်တိုင်ပင် ပါရမီထူးများ ဆည်းပူးအားထုတ်ဖြည့်ကျင့်ခဲ့ရာနေရာထူးနေရာမြတ်ဖြစ်သောကြောင့် အခွင့်ပေးတော်မူခဲ့ပါတယ်။ ကုတ္တရာ ဇေယျသက၊ ပါဝါရိကသူဌေးကြီး (၃) ဦးတို့ဟာ မိမိတို့ နေရာကောသမ္ဗီပြည်ကို ဝမ်းမြောက်ဝမ်းသာပြန်လာကြပြီး မိမိတို့ပိုင်ဆိုင်တဲ့ လွန်စွာနှုံးမွေ့လျော်သာယာဖွယ်ကောင်းတဲ့ ဥယျာဉ်ကြီးများမှာ ဘုရားရှင်သီတင်းသုံးရန်ကျောင်းတော်ကြီးများကို တစ်ဆောင်နှင့်တစ်ဆောင် (၃)တိုင်နှင့်(၅)ရေတွင်း (၆-မိုင်ကျော်ခန့်) အကွာစီမှာ တည်ဆောက်ကြပါတယ်။ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်မှာ မြတ်စွာဘုရားသခင်ဟာ မာဂဏ္ဍိယပုဏ္ဏား အရဟတ္တဖိုလ်ရအဲ့သောအကြောင်းမြင်တော်မူလို့ နောက်ပါသံဃာတော်များနဲ့အတူ ခြေကျင်ခရီးသာကြွချီတော်မူခဲ့ပါတယ်။

လမ်းခရီးမှာ မာဂဏ္ဍိယပုဏ္ဏား ဇနီးမောင်နှံတို့ကို ခေျခွတ်တော်မူပြီး ရဟန္တာဖြစ်စေပြီးတဲ့နောက် ကောသမ္ဗီပြည် သူဌေးကြီး (၃) ဦးတို့ရဲ့ ကျောင်းတော်ကြီးများမှာ, နဝမဝါကပ်တော်မူခဲ့ပါတယ်။ ကောသမ္ဗီပြည်မှာ ပုဒ္ဓသာသနာရောင် ထွန်းလင်းပြောင်လျက်ရှိသော်လည်း ပြည့်ရှင် ဥဒေနမင်းမှာ သရဏဂုံမတည်သေးဘဲ သဒ္ဓါတရားနည်းပါးသောကြောင့် ယောသကသူဌေးကြီးရဲ့ မွေးစားသမီး သာမာဝတီ မိဖုရားကြီးမှာ ဘုရားရှင်ရဲ့ တရားတော်ကို တိုက်ရိုက်နာကြားခွင့်မရဘဲ ဥဇ္ဈတ္တရာ ကျွန်မထံမှ တစ်ဆင့် ဘုရားတော်များကို နာကြားရပြီး ငါးရာသော ရဲရွေတော်တို့နဲ့အတူ သောတာပတ္တိဖိုလ် တည်ခဲ့ရပါတယ်။ ကုတ္တရာ့သူဌေးကြီးတည်ဆောက်လှူဒါန်းခဲ့တဲ့ကျောင်းတော်ကြီးဖြစ်သဖြင့် ကုတ္တရာရုံခေါ် မြို့စဖိုလ်စေတီတော်ကြီးလို့ ခေါ်တွင်ပါတယ်။

စေတီတော်ကြီးနဲ့ မလှမ်းမကမ်း လမ်းတစ်နေရာမှာ ခုံညားထည်ဝါတဲ့ မုခ်ဦးကြီးတည်ရှိပါတယ်။ စေတီတော်ကြီးအဝင်ဝမှာ မြန်မာ့အနုစဉ်ာလက်ရာမြောက်စွာဖြင့် တည်ဆောက်ထားတဲ့ ခြင်္သေ့ရုပ်ကြီးဟာလည်း မြင်ရသူတို့အဖို့ တအံ့တသြဖြစ်စေပါတယ်။ ကုတ္တရာရုံ စေတီတော်ကြီးမှာ အရံစေတီငယ်များ ဝိုင်းပတ်ထားတယ်။ ကျယ်ဝန်းလှတဲ့ ဘုရားရင်ပြင်တော်အပြင် ဘုရားကျောင်းဝိုင်းကြီးအတွင်းမှာလည်း စိမ်းစိုအုပ်ဆိုင်းနေတဲ့သစ်ပင်ကြီးများအောက်မှာ ဘုရားဖူးအများပြည်သူတို့စိတ်အေးချမ်းမြေစွာ နားနေတည်းခိုနိုင်ဖို့ဇရပ်ကြီးများလည်း တည်ရှိပါတယ်။ တစ်နှစ်ပတ်လုံး ဘုရားဖူးများနဲ့ စည်ကားသလို တန်ခူးလ ရွှေစက်တော်ဘုရားပွဲတော်ကျင်းပချိန်မှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်နားနေတည်းခိုကြပါတယ်။

အုပ်ဖိုရွာသူရွာသားများနဲ့ ဘုရားဂေါပကလုပ်ကြီးများကလည်း ဘုရားဖူးများ စိတ်အေးချမ်းမြေစွာ ဘုရားဖူးတည်းခိုနားနေနိုင်ရန် အဘက်ဘက်မှ ကူညီလေ့ရှိပါတယ်။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တစ်ခုတည်းသာ ထူးထူးခြားခြား တည်ရှိနေသော ဂေါတမဘုရားသခင် (၇) ရက်သီတင်းသုံးတော်မူခဲ့သည့် လယ်ကိုင်း ဂန္ဓာရုံစုန္ဓကူးကျောင်းတော်ရာစေတီတော်မြတ်ကြီး၊ ကဿပဘုရား (၇)ရက်သီတင်းသုံးတော်မူခဲ့သော ဘုရားကုန်းရွာ ပါဝါရုံစေတီတော်မြတ်ကြီး၊ ကောဏာဂုံဘုရား (၇) ရက်သီတင်းသုံးတော်မူခဲ့ရာ ရှေတ်တောနှင့် ကုန်းဇောင်းလမ်းတွင် တည်ရှိသည့် ရွာခိုင်ရွာ ယောသိတာရုံစေတီတော်မြတ်ကြီးနှင့် ကကုသန်ဘုရား (၇) ရက် သီတင်းသုံးခဲ့ရာ အုပ်ဖိုရွာ ကုတ္တရာရုံ (ခေါ်) မြို့စဖိုလ်စေတီတို့ကို ရုံလေးရုံဘုရားဖူးအဓိဌာန်ပြုသူများရှိကြသဖြင့် အဓိဌာန်ဆုတောင်းပြည့် အုပ်ဖိုရွာ ကုတ္တရာရုံခေါ် မြို့စဖိုလ်စေတီတော်မြတ်ကြီးမှာ ဘုရားဖူးများဖြင့် ကြည်နူးဖွယ်ရာ စည်ကားနေကြောင်း ရောက်ရှိမှတ်တမ်းတင် ပူဇော်လိုက်ရပါတယ်။ ဗုဒ္ဓနှယ်ဝင် သူတော်စင်အပေါင်းတို့လည်း မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အုပ်ဖိုရွာတွင် တည်ထားကိုးကွယ်သော ရုံလေးရုံအပါအဝင်ဖြစ်သည့် ကုတ္တရာရုံ (ခေါ်) မြို့စဖိုလ်စေတီတော်မြတ်ကြီးကို တစ်ခါတစ်ခေါက် အရောက်လာ ဖူးမြော်ပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

မကွေးတိုင်းဒေသကြီး
မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်
ဘုရားကုန်းကျေးရွာ
ရုံလေးရုံအပါအဝင်
ပါဝါရုံရွှေပန်းမြိုင်စေတီတော်ကြီး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အုပ်ဖိုရွာမှ (၉) မိုင်အကွာ၊ မင်းဘူးမြို့မှ ၃၀ မိုင် (၂၀) အကွာတွင်ရှိသော ပွင့်ဖြူမြို့တွင် မင်းဘူး - ပွင့်ဖြူ - စလင်း - ဆင်ဖြူကျွန်းကားလမ်းမှ (၁) မိုင်သာကွာဝေးတဲ့ ဘုရားကုန်းရွာမှာ ကဿပဘုရား (၇) ရက် သီတင်းသုံးတော်မူခဲ့တဲ့ ပါဝါရုံရွှေပန်းမြိုင်စေတီတော်မြတ်ကြီးတည်ရှိပါတယ်။ မင်းဘူး-

www.burmeseclassic.com

www.burmeseclassic.com

လင်း - ဆင်ဖြူကျွန်း ကားလမ်းပေါ်ရှိ ပွင့်ဖြူမြို့တွင် ကသပဘုရားရှင် (၇) ဆက် သီတင်းသုံးတော်မူရာ ပါဝါရုံရွှေနန်းမြို့စေတီတော်' ဆိုသည့် ခမ်းနားထည်ဝါလှတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့ရှိရပါတယ်။ ဆိုင်းဘုတ်ကြီးတည်ရှိရာ ကားလမ်းပေါ်မှ အနောက်သို့ (၁) မိုင်ခန့်အကွာ တစ်ခကာသွားလိုက်ရုံဖြင့် ဘုရားကုန်းကျေးရွာ ပါဝါရုံရွှေပန်းမြိုင်စေတီတော်အဝင်မုခ်ဦးကြီးကို တင့်တယ်စွာ တွေ့ရပါတယ်။

ပါဝါရုံရွှေပန်းမြိုင်စေတီတော်ကြီးသည် ဘုဂဏ်တော်အဖြင့် (၄၅) ပေရှိပြီး ဆင်ပြင်တော်အကျယ် အလျား (၂၂၅) ပေ၊ အနံ (၁၅၅) ပေရှိပါတယ်။ စေတီတော်ကြီးရဲ့ အောက်ဆုံး ဂန္ဓကုဋိတိုက်မှာ အလျား (၅၀)၊ အနံ (၃၃) ပေ၊ အမြင့် (၂၁) ပေဖြစ်ပြီး ဒုတိယဂန္ဓကုဋိတိုက်မှာ အလျား (၁၈) ပေ၊ အမြင့် (၁၂) ပေရှိပါတယ်။ အရံစေတီငယ်ပေါင်း (၈) ဆူတည်ထားပြီး ခန္ဓာ(၅)ပါးရည်စူးဘုရင် ပြင်တော်ပေါ်မှာ ခြေသုံ့ (၅) ဆောင် တည်ထားတယ်။ ပွင့်ဖြူမြို့နယ် သရော်အုပ်ကျေးရွာအုပ်စု ဘုရားကုန်းအနီးမှာ တည်ထားတာ ဖြစ်တယ်။ ဆင် ကသပဘုရားရှင်လက်ထက်က ကျောင်းတော်ကို အလှူခံတော်မူပြီး သမ်ကိုင်း (သုမင်္ဂလတိုင်း) ဝါသူဌေး ကျောင်းဒကာဖြစ်ခြင်းကြောင့် ပါဝါရုံ စေတီတော်လို့ ခေါ်ပါတယ်။ အလောင်း သီတင်းသုံးတော်မူတဲ့ စေတီ (၁၉) ဆူမှာ တစ်ဆူအပါအဝင် ပြီး ပင်မွန်ဘုရားဟု လည်းကောင်း၊ ဘုရားဟုလည်းခေါ် ခေါ်ဝေါ် ကြသည်။

ပွင့်တော်မူပြီးသော ဘုရား(၄)ဆူ တတိယပွင့်တော်မူသော ဘုရားရှင် သီတင်းသုံးတော်မူခဲ့ ကျောင်းတော်နေရာမှာ တည်ထား သော စေတီတော်ဖြစ်ခြင်း၊ ဂေါတမ ဘုရားအလောင်းတော် ဇောတိပါလ မောဏ် ရဟန်းဘဝသို့ တက်လှမ်းကာ ကျောင်းများအားထုတ်ခဲ့ရာနေရာဖြစ် ခြင်း၊ ဂေါတမဘုရားရှင်တစ်ရက်သီတင်း သုတ်မူခဲ့၍ လူအများကျက်တမ်းဝင် နေရာဖြစ်ခြင်းတို့ကြောင့် ရုံလေးရုံ အဝင် တတိယအောင်မြေဟု ခေါ်ဆိုကြပါတယ်။ ဂေါတမဘုရား ကျောင်းဆက် ပါဝါရိုက ဝါသူဌေးကြီး ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ပါဝါရုံ စေတီတော်လို့ ခေါ်တွင်ပါတယ်။

အလောင်းစည်သူမင်းကြီးဟာ သုနာပန္တတိုင်း (လယ်ကိုင်း) အရပ်မှာ တောအုပ်ကြီးကို ခုတ်ထွင်ရှင်းလင်းပြီး မာတိကာမည်သော တူးမြောင်းကိုတူးဆွ၍ စပင်မယမည်သော ကျောက်ဆည်ကြီးကိုစီရင်တော်မူခဲ့ပါတယ်။ဂါဏ်စွဝါမ မည်သောရွာမှာ အရှင်မဟာပုဏ်မထေရ် သစ္စာပြု၍ပေါ် လာသောကျောက်စေတီတွင် ကမ္ဘည်းကျောက်တိုင်၌ အံ့ဘရာ ရေးထိုးထားသော ဥမင်ဂူကို ဖောက်ခဲ့တော့ပြင်ဖတ်ရှုတော်မူပြီး မြတ်စွာဘုရား ဂျိန်းဝပ်တော်မူခဲ့သော ကျောင်းတော်ကြီး (၄) ကျောင်းကို တွေ့ရှိခဲ့ရတယ်။ ထို့ကြောင့် အလောင်းစည်သူမင်းကြီးက ထပ်လောင်းကာ မဟာစေတီဂူမှာ လိုဏ်နန်းပလ္လင်ရုပ်တုထည်ဖွင့်ထွင်းပြုလုပ်တော်မူပြီးလျှင်တော်မူခဲ့တယ်။ ထို့နောက် ပင်းယဆင်ဖြူရှင်၊ ဟံသာဝတီဆင်ဖြူရှင်၊ သီဟပတေ့မင်းနဲ့ မိဖုရားစောမိရှင်တို့ လက်ထက် သက္ကရာဇ် ၁၀၀၀ တွင် ထပ်လောင်း၍ လှူဒါန်းခဲ့သော ပါဝါရုံ ရွှေပန်းမြိုင်စေတီတော်ကြီး ဖြစ်ပါတယ်။

အမြို့သားနေနဲ့ပတ်သက်ပြီးလည်း သီပေါမင်းပါတော်မူစဉ် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်စဉ်ကာလကလည်း ဗျိုင်းကြီး၊ ဗျိုင်းကလေး၊ ဗိုလ်ဥတ္တမ စတဲ့ မျိုးချစ်တော်လှန်ရေးလူစွမ်းကောင်းတို့ ထကြွတိုက်ခိုက်ကြစဉ် ပန်းဆေးကန် ဘုရားမှာ သီတင်းသုံးတော်မူခဲ့တဲ့ ရဟန်း ဟာ အမျိုးသားရေးဇာတိမာန်ဆူပွက်ပြီး လူထွက်ခဲ့ကာ 'ဗိုလ်ဆေးနီ' ဟူသော ဘွဲ့အမည်ဖြင့် ပါဝါရုံ ရွှေပန်းမြိုင်ဘုရား ကြီးလိုဏ်မုခ်ကိုခံတပ်ပြုလုပ်ကာ နယ်ချဲ့ အင်္ဂလိပ်ကို ဓားတစ်လက်ဖြင့် ခုခံတိုက်ခိုက်တော်လှန်ခဲ့သော သမိုင်းဝင်တစ်နေရာလည်းဖြစ်တယ်။

ဆရာတော်အရှင်ဦးနန္ဒိ၊ ဘုရားကုန်းရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိကနှင့် သရက်အုပ်ကျေးရွာအုပ်စု ရပ်ရွာလူကြီးများ၊ အကျိုးဆောင် ဂေါပကအဖွဲ့ဝင်များရဲ့ ကြိုးစားအားထုတ်မှုများ၊ ဘက်စုံမွမ်းမံပြုပြင်မှုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူတို့ရဲ့သဒ္ဓါတရားတို့ဖြင့် ယခုအခါ ဘုရားကုန်းကျေးရွာ ပါဝါရုံရွှေပန်းမြိုင်စေတီတော်ကြီးမှာ တင့်တယ်သပ်ယပ်ကြည်ညိုဖွယ်ရာ ဖူးတွေ့ဒံနရပါတယ်။ ၁၃၅၈ ခုနှစ်မှာ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဂုဏ်ပျောဖူးမှုပြုတ်ကျမြေခဲ့သဖြင့် တတိယအကြိမ် ထီးတော်ကြီးကို တင်လှူခဲ့ရမှတယ်။ ၁၃၆၉ ခုနှစ်မှာ စေတီတော်ကြီးရဲ့ထီးတော် ရွှေသင်္ကန်း ကပ်လှူခြင်းနဲ့ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ပွင့်ဖြူမြို့နယ် ဘုရားကုန်းရွာ ပါဝါရုံရွှေပန်းမြိုင်ဘုရားပွဲတော်ကြီးကို ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ရုပ်ရှင်ပွဲလမ်းသဘင်များ၊ စျေးဆိုင်ခန်းများဖြင့် နှစ်စဉ် တန်ဆူးလဆန်း ၈ ရက်မှ လပြည့်နေ့တိုင် စည်ကားသိုက်မြိုက်စွာပွဲတော်ကြီးကျင်းပ လေ့ရှိပါတယ်။ အဓိဋ္ဌာန်ဆုတောင်းပြည့် အောင်မြေရုံလေးရုံအပါအဝင်ဖြစ်သော ပါဝါရုံရွှေပန်းမြိုင်စေတီတော်ကြီးကိုသွား ရောက်ဖူးမြော်ကြည်ညိုသင့်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပါသည်။

> ရုံလေးရုံတည်ကြ၊ အလယ်က ပါဝါရုံ၊ ကယ်မမည့်သတ္တဝါအစုံမှာ၊ အမတာဘုံတက်လမ်း၊ အာယတန ဆယ့်နှစ်တန်မှာ၊ စေတီရံအထက်က နှစ်တန်း၊ ပထမပစ္စယ်မှာ၊ စေတီရံ တည်ခန်း၊ ဆယ့်ရှစ်တန်ရှည်မှန်းလို့၊ ဓာတ်ကမ္ဘဏ်း မှတ်ပါ။ ခြောက်အာရုံ ကိုင်ချုပ်ထားနိုင်ဖို့ လိုဏ်မုခ်များထားတဲ့ ခြောက်ဖြာ၊ ခြင်္သေ့မင်း ငါးရာဇာမှာ၊ ငါးခန္ဓာကျမ်းဘွဲ့ပြချင်လို့၊ လှမ်းခဲ့ပ ရိပ်သာ၊ ပြောပြလို့ မကုန်နိုင်ပါ။ ရွှေပန်းမြိုင် ပါဝါရုံမှာ၊ ဘာဝနာဟုန်၊ ထူးပါဘိလေး. . . ။
>
> ရွှေချမ်းကိုကိုင်၊ ရွှေပန်းမြိုင် ပါဝါရုံက၊ သာသနာဂုဏ်ခေတ်ရှိသမျှ အထိပါပဲ၊ နဂရာဘုံမရှိမပဋိပဒါ အရပ်ပေမို့၊ ဝိပဿနာမြတ်လမ်း အသွယ်သွယ်ကိုလေ၊ စရိယာမပြတ် စခန်းအလယ်က၊ အားထုတ်ရင်ဖြင့် တရားအလုပ်မှာ အမှန်ညီညာ၍ နာမ်ပထမဝီအရာရာကြံစည်ကာ ပထမကိုတော့ ရန်မသိလာ မြန်ပြည် သဟာယတွေနဲ့ အယ် ဣဏ္ဍာနဲ့အဂ္ဂိ မလွှမ်းစေဖို့ အမြန်သည်မှာ ကြွဖိတ်စာ ကမ်းရပါတော့ (ယောဂီတို့ရယ်) နန္ဒီသာရ ဆိုတဲ့ရိပ်သာစခန်း . . . ။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွာခိုင်ရွာ မဟာယောသိတာရုံ စေတီတော်မြတ်ကြီး

ပွင့်ဖြူမြို့နယ်သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း တည်ရှိပါသည်။ မြောက်လတ္တီတွဒ် (၂၀° ၁၉′) မှ (၂၀° ၁၈′) အရှေ့လောင်ဂျီတွဒ်(၉၄° ၁၈′)

www.burmeseclassic.com

www.burmeseclassic.com

မှ (၇၄၂၈) အကြား တည်ရှိပါသည်။ အရှေ့ဘက် ဧရာဝတီမြစ်နှင့်အနောက်တောင်ဘက် လွန်းတောင်၊ ကျိုင်းတောင်တို့အကြား ညီညာပြန့်ပြူးသော မြေပြန့်လွင်ပြင် ဖြစ်ပါသည်။ မြို့နယ်အကျယ်အဝန်း (၄၇၁၀၄၇) စတုရန်းမိုင်။ ဧကအားဖြင့် သီးနှံမျိုးစုံအလှပယ်ထွက်ရှိပြီး ရိက္ခာဖူလုံပြည့်စုံသောမြို့နယ် ဖြစ်သည်။

မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး မဇ္ဈလိရေလွှဲဆည်နှင့် တောင်မုန်းမြောင်းမကြီး+လက်တံခွဲ (၁၆) ခု၊ မြောက်မုန်းမြောင်းမကြီး + လက်တံခွဲ (၁၅) ခုတို့က စိုက်ပျိုးရေးပေးဝေလျက်ရှိသဖြင့် အမြဲစိမ်းလန်းစိုပြည်နေသောမြို့နယ် ဖြစ်သည်။ နိုင်ငံတော်စီမံကိန်းဝင် ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းတို့လည်း တည်ရှိသည်။ မြို့မ (၄) ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၂) အုပ်စု၊ ကျေးရွာပေါင်း (၂၀၄) ရွာရှိသည်။ ပွင့်ဖြူမြို့နယ်သည် မင်းဘူး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့ ကားလမ်းပေါ်တွင် တည်ရှိပြီး မင်းဘူး၊ စက္ခ၊ လွန်က၊ မန်းချောင်းတံတားကြီးကို ဖြတ်သန်းရသည်။ ကားလမ်းမှာ ကတ္တရာလမ်းညီညာကောင်းမွန်လျက်ရှိသည်။ ပွင့်ဖြူအလွန်တွင် မုန်းချောင်းက တသွင်သွင် စီးဆင်းလျက်ရှိသည်။ မုန်းချောင်းတံတားကြီးပေါ်က ဖြတ်သန်းပါက ရှောက်တောသို့ရောက်သည်။ လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေး လွန်စွာချောမွေ့ကောင်းမွန်သော မြို့နယ်ဖြစ်ပေသည်။ ရန်ကုန်-မန္တလေးမြို့များသို့ သွားလာနေသော ကုန်ကားများ၊ လူစီးဘက်(စ်)ကားများနှင့် နေ့ညမပြတ် စည်ကားနေသည်။

ဤဘဒ္ဒကမ္ဘာ၌ ဘုရား (၅) ဆူပွင့်တော်မူမည်ဖြစ်ရာ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့ ပွင့်တော်မူပြီးဖြစ်သည်။ ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံဝင်ကြသောအခါ ကြွင်းကျန်ရစ်သောသရီရဓာတ်တော်များ၊ ဘုရားအသုံးအဆောင်များကို ဌာပနာပြု၍ စေတီတည်ထားကိုးကွယ်ပူဇော်ကြသည်။ ထိုစေတီတော်များအနက် သမိုင်းဝင် ရေးဟောင်း မဟာဝေသိတာရုံစေတီတော်ကြီးသည်လည်း တစ်ဆူအပါအဝင် ဖြစ်သည်။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မင်းဘူး-စလင်း-ဆင်ဖြူကွန်းမြို့ ကားလမ်းပေါ်တွင်တည်ရှိသော ရှောက်တောမှ (၄) မိုင်အကွာ ရွာခိုင်အုပ်စု ရွာခိုင်ရွာတွင် မဟာဝေသိတာရုံစေတီတော်မြတ်ကြီး တည်ရှိသည်။ ဧရာဝတီမြစ်ကမ်းသင်္ဘောဆိပ်ကမ်းဖြစ်ခဲ့သော သံကိုင်းနှင့် ကုန်းဇောင်း (၄) မိုင်ကွာဝေးပြီး ကုန်းဇောင်းမှ ရွာခိုင်ရွာ (၃) မိုင်ကွာဝေးသည်။ ၂၀၁၃ ခုနှစ်မှ စတင်၍ ရှောက်တော-ကုန်းဇောင်းကားလမ်းမှာ ကောင်းမွန် ညီညာသော ကတ္တရာလမ်းကြီးဖြစ်နေသဖြင့် သွားလာရေး၊ လမ်းပန်းဆက်သွယ်မှုတို့ လွန်စွာလွယ်ကူချောမောလှပါသည်။

ရွာခိုင်ရွာသည် အိမ်ခြေ (၈၀၀) ကျော်ရှိပြီး ရပ်ကွက်ပေါင်း (၅) ရပ်ကွက်ရှိသည်။ ရွာမ၊ သူဌေးကုန်း၊ အလယ်စကြီး၊ ကန်းကွက်သစ်၊ ရိုးဝရပ်ကွက်တို့ရှိပြီး မြို့ငယ်လေးတမျှ စည်ကားကာ ရွာခိုင်ရွာသူရွာသားများမှာ လွန်စွာယဉ်ကျေးဖော်ရွေကြသည်။ ရိုးသားကြပြီး တစ်ရပ်တစ်ကျေးမှလာကြသော ဘုရားဖူးခရီးသည်များကို အမြဲမျှော်နေကြပြီး လိုလေသေးမရှိ ဧည့်ဝတ်ကျေစွာ ပြုစု ကျွေးမွေး ဖော်ရွေခင်မင်ကြလေ့ရှိသည်။ ရွာခိုင်မှ ကုန်းဇောင်းသွားရာလမ်းဆုံတွင်တည်ရှိသော မဟာဝေသိတာရုံစေတီတော်မြတ်ကြီးကို ဝင်ရောက်ဖူးမြော် ကြည်ညိုကန်တော့ရင်း ဘုရားဂေါပကလူကြီးများက ဂေါပကရုံးခန်းတွင် အနားယူရန် ဖိတ်ကြားခြင်းခံသဖြင့် ခေတ္တ အနားယူရင်း ဂေါပကအဖွဲ့ဦးတင်အောင်နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့ပါသည်။ ဦးတင်အောင်မှာ ရွာခိုင်ရွာသားဖြစ်ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌတာဝန်ပေးအပ်ခံရသဖြင့် အိုးပစ်အိမ်မပစ် ဘုရားကြီးအတွင်းနေထိုင်ပြီး ဝေယျာဝစ္စများကို ဆောင်ရွက်နေသူ ဖြစ်သည်။

ရွာခိုင်ရွာသား ဘုရားဂေါပက ဥက္ကဋ္ဌ ဦးတင်အောင်ထံ ချဉ်းကပ်ပြီး မဟာဝေသိတာရုံစေတီတော်မြတ်ကြီး သမိုင်းကို သိရှိခွင့်ရခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်က ယောသကဟုခေါ်သော နွားသူဌေးကြီး ဆောက်လုပ် လှူဒါန်းခဲ့သော ကျောင်းတော်ကြီးနေရာမှာ တည်ထားသော စေတီတော်ဖြစ်၍ ယောသိတာရုံစေတီတော်ကြီးဟူ၍ အမည်တွင်ပါသည်။ ကကုသန်ဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် လူတို့၏သက်တမ်း သုံးသောင်းသို့ဆိုက်ရောက်သောအခါ သောဘဝတီပြည်၌ သောကမင်း အုပ်ချုပ်စဉ် ခမည်းတော် ယညဒတ္တပုဏ္ဏားနှင့် မယ်တော် ဥတ္တရာပုဏ္ဏေးမတို့မှ ကောဏာဂုံမြတ်စွာဘုရား အလောင်းတော်ကိုဖွားမြင်တော်မူသည်။ ဒုက္ကရစရိယာ (၆) လ ကျင့်တော်မူပြီး ဘုရားအဖြစ်ရောက်တော်မူသည်။

ကောဏာဂုံ မြတ်စွာဘုရားလက်ထက်တော်အခါက ဤနေရာဤဒေသသည် ဟတ္ထလုဂ်တိုင်း မိတ္ထိလာပြည် ဟူသောအမည်ဖြင့် တည်ရှိခဲ့ပါသည်။ အုပ်ချုပ်သောမင်းမှာ ဂေါတမအလောင်းတော် ပဒ္မတမင်း ဖြစ်သည်။ ကောဏာဂုံမြတ်စွာဘုရား မိတ္ထိလာပြည်ကြွလာကြောင်း ပဒ္မတမင်း ကြားသိသောအခါ ဘုရားရှင်ဝါကပ်သီတင်းသုံးရန် လျှောက်ထားပြီး ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတော်ကြီးအမည်မှာ ပဒ္မတာရာမဖြစ်ပြီး ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးခဲ့သည်။ ပဒ္မတမင်း ဆောက်လုပ်လှူဒါန်းသော ပဒ္မတာရာမကျောင်းတော်ကြီးတည်ရှိရာနေရာမှာ ယခုအခါ ရုံလေးရုံတွင် တစ်ရုံအပါအဝင်ဖြစ်သော မဟာဝေသိတာရုံစေတီတော်ကြီးတည်ရာဌာနပင်ဖြစ်လေသည်။

ကောဏာဂုံဘုရားရှင်သမိုင်းတို့ မဟာဝုဒ္ဓဝင်ပထမတွဲ (ဒုတိယပိုင်း) စာမျက်နှာ ၅၂၁၊ ၅၂၂၊ ၅၂၄ တို့တွင် ကောဏာဂုံဘုရားသည် ပဒ္မတမင်းကို ဂေါတမဘုရားဝင်စစ်ဇကန်ဖြစ်လတ္တံဟုဗျာဒိတ်စကား မိန့်ကြားတော်မူသဖြင့် ပဒ္မတမင်းသည် လွန်စွာကြည်လင်သောစိတ်ဖြင့် ပါရမီ (၁၀) ပါးတို့ကို မြဲမြံစွာအားထုတ်ကြိုးပမ်းတော်မူ၏။ မင်းစည်းစိမ်ကိုစွန့်၍ ကောဏာဂုံဘုရားထံ ရဟန်းပြုတော်မူလေ၏။ ကောဏာဂုံမြတ်စွာဘုရားသည် ပဒ္မတာရာမကျောင်းတော်တွင် တစ်ဝါဆိုတော်မူခဲ့ရုံမျှမဟုတ် ထိုကျောင်းတော်တွင် ပရိနိဗ္ဗာန်ဝင်တော်မူခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရသဖြင့် မဟာဝေသိတာရုံစေတီတော်ကြီးသည် ထူးကဲမြင့်မြတ်လှသော သမိုင်းဝင်စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်ပေသည်။

ဂေါတမဘုရားရှင်လက်ထက်တော်တွင် ဤဒေသသည် သုနာပရန္တတိုင်းကောဃမ္မဲပြည်ဖြစ်၍ ဥဒေနမင်းဖြစ်သည်။ နေပြည်တော်မှာ လယ်ကိုင်းမြို့တောင်းနေရာပင် ဖြစ်သည်။ မြို့ရိုး (၂) ထပ်တူးဖော်တွေ့ရှိပြီး သံထွန်သွားများပြုလုပ်ရာ သံထွန်သွားကုန်း၊ မာဂဏ္ဍိမိဖုရားဟိုး ဆွေမျိုးများကို လည်ပင်းကြိုမြစ်ရာ ကျင်းများတွင်ထည့်၍ သံထွန်သွားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

တိုက်သတ်သောနေရာ လယ်လှုပ်ကုန်း၊ ဥဒေနမင်း၏ မိခင် မိဖုရားကြီးအား ဒုစ်ဆင်ကြီးခိုသောနေရာ (ရင်ပင်ဂူနီ ဘုရားအနီး) ဥဒေနနတ်ကွန်းရှိကြောင်း အထောက်အထား အမှတ်အသားများ အခိုင်အမာရှိကြောင်း သိရှိရသည်။

ဓါတုမဘုရားရှင်သည် နောက်ပါ ရဟန်းသံဃာများခြံရံလျက် ကကုသန်၊ ကောဏာဂုံ၊ ကဿပနောင်တော်ဘုရား များ သီတင်းသုံးခဲ့ရာ သုနာပရန္တတိုင်းသို့ ကြွရောက်တော်မူလျက် ကကုသန် ဘုရား သီတင်းသုံးခဲ့ရာ ကုက္ကုဋ္ဌသူဌေး လှူဒါန်းသော ကုက္ကုဋ္ဌာရုံကျောင်းတော်၊ ကောဏာဂုံဘုရား သီတင်းသုံးခဲ့သော ဓောသကသူဌေး လှူဒါန်းသည့် ဓောသိတာရုံကျောင်းတော်၊ ကဿပ ဘုရား သီတင်းသုံးရာ ပါဝါရိက သူဌေး လှူဒါန်းသည့် ပါဝါရိကာရုံ (ပါဝါရုံ) တို့တွင် သီတင်းသုံးတော်မူခဲ့လေသည်။ ဓောသိတာရုံကျောင်းတော်ကြီးတွင် ဦးခုမြောက်ဝါကိုကပ်၍ ဝါတွင်းသုံးလ သီတင်းသုံးတော်မူခဲ့လေသည်။ ဂေါတမ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးခါနှင့် မဟာယောသိတာရုံကျောင်းတော်ကြီး တာလကြာမြင့်၍ ပျက်စီးယိုယွင်းသည်ကို အစ ပထမဘုရားဒါယကာမှာ သိရှိမြော်သောကမင်း ဖြစ်သည်။ ပဋ္ဌလိပုတြဲပြည်၌ ထိုမင်းသည် သက္ကရာဇ် ၂၈ တွင်အဘိသိက်ခံယူ၍ ရှစ်သောင်း ဆယ်ထောင်သော စေတီတော်တို့ကို သက္ကရာဇ် ၂၂၅ ခုနှစ်တွင် တည်ထား ပြီးတော်မူခဲ့သည်။ မဟာယောသိတာရုံစေတီတော်ကြီး အပါအဝင် ဖြစ်သည်။

သက္ကရာဇ် ၄၁၂ ခုနှစ်တွင် အနော်ရထာမင်း၏ သားတော် အလုံးမင်းက သရီရဓာတ်တော်တို့ကို ဥာဏ်ပြ၍ မဟာယောသိတာရုံစေတီ တော်ကြီးတို့ အသစ်တစ်ဖန် ထပ်မံတည် ဆောက်သည်။ သက္ကရာဇ် ၁၂၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့မှ စ၍ ရွှေခိုင်ရွာသူကြီး နေမျိုးသီရိသီဟ သူဌေးကျော်ခေါင်တို့ရွာ ဘုရားဒါယကာ ကြီးနှင့် သူကြီးကတော် ဘုရား ဒါယိကာမခေါ် ဒန်းဦး (နေမျိုးကျော်ထင် ကြီးနှင့် မြီးပြန်ဟသ်ာ လေတော်ပဲနင်း ဒေါ်ထွန်းအောင်၏သမီး)တို့က ဘုရား ဆင်းတော် (၁၅) ဆူ၊ သတ္တဌာနရုပ်ပွား တော် ဘုရားငွေဆင်းတုတော် ရုပ်ပွား တော် ၂ ဆူ ရွှေအုတ်ချပ် (၂၂) ချပ်၊ ရွှေအုတ်ချပ် (၂၂) ချပ် ဌာပနာပြီး

ထပ်မံပြုပြင်မွမ်းမံကြရာ သက္ကရာဇ် ၁၂၄၆ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် အပြီးသတ်ခဲ့ပြန်သည်။ ဟောင်းနွမ်းနေသော ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကိုလည်း ၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရွှေခိုင်ရွာ ဒါယကာ၊ ဒါယိကာမများက အသစ်တစ်ဖန် လှူဒါန်းပူဇော်ခဲ့ကြသည်။

ဩဝါဒဆရာတော်များ၊ ဘုရား ဂေါပကလူကြီးမင်းများ၊ ရွှေခိုင်ရွာသူရွာသား ဘုရားဒါယကာ၊ ဒါယိကာမများမှ နှစ်စဉ်နှစ်တိုင်း ပဋ္ဌာန်းကျမ်းမြတ်ကြီးကို ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှနေ ၆ ရက်နေ့တိုင် (၅)ရက် နာရီ(၁၂၀)ကြာ ဓမ္မဖြင့် ကျင်းပပူဇော်လေ့ရှိကြသည်။ ကဆုန်လပြည့်ကျော် ၆ ရက် နေ့လယ် ပိုင်းတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ၍ ရွှေခိုင်ရွာသူရွာသား ဘုရားဒါယကာ၊ ဒါယိကာမ လူကြီး၊ လူငယ်များက သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပါသည်။ မဟာယောသိတာရုံ စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပပါသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရှောက်တောမြို့နှင့် ကုန်းဇောင်းမြို့အကြား ရွာခိုင်ရွာတွင် တည်ရှိသော မဟာယောသိတာရုံ စေတီတော်မြတ်ကြီးသည် ဥဏ်တော် အမြင့် (၉၀) ပေ၊ ရင်ပြင်ဖိနပ်တော် အကျယ်အဝန်း (၇၆) ပေ၊ အရံစေတီ တော်ငယ် (၁၇) ဆူတို့ ခြံရံတည်ရှိပါသည်။ စေတီတော်ရင်ပြင်အတွင်းတွင် မဟာယောသိတာရုံသိမ်ကျောင်းတော်၊ ဘုရားဖူးလာသူတော်ကောင်းတို့နားခိုရာ ဓမ္မာရုံဝတ်ကျောင်း(၅)ဆောင်တို့တည်ရှိသည်။ နေ့စဉ်နှင့်အမျှ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးမိဘပြည်သူများ လာရောက်ဖူးမြော်ကြ၍ စည်ကားနေပါသည်။ အထူးသဖြင့် သင်္ကြန်ရက်ကာလ တန်ဆူးလတွင် မန်းရွှေစက်တော်ဘုရားဖူး လာသူများက မဖြစ်မနေ ကြွရောက် ဖူးမြော်လေ့ရှိကြပါသည်။

ပွင့်ဖြူနယ်တွင်သာ ထူးခြားစွာ တည်ရှိနေသော ကျောင်းတော်ကြီးများ တစ်ဆောင်နှင့်တစ်ဆောင် (၃) တိုင်နှင့် (၅) ရောတွင်း (၆-မိုင်ကျော်) သာ ကွာဝေးသည့် ကကုသန်ဘုရား သီတင်းသုံးရာအရပ် ကုက္ကုဋ္ဌသူဌေး ဆောက်လုပ် လှူဒါန်းသည့် အုပ်ဖို့ရွာအနီး မြို့စဖို့လ် စေတီတော် (ကုက္ကုဋ္ဌာရုံကျောင်းတော်)၊ ကောဏာဂုံဘုရား သီတင်းသုံးရာ ဓောသကသူဌေး ဆောက်လုပ်လှူဒါန်း သည့် ရွာခိုင်ရွာ (ဓောသိတာရုံကျောင်း တော်)၊ ကဿပဘုရား သီတင်းသုံးရာ ပါဝါရိကသူဌေး ဆောက်လုပ် လှူဒါန်း သော ဘုရားကုန်းကျေးရွာ (ရွှေပန်းမြိုင် ပါဝါရုံ) စေတီတော်မြတ်ကြီးနှင့် စူဠပဏ္ဍာ ဦးဆောင်သော ဝါဏိဇဂါမရွာသားတို့ ဆောက်လုပ် လှူဒါန်းပြီး ဂေါတမဘုရား မြတ်စွာဘုရားရှင် (၇)ရက်တိုင် ကြွရောက် သီတင်းသုံးခဲ့သည့် စန္ဒကူးနွယ်သာ (ဂန္ဓာရုံ ကျောင်းတော်ရာစေတီတော်မြတ်ကြီး) လယ်ကိုင်း ကျောင်းတော်ရာဘုရား ရုံးလေးရုံကို တစ်နေ့တာအတွင်း အဓိဋ္ဌာန် ဖြင့် လာရောက် ဖူးမြော် ဆုတောင်းသူ များ စည်ကားလျက်ရှိပါသည်။

သို့ပါ၍ ပွင့်ဖြူမြို့နယ် ရွာခိုင်ရွာ မဟာယောသိတာရုံစေတီတော်မြတ်ကြီး ကို ဖူးမြော်ကြည်ညို သဒ္ဓါတရားပွားများ နိုင်ရန် ရေးသားပူဇော် တိုက်တွန်းအပ်ပါ သည်။

❑ *(ဖိတ်ခေါ်သံ) ခရိုင်အတွင်း၊ ကြိုင်သင်းပျံ့တဲ့ မြို့ပွင့်ဖြူ။ မွေးမွေးရယ်ကြူ၊ လေးဆူတို့ ကြွလှမ်း၊ ဤနေရာ ဤဌာနကိုဖြင့်၊ ဖူးမြော်ကာ ဦးတော်သရဏောင်၊ သူတော်ကောင်းတို့ရေ လှမ်းခဲ့ကြစမ်း။*

ရွာခိုင်ရွာမဟာယောသိတာရုံ စေတီဂေါပကဥက္ကဋ္ဌဦးတင်အောင်အား ကျေးဇူးတင်စွာဖြင့်

ရေနံသာ-အောင်ချမ်းဇော်

www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရှောင်းဆယ်၊ စတ္တာလီသန်ပါတ်၊ တေသကုဏ္ဍတော်တော်တွင် ဘုရားဏသီမြို့တော်၌ ထီးနန်းစိုးစံရသော ဗြဟ္မဒတ်မင်းအဖြစ်ဖြင့် ဘုရားအလောင်းတော်အပါအဝင် ပါရမီရှင်သုံးပါးတို့၏ ဆုံးမစကားကို ကြုံတောင့်ကြုံခဲ ခံယူခဲ့၍ ရာသက်ပန် လိုက်နာကျင့်သုံးခွင့်ရခဲ့ပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာအလောင်းလျာသည် ဘုရားဏသီမြို့တော်၌ မင်းစဉ်မင်းဆက်ခံယူမြဲဖြစ်သော ဗြဟ္မဒတ်မင်း ဟူသော ဘွဲ့အမည်ဖြင့် ထီးနန်းစိုးစံခဲ့ရ၏။ အလွန်တရာသာယာဝပြောသည်နှင့်အမျှ ပိုင်နက်နယ်မြေကျယ်ဝန်းလှစွာသော ကာသိတိုင်းကြီးကို စိုးရပိုင်ဆိုင်သဖြင့် လူသားတို့စံစား ခံစားခွင့် ရနိုင်သမျှသော စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံပါ၏။ သို့ရာတွင် သူ၏ မိဖုရားများက သားတော်၊ သမီးတော်တစ်ပါးမျှ ဖွားမြင်မလာကြသဖြင့် ဗြဟ္မဒတ်မင်း၏ရင်ထဲမှာ ဟာတိဟာတာဖြစ်နေရပေသည်။

ဗြဟ္မဒတ်မင်းသည် မိမိတို့ မဇ္ဈိမဒေသ၏ ထုံးတမ်းစဉ်လာအရ ဘုရားဏသီမြို့တော်သူမြို့တော်သားတို့ သားဆုပန်နေကျ ညောင်ပင်ကြီးသို့သွား၍ သားဆုပန်ကြရန် မိဖုရားများကိုစေလွှတ်၏။ သို့ရာတွင် မည်သည့်မိဖုရားမှာမှ သားဆုကပြည့်မလာခဲ့ပါချေ။

ဤသို့ သားတော်၊ သမီးတော်တို့ပေါ်လာကြမည့်အရေးကို တွေးမျော်ရင်းနေလာခဲ့ရာ တစ်နေ့မှာတော့ သားတော်၊ သမီးတော်သုံးပါးစလုံး တစ်ပြိုင်နက်ရလာမည့်အခြေအနေ ပေါ်ပေါက်လာ၏။ ထိုနေ့တွင် ဗြဟ္မဒတ်မင်းသည် အခြေအရံများနှင့်တကွ ဥယျာဉ်တော်သို့ထွက်လာ၏။ ဥယျာဉ်တော်ထဲက ရှုခင့်စဖွယ် တင့်တယ်လှစွာသော အခင်းအကျင်းတို့ကို လှည့်လည်ကြည့်ရှုပြီးသောအခါ ဥယျာဉ်တော်ထဲမှာ မင်္ဂလာအရှိဆုံးအပင် ဟူ၍ သတ်မှတ်ထားသော အင်ကြင်းပင်အောက်သို့ဝင်လာပြီးလျှင် ထိုအရိပ်မှာပင် သလွန်တော်ခင်းစေ၍ အပန်းဖြေအိပ်စက်လေသည်။

အတန်ကြာမှ နှစ်ခြိုက်စွာ အိပ်ပျော်၍ အိပ်ရာမှနိုးလာသောအခါ ဗြဟ္မဒတ်မင်းသည် မိမိအထက်မှာ အရိပ်မိုးပေးထားသော အင်ကြင်းပင်၏ အကိုင်းအခက်များကို စေ့စေ့စပ်စပ်ကြည့်ရှုလိုက်ရာ အကိုင်းကြားတစ်နေရာတွင် ငှက်သိုက်တစ်ခုကို တွေ့လိုက်ရသဖြင့် မင်းချင်းတစ်ယောက်ကို ခေါ်ယူ၍ -

"အချင်း၊ ဒီအင်ကြင်းပင်ကြီးပေါ်တက်စမ်း။ ဟိုအကိုင်းကြားမှာ ငှက်သိုက်တစ်ခုကို မြင်နေရတယ်။ အဲဒီအထဲမှာ ငှက်ရှိ,မရှိကြည့်ချေစမ်း"

ဟု အမိန့်ပေးလိုက်၏။

မင်းချင်းသည် အင်ကြင်းပင်ပေါ်သို့ လျင်မြန်သွက်လက်စွာတက်သွား၍ မင်းကြီးညွှန်ပြထားသော အသိုက်ကို ကြည့်ပြီးလျှင် သစ်ပင်ပေါ်မှဆင်းလာ၍ -

"အရှင်မင်းမြတ်၊ ငှက်သိုက်ထဲမှာ ငှက်ဥသုံးလုံးရှိနေပါတယ်ဘုရား"

ဟု တင်လျှောက်၏။

ဤစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဗြဟ္မဒတ်မင်း၏ရင်ထဲတွင် ငှက်ဥတို့ကို သားသမီးကဲ့သို့ ချစ်ခင်နှစ်သက်သည့်စိတ်များပေါ်လာကြ၏။

သို့ဖြစ်၍ -

"အချင်းတို့၊ ပန်းအပြည့်ထည့်ထားတဲ့ ခြင်းတစ်လုံးရှာခဲ့ကြ။ ပန်းခြင်းထဲမှာ ဝါဂွမ်းထူထူခံပေးကြ။ အဲဒီပန်းခြင်းကိုယူပြီး အင်ကြင်းပင်ပေါ်တက်။ အသိုက်နားရောက်တော့ အသိုက်ထဲက ငှက်ဥသုံးလုံးကို ပန်းခြင်းထဲ ညင်ညင်သာသာလေးယူပြီးတော့ထည့်။ အဲ - အထူးသတိထားဖို့ကတော့ ငှက်ဥသုံးလုံးကို ယူနေတုန်း၊ ထည့်နေတုန်းမှာ လုံးဝ အသက်မရှူရဘူး။ ငှက်ဥတို့အပေါ်မှာ အချင်းတို့ ရင်ခေါင်းထဲက ပြန်ထွက်လာတဲ့ အငွေ့အသက်တွေ မကပ်ငြိစေရဘူး"

ဤကဲ့သို့ သေသေချာချာ အမိန့်ပေးသည့်အတိုင်း မင်းချင်းတို့ကလည်း ရိုသေလေးမြတ်စွာ လိုက်နာ၍ ဆောင်ရွက်ကြရသဖြင့် တစ်ခဏအတွင်းမှာပါ ငှက်ဥသုံးလုံးထည့်ထားသော ပန်းခြင်းက ဗြဟ္မဒတ်မင်း၏ လက်ထဲသို့ ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မဒတ်မင်းသည် တစ်လုံးနှင့် တစ်လုံး အဆင်းအရောင်မတူညီသော ဥဉာဏ်သုံးလုံးကိုကြည့်ပြီးလျှင် မည်သည့် ဥဉာဏ်ဖြစ်မည်နည်းဟု အမတ်တို့ကိုမေး အမတ်တို့က မဖြေနိုင်ကြသဖြင့် ဘုရားထံတို့ကိုခေါ်မေးမှ အဖြေမှန်ကိုရပေ တော့၏။

တစ်ခုက ခင်ပုပ်ဥ။
အခြားတစ်ခုက ဆက်ရက်ဥ။
နောက်တစ်ခုက ကျေးဥ။

အသိုက်တစ်ခုထဲမှာ အမျိုးအစား ကွဲသော ငှက်ဥသုံးလုံးရှိနေဖို့အရေးမှာ အလွန်တရာ ခဲယဉ်းလှသည်ဟု ဆိုနိုင် အောင်ခြားလည်း ယခုတော့ မျက်ဝါး ထင်ထင်မြင်နေပါချေပြီ။ ကိုယ့်ဘုန်း ကိုယ့်တံကြောင့် ထူးထူးခြားခြားပေါ် ပေါက်လာကြသည့် သားတော်၊ သမီး လေရာ ပထမဦးစွာ ခင်ပုပ်ဥက အကောင် ပေါက်လာ၏။ ခင်ပုပ်ဥတော်ထိန်း အမတ်သည် ငှက်များနှင့်ပတ်သက်၍ ဗဟုသုတပြည့်စုံသောမုဆိုးတစ်ယောက် ကိုခေါ်ယူ၍ ငှက်ပေါက်စကလေးကိုပြ ပြီးလျှင် အထီး၊ အမခွဲခြားပြရန် တာဝန် ပေး၏။ မုဆိုးက အထီးကလေးဖြစ် ကြောင်း ပြန်ကြား၏။

ဤတွင် ခင်ပုပ်ဥတော်ထိန်း အမတ်သည် ဗြဟ္မဒတ်မင်းထံသို့ အဆောတလျင်ဝင်ရောက်ကာ -

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ် မှာ သားတော်လေးတစ်ပါး ဖွားမြင်လာ ပါပြီဘုရား"

ဤသို့လျှောက်တင်သံကြားရသည် တွင် ဗြဟ္မဒတ်မင်းက အားရဝမ်းသာလှ သဖြင့် ဆုတော်လာဘ်တော်များပေး

ဤစာအုပ်သည် ကမ္ဘာ့ရှေးဟောင်းစာပေများ ဒစ်ဂျစ်တယ်စီမံကိန်းမှ ဖြန့်ဝေပါသည်။

ဝတ္ထုသိရီ

အသိုက်ထဲက ဖါရိုဧရှင်များ

ပေါက်လာ၏။ မုဆိုး၏ ပြောပြချက်အရ ကျေးအထီးကလေးဖြစ်ကြောင်းကိုသိရ သောအခါ ကျေးဥတော်ထိန်းအမတ် က -

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ် ရဲ့ ရင်ခွင်မှာ သားတော်လေးတစ်ပါး တိုးပွားလာပါပြီ ဘုရား"

ဟု တင်လျှောက်၏။

ဥတော်ထိန်းအမတ်များအားလုံး ဆုတော်လာဘ်တော်တွေ တနှင့်တပိုးရ ကြပေသည်။

ဤသို့ဖြင့် ငှက်ငယ်သုံးကောင်တို့ အတောင်အလက်စုံလာကြရာ ပထမ ဆုံး အကောင်ပေါက်သော ခင်ပုပ်ငှက် ငယ်၏ အတောင်နှစ်ဖက်တို့သည် ဆန်းဆန်းကြယ်ကြယ်အပြောက်ပြောက် အကျားကျားရှိနေသဖြင့် သူတို့၏ခမည်း တော်မင်းကြီးက 'ဝေဿန္တရာ' ဟု အမည်ပေး၏။

ဒုတိယအကောင်ပေါက်လာသော ဆက်ရက်မကလေး၏ နားနှစ်ဖက်တွင် နားတောင်းပန်ဆင်ထားဘိသကဲ့သို့ နီနီ စွေးစွေး အရေးအကြောင်းများပါရှိနေ၍ သူကလေးကို 'ကုဏ္ဍလိနီ' ဟူ၍ အမည် ပေး၏။

ထို့နောက် တတိယမြောက် အကောင်ပေါက်လာသော ကျေးအဖို့ ကလေးမှာ သပြေသီးမှည့်ကဲ့သို့ နီညို ရောင်နှုတ်သီးရှိနေသဖြင့် 'ဇမ္ဗုက' ဟူ၍ အမည်ပေး၏။

ဤသို့ဖြင့် သားတော်လေး ဝေဿန္တရာ၊ သမီးတော်လေး ကုဏ္ဍလိနီ နှင့် သားတော်လေး ဇမ္ဗုကတို့သည် တကယ့်တကယ် မနုဿလူသား မင်းသား၊ မင်းသမီးများနှင့်မခြား ခမည်းတော် ဗြဟ္မဒတ်မင်း၏ ချစ်ခြင်း မေတ္တာကိုခံယူကြရပါပေသည်။ ဘာမဆို လိုရာရနိုင်သော ရွှေနန်းတော်ကြီးထက် တွင် မင်းသမီး၊ မင်းသားတို့ အဆောင် အယောင်တို့ဖြင့် ပြုစုစောင့်ရှောက်ခြင်း ကို ခံယူကာ တစ်နေ့တခြားကြီးထွား၍ လာခဲ့ကြလေသည်။

ထို့ကြောင့် -

"အိုအမတ်တို့၊ ငါကိုယ်တော်မြတ် အမိန့်တော်ကို လေးလေးစားစားနာခံ ကြ။ ဒီငှက်ဥသုံးလုံးဟာ ငါ့သားတော် သားတွေပဲ။ ငါ့သမီးတော်လေးတွေပဲ။ ဒါကြောင့် အမတ်တစ်ယောက်တစ် ကောင်ကို ဥတော်ထိန်းအရာထပ်တိုး ခန့်ထိုက်တယ်။ ဥတော်ထိန်းအမတ်ဟာ ကိုယ်တာဝန်ယူထားရတဲ့ ဥတော်ကို ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ဘယ်အကောင်ပေါက်လာအောင် အပူဇော်ပေးရမယ်။ ငှက်ကလေးတွေ ပေါက်လာတာနဲ့တစ်ပြိုင်နက် ငါကိုယ် တော်မြတ်ထံ သံတော်ဦးတင်ကြ"

ဤသို့ အမိန့်ပေးထားသည့် အတိုင်း ဥတော်ထိန်းအမတ်သုံးယောက် တို့က တစ်သဝေမတိမ်းဆောင်ရွက်ကြ သနားလိုက်လေသည်။

ထို့နောက် နှစ်ရက်အကြာတွင် ဆက်ရက်ဥက အကောင်ပေါက်လာပြန် ၏။ မုဆိုး၏ အကူအညီဖြင့် ဆက်ရက် အမကလေးဖြစ်ကြောင်း သိရသည် တွင် ဆက်ရက်ဥတော်ထိန်းအမတ်သည် ရွှေနန်းတော်သို့ အလျင်အမြန်ဝင် ရောက်၍ -

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ် အတွက် သမီးလေးတစ်ပါးဖွားမြင်လာ ပါပြီ ဘုရား"

ဟု တင်လျှောက်၏။

ထိုမှဆက်လက်၍ နှစ်ရက်ခန့် ကြာပြန်သော ကျေးဥက အကောင်

www.burmeseclassic.com

www.burmeseclassic.com

ခမည်းတော် ပြဟ္မဒတ်မင်းနှင့် တကွ နန်းတွင်းသူနန်းတွင်းသားအားလုံး က တကယ့်တကယ်မင်းသမီးမင်းသား ဟူ၍ သဘောထားနေကြရသည့်နည်း တူ သားတော်၊ သမီးတော်တို့ကလည်း ဘဝပေါင်းများစွာ ပါရမီမျိုးစုံကို ဖြည့် ကျင့်ဆည်းပူးလာခဲ့ကြသော အလောင်း တော်များဖြစ်နေ၍ မနုဿလူသား မင်းသမီး၊ မင်းသားများအတိုင်းပင် အသိပညာ ဗဟုသုတ ပြည့်ဝစုံလင်ကြ၍ လောကကြောင်း၊ ဓမ္မကြောင်းနှင့်စပ် သောစကားတို့ကို ချေချေငံငံတွဲပြန်ပြော ဆိုနိုင်စွမ်းရှိကြ၏။ သူတို့သုံးပါးအထဲက သားတော်ကြီး ဝေဿန္တရာသည် အရှင် သာရိပုတ္တရာ၏ အလောင်းတော်ဖြစ်၍ သမီးတော် ကုဏ္ဍာလိနီသည် ဥပ္ပလဝဏ် ထေရီအရှင်မ၏ အလောင်းလျာဖြစ်ကာ သားတော်လေး ဇမ္ဗုကသည်ကား ဘုရား အလောင်းတော် ဖြစ်ပေသည်။

ဘဝပေါင်းထောင်သောင်းများစွာ ဒါန အစရှိသော ပါရမီမျိုးစုံကို ထူးထူး ချွန်ချွန် ဖြည့်ကျင့်ဆည်းပူးလာခဲ့ပြီးသော ပါရမီရှင်များ ဖြစ်ကြပါသော်လည်း ယခု မျက်မှောက်ဘဝမှာမူ အသွင်အပြင်နှင့် အမူအရာများက တစ်မျိုးတစ်ဖုံဖြစ်နေ ကြသဖြင့် နန်းတွင်းသူနန်းတွင်းသားတို့ မှာ သားတော်၊ သမီးတော်များနှင့်ဆက် ဆံရာတွင် စိတ်ထဲမှာ ကသိကအောက် ဖြစ်နေကြရ၏။

ခမည်းတော်ဗြဟ္မဒတ်မင်းအဖို့မှာ တော့ တကယ့်တကယ်သားတော်သမီး တော်များဟု မှတ်ယူထားသဖြင့် အစစ အဆင်ပြေပါ၏။ သက်ဦးဆံပိုင်ရှင်ဘုရင် ဖြစ်နေ၍ ဤသို့မှတ်ယူထားသည်ကို မည်သူကမျှ မတားမြစ်နိုင်ပါ။ မတားမြစ် ရဲပါ။ သားတော်၊ သမီးတော်များနှင့် ဆက်ဆံရာတွင် သူတို့၏ ခမည်းတော် မင်းမြတ် မျက်မှာန်မရှစေရန်သာ အထူး သတိထား၍ အမှုတော်ထမ်းနေကြပါ ပေသည်။

မင်းပြစ်မင်းဒဏ်ကို ကြောက်၍ အမှားအယွင်းမပေါ်ရအောင် ကြိုးစား နေကြရသည့်ကြားကပင် တစ်ခါတစ်ရံ မှာတော့ လူသူလေးပါး မမြင်ရအောင် တိတ်တခိုးပြုံးကြရ၏။ သူတို့၏ခမည်း တော်သည် နှုတ်တော်က တစ်စုံတစ်ရာ စကားဆိုတိုင်း သားတော်၊ သမီးတော် များ၏ အမည်ကပါနေ၏။ ထို့အတူပင် သားတော်၊ သမီးတော်များက သူနှင့် အတူပါလာကြ၏။ သားတော်နှစ်ပါးတို့ က ပခုံးတစ်ဖက်တစ်ချက်စီမှာ စံပျော် နေကြပြီဆိုလျှင် သမီးတော်လေးက ခမည်းတော်၏ရင်ခွင်ထဲမှာရှိနေလေ၏။

ဤကဲ့သို့ သူတို့၏ခမည်းတော် ကြီးက အဖြစ်သည်းလေ နန်းတွင်းသူ နန်းတွင်းသား အမှုထမ်းတို့မှာ အနေရ ခက်လေ။ မင်းပြစ်မင်းဒဏ်ကြောင့် ကြိုး ကြိုးစားစား ဖုံးဖိထားကြရသည့်ကြားက ပင် တစ်ခါတစ်ရံမှာတော့ သတိလက် လွတ်ဖြစ်သွား၍ ပြုံးမိရယ်မိကြပါတော့ သည်။

ခက်တာကတော့ သူတို့၏ တိတ် တခိုးအရယ်အပြုံးကို ဗြဟ္မဒတ်မင်းက မြင်မိအောင် မြင်လိုက်ခြင်းပင် ဖြစ်ပေ သည်။

မိမိချစ်ခင်မြတ်နိုးသောသားတော်၊ သမီးတော်များနှင့် ယှဉ်ယှဉ်ယဆက်ဆံ နေတာကို ပြက်ရယ်ပြုရပါမည်လောဟု ရုတ်တရက်သော် ဗြဟ္မဒတ်မင်းက မျက် မာန်တော်ရှမိ၏။ သို့ရာတွင် သူတို့ဘက် က ကြည့်ပြန်တော့လည်း ဤသို့ပင်ရှိပေ လိမ့်မည်ဟု ဖြေတွေးတွေးနိုင်သဖြင့် ရုတ်တရက်ထွက်လာမိသော စိတ်မျက် မာန်ကို ပြန်လည် ရုပ်သိမ်းနိုင်ပါလေ၏။ သို့ရာတွင် ဤကိစ္စကို ပေါ့ပေါ့ဆဆ သဘောထား၍တော့ မရနိုင်ပါချေ။ သူ တို့တစ်တွေအဖို့ ရယ်စရာ၊ ပြုံးစရာဖြစ် နေရသည်မှာ သားတော်၊ သမီးတော်တို့ ၏ ဒိဋ္ဌမျက်မြင်အသွင်အပြင်ကြောင့် သာ ဖြစ်သည်။ သားတော်၊ သမီးတော် တို့၏ အတွင်းအဖျတ္တသန္တာန်က အရည် အချင်းမှန်ကိုသာ သူတို့သိခွင့်ရပါက မည်သူတစ်ဦးတစ်ယောက်မျှ ပြက်ရယ် ပြုဝံ့တော့မည် မဟုတ်ချေ။

သို့ဖြစ်၍ ဗြဟ္မဒတ်မင်းသည် သားတော် ဝေဿန္တရာ၏ နန်းဆောင်သို့ အမတ်တစ်ယောက်ကို စေလွှတ်လိုက် ၏။ 'သားတော်ထံ ပြဿနာမေးရန်ရှိနေ တာကြောင့် အဘယ်အချိန်မှာ လာခဲ့ရ ပါ့မလဲ' ဟု မေးမြန်းစေ၏။ သားတော် ဝေဿန္တရာကလည်း အထိန်းတော် အမတ်နှင့် တိုင်ပင်ပြီးလျှင် 'ဒီနေ့က နောက်ခုနစ်ရက်မြောက်မှာ ကြွတော် မူခဲ့ပါဘုရား' ဟု ပြန်ကြားလိုက်လေ သည်။

ခုနစ်ရက်မြောက်ရောက်လာသော အခါ ခမည်းတော် ဗြဟ္မဒတ်မင်းသည် သားတော်ကြီးဝေဿန္တရာထံ ကြွရောက် လာ၏။ သားတော်ကြီး ဝေဿန္တရာက လည်း မင်းခမ်းမင်းနားကြီးကျယ်စွာဖြင့် ဦးခိုက်ကြိုဆိုပြီးလျှင် မိမိ၏ နန်းဆောင် မှာပင် ခမည်းတော်အား ပွဲတော်စာများ တည်ခင်း၍ ဧည့်ခံ၏။ ခမည်းတော် ဗြဟ္မဒတ်မင်းကလည်း ပွဲတော်စာများကို မြိန်ရှက်စွာ သုံးဆောင်ပြီးလျှင် နန်းရင် ပြင်၌ ကြိုတင်၍ ဆောက်လုပ်ထားသော မဏ္ဍပ်ကြီးသို့ လျှောက်လှမ်းလာ၏။ ဗာရာဏသီမြို့တော်သူမြို့တော်သားတို့ သည် ထိုမဏ္ဍပ်ကြီးနှင့် အပြည့်ရောတိ နှင့်နေကြ၏။ ယခင်နေ့ကပင် မြို့တော် ကြီးတစ်ခုလုံး၌ စည်တော်တီးခတ်ကာ လှည့်လည်ကြွေးကြော်ထားသဖြင့် သား တော်ကြီး ဝေဿန္တရာ၏ ပြဿနာပြေ ကြားသံကို နာခံရအောင် သူထက်ဝါ နေရာဦးထားကြခြင်း ဖြစ်ပေသည်။

မဏ္ဍပ်ကြီးအတွင်း၌ ခင်းကျင်း ထားသော ရာဇပလ္လင်ထက်သို့ ဗြဟ္မဒတ် မင်းထိုင်မိသောအခါ ခင်ပုပ်ငှက်တော် ထိန်းအမတ်က သားတော် ဝေဿန္တရာ ကို ရွှေအင်းပျဉ်နှင့်တကွ သယ်ဆောင် လာ၍ ခမည်းတော်၏ လက်ဝယ်သို့ ဆက်သ၏။ ခမည်းတော်ကလည်း အလိုက်သင့် ပွေ့ပိုက်ယူငင်၍ ရင်ခွင်မှာ ထား၏။ သားတော်ကြီး ဝေဿန္တရာ သည် ခမည်းတော်၏ ရင်ခွင်ထက်၌ ခေတ္တသာနေထိုင်ပြီးလျှင် မိမိ၏ ရွှေ အင်းပျဉ်သို့ ရွှေ့ပြောင်းလာခဲ့၏။

ဤသို့ သားတော်နှင့်ခမည်းတော် တို့နှစ်ဖက်လုံး နေသားတကျရှိလာကြ သောအခါ ခမည်းတော်ဗြဟ္မဒတ်မင်း၏ ဤသို့နှုတ်ခွန်းစလိုက်လေသည်။

"အို-သားတော်ကြီး ဝေဿန္တရာ သင်သားတော်ကြီးမှာ မင်္ဂလာအပေါင်း နဲ့ပြည့်စုံပါစေ။ သင်သားတော်ကြီး ဝေဿန္တရာကိုမေးချင်ပါတယ်။ တိုင်းပြည် အုပ်ချုပ်မင်းလုပ်လို့သူအတွက် ဘယ် အချက်တွေက အကောင်းဆုံးဖြစ်ပါ သလဲ။ ဒီမေးခွန်းကို ဟုတ်တိုင်းမှန်စွာ ဖြေလိုက်စမ်းပါ"

ဤသို့သော မေးခွန်းမျိုးကို သား တော်ကြီး ဝေဿန္တရာက အတောင့် အလက်စုံကတည်းက မျှော်လင့်လာခဲ့ ၏။ ခမည်းတော်၏ နှုတ်ဖျားမှ ဤသို့ သောမေးခွန်းမျိုး ပေါ်ထွက်လာပါက မိမိဘက်ကလည်း သွက်သွက်လက် လက်ချက်ကျလက်ကျဖြေဆိုရန် အသင့် ပြင်ဆင်ထားခဲ့၏။ သို့ပါလျက် ခမည်း တော်မင်းကြီးမှာ ထီးနန်းစည်းစိမ်မှား ခံစားကာ မေ့မေ့လျော့လျော့ဖြစ်နေခဲ့ ၍ နှစ်တွေ လတွေကျော်လွန်လာခဲ့ရကြ မှ ယခုမှ မေးဖော်ရလာပေတော့သည်။

ထို့ကြောင့် သားတော်ကြီး ဝေဿန္တရာသည် ထိုမျှလောက် ကြာ

www.burmeseclassic.com

www.burmeseclassic.com

သောင်းအောင် အချိန်ဖြုန်းလာခဲ့သည်ကို အပြစ်တင်စကား ပြောကြားပြီးမှ ခမည်းတော်မင်းကြီး၏မေးခွန်းကိုအပြည့်အစုံဖြေကြားလိုက်လေသည်။

"ခမည်းတော်မင်းမြတ်၊ လောကဒဲ့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူဆိုရင် ဝတ်မှန်တဲ့စကားကို ရှောင်ရှားရပါမယ်။ ဒီအပြင် ရွတ်တရက်အမျက်ထွက်ယွယ်တာကိုလည်း ဧရှောင်နိုင်ရပါမယ်။ ဂူဇွန်မရှိ၊ သိက္ခာမရှိ၊ ပေါ့တိပေါ့ပြက်ကြောဆိုနေထိုင်ခြင်းကိုလည်း မပြုရပါဘူး။ ဒီလိုအခြေခံကျင့်ဝတ်တွေကို ကျင့်သုံးမှု မင်းမှုကိစ္စဟူသမျှကို စိမ်ခန့်ခွဲသင့်ပါတယ်။ ရွေးရွေးက ပညာရှိကြီးများ လက်ဆင့်ကမ်းလာခဲ့ကြတဲ့မင်းကျင့်တရားများ ဖြစ်ပါတယ်။

ခမည်းတော်မင်းမြတ်၊ တကယ်လို့ မင်းတော်မင်းကြီးဟာ အမျိုးသမီးတစ်ယောက်ယောက်ကို တပ်မက်မောမိခဲ့ဖြစ်စေ၊ တစ်စုံတစ်ယောက်ကို အမုတ်ထွက်မိလို့ဖြစ်စေ အဆောတဆင် ဆောင်မခြင်ပြုခဲ့မိမယ်ဆိုရင် ခမည်းတော်မင်းမြတ်မှာ နောင်တတစ်ဖန် ပွန်နေရပါလိမ့်မယ်။ အဲဒီအမှုကို ပြန်ဆွေးနွေးတိုင်း စိတ်မချမ်းမသာဖြစ်နေရမယ်မဟုတ်ပါလား။ ဒါကြောင့် အဲဒီလိုအမှုမျိုးကို ကြိုးစား၍ ရှောင်ကြဉ်တော်မူပါဘုရား။

ခမည်းတော်မင်းမြတ်၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့သူက ပေါ့ပေါ့တန်းနေထိုင်ခဲ့မယ်ဆိုရင် သူ့ပိုင်ဆိုင်ထားသမျှ ငွေးစိမ်ဥစ္စာတွေပျက်စီးဆုံးရှုံးသွားရလိမ့်မယ်။ အဲဒီလို ဆုံးရှုံးရတာကို မင်းတို့ရဲ့ ဆင်းရဲခြင်းလို့ ရွေးရွေးပြောရှိကြီးများ မိန့်ကြားခဲ့ကြပါတယ်။ ဒါကြောင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်မနေမိအောင် အထူးသတိထားပြီး ရှောင်ရှားတော်မူပါဘုရား"

ဤသို့ စသဖြင့် မင်းကောင်းမင်းမြတ်တို့ သိအပ်ကျင့်အပ်သော မင်းကျင့်တရားတို့ကို ပါဠိဘာသာဂါထာဗန္ဓ (၁၁) ပုဒ်ဖြင့် သားတော်ကြီး ဝေဿန္တရာမင်းသားထံတော် လျှောက်တင်လိုက်ရာ ထိုတရားတော်နှင့်အပြည့် စုဝေးရောက်ရှိနေကြသော ပရိသတ်ကြီးက လက်ခုပ်သံများ ဆူညံဖောင်းနှင့် ကောင်းချီးသြဘာသံများ ပေးလေသည်။

ဤတွင် ခမည်းတော် ပြဟ္မဒတ်မင်းသည် သားတော်ကြီး ဝေဿန္တရာ၏ တရားတော်စကားတို့ကို အားရကျေနပ်သောအခါ သားတော်ကြီး၏ ဉာဏ်ပညာအရည်အချင်းနှင့် ထိုက်တန်အောင် ချီးမြှောက်ရန်အရေးကို မှူးတော်မတ်တော်များနှင့် ဆွေးနွေးတိုင်ပင်တော်မူလေရာ မှူးတော်မတ်တော်များ၏ တညီတညွတ်တည်းသော လျှောက်တင်ချက်အရ စစ်ဗိုလ်ချုပ်ကြီးရာထူးဖြင့် ချီးပင့်မြှောက်စားလိုက်လေသည်။

သားတော်ကြီး ဝေဿန္တရာကလည်း မိမိ၏ ဉာဏ်ပညာရှေ့သွားရှိသော နှုတ်ထွက်စကား၊ နှုတ်စွမ်းကို အသုံးပြုကာ စစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏ လုပ်ငန်းတာဝန်အဝဝကို ကျေပွန်စွာ ထမ်းဆောင်ပါပေသည်။

ထို့နောက် တစ်ဖန် ခုနစ်ရက်လွန်ပြန်သော် ခမည်းတော် ပြဟ္မဒတ်မင်းသည် သမီးတော်ကုဏ္ဍလိနီ၏ စွမ်းရည်သတ္တိကိုလည်း ထင်ထင်ရှားရှားပြလိုသဖြင့် မဏ္ဍပ်တော်ကြီးအတွင်းက ရာဇပလ္လင်ထက်သို့ တက်လာပြီးလျှင် သမီးတော်ကို ရင်ခွင်ထက်မှာထားလျက် -

"စစ်ဗိုလ်ချုပ်ကြီးရဲ့ နှမကလေး ကုဏ္ဍလိနီ၊ သင့်ကိုလည်း ငါခမည်းတော်က မေးချင်ပါသေးတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ရဲ့ ကျင့်ဝတ်ကို မေးချင်ပါသေးတယ်။ သင်သမီးတော် ဖြေနိုင်ပါ့မလား"

ဤသို့သွေးတိုးစမ်းသောသဘောဖြင့် ခမည်းတော်က စကားခေါ်လိုက်ရာ -

"အို- ခမည်းတော်မင်းမြတ်ဘုရား။ ကျွန်မကို မိန့်ကလေးဆိုပြီးတော့ အထင်တော်အမြင်တော်သေးနေပါသလား။ ခမည်းတော်မင်းမြတ် မေးမြန်းတာ မှန်သမျှ တစ်ခုမကျန် ဖြေကြားပါ့မယ်ဘုရား"

ဤသို့ သမီးတော် ကုဏ္ဍလိနီက ပရိသတ်ဗိုလ်ပုံအလယ်၌ ရဲရဲဝံ့ဝံ့ တင်လျှောက်ပြီးလျှင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့၏ ကျင့်ဝတ်တို့ကို ဤသို့ ဖြေကြားလေသည်။

"ခမည်းတော်မင်းမြတ်၊ ပြည့်ရှင်မင်းတို့ရဲ့ ကျင့်ဝတ်တွေထဲမှာ အခြေခံအကျဆုံးက နှစ်ပါးတည်းသာ ဖြစ်ပါတယ်။ အဲဒါကတော့ မရသေးတဲ့ စည်းစိမ်ချမ်းသာကို တရားသောနည်းလမ်းရအောင် ကြိုးစားတာရယ်၊ ရရှိပြီးတဲ့ စည်းစိမ်ချမ်းသာကို ယုတ်လျော့ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းမရှိရအောင် စောင့်ရှောက်တာရယ် ဒွိနှစ်ပါးသာဖြစ်ပါတယ်ဘုရား။

ခမည်းတော်မင်းမြတ်၊ ရရှိပြီးတဲ့ စည်းစိမ်ချမ်းသာကို စောင့်ရှောက်နိုင်တာကတော့ အရည်အချင်းပြည့်ဝတဲ့ ဘဏ္ဍာတော်စိုး ဖြစ်ပါတယ်။ ပြည့်ရှင်မင်းရဲ့ ဘဏ္ဍာစိုး ဆိုတာ ဣန္ဒြေသိက္ခာနဲ့ တည်တည်ကြည်ကြည်နေလာခဲ့သူ ဖြစ်ရပါ့မယ်။ ဘဏ္ဍာတော်စိုးတို့ရဲ့ လုပ်ငန်းကိစ္စအဝဝတို့မှာ ကျွမ်းကျင်ထားသူဖြစ်ရပါ့မယ်။ လောင်းကစား၊ အသောက်အစားခြင်းတို့နဲ့ ကင်းရှင်းရပါမယ်။ အဝတ်အဆင်နဲ့ပတ်သက်လို့ မော်မော်ကြွားကြွားမပြုတတ်သူဖြစ်ရပါမယ်။ ဒီလိုအရည်အချင်းနဲ့ ပြည့်စုံတဲ့သူကို ရွာဖွေစုံစမ်းပြီးတော့ ဘဏ္ဍာတော်စိုးခန့်သင့်ပါတယ်။

ခမည်းတော်မင်းမြတ်၊ အမှုတော်ထမ်းအဆင့်ဆင့်တို့ကို လစာရိက္ခာထောက်ပံ့ခြင်း၊ ရေရှည်အကျိုးစီးပွားတိုးပွားရန် အလားအလာရှိတဲ့လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ တိုင်းသူပြည်သားတို့အတွက် အရင်းအနှီးပြုဖို့ ငွေတော်များထုတ်ချေးခြင်း၊ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ ဒီလိုကိစ္စမျိုးတွေကို ခမည်းတော်ကိုယ်တိုင်သာ တာဝန်ယူတော်မူပါဘုရား။

ခမည်းတော်မင်းမြတ်၊ ရွှေနန်းတော်သို့ အပို့အဆက်ရောက်လာကြတဲ့ အခွန်တော်တွေ၊ တိုင်းသူပြည်သားတို့အတွက် ထုတ်ပေးရတဲ့ မျိုးရိက္ခာတွေရှိပါတယ်။ ဒါတွေကို ခမည်းတော်ကိုယ်တိုင် သိထားသင့်ပါတယ်။ နောက်ပြီးတော့ မိမိအမှုထမ်းများထဲက ချီးမြှောက်ထိုက်သူနဲ့ နှိပ်ကွပ်ထိုက်သူတို့ကိုလည်း ခွဲခြားနိုင်ပါစေ။ ခွဲခြားပြီးတော့ ချီးမြှောက်ထိုက်သူကို ထိုက်ထိုက်တန်တန်ချီးမြှောက်ပြီးတော့ နှိပ်ကွပ်ထိုက်သူကိုလည်း ထိထိရောက်ရောက်နှိပ်ကွပ်တော်မူပါဘုရား"

ဤသို့ စသဖြင့် သမီးတော် ကုဏ္ဍလိနီက မင်းကျင့်တရားအမြောက်အမြားထဲက ဘဏ္ဍာတော်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်သော ကျင့်ဝတ်တို့ကို ပါဠိဘာသာဂါထာဗန္ဓ (၁၁)ပုဒ်တို့ဖြင့် ထုတ်ဖော် လျှောက်တင်လိုက်ရာ ခမည်းတော် ပြဟ္မဒတ်မင်းက အားရကျေနပ်လှသဖြင့် သမီးတော် ကုဏ္ဍလိနီအား ဘဏ္ဍာတော်ထိန်းအရာထား၍ မြှောက်စားလိုက်လေသည်။

ထို့မှတစ်ဖန် ခုနစ်ရက်လွန်လာသောအခါ နန်းရင်ပြင်ရှိ မဏ္ဍပ်တော်ကြီးထဲ၌ ပရိသတ်အစုံအလင်ရောက်

www.burmeseclassic.com

လာကြပြန်၏။ ဟရာဏာသီမြို့တော်သူ မြို့တော်သား ပရိသတ်အပေါင်း၏ ရှေ့မှောက်၌ ခမည်းတော်ဗြဟ္မဒတ်မင်းသည် သားတော်ငယ် ဇမ္ဗုကကို ပွဲထုတ်ပြန်၏။ ဤအကြိမ်၌မူ ခမည်းတော် ဗြဟ္မဒတ်မင်းသည် နောင်တော်နှင့် အစ်မတော်တို့တုန်းကကဲ့သို့ မင်းကျင့်တရားသက်သက်ကိုသာ မမေးတော့ဘဲ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ အားကိုးအားထားပြုထိုက်သောအင်အား အမျိုးအစားတို့ကိုလည်း တွဲဖက်၍ မေးမြန်း၏။

ဤတွင် ဘုရားအလောင်းတော် ဇမ္ဗုကသည် ခမည်းတော်၏ ရင်ခွင်ထက်မှ ဆင်းသက်လာပြီးလျှင် မိမိအတွက် အသင့်ပြင်ဆင်ထားသော နေရာထက် သို့တက်ပြီးလျှင် အတောင်နှစ်ဖက်တို့ကို ပူးယှက်၍ အရိုအသေပြုလျက် -

"ခမည်းတော်မင်းမြတ်၊ သိလိုရေး နှင့်မေးလာသမျှကို သားတော်က ဖြေဆို ပါ့မယ်။ ရွှေနားတော်နှစ်ဖက်ဖြင့် နှစ်သက်စွာ နာယူတော်မူပါလော"

ဤသို့ နိဒါန်းပျိုးပြီးလျှင် ခမည်းတော်မင်းကြီး၏ မေးခွန်းတို့ကို အပြည့်အစုံဖြေကြားလိုရှိ -

"ခမည်းတော်မင်းမြတ်၊ သူတကာတို့ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ မင်းယောကျ်ားမှာ အားကိုးအားထားပြုစရာ အင်အားငါးမျိုးရှိသင့်ပါတယ်။ အဲဒီအင်အားငါးမျိုးထဲက ကာယဗလဆိုတဲ့ အင်အားကို အများစုက အားကိုးအားထားပြုတတ်ကြပါတယ်။ ဒါပေမယ့် အဲဒီအင်အားက အဆင့်အတန်းအနိမ့်ဆုံး ဖြစ်ပါတယ်။ သူ့အထက်က ဒုတိယနေရာမှာရှိတာကတော့ ဘောဂဗလဆိုတဲ့ ဥစ္စာအင်အားဖြစ်ပါတယ်။ အဲဒီဥစ္စာအင်အားရဲ့အထက်မှာတော့ အမစ္စဗလဆိုတဲ့ အမှုထမ်းတွေအပြည့်အစုံရှိနေတဲ့ အင်အားဖြစ်ပါတယ်။ အဲဒီရဲ့အထက်က စတုတ္ထနေရာမှာတော့ အဘိဇစ္စဗလဆိုတဲ့ မျိုးရိုးဇာတိအင်အားရှိနေပါတယ်။

ခမည်းတော်မင်းမြတ်၊ ဒီအင်အားလေးမျိုးတို့ကို လူအများစုက အဖိုးထိုက်အဖိုးတန်လို့ သတ်မှတ်ထားကြပါတယ်။ ဒါပေမယ့် အဲဒီအင်အားလေးပါးလုံးထက် သာလွန်ပြီး အားကိုးထိုက်တာကတော့ ပညာဗလဆိုတဲ့ အင်အားဖြစ်ပါတယ်။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အရေးကိစ္စတို့မှာ ဖြောင့်ဖြောင့်မှန်မှန် ဝေဖန်စဉ်းစားနိုင်တဲ့ ပညာစွမ်းအားဖြစ်ပါတယ်။ ပညာစွမ်းအားရဲ့အထောက်အကူကို ရယူနိုင်မယ်ဆိုပါက လိုအပ်ရာရာ ကောင်းကျိုးချမ်းသာဟူသမျှကို ရယူနိုင်ပါတယ်။

ခမည်းတော်မင်းမြတ်၊ အောက်တန်းစားစွမ်းအားလေးမျိုးကို အားကိုးအားထားပြုပြီးတော့ ရတနာအထွေထွေ ဆန်ရှေ့ပေါ်ပေါ်များလှတဲ့ နိုင်ငံကြီးတစ်ခုလုံးကို သိမ်းကျုံးစိုးပိုင်တဲ့မင်းဟာ ဉာဏ်ပညာဆိုတဲ့ စွမ်းအားမရှိဘူးဆိုရင်တော့ အခြားတစ်ပါးသောမင်းတို့ရဲ့ အနှိုင့်အထက် တိုက်ခိုက်သိမ်းပိုက်ခြင်းကို ခံရပါလိမ့်မယ်။

ခမည်းတော် မင်းမြတ်၊ မင်းမျိုးမင်းနွယ်ဆိုတာ ရှေ့ပိုင်းက အင်အားသုံးမျိုးထက် အစွမ်းထက်ပါတယ်။ မင်းမျိုးမင်းနွယ်ဖြစ်လျှင် ထီးနန်းစည်းစိမ်ကို ဆက်ခံစိုးစံနိုင်တဲ့ အခွင့်အရေးရှိနေပါတယ်။ အဲဒီလို အခွင့်အရေးအရ မင်းသားတစ်ပါးက ထီးနန်းစည်းစိမ်ကို ရယူနိုင်သော်ငြားလည်း ဉာဏ်ပညာစွမ်းအားမရှိဘူးဆိုရင်တော့ မင်းသက်ရှည်မှာမဟုတ်ပါ။

ခမည်းတော်မင်းမြတ်၊ လူ့ဘောင်လောကမှာ အသိဉာဏ်ကသာလျှင် အတတ်ပညာဟူဟူသမျှတို့ကို အဆုံးအဖြတ်ပေးနိုင်ပါတယ်။ အသိဉာဏ်စွမ်းအားနဲ့ပြည့်စုံတဲ့သူမှာ ကောင်းသတင်းတွေ ဝေဝေစည်နေတတ်ပါတယ်။ အသိဉာဏ်နဲ့ပြည့်စုံသူကို လူအပေါင်းက အလေးအမြတ်ပြုကြရပါတယ်။ အသိပညာနဲ့ပြည့်စုံတဲ့သူဟာ မဆိုဆိုကောင်း တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆင်းရဲဒုက္ခကျရောက်နေစေဦးတော့ မကြာခင်မှာပဲ ဆင်းရဲတွင်းက လွန်မြောက်လာနိုင်ပါတယ်ဘုရား"

ဤသို့ စသဖြင့် သားတော်အငယ်ဆုံး ဇမ္ဗုကက ဉာဏ်ပညာတည်းဟူသော ပဉ္စမစွမ်းအား၏ ဂုဏ်ကျေးဇူးတို့ကို ပါဠိဘာသာဂါထာဗန္ဓ (၁၂) ပုဒ်တို့ဖြင့် ထုတ်ဖော်လျှောက်ထားပြီးလျှင် ခမည်းတော်မင်းကြီး၏ မေးခွန်းထဲ၌ တွဲဖက်ပါဝင်နေသော မင်းကျင့်တရားအမျိုးမျိုးတို့ကိုလည်း ပါဠိဘာသာဂါထာဗန္ဓ (၁၀) ပုဒ်တို့ဖြင့် ထုတ်ဖော်တင်လျှောက်လေသည်။

ဤအကြိမ်တွင်လည်း ခမည်းတော် ဗြဟ္မဒတ်မင်းက ဤမျှလောက် ဉာဏ်ပညာအရည်အချင်းနှင့် ပြည့်စုံနေသော သားတော်အငယ်ဆုံး ဇမ္ဗုကကို ထိုက်ထိုက်တန်တန်ကြီး ချီးမြှောက်နိုင်ရေးကို ဆွေးနွေးတိုင်ပင်တော်မူလေရာ မှူးတော်မတ်တော်အပေါင်းက စစ်သူကြီးရာထူးဖြင့် ချီးကျူးဂုဏ်ပြုရန် လျှောက်တင်ကြလေသည်။

ဤသို့အားဖြင့် ငှက်သိုက်ထဲမှာ ပေါက်ဖွားလာခဲ့ကြရသော သားတော်ကြီး ဝေဿန္တရာ၊ သမီးတော် ကုဏ္ဍလိနီနှင့် သားတော်လေး ဇမ္ဗုကတို့သည် မိမိတို့၏ အသိဉာဏ်စွမ်းအား၊ နှုတ်ထွက်စွမ်းအားတို့ဖြင့် ပေးအပ်သော တာဝန်ဟူသမျှကို ကျေပွန်အောင် ထမ်းဆောင်လာခဲ့ကြ၍ နှစ်ပေါင်းများစွာကြာလတ်သော် သူတို့၏ခမည်းတော် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံသွားလေသည်။

ဤတွင် မှူးတော် မတ်တော်များသည် နတ်ရွာစံမင်းကြီးအလောင်းတို့ မင်းခမ်းမင်းနားနှင့်အညီ ဈာပနကိစ္စများ ဆောင်ရွက်ကြပြီးလျှင် သားတော်ငယ် ဇမ္ဗုကရှေ့မှောက်၌ လာရောက်စုဝေးကြကုန်၍ -

"အို- အရှင့်သားတော်၊ သားတော်တို့ရဲ့ ခမည်းတော်မင်းတရားကြီးနတ်ရွာစံသွားပြီဖြစ်တာကြောင့် ရွှေနန်းတော်ထုံးတမ်းစဉ်လာအရ ခမည်းတော်မင်းကြီးရဲ့ ထီးနန်းစည်းစိမ်အမွေကို ဆက်ခံ တော်မူပါဘုရား"

၈၇ လျှောက်တင်ပန်ကြားကြ၏။

"အို- မှူးတော်မတ်တော်တို့၊ ငါတို့ရဲ့ ကျေးဇူးရှင် ခမည်းတော်မင်းတရားကြီး မရှိတော့ဘူးဆိုမှတော့ ငါတို့မှာ ဒီနန်းတော်ကြီးထဲမှာ ဆက်ပြီးမနေချင်တော့ပါ။ သင်တို့အားလုံးကသာ စုပေါင်းခေါင်းဆောင်ပြီးတော့ တိုင်းတော်ပြည်တော်ကို စီမံအုပ်ချုပ်ပြီး နေရစ်ကြပါတော့။ တိုင်းတော်ပြည်တော်ကို စီမံအုပ်ချုပ်မယ့် စည်းကမ်းဥပဒေများကို ငါက နှုတ်မြွက်ဖြီး ပြောပြပေးပါ့မယ်။ သင်တို့က ရွှေပြားမှာ ရေးမှတ်ထားပြီး အားလုံးက လိုက်နာကျင့်သုံးပြီး နေရစ်ကြပါတော့"

ဤသို့ ပြောဆို၍ မှာထားဖွယ်ကိစ္စအဝဝကို မှာထားခဲ့ပြီးလျှင် သားတော်သမီးတော်သုံးပါးလုံး ရွှေနန်းတော်ကြီးမှ ထွက်ခွာလာခဲ့ကြလေသည်။

ဘုရားအလောင်းတော် ဇမ္ဗုကသုခမိန်၏ စည်းကမ်းဥပဒေများကို မှူးတော်မတ်တော်အပေါင်းက သားတော်မြေးဆက် လက်ဆင့်ကမ်း၍ လိုက်နာကျင့်သုံးလာခဲ့ကြသည်မှာ နှစ်ပေါင်းသောင်းတိုင်တိုင် ခိုင်မြဲခဲ့သည်ဟု ဇာတကဝန္ဓကထာဆရာကြီးက မှတ်ချက်ပြုထားခဲ့ပါပေသည်။

ဝဏ္ဏသိင်္ဂ

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရားပြောခဲ့သလဲ(၅)

ကိုယ်တိုင်သိတရား

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

တစ်ခါက ပုဏ္ဏားပရိဇိန်းယောက်သည် မြတ်စွာဘုရားထံသွားပြီး၍ ဤသို့မေးလျှောက်၏။

အရှင်ဂေါတမ၊ ကိုယ်တိုင်သိသောတရား၊ ကိုယ်တိုင်သိသောသိသောတရားဟု ဆိုပါသည်။ အဘယ်မျှဖြင့်တရားသည် ကိုယ်တိုင်သိဖြစ်ပါသနည်း။ အခြားလင့်အကျိုးပေးပါသနည်း။ လာ-ဒီမှာကြည့်ဟုပြုနိုင်လောက်အောင်ဖြစ်ပါသနည်း။ မိမိစိတ်ထဲ၌ စွဲမြဲဆောင်ယူထားထိုက်ပါသနည်း။ အရိယာပညာရှိတို့ကိုယ်စီကိုယ်၌ သိရှိခံစားအပ်ပါသနည်း။

ထိုသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားရှင်က အောက်ပါအတိုင်း ဟောကြားတော်မူလေ၏။

ပုဏ္ဏား၊ တပ်မက်မှုရာဂတရားတို့ကို ပယ်ခွာခြင်းခံရသောသူသည် မိမိဆင်းရဲရန်အတွက်လည်းကြံ၏။သူတစ်ပါးဆင်းရဲရန်အတွက်လည်းကြံ၏။ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး ဆင်းရဲရန်အတွက်လည်းကြံ၏။ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်းကိုလည်းခံစားရ၏။ ရာဂကို ပယ်ခွာလိုက်သည်ရှိသော် မိမိဆင်းရဲရန်အတွက်လည်း မကြံစည်၊ သူတစ်ပါးဆင်းရဲရန်အတွက်လည်း မကြံစည်၊ မိမိ သူတစ်ပါး နှစ်ဦးစလုံး ဆင်းရဲရန်အတွက်လည်း မကြံစည်၊ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်းကိုလည်း မခံစားရ။

ပုဏ္ဏား၊ တပ်မက်မှုရာဂတရားတို့ကို ပယ်ခွာခြင်းခံရသောသူသည် မိမိအကျိုးကိုလည်း မကောင်းမှုကိုပြု၏။ သူတစ်ပါးအကျိုးကိုလည်း မကောင်းမှုကိုပြု၏။ နှစ်ဦးစလုံးအကျိုးကိုလည်း မကောင်းမှုကိုပြု၏။ ပယ်ခွာလိုက်သည်ရှိသော် ကိုယ်တိုင်လည်း မကောင်းမှုကိုမပြု၊ နှုတ်ဖြင့်လည်း မကောင်းမှုကိုမပြု၊ စိတ်ဖြင့်လည်း မကောင်းမှုကိုမပြု။

ပုဏ္ဏား၊ တပ်မက်မှုရာဂဖြင့် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ။ သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ။ မိမိ၊ သူတစ်ပါးနှစ်ဦးစလုံး၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ။ ရာဂကို ပယ်ခွာလိုက်သည်ရှိသော် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။

ပုဏ္ဏား၊ ဤသို့လျှင် ဤရာဂသည် ကိုယ်တိုင်သိဖြစ်၏။ အခါမလင့် အကျိုးပေး၏။ လာ-ဒီမှာကြည့်ဟု ပြနိုင်၏။ မိမိစိတ်ထဲ၌စွဲမြဲဆောင်ယူထားထိုက်၏။ အရိယာပညာရှိတို့ ကိုယ်စီကိုယ်ငသိရှိခံစားအပ်၏။

ပုဏ္ဏား၊ အမျက်ထွက်မှုဒေါသတရား၊ တွေဝေမှုမောဟတရားဖြင့် နှိပ်စက် ဖမ်းစားခြင်းခံရသောသူသည် မိမိဆင်းရဲရန်အတွက်လည်း ကြံ၏။ သူတစ်ပါးဆင်းရဲရန်အတွက်လည်း ကြံ၏။ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး ဆင်းရဲအတွက်လည်း ကြံ၏။ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏။ ဒေါသကို ပယ်ခွာလိုက်သည်ရှိသော်၊ မောဟကို ပယ်ခွာလိုက်သည်ရှိသော် မိမိဆင်းရဲရန်အတွက်လည်း မကြံစည်၊ သူတစ်ပါးဆင်းရဲရန်အတွက်လည်း မကြံစည်၊ မိမိ-သူတစ်ပါး နှစ်ဦးစလုံးဆင်းရဲရန်အတွက်လည်း မကြံစည်။ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်းကိုလည်း မခံစားရ။

ပုဏ္ဏား၊ အမျက်ထွက်မှုဒေါသတရား၊ တွေဝေမှုမောဟတရားဖြင့် နှိပ်စက် ဖမ်းစားခြင်းခံရသောသူသည် ကာယကံမကောင်းမှုကိုလည်း ပြု၏။ ဝစီကံ မကောင်းမှုကိုလည်း ပြု၏။ မနောကံ မကောင်းမှုကိုလည်း ပြု၏။ ဒေါသကို ပယ်ခွာလိုက်သည်ရှိသော်၊ မောဟကို ပယ်ခွာလိုက်သည်ရှိသော် ကာယကံ မကောင်းမှုကိုလည်းမပြု၊ ဝစီကံမကောင်းမှုကိုလည်း မပြု။

ပုဏ္ဏား၊ အမျက်ထွက်မှုဒေါသတရား၊ တွေဝေမှုမောဟတရားနှင့် နှိပ်စက်ဖမ်းစားခြင်းခံရသောသူသည် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ။ မိမိ၊ သူတစ်ပါးနှစ်ဦးလုံး၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ။ ဒေါသကို ပယ်ခွာလိုက်သည်ရှိသော်၊ မောဟကို ပယ်ခွာလိုက်သည်ရှိသော် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။

ပုဏ္ဏား - ဤသို့လျှင် တရားသည် ကိုယ်တိုင်သိနိုင်၏။
အခါမလင့် အကျိုးပေး၏။
လာ - ဒီမှာကြည့်ဟုပြနိုင်၏။
မိမိစိတ်ထဲ၌ စွဲမြဲဆောင်ယူထားထိုက်၏။
အရိယာပညာရှိတို့ကိုယ်စီကိုယ်ငသိရှိခံစားအပ်၏။

စုစည်းရှာဖွေမှုဝေသည်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

မြတ်စွာဘုရားသခင်၏ တရားဒေသနာတော်များကို အပြည့်အစုံမဖတ်နိုင်သေးသည့် ဗုဒ္ဓဘာသာဝင် လူကြီး၊ လူငယ်များ ဖတ်ရှုထားသင့်သည်ဟု ယုံကြည်ပါ၏။ ဆရာကြီး ဒဂုန်ဦးထွန်းမြင့် ပြည့်စုံစွာ ပြန်ဆိုရေးသားထားသော လွန်ခဲ့သည့် ၁၃၂၇ ခုနှစ် နှစ်ပေါင်းဆယ်ကျော်က အဖိုးတန် ရတနာတစ်ခုကို ရှာဖွေစုစည်းမှုဝေလိုက်ပါသည်။

စာအုပ်အမည် - ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ။

www.burmeseclassic.com

www.burmeseclassic.com

(ပုဂံခေတ် ဝတ္ထုသာ)

ဦးကျော်ဂိုဏ်

အဇာတသတ်မင်းအကြောင်း သိကောင်းစရာ

ဗုဒ္ဓဘုရားရှင်လက်ထက် အိန္ဒိယနိုင်ငံ မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်ကို ကျေးဇူးရှင် ခမည်းတော်အားသတ်ခဲ့သည့် လူသတ်သမားကြီးအဖြစ်ဖြင့် မြန်မာတို့သိနေကြပါသည်။ ဓာတ်ပြားခေတ်တွင် အဆိုတော် ဒေါ်ကြည်အောင် သီဆိုအသံသွင်းခဲ့သော ဘုရင်ဗိမ္ဗိသာရနှင့် ဝေဒေဟီမိဖုရားကြီးတို့၏ ကြေကွဲဖွယ်ရာကို ကြားရသူတိုင်း ဘုရင်နှင့် မိဖုရားကြီး အပေါ် တွင် သနားကရုဏာဖွားခဲ့ရသည် နှင့်အမျှ သားတော် အဇာတသတ်၏ လက်ချက်ပါဝင်သည်ကို သိရှိကြပြီး ဖြစ်ပါသည်။

အပြစ်ကြီးလှသော အနန္တရိယကံကြီး ငါးပါးတွင် အဘကိုသတ်ခြင်း ပိတုဃာတကံ ကျူးလွန်မှုတွင် အဇာတသတ်ကို ဥပမာစံပြအဖြစ်ဖြင့် ထုတ်ပြလေ့ရှိပါသည်။ ထို့ကြောင့် အဇာတသတ်မင်းကို ဆိုးသွမ်းယုတ်မာသည့် ဘုရင်တစ်ပါးအဖြစ်ဖြင့် မြန်မာတို့ သိနေကြပါသည်။ ပါဠိစာပေအရသော် အဇာတသတ်မင်းကို -

၁။ ခမည်းတော် ဗိမ္ဗိသာရမင်းကို လုပ်ကြံသတ်ဖြတ်သည်အထိ ဆိုးသွမ်းယုတ်မာသူ။

၂။ ဗိမ္ဗိသာရမင်း နတ်ရွာစံပြီးနောက် နောင်တတရားရရှိကာ ဗုဒ္ဓဘာသာဝင်အဖြစ်ဖြင့် ဘုရားအမျှူးရှိသော သံဃာတော်နှင့် ဗုဒ္ဓဘာသာကို ကြည်ညိုအားပေးခဲ့သူဟူ၍ အပိုင်း(၂)ပိုင်းကို သိရှိနိုင်ပါသည်။

ဦးစွာပထမ ဗိမ္ဗိသာရမင်းနှင့် အဇာတသတ်မင်းတို့၏ သမိုင်းအကျဉ်းချုပ်ကို တင်ပြပါမည်။

မဟာဝင်ကျမ်းအရ ဘုရင်ဗိမ္ဗိသာရသည် ဗုဒ္ဓမြတ်စွာအောက် (၅) နှစ်ငယ်ပြီး အသက် (၁၅) နှစ်အရွယ်တွင် ရာဇဂြိုဟ်ပြည့်ရှင်ဘုရင်အဖြစ်သို့ ရောက်ရှိပါသည်။ အသက် (၃၁) နှစ်၊ ဗုဒ္ဓမြတ်စွာ (၃၆) နှစ်တွင် တရားတော်ကို ကြားနာရပြီး သောတာပန်အဖြစ်သို့ ရောက်ရှိကာ ဝေဠုဝန်ဥယျာဉ်ကို ဘုရားရှင်အား လှူဒါန်းတော်မူခဲ့ပါသည်။ သားတော် အဇာတသတ် လုပ်ကြံသဖြင့် အသက် (၆၇) နှစ်တွင် နတ်ရွာစံပါသည်။

နတ်ရွာစံချိန်တွင် အဇာတသတ်မင်း (၁၆) နှစ်ရှိပြီဆိုသဖြင့် ဗိမ္ဗိသာရမင်း (၄၉) နှစ်အရွယ်ကျမှ အဇာတသတ် မွေးဖွားသည်ဟု တွက်ဆနိုင်ပါသည်။ အဇာတသတ်မင်းသည်လည်း နန်းစံ (၃၂) နှစ်၊ အသက် (၄၈) နှစ်တွင် သားတော် ဥဒယဘဒ္ဒက လုပ်ကြံသဖြင့် ကံတော်ကုန်ခဲ့ပါသည်။

အဇာတသတ် ပဋိသန္ဓေတည်သောအခါ မယ်တော် ဝေဒေဟီသည် မောင်တော်ဗိမ္ဗိသာရမင်း၏လက်မောင်းသွေးကိုသောက်လိုသောချင်းခြင်းဖြစ်လေရာ မသင့်မလျော်သောကြောင့် မျိုသိပ်ထားရသဖြင့် ကိုယ်ခန္ဓာညှိုးနွမ်းပိန်ခဲ့လာခဲ့သည်။ မောင်တော်ဗိမ္ဗိသာရမင်းက အကြောင်းကို အကြိမ်ကြိမ်မေးမြန်းသောအခါ ယင်းချင်းခြင်းကိုသိရသဖြင့် မိမိ၏ လက်မောင်းသွေးကိုဖောက်ကာ သောက်စေသဖြင့် ထိုချင်းခြင်းငြိမ်းခဲ့ရပါ

www.burmeseclassic.com

www.burmeseclassic.com

လှုံ့ဆော်မှုများစွာပါဝင်သဖြင့် ရှင်ဒေဝဒတ်အကြောင်းကို အကျဉ်းချုပ် တင်ပြပါမည်။

သက်တော်(၃၅)နှစ်တွင် သတ္တဉ္ဇာဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခဲ့သော ဂေါတမမြတ်စွာသည် သက်တော်(၃၆) နှစ်တွင် ကပိလဝတ်ပြည်သို့ ကြွချီတော်မူကာ ခမည်းတော် သုဒ္ဓေါဒနမင်းနှင့်တကွ သာကီဝင်ဆွေတော်မျိုးတော်များ၏ ဖူးမြော်ကြည်ညိုခြင်းကို ခံယူတော်မူသည်။ ထိုအခါ သာကီဝင်ဆွေမျိုးသားငယ်များစွာ ရဟန်းအဖြစ်ကို ခံယူကြပါသည်။ ယင်းတို့တွင် ထင်ရှားသူများမှာ ရှင်အာနန္ဒာ၊ ရှင်အနုရုဒ္ဓ၊ ရှင်ဘဒ္ဒိယ၊ ရှင်ဒေဝဒတ်တို့ ဖြစ်ပါသည်။

ရှင်အာနန္ဒာသည် သောတာပန်၊ ရှင်အနုရုဒ္ဓနှင့် ရှင်ဘဒ္ဒိယတို့သည် ရဟန္တာအဖြစ်သို့ရောက်ရှိကြပြီး ရှင်ဒေဝဒတ်သည် ပုထုဇဉ်အဖြစ်ဖြင့် ရှုပါဝစရဈာန်

www.burmeseclassic.com

www.burmeseclassic.com

သမာပတ်နှင့် လောကီတန်ခိုးအာဘိညာဉ် ရရှိခဲ့ပါသည်။ ရှင်ဒေဝဒတ်သည် ဈာန်သမာပတ်မှတစ်ဆင့် ဝိပဿနာပွားများအားထုတ်ပါက မဂ်ဖိုလ်ရရှိပြီး အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်သော်လည်း လောကီဈာန်သမာပတ်ရသူအဖြစ်၌သာ တည်ရှိခဲ့ပါသည်။

အဇာတသတ်မင်းသား အသက် (၁၅) နှစ်တွင် အိမ်ရှေ့ဥပရာဇာအဖြစ်သို့ ရောက်ရှိသောအခါ ဗုဒ္ဓသာသနာတော်သည် မဂဓတိုင်း၊ ကောသလတိုင်း အစရှိသော မဇ္ဈိမဒေသ၌ အခိုင်အမာတည်တံ့နေပြီဖြစ်သဖြင့် ဗုဒ္ဓမြတ်စွာနှင့် အဂ္ဂသာဝက အစရှိသော ရဟန္တာပုဂ္ဂိုလ်များသည်လည်း ဂုဏ်သတင်းကျော်စောကာ လူသိများနေပေပြီ။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာနှင့် တပည့်သံဃာတော်များသည် ဒေသစာရီကြွချီလှည့်လည်တော်မူရင်း ကောသမ္ဗီပြည်သို့ရောက်ရှိတော်မူပါသည်။ ထိုအခါတွင် ကောသမ္ဗီပြည်သား ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမတို့သည် ဆွမ်း၊ သစ်သီး စသော လျူဒါန်းဖွယ်ရာများဖြင့် ဗုဒ္ဓဘုရားရှင်နှင့် ရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အစရှိသော တပည့်သာဝကကြီးများကို မေးမြန်းစုံစမ်းလျက် ဖူးမြော်လှူဒါန်းကြသည်။ သို့ရာတွင် ရှင်ဒေဝဒတ် ဘယ်မှာရှိသနည်းဟု စုံစမ်းမေးမြန်းသူ တစ်ယောက်မျှမရှိခဲ့ပါ။

ထိုအခါ ရှင်ဒေဝဒတ်သည် -

"ငါသည် အာနုဘာ၊ ဘဒ္ဒိယ စသူတို့နှင့်အတူ ရဟန်းပြုခဲ့သည်။ ယင်းတို့ကဲ့သို့ ငါသည်လည်း သာကီယနွယ်ဖွားခတ္တိယခေါ် မင်းမျိုးပင် ဖြစ်သည်။ သို့စဉ်းလျက် ယင်းတို့ကိုသာ လူတို့က ကြည်ညိုခိုးမြှောက်၍ ငါ့ကိုမူအမည်မျှပင်မေးမြန်းဖော်မရခဲ့။ ငါသည် မည်သူနှင့်မူးပေါင်း၍ မည်သူ့ကိုကြည်ညိုလာအောင်ဆွဲဆောင်၍ လာဘ်လာဘပေါများအောင်ပြုရမည်နည်း"

ဟု ကြံစည်စဉ်းစားလေသည်။

ထိုသို့ စဉ်းစားရာတွင် ဗိမ္ဗိသာရမင်း၊ ပသေနဒိကောသလမင်းတို့မှာ ဗုဒ္ဓဘုရားရှင်၏ ဥပါသကာကြီးများဖြစ်၍ ယင်းတို့ကို ဆွဲဆောင်ရန်မဖြစ်နိုင်။ ဗိမ္ဗိသာရမင်း၏ သားတော် အဇာတသတ်မင်းသားသည် ငယ်ရွယ်၍ ကောင်းဆိုးကျိုးပြစ်တို့ကိုမသိသေး။ ၎င်းနှင့်ပူးပေါင်းမည်ဟု တွေးတောပြီးနောက် ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်သို့ပြန်လာခဲ့ပါသည်။

ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ မိမိကိုယ်ကို လုလင်ငယ်အသွင် ဖန်ဆင်းကာ လက်၊ ခြေအသီးသီးနှင့် ပခုံးနှစ်ဖက်၌ မြွေတစ်ကောင်စီကိုပတ်၍ ခေါင်းပေါ်၌ မြွေကိုရစ်ခွေပြီး လဟာပြင်မှဆင်းသက်ကာ အဇာတသတ်၏ရင်ခွင်၌ထိုင်လေသည်။ အဇာတသတ်သည် ထိတ်လန့်တုန်လှုပ်၍ -

"အသင်မည်သူနည်း"

ဟု မေးမြန်းရာတွင် -

"ငါဒေဝဒတ်"

ဟု ဆိုပြီး လုလင်အသွင်ကို ဖျောက်ကာ သပိတ်၊ သင်္ကန်းနှင့်တကွ အဇာတသတ်၏ရှေ့မှောက်၌ ရပ်ပြလေသည်။ အဇာတသတ်မင်းသားသည် လွန်စွာ ကြည်ညိုချီ၍ နံနက်နှင့် ညနေခင်းပါ ရထားငါးရာဖြင့် ဆည်းကပ်ကိုးကွယ်ခြင်းကိုပြုခြင်းဖြင့် ရှင်ဒေဝဒတ်သည် အဇာတသတ်နှင့် လွန်စွာရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ထိုအခါ လာဘ်လာဘပေါများလာသော ရှင်ဒေဝဒတ်သည် -

"ငါသည် ရဟန်းသံဃာကို ဦးဆောင်မည်"

ဟု ယုတ်မာသောအကြံဖြစ်လာရာ ထိုသို့ကြံစည်သည်နှင့်တစ်ပြိုင်နက် ဈာန်အဘိညာဉ်ပါ ပျောက်ပျက်လေတော့သည်။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်သို့ ပြန်လည်ရောက်ရှိပြီး ဝေဠုဝန်ကျောင်းတိုက်၌ တရားဟောကြားနေတော်မူစဉ် ရှင်ဒေဝဒတ်သည် ထိုင်ရာမှထ၍ လက်အုပ်ချီကာ -

"အရှင်ဘုရား၊ ဘုရားမြတ်စွာသည် ယခုအခါ သက်တော်အရွယ်တော်ကြီးရင့်လာပါပြီ။ ကြောင့်ကြမဲ့နေလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူပါ။ တပည့်တော် သံဃာတော်ကို ဦးဆောင်ပါမည်။ သံဃာကို တပည့်တော်အား လွှဲပြောင်းပေးတော်မူပါ"

ဟု လျှောက်ထားလေ၏။

ဗုဒ္ဓဘုရားရှင်က -

"သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကိုပင် ငါကမလွှဲသေး။ သင်ကဲ့သို့သော သူတစ်ပါး၏ တံတွေးကို စားမျိုသူအား အဘယ်ကြောင့်လွှဲပေးရမည်နည်း"

ဟု မောင်းမဲ့ကာ ပယ်ချသဖြင့် ရှင်ဒေဝဒတ်သည် ဘုရားရှင်အပေါ်၌ ရန်ပြိုးဖွဲ့လေသည်။

ထို့နောက် ရှင်ဒေဝဒတ်သည် အဇာတသတ်ထံသို့သွားရောက်ပြီး -

"မင်းသား၊ ရှေးအခါ လူတို့၏ အသက်တိုးရှည်၍ ယခုအခါ အသက်တိုသည်။ ထို့ကြောင့် သင်သည် ခမည်းတော်ကိုသတ်၍ မင်းပြုလော့။ ငါသည် ဘုရားကိုသတ်၍ ဘုရားသစ်ဖြစ်အံ့"

ဟု အဖကိုသတ်ရန် လှုံ့ဆော်လေသည်။

အဇာတသတ်သည်လည်း အရှင်ဒေဝဒတ်သည် တန်ခိုးကြီးသူ ဖြစ်သည်။ ထိုအရှင်မသိသောအရာမရှိဟု မှတ်ထင်ကာ ပေါင်၌ ဓားကိုဖွဲ့ချည်လျက် နန်းတော်သို့ ကြောက်ရွံ့သောအသွင်ဖြင့်ဝင်လာရာ မှူးမတ်တို့ဖမ်းဆီး၍ ဗိမ္ဗိသာရမင်းကြီးအား ကြားလျှောက်လာသည်။

မင်းကြီးက -

"သားတော်၊ အဘယ်ကြောင့် ငါ့ကိုသတ်လိုသနည်း"

ဟု မေးမြန်းသဖြင့် -

"ထီးနန်းကို အလိုရှိသောကြောင့် သတ်လိုပါသည်"

ဟု ဆိုသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် သားတော် အဇာတသတ်အား မင်းအဖြစ်ကို လွှဲပြောင်းပေးအပ်လေသည်။

အဇာတသတ်သည် -

"တပည့်တော်၏ အလိုဆန္ဒပြီးမြောက်ပါပြီ"

ဟု ရှင်ဒေဝဒတ်အား လျှောက်ကြားလတ်သော် -

"မြေးနှေးကို အိမ်တွင်ထား၍ သားရေဖြင့်စည်ကြက်သောယောကျ်ားကဲ့သို့ လုပ်ငန်းစဉ်ကောင်းလှပြီဟု ထင်နေလေသည်။ မကြာမီပင် သင်၏ခမည်းတော်သည် သင့်ကိုအထင်သေးကာ ကိုယ်တိုင် မင်းပြုပေလိမ့်မည်"

ဟု ဆိုလတ်သော် -

"အဘယ်သို့ပြုလုပ်ရပါမည်နည်း"

ဟု မေးလျှောက်သဖြင့် -

"အမြစ်ပြတ်အောင်သတ်ပါလေ"

ဟု စေခိုင်းလေသည်။

အဇာတသတ်က -

"ခမည်းတော်ကို လက်နက်ဖြင့် မသတ်ကောင်းသည်မဟုတ်ပါလော"

ဟု ထပ်မံလျှောက်ထားရာ-

"အစာဖြတ်ခြင်းဖြင့်သတ်ပါလေ"

ဟု စေခိုင်းလေတော့သည်။

အဇာတသတ်သည် ခမည်းတော်ကို အကျဉ်းထောင်၌ချထားပြီး -

"ငါ၏မယ်တော်မှတစ်ပါး မည်သည့် ခမည်းတော်ကို ဖူးတွေ့ခွင့်မပြုရ"

ဟု အမိန့်ချထားလေသည်။

ဝေဒေဟီမိဖုရားကြီးသည် ရွှေဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပြထားသော သောက်ရေခွက်၌ စားဖွယ်ကိုထည့်ကာ ရင်ခွင်၌ထားရှိပြီး မင်းကြီးဆံသို့ ဝင်ရောက်ရပေရာ ဝိဓိသာရမင်းကြီးသည် ထိုစားဖွယ်ကို စားတော်ခေါ်ကာ မျှတရရှာသည်။

အဇာတသတ်သိသဖြင့် -

"မယ်တော်သည် ရွှေခွက်ကိုယူ၍ ဝင်ရ"

ဟု တားမြစ်သဖြင့် မိဖုရားကြီးသည် အစာကို ဆံထုံး၌ထည့်၍ဝင်သည်ကိုယူသည်းကောင်း၊ ထိုမှတစ်ဖန် ခြေနင်းစီး၍ဝင်သည်ကို တားမြစ်ပြန်သဖြင့် မယ်တော်မိဖုရားသည် ကိုယ်ကိုသန့်ရှင်းစွာ ရေချိုးသန့်စင်ကာ စတုမဓူကို ကိုယ်၌ သိမ်းဆည်း၍ဝင်သည်ကို လည်းကောင်း၊ ငင်းကို လျက်ကာ ခမည်းတော် မင်းကြီး အသက်ရှင်နေသည်ကို လည်းကောင်း သိပြန်သောကြောင့် -

"ယနေ့မှစ၍ မယ်တော်ဝင်ခွင့်မပြု"

ဟု တားမြစ်ပြန်လေသည်။

ဝေဒေဟီမိဖုရားကြီးသည် နှောင်အိမ်တံခါး၌ရပ်တည်ကာ -

"အရှင်မင်းကြီးသည် ဤသားကို သစ်စဉ်ကို သတ်ပစ်ခွင့်မပေးဘဲ သင်၏ ရန်သူတို့ သင်မင်းကြီးပင် မွေးမြူလာခဲ့သည်။ ယခု ကျွန်တော်မသည် အသင်မင်းကြီးအား နောက်ဆုံးဖူးတွေ့ရခြင်း ဖြစ်ပါသည်။ ယနေ့မှစ၍ အရှင်ကို မတွေ့ခွင့်မရှိပါပြီ။ ကျွန်မမှာ အပြစ်တစ်စုံတစ်ခုရှိပါက သည်းခံခွင့်လွှတ်တော်မူပါ"

ဟု ငိုကြွေးလျှောက်ထားပြီး ပြန်သွားခဲ့ပါသည်။

ဝိဓိသာရမင်းကြီးသည် ထိုအချိန်မှ စ၍ အစာအာဟာရမရရှိတော့သော်လည်း သောတာပတ္တိဖိုလ်ချမ်းသာဖြင့် ကြည်လျှောက်ထား အသက်ရှင်နေသည်ကို အဇာတသတ်သိသောအခါ -

"ခမည်းတော်၏ ခြေဖဝါးကို ကြည့်ခွင့်ပြုမီးကင်ပါလေ"

ဟု ဆို၍ ဆတ္တာသည်ကို အမိန့်ပေးရာ ထိုဆတ္တာသည်လည်း အဇာတသတ်၏အမိန့်အတိုင်း မင်းကြီး၏ ခြေဖဝါးကို ဓားဖြင့် ဖောက်ခွဲလျက် ဆားဖြင့် လိမ်းနယ်ကာ မီးကင်လေရာ ဝိဓိသာရမင်းကြီးသည် ပြင်းပြသော ဝေဒနာကို ခံစားရလျက် ရတနာသုံးပါး၏ အာရုံပြုနှလုံးသွင်းကာ နတ်ရွာစံရသွားပေသည်။

မင်းကြီး နတ်ရွာစံသောနေ့မှာပင် အဇာတသတ်၏ သားတော် ဖွားမြင်သဖြင့် သားတော်ဖွားမြင်သည့် သဝဏ်လွှာ၊ ခမည်းတော်နတ်ရွာစံသည့် သဝဏ်လွှာနှစ်ခုတို့ တစ်ပြိုင်နက်ရောက်ရှိလာရာ အမတ်တို့က သားတော် ဖွားမြင်ကြောင်း သဝဏ်လွှာကို ဦးစွာဆက်သလေသည်။ ထိုသဝဏ်လွှာကို ဖတ်ရသောအခါ အဇာတသတ်အား သားဟူသောချစ်ခြင်းသည် တစ်ကိုယ်လုံး ဖောက်ထွင်းလျက် ရိုးတွင်းခြင်ဆီတိုင် အောင်ပျံ့နှံ့လေရာ ထိုစဉ်တွင် ခမည်းတော်၏ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး -

"ငါမွေးဖွားစဉ်ကလည်း ခမည်းတော်သည် ငါ့ကဲ့သို့ပင် သား ဟူသောချစ်ခြင်းဖြစ်ခဲ့ပေရာသည်"

ဟု သိရှိကာ -

"ငါ၏ခမည်းတော်ကို လွှတ်လိုက်ကြပါ၊ လွှတ်လိုက်ကြပါ"

ဟု ပြောဆိုလေသည်။

"အဘယ့်ကြောင့် လွှတ်ခိုင်းပါသနည်း"

ဟု အမတ်တို့က လျှောက်ထားကာ ခမည်းတော်မင်းကြီး နတ်ရွာစံကြောင်း သဝဏ်လွှာကို အဇာတသတ်သို့ ပေးအပ်လေသည်။

ခမည်းတော် နတ်ရွာစံသည်ကို သိရှိလေသော အဇာတသတ်သည် ငိုယိုလျက် မယ်တော်ဝေဒေဟီထံသို့သွားရောက်ပြီး -

"မယ်တော်၊ သားတော် မွေးဖွားစဉ်က ခမည်းတော်သည် သားတော်အား ချစ်ခြင်းရှိခဲ့ပါသလော"

ဟု မေးမြန်းလေသည်။

မယ်တော်က -

"ဟယ်-သားမိုက်၊ ဘယ်သို့ဆိုလေသနည်း။ သင်ငယ်စဉ်က လက်ချောင်း၌ သွေးစုနာပေါက်၍ မတိတ်နိုင်အောင် ငိုကြွေးနေသည်ကို တရားစီရင်ရာ၌ ထိုင်နေသော သင့်ခမည်းတော်ထံသို့ဆောင်ခဲ့ရသည်။ သင့်ခမည်းတော်သည် သင်၏လက်ချောင်းကို ခံတွင်း၌ငုံထားပေးရသည်။ ထိုအခါ သွေးစုနာပေါက်ကွဲကာ ပြည်ယိုစီးလာသည်ကို မထွေးပစ်ဘဲ မျိုချရရှာသည်။ ဤမျှပင် သင်သားတော်အပေါ် ၌ချစ်ခြင်းရှိခဲ့သည်"

ဟု မယ်တော်က ပြောပြသော အခါ အဇာတသတ်သည် ငိုကြွေးမြည်တမ်းလျက် ခမည်းတော်၏အလောင်းကို မီးသင်္ဂြိုဟ်ခဲ့ပါသည်။

အဇာတသတ်မင်းသည် ကျေးဇူးရှင် ခမည်းတော် ဝိဓိသာရမင်းကြီးကို လုပ်ကြံသတ်ဖြတ်မိသဖြင့် နောက်တစ်ပူမီးလောင်မြို့က်နေချိန်တွင် မယ်တော် ဝေဒေဟီမိဖုရားကြီးသည် ကြင်ရာတော် နှင့်ကွေကွင်းရခြင်းသောကဖြင့် ထပ်မံကွယ်လွန်ပြန်ရာ တစ်ပူပေါ် တစ်ပူထပ်ဆင့်လာသကဲ့သို့ ဝမ်းနည်းမှုပိုကဲလာရပြန်ပါသည်။

ထိုသောကမီးများ ဖြေဖျောက်နိုင်ရေးကို တွေးတောရင်း တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်ရှိလာခဲ့သည်။ ထိုအခါ ညပိုင်းညီလာခံတွင် တန်ဆောင်မုန်းလပြည့်ညဆ၏ မိုးတိမ်ကင်းစင်ကြည်လင်ရွှန်းပခြင်းကို ခီးကျူးလျက် -

"ဤကဲ့သို့ သာယာကြည်နူးဖွယ် ညချမ်းချိန်ခါ၌ အဘယ်သို့သော ရဟန်း၊ ပုဏ္ဏားကို ချဉ်းကပ်ရပါက အကျွန်ုပ်၏ စိတ်နှလုံးကြည်သာ ချမ်းမြေ့ပါအံ့နည်း"

ဟု ပြောကြားလေသည်။

ညီလာခံသို့ ရောက်ရှိနေကြသော အမတ်ကြီးတို့သည် မိမိတို့ဆည်းကပ်ကိုးကွယ်ကြသော ဘာသာရေးဂိုဏ်းဆရာကြီးတို့၏ဂုဏ်ရည်ကို အသီးအသီး ခီးကျူးမွမ်းတင်လျက် -

"ဤမည်သော ဂိုဏ်းဆရာကြီးကို ချဉ်းကပ်ပါက အရှင်မင်းကြီး၏စိတ်နှလုံးကြည်သာပါလိမ့်မည်"

ဟု တစ်ဦးပြီးတစ်ဦးလျှောက်တင်ကြပါသည်။

အဇာတသတ်မင်းသည် လျှောက်ထားလျက်များကို မည်သို့မျှ တုံ့ပြန်ခြင်းမပြုဘဲ အနီး၌ခစားနေသော သမားတော် ဇီဝကအား -

"အဇွေ ဇီဝက၊ သင်သည် အဘယ်ကြောင့် တိတ်ဆိတ်နေဘိသနည်း"

ဟု မိန့်ကြားလေသည်။

သမားတော် ဇီဝကသည် ထိုင်နေရာမှထ၍ မိမိလျှာဒါန်းထားသော သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူသည့် ဗုဒ္ဓဘုရားရှင်ရှိရာသို့ လက်အုပ်ချီမိုးရှိခိုးလျက် -

"အရှင်မင်းကြီး၊ ဂေါတမဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာတော်များနှင့် အတူ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူပါသည်"

ဟု စတင်လျှောက်ထားက ဗုဒ္ဓမြတ်စွာ၏ဂုဏ်ရည်တို့ကို အမွှမ်းတင်လျက် -

"ဗုဒ္ဓမြတ်စွာကို ချဉ်းကပ်ပါက အရှင်မင်းကြီး၏ စိတ်နှလုံးကြည်သာ ချမ်းမြေ့နိုင်ရာပါသည်"

www.burmeseclassic.com

www.burmeseclassic.com

ဟု လျှောက်ထားလေသည်။

"အဆွေဇီဝက၊ ဤသို့ဖြစ်ပါက ဆင်ယဉ်များကို စီစဉ်ပြင်ဆင်ပါလော့"

ဟု မိန့်ကြားသဖြင့် သမားတော်ဇီဝကသည် ဆင်မယဉ်သာငါးရာကို ကကြိုးတန်းဆာဆင်ယင်၍ နန်းတွင်းသူအပျိုတော်ငါးရာကို ယောကျ်ားအသွင် ဝတ်ဆင်စေကာ ဆင့်ပေါ်သို့တင်ပြီးလျှင် မင်းစီးဆင်တော်ကိုလည်း ကကြိုးတန်ဆာ အုပြည့်အစုံ ပြင်ဆင်ပြီးနောက် အဇာတသတ်အား အဆင်သင့်ပြင်ဆင်ပြီးပါကြောင်း လျှောက်ကြားသည်။

အဇာတသတ်မင်းသည် သမားတော်ဇီဝကမှတစ်ပါး အမျိုးသားယောကျ်ား မပါဘဲ ယောကျ်ားအသွင်ယူထားသည့် အမျိုးသမီးများဖြင့်ခြံရံလျက် မီးရှူးမီးတိုင်ထွန်းညှိကာ ရာဇဗြတ်မြို့တော်မှ သရက်ဥယျာဉ်သို့ ထွက်ကြတော်မူလေသည်။ ဘုရားရှင် သီတင်းသုံးတော်မူသည့် သရက်ဥယျာဉ်သို့ရောက်ခါနီး မည်သည့် အသံမျှမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေရာ အဇာတသတ်မင်းသည် ထိတ်လန့်ကြောက်ရွံ့လာပြီး -

"အဆွေဇီဝက၊ အသို့နည်း။ သင်သည် ငါ့ကိုမလှည့်စားဘဲရှိပါ၏လော၊ ရန်သူ့လက်သို့ ငါ့ကိုမအပ်ဘဲရှိပါ၏လော"

ဟု မေးမြန်းလေသည်။

"အရှင်မင်းကြီး၊ မကြောက်ပါလင့်။ ရှေ့သို့သာ ဆက်လက်ကြွချီတော်မူပါ"

ဟု တိုက်တွန်း အားပေးရလေသည်။

သရက်ဥယျာဉ်သို့ ရောက်သောအခါ အဇာတသတ်မင်းသည် ဆင်တော်မှဆင်း၍ ဘုရားရှင်ရှိရာသို့ ခြေကျင်လျှောက်လေသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသည် စည်းဝေးခန်းမ၌ ရဟန်းတော် (၁၂၅၀) ၏အလယ်တွင် ငြိမ်သက်စွာထိုင်နေတော်မူ၍ ရဟန်းတော်အားလုံးသည်လည်း ဘုရားရှင်သို့ ရှေးရှုထိုင်နေကြပေရာ ကိုယ်လက်လှုပ်ရှား သံ၊ ချောင်းဆိုးချောင်းဟန့်သံမျှမရှိပကတိ အေးချမ်းစွာရှိနေကြသည်ကို တွေ့မြင်ရသော အဇာတသတ်သည် -

"ငါ၏သားတော် ဥဒယဘဒ္ဒသည် ဤရဟန်းတော်များကဲ့သို့ ငြိမ်သက်အေးချမ်းပါစေ"

ဟု ဥဒါန်းကျူးရင်လေသည်။

ထိုအခါ ဘုရားရှင်က -

"မင်းကြီး၊ သင်သည် ချစ်သောသားတော်ထံသို့ စိတ်ရောက်သွားပေသည်"

ဟု နှုတ်ခွန်းဆက်သတော်မူသည်။

အဇာတသတ်မင်းသည် ဘုရားရှင်အား ရိုသေစွာရိုခိုး၍ သံဃာတော်များသို့ လက်အုပ်ချီပြီးလျှင် -

"အရှင်ဘုရား၊ ဒကာတော်မေးခွန်းအနည်းငယ် မေးလျှောက်လိုပါသည်။ လောကဌ် လူတို့သည် မိမိတို့၏ အသိပညာ၊ အတတ်ပညာဖြင့် ချမ်းသာစွာနေထိုင်နိုင်ခြင်း၊ မိဘနှင့်သားမယားတို့ကို ထောက်ပံ့ပြုစုနိုင်ခြင်း စသောအကျိုးကို ရရှိကြသကဲ့သို့ ရဟန်းပြုခြင်းဖြင့် မျက်မှောက်ချမ်းသာကို ရရှိနိုင်ပါသလား"

ဟု မေးမြန်းလျှောက်ထားသည်။

ဘုန္တဘုရားရှင်က -

"သင်မင်းကြီးသည် ဤမေးခွန်းကို အခြားသူတို့အား မေးမြန်းဖူးပါသလော့"

ဟု မေးတော်မူရာ -

"ဒကာတော်သည် ပုရာဏကဿပ အစရှိသော တတ္ထိယဆရာကြီး (၆) ဦးတို့အား မေးဖူးပါသည်။ သို့ရာတွင် ယင်းဆရာကြီးတို့သည် ဤမေးခွန်းကို မဖြေကြဘဲ မိမိတို့၏ အယူဝါဒများကိုသာ ပြောဆိုကြေပါသည်"

ဖြေကြားလေသည်။

ထိုအခါ ဘုန္တဘုရားရှင်က -

"မင်းကြီး၏ ကျေးတော်မျိုးကျွန်တော်မျိုး သို့မဟုတ် ပြည်သူတစ်ဦးဦးရဟန်းပြု၍ ကိုယ်ကျင့်သီလပြည့်စုံစွာကျင့်သုံးနေထိုင်ပါက ဒကာတော်မင်းကြီးကိုယ်တိုင် အရှိအသေပြုခြင်း၊ ပစ္စည်းလေးပါးလှူဒါန်းခွင့်ပြုခြင်း အစရှိသည်ဖြင့် မျက်မှောက်အကျိုးကို ရရှိနိုင်ပါသည်"

ဟု အစခံကာ အကျင့်သီလနှင့်ပြည့်စုံခြင်း၊ ကွန်ဒြေခြောက်ပါးကိုစောင့်စည်းခြင်းဖြင့် စိတ်နှလုံးချမ်းမြေ့ရခြင်း၊ သမထ+ဘာဝနာပွားများခြင်းဖြင့် ဈာန်အဘိညာဉ်အဆင့်ဆင့်တို့ကို ရရှိခြင်း၊ ဝိပဿနာပွားများခြင်းဖြင့် မဂ်လေးတန်း၊ ဖိုလ်လေးဆင့်ကိုရရှိ၍ ရဟန္တာအဖြစ်သို့ ရောက်ရှိခြင်းဟူသော ရဟန်းပြုခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကို တစ်ခုပြီးတစ်ခု ရှင်းလင်းဟောပြတော်မူသည်။

ထိုသို့ ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုး ဟူသော သာမညဖလသုတ် ဒေသနာကို ကြားနာရသောအခါ အဇာတသတ်မင်းသည် လွန်ကြည်ညိုခြင်း၊

"အရှင်ဘုရား၊ ဒကာတော်သည် မြတ်စွာဘုရားနှင့် တရားတော်၊ သံဃာတော်ကိုဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့မှစ၍ ဒကာတော်အား ရတနာသုံးပါးကို အသက်ပေး၍ ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် မှတ်ယူတော်မူပါ"

ဟု လျှောက်ထားပြီး ဆက်လက်၍ -

"ဒကာတော်သည် မင်းအဖြစ်ကို ရလိုသောကြောင့် တရားနှင့်ပြည့်စုံသော ခမည်းတော်ကို မိုက်မှားစွာ သတ်ဖြတ်ကျူးလွန်မိပါသည်။ ထိုအပြစ်ကို နောင်နောင်စောင့်စည်းနိုင်ရန် အပြစ်အနေဖြင့် ခံယူပါမည်ဘုရား"

ဟု လျှောက်လေသည်။

ဘုရားရှင်ကလည်း -

"ဒကာတော်မင်းကြီး၊ မိုက်မှားသည့် အားလျော်စွာ ကျူးလွန်မိသော အပြစ်ကိုသိမြင်၍ တရားအားလျော်စွာ ကုစားခြင်းသည် သူတော်ကောင်းတို့၏ ထုံးတမ်းဖြစ်ပါသည်"

ဟု မိန့်ကြားတော်မူပါသည်။

ထို့နောက် အဇာတသတ်မင်းသည် ဘုန္တမြတ်စွာကို ရိုသေစွာရှိခိုးပြီးလျှင် လက်ယာရစ်သုံးကြိမ်လှည့်၍ လက်အုပ်ချီကာ ဆုတ်ခွာလျက် ဘုရားရှင်ကို နောက်ဆုံးမြင်နိုင်သောနေရာ၌ ထိခြင်းငါးပါးဖြင့် မြေပြင်၌ ပြားပြားဝပ်ရှိခိုးပြီးဖဲခွာသွားလေ၏။ အဇာတသတ်မင်းဖဲခွာသွားပြီး မကြာမီတွင် ဘုန္တမြတ်စွာသည် ရဟန်းသံဃာတော်များအား -

"ဤအဇာတသတ်မင်းသည် မိုက်ကိုယ်ကို ဖျက်ဆီးမိပေပြီ။ အကယ်၍ တရားနှင့်ပြည့်စုံသော သူ၏ခမည်းတော်မသတ်မိပါက ဤသာမညဖလသုတ္တန်ဒေသနာကို ကြားနာသည့် ဤနေရာ၌ပင် သောတာပန်အဖြစ်သို့ ရောက်ရှိနိုင်ရာသည်"

ဟု မိန့်ကြားတော်မူပါသည်။

ဤသာမညဖလဒေသနာတော်ကြားနာခဲ့ရာတွင် အဇာတသတ်မင်းသည် အသက် (၁၆) နှစ်အရွယ်သို့ရောက်ရှိဖြစ်သကဲ့သို့ ဘုန္တဘုရားရှင်သည်လည်း သက်တော် (၇၂) နှစ်သို့ ရောက်ရှိခဲ့ဖြစ်မြဲသည်။

ထို့အပြင် အဇာတသတ်၏ဘုရားအား ဖူးတွေ့ခြင်းသည်လည်း ပထမဆုံးနှင့် နောက်ဆုံးဟုဆိုဖွယ်ရာပါသည်။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားထံ ထပ်မံ ဆည်းကပ်

www.burmeseclassic.com

www.burmeseclassic.com

ဦးမြော်ခြင်း စသည့် အကြောင်းကို ပါဠိ
စာပေ၌မတွေ့ရခြင်းကြောင့် ဖြစ်သည်။
ထိုသို့ ဆည်းကပ်မှုမပြုနိုင်သည်မှာလည်း
မင်းအဖြစ်သို့ ရောက်ခါစဖြစ်သည့်
အဇာတသတ်သည် မိမိ၏ မဂဓတိုင်းကို
ထိန်းသိမ်းအုပ်ချုပ်ရခြင်း၊ ဦးရီးတော်
သေနဒီကောသလမင်းနှင့်စစ်ထိုးရခြင်း
သောအကြောင်းများကြောင့်ဟုဆိုဖွယ်
ရာရှိပါသည်။

အဇာတသတ်၏ မယ်တော်
ဒေဝဒတ္တီမိဖုရားသည် သာဝတ္ထိပြည်ရှင်
သေနဒီကောသလမင်း၏ နှမတော်
ဖြစ်သည်။ မဟာကောသလမင်းကြီးသည်
သမီးတော် ဝေဒေဟီကို ဗိမ္ဗိသာရမင်းနှင့်
ဓာတ်ပေးစဉ်က ကောသလတိုင်းနှင့်
ဘုရားသီပြည်နယ်စပ်ရှိ ကာသိရွာကြီး
ကို သမီးတော်အား လက်ဖွဲ့ပေးအပ်ခဲ့
သည်။ ထိုရွာကြီးသည် တစ်နှစ်လျှင်
အခွန်တော်တစ်သိန်းရရှိသည်ဟု ဆိုပါ
သည်။

အဇာတသတ် ဗိမ္ဗိသာရမင်းကို
သတ်ဖြတ်သဖြင့် ဝေဒေဟီသည်
သားဖြစ် ကြင်ရာတော်နှင့် ကွေကွင်းရမှု
သောဇာကြောင့် ကွယ်လွန်ခဲ့ပြီကို ပသေ
နဒီကောသလမင်း ကြားသိရသောအခါ
အလွန်းတော် မဟာကောသလမင်း
ဆက်ဖွဲ့ပေးအပ်ခဲ့သော ကာသိရွာကို
ပြန်လည် သိမ်းယူခဲ့သည်။

အဇာတသတ်ကလည်း ငါ၏
အဖေတော်ပိုင်ဖြစ်သည်ဟု ဦးရီးတော်
သေနဒီကောသလမင်းနှင့်စစ်ထိုးလေ
သည်။ ယင်းသို့ စစ်ထိုးကြရာတွင်
အကြိမ်တိုင်တိုင် ကောသလမင်း စစ်ရှုံး
ခဲ့ရာတွေ့ထွအကြိမ်တွင် ကောသလမင်း
ဝန်ခံသဖြင့် အဇာတသတ်ကို ယင်း၏
သမီးများနှင့်အတူ သာဝတ္ထိမြို့တော်သို့
ပြန်ပို့သွားခဲ့သည်။ သို့ရာတွင် ပသေ
နဒီကောသလမင်းက -

"အဇာတသတ်သည် ငါ၏ တူ
တော်ဖြစ်သည်"

ဟု ထွေးတောဆင်ခြင်ကာ ၎င်း၏
သမီးတော်သာ သိမ်းယူ၍ အဇာတသတ်
ကို ပြန်မသတ်ဘဲ သမီးတော်ဝဇိရာနှင့် လက်ထပ်
ပေးခဲ့ပြန်လွှတ်လိုက်သဖြင့် တူဝရီးနှစ်ဦး
ကြားသည် သင့်မြတ်ခဲ့ပေသည်။ ထို့ပြင်
ဗိမ္ဗိသာရနှင့် ဝဇိရာတိုင်းတို့သည် ဗိမ္ဗိသာရ
မင်းထံကပင် သင့်မြတ်ခြင်းမရှိဘဲ
သတ်ပမာဖြစ်နေခဲ့ရာ အဇာတသတ်
ပြန်လာသောအခါ ဝဇိရာတိုင်းကို
ဆိုင်းခြောက်ချေမှုန်းရန် စစ်ပြင်ဆင်၍
ကြစ်ခဲ့တပ်မြို့များကိုပါ တည်ထောင်
နေပေသည်။

ယင်းသို့ဖြင့် ဘုရားရှင် ပရိနိဗ္ဗာန်
မစံဝင်မီတစ်နှစ်ခန့်တွင် အဇာတသတ်
မင်းသည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံး
နေတော်မူသော မြတ်ဗုဒ္ဓဘုရားရှင်ထံ
ဝဿကာရအမတ်ကြီးကို စေလွှတ်၍ -

"ငါ၏စကားဖြင့် ဗုဒ္ဓမြတ်စွာ
၏ခြေတော်အစုံကို ဦးခိုက်ရှိခိုးပြီး အနာ
ရောဂါကင်းရှင်းခြင်း၊ ချမ်းမြေ့ကြည်သာ
ခြင်း ရှိ၊ မရှိကို လျှောက်ထားပါ။ ဒကာ
တော် အဇာတသတ်မင်းသည် အင်အား
ကြီးမား တန်ခိုးထွားသော ဝဇ္ဇီတိုင်းသား
တို့ကို စစ်ချီတိုက်ခိုက်လိုပါသည်"

ဟု ပြောဆိုပြီး -

"ဗုဒ္ဓမြတ်စွာမိန့်ကြားသည်ကိုပါ
နာယူမှတ်သားလာခဲ့ပါ"

ဟု မှာကြားလိုက်သည်။

ဝဿကာရအမတ်ကြီးသည်လည်း
ဘုရားရှင်ထံ သွားရောက်၍ , မှာကြား
သည့်အတိုင်း လျှောက်ထားသည်။

ဗုဒ္ဓမြတ်စွာသည် ဝဿကာရ
အမတ်အား မည်သို့မျှ မပြောကြားမူ၍
အရှင်အာနန္ဒာကိုသာ ဝဇ္ဇီတိုင်းသားတို့
ကြီးပွားချမ်းသာကြောင်းဖြစ်သော အပရိ
ဟာနိယတရားခုနစ်ပါးကို လိုက်နာ
ကျင့်ဆောင်ခြင်းရှိ၊ မရှိတစ်ခုစီ မေးမြန်း
တော်မူသည်။ အရှင်အာနန္ဒာကလည်း
ဝဇ္ဇီတိုင်းသားတို့ လိုက်နာကျင့်သုံးနေ
သမျှကာလပတ်လုံး ဆုတ်ယုတ်မှုမရှိ၊
ကြီးပွားတိုးတက်နေမည်သာဟု မိန့်ကြား
တော်မူသည်။

ဝဿကာရသည် -

"အပရိဟာနိယတရားတစ်ပါးပါး
ကို လိုက်နာခြင်းဖြင့်ပင် ဝဇ္ဇီတိုင်းသားတို့
ကြီးပွားနေမည်သာဖြစ်၍ ဖျားယောင်း
သွေးဆောင်ခြင်း၊ အချင်းချင်းကွဲပြား
အောင်ကုန်းချောခြင်းမှတစ်ပါး မင်းကြီး
သည် ဝဇ္ဇီတိုင်းသားတို့ကို စစ်မခင်းနိုင်ပါ"

ဟု လျှောက်ထားပြီး မင်းအား
အကြောင်းစုံကို ပြန်လည်လျှောက်ထား
လေသည်။

ဗုဒ္ဓမြတ်စွာသည် ထိုနှစ်တွင် ဝဇ္ဇီတိုင်း
ဝေသာလီမြို့တော်အနီး ဝေဠုဝန္တာ၌
ဝါဆိုတော်မူပြီးနောက် ထိုမှတစ်ဆင့်
သင်္ဃတော်(၈၀)တွင် မလ္လတိုင်း ကုသိနာရုံ
မြို့တော်အနီး အင်ကြင်းတောဂ္ဂ ပရိနိဗ္ဗာန်
စံလွန်တော်မူပါသည်။ ဘုရားမြတ်စွာ
ပရိနိဗ္ဗာန်စံလွန်တော်မူသည်သတင်းသည်
မဖျိမဇ္ဈေသအတွင်း ပျံ့နှံ့ခဲ့ရာ ရာဇဂြိုဟ်
မြို့သားတို့ပါ ကြားသိကြသဖြင့် အမတ်
တို့သည် -

"အကယ်၍သာ ဤသတင်းကို
အဇာတသတ်မင်းအား ကြားလျှောက်
ပါက နှလုံးကွဲ၍ သေပွဲဝင်လိမ့်မည်။
တစ်မျိုးတစ်မည်အားဖြင့် လျှောက်ထား
ကြကုန်အံ့"

ဟု တိုင်ပင်ညှိနှိုင်းပြီးနောက်
ရွှေတလားကြီးသုံးလုံးတွင် စတုမဓုများ
ကို အပြည့်ဖြည့်လျက် -

"အရှင်မင်းကြီး၊ အိပ်မက်မကောင်း
ပါ။ ထိုအိပ်မက်ကို ဟားဆီးရန် အရှင်
မင်းကြီးသည် ပုဆိုးကြမ်းများကို ဝတ်ရုံ
ကာ နှာခေါင်းတော်ပေါ် ရုံမျှဖြင့် ဤရွှေ
တလားဌ လဲလျောင်းတော်မူပါ"

ဟု လျှောက်ထားကြသည်။

အဇာတသတ်မင်းသည် အမတ်
တို့တင်လျှောက်သည့်အတိုင်း ပထမရွှေ
တလားဌ နှာခေါင်းပေါ် ရုံလဲလျောင်းနေ
စဉ် အမတ်တစ်ဦးက ဘုရားရှင်ပရိနိဗ္ဗာန်
စံရာအရပ်သို့ ရှေးရှု၍ လက်အုပ်ချီကာ-

"အရှင်မင်းကြီး၊ သေခြင်းမှလွတ်
မြောက်သောသတ္တဝါမည်သည် မရှိပါ။
ကျွန်တော်မျိုးတို့၏ ကိုးကွယ်ပူဇော်အပ်
သော မြတ်စွာဘုရားသည် ကုသိနာရုံ၌
ပရိနိဗ္ဗာန်စံလွန်ပါပြီ"

ဟု လျှောက်ထားသည်။

ထိုသို့ လျှောက်ထားသည်ကို
ကြားလျှင်ကြားချင်း သတိမေ့မြောလေ
ရာ သောကမီးကြောင့် လဲလျောင်းနေ
သော ရွှေတလားဌအခိုးအလျှံထွက်လာ
ခဲ့သည်။

ထိုအခါ မင်းကို ချီမ၍ ဒုတိယ
ရွှေတလားဌ လဲလျောင်းစေကြရာ
သတိရလာသောအခါ -

"အဘယ်သို့ပြောဆိုကြသနည်း"

ဟု မေးမြန်းသဖြင့် -

"အရှင်မင်းကြီး၊ ဘုရားမြတ်စွာ
ပရိနိဗ္ဗာန်စံလွန်ပါပြီ"

ဟု ကြားလျှင် သတိမေ့မြောခဲ့
ပြန်သည်။ ဤနည်းဖြင့် တတိယရွှေတ
လားဌ လဲလျောင်းစေ၍ ထပ်မံလျှောက်
တင်ပြန်ရာ သတိမေ့မြောသွားပြန်၏။
ထို့နောက် အဇာတသတ်မင်းအားချီမ၍
ရေချိုးပေးပြီး ဦးခေါင်းပေါ် သို့ ရေသွန်း
လောင်းခြင်းဖြင့် သတိရလာလေသည်။
ထိုအခါ အဇာတသတ်မင်းသည် သူအနှူး
အသွင်ဖြင့် ငိုကြွေးလျက် သမားတော်
ဇီဝကလျာဒါန်းထားသော သရက်ဥယျာဉ်
သို့သွား၍ ဘုရားရှင်သည် သာမညဖလ
ဒေသနာကို ဟောကြားတော်မူခဲ့သည့်
နေရာကိုကြည့်လျက် -

"ဘုရားမြတ်စွာသည် ဤနေရာ၌

www.burmeseclassic.com

www.burmeseclassic.com

ထိုင်တော်မူလျက် သာမည်ဖလတရား ဒေသနာကို ဟောကြားတော်မူခဲ့သည်။ တရားတော်ဟောကြားတော်မူ၍ ရဟန်း သံဃာတော်တို့ခြံရံလျက် ဒေသစာရီခရီးလှည့်လည်တော်မူသည်ကိုလည်း ကြား နေရပါသည်။ ယခုအခါ၌မူ ရှင်တော်မြတ်၏ မသင့်မလျော်သောဖြစ်ရပ်ကို ကြားရပါသည်ဘုရား”

ဆိုကာ အားရအောင် ငိုကြွေးရှာသည်။

ထိုသို့ ငိုကြွေးပြီးနောက် ဘုရားရှင်၏သရီရဓာတ်တော်များရရှိရန် ကုသိနာရုံသို့ တမန်တော်ဖြင့် သဝဏ်လွှာပါးစေသည်။ ဓာတ်တော်ဝေစုမရပါက စစ်ခင်းနိုင်ရန်လည်း ကိုယ်တိုင်စစ်အင်္ဂါတို့ဖြင့် ကုသိနာရုံသို့ချီတက်သည်။ အခြားသော ပြည်ထောင်မင်းတို့သည်လည်း ဤနည်း တူပင် ခရီတက်ဝန်းရံလာကြရာ ဒေါဏ ပုဏ္ဏားကြီး၏ပြောကြားဖျောင်းဖျခြင်းဖြင့် ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များကို ရှစ်ပုံခွဲဝေ၍ တစ်ပုံစီပေးအပ်လေသည်။

အဇာတသတ်မင်းသည် ရရှိသော ဓာတ်တော်များကို (၂၅) ယူဇနာဝေးကွာသော မိမိ၏ ရာဇဂြိုဟ်မြို့တော်သို့ တခန်းတနား သယ်ဆောင်ပြီးနောက် ရာဇဂြိုဟ်မြို့တော်၌ (၇) ရက်ကြာမျှ ပူဇော်ပွဲကျင်းပပြီး ထိုဓာတ်တော်များကို ထူပါစေတီတည်ထားလျက် ပူဇော်ပွဲကြီး ထပ်မံကျင်းပခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာ၏ သရီရရွာပနကိစ္စ ပြီးစီးပြီးနောက် ဘုရားရှင် ဟောကြား ပညတ်တော်မူခဲ့သော ဓမ္မ၊ ဝိနယကို စုစည်းသင်္ဂီယနာတင်ရန် လိုအပ်လာ သဖြင့် အရှင်အာနန္ဒာ အဓိအဓင် အရှင် မဟာကဿပ အမျှားရှိသော ရဟန္တာ ငါးရာတို့သည် ရာဇဂြိုဟ်မြို့သို့ပြန်လည် ရောက်ရှိတော်မူကြသည်။ ထိုနှစ်ဝါတွင်း ဝါကပ်ကြပြီးနောက် ရာဇဂြိုဟ်မြို့ရှိ ကျောင်းတော်ကြီးများကို ပြင်ဆင်ရန် အတွက် အဇာတသတ်မင်းထံ အကူအညီ တောင်းခံရာ မင်းကြီးသည် ကျွမ်းကျင် သော လက်သမားတို့ကို အလျင်အမြန် စေလွှတ်အကူအညီပေးလေသည်။

တစ်လတာမျှ ကျောင်းတော်ကြီး များပြင်ဆင်ကြပြီးနောက် အဇာတသတ် မင်းထံသို့ -

“မင်းကြီး၊ ကျောင်းတော်များ ပြင်ဆင်ပြီး၍ ဓမ္မ၊ ဝိနယကို သင်္ဂီယနာ တင်ကြမည်”

ဟု အကြောင်းကြားရာ -

“အရှင်ဘုရားတို့ ရဲရဲတင်းတင်း ရွတ်ဆောင်တော်မူကြပါ။ ဒကာတော် တို့၏အာဏာစက်၊ ဘုရားရှင်တို့၏ ဓမ္မ စက်တည်ပါစေ။ ဒကာတော် မည်သို့ ဆောင်ရွက်ရမည်ကိုလည်း မိန့်ကြား တော်မူပါ”

ဟု လျှောက်ထားသည်။

ရဟန္တာမထေရ်တို့က -

“သင်္ဂီယနာတင် ရဟန်းတော် ငါးရာအတွက် နေရာလိုအပ်ပါသည်”

ဟု မိန့်ဆိုကြသဖြင့် အဇာတသတ် မင်းသည် ရာဇဂြိုဟ်မြို့တော်၏အရှေ့ ဘက် ဝေဘာရတောင်နံပါး စရည်းပင် ပေါက်ရာ လိုဏ်ဂူပေါက်အနီးတွင် ခမ်းနား ကြီးကျယ်သော မဏ္ဍပ်ကြီးကို တည်ဆောက်ကာ သင်္ဂီယနာတင်ရဟန္တာ တို့အတွက် အဖိုးတန်လှသော နေရာ ထိုင်ခင်းများကို မထေရ်ကြီး၏နေရာနှင့် ဓမ္မ၊ ဝိနယကို ဖြေဆိုသည့် မထေရ်၏ နေရာတို့ကို ပြည့်ပြည့်စုံစုံ စီမံဆောင်ရွက် ပေးလေသည်။

အရှင်မဟာကဿပအမျှားရှိသော ရဟန္တာငါးရာတို့သည် ဝါခေါင်လပြည့် ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ အထိ ခုနစ်လကြာမျှ (ပထမ)သင်္ဂီယနာ တင်တော်မူကြသည်။ သင်္ဂီယနာတင် အပြီးတွင် အဇာတသတ်မင်းသည် အရှင်မဟာကဿပနှင့် ညှိနှိုင်းလျက် ရောက်ဆဲ မဟာသက္ကရာဇ် ၁၈၄ ခုကို ဖြို့၍ သက္ကရာဇ်အသစ်ကို တည်ထား ခဲ့ရာ ထိုနေ့မှစ၍ စတင်ထားရှိသော သာသနာတော်နှစ်သည် ယခုအခါ သာသနာတော်နှစ် ၂၅၄၈ ခုသို့ ရောက် ရှိလာပြီဟု ဆိုရပါမည်။ အဇာတသတ် မင်းသည်လည်း ဗုဒ္ဓသာသနာသမိုင်းတွင် ပထမသင်္ဂီယနာကိုအားပေးထောက်ကူ သောမင်းအဖြစ် မှတ်တမ်းတင်ထင်ရှား ခဲ့ပါသည်။

အဇာတသတ်မင်းသည် မင်းမှု နေရာအနေအားဖြင့် ဦးရီးတော် ပသေ နဒီကောသလမင်း နတ်ရွာစံသည်ကို လည်း ကြီးမှူဆောင်ရွက်သည်။ အသက် (၈၀)သို့ရောက်နေသော ပသေနဒီကော သလမင်းသည် မင်းခမ်းမင်းနားဖြင့် လှည့်လည်စဉ် သက္ကတိုင်း မေဒါဠုပနိဂုံး၌ သိတင်းသုံးနေသော ဘုရားရှင်အား ဆည်းကပ်ဖူးမြင်ရန် သန့်လှက်၊ သင်းကျစ် အစရှိသော မင်းဝတ်တန်ဆာတို့ကိုချွတ် ၍ ဒီယကာရာယနမည်သော စစ်သူကြီး အား အပ်နှင်းကာ ဘုရားရှင်အား အားရဝမ်းမြောက်စွာ ချဉ်းကပ်ဖူးမြင် သည်။ ထိုအခိုက်တွင် ဒီယကာရာယန စစ်သူကြီးသည် ဦးရီးဖြစ်သူ ဗန္ဓုလ စစ်သူကြီး အသတ်ခံရခြင်းဖြင့် ရန်ပြီး ထားသော ပသေနဒီကောသလမင်းကို လက်စားချေရန် မင်းဝတ်တန်ဆာများ နှင့်တကွ နောက်ပါစစ်သည်တော်များကို စုရုံးခေါ်ဆောင်လျက် ပသေနဒီကော သလမင်း၏ သားတော် ဝိဋဋဘကို မင်းမြှောက်၍ သာဝတ္ထိပြည်သို့ပြန်လေ သည်။ ပသေနဒီကောသလမင်းသည် ဘုရားရှင်အား ဖူးမြင်ပြီးပြန်ထွက်လာ သောအခါ မောင်းမင်းတစ်ဦးကိုသာ တွေ့ရ၍ အကြောင်းစုံကိုသိလေသည်။

ထိုအခါ ပသေနဒီကောသလမင်း သည် တူတော် အဇာတသတ်မင်း၏ အကူအညီကိုယူ၍ ထီးနန်းကိုပြန်တိုက် ယူရန် ရာဇဂြိုဟ်မြို့တော်သို့သွားရာ မြို့ တံခါးပိတ်ပြီးဖြစ်၍ မြို့အတွင်းသို့မဝင် နိုင်ဘဲ မြို့ပြင်ပရှိ တည်းခိုရာဇရုပ်၌ပင် ကံတော်ကုန်လေ၏။ အဇာတသတ်မင်း သည် နံနက်တွင် ထိုအခြင်းအရာများကို သိရှိရပြီး ဦးရီးတော် ကောသလမင်း၏ ရုပ်အလောင်းကို ခမ်းနားစွာ မီးသင်္ဂြိုဟ် ၍ ဝိဋဋဘကို တိုက်ခိုက်ဖျက်ဆီးရန် ကြံစည်သည်။ သို့ရာတွင် အမတ်များက ဖျောင်းဖျလျှောက်ထားသဖြင့် တိုက်ခိုက် ဖျက်ဆီးမည့် အစီအစဉ်ကို ရပ်ဆိုင်းခဲ့ လေသည်။ ထို့အပြင် ပရိယာယ်မာယာ ကျွမ်းကျင်သော ဝဿကာရအမတ်ကြီး၏လှည့်စားခြင်းဖြင့် ဝဇ္ဇီတိုင်းသားတို့ စည်းလုံးညီညွတ်မှုပြုကွဲလေရာ ယင်းတို့ အခွင့်ကောင်းယူ၍ အဇာတသတ်မင်း သည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ပြီး သုံးနှစ်အကြာတွင် ဝဇ္ဇီတိုင်းကို ချီတက် တိုက်ခိုက်ချေမှုန်းခဲ့လေသည်။

ဤသို့ဖြင့် အဇာတသတ်မင်းကြီး သည် ဗုဒ္ဓသာသနာတော်အကျိုး၊ မိမိ နိုင်ငံအကျိုးများကို တတ်စွမ်းသမျှ ဆောင်ရွက်နေစဉ် နန်းသက် (၃၂) နှစ် သက်တော် (၄၈) နှစ်အရွယ်တွင် သား တော် ဥဒယဘဒ္ဒလုပ်ကြံသဖြင့် ကံတော် ကုန်ခဲ့ပါသည်။ ဒီဃနိကာယ် အဋ္ဌကထာ အဆိုအားဖြင့် အဇာတသတ်သည် အဘိဂုတ်ခြင်း ဟူသော ပိတုဃာတက အကုသိုလ်ကံကြီးကြောင့် လောဟကုမ္ဘီ ငရဲ၌ အနှစ်ခြောက်သောင်းမျှ ငရဲခုတ္တ ခံရပြီးနောက် လွတ်မြောက်သောအခါ ဝိဇိတာဝိပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန် စံဝင်လိမ့်မည်ဟု သိရှိရပါသည်။

ဦးကျော်ဆန်း

(မဟာဝိဇ္ဇာဝင်္သကား)

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်ဆန်းလှိုင်း

မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ပျားစွဲခြင်းဖြစ်ရပ်ဆန်း

(ဘိုးအာ)

မန္တလေးမြို့၏တောင်ဘက်(၇)မိုင် အတွာအဝေးတွင် အမရပူရမြို့ခေါ် တောင်မြို့ရှိလေသည်။ အမရပူရမြို့၏ အရှေ့တောင်ဘက်ခပ်ယွန်းယွန်း (၄) မိုင်ခန့်အတွာ ဥယျာဉ်တော်ရွာတွင် နွေခေတ်ကာလတုန်းက ဦးအောင်ထွန်းနှင့် ခေါ်ရွှေအိမ်တို့သည် သားသမီး (၈)ဦးနှင့်အတူ နေထိုင်ခဲ့ကြသည်။

သားသမီးများအနက်မှ ပဉ္စမမြောက်ဖြစ်သူ မောင်လှဘော်သည် နောင်တစ်ခါနိုင်တွင် ဗုဒ္ဓသာသနာ၌ အလွန်ထင်ရှားကျော်စောမည့် မိုးကုတ်ဆရာတော်ဘုရားကြီးဖေလောင်းလျာပင်ဖြစ်သည်။ မောင်လှဘော်ကို ကောဇာနှစ် ၁၉၁၁ ခုနှစ်၊ နတ်တော်လပြည့်ကျော်သာ ရက်။ ခရစ်နှစ် ၁၈၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

အရွယ်အားဖြင့် ရှင်ပြုချိန်တန်သောအခါ မိဘများက ငွေးပင်တောရ ဦးဇာဂရထံ သွားရောက်လျှောက်ထားကြသည်အထိ အခြေအနေဆိုက်ရောက်သွားရာ ကျောင်းထိုင်ဆရာတော်ကြီးက

"မောင်ဝိမလလေးဟာ သူလို ကိုယ်လို သာမန်လူမဖြစ်နိုင်ဘူး။ ဘုန်းကံကြီးမားလိမ့်မယ်။ အခု သူသက်နှံးမှာ ပျားကောင်းတွေ ဝိုင်းအုံကြသလို သူကို လူပရိသတ်တွေ ဝိုင်းအုံမှီခိုဆည်းကပ်ကိုးကွယ်ကြမယ့်နိမိတ်လို့ ယူဆရလိမ့်မယ်"

ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။

အလွန် များပြားလှသော ပျားကောင်တို့သည် မည်သည့်နေရာကထွက်ပေါ်လာသည်မသိ။ အုပ်ဖွဲ့၍ ပျံသန်းလာပြီးလျှင် သက်နှံးလှုံးသောတန်းပေါ်ရှိ ခေါက်၍တင်ထားသော ကိုရင်ဝိမလ၏ သက်နှံးကိုရွေးပြီး ဝိုင်းအုံသိုက်ဖွဲ့၍ စွဲကြလေသည်။

"ပျားစွဲတာ · ကောင်းတဲ့နိမိတ်မဟုတ်ဘူး။ ခိုက်တတ်တယ် (ဒုက္ခရောက်တတ်တယ်)။ ပျားကောင်တွေ နေရာပြောင်းရွှေ့သွားအောင် ရှေးလူကြီးတို့ ပြောစကားအရတော့ အိမ်ခေါင်မိုးပေါ်ကို ရေနဲ့ပက်တင်ပြီး ပြန်ကုလာတဲ့ ရေကို တံစက်မြိတ်နေရာက္ကနေခွက်နဲ့ခံ။

အဲဒီရေနဲ့ ပျားအုံကို လက်ပြန်ပက်ရသတဲ့။ အဲဒါ ပျားအုံနေရာပြောင်းသွားအောင် နှင်နည်းဆိုပဲ"

ဤသို့ဖြင့် သက်နှံးကို ပျားစွဲသောဖြစ်ရပ်အပေါ် သူတစ်မျိုးငါတစ်ဖုံ အမျိုးမျိုးမြောဆိုဝေဖန်နေကြသည်။ ကိုရင်ဝိမလလေးကား တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်းမပြုပေ။ စိုးရိမ်ကြောက်ရွံ့ဟန်လည်းမပြ။ ပြုံးစစ မျက်နှာလေးဖြင့်သာ ကြည့်နေလေသည်။ ထိုသတင်းသည် တစ်စုတစ်ဖြင့် ကျောင်းထိုင်ဆရာတော်ကြီး

ကျောင်းဆရာတော် ဦးဇာဂရထံသို့ အမြဲပြီး ရှင်ပြု၍ ရှင်သာမဏေဝတ်ပေးခဲ့ရာ ဗုဒ္ဓဟူးသားဖြစ်သဖြင့် နေ့နံအောင် ရှင်ဝိမလ ဟူသော ဘွဲ့အမည်ပေးခဲ့တော်၏။မိဘများက ထိုခေတ်ကာလအတိုင်း တစ်ဝါခန့်သာဝတ်စေရန် ကြိုးစားခဲ့ကြသော်လည်း ကိုရင်လေး ဝိမလက သာသနာ့ဘောင်တွင် ကြိုက်နေပြီး လူပြန်ထွက်ရန် စိတ်ကူးမရှိတော့ပေ။

သားအကြိမ်သက်နှံးတွင်ပျားစွဲခြင်း

ကိုရင်ဝိမလလေး သာသနာ့ဘောင်သို့ရောက်ရှိလာသည်မှာ (၃) ဝါ ရောက်ခဲ့ချေပြီ။ အသက်လည်း (၁၂) နှစ်ရောင်းသို့ ရောက်ရှိလာချိန် ဖြစ်၏။ ထိုနေ့တွင် ထူးခြားဆန်းကြယ်သော

www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်ကြားလေသည်။

ထိုအခါမှပင် တစ်ယောက်တစ်မျိုး ဆူညံနေသော ဝေဖန်ပြောဆိုနေသံများသည် မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

လောကီသိပ္ပံညွှန်ပေါင်းကျမ်းအလို အရလည်း -

ဝတ်သောပုဆိုး (အဝတ်အစား) တွင် ပူးများလာရောက်စွဲမှု သုတကာထက် မြင့်မြတ်သူဖြစ်အံ့။ အိပ်ရာကပ် အောက်တွင် ပူးစွဲမှု ကြွယ်ဝအံ့ ဟု ဆို၏။

အချို့လောကီကျမ်းတို့က ပူးစွဲမှုနှင့်ပတ်သက်၍ အကောင်း၊ အဆိုးနှစ်မျိုးဆိုတတ်သည်။ အချို့ကျမ်းတို့ကမူ အဆိုးကိုသာဆိုသည်လည်းရှိ၏။ ပူးဆိုသည်မှာ ပန်းပေါင်းစုံတို့၏ ချိုမြိန်သောဝတ်ရည်ကို သယ်ဆောင်လာပြီး ပူးလပို့ (ပူးသလက်) မှာ သိမ်းဆည်းထားသို့လေ့ရှိ၏။ ပူးအုံ့မှုရသော ပူးရည်ကလည်း ဆေးပေါင်းခသော ဝတ်ရည်ပေတံ့သည်။ (ပူးရည်၊ ပူးသလက်သာမက ပူးစွဲခံထားရသော သစ်ကိုင်းကပင်လျှင် ဆေးဖက်ဝင်သွားသည်။ ကလေးငယ်တို့ သွားရည်များအမြဲမပြတ် ကျနေပါက ထိုသစ်ကိုင်းကိုဖြတ်၍ ကျောက်ပျဉ်မှာ ရေနှင့်သွေးပြီး ပါးပြင်ကိုလိမ်းက ပျောက်ကင်းစေသည်ဟု လစဉ်ထုတ်မဂ္ဂဇင်းစာစဉ်အုပ်၏ဆေးမြီးတိုကဏ္ဍာတွင်မှတ်သားဖူး၏။ စာရေးသူ)

မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်ကျောင်း ဒါယကာ (တရုတ်လူမျိုး) ၏ အိမ်မှာ ပူးစွဲဖူး၏။ အိမ်ထဲမှာရှိသော ဘူးသီးခြောက်တစ်ခြမ်းပဲ့အတွင်းသို့ ပူးများ ဝင်ရောက်စွဲပြီး အုံ့ဖွဲ့နေ၏။ ထိုနောက်ပိုင်းကာလတွင် ထိုအိမ်ရှင်သည် စီးပွားရေးတရိပ်ရိပ်တိုးတက်လာခဲ့သည်။ သုံးစွဲ၍ မကုန်နိုင်လောက်အောင်ပင် ငွေကြေးစီးပွားဥစ္စာချမ်းသာလာသည်။ 'မစိုးရိမ်ကျောင်းတိုက်တစ်ခုလုံးအတွက် တစ်ဦးတည်း အလှူရှင်ဒါယကာအဖြစ် တာဝန်ယူပါမယ်ဘုရား' ဟု လျှောက်ထားနိုင်သည်အထိ ဖြစ်လာသည်ဟု ဆိုပါသည်။

❑ ပူးကောင်များလာ၍စွဲပြန်ခြင်း (ဒုတိယအကြိမ်)

နှစ်ကာလတွေအတန်ကြာညောင်းလာခဲ့ပြီ။

ဦးပဉ္စင်းဦးဝိမလသည်လည်း ရဟန်းခံအပြီး သိမ်မှအထွက် နေထိုင်သီတင်းသုံးမြဲဖြစ်သည့် မကုဋကျောင်းပေါ် သို့ ပြန်လည် ရောက်ရှိလာ၏။ သိမ်ထဲတွင် ရဟန်းခံစဉ်ကဝတ်ရုံထားခဲ့သောသင်္ကန်းမှာ ချွေးများစိုရွှဲနေသဖြင့် သင်္ကန်းလှန်းဝါးလုံးပေါ် ၌လွှားထားခြင်းဖြင့် ခြောက်သွေ့အောင်ပြုလိုက်၏။

ထိုအခိုက်တွင် ဘယ်အရပ်ဒေသက ဘယ်လိုရောက်ရှိလာခဲ့ကြသည်မသိရသော ပူးကောင်များ ချောက်ချားစွာ ဝိုင်းအုံပြီး ဦးပဉ္စင်းဦးဝိမလ၏ သင်္ကန်းပေါ် ကိုစွဲ၍နေကြလေသည်။

ရုတ်တရက် ဤသို့ ပူးစွဲခြင်းကြောင့် ရဟန်းရှင်လူများ အထိတ်တလန့်ဖြင့် အမျိုးမျိုးထင်မြင်ဝေဖန်ကြသည်နှင့်ကြုံရပြန်လေသည်။ ဦးပဉ္စင်း ဦးဝိမလအတွက်ကား အသက်(၁၂)နှစ်သားအရွယ် ကိုရင်ဘဝကပင် ဤသို့တွေ့ကြုံခဲ့ဖူးထား၍ မထူးဆန်းမအံ့သြတော့ချေ။ အရာရာတွင် (အစ်ကိုကြီးပမာ)ဆုံးမသွန်သင်လာခဲ့သော ဘုန်းတော်ကြီးဦးနာဂဝံသကမူ ဤဖြစ်ရပ်နိမိတ်ထူးကို -

"ဦးပဉ္စင်းသင်္ကန်းမှ ရွှေချယ်ပြီး ပူးစွဲတာကောင်းမွန်တဲ့နိမိတ်လက္ခဏာပြတာပဲ။ တရားထူးရလိမ့်မယ်။ ရဟန်းကိစ္စ ပြီးစီးအောင်မြင်မယ်။ ပြီးတော့ ဦးပဉ္စင်းဟောကြားညွှန်ပြမယ့် တရားထူးအမြိုက်ရည်ကို ရဟန်းရှင်လူပြည်သူတွေ ဝိုင်းအုံတန်ဖိုးထားသောက်ကြရလိမ့်မယ်ဆိုတဲ့ နိမိတ်ပါပဲ"

ဟု မိန့်ဆိုလေရာ မည်သူမျှဆက်လက်မဝေဖန်ရဲတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။ စင်စစ် ဆရာတော်နိမိတ်ဖတ်ခြင်းသည် ဂွေးပင်တောရဆရာတော်ကြီး၏ ပထမအကြိမ်သင်္ကန်းကို ပူးစွဲခဲ့စဉ်က မိန့်ကြားချက်နှင့် သိပ်မကွာခြားလှပေ။

ပူးနှင့်ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်းတွင် 'ပူးကိုပုံပြု၊ ခြကိုတု၊ ရမှဥစ္စာပါ၊ သင်ကြားပညာ၊ ပစ္စည်းရွှာ၊ ပမာပူးသတ္တဝါ' ဟု ဆိုထားခဲ့ရာ ပညာကိုဖြစ်စေ၊ ဥစ္စာကိုဖြစ်စေ ရှာဖွေရာတွင်

ခြင်္ကောင်၊ ပူးကောင်များကို အတုယူကြပါဟု ဆိုလိုရင်းဖြစ်သည်။ ပူးနှင့်ပတ်သက်၍ နိမိတ်ယူကြရာတွင် အပြစ်ဆို အဆိုးမြင်ကြခြင်းတို့သည် သဘာဝကျ၏လော။ စဉ်းစားဆင်ခြင်သင့်ပေသည်။

❑ နောက်ဆုံးအကြိမ် ပူးစွဲပြန်ခြင်း (တတိယအကြိမ်)

ဗုဒ္ဓသာသနာတော်သည် ဘုရားရှင် ညွှန်ပြခဲ့သည့်အတိုင်း နှစ်ပေါင်း ငါးထောင်အခွန်ရှည်ကြာအောင် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလသည် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သဖြင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းသည် သာသနာတော်သမိုင်းတွင် နေလိုလို ထွန်းလင်း တောက်ပြောင်ခဲ့ပေသည်။ ဤသို့ဖြင့် မြန်မာနှစ် ၁၃၂၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၁၉၆၂ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ မွန်းလွဲ (၁) နာရီ (၂၀)မိနစ်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလသည် ခန္ဓာဝန်ချ၍ တစ်ဘဝတာ ဇာတ်သိမ်းသွားတော်မူခဲ့လေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို လက်ရင်းတပည့် ဒါယကာများအား အလှည့်ကျပူဇော်ခွင့်ပြုခဲ့ရာ ထိုနှစ် ပြာသိုလဆန်း ၁၄ ရက်နေ့တွင် ကျောင်းဒကာ ဦးကျော်သိန်း၊ ဒေါ်တင်လှတို့၏မဏ္ဍပ်က အလှည့်ကျပူဇော်ခွင့်ရ၏။ သို့ဖြစ်၍ ထိုနေ့ညနေ (၃)နာရီအချိန်တွင် ရုပ်ကလာပ်ကို သွားရောက်ကာ ပင့်ဆောင်ကြလေသည်။ ပဟိုရ်စံတဲ့ကျောင်းမဏ္ဍပ်ကြီးတွင်ရှိသော ရုပ်ကလာပ်တော်ကို မဏ္ဍပ်ကြီးတစ်ဆင့် လောင်တိုက်ဒုံးပျံစင်ကြီးနှင့် မီးသင်္ဂြိဟ်မည့် အုတ်ပလ္လင်တော်များထံ လက်ယာရစ်ပတ်ပြီးနောက် ပင့်ဆောင်လာခဲ့ကြ၏။

ထိုအချိန်တွင် များပြားလှသော ပူးကောင်အုပ်ကြီး ထွက်ပေါ်လာပြီး ကြိတ်ကြိတ်တိုးစည်ကားလှသောလူအုပ်ကြီး၏ ဦးခေါင်းဖျားအထက် လေထဲမှာ ပျံသန်း၍လိုက်ပါလာခဲ့သည်။ တစ်ပိုင်းအသံများမြည်ကာ လမ်းတစ်လျှောက် ပျံသန်းနေလော်လည်း လူများကို တစ်ခုတစ်ရာအန္တရာယ်ပြုခြင်းမရှိပေ။

ရုပ်ကလာပ်တော် ကိန်းဝပ်မည် ဦးကျော်သိန်း၊ ဒေါ်တင်လှတို့၏မဏ္ဍပ်သို့ ပူးကောင်များရှေ့မှသွားခဲ့၏။ ရုပ်ကလာပ်တော် ရောက်ရှိမြဲသော

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ပုဒ္ဓဘာသာဝင်အစ သရဏဂုံက

၁ ပုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။ ။

သရဏဂုံသုံးပါးကို ပုဒ္ဓဘာသာဝင်တိုင်း ရွတ်ဆိုဆောက်တည်ကြသည်။ အမွန်မြတ်ဆုံးစိတ်ထားနှင့် ကိုးကွယ်ဆည်းကပ် သိမှတ်မှ သရဏဂုံဆောက်တည်ရာရောက်သည်။ သရဏဂုံမြောက်သည်။

သရဏဂုံဆောက်တည်ရာရောက်မရောက်၊ မြောက်-မမြောက်ကိုသိလိုလျှင် ဦကာဆရာများ၏ ညွှန်ကြားချက်အချက်(၄)ချက်ဖြင့် ဆန်းစစ်ကြည့်ပါကသိနိုင်ပါသည်။

အချက် (၄) ချက်မှာ -

၁။ ဉာတိ၊
၂။ ဘယ၊
၃။ အာစရိယ၊
၄။ ဒက္ခိဏေယျတာ တို့ ဖြစ်သည်။

၁။ ဉာတိ - ဆွေမျိုးကိုဆိုလိုသည်။ မြတ်စွာဘုရားရှင်သည် ငါတို့ဆွေမျိုးပဲ။ ငါတို့နှင့် ဆွေမျိုးတော်သည်။ ငါတို့ဆွေမျိုးကို ငါတို့ကိုးကွယ်ရမည်။ ပူဇော်ရသည်ဆိုပြီး သာမန်ဆွေမျိုးစိတ်ထားနှင့် ကိုးကွယ်ဆောက်တည်သော သရဏဂုံသည် သရဏဂုံမမြောက်ပါ။

၂။ ဘယ - ဘယဆိုတာ ကြောက်ခြင်းဆိုသော အဓိပ္ပာယ်ဖုံ။ မြတ်စွာဘုရားသည် တန်ခိုးအင်မတန်ကြီးမားသည်။ ထူးခြားသောအစွမ်းသတ္တိများနှင့် ပြည့်စုံသည်။ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်နေကြသောသူတွေထဲမှာ အာဏာရှိသောရှင်ဘုရင်၊ စစ်သူကြီး၊ မျူးကြီးမတ်ရာ၊ သူဌေးသူကြွယ်တွေလည်းပါသည်။ ဘုရားရှင်ကို မကိုးကွယ်လျှင်တော့ ရှင်ဘုရင်တွေ၊ စစ်သူကြီး၊ မျူးကြီးမတ်ရာတွေနှင့်ပေါင်းပြီး ငါတို့ကို ဒုက္ခပေးလျှင်ခက်လှချည်ရဲ့ဆိုပြီးကြောက်၍ (ဘေးကိုကြောက်၍) ကိုးကွယ်ဆည်းကပ်တာမျိုးဆိုလျှင်လည်း သရဏဂုံမမြောက်ပါ။

၃။ အာစရိယ - အာစရိယဆိုတာ ဆရာကိုပြောတာပါ။ စီးပွားတက်ရဲ့၊ ရာထူးတိုးရဲ့၊ ရောဂါပျောက်ရဲ့လောက်ကို သာမျှော်ကိုးပြီး ပစ္စုပ္ပန်ဒိတစ်ဘဝအကျိုးလောက်ကိုသာ ညွှန်ပြပေးနိုင်သော သာမန်ဆရာဆိုသော စိတ်ထားလောက်နှင့်ကိုးကွယ်ဆည်းကပ်ရုံမျှဖြင့် သရဏဂုံမမြောက်ပါ။

၄။ ဒက္ခိဏေယျတာ - ပစ္စုပ္ပန်ဒိတစ်ဘဝ အကျိုးစီးပွားမျှသာ ပစ္စည်းဥစ္စာချမ်းသာရုံ၊ အာဏာရာထူးတိုးလာရုံ၊ ကျန်းမာရေးကောင်းရုံလောက်ကိုသာ မျှော်ကိုးခြင်းမျိုးမဟုတ်ဘဲ မြတ်စွာဘုရားရှင်သည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသောဘဝများမှာ ကောင်းကျိုးချမ်းသာများဖြစ်ထွန်းအောင် ညွှန်ပြပေးနိုင်သည်။ ဘဝဒုက္ခ၊ ခန္ဓာဒုက္ခ၊ သံသရာဒုက္ခတွေကနေလွတ်မြောက်အောင်လည်းလမ်းညွှန်ပေးနိုင်သည်။

လူပြည်မှာဖြစ်စေ၊ နတ်ပြည်မှာဖြစ်စေ၊ ငြဟ္မာပြည်မှာဖြစ်ခစေ၊ မြတ်စွာဘုရားထက် သာလွန်သောပုဂ္ဂိုလ်မရှိ။ မြတ်စွာဘုရားနှင့် တန်းတူပုဂ္ဂိုလ်များလည်းမရှိ။ လောကသုံးထပ်၊ ဘုံသုံးရပ်မှာ မြတ်စွာဘုရားရှင်သည်သာလျှင် ကြီးကျယ် မြင့်မြတ်သော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသည်ဆိုပြီး တကယ့်ကို အမွန်အမြတ်ဆုံးစိတ်ထားနှင့် ကိုးကွယ်ဆည်းကပ်သိမှတ်မှ သရဏဂုံမြောက်သည်။

ကိုယ့်ဆည်းကပ်မှုသည် သရဏဂုံတကယ်မြောက်ရဲ့လား၊ မမြောက်ဘူးလား။သရဏဂုံဆောက်တည်ရာရောက်-မရောက်ဆိုတာကို ဦကာဆရာညွှန်ပြသော အင်္ဂါရပ်များနှင့် ဆန်းစစ်သုံးသပ်ကြည့်သင့်ပေသည်။

၁ သိထားသင့်သော အမြတ်ဆုံးလေးပါး

၁။ မဂ္ဂါ နဋ္ဌိကော မဂ္ဂေါ - လမ်းခရီးအပေါင်းတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းခရီးသည် အမြတ်ဆုံးဖြစ်၏။

၂။ သမ္ဘာန် စတုရော ပဒါ - သစ္စာအားလုံးတို့တွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူဆိုအပ်သော အရိယာသစ္စာလေးပါးသည် အမြတ်ဆုံး။

၃။ ဝိရောဂေါ သေဋ္ဌော ဓမ္မာနံ - တရားအားလုံးတို့တွင် ရာဂကင်းရာနိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။

၄။ ဒ္ဝိပဒါ နဉ္စ စက္ခုမာ - အခြေခံစွမ်းရှိသော သတ္တဝါအားလုံးတို့တွင် (က) ဗုဒ္ဓစက္ခု၊ (ခ) ဓမ္မစက္ခု၊ (ဂ) သမ်ဏ္ဍစက္ခု၊ (ဃ) ဒိဗ္ဗစက္ခု၊ (င) ပညာစက္ခုဟုဆိုအပ်သော စက္ခု (မျက်စိ) ငါးပါးရှိတော်မူသော မြတ်စွာဘုရားရှင်သည် အမြတ်ဆုံးဖြစ်တော်မူ၏။

(ဓမ္မပဒ မဂ္ဂဝဂ် ဂါထာ - ၂၇၃)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

နှစ်အနည်းငယ်ခန့်အကြာအထွင်း မဏ္ဍပ်ဘယ်ဘက်အဆောင် (မဏ္ဍပ်ဆီတိ) တွင် ဝင်ရောက်အုံဖွဲ့ပြီးစွဲနေသည်။ မဏ္ဍပ်အတွင်းမှာလည်း လူများရောက်ရှိနေကြသည်။ ထို့နောက် မိနစ်ခန့်အကြာ ရုပ်ကလာပ်တော်ရွှေ့ရှိလာတော်မူချိန်တွင် ပျားကောင်များသည် သိုက်အုံဖွဲ့၍ စွဲပြီးဖြစ်တော့သည်။ စင်စစ် ဤတစ်ကြိမ် ပျားစွဲခြင်းသည် ရုပ်ကလာပ်တော်ကို မီးသင်္ဂြိဟ်ဆောင်ရက်အလိုတွင် နောက်ဆုံးစွဲခြင်းဖြစ်ကြောင်း ပျားတို့က ဂါရဝပြုပူဇော်သွားခဲ့ခြင်းဖြစ်လေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ပျားစွဲခြင်းအကြောင်းခြင်းရာ နိမိတ်လက္ခဏာတို့သည် မည်သို့ပင်ဘာန်း အကြောင်းဆက်တို့ ပါရှိလာခဲ့သည်ကို မူ ပုထုဇဉ်လူသားတို့အတွက် ပဟေဠိသဖွယ်ဖြစ်ခဲ့ဧ၏။သဘာဝလွန်ဆန်းကြယ်လှ၍ အတိအကျသိရှိနားလည်ရန်ခက်ခဲဘိလေသည်တကား။

ဤဆောင်းပါးဖြင့် ခန္ဓာဝန်ချသွားခဲ့သည်မှာ ကြာပြီဖြစ်သော သာသနာပြုမိုးကုတ်ဆရာတော်ဘုရားကြီးအား ရိုသေစွာ လက်စုံပိုး၍ ရှိခိုးကန်တော့ပါ၏။

အရှင်ဘုရား။

အောင်ဆန်းလင်း (ဘီအေ)

ဝန်ခံချက် -

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာလုပ်ငန်းရပ်များ (တစ်ဘဝသာသနာအရှင်ဟောသိတ)စာအုပ်မှ ထုတ်နုတ် ရေးသား ပူဇော်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ကျိပ်ရှစ်ဆု ဘုရားရှင်တို့ ဖြစ်ထွန်း ပေါ် ပေါက်တော်မူခဲ့သော ကပ်ကမ္ဘာတို့ကို ရှေးဟောင်းစာပေ ကျမ်းဂန်တို့၌ ဤသို့ဖော်ပြထားသည်ကို လေ့လာကြည့်ညှိမိပါသည်။

ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူသော သာရမဏ္ဍကမ္ဘာမှ ကျွန်ုပ်တို့ ဘဒ္ဒကမ္ဘာတိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတွင် (၁၂) ကမ္ဘာ အတွင်း၌ (၂၈) ဆူသော ဘုရားရှင်တို့ ပွင့်ထွန်း ပေါ် ပေါက်တော်မူခဲ့ကြောင်း သိရှိကြည်ညိုနိုင်ပါသည်။

ဘုရားရှင်တို့ပွင့်ပေါ်ရာ (၁၂) ကမ္ဘာ

၁။ သာရမဏ္ဍကမ္ဘာ၌ (၁) တဏှင်္ကရာ၊ (၂) မေဓင်္ကရာ၊ (၃) သရဏင်္ကရာ၊ (၄) ဒီပင်္ကရာ ဘုရားရှင်လေးဆူ ပွင့်ပေါ် ခဲ့ပါသည်။

၂။ သာရကမ္ဘာ၌ (၁) မေဓင်္ကရာဘုရား တစ်ဆူပွင့်တော်မူပါသည်။

၃။ သာရမဏ္ဍကမ္ဘာ၌ (၁) မင်္ဂလ၊ (၂) သုမန၊ (၃) ရေဝတ၊ (၄) သောဘိတဘုရားလေးဆူပွင့်တော် မူပါသည်။

၄။ ဝရကမ္ဘာ၌ (၁) မနောမဒဿီ၊ (၂) ပဒုမ၊ (၃) နာရဒ ဘုရားသုံးဆူ ပွင့်တော်မူသည်။

၅။ သာရကမ္ဘာ၌ (၁) ပဒုမုတ္တရာဘုရား တစ်ဆူပွင့်တော်မူသည်။

၆။ မဏ္ဍကမ္ဘာ၌ (၁) သုမေဓ၊ (၂) သုဇာတာဘုရားနှစ်ဆူပွင့်တော် မူသည်။

၇။ ဝရကမ္ဘာ၌ (၁) ပိယဒဿီ၊ (၂) အတ္ထဒဿီ၊ (၃) ဓမ္မဒဿီ ဘုရား သုံးဆူပွင့်တော်မူသည်။

၈။ သာရကမ္ဘာ၌ (၁) သိဒ္ဓတ္ထဘုရား တစ်ဆူပွင့်တော်မူသည်။

၉။ မဏ္ဍကမ္ဘာ၌ (၁) တိဿ၊ (၂) ဖုဿဘုရားနှစ်ဆူပွင့်တော်မူသည်။

၁၀။ သာရကမ္ဘာ၌ (၁) ဝိပဿီဘုရား တစ်ဆူပွင့်တော်မူသည်။

၁၁။ မဏ္ဍကမ္ဘာ၌ (၁) သိခီ၊ (၂) ဝေဿဘူဘုရားနှစ်ဆူ ပွင့်တော်မူ ပါသည်။

၁၂။ ဘဒ္ဒကမ္ဘာ (ယခုလက်ရှိကမ္ဘာ) ၌ (၁) ကကုသန်၊ (၂) ကောဏာဂုံ၊ (၃) ကဿပ၊ (၄) ဂေါတမဘုရား ရှင်လေးဆူပွင့်တော်မူပြီးဖြစ်သည်။

နောင်ပွင့်တော်မူလတ္တံ့သော (၅) မေတ္တေယျဘုရားရှင်နှင့်သော် ဘုရား ငါးဆူပွင့်ထွန်းတော်မူပါမည်ဖြစ်ကြောင်း သိရှိကြည်ညိုနိုင်ပါသည်။

ဤဘုရားရှင်တို့ပွင့်ပေါ်ရာ (၁၂) ကမ္ဘာကို လေ့လာကြည့်ညှိလျှင် -

၁။ ဘုရားရှင်တစ်ဆူပွင့်သော သာရကမ္ဘာ၊

၂။ ဘုရားနှစ်ဆူပွင့်သော မဏ္ဍကမ္ဘာ၊

၃။ ဘုရားသုံးဆူပွင့်သော ဝရကမ္ဘာ၊

၄။ ဘုရားလေးဆူပွင့်သောသာရမဏ္ဍကမ္ဘာ၊

၅။ ဘုရားငါးဆူပွင့်သော ဘဒ္ဒကမ္ဘာ ဟူ၍ -

ဘုရားပွင့်တော်မူသော ကမ္ဘာ (၅)မျိုးရှိကြောင်းနှင့် ဘုရားတစ်ဆူ သော်မှ ပွင့်ထွန်းခြင်းမရှိသောကမ္ဘာမျိုး ကို သုညကမ္ဘာ (အချည်းနှီးကမ္ဘာ) ဟူ၍

ဝတ္ထုတိုများ

(အောက်မြေ)

(၂၈)ဆူဘုရားရှိခိုးကါဆောတော်

www.burmeseclassic.com

www.burmeseclassic.com

ရှေးက စာဟောင်းပေဟောင်းတို့၌ လေ့လာ တွေ့ရှိရပါသည်။

ဤသို့ဖြင့် ဘုရားပွင့်တော်မူသော ကမ္ဘာ(၅)မျိုးနှင့် ဘုရားပွင့်တော်မမူသော ကမ္ဘာ (၁) မျိုးအားဖြင့် ကမ္ဘာ (၆) မျိုးရှိကြောင်း ရှေးဆရာတို့၏ စာပေလင်္ကာအဖွဲ့အနွဲ့လည်း မှတ်သားဖွယ်ရာတွေ့ရှိရပါသည်။

မှတ်သားဖွယ်ရာဆောင်ပုဒ်လင်္ကာ

ဃ တစ်ဆူသာရ၊ နှစ်မဂ္ဂာ၊ ဝရသုံးဆူသာ၊ သာရမဂ္ဂာလေးဆူမျှ ဘဒ္ဒငါးဆူသာ၊ တစ်ဆူသော်မှမပွင့်ကြ သည်တစ်ကမ္ဘာ၊ ကမ္ဘာ (၆) မျိုး မော်ကွန်းထိုးနွေးနိုးကျမ်းအလာ -

ဟူ၍ မှတ်သားဖွယ်ရှိပါသည်။

ဤ၌ (၂၈) ဆူဘုရားရှိခိုးဂါထာတော်တို့ ဆက်လက် ကြည်ညိုနိုင်ရန် တင်ပြပါမည်။

(၂၈) ဘုရားရှိခိုးဂါထာတော်

ဃ တံမေသဒိကောမံသုရေ၊
သောအပနာဝယသုသုပိ၊
အဓံသိတိဖုဝိသိဝေ၊
တကောကဂေါနမာမဟံ။ ။

ရှေးဆရာမြတ်တို့သည် အကွရာတစ်လုံး ဘုရားတစ်ဆူကို နှလုံးမူ၍ ဤနှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာတော်ကို စီးထုံးထားခဲ့ဟန်ရှိပေသည်။ မြတ်ဗုဒ္ဓ၏ ဝိဇ္ဇာတစ်စာပေ၌ လာရှိသော အက္ခရာတစ်လုံးတစ်လုံးစီသည် ဘုရားတစ်ဆူနှင့် တူကြောင်း အက္ခရာကေမေကဥ္စဗုဒ္ဓရူပသဒ်သိဃာဟု ပါဠိအထောက်အထား အာဂတတစ်ခုလည်းရှိပါသည်။

ဘုရားရှိခိုးဂါထာတော်၏အနက်အဓိပ္ပာယ်

၁။ **တံ** - တစ်ထောင့်ငါးရာ ကိလေသာကို ဗယ်ခွာတော်မူပြီးသော တဏှာရာ မြတ်စွာဘုရားကို လည်းကောင်း။

၂။ **မေ** - မေရုသိန္ဓု ကြီးထုပမာ တဲ့ပမာသို့ နက်နဲသောပညာရှိတော်မူသော မေတ္တေယျရာမြတ်စွာဘုရားကို လည်းကောင်း။

၃။ **သ** - သရဏဂုံပဉ္စအဒ္ဓဒသိမဂ် စသည်ဖြင့် သုံးလီဘုံသားတို့အား တရားတိုက်ကျွေး အမြိုက်ဆေးတိုပေးတော်မူပြီးသော သရဏ်ရာမြတ်စွာဘုရားကို လည်းကောင်း။

၄။ **နိ** - ညီးညီးပြောင်ပြောင် ပညာတည်းဟူသော ဆီမီးတန်ဆောင်ကို လွန်ဘောင်နတ်ရပ် မလပ်အောင် ထွန်းညှိတော်မူပြီးသော ဒီပင်္ကရာမြတ်စွာဘုရားကို လည်းကောင်း။

၅။ **ကော** - လောကဝိဝရဏစသော တန်ခိုးပြာဋိဟာကိုကောင်းစွာဖြင့် တော်မူပြီးသော ကောဏ္ဍညမြတ်စွာဘုရားကို လည်းကောင်း။

၆။ **မံ** - ဒေဝပုတ္တ စသည်အပြား မာန်ငါးပါးကို ထွားထွားညက်ညက် ပယ်ဖျက်ခုတ်ထွင်အောင်မြင်တော်မူပြီးသောမင်္ဂလမြတ်စွာဘုရားကို လည်းကောင်း။

၇။ **သု** - ဒုစရိုက်၌ လိုက်စားမှားယွင်းမကင်းမိစွာ မသမာတို့ကို သုတ်သင်တော်မူပြီးသောသုမနမြတ်စွာဘုရားကို လည်းကောဖ်း။

၈။ **ရေ** - ငါးထွေအစုံ ဈာန်ဟုန်အရှိန်မနှိန်ဖြေတို့နှင့် ပြည့်တော်မူသော ရေဝတမြတ်စွာဘုရားကို လည်းကောင်း။

၉။ **သော** - ဝီးဝဇ်တတ်သော၊ မဟာသမုဒ္ဒရာနှင့်တူသော မဂ္ဂင်ရှစ်ပါးမြတ်စွာဘုရားကို ပိုင်းခြားရှင်းသိတော်မူပြီးသော သောဘိတမြတ်စွာဘုရားကို လည်းကောင်း။

၁၀။ **အ** - အနုတ္တ သံသရာအစဉ်ကို ကောင်းစွာ ထင်တော်မူပြီးသော အနောမဒဿီမြတ်စွာဘုရားကို လည်းကောင်း။

၁၁။ **ပ** - ပရမတ္ထသဘောဇောဝိထိအစဉ်ကို ကောင်းစွာသိမြင်တော်မူပြီးသော ပဒုမမြတ်စွာဘုရားကို လည်းကောင်း။

၁၂။ **နာ** - နာနာနယနိပုဏအတိဝဇ္ဇိရစသောတရားဖြင့်ဟောတော်မူ၍ သုံးပါးသောလူကို နိဗ္ဗာသို့တင်တော်မူပြီးသော နာရဒမြတ်စွာဘုရားကို လည်းကောင်း။

၁၃။ **ပ** - မြေ၏ ဦးစွန်းပလ္လင်နန်းဝယ် လေးခန်းသစ္စာ ပွင့်လင်းစွာလျက် ငါးဖြာမာန်အောင် အခေါင်ထွဋ်ရောက် ဝမ်းမြောက်တော်မူပြီးသော ပဒုမုတ္တရမြတ်စွာဘုရားကို လည်းကောင်း။

၁၄။ **သု** - ကောင်းသောစကားကိုနှတ်၊ လူတို့အား ဟောကြားတော်မူပြီးသော သုမေဓမြတ်စွာဘုရားကို လည်းကောင်း။

၁၅။ **သု** - ကောင်းမွန်လှစွာ ဆရာကင်းပြီး မင်္ဂခရိုးဖြင့် ပြည်ကြီးပူရ အမတသို့ ကြွတော်မူပြီးသော သုဇာတမြတ်စွာဘုရားကို လည်းကောင်း၊

၁၆။ **ဝိ** - ဝမ်းလိုင်ပြည့်ထင် ပြဟ္မာယာဉ်ဖြင့် သခ်ျာတွက်ရေ ကုဋေ ခြောက်ဆယ် စွန်းကယ်မယိမ်း တစ်သိန်းအနေ လူမိုက်ခြေအား သားနှင့်အတူ ပြည်နိဗ္ဗူသို့ ယူတော်မူပြီးသော ပိယဒဿီမြတ်စွာဘုရားကို လည်းကောင်း။

၁၇။ **အ** - အပရိမိတအပ္ပမာဏဂုဏ်ကို သုံးတော်မူပြီးသော အတ္ထဒဿီမြတ်စွာဘုရားကို လည်းကောင်း။

၁၈။ **ဓံ** - ဝိဠဂတ်သုံးပုံ အလုံးစုံသော တရားကို ဟောတော်စုပြီးသော ဓမ္မဒဿီမြတ်စွာဘုရားကို လည်းကောင်း။

၁၉။ **သိ** - ဘဝင်ပြီးဆုံးခြင်းသို့ရောက်တော်မူပြီးသော သိဒ္ဓတ္ထမြတ်စွာဘုရားကို လည်းကောင်း။

၂၀။ **တိ** - သုံးပါးလက္ခဏာကိုယ်မှာထင်ထင် မင်္ဂလမ်းမြင်အောင် ဟောတော်မူပြီးသော တိဿမြတ်စွာဘုရားကို လည်းကောင်း။

၂၁။ **ဖု** - လောကဓံတရား တွေ့ကြုံကြား လည်း လှုပ်ရှားသမူပြုတော်မမူသော ဖုဿမြတ်စွာဘုရားကို လည်းကောင်း။

၂၂။ **ဝိ** - အထူးထူးအပြားပြား ဆန်းကြယ်အသွယ်သွယ်သောတရားကို ပေးတတ်စွာသော ဝိပဿီမြတ်စွာဘုရားကိုလည်းကောင်း။

၂၃။ **သိ** - အရောင်ပြိုးပြက်တလက်လက်ဖြင့်ထွက်၍ နေ့၊ ည၌တင့်တယ်လှသော ရောင်လျှံတော်လည်းရှိတော်မူသောသိခီမြတ်စွာဘုရားကို လည်းကောင်း။

၂၄။ **ဃ** - ဝေနေယျသတ္တဝါကို တူစွာမပြား ရင်ဝယ်သားကဲ့သို့ သနားတော်မူတတ်သော ဝေဿဘူမြတ်စွာဘုရားကို လည်းကောင်း။

၂၅။ **က** - မျှားပြားမဟာကပ်ကမ္ဘာတို့၏ တစ်ကုဋေတို့ဖြင့် မရေမတွက်နိုင်သောကမ္ဘာတစ်သိန်း အပြိန်းလွန်လေ လေးအသင်္ချေသောပါရမီကိုဖြည့်တော်မူပြီးသော ကကုသန်မြတ်စွာဘုရားကို လည်းကောင်း။

၂၆။ **ကော** - တစ်ထောင်သောနှစ်က ကျော်စောခြင်း စသော ကောလာဟလကို ရတော်မူပြီးသော ကောဏာဂုံ မြတ်စွာဘုရားကို လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၇။ က - အရိယာတို့၏ သဒ္ဓါဖြင့် စသော လယ်ဟိပ်မှကိုပြုတော်မူပြီးသော ကဿပမြတ်စွာဘုရားကို လည်းကောင်း။

၂၈။ ဂေါ - ဂေါတ္တအရှိန် အသင်္ဂိန်မျိုး တန်ခိုးပွင့်လင်း ကျော်စောခြင်းသို့ ရောက်တော်မူပြီးသော ဂေါတမမြတ်စွာဘုရားကို လည်းကောင်း။

အဟံ - ကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏၊ အရှင်ဘုရား။

ဤ (၂၈) ဆူဘုရားရှင်တို့၏ ဘွဲ့အမည်တော်အလိုက် ဘုရားတစ်ဆူတစ်ဆူချင်းစီ၏ ဝုက်ဋ္ဌပ်ကို ထင်ဟပ်ပေါ်လွင်အောင် အနက်ယောဇနာထားသည်ကို စိတ်ဝင်စားဖွယ်ရာ၊ သဒ္ဓါပွားကြည်ညိုစရာ၊ ရွှတ်ဖတ်ပူဇော်ဖွယ်ရာအဖြစ် စိတ်ထဲ အာရုံထဲ နှလုံးထဲ၌ အမြဲခံစားမိပါသည်။ ဤနှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာတော်နှင့် စပ်လျဉ်း၍ ရွှတ်ဖတ်ပူဇော်ကြည်ညိုသူများအတွက် ဤသို့ မှတ်ချက်ပြုထားသည်ကိုလည်း မူရင်းအတိုင်း တင်ပြလိုက်ပါသည်။

တစ်ဆူချင်းအသီးသီးရှိခိုးနိုင်လျှင် သာလို့ကောင်း၏။ ဤနှစ်ကျိပ်ရှစ်ဆူဂါထာကိုရအောင်ကျက်၍ နေ့တိုင်းမပြတ် ရှိခိုးသော် တန်ခိုးပွင့်လင်း၏။ ကျော်စောခြင်းသို့ရောက်၏။ လာဘ်လာဘများ၏။ ဘေးအန္တရာယ်ကင်း၏။ အမြောက်စိန်ပြောင်း အမောင်းသေနတ်ပစ်ခတ်မထိမငြိစေခြင်းငှာ ဗိုလ်မှူးတပ်မှူးလုပ်သော သူတို့ ငင်းဂါထာကို သပြေပန်းကို (၃၇) အုပ်မန်း၍ ဆောင်ကြသည်။ လက်နက်ထိဖူးသည်မရှိဟု ရှေးဆရာမြတ်တို့ပြောကြားဖူး၏။ ယုံယုံကြည်ကြည်မပြတ်ရွတ်ဖတ်ကြလေဟူ၍ အမှာမှတ်ချက်ပေးထားသည်ကို တွေ့ရပါသည်။

သို့နှင့် ရှေးဆရာမြတ်များ၊ ဘိုးဘွားဘီဘင်များရွတ်ဖတ်ကြည်ညိုပူဇော်သွားကြသော နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာတော်ကို မျိုးဆက်သစ်ဗုဒ္ဓဘာသာဝင် သူတော်စင်ပါရမီရှင်များ အမြဲမပြတ် ရွတ်ဖတ် ကြည်ညိုဆောင်ထားလိုက ဆောင်ထားနိုင်ရန် တင်ပြဖော်ထုတ်လိုက်ပါသည်။

မှတ်ချက်

စာရေးသူ ပေစောင်အဟောင်း အစုတ်အပြတ်တစ်စောင်မှ ကူးယူရရှိထားသည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

ဝတီထွန်း(ကျောက်ပြု)

၂၈ ဆရာဦးမောင်မောင်သန်း (ရန်ကုန်အေးမြဲစာပေဆရာ)

(၃၂၉) ကြိမ်မြောက် - ထိပွင့်ပွဲကြီးနီးလာပါပြီ။

တနင်္ဂနွေသားသမီးများ

မေလ ၇၊ ၉၊ ၁၇၊ ၂၁၊ ၂၅၊ ၂၉ ရက်များမှာ ထိထိုးပါ။

ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင် (၇)ဆူတို့အား ရည်မှန်းရည်မှတ်၍ (၇) ရက်တိုင်တိုင် ပန်းပေါင်းစုံ(၇)မျိုးနှင့် ဘုရားပူဇော်ပါ။ (၇)ရက်ပြည့်ပြီးမှ ထိထိုးပါ။

ဂွန်လတွင် ၆၊ ၂၊ ၉၊ ၁ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

တနလာသားသမီးများ

မေလ ၅၊ ၉၊ ၁၉၊ ၂၂၊ ၂၆၊ ၂၉ ရက်များမှာ ထိထိုးပါ။

နံနက်အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို သစ်သီးဆွမ်းများစွာလောင်းလှူပါ။ အနည်းဆုံး (၅) ကြိမ်မြည့်အောင် လောင်းလှူပြီးမှ ထိထိုးသင့်ပါသည်။

ဂွန်လတွင် ၁၊ ၇၊ ၆၊ ၄၊ ၈ ဂဏန်းများ ကံစမ်းသည်။

အင်္ဂါသားသမီးများ

မေလ ၅၊ ၆၊ ၉၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထိထိုးပါ။

ဓာတ်ကြီး(၄)ပါး ဆွမ်းတော်ကပ်လှူပါ။ အကြောင်းမညီညွတ်လျှင် တစ်နေ့တည်း ဘုရား(၇)ဆူပြည့်အောင် သွားရောက်ဖူးမြော်ပါ။ ဘုရားတိုင်းတွင် ပန်းပေါင်းစုံ(၇)မျိုးစီနှင့် ပူဇော်ပါ။ အပြန်မှာ ထိထိုးပါ။

ဂွန်လတွင် ၆၊ ၂၊ ၉၊ ၁ ဂဏန်းများနှင့် ကံစမ်းပါသည်။

ဗုဒ္ဓဟူးသားသမီးများ

မေလ ၆၊ ၇၊ ၉၊ ၂၁၊ ၂၄၊ ၂၉ ရက်များမှာ ထိထိုးပါ။

ဘုရားရှင်အား မုန့်လုံးရေပေါ် ဆွမ်းများနှင့် ကပ်လှူပူဇော်ပါ။ ထမင်းစားပန်းကန်ထဲတွင် တစ်ထောင်ဖိုးခန့် ပူဇော်ရပါမည်။ (၅) ရက် ပူဇော်ပါ။ ပြည့်ပြီးမှထိထိုးပါ။

ဂွန်လတွင် ၇၊ ၆၊ ၄၊ ၈ ဂဏန်းများနှင့် ကံစမ်းပါသည်။

ကြာသပတေးသားသမီးများ

မေလ ၇၊ ၈၊ ၉၊ ၂၂၊ ၂၅၊ ၂၈၊ ၂၉ ရက်များမှာ ထိထိုးပါ။

နေ့စဉ် (၁၅) မိနစ် သတ်မှတ်၍ အာနာပါနဿတိဘာဝနာစီးဖြန်းပါ။ ဂုဏ်တော်များကို အာရုံပြု၍ နှလုံးသွင်းခြင်း ဖြစ်ပါသည်။ (၇) ရက်တိုင်တိုင် အဓိဋ္ဌာန်နှင့်ပွားများပြီးမှ ထိထိုးပါ။

ဂွန်လတွင် ၁၊ ၂ ၉ ဂဏန်းများစွာ ကံစမ်းပါသည်။

သောကြာသားသမီးများ

မေလ ၉၊ ၁၅၊ ၁၉၊ ၂၃၊ ၂၉ ရက်များမှာ ထိထိုးပါ။

တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူ၏ စနေထောင့်ရှိ ရုပ်ပွားတော်မြတ်အား ပန်းပေါင်းစုံ (၅) မျိုး၊ မုန့်လုံးရေပေါ် တစ်ပန်းကန်အမောက်တို့နှင့် ပူဇော်ပါ။ ပြီးမှထိထိုးပါ။

ဂွန်လတွင် ၇၊ ၆၊ ၃၊ ၂ ဂဏန်းများနှင့် ကံစမ်းပါသည်။

စနေသားသမီးများ

မေလ ၆၊ ၉၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉ ရက်များမှာ ထိထိုးပါ။

ရပ်ဝေးခရီးသို့ ဘုရားဖူးရန်ကြွရောက်ကြမည့်သံဃာတော်အရှင်သူမြတ်များအား ခရီးအတွက် ဝတ္ထုငွေများစွာလှူဒါန်းပါ။ ပြီးမှ ထိထိုးပါ။

ဂွန်လတွင် ၁၊ ၇၊ ၅၊ ၄၊ ၈ ဂဏန်းများနှင့် ကံစမ်းပါသည်။

ယခုလ ၉-၅-၂၀၁၆ တနင်္လာနေ့နှင့် ၂၉-၅-၂၀၁၆ တနင်္ဂနွေနေ့များသည် ထူးခြားသောရက်များဖြစ်နေပါသည်။ (၇) ရက်သားသမီးများတို့သည် ဤနှစ်ရက်တွင် ထိထိုးဖြစ်အောင်ထိုးပါ။ (၉) ဂဏန်းများစွာပါအောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြဲစာပေဆရာ)

www.burmeseclassic.com

www.burmeseclassic.com

နောင်သာကျော်
အာဒရာကျော်သရာတော်ဘုရားကြီး အောင်လမ်းညွှန်ရာ
မောင်တော်ဦးမတ်ရပ်တော်
ဆုတောင်းပြည့်ဘုရားကြီး

စာရေးသူထံသို့ တပည့်မလေး တစ်ဦးဖြစ်သူ သန္တာလွင် ရောက်လာသည်။ သန္တာလွင်၏ တိုးတက်ပြောင်းလဲနေသည့်အသွင်အပြင်ကို စူးစမ်းလေ့လာနေမိစဉ်မှာပင် သန္တာလွင်က မနေ့က ညနေပိုင်းတွင် ရန်ကုန်သို့ပြန်ရောက်ခဲ့ကြောင်းနှင့် စင်ကာပူနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်စဉ်က တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြောပြနေခဲ့သည်။ စာရေးသူ ဌာနဆိုင်ရာမှ အငြိမ်းစားယူခဲ့သည့်နောက်ပိုင်း ဘာသာရေးဆောင်းပါးများကိုသာ စဉ်ဆက်မပြတ် ရေးသားနေခဲ့သည်ကိုလည်း သန္တာလွင်သိနေခဲ့ပါသည်ဟု ဆိုသည်။

စာရေးသူအတွက် အလေးထားကာ စင်ကာပူမှ ဝယ်ယူလာခဲ့သည့် အသုံးအဆောင်ပစ္စည်းများဖြင့် ကန်တော့ပြီးမှ -

"ဆရာ့ကို အမြဲတမ်း သတိတရရှိနေဖြစ်တယ်။ ပြီးတော့ နိုင်ငံခြားမှာ အလုပ်သွားလုပ်နိုင်ခွင့် အလွယ်တကူ

ဖောင်တော်ဦးမတ်ရပ်တော်ဆုတောင်းပြည့်

ရုပ်ပွားတော်ကြီးမြောက်ဘက်မှရုံးရစဉ်



အဘရာကျော်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



နဂါးနှံဆင်းတုတော်

အောင်မြင်စေခဲ့တဲ့ ဖောင်တော်ဦး မတ်ရပ်တော်မြတ်စွာဘုရားကြီးရဲ့ပုံတော် အသွင်အပြင်ကလည်း အာရုံထဲမှာ စဉ်ဆက်မပြတ်ပေါ်ပေါ်နေဖြစ်တယ်"

ဟု စကားအစချီကာ နိုင်ငံခြားတွင် အလုပ်အကိုင်သွားလုပ်ရန် စီစဉ်နေမိခဲ့စဉ်က စာရေးသူလမ်းညွှန်ပေးခဲ့သော ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးတည်ရာသို့ အရောက်သွားကာ အမိဌာန်ပင်ဖြစ်ခဲ့ပုံ၊ အမိဌာန်အောင်မြင်ရာက စင်ကာပူနိုင်ငံတွင် ခြောက်နှစ်တာမျှအကြာအထိ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေခဲ့ပုံများကို ပြောပြတော့သည်။

သန္တာလွင် ပြောပြနေစဉ်မှာပင် စိတ်အစဉ်က အတိတ်လွင်ပြင်ဆီသို့ ရောက်သွားဖြစ်သည်။ သန္တာလွင်က ကဗျာရေးစာရေးတာကို ဝါသနာပါသည်။ မဂ္ဂဇင်းစာမျက်နှာအတော်များများပေါ်တွင် ဘာသာရေးဆောင်းပါးများ ဖော်ပြခြင်းခံနေရသည့် စာရေးသူထံ တပည့်အဖြစ်ခံယူလာသည်။ သန္တာလွင်က ဘာသာစကားကျွမ်းကျင်မှုရှိသည့်အပြင် ဘီအီးအီလက်ထရွန်နစ်ဖြင့် ကျောင်းပြီးထားသူဖြစ်လေရာ နိုင်ငံခြားအလုပ်အကိုင်အခွင့်အလမ်းကို ကြိုးပမ်းရှာဖွေနေသူလည်းဖြစ်သည်။ အတန်ကြာကြိုးပမ်းရှာဖွေနေမိသော်လည်း အလုပ်တို့က လက်တစ်ကမ်းအလိုရောက်တိုင်း လက်လွတ်သွားခဲ့ရသည်ကများနေသည်။

ထိုသို့ဖြစ်နေစဉ် ဘုရားသမိုင်းများဖော်ထုတ်ရေးသားတင်ပြနေလေ့ရှိသည့် စာရေးသူအောင်မြေမှန်ရာနေရာတစ်ခုဖြစ်သည့် အင်းစိန်မြို့သစ်ကမ်းနားဘက်

ရွှင်ဥပဂုတ္တမထေရ်

ရွှင်သီဝလိ

တံခွန်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ဆီသို့ရောက်သွားဖြစ်ခဲ့သည်။ အင်းစိန်မြို့သစ် ကင်းနားဘက်တွင် အဘရာကျော်ဆရာတော်ဘုရားကြီး၏ အောင်မာတ်ကိန်းရာ အောင်မြေတစ်ခုရှိလေသည်။ ထိုအောင်မြေတွင် အဘရာကျော်ဆရာတော်ဘုရားကြီး ဓာတ်ပန္နက်တည်ရာ အောင်တော်ဦးမတ်ရပ်တော်မြတ်စွာဘုရားကြီး သီတင်းသုံးတော်မူလျက်ရှိနေသည်။

ထိုအောင်မြေသည် ဝိဇ္ဇာလမ်းကျောက်လှမ်းနေကြသည့် သူတော်စင်သူမြတ်လောင်းအပေါင်းတို့ စဉ်ဆက်မပြတ်ဆိုသလို အရောက်လာကြကာ ကုန်ကြွပွားများအားထုတ်ရင်း အဓိဋ္ဌာန်တင်လေ့ရှိကြသည့် အောင်မြင်ပင် ဖြစ်သည်။ အောင်မြင်မှန်ရာနေရာတွင် ဘရောက်အဓိဋ္ဌာန်ဝင်နေသည့် ပထမဆရာကြီး ဦးလေးခိုင်နှင့် ဆုံဖြစ်သည်။ ထိုဆရာကြီး ဦးလေးခိုင် ညွှန်ပြသည့်အတိုင်း အောင်မြေမှန်ရာတွင် တည်ရှိကြသည့် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးတော်ပါးတွင် သန္ဓာလွင် အဓိဋ္ဌာန်ဝင်ခဲ့ခဲ့သည်။ သန္ဓာလွင် အဓိဋ္ဌာန်ဝင်ကာလတွင် နိုင်ငံကျော် အနုပညာရှင်ကြီး ဌာနဆိုင်ရာအကြီးအကဲများလည်း ဘရောက်အဓိဋ္ဌာန်ဝင်ကြသည်ကို ကြုံတွေ့ခဲ့ရသည်။ အဓိဋ္ဌာန်အောင်မြင်ပြီး ဓာတ်အကြာမှာပင် စင်ကာပူနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ခွင့် အခွင့်အလမ်းကို သန္ဓာလွင် ရရှိသွားခဲ့သည်။

ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးမှာ အောင်လမ်းသို့မြန်းကြွသွားတော်မူခဲ့ပြီဖြစ်သည့် အဘရာကျော်ဆရာတော်ဘုရားကြီး၏ အောင်ပန္နက်စိုက်ထူခဲ့ရာ အောင်မြေတွင် သီတင်းသုံးနေတော်မူခြင်းပင်ဖြစ်သည်။ အဘရာကျော်ဆရာတော်ဘုရားကြီး ဝိဇ္ဇာလမ်းလျှောက်လှမ်းကျင့်ကြံကြိုးပမ်းအားထုတ်တော်မူရင်း အောင်လမ်းသို့ကြွမြန်းသွားတော်မူသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်သည်။

ဦးသဒ္ဓမ္မဒေဝကိတ္တိရာကျော်ဆရာတော်ဘုရားကြီးသည် ရှမ်းပြည်နယ် တောင်ပိုင်းရှိ အောင်ပန်းမြို့နယ် မွေးလှကျေးရွာတွင် ၁၆၇၆ ခုနှစ်က မွေးဖွားခဲ့သည်ဟု ရှေးဓလူကြီးသူမများပြောခဲ့ပါသည်။ ရာကျော်ဆရာတော်ဘုရားကြီးဟု ခေါ်ဆိုခဲ့ကြသော်လည်း ဘယ်နှရာကျော်သည်ကိုမူ မည်သူမျှ တိတိပပမသိကြပေ။ ၁၉၄၆ တွင် ကြို့ကုန်းလမ်းဆုံ

ကျောင်းတော်ကြီးခြောက်ဘက်မြင်ကွင်း

ရုပ်ပွားတော်ကြီးတောင်ဘက်ရှိ ဓာတ်တော်များ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပွားတော်ကြီးရှေ့တော်ရှိ အောင်မောင်း

ရုပ်ပွားတော်အောက်ခြေရှိ ဆင်းတုတော်

ရုပ်ပွားတော်ကြီးရှေ့ရှိ ဗလာများ

ရုပ်ပွားတော်အောက်ခြေရှိ ဆင်းတုတော်

အနောက်ဘက်ခြမ်းတွင် စေတီငယ်လေးများဖြင့် ဝန်းရံထားသည် ရာကျော်ဆရာတော်ကြီးကျောင်းတွင် သီတင်းသုံးခဲ့၏။ အဘရာကျော်ဆရာတော်ဘုရားကြီးကျင့်စဉ်ကျင့်ကြံကြိုးကုတ်အားထုတ်မှုဖြင့် မဟိဒ္ဓိသိဒ္ဓိရှင်တစ်ပါးဖြစ်လေရာ သွားလေရာတွင် သင်္ဘန်းဟောင်းနှင့်ဆင်ဆင် ထူးခြားဆန်းကြယ်လှစွာသော လွယ်အိတ်တစ်လုံးကိုလွယ်ထားလေ့ရှိသည်။ ထိုလွယ်အိတ်မှပင် လိုသမျှ ထုတ်ယူအသုံးပြုကာ မြန်မာပြည်အနှံ့အပြားတွင် သာသနာ့ဓာတ်ပန္နက်များစိုက်ထူတော်မူခဲ့သည်။

သပိတ်ကျင်းမြို့တွင် အောင်စင်္ကာပေါ်တော်မူဘုရား၊ အောင်သိဒ္ဓိဓာတ်ခန်း၊ အညာသီဟတောဘုရား၊ နေလစေတီတို့ကို အဘရာကျော်ဆရာတော်ဘုရားကြီးသည် ဘိုးကိတ္တိအသွင်ဖြင့် လိုတရစေသည့် သင်္ဘန်းဟောင်းနှင့် ဆင်ဆင်လွယ်အိတ်ကို အသုံးချကာ သာသနာ့ပန္နက်များ စိုက်ထူခဲ့ခြင်းဖြစ်ခဲ့သော်လည်း ဆရာတော်ကြီးအလစ်တွင် လွယ်အိတ်ကိုနိုက်ကာ ရှာဖွေကြည့်မိကြသော်လည်း လွယ်အိတ်အတွင်း ဗလာနတ္ထိပင်ဖြစ်နေသည်ကိုတွေ့ကြရသည်။

၁၉၃၇ - ၃၈ခုနှစ်ခန့်တွင် အဘရာကျော်ဆရာတော်ဘုရားကြီးသည် အင်းစိန်မြို့နယ်သို့ ကြွလာတော်မူသည်။ ကြို့ကုန်းအရှေ့ဘက် ရွှေဂူချောင်တောကြီးအတွင်းရှိ မင်းခမ္မတောင်တွင်တောရဆောက်တည် သီတင်းသုံးကာ မဟာပထမံကျင့်စဉ်များကို ဆက်လက်ကျင့်ဆောင်တော်မူခဲ့သည်။ ထိုစဉ်က မင်းခမ္မကုန်းမြေနေရာသည် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သည်သာမက မြွေဆိုးမြွေဟောက်နှင့် ငန်းမြွေကြီးများ ပေါများသောကြောင့် လူသူအရောက်အပေါက်နည်းပါးလှသည့်နေရာပင်ဖြစ်ပါသည်။ မင်းခမ္မတောင်တော်တွင် ဓာတ်ပန္နက်များစိုက်ထူခဲ့ပြီးနောက် အဘရာကျော်ဆရာတော်ဘုရားကြီးက -

"ငါ၏သားတပည့်များတို့၊ လွန်ခဲ့အရေးကြီးတဲ့ သာသနာနိမိတ်ဩဇာစကား ငါမိန့်ကြားမည်။ အားလုံးသေချာစွာ နာခံမှတ်သားထားကြလော့။ ဒီနေ့ဒီဒေသ ဒီမင်းခမ္မတောင်ကို ဗုဒ္ဓလျက် နိုင်ငံတော်အဝန်းမှာ လမ်းလမ်းငယ်အသွယ်သွယ်၊ တံတားတံတားငယ်အထပ်ထပ် တိုက်တာတွေ တရစပ်အလစ်အဟာမရှိအော

www.burmeseclassic.com

www.burmeseclassic.com

ဆောင်မှာ သံခမောက်ဆောင်းတွေတည်
ကြည်ပုံကြလိမ့်မယ်။ ရွှေတိဂုံဟံသာ
ဆန္ဒာကျေးအနှံနဲ့ မြန်မာပြည်ရန်
ကာအေးကြေတဲ့ အောင်ဘုရားတွေ
ကျော်ကျင်းတွေဆောက်၊ လမ်းတွေ
ဖောက်ပြီးတဲ့နောက် ဒီမင်းခမ္မတောင်
မှာ အောင်ထူးဆန်းဘုရားကြီးတည်
ခဲ့မယ်။ ဒီမင်းခမ္မတောင်တော်ဟာ
အထမြိုင်းဝင် အောင်ထူးဆန်းတောင်
အောင်မြတ် တောင်ကလပ် ဒုတိယ
သိုက်တွေရတောင်ဖြစ်တယ်။ တောကိုး
ဆော တုန်းကိုးကုန်း အင်းကိုးအင်း အစုံ
အညီနဲ့ နေရာထူးနေရာမြတ်ဖြစ်လို့
အရာတော်သာသနာအတွက် သာသနာ
ဆောင်ပန္နက် အခုလိုရိုက်ထူရတာဖြစ်
သည်

တူ၍ မိန့်တော်မူခဲ့သည်။
အဘရာကျော်ဆရာတော်ဘုရား
ကြီးသည် မင်္ဂလာဒုံမြို့နယ်တွင် တည်ရှိ
သည့် စိတ္တသုခတပ်ဦးကျောင်းတွင်
သီတင်းသုံးတော်မူရင်း ကျင့်ကြံပွားများ
အားထုတ်နေခဲ့ရာမှ ၁၃၁၆ ခုနှစ်၊
တပို့တွဲလပြည့်တော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့
ညနေ (၄) နာရီ၊ (၁၈) မိနစ်အချိန်တွင်
မဟာဗထမစခန်း ကြွမြန်းတော်မူကာ
ဝိဇ္ဇာအောင်လမ်းနှင့်သွားခဲ့ရသည်။ ထိုသို့
အောင်လမ်းသို့ ကြွမြန်းတော်မူသွားခဲ့
သည့် အဘရာကျော်ဆရာတော်ဘုရား
ကြီးသည် မင်းခမ္မတောင်တွင် ကျင့်ကြံ
ပွားများအားထုတ်သမျှပြုနေခဲ့စဉ်အတွင်း
သာသနာ့ဓောတ်ပန္နက်များကို စိုက်ထူခဲ့
သည်။ အင်းစိန်မြို့သစ်တွင် သီတင်း
သုံးတော်မူနေသည့် ဖောင်တော်ဦးမတ်
ရပ်တော်ဘုရားကြီးတည်နေရာသည်
လည်း အဘရာကျော်ဆရာတော်ဘုရား
ကြီးက အောင်မြေမှန်ရာနေရာတစ်နေ
ရာအဖြစ် အသိအမှတ်ပြုကာ ကျင့်ကြံ
ပွားများ အားထုတ်တော်မူခဲ့သည့်နေရာ
တစ်နေရာပင်ဖြစ်ခဲ့သည်။ ထိုနေရာတွင်
အဘရာကျော်ဆရာတော်ဘုရားကြီး
စိုက်ထူခဲ့သည့် သာသနာ့ပန္နက်အဖြစ်
ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး
ပေါ်ထွန်းဖြစ်တည်နေခဲ့ခြင်းပင်ဖြစ်သည်။

အဘရာကျော်ဆရာတော်ဘုရား
ကြီး စိုက်ထူထားခဲ့သည့် သာသနာဓောတ်
ပန္နက်မှန်ရာတွင် သီတင်းသုံးတော်မူ
နေသည့် ဖောင်တော်ဦးမတ်ရပ်တော်
ဆုတောင်းပြည့်ဘုရားကြီးမှာ အရှေ့
အရပ်ဘက်သို့ မျက်နှာမူလျက် ဒေသ
စာရီမုဒ္ဒြာဟန်ဖြင့် သပ္ပာယ်လှစွာတည်ရှိ
နေပါသည်။ မတ်ရပ်တော်ဆုတောင်း
ပြည့်ဘုရားကြီးမှာ ဥဏ်းတော်အမြင့်
(၂၁) တောင် အမြင့်ဆောင်လျက်ရှိနေ
သည်။ ရုပ်ပွားတော်မြတ်ကြီးသည် ဒေသ
စာရီမုဒ္ဒြာဟန်ဖြင့် တည်ရှိနေလေရာ
ဒေသစာရီ၏အဓိပ္ပာယ်မှာ ထိုထိုအရပ်
များသို့လှည့်လည်ခြင်း၊ ခရီးထွက်ခြင်းဟု
အဓိပ္ပာယ်ရသည်။ ဒေသစာရီကြွချီခြင်း
နှင့် ပတ်သက်ပြီး မြတ်စွာဘုရားသခင်
ကိုယ်တော်မြတ်ကြီးမိန့်တော်မူခဲ့ဖူးသည်
မှာ -

"အို-ချစ်သားရဟန်းတို့၊ သတ္တဝါ
များ၏ စီးပွားချမ်းသာအလို့ငှာ လောက
ကို စောင့်ရှောက်ခြင်းအလို့ငှာ လည်း
ကောင်း၊ နတ်လူများ၏ အကျိုးစီးပွား
ချမ်းသာခြင်းငှာ လည်းကောင်း သင်တို့
သည် နှစ်ပါးမတွဲ တစ်ပါးစီခွဲ၍ ဒေသ
စာရီလှည့်လည်သောအားဖြင့် ခရီးထွက်
ကြလော့။ သင်တို့သည် ခရီးထွက်ပြီး
စလယ်ဆုံးကောင်းခြင်းသုံးပါးဖြင့်အနှက်
သဒ္ဓါနှင့်ပြည့်စုံသော တရားဓမ္မဟောပြ
ကြကုန်လော့။ တရားထူးကို ရရှိနိုင်သော
အမြင်ကျယ်လူပုဂ္ဂိုလ်များရှိနေကြပါ၏။

ကျောင်းတော်ကြီးဆဝင်မုခ်ဦး

အင်းစိန်မြို့သစ် ကမ်းများထမ်းမကြီးမှုဆဝင်မုခ်ဦး

မုတ်သားစရာဆောင်ပုခ်

www.burmeseclassic.com

www.burmeseclassic.com

ငါကိုယ်တိုင်လည်း ဥရုဝေလတောသနန်ဂုံးသို့ တရားဟောရန် ခရီးထွက်ပါမည်"

ဟု ပဋ္ဌဝဂ္ဂီ (၅) ဦး၊ အရှင်ယသအမျှ ရှိသော (၅၅) ဦး စုစုပေါင်း(၆)ကျိပ်သော တပည့်သာဝကများအားမိန့်တော်မူခဲ့သည်။

(ဝိ ခု-၂၇၊ ၁၀၁-၁၁၆)

မြတ်ဗုဒ္ဓ ဒေသစာရီကြွချီဟန်ဖြင့် တည်ရှိနေသည့် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးဖြစ်တည်ပေါ် ပေါက်လာခဲ့ရသည့် အကျိုးအကြောင်းဆက်နွယ်နေသည့်ကွင်းဆက်များက ထူးခြားဆန်းကြယ်လှပေသည်။ အင်းစိန်မြို့ တမ်းနားရပ်ကွက် အနောက်ဘက်တွင် အဘဦးချယ်လီခေါ် ဦးအာဒိစ္စအမည်တွင်သည့် ပုဂ္ဂိုလ်တစ်ဦးရှိသည့် ဦးအာဒိစ္စအမည်တွင်သူ ဦးချယ်လီသည် ငယ်စဉ်ကတည်းကပင် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ သက်သတ်လွတ်စားခြင်းတို့ကို ပြုလုပ်သည်သာမက နဝင်္သီလစောင့်ထိန်း ဆောက်တည်ကာ ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ပိတ်ဖြူစင်ကြယ်အမြဲဝတ်ထားလေ့ရှိနေခဲ့သည်။ ထိုသို့ သူတော်စင်သူတော်ကောင်းသူမြတ်လောင်းတို့ ကျင့်ကြံ ပွားများ အားထုတ်လေ့ရှိကြသည့် ဝိဇ္ဇာလမ်းကျင့်စဉ်များကို အပတ်တကုတ်ကြိုးပမ်း အားထုတ်နေလေ့ရှိခဲ့သည့် ဦးချယ်လီ အသက် (၆၅) နှစ်ရောစ်လာခဲ့ပြီးနောက် ညတစ်ည၌ လွန်စွာထူးခြားသည့် အိပ်မက်ထူးစာစဉ်ခုကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုယ်တိုင် ကရဝိတ်ဖောင်တော်ကြီးပေါ် တွင်ရပ်တော်မူလျက်ရှိနေကာ နတ်မင်းကြီးလေးပါးက အခြံအရံအဖြစ် လိုက်ပါလာကြသည်။ ထို့ပြင် နဂါးများကလည်း ဖောင်တော်ကိုပတ်ပိုင်းထားလျက်ရှိနေပြန်၏။ မြတ်ရွှေတိဂုံသို့ ဒေသစာရီကြွချီလာခြင်းဖြစ်ပြီး ယခုဘုရားကြီးတည်ထားသည့် ဖောင်တော်ဆိပ်သို့ရောက်လာရာတွင် ဖောင်တော်ခေတ္တနားသည်ဟု ထင်ထင်ရှားရှားမြင်မက်ခဲ့သည်။

အိပ်မက်မြင်မက်ပြီးသည့်နောက် မိတ်ဆွေရသေ့ကြီးတစ်ပါးနှင့်တိုင်ပင်ကာ အိပ်မက်တွင် ပြတ်ပြတ်ထင်ထင်မြင်မက်ခဲ့သည့်နေရာသို့အရောက်သွားဖြစ်ခဲ့ကြသည်။ အိပ်မက်ထဲတွင် ဖောင်တော်နားခဲ့သည့်နေရာကိုရှာဖွေကာ ထိုနေရာကို သိရှိနိုင်မည့် အမှတ်အသားများပြုလုပ်

ကျောင်းတော်ကြီး



ကျောင်းတော်ကြီးအဝင်ပေါက်

ကာ မှတ်သားထားခဲ့ကြသည်။ သတ်သတ်မှတ်မှတ် မှတ်သားထားခဲ့ကြပြီးနောက် အဘရာကျော်ဆရာတော်ဘုရားကြီးထံတော်ပါးအရောက်သွားကာ ဘုရားတည်လို့ကြောင်း လျှောက်ထားခဲ့ကြသည်။ အဘရာကျော်ဆရာတော်ဘုရားကြီးက ဝမ်းမြောက်ဝမ်းသာလက်ခံတော်မူကာ ပန္နက်တော်တင်နိုင်ရန်အတွက် နေ့ကောင်းရက်မြတ်မင်္ဂလာအချိန်အခါတို့ကို ရွေးချယ်သတ်မှတ်ပေးခဲ့သည်။ အဘရာကျော်ဆရာတော်ဘုရားကြီးက-

အချိန်အခါ နက္ခတ် ဗီဇနှာ ပါဒိ ဖြင့် နက္ခတ်အကြိုက် ပန္နက်ရိုက်၍ အုတ်မြစ်ချလျှင် ကမ္ဘာလောကဓာတ်ထစ်ခွင်လုံး ရဟန်းရှင်လူ တိုင်းတစ်ပါးသားတို့ မကျန် အံ့သြမဆုံးထူးခြားစွာ ပြီးမြောက်မည့်ဘုရားဖြစ်သည်"

ဟု မိန့်တော်မူခဲ့သည်။

အဘရာကျော်ဆရာတော်ဘုရားကြီးသည် ထိုသို့ဓာတ်နိမိတ်ဖွင့်ပေးတော်မူခဲ့သည့်သာမက အနယ်နယ်အရပ်ရပ်တွင် သာသနာ့ပန္နက်များအဖြစ် စေတီတော်များ လိုက်လံ တည်ထားရာမှ စုဆောင်းရရှိထားခဲ့သော ဓာတ်တော်ဓာတ်သား၊ ဓာတ်လုံးနှင့် ဆင်းတုတော်ငယ်လေးများကိုလည်း ဖောင်တော်ဦးမတ်ရပ်တော်ဆုတောင်းပြည့်ဘုရားကြီးတွင် ဌာပနာအဖြစ် ထည့်သွင်းပူဇော်နိုင်ရန် ပေးအပ်ချီးမြှင့်တော်မူခဲ့သည်။ ထိုပစ္စည်းများထဲတွင် ပဲခူးမဟာစေတီတော်ကြီး၌ ဗားမဲ့ဆရာတော်ချီးမြှင့်တော်မူသည့် ဓာတ်သားတကောင်းဘုရားကြီး၏ ဓာတ်တော်နှင့် ဓာတ်သား အများသီဟတောဘုရားမှဓာတ်တော်၊ သာယာဝတီနယ်တွင် ကျစွာမင်းကြီးတည်ထားကိုးကွယ်သောဘုရားမှ ဓာတ်တော်သတ္တဋ္ဌာနမြေ တောဓိပင်နှင့် ရွှေပဒုမ္မာအောင်မြေတော်မူသောမြေ စသည် အောင်မြေတို့နှင့် နဝရတ်လင်းတစ်တွင်းတို့ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဓာတ်နိမိတ်နှင့်ဓာတ်ပစ္စည်းများလက်ခံရရှိလာသည့် ဦးချယ်လီသည် သာယာကုန်းကျောင်းဆရာတော်ဦးဓမ္မိကပေါက်တောကျောင်းဆရာတော် အစရှိသည့် သာသနာပြုဆရာတော်များ၊ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြင့် စုစည်းဦးဆောင်ပြုကာ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ နံနက် ၁၀ နာရီတွင် ဘုရားကြီးတည်ထားနိုင်ရေးအတွက် နှောက်တော်တင်ခဲ့ကြသည်။ ထိုသို့ပန္နက်ဆော်တင်ပြီး တဲတစ်လုံးထိုးကာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းဖြင့် ပုံပိုးလျှုဒါန်းကာ အကောင်အထည်ဖော်ဆည်ထားနေခိုင်မည့် ဘုရားဒကာကို စောင့်မျှော်နေဖြစ်ကြသည်မှာ တစ်နှစ်ကာကြာသွားခဲ့ရသည်။

ထူးခြားဆန်းကြယ်သောဖြစ်ရပ်တစ်ခုမှာ အင်းစိန်ဈေးကုန်းအနောက်ဘက် သီရိလမ်း အိမ်အမှတ် (၈) တွင် နေထိုင်သည့် ဦးမြင့်၊ ဒေါ်စန်းတင်တို့အား သမီးနှစ်ယောက်ဖွားမြင်ခဲ့ရာ သမီးကြီးဖြစ်သူ မခင်ဝင်းကြည်သည် ကလေးတစ်ယောက်နှင့် မတူဘဲရှိနေသည်။ အားငယ်ဖွယ်ဖြစ်ရပ်များ လုံးဝမစားသောက်ဘဲ တစ်သီးဝလံများကိုသာ သက်သတ်လွတ်အဖြစ် စားသောက်နေခဲ့သည်။ အရွယ်ရောက်လို့အောင် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားရှိခိုးခြင်းစသော ဘုရားတရားအလုပ်တို့ကို သုံးနှစ်သမီးအရွယ်ကတည်းက စတင်လုပ်ဆောင်နေကာ ယနေ့တိုင်အောင် ဆောက်စားခြင်းကိုလုံးဝ ရှောင်လုပ်ဘဲရှိနေခဲ့သည်။ စကားပြောဆို အလွန်နည်းပါးကာ ပိုက်ဆံကို အသုံးမကြာဟု ခေါ် ဝေါ် သုံးစွဲပြောဆိုလေ့ရှိသည်။ မိဘများက နားမလည်နိုင်ရသောကြောင့် ဖြစ်နေမိကြစဉ်မှာပင် ဘုရားတည်ပြီးကိုးကွယ်ချင်တယ်ဆိုသည့် စကားဆန်းကို တွင်တွင်ကျယ်ကျယ် ပြောဆိုလာခဲ့တော့သည်။ နောက်ပိုင်း တွင် ထခင်းမစားတော့ဘဲ ဘုရားတည်ဆောက်လိုက်ပို့ပါဟူ၍ မိဘများကို အကူအညီတောင်းမှုပြုလာခဲ့သည်။ ဆရာဝန်အသိုင်းအဝိုင်းကြားသော်လည်း ဆရာဝန်ဖြစ်သည့်ရောဂါမျှ မတွေ့ရှိရကြောင်း ထင်ထားသလိုသို့သာလျှင်ပါကြရန် ကိစ္စတွင်းရာမှ မခင်ဝင်းကြည်တို့ မိသားစုသည် ဘုရားဒကာ၊ ဒကာမများအဖြစ် ရောက်လာခဲ့ကြရခြင်းပင်ဖြစ် သည်။ ဓာတ်ရုပ်တော်ဘုရားကြီးတည်စဉ်က အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ မတ်ရပ်တော်ရုပ်ပွားတော်မြတ်ကြီး လည်ပင်းတော်အထိ ပုံဖော်ပြီးစီးချိန်တွင် လက်ရှိလုပ်ကိုင်ဆောင်ရွက်ပေးနေသည့် ပန်းရန်ဆရာမှာ အတိတ်ဆိုးနိမိတ်ဆိုးများကို ကြောက်လန့်တကြားဖြစ်လာကာ ထွက်ပြေးသွားခဲ့သည်။ ထိုစဉ်အတွင်း ရုပ်ပွားတော်မြတ်ကြီး တည်ထားနေသည့်အဖွဲ့တွင်ပါဝင်သော ဦးပဉ္စင်းဆင်တည်မည်ဆိုပါက ဘုရားအောင်မြင်စွာ တည်ထား ပြီးစီးမည်ဟု ပြောဆိုကာ ရုတ်ခြည်းပင်ပျောက်ကွယ်သွားခဲ့သည်။ ဦးပဉ္စင်းလည်း ပန်းရန်သမားတို့ကို ဦးစီးဦးဆောင်ပြုကာ ဆက်လက်တည်ထားခဲ့ရာမှ ဖောင်တော်ဦးမတ်ရပ်တော်ဆုတောင်းပြည့်ဘုရားကြီး အောင်မြင်စွာ တည်ထားပြီးစီးသွားခဲ့ရခြင်းပင် ဖြစ်သည်။ ဖောင်တော်ဦးမတ်ရပ်တော်ဆုတောင်းပြည့်ဘုရားကြီးတည်ရှိနေရာနေရာသည် အဘရာကျော်ဆရာတော်ဘုရားကြီးဓောတ်ပန့်ကျခဲ့ရာ ဝိဇ္ဇာလမ်းလျှောက်လှမ်းသူတို့ စဉ်ဆက်မပြတ် လာရောက်အဓိဋ္ဌာန်ဝင်ကြသည့် အောင်မြေအောင်ဌာနစစ်မှန်ရာနေရာ တစ်ခုပင်ဖြစ်သည်။

ယခုအခါ မတ်ရပ်တော်ဘုရားကြီးသည် ခဲ့ညားထည်ဝါလှသည့် ကျောင်းတော်ကြီးအတွင်း သီတင်းသုံးနေတော်မူလျက်ရှိသည်။ စာရေးသူ ရောက်သွားချိန်တွင် ကျောင်းတော်ကြီးအတွင်း စိတ်ပုတီးစိပ်ကာ အဓိဋ္ဌာန်ဝင်နေကြသူ များပြားလှသော်လည်း ကျောင်းတော်ကြီးအတွင်း တိတ်ဆိတ်ငြိမ်သက်မှုကဲ့ လွှမ်းမိုးလျက်ရှိသည်။ တစ်ချက်တစ်ချက်ထွက်ပေါ် လာသည့် ကြေးစည်သံ၊ ဓောင်းသံလေးများ တလွင့်လွင့်ပေါ် ထွက်လျက်ရှိနေသည့် ရုပ်ပွားတော်ကြီးအနီး ဓာတ်တော်များရှိနေသည်ကို ဖူးတွေ့ရသကဲ့သို့ ဆက်ကပ်လျှုဒါန်းထားသည့် ပန်းရောင်စုံတို့၏ရနံ့ကလည်း ကျောင်းတော်ကြီးအတွင်း သင်းပျံ့ကြိုင်လှိုင်၍ နေပါလေသည်။ ဖောင်တော်ဦး မတ်ရပ်တော်ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးသီတင်းသုံးရာ ကျောင်းတော်ကြီး၏ တောင်ဘက်အနီးတွင် နဂါးရုံဆင်းတုတော်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိသည်။ ကျောင်းတော်ကြီးရှေ့တွင်ကား တံခွန်တိုင်တည်ရှိနေပြီး အရှေ့ဘက်ခပ်လှမ်းလှမ်းတွင် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ၊ မထေရ်ရုပ်ပွားတော်၊ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသည့် သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ရုပ်တုတော်များတည်ရှိသည်ကိုတွေ့ရသည်။

ဝိဇ္ဇာလမ်းလျှောက်လှမ်းနေသူ ပထမံဆရာဦးလေးခိုင်ပြောပြမှ သိခွင့်ရခဲ့သည်မှာ နိုင်ငံခြား ရုပ်ဝေးမြေခြားအလုပ်လုပ်ကိုင်လိုသူများ အဓိဋ္ဌာန်လာရောက်ဝင်ကြရာ အောင်မြေဖြစ်သည်ဟုပင်။ မြင်တွေ့ရသည်မှာ ထင်ရှားကျော်ကြားသော အနုပညာရှင်များလာရောက်အဓိဋ္ဌာန်ဝင်နေကြသည်ကိုပင်။ အဓိဋ္ဌာန်အောင်သဖြင့် လာရောက်လှုဒါန်းသမှုပြုနေကြသည်ကိုလည်းတွေ့ရသည်။ အလုပ်အကိုင်အဆင်ပြေလိုသူများအနေဖြင့် တနင်္ဂနွေနေ့ နံနက်(၉)နာရီမှ (၁၁) နာရီအတွင်း ရုပ်ပွားတော်မြတ်ကြီးထံပါး အရောက်လာကာ (၁၀၈)လုံးပုတီးဖြင့် မြတ်ဗုဒ္ဓဂုဏ်တော်ကိုးပါးအား တစ်ပါးလျှင် တစ်ပတ်နှုန်းဖြင့် ကိုးပတ်တိတိစိပ်ကာ ပူဇော်သမ္မုပြုရမည် ဖြစ်သည်။ ပြီးသည်နှင့် ခင်ပွန်းကြီးဆယ်ပါးအား ရည်မှန်းကန်တော့ကာ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ထိုနည်းအတိုင်း တနင်္ဂနွေနေ့တိုင်း (၉) ရက် (တနင်္ဂနွေ ၉ ရက်) မပျက်မကွက် အဓိဋ္ဌာန်တင်ကာ ကျင့်ကြံပွားများမည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ အထူးသဖြင့် ရေဝေးမြေခြား အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ကြမည်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အဘရာကျော်ဆရာတော်ဘုရားကြီးဓောတ်ပန့်ကျခဲ့ရာ အောင်မြေမှန်ရာနေရာတစ်နေရာတွင် တည်ရှိသည့်ဖောင်တော်ဦးမတ်ရပ်တော်ဆုတောင်းပြည့်ဘုရားကြီးထံပါး တစ်ခါတစ်ခေါက်အရောက်သွားကာ အဓိဋ္ဌာန်ဝင်ခြင်း၊ ဖူးမြော်ကန်တော့ခြင်းတို့ပြုလုပ်သင့်ကြသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

တစ်ခါတစ်ခေါက်
အရောက်ဦးကာ
အကျိုးထူးနိုင်ကြပါစေ

အောင်သာကျော်

စာကြွင်း -

ပထမံဆရာဦးလေးခိုင် လမ်းညွှန်ချက်အရ တပည့်မလေးသန္တာလွင်နှင့် ရောက်သွားဖြစ်ခဲ့သည့်အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

(၁)

သီတင်းကျွတ်လပြည့်နေ့ ဖြစ်၏။ အရှင်ဥာဏဇေသည် ဘုရားကျောင်းဆောင်ရှေ့တွင် လျှပ်စစ်မီး ပူဇော်ရန်အတွက် ရောင်စုံမီးလုံးများကို ဝါယာကြိုးဖြင့် ဆက်သွယ်တန်းနေ၏။

သီတင်းကျွတ်ပေတော့မည်။ မီးလေတို့ဖြင့် အုံမွှိုင်းနေရာမှ တစ်နေ့ပြီး တစ်နေ့ တောက်ပကာ ကြည်လင်စပြုပါပြီ။ သီတင်းကျွတ်လ၏ နေဝန်းသည် လင်းကျင်းနေရာမှ တိမ်တိုက်များဖြင့်ဖုံးလွှမ်းသွားတတ်၏။ တိမ်တိုက်တို့ အဝေးသို့လွန်သွားသောအခါ ပြန်၍လင်းလာလျက် ကမ္ဘာလောင်ချည်ကိုဖြန့်ခင်းလိုက်ပြန်သည်။ ကျောင်းပတ်ဝန်းကျင်ရှိ သစ်ပင်အပေါင်းမှ စိမ်းစိမ်းဝါဝါ နီနီမောင်းမောင်းအဆင်းကို ဆောင်လျက်ရှိ၏။ လေပြည်လွင့်မှုတ်၍ အညှာမှပြုတ်လွင့်လာသော ခရေပန်းပွင့်တို့၏ လက်ကျန်မွှေးရနံ့က ကျောင်းခန်းထဲသို့တိုင်အောင် ဆွတ်ပျံ့ဝင်ရောက်လာကြသည်။

အရှင်ဥာဏဇေသည် နံနက်ခင်း ကမြင်ကွင်းကို မျက်စိထဲကမထွက်သေးပေ။ နံနက်စောစောမှာ သီတင်းဝါလကျွတ်ပြီဖြစ်၍ ရဟန်းတော်များ ပဝါရဏာပွဲကျင်းပကြသည်။

ပဝါရဏာပွဲပြီးသည်နှင့် ကျောင်းဒကာကြီး ဆီစက်ပိုင်ရှင် ဦးထွန်းဖေတို့ အလှူပေးသည်။ တစ်ကျောင်းလုံးပြည့်လျှံသွားအောင် လူစည်ကားလှုသည်။ မြို့မျက်နှာဖုံးသူဌေး၏ အလှူဖြစ်သဖြင့် မြို့ပေါ်က လူကုံထံတွေ အလာများကြသည်။ ပိုးဖဲကတ္တီပါအဆင်းရောင်စုံ မျိုးစုံတို့ဖြင့် ဘယ်သူ့ကိုကြည့်ကြည့် စိုပြည်သစ်လွင်လျက်နေပေသည်။

ထိုးတောင်-အရှင်ဓမ္မပိယ သံသရာခရီးသည်

(မြောင်)

ရေမွေးနံ့၊ မိတ်ကပ်နံ့၊ ပန်း အသစ်ကျပ်ခွက်အဝတ်အစားတို့၏အ မှုထွက်ဝေါ လာသောတသင်းသင်းကြိုင်ရနံ့များအပြင် စီးကရက်နံ့တို့ ရဟန်းတော်များအတွက် သူစိမ်းထဆန်လှစွာ မွေးထုံသင်းပျံ့လျက်နေ၏။

အရှင်ဥာဏဇေသည် မရှိမရှိက်ဘူးသော အနံ့အသက်များ ကိုယ်ရောင်ကိုယ်ဝါတောက်ပနေကြေ ည့်ပရိသတ်ကို ကြည့်ကောင်းတော နှင့် ငေးစိုက်ကြည့်နေမိ၏။ အရှင်ဥာ ဇေ၏စိတ်ထဲမှာ မြူးကြွလာသလို၊ လန်းဆန်းလာသလိုထင်မိသည်။

ဧည့်ပရိသတ်ကို ကြည့်တော ကောင်းနှင့်ကြည့်နေမိသော အရှင်ဥာ ဇေ သတိဝင်လာချိန်မှာ လှူဒါန်း သောရင်တို့ကိုငြိမ်ဝပ်သွားစေရန် ရော မီးလုံးများ၏ရှေ့မှ ပုဒ္ဓဆင်းတုတော် ကိုလက်စုံမိုးလျက် ရှိခိုးပူဇော်မိသ ရောင်စုံမီးလုံးလေးများသည် မှုန်

www.burmeseclassic.com

www.burmeseclassic.com

မှီတ်လိုက်ဖြင့် ချာချာလည်လှည့်ပတ်နေ၏။ သူ၏ရင်ထဲမှာလည်း မြင့်ချည်၊ နိမ့်ချည်ဖြင့် အတွေးတို့က ချာချာလည်လျက်ရှိသည်။

အရှင်ဉာဏဓဇသည် ဘုရားဆောင်ပေါ်မှ ရောင်စုံမီးလုံးများကိုငေးစိုက်ကြည့်ရင်း အတွေးပွားလျက်ရှိနေသည်။

ကျောင်းဒကာကြီး ဦးထွန်းဖေထား အရှင်ဉာဏဓဇကို ရဟန်းခံပေးထားသူဖြစ်၏။ ယခုအခါ ဦးထွန်းဖေက ကျောင်းထိုင်ဆရာတော်ကြီး မျက်နှာလွဲခဲ့လျှင် ကျောင်းဆက်ထိုင်ရန် လျှောက်ထားခဲ့သည့်နေ့မှစ၍ အရှင်ဉာဏဓဇ၏ ရင်ထဲ၌ မချင်းမလင်းနှင့် တင်းကျပ်လေးလံနေခဲ့သည်။ အသက်ထက်ဆုံး ရဟန်းတော်နှင့်နေသွားရန်မှာ တွေးလိုက်တိုင်း ဆောင်မကျနှင့် စိတ်ထဲမှာ မသက်မသာ ခံရသည်။

ဆရာတော်ကြီးမှာလည်း သက်တော်(၈၀)ထဲရောက်၍ အိုမင်းရင့်ရော်နေလေပြီ။ တစ်နေ့ရွေ့ တစ်နေ့ငွေ့နှင့် တစ်နေ့တစ်မျိုး ဆေးမပြတ်၊ဆရာမပြတ် ဖြစ်နေလေသည်။ သခါရသဘောအရ ကာလ၊ နက်ဖြန် ပြောမရသောအခိုန်သို့ ရောက်နေပြီ။ အကယ်၍များ ဖြုန်းခန်းပုံလွန်တော်မူသွားမှဖြင့်။

ဝင်လာဆဲဆဲ နေရောင်ခြည်သည် တပြည်းပြည်း ပျောက်ကွယ်သွားကာ လျှပ်စစ်မီးအလင်းရောင်များဖြင့် ဖြာဖြာထက်လက်ထွန်းလင်းလာ၏။ ထာဝစဉ် တိတ်ဆိတ် မှောင်မည်းနေတတ်သော ကျောင်းတော်ကြီးမှာ ယနေ့ညတော့ မြို့လူထုကပူဇော်ပေးထားသော မီးပုံးများစွာဖြင့် ထွန်းလင်းဝင်းပြောင်၍နေသည်။ ဘုံအဆင့်ဆင့် ပြာသာဒ်အဆောင်ဆောင်တို့မှာလည်း လင်းထိန်နေသောမီးရောင်များကြောင့် နတ်ဗိမာန်ကြီးအလား ထင်မှတ်မှားရသည်။ မြို့ထဲသာလွှင်ပို့လာသော ဝတ်အသင်းအဖွဲ့များ၏ဝတ်ရွတ်သံ၊ နာပျော်ဖွယ်ကောင်းသောကြေးစည်သံတို့က အဆက်မပြတ်မြည်ကျူးလျက်၊ အသံမစဲအောင် ဘာဝဲတာနှင့် ကြည်နူးဖွယ်ကောင်းလှသည်။

အရှင်ဉာဏဓဇသည် ဘုရားမီးလောင်းပြီးနောက် ကျောင်းအပေါ် ထပ်သို့ တက်ခဲ့ကာ မြို့တွင်းဘက်ဆီသို့လှမ်းကြည့်၍ကြည့်နေမိသည်။ ရောင်စုံမီးများ ဆွဲထွားသည့် လူနေအိမ်များ၊ မီးရှူးမီးပန်းများဖြင့် ဆော့ကစားနေကြသော ကလေးငယ်များ၊ မီးပုံးများကို လက်က ဆွဲလျက် သွားလာနေကြသော လူငယ်လူရွယ်များကို လှမ်းမြင်နေရသောအခါ ယခင် လူဘဝက သိတင်းကျွတ်ပွဲတော်ကို အမှတ်ရမိ၏။ သိတင်းကျွတ်မီးထွန်းပွဲတော်မှာ သူငယ်ချင်းအပေါင်းအဖော်များနှင့် နွဲ့ပျော်ခဲ့ကြပုံ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ မရောက်သည့်နေရာ မရှိသလောက် ပျော်ပါးခဲ့ရပုံတို့ကို ပြန်ပြောင်းသတိရမိသည်။

မြို့ထဲဘက်မှာ ဟားပန်းခပ်မှသွားလာပျော်ပါးနေကြသောလူများကို လှမ်း၍ကြည့်နေရင်း စိတ်ထဲမှာ လှုပ်ရှားလာလေသည်။

ထို့အခါ ရဟန်းဝတ်ခဲ့ရခြင်းအကြောင်းရင်းသည် ပြာဖုံးနေသောမီးခဲပမာရှိနေရာမှ လေပင့်ပေးလိုက်သည့်နှယ် အဓိုးအလျှံတို့ ရဲတက်လာသည်။ ရဲလာသောမီးခဲပေါ်၌ ရဟန်းဝတ်နှင့် တစ်သက်လုံးအရိုးထုတ်ကာ ကျောင်းထိုင်ရမည်ဖြစ်သော လောင်စာပြဿနာက မီးပုံပေါ်သို့ ဖျန်းပက်ပေးလိုက်သကဲ့သို့ တဟုန်းဟုန်းတောက်လောင်လာလေသည်။

(၂)

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကိုဉာဏ်ထက်တို့မြို့ကလေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။

နံနက်စောစောမြင့်တက်လာသော နေဝန်း၏ ရွှေရောင်ခြည်ဖျော့ဖျော့တို့သည် လမ်းပေါ်၌ဖြာကျလျက်ရှိ၏။ ဧရာဝတီမြစ်ကမ်းနှင့်မဝေးလှသော သူတို့မြို့လေးပေါ်သို့ မြစ်ပြင်မှဖြတ်သန်းလာသော လေညင်းများက တသုန်သုန် တည်းညင်း တိုက်ခတ်လျက်ရှိသည်။ ကလေးများသည် လမ်းမတစ်လျှောက် ခင်းထားသော လှုဖွယ်ဝတ္ထုပစ္စည်းမျိုးစုံတို့ကို ဝိုင်းအုံကြည့်လျက် ဆူညံစွာဆော့ကစားနေကြ၏။

လမ်းထိပ်မှစ၍လမ်းတစ်လျှောက် လုံးစီတန်း၍ ခင်းထားသောခုံများပေါ်၌ ဖယောင်းတိုင်၊ ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက် စသော ပစ္စည်းမျိုးစုံတို့ ဖြန့်ခင်းတင်ထားကြ၏။ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ဆုံအနီးက သူတို့မြို့ကလေးမှာ ကောက်ပဲသီးနှံမျိုးစုံဖြစ်ထွန်းပြီး အေးချမ်းသာယာသောမြို့ကလေး ဖြစ်၏။ ဗုဒ္ဓသာသနာလွန်စွာ စည်ပင်ပြန့်ပွား၏။ ဆွမ်းဆန်စိမ်းလောင်းလှူကြမည့်သူတို့၏ အော်ကျယ်ဟစ်ကျယ်ပြောဆိုသံ၊ ကလေးငယ်များ၏ အော်ဟစ်ဆူညံသံ၊ လမ်းထိပ်က ဓာတ်စက်သံများသည် ကုသိုလ်ပွဲကို ဝဲခိုး၍ ထောမနာပြုနေသည့်အလား ထင်မှတ်ရလေသည်။

နေမစောင်းမီ လမ်းမကြီးပေါ် သို့သံယာတော်များစီတန်း၍ကြွချီလာကြသည်။ အသံခဲ့စက်မှ နဲ့သံ၊ ပြောသံတို့ ပို၍ညံလာသည်။ ပြောသံသည် အလှူပေး၊ အလှူခံနှစ်ဦးသားတို့၏ စိတ်နလုံးသားကိုထိပွတ်၍ ကြွကြွရွရွဆုပ်နယ်နေကြသည်။ ဘွဲ့ရပြီးခါစ ကိုဉာဏ်ထက်တစ်ယောက်မှာ အလှူခံတောင်းကြီးကို ပိုက်ကာ ဆရာတော်ကြီး၏နောက်မှ လိုက်ပါရင်း ခြေလှမ်းများပင် မှားနေသည်။ ကိုဉာဏ်ထက်သည် တောင်းထဲသို့လောင်းထည့်ပေးကြသော လှူဖွယ်ပစ္စည်းများကိုရင်စောင့်ရင်း အားဘယ်ညာသို့ မျက်လုံးထောင့်ကပ်ကစား၍ တစ်စုံတုစ်ယောက်ကို ရှာဖွေကြည့်နေမိသည်။ စိတ်ထဲ၌ မခင်လေးတစ်ယောက် ဆွမ်းလောင်းလှူရာသို့ ခပ်မြန်မြန် ရောက်ချင်နေမိ၏။ မခင်လေးကိုယ်တိုင် လောင်းလှူမည့် လှူဖွယ်ဝတ္ထုကိုခံယူရင်း မခင်လေး၏မျက်နှာကို အနီးကပ် အားရပါးရ တဝကြီးစိုက်ကြည့်ချင်သည်။

ကိုဉာဏ်ထက်သည် မခင်လေးကို ဆယ်တန်းကျောင်းသားဘဝမှာ တွေ့ကာ အတူတူတက်ကြရင်း ချစ်ခင်စွဲလမ်းလာခဲ့သူဖြစ်၏။ မိခင်မုဆိုးမကြီးကို ညာတာသနားသောအားဖြင့် မခင်လေးအပေါ် ချစ်စိတ်ကိုမျိုသိပ်လျက် ကျောင်းစာကို ဇွတ်မှိတ်ကြိုးစားခဲ့သည်။ ရွှေဆိုင်ပိုင်ရှင်သမီးတစ်ယောက်ဖြစ်သောမခင်လေးကတော့ ကျောင်းစာကို သိပ်ပြီးစိတ်မဝင်စားလှပါ။ ကျောင်းစာမှာဝတ်ကျေတန်းကျေမျှသာဖြစ်သော်လည်း စကားပြောဖော်ရွေချက်ချာသဖြင့် အပေါင်းအသင်းဝင်ဆုံသူလေးဖြစ်၏။ ရုပ်ရည်ရွှမကာ အခြောအမောကြီးမဟုတ်သော်လည်း ချမ်းသာသောမိဘများ၏သမီးပီပီ ဝတ်နိုင်စားနိုင်၏။ ထို့ပြင် ဟန်ပန်အမူအရာလှပ်ကာစကားပြောတတ်သဖြင့် ပိုးပန်းကြသော ကျောင်းသားများ သဘောကျကြသည်။ တစ်ခါတစ်ရံ မျက်လုံးလေးထောင့်ကပ်ကာစကားပြောလိုက်၊ စကားနှင့်လိုက်လျောအောင် နှုတ်ခမ်းကိုစူသွားလိုက်၊ ပြုံးသွားလိုက်၊ မဲ့သွားလိုက်၊ ရွဲ့သွားလိုက်နှင့် သရုပ်ဖော်ပေးတတ်လွန်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။

ကိုဉာဏ်ထက်သည် မခင်လေး၏ ဤသို့သော ဟန်ပန်အမူအရာများကို စွဲလမ်းနေခြင်းဖြစ်ကြောင်း သူကိုယ်သူ ပင် သတိမပြုမိပေ။ ကိုဉာဏ်ထက်မှာ ရိုးသားသူတစ်ယောက်ဖြစ်၏။ ချမ်းသာသော သူဌေးသမီး၏အချစ်ကို ရယူဖို့ ပညာတတ်မှဖြစ်မည်ဟု ယုံဆထား၏။ ထို့ကြောင့် သူဝယ်ချင်းတွေက မြွောက်ပင့်ပေးသော်လည်း သူ့အချစ်ကို မခင်လေးအား ဖွင့်ဟပြောပြခဲ့ခြင်းမရှိပေ။ ဘွဲ့ရ၍ အလုပ်အကိုင်အခြေတကျရှိမှ သူ့အချစ်ကိုဖွင့်ဟတော့မည်ဟု ကိုဉာဏ်ထက် စဉ်းစားထားသည်။

စာကြိုးစားသောကိုဉာဏ်ထက်မှာ ဆယ်တန်းစာမေးပွဲကို အခက်အခဲဓရှိ အောင်မြင်ခဲ့သည်။ မခင်လေးကတော့ ဆယ်တန်းမှာ တစ်နှစ်ကျပြီးသည်နှင့် မိဘများ၏ရတနာဆိုင်မှာထိုင်ပြီး ရွှေပင်မှာနားလျက်ရှိချေပြီ။ ကိုဉာဏ်ထက် မန္တလေးတက္ကသိုလ်သို့ တက်ရောက်၍ ပညာဆက်လက်သင်ယူ၏။ တက္ကသိုလ်ကျောင်းသားဘဝ တွေ့သမျှမိန်းမချော၊ မိန်းမလှများကို မခင်လေးလောက် စိတ်မဝင်စားပေ။ သူစိတ်ထဲမှာကား မခင်လေးမှ မခင်လေးသာဖြစ်၏။ ကိုဉာဏ်ထက်မျက်စိထဲတွင် မခင်လေး၏ အလှသည် ပြိုင်ဘက်ရှိုးလောက်အောင် စံတစ်နှုန်းဖြစ်နေပေသည်။ မခင်လေး၏ သွားပုံ၊ လှပုံ၊ ဟန်ပန်အမူအရာတို့သည် သူတကာရှိုးလောက်အောင် အကြော့ရှင်းဆုံးထင်နေသည်။ ကမ္ဘာပေါ်မှာရှိသမျှ မိန်းမချောတို့၏ ကောင်းပေ့ဟူသော အရည်အသွေးများ မခင်လေးတွင် လာ၍စုပေါင်းနေသကဲ့သို့ ထင်မှတ်နေခဲ့၏။

ထိုသို့ မခင်လေးအား စွဲလမ်းသောစိတ်ကိုဇွတ်မှိတ်လျက် ဘွဲ့ရအောင် ကြိုးစားခဲ့သည်။ ဘွဲ့မြန်မြန်ရ၍ အလုပ်အကိုင်နေရာကျမှ သူ့အချစ်သောမခင်လေးကို ဖွင့်ပြောတော့မည်။ မခင်လေးကလည်း သူ့နှင့်တွေ့ကြုံစကားပြောခွင့်ရတိုင်း ဟန်ပန်မူရာကြွယ်ကြွယ်ဖြင့် ရေလာမြောင်းပေးစကားကိုဆိုတတ်၏။ ကိုဉာဏ်ထက် လက်ထောက်မန်နေဂျာစာမေးပွဲဖြေဆိုပြီးသည်နှင့် မခင်လေးထံသို့ ချစ်သဝဏ်လွှာစေပါးခဲ့လေသည်။ မခင်လေးကလည်း သူဝယ်ချင်းများမှ တစ်ဆင့် ကိုဉာဏ်ထက်ကို စိတ်ဝင်စားကြောင်းမတင်မကျစကားပြန်လာသည်။ ကိုဉာဏ်ထက်ကတော့ မခင်လေး သူ့ကို ငြင်းလိမ့်မည်မဟုတ်ဟု ယူဆနေ၏။ ယခု ဆွမ်းလောင်းပွဲမှာ မခင်လေးနှင့် နီးကပ်စွာ စကားပြောခွင့်ရဖို့အတွက် ဆရာတော်ကြီးနောက်ပါးမှ အလှူခံတောင်းကိုကိုင်၍ လိုက်ပါလာခြင်း ဖြစ်လေသည်။

ကိုဉာဏ်ထက် မခင်လေးကိုလှမ်းမြင်နေရပြီ။ ယောဂီတဘက်ကလေး လွှမ်းလျက် ဖယောင်းတိုင်ထုပ်များပွေ့ပိုက်၍လောင်းလှူနေသော မခင်လေးရှိရာသို့ ရောက်ခဲ့ဘိခြင်းဟုထင်သည်။ မခင်လေးတို့အိမ်ရှေ့မှာ လက်ဖက်ခြောက်ထုပ်၊ ဖယောင်းတိုင်ထုပ်များ လောင်းလှူနေ၏။ မခင်လေးရှေ့သို့ မြန်မြန်ရောက်လိုပါမူ ရှေ့ကလောင်းလှူနေကြသည့် အသက်အရွယ်ကြီးသူများက ဖြည်းဖြည်းလေးလုပ်နေကြသည်။ သူများအရေးကြီးပါသည်ဆိုမှ အဘွားကြီးတွေက အေးအေးဆေးဆေးလုပ်နေကြသည်။

ကိုဉာဏ်ထက်တစ်ယောက် အလှူခံတောင်းကြီးကိုပိုက်၍ မခင်လေးရပ်နေရာဆီသို့ မျှော်၍မျှော်၍ကြည့်ရသည်မှာ အမောဖြစ်နေသည်။ ရှေ့ကဆရာတော်ကြီးကလည်း တစ်ခါတစ်ခါ ကြွတာ နှေးကွေးလှ၏။ ကိုဉာဏ်ထက်သည် ဆရာတော်ကြီးရှေ့ ကျော်တက်သွားချင်နေတော့သည်။

မခင်လေး၏ရှေ့သို့ အတန်ကြာမှ ရောက်လာ၏။ မခင်လေးက ကိုဉာဏ်ထက်ကို မျက်ခွံကလေး၊ မၭ မျက်လုံးကလေး ထောင့်ကပ်ကြည့်လိုက်သည်။ ကိုဉာဏ်ထက်၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားသည်။ မခင်လေးက မချိမချဉ် မျက်နှာပေးဖြင့် ဖယောင်းတိုင်ထုပ်ကို အလှူခံတောင်းထဲသို့ ဖြည်းဖြည်းလေးထည့်နေသည်။ ကိုဉာဏ်ထက်မှာ ဖယောင်းတိုင်ထုပ်ဆီ မျက်လုံးမရောက်ဘဲ မခင်လေးမျက်နှာကိုသာ ပြူးဖြဲဖြဲနှင့် စေးစိုက်ကြည့်နေ၏။ စကားပြောဖို့ သတိမရ။ ရှေ့က ဆရာတော်ကြီးမှာ အတော်ကလေးကွာသွားပြီ။ မခင်လေးထံမှ ဖယောင်းတိုင်ထုပ်၊ လက်ဖက်ခြောက်ထုပ်များ ကိုဉာဏ်ထက်ကိုင်ထားသောတောင်းထဲသို့ တစ်ထုပ်ပြီးတစ်ထုပ် ကျလာနေ၏။

ရှေ့နားတွင်ရောက်နေသောဆရာတော်ကြီးအား -

"အရှင်ဘုရား၊ ကျောင်းသားမပါဘူးလား"

ဟု ဒကာမကြီးတစ်ဦးကမေးလိုက်၍ နောက်ကိုလှည့်ကြည့်ရာ ဖယောင်းတိုင်လှူသောနေရာမှ ကိုဉာဏ်ထက်ထွက်မလာသေးသည်ကိုတွေ့ရ၏။ ဆရာတော်ကြီးမှာ ရပ်စောင့်နေရလေသည်။ ကိုဉာဏ်ထက်သည် စကားပြောရန်ပြင်ရင်း ဆရာတော်ကြီးရပ်စောင့်နေသည်ကို မြင်သွားသည်။

'ဆရာတော်ကြီးဟာ ပြန်ချင်တော့လည်းသူပဲ'

ဟု စိတ်ထဲမှရေရွတ်ရင်း မခင်လေး၏ရှေ့မှ ခြေလှမ်း၍ထွက်လာခဲ့သည်။ စိတ်ထဲမှာ မပါတော့ချေ။ လက်နှစ်ဖက်ဖြင့်ပွေ့ပိုက်ထားသောတောင်းကြီးမှာ သိပ်လေးလာသည်။ ခပ်ဖြည်းဖြည်းပဲလျှောက်လိုက်လာ၏။ ဆရာတော်ကြီးကမူ ရှေ့မှသုတ်သုတ်သုတ်သုတ်နှင့် သွားနေ၏။

အလှူခံကိစ္စပြီးစီးသွားသောအခါ သံဃာတော်များ၊ နောက်ပါကျောင်းသားများမှာ စာရေးတံမဲ၊ မဟာဒုက်မဲ ဖောက်မည့်ဓမ္မာရုံသို့ စုဝေးကြရ၏။ ဆရာတော်ကြီးကတော့ ကိုဉာဏ်ထက်နှိုက်ဖေးသောမဲနှင့် တက်ထရွန်သက်နိမဲပေါက်သွားသည်။

စာရေးတံမဲဖောက်ပြီးနောက် မဟာဒုက်မဲဖောက်တော့မည် ဖြစ်၏။ ဆွမ်းဆန်စိမ်းလောင်းလှူပြီးသူများလည်း မဟာဒုက်မဲဖောက်မည့်နေရာသို့ စုဝေးရောက်လာကြသည်။ မြို့ပေါ်၌ နှစ်စဉ် ဆွမ်းဆန်စိမ်းလောင်းလှူပြီးတိုင်း မဟာဒုက်မဲပေါက်သူကို ရဟန်းခံပေး၏။ ရဟန်းဒါယကာများလည်း အဆင်သင့်ရှိ၏။

မဟာဒုက်မဲကို စ၍နှိုက်သည်ဟာ ဗလာချည်းထွက်နေ၏။ ကိုဉာဏ်ထက်အလှည့်မှာ မဲဖောက်မည့်နေရာသို့ ရောက်နေသောမခင်လေးကို ပြူးပြဲလိုက်ရင်း၊ မဟာဒုက်မဲလက်မှတ်ကို နှိုက်ယူဖွင့်ကြည့်လိုက်သည်။

"မဟာဒုက် အောင်ဘာလေ"

ကျယ်လောင်စွာဖြင့် အော်တော်ကြေညာလိုက်သောအသံကြီးနှင့်အတူ အသံချဲ့စက်မှပြောချသံ၊ စည်တော်သံတီးမှုတ်သံများ ဆူညံသွားလေတော့သည်။

(၃)

ကိုဉာဏ်ထက် ဒုလွှဘမဲပေါက်၍ ရဟန်းခံရာပွဲဆီသို့ လှူဖွယ်ဓာန်းဖွယ်များဖြင့် မခင်လေး ရောက်ရှိလာသည်ကို သိမ်မှတ်သည်နှင့် ရဟန်းတော်လာ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် စက္ခုန္ဓေကိုချကာ အရာရာ ကြည့်ချင်စိတ်ကို မျိုသိပ်အောင့်အည်း ထားရ၏။ သိမ်ဆင်းလောင်းလျှူသူများ ဆဲ၌ မခင်လေးကိုတွေ့လိုက်ရာ ရင်ထဲမှာ ရှိန်းခနဲဖိန်းခနဲဖြစ်သွား၏။ ရဟန်း ဘောင်ကိုရောက်နေပြီဟူသောအသိဖြင့် စိတ်ကိုကြိုးစား၍ ချိုးနှိမ်လိုက်ရသည်။

ကျောင်းဒါယကာ၊ရဟန်းဒါယကာ ကြီးဦးထွန်းဖေက ကြွရောက်လာသော သံဃာတော်များနှင့် ဒုလ္လဘအသစ်စော်စက်ဖြစ်သော အရှင်ဉာဏဓဇကို ချွေးဆက်ကုပ်သည်။ ဆွမ်းစားရင်းမှ မခင်လေးရှိရာသို့ ကြည့်မိရက်သားဖြစ်နေပြန်၏။ သတိထား၍ထိန်းနေသည့်ကြားမှ ဘာကြောင့်မျက်လုံးကရောက် ရောက်သွားသလဲဟု အပြစ်တင်နေမိသေး၏။ ဘေးလူတွေမျှားမြင်သွားသလားဟု စိုးရိမ်မိသည်။ ရဟန်းဘဝဖြင့် ထမဆုံး စားရသောဆွမ်းတစ်ထပ်မှာ အယောင်ယောင်အမှားမှားဖြင့် ပြီးဆုံးသွားလေသည်။

ပြန်ခါနီးမှာ မခင်လေးက သူ့ထံသို့ သွားရောက်ကန်တော့ရင်းနှင့် ခပ်တိုးတိုးပြော၏။

"အရှင်ဘုရား၊ ဘွဲ့ဘယ်လိုခေါ်ပါသလဲ"

"အရှင်ဉာဏဓဇ"

"တစ်သက်လုံးဝတ်တော့မှာလား" ဟု ပြုံးထွေ့ထွေ့နှင့်မေး၏။

"ဆယ့်တစ်မီးငြိမ်းအောင် ဆယ့်တစ်ရက်ဝတ်မယ်"

ထခုချက်ချင်း လှုဝတ်လဲချင်စိတ်ကို မျိုသိပ်လျက်ဖြေလိုက်ရ၏။ သိမ်တက်စဉ်က ဆရာတော်ကြီးအမေးကို ဆယ့်တစ်ရက်ဝတ်ပါမယ်ဟု ဖြေခဲ့သည်ကို ပြောင်တရချင်သလို့ဖြစ်သွား၏။ ခုနစ်ရက်ဝတ်လျှင်လည်း ရဟန်းဒါယကာ ကျေနပ်နိုင်ရက်သားနဲ့ 'အမေ ကုသိုလ်ပို့အောင်' ဟုတွေးပြီး ဆယ့်တစ်ရက်ဝတ်သည် လျှောက်ခဲ့မိသည့်အတွက် ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။

မခင်လေးက-

"ပြန်တော့မယ် ဘုရား"

ဟု ထပ်မံကန်တော့သောအခါ ကြည်နူးစိတ်နှင့် စူးစိုက်ကြည့်နေမိပြန်သည်။

ည့်ပရိသတ်စဲသွားသည့်အခါမှ ဆရာတော်ကြီးကို လျှောက်ထားသည့်အခါင်း ဆယ့်တစ်ရက်ဝတ်မည်ဟု စိတ်ကြံတ်လိုက်သည်။ ရဟန်းဒါယကာနှင့် အတူတို့ကုသိုလ်ပို့ရအောင် တရားအား ထုတ်မည်။မခင်လေးနှင့် (၁၁)ရက်မတွေ့ဘဲ အောင့်အည်းနေမည်။ လူထွက်မှ မခင်လေးထံသို့အပြေးသွားကာ လိုချင် သောအဖြေကို ရအောင်တောင်းတော့ မည်။ ယခု (၁၁) ရက်အတွင်းတော့ အကျိုးများအောင် တရားအားထုတ်အံ့ ဟုတွေးရင်း ရဟန်းဘဝ၏ တင့်တယ် ငြိမ်းအေးမှုကို တွေးတောကြည်နူးနေမိလေသည်။

အရှင်ဉာဏဓဇသည် ညအခါမှာ ကျောင်းရှိသံဃာများနှင့်အံတူ ဘုရားဝတ်တက်ရ၏။ ဘုရားဝတ်တက်ပြီးလျှင် ဆရာတော်ကြီးသင်ပေးသော ဝင်လေ၊ ထွက်လေ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းကာ တရားအားထုတ်ရ၏။ ပြီးလျှင် ရဟန်းဘောင်သို့ သွတ်သွင်းပေးသော ရဟန်းဒါယကာများနှင့် မယ်တော်ကြီးတို့အား အစထား၍ သတ္တဝါအားလုံးကို မေတ္တာပို့သရလေသည်။

နေ့အခါနိန်များမှာတော့ ဓမ္မစာစောင်များ၊ (၅၅၀) နိပါတ်တော်များ၊ ဓမ္မပဒဝတ္ထုများကိုဖတ်၏။ ကျောင်းရှိသံဃာတော်များနှင့် ဆွမ်းခံလိုက်သည်။ ဆွမ်းစားပြီးလျှင် တစ်နေးတစ်မောကျိန်း၍ နိုးလျှင် အဓိဋ္ဌာန်ဖြင့်ပုတီးစိပ်သည်။ ညနေပိုင်းတွင် ကျောင်းဝင်းပတ်လည် စင်္ကြံလျှောက်သည်။ ဆရာတော်ကြီးကလည်း အလျှဉ်းသင့်သလို ဝိနည်းကြောင်း၊ တရားကြောင်း စသည် သိသင့်သိထိုက်သော ဘာသာရေးဗဟုသုတများကို မိန့်မြွက်တတ်သည်။

အရှင်ဉာဏဓဇသည် ညပိုင်း တရားထိုင်ပြီးလျှင် ခရေပင်ကြီးခြေရင်း တွင်ရှိ ခုံတန်းလျားလေးပေါ် မှာထိုင်ကာ ကျောင်းတော်ကြီး၏အရိပ်အာဝါသအေးချမ်းပုံကို တွေးတောကြည်နူးနေမိသည်။ ကျောင်းဝိုင်းကြီးမှာ တောရကျောင်းကြီးကဲ့သို့ သစ်ပင်များဖြင့် ထူထပ်အုပ်ဆိုင်းနေသည်။ အပြင်ဘက်မှကြည့်ပါက ကျောင်းကို ရှာတရက်မမြင်ရအောင် တောအုပ်ကြီးတစ်အုပ်လို စိမ်းမှောင်အုပ်မိုးလျက်ရှိ၏။ ဘုရားဝတ်တက်၊ စာအံကြသော ဦးပဉ္စင်း၊ ကိုရင်တို့၏ အသံများမှအပ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တိတ်ဆိတ်နေသော ကျောင်းဝိုင်း၏ ဆွဲဆောင်မှုက အရှင်ဉာဏဓဇအတွက် နှစ်သက်ဖွယ်ကောင်းလာ၏။ မခင်လေးထံသို့ရောက်ရောက် နေတတ်သောစိတ်များကို တိတ်ဆိတ် အေးချမ်းမှုက အနိုင်ယူဆွဲဆောင်နိုင်စွမ်း ရှိလာသည်။

ရဟန်းဘဝဖြင့် သန့်ရှင်းသစ်လွင် နေသောစိတ်မှာ ညစ်ညမ်းသောစိတ်များကို ဖျောက်ဖျက်ရလွယ်ကူမှန်း အရှင်ဉာဏဓဇ ရိပ်စားမိလာသည်။ သာသနာ့အရိပ်အာဝါသ၏အေးချမ်းမှုကို တဒင်္ဂခံစားရင်း ရဟန်းဘဝမှာ ဆင်ခြင်သုံးသပ်ရမည့် ပစ္စဝေက္ခဏာတရားများကို အမြဲလိုလို ဆင်ခြင်ကြည့်မိသည်။ ဆရာတော်ကြီးသင်ပေးထားသည်မှာ သတ္တဝါမှန်သမျှ အိုခြင်း၊ နာခြင်း၊ သေခြင်းကို မည်သူမျှရှောင်၍မလွတ်။ အိုကြ၊ နာကြ၊ သေကြရမည်မှာ အမှန်ဖြစ်သည်။ ချစ်သူ၊ ခင်သူ၊ ချစ်စရာ၊ ခင်စရာများနှင့် ခဏတစ်ဖြုတ်ကွဲခြင်း၊ ထာဝရရှင်ကွဲ၊ သေကွဲကွဲခြင်းများကိုလည်း ကြုံတွေ့ကြရမည်။ မိမိကိုယ်ကို မိမိမပိုင်၊ ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံသာလျှင် အမွေခံ၊ ကံသာလျှင်မျိုးစေ့၊ ကံသာလျှင် ကိုးကွယ်ရာ၊ ကံစီမံသလိုခံကြရမည်ဟု ဆင်ခြင်ကြည့်၏။ ပုတီးစိပ်ရင်းနှင့်လည်း ကံ၏အကျိုးတရားများကို သုံးသပ်၏။ အတွေ့နယ်ပယ်၌ ကြိုးစားအားထုတ်ထားရသော မန်နေကျရာထူးနှင့် မခင်လေးအား ပိုင်ဆိုင်လိုမှု စသည်တို့မှာ အနတ္တတရား၏ နယ်နိမိတ်အစမှာပင် ဘာမှအရေးမပါသလိုထင်မြင်နေမိ၏။

ထိုသို့ထင်မြင်သုံးသပ်နေဆဲ၌ ညနေတိုင်း ဘီလပ်ရည်လာကပ်လေ့ရှိသော အရှင်ဉာဏဓဇ၏ ကိုကြီးတင်ရောက်လာသည်။ သူတို့မှာ မိခင်မုဆိုးမ-ကြီးနှင့် ညီအစ်ကိုနှစ်ယောက်သာရှိ၏။ မိခင်နှင့်အစ်ကိုကြီးတို့က အရှင်ဉာဏဓဇကို အလွန်ချစ်သည်။ အိမ်၏စီးပွားရေးမှာလည်း ကိုကြီးတင်၏စွမ်းဆောင်မှုဖြင့် ထိုက်သလောက်ပြေလည်ပါသည်။

အရှင်ဉာဏဓဇသည် စိပ်နေသောပုတီးကို လက်ကောက်ဝတ်မှာခွေပတ်လိုက်သည်။ ဘီလပ်ရည်ကိုဘုဉ်းပေးနေဆဲ (၅) ရက်ခန့် လူဘဝနှင့်အဆက်ပြတ်နေပုံကိုတွေးကြည့်ရင်းမှ -

"မယ်တော်ကြီးကော နေကောင်းရဲ့လား ကိုကြီးတင်"

"နေကောင်းပါတယ်"

ကိုကြီးတင်က ခပ်တိုတိုအဖြေပေးပြီး သူ့ကိုစူးစမ်းသလိုကြည့်နေ၏။

"ကိုကြီးတင်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကိုကြီးတင်ကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ။ ဘာများဖြစ်နေလဲ"

"ဘာမှမဖြစ်ပါဘုဉ်းပဉ္စင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးတင်ကပြန်ဖြေပြီး တွေတွေ ငေးငေးလုပ်နေပြန်သည်။

"အေးဗျာ၊ ကိုကြီးတင်လည်း တစ်ခါတလေ အပေါင်းအသင်းတွေနဲ့ ပျော်ပျော်တပါးတတ်တာတွေကိုလျှောတော့ နော်။ မယ်တော်ကြီးကိုလည်း ပုတီးမှန်မှန်စိပ်ဖို့၊ စိတ်ပူစရာတွေမတွေးဘဲ အေးအေးချမ်းချမ်းဖြစ်အောင်နေတတ်ဖို့ပြောနော်။ ကိုကြီးတင်လည်း ဒုလ္လဘ ဝတ်ကြည့်ဖို့ကောင်းတယ်။ ဦးပဉ္စင်းတော့ ရဟန်းဘဝငြိမ်းချမ်းမှုကို ကိုယ်တွေ့ကြုံ . . . "

"ဦးပဉ္စင်းအမေကတော့ ဘာမှ မပြောနဲ့လို့ မှာလိုက်တယ်"

ကိုကြီးတင်က အရှင်ဉာဏဓဇ၏ စကားကိုဖြတ်၍ပြောလိုက်သည်။

"ဩော် - ကိုကြီးတင်က ဒီညီ အစ်ကိုနှစ်ယောက်တည်းရှိတာ၊ဘာတွေ များလျှို့ဝှက်နေရတာလဲ။ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ။ မယ်တော်ကြီးများ နေဆိုးနေလို့လား"

ကိုကြီးတင်က တံတွေးကိုမျိုချ လိုက်ပြီးမှ ဧာသိကအောက်လေသံနှင့်-

အမေကတော့ဘာမှမဖြစ်ပါဘူး။ ဖြစ်တာက ဦးပဉ္စင်းရဲ့မတော်ရသေးတဲ့ ရည်းစား မခင်လေး ညက လင်နောက်လိုက်ပြေးသွားလို့"

အရှင်ဉာဏဓဇမှာ ဟင်ခနဲ အာမေဋိတ်တရ် ကိုကြီးတင်ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေမိလေသည်။ စောစောက ဆင်ခြင်နေသော အနတ္တ တရား၊ ပစ္စဝေက္ခဏာတရားများမှာ ကိုယ်နှင့်ကင်းကွာသွားလေတော့သည်။

"ဟင်မနေပါနဲ့ ဘုရား၊ ဦးပဉ္စင်း ဟာလေးက မျက်နှာက ခပ်များများရယ်၊ တပည့်တော်တို့က ဦးပဉ္စင်းကိုမပြောရက်လို့၊ မိန်းမပေါပါတယ်ဘုရား၊ တရားနဲ့ဖြေပေါ့။ တပည့်တော်သွားတော့မယ် ဘုရား"

ကိုကြီးတင်က ပြောပြောဆိုဆို ဦးချ၍ပြန်သွားတော့သည်။ မခင်လေး လင်နောက်လိုက်ပြေးသောသတင်းကြား ရကတည်းက အရှင်ဉာဏဓဇမှာ တရား ကို မှန်မှန်အားမထုတ်နိုင်တော့ချေ။ တရားထိုင်လျှင်လည်း မခင်လေး၏ မျက်နှာ၊ ပုတီးစိပ်လျှင်လည်း မခင်လေး၏သဏ္ဌာန်က တဝဲလည်လည်ပေါ်နေ၏။ ဘုရားဝတ်တက်ရာမှာပင် မခင်လေး၏ ရူပါရုံကဖမ်းစား၍ ဘုရားကိုဖြောင့် ဖြောင့်ရှိမခိုးနိုင်။ တွေးတောစဉ်းစားမိတိုင်း နှမြောတသသ ကြေကွဲသလိုကြီး ခံစားနေရ၏။ သို့သော် လင်နောက်လိုက်ပြေးသွားကြောင်း ပြန်သတိထားမိချိန်မှာတော့ -

"ငါ့ကို ကြိုးရှည်ရှည်နဲ့လှန်(လဲ) ထားတဲ့ မိန်းမ"

ဟု ရေရွတ်၍ ဒေါသထွက်မိပြန်သည်။ ထို့နောက် -

"အို - ငါနဲ့ဘာဆိုင်သေးတာမှတ်လို့"

ဟုတွေးတောကာ ဥပေက္ခာထားကြည့်၏။ သို့သော် ဥပေက္ခာပြုလည်းမရ၊ သံယောဇဉ်ကလည်းမပြတ်နှင့် အသည်းနှလုံးမှာ လွမ်းသလိုလို ဆွေးသလိုလို နာကြည်းနေသလိုကြီးခံစားနေရသည်။

ထိုကဲ့သို့ ပူလောင်လာသောအခါမှာ အရှင်ဉာဏဓဇသည် စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်လျက် ဝင်လေ၊ ထွက်လေကို ရှုရှိုက်လုပ်ပစ်လိုက်လေသည်။

အရှင်ဉာဏဓဇ၏ မိခင်ကြီးသည် မခင်လေး၏ သတင်းကိုပြောပြခဲ့သော သူ့သားကြီးကို လူမထွက်ခင်ပြောရ ကောင်းလားဟု ပြစ်တင်ပြောဆိုနေ၏။ သား ဦးပဉ္စင်းအတွက် စိတ်မကောင်းဖြစ်မိ၏။ သားရှိရာကျောင်းသို့မသွားတော့ဘဲ လူဝတ်လဲမည့်နေ့မှသာသွားမည်ဟု တွက်ထားလိုက်သည်။

(၄)

(၁၁) ရက် ပြည့်မြောက်သွား၏။

အရှင်ဉာဏဓဇမှာ လူဝတ်လဲရန် အခက်၊ ဆက်၍ဝတ်ရန် အခက်ဖြစ်နေ၏။ ရာထူးဝန်ဌာနမှာဖြေဆိုထားသော မန်နေဂျာရာထူးအောင်စာရင်းကလည်း မထွက်သေး။ မတော်လိုက်ရသော ရည်းစား လင်နောက်လိုက်သွားလို့ ရင်နာရတာကတစ်ဖက်၊ သူအဖြစ်ကိုသိ နေကြသောသူငယ်ချင်းများ၏ လှောင်ကြာ၊ ပြောင်ကြမှာကလည်းတစ်မျှောင့် ဖြစ်နေ၏။

မခင်လေးတို့စုံတွဲလည်း မိဘများ အိမ်ပြန်ရောက်ပြီဖြစ်ရာ လမ်းသွားလမ်း လာဆုံတွေ့နေရပါက စိတ်မချမ်းမသာ ဖြစ်ရဦးမည်။ ဒီနေ့တော့ ဘယ်နည်းနှင့်မှ လူထွက်ထို့မဖြစ်ချေသေး။ အဖြစ်အပျက် တွေသွေးအေးသွားမှ လူဝတ်လဲတော့ မည်ဟု စိတ်ဆုံးဖြတ်လိုက်တော့သည်။

ထိုနေ့တစ်နေ့လုံး ကယောက်ကယက်ဖြစ်နေသောစိတ်ကို အတတ်နိုင်ဆုံးငြိမ်အောင်ထားနေ၏။ ပျံလွှင့်ပုပန်နေသောစိတ်၏ နာကျင်ခံစက်နှိပ်စက်မှုကြောင့် 'တဏှာရာဂဟာ အလွန်ဆင်းရဲသောဒုက္ခဖြစ်ကြောင်း' ဆင်ခြင်အောက်မေ့မိလေသည်။ ထိုသို့အောက်မေ့လျက် စွဲလမ်းခြင်း ကင်းပြတ်အောင်၊ တရစ်ဝဲဝဲ မခင်လေး၏ပုံသဏ္ဌာန်ပျောက်အောင်၊ စိတ်ဆင်းရဲခြင်းကင်းအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့ကို ဉာဏ်မီသလောက် ဆင်ခြင်သုံးသပ်၍ ပယ်ရှားနေလေသည်။

အကြောင်းစုံ ရိပ်မိသိရှိနေသော ဆရာတော်ကြီးကမူ ဝင်လေ၊ ထွက်လေကို ခပ်ပြင်းပြင်းဆွဲ၍ ရှုရှိုက်လုပ်အား ထုတ်ခိုင်း၏။ အရှင်ဉာဏဓဇမှာ အာနာပါနဿတိကို ကြိုးစား၍ အားထုတ်ပါသော်လည်းမရဖြစ်နေ၏။ တဒင်္ဂသာလျှင် စိတ်ကိုသိမ်းဆည်းခြင်းဌာနမှမိုးနိုင်ပြီး မခံချင်စိတ်၊ နှမြောတသစိတ်၊ ရှက်စိတ်များ ဝင်လာလျှင် တရားနှင့်ကင်းကွာသွား ကာ စိတ်ကိုထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်တော့ပေ။ အိပ်ပျော်သွားချိန်မှလွဲ၍ မခင်လေး၏စိတ်က မကြာခဏာဖြစ်ပေါ်နေတော့၏။ အာရုံပြောင်းသွားအောင် သံဃာတော်များအတွက် ဝေယျာဝစ္စ မျိုးစုံလုပ်ပေး၏။ သင်္ကန်းလျှော်၊ ရေခပ်၊ တံမြက်စည်းလှည်း၊ ကုဋီဆေး အားလုံး လုပ်သည်။ သို့ဖြင့် ညနေပိုင်း ရေတွင်းမှာ ရောင်နေခိုက် မယ်တော်ကြီးရောက်လာသည်။

"ဘယ်အချိန် လူဝတ်လဲမလဲ ဘုရား"

"ဒီနေ့တော့မထွက်သေးဘူး ဒကာမကြီးရယ်။ရဟန်းဝတ်နဲ့ပျော်သလောက် ဆက်နေဦးမယ်"

မယ်တော်ကြီးမှာ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ကာ မျက်ရည်တွေလည်လာသည်။ မိမိသားအား ရဟန်းဝတ်နှင့် ဆက်လက်မြင်တွေ့ရမည်ဖြစ်သောကြောင့် ဝမ်းသာရသလို မခင်လေးစိတ်ကြောင့် လောဟ သံသယကြောင့်ဝမ်းနည်းမိ၏။ အရှင်ဉာဏဓဇကတော့ မယ်တော်ကြီး နှင့်မျက်နှာချင်းမဆိုင်မိအောင် ရေပုံးကို အားသွန်ခွန်စိုက် ဆွဲငင်နေလေသည်။

ဤသို့ဖြင့် အရှင်ဉာဏဓဇ ရဟန်း ဝတ်နေသည်မှာ တစ်လခန့်ပင်ရှိလာသည်။ ဟိုနေ့ထွက်မည်၊ ဒီနေ့ထွက်မည် ဟု ရက်ရွှေ့နေရင်းပင် ရှုတ်တရက် ရဟန်းဘဝကိုစွန့်လွှတ်ရန်ဝန်လေးသလို၊ နှမြောသလိုဖြစ်လာသည်။နေ့စဉ် ဘုရား ရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်ဖြင့် ယောက်ယက်ခတ်နေသောစိတ်လည်း တည်ငြိမ်စပြုလာ၏။ ဝါဆိုရန်ရက်လည်းနီးကပ်

www.burmeseclassic.com

www.burmeseclassic.com

ဟာပြီ ဖြစ်၏။ ဥပဇ္ဈာယ်ဆရာတော်ကြီးက ဘာမှမမိန့်သော်လည်း အတူနေ ဦးဆွေးတွေက ဝါဆိုရန်တိုက်တွန်းကြသည်။ မိမိဖြေဆိုထားသော မန်နေဂျာရာထူးကလည်း ထိပ်မသေချာလှပေ။ ဌေးလိုက်နိုင်မှရမည့်ခေတ်ဖြစ်နေသည်။ အရှင်ဥာဏဓဇသည် ဝါဆိုဖြစ်အောင်ဆိုနေသည်။ ရဟန်းဘဝဖြင့် လောကုတ္တရာအကျိုးတစ်စုံတစ်ရာရှိပြီး ဝါကျွတ်မှလူထွက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သေးသည်။

ဝါဆိုလပြည့်နေ့တွင် မယ်တော်ကြီးသည် ဆွေမျိုးမိတ်ဆွေများစုံညီစွာနှင့် ကျောင်းသို့ရောက်လာကြသည်။ ကျောင်းဒါယကာ၊ ရဟန်းဒါယကာကြီး ဦးထွန်းဖေကလည်း အရှင်ဥာဏဓဇ ရဟန်းဝတ်နှင့် ပျော်သလောက် ပစ္စည်းသေးပါးဒကာခံမည်ဟုဆို၏။ခေတ်ပညာတွဲရ အရှင်ဥာဏဓဇ ဝါဆိုမည်ဆိုသည့် အတွက် ဦးထွန်းဖေမှာ ဝမ်းမြောက်ဂုဏ်ယူနေသည်။ အရှင်ဥာဏဓဇ၏ အနေအထိုင်၊ ကွန်ဖြေဆိုကွာတို့ကို ဦးထွန်းဖေ အထူးနှစ်ခြိုက်၏။ လူကြီးပိုင်းပရိသတ်က အရှင်ဥာဏဓဇကို သူ့ပါရမီပဲလေဟု ဆိုသော်လည်း လူငယ်ပိုင်းကမူ -

"ကိုဉာဏ်ထက်တော့ လူပြန်ဆွတ်တော့ဘူးဟေ့၊ တို့ဝိုင်းနောက်မှာ ထိုင်နေလို့လားမသိဘူး"

ဟု ပြောသူကပြောကြသည်။

"အို - သူစိတ်ထဲမှာ တကယ်ထိခိုက်ပြီး သံဝေဂရသွားတယ်နဲ့တူပါတယ်။ တကယ်ဆို မခင်လေးတောင် မင်္ဂလာဆောင်ပြီးသွားပြီပဲ။ မန်နေဂျာရာထူးကလည်း လိုက်ယူရင်ရနိုင်ပါတယ်။အသက်ကလည်း တို့နဲ့ရွယ်တူမို့ အစိတ်လောက်ပဲရှိမှာ။ ဒါမျိုးက ရဟန်းဝတ်နဲ့တစ်ဆတ်လုံး မြဲချင်မြဲသွားတတ်တာမျိုးဗျ"

ဟု ဆိုသူကဆိုကြသည်။

အရှင်ဥာဏဓဇမှာ ရဟန်းဝတ်စဉ်ကသို့မဟုတ်တော့ပေ။ သင်္ကန်းကိုင်ပုံ၊ နေပုံထိုင်ပုံ၊ ပြောဆိုပုံ၊ အစားအသောက်ဘုံးပေးသုံးဆောင်မှုတို့ကစပြီး တည်ကြည်ငြိမ်ငြိမ်ရှိလာ၏။ နောက်တစ်နေ့မှာ ကျောင်းရှိသံဃာတော်များနှင့်အတူ ဝါဆိုဝါကပ်ကြသည်။

ဥပဇ္ဈာယ်ဆရာတော်ကြီးကလည်း အရှင်ဥာဏဓဇကို အမြဲကြည့်ရှုစောင့်ရှောက်တော်မူ၏။ သမာဓိမရတစ်ချက်၊ ဇာတ်ချက်ဖြစ်နေသော သူ့ကို တစ်ဝါတွင်းလုံး လောကုတ္တရာစာပေများ သင်ကြားပို့ချပေးခဲ့၏။ ဆရာတော်ကြီးထံမှာ စာဝါလိုက်လျှင် စာဆိုခိုင်း၏။ အားသည့်အချိန်မှာ ပါဠိကျက်၊ ညအချိန်မှာ ပုဒ်စစ်၊ ဝိထိလက်ရိုး၊ ညဝါမောတိကာစသည်ဖြင့် ညအိပ်ချိန်မှလွဲ၍ အားချိန်၊ နားချိန်မထားဘဲ စာပေကို လေ့လာဆည်းပူးယူသည်။

ဥပုသ်နေ့တိုင်း စာသင်စာချနှာရက်မှာပင်အနားမနေ၊ ဝေယျာဝစ္စလုပ်၊ တရားထိုင်၊ ပုတီးစိပ်ဖြင့် စိတ်ကိုတခြားဘက်မရောက်ရလေအောင် ပရိယတ်၊ ပဋိပတ်ဖြင့် ကျုံးသွင်းပစ်သည်။ ဤသို့ဖြင့် ဝါထွက်ခါနီးမှာ မခင်လေးကိုပင် သတိမရအောင် စိတ်တွေတည်ငြိမ်လျက်ရှိလေသည်။

အလွန်ဉာဏ်ကောင်းသောအရှင်ဥာဏဓဇကို ဆရာတော်ကြီးကပင် ကွယ်ရာမှာချီးမွမ်း၏။ လူထွက်သွားမှာကို စိုးရိမ်လာသည်။ အရှင်ဥာဏဓဇမှာလည်း လူဝတ်လဲရန်ပင် စိတ်ကူးမပေါ်တော့ဘဲ ရဟန်းဝတ်နှင့်မြဲနေတော့၏။ ထို့နှစ်မှာတွင်ပင် ဆရာတော်ကြီး၏ တိုက်တွန်းမှုဖြင့် ပါဠိပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ အခြေပြုမူလတန်းကို ကောင်းစွာ ဖြေဆိုအောင်မြင်ခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော်ကြီးသည် ပညာဉာဏ်၊ ပဋိဘာန်ထက်သန်လှသော အရှင်ဥာဏဓဇ၏ အရည်အသွေးကို အကဲခတ်မိပြီး ကိုယ်တိုင်အပင်ပန်းခံ၍ သင်ကြားပို့ချပေးခဲ့၏။ အခြေခံမှသာသင်ကြားရသေးသော ဗုဒ္ဓအာဘိဓမ္မာနှင့် တရားအားထုတ်မှုတို့က အသိဉာဏ်ကို ရင့်ကျက်စေခဲ့လေသည်။ အထူးသဖြင့် ဆိတ်ငြိမ်အေးချမ်းသောကျောင်းပရဝဏ်ကြီးက စိတ်ကို အထူးတည်ငြိမ်အေးချမ်းစေသည်။ နာကြည်းဆွေးမြေ့ဖွယ်အဖြစ်အပျက်များ၊ မန်နေဂျာရာထူးဖြင့် ပျော်မွေ့သာယာဖွယ်ဘဝ စသည့်အနိဋ္ဌာရုံ၊ ဂ္ဂဠာရုံများကို မက်မောတွယ်တာကြောင့်ကြလိုခြင်း မရှိတော့ပေ။

အရှင်ဥာဏဓဇ၏ လောကီအာရုံစိတ်ကစားမှုများ အထူးငြိမ်ဝပ်လာ၏။ အာနာပါနဿတိကို အမြဲအားထုတ်၍ ထူထည်ကြီးမားလာသောသမာဓိကို ပရိယတ်ချည်တိုင်မှာ မြဲမြံစွာ ချည်နှောင်ထား၏။ တစ်နှစ်ထက်တစ်နှစ် ပညာရေးဘက်မှာ တိုးပွားစည်ပင်လာသောကြောင့် တစ်နှစ်ပြီးတစ်နှစ် ပထမပြန်စာမေးပွဲများကို ဆက်တိုက်အောင်မြင်လာခဲ့သည်။ ပူပြင်းသော တဏှာရာဂ၊ ဒေါသ၊ ဒေါမနဿ စသည့်ကိလေသာစိတ်များကို ပရိယတ်၊ ပဋိပတ်သာသနာဖြင့် နှိပ်ကွပ်နိုင်မှန်း အရှင်ဥာဏဓဇ သဘောပေါက်လာ၏။ ပဋိပတ်လုပ်ငန်းမှာ ငြီးငွေ့လာသောစိတ်ကို ပရိယတ်စာပေဖြင့်ဆင်ခြင်ပြီး ကာကွယ်ပါကအောင် မြင်နိုင်ကြောင်း သိလာရသည်။ အရှင်ဥာဏဓဇ၏ ကြိုးစားအားထုတ်မှုကြောင့် အစိုးရဓမ္မာစရိယစာမေးပွဲကို ပေါက်ရောက်အောင်မြင်လာခဲ့သည်။

ဤသို့ အရှင်ဥာဏဓဇ၏ ပညာရည်ထူးချွန်မှု၊ အနေအထိုင်ကောင်းမွန်မှုတို့ကြောင့် ဥပဇ္ဈာယ်ဆရာတော်ကြီးကလည်း တစ်နေ့တခြား အားကိုးလာသည်။ နောင်တစ်ချိန် မိမိအရိုက်အရာကို ဆက်ဆံမည့် အန္တေဝါသိကတပည့်တစ်ပါးအဖြစ် သတ်မှတ်ထားသော အဆင့်သို့ တစ်စတစ်စရောက်ရှိလာသည်။ ကျောင်းဒကာကြီး ဦးထွန်းဖေအဖို့မူ ယင်းသို့သော ရဟန်းတစ်ပါးကို ရဟန်းခံခွင့်ရလိုက်၍ လွန်စွာဂုဏ်ယူမဆုံးဖြစ်နေ၏။ အရှင်ဥာဏဓဇအတွက် လိုအပ်မည်ထင်ရသော ရဟန်းအသုံးအဆောင်ပစ္စည်းများကို လိုလေသေးမရှိပြုစုထောက်ပံ့၏။ အရှင်ဥာဏဓဇနှုတ်မြွက်၍ တောင်းခံစရာမလိုလောက်အောင် စိတ်ရင်းစေတနာထက်သန်စွာဖြင့် အရိပ်တကြည့်ကြည့်လျှဒါန်းပေး၏။

တစ်နေ့မှာတော့ -

"အရှင်ဘုရား၊ ဆရာတော်ကြီးကအမိန့်ရှိတောမူပါတယ်။ သူမျက်နှာလွဲသွားနိုင်မယ့် တပည့်တစ်ပါးရလာလို့ အင်မတန် စိတ်ချမ်းသာရပါတယ်တဲ့။ ဆရာတော်ကြီး မျက်နှာလွဲသွားတဲ့နေ့မှာ ဒီကျောင်းကို အရှင်ဘုရားပဲကျောင်းထိုင်ဆရာတော်အဖြစ် ကျောင်းနေသံယာတွေနဲ့ ဒကာ၊ ဒကာမတွေရဲ့အကျိုးကို ဆောင်ရမှာပဲ"

ကျောင်းဒါယကာကြီး ဦးထွန်းဖေက လျှောက်ထားရင်းဖြင့် အရှင်ဥာဏဓဇ၏မျက်နှာကိုအကဲခတ်သည့်မျက်လုံးဖြင့်ကြည့်နေလေသည်။

အရှင်ဥာဏဓဇကတော့ ရေငုံနှုတ်ပိတ်ဖြင့် လွန်ခဲ့သောနှစ်များဆီက အဖြစ်အပျက်များကို ပြန်လည် သတိရနေမိသည်။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မဝီဟ(မြောင်း)

www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးကြီးသိန်းဝင်း
ဦးအောင်မောင်းနှင့်တောင်ပိုကြီးများ

ဦးအောင်မောင်းဆိုသူမှာ အကျဉ်းဦးစီးဌာနက ပင်စင်စားတပ်ကြပ်ကြီး တစ်ဦးဖြစ်သည်။ ကျွန်တော်နှင့် အင်းစိန် ဗဟိုအကျဉ်းထောင်တွင် နှစ်အတော် ကြာအောင် အတူလက်တွဲ၍လုပ်ခဲ့သည် သာမက ကော့သောင်းဆီအုန်းစခန်း၌ တာဝန်ကျစဉ်ကလည်း နောက်တန်း တာဝန်ခံတပ်ကြပ်ကြီးအဖြစ် (၂) နှစ်ခန့် အတူလက်တွဲခဲ့သူဖြစ်သည်။ ထို့ကြောင့် တစ်ဦးအထာတစ်ဦးသိပြီး အပေးအယူ မျှသူ ဖြစ်သည်။ ကျွန်တော်လုပ်လိုသမျှ ကိုအကောင်အထည်ဖော်ပေးသူတစ်ဦး လည်းဖြစ်သောကြောင့် သူနှင့်ကျွန်တော် လွန်စွာရင်းနှီးကျွမ်းဝင်ကြပါသည်။

ဝန်ထမ်းများအားလုံး ဒဂုံမြို့သစ်၌ မြေကွက်များချပေးတော့လည်း မြေကွက်ကြီးအမှတ် (၃၉/ခ) တွင် ကျော ချင်းကပ်ရရှိခဲ့ကြသည်။ ကျွန်တော်က ထိုမြေကွက်ကိုရောင်းတော့ သူလည်း လိုက်ရောင်းသည်။ ထိုစဉ်ကတည်းက ဦးအောင်မောင်းနှင့်ကျွန်တော် ကွဲကွာသွားကြသည်မှာ နှစ်အတော်ကြာသွား သည်။

၂၀၁၂ ခုနှစ်တွင် ကျွန်တော်ထံသို့ လူကြုံဖြင့် စာလေးတစ်စောင်ရောက်ရှိ လာပါသည်။

ဦးအောင်မောင်းထံမှစာဖြစ်သည်။ သူ ဒဂုံမြေကွက်ရောင်းပြီး ကော့မှူးမြို့ အနီး ဘုရားကုန်းရွာလေးတွင် မြေကွက် ကြီးတစ်ကွက်ဝယ်၍ ရာသီပေါ် သီးနှံ များ စိုက်ပျိုးရန် လုပ်ဆောင်နေကြောင်း၊ ကျွန်တော့်အား လာရောက် လည်ပတ် အနားယူရန်ဖိတ်သောစာလေးဖြစ်သည်။ ထိုအချိန်က ကျွန်တော် ကွမ်းခြံကုန်းမြို့တွင် သူငယ်ချင်းတစ်ဦးနှင့်စားသောက် ဆိုင်တစ်ဆိုင်ဖွင့်လှစ်ထားသောကြောင့် တစ်လတစ်ကြိမ်ရောက်ဖြစ်လေသည်။ ကွမ်းခြံကုန်းမြို့သို့သွားရာတွင် ကော့မှူး မြို့ကိုကျော်သွားရသည်။ ဘုရားကုန်းရွာ လေးက ကော့မှူးမြို့နယ် ဒဂ-ကွမ်းခြံ ကုန်းလမ်းဘေး၌ရှိသည်။ ဖြတ်သွားဖြတ် လာသွားနေသော်လည်း ဦးအောင်မောင် ရှိမှန်းမသိ၍ ကျွန်တော် မဝင်ခဲ့မိပါ။

သူထံက စာရတော့ တစ်လ လဆန်းပိုင်းခန့်တွင် ကျွန်တော် ဘုရား ကုန်းရွာလေးသို့ဝင်ဖြစ်သည်။ ဦးအောင် မောင်းခြံအား ခက်ခက်ခဲခဲရှာရန်မလိုဘဲ အလွယ်တကူပင် မေးမြန်း၍ သိရှိရပါ သည်။ သူခြံကျယ်ကြီးက ဒဂ-ကွမ်းခြံ ကုန်းလမ်းဘေး၊ ဘုရားကုန်းရွာအလယ် ပိုင်းတွင်ရှိသည်။ အစ ပေ (၅၀)၊ နောက် ဘက်သို့ ပေ (၂၀၀) ခန့်ကျယ်ဝန်းသော ခြံကျယ်ကြီးဖြစ်သည်။ ခြံအတွင်း အရှေ့ ပိုင်း၌ အပြောင်ရှင်းထားပြီး ဗျဉ်ထောင် အိမ်လေးတစ်လုံးကို သပ်ရပ်စွာဆောက် ထားသည်။ ခေါင်းရင်းဘက်၌ သရက် ပင်ပျိုလေးငါးပင်ရှိပြီး အိမ်ခြေရင်း ဘက်၌ အဝီစိတွင်းတူးထားသည်။ လျှပ်စစ်မီးလည်းရသည်။ လေးထောင့် စပ်စပ်ခြံကြီးအား ညီညာစွာမြေဖို့၍ စည်းရိုးကိုလည်း အကျအနကာရံထား သည်။

ကျွန်တော့်ကားကလေး သူခြံ ကျယ်ကြီးအတွင်းဆိုးဝင်ပြီး အိမ်ရှေ့တွင် ရပ်လိုက်တော့ အိမ်ပေါ်မှ မိန်းကလေး တစ်ဦးဆင်းလာသည်။

"ဘာကိစ္စရှိပါသလဲရှင့်"

"ဟဲ့ - နီနီ မဟုတ်လား။ ဦးက ထောင်မှူးကြီးဦးသိန်းဝင်းပါ"

"ဟာ - ဟုတ်ပါရဲ့၊ ဦးနဲ့မတွေ့ရ တာကြာတော့ မမှတ်မိဘူးဖြစ်သွား တယ်။ ဦးလာလည်တာလား၊ အိမ်ပေါ် ကိုကြွပါရှင့်"

"ဒါနဲ့ သမီးတို့အဖေ ဦးအောင် မောင်းကောကွယ့်။အငယ်မဝါဝါကရော ဒီမှာပဲနေသလား"

"ဟုတ်ကဲ့-ရှိပါတယ်ရှင့်၊ သမီးနဲ့ ညီမဝါဝါက ကော့မှူးအထက်တန်း ကျောင်းမှာ ဆရာမတွေဖြစ်နေကြပါပြီ။ အဖေကတော့ အိမ်အနောက်ဘက်ခြံထဲ မှာ အမွှိက်ရှင်းနေပါတယ်။ အိမ်ပေါ် ကို ကြွပါဦး။ ကျွန်မ အဖေ့ကိုခေါ် ပေးပါ့ မယ်"

ကျွန်တော် အိမ်လေးအပေါ် သို့ လှမ်းတက်မည်အလုပ် အိမ်အနောက် ဘက်မှ လူတစ်ဦး ပေါက်ပြားထမ်း၍ ထွက်လာသည်။ သူကဦးအောင်မောင်း။

"ဩော်-ဆရာရောက်လာပြီကိုး အိမ်ပေါ် ကိုကြွပါဆရာ။ သမီးဝါဝါရေ ငါတို့ဆရာရောက်လာပြီ။ ရေနွေးကြမ်း နဲ့ လက်ဖက်သုပ်အသင့်ပြင်ထား၊ နေ လယ်စာကော အဆင်ပြေရဲ့လား"

"ကျောင်းပိတ်ရက်ပို့ ဟင်းစား အသင့်ရှိတယ် အဖေ။ ကြက်သားနဲ့ အာလူးဟင်း၊ ငါးကလေးအိုးကပ်ဟင်းနဲ့ ပန်းဂေါ်ဖီကြော်၊ ကြက်ဖိုးနဲ့ ခွေးတောင် ရွက်ဟင်း၊ ငါးပိတို့စရာအစုံရှိတယ် အဖေ"

"အေးအေး-ကောင်းတယ်ဟေ့၊ ဒီ ဆရာရောက်လာတာနဲ့အတော်ပါပဲ"

ထိုစဉ်တွင် အကြီးမနီနီက ရေနွေး ကြမ်းအိုးနှင့် လက်ဖက်သုပ်ပန်းကန်များ ကို လာချပေးသည်။

"ဦး၊ သုံးဆောင်ပါရှင့်"

"အေးအေး သမီး၊ ဒါနဲ့ ဦးအောင် မောင်းက ခွေးထွက်လွှတ်ပြီး ဖျားနာ ဦးမယ်။ အကျီဟောင်းတစ်ထည်လောက် ထားလိုက်ဦး။ ခွေးတိတ်မှရေချိုး အဝတ်အစားလဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်တို့ ရေနွေးကြမ်း ဆောက်၊ လက်ဖက်သုပ်စားပြီး စကား ပြောကြသည်။

"ဦးအောင်မောင်း ဘာစိတ်ကူးနဲ့ ဒီခြံကျယ်ကြီးကိုဝယ်တာလဲ"

"ဆရာကလည်းဗျာ၊ ရန်ကုန်-အေး မြို့ကူးတံတားထိုးတော့မယ်မဟုတ်လား။ ဒီအချိန်ကျတော့ ကျွန်တော့်ခြံ စေး ဆောင်းရပြီပေါ့။ အခုတောင် လှုပ်လှုပ် ရွရွမဖြစ်လာနေပြီ။ အခုရောင်းရင် ဆောင် သိန်းရာဂဏန်းရနေပြီဆရာရဲ့"

"အင်း- ဦးအောင်မောင်း အမြင်ရှိ တာပဲ။ ဒဏ်အိမ်ရောင်းပြီး ဒီဘက်လာ သိပ်နေတာပေါ့လေ"

"တုတ်ပါ့ ဆရာရယ်၊ သမီး (၂) ဆောက်ကလည်းဘွဲ့ရပြီး ဆရာမဖြစ် တာ တော့မှုးမြို့မှာတာဝန်ကျကြတာမို့ ကျွန်တော်လည်း တစ်ချက်ခုတ်နှစ်ချက် ခုတ် ဒီခြံကိုဝယ်လိုက်တာပဲဆရာရဲ့။ ခြံ ကြီးအထဲမှာ တစ်နိုင်တစ်ပိုင် ရာသီ သီးနှံစိုက်ပျိုးရေးနဲ့ ကြက်ကလေး၊ ဆိတ်ကလေးမွေးမယ်လို့ စိတ်ကူးထားပါ တယ်။ ဆရာ နားနားနေနေပေါ့"

"ပင်ပန်ပန်းပန်းလည်းသိပ်မလုပ်နဲ့ဦးအောင်မောင်းရေ၊ အသက်က (၆၀) ကျော်နေပြီ။ သမီး (၂)ယောက်ကလည်း လစာဝင်ငွေရနေပြီဆိုတော့ နားနားနေ နေလုပ်ပေါ့ဗျာ"

"ဟုတ်ကဲ့ ဆရာ၊ အခုလည်း မနက်ပိုင်းပဲ ခြံရှင်းမြေညှိတာပါ။ နေ့ လယ်စာစားပြီးတာနဲ့နားတာပါပဲ။ ခြံထဲ မှာပါ ခြတောင်ပို့တွေပေါလွန်းလို့ဖြုတ်ချပြီး မြေပြင်ညီအောင်ညှိရတာဆရာ။စိုက်ပျိုး ဖို့မြောင်းပေါင်လည်း ဖော်ရတာပေါ့"

"ဦးရယ် အဖေက ပြောမရဘူး။ လူငှားနဲ့လုပ်ပါဆိုတာကိုလည်း လက်မခံ ဘူး။ တစ်ယောက်တည်း အပင်ပန်းခံနေ တော့တာပဲ"

"ဒီလိုပါ ဆရာရယ်၊ ဒီရွာက အလုပ်သမားတွေက ခြံထဲမှာ ခြတောင် ပို့ကြီးတွေဖြိုရမှာဆိုတော့ ခိုက်တတ် တယ်ဆိုပြီး ဈေးပိုတောင်းကြတယ်။ ဒါ ကြောင့် ကျွန်တော်လည်း တစ်နိုင်တစ် ပိုင် အေးအေးဆေးဆေး တစ်ယောက် တည်းလုပ်နေတာပါ။ ကျန်းမာရေးအ တွက် ပိုတောင်ကောင်းပါသေးတယ်။ မြေပေါက်၊ မြေရှင်းတဲ့လုပ်ငန်းဆိုတော့ နည်းနည်းတော့ ပင်ပန်းတာပေါ့ ဆရာ ရယ်။ ခွေးကလေးတရွရွနဲ့ လေကောင်း လေသန့်ရှူပြီး လေ့ကျင့်ခန်းလုပ်သလို ဖြစ်နေတော့ ကျန်းမာရေးပိုကောင်းပြီး စားဝင်၊ အိပ်ပျော်အကျိုးရှိပါတယ်ဆရာ။ အလုပ်သမားတွေဌားခလည်းအပိုမကုန် တော့ဘူးပေါ့"

"နားနားနေနေသက်သက်သာသာ လုပ်ပေါ့ဗျာ။ ခွေးထွက်တော့မလွန်စေ နဲ့။ နေပူလည်းအရမ်းမခံနဲ့။ မနက် (၁၁)နာရီလောက်အထိပဲလုပ်ပြီးနားပါ။ ရေခဲ့ဘူးတာလည်း ခွေးတိတ်မှခဲ့။ ရေခဲ့ မှားရင် အပူငုပ်ပြီးဖျားတတ်တယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်က မနက်ပိုင်းပဲခြံရှင်းတာပါ။ မွန်းလွဲပိုင်း ထမင်းစားပြီးတာနဲ့ အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်ချပြီး စာဖတ်ရင်း အနားယူတာပါပဲ။ နားနားနေနေပါပဲ။ အရေးတကြီးလုပ်စရာမှ မလိုတာဘဲ။ အပြင်သွားတာကလည်း တစ်လ တစ်ခေါက်လောက်ပဲ။ ပင်စင်လစာထုတ် သွားရုံပါပဲ။ နေ့ချင်းပြန်ခရီးပေါ့"

"ဦးအောင်မောင်း ခြံထဲက တောင်ပို့ကြီးတွေဖြိုတော့ ထူးခြားတာ ဘာရှိသလဲ။ အိပ်မက်တွေဘာတွေ မမြင်ဘူးလား"

"သမီးတို့ကတော့ အိပ်မက်မက် တယ်ပြောပါတယ်။ ကျွန်တော်ကတော့

www.burmeseclassic.com

www.burmeseclassic.com

အယုံအကြည်မရှိလို့ အစွဲအလမ်းလည်း မထားမိပါဘူး"

"တောင်ပို့ကြီးတွေဖြိုတော့ ခြမင်းရတယ်၊ အဆီတဝင်းဝင်းနဲ့။ ကြော်စားရင် အရမ်းကောင်းတယ်။ ခြံထဲမှာ တောင်ပို့ (၁၀) လုံးလောက်ရှိတော့ ခြမင်းကြီးတွေ အများကြီးရတာပေါ့။ ကျွန်တော်က ခြသဲကိုရှာနေတာ၊ မတွေ့ရသေးပါဘူးဗျာ။ တောင်ပို့တွေအထဲက ရွှေလက်စွပ် (၂) ကွင်းတော့ရဖူးတယ်။ ပတ္တမြားနဲ့ နီလာလက်စွပ်လိုကွင်းထားတာ။ တစ်မတ်သားစီလောက်တော့ရှိမယ်။ ကော့သောင်းဆီအုန်းစခန်းတုန်းက ညောင်ပင်ကြီးတွေရှင်းတာမှတ်မိပါသေးတယ်။ အစောင့်ဆိုတာ အလကားပါ ဆရာရယ်"

"သတိတော့ထားဗျို့၊ မေတ္တာပို့အမျှဝေပြီးရှင်းပေါ့ဗျာ။ ကော့သောင်းစခန်းက ညောင်ပင်ကြီးတွေရှင်းတာက အစိုးရတာဝန်နဲ့လုပ်ရတာ။ ဒါတောင် ကျွန်တော်က စခန်းတာဝန်ခံအနေနဲ့ အစောင့်အရှောက်တွေကို မေတ္တာပို့အမျှဝေပြီးဖယ်ရှားခိုင်းပေါ့ဗျာ။ ခြံဝင်းထဲမှာ ဆိုတော့ မေတ္တာပို့အမျှဝေပြီး ဖယ်ရှားခိုင်းပေါ့ဗျာ။ ခြံဝင်းထဲမှာ တောင်ပို့တွေ ဒါလောက်များနေတာ အရင်ပိုင်ရှင်တွေက မရှင်းလင်းဘူးဆိုတော့ တစ်ခုခုထူးခြားချက်တော့ရှိလိမ့်မယ်ထင်ပါတယ်"

"ဟုတ်ပါ့ဦးရယ်၊ ကျွန်မတို့က အဖေ့ကိုသတိပေးပါတယ်။ အဖေက အယုံအကြည်မရှိ တစ်ဇွတ်ထိုးပဲ။ ဒီခြံကြီးဝယ်တုန်းကလည်း ကျောင်းသားမိဘတွေကတားပါသေးတယ်။ အဖေက ခြံအနောက်ဘက်မှာ ရေချောင်းကလေးရှိလို့ စိုက်ပျိုးရေးလုပ်ရင်ကောင်းမယ်။ စွေးကလည်းချောင်တာနဲ့ဝယ်ဖြစ်တာပါ။ ထူးခြားတာက ခြံကြီးထဲမှာ ခြတောင်ပို့ကြီးတွေက လူတစ်ရပ်လောက်ရှိပြီး (၁၀)လုံးကျော်တယ်။ နောက်ပြီး တောင်ပို့ကြီးတွေက အဟောင်းကြီးတွေ၊ မသီးမပွင့်တဲ့ သရက်ပင်ပုကလေးတွေလည်း ပါတယ်။ အဖေကတော့ အကုန်ရှင်းပြီး ခုတ်ပစ်တာ"

ကျွန်တော်တို့ စကားကောင်းနေစဉ် သမီးများဖြစ်ကြသည့် နီနီနှင့် ဝါဝါတို့က နေ့လယ်စာထမင်းကျွေးသဖြင့် ဦးအောင်မောင်းနှင့်ကျွန်တော် နေ့လယ်စာစားကြရသေးသည်။ ထမင်းစားပြီး ကျွန်တော် ခြံထဲဆင်းကြည့်တော့ ခြံအနောက်ဘက်တွင် ရှင်းလင်းနေပြီး တောင်ပို့ကြီးလေးငါးလုံးတော့ကျန်နေသေးသည်။ ဦးအောင်မောင်းမှာ အညာသားပီပီ အိမ်သာကို အနောက်ဘက်ခြံထောင့်တွင်ဆောက်ထားရာ အိမ်နှင့် အတော်အလှမ်းဝေးသည်။ ညရေးညတာ အပေါ့အလေးသွားရန် အတော်လှမ်းသည်။ အနောက်ဘက်ခြံအတွင်း၌ မြေညှိပြီး မြောင်းပေါင်များဖော်ထားရာ စနစ်ကျပြီး သန့်ရှင်းသပ်ရပ်နေပါသည်။

"ကဲ - သမီးတို့ထမင်းကျွေးတာ ကျေးဇူးတင်ပါတယ်။ ဦးက ကွမ်းခြံကုန်းမှာ အလုပ်ကလေးရှိသေးလို့သွားလိုက်ဦးမယ်။ အပြန်မှဝင်လာမယ်။ ဘာမှာကြဦးမလဲ"

"ဒီမှာက အသီးအနှံနဲ့သားငါးပေါပါတယ်ဦး၊ မမှာတော့ပါဘူး။ ဦးအပြန်လည်းသမီးတို့ဆီဝင်ပါဦး"

"အေးကွယ် အေး အေး၊ ဦးက ကွမ်းခြံကုန်းမှာ သူငယ်ချင်းတစ်ယောက်နဲ့စပ်တူ စားသောက်ဆိုင်ဖွင့်ထားတော့ ဆိုင်ကိစ္စကလေးတွေရှိသေးတယ်။ ဘယ်နှရက်ကြာမယ်မသိသေးဘူး။ အပြန်ကျမှဝင်လာခဲ့မယ်နော်"

"ဟုတ်ကဲ့ပါ ဦး"

အားလုံးအားနှုတ်ဆက်ပြီးထွက်ခဲ့သည်။ ဦးအောင်မောင်းကတော့ အိမ်အရှေ့မြေပြင်အရိပ်တွင် ပက်လက်ကုလားထိုင်ချ၍ အနားယူနေပါသည်။

ကျွန်တော့်ကားကလေး ဘုရားကုန်းရွာကထွက်လာပြီး ကော့မှူးမြို့နယ်အစွန် လက်ခို်က်ဘုရားကြီးကိုလွန်တော့ ကွမ်းခြံကုန်းမြို့နယ်အတွင်းသို့ဝင်လာသည်။ အောင်ပါရွာကိုလွန်ပြီး ဝင်းဝါနေသောလယ်ကွင်းများကို ဖြတ်ကျော်ပြီးနောက်၊ လမ်းဘေးထန်းပင်ပျိုတောကို ဖြတ်ပြီးနောက် 'ကွမ်းခြံကုန်းမြို့ကကြိုဆိုပါသည်' ဟူသော မြို့အဝင်ဆိုင်းဘုတ်အနီးသို့ရောက်သည်။ ထို့မှဆက်မောင်းပြီး လွတ်လပ်ရေးကျောက်တိုင်နှင့် ပန်းခြံကိုလွန်ပြီး တစ်ကွေ့ကွေ့လိုက်တော့ ကျွန်တော်ခရီးဆုံးရာ မြို့မပိုင်းရပ်ကွက်သို့ရောက်သည်။ အန်းကိုးစားသောက်ဆိုင်မှ ကျွန်တော်၏ မိတ်ဆွေများက လှိုက်လှဲစွာ ကြိုဆိုကြပါသည်။ ဆိုင်ပိုင်ရှင်ဦးထွန်းလှအောင်နှင့် ဒေါ်မွေးတို့က မြို့မပိုင်းရပ်ကွက်ရှိ အဘိုးအဘွားများထံမှ အမွေရထားသော ဒုတိယကမ္ဘာစစ် လက်ကျန်အိမ်ကြီးရှေ့၌ စားသောက်ဆိုင်ဖွင့်ထားခြင်း ဖြစ်ပါသည်။ ကွမ်းခြံကုန်းမြို့တွင် စားသောက်ဆိုင်များများစွာရှိသော်လည်း ဒေါ်မွေးတို့ဆိုင်က ခေါက်ဆွဲကြော်နာမည်ကြီးသည်။ ဒေသခံများနှင့်ဧည့်သည်များက နာမည်ရသော 'အန်းကိုးစားသောက်ဆိုင်' ကို အားပေးကြသည်။ လက်ခုပ်ကုန်းသွားလမ်းဝတွင်ရှိပြီး သန့်ရှင်းသပ်ရပ်သောကြောင့်လည်း ရုပ်ရှင်နှင့်ဗီဒီယိုအဖွဲ့များ ရပ်နားစားသောက်ရာနေရာလည်းဖြစ်သည်။

မကြာခဏရောက်လာလေ့ရှိသော ကျွန်တော်ကတော့ ကိုယ့်အိမ်ကိုယ့်ယာလိုပင် အိမ်ရှင်များနှင့် စကားပြောပြီး ရေမိုးချိုး၍ အိမ်ကြီးအပေါ်ထပ်တွင် အနားယူ အပန်းဖြေပါသည်။ ကွမ်းခြံကုန်းမြို့လေးမှာ သစ်ပင်များပေါများပြီး ကွမ်းခြံကုန်းချောင်းရှိသောကြောင့် လွန်စွာ အေးချမ်းသောမြို့ကလေးဖြစ်သည်။ အသီးအနှံနှင့် သားငါးလည်းပေါသည့် နေချင်စဖွယ်မြို့လေးတစ်မြို့ဖြစ်သည်။

ကျွန်တော် ကွမ်းခြံကုန်းမြို့လေးတွင် နှစ်ညအိပ်နေပြီး လုပ်ငန်းကိစ္စများကို ပြီးစီးအောင်လုပ်သည်။ နောက်တစ်နေ့မနက်ခင်းတွင် အပေါင်းအသင်းများဖြင့် မနက်စာအဖြစ် မုန့်ဟင်းခါးနှင့် လက်ဖက်ရည်သောက်ပြီး ကမ်းနားပိုင်း မိတ်ဆွေငါးဒိုင်မှ ပေးလိုက်သောငါးသလောက်နှင့် ကဏန်းများကိုယူကာ ပြန်ခဲ့ပါသည်။ ငါးနှင့်ကဏန်းမှာ အပြန်လမ်း ဦးအောင်မောင်းတို့အိမ်သို့ဝင်၍ လက်ဆောင်ပေးရန်ဖြစ်သည်။ အန်းကိုးစားသောက်ဆိုင်ပိုင်ရှင်ဒေါ်မွေးကလည်း သူလက်ရာခေါက်ဆွဲကြော်(၂)ထုပ်ပေးလိုက်သေးသည်။ ကျွန်တော့်အိမ်အတွက်တော့ အပင်စိုက်ရန် ကွင်းသီးခိုင်များယူလာခဲ့သည်။ ကွမ်းခြံကုန်းကွမ်းသီးမှာ အလွန်နာမည်ကြီးသောကြောင့် မျိုးပွားစိုက်ပျိုးရန်ဖြစ်သည်။

ဘုရားကုန်းကျေးရွာ ဦးအောင်မောင်းတို့အိမ်သို့ရောက်တော့ အိမ်မှာ တိတ်ဆိတ်နေသည်။ အိမ်ရှေ့အရိပ် မြေပြင်ပေါ်တွင် ပက်လက်ကုလားထိုင်ချ၍ အနားယူလေ့ရှိသောဦးအောင်မောင်းကိုလည်း မတွေ့ရပါ။ ကျွန်တော့်ကားကလေး ခြံထဲသို့ချိုးဝင်ပြီး ကားရပ်တော့မှ ဦးအောင်မောင်းသမီးအငယ်မ ဝါဝါထွက်လာပြီး ကြိုဆိုသည်။

"လာ - ဦး၊ အဖေကတော့ နေမကောင်းလို့ အိမ်ပေါ်မှာနားနေတယ်"

"အေးအေး သမီး၊ ဩော် - ဒေါ်ကွယ်။ ကွမ်းခြံကုန်းကမိတ်ဆွေတွေလိုက်တဲ့လက်ဆောင်တွေယူလာဦးမကွယ့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ငါးနှင့်ကဏန်းများ ထည့်ထားသောအိတ်အပြင် အန်းကိုး ဆိုင်က ဒေါ်မွေးထည့်ပေးလိုက်သော ခေါက်ဆွဲကြော်ထုပ်များကိုပါယူပြီး ဝါဝါ တို့ပေးလိုက်သည်။

"ဟာ-ဦး၊ အများကြီးပဲ၊ ဦး ရန်ကုန် တိုယူသွားဖို့မဟုတ်လား"

"ရန်ကုန်ကို ယူမသွားတော့ဘူး။ သမီးတို့ပဲစားလိုက်တော့ကွယ့်"

ကျွန်တော် အိမ်ပေါ် သို့လှမ်းတက် လိုက်တော့ ဦးအောင်မောင်းမှာ သူအိပ် နေတဲ့ ဘုရားခန်းရှေ့တွင် ပက်လက် အလေးအိပ်နေသည်။ အိပ်ပျော်ပုံမရ ပေ။ ကျွန်တော်တို့အသံကြားဟန်ဖြင့် ငုတ်တုတ်ထထိုင်ပြီး-

"ဆရာပြန်လာပြီလား၊ သမီးတို့ ရေနွေးကြမ်းကလေးလုပ်ကွယ်။ ဆရာ နေ့လယ်စာစားဖို့လည်း စီစဉ်ကြကွယ့်"

"အဖေရေ၊ ဦး ကွမ်းခြံကုန်းက အင်းချက်စရာတွေယူလာတာအများကြီး ပဲ။ အဖေကြိုက်တဲ့ ကဏန်းနဲ့ခေါက်ဆွဲ အကြော်တွေပါ ပါသေးတယ်"

"ဦးအောင်မောင်း၊ နေမကောင်း ဘာကြာပြီလား။ ဘယ်လိုဖြစ်တာလဲ"

"မနေ့က ဆရာရေ၊ ခြံနောက် ဘက်မှာကျန်နေတဲ့ တောင်ပိုကြီး(၅)လုံး ဘက အကြီးဆုံးတောင်ပိုကြီးကိုဖြိုပြီး ပြုပြန်ပစ်လိုက်တယ်။ တောင်ပိုကြီး ထဲ အတော်လုပ်ယူရတယ်။ အဲဒါနဲ့ နေ့လယ်ထမင်းစားချိန်ကျော်သွားပြီး ဒုန်းလွဲ (၂) နာရီလောက်မှ နေ့လယ်စာ စားပြီး အိမ်အောက်မှာ ပက်လက် ဘလားထိုင်နဲ့ အနားယူအိပ်နေတာ၊ အိပ်ရာတနိုးတော့ ဘယ်ဘက်လက်တစ် ဖက် လက်တန်းပေါ်ကပြုတ်ကျနေတာ ကောင် ကျွန်တော်မသိဘူး။ လေဖြတ် သွားတယ်ထင်ပါရဲ့ ဆရာရယ်"

"ဆေးရုံဆေးခန်း မပြဘူးလား။ ကျွန်တော်အပြန် ရန်ကုန်လိုက်ခဲ့ပါလား"

"ကျန်းမာရေးမှူးကိုပြပြီးပါပြီဦး၊ ဆေးတွေရော သောက်ဆေးတွေပါ ယူထားပါတယ်။ ခွဲစားထွက်လွန်ပြီး အအေမိသွားတာတဲ့"

အငယ်မ ဝါဝါက ဝင်ပြောသည်။

ဦးအောင်မောင်းက -

"ညက အိပ်မက်တွေလည်းမက် ဘိတ်တာဆရာရယ်၊ ကြောက်လန့်စရာ ဖြစ်နေတာပဲ"

"အခုဘယ်လိုနေသေးသလဲ"

"လက်ကတော့မကောင်းသေးဘူး ဆရာ၊ အဖျားကတော့ကျသွားပါပြီ"

နိုနိုနှင့် ဝါဝါတို့ ညီအစ်မနှစ်ဦး ချက်ပြုတ်နေကြစဉ် ကျွန်တော် ခြံထဲ ဆင်းကြည့်သည်။ ခြံအနောက်ဘက်တွင် ရှင်းလင်းထားသော်လည်း တောင်ပို့ကြီး လေးလုံးက ခြံအနောက်ဘက်ထောင့် တွင် ကျွန်နေသေးသည်။ သရက်ပင်ပု ကလေးများကိုတော့ ခုတ်ထစ်ပြီး စနစ် တကျစုပုံထားသည်။ဦးအောင်မောင်းမှာ တကယ်အလုပ်လုပ်သူဖြစ်၏။ အသက် အရွယ်နှင့်မမျှအောင် အလုပ်လုပ်သူ ဖြစ်၍ ပင်ပန်းသွားဟန်တူပါသည်။

ထိုစဉ် အငယ် မဝါဝါ အိမ်ပေါ်က ဆင်းလာပြီး -

"ဦး ဒီနေ့ ရန်ကုန်ပြန်မှာလား"

"အေးကွယ်၊ သူရက်လောက်ကြာ ပြီဖြစ်တော့ နေ့လယ်စာစားပြီး ဦးပြန် မလားလို့"

"နေ့လို့ရရင်နေပါဦး ဦးရယ်၊ ညဘက်ကျတော့ ကျွန်မတို့ အလွန်ပဲ ချောက်ချားလွန်းလို့ပါ"

"ဘာဖြစ်လို့လဲ သမီးရဲ့၊ ဒီခြံထဲမှာ နေလာတာကြာပြီပဲ"

"အရင်လိုမဟုတ်ဘူးဦးရဲ့၊ မနေ့ ညကစပြီး ည (၉) နာရီလောက်ရောက် တာနဲ့ ကျီးတွေပြုတယ်။ ငှက်ဆိုးတွေထိုး တယ်။ ခွေးတွေကမရပ်မနားအူတယ်။ အရမ်းထိတ်လန့်စရာကောင်းတယ်"

"အေးကွယ်၊ အဲဒါဆိုရင်လည်း ဦးနေပေးပါ့မယ်။ ရန်ကုန်ကိုအကြောင်း ကြားဖို့ ကော့မျှားမြို့ထဲသွားပြီး ဖုန်းတော့ ဆက်ရဦးမယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဦး၊ ကျေးဇူးတင်ပါ တယ်"

ကျွန်တော် ကော့မျှားမြို့ထဲသို့ ကားကလေးဖြင့် ခဏထွက်ခဲ့ပြီး ရန်ကုန် အိမ်ကို အကြောင်းကြားရသည်။ (၁၁) နာရီခန့်ပြန်ရောက်ပြီး ရေမိုးချိုး၍ နေ့ လယ်(၁၂)နာရီခန့်တွင် ဦးအောင်မောင်း နှင့်အတူ ကျွန်တော်တို့ နေ့လယ်စာ ထမင်းစားကြသည်။ ဦးအောင်မောင်းမှာ ခေါက်ဆွဲကြော်နှင့် ကဏန်းဟင်းကို အတော်ကြိုက်ပုံရသည်။ဟက်တက်ပက် ပက်စားသည်။ စားသောက်ပြီးတော့ ဦးအောင်မောင်းက အိမ်ပေါ်ရှိ သူအိပ် ရာတွင်လဲလျောင်းပြီး အနားယူသလို ကျွန်တော်လည်း အိမ်အောက်ဆင်း၍ စာတစ်အုပ်ဖြင့် ဦးအောင်မောင်းထိုင်နေ ကျ ပက်လက်ကုလားထိုင်ထွင် နေရာယူ သည်။ အေးဆေးငြိမ်သက်သော တော ရွာကလေးဖြစ်၍ လွန်စွာစိတ်ချမ်းသာရ ပါသည်။

ညနေစောင်းတော့ သူတို့တော ရွာလေ့အတိုင်း ညစာစောစောကျွေး၍ စားရသည်။ ခြံနီးချင်းပေါ့သည်များလာ ၍ သတင်းမေးကြသဖြင့် ဧည့်ခံစကား ပြောရသေးသည်။ ဦးအောင်မောင်းက တော့ ညစာစားပြီးသည်နှင့် သူအိပ်ရာ ပေါ်တွင် လဲလျောင်းအနားယူသည်။ ကျွန်တော်ကတော့ နိုနိုနှင့်ဝါဝါညီအစ်မ နှစ်ဦးနှင့်အတူ ထွေရာလေးပါး ထိုင် စကားပြောရင်း လက်ဖက်သုပ်နှင့်ရေ နွေးကြမ်းကို မြည်းနေကြပါသည်။

ည (၉) နာရီခန့်တွင် လေပြင်းက လေးတစ်ချက်မွှေ၍ တိုက်ခတ်သွားပြီး ခေါင်းရင်း သရက်ပင်အုပ်ကလေးပေါ် မှ ကျီးများဝုန်းခနဲလန့်ပျံပြီ။။ ခြံအနောက် ဘက်မှ ခွေးအူသံများကိုလည်း ဆွဲဆွဲ ငင်ငင်ကြားရသည်။မကြာပါ။ အိမ်ခေါင် မိုးပေါ် သို့ မိန်ကောင်ငှက်ဆိုးများ တဂစ် ဂစ်ထိုးတော့သည်။ နိနိနှင့် ဝါဝါတို့ ညီအစ်မနှစ်ဦးမှာလည်း ထိုင်စကား ပြောနေရင်းကနေ ကျွန်တော့်အနီးသို့ တရွေ့ရွေ့တိုးကပ်လာကြသည်။ ထိုည က ညဉ့်နက်လာသည့်တိုင် ညီအစ်မ နှစ်ဦးမှာ သူတို့အိပ်ခန်းတွင်းသို့ ပြန် မအိပ်ရဲကြတော့ဘဲ ကျွန်တော့်အနီးတွင် ပတ်ဝိုင်းရံဖြစ်သလိုအိပ်စက်ကြသည်။

သူတို့လေးတွေ့ မကြောက်မရွံ့စေ ရန်အတွက် ကျွန်တော် ရသမျှဘုရား စာ များ၊ ဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ် နေရသည်။ ကျွန်တော် ငုတ်တုတ်ထိုင် နေရင်း မိုးလင်းပိုင်း မနက် (၃) နာရီခန့် တွင် မေးခန့်အိပ်ပျော်သွားစဉ် ဦးအောင် မောင်းအိပ်ရာဆီမှ တစ်စုံတစ်ရာ အသံ တစ်ခုကြားလိုက်ရ၍ ကျွန်တော်လန့်နိုး သည်။ ရုတ်တရက်ကြည့်လိုက်တော့မှ ဦးအောင်မောင်း ဇက်ကျိုးပြီး ဦးခေါင်း လည်ကာ သေဆုံးသွားခြင်းဖြစ်ပါသည်။ ကျွန်တော် ကလေးများလိုအိပ်ပျော်နေ ကြသော ညီအစ်မနှစ်ဦးကို အမြန်နှိုးရ တော့သည်။

ဦးအောင်မောင်းမှာ စားနိုင် သောက်နိုင်အကောင်းကြီးက ရုတ်တ ရက်ဆုံးပါးသွားရသည်မှာ လွန်စွာအံ့သြ စရာကောင်းလှသည်။ခြံအတွင်းမှတောင် ပို့ကြီးများနှင့် မလွဲမသွေဆက်စပ်နေ သော အကြောင်းတစ်စုံတစ်ရာတော့ ကောန်အမှန်ရှိလိမ့်မည်မှာ အသေအချာ ဖြစ်ပါတော့သတဲ့။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

အနောင့်အယှက်မှန်သမျှကို ခုခံကာကွယ်နိုင်သည်မှာ မေတ္တာမှတစ်ပါး အခြားမရှိကြောင်း မိုးညှင်းကိုယ်တော်ပို၍ စွဲမြဲယုံကြည်သွားခဲ့ပါပြီ။

❑

၁၂၆၇ ခုနှစ်။

လင်္ကာပံတောင်းတောင်ကား မုံရွာချင်းတွင်းမြစ်အနောက်ဘက်ကမ်း(၃)မိုင်ခန့်တွင် ရှိလေသည်။ ဦးသုမန (မိုးညှင်းတောရဆရာတော်လောင်းလျာ) သည် လင်္ကာပံတောင်းတောင့်တောရကျောင်းသို့ ကြွရောက်၍ တရားအားထုတ်သည်။ ဆွမ်းခံရာတွင် ဆန်ဆွမ်းမရ။ ဆတ်ဆွမ်း၊ လူးဆွမ်းများကိုသာရလေ၏။ 'အသက်မသေလျှင် တော်ပြီ' ဟု နှလုံးပိုက်၍

ကိုကိုသက် (ရာနဲ့)
တရူးရူးမာန်ဖီ၍ ပါးပျဉ်းထောင်ကာ

တရားကိုသာဖိ၍ အားထုတ်၏။ မကြာမီ ဆတ်ဆွမ်းနှင့် ချဉ်ပေါင်ဟင်းတို့ကြောင့် ဝမ်းပျက်လာသဖြင့် ဆွမ်းခံလည်းမကြွနိုင်၊ တရားလည်းမထိုင်နိုင်၊ လဲထိုင်ချည့်နဲ့သွားတော့သည်။

'ဤအရပ်ကား ငါနှင့် သဗ္ဗာဃမဖြစ်၊ ဆက်နေလျှင် သေဖွယ်ရာသာရှိသည်။ အကျိုးကား ပြီးမည်မဟုတ်' ဟု ဆုံးဖြတ်ကာ လယ်တီတောရသို့ ပြန်ကြွကာ ဆရာတော်ကြီး၏ မေတ္တာရိပ်ကို ခိုလှုံရင်း ဆေးဝါးအကုသခံရ၏။ တစ်လအတွင်း ပကတိနီးပါး ကျန်းမာလာ၍ အခြားသင့်လျော်ရာဌာနတစ်ခုညွှန်ကြားပါရန် လျှောက်ထားရပြန်လေသည်။

ထိုအခါ လယ်တီဆရာတော်ဘုရားကြီးက -

"ကဲ - ငါ့ရှင်သုမန၊ ဝိဇ္ဇာသနာဓုရကို မရမနေ အားထုတ်မည်ဆိုလျှင် ဥပဒေသ (၆) ချက်ကို လိုက်နာရမည်"

ဟု အမိန့်ရှိရာ -

"လိုက်နာပါမည်"

ဟု လေးလေးမြတ်မြတ်ပင် ကတိပြုလေသည်။

ဥပဒေသ (၆) ချက်ကား -

၁။ ဒကာ၊ ဒကာမတို့ ပင့်ဆွမ်းကို လိုက်မစားရ။

၂။ ရဟန်းခံ ရှင်ပြု ပြုလုပ်ပေးခြင်း၊ အလှူအတန်းလိုက်ခြင်းမလုပ်ရ။

၃။ ဘုန်းကြီးပို့ပွဲ၊ အစည်းအဝေးပွဲများမလိုက်ရ။

၄။ စက်ားမပြော၊ တရားမဟောဘဲ ဆယ်နှစ်အားထုတ်ရမည်။

၅။ (၁၅) နှစ်ပြည့်မှ မိမိဌာနဌ်သာ တရားဟောရမည်။

၆။ အသက် (၆၀) ပြည့်မှသာ နယ်လှည့်ပြီး တရားဟောရမည်။

လယ်တီဆရာတော်ဘုရားလည်း အရှင်ဦးဥာဏောဘာသ (နောင်-ဒုတိယလယ်တီဆရာတော်) အားအဖော်အဖြစ် ထည့်၍ အရှင်သုမနကို မြေနဲတောရသို့

www.burmeseclassic.com

www.burmeseclassic.com

ခဲ့လိုက်၏။ မုဏ္ဍာမြို့မှ (၆) မိုင်အကွာ အောင်သာရွာနှင့် မြေနဲရွာအကြားရှိ ကျောင်းဟောင်းကြီး ဖြစ်သည်။ ဘုရားတော်တို့များနှင့် ကျောင်းပျက်ကြီးတစ်ခု သာရှိသည်။ ချဲ့များထူထပ်နေ၏။ တစ်လွှာသရဲခြောက်သည်ဆိုကာ နေ့အခါပင် မောင်စုံကြ။ ကျောင်းထိုင်လာသော ဘုန်းကြီးများထွက်ပြေးရ၏။ မပြေးသော် သိုင်းနှင့်ပုံတော်မူသည်ကား များလှပြီ မြွေဆိုးများကလည်း သောင်းကျန်းလှ၏။ တစ်ပတ်ကြာတော့ အရှင်ဉာဏောဘာသ ပြန်သွားသည်။ အရှင်သုမန တစ်ပါးတည်းသာ ကျန်ခဲ့သည်။

လယ်တီဆရာတော် စေလွှတ်သော ဘုန်းကြီးတစ်ပါးရ၍ ပတ်ဝန်းကျင် ရွာသားတို့ ဝမ်းသာကြ၏။ ကျောင်းဝင်းဘုရား၊ သိမ်၊ ရေတွင်းဟောင်းများကိုသည်း ရှင်းလင်း ဘုံဖော်ပေးကြသည်။ ဤနေရာကား သတ္တရာဇ် ၇၈၈ ခုနှစ် အင်းဝနေပြည်တော် မိုးညှင်းမင်းတရားကြီး၏ ကုသိုလ်တော် သံဃာ (၂၀၀) သောင်းသုံးခဲ့ဖူးသည့် အဓိကရ သာသနာပြုရာနေကြီးဖြစ်ခဲ့သည်။ ယင်းမင်းတရားကြီးအား ခီးမြောက်ဝုဏ်ပြုသောအားဖြင့် မြေနဲတောရမှ 'မိုးညှင်းတောရ' ဟု ခေါ်တွင်စေခဲ့သည်။ ထိုအခါ၌ 'မိုးညှင်းကိုယ်တော်ကလေး' ဟု ခေါ်တွင်ခဲ့သည်။

၁၂၇၃ ခုနှစ် ဝါဆိုလမှစတင်၍ သောင်းသုံး၏။ ရွာနီးချုပ်စပ် ဒကာများကို ခေါ်၍ စကားပြောဆိုမေးမြန်းခြင်း၊ ဆွေးအပိုလျှဒါန်းပင့်ဖိတ်ခြင်းမပြုကြ၊ မေတ္တာရပ်ခံထားရ၏။ ရောက်သောနေ့၌ နိဗ္ဗာန်သို့စိတ်ကိုတစ်ရှိန်တည်း ညွတ်ထားကာ ရွှင်ရွှင်ခွဲခွဲအားထုတ်ရန် ဆန္ဒမူထား၏။ နေ့ဝင်သည်နှင့် ဘုရားဝတ်တော်၊ ပန်းရေချမ်းကပ်၊ မေတ္တာပို့သည်။ တောစောင့်နတ်၊ တောင်စောင့်နတ်မှအစ နတ်များအားလုံးကို အော်၍ အော်၍ မေတ္တာရပ်၊ အမျှဝေပေး၏။ ဘုရားနှုတ်ထွက် ရသမျှ ဂါထာများကို နှုတ်ဖတ်သည်။ ပြီးမှ တရားထိုင်၏။

ဤမျှ နေ့ခင်းမှာပင် ကြောက်စဖွယ် ကျောချမ်းဖွယ်ကောင်းသည့် ကောင်းမှု စေတီပုဂံကြားတွင် တစ်ပါးတည်းနေရခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကိုမမှု၊ လွင်တီးခေါင်၌ အိုးအကာမရှိနေထိုင်ရခြင်း (အင်္ဂေါသိတဓုတင်)၊ နေ့ရောညပါ အိပ်စက်ခြင်းကိုမဆိုထားဘိ ကျောစင်း၍ပင် ထိုင်မှတ်ရခြင်း (နိသဇ္ဇာဓုတင်) စသော ကိစ္စတို့မှာ အပြောလွယ်သလောက် အလုပ်ခက်လှပေသည်။ ထိုအလုပ်ကား တစ်ရက်မဟုတ်၊ တစ်လမဟုတ်၊ တစ်နှစ်မဟုတ်၊ တရားထူးမရမချင်းဖြစ်သည်။ အနည်းဆုံး အာမခံထားသည်ကား (၁၀) နှစ်။ ခိုင်းသည့်အတိုင်း လိုက်နာလွယ်ခြင်း (သောဝစဿတာ) ဂုဏ်မှာလည်း အတုယူဖွယ်ရာကောင်းလှပါသည်။

မိုးညှင်းကိုယ်တော်သည် 'စကား မပြော၊ အိမ်ဌာန်ကို မဖျက်စေရန် (၇) ရက်စီလှ၍ အိမ်ဌာန်ယူသည်။ အနှောင့်အယှက်အခက်အခဲကိုကား တစ်မျိုးမဟုတ်တစ်မျိုးကြုံတွေ့နေရရာ မေတ္တာစိတ်ကို မဲတင်းသွား၍ အမိဌာန်ပါရမီကျောက်ကြီးချထားရသည်။

'အင်း - မိဘ၊ ဆရာသမားတို့၏ တာဝန်ကားကျေကြပေပြီ။ ကျေးဇူးကြီးမားလှပါပေသည်။ သေခြင်းတရားသည်လည်း နာရီမဆိုင်းသေနိုင်၏။ ဝိပဿနာတရားမှတစ်ပါး အားထားစရာမရှိ။ တရားထူးမရသမျှ မည်သည့်အကြောင်းကြောင့်မျှ နေရာသစ်မပြောင်းရွေ့တော့ပြီ။ ဤနေရာသည်ပင် ငါ၏သချိုင်းဖြစ်စေတော့'

ဟု အမိဌာန်ကာ ခန္ဓာကိုယ်ကို ဘုရားရှင်အား အပြီးအပိုင် စွန့်လှူ၍ ပြန်လမ်းမထားဘဲ မအိပ်မနေကြိုးစား၏။ သေခြင်းကား အဆန်းမဟုတ်။ အလုပ်လက်ရှိနှင့် အလုပ်ခွင်မှာ သေရခြင်းသည်သာ မွန်မြတ်၍ဟူ၍ မိုးညှင်းကိုယ်တော်သည် ခံယူခဲ့ပါသည်။

ဆွမ်းခံကြွရာတွင်လည်း ကျောင်းဝင်းအထွက် ခြေစုံရပ်၍ ရွာဝင်ပေါက်အရောက် ခြေလှမ်းတိုင်း ဝိပဿနာသတိကပ်၍လှမ်းသည်။ သတိလွတ်ပြီး ခြေလှမ်းမိလျှင် နောက်ပြန်ဆုတ်၍ ပြန်မှတ်ရ၏။ ရွာတွင်းတွင်မူ နိုးနိုးမေတ္တာပွားသည်။ ကျောင်းပြန်ရာတွင်လည်း အလာကလမ်းအတိုင်း သတိကပ်၍ပြန်ရ၏။ ယင်းကို ဂတပစ္စာဂတိကဝတ်ဟုခေါ်၏။ (သီဟိဠ်ခေတ် စံတော်ဝင်အရိယာများစာအုပ်၌အကျယ်ရေးထားသည်။)

ဤအသွား၊ အပြန်ကတိဝတ်ကို မချွတ်နေ့စဉ် ခြေလှမ်းတိုင်း သတိကပ်၍ကြွရာ တစ်နေ့တွင် နွားသိုးရိုင်းတစ်ကောင်က ရှေ့ရှရှင်ဆိုင်မိတ်လိုက်ပြေးလာရာ မြင်ရသောလူအများက -

"မိုးညှင်းကိုယ်တော်လေး၊ နွား . . . နွားနဲ့တိုက်မိပါလိမ့်မယ်၊ ဖယ်ပေးပါ ဘုရား"

ဟု ဝိုင်း၍ အော်ဟစ်ပြောဆိုသော်လည်း -

'ဒီဝတ်ကို အပျက်ခံပြီး ထွက်ပြေးရင် သေတာနဲ့အတူတူပဲ'

ဟု ရုတ်တရက် စဉ်းစားကာ တစ်လှမ်းချင်း သတိကပ်၍ ကြွမြဲကြွနေ၏။

ခမ္မော ဟဝေ ရက္ခတိ ခမ္မစာရိ-တရားသည် တရားစောင့်သူကို စောင့်ရှောက်၏ ဆိုသည့်အတိုင်း နွားရိုင်းသည် ကိုယ်တော်နှင့် လေးတောင်ကွာအရောက်တွင် တစ်ဦးဦးက ရိုက်လိုက်သကဲ့သို့ ချာခနဲလှည့်ထွက်တိမ်းရှောင်သွား၏။ မြင်သမျှ၊ ကြားသမျှ အံ့သြမဆုံးကြချေ။ တရားကား ယုံကြည်သူတိုင်းအား သက်သေပြပါ၏။

ထို့အတူ ဆွမ်းခံကြွရာ တစ်နေ့တွင် ဆွမ်းခံကြွသောလမ်း၌ မြွေဆိုးတစ်ကောင်မာန်ဖီ၍ ခေါင်းထောင်နေသည်ကိုတွေ့သောလူများက ဆွမ်းခံကြွလာနေသည်ကိုမြင်သဖြင့် မောင်းနှင်ကြ၏။ မိုးညှင်းကိုယ်တော်ကား ကြွမြဲကြွ၏။ မြွေနှင့် နှစ်တောင်ခန့်အလိုတွင် ထိုမြွေကပင် ထွက်ပြေးဖယ်ပေးရလေသည်။ မေတ္တာနှင့် သီလတန်ခိုးသည် တကယ်ကျင့်လျှင် တကယ်အစွမ်းထက်ပေသည်။

တစ်ခါကလည်း ဘုရားဝတ်တိုများ၌ သန့်ရှင်းရေးလုပ်အပြီး ဘုရားဝတ်ပြုနေစဉ် မြွေတစ်ကောင်သည် နောက်မှ တရွေ့ရွေ့မောဖီနေ၏။ အဓိဌာန်မဖျက်ဘဲ ဆက်၍ရှိခိုးမြဲရှိခိုးနေသည်။ ထိုမြွေသည် မိုးညှင်းကိုယ်တော် ဆောင့်ကြောင့် ထိုင်နေရာတွင် ခြေနှစ်ချောင်းကြား နောက်မှ ရှေ့သို့ထွက်လာပြီး ရုပ်ပွားအနီး ပါးပျဉ်းထောင်ကာ မာန်စောင်နေပြန်လေသည်။ မေတ္တာဖိ၍ပွားပို့မှသာ ပျောက်ကွယ်သွားတော့၏။

မည်သို့ဆိုစေ မိုးညှင်းကိုယ်တော်၏ မိုးညှင်းတောရအစကား လျှို့ဝှက်ဆန်းကြယ်သောဖြစ်ရပ်များနှင့်ပြည့်လျှမ်းနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

အနှောင့်အယှက်မှန်သမျှကို ခုခံကာကွယ်နိုင်သည်မှာ မေတ္တာမှတစ်ပါး အခြားမရှိကြောင်း မိုးညှင်းကိုယ်တော်ပို၍ စွဲမြဲယုံကြည်သွားပါတော့သည်။

ကိုကိုသက် (ခေနံ)

ကျမ်းကိုး -

ဓမ္မာစရိယဦးဌေးလှိုင်၏
ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ

www.burmeseclassic.com

www.burmeseclassic.com

(က)

ပြစ်မှားသူသည် အပြစ်ဒဏ်ကျခံရသည်။ မပြစ်မှားထိုက်သည့်ပုဂ္ဂိုလ် ခင်ပွန်းကြီးဆယ်ပါး သို့မဟုတ် မိတ်ဆွေဆယ်ယောက်ကို ပြစ်မှားမိလျှင် မိမိအား ပြစ်ဒဏ်များ သင့်ရောက်ခံရတတ်သည်။ မကောင်းသည့်ပြစ်ဒဏ်များ မိမိထံပြန် ရောက်လာတတ်သည်။

မိမိလုပ်မှားသည့်အတိုင်း၊ မြောမှား သည့်အတိုင်း၊ ကြံစည်မှားသည့်အတိုင်း အကျိုးပေးဒဏ်ခံရတတ်သည်။မကောင်း တာကိုပြုလုပ်သဖြင့် မကောင်းကျိုးကို ခံစားရခြင်းဖြစ်သည်။ မိမိပြုလုပ်ခဲ့သည့် ကံတရားအတိုင်း အကျိုးဒဏ်ကို ခံစားရ ခြင်းဖြစ်သည်။ မပြစ်မှားထိုက်သူကိုစွပ်စွဲ ပြစ်မှားခြင်းကြောင့် အပြစ်ဒဏ်များသင့် ရောက်ခံရတတ်သည်။

(ခ)

မပြစ်မှားထိုက်သူကို စွပ်စွဲပြစ်မှား မိသောကြောင့် သင့်ရောက်နိုင်သည့် အပြစ်ဒဏ်များမှာ -

ကြီးကျယ်ပြင်းထန်ထော ရောဂါ ဝေဒနာစွဲကပ်ခံရသည်။ ကုစားရခက် သည့် ကင်ဆာ စသော ရောဂါဝေဒနာ၊ သွေးအန်ခြင်း စသည့် အနာရောဂါများ ကျရောက်လာသည်။ အရောင်းအဝယ် များ ဆုံးရှုံး၍ စီးပွားဥစ္စာများ ပျက်စီးရ သည်။

ခြေကျိုးလက်ကျိုး၊ ခြေပြတ်လက် ပြတ်၊ မျက်လုံးကန်းခြင်း စသည့် ကိုယ်လက်အင်္ဂါချို့ယွင်းရသည်။ နူနာ ကုဋ္ဌအနာကြီးရောဂါအမျိုးမျိုးစွဲကပ်ရ သည်။ စိတ်ဖောက်ပြန်ရသည်။အကောင်း သားကနေ တဖြည်းဖြည်းနှင့်ရူးရသည်။ အချုပ်အနှောင်ခံရသည်။ ထောင်ကျခံရ တတ်သည်။ နယ်နှင်ဒဏ်၊ အကျယ်ချုပ် ပြစ်ဒဏ်များခံရသည်။ ရာဇဝတ်သား အဖြစ် မင်းပြစ်မင်းဒဏ်ခံရသည်။

ဒေါက်တာအရှင်လောဘသာမိ

(ခြုံတော်ဆရာ)

ပြစ်မှားသူနှင့်အပြစ်ဒဏ်(၂)

www.burmeseclassic.com

www.burmeseclassic.com

ကြမ်းကြမ်းတမ်းတမ်း စွပ်စွဲခံရသည်။ မဟုတ်မတက်ဆဲဆို၍စွပ်စွဲခံရသည်။ မိသားစုများ ပြိုကွဲပျက်စီးရသည်။ ခင်ခင်စုံမက်ရာမိသားစုများ သေကွဲကွဲ၍ ပျက်စီးရသည်။

မိမိပိုင်ဆိုင်သည့် အိုးအိမ်တိုက်အာ အသုံးအဆောင်ပစ္စည်းဥစ္စာရတနာများ နည်းအမျိုးမျိုးဖြင့် ပျက်စီးဆုံးရှုံးရသည်။ မိမိနေထိုင်သည့်အိမ် မီးစွဲလောင်ခံရသည်။ မိုးကြိုးပစ်၍လည်းမီးစွဲလောင်ခံရသည်။ အဆိပ်မီးစွဲသင့်၍လည်း အလောင်ခံရသည်။

ပြစ်မှားသူသည် ထိုအပြစ်ဒဏ်များမှ တစ်မျိုးမျိုးဖြင့် လည်းကောင်း၊ ပြစ်ဒဏ်ဆယ်မျိုးစလုံးဖြင့်လည်းကောင်း ဆိုးကျိုးအမျိုးမျိုးကို ဒဏ်သင့်ခံရသည်။ အပါယ်ငရဲသို့လည်း ကျရောက်ရသည်။ ဝဏ္ဏဇာ၊ ဖိုလ်ဘဏ်များကိုလည်းမရနိုင်အောင် တားဆီးပိတ်ပင်သည်။

(ဂ)

မလိမ္မာသည့်စိတ်၊ မိုက်မဲသည့်စိတ်ဖြင့် မကောင်းမှုတည်းဟူသော ပြစ်မှားမှုတို့ ပြုလုပ်ခဲ့သည်။ ပြစ်မှားစွပ်စွဲခံရသည်။ ပြစ်မှားသူသည် မိမိပြစ်မှားမိသူသည်ဖြစ်စေ၊ လေးစားထိုက်သူပုဂ္ဂိုလ်ထံ၌ဖြစ်စေ၊ ဆရာသမားများထံ၌ဖြစ်စေ မိမိ ပြစ်မှားကျူးလွန်မိလျှင် ထိုအပြစ်များကို ကျေအေးအောင် တောင်းပန်ရမည်ဖြစ်သည်။ ဝန်ချတောင်းပန်၍ မကျေမျောက်နိုင်သည့်ကံများလည်းရှိသည်။ ဘွာနန္တရိယကံဖြစ်သည်။ ထိုကံကြီးငါးပါးသည် တောင်းပန်ကန်တော့ကာမျှဖြင့် အပြစ်ဒဏ်များမှ မလွတ်မြောက်နိုင်း၊ ထိုကံငါးပါးကို ပြစ်မှားမိသူသည် ခံရသို့ကျရောက်ရတတ်သည်။ သို့သော် တောင်းပန်ကန်တော့ခြင်းကြောင့် ငရဲဒဏ်တမ်းလျော့နည်းနိုင်သည်။ ပဘွာနန္တရိယကံငါးပါးမှာ -

၁။ ဘုရားရှင်ကိုသွေးစိမ်းတည်အောင် လုပ်သည့်ပုဂ္ဂိုလ်၊
၂။ ရဟန္တာကိုသတ်သည့်ပုဂ္ဂိုလ်၊
၃။ အမေကိုသတ်သည့်ပုဂ္ဂိုလ်၊
၄။ အဖေကိုသတ်သည့်ပုဂ္ဂိုလ်၊
၅။ သံဃာတော်များအချင်းချင်းကွဲပြားအောင်သင်းခွဲသည့်ပုဂ္ဂိုလ်

ထိုကံကြီးငါးပါးကို မလွန်ကျူးမိစေရန်အတွက် အထူးလေးလေးနက်နက်ထား၍ စောင့်စည်းထိန်းသိမ်းရမည် ဖြစ်ပါသည်။

(ဃ)

မိမိက အပြစ်ကိုဝန်ချတောင်းပန်သဖြင့် တစ်ဖက်ပုဂ္ဂိုလ်က ကျေနပ်သွားသည့်အခါ၊ ကျေအေးသွားသည့်အခါ နောက်ထပ် ကျူးလွန်ဦးမည်ဆိုလျှင် တောင်းပန်ရာရောက်သည်မမည်ပါ။ တရားဓမ္မလမ်းစဉ်အတိုင်း ကုစားရမည်ဖြစ်သည်။ နောက်နောင်အခါ၌လည်း မပြစ်မှားမိအောင် စောင့်ထိန်းပါမည်ဟူသောစိတ်ဖြင့် ဝန်ချတောင်းပန်ပါက နောက်ထပ်အကုသိုလ်များမတိုးပွားခြင်းဖြစ်သည်။ အပြစ်ရှိ၍ တောင်းပန်လိုက်လျှင် လျော့ပါးသွားသည့်အပြစ်လည်းရှိသည်။ တောင်းပန်လျှင် အပြစ်ကနေမြန်မြန်ကျေသည့်သဘောဖြစ်သည်။

ဆိုပါဦးအုံ့။ အသက်အရွယ်ကြီး၍ လေနာရောဂါစွဲကပ်လျက်ရှိသော ရဟန္တာမထေရ်ကြီးတစ်ပါးသည် တစ်နေ့တွင် ဆွမ်းခံတွင်းရာ အိမ်တစ်အိမ်မှ ဆန်ပြုတ်ပူပူကို လောင်းလျှုလိုက်သည်။ လေနာရောဂါထလာသဖြင့် ထိုရောဂါအား သက်သာရာရအောင် ဆန်ပြုတ်ပူပူကို လမ်းဘေးတစ်နေရာတွင် ထိုင်လျက် ဘုဉ်းပေးခဲ့သည်။ ထိုအရာကို ဆွမ်းခံကြွလာသည့် ရဟန်းငယ်ကတွေ့မြင်၍ သူစိတ်ထဲတွင် မကျေမနပ်ဖြစ်ကာ -

"တောထွက်ကြီးတွေလုပ်လိုက်ရင် ဟောဒီလိုခုဉ်းပဲ"

ဟု စိတ်ကြမ်းကြမ်းဖြင့် ပြစ်မှားလိုက်သည်။

ရဟန္တာမထေရ်ကြီးသည် ရဟန်းငယ်ပြစ်မှားမှုကိုသိသဖြင့် သနားစိတ်ဖြစ်ကာ -

"ငါ့ရှင်၊ ထောက်တည်ရာရပြီလေ့"

ဟု မေးလေသည်။

ရဟန်းငယ်က သောကာပန်တည်ပါပြီဟု ပြန်လျှောက်လေသည်။ သို့ဖြစ်လျှင် -

"ငါ့ရှင်၊ တရားကို ဆက်လက်မကျင့်လေနှင့်။ ငင်ဟာ ရဟန္တာကို ပြစ်မှားမိပြီ"

ဟု မိန့်ကြားလေသည်။ရဟန်းငယ်သည် သူ့အမှားသူနားလည်၍ ချက်ချင်းဝန်ချတောင်းပန်လေသည်။

အဇာတသတ်မင်းသည်လည်း သူ၏မှားပြစ်ကို -

"မြတ်စွာဘုရား၊ မိုက်မဲတွေဝေမလိမ္မာ၍ အပြစ်သည် တပည့်တော်ကို လွှမ်းမိုးသွားခဲ့ပါ၏။ တရားစောင့်သော၊ တရားသဖြင့်မင်းပြုသော ခမည်းတော်ကို အာဏာနှင့် မင်းစည်းစိမ် ဟူသော အကြောင်းကြောင့် တပည့်တော်သတ်ခဲ့မိပါ၏။ ထိုတပည့်တော်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟူမြတ်ဗုဒ္ဓ လက်ခံတော်မူပါဘုရား"

ဟူ၍ တောင်းပန်ခြင်းဖြင့် ကုစားခဲ့ပါသည်။

ထိုအခါ မြတ်ဗုဒ္ဓက -

"မင်းကြီး၊ အကြင်သူသည် အပြစ်ကိုအပြစ်ဟု အတြောင်းအားလျော်စွာ ကုစား၏။ နောင်အခါ စောင့်စည်း၏။ ထိုသူ၏ ကုစား စောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင်တည်း"

ဟု မိန့်တော်မူလေသည်။

ထိုကဲ့သို့ ဝန်ချတောင်းပန်၍ ဆက်လက် ကျင့်ကြံ အားထုတ်လျှင် ကြီးပွားချမ်းသာမှုကို ရရှိနိုင်ပါသည်။ ထို့ကြောင့် မိမိ၏အပြစ်ကို သိနားလည်၍ ရိုရိုသေသေဖြင့်ဝန်ချတောင်းပန်သင့်ပါသည်။

(c)

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မသိ၍ပြစ်မှားမိခဲ့လျှင်တောင်မှ သန့်ရှင်း ဖြူစင်သည့် စိတ်များဖြင့် ထိုအပြစ်တို့မှ ပျောက်ကင်းအောင် ဟူသောကောင်းမြတ်သည့်ရည်ရွယ်ချက်ဖြင့် မြတ်ဗုဒ္ဓရှေ့၌ ဩကာသ၊ ဩကာသ၊ ဩကာသ စသည် ရွတ်ဆိုလျက်ကန်တော့ကြသည်။ မိမိတို့ပြစ်မှားခဲ့သည့် ဆိုးပြစ်များကို တောင်းပန်ကန်တော့ခြင်းဖြင့် ကျေပျောက်အောင် စိတ်ရည်သန်၍ လည်းကောင်း၊ အသိဉာဏ်ရင့်သန်လာသည်နှင့်အမျှ မိမိပြစ်မှားခဲ့သည့် စွပ်စွဲပြစ်မှားခြင်းသည် မကောင်းမှုဖြစ်သည်ဟု သိနားလည်၍ ထိုအကုသိုလ်များကို ရှောင်ကြဉ်လျက် ကုသိုလ်ကောင်းမှုကို အားထုတ်လိုသည့်စိတ်ဖြင့်လည်းကောင်း၊ မိမိကိုယ်ကို စောင့်ထိန်းလိုသည့်စိတ်ဖြင့် မိမိပြစ်မှားမိသူအထံ၌ဖြစ်စေ၊ လေးစားထိုက်သူပုဂ္ဂိုလ်ထံ၌ဖြစ်စေ၊ ဆရာသမားများအထံ၌ဖြစ်စေ နောက်နောင်ဝယ် ယခုကဲ့သို့မဖြစ်အောင် မစွပ်စွဲမပြစ်မှားမိအောင် စောင့်စည်းပါမည် ဟူသော သန့်ရှင်းသည့်စိတ်ဖြင့် ဝန်ချတောင်းပန်ကန်တော့ကြရမည် ဖြစ်ပါသည်။

ဒေါက်တာအရှင်သာဘသာမိ
(မြတ်မွေ့)

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးအုန်းပွင့် စဉ့်မှာအမြဲ

"ဘိုးဘိုးကြီး၊ ဆေးခြောက်မူးပြီး ကြောင်တဲ့လူတစ်ယောက်တွေ့ခဲ့တယ်။ တကယ်ရယ်ရတယ်။ တစ်မိုက်လောက် ကျယ်တဲ့မြောင်းကို အကျယ်ကြီးထင်ပြီး တအားကျော်တယ်။ကွမ်းသီးလုံးလောက် ရှိတဲ့ခဲကို တောင်ပို့ထင်ပြီး ကွေ့ရှောင်တယ်။ ကြိုးစလေးတစ်စတွေ့တော့ မြွေထင်ပြီးရှေ့မတိုးရဲဘူး"

တစ်နေ့တွင် အတူနေသမီးကြီး၏ သားကြီးဖြစ်သူ စည်သူအောင်က အပြင်မှပြန်လာပြီး သူတွေ့ခဲ့သူ အကြောင်းကို ပြန်ပြောပါသည်။

ကျွန်တော်က -

"မူးယစ်စေတဲ့အရာကို စား(မျိ) သောက်၊ ရှူ၊ ပွတ် (နှုတ်ခမ်းတွင်) ဆိုပြီး နည်းလေးမျိုးနဲ့သုံးစွဲကြတယ်။ ဘယ်လို ပဲဖြစ်ဖြစ် အာရုံကြောကနေ ဦးနှောက်ကို ရောက်သွားပဲ။ အဲဒီမှာ ဦးနှောက်ကို ဖောက်ဖောက်ပြန်ပြန်ဖြစ်စေပြီး အမှားကို အမှန်၊ အမှန်ကို အမှား၊ အဆိုးကို အကောင်း၊ အကောင်းကို အဆိုးထင်တော့တာပဲ။ ဦးနှောက်နဲ့ နှလုံးဆက်နေတာ ဝမ်းသာ၊ ဝမ်းနည်း စတာတွေလည်း ဖောက်ဖောက်ပြန်ပြန်ဖြစ်ရတာပဲ။ ဒါတွေဟာ ကြာကြာသုံးလို့ စွဲသွားပြီဆိုတဲ့အခါ ချွတ်လို့မကျတိုင်တော့ လောက်ဖြစ်ပြီး ဒုက္ခပေးတော့တာပဲ။ အမူးစွဲရင် နောက်ဘဝတောင် ဆက်မူးသတဲ့။ အဲဒီအကြောင်းကလေးပြောရဦးမယ်။ မုဒ္ဒယ်ဆရာတော်ရဲ့တရား တိုင်ကလာတယ်။ ဘိုးဘိုးကြီးက နားမကောင်းတော့ စာတန်းထိုးပြတဲ့ မုဒ္ဒယ်ဆရာတော်ရဲ့တရားကို သဘောကျတယ်။ ကြာပြီဆိုတော့ သိပ်မမှတ်မိတော့ဘူး။ မှတ်မိသလောက် ကောက်နုတ်ချက်အဖြစ်ပြောမယ်။

❑

မြို့တစ်မြို့မှာ သူဌေးသားတစ်ယောက်ရှိတယ်။ထန်းရည်ခါးအလွန်ကြိုက်တာကလွဲရင်အကုန်ကောင်းတယ်။ ထန်းရည်ကြိုက်တာကိုတော့ ကိုးကွယ်တဲ့ဆရာတော် တရားပြတာတောင်မရဘူးတဲ့။ထန်းရည်ကိုကောင်းကောင်းသောက်ရအောင်ဆိုပြီး ထန်းတောထဲကကြိုက်တဲ့ထန်းတစ်ပင်ကိုချပ်ပြီး ကိုယ်တိုင်ကိုင်သတဲ့။ အချိန်ကျရင် ထန်းလိုးဓား၊ မြှားကိုယူပြီး ထန်းရည်သွားချပြီး အပင်အောက်မှာပဲသောက်သတဲ့။

အဲဒီမြို့မှာပဲ စိတ်မမှန်သူလို့ သတ်မှတ်ခံရသူတစ်ဦးဟာ ဘုန်းတော်ကြီးကျောင်းဝင်းတွင်း ဇရပ်တစ်ခုမှာနေပြီး တောင်းရမ်းစားသောက်သတဲ့။

တစ်နေ့မှာ ထန်းတက်ဖို့သွားတဲ့ သူဌေးသားနဲ့ စိတ်မန့်သူတို့ လမ်းမှာတွေ့သတဲ့။

သူဌေးသားက -

'ထန်းရည်သောက်ချင်ရင်လိုက်ခဲ့' လို့ ခေါ်သတဲ့။

ဒီတော့ စိတ်မန့်သူက -

'တော်ပါပြီကွာ၊ဟိုဘဝကသောက်တာခုထိမပြေသေးဘူး။ မူးတုန်းရှိသေး

www.burmeseclassic.com

www.burmeseclassic.com

ဘယ်'

လို့ ပြန်ဖြေသတဲ့။

အမှားဟာ အရှုပ်ပဲ။ ဒီဘဝမှားရင် နောက်ဘဝတွေမှားမယ်။ မှားရင် ရှုံးမယ် ဆိုတဲ့သဘောကို အံတိုဆုံးနဲ့ အရှင်းဆုံး ပြောလိုက်တာ။

အဲဒီမှာ သူ့ဘေးသားရဲ့ခေါင်းထဲမှာ အသိဉာဏ်ဟာ ထင်းထင်းကြီးပွင့်လင်း သွားတဲ့အတွက် ထန်းတက်ဖို့ယူသွားတဲ့ ရွာသူကြီးတွေတိုအကုန်လွှင့်ပစ်လိုက်သတဲ့။ တစ်ခါတည်းကျွတ်သွားတာပေါ့။

ဒီတော့ ဆရာတော်က

'ငါဟောလို့မကျွတ်တဲ့အကောင် အရှင်တောမှပဲကျွတ်တော့တယ်'

လို့ မိန့်တော်မူသတဲ့။

မူးယစ်စေတဲ့ အရာအားလုံးကို သောက်လို့ တစ်မျိုးတည်း ခေါ်လိုက်ရအောင်၊ သေရည်သမားဟာ၊ တစ်နည်း ပြောရရင် အရက်သမားဟာ သေရင် ငရဲကျတယ်။ ငရဲကကံကုန်လို့လွတ်လာ ရင် တိုလိက်အကျိုးပေးခွင့်ရလို့ လူ ဖြစ်ရင်အောင် အရှုးအဖြစ်ရတယ်။ အသေလိုပဲ သူတစ်ပါးသားမယားကို ကျူးလွန်ပြစ်မှားသူဟာ သေရင် ငရဲကျ တယ်။ ကုသိုလ်ကံအကျိုးပေးခွင့်ရလို့ လူဖြစ်ရင်တောင် အခြောက်ဖြစ်ရ တယ်။ ဒါဟာ အမှားအားဖြင့်ပြောတာ။ ဆေးနိုး ကောင်းမှုတစ်ခုခုကြောင့် သုဂတိဘုံရောက်တာလည်းရှိတယ်။

ငရဲကလွတ်ပြီး အရှုးဖြစ်ရတာ ရှင်းကြောင့်ဖြစ်တယ်။ အကုသိုလ် အကြောင်းအကျိုးကို ဆက်ခံရတာလို့ဆိုရ တယ်။ ဒါကို ဝဋ်မှာအမြဲ ငရဲမှာအပလို့ ခေါ်ကြတယ်။ ဒီအဓိပ္ပာယ်ကို အများ သိအောင် 'ငရဲက ဒါလောက်မဟုတ်ဘူး။ ကြားသာ တကယ်ခံရတာလို့' တလွဲ အဓိပ္ပာယ်ဖွင့်ကြတယ်။ အဲဒီမှာ 'ငရဲမှ' ကို 'ငရဲမှာ' လို့ 'မှ' နဲ့'မှာ' လွဲသုံးမိလိုပဲ။ ကယ်တော့ 'ငရဲမှအပ၊ ဝဋ်မှာအမြဲ' ရယ် လို့ဖြစ်တယ်။ ဆိုလိုတာက ငရဲခံပြီးအပြင် ဆောက်လာရင်တောင် ဝဋ်က အမြဲခံရ အောယ်လို့ ဆိုလိုတာ။

တစ်ဘဝ သေရည်သောက်သူ ငရဲကျပြီး ဦးနှောက်ပြန်မကောင်း အတွက် အရှုးဖြစ်ရတယ်ဆိုရင် ဒုစရိုတစ်လျှောက်လုံး အဲဒီသေရည် အာသဝ ဆိုတဲ့ စိမ်ရည်တွေ ကြောတ်ထဲ စိမ့်ဝင်နေတဲ့သတ္တဝါတွေ ဘယ်ဦးနှောက်ကောင်းတော့မလဲ။ အာသဝ ဆိုတဲ့ စိမ်ရည်ကြောင့် ဆောက်ပြန်ပြန်ဖြစ်နေတဲ့ဦးနှောက်ကို အဝိဇ္ဇာလို့ခေါ်တယ်။ မောဟလို့ လည်းခေါ်တယ်။ သူက အမြဲတမ်း အမှားကို အမှန်လို့မြင်တယ်။ အဆိုးကို အကောင်းလို့မြင်တယ်။ အဝိဇ္ဇာဟာ နေရာ (၄) ပါးမှာ အမှား (၃) ရပ်နဲ့မြင် တယ်။ နေရာ (၄) ပါးဆိုတာ မမြဲတဲ့ နေရာ၊ ဆင်းရဲတဲ့နေရာ၊ အစိုးမရတဲ့ နေရာ၊ မတင့်တယ်တဲ့နေရာတို့ ဖြစ် တယ်။ အဲဒီအပေါ်မှာ အသိမှားတယ်။ အမှတ်မှားတယ်။ အယူမှားတယ်။ အဲဒီ တော့ မမြဲတာကို မြဲတယ်လို့ သိတယ်။ ဆင်းရဲတာကိုချမ်းသာတယ်လို့ ယူတယ်။ အစိုးမရတာကို အစိုးရတယ်လို့ယူတယ်။ မတင့်တယ်တာကို တင့်တယ်တယ်လို့ ယူတယ်။ (၄) နေရာကို (၃) မျိုးနဲ့ မြော်က်တော့ (၁၂) မျိုးရတယ်။ ဒါကို ဝိပလ္လာသ (၁၂)ပါးလို့ခေါ်တယ်။ အဲဒီ အပေါ်မှာ အကုသိုလ်ဝင်လိုက်ရင် ပိုဆိုး သွားတာပေါ့။

အမေကို တွန်းလဲခဲ့တဲ့အကုသိုလ် ကြောင့် ဿမဒ္ဓရာထဲ လှေနဲ့သွားရာမှာ သူယုတ်မဲကလို့ လှေပေါ်ကနေ ဖောင်နဲ့ ပစ်ချခံရတဲ့ ဒိတ္ထဝိန္ဒကသူဌေးသားဟာ ကျွန်းတစ်ကျွန်းကိုရောက်သွားတယ်။ အသူရကာယ်မတွေ့နေတဲ့ ရွာနှစ်ရွာ မှာ ခေတ္တစီနေခဲ့ပြီးနောက် လွှင်ပြင် တစ်နေရာကိုရောက်သွားတယ်။ အဲဒီမှာ သင်တုန်းဓားစက်ကို ခေါင်းပေါ် ရွက်ပြီး အခုတ်ခံရလို့ ကယ်ပါယူပါအော်ဟစ်နေ ရတဲ့ ငရဲသားတစ်ယောက်ကိုတွေ့တယ်။ ဓားစက်ခုတ်တော့ ခေါင်းကသွေးတွေဖြာ ပြီးထွက်နေတယ်။ အဲဒီအခါမှာ အဝိဇ္ဇာ ဦးနှောက်ကို အကုသိုလ်ဝင်ရောက်နေ တဲ့ မိတ္ထဝိန္ဒကဟာ အင်မတန်လှပတဲ့ နှင်းဆီပန်းနီနီရဲရဲကြီးပန်ပြီး အင်မတန် သာယာတဲ့သီချင်းကို ဆိုနေတယ်လို့ ဖောက်ဖောက်ပြန်ပြန်နဲ့ ဆင်းရဲကို ချမ်းသာ၊ မတင့်တယ်တာကို တင့်တယ် တာလို့မြင်ပြီး မရမကတောင်းတယ်။ ရတော့ ဟိုလူနေရာ သူခံရတာပေါ့။ ဒါကို ငရဲပန်းကိုရွှေပန်းထင်တယ်လို့ပြော ကြတာ"

"အရက်မူးနေသူတစ်ယောက်ဟာ သူတစ်ပါးအသက်ကို မသတ်ဘူး၊ သူတစ်ပါးဥစ္စာကိုမခိုးဘူး၊ သူတစ်ပါး သားမယားကို မပြစ်မှားဘူး။ လိမ်ညာပြီး လည်း မပြောဘူးဆိုရင် အရက်မူးတာ အပြစ်ရှိသလား ဘိုးဘိုးကြီး"

စည်သူအောင်က ဖြတ်မေးပါ သည်။

ကျွန်တော်က-

"ဒီမေးခွန်းဟာ ရှေးအခါကတည်း က ခေတ်ပညာတတ်ဆိုသူတွေအတော် များများ မေးခဲ့တဲ့မေးခွန်းပဲ။ သားရဲ့ မေးခွန်းမှာ စကားအကြွင်းတွေအများ ကြီးကျန်တယ်။ သူတစ်ပါးအသက်ကို မသတ်ဘူး ဒါပေမယ့် မသေရုံတမယ် ညှင်းဆဲနိုင်တယ်။ သူတစ်ပါးဥစ္စာကို မခိုးဘူး၊ ဒါပေမယ့် ဆုံးရှုံးပျက်စီးအောင် လုပ်နိုင်တယ်။ သူတစ်ပါးသားမယားကို မပြစ်မှားဘူး။ ဒါပေမယ့် အရက်တစ်ကွဲ ဖြစ်အောင်လုပ်နိုင်တယ်။ လိမ်မပြောဘူး၊ နှစ်ဦးမတည့်အောင် ရန်တိုက်ပေးနိုင် တယ်။

သားထက် စကားအကြွင်းနည်း တဲ့ ခေတ်ပညာတတ်တစ်ဦးက 'အရက် သောက်ပြီး ဒုစရိုက်ဆယ်ပါးကိုမကျူးလွန် ဘူးဆိုရင် အရက်သောက်တာ အပြစ်ရှိ သလား' လို့ မေးတယ်။ သူ့မေးခွန်းမှာ လည်း ရှုပ်ကြံမယ်ဆိုရင် စကားအကြွင်း တွေရှိတယ်။ ဒုစရိုက်မူ (၁၀) ပါးဆိုတာ ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄) ပါး၊ မနောဒုစရိုက် (၃) ပါးဖြစ်တယ်။

ကာယဒုစရိုက် (၃) ပါးဆိုတာ သူ အသက်သတ်ခြင်း၊ သူဥစ္စာခိုးခြင်း၊ သူ့သားမယားပြစ်မှားခြင်းတို့ ဖြစ်တယ်။ ဝစီဒုစရိုက် (၄) ပါးက လိမ်ပြောခြင်း၊ ဆဲရေးခြင်း၊ ကုန်းတိုက်ခြင်း၊ သိမ်ဖျင်းတဲ့ စကားပြောခြင်းတို့ ဖြစ်တယ်။ မနော ဒုစရိုက် (၃) ပါးဆိုတာ သူတစ်ပါးရဲ့ ပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်စေချင်တဲ့ဆန္ဒ၊ သူတစ်ပါးရဲ့အသက်စည်းစိမ်ကို ပျက်စီး စေချင်တဲ့ဆန္ဒ၊ ကံကံရဲ့အကျိုးကို မယုံ ကြည်တဲ့ မှားယွင်းတဲ့အယူဝါဒတို့ ဖြစ် တယ်။ အဲဒီမှာလည်း စကားကြွင်းကျန် တာပဲ။ ငါးပါးသီလတို့၊ ဒုစရိုက် (၁၀)ပါး တို့ဆိုတာ အရေးကြီးတဲ့အချက်တွေကို မရှောင်မဖြစ်ရှောင်ဖို့ပြောတာ။ သူတို့ ထက်ပေါ်တဲ့အပြစ်ရှိတဲ့အမှုတွေလည်းရှိ သေးတယ်။

အဲ - တစ်ယောက်ကတော့ စကား အကြွင်းမကျန်ရအောင် အရက်သောက် ပြီး မူးပြီးဘာမှမပြော၊ ဘာမှမလုပ်ဘဲ အိမ်နေရင်း အရက်မူးတာ အပြစ်ရှိသ လား' လို့ မေးတယ်။ ဒီတော့ 'အပြစ်ဆို တာကို သိဖို့လိုမယ်။ လူမှာ ကာယကံ၊ ဝစီကံ၊ မနောကံ' ဆိုတဲ့အလုပ်သုံးခုရှိ တယ်။ အဲဒီသုံးခုနဲ့အပြစ်မရှိတဲ့အလုပ်၊ အပြစ်ရှိတဲ့အလုပ်တွေကိုလုပ်ကြတာပဲ။ အပြစ်မှာ သုံးပိုင်းရှိတယ်။ (၁) ပြုလုပ် သူအဖို့ ဆိုးကျိုးကို ဖြစ်စေတဲ့အလုပ်၊ (၂) ပြုလုပ်ခံရသူအဖို့ ဆိုးကျိုးကိုဖြစ်စေတဲ့

www.burmeseclassic.com

www.burmeseclassic.com

အရှင်ဥဇ္ဇယ

သီလရှင်

သီလရှင် စတင် ဖြစ်ပေါ် လာပုံ သမိုင်းအကျဉ်းကို အရင်သိထားဖို့လိုပါတယ်။ မြတ်စွာဘုရားရှင်လက်ထက်တော် အခါကာလမှာ မိထွေးတော် ဂေါတမီကို အကြောင်းပြုပြီး 'အမျိုးသမီးသာသနာ' စတင်ပေါ် ထွန်းခဲ့ပါတယ်။

စာပေလိုတော့ 'ဘိက္ခုနီသာသနာ' လို့ ခေါ်တာပေါ့။ အဲဒီသာသနာဟာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း ငါးရာလောက်မှာပဲ အပြီးတိုင်ပျောက်ကွယ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးတွေ မြတ်စွာဘုရားရဲ့ ဝိနည်းသိက္ခာပုဒ်တွေကိုထိန်းသိမ်းနိုင်သူ၊ မိမိကိုယ်ကိုကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသူတွေ မပေါ် ထွန်းတော့လို့ပါဘဲ။

မြန်မာနိုင်ငံမှာ သာသနာနှစ် ၉၀၀-၁၄၀၀ အတွင်းမှာ အမျိုးသမီးတွေ သာသနာတွင်းဝင်ရောက်လာခြင်းမှစပြီး 'သီလရှင်သာသနာ' စတင်ပေါ် ထွန်းခဲ့ပါတယ်။

ကုန်းဘောင်ခေတ်အရောက်မှာတော့ သာသနာပိုင် ရှမ်းကလေးကျွန်း ဆရာတော်ရဲ့ ညီမအရင်းဖြစ်ပြီး အလွန်နာမည်ကြီးတဲ့ သီလရှင် 'မယ်ကင်း' (ဘွဲ့အမည်ကတော့ မယ်ခေမာ) ရဲ့ကြိုးစားအားထုတ်မှုကြောင့် မြန်မာနိုင်ငံမှာ သီလရှင်သာသနာထွန်းတောက်လာခဲ့ပါတော့တယ်။

ဒါဟာ 'သီလရှင်သာသနာ' သမိုင်းအကျဉ်းချုပ်ပါ။

အမျိုးသမီးတွေဟာ သီလရှင်ဝတ်ပြုဆိုတာနဲ့ ရဟန်းတော်တစ်ပါးပါးထံမှာ ရှစ်ပါး သို့မဟုတ် ကိုးပါးသီလကို ခံယူဆောက်တည်ကြရပါတယ်။ သီလရှင်အချင်းချင်းထံမှာ သီလရှင်ဝတ်လို့မရပါဘူး။

သီလရှင်ဖြစ်ပြီဆိုတာနဲ့ လိင်ဆယ်ပါး၊ ဒေါ်ဆယ်ပါး၊ သေခဲယခုနစ်ဆယ့်ငါးပါး စတဲ့ ကျင့်ဝတ်တရားတွေကို စောင့်ထိန်းကြဖို့ ဆရာတော်က မိန့်ကြားရပါတယ်။ ဒါဆိုရင် 'သီလရှင်ကို အမျိုးသားတွေ ရှိခိုးသင့်၊ မသင့်' ဆိုတာကို ရိပ်မိလောက်ပါပြီ။

ပုဒ္ဓသာသနာတော်မှာ ရှိခိုးပူဇော်ခြင်းဆိုတာဟာ သီလနဲ့ သာသနာတော်ကိုသာ ရှိခိုးပူဇော်တာဖြစ်ပြီး ပုဂ္ဂိုလ်ကို အဓိကထားတာ မဟုတ်ပါဘူး။ ပုဂ္ဂိုလ်ကိုကြည့်မယ်ဆိုရင်တော့ သူလည်း ခန္ဓာငါးပါး၊ ကိုယ်လည်း ခန္ဓာငါးပါး ထူခြားမှုမရှိပါဘူး။

အများအားဖြင့် ငါးပါးသီလသာ စောင့်ထိန်းကြတဲ့ အမျိုးသားတွေဟာ သီလရှင်တွေကို သူတို့ပြုစုနေတဲ့ သားသနာတော်နဲ့ သူတို့စောင့်ထိန်းထားတဲ့ သီလသိက္ခာတွေ၊ ကျင့်ဝတ်တရားတွေကို ပူဇော်တယ်လို့ သဘောထားပြီး ရှိခိုးပူဇော်မယ်ဆိုရင် ကုသိုလ်တွေပွားနိုင်ပါတယ်။

ဒါပြင် မိန်းမတွေဟာ ယောကျ်ားတွေထက် ယုတ်ညံ့တယ်ဆိုတာလည်း မဖြစ်နိုင်တဲ့အတွက် ကိုယ့်ထက် အသက်သိက္ခာကြီးမားတဲ့ အမျိုးသမီးတွေ၊ သီလရှင်တွေကို ကန်တော့ခြင်းတာဘုန်းနိမ့်တယ်ဆိုတာ မမှန်ကန်ပါဘူး။

တချို့ အမျိုးသမီးတွေတောင် မရှိခိုးကြပါဘူး။ သီလရှင်ကို ရှိခိုးရင် ဘုန်းနိမ့်သလိုလိုဘာလိုလိုနဲ့ မရှိခိုးကြဘူး။ တကယ်တော့ သီလရှင်လည်း သိက္ခာပုဒ်တွေ အများကြီးရှိပါတယ်။ လူတွေက ငါးပါးသီလပဲစောင့်ကြတယ်။ ငါးပါးသီလတောင် လူတိုင်းမဖြည့်ကြပါဘူး။

အမှန်တကယ် သီလရှင်ကို ရှိခိုးသင့်ပါတယ်။ ကိုယ့်ရဲ့ အမေ၊ အစ်မတွေတောင် ရှိခိုးသေးတာပဲ။ သိက္ခာပုဒ်စောင့်ထိန်းထားပြီး ဘုရားသာသနာအတွင်းမှာနေတဲ့ သီလရှင်ဆိုတော့ ပိုပြီးတော့တောင် ရှိခိုးရမှာပေါ့။

သီလရှင်တွေကိုရှိခိုးရင် ဘုန်းနိမ့်သလိုလို၊ ကံနိမ့်သလိုလိုနဲ့ ရှိမခိုးဘဲ လူနေတန်းတူ ဆက်ဆံတာတွေ တွေ့မြင်ရတာ တကယ်စိတ်မချမ်းသာစရာပါ။

အရှင်ဥဇ္ဇယ

စာကိုး -

Facebook ရွှေဘုန်း (စေတနာပန်းခင်းဆရာတော်)

အလုပ်၊ သို့မဟုတ် အခြားသူများကို ဆိုးကျိုးဖြစ်စေတဲ့အလုပ်၊ (၃) နှစ်ဖက်စလုံးကို ဆိုးကျိုးဖြစ်စေတဲ့အလုပ် ဟူသရွေ့ အပြစ်ရှိတဲ့အလုပ်ပဲ။

မူးပြီးအိပ်တယ်ဆိုတာ ပုံမှန်အိပ်သလိုမဟုတ်ဘူး။ အိပ်တဲ့အချိန်မမှန်သလို အိပ်နေတဲ့အချိန်ကလည်း အများကြီးပိုကြာမယ်။ အဲဒီလိုအပ်တာထက် ပိုသွားတဲ့အချိန်တွေမှာ စီးပွားဥစ္စာ၊ အတတ်ပညာ၊ ကုသိုလ် စတဲ့ အမွေတွေ ကိုပြုမယ်ဆိုရင် ဓာန်ဖိုးမဖြတ်နိုင်တဲ့ ကောင်းကျိုးတွေကိုရမှာ။ အဲဒီကောင်းကျိုးတွေကို ဆုံးရှုံးသွားတဲ့အတွက်/ကောင်းကျိုးဆုံးရှုံးခြင်းဆိုတဲ့ ဆိုးကျိုးကို/ တန်ဖိုးမဖြတ်နိုင်တဲ့ ဆိုးကျိုးကို ရတဲ့အတွက် အပြစ်ရှိတယ်။

အရက်သောက်တဲ့အတွက် ငွေကုန်တယ်။ အဲဒီငွေဟာလည်း တကယ်လို့ ကောင်းကျိုးအတွက် အသုံးချမယ်ဆိုရင် တန်ဖိုးမဖြတ်နိုင်တဲ့ ကောင်းကျိုးကိုရမှာပဲ။ အဲဒီငွေ ဆုံးရှုံးတဲ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆိုးကျိုးကိုရလို့ အပြစ်ရှိတယ်။

အဲဒီတော့ အခုဘဝမှာလည်း မိမိအတွက်ရော မိမိပတ်ဝန်းကျင်အတွက်ပါ ဘာမှကောင်းကျိုးကိုမဖြစ်စေတဲ့၊ ကောင်းကျိုးမပေးခင်ဘဲ ဆိုးကျိုးကိုသာ မိုးထိုးအောင်ပေးတဲ့ အရက် အစရှိတဲ့ မူးယစ်စေတတ်တဲ့အရာတွေကို သုံးစွဲခြင်းမှ အထူးဂရုစိုက်ရှောင်ရမယ်။

ပြီးတော့ နောင်ဘဝတွေအတွက်မှာလည်း ကောင်းကျိုးမပေး၊ ဆိုးကျိုးပဲ မိုးထိုးအောင်ပေးတယ်။ သေရင် မုခ်သလို အပါယ်ငရဲကျမယ်။ ငရဲကလွတ်လာပြီးတာတောင် ဝဋ်ခံရတဲ့အနေနဲ့ ရူးသွပ်သူ၊ စိတ်မနှံ့သူဖြစ်ရတယ်။

ငရဲမှအပ ဝဋ်မှာအမြဲဆိုတာတော့ ဒီတော့ မြည်းစမ်းတယ်ဆိုတာမျိုးတော့ မလုပ်နဲ့။ ဘိန်းနဲ့ပတ်သက်တာမှန်သမျှ အစမ်းမခံဘူး။ တစ်ကြိမ်သုံးမိရင်တောင် စွဲသွားတတ်တယ်လို့ဆိုတယ်။ အဲဒါတွေနဲ့ အဲဒီအသိုင်းအဝိုင်းနဲ့ မနီးစပ်စေနဲ့ ဝေးဝေးသာရှောင်ပေတော့"

ကျွန်တော်က မြေးဖြစ်သူ ဌာသို့ ဆုံးမစကားဆိုခဲ့ပါသည်။

မူးယစ်ဘေးမှကင်းဝေးကြပါစေ

ချောင်းဆုံအုန်းသူဦး

www.burmeseclassic.com

www.burmeseclassic.com



၁-၆-၂၀၁၆ နေ့ သာယနဇာတာ ၁၁-၆-၂၀၁၆ နေ့ သာယနဇာတာ ၂၁-၆-၂၀၁၆ နေ့ သာယနဇာတာ

၂၀၁၆ ခုနှစ်၊ ဇွန်လအတွက်

စီးပွားရေးပေဒင်ဟောကိန်း

မင်းရှိန်အောင်

ဤကာလ၏ ပထမဆယ်ရက်ကာလတွင် ရွှေစျေးကွက်၊ ကျောက်မျက်စျေးကွက် တရိပ်ရိပ်ကျတတ်သည်။ ငွေကြေးစျေးကွက် အတက်အကျမြန်တတ်သည်။ စတော့ရှယ်ယာစျေးကွက်ငြိမ်သလိုလိုနှင့် ဖောက်ပြန်တတ်မည်။ စက်ရှင်ဆိုင်ရာ၊ အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာစျေးကွက်တို့ အနိမ့်စျေးကနဦးဆွဲထွက်နိုင်ဖြစ်မည်။ ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ အောက်စျေးလျှောကျနေမည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အမြင့်စျေးမှန်းမရသလို ဖြစ်မည်။ စာနယ်ဇင်းစျေးကွက်၊ မီဒီယာစျေးကွက်၊ တယ်လီဖုန်းနှင့် အင်တာနက်စျေးကွက်တို့တည်ငြိမ်သလိုနှင့်ဖောက်ပြန်တတ်မည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းစျေးကွက်များ မတည်မငြိမ်ဖြစ်နေမည်။ ဆောက်လုပ်ရေးပစ္စည်း၊ စက်နှင့်စက်ပစ္စည်း၊ ကုန်မာပစ္စည်းများစျေးကွက်ထိုင်းနေမည်။ ဆောက်လုပ်ရေးလုပ်ငန်းထိုင်းမှိုင်းနေမည်။ အိမ်ခြံမြေစျေးကွက်ငြိမ်သက်သလိုနှင့် ဖြန်းခနဲဆောက်ပြန်တတ်မည်။ စိုက်ပျိုးရေးထုတ်ကုန်၊ ရေလုပ်ငန်းထုတ်ကုန် စျေးကွက်မကောင်းသေး။

ဒုတိယ ဆယ်ရက်ကာလတွင် ရွှေစျေးကွက်၊ ကျောက်မျက်စျေးကွက် ကျလိုက်ရပ်လိုက်ရှိနေမည်။ ငွေကြေးစျေးကွက်ကျရိပ်ရပ်အားပြိုင်နေမည်။ မှန်းဆရခက်နေမည်။ စတော့ရှယ်ယာစျေးကွက်ငြိမ်သက်သလိုလိုနှင့် ရုတ်ခြည်းကပြောင်းကပြန်ဖြစ်တတ်မည်။ စာနယ်ဇင်းစျေးကွက်၊ မီဒီယာစျေးကွက်၊ တယ်လီဖုန်းအင်တာနက်ဆိုင်ရာဆက်သွယ်ရေးစျေးကွက် ငြိမ်သက်နေသော်လည်း ဖြန်းစားကြီးဖောက်ပြန်တတ်မည်။ ဖက်ရှင်ဆိုင်ရာ၊ အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာစျေးကွက်ထုံထိုင်းနေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းများစျေးကွက်ထိုင်းမှိုင်းနေမည်။ ဆောက်လုပ်ရေးပစ္စည်း၊ ကုန်မာပစ္စည်း၊ စက်နှင့်ဆက်စပ်ပစ္စည်းများစျေးကွက်မကောင်းသေး။ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေစျေးကွက်တက်ရိပ်ကျရိပ်လွန်ဆွဲနေမည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း စျေးကွက်မှန်းချက်မပေါက်မြောက်နိုင်သေး။ စိုက်ပျိုးရေးထွက်ကုန်နှင့် ရေလုပ်ငန်းထွက်ကုန် စျေးကောင်းမျှော်၍ မရနိုင်သေး။

တတိယ ဆယ်ရက်ကာလတွင် ရွှေစျေးကွက်၊ ကျောက်မျက်စျေးကွက် တက်ရိပ်ကြီးသော်လည်း သတိထားရမည်။ ငွေကြေးစျေးကွက်တက်ရိပ်ကျရိပ်အားပြိုင်မည်။စတော့ရှယ်ယာစျေးကွက် ပုံမှန်မဟုတ်၊ ရုတ်တရက်ဖောက်ပြန်မည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း တက်စျေးမြင်ရသော်လည်း စိတ်မချရသေး။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း တက်စျေး၊ ကျစျေး အပြောင်းအလဲမြန်ဆန်နေမည်။ ဖက်ရှင်ဆိုင်ရာ၊ အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာစျေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ စာနယ်ဇင်းစျေးကွက်၊ မီဒီယာစျေးကွက်၊ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာစျေးကွက် ပုံမှန်မဟုတ် ခန့်မှန်းရခက်နေမည်။ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်၊ ရေဒီယိုပစ္စည်းစျေးကွက်သာမန်ထက်ဘောင်ဘင်ခတ်နေမည်။ ဆောက်လုပ်ရေးပစ္စည်း၊ သံနှင့်ကုန်ပစ္စည်း၊ စက်နှင့်ဆက်စပ်ပစ္စည်းစျေးကွက်လှုပ်ခတ်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေစျေးကွက် ပုံမှန်မဟုတ် မှန်းဆရခက်နေမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

အနောက်တောင်မုတ်သုံလေသည် ရေလောပေါ်ရှုပ်ကာပြေးနေ၏။ မုတ်သုံလေနှင့်အတူ လွင့်ရောပါလာသော မိုးစက်မိုးရွှန်များသည် ခပ်ဖွဲဖွဲဖြစ်ကျလာကြ၏။ မိုးစက်မိုးပေါက်များအဖြစ်တော့ ရောက်မလာကြပေ။

လေဖိအားကြောင့် ရေပြင်ထက်လှိုင်းကြက်ခွပ်တို့ အားရလာကြ၏။ ရေပြင်ထက်မှ လေ့ငယ်သည် လှိုင်းအရှိန်ကြောင့် လွန်လောလူးလောအလိုက်သင့်မျောနေ၏။ ကောင်းကင်တော့ တိမ်ထူတိမ်ထပ်ကာမှောင်နေ၏။

ကိုလွန်းရင်သည် လှေပေါ်တွင် တက်ကိုအလိုက်သင့်ထိန်းရင်းမှ ရာသီဥတုအခြေအနေကို တွက်ဆအကဲခတ်သည်။ ဒီမိုးဒီလေဒီအခြေအနေသည် ရုတ်တရက် ပြောင်းလဲသွားနိုင်သော အပြောင်းအလဲတစ်ခုမဟုတ်ဟု သူကြိုတင်ကာ ကောက်ချက်ချမိသည်။ ယမန်နှစ်သည် ဝါဆိုအဝင်ကာလအထိ မိုးဟုတ်တိပတ်တိမမြင်ရသေးပေ။

မိုးမခေါင်ဘူးသောအရပ်မို့ မိမိတွက်ဆချက်မမှားလျှင် ယမန်နှစ်မိုးနှောင်းပိုးအား အင်မတန်ကောင်းပေလိမ့်မည်။ ကိုလွန်းရင် တစ်သက် ဒီတက်၊ ဒီတံငါဖက်၊ ဒီမြစ်နှင့်အသက်ဆက်လာခဲ့သည်။ ယောက်ျားဖောင်စီး မိန်းမမီးနေတံငါလှေနှင့်တံငါတောဘဝကို အမြဲမျောထားခဲ့သော တံငါသည်စင်စစ်သာ။

ကိုလွန်းရင်သည် မိမိပိုက်တန်းအား မျောချထားဆဲ ဖြစ်၏။ နောက်ဆုံးအသုတ်လည်းဖြစ်သည်မို့ အချိန်ကို အသာဆွဲဆန့်ပြီး လှေကိုအလိုက်သင့်မျောကာထိန်းထားခြင်းပင်။ နေ့စဉ်ထက်ငါးအလိုက်နှေးခြင်း၊ ရာသီဥတုမမှန်ခြင်းစသည်တို့ ထောက်ရှုတွက်ဆကာ အချိန်ခိုနေခြင်း ဖြစ်၏။

မခိုရမဖြစ်။ ရာသီဥတုအခြေအနေပေါ်လိုက်သောတံငါအနေအထားသဘောတရားသည်လည်း အပြောင်းအလဲဆန်တတ်တာမျိုးရှိတတ်သည်။ အပြောင်းအလဲအပေါ်မူတည်ပြီး လိုက်*ပါပြောင်းလဲရတာလည်းရှိသည်*။

အိမ်မှဇနီး မခင်ရီ ကိုယ်ဝန်နေ့စေ့လစေ့ကျန်ခဲ့သည်။ ယမန်နှစ် မိုးကာလတစ်လျှောက်ကြုံတွေ့ရင်ဆိုင်လာရမည့် မိသားစုပုံမှန်လည်ပတ်ရေးအကျပ်အတည်းဆိုတာကို အဓိကထည့်တွေးထားရ၏။ မိသားစု၏ ပင်မမဏ္ဍိုင်သည် ကိုလွန်းရင် ဖြစ်၏။ အသက်မွေးကျောင်းအလုပ်၊ မိသားစုအဓိကဝမ်းရေးအဖြစ် ကိုလွန်းရင်၏ ကျွမ်းကျင်ရာ လိမ္မာရာတံငါသည်ဘဝသည်သာ ကိုလွန်းရင်နှင့် မိသားစုဘဝ၏ အဓိကကျဆုံးသော မှီခိုခံမဟာမဏ္ဍိုင်ကြီးတစ်ရပ် ဖြစ်လေ၏။ ထို့ကြောင့် ကိုလွန်းရင်သည် မိမိအသက်မွေးအလုပ်၌ ကျွမ်းကျင်၏။ အရာရာတန်ဖိုးထားပြီး အခြေခံအပြောင်းအလဲကလေးမှအစ မိမိအလုပ်နှင့်ပတ်သက်လာလျှင် ကျွမ်းကျင်ပိုင်နိုင်စွာကြိုတင်တွက်ဆနိုင်စွမ်းသောအဆင့်ရှိ၏။

ယမန်နေ့ည ပြောင်းလဲနေသောရာသီဥတုအခြေအနေအပေါ်မူတည်ပြီး ငါးအလိုက်နှေးနေ၏။ ညဦးလည်ယံအဝင် ကိုလွန်းရင်တို့နေထိုင်ရာ ရွာလေး *ဘက်မှ သက်ကြီးခေါင်းချ ကြက်တွန်သံ* တို့ကြားရ၏။ မြစ်လယ်သို့ ရောက်နေသော ကိုလွန်းရင်နှင့် သူလေ့ကလေး



www.burmeseclassic.com

www.burmeseclassic.com

သည် အမှောင်စိုးမိုးမှုများသော ညဉ့်ဝယ်ဝင် ထင်ရှားသဲကွဲမှုကင်းမဲ့နေခဲ့၏။

ကိုလွန်းရင်သည် လေအကာအကွယ်ကြိုးစားယူလျက် မိမိ၏မီးအုပ်တလေးအား မီးပြန်ညှိ၏။ ပိုက်တန်းအား ပြန်သိမ်းတော့မည်။ အိမ်မှဇနီးသည် မခင်ရီလည်း တစ်ရေးနိုးမျှော်ပေးတော့မည်။

စိတ်ကူးကလေးနှင့် သူပိုက်တန်းသိမ်းသည်။ ထင်သလောက် ငါးအလိုက်ခဲ့ပေမယ့် ဆိုးတော့မဆိုးရှာဟု ဖြည့်စွက်ရသည်။ ငါးသလောက်ကလေးဆွဲ ရေတက်ဦးပေါ်ဦးပေါ်ဖျားလိုက်သည်။

မနက် မြို့တက်ရောင်းမည့် ငါးသလောက်ငါးစိမ်းသည်တွေလက်ထဲ ဈေးကောင်းငါးကလေးတွေထည့်နိုင်လိမ့်မည်။ ဇနီးသည် မခင်ရီကိုတော့ ဒီအလုပ်သူအနားပေးထားသည်မှာကြာလေပြီ။ တံငါနားနီးတံငါ သူဇနီးမခင်ရီ၏အလုပ်ကလည်း ငါးစိမ်းသည်သာပင်တည်း။

လေဝမ်းထဲမှဖမ်းမိထားသော ငါးစိမ်းတွေကို လေကပ်နှင့် အသေအချာဖုံးဖိပြီး သူကမ်းပြန်ကပ်ဖို့ပြင်သည်။ လေပေါ်မှ မီးအုပ်သည် လေတစ်ချက်အတွေ့ဟုပ်ခနဲ မီးစာငြိမ်းသွား၏။ သူမီးလာပြန်မည်တော့ဘဲ လေကို တက်ပြင်ကာ ထိန်းလော်လာခဲ့လိုက်သည်။

ကိုလွန်းရင်၏ လေကလေးသည် ကမ်းသို့တဖြည်းဖြည်းချဉ်းကပ်စပြုလာ၏။ ကမ်းခြေသို့ အသာမျှော်ကြည့်တော့ မှောင်နေ၏။ ရွာ၏မြစ်ကမ်းဆိပ်လည်းဖြစ်၊ ရေချိုးဆိပ်၊ လှေဆိပ်လည်းဖြစ်၊ အရိပ်အာဝါသကောင်းအပင်ကြီးငယ်လည်းစပ်သောကြောင့်ပင် ပတ်ဝန်းကျင်အုပ်ဆိုင်းလှတာဖြစ်၏။

လရောင်ရှိသောညမှာဆိုလျှင်ဖြင့် အတန်အသင့်မြင်သာထင်သာ ပတ်ဝန်းကျင်ဖြစ်နိုင်ပေမယ့် ယခုကဲ့သို့ မှောင်နေသော် ကျင့်သားမရှိလျှင် ကိုယ့်ကမ်းဆိပ်

(မအူပင်)

အိုအေစစ်

စည်းထားကြသူများ

www.burmeseclassic.com

www.burmeseclassic.com

ပင်ကိုယ် မှတ်မိနိုင်ရန်မလွယ်။ ရေစီးနှင့် မသိသာဘဲ လှေက ရွှေ့လျားတတ်၏။ ပဲ့ထိန်းဦးထိန်းကား တစ်ယောက်အား ချည်းမို့ ဂရုစိုက်ကာ အားထည့်ပေးရ၏။

ဝိုးတဝါးဆိုပေမယ့် ကမ်းသို့လှမ်းမြင်နိုင်ပြီ။ အတန်အသင့်လှေငြိမ်သော် ပုံမှန်သာလှော်ရင်း ကမ်းကပ်ဖို့ သူပြင်သည်။ လေမငြိမ်တတ်သေးသဖြင့် မီးအုပ်မီးစာကို ပြန်ပြီးမီးပြန်မည်သေးဘဲ ကမ်းကပ်ပြီးမှ မီးပြန်ညှိမည်ဟု သူတွေးထား၏။

ကမ်းထက်မှ ဖျတ်ခနဲလင်းလိုက်သော အရောင်တစ်ချက် သူမြင်သည်။ မသဲကွဲသော်လည်း ဆေးလိပ်မီးရောင်ဆိုတာကို သူသိလိုက်၏။ ကမ်းပေါ်မှာ တစ်စုံတစ်ယောက်တော့ရှိနေပြီဟု သူတွက်ဆလိုက်သည်။

ညဦးပိုင်းက သူတံငါအဖော်စိန်သောင်းနှင့် ကျော်သန်း ရာသီဥတုကြောင့် စောစော ပိုက်တန်းသိမ်းကာပြန်သွားကြနှင့်သည်ကို သူသိသည်။ သူ့ကို ပင် နှုတ်ဆက်သွားကြသေး၏။ ဤတော့ ဒီကောင်တွေထဲက တစ်စုံတစ်ယောက်လည်း မဖြစ်နိုင်ပေ။

လှေကိုကမ်းစပ်အထိ သူဆွဲတင်သည်။ တက်ရေအခြေအနေကြည့်ကာ ဥတ်စိုက်ပြီးလှေကိုကြိုးအခိုင်ချည်သည်။ ပြီးမှ ပိုက်နှင့်လှေဝမ်းထဲကငါးတွေသိမ်းရန်ပြင်သည်။

ဖက်ကြမ်းဆေးလိပ်နုံရနေပြီး ကုန်းပေါ်မှာ ဆေးလိပ်မီးရောင် မြင်နေရ၏။ သို့သော် သူနှုတ်မဆက်ဖြစ်သေးဘဲ လုပ်စရာရှိတာ ဆက်လုပ်နေခဲ့၏။ ဆေးလိပ်နုံရကာမှ ခံတွင်းကချဉ်လာသဖြင့် မသိမသာ မျိုသိပ်ဖြေဖျောက်ထားလိုက်ရသေး၏။

"ဗျို့ ဆရာရေ၊ ဒီအချိန်ကြီးမှပိုက်ဆင်းမလို့လား။ ဒါမှမဟုတ်အသိမ်းလားဗျ။ ဘယ်သူလဲတော့မသိဘူး၊ အပြန်ဆိုလည်း အဖော်ရပါ့ဗျာ။ ကျုပ်တော့ သိမ်းပြီဆရာရေ၊ ရာသီဥတုက သိပ်ဟန်မကျဘူးရယ်"

လုပ်လက်စကို လက်စသတ်ပြီး ကမ်းပေါ်ပြန်အတက် ကိုလွန်းရင်ကစ၍ နှုတ်ဆက်စကား အလိုက်တသိ စဖြစ်၏။ သူကသာစကားဆုံးသွားသော်လည်း တစ်ဖက်လူက စကားပြန်မစပေ။ ပခုံးပေါ်မှ ပိုက်နှင့် ငါးထမ်းပိုးချကာ သူခရီးနားရင်း ဆေးလိပ်သောက်ဖို့ ပြင်၏။

လက်ထဲမှ ဆွဲကိုင်ထားသော မီးအုပ်မီးစာအရင်ညှိရန် မီးခြစ်ထုတ်ခြစ်သည်။ လက်မှ ရေစာတ်ကြောင့် မီးကမပွင့်ပေ။ အတန်ကြာသည်ထိတိုင်ပင်မထူးခြား။

ထိုမှအခိုက် မသဲမကွဲပုံရိပ်ကအနားရွှေ့လာ၏။ ဖောက်ခနဲ မီးခြစ်ကာ ကိုလွန်းရင်၏မီးအုပ်မီးကာကို မီးလာကူညှိပေးသည်။ မီးအလင်းရောင်ရပြီးသော် ပတ်ဝန်းကျင်သည် အတန်အသင့်ထင်သာမြင်သာရှိလာ၏။

ဆေးလိပ်ကိုရှာဖွေထုတ်ယူပြီး မီးအုပ်မှမီးစာဖြင့်ပင် ကိုလွန်းရင် မီးညှိကာ ခပ်ပြင်းပြင်းရှိုက်ဖွာသည်။ ပြီးမှ ကျေးဇူးဟုဟု ခပ်အုပ်အုပ်ကြားသာရုံဆိုဖြစ်၏။ ဆေးလိပ်တစ်ဖွာနှစ်ဖွာဆက်ဖွာရ၏။ သူထိုသူ့ထံလှမ်းကြည့်အကဲခတ်သည်။

ဘယ်သူဘယ်ဝါ ရေရေရာရာမဝေခွဲမိပေမယ့် သူမရင်နှီးသူထဲကတော့ဖြစ်နိုင်တာသေချာပြီ။ သူလည်း သိပ်ပြီးဆက်မတွေးဖြစ်၊ အသာပြန်နှုတ်ဆိတ်ပြီးနေ၏။ တစ်ဖက်မှ လူသည် ဆေးလိပ်အဖွာမပျက်၊ မြစ်ဘက်ကိုငေးမောနေ၏။

မျက်စောင်းထိုးမကျ၊ ဘေးတိုက်မကျ၊ ကျောပေးအနေအထားအရလည်း ဖြစ်နေသည်မို့ မျက်နှာလည်း ထင်ရှားသဲကွဲစွာမမြင်ရပေ။ သူစိမ်းပေမယ့် ပတ်ဝန်းကျင်မှာ လက်ရှိနှစ်ယောက်တည်းဟူသောအသိ၊ ခင်ရာဆွေမျိုးစိတ်အရှိအတိုင်း ပြန်ခါနီးဆဲဆဲ သူထပ်မံပြီး စကားဆိုဖြစ်သည်။ စရသည့်စကားသည် အမေးစကားသာ။

"ဗျို့ - ဆရာ၊ မြစ်ထဲပြန်ဆင်းမှာလားဗျ"

"မဟုတ်ဘူး၊ ကျုပ်ဟိုဘက်ကမ်းသွားမှာ"

ခပ်ပြတ်ပြတ်ပြန်ဖြေသော အဖြေစကားတစ်ခုကြောင့် ကိုလွန်းရင် ပြန်တွေဝေသွားရသည်။ ဒီလိုအချိန်အခါမျိုး ကြီးကျမှ ဒီလူ့အဖြေစကားက အဆန်းပေသားမို့ပင်။ သူလိုငါလို တံငါပိုက်တန်းသမားတစ်ယောက်လည်း မဖြစ်နိုင်တော့မှန်း ကိုလွန်းရင် ရိပ်စားမိလိုက်ပြန်၏။

"တို့ဆရာက ဧည့်သည်ထင်ရဲ့။ ဟိုဘက်ကမ်းသွားမယ်ဆို လှေကြွမရှိနိုင်တော့ဘူးဗျ။ ဒီအချိန်က တံငါသည်မှန်သမျှ သိမ်းကြပြီလေ"

"လာခေါ်မယ့်ကူးတို့စောင့်နေတာ။ ဒီကောင်တွေ ကတိပျက်တဲ့အထိ ကျုပ်စောင့်မှာပဲ။ ကျုပ်ဘက် ကတိမပျက်ဘူးလေ"

"အင်းပေါ့လေ၊ ဆရာလည်းကိုယ့်အကြောင်းနဲ့ကိုယ်ရှိမပေါ့။ မေးကြည့်တာပါ တစ်မျိုးမထင်ပါနဲ့နော်"

ထွေထွေထူးထူး ဆက်မတွေးဆက်မမေးတော့ဘဲ ဒွိဟစိတ်အနည်းငယ်ဖြင့် သူပခုံးပေါ် ထမ်းပိုးပြန်တင်၊ လက်တစ်ဖက်မှာ မီးအုပ်ဆွဲရင်း ပြန်ရန်ပြင်သည်။

"ကဲ-ဆရာရေ၊ ကျုပ်တော့နောက်ကျနေလို့ပြန်ဦးမဗျ"

ဟု နောက်ဆုံးအကြိမ် နှုတ်ဆက်စကားဆိုဖြစ်၏။

"နေဦးဗျ မိတ်ဆွေ"

စောစောကလို ပြတ်သားသောအသံဖြင့် တားမြစ်စကားကြောင့် သူပြင်ဆဲခြေလှမ်းတွေ တုံ့ခနရပ်သွားခဲ့၏။ ဖျတ်ခနဲပြန်လှည့်ကြည့်ဖြစ်ကာ -

"ပြောပါခင်ဗျာ၊ ဆရာပြောပါ"

ဟု ဆိုသော် တစ်ဖက်လူသည် သူနှင့် မျက်နှာချင်းဆိုင်အနေအထားရင်ဆိုင်ထားလိုက်ရင်းမှ စကားဆက်လေ၏။

"ဒီလိုလုပ်ဗျာ၊ ကျုပ်ကလည်း ဒီဥဟိုဘက်ကမ်းကို မသွားလို့မဖြစ်ဘူး သွားကိုသွားမှဖြစ်မယ်၊ အကူအညီတောင်းချင်တယ်။ မိတ်ဆွေဘက်ကပြန်နိုင်ရင်ပေါ့"

"အကူအညီ၊ ဖြစ်နိုင်ရင်ပြောပါဆရာ အားမနာပါနဲ့။ ကူညီနိုင်တာကူညီပေးပါ့မယ်"

"ကျုပ်ကို ဟိုဘက်ကမ်းလိုက်ပို့ပေးနိုင်မလား။ အလကားမဟုတ်ပါဘူး မိတ်ဆွေ လိုချင်သလောက်ပြောတောင်းပါ။ ကျုပ်ထိုက်သင့်တဲ့ကူးတို့ပို့ပေးမှာပါ"

ကိုလွန်းရင် ရုတ်တရက်ထွေတွေဝေသွားခဲ့ရလေသည်။ မည်သည့်အဖြေစကားမျှမတုံ့ပြန်ဖြစ်ဘဲ တစ်ဖက်လူကို ဒွိဟဖြင့်ကြည့်နေမိခဲ့၏။ အခြေအနေလည်းလင့်နေသည်ကတစ်ကြောင်း၊ အမှောင်ထုထဲမှာ ဇနီးသည်ကလည်းမျှော်နေလောက်ပြီဆိုတာကို သိနေ၍တစ်ကြောင်း အကြောင်းထောက်ကာ အရင်းခံကူးခြင်စိတ်နှင့် ဒွိဟဖြစ်နေခဲ့ခြင်း ဖြစ်၏။

"ဆရာကမသွားမဖြစ်သွားရမလားဗျ"

"ဟုတ်တယ် မိတ်ဆွေ၊ ကျုပ်မသွားမဖြစ်ဘဲ"

"အင်းဗျာ၊ ကျုပ်လည်းအခြိန်လင့်နေတာကြောင့်ပါ ကူညီချင်ပါရဲ့။ အိမ်မှာလည်း မိန်းမကမျှော်နေလောက်ပြီ မထူးပါဘူးရယ်လေ။ ဆရာကလည်း မဖြစ်မနေ အကူအညီလိုနေမှကိုး"

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင်ချပြီး ကိုလွန်းရင် တစ်ဖက်လူ၏တောင်းဆိုမှုအား လက်ခံမှုပြုခဲ့၏။ ကမ်းဆိပ်သို့ ပြန်ဆင်းကာ လှေကြီးဖြေသည်။ ပိုက်နှင့် ငါးထမ်းပိုးပြန်တင်သည်။

"ကဲ-ဆရာ၊ အဆင်ပြေသလိုသာ ဆက်ထိုင်တော့ဗျာ။ ကျုပ်ဟိုဘက်ကမ်း အရောက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်တယ် မိတ်ဆွေ၊ ကူညီပေးတာကို ကျေးဇူးတို့ပြန်ပါ့မယ်"

"ရပါတယ်ဗျာ၊ အကူအညီလိုလို့ အကူအညီပေးရတာပဲ။ ကျုပ်လည်း ဘုသိုလ်တစ်ခုရတာပေါ့လေ"

ကိုလွန်းရင်သည် ပဲ့ပိုင်းမှနေ၍ လှေတလေးအား အထွက်ဆားပါပါဖြင့် ဆော့ထွက်လိုက်လေ၏။ စောစောက ဆေးမောင်နေသော တိမ်သားတိမ်တိုက်ကို သည် တစ်စတစ်စ လေပင့်ဆောင်ရာ ဆီသွားကြပြီး ကောင်းကင်ပြန်လည် ကြည်လင်လာ၏။ မိုးရန်သင်းသော လေအေးနှင့် ရေလာပေါ်မှ လှေကလေးသည် တိုတစ်စသည်တစ်စကြယ်ရောင် ရွှန်းဖျအောက် တရွေ့ရွေ့နှင့် မြစ်ကို ဖြတ်လန်ဖြတ်ကာကူးနေခဲ့၏။

"မိတ်ဆွေကဒီရွာကပဲလား"

လှေဦးပိုင်း၌ ထိုင်လျက်လိုက်ပါ လာ ဆေးလိပ်ဖွာမြတ် ရုတ်တရက် တစ်ဖက်လူ မိတ်ဆက်စကားစသဖြင့် ကိုလွန်းရင် ရောက်တတ်ရာရာအတွေးစ ဆက်ခဲ့ရပ်သွားရ၏။ ကိုလွန်းရင် ပြန်မြေ၏။ မိမိသည် ဤရွာ ယော်မွေးခြံ သိတ်တစ်ယောက်ဖြစ်ကြောင်းအပြင် ဆားဆက်ရင်း မိမိ၏ တိမ်းပါးသွား ရပ်ကြပြီးမိဘများအကြောင်းပါ ပါဝင် သွားခဲ့သည်။

"ဩော် - ဒီလိုဆို တံငါသည် ကိုလွန်းမော်ဟာ ဒီကမိတ်ဆွေရဲ့အဖေ ပဲ

"ဆရာက ကျုပ်အဖေကို သိများ သိသလားရယ်ဗျ"

"အင်း - သိပါတယ်ဗဲ့ဆိုပါတော့ ဆား ဒါတွေကလည်း ကြာခဲ့ပြီလေ။ မိတ်ဆွေရဲ့အဖေမှတင် မဟုတ်ရပါဘူး၊ မိတ်ဆွေရဲ့ အဘိုးအဘေးလောက်အထိ ပဲ့။ သိပါတယ်၊ သိခဲ့ကြပါတယ်"

မြတ်သားသော်လည်း ထူးဆန်း သောစကားတို့ကြောင့် ကိုလွန်းရင် ဆွေးမြေ့အမှင်တက်ရပြန်၏။ သို့သော် ကိုလွန်းရင်ဆက်၍ အမေးစကားမဆက် သည့်အတွေးဖြင့်သာလှေကိုဆက်၍ ခတ် ဆန်ခဲ့သည်။ သေချာတာတစ်ခုကတော့ တစ်ဖက်လူသူစိမ်း၏ထူးခြားမှုကိုလည်း သတိထားမိနေခဲ့သည်မှာ အမှန်ပင်။

သို့သော် ကိုလွန်းရင်၏စိတ်သည် မှန်းဆရလည်းခက်နေ၏။ တစ်ချက် တစ်ချက် လေးလံထိုင်းမှိုင်းလာသလို ခံစားရပြန်၏။ စိတ်၏ လက်ရှိအခြေ အနေ အရပ်ရပ်ကိုလည်း မိမိကိုယ်တိုင် မပိုင်နိုင်သလို ခံစားနေရသည်ဟုထင်နေ မိပြန် ၏။

"မိတ်ဆွေရဲ့အဖေ ဦးလွန်းမော်ရှိ တုန်းက ကျုပ်ကို အခုမိတ်ဆွေကူညီ သလို ကူညီခဲ့ဖူးတယ်။ တံငါသည် လူ စိတ်ကောင်းပေါ့ဗျာ။ ကျုပ်လည်း သူ့ကို ထိုက်သင့်တဲ့ တုံ့ပြန်ကျေးဇူးပြုခဲ့ဖူးပါ တယ်"

"ဒါနဲ့နေပါဦးရယ်ဗျာ၊ ဒီကဆရာ က ကျုပ်အဖေကို သိတာ ဟုတ်ပါပြီ။ ကျုပ်ရဲ့အဘိုးအဘေးဆိုလား စောစော က ပြောလိုက်တာကြားမိသလားလို့"

အမှန်တော့ ဒီမေးခွန်းအား ကိုလွန်းရင် မေးမြန်းချင်နေခဲ့၏။ စိတ် မပိုင်နှုတ်မထွက်၍ မိမိဘာသာဆိတ်ငြိမ် နေခဲ့ရခြင်းသာပင်။ ယခုတစ်ဖန် စကား ပြန်အဆက်တော့ သူနှုတ်က လွှဲခနဲ ထွက်သွားခဲ့လေ၏။

"သံသရာဆိုတာ သိပ်ရှည်လျားလွန်းတယ် မိတ်ဆွေ။ အဲဒါကြောင့် သံသရာမှာကျင်လည်နေကြသမျှပြောပြရင် မကုန်ကြတဲ့အကြောင်းတရားအများကြီးရှိနေတတ်ကြတယ်။ မိတ်ဆွေကို ကျုပ်ရှင်းပြနေလည်း သံသရာဆိုတာ ကြီးက ဘယ်တော့မှ မပြီးဆုံး မရပ်နားသွားနိုင်ပါဘူး"

ကမ်းသို့ လှေကလေးကပ်လုလု တွင် ကိုလွန်းရင်သည် မိမိတာဝန်ဝတ္တရား တစ်ခုကျေပွန်ပြီးမြောက်ပြီဟူသောအသိ ဖြင့် စိတ်လည်းအတန်အသင့်ပေါ့ပါးစ ပြုလာသလို ခံစားရပြီး -

"ဗျို့ဆရာ၊ အဆင်ပြေတဲ့နေရာပဲ ကပ်လိုက်မယ်ဗျာ။ ဒီဘက်ကမ်းကလည်း ကမ်းပြိုလွန်းလို့ လှေဆိပ်ပျောက်နေ တော့"

ဟု စကားပြန်စ အသိပေးမိလေ ၏။

"ကိစ္စမရှိဘူး မိတ်ဆွေ၊ ကျုပ် အဆင်ပြေပါတယ်။ ဩော်-ဒါနဲ့မိတ်ဆွေ ကူးတို့ပို့ခ"

"အာ - နေပါစေရယ်ဗျာ၊ ကျုပ် အဲဒီသဘောနဲ့ လိုက်ပို့တာမဟုတ်ပါဘူး။ ဒီကဆရာအကူအညီလိုနေလို့သာ ကူညီ ပေးတဲ့သဘောရယ်ပါ။ အဲဒီလိုမမျှော် လင့်ထားပါဘူးရယ်"

"ဘယ်ဟုတ်ပါ့မလဲ မိတ်ဆွေ၊ ကျုပ်တို့က သံသရာခရီးသွားတွေပါ။ သံသရာမှာသွားနေကြတာချင်းတူပေမယ့် လမ်းချင်း၊ ရည်ရွယ်ချက်ချင်းမတူကြဘူး မိတ်ဆွေ။ တန်ရာတန်ကြေးပေါ့လေ။ ကဲပါလေ အချိန်ကလည်းလင့်နေနောင်း နေပါပကော။ ကျုပ်ပေးနေလည်း မိတ်ဆွေက ငြင်းဆန်နေမယ့်လူစားဆို တာ ကျုပ်သိနေတော့ တန်ရာတန်ကြေး ကျုပ်ဘာသာပေးခဲ့မယ်။ ကျုပ်ဆန္ဒနဲ့ ကျုပ်ပေါ့။ အေးအေးချမ်းချမ်း အန္တရာယ် ကင်းကင်းပြန်ပါ မိတ်ဆွေ။ ကျုပ်တော့ ကျုပ်တာဝန်ကလေးတွေရှိလို့သွားရဦး တော့မယ်"

ကိုလွန်းရင်သည် ကမ်းကပ်လှေ ကလေးထိန်းရင်း ကြောင်အမ်းအမ်းဖြင့် တစ်ဖက်လူပြောသမျှ နားထောင်၊ ပြုမူ သမျှ ငေးရင်းသာနေမိ၏။ လှေကလေး သည် သိမ့်ခနဲတစ်ချက်ခါ၍ လူးသွား၏။ သူကြည့်ငေးနေရင်းမှာပင် တစ်ဖက်လူ သူစိမ်းသည် ကမ်းစပ်အမှောင်ရိပ်သို့ ခုန်ဆင်းသွားခဲ့လေပြီ ဖြစ်၏။

သို့ပေသည့်တိုင် ကိုလွန်းရင်စိတ် သည် မိမိကိုယ်တိုင် အစိုးမရဆဲသာ။ တစ်ဖက်လူ သူစိမ်းသည် ကမ်းစပ် အမှောင်မှတစ်ဆင့် ပို၍မှောင်မိုက်ရာ ကမ်းပေါ်သို့ ရုတ်ခြည်းတိုးဝင်ပျောက် ကွယ်သွားခဲ့လေပြီ ဖြစ်သည်။ ထိုမျှ အတန်ကြာသည့်တိုင် ကိုလွန်းရင်သည် ငေးမောတွေဝေနေမိဆဲပင်။

ပစ္စုပ္ပန်အခြေအနေကို သိသိသာ သာ ထင်ထင်ရှားရှား မိမိပြန်သတိထား လာမိချိန်တွင် ကမ်းစပ်အမှောင်လှေက လေးထက်မှ ကိုလွန်းရင်နှင့် ဆိတ်ညံ သောပတ်ဝန်းကျင်တစ်ခုသာ ကျန်ရစ်ခဲ့ တော့၏။ ကိုလွန်းရင်သည် ယခုအချိန် ကြကာမှပင် မိမိကိုယ်မိမိ အထူးတဏှာ သတိထားမိရင်း လတ်တလောဖြစ်ပြီးခဲ့ သမျှ အခြေအနေအရပ်ရပ်ကို အိပ်မက် ပမာ မယုံဝံ့သလိုရှိလာတော့သည်။ တစ်ပြိုင်နက်တည်းလိုလို အကြောက် တရားနည်းပါးတတ်သူမို့ မိမိ၏လက်ရှိ အခြေအနေအပေါ် အထူးတလည် သတိကြီးကြီးကပ်၍ မိမိလုပ်သင့်သည် တို့ကို ချက်ချင်း ရိပ်စားသတိထားမိလိုက် လေ၏။

ကိုလွန်းရင်သည် မိမိလေ့လာ လိုက်စားနိုင်စွမ်းသမျှသော ဘုရားဂုဏ် တော်၊ တရားဂုဏ်တော်များ အာရုံပြု ရွတ်ဖတ်လျက် မြင်အပ်၊ မမြင်အပ်

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါအပေါင်း ခြုံငုံမေတ္တာပို့သလေသည်။ မိမိခေါင်းထဲ အစီအရီဝင်ရောက်လာသော ကြားဖူးနားဝ ပရလောက နာနာဘာဝသားတို့၏ အကြောင်းအရာအမျိုးမျိုး၊ ကြုံတွေ့ခံစားခဲ့ရဖူးတို့၏ ပြောစကားများအား ဆင်ခြင်သိမြင်လျက် မိမိရောက်ရှိနေသောနေရာမှ အမြန်ဆုံး စွန့်ခွာရန်ပြင်လိုက်လေ၏။ သို့သော် ကိုလွန်းရင်သည် ပုထုဇဉ်လူသားပီပီ အကြောက်တရားလည်း နည်းပါးတတ်သူမို့ မိမိလှေကလေးအား လာရာကမ်းဘက်တပ်ဦးကွေ့ပြီးကာမှ အမှတ်မထင် မိမိအနောက်ကမ်းထက်သို့လည်ပြန်၍ မျှော်ကြည့်မိလိုက်လေ၏။

ကမ်းထက်ရှိ ပတ်ဝန်းကျင်သည် အမှောင်ထုဆိုင်းငြား မြင်သောအနေအထားမျှ ကိုလွန်းရင် မြင်သာနိုင်နေသောကြောင့် စူးစမ်းမိလိုက်ခြင်းလည်း ဖြစ်၏။ သို့သော် ထင်ရှားသဲကွဲသော အဆင့်မဟုတ်ခဲ့ချေ။ စောစောက အမှောင်လွှမ်းခြုံထားသောကမ်းထက်တွင် လူပ်ရှားသက်ဝင်နေသော ပုံရိပ်သဏ္ဌာန်များစွာကို သူမြင်ခွင့်ရလိုက်လေသည်။

ကိုလွန်းရင်သည် ဆက်လက်၍ အထူးအထွေစဉ်းစားခြင်းမရှိတော့ဘဲ မိမိလှေကလေးကိုသာ ကမ်းနှင့်ဝေးသထက်ဝေးကွာရန် အားစိုက်တွန်းလှော်လေ၏။ လှေကလေးသည် ရေစီးရေဆန်မြစ်ကို ကန့်လန့်အနေအထား ဖြတ်ကူးနေပြီး ကိုလွန်းရင်၏ အတွေးတို့သည်လည်း လှေကလေးနည်းတူ တစ်စုံတစ်ရာတွန်းလှန်ဖြတ်သန်းလျက် အတိတ်ဆီဦးတည်သွားနေတော့၏။ မိမိ၏ဖခင်တဲ့ါသည် ဦးလွန်းမော်ရှိစဉ်အခါ မိမိငယ်စဉ်က မိမိ၏ဖခင် ဝါရင့်တံငါသည်ဖခင်ကြီး၏ တွေ့ကြုံဖြတ်သန်းခဲ့ရသော အဖြစ်အပျက်တချို့ပါဝင်သောမိမိမှတ်မိသောအတိတ်ဖြစ်လေ၏။

❑

မိုးလေပြင်းထန်သောလည်ဘတစ်ည ကိုလွန်းရင်၏ဖခင်တံငါသည်ဦးလွန်းမော်သည် တံငါသိမ်းချိန်နှောင်းမှ မိမိအိမ်သို့ အမောတကောပြန်ရောက်လာကာ ဇနီးနှင့်လောက်လားသောသားကြီးသမီးကြီးများခေါ်၍ ကမ်းသို့ပြန်ဆင်းသွားခဲ့သည်။ ကမ်းမှပြန်လာသော် လှေဝမ်းပြည့်မျှသောသားကြီးငါးကြီးများ ထမ်းပိုးလာခဲ့ကြလေသည်။ အခြေအနေအပေါ် ထူးဆန်းအံ့အားသင့်နေကြသော ဇနီးနှင့် သားသမီးများအား ပတ်ဝန်းကျင်သို့ မပေါက်ကြားစေရန် အကြိမ်ကြိမ်အထပ်ထပ် သတိပေးမှာကြားလျက် မိမိအဖြစ်အပျက်အား ပြန်လည်ဖော်ပြလေသည်မှာ -

ယမန်နေ့ညတွင် ရာသီဥတုဆိုးနှင့်ကြုံ၍ မိမိပိုက်တန်း ငါးအလိုက်နည်းနေကြောင်းနှင့်၊ စိတ်ပျက်လက်ပျက်ပိုက်တန်းသိမ်းကာ အိမ်ပြန်လာကြောင်း၊ အိမ်သို့မရောက်မီ လှေဆိပ်တွင် မိမိမသိသော လူသုံးလေးယောက်နှင့် တွေ့ဆုံခဲ့ကြောင်း အကျယ်တစ်ဖွင့်စတင်ရှင်းပြလေသည်။ ထို့နောက် ထိုလူသုံးယောက်က မိမိအား တစ်ဖက်ကမ်းသို့လိုက်ပို့ပေးရန်နှင့် ထိုက်သင့်သော ကူးတို့ပို့ခပေးမည်ဟုပြောလေ၏။ မိမိကလည်း ထိုက်သင့်သည်ထက်ပိုကာ ရနိုင်မှပို့ပေးမည်ဟုဆိုခဲ့လေ၏။

အချိန်မတော် တစ်ဖက်ကမ်းသို့ အရေးတကြီးသွားလိုသော သူစိမ်းများကလည်း မိမိဆန္ဒကို မငြင်းမဆန် ခေါင်းညိတ်လက်ခံခဲ့လေ၏။ ထိုသို့ နှစ်ဖက်သဘောတူပြီး မိမိလှေလည်း ကြည်ကြည်ဖြူဖြူလိုက်ပို့ပေးခဲ့လေ၏။ တစ်ဖက်ကမ်းသို့ လှေကပ်ပို့၊ ထိုလူစိမ်းများက မိမိအား နှုတ်ပင်မဆက် ကမ်းပေါ် တက်သွားကြပြီး ကမ်းပေါ်တွင်လည်း အမျိုးအမည်မသိ ရုပ်လုံးမကွဲ ပုံရိပ်သဏ္ဌာန်များလူပ်ရှားသက်ဝင်နေသည်ကို မိမိမြင်ခဲ့ရလေသည်။

သတိပြန်ဝင်လာချင်း မိမိလည်း လှေကို အားကုန်လှော်ကာ ပြန်လာခဲ့ရလေသည်။ မိမိအဖြစ်အပျက်အား အိပ်မက်လိုလို၊ လက်တွေ့လိုလို မရေမရာ မသဲမကွဲ ဦးပုမျှားခံစားမိပြီး နောက် မိမိလှေ တစ်ဖက်ကမ်းသို့ ပြန်မရောက်မီ မြစ်လယ်သို့အရောက် လှေဝမ်းထဲမှ ထူးခြားမှုကို သတိပြုမိခဲ့လေ၏။ သာမန်ထက်ပိုသော အလေးချိန်နှစ်အားရှိနေသော လှေပိတ်ကို မသက်၍ လှေကပ်မှားဖွင့်ကြည့်မိလေသည်။

သူလုံးဝထင်မှတ်မျှော်လင့်မထားသော မြင်ကွင်းကိုမြင်လိုက်ရခြင်းပင် ဖြစ်၏။ သူ့လှေဝမ်းထဲတွင် ဘယ်အချိန်က ရောက်နှင့်နေမှန်းမသိသော အရှင်လတ်လတ် ငါးကြီးငါးကောင်းများတဖျတ်ဖျတ်ခုန်နေခဲ့ကြသည်။ တစ်စုံတစ်ရာကို သိလိုက်နိုင်သောစိတ်၊ တစ်စုံတစ်ရာကို နားမလည်လိုက်နိုင်သောစိတ် စသဖြင့် ဒွေဒေါယျက်တင်အသိမျိုးစုံဖြင့် သူအိမ်သို့အရောက်ပြန်လာခဲ့နိုင်ခြင်းပေတည်း။

ကြားဖူးနားဝ အမှတ်မထင်ရှားတော့သည့်တိုင် ကိုလွန်းရင် စိတ်အာရုံသည် အတိတ်ဆီသို့ပြန်လည်ဖြန့်ကြက်သွားနေခြင်း ဖြစ်သည်။ တစ်စုံတစ်ရာအား မယုံကြည်နိုင်သည့်တိုင် တစ်စုံတစ်ရာအတွက် ဆင်ခြင်နားလည်နိုင်သော အသိသည် မိမိကြုံတွေ့ခံစားလိုက်ရသောကိုယ်တွေ့က သက်သေခံနေ၏။ နာနာဘာဝပရလောကကိုမိမိမယုံကြည်ခဲ့သူပင်။

ယခုမူ အကြောင်းဆက် အကျိုးဆက် တိုက်ဆိုင်မှုတို့ ထပ်တူမျှကျခဲ့ပြီ။ မိမိ၏ ပစ္စုပ္ပန်ကြုံတွေ့ခံစားရသမျှကို အိပ်မက်ပမာ ကြိုးစားမေ့ဖျောက်လိုက်ချေ၏။

မိမိသိသောအခြင်းအရာ၊ အကျိုးအကြောင်းကိုလည်း တတ်နိုင်သမျှ မေ့ဖျောက်ပစ်ကာ နောင်တစ်ဦးတစ်ယောက်ကိုသော်မှ ဖွင့်မပြောဖြစ်ရန် ဆင်ခြင်တွေးဆနှင့်ထားလိုက်၏။ ကမ်းကပ်လှေကလေးကို ကမ်းပေါ် တစ်ဝတ်ဆွဲတင်၊ ကြိုးချည်၊ မိမိသိမ်းဆည်းစရာရှိသည်တို့ကို သိမ်းဆည်းလျက် ခပ်သုတ်သုတ်ပင် အိမ်သို့ပြန်ရန်ပြင်လိုက်သည်။ ထူးဆန်းသော လူပ်ရှားသက်ဝင်သံအချို့သည် ကိုလွန်းရင်လှမ်းနေသောခြေလှမ်းများ ရုတ်တရက်ဆိုသလို ရပ်တန့်သွားစေခဲ့၏။

မသက်ာစိတ်၊ မယုံကြည်စိတ်တို့ကြောင့် စုံရပ်နေသော ကိုလွန်းရင်သည် မိမိရပ်နေသောနေရာမှပင် မိမိလှေကလေးဆီ လည်ပြန်လှည့်ကြည့်မိလျက်သားဖြစ်သွား၏။ လူပ်ရှားမှု၊ လူပ်ရှားသံ သေချာပြီဆိုတော့မှ ကိုလွန်းရင်သည် ယတိပြတ်ဆုံးဖြတ်ချက်ဖြင့် ခြေလှမ်းများ နောက်ပြန်လှည့်ဖြစ်ခဲ့၏။

လှေကလေးနားသို့ ရောက်သော် ကိုလွန်းရင် ပခုံးပေါ်မှ ထမ်းပိုးကို အသာချလိုက်၏။ ကိုလွန်းရင် လက်များသည် လှေဝမ်းကို ဖုံးဖိထားသည့်ကပ်များကို အသာမ,မိလျက်သား။ မမျှော်လင့်သော မြင်ကွင်းတစ်ရပ်သည် စောစောကအား လာရာလှေဝမ်းထဲတွင် တဖျတ်ဖျတ်ထူလွန့်လှုပ်ရှားကာ သူ့ကို စောင့်ကြိုနေ၏။

ကြီးမားသော ငါးသလောက်ကြီးများသည် သူ့အတွက် တန်ရာတန်ကြေး ကူးတို့ပို့ခပင်တည်း။

အိုအေစစ် (မလုပ်)

www.burmeseclassic.com

www.burmeseclassic.com

[redacted]

မှတ်မှတ်ရရ ငယ်စဉ်က

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဦးဇဝါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇဋိလ(Ph.D)ဟာဖြင့် သက်တော် (၈၁) ဝါတော် (၆၁) ဝါအရ ၂၈-၁-၁၆ ည (၉) နာရီဝန်းကျင်မှာ ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့ပါတယ်။

ကျွန်တော်တို့ တပည့်ဒကာ၊ တပည့်တပဏာမတွေမှာတော့ နမြောမဆုံး ယူကျုံးမရ တသသဖြစ်နေကြရပါတယ်။ ဘာလို့သနည်းဆိုတော့ ဆရာတော်ကြီးရဲ့ မေတ္တာရိပ်မှာ ခိုလှုံခွင့်ရကြတဲ့သူတိုင်း ဆင်းရဲခဲသော၊ ပုဂ္ဂိုလ်ကြီးငယ်၊ အရွယ်မရွေး၊ ဘဝပြုံးတည်းညီ ကြက်မကြီးက ကြက်သလေးတွေကို အတောင်နဲ့အုပ်ကာ နွေးထွေးစေသလို အားလုံးနွေးထွေးလို့ပါပဲ။

ဆရာတော်ကြီးရဲ့ အန္တိမစျာပနဒေါ်ပွဲကို အကြောင်းကြောင်းကြောင့် ကျွန်တော် သွားရောက် မပူဇော်နိုင်ခဲ့ပေမယ့် ဆရာတော်ကြီးရဲ့ ကျေးဇူးဂုဏ်အနန္တတို့တော့ ကျွန်တော် ဆင်ခြင်သုံးသပ်ကာ ရှိခိုးပူဇော်နေမိပါတယ်။ ဦးတော့ ဆရာတော်ကြီးရဲ့ မြင့်မြတ်တဲ့ စိတ်ထားကိုလည်း ပြန်လည်တမ်းတကာ ကြည်ညိုမဆုံးရှိနေရပါတယ်။

ကျွန်တော် ငယ်စဉ် သာသနာ့တောင်မှာနေပြီး ပုဒ္ဓစာပေတွေကို မြင်းခြံကြီးဆောင် မဟာဝိသုတာရာမိကပါဠိဘာသာသိုလ်စာသင်တိုက်ကြီးမှာ သင်ယူနေပါတယ်။ ပဓာနနာယကဆရာတော်ဟာ အဲဒီတုန်းက အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးသောဘိတ (နောင် - အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော် သံဃမဟာနာယက မြင်းခြံဆရာတော် ဦးသောဘိတ) တိုက်အုပ်ဆရာတော် ဦးလာဘ၊ ဘဏ်ကြီးဆရာတော် ဦးအာစရတို့ ဦးဆောင်အုပ်ချုပ်ကာ စာချဆရာတော် (၁၀) ပါး၊ စာသင်သား သံဃာ (၃၀၀) ခန့် ရှိပါတယ်။

ကျွန်တော်က မှန်ကျောင်းမှာ ငယ်စဉ်ကတည်းကနေခဲ့လေတော့ မြင်းခြံက ပြန်ရောက်တော့လည်း မှန်ကျောင်းမှာပဲနေတာပါ။ ရွာထဲက ဆွမ်းစားပင့်တဲ့အခါ ဆွမ်းစားတဲ့အိမ်မှာ ဆရာတော် ဦးဇဋိလကို ကြည်ညိုခွင့်၊ စကားပြောခွင့် ရပါတယ်။

ပြည့်ပြီးသားအိုးဖြစ်တဲ့ဆရာတော် ဦးဇဋိလဟာ စကားပြောရာမှာ ငါ ဆိုတဲ့ ပညာမာန်မာန စိုးစဉ်မျှတော်ငြာတာ မတွေ့ရပါဘူး။ အလွန်ကိုကြည်ညိုဖွယ်ကောင်းတဲ့ပုဂ္ဂိုလ်တစ်ပါးပါပါ။ အဲဒါကြောင့် အလွန်အလွန်ကိုကြည်ညိုမိတာပါ။ ရဟန်းဆိုတာ ရဟန်းအချင်းချင်း အကြည်ညိုခံရရင် အဲဒီရဟန်းဟာ



ဒေါက်တာဘဒ္ဒန္တဇဋိလ
သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ဗိနယဝါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ (Ph.D)
ဩဝါဒါစရိယဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

သာမန်မဟုတ်ပါဘူး။ အလွန်မြင့်မြတ်တဲ့ ရာထူးပါ။

မှန်ကျောင်းဆရာတော်ကြီးဖြစ်တဲ့ ဦးပညာဇောတ (ကျွန်တော်တို့ ကလေးတုန်းကတော့ ဒေါသကြီးပြီး အရိုက်သန်လွန်းလို့ ကွယ်ရာမှာ ဦးပညာဒေါသလို့ ခေါ်ကြတာပါ။) ဟာ ကျွန်တော့်ကို ကလေးတုန်းကလို မရိုက်တော့ပေမယ့် တစ်နေကုန်နေလို့ စကားတစ်လုံးမပြောပါဘူး။ မျက်နှာရှုခေါက်ချိုးနဲ့ အမြဲနေတဲ့အခါ ငယ်ကြောက်ဖြစ်တဲ့ ကျွန်တော်ဟာ အနေရအထိုင်ရအလွန်ကျပ်တည်းပါတယ်။ အရာရာပြည့်စုံပါသော်လည်း နေရတာမပျော်တဲ့အခါ အလွန်စိတ်ဆင်းရဲရပါတယ်။

ဒီအခါထွက်ပေါက်ရှာမိတာအမှန်ပါ။ ရှားပါးတဲ့ မြင်းခြံကို ပြန်လှို့လည်း မဖြစ်တော့ကာ ဘယ်ကိုသွားနေရရင် ကောင်းမလဲဆိုတာ ခေါင်းထဲဝင်လာရပါတယ်။ ဆုပြုံးတဲ့ ကိုယ့်မြေမှာ သပိတ်တစ်လုံးရှိရင် တစ်ဝမ်းတစ်ခါးတော့ မခက်ပေဘူးဆိုတာ သိပါတယ်။ ရဟန်းသာမဏေဆိုတာ သလုံးမြင်းခေါင်း အကြောင်းပြုပြီး သပိတ်တစ်လုံးနဲ့ ဆွမ်းခံစားရင် မျှတစွာနေနိုင်ပါတယ်။ ဒါပေမယ့် နေစရာဆိုတာကရှိနေပါသေးတယ်။ သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင် အောက်မှာလည်း ကိုယ်တမနေနိုင်သေးတော့ကာ နေစရာကို ဦးစွာစဉ်းစားရပါတယ်။

အဲဒီမှာ မဟာစည်ဆရာတော် ဦးဇင်္ဂလရဲ့ မျက်နှာတော်ကို ပြေးမြင်မိပါတယ်။ အရွယ်တော်ငယ်သော်လည်း ကြည်ညိုဖွယ်ရာဂုဏ်တွေနဲ့ပြည့်နေတာကြောင့် ဆရာတော်ဦးဇင်္ဂလရဲ့ မေတ္တာရိပ်မှာ ခိုလုံရသော် ကောင်းလေစွလို့ တွေးမိပါတယ်။

ဒါနဲ့ပဲ ရွာထိပ်မှာရှိတဲ့ မဟာစည်ရိပ်သာကိုလာခဲ့ပါတယ်။ ဆရာတော်ရဲ့ ဝင်ရောက်ဖူးတဲ့အခါမှာတော့ အနီးမှာ ကျောင်းဒကာဦးအောင်သောင်းလည်း ရှိနေပါတယ်။ ဒါနဲ့ ဆရာတော်ကို ဒီရိပ်သာမှာနေလိုကြောင်း လျှောက်ထားပါတယ်။ အဲဒီမှာ ဆရာတော်က ကြည်ကြည်ဖြူဖြူပဲ လက်ခံပါတယ်။

မှန်ကျောင်းဆရာတော်ကြီးကတော့ ကျွန်တော်ပြန်ရောက်တာ ရက်အတန်ကြာပေမယ့် စကားတစ်လုံးမှ အရေးအရာလုပ်ပြီး မပြောခဲ့ပါဘူး။ မမြင်သလို၊ မသိသလိုပဲနေတာပါ။ ဒါနဲ့ ကျွန်တော်ဟာ စာမေးပွဲဆိုင်ရာစာအုပ်စာတမ်းတွေနဲ့ သက်နဲ့၊ သပိတ်ပြင်ကာ ဆရာတော်ကြီးရှေ့မှာချပြီး ဦးချတင်ပြုပါတယ်။ ပြီးမှ -

"တပည့်တော် မဟာစည်ရိပ်သာမှာ သွားနေပါတော့မယ်ဘုရား"

လို့ လျှောက်ထားပြီး ထွက်ခဲ့ပါတော့တယ်။ ဆရာတော်ကြီးကတော့ အင်းမလုပ်အံမလုပ် မျက်မှောင်ကြုတ်ပြီး မသိဟန်ပြုကာ ဆိတ်ဆိတ်နေပြီးကျန်ခဲ့ပါတယ်။ဆရာတော်ကြီးအနေနဲ့ကတော့ ကျွန်တော့်ကို နှပ်ချေးစားဖုတ်လူးအရွယ်လို့ထင်နေတုန်းရှိပုံရပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုဟာ ဆရာတော်ကြီးလက်ထဲမှာ အရှည်ကြာဆုံးနဲ့ အရိုက်ခံအနှက်ခံပြီးကြီးပြင်းလာရတော့ကာ ဆရာတော်ကြီးကို သေမလောက်ကြောက်ရတာပါ။ သူ့လက်အောက်ကလွတ်ပြီဆိုတဲ့အသိတစ်တ်ကိုကြည်နူးလန်းဆန်းစေပါတယ်။

ဒီလို နဲ့ မဟာစည်ကို ရောက်ပါတယ်။ အလွန်ကြီးမဝေးလှပါဘူး။ ဆရာတော်ကို အသင့်တွေ့ရတဲ့အခါ ဆရာတော်က ကျွန်တော့်ကို ဓမ္မာရုံတောင်ဘက်က နှစ်ထပ်ကျောင်းငယ်လေးရဲ့ အပေါ်ထပ်မှာ နေရာချပေးပါတယ်။ ခုတင်ညောင်စောင်းနဲ့ အကျအနပါပဲ။

အဲဒီမှာ ဆရာတော်က -

"အရှင်ဘုရားကြွလာရင် သီတင်းသုံးဖို့ တပည့်တော်တို့သားအဖ ဒီခုတင်ကို ဒီတိုက်ကျောင်းလေးရဲ့အပေါ်ထပ်ထိ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းတင်ထားရတာပါဘုရား"

လို့ လျှောက်ပါတယ်။

မျက်နှာတော်က ကြည်နူးပြုံးမော့လို့ပါ။ တကယ်ဆို သူဟာ ဒီမဟာစည်ရိပ်သာရဲ့ ဆရာတော်ပါ။ ပြီးတော့ ပရိယတ်၊ ပဋိပတ်ပြည့်စုံတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ပါ။ ကျွန်တော့်လို ဘာမှ မတတ်တဲ့ စာသင်သားတစ်ယောက် အပေါ်မှာ အလေးဂရုပြုတာကလည်း အလွန်အလွန်ကို ကြည်ညိုဖွယ်ကောင်းတဲ့ဂုဏ်ပါ။ ရင်ထဲကြည်ညိုလို့မဆုံးမိပါဘူး။

ဆရာတော်ဟာ အဲဒီလိုလျှောက်ထားပြီးပြန်ဆင်းသွားကာ ခဏနေတော့ သင်္ကန်းအသစ်တစ်စုံကိုင်ကာ ကျောင်းပေါ်ပြန်တက်လာပါတယ်။

"အရှင်ဘုရား၊ တပည့်တော် သင်္ကန်းလျှူချင်လို့ ခုတင်ပေါ်မှာတင်ပျဉ်ခွေပြီးသီတင်းသုံးပေးတော်မူပါ ဘုရား"

လို့ လျှောက်ထားပြန်ပါတယ်။

ဒါနဲ့ ခုတင်ပေါ်မှာ တင်ပျဉ်ခွေထိုင်ရပါတယ်။ အဲဒီမှာ ဆရာတော်ဘာ ခုတင်အောက်ကနေ ဒူးတုပ်ပြီး သင်္ကန်းကိုမြှောက်ချီကာ ဆုတောင်းပြီး ဆက်ကပ်ပါတယ်။ ကျွန်တော်လည်း နက်ဖြန်ဆုပေးမထွက်သော်လည်း ရင်ထဲကနေ ဆုတွေပေးကာ သင်္ကန်းကို အလှူခံယူလိုက်ပါတယ်။ ဆရာတော် ပြန်ကြွအသွားမှာ အဲဒီသင်္ကန်းကို လဲလှယ်ဝတ်ဆင်ခြင်းဖြင့် ပြန်လည်ချီးမြှောက်ခြင်းပြုပါတယ်။

ကျောင်းမှာက ဆရာတော်ရယ်၊ ဆရာတော်ရဲ့ဖခင် ဦးပဉ္စင်းကြီးရယ် နှစ်ပါး သီတင်းသုံးတာပါ။ အဲဒီအချိန် ခိုသာဝင်နေတဲ့ ယောကျ်ား မိန်းမ ယောဂီ (၁၈) ဦးခန့်ရှိပါတယ်။ ရိပ်သာထဲနေတဲ့ ယောဂီတွေနဲ့ ဆရာတော်နှစ်ပါးကို ကျောင်းအမကြီး ဒေါ်မြကြည်နဲ့ သူဝေယျာဝစ္စအဖွဲ့က ချက်ပြုတ်ကျွေးလှူဒါန်းနေတာပါ။ (ရိပ်သာတည်စနေ့ပြီး ယနေ့ထိတိုင် မည်သည့်ယောဂီဆို စရိတ်ငြိမ်း တရားအားထုတ်စေပါ။) ဒီလိုနဲ့ ကျွန်တော်ဟာ မဟာဆရာတော် ဦးဇဋိလရဲ့ မေတ္တာအောရိပ်မှာ ခွေးသိပ်နှားစက်ခဲ့ပါပြီ။

ဦးဘင်ပိုင်းရပ်ကွက်

နေ့ရာတော့ရပြီ။စားစရာအတွက်တော့ မြတ်စွာဘုရားရဲ့အလိုတော်ကျ ခွင့်ခံစားမှတော်မယ်။ 'ဘိက္ခု-ဆွမ်းခံအရေး ဝုဏ်အစုကြောင့် ဘိက္ခုမည်ငြားဆိုသော်သား' လို့ မြတ်စွာဘုရားက ရဟန်းတော်တွေကိုခေါ် တဲ့ ဘိက္ခုမှာ ဘိက္ခုကို အဓိပ္ပါယ်ဖွင့်ပြီး ဘာသာပြန်ထားတာ တွေ့ရတော့ ဆွမ်းခံစားရင် ဆွမ်းလှူတဲ့ ဒကာမတွေ အကျိုးများပေမယ့် ဆိုတော့ရှိ ရွာထဲဆွမ်းခံအိမ်ဖိတ်ဦးမှပါပဲ ဆိုပြီး ဆရာတော်ကိုခွင့်ပန်ကာ ရိပ်သာတောင်ဘက်က လမ်းမကြီးအတိုင်း အနောက်သို့ လျှောက်ခဲ့ပါတယ်။ ပျဉ်းမနား-တောင်ညီသွားကားလမ်းပါ။

အတော်ကြာ သွားမိတဲ့အခါ ပြန်ကပြေးရွာကြီးရဲ့ အနောက်ပိုင်း ညောင်ပင်ပိုင်းရပ်ကွက်အရောက်မှာ အိမ်တွေဝင်ပြီး နက်ဖြန်ကစပြီး ဆွမ်းခံကြွပါမည့်အကြောင်းပြောတော့ အားလုံးက ကြွတော်မူပါဘုရားဆိုပြီး လျှောက်ကြတယ်။ အိမ်ခြေနှစ်ဆယ်ကျော်ကျော် လောက်ရှိပါတယ်။

မြို့ပြတွေမှာသာ ရဟန်းသာမဏေတွေကို ဆွမ်းလောင်းလှူခွင့်ရတာပါ။ တောရွာတွေဆိုတဲ့ကာ ရဟန်းသာမဏေတွေ ဆွမ်းမခံဘဲ ကျောင်းသားတွေကသာ ဆွမ်းဆိုင်းထမ်းပြီး 'ဆွမ်းတော်ဗျို့' လို့ ဗျို့ဟစ်ပြီး ဆွမ်းခံကြတာကိုး။ အဲဒီတော့ အရွယ်ရောက်စာသင်သားတစ်ပါးက ဆွမ်းလာခံမယ်ဆိုတော့ ကျေနပ်ကြမေမေပေါ့။

နောက်နေ့ ဆွမ်းခံချိန်ရောက်တော့ မြင်းခြံမှာနေစဉ် စာသင်သားဘဝကလို ဟင်းခွက်လေးတွေမပါဘဲ သပိတ်နဲ့သာ ဆွမ်းခံထွက်ပါတယ်။ ညောင်ပင်ပိုင်းရပ်က ဒကာ၊ ဒကာမတွေ လောင်းလှူချက်ကတော့ အလွန်ရက်ရောလှပါပေတယ်။ ဘာလို့လဲဆိုတော့ အိမ်တိုင်းက ဆွမ်းကို ဇွန်းနဲ့မလောင်းဘဲ တိုက်ပန်ကန်ပြားအပြည့်အမောက်လောင်းတယ်။ ဆွမ်းဟင်းဆီတာကလည်း ဟင်းစားပန်းကန်အပြည့်လောင်းတာကလား။ ဆွမ်းခံတာကလည်း ပတ္တဝိုက်ဆွမ်းခံတာလေ။

အဲဒီမှာ ဆွမ်းခံအိမ်ဖိတ်ဖို့ကြပြီဆိုကတည်းက ရင်ထဲမှာ မေတ္တာပို့ပြီး ကြွထားပြီးတော့ ဆွမ်းခံရာရွာကို ဆွမ်းခံကြွပြီဆိုတာနဲ့ မေတ္တာပို့နေရင်းကြွတာ။ ဆွမ်းခံရင်လည်း လောင်းလှူသူကို စူးစူးစိုက်စိုက် မေတ္တာပို့ရတာ။ ဒါက ယေဘုယ်သာမဏေဘဝကတည်းက အလေ့အကျင့်ရထားပြီးသားပါ။ သာသနာ့ဘောင်မှာနေခိုက်ကလေး ဒကာ၊ဒကာမတွေကို အကျိုးပြုချင်လွန်းလို့ ဆွမ်းခံကြတာဆိုရင် ပို့မှန်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဒေသမှာ ဘယ်ရဟန်းသာမဏေမှ ဆွမ်းမခံကြလို့ပါ။ (အဲဒီခေတ်တုန်းကပါ။)

ဆွမ်းခံအိမ်ခြောက်အိမ်၊ ခုနစ်အိမ်လောက် ဆွမ်းရပ်လိုက်တာနဲ့ သပိတ်ပြည့်သွားပါတယ်။ ရှေ့ကအိမ်တွေ လောင်းလှူခွင့် မရကြတော့ပါဘူး။ သပိတ်အပြည့်ဆိုတာ နည်းတာမဟုတ်ပါဘူး။ တစ်ပြည်ချက်လောက်တော့ ရှိမယ်ထင်ပါတယ်။ သိပ်တိုင်းဝင်တဲ့ သံသပိတ်ဆိုတဲ့စကားရှိတယ်လေ။ ဒါက အစားကြိုးတဲ့လူတွေကို တင်စားတာပါ။

အဲဒီမှာ ကျွန်တော်က -

"ဒကာမကြီး၊ သပိတ်ကပြည့်သွားပါပြီ၊ ပြန်ကြတော့မယ်။ ကျန်တဲ့အိမ်တွေ ပြောပြလိုက်ပါ"

ဆိုပြီး နောက်ကြောင်းပြန်လှည့်ခဲ့ပါတယ်။ အပြန်လမ်းတစ်လျှောက်မှာလည်း ဆွမ်းခံရာရွာကို မေတ္တာပို့ပြီးပြန်ခဲ့ပါတယ်။ နေကပူတော့ သပိတ်အပြည့် သယ်ရတာ ချွေးဒီးဒီးကျပါတယ်။

ဆွမ်းစားချိန်ကိုရောက်တော့ကာ ဆွမ်းပွဲမှာ ဆွမ်းဟင်းတွေစုံနေပေမယ့် တွန်တော်က ကိုယ့်သပိတ်ကိုယ်ပို့ကပြီး ပတ္တဝိုက်ဘုဉ်းပေးတာပါ။ မျှတရုံလောက်ချန်ပြီး ကျန်တာတွေ ဇလုံထဲထည့်ထားတာပါ။ ဆွမ်းကိစ္စပြီးတဲ့အခါ ဆရာတော်က ဘာမှအမိန့်မရှိပေမယ့် ကျောင်းဒကာ ဦးအောင်သောင်းက -

"ကိုယ်တော်လေးဘုရား၊ အပင်ပန်းခံပြီး ဆွမ်းခံကြွတော်မမူပါနဲ့။ တပည့်တော်တို့ကပဲ နေ့စဉ်ဆွမ်းကပ်လှူပါရစေဘုရား။ ရိပ်သာမှာနေပြီး ဆွမ်းခံကြွတယ်ဆိုရင် ကြားလို့လည်းမကောင်းပါဘူးဘုရား။ တရားလာအားထုတ်တဲ့ယောဂီတွေကိုတောင်မှ တပည့်တော်တို့ လိုလေသေးမရှိ လှူဒါန်းနေတာပါဘုရား။ အဲဒါကြောင့် ဆွမ်းကိစ္စကြောင့်ကြတော်မမူဘဲ အေးအေးချမ်းချမ်း သီတင်းသုံးတော်မူပါဘုရား"

လို့ လျှောက်ပါတယ်။

အဲဒီမှာ ချက်ချင်းပဲ -

"ဒကာကြီး၊ ဒီရိပ်သာမှာ ဒကာကြီးတို့ ပြည့်ပြည့်စုံစုံလှူတယ်ဆိုတာသိပါတယ်။ ခုဟာက ဒကာ၊ ဒကာမတွေကို ခိုးမြှောက်ချင်လို့ ဆွမ်းခံကြွတာပါ"

လို့ စေ့ဒဇကတက်တဲ့အခါ ဆရာတော်က အမိန့်ရှိပါတယ်။

"ကျောင်းဒကာကြီးလျှောက်တာကို လက်ခံလိုက်ပါဘုရား။ အရှင်ဘုရား အနေနဲ့ ဆွမ်းခံမည့်အချိန်ကို ပရိယတ်၊ ပဋိပတ်လုပ်ခြင်းဖြင့်အကျိုးရှိအောင်သုံးပါဘုရား။ အရှင်ဘုရားမှာ ပညာလည်း မစုံသေးတော့ ပညာဆက်သင်ဖို့ တပည့်တော် စာဝါတွေပို့ချပေးပါ့မယ် အရှင်ဘုရား။ တရားဟောတာရော ဝါသနာပါသလားဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ပါပါတယ်ဘုရား"

"ဉာဏ်ရည်ရောကောင်းပါသလားဘုရား"

"မှန်ပါ။ အသင့်အတင့်ကောင်းပါတယ်ဘုရား။ လပတ်ကျောင်းစာမေးပွဲတွေဆိုရင် တပည့်တော် ပထမ၊ ဒုတိယကနေမဆင်းပါဘူးဘုရား"

"ဒါဆို အရှင်ဘုရားဉာဏ်ရည်မနိမ့်ပါဘူး။ ဒီလိုဉာဏ်ရည်ကောင်းရင် ဝိပဿနာတရားပွားများအားထုတ်ပါက ကြီးစားအားထုတ်မယ်ဆိုရင် ခုနစ်ရက်နဲ့တောင် ဉာဏ်စဉ်နာနိုင်စွမ်းရှိတယ်ကိုယ်တော်။ သူများကို ဝိပဿနာတရားဟောမယ်၊ ဝိပဿနာတရားပြမယ်ဆိုရင် စာတွေ့ထက် လက်တွေ့သိတာက ပိုပြီး အဆင်ပြေတယ်။ အဲဒါကြောင့် ရိပ်သာမှာ သီတင်းသုံးနေထိုင်မယ်ဆိုရင် ဦးစွာ ဝိပဿနာတရား ပွားများလေ့ကျင့်တာ အကောင်းဆုံးပါပဲ။ ဒါမှလည်း တပည့်တော် ပြင်ပကိစ္စရှိလို့ အပြင်သွားရတဲ့အခါ အရှင်ဘုရားက တရားဟော တရားပြတာဝန်ယူလို့ရမှာပေါ့"

"မှန်ပါဘုရား"

"တပည့်တော်ဆိုရင် မဟာစည်ရိပ်သာကြီးမှာ ရက်ပေါင်း (၇၀) ကြာ အားထုတ်ခဲ့တယ်။ အဲဒီမှာ နိဿိဇ္ဈတင် (၁၅) ရက်ကြာ ဆောက်တည်ပြီး အားထုတ်တာလည်းပါတယ်။ အဲဒီကမှ ဉာဏ်စဉ်တရားနာနိုင်တဲ့အဆင့်ကိုရောက်တယ်ကိုယ်တော်။ ခုလည်းအားထုတ်ဆဲပဲ။ နောင်လည်း အားထုတ်နေဦးမှာပဲ"

"မှန်ပါဘုရား၊ တပည့်တော် အားထုတ်ပါ့မယ်ဘုရား"

"ဒါဆို နက်ဖြန်ကစပြီး တရားစခန်းဝင်ပေါ့ ကိုယ်တော်။ ဒီနေ့တော့ ကိုယ်တော် ရွာထဲကြွစရာရှိရင်ကြွလိုက်ဦး"

"မှန်ပါဘုရား"

လို့ လျှောက်ထားလိုက်ပါတယ်။

အဲဒီနေ့မှာ ဖခင်ကြီးဦးတုတ်လှထဲရောက်ဖြစ်ပါတယ်။ နောက်နေ့ကစပြီး တရားစခန်းဝင်တော့မည့်အကြောင်းပြောရပါတယ်။ စိတ်ထဲမှာမကောင်းအောင် ရှိနေတာက ညောင်ပင်ဝိုင်းရပ်ကွက်လေးကို ဆွမ်းခံမကြွရတော့တာပါဘဲ။ အဲဒီတစ်ရက် ဆွမ်းခံထွက်လိုက်ခြင်းဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်သာဖြစ်ပါတယ်။ သဒ္ဓါအားထက်သန်ကြတဲ့ ဒကာ၊ ဒကာမတွေ ဆွမ်းခံပုဂ္ဂိုလ်ကို ချက်ပြုတ်ပြီး စောင့်ကြိုနေကြမှာ မလွဲပါဘူး။ ဒါပေမယ့် လူးဝကို ဆွမ်းခံကြွခွင့် မပြုနိုင်တော့ပါဘူး။

□ မိုးကုတ်ပတ္တမြားမြေသို့

ကျွန်တော်က စာပေဝါသနာပါတော့ စာတွေဖတ်ပါတယ်။ အဲဒီမှာ မိုးကုတ်ပတ္တမြားမြေအကြောင်းတွေက စိတ်ဝင်စားစရာ အလွန်ကောင်းတာကြောင့် မိုးကုတ်ကိုသွားပြီး ကျောက်တူးချင်စိတ်တွေပေါက်တာကြောင့် အသက် (၁၇)နှစ်အရွယ်မှာ ပုဆိုး၊ အင်္ကျီတွေဝယ်ပြီး လူထွက်ကာ မိုးကုတ်ကိုတက်ဖို့ စိတ်ကူးပါတယ်။

အဲဒီအကြံကို အစ်ကိုဖြစ်တဲ့ဦးသုမနကိုပြောတော့

"မင်းငယ်ပါသေးတယ်၊ စာဆက်သင်ပါဦး"

ဆိုတာနဲ့ မထွက်ဖြစ်ဘဲ စာတွေဆက်သင်နေရတာပါ။ အဲဒီတော့ မိုးကုတ်တက်ပြီး ကျောက်တူးချင်စိတ်က မပျောက်ပါဘူး။

ပြန်ကပြေးမဟာစည်ရိပ်သာမှာ တရားစခန်းကထွက်ပြီး စာမေးပွဲပြဋ္ဌာန်းစာတွေပြန်ကျက်ပါတယ်။ ဆရာတော်က ဥပုသ်နေ့ တရားဟောရာမှာ ရွှေထွက်အဖြစ် နာရီဝက်ဟောစေပါတယ်။ ဆရာတော်ရယ်၊ ဦးပဉ္စင်းကြီးရယ်၊ ကျွန်တော်ရယ် ရိပ်သာမှာ နေသားကျနေပါပြီ။

ကျောင်းအမကြီး ဒေါ်မြကြည်ကတော့ ကျွန်တော်တို့ နှစ်ပါးကို သားကြီးသားလေးနဲ့ သားအရင်းတွေလိုသံယောဇဉ်ထားရှိပါတယ်။ သူမှာက သားလေးတစ်ယောက်ရှိတာ ယောင်ယောင်ရွှယ်ရွှယ်နဲ့ သေသွားတာကိုး။ သားသမီးမရှိတဲ့ ဒေါ်မြကြည်ဟာ သားတွေလိုချစ်တာ အဆန်းမဟုတ်ပါဘူး။

"သားကြီးကလည်း လှတယ်၊ အရွယ်က ငယ်သေးတယ်။ သားငယ်ကလည်း လှတယ်၊ အရွယ်ကငယ်သေးတယ်။ ဒီတော့ စိတ်မချဘူး။ လူထွက်ကုန်မှာစိုးတယ်"

ဆိုတဲ့စကားကို မကြာမကြာပြောတတ်ပါတယ်။ ဟုတ်ပါတယ်။ ဆရာတော်က (၃၂)နှစ်၊ ကျွန်တော်က (၂၁)နှစ်ဆိုတော့ တကယ့်အရွယ်ကောင်းတွေပါ။ ဒါပေမယ့် ဆရာတော်ရဲ့သီလဂုဏ်၊ သမာဓိဂုဏ်ကို အနီးမှာအတူတူနေတာမို့ မည်မျှမြင့်မားကြောင်း ကျွန်တော်က သိတာမို့ ဆရာတော်ဟာ ဝိသဘာဂ အာရုံတွေပေါ်မှာကျက်စားမှုမရှိကြောင်း သိနေပါတယ်။

ဆရာတော်ဟာ ရုပ်ရည်ချောတယ်၊ အသားအရည်လတ်တယ်၊ အရပ်အမောင်းမြင့်မားတယ်၊ ကိုယ်ခန္ဓာကြွခိုင်တယ်၊ အသံသြဇာကောင်းတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ပြောစရာမလိုတဲ့ ဖွဲ့စည်းပုံလို့ ဆိုရမှာပါ။ ဉာဏ်ရည်ဆိုတာကတော့ ပြောစရာမလိုအောင် ကောင်းပြီး မာနတရားစိုးစဉ်းမျှမထားတဲ့ဆရာတော်ပါ။ ဒီအခါ လိင်မတူသူတွေ့ရဲ့ စိတ်ဝင်စားမှုခံရမှာမလွဲပါဘူး၊ သို့သော်လည်း ဆရာတော်ရဲ့ သီလ၊ သမာဓိဂုဏ်ဟာ ကျောက်တောင်ကြီးပမာ မလှုပ်ယှက်ဘဲ ခိုင်မြဲနေပါတယ်။

ကျောင်းအမကြီး ဒေါ်မြကြည်တစ်ိတ်မချဘူးလို့ပြောနေဆဲမှာပဲ လူထွက်ပြီး ကျောက်တူးချင်စိတ်ဟာ တားမရဆီးမရဖြစ်ကာ စလေသား သူငယ်ချင်းတစ်ဦးကို စာရေးပြီး လှမ်းခေါ်ကာ မိုးကုတ်တက်ပြီး လူထွက်ကာ ကျောက်တူးတော့တာပါပဲ။

(၇) လကျော်ကျော် အတူတူနေခဲ့ရတဲ့ ဆရာတော်နဲ့ ဆရာတော်ရဲ့ဖခမည်းတော် ဦးပဉ္စင်းကြီးတို့ကို ကာလရှည်လျားစွာ သတိရလျက်ရှိပါတယ်။ ကျွန်တော့်အပေါ်မှာ လိုလေသေးမန့်ကောင်းကြလို့ပါ။

ဆရာတော်က -

"စာပည့်တော်မှာ တပည့်ကောင်းတစ်ဦးတော့ရပြီလို့ အောက်မေ့လိုက်တာ။ တပည့်တော်ရဲ့ဇာတာကိုက တပည့်လက်သား အကျိုးမပေးဘူးထင်ပါရဲ့ကိုယ်တော်"

လို့ မချိတင်ကဲ ပြောရှာပါတယ်။

ပတ္တမြားဆိုတဲ့အရာဟာ လောဘစိတ်ကိုအားကြီးကြီးဖြစ်စေပြီး ကျွန်တော့်ကို မိုးကုတ်အရောက် ဆွဲခေါ်သွားနိုင်စွမ်းရှိတာ တွေ့ရပါတယ်။ အဲဒီကစပြီး ဆရာတော်နဲ့ ခွဲခွာခဲ့ရတာ ကာလအားဖြင့် နှစ်တွေများစွာလို့ဆိုရမှာပါပဲ။

□ နှစ်ပေါင်း (၄၀) ကျော်ကြာပြီးနောက်

ကျွန်တော် မိုးကုတ်မှာ ရေသောက်မြစ်စွဲပြီး အခြေကျကာ ကျောက်တူင်းလုပ်ငန်း လုပ်ကိုင်ကာ ကျောက်တူးခဲ့ပါတယ်။ အဲဒီကာလတွေမှာ မွေးရပ်ချက်တွေ့ကာတိမြေဖြစ်တဲ့ ပျဉ်းမနားသို့ နယ်က ပြန်ကပြေးကို ဖခင်ကြီးရှိနေသေးအတွက်ရောက်ဖြစ်သော်လည်း ဧည့်သွားဧည့်ဟာခေတ္တခဏဖြစ်တာကြောင့် မထာစည်ဆရာတော်ဦးဇဋိလထံမရောက်ခြင်းပါဘူး။ သို့သော်လည်း ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

သီလဝုကၠ၊ သမာဓိဝုကၠရန်တွေပဲ့သင်းနေတာ တွေ့ရပါတယ်။

ဖခင်ကြီးဆုံးပြီးတဲ့အခါမှာတော့ မေမေတို့ ပြန်ကပြေးကို ရောက်ကို ရောက်ဖြစ်တော့တာပါ။သို့သော်လည်း ဆရာတော်ရဲ့ ဝုကၠသတင်းကိုတော့ ကြားကြားတစ်ခါဆိုတာလို လူကြုံတွေ့ကြား ရလေ့ရှိပါတယ်။

နောက်ပိုင်း ဆဋ္ဌသင်္ဂီတိပုစ္ဆက အတွဲတောပဏ္ဍိတ ကမ္ဘာ့သာသနာပြုဦးတော် ဩဝါဒစရိယ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး နိဗ္ဗာန်ပြုပြီးတဲ့ ၁၉၈၂ ခုနှစ်အတွင်းမှာ ရန်ကုန် မဟာစည်ရိပ်သာ ဌာနချုပ် အာသနနှုတ်ဖွဲ့မဆရာတော်ဦးဇဋိလ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ ဌာနချုပ်သို့ပင့်သွားကြောင်း သတင်းရရှိတယ်။ ပြန်ကပြေးမဟာစည်ရိပ်သာမှာ ကြားဆရာတော်တစ်ပါးတရားပြရန် ဖိတ်ခေါ်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ မိုးကုတ်ကနေ ပိုင်းရွှေးမှာ (၁၀) နှစ်ကြာသွားပြန်တယ်။ ၂၀၁၀ မှာ မိုးကုတ်ပြန်ရောက်ပြီး တစ်နှစ်နေကာ ၂၀၁၁ မှာ နေပြည်တော်တို့ အပြီးပြောင်းကာ တစ်ကိုယ်တော်နေပါတော့တယ်။ လွတ်လွတ်လပ်လပ် စာတွေရေးရတာပေါ့ဗျာ။

အဲဒီလိုနေတော့ အရင်းနှီးဆုံးဖော်ရွေနေဖက်သူငယ်ချင်း မွတ်တားနဲ့ ဆုံတွေ့ဖြစ်ပါတယ်။ သူက ကျွန်တော့်ထက် (၂) ဆ ကြီးပါတယ်။ ဒီလိုနဲ့ ရန်ကုန်မြို့ ဟာမစ်တစ်လမ်းမှာတည်ရှိတဲ့ ဗာဒ္ဓဂဏမဟာစည်ရိပ်သာဌာနချုပ်မှာ (၆) ကြိမ်မြောက် မဟာစည်ဩဝါဒခံယူပွဲရှိတယ်။ ထိုက်မလားဆိုတော့ လိုက်မယ်လို့ ပြောထိုက်ပါတယ်။

အာပြုလို့လဲဆိုတော့ မဟာစည်ဩဝါဒစရိယဆရာတော် ဦးဇဋိလရဲ့ ဂုဏ်ကျေးဇူးတော်ကို ဖူးမြော်ချင်လို့ပါ။ အသိုင်းအဝိုင်းစုဖြစ်သွားပြီလဲ၊ အရွယ်တော်ရောက်လား၊ အလွန်ကြီးအိုမင်းသွားပြီလား ဝေယ်ဝေယ်တုန်းကလို အလုပ်တွေရှိနေသေးလား စသည်ဖြင့်ပေါ့လေ။ သိချင်စိတ်နဲ့ ဖူးမြော်ကြည်ညိုချင်လို့ပါ။

ပြီးတော့ ရောက်တုန်းရောက်ခိုက်၊ ပညာရွှေတောင်တိုက်၊ သူရဇ္ဈမဂ္ဂဇင်းစာတည်းချုပ် ဦးအောင်မြတ်ကိုလည်း သွားတွေ့မယ်၊ ရွှေယ်ချက်ကလည်း နောက်ဆက်လိုက်ပါပါတယ်။ အဲဒီရည်ရွယ်ချက် (၄) ကြိမ်မြောက် ဩဝါဒခံယူပွဲကို ရောက်ခဲ့ပါတယ်။

ရောက်တယ်ဆိုရင်ပဲ -

"တပည့်တော် အရင်တုန်းက ဆရာတော်နဲ့ လအတော်ကြာ အတူနေခဲ့တဲ့ ကလေးသပါဘုရား။ အရှင်ဘုရားရဲ့ အရွယ်တော်ကို ဖူးမြော်ကြည်ညိုချင်လို့ တပည့်တော်လာခဲ့ခြင်းပါဘုရား"

လို့ လျှောက်တော့ ဆရာတော်က -

"သြော် - မှတ်မိပါပြီ၊ မှတ်မိပြီ မှတ်မိပြီ။ ဘယ်နယ်လဲဗျာ - ကျွဲပ်က အတော်အို့သွားပြီလားဗျ"

လို့ မေးပါတယ်။ ဆရာတော်က သူတပည့်တွေလာတော့ ပြုံးနေတာပါ။

"မှန်ပါဘုရား၊ အရှင်ဘုရားရောတပည့်တော်တို့ပါ ဇရာတိုက်စားခံရလို့ ထုံးစံအတိုင်း အိုတော့အိုကုန်တာပေါ့ဘုရား။ သို့သော်လည်း ကျန်းမာနေရင် ဟုတ်လှပါပြီဘုရား"

လို့ လျှောက်တော့ -

"ကျန်းမာရေးကလည်း တယ်ပြီးမကောင်းချင်ပါဘူးဗျာ"

လို့ အမိန့်ရှိပါတယ်။

ဟုတ်ပါတယ်။ ဆရာတော်ကြီး လေဖြန်းခံရတာကြောင့် အတော်ကုယူရကြောင်း၊ ဆရာတော်ကြီးရဲ့တပည့်ရင်းဖြစ်တဲ့ သူငယ်ချင်းမွတ်တားက ဆရာတော်ကြီးကို ဆေးရုံမှာလိုက်ပြီးပြုစုရကြောင်းတွေပါ သေသေချာချာ ပြောပြထားလို့ သိပြီးသားပါ။

ကျွန်တော်တို့တွေ စတုဒိသာကျွေးဖို့ လုပ်ကြကိုင်ကြတဲ့အခါ ဆရာတော်ကြီးက သူတပည့်တွေ စည်းလုံးညီညွတ်စွာလုပ်နေကိုင်နေတာတွေခေတ္တလာကြည့်ပြီးပြုံးနေမါတယ်။ တကယ်လည်း ပီတိဖြစ်ဖွယ်ကုသိုလ်ပုံရိပ်မြင်ကွင်းပါ။

တစ်နှစ်တစ်ကြိမ်ပြုလုပ်တဲ့ဩဝါဒခံယူပုဇော်ပွဲမှာ ရဟန်းသာမဏေ (၇၀၀) ကျော်၊ သီလရှင် (၁၀၀) ကျော် ယောဂီနဲ့ ဧည့်ပရိသတ်(၅၀၀၀)လောက် ရှိမယ်ထင်ပါတယ်။ ကျောင်း၀င်းကြီး တစ်ခုလုံး လူတွေ၊ ကားတွေ စတုဒိသာကျွေးမွေးပွဲတွေနဲ့ စည်ကားပြည့်ကျပ်လျက်ရှိပါတယ်။

(၆) ရက်၊ (၇) ရက်ကြာ ကျင်းပတဲ့ ဩဝါဒခံယူပွဲကြီးပြီးတဲ့အခါ သူရဇ္ဈမဂ္ဂဇင်း စာတည်းချုပ် ဦးအောင်မြတ်ကို သွားရောက် တွေ့ဆုံဖြစ်ပါတယ်။ စာရေးသူ ကျွန်တော့်အပေါ် မှာရော အခြား စာရေးဆရာများအပေါ်မှာပါ ဆရာဦးအောင်မြတ်က အလေးထားဆက်ဆံလေ့ရှိကြောင်း ပတ်ဝန်းကျင် စာရေးဆရာများဆီက ကောင်းဂုဏ်သတင်းတွေကြားရပါတယ်။ ဘာလို့လဲဆိုတော့ ဩဝါဒခံယူပွဲပြီးတာနဲ့ မြောက်ဒဂုံက စာရေးဆရာ ဦးမောင်မောင်အေး (ဓာတ်ပုံ)၊ စာရေးဆရာမ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်)တို့အိမ် သွားရောက်တည်းခိုကာ မြောက်ဒဂုံက စာရေးဆရာတွေနဲ့တွေ့ဆုံဖြစ်လို့ပါပဲ။ သူတို့က ဝါရင့် စာရေးဆရာကြီးတွေပါ။

တစ်ချက်ခုတ် ဆယ်ချက်ပြတ်ဆိုတာလို ရန်ကုန်မဟာစည်ဩဝါဒခံယူပွဲကိုလာလိုက်တာ တစ်ကမ္ဘာလုံးက မဟာစည်ဆရာတော်တွေကို ဖူးမြော်ရတယ်။ ငယ်တုန်းက အတူနေခဲ့ဖူးတဲ့ ဆရာတော်ကြီး ဦးဇဋိလကို ဖူးမြော်ရတယ်။ ရန်ကုန်က တန်ခိုးကြီးဘုရားတွေဖြစ်တဲ့ ရွှေတိဂုံ စတဲ့ စေတီဘုရားတွေ ဖူးမြော်ရတယ်။ ဒါနလေးတွေအထိုက် အလျောက်ပြုဖြစ်တယ်။ပညာရွှေတောင် စာအုပ်တိုက်၊ သူရဇ္ဈမဂ္ဂဇင်းစာတည်းချုပ် ဦးအောင်မြတ်နဲ့ တွေ့ဆုံဖြစ်ခဲ့တယ်။ မြောက်ဒဂုံက ဦးမောင်မောင်အေးတို့ စာရေးဆရာဇနီးမောင်နှံနဲ့ ရင်းနှီးခွင့်ရတယ်။ မြောက်ဒဂုံက စာရေးဆရာတွေနဲ့တွေ့ဆုံဖြစ်တယ်။ တွေ့ဆုံတဲ့အခါတိုင်း ကိုယော(ဘောဂဗေဒ)က သူ့ရဲ့ဇာတ်ဝေဖြစ်တဲ့ စာအုပ်လေးတွေ လက်ဆောင်ပေးလေ့ရှိတယ်။ ဒါက ဆရာတော်ကြီးကို သွားဖူးရတဲ့အကျိုးဆက်လေးတွေလို့ ဆိုရမှာပါ။

ဆရာတော်ကြီးကို တစ်ကမ္ဘာလုံး ကလာကြတဲ့မဟာစည်ဆရာတော်တွေနဲ့ တပည့်တွေက လျှုဖွယ်မျိုးစုံတွေနဲ့ လာရောက်ကန်တော့ကြတာ လျှုဖွယ်ဝတ္ထုအစုစုတွေဟာ တောင်ပုံရာပုံပါ။ ဒါတွေက အကြောင်းရှိပါတယ်။ အကြောင်းရှိလို့ အကျိုးဖြစ်တာပါ။

□ ဒါနအရာမှာ

ဆရာတော် ဦးဇဋိလဟာ ဒါနအရာမှာလည်း အလွန်အားကောင်းပါတယ်။ အလှူခံလို့ ရရှိလာတဲ့ နဝကမ္မနဲ့ ဒါတ္ထဝဝတ္ထုအစုစုတွေကို သူနေရာနဲ့သူ ပြန်လည်လှူဒါန်းလေ့ရှိတာပါပဲ။ ပြန်ကပြေး၊ ဆိတ်နံတုန်း စတဲ့ကျောင်းတွေမှာ ကျောင်းသူကျောင်းသားတွေကို နှစ်စဉ် ဗလာစာအုပ်၊ ခဲတံ၊ ဘော(လ်)ပင် စတဲ့ ကျောင်းအသုံးအဆောင်လေးတွေ လှူဒါန်းလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ရဲ့ ဖခမည်းတော် ဦးပဉ္စင်းကြီး သက်တော်ကြီးရင့်လို့ ပျဉ်းမနားသံဃာ့ဆေးရုံမှာတင်ထားတဲ့ အခါ ဆရာတော့်ဆီကို ကတိ (၃) ခု တောင်းတယ်လို့ ဆိုပါတယ်။ အဲဒါက ရိပ်သာဝင်တဲ့ ယောဂီအားလုံးကို အစဉ်သဖြင့် စရိတ်ငြိမ်းတရားဘာဝနာပွားများနိုင်အောင် စောင့်ရှောက်ပါ။ ရွာဦးထိပ်မှာ အများကိုးကွယ်ဖို့ စေတီတော်ကြီး တစ်ဆူတည်ပါ။ ဆိတ်နံတုန်းနဲ့ ပြန်ကပြေး ကိုခြားထားတဲ့ငလိုက်ချောင်းကို တံတားဖြစ်အောင်ဆောက်ပါ။ အဲဒီ (၃) ခုကို ဆောင်ရွက်ရင် အရှင်ဘုရား မိတပေးဖူး ဆပ်သည်မည်ပါတယ်ဘုရားလို့လျှောက်တော့ ဆရာတော်က အရှင်ဘုရားရဲ့ဆန္ဒ ပြည့်ဝစေရပါမယ်ဘုရားလို့ ပြန်လျှောက်ပါတယ်။ ဒီလိုနဲ့ ဖခမည်းတော် ဦးပဉ္စင်းကြီး ပုံလွန်တော်မူပါတယ်။

ပြန်ကပြေး မဟာစည်ရိပ်သာဆိုတာက တည်စကနေပြီး ယခုထိတိုင် မည်မျှတရားဝင်ဝင် စရိတ်ငြိမ်းပါ။ ဆရာတော်ဦးဇဋိလန္ဓ နောင်ဆက်ဆက်လက်ခံတဲ့ ဆရာတော် ဦးအာစိဏ္ဏ (နေပြည်တော်စိန်တစ်ပွင့်) ဟာ ယခုထိတိုင် တရားလိုလားကြတဲ့ယောဂီတွေအတွက် လိုလေသေးမရှိ ပြုစုစောင့်ရှောက်လျက်ရှိပါတယ်။ အဲဒါက ဆရာတော်ရဲ့ ဖခမည်းတော်ကြီး နံပါတ်တစ်ထားတဲ့ ကတိပါ။

နောင်အများကိုးကွယ်နိုင်အောင် ရိပ်သာရဲ့ထိပ် ရွာဦးရဲ့ထိပ်မှာ လောက သုခ သံသရာအေးစေတဲ့တော်ဆိုပြီး စေတီတော်ကြီးကို တည်ထား ကိုးကွယ်ပါတယ်။ စေတီတော်ကြီးကို ဗုဒ္ဓပူဇနီယ ပွဲတော်လုပ်တိုင်း ရှင်တစ်ရာ၊ ရဟန်း တစ်ရာပြုပွဲကြီးကိုလည်း နှစ်စဉ်ခြိမ့်ခြိမ့်သဲသဲ ကျင်းပ လှူဒါန်းလေ့ရှိပါတယ်။ (၂) ရက်တိုင်တိုင် ထမင်းကျွေးဌာန (၄) ဌာနခွဲကား ကြီး၊ ငယ်မရွေး ဧည့်တစ်သောင်းခန့်ကို တစ်နေကုန် ထမင်းကျွေးပြီး လှူဒါန်းလေ့ရှိပါတယ်။ ရွာနီးချုပ်စပ်တွေကလည်း ရွာလုံးကျွတ် လာရောက် ဆင်နွှဲကြတာပါ။ ဒါက ဖခမည်းတော်ကြီးရဲ့ ဒုတိယကတိကို လေးစားလိုက်နာခြင်းပါ။

အဲဒီတုန်းက ကျွန်တော်တို့ ပြန်ကပြေးနဲ့ ဆိတ်နံတုန်းရွာကြားမှာ တည်ရှိတဲ့ ငလိုက်ချောင်းဟာ အတား အဆီးမဲ့အလွန်ဆိုးသွမ်းတာပါ။ တောင်ကျချောင်းဆိုတော့ ရေစီးအလွန်ကြမ်းပြီး လူတွေကို အတော်ဒုက္ခပေးလေ့ရှိတာပါ။ အဲဒီငလိုက်ချောင်းကိုဖြတ်ဖို့ တံတားကြီးတည်ဆောက်ဖို့ရာ ဆရာတော်က (၅) သိန်း မှတည်ပေးလိုက်ပါတယ်။ အဲဒီခေတ်က (၅) သိန်းဟာ အလွန်တန်ဖိုးကြီးလေးလတော့ အများပြည်သူကပါ ဝိုင်းဝန်းလှူဒါန်းလိုက်ကြတဲ့အခါ ငလိုက်ချောင်းကူးတံတားကြီးပေါ် ထွက်လာခဲ့ရပါတယ်။ ဒါက ဖခမည်းတော်ကြီးရဲ့ တတိယဆန္ဒကို ဖြည့်ဆည်းလှူဒါန်းပေးခြင်းပါ။

ဦးတော့ ဆိတ်နံတုန်းမှာ ချောင်းကန်းကြီးတစ်ခုရှိတယ်။ အဲဒီချောင်းကန်းက မိုးမှာ ရေအိုင်ကြီးဖြစ်နေတာ။ အဲဒီချောင်းကန်းတံတားကို ဆိတ်နံတုန်းက ဦးထွန်းဦး လှူခဲ့ပေမယ့် ကာလကြာတော့ ပျက်စီးသွားပါတယ်။ အဲဒီတံတားကိုလည်း ဆရာတော်ကြီးက မှတည် လှူဒါန်းငွေထည့်ပေးတော့ အကောင်အထည်ပေါ် လာခဲ့ပါတယ်။ ဒီလိုကုသိုလ်တွေပြုခဲ့တာတွေက အများအပြားပါပဲ။

ကျွန်တော် ၂၀၁၁ မှာ ပြန်ရောက်တော့ မဟာဝိဇိတာရုံစာသင်တိုက်ကြီး တည်ထောင် ဖွင့်လှစ်ကာ အောင်မြင်မှု တွေရရှိနေပါပြီ။စာသင်ရဟန်းသာမဏေ (၁၀၀)ခန့်အမြဲလိုလိုရှိတာပဲ။ ရွာကဖွဲ့ဖြိုးတော့ ရဟန်းသာမဏေတွေ အရာရာ ပြည့်စုံချမ်းသာစွာ စာသင်နိုင်ကြတယ်။ နံနက်ဆွမ်း၊ နေ့ဆွမ်းကပ်လှူသူတွေ မပြတ်အောင်ရှိနေတတ်တယ်။ အဲဒီစာသင်သား ရဟန်းသာမဏေတွေဟာ ဂါရဝတရားအနေနဲ့ တစ်နှစ်မှာ သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့ရယ်၊ သီတင်းကျွတ်ကာလရယ် ဆရာတော်ကြီး ဦးဇဋိလကို သွားရောက်ကန်တော့ကြတယ်။ ဆရာတော်ကြီးကလည်း ဒီလိုနေ့မျိုးတွေမှာ ရန်ကုန်ကနေ တွဖြစ်အောင်ကြွလာလေ့ရှိတယ်။ အဲဒီအခါမှာ ဆရာတော်ကြီးက လာရောက် ကန်တော့ကြတဲ့ ရဟန်းသာမဏေတွေကို တစ်ပါးကို သင်္ကန်းတစ်စုံစီ ရိုရိုသေသေ ဆက်ကပ်လှူဒါန်းလေ့ရှိတယ်။ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ မြင်ကွင်းပါ။ မြင်ရသူတွေ သာခုမခေါ်ဘဲ မနေနိုင်ကြဘူး။ ဝိတ်ကြောင့် မျက်ရည်တောင်လည်ကြရတယ်။

အဲဒီလိုပါပဲ၊ ဆရာတော်ကြီးကြွလာပြီဆိုလို့ကတော့ ပြန်ကပြေး (ယခု အောင်ဇမ္ဗူရပ်) က အမှတ် (၂၂) အထက်တန်းကျောင်းကြီးတစ်ကျောင်းလုံးက ကျောင်းသူကျောင်းသား၊ ဆရာဆရာမတွေဟာ ဆရာတော်ကြီးကို သွားရောက် ကန်တော့ကြတာ ထုံးစံပါ။ အဲဒီမှာ ဆရာတော်ကြီးက ရွှေဒင်္ဂါး ချောကလက်ပြားလေးတွေနဲ့ ကျောင်းသုံးပစ္စည်းလေးတွေ ကျောင်းသားအစေ့လှူဒါန်းလေ့ရှိတာပါပဲ။ ဆရာတော်ကြီးရဲ့ စေတနာနဲ့ ဒါနစွမ်းအားကတော့ နေ့ပြုလို့မကုန်နိုင်အောင်များပြားလွန်းလှပါတယ်။ ဆရာတော်ကြီးဟာ သူ့ရဲ့မွေးဇာတိ ရွာမှာလည်း နှစ်စဉ်သွားလှူလေ့ရှိ ကြောင်း သိရပါတယ်။

ဒါနပြုရင် စေတနာက အဓိကပါ။ ပထမဇောစေတနာထိုက်ပြီဆိုရင်တော့ အဲဒီဒါနဟာ ဒီဘဝမှာပဲ ချက်ချင်းလက်ငင်း အကျိုးပေးလေ့ရှိတာပါ။ အဲဒါကြောင့် ပထမဇောစေတနာဟာ ဆရာတော်ကြီးကို အကျိုးပေးပြီး ပေးမကုန် လှူမခန်း လှူဖွယ်ဝတ္ထုအစုစုတွေ ဆရာတော်ကြီးထံပါးမှာ တောင်ပုံရာပုံရှိနေတာလို့ တွက်ဆရမှာ ဖြစ်ပါတယ်။ ရှိလို့လှူ၊ လှူလို့ရှိဆိုတာ အမှန်ဖြစ်ပါတယ်။ လိုချင်စိတ်မရှိတဲ့အခါ လှူဖွယ်ပစ္စည်းတွေ မလိုချင်အောင်ရှုနေခြင်းပါပဲ။ ဒါက အလောဘရဲ့အစွမ်းဆိုပါတော့။

❑ နောက်ဆုံးဖူးတွေ့ခြင်း

ဆရာတော်ကြီးဦးဇဋိလ ကျန်းမာရေးမကောင်းဘူး။ ဆေးတွေ၊ သွေးတွေ သွင်းနေရတယ်ဆိုတဲ့သတင်းကိုကြားရပါတယ်။ ဒီလိုနဲ့ (၆၆) ကြိမ်မြောက် မဟာစည်ဩဝါဒခံယူပူဇော်ပွဲကို ကျင်းဖို့နီးကပ်လာပါတယ်။ နှစ်စဉ် နတ်တော်လပြည့်ဝန်းကျင်မှာ ကျင်းပတာပါ။

၂၀-၁၂-၂၀၁၅ နေ့ ရထားနဲ့ ကျွန်တော်ရယ်၊ ဦးမွတ်ထားရယ်၊ ဦးအုန်းမောင်ရယ်၊ ဦးမျိုးမြင့်ရယ်၊ ဦးမြတ်ထွန်းရယ်၊ ဒေါ်ရီရယ်၊ ဒေါ်ငွေရင်ရယ် တစ်စု ဖွဲ့ပြီး ပျဉ်းမနားကနေ ရန်ကုန်ကိုသွားခဲ့ပါတယ်။ ည (၉) နာရီလောက်မှ ဗဟန်းရှိ မဟာစည်ရိပ်သာကြီးကို ရောက်ပါတယ်။ မိုးချုပ်နေပြီမို့ ဆရာတော်ကြီး ဆီမရောက်ဖြစ်ကြပါဘူး။

မနက်ကျမှ ဆရာတော်ကြီးကို လှူဖွယ်တွေနဲ့ သွားကန်တော့ကြတယ်။ ဆရာတော်ကြီးဟာ ရုပ်ရည်အတော်ကို သွားခဲ့ပါပြီ။ ဝိန်လည်းဝိန်သွားခဲ့ပါပြီ။ သို့သော်လည်း ဆုပေးနိုင်ပါသေးတယ်။ အသံတော်ကတော့ မာဆဲပါပဲ။

ကျောင်းမှာ အနှယ်နှယ်ကရဟန်း သာမဏေတွေ၊ သီလရှင်တွေ၊ လူ... ကားတွေနဲ့ ပြည့်နေပါပြီ။ (၂၁) ရက် နေ (၂၇) ရက်နေ့အထိ (၇) ရက်တိ...

www.burmeseclassic.com

www.burmeseclassic.com

ထိုင် ဆရာတော်ကြီးများစည်းဝေးပွဲ၊ ဘာသာပွဲများနဲ့ ကျွေးမွေးလှူဒါန်းမှုအစုစုတွေကိုပြုနေတဲ့ ခြိမ့်ခြိမ့်သဲသဲပါပဲ။ ဆရာတော်ကြီးရဲ့ တပည့်ဒကာ၊ ဒကာမတွေ တွန်တော်တို့ဆီက (၃၀၀) နီးပါးဟာရောက်ကြပါတယ်။ သူ့အဖွဲ့နဲ့သူ ဘစ်ဖွဲ့စီဖွဲ့ပြီးလာကြခြင်းပါ။

တကယ်တော့ ဒါဟာ ကျွန်တော်တို့အနေနဲ့ သင်ရှိထင်ရှား ဆရာတော်ကြီးကို နောက်ဆုံးကန်တော့ကြခြင်းပါ။ ဆရာတော်ကြီးဟာ သူကျန်းမာရေးသင့် ရိပ်သာမှာတရားလာအားထုတ်နေကြတဲ့ နိုင်ငံခြားရဝ်ဝန်းတွေကယောဂီတွေကို ပုံပြီး အလေးထားဂရုစိုက်ကာ ဘာသာပြန်လေ့ရှိကြောင်း သိရပါတယ်။ တကယ်ကြည်ညိုဖွယ်ဂုဏ်ပါပဲ။ အသင်္ကို ပဓာနမထားတဲ့စေတနာပါ။ အရင်ဆိုရင် ရန်ကုန်မဟာစည်ပူဇော်ပွဲကြီးနဲ့ ပြန်ကပြေးမဟာစည်ရိပ်သာအနီးက လောကဓမ္မိသာသံသနာအေးဆေးတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ရှင်ရဟန်းပြုပွဲတွေနဲ့တွဲပြီး ကျင်းပလေ့ရှိတာပါ။

ဒီနှစ်မှာတော့ ထိုင်းနဲ့ ကိုရီးယားယောဂီတွေ အများအပြားရောက်ရှိနေပြီး တရားပြနေရတဲ့အတွက် တပို့တွဲတို့ ရွှေ့လိုက်ပါတယ်။ အားလုံးသောသည်တွေကတော့ ဆရာတော်ကြီးအတွက် ရင်တထိတ်ထိတ်နဲ့ပါပဲ။ ကျန်းမာရေးက အတော်ချို့ယွင်းနေတာကိုး။

၂၀၁၆၊ ဇန်နဝါရီလထဲမှာတော့ ဆရာတော်ကြီး ဂျပန်ဆေးရုံအထူးခန်းထဲတင်ထားကြောင်း သတင်းတွေကြားရပါပြီ။ အဲဒီမှာ ကျွန်တော်တို့အောင် ဇမ္ဗူရပ်က ဒကာ၊ ဒကာမများနဲ့ ဆရာတော် ဦးအာစိဏ္ဏ (နေပြည်တော်ဘစ်ပွင့်- ဆရာတော်ရဲ့ကျောင်းအားထားပေးသောဆရာတော်) တို့ ရန်ကုန်ကိုသွားကာ ဆရာတော်ကြီးရဲ့အခြေအနေ ကို သွားကြည့်ကြပါတယ်။

ခေတ်မီဆေးဝါးတို့မည်မျှစွမ်းကြသော်လည်း သုံးလောကထွတ်ထားဆောက်ခြတ်ဘုရားသော်မှ လွန်ဆန်လို့မရနိုင်တဲ့ သေခြင်းတရားနောက်ကို ၂၄-၂-၂၀၁၆ ခုနှစ်၊ ည (၉) နာရီမှာ တော်တော် (၈၁)၊ ဝါတော် (၆၁) အရ သိက်ပါကြွသွားပြီး ခန္ဓာဝန်ချတော်မူတယ်။

အကြောင်းကြောင်းကြောင့် ဆရာတော်ကြီးရဲ့ အန္တိမစ္စာပနပူဇော်ပွဲကို ကျွန်တော် မသွားရောက်နိုင်ပေမယ့် ကျွန်တော်တို့ အောင်ဇမ္ဗူရပ်က တပည့်ဒကာ၊ ဒကာမတွေ ဆရာတော်ကြီးရဲ့ အန္တိမစ္စာပနပူဇော်ပွဲကိုများစွာသွားကြပါတယ်။ (၅) ရက်ထားပြီး ၂၀၁၆၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှာ နံ့သာထုင်းများနဲ့ မီးရှို့ပူဇော်ကြတယ်လို့ သိရပါတယ်။

(၉) ရက်ပြည့်တဲ့နေ့မှာ ဆရာတော်ကြီးအတွက် သံဃာတော်သင်္ဃ (၈၁) ပါးပင့်ကာ ဆွမ်းလှူဒါန်းပါတယ်။ လှူဖွယ်ဝတ္ထုအစုစုတွေလှူဒါန်းပါတယ်။ ရွာတွေကိုလည်း ဗို့ဟစ်ကာ ရွာလုံးကျွတ်ကျွေးမွေးလှူဒါန်းမှုပြုခဲ့ပါတယ်။

□ နောက်ဆုံးမှာတမ်း

ဆရာတော်ကြီးရဲ့ကျန်းမာရေးဟာ တစ်နေ့တခြား ဆုတ်ယုတ်ပျက်ပြားလာတာကြောင့် ဂျပန်ဆေးရုံကြီးမှာတင် လိုက်ပါတယ်။ သီးသန့်ခန်းမှာတင်ခြင်းပါ။ ဝေဒနာတကယ်ပြင်းထန်နေတာကြောင့် သက်သာမှုရှိတယ်ဆိုရင်တော်ခေတ္တခဏမျှသာ သက်သာရာရမှာပါ။ ဘယ်သူမဆို သေခြင်းတရားနဲ့ ရင်ဆိုင်ရတော့မယ်ဆိုရင် သေလောက်တဲ့ဝေဒနာဟာ ဝင်ရောက်နှိပ်စက်အနိုင်ယူတတ်တာပါပဲ။ ဒါကို ဆရာတော်ကြီးက သိပြီးဖြစ်တာကြောင့် သွေးသွင်း၊ ဆေးသွင်းတာတွေကို တားမြစ်တော်မူပါတယ်။

အဲဒါကို ငါးသိုင်းချောင်းဆရာတော် ဘဒ္ဒန္တဉာန္ဒာသဘ္ဘက အောက်ပါအတိုင်း ကဗျာလေးနဲ့ မှတ်တမ်းတင်ထားပါတယ်။

> *□ ငါတပည့်များ ငါမှာကြားအံ့၊ ငါအား ရောဂါ ပြင်းထန်ပါ၍ ကင်းကွာသတိ ဖြစ်သည်ရှိသော် မည်သည့် ဆေးဝါး သွေးများ စသည် သွင်းမည့် ကိစ္စမပြုကြနှင့် ငါကံနှင့်ငါရှိပါရစေ။*
>
> *□ ငါမှာ ဒါန၊ သီလ၊ ဘာဝနာ ပြည့်စုံပါ၍ ဘာမှမကြောက်။ ငါလျှောက်မည့်လမ်း ရဲရဲလှမ်းအံ့။*
>
> *□ ငါမှာ သံသယ သီလအရာမရှိပါခဲ့။ ဝေဒနာကမ္မဋ္ဌာန်း စီးဖြန်းလျက်သာ သူခေါ်ရာသို့ လိုက်ပါတော့မည်။ စိတ်ကရည်သည် တည်ကြည်အခိုင်အာ်ပြုပြီးတည်း။*

ဆရာတော်ကြီးကို သီးသန့်မှန်လုံခန်းမှာ သွေးတွေ၊ ဆေးတွေသွင်းပြီး အသက်တော်ကို ဆွဲဆန့်ထားတာပါ။ ဒီတော့ ပိုက်တွေ၊ အနီးမှာ စက်ကိရိယာတွေနဲ့ဖြစ်နေတော့ အနေခက်တာကြောင့် ဆေးတွေ၊ သွေးတွေမသွင်းဖို့ တားမြစ်တော်မူပြီး ပိုက်တွေဖြုတ်လိုက်တဲ့အခါမှာတော့ ဝေဒနာကိုရှုမှတ်ရင်း ခန္ဓာဝန်ကို ချသွားတော်မူခြင်းပါ။ အဲဒီ နောက်ဆုံးမှာတမ်း ပြည့်ပြည့်စုံစုံကို မှတ်တမ်းကဗျာပြုထားခြင်းပါပဲ။

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ သြဝါဒါစရိယဆရာတော်ဘုရားကြီး သာသနဓဇ သိရီပဝရ မဓုစာရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တဇဋိလ (Ph.D) ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာကြီးရဲ့ သြဝါဒါစရိယဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဇဋိလကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကတော်ရွာမှ အာဘဦးမြကြီးနဲ့ အမိ ဒေါ်ဖွားသစ်တို့မှ ၁၂၇၃ ခု နတ်တော်လဆန်း ၂ ရက် (၂၆-၁၁-၁၉၁၅) အင်္ဂါနေ့မှာ မိုးရွာသန့်စင်ဖွားမြင်တော်မူခဲ့ပါတယ်။ မွေးခါင်း (၅)ယောက်မှာ အငယ်ဆုံးပါ။

ဆရာတော်အလောင်းလျာဟာ အသက် (၁၀) နှစ်အရွယ် ၁၉၄၅ ခု ဂျပန်ခေတ်မှာ ကတောရွာဒက္ခိဏာရာမကျောင်းဆရာတော် ဦးဥတ္တရထံမှာ ဥပဇ္ဈာယ်ပြုပြီး ကျေးဇူးရှင် မိဘနှစ်ပါးက ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်ကို ရောက်ပါတယ်။ ဘွဲ့အမည်က ရှင်ဇဋိလပါ။

ဆရာတော်အလောင်းလျာဟာ (၇) နှစ်သားအရွယ်မှစပြီး ကတောရွာဒက္ခိဏာရာမကျောင်းဆရာတော်ထံမှာ အခြေခံပညာကို သင်ယူခဲ့ပါတယ်။ ကတောရွာ မူလတန်းကျောင်းမှ ဆရာဦးဘထွန်း၊ ဦးပု၊ ဦးစိုးတို့ ကျောင်းဆရာတာဝန်ထမ်းဆောင်နေချိန်မှာ အခြေခံပညာ စတုတ္ထတန်းအထိ ပညာသင်ယူခဲ့ပါတယ်။

၁၃၁၅ ခု (၁၉၅၃) မှ စစ်ကိုင်းတောင်ရိုး ရတနာမာန်အောင်ကျောင်းတိုက် ဘဒ္ဒန္တဝိစာရိန္ဒ (ယခု မဟာဝိဇိတာရုံဆရာတော်) ကို အမှီပြုပြီး လောကုတ္တရာစာပေတွေ ဆက်လက် သင်ယူခဲ့ပါတယ်။ ပြီးတော့ စစ်ကိုင်းတောင်ရိုး ဇေယျသိန်ပါဠိတက္ကသိုလ် ဇေယျသိန် ဆရာတော်ကြီးနဲ့ ဆရာတော်ဦးဘဂ္ဂဝံသ

www.burmeseclassic.com

www.burmeseclassic.com

(ယခု မန္တလေး ပေါက်မြို့ဝင်ဆရာတော်) အစရှိတဲ့ ဆရာတော်ဘုရားကြီးများထံမှာလည်း ဗုဒ္ဓစာပေများ သင်ယူဆည်းပူးခဲ့ပါတယ်။

ဆရာတော်လောင်းလျာရှင်ဇဋိလဟာ စစ်ကိုင်းတောင်ရိုးမှာ ပရိယတ္တိစာပေများကို ကြိုးစားအားထုတ်သင်ယူခဲ့ပြီး ဝိနယအကျော်တန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို သာမဏေဘဝမှာ အောင်မြင်တော်မူခဲ့ပါတယ်။

၁၃၁၇ ခု၊ ဒုတိယဝါဆိုလဆန်း ၅ ရက် (၂၄-၇-၁၉၅၅) တနင်္ဂနွေနေ့မှာ ကတောရွာဒကွိဏာရာမကျောင်း ခဏ္ဍသိမ်တော်မှာ မန္တလေးမြို့ ဝိဇိတာရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသနကို ဥပဇ္ဈာယ်ပြုပြီး ဦးမောင်ကလေး၊ ဒေါ်ဖွားမေ မိသားစုတို့ရဲ့ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းတော် ဦးဇဋိလအဖြစ်သို့ ရောက်ရှိတော်မူပါတယ်။

ရဟန်းဘဝကိုရောက်ပြီးတဲ့အခါ ပထမကြီးတန်းကို အောင်မြင်တော်မူပါတယ်။ ဓမ္မာစရိယတန်းမှာ ကျမ်းရင်း (၃) ကျမ်းပြီးသဖြင့် သာသနဓဇ ဓမ္မာစရိယဘွဲ့တော်ကို ရတော်မူပြီး ပါဠိဂုဏ်ထူး၊ မြန်မာဂုဏ်ထူးများ ဆက်လက်ဖြေတော်မူရာ အောင်မြင်တော်မူသဖြင့် (၁၉၆၁) ၁၃၂၃ ခုနှစ်မှာ သာသနဓဇ သိရီပဝရဓမ္မာစရိယ (ဝိနယပါဠိပါရဂူ) ဘွဲ့ထူးတော်ကြီးကို အောင်မြင် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ဆရာတော် ဦးဇဋိလဟာ စစ်ကိုင်းတောင်ရိုး ဇေယျသိန်ပါဠိတက္ကသိုလ်မှာ ပရိယတ္တိစာပေများပို့ချတဲ့ ကထိကတာဝန်ကို (၃) နှစ်တိုင်တိုင် ကျေပွန်အောင် ထမ်းရွက်တော်မူခဲ့ပါတယ်။

ဆရာတော်ဟာ စာမေးပွဲအောင်ရုံမျှနဲ့ အားရတင်းတိမ်တော်မမူဘဲ အထက်တန်း ပိဋကတ်တော်များကို ကျမ်းကြီးပေါက် သင်ယူတတ်မြောက်လို သဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ် အလယ်တိုက်ကြီးသို့ကြွရောက်ကာ စာချဆရာတော်ဖြစ်သော ဦးမာဂိန္ဒထံမှာ (၃) နှစ်တိုင်တိုင် စာဆိုပြုလုပ်ပြီး စာသင်ပါတယ်။ အဲဒီအချိန်တုန်းက မဟာဝိသုကာရာမစာသင်တိုက်ကြီးရဲ့ ပဓာနနာယကဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရသက်တော်ထင်ရှားရှိနေဆဲပါ။ အများက ဆရာတော်သုန်လို့ ခေါ်ကြပါတယ်။

စာချဆရာတော်ဦးမာဂိန္ဒ ပုံလွန်တော်မူတဲ့အခါမှာတော့ ပခုက္ကူကပြန်ခဲ့ပါတယ်။

ဆရာတော်ဟာ ၁၃၂၈ခု(၁၉၆၆) မှာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီးမှာ တရားအားထုတ်ဖို့ ရောက်ရှိလာပါတယ်။ အဲဒီအချိန်တုန်းက မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိနေဆဲဖြစ်ပါတယ်။ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှာ နှည်းနာနိသဿယယူပြီး ရက်ပေါင်း (၇၀) ကြာ တရားအားထုတ်တော်မူပါတယ်။ နိသိဇ်ခုတင်ကိုလည်း (၁၅) ရက်ကြာ ဆောက်တည်တော်မူပါတယ်။ ဉာဏ်စဉ်တရားနာနိုင်သည်အထိ အားထုတ်တော်မူခြင်းပါ။

၁၃၂၉ ခု (၁၉၆၇) နယုန်လမှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့တာဝန်ပေးချက်အရ ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ ဦးအောင်သောင်း၊ ဒေါ်မြကြည်တို့ ဆောက်လုပ်လှူဒါန်းတဲ့ 'သတိပဋ္ဌာန်ကမ္မဋ္ဌာန်းတိုက်သစ်မဟာစည်သာသနာ့ရိပ်သာခွဲ' မှာ (ယခု နေပြည်တော် ဇမ္ဗူသိရိမြို့ အောင်ဇမ္ဗူရပ်) ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် နှစ်ပေါင်း (၂၀)မျှကြာအောင် မဟာစည်ဝိပဿနာပြန့်ပွားရေးအတွက် ပဋိပတ္တိသာသနာပြုလုပ်ငန်းတို့ကို ထမ်းရွက်တော်မူပါတယ်။

ဒီလိုထမ်းရွက်တော်မူရင်း မဟာစည်ရိပ်သာခွဲရဲ့ဦးထိပ်မှာ 'လောကသုခသံသရာအေးစေတီတော်ကြီး' ကိုလည်း တည်ထား ကိုးကွယ်ခဲ့ပါတယ်။ မြို့နယ်အတွင်းမှာ တရားဟောခြင်း၊ တရားစခန်းပွဲတွေမှာ တရားပြခြင်း၊ မြို့နယ်သံဃာ့အဖွဲ့အစည်းမှာ သံဃသမ္မတိအဖြစ် ဆောင်ရွက်ခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်တာဝန်ယူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်တာဝန်ယူခြင်း စသည်ဖြင့် သာသနာ့အကျိုးများကို မနားမနေ ဆောင်ရွက်တော်မူပါတယ်။

၁၉၈၂ ခုနှစ်မှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးခန္ဓာဝန်ချတော်မူတဲ့အခါ သာသနာ့ရိပ်သာဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ်မှ ရန်ကုန်မြို့ ဗဟန်းရှိ မဟာစည်သာသနာ့ရိပ်သာကြီးမှာ 'မဟာစည်နာယက' အဖြစ် တာဝန်ထမ်းရွက်ရန် ပင့်ဆောင်ပါတယ်။ အဲဒါကြောင့် ပြန်ကပြေးရှိ မဟာစည်ရိပ်သာကို ဆရာတော် ဦးအာစိဏ္ဏကိုလွှဲပြီး ရန်ကုန်မဟာစည်ရိပ်သာကြီးမှာ နှစ်ပေါင်း (၃၀) ကျော်ကြာအောင် သာသနာ့တာဝန်များ ကျေပွန်စွာ ထမ်းရွက်တော်မူခဲ့ပါတယ်။

အဲဒီလို ထမ်းရွက်တော်မူစဉ်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာမဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ချုပ်ကြီးမှာ ဥက္ကဋ္ဌတာဝန်ကိုထမ်းရွက်ရင်း မဟာသာသနာ့ရိပ်သာကြီးရဲ့ အဓိကသံဃနာယကအဖွဲ့အစည်းကြီးဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပမဟာစည်ရိပ်သာများ၊ နာယကအဖွဲ့ကြီးရဲ့ အကျိုးတော်ဆောင်အဖြစ်လည်း စွမ်းစွမ်းတမံ အပင်ပန်းခံကာ ထမ်းရွက်တော်မူပါတယ်။ ၁၉၈၂ ခုနှစ်ကနေပြီး ၂၀၁၅ အထိဆိုပါတော့။ နှစ်ပေါင်း (၃၀) ကျော်ပါ။

ရန်ကုန် ဗဟန်းရှိ မဟာစည်ရိပ်သာဌာနချုပ်ကြီးရဲ့ နာယကတာဝန်ကို ထမ်းရွက်တော်မူရင်း မဟာစည်နိုင်ငံခြားသာသနာပြုရေးရာတာဝန်များကိုလည်း လွဲလဲဝီရိယကြီးစွာဆောင်ရွက်တော်မူရာမှာ ထိုင်း၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်္ဂလန်၊ ပြင်သစ်၊ ဟော်လန်၊ ကနေဒီယံ၊ ဆွစ်ဇာလန်၊ ဂျပန်၊ အမေရိကန်၊ ဩစတေးလျ၊ ထိုင်ဝမ် (တိုင်းဝေ) တရုတ် အစရှိတဲ့ ပြည်ပနိုင်ငံတွေကို ကြွရောက်ကာ မဟာစည်တရားစခန်းများ ဖွင့်လှစ်ပြီး တရားပြကာ သာသနာပြုတော်မူခဲ့ပါတယ်။

ဦးတော့ မြန်မာနိုင်ငံတော် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာမှာလာရောက် တရားစခန်းဝင်ကြတဲ့ နိုင်ငံခြားယောဂီများကိုလည်း တရားတော၊ တရားဆွေးနွေးပွဲများ ဆောင်ရွက်တော်မူပါတယ်။

၁၃၇၂ ခု (၂၀၁၀) သက်တော် (၇၅) နှစ်ပြည့်ချိန်မှာ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ်မှ မဟာစည်သာသနာ့ရိပ်သာကြီးရဲ့ ဩဝါဒါစရိယဆရာတော်အဖြစ် တင်မြှောက်တော်မူခဲ့ကြပါတယ်။ အဲဒီအခါ ဩဝါဒါစရိယတာဝန်၊ နိုင်ငံခြားသာသနာပြုတာဝန်၊ ပြည်တွင်း-ပြည်ပ ယောဂီများတရားဟောတရားပြတာဝန် နှစ်စဉ်နှစ်တိုင်း ထိုင်းနိုင်ငံမှ ယောဂီများစွာတို့ကို တရားဟောတရားပြ (၇) လတိုင်တိုင် တာဝန်ယူရတဲ့ တာဝန်စသည်ဖြင့် တာဝန်များစွာကို မည်သည်မည္ဟု ထမ်းရွက်တော်မူပါတယ်။

၁၉၉၈ ခုနှစ်မှာ ဆရာတော်ဦးဇဋိလရဲ့ ဟောစဉ်တရားတော်များစွာရှိသည့်အထဲက နိုင်ငံခြားသာ

www.burmeseclassic.com

www.burmeseclassic.com

သောဂီများနဲ့ သင့်လျော် ကိုက်ညီမည့် ဘာသာတော်အချို့ကို စုစည်းပြီး ဗုဒ္ဓဘာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးသုကြိုင်က ဆရာတော် ဦးဇဋိလ၏ သဿနာတရားတော်များဆိုတဲ့စာအုပ်ကို ရေး သားထုတ်ဝေခဲ့ပါတယ်။

ဒီစာအုပ်ကို ဒေါက်တာဦးသုနန္ဒ အင်္ဂလိပ်ဘာသာပြန်ဆိုပြီး နိုင်ငံခြား သားယောဂီများကို တနင်္ဂနွေနေ့တိုင်း ဆရာတော်ကိုယ်တိုင် ဟောပြောပြသ ခဲ့ပေးနေခဲ့တာလည်း ကာလအားဖြင့် ကြာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံခြားသား သောဂီတွေနှစ်ခြိုက်တဲ့စာအုပ်တစ်အုပ် ဖြစ်ပါတယ်။

နှစ်စဉ်နှစ်တိုင်း မဟာစည် ဘာသနာ့ရိပ်သာကြီးမှာ ဝါဆိုတော်မူပြီး ဟောပြောစနစ်ဝင်ကြတဲ့ သံဃာတော်များ အပြင် ကမ္ဘာ့နိုင်ငံခြားဆရာဖြစ်သင်တန်း အချို့နဲ့ဖဲ့ကာ မည်သည်မည်မျှ ပို့ချပေး ခဲ့တော်မူပါတယ်။ ဆရာဖြစ်သင်တန်း ဆင်းရောက်တော်မူကြတဲ့ သံဃာတော် များအတွက် 'ဉာဏ်အချုပ်လက်ှ' ဆိုတဲ့ စာအုပ်ကိုလည်း ရေးသားပြုစုပေးထား ပါတယ်။

ဆရာတော်ဟာ စာရေး၊ စာဖတ် သူ ဝါသနာကြီးပါတယ်။ ဆရာတော် ဆွေးမြေးတွေ၊ ရတုကဗျာတွေ ကိုလည်း ပေးပို့လေ့ရှိပါတယ်။ ရတုတွေ အကြောင်း အတော်များများကို ရေးခဲ့တာပါ။ ဘာသာစည်ရိပ်သာခွဲတွေဟာ မြန်မာနိုင်ငံ အနှံ့ရှိရုံ့ တစ်ကမ္ဘာလုံးမှာရှိတာပါ။ ဒီရိပ်သာတွေကိုပေါင်းစုပြီး 'မဟာစည် ဘာသာအဖြာဖြာ' ဆိုတဲ့ စာအုပ်ထူကြီး ကိုလည်း ရေးသား ပြုစုထုတ်ဝေခဲ့ရာမှ ဘာသာစည်ဆရာတော်များရဲ့ လက်ကိုင် စာအုပ်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အရပ်မှာ မဟာစည်ရိပ်သာရှိတယ် ဆိုတာ အဲဒီစာအုပ်ကြီးလှန်လှောကြည့် ကြတာနဲ့ သိနိုင်လို့ပါပဲ။ ရိပ်သာ အကြောင်းအစုံအင်၊ ရိပ်သာဖြစ်ပေါ် လာပုံ ရိပ်သာဆရာတော်၊ တစ်နှစ် တာလုံး ယောဂီကျား-မ မည်မျှရှိသည် ဆိုတာဖြင့် အစုံအလင်ပါတာကြောင့် ကိုးကားကျေးဇူးများတဲ့ စာအုပ်ကြီးပါ။ ဆရာတော်ရဲ့ ဆရာဝန်းကို မဟာစည်ရိပ်သာကြီးနဲ့ ယှဉ်ပြီး လှလှပပပြုထားပါတယ်။

ပြည်တွင်း၊ ပြည်ပ နှစ်ဌာနတို့မှ ဆရာတော်များကို အစဉ်တစိုက်တရားဟော ဖိတ်ကြားပြုကမ္ဘာနာစရိယတာဝန်များကို ထမ်းရွက်ခဲ့တာကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ၁၃၆၂ ခုနှစ်မှာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆွဲတံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဆရာတော်ကြီးဦးဇဋိလဟာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သတိပဋ္ဌာန်နည်းကျ ဝိပဿနာလုပ်ငန်းကို တည်တံ့ခိုင်မြဲ တိုးတက်အောင် ကြံဆောင်တော်မူကာ ပြည်တွင်း၊ ပြည်ပ နှစ်ဌာန သာသနာပြုတော်မူခဲ့ပါတယ်။

ဒီလိုသာသနာပြုရာမှာ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်ဗုဒ္ဓတက္ကသိုလ်ကြီးလည်း အပါအဝင်ပါ။ အဲဒီမဟာ ချူလာလောင်ကွန်ဗုဒ္ဓတက္ကသိုလ်မှာ ဗုဒ္ဓ တက္ကသိုလ်ရဟန်းတော်၊ ကျောင်းသား များစွာကို နှစ်စဉ်နှစ်တိုင်း တရားဟော ခြင်း၊ တရားပြခြင်း၊ တရားစစ်ဆေးခြင်း အစရှိတာတွေကို စွမ်းစွမ်းတမံဆောင် ရွက်ခဲ့တာကြောင့် မဟာချူလာလောင် ကွန်ဗုဒ္ဓတက္ကသိုလ်က ပါမောက္ခချုပ် ဆရာတော်ကိုယ်တိုင် မြန်မာနိုင်ငံ ရန်ကုန် မဟာစည်ရိပ်သာဌာနချုပ်သို့ ကြွရောက်တော်မူလာကာ ဆရာတော် ကြီး ဦးဇဋိလကို ဂုဏ်ထူးဆောင်(Ph.D) ဒေါက်တာဘွဲ့ကြီးကို ဆက်ကပ်လှူဒါန်း စောမူခဲ့ပါတယ်။ ဒေါက်တာဘွဲ့ ဆက်ကပ်လှူဒါန်းတဲ့နှစ်က ၁၃၇၄ ခု (၂၀၁၂) နှစ်ကပါ။

၁၃၇၇ ခု (၂၀၁၅) နှစ်မှာ ဆရာ တော်ကြီး သက်တော် (၈၀) ပြည့်တာ ကြောင့် သက်တော် (၈၀) ပြည့် ပတ္တမြား ရတုကာလသို့တိုင်အောင် ဆရာတော် ကြီးဟာ မိမိရဲ့ကျန်းမာရေးကို အလေး ထားတော်မမူဘဲ ပဋိပတ္တိသာသနာ တော်အတွက် တရားဟော တရားပြ လုပ်ငန်းကို အပတ်တကုတ် ကြိုးစား တော်မူပါတယ်။ ဆရာတော်ကြီးဟာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ တော်အတွက် မွေးဖွားလာတဲ့ မွန်မြတ်တဲ့၊ တန်ဖိုးဖြတ်မရတဲ့ သားကောင်း ရတနာအစစ်ဖြစ်တော်မူခဲ့ပါတယ်။ ဝေဒပညာရှင်၊ ဝေဒသုတေသီတို့ လေ့လာနိုင်အောင် ဆရာတော်ကြီးရဲ့ဇာတာစက်ဝန်း ပါ တင်ပြလိုက်ပါတယ်။

❑ အင်စပက်တော်ကြီး ရေးစပ်သော တေးထပ်

သာမဏေ ရှင်ဇဋိလ ကတောရွာ ဒကိ္ခဏာရာမကျောင်းမှာ သီတင်းသုံး နေတဲ့အခါ ကတောရွာနေ အင်စပက် တော်ကြီးက သာမဏေ ရှင်ဇဋိလကို ဗေဒင်ပညာသင်ပေးပါတယ်။ အဲဒီလို သင်ပေးရင်း ကိုရင်ရဲ့ ဖွားဇာတာကို မှတ်မိအောင် အင်စပက်တော်ကြီးက တေးထပ် ရေးစပ်ကာ ပေးခဲ့ပါတယ်။ ဖွားတဲ့ရက်က ကောဇာနှစ် ၁၂၉၇ ခုနှစ်၊ နတ်တော်လဆန်း (၂) ရက်၊ ညု(၂)နာရီ၊ အင်္ဂါနေ့မှာ ဖွားမြင်ခြင်းပါ။ အမှန်တော့ ကျော်စောမည့်ပုဂ္ဂိုလ်မို့ ဝိသေသပြုကာ တေးထပ်ရေးစပ်ပေးခဲ့ခြင်းပါပဲ။



စင်နက္ခတ် ၁၆၀

ဗီဇနာ ဂ

❑ *ကော်ဒွေးနောသတ်နေ့အကျတွင်မှ*
မှတ်ခေါ်စရာကောဇာ နတ္တော်လ
ဝေါဟာမှာ ဆန်းကောကြုံခြား၊
ညနှစ်ချက်ကျော်သာသာမှာ ကေသ
ရာဝင်နေ့တွင်ဖွား၊
ကြွက်ဆင်ကျားဂဠုန်မှဲတို့မှာ ဗြိတ္တာ
မှာတူနား၊
ကံသာတွင် ပူးစံခြားပါလို့ ရေနဂါး
ကုန်ခွင်
ခြသွေ့နေ်ဟိုင်းရာဟုငယ်တို့ ဓနုက
မြူးပျော်၍ရွှင်၊
ထူးပါပေ့သိဟ်လဂ်ခွင်ငယ်ရှိန်လျက်
ပင် ထင်ဖြပ်ကယ်နှင့် စဉ်အမှတ်
သောဇောပါဒ်သုညတာ။
မြတ်ဂုဏ်ကြွဒီဇာတာငယ် ဗီဇနာ
ရှစ်စွန်နှင့်လေး။

ဆရာတော်ကြီးအားဦးခိုက်လျက်

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

ကိုးကား -

ပတ္တမြားရတု ဝိဇာတမင်္ဂလာ အထိမ်းအမှတ် ဂုဏဝိသိဋ္ဌပူဇာ မော်ကွန်းတင်စာစောင်

www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

ထူးထူးခြားခြားအစွမ်းသိဒ္ဓိရသည့် အဓိဋ္ဌာန်ကျင့်စဉ်

တစ်နေ့သ၌ -

ကျွန်ုပ်သည် ဝေါဟာရ စွန့်ရမာသ လပြည့်နေ့တိုင်း အလားမစောင်း လာခြင်းကောင်းဖြင့် ပွင့်ထွန်းတော်မူခဲ့ကြပြီးသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို အထူးအာရုံပြုပြီး ကန်တော့ပွဲစီမံချက်လှုမြဲ ဖြစ်ပါသည်။

ဤနေရာတွင် ကန်တော့ပွဲစီမံရာ၌ ကျွန်ုပ်၏စီမံမှုကိုဖော်ပြလိုက်ပါသည်။ သဒ္ဓါအာရုံရှိသူများအနေဖြင့် စီမံလှူဒါန်း နိုင်ကြစေရန် စေတနာပြဋ္ဌာန်းပြီး အခွင့်သင့်တုန်းမှာ တင်ပြပေးလိုက်ပါသည်။

ကျွန်ုပ်စီမံသောဘုရားကန်တော့ပွဲမှာ -

ငှက်ပျော (၃) ဖီး၊

(ဖီးကြမ်းငှက်ပျောအစိမ်းကိုသာ ကပ်လှူပါသည်။)

အုန်းသီးတစ်လုံး

(ကြွက်မီးဖြောင့်တန်းပြီး အပြစ်အနာကင်းသောအုန်းသီး)

ရွှေထီးတစ်လက်၊ ထီးဖြူတစ်လက် နှင့် တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ကြက်လျှာ၊ ယပ်တို့မှာ အဖြူရောင်ကို သာကပ်လှူပါသည်။

ယခုအခါ သာသနာ့အောင်လံတို့ပါ ပါဝင်ပါသည်။

မိမိ မပင်မပန်း ကပ်လှူနိုင်သော သင်္ကန်းတစ်ထည်ပါဝင်ပါသည်။ (ဖြိုစုံသင်္ကန်းကိုလည်း ကပ်လှူနိုင်ပါသည်။)

အောင်သပြေပန်း၊

ဖယောင်းတိုင် (အလင်းတိုင်)၊

အမွှေးတိုင် (နံ့သာတိုင်) တို့ဖြင့် ကပ်လှူပါသည်။

ကျွန်ုပ်သည် ဂိုဏ်းဂဏအစွဲမရှိသဖြင့် ဆေးပြင်းလိပ်၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ကို စီမံသော ကန်တော့ပွဲတွင် ထည့်သွင်းခြင်းမရှိပါ။

သုံးလောကတ်၏ ဘုရင်ဖြစ်သော မြတ်စွာဘုရားသခင်ကိုကပ်လှူပူဇော်ခြင်းဖြစ်၍ မိမိစိတ်စေတနာအရ မည်သည့် အဖျော်သစ်သီးစုံ၊ မုန့်မျိုးစုံ၊ ယိုမျိုးစုံနှင့် အထူးထူးသောစားဖွယ်များကို လှူဒါန်းလိုပါက သီးသန့်ပွဲပြင်လှူဒါန်းပါသည်။

လစဉ်ကပ်လှူမြဲအခါသမယတွင် ကျွန်ုပ်နှင့်လွန်စွာခင်မင်ရင်းနှီးကြသော မိတ်ဆွေများ၊ တပည့်များ လာရောက် ပူဇော်ကန်တော့ကြမြဲလည်းဖြစ်ပါသည်။ ထိုသို့ လစဉ် နိစ္စဓုဝကပ်လှူသည့် ဘုရားကန်တော့ပွဲကို သဒ္ဓါအာရုံကြီးကြသူများက တစ်ဦးတစ်ယောက်ကပ်လှူခွင့်ပေးရန် တောင်းခံခြင်းများ မကြာခဏကြုံရတတ်ပါသည်။

ကျွန်ုပ်၏ကျင့်စဉ်လမ်းသည် ခုနစ်နွေသား၊ ခုနစ်နွေသမီးများအတွက် မေတ္တာ၊ သစ္စာကျင့်စဉ်ဖြစ်နေ၍ တစ်ဦးတည်းခွင့်တောင်းခံခြင်းကို ခွင့်မပြုခဲ့ပါ။ အများစုမေါင်းကပ်လှူခွင့်ကိုသာ ခွင့်ပြုပေးမြဲ ဖြစ်ပါသည်။ (ပုဂ္ဂိုလကကိစ္စ အတွက်ဆိုလျှင်တော့ တစ်ဦးချင်းကိစ္စဖြစ်၍ လိုအပ်သောစီမံမှုများဖြင့်လှူဒါန်း ခွင့်ပြုပါသည်။)

ထိုနေ့က ကျွန်ုပ်၏ သူငယ်ချင်း (ကျောင်းနေဖက်) နှစ်ယောက်နှင့် ဓမ္မမိတ်ဆွေ (၃) ယောက်လည်း ရောက်ရှိနေပါသည်။ တပည့်များထဲမှလည်း (၃) ယောက်ရောက်ရှိလာသည်။ မိမိတို့၏ စိတ်အာရုံရှိကြသလို ဘုရားဂုဏ်တော်ရည်မှန်း၍ ကပ်လှူသော သစ်သီးကန်တော့ပွဲကို ကန်တော့ကြပါသည်။

မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့ခြင်းကိစ္စ ပြီးမြောက်ချိန်တွင် စကားဝိုင်းက စိုပြည်နေပါတော့သည်။ ထိုစကားဝိုင်းတွင် ကျွန်ုပ်၏သူငယ်ချင်းတစ်ယောက်နှင့် တပည့်တစ်ယောက်က ဦးဆောင်ပြီး ဆွေးနွေးနေကြပါပြီ။ ထိုအချိန်မှာတွင် တပည့်ဖြစ်သူ မောင်စောလှမြင့်က ကျွန်ုပ်ဘက်လှည့်ပြီး သူ့ဆန္ဒကိုဖွင့်ဟတောင်းခံပါလေတော့သည်။ ထိုတပည့် မောင်စောလှမြင့်သည် နိစ္စဓုဝကျင့်ဝတ်များအပြင် အထူးတလည် ဆောက်တည်ကျင့်ကြံရသော အဓိဋ္ဌာန်ကျင့်စဉ်ကို အထူးဝါသနာကြီးသူ၊ သဒ္ဓါကြီးသူ ဖြစ်ပါသည်။

"ဆရာ၊ ကျွန်တော်သိသလိုပြောချင်တာပါ။ အရိုးဆုံးသောကျင့်စဉ်ဖြစ်ပြီး ထူးထူးခြားခြား ထက်မြက်တဲ့ ကျင့်စဉ် အဓိဋ္ဌာန်တစ်ခုတော့ချီးမြှင့်ပါ"

ဟု တောင်းဆိုလေတော့သည်။

ကျွန်ုပ်၏တပည့် စကားဆုံးသည်နှင့် ယခုစကားဝိုင်းမှာရှိနေကြသူအားလုံး ကလည်း မောင်စောလှမြင့်၏တောင်းဆို မှုကိုထောက်ခံပြီး ကျွန်ုပ်ကို ဖိအားပေးပြီး တောင်းဆိုကြပါတော့သည်။ ကျွန်ုပ်မှာလည်း ရှောင်တိမ်း၍ မရတော့ပါ။ ကျွန်ုပ်သွားနေသောလမ်းသည်လည်း ဆင်းရဲသူများချက်ချင်းချမ်းသာရအောင် ချမ်းသာပြီးသူများတင့်တယ်ခြင်းတို့ဖြင့် ပြည့်စုံအောင် ကူညီပေးလိုသော ပါရမီအလုပ်ဖြစ်နေ၍ ကတိပေးလိုက်ရလေတော့သည်။

ယခု ကျွန်ုပ်တင်ပြရေးသားသော အဓိဋ္ဌာန်ကျင့်စဉ်သည် လွန်ခဲ့သောနှစ်ကာလ (၄၀)ကျော်ကာလက ဌာနတစ်ခုတွင် ဏာဝန်ထမ်းဆောင်နေစဉ် တာဝန်ဖြင့် ခရီးထွက်ရသည့်အချိန်များတွင် ရောက်ရှိရာဒေသတွင်ရှိသော တောကျောင်းတွင် သီတင်းသုံးနေကြသော ဆရာတော် သံဃာတော်ကြီးများထံသွားရောက် ဦးတိုက်မြဲဖြစ်လေသည်။

ထိုကျောင်းအာရာမ်တို့တွင်ရှိသော ကျွဲမ်းစာအုပ်မျိုးစုံ၊ လက်ရေးမူစာအုပ်နှင့်ပေများ၊ ပုရပိုက်များကို လေ့လာခွင့်ရသလို ကျွန်ုပ်နှစ်သက်သောအင်းများ စမများနှင့် ဂါထာမန္တန်များ၊ ကျင့်စဉ် အဓိဋ္ဌာန်များကို ကူးယူခွင့်၊ မှတ်သားခွင့် ရသဖြင့် ယခု မောင်စောလှမြင့်၏

www.burmeseclassic.com

www.burmeseclassic.com

ကောင်းဆိုမှုအတွက် မှတ်တမ်းစာအုပ်များကို ရှာဖွေရပါတော့သည်။

မကြာလိုက်ပါ။ အနီးဆုံးစာအုပ်ဆိုင်ကိုဖွင့်ပြီး ရှာဖွေခဲ့ရာ တန်းတန်းမတ်တတ် လိုက်ပါတော့သည်။

ထိုကျင့်စဉ်သည် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို အထွဋ်ထားပြီး ဆုတောင်းခံသော ကျင့်စဉ်အဓိဋ္ဌာန်တစ်ခုဖြစ်နေပါတော့သည်။

သရဏဂုံသုံးရပ် မြတ်သည်ထက် မြတ်သောဂုဏ်တို့ကိုပူဇော်ပြီး ဆုမွန်တောင်းခဲ့၍ အဓိဋ္ဌာန်ဝင်ရသောကျင့်စဉ်ဖြစ်လေသည်။ ထိုအဓိဋ္ဌာန်ကျင့်စဉ်သည် အနိုင်းဆုံးကျင့်စဉ်ဟု ဆိုရသော်လည်း အဆန်းဆုံးဖြစ်နေပါသည်။

ကျွန်ုပ်တွေ့သိရဖူးမျှတင်ပြမည်ဆိုလျှင် -

သရဏဂုံသုံးရပ် မြတ်သည်ထက် မြတ်ဆိုသည်ကို -

- ဂုဏ်ရှိခြင်း
- စိတ်ဓာတ်သန့်ရှင်းစင်ကြယ်ခြင်း
- မြတ်သည်ထက်မြတ်ခြင်း
- တောင်းမှုကိစ္စမှန်သမျှရရှိခြင်း
- အပါယ်ဘေးမှလွတ်ကင်းခြင်း
- သုဝတိဘုံကိုသာလားရခြင်း
- လောကီတွင်လည်း ပြည့်စုံပြည့်ဝစွာနေရခြင်း

စသည်တို့ကို ရမည်မှချဖြစ်ပါသည်။

(အထူးတောင်းပန်ခြင်း - ယခုကဲ့သားတင်ပြသော အဓိဋ္ဌာန်ကျင့်စဉ်၏ မူလဆရာသခင်ကို မမှတ်မိတော့ခြင်း ဖော်ပြပေးနိုင်ခြင်းမရှိသည်ကို ကျွန်ုပ်သူ မိတ်ဆွေများ ခွင့်လွှတ်ပါရန်။ ထိုသူမူလား ပုရပိုက်မူဟုပင် မမှတ်မိတော့ပါ။)

ယခု တင်ပြလိုက်သည့် ကျင့်စဉ်အဓိဋ္ဌာန်သည် အများသူငါသိထားကြပြီးသည့်အတိုင်း အဓိဋ္ဌာန်ကာလတို့မှာ (၁၈) ရက်၊ (၂၇) ရက်၊ (၄၅) သော်လည်းတို့မဟုတ်မူဘဲ (၂၄) ရက်သာ သတ်မှတ်ထားရှိနေပါသည်။

ကျွန်ုပ် စဉ်းစား ကြည့်ညှိကြည့်အခါတွင် (၂၄) ဂဏန်း သခ်ာရေးခြင်း၊ ကျင့်စဉ်အဓိဋ္ဌာန်တွင်ပါသည့် သရဏဂုံ (၃) ရပ်နှင့် အပ်စပ်သည်တို့ တွေ့ရသဖြင့် ဝမ်းမြောက်မိပါသည်။

ကျင့်စဉ်အဓိဋ္ဌာန်တွင် ပါဝင်သည့် စကားတော်တို့မှာ -

- ဗုဒ္ဓ ဂုဏာ နုဘာဝေန
- ဓမ္မ ဂုဏာ နုဘာဝေန
- သံဃ ဂုဏာ နုဘာဝေန

ဟူပါ ရှိနေခြင်းကြောင့် အဓိဋ္ဌာန်ကာလကို ဘုရားဂုဏ်တော် (၉) ပါး၊ တရားဂုဏ်တော် (၆) ပါး၊ သံဃာဂုဏ်တော် (၉) ပါးတို့ကို ပေါင်းလတ်သော ပေါင်းရသခ်္ခာရေသည် (၂၄) ဖြစ်နေ၍ ဂုဏ်တော် (၃) ရပ်ပေါင်းလာရသည် (၂၄) နှင့် အဓိဋ္ဌာန်ကာ (၂၄)တို့ ထပ်တူပြုထားခြင်းသာ ဖြစ်မည်ဟုပင် ကြည်ညိုလိုက်ရပါတော့သည်။

ကျင့်စဉ်အဓိဋ္ဌာန်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ အဓိဋ္ဌာန်ကာလမှာ (၂၄) ရက်ဖြစ်ပါသည်။

(က)အဓိဋ္ဌာန်စရမည့်ရက်မှာကား သောကြာနေ့ (ထိုသောကြာနေ့သည် အမြဲတစ်တစ်ရက် သောကြာက စရပါမည်။)

(ခ) လှူဖွယ်များမှာ -

ရေ၊ မီးအစုံကပ်လှူခြင်း။

(လှူရပုံမှာ အချိုပန်းကန်ထဲတွင် ဖယောင်းတိုင်ကို ခိုင်အောင်စိုက်ထူပြီး ရေဖြည့်ရမည်။)

နံ့သာတိုင် (အမွှေးတိုင်) ကပ်လှူပါ။

အောင်သမြေနှင့်မွေးနံ့ပန်းလှူပါ။

(ဂ) ကနဦးတွင် -

တန်ခိုးကြီးသောနတ်မင်းကြီးများ၊ စတုလောကပါလ နတ်မင်းကြီးများ၊ ပါရမီဖြည့်ဖက်များ၊ အမြဲကူညီပေးနေကြသောပုဂ္ဂိုလ်များအား ဖိတ်ထားပါ။

(ဃ) အဓိဋ္ဌာန်ကာလ နေ့စဉ်ပြုဖွယ်များမှာ -

၁။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း။

၂။ အောက်ပါအတိုင်း ပုတီးစိပ်ပါရန် ဖြစ်သည်။

ဂါထာတစ်ပုဒ်လုံးမှ ပုတီးတစ်လုံးချ စနစ်ဖြင့် (၁၀၈) လုံး ပုတီးကုံးကို အသုံးပြုပြီး ပုတီးတစ်စိပ်ပါရန်။

၃။ သစ္စာပြု၍ ဆုမွန်တောင်းခံပါ။

၄။ ဖိတ်ကြားထားသူများ နေရပ်ဌာနပြန်ပို့ပါ။

ပုတီးစိပ်ရန်ဂါထာတော်

- ဗုဒ္ဓ ဂုဏာ နုဘာဝေန၊
  ဓမ္မ ဂုဏာ နုဘာဝေန၊
  သံဃ ဂုဏာ နုဘာဝေန၊
  ဒီဃာယုကောမယှံဟောတု၊
  သဗ္ဗလာဘံမယှံဟောတု။ ။

ယခုကျင့်စဉ်အဓိဋ္ဌာန်ဝင်ရောက်သောယောဂီသည် အ ဓိဋ္ဌာန်ကာလ အတွင်း (၈)ရက်တွင်တစ်ကြိမ်၊ (၁၆)ရက်တွင်တစ်ကြိမ် အဖျက်အဆီးဝင်ရောက်တတ်ပါသည်။ အထူးသတိမူရမည်ဖြစ်ပါသည်။

ကျွန်ုပ်အိမ်တွင် စုဝေးရောက်ရှိနေကြသော တပည့်များ၊ သူငယ်ချင်းများ၊ မိတ်ဆွေများကို ယခုကျင့်စဉ်အဓိဋ္ဌာန်ကို ပေးလိုက်ပါသည်။ ဝမ်းမြောက်စွာရယူပြီး ပြန်သွားကြပြီ ဖြစ်ပါသည်။

ကျွန်ုပ်မှာ ယခုကျင့်စဉ်အဓိဋ္ဌာန် နှင့်ပတ်သက်ပြီး မနှုန်ပင်သေးပါ။ မျက်စိကျန်းမာရေးမကောင်းသဖြင့် ဆေးဝါးကု သမှုခံယူနေစဉ် (၃)လလောက် စာမရေးနိုင်၊ စာမဖတ်နိုင်ဒုက္ခတို့ကြုံနေရပါသည်။ ယခု မျက်စိကျန်းမာရေးတိုးတက်လာနေသဖြင့် စာရေးခြင်းကို ပြန်လည် စတင်ရန်ဆုံးဖြတ်လိုက်ပြီး ယခု အဓိဋ္ဌာန်ကျင့်စဉ်ကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

(အသက်အရွယ် ကြီးရင့်လာ၍ မျက်စိအာရုံကြောအားနည်းခြင်း၊ မျက်စိမှုန်ဝါးခြင်းတို့ဖြစ်နေသဖြင့် ငယ်စဉ်ကလို စာရေး၊ စာဖတ်ခြင်းမလုပ်ရန် မျက်စိအထူးကုဆရာဝန်ကြီးများ၊ မြန်မာ့ဆေးဆရာသမားကြီးများကလည်း အကြံပြုကြပါသည်။)

စာချစ်သူ မိတ်ဆွေများအနေဖြင့် ယခု ကျွန်ုပ်တင်ပြသည့်ကျင့်စဉ်အဓိဋ္ဌာန်သည် ကျန်းမာသက်ရှည်ပြီး လာဘ်များစွာရစေနိုင်ကြောင်း ပြဆိုထားပါသည်။

ကျွန်ုပ်တို့ လူသားများမှာ ကံအကျိုးပေးပုံချင်းမတူညီကြသဖြင့် အမှန်တကယ်ဖြစ်စဉ်ဖြစ်ရပ်တို့မှာလည်းကွာခြားနိုင်မည်ဖြစ်ပါသည်။ ယခုဖြစ်တည်မှုသည် အတိတ်က ဇာတ်ညွှန်းအတိုင်း ကပြရသော်လည်း ယခုပစ္စက္ခကံဖြစ်သည့် အကောင်းဆုံး၊ အသာဆုံး၊ အမြတ်ဆုံးကျင့်စဉ်အဓိဋ္ဌာန်တို့ မကျိုးမပေါက် မပျောက်မကြားရလေအောင်စွမ်းဆောင်နိုင်ခြင်းဖြင့် မျှော်မှန်းထားသည်ထက် ပို၍သာ၍ အကျိုးပေးမည်မှာ ဧကန်မုချဖြစ်ပါတော့သည်။

●

ပညာတိုးပွား၍ အကျိုးများကြပါစေ

ပညာကျော်

www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်အကျိုးအပြစ်တွေအများကြီးရှိတဲ့အထဲက အချို့အကုသိုလ်အကျိုးအပြစ်တွေကိုတော့ တော်တော်ကလေးကြောက်မိပါတယ်။ အကြောက်ဆုံးတွေထဲက အံကြောက်ဆုံးတစ်ခုကတော့ ခန္ဓာကိုယ်အနှံ့အသက်ဆိုးရှိမှာကိုပါပဲ။

အထူးသဖြင့်တော့ ခံတွင်းကကြာညီရန့်မသင်းရင်နေပါစေ အနံ့အသက်ရှိမှာကိုပါ။ ဒါကြောင့် ဒီလိုဆိုးပြစ်တွေဖြစ်စေမယ့် အကုသိုလ်မျိုးကိုတော့ အထူးပဲသတိထားရှောင်ကြဉ်ဖြစ်ပါတယ်။ အသိတစ်ဦးရှိပါတယ်။ သူက ပညာရေးဘက်မှာလည်း စီးပွားဥစ္စာလည်း ချမ်းသာပါတယ်။ လူငယ်တို့သဘာဝရည်းစားတစ်ယောက်လည်းရှိပါတယ်။ တစ်နေ့တော့ သူကောင်မလေးကိုသွားခိုးပါသတဲ့။ ဒါပေမယ့် ကောင်မလေးကတစ်ရက်ပဲပေါင်းပြီး နောက်နေ့မှာ သူ့မိဘအိမ်ပြန်သွားပါသတဲ့။ စိတ်ဝင်စားလို့တခြားအသိတစ်ယောက်ကို မေးကြည့်တော့ ပညာရေးမှာတော်လှတဲ့စာရေးသူရဲ့အသိမှာ အထက်ပြောခဲ့တဲ့အကုသိုလ်ဆိုးကျိုးလေးတွေရှိနေလို့ပါတဲ့။

တကယ်တော့ ဒီအကြောင်းလေးတွေကို ရေးပြနေရတာတောင် တော်တော်လေး အားနာလှပါတယ်။ သတိလွတ်ပြီး

လမင်းငယ် (ဟူမွလင်း)

စစ်ကိုင်ဝင့်ကြွေးတန်ပြန်ပေးဆပ်

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို မကောင်းတဲ့ အကုသိုလ်မျိုးကို အမှတ်တမဲ့ ကျူးလွန်မိကြမှာစိုးလို့ပါ။ ဘာယက်၊ ဝစီက်၊ မနောက်ဆိုပြီး ကံ (၃) မျိုးရှိတဲ့အထဲမှာ ဝစီကံဆိုတဲ့ နှုတ်နဲ့ ပြစ်မှားပြောဆိုခြင်းဟာလည်း တကယ် တမ်းပြန်တွေးမိရင် သိပ်ကြောက်စရာ ကောင်းလှပါတယ်။ ဒီနေရာမှာ စာရေးသူရဲ့ အဖြစ်အပျက်တစ်ခုကို တင်ပြပေးချင်ပါသေးတယ်။ ဝစီကံဆိုတဲ့နှုတ်နဲ့ ပြစ်မှားသင့်တဲ့သူတွေကို ပြစ်မှားပြောဆိုခြင်းကြောင့် ယခုလက်ရှိ ပစ္စုပ္ပန်ဘဝမှာပင် ဆိုးကျိုးတွေနဲ့အတူရရှိခံစားသွားတဲ့ သူတစ်ယောက်အကြောင်းကို တင်ပြပေးချင်တာပါ။ နာမည်ကိုတော့ စာရေးသူထုတ်ဖော်ပြီး မပြောတော့ပါဘူး။ သူနာမည်ကို ထုတ်ဖော်လို့ပြောရင် အပြောခံနေရတဲ့သူအတွက်လည်း ကောင်းသလို ရေးတဲ့သူကလည်း အကုသိုလ်တွေဖြစ်နေခဲမှာ ကြောက်လို့ပါ။

စာရေးသူ သာသနာပြုပြီးနေတဲ့ ရွာလေးတစ်ရွာရှိပါတယ်။ အဲဒီရွာလေးမှာ သာသနာပြုလို့နေရင်း နေ့စဉ်နဲ့အမျှ မိမိတတ်စွမ်းသမျှ ဒါနအကြောင်း၊ သီလအကြောင်း၊ ဘာဝနာအကြောင်းတွေ့ တိုးတက်ရာတိုးတက်ကြောင်းဖြစ်တဲ့ တူသိုလ်အလုပ်၊ တရားအလုပ်တွေ့ ဘယ်လည်း ရပ်ရွာထဲမှာနေထိုင်ကြတဲ့ သားသမီးတွေကို နည်းပေးလမ်းပြ ဆုံးမ ဩဝါဒပြောပြဆုံးမလို့နေပါတယ်။ ရပ်ရွာထဲမှာ နေထိုင်ကြတဲ့ ကလေးငယ်လေးတွေရော လူကြီး၊ လူလတ်ဆိုတွေကိုပါ နေ့စဉ်နဲ့အမျှ အသိဉာဏ်ပေးတွေ့ ထက်မြက်စေဖို့အတွက် တကြည့်တိုက်တွေလည်း စာရေးသူနဲ့ တကွ ရွာသူရွာသားတွေနဲ့ ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေးပြီး တည်ထောင်လှူလှစ်ခဲ့ပါတယ်။ နွေရာသီရောက်တိုင်း ကျောင်းပိတ်ချိန်တွင် ရွာထဲက ကလေးငယ်လေးတွေ့ ဘုဒ္ဓဘာသာအသိစိတ် ဓာတ်ထက်မြက်စေဖို့အတွက် 'ဘုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း' ကိုလည်း စာရေးသူနဲ့တကွ စာသင်ကျောင်းမှာ စာသင်ပြနေတဲ့ ကျောင်းဆရာ၊ ဆရာမ များနဲ့ တိုင်ပင်ဆွေးနွေးပြီး 'ဘုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း' ကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။

စာရေးသူ အဲဒီရွာမှာ သာသနာပြုဖို့ သိပ်မကြာသေးပါဘူး။ တစ်နေ့ ဆောင်မှတ်ဘဲ စာရေးသူရဲ့ကျောင်းပေါ်ကို လူတစ်ယောက်တက်လာပြီး အပြစ်မရှိအပြစ်ရှာကာ ဝစီကံ ဆိုတဲ့နှုတ်နဲ့ ကြမ်းတမ်းသောစကားတွေနဲ့ ပြစ်မှားပြောဆိုဆက်ဆံပါတော့တယ်။ စာရေးသူကလည်း ဘုရားရဲ့သားတော် ရဟန်းဖြစ်နေတဲ့အတွက် ဘာမှမတုံ့ပြန်ဘဲ တိတ်ဆိတ် ငြိမ်သက်စွာနဲ့ သူပြောသမျှ ဆဲသမျှ သူပြစ်မှားစော်ကားသမျှတွေကို ခေါင်းငုံ့ပြီး သည်းခံနေလိုက်ပါတော့တယ်။ ဒါပေမယ့် ဖြစ်လိုက်ပုံက သိပ်မကြာလိုက်ပါဘူး။ စာရေးသူကို ဆဲဆို ကြိမ်းမောင်းပြီး ကျောင်းပေါ် ကနေ ပြန် ဆင်းသွားတဲ့လူဟာ မနက်ပိုင်း လေ့ကား ပေါ် ကနေအဆင်း ခြေချော်ပြီး အောက် ကိုပြုတ်ကျသွားပါသတဲ့။ စာရေးသူကို ပြစ်မှားပြောဆိုမိတဲ့ ဝစီကံဝဋ်ကြွေး ကြောင့်လားမသိပါဘူး။ အဲဒီလေ့ကား ပေါ် ကနေ မထင်မှတ်ဘဲ ပြုတ်ကျမိတဲ့ ဒဏ်ချက်ကြောင့် သူ့ရဲ့ညာခြေထောက် တစ်ဖက်ကျိုးသွားပြန်ပါသတဲ့။ စာရေးသူ သူသတင်းကိုကြားရတိုင်း စိတ်မကောင်း စရာဖြစ်တာကလွဲလို့ ဘာမှမတတ်နိုင် ဘူးလေ။ အရာရာတိုင်းဟာ ကံစီမံရာ အတိုင်းပေါ့။ ကိုယ်ပြုသမျှ ဆိုးကျိုးကံ တွေဟာ ကိုယ်ကိုယ်တိုင်ပဲ တန်ပြန်ပေး ဆပ်ခံကြရတာပါပဲ။ ဘုရားကို ဘုရား မှန်းမသိ၊ တရားကို တရားမှန်းမသိ၊ သံဃာကို သံဃာမှန်းမသိလို့ ပြစ်မှား ပြောဆိုစော်ကားမိတဲ့အခါ အဲဒီပုဂ္ဂိုလ် ဟာ နောင်ဘဝဆိုးကျိုးမပြောနဲ့ ယခု လက်ရှိ ပစ္စုပ္ပန်ဘဝရဲ့ဆိုးကျိုးတိုပဲကြည့်လိုက်။ သူကိုယ်တိုင် တန်ပြန်ပေးဆပ် ခံစားကြရတာပါပဲ မဟုတ်လား။ ကိုယ် ပြောမိတဲ့အပြစ်ကံက နည်းနည်းဆိုပေမယ့် တန်ပြန်ပေးဆပ်ခံလိုက်ရတာက များများဆိုသလိုပဲ။ သူ့ရဲ့ ဆိုးကျိုးတွေကိုတော့ စာရေးသူ ဆက်ပြီးမပြောပါရစေနဲ့တော့။ ပြောနေရင်းအကုသိုလ်တွေ ထပ်ဖြစ်နေမှာ ကြောက်လွန်းလို့ပါ။ ဝစီကံဝဋ်ကြွေးတန်ပြန်ပေးဆပ်ခံရတယ် ဆိုတာ စာရေးသူတကယ်လက်တွေ့ကြုံ တော့မှ သတိသံဝေဂဖြစ်မိတော့တယ်။ ဒါဟာ စာရေးသူကိုယ်တိုင် သာသနာပြု နေရင်း လက်တွေ့ကြုံခဲ့ရတဲ့ အဖြစ် အပျက်တစ်ခုပါပဲ။

ဝစီကံဆိုတဲ့နှုတ်နဲ့မပြစ်မှားသင့်တဲ့ သူတွေကို မပြစ်မှားမိလေအောင်၊ မစော်ကားသင့်တဲ့သူတွေကို နှုတ်နဲ့ ပြစ်မှားမစော်ကားမိလေအောင် အထူး သတိထားပြီး ရှောင်ရှားစေချင်ပါတယ်။ ဝစီကံဆိုတဲ့နှုတ်နဲ့ မပြစ်မှားသင့်တဲ့သူ တွေကို ပြစ်မှားပြောဆိုမိခြင်း၊ မစော် ကားသင့်တဲ့သူတွေကို နှုတ်နဲ့တုံ့ပြန်မိ စော်ကားမိခြင်းဟူသော ဝစီကံဝဋ်ကြွေး တွေကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ခံတွင်းအနဲ့သက်ဆိုးခြင်း၊ ခံတွင်းပုပ်ခြင်း စတဲ့ အပြစ်ဆိုးကြီးတွေ့ တန်ပြန်ပေးဆပ် ခံရတာတွေလည်း ဘုရားရှင်လက်ထက် ကတည်းက ရှိခဲ့ပါသေးတယ်။ ဒီလို အကုသိုလ်အကျိုးအပြစ်တွေနဲ့ပတ်သက် လို့ အများဆုံးတွေ့ရတာကတော့ ပေတ ဝတ္ထုအဋ္ဌကထာမှာပါပဲ။ အဲဒီပေတဝတ္ထု တွေထဲက တစ်ပုဒ်လောက် စာရေးသူ တင်ပြပေးချင်ပါတယ်။

ကဿပဘုရားရှင်လက်ထက်တော်က မထေရ်နှစ်ပါးဟာ တောရွာလေး တစ်ရွာမှာ သာသနာပြုလို့ ကျောင်း ထိုင်နေကြပါတယ်။ နှစ်ပါးစလုံးက သီလဖြူစင်သလို ဆွမ်းခံအတူတူ ဆွမ်း စားအတူတူ၊ တံမြက်လှည်းအတူတူ စသည်ဖြင့် ဘာလုပ်လုပ် အတူတူလုပ် ကြပါတယ်။ နှစ်ပါးစလုံး ညီညီညွတ်ညွတ် နေနေကြတော့ ညီညွတ်ခြင်းရဲ့အကျိုး ဖြစ်တဲ့ စိတ်ချမ်းသာမှုကိုလည်း နှစ်ပါး စလုံး ရရှိခံစားနေကြရတယ်။ ဘဝမှာ ဘာတွေပဲမပြည့်စုံမပြည့်စုံ စိတ်ချမ်းသာ နေရင်တော်တော်လေးနေမျော်ပါတယ်။ တစ်နေ့မှာ မထေရ်နှစ်ပါး သီတင်းသုံးရာ ရွာကို အာဂန္တုမထေရ်တစ်ပါး ကြွလာပါ တယ်။ အာဂန္တုမထေရ်ရောက်လာတော့ လက်ရှိ ကျောင်းထိုင်မထေရ်နှစ်ပါးက လည်း ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုကြ ပါတယ်။ နေရာထိုင်ခင်းကောင်းပေးပြီး မနက်ဆွမ်းခံကြွတဲ့အခါ အာဂန္တုမထေရ် ကိုပါ ခေါ်ခဲ့ပါတယ်။ ရွာထဲက ဒကာ၊ ဒကာမတွေက ဆွမ်းဟင်းကောင်းကောင်း၊ အချိုပွဲကောင်းကောင်းလှူကြတာရယ်၊ ကြည်ညိုချစ်ခင်တဲ့ အမူအရာရှိကြတာ ရယ်ကြောင့် အာဂန္တုမထေရ်က ရွာကို သဘောကျသွားပါတယ်။ ကျောင်းပြန် ရောက်လို့ ကျောင်းကို သေသေချာချာ ကြည့်တဲ့အခါမှာလည်း အကျယ်အဝန်း ရော၊ အရိပ်အာဝါသရော၊ ကျောင်း အဆောက်အအုံရော ကောင်းနေတာ ရယ်ကြောင့် ကျောင်းမှာအမြဲနေချင်တဲ့ အတွေးလေးဝင်လာပါတယ်။ ကျောင်း မှာ အမြဲနေချင်တဲ့အတွေးလေးဝင်လာ တာ ပြဿနာမရှိပါဘူး။ ကျောင်းထိုင် မထေရ်နှစ်ပါးကလည်း ကောင်းကောင်း လက်ခံမှာပါ။

ဒါပေမယ့် သူ့အတွေးက မတွေး ကောင်းတဲ့အတွေးကို တွေးတာပါ။ ဘယ်လိုတွေးသလဲဆိုတော့ -

www.burmeseclassic.com

www.burmeseclassic.com

"ဒီရွာဟာ သိပ်ပြီးလာဘ်လာဘပေါတယ်။ နေလို့ထိုင်လို့လည်း ကောင်းတယ်။ လက်ရှိ ကိုယ်တော်နှစ်ပါးကို ကျောင်းက ပ,ထုတ်လိုက်ပြီး ငါတစ်ပါးတည်းနေရရင် သိပ်ကောင်းမှာပဲ" တဲ့။

အတွေးပြီးရင် အပြောလာမယ်၊ အပြောပြီးရင် အလုပ်လာမယ်ဆိုတဲ့ ကံသုံးပါးတို့ရဲ့ သဘောဖြစ်စဉ်အတိုင်း အာဂန္တုမထေရ်က အတွေးကတစ်ဆင့် အပြောကိုတက်ယူပါတယ်။ အတွေးညံ့တော့ အပြောကလည်းဆက်ညံ့သွားပါတယ်။ ကျောင်းထိုင်မထေရ်နှစ်ပါးပူးတဲ့ မရှိတဲ့အခွင့်ကိုစောင့်နေပါတယ်။ ဒီလိုနဲ့ တစ်နေ့တခြား တစ်ပါးအပြင်သွားနေတဲ့အခွင့်မှာ ကျန်ခဲ့တဲ့မထေရ်ရဲ့အနားကို သွားပြီး စကားစပါတော့တယ်။

"အရှင်ဘုရား၊ အရှင်ဘုရားကို စကားနည်းနည်းလောက်လျှောက်စရာရှိလို့ပါ ဘုရား"

"လျှောက်ပါဦး"

"အရှင်ဘုရားရဲ့ မိတ်ဆွေက မျက်မှောက်မှာသာ မိတ်ဆွေလို ဆက်ဆံနေတာ။ မျက်ကွယ်မှာတော့ အရှင်ဘုရားကို ရန်သူလိုသဘောထားတာဘုရား"

"ငါ့ရှင်၊ ဘာတွေလာပြောနေတာလဲ။ တပည့်တော်မိတ်ဆွေဟာ ဒီလို သဘောမျိုးမရှိပါဘူး ဘုရား"

"အရှင်ဘုရားမယုံရင် စောင့်ကြည့်ပါဘုရား။ အရှင်ဘုရားကရှိနေတော့ ဘယ်သိမလဲ။ တစ်နေ့ကျရင် သိလာမှာပါဘုရား"

အာဂန္တုမထေရ်က အဲဒီလို လျှောက်တော့ ကျောင်းထိုင်မထေရ်လည်း ပုထုဇဉ်ပဲရှိသေးတာဆိုတော့ အခြေအနေအရပ်ရပ်ရဲ့ အမှားအမှန်ကို မသုံးသပ်နိုင်ပါဘူး။ ဒါကြောင့် စိတ်ထဲမှာ ဟုတ်မှားဟုတ်လေမလားဆိုပြီး သံသယစိတ်ကလေးကဝင်သွားပါတယ်။ အာဂန္တုမထေရ်က တခြားမထေရ်ကိုလည်း တစ်ပါးတည်းရှိနေခိုက် အထက်ကအတိုင်းပုဒ် သွားပြောပြန်ပါတယ်။ အာဂန္တုမထေရ်ရဲ့အတွေးထဲမှာ ရွာနဲ့ကျောင်းမှာရှိတဲ့ လာဘ်လာဘအားလုံးသူပိုင်ဆိုင်ဖို့ပဲ အချိန်ပြည့်တွေးတောနေတာပါ။ ဒါကြောင့် မထေရ်နှစ်ပါး အချစ်ပျက်သွားအောင် မကြာခဏကုန်းချောစကားပြောပါတော့တယ်။ ကြာလာတော့ အလွန်ချစ်ခင်ကြတဲ့ မထေရ်နှစ်ပါးဟာ အမုန်းကြီးမုန်းသွားပြီး စကားတွေများကြပါတော့တယ်။ ပြီးတော့ ဆွမ်းခံလည်း အတူတူမကြတော့ သလို ဆွမ်းကိုလည်းအတူတူမစားတော့ပါဘူး။

တစ်ညမှာတော့ မထေရ်နှစ်ပါးဟာ စကားတွေအကြီးအကျယ်များပြီး မနက်ရောက်တော့ နှစ်ပါးထဲကတစ်ပါးက -

'ငါမုန်းနေတဲ့သူရှိတဲ့ အရပ်မှာ မနေတော့ဘူး'

ဆိုတဲ့ အတွေးနဲ့ တစ်ပါးမှအသိမပေးဘဲ ထွက်သွားပါတယ်။

နောက်တစ်ပါးကလည်း -

"မချစ်မနှစ်သက်တဲ့သူနဲ့ အတူတူ မနေနိုင်ဘူး"

ဆိုပြီး ထွက်သွားပြန်ပါတယ်။

မထေရ်နှစ်ပါးထွက်သွားကြတော့ ကျန်ခဲ့တဲ့အာဂန္တုမထေရ်က သူတို့ရဲ့ လာဘ်လာဘဥစ္စာတွေ ငါအကုန်ရပြီဆိုပြီး သဘောကျ ကျေနပ်နေပါတော့တယ်။ မနက် ရွာထဲကိုဆွမ်းခံကြတော့ ဒကာ၊ ဒကာမတွေက -

"အရှင်ဘုရား ဟိုဘုန်းဘုန်းနှစ်ပါးကော"

လို့မေးတော့ -

"ညတုန်းက တစ်ပါးနဲ့တစ်ပါး ရန်ဖြစ်စကားများပြီး ထွက်သွားကြတယ်။ ဦးပဉ္စင်းကတော့ ထားပါသေးတယ်။ သူတို့ကိုမနေချင်တော့တာ"

လို့မဟုတ်တဲ့စကားကိုပြောလိုက်ပါတယ်။

ဒီတော့ ရွာသူရွာသားတွေက -

"ဒါဆို အရှင်ဘုရားပဲ ဒီရွာမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ်နဲ့ သီတင်းသုံးမေးပါဘုရား"

လို့ လျှောက်လိုက်ကြပါတယ်။

အာဂန္တုမထေရ်ကလည်း သူမျှော်လင့်ထားသလိုပဲ လာဘ်လာဘတွေတော့ရလိုက်ပါတယ်။ ဒါပေမယ့် လူဆိုတာ သေမျိုးဆိုတော့ အချိန်တန်တော့လည်း သေပေးရမှာပါတယ်။ သေတဲ့အခါကျတော့ ကိုယ်ပြုခဲ့တဲ့ ကံအားလျော်စွာ အဝီစိငရဲကျသွားရပါတယ်။ ယခင်ကျောင်းထိုင်မထေရ်နှစ်ပါးတို့ကတော့ အာဂန္တုမထေရ်ပုံလွန်တော့မှပဲ အဖြစ်မှန်ကိုသိပြီး ကုန်ဆုံးခဲ့တဲ့အချိန်တွေအတွက် ဝမ်းနည်းပြီး တစ်ပါးနဲ့တစ်ပါး ဖက်ငိုကြပါသတဲ့။ နှစ်ပါးစလုံးပဲ မူလထိုင်ခဲ့တဲ့ကျောင်းမှာပဲ ပြန်ထိုင်ကြပါတယ်။ ကာလတစ်ခုကြာတော့ အာဂန္တုမထေရ်လည်း ငရဲကလွတ်ပါတယ်။ ဒါပေမယ့် ရေဂလွတ်ပြီး ရာဇရွိုက်ပြည်အနီးမှာ ခံတွင်းပုပ်ပြီး ခံတွင်းနဲ့ဆိုးတဲ့ ပြဿာဖြစ်ရပြန်ပါတယ်။ သူ့ရဲ့ခံတွင်းနံဟာ အနီးရှိ ပတ်ဝန်းကျင်မှာ ပျံ့နှံ့နေပါသတဲ့။ ဒါဟာ ဝစီကံဆိုတဲ့ နှုတ်နှံ့မပြစ်မှားသင့်တဲ့သူတွေကို ပြစ်မှားစော်ကားကုန်းတိုက်ခဲ့မိတဲ့အပြစ်ဆိုးတွေကြောင့် ယခုလို ဘဝဆိုးကြီးကို မရောက်ချင်ဘဲနဲ့ ရောက်သွားခဲ့ရတာပါ။

တစ်နေ့မှာ အရှင်နာရဒမထေရ်က -

"အသင်ပြိတ္တာရယ် သင်က ရှေ့ရည်အဆင်းကတော့ ရွှေလိုလှပပြီး ဘယ်အကုသိုလ်ကံကြောင့် ခံတွင်းနံ့ထွေဆိုးနေရတာလဲ"

လို့ မေးကြည့်ပါတယ်။

ပြိတ္တာကလည်း -

"အရှင်ဘုရားရယ်၊ တပည့်တော်က ချစ်ခင်နှစ်သက်တဲ့သူနှစ်ယောက်ကို ကွဲပြားသွားအောင် ဝစီကံဆိုတဲ့နှုတ်နှံ့ပြစ်မှားကုန်းတိုက်ခဲ့တဲ့စကားတွေကြောင့် ယခုလိုဘဝဆိုးကြီးကို ရောက်လာခဲ့ရတာပါ အရှင်ဘုရား။ တပည့်တော်ယခုလို ရုပ်ရည်အဆင်း ရွှေလိုလှပခြင်း၏ အကြောင်းရင်းကတော့ ရတနာဖြစ်စဉ်ဘဝတုန်းက ကိုယ်ကျင့်တရားလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့ပါ ဘုရား။ ဒါနဲ့ အရှင်ဘုရားရယ် ကုန်းတိုက်စကားပြောရင်၊ သူတစ်ပါးတွေရဲ့ချစ်ခြင်းကို ကွဲပြားသွားအောင် ပြစ်မှားစော်ကားမိရင် ဒီလိုဘဝဆိုးကြီးတွေ တန်ပြန်ပြီးတော့ ပေးဆပ်ခံရတာဆိုတဲ့အကြောင်း အရှင်ဘုရားရဲ့တပည့်တော်မ၊ ဒကာ၊ ဒကာမတွေကိုတစ်ဆင့်လောက်ပြောဟောပေးပါဘုရား"

လို့ နောင်တစကားတွေပါ ပြန်ပြောလိုက်ပါတယ်။

နောက်မှရတဲ့နောင်တဟာ ဘာမှအသုံးမဝင်တော့သလို ဘာမှလည်း အကျိုးမရှိတော့ပါဘူး။ တကယ်တော်စဉ်းစားကြည့်ရင် ခံတွင်းနံ့ပုပ်တဲ့ပြိတ္တာဖြစ်ရတဲ့အာဂန္တုမထေရ်ဟာ လူဆန်ဆန်ပြောရင် ပစ္စည်းဥစ္စာတွေလိုချင်လို့ တန်တိုက်စကားပြောခဲ့တာပါ။ ဒါပေမယ့် တန်ပြန်ပေးဆပ်ခံလိုက်ရတဲ့အကုသိုလ်ဆိုးဖြစ်တွေက မချိမဆံ့ပါ။ ပစ္စည်းဥစ္စာရှာတဲ့နေရာမှာ တရားတဲ့နည်းနဲ့လည်း ရှာလို့ရပါတယ်။ မတရားတဲ့နည်းနဲ့လည်း ရှာလို့ရပါတယ်။ လူတစ်ယောက်ရဲ့ဘာမှာ ပစ္စည်းဥစ္စာတွေဟာ အဓိကမပြဋ္ဌာန်းပါဘူး။ ပစ္စည်းဥစ္စာတွေထက် အဓိကပြဋ္ဌာန်းတဲ့အရာတွေ အများကြီးရှိနေသေးတယ်။ ဒီပစ္စည်းဝတ္ထုတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဆွေမျိုးတွေကနေ သူစိမ်းတွေဖြစ်ရ၊ မိတ်ဆွေတွေကနေ ရန်သူတွေဖြစ်ရ၊ ဘရားရဲ့းတွေရောက်ရ ဒါတွေက လက်တွေ့ဆိုးကျိုးတွေပါ။ သေသွားတော့လည်း ဒီပစ္စည်းဥစ္စာတွေက ထားစရာမရှိခဲ့ရတာပါပဲ။ မသေခင်မှာ ဘဝကို ဘယ်လိုနေထိုင်သွားမလဲဆိုတဲ့အတွေးကိုတော့ မကြာခဏတွေးပေးသင့်ပါတယ်။ ဒီလို တွေးဖြစ်တယ်ဆိုရင်ပဲ ကောင်းတာပြုချင်တဲ့စိတ်ညံ့လေးတွေ လည်းလျော့သွားတတ်ပါတယ်။အထက်မှာပြောခဲ့တဲ့ဝတ္ထုလေးကို ပြန်ကောက်ချက်ချကြည့်ရအောင်ပါ။

ချစ်ခင်နေတဲ့လူနှစ်ယောက်ကွဲပြားသွားအောင် ကုန်းတိုက်စကားပြောတာ အရကောက်ကြည့်ရင် ဝစီဒုစရိုက်ဝင်တဲ့ ပိသုဏာဝါစာပါပဲ။ ဗဟုသုတအပြစ် ပါဠိလိုမြည်းကြည့်ပါဦး။

ပိသတိသာမဂ္ဂိ သဗ္ဗဏ္ဏေတိတိပိသုဏာ။

သာမဂ္ဂိ - ညီညွတ်သူတို့၏၊ အဖြစ်
ပိသတိ - ကြိတ်ခွေတတ်၏။ **သဗ္ဗ**
ဏ္ဏေတိ - မှန့်မှန့်ညက်ညက်ပြုတတ်၏။
ဏ္ဏေတိသဗ္ဒာ - ထို့ကြောင့်၊ **ပိသုဏာ** -
ပိသုဏာမည်၏တဲ့။

လိုရင်းကတော့ ချစ်ခင်နေတဲ့လူနှစ်ယောက်ကိုကွဲပြားသွားအောင်ပြုလုပ်တာပါပဲ။ ကွဲပြားသွားအောင်လုပ်တဲ့နေရာမှာ ကုန်းတိုက်သူက ရည်ရွယ်ချက်ကိုယ်စီရှိပါတယ်။ အဲဒီနှစ်ချက်က လာဘ်ဥစ္စာဥစ္စာရဖို့ရယ်၊ မိမိကိုချစ်ပြီးသစ္စာရှိစေဖို့ရယ်ပါ။ ရည်ရွယ်ချက်ခြင်းကြောင့် ကုန်းချောတာလည်းဖြစ်သလို ရည်ရွယ်ချက်နှစ်ခုလုံးကြောင့် ကုန်းချောတာလည်းဖြစ်နိုင်ပါတယ်။

ပိသုဏဝါစာကံထိုက်ဖို့အတွက် လေးရှိပါတယ်။ အင်္ဂါလေးပါးကတော့လဲဆိုတော့ -

၁။ ခွဲစရာတစ်ပါးသူရှိခြင်း၊
၂။ တွဲစေလိုစိတ်ရှိခြင်း၊
၃။ မိမိကိုချစ်စေလိုခြင်း၊
၄။ သံလပြုခြင်း၊
၅။ ကုန်းတိုက်စကားပြောဆိုခံရသူ သိခြင်းရယ်ပါ။

ဒါပေမယ့် ကိုယ်က ကုန်းတိုက်ပြောပေမယ့် ကိုယ်ကုန်းတိုက်ခံရသူကပြောတဲ့သူနှစ်ယောက်ကကွဲမသွားအောင်တော့ ပိသုဏဝါစာမခြောက်ဆိုလိုတာက ကွဲသွားရင် အပြစ်မကွဲရင် အပြစ်သေးမယ်ထင်ပါတယ်။

ကျောင်းထိုင်မထေရ်နှစ်ပါးဟာ ကွဲသွားခဲ့အတွက် ကံမြောက်သွားရတာပါ။ တကယ်တော့ ကိုယ်လုပ်မယ့်အလုပ်ကလေးတွေ၊ ကိုယ်လုပ်နေဆဲအလုပ်ကလေးတွေကို ပြန်ပြန်စဉ်းစားဖြစ်တယ်ဆိုရင်ပဲ ကိုယ့်ရဲ့အကုသိုလ်လေးတွေက တန့်တန့်သွားတတ်ပါတယ်။ ကိုယ်လုပ်နေတဲ့အလုပ်ရဲ့ အမှား၊ အမှန်ကိုမသိရလောက်တဲ့အထိတော့ ဘယ်သူမှမည့်ကြပါဘူး။ တစ်ခုတော့ရှိပါတယ်။ အကုသိုလ်တစ်ခုခုကိုလုပ်ပြီဆိုရင် အကုသိုလ်နဲ့ယှဉ်ဘက် သူငယ်ချင်းတွေဖြစ်တဲ့ အဝိဇ္ဇာ၊ တဏှာ၊ လောဘ၊ ဒေါသ၊ မောဟ စတဲ့ တခြား မကောင်းတဲ့အကုသိုလ်စေတသိက်များစုံတို့ကလည်း ခြံရံကာရံပြီး ကူညီတတ်လေ့ရှိပါတယ်။ အဲဒီလို အကုသိုလ်စေတသိက်ခြံရံကာရံထားတော့ ကုသိုလ်ဘက်ကိုလှမ်းပြီး မမြင်နိုင်တော့ပါဘူး။

ဒီလိုပါပဲ။ ကုသိုလ်တစ်ခုခုလုပ်တဲ့နေရာမှာလည်း ကုသိုလ်ရဲ့သူငယ်ချင်းတွေဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သဒ္ဓါ၊ ပီတိ စတဲ့ ကောင်းတဲ့စေတသိက်တွေက ပတ်ပတ်လည်ကနေ ခြံရံကာရံပေးထားတာဆိုတော့ တော်ရုံတန်ရုံ အကုသိုလ်ဘက်ကို မတွေးဖြစ်တော့ပါဘူး။ တရားသောနည်းနဲ့မဟုတ်ဘဲ မတရားသောနည်းနဲ့ရတဲ့ အရာမှန်သမျှနောက်ဆက်တွဲရလဒ်တစ်ခုက ရှိကိုရှိနေမြဲပါ။ တချို့ရလဒ်တွေကျတော့ သေးငယ်ပေမယ့် တော်တော်လေးထိတ်လန့်ဖို့ကောင်းပါတယ်။ ဝစီကံဆိုတဲ့နှုတ်နဲ့ ပြစ်မှားကုန်းတိုက်စကားပြောလိုက်မိတာကနည်းနည်း၊ တန်ပြန်ပေးဆပ်ခံလိုက်ရတဲ့အပြစ်ဆိုတွေက အများကြီးပဲ။ အပြစ်လုပ်မိတာ သေးငယ်နေပေမယ့် တန်ပြန်ပြီးတော့ ပေးဆပ်ခံရတာက တော်တော်လေးကို ကြောက်ဖို့ကောင်းတယ်။ အပြစ်တစ်ခုခုကိုလုပ်မိတဲ့အခါနည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် မိမိကိုယ်ကို မပြုလုပ်မိလေအောင် အထူးသတိထားပြီး ရှောင်ကြဉ်ပါ။ ဝစီကံဝင်္ကြေးဆိုတာ စာရေးသူတို့ပုထုဇဉ်တွေမပြောနဲ့။ မြတ်စွာဘုရားရှင်တောင် တန်ပြန်ပေးဆပ်ခံရသေးတာပဲ။ ရုတ်တရက် မထင်မှတ်ဘဲ အကုသိုလ်တစ်ခုခုကို ပြုလုပ်မိတော့မယ်ဆိုရင် ကိုယ်ရထားတဲ့ ဘဝလေးကို ပြန်ပြီးသနားလိုက်စမ်းပါ။ တကယ်တော့ ကိုယ်ရထားတဲ့ဘဝလေးဟာ အင်မတန် ဖြူစင်မြင့်မြတ်တဲ့ဘဝတွေပါ။ ဖြူစင်မြင့်မြတ်တဲ့ ကိုယ့်ရဲ့နှလုံးသားအဖြူထည်လေးကို နေ့စဉ်နဲ့အမျှ အကုသိုလ်အမည်းစက်အရောင်တွေနဲ့ ဆိုးပစ်လိုက်မယ်ဆိုရင် ကိုယ်ရရှိလာတဲ့ လူ့ဘဝလေးဟာ ဘာတန်ဖိုးရှိတော့မှာလဲ။လက်ရှိပစ္စုပ္ပန်ဘဝမှာ ဘယ်လောက်ပဲ ရုပ်ချောချော၊ ဘယ်လောက်ပဲပညာတွေတတ်တတ်၊ ဘယ်လောက်ပဲ ပစ္စည်းဥစ္စာတွေပေါပေါ ခံတွင်းအနုံအသက်က မကောင်းဘူးဆိုရင် သွားရောပေါ့။ တကယ်လို့များ ကိုယ့်မှာအတိတ်ကဝဋ်ကြွေးကြောင့်ပဲဖြစ်ဖြစ်၊ ဝစီကံဝဋ်ကြွေးကြောင့်ပဲဖြစ်ဖြစ်၊ ကျန်းမာရေးကြောင့်ပဲဖြစ်ဖြစ် ခံတွင်းအနုံသက်ဆိုးတွေရှိနေခဲ့ရင် ပြေပျောက်ဖို့အတွက် အကောင်းဆုံးကုသိုလ်ကတော့ မြတ်စွာဘုရားကို အမွေးနုံသာနဲ့ လျှဒါန်းပူဇော်ခြင်းပါပဲ။ အမွေးနုံသာဆိုတော့ ပန်းတို့၊ နုံသာရည်တို့၊ ရေမွှေးတို့ပါ။ ရေမွှေးနဲ့ ပူဇော်တဲ့အခါမှာ လက်ကိုင်ပဝါဖြူဖြူလေးကို အခေါက်ကလေးခေါက်၊ ရေမွှေးလေးဆွတ်၊ ပန်းကန်လေးထဲထည့်ပြီး ဘုရားရှေ့မှာ ပူဇော်လို့ရပါတယ်။ ပူဇော်ရင်းနဲ့-

"ဤအမွေးနုံသာလျှဒါန်းပူဇော်ရသောကောင်းမှုကြောင့် အနုံအသက်များပြေပျောက်ရပါလို၏။ ကောင်းမွန်တဲ့အနုံအသက်များ ရရှိရပါလို၏။"

လို့ ဆုတောင်းလို့လည်းရပါတယ်။ တစ်ဖက်ကလည်း အတိတ်အကုသိုလ်ဝဋ်ကြွေးကို သံဝေဂယူပြီး အနုံအသက်ဖြစ်စေမယ့် အကုသိုလ်မျိုးကိုပဲ အထူးပဲသတိထားရှောင်ရပါမယ်။ ဘာပဲဖြစ်ဖြစ် ဝစီကံဆိုတဲ့နှုတ်နဲ့ ကုန်းချောစကားပြောမိရင် ခံတွင်းနုံဆိုးတတ်တာလေးကို ဗဟုသုတအဖြစ် သိထားလိုက်မယ်ဆိုရင်ပဲ စာရေးသူကော စာဖတ်သူပါ အကျိုးရှိသွားပါပြီ။

ကဲ- ဒီနေ့ကစ၍ စာဖတ်သူရော စာရေးသူပါ ကုန်းတိုက်စကား၊ကုန်းချောစကားပြောဆိုခြင်းမှ အတူတူရှောင်ကြဉ်လိုက်ကြပါစို့လား။

လမင်းငယ် (ဟုမ္မဝင်း)

ကျမ်းကိုး -

၁။ ပေတဝတ္ထုအဋ္ဌကထာ
ပူတိမုခပိတ္တာဝတ္ထု။
၂။ ပေတဝတ္ထုမြန်မာပြန်
သာသနာ့မဏ္ဍိုင်ဆရာတော်
၃။ ပေတဝတ္ထုတော်ကြီး
အရှင်ဓမ္မသာမိဘိဝံသ

www.burmeseclassic.com

www.burmeseclassic.com

ဖိုးမောင်သည် လုပ်လက်စအလုပ်များကိုပစ်ချပြီး မိန်းမကို လှမ်းကြည့်သည်။ မိန်းမက ကလေးကို ခါးထစ်ခွင်လျက် ထန်းရည်ကျိုသောဒယ်အိုးထဲသို့ လောင်းထည့်ပြီးသည်မြူအိုးများကိုလိုက်သိမ်းနေသည်။ သူသည် ထန်းပင်ပေါ် သို့ တက်လျှင် မြူအိုးများကို ခါးတွင်ခိုက်ပြီး တက်ရသည်။ ထန်းပင်ပေါ် ကပြန်ဆင်းလျှင် ထန်းရည်ပါသောအိုးများကို အပင်ရင်းတွင်ချထားခဲ့ပြီး နောက်တစ်ပင်သွားတက်ပြန်သည်။ မိန်းမနှင့် ကလေးက သူချထားခဲ့သော ထန်းရည်အိုးများကို လိုက်သိမ်းပြီး မီးဖိုပေါ် တွင်တည်ထားသော ဒယ်အိုးကြီးထဲသို့ လောင်းထည့်ရသည်။ ထန်းရည်ကို သည်လိုပဲချက်ရသည်။ ယခု အလုပ်သိမ်းပြီဖြစ်သဖြင့် ထန်းရည်သွန်ချပြီးသည့် ထန်းရည်အိုးခေါ် မြူအိုးများကို သားအမိနှစ်ယောက်လိုက်သိမ်းနေခြင်း ဖြစ်သည်။

"ဟဲ့ - အေးဘုံ၊ နင့်ဟာတွေကလည်း မပြီးသေးဘူးလားဟ။ ငါသွားချင်နေပြီ"

"အိုတော်-ကဖိုးမောင်ကလည်း၊ ရှင့်ဟာရှင် သွားချင်သွားပေါ့။ သိမ်းစရာရှိတာတွေကတော့ မပြီးမချင်းသိမ်းရမှာပဲ။ ဒါမှ နက်ဖြန်မနက် ရှင်ထန်းတက်အဆင်သင့်ဖြစ်မှာမဟုတ်လား"

"အေး - ဒါဆိုလည်းပြီးရော၊ ကိုသာ နှစ်ရာ၊ သုံးရာလောက်ပေးလိုက်

"ရော့ရော့-ယူသွား၊ မိုးလည်းချ မနေနဲ့ဦး။ ရေစည်လှည်းသွားတိုက်ရ မယ်နော်"

ဖိုးမောင်သည် မိန်းမပေးသော နှစ်ရာကိုယူပြီး ထန်းတောအပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com

မဟာသုံ

ပုဏ္ဏားဝန်ကျိန်စာ



www.burmeseclassic.com

www.burmeseclassic.com

"လာဟေ့ ဖိုးမောင်၊ ငါက မင်း မရောက်သေးလို့ အခေါ်လွှတ်ဖို့စဉ်းစား နေတာ။ မင်းရောက်လာတာနဲ့ အတော်ပဲ"

တင်ထူးနှင့်ဖိုးမောင်မှာ တစ်ရွာတည်းသားများဖြစ်ပြီး တင်ထူးမှာ နွားပွဲစားယောင်ယောင်၊ ကြက်သမားယောင်ယောင်၊ ပွဲစားယောင်ယောင်နှင့် အလုပ်အကိုင် အတည်တကျမရှိ သောက်စား နေသူ ဖြစ်သည်။ သို့ရာတွင် ငယ်သူငယ်ချင်းဖြစ်သောကြောင့် မငြင်းသာဘဲ ဝင်ထိုင်လိုက်ရသည်။

"ထိုင်ကွာ ဖိုးမောင်၊ မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက မြို့ကလာတာ။ ငါနဲ့တော့ အလုပ်လုပ်ဖူးတယ်၊ ကိုရဲအောင်တဲ့။ ဒါကတော့ ကျွန်တော် ပြောတဲ့သူငယ်ချင်းဖိုးမောင်ပေါ့"

စပို့ရုပ်လက်တို အပြာရောင်၊ ပလေကတ်ပုဆိုးနှင့် ဦးကရက်တစ်ဘူးကို ဂက်(စ်)မီးခြစ်နှင့်ကိုင်ထားသော လူရည်သန့် လူငယ်တစ်ယောက်ဖြစ်သည်။

"ထိုင်ဗျ ကိုဖိုးမောင်၊ ခုမှတွေ့တယ်ဆိုပေမယ့် ခင်ဗျားသူငယ်ချင်းနဲ့တော့ မြို့မှာမကြာမကြာဆုံဖြစ်ပါတယ်။ ကျွန်တော့်ကိုမှတ်ထားပါ။ မြို့မှာ ကိစ္စရှိရင်လည်းပြောပါ"

သူရောက်ပြီးမကြာမီ ကြွက်ကြော်၊ ကြက်ကြော်နှင့် အဖြူတစ်ပုလင်းရောက်လာသည်နှင့် သုံးယောက်သား စားကြသောက်ကြသည်။ စားသောက်သည်ဆိုသော်လည်း မြို့သားလူငယ်က သိပ်မသောက်ပေ။ ဖိုးမောင်ကလည်း ဧည့်သည်ရှိသောကြောင့် သိပ်မသောက်ပေ။ တင်ထူးတစ်ယောက်သာ စကားလည်းပြော အရက်လည်းသောက်နှင့် အရှိန်ရနေသည်။ အရက်တစ်ပုလင်း ကုန်မှ တင်ထူးကပြောသည်။

"ဖိုးမောင်၊ ငါ သူ့ကိုခေါ်လာတာ အကြောင်းရှိတယ်။ မင်း ဘယ်သူမှ မပြောနဲ့"

"အေးပါ၊ မင်းက ဘာကိစ္စနဲ့ခေါ်လာတာမပြောဘဲနဲ့ ငါက ဘယ်သူ့ကို ဘာအကြောင်းပြောရမှာလဲ"

"အေးပါ-ပြောပါ့မယ်။ မင်းသတိရှိအောင် ကြိုတင်ပြောထားတာ။ ယုတ်စွအဆုံး မင်းမိန်းမ အေးဘုံကိုတောင် မပြောနဲ့ကွာ။ ရှင်းရောပဲ"

တင်ထူးက ဘေးဘီကိုတစ်ချက်လှည့်အကဲခတ်လိုက်ပြီး အသံကိုနှိမ့်၍-

"မင်း ရွာထိပ်က ဘုရားငုတ်တိုကြီး ရှိတယ်မဟုတ်လား။ အဲဒီကိစ္စနဲ့သူကဒီကိုလာတာ"

"ဘယ်ဘုရားငုတ်တိုကြီးလဲ။ ဟို ဘုန်းကြီးကျောင်းဘေးက ဘုရားငုတ်တိုကြီးလား"

"ဟုတ်တယ်၊ သူက သိုက်စာကျတယ်ဆိုပြီးလာစနည်းနာတာ"

"သိုက်စာဆိုတာ ဘယ်လိုလဲ။ ဆရာတွေဘာတွေနဲ့ စည်းဝိုင်းဝိုင်းပြီးလုပ်ရတာမျိုးလား"

ဖိုးမောင်ကမေးသည်။

ဧည့်သည်လူရွယ်က ရှင်းပြသည်။

"ဒါတွေက ရှေးနည်းတွေပါ။ အခုက ဒီလိုမဟုတ်တော့ပါဘူး။ ကျွန်တော့်မှာ ဒီနယ်ရဲ့မှတ်တမ်းတွေရှိတယ်။ ရှင်းရှင်းပြောရရင် ရတနာသိုက်ပေါ့။ ဘယ်ရွာမှာ ဘာရှိတယ်ဆိုတဲ့မှတ်တမ်းတွေပေါ့။အင်္ဂလိပ်ခေတ်က အင်္ဂလိပ်တွေမြှုပ်ထားခဲ့တာတွေ၊ ဂျပန်ခေတ်ကဂျပန်တွေမြှုပ်ထားခဲ့တာတွေ၊ ရှေးခေတ်ကလူတွေ သိမ်းဆည်းမြှုပ်နှံထားခဲ့တာတွေပေါ့"

"ကျွန်တော်တို့ရွာကလည်း မှတ်တမ်းဝင်ပေါ့"

"အင်း- ဒီလိုပြောရင်လည်းရတာပေါ့"

"ဘယ်လိုလဲဗျ၊ ကျုပ်တော့မရှင်းဘူး။ ဘုရားငုတ်တိုကြီးနဲ့ဘာဆိုင်လဲ"

"မင်းကလည်း အ,လိုက်တာ၊ ဘုရားငုတ်တိုကြီးမှာ သိုက်စာကျတယ်ဆိုတော့ အဲဒီမှာလုပ်ရမှာပေါ့"

"ဟာ - ဒီဘုရားမှာရှာလို့ဘာရမှာတုံး။ တို့ငယ်ငယ်ကတည်းက ပြေးလွှားကစားနေတာ ဘာမှမရှိပါဘူး။ အခုပိုဆိုးသေးတယ်။ ထိပ်ပိုင်းပြိုကျနေတာ ငုတ်တိုကြီးတောင်ဖြစ်နေပြီ"

ဟု ဖိုးမောင်ကပြောသည်။

"ဘာရှိတယ်ဘာရှိတယ်ဆိုတာကို နောက်မှပြောမယ်။ အခုပြောချင်တာက ကျုပ်တို့အလုပ်လုပ်ရင် ကိုဖိုးမောင်ပါမလားဆိုတာပဲ"

"ခင်ဗျားတို့ကဘာလုပ်မှာလဲ"

ဧည့်သည်က တင်ထူးကိုတစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် -

"ကျွန်တော်က ဘုရားကိုအရင်လာကြည့်တာ။ စာရွက်ထဲမှာပါတဲ့အချက်အလက်တွေနဲ့ ကိုက်ညီရဲ့လားဆိုတာပေါ့။ ဘာလုပ်မယ်ဆိုတာတော့ နောက်မှပြောမယ်။ ကဲပါလေ၊ အလုပ်ကနောက်မှာပါ။ စားစရာရှိတာစား၊ သောက်စရာရှိတာသာသောက်ကြပါ။ ကျွန်တော်က ကြံတုန်းပြုစုတာပါ"

သူတို့သည် နောက်ထပ်အရက်တစ်ပုလင်းကုန်သောအခါ ထပြန်ကြသည်။ အလုပ်အကြောင်းမပြောဘဲ အခြားအကြောင်းများပြောပြီး ဧည့်သည်ပြန်သွားသည်။ တင်ထူးလည်း ဧည့်သည်နှင့်လိုက်ပြန်သွားသည်။ ဖိုးမောင် တစ်ယောက်တည်း ကျန်ရစ်သည်။ သူသည် ဆိုင်တွင် ခေတ္တထိုင်နေပြီး သူတို့ပြောသော ဘုရားငုတ်တိုအကြောင်းကို စဉ်းစားနေသည်။

သူတို့ရွာသည် အတော်ကြီးသောရွာဖြစ်ရာ ရွာတောင်ပိုင်းနှင့်မြောက်ပိုင်းတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည်။ သည်ဘုရားငုတ်တိုက ရွာတောင်ပိုင်းမှာရှိသည်။ ရွာလယ်လမ်းအတိုင်း သွားလျှင် ဘုန်းကြီးကျောင်းရောက်သည်။ ဘုန်းကြီးကျောင်းကိုကျော်ပြီးလာရသည်။ ကျောင်းအလွန် ရေကန်ကြီးအနီးတွင်ရှိသည့် တောင်ကုန်းကလေးတစ်ခုပေါ်တွင် တည်ထားသည်။ ကျယ်ဝန်းသောရင်ပြင်ရှိခဲ့ဖူးသော်လည်း ယခုတော့ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပိတ်ဆို့နေလေပြီ။ ကိုယ်လုံးတော်ကြီးပေါ်မှာလည်း နွယ်များတက်နေသည်။

စေတီမှာ အတောင်နှစ်ဆယ်ခန့် မြင့်မည်။ ဖောင်းရစ်တစ်ဝက်လောက်နေရာမှပြုတ်ကျသဖြင့် ထီးတော်လည်း မရှိပေ။ ပြုပြင်မည့်သူမရှိသဖြင့် ဘုရားငုတ်တိုကြီးဖြစ်နေသည်။ ကိုယ်လုံးတော်မှာလည်း အင်္ဂတေများကွာကျကာ ကွက်တိကွက်ကျားဖြစ်နေသည်။ ရွာမှာကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရွာလယ်တွင် စက်ရေတွင်းတူးပေးထားသောကြောင့် ရေကန်ဆီသို့လည်း လူသွားလူလာမရှိတော့ပေ။ သည်ဘုရားမှာ သိုက်စာလာကျသည် ဆိုသောကြောင့် သူလည်းစဉ်းစားရခက်နေသည်။

သို့နှင့် နှစ်ရက်လောက်နေတော့ ဧည့်သည်ရောက်လာပြန်သည်။ သူ့ထံသည် ကိုကျဲကြီး၏ဆိုင်မှာပင်ဆုံကြသည်။ ဧည့်သည်က သူ့အိတ်ထဲကစာရွက်တစ်ရွက်ထုတ်ပြပြီး သူတို့ကိုရှင်းပြသည်။

"ဒီမှာကြည့်၊ စေတီဆိုတာ ထိပ်ဆုံးမှာ ဂှက်မြတ်နားနဲ့ထီးရှိရတယ်။ အဲဒီမှာတော့မရှိတော့ဘူး။ ပြိုကျသွားပြီ။ ဒါက ဖောင်းရစ်၊ တစ်ပိုင်းတစ်စကျန်သေးတယ်။ အောက်ကဟာကို ပန်းဆိုလို့ခေါ်တယ်။ အောက်က သပိတ်မှောက်၊ အောက်မှာက ခေါင်းလောင်းဆိုတာတွေရှိတယ်။ ခင်ဗျားတို့ကြည့်မယ်ဆိုရင် ဒီနေရာကိုဖောက်ရမှာ

www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှာ ကလိုဏ်ရှိတယ်။ အဲဒါ ဘယနာတိုက်ပဲ။ သိုက်စာအရဆိုရင် အဲဒီမှာထည့်ထားတယ်။ နေရာကျယ်တော့ နည်းနည်းတော့ အတွင်းကိုနှိုက်ရမယ်

သူက စာရွက်ပေါ်တွင်ရေးထားသောဘုရားပုံပေါ်တွင် ကြက်ခြေခတ်ပြသည်။

တင်ထူးက သူပြသောပုံကိုကြည့်မေးသည်။

"အဲဒီနေရာမှာဘာရှိတာလဲ"

"ဆင်းတုတွေရှိတယ်။ ရွှေဆင်းတုငွေဆင်းတုတွေရှိမယ်။ ကံကောင်းရင်လည်း ကြုတ်နဲ့ထည့်ထားတဲ့ရတနာတွေရှိမယ်"

"ကျုပ်တို့က ဘယ်လိုလုပ်ရမှာလဲ"

ညွှေ့သည်က အသံနှိမ့်ပြီးပြောသည်။

"ခင်ဗျားတို့အလုပ်က အဲသည်ဘယနာတိုက်ကိုဖော်ပြီး အထဲမှာရှိတာတွေကိုယူပေးရမှာ။ ကျန်တာ ကျွန်တော့်ထားနဲ့ထား၊ နယ်ခြားကိုယူသွားမယ့်လူအဆင်သင့်ရှိတယ်"

တင်ထူးက သူပြနေတာတွေကိုကြည့်မေးသည်။

"ကျုပ်တို့အကျိုးအမြတ်က ဘယ်လိုရမှာလဲ"

"ကျွန်တော်တို့ လိုချင်တာရရင် လက်ငင်းပေးမယ်။ နောက်အကြိမ်အမြတ်ရှိတယ်ဆိုရင် ထပ်ပေးမယ်"

တင်ထူးက ပြောပြန်သည်။

"သုံးသိန်းဆိုတာ နှစ်ယောက်ခွဲရင်တော်တယ်။ လေးသိန်းပေးဗျာ။ ကျန်တာ သစ်ပိုင်းပေါ့"

ညွှေ့သည်ကစဉ်းစားသည်။

ထို့နောက် -

"လုပ်ဗျာ၊ ဒါ အလုပ်ဖြစ်အောင် ကျွန်တော်ကကြားထဲကပေးတာပါ"

"ဌာပနာတိုက်ထဲမှာ ဘာမှမရှိဘူးဆိုတာဗျာ"

"သိုက်စာအရဆိုရင် အထဲမှာရှိကိုရှိမယ်။ သို့သော်လည်း မရှိဘူးဆိုရင်တော့လုပ်အားခငါးသောင်းပေးမယ်"

တင်ထူးက ဖိုးမောင်ကိုကြည့်သည်။ ဖိုးမောင် သက်ပြင်းချသည်။ ဒီအလုပ်မှာ မလွယ်ကူလှပေ။ ဘုရားတိုက်ကိုဖောက်ရမည့်ကိစ္စ ဖြစ်နေသည်။ အဖြစ်ရှိမည်ထင်သည်။ ဘေးလူသွားရင်လည်း ပြဿနာတက်နိုင်သည်။

"ခင်ဗျားတို့စဉ်းစားလေ။ ဘုရားက ဘုရားပျက်ကြီးဖြစ်နေပြီ။ ပစ်ထားကြတာ။ ဒါတွေရှိမယ်မရှိဘူးဆိုတာလဲ ဘယ်သူမှသိတာလည်း မဟုတ်ဘူး။ အလကားဖြစ်နေတာ။ သိတဲ့လူကရှာဖွေပြီးပြောလို့သိတာ။ သူတို့ကလည်း သာသနာပြုတဲ့သဘောနဲ့ယူတာ။ခင်ဗျားတို့မလုပ်ရင်လည်း သူတို့က ဘုန်းကြီးကိုလျှောက်ပြီး ဘုရားပြင်မယ်ဆိုပြီးဖောက်ယူသွားမှာ။ စဉ်းစားပေါ့"

"လောတော့မလောနဲ့ဗျာ။ ကျုပ်တို့ကြည့်ဦးမယ်။ ပြီးရင် အကြောင်းပြန်မယ်"

ဟု ဖိုးမောင်က ပြောလိုက်သည်။

"သိပ်တော့မကြာစေနဲ့ဗျာ။ ကျွန်တော်ကလည်း သူတို့ကိုအကြောင်းပြန်ရဦးမှာ"

❑

သို့နှင့် ထိုနေ့ကတွေ့ဆုံပွဲပြီးသွားသည်။ နှစ်ယောက်ထဲကျန်ခဲ့သောအခါ တင်ထူးက ပြောသည်။

"လေးသိန်းဆိုတော့ တစ်ယောက်ကို နှစ်သိန်းစီရမှာ။ မင်းထန်းတက်တာ တစ်ရာသီမှာမှ ဘယ်လောက်ရမှာလဲ။ ငါ တခြားသူနဲ့လည်းမလုပ်ချင်လို့ မင်းနဲ့တိုင်ပင်တာ၊ လုပ်မှာလား"

ဖိုးမောင်စိတ်မှာတွေဝေနေသည်။ နှစ်သိန်းဆိုသောငွေကြေးမှာမက်လောက်သည်။ သို့သော် ဘုရားစေတီကိုဖောက်ရမည်ဆိုသည်မှာကလည်း လွယ်သောကိစ္စမဟုတ်ပေ။ ဘုရားမှာ ပျက်စီးနေပြီး ပြုပြင်မည့်သူလည်းမရှိဖြစ်နေရာ ဘုရားကိုဖောက်ခြင်း၊ ဖျက်ခြင်းမှာ အပြစ်ကင်းသည်လား၊ အပြစ်ဖြစ်မည်လား ဆိုသည်မှာ ဝေခွဲမရဖြစ်နေသည်။ သူတို့ကမ်းလှမ်းသည့်ငွေကလည်း မက်လောက်သောကြောင့် စဉ်းစားရပြန်သည်။

ထို့ကြောင့် နောက်နေ့တွင် တင်ထူးနှင့်အတူ ဘုရားဘက်သို့ စနည်းနာသည့်သဘောနှင့်လျှောက်လာပြီး ကြည့်ကြပြန်သည်။ ရင်ပြင်တစ်ခုလုံး ပိစပ်ပင်များနှင့် ပိတ်ဖုံးနေသည်။ ဘုရားပေါ် သို့လည်း တိုက်ကပ်နွယ်ပင်များက နွယ်တက်နေသည်။ အနီးအနားတွင်လည်း ငှက်ပျောရိုင်းပင်များက တောထအောင်ပေါက်နေသည်။

သူတို့သည် ဘုရားကိုပတ်ကြည့်သည်။ တစ်ဖက်တွင် ဘုန်းကြီးကျောင်းရှိသည်ဆိုသော်လည်း သစ်ပင်ကြီးများကွယ်နေသဖြင့် ဘုရားပေါ်တက်လျှောင်လည်း မမြင်နိုင်ပေ။ ရေကန်ဘက်ကကြည့်လျှောင်တော့ ဘုရားပေါ် လူတက်သည်ကိုမြင်နိုင်သည်။ သို့သော် ရေကန်မှာ သုံးသူမရှိသောကြောင့် လူသွားလှုပ်ရှားအရိပ်အယောင်မရှိပေ။ ရံဖန်ရံခါ ရောက်လာတတ်သော နွားကျောင်းသားများသာရှိသည်။

တင်ထူးက -

"ငါတို့လုပ်မယ်ဆိုရင် အခုကလဆန်းကွ၊ လကလေးရေးရေးရှိနေတယ်။ ည (၁၀)နာရီလောက်လာလိုက်မယ်။ ဒီအချိန်ဆိုရင် လူသူတိတ်နေပြီ။ အလင်းရောင်လည်း နည်းနည်းရှိမယ်"

"ဘုရားမှာ အစောင့်တွေဘာတွေရှိနိုင်လား"

ဟု ဖိုးမောင်က စဉ်းစားစားနှင့် မေးသည်။

"ဘာအစောင့်လဲ၊ ဘယ်သူမှမရှိပါဘူး"

"ငါပြောတာက နတ်တို့၊ရုက္ခဗိုးတို့ ဘာတို့ပေါ့"

"မင်းကလည်း ကတ်သီးကတ်သတ်တွေ တွေးနေတာပဲကွာ။ ဒီဘုရားက ပြိုကျနေတာကြာလှပြီ။ အစောင့်တွေဘာတွေရှိရင်လည်း ခုလောက်ဆိုလွတ်ရာ ကျွတ်ရာသွားရောပေါ့။ သိပ်လည်း အတွေးခေါင်မနေစမ်းပါနဲ့ကွာ"

"ပစ္စည်းတွေကိုရတယ်ပဲထားပါတော့။ တို့က ဘယ်လိုလုပ်ရမှာလဲ။ ညကြီးဖြစ်နေပြီ"

"မင်းက ထန်းတောထဲမှာနေတာ၊ တစ်ညတော့သိမ်းထားပေါ့။ မနက်ကျဟိုလူလာရင်ပေးလိုက် ပြီးတာပဲ"

"အေးကွာ- ငါစဉ်းစားဦးမယ်"

"မင်းကလည်းကွာ၊ ဒီအလုပ်ကဘာခက်တာမှတ်လို့။ မင်းက ထန်းတက်သမားမို့ ငါကခေါ်တာ။ စဉ်းစားမယ်ဘာမယ်နဲ့ တို့ဈေးလည်းပြောပြီးနေပြီ။ အေး- တစ်ခုတော့ရှိတယ်။ မင်းနှုတ်လုံပါစေနော်။ ဒါက သူများသိလို့ကောင်းတာမျိုးမဟုတ်ဘူး"

"အေးပါကွာ၊ ငါ ဘယ်သူမှမပြောပါဘူး"

ထိုည တစ်ညလုံးအိပ်မပျော်ပေ။ နောက်တော့ စဉ်းစားမိသည်။ ဘုရားကငှတ်တိုကြီးဖြစ်နေသည်မှာ နှစ်များစွာကြာမြင့်နေပြီ။ ဘုရားကိုလည်း မည်သူမျှစိတ်မဝင်စားကြပေ။ ပစ်ထားသောဘုရားဖြစ်သည်။ သူတို့ပြောသလို သာသနာပြုလုပ်ငန်းအတွက်လာယူသည်ဆို

www.burmeseclassic.com

www.burmeseclassic.com

လျှင် တူးဖော်ပေးလိုက်၍လည်း မည်သူမျှအကျိုးမယုတ်နိုင်ဟု စဉ်းစားမိသည်။ ထိုအခါကျမှာ သူလည်း နှစ်နှစ်ခြိုက် ခြိုက်အိပ်နိုင်တော့သည်။

❑

သို့နှင့် နှစ်ရက်ခန့်အကြာတွင် မြို့မှလူပြန်ရောက်လာသည်။ အလုပ်လုပ်ရန်သဘောတူပြီး လုပ်ငန်းညှိကြသည်။ မြန်မာလဆန်း ၄ ရက်၊ ည (၁၁) နာရီတွင်လုပ်မည်။ ည (၁)နာရီတွင်ပြီးမည်ဟု ခန့်မှန်းသည်။ ဘုရားများကို အိတ်နှင့်ထုပ်ပြီး ဖိုးမောင်၏ထန်းတောထဲကအိမ်မှာထားမည်။ နောက်နေ့နံနက်လာယူရန် ဖြစ်သည်။ သို့သော် မြို့သားကပြောသည်။ ဘုရားများကို တစ်ခါတည်းယူသွားမည်။ သူဆိုင်ကယ်နှင့်လာမည်။ ဖိုးမောင်တို့က ရွာပြင်ထွက်စောင့်ပြီးပေးရန်ဖြစ်သည်။ သူတို့လုပ်အားခကိုလည်း ထိုအခါကျမှပေးမည်ဟု ပြောသည်။ တင်ထူးက စရန်လိုချင်သည်ဟု ပြောသောကြောင့် ငွေငါးသောင်းကို နက်ဖြန်လာပေးမည်ဟုဆိုကြပြီး သောက်စားပြီး လူစုခွဲကြသည်။

ပြောသည့်အတိုင်း နောက်နေ့တွင် မြို့သားလာပြီး ငွေငါးသောင်းပေး၏။ သူပြန်သွားသောအခါ နှစ်ယောက်သား တစ်ယောက်နှစ်သောင်းခွဲစီခွဲဝေယူပြီး အိမ်ပြန်လာသည်။ ဖိုးမောင်ငါးထောင်ယူထားပြီး အေးဘုံကို နှစ်သောင်းပေးလိုက်သည်။ အေးဘုံက ပိုက်ဆံကိုကိုင်ပြီးမေးသည်။

"ကိုဖိုးမောင်၊ ဒါဘယ်ကရတာလဲ"

"ငါ တင်ထူးနဲ့ အလုပ်တစ်ခုစပ်လုပ်တာနဲ့ စရန်ရတာ"

"ရှင်နော် ဒီတင်ထူးနဲ့သွားရောနေပြန်ပြီ။ သူကလည်းတယ်နော်။ ရှင်ကဘာမသိညာမသိနဲ့"

"အေးပါဟာ၊ သူငယ်ချင်းဆိုတော့လည်း ဒီလိုပေါ့။ သူလည်းတယ်ဆိုတာငါအိပ်နေသလောက်ရှိပါတယ်"

"ဟင်း - အပြောကတော့ကြီးပဲ။ နောက်ကျမှ တင်ထူးငါ့ကိုလုပ်ချသွားပြန်ပြီလို့ မပြောနဲ့နော်"

"အေးပါဟာ၊ ငါနားလည်ပါတယ်"

အေးဘုံသည် ငွေနှစ်သောင်းရသော်လည်း ဝမ်းမသာနိုင်။သူ့ယောကျ်ားကို တင်ထူးက ဘာတွေများဒုက္ခပေးဦးမလို့လဲဆိုပြီး စိတ်ပူနေသည်။ ဖိုးမောင်ကတော့ အေးအေးဆေးဆေးပင် ထိုနေ့နံနက်ပိုင်းက ထန်းပင်များကိုတက်ပြီး ထန်းရည်ချဖေခြင်း၊ ထန်းလိုးခြင်းစသည်ဖြင့် လုပ်မြဲအလုပ်များကိုလုပ်နေသည်။

ညနေပိုင်း ကျွဲကြီးဆိုင်တွင် နှစ်ယောက်သားဆုံကြသည်။ သည်ညလုပ်မည့်ကိစ္စအတွက် တိုင်ပင်ကြသည်။ သူတို့နှစ်ယောက်သည် ရွာတောင်ပိုင်းရှိ ရေကန်အနီးတွင် ည (၁၀)နာရီတွင်ဆုံမည်။ ဖိုးမောင်က သံတူးရွင်းအကျောက်လေးတစ်ချောင်းယူလာရန်ဖြစ်ပြီး တင်ထူးက စွဲတစ်ချောင်း၊ တူနှင့်ထည့်စရာအိတ်ယူလာရန်လည်း သဘောတူကြသည်။ ပြီးနောက် လူစုခွဲလိုက်သည်။

အိမ်ပြန်ရောက်သော် ဖိုးမောင်သည် အိမ်သုံးဖို့ ရေစည်နှစ်လုံးတိုက်ပြီး နွားစာခွက်များတွင် ရေဖြည့်၊ ပြောင်းရိုးများစုပြီး နွားစာကျွေးလိုက်သေးသည်။ပြီးသော် ရေချိုးပြီး မိသားစုထမင်းစားသည်။ ဆီရွှဲရွှဲနှင့်သုပ်ထားသော နှမ်းဖတ်ချဉ်သုပ်၊ ငရုတ်သီးဆားထောင်းနှင့် ခြံစည်းရိုးတွင်ပေါက်နေသော ချဉ်ပေါင်ခါးဟင်းချို့ဖြစ်သည်။ ထမင်းကို ခေါင်းမဖော်တင်းစားနေသောဖိုးမောင်ကိုကြည့်ပြီး အေးဘုံက ကျေနပ်နေသည်။

ထမင်းစားပြီးသော် မီးခွက်ထွန်းပြီး သားက စာဖတ်သည်။ သူဒီနှစ်သုံးတန်းတက်နေသည်။ နောက်နှစ်လေးတန်းတက်လျှင် ကိုရင်ဝတ်ပေးလိုက်မည်ဟုစဉ်းစားရင်း ထန်းလိုးမားများကိုသွေးနေသည်။ အနည်းငယ်မှောင်လာသောအခါ -

"ငါ ရွာထဲကိုသွားလိုက်ဦးမယ်"

ဆိုပြီး တဲအပြင်ထွက်လိုက်သည်။

"ရှင်ကလည်း မှောင်လိုက်တာ၊ မြွေပါးကင်းပါး ဖိနပ်စီးသွားနော်"

"အေးပါ။ ငါ သတိထားသွားပါမယ်"

ဟုဆိုပြီး ကားတာယာဖိနပ်ကိုစီးသည်။ ထို့နောက် တဲအပြင်တွင်ထောင်ထားသော သံတူးရွင်းအတိုကလေးကို ယူလိုက်သည်။သံတူးရွင်းမှာ တစ်တောင်သာသာကလေးဖြစ်ရာ အတိုအထွာတူးမည် ကော်မည်ဆိုလျှင် အလွန်အသုံးဝင်သည်။ဘုရားကအုတ်များကို ကော်ထုတ်ရန် အတော်ပဲဖြစ်သည်။ အချိန်က အတော်ကလေးစောနေသေးသဖြင့် ရွာလယ်က ကင်းတဲတွင် ကာလသားများထိုင်နေသည့်နေရာရောက်တော့ ရောယောင်ဝင်ထိုင်ပြီး သူတို့ပြောဆိုနေကြသည်များကို နားထောင်နေလိုက်သည်။ အချိန်က တော်သလင်းရောက်စဖြစ်ရာ သာသာယာယာ ခြောက်ခြောက်သွေ့သွေ့နှင့် နေလို့ထိုင်လို့ကောင်းသော အချိန်ဖြစ်သည်။ သို့နှင့် ည (၉) နာလောက်တွင် လူစုခွဲရာ သူပါထလိုက်မယောင်မလည်နှင့် ရွာပြင်ဘက်ထွက်ရေကန်ဘက်လျှောက်လာလိုက်သည်။ တင်ထူးနှင့်သူ ရေကန်အနီးတွင်ဆုံဖြစ်သည်။

ခေတ္တအကြာ တင်ထူးရောက်လာသည်။ နှစ်ယောက်သား အရိပ်အကြည်ကိုကြည့်နေကြသည်။ ဘုန်းကြီးကျောင်းမှာ ကိုရင်များဘုရားရှိခိုးပြီးပြီဆိုသောကြောင့် ကျောင်းမှမီးစက်ပိတ်လိုက်တစ်ကျောင်းလုံးမှောင်သွားတော့သည်။ ဘုရားဆောင်မှ ဖယောင်းတိုင်မီးကသာသာ တလက်လက်လင်းနေသည်။ ထဲမှာလည်းအိပ်ကုန်ကြပြီး လူသွားလာလည်းမရှိတော့သဖြင့် နှစ်ယောက်သား ထိုအခါကျမှ စတင်လှုပ်ရှားကြတော့သည်။

ဘုရားရင်ပြင်တွင် ပိစပ်ချုံတွေတောထအောင်ပေါက်နေရာ ထိုချုံတွေကို အရင်တိုးရသည်။ ဘုရားအနောက်လာပြန်သောအခါ တိုက်ပန်းများက ဘုရားပေါ် သို့ နွယ်တက်သဖြင့် ထိုအပင်များကိုရှင်းပြီး အုတ်များကိုနင်းခါ တစ်ဆင့်ပြီးတစ်ဆင့်ရသည်။ နောက်ဆုံးတွင် ခေါင်းလောပုံအနားသို့ရောက်လာသည်။ သည်ရာအနီးတွင် မြို့သားလူငယ်ပြထားအမှတ်အသားရှိသည်။ ပိုပြီးသေချာရန် ဘုရားကို တစ်ပတ်ပတ်ကြည့်သည်။ ထို့နောက် ဘုန်းကြီးကျောလှမ်းကြည့်လျှင်မမြင်နိုင်သော တစ်မျက်နှာစာကိုရွေးလိုက်သည်။

အချိန်က တော်သလင်းလဆန်းဖြစ်ရာ မိုးပါးသွားပြီး ရက်ကလည်းဆန်း ၄ ရက်ဖြစ်သောကြောင့် ကလေးထွက်လာပြီး အလင်းရောင်သည်။ ဖောက်ရမည့်နေရာကိုရှာသည်။ အင်္ဂတေများကွာကျနေအကွက်တစ်ကွက်တွေ့ရာ သည်တွင် ဖောက်မည်ဆိုပြီး ဆုံးဖြတ်လိုက်သည်။

အပေါ်မှအချောကိုင်ထားအင်္ဂတေများကကွာကျနေရာ လက်အနည်းငယ်ပွတ်တိုက်လိုက်သောအတွင်းမှ အုတ်သားပေါ်လာသည်။ အုတ်များမှာ ရှေးအုတ်များဖြစ်ကြောင့် ကြီးသည်။ အုတ်တစ်ခုချင်းတစ်ချပ်ကြားတွင်လည်း မဆလာအင်္ဂတေများသည်။ တင်ထူးက

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေပြီး ဖိုးမောင်က - သံတူးရွင်း လေးဖြင့် စတူးသည်။ အင်္ဂတေများမှာ စပေါင်းကြာလှပြီဖြစ်သဖြင့် သံတူရွင်း ဆိုးဆွလိုက်လျှင် အဖတ်လိုက်ကွာ ကျွတ်လာသည်။ ထိုသို့အလွယ်အတူကွာ ကျွတ်လာသောကြောင့် မြန်မြန်ကလေး ဆွလိုက်မှ မကြာမီ အုတ်ခဲတစ်ချပ်နဲ့ သောကြောင့်ပျော်သွားပြီး အားစိုက် ဆွလိုက်ရာ နဲ့နေရာမှကွဲထွက်လာ သည်

ထိုသို့အုတ်တစ်ချပ်ကွဲထွက်လာ ကြောင့် နှုပြီးထုတ်နေစဉ် လေပြည် လေးတိုက်နေရာမှ အနည်းငယ်ပြင်း လာ လေပြင်းဖြစ်လာသည်။ မြူတိမ် တိမ်နေရာမှ မိုးသားများတက်လာပြီး တိမ်ဖုံးသွားတော့သည်။ ထိုအခါ အားတွင်ရပ်ကြည့်နေသာတင်ထူးက-

"ဟော - မိုးရွာတော့မယ်နဲ့တူ တယ်။ မင်းဖယ်စမ်း၊ ငါတူးလိုက်ဦးမယ်"

တူ ပြောပြီး တူနှင့်ဆောက်ဖြင့် ဖောက်ပြန်သည်။ ထိုစဉ်တွင် မိုးရွာ ထောင်သော်လည်း မရွာဘဲ လေပြင်း ဆိုက်လာသည်။ ကောင်းကင်မှာ ကြည်လင်နေရာမှ လျှပ်စီးများ လာသည်။ ထိုသို့ တစ်ယောက် ဖောက်နေရာ ဘုရားနံရံက ကြီးသည်ထက်ကြီးလာ မြားမီ အတွင်းသို့ လူတစ်ယောက် ခဲ့ နေရာကလေးရလာသည်။ မှာလည်း မိုးအုံ့နေရာမှ မိုးဖွာ များ တဖွဖွကျလာသည်။ လျှပ်စီး သည်းလက်လာသည်။ ထိုသို့တူးနေ အတွင်းသို့ နှစ်ပေသာသာလောက် သောအခါ ဒုံ. . . ဒုံနှင့် လိုက် သည်လာသည်။ ထိုအခါ တင်ထူးက အားရနှင့်-

"ဟေ့ - ကလိုက်ရောက်ပြီကွ"

"အေး - ဒါဆိုရင် အပြန်ဆက်တူး အပြင်မှာ မိုးလေဝသအခြေ ကောင်းဘူး။ လေပြင်းလာပြီ၊ တွေလည်းလက်နေတယ်"

"ဒါဆိုရင် မင်းသံတူးရွင်းပေးစမ်း။ လိုက်မယ်။ ဒီမှာ အင်္ဂတေတစ် ကန်တော့တယ်"

ဖိုးမောင်က သူလက်ထဲတွင်ကိုင် သံတူးရွင်းကို အတွင်းသို့လှမ်း က်သည်။ တင်ထူးသည် အားနှင့် ရာ အပေါက်ကြီးပွင့်သွားပြီး ထောင်းခနဲမိုနုံများထွက်လာ တင်ထူးသည် မြိုနုံများကို လက် ရှားရင်း ဝမ်းသာအားရဖြင့်-

"ဟော-ကလိုက်ကြီးပေါက်သွား ပြီကွ"

"ကြည့်စမ်း ကြည့်စမ်း၊ အတွင်း မှာဘာတွေရှိလဲ"

"မှန်းစမ်း-ငါကြည့်စမ်းမယ်။ ပေး လက်နှိပ်ပိတ်"

တင်ထူးက ထိုကဲ့သို့ပြောလိုက် သောအခါ ဖိုးမောင်သည် ခါးကြားတွင် ထိုးယူလာသော လက်နှိပ်ဓာတ်မီးကို ပေးလိုက်သည်။ တင်ထူးသည် လက်နှိပ် ဓာတ်မီးဖြင့် အတွင်းသို့ထိုးကြည့်လိုက် လျှင် -

"ဟာ - ပစ္စည်းတွေရှိတယ်ကွ"

"များလား"

"အေး-နည်းနည်းတော့များတယ်။ ပေးစမ်း မြွေခွံအိတ်"

တင်ထူးသည် အထဲကိုတိုးဝင် သွားပြီး ကလိုက်ထဲမှပစ္စည်းများကို အိတ်ထဲသို့ကျုံးထည့်နေသည်။ ဖိုးမောင် က အပြင်မှာရပ်နေပြီး တင်ထူးကမ်းလာ မည့်အိတ်ကိုလှမ်းယူရန်ပြင်နေစဉ် ပြင်း ထန်သောလျှပ်စီးတစ်ချက်လက်ခနဲဖြစ် သွားပြီး ဘုရားကို မိုးကြိုးပစ်ချလိုက် တော့သည်။ မိုးကြိုးဒဏ်ကြောင့် ဘုရား မှာ သူတို့ဖောက်နေရာနေရာမှကွဲထွက် သွားပြီး သူတို့နှစ်ယောက်စလုံးလည်း မိုးကြိုးထိမှန်ကာ ဘုရားခြေရင်းသို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့ သည်။ သူတို့ကို မိုးကြိုးပစ်ချပြီးသော် မိုးကြိုး သည်းထန်စွာ ရွာသွန်းပါသည်။ နာရီအနည်းငယ်ရှာပြီး တိမ်များလွင့် ပြယ်ကာ မိုးလင်းတိတ်သွားသည်။ လလည်းပြန်ပြီးသာလာသည်။

❑

နောက်နေ့တွင် ပထမဦးဆုံးနိုး လာသူမှာ ဘုန်းကြီးကျောင်းမှ ဆရာ တော်ကြီးဖြစ်သည်။ ဆရာတော်သည် မနေ့ညက မိုးသည်းထန်စွာရွာပြီး မိုးကြိုး လည်းအနီးကပ်ပစ်ချလိုက်သံကြားသော ကြောင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ ကျောင်းအနီးမှ ဘုရားငုတ်တို့ကို မိုးကြိုး ပစ်ချလိုက်သည်ကိုသိသဖြင့် ဒကျောင်း သားများကိုနှိုးပြီး ဘုရားရှိရာဘက်သို့ ထွက်လာခဲ့ကြသည်။ ဘုရားမှာ ခေါင်း လောင်းနေရာမှပြုတ်ထွက်ပြုတ်ကျနေပြီး ဘုရားရင်ပြင်ပေါ် တွင် လူနှစ်ယောက်လဲ ကျနေသည်ကိုတွေ့သဖြင့် ကျောင်းသား များအားလွှတ်၍ အရပ်လူကြီးများကို ခေါ်ခိုင်းလိုက်သည်။

အရပ်လူကြီးများရောက်လာပြီး သေချာစွာကြည့်ရာ မိုးကြိုးဒဏ်ကြောင့် တစ်ကိုယ်လုံးမည်းပြာနေသောအလောင်း နှစ်လောင်းကို တွေ့လိုက်ကြရသည်။

"ဟင်- ဒါ တင်ထူးနဲ့ဖိုးမောင်တို့ပါ လား"

"ဟော - ဒီမှာ သံတူးရွင်းတစ် ချောင်း"

"ဟော - ဒီမှာလည်း တူတစ် ချောင်းနဲ့ဆောက်"

"ဟာ - ဒီမှာကြည့်စမ်း၊ မြွေခွံ အိတ်ထဲမှာ ဘုရားတွေ"

"သြော် - လက်စသတ်တော့ ဒီနှစ်ယောက်က ဘုရားဌာပနာတွေလာ ဖောက်နေတုန်း မိုးကြိုးပစ်ချလိုက်တာ တိုး။ အင်း- ငမိုက်သားတွေ၊ ငမိုက်သား တွေ"

ဘုရားလည်း ခေါင်းလောင်း အရင်းအထိ ပြိုကျသွားသောကြောင့် အရပ်လူကြီးများသည် မြွေခွံအိတ်ထဲ ထည့်ထားသော ဘုရားများနှင့် ဌာပနာတိုက်ထဲမှာကျန်ရှိနေသေးသော ဌာပနာများကိုကောက်ယူပြီး စာရင်းလုပ် ကြသည်။

အရောင်မည်းမည်းပြောင်ပြောင် နှင့် (၉)လက်မခန့်ရှိသော ဘုရားတစ်ဆူ၊ တစ်မိုက်ခန့်ရှေ့ဘုရားတစ်ဆူ၊ (၆)လက်မ ခန့်ရှိ ငွေဘုရားနှစ်ဆူ၊ ကြေးဘုရားငါးဆူ၊ ငွေကြေတ်ကလေးနှင့် ထည့်ထားသော ပြဒါးကိုထုံခဲပြီးပြုလုပ်ထားသည့် ဘုရား တစ်ဆူ၊ မြေသားဘုရား (၂၀)၊ အုတ်ခွက် ဘုရား (၂၀) ခန့်နှင့် သေချာစွာ ကြိုးဖြင့် ရစ်ပတ်ထားသော ကြေးပုရပိုက်တစ်ဆူ တို့ကို တွေ့ရသည်နှင့် ဘုန်းကြီးကျောင်း ကိုယူလာပြီးပူဇော်ခံထား၏။ ရှေးဟောင်း ပစ္စည်းများဖြစ်၍ ရှေးဟောင်းသုတေ သနဌာနသို့လည်း အကြောင်းကြား လိုက်ကြသည်။

ထိုနေ့နှစ်နက်က တိုက်တိုက်ဆိုင် ဆိုင် ကားလမ်းမကြီးမှ ရွာအဝင်လမ်းခွ တွင် ဆိုင်ကယ်သမားတစ်ယောက် မြွေ ကိုက်ခံရပြီး သေဆုံးနေသည်ဟူ၍ သတင်းရသည်။ ဆိုင်ကယ်ကိုဒေါက် ထောက်လျက်တွေ့ရပြီး အလောင်းက ဘေးမှာထိုင်လျက်သားသေနေသည်။ ညကြီးမင်းကြီး တစ်စုံတစ်ယောက်ကို လာစောင့်နေစဉ် မြွေကိုက်ခံရပြီးသေဆုံး နေပုံဖြစ်သည်။ သည်ရွာသားမဟုတ် သော်လည်း ညနေပိုင်းများတွင် ရွာသို့ လာပြီး ကျွဲကြီးဆိုင်တွင် တင်ထူးတို့နှင့် အတူ အရက်သောက်တတ်သူတစ်ဦး ဖြစ်ကြောင်း နောင်မှသိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရက်အနည်းငယ်အကြာတွင် ဂိတ္ထိလာနှင့် မန္တလေးက ရွှေဟောင်းသုတေသနဌာနမှဆရာများ ရောက်လာပြီး ပစ္စည်းများကိုစစ်ဆေးသည်။ ရွာတွင် ရက်အနည်းငယ်နေထိုင်ပြီး စစ်ဆေးပေးကြသည်။ သူတို့သည် ဘုရားများကို သေချာစွာ ပွတ်တိုက်ပြီး မှန်ဘီလူးများဖြင့် အသေအချာကြည့်ကာ စစ်ဆေးကြခြင်းဖြစ်သည်။

သုံးရက်မြောက်နေ့ပြီး စိတ်တိုင်းကျစစ်ဆေးပြီးသော် ဆရာတော်နှင့်ရွာလူကြီးများကို ရှင်းပြသည်။

"ဦးတို့ ဒီရွာကိုဘယ်လိုခေါ်တယ်"

"မြောက်ချောကုန်းရွာလို့ခေါ်တယ်။ ကျောင်းက ပုဏ္ဏားဝန်မြောက်ကျောင်းလို့ခေါ်တယ်"

"ဒါဆို ပုဏ္ဏားဝန်တောင်ကျောင်းဆိုတာ ရှိဦးမှာပေါ့"

"အရင် ကျွဲပတ္တီငယ်ငယ်တုန်းက တော့ ပေလမ်းတောင်ဘက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိခဲ့ဖူးတယ်။ ရေရှားတော့ နောက်ပိုင်း ဘုန်းကြီးမနေတာနဲ့ ကျောင်းပျက်သွားတယ်။ အခုတော့မရှိတော့ပါဘူး"

ရွှေဟောင်းသုတေသနဌာနက ဆရာကပြောသည်။

"ဘုရားတွေချည်းပဲဆိုရင် ခန့်မှန်းရခက်တယ်။ ခေတ်ကိုတော့ ခန့်မှန်းနိုင်ပေမယ့် သဲိုင်းကြောင်းကိုပြောဖို့ခက်တယ်။ ဒါပေမယ့် ကံအားလျော်စွာ ကြေးပုရိုက်တစ်ဆူလည်းပါလာတော့ ဒီဘုရားသမိုင်းကို အကြမ်းဖျင်းပြောနိုင်တယ်။ ဒီမှာရေးထားတာတွေက စိတ်ဝင်စားဖို့လည်းကောင်းပါတယ်"

သုတေသနဆရာ၏ ပြောပြချက်အရ -

ဤရွာသည် ပုဂံခေတ်တွင် ပုဏ္ဏားဝန်ဟုခေါ်ဆိုသော ဘုရင့်ပုဏ္ဏားတော်ကြီးက အပိုင်စားရသောရွာဖြစ်ကြောင်း၊ နောက်ပိုင်း ရွာတွင် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်လျှုဒါန်းသဖြင့် ဘုန်းကြီးကျောင်းကို ပုဏ္ဏားဝန်ကျောင်းဟုခေါ်ကြောင်း၊ ကျောင်းဆောက်ပြီးသော် တောင်ကုန်းပေါ်တွင် ဘုရားတည်ခဲ့ကြောင်း၊ ဘုရားပြီးသော် ဌာပနာပစ္စည်းများကို ထည့်သွင်း ပူဇော်ခဲ့ကြောင်း၊ ဌာပနာတွင်ပါသော အနက်ရောင်ဘုရားမှာ ပဥ္စလောဟာဘုရားဖြစ်ကြောင်း၊ ကြုတ်ကလေးနှင့်ဘုရားမှာ ပြဒါးကိုထုံခဲပြီးထုဆစ်ထားသော ပြဒါးဘုရားဖြစ်ကြောင်း၊ အလွန်ရှားပါးကြောင်း၊ အကြိမ်ကြိမ်ဖို့ခွင်တင်ပြီးထိုးမှရကြောင်း၊ ရွှေဘုရားငွေဘုရားများမှာ ပုဏ္ဏားတော်ကြီး၏အလှူဖြစ်နိုင်ကြောင်း၊ မြေဘုရားနှင့်မြေအုတ်ခွက်ဘုရားများမှာ ရွာသူရွာသားများ ထည့်သွင်း လှူဒါန်းခြင်းဖြစ်နိုင်ကြောင်း၊ ဤအကြောင်းအရာများကို ကြေးပုရပိုက်တွင်ရေးထားပြီး ပုရိုက်အဆုံးတွင် ကျိန်စာပါကြောင်း ကျိန်စာတွင် -

'ဤငါ့ကောင်းမှုကို ဖျက်ဆီးသူမ္ကား၊ ဖျက်ဆီးနေသောကာလတွင် လောင်မီးကျလျက် နတ်တို့စက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ မိုးကြိုးလက်နက် သိကြားစက်ခလျက် သေစေသတည်း၊ သေပြီးသည့်ကာလ အဝီစိငရဲကျလျက် ဘုရားအဆူဆူခွဲတ်လည်းမကျွတ်၊ ငရဲသစ်ငုတ်ဖြစ်စေသတည်း'

ဟု ကျိန်စာရေးသွားခဲ့ကြောင်း ပြောပြပါသည်။ ဘုရားများကိုလည်း ရွာမှာပင် ပူဇော်လိုကပူဇော်၊ ရွှေဟောင်းသုတေသနဌာနသို့ အပ်လိုလျှင်လည်း အပ်နိုင်ကြောင်း အပ်ပါက ကာလတန်ဖိုးအလိုက် ဆုငွေရကြောင်း ရှင်းပြပါသည်။

ရွာလူကြီးများက ကျေးရွာဘုန်းကြီးကျောင်းမှာပင် ခေတ္တထားပြီး အပူဇော်ခံဦးမည်ဖြစ်ကြောင်း နောင်ကျမှ ညှိနှိုင်းတိုင်ပင်ပြီး လုပ်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည် ပြောကြားကြပါသည်။

ဘုရားပျက်အတွင်းမှ ဌာပနာတိုက်ပွင့်ပြီး ရွှေဘုရား၊ ငွေဘုရား၊ ပဥ္စလောဟာဘုရား၊ ပြဒါးဘုရားများရ ကြောင်းသတင်းသည် ခဏချင်းပျံ့နှံ့သွားသဖြင့် ရွာနီးချုပ်စပ်ကသာမက မနီးမဝေးမြို့များဖြစ်သော ပျော်ဘွယ်၊ ရမည်းသင်း၊ တောင်သာ၊ မိတ္ထီလာမြို့များ၊ မန္တလေး၊ စစ်ကိုင်း စသောမြို့များကပင် လာရောက်ဖူးကြသည်။ ကျောင်းက ရွှေဟောင်းကျောင်းကြီးဖြစ်ပြီး ကျွန်းတိုင်ကြီးများနှင့် တည်ဆောက်ထားသဖြင့် ခိုင်ခံ့သည်။ ဘုရားဖူးများသည် ကျောင်းပေါ် တက်၍ဘုရားဖူးပြီး နားနားနေနေ ကျောင်းအောက်ရှိ ဥပုသ်ဇရပ်များတွင် နားခိုနိုင်ကြပေသည်။ ပြဒါးဘုရားမှာ သိပ်ခိုမြောက်သည်၊ သိပ်ခိုပြီးသည်၊ ဆုတောင်းပြည့်သည်ဆိုခြင်းကြောင့် လူအများစိတ်ဝင်စားကြပြီး ဝင်လာမစဲတသဲသဲဖြစ်နေကြလေသည်။

ထို့အတောအတွင်းတွင် ဘုန်းကြီးကျောင်း၌ ရွာလူကြီးများစုဝေးမိသောကြောင့် ထိုညက မိုးကြိုးပစ်ချသည့်အကြောင်းကို ပြောဖြစ်ကြသည်။

"အဲဒီညက မိုးကြိုးလေကြီးကျတာ အတော် ကြောက်စရာတောင်ကောင်းတယ်။ ကျွဲပမအိပ်သေးဘူးဗျ"

"ဟုတ်တယ်၊ ခဏလေးနဲ့မိုးသားတွေတက်လာပြီး မိုးရွာချလိုက်တာ ခြိမ်းကြိုးလည်းပစ်တယ်။ ဒါပေမယ့် မကြာဘူးဗျ။ မိုးကြိုးလည်းပစ်ပြီးရော ကောင်းကင်မှာ မိုးသားတွေကင်းသွားပြီး ထောင်သာလာလိုက်သေးတယ်"

"ဒီမိုးကြိုးပေါ့။ ကောင်လေးနှစ်ယောက်ကိုပစ်ချလိုက်တာ သနားစရာတယ်ဗျာ"

"အင်း - ဒီကောင်တွေကလည်း ပေါက်ပေါက်ရှာရှာ ဘယ်ကဘယ်ပြီး စိတ်ကူးရပြီး ဘုရားဌာပနာကိုထားဖောက်တယ်မသိဘူး"

"ကျွဲပအထင်တော့ လမ်းခွဲတာ ပိုးထိပြီးသေတဲ့လူကို မသက်သာအဲဒီနေ့မတိုင်ခင် နှစ်ရက်၊ သုံးရက်မှာ သူတို့သုံးယောက် ကျွဲကြီးဆိုင်မှာ သောက်ကြတယ်ပြောတယ်။ သူတို့အိတ်ထဲက စာရွက်တွေဘာတွေထုတ်ပြီး ဟိုနှစ်ယောက်ကို ရေခြွေစ်ပြနေသေးတယ်လို့ ကျွဲကြီးမိန်းမကပြောတယ်"

"ဒါဆိုရင် ဌာပနာတိုက်ဖောက်ခဲ့တိုင်ပင်နေသလားမှမသိတာ"

"အင်း-ဟုတ်မယ်၊ ရွှေဟောင်းသုတေသနကဆရာတွေပြောတဲ့အတိုင်းမှာ ကြေးပုရပိုက်ထဲက ပုဏ္ဏားဝန်ကျိန်စာဆိုတာပါတယ်။ မိုးကြိုးလက်နက်၊ သိကြားစက်နဲ့ သူဌာပနာတိုက်ဖောက်တဲ့လူတွေ ချက်ချင်းထိပါစေဆိုတာပါတယ်လေ။ ကောင်းကင်တစ်ခွင်လုံးကြည်လင်နေရာကနေ ချက်ချင်းမိုးမှောင်ကျပြီး မိုးကြိုးပါပစ်ချလိုက်တာဆိုတာ ဒီကျိန်စာကြောင့်ဖြစ်မယ်။ ပုဏ္ဏားဝန်ရဲ့ကျိန်စာက ခုထက်ထိအသက်ဝင်နေသေးတာ အံ့စရာပဲ"

"အင်း - ပေါ့ပေါ့နေ ပေါ့ပေါ့စား ဘုရားဌာပနာကို တက်ဖောက်တော့ ပုဏ္ဏားဝန်ကျိန်စာမိသွားတာပေါ့ဗျာ ဒုက္ခ ဒုက္ခ"

"ဆိုးတာရှိသေးတယ်။ တို့ရွာသားက ရွာဘုရားကိုတက်ဖောက်တယ်ဆိုတာ အရှဝ်ရှဝ်နေပြည်တော် ကြားလို့ မတော်တဲ့ကိစ္စပဲ။ အင်း - မိုက်ပြစ်ဆိုတာ တစ်နည်းနည်းနဲ့တော့ခံကြရမှာပဲဗျာ"

မဟာသ

www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကျင်း-ကျော်ကျော်ထွန်း

ချောင်းဆိုးအတွက် ပင်စိမ်းရုက်

သမားတော်ကြီးဆရာဇီဝကသည် ဘေဒမဘုရားရှင်လက်ထက်တော်အခါက ထင်ရှားကျော်ကြားသည့် အထူးကုတော်သောသမားတော်ကြီးဖြစ်ခဲ့လေ၏။ ဆရာဇီဝကသည် ဆေးကျောင်းမှ သင်ကြားမှုများ ပြီးမြောက်ချိန်တွင် ဆေးတက္ကသိုလ် ပါမောက္ခချုပ်ကြီးက -

"အမောင်ဇီဝက၊ သင်သည် စာတွင်းသို့လှည့်လည်၍ ဆေးဖက်ဝင်သော အပင်ရှာကာ ငါ့ထံယူခဲ့လော့"

ဟု စေခိုင်းသောကြောင့် တောထဲသို့ထွက်ခဲ့ရ၏။ ဆရာဇီဝကသည် နွယ်မြက်သစ်ပင်မှန်သမျှ ဆေးဖက်ဝင်၊မဝင် လေ့လာ၍ရှာပါသော်လည်း ဆေးဖက်ဝင်သောအပင်ဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရချေ။ ယုတ်စွအဆုံး မြေစာမြက် (နေစာမြက်ဟုလည်း ခေါ်သည်။) ပင် ဆေးတောင်မှ သူရောဂါနှင့်သူ ဆေးဖက်အသုံးဝင်နေ၏။ ထို့ကြောင့် တောထဲမှ ပြန်လာခဲ့ပြီး -

"ဆရာကြီး ခင်ဗျား၊ ဆေးဖက်ဝင်သောအပင်ဆို၍ နွယ်တစ်မျှင်မြက်တစ်ပင်မျှ မတွေ့ရပါကြောင်း"

အစီရင်ခံ တင်ပြသည်ဆို၏။

ဤသည်မှာ နွယ်မြက်သစ်ပင်တို့အားလုံး သူနေရာနှင့်သူ ဆေးဖက်အသုံးဝင်ကြောင်း ပြယုဂ်ပင်ဖြစ်၏။ မိမိခြံတွင်ရှိနေတတ်သော အပင်များတွင်သည်း လွန်စွာအသုံးဝင်သော ဆေးပင်သေးများရှိပါသည်။ ထိုဆေးပင်လေးများ၏ အာနိသင်ကြောင့် ကျွန်တော်တို့အမျိုး (ကျွန်တော်၏ အသက်သည် ခုနှစ်ဆယ်ဖြစ်၏။) သက်ကြီးပိုင်းများ ရောဂါဘုတ်အပူ၊ အအေး (၂၆ဂရီ၊ ၃၆ဂရီ ဇင်ဘီဂရိတ်)မျှ ပြောင်းလဲရုံဖြင့် ကိုယ်ခံမှုအားနည်းသောကြောင့် ချောင်းဆိုးဟွတ်ဟွတ်ဆိုးတော့၏။ ချောင်းဆိုးတော့ ကောင်းနိုးရာရာ ချောင်းဆိုးပျောက်ဆေးများရှာဝယ်ရတော့၏။

ကျွန်တော်၏ဇနီး (တင်တင်နွဲ့ ရန်ကုန်တက္ကသိုလ်) က ဆေးပင်ဆောင်းပါးရေးသူဖြစ်သောကြောင့် ကျွန်တော်တို့ခြံတွင် ဆေးပင်အချို့ကိုက်ပို့းထား၏။ မျိုးလာတောင်းသူရှိလျှင်လည်း ဒါနပြု၏။ ယောနယ် ထီးလင်း၊ ဗန်းမော်၊ တနင်္သာရီ၊ မော်လမြိုင်တို့မှပင် လာ၍ တောင်းကြ၏။

ကျွန်တော်ချောင်းဆိုးသံကြားလျှင် သူဆေးပင်များမှ ကုလားပင်စိမ်းခေါ်သောအပင်မှ အရွက်အဖူးအပွင့်လက် တစ်ဆုပ်စာမျှခူး၍ ရေစင်စင်ဆေးကာ ဓားဖြင့်ဖြစ်စေ၊ ကတ်ကြေးဖြင့်ဖြစ်စေ သင့်ရုံမျှဖြတ်ပါသည်။ ဖြတ်ပြီးသော ကုလားပင်စိမ်းရွက်များကို သစ်သီးဖျော်ရည်စက်ထဲထည့်ကာ သောက်ရေကော်ဖီပန်းကန်တစ်လုံးစာထပ်ထည့်၍ ခရုတ်နှိပ်ပါ။ နှစ်မိနစ်ခန့်ကြာလျှင် အရွက်၊ အပွင့်အားလုံး ကြေညက်သွားပါပြီ။

ထိုဖျော်ရည်ကို ရေစစ်ဖြင့် ညှစ်လိုက်လျှင် ကုလားပင်စိမ်းသတ္တုဖျော်ရည်ရပါသည်။ ထိုကုလားပင့်စိမ်းဖျော်ရည်ကို ဆားသင့်ရုံမျှရောမွှေကာ သုံးခွက်စာခွဲ၍သောက်ပါ။ သိသာစွာ ချောင်းဆိုးသက်သာပျောက်ကင်းပါသည်။ ကောင်းကျိုး၊ ဆိုးကျိုး ဟူသည် နေရာတိုင်းတွင်ရှိသော်လည်း ဤဆေးသည် ဆိုးကျိုးမဖြစ်စေပါ။ ကျွန်တော်၏ လက်သုံးဆေးဖြစ်ပါသည်။

စာရေးဆရာ အောင်မြင့်မြတ် (ပြည်ရွှေဘို) အလည်အပတ်ရောက်လာစဉ်က ချောင်းဆိုးနေသည်ကို တွေ့ရသဖြင့် ဤဆေးကို စိမ်၍ ဆက်ကပ်ရာ (ဆရာအောင်မြင့်မြတ်သည် ရဟန်းဖြစ်၏။) ချက်ချင်း သက်သာသဖြင့် အပြန်တွင် ဆေးပင်ပါယူသွားပါသည်။

ဖျော်ရည်စက်မရှိပါက ငရုတ်ဆုံတွင် ရေစင်စင်ဆေးကာ ညက်အောင် ထောင်းပြီးပိတ်ပါးဖြင့်ညှစ်ယူကာ ရေနှင့်သင့်ရုံရော၍ သောက်ပါ။ ဆားနည်းငယ်ထည့်ပါ။ ငွေမကုန်ဘဲ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်သောနည်း ဖြစ်ပါသည်။

ဟင်းခတ်အမွှေးအကြိုင် မြန်မာပင်စိမ်း၊ ဇီရာဝင်ပင်စိမ်းမဟုတ်ပါ။ အနံ့ပြင်းသော ကုလားပင်စိမ်းဖြစ်ပါသည်။ ပုံပါဖော်ပြထားပါသည်။ မျိုးလိုသူများ ကျွန်တော်တို့ခြံတွင်လာယူနိုင်ပါသည်။

သပိတ်ကျင်း-ကျော်ကျော်ထွန်း

ကုထားပင်စိမ်း

www.burmeseclassic.com

www.burmeseclassic.com

(ပြည်) ထပ်တရာ တမလွန်ပုံရိပ်

သေဆုံးသွားကြသော သူတို့သည် တမလွန်သို့ ရောက်ရှိသွားကြသည်ဟု လူအများယုံကြည်ကြ၏။ ဗုဒ္ဓဘုရားရှင်သည် (၃၁) ဘုံသား သတ္တဝါစေနေယျတို့သည် မိမိတို့ပြုခဲ့သောကောင်းမှု ဆိုးမှုကံအကြောင်းတရားများအရ (၃၁) ဘုံတည်းဟူသော သံသရာ၌ကျင်လည်နေကြရကြောင်း ဟောကြားခဲ့ပေသည်။

သံသရာသည် စဉ်ဆက်မပြတ်တူအဓိပ္ပာယ်ရှိ၏။ တမလွန်သည် (၃၁) ဘုံသို့ သွားရာနှယ်စပ်ဖြစ်ဟန်ရှိသည်ဟု စာရေးသူ ထင်မြင်မိ၏။ ဤနယ်သို့ အလွန်နာမကျန်းဖြစ်သူများနှင့်သေစေနိုင်လောက်သည့် ထိခိုက်ဒဏ်ရာရရှိသူများလည်း သေဆုံးခြင်းမပြုသေးဘဲလျက် သတိလစ်မေ့မြောရာကနေ နာမ်လွှင့်ပါးကာ ရောက်ရှိတတ်လေသည်။ ထိုသူများ သတိပြန်လည်ရရှိသည့်အချိန်တွင် ပြန်လည်ပြောကြားသည့် အကြောင်းခြင်းရာများအရ သိရှိကြရ၏။

ထိုသို့ တမလွန်အတွေ့အကြုံကို မိခင်ဖြစ်သူ၊ အိမ်နီးချင်း တို့တူးနှင့် မိမိတို့ယုံကြည်ရရှိခဲ့သည်များအား ရေးသားဖြန်းပြုရသည်ရှိသော် -

❑ မိခင်

စာရေးသူ၏ မိခင်ဖြစ်သူသည် အသက် (၈၀) အရွယ်ဖြစ်၏။ ဦးခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ ဆီးချိုနှင့်သွေးတိုးလည်းရှိ၏။ သို့ဖြစ်ရာ ဆေးဝါးကုသမှုမပြတ်ခံယူနေရ၏။ မကြာမီကမှ ဆေးရုံသို့တက်ရောက်နေရာမှ ဆင်းလာစဖြစ်၏။ ဓာတ်နှေ့ အိပ်ရာထက်လဲလျောင်းရင်းမှ ရုတ်တရက် သတိလစ်မေ့မြော သွားလေသည်။ အနီးရှိနေသူ စာရေးသူမှ မေ့နေသူ၏နှာခေါင်းနှင့် နှုတ်ခမ်းရင်းသို့ သရဏတံု (၃) ပါးရွတ်ဆိုပြီး လက်မဖြင့်အားစိုက်ဖိနှိပ်လိုက်၏။ (၃)၊ (၄)ကြိမ်မျှပြုလုပ်ပြီးသည့်အချိန် သက်ပြင်းချလျက် သတိပြန်လည်လာ၏။ ထက္ကြစ်ကျွတ် နှင့် စုတ်သပ်လျက် သူ၏နှမော်ခမ်းအား လက်ဖြင့်ထိကိုင်ကာ -

"ငါ့အေ ခဏနေတော့ငါ့ဒေါ်လေး ပျောက်ပြီ တစ်ခုမျှတစ်ခေါ် ဆုံပြင်ကျယ်ကြီးမှာ လေတဖြူးဖြူးနဲ့ လူလူလူလူသွားကောင်းနေတုန်း ယောကျ်ားကြီးလက်နဲ့ နှုတ်ခမ်းကိုဖိထိုးတာခံရလို့ နာလိုက်တာသေလုရော။ ဒါနဲ့ နာလည်းနာ၊ အိမ်ကို ဆတ်ရလိုတ်ပြီး လူညှဉ်ပြန်ခဲ့တာအေ" ဟု ပြောဆို၏။

မိခင်ကြီးပြောသည့် လူလူလူလူ ဆိုသည်မှာ သူမ၏ကိုယ် လေတွင်းလွှင့်ပါးနေခြင်းကို ပြောလိုခြင်း ဖြစ်ပေမည်။ ပြန်လှည့်မလာခဲ့သော် မည်သို့ဖြစ်မည်ကို စာရေးသူ မမှန်းဆနိုင်ပါ။

❑ အိမ်နီးချင်းကိုတူး

အန်းမကြီး (ကိုတူး) ၏မိခင်သည် တရုတ်လူမျိုးဖြစ်ရာ သူမ၏အိမ်သားများ ခေါ်သည်ကဲ့သို့ စာရေးသူတို့ခေါ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြယ်ပြုံမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို သောက်ဆေး

ဆီးရွဲသွေးရွဲကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွား၍ ဆီးအောင့်၊ ဆီးကျွံခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ဇလုံးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း၊ နုံးရွဲခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ရုင်ခြင်း၊ ဇလးလံထိုင်းမိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာဝေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှုနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

အပြီးပြီရှိ ပြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဖြန့်ချိရေးဌာန ကြယ်ပြုံမင်း ဆေးဆိုင်

အမှတ်(၇၅၁) ၊ သမိန်ဇရပ်မှန့် အောင်ပြေလမ်းဇထောင့်၊ (၃၆)ရပ်ကွက် ၊ မြောက်ဥဒုံ

☎ဝန်း-၇၇၀၀၃၀၄၄ ၆ဝန်း-၅၅၀၀၃၇၇၆ ၊ ဝန်း-၅၅၀၀၃၇၀၅

ဖြန့်ချိရေးဌာန (ပြည်ပြို့ - ဇေးနှုန်းအတ်ကြိုးဇေးဆိုင်) ၊ (တောင်ကြို့ - ဝန်းမြင်းလေးဇေးဆိုင်)
(ပုသိမ်ပြို့ - မြို့ကွန်းဇေးနန်း) ၊ (ဒဂုံပြို့ - တယ်ကုန်းကုလသိန်းဇေးဆိုင်၊ တယ်ကုန်းလမင်းဇေးဆိုင်)

မှတ်ပုံတင် - TMR ဝ၀၁၂၉၄(ဝ၆ဝ၅)
လိုင်စင် ၂/ ၂၁၁၃၊ဇာဇဝထလ၊ (၂၃၈၅)

မှာ နေပူရှိန်ကိုခုခံနိုင်စွမ်းမရှိပါ။ ဒုံးတိုက်ပီးရှိရာမုထွက်လာသည့် ယမ်းခိုးနံ့၊ ညှော်နံ့များနှင့် လူအများ၏အငွေ့အသက်တို့ဖြင့် မူးဝေနောက်ကျိကာ အော့ချင်အန်ချင်ဖြစ်လာခဲ့၏။

ညနေ ဇရပ်ပြန်ရောက်ဒသာ ရေချိုးမှားပြန်၏။ သို့နှင့် အပူရှပ်၊ အပူငုပ်ကာ ဖျားတော့၏။ နှုတ်မှလည်း -

"တောက်တဲ့တွေ၊ တောက်တဲ့တွေ ကြောက်တယ်၊ ကြောက်တယ်"

အော်ပြီး သတိလစ်သွားခဲ့သည်ဆို၏။

စာရေးသူကား တစ်နေရာတွင်ရပ်လျက်ရှိ၏။ မျက်စိတစ်ဆုံး မြင်ကွင်းတွင် ဆုံးစမထင်သည့် သဲမြေပြင်ကျယ်အတိဖြစ်၏။ သက်ရှင်ထင်ရှား ငှက်တစ်ကောင်တလေမျှ ပျံသန်းနေသည်ကို မတွေ့ရချေ။ ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ နံနက်စောစော (သို့) နေဝင်ခါစဟူ၍ ဝေခွဲရခက်သည့် အလင်းရောင်ပျပျရှိ၏။ ကောင်းကင်ပြင်တွင် နေ (သို့) လ (သို့) ကြယ်တစ်စုံတစ်ရာမျှမတွေ့ရ။ ထိုစဉ် မိမိအနီးမှဖြတ်သန်းသွားသည့်သဏ္ဌာန်တစ်ခုကို မြင်တွေ့ရ၏။ အမျိုးသားကြီးတစ်ယောက်ဖြစ်၏။ ဖြတ်သန်းသည်ဆိုသော်လည်း လွှင့်ပါးရွေ့လျားသွားခြင်းဖြစ်၏။ မိမိလည်း ထိုသူနောက်လိုက်သွားခဲ့ရာ လျှပ်တိုက်ရွေ့လျားခြင်းဖြစ်နေပြန်သည်။ ထိုသူကား ရေအိုးစင်တစ်ခုဦ ရေသောက်နေပြန်၏။ ရေသောက်ပြီးထွက်သွားရာ မိမိလည်း ရေသောက်ရန် အုန်းမှုတ်ခွက်ဖြင့် ခပ်ယူ၏။ ရေသောက်သော် ရေမဝါ၍ ထပ်မံခပ်ယူသောက်၏။ ဤတစ်ကြိမ်တွင်လည်း ယခင်နည်းတူ ရေမဝါရှိပြန်၍ ရေအိုးအတွင်း ငုံကြည့်ရာ ကြည်လင်နေသည့်ရေများအိုးအပြည့်ရှိသည်ကိုမြင်ရ၏။ ရေရှိလျက် ခပ်ယူသောက်သုံးမရသည်နှင့် စိတ်လက်ပျက်ကာ ထွက်ခွာသွားသူအားကြည့်ရာ မမြင်မတွေ့ရပေ။ သဲပြင်ကျယ်မြင်ကွင်းအတွင်းမှ လုံးဝပျောက်သွားခြင်းဖြစ်၏။ မိမိတစ်ယောက်တည်း အဖြစ်အား သတိရမိ၍ စိုးရိမ်ကြောက်လန့်နေစဉ် ကြေးစည်ထရိုက်သံအားကြားမိလိုက်သဖြင့် ထိုအသံလာရာဘက်သို့လှည့်လိုက်စဉ် -

"ဟော - သတိရလာပြီ၊ သတိရလာပြီ"

ဟူသည့်အသံများ ကြားရ၏။ ရေအလွန်သောက်လိုသဖြင့် တောင်းသောက်ရာ (၂) ခွက်ကုန်၏။ ကြေးစည်သံမှာ အဘွားသီလရှင် ဘုရားဝတ်ပြုအပြီး ကြေးစည်ထု၊ အမျှဝေနေခြင်းဖြစ်လေသည်။ အဘွားအား ရေမြင်ခဲ့လျက် မိမိသောက်သုံးမရခဲ့ကြောင်းပြောပြသည်တွင် -

"ငါမြေး သောက်မရတာတာ တမလွန်ရေဖို့ပေါ့။ သေသူတွေဟာ သောက်လို့ရကြတာ။ ငါမြေးကမသေဘဲ မြောသွားတာ"

ဟု ပြောပြခဲ့၏။ ဖြစ်နိုင်ပါ၏။ တမလွန်သို့ အမှတ်မထင်ရောက်ခဲ့ကြသူများသည် ပြန်လည် သတိရသည်နှင့် ရေပေးပါဟူ၍ အလျင်ဦးစွာ ရေတောင်းသောက်တတ်ကြသည်မှာ တမလွန်ရေအား သောက်ခွင့်မကြုံခဲ့သူများဖြစ်ကြပေသည်။ ထို့ပြင် သဲမြေပြင်ကျယ်ကြီးအား ဆုံးစမထင် မြင်တွေ့ခဲ့ကြခြင်းလည်း တူညီကြပေ၏။

စာရေးသူ မိမိသည်လည်းကောင်း စာရှုသူမိတ်ဆွေသည် လည်းကောင်း တစ်နေ့နေ့တွင် ထိုတမလွန်နယ်သို့ ရောက်ရှိ ဖြတ်သန်းကြရမည်ဖြစ်ပေသည်။ ထိုသည်တွင် တမလွန်ပုံရိပ်၏ မြင်ကွင်းအမှန်ကို တွေ့မြင်သိရှိကြရမည်ကား ဧကန်မုချဖြစ်ပေတော့သည်။

လပ်တဆ

www.burmeseclassic.com

www.burmeseclassic.com

ဟိန်းဇေယျာ

နာလန်ထူတိဘိန့်

ရဲယိုး

နွယ်မြက်သစ်ပင်မှန်သမျှတို့သည် ဆေးဖက်ဝင်သည်ကို လူအများလက်ခံကြသည်။ တိုင်းရင်းဆေးဝါးအပင်တိုင်းသည် လူတိုင်းနှင့်သင့်မြတ်ချင်မှသင့်မြတ်ပေမည်။ လူကိုယ်ခန္ဓာတို့၏ ဓာတ်ကြီးလေးပါး တည်ဆောက်ပုံသည် တူညီမျှတသည်မဟုတ်ပေ။ ဓာတ်တစ်ပါးပါးချို့ယွင်းခြင်းရှိကောင်းရှိမည်။ သို့မဟုတ် ဓာတ်တစ်ပါးပါးပိုလျှံခြင်းရှိကောင်းရှိမည်။ ထို့ကြောင့်ပင် လူတစ်ဦးတစ်ယောက်အတွက် ပျောက်ကင်းသည်ဆိုသောအသီးအနှံတစ်မျိုးသည် နောက်တစ်ဦးလူအတွက် ရောဂါပျောက်ချင်မှပျောက်ပေမည်။ ဥပမာ တင်ပြရလျှင် အာမခြောသူအတွက် လျက်ဆားသည် အထူးတည့်မတ်ဖြစ်သော်လည်း သွေးတိုးရောဂါအခံရှိသူအတွက် ဆေးမဖြစ်ဘဲ အဆေးဖြစ်တတ်ပေသည်။ ပျို့အန်သူအတွက် သကြားသည် အဆင်ပြေမည်ဖြစ်သော်လည်း ဆီးချို၊ သွေးချိုဝေဒနာရှင်အတွက်မူ ဘေးဒုက္ခတွေ့ရတတ်ပေသည်။

စာရေးသူ အသက်(၅၀)ကျော်ခန့်ရှိ စားသုံးခဲ့သော တိုင်းရင်းဆေးဝါးနှစ်မျိုးကို တင်ပြလိုပေသည်။ စာရေးသူ၏နီးမောင်နှံသည် ယနေ့အသက်(၆၀)ကျော်သည့်တိုင် ဆီး၊ ဝမ်း၊ သွေး မစစ်သူခဲ့ပါ။ ထို့အပြင် သွေးပေါင်လည်း တစ်ကြိမ်တစ်ခါမျှ မတိုင်းဘူး၊ မချိန်ဘူး။ သွေးပေါင်ချိန်တိုင်းတာထားလျှင် ဆေးဆေးသရာတွင်၊ ဆေးသောက်ရာတွင် အခြေခြုံနိုင်သဖြင့် အကျိုးရှိသည်ကို သိထားပါသည်။

ယခုဆေးနည်းမှာ ထန်းလျက်ဖြင့် ဆေးဝါထားသဖြင့် ဆီးချို၊ သွေးချိုဝေဒနာရှင်များသောက်ရန်မသင့်သူ ကြိုတင် သတိပေးချင်ပါသည်။

စာရေးသူသည် ကိုယ်ခံစွမ်းအားနည်းသူဖြစ်ပါသည်။ အအေးအနည်းငယ်ထိသည်တွင် နှာရည်ယို၊ ကိုယ်ပူ၍ ဖျားတတ်လေ့ရှိသည်။ အကြောင်းမဲ့ ချောင်းဆိုးတတ်ပါသည်။ အကြောင်းမဲ့ဆိုတာ အစားအသောက် ဆင်ခြင်ပါလျက်ဖြစ်တတ်ခြင်းကို ဆိုလိုပါသည်။ စာရေးသူသည် ရေခဲရေ၊ အချိုရည်ပုလင်း၊ ဘူးတို့ ယခုတိုင် မသောက်သုံးပါ။ သဘာဝမန်ကျည်းဖျော်ရည်၊ သံပရာရည်တို့ သောက်ပါသည်။

စာရေးသူ ကျောင်းသားဘဝမှ အလုပ်ထဲရောက်သည့် နှစ်ပေါင်း (၅၀) ကျော်တိုင် အဖျားအနာမကင်းပါ။ ရာသီအကူးအပြောင်းဆိုလျှင် ဂရုစိုက်နေရင်းဖျားနာလေ့ရှိသည်။ သည်တွင် ဇနီးဖြစ်သူက သူ့အဖေဖော်စပ်သည့် ရဲယိုသီးအား ယိုထိုးပြီးကျွေးပါသည်။ စာရေးသူသည် ရဲယိုသီးအနှံမှာ အီပြီးပြင်းသဖြင့် မနှစ်သက်ပါ။ ထို့ကြောင့်လည်း အသက် (၅၀) ကျော်မှ မကြိုက်သော်လည်း ရောဂါအတွက် အောင့်ခါနမ်းရပါတော့သည်။ ရဲယိုသီးယိုအား တစ်နေ့လျှင် လက်ဖက်ရည်ခွက်စားတစ်ဇွန်း ထမင်းစားပြီးတိုင်း မှီဝဲပါသည်။ အချိန်ကာလအားဖြင့် (၃) လခန့်ကြာပါသည်။ ရဲယိုသီးပင် အသီးသီးပြီး အသီးတုံးသည့်ကာလထိ ကြာကြာသောက်ခဲ့ပါသည်။

သည်သို့ သောက်သည့်အတွက် ပန်းနာရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်း လုံးဝမဖြစ်တော့ပါ။ ထူးခြားမှုမှာ ပြန်လည် နုပျိုလာခြင်း ဖြစ်ပါသည်။ အရွယ်တင်သည်ဟုဆိုရပါမည်။

ယခုအခါ ထိုရဲယိုယိုအား နေ့စဉ် စားသုံးခြင်းမပြုတော့ပါ။ ကိုယ်လက်မအီမသာဖြစ်လျှင်သော် လည်းကောင်း ချောင်းဆိုး၊ သလိပ်ကပ်လျှင် သောက်ပါသည်။ ဓာတုဆေးမပါသဖြင့် လေသလပ်က မို့တက်တတ်ပါသည်။

ဤဆေးကို ဖော်စပ်ပြီး စာရေးသူ၏မိတ်ဆွေ ကဗျာဆရာတစ်ဦးကိုပေး၍ စားစေပါသည်။ ထိုဆရာမှာတိဘိရောဂါဖြစ်ဖူးသူဖြစ်ပါသည်။ ယခုတစ်ဖန် ချောင်းအဆက်မပြတ်ဆိုးပြီး အစားအသောက်ပျက်လာပါသည်။ ဆရာသည် စာရေးသူပေးသောဆေးအား ယုံကြည်စွာ သောက်ပါသည်။ ရက် (၂၀) ခန့် အကြာတွင် ချောင်းဆိုးခြင်းကျဲသွားပြီး ထမင်းစားဝင်ပါသည်။ ဖူဂျီဆပ်ပြာဘူး အသေးသုံးဘူးစာ ဆေးကုန်ပါသည်။ ယနေ့ထက်တိုင် စားဝင်အိပ်ပျော်ဖြစ်ကြောင်း လုပ်ဖော်ကိုင်ဖက်ဖြစ်၍ သိရသည်။ ထိုဆရာအား ဆေးကို ထပ်မံမတိုက်ကျွေးတော့ပါ။

ဆေးနည်းကိုပြောပြပါမည်။

ရဲယိုသီးအမှည့် (၅၀) ကျပ်သားကို ဆန်ခါဖြင့်တိုက်ချပြီးအစေ့ထုတ်ပါ။

ထန်းလျက် (၂) ပိဿာကိုကျိုပြီး စစ်ထားပါ။ စစ်ပြီးသားထန်းလျက်ရည်ထဲသို့ ရဲယိုအနှစ်များထည့်ပြီး မီးဖြင့်ကျိုပါ။ ညောင်စေးကျလျှင်ရပ်ပြီး အအေးခံပါ။ စားသုံးလို့ရပါပြီ။

ရဲယိုအကြောင်း မြန်မာ့တိုင်းရင်းဆေးပညာစာအုပ်တွင် ဖော်ပြထားသည့် အတိုင်း ကောက်နုတ် ဖော်ပြရလျှင် -

မြန်မာအမည်	ရဲယို
အင်္ဂလိပ်အမည်	Indian Mulberry
ရုက္ခဗေဒအမည်	Marinda citriyolli-alinn
မျိုးရင်း	Rubiaceae
အသုံးပြုပုံ	အသီး + အရွက်
တိုင်းရင်းဆေးအသုံး	ပန်းနာရင်ကျပ်၊ ဝမ်းကိုက်ရောဂါ၊ အာရုံကြောရောဂါ၊ သွေးတိုးရောဂါ၊အသည်းရောဂါ။
လက်တွေ့ဆေးဝါးဗေဒ	အသက်ရှည် နုပျိုဆေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများအာနိသင်ထိရောက်မှု။

ဟိန်းဇေယျာ

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင့်ထွန်း (မသုံးတဲ့နံ့)

ရာသူအန္တရာယ်

တစ်ညသန်ဍ ည (၈) နာရီခန့် ကျွန်ုပ်၏အိမ်သို့ မိတ်ဆွေနှစ်ဦးရောက်လာကြ၏။ နှစ်ဦးစလုံး လက်ရှိဝန်ထမ်းများ ဖြစ်ကြသည်။ တစ်ဦးက ရပ်ဝေးမှ ဖြစ်သည်။ လပွတ္တာမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ကျွန်ုပ်တာဝန်ကျသည့်နေ့တွင် မြို့ခံလူငယ်တစ်ဦး အလုပ်ဝင်လာသူ ဖြစ်ပါသည်။ ထိုအချိန်က ကျွန်ုပ်၏ ပုံပိုးကူညီမှုဖြင့် အလုပ်ရသွားလေ၏။ ညီငယ်တစ်ဦးကဲ့သို့ ခင်မင်ရပါသည်။ သူ၏အမည် ထွန်းမင်းလတ်ဟု ခေါ်တွင်၏။

ယခုလည်း ခရိုင်နဲ့ကိစ္စနှင့် ကျွန်ုပ်နေထိုင်ရာမြို့သို့ ရောက်လာရသည်။ ကျွန်ုပ် အလုပ်မှအနားယူပြီးချိန်မှစ၍ မဂ္ဂဇင်းများတွင် စာရေးသားနေသည်ဟု သတင်းကြား၍ ကျွန်ုပ်အား လာရောက်တွေ့ဆုံသည်ဟု ဆိုပါသည်။

သူသည် ဓရဏာပရိတ်အစွမ်းကြောင့် ဒုက္ခတွင်းမှလွတ်ကင်းခဲ့ရပုံကို ကျွန်ုပ်အားပြောပြလေ၏။ သူတို့မိသားစုအမှောင့်ပယောဂဝင်ရောက်အနှောင့်အယှက်ခံရသော်လည်း ဓာရဏာပရိတ်ထုံမွှမ်းနေသူမှာ ဘေးအန္တရာယ်အသွယ်သွယ်မှလွတ်မြောက်ခဲ့ရသည်။ ကြောက်စရာဘေးဆိုးကြီးကို ကျော်လွှားနိုင်ခဲ့ပါ၏။ ထူးခြားဆန်းပြားသော အိပ်မက်ကြီးများကိုလည်း မြင်မက်ခဲ့ရသည်။ ရောဂါဘယများလည်း ကင်းဝေးသွားကြရသည်။ မိသားစုချမ်းသာစွာနေထိုင်သွားကြရပုံတို့ကို ပြောပြရာ စိတ်ဝင်စားဖွယ်ကောင်း၏။

ဘုရားနှုတ်ကပါဠိတော် အစွမ်းထက်မြက်မှုများထဲမှ တစ်ခုအပါအဝင် ဖြစ်သော ဓာရဏာပရိတ်အစွမ်းတွေ့မြင်ကြရမည် ဖြစ်ပါသည်။ ဓာရဏာပရိတ်ကို ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်ထုံမွှမ်းသူ၏ အကျိုးခံစားရပုံတို့ကို အသိပေး တင်ပြလိုက်ပါသည်။

(ကိုယ်တွေ့ ဖြစ်ရပ်မှန်ပြောပြသူ ညီငယ်၏ ဆန္ဒအရ အမည်၊ နေရပ်လွှဲပြောင်းဖော်ပြအပ်ပါကြောင်း။)

❑

လပွတ္တာမြို့သည် ရေငန်ပိုင်းကျ၏။ ပြာမလေ့ာမြစ်ကြီးနံဘေးတွင် ထင်ရှားသောမြို့ကြီးတစ်မြို့ ဖြစ်သည်။ ယခင်က မြောင်းမြခရိုင်အတွင်းမှ မြို့နယ်တစ်ခု ဖြစ်ခဲ့ပါ၏။ ယခုအခါ စည်ပင်ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းလာသောအနေအထားတို့ ဖြစ်တည်လာခြင်းကြောင့် ခရိုင်အဆင့်မြို့ကြီးဖြစ်လာခဲ့လေသည်။ လပွတ္တာမြို့သည် ယခင်က အိမ်ခြေ၊ လူဦးရေနည်းပါးခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးရေး၊ အစားအသောက်သားငါး သီးနှံပေါများသောကြောင့် စည်ကားသာယာလာပြီး နေချင်စဖွယ် သာယာလှက်ရှိနေ၏။

ယခုအခါ လပွတ္တာမြို့သည် အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော မြို့ကြီးပြကြီးစာရင်းဝင် ခရိုင်မြို့ကြီးအဖြစ် ရပ်တည်နေပါပြီ။

၁၉၈၅ ခုနှစ်ဝန်းကျင်ကာလ။

ထွန်းမင်းလတ်သည် လပွတ္တာဇာတိ လပွတ္တာသားစစ်စစ်ဖြစ်လေ၏။ မိဘများဖြစ်ကြကုန်သော ဦးချစ်ညွှန့်၊ ဒေါ်စိန်စိန်လတ်တို့သည် လပွတ္တာမြို့ဆားကျင်းချောင်းလမ်းတွင် နေထိုင်ကြပြီး ထွန်းမင်းလတ်တွင် မောင်သာမင်းဟူ၍သော ညီငယ်တစ်ယောက်ရှိလေ၏။ မိသားစု (၄) ဦးတို့သည် လပွတ္တာရွှေမြို့တော်တွင် အေးချမ်းစွာနေထိုင်သောမိသားစုဖြစ်ကြလေကုန်၏။

မောင်ထွန်းမင်းလတ် (၁၀) တန်းအောင်သောနှစ်တွင် (×××) ဌာနမှ ဝန်ထမ်း(၁)ဦးလိုအပ်ကြောင်း သတင်းကြားရလေ၏။ အောက်တန်းစာရေး (၁) နေရာခေါ်ယူလျက်ရှိရာ ထိုအလုပ်ကို မောင်ထွန်းမင်းလတ် စိတ်ဝင်စားလေ၏။ သူသည် အောက်တန်းစာရေးရာထူးနေရာ ဝင်ရောက်လုပ်ကိုင်လို၏

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းလျှောက်လွှာတင်လိုက်ပါတော့သည်။ ဌာနတွင် ဝန်ထမ်းတစ်ဦးက သူတို့အကူအညီပေးရာ အောက်တန်းစားအလုပ်ရရှိသွားပါသည်။

အလုပ်ဝင်သောအခါတွင်လည်း ဦးထိုင်လ်ကပင် ဆက်လက်၍ နှုံးလုပ်ငန်းများကိုသင်ကြားပြသပေးပါ၏။ ထိုအခါ ဆောင်ထွန်းမင်းလတ် လုပ်ငန်းကျွမ်းကျင်သည်။ နှုံး၌ လုပ်ငန်းအဆင်ပြေချောမွေ့ကာ မိဘများကို ကောင်းစွာပြုစုကျွေးပြုစုနိုင်ပါတော့သည်။ သူ အိုးရဝန်ထမ်းဖြစ်နေချိန်တွင် ဆွေမျိုးအပေါင်းတော်သူ ဦးတိုးသည် မန္တလေးမြို့၌ အရာရှိတစ်ဦးဖြစ်နေ၏။

ဦးတိုးသည် မောင်ထွန်းမင်းလတ်၏ မောင်တစ်ဝမ်းကွဲတော်စပ်လေသည်။ သူသည် မန္တလေးတိုင်းဒေသကြီးတွင် အနုံထွက်ပစ္စည်းအရောင်းမန်နေဂျာ (တိုင်းအဆင့်) ဖြစ်နေပါသည်။ သူသည် ဘန်ဝန်ထမ်းငယ်ဘဝမှ ရာထူးအဆင့်ဆင့်တစ်မှုတ်ချင်းတက်လာကာ တိုင်းမန်နေဂျာအဆင့်အထိတိုးတက်သွားခြင်းဖြစ်သည်။ ဘဝတူဝန်ထမ်းများကပင် သူ့ကိုလောက်သည်အထိ အံ့သြဘန်းကျူးရလေ၏။

အပေါင်းအဖော်ဝန်ထမ်းများကလည်း သူ့အဆောင်ကောင်းများရှိလေသနည်းဟု စူးစမ်းကြကုန်၏။ စိတ်ထားဖြူစင်သူ ဦးတိုးကလည်း ဓာရဏာပရိတ်အစွမ်းကြောင့်ပါဟု မကွယ်မဝှက် ဘုရားဂုဏ်ကျေးဇူးကို ခီးမြှောက်ဖွင့်ဆို၏။ ဦးတိုးသည် သူ့အတွက် သိသာထင်ရှားစွာ အကျိုးထူးပေးသည့် ဓာရဏာပရိတ်စာအုပ်ငယ်များကို ဆွေမျိုးများအား တစ်အုပ်စီ လက်ဆောင်ပေးသည်။

ဒေါ်စိန်စိန်လတ် အညာဘုရားဖူးထွက်ခဲ့၏။ မန္တလေးမဟာမြတ်မုနိဘုရားကြီး ဖူးမြော်ရန်အတွက် ဦးတိုးအိမ်တွင် တည်းခိုပါသည်။ ဒေါ်စိန်စိန်လတ် ဤသို့တွေးမိလေ၏။ သားကြီးဖြစ်သူ ထွန်းမင်းလတ်သည်လည်း အစိုးရဝန်ထမ်းဖြစ်နေသည်။ ငါ့သားကြီးသည်လည်း ဦးတိုးကဲ့သို့ပင် ဓာရဏာပရိတ်တော်ကိုရွတ်သင့်သည်။ ဦးတိုးကဲ့သို့ တူညီသောအကျိုးခံစားရရှိနိုင်သည်။

ဒေါ်စိန်စိန်လတ်သည် ဓာရဏာပရိတ်စာအုပ်ရရှိချိန်မှစ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိ၏။ ဒေါ်စိန်စိန်လတ် လပွတ္တာအပြန် ဓာရဏာပရိတ်စာအုပ်လေးကို ရှိသေစွာသယ်ဆောင်လာခဲ့ပါသည်။ မောင်ထွန်းမင်းလတ်သည် မိခင်၏ ကျေးဇူးကြောင့် ဓာရဏာပရိတ်စာအုပ်ရရှိလိုက်ပါ၏။ ဓာရဏာပရိတ်စွမ်းဖြင့် အကျိုးကျေးဇူးခံစားရပုံ၊ အန္တရာယ်မှ လွတ်ကင်းပုံတို့ကို ဆက်လက်ရွှေးကြရကုန်အံ့။

မင်းဦးလေးလည်း ဓာရဏာပရိတ်ရွတ်လို့ အန္တရာယ်ကင်းပြီး၊ ရာထူးတွေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့်ပြီးတစ်ဆင့် အလျင်အမြန်တိုးသွားတယ်သားရဲ့။ မင်းလည်း ဝန်ထမ်းဆိုတော့ ဒီဓာရဏာပရိတ်စာအုပ်ဆောင်ထား၊ နေစဉ်ရွတ်ပါ သားရယ်”

ထွန်းမင်းလတ်သည် ဓာရဏာပရိတ်စာအုပ်ကို မိခင်ထံမှရလိုက်ပါ၏။ သို့ရာတွင် ဓာရဏာပရိတ်ပါဠိပါဠ်သားများကို ဌာန်းကရိုဏ်းကျကျ မဖတ်တတ်ချေ။

“မေမေ၊ သားမဖတ်တတ်ဘူး၊ ဘယ်လိုလုပ်ရမလဲ”

“သြော်-သားရယ်၊ ဓာရဏာပရိတ်ရွတ်ဖတ်တတ်ဖို့ စာတတ်ပေတတ်ပုဂ္ဂိုလ်လိုတာပေါ့ကွယ်။ အဲဒါ မေမေတို့ကိုးကွယ်နေတဲ့ တောရကျောင်းဆရာတော်ပေါ့ သားရယ်”

မိခင်လမ်းညွှန်မှုဖြင့် သူ တောရကျောင်းဆရာတော် ဦးဝေပုလ္လထံသွားရောက် သင်ယူရလေ၏။ ဆရာတော်က ပါဠိစကားလုံးများကို ကောင်းစွာသင်ကြားပို့ချပေး၏။ သူအာရုံစူးစိုက်ကာ နာယူမှတ်သား၏။ ထို့ကြောင့် ရက်အနည်းငယ်အတွင်း ပါဠိရော အနက်ပါ ချောမောစွာ အလွတ်ရရှိသွားပါတော့၏။ ထိုနေ့ထိုအချိန်မှစ၍ ဓာရဏာပရိတ်ကို နံနက်စောစောတစ်ကြိမ် ပါဠိလိုရော အနက်ပါ ရွတ်လေ၏။ ထိုနည်းတူစွာ ညဦးယံ မအိပ်ခင်တစ်ကြိမ် ထပ်မံရွတ်ဆိုပါသည်။

မောင်ထွန်းမင်းလတ်သည် ပရိတ်တော်ကို ယုံယုံကြည်ကြည်ဖြင့် နေ့စဉ်မပျက်မကွက် အာရုံစူးစိုက်ရွတ်ဆိုနေရာ တစ်လတိတိပြည့်သည့်နေ့တွင် စတင်ထူးခြားလာ၏။ ထိုပရိတ်တော်၏တန်ခိုးအာနိသင်ထက်မြက်သောအစွမ်းအဟုန်ကြောင့် အိပ်မက်ကြီး (၃) ကြိမ်မြင်မက်လေ၏။

□ ပထမအကြိမ်အိပ်မက်ကြီးမြင်မက်ခြင်း

မောင်ထွန်းမင်းလတ် ဓာရဏာပရိတ် တစ်လတိတိရွတ်ဆိုအပြီးတွင် အိပ်မက်ကြီးတစ်ခုကို အောက်ပါအတိုင်း မြင်မက်ပါသည်။

သူတို့ အိမ်ရှေ့လမ်းတစ်ဖက်၌ စံကားဝါပင်ကြီးတစ်ပင်ရှိပေ၏။ အပင်ကြီး၌ စံကားဝါပွင့်များ ဝါထိန်နေအောင် ဖူးပွင့်ကာ မွှေးကြိုင်နေပါသည်။ မောင်ထွန်းမင်းလတ်သည် စံကားဝါပွင့်များကို ထီးရိုးဝါးတံတံချဖြင့် ခူးဆွတ်လျက်ရှိပါ၏။ သူနည်းတူ လူတစ်ဦးကလည်း တံချတစ်ချောင်းဖြင့် စံကားဝါပွင့်များကိုခူးနေသည်။ ထိုသူမှာ ဘာသာခြားတစ်ယောက် ဖြစ်လေ၏။

မောင်ထွန်းမင်းလတ်က ထိုသူကို စိတ်ထဲမှာ သဘောမတွေ့ဖြစ်နေရသည်။ ထို့ကြောင့် စကားဝါပန်းများကို ထိုသူခူး၍မရပါစေသားဟု စိတ်ထဲမှ ဆန္ဒပြုလိုက်သည်။ ထိုအခါ အပွင့်များကိုင်းကျနေသော စံကားဝါကိုင်းကြီးသည် ငုံလျှိုးနေရာမှ မိုးပေါ်သို့ထောင်တက်သွားလေ၏။ စံကားဝါပန်းများကို ခူးဆွတ်ရန်ကြိုးစားနေသော ထိုသူ ပန်းများကိုခူးရန် လက်လှမ်းမမီတော့ချေ။ မောင်ထွန်းမင်းလတ်သည် လက်ထဲမှ တံချကို မြေပြင်သို့ချလိုက်သည်။ စိတ်ထဲမှ ဆန္ဒတစ်ခုပြုလိုက် ပြန်၏။

“ဒီစံကားဝါများကို မိမိခူး၍ရပါစေသား”

အမြင့်ဆုံးမှ စံကားဝါအပွင့်ကိုင်းကြီးသည် မောင်ထွန်းမင်းလတ် လက်တစ်ကမ်းအမီသို့ညွတ်ကျလာပါ၏။ ပန်းများကို လွယ်ကူစွာ ခူးယူရရှိလိုက်လေသတည်း။

□ ဒုတိယအကြိမ်အိပ်မက်ကြီးမြင်မက်ခြင်း

ပထမအကြိမ် အိပ်မက်ကြီးမြင်မက်ပြီး လအနည်းငယ်ကြာသော် -

အိပ်မက်ထဲ၌ သူသည် အင်မတန်နက်ရှိုင်းသော တောနက်ကြီးအတွင်း ရောက်ရှိနေသည်။ တစ်ဦးတည်းလျှောက်သွားနေခြင်း ဖြစ်ပါ၏။ လျှိုမြောင်ကြီးအတွင်းမှ ကျားဟိန်းသံထွက်ပေါ်လာ၏။ အဖော်မပါသောကြောင့် ကြောက်ရွံ့တုန်လှုပ်မိသည်။ စိတ်အားငယ်မိသည်။ မောင်ထွန်းမင်းလတ်သည် ကျားဟိန်းသံနှင့်ဝေးရာဆီသို့ စုန်၍ပြေးလေတော့၏။ အပင်များအကြား၊ ချုံနွယ်များအကြား တိုးဝှေ့ပြေးနေရသည်။ ခရီးကမတွင်။ ဇောချွေးများပြန်လာ၏။ တောကြုံချုံကြားကိုလွန်သောအခါ တောင်ကမ်းပါးယံစွန်း၌ရပ်မိလေ၏။ သူ့ရှေ့ဆက်ပြေးရန် လမ်းကမရှိပြီ။ ဆက်ပြေးမည်ဆိုပါက ချောက်နက်ကြီးထဲသို့ကျသွားရန် သာရှိပါတော့သည်။ ထွန်းမင်းလတ်သည် တောင်ကမ်းပါးယံ၌ ငေးငိုင်တွေဝေနေပါသည်။ သူ့အနီး၌ လှံတံကိုင်နတ်မင်းကြီးတစ်ပါးရုတ်တရက်ပေါ်လာ၏။ နတ်မင်းကြီးက မောင်ထွန်းမင်းလတ်လက်ကိုကိုင်လိုက်၏။ ရေရေမျှသာမြင်ရသောအလွန်မြင့်မားသည့်တောင်ထွတ်သို့ တစ်ချက်တည်းခုန်လိုက်ခဲ့မှုဖြင့် ရောက်ရှိသွား၏။

သူရောက်ရှိသွားသောနေရာသည် သာယာလှပမောဖွယ်ကောင်းလေသည်။ စိမ်းစိုလန်းဆန်းသောပင်ပျိုများအစီအရီပေါက်ရောက်နေ၏။ ရေတံခွန်စိမ့်စမ်းများက အသွယ်သွယ်စီးကျနေသည်။ သာယာသောတောမြိုင်ထဲဝယ် ဒေါင်းတွန်သံ၊ ဉာဉြတွန်သံတို့သည် မြိုင်ဖံတစ်ကြောဝဲပျံနေ၏။ မြက်ခင်းစိမ်းစိမ်းလေးမှာ သမင်နှင့် ယုန်လေးတို့ မြက်နုကလေးများကိုမြိုနေကြသည်။ တောင်သရက်ပင်ပေါ်မှာ မျောက်ညိုတစ်သိုက် သရက်သီးများခူးဆွတ်စားနေကြ၏။

မောင်ထွန်းမင်းလတ်တို့ ရောက်ရှိနေသော တောင်ထွတ်ပေါ်မှာ နောက်ထပ် နတ်မင်းကြီး (၃) ပါးကိုလည်း တွေ့ရှိရလေ၏။ လေးကိုင်ထားသော နတ်မင်းကြီး၊ သန်လျက်ကိုင်ဆောင်ထားသော နတ်မင်းကြီး၊ ခရုသင်းကိုင်နတ်မင်းကြီးတို့ကိုတွေ့လိုက်ရသည့်တစ်ခဏအတွင်း သူအိပ်ရာမှလန့်နိုးလေ၏။ အိပ်မက်ကမ္ဘာပြင်ပရောက်မှ ပုံမှန်စိတ်အတွေးဖြင့် တွေးလိုက်မိသည်မှာ သူအိပ်မက်မှာတွေ့လိုက်ရသော နတ်မင်းကြီးလေးပါးသည် သာသနာစောင့်နတ်ကြီးများဖြစ်တော့သည်။

ထိုနတ်မင်းကြီး (၄) ပါးကြောင့် သူ သားရဲတိရစ္ဆာန်တို့၏ရန်ဘေးအပေါမှ ကောင်းစွာ လွတ်မြောက်ခဲ့ရလေ၏။ ထိုအချိန်မှစ၍ ဓာရဏာပရိတ်ကို မနည်း နှစ်ကြိမ် ကြိုးကြိုးကုတ်ကုတ်ရွတ်ရန် ပိုမိုအာရုံစူးစိုက်ထားတော့သည်အလျှင်းသင့်သလို အချိန်ရလျှင်လည်း ရွတ်၏။ အိပ်နေစဉ်၌ပင် တစ်ရေနိုးအရွတ်မိလျက်သား ပွားများအားထုတ်သည်။

□ တတိယအကြိမ်အိပ်မက်ကြီးမြင်မက်ခြင်း

မောင်ထွန်းမင်းလတ်သည် ဓာရဏာပရိတ်ကို မိမိတစ်ကိုယ်လုံးထံသည်အထိရွတ်လျက်ရှိရာ တစ်အိပ်မက်ကြီးကို ထူးခြားစွာ မြင်မက်ပြန်လေ၏။

အိပ်မက်ထဲတွင် အပြောကွယ်သောကမ်းမမြင်ရသည့် မဟာသမုဒ္ဒရာပြင်ထက်ဝယ်ရောက်ရှိနေပါသည်။ မောင်ထွန်းမင်းလတ်တစ်ဦးတည်း တစ်စင်းနှင့် မျောပါလျက်ရှိ၏။ သူ့ကောင်းကင်ပြာကြီးထဲမှ ဖြူဆွတ်ဂွမ်းစိုင်ကြီးများကဲ့သို့ တိမ်တောင်ကြီးများကို မော့၍ကြည့်ရှုနေပါ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသည်ဟု ဆိုခဲ့ကြောင်းများအကြားတွင် နတ်မင်း (၁) ပါးပေါ်လာ၏။ ပထမ နတ်မင်း၏ ကိုယ်ဥဩသွေးသည် ဗွေရောင်အဆင်းရှိသော်၊ မောင်ထွန်းမင်းလတ်သည် မောင်တော်ပေါ်မှ ထိုဗွေရောင်နတ်မင်းကို ကိုးကွယ်ရှိခိုးလိုက်ပါသည်။ ဒုတိယနတ်မင်းသည် မကိုင်ဦးသွေးများကား ရွှေရောင်အဆင်းရှိ၏။ ထိုနတ်မင်းကိုလည်း မောင်တော်ပေါ်မှ ဦးတင်လိုက်ပြန်သည်။ တတိယနတ်မင်းကား မကိုင်ဦးသွေးဓမ်ဓါရှိချေ။ သို့သော် နတ်မင်းကိုယ်ရောင်ကိုယ်ဝါတို့မှာ ရွှေရောင်အဆင်းဝင်းပနေပါ၏။ ထိုနတ်မင်းကို မောင်ထွန်းမင်းလတ်က ကန်တော့လိုသောကြောင့် လက်အုပ်ချီဟန်ပြန်လိုက်သည်။ သို့ရာတွင် ထိုတတိယနတ်မင်းအကန်တော့မခံပေ။ သူ့အား ကန်တော့ရန် လက်ပြတားလိုက်ပါ၏။ အခါ ထွန်းမင်းလတ်သည် တတိယမင်း၏ဆန္ဒအတိုင်း မကန်တော့တော့ပါ။

တစ်ချိန်တည်း၌အရပ်(၄)မျက်နှာ အရပ်(၈)မျက်နှာ အရပ်(၁၀)မျက်နှာမှ ဖောင်တော်များ ထွန်းမင်းလတ်၏ မောင်အနီး ဝန်းရံချဉ်းကပ်လာကြကုန်၏။ ဖောင်တော်အသီးသီးတွင် သက်ရှိများ ဗုဒ္ဓဖြတ်ဘုရားများ ကိန်းဝပ်ယဉ်လျက်ရှိကြသည်။ တစ်ခုသော ဖောင်တော်မှ ဗုဒ္ဓဘုရားရှင်ကိုယ်တော်ကြီးသည် ထွန်းမင်းလတ်၏ဖောင်သို့ကြွချီလာ၏။ ထွန်းမင်းလတ်က အလုပ်ချီလျက် ရှိရှိသေသေခရီးဦးကြိုလေ၏။

ထွန်းမင်းလတ်က ဗုဒ္ဓရှင်တော်အား သူ၏ဖောင်တော်ပေါ်သို့ ဝင်းသုံးတော်မူပါရန် လျှောက်ထားကန်တော်မူလေ၏။ ထို့နောက် ထွန်းမင်းလတ် ဖောင်တော်ပေါ်သို့ ဆင်ရှား ဗုဒ္ဓဘုရားရှင် (၇) ဆူ ဆုခန်း ကြွချီသိတင်းသုံးတော်မူကြကုန်၏။ ဘုရားရှင်ကိုယ်တော်မြတ်များ ဖောင်တော်ပေါ်သို့ သပွာယ်သီတင်းသုံးမိကြသည့် ထွန်းမင်းလတ် အိပ်မက်မက်ခြင်းတို့ပင်လေ၏။

ထွန်းမင်းထက်အိပ်ရာမှနိုးလေ၏။ အချိန်သည်ကား အရုဏ်တက်ချိန်ကာသည်။ ထွန်းမင်းလတ်၏မိခင် အချုပ်ပြုနေခဲ့ချိန်တည်း။

❑

ထွန်းမင်းလတ်သည် ဌာနဆိုင်ရာ ဝန်ဆောင်မှုဖြစ်လေ၏။ လုပ်ကိုဘဝဖြင့် အလုပ်လုပ်ကိုင်ကာ မိဘတို့ကို လုပ်ကျွေးသမှုပြုစုနေပါ၏။ မိဘကျေးဇူးသိတတ်သူ၊ မိဘကျေးဇူးဆပ်နေသူ သားအလိမ္မာလေးတစ်ယောက်ဖြစ်လေ၏။ သူသည် မိဘကျေးဇူးဆပ်ကာ ရတနာမြတ်သုံးပါးကို ယုံယုံကြည်ကြည် လေးလေးစားစားကိုးကွယ်သော ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်ပါသည်။ ဘုရားနှုတ်ကပါဠိတော်များထဲမှ သူအနှစ်သက်ဆုံးမှာ ဓာရဏာပရိတ်ဖြစ်တော့သည်။

နေ့စဉ် နေ့ ည မပျက်မကွက် လုံလုထုတ်ပုံမှန်ရွတ်နေပါ၏။ အထက်ပါထူးထူးခြားခြား အိပ်မက်ကြီး (၃) ကြိမ်မြင်မက်ပြီးနောက် နှစ်လအကြာ သူတို့မိသားစုထဲသို့ မဖိတ်ခေါ်ပါဘဲလျက် အတိုက်အခိုက် အမှောင့်ပယောဂ ဝင်ရောက် ပူးကပ် ခိုဝင်လာခဲ့လေ၏။ ထွန်းမင်းလတ်တို့သည် မိဘနှစ်ပါးနှင့် ညီအစ်ကိုနှစ်ယောက် စုစုပေါင်း (၄) ယောက်သော မိသားစုတို့၏ပျော်ရွှင်မှုဆိတ်သုဉ်းလာရပါတော့၏။

အမှောင့်ပယောဂသည် မည်သည့်အချိန်ကစ၍ ချောင်းမြောင်းနေခဲ့ပါသနည်း။ အခွင့်အရေးရသည်နှင့် ဝင်ရောက် ပူးကပ် ထိုးနှက်တိုက်ခိုက်ပါတော့သည်။ ရှေးဦးစွာ မိသားစုတွင် အငယ်ဆုံးဖြစ်သည့် (၈) တန်းကျောင်းသား မောင်သာမင်းခမျာ အမှောင့်ပယောဂ၏ သားလောင်းဖြစ်ရရှာသည်။ မောင်သာမင်း၏ ပုံရိပ်ထူးခြားလာ၏။ တမှိုင်မှိုင်တတွေတွေဖြစ်လာ၏။ လူငယ်တစ်ယောက်ဖြစ်သော်လည်း တက်ကြွမှုမရှိတော့။ သားသမီးတို့၏ဓမ္မတာရှင် မိခင်ကြီး ဒေါ်စိန်စိန်လတ်က သတိပြုမိသည်။

"သားလေး မောင်သာမင်း၊ နေမကောင်းဘူးလားကွယ်။ သားဘာဖြစ်နေလဲ အမေ့ကိုပြောစမ်း"

"မေမေ၊ သားကျောင်းစာတွေကျက်တာကျက်လို့ကိုမရတော့ဘူး။ သားစာကြည့်နေတဲ့အချိန် သားရဲ့နားထဲမှာ မင်းစာမကြည့်ရဘူး၊ မကြည့်နဲ့၊ မကြည့်နဲ့၊ မကြည့်နဲ့ချည်းလို့ပဲ သားကြားကြားနေရတယ်။ ဦးနှောက်မှတ်ဉာဏ်တွေလည်း ကစဉ့်ကလျားနဲ့ကျက်မှတ်ရတဲ့စာတွေမှတ်လို့မရတော့ဘူး မေ့ကုန်တယ်။ သားထမင်းစားရင်လည်း သားလက်ထဲက ထမင်းလုတ်ပုတ်ချခဲ့ရတယ်။ စားချင်သောက်ချင်စိတ်မရှိဖြစ်လာတယ်။ သားလေ ကျောင်းတက်ချင်စိတ်၊ စာကြည့်ချင်တဲ့စိတ်တွေ ကုန်ခန်းလာတယ် မေမေ"

ရာသီအသစ်ပြောင်းလျှင် လူတို့၏စိတ်အပြောင်းအလဲဖြစ်ကာ ပျော်ရွှင်လန်းဆန်းကြကုန်၏။ နွေဦးရာသီဆိုလျှင် မောင်သာမင်း အပျော်ရွှင်ဆုံးဖြစ်တော့၏။ ထိုရာသီကား အတန်းတင်စာမေးပွဲကြီးဖြေဆိုရသောကြောင့် ဖြစ်လေ၏။ အတန်းသစ်သို့ တက်ရတော့မည်ဟု ကြိုတင်တွေးကာ ပျော်ရွှင်လေ့ရှိ၏။ ယခုအခါမူ မောင်သာမင်း မပျော်နိုင်ရှာပါ။

မောင်သာမင်းခမျာ သူခံစားနေရသမျှကို မျက်လုံးလေးကြောင်ကြောင်ဖြင့် သူ၏မိခင်ကြီးအား အသနားခံတင်ပြနေပါသည်။ မောင်သာမင်း၏ စကားကြောင့် ဒေါ်စိန်စိန်လတ်များစွာစိတ်ထိခိုက်ရပါတော့သည်။ သားတို့ရှုပ်ရှည်သီတာမည်သား ရေကြည်ချမ်းမြေတစ်ပေါက်ကလေးကျရုံမျှဖြင့် မိဘတို့ ဝမ်း ငြိမ်းစတမ်း ဆိုသည့် မိဘမေတ္တာဘွဲ့ဆိုစကားကဲ့သို့ ဒေါ်စိန်စိန်လတ်သည် မိမိ၏ရင်နှစ်သည်းချာခံစားနေရသော ဝေဒနာကိုမရှုစိမ့်ရက်ပါ။

မောင်သာမင်း၏ ဝေဒနာသည် သွေးရိုးသားရိုးမဟုတ်တန်ရာ ပယောဂကြောင့်သာဖြစ်ရမည်ဟု ဒေါ်စိန်စိန်လတ် တွက်ဆ၏။ ထို့ကြောင့် ဗေဒင်ဆရာများထံ မေးမြန်းရာ မထူးခြားပါ။ နာမည်ကြီး ဘိုးတော်များထံ မေးမြန်းကုသပြန်၏။ မောင်သာမင်း၏ ဝေဒနာအခြေအနေပို၍သာဆိုးလာခဲ့ပါ၏။ ဒေါ်စိန်စိန်လတ် ပူပန်ရလေပြီ။ ဒေါ်စိန်စိန်လတ်နှင့် ခင်မင်ရင်းနှီးသူ ဒေါ်မြနွယ်က သတင်းထူးပေးလာ၏။ ညောင်လိန်ကျေးရွာတွင် ရွှေရင်ကျော့ဆရာသည် ပယောဂကုသရာတွင် ကျွမ်းကျင်နိုင်နင်းသူဖြစ်ကြောင်း သိလာရပါတော့သည်။

ညောင်လိန်ကျေးရွာတွင် ရွှေရင်ကျော့ဆရာ ဦးရူပ ဟူ၍ ရှိလေသည်။ ထိုဆရာသည် ထင်ထင်ပေါ်ပေါ် နေထိုင်သူမဟုတ်။ ပညာရပ်တွင် သူမတူအောင် ထူးချွန်ထက်မြက်၏။ ဆရာသည် မာန်မာနမရှိ၊ မလွှားမော်ကြွားမှုမရှိ၊ ရိုးရိုးကုပ်ကုပ်သာ နေထိုင်လေသည်။ ထိုဆရာမျိုးသည် ဆေးစွမ်းထက်မြက်ကြောင်း ဒေါ်စိန်စိန်လတ် နားလည်ပါ၏။ ထို့ရွှေရင်ကျော့ဆရာ ဦးရူပကို ပင့်မှဖြစ်တော့မည်။

ဒေါ်စိန်စိန်လတ်သည် သားလေး မောင်သာမင်းကို အားတက်သရော

www.burmeseclassic.com

www.burmeseclassic.com

နှစ်သိမ့်ပေးထားလိုက်သည်။ ဒေါ်စိန်စိန်လတ် ဆရာပင့်ရန် ညောင်လိန်ကျေးရွာသို့ထွက်လာခဲ့ပါသည်။ဆားကျင်းချောင်းနှင့် ညောင်လိန်ကျေးရွာ မိနစ်နှစ်ဆယ် အစိတ်ခန့်လျှောက်လှမ်းရောက်ပါသည်။

ညောင်လိန်ကျေးရွာသည် ဟင်းသီးဟင်းရွက်စိုက်ပျိုးရောင်းချသူပေါများလေ၏။ သီးနှံစိုက်ပျိုးရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းကြလေ၏။

ညောင်လိန်မှ ဟင်းသီးဟင်းရွက်စျေးသည်များ လပွတ္တာမြို့၌ နံနက်ပိုင်းစျေးခင်းရောင်းချသောနေရာရှိ၏။ ထို နံနက်ခင်းစျေးတန်းကိုတော့ စျေးတန်းဟုခေါ်လေ၏။ညောင်လိန်သားအများစု ရောင်းချသော ထိုစျေးတန်းကို ညောင်လိန်စျေးဟုလည်း ခေါ်ကြလေကုန်၏။ သူတစ်ပါးအသက်ဖြင့် အသက်မွေးမှုကင်းကြပါသည်။ ညောင်လိန်ရွာသည် အကုသိုလ်ကင်းသောရွာကလေးဖြစ်နေပါတော့သည်။

သူတစ်ပါးတို့အသက်ကိုကယ်တင်နေသော ဆရာဦးရူပသည် ထိုညောင်လိန်ကျေးရွာ၏စရိုက်ကို နှစ်သက်၏။ ထို့ကြောင့် ညောင်လိန်ကျေးရွာ၌ အခြေချနေထိုင်လျက်ရှိပါသည်။

"ဆရာရှိပါသလားရှင့်"

"အိမ်ရှေ့က ဘယ်သူတုံး၊ အိမ်ပေါ်ကို ကြွခဲ့ပါကွယ်"

ဆရာဦးရူပက ဖိတ်မန္တကပြုလေ၏။

ဒေါ်စိန်စိန်လတ် အိမ်ပေါ်သို့ တက်လာခဲ့ပါသည်။ ဒေါ်စိန်စိန်လတ်သည် ဘုရားခန်းကို ထူးခြားစွာဖြင့် မြင်တွေ့လိုက်ရပါသည်။ ဆရာ၏ ဘုရားခန်းသည် သန့်ရှင်းသပ်ရပ်၏။ ကိုးကွယ်ထားသော ဘုရားအဆူဆူတို့သည် ရောင်ခြည်တော်လွှတ်နေသည့် အလား စင်းပြောင်ထိန်ညီးနေပါ၏။ ဘုရားပန်းတို့၏စိမ်းစိုလန်းဆန်းနေမှုကြည်နူးသဒ္ဓါပွားများစေပါသည်။ ဤအိမ်သူအိမ်သားတို့၏ ဘုရားကိုသာကိုးကွယ်ရာ အစစ်အမှန်ဖြစ်ကြောင်း ဘုရားခန်းကဖော်ပြနေပါ၏။ ဒေါ်စိန်စိန်လတ်က ဘုရားကို ရှိခိုးဦးခိုက်ပူဇော်လိုက်ပါ၏။

ဒေါ်စိန်စိန်လတ်သည် ဘုရားဝတ်ပြုရင်း သားလေး မောင်သာမင်း ခံစားနေရသောဝေဒနာအားလုံး ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ သားလေး၏ ခန္ဓာကိုယ်မှ ကင်းစင်လွင့်ပျောက်စေရန် သူမ၏စိတ်ထဲမှ အလိုလိုဆုတောင်းပြီးဖြစ်နေလေသည်။ ပြီးနောက် ဆရာထံ လာရောက်ရသည့်ကိစ္စကို အကျိုးအကြောင်း ရှင်းပြဖြောဆိုလိုက်ပါသည်။ ဆရာ့ကိုအိမ်သို့ပင့်လေ၏။ ဆရာဦးရူပသည် ရွှေရင်ကော့ကျစ်လျစ်သယဂိုဏ်းမှ ပယောဂကုဆရာဖြစ်ပါသည်။

သတ္တဝါတို့၏ဘေးဒုက္ခအမျိုးမျိုးကယ်တင်ပေးနေသူ ဆရာဦးရူပသည် ဒေါ်စိန်စိန်လတ်နှင့်အစ္စူ လိုက်ပါလာခဲ့၏။

လူနာအိမ်သို့ ရောက်သောအခါ ဆရာဦးရူပသည် လူနာကုသရန် ဘုရားခန်း၌နေရာယူလိုက်၏။ လူနာမောင်သာမင်းကို စတင်စမ်းသပ်စစ်ဆေးပါ၏။ မောင်သာမင်း၏ရောဂါသည် သာမန်သွေးရိုးသားရိုးမဟုတ်မှန်းသာသိရသည်။ ဤအချိန်တွင် ပြုစားထားသော ရွာသူစုန်းမက သူမ၏စက်ကြိုးများလှည့်စားထားလိုက်လေ၏။ ထိုအခါ ဆရာဦးရူပသည် မည်ကဲ့သို့ ရောဂါကုသရမည်ကို မျက်စိလည်ကာ ရောဂါဇာစ်မြစ်ရှာမတွေ့ခဲ့။ ရွာသူစုန်းမသည် ဆရာဦးရူပကို ပရိယာယ်ကြွယ်ဝစွာဖြင့်လှည့်စားနိုင်ခဲ့ပါသည်။

ရွာသူစုန်းမသည် မောင်သာမင်းအား တိုက်ခိုက်ထားသည့်အတိုင်း စက်လှည့်စားကာ ပြုစားထားသူထံမှ ပယောဂကို ခေတ္တရုပ်သိမ်းလိုက်သည်။ အခြားတစ်ယောက်ဆီသို့ ခေတ္တလွှဲပြောင်းထားလိုက်သည်။ ရွှေရင်ကော့ဆရာခမျာ ပယောဂအစစ်အမှန်နှင့်လွဲချော်ရတော့သည်။ ဆရာဦးရူပသည် ပယောဂပဟေဠိကို လှည့်ပတ်စဉ်းစားရတော့သည်။ ဤရွာသူသည် ဉာဏ်ပညာလှည့်ကစားတတ်သော စုန်းပညာရပ်များပိုင်ဆိုင်ထားသူတည်း။ ကုသရန်အခက်အခဲများနှင့် ရင်ဆိုင်ရပေဦးတော့မည်။

ထိုနေ့အဖို့ ဆရာဦးရူပသည် လူနာကို ချက်ချင်းကုသမှုမပြုနိုင်သေး။ အိမ်ပြန်လာရလေ၏။ လှည့်ပတ်ရှုပ်ထွေးနေသော ပဟ္ဍာ၏အဖြေမှန်ကို အချိန်ယူစဉ်းစားရမည်။ ဦးရူပသည် ဦးနှောက်အေးအေးဖြင့် ရှာဖွေဖော်ထုတ်ရလေ၏။

❑

ဆရာဦးရူပဦးနှောက်ခြောက်ခမန်းစဉ်းစားနေ၀င်ရပါသည်။ ရွာသူနှင့်ပညာပြိုင်ပွဲတစ်ပွဲတစ်လမ်းနွဲကြရပေလိမ့်မည်။ ဆရာဦးရူပသည် ရွာသူ၏လျှို့ဝှက်သောပညာကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည်ကို ဤသို့မြင်တွေ့ကြရလိမ့်မည်ဖြစ်သည်။ ဆရာဦးရူပသည် အထက်ယောနယ်တစ်ခွင်နှင့် ရှမ်းပြည်နယ်ချင်းပြည်နယ်တို့ပါမကျန် နယ်တကာနှံ့စပ်ခဲ့သူ ဖြစ်လေ၏။ အောက်ပြည်အောက်ရွာသို့လည်း နှံ့စပ်သူပါတည်း။ အတွေ့အကြုံရင့်ကျက်လေ၏။

သည်ခရီး၊ သည်လမ်းကို၊ သည်ထီး၊ သည်ပန်းဖြင့် လျှောက်လှမ်းရမည်ကို သိရှိအဖြေပေါ်ခဲ့ပါသည်။

ဒုတိယနေ့

ထိုနေ့တွင် ဆရာဦးရူပလည်း နေစောင်းအချိန်မှသာ ဆေးလုယ်လွယ်ကာ ဦးချစ်ညွှန့်၊ ဒေါ်စိန်စိန်လတ်တို့အိမ်သို့ အေးအေးဆေးဆေးလျှောက်လာခဲ့သည်။ အိမ်ရှေ့သို့ ဆရာရောက်လာသည်ကိုတွေ့လိုက်ကြရတော့မှ အိမ်သားများသက်ပြင်းချနိုင်ခဲ့ကြပါသည်။ ဒေါ်စိန်စိန်လတ်သည် ဆရာဦးရူပအား နံနက်စောစောမှစ၍ မျှော်နေခဲ့သည်။ ဆရာက တစ်နေကုန်ရောက်မလာသဖြင့် သူမ၏စိတ်ထဲမှာ ဆရာလက်လျှော့သွားပြီလား၊ ဆရာမကုသနိုင်သည်ရော၊ အခြေအနေများလားဟု လားပေါင်းမှားစွာတွေးကာ စိတ်ပူနေခဲ့ရသည်။ ဆရာဦးရူပကို တွေ့လိုက်ရတော့မှ-

"လာပါ ဆရာ ကြွပါဆရာ"

ပျာပျာသလဲကြိုဆိုကာ နေရာလိုက်ကြပါသည်။

ဆရာဦးရူပသည် ဘုရားခန်းတွင် နေရာယူ၏။လူနာအခြေအနေအကြောင်းအရာကို မမေးပါ။ ဆေးလည်းမသုံး အိမ်သားများနှင့် အာလာပသလ္လာပ ထွေရာလေးပါးစကားများဖြင့်သာ အချိန်ကုန်လွန်စေပါ၏။ ဆရာရောက်ရှိနေသည်မှာ ကြာပြီဖြစ်သည်။ ည (၉) နာရီပင်တီးလေပြီ။ ဤသည်တို့မှာ ဆရာဦးရူပ၏ တန်ပြန်လှည့်ကွက်ဖြစ်ထွေသည်။ အိမ်သားများနှင့် အခြားသူများတို့သည် ဆရာ၏ပရိယာယ်ကို မရိပ်စားမိကြလေကုန်။ ဆရာဦးရူပသည် ယခုအချိန်မှစ၍ သူ၏ပညာခန်း အောက်၌ အတိုင်းစတင်လိုက်ပါတော့သည်။

"ကဲကဲ - ဆရာဒီနေ့တော့ မစသပ်တော့ပါဘူး။ စောစောအိပ်ကြကွယ်တို့"

အိမ်သားများလည်း ဆရာ့ညွှန်ကြားသည့်အတိုင်း လိုက်နာလျက် အိပ်ရာဝင်ရန် ပြင်ဆင်ကြလေကုန်၏။ ဆရာဦးရူပသည် အိပ်ရန်ပြင်ဆင်နေသော ဦးချစ်ညွှန့်အနီးသို့ ရောက်လာသည်။ ဆရာသည် ဦးချစ်ညွှန့်၏ဘယ်ဘက်ဖ

www.burmeseclassic.com

www.burmeseclassic.com

ကို ဆတ်ခနဲပုတ်လိုက်သည်။ နှုတ်မှ
သည်း -
"ဟိတ် - ဆိုင်ရာကချုပ်ထား"
ဆရာက အောင်မြင်သောအသံ
ဖြင့် အထက်ပါအတိုင်းအမိန့်ပေးလိုက်
သော်၏။
ဆရာဦးရွှေသည် ဘုရားကျောင်း
ဆောက်ရွေ့တွင် ဆီမီးတိုင်များမီးအစုံ
ညှိပြီလိုက်ပါသည်။ ဆရာဦးရွှေသည်
ဦးချစ်ညွှန့်ကို စတင်စမ်းသပ်ပါတော့၏။
ဦးချစ်ညွှန့်ကို ဘုရားကျောင်းဆောင်
အား ကျောခိုင်းထိုင်စေ၏။ ဦးချစ်ညွှန့်၏
ခြေနှစ်ချောင်းကို ခြေရင်းဘက်သို့ဆန့်
သန်းထားစေပါသည်။ ကိုယ်ကိုမတ်မတ်
ထားခိုင်း၏။
"ကိုင်း - သောကြာသားကို ပြုစား
ထားတဲ့အတိုက်အခိုက်စက်တွေ စွဲရင်း
အကိုင်း ပြန်ရောက်စေ"
ဟု ဆရာဦးရွှေအောင် အမိန့်ပေး
လိုက်ပါ၏။ ဆရာက ကြမ်းပြင်ကို သူ၏
လက်ဖြင့် ခပ်ဖွဖွရိုက်လိုက်သည်။
အချိန်တွင် ဦးချစ်ညွှန့်၌ သူ၏ပင်ကို
အသိစိတ်တို့ပျောက်ကွယ်လေတော့၏။
ထိုကဲ့သို့လုံး တုန်တုန်ချည်ချည်ကတုန်
သင်းဖြစ်လာပါသည်။ ဆရာဦးရွှေ
ထံမှ အမိန့်ပေးလေသည်မှာ -
"အခုပြုစားထားတဲ့လူကို ဆရာ
ကိုနဲ့ချုပ်မိနေပြီ။ ငါအမိန့်မပေးဘဲနဲ့
ဘယ်ပြုချုပ်မရှိဘဲနဲ့ လုံးဝမထွက်ခွာရ"
နှင်ဘယ်သူလဲ"
ဟု ဆရာက မေးလိုက်သည်။
ဆရာက မေးနေသော်လည်း
ဆောဝင်ပူးထားတဲ့ ဦးချစ်ညွှန့်ထံမှ
အကြားသဲထွက်မလာပါ။
"လောင်မီးအထိပြာကျစေတဲ့ မီး
ကျည်နဲ့ပက်လိုက်ရမလား"
ဆရာဦးရွှေ အထက်ပါအတိုင်း
ခြောက်လိုက်မှ -
"ကျွန်မ မကြည်ဆင့်ပါ"
"နင် သူတို့မိသားစုကိုသိသလား"
"သိပါတယ်၊ ခင်လည်းခင်ပါ
သည်"
"အခု နင်ဝင်ပြီး နာမ်စီးနေတဲ့ဒီလူ
ဦးချစ်ညွှန့်ကိုကောသိလားခင်သလား"
"ခင်လည်းခင်ပါတယ်၊ သိလည်း
သိပါတယ်"
"ဘာဖြစ်လို့ နင်က ပက်စက်တဲ့
အလုပ်ရသလဲ"
"ဒီလိုပါ။ သူက ကျွန်မကို အရှက်
ကွဲစေပါ။ ဦးချစ်ညွှန့်က သူ့အကြွေးရလို့မူ
ကျွန်မကို လူပုံအလယ်မှာ ပိုးစိုးပက်
စက်ပြောတာမကျေနပ်လို့လုပ်တာပါ"
ရွာသူ မကြည်ဆင့် ရှောင်လွှဲမရ
တော့ပါ။ ဆရာဦးရွှေထံတွင် ဖွင့်ဟဝန်ခံ
လိုက်ပါတော့သည်။ ဆရာသည် ရွာသူ
အား ချုပ်ကိုင်လိုက်နိုင်ပြီဖြစ်၍ သူသိလို
သည်များကို ဆက်လက်စစ်မေးပါတော့
သည်။
"နင်တို့ စုန်းမတွေဟာ အိမ်မှာ
အိမ်စောင့်နတ်တွေရှိရဲ့သားနဲ့ လူတစ်
ဖက်သားဒုက္ခရောက်အောင် ဘယ်လို
လုပ်နိုင်တာလဲ။ ဒီလိုလုပ်ဖို့ချက်ချင်း
လုပ်နိုင်တာပဲလား။ အချိန်ယူသလား"
"ချက်ချင်းတော့လုပ်လို့မရပါဘူး၊
ကျွန်မဒီလိုလုပ်ဖို့ (၁၀) ရက်လောက်အ
ချိန်ယူခဲ့ရတယ်။အခြေအနေစောင့်ကြည့်
ရပါသေးတယ်။ သူတို့အိမ်ထဲကို ကျွန်မ
ရဲ့မိစ္ဆာစက်တွေ လွှတ်ဖို့ (၇)ရက်လောက်
ခြောင်းခဲ့တယ်။ အိမ်စောင့်နတ်မင်းဖြစ်
တဲ့မင်းမဟာဂီရိက ကျွန်မကို လက်မခံ
ပါဘူး။ ကျွန်မကိုတားလားတယ်။ ကျွန်မ
(၇) ရက်အထိ အကြိမ်အစည်းမအောင်
မြင်ခဲ့ပါဘူး။ (၉) ရက်မြောက်နေ့မှာ
တော့ ကျွန်မ ဒီအိမ်ထဲကို ကျွန်မရဲ့မိစ္ဆာ
စက်အတတ်နဲ့ပြုစားခဲ့ပါတယ်"
ဆရာဦးရွှေပ မေးသမျှကို ရွာသူ
စုန်းမက မခြွင်းမချန်ပြန်လည်ဖြေကြား
ရလေ၏။ ဆရာက အများသိရန်လိုအပ်
သည့်အချက်ကိုထောက်လိုက်၏။
"နင့်ကို (၇) ရက်အထိ မင်းမဟာ
ဂီရိကတားတယ်။ (၉) ရက်မြောက်နေ့
ကျတော့ ဝင်လို့ရသွားပြီလို့ ဆိုတယ်။
အဲဒီနေ့ မင်းမဟာဂီရိက ဘာလို့မတား
တော့လဲ"
"(၉) ရက်မြောက်နေ့မှာ အိမ်
တွင်းအုန်းကြက်မီးကျွတ်ထွက်နေတယ်။
အုန်းတော်ရည်လည်း ခန်းခြောက်နေပြီ။
အုန်းအညာပေါ်ကို မသန့်ရှင်းတဲ့ကြွက်
တစ်ကောင်ဖြတ်ကျော်ခဲ့တယ်။ အဲဒါ
ကြောင့် အိမ်တွင်းမင်းမဟာဂီရိဟာ အဲဒီ
အိမ်ကို စောင့်ရှောက်ပေးဖို့ သူမှာနားခို
စရာနေရာမရှိတော့ဘူး။ သူမစောင့်
ရှောက်နိုင်တော့ဘူးလေ။ နတ်မင်းအလစ်
မှာ ကျွန်မဝင်သွားနိုင်ခဲ့လို့ ပြုစားနိုင်
ခဲ့တာပါ"
ရွာသူက ဆရာက မေးသမျှကို
တိတိပပ ဖြေကြားပေးနေရတော့သည်။
"ဒီမယ် စုန်းမ၊ နင်က ဘယ်လို
အောက်လမ်းနည်းကိုသုံးပြီး ပြုစားထား
သလဲ"
"ကျွန်မ ရှုပ်တိုက်နာမ်တိုက်နည်း
လုပ်ပါတယ်ဆရာ။ ရွှံစေးကို လူရုပ်
သဏ္ဌာန်ဖန်ဆင်းတယ်။ ဦးချစ်ညွှန့်ရဲ့
ကျွတ်ကျနေတဲ့ဆံပင်မွေးကို ယူလိုက်
တယ်။ အဲဒီဆံပင်မွေးတွေကို ရွှံရုပ်
ခေါင်းပေါ်မှာ စိုက်ပေးလိုက်ပါတယ်။
နောက်ပြီး သိမ်ဝင်အပ်ကိုသုံးပါတယ်
ဆရာ။ အဲဒီသိမ်ဝင်အပ်နဲ့နာကျင်စေလို
တဲ့နေရာကို အပ်နဲ့ထိုးဆွပေးပါတယ်။
ကာယကံရှင်ဘယ်လိုမှမခံစားနိုင်ပါဘူး"
စုန်းမ မကြည်ဆင့်သည် ရှေ့ဦးစွာ
ပြုစားခဲ့သူမှာ ဦးချစ်ညွှန့်ဖြစ်သည်။
ဦးချစ်ညွှန့်အား ပြုစားရာတွင် လင်
မယားချင်းမတည့်အောင်ပြုလုပ်ခဲ့သည်။
ထို့ကြောင့် ဦးချစ်ညွှန့်နှင့် ဒေါ်စိန်စိန်
လတ်တို့ တကျက်ကျက်ရန်ဖြစ်နေကြရ
သည်။ တစ်အိမ်တည်း အတူနေထိုင်
ကြသော်လည်း မျက်နှာချင်းဆိုင်ရ
အောင် ပြုစားထားလေ၏။ ဆရာဦးရွှေ
က မကြည်ဆင့်အား မောင်သာမင်း
နှင့်ပတ်သက်၍ ရှင်းပြခိုင်းလိုက်ပါ၏။
"ကလေးကိုတော့ နင်မလုပ်သင့်
ပါဘူး။ ကလေးကိုကော နင်ဘယ်လိုလုပ်
ထားတာလဲ။ ငါကိုမှန်မှန်ပြောစမ်း"
"ကျွန်မ ဆရာ့ကိုမလိမ်ငံ့ပါဘူး။
ကျွန်မအမှန်အတိုင်းပြောပါ့မယ်။ ကျွန်မ
ဟာ တကယ်တော့ သရဲသဘက်တွေ
ကိုမွေးထားပါတယ်ရှင်။အဲဒီသရဲသဘက်
တွေဆိုတာကလည်း ကျွန်မသတ်လို့သေ
သွားတဲ့လူတွေကို ပြန်ခိုင်းစားတာပါ။ ဒီ
ကျောင်းသားလေးစာကြည့်လို့မရအောင်၊
ထမင်းစားမရအောင်၊ သူ့ရဲ့စိတ်ကစဉ့်
ကလျားဖြစ်အောင် ကျောင်းသားလေး
ကို ခြောက်လှန့်စေခဲ့ပါတယ်"
"ဒီအိမ်သူအိမ်သား (၄) ယောက်
မှာ နင့်ရဲ့စက်ကြိုးတွေမိထားသလား"
ရွာသူစုန်းမသည် ယုတ်မာသူဖြစ်
လေရာ အိမ်သူအိမ်သား (၄) ယောက်
စလုံးကိုများ ပြုစားထားလေသလား။
ရှင်းရှင်းလင်းလင်းသိရှိနိုင်စေရန် သေချာ
စွာ မေးမြန်းစူးစမ်းလိုက်ရပါ၏။
"မမိပါဘူး ဆရာ၊ အကြီးကောင်
ကိုတော့ ကျွန်မဘယ်လိုနည်းနဲ့မှလုပ်လို့
မရဘူး။ သူ့ကိုလုပ်ဖို့ ကျွန်မနည်းမျိုးစုံနဲ့
ကြံစည်ခဲ့ပါတယ်။ သမ္မာဒေဝနတ်တွေ
က ကျွန်မကိုတားဆီးကြတယ်။ တားဆီး
နေရဲ့သားနဲ့ ဒီကလေးကိုထိခိုက်အောင်
လုပ်ရင် ဝရဇိန်လက်နက်နဲ့ပစ်မယ်လို့
ကျွန်မကို ကြိမ်းမောင်းကြတယ် ဆရာ"
"နင်တို့ရဲ့စုန်းအတတ်ပညာနဲ့ ဒီ
သမ္မာဒေဝနတ်တွေကိုမြင်ရလား"
"ကျွန်မရဲ့ပညာနဲ့ မြင်ချင်တိုင်း
မမြင်ရပါဘူးရှင်။ သမ္မာဒေဝနတ်တွေက

www.burmeseclassic.com

www.burmeseclassic.com

မြင်စေလိုတဲ့ဆန္ဒနဲ့ ကျွန်မကို မြင်စေပါမှ ကျွန်မကမြင်ရတာပါ"

"နင်ပြုစားထားတဲ့ သိမ်ဝင်အပ်နဲ့ ကဝေရုပ် ငါဆရာကိုအပ်မလား၊ မအပ်ဘူးလား ဟေ့ ပြောစမ်း"

"အပ်ပါ့မယ်ဆရာ၊ အပ်ပါ့မယ်"

ဆရာဦးရူပက ရွာသူ၏လက်နက်အဖြစ် အသုံးပြုသော သိမ်ဝင်အပ်နှင့် ကဝေရုပ်တို့ကို သိမ်းဆည်းရပေတော့မည်။ မကြည်ဆင့်ကလည်း အပ်ပါမည့်အကြောင်း ဝန်ခံလိုက်ပါ၏။ ထို့ကြောင့် ဦးရူပက သူ၏ညာလက်ဆန့်တန်းလျက် အောက်ပါအတိုင်း အမိန့်ပေးလိုက်၏။

"ဒီရွာသူပြုလုပ်ထားတဲ့ကဝေရုပ်၊ သိမ်ဝင်အပ်ကို ဆိုင်ရာမှ ယူဆောင်၍ ငါ့လက်အတွင်းသို့ ပေးပို့စေ"

ဦးရူပက အမိန့်ပေးပြီး တောင်းခံလိုက်သောပစ္စည်းများ သူ၏လက်ထဲသို့ ရောက်သည်နှင့် လက်ဝါးကို ဆုပ်လိုက်ပြီး-

"စကြဝဠာသို့လွှင့်စေ"

အထက်ပါအတိုင်း အမိန့်ပေးပြီး ဆရာဆက်လက်ပြောလိုက်သည်မှာ -

"စကြဝဠာမှာ လွှင့်ပစ်ထားတဲ့ ကဝေရုပ်နဲ့ သိမ်ဝင်အပ်၊ ငါ့လက်ဖဝါးအတွင်းသို့ပြန်ရောက်စေ၊ ငါ့လက်ထဲပြန်ရောက်တာမှန်ရင် ဒီရွာသူဝင်ပူးနေတဲ့ ဒီလူ ဦးချစ်ညွှန့်ရဲ့ညာဘက်ခြေဖဝါးဟာ ကြမ်းပြင်နဲ့ကျောက်သားပကတိကပ်နေပြီး ခွာမရပါစေနဲ့"

ဆရာ့အမိန့်အရ ဦးချစ်ညွှန့်၏ခြေထောက်သည် အားစိုက်ရုန်းကန်ပါသော်လည်း လုံးဝလုံးဝခွာမရတော့ပါတကား။

"ဦးချစ်ညွှန့်ရဲ့ခြေထောက်ထဲက ကဝေရုပ်နဲ့ သိမ်ဝင်အပ်စက်တွေ ဟဲ့လိုက်ခဲ့"

ဆရာဦးရူပတ ဦးချစ်ညွှန့် ခြေထောက်ထဲက ကဝေရုပ်နှင့် သိမ်ဝင်အပ်တို့ကို သိမ်းနှုတ်လိုက်ကာ သူ၏လက်ထဲဆုပ်ကိုင်လိုက်သည်။

"ဒီကဝေရုပ်နဲ့သိမ်ဝင်အပ်တွေက စကြဝဠာထဲလွှင့်စေ"

ဟု ဆိုပြီး စကြဝဠာအတွင်းသို့ ပစ်သွင်းလိုက်ပါတော့သည်။

"စကြဝဠာထဲကို ကဝေရုပ်နဲ့ သိမ်ဝင်အပ်ရောက်သွားတာမှန်ရင် ကြမ်းပြင်နဲ့ကပ်နေတဲ့ ညာခြေထောက် ဖက်ရွက်လိုပေါ့ပါးကာကွာထွက်စေ"

ဆရာဦးရူပ၏ အမိန့်ပေးသံဆုံးသည်နှင့် ကြမ်းပြင်နှင့်ကပ်နေသော ဦးချစ်ညွှန့်၏ညာခြေထောက် ဖြောင်းခနဲကွာထွက်သွားလေ၏။ လေထဲမှာထောင်နေပါတော့သည်။ ဆရာက ရွာသူကို ဤသို့ပြောလိုက်ပါ၏။

"ဟဲ့-စုန်းမ၊ နင်ဟာ (၇) ရက်သားသမီးတွေ ဘေးဒုက္ခရောက်အောင်ပြုစားထားတဲ့အတွက် နင့်မှာအပြစ်ရှိသလား၊ မရှိဘူးလား၊ ငါ့ကိုမှန်မှန်ဖြေစမ်းဟေ့"

"ဟုတ်ကဲ့ပါ ကျွန်မမှာ အပြစ်ရှိပါတယ်။ ကျွန်မကို ခွင့်လွှတ်ပေးပါရှင်"

"ဘာဟဲ့ စုန်းမရဲ့၊ နင့်ကိုခွင့်လွှတ်ပေးရမယ်တဲ့လား။ ကိုင်း - နင့်ကိုတော့ ကောင်းကောင်းဒဏ်ပေးရတာပေါ့"

ဦးရူပသည် ထွန်းမင်းလတ်ဘက် သို့လှည့်ကာ -

"ကဲ - မင်းတို့အသုံးပြုနေတဲ့ ကျောက်ပျဉ်ယူခဲ့စမ်းကွာ"

ထွန်းမင်းလတ်သည် သနပ်ခါးခဲ့သို့သွားကာ ထောင်ထားသော ကျောက်ပျဉ်ကိုယူလာခဲ့သည်။ ဦးရူပထံအပ်လေ၏။ ဦးရူပသည် ကျောက်ပျဉ်ကိုလှန်ကာ ကြမ်းပြင်ပေါ် ချ၏။ ကျောက်ပျဉ်တွင် ခြေထောက်ဘုသုံးခုရှိလေရာ ဘုတစ်ခုနှင့် ရွာသူဝင်ပူးနေသော ဦးချစ်ညွှန့်၏ နဖူးနှင့်တည့်မတည့်သေချာစွာချိန်ထားစေ၏။ နဖူးနှင့်ကျောက်ပျဉ်ခြေထောက် တည့်ပြီဆိုသည်နှင့် ဆရာက ပြင်းထန်စွာ ဆောင့်ခိုင်းလိုက်ပါတော့၏။

"ဒုန်း"

ရွာသူဝင်ပူးနေသော ဦးချစ်ညွှန့်၏ အသိစိတ်နှင့် သူ၏ခန္ဓာကင်းကွာနေချိန် ဖြစ်သည်။ ဦးချစ်ညွှန့်၏ကိုယ်ထဲမှာ စုန်းမအသိစိတ်ဝင်နေသည်။ ဦးချစ်ညွှန့် နဖူးနှင့် ကျောက်ပျဉ်ခြေထောက်တို့ ဒုန်းခနဲ မြည်ဟည်းသည်အထိ မိတ်ဆက်လိုက်ကြပါ၏။ သို့သော်လည်း ဤအနေအထားကို ဆရာသဘောမတွေ့ချေ။ မကျေနပ်သေးပါ။ မိုးကြိုးသံအလား အမိန့်ပေးပြန်လေတော့၏။

"မရဘူး၊ ဒီအသံတိုးသေးတယ်။ ဒါ့ထက် ခပ်ပြင်းပြင်းထပ်ပြီးဆောင့်လိုက်စမ်းဟေ့"

"ဒုန်း"

နဖူးနှင့် ကျောက်ပျဉ်ဆောင့်သံတစ်ရပ်ကွက်လုံးကြားလောက်သည်ထိ တိန်းထွက်သွားပါတော့သည်။ နဖူးနှင့် ကျောက်ပျဉ် ရိုက်ချက်သည် ဦးချစ်ညွှန့်တို့၏သုံးပင်နှစ်ခန်း နှစ်ထပ်အိမ်ကြီးပင် လျှင်တုန်ခါမြည်ဟီးနေပါတော့သတည်း။

"အဖေ အဖေ"

ဟု ထွန်းမင်းလတ်အစိုးရိမ်လွန်ကာ သူ၏ဖခင်ကို ခေါ်လိုက်မိ၏။ သူသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေရာမှ အနီးသို့ရွှေ့ကာတိုးကပ်ပြီးထိုင်လာ၏။ သူ၏စိတ်ထဲတွင်လည်း ထူးဆန်းသည်ဟုဆိုပြီး ဖခင်ဦးချစ်ညွှန့်၏နဖူးကို သေချာစွာကြည့်မိလေ၏။ ဦးချစ်ညွှန့်၏နဖူးပြင်ထက်မှာ ဒိုးသီးပမာဘုံကြီးတစ်ခု ရောင်ကိုင်းလျက် နီရဲနေပါတော့၏။

"အို. . . အဖေရယ်"

ဤအချိန်သည် လူနာထံမှရောဂဒဏ်များကို ရှင်းလင်းပစ်ရန်အခိုက်အရောက်ပြီ ဖြစ်ပါ၏။ ဦးရူပသည် စုန်းမကို အပိုင်ကိုင်ကာ -

"ဟဲ့-စုန်းမ၊ နင့်ဝေဒနာတွေကို နင်ကိုယ်တိုင်ပြန်ယူသွားစမ်းဟေ့။ အခု နင်ဝင်ပူးနေတဲ့ကာယကံ့ရှင်ရဲ့ကိုယ်ပေါ်မှာလုံးဝမကျန်စေနဲ့"

ထိုအခါ စုန်းမသည် နဖူးမှဘုံကို လက်ဝါးဖြင့်ပွတ်လိုက်လေ၏။ လူအများအမြင်တွင် ဦးချစ်ညွှန့်က သူ၏နဖူးကို သူ၏လက်ဝါးဖြင့်သပ်လိုက်သည်ကိုသာ မြင်တွေ့နေကြရပါသည်။ ထွန်းမင်းလတ်က ဖခင်၏နဖူးကိုကြည့်လိုက်သူ၏မျက်စိရှေ့၌ပင် ဖခင်ဦးချစ်ညွှန့်၏ နဖူးပြင်ထက်မှ ဒိုးဝိုင်းခန့်ဘုကြီးသည် ပျောက်ကွယ်သွားလေ၏။ မိမွေးတိုင်း ဖမွေးတိုင်းအကောင်းပကတိဖြစ်နေတော့သည်။ ထွန်းမင်းလတ် အံ့သြရင်း၏။ စိတ်ထဲမှလည်း တော်တော်ထူးဆန်းတာပဲဟု မှတ်ချက်ချမိပါတော့သည်။

"ဒီမယ် နင်တတ်တဲ့ပညာအထူးလုံး တစ်ခုမှမကျန် ငါ့ကိုလျှုရမယ်ကြားလား"

စုန်းမသည် ဆရာဦးရူပကို သူမယှဉ်ဝံ့လေပြီ။ ကြောက်ဒူးတုန်လာသူမသည် ဆရာကို ကြောက်ရွံ့တုန်လှုပ်လာသည်နှင့်အမျှ -

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မရဲ့ပညာအားလုံး ဆရာ့ကိုလျှုပါ့မယ်ရှင်"

"ဟုတ်ပြီ၊ ရွှေရင်ကျော်ပညာရပ်ပတ်သက်တဲ့ ဆိုင်ရာအစောင့်အရှောက်များတို့ နာခံကြစမ်း။ ဟော်ဒီစုန်းမရဲ့ပညာရပ်တွေအားလုံး တစ်ခုမကျန်ငြိမ်းယူကြစမ်းဟေ့"

ဆရာဦးရူပအမိန့်ပေးပြီး တစ်ပြိုင်နက် စုန်းမ မကြည်ဆင့်၏ ခန္ဓာကိုယ်တဆက်ဆက်တုန်ယင်လာ၏။ ပြင်းထန်စွာတုန်လှုပ်လာပြီး မခံစားနိုင်လောက်တော့သည့်စူးရှဝေဒနာအလှူးအလဲခံစားနေရဟန်ရှိလေ၏။ အချိန်အနည်းငယ်ကြာသည်အထိ မကြည်ဆင့်ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ဆရာမှ တဖြည်းဖြည်းလျော့ပါးလာကာ ပြုံးလာလေ၏။

"ဒီစာ့ မကြည်ဆင့်၊ မနက်ဖြန်ခါ ဆက်ဖြတ်မယ်၊ ငါခေါ်လိုက်တာနဲ့ နင် ချက်ချင်း လာခဲ့ရမယ်ကြားလား။ ငါ့ကို ကြားပေးစမ်းပေ့"

"ဆရာရယ်၊ ကျွန်မမှာ ယောကျ်ားရှိသေးတယ်။ အခုတောင်မှ ကျွန်မ ယောကျ်ားက ကျွန်မကို လှုပ်နှိုးနေပါပြီ။ ဒါပေမယ့် ကျွန်မကို ဘယ်နှိုးလို့ ရပါလဲ ဆရာရယ်။ ဆရာ့ကို ကျွန်မ ခေါ်တဲ့အခါကျတော့ ကျွန်မရဲ့ခန္ဓာကိုယ်ကြီးကို အိမ်မှာ အသေကောင်ကြီးလို ထားခဲ့ရတယ်ဆရာ။ အခုဆရာ့ကိုလာ ခေါ်တာ ကျွန်မရဲ့နာမ်ဝိညာဉ်ပါဆရာ"

"အခု နင်ယူထားတဲ့ယောကျ်ားကို နှိုးရိုးသားသားယူထားတာမဟုတ်ဘူးလား"

"ဆရာပြောတာ မှန်ပါတယ်ရှင်။ ဆက်ပါတယ်ဆရာ၊ ဘုန်းကြီးကို ဆေး ထိုးပြီး လူထွက်အောင်လုပ်ပြီးတော့မှ ကျွန်မယူထားတာပါ။ ကျွန်မယောကျ်ား က ဘုန်းကြီးလူထွက်ပါ"

❑

တတိယနေ့ -

အရုဏ်ကျင်၍ အလင်းရောက်ခဲ့ ပေပြီ။ ကြည်လင်တောက်ပသောနေ ရောင်အောက်မှာ ဆားကျင်းချောင်း သည်တည်ငြိမ်ငြိမ်ရှိခဲ့လေ၏။

ယမန်နေ့က ဆရာနှင့် စုန်းမတို့ တတီရှိကြသည့်အတိုင်း ဆရာဦးရှုပ သည် ခုံညားသော ဣန္ဒြေသိက္ခာဖြင့် ဦးချစ်ညွှန့်တို့အိမ်သို့ ရောက်ရှိလာ၏။ ဦးချစ်ညွှန့်တို့မိသားစုကလည်း လှိုက်လှဲ စွာ ကြိုဆိုကြကုန်၏။ ဆရာဦးရှုပအား ဘုရားခန်းတွင် နေရာပေးလိုက်ပါ၏။ ဦးရှုပသည် ပယောဂမိနေသူတို့အား စောင့်ဖြတ်ရန် ပြင်ဆင်လိုက်ပါသည်။ ဆရာသည် အာဏာစက်ဖြင့် -

"ဟဲ့-စုန်းမ၊ နင်မရောက်သေးဘူး လား"

ခက်ထန်သော အမူအရာဖြင့် အသံကျယ်ကျယ်မေးလိုက်ပါ၏။ ဆရာ ဦးရှုပ၏စကားသံအဆုံး အိမ်ပေါ်၌ တံခြက်လှည့်နေသူ ဦးချစ်ညွှန့်သည် တောက်ကာငင်ကာ အသိစိတ်ကင်း လွတ်သွား၏။ ချက်ခြာရက် တုံးခနဲ အိမ် ကြမ်းပြင်ထက်လဲကျလေ၏။ ထိုအခါ ဆရာက -

"ဟဲ့ - စုန်းမ၊ နင်ရောက်ပြီလား"

"ဟုတ်ကဲ့ - ရောက်ပါပြီ ဆရာ"

ဟု ဦးချစ်ညွှန့်နှုတ်မှ ဖြေကြား လေ၏။ သို့သော် သံနေသံထားသည် ယောကျ်ားသံမဟုတ်တော့ဘဲ မိန်းမသံ ပြောင်းလဲသွားခေ၏။ သို့ဖြစ်သော ကြောင့် မကြည်ဆင့်၏နာမ်ဝိညာဉ် ရောက်ရှိနေပြီဖြစ်ကြောင်း အားလုံးက သိရှိလိုက်ကြရပါသည်။ ဦးချစ်ညွှန့်သည် ကြမ်းပြင်မှလူးလဲထ၏။ ဆရာ့ရှေ့လာ ရောက်ကာ ကျုံ့ကျုံ့ထိုင်လိုက်ပါသည်။

"နင်ပြုစားထားတဲ့စက်တွေပြန်သိမ်း"

ဆရာအမိန့်ပေးလိုက်သည့်အတွက် မကြည်ဆင့်နာမ်ဝိညာဉ်လှုပ်ရှားလာ၏။ လှုပ်ရှားလာပုံမှာ ဦးချစ်ညွှန့်သည် ဘုရား ကို ကျောခိုင်းထိုင်လေ၏။ သူ၏ခြေ ထောက်နှစ်ဖက်ကို ခြေရင်းဘက်သို့ ဆန့်တန်းသည်။ သူ၏လက်ဝါးစောင်း ဖြင့် ပေါင်ရင်းမှ ခြေဖျားအထိခုတ်ချနေ ၏။ သူကိုယ်တိုင် သူကိုယ်သူပြုလုပ်ပြီး သွား၏။ ဒေါ်စိန်စိန်လတ်နှင့် မောင်သာ မင်းကိုလည်း ထိုနည်းလည်းကောင်းပြု လုပ်ပေးပါသည်။

"နင့်စက်တွေ အကုန်သိမ်းပြီးပြီ လား"

"တနည်းသိမ်းလို့ရပြီ၊ တချို့ကျန်နေ ပါတယ်ရှင်"

မကြည်ဆင့်စကားကြောင့် ဆရာ ကိုယ်တိုင်ပြုလုပ်ဆောင်ရွက်ရဖွယ်ရှိလာ ၏။ ထို့ကြောင့် ဆရာဦးရှုပက ရိုးတံ ကောင်းကောင်း အနာလွတ်ကွမ်းရွက် သုံးရွက်နှင့် ရေစင်တစ်ခွက်ကို အိမ်သား များထံမှ တောင်းယူလိုက်ပါ၏။ ဆရာ ဦးရှုပ ဘုရားကျောင်းဆောင်ဘက် မျက်နှာမူလိုက်ပါသည်။

ရွှေရင်ကျော်ဂိုဏ်းကိုစောင့်ရှောက် သောပုဂ္ဂိုလ်ကြီးထံမှ ရေစင်စက်ဖြတ် ဆေး၊ ကွမ်း၊ စမစက်ဖြတ်ဆေး တောင်း ခံနေပါသည်။ ဆရာဦးရှုပသည် သူကိုယ် တိုင်သည်လည်း သူထိန်းသိမ်းခဲ့သည့် သီလများကို တိုင်တည်လိုက်၏။ သစ္စာ ဆိုပြီးနောက် ကွမ်းရွက်သုံးရွက်လုံးခြေ လိုက်၏။ ခြေပြီးကွမ်းရွက်အကြေများ ရေစင်ခွက်ထဲထည့်လိုက်ပါသည်။ သူ၏ လက်ညှိုးဖြင့်မွှေပေးနေ၏။ ရေစင်နှင့် ကွမ်းစမစက်ဖြတ်ဆေးရည်ကို အခြားရေ သန့်သန့်ဖြင့် ထပ်မံ ပွားများလိုက်ပါ တော့သည်။ ဆရာက အိမ်သူအိမ်သား အားလုံးကို ထိုဆေးရည်ဖြင့် လောင်းချိုး ခိုင်းလေသည်။

ထိုနောအခါ ရွာသူစုန်းမထိတ် ထိတ်ပျာပျာဖြစ်ရလေ၏။ အားလုံး ရေ စင်စက်ဖြတ်ဆေးရည်ချိုး၍ မဖြစ်နိုင် ကြောင်း စုန်းမတွင် အကြောင်းရှိလေ ၏။ ဆရာ့ကို မကြည်ဆင့် အနှုးအညွှတ် တောင်းပန်မှုဖြစ်တော့မည်။ မကြည်ဆင့် သည် ဦးရှုပကို အောက်ပါအတိုင်း အသနားခံတောင်းပန်ရှာတော့သည်။

"ဆရာ၊ ဆရာ အိမ်သားအားလုံး ကိုတော့ ရေစင်စက်ဖြတ်ဆေးမချိုးခိုင်း လိုက်ပါနဲ့ဆရာရယ်။ ကျွန်မကို သနားပါ ဆရာ။ ကျွန်မ အသနားခံပါတယ်ရှင်။ ဓာရဏာပရိတ်ကို ယုံယုံကြည်ကြည်လေး လေးစားစားနဲ့ နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ် နေတဲ့ သားအကြီးကို မချိုးစေချင်ဘူး။ ဟင့် ဟင့် ဆရာ့ခြေဖမိုး ဦးခိုက်တောင်း ပန်ပါတယ် ဆရာရယ်"

"ဘာဖြစ်လို့ မချိုးခိုင်းတာလဲ။ ငါ့ ကိုရှင်းရှင်းပြောစမ်း"

"ပြောပါ့မယ် ဆရာ၊ ဒီလိုပါ။ ဒီကလေးသာ ရေစင်စက်ဖြတ်ဆေး လောင်းချိုးရင် ကျွန်မဦးခေါင်း ရှစ်စိတ် ကွဲရမါတော့မယ်။ ဒါကြောင့် သူ့ကိုတော့ မချိုးခိုင်းပါနဲ့နော်ဆရာနော်"

မကြည်ဆင့် ပျာပျာသလဲရှင်းပြ သည်ကို ဆရာဦးရှုပလက်ခံလိုက်ပါ၏။ ထွန်းမင်းလတ်သည် ပယောဂကပ်ရာ နိုင်သူ မဟုတ်ချေ။ ထွန်းမင်းလတ်ကိုရေ စင်လောင်းချိုးစေလိုက်ပါက တစ်ပါးသူ (မကြည်ဆင့်)၏အသက်ဘေးအန္တရာယ် ကျရောက်ရပေတော့မည်။ မကြည်ဆင့် ၏အသက်နှင့် ခန္ဓာကိုယ်အိုးစားကွဲရမည့် ကိန်းဖြစ်ချေတော့မည်တကား။

ဦးချစ်ညွှန့်တို့ မိသားစုအားလုံး အမျှောင့်ပယောဂအနှောင့်အယှက်များ လုံးဝ (လုံးဝ) ကင်းစင်သွားလေ၏။ မကြည်ဆင့်သည် ဆရာဦးရှုပ၏ ဒဏ္ဍ ခတ်မှု၊ ဆိုဆုံးမမှုတို့အဆုံးဝယ် နောင်တ ရရှိသွားပြီ ဖြစ်တော့သည်။ အများသတ္တ ဝါခုနစ်ရက်သားသမီးတို့အား ဒုက္ခပေး သည့် မကြည်ဆင့်၏ ပညာရပ်များကို လည်း အလျှံခံရယူပြီး ဖြစ်ပါသည်။

ထိုအခါမှစ၍ လပွတ္တာမြို့ ဆားကျင်းချောင်းတွင် နေထိုင်ကြသူ ဦးချစ်ညွှန့်တို့မိသားစု ရောဂါဘယကင်း ဝေးသွားကြပြီး ချမ်းသာစွာနေထိုင်ကြ ရလေကုန်၏။

သုခီအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း(မသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက် စစ်ကောင်စီ ၏ ကျွန်းကေရီ

၂၀၁၅ ခုနှစ်၊ ဧပြီလဒုတိယ ရက်သတ္တပတ်အတွင်း ကျွန်တော်တို့ မြန်မာနိုင်ငံ ရုပ်သံလွှင့်ဌာနမှ ထုတ်လွှင့်သော နိုင်ငံတကာသတင်းအစီအစဉ်တွင် ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ရာ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ပြသသွားခဲ့သည်။ ထိုသတင်းမှာ ပြင်သစ်နိုင်ငံ ပါရီမြို့လူထုသည် ကမ္ဘာသမိုင်းကို တုန်လှုပ်စေခဲ့သည်။ ပြင်သစ်စစ်ဧကရာဇ် နပိုလီယန်သည် သူ၏တပ်မတော်သားများနှင့် ပါရီမြို့တော် အောင်ဗီမာန်မှ ရာဇဝင်းခင်း၍ ဗြိတိသျှနှင့် မဟာမိတ်တို့အား တိုက်ခိုက်ရန် ဝါတာလူးသို့ ချီတက်သည်။ အခမ်းအနား နှစ် (၂၀၀) ပြည့် ကျင်းပခြင်း ဖြစ်သည်။

ထိုအခမ်းအနားရိုက်တာသတင်းကိုယ်စားလှယ်က အသေးစိတ် ရိုက်ကူးပေးပို့ခဲ့သည်ကို ကျွန်တော်တို့ ရုပ်သံလွှင့်အစီအစဉ်က ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးခဲ့သည်။ အခမ်းအနားတွင် နပိုလီယန်အဖြစ် သရုပ်ဆောင်သူမှာ နပိုလီယန်နှင့် ရုပ်အဆင်းခွဲခြားမရ အောင်တူသူဖြစ်သည်။ သူ့အားဝိုင်းရံ၍ မြင်းများဖြင့်လိုက်ခဲ့သူ ဗိုလ်ချုပ်ကြီးများမှာလည်း နပိုလီယန် စစ်ဧကရာဇ်အဖြစ် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့စဉ်က သူ့လက်စွဲတော် ဗိုလ်ချုပ်ကြီးများ အတိုင်း ဝတ်စုံများဝတ်ဆင်ထား၏။

စစ်ဧကရာဇ်နှင့်အတူ ဝါတာလူးသို့ ချီတက်လိုက်ပါမည့် နပိုလီယန်၏ တိုက်တိုင်းအောင် တပ်မတော်သားများမှာလည်း ထိုခေတ်ကဝတ်စုံများဝတ်ဆင်ထားကြပြီး စစ်အင်္ဂါလေးပါးအစီအစဉ်ဖြင့် ချီတက်ကြသည်။ ပါရီမြို့သူမြို့သား အများကလည်း ထိုရာဇဝင်းအစီအစဉ်ကို လမ်းဘေးဝဲယာမှ ပြင်သစ်နိုင်ငံတော်၏ သုံးရောင်ခြယ်အလံများကို ဝှေ့ယမ်း၍ နပိုလီယန်ခေတ်က လူထုကြွေးကြော်ခဲ့သော 'ဧကရာဇ်ဘုရင်ကြီး သက်တော်ရာကျော်ရှည်ပါစေ။ Vive - Emperor ပြင်သစ်နိုင်ငံတော်ကြီးအစွန့်ရှည်ပါစေ' ဟု အော်ဟစ်ကြွေးကြော်ကြသည်။ မျိုးဆက်သစ်လူငယ်များကပါ စိတ်အားထက်သန်စွာ မိမိတို့အလိုအရ ကြွေးကြော်ကြခြင်းဖြစ်သည်။

နပိုလီယန်၏ တိုက်တိုင်းအောင် တပ်မတော်စစ်တိုင်းဝိုင်းအဖွဲ့ကလည်း ယင်းခေတ်ဟောင်းက စိတ်အားတက်ကြွဖွယ်တေးသီချင်းများကို သီဆိုတီးမှုတ်ကြလေသည်။ ပါရီမြို့နေ့တာဒိန်းဘုရားရှိခိုးကျောင်းကြီးကလည်း ခေါင်းလောင်းများတီး၍ ထိုအခမ်းအနားကြီးကို ကြိုဆိုခဲ့သည်။ လက်ရှိပြင်သစ်နိုင်ငံတော်အာဏာကို ရရှိထားသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအဖွဲ့ဝင်များ၊ နိုင်ငံတကာမှ လာရောက်ကြသည့် ကမ္ဘာ့လှည့်ခရီးသည်များလည်း စုဝေးတက်ရောက်ခဲ့သဖြင့် အံ့မခန်းကြီးကျယ်သည့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်အခမ်းအနား ဖြစ်သည်။ သတင်းထုတ်လွှင့်သွားသူ၏ ပြောကြားချက်အရ ၂၁ ရာစုအစအတွင်း ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သော နိုင်ငံတော်အခမ်းအနားများတွင် ဤစစ်ဧကရာဇ် နပိုလီယန်၏ ဝါတာလူးချီတက်သည့် နှစ်နှစ်ရာပြည့်အခမ်းအနားလောက် ပြင်သစ်လူထု အင်တိုက်အားတိုက် တက်ရောက်သည့်အခမ်းအနားမရှိသေးဟု ဆိုသည်။ ထိုစဉ်က ပါရီလူထု ကြွေးကြော်သည့် 'ဧကရာဇ်ဘုရင်ကြီး သက်တော်ရာကျော် ရှည်ပါစေ' ဟူသော အသံသည် မိုးထက်ဝဉာအထိဟိန်းခဲ့၍ သောင်းတိုက်ကကြားရသည်ဟု ဆိုသည်။

ထိုသတင်းအား အမေရိကန်ပြည် ထောင်စုမှ စီအင်အင်ရုပ်သံလွှင့်အစီအစဉ်၊ တရုတ်နိုင်ငံ စီစီတီဗီရုပ်သံလွှင့်အစီအစဉ်နှင့် အင်္ဂလန်နိုင်ငံမှထုတ်လွှင့်သော ဘီဘီစီရုပ်သံလွှင့်အစီအစဉ်များက ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်သွားခဲ့သည်။ ထိုသတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များကလည်း ထိုသတင်းကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြခဲ့ပါသည်။ သမိုင်းတွင် ထင်ရှားကြီးကျယ်ခဲ့သော စစ်ဧကရာဇ်နပိုလီယန်၏ဘဝတွင် ဝါတာလူးသည် အရေးပါအရာရောက်သော မှတ်တိုင်တစ်တိုင် ဖြစ်ပါသည်။

မှန်ပါသည်။ ကမ္ဘာ့သမိုင်းတွင် ပြင်သစ်တော်လှန်ရေးကြီးသည် အလွန်ကြီးမားသောလှုပ်ရှားမှုကြီးဖြစ်၍ ဥရောပတစ်ခွင်လုံးကို အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ တော်လှန်ရေးကြီးဖြစ်ပွားခဲ့သဖြင့် တော်လှန်ရေးမတိုင်မီက တည်ရှိခဲ့သော နိုင်ငံရေးအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခြေအနေအားလုံးပြောင်းလဲသွားခဲ့သည်။

ပြင်သစ်တော်လှန်ရေးကြီးကမ္ဘာ့ဆောင်ခဲ့သောပြောင်းလဲမှုကြီးကို ခိုင်မြဲမြဲ ရပ်တည်နိုင်အောင် ဆောင်ရွက်သူမှာ နောင်အခါ စစ်ဧကရာဇ်ဘွဲ့စစ်သူကြီးနပိုလီယန်ဘိုနာပတ်ဖြစ်တော်သည်။ သူ၏လက်ထက်ဓာတ်ကြီးတွင် ပြင်သစ်နိုင်ငံသည် ဥရောပတိုက်အင်အားကြီးများသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့၏။ ဗြိတိန်နိုင်ငံ အပါအဝင် ဥရောပတိုက် နိုင်ငံအသီးသီးသည် စစ်ဧကရာဇ် နပိုလီယန်အား ဖိမှဖိမှတ်အောင် ကြောက်ရွံ့ခဲ့ကြသည်။ သမိုင်းမှတ်တမ်းအရ နပိုလီယန်သည် တိုက်ပေါင်းများစွာ အောင်ပွဲအလီလီကိုခံရသည်။ ထိုစဉ်က သူ့အသက်မှာ (၂၇) နှစ်သာရှိသဖြင့် အံ့ဖွယ်ဖြစ်သည်။ ထို့စဉ်က သူ့လက်သုံးစကားမှာ 'ငါ့အဘိဓာန်တွင် မဖြစ်နိုင်ဘူးဟူသော ဝေါဟာရမရှိ' ဟု ဆိုသည်။ ပြင်သစ်တော်လှန်ရေးကြီးအတွင်း အလွန်ကြီးကျယ်နေသော အာဏာလှုပ်ပွဲမှာ ဖြစ်ပွားနေသည့်အကြားတွင် အသက် (၂၇) နှစ်မျှသာရှိသော သာမန်အရာရှိ

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ဖိုလ်လေးသည် ဗိုလ်ချုပ်ကြီးရာထူး
ကိုအောင်ဃာတ်ခဲ့ခိုင်သည်သာမက နောင်
အခါ စစ်ကောရာဇ်အဖြစ် ရောက်ရှိခဲ့သူ
ဖြစ်သည်။ သူသည် တိုက်တိုင်းအောင်
ပြင်တော်ဟု ကင်ပွန်းတပ်ထားသော
Grand Army တပ်ကြီးနှင့် သူ့ထက်
အသက်အရွယ်ကြီးရင့်၍ အတွေ့အကြုံ
များသော ဗိုလ်ချုပ်များအား ပါးပါး
နပ်နပ်ကိုင်တွယ်နိုင်သူ ဖြစ်လေသည်။
ထိုပေါ်လာသောအခြေအနေအရပ်ရပ်
ကို လျင်လျင်မြန်မြန်ကိုင်တွယ်နိုင်သူ
ဖြစ်ရကား နိုင်ငံတကာက မော့ကြည့်ရ
သော စစ်ကောရာဇ်ဖြစ်ခဲ့ရသည်။ သူ၏
ဇာတိသနင်္ဘာဂျာများအား နိုင်ငံတကာမှ
စစ်ရေးအကဲခတ်သူများ တအံ့တသြ
ဖြစ်ခဲ့ကြရသည်။ အင်အားကြီးမားလှ
သည့် ပြင်သစ်တပ်မတော်ကြီး၏အရာရှိ
အများစု၊ အကြပ်၊ တပ်သားအားလုံးအား
ဆောင်ချုပ်ကိုင်နှိုင်စွမ်းရှိခဲ့၏။ ပြင်သစ်
နိုင်ငံတော်ကြီး ချောက်အတွင်းကြရမည့်
အားမှ ကယ်တင်နိုင်ခဲ့သည်။ သူ၏
တပ်မတော်မှ ဗိုလ်ချုပ်၊ အရာရှိအရာခံ၊
အကြပ်၊ တပ်သားများအာ သူ့အမိန့်
ပေးရာသို့ နာခံစေ၍ သူတို့ကိုင်းသမျှ
တိုက်ခိုက်စေရန် ဆွဲဆောင်ရှိုးဆော်နိုင်
ခဲ့ကြ၏။

စစ်ကောရာဇ် နပိုလီယန် ပြင်သစ်
နိုင်ငံတော်၏ အာဏာကိုသိမ်းယူနိုင်ခြင်း
အား မလိုလားကြသော နိုင်ငံတကာမှ
ဘုရိုလ်များကမူ နပိုလီယန်သည် တရား
ဝင်ဒေနှင့် လူတို့၏ လွတ်လပ်ခွင့်ကို
ချိုးဖောက်ဖျက်ဆီးသူဖြစ်သည်ဟု
စွပ်စွဲခဲ့ကြသည်သာမက အင်္ဂလန်နိုင်ငံ
နှင့် ဥရောပတိုက်နိုင်ငံအများက သူ့အား
စစ်ရာဇ်နပိုလီယန်ဟု အသိအမှတ်မပြု
ဘဲ ဗိုလ်ချုပ်နပိုလီယန်ဟု ခေါ်ဝေါ်ခဲ့သည်
သာမက အုတ်ကြားမြက်ပေါက်ဟု ဆို
ကြ၏။ မည်သို့ပင်ဖြစ်စေကာမူ ဥရောပ
တိုက်တစ်တိုက်လုံး သူ့ကို ဖိမ့်ဖိမ့်တုန်
အောင် ကြောက်ရွံ့ခဲ့ကြရပြီး သူခြေဖဝါး
အောက်တွင် ပြားပြားဝပ်ခဲ့ကြရသည်။

အခြေအနေအရပ်ရပ်ကြောင့် နန်း
ချခဲ့ရသောအခါ နန်းကျကောရာဇ်
နပိုလီယန်အား စစ်နိုင်သူ ဩဇီတိသျှနှင့်
ဘာမိတ်တို့က စစ်ရာဇဝတ်သားအဖြစ်
သေဒဏ်ချမှတ်ရန်အထိ စဉ်းစားခဲ့ကြ
သည်။ နောက်ဆုံးတွင် စစ်နိုင်နိုင်ငံများမှ
အာဏာပိုင်များသည် နန်းကျကောရာဇ်
အား လူသူကင်းဝေးသည့် အတ္တလန္တိတ်
သမုဒ္ဒရာအတွင်းရှိ စိန့်ဟဲလီနာကျွန်းသို့
ပို့ထားခဲ့၏။ အလျား (၁၁) မိုင်၊ အနံ
(၆) မိုင်သာရှိသော ထိုကျွန်းကလေးတွင်
ဧကရာဇ်နပိုလီယန်သည် ညှဉ်းညှဉ်းငယ်
ငယ်နှင့်နေထိုင်ကာ ကွယ်လွန်ခဲ့ရသည်။

ဤကျွန်းအကြောင်းကို ရေးသား
ဖော်ပြခြင်းမတြမီ ပထမအကြိမ်
အယ်(လ်)ဘာကျွန်းသို့ပို့ဆောင်ခဲ့ရခြင်း
နှင့် ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော
ဝါတာလူးစစ်ပွဲအကြောင်း စကားပလွင့်
ခံရန် လိုအပ်လာပါသည်။ ကျွန်တော်တို့
အဖို့ စစ်ကောရာဇ်နပိုလီယန်သည် အထူး
မိတ်ဆက်ပေးစရာမလိုဟုထင်ပါသည်။
မှန်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်
ပွားမီ အင်္ဂလိပ်-မြန်မာ မူလတန်း တတိ
ယတန်းများ၌ သင်ကြားရသော ဝါရင့်နှင့်
မာတင် ရေးသားပြုစုသည့် နည်းသစ်
အင်္ဂလိပ်ဖတ်စာ (New-method Reader
Two) တွင် စစ်ကောရာဇ် နပိုလီယန်၏
တိုက်တိုင်းအောင် တပ်မဟာကြီးနှင့်
ရုရှားအား ခီတက် တိုက်ခိုက်သည့်
အကြောင်းကို သင်ကြားကြရပါသည်။
ထို့အတူ အထက်တန်းများတွင် အပို
မြန်မာဖတ်စာတွင် နပိုလီယန်ဘိုနာပတ်
စာအုပ်ဖတ်ကြရသည်။ (ထိုစာအုပ်အား
သံတွဲမှောင်ရေးသည်ဟု ထင်ပါသည်။
ခေါင်းစဉ်မမှတ်မိတော့။) စစ်ပြီးခေတ်
တက္ကသိုလ်ဝင်တန်းတွင်လည်း ကမ္ဘာ
ကျော် စာရေးဆရာကြီး ဆာအာသာကို
နင်္ဒါင်း ရေးသော ဘရီဂေဒီယားဂျရက်
ဝတ္ထုအား သင်ကြားကြရသည်။ ထိုဝတ္ထု
မှ အဓိကဇာတ်ဆောင် ဗိုလ်မှူးချုပ်
ဂျရက်မှာ စစ်ကောရာဇ် နပိုလီယန်၏
တပ်မတော်မှ ဗိုလ်မှူးချုပ်တစ်ဦးဖြစ်ပါ
သည်။ နပိုလီယန်အား အသက်ပေး၍
လေးစားကြည်ညိုသူတစ်ဦး ဖြစ်သည်။
သူ၏ နပိုလီယန်ခေတ် စွန့်စားခန်းများ
ကို ရေးသား ဖော်ပြထားခြင်း ဖြစ်သည်။
(ဤဝတ္ထုအား ကွယ်လွန်သူ စာရေးဆရာ
ကြီး ရွှေဥဒေါင်းက ဂျဖဒါကိုကိုကြီး
အမည်ဖြင့် မှီငြမ်း ရေးသား ထုတ်ဝေပြီး
ဖြစ်ပါသည်။)

အထက်တန်းကျောင်းသားများ
အဖို့ ကမ္ဘာ့သမိုင်းအားသင်ကြားခဲ့ကြရာ
ပြင်သစ်တော်လှန်ရေးကြီးနှင့် နပိုလီယန်
အကြောင်း ဖန်တစ်ရာတေအောင်
သင်ကြားခဲ့ရသည်။ ကျွန်တော်တို့
လေးစားရသော စာရေးဆရာကြီးများ
သည် နပိုလီယန်အကြောင်း စာအုပ်များ
ကို မူဟန်အသွယ်သွယ်ဖြင့် မြန်မာ
ဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါ
သည်။

ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်း
ကြီးတွင် 'နပိုလီယန်နှင့် နက္ခတ်ဗေဒင်
ပညာ' နှင့် 'နပိုလီယန်၏ လက်သုံးတော်
များ' အမည်ရှိ ဆောင်းပါးနှစ်ပုဒ်ကို
လွန်ခဲ့သော (၇) နှစ်ခန့်က ရေးသား
ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ အချို့စာရေး
ဆရာကြီးများကလည်း မဂ္ဂဇင်းများ၊
ဂျာနယ်တွင် နပိုလီယန်အကြောင်း
ဆောင်းပါးများ ရေးသားခဲ့ကြပြီး ဖြစ်ပါ
သည်။

ကျွန်တော်တို့ရုပ်ရှင်ကြည့်ပရိသတ်
နှင့် ဗီဒီယိုကြည့်ပရိသတ်များသည်လည်း
နပိုလီယန်၏ ချစ်ဦးသက်လျာ 'ဒေဇီရေး'
(Desiree) ရုပ်ရှင်ကားကြီး (လွန်ခဲ့သော
နှစ် ၄၀ ကျော်ခန့်က ရန်ကုန်မြို့တွင်
ပြသခဲ့ပါသည်။) ကို ကြည့်ရှုခဲ့ကြရမည်
ဖြစ်သည်။ ထိုရုပ်ရှင်ကားတွင် နပိုလီယန်
အဖြစ် မြန်မာရုပ်ရှင်ကြည့်ပရိသတ်
အသည်းစွဲ မင်းသားကြီး မာလွန်ဘရင်ဒို
က သရုပ်ဆောင်ခဲ့သည်။

ထို့အတူ ဝါတာလူး (Waterloo)
ဂန္ဓဝင်ရုပ်ရှင်ကားကြီးကို အီတလီနှင့်
ဆိုဗီယက် ပြည်ထောင်စု သမ္မတနိုင်ငံတို့
(ယခု ရုရှားနိုင်ငံ) ပူးတွဲ၍ ၁၉၆၉ ခုနှစ်
က တခမ်းတနား ရိုက်ကူးခဲ့ပါသည်။
ထိုစဉ်က ဒေါ်လာ (၂၅) သန်း အကုန်ခံ
၍ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ဒါရိုက်တာ
မှာ နာမည်ကျော် ရုရှားအမျိုးသား
ဒါရိုက်တာ ဆာဂျေဘွန်ဒါချွတ်ဖြစ်ပြီး
နပိုလီယန်ဘိုနာပတ်အဖြစ် သရုပ်
ဆောင်သူမှာ မင်းသားကြီးရော့စတိုင်ဂျာ
ဖြစ်သည်။ ထိုစဉ်က သတင်းစာ
မှတ်တမ်းများအရ ယင်းဇာတ်ကားကြီး
သည် ကမ္ဘာ့ရုပ်ရှင်သမိုင်းတွင် အကြီး
အကျယ်ဆုံး ရိုက်ကွင်းဆင့်၍ ရိုက်ကူးခဲ့
သည်။ ၁၈၁၅ ခုနှစ်က ဝါတာလူးမှ
အဆောက်အအုံများ၊ လမ်းများ၊ သစ်
တောအုပ်များကို ထိုစဉ်က ဆိုဗီယက်
ပြည်ထောင်စု (ယခု ရုရှား) ယူကရိမ်း
နိုင်ငံတွင် ပြန်လည် ပုံရိပ်ဖော်၍ ရိုက်ကူး
ခဲ့သည်။ သောက်သောက်လဲ ဝင်ငွေပြီး
ကမ္ဘာ့ရုပ်ရှင်သမိုင်းတွင် - ထင်ရှားသည့်
မဟာမော်ကွန်းတင်ရုပ်ရှင်ကားကြီး ဖြစ်
ခဲ့ရသည်။

မှန်ပါသည်။ ဝါတာလူးစစ်ပွဲကြီး
သည် ကမ္ဘာ့သမိုင်းတွင်သာမက ပြင်သစ်
နိုင်ငံသမိုင်းတွင် မှတ်တိုင်ထူခဲ့သည်။
နပိုလီယန်၏ ပြင်သစ်စစ်သည်တော်များ
သည် ဧကရာဇ်သက်တော်ရာကျော်ရှည်
ပါစေဟု ကြွေးကြော်ရင်း အသက်ကို
စွန့်လွှတ်သွားကြ၏။ ဤစစ်ပွဲသည်
နပိုလီယန်၏ ကံကြမ္မာကို အပြီးသတ်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ခဲ့သော မဟာတိုက်ပွဲဖြစ်၏။ ယင်းတိုက်ပွဲတွင် မဟာမိတ်တို့ဘက်မှ ဗြိတိသျှဗိုလ်ချုပ်ကြီး ဝယ်လင်တန်နှင့် ဗိုလ်ချုပ်ကြီးဘလူချာတို့က ခေါင်းဆောင်ပြီး အင်္ဂလိပ်၊ ဂျာမန်၊ ရုရှား စစ်သား ပေါင်း (၁၀) သိန်းရှိသည်ဟု သိရ၏။ မဟာမိတ်တို့ထံ နပိုလီယန်က ကိုယ်စားလှယ်လွှတ်၍ ငြိမ်းချမ်းရေးလက်ခံမ်းခဲ့သော်လည်း မဟာမိတ်တို့က ပယ်ချခဲ့သည်။ နပိုလီယန်၏ စစ်သည်တော်များသည် အစွမ်းကုန်ခုခံတိုက်ခိုက်ကြသည်။ သမိုင်းမှတ်တမ်းအရ (၁၀) နာရီကျော်ကျော်တိုက်ရသည့် စစ်ပွဲဖြစ်သည်။ နောက်ဆုံးတွင် နပိုလီယန် အရေးနိမ့်၍ ဆုတ်ခွာပေးခဲ့ရသည်။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း စစ်ရေးနှင့်စီမံခန့်ခွဲမှုတွင် နပိုလီယန်သည် မည်သူမျှ မယှဉ်နိုင်အောင်ထက်မြက်သူ ဖြစ်သည်။ အောင်မြင် ပေါက်ရောက်သော စစ်ကောရာဇ်တစ်ပါးဖြစ်လာသည့်အခါ သူ၏ ရည်မှန်းချက်မှာ ဥရောပတိုက်ကိုစိုးမိုးရန် ဖြစ်သည်။ သို့ရာတွင် ထိုစဉ်ကာလက ဗြိတိသျှတို့မှာ ပြင်သစ်တို့ထက် စီးပွားရေးတွင် လည်းကောင်း၊ သံတမန်ရေးတွင် လည်းကောင်း အထူးပရိယာယ်ကြွယ်ဝသူများ ဖြစ်၏။ ကာလရှည်ကြာလာသည့်တိုက်ပွဲတွင် ဗြိတိသျှတို့သည် ပြင်သစ်တို့အား စီးပွားရေးအရ ပိတ်ဆို့နိုင်ခဲ့သည်။

နပိုလီယန်သည် ကြည်းတပ်စစ်သေနာပတိဘဝတွင် ဗြိတိသျှတို့ထက် သာသော်လည်း ရေထပ်စစ်ဆင်ရေးများတွင် ဗြိတိသျှတို့အားမယှဉ်နိုင်။ သို့ဖြစ်၍ ဥရောပတိုက်အား သူ၏အစဉ်အလာကြီးမားသော ရေတပ်ဖြင့် ပိတ်ဆို့ထားနိုင်သည်။ သံတမန်ပရိယာယ်ကြွယ်ဝသော အင်္ဂလိပ်တို့သည် ဥရောပတိုက်နိုင်ငံအချို့အား အကြိမ်ကြိမ် မဟာမိတ်ဖွဲ့၍ နပိုလီယန်အား အကျပ်ကိုင်နိုင်ခဲ့သည်။ နောက်ဆုံးတွင် 'မဖြစ်နိုင်သူးဆိုတာ ငါ့အတိုင်းအတာမရှိဘူး ဟုဆိုခဲ့သော စစ်ကောရာဇ် နပိုလီယန် (သို့) ကမ္ဘာ့နိုင်ငံအသီးသီးက စစ်ဘုရင်သုတေသီအများက စစ်သေနာပတိဘဝတွင် ပါရမီရှိသူ (Military Genius) ဟု တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ရသော စစ်ကောရာဇ် နပိုလီယန်မှာ ဝါတာလူးစစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရတော့၏။

ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများသည် နန်းကျစကောရာဇ်အား မည်သို့မည်ပုံ ဆက်လက်အရေးယူရမည့်အရေးနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ငြင်းခုံဆွေးနွေးခဲ့ကြရသည်။ ဗြိတိသျှနှင့် မဟာမိတ်တို့သည် နပိုလီယန်၏ ထူးခြားထက်မြက်သော အရည်အချင်းနှင့် စစ်ရေးစွမ်းဆောင်နိုင်မှု၊ စစ်သည်တော်များအား စည်းရုံးနိုင်မှုကို ဖြိမ့်ဖြိမ့်ထုန်အောင် ကြောက်ရွံ့ကြသည်။ နန်းကျစကောရာဇ် နပိုလီယန်အား ပြန်လည်ထီးနန်းရလာသည့် ပြင်သစ်ဘုရင် လူဝီ(စ်)လက်သို့ ဝင်ကွက်အပ်ရန် စဉ်းစားကြသည်။ ဥရောပတိုက်စစ်နိုင်ငံများက ပြင်သစ်ဘုရင် လူဝီ(စ်)လက်သို့အပ်ရန် ဝန်လေးကြ၏။

သို့ဖြစ်၍ နပိုလီယန်အား စစ်နိုင်ငံ ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများဦးဆောင်သောအဖွဲ့က စစ်ခုံရုံးဖွဲ့၍ နိုင်ငံတကာ တရားဥပဒေနှင့်အညီစစ်ဆေး၍ သေနတ်ဖြင့် ပစ်သတ်သင့်၊ မသတ်သင့်အထိ စဉ်းစားဆွေးနွေးခဲ့ကြသည်။ ဝါတာလူးစစ်ပွဲတွင် ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများ၏ တပ်ပေါင်းစုကို ဦးဆောင်ခဲ့သော ဗြိတိသျှစစ်သေနာပတိ ဝယ်လင်တန်ကမူ စစ်ဘရားခံ နန်းကျကောရာဇ်အား သေဒဏ်ကျခံစေသင့်သည်ဟုအကြံပေးခဲ့၏။

ဗြိတိသျှပါလီမန်ကမူ အင်္ဂလန်နိုင်ငံသည် လူယဉ်ကျေးတို့၏နိုင်ငံဖြစ်ရာ နိုင်ငံရေးအရ အင်္ဂလန်နိုင်ငံ၌ ခိုလှုံလိုသော နပိုလီယန်အား သေဒဏ်အဖြစ်ပေးရန်မသင့်ဟု အကျယ်တဝင့်ကန့်ကွက်ခဲ့သည်။ နောက်ဆုံး၌ ဗြိတိသျှအစိုးရသည် စစ်ရုံးသူ ဗိုလ်ချုပ်ကြီး နပိုလီယန် (နန်းကျစကောရာဇ်) အား စစ်နိုင်သူမဟာမိတ်တို့၏ ခေါင်းဆောင် အင်္ဂလန်နိုင်ငံသည် ၎င်း၏ရေတပ်မတော်မှ နာမည်ကြီး တိုက်သင်္ဘောကြီး နော့သင်္ဘာလင်နှင့် ဗြိတိသျှပိုင် စိန့်ဟဲလိနာကျွန်းသို့ ပို့ဆောင်စေခဲ့သည်။ ဗြိတိသျှတို့သည် ဗိုလ်ချုပ်ကြီး နပိုလီယန် အားဖိမ့်ဖိမ့်တုန်အောင်ကြောက်ရွံ့ဆဲဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပြင်သစ်စစ်ပြန်စစ်မှုထမ်းများနှင့် ပြင်သစ်တပ်မတော်သည် စစ်ကောရာဇ် နပိုလီယန်အား လေးစားကြည်ညိုဆဲဖြစ်သည်။ ပြင်သစ်လူထုကလည်း ပြင်သစ်ဘုရင် လူဝီ(စ်)ထက် နပိုလီယန်အား မေတ္တာထားကြသည်။ နပိုလီယန်၏ လွတ်လပ်ရေးသာတူညီမျှရေး စသည့် သဘောတရားကို ယုံကြည်ကြသည်။ သို့ဖြစ်၍ နပိုလီယန်၏လုံခြုံရေးအား အထူးတင်းကျပ်ထား၏။

သူ့အား စိန့်ဟဲလိနာကျွန်းသို့ ပို့ဆောင်သည့် စစ်သင်္ဘောကြီး နော့သင်္ဘာလင်အား အရံစစ်ရေယာဉ် (၉) စင်း က ဝါ ယာမ့ စောင့်ရှောက်လိုက်ပါစေခဲ့၏။ ထိုစဉ်က ဗြိတိသျှအစိုးရမှတ်တမ်းအရ ယခင်က စိန့်ဟဲလိနာကျွန်းတွင် အဂ္ဂ ယ်ချုပ်ဖြင့်ထားရှိတော့မည်ဟုစီစဉ်ရသောအခါ အစောင့်တပ်သား(၃၀၀၀) အထိတိုးမြင့်ချထားခဲ့၏။ ဗြိတိသျှအစိုးရအဖို့ နပိုလီယန်အား ကာကွယ်စောင့်ရှောက်ရသည့်အတွက် တစ်နှစ်လျှင် စစ်ဖရိက် ပေါင်သုံးသိန်းနှစ်ဆောင်းသုံးစွဲခဲ့ရသည်ဟု သိရ၏။

ဗြိတိသျှတို့နှင့် စစ်မဟာမိတ်များသည် နန်းကျစက ခဲရင့်သောသတ္တိထူးချွန်ထက်မြက်သော စစ်ရေးကျွမ်းကျင်မှု၊ လူထုကြည်ညိုလေးစားမှုကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်ခဲ့ကြရင်း နပိုလီယန်၏လုံခြုံရေးကို တင်းကျပ်ခဲ့ရသည်။

နန်းကျစကောရာဇ် နောက်ဆုံးကွယ်လွန်သည့်အထိ ညှိုးညှိုးငယ်ငယ်နှင့် နေထိုင်ခဲ့ရသော ကျွန်းကောရီ စိန့်ဟဲလိနာကျွန်းသည် အလွယ်အစားအားဖြင့် အလွန်သေးငယ်လှပြီး အလျား(၁၁)မိုင်နှင့် အနံ (၆) မိုင်သာရှိပြီး လူသိနည်းသော ကျွန်းကလေးတစ်ကျွန်းသာဖြစ်သည်။ ကျောင်းသုံးမြေပုံစာအုပ်များတွင်ပင် ဖော်ပြထားခြင်းမရှိခဲ့။ ထိုကျွန်းကို ဖော်ပြထားသော မြေပုံစာအုပ်များတွင်လည်း အလွန်သေးငယ်သော အစက်ကလေးတစ်စက်အဖြစ် ဖော်ပြထား၏။ လူသူကင်းဝေးသောကျွန်းကောရီဖြစ်တော့၏။ မှတ်တမ်းအရ တောင်အာဖရိကတိုက်၊ ကိတ်တောင်းမြို့မှ မိုင်(၁၇၅၀)မိုင် ကွာဝေးပြီး အင်္ဂလန်နိုင်ငံမှ မိုင် (၆၀၀၀) ကွာဝေး၏။ အမေရိကန်ပြည်ထောင်စုမှ ပင် မိုင် (၁၈၀၀) ကွာသည်။ စိန့်ဟဲလိနာကျွန်းနှင့်အနီးဆုံးကျွန်းဖြစ်သော အဆန်ရှင်ကျွန်းမှပင် မိုင် (၇၀၀) ကျော်ကွာဝေးသည်ဟုဆိုသည်။

အတိုတ်သမိုင်းကြောင်းမှတ်တမ်းများအရ ယင်းစိန့်ဟဲလိနာကျွန်းအား ပေါ်တူဂီနယ်မြေသစ်ရှာစွန့်စားသွားသူများက ခရစ်နှစ် ၁၅၀၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။ သို့သော် ထိုကျွန်းမှာ တစ်စုံတစ်ရာအမြတ်အစွန်းရရှိနိုင်ခြင်း မရှိသည်သာမက အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အခြားကျွန်းများ၊ နိုင်ငံများနှင့်မိုင်ပေါင်းများစွာကွာဝေးသော ကျွန်

www.burmeseclassic.com

www.burmeseclassic.com





သောတစ်ကျွန်းသာဖြစ်သဖြင့် ထိုကျွန်းတွင် လူများလာရောက်နေထိုင်ခြင်းမပြုကြဘဲ သို့ဖြစ်၍ အတွက်လန့်တိတ်သမုဒ္ဒရာအတွင်း လူသူကင်းမဲ့သောကျွန်းတစ်ကျွန်းဖြစ်ခဲ့၏။ ထိုကျွန်းအား ပေါ်တူဂီအုပ်ချုပ်ရလည်း စိတ်ဝင်စားခြင်းမရှိ။ သို့ဖြစ်၍ ထိုကျွန်းအား အိန္ဒိယနိုင်ငံနှင့် အရှေ့အိန္ဒိယကျွန်းစုသို့ စွန့်စားသွားလာတတ်ကြသည့် ကုန်သည်များနှင့် နယ်သစ်ရှာသူများ၊ တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံသို့ သွားရောက်ကြသော သာသနာပြုများနှင့် ကုန်သည်များလိုက်ပါကြသည့် ဝေးသင်္ဘောများ ခေတ္တလှိုင်းလေခိုရာ၊ ရေသန့်တင်ဆောင်ရာစခန်းအဖြစ်ထားခဲ့သော်လည်း လူများအခြေချနေထိုင်ခြင်းမရှိခဲ့ပေ။

ပေါ်တူဂီနိုင်ငံ ဘုရင့်ရေတပ်မတော်မှတ်တမ်းများအရ ထိုကျွန်းအား အိန္ဒိယနိုင်ငံမှ ပေါ်တူဂီနိုင်ငံသို့ ပြန်လည်ချီတက်လာသော ပေါ်တူဂီဘုရင့်ရေတပ်တော်ဗိုလ်ချုပ်ကြီး ဒီနိုဗားခေါင်းဆောင်သောစစ်သင်္ဘောစုသည် အထက်ဖော်ပြပါ လူသူနေထိုင်ခြင်းမရှိသောကျွန်းကို ခရစ်နှစ် ၁၅၀၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် တွေ့ရှိခဲ့ရခြင်းဖြစ်၏။ ထိုနေ့မှာပေါ် တူဂီဘုရင် မဟာကွန်စတင်တင်၏ ဆယ်တော် ဟီလာနာ၏မွေးနေ့ ဖြစ်၏။ သို့ဖြစ်၍ ရေကြောင်းဗိုလ်ချုပ်ကြီး ဒီနိုဗားက ဘုရင့်မယ်တော်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် စိန့်ဟဲလီနာကျွန်းဟုတင်ပွန်းတပ်ခဲ့သည်။ ထိုကျွန်းပေါ် တွင် သူနေထိုင်ခြင်းမရှိသော်လည်း စိမ်းစိမ်းသာသစ်တောအုပ်များ၊ ရေသန့်ရေအိုင်များ တိရစ္ဆာန်များ၊ ကျေးငှက်အမျိုးမျိုး ဆွေ့ရ၏။

ရေကြောင်းဗိုလ်ချုပ်ကြီး ဒီနိုဗားသည် သူ့ရေတပ်သင်္ဘောများပေါ် တွင်ပါလာသည့် ကြက်၊ ငှက်များ၊ ဆိတ်များအား ထိုကျွန်းပေါ်တွင် ဘေးမဲ့လွှတ်ထားခဲ့သည်ဟု သိရ၏။ ထိုကျွန်းပေါ်တွင် ဘေးမဲ့လွှတ်ထားခဲ့သော ဆိတ်များမှာ အစာရေစာပေါများသည့်အလျောက် အလွန်ထွားကျိုင်းကြိုးမားသဖြင့် နောင်အခါ သတ္တဗေဒပညာရှင်များက ထိုကျွန်းမှ ဆိတ်အမျိုးအစားအား Caprus Hellenicus ဟု သတ္တဗေဒအထူးနာမည်ပေးခဲ့၏။

ထိုပေါ်တူဂီပိုင် စိန့်ဟဲလီနာကျွန်းပေါ်သို့ ပထမဆုံးနေထိုင်ခဲ့ရသူ အကျဉ်းသားမှာ ပေါ်တူဂီလူမျိုး ဖာနန်ဒိုလို့(၆) ဆိုသူ ဖြစ်သည်။ သူသည် လူကုံထံတစ်ဦး၏ သားဖြစ်သော်လည်း ဥပဒေချိုးဖောက်ခဲ့သဖြင့် သူ့အားဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး အထက်ဖော်ပြပါကျွန်းတွင် တစ်ဦးတည်းနှစ်ပေါင်း(၃၀)နေထိုင်ခဲ့ရသည်ဟုဆို၏။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အရှေ့တိုင်းသား ပေါ်တူဂီလှေသင်္ဘောများ၏ခေတ္တနားခိုရာ၊ စခန်းချရာဖြစ်လာသော်လည်း အမြဲတမ်းလူနေထိုင်ခြင်းမရှိခဲ့။ ထိုကျွန်းပေါ် တွင် စွန့်ပလွှဲပင်၊ အုံပင်၊ သရက်ပင်၊ ငှက်ပျောပင်၊ နာနတ်ပင်၊ ရှောက်ပင်များ စိုက်ပျိုးထားခဲ့ကြသည်ဟု သိရ၏။

ခရစ်နှစ် ၁၅၈၁ ခုနှစ်တွင်မူ ဗြိတိသျှပင်လယ်ဓားပြဗိုလ်ကြီးဂျိမ်း(စ်)ဖင်တန်သည် ထိုကျွန်းအား ပေါ်တူဂီတို့လက်မှသိမ်းဖို့ရန် ကြံစည်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ပေ။ ဤရာစုနှစ်များအတွင်း ဗြိတိသျှအမျိုးသား ကုန်သွယ်ရေယာဉ်မှူး မစ္စတာကပင်ဒစ်(ရ်)၏ ရွှက်သင်္ဘောသည် စိန့်ဟဲလီနာကျွန်းတွင် ခိုလှုံခဲ့ရသည်။ ရေယာဉ်မှူးကြီး မစ္စတာကပင်ဒစ်(ရ်)မှာ စူးစမ်းလေ့လာမှုကို စိတ်ဝင်စားသူဖြစ်၏။ သူစိန့်ဟဲလီနာကျွန်းတွင် ခေတ္တသောင်တင်နေစဉ် ကျွန်း၏ သဘာဝပေါက်ပင်၊ ရေမြေတောတောင်၊ ထိုကျွန်းပေါ်ရှိ ကျေးငှက်တိရစ္ဆာန်များကို စနစ်တကျ လေ့လာမှတ်သား၍ သက်ဆိုင်ရာသို့ အစီရင်ခံစာတင်သွင်းခဲ့သည်။

မှတ်တမ်းအရ မစ္စတာကပင်ဒစ်(ရ်) သည် ထိုကျွန်းပေါ်တွင် (၁၂) ရက်သောင်တင်နေခဲ့ရာ သူ့အစီရင်ခံစာမှာ အထူးပြည့်စုံသည်ဟု သိရ၏။ ဤတွင် ဗြိတိသျှဘုရင့်ရေတပ်မတော်မှ တာဝန်ရှိသူများသည် စိန့်ဟဲလီနာကျွန်းအား စိတ်ဝင်စားလာသည်။ ထိုစဉ်ကာလကဟိုးဟိုးကျော်နေသော အရှေ့အိန္ဒိယကုမ္ပဏီသည် ထိုကျွန်းအား တိုက်ခိုက်သိမ်းယူ၍ ကုမ္ပဏီပိုင်သင်္ဘောများလိုင်းလေခိုရာနှင့် ရေသန့်ရိက္ခာစုဆောင်းရာကြားစခန်းအဖြစ် ထားရှိခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီပိုင် ကုန်စည်များထားရန် ကုန်လှောင်ရုံများ တည်ဆောက်ထားရှိပြီး ကုမ္ပဏီဝန်ထမ်းများနှင့် တပ်သားများချထားခဲ့ရာမှ စိန့်ဟဲလီနာကျွန်းမှာ တစ်စတစ်စနှင့် လူများအခြေချနေထိုင်သော ကျွန်းတစ်ကျွန်းဖြစ်လာခဲ့၏။

အတိတ်သမိုင်းကြောင်းများအရ နပိုလီယန်သည် သူစစ်ကေရာဇီဖြစ်လာသည့် ခရစ်နှစ် ၁၈၀၂ ခုနှစ်ကပင် ဤကျွန်းဧကရီအား စိတ်ဝင်စားခဲ့သည်။ ဗြိတိသျှပိုင်အိန္ဒိယတိုက်ငယ်ကိုသိမ်းပိုက်နိုင်ရေးတွင် ဤကျွန်းအား ပထမဦးဆုံးသိမ်းပိုက်ရမည်ဟု သူ့နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားခဲ့သည်။ ၁၈၀၄ ခုနှစ်တွင်မူ ထိုကျွန်းအား ဗြိတိသျှတို့လက်မှသိမ်းပိုက်ရန်စီစဉ်ပြီး ထိုကျွန်းတွင် ပြင်သစ်စစ်သည်တော်(၁၂၀၀)မှ(၁၅၀၀) အထိ တပ်သားများချထားရန် ရည်ရွယ်ထားခဲ့သည်။ သို့သော် ဥရောပတိုက်တွင် ဖြစ်ပွားလာခဲ့သော စစ်ရေးကြောင့် ထိုအစီအစဉ်ပျက်ခဲ့ရ၏။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည်ပေတော့မည်။ ၁၈၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်ချိန်ကသူသိမ်းပိုက်ရန် မျှော်မှန်းထားသော ကျွန်းကေရိစိန့်ဟဲလီနာကျွန်းသို့ နန်းကျကေရာဇ်ခမျာ ဗြိတိသျှတို့၏ မလိုလားအပ်သော အကျဉ်းသားတစ်ဦးအဖြစ် ရောက်လာခဲ့ရသည်။ ဤကျွန်းလေးတွင် ညှိုးညှိုးငယ်ငယ်နှင့်စံနေခဲ့ရပြီး ခရစ်နှစ် ၁၈၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကံတော်ကုန်ခဲ့သည်ဟုဆိုကြပါကြောင်း။

လှမ်းထက်

ကျမ်းကိုး -

၁။ The Emperor's Last Island
By - J. Blackburn.

၂။ Battles That Changed History.

www.burmeseclassic.com

www.burmeseclassic.com

ရန်မျိုးအောင်
(ရုပ်ရှင်ပြေးကျော်ကြီး)

ကြက်စောင်းတောင်မှ ဖြစ်ရပ်ဆန်းများ

တစ်နေ့သော နေ့တစ်နေ့၌ သန်းထွန်းနိုင် ကျွန်ုပ်ထံ ရောက်လာပါသည်။ သန်းထွန်းနိုင်သည် ကျွန်ုပ်နှင့် ညီအရင်းအစ်ကိုတမျှ ရင်းနှီးသူဖြစ်ပါသည်။

သန်းထွန်းနိုင်သည် ဂန္ဓိရဆန်သည့်အကြောင်းများ၊ တစ္ဆေသရဲအကြောင်းများကို ကျွန်ုပ်ကဲ့သို့ ဝါသနာပါသူဖြစ်၏။ ကျွန်ုပ်ထံရောက်လာသည့်အခါတိုင်း ထူးဆန်းသည့် အကြောင်းတစ်ခုခုကို သယ်ဆောင်လာတတ်ပါသည်။

ယခုလည်း ကြက်စောင်းတောင်မှ ထူးဆန်းသည့် အကြောင်းအရာများကို သယ်ဆောင်လာခဲ့လေသည်။ သူသူငယ်ချင်းမိုးနိုင် ပြောပြသည်များကို ကြားတစ်တောင်ဖြစ်ပါသည်။ ဇရပ်ကွင်း ရွာနှင့်ဆိုလျှင် သုံးမိုင်လောက်ဝေးပါသည်။

မိုးနိုင်တို့သုံးယောက် ကြက်စောင်းတောင်လိုက်ဂူကြီး၏ အတွင်းပိုင်းသို့ ဝင်လိုက်သည့်အခါ အံ့သြစရာကောင်းလောက်အောင် အင်မတန်မှ ကြီးမားလှသော သစ်လုံးကြီးတစ်လုံးကို တွေ့ကြရသည်။ ထိုသစ်လုံးကြီး၏ လုံးပတ်မှာ ယောက်ျားကြီးသုံးလေးယောက်ဖက်စာခန့် ကြီးမားပါသည်။ သစ်လုံးကြီး၏ အရှည်ကတော့ ပေနှစ်ဆယ်ကျော်လောက်ရှိမည်ထင်ပါသည်။

သစ်လုံးကြီး၏ တစ်ဖက်မှာ ထူးထူးဆန်းဆန်း စမ်းချောင်းလေးတစ်ခုကို တွေ့ရပြန်ပါသည်။ စမ်းချောင်းလေးအတွင်းစီးဆင်းနေသောရေများမှာ သူတို့စိတ်ဝင်စားကြပါသည်။ သို့သော်လည်း သူတို့ဘာမှမတတ်နိုင်ကြပါ။ ဒါကြောင့် ကြည့်ရှုမြင်ရုံမျှဖြင့်သာရှိပါသည်။ ထို့ကြောင့် သူတို့အတွက် လက်တွေ့အသုံးဝင်မည့် လင်းနို့ခွေးများကိုသာ ကျူးပြီးပြန်ခဲ့ကြပါသည်။

❑

"အဲဒါပဲ အာစရိရေ့ မိုးနိုင်ပြောပြတာသိရကတည်းက ထူးထူးဆန်းဆန်းဖြစ်နေလို့ အာစရိအတွက် စာရေးဖို့ ကုန်ကြမ်းရနိုင်တယ်ဆိုပြီး ပြောပြဖို့ အာစရိဆီပြေးလာခဲ့တာပဲ"

ဟင် - မင်းဟာကလည်းကွာ ဒီနေရာတင်အဆုံးသတ်သွားပြီဆိုတော့ မင်းယူလာတဲ့ကုန်ကြမ်းကြီးကို ကုန်ခွေ

စာရေးရန် ဝါသနာပါသော ကျွန်ုပ်ကို တစ်ဆင့်ဖောက်သည်ချရန်ဖြစ်ပါသည်။

သန်းထွန်းနိုင်မှ ကျွန်ုပ်အား ပြောပြသည့် အကြောင်းများမှာ အောက်ပါအတိုင်းသာ ဖြစ်ပါတော့သည်။

ဂူကြီးထဲမှ ထူးဆန်းသောစမ်းချောင်းလေးနှင့် ပဲ့ချိတ်ကလေး

သန်းထွန်းနိုင်၏ သူငယ်ချင်း မိုးနိုင်သည် လင်းနို့ခွေးများလိုက်ကျူးပြီး ဈေးကွက်မှာတင်သွင်းရောင်းချသူဖြစ်ပါသည်။

တစ်နေ့သောနေ့တစ်နေ့မှာ မိုးနိုင်နှင့်အတူ အပေါင်းပါ သုံးယောက်ဟာ ကြက်စောင်းတောင် ရှေ့ဟောင်းလိုက်ဂူကြီးအတွင်းမှာ လင်းနို့ခွေးများပေါသည်ဆို၍ လင်းနို့ခွေးများကျူးရန် လိုက်ဂူကြီးထဲသို့ရောက်ခဲ့ကြသည်။

ကြက်စောင်းတောင်ဆိုတာကတော့ သပိတ်ကျင်းမြို့နယ်အတွင်း မန္တလေး-မိုးကုတ်ကားလမ်းဘေးမှာရှိသောတောင်ကြီးဖြစ်အောင် ငါကဘာဆက်လုပ်ထို့မှာလဲ။ ပြီးတော့ ဒါကိုလည်း စာရေးအောင် သိပ်ပြီးမထူးဆန်းလှပါဘူးထွာ

ကျွန်ုပ်က ထိုကဲ့သို့ ပေါ့ပြက်ပြန်ပြောလိုက်သောအခါ သန်းထွန်းမှာ အားမလိုအားမရဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

"ထူးတာပေါ့ အာစရိရယ်၊ အလွန်ခေတ်စဲတဲ့လိုက်ဂူကြီးထဲမှာ စမ်းချောင်းကလေးကကော ဘယ်ကလာပြီးဘယ်မှာ စီးဆင်းသလဲဆိုတာရယ်၊ ပြီးတော့ စစ်အတွင်းမှာ အသုံးပြုတဲ့ ပဲ့ခ်ျိတ်ဘုတ်ကလေးကကော ဘာကြောင့် ဒီလိုက်ဂူထဲရောက်နေသလဲ ဆိုတာတွေဟာ စိတ်ဝင်စားစရာတွေမကောင်းဘူးလား အာစရိရဲ့"

"လိုက်ဂူကြီးထဲမှာ စမ်းချောင်းကလေးရှိနေတာကတော့ အံ့သြစရာကောင်းတယ်ပဲထားဦး။ ဘယ်ကစီးလာသလဲဆိုတာတော့ ငါလည်းမတွေးတတ်ဘူးကွာ။ အဲ - ဘယ်မှာစီးဆင်းမလဲဆိုတာကတော့ ငါ့အထင် ရောဝတီမြစ်နဲ့ ပေါက်လိမ့်မယ်ထင်တယ်။ ဒါကြောင့် ဒီသားပဲ့ခ်ျိတ်ဘုတ်လေး ဒီအထဲရောက်နိုင်တာပေါ့ကွ မဟုတ်ဘူးလား။ စစ်အတွင်းတုန်းက စစ်ရဲ့ကစ်တစ်တပ်စာ ရန်သူကိုတိမ်းရှောင်ရင်း စီးချောင်းလေးအတိုင်း ဧမာင်းခြွေးလာရာကနေ ဒီလိုက်ဂူထဲ ရောက်လာတာနေမှာပေါ့ကွာ"

"ဟာ - ဟုတ်ပြီ၊ ဒါဆိုရင် ဒီပဲ့ခ်ျိတ်ဘုတ်လေးနဲ့ပတ်သက်ပြီး နောက်ဆက်တွဲလျှို့ဝှက်ချက်တစ်ခုခုတော့ ရှိကိုရှိရမယ်ဗျာ။ အဲဒီလျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်မယ့်ဆက်စပ်ပစ္စည်းတစ်ခုဖြစ်ကောင်းဖြစ်နိုင်တယ်။အဲဒါကတော့ မြေပုံစာရွက်တစ်ခုပဲ အာစရိ"

"အေး - ဟုတ်ပါပြီ၊ အဲဒီမြေပုံစာရွက်က ဘယ်မှာရှိသလဲ"

ကျွန်ုပ်က ထိုသို့မေးလိုက်သည့်အခါ သန်းထွန်းနိုင်မှ -

"ကျွန်တော့်အိမ်မှာရှိတယ်။ အာစရိခဏစောင့်"

သန်းထွန်းနိုင်မှ ထိုသို့ပြောပြီး ဆိုင်ကယ်ဖြင့် သူ့အိမ်သို့သွားပြီး သူရခဲ့သည့် မြေပုံစာရွက်ကို သွားယူပါသည်။ ခဏအကြာပြန်ရောက်လာ၏။

သန်းထွန်းနိုင်သည် အိတ်ကပ်ထဲမှ စာရွက်ခေါက်ကလေးတစ်ခု ကျွန်ုပ်အား လှမ်းပေးပါသည်။ သူပေးသည့် စာရွက်ကလေးကို ဖြန့်ကြည့်လိုက်သည့်အခါ မြေပုံအမှတ်အသားများကို တွေ့ရပါသည်။

စာရွက်ပေါ်မှာရေးဆွဲထားတာက တောင်ကုန်းသဏ္ဌာန်များနှင့် ကားလမ်းဟုထင်ရသော အစင်းကြောင်းကြီးကို လည်း ဆွဲထားပါသည်။ ထိုကားလမ်းဟုထင်ရသောအကြောင်းကြီးနားမှာ (၆၆-

www.burmeseclassic.com

www.burmeseclassic.com

J) ဆိုတာက တစ်နေရာ (၃၂-၃၂) ဆိုတာက တစ်နေရာပြထားပါသည်။ ပြီးတော့ တောင်ကုန်းတစ်ကုန်းအလယ်မှာ (၈+၅၄) ဆိုတဲ့ ဂဏန်းတွေလည်း ရေးထားပါသည်။ ထိုဂဏန်းများ၏ အနီးမှာ သေတ္တာကြီးတစ်လုံးကို ရေးဆွဲထားပြန်ပါသည်။ ထိုသေတ္တာ၏အဖုံးပေါ်မှာ (၁၈၄၁-၁၉၄၂) ဆိုတဲ့ ခရစ်သက္ကရာဇ်နှစ်ခုကို ရေးပြထားပါသည်။ သေတ္တာ၏ဘေးမှာလည်း 'ပြည်လေးနန်းဆာ' ဟုမြန်မာစာနှင့်ရေးထားသည်ကို တွေ့ရပါသည်။

စာရွက်ကလေးပေါ် ရေးထားသည်များကို အသေအချာကြည့်ပြီးလျှင် ကျွန်ုပ်က -

"ဒါကတော့ မင်းပြောသလို မြေပုံအမှတ်အသားတစ်ခုဖြစ်နိုင်တယ်ကွ။ ဒါနဲ့နေပါဦး၊ ဒီမြေပုံကို မင်းဘယ်ကရလာတာလဲ ပြောပြပါဦး"

ကျွန်ုပ်က မေးလိုက်သည့်အခါ သန်းထွန်းနိုင်က ကွမ်းယာတစ်ယာယာပြီးဝါးနေပါသည်။ ပြီးမှ -

"ဒီမြေပုံစာရွက်ကို ရလာတာက နှစ်အတော်ကြာပါပြီ။ ဆယ်နှစ်လောက်ကို ရှိပြီထင်တာဘဲ အာစရိရ။ တွေ့ပုံက လည်း အတော်ထူးဆန်းပါတယ် အာစရိရာ"

❑ သချိုင်းကုန်းမှရသည့်ရတနာမြေပုံ

သန်းထွန်းနိုင်သည် သူငယ်ချင်းဖြစ်သူ လှငွေ၏ရွာသို့ အလည်လိုက်လာခဲ့ပါသည် ။ လှငွေ၏ရွာမှာ မတ္တရာမြို့နယ်က သဖန်းဒေါင့်ရွာဖြစ်ပါသည်။ လှငွေတို့ရွာရောက်ပြီး နောက်တစ်ရက်မှာ လှငွေတို့သားအဖနှင့်အတူ ထယ်ထိုးရာတောသို့ လိုက်လာခဲ့ပါသည်။

တောရောက်တော့ သူတို့သားအဖက မြေပဲခင်းကို ထယ်ထိုးကြသည့်အခါ သန်းထွန်းနိုင်မှာ နေကလည်ပူ၊ ပျင်းကလည်းပျင်းဆိုတော့ လှငွေ၏လေးခွလွယ်အိတ်လွယ်ကာ အခင်းနှစ်ကွက်ကျော်လောက်မှာရှိသည့် သချိုင်းကုန်းထဲမှ ညောင်ပင်အောက်သို့ ဒုက်ပစ်ရန် ထွက်ခဲ့ပါသည်။

သန်းထွန်းနိုင်သည် ညောင်ပင်ပေါ်မှာကူနေသောချိုးကို အသေအချာချိန်ပြီးပစ်ထည့်လိုက်ရာ ချိုးမှာ လောက်စာလုံးမှန်ပြီး ညောင်ပင်အောက်ရှိချုံပုတ်ထဲသို့ ကျသွားပါသည်။ ချုံပုတ်ထဲကျသွားသည့်ချိုးကိုကောက်ရန် ဝမ်းသာအားရဖြင့်ပြေးအသွား လူသေကောင်မြှုပ်ထားသည့်မြေပုံမှာ စိုက်ထားသော အသားတိုင်လေးကို ဝင်တိုက်မိပါတော့သည်။ လူလည်း ဟပ်ထိုးလဲမလိုဖြစ်သွားပါသည်။

သန်းထွန်းနိုင်သည် ချုံထဲကျသွားသည့်ချိုးကိုကောက်ယူလာပြီး အစောက သူဝင်တိုက်မိသော သစ်သားတိုင်ကို ကြည့်လိုက်မိပါသည်။ သစ်သားတိုင်မှာ နှစ်ခြမ်းကွဲနေသည်ကို တွေ့လိုက်ရ၏။ အသေအချာကြည့်လိုက်တော့ ကွဲသွားသောအသားခြမ်းထဲမှ စာရွက်လိပ်လေးတစ်လိပ်ကိုတွေ့သဖြင့် ဘာစာရွက်လေးပါလိမ့်မလဲဆိုပြီး ကောက်ယူလိုက်ပါသည်။ ပြီးနောက် စာရွက်လိပ်ကိုဖြန့်ကြည့်လိုက်ရာ မြေပုံအမှတ်အသားများနှင့်တူသော အမှတ်အသားများရေးဆွဲထားသည်ကို တွေ့ရပါသည်။ ကွဲသွားသည့် အသားချောင်းအခြမ်းကိုကောက်ယူကြည့်လိုက်တော့လည်း ပိတောက်သားကို လွန်ဖြင့် အသေအချာဖောက်ပြီး စာရွက်လိပ်ကလေးကိုထည့်ထားခြင်းဖြစ်သည်။

သန်းထွန်းနိုင်၏ စိတ်ထဲမှာတော့ ဒီစာရွက်လိပ်လေးဟာ သာမည ပေါ့ပေါ့တန်တန်စာရွက်တော့မဖြစ်နိုင်ဘူးဆိုပြီး အကျိအိတ်ကပ်ထဲထည့်ယူလာခဲ့ပါသည်။ လှငွေနှင့် သူ့အဖေကိုတော့ စာရွက်လိပ်ကလေးနှင့်ပတ်သက်ပြီး ပြောမပြဘဲ အဝတ်အစားအိတ်ထဲ ကျကျနနထည့်ထားလိုက်ပါသည်။

လှငွေတို့ရွာကနေ ပြန်လာပြီး ခြောင်းကြီးက သူ့အိမ်ပြန်ရောက်သည့်အခါ စာရွက်လိပ်ကလေးကို သတိရ၍ အဝတ်အစားအိတ်ထဲမှထုတ်လိုက်ရာ စာရွက်ကဆွေးနေသည့်အတွက် စုတ်ပြဲသွားပါသည်။ စုတ်ပြဲသွားသည့်စာရွက်အပိုင်းစလေးများအား ထမင်းစားပွဲခုံပေါ် ကျကျနနတင်ပြီး မီးဖိုချောင်ထဲမှ အရန်သင့်တွေ့သော ကြာဆံထုပ်သည့် စက္ကူပေါ်မှ ထမင်းလုံးကော်ဖြင့်ကပ်လိုက်သည်။ထို့နောက် ကြာဆံထုပ်သည့်စက္ကူကို ကတ်ကြေးဖြင့်ဖြတ်ပြီး မူရင်းစာရွက်ပေါ်မှာရေးဆွဲထားသည့်အတိုင်းခဲတံဖြင့်ကူးယူ ရေးဆွဲထားလိုက်ပါသည်။

သန်းထွန်းနိုင်မှာ ထိုစာရွက်လိပ်ကလေး မိမိလက်ဝယ်ရရှိသည့်အချိန်မှစပြီး စာရွက်ပေါ် ရေးဆွဲထားသည့်မြေပုံအမှတ်အသားများကို ဉာဏ်မီသလောက် အကြိမ်ကြိမ်အခါခါ စဉ်းစားဖော်ကြည့်ပါသည်။ ဘာမှထူးခြားမလာပါ။ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများကိုပြကြည့်တော့လည်း မည်သူမျှ တိတိကျကျ အဖြေကိုမပေးနိုင်ကြပါ။

တစ်ခါကတော့ လက်ဖက်ရည်ဆိုင်မှာကားစောင့်ရင်း လက်ဖက်ရည်သောက်နေသော အသက်ကြီးကြီး ဘိုးတော်တစ်ယောက်နှင့် စကား လက်ဆုံကြရာကနေ သန်းထွန်းနိုင်မှ မြေပုံစာရွက်ကလေးရရှိပုံကို ဘိုးတော်အား ပြောပြလိုက်သည့်အခါ ဘိုးတော်မှ မြေပုံစာရွက်ကလေးအား ပြစမ်းပါဆို၍ ပြလိုက်ပါသည်။ ဘိုးတော်မှမြေပုံစာရွက်ကို အသေအချာကြည့်ပြီးလျှင် -

"ဒါ ရတနာမြေပုံပဲဖြစ်မယ်ကွ"

ဟု ပြောပါသည်။

သန်းထွန်းနိုင်က စိတ်ဝင်စားစွာဖြင့် ဘိုးတော်ပြောမည့်စကားများကို ဂရုတစိုက် နားထောင်နေမိပါသည်။ ဘိုးတော်မှစာရွက်ကိုအသေအချာကြည့်ပြီး စကားကိုဆက်ပြောပါသည်။

"စာရွက်ပေါ်မှာ ရေးထားတဲ့သင်္ကေတအမှတ်အသားတွေ ကြည့်ရတာကတော့ ရတနာသေတ္တာတစ်လုံးကို ဝှက်ပြီးဝှက်တဲ့နေရာကို အမှတ်အသားလုပ်ထားတာပဲကွ။ ဘယ်နေရာ၊ ဘယ်ဒေသဖြစ်မယ်ဆိုတာတော့ မသိဘူးဗျ့ကွာ"

သန်းထွန်းနိုင်က ဘိုးတော်ပြောနေသည့်အချိန် မည်သည့်စကားမှဝင်မပြောဘဲ ငြိမ်ပြီးနားထောင်နေပါသည်။ ယခုပြောပြသွားသည့်အဆင့်အထိတော့ မိမိတို့လည်း တွေးမိခဲ့ပါသည်။ သို့သော် ဘိုးတော်မှပြောသည့်စကားများကိုသာ စိတ်ထဲက မှတ်ထားရန်သာ ဖြစ်သည်။ ဒါ့ကြောင့် -

"ဟုတ်ကဲ့ အဘ၊ ဆက်ပြောပြပါဦး"

"ဟုတ်မယ်၊မဟုတ်မယ်တော့မသိဘူးပေါ့ ငါတူရာ၊ အဘအထင်ပြောရုံပေါ့ဒီ ပြည်လေးနန်းဆာဆိုတဲ့စာတာလည်း အတိုကောက်သုံးထားတာပဲတဲ့"

"ဟုတ်ကဲ့ အဘ"

"ပြည် ဆိုတာက ပြည်တန်ဆာသဘောပဲ။ လေး ဆိုတာက လေးနှစ်လေးခုလို့ အဓိပ္ပာယ်ကောက်လို့ရနိုင်တယ်။ အဲဒီတော့ ပြည်တန်တဲ့ပစ္စည်းလေးမျိုးပေါ့ကွာ။ နောက်ပြီး နန်းဆာဆိုတာက လည်း နန်းနဲ့ဆာကို နှစ်မှတ်ပြီး အတိုကောက်ယူတဲ့သဘောပဲ။ အဲဒီတော့ကွာ အကျယ်ကို ဆက်စပ်ကောက်ကြည့်ရင် နန်းဝတ်တန်ဆာဆိုတဲ့ အဓိပ္ပာယ်မျိုးရနိုင်တာပေါ့ ငါ့တူရာ"

ဘိုးတော်ကြီးမှ တစ်ခုချင်းအဆင့်ဆင့်ရှင်းပြတော့မှ သန်းထွန်းနိုင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပြည်းဖြည်း သဘောပေါက်လာ၏။ ခေတ္တခဏ ဝမ်းသာအားရဖြင့်-

"ဟုတ်တယ် အဘရေ၊ အဘ ပြောပြမှ ရှင်းရှင်းလင်းလင်း သဘော ပေါက်လာပြီ။ ဆက်ပြီးပြောပြပါဦး အဘ"

"ဘာဆက်ပြီးစဉ်းစားစရာလိုမလဲ ကြည့်တန်တယ်ဆိုတဲ့စကားအဓိပ္ပာယ် ကလည်း စာတွေပေတွေထဲမှာ တွေ့ဖူးကြားဖူးတာကတော့ ပြည်တန်တဲ့ပတ္တမြား ဆိုတာ တွေ့ဖူးမှာပါ။ အဲဒီတော့ကွာ ဒီမြေပုံပေါ်က သေတ္တာထဲမှာ ပြည်တန် ဘဝတ္ထုများလေးလုံးနဲ့ နန်းဝတ်တန်ဆာ ဆွဲထည့်ထားတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ကောက်ယူရုံပေါ့ကွ။ ဒါကြောင့် အဘ က ရတနာမြေပုံဖြစ်ရမယ်လို့ပြောရတာ ပေါ့ကွာ။ ကဲ- အဲဒါပဲ ငါတူရေ၊ ကားဘီးလာပြီ။ အဘသွားတော့မယ်"

ဘိုးတော်ကြီးမှ ထိုသို့ပြောပြီး သူသောက်သည့် လက်ဖက်ရည်ဖိုးရှင်း ခြင်္သေ့ပြင်လိုက်စဉ် သန်းထွန်းနိုင်က -

"ဟာ - အဘ မရှင်းခဲ့ပါနဲ့၊ ကျွန်တော် ရှင်းလိုက်ပါမယ်။ နောက် တစ်ခေါက် ချောင်းကြီးကိုရောက်ရင် ကျွန်တော်အိမ်ဝင်ခဲ့ပါ။ ကျွန်တော် အမည် ဆံရှည်သန်းထွန်းနိုင်လို့မေးရင် သူတိုင်းသိပါတယ်။ မေးပြီးလာခဲ့နော်"

"အေးအေး - ရောက်ရင်တော့ လာခဲ့မယ်။ ကဲ - သွားမယ်နော်"

ဘိုးတော်ကြီးမှ ပြောပြောဆိုဆို ဆိုင်ရှေ့ရောက်လာသော ကားပေါ် သို့ တက်သွားပါတော့သည်။

❑

"မင်း မြေပုံစာရွက်ကလေးတွေ့ တာတာလည်း အတော်ထူးဆန်းလှပါ လား။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တဲ့ ဘိုးတော်ပြောပြတာတွေက လည်း အတော်နီးစပ်ပါတယ်။ သူပြော တဲ့အတိုင်းဆိုရင် ဒီမြေပုံဟာ ရတနာမြေ ပုံတစ်ခုဆိုတာ သေချာသလောက်ဖြစ် နေပြီကွ။ ဒါပေမယ့်ကွာ ဘယ်သူတွေက ဘယ်နေရာမှာဝှက်ထားခဲ့တယ်ဆိုတာ အသေတော့ခက်တယ်ကွ"

ကျွန်ုပ်က ထိုသို့ပြောလိုက်တော့ သန်းထွန်းနိုင်က သူဆံရှည်ကြီးကို လက် နှင့်ထိုးဖွရင်း -

"ဟာ - အာစရိကလည်းဗျာ၊ နေရာအတိအကျသိမှတော့ သွားရှာရုံ ပဲမဟုတ်လား။ နေရာအတိအကျမသိလို့ ခက်နေတာပေါ့ဗျ။ အာစရိကို အစော ပိုင်းက ကျွန်တော်ပြောတယ်မဟုတ် လား။ ကြက်စောင်းတောင်လိုက်ဂူထဲက ပဲ့ချိတ်ဘုတ်ကလေးနဲ့ ပတ်သက်နိုင်မယ် လို့ထင်ရတဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျွန်တော်ဖော်ပြခဲ့ပြီနော်။ အဲဒီပဲ့ချိတ် ဘုတ်ကလေးနဲ့ရော ဟောဒီမြေပုံစာရွက် လေးနဲ့ရော ဆက်နွှယ်ပတ်သက်နိုင်မယ် လို့ထင်ရမယ့်အကြောင်းအရာဇာတ်လမ်း တစ်ပုဒ်ကျန်သေးတယ်။ ကျွန်တော်ဆက် ပြောပြမယ် အာစရိနားထောင်။ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ နောက်မှဦးနှောက်စား"

"ဟာကွာ-မင်းဇာတ်လမ်းတွေက မပြီးသေးဘူးလားကွ။ ရာဇဝင်သိုင်းဝတ္ထု ဖတ်နေရသလိုပါပဲလား။ ကဲပါလေ၊ နားထောင်လုက်စနဲ့ ဆက်ပြီးနားထောင် ရုံပေါ့ဗျာ"

ကျွန်ုပ်ဟာ စာရေးဖို့ကုန်ကြမ်းရ ချင်နေသူဆိုတော့ နောက်ထပ်သူပြော လာမယ့်အကြောင်းများကို စိတ်ရှည်ရှည် နှင့် နားထောင်ရပါတော့မည်။

"ဒီလိုအာစရိရ၊ ကျွန်တော်နဲ့မိုးနိုင် တို့မတွေ့ခင် သုံးလလောက်က မတ္တရာ ခြံထဲဘက်က မခင်ဌေးဆိုတဲ့ အမျိုးသမီး ကြီးတစ်ယောက်နဲ့ ကျွန်တော်ခင်မင်ရင်း နှီးခဲ့ကြတယ်။ သူက သူ့သားဆီလာရင်း ကျွန်တော်တို့အိမ်မှာတည်းတယ်။ သူ့ သားက မြောက်ခဲတောင်မှာ ကျွန်တော် နဲ့အတူ လုပ်ငန်းလုပ်တာပါ။

အဲဒီ မခင်ဌေးက ကျွန်တော့်ကို သူ့အဖေ ဟောလီဦးဘတင်တို့ကို ဂျပန် စစ်သားတွေဖမ်းသွားတဲ့အကြောင်းပြော ပြတယ်။ သူ့ကိုလည်း သူ့အဖေဦးဘတင် မဆုံးခင်က ခဏခဏပြောပြလို့သိရတာ တဲ့"

"နေပါဦးကွ၊ အဲဒီဦးဘတင်ကို ဘာလို့ ဟောလီးဘတင်လို့ခေါ် ရတာလဲ ကွ"

ကျွန်ုပ်က ကြားဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

"ဟောလီးပုတ်တာ ဝါသနာကြီး လို့ခေါ် တာနေမှာပေါ့ အာစရိရာ၊ အဲဒီ ဟောလီးဘတင်တို့ကို ဂျပန်တွေဖမ်း သွားတဲ့အကြောင်း ကျွန်တော်ပြောပြ မယ်"

❑ ဂျပန်များဝှက်ထားခဲ့သော ရတနာသေတ္တာကြီး

မြန်မာနိုင်ငံတော်ကြီးကို ဂျပန်တွေ ကြီးစိုးအုပ်ချုပ်နေသည့်အချိန် ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော မျိုးချစ် ဗမာ့တော်လှန်ရေးတပ်တွေဟာ အင်္ဂလိပ် ကို မဟာမိတ်အဖြစ် ပြန်ပူးပေါင်းပြီး ဂျပန်တွေကိုတိုက်ထုတ်ကြတဲ့အခါ ဂျပန် စစ်တပ်တွေ အရေးနိမ့်ပြီးဆုတ်ခွာနေ သည့်အချိန်မှာ ဂျပန်စစ်သားများသည် စက်လှေတစ်စီးဖြင့် မန္တလေးဂေါဝိန် ဆိပ်ကမ်းမှ ရောဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာကြသည်။ ထိုသို့ စက်လှေ ဆန်တက်လာရင်း ရောဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ပေါက်ဝဲ၊ သမင်ခြံ၊ အာလောင်၊ နန်းတော်ကျွန်း၊ သုံးဆယ် ပေး၊ ငယ်တိုး၊ သဖန်းဒေါင့် စသည့်ရွာ များမှ တွေ့သမျှ ယောကျ်ားများကို ခွေးတပ်သားအဖြစ် ပေါ်တာဆွဲကြပါ သည်။

ပေါ်တာအဆွဲခံရသည့်အထဲတွင် သဖန်းဒေါင့်ရွာသားများဖြစ်ကြသော ဟောလီးဘတင်နှင့် ကိုမြဆောင်၊ ငယ်တိုးရွာသား ကိုဘချမ်း၊ ကိုလှကွန် တို့ လေးယောက် အပါအဝင် ခွေးတပ် သားသုံးဆယ်လောက်ပါသွားကြပါသည်။

ဂျပန်စစ်သားများဟာ ခွေးတပ် သားတွေ စက်လှေပေါ် ရောက်တာနှင့် မျက်နှာများကို အဝတ်များဖြင့်ပိတ်စည်း လိုက်ပါသည်။ သူတို့လို့ချင်သလောက် လူအင်အားရသည့်အခါ စက်လှေကို မြစ်ကြောင်းအတိုင်း ဆက်ပြီးဆန်တက်ခဲ့ ပါသည်။ သူတို့သတ်မှတ်သည့်နေရာ ရောက်သည့်အခါ စက်လှေကို ကမ်းသို့ ကပ်လိုက်ပါသည်။ စက်လှေကမ်းကပ်မိ သည်နှင့် ခွေးတပ်သားများကို ကမ်းပေါ် သို့အတင်ခိုင်းပြီး ကမ်းပေါ် ရောက် သည်နှင့် စည်းထားသောအဝတ်မျှားကို ဖြေဖေးပါသည်။ ဟောလီးဘတင်တို့ အဖွဲ့ သစ်တောကြီးထဲရောက်နေမှန်းသိ လိုက်ရ၏။ ဘယ်နေရာ ဘယ်ဒေသဆို တာတော့ ဘယ်သူမျှမသိရပါ။ အချိန်က လည်း နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။

ဂျပန်စစ်သားများက ဟောလီး ဘတင်တို့ ခွေးတပ်သားများကို ကမ်း၏ တစ်နေရာမှာ အထိုင်ခိုင်းထားပါသည်။ ထို့နောက်တွင် ဂျပန်စစ်သားများက ရှေ့ဟောင်း သေတ္တာကြီးတစ်လုံးကို စက်လှေပေါ် မှထမ်းချကြသည်။ သေတ္တာ ကြီး ကမ်းပေါ် ရောက်သည်နှင့် ခွေးတပ် သားများကို နှစ်ယောက်တစ်တွဲ အထမ်း ခိုင်းကာ သစ်ဝါးများထူထပ်သည့် တော ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။

ဟောလီးဘတင်သို့ ခွေးတပ်သား များဟာ နှစ်ယောက်တစ်တွဲ တစ်လှည့် စီထမ်းပြီး ဂျပန်စစ်သားများခေါ် ဆောင် ရာသို့ လိုက်ခဲ့ကြရသည်။ ထွက်ပြေးဖို့ လည်းမလွယ်ကူပါ။ ဂျပန်စစ်သားက ငါးဆယ်နီးပါးလောက် ပါလာပါသည်။ နာရီဝက်ခန့်လျှောက်မိသည်နှင့် နေက ဝင်သွားပါတော့သည်။ အလင်းရောင် မရှိတော့သဖြင့် လင်းအားကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်မီးများကိုထိုးပြီးသွားကြရပါသည်။ အဲဒီလိုနှင့် တစ်ညလုံး တောင်ကုန်းတွေ ကျော်လိုက်၊ လျှိုတွေဖြတ်လိုက်ဖြင့် ပင်ပန်းကြီးစွာဖြင့်ထမ်းလာခဲ့ကြလေရာ လင်းအားကြီးအချိန်ရောက်မှ အကာအကွယ်ကောင်းသည့် လျှိုကြီးထဲမှာ တစ်နေကုန် ပုန်းခိုနားကြရသည်။

ညပိုင်းရောက်သည့်အခါ ခရီးကို ဆက်ကြရသည်။ နေ့ခင်းပိုင်း ပုန်းခိုနေစဉ်မှာ မုန့်အခြောက်ထုပ်များနှင့် ရေသာ တိုက်ပါသည်။ ည (၁၂း၀၀) နာရီကျော် လောက်မှာ ကားလမ်းမကြီးတစ်ခုသို့ ရောက်လာပါသည်။ ကားလမ်းမကြီးသို့ ရောက်သည့်အခါ အသင့်ကြိုနေသော ဂျပန်များ၏ ခေါ်ဆောင်ရာသို့ ဆက်လိုက်ပြန်ပါသည်။တစ်နာရီခန့်လျှောက်ကြသည့်အခါ တောင်ကြီးတစ်တောင်၏ အခြေသို့ရောက်သည်။ ထိုတောင်ခြေ၌ ဟောလီးဘတင်ဖို့ချွေးတပ်သားများကို အထိုင်ခိုင်းထားပြီး လိုက်ပို့သောဂျပန် အဖွဲ့မှ ခေါင်းဆောင်နှင့် လာကြိုသည့် ဂျပန်အဖွဲ့မှခေါင်းဆောင်တို့ စကားပြော နေကြစဉ် ဟောလီးဘတင်နှင့် ကိုမြဆောင်၊ ဘဂျမ်း၊ လှကွန်တို့လေးယောက်လည်း ခေါင်းချင်းဆိုင်၍ တီးတိုးတီးတိုး ပြောနေကြသည်ကို မည်သူမျှသတိမထားမိကြချေ။

ဟောလီးဘတင်သည် သူသွားလေရာ အမြဲတမ်းယူဆောင်တတ်သော စာရွက်နှင့်ခဲတံတို့ကိုထုတ်၍ သူတို့လာခဲ့သောလမ်းကြောင်းကိုမှန်းဆပြီး ရေးမှတ်ထားလိုက်သည်။ ကိုဘတင်ရေးမှတ်နေစဉ် ကျန်သုံးယောက်မှ ဂျပန်စစ်သားများမမြင်အောင် အကာအကွယ်လုပ်ပေးထားကြသည်။

ဂျပန်ခေါင်းဆောင်နှစ်ယောက် စကားပြောချိုပြီးသွားသည်နှင့် ဟောလီးဘတင်တို့ချွေးတပ်များကို ခေါ်ဆောင်လာသည့် ဂျပန်စစ်ဗိုလ်မှ သေတ္တာကြီးကို တောင်ပေါ်အထိဆက်ထမ်းကြရမည်ဟု လက်ဟန်ခြေဟန်ဖြင့်ပြောသည့် အခါ အကြံသမားဘတင်တို့လေးယောက်သည် သွက်လက်စွာဖြင့်ထလာကြ၏။ ထို့နောက် သူတို့လေးယောက် သေတ္တာကြီးကို တစ်လှည့်စီထမ်း၍ တောင်ကြီးပေါ် အရောက်ပို့ကြရသည်။ တောင်ပေါ်ကို ရောက်ပြန်တော့လည်း လိုက်ဂူကြီးထဲအထိ ပို့ကြရမည်ဆို၍ ခက်ခက်ခဲခဲပို့ပေးရပါသည်။

အကြံသမား ဟောလီးဘတင်ကတော့ ဂျပန်တွေလစ်လျှင်လစ်သလို သေတ္တာကြီးပေါ်မှာ ရေးထားသည့် အမှတ်အသားများနှင့် လိုက်ဂူအတွင်း သေတ္တာထားခဲ့ရသည့်နေရာကိုပါ ရေးမှတ်လိုက်၏။ထို့နောက် သူတို့ကိုအပေါ် သို့ပြန်တက်ခိုင်းသဖြင့်တက်ခဲ့ရသည်။

တောင်ပေါ်မှ တောင်အောက်သို့ ရောက်သည်နှင့် သူတို့အား အလာတုန်းကလမ်းမှာကျွေးခဲ့သည့် မုန့်ထုပ်များပေးပါသည်။ သူတို့လေးယောက် မုန့်စားပြီးသည်နှင့် ထို့နေရာမှပြန်ထွက်ခွာခဲ့ကြရသည်။ အပြန်ခရီးမှာကျ အလာတုန်းက လို ပုန်းလျှိုးကွယ်လျှိုးသွားခြေင်းမဟုတ်တော့ပါ။ တစ်နေကုန်လာခဲ့ရသည်။ ညဦးပိုင်းမှ စက်လှေသို့ရောက်၏။ ရောက်လျှင်ရောက်ချင်း စက်လှေကိုတစ်ခါတည်းစုန်ပါသည်။

မြစ်ကြောင်းအတိုင်းစုန်ဆင်းလာခဲ့ကြရာ မကြာသောအချိန်မှာပဲ မဟာမိတ်မော်တော်ယာဉ်နှင့် ထိပ်တိုက်တွေ့ပြီး ပစ်ကြခတ်ကြဖြစ်ပါတော့သည်။ ဟောလီးဘတင်တို့စက်လှေမှာ အခြေအနေမဟန်တော့သဖြင့် ကမ်းသို့ကပ်လိုက်ရသည်။ ဂျပန်တွေအတော်အထိနာသွားပါသည်။ ချွေးတပ်သားအချို့မှာလည်း ဒဏ်ရာရသူရ၊ သေသူကသေဖြစ်ကြရသည်။ ထိုအထဲ၌ ကိုဘဂျမ်းတစ်ယောက်လည်း ပါသွားရှာပါသည်။

ရန်းရင်းဆန်ခတ်နှင့်ကစဉ့်ကလျားဖြစ်နေခဲ့ကြ ဟောလီးဘတင်တို့သုံးယောက် ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ တောထဲသို့ထွက်ပြေးခဲ့ကြသည်။ ရွာသို့ပြန်ရောက်ကြသည့်အခါ ဟောလီးဘတင် ရေးမှတ်လာခဲ့သော မြေပုံအမှတ်အသားများအား ကျကျနန ပြန်ရေးပြီးလျှင် တစ်ယောက်တစ်ရွာက် ကူးယူထားကြလေသည်။ တိုင်းပြည် အခြေအနေကောင်းမွန်ပါက ထိုတောင်ကြီးကိုသွားရှာကြရန်လည်း သဘောတူထားကြပါသည်။

❑

"ကဲ - အဲဒါပဲ အာစရိ။ အခု ကျွန်တော်တို့ဆီမှာရှိနေတဲ့ မြေပုံဟာ ဦးဘတင်တို့ရေးမှတ်ခဲ့တဲ့ မြေပုံပဲဖြစ်ရမယ်ဗျာ"

သန်းထွန်းနိုင်က နဖူးကြောများ ထောင်အောင် ဝမ်းသာအယ်လဲပြောလိုက်ပါသည်။

"ဒါဆိုရင် မင်းရောက်ခဲ့တဲ့သခ္ဓိုင်းက ဦးဘတင်ကိုမြှုပ်ခဲ့တဲ့သခ္ဓိုင်းလား"

"ဟာ - အဲဒါတော့ ကျွန်တော်လည်းမသိဘူး။ ဩော် - နေဦး၊ ကျွန်တော့်သူငယ်ချင်း လှငွေတို့ရွာကလည်း သဖန်းဒေါင့်ဆိုတော့ ဖြစ်နိုင်တာပေါ့ အာစရိရ"

"ဒါဆို မင်းပြောသလို ဒီမြေပုံဟာ ဦးဘတင်ရေးခဲ့တဲ့မြေပုံသေချာသလောက် ဖြစ်နေပြီ။ သူတို့ကရော အဲဒီတောင်ကြီးကိုသွားမရှာဖြစ်ဘူးတဲ့လား"

"မခင်ဌေး ပြောပြတာကတော့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ သူတို့အဖေ ကိုဘတင်က အုပ်စုတစ်စုနဲ့ ထောင်ကျခဲ့သတဲ့။ ကိုမြဆောင်ကတော့ သာသနာ့ဘောင်ကိုဝင်သွားတယ်ဆိုပဲ။ အဲ - ကိုလှကွန်ကတော့ (၉၆)ပါးနဲ့ဆုံးသွားတယ်တဲ့။ ဦးဘတင်ထောင်ကလွတ်လာပြီး သူတို့အမေနဲ့အိမ်ထောင်ကျပြီးတော့ ရှာဖို့အကြိမ်ကြိမ်ကြိုးစားခဲ့သေးတယ်တဲ့။ နောက်ပိုင်း အသက်အရွယ်ကြီးလာပြီး ကျန်းမာရေးမကောင်းတော့လို့ မရှာဖြစ်ဘူးတဲ့ အာစရိရ။ မခင်ဌေးကပြောပါသေးတယ်။ မောင်သန်းထွန်းနိုင်တို့မျှား တောင်ကြီးတွေအောက်မှာ လိုက်ဂူတွေ့ရင် သတိထားကြည့်ဖို့ပြောပါသေးတယ်"

သန်းထွန်းနိုင်က ထိုသို့ပြောပြီးတာနှင့် ကွမ်းတစ်ယာကိုဝါးလိုက်ပြန်ပါသည်။

ကျွန်ုပ်က ဆေးပေါ့လိပ်ဖွာရင်း သူပြောခဲ့သည်များကို ဆက်စပ်တွေးကြည့်နေမိသည်။ လိုက်ဂူကြီးအတွင်းပုံချိတ်ဘုတ်ကလေးရယ်၊ သန်းထွန်းနိုင်ယူလာတဲ့မြေပုံရယ်၊ ဂျပန်တွေဂွက်ထားခဲ့တဲ့ ရတနာသေတ္တာ။ ဒါတွေဟာ သန်းထွန်းနိုင်ပြောသလို သမိုင်းအခိုင်အဆက်တွေဖြစ်နိုင်ပါသည်။

"ကျွန်တော်ကတော့ ကြက်စောင်တောင်ကို စိတ်ဝင်စားတယ်ဗျာ။ ဒါကြောင့်မို့ ကြက်စောင်တောင်လိုက်ထဲဆင်းကြည့်ရရင် မကောင်းဘူးလား"

သန်းထွန်းနိုင်က ထိုသို့မေးကျွန်ုပ်လည်း အတွေးကိုရပ်လိုက်ရင်း -

"အေးကွာ - ဒီလောက်စိတ်ဝင်စားစရာကောင်းနေမှတော့ ကိုယ်တိုင်သွားပြီးလေ့လာကြည့်ရင် ကောင်းတာပေါ့။ ကြက်စောင်တောင်ဆိုလည်း ဝေးမှမဝေးဘဲ ကိုယ့်နယ်ထဲမှာထားဆိုတော့ သွားရင်ကောင်းတာပေါ့"

ထိုစဉ် -

"ဟာ - ဆရာတပည့်နှစ်ယောက် ဘာတွေမျှားကောင်းနေကြတာလဲ။ ကောင်းတာဆိုရင် ကျွန်တော်လည်း ကြိုက်တယ်ဗျို့"

ကျွန်ုပ်တို့နှစ်ယောက်မှာ ပထမဆန်လှသော အကြောင်းများအား ဦးနှောက်စားနေကြတုန်း ကျွန်ုပ်သူငယ်ချင်း မောင်ရဲထွန်းရောက်လာပြီး လိုက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့မှ မောင်ရဲထွန်းအား အကြောင်းစုံ ရှင်းပြလိုက်လျှင် မောင်ရဲထွန်းပါ စိတ်ဝင်စားသွားပါသည်။ မြေပုံစာရွက်ကလေးကိုလည်း အသေအချာကြည့်ပြီး -

"ဒါသွားသင့်တာပေါ့ကွ။ သွားကြည့်ဆိုရင် ငါလည်းလိုက်မယ်ကွာ။ ဘယ်နယ်လဲ"

မောင်ရဲထွန်းက ထိုသို့ပြောလိုက်လျှင် သန်းထွန်းနိုင်က -

"သွားတာကလွယ်ပါတယ်။ အခုသွားလည်းရတယ်၊ မနက်ဖြန်သွားလည်းရတယ်။ ဒါပေမယ့် လိုက်ဂျကြီးထဲဆင်း ၂ အတောင် (၁၀၀) လောက်ရှည်မယ့် ကြိုးတစ်ချောင်းလိုတယ်။ ကိုရဲထွန်းဆီမှာ ကြိုးရှိလား"

မောင်ရဲထွန်းသည် အနည်းငယ် စဉ်းစားပြီး လက်ဖျောက်တစ်ချက်တီးကာ -

"ဟာ-ဟုတ်ပြီ၊ ဘိုးတော်အင်းမှာ အင်းဆင်းတဲ့ကြိုးတွေအများကြီးရှိတယ်။ ကြိုးရဖို့ ငါတာဝန်ထားကွာ"

မောင်ရဲထွန်းမှ ဝမ်းသာအားရ ပြောလိုက်ပါသည်။ အင်းဆိုတာကတော့ ကျွန်ုပ်တို့ ရွှေတောလောကရဲ့အခေါ်၊ အောက်တောင်တွေပေါ် မှာဘုံးတဲ့ ရွှေငွေကို ရွှေတွင်းလို့မခေါ်ကြ။ အင်းဟူသာ ခေါ်ကြပါသည်။

ကျွန်ုပ်က -

"ဒါဆို ဝိုအဆင်ပြေတာပေါ့ကွ။ ဒီတော့ ဒီအကြောင်းတွေကို ဘိုးတော်ဆီ ပြောပြပြီး လိုတဲ့အကူအညီ ဘိုးတော်ဆီက အကူအညီတောင်းရင် မကောင်းဘူးလား"

သန်းထွန်းနိုင်ကလည်း -

"ဟုတ်တယ်၊ ဒီအကြောင်းတွေကို ဘိုးတော်ကိုပြောပြလိုက်ရင် ဘိုးတော်လည်း စိတ်ဝင်စားမှာသေချာတယ်"

"ဒါဆိုလည်း တို့ဘိုးတော်ဆီအခု သွားပြောမလား"

မောင်ရဲထွန်းမှာ စိတ်အားထက်သန်စွာပြောလိုက်လျှင် ကျွန်ုပ်တို့နှစ်ယောက်ကလည်း -

"သွားရုံပဲလေ၊ ကြာသလားလို့"

ဤသို့ဖြင့် ကျွန်ုပ်တို့သုံးယောက်သည် ဘိုးတော်၏အိမ်သို့ ထွက်ခဲ့ကြပါသည်။

ဘိုးတော် ဆိုတာက ကျွန်ုပ်တို့ ခေတ်ကြီးကျေးရွာကြီးကို ပါတီကောင်စီ၊ ဥစ္စာမပီပြားမှုတည်ဆောက်ရေးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးတောင်စီ စသည့် ခေတ်အဆက်ဆက် အုပ်ချုပ်လာသော ဥက္ကဋ္ဌဦးကျော်ရွှေကို ခေါ်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ မောင်ရဲထွန်းတို့လို တပည့်များတင်မကဘဲ ချောင်းကြီးတစ်ရွာလုံးက ဘိုးတော်ဟုသာ ခေါ်ကြပါသည်။

ကျွန်ုပ်တို့ဘိုးတော်အိမ်သို့ရောက်သည့်အခါ ဘိုးတော်ကို အရန်သင့်တွေ့ရပါသည်။ ကျွန်ုပ်ကပဲ ဘိုးတော်ကို အကျိုးအကြောင်း ရှင်းပြလိုက်ပါသည်။ ဘိုးတော်လည်း မြေပုံစာရွက်နှင့် လိုက်ဂူထဲက ပဲ့ချိတ်ဘုတ်ကလေးတို့ကို စိတ်ဝင်စားသွားပါသည်။

ကျွန်ုပ်တို့ထင်ထားတာထက်ပိုပြီး စိတ်ဝင်စားနေသည့်အတွက် ဘိုးတော်မှ -

"သွားမယ်ဆိုလည်း မနက်ဖြန်သွားကြကွာ။ ကြိုးကတော့ ငါမနေ့က မန္တလေးက ဝယ်လာတဲ့ ကြိုးအသစ်တစ်ဖာယူသွားကွာ။ ရော့ - မင်းတို့လို အပ်တာ ဝယ်သွားဖို့"

ဘိုးတော်မှ ထိုသို့ပြောပြီး သူ့အိတ်ကပ်ထဲမှ ငွေငါးထောင် ကျွန်ုပ်ကိုထုတ်ပေးပါသည်။ ပြီးတော့ ကျွန်ုပ်ကိုပြောပါသည်။

"မင်းလိုက်သွားလို့မဖြစ်ဘူး။ မင်းလိုက်သွားရင် ဧးမှာဘယ်သူမှမရှိဘဲဖြစ်နေမယ်"

"ဟုတ်ကဲ့"

ထိုအချိန်က ကျွန်ုပ်မှာ ကျေးရွာအုပ်ဥက္ကဋ္ဌရဲ့စာရေးဖြစ်ပါသည်။ ဒါကြောင့် ကျွန်ုပ်ကိုလိုက်မသွားရန် ပြောခြင်းဖြစ်၏။

"ရဲထွန်း၊ မင်းလိုက်သွား၊ အရက်တွေဘာတွေသောက်မသွားကြနဲ့။ ပြီးတော့ ဟိုရောက်ရင်လည်း စကားကို ပေါက်ပန်းစေးလျှောက်မပြောရဘူး။ ကြက်စောင်းတောင်က နတ်ကြီးတယ်။ အတိမ်းအစောင်းမခံဘူး။ ကြားကြလား"

"ဟုတ်ကဲ့"

"ကဲကဲ- သွားကြ သွားကြ၊ ဂရုတစိုက်သွားကြနော်"

ကျွန်ုပ်တို့သုံးယောက် ဘိုးတော်အိမ်မှ ကျေးရွာဖွံ့ဖြိုးရေးကောင်စီရုံးသို့ ပြန်ခဲ့ကြပါသည်။ ရုံးရောက်သည့်အခါ ကျွန်ုပ်၏ကင်မရာကို အသေအချာ စစ်ဆေးပြီး ရဲထွန်းကိုပေးလိုက်ပါသည်။ အဲဒီနောက်မှာ နောက်နေ့ခရီးထွက်ရန် အတွက် မနက်စောစော ရုံးသို့လာရောက်ကြရန်ပြောပြီး သူတို့နှစ်ယောက်လည်း ပြန်သွားကြပါတော့သည်။

❑ ကြက်စောင်းတောင်လိုဏ်ဂူထဲမှ အုံသြဖွယ်ဖြစ်ရပ်ဆန်း

နောက်တစ်နေ့ ၁၀ - ၆ - ၂၀၁၅ ရက်နေ့မှာ သန်းထွန်းနိုင်၊ ရဲထွန်းနှင့် အဖော်အဖြစ်လိုက်မည့် ကျော်စိုးပါခေါ်ပြီး ဇရပ်ကွင်းသို့အစောဆုံးထွက်သည့် ရထာနာမြေယာဉ်ငယ်ဖြင့်လိုက်ခဲ့ကြသည်။ ဇရပ်ကွင်းသို့ရောက်သည့်အခါ နံနက်စာအတွက် ထမင်းဆိုင်တစ်ဆိုင်မှ ထမင်းထုပ်များနှင့် ရေသန့်ဘူးများဝယ်ခြမ်းပြီး သုံးမိုင်ခန့်သာဝေးသည့် ကြက်စောင်းတောင်သို့ သုံးယောက်သား ခြေကျင်လျှောက်ခဲ့ကြပါသည်။

တောင်မြေသို့ ရောက်သည့်အခါ တောင်ပေါ် အတက်လမ်းကို မသိသဖြင့် တောင်ခြေရှိ ငှက်ဖျောခင်းထဲ၌ လုပ်ငန်းလုပ်နေသည့် အသက် (၆၀) အရွယ်ခန့် ဘိုးတော်တစ်ယောက်တွေ့၍ တောင်ပေါ် တက်နိုင်သည့်လမ်းဝင်မေးကြသည်။ ထိုဘိုးတော်မှ တောင်ပေါ် တက်သည့်လမ်းကို ပြောပြပေးပါသည်။

သန်းထွန်းနိုင်တို့ ခေတ္တအာမောဖြေနားနေစဉ် ဘိုးတော်ကြီးမှ တောင်ပေါ် တက်လျှင် အစစခပ်ခြေရကြောင်း၊ ညစ်တီးညစ်ပတ် မဆဲမဆိုရကြောင်း၊ အခင်းလေးအခင်းကြီးစွန့်လျှင်လည်း တောင်တော်သခင်မကြီးကို တောင်းပန်တိုးလျှိုးပြီးမှစွန့်ရကြောင်း ပြောပြပါသည်။

သန်းထွန်းနိုင်တို့သည် ဘိုးတော်ပြောသည့်စကားများကို -

"ဟုတ်ကဲ့ အဘ၊ ကျွန်တော်တို့ ဂရုစိုက်ပါ့မယ်"

ခဏအကြာ ဘိုးတော်တဲမှ တောင်ပေါ် သို့တက်ခဲ့ကြပါတော့သည်။ တောင်ပေါ် ရောက်သည့်အခါ ဂူထဲဆင်းနိုင်မည့်ဂူပေါက်ကို အရင်လိုက်ရှာကြရသည်။ သိပ်မကြာလိုက် ညောင်ကြတ်ပင်တစ်ပင်အနီး၌ ဂူပေါက်ကိုတွေ့ကြရသည်။ ဂူပေါက်တွေ့သည်နှင့် ညောင်ကြတ်ပင်အောက်၌ ထမင်းစားကြပါသည်။ ထမင်းစားပြီးလျှင်ပြီးချင်း ဂျပ်ဖာထဲမှ နိုင်လွန်ကြိုးကိုထုတ်ပြီး ညောင်ပင်၌ချည်လိုက်၏။ ကျန်ကြိုးစကို ဂူအတွင်းချလိုက်သည်။ ထို့နောက် သန်းထွန်းနိုင်သည် တောင်ခြေမှ ဘိုးတော်ပြောသည့် စကားများကိုမေ့လျော့ကာ ညောင်ပင်အနီး၌ပင် အပေါ့စွန့်လိုက်ပါသည်။ ကျန်နှစ်ယောက်ကလည်း သန်းထွန်းနိုင်အား သတိမပေးမိကြပါ။ ထို့နောက် သန်းထွန်းနိုင်သည် သူ့အရင်ဆင်းမည်ဟုပြောပြီး ကင်မရာနှင့်လက်နိုပ်ဓာတ်မီးတို့ကိုလွယ်ကာ ဂူအတွင်းသို့ဆင်းခဲ့ပါတော့သည်။

"ဂရုစိုက်ဆင်းနော်။ ကြိုးကိုမြဲမြံကိုင် ငါ့ကောင်ရေ၊ မပေါ့နဲ့ဟ"

သန်းထွန်းနိုင်သည် နိုင်လွန်ကြိုး

www.burmeseclassic.com

www.burmeseclassic.com

ကိုခိုစီးပြီး ခြေနှစ်ဖက်မှ ကျောက်နံရံကို ခြေကန်၍ သတိထားဆင်းလိုက်ပါသည်။ ဂူပေါက်မှာ ငြဲလရမ်းကြီးဖြစ်နေတော့ ခက်ခက်ခဲခဲ ဂရုတစိုက်ဆင်းရပါ သည်။ ကြိုးကိုအသေအချာဆုပ်ရ၏။ တစ်ခါ တစ်ရံ ကြိုးကို ဟီးလေးခိုကာ ဟိုဘက် ဒီဘက်ရောက်သွားသည့်အခါ ကျောက် နံရံအားခြေဖြင့်ထိန်းပြီးဆင်းနေရသည်။ ခက်ခက်ခဲခဲဆင်းလာရင်းမှ အတောင် အစိတ်၊ သုံးဆယ်လောက်ရောက်သည့် အခါ 'တောက်' ဆိုသည့်အသံတစ်သံကို ကြားလိုက်ရသဖြင့် အောက်သို့ဆက် မဆင်းတော့ဘဲ သူရောက်နေသော နေရာမှ ကျောက်အစွန်းနှစ်ခုသည် သူ ခန္ဓာကိုယ်အားခံနိုင်သည့်ကျောက်အစွန်း များဖြစ်သည့်အတွက် ခြေနှစ်ချောင်းကို ကျောက်အစွန်းပေါ် တွင်တောင့်ထားပြီး ရင်ကိုကော့၍ မိမိနောက်ကျောဘက် ရှိ ကျောက်နံရံ၌ ဖိကပ်ထားလိုက်သည်။ 'တောက်' ဆိုသည့်အသံကို သဲသဲကွဲကွဲ ကြားလိုက်ရသည့်အတွက် စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။ သို့ကြောင့် ရဲထွန်းတို့အား လှမ်းမေးလိုက်သည်။

"ကိုရဲထွန်း၊ စောစောက ခင်ဗျား တို့ တောက်ခေါက်သေးလား"

"ငါတို့မခေါက်ဘူးဟ။ ငါတို့က လည်း မင်းခေါက်တယ်မှတ်နေတာ"

"ကျွန်တော်လည်းမခေါက်ပါဘူး။ ဒါဆိုဘာသံလဲမသိဘူး"

သန်းထွန်းနိုင်က ထိုသို့ပြန်ပြောပြီး ဘာမှဂရုမစိုက်သည့်အနေဖြင့် အောက် သို့ဆက်ဆင်းခဲ့ပါသည်။ လေးငါးတောင် လောက်ဆင်းမိသည်နှင့် 'တောက်' ဆို သည့်အသံကို ဒုတိယအကြိမ် ထပ်မံ ကြားလိုက်ရပြန်ပါသည်။

ထို့ကြောင့် သန်းထွန်းနိုင်မှ -

"ကိုရဲထွန်းရေ၊ နောက်ထပ်ကြားရ ပြန်ပြီဗျ။ ခင်ဗျားတို့ကောကြားလား"

"ကြားတယ်၊ ကြားတယ်။ ဘာသံ လဲမသိဘူး၊ တစ်ခုခုတော့တစ်ခုခုပဲ"

ရဲထွန်းမှ ထိုသို့လှမ်းအော်ပြော လိုက်ခြင်းကြောင့် သန်းထွန်းနိုင်၏ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်ပြီးထင့်သွားပါ သည်။ ကြားရသည့်အသံမှာ ထူးဆန်း နေသည်ဟုထင်မိပါသည်။ တစ်ကြိမ်မက နှစ်ကြိမ်ဆက်တိုက် ကြားလိုက်ရသည့် အတွက် ဆက်ဆင်းရန်မဝံ့ရဲတော့ပါ။ ထို့ကြောင့် အစောက ကျောက်စွန်းနှစ် စွန်းရှိရာသို့ ပြန်တက်လာခဲ့သည်။ ရောက်သည့်အခါ ကျောက်စွန်းပေါ် မှာ အစောကလိုရပ်လိုက်၏။ ပြီးမှ အပေါ် သို့လှမ်းအော်ပြောလိုက်သည်။

"ဗျိုး . . . ကိုရဲထွန်း"

"ဟေး . . . ဘာတုံး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ကြိုးစကို အပေါ် ဆွဲတင်ကြည့်စမ်းလို့ပြောမလို့ပါ"

"အေးအေး - ဆွဲကြည့်လိုက်မယ်"

ရဲထွန်းနှင့် ကျော်စိုးတို့လည်း သန်းထွန်းနိုင်ခိုင်းသည့်အတိုင်း ကြိုးစ ကို အပေါ် သို့ဆွဲတင်လိုက်ကြပါသည်။ ကြိုးစကုန်ဆုံးသွားလျှင် ရဲထွန်းနှင့် ကျော်စိုးတို့နှစ်ယောက် မျက်လုံးပြူးသွား သည်။ အကြောင်းမှာ အတောင်တစ်ရာ အရှည်ရှိသောကြိုးမှာ အတောင်သုံးဆယ် လောက်သာကျန်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သန်းထွန်းနိုင်အားလှမ်းပြော လိုက်ရသည်။

"သန်းထွန်းနိုင်ရေ၊ ကြိုးကတော့ အတောင်ခုနစ်ဆယ်လောက်ပြတ်ကျန် နေရစ်ပြီဟေ့။ အောက်ဆက်မဆင်းနဲ့ တော့ ကြားလား"

ရဲထွန်း လှမ်းအော်ပြောသည့် စကားကြားလိုက်ရသည်နှင့် သန်းထွန်းနိုင် အံ့သြသွားတော့သည်။ ဒါကြောင့် ရဲထွန်းပြောသလို အပေါ် ပြန်တက်ရန် ဆုံးဖြတ်ပြီးလျှင် -

"ကိုရဲထွန်း၊ ကြိုးပြန်ချလိုက်ပါဦး။ ကျွန်တော် အပေါ် ပြန်တက်မလို့"

သန်းထွန်းနိုင် လှမ်းပြောလိုက် သည်နှင့် ရဲထွန်းနှင့်ကျော်စိုးတို့မှ ကြိုးပြန် ချပေးလိုက်သည်။

သန်းထွန်းနိုင် အပေါ် သို့ရောက် လျှင်ရောက်ချင်း အမောမဖြေနိုင်သေး ဘဲ ပြတ်သွားသည့်ကြိုးကိုကြည့်ကာ အံ့သြနေမိသည်။ ကြိုးပြတ်ပုံကလည်း စစ်ယောက်ယောက်က ဓားနှင့်တစ်ချက် တည်းခုတ်ဖြတ်လိုက်သလိုမျိုး တိခနဲပြတ် နေခြင်းဖြစ်သည်။ အကယ်၍ သတ္တဝါ တစ်ကောင်ကောင် ကိုက်ဖြတ်သည်ဆို လျှင်လည်း ကြိုးစမှာ ဖွာလန်နေရမည်။ ယခုတော့ ထိုကဲ့သို့ ဖွာလန်နေခြင်းမျိုး မတွေ့ရသည့်အတွက် အကောင်ကိုက် ဖြတ်ခြင်းလည်းမဖြစ်နိုင်ဟု စဉ်းစားမိ သည်။ သန်းထွန်းနိုင်သည် ကြိုးစကို ကိုင်၍ အမျိုးမျိုးတွေးတောကြည့်နေစဉ် ရဲထွန်းမှ -

"ကြည့်မနေနဲ့ ငါ့ကောင်ရေ၊ ကြိုး ပြတ်သွားတာတော့ အတော်ထူးဆန်း တယ် မောင်ရေ။ တစ်ခုခုတော့တစ်ခုခု ပဲ။ ဘာကြောင့်ဒီလိုဖြစ်တာလဲမသိဘူး"

ရဲထွန်းမှ ထိုသို့ပြောလေလျှင် ကျော်စိုးမှ -

"ဒီလိုကဂူထဲဆင်းတာမကြိုက်လို့ နေမှာပေါ့"

"တို့သုံးယောက် တစ်ခုခုတော့ အမှားလုပ်မိပြီထင်တယ်။ ခင်ဗျားတို့ နှစ်ယောက် ကျွပ်ဆင်းသွားတဲ့အချိန် ဘာတွေများလုပ်မိပြောမိကြသလဲစဉ်းစား စမ်းပါဦး"

သန်းထွန်းနိုင်က ထိုသို့ပြောလိုက် မှ ရဲထွန်းသည် တစ်ခုခုကိုသတိရသွား ဟန်ဖြင့် အလန့်တကြားဖြစ်ပြီး -

"ဟာ - ဟုတ်ပြီ။ မင်းဂူထဲဆင်း ခါနီးတုန်းက စကားတပြောပြောနဲ့တိုန်း မှာ အပေါ့ရပ်ပြီးသွားသေးတယ်လေ ကွာ၊ မှတ်မိလား"

"အဲ - ဟုတ်သားပဲ။ ကျွန်တော် လည်း အမှတ်တမဲ့နဲ့သွားလိုက်မိတာပါ။ မရိုသေလို့တော့မဟုတ်ပါဘူး"

"ဒါကြောင့် ဟိုဘိုးတော်ကြီးက ပြောတာ၊ တောင်တော်သခင်မက အတိမ်းအစောင်းမခံဘူးဆိုတာမှန်သား ပဲ"

ကျော်စိုးမှ ထိုသို့ပြောလိုက်လျှင် သန်းထွန်းနိုင်မှ -

"ငါလည်း အမှုမဲ့အမှတ်မဲ့နဲ့ပြုစု သွားတာပဲ။ ဘယ်တတ်နိုင်မှာလဲကွာ"

"အဲဒါတွေပြောမနေကြပါနဲ့တော့ ကွာ။ တို့ ခုဘာဆက်လုပ်ကြမလဲ"

"ကျွန်တော်ကတော့ ဝါးဒလတ် တွေခုတ်ပြီး ဒီကျန်တဲ့ကြိုးနဲ့ဆက်ပြီး တော့ အောက်ရောက်အောင်ဆက်ဆင် ကြည့်ချင်သေးတယ်။ သခင်မကြီး လည်း တောင်းပန်မယ်ဗျာ ဘယ့်နှယ်လဲ"

"ငါတော့ ဆက်မဆင်းတာ ကောင်းလိမ့်မယ်ထင်တယ်။ အခုတောင် ဘယ်လောက်အံ့သြစရာကောင်းသလဲ၊ ဒီထက်ပိုဆိုးတာမျိုးဖြစ်ရင် ဘယ့်နှယ် လုပ်မလဲ"

ရဲထွန်းပြောစကားကို ကျော်စိုး လည်း ထပ်ထောက်ခံလိုက်ပြန်ပါသည်။

"ဟုတ်တယ် သန်းထွန်းနိုင်ရေ၊ မမြင်နိုင်တဲ့ပုဂ္ဂိုလ်တွေက မြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေထက် ပိုပြီးကြောက်စရာ ကောင်းတယ်။ အခုကြည့်လေ၊ နိုင်လွန်း ကြိုးအသစ်ကြိုးပြတ်သွားတာ လက်တွေ့ ပဲ။ ဘာကြောင့်ပြတ်သွားသလဲဆိုတာ ကို ဘယ်သူမှမပြောနိုင်ဘူးမဟုတ်လား၊ ဒီလုပ်ငန်းမျိုးက လာမယ့်ဘေးထွေ ကြောက်မှ တော်ကာကြမှာကွ"

ကျော်စိုးစကားက တစ်ဖက်ထိ လုပ်ချင်တတ်သည့် သန်းထွန်းနိုင်ကိုလည်း သလိုဖြစ်သွားပါတော့သည်။ ထို့ကြောင့် အောက်ကို ဆက်ဆင်းဖို့ကိစ္စကို စဉ်း စားတော့ဘဲ လက်လျှော့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သူတို့သုံးယောက်သည် ဤမျှ
တာဝန်ခေါက်ပြန်ခဲ့ရသည်။

သူတို့ချောင်းကြီးပြန်ရောက်တော့
ကျန်ပ်ရှိရာ အေးချမ်းသာယာရေးနှင့်ဖွံ့
ဖြိုးရေးတောင်စီးနှုန်းသို့ တန်းတန်းမတ်မတ်
ဆောက်လာကြပါသည်။ ရောက်ရောက်
ချင်း သူတို့ကြုံတွေ့ခဲ့ရသည့် အဖြစ်
အပျက်များကို ရှင်းပြကြပါသည်။

ကျန်ပ်က သူတို့ပြောပြသည်များ
ကို ဂရုတစိုက်နားထောင်ရင်း ပြန်ပါလာ
သောကြိုးအပြတ်ကိုကြည့်ပြီးအံ့သြနေမိ
သည်။ ထိုနေ့က နှုန်းသို့ရောက်သူအပေါင်း
လေးယောက်လုံး အံ့လည်းအံ့သြနေကြသလို
ဒေါသကြီးများလည်းအမျိုးမျိုးပေးကြပါ
သည်။

ကျန်ပ်ကတော့ ယခုသွားသည့်
ခရီးစဉ်နှင့်ပတ်သက်၍ အစအဆုံးသိ
ထားသူဖြစ်သည့်အတွက် စိတ်ထဲမှာ
အနည်းငယ်မှတ်ချက်ချနေမိပါသည်။ သူတို့
ပြောပြချက်အရ အမှတ်မထင် အပေါ်
ကြားလိုက်မိသည့်အတွက် တောင့်တော်
ဆင်မမှကြိုက်၍ ကြိုးကိုဖြတ်ပြီး
သတိပေးခြင်းလော။ သို့တည်းမဟုတ်
ကျန်တွေ့ဝုက်ထားခဲ့ကြသည့် ရတနာ
ဆယ်ဘာကြိုးကို လိုချင်ရချင်သော
သမ်ိတ်စိတ်ဖြင့်ရည်ရွယ်ပြီး လိုက်ဂူထဲ
ဆင်းသည်ကို မကြိုက်နှစ်သက်၍
ခုကဲ့သို့ ပြုလုပ်ခြင်းလောဆိုသည့်
အောနှစ်လောပတေင့်ကို အဖြေရှာမရ
ဖြစ်သည့်အတွက် မည်သို့မျှ ဝေဖန်ပြော
ဆိုခြင်းမပြုတော့ဘဲ ငြိမ်နေလိုက်ပါ
သည်။

ညနေပိုင်းရောက်သည့်အခါတွင်
ကျန်ပ်၊ ရဲထွန်းနှင့် သန်းထွန်းနိုင်တို့
ယောက် ဘိုးတော်ဦးကျော်ရွှေဆီ
သွားပြီး ကြက်စောင်းတောင်မှကြုံတွေ့ခဲ့
ရသည်များကို မောင်ရဲထွန်းတို့ကပြော
ပြသည့်အခါ ဘိုးတော်လည်း အံ့သြနေ
သည်။

အဲဒါ မင်းတို့အကြံအစည်ကို
ကြိုက်လို့ဖြစ်တာနေမှာကွ။ နောက်
တစ်နေရာကိုသွားရာကြဦးမယ်
ဆိုရင် ကိုယ့်သဘောနဲ့ကိုယ်ရမ်းသွားလို့
မဖြစ်ဘူး။ နားလည်တဲ့ ပုဂ္ဂိုလ်တွေကို
ပြန်ပြီးမှသွားတာ အကောင်းဆုံးပဲ"

"ဟုတ်တယ်၊ လေးလေးပြော
သလို မေးမြန်းပြီးမှသွားတော့ အန္တရာယ်
နည်းတာပေါ့"

ကျန်ပ်ကပါ ထိုသို့ဝင်ပြောလိုက်
သည်။ သူတို့နှစ်ယောက်ကတော့
ဘာမှမပြောကြပါ။ ငြိမ်နေကြသည်။
ငြိမ်ခြင်းကလည်း အကြောင်းရှိပါ
သည်။ကြက်စောင်းတောင်မှာကြုံတွေ့ခဲ့
သည့်အကြောင်းများ ဘိုးတော်ကိုပြောပြ
သည့်အထဲ သန်းထွန်းနိုင်မှ အပေါ့စွန့်မိ
ကြောင်းတော့ထည့်မပြောကြပါ။ ဘာပြု
လို့လဲဆိုတော့ မသွားခင်က သူမှာကြား
လိုက်သည့်စကားကို နားမဇ္ဈတ်၍
ကောင်းလားဆိုပြီး မာန်မဲမှာကြောက်လို့
ပါ။

ထို့နောက် ကျန်ပ်တို့ ဘိုးတော်
အိမ်မှပြန်ခဲ့ကြပါသည်။

ညပိုင်းသို့ ရောက်သည့်အခါ
သန်းထွန်းနိုင်နှင့် ကျော်စိုးတို့ ကျန်ပ်
အိမ်သို့ရောက်လာကြပြန်ပါသည်။

"အာစရိ၊ ထမင်းစားပြီးပြီလား"

သန်းထွန်းနိုင်မှ အိမ်ပေါ်တက်
လာရင်းမေးလိုက်ခြင်း ဖြစ်ပါသည်။

"အေးကွာ၊ အခုပဲစားပြီးပြီ။ မင်း
တို့ကောစားခဲ့ကြပြီလား"

"စားပြီးမှထွက်ခဲ့ကြတာ"

"အာစရိနဲ့ တိုင်ပင်ဖို့လာခဲ့တာ။
ကျန်တော်တို့ မနက်ဖြန် ကြက်စောင်း
တောင်ကိုထပ်သွားချင်တယ်"

"ထပ်သွားပြီးဘာလုပ်ကြဦးမှာလဲ၊
လက်မလျော့ကြသေးဘူးလား။ တော်
ကြာ ဒီထက်ဆိုးတာတွေထပ်ဖြစ်နေပါဦး
မယ်ကွာ"

ကျန်ပ်က ထိုသို့ပြောလိုက်လျှင်
သန်းထွန်းနိုင်က -

ဒီလောက်နဲ့တော့ ကျန်တော်
လက်မလျော့ချင်သေးဘူးဗျာ။ ဖြစ်ချင်
ရာဖြစ် ထပ်ကြိုးစားကြည့်ချင်တယ်။
အာစရိဘယ်လိုသဘောရလဲ"

"အင်း - ငါ့အနေနဲ့ကတော့
ဆက်သွားပါလို့လည်း မတိုက်တွန်းချင်
ဘူး။ မင်းက စိတ်အားထက်သန်နေမှ
တော့ တားလို့လည်းရမှာမဟုတ်တော့
ပြောရတာခက်တယ်။ ဒီတစ်ခါတော့
မနက်ကလို မပေါ့လျော့အောင် သတိ
တော့ထားပေါ့ကွာ"

"စိတ်ချ အာစရိ။ ဒီတစ်ခါတော့
ဂရုစိုက်ရမှာပေါ့။ ဒီနေ့မနက် ပေါ့လျော့
မိခဲ့တာကိုလည်း မနက်ဖြန်ကျ သခင်မ
ကြီးကို တတ်သရွေ့မှတ်သရွေ့တောင်းပန်
မယ်ဗျာ"

"အေးကွာ၊ ကြည့်လုပ်ကြပေါ့။
ရဲထွန်းကောလိုက်မှာမဟုတ်လား"

"သူမပါတော့ဘူး။ ဒီအလာ သူ
အိမ်ဝင်ပြီးပြောတော့ သူက မလိုက်ရဲ
တော့ဘူးတဲ့။ သူမိန်းမကလည်းလိုက်
မသွားဖို့ပြောတယ်"

"ဒါဆို မင်းတို့နှစ်ယောက်တည်း
ပေါ့"

"ဟုတ်တယ် အာစရိ၊ ကျွန်တော်
တို့နှစ်ယောက်တည်းလည်းသွားမှာပဲ"

"ခင်ဗျားတို့ နှစ်ယောက်တည်း
ဆိုရင် ကျွန်တော်ကော လိုက်ခဲ့မယ်။
လိုက်လို့ရမလား"

ပြွန်တန်ဆာမှနေ ကျွန်ပ်ထံ
အလည်ရောက်နေသော ကျွန်ပ်၏ညီ
ဝမ်းကွဲ မောင်နေဆန်းက ဝင်ပြောခြင်း
ဖြစ်ပါသည်။ မနက်က နှုံးထဲမှာကြိုးပြတ်
သွားသည့်ကိစ္စပြောနေကြကတည်းက
မောင်နေဆန်း တစ်စွန်းတစ်စသိပြီး
ဖြစ်ပါသည်။

သန်းထွန်းနိုင်က သူကဘယ်သူလဲ
ဆိုသည့်သဘောဖြင့် ကျွန်ပ်အား လှမ်း
ကြည့်နေသည့်အတွက် -

"ငါ့ညီဝမ်းကွဲပါ။ ပြွန်တန်ဆာ
ကလေ။ ငါ့ဆီအလည်လာတာ တစ်ပတ်
လောက်ရှိပြီ။ သူလိုက်ချင်ရင်လည်း
သူ့ကိုဂရုစိုက်ခေါ်သွားကြပေါ့။ သူလည်း
ဗဟုသုတရတာပေါ့"

"ဒါဆိုလည်းလိုက်ခဲ့လေ။ မနက်
ကျ စောစောထပြီး ဒီကစောင့်နေ။ ငါတို့
လာခဲ့မယ်။ ပထမဆုံးထွက်မယ့်ကားနဲ့
လိုက်ရအောင်။ ဒါမှ ဟိုကိုစောစော
ရောက်မှာ။ ကဲ - အာစရိ၊ ကျွန်တော်တို့
ပြန်မယ်"

"အေးအေး - သွားကြတော့။
မနက်ဖြန်ကြ ဒီကောင့်ကိုလည်း ဂရု
တစိုက်ခေါ် သွားကြနော်။ တောင်ပေါ်
မှာ ဆင်ခြင်ရမှာတွေကိုလည်း ကြိုပြော
ထားကြပေါ့"

ဟုတ်ကဲ့ - အာစရိ၊ ဘာမှမပူးရိမ်
နဲ့။ ကျွန်တော်တို့ သူ့ကိုအသေအချာ
ပြောထားပါ့မယ်။ ကဲ - သွားမယ်"

ထို့နောက် သန်းထွန်းနိုင်နှင့်
ကျော်စိုးတို့ ပြန်သွားကြပါတော့သည်။

၁၂ ကြောက်မက်ဖွယ်အန္တရာယ်ဆိုးနှင့် ဖြစ်ရပ်ဆန်း

၁၁ - ၆ - ၂၀၁၅ ရက်နေ့တွင်
သန်းထွန်းနိုင်၊ ကျော်စိုး၊ နေဆန်းတို့
မကျေပွန်ကြရန် ကြက်စောင်းတောင်သို့
ဒုတိယအကြိမ်လာခဲ့ကြပြန်ပါသည်။

ထိုနေ့က တောင်ပေါ်သို့ နံနက်
(၉း၃၀) လောက်မှာ ရောက်သွားကြပါ
သည်။ရောက်ရောက်ချင်း ကျော်စိုးသည်
ဇရပ်ကွင်းစျေးမှ ဝယ်ယူလာသည့်
ငှက်ပျောသီး၊ အုန်းသီးနှင့် ကွမ်းယာ၊
ဆေးလိပ်များကို တောင်းလေးထဲထည့်
သည်။ ပြီးလျှင် တတ်သလောက်မှတ်
သလောက်ပြောဆိုပြီး ကြက်စောင်း
တောင်သခင်မအား အရိုအသေတင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါသည်။

ကျော်စိုး တင်သပြောဆိုနေစဉ် သန်းထွန်းနိုင်မှ ဝါးဒလက်ခုတ်ရန်ထွက်သွားလေသည်။ နေဆန်းကတော့ ညောင်ကြတ်ပင်အောက်ထိုင်ကာ တောင်ဇလပ်လက်ဖက်ရည်ဆိုင်မှ ဝယ်ယူလာခဲ့သော ကြက်သားပေါက်စီတစ်လုံးကိုထုတ်စားရင်း ကျော်စိုးလုပ်သမျှကို ငေးကြည့်နေပါသည်။

ခဏအကြာ ဝါးဒလက်များကို ထမ်းပြီး သန်းထွန်းနိုင် ပြန်ရောက်လာပါသည်။ သန်းထွန်းနိုင်နှင့် ကျော်စိုးတို့ ဝါးဒလက်သုံးလုံးကို ပိန်ကြိုးဖြင့်ချည်တုပ်ကာ ဆက်လိုက်ပါသည်။ ဝါးဒလက်သုံးလုံးဆက်ပြီးလျှင် ဂျပ်ဖာထဲမှ ယမန်နေ့ကကျန်ခဲ့သည့် နိုင်လွန်ကြိုးကိုထုတ်၍ ညောင်ကြတ်ပင်တွင်ချည်လိုက်ကြသည်။ ကျန်သည့်ဘက်မှ ဝါးဒလက်ကိုချည်ပြီးလျှင် ဂူအတွင်းသို့ချလိုက်ပါသည်။

"ကျော်စိုး၊ မင်းတင်သတာ သေသေချာချာပြောပြီးတင်တာလား"

"အေးပေါ့ဟာ၊ ငါလည်း တတ်သလောက်မှတ်သလောက်ပြောပြီးတင်တာပဲကွ"

"အေး - ဒါဆိုပြီးတာပဲ။ ကဲ- ငါအရင်ဆင်းနှင့်မယ်။ ငါအောက်ရောက်မှ မင်းတို့ဆင်းခဲ့ကြ"

သန်းထွန်းနိုင်မှ ထိုသို့ပြောပြီး ကင်မရာနှင့် လက်နှိပ်မီးကို ပခုံးတွင် လွယ်လိုက်၏။ ထို့နောက် ပုဆိုးနှင့် အပေါ် အင်္ကျီကိုချွတ်လိုက်သည်။ပြီးလျှင် နေဆန်းလှမ်းပေးသော ပေါက်စီကို ပလုတ်ပလောင်းစား၍ ရေအနည်းငယ် သောက်ပြီးသည်နှင့် ဂူအတွင်းဆင်းပါတော့သည်။

အရင်နေ့က ဆင်းဖူးထားသည့် အတွက် အရင်နေ့ကလောက် ခဲခဲယဉ်းယဉ်းမဖြစ်တော့ပါ။ ကျောက်အတွန်းနှစ်ခုရှိသည့်နေရာရောက်လျှင် ခဏနားပြီး အရင်နေ့ကကြားသလိုများကြားရဦးမလားဆိုပြီး နားစွင့်ကြည့်လိုက်သည်။ ဘာသံမှမကြားရသဖြင့် စိတ်အေးလက်အေးဆက်ဆင်းခဲ့သည်။အောက်ရောက်ခါနီးသည်နှင့် လင်းနိုချေးနံ့များက နှာခေါင်းတွင်းသို့ ဆိုးဆိုးဝါးဝါးဝင်လာပါသည်။ သန်းထွန်းနိုင် အသက်အနည်းငယ်အောင့်ပြီးဆင်းရသည်။

အောက်ရောက်တော့ အရင်နေ့ကပြတ်ကျသွားသောကြိုးကို လင်းနိုချေးပုံပေါ်၌အခွေလိုက်တွေ့လိုက်ရပါသည်။ ဝါးဒလက်မှာ အောက်ထိမရောက်သည့်အတွက် ဝါးဒလက်မှ နှစ်တောင်လောက်ကို ခုန်ချလိုက်ရသည်။ ခြေထောက်အောက်ရောက်သည့်အခါ လင်းနိုချေးများအတွင်း ရေမြုပ်မွှေ့ရာပေါ် ခုန်ချလိုက်သလို နှစ်ဝင်သွားပါသည်။ မြန်မာနိုင်ငံမှာ လင်းနိုအပေါ်ဆုံးနေရာများဖြစ်လေမလားဟု သန်းထွန်းနိုင် တွေးထင်မိသည်။ ထို့နောက် ကြိုးအခွေကို စွဲဆောင်းကြည့်ရာ အရင်နေ့က ပြတ်သွားသည့်အပြတ်သာတွေ့ရပြီး နောက်ထပ်ပြတ်တာမတွေ့ရသည့်အတွက် ကျော်စိုးတို့ဆင်းလာရန် အော်ပြောလိုက်ပါသည်။ လင်းနိုချေးများ တဖျတ်ဖျတ်ပျံသံကလွဲပြီး အခြားဘာမှထူးထူးခြားခြားမကြားရ၊ မမြင်ရသည့်အတွက် စိုးရိမ်စိတ်၊ ကြောက်စိတ်လုံးဝမရှိပါ။

ကျော်စိုးတို့ နှစ်ယောက်လည်း အခက်အခဲမရှိ ရောက်လာကြသည်။ အင်း (ရွှေတွင်း) အတွေ့အကြုံမရှိသည့် ပြွန်တန်ဆာသား နေဆန်းမှာတော့ အောက်ရောက်သည့်တိုင် မောဟိုက်ပြီး ဒူးတုန်နေတာတွေ့ရပါသည်။

"ကဲပါ-ငါ့ညီရာ၊ အောက်ရောက်မှတော့ ဘာမှကြောက်စရာမလိုတော့ပါဘူးကွာ။ ကြောက်တဲ့စိတ်ကိုဖျောက်လိုက်တော့"

သန်းထွန်းနိုင်က ထိုသို့ပြောလိုက်သည့်အခါ နေဆန်းမှာ မောဟိုက်သံဖြင့် -

"ကြောက်တာပေါ့ အစ်ကိုရာ၊ ဒီလောက်နက်တဲ့တွင်းကြီးထဲကို တစ်ခါမှဆင်းဖူးတာမှမဟုတ်ဘဲ။ စဆင်းဆင်းချင်း ကြောက်လိုက်တာတော့ မပြောပါနဲ့တော့။ မနည်းကိုအားတင်းပြီးဆင်းခဲ့ရတာ"

"ကဲ- သန်းထွန်းနိုင်၊ အထဲဝင်ကြစို့လေ"

ကျော်စိုးက ပြောလိုက်တော့ သန်းထွန်းနိုင်သည် လွယ်ထားသော လက်နှိပ်မီးကိုဖြုတ်ပြီး ထိုးကြည့်လိုက်သည်။

"ဟာ - ခေါင်းသားကြီးက အကျယ်ကြီးပဲဟ။ မင်းတို့ ငါ့နောက်က လိုက်ခဲ့ကြ"

သန်းထွန်းနိုင်က ဥမင်လိုက်ခေါင်းကြီးအား ဥမင်လိုက်ခေါင်းဟုမခေါ်ဘဲ အင်း (ရွှေတွင်း) အခေါ် အဝေါ် အတိုင်း ခေါင်းသားဟုပြောလိုက်ခြင်းကို နေဆန်းက နားမလည်စွာဖြင့် -

"ခေါင်းသားဆိုတာ ဘာကိုပြောတာလဲဗျ"

"ဥမင်လိုက်ခေါင်းကို ပြောတာ။ ငါတို့ရွှေတောလေးကတော့ ဒီလိုလိုက်ဂူကို ခေါင်းသားလို့ခေါ်တယ်လေ"

သူတို့သုံးယောက် လက်နှိပ်မှတ်မီးများထိုး၍ ခေါင်းသားထဲဝင်ခဲ့ကြသည်။ လူနှံ့ရသောကြောင့်ထင်ပါသည် လင်းနိုများက တကျိကျိအော်ပြီး တဖျတ်ဖျတ်နှင့်ပျံဝဲနေကြသည်။ သူတို့ကိုလည်း ဝင်တိုက်မိသဖြင့် လက်နှင့်ပုတ်ပုတ်ထုတ်နေရသေးသည်။

ဝါးလေး၊ ငါးဆယ်ပြန်လောက် အရောက်တွင် ခေါင်းသားကပိုကျယ်လာပြီး အပေါက်နှစ်ပေါက်ဖြစ်သွားသည်ကို တွေ့ရသည့်အတွက် ရွှေဆုံးမှသွားနေသော သန်းထွန်းနိုင်က ရွှေဆက်မသွားဘဲရပ်လိုက်ပြီး -

"ကျော်စိုးရေ၊ ခေါင်းသားကနှစ်ခွဖြစ်သွားပြီဟ။ တို့ဘယ်ခေါင်းသားကိုဝင်ကြမလဲ"

"အရှေ့တည့်တည့်မှာတွေ့နေတဲ့ အပေါက်အတိုင်းဝင်ရအောင်။ ဘာမထူးဘူးဆိုမှ ဒီအပေါက်ကိုပြန်ဝင်မယ်ကွာ။ ဘယ့်နယ်လဲဟင်"

သန်းထွန်းနိုင်က မေးနေသည့်အတွက် ကျော်စိုးမှပြန်ပြောလိုက်ခြင်းဖြစ်သည်။ နေဆန်းက ဘာမှနားမလည်သူဆိုတော့ ဘာမှဝင်မပြောပါ။

"ကဲ - လာကွာ။ မင်းပြောသလို ဒီအပေါက်ကိုဝင်ကြည့်ရအောင်"

သန်းထွန်းနိုင်က ပြောပြောဆိုဆို ရှေ့မှအရင်ဝင်ခဲ့ပါသည်။ သိပ်မကြာလိုက် ရှေ့ဆီမှ ဂလုံး ဂလုံး ဂလောင်း ဂလောင်း ဆိုသည့် ကျောက်ပုံပေါ် ကျောက်ခဲများ ပြုတ်ကျသံကြားလိုက်ရသောကြောင့် သုံးယောက်သား လှမ်းသည့်ခြေလှမ်းများ တွန့်ခနဲရပ်လိုက်သည်။

"ဂဲ(ခဲ)ပြုတ်ကျတဲ့သံကြားရတာ ခဏနေကြဦး"

သန်းထွန်းနိုင်က ထိုသို့ပြော ရှေ့ဆက်မသွားဘဲ ရပ်လိုက်ပါသည်။ ကျန်နှစ်ယောက်လည်းရပ်လိုက်ရသည်။ သုံးယောက်သား စကားမပြောကြဘဲငြိမ်ပြီးနားထောင်ကြရသည်။ ခေတ္တနားထောင်ပြီး နောက်ထပ် ဘာသံမကြားတော့မှ သန်းထွန်းနိုင်က -

"ရှေ့ဆက်ပြီးသွားကြည့်ကြမယ်"

"အေး- သွားကြည့်တာတောတော်တယ်"

သူတို့ဂူအတွင်းသို့ဆက်ဝင်ခဲ့သည်။ အနည်းငယ်သွားမိသည့်အခါ ရှေ့မှာ ကျောက်တုံး၊ ကျောက်ခဲကြီးများ ပိတ်ဆို့နေသည့်အတွက် ရှေ့ဆက်သွားမရတော့သဖြင့်-

"ရှေ့ကိုဆက်သွားလို့မရတော့ဘူး ကျော်စိုးရေ၊ ကျောက်တွေပြိုကျနေတယ်ကွ။ နောက်ပြန်ဆုတ်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ထဲပဲဝင်ရအောင်ကွာ"

"ဒါဆိုလည်းပြန်လှည့်ရုံပဲလေ"

"ခဏနေဦး၊ ဒီနေရာကို ဓာတ်ပုံ ရိုက်လိုက်ခဲ့ဦးမယ်"

သန်းထွန်းနိုင်က ပြောပြောဆိုဆို ထားသည့် ကင်မရာကိုဖြုတ်ပြီး ဓာတ်ကိုဖွင့်၍ ကျောက်တုံးကျောက် တို အသေအချာချိန်ကာ ရိုက် တိုနှိပ်ရာ ကင်မရာမှမီးပွင့်မလာ မော်တာအော်တိုပြန်လည်နေ၏။ သန်းထွန်းနိုင် မျက်လုံးပြူးသွားသည်။ ဓာတ်ကိုယူလာစဉ်က အသေအချာ ကူနှစ်စစ်ဆေးပြီးမှယူလာခြင်း ဖြစ် ခဲ့ဘာကြောင့်အော်တိပြန်လည်နေ ရသလဲ။ စဉ်းစားမရအောင်ဖြစ်သည့် အတွက် ကျောစိုးအား လက်နှိပ်မီးဖြင့် ထိန်းခိုင်း၍ ဓာတ်ခဲကိုထုတ်ကြည့်သည်။ ဓာတ်ခဲကလည်း ပုံမှန်ထည့်လျက်တွေ့ရ သည်။

သို့ကြောင့် -

"တင်မရာကလည်းကောင်းရဲသား နဲ့ ဘာလို့အော်တိပြန်လည်နေမှန်းမသိ ဘူး"

သန်းထွန်းနိုင်မှ ညည်းတွားသံဖြင့် ပြောပြီး မကျေနပ်၍ ဒုတိယအကြိမ် ခေါက်ပုတ်ကိုနှိပ်လိုက်သည်။ ကင်မရာ အစောကအတိုင်းပဲဖြစ်နေပါသည်။

"ဒါဆိုရင် ဆိုင်ရာပိုင်ရာတွေက ဓာတ်ပုံရိုက်တာမကြိုက်လို့ဘဲဖြစ်မယ်"

ကျော်စိုးမှ ထိုသို့ပြောသည့် အတွက် သန်းထွန်းနိုင်သည် ဓာတ်ပုံရိုက် နည်းစားတော့ဘဲ ကင်မရာကို ပခုံးမှာ ပြန်လွယ်လိုက်သည်။

"တဲ့ - လာကွာ၊ အစောကတွေ့ခဲ့ သမျှအပေါက်ထဲဝင်ကြည့်ရအောင်"

သန်းထွန်းနိုင်က ပြောပြောဆိုဆို ရှေ့တထွက်ခဲ့သည်။ ကျန်နှစ်ယောက် သည်း ထက်ကြပ်မကွာလိုက်လာကြ၏။ အစောကတွေ့ခဲ့သည့် ခေါင်းသား အပေါက်ရောက်သည့်အခါ တန်းဝင်ခဲ့ ကြပါသည်။

ခေါင်းသားအတွင်း ဆယ်တောင် ကျော်ခန့် လေးပြန်လောက်လည်းရောက် ရော ဂျလုံး ဂျလုံး ပြုန်း ဝေါ ဝုန်း ဂလုံး ဆိုး "ဂျလုံးဆိုသည့်အသံကြီးကိုကြား ကြိတ်သည်နှင့် နေဆန်းမှာ -

"အောင်မလေး - သေပါပြီဗျ"

ကြားလိုက်ရသည့် အသံကြီးမှာ စကန်၊ မိုးကုတ်တို့ဘက်၌ ကျောက် တောင်းများမှာ အသုံးပြုသော ထရပ်ဖော ကားကြီးပေါ်မှ ကျောက်တုံးများသွန်ချ ကြိတ်သည့်အသံမျိုး ဖြစ်သည်။ လိုဏ်ဂူ အတွင်းဖြစ်သည့်အတွက် လိုဏ်သံ ပေါက်ပြီး အသံလှိုင်းများကတိန်းသွား ပါသည်။

နေဆန်းမှ ကြောက်လန့်ပြီး အသံ ကုန်အော်လိုက်မိသလို သန်းထွန်းနိုင်နှင့် ကျော်စိုးတို့မှာလည်း လန့်ဖျပ်ပြီးထွက် ပြေးကြသည့်အတွက် နေဆန်းမှာလည်း လိုက်ပြေးခဲ့ရသည်။ သုံးယောက်သားမှာ တစ်ယောက်နှင့်တစ်ယောက် တိုက်လဲ ကုန်ကြသည်။ ကြောက်အားကြီးနေ သည့်အတွက် သုံးယောက်သားလဲနေ ရာမှလူးလဲထပြေးကြပြန်ရာ ဓာတ်မီး မထိုးမိကြသဖြင့် ဂူနံရံနှင့်တိုက်မိသူတိုက် မိ ထပ်ပြီးလဲသူကလဲနှင့်ဖြစ်ကြပြန်၏။

သန်းထွန်းနိုင် သတိရ၍ ဓာတ်မီး ထိုးကြည့်လိုက်သည့်အခါ သူတို့ဆင်းလာ သောဂူပေါက်ကို ရောက်နေမှန်းသိလိုက် ရသည့်အတွက် စိတ်လျှော့၍ ဖင်ထိုင်လဲ ချပစ်လိုက်တော့သည်။ ကျန်နှစ်ယောက် မှာလည်း သန်းထွန်းနိုင်ကဲ့သို့ လဲချလိုက် ကြပါသည်။ သုံးယောက်သား ကြောက် အားလန့်အားပြေးလာခဲ့ရခြင်းကြောင့် သူတို့၏ရင်အစုံမှာ ဖားဖိုထိုးသလို ရှူရှဲ ရှူရှဲအသံများထွက်ပြီး မောဟိုက်နေကြ သည်။ ချွေးများကလည်း ရေချိုးထား သကဲ့သို့ တစ်ကိုယ်လုံးစိုရွှဲနေပါသည်။ တစ်ယောက်နှင့်တစ်ယောက် စကား လည်းမပြောနိုင်ကြ။ နာရီဝက်လောက် ကြာမှ အမောပြေသွားပြီး တစ်ယောက် နှင့်တစ်ယောက် ခေါ်နိုင်ပြောနိုင်ကြ တော့သည်။

ထို့နောက် အချိန်ဆွဲမနေတော့ဘဲ တွင်းပေါ် သို့အပြန်တက်ခဲ့ကြတော့သည်။ တွင်းပေါ် ရောက်သည့်အခါ ညောင်ကြတ် ပင်အောက်မှာလှဲသူကလဲ၊ ညောင်ပင်ကို မှီပြီး ခေါင်းငိုက်စိုက်ချသူကချ၊ ဝမ်းလျား ထိုးမှောက်သူကမှောက်ဖြင့် အကြံကုန် ဂဠုန်ဆားချက်ဖြစ်နေကြပါတော့သည်။

သုံးယောက်သား အကြံကုန်ပြီး ကိုယ်အတွေးနှင့်ကိုယ် တိတ်ဆိတ် ငြိမ်သက်နေခြင်းအား ကျော်စိုးမှ စတင် ဖြိုခွင်းပစ်လိုက်၏။

"သန်းထွန်းနိုင်၊ မင်းကင်မရာခဏ ပေးစမ်းကွာ။ ငါစမ်းကြည့်လိုက်ဦးမယ်"

သန်းထွန်းနိုင်မှ မှေးနေသော မျက်လုံးနှစ်လုံးဖွင့်ကြည့်ပြီး ဘာမှမပြော ဘဲ ကင်မရာကို ဖြုတ်ပေးလိုက်သည်။ ကျော်စိုးသည် ကင်မရာကိုလှမ်းယူပြီး ဆို့ခလုတ်ကိုဖွင့်၍ ရိုက်ခလုတ်ကိုနှိပ် လိုက်သည်နှင့် မီးပွင့်ပြီး ဖျတ်ခနဲမြည် သွားပါသည်။

သန်းထွန်းနိုင်သည် အိပ်နေရာမှ လူးလဲထထိုင်ပြီး ကင်မရာကိုကြည့်ကာ အံ့သြသွားပါသည်။ ကျော်စိုးနှင့်နေဆန်း တို့နှစ်ယောက်လည်း နားလည်ရခက်စွာ ဖြင့် ကင်မရာကိုကြည့်ကာ အံ့သြဆဲး ဖြစ်နေကြသည်။

ထို့နောက် သူတို့သုံးယောက် ကြက်စောင်းတောင်အမှတ်အရအဖြစ် တစ်လှည့်စီဓာတ်ပုံရိုက်ကြပြီးပြန်ခဲ့ကြပါ တော့သည်။

❑

ကဲ - စာဖတ်ပရိသတ်တို့ရေ။ ကျွန်ုပ်၏ ဇာတ်လိုက်ကျော် မောင်သန်း ထွန်းနိုင်၏ ကြက်စောင်းတောင်လိုဏ်ဂူ ကြီးထဲမှ ပဲ့ချိတ်ဘုတ်ကလေးရှာပုံတော် သည် လည်းကောင်း၊ ဂျပန်ခေတ်က ဂျပန်တွေဝှက်ထားခဲ့သော ရတနာ သေတ္တာရှာပုံတော်သည် လည်းကောင်း ဤမျှနှင့် အဆုံးနိဂုံးသတ်ခဲ့ပါလေပြီ။ သို့သော် ကျွန်ုပ်၏ ဇာတ်လိုက်ကျော် မောင်သန်းထွန်းနိုင်ကတော့ လက်မလျှော့ သေးပေ။ ကြက်စောင်းတောင်ကိုသော် လည်းကောင်း၊ အနီးအနားတစ်ဝိုက်တွင် ဥမင်လိုဏ်ခေါင်းရှိနိုင်သည့် အခြား တောင်များတိုပါ ဆက်လက် ရှာပုံဖတ် ဖွင့်ဦးမည်ဟု ကြုံစည်အားထုတ်လျက် ရှိနေပါသေးသည်။

သန်းထွန်းနိုင်တို့ ကြက်စောင်း တောင်မှပြန်လာပြီး ရက်တစ်ပတ်ခန့် အကြာမှာ ဇလုပ်ကွင်းရွာမှ ကျွန်ုပ်၏ မိတ်ဆွေ ကိုဝင်းသော် (ကြက်ခြေနီ) ကျွန်ုပ်တို့ရုံးသို့ အလုပ်ကိစ္စတစ်ခုဖြင့် ရောက်လာ၏။ ကျွန်ုပ်က ကြက်စောင်း တောင်မှ သန်းထွန်းနိုင်တို့ကြုံတွေ့ဖြစ် ပျက်ခဲ့သည်များအား ကိုဝင်းသော်ကို ပြောပြလိုက်မိပါသည်။

ထိုအခါ ကိုဝင်းသော်မှ ကြက်စောင်း တောင်သင်မကြီးက ကြက်စောင်း တောင်ပေါ် နှင့် တောင်ခြေတစ်ဝိုက်တို့ မှာ အခင်းကြီး၊ အခင်းလေးစွန့်တာတို့၊ ကြက်ဥဟင်း၊ ကြက်သားဟင်းစားတာတို့ မကြိုက်ကြောင်း ပြောပြပါသည်။

ထိုအခါကမှ သန်းထွန်းနိုင်တို့ နောက်ရက်ထပ်သွားသည့်နေ့က ကြက် သားပေါက်စီစားမိကြောင်း နေဆန်း ပြောပြသည်ကို ပြန်သတိရသွားမိပြီး ဒါကြောင့်ဖြစ်ပျက်ခဲ့သည်ကိုးဟု ကျွန်ုပ် အတွေးပေါက်သွားပါတော့သည်။

ထို့နောက် ကိုဝင်းသော်က ကျွန်ုပ် အား ကြက်စောင်းတောင်နှင့်ပတ်သက် သော ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန် ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်မှန်တစ်ခုကို ပြောပြပေးပါသည်။

❑ နွားရှာသမားနှင့်
ဂူအတွင်းမှသူတော်စင်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောနေ့တစ်နေ့၏ ညနေအချိန်၌ ကိုသာရင် (နာမည်လွဲ) သည် သူ၏နွားများ လွှတ်ကျောင်းရာစားကျက်မှ အိမ်ပြန်ရောက်မလာသည့်အတွက် နွားများသွားလာတတ်သည့်ကြက်စောင်းတောင်တောင်ခြေသို့ နွားရှာရန် အိမ်မှ ထွက်ခဲ့ပါသည်။

ကိုသာရင် အိမ်မှထွက်သွားပြီး တစ်နာရီလောက်အကြာ၌ နွားများပြန်ရောက်လာကြပြီး ကိုသာရင်ကတော့ အိမ်ပြန်ရောက်မလာသေးပါ။ ကိုသာရင် အိမ်ပြန်ရောက်မလာခြင်းမှာ တစ်နေရာမှာဝင်ရောက်နေသည်ဟု အိမ်သားများက ထင်မှတ်နေကြ၏။ အချိန်တန်လျှင် ပြန်လာမှာပဲဟု ပေါ့ပေါ့တန်တန်နေလိုက်ကြသည်။

သို့သော် ညဉ့်နက်သည်အထိ ကိုသာရင်ပြန်ရောက်မလာသည့်အတွက် မိခင်ဖြစ်သူနှင့် ဇနီးတို့မှာ လည်တဆန့်ဆန့်ဖြစ်ကြရတော့သည်။ ကိုသာရင်မှာ အရက်ကလည်းကြိုက်၊ လောင်းကစားလည်း ဝါသနာပါသူဖြစ်သည့်အတွက် အရက်ဆိုင်နှင့်ဖဲဝိုင်းတို့မှာရှိလိမ့်မည်ဟု မိခင်ဖြစ်သူမှ တွေးထင်နေမိသည်။ ဒါကြောင့် ချွေးမဖြစ်သူအား -

"စော်ငှဲ့မနေပါနဲ့ ငါသမီးရယ်၊ ညည်းယောကျ်ား အရက်ဆိုင်တစ်ဆိုင်ဝင်ပြီး အရက်သောက်နေမှာပေါ့အေ"

"အမေကလည်း ဒီချိန်ဆို အရက်ဆိုင်တွေပိတ်လောက်ပြီ အမေရဲ့"

"အရက်ဆိုင်တွေပိတ်ပြီ ဆိုတော့ ဖဲဝိုင်းရှိရာသွားမှာပေါ့အေ။ အိပ်တော့ အိပ်တော့"

ယောကျ်မဖြစ်သူက အိပ်တော့ဆို၍ မလှုခင် (နာမည်လွဲ) အိပ်ရာထဝင်ခဲ့ရသည်။ အိပ်ရာထဝင်ခဲ့ရပေမယ့် အိပ်မပျော်နိုင်ပါ။ ရပ်ကွက်ထဲမှ ခွေးများဟောင်တိုင်း ခင်ပွန်းဖြစ်သူပြန်လာပြီထင်မှတ်ပြီး ခေါင်းထောင်ကြည့်ရတာလည်း အခါခါ။ သည်လိုနှင့် မိုးစင်စင်လင်းခဲ့ပါတော့သည်။

နောက်တစ်နေ့မနက် ရှစ်နာရီ၊ ကိုးနာရီအချိန်ထိပြန်မရောက်သည့်အခါ မလှုခင်တစ်ယောက် ကိုသာရင်သွားတတ်သည့်အရက်ဆိုင်များနှင့် ဖဲဝိုင်းရှိတတ်သောနေရာများသို့ လိုက်လံစုံစမ်းမေးမြန်းရာတွင်လည်း ဘယ်သူမှမေးမရသည့်အတွက် အိမ်သို့ပြန်ခဲ့ရသည်။

အိမ်ပြန်ရောက်သည့် အခါတွင် ယောကျ်မဖြစ်သူအား ဘယ်မှစုံစမ်းမေးမြန်းလို့မရကြောင်းကို ပြောပြလိုက်သည့် အခါ ယောကျ်မဖြစ်သူမှ အိမ်နီးချင်း ယောကျ်ားသားများနှင့် တူသားမောင်မယ်များအား ကြက်စောင်းတောင်သို့ သွားရောက်ပြီး အရှာခိုင်းရပါတော့သည်။

ညနေစောင်းသည့်အခါ သွားရှာသူများပြန်ရောက်လာကြပြီး သူတို့လည်း လူခွဲပြီး စောင်ပေါ်တောင်အောက်နေရာအနှံ့ တောနင်းရှာရာ မတွေ့ခဲ့ရကြောင်း၊ လိုက်ဂူအတွင်းတော့ ကြိုးပါမသွားသည့်အတွက် ဆင်းမကြည့်ခဲ့ရကြောင်း ပြောပြကြပါသည်။

သို့ဖြင့် ကိုသာရင်တစ်ယောက် နွားရှာသွားရင်း ပျောက်နေကြောင်း ရပ်ကွက်ထဲပျံ့နှံ့သွားပါသည်။ သတင်းပျံ့နှံ့သွားသည်နှင့် အမျိုးမျိုးဝေဖန်ပြီး ထင်ကြေးပေးကြ၏။ အချို့ကပြောကြသည်မှာ လိုက်ဂူထဲလိမ့်ကျတာဖြစ်နိုင်ကြောင်း၊ တချို့ကလည်း တောကောင် (ကျားသစ်) နှင့်တွေ့နိုင်ကြောင်း စိတ်ထဲထင်တာတွေပြောကြပါသည်။

(စကားချပ်-ထိုအချိန်ထိုအခါက ဇရပ်ကွင်းမြောက်ဘက်' ကြက်စောင်းတောင်တစ်ဝိုက်မှာ တောထူထပ်လှပါသည်။ သို့ကြောင့် တောကောင်များခိုအောင်းနိုင်ပါသည်။ စာရေးသူ)

သို့ဖြင့် နောက်တစ်နေ့ သုံးရက်မြောက်သည့်နေ့မှာ ပထမနေ့ကသွားရှာသူများအပြင် ရွာသားအချို့ပါ လိုက်ဂူကြိုးအတွင်းဆင်းပြီးရှာကြပါသည်။ ဂူအတွင်းအနှံ့ရှာသော်လည်း မည်သည့်သဲလွန်စမှမတွေ့ရသဖြင့် လက်လျှော့ပြန်ခဲ့ကြရပါသည်။

ဤသို့ဖြင့် ကိုသာရင်တစ်ယောက် နွားရှာသွားရင်း ပျောက်ခြင်းမလှုပျောက်သွားသည်မှာ ရက်တစ်ပတ်ကျော်ခဲ့ပေပြီ။ သတင်းစုံစမ်းသော်လည်း သတင်းအစအနပင်မရသည့်အတွက် အိမ်သူအိမ်သားများနှင့် ရွာမှလူများက သေဆုံးသွားပြီဟု ယူဆကြပါတော့သည်။ ဒါကြောင့် ဆယ်ရက်မြောက်သည့်နေ့မှာ သံဃာတော်များပင့်၍ ရက်လည်ဆွမ်းတရားနာပြုလုပ်လိုက်ကြရပါတော့သည်။

ဤသို့ဖြင့် သုံးနှစ်ခန့်အကြာ တစ်နေ့သော နေ့တစ်နေ့မှာ ကိုသာရင်အိမ်သို့ ပြန်ရောက်လာပါတော့သည်။ အိမ်သူအိမ်သားများမှာ ကိုသာရင်အား မထင်မှတ်ဘဲတွေ့လိုက်ရသည့်အတွက် ကြောက်ရွံ့ထိတ်လန့်၍ မျက်လုံးပြူးနေကြပါသည်။

သူတို့စိတ်အထင်က ကိုသာရင်၏ ဝိညာဉ်မှ ကိုယ်ထင်လာပြသည်ဟုယူဆကာ ထွက်ပြေးသူကပြေး အမျှ၊ အမျှလုပ်သူကလုပ်၊ ပါးစပ်အဟောင်းသားဖြစ်သူကဖြစ်နှင့် ကိုသာရင်အား ကြောင်ကြည့်နေကြပါသည်

ဇနီးဖြစ်သူမှ မလှုခင်မှ သူအား မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ဘာစကားမှမပြောဘဲ ကြောင်စီစီလုပ်နေခြင်းကို စိတ်မရှည်စွာဖြင့် -

"ဟဲ့-လှခင်၊ ငါ့ကိုဘာလို့ကြောင်ကြည့်နေတာလဲ။ မနေ့က နွားတွေအိမ်ပြန်လာသလား"

ကိုသာရင်မှ အသံထွက်ပြီးလေလိုက်သော်လည်း မလှခင်မှာ ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ပြူးတူးပြဲတဲကြည့်မြဲကြည့်နေပါသည်။

"ဟဲ့-ငါမေးနေတာကြားရဲ့လား မနေ့ကနွားတွေ အိမ်ပြန်ရောက်ရဲ့လားလို့"

ထိုအခါကျမှ ဇနီးဖြစ်သူ ကြောက်လည်းကြောက်၊ ဝမ်းလည်းသာပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့်-

"ကို . . ကို သာ . . ရင် တော် တော်. . မသေ. . မသေဘူးနော် ဟုတ်လား"

"ဘယ်ကသေရမှာလဲ လှခင်ရ မသေလို့ပြန်လာတာပေါ့"

ထိုစဉ် မိခင်ဖြစ်သူမှာလည်း ဝမ်းသာအားရဖြင့် အိမ်ပေါ် ပြေးတက်လာပြီး -

"သား - သာရင်၊ မင်း တကယ် မသေဘူးနော် ဟုတ်လား"

"မသေလို့ပြန်လာတာပေါ့ အေရဲ့။ အမေတို့က ကျုပ်ဂူထဲကျသွားတာ ဘယ်လိုသိသွားကြတာလဲ၏။။ကံကောင်းလို့ပေါ့ဗျာ"

ကိုသာရင်မှ ထိုသို့ပြန်ပြောလိုက်စဉ် အစောကထွက်ပြေးသွားသူများ ရောက်လာကြ၏။ ထို့အတူ အိမ်နီးနားချင်းများပါ ဝိုင်းအုံရောက်လာကြတော့သည်။

"ဘယ်လိုဖြစ်တာလဲ သာရင်ရ ငါတို့ဖြင့် မယုံနိုင်စရာဖြစ်ကုန်ပြီ။ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ငါတို့ကိုရှင်းပါဦးကွာ"

ရောက်လာကြသောသူများထဲ ထိုသို့မေးလိုက်သည့်အခါ ကိုသာရင် ဘာမှနားမလည်ဟန်ဖြင့် မျက်လုံးပြူး ဝိုင်းအုံရောက်လာသူများကို လိုက်ကြည့်ပြီး အံ့သြနေပါသည်။ ပြီးမှ -

"ခင်ဗျားတို့ကဘယ်လိုဖြစ်နေတာလဲ။ ကျုပ်ကို အထူးအဆန်းဖြစ်သရဲသဘက်ကောင်ကိုကြည့်သလိုကြည့်နေလိုက်ကြတာ။ အဲဒါဘယ်ဖြစ်ကြတာလဲ ပြောကြပါဦး"

"ဘာဖြစ်ရမှာလဲ သာရင်ရ နွားရှာသွားရင်း ပျောက်သွားလို့

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လိုက်ရှာလိုက်ရတာနဲ့နေတာ ဘယ်မှရှာမရလို့ တောကောင်တောင်နဲ့တွေ့ပြီး မင်းသေသွားပြီလို့ ကြွေးကြော်ထင်နေကြတာ။ အခုမင်းက မျှော်လင့်ဘဲပြန်ရောက်လာတော့ အားလုံးက အံ့သြပြီး အထူးအဆန်းဖြစ်နေကြတာပေါ့ကွ"

အိမ်နီးနားချင်း သူငယ်ချင်း အပေါင်းအသင်းတွေက သူ့အဖြစ်အပျက်ကိုပြောပြတော့သည်။

"မနေ့က ကျုပ်နွားတွေပြန်မလာလို့ ကြက်စောင်းတောင်ဘက်သွားပြီး ဆောင်ခြေတစ်လျှောက်ရှာတာမတွေ့လို့ ဆောင်ပေါ် တက်ပြီးရှာရင်း ဂူထဲလိမ့်ကျသွားတာပေါ့။ ကျုပ်သတိလစ်မေ့မြောနေတုန်း အဲဒီဂူထဲမှာ တရားကျင့်နေတဲ့ သမ်းပြုစင်ကြယ်ဘိုးတော်တစ်ယောက် ရောက်လာပြီး မနေ့ညကတစ်ညလုံး ဆေးကုပေးလို့ ဘာမှမဖြစ်ဘဲ ဒီနေ့ပြန်ရောရတာပေါ့"

ကိုသာရင် ပြောပြသည်များကို ကြားလိုက်ရသူအပေါင်းမှာ တစ်ယောက်မှ မယုံနှာတစ်ယောက်ကြည့်ပြီး အံ့သြနေကြသည်။ ထို့ကြောင့် တစ်ယောက်ကဝင်ပြောလိုက်သည်။

"မင်းနွားရှာသွားရင်းပျောက်သွားတာ မနေ့ကမဟုတ်ဘူးလေကွာ။ သုံးနှစ်ဆောင်ကျော်ခဲ့ပြီ သာရင်ရ။ အဲဒီတုန်းက မင်းသေသွားပြီဆိုပြီး ဘုန်းကြီးပင့်ပြီး သဒိတ်သွတ်တရားနာကုသိုလ်တောင် ပြုပ်သေးတယ်။ မင်းသေတာ အဲ - မင်း ပျောက်သွားတာ သုံးနှစ်ကျော်ခဲ့ပြီကွ"

ထိုအခါကျမှ ကိုသာရင် အံ့သြဆုံးဖြစ်ပါတော့သည်။ မယုံကြည်သောဆိုသဖြင့်-

"ဟုတ်ရဲ့လားဗျာ၊ ကျုပ်ပျောက်သွားတာ မနေ့ကမဟုတ်ဘူးလား။ ဘယ့်နယ်ကြောင့် သုံးနှစ်ကျော်ရှိသွားတာလဲဗျာ"

"မင်းကို ငါတို့က ညာပြောပါ့မလား သာရင်ရာ"

"ဟုတ်တယ် ကိုသာရင်ရဲ့၊ တော်သေသွားတာ သုံးနှစ်ကျော်ခဲ့ပြီဆိုတာ တစ်ရွာလုံးသိတယ်"

ဇနီးဖြစ်သူ လှခင်နှင့် ရောက်လာသူများပြောသည့်စကားတို့ကို ကိုသာရင် ယုံကြည်နိုင်အောင် ဇဝေဇဝါဖြစ်နေပါသည်။ အများကဝိုင်းပြီးပြောနေကြသည့်အတွက် အများနှင့်တစ်ယောက်မို့ ကိုသာရင် မည်သို့မျှစောဒကမတက်နိုင်တော့ပါ။ သို့သော် သူကိုယ်တိုင်ကြုံတွေ့ခဲ့ ဖြတ်သန်းခဲ့ရသောရက်၊ နာရီအချိန်တို့နှင့် ကွဲလွဲဆန့်ကျင်နေသည်ဆိုတာကိုတော့ သူသာအသိဆုံးဖြစ်ပါသည်။ ဘာကြောင့် ကွဲလွဲသလဲဆိုတာတော့ သူမပြောတတ်ပါ။

"မသိဘူးဗျာ။ ဘာမှနားမလည်တော့ဘူး။ ဘာမှလဲမပြောတတ်တော့ဘူး။ ကျုပ်ဖြစ်ပျက်ခဲ့တာတွေပြန်ပြောပြလည်း ခင်ဗျားတို့ကလက်ခံမှာမဟုတ်ဘူး"

ထိုသို့ ပြောလိုက်သည့်အတွက် ရောက်လာသူအားလုံး ဘာမှထပ်မမေးကြတော့ဘဲ ပြန်သွားကြတော့သည်။ သူတို့တစ်တွေလည်း ပြန်သာပြန်ခဲ့ကြပေမယ့် နားလည်ရခက်သောအတွေးကိုယ်စီဖြင့် ပြန်သွားကြရသာဖြစ်သည်။

ကိုသာရင်သည် အိမ်ပေါ်မှာလူရှင်းသွားသည်နှင့် အနီးရှိ ဝါးပက်လက်ကုလားထိုင်ပေါ် မှီလျဲကာ မျက်လုံးများမှေးစင်းလျက် ကြက်စောင်းတောင်ဂူကြီးထဲမှ သူကြုံတွေ့ခဲ့ရသည်များအား တဖြည်းဖြည်း ပြန်စဉ်းစားကြည့်နေမိသည်။ ဇနီး လှခင်နှင့် သူ့မိခင်တို့က ကိုသာရင်အိပ်တော့မည်ထင်၍ အိမ်အောက်သို့ဆင်းသွားကြလေသည်။

ကိုသာရင် ပထမဦးဆုံး စဉ်းစားမိသည်မှာ သူ မနေ့ညနေက နွားရှာသွားရင်း ကြက်စောင်းတောင်လိုဏ်ဂူကြီးထဲကိုလိမ့်ကျခဲ့သည်။ လိုဏ်ဂူကြီးထဲမှာ သူသတိလစ်မေ့မြောနေစဉ် အိပ်မက်မက်သလို သူရှိရာသို့ တစ်ကိုယ်လုံး ပိတ်ဖြူတွေဝတ်ထားပြီး လက်မှာ ပုတီးကုံးကို ကိုင်ထားသည့် သူတော်စင်ဘိုးတော်တစ်ယောက်ရောက်လာပြီး သူ့ကိုသတိရအောင်လုပ်ပေး၏။

ထို့နောက် သူတော်စင်ကြီးဟာ သူဒဏ်ရာများကို ကရုဏာသက်စွာဖြင့် အသေအချာကြည့်ပြီး သူ့ကိုပွေ့ချီကာ ဂူကြီးအတွင်းဘက်သို့ ခေါ်လာခဲ့သည်။ ဂူအတွင်းပိုင်းမှာတော့ သူတော်စင်ကြီး အမြဲနေထိုင်သည်ဟုထင်ရသောနေရာ၌ ခုတင်သဖွယ်ဖြစ်နေသော ကျောက်တုံးကြီးပေါ်မှာ သူ့ကိုညင်သာစွာလှဲသိပ်လိုက်ပါသည်။ ပြီးနောက် အေးမြသောရေတစ်ခွက်တိုက်၏။

ထို့နောက် သူတော်စင်ကြီးမှ -

"လူလေး၊ ဒီပေါ်မှာခဏအနားယူလိုက်ဦး။ အိပ်ချင်လည်းအိပ်လိုက်၊ နောက်ပြီးမှ လူလေးရဲ့ဒဏ်ရာတွေ ပျောက်ကင်းအောင် အဘကုပေးမယ်"

ဟု တိုးညင်းသောလေသံဖြင့် သူ့ကိုပြောပါသည်။ သူလည်း လိမ့်ကျခဲ့သောဒဏ်ရာများက နာကျင်လှသဖြင့် မျက်စိများကိုမှေးပြီးမှိန်းနေလိုက်သည်။ ခဏအကြာ သူအိပ်ပျော်သွားခဲ့သည်။

သူ အိပ်ရာကနိုးလို့ မျက်စိကိုဖွင့်ကြည့်လိုက်တော့ သူခေါင်းရင်းမှာထိုင်ပြီး ပုတီးစိပ်နေသော သူတော်စင်ကြီးကို တွေ့ရ၏။ သူပြန်မှိန်းနေလိုက်သည်။ သူသတိထားမိသွားသည်မှာ အစောကနာကျင်လှသောဒဏ်ရာများမှာ နာကျင်မှုမရှိတော့သလို ခံစားလိုက်ရသည့်အတွက် လွဲအိပ်နေရာမှ ဖျတ်ခနဲထထိုင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို လက်ဖြင့် ဖိနှိပ်ဆုပ်နယ်ကြည့်မိရက်သားဖြစ်သွားသည်။ သူအံ့သြဝမ်းသာနေမိ၏။ ထိုစဉ် သူတော်စင်ကြီးမှ ပုတီးစိပ်ခြင်းကိုရပ်၍ ပြုံးရွှင်သောမျက်နှာဖြင့် သူ့ကိုကြည့်ပြီး တိုးညင်းသောလေသံဖြင့် -

"လူလေး နိုးပြီလား။ မိုးလည်းလင်းနေပြီ ထတော့။ မင်းအိမ်က မင်းကို မျှော်နေကြရော့မယ်။ လူလေး အိမ်ကို ပြန်လို့ရပြီ။ လာ - အဘလိုက်ပို့ပေးမယ်"

ဟု ဆိုပြီး သူတော်စင်ကြီးခေါ်ဆောင်ရာကို သူလိုက်ခဲ့ပါသည်။ သိပ်မသွားလိုက်ရဘဲ ဂူအပြင်ဆီရောက်လာပါသည်။ သူတော်စင်ကြီးက သူ့ကို ဂူအပြင်ထိပို့ပြီး ဂူအတွင်းသို့ပြန်ဝင်သွားသည်များကို ကောင်းစွာ အမှတ်ရနေပါသည်။ ဒါကြောင့် သူစိတ်ထဲမှာ ဝတ်ဖြူစင်ကြယ်ဘိုးတော်နှင့် တွေ့ခဲ့ရခြင်းမှာ မနေ့ညကပဲဆိုတာ သေချာပေါက်သိနေလျက်သားနှင့် အခု သူတို့တစ်တွေပြောတော့ သုံးနှစ်ကျော်ခဲ့ပြီဆိုတာဖြစ်နိုင်ပါ့မလား။ ကိုသာရင်မှာ နားမလည်နိုင်သောအတွေးများဖြင့် သူခေါင်းထဲမှာ ချာချာလည်နေပါတော့သည်။

မှတ်ချက် - ကြက်စောင်းတောင်သို့ လက်တွေ့သွားရောက်ခဲ့ကြသည့် ချောင်းကြီးရွာမှ မောင်သန်းထွန်းနိုင်၊ မောင်ကျော်စိုး၊ မောင်ရဲထွန်းနှင့် မောင်နေဆန်း (ပြွန်တန်ဆာ)တို့နှင့်အတူ နွားရှာသမား၏ ဖြစ်ရပ်မှန်များအား ပြောပြပေးပါသော ဇရပ်ကွင်းရွာမှ ကိုဝင်းသော် (ကြက်ခြေနီ) တို့အား ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

(ကြက်စောင်းတောင်မှဖြစ်ရပ်ဆန်းများ၊ ဖြစ်ရပ်မှန်များနှင့် ပတ်သက်၍ နောက်ထပ် သိရှိပါလျှင် ဆက်လက်ရေးသားသွားပါဦးမည်။)

ကိုယ်စိတ်ရွှင်လန်း
ချမ်းမြေနိုင်ကြပါစေသော်

ရန်မျိုးအောင်
(ဇတ်နာမြေ-ချောင်းကြီး)

www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်ဝင်း

(ရွှေမိုးညို)

သံနီချောင်းတံတား ဝါးဝါးလေးပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

ခေါ်လှမျက်လုံးများအကြည့်က မှုမမှန်။ မျက်ထောင့်နီကြီးနဲ့ ရွာသားတွေကိုစိုက်ကြည့်လိုက်ပြီး -

"နင်တို့ဘာလာလုပ်တာလဲ။ ငါ့ကို ဘာမှတ်နေကြလဲ။ အားလုံးသေသွားချင်လို့လား"

"အလှ၊ အလှ သတိထားပါ။ အလှ၊ ရေသောက်လိုက်ဦး"

ဒေါ်လှခင်ပွန်း ဦးကြည်ချော့မော့၍ ရေတိုက်ရန် ရေခွက်ကလေးကမ်းအပေး -

"ခွမ်း. . . ခွမ်း. . . ခွမ်း"

ဒေါ်လှ ရေခွက်ကို စိတ်ဆိုးမာန်ဆိုး လက်နဲ့ပုတ်ချလိုက်ပြီး -

"ဘာအလှလဲ၊ ငါအလှမဟုတ်ဘူး၊ နင်တို့ရွာသူ။ ငါ့ကိုနင်တို့သတိမရကြတော့ဘူးမဟုတ်လား။ နင်တို့သတိရပေမယ့် ငါသတိရလို့လာတာ။ ရွာထိပ်ညောင်ပင်ကြီးအောက်က ငါတို့လူးကစားတဲ့သစ်သားဒေါက်ကိုဖြုတ်ပစ်လိုက်ကြတယ်မဟုတ်လား"

နင်တို့ရွာသူဆိုလို့ ရွာသားအားလုံး ကောင်းစွာ သဘောပေါက်သွားကြသည်။ တကယ်တော့ သူတို့ရွာသားအားလုံးနေထိုင်ကြတဲ့ လက်ပံရွာနဲ့ သံနီချောင်းတံတားဆိုတာ ဘယ်လိုမှမေ့မရနိုင်တဲ့ ကြေကွဲဝမ်းနည်းဖွယ်ဇာတ်လမ်းလေးရှိခဲ့သည်။

လက်ပံရွာလို့သာ ပြောရသည်။ သံနီချောင်းလေးက ရွာလယ်လောက်မှာ ဖြတ်သန်းစီးဆင်းနေတာကြောင့် တောင်သာပံရွာ၊ မြောက်လက်ပံရွာ ရွာနှစ်ရွာ ဖြစ်နေ၏။ သို့ပေမယ့် ရွာသားအားလုံး စိတ်ဝမ်းမကွဲကြ၊ စည်းလုံးညီညွတ်ကြသည်။ စုပေါင်းထည့်ဝင်သောငွေဖြင့် သွားလာမှုအဆင်ပြေရန် သံနီချောင်းလေးပေါ်တွင် သစ်သားတံတားလေးတစ်စင်းထိုးထားသည်။ ဒီတံတားလေးကပဲဖြတ်သန်းပြီး ပတ်ဝန်းကျင်ကျေးရွာအားလုံးကို သွားလာနေကြရသည်။ သံနီချောင်းရေက မိုးတွင်းဆိုအတော်လေးနက်ပေမင့် နွေရာသီရောက်လာလျှင် ချောင်းရေအနည်းငယ်သာကျန်တော့သည်။

သံနီချောင်းတံတား၊ သံနီချောင်းတံတားနှင့် နာမည်ကြီးနေခဲ့သည်။ သံနီချောင်းတံတားဆိုတဲ့အသံကြားလိုက်တာနဲ့ လက်ပံရွာသားအားလုံး ကျောထဲစိမ့်ပြီး ကြောက်လန့်သွားကြသည်။ ရွာသားထွေအားလုံး အဲဒီလောက်ကြောက်ကြပေမယ့် ဒီတံတားမရှိလို့မဖြစ်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စံပြတီတွတ်နှင့် အောင်လံမြို့နယ်သို့ဆက်သွယ်ထားသောကားလမ်းမကြီးအနီးတစ်နေရာ၌တည်ရှိသည်။ ရွာသူရွာသားအားလုံးလိုပင် ဥယျာဉ်ခြံမြေလုပ်ငန်း၊ လယ်ယာလုပ်ငန်းတို့ဖြင့် အသက်မွေးကြသည်။ သံနီချောင်းတံတားလေးပေါ်က မျှော်ကြည့်လိုက်လျှင် ရွာဦးတောင်ဘက်ထိပ် ဆုတောင်းပြည့်စေတီ၊ အရိပ်အာဝါသကောင်းလှသော နှစ်ရှည်ညောင်ပင်ကြီး၊ ရွှေဝါရောင်လယ်ယာများ၊ ဥယျာဉ်ခြံမြေများ၊ ကားလမ်း၊ ရထားလမ်းများနှင့်လှပသည့် ပန်းချီကားချပ်လေးတစ်ခုကြည့်နေရသည်နှင့်တူလှသည်။ သံနီချောင်းတံတားကို ညနေစောင်းဖြတ်လျှောက်ရမှာ ရွာသားများ အကြောက်ဆုံးဖြစ်သည်။ အခြောက်အလှန့်မျိုးစုံကြုံကြရသည်။ သံနီချောင်းတံတားအနီးမှ တဝါးဝါးနှင့် ငိုသံများမကြာခဏကြားရသည်။ ရွှက်လာသောစွေးတောင်းကို လှမ်းဆွဲတတ်သည်။ နောက်မှပြေးလိုက်လာသလိုအသံများကြားရပြီး ပျောက်ကွယ်သွားတတ်တာလည်းရှိသည်။ အထူးသဖြင့် ကလေးငယ်များပါသည့်မိခင်များပို၍အခြောက်အလှန့်ခံကြရသည်။ မိခင်ရော ကလေးပါ ကြောက်လန့်သွားလျှင် မြောက်လက်ပံရွာက အသက် (၈၀) ကျော်ပြီဖြစ်သည့် ဘကြီးသာဇံကို ပြေးခေါ်ရသည်။ ဘကြီးသာဇံရောက်လာပြီး ကုသပေးမှ ပျောက်ကင်းသွားသည်။

ဘကြီးသာဇံဆိုတာကလည်း သံနီချောင်းတံတားနှင့်ပတ်သက်တဲ့ဇာတ်လမ်းလေးမှာ အဓိကဇာတ်ပို့တစ်ယောက်ဖြစ်ခဲ့သည်။ ယခုလည်း ထုံးစံအတိုင်း ဒေါ်လှကိုဆေးကုရန် ဘကြီးသာဇံကိုပြေးခေါ်ရသည်။ ဘကြီးသာဇံရောက်လာတော့ ဒေါ်လှ ဆူပူအော်ဟစ်ခြင်းမလုပ်တော့။ ဘကြီးသာဇံကို တွေတွေကြီးစိုက်ကြည့်ရင်း မျက်ရည်များဗီးကျလာသည်။ ဘကြီးသာဇံ ဘုရားသောက်တော်ရေကို ယူပြီး ဘုရားဂုဏ်တော် (၉) ပါးကို (၉) ခေါက်တိတိရွတ်ဆိုသည်။ သောက်တော်ရေစက်များကို ဒေါ်လှခေါင်းပေါ်ပက်ဖျန်းပေးလိုက်သည်။ ဒေါ်လှ ငြိမ်သက်သွားသည်။ ဘကြီးသာဇံ ဒီလိုမကြာခဏကြုံခဲ့လို့ ကောင်းစွာသဘောပေါက်နေသည်။

ဘကြီးသာဇံ -

"ဟဲ့ - သမီး လုံမ ဝါးဝါးလေး၊ နင်ရွာသားတွေကို မခြောက်လှန့်ပါနဲ့လို့ ဘကြီးပြောထားတယ်လေ။ နင် ဘကြီးစကားကို နားမထောင်ဘူးပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး ဘကြီးရယ်၊ သမီး ရွာသားတွေကို သတိရလို့ ပြန်လာတာပါ"

"ဟဲ့ - သမီး နင်နဲ့တို့တွေဘဝခြားသွားကြပြီလေ။ သမီးအတွက် ဘကြီးကောင်းမှုတွေထပ်လုပ်ဦးမယ်။ ညောင်ပင်ကြီးအောက်က ဒေါက်တိုင်လေးကို ခိုင်ခံ့အောင် ပြန်လုပ်ထားလိုက်ပြီ။ သမီးကို ရွာသားတွေလည်းကြောက်လန့်နေကြပြီ။ ရွာသားတွေကိုချစ်ရင် နောက်ထက် ခြောက်လန့်တာမလုပ်နဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဘကြီး၊ သမီး ကျွတ်ခိုနိုတန်ပြီထင်ပါရဲ့။သမီးကန်တော့ပါတယ်၊ သမီးသွားတော့မယ်"

ဒေါ်လှ သမီးဝေ၍ လက်အုပ်ကလေးချီပြီး ဘကြီးသာဇံကို (၃) ကြိမ်ကန်တော့၏။ ဒေါ်လှ တုန်တုန်ယင်ယင်ဖြစ်နေရာကနေ ငြိမ်သက်သွားသည်။ မျက်လုံးအရောင်များ ပင်ကိုအတိုင်းကြည်လင်လာသည်။ ခင်ပွန်းဖြစ်သူ ဦးကြည်က ဒေါ်လှကိုတွဲ၍အိမ်ထဲခေါ်သွား၏။ ရွာသားအားလုံး စိတ်မကောင်းကြ။ အလျှိုလျှိုပြန်ကုန်ကြလေသည်။ တကယ်တော့ ဒီလိုဖြစ်ခဲ့တာ ယခုတစ်ကြိမ်သာမဟုတ်၊ အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးပြီ။

"သြော်-အစွဲအလမ်းကြီးလွန်းတဲ့သနားစရာသမီးဝါးဝါးလေး။ သမီးလေး ဒီဘဝက အမြန်ဆုံး ကျွတ်လွတ်ပါစေကွယ်"

www.burmeseclassic.com

www.burmeseclassic.com

ဘကြီးသာဇံရဲ့ မူနှိုင်းဝေဝါးနေတဲ့မျက်ဝန်းအစုံမှမျက်ရည်များစီးကျလာပြီး အတိတ်က ဟိုးအဝေးမှာ ကျန်ရစ်ခဲ့ပြီဖြစ်တဲ့ ဝမ်းနည်းကြေကွဲဖွယ်ပုံရိပ်တွေ တစ်စတစ်စပြန်ပေါ်လာတော့သည်။

အခန်း (၂)

မြောက်လက်ပံရွာက ကိုထွန်းအောင်၊ မတင်မေတို့ အပျိုကြီး၊ လူပျိုကြီး ဘဝနှင့်နေလာရာက အိမ်ထောင်ပြုကြခြင်း ဖြစ်သည်။ အသက်အရွယ်ရလာမှ အိမ်ထောင်ကျခြင်းကြောင့် အသက် (၄၀) ကျော်လာသည်အထိ သားသမီးမထွန်းကား။ ကိုထွန်းအောင်၏ ဖခင်ကြီး ဦးသာဇံမှာလည်း အိမ်သူဆုံးသွား၍ သားသမီးတွေနှင့် အတူလာနေသည်။ ကိုထွန်းအောင်တို့ သားလေး၊ သမီးလေး (၁)ယောက်လောက်ရလျှင် ကောင်းမှာပဲဟု တောင့်တရင်း သားသမီးရှူးရှူးနေကြသည်။

ခုတော့ ကိုထွန်းအောင်၊မတင်မေတို့ ဆန္ဒပြည့်ဝခဲ့ပြီ။ အသက်(၄၀)ကျော်မှ ကံပေါ်တယ်ပြောရမည်။ မတင်မေကိုယ်ဝန်ရရှိခဲ့သည်။ ရှားရှားပါးပါးရလာသည့်ကိုယ်ဝန်ကို စောင့်ရှောက်ရင်း ဒီနေ့ည‌နေ ကိုထွန်းအောင်တို့အိမ်မှာ ဆည်းလည်းသံလေး လှုပ်ခတ်မြည်ခဲ့လေပြီ။

"ဝါး ဝါး ဝါး"

"ကိုထွန်းအောင်ရေ၊ သမီးလေးတော့။ ဖြူဖြူဖွေးဖွေး ချစ်စရာလေး၊ ဘယ်ဘက်ပါးမှာ မဲ့နက်လေး (၁) လုံးပါတယ်"

မတင်မေမီးဖွားသည့်အခန်းမှသားဖွားဆရာမနှင့်အတူရှိနေသည့် အရပ်သူမည်နှင်းက အော်ပြောလိုက်သည်။

ကိုထွန်းအောင် ဝမ်းသာလွန်းလို့ ထခုန်မတတ်။ ကိုထွန်းအောင် ခုမှ အပူလုံးကြီးကျသွားသလို အဘိုးဦးသာဇံလည်း မြေးမလေးရသဖြင့် ဝမ်းသာနေသည်။ မည်သူနှင့်ပို့က်ထွေးယူလာသည့်သမီးကလေးကိုကြည့်ပြီး ကိုထွန်းအောင် ရင်တွေတဆတ်ဆတ်ခုန်လာသည်။ မိဘတွေရဲ့ချစ်ခြင်းမေတ္တာဆိုတာ ဒီလိုပဲထင်ပါရဲ့။ ကိုထွန်းအောင်တို့က လယ်ပိုင်၊ ယာပိုင်၊ ကွဲနဲ့၊ နွားနဲ့ စီးပွားရေးကောင်းသည်။ တစ်ဦးတည်းသော သမီးလေးမွေးဖွားလာခြင်းအထိမ်းအမှတ် သံယာတော်များကိုဆွမ်းကပ်၊ ရွာသူရွာသားအားလုံးကို ဧည့်ခံကျွေးမွေးဒါနပြုသည်။ တနင်္လာနေ့မှာ မွေးဖွားလာပြီး အချစ်တွေများရလွန်းလို့ ချစ်ချစ်လို့ အမည်ပေးကြသည်။ သမီးလေးစကား ပြောရမည့်အရွယ်ရောက်လာသော်လည်း စကားမပြော။ ဗလုံးပတ်ထွေးမပီမသအသံတို့ဖြင့် ဝါးဝါးဝါးဟုသာ ပြောသံကြားနေရသည်။ ဖေဖေ၊ မေမေဟု ခေါ်လေမလား စောင့်မျှော်ခဲ့သော်လည်း (၅)နှစ်သမီးကျော်လာသည်အထိ ငိုတတ်၊ရယ်တတ်တာနှင့် ဝါးဝါးဝါးဟု အသံကလွဲ၍ ဘာမှမပြောတတ်။

ကိုထွန်းအောင်တို့ လင်မယားများစွာ စိတ်မကောင်းကြသလို သမီးလေးကို သနားမဆုံးရှိနေကြသည်။ သမီးလေး စကားပြောတတ်အောင် ဘယ်လိုလုပ်ရပါ့မလဲ။ သမီးကလေးက စကားသာမပြောတတ်တာ ရုပ်ရည်က တစ်နေ့တခြားလှပလာသည်။ ဖြူဝင်းသောအသားအရေ၊ ဖြောင့်စင်းသောနှာတံ၊ နက်မှောင်သောမျက်ခုံး၊ ရွှန်းလဲ့သောမျက်လုံး၊ နီရဲနေသည့်နှုတ်ခမ်းပါးလေးဖြင့် ချစ်စရာကောင်းလှသည်။ ပါးပေါ်မှာ မဲ့နက်ကလေးက အလှတွင် အယဉ်ဆင့်နေသလို။ ကျောင်းထားရမည့် အရွယ်မို့ ရွာရှိ မူလတန်းကျောင်း၌ ကျောင်းထားပေးသည်။

ချစ်ချစ်စကားမပြောတတ်သဖြင့် ကလေးချင်း စကြ၊ နောက်ကြ၊ ပြောင်ကြသည်။ ကြာတော့ ချစ်ချစ်နာမည် ပျောက်ပြီး ဝါးဝါးလေးဟု အမည်တွင်လာသည်။ သမီးလေးအားငယ်မှာစိုး၍ ကျောင်းကနုတ်ပြီး နေအိမ်၌နေစေသည်။

ကိုထွန်းအောင်တို့နေအိမ်ခြံဝင်းကြီးက သီးပင်စားပင်တို့နှင် ကျယ်ဝန်းလှသည်။ သမီးလေး ကျန်းမာပျော်ရွှင်ဖို့ အဓိက။ ရွာထဲက အစအနောက်သန်သော ကလေးငယ်တွေကို မခေါ်ဘဲ အိမ်နီးနားချင်းကလေးငယ်တွေနှင့်သာ အတူဆော့ကစားစေသည်။ ဝါးဝါးလေး အိမ်နီးနားချင်း ကလေးတွေနှင့် ဆော့ကစားရင်း ပျော်ရွှင်လာသည်။ အတူဆော့ကစားနေတဲ့ ကလေးတွေထဲမှာ ဝါးဝါးလေး အတွယ်အတာဆုံး သံယောဇဉ်အရှိဆုံးက ဖိုးသား။ ဖိုးသားကလည်း တစ်ရွာတည်းသားဖြစ်သလို အိမ်နီးချင်းလည်းဖြစ်သည်။ ဝါးဝါးလေး၏အားနည်းချက်ကို ဘယ်တော့မှမစတတ်၊ မနောက်တတ်။ ဝါးဝါးလေးအပေါ် နားလည်ပြီး အမြဲတမ်း အရှုံးပေး ဆော့ကစားတတ်သည်။

အခန်း (၃)

ဝါးဝါးလေး ဆယ်ကျော်သက်အရွယ်ရောက်လာလို့ ရုပ်ရည်ပိုလှလာသည်။ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်ကြော့ရှင်းလာသည်။ ယခုအခါမှ အထိစကားမပြောတတ်။ ဒါပေမယ့် ဝါးဝါးလေးက အကင်းပါးသည်။ တစ်ဖက်လူပြောစကားကို ကောင်းကောင်းနားလည်၏။ ဝါးဝါးလေးနှင့်ပတ်သက်ပြီး ထူးခြားမှုလေးတွေကို ရွာသူရွာသားများ သတိထားမိလာသည်။ ဝါးဝါးလေးက ကလေးများကို အလွန်ချစ်တတ်ခြင်းပင်။ ဘယ်ကလေးအမေလာအပ်အပ် စိတ်ရှည်လက်ရှည် ကလေးထိန်းပေးတတ်သည်။ အထူးခြားဆုံးက ကြောက်လန့်ငိုကြွေးနေသောကလေး၊ အတက်ရောဂါရှိသည့်ကလေးငယ်များ ဝါးဝါးလေးဆီရောက်လာလျှင် ဝါးဝါးလေးက သောက်ရေအိုးစင်မှရေခပ်ယူပြီး ဝါးဝါးဟု မန်းမှုတ်ရေတိုက်သည်။ ကလေးငယ်များအငိုတိတ်ပြီး ဝါးဝါးလေးပေါင်ပေါ်မှာအိပ်ပျော်ရင်း ရောဂါပျောက်ကင်းသက်သာသွားကြသည်။ ကြာလာတော့ ဝါးဝါးလေးတို့ခြံဝင်းကြီးထဲမှာ သားသည်မိခင်နှင့်ကလေးများစုဝေးရာ နေ့ကလေးထိန်းကျောင်းလေးသဖွယ်ဖြစ်လာသည်။

ကိုထွန်းအောင်၊ မတင်မေတို့ကလည်း သမီးစိတ်ချမ်းသာရင်ပြီးရော ကစားစရာများ စီစဉ်ပေးထားသည်။ ရွာသူရွာသားအားလုံးက ဝါးဝါးလေးကျေးဇူးတင်ကြ၊ ချစ်ကြ၊ ခင်ကြ၊ သနားကြသည်။ ဝါးဝါးလေးတို့ခြံဝင်းကြီးထဲမှ ကလေးငယ်များ ပြေးလွှာဆော့ကစားသံများ အမြဲလိုဆူညံဝေစည်နေတတ်သည်။

ဒီနေ့နံနက် (၉) နာရီလောက် ဝါးဝါးလေး ခြံထဲမှာ ထုံးစံအတိုင်း ကလေးငယ်များ၊ ဆော့ကစားနေသည့် အသံများ ဆူညံနေသည်။ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေကစားနေကြသည်။ ကလေးငယ်များလက်ချင်းယှက်လျက်ဝန်းရံထားသည့်အလယ်မှာ အနီရောင်ဝတ်စုံလေးနှင့် ဝါးဝါးလေး ပျော်ရွှင်ရယ်မောရင်း ရပ်နေသည်။ ကလေးငယ်တွေ သံပြိုင် သီဆိုလိုက်ကြသည်။

"ဝါး ဝါး လေးကိုချစ်တယ်၊ ဝါး ဝါးလေးကိုချစ်တယ်"

ဝါးဝါးလေး ကလေးငယ်များကို ကြည့်ရင်း ပျော်ရွှင်လာပြီး သီချင်းလိုက် ဆိုလိုက်သည်။ သီချင်းတေးသံက

www.burmeseclassic.com

www.burmeseclassic.com

"ဝါး ဝါး ဝါး ခစ် ခစ် ခစ်"

ဝါးဝါးလေး ပျော်ရွှင်ရယ်မောနေတာကို ဖိုးသား သစ်ပင်ကွယ်တစ်နေရာကနေကြည့်ရင်း -

"ဝါးဝါးလေးရေ၊ နင် ခုလိုထာဝရ ပျော်ရွှင်နိုင်မယ်ဆိုရင် နင့်အတွက် ငါ အာမခံဆိုရင်ဆိုင် ဝံ့ပါတယ်"

ဖိုးသားလေးရင်ထဲမှာ ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလို မျက်ရည်စတွေနဲ့ ဝါးဝါးလေး သစ်ပင်ကွယ်က ဖိုးသား ထိုးလှမ်းမြင်သွားပြီး -

"ဝါး ဝါး ဝါး"

လက်ကလေးယမ်း၍လှမ်းခေါ်နေသည်။ ဖိုးသား အပြေးကလေးထွက်သွားသည်။ ကလေးငယ်များအလယ်မှာ ဝါးနှင့် ဝါးဝါးလေး အတူယှဉ်ရပ်မိကြ၍ ကလေးငယ်များအားလုံးဝိုင်း၍ -

"ဖိုးသားနဲ့ ဝါးဝါးလေးကိုချစ်တယ်"

"ဟေး ဟေး ဟား ဟား ဟား"

"ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ"

ကလေးငယ်အားလုံး လက်ချင်းချည်ထားပြီး ဖိုးသားနှင့် ဝါးဝါးလေးကို အလယ်မှာထားပြီး လှည့်ပတ်ပြေးလွှားကြသည်။ ကလေးငယ်များနှင့်အတူ ဝါးဝါးလေးတို့ လှည့်ပတ်ပြေးကြသည်။ကလေးငယ်အားလုံး ဆော့ကစားသံများက ဝါးဝါးလေးတို့တစ်ခြံလုံးကို လွှမ်းသွားသည်။

အခန်း (၄)

နွေ၊ မိုး၊ ဆောင်း ရာသီစက်ဝိုင်းတို့ အလှည့်ပြောင်းခဲ့ပြီ။ ဖိုးသားနှင့်ဝါးဝါးလေးတို့ အချိန်တန် အရွယ်ရောက်ပြီ။ ခွစ်တက်ကြိုက်တက်တဲ့အရွယ်ရောက်သွားကြသည်။ ဖိုးသားနှင့်ဝါးဝါးလေးက ကဲတူအကျိုးပေးပဲပြောရမလား။ ဖိုးသားလည်း တစ်ဦးတည်းသောသား၊ ညှို့စိမ့်စိမ့်နှင့်ယောကျ်ားပီသသောရုပ်ရည်။ ယ်တွေယာတွေများစွာပိုင်ဆို ဦးစော၊ ဒေါ်တင်တို့ရဲ့ အသည်းနှလုံး။ စီးပွားရေးကောင်းသူတွေမို့ တစ်ဦးတည်းသောသားလေးကို အစစအရာရာအလိုလိုက်ထားသည်။ ဖိုးသားကို မြို့က အထက်တန်းကျောင်းမှာ ကျောင်းထားပေးပေမယ့် ဖိုးသားက ပညာရေးဘက်မှမထွန်းပေါက်။ ဆယ်တန်းကို တဝှန်းဝှန်းကျနေသည်။ ဖိုးသားကလည်း မထွန်းတောက်တဲ့ပညာရေးဘက်ကို စိတ်မဝင်စား။ မိဘလက်ငုတ်လက်ရင်း လယ်ယာတွေကို ဦးစီးလုပ်ကိုင်ရန်သာ ဆန္ဒပြင်းပြနေသည်။ တစ်ခုတော့လိုအပ်သည်။ ဘဝရဲ့လက်တွဲဖော်။ ဒီတော့ မိဘတွေကို ပွင့်ပွင့်လင်းလင်းပြောပြမှ ဖြစ်တော့မည်။ ဒီနေ့ မိဘတွေအားလုံး မျက်နှာစုံညီရှိခိုက် -

"အဖေကြီး၊ သား ဒီနှစ် ကျောင်းမတက်တော့ဘူး။ လယ်တွေယာတွေပဲ ဦးစီးလုပ်မလားလို့"

"ဟေ - ဘာဖြစ်လို့လဲကွ။ ဆယ်တန်းလေးတော့ အောင်အောင်ဖြေပါသားရာ"

"သားပညာရေးမထွန်းပေါက်နိုင်ပါဘူး။ စီးပွားရေးပဲလုပ်ပါရစေ"

ဦးစော ဘယ်လိုပင်ဖျောင်းဖျပေမယ့်မရ။ ဖိုးသားအတွင်းတွင်ငြင်းနေလို့ လက်လျှော့လိုက်ရသည်။ ဖိုးသား စကားဆက်ရန် တုံ့ဆိုင်းနေသလိုရှိ၍

"ဘာပြောချင်သေးလို့လဲ၊ ပြောလေ"

ဖိုးသား မရဲတရဲဖြင့် -

"သားအိမ်ထောင်ပြုတော့မလားလို့"

"ဟေ - ဒီလိုလားကွ။ ဒါကြောင့် မင်းပညာရေးမှာစိတ်မပါတော့တာကို။ ထားပါတော့ကွာ၊ ဒါထက် မင်းက ဘယ်သူနဲ့လဲ"

"သား၊ ဝါးဝါးလေးနဲ့လက်ထပ်ချင်တယ်။ အဖေကြီးတို့တောင်းပေးပါ"

"ဟေ - ရွာမှာ အချောအလှတွေ အများကြီးပါကွာ။ ဝါးဝါးလေးမှရွေးရတယ်လို့"

"သား၊ ဝါးဝါးလေးကိုပဲချစ်တယ်၊ သူပဲလက်ထပ်မယ်"

"ကောင်မလေးက မင်းကို သဘောကျရဲ့လား"

"သားတို့ချစ်သူအဆင့်မဟုတ်ပေမယ့် သားတို့ချင်းသံယောဇဉ်ရှိပါတယ်။ အဖေကြီးတို့သွားတောင်းရင် သေချာပေါက်လက်ခံမှာပါ"

သားလေးစိတ်မဆင်းရဲစေလို၍ သားလေး၏ ဆန္ဒအတိုင်း ဦးစော၊ ဒေါ်တင်တို့လှုံကြီးစုံရာနှင့် ကိုထွန်းအောင်၊ မတင်မေတို့ထံ မိသားဖသားပီပီသွားရောက်တောင်းကြသည်။ လူငယ်ချင်းကလည်း သံယောဇဉ်ရှိပြီးမို့ ကိုထွန်းအောင်တို့ဘက်ကလည်း ကြည်ကြည်ဖြူဖြူ လက်ခံကြသည်။ ဒီနှစ်ဝါလကင်းလွတ် သီတင်းကျွတ်မှာ ကိုထွန်းအောင်တို့နေအိမ်၌ မင်္ဂလာဆောင်ရန် မင်္ဂလာရက်မြတ် ရွေးချယ်သတ်မှတ်ကြသည်။ ဖိုးသားနှင့် ဝါးဝါးလေးတို့မင်္ဂလာသတင်းကို ကြားရသူ ရွာသူရွာသားအားလုံး ဝမ်းသာသွားကြပြီး လိုအပ်သမျှပိုင်းဝန်းကူညီရန် ဆွေးနွေးနေကြသည်။

အခန်း (၅)

နှစ်ဖက်မိဘလူကြီးစုံရာနှင့် တရားဝင်စေ့စပ်ကြောင်းလမ်းထားတဲ့ ဖိုးသား၊ ဝါးဝါးလေးတို့စုံတွဲကို သံနီချောင်းတံတားလေးရဲ့ခုံတန်းလျားလေးပေါ်မှာ မကြာခဏတွေ့နေရသည်။ ဒီနေ့မနက်စောစော တံတားလေးပေါ်မှာ ဝါးဝါးလေး ကြိုရောက်နေသည်။ ဘာများပြောစရာရှိလို့လဲ။ အတွေးလေးနှင့် ဖိုးသား အပြေးလေးတစ်ပိုင်း ဝါးဝါးလေးနားရောက်သွားသည်။ မိုးရာသီကုန်လုပေမယ့် လေနှင့်အတူ မိုးကမထင်မှတ်ဘဲ ရွာချင်ရွာချတတ်သေးသည်။ သံနီချောင်းရေတို့တိုးဆဲ။ အရှိန်ကောင်းစွာ တဝေါဝေါစီးဆင်းလျက်ရှိနေသည်။ ရွာဦးထိပ် ဆုတောင်းပြည့်စေတီမှ တန်ခွင်ခွင်မြည်နေသည့် ဆည်းလည်းသံလေးနှင့်ရွာဦးထိပ်ညောင်ပင်ကြီးဆီ တစ်ချက်တစ်ချက်ပျံ့လွင့်လာသည်။ သာယာလှပသော နံနက်ခင်းလေးပေမယ့် မျက်နှာမရွှင်မပျဖြစ်နေတဲ့ ချစ်သူဝါးဝါးလေးကိုကြည့်ပြီး ဖိုးသား စိုးရိမ်တကြီးမေးလိုက်သည်။

"ဝါးဝါးလေး၊ နေမကောင်းဘူးလား"

ဝါးဝါးလေး လက်ဖဝါးပေါ်ဦးခေါင်းလေးတင့် မျက်လုံးမှိတ်ပြပြီး လက်ခါပြလိုက်သည်။ ဖိုးသားနှင့်သူမကို လက်ညှိုးလေးနှင့်ညွှန်ပြရင်း လက်ညှိုးနှစ်ချောင်းပူး၍ပြသည်။ လက်အုပ်လေးခို၍ ဟိုးအဝေးရွာထိပ်က ဆုတောင်းပြည့်စေတီလေးကို လှမ်းကြည့်ရင်း ဖူးမြော်ပြသည်။ ငယ်စဉ်ကပင် အတူကြီးပြင်းဆော့ကစားလာသူတွေမို့ ဖိုးသား ကောင်းစွာ ဘာသာပြန်တတ်နေပြီ။

"ဝါးဝါးလေး အိပ်မက်မကောင်းဘူးလား။ ဘုရားမှာသွားပြီး ကုသိုလ်လုပ်ချင်လို့လား"

ဝါးဝါးလေး ကျေနပ်သွားပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဘာကောင်းမှုလုပ်ချင်လို့လဲ"

ဝါးဝါးလေး စဉ်းစားသလိုရှိနေရာက သံနီချောင်းတံတားလေးပေါ်က လေးလက်မပတ်လည် သစ်သားတန်းလေးကိုညွှန်ပြသည်။ ဖိုးသားနှင့် သူမကိုယ်ကို လက်နှင့်ပုတ်ပြပြီး သစ်သားတန်းပေါ်မှာစာရေးဟန်ပြသည်။ ညောင်ပင်ကြီးပုံသဏ္ဌာန် လက်နှင့်ဝိုင်းပြပြီး

www.burmeseclassic.com

www.burmeseclassic.com

အောက်က သစ်သားတန်းလေးထောက် သလိုလုပ်ပြတော့ ဖိုးသား ဃဘော ပေါက်သွားပြီ။

"သြော် - တို့နှစ်ယောက်နာမည်နဲ့ ရွာထိပ်ကညောင်ပင်ကြီးမှာ ညောင်ထောက်မယ်လား"

ဝါးဝါးလေး ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို ညနေ (၄) နာရီ ဘုရားထဲကစောင့်နေ။ ငါစီစဉ်ယူလာခဲ့မယ်"

ဝါးဝါးလေး အနည်းငယ်ရွှင်လန်းပျော်ရွှင်လာတာမြင်ရပြီး ဖိုးသားကျေနပ်နေသည်။ နှစ်ဦးသား လက်တွဲ၍ သံနီချောင်းတံတားလေးပေါ် ကဖြတ်၍ ရွာသို့ပြန်ခဲ့ကြသည်။

ချိန်းဆိုထားသော ညနေ(၄)နာရီမှာ ဖိုးသားနှင့်ဝါးဝါးလေးတို့ ဆုတောင်းပြည့်ဘုရားမှာဆုံကြသည်။ ဖိုးသားလက်ထဲမှာ လေးလက်မပတ်လည် ပျဉ်းကတိုးသား (၁)ချောင်းပါလာသည်။ သစ်သားတန်းပေါ်မှာ ဖိုးသားနှင့် ဝါးဝါးလေး ကောင်းမှုလို့ စာတန်းလေးကို စုတ်နှင့် ဆေးအနီရေးထိုးထားသည်။ (၂)ဦးသား ဘုရားမှာ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်ကြသည်။ ချစ်သူနှစ်ဦး ထာဝရမခွဲမကွာပေါင်းရစေကြောင်း ဆုတောင်းကြသည်။ ရွာထိပ် ညောင်ပင်ကြီးအောက်ရောက်လာပြီး နိမ့်နေသော အကိုင်းကြီးတစ်ကိုင်းအောက်မှာယူလာသော သစ်သားဒေါက်ကို ထောက်ထားလိုက်သည်။ ယခုကောင်းမှုကြောင့် အေးမြလှသော ညောင်ပင်ကြီး၏အရိပ်လို သာယာလှသော ဆုတောင်းပြည့်စေတီကြီး၏ ဆည်းလည်းသံလို ချစ်သူနှစ်ဦးဘဝ ခရီးလမ်းချမ်းမြေ့ပေါင်းဖက်ရပါစေကြောင်း ဆုတောင်းကြသည်။ ဆုတောင်းပြည့်စေတီအနီးတဝိုက်က သစ်ပင်ပန်းပင်လေးတွေပေါ်မှာ ခိုနားရင်း ချိုအီသော ပန်းဝတ်မှုန်လေးတွေကိုစုပ်ယူနေတဲ့တေးသီဆိုတွဲလေးတွေက တကျီကျီအော်မြည်ရင်း သူတို့အတွက်ဝိုင်းပြီးဆုတောင်းပေးနေကြတယ်ထင်ပါရဲ့။ စေတီရင်ပြင်တစ်ခုလုံး ပန်းရနံ့တို့ဖြင့် သင်းထုံမွှေးပျံ့နေသည်။ ဖိုးသား၊ ဝါးဝါးလေးတို့ရောင့်စုံ ငှက်မောင်နှံလေးတွေကိုကြည့်၍ ကြည်နူးစွာ နှုတ်ဆက်ရင်း ဘုရားစောင်းတန်းကအတူဆင်းပြီး ရွာသို့ပြန်ခဲ့ကြသည်။

အခန်း (၆)

ဖိုးသားနှင့်ဝါးဝါးလေးတို့မင်္ဂလာပွဲအတွက် လက်ပံရွာသားများအားလုံး တက်ကြွနေကြသည်။ သီတင်းကျွတ်လထဲရောက်လာပြီ။ ဒီနေ့နံနက်စောစောသတို့သား၊ သတို့သမီးအတွက် မင်္ဂလာခန်းဝင်ပစ္စည်းနှင့်ဧည့်သည်များကျွေးမွေးရန် လိုအပ်သောပစ္စည်းတွေ ကားစီးလုံးငှား ပြည်မြို့တက်၍ ဈေးဝယ်ကြမည်။ ပြည်မြို့ကပစ္စည်းစုံလင်သည်။ ဒေါ်တင်မေနှင့်ရွာသားတချို့ လိုက်ပါကြမည်။ ဖိုးသား၊ ဝါးဝါးလေးနှင့် လိုက်ဖက်မည့် ပစ္စည်းလေးတွေ ကိုယ်တိုင်ရွေးပြီး ဝယ်ပေးချင်သည်။ တားမြစ်နေသည့်ကြားမှ ဖိုးသား ဈေးကားနှင့်အတင်းလိုက်ပါလာသည်။ ဈေးဝယ်ပြီးအပြန် ဈေးတားပြည်မြို့အထွက်မှာ ကားတိုက်ရှောပြုတ် သစ်ပင်ဝင်တိုက်မိပြီး တိမ်းမှောက်သွားသည်။

"ဈေးဝယ်ကားမှောက်လို့တဲ့၊ ဒရိုင်ဘာဘေးကလိုက်လာတဲ့ဖိုးသား ပွဲချင်းပြီးသေဆုံးသွားတယ်။ ရွာသားအချို့လည်း ဒဏ်ရာရလို့တဲ့"

ဒီသတင်းက လက်ပံရွာတစ်ရွာလုံး ပျံ့နှံ့သွားသည်။ လက်ပံရွာသားအားလုံး စိတ်မကောင်းကြ။ အထူးသဖြင့် ဖိုးသားနှင့်ဝါးဝါးလေးတို့အတွက် ပို၍စိတ်မကောင်းဖြစ်ကြရသည်။ သတင်းဆိုတာ ဖုံးကွယ်လို့မရ။ ဝါးဝါးလေးသိသွားသည်။ ကိုထွန်းအောင်၊ မတင်မေတို့ တငိုငိုတရီရီဖြစ်နေသည့် သမီးလေးကို မျက်ခြည်မပြတ် စောင့်ကြည့်ရင်း အားပေးနှစ်သိမ့်နေရသည်။

ဒီညနေ မိုးသားများအုပ်ဆိုင်းနေသည်။ ဝါးဝါးလေး ဖိုးသားကို ပိုမိုသတိရနေမိသည်။ မိဘတွေအလစ် ဖိုးသားနှင့် ဆုံနေကျ သံနီချောင်းတံတားလေးဆီ လျှောက်ခဲ့သည်။ ပြာလွင်သောမိုးကောင်းကင်မှာ တိမ်ညိုတိမ်မည်းတို့ လေနှင်ရာသို့ ဟိုတစ်စ၊ဒီတစ်စ လိုက်ပါလွင့်မျောနေကြသည်။ လေပြင်းကလေးတိုက်ခတ်လာလို့ ချမ်းစိမ့်စိမ့်ရှိလာသည်။ မကြာမီ မိုးရွာဦးမှာလား။ ဝါးဝါးလေး သံနီချောင်းတံတားပေါ်က ဖိုးသားနှင့်အတူ ထိုင်နေကျ ခုံတန်းလျားလေးပေါ် ထိုင်ချလိုက်သည်။ သံနီချောင်းရေတို့ တဝေါဝေါအော်မြည်ရင်းတံတားအောက်က ဖြတ်သန်းစီးဆင်းသံများ ကြားနေရသည်။ လေပြင်းနှင့်အတူ မိုးဖွဲလေးများ တစ်စတစ်စရွာချလာသည်။ သစ်ပင်သစ်ကိုင်းများ ဘယ်ညာယိမ်းထိုးလှုပ်ရှားနေကြသည်။ ရွာဦးထိပ် ဆုတောင်းပြည့်စေတီက ဆည်းလည်းသံလေးများ တချွင်ချွင်က ပျံ့လွင့်လာကြပြန်သည်။ ဖိုးသားက အနားလာပြီး အားပေးသလိုအသံများ ကြားနေရသည်။

"ဖိုးသားရေ၊ နင်မရှိတဲ့ ငါ့ဘဝဘာမှအဓိပ္ပာယ်မရှိတော့ဘူး။ နင့်နောက် ငါလိုက်မယ်"

စိတ်ထဲကရေရွတ်ရင်း ဝါးဝါးလေး တသွင်သွင်စီးကျလာတဲ့မျက်ရည်စေ့ကို လက်ဖမိုးလေးနှင့် သုတ်လိုက်ရင်း လက်အုပ်လေးချီထားလျက်က တဝေါ့စီးဆင်းနေတဲ့ သံနီချောင်းရေအားနှင့်ခုန်ချလိုက်သည်။

"ဝုန်း"

ရေစီးနှင့်အတူ ဝါးဝါးလေးမျောသွားသည်။ သမီးလေးပျောက်သွားသဖြင့် ကိုထွန်းအောင်၊ မတင်မေတို့ ရွာသားများအကူအညီဖြင့် သံနီချောင်းတံတားလေးဆီ ရောက်လာသည်။ သံနီချောင်းထဲလျှောက်လိုက်ရှာရာ ချောင်းစပ်တစ်နေရာမှာ ရေနစ်သေဆုံးနေသည့် ဝါးဝါးလေးအလောင်းကို တွေ့ရသည်။ ဝါးဝါးလေးအလောင်းကို ရွာပြန်သယ်လာကြကြောင်းစွာ သတ္တိပြုလိုက်ကြသည်။

အခန်း (၇)

ဘကြီးသာဇံ ဟိုးအရင်းဝမ်းနည်းကြေကွဲဖွယ်ကျန်ခဲ့တဲ့ပုံရိပ်ပြန်လည်သတိရရင်း ကျလုဆဲမျက်ရည်တွေကို တရားအသိလေးနှင့်ထိန်းလိုက်သည်။ ရွာဦးထိပ်က ညောင်ပင်ကြီးအောက်သို့လျှောက်လာခဲ့သည်။ ဖိုးသားနှင့် ဝါးဝါးလေးတို့ ပြုလုပ်ထားခဲ့ကောင်းမှု ဒေါက်တိုင်လေးကို ရေရွတ်ဆိုခဲ့ကြတဲ့ဆုတောင်းပြည့် ဘုရားကုန်းတော်လေးဆီ ဆက်လက်တက်လာခဲ့သည်။ ဖိုးသားနှင့်ဝါးဝါးလေးတို့ ကောင်းမှုပြုလုပ်ခဲ့ဒေါက်တိုင်လေးဆေးရောင်များမှေးမှိန်ပြုနေသည်ကို သတိထားမိသည်။ ရွာမှာ ဝါးဝါးလေးပူးဝင်သတိပေးပြီးကတည်းက ဒေါက်တိုင်ကို ဘကြီးသာဇံမလွှဲမသွေ ဘယ်သူမှမဖြုတ်ရဟုကြေငြာ ရွာသားများသံစကာလေးကာပြီး ဝိုင်းဝန်းထိန်းသိမ်းပေးကြသဖြင့် လက်ပံရွာ၌ ထူးဆန်းစွာတည်ရှိနေသည်။

ဘကြီးသာဇံကတော့ လောကဘာမှမမြဲတဲ့ အနိစ္စသဘောကို ဆင်ခြင်နေမိသည်။ တွယ်တာနှောင်ဖွဲ့တတ်သော သဘောရှိသည့် သမုဒယတွေကို ဖြတ်တောက်မှပူလောင်စေတတ်သောဆင်းရဲဒုက္ခများမှကင်းဝေးကြမည်။ လေး

www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းသေ၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်လောက်သည့်

ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနွဝင်း(ပုသိမ်) ၁၆ ပထမပိုင်း

ယခင်လက နွားအချင်းသုပ် ဆေးဖက်ဝင် ကျေးလက်ဟင်းလျာ အကြောင်းကို တင်ပြပြီးဖြစ်သဖို့ ဒေလက်စတည်း နာလန်ထစေ ခံတွင်း အကြောင်းအဝဲချည့်နဲ့နေသောသူများနှင့် ဝမ်းသွေးအားနည်း၊ ပန်းအားနည်း အားအင် အမြန်ဆုံး လိုအပ်နေသော ဘဝရှင်များအတွက် အမြန်ဆုံး အားပြည့် အာဟာရဖြစ်စေသော -

ဆေးဖက်ဝင်ပြီး အရသာအထူး ပြည့်စုံ၍ နှုတ်ခံတွင်းတွေ့စေမည့် အမဲ ဟင်းလျာအကြောင်းကို တင်ပြပေးမည် ဖြစ်ပါသောကြောင့် အမဲသားဟင်းလျာ ကို ရောင်ကြဉ်ကြသော စာဖတ်ပရိသတ် တို့အား အထူးသဖြင့် သည်းခံ၍ ဖတ်ရှု သေချာရန် မေတ္တာရပ်ခံအပ်ပါသည်။

အမဲဟင်းလျာကို စားသုံးနှံ့စပ်သက် ကြသူများ၏အဆိုအရ လောကတွင် ရှိသော အသားဟင်းလျာများထဲတွင် နှုတ်ခံတွင်းအရသာတွေ့ပြီး ထူးကဲလှတဲ့ အရသာနဲ့ ပြီးပြည့်စုံစေသော ဟင်းလျာ မှာ -

'အမဲအူစုံအသည်းစုံဟင်းလျာ'ဖြစ် ပါသည်ဟု တညီတညွတ်တည်းပြောဆို ကြပေမည်။

ထိုသို့ ပြောဆိုရလောက်အောင် လည်း အမဲသား(နွားသား)တွင် လူခန္ဓာ ကိုယ်အတွက် အရေးပါသော ပရိတင်း ဓာတ်နှင့် အမိုင်နိုအက်စစ်ဓာတ်များ ပေါကြွယ်ဝစွာပါဝင်နေသလို အမဲသား၏ အရသာကလည်း ထူးကဲစွာစားကောင်း လှပါသည်။

အမဲသားသည် နှုတ်ခံတွင်းအရသာ တွေ့သလို ခန္ဓာကိုယ်တည်ဆောက်ပြု ပြင်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် အမိုင်နိုအက်ဆစ် (Essential amino acid) ဓာတ်တွေ အစုံအလင်ပါဝင်နေ သည့် ပထမတန်းစား အသားဟင်းမျိုး လည်း ဖြစ်ပါသည်။

ၿငင်းကို စားသောက်ပြီးတဲ့အခါမှာ လည်း ခွေးအားကောင်းပြီး အသား အရေ၊ နှုတ်ခမ်းနှင့် ခြေသည်း၊ လက် သည်းလေးတွေနီမြန်းစိုပြည်ပြီး ကျန်းမာ ကြံ့ခိုင်စေဖို့ အဓိကလိုအပ်တဲ့ သတ္တု ဓာတ်ဖြစ်သော သံဓာတ်သည် အမဲသား တွင် အဓိကပါဝင်နေပြီး လူ၏အစာအိမ် နှင့် အူလမ်းကြောင်းကနေ အလွယ်တကူ စုပ်ယူနိုင်တဲ့ သံဓာတ်အမျိုးအစားဖြစ် တာမို့ လွန်စွာ သွေးအားပြည့်မြန်၍ အမြန်ဆုံး ကျန်းမာစေပါသည်။

ခန္ဓာကိုယ်အတွက် အဓိက အထောက်အကူပြုတဲ့ သွပ် (Zinc) ဓာတ်ကလည်း အပြည့်အဝပါဝင်နေပါ သေးသည်။ ထို့ပြင် အမဲသားတွင် မီးစုန်း

ဆီးတွေနေသမျှ သမုဒယနှင့်ဒုက္ခတွေတွဲ နေသမျှ ငြိမ်းအေးမှုကိုမရနိုင်ပေ။ဆင်းရဲ ဒုက္ခမျိုးစုံကြုံကြရမည်။ ပူလောင်မှုတွေ ဆိုးကြရတာ ဘဝခန္ဓာတွေကြောင့်ပဲဟု သိတာကြောင့် သစ္စာဆိုက်အောင် ရှုမှတ်ရ မယ်။ အဟုန်ပြင်းစွာတောက်လောင် နေတဲ့မီးပုံကြီးငြိမ်းသွားတော့ မီးပုံကြီး ကိုချွေလို့မရနိုင်ပေမယ့် ပူလောင်ခြင်းမှ ငြိမ်းအေးခြင်းဖြစ်သွားတာ အမှန်တရား။ ဆောင်စာနှင့်တူသည့် ဘဝခန္ဓာတွေမရှိ သော် ကိလေသာနှင့်တူသည့်မီးမလောင် ကြနိုင်ပေ။ လောင်စာလည်းသိမ်း၊ မီး သည်းငြိမ်းကြပေမည်။ ဒုက္ခတွေငြိမ်း သွားတာ အေးချမ်းသွားတာ နိဗ္ဗာန်ပဲ။ ဘကြီးသာဇံနာယူဖူးတဲ့ ပဋိစ္စသမုပ္ပာဒ် ဟူရာကို နှလုံးသွင်းရင်း ဓမ္မကထာလေး ကို တိုးတိုးလေးရွတ်ဆိုလိုက်သည်။

ငြိမ်းအေးသည့်နိဗ္ဗာန်

- ရုပ်နာမ်ဓမ္မ၊ သခါရတို့၊ ဖြစ်ပြီးရင်း သာ၊ ပျက်မြဲစွာတည့်၊
- ခန္ဓာအစု၊ အနတ္တဟု၊ ကြည့်ရှု ဆင်ခြင်၊ သစ္စာမြင်သော်၊ သမုဒယ သိမ်း၊ ဒုက္ခငြိမ်းလိမ့်၊
- လောင်စာခန္ဓာ၊ မမြိုပါမှ၊ ကိလေသာ မီး၊ အပြီးငြိမ်းမည်၊
- ငြိမ်းအေးခြင်းသာ၊ ပြည်ခေမာဟု၊ စိတ်မှာခိုင်ကျည်၊ ဂတိတည်လော့။

ဘကြီးသာဇံ ဘုရားကုန်းတော်ပေါ်မှ ရီဝေသော မျက်လုံးအစုံနှင့် ဟိုးအဝေးမှာ မှုန်ပျပျမြင်တွေ့နေရတဲ့ သံနီချောင်းတံတားလေးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ မြေးဖြစ်သူ ဝါးဝါးလေးနှင့် ဖိုးသားတို့ပုံရိပ်တွေကို ပြန်မြင်တွေ့နေရသလိုလို ဒီလိုကြေကွဲ ဖွယ်ဖြစ်ရပ်တွေက အတိတ်မှာ ကျန်ရစ် ခဲ့ပြီပဲလေ။ ဘကြီးသာဇံ သတိလေးပြန် ဝင်လာပြန်ပြီး -

"ဖိုးသားနဲ့ ဝါးဝါးလေးတို့ရေ့ ဘကြီးပြခဲ့သော ကုသိုလ်ဒါနတွေကို အမျှပေးဝေပါတယ်။ ငါ့မြေးတို့ ဆင်းရဲ ခြင်းအပေါင်းနဲ့ကင်းဝေးရာ ငြိမ်းအေး နိဗ္ဗာန်ရွေပြည်ကို ရောက်ရှိကြပါစေ။ နိဗ္ဗာန်မရောက်မီ သံသရာမှာကျင်လည် ခဲ့ရရင် ဒီလိုကြေကွဲဖွယ်အဖြစ်ဆိုးတွေက ကွေကွင်းနိုင်ပါစေ"

"သာဓု၊ သာဓု၊ သာဓု"

ဆုတောင်းပြည့်ဘုရားစေတီလေး တစ်ဝိုက် သာဓုခေါ် သံများကြားနေရ သလိုလို စိတ်ထင်လို့များလား။ ဘာပဲဖြစ် ဖြစ် ငါ့မြေးလေးတွေ ကောင်းမြတ်သော ဘုံဘဝရောက်ရှိမှာဧကန်ပဲ။ဘကြီးသာဇံ ဆုတောင်းပြည့်ဘုရားကုန်းလေးပေါ်က တောင်ဒေးလေးအားပြုဆင်းလာခဲ့သည်။ ဘကြီးသာဇံနှုတ်ကလည်း ဘုရားစာများ တတွတ်တွတ်ရွတ်ဆိုလျက်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ရွှင်လန်းချမ်းမြေ့ကြပါစေ

မောင်စိန်ဝင်း (ရွှေမိုးညို)

မှတ်ချက်-

ဖြစ်ရပ်မှန်ဇာတ်လမ်းလေးအား ပြုပြင်ရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(Phosphorus)၊ ပိုတက်စီယမ် (Potassium)။ မဂ္ဂနီစီယမ်နှင့်ဆလင်နီယမ် (Selenium) ဆိုသည့် သတ္တုဓာတ်အမျိုးမျိုးလည်း ကြွယ်ဝပါသည်။

အာရုံကြောစနစ်ကြံ့ခိုင်ရေး၊ သွေးနီဥထုတ်လုပ်ရေး အပါအဝင် ခန္ဓာကိုယ်ဇီဝကမ္မလုပ်ငန်းအမျိုးမျိုးအတွက် အသုံးဝင် အရေးပါလှတဲ့ ဘီ (B) အုပ်စုဝင် ဗီတာမင် (B. Vitamins) တွေဖြစ်သည့်-

- ဗီတာမင် ဘီဝမ်း (B_1)
- ဗီတာမင် ဘီတူး (B_2)
- ဗီတာမင် (B_{12})

စတဲ့ ဗီတာမင်ဓာတ်တွေကလည်း ပြည့်စုံစွာပါဝင်နေသည့်အသားဖြစ်သဖြင့် အမဲသားဟာ ဆေးဖက်ဝင်ဟင်းလျာ အာဟာရကောင်းတစ်ခုဖြစ်သည်ကို ဆေးသိပ္ပံအာဟာရဗေဒလေ့လာသုတေသနတွေ့ရှိချက်များအရ တိကျစွာသိရှိရပါသည်။

ယခု စာရေးသူ တင်ပြပေးမည့် **အမဲအူစုံ အသည်းစုံ ဆေးဖက်ဝင်ဟင်း သို့မဟုတ် သရဲမနေနိုင်ဟင်းချက်နည်း** နှင့်ဆက်စပ်နေသော စာရေးသူအဘိုး၏ ကိုယ်တွေ့ရာဇဝင်ဇာတ်ကြောင်းလေးကို အနည်းငယ် တင်ပြပေးချင်ပါသည်။

ဟို လွန်ခဲ့သော အနှစ်(၅၀)ကျော် စာရေးသူတို့ ငယ်စဉ်အခါနီးကာလများ ကျေးလက်တောရွာဒေသများတွင်နေထိုင်မကောင်း၍ ဖျားနာခဲ့လျှင် ဆေးကုသရန် အလွန်အခက်အခဲရှိကြပါသည်။

မိမိတို့ လက်လှမ်းမီရာ တောဆေးဝါးများနှင့်သာ ရှာဖွေကုသကြရသဖြင့် နေထိုင်မကောင်းသည့်သူသည် တော်တော်နှင့်နာလန်မထနိုင်တဲ့အဖြစ်မျိုးနှင့်ကြုံတွေ့ကြရပါသည်။

ထိုအထဲမှာ စာရေးသူ၏အဘိုးလည်း အပါအဝင်ဖြစ်ခဲ့လေသည်။ တောတက်၍ သစ်ဝါးသွားခုတ်စဉ် ဒူးဖျားမိလာခဲ့ပြီး လနှင့်ချီ၍ တပိန်ပိန်တလိမ်လိမ်ဖြစ်ကာ အတော်နှင့်လူမှာ နာလန်မထနိုင်ဘဲ အားအင်ချည့်နဲ့၍နေပြီး ဘာအလုပ်မှလည်း ကောင်းကောင်းမလုပ်နိုင်ဖြစ်နေပေသည်။

ဒီလိုနှင့် တစ်နေ့မှာ အစ်ကိုတော်တစ်ယောက်က မိုးမကျမီ ခိုင်းနွားတစ်ရှူးရှာ၍ဝယ်ယူရန်အတွက် နွားအကြော (နွားအကြောင်း) နားလည်နှံ့စပ်သူ စာရေးသူ၏အဘိုးကို မရမကအပါခေါ်သွားပြီး နွားဝယ်ထွက်ခဲ့လေ သည်။

အဘိုးက နာလန်ထခါစ အားမရှိမို့ သိပ်မလိုက်ချင်။ တစ်နေကုန်တစ်နေခန်း ညီအစ်ကိုနှစ်ယောက် နွားကိုလိုက်ရှာလိုက်တာ နောက်ဆုံး ကရင်ရွာကြီးတစ်ရွာတွင် ရွာသူကြီး၏ နွားခြံထဲမှ နွားတစ်ရှူးကိုသွား၍မျက်စိကျသဖြင့် အရောင်းအဝယ်တည့်ပြီး အဆင်ပြေသွားလေပြီ။

သို့သော် -

စာရေးသူ၏ အဘိုးမှာ နာလန်ထစ အားအင်ချည့်နဲ့သေသူမို့ အလွန်နွမ်းနယ်ပင်ပန်းအားကုန်နေပြီ။ ရွာသို့ပြန်ရန် အားမရှိဖြစ်နေပြီမို့ ကရင်ရွာသူကြီးအိမ်မှာပဲ တစ်ညတာတည်းခိုဖို့ရန် အကြောင်းဖန်ခဲ့လေသည်။

ဒီအခါမှာ သူကြီးကတော် အမိုးကြီးက စာရေးသူ၏အဘိုးကို သေချာကြည့်ပြီး -

"အေး. . . ဝေ့ - ဒီဖိုးခွားလေးက ကြည့်ရတာ ငှက်ဖျားရုပ်ကလေးပဲ။ ဒီအတိုင်းဆို နင်တော်တော်နဲ့နာလန်ထမှာမဟုတ်ဘူး။ ငါကူညီမှဖြစ်တော့မယ်"

ဟု ပြောဆိုပြီး နောက်ဖေးမီးဖိုဆောင်သို့ဝင်သွားပြီး ညစာအတွက် ချက်ပြုတ်စီမံနေပါတော့သည်။

ညနေ နေဝင်ခါနီးအချိန်လောက်မှ အမိုးကြီးက အိမ်ရှေ့ကိုထွက်လာပြီး-

"ကဲ-ဖိုးခွားလေး၊ နင်လည်း ဗိုက်ဆာရောပေါ့။ လူလန်းဆန်းသွားအောင် ခြေလက်လေးဆေးကြောပြီး ညစာစားကြအောင်။ ငါ နင့်အတွက် အထူးဆေးဓာတ်စာတင်းချက်ထားတယ်။ အားရပါးရစားပြီး တစ်နေးတစ်မောအိပ်လိုက်ရင် နင်တို့ မနက်ဖြန်ဆို ရွာကိုကောင်းကောင်းပြန်နိုင်မှာပါ"

ဟု ပြောပြီး ညစာစားရန် ပြင်ဆင်ပေးလေသည်။

ထမင်းဝိုင်းသို့ရောက်တဲ့အခါမှာတော့ အမိုးကြီးက -

"ဟဲ့ - ဖိုးခွားလေး၊ ရော့ - ထမင်းမစားခင် ဒီဆေးစိမ်ထားတဲ့ ပျားရည်အရက်လေးတစ်ခွက်ကို အရင်ဝမ်းမီးကောင်းလာအောင် သောက်ချလိုက်"

ဆိုပြီး ရေနွေးကြမ်းပန်းကန်တစ်လုံးအပြည့် ဝါကြင်ကြင်ဆေးအရက်တစ်ခွက်ကမ်းပေးလေသည်။ သောက်ချလိုက်တော့ ဝမ်းထဲမှာ ပူရှိန်ရှိန်နွေးနွေးတေးတေးလေးနှင့် နေလို့ကောင်းသွားသလို ခံစားရသည်။

ပြီးတာနှင့် ထမင်းစားပွဲပေါ်က ဟင်းရန်းကလည်းမွှေးကြိုင်နေလေတော့ ဆာဆာနဲ့ ထမင်း (၃) ပန်းကန်လောက် စားပစ်လိုက်လေသည်။

(အိမ်မှာဆိုလျှင် သုံး၊ လေးလုတ်တောင် မနည်းစားရသည်။ စားချင်စိတ်မရှိဖြစ်နေသည်။)ထမင်းစားပြီးတစ်အောင့်ဆိုရင်ပဲ မျက်လုံးများမှေးစင်းလာပြီး ကွန်ဒွေးမဆည်နိုင်လောက်အောင်ပင်အိပ်ချင်လာကာ နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သည်။

နံနက် (၄) နာရီ အုန်းမောင်းခေါက်သံကြားတော့မှ တစ်ရေးနိုးလာပြီး အိပ်နေရင်းနှင့် ပုဆိုးပြင်ဝတ်လိုက်တော့ ထူးခြားတာကိုသွားစမ်းမိလေသည်။

ငှက်ဖျားမိပြီးကတည်းက လန့်ခဲ့ပြီး ယောကျ်ားတံခွန်လွှား (ပန်းမလာတာ အတော်ကြာခဲ့လေပြီ။ ကိုယ့်ကိုယ် ကိုယ်တောင်မှ ငါတော့ ပန်းများသေနေပြီလားဟု တွေးမိခဲ့လေသည်။

ယခုတော့ တစ်ရေးနိုးမှာ ယောကျ်ားတံခွန်လွှား၍ မာကျောနေသည်ကို စမ်းမိလိုက်တော့ အထော်ဝမ်းသာသွားသည်။ ဘာကြောင့်မှာလဲဟု စဉ်းစားကြည့်လိုက်တော့ -

အိမ်ရှင် အမိုးကြီး ဧည့်ဝတ်ပြုသော ပျားအရက်နှင့်ဆေးဓာတ်စာတင်းလျာဆိုတာကြောင့်ပဲဟု တထစ်ချမှတ်လိုက်သည်။

နံနက် ရောင်နီပေါ်လာပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လိုက်တာနှင့် ပေါ့ပါးလန်းဆန်းပြီး အားအင်ပြည့်နေတာကို သတိပြုမိခဲ့လေသည်။

အိမ်ရှင် အမိုးကြီးကို အလွန်ကျေးဇူးတင်မိလို့ ထိုင်၍ကန်တော့ပြီး-

"အမိုးကြီးရေ၊ အမိုးကြီးရဲ့ဆေးဓာတ်စာကတော့ ကျွန်တော့်အတွက် အလွန်ထိရောက်အစွမ်းထက်လှပါတယ်။ ကျေးဇူးလည်းအရမ်းတင်ပါတယ်"

"အမိုးကြီးရဲ့ ဆေးဓာတ်စာနည်းနဲ့ ဆေးအရက်စိမ်နည်းလေးမျှ ပေးနိုင်မယ်ဆိုရင် ကျွန်တော့်အတွက် လက်ဆောင်အနေနဲ့ ပြောပြပေးပါ"

ဟု တောင်းခံလေသည်။

အမိုးကြီးကလည်း -

"အေး. . ဝေ့ - ငါတို့က တိုင်းသားတွေပီပီ ဘာမှလျှို့ဝှက်နေစရာမပါဘူး။ နင် တောင်းတာကို ငါသေချာပြောပြပါ့မယ်"

ဟု ဆိုပြီး နည်းစနစ်ကိုပေးပါသည်။

(ဒုတိယပိုင်းကို ရှေ့လွှာဆက်လက် ဖော်ပြပါမည်။)

ရွှေနောင်း(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်-မောင်လူလု မယိုမရှိနဲ့

www.burmeseclassic.com

လွန်ခဲ့သော တစ်ဆယ့်လေးငါးနှစ်ခန့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်လုံး၌ ယနေ့ကဲ့သို့ နာရေးကူညီမှုအသင်းကြီးများ မပေါ် ပေါက်ခဲ့ကြသေးသို့သော်လည်း ဘာသာခြားတွေကတော့ နိုင်ငာန်ယာဉ်များ၊ နာရေးကူညီမှုအဖွဲ့အစည်းများကား ရှေးပဝေဏီတည်းကပင်ရှိနှင့်ခဲ့ပြီးကြောင်း သိရှိရပါ၏။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်များစုကြီးမှာ ယင်းအချိန်က နာရေးကူညီမှုများ ပေါ် ပေါက်လာခဲ့ပါက မျက်နှာအောက်ချ၍ ၎င်းဘာသာခြားတို့ထံကို အကူအညီတောင်းခံခဲ့ရဖူးသည် ဆိုသို့သော်လည်း ဤကဲ့သို့ အကူအညီတောင်းခံကြသူများလည်းရှိပါသည်။ သို့တိုးကား ငွေကြေးပြည့်စုံကုံလုံခဲ့ကြ၍ သို့သော်လည်း နာရေးကိစ္စကြုံကြိုက်လာခဲ့ပါက တယ်လီဖုန်းဆက်၍ လက်ညှိုးညွှန်ပြခဲ့နှင့်ကိစ္စအားလုံးကိုပြီးစေနိုင်သောစေတစ်လုံးပိုင်ရှင်များဖြစ်နေခဲ့ကြသည်ကို တွေ့လိုက်ရတော့၏။

ကျွန်ုပ်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် နာရေးကူညီမှုအသင်းကြီးဟူ၍ စတင်ပေါ် ပေါက်လာခဲ့သည်မှာ ရန်ကုန်မြို့တော်ကြီးတွင် ကွယ်လွန်သူ အကယ်ဒမီဆုများရှင် ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး ဘဘဦးသုခ၊ တစ်သက်တာ အမျိုးသား စာပေဆုရ စာပေလူကြမ်းမင်းသားကြီး ကွယ်လွန်သူ စာရေးဆရာကြီး ဦးအောင်သင်း၊ ဆရာဦးရဲမြင့်နှင့် ရုပ်ရှင်မင်းသား အကယ်ဒမီ ဦးကျော်သူတို့က စတင် မျိုးစေ့ချပေးခဲ့ခြိန်မှစ၍ပေါ် ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် မြန်မာပြည်အထက်ပိုင်း၏ မြို့တော် မန္တလေးမြို့ကြီးတွင်လည်း နာမည်ကျော် စာရေးဆရာမကြီး အမေလူထုဒေါ်အမာကိုယ်တိုင်ဦးစီး၍ ဗြဟ္မစိုရိခေါ် လူမှုကူညီရေးအသင်းကြီးကို အောင်မြင်စွာဖွဲ့စည်းပေးလိုက်နိုင်ပြန်ပါသည်။ ယင်းမြို့မန္တလေးက ဗြဟ္မစိုရိလူမှုကူညီရေးအသင်းကြီး၏နောက်ကွယ်တွင် ကျောက်ထီးတန်ဆူပမာ မားမားမတ်မတ်နှင့် ထာဝရရပ်တည်ကာ ကူညီပေးနေခဲ့သူကား တောင်စလင်းဘုန်းကြီးကျောင်းတိုက်မှ ဝါခင်းကုန်းဆရာတော် နိုင်ငံကျော် ဓမ္မကထိက ဦးတိက္ခပင်ဖြစ်ပါတော့သည်။

ဤသို့ ရန်ကုန်နှင့် မန္တလေးမြို့တော်ကြီးများတွင် စေတနာဖြင့် အခမဲ့ကူညီပေးနေခဲ့ကြသော နာရေးကူညီမှုအသင်းကြီးများ အပြိုင်းအရိုင်းမပေါ်ခဲ့သေးမီက ယင်းမြို့ကြီးများရှိလူအများစုကြီးမှာ နာရေးကြုံလာခဲ့ပါက မည်သို့ဖြေရှင်းနေခဲ့ကြပါသနည်း။ လေ့လာ

www.burmeseclassic.com

ကြည့်လိုက်ပါက ၎င်းအချိန်က ကြံတော်သုသာန်အနီးတွင် အခေါင်းတလားဆိုဒ်စုံတို့ကို အသင့်ရိုက်၍ လည်းကောင်း၊ နိဗ္ဗာန်ယာဉ်မျိုးစုံတို့ကို ထောင်ထား၍ လည်းကောင်း နာရေးကိစ္စအတွက် လိုအပ်ချက်တို့ကို အသက်မွေးမှုအနေနှင့် လုပ်ကိုင်စားသောက်ပြီး ချမ်းသာနေခဲ့ကြသူများရှိပါ၏။ အကယ်၍ နာရေးကိစ္စရှိလာခဲ့ပါက နာရေးရှင်တို့မှာ ထိုသူတို့ထံသွားပြီး သူတို့တောင်းသည့်ဈေးကို ပေးကာ ဖြေရှင်းပေးလိုက်ကြရတော့၏။ ထိုသို့ မဖြေရှင်း၍လည်းမရပါ။ သူတို့ရှိလို့ပင် နာရေးကိစ္စများကို ဤမျှထိုမျှ လွယ်ကူစွာနှင့် ဖြေရှင်းပေးလိုက်နိုင်တော့သည်ဟု ကျေးဇူးကမ္ဘာပင်တင်ရတော့မလိုကာလမျိုးလည်း ဖြစ်နေခဲ့ပါသေးသည်။

ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာဝင်များကြားထွင် မရဏာနုဿတိကို အဟုတ်တကယ်ရှိသည်ဟု ယုံကြည်လက်ခံထားကြသူအချို့တို့ကပင် ဤသို့နာရေးကိစ္စများတွင် ထဲထဲဝင်ဝင်နှင့် ပါဝင်လုပ်ကိုင်နေကြသူများကို နှာခေါင်းရှုံ့ထားခဲ့ကြပြီး ပါဝင်ပတ်သက်သူများကိုလည်း ဟီန္နျာဘာသာက ဇာတ်နိမ့်များပမာ ခွဲခြားကာ ဆက်ဆံလေ့ရှိကြ၏။ သို့သော်လည်း ယနေ့ ၂၁ ရာစုသို့ ရောက်ရှိလာသောအခါ လက်ရှိမျိုးဆက်သစ်လူငယ်တို့ကလည်း ထိုရှေးရိုးစွဲကွန်ဆာဗေးတစ်ဝါဒီလက်ဟော်င်းကြီးများကို ယခုခေတ်နှင့် လုံးဝအံမဝင် ဒိတ်အောက်ပြီဦးနှောက်မှိုတက်နေကြသူများဟု ပြန်လည်ပြီး ကဏ္ဍကောစပြုလာကုန်ကြ၏။

ဤနေရာတွင် ဓမ္မမိဠာန်ကျကျတွေးကြည့်လိုက်ပါက အမှန်တရားက ဘွင်းဘွင်းကြီးပေါ် ပေါက်လာပါလိမ့်မည်။ ယင်းအမှန်တရားကား ၎င်းရှေးရိုးစွဲလူကြီးမျိုးကဲ့သာ တကယ်ခေတ်နောက်ပြန်၊ ခေတ်နောက်ကျန်နေခဲ့ကြသူစစ်စစ်ကြီးများဖြစ်ကြောင်း ထင်ရှားစွာတွေ့ရှိလိုက်ရပါတော့သည်။ တကယ်တော့ နာရေးကိစ္စဟူသည်ကား လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ သက်ရှိလူသားတိုင်း မုချမသေ့ တစ်နေ့မှာ တွေ့ကိုတွေ့ကြုံကြရမည့်ကိစ္စဖြစ်ပါသည်။ သို့သော်လည်း ဂုဏ်ကျက်သရေရှိ မြို့မြက်နှာဖုံး၊ မြို့မိမြို့ဖဆိုကာ ဘဝင်လေဟပ်နေသည့် လူကြီးတစ်စုတို့မှာ ယနေ့တိုင် ဤသို့ နာရေးကူညီမှုအသင်းများကို အပြည့်အဝနားမလည်လက်မခံနိုင်ကြသေးဘဲ ဥပေက္ခာပြုနေကြဆဲဖြစ်ကြောင်း ဝမ်းနည်းဖွယ် တွေ့ရှိရပါသေး၏။

ဤကဲ့သို့ အဓိကလိုအပ်နေသော လူမှုရေးကွက်လပ်ကြီးကို ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ရည်ရွယ်ချက်ရှိရှိ ဖြည့်ဆည်းပေးလိုသူ လူမှုတော်လှန်ရေးသမား၊ သင်းကွဲလူသားအမျိုးကလည်းပေါ် ပေါက်လာကြပြန်ပါ၏။ ထိုသူတို့ကား လူမှုရေး၊ ဘာသာရေး၊ အမျိုးသားရေး စသည့် အလွန်တရာမွန်မြတ်လှသည့်စိတ်ဓာတ်တို့ကိုအခြေခံပြီး ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ ခံယူချက်တူကြသူလူများစုကြီးပင် ဖြစ်ပါတော့သည်။ သူတို့က်လည်း သူတော်ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ့ဆိုကြပြီး ယနေ့ခေတ် လူ့သမိုင်း၏ တောင်းဆိုချက်ဖြစ်သော အခမဲ့နာရေးကူညီမှုအသင်းကြီးများကို မြို့တိုင်းရွာတိုင်းလိုလိုမျှပင် လူထုအကြားသို့ ကွင်းဆင်းစည်းရုံးကာ မရှိမဖြစ် အဖွဲ့အစည်းကြီးများအဖြစ်နှင့်အောင်မြင်စွာ ဖွဲ့စည်းပေးလိုက်ကြပါတော့သည်။

အကယ်၍ နာရေးကိစ္စတစ်ခုပေါ်လာခဲ့က ငွေရှိသူတို့အဖို့ မတောင်းတာလုပါ။ သူတို့မှာ ငွေကိုလမ်းခင်းပြီး သူတို့လိုအပ်ချက်အားလုံးကို အလွယ်နှင့်ဖြေရှင်းသွားနိုင်ကြပါ၏။ အကယ်၍ နာမည်ကြီး၊ အရေးကြီးပုဂ္ဂိုလ်များဆုံးပါးသွားခဲ့ပါကလည်း သူတို့ကိုဝမ်းနည်းကြောင်း နာရေးသတင်းတို့က အတန်ကြာသည့်တိုင် သတင်းစာ၊ ဂျာနယ်များတွင် ပလူပျံအောင်ပါနေတော့၏။ သို့သော်လည်း ဟိုမြို့သစ်က ကျူးကျော်ရပ်ကွက်နေဆင်းရဲသားနင်းပြားများကြားမှာ နာရေးကိစ္စတစ်ခု ပေါ် ပေါက်လာခဲ့ပါက သူတို့မှာဖြေရှင်းရန်အလွန်ခက်ခဲလှသောလူမှုရေးပြဿနာကြီးတစ်ရပ်နှင့်ရင်ဆိုင်လိုက်ရပါတော့သည်။ အကြောင်းကား သူတို့မှာ မတ်တတ်စာသာရှိ၍ တုံးလုံးစာကား ဗလာနတ္ထိမြို့ဖြစ်ပါ၏။

ထို့ကြောင့် အကြံကုန် ဂဠုန်ဆားချက်သည့်အနေဖြင့် အလောင်းကိုမြေချနိုင်ရန် ရှေဦးစွာ ဖဲဒိုင်ထဲသို့ အလောင်းကို အပေါင်ပစ္စည်းအဖြစ် အပ်နှံလိုက်ရ၏။ ဖဲဒိုင်ကလည်း ၎င်းအသုဘကို အကြောင်းပြု၍ မသာအိမ်မှာပင် ဖဲဒိုင်ခံလိုက်တော့၏။ ဖဲဒိုင်က သူလိုအပ်သမျှ ကောက်စားကြေးရတော့မှ အလောင်းရှင်ကို ငွေပေးချေကာ မြေချခွင့်ပေးလိုက်တော့သည်။ ကြားရချက်မှာ နှားဝမသက်သာပါ။ ရင်နင့်ဖွယ်ကောင်းလှပါတော့၏။ ယနေ့ ဆေးရုံကြီးများတွင် နာတာရှည်ရောဂါသည်တစ်ဦး ဆုံးပါးသွားခဲ့ပါကလည်း ကျန်ရစ်သူ လူနာစောင့်တို့လက်ထဲမှာ ချူးတစ်ပြားမှမရှိတော့၍ အလောင်းကိုထားခဲ့ကာ ထွက်ပြေးသွားကြတော့၏။ ထိုအခါ ဆေးရုံက ပိုင်ရှင်မဲ့အလောင်းအဖြစ်နှင့်သာ သင်္ဂြိဟ်ပေးလိုက်ရတော့သည်။

ယခုအခါ နိုင်ငံတော်အစိုးရထာမြို့သစ်စီမံကိန်းကြီးများကို ဖော်ဆောင်လာခဲ့၍ သန်ဘီးသစ်ကြီးများမှာ မြို့ပြင်သုံး၊ လေးမိုင်အဝေးသို့ ရောက်ကုန်ကြတော့၏။ ထိုအခါ နာရေးကိစ္စအဝဝအတွက် လိုအပ်ချက်အားလုံးကို ဆင်းရဲသားတို့မှာ ယနေ့ အခမဲ့အကူအညီပေးနေကြသော နာရေးကူညီမှုအသင်းကြီးများကို အားကိုးရုံမှတစ်ပါး၊ အခြားမရှိတော့ပါ။ သို့ဖြစ်၍ ရန်ကုန်မြို့ကြီးတွင်းဦးကျော်သူတို့လို နာရေးကူညီမှုအသင်းကြီး၊ မန္တလေးမြို့ကြီးတွင်လည်း ဗြဟ္မစိန်တောင်ကြီး၊ အေးသာယာတွင် မေထွာရှင်၊ ပျဉ်းမနားမှာ ကရဏာ၊ အမရပူရတွင် သစ္စာရှင် စသည်ဖြင့် နာရေးကူညီမှုအသင်းကြီးများအလှိုအလျှိုပေါ် ပေါက်လာခဲ့ကြပါသည်။

သို့သော် ပညတ်အမည်အားဖြင့် မည်မျှကွဲပြားခြားနားကြစေကာမူ ပရမတ်သဘောအားဖြင့်တော့ ကွယ်လွန်သူရှင်သန်စဉ်က သူယုံကြည်ကိုးကွယ်သော ဘာသာဓလေ့ထုံးတမ်းများနှင့်အညီ လုပ်သင့်သမျှဖြင့် နာရေးကူညီမှုအသင်းကြီးများက အခမဲ့ကူညီထားသကြီးပြင်းနေခဲ့ကြခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် နာရေးကူညီမှုအသင်းကြီးများကို လူသားတိုင်း ကျေးဇူးဥပကာရအထင်နေခဲ့ခြင်း ဖြစ်ပါ၏။ လူတစ်စုက အနိမ့်ကျဆုံးဟု ယူဆခဲ့သော လုပ်ငန်းကား တကယ့်လက်တွေ့မှာ အမွှန်မြတ်ဆုံးဖြစ်နေခဲ့သည်ကို ထိုလူတစ်စုသိမှသိပါလေစ။ ပသို့ဆိုစေ တစ်တိုင်ပြည်လုံးကတော့ ၎င်းအခမဲ့နာရေးကူညီမှု အသင်းကြီးများကို ဝိုင်းဝန်းထားလှူသာဓုခေါ်၊ နတ်သာဓုခေါ်ပေးနေကြသည်ကတော့ အမှန်ပါ။

ဖော်ပြပါ နာရေးကူညီမှုအသင်းများကဲ့သို့ စာရေးသူ၏ဇာတိ ရမည်းသင်းမြို့တွင်လည်း သိလဝနာရေးကူညီမှု အသင်းကြီးကို ၂၃-၂-၂၀၀၂ နေ့တွင် အောင်မြင်စွာ ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံမှာ ထိပ်ဆုံးက ဩဝါဒါစရိယအဖွဲ့၊ ၎င်းနောက် မြို့မိမြို့ဖလူကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ငင်သော နာယကအဖွဲ့၊ တစ်ဖန် ဘုရားကိစ္စအဝဝကို နိစ္စဓူဝကိုယ်တိုင် ဆောင်ကျဉ် သာမာတ္ထိကလုပ်အားဒါနအဖြစ် ဆက်တွေ့မျှော်တွေ့လုပ်ကိုင်ပေးကြသည့် ဦးဆောင်အလုပ်အမှုဆောင်အဖွဲ့၊ ဘုရားကြွလာက အရေးပေါ် ကူညီကာ ယာဉ်မောင်းပေးကြမည့် ယာဉ်မောင်းဆရာကြီး၊ ယာဉ်နောက်လိုက်နှစ်ဦးတို့ သိပ်သည်းကျစ်လျစ်စွာဖြင့် စနစ်တကျ ဖွဲ့စည်းထားခဲ့ပါသည်။ အသင်း၏ သူချက်မှာ နိုင်ငံရေးအလံလုံးဝမပါ။ ဘုရားကိစ္စများအတွက် စေတနာသက်သက်ဖြင့် အခမဲ့ကူညီပေးရန်အတွက် ဖွဲ့စည်းခြင်းဖြစ်ပါသည်။ ဆက်လက်ပြီး စရိတ်မျှသာ လူမှုရေး ဆိုသည့်အတိုင်း ချမ်းသာသည့်သူက အသင်းကြီးကိုလှူ။ ဆင်းရဲသားများကိုတော့ အသင်းကြီးက အခမဲ့ပေးနေခြင်းလည်း ဖြစ်လေသည်။ ဤအရ ကွားတစ်စီးတည်းနှင့် စတင်ခဲ့သော ရမည်းသင်းမြို့က သီလဝနာရေးကူညီမှုအသင်းကြီးကား သန္ဓါကြည်လင်ရှင်မျှင်များက နားလည်လာကြပြီး ကျန်းမာအစုစုတို့ကြောင့် ယနေ့ကား (၅) စီးအထိပင်ရှိလာခဲ့ပါသည်။

သီလဝနာရေးကူညီမှုအသင်းကြီး သက်တမ်းမှာ ယခုအခါ (၁၂) နှစ်ကျော်လာခဲ့ပြီဖြစ်၍ အတွေ့အကြုံမှာလည်း ရင့်ကျက်လာပြီဖြစ်၏။ တစ်ခါက ကိုယ်ပိုင်ဆေးခန်းတစ်ခန်းသို့ ဆိုက်ကားလူနာတစ်ယောက်ရောက်လာ၏။ ဆရာဝန်ကလည်း ထိုလူနာကို စမ်းသပ်နောက် ဆေးရုံသို့ အခုချက်ချင်းသွားဖို့ ညွှန်ကြားလိုက်၏။ လူနာကလည်း ဆရာဝန်ညွှန်ကြားသည့်အတိုင်း သူစီးသော ဆိုက်ကားဖြင့်ပင် ဆေးရုံသို့ ဆက်သွားပြီး ကံမကောင်းအကြောင်းမျှင်တော့ ယင်းလူနာမှာ ဆိုက်ကားပေါ်မှာပင် ငုတ်တုတ်အသက်ပျောက်သွားရှာတော့၏။ ဆိုက်ကားဆရာမှာ စောစောက လူနာ၊ ယခုရုပ်အလောင်းကြီးကို သူမည်သို့လုပ်ရပါ။ ဤကိစ္စအားကောင်းပြဿနာကို ဖြေရှင်းလိုက်သည့် နေနှင့် ရုပ်အလောင်းကြီးကို ဆိုက်ကားပေါ်မှာ လမ်းဘေးသို့အပြန်ဆွဲချခဲ့ကာ ထွက်ပြေးသွားတော့၏။ သီလဝနာရေးကူညီမှုအသင်းကြီးက ယင်းသတင်းကို ကြားလျှင်ကြားချင်း ၎င်းရုပ်အလောင်းအား အသင်းပိုင်ကားဖြင့်သွားသယ်ကာ သင့်ရာဒေကြောင်းအရ ရှေ့ဦးစွာဆောင်ရွက်ပေးလိုက်၏။ ထို့နောက်မှ အသုဘရုပ်အလောင်းကို စုံစမ်းရသည်။ လိပ်စာအရ မြို့တောင်ဘက်ရှိရွာမှ သူအိမ်သို့ ကောင်းမွန်စွာ သွားရောက်ပို့ပေးလိုက်ပါတော့သည်။

ဒုတိယဖြစ်ရပ်ဆန်းတစ်ခုကား ရမည်းသင်းမြို့မှ မန္တလေးမြို့သို့ နေ့စဉ်ပြေးဆွဲပေးနေသော မိနီဘတ်စ်ကား တစ်စင်းရှိ၏။ ယင်းကားမှာ ရမည်းသင်းမှာ နံနက်စောစောထွက်ခွာသွားပြီးနောက် ကူမဲမြို့ပေါ် အရောက်တွင် ယာဉ်နောက်လိုက်မှာ ယာဉ်မတော်တဆဖြစ်ပြီး ပွဲချင်းပြီးဆုံးပါးသွားတော့၏။ ဤသတင်းကို ရမည်းသင်းမြို့ သီလဝနာရေးကူညီမှုအသင်းကြီးက ကြားလျှင်ကြားချင်း တာဝန်ရှိလူကြီးကိုယ်တိုင် လိုက်ပါကာ ကူမဲမြို့ရှိ ယာဉ်နောက်လိုက်၏ ရုပ်အလောင်းကို အသင်းပိုင်ယာဉ်ဖြင့် ရမည်းသင်းသို့ သယ်ယူပါခဲ့ကြ၏။ ယင်းအလောင်းကား ပျော်ဘွယ်မြို့ အပေါ် အရောက်တွင် ဘာဖြစ်လိုက်သည်ကိုမသိရ။ အင်ဂျင်ကိုင်ပြီးစ နာရေးကားမှာ ကားအောက်က မီးစတောက်ကာ နိဗ္ဗာန်ယာဉ်တစ်စီးလုံးကို မီးလောင်လေတော့၏။ မီးရှိန်ကြီးမားး၍ ပျော်ဘွယ်မြို့ မီးသတ်ကပါ ဝိုင်းကူကာ ငြိမ်းသတ်ပေးခဲ့ရသည်။ ပျော်ဘွယ်မီးသတ်က အလောင်းတင်နိဗ္ဗာန်ယာဉ်မို့ မီးလောင်မှုကို အမှုမဖွင့်ခဲ့ခြင်းဖြစ်သည် ဆို၏။

ညနေပိုင်း သေသူ၏အိမ်တွင် နာရေးကိစ္စအတွက် အရပ်လူကြီးများနှင့် တကွ သေသူ၏ ဆွေမျိုးသားချင်းအားလုံးတို့တပါ ဝိုင်းဝန်းကာ ဆောင်ရွက်ပေးနေချိန် ဖြစ်သည်။ ယင်းအချိန်မှာ လူအုပ်ကြားရှိ သေသူယာဉ်နောက်လိုက်၏ ညီမအရင်းခေါက်ခေါက်မှာ ရုတ်တရက် မျက်ဖြူလန်ကာ နောက်သို့လဲကျသွားပြီး မေ့မြောသွားတော့၏။ အနီးရှိလူတို့က သူတို့တတ်သမျှမှတ်သမျှပြုစုပေးခဲ့ကြပါသော်လည်း သတိပြန်လည်မလာတော့ပါ။ ခဏကြာတော့မှ သေသူ၏ အသံအောအောကြီးနှင့် သုမကပြောပြလိုက်သည်မှာ -

ကူမဲမြို့ပေါ်မှာ သူကားတိုက်ခံရတာဟာ ကားပေါ်ကိုပါလာတဲ့ မိန်းမကြမ်းကြီးတစ်ယောက်က သူ့ကိုအတင်းတွန်းချလိုက်၍ သေသွားရတာဖြစ်အကြောင်း၊ ကားလမ်းပေါ် လဲကျတဲ့အခါ အိတ်ကပ်ထဲကထွက်ကျလာသည့် ပိုက်ဆံတွေကို စက်ဘီးစီးသမားနှင့် လမ်းကြုံနေတဲ့ ကောက်စိုက်သူမတွေက ကောက်သွားကြကြောင်း၊ သေတ္တာထဲမှာ ငွေဘယ်လောက်ရှိကြောင်း၊ ဒီငွေတွေထဲကအုံနာဆီကသူချေးထားသည့်ငွေဘယ်လောက်ကိုတော့ ပြန်ဆပ်ပေးပါ။ ပေးပြီးလျှင် သူ့ဆီကကျန်သည့် ငါလုပ်အားခကို ပြန်တောင်းလိုက်ပါတဲ့။ တစ်ခါ သေတ္တာထဲမှာရှိတဲ့ငွေတွေထဲကနေ သုံးလုံးထီဒိုင်မှာ အကြွေးထိုးထားသဖြင့် ပေးစရာရှိတဲ့ငွေကို ပေးဖြစ်အောင်ပေးလိုက်ပါတဲ့။ သေတ္တာထဲမှာ သူထိုးထားခဲ့တဲ့ဖြတ်ပိုင်းတွေရှိတယ်။ အကယ်၍ များပေါက်ခဲ့လျှင် သွားထုတ်ပြီး သူ့ကို သပိတ်သွတ်ပေးကြပါတဲ့။

ပျော်ဘွယ်မှာ သူတို့ကား မီးလောင်တာသိလား တဲ့။ သူ့ကိုသေအောင်တွန်းချလိုက်တဲ့။ မိန်းမကြမ်းကြီးက သူ့ကိုသတ်ပြီးရုံနှင့်အားမရသေးဘဲ သူ့အလောင်းကားပေါ်ကိုပါ ခပ်တင်းတင်းနှင့်လိုက်လာသဖြင့် သူစိတ်မထိန်းနိုင်တော့ဘဲ ပျော်ဘွယ်မြို့အရောက်မှာ သူ့ကိုမီးရှို့ပြီးသတ်ပစ်လိုက်တာတဲ့။

ဤသို့ သူပြောချင်တာတွေကို စုံလင်အောင်ပြောပြပြီးမှ သူညီမမှာ သတိပြန်ရလာကာ အသင်းပတကပြန်လည်ဖြည့်လာပါတော့သည်။

သူ့ဘေးရှိ လူစုက -

"ဟဲ့ - နင်စောစောကဘာတွေပြောနေတာလဲ"

ဟု ဝိုင်းမေးတော့ သူဘာမှမသိပါဘူးတဲ့။ အရပ်ထဲက လူအများနှင့် သီလဝနာရေးအသင်းမှ တာဝန်ရှိလူကြီးများ၏ ပြောပြချက်တွေအရတော့ -

"ဟေ့-ပျော်ဘွယ်မြို့အရောက်မှာ ဘာအကြောင်းမှမဖြစ်ပဲနဲ့ ကားအကောင်းကြီးအောက်ကနေ မီးထတောက်တာ အမှန်ပဲတဲ့။ နင်တို့စစ်ဆေးကြည့်တော့လည်း သေတဲ့သူရဲ့သေတ္တာထဲမှာ ကျန်ခဲ့တဲ့ ငွေပမာဏနဲ့ တစ်ခါ သူရရန်ပေးရန်ရှိတဲ့ ငွေတွေကလည်း အုံနာကရောသုံးလုံးထီဒိုင်ကပါ အမှန်တွေပါလို့ ဝန်ခံခဲ့ကြတယ်မို့လား"

အဲဒီတော့ အရပ်လူကြီးတစ်ဦးက -

"ဟေ့ - သေသွားတဲ့ စပယ်ယာရဲ့ နာနာဘာဝဝိနာဘာဝခေါ်တဲ့ပရလောကသားတစ်ဦးရဲ့ဝိညာဉ်က သူညီမအရင်းကိုဝိညာဉ်ချင်းပူးပြီး ပြောပြတာတွေကို မဲယုံမရှိကြနဲ့။ သူပြောတာတွေက အားလုံးကွတ်တိတဲ့"

လေးစားစွာဖြင့်

တက္ကသိုလ်မောင်သူလွင်

www.burmeseclassic.com

www.burmeseclassic.com

နေဝိဇ္ဇာ နာမည်များနှင့်ပြင်းခံခြင်း (ဏာ နာ နာ သီ မာ မွေ့ ညီ)

"အမုဒို ဩကာသေ တိဋ္ဌာဟိ။ ရဟန်းလောင်းဆုံးမခန်းမှ ပါဠိတစ်ပိုဒ်ပြေးသိတိုရမိပါရဲ့။ နှစ်ကောင့်ထွာဟတ္ထပါသိမှ လွတ်လောက်ရာတစ်ခုသောအရုပ်၌ တည်နေချေတဲ့။ သည်ပါဠိကို ငါတို့လို လောကီပညာရပ်လိုက်စားကြတဲ့ ဓာတ်ရိုက်ဓာတ်ဆင်ဆရာတို့က ပစ္စည်းထွတ်အောင်လုပ်တဲ့အခါ၊ ပယောဂဆရာတို့ကလည်း အကြမ်းမောင်းရာမှာ အင်းအယဲအဖြစ် သုံးကြတယ်။ ဘုရားဟောပါဠိပေါ့။ အမုမို့(အမုံမို့)ရဲ့မို့မှာ အောက်ကဟထိုးလေးအကြောင်းပြောချင်တဲ့အတွက်ရွတ်ပြတာလေ။ ပါဠိစာပေတွေထဲမှာတော့ သိပ်အတွေ့မများလှပါဘူး။

တဏှာ၊ ပုဗ္ဗဏှာ၊ နှာတဂသဟထိုးသံရှိတဲ့ ပါဠိတွေ၊ ဟမူဠာ၊ နဏမတွဲစနာသီဌာန်တဲ့။ မှူး၊ မို့၊ နှင်း၊ နှောင်း၊ ညာ စတဲ့ အက္ခရာတွေနှင့်တော့ နာမည်တွေအမည်ရှိတာ၊ ပေးတာတော့ တွေ့ပါလိမ့်မယ်။ ပါဠိအမည်ပေးသူက အတွေ့နည်းတယ်။ များသောအားဖြင့် လူတွေဟာ နာသီကဌာန်ရှင် မဟုတ်ပေမယ့်လို့ နှာခေါင်းသံစွက် စကားပြောတတ်သူကခပ်များများ။ ပြီးတော့ ဟထိုးပါ ရှားလှ၊ ဒါက သံယုတ် (၆) မျိုးထဲက တစ်ခု၊ သံယုတ်ဟထိုးက ဝဏ္ဏ၊ ဒီဃရဿများလျှင် အိမ်ထောင်ရေးနှင့် ပျော်ရွှင်မှုအတွက်အခိုက်။

နှာခေါင်းသံပါလျှင်၊ နှာခေါင်းလှလျှင် ဌာန်မှန်၍ ချစ်ခင်သူမိတ်သင်္ဂဟပေါများ၊ ဩဇာရှိ၊ အေးချမ်းတည်ငြိမ်။ ဌာန်များသော် ရေရှည်မမြဲဘဲမိတ်သင်္ဂဟတို့နှင့် ဆုန်ကျင်၊ ဩဇာမဲ့၊ ဘဝအတက်အကျမြန်၊ အိမ်ထောင်ရေးသောကရှိ။ အင်း- မရှိသေစကားပြောသင့်၊ ပြောရန်ပေါ်လာတော့ ရှောင်လို့မရဘူး။ ပြောရဦးမယ်။ နှာသံ၊ ဏာသံ၊ နှာ၊ ဏာ အဓိပ္ပာယ်ရဲ့သေဉ္စက်က အမှောင်ဇာတ်လမ်းပေါ် ဦးတည်လေ့ရှိကြရဲ့။ တဏှာဆိုတဲ့ပုဒ်ရဲ့ ရာဂစိတ်သဘောကို လှစ်ဟပြခြင်းအဖြစ်ပြောလေ့ရှိကြတယ်။ မြူဆွယ်တဲ့အခါ၊ သဘောတူတဲ့အခါမျိုးတွေလည်း ပင်ကိုဌ် နှာသံမရှိသူကလည်း ဏာသံစွက်ကြစမြဲ။ ဒါကို ညုတယ်တဲ့။ ခရာတယ်တဲ့။ နှာပွတယ်။ နှာကြီးတယ်။ နှာမီးတောက်နေတယ်။ အနိဋ္ဌစကားတိုင်း နာသိကဌာန်ရဲ့ ဟထိုးလေးကြောင့် သွေးပြောင်းသွားစေတဲ့အရပ်တွေပေါ့။

နာမကွဇဆန်းကျမ်းလာနှာခေါင်းအင်္ဂါတွေကြည့်ကြရအောင်။ အမည်ပေးနည်းသလောက် နှာခေါင်းတွေမှာတော့ အများကြီး။ ဒါတွေကလည်း သျှတ္တရလာ လက္ခဏာတွေအတိုင်း လူတိုင်းအတွက် ဝေဖန်အဟောထုတ်လို့ရပါတယ်။

၁။ **နာတံဖြောင့်တန်းပြီးတင့်တယ်သောနာခေါင်း** - ချစ်ခင်သူများ၊ စကားနည်း၊ ပစ္စည်းဥစ္စာပြည့်၊ ဩဇာရှိ၊ အေးဆေးတည်ငြိမ်။

၂။ **နာသီးဖျားကလေးချွန်သောနာခေါင်း** - ဇွဲ၊ လုံ့လရှိ၊ စွန့်စားလို၊ အကြံအစည်ကြီး၊ အတွေးအခေါ်ကောင်း၊ ပစ္စည်းဥစ္စာစုဆောင်းတတ်၊ ကုန်သည်အလုပ်ဝါသနာရှိ။

၃။ **နာတံအဖျားပွသောနာခေါင်း**- အပြောကောင်း၊ အပေါင်းအဖော်ကိုသိပ်သံယောဇဉ်ကြီး၊ အပျော်အပါးခံမင်၊ အကောင်းကြိုက်၊ စွယ်စုံဝါသနာရှိ၊ ဝိရိယနည်း၊ အတွင်းရေး၌ ဩဇာရှိ။ သည်သုံးချက်ဌာန်ကောင်း၊ ကျန်အဆိုးတွေပဲ။

၄။ **နာတံအရင်း အဖျားညီ၍ ပုတိသောနာခေါင်း** - ဒေါသကြီး၊ ရက်စက်၊ အတ္တဆန်း၊ လောင်းကစားခုံမင်၊ အပြောအဆိုတုံတိ၊ အနိဋ္ဌနှစ်သက်။

၅။ **နာတံလက်ဝဲဘက်သို့ကောက်သောနာခေါင်း** - စကားမတည်၊ သစ္စာမရှိ၊ အိမ်ထောင်ရေးဒုက္ခတို့ကြုံတွေ့၊ အသွားအလာများ၊ အိမ်မကပ်၊ ဩဇာမဲ့၊ မိတ်ဆွေနှင့်အချိန်ကုန်။

၆။ **လက်ယာဘက်သို့ကောက်သောနာခေါင်း** - အပြောကောင်း၊ စည်းရုံးရေးသန်၊ လောဘကြီး၊ ပြိုင်ဆိုင်မှုဝါသနာကြီး၊ နှမြောတွန့်တို၊ ခန္ဓာပင်ပန်း။

၇။ **အဖျားအထက်သို့လန်သောနာခေါင်း** - ပြောဆိုမှုတို၊ ဒေါသများ၊ ရန်လို၊ ရက်စက်၊ တစ်ဇွတ်ထိုးလုပ်၊ စိတ်မြန်ကိုယ်မြန်၊ အတိုက်အခံလုပ်ခြင်း ဩဇာကင်း။

၈။ **ပိပြားသောနာခေါင်း** - စကားနည်း၊ ဉာဏ်မဲ့၊ အားနာတတ်၊ ထုံထိုင်းဖြစ်သလိုနေတတ်၊ စိတ်ကောင်းရှိ ပိရိနည်းပါး။

၉။ **သေးငယ်သောနာခေါင်း** - စကားများ (အကျိုးမဲ့ရာ)၊ မုသားဆို၊ ကြောက်တတ်၊ ခိုင်းမှလုပ်၊ နောက်လိုက်၊ စိတ်အားငယ်။

သျှတ္တရကျန်းရဲ့ **ယောကျ်ားနာခေါင်းလက္ခဏာ**မှာတော့ -

၁။ မြင့်မောက်၊ ဖြောင့်တန်းနာခေါင်းပေါက်ကျဉ်း၊ လက်လေးသေခန့်သာအရွယ်ရှိသော ယောကျ်ားနာခေါင်းသည် သုခချမ်းသာ၊ ဩဇာအာဏာရှိ၍ အသက်ရှည်သော်လည်းလက္ခဏာ။

၂။ ယောကျ်ားရဲ့နာခေါင်းသည် ကောက်ကွေ့ခြင်းရှိသော် လူဆိုးလူမိုက်လက္ခဏာ။

၃။ ပိပြားလွန်းသော် မိမိ၏မယားကိုပင် ပြန်လည်သတ်တတ်၊ အသေးဖြင့်သေတတ်သောလက္ခဏာ။

၄။ နှာခေါင်းအလယ်တွင်နိမ့်ကျိုးနေသကဲ့သို့ဖုထစ်ရှိနေလျှင် ဆင်းယုတ်မာသောလက္ခဏာ။

၅။ နှာခေါင်းသည် အလွန်ကြီးပွနေသော် တဏှာရမ္မက်အားကြီးသောလက္ခဏာ။

၆။ ပြတ်သကဲ့သို့ရှိခြင်း၊ ကွဲခြင်းသော် ကာမေသုမိစ္ဆာစာရဖြင့်မွေ့လျော်သောလက္ခဏာ။

၇။ လက်ယာဘက်သို့ တိမ်းညွတ်ကောက်ကွေ့သော် အစားကြူး၊ စားကြမ်းတမ်းသောလက္ခဏာ။

၈။ **အမျိုးသမီးတစ်ဦး**ရဲ့ **နာခေါင်း**သည် နှာတံသိပ်သေးငယ်ပြီးပိန်နေသော် ရန်ကိုအောင်မြင်သောလက္ခဏာ။

၉။ ပိပြားလွန်းက အောင်သွေးခြင်း၊ စကားများခြင်းလက္ခဏာ။

www.burmeseclassic.com

www.burmeseclassic.com

ဒ နှာခေါင်းရင်းကပ္ပ၍ ကြီးကား
သော် ကာမရာဂစိတ်လွန်ကဲသော
ကြောင့်။
ဒ နှာခေါင်းပေါက် အနိမ့်အမြင့်
ဖြစ်ရသည်မှာ မိဘဘိုးဘွားတို့
ကံကြောင့်။
ဒ နှာခေါင်းသည် လုံးဝန်းပြီး
နှာခေါင်းပေါက်တို့သေးငယ်လျှင် မြတ်
သောလက္ခဏာ။
ပညာခန်းဘက်လှည့်ကြစို့။
နှင်းနှင်းအိ၊ မှူးသစ္စာ၊ မိုသက်ညာ
တို့မှာ မိန်းကလေးသုံးယောက်ပေါ့။ သူတို့တွေ
ထဲက နှာခေါင်းရင်းပွပြီး
အဆက်သို့ခပ်ဖောင်းဖောင်းလေးကြီး
အယောင်ယောင်ရှိနေတယ်။ နောက်
နှာပေါက်ကလည်း အသေးအကြီးမညီ။
အနာကြည့်လျှင် နှာခေါင်းပေါက်က
ကြီးနည်းလေး အနိမ့်အမြင့်မတူကြပေ
မဲ့ မျက်နှာမှာထင်ရှားနေတယ်။ လှ
ကြတယ်။ သွက်ကြတယ်။ နှာသံလေး
တယည်း သူတို့ကြည်နူးတဲ့အခါဆို ကြား
ကောင်းစမြဲ။ ကဲ - ဘယ်လိုယူဆကောက်
ချက်ချမလဲ။ ဌာန်မှား၊ မှန်တာနဲ့ ဝေဖန်
ကြည့်။

ဆန်းကျမ်းမှာ (၃) ဌာန်ကောင်း၊
ဆုတ်အဖျားပွသောနှာခေါင်းကို အဖော်
ခင် အပျော်ခင်၊ အကောင်းခင်၊ အပြော
ခင် အပျင်းဘဉ်(ဝီရိယနည်း)လို့ အကောင်း
ဖွားတယ်။ ကောင်းတာဆိုလို့ ဩဇာ
ကောသန်ရဲ့။ နှာပွတယ်၊ နှာကြီးတယ်
ဆို လူတွေပြောစကားဟာ ဒီလက္ခဏာ
တွေရဲ့ အနိဋ္ဌအမောင်ဇာတ်တွေသိလို့မြင်လို့
အသည်ပိုင်ရှင်ဘဝထင်ဟပ်ထွက်လာတဲ့
သစ္စာသတင်းတွေဖြစ်တယ်။ ယောကျ်ား
ရဲ့နှာခေါင်းမှာလည်း ကြီးပြီးဖောင်းပွ
နေရင်း နှာပေါက်အထက်ပြတ်၊ ကွဲသလို
အကြောင်းရှိလျှင် ရာဂဘက်အားသန်၊
သစ္စာမဲ့၊ မေတ္တာမဲ့၊ တဏှာဘီလူး၊
အမောင်ကျူးသည့် သွေးရူးစရိုက် အတူ
ရှိတယ်။ နှင်းနှင်း၊ မှူး စတဲ့ အက္ခရာမပါသူ
တွေလည်း လက္ခဏာညီသော် စရိုက်
တည်မှာပဲ။

နာသိကဌာန်အက္ခရာလေးတွေ
ကို နာမည်ယူထား၊ လက္ခဏာပါမကောင်း
တဲ့စရိုက်အသွင် ထပ်ဆင့်ပါသူ နှင်းနှင်း
အိ၊ မှူးသစ္စာ၊ မိုသက်ညာတို့ကျတော့
နှစ်ထပ်ကွမ်းအဆိုးရှိသွားရော။ ဆရာ
ကြီး စာရေးဆရာမောင်သာရရဲ့ 'လှသည်၊
ယွတ်သည်၊ သို့သော် လည်သည်' ဝတ္ထု
နာမည်နှင့် တစ်ထပ်တည်းညီသွားရော
ဆိုပါစို့။

နောက်တစ်မျိုး၊ နှာသီးဖျားလေး
ကချွန်ပြီး နှာခေါင်းက အနေတော်လုံး
ဝန်းနေတယ်။ ပြီးတော့ နှာပေါက်က
သေးငယ်ညီညွတ်သူ မိန်းကလေး၊ နာမည်
နှင်းငုဝါတဲ့။ နာသိကဌာန်နှင့်လက္ခဏာ
ဘာအပြစ်မှမရှိ၊ သည်မိန်းကလေး အပြင်
မှာ တကယ်ရှိနေသည်။ ပညာတတ်၊
ချမ်းသာရဲ့။ သို့သော် သူ့ဘဝသူမပျော်
ဘူး။ စိတ်ဆင်းရဲနေတယ်။ ဘာကြောင့်
လဲ။ မွေးနံ့သက္ကရာဇ်အဖွားညည့်လို့လား။
တကယ်တော့ သူစိတ်ဆင်းရဲ၊ သူ့ဘဝသူ
အလိုမကျစေတာကတော့ သူ့နာမည်၊
သူ့နာမည်ရဲ့ ရိုက်ချက်ကြောင့်ပေါ့။

စဉ်းစားကြည့်လေ။ နာမည် နှင်း၊
ငုဝါ နှစ်ခု။ နာမ်နှစ်ခုတွဲနာမည်။ နှင်းက
ဆောင်းတွင်းမှာကျဆင်းတဲ့ အဖြူရောင်
အအေးဓာတ်။ ငုဝါကျတော့ နွေဦး
အလွန်ပူပြင်းခိုန်ပွင့်တဲ့ အဝါရောင်ပန်း၊
နှင်း အအေး ပြယုဂ်၊ ငုဝါ အပူပြယုဂ်၊
ပဋိပက္ခတွဲနာမည်။ အမှန် နှင်း၊ ငုဝါ
ဖြစ်သွားတာက မချစ်မနှစ်သက်သောသူ
တစ်ဦးကို အကြောင်းကြောင့်ကြောင်း
မပေါင်းမကောင်းလို့ လက်တွဲမိပြီး အပူ
သောကကို အအေးမေတ္တာသုတ်လက်ခံ
နေရတဲ့ တကယ့်ဇာတ်ပေါ့။ နာမည်ရဲ့
ပဗျူဟတ်အမှားက သူ့တာဝန်သူထမ်း
ဆောင်သွားမှုပေပဲ။ ဌာန်ကလည်း
တာဝန်ကျေပါတယ်။ ပထုဇဉ်အကြိုက်
လောကီရုပ်ဝတ္ထုတွေပုံပိုးခဲ့တာပဲမဟုတ်
လား။

အင်း - တကယ်တော့ နှင်းငုဝါရဲ့
လက္ခဏာက မိန်းမမြတ်၊ သစ္စာရှိ၊
အမောင်ဇာတ်မရှိတဲ့ တော်ဝင်နွယ်မျိုး။
တချို့က ဒါ သူကံတရားအတိုင်း သူဖြစ်
တာပါလို့ မသိရ၊ မမြင်ရတိုင်း ကံပုံချလို့
ဘယ်ဖြစ်မလဲကွာ။ ပကတိအဖြစ်ကိုပါသိ
ရမှာပေါ့။ နာမည်က အဲသည်လိုဖြစ်လာ
စေမယ့်ကံကို စေ့ဆော်ပေးနေတာ မြင်မှ
မမြင်ဘဲကိုး။ ငါတို့ကတော့ ပညာရပ်
အလိုက် လူတစ်ယောက်တွေ့တာနှင့် လူ
ရော နာမည်ပါဖတ်တယ်။ အကောင်း
ဆုံးအပြစ်ကင်းတာအထဲမှာလည်း အမှား
လေးတစ်ခုရှိနေလျှင် သည်အမှားလေး
က ဘဝကိုတစ်ခုလုံးပျက်အောင်ပြုနိုင်
တယ်။ အညံ့အဆိုးလက္ခဏာနာမည်ရှင်
တွေဘဝမှာလည်းကောင်းတဲ့အရာတစ်ခု
ကြောင့် ဘဝတိုးတက်စေနိုင်ပါတယ်။

ငါးရှဉ်းဆယ်ဇာတ်နိပါတ်တော်
အလာ ဝတ္ထုတစ်ပုဒ်ရှိပါတယ်။ အဲသည်
ဝတ္ထုထဲက အမျိုးသမီးငယ်တစ်ဦး။ ခန္ဓာ
က ခပ်ဝဝ၊ ရုပ်အဆင်းသာမန်၊ နေဥစ္စာမဲ့
အမျိုးအနွယ်ပြောရလျှင် ဘာမျှဝိသေသ
ဖြစ်ဖွယ် ပကာသနမရှိတဲ့သူ၊ အနုညာတ
မိန်းကလေး၊ မိန်းမလက္ခဏာကောင်း
ဂုဏ်မပါတဲ့သူ၊ သည်မိန်းကလေးဟာ
ဘုရင်မင်းမြတ်က တော်ကောက် မိဖုရား
မြှောက်တယ်ဆိုလျှင် မယုံနိုင်စရာ။
ဘုရင်ကလည်း ပညာရှိ။

တစ်နေ့ နွေနန်းဆောင်အပေါ်
ထပ်ကနေ ဘုရင်မင်းမြတ် လေညှင်းခံ
ရင်း အပြင်ကိုကြည့်ရှုနေခိုက် အမျိုးသမီး
ငယ်တစ်ယောက် သစ်ချဉ်ငယ်ကလေးတွေ
စီစီရီရီပေါက်နေတဲ့ တောစပ်လမ်းလေး
အတိုင်းဖြတ်သွားနေတာမြင်လိုက်ရတယ်။
ပုံမှန်သွားနေရင်းက ဘေးဘီဝဲယာကြည့်
လျက် ချဲစပ်တစ်ခုအောက်ဝင်ပြီး သူ့
အညစ်အကြေးကို အဝတ်အထည်တွေ
လုံခြုံစွာပိတ်ကာလို့ ကွန်ဒွေရှိရှိစွန့်သတဲ့။
ချစ်တည်းမရတာကိုပင် မမြင်ကွယ်ရာ
မှာ သိက္ခာမဲ့၊ ကွန်ဒွေမဲ့အမူအရာမရှိစေ
ဘဲ အေးဆေးတည်ကြည်တဲ့ဟန်နှင့်ပြု
နေတာကို ဘုရင်ကသိပြီး -

'သည်အမျိုးသမီးဟာ တစ်ဦး
တည်း မမြင်ကွယ်ရာအရပ်မှာ ပြုဖွယ်
ကိစ္စကြုံတာတောင် အဆောတလျင်
မပြု။ ကွန်ဒွေပြည့်၍ ဟီရိ၊ ဩတ္တပ္ပ
အရှက်အကြောက်တရား ထိန်းသိမ်းပါ
ပေတယ်။ ကိစ္စပြီးသော်လည်း အညစ်
အကြေးကိုသေချာဖုံးဝှက်ထားပေတယ်'

လို့ စဉ်းစားရင်း ရှေ့ဆက်ပြီး
အသာမိကမှန်းသိတော့ မိဖုရားမြှောက်
သတဲ့။ သည်မိဖုရားဟာ စကြဝတေးမင်း
လောင်းလျာပင် ဖွားမြင်ခဲ့သေးဆိုပဲ။
သည်မိဖုရားမှာ ဗဟိဒ္ဓိလက္ခဏာမရှိပေ
မယ့် အဇ္ဈတ္တလက္ခဏာ စိတ်ထား၊ သိလ၊
ကွန်ဒွေ၊ ဟီရိ၊ ဩတ္တပ္ပ စတဲ့တရားတွေက
အဆင့်မြင့်အောင်ဆွဲတင်သွားတာပေါ့။
ဒါကြောင့် အညစ်အကြေး အပြစ်ဝေး
အောင်စွန့်တတ်လျှင် မိဖုရားပင်ဖြစ်နိုင်
ဆိုတဲ့ နိပါတ်လာစကားတစ်ခုတွင်ခဲ့တာ
ပဲလေ။

တစ်ခုကျန်သေးတယ်။ အမျိုးသမီး
တွေမှာ မည်မျှပင်ဌာန်မှန်နေ၊ လက္ခဏာ
ကောင်းနေပါသော်လည်း အိပ်ပျော်စဉ်
သွားကြိတ်တတ်လျှင်တော့ ကောင်းသော
အရာများကို အကုန်ဖျက်ဆီးခြင်း ဖြစ်ပါ
သတဲ့။ သွားကြိတ်တတ်တဲ့မိန်းမဟာ
အဆိုးဆုံးလို့ သျှတ္တရကျမ်းကဆိုထား
တယ်။ ယောကျ်ားတွေမှာမပြထားဘူး။
ကဲ - သည်နေ့တော့ ဌာန်လည်းကုန်
သွားပြီမို့ ဒီလောက်နှင့်ရပ်ကြရအောင်"

နေဝင်္ဒ

www.burmeseclassic.com

www.burmeseclassic.com

စာပို့တံဆိပ်ခေါင်းတို့ကို စုဆောင်းလေ့လာရာ၌ တံဆိပ်ခေါင်းဒီဇိုင်းပုံမှာ အရေးပါလှသည်။ စင်စစ် တံဆိပ်ခေါင်းဝါသနာဟူသည်မှာ တံဆိပ်ခေါင်းဒီဇိုင်းပုံများကို စုဆောင်း လေ့လာခြင်းပင် ဖြစ်သည်။ တံဆိပ်ခေါင်းများပေါ်တွင် မည်သည့်ဒီဇိုင်းပုံမျှပုံနှိပ်ထားခြင်းမရှိပါက 'တံဆိပ်ခေါင်းစုဆောင်းခြင်း' ဟူသည့် ဝါသနာ ပေါ်ထွန်းလာမည် မဟုတ်ပေ။ နိုင်ငံတကာမှ တံဆိပ်ခေါင်းများကို လေ့လာကြည့်ပါက အလှအပဆုံးသော တံဆိပ်ခေါင်းဒီဇိုင်းများကို ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးများမှ အဓိကထုတ်ဝေလျက်ရှိကြပြီး ကမ္ဘာ့တံဆိပ်ခေါင်းစျေးကွက်ကို လွှမ်းမိုးထားနိုင်ကြသည်။ မြန်မာတံဆိပ်ခေါင်းများ၏ ဒီဇိုင်းပုံများမှာ ရိုးစင်းပြီး အရောင်အသွေးကလည်းမစုံ၊ ဒီဇိုင်းပုံက မဆန်းပြားသည်ကို တံဆိပ်ခေါင်းဝါသနာရှင်တိုင်း သိရှိလက်ခံကြသည်။ အထူးသဖြင့် ယခုနောက်ပိုင်းခေတ်များတွင် ထုတ်ဝေသော မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများမှာ ဆွဲဆောင်နိုင်ခြင်းမရှိသည့် အပြင် အရည်အသွေးလည်း ညံ့ဖျင်းသည်ဟု ပြောဆိုလျက်ရှိကြသည်။

ဤအချက်ကို သိရှိနိုင်ရန် မြန်မာတံဆိပ်ခေါင်းအသစ် ထုတ်ဝေထွက်ရှိသည့်နေ့၌ ဝါသနာရှင်အများစုလာရောက်ဝယ်ယူကြသည့် ရန်ကုန်စာတိုက်ကြီးသို့ တစ်ခါတစ်ခေါက်လောက် သွားရောက်နားစွင့်ကြည့်ပါက ထိုဝါသနာရှင်တို့၏ တံဆိပ်ခေါင်းအသစ်များအပေါ် အားမလို အားမရဖြင့် ညည်းတွားသံများ၊ ဝေဖန် ပြောဆိုသံများကိုကြားရမည်မှာ ဧကန် မလွဲပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများကိုလက်တွေ့ လေ့လာ သုံးသပ်ကာ လှပရှုခင့်စဖွယ် ဖြစ်ပြီး နိုင်ငံတကာမှ ဝါသနာရှင်များကို ဆွဲဆောင်နိုင်မည့် မြန်မာတံဆိပ်ခေါင်း ဒီဇိုင်းများ ပေါ်ပေါက်နိုင်ရေးအတွက် ဤဆောင်းပါးကို စေတနာအရင်းခံဖြင့် တိုက်တွန်း ရေးသားထားခြင်း ဖြစ်သည်။

❑ မြန်မာနိုင်ငံနှင့် တံဆိပ်ခေါင်းဒီဇိုင်း ထုတ်လုပ်ခြင်း

မြန်မာနိုင်ငံတွင် 'တံဆိပ်ခေါင်းဒီဇိုင်နာ' (stamp designer) ဟူ၍ သီးသန့်မရှိပေ။ ကမ္ဘာပေါ်တွင် တံဆိပ်ခေါင်းထုတ်ဝေမှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းခံထားရသော မြန်မာနိုင်ငံ၌ မည်သူကတံဆိပ်ခေါင်းဒီဇိုင်နာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်ပါအံ့နည်း။ ဤသို့ဆိုလျှင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သောမြန်မာတံဆိပ်ခေါင်းများ အတွက် မည်သူများက ဒီဇိုင်းများရေးဆွဲ ခဲ့ပါသနည်း။ တံဆိပ်ခေါင်းထုတ်ဝေရန် အစီအစဉ်ရှိပါက အစိုးရဌာနမှ ဒီဇိုင်း ဆရာများ၊ ပန်းချီဆရာကြီးများ၊ ပြင်ပမှ အပျော်တမ်းဒီဇိုင်းရေးဆွဲသူများ၊ ပန်းချီ အနုပညာကျောင်းမှ သင်တန်းသူ သင်တန်းသားများ စသည်ဖြင့် ကြုံကြိုက်လျှင်ကြုံကြိုက်သလို ရေးဆွဲခဲ့ကြပြီး တံဆိပ်ခေါင်းများ ဖန်တီးခဲ့ကြသည်ကို တွေ့ရှိရသည်။ တစ်ခါတစ်ရံ၌ တံဆိပ်ခေါင်းဒီဇိုင်းပြိုင်ပွဲဖြင့် ဒီဇိုင်းပုံများ တင်သွင်းကြရန် ဖိတ်ခေါ်ခဲ့သော်လည်း ကျေနပ် အားရလောက်သော အရည် အသွေးပြည့်မီသည့်ဒီဇိုင်းများနှင့် ဒီဇိုင်း အရေအတွက်မရရှိခဲ့သဖြင့် ဖြစ်သည် ထုတ်လုပ်လိုက်ရသည့် သာဓကများ ခဲ့သည်။

တော်လှန်ရေးအစိုးရတက်လာပြီး တစ်နှစ်အကြာ ၁၉၆၃ ခုနှစ်တွင် အစဉ်

ကြည့်လွှင်
မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများအကြောင်း

ပုံစံပြု–လိပ်ပြာပုံဒီဇိုင်းဖြင့် မြန်မာတံဆိပ်စေခါင်းများ

www.burmeseclassic.com

www.burmeseclassic.com

သာမာန်ဆိပ်ခေါင်းများ (definitives) ကို ပြောင်လဲကုန်ကျစရိတ်ပုံမှားဖြင့် အစားထိုး ထုတ်ဝေသည်ဖြစ်သဖြင့် ၎င်းတို့ဆိပ်ခေါင်းများကို ပြိုင်ပွဲဝင်ရေးဆွဲတင်ပြနိုင်ရန် လုပ်သားပြည်သူနေ့စဉ်သတင်းစာ၌ ဆက်လက်ဖြေကြားခဲ့သည်။ သို့ရာတွင် လုံလောက်သော အရေအတွက်နှင့် စံမီသောဒီဇိုင်းများ မရခဲ့သဖြင့် ဘီ၊ စမစ်သီးနှင့် အေ၊ အက် ဟူးချ်တို့၏ 'မြန်မာငှက်များ' စာအုပ် (The Birds of Burma by B.Smythies and A.M.Hugh) မှ ငှက်ပုံဒီဇိုင်းများဖြင့် ပြောင်းလဲ ခုနှစ်တွင် ဆိပ်ခေါင်းများ ထုတ်ဝေခဲ့ရသည်။ နောက်ပိုင်းမှသိရသည်မှာ ထိုစာအုပ်၏ စာရေးဆရာ နှစ်ဦးထံမှ ခွင့်ပြုချက်မရဘဲ ငှက်ပုံများကို ကူးယူ၍ ဆိပ်ခေါင်းဒီဇိုင်းများထုတ်လုပ်ခဲ့သောကြောင့် စာရေးဆရာနှစ်ဦးထံ နောက်ကြောင်းပြန်ခွင့်ပြုချက် တောင်းခံခဲ့ရသည် ဟူ၏။

သို့ရာတွင် မြန်မာ့ဆိပ်ခေါင်းထုတ်လုပ်မှုသမိုင်းတစ်လျှောက်၌ ဤကဲ့သို့ ဆိပ်ခေါင်းဒီဇိုင်းဆရာရှားပါးခြင်း စံမီသောဒီဇိုင်းများမရရှိခြင်း စသည့် အကြောင်းအခဲများက အမြဲတစေဖြစ်ပေါ်ခဲ့သည်ကတော့ မဟုတ်ပါပေ။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထုတ်မည်ဖြစ်၍ သီးခြားဆိပ်ခေါင်း အသစ်များထုတ်ဝေနိုင်ရန် ၁၉၃၆ ခုနှစ်၌ ဆိပ်ခေါင်းဒီဇိုင်းပြိုင်ပွဲ ကျင်းပခဲ့ရာ အပျော်တမ်းဒီဇိုင်နာများ၊ ပန်းချီဆရာများ ဆိပ်ခေါင်းဝါသနာရှင်များ စုစုပေါင်း (၃၀၀) နီးပါးခန့်ပြိုင်ပွဲဝင်ခဲ့ကြောင်း သိခဲ့ရသည်။ ထိုပြိုင်ပွဲမှ ရွေးချယ်ခံခဲ့ရသောဒီဇိုင်းများကို ၁၉၃၈ ခုနှစ်ထုတ် မြန်မာ့အစဉ်သုံးတံဆိပ်ခေါင်းများအဖြစ် အသုံးပြုခဲ့သည်။ ဒီဇိုင်းများအကဲဖြတ်ခြင်းကို နာမည်ကြီးတံဆိပ်ခေါင်းဝါသနာရှင်ကြီးများက ဆောင်ရွက်ခဲ့သည်။ ထိုပြိုင်ပွဲမှ တံဆိပ်ခေါင်းထုတ်ဝေရန် အတွက် ရွေးချယ်ခံရသော ဒီဇိုင်းများ၊ အကောင်းဆုံး တံဆိပ်ခေါင်းဒီဇိုင်း၊ အကောင်းဆုံးတံဆိပ်ခေါင်းဒီဇိုင်းစုံ (set)၊ အကောင်းဆုံးရုပ်ပြတံဆိပ်ခေါင်းဒီဇိုင်းများ (pictorials) စသည်ဖြင့် အတန်းအစားမျိုးစုံအတွက် ထိုက်တန်သော ဆုကြေးငွေများ ပေးကမ်းခဲ့သည်။

ဤသည်ကို ထောက်ရှုခြင်းဖြင့် ထိုခေတ်ထိုအခါက တံဆိပ်ခေါင်းဒီဇိုင်းများအပေါ် ပြည်သူများ၏ စိတ်ဝင်စားမှုက ယခုခေတ်နှင့်နှိုင်းယှဉ်သော် 'ဆီနှင့်ရေ' တမျှ ကွာခြားလှသည်ဟု ဆိုရမည်ဖြစ်သည်။ တံဆိပ်ခေါင်းဒီဇိုင်းများအပေါ် သက်ဆိုင်ရာအစိုးရ၏ အလေးထားဂရုစိုက်မှုကလည်း တဖြည်းဖြည်းချင်း လျော့ပါးလာခဲ့သည်။ ယခုနောက်ပိုင်း ခေတ်များ၌ ဓာတ်ပုံ၊ လိုဂို၊ ပိုစတာ၊ ပို့စကတ် စသည့် ပစ္စည်းများမှတစ်ဆင့် လွယ်လင့်တကူ တံဆိပ်ခေါင်းဒီဇိုင်းများအသွင် တိုက်ရိုက်ပြောင်းလဲဖန်တီးလာကြ၍လည်း ပြည်တွင်း၊ ပြည်ပမှ ဝါသနာရှင်တို့က မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများအပေါ် နှစ်သက်မှုကျဆင်းခဲ့ရသည်။ ပြည်သူထဲမှ ပြည်သူများသာဖြစ်ကြသည့် တံဆိပ်ခေါင်းဝါသနာရှင်များသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် နိုင်ငံ၏ တံဆိပ်ခေါင်း ဒီဇိုင်းရွေးချယ်၊ ဖန်တီး၊ ထုတ်လုပ်မှုဆိုင်ရာမူဝါဒများကို ပြည်သူများသို့ချပြသင့်သည်။ သို့မှသာ တံဆိပ်ခေါင်းပညာရှင်၊ တံဆိပ်ခေါင်းဝါသနာရှင်တို့အနေဖြင့် ထောက်ပြ ဖြည့်စွက် အကြံပြုနိုင်ကြမည် ဖြစ်သည်။

❑ တံဆိပ်ခေါင်းဒီဇိုင်းများအပေါ်တွင် ထင်ဟပ်သည့် မြန်မာ့နိုင်ငံရေးခေတ်ရေးကြောင်း

'တံဆိပ်ခေါင်းများသည် သမိုင်းကို ပြောနေကြသည်' ဟူသော ခေါင်းစဉ်ဖြင့် စာရေးသူ (၃) ဦး၏ ဆင်တူရိုးမှား ဆောင်းပါးမျိုး (၃) ပုဒ်ခန့်ကို ဖတ်ဖူးပါသည်။ သို့ရာတွင် မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများက နိုင်ငံရေးခေတ်ရေးကြောင်းကို ဖော်ညွှန်း ပြသနေသည်ဟု ဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးခေတ်များက တံဆိပ်ခေါင်းဒီဇိုင်းအကြောင်းအရာ၊ တံဆိပ်ခေါင်းဒီဇိုင်းပုံ စသည်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်ခဲ့လေသည်။ ပြီတိသျှ ကိုလိုနီခေတ်က မြန်မာတံဆိပ်ခေါင်းများမှာ ကိုလိုနီအင်္ဂလိပ်အသက်များ လွှမ်းမိုးခဲ့ရသည်။ တံဆိပ်ခေါင်းတိုင်း လိုလိုတွင် သရဖူဆောင်းထားသော ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ဦးခေါင်းပိုင်းပုံကို ထည့်သွင်းထားလေ့ရှိသည်။ မြန်မာနိုင်ငံ ဂျပန်ခေတ်ကာလ၏ ပထမပိုင်း၌ တံဆိပ်ခေါင်းများပေါ် တွင် ဂျပန်စာလုံး

www.burmeseclassic.com

www.burmeseclassic.com

များဖြင့်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့မှ နိုင်ငံအုပ်ချုပ်ရေးယန္တရားကို တင်းကျပ်ပိုင်နိုင်စွာ ချုပ်ကိုင်ထားနိုင်သည်ကို သိရှိနိုင်သည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ အတုအယောင်ဟု ဖြောစမှတ်ပြုကြသော လွတ်လပ်ရေးကြီးကို ဂျပန်တို့ကပေးပြီး နောက်ပိုင်းတွင်မူ တံဆိပ်ခေါင်းများပေါ်တွင် မြန်မာစာလုံးများဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုခေတ်ကဒီဇိုင်းပုံများမှာ မြန်မာ့အစိုးရတံဆိပ်ပုံ၊ ဒေါက်တာဘမော်၏ သုံးရောင်ခြယ်အလံပုံများ ပါဝင်သည်။ ဂျပန်တို့ကလည်း ဗြိတိသျှတို့ကဲ့သို့ ပြည်မနှင့်ပြည်နယ်တို့ကို သွေးခွဲအုပ်ချုပ်လိုသည့်ဆန္ဒရှိသည်ကို ရှင်းပြည်နယ်အတွက် သီးခြားတံဆိပ်ခေါင်းများ ထုတ်ဝေခဲ့ခြင်းကိုကြည့်၍ သိသာပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆဲကာလ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခဲ့ရ၍ ပြည်သူများပူဆွေးသောက ရောက်နေချိန်၌ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် တံဆိပ်ခေါင်းများထွက်ပေါ်လာခဲ့သည်။ ဝန်ကြီးချုပ်ဦးနု၏ ပုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် ထိုကာလအပိုင်းအခြား၌ လှုပ်ခဲ့ညားသော ပုဒ္ဓသာသနာဆိုင်ရာ တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့သည်။ တော်လှန်ရေးအစိုးရတက်ရောက်လာပြီးနောက်တွင် အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားများနှင့် အလုပ်သမားများကို ခိုးမြှောက်သည့်အနေဖြင့် တံဆိပ်ခေါင်းဒီဇိုင်းများတွင် တူ၊ တံစဉ်၊ ပင်နီယမ်စသည့် အသုံးအဆောင်ပုံဒီဇိုင်းများပါရှိခဲ့သည်။မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်တွင်မူ အရှေ့ဥရောပကွန်မြူနစ်နိုင်ငံများမှ တံဆိပ်ခေါင်းဒီဇိုင်းပုံစံများကဲ့သို့ အလုပ်သမားကြီးများရှေ့သို့လှုံးချီတက်ပြီး လက်သီးလက်မောင်းတန်းနေသည့် ဒီဇိုင်းပုံများကို တံဆိပ်ခေါင်းများပေါ်တွင် တွေ့မြင်ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်နှင့် နောက်ပိုင်းခေတ်များတွင် အစိုးရမှ ကြိုးမျှုးကျင်းပသော ပွဲတော်များ၊ နွေကြီးရက်ကြီးများ၊ နှစ်ပတ်လည်နေ့များအတွက် အထိမ်းအမှတ်တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့သည်။ နိုင်ငံရေးခေတ်များ၏ တံဆိပ်ခေါင်းဒီဇိုင်းများအပေါ် ရိုက်ခတ်မှုအကြောင်းများအကျဉ်းချုပ်ကို ဖော်ပြခဲ့ခြင်း ဖြစ်သည်။

❑ ခေတ်သစ်မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများ အပေါ်သုံးသပ်ခြင်း

'ခေတ်သစ်မြန်မာတံဆိပ်ခေါင်းများ' ဟု ဆိုရာ၌ ယေဘုယျအားဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရခေတ်နှင့် နောက်ပိုင်းလက်ရှိကာလအထိ ထုတ်ဝေထားသော တံဆိပ်ခေါင်းများကိုဆိုလိုသည်။ ခြံုငုံ၍ သုံးသပ်ရသော် ထိုကာလအပိုင်းအခြားအတွင်း ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများမှာ မြန်မာ့အမျိုးသားရေးပြဿုဒ်ကိုထိန်းသိမ်းနိုင်ပြီး မြန်မာ့နှစ်ပတ်လည်အခမ်းအနားများနှင့် အထိမ်းအမှတ်ပွဲတော်များကို ဂုဏ်ပြုနိုင်ခဲ့သည်။ သို့ရာတွင် ထုတ်ဝေသင့်သည့်တံဆိပ်ခေါင်းဒီဇိုင်းများဟူသည်မှာ ထို၍ထိုမျှလောက်သော အကြောင်းအရာဘောင်အတွင်းမှာသာမဟုတ်ဘဲ နိုင်ငံတကာမှ ဝါသနာရှင်အများစု စိတ်ဝင်စားမည့်အကြောင်းအရာဆိုင်ရာ ဒီဇိုင်းများလည်း ရွေးချယ်၍ ထုတ်ဝေသင့်သည်ဟု ပြည်တွင်း၊ ပြည်ပမှ မြန်မာတံဆိပ်ခေါင်းစုဆောင်းသူတို့က ယူဆကြသည်။ ဤသို့ဖြင့် ရေပန်းစားသည့် အကြောင်းအရာများက နိုင်ငံ၏ တံဆိပ်ခေါင်းများပေါ်သို့ ရောက်ရှိလာခဲ့ပြီး လူကြိုက်များလာပါက အမျိုးသားယဉ်ကျေးမှုဆိုင်ရာ တံဆိပ်ခေါင်းများ လျော့ပါးလာမည်ကိုလည်း တစ်ဖက်ကသတိချပ်ရမည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံအတွက် တံဆိပ်ခေါင်းဒီဇိုင်းအကြောင်းအရာရွေးချယ်မှုဟူသည်မှာ သိမ်မွေ့ပြီးမျှတစေရမည်ဖြစ်သည်။ ထို့ကြောင့် ဤကိစ္စကို သတိကြီးစွာထား၍ စိမ်ကိန်းချ ဆောင်ရွက်ရမည် ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ ဝါသနာရှင်တို့လည်း စိတ်ဝင်စားစေ၊ အမျိုးသားယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်စေ ဟူသည့် လမ်းနှစ်သွယ်ကြားလျှောက်လှမ်းရမည့် သိမ်မွေ့နက်နဲသောခရီးလမ်းတစ်ခုဟု သိထားသင့်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ၏ ဒီဇိုင်းအများစုမှာ အထိမ်းအမှတ်လိုဂို တံဆိပ်ကိုအလယ်တွင်ရှိစေပြီး ရှင်းလင်းပြတ်သားစွာ ပုံနှိပ်ထားသော ဒီဇိုင်းများဖြစ်သည်။ နောက်ပိုင်းခေတ်များတွင် ဒီဇိုင်းများကို ထပ်တလဲလဲသုံးလာသည်ကို တွေ့ရသည်။ ဥပမာပြရမည်ဆိုပါက နေပြည်တော်မြို့တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ ဘုရင် (၃) ပါး အရုပ်ကြီးများ၊ စည်းရုံးမှုကိုညွှန်းသည့် ထင်းစည်းချီးနေသောအရုပ်ကြီးစသည်ဖြင့် တံဆိပ်ခေါင်းဒီဇိုင်းအဖြစ် တစ်ဖန်တလဲလဲသုံးခဲ့သည်ကို တွေ့ရသည်။ စိတ်ဝင်စားတက်ကြွသူဝါသနာရှင်တစ်ဦး၏ တံဆိပ်ခေါင်းများပေါ်တွင် ပုံနှိပ်ပါရှိသော 'နေပြည်တော် နိုးနွယ်သည့် ဒီဇိုင်းများ' ကို စာရင်းအင်းပြုစုထားရှိပုံမှာ ၂၀၀၇ ခုနှစ်မှစ၍ ထုတ်ဝေထားရှိသော တံဆိပ်ခေါင်း(၆၈)မျိုးအနက် (၅၄)မျိုးတွင် နေပြည်တော်ဆိုင်ရာဒီဇိုင်း တစ်နေရာမဟုတ် တစ်နေရာတွင် ပါဝင်ခဲ့သည်။ ထို့ကြောင့် တံဆိပ်ခေါင်းများပေါ်တွင် နေပြည်တော်ဒီဇိုင်းများပါရှိခဲ့သည်မှာ (၇၉.၄၁%) ဖြစ်သည်။ ထိုခေတ်က တံဆိပ်ခေါင်းတစ်မျိုးတည်းအတွင်း ဖော်ပြပါဒီဇိုင်းများကို သေးနုပ်မှန်မှာစွာဖြင့် စုပြုံထည့်သွင်းခဲ့သည်။ အဘယ်ကြောင့် သီးခြားတံဆိပ်ခေါင်းပေါ်တွင် ရှင်းလင်း မြင်သာအောင် တစ်မျိုးချင်းမထည့်ခဲ့ပါသနည်း။ ထိုခေတ်က တံဆိပ်ခေါင်းများပေါ်မှစာတန်းများမှာ အချို့က အင်္ဂလိပ်ဘာသာဖြင့်သက်သက် အချို့ကို မြန်မာဘာသာချည်း ပုံနှိပ်ထားသည်ကို တွေ့ခဲ့ရသည်။ ဘာသာနှစ်မျိုး (bi-lingual) ပုံနှိပ်သည့်မူကို တစ်ပြေးညီ အဘယ်ကြောင့် မသုံးခဲ့သနည်း။ နိုင်ငံခြားသားက အင်္ဂလိပ်ဘာသာချည်းပါသောတံဆိပ်ခေါင်းကိုသာဝယ်ပြီး မြန်မာနိုင်ငံသားက မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းကိုသာဝယ်လိမ့်မည်ဟု မျှော်လင့်သောကြောင့်လေလော။ ဤအချက်ကဂယနဏ စဉ်းစား တွေးခေါ် သင့်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခေတ်သို့ရောက်သော် တံဆိပ်ခေါင်းတစ်မျိုးတည်းအတွင်းသို့ ပုံစံပုံများများ စုပြုံသွတ်သွင်းသည့် စနစ်ကို တန့်သွားသည်။ သို့ရာတွင် ကွန်ပျူတာဖြင့်ရေးဆွဲပြီး ဖန်သားပြင်ပေါ်၌ကြည့်ရအဆင်ပြေသည့်ဒီဇိုင်းပုံကို တံဆိပ်ခေါင်းအရွယ်သို့ခြုံ၍ ပုံနှိပ်ထုတ်ဝေလိုက်သောအခါတွင် ခဲ့ရိုက်သားမကိုက်ညီ၍ လောမသပကတိ တံဆိပ်ခေါင်းပေါ်၌ ဒီဇိုင်းနှစ်ခုစာတန်းများ ကျပ်သိပ်ထည့်သွင်းထားသကဲ့သို့သောအခြေအနေသို့ ရောက်သွားသည့် တံဆိပ်ခေါင်းများ ထွက်လာပြန်သည်။ ဤကာလအတွင်း

www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်ခေါင်းများအတွက် အခြေခံဒီဇိုင်းများကို ပို့စကတ်၊ ပို့စတာ၊ လိုဂိုတို့မှ ဆွဲယူဖန်တီးခဲ့သည်ကို တွေ့ရှိရသည်။

ဝါသနာရှင်တစ်ဦး၏ ဆန်းစစ်ချက်ဖွဲ့မှုအရ ပင်ကိုဖန်တီးမှုမဟုတ်ဘဲ ပို့စကတ်၊ ပို့စတာ၊ လိုဂိုတို့မှ တစ်ဆင့်ခံ ဒီဇိုင်းယူခဲ့သော တံဆိပ်ခေါင်းများစာရင်းမှာ -

၁။ ပို့စကတ်မှ ဒီဇိုင်းယူခဲ့သော တံဆိပ်ခေါင်းများ (လွတ်လပ်ရေးဂုဏ်ပြုတံဆိပ်ခေါင်းနှစ်မျိုး)၊

၂။ လိုဂိုတံဆိပ်ကို အသုံးပြု၍ ဒီဇိုင်းယူခဲ့သော တံဆိပ်ခေါင်းများ (အမျိုးသားအားကစားပွဲတော်၊ ရုပ်ရှင်စိန်ရတုသဘင်နှင့် အခြားတံဆိပ်ခေါင်း (၁၀) မျိုး)

၃။ ပို့စတာမှရယူသော တံဆိပ်ခေါင်းများ(အမျိုးသားညီလာခံနှင့်အခြားတံဆိပ်ခေါင်း (၂၄) မျိုး)

တို့ဖြစ်သည်။

မည်သို့ပင် ဝေဖန်မှုများရှိနေပါစေ မြန်မာတံဆိပ်ခေါင်းများကို 'ပြည်တွင်း'၌သာ ပုံနှိပ်ထုတ်လုပ်နေနိုင်သောကြောင့် ဂုဏ်ယူရမည်ဖြစ်သည်။ ယခုအခါ ပြည်ပပုဂ္ဂလိကကုမ္ပဏီမှ တံဆိပ်ခေါင်းများပုံနှိပ်သည့် လုပ်ငန်းများကို လက်လွှဲပြောင်းယူမည့်သတင်းများကြားသိနေရရာ ပြည်ပ၌ ပုံနှိပ်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို စေ့စုံစွာ လေ့လာပြီးမှ ဆောင်ရွက်သင့်ကြောင်း သတိပေးအပ်ပါသည်။

မြင်တွေ့လိုသည့် မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများ

လွန်ခဲ့သည့်နှစ်အတန်ကြာကာလ က မြန်မာ့ဆက်သွယ်ရေးမှ အထက်တန်းအရာရှိကြီးတစ်ဦးကပြောဖူးသည်မှာ -

"တံဆိပ်ခေါင်းအတွက် ကုန်ကြမ်းတွေက မရှားပါဘူး။ ပုဂံရေဟောင်းယဉ်ကျေးမှုနယ်မြေတစ်နေရာတည်းမှာတောင် အများကြီးရှိနေတယ်"

ဟူ၍ ဖြစ်သည်။ ထို့အရာရှိကြီးဆိုသော 'ကုန်ကြမ်း' ဆိုသည်မှာ တံဆိပ်ခေါင်းဒီဇိုင်းအဖြစ်ရယူရန် တံဆိပ်ခေါင်းအကြောင်းအရာ (theme)ကို ဆိုလိုပါသည်။ မြန်မာနိုင်ငံကဲ့သို့ ရေမြေတောတောင်၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘိုင်းအစဉ်အလာ၊ လက်မှုအနုပညာများဖြင့် ကြွယ်ဝသော နိုင်ငံကြီးအဖို့ တံဆိပ်ခေါင်းဒီဇိုင်းအကြောင်းအရာရှာဖွေရန်မှာ ခက်ခဲလှမည်မဟုတ်ပါပေ။ သို့ရာတွင် အမှန်တကယ် ပကတိတံဆိပ်ခေါင်းပေါ် ရောက်ရန်သာ အဓိကလိုအပ်နေခြင်း ဖြစ်ပါသည်။ တံဆိပ်ခေါင်းအကြောင်းအရာရွေးခြင်းနှင့်ပတ်သက်၍ ၁၉၆၀ ပြည့်နှစ်ကျော်ခန့်ကထုတ်ဝေသော ပီရူး (Peru) နိုင်ငံမှ တံဆိပ်ခေါင်းများကဲ့သို့သောဖြစ်ရပ်မျိုးမဖြစ်ရန်လည်း သတိပြုကြရမည် ဖြစ်သည်။ ထိုစဉ်က ပီရူးမှ ပင်လယ်ငါးပုံဖြင့် တံဆိပ်ခေါင်း (၆) မျိုး ထုတ်ဝေခဲ့သည်။ သို့သော် ထုတ်ဝေပြီးမှ အသေအချာ စစ်ဆေးကြည့်သောအခါ တံဆိပ်ခေါင်းများပေါ်မှ ပင်လယ်ငါး (၆) မျိုးမှာ ပီရူးပင်လယ်ပြင်ရေပိုင်နက်၌ တစ်ကောင်မှမတွေ့ရသော(မရှိသော)ပင်လယ်ငါးများဖြစ်နေသည်ကို သိခဲ့ရသည် ဟူ၏။

အမှန်စင်စစ် နိုင်ငံ၏ဂုဏ်ကိုဆောင်ပြီး အမျိုးသားရေးဂုဏ်ကို မြှင့်တင်သည့် တံဆိပ်ခေါင်းဒီဇိုင်းများကို ထုတ်ဝေသင့်သော်လည်း မြန်မာ့ရေမြေတောတောင်၊ သဘာဝသယံဇာတ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာ၊ စာပေ၊ ဂီတ၊ သမိုင်း အစရှိသည့်ဂဏန္ထ၊ ဘာသာရပ်တို့နှင့်ဆက်စပ်သည့် အကြောင်းအရာဆိုင်ရာ မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများကို နိုင်ငံတကာတံဆိပ်ခေါင်းများနည်းတူ ထုတ်ဝေသည်ကိုလည်း ပြည်တွင်း၊ ပြည်ပမှ စါဝါသနာရှင်တို့အား မြင်တွေ့လိုကြသည်။ ပုံစံအားဖြင့် ကုလသမဂ္ဂယခင်အတွင်းရေးမှူးချုပ် ဦးသန့်ပုံဖြင့် တံဆိပ်ခေါင်းများထုတ်ဝေသင့်သည်။ ထို့အတူ ယခုအခါ ရှားပါးနေပြီဖြစ်သော ဧရာဝတီလင်းပိုင်ပုံ တံဆိပ်ခေါင်းများလည်း ထုတ်ဝေသင့်ပေသည်။ တက်ကြွသော တံဆိပ်ခေါင်း ဝါသနာရှင်တစ်ဦး၏ စိတ်ဝင်စားမှုအလျောက် မြန်မာတံဆိပ်ခေါင်းများပေါ် တွင်မြင်တွေ့လိုသည့် ဒီဇိုင်းကြောင်းအရာများကို စာရင်းပြုစုထားရာ အချက်အလက် (၇၀) ကျော်ရရှိခဲ့သည်။

ယခု ဖော်ပြသည့် မြင်တွေ့လိုသော မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများမှာ သူ၏စာရင်းမှအချို့ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။

၁။ ထင်ပေါ်ကျော်ကြား စေတီဘုရားများ၊ ရုပ်ပွားတော်ကြီးများ၊

၂။ ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာ နံရံပန်းချီများ (ပြဒါးလင်းဂူ စသည်)၊

၃။ လျှောင်းတော်မူ ဘုရားကြီးများ (ဝင်းဝိန်တောရလျှောင်းတော်မူ၊ ထားဝယ်လျှောင်းတော်မူ၊ ခြောက်ထပ်ကြီးလျှောင်းတော်မူစသည်)၊

၄။ မတ်ရပ်ရုပ်ပွားတော်များ၊ ဗောဓိတစ်ထောင်ရုပ်တော်မူ၊ အာနန္ဒာဘုရားရုပ်တော်မူ စသည်)

၅။ ပုဂံ၊ အင်းဝ၊ ဗင်းယခေတ်များမှ (နံရံဆေးရေးပန်းချီ၊ အုတ်ခွက်ဘုရားများ စသည်)၊

၆။ ပျူခေတ် ရှေးဟောင်းလက်ရာ (အသုံးအဆောင်များ၊ ဒင်္ဂါးများ စသည်)၊

၇။ ရှေးခေတ် မြန်မာ့ခံတပ်ကြီးများ (ဝွေးချို၊ သပြေတန်း၊ မင်းလှနှင့် ကိုလိုနီခေတ်ခံတပ်ကြီးများ)၊

၈။ မြန်မာ့ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများ၊

၉။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများ၊

၁၀။ မြန်မာ့ရိုးရာယဉ်ကျေးမှု လက်မှုအနုပညာလက်ရာများ၊

၁၁။ မြန်မာ့တိုင်းရင်းသားတူရိယာပစ္စည်းများ၊

၁၂။ ရှေးခေတ် ပန်းချီဆရာကြီးများနှင့်သူတို့၏လက်ရာများ၊

၁၃။ ရှေးခေတ် ဇာတ်သဘင်မင်းသားကြီးများ၊

၁၄။ မြန်မာ့ရုပ်ရှင် ခေတ်ဟောင်းမင်းသား၊ မင်းသမီး၊ ဒါရိုက်တာနှင့် အဆိုတော်များ၊

၁၅။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊

၁၆။ ထူးထူးခြားခြား ဂုဏ်ပြုထိုက်သူများ (ဖွားဦးဇွန်းကဲ့သို့)

၁၇။ မြန်မာ့ဟင်နရီဘူးနန့်နှင့်ဖလောရင့်နိုက်တင်းဆုရရှိသူများ၊

၁၈။ မြန်မာ့မျိုးရင်း ရှားပါးတိရစ္ဆာန်နှင့် အပင်များ၊

၁၉။ မြန်မာ့တောင်များ (ပေ ၁၀,၀၀၀ နှင့်အထက်ရှိတောင်များ)၊

၂၀။ မြန်မာ့ ဂန္ထဝင် တံတားကြီးများ (အင်းဝ၊ ဂုတ်ထိပ်၊ စစ်တောင်း စသည်)၊

၂၁။ မြန်မာ့ခေတ်သစ် မြစ်ကူးတံတားကြီးများ၊

၂၂။ မြန်မာ့ဆေးသိပ္ပံ အောင်မြင်မှုများ (ရင်ချင်းဆက်အမြွာခွဲစိတ်ကုသခြင်း)

၂၃။ မြန်မာ့ရိုးရာ အစားအသောက်များ၊

၂၄။ ကမ္ဘာ့အကြီးဆုံးစာအုပ် (ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com

တော်ကျောက်စာချပ်များ)၊

၂၅။ မြန်မာ့ပရိုင်းမိတ်ရုပ်ကြွင်းများ (ပုံတောင်ပုံညာ)၊

၂၆။ တီးရသော ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းကြီး (မင်းကွန်း)၊

၂၇။ ကမ္ဘာ့အရှည်ဆုံးသစ်သားတံတား (ဦးပိန်)၊

၂၈။ မြန်မာ့စာပေပညာရှင်ကြီးများ၊

၂၉။ မြန်မာ့ပန်းမာန်မျိုးများ (သဇင်နက်၊ သစ်ခွနက်၊ တောင်ဇလပ်နီ စသည်)၊

၃၀။ ပြည်ပသို့ဖောက်ခဲ့သော ရထားလမ်းများ (မြန်မာ-ယူနန်-ထိုင်း) စသည်တို့တို့ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

ပုံစံပြမြန်မာတံဆိပ်ခေါင်းဒီဇိုင်းဖန်တီးမှုများ

စာပို့တံဆိပ်ခေါင်းဒီဇိုင်းများအပေါ် ၌ ဤမှု ဇာခွဲ၍ရှင်းပြနေခြင်းမှာ နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး စသည်တို့အတွက် မည်မျှအရေးပါနေပါသနည်းဟူ၍ မေးမြန်းလိုပါလိမ့်မည်။ စာပို့တံဆိပ်ခေါင်း (postage stamp) ဟူ၍ စာပေ၌သုံးစွဲသော်လည်း အရပ်စကား အဖြစ် တံဆိပ်ခေါင်း (Stamp) ဟူ၍သာ လွယ်လွယ်ခေါ် နေကြသည့်အလျောက် အဓိပ္ပာယ်မှာလည်း အမှန်တကယ် ပြောင်းလဲနေပြီ ဖြစ်သည်။ တံဆိပ်ခေါင်းကို နိုင်ငံတိုင်းက စာပို့ရန်အတွက်သာ ရည်ရွယ်၍မထုတ်ဝေစေတော့ဘဲ ပြည်ပသို့ရောင်းချရန် ဝို့ကုန်အနေဖြင့် ထုတ်လုပ်နေကြခြင်း ဖြစ်သည်။ အချို့နိုင်ငံငယ်များ၏အဓိကဝင်ငွေမှာ တံဆိပ်ခေါင်းရောင်းချရခြင်းမှ ဖြစ်သည်။ မိမိတို့မြန်မာနိုင်ငံကလည်း အဘယ်ကြောင့် 'ရောင်းကုန်' အဖြစ် တံဆိပ်ခေါင်းကို နိုင်ငံခြားသို့ တင်ပို့နိုင်ခြင်းမရှိရပါမည်နည်း။ စက္ကူချပ်သေးသေးလေးပေါ် တွင် ဒီဇိုင်းပုံနှိပ်ပြီးတန်ဖိုးကြိုက်သလိုသတ်မှတ်ကာ ရောင်းချ၍ နိုင်ငံခြားငွေရှာနိုင်သည့် တံဆိပ်ခေါင်းကဲ့သို့သော ပစ္စည်းမျိုး အဘယ်မှာရှိနိုင်ပါအံ့နည်း။ သို့ရာတွင် လက်ရှိထုတ်ဝေနေသော ဒီဇိုင်းပုံစံများနှင့်တကွေ့ ပြည်ပစျေးကွက်သို့ ထိုးဖောက် ဝင်ရောက်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် မြန်မာ့တံဆိပ်ခေါင်းများကို စိတ်ဝင်စားဖွယ်ရာ ဒီဇိုင်းအကြောင်းအရာနှင့် လှပသော ဒီဇိုင်းပုံစံများဖြင့် ပြောင်းလဲဖန်တီးထုတ်လုပ်ကြရမည်ဖြစ်သည်။

ဤစာရေးသူနှင့် ပါသနာရှင် နောက်တစ်ဦးတို့ဟူပေါင်း၍ ၂၀၁၁ ခုနှစ်က မြန်မာ့တံဆိပ်ခေါင်းများအနေဖြင့် ထုတ်လုပ်သင့်သည့် ဒီဇိုင်းအကြောင်းအရာနှင့်ဒီဇိုင်းပုံစံတို့ကို မြန်မာ့လိပ်ပြာပုံဖြင့် တံဆိပ်ခေါင်းပုံစံ (၁၅) မျိုး နမူနာထုတ်လုပ်ခဲ့သည်။ ဤတံဆိပ်ခေါင်းပုံများနှင့်ပတ်သက်၍ ကြိုတင်ရှင်းလင်းလိုသည်မှာ တံဆိပ်ခေါင်းအတုများပြုလုပ်ခြင်းမဟုတ်ကြောင်း ဖြစ်ပါသည်။ စာရေးသူတို့က ဤတံဆိပ်ခေါင်းပုံစံများကို စက္ကူပေါ် တွင်ရိုက်နှိပ်ခြင်း (paper copy)မပြုလုပ်ခဲ့ပေ။ ဤပုံစံပြတံဆိပ်ခေါင်းများကို ပုံရိပ်အသွင် (image) ဖြင့်သာ သိမ်းဆည်းထားခြင်းဖြစ်ပြီး ရောင်းချခြင်း၊ ပေးကမ်းခြင်းမျိုးလည်း လုံးဝမရှိခဲ့ပေ။ အမှန်မှာ သက်ဆိုင်ရာထုတ်လုပ်သူတာဝန်ရှိပုဂ္ဂိုလ်တို့အတွက် တံဆိပ်ခေါင်းဒီဇိုင်းဖန်တီးရာတွင် စဉ်းစားချင့်ချိန်အတုယူနိုင်ရန် အကြုံပြုတိုထွင်ဖန်တီးခဲ့ခြင်းသာ ဖြစ်ပါသည်။

လိပ်ပြာ ဟူသည်မှာ တောက်ပသော အရောင်မျိုးစုံဖြင့် ရင်သပ်ရှုမောဖွယ်ရာသတ္တဝါငယ်များဖြစ်ကြပြီး မြန်မာနိုင်ငံ၌ လိပ်ပြာမျိုးပေါင်း (၂၉၀) ကို ပုပ္ပား၊ ဟူးကောင်းတောင်ကြား၊ ခါကာဘိုရာဇီ စသည့် နေရာများ အပါအဝင် တွေ့ရှိမှတ်တမ်းတင်ထားပြီး ဖြစ်သည်။ ထိုလိပ်ပြာမျိုးများအနက် (၁၅) မျိုးကို တံဆိပ်ခေါင်းဒီဇိုင်းအဖြစ် ဖန်တီးထားသည်။ ထို (၁၅) မျိုးအနက် (၆) မျိုးမှာ ကမ္ဘာ့ရှားပါးစာရင်းဝင်လိပ်ပြာများဖြစ်ကြသည်။ ထိုလိပ်ပြာမျိုးများမှာ (၂)ကျပ်တန်တံဆိပ်ခေါင်းပေါ် မှ Teinopalpus imperatrix (Kaiser)၊ (၃) ကျပ်တန်တံဆိပ်ခေါင်းပေါ် မှ Parnassius imperator (Apollo)၊ (၁၅) ကျပ်တန် တံဆိပ်ခေါင်းပေါ် မှ Buttanitis ledderdalei lidderdali (Bhutan Glory)၊ (၁၀) ကျပ်တန်တံဆိပ်ခေါင်းပေါ် မှ Troides helena-erberus(Common Birdwing)၊ (၁)ကျပ်တန်တံဆိပ်ခေါင်းပေါ် မှ Troides aeacus praecox (Golden Birdwing)၊ (၅)ကျပ်တန်တံဆိပ်ခေါင်းပေါ် မှ Troides aescus thomsani (Golden Birdwing) တို့ ဖြစ်ကြသည်။ ထိုရှားပါးလိပ်ပြာမျိုးတို့မှာ မျိုးတုန်းတော့မည့်အန္တရာယ်ဖြင့်ရင်ဆိုင်နေကြရရာ ဇီဝမျိုးကွဲများနှင့် ဂေဟစနစ်တို့ကို ထိန်းသိမ်းရန် လိုအပ်လျက်ရှိနေသည်ကို နှိုးဆော်သည့် တံဆိပ်ခေါင်းများဟုလည်း ဆိုနိုင်သည်။

ဤကဲ့သို့ သာမန် မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများနှင့်မတူဘဲ ဆန်းသစ်သောဒီဇိုင်းများကို အရောင်အသွေးစုံစွာဖြင့် မြန်မာ့လိပ်ပြာတံဆိပ်ခေါင်း(၁၅)မျိုးကို ပုံစံပြဖန်တီးပြသရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာတံဆိပ်ခေါင်းများတို့ နိုင်ငံတကာမှ ကြိုက်နှစ်သက်ကြပြီး ဝယ်ယူကြခြင်းဖြင့် နိုင်ငံ၏ဝင်ငွေတိုးတက်ရေးကိုရေးရှု၍ တင်ပြခဲ့ခြင်း ဖြစ်သည်။ ဤသို့ဆိုလျှင် လိပ်ပြာတံဆိပ်ခေါင်းဒီဇိုင်းပုံစံများကို သက်ဆိုင်ရာသို့ တင်ပြခဲ့ခြင်းပြုလုပ်ခဲ့ပါသလောဟု မေးမြန်းလိုပါမည်။ သက်ဆိုင်ရာဆက်သွယ်ရေးအရာရှိမှတစ်ဆင့် ပုံစံပြလိပ်ပြာဒီဇိုင်းများကို အချက်အလက် စုံလင်စွာဖြင့် အထက်အဆင့်မြင့်ရုံးသို့ ဆက်လက်တင်ပြခဲ့ပါသော်လည်း 'ပယ်ချခဲ့သည်' ဟုသိရပါသည်။ ယခုဖော်ပြမည့်သတင်းမှာ မည်မျှမှန်ကန်သည်ကို မသိရသော်လည်း လိပ်ပြာဒီဇိုင်းပုံများကို တံဆိပ်ခေါင်းအဖြစ် အသုံးမပြုလိုခြင်းမှာ 'လိပ်ပြာ' ဟူသည်မှာ 'ဖျာလိပ်၍ ပြာခံရမည့် ကိန်းနိမိတ်ဖြစ်သောကြောင့် ထိုတံဆိပ်ခေါင်းများကိုထုတ်ဝေရန် မဝံ့မရဲဖြစ်ရပြီး မထုတ်ဝေဖြစ်ခဲ့ခြင်းဖြစ်သည်ဟူ၏။ မည်သို့ပင်ဖြစ်စေ တံဆိပ်ခေါင်းဒီဇိုင်းဆန်းများဖြင့် ပြည်တွင်း၊ ပြည်ပသို့ရောင်းချပြီး နိုင်ငံ၏ဝင်ငွေရရှိစေလိုသော အချက်ကသာ အဓိကဖြစ်သည်။ မြန်မာ့စာပို့လုပ်ငန်းမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောဖူးသည်မှာ -

"တံဆိပ်ခေါင်းဒီဇိုင်းအကြောင်း အရာရာရတာ မခက်ပါဘူး။ အခုကြော မယ့်ဒီဇိုင်းနဲ့သာ တံဆိပ်ခေါင်းထုတ်ဝေလိုက်ပါက ပြည်တွင်းမှာရော ပြည်ပမှာပါ ရောင်းစံမှာပါ"

ဟူ၍ ဖြစ်သည်။

ထိုအဆင့်မြင့်အရာရှိကြီးပြောသည့် တံဆိပ်ခေါင်းဒီဇိုင်းပုံမှာ 'ဒေါ် အောင်ဆန်းစုကြည်'၏ပုံ ဖြစ်လေသည်။

ကြည်လွင်

ကိုးကားမှုများ -

၁။ Khin Maung Zaw (2001) Butterflies of Myanmar. Myanmar Forestry Journal Vol 5 No.1

၂။ R. Warren (2016) Modern Myanmar Stamp Designs. Personal Communication.

www.burmeseclassic.com

www.burmeseclassic.com

(ကျောက်တောင်) သော်တာအောင် ဘုရားမှတ်တဲ့အိမ်

ဒီနှစ် ၁၃၇၇ ခုနှစ် မစမီ ၁၃၇၆ ခုနှစ် ကုန်ဆုံးခါနီးအခါသမမှာ လွန်ခဲ့သော (၉) နှစ်ကျော်က ကိုယ်တိုင် ဆောက်လုပ်ခဲ့တဲ့ ထရံကာသွပ်မိုးအိမ်အခြေအနေကို အကဲခတ်ကြည့်မိတယ်။ အခြေအနေက မကောင်းတော့ဘူးလို့ တွေးမိတယ်။ အိမ်တိုင်တွေက အသားစတွေ့ မဟုတ်ဘူး။ ရရာသစ်ပင်ပင်စည်တွေကိုတိုင်ထူပြီး မန္တလေးက စျေးသက်သာတဲ့သွပ်တွေနဲ့ အိမ်အဖြစ်ဆောက်ထားရတာ။ အင်း (၉) နှစ်ကျော် (၁၀) နှစ်အတွင်းဆိုတော့ အိမ်တိုင်အောက်ခြေတစ်ထွာလောက်က ခြစားလို့မရှိတော့ဘူး။ ဘယ်အချိန်ကတည်းက ခြစားတုန်လည်းမသိတော့ဘူး။ နေ့စဉ်စားသောက်ဖို့နဲ့ ကလေးတွေကျောင်းစရိတ်နဲ့ လုံးချာပတ်ချာလည်နေကြရတော့ ဘာမှတိုးသတိမထားမိတော့ဘူးလေ။ ခေါင်းကလည်း မိုးရွာရင် မိုးယိုနေတယ်။ ကိုယ်တစ်နိုင်သရွေ့တော့ တက်ဖာရတယ်။ ဘေးကအိမ်ထရံတွေကလည်း ခြစားနေပြီး

ကျွန်တော့် အသက် (၅၇) နှစ်အရွယ်အနေနဲ့ ဘာမှမတတ်နိုင်တော့ပေမယ့် အသက် (၄၀) အရွယ်လောက်က ထီလည်းမပြတ်ထိုးပါ။ ကိုယ်တတ်နိုင်သရွေ့ပေါ့

လို့ အဆိုအမိန့်ရှိခဲ့ဖူးတော့ ကျွန်တော်လည်းလေ လောဘသားပေမို့ အသက် (၄၀) မပြည့်ခင်ကတည်းက ထီထိုးလာလိုက်တာ ခုအသက် (၅၇) နှစ်ထဲအထိ တွတ်လည်းမရဘူးသေး၊ တစ်သောင်းဆုတောင်မှမပေါက်ဘူးသေးတော့ အင်း-စိတ်ဓာတ်ကျချင်ချင်ရယ်။ ဒါပေမယ့် ထီတော့ထိုးမြဲပဲ။ မသေမချင်း ထီထိုးမယ်လို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော်တို့လို လက်လုပ်လက်စားတွေက လွတ်ရာလွတ်ကြောင်းထီပဲရှိတာလေ။

တချို့သော ခင်မင်ရင်းနှီးသူများက စီးပွားရေးအဆင်ပြေစေဖို့ ဒီဂါထာလေးကို မပြတ်ရွတ်ပါလားဆိုပြီး အားပေးကူညီကြပါတယ်။ ဒီဝါတာပတိဂါထာ၊ အင်္ဂါဒုဒ္ဓေါ်။ အင်္ဂါဓမ္မောတို့၊ စိန္တာမဏိဂါထာတော်ကြီးတို့ အစရှိတဲ့ဂါထာတော်များ၊ ၂၄-ပစ္စည်းပဋ္ဌာန်းဒေသနာတော်ကြီး၊ ဂုဏ်တော်ကွန်ချာ၊ ရှင်သီဝလိနဲ့ မေတ္တာသုတ်. အစုံအစဲ့ ပေးလိုက်ညွှန်းလိုက်ကြတာတွေများလွန်းလို့ ဘယ်ကစပြီး ရွတ်ရမှန်းအောင်မသိတော့ဘူး။ တစ်ခါ ဖတ်နေတော့ တစ်ခန်းမှာ [illegible] တယ်။ ကိုယ်ကလည်း စိတ်ဝင်စားစားကိုးဗျာ။

ကြုံတုန်း စကားမစပ် အရေးကြီးတဲ့အကြောင်းအရာ ဒါမှမဟုတ် တိုက်ဆိုင်တဲ့အကြောင်းအရာနှစ်ခုပြောပြချင်ပါတယ်ခင်ဗျာ့ဆွေ့။

ကိုယ်တွေ့ မို့ပြောရရင် -

ဒီလိုနဲ့ တစ်ရက်တော့ အိမ်ကနေ စျေးကြီးကို စက်ဘီးစီးပြီးထွက်လာခဲ့တယ်။ အသက် (၄၀)မတိုင်ခင်ကတည်းက ကိုယ်ဝါသနာပါတဲ့ပြန်မာသံစဉ်သီချင်းတွေကို သီချင်းမည်းဖြစ်တာကြောခဲ့ပြီမို့ ဘုရားဂုဏ်တော်၊ ဂါထာတော်တွေကို တစ်ပုဒ်ပြီးတစ်ပုဒ်ရွတ်ဖတ်ပူဇော်ခဲ့တယ်။ အလေ့အကျင့်ကလည်း စွဲမြဲစွာပါလာလေတော့ အိမ်ကနေ စျေးအသွားရွတ်၊ နောက် စျေးကနေ အိမ်အ ပြန်ထိရွတ်၊ နေ့စဉ်နဲ့အမျှ ရွတ်ဖတ်ပူဇော်ခဲ့လေတော့ ဒီလိုနဲ့ စျေးကြီးကပြန်လာတော့ မိုးကုတ် ဝိပဿနာကျောင်းတိုက်ရှေ့ကိုအရောက် ဘုရားဂုဏ်တော်တွေ၊ ဂါထာတော်ရွတ်ရင်း ပလက်ဖောင်းဘက်ကြည့်လိုက်တော့ ပိုက်ဆံသုံးထောင်ကောက်ရပါလေရော

ရွတ်ဖတ်နေတဲ့ ဘုရားဂုဏ်တော်၊ ဂါထာတော်တွေပဲ စဉ်ဆက်မပြတ် ရွတ်ဖတ်ပူဇော်တာပဲတတ်နိုင်တော့တယ်။ ကံကောင်းရင်တော့ သိန်းထီလေးများပေါက်လာခဲ့သည်ရှိသော် အိမ်လေးတော့ပြင်ဆောက်နိုင်ကောင်းရဲ့လို့ မျှော်လင့်စောင့်စားခြင်းများစွာနဲ့ ကိုယ်သောက်မယ့် လက်ဖက်ရည်ဖိုးထဲက တစ်လ ထီ (၂) စောင်၊ (၃) စောင် မပြတ်ထိုးခဲ့ပါတယ်။ တိုးလွန်ခဲ့တဲ့ ကျွန်တော့်အသက်(၃၃)နှစ် အရွယ် အိမ်မှာ အန္တရာယ်ကင်းဆွမ်းထရားနာပြီးတော့ အောင်မြေဇေယျာ စာသင်တိုက်က နာဂဦးပဥ္စင်းတစ်ပါးက-

"ဒကာကြီးဇာတာက အသက် (၄၀) အရွယ်မှာ အိုးအိမ်တိုက်တာစည်းစိမ်အပြည့်နဲ့ ခံစားစံစားရမယ့်ဇာတာရှင်ပဲ။ တလေ သူရဇ္ဈမဂ္ဂဇင်း၊ ရောင်ပြန်၊ ဂဇ္ဇီရ ဂါထာတော်များတွေ့ ရင်လည်း ဆုတ်ဖြဲယူတန်ယူ (အဲလေ-ယောင်လို့) ကိုယ့်စာအုပ်ထဲ တခုတ်တရနဲ့ရေးမှတ်ထားပြီး အာဂုံဆောင်နိုင်အောင်လို့ မပြတ်ရွတ်ဖတ်ပူဇော်တယ်။ နောက် ကြာကြာရွတ်

www.burmeseclassic.com

www.burmeseclassic.com

ဗျာ။ အံ့သြေဝမ်းသာဖီတယ်။ အဲဒီတစ်ခါ အပြင် နောက်တစ်ခါက သိပ်မကြာသေးဘူး။ လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်လောက်က အဲဒီလိုပဲ စျေးကြီးက ပြန်လာရင်း မှတ်မှတ်ရရ အဲဒီအချိန်တုန်းက ၂၄-ပစ္စည်းပဋ္ဌာန်းဒေသနာတော်အကျဉ်းရွတ်ဖတ်ပူဇော်ပြီး ဒုဋ္ဌဂါမဏိမင်းကြီးရွတ်ပွားလေ့ရှိတဲ့ စိန္တာမဏိဂါထာတော်ကို (၉) ခေါက်ရွတ်မယ်လို့ စိတ်ကူးလိုက်တယ်။ ဟောဗျာ-ခက်တော့ထာပဲ။ အဲဒီစိန္တာမဏိဂါထာတော် (၉) ခေါက်မပြောနဲ့၊ (၂) ခေါက်ရွတ်တာနဲ့တင် ပလက်ဖောင်းနားမှာ ငွေနှစ်ထောင်ကျပ်ကောက်ရပါလေရောဗျာ။ ပြီးခဲ့တဲ့နှစ်တွေထဲက သုံးထောင်ကျော် ကောက်ရတာလည်း ခုစိန္တာမဏိဂါထာတော်ဖြစ်မှာပဲလို့ ပိုက်ဆံကိုကောက်ပြီး အိတ်ထောင်ထဲထည့်ရင်း ဖျတ်ခနဲ စဉ်းစားမိတယ်။ နောက်ပြီး တစ်လက်စတည်း ဘာကိုစဉ်းစားမိလဲဆိုတော့ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလာထုတ် သူရဇ္ဇမဂ္ဂဇင်းထဲက စာရေးသူ မင်းစော (တောင်သမန်) ရေးသားတဲ့ 'မင်း၊ မိဖုရား၊ မင်းသမီးတို့ရွတ်သောဂါထာတော်များ' အမှတ် (၅) ဘာသာရေးဆောင်းပါးထဲက ဒုဋ္ဌဂါမဏိမင်းကြီးရွတ်တဲ့စိန္တာမဏိဂါထာတော်နဲ့ပတ်သက်တဲ့ စာကြောင်းတချို့ကို အတွေးထဲမှာပေါ်လာပြန်တယ်။ ဘာတွေလဲဆိုတော့. . .

၁။ ကြုံစည်သမျှလိုတိုင်းရအောင် ပြည့်စုံနိုင်ကြကုန်သော ရတနာတို့သည် ဘုရားရတနာပေတည်း။

ဘုရား တည်းဟူသော ရတနာအား ကိုးကွယ်ခြင်းကိုပြုသည်ရှိသော် ကိုးကွယ်သမျှပြုသောသူ၌ အလုံးစုံသော အလိုဆန္ဒဟူသမျှသည် လည်းကောင်း၊ အလုံးစုံသော အကြံအစည်ဟူသမျှသည် လည်းကောင်း လျင်မြန်စွာ ပြည့်စုံပါစေသတည်း. . .

စသည်ဖြင့် ရွတ်ဆိုပြီး ဒုဋ္ဌဂါမဏိမင်းကြီးက စိန္တာမဏိဂါထာတော်ကို ရွတ်ပွားလေ့ရှိပါသည်။ နေ့စဉ် နံနက် (၉) ခေါက်၊ ည (၉) ခေါက် သို့မဟုတ် မိမိသက်စေ့ရွတ်ပါ။ အလိုရှိတိုင်းသော အကြံအစည်၊ အလုပ်အကိုင်တို့ပြီးစီးအောင်မြင်၍ ကောင်းမြတ်သောမင်္ဂလာအကျိုး ဖွံ့ဖြိုးစေနိုင်ပါသည်။ လူချစ်လူခင်များခြင်း၊ ရာထူးတိုးတက်ခြင်း၊ မိမိပိုင် ဥစ္စာရတနာကို တစ်ပါးသူမခိုးယူနိုင်ခြင်း၊ ဓားပြ၊ သူခိုး၊ လူဆိုးတို့ရန်မမူနိုင်ခြင်း အကျိုးတရားများအပြင် လိုချင်တောင့်တသောပစ္စည်းကို ရရှိနိုင်ကြောင်းဖြင့် ဩဇာနှံးဆိုကြပါ၏။

လို့ ဖတ်မှတ်ခဲ့ရပါတယ်။ ကိုယ်တွေ့အကျိုးပေးလို့ စာဖတ်သူ မိတ်ဆွေများအတွက် ထပ်မံဖော်ပြလိုက်ပါတယ်။

ဒုဋ္ဌဂါမဏိမင်းကြီးရွတ်သော စိန္တာမဏိဂါထာ

၁။ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ဒိဖ္ဖမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။

ယခု စိန္တာမဏိဂါထာတော်ကို ယုံယုံကြည်ကြည်နဲ့ နေ့စဉ်ရွတ်ပွားကြပါလို့ နှိုးဆော် တိုက်တွန်းလိုက်ပါရစေ။

အင်း - အသက်အရွယ်အမျှ လူတွေရဲ့စိတ်အစဉ်ဟာ ပြောင်းလဲနေတယ်ဆိုတာ ကျွန်တော့်ကိုယ်တွေ့မို့ ယုံကြည်တယ်။ ငယ်စဉ်အခါကတော့ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဘာဆို ဘာမှအမှုမထားမစဉ်းစားခဲ့ဘူး။ ဆွေမျိုးတွေကဆို တဇော်ကဲ့ကန်းကောင်၊ ဗကပ၊ ကွန်မြူနစ်လို့ ပြောဆိုခံရပြီးကျဉ်ခံခဲ့ဖူးပါတယ်။ တကယ်လည်း ဘာဆိုဘာမှမယုံကြည်ခဲ့၊ မလေးစားခဲ့ဘူး။ ဟော-အခုအသက် (၅၇) နှစ်ထဲရောက်လာတော့ (လွန်ခဲ့တဲ့နှစ် (၄၅) နှစ်အရွယ်ကတည်းက) စဉ်းစဉ်းစားစား တွေးတောပြီးမှ အလုပ်လုပ်ဖြစ်ခဲ့တယ်။ ဒီကိစ္စက ဒီလိုလား၊ ဟိုအကြောင်းက ဟိုလိုဟုတ်ရဲ့လားဆိုတဲ့ စဉ်းစားခြင်းအဒွေလှအကျင့် တွေဖြစ်နေပြီ။ ဆိုကြပါစို့ အထိုင်အထတွေကလည်း တဖြည်းဖြည်းနဲ့ လေးလံလာပြီလေ။ စောစောပိုင်းကပြောခဲ့သလို အသက်အရွယ်နဲ့အမျှ ပြောင်းလဲလာတော့ ကုန်ကုန်ပြောရရင် စက်ဘီးနင်းရင်းနဲ့ သီချင်းမဆိုချင်တော့ဘူး။ အိမ်ကထွက်လာကတည်းက . နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿလို့ စိတ်ထဲကနေ ပါးစပ်ပေါက်ဆိတိုးထွက်လာတယ်။ နမောတဿကစလို့ ကိုယ်ရတဲ့ ဗုဒ္ဓမြတ်စွာရဲ့ ဂုဏ်တော်၊ ဂါထာတော်တွေလည်း သူ့အလိုလိုအစဉ်လိုက် ရွတ်ဆိုပွားများလိုက်တာများ ကိုယ့်ကိုယ်ကိုယ်တောင်မှ အံ့သြမိပါတယ်။ အဲဒီအချိန် သီချင်းဆိုဖို့ လုံးဝကို သတိမရဘူး။ တကယ်. . . တကယ်။

ငယ်ရွယ်နုပျိုစဉ်အခါတုန်းကတော့ ကိုယ်ကလည်း အနုပညာဝါသနာပါတော့ မြန်မာသံစဉ်သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက်ဆိုပြီး အလုပ်လုပ်ခဲ့တာ။ အလုပ်လုပ်တယ်ဆိုတာက အဲကျွန်တော်က ပန်းချီရေးသူတစ်ယောက်ပါ။ ပန်းချီရေးရင်းနဲ့ သီချင်းဆိုတာကို ပြောတာပါ။ အဲဒီတုန်းက ကျွန်တော့် အသက် (၂၀) ကျော် (၅) နှစ်ပတ်လည် မနှုးမနှပ်တဲ့အရွယ်လေးပေါ့။ စိတ်ရှိသလောက် အော်ဟစ်ပြီး ဆိုလိုက်တာများ ရင်ထဲကို ပေါ့ပါးနေတာ။ လိပ်ပြာလေး ပန်းခင်းထဲမှာ ဝဲပျံနေသလိုမျိုး ခံစားဖူးခဲ့တယ်။ အင်း - အခုတော့ (၅၇) နှစ်အရွယ် အဘိုးအို့ပါက်စဘဝရောက်ကို ရောက်လာပြီပေါ့ရယ်လို့လည်း ကိုယ့်ကိုယ်ကိုယ်သတိရလို့ စက်ဘီးစီးရင်း လမ်းလျှောက်ရင်း တစ်ယောက်တည်း အရူးလို ပြုံးဖြီးဖြီးဖြစ်တာလည်း ခဏခဏ။

ဒီလိုနဲ့ပဲ ဘဝပေးအခြေအနေကြောင့် ဘုရားမတဲ့အိမ်အကြောင်း ဖြစ်ပေါ်လာတာပေါ့နော်။ အစဦးပိုင်းမှာ ရေးခဲ့ဆဲလိုပြောခဲ့သလိုပေါ့။ မိုးရာသီရောက်တော့မှာဆိုတော့ မိုးရာသီမရောက်ခင် အိမ်ကလေးကိုဖျက်ပြီး အိမ်အသစ်ဆောက်ကြမယ်လို့ ကျွန်တော်တို့ မိသားစုအရေးပေါ် ဆွေးနွေးတိုင်ပင်ကြတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနှစ် ပိုက်ဆံစုပြီးမှ နောက်နှစ်မှာဆောက်မယ်လို့ အဆိုပြုလိုက်တော့ -

"ဟာ-ဘယ်ဖြစ်တော့မလဲ၊ အဖေ့အိမ်လည်း သေချာကြည့်ပါဦး၊ အိမ်တိုင်အောက်ခြေက ဘာမှမရှိတော့ဘူး။ အိမ်ကာတဲ့ထရံတွေကလည်း ခြကိုက်လို့ ကုန်တော့မှာ အပေါက်နဲ့အပြဲ။ နောက်ပြီး မိုးထားတဲ့သွပ်တွေကလည်းမကောင်းတော့ဘူး။ မိုးယိုလို့ ကောင်းကောင်း မအိပ်ရဘူး။ ပလတ်စတစ်မိုးကာပြီးမှ အိပ်ရတယ်။ တစ်အိမ်လုံးလည်း ပလတ်စတစ်ကာမိုးထားနေရတာကြည့်တော့၊ ဒီနှစ် မိုးဦးကောင်းပြီး လေမုန်တိုင်းတောင်ပါမယ်ဆိုလားပဲ။ ရေဒီယိုထဲက သတင်းကြားရတာ။ တော်ပြီ တော်ပြီ နောက်နှစ်မပြောနဲ့ နှစ်ဝက်တောင်မလုံးဝမဖြစ်ဘူး။ ဧပြီလအပြီးဆောက်မယ်လို့ စဉ်းစားပြီးပြီး။ အဖေ အေးအေးသာ

www.burmeseclassic.com

www.burmeseclassic.com

သမီးတို့ကြည့်လုပ်လိုက်မယ်”
သမီးနဲ့အမေနဲ့ရေပက်မဝင်အောင်
ပြိုင်းပြောကြတော့ ကျွန်တော်
ငြိမ်နေရတာပေါ့။ (၅) မဲ (၁) မဲ
ကျွန်တော်အပြတ်အသတ်ရှုံးပါလေ
ဇွတ်အတင်းပြောလို့မရတော့
အိမ်အသစ်ဆောက်မယ့်စိမ်ကိန်းကို
အောင်အထည်ဖော်ဖို့ ကျွန်တော်မသိ
ရာသတ်မှတ်ပြီးပြီတဲ့လေ။ အိမ်
ဆောက်မယ့် လက်သမားလုပ်တဲ့ တူတော်
ကိုကို ခေါ်ပြောတယ်။ (၄) လပိုင်း
အတွင်းမှာ စလုပ်မယ်လို့ ဆန္ဒ
ရှိတော့ အိမ်ဖျက်လို့ ယာယီနေရ
မှာနေရာကို ရှင်းလင်းပြီး ဝါးလုံးတဲကြီး
ကျွန်တော့်ကို ပြောကြတယ်။
ကျွန်တော်လည်း ဝုဏ်တော်ကိုးပါးရွတ်
ရတာနဲ့ပဲ ရုတ်တရက်မကြားလိုက်
နောက်တစ်ခါမှ ကျွန်တော့်အမျိုး
အော်ပြောတာကြောင့် ကျပ်
ခေါင်းညိတ်လိုက်ရတယ်။ ကိုယ်
ခန္ဓာသူဆိုတော့ အသာငြိမ်ပြီး တိုင်
တော် ဝါးလုံးရှာ (ဝါးပိုးဝါး (၄) လုံး)
အတွက်က ပလတ်စတစ်မိုးကာ
ရှာ ချည်ဖို့၊ တုပ်ဖို့၊ ရှိက်ဖို့နှက်ဖို့
တော် ကြေးနန်းကြိုးနဲ့ သံ (၂၅) ကျပ်
စာ စေးကြိုးကနေ ဝယ်စုထားလိုက်
ရ အိမ်က ကျွန်တော့်အမျိုးသမီးနဲ့
ယောင်က အိမ်အတွက် ပိုက်ဆံရှာကြ
တဲ့တာဝန်ယူကြသူတွေပေါ့။
ညော် - ဒါနဲ့စကားမစပ်ပြောရဦး
ကြံတုန်းလေး ကြော်ငြာဝင်တယ်
ဘောထားလိုက်ပါ မိတ်ဆွေရယ်။
အိမ်အတွက် ဘယ်လိုပိုက်ဆံရှာ
မယ်၊ စုကြမယ်လို့ပြောရတာက
နဲ့တဲ့ (၁) နှစ်ကျော်လောက်က
တော်တို့မိသားစုက စိမ်းဝါနီမုန့်မျိုး
ပင်နှံးကို ကိုယ်ပိုင်လုပ်နေကြပါပြီ။
တာကာလှည့်ပြီး ဆိုင်တွေလိုက်စပ်
အရောင်းသမားက သမီးငယ်ပါ။
ကြော်အလှော်နဲ့ အထုပ်အပိုးကတော့
ငယ်နဲ့ သူတို့အမေပါ။ ကုန်ပစ္စည်း
ယ်တော်နဲ့ ဘဏ္ဍာရေးမှူးကလည်း
ငယ်ပါပဲ။ ကျွန်တော်က အထွေထွေ
သားကြီးအနေနဲ့ ဝန်းရံခဲ့တာပေါ့။
ကြီးက မန္တလေးစတိုးဆိုင်ကြီးမှာ
နေပူတာစာရင်းကိုင်လုပ်နေတယ်။
ကြီးက ကျောက်ဆည်နည်းပညာ
ကျွသိုလ်မှာ ကျောင်းတက်နေတဲ့
ကျောင်းသားပါ။ သားငယ်ကတော့
သိတန်းဆက်မဖြေတော့ဘဲ တက်တူး
တဲ့အလုပ်နဲ့ မီးပုံးပျံလုပ်တဲ့အလုပ်
လုပ်နေကြတာဆိုတော့ စိမ်းဝါနီမုန့်မျိုး
စုံလုပ်ငန်းရဲ့အဓိကပင်တိုင်ဇာတ်ကောင်
တွေက သမီးငယ်နဲ့ ကျွန်တော်တို့လင်
မယားပေါ့ဗျာ။ အိမ်ပြန်ဆောက်ဖို့ စီမံ
ကိန်းဆွဲပြီးတော့ ကျွန်တော်တို့ (၃)
ယောက် ပိုပိုပြီးကြိုးစားရတယ်။ မနက်
မိုးလင်းကနေ ည (၁၀) နာရီ (၁၂) နာရီ
အထိ တစ်ခါတလေ ည (၁) နာရီထိုး
အထိငါးမုန့်ကြော်ထုပ်ကြ၊ ပလတ်စတစ်
အိတ်ထဲထည့်၊ စိမ်းဝါနီတံဆိပ်ထည့်၊
ကြိုးတွေနဲ့တွဲကြ၊ ကော်ဖီလေးဖျော်
သောက်ရင်း အလုပ်လုပ်ပြီး ညဉ့်နက်
သန်းခေါင်ကျော်မှအိပ်ကြ၊ မနက်မိုးလင်း
လို့ စေးရောင်းထွက်ဖို့ သမီးငယ်က
ပြင်ဆင်၊ ကျွန်တော်တို့လင်မယားလည်း
ပိုင်းကူလုပ်ကြ။ တစ်ခါတလေ သမီးငယ်
က နှစ်ခေါက်စေးလည်ရောင်းရတာ။
လူလေးက ပိန်သေးသေးနဲ့ ဘာကြိုးစား
သလဲမမေးနဲ့။ စေးရောင်းပြန်လာပြီး
ရရှိလာတဲ့ အကျိုးအမြတ်ကလေးကို
ကျစ်ကျစ်ပါအောင်စု။ များလာတော့
အိမ်ကမလုံတော့ ပျော်မှာစိုးတာနဲ့
ဘဏ်ကိုသွားအပ်ထားတယ်။
ဒီလိုနဲ့ သုံး၊ လေးလကြာလာ
တော့ (၁၂) သိန်းလောက် စုမိနေပြီ။
မိုးကလည်း ရာသီချိန်ရောက်တော့မှာ
ဆိုတော့ အမိုးလေးနဲ့ ဘေးအိကာတချို့
ရယ်၊ အိမ်မှာရှိတဲ့ သွပ်ပြားအဟောင်း
တွေကို ထရံအစား သံရိုက်ပြီးကာကြ
မယ်လို့မိသားစုပြောဆိုစိုင်ပင်ကြတယ်။
အားလုံးသဘောတူတော့ နောက်
တစ်နေ့မှာပဲ ယာယီစံနန်းတော်အတွက်
ကျင်းတူး၊ တိုင်ထောင်နဲ့ ကျွန်တော့်မှာ
တစ်ယောက်တည်း အလုပ်တွေများလို့
ပေါ့။သားအမိနှစ်ယောက်ကတော့ ထုံးစံ
အတိုင်း မုန့်တွေကြော်လို့လှော်လို့ထုပ်လို့
ပဲ။ ကိုယ့်အလုပ်နဲ့ကိုယ် ဘယ်သူဘယ်
သူမှမကူနိုင်ကြဘူး။ ဘယ်လောက်အ
လုပ်တွေများနေပေမယ့်လဲ ကျွန်တော်
ကတော့ ဘုရားဝုဏ်တော်တွေရွတ်ဆို
နေတာပဲ။ ကျင်းတူးရင်းလည်း ရွတ်ဆို
နေတာပဲ။ ဝါးလုံးတိုင်ထူရင်းနဲ့လည်း
ရွတ်ဆိုနေတာပဲ မပြတ်ဘူး၊ စိတ်လည်း
ငြိမ်တယ်။ အလုပ်လည်းပြီးတယ်။ ခေါင်း
လည်းအေးတယ်၊ ပေါ့လို့။ အိမ်ဖျက်မယ့်
လက်သမား တူတော်မောင်လည်း မလာ
သေးဘူး။ ကျွန်တော်ကတော့ ယာယီ
စံနန်းတော်ကို (၄)၊ (၅)ရက်နဲ့ အပြီး
ဆောက်ပေမယ့် ကျွန်တော်တစ်ယောက်
တည်းလုပ်နေရတော့ ခုနှစ်ရက်တစ်ပတ်
မှဆောက်ပြီးတယ်။ အဲဒီအချိန်အထိ
အိမ်ဆောက်မယ့် လက်သမား တူတော်
မောင်က မလာသေးဘူး။ အရင်လုပ်
လက်စတိုက်ကို လက်စသတ်နေလို့ဆို
တာ နောက်မှကြားရတယ်။ မိုးအတွက်
လည်း စိုးရိမ်နေရတယ်။
ဒီလိုနဲ့ ပြီးစီးသွားတဲ့ ယာယီစံနန်း
တော်ထဲ တဖြည်းဖြည်းနဲ့ အိမ်ထဲက
ခုတင်တွေ၊ ပစ္စည်းတွေ၊ ဗီရိုတွေကို
နေရာချ၊ နေရာချရင်းချရင်းနဲ့ အိမ်ထဲက
ပစ္စည်းတွေက ယာယီစံနန်းတော်နဲ့မဆံ့
တော့ဘူး။ မဆံ့တော့ အိမ်ရှေ့အိမ်က
အခန်းလွတ်တစ်ခန်းကို တစ်သောင်းခွဲ
ပေးပြီး ငှားထည့်ရတော့တယ်။ စေး
ရောင်းရင်း၊ ရွှေရင်းပြောင်းရင်း၊ ကြော်
ရင်းထုပ်ရင်း အတွေးတစ်ခုကို မိသားစု
လူစုံတုန်း (သမီးကြီးက ဥပုသ်နေ့ဆိုင်
ပိတ်ရက်၊ သားကြီးက ကျောင်းပိတ်ရက်၊
သားငယ်က အိမ်ရှိရက်အချိန်) စိမ်းဝါနီ
မုန့်မျိုးစုအလုပ်အတွက် (၂) ခန်းထပ်တိုး
မယ်ဆိုတာ ဆွေးနွေးတိုင်ပင်ကြတယ်။
အားလုံးက သဘောတူကြပေမယ့် ရှိတဲ့
'မြန်မာငွေ'က လုံးဝသဘောမတူဘူးတဲ့
လေ။ စုထားတဲ့ငွေ မလောက်တာကို
ပြောတာပါ။ ကဲ-ဘယ်လိုငွေထပ်ရှာကြ
မလဲလို့ စဉ်းစားကြတော့။
~ အဲဒီမှာပဲ ဇာတ်ရှုပ်ကစတော့တာ
ပေါ့ဗျာ။ကျွန်တော့်မိတ်ဆွေတစ်ယောက်
ဆီက ငွေ(၅) သိန်း (၁၀)အတိုးနဲ့ချေး
မယ်။ မရရင် (၃) သိန်းတော့ ရအောင်
ပြောမယ်ဆိုပြီး မိတ်ဆွေဆီကို ကျွန်တော်
နဲ့သမီးငယ်တို့ အားတက်သရောသွားကြ
တာပေါ့။အခြေအနေအကျိုးအကြောင်း
ပြောပြတော့ မိတ်ဆွေက ကျွန်တော့်
အတွက် အာမခံပြီး ငွေရှင်ကို ပြောပေး
မယ်လို့ပြောတယ်။ လို့ငွေက (၅) သိန်း၊
အတိုးက (၁၀) တိုးဆိုလည်း ကျွန်တော်
တို့က လိုတဲ့သူတွေဆိုတော့ ဘယ်လောက်
နေနေရပါတယ်။ ပေးပါမယ်ပေါ့။ ညပိုင်း
လောက် မိတ်ဆွေက ကျွန်တော့်ဆီဖုန်း
ဆက်လိုက်ပါမယ်လို့ပြောတော့ ကျွန်တော်
တို့အသားအဖလည်း ခေါင်းညိတ်ပြီး
အိမ်ပြန်လာခဲ့တယ်။ အိမ်အပြန်လမ်းမှာ
သားအဖ အိမ်ပုံစံတွေ၊ အစီအစဉ်တွေ
ဆွဲလို့ပေါ့။ အဲဒီအခွံချိန်မှာလည်း ကျွန်တော်
က ဂုဏ်တော် (၉) ပါးရွတ်နေတာ။ ပြီး
ရင် သမ္မာဒ္ဒေဂါထာတော်၊ ၂၄-ပစ္စည်း
ပဋ္ဌာန်းဒေသနာတော်လည်းဆက်ရွတ်မယ်
လို့တွေးပြီးသားပါ။
ည(၇)နာရီလောက်မှာ မိတ်ဆွေ
ဆီက ဖုန်းဝင်လာပါတယ်။ ငွေ (၅) သိန်း
ဆိုရင်တော့ အပေါင်ပစ္စည်းအဖြစ် အိမ်

www.burmeseclassic.com

www.burmeseclassic.com

အရောင်းအဝယ်စာချုပ်ပေးထားရမယ်။ နောက်စာချုပ်ရမယ်။ အသိသက်သေ (၂) ယောက်လည်းလိုတယ်။ ယူမယ်ဆိုရင် မနက် (၁၀) နာရီ ခုံးကစောင့်နေပါလို့ ပြောဟော့ ကျွန်တော်တို့စဉ်းစားပါဦးမယ်လို့ ပြန်ပြောလိုက်ရတယ်။ နောက်တော့ အကြောင်း၊ အဆိုး၊ အကောင်းနဲ့ ကြားဖူးနားဝအကြောင်းတွေ တစ်ယောက်တစ်လှည့်ပြောဖြစ်ကြတယ်။ ခုမှ ပထမဆုံးချုပ်ဖူးတာ။ ကိုယ်ကလိုတဲ့သူဆိုတော့ သူတို့လိုရာဆွဲရေးထားသမျှ စာချုပ်လက်မှတ်ထိုးမိလို့ ကိုယ်ဝိုင်အိမ်ပေါ်က ဖင်မပူသေးဘဲ အရေးပေါ် ဆင်းပေးလိုက်ရတဲ့သူတွေကလည်း အများကြီးရှိတယ်လို့ (၅၇) နှစ်ဆိုတဲ့ လူသက်တမ်းတစ်လျှောက် မျက်စိနဲ့မြင်ပြီး ခေါင်းထဲမှာသိမ်းရှိထားတဲ့အကြားအမြင်တွေက တော်တော်များနေပြီလေ။ အဲဒီအချိန်မှာ စာချုပ်အကြောင်းဆွေးနွေးရင်းနဲ့ သူတို့ပြောသမျှနားထောင်ရင်း ကျွန်တော်က ဂုဏ်တော် (၉) ပါးကို ရွတ်ဆိုနေမိတယ်။ သူတို့သားအမိပြောဆိုသမျှ ကျွန်တော့်မှာ မကြားတစ်ချက်ကြားတစ်ချက်နဲ့ပါ။ ပိုက်ဆံချေးငှားဖို့ကာ လက်တွန့်၊ ပါးစပ်တွန့်ဖြစ်နေတာ။ ညအိပ်ရာဝင်တဲ့အထိ သားအဖ(၃)ယောက် တစ်ယောက်အမြင် တစ်ယောက်ပြောတုန်း။ တော်တော့်ကို ခေါင်းစားသွားတယ်။ ကျွန်တော်တို့ မိသားစုတစ်သက်တာမှာ ခုလိုငွေသိန်းချီတဲ့အချေးအငှားက တစ်ခါမှမလုပ်ဖူးခဲ့ဘူးလေ။

နောက်ဆုံးတော့ စာချုပ်က ငွေချေးငှားစာချုပ်မဟုတ်ဘဲ တစ်ဖက်လှည့်နဲ့မရှိသားတဲ့အိမ်အရောင်းအဝယ်စာချုပ်မျိုး ငွေရှင်တွေကချုပ်တတ်ကြတယ်ဆိုတဲ့အကြောင်းနဲ့ နောက်ပြီးတော့ အတိုးပေါ် အတိုးဆင့်လို့ ပြန်မရွေးနိုင်ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေကြတဲ့သူတွေ၊ နောက်ဆုံး တရားရုံးရောက်လို့ ကလိမ်ကကျစ်စာချုပ်ကြောင့် အိမ်ပေါ်ကဆင်းပေးလိုက်ရတဲ့ မိသားစုတွေ တော်တော်များများအကြောင်းနဲ့ ပိုက်ဆံ (၅) သိန်းက ကိုယ့်လက်ထဲမရောက်သေးဘဲ ကျွန်တော်တို့သားအဖ (၃) ယောက်မှာ စားမဝင်အိပ်မပျော်တဲ့ စိတ်ဆင်းရဲခြင်းဒုက္ခစပြီဆိုတာ ကျွန်တော်တို့သိလိုက်ပြီ။ တကယ်လို့များ မစဉ်းစားဘဲ နမော်နမဲ့လက်မှတ်ထိုးလိုက်မိပြီဆိုရင်တော့ သွားပြေပျောက်ပေါ့။ အဝီဇိုအောက်ထဲ ဇောက်ထိုးဆင်းရပြီပေါ့။ တော်ပြီတော်ပြီ။ သတိ၊ သတိနဲ့ သတိထားပါတယ်။ နောက်ဆုံးတော့ သားအဖ (၃) ယောက်ရဲ့ သဘောတူဆုံးဖြတ်ချက်အရ မနက် (၇) နာရီခွဲလောက်မှာ ငွေမချေးငှားတော့ကြောင်း မိတ်ဆွေဆီအရေးပေါ်ဖုန်းဆက်အကြောင်းကြားလိုက်ပါတယ်။ ပြောလည်းပြီးရော ကျွန်တော့်ခေါင်းထဲမှာ အလွန်ကိုပေါ့ပါးသွားတယ်။ စိတ်ချမ်းသာသွားတယ်။

ကဲ - တစ်ရန်တော့ အေးသွားပြီ။ ရှိတဲ့ မြန်မာငွေက် အိမ် (၂) ခန်းအတွက် လိုငွေပြနေတော့။ သားအဖ(၃)ယောက် နောက်တစ်နည်း စဉ်းစားကြရပြန်တယ်။ အိမ်အတွက် လိုငွေကို နောက်ဆုံးတော့ မန္တလေးမှာနေတဲ့ အစ်ကို့ဆီက ငွေ (၃) သိန်းချေးငှားတော့ အဆင်ပြေသွားတယ်။ ဘုရား,မတာပေါ့။ သမီးကြီး သူငယ်ချင်းဆီက ငွေ(၂)သိန်းနဲ့ နောက်တစ်ယောက် သမီးကြီးသူငယ်ချင်းဆီက ငွေ (၁) သိန်း၊ ထပ်ချေးငှားရသေးတယ်။ စောစောက ချေးမယ့် (၅) သိန်းမဟုတ်တော့ဘူး။ အခု (၉) သိန်းဖြစ်သွားတယ်။ အားရဝမ်းသာနဲ့ပြောရမယ်ဆိုရင် ဒီလို စာချုပ်မယ့်ချေးငှားလို့ရတာက ကျွန်တော့်ယုံကြည်မှုနဲ့ ရွတ်ဆိုနေတဲ့ ဘုရားဂုဏ်တော်တွေကြောင့်မို့ ဘုရား,မတာပါလို့ ပြောချင်တယ်။ ဘာအတိုးမှမပေးရဘူး။ ဆပ်ချင်တဲ့အချိန်ဆပ်။ ကိုယ့်အိမ်ရှေ့ ဘယ်အကြွေးရှင်မှမလာဘူး။ စိတ်ချမ်းသာစွာနဲ့အလုပ်ကြိုးစားဖို့ပဲလိုတယ်။ ကျေးဇူးရှင်တွေကို မေတ္တာပို့ပါတယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နေ့စဉ်နဲ့အမျှ ဘုရားရှိခိုးရင်း မေတ္တာပို့ရတာပါ။

အဲ-တစ်ခုစဉ်းစားမိတယ်ဗျ။ ချေးရတဲ့ငွေက (၉) သိန်း၊ ဆောက်တဲ့အခန်းက (၉) ခန်း၊ နောက် တစ်ခန်းကို (၉) ပေအကျယ်ပတ်လည်၊ (၉) ပေအခန်း (၃) ခန်းဆိုတော့ ၉×၃=၂၇၊ အဲဒါလည်း (၂) နဲ့ (၇) နဲ့ပေါင်းတော့ (၉) ဂဏန်းပဲ။ နောက် ကျွန်တော်တို့နေတဲ့မြို့ကလည်း ကိုးမြို့ရွှင်မောင်နှမစောင့်ရှောက်တဲ့မြို့၊ ကိုးကွယ်တဲ့မြို့။ ဒါကြောင့် ၉×၅=၄၅=၄+၅ ပေါင်းတော့ (၉) ပဲပေါ့။ ကောင်းမှကောင်း။ ကိုးနဝင်းဝိုင်းရဲပြီး (၉) ဂဏန်းတွေနဲ့ဆောက်တဲ့အိမ်။ ဘုရားဂုဏ်တော် (၉) ပါးနဲ့ ရွတ်ဆိုပူဇော်တဲ့အိမ်မို့ အခုတော့ အိမ်လည်းဆောက်လုပ်ပြီးပါပြီ။ စိတ်ချမ်းသာပါတယ်။

ပြောချင်တာက ဒီလိုပါ။ လူတွေ အတော်များများက ကိုယ်နဲ့မတန်မရာ မတော်တရော်တွေတွေးပြီး ဘေးပတ်ဝန်းကျင်ရဲ့ကဲ့ရဲ့စကားအပြောအဆိုတွေကိုမခံချင်တာကြောင့် ဟိုက လွယ်လွယ်ချေး၊ ဒီကဆွဲပြီး ကိုယ့်အိမ်၊ ကိုယ့်တိုက်ပြီးပြီးရော နောင်ခါလာနောင်ခါမှမှင်မယ်ဆိုတဲ့ တလွဲထားမာနစိတ်ဓာတ်တွေကြောင့် နုတ်မရတဲ့စကားတွေ၊ ခြေလှုံတွေကျွံကုန်တယ်။ အဲချိန်တန်ချေးထားတဲ့ငွေတွေ မပေးနိုင်လို့ အတိုးပေါ် အတိုးဆင့်ပွားပြီး မပေးနိုင်တော့ ရောက်ဂါတ်ရောက် စာရားစွဲခံရ၊ တရားရုံးတော့ အိမ်လေလံပစ်။ အိမ်ပေါ်ကဖင်ပူအောင်မနေရဲဘဲ ဆင်းပေးရတဲ့အခြေအနေကြောင့် ပိုပြီးပတ်ဝန်းကျင်ကဲ့ရဲ့ပြောဆိုခံရတော့တယ်။စိတ်ထောင်လို့ကိုယ်ကြေပြီး နောက်ဆုံးတော့ ဘဝကြီးကို စောစောကိန်းသွားရတာပေါ့။ အဲဒါတွေကအများကြီးပဲ။

ဒါကြောင့် ရတာလေးနဲ့ဝမ်းစာပြီး ရှိတာလေးနဲ့ လှအောင်ဝတ်ပတ်ဝန်းကျင် ဘာပြောပြော၀ရှုမစိုက်ပဲ ကိုယ့်အလုပ်ကိုယ်လုပ်တော့ အခုဆိုကျွန်တော်တို့ စိမ်းဝါနီမိသားစုမှာ မြတ်စွာဂုဏ်တော်ခြုံလို့ အခုမိုးရာသီမိုးလုံလေလုံနဲ့ နွေနွေညည မိုးမိုးမဟက်တော့ဘူး။ စိုးရိမ်စိတ်တွေတွေ ပျောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းစွာနဲ့ ဘုရား၊ တရား၊ သံဃာဂုဏ်တော်များ အစဉ်မပြတ် ရွတ်ဆိုပွားများလို့ မြတ်စွာရဲ့ဓောင့်ရှောက်မှုကို လေးနက်နက် ခံယူလျက်ရှိနေပါပြီ။ အကိုင်များ ဆတက်ထမ်းပိုးတိုးအကြွေးဆပ်နိုင်ဖို့မိသားစုကြိုးစားနေပါတယ်။

အဓိက စကားပြောကြားပါရ ကျွန်တော်တို့ စိမ်းဝါနိမိသားစု ဗုဒ္ဓဘာသာဝင်စစ်စစ်တွေပါ။ နေ့ မပြတ် ဘုရားဂုဏ်တော်များ ရွတ်ပူဇော်နေကြတာမို့ ကျွန်တော်တို့အိမ် ဗုဒ္ဓမြတ်စွာဘုရားက ဝိသမလောဘသားတွေလက်ထဲက ကယ်ဆင်းပေးခဲ့ စောင့်မကြည့်ရှုခဲ့တာလို့ အထူးပဲခံစားယုံကြည်မိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့အိမ် ဘုရား,မတဲ့အိမ်လို့ နိုးသားစွာနဲ့ပြောပါရစေတော့။

နှလုံးစိတ်ဝမ်းအေးချမ်းကြ

သော်တာအေ

(ကျောက်ပေ

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

ပန်းချီထူးလှ (ရွှေဟောင်းသုတေသန)

ပုံ (၁၁)

ပုံ (၁၂)

မြောက်ဦးမြို့ ထုတ္ကန့်သိမ်ပုထိုး ကြီးဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်တွေ ပါဝင် (၆၅) လက်ရာကို ကူးယူရေးဆွဲထားသော ဆွဲပုံဒိဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမုခ်ဝယ်လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွင်းလက်ရာအမြင့် (၄) cmခန့်၊ အကျယ် (၃၂) cmခန့်နှင့် ရုပ်ကြွအထူ (၉) cm ခန့်ရှိပါသည်။ ကျောက်နံရံလုံးသွယ်စွာတွေ့ရှိရပြီး မျက်နှာပြင်မှ မတွေ့ရှိရတော့ပေ။ ရင်အုပ်အောက်အက်ကွဲနေပြီး ခန္ဓာကိုယ်အဆင်တန်ဆာအရေးအကြောင်းများချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၈၁) ဆွဲပုံဒိဇိုင်းလက်ရာ၏ ခေါင်းတော် (ဗောင်းတော်) မှာ အပေါ်ပိုင်းတွင် ဆံထုံးလိုလိုတစ်ခုကို ထိပ်တင်းပြီး အောက်တွင် ပွင့်ဖတ်များဖြင့် ဝန်းရံ၍ အလှဆင်ထားပါသည်။ ပွင့်ဖတ်များတွင် အကြီးတစ်မျိုး၊ အငယ်တစ်မျိုး ဖန်တီးတန်ဆာဆင်ထားပါသည်။ ပွင့်ဖတ်အကြီးနှစ်ခုကြားတွင် ကြားညှပ်ပွင့်ဖတ်များဖြင့် အားဖြည့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်များအောက်တွင် မကိုင်ဆောင်ကို ဖောင်းပြားစေဖြင့် အနားသတ်ထားသည်ကိုတွေ့ရပါသည်။ နားနှစ်ဖက်တွင် နားတောင်းကြီးများ ပန်ဆင်ထားသည်ကိုတွေ့ရပါသည်။ မျက်နှာတွင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ဝိုဝိုကြွင်း မတွေ့ရှိရတော့ပေ။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ပခုံးတွင် ဘက်တင်ထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကိုလည်း အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှ ကွေးကာ လက်နှစ်ဖက်ပူးထားသည်ကို တွေ့ရှိရပါသည်။ ပူးထားသောလက်နှစ်ဖက်ကို လက်ဖျားအနည်းငယ်မြောက်၍ ကြာဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် လက်ကောက်တစ်ဖက်သုံးကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စနှစ်ဖက်ကို လက်ဝဲ၊ လက်ယာဖြန့်ကား၍ ချထားသည်ကို တွေ့ရှိရပါသည်။ တဘက်စအထက်နား၊ အောက်နားကိုဖောင်းပြားများဖြင့် အနားသတ်ထားပြီး အဖျားတွင် ဆံမြိတ်လေးများသဏ္ဌာန် အရေးအကြောင်းလေးများဖော်၍ အလှဆင်ထားပါသည်။ ခါးတွင်လည်းခါးပတ်ပြားတစ်ပြားပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ပြားထက်အောက်တွင် လည်း အနားသတ်ဖောင်းပြားနှင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းအနေအထားကို ဒူးတုပ်၍ထိုင်နေသည်ဟန်တွေ့ရှိရပါသည်။ တုပ်ထားသောဒူးကို ဘယ်ဘက်သို့ထုတ်ထားပြီး ခြေဖနောင့်နှစ်ဖက်ကို တင်ပါးတွင်းကပ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်ကိုလည်း ဘယ်ဘက်သို့လှည့်၍ ခပ်ကွကွထောက်ထားပါ၏။ ပေါင်ပေါ်တွင် ကွန်ပြေကာပြားသဏ္ဌာန် ရေးရေးလေးသာ တွေ့ရှိရပါသည်။ ပုဆိုးကိုခြေမျက်စိဖုံးအောင်ထိပ်တက်ထားသည်ကို တွေ့ရှိရပါသည်။ ဤဆွဲပုံ (၁၁) ဒီဇိုင်းလက်ရာအမျိုးသားပုံသည် ဗောင်းတော်တစ်ခုသာ ထူးခြားမှုတွေ့ရှိရပြီး ကျန်အစိတ်အပိုင်းများမှာ ရိုးရိုးလေးသာတွေ့ရှိရသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ဆွဲပုံ (၁၂) ဒီဇိုင်းလက်ရာသည် လည်း ထုတ္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်းလက်ယာဘက်ကျောက်နံရံမှ ရုပ်ကြွနံပါတ် (၆၃) လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာကို ဘုရားမုခ်ဝယ်လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွင်းအမြင့် (၅၃) cm ခန့်၊ အကျယ် (၃၈) cmခန့်နှင့် ရုပ်ကြွအထူ (၁၀) cmခန့်ရှိသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဦးခေါင်းချော၍ မျက်နှာလည်း ပြိပြင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ခါးလည်းအက်ကွဲနေပြီး ခန္ဓာကိုယ်တွင်ဝတ်ဆင်မှုအဆင်တန်ဆာများလည်း ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ဆွဲပုံ (၁၂) ဒီဇိုင်းလက်ရာ၏ ဦးခေါင်းထိပ်တွင် ဆံထုံးလိုလိုထိပ်တွင် တစ်ခုတွေ့ရှိရပါသည်။ မျက်နှာလုံးရှည်သည့်အနေအထားတွေ့ရှိရပါ၏။ နားနှစ်ဖက်ကား၍ နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါ၏။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ လက်နှစ်ဖက်ကို တံတောင်ဆစ်မှကွေးကာ လက်ဖျားကို ဘယ်ဘက်သို့ထုတ်၍ အနည်းငယ်မြောက်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကိုပူး၍ ကြာဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန်အနေအထားတွေ့ရှိရပါသည်။ လက်ကောက်ဝတ်နှစ်ဖက်စလုံးတွင် လက်ကောက်ပြားကြီးတစ်ဖက်တစ်ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကို အရစ်ကလေးတစ်ရစ်လောက်သာ တွေ့ရှိရပါသည်။ တဘက်စနှစ်ဖက်ကို လက်ဝဲ၊ လက်ယာဖြန့်ကားထားသည်ကို တွေ့ရှိရပါသည်။ ခါးအောက်တွင် ခါးကြိုးစလိုလို ရေးရေးလေးတွေ့ရှိရပါ၏။

ခန္ဓာကိုယ်အောက်ပိုင်းတွင် ဒူးနှစ်ဖက်ကိုကုတ်၍ ဘယ်ဘက်သို့ထုတ်ထား

www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကိုလည်း ညာဘက်တင်ပါးတွင်ကပ်ကာ ခြေဖျားထောက်၍ ခြေဖျားကိုကွ၍ ဘယ်ဘက်သို့လှည့်ထားသည်ကို တွေ့ရှိရပါသည်။ ခြေချင်းဝတ်လေ့ကျင့်တွင် လုံချည်စင်အောက်နားကို အရစ်ဖော်ထားပါသည်။ ပုံ (၁၂) ဆွဲပုံ ဒီဇိုင်းလက်ရာသည် သဘာဝအန္တရာယ်ကြောင့် ဝတ်ဆင်ထုံးဖွဲ့မှုအဆင်တန်ဆာများ ပီပြင်စွာ မတွေ့ရှိနိုင်သည်မှာ ဝမ်းနည်းစရာပင်ဖြစ်ပါသည်။

ပုံ (၁၃)ဒီဇိုင်းလက်ရာသည်လည်း ထုကွန်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုက်ပတ်လမ်း လက်ယာဘက်နံရံမှ ကျောက်ဆစ်ရုပ်ကြွအရုပ် နံပါတ် (၆၆) မှ ကူးယူရေးဆွဲထားသော ဆွဲပုံလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ဘုရားမုခ်ငယ်လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့်မှာ (၆၀) cmခန့်၊ အကျယ် (၂၇) cmခန့်နှင့် ရုပ်ကြွအထူ (၁၀) cm ခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် စဉ့်အဖြူရောင်အနည်းငယ်ကပ်ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို စဉ့်ရောင်စုံဖြင့် အလှဆင်ခဲ့ဟန်ပေါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာလုံးဝန်း၊ ရင်အောက်အက်ကွဲနေပါသည်။ မျက်နှာပီပြင်မှုမရှိသည့်အပြင် အဝတ်အဆင်တန်ဆာအရေးအကြောင်းများလည်း ပီပြင်မှုမရှိတော့သည်ကို တွေ့ရှိရပါသည်။

ပုံ (၁၃) ၏ ဦးခေါင်းထိပ်ဆံထုံးတွင် အပေါ်ဆုံး၌ ပွင့်ဖတ်သုံးဖတ်ပန်ဆင်ထားသည့်သဏ္ဌာန်တွေ့ရှိရပါသည်။ အလယ်ပွင့်ဖတ်ကြီးပြီး လက်ဝဲ၊လက်ယာ ပွင့်ဖတ်ငယ်သည်ကို တွေ့ရှိရပါသည်။ ထိုပွင့်ဖတ်အဆင့်အောက်တွင် အရစ်နှစ်ဆင့်တွေ့ရှိရပါသေးသည်။ အရစ်နှစ်ဆင့်အောက်တွင်လည်း အရစ်ငယ်တစ်ရစ်တွေ့ရှိရပါသေးသည်။ ဤဆံထုံး၏ အဆင့်ကို လေးဆင့်ဆင့်ထားပါသည်။ နားနှစ်ဖက်ကားပြီး နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပါ၏။ ရင်ဘတ်တွင် ရင်စည်းအဖြစ် ဖောင်းတစ်ဆင့်ပေါ်တွင် အဆစ်ကလေးများဖော်ထားပါသည်။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်ကွေးကာ လက်ဖျားနှစ်ဖက်ကို အနည်းငယ်မြောက်ထားပါသည်။ ညာဘက်ဘေးသို့ထုတ်၍ မြောက်ထားပြီး

ပုံ (၁၃)

လက်နှစ်ဖက်ကိုပူးကာ ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် လက်ကောက်တစ်ဖက်ငါးကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့်ပတ်ထားပြီး ခါးပတ်ကြိုးအောက်တွင် ကြိုးကွင်းခေါက်တစ်ခုနှင့် ကြိုးစနှစ်စချထားသည်ကိုတွေ့ရှိရပါသည်။ ကြိုးစနှစ်ဖက်အဖျားကို ပန်းဖွားသီးဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ညာဘက်တံတောင်ဆစ်အောက်တွင် တဘက်စအစွန်းတစ်ခုကို ဘေးသို့ကား၍ ဖြန့်ခင်းထားသည်ကို တွေ့ရှိရပါသည်။ ထဘီတွင် လှိုင်းတွန့်အရစ်ကလေးများ အဆင့်ဆင့်ဖြင့်တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။

ဦးနှစ်ဖက်ကိုကုတ်၍ ညာဘက်သို့လှည့်၍ထိုင်ထားပါသည်။ထဘီအောက်နားရစ်ကို ခြေချင်းဝတ်လောက်တွင် အနားရစ်ဖော်ထားပါသည်။ ဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကွ၍ထောက်ထားပါသည်။ ဤပုံဆွဲ (၁၃) အမျိုးသမီးရုပ် ဒီဇိုင်းလက်ရာသည် ဝတ်ဆင်ထုံးဖွဲ့မှုသင့်တော်သည့်အနေအထားမျိုးတွေ့ရှိရပြီး မူလက စဉ့်ရောင်စုံများဖြင့် အလှဆင်ခဲ့လိမ့်မည်ဟု ယူဆရပါသည်။

ပုံ (၁၄) ဒီဇိုင်းလက်ရာသည် ထုကွန်သိမ်ပုထိုးတော်ကြီးဝင်လမ်းလိုက်ပတ်၊ လက်ယာဘက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၇၉) လက်ရာကို ကူးယူရေးဆွဲထားသော ဆွဲပုံဒီဇိုင်းလက်ရာ တစ်ခုပင်ဖြစ်သည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၈) cmခန့်၊ အကျယ် (၃၀) cmခန့်နှင့် ရုပ်ကြွအထူ (၁၆) cm ခန့်ရှိပါသည်။ ဤပုံဆွဲဒီဇိုင်းလက်ရာ၏ မကိုင်္ဂတော်(ဗောင်းတော်)အနေအထား ကို ကြည့်ခြင်းအားဖြင့် ရခိုင်သမိုင်းအထောက်အထားအဆိုအရ (စစ်ကဲကြီး မကိုင်္ဂတော်ဟုဆိုကြပါသည်။ ယခုခေတ် တပ်မတော်တွင် ရာထူးအဆင့်ကိုသိုလျှင် ပခုံးပေါ် မှပွင့်များကိုကြည့်၍ ပြောကြသလို မြောက်ဦးခေတ်တွင်လည်း (မကိုင်္ဂတော်)ကိုကြည့်၍ ရာထူးကိုပြောကြပါသည်။ ဤဆွဲပုံ (၁၄)ဒီဇိုင်းလက်ရာ စစ်ကဲကြီးရာထူးအဆင့်အတန်းရှိသော လက်ရာတစ်ခုဖြစ်သည်ကိုသိရှိရပါသည်။

စစ်ကဲကြီးဗောင်းတော်အပေါ်ပိုင်းမှာ ခပ်လုံးလုံးချွန်အချောသာတွေ့ရှိရပြီး အောက်ပိုင်းတွင် ပွင့်ဖတ်များဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်များကို ခပ်ချွန်ချွန်နှစ်ဆင့်ပြီး အလှဆင်ထားဖို၏။ အပေါ် ပွင့်ဖတ်ကို နှစ်ထပ်ကြားညှပ်ပွင့်ဖတ်ဖြင့် အလှဆင်ပြီး အောက်ဆင့်ကို နှစ်ထပ်ပွင့်ဖတ်ကြီးဖြင့်အလှဆင်ထားပါသည်။ ပွင့်ဖတ်များ အောက်တွင် ဖောင်းလုံးနှစ်လုံးကြားနှစ်ထပ်ရွဲလုံးကလေးများဖြင့် စီတန်းအလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ မကိုင်္ဂတော်မှာ အနုစိတ်၍ လက်ရာမြောက်လှပါ၏။မျက်နှာမှာ လေးထောင့်ဆန်ပြီး နားရွက်နှစ်ဖက်တွင် နားတောင်းဝန်းများပန်ဆင်ထားပါသည်။ မျက်နှာတွင် လေးကိုင်းသဏ္ဌာန်တစ်ဆက်တည်း တွေ့ရှိရပါသည်။မျက်လုံးမှာ မှေးနေပြီး နှာခေါင်းခပ်ပိပိတွေ့ရှိရပါသည်။ ပါးလည်း ပိပိရိရိနှင့် တည်ငြိမ်သောအရေအာ့ထား တွေ့ရှိရပါ၏။ လည်ပင်းတွင်လည် ရစ်သုံးရစ်ပေါ်လွင်လှသည်ကိုတွေ့ရှိရပါသည်။ လက်နှစ်ဖက်ကိုအောက်သို့ အနည်းငယ်ချပြီး ထုံတောင်ဆစ်မှကွေးကာ လက်ဖျားကို မြောက်

ပုံ (၁၄)

www.burmeseclassic.com

www.burmeseclassic.com

ပုံ (၁၅)

ကျောက်ဆစ်ရုပ်ကြွနံပါတ်(၇၈)လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။စစ်ကဲကြီးကတော်လက်ရာတစ်ခုပင်ဖြစ်သည်ဟုသိရှိရပါ၏။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၈) cmခန့်၊ အကျယ် (၃၂) cm ခန့်နှင့် အထူ (၁၅) cmခန့်ရှိပါသည်။ ဆံထုံးပုံစံကို နဂါးပတ်ကျောက်ငင်းဆံထုံးပုံစံဟု ဆိုကြပါသည်။ ဆံထုံးကို အဆင့်ငါးဆင့်ဖြင့် ဖွဲ့စည်းဖန်တီးထားပါ၏။ အပေါ် ဆုံးအဆင့်နှင့် ဒုတိယအဆင့်မှာ ဒုတိယအဆင့် ပို့ကြီးပို့ကျယ်ပြီး ဒုတိယအဆင့်တွင် ဘေးစတစ်ဖက်တစ်စထုတ်ထားသည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက်ပိုငယ်ပြီး တတိယအဆင့်ထက်စတုတ္ထအဆင့်ပို့ကြီးသည်ကိုတွေ့ရှိရပါသည်။ စတုတ္ထအဆင့်၊ ပဉ္စမအဆင့်ငယ်ပါသည်။ ဆံထုံးမှာ အဆင့်ဆင့်ကြည့့်ကောင်းသော ဆံထုံးပုံစံတစ်ခုပင်ဖြစ်ပါသည်။ နဖူးဆံစကိုလည်း အရစ်နှစ်ရစ်ဖော်ထားပါ၏။ မျက်ခုံးမှာ ကကြီးသဏ္ဌာန်အနေအထားမျိုးတွေ့ရှိရပြီး မျက်လုံးမွေးသဲ့သဲ့ကို တွေ့ရှိရပါသည်။ နှာခေါင်းသွယ်ပြီး ပါးစပ်ခပ်ပြုံးပြုံးလေးတွေ့ရှိရပါသည်။ အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ် လွင်လှပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်ဖြင့်ခြုံထားပါ၏။ ရင်ဘတ်တွင် ရင်ဖုံးအင်္ကျီပုံစံအနေဖြင့် အရစ်သုံးရစ်လှိုင်းတွန့်လေးသဏ္ဌာန်ဖော်ထားပါသည်။ တဘက်အနားကို အရစ်သုံးရစ်ဖြင့် ပုံဖော်ထားပါသည်။ လက်နှစ်ဖက်ကို အနည်းငယ်ချ၍ တံတောင်ဆစ်မှကွေးကာ လက်ဖျားကို မြှောက်ထားပါသည်။ လက်ဖျားနှစ်ဖက်ကို ညာဘက်သို့ပူး၍ထုတ်ထားပါ၏။ လက်ဖျားတွင် ကြာဖူးတစ်ဖူးကိုင်ဆောင်၍ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်တွင် လက်ကောက်တစ်ဖက်လေးကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စတစ်စကို လက်နှစ်ဖက်ကြားမှ ညာဘက်တွင်လွှင့်ထားပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင်အထိ ဝတ်ဆင်ထားပါသည်။အင်္ကျီအနားရစ်ကိုလည်း အရစ်သုံးရစ်ဖော်ထားသည်ကိုတွေ့ရှိရပါသည်။

ပေါင်ပေါ်တွင် ခါးကြိုးစနှစ်စကို ပန်းဖွားသဏ္ဌာန် အသီးကလေးလုပ်၍ ဖြန့်ချထားသည်ကို တွေ့ရှိရပါသည်။ ထဘီအခေါက်ကိုလည်း ဗေါင်ပေါ်တွင် အပြားလိုက်တွေ့ရှိရပါသည်။ ဒူးနှစ်ဖက်ကိုကုတ်၍ညာဘက်သို့လှည့်ထိုင်ထားပါသည်။ ခြေချင်းဝတ်လောက်တွင် ထဘီအောက်နားစကို အရစ်ဖော်ထားပါ၏။ အောက်နားစအထက်တွင် အရစ်လေးရစ်ဖော်ထားပါသည်။ တင်ပါးတွင် ဖနောင့်ကပ်၍ထိုင်ထားပြီး ခြေဖျားကို ထောက်ထားပါသည်။ ဤဆွဲပုံ (၁၄) အမျိုးသမီးဒီဇိုင်းလက်ရာမှာ ဝတ်ဆင်ထုံးဖွဲ့မှုအနေဖြင့် လက်ရာကောင်းတစ်ခုဖြစ်သည်ဟု ပြောရမည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှုကိုဖော်ကျူးသော ဆွဲပုံလက်ရာများပင် ဖြစ်ပါသည်။

အနန္တောအနန္တငါးပါးကို
ဦးထိပ်ပန်ဆင်ကန်တော့လျက်
ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ကိုးကားချက် -

၁။ ရခိုင်မြန်မာပဏ္ဍိတ် ဦးဦးသာထွန်း၊ ရခိုင်ဆင်ယင်ထုံးဖွဲ့မှု၊ ၅/၁၉၆၇ ခု။

၂။ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြောက်ဦးဒေသရှိရွှေဟောင်းစေတီပုထိုးများမှတ်တမ်း၊ အတွဲ(၁)ဘုရားအမှတ် (၁. ၆၀) ၂၀၁၂ ခု။

၃။ တက်ထွန်းနီ (မြောက်ဦး)၊ ထင်ရှားသော မြောက်ဦးဘုရားသမိုင်းများ လမ်းညွှန်၊ အမှတ် (၁) ၈/၁၉၈၇ ခု။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာအနောက်ဘက် တစ်ဖာလုံခန့်အကွာ၌ ကျွန်းတစ်ကျွန်းရှိ၏။ အပေါ်ရေကျွန်းဟု လူသိများပြီး နှစ်မိုင်ခွဲပတ်လည်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ယခုဇာတ်လမ်း အစတည်ခဲ့ပုံမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ရွာတည်စ အချိန်၊ အိမ်ခြေဆယ့်ကိုးလုံးခန့်သာရှိ သေးသည့်ကာလ ရွာနှင့်အတူတွဲလျက် ပေါ်လာသည့် အဆိုပါကျွန်း၏ ဒဏ္ဍာရီ တစ်ပုဒ်ဟု ဆိုရပေမည်။ သို့သော် ယနေ့တိုင် ပြောစမှတ်ဖြစ်နေသည်ကို ထောက်ချင့်လျှင်ဖြင့် ပုံပြင်မဟုတ်သော အဖြစ်အပျက်တစ်ခုဟုပြောပါရစေ။

❑

"ကိုဖိုးခွေး၊ ဟိုကျွန်းပေါ်မှာ မီးတွေထိန်ထိန်လင်းလို့ပါလားဗျ။ လူနေလို့လား"

"မကြားမိ၊ မမြင်မိပါလား ကိုအောင်သင်းရဲ့။ ကျုပ်တို့ရွာတည်စက တည်းက အဲဒီကိုသွားသွားလာလာလုပ်ကြတဲ့သူရှိတာမှမဟုတ်ဘဲ"

"အေးဗျ၊ ကျုပ်လည်း အဲဒါကို စဉ်းစားနေတာ။ လူသူမနေတဲ့ကျွန်းပေါ်မှာ ဘယ်ကမီးရောင်တွေထွန်းလင်းနေရတာလဲ"

"ရွာကလူတွေများ ကျွန်းကိုသွားပြီး တောင်ယာစိုက်ပျိုးဖို့အတွက် တော မီးရှို့ထားကြတာလားဗျာ"

"ဟုတ်မယ်မထင်ဘူးဗျ။ ရွာလူဦးရေက လက်ချိုးရေလို့ရနေတာပဲ။ ကျွန်းကိုသွားပြီးတောင်ယာခုတ်ကြတယ်လို့ မကြားမိပါဘူး"

"ဒါဆိုရင်တော့ ထူးဆန်းနေပြီလို့ ဆိုရမယ်။ မနေ့က ညနေခင်း ကမ်းစပ်မှာ လမ်းလျှောက်တော့ နွားချူသံလို၊ ပလွေမှုတ်သံလိုအသံတွေသဲ့သဲ့ကြားမိတယ်။ လှိုင်းသံလေသံတွေနဲ့ နားကြားမှားတာပဲဖြစ်မယ်ထင်ပြီး ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့ဘူး"

"တစ်နေ့ ကျွန်းပေါ်ကိုသွားကြည့်ကြရင်မကောင်းဘူးလားဗျ။ တစ်ခုခုတော့ သိရမှာပေါ့။ နောက်ပြီး လယ်ယာကိုင်း ကျွန်းလုပ်ကိုင်စားသောက်လို့ရမရလည်း သိအောင်ပေါ့"

"တောကြမ်းတောင်ကြမ်းဖြစ်နေရင် အမှောင့်ပယောဂဝင်နေပါဦးမယ် ကိုအောင်သင်းရယ်"

"ကျုပ်ကတော့သွားကြည့်မယ်လို့ ဆုံးဖြတ်လိုက်ပြီဗျို့"

❑

ကျွန်းပေါ်သို့ ခြေချမိသည်နှင့် ကျေးငှက်သတ္တဝါပေါင်းစုံ၏ အော်မြည်သံကိုဦးစွာကြားမိသည်။ သစ်ကြီးဝါးကြီးများနှင့် စိမ်းညို့နေပြီး တောထူထပ်ပုံရသည်။ ရှုခင်းတောက်သဲ့၊ ချေတောက်သဲ့ မျောက်အော်သံများက နေရာအနှံ့မှ ထွက်ပေါ်လာနေသည်။ တရှူးရှူးတရဲရဲ တဝုန်းဝုန်းနှင့် တော့တိုးသံများအပြင် ကျားဟိန်းသံကိုပါ တစ်ချက်တစ်ချက် ကြားရသည်။ မြွေပါးကင်းပါးနှင့် တောကောင်ကြီးများအန္တရာယ်ကို စိုးရိမ်ရသဖြင့် တောင်ပေါ် သို့တက်ရန်စိတ်မကူးတော့ဘဲ ကမ်းခြေတစ်လျှောက်ပဲကြည့်မည်ဟု တွေးလိုက်သည်။

ကျောက်တုံးကျောက်ခဲများပေါ်မှ သွားလာရသဖြင့် ချော်မကျအောင် သတိထားပြီး လမ်းလျှောက်နေရသည်။ တောင်ဘက်အခြမ်းသို့ရောက်သည်။ လိပ်ကြွက်နွယ်ပင်များအ တလှုပ်လှုပ်တရွရွတွားသွားနေကြ

ကျွန်းအဆုံးပိုင်းအနောက် ကြီးမားကျယ်ပြန့်သည့် ကျောက်စု တစ်ချပ်ကို တွေ့သည်။ ကျော ကျောက်ခဲများကို ကျော်လွှားသွား ရသဖြင့် ခြေသလုံးများကတောင် နာကျင်လို့နေကြပြီ။ ခေတ္တနား စိတ်ကူးဖြင့် ကျောက်ဖျာစွန်းတွင် လိုက်ခဲ့၏။

ကြည့်လင်စိမ်းလဲ့နေသည့် ၌ ကူးခပ်သွားလာနေသော ငါး အရောင်အသွေးစုံလင်စွာတွေ့မြင် နေမင်းက ပင်လယ်ရေပြင်အော ငုပ်လျှိုးရန်တာစူလို့နေပြီ။ အချိန် ငယ်အတွင်း နေဝင်တော့မည်ဖြင့် ရွာသို့ပြန်ရန်ထလိုက်၏။ ကျွန်း ကျွန်း၏ မြောက်ဘက်အခြမ်းမှ ဆုံးဖြတ်လိုက်ပြီး ရှေ့သို့လမ်းလိုက် မရပ်မနားသွားခဲ့ရ၌ အ များခြောက်ကာ ရေသောက်ခွင့်

စဉ် သဲသောင်တစ်ကွက်ကိုတွေ့ရ၏။ ဆပ်သွားဖူးရုံများက နေရာအနှံ့ပေါက်နေပြီး အဆိုပါပန်းရနံ့ကလည်း သင်းပျံ့လို့နေသည်။ ပင်လယ်လိပ်များနှင့် ဖျံများမှာ ဆပ်သွားဖူးချုံများ၏အရိပ်ကိုခို နေကြ၏။ ဝင်ကစွပ်ကောင်များမှာလည်း မြေပြင်တွင် ဝပ်တွားပေါက်ရောက်နေ သည်။ သို့ဖြင့် ရေချိုစမ်းများရှိလိမ့်မ တောင်ခြေတစ်လျှောက်မှကပ်ပြီးလျှော လိုက်သည်။ တစ်နာရီခန့်လျှောက် ပင်လယ်ပြင်သို့တိုးထွက်နေသည့်နေ ကမူလေးကိုကျော်လိုက်သည်နှင့် ရွာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘွားခနဲ တွေ့မြင်လိုက်ရ၏။ ရောက်တော့မည်ဆိုသည့်အသိဖြင့် ခြေလှမ်းကို သွက်သွက်လျှောက်လာစဉ် စမ်းတစ်ခုကို တွေ့သည်။ လမ်းတစ်လျှောက်တွေ့ခဲ့ရသည့်စမ်းများထက်ကြီးပုံရသဖြင့် ရေချိုရှိနိုးဖြင့် စမ်းထဲသို့ဝင်လိုက်သည်။

ကျောက်တုံးကြီးနှစ်ခု၏အကြားမှ တစိမ့်စိမ့်ထွက်ရှိနေသော ရေများက အောက်ခြေတွင် အိုင်ကလေးတစ်ခု သဖွယ် ဖြစ်ပေါ်နေသည်ကိုတွေ့ရ၏။ သို့ဖြင့် ရေတစ်ပြေစေရန်အတွက် လက်နှစ်ဖက်ဖြင့်ခပ်ကာ အားပါးတရသောက်လိုက်ပြီး မျက်နှာနှင့်လည်တိုင်တစ်ဝိုက်ကိုပါ ရေဆွတ်လိုက်၏။ ရေသောက်လိုက်ရသဖြင့် အားအင်ပြည့်ဖြိုးသလို ဖြစ်ကာ လူကလန်းလန်းဆန်းဆန်းဖြစ်လာ၏။ နေဝင်တော့မည်ဖြစ်သလို သစ်ကြီးဝါးကြီးများအုပ်ဆိုင်းနေသဖြင့် စမ်းချောင်းအတွင်း၌ အလင်းရောင်ပင် သိပ်မကျန်တော့။ နေမဝင်မီ ရွာသို့ရောက်နိုင်ကောင်းရဲ့ဟုတွေးပြီး ပြန်ရန်ထလိုက်သည်။

(၄)

ရှေ့တွင်ရှိ မြင်ကွင်းက သူ့အားကြက်သေသေသွားစေ၏။

ထိုးကွင်းမင်ကြောင်အစီအရီဖြင့် လူတစ်စုကို မနီးမဝေး၌တွေ့ရသည်။ ကျွဲနွားများဖြင့် လယ်ကွက်တစ်ခုခု ထွန်ယက်နေကြ၏။ အမျိုးသမီးများကိုလည်း ကုန်းကုန်းကွကွဖြင့် ကောက်စိုက်နေဟန် တွေ့မြင်ရပြီး ကလေးတစ်သိုက်မှာ ပြေးလွှားခုန်ပေါက် ဆော့ကစားနေကြ၏။ ထိုင်မသိမ်းအကျီ၊ လုံချည်များဝတ် ဆင်ထားကြသည့် မိန်းမပျိုတစ်စုမှာ ရေအိုးကိုယ်စီဖြင့် စမ်းချောင်းရှိရာသို့ ရေခပ်လာနေကြသည်။ စမ်းချောင်းအထက်နားရှိ လက်မထောက်ပင်မှ နွယ်ကြိုးကိုခိုတွယ်ကာ ဒန်းလုပ်ပြီးစီးနေသော မိန်းမပျိုတစ်ဦးကိုလည်း အနီးကပ် တွေ့မြင်လိုက်ရသည်။ သီချင်းတစ်ပုဒ်ကို ဆွေးမြေ့ကြေကွဲဖွယ်သီဆိုနေဟန်က သူ့ရင်ကိုလှိုက်ဖိုသွားစေသည်။ သီချင်းသည် မိန်းမပျိုက သူရှိရာဘက်သို့ တဖြည်းဖြည်းလှည့်လာ၏။ မိန်းမပျို၏ လှပမှုက သူ့ရင်ကိုတဒုန်းဒုန်းခုန်သွားစေပြီး တစ်သက်နှင့်တစ်ကိုယ်မမြင်ဘူးခဲ့သည့် လှပကြော့ရှင်းမှုကို အမျိုးသမီး၏ ရုပ်လွှာတွင်တွေ့မြင်လိုက်ရ၏။ အသက်ရှူရကောင်းမှန်းမသိအောင် မှင်တက်မိနေစဉ် သူရှိရာသို့ ပြုံးရွှင်စွာလှမ်းလာနေသည်ကို အံ့သြဖွယ်တွေ့လိုက်ရသည်။

"စောင့်လိုက်ရတာမောင်ကြီးရယ်၊ ခုတော့ရောက်လာခဲ့ပြီပေါ့"

"....."

"ဒီတစ်ခါတော့ နှမတော်ကို တစ်ယောက်တည်းထားပြီး အဝေးကို မသွားပါနဲ့တော့ မောင်ကြီးရယ်"

"....."

"နှမတော်တို့ဆီမှာပဲတစ်သက်လုံး မခွဲအတူနေသွားကြရအောင်နော်"

"....."

နှုတ်ကဆွဲ့အသွားလေပြီ။ ခုန်လှုပ်သောရင်နှင့် တုန်လာသောခန္ဓာက အထိန်းအကွပ်မဲ့ကာ ဒူးများခွေညွတ်ပြီး အရှုပ်ကြိုးပြတ်လဲကျသွားတော့၏။

❑

ဖိုးအောင်သင်း ရွာမှ နေ့ချင်းညချင်း ပျောက်ကွယ်သွားသဖြင့် ရပ်ဆွေရပ်မျိုးများက နေရာအနှံ့ လိုက်ရှာကြ၏။ အနီးဝန်းကျင်ရှိ ရွာစဉ်တစ်လျှောက် စုံစမ်းခဲ့ကြ၏။ အချည်းနှီးသာဖြစ်ခဲ့ကြသည်။

ကာလအတန်ကြာသွားသောအခါ ပျောက်ခြင်းမလှ ပျောက်သွားသည့် ဖိုးအောင်သင်းအကြောင်းကို ရွာသားများ မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြသည်။ ရွာ၌လည်း အခြေချနေထိုင်သူလူဦးရေများလာသောအခါ ထိုကျွန်းသို့ အုပ်စုလိုက်သွားပြီး တောင်ယာကိုင်းကျွန်းလုပ်ကိုင်လာကြ၏။ တောများကို ခုတ်ထွင်ရှင်းလင်းစဉ် စမ်းချောင်းတစ်ခု၌ လူရိုးစုတစ်ခုကို တွေ့ကြလေသည်။ ပျောက်သွားသည့် ဖိုးအောင်သင်း၏ အရိုးစုဖြစ်လိမ့်မည်ဟု တစ်ရွာလုံးက ဆုံးဖြတ်ကာ သူ့အတွက် ဆွမ်းကျွေးသပိတ်သွတ်လုပ်ပေးလိုက်ကြ၏။

ဇာတ်လမ်းက ဤမှာပင်မပြီးပြတ်ဘဲ အမျှင်တန်းကာ မဆလခေတ်သို့တိုင် ဂယက်ရိုက်လာခဲ့၏။

ဦးနေဝင်းလက်ထက်တွင် အဆိုပါကျွန်း၌ ပုလဲမွေးမြူရေးစခန်းဖွင့်ခဲ့သည်။ ဖိုးအောင်သင်းအရိုးစုတွေ့ရာစမ်းချောင်းအနီး၌ အဆောက်အအုံများဆောက်ပြီး ဝန်ထမ်းများကို နေထိုင်စေခဲ့သည်။ ပေါများလွန်းသည့် ပင်လယ်စာများက ဝန်ထမ်းများအတွက် အထူးအဆန်းဖြစ်ခဲ့သည်။ ကျောက်တန်းကျောက်ဆွယ်များတွင် ကျက်စား သွားလာနေသည့် ရေဘဝဲ၊ ဂျိတ်၊ ကြွေချော၊ ကျွဲပတိုး၊ ကရင်း (ကနကမာတစ်မျိုး)၊ ဘောင်း၊ ငြေး (ပင်လယ်ခရုတစ်မျိုး) စသည့် ရေနေသတ္တဝါလေးများမှာ သူတို့အတွက် အစားအသောက်ဆန်းများဖြစ်ခဲ့သည်။ ပင်လယ်စာများက ဝန်ထမ်းအများစုတို့ ဝမ်းပျက်ဝမ်းလျှောဖြစ်ကြသော (ဒေသအခေါ် ပင်လယ်နာအထက်လုန်အောက်လျှောဖြစ်စေပြီး လူခြောက်ဦးအား သေဆုံးစေခဲ့သည်။

ရွာသားများ၏ မှတ်ချက်အရ စမ်းချောင်းကိုခွပြီး အဆောက်အအုံဆောက်ခြင်း၊ စမ်းချောင်းအတွင်း ထဘီလျှော်၊ အဝတ်လျှော်လုပ်ခြင်း၊ အညစ်အကြေးများစွန့်ခြင်း စသည့် မဆင်မခြင်ပြုမူမှုများကြောင့် ကျွန်းရှင်မ၏ အပြစ်ပေးခြင်းခံရသည်ဟု ဆိုကြသည်။ တချို့ နေဝင်ရီတရောအချိန်များတွင် ကျွန်းပေါ်မှ ပလွေသံ၊ နွားခြံသံများ ကြားရသည်ဟုဆိုသည်။ ရှေးခေတ်လူများကိုလည်း မှောင်ရီပိုးတဝါးအချိန်များတွင် တွေ့ရသည်ဟု တချို့ကဆိုပြန်သည်။

ရွာသားများ၏ပြောစကားအားကျွန်တော့်အနေဖြင့် မှား၏၊ မှန်၏ဟု ထင်မြင်ချက်မပေးလို။ သို့သော် ဖတ်ခဲ့ဖူးသည့်စာတစ်ပုဒ်အား ပြန်ပြီးအမှတ်ရစေခဲ့သည်။

နိုင်ငံလွတ်လပ်ရေးရပြီး နိုင်ငံခြားသားတစ်ဦးက ရခိုင်ရိုးမတွင် သုတေသနလုပ်ရန်ဆိုလား သိပ်ပြီးမသေချာတော့။ ပြောလိုသည်မှာ အနှီပုဂ္ဂိုလ်ရေးသားခဲ့သည့်စာအုပ်မှ အချက်အလက်တစ်ခုဖြစ်သည်။ သူက ရိုးမတောအတွင်း စစ်သူကြီး မဟာဗန္ဓုလ ဦးစီးသည့် တပ်တော်ကြီးကို ဆင်မြင်းဗိုလ်ပါအစုံအလင်ဖြင့် တွေ့ခဲ့သည်ဟု ဆိုသည်။

နောက်တစ်ခုမှာ သိပ္ပံပညာရှင်များ၏ယူဆချက် ကုန်လွန်ခဲ့သည့်အနှစ်က ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များသည် အချိန်ကာလတစ်ခုခု၌ တစ်ဖန်ပြန်ပြီး ပေါ်ပေါက်လာလေ့ရှိသည်ဆိုသော (TimeWarp)သဘောကို လက်ခံယုံကြည်ပြီး ဗုဒ္ဓဘုရားပွင့်တော်မူစဉ် မိဂဒါဝုန်၌ အသံလိုင်းဖမ်းစက်များ တပ်ဆင်ပြီး ဘုရားရှင်၏ နှုတ်ကပါဠိတော်မူထွက်လာသောအသံတော်အား တိုက်ရိုက်နားဆင်နိုင်ရန်လုပ်နေကြသည်ဆိုသော သတင်းတစ်ပုဒ်။

ဆိုရလျှင် ပုလဲကျွန်း၌ဖြစ်ပျက်ခဲ့သော လူသေမှုများသည်...။

သက်နိုင် (ဂျီလေဒ္ဓ)

www.burmeseclassic.com

www.burmeseclassic.com

စောင်းကြီးမှူး
အရှင်ဝရဉာဏာဘိဝံသ
(ဦးဘေးကျန်းအေဝရမှူး)

ပန်းပေါင်းတစ်ထောင် သိဒ္ဓိဝင်ပျားရည်

၁။ လူသားများကိုအကျိုးပြုသော ပျားရည်

ကမ္ဘာပေါ်တွင် လူသားများမရှိခဲ့ကာတည်းက ပျားရည်ကိုထုတ်လုပ်ခဲ့သော ပျားကောင်များရှိခဲ့သည်ဟု သုတေသနသိပ္ပံပညာရှင်များက အဆိုပြုကြသည်။

လွန်ခဲ့သောနှစ်ပေါင်း (၅၆) သန်းလောက်က ပျားတို့သည် ဤကမ္ဘာပေါ်တွင် ကျက်စားလျက် နေထိုင်ကြကြောင်းတို့လည်း သိရှိထားကြသည်။

စပိန်ပြည် ဗလင်စိနားမြို့အနီးရှိ ရှေးကာလ ကျောက်ဂူကြီးတစ်လုံးတွင် ခုခေါ့ ခုနှစ်က တွေ့ရှိခဲ့ရသော ဆေးရာစုသရုပ်ဖော်ပန်းချီကားပုံသည် ထူးခြားစံယောက် ချောက်ကမ်းပါးပေါ်တွင် နေသောပျားအုံကို နွယ်များမှ တစ်ဆင့် ပျားဖွပ်နေပုံကို အထင်အရှားဖော်ပြထားသည်။

ပျားကောင်သည် ကျောရိုးမရှိသော အင်းဆက် (INSECT) ပိုးမျိုးစုဝင် ဖြစ်သည်။

အင်းဆက်ပိုးသတ္တဝါများထဲတွင် အနှံစိတ်ဝင်စားဖွယ်ရာကောင်းသော သတ္တဝါမျိုး ဖြစ်သည်။

အသိဉာဏ်အရာတွင် ထူးကဲလှသည်။ ပျားတို့သည် သူ့စည်းသူ့ကမ်း၊ သူ့လေ့ သူ့သဘာဝ၊ သူ့အသားစကား၊ သူ့ဘာသာ စနစ်တကျခရီးဆက်နေကြသော သတ္တဝါများ ဖြစ်ကြသည်။

ပျားတို့၏ကမ္ဘာထဲကို ဝင်ကြည့်လျှင် အသိဉာဏ်အရာ၌ ကျန်သတ္တဝါများထက် အဆပေါင်းရာထောင်မက ထူးခြားနားနေသည်ကို တွေ့ရပေမည်။

ကျောရိုးမဲ့ အင်းဆက် (INSECT) သတ္တဝါများထဲတွင် အသိဉာဏ်အဆင့်အမြင့်ဆုံးသတ္တဝါ ဖြစ်၏။

ပျားတို့၏လုံလဝီရိယကို လူသားများပင်မမှီနိုင်ကြပေ။ ပျားတို့သည် ဝေပုံကျစနစ်ဖြင့် ဓာတ်အသီးသီးကို ယူ၍ လုပ်ကိုင်ဆောင်ရွက်နေကြသည်။

ပျားတို့၏လုပ်ကိုင်ဆောင်ရွက်နေကြပုံမှာ အံ့မခန်းလောက်အောင်ပင် တွေ့မြင်ရသည်။

ကမ္ဘာပေါ်တွင် လူအမျိုးမျိုးရှိကြသလို ပျားများကလည်း အမျိုးမျိုးအစုံစုံ ရှိကြသည်။

ကမ္ဘာအနှံ့အပြားတွင် ပျားပေါင်းတစ်သောင်းကျော်ခန့်ရှိသည်။

အချို့ပျားများသည် ရာသီဥတုအေးမြလှပြီး တစ်နှစ်ပတ်လုံးရေခဲသောအာတိတ်ဝင်ရိုးစွန်းအနီးတွင် နေထိုင်ကျက်စား ပေါက်ပွားကြသည်ကို တွေ့မြင်ရသည်။

အချို့ပျားများသည် ရာသီဥတုပူပြင်းလှသော သဲကန္တာရဒေသအရပ်များတွင် တစ်နှစ်ပတ်လုံး နေထိုင်ပေါက်ပွားကြသည်။

အချို့ပျားများသည် ရွှံ့ဖွက်များထူထပ်သောနေရာများ၊ တော၊ တောင်၊ သစ်တောကြီးများတွင်လည်း နေထိုင်ပေါက်ပွားကြသည်ကို မြင်တွေ့ရသည်။

ပျားတို့သည် ကမ္ဘာပေါ်တွင် မည်သည့်ဝန်းကျင်၊ မည်သည့်ရာသီဥတုမျိုးမဆို ပေါက်ပွားနေထိုင် အသက်ရှင်လျက် ရှိသည်။

ကမ္ဘာဦး ကျောက်ခေတ်ကာလ လူဆားများသည် ဝက်ဝံ၊ လင်းယုန်စသော သတ္တဝါများက ပျားလပို့များကို စုပ်ယူစားသောက်နေကြသည်ကို စတင်တွေ့ရှိရသည်။

ကျောက်ခေတ် လူသားတို့သည် ပျားလပို့များမှ ပျားရည်ကို စမ်းသပ်၍ စားသုံးကြည့်ကြရာ အလွန်ထူးကဲလှသော ချိုချိုစိမ့်စိမ့်အရသာကို စတင်တွေ့ရှိခဲ့သည်။

ကမ္ဘာပေါ်တွင် အချိုအရသာကို ပျားရည်မှစတင်တွေ့ရှိကြသည်။

ဥရောပတိုက်တွင် ၁၈ ရာစုခေတ်အထိ အချိုအရသာကို ပျားရည်မှသာ ရရှိကြောင်း၊ သုံးစွဲရကြောင်းသိရသည်။

ထိုခေတ်ကာလက ယခုကဲ့သို့ လျှပ်စစ်မီးမရှိသေး။ ညဘက်အလင်းရောင်ကိုလင်းစေရန် ပျားဖယောင်းဖြင့် ပြုလုပ်ထားသော ဖယောင်းတိုင်များကို စတင်တီထွင်သုံးစွဲကြသည်။

ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ဖယောင်းတိုင်များကိုသာ အသုံးပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အနောက်နိုင်ငံများတွင် မင်္ဂလာဆောင်ကြရာတွင် ကောက်ရိုးဖြင့်ပြုလုပ်ထားသော ပျားအုံတစ်အုံကို လက်ဖွဲ့ကြသည်။

ပျားအုံတစ်အုံရထားလျှင် ဘဝသာယာသည်၊ ပြီးမြောက်သည်ဟုယူဆကြ၏။

မင်္ဂလာဆောင်ပြီး ပထမလကို (ပျားရည်ဆမ်းလ ·HONEY MOON) ခရီးထွက်သောခေတ်ပေါ် လာ၏။

❑ ပျားရည်နှင့်ဘာသာရေး

မြတ်ဗုဒ္ဓက သားတော်ရဟန်းသံဃာတော်များကို ထောပတ်၊ ဆီဦး၊ တင်လဲ၊ ပျားရည်တို့ကို မွန်းလွဲအခါမှာလည်း သုံးဆောင်ခွင့်ပြုထားခဲ့သည်။

(ဝိနည်း မဟာဝါ ပါဠိတော်)

❑ ဟိန္ဒူဘာသာဝင်များ

ပျားရည်သည် မွန်မြတ်သောဂုဏ်ကို ဆောင်၏။ ကောင်းကင်ကို ကိုယ်စားပြု၏။ စကြဝဠာကို အသက်သွင်းပေးသော ဗိဿနိုးနတ်မင်းကြီးအား ကြာပွင့်ပေါ်တွင်နားနေသော ပျားတစ်ကောင်အဖြစ် ဖော်ပြခဲ့သည်။

❑ ခရစ်ယာန်ဘာသာဝင်များ

ခရစ်ယာန်ဘာသာဝင်တို့၏သမ္မာကျမ်းစာအုပ်၌ အိုဂျစ်ပြည်တွင်ရှိနေကြသော ဣသရေလလူမျိုးတို့အား နွားနို့နှင့်ပျားရည်စီးဆင်းသောပြည်သို့ပို့ဆောင်ပေးမည်ဟု တမန်တော်ကြီး မောရှေ (မိုးဆက်)အား ဘုရားသခင်က ကတိပေးတော်မူ၏။

(ထွက်မြောက်ရာကျမ်း - ၃း၁၇)

❑ ဂျူးလူမျိုးများ

ဂျူးတို့ကို ယခင်က ဣသရေလလူမျိုးဟုခေါ်ကြ၏။ ပျားရည်တစ်ပုလင်းရရှိထားလျှင် ဘဝပြည့်စုံပြီဟု ယူဆထားကြ၏။ လက်ခံထားကြ၏။ ယုံကြည်ထားကြ၏။ ပျားရည်ကို တန်ဖိုးလည်းထားကြ၏။

❑ ရှေးခေတ်အီဂျစ်လူမျိုးများ

ရှေးခေတ်ကာလက အီဂျစ်လူမျိုးများသည် လူသေလျှင် မပုပ်မသိုးစေရန် ပျားရည်ကိုသုံးကြသည်။

ဘုရင့်အလောင်းများကို ပျားရည်ကန်ပြုလုပ်ပြီးစိမ်ထားကြ၏။

ဝိရမစ်ဂူသဿဏ်းများထဲတွင် ပျားရည်ကျောက်ကန်၊ ကျောက်အိုးကြီးများကို တွေ့ရှိကြရသည်။

❑ ဂရိလူမျိုးများ

ရှေးခေတ် ဂရိလုံမျိုးများသည် ပျားရည်ကို လူ့သားများအတွက် သဘာဝလက်ဆောင်ဟု ယူဆခဲ့ကြသည်။

ဂရိလူမျိုးတို့ကိုးကွယ်သော GOD နတ်ဘုရားများသည် ပျားရည်ကိုသုံးဆောင်ကြ၍ အသက်ရှည်ကြသည်ဟု ယုံကြည်ကြသည်။

နတ်ဘုရားများကို သစ်သီးပေါ်တွင် ပျားရည်ကိုလောင်း၍ ဆက်ကပ်လျှဒါန်းကြသည်။

ဂရိလူမျိုး ယထာဘူတပညာရှင်ကြီးဒီမိုခရစ်တပ်သည် အစားအသောက်များကို ပျားရည်ဖြင့်မှီဝဲသည်။

ပျားရည်သည် ဆီးလမ်းကြောင်းမရောဂါပိုးများကို သေစေသည်ဟုဆိုသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ခန့်က ဆေးပညာရှင်ကြီးများ၏ ဖခင်ကြီး ဟစ်ပိုခရေတီး ဂရိယထာဘူတပညာရှင်ကြီးသည် ပျားရည်ကို နေ့စဉ် သုံးဆောင်၏။ အသက် (၁၀၇) နှစ်အထိ အသက်ရှည်ခဲ့ရ၏။

ဂီတကဗျာပညာရှင်ကြီး ဝရှိ
ခရီအွန်သည်လည်း ပျားရည်ကို နှ
ကာကာ နေ့စဉ်နေ့တိုင်း သောက်
၏။ သူသည်လည်း ရောဂါကင်းဝေး
အသက် (၁၀၅) နှစ်အထိနေခဲ့ရ၏

အဗီစင်နာဆိုသူ အာရပ်
သိပ္ပံပညာရှင်ကြီးကလည်း ကျန်း
အသိဉာဏ်ပညာဖွံ့ဖြိုးခြင်း အ
ရှည်ခြင်းတို့အတွက် ပျားရည်ကိုသုံး
တင်ပြခဲ့၏။

၂။ ပျားရည်နှင့်
သက်ရှည်အဘိုးနှင့်အဘွား

ပဲခူးတိုင်းဒေသကြီး ညောင်
ပင်မြို့နယ် ပုဇွန်မြောင်းစပြကေ
သည် စာရေးသူ၏မွေးဖွားရာဇာ
ဖြစ်၏။

စာရေးသူ၏ အဘိုးအ
ဦးမဲကြီး၊ အဘွား၏အမည်က ဒေါ်
ဖြစ်သည်။ လယ်သမားကြီးမိသားစု
သည် အသက်ရှည်ရှည်၊ ကျန်း
မာမာ ချမ်းချမ်းသာသာဖြင့် အေ
နေထိုင်ခဲ့၏။

အဘိုးနှင့် အဘွားတို့တွင်
သမီး (၇) ယောက် ထွန်းကားခဲ့၏

အဘိုးနှင့် အဘွားတို့သည် နှ
(၄) နာရီထိုးလျှင် အိပ်ရာထက်မှ
၏။ ဘုရားသောက်တော်ရေကပ်
သီလခံယူ၊ မေတ္တာပို့ကြ၏။ ဤကာ
နှစ်ဦး၏ နံနက်ခင်းအလုပ်ပေ။

ဘုရားဝတ်ပြုပြီး ဇနီးမောင်နှ
တို့သည် နှစ်ထပ်အိမ်ကြီးအောက်
သို့ ဆင်းလာကြ၏။

အဘိုးက အုန်းတံမြက်စည်း
တစ်ချောင်းကိုကိုင်လျက် အိမ်ရှေ့
နှာစာမှာ သန့်ရှင်းရေးပြုလုပ်၏။

အဘွားလုပ်သူကလည်း



www.burmeseclassic.com

www.burmeseclassic.com

တံမြက်စည်းကြီးတစ်ချောင်းကိုင်လျက် နောက်ဖေးခြံဝင်းကြီးအတွင်း တံမြက်သည်၍ သန့်ရှင်းရေးပြုလုပ်၏။

နံနက် (၆) နာရီခန့်တွင် သမီးငယ်လေး မစိန်အေးချက်ပြုတ်ပေးထားသည့် အင်းပူပူလေးနှင့် ပဲပြုတ်နှမ်းဆီဆမ်းကို စားသောက်ပြီးနောက် ဘုရားဆွမ်းတော်ကပ်လှူခဲ့ကြ၏။

ဘုရားဆွမ်းတော်ကပ်ပြီးမှ ဇနီးဖြစ်နှစ်ဦးတို့ ထမင်းပူပူနွေးနွေးလေး ပဲပြုတ်နှမ်းဆီဆမ်းကို စားသောက်ကြ၏။

ရေနွေးကြမ်းပဲသောက်ပါ၏။

ကော်ဖီမသောက်ပါ။

လက်ဖက်ရည်အချိုမသောက်ပါ။ အော်စောစော အဆာပြေထမင်းစားသောက်ကြပြီးတော့ ပျားရည်ကို သောက်ကြ၏။

သစ်ခေါင်းပျားရည်ကို စဉ့်အိုးတစ်လုံးတွင်ထည့်ထား၏။

ပျားရည်ကို လက်ဖက်ရွက်နှစ်လေး နှုန်းစီ အဘိုးရောအဘွားပါ သောက်ကြ၏။

ဤကား နေ့စဉ်နေ့တိုင်း အလုပ်

ဤဦးမင်းကြီးလယ်သမားမိသားစုကြီး ဖြတ်သူ (အင်္ဂလိပ်) အစိုးရခေတ်တာ လယ်ယာမြေအမြောက်အမြား ပိုင်၏။

အဘိုးလယ်သမားကြီး၏ အိမ်ခြံကြီးက ကျယ်ဝန်းလှ၏။ ခြံကြီး၏ အနောက်ဖေးဘက်တွင်စပါးမျိုးသိုလှောင် အိမ်ပေါင်းကျီကြီး (၃) လုံးမျှရှိ၏။

အိမ်ကြီးက ပျဉ်းကတိုး၊ ကျွန်းများ ဆောက်လုပ်ထားသည့် သစ်သားအိမ်ကြီး။ လေးပင်ပတ်လည်နှစ်အိမ်ကြီးက ရေနံရောင်တွေကဝဝ။

အဘိုးသည် သူ၏လယ်ယာလုပ်သူ (သူရင်းငှားမိသားစု)ကို သူ၏လယ်အိုးအိမ်များဆောက်ပေးပြီးထား

လယ်ယာသုံးပစ္စည်းများ၊ ကျွဲ၊ နွားပါ၊ လယ်တောထဲမှာပဲထား၏။

လယ်သမားကြီး ဦးမဲကြီး လယ်တူ၍ ခေါ်ဝေါ်ကြ၏။

အဘိုးနှင့်အဘွားတို့မိသားစုသည် သားလုံး ပျားရည်ကိုသောက်ကြ သူ၏တပည့်လယ်ယာလုပ်သားများသည်း ပျားရည်များဝယ်ပေးပြီး သောက်စေပါ၏။

အဘိုးနှင့်အဘွားတို့မိသားစုသည် အမဲသား (ကျွဲသား၊ နွားသား) မစားကြပါ။ ဝက်သားကိုလည်း ရှောင်ကြဉ်ကြ၏။

ပုဇွန်မြောင်းစံပြကျေးရွာကြီးသည် အမည်နှင့်လိုက်အောင်ပင် ရေချိုပုစွန်တုပ်ကွေးကွေးကြီးတွေက ပေါများလှ၏။ ပုစွန်တုပ်ကိုလူတိုင်းလိုလိုပင်စားသောက်နိုင်ကြ၏။

အဘိုးနှင့်အဘွားတို့က ပုစွန်တုပ်ကွေးကွေးကြီးများကို ဟင်းချက်မစားကြပါ။ ပုစွန်တုပ်ကိုရေနှင့်ပြုတ်ရုံ၏။ အခွံခွာရ၏။ အသားတွေကိုမွှရ၏။ ပြီးလျှင် ရှောက်ရည် သို့မဟုတ် သံပရာရည်ကို ညှစ်ထည့်ရ၏။ ကြက်သွန်နီကို ပါးပါးလှီးပြီးသုပ်ရ၏။

အချိုမှုန့်မရှိပါ။ ငံပြာရည်ကိုသာ သုံးစွဲကြ၏။

ပုစွန်တုပ်ကိုသုပ်စား၏။ ငါးများသာအစားများ၏။ ဆီကိုတော့ နှမ်းဆီစစ်စစ်ကိုပဲသုံး၏။ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်ကို စားသုံးကြ၏။

ဝါတွင်းကာလရောက်လျှင် ရွာဦးညောင်လွန်တောရွာကျောင်းမှာ ဥပုသ်သီလဆောက်တည်ကြ၏။ ဥပုသ်နေ့တွင် သီလယူထားကြသော သူတော်ကောင်းများအား သူတို့အိမ်တွင် ထမင်းကျွေး၍ ဒါနပြုကြ၏။

ဥပုသ်နေ့တွင် လယ်တောမှ တပည့်လယ်ယာလုပ်သားများ အလုပ်နားရ၏။

အဘိုးတို့အိမ်မှာ ထမင်းလာသုံးဆောင်ကြရ၏။ ထမင်းစားသောက်ကြပြီးတော့ အဘိုးက ဥပုသ်သည်များနှင့် သူ့တပည့်လယ်ယာလုပ်သားများတို့ကို အောက်ပါစကားများပြောပြ၏။

"မင်းတို့တစ်တွေ အသက်ရှည်ရှည်နဲ့ ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာနေထိုင်လိုကြပါရင် -

၁။ ငါးပါးသီလမြဲရမယ်။

၂။ ကြေလွယ်တဲ့ အစားအသောက်တွေကိုပဲစားရမယ်။

၃။ မိမိတို့ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးကို မညှာပါနဲ့။ နေ့စဉ်နေ့တိုင်း လုပ်လုပ်ရှားရှားပြုလုပ်ပေးရမယ်။

၄။ ကျေးလူးရွင်ဖြစ်ကြတဲ့ နွားသား၊ ကျွဲသားကို မစားကြနဲ့။

၅။ အစာမကြေတတ်တဲ့ ဝက်သားကို ရှောင်ပါ။

၆။ ပျားရည်ကိုတော့ နေ့စဉ်မှန်မှန် သောက်ရမယ်"

အဘိုးက သူ့အိမ်သို့လာသူတိုင်းကိုအား ပျားရည်သောက်ခိုင်းပါ၏။

အဘိုးနှင့်အဘွားများသောက်သုံးပုံက -

နံနက်တစ်ကြိမ် လက်ဖက်ရည်ဇွန်းလေး (၃) ဇွန်း၊

နေ့လယ်တစ်ကြိမ် လက်ဖက်ရည်ဇွန်းလေး (၃) ဇွန်း၊

ညနေတစ်ကြိမ် လက်ဖက်ရည်ဇွန်းလေး (၃) ဇွန်းကို နေ့စဉ်နေ့တိုင်းသောက်ကြ၏။

ပုဇွန်မြောင်းရွာကြီးမှ တိုင်းရင်းသမားတော်ဆရာကြီး ဦးသုခမာ ပြောပြလေ၏။

"ကိုမဲကြီး၊ မအာဝါးတို့ဟာ တစ်ခါဖူမှုဖျားနာတာမရှိကြဘူးကွယ့်။ သူတို့က ပျားရည်ကို နေ့တိုင်းသောက်ကြတယ်ကွယ့်"

တပေါင်းလ၏ တစ်နံနက်ခင်းကာလ။

အဘိုးနှင့်အဘွားတို့ထုံးစံအတိုင်း နံနက် (၄) နာရီမှာ အိပ်ရာထကြ၏။ ထမင်းပူပူလေးနှင့် ပဲပြုတ်ဆီဆမ်းစားကြ၏။ ပျားရည်သောက်ကြ၏။

အဘိုးနှင့် အဘွားတို့ တံမြက်စည်းလှည်းခြင်းကိုလည်းနေ့စဉ်မပျက်။ ငါးပါးသီလစောင့်တည်မှုလည်း နေ့စဉ်မပျက်။

ပျားရည်သောက်သုံးခြင်းကိုလည်း နေ့စဉ်မပျက်၊

နှစ်ထပ်အိမ်ကြီးအပေါ်ထပ်တွင် အဘိုးနှင့်အဘွားတို့အိပ်ကြသည့်အိပ်ခန်းကျယ်ကြီးရှိ၏။

ထိုအိပ်ခန်းအကျယ်ကြီးထဲတွင် ခုတင်နှစ်လုံးရှိ၏။ အဘိုးက ခုတင်တစ်လုံး၊ အဘွားက ခုတင်တစ်လုံးနှင့် အိပ်ကြ၏။

အဘွားဒေါ်အာဝါးသည် သူအိပ်သည့်ခုတင်ပေါ် တွင်မှေးအိပ်ပြီး အရဟံဂုဏ်တော်ပုတီးကိုစိပ်နေ၏။

နံနက် (၉) နာရီခန့်လောက်တွင် အဘွားဒေါ်အာဝါးသည် ဝိညာဉ်ချုပ်နေပါတော့၏။ မည်သူမျှမသိလိုက်ပါ။

အဘွား၏ အလောင်းကို အိမ်အောက်ထပ်သို့ချပြီး ရေပူးခိုင်၍ အလောင်းစင်ပြင်နေကြ၏။

အဘိုးဦးမဲကြီးသည် သူ့ဇနီးဆုံးသွားရသည်ကို မျက်ရည်တစ်စက်မျှမကျပါ။

အဘိုးသည် သူ့ခုတင်ပေါ်မှာ ခေတ္တမှေးပြီး အရဟံဂုဏ်တော်ပုတီးကို စိပ်ပါ၏။

အဘိုးသည်လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

ခန့်လောက်တွင် ဝိညာဉ်ချုပ်သွားပါ၏။

အဘိုးလည်းဆုံးပါပြီ။

အဘွားလည်းဆုံးပါပြီ။

အဘိုး၏ အသက်က (၉၉) နှစ်။

အဘွား၏အသက်က (၉၈) နှစ်။

အဘိုးနှင့် အဘွား တစ်နေ့တည်း ကွယ်လွန်၏။

လူဘဝကြီးမှာ အသက်ရှည်ရှည် နှင့် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေထိုင်လိုကြပါလျှင် အဘိုးတို့ကိုးကွယ်သော ဩဝင်လွန့်တောရဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်တော်မူပါ၏။

"ငါးပါးသီလမြဲကြပါ။ ပျားရည်တို့ နေ့စဉ်မှန်မှန်သောက်ပါ။ ဘုန်းတော်ကြီးလည်း နေ့တိုင်း ပျားရည်ကိုသောက်သုံးပါတယ်"

ယင်းကြောင့် လူသားများကို အလွန်အကျိုးပြုသောပျားရည်ကို နေ့စဉ်မှန်မှန်သောက်သုံးကြပါရန် တိုက်တွန်းလိုက်ပါတော့သည်။

(စာရေးသူ၏ဖခင်ကြီး ဦးညိုကြီးက ပြောပြချက်များကို ရေးသားရခြင်းဖြစ်ပါ၏။)

၃။ ပျားရည်နှင့် အသက်ရာကျော်ဖခင်ကြီး

လယ်သမားဦးမဲကြီးမိသားစုတွင် သားသမီး(၇)ယောက်ထွန်းကားခဲ့သည်။ သား(၅)ယောက်၊ သမီး (၂)ယောက်တို့ပါပဲ။

သား(၅)ယောက်အနက် တတိယမြောက်သားသည် ဦးညိုကြီး ဖြစ်ပါ၏။ ဦးညိုကြီးသည် စာရေးသူ၏ ဖခင်ကြီးဖြစ်ပါ၏။

ဖခင်ကြီးသည် ကျန်းကျန်းမာမာဖြင့် အသက် (၁၀၁) နှစ်အထိ နေထိုင်သွားရပါ၏။

ဖခင်ကြီးသည် အမည်နှင့်လိုက်ဖက်လှသည်။ အသားကညိုညို၊ ကိုယ်ကာယကကြီးကြီး၊ အရပ်အမောင်းက (၅) ပေ၊ (၁၀) လက်မ။ အလုပ်တစ်ခုခုလုပ်လျှင် အလွန်စနစ်ကျ၏။ သေသေသပ်သပ်ရှိ၏။

ဖခင်ကြီး၏ ထူးခြားချက်မှာ ခရီးသွားအလွန်ပင်လျင်မြန်၏။ ပျားရည်သောက်သုံးသော တန်ခိုးသတ္တိများလား မသိပါ။ ဦးညိုကြီးကလည်း သူဖခင်ဦးမဲကြီးထံမှ အမွေရထားသော စဉ့်အိုးလေးထဲတွင် ပျားရည်ကိုထည့်၍ နေ့စဉ်မှီဝဲပါ၏။

ဦးညိုကြီးအလွန်ရောက်သောအခါ အထက်အညာဒေသ မလိွင်ပန်းအိုင်ရွာမှ ဒေါ်စောခင်နှင့်လက်ထပ်ပါ၏။

ဖခင်ဦးမဲကြီးက သားလုပ်သူ ဦးညိုကြီးအား လယ် (၁၅) ဧကကိုပေး၏။ ကုန်းပေါ်လယ် (၅) ဧကက စပါးထွက်ကောင်း၏။ စိုက်ခင်းများစိုက်၏။ ကျန်(၁၀)ဧကက ရေကြီးကွင်းဖြစ်ပါသဖြင့် ကြဲခင်းများကြဲရ၏။

ဖခင်ကြီးသည် လယ်ယာလုပ်သား (သူရင်းငှား) (၃) ဦးနှင့်အတူတူ သူကိုယ်တိုင်လယ်ထဲသို့ဆင်း၏။

မလိွင်၊ ပန်းအိုင်ရွာသူဖြစ်သော မိခင်ကြီး ဒေါ်စောခင်က မြေအိုးများကို အသက်မွေးဝမ်းကျောင်းပြုလျက်လုပ်ကိုင်ပါ၏။

ဦးညိုကြီး၊ ဒေါ်စောခင်တို့သည် စာရေးသူ၏ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်ကြ၏။

ဤမိသားစုတွင် သားသမီး (၇) ယောက်ထွန်းကားခဲ့၏။ သမီး(၄)ယောက်၊ သား (၃) ယောက်ဖြစ်၏။ စာရေးသူသည် အငယ်ဆုံးသားထွေးဖြစ်၏။

သမီး (၄) ဦးတို့သည် အချိန်အရွယ်ရောက်၍ အိမ်ထောင်ပြုသွားကြ၏။ သားကြီး ဦးစိန်မြင့်ကို ကလေးငယ်ဘဝကတည်းက အဒေါ်ဖြစ်သူ ဒေါ်စိန်အေး (အပျိုကြီး) က မွေးစားထား၏။

ယင်းကြောင့် ဤမိသားစုတွင် မိခင်၊ ဖခင်၊ အစ်ကိုလတ် ဦးစိုးမြင့်နှင့် စာရေးသူတို့သာ ကျန်ရှိနေပါတော့၏။

ဖခင်ကြီး အသက် (၆၀) ပြည့်သောအခါ လယ်ယာလုပ်ငန်းခွင်သို့ မဆင်းရတော့ဘဲ အစ်ကိုလတ်လုပ်သူ ဦးစိုးမြင့်က ခေါင်းဆောင်၍ လယ်များကိုလုပ်ပါ၏။

နွေရာသီတစ်နေ့သ၌ အညာဒေသမှ နွားလာရောင်းချသည့် ဧည့်သည်များနွားအုပ်ကြီးတစ်အုပ်ဖြင့် စာရေးသူတို့အိမ်သို့ ရောက်ရှိလာကြ၏။

မိခင်၊ ဖခင်တို့က ဧည့်သည်များအား ကောင်းမွန်စွာ ခရီးဦးကြိုပြုလျက် ဧည့်ခံကျွေးမွေးပါ၏။

ထိုနွားကုန်သည်များ၏ အကြံဉာဏ်ပေးမှုကြောင့် နွေရာသီစပါးရိတ်သိမ်းပြီးသောအခါ စပါးနှိုးဖြတ်များကို ခုတ်၍ မြေပဲစိုက်နည်းကိုသင်ပြပြီး နွေရာသီမှာ မြေပဲစိုက်ပါ၏။

မြေပဲက အရင်းနည်းပြီး အမြတ်များပါသဖြင့် ဖခင်ကြီးက နွေဘက်တွင် လယ်ထဲသို့ပြန်ဆင်းပြန်၏။ လယ်သမားကြီး ဖခင်ကြီးသည် အသက် (၇၅) နှစ်အထိ သန်တုန်းမြန်တုန်းမာတုန်း[illegible] နွေရာသီမှာ မြေပဲစိုက်ရန် လယ်ထဲ[illegible] ထဲ ပြန်ဆင်းတုန်းပါပဲ။

သက်ရှိထင်ရှားပြီးတော့ [illegible] သမားကိုင်းသမားများများ အလုပ်နှင့် [illegible] ၏။

စာရေးသူကို အငယ်ဆုံးသား[illegible] ၍ လယ်ထဲသို့မဆင်းရဘဲ ခေတ်[illegible] ကို သင်စေပါ၏။

စာရေးသူသည် ခရစ်နှစ် [illegible] ခုနှစ်က တက္ကသိုလ်ဝင်တန်းကို [illegible] မြင်ခဲ့၏။

မိဘများက မထောက်ပံ့နိုင်[illegible] တက္ကသိုလ်သို့ဆက်မတက်နိုင်ပါ။

နွေရာသီကျောင်းပိတ်ရက် [illegible] လအတွင်း ညောင်လေးပင်မြို့ [illegible] တောဝိကျေးရွာကြီးမှ ရှမ်းဆေး[illegible] တစ်ဦး အိမ်သို့ရောက်ရှိလာ၏။

တိုင်းရင်းသမားတော်ကြီး[illegible] က ဦးရှမ်းပေါ်ဖြစ်၏။ ထိုဆရာကြီး[illegible] ယခင်ကလည်း လာဖူးပါ၏။ အိမ်[illegible] တည်းခိုပြီး လူနာများကို ဆေးကုသ[illegible] ၏။

ညတစ်ည။

လက်ဖက်ရည်ကြမ်းဝိုင်း[illegible] ပျားရည်အကြောင်း စကားစ[illegible] တိုင်းရင်းသမားတော်ကြီးက ဗဟု[illegible] စုံလင်လှ၏။ ပျားရည်အ[illegible] ပြောပြသည်မှာ စိတ်ဝင်စား[illegible] ကောင်းလှ၏။

စာရေးသူက ဗလာစာအုပ်[illegible] တစ်အုပ်ဖြင့် ဆရာကြီးပြောစကား[illegible] ကို ရေးမှတ်ပါ၏။

"လူကလေး၊ ပျားတွေက [illegible] ပေါင်းတော်တော်များတယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မင်းသိချင်ရင်လည်း [illegible] ထားပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ပျားတွေက -

၁။ ပျားရှေပျား

၂။ ပျားချဉ်ပျား

၃။ သစ်ခေါင်းပျား

၄။ ယင်ပျား

၅။ ပျားနံ (ခေါ်တဲ့) ပျားကြီး[illegible]

၆။ ခွေးလေးပျား

၇။ ပွေးလိမ်ပျား

၈။ ပဆုပ်ပနီပျား (ခေါ်တဲ့) [illegible] များ

၉။ ပျားသန်းပျား

၁၀။ ပျားခေါင်ပျား

www.burmeseclassic.com

www.burmeseclassic.com

သား မြေပျား
၁၂ နေရောင်ကာပျား
ဆရာ သိထား၊ မှတ်ထားတာက တော့ ဒီ (၁၂) မျိုးပဲကွယ့်။ နောက်ထပ် ထည့်ရှိချင်ရှိဦးမှာကွယ့်"
"ဟုတ်ကဲ့ပါ ဆရာကြီး"
"ပျားရည်က အစွမ်းထက်တယ်ကွယ့်။ အနာဆွေးအနာဟောင်းတွေကို ထုသရာမှာ အသားနုမြန်မြန်ပြန်တက်အောင်တတ်တယ်ကွယ့်"
"ကျွန်တော့်တင်ပါးမှာ အနာစိမ်းဆိုတာတုန်းက ပျားရည်နဲ့ထုံးလိမ်းလိုက်တာ ပိန်သွားတယ် ဆရာကြီးရဲ့"
စာရေးသူ၏ပြောစကား။
"လူလေး မင်းစိတ်ဝင်စားမယ်ဆိုရင်တော့ ပျားရည်အကြောင်းဆက်ပြောပြမယ်ကွယ့်"
"ပြောပြပါ ဆရာကြီး"
"သိဂ်ရေ သံဟိတဆေးကျမ်းထဲမှာ ပျားရည်ဟာ အနာအတွက်ကောင်းနှင့်ကြောင်းတွေပါတယ်ကွယ့်။
ဥတုဘောဇနဆေးကျမ်းမှာကတော့ ပျားရည်နဲ့ပတ်သက်ပြီး ဒီလိုပြောထားသေးတယ်ကွယ့်"
ဆရာကြီးသည် သူ့လွယ်အိတ်ထဲမှ စာအုပ်လေးတစ်အုပ်ကို ထုတ်ယူ၏။ ပြီးမှ ဖတ်ပြပေးပါ၏။
"ပျားရည်ဟူသမျှချိုး၏။ စဉ်းငယ်နှင်း၏။ အဆီမရှိ၊ အစာကိုကြေလွယ်၏။ အေး၏။ ဝမ်းမီးကိုတောက်စေ၏။ အနုသုံးယဉ်စားလျှင် ဝမ်းသွား၏။ အသဲကိုကောင်းစေ၏။ မျက်စိနှင့်သင့်၏။ ပေါက်သော်အနာကို သုတ်သင်၏။ အရွယ်ကိုနုပျိုစေ၏။ အဆင်းကိုကောင်းစေ၏။ သွေးလေသွေးလမ်းသုတ်သင်ရှင်းလင်း၏။ နှလုံးကိုနှစ်သက်စေ၏။ ဉာဏ်ပညာကိုတိုးပွားစေ၏။ သုက်များတိုးပွားစေ၏။ ခံတွင်းရှင်း၏။ နှုတ်ကိုမြိန်စေ၏။ နူနာ၊ မြင်းသရွဲက်နာ၊ ချောင်းဆိုးနာ၊ သွေးသည်းခြေနာ၊ သလိပ်ပုပ်နာ၊ ဓောဟနာ၊ မော်ပန်းသောအနာ၊ ပိုးနာ၊ အဆီအခဲအနာ၊ ကိုယ်ပူနာ၊ ထိခိုက်ရှနာ၊ အဆိုးကျိုးနာပြန်ဆက်စေ၏။ မေထုန်ခံခဲနိုင်သောအားကိုပေး၏။ အဆိပ်ဟူသမျှတို့ကိုနိုင်၏"
တိုင်းရင်းသမားတော်ကြီးကဖတ်ပြ၏။ စာရေးသူကလိုက်ပြီးရေးမှတ်၏။
"ဓာတုဩသဓေးကျမ်းကအဆိုကိုလည်း လိုက်ပြီးရေးမှတ်ထားဦးကွယ့်"
"ဟုတ်ကဲ့ပါ ဆရာကြီး"
"ပျားရည်သည် စိတ်ကိုငြိမ်သက်စေ၏။ ကိုယ်ကိုပေါ့ပါး၏။ အိပ်ရေးကိုဝင်စေ၏။ ကုတ်ဟီးချောင်းဆိုးနာကိုပျောက်စေ၏။ တွေဝေမိန်းမောနေသောရောဂါကို ပျောက်စေ၏။ ဉာဏ်ပညာကိုပွားစေ၏။ ဝမ်းကိုရှင်းစေ၏။
နောက်ပြီးတော့ ဒဗ္ဗဂုဏ်ပကာသနီဆေးကျမ်းထဲက ပျားရည်အကြောင်းကိုလည်း မှတ်ထားဦးကွယ့်"
"ဟုတ်ကဲ့ပါ ဆရာကြီး"
"ပျားရည်မှဖြစ်လာသော သကြားသည်အေး၏။ စဉ်းငယ်ဖန်၏။ အဆီသြဇာမရှိ။ ဝမ်းမီးကိုကောင်းစေ၏။ သလိပ်နာ၊ သည်းခြေနာကိုနိုင်၏။ သွေးအန်နာ၊ အော့အန်နာကိုပျောက်စေ၏"
"ဟုတ်ကဲ့ပါ ဆရာကြီး"
"နောက်ပြီးတော့ ပျားရည်နဲ့မတည့်တဲ့အစားအစာတွေကိုလည်းမှတ်ထားဦးကွယ့် လူလေးရဲ့"
"ဟုတ်ကဲ့ပါ ဆရာကြီး"
"ပျားရည်နဲ့ ပဒုမ္မာကြာရွက်၊ ပျားရည်နဲ့ ဆောင်းမေးခါးရွက်၊ ပျားရည်နဲ့ လူနီတွဲမတိုက်ပါနဲ့၊ ပျားရည်နဲ့ဆင်သမန္ဒယ်ရွက်၊ ပျားရည်နဲ့မိုအမျိုးမျိုး၊ ပျားရည်နဲ့ ပိန်းဥ၊ ပျားရည်နဲ့ တောင်ပိန္နဲသီးအဲဒါတွေက မတည့်ဘူးကွယ့်"
"ဟုတ်ကဲ့ပါ ဆရာကြီး"
"အဲဒါတွေနဲ့ ပျားရည်ကိုတွဲစားမိရင် အော့မယ်အန်မယ်၊ ဝမ်းတွေသိပ်သွားမယ်ကွယ့်။ အခန့်မသင့်ရင်တော့ အသက်ပါ ဆုံးရှုံးနိုင်တယ်ကွယ့်"
စာရေးသူ၏ အဘိုးနှင့်အဘွားတို့သည် ပျားရည်ကိုနေ့စဉ်မှန်မှန်သောက်သုံးကြပါသဖြင့် ကျန်းမာကြ၏။ ရောဂါကင်းကြ၏။ အသက်ရှည်ရှည်နေထိုင်ကြရ၏။
ယခုစာရေးသူ၏ ကျေးဇူးရှင်ဖခင်ကြီးသည်လည်း ပျားရည်ကိုမှန်မှန်သောက်ပါ၏။
ဖခင်ကြီးသည် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရောဂါကင်းရှင်းပြီး အသက် (၁၀၁) နှစ်အထိ နေထိုင်သွားရ၏။
ယင်းကြောင့် စာရေးသူသည် ပျားရည်ကိုစိတ်ဝင်စားလာရ၏။
ဤမျှ တန်ဖိုးရှိလှသော၊ အစွမ်းထက်လှသော ပျားရဲည်အကြောင်းကို ဘက်ပေါင်းစုံမှ လေ့လာပြီး လုပ်သားပြည့်သူများအတွက် အကျိုးရှိစေသော စာပေများရေးသားလျှင်ကောင်းမည်ဟု တင်မြင်လာပါ၏။
ယင်းကြောင့် ရွှေကျင်မြို့ ပြန်ကြားရေးဌာနတွင်ရှိသော ပျားရည်အကြောင်းရေးသားထားသည့်စာအုပ်များကို ရှာဖွေပါတော့၏။
တွေ့ရပါပြီ။
ပျားရည်ကောင်းကြောင်း။
စာရေးသူသည် အငြိမ်းစားကျန်းမာရေးမှူး (H.A) က-မ (၁၀၈၁) ဖြစ်၏။ ယင်းကြောင့် ပျားရည်အကြောင်းကို အရှေ့တိုင်းဆေးပညာရှုထောင့်၊ အနောက်တိုင်းဆေးသိပ္ပံရှုထောင့်တို့မှ ရှာဖွေပြီး ရေးသားသွားပါမည်။ ဆက်လက်ပြီး ဖတ်ရှုကြပါရန် တိုက်တွန်းအပ်ပါသည်။
နောက်ပိုင်းတွင် ပျားရည်ကြောင့် ပျောက်ကင်းရသော ရောဂါကြီးများအကြောင်းကို အံ့သြစွာ တွေ့ရှိ ဖတ်ရှုရပါမည်ဖြစ်ကြောင်းပါ။

သိဒ္ဓိတင်ဂါထာ

- သိဒ္ဓိ ဘဂဝါ အရဟံ
  ဗုဒ္ဓေါ မေ သတ္ထာပါကာရံ
  ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  သိဒ္ဓိ ဘဂဝါ အရဟံ
  မ္မော မေ သတ္ထာပါကာရံ
  ဓမ္မံ သရဏံ ဂစ္ဆာမိ။
  သိဒ္ဓိ ဘဂဝါ အရဟံ
  သံဃော မေ သတ္ထာပါကာရံ
  သံဃာ သရဏံ ဂစ္ဆာမိ။ ။

- ပျားရည်ပုလင်းကို အဖုံးဖွင့်ပြီး လှုပ်ခြစ်လျှင် ငါးပါးသီလခံယူပါ။
  မေတ္တာပို့သပါ။
- ဘုရားကျောင်းဆောင်မှာတင်၍ မြတ်စွာဘုရားကို နံနက်စောစော ပျားရည်ကပ်ပါ။
- အထက်ပါဂါထာကိုရွတ်ဆိုပါ။
- သိဒ္ဓိတင်ပြီးမှ ပျားရည်ကို သုံးဆောင်ပါ။

၄။ သိဒ္ဓိဝင်ပျားရည်ဖြစ်လာခြင်း

စာရေးသူ သိတင်းသုံးသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့မ အောင်စကြာကျောင်းသို့ ဒေးစွန့်ပါတောင်မြတ်မှ ဘုန်းကြီးအိုကြီး တစ်ပါးနှင့် လူငယ်လေးတစ်ဦးတို့ရောက်ရှိလာ၏။
ဘုန်းကြီးအိုကြီးက အသက် (၉၀) ကျော်နေလေပြီ။ အရပ်ကပုပု၊ ဥပဓိရုပ်ကကောင်းကောင်း၊ သွားမကျိုး ဆံမဖြူ၊ ခါးမကိုင်းသေး၊ မျက်မှန်ကတော့တပ်ထားရသည်။
ခရီးသွားတော့လည်း သွက်သွက်

www.burmeseclassic.com

www.burmeseclassic.com

လက်လက် ဖျတ်ဖျတ်လတ်လတ်ပင်။

ဘုန်းကြီးအိုကြီးသည် ဂန္ဓာရီပုဂ္ဂိုလ်ကြီးဖြစ်ဟန်တူ၏။ သူမှာလည်း ပျားရည်ပုလင်းတွေပါလာသည်ကို တွေ့ရှိရ၏။

'အောင်'ပါသောစေတီတော်များတွင် ကိုးရက်ကိုးညတိတိ ပုတီးစိပ်အဓိဋ္ဌာန်လာဝင်ခြင်းဖြစ်၏။

ကိုးညကိုးရက်အဓိဋ္ဌာန်ဝင်ခြင်းကိစ္စပြီးသောအခါ အောင်စကြာဘုရားစေတီ၏ရင်ပြင်ပေါ် တွင်ထိုင်ကြလျက် စကားဝိုင်းလေးဖြစ်သွားပါ၏။

ကောင်းကင်ထက်မှာ လမင်းကြီးက တိမ်စင်ကင်၍ ထွန်းလင်းလျက်။ နွေဦးရာသီ လေပြည်လေညင်းလေးက တဖြူးဖြူး။ ရဲဖန်ရဲခါ ညဉ့်ဒုက်သဲလေးများကိုသာကြားရ၏။ စိုယိပန်းရန့်လေးတွေက လေပြည်မှာတဲသင်းသင်း။

စာရေးသူလည်း အဘိုးနှင့်အဘွား၊ ဖခင်ကြီးတို့ ပျားရည်ကိုသောက်သလို သတိရသည့်အခါ သောက်သုံးပါ၏။

ယခု မျက်မြင်တွေ့နေရသော ဒေးဗွန်ပါတောင်မှ သက်တော်ရွယ် ဘုန်းကြီးအိုကြီးသည်လည်း ပျားရည်ကို ပုံမှန်နေ့စဉ်သောက်နေသည်ကို တွေ့ရှိရသည်။

"အောင်စကြာဆရာတော်လေး လည်း ပျားရည်ကိုသုံးဆောင်ပါသလား" မေး၏။

"မှန်လှပါ၊ တပည့်တော်လည်း ရဲဖန်ရဲခါ ပျားရည်ကိုသုံးဆောင်ပါတယ် ဘုရား"

"ကောင်းတယ် ကောင်းတယ်၊ ပျားရည်က အသက်ရှည်တယ်၊ ကျန်းမာတယ် ဆရာတော်လေးရဲ့"

"မှန်လှပါ ဘုရား"

"ဘုန်းကြီးက ပျားရည်သောက်တာ အနှစ် (၃၀) ရှိပြီ"

"မှန်လှပါ ဘုရား"

"အောင်စကြာဆရာတော်လေးကို ပြောပြရဦးမယ်"

"ပြောပြပါ ဘုရား"

"ပျားရည်ကို ရိုးရိုးမသောက်ဘဲနဲ့ သိဒ္ဓိတင်ပြီးသောက်သုံးရင် ပိုကောင်းပါတယ်"

"ဘုန်းတော်ကြီးဘုရား ပျားရည်ကို ဘယ်လိုသိဒ္ဓိဝင်အောင်လုပ်ရပါမလဲ ဘုရား"

"ဒါကလွယ်ပါတယ် အောင်စကြာဆရာတော်လေးရဲ့"

"အဓိန့်ရှိပါဘုရား"

"ပုလင်းနဲ့ထည့်ထားတဲ့ပျားရည်ပဲဖြစ်ဖြစ်၊ စဉ့်အိုးနဲ့ထည့်ထားတဲ့ပျားရည်ပဲဖြစ်ဖြစ် မသုံးဆောင်မီ မြတ်စွာဘုရားကို ပျားရည်ကိုကပ်လှူရမယ်"

"မှန်လှပါ ဘုရား"

"ပျားရည်ပုလင်းကို အဖုံးဖွင့်ထားပါ။ လူပုဂ္ဂိုလ်ဖြစ်လျှင် ပထမငါးပါးသီလယူပါ။ သတ္တဝါတွေကို မေတ္တာပို့သပါ။ ပြီးတော့မှ သိဒ္ဓိဝင်ဂါထာကို (၃) ခေါက်တိတိ ရွတ်ဖတ်ပူဇော်ပါ"

"သိဒ္ဓိတင်တဲ့ဂါထာကိုလည်းပြောပြပါဦးဘုရား"

ဒေးဗွန်ပါတောင်တော်မှ ဘုန်းကြီးအိုကြီးက ပျားရည်သိဒ္ဓိတင်ဂါထာတော်ကို ဆိုပြပါ၏။

"သိဒ္ဓိ ဘဂဝါ အရဟံ
ဗုဒ္ဓေါ မေ သတ္ထာပါကာရံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သိဒ္ဓိ ဘဂဝါ အရဟံ
ဓမ္မော မေ သတ္ထာပါကာရံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သိဒ္ဓိ ဘဂဝါ အရဟံ
သံဃော မေ သတ္ထာပါကာရံ
သံဃာ သရဏံ ဂစ္ဆာမိ။ ။

အောင်စကြာဆရာတော်လေး ဘုရားမှာ သိဒ္ဓိတင်ပြီးမှသောက်ပါဗျ။ ကျုပ်မှာစွဲကပ်နေတဲ့ အစာအိမ်ရောဂါကြီးက ယူပစ်သလို ပျောက်သွားရပါတယ်ဗျာ"

ဒေးဗွန်ပါတောင်မြတ်မှ ဘုန်းကြီးအိုကြီးက ပျားရည်အကြောင်းကို အားရပါးရ ပြောပြနေပါတော့၏။

"ခေါင်းတွေမူးမယ်ဆိုရင်လည်း ပျားရည်ကို တစ်စက်၊ နှစ်စက် ရေနွေးပွက်ပွက်ဆူတဲ့ခွက်ထဲကိုထည့်ပါ။ ပြီးတော့ မျက်နှာသုတ်ပဝါလေး ခေါင်းမှာခြုံပြီးရှူသွင်းကြည့်ပါဗျ။ ယူပစ်သလို ပျောက်သွားတာကို မျက်မြင်ပဲတွေ့ရမယ်ဗျ"

"မှန်လှပါ ဘုရား"

စာရှုသူများ အထက်ပါဂါထာကို အရကျက်ထားပါ။ မရလျှင်လည်း စာရွက်ကြည့်ပြီး ရွတ်ဖတ်ပါ။

ဒေးဗွန်ပါတောင်မြတ်က ဘုန်းတော်ကြီးအိုကြီး ပြန်ကြွသွားပါတော့၏။

စာရေးသူနှင့် ရင်းနှီးကျွမ်းဝင်လှသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့် ဒါယကာကြီးတစ်ဦးမှာ ခေါင်းမူးသောရောဂါရှိနေသည်မှာကြာလှပါပြီ။

ထိုခေါင်းမူးဝေဒနာစွဲကပ်နေသော ဒါယကာကြီးကို သိဒ္ဓိတင်ပျားရည်ကို လက်တွေ့ရှုခိုင်းကြည့်ရာ (၉) ရက်ခန့်ကြာသောအခါ လုံးဝပျောက်သွားကြောင်း ဒါယကာကြီးက ပြောပြပါ၏။

ခေါင်းမူးရောဂါဝေဒနာ ပျောက်ကင်းသွားရသော ဒါယကာကြီး၏ နှလုံးသည်သည် ညဘက်ကောင်းကောင်း အိပ်မပျော်ပါတဲ့။ မေ့တတ်သည့်ရောဂါ ကလည်းရှိသေးပါတယ်တဲ့။ ထိုဒါယကာကြီး၏နှမ ဒါယိကာမကြီးကို သိဒ္ဓိတင်ပျားရည်ကို သောက်ခိုင်းကြည့်ပါ၏။

ထိုဒါယိကာမကြီးတလည်း ပျားရည်ကို (သိဒ္ဓိဝင်ပျားရည်) ယုံယုံကြည်ကြည်ဖြင့်သောက်သုံးကြည့်ရာ (၃) ရက်ခန့်ကြာသောအခါ အိပ်ရေးလည်းဝအိပ်ရ၏။

မေ့တတ်သောရောဂါသည်လည်း လုံးဝပျောက်ကင်းသွားကြောင်း ပြောပြလာပါတော့၏။

စာရေးသူနှင့် ရင်းနှီးလှသော ရဟန်းတော်လေးတစ်ပါးသည် စာရေးအောင်မြင်ပြီး ကမ္မဋ္ဌာန်းဝိပဿနာဘာဝနာတရားကို အားထုတ်နေပါသည်။

ထိုရဟန်းတော်လေးအား သိဒ္ဓိဝင်ပျားရည် (၃) ပုလင်း လှူဒါန်းလိုက်ပါ၏။

ထိုသိဒ္ဓိဝင်ပျားရည်ကို (၃) ပုလင်းကိုသောက်သုံးပြီးသောအခါ အောက်ပါအတိုင်း ပြောပြလာပါတော့၏။

အိပ်ရေဝအိပ်ရ၏။ ညက်ပညာ အလင်းတွေပိုရလာ၏။ သမထဘာဝနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာတွင် စိတ်တည်ငြိမ်လာ၏။ သမာဓိအားတွေ ကောင်းလာ၏။ စိတ်ထဲမှာအေးငြိမ်းလာပါ၏ဟု ပြောပြလာပါ၏။

ယင်းကြောင့် သူတော်ကောင်းတို့သည်လည်း သိဒ္ဓိဝင်ပျားရည်ကို ပုံမှန်သောက်ကြည့်ကြပါရန် အထူးတိုက်တွန်းလိုက်ရပါတော့သည်။

ပျားရည်သည် ရောဂါအမျိုးမျိုးကို ပပျောက်စေသည်။ ဖြစ်လာရမည့် ရောဂါများကိုလည်း ကြိုတင်ကာကွယ်ပါ၏။

ဤမှတန်ဖိုးကြီးလှသောပျားရည်ကို ပျားတို့မည်သကဲ့သို့ထုတ်လုပ်ရသည်ကို ဆက်လက်ပြီး ရေးသား တင်ပြသွားပါမည်ဖြစ်ကြောင်းပါ။

ပျားများ၏ ဆောင်ရွက်ပုံသည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါဇယားကို ကြည့်ပါ။ လူသည် မိမိ၏ဝိတ်အလေးချိန် (၄၀) ရှိတိုင်း ဦးနှောက်သည် (၁) ဆဖြစ်၏။

သက်ရှိသတ္တဝါများတွင် ဦးနှောက်ကြီးသောလူသည် အသိဉာဏ်ပညာအရာမှာလည်း သတ္တဝါတို့ထက်သာပါ၏။

ပျားတို့သည်လည်း ဦးနှောက်ကြီးပါသည်။ ဉာဏ်ပညာ၊ အသိဉာဏ်ထက်ထက်မြက်မြက်ရှိကြ၏။

ဦးခေါင်းပိုင်းတွင် ပျား၏ပါးစပ်ရှိ၏။ ပါးစပ်မှာ မေးရိုး(၂)ခုပါရှိ၏။ နှုတ်ရိုး (MAYILLA) (၂)ခုရှိ၏။ နှုတ်ရိုးသည် အထက်နှုတ်ခမ်းဖြင့်ဆက်နေ၏။အတွင်း၌ အမြွေးပါးရှိ၏။ ထိုအမြွေးပါးသည် ရသရုံကိုခံစားရ၏။

လုပ်သားပျားများတွင် မေးရိုးပါရှိသဖြင့် ထိုမေးရိုးဖြင့် ပျားကော်များကိုယူ၍ သစ်သားစလေးများ၊ အမျှင်လေးများဖြင့် ဝါရင့်ဗီသုကာများကဲ့သို့ ပျားအုံကို ဆောက်လုပ်ကြ၏။

ပျားအုံများကို(၆)မြောင့်ပုံသဏ္ဌာန် အခန်းလေးများကို အများအပြား ဆောက်လုပ်ကြ၏။

လုပ်သားပျား(ပျားမ)တို့၏ဦးခေါင်းပိုင်းရှိ နှာမောင်း (PROBOSIS) တစ်ချောင်းသည် ပန်းများမှပန်းဝတ်ရည်များကိုစုပ်ယူ၏။

ပျားတို့၏ရင်ခေါင်းပိုင်းနှင့်ဦးခေါင်းပိုင်းသည် ဆက်လျက်ရှိ၏။ ခြေထောက်နှင့်အတောင်များရှိ၏။

(ရွှေလဆက်ရန်)

အောင်ကြီး

အမျှင်သုခမ္မသာရ (ဥပစာ-ဝိဇ္ဇာ)

(အင်ဂြိမ်းစားကျန်းမာရေးမှူး)

ပါကာဗေဒပညာရှင်များ၏ အဆိုအရ ထိုမျက်လုံးကြီး(၂)လုံးဖြင့် ပန်းများကိုရှာဖွေသည်ဟုဆို၏။

လုပ်သားပျားများ၏ အဆိုပါ LENS ပါသောမျက်လုံးကြီး (၂)လုံးသည် ပျားဘုရင်မ၊ ပျားထီးများထက် ပို၍ကြီး၏။

မျက်လုံး (၂) လုံးအပြင် ဦးခေါင်းအထက်တွင် မျက်လုံး (၃) လုံးပါဝင်သေး၏။ ယင်းတို့သည် ဖြိုခုံလောက်ဆိုင်တည် နေကြ၏။

ပျားအုံထဲ၌ ပျားများနေထိုင်နေကြစဉ် ထိုမျက်လုံး(၃)လုံးဖြင့် အနီးကပ်ကြည့်၍ အလုပ်လုပ်ကိုင်ကြ၏။

ယင်းကြောင့် ပျားတစ်ကောင်တွင် မျက်လုံး(၅)လုံးရှိ၏။ မျက်လုံးကြီး (၂)လုံးသည် ပျားအုံထဲမှထွက်၍ စတင်ပျံသန်းချိန်တွင် အလုပ်လုပ်ပါတော့၏။ အဝေးမှာရှိနေသော ဝန်းပေါင်း (၁၀၀၀) ကို ထိုမျက်လုံးကသိရှိနေ၏။ တွေ့ရှိနေ၏။ မြင်တွေ့ရ၏။

လူသားများ မမြင်တွေ့နိုင်သော ခရမ်းလွန်ရောင်ခြည်များကို ပျားများ ကမြင်တွေ့နိုင်၏။

သက်ရှိသတ္တဝါတိုင်းတွင် ဦးနှောက်သည် ခေါင်းပိုင်းမှာပါတတ်သည်။ ထိုဦးနှောက်သည် အလွန်အရေးကြီးပါ၏။

ဦးနှောက် (BRAIN) အလေးချိန်များလျှင်များသလောက် အသိဉာဏ်ပိုင်းက ပို၍ထက်မြက်လု၏။

သတ္တဝါတို့၏ ကိုယ်လုံးနှင့် ဦးနှောက်အရွယ်အစား လေ့လာချက်ကို သိပ္ပံပညာရှင်သုတေသနများက အောက်ပါအတိုင်း တွေ့ရှိပါ၏။

သတ္တဝါများ၏ဦးနှောက်အဆ

သတ္တဝါအမည်	မိမိရှိကိုယ်အလေးချိန်
ဆင်	၁/၅၀၀
သေလင်း	၁/၁၂၀၀
လူ	၁/၄၀
ပျား	၁/၁၇၀
ပုရွက်ဆိတ်	၁/၂၀၀

ပျားတို့နေထိုင်ကျက်စားကြသောအုံတစ်အုံတွင် ပျားကောင်ရေ (၈၀၀၀) မှ (၆၀၀၀၀) အထိရှိ၏။ ဤသောပျားအုံများတွင် ပျားကောင်အများစ်သိန်းအထိရှိ၏။

ပန်းဝတ်ရည်ကိုစုပ်သောပျားများကို HONEY BEEN ဟု ခေါ်ဆိုပါ၏။

ပျားအုံတစ်အုံတွင် ပျား (၃) မျိုးသာ နေထိုင်၏။

၁။ ပျားဘုရင်မ
၂။ ပျားထီး
၃။ လုပ်သားများ (ပျားမ)

တို့ပင် ဖြစ်၏။

ပျားကောင်ရေမည်မျှပင်များများ ပျားအုံတစ်အုံတွင် ပျားဘုရင်မ တစ်ကောင် သာရှိ၏။

ပျားဘုရင်မသည် ကျန်ပျားများထက် အကောင်ကြီး၏။

ပျားထီးမှာ အကောင်ရေတစ်ထောင်၊ နှစ်ထောင်မျှသာရှိ၏။

လုပ်သားပျားများက အကောင်အများဆုံးဖြစ်၏။ လုပ်သားပျားများသည် (ပျားမ) များဖြစ်၏။

ပျားအုံတစ်အုံကို သုတေသနပြုကြည့်ကြရာတွင် အလုပ်ခေတ္တနားချိန် မီးတွင်းကာလတွေ့ရှာသွန်းနေချိန်တို့တွင် ပျားများသည် ပျားဘုရင်မဘေးမှာဝိုင်းလျက်နေထိုင်ကြသည်ကိုတွေ့မြင်ရ၏။

ဘုရင်မကို ပတ်ပတ်လည်ပိုင်းရံကြသည့်သဘောပင်ဖြစ်၏။

ပျားတစ်ကောင်မှာ အပိုင်း (၃) ပိုင်း ရှိ၏။ ဦးခေါင်းပိုင်း၊ ရင်ပိုင်း၊ ဝမ်းဗိုက်ပိုင်းတို့ဖြစ်၏။

ဦးခေါင်းပိုင်းသည် အာရုံကိုခံစားသော အဓိကအပိုင်းဖြစ်သည်။

ဦးခေါင်းပိုင်းတွင် ရိုးရိုးမျက်လုံးပေါင်း၊ ဦးမှတ်၊ အထက်နှုတ်ခမ်း၊ နှုတ်ရိုး၊ နှာမောင်း၊ ရှေ့အတောင်၊ နောက်အတောင်၊ ရှေ့ခြေ၊ အလယ်ခြေ၊ နောက်ခြေတို့ တည်ရှိ၏။

ပျား၏ဦးခေါင်းကို ရှေ့တည့်တည့်ကြည့်ပါက သုံးဖက်ညီတြိဂံဖြစ်နေ၏။ ဦးခေါင်းပိုင်းတွင် ရိုးရိုးမျက်လုံး (၂) လုံးအပြင် ကြီးမားသော မျက်လုံး (၃) လုံးရှိသေး၏။ မျက်လုံးတစ်လုံးတွင် LENS) မျက်ကြည်အကွက်လေးပေါင်း (၅၀၀) ကျော်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘိုးနက်တုတ်ပေးတဲ့ ခွေးကိုက်နာပျောက်ကြောင်းဆေးနည်းကောင်း

စနေထွန်း(မြစ်သား)

ဒီနေ့က အငြိမ်းစားတွေလစာထုတ်တဲ့နေ့ဆိုတော့ ကျွန်တော်မိတ်ဆွေကြီး ဘိုးနက်တုတ်တစ်ယောက် သူ့ရဲ့နို့ဝင်ပုံရေးအငြိမ်းစားပင်စင်ထုတ်ရင်းနဲ့ ကျွန်တော့် အိမ်ကို-လမ်းကြုံလို့ဆိုပြီးဝင်လာတယ်။

ဘိုးနက်တုတ်က ကျွန်တော်နဲ့ မနက်တိုင်း လမ်းလျှောက်ဖက်ဖြစ်တဲ့အပြင် ကျွန်တော် နွားမတွေမွေးစဉ်က ကျွန်တော့်နွားတွေ နေမကောင်းတိုင်း အမြဲတမ်းလာကြည့်ပြီး ဆေးကုပေးနေသူမို့ ကျွန်တော်နဲ့ ဘိုးနက်တုတ်ရဲ့ ဆက်ဆံရေးဟာ ဆွေမျိုးရင်း၊ မိတ်ဆွေရင်းတို့ရှိနေခဲ့ကြတာပါ။

ဒီနယ်တစ်ဝိုက်မှာတော့ ဘိုးနက်တုတ်ကို နွားဆေးကုတဲ့ ဆရာကြီးတစ်ယောက်အနေနဲ့ နွားနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတိုင်းက သိကြသလို လေးစားမှု ရှိသေမှု၊ ကိုင်းရှိုင်းမှုရှိကြတာ အမှန်ပါပဲ။ အထူးသဖြင့် ဘိုးနက်တုတ်အနေနဲ့ နွားဆေးကုတဲ့နေရာမှာ အသပြာမမက်ဘဲ စေတနာသက်သက်နဲ့ကုတဲ့ ဆရာတစ်ယောက်မို့ လူတိုင်းက ဘိုးနက်တုတ်အပေါ် ကြည်ညိုလေးစားကြတာပါ။

ကျွန်တော်နဲ့ ဘိုးနက်တုတ်တို့ နှစ်ယောက် ရေနွေးကြမ်းတစ်ပိုင်းနဲ့ထိုင်ရင်းစကားကောင်းနေကြတုန်း အိမ်ရှေ့လမ်းမဆီက စူးစူးဝါးဝါးနဲ့အော်ငိုလိုက်တဲ့ ကလေးတစ်ယောက်ရဲ့အသံကြောင့် ကျွန်တော်တို့နှစ်ယောက် ပြောလက်စ စကားကို ရုတ်တရက်ရပ်လိုက်ကြရတယ်။

မကြာခင်မှာပဲ ကျွန်တော့်ခွေးမက သူသားအငယ်ကိုလက်ဆွဲပြီး အိမ်ထဲဝင်လာတယ်။ ပြီးတော့ ငိုနေတဲ့သူသားကို ကျွန်တော်တို့ရှေ့အထိခေါ်လာပြီး-

"အဖေ၊ အဖေ့မြေးတော့ ဘုန်းကြီးကျောင်းက သားမွေးနေတဲ့ခွေးမကကိုက်လွှတ်လိုက်တယ်ကြည့်ပါဦး။ သွေးတွေလည်းအိုင်ထွန်းနေတာပဲ"

လို့ ပြောတယ်။

ခွေးမရဲ့စကားကြောင့် ကျွန်တော်လည်း ထိုင်ရာက အပြေးအလွှားထပြီး မြေးရှိရာကိုသွားလိုက်တယ်။ ဟုတ်တာပေါ့။ ဒဏ်ရာက ကလေးအရွယ်နဲ့တော့ဝင်မလိုက်ဘူး။ ခွေးက ကလေးရဲ့ခြေသလုံးကို အားရပါးရကိုင်ခဲပြီးကိုက်ဆွဲလိုက်ဟန်တူပါတယ်။ သွားပေါက်ရာသုံး၊ လေးခုမှာ အသားတစ်က ရွေ့ထွက်တဲ့အထိကို ဖြစ်နေတာဆိုတော့ ကလေးခမျာ တော်တော်လေး ဆိုးဆိုးဝါးဝါးကြီးကို နာလွန်းမကနာသွားပုံရပါတယ်။

ကျွန်တော်က ခွေးမကိုလှမ်းကြည့်ပြီး -

"ကလေးဒဏ်ရာကသွေးတွေကို ရေနဲ့စင်အောင်ဆေးပေးလိုက်၊ ပြီးရင် ဒေါက်ကြီးအိမ်ခေါ်သွားပြီး ဆေးထိုးပေးလိုက်"

လို့ ညွှန်ကြားလိုက်တော့ ခွေးမက -

"အဖေ၊ ဒေါက်ကြီးတို့တစ်အိမ်လုံး ဘုရားဖူးသွားကြတာ တစ်ပတ်လောက်ကြာမယ်လို့ပြောတယ်။ မြို့ထဲကဆေးခန်းတွေကလည်း ညနေမှဖွင့်မှာဆိုတော့ ဆေးရုံကြီးသွားပြရင်ကောင်းမလားဘဲ"

ကျွန်တော့်အနေနဲ့ ကိုက်တဲ့ခွေးက ခွေးရူးလား၊ ခွေးကောင်းလားဆိုတာ သိပြီးမှ ဆေးရုံကြီးကိုသွားလို့ကောင်းမှာဆိုတော့ ကျွန်တော့်ခွေးမကိုပဲ ခွေးရဲ့အနေအထားကို မေးကြည့်လိုက်တာမှာ-

"ခွေးမကတော့ မရူးပါဘူး၊ ခွေးကောင်းပါ။ အဖေ့မြေးက ခွေးမမွေးထားတဲ့ခွေးလေးတွေကိုသွားကိုင်လို့ ခွေးမက သူကလေးဇောနဲ့ကိုက်လိုက်တာပါ"

လို့ ပြောတာနဲ့ ကျွန်တော်လည်း စိတ်အေးသွားတယ်။

"ဩော် - သားအချစ်၊မြေးအနှစ်" လို့ ဆိုထားတာကိုး။

ကျွန်တော်နဲ့ ကျွန်တော့်ခွေးမတို့ နှစ်ယောက်သား ခွေးကိုက်ခံရတဲ့ကလေးအတွက် ဗျာများနေခဲ့ကြမှာ ရေနွေးကြမ်းဝိုင်းမှာထိုင်နေတဲ့ ဘိုးနက်တုတ်က--

"ကဲပါဗျာ၊ ကလေးခွေးကိုက်တာ ဆရာဝန်မရှိတာနဲ့ စိတ်ပူမနေစမ်းပါနဲ့၊ ခင်ဗျားမြေး ခွေးကိုက်တဲ့ဒဏ်ရာတွင် ကျပ်ပျောက်အောင်ကုပေးခဲ့ပါမယ်"

လို့ ပြောလိုက်တော့ ကျွန်တော့်အနေနဲ့ ဘိုးနက်တုတ်စကားကို အထူးအဆန်းအနေနဲ့ ကြားလိုက်ရသလိုဖြစ်သွားပြီး ဘိုးနက်တုတ်မျက်နှာကို အံ့သြစွာနဲ့ လှမ်းကြည့်လိုက်တယ်။ ဟုတ်တယ်လေ။ ဘိုးနက်တုတ်ဆိုတာက နွားဆေးကုတာပဲသိတာ။ လူဆေးကုတယ်လို့ တစ်ခါမှမကြားဘူးခဲ့ဘဲကိုး။ ဒီတော့ ဘိုးနက်တုတ်စကားက ကျွန်တော့်အတွက် အထူးအဆန်းဖြစ်သွားတာပေါ့။ ဘိုးနက်တုတ်ကလည်း လူအရိုးအကဲကို သိတတ်မြင်တတ်သူဖြစ်လေတော့ ကျွန်တော့်အနေအထားကိုကြည့်ပြီး -

"ဘာလဲ၊ ခင်ဗျားက ကျပ်ပြောတာမယုံဘူးလား။ ကျပ်က ဆေးကုတဲ့ဆေးဆရာဆိုပေမယ့် လက်ထဲမှာဆေးမပါလို့ ခင်ဗျားအနေနဲ့ အထင်သေးနေရတယ်။ ကျပ်က နွားဆေးကုတာတင် မဟုတ်ဘူး။ ကြဲလို့ဆုံလို့ လူနာတွေ့ရင်လည်း အဲ-လူနာဆိုပေမယ့် လူနာတိုင်းတော့မဟုတ်ဘူးပေါ့။ ကျပ်ကုလို့ရနိုင်မယ့် လူနာတွေ့ရင်တော့ ဘာရယ်မဟုတ်ဘူး၊ ဇီဝိတဒါနပေါ့ဗျာ။ အသက်တစ်ချောင်းကိုကယ်တဲ့သဘောနဲ့ကုပေးနေကျပါ။ ခင်ဗျားမြေးလို ခွေးကိုက်ဒဏ်ရာလောက်ကတော့ အသာနဲ့

www.burmeseclassic.com

www.burmeseclassic.com

အလေးကြီးပဲဟာ။ အရေးကြီးတာက ဘဝသူမဟုတ်ဘဲ ခွေးကောင်းဆိုတာ သေချာရင် ကျုပ်က အာမခံပေးပြီးကို ရပါတယ်ဗျာ"

ဘိုးနက်တုတ်တစ်ယောက် စကား ကို မနားတမ်းပြောလိုက်ရလို့ထင်သည်၊ အနည်းငယ်မောသွားဟန်နှင့် ရေနွေး ကြမ်းတစ်ပန်းကန်ကိုထည့်ယူပြီး ကျိုက် အနေအောင် မော့သောက်နေတော့ သည်။ ဘိုးနက်တုတ်နဲ့ ကျွန်တော်က သူရင်းဆိုသော်လည်း ဘိုးနက်တုတ် အနေနဲ့ ပြောစရာရှိရင်တော့ စကားကို ဆပြတ်ပြတ်ပြောတတ်သူမှန်းတော့ ကျွန်တော် သိပြီးဖြစ်ပါတယ်။ ကျွန်ုပ် အမူအရာနဲ့ဟန်ပန်က ဘိုးနက်တုတ်ရဲ့ ဆိုရင်းစေတနာအပေါ် မလေးစား သလိုဖြစ်သွားမှာစိုးပြီး ပျာပျာသလဲပြော ဆိုတောင်းပန်လိုက်ရပါတယ်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့် အနေနဲ့ ဘိုးနက်တုတ်ကို နွားဆေးကုတဲ့ ဆရာတစ်ယောက်အနေနဲ့ပဲ သိတာလေ ဗျာ။ ဘိုးနက်တုတ်အနေနဲ့ လူဆေးကု သည်လို့ တစ်ခါမှစကားစပ်ပြီးမပြောဘူး ဆော့ ကျွန်တော်လည်း အထူးအဆန်း ဖြစ်သွားတာပေါ့ဗျ။ ကဲပါဗျာ၊ ပြောနေ ကြာပါတယ်။ ဆရာဝန်လည်းမရှိဘူးဆို တော့ ဘိုးနက်တုတ်ပဲ ကျုပ်မြေးရဲ့ ခွေးကိုက်နာကို စိတ်တိုင်းကျသာကုပေး ဆော့ဗျာ"

ဒီတော့မှ ဘိုးနက်တုတ်လည်း ပြုံးပြုံးရယ်ရယ်နဲ့ ခုံတန်းလျားပေါ် ကနေ သာပြီး ကျွန်တော့်မြေးရဲ့ခြေထောက် က ဒဏ်ရာကို သေသေချာချာကြည့်ရင်း ကျွန်တော့်ခွေးမကို -

"သွား၊ မီးဖိုထဲက မီးကျီးခဲရဲရဲ အုံးတစ်တုံးကို မီးညှပ်နဲ့ညှပ်ပြီးသွားယူ မီးကျီခဲမရရင် မီးရဲနေတဲ့ထင်းမီးစ တစ်ချောင်းကိုယူလာခဲ့"

လို့ ပြောပါတယ်။

ခွေးမကလည်း ဘိုးနက်တုတ်ခိုင်း တဲ့အတိုင်းပဲ မီးဖိုထဲကမီးကျီခဲတုံးကြီးကြီး ကို မီးညှပ်နဲ့ညှပ်ယူလာပြီး ဘိုးနက်တုတ် ကိုပေးလိုက်တာမှာ ဘိုးနက်တုတ်က သူလက်ထဲ မီးကျီးခဲရောက်တာနဲ့ ရေဘုံ ဘင်ရှိရာစည်ပိုင်းထဲကရေကို ချိုးရေခွက် နဲ့ တစ်ခွက်ခပ်ခဲ့ဖို့ပြောတာနဲ့ ခွေးမက သည်း ရေတစ်ခွက်ခပ်ပြီးပေးလိုက်ပြန် ပါတယ်။ ဘိုးနက်တုတ်ကတော့ သူလက် ထဲမှာ သူလိုချင်တဲ့မီးကျီးခဲနဲ့ ရေတစ်ခွက် ရောက်တာနဲ့ သူလုပ်ငန်းကိုစပါတော့ တယ်။

ပထမဦးဆုံး ကလေးရဲ့ခြေချင်း ဝတ်ကနေ မြဲမြဲဆုပ်ကိုင်ထားဖို့ပြောတာ နဲ့ ကျွန်တော်လည်း ကလေးရဲ့ခြေ ထောက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင် ထားလိုက်တယ်။ ဘိုးနက်တုတ်က ကလေးရဲ့ခြေထောက် ခွေးကိုက်ထားတဲ့ ဒဏ်ရာရဲ့အထက်နားကနေ နီရဲနေတဲ့ မီးကျီးခဲကို ညှပ်ထားတဲ့မီးညှပ်ကို ထိလု ထိခင်ကပ်ထားပါတယ်။ ပြီးတာနဲ့တစ် ပြိုင်နက် ရုတ်တရက်ဆိုသလိုပါပဲ လက် တစ်ဖက်နဲ့ကိုင်ထားတဲ့ ရေဖလားထဲက ရေကို မီးကျီးခဲရဲရဲအပေါ် လောင်းချ လိုက်တယ်။

မီးကျီးခဲနဲ့ ရေနဲ့ထိသံကြောင့် ရှဲ ခနဲမြည်လာတဲ့အသံနဲ့အတူ -

"အမလေး ပူတယ်ဗျ၊ ပူတယ် ပူတယ်"

ဆိုပြီး ထွန့်ထွန့်လူးအော်ငိုလိုက် တဲ့ ကလေးရဲ့အသံက ဘဝဂ်ထိအောင် ပဲ ဆူညံသွားရောလားမသိဘူး၊ ဘေးနား ကအိမ်မှာရှိတဲ့ အိမ်နီးချင်းတွေတောင်မှ ကလေးအော်သံကြောင့် လန့်ဖျပ်သွား ကြတယ်။ ဘိုးနက်တုတ်ကတော့ သူ အလုပ်ပြီးသွားဟန်နဲ့ လက်ထဲကပစ္စည်း တွေကို အောက်ချထားလိုက်ပြီး -

"မီးပဲပူမှာပေါ့ကွ၊ ယောကျ်ားပဲ ဒီလောက်တော့တောင့်ခံဦးမှပေါ့"

ကလေးကိုပြောရင်း ပြုံးပြုံးကြီး လုပ်နေတယ်။ ပြီးတော့ ကျွန်တော့် ဘက်လှည့်ပြီး -

"ခင်ဗျားရဲ့မြေး ခွေးကိုက်တဲ့ဒဏ် ရာဟာ ဒီနေ့ကစပြီး သက်သာပြီလို့မှတ် လိုက်တော့။ အရေးကြီးတာ ဒီ(၁)ရက်၊ (၂) ရက်နဲ့ (၃) ရက်အတွင်းမှာ ကလေး ရဲ့ခြေထောက်ကဒဏ်ရာကို ထိလည်း မထိနဲ့၊ ဖိလည်းမဖိနဲ့။ သူဟာသူဒီအတိုင်း ပဲနေပါစေ။ အချိန်ကျရင် အနာက သူ အလိုလိုပျောက်သွားလိမ့်မယ်။ ကဲ-ကျုပ် လည်းပြန်ဦးမယ်ဗျာ"

ပြောရင်းဆိုရင်း သူဆောင်းနေကျ အဝတ်ဦးထုပ်ကိုဆောင်းပြီး ကျွန်တော့် အိမ်ကနေပြန်သွားပါတော့တယ်။

ကျွန်တော်လည်း ဘိုးနက်တုတ် မှာကြားခဲ့တဲ့အတိုင်း ကလေးရဲ့ဒဏ်ရာ ကို မထိဖို့၊ လက်နဲ့မဖိဖို့ အိမ်သားတွေကို ထပ်ဆင့်မှာကြားထားလိုက်တယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်ဆိုတဲ့ အချိန်ကာလက ဘာကြာတာမှတ်လို့ ဒါပေမယ့် ဒီရက်ပိုင်းလေးအတွင်းမှာပဲ ကလေးရဲ့အနာက ခြောက်စပြုနေတာ ကို ကျွန်တော်သတိထားလိုက်မိတယ်။ မကြာပါဘူး၊ တစ်ပတ်အတွင်းမှာ ကျွန်တော့်မြေးဟာ သူနဂိုပုံမှန်အတိုင်း ပြေးလွှားဆော့ကစားနိုင်သွားပါပြီ။

တွေးကြည့်ရင်တော့ အံ့သြစရာ ကောင်းလှပါတယ်။ သွားပေါက်ရာတွေ အထင်းသားနဲ့ အသားတစ်ထွက်အောင် ကိုက်ခံထားရတဲ့ ခွေးကိုက်ရာကို မီးဖိုထဲ က မီးကျီခဲပေါ်ကနေ ရေလောင်းချတာ နဲ့တင် မျက်စိရှေ့မှောက်မှာ အနာက ရက်ပိုင်းအတွင်းပျောက်သွားတာဆိုတော့ ဘာပဲပြောပြော ဘိုးနက်တုတ်ရဲ့ ဆေး ကုပုံကို ကျွန်တော့်အနေနဲ့ အထင်မကြီး ဘဲမနေနိုင်တာအမှန်ပါဘဲ။

ဆေးရုံမှာဆိုရင် ကျွန်တော့်မြေးရဲ့ ခွေးကိုက်နာက မပျောက်မချင်းဆေးထိုး ပေးရမယ့် အနေအထားမျိုးပါ။ ဒီကြား ထဲ အနာမရင်းအောင် အညှော်ရှောင်ရ၊ အစားရှောင်ရနဲ့ ဘေးလူတွေကပါ ကလေးရဲ့ဒုက္ခကို မျှဝေခံစားရဦးမှာပါ။ ခုတော့ ဘိုးနက်တုတ်ရဲ့ ဆေးမြီးတိုနည်း က ဒီဒုက္ခတွေနဲ့ ကင်းဝေးစေခဲ့တာအမှန် ပါပဲ။

ကျွန်တော်တို့ရဲ့ မြန်မာ့ဆေးမြီးတို နည်းဟာ သိပ်မျက်စိနှံ့ကြည့်ရင်တော့ ဘာတစ်ခုမှအထင်ကြီးစရာမရှိတာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဒီနေ့အထိတော့ သူ့အရင်နဲ့သူ့ဇာတ်ဆိုသလိုပါပဲ အားလုံး ဟာ အဆင်ပြေ ချောမွေ့နေတာမို့ ကျွန်တော်တို့ရဲ့ မြန်မာမှုနယ်ပယ်မှာ ဆေးမြီးတိုဆိုတာရှိနေဦးမှာအသေအချာ ပါပဲ။

အခုလည်း ကျွန်တော့်ကိုယ်တွေ့ ဘိုးနက်တွင်းရဲ့ ခွေးကိုက်နာကုသတဲ့ ဆေးမြီးတိုနည်းလေးကို သူရင့်မှင့်ဇင်းကြီး ရဲ့ တိုင်းရင်းဆေးကဏ္ဍမှာ တစ်ထောင့် တစ်နေရာအဖြစ်နဲ့ရောက်အောင် ရေးပို့ လိုက်ပါပြီ။ တိုက်ဆိုင်သူများအနေနဲ့ ကြုံကြိုက်တဲ့အခါ လက်တွေ့အသုံးချ ခြင်းဖြင့် စိတ်ချမ်းသာမှုကို ခံစားရရှိနိုင် လိမ့်မယ်လို့မျှော်လင့်ပါကြောင်း သတင်း ကောင်းပါးရင်း ဘိုးနက်တုတ်ပေးတဲ့ ဆေးနည်းအကြောင်း ဤဆောင်းပါးကို ဒီမှာတင်ပဲ နိဂုံးကမ္ပတ် အသုံးသတ်လိုက် ရကြောင်းပါ။

လက်ချည်းဗလာ၊ ဆေးမပါဘဲ၊ အသပြာမမက်၊ ဆေးစွမ်းထက်သည့်၊ ဆေးဆရာကြီး ဘိုးနက်တုတ်အား ဤစာစုဖြင့် ဂါရဝပြုအပ်ပါသည်။

ဥပဒ်ရန်ဘေးကင်းစင်စေး
ဇွဲမ်းအေးကြပါစေ

စနေထွန်း(မြစ်သား)

www.burmeseclassic.com

www.burmeseclassic.com

❑ ရိုင်းစိုင်းတဲ့ငလိုက်ချောင်း

'လူမိုက်ကြီးသုံးယောက်' ဆိုတဲ့ အသုံး ကို နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ် 'အင်ကြင်းပန်းစာပေ' က ဦးမွတ်တားက ကျွန်တော်ရယ်၊ သူရယ်၊ ကိုတင်ထွန်းရယ် အဲဒီ (၃) ယောက်ကို ညွှန်းဆိုတဲ့စကားပါ။ အဲဒီစကားစုရဲ့ နိဒါန်းကို ငလိုက်ချောင်းက စပြီး နိဒါန်း ချီပါရစေ။ ဘာလို့လဲဆိုတော့ အကြောင်း အကျိုးဆက်နွယ်မှုရှိနေလို့ပါ။

စစ်တောင်းမြစ်၊ ပေါင်းလောင်းမြစ် တို့ရဲ့အဖျားမှာ ချောင်းတွေရှိတဲ့အနက် အနောက်ရိုးမကနေ အရှေ့ကိုစီးဆင်းတဲ့ ငလိုက်ချောင်းလည်း အပါအဝင်ဖြစ်ပါ တယ်။ ငလိုက်ချောင်းဟာ ပေါင်းလောင်း မြစ်ကနေငါးတွေလိုက်တဲ့အတွက် ငါးလိုက် ချောင်းကနေ အလွယ် ငလိုက်ချောင်းလို့ ခေါ်တဲ့ချောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် ချောင်းဟာ ကျွန်တော်တို့အိမ်နဲ့သိပ်မဝေးကြောင့် မိုးရာသီဆိုရင် လှိုင်းအော်သံ သစ်တွေမျောတာကြောင့် သစ်လုံးဆောင့်မိသံ၊ တတုံတုံတတိန်တိန်သံတွေ၊ လူတွေ ကမ်းစပ်ကနေပြီး ခဲတဲ့အသြ ပြောဆိုအော်ဟစ်သံတွေ ကြားနေကျပါ။

ချောင်းရေနဲ့အတူ မျောပါလာတဲ့ ကျွန်းသိပ်ကလေးတွေလည်း ကြာကြာ မြင်ဆိုတာလို ကျွန်တော်တို့အိမ်ဘက် ဦးတွေ့ရွေ့နဲ့ရောက်လာတတ်ပါတယ်။ သစ်ပါတစ်ရံ စပါးကြီးမွေကြီးတွေလည်း ရေမျောကမ်းတင်ရောက်လာတတ်ပါသေး။

တောင်ကျချောင်းဖြစ်တဲ့ ငလိုက်ချောင်းဟာ အနောက်ရိုးမကနေ သစ်ဝါးတွေ ကမ်းပါးပြိုကျမှုကြောင့် သစ်ပင်အပင်လိုက်တွေ၊ ထင်းခြောက်တွေ အကောင်မျိုးစုံတွေ၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်တွေ စုံစုံလင်လင်သယ်ဆောင်လာလေ့ရှိပါတယ်။

ဒီလောက် ရေစီးကြမ်းပြီး မာန်ဟုန်ပြင်းနေတဲ့ချောင်းမှာ ဘယ်သူမှအဲဒီအရာတွေကိုမဆယ်ရဲပါဘူး။ အံ့သြခြင်းကြီးစွာနဲ့ လိုက်ကြည့်နေရုံမှလွဲပြီး ဘာမှမတတ်နိုင်ကြပါဘူး။ ရေကျပြီးငြိမ်သွားမှသာ ထင်းဆယ်သူတွေဆယ်နိုင်ကြပါတယ်။ ကြောက်စရာအကောင်းဆုံးက သစ်လုံးတွေပါ။ ဒီချောင်းဟာ မိုးရေအားကိုးနဲ့ သစ်မျောတာကြောင့် ရေကြီးတာနဲ့ သစ်တွေဖွေးနေအောင်ပါလာတတ်တယ်။ ဒီချောင်းထဲဆင်းလို့ကတော့ ရေကူးဘယ်လောက်ကျွမ်းပါစေ သစ်ညှပ်တာနဲ့ သေနိုင်တဲ့အခြေအနေပါ။

လှိုင်းတွေမပြတ်အော်နေပြီဆိုလို့ကတော့ အဲဒီလှိုင်းအော်သံဟာ အမင်္ဂလာလှိုင်းအော်သံပါ။ လှိုင်းအော်သံတွေဟာ မနားတမ်းမြည်နေတယ်ဆိုရင်တော့ လူတိုင်းက 'ဒီချောင်းလူစားတော့မယ်' ဆိုတာ သိပြီးသားပါ။ လှိုင်းအော်သံငြိမ်သွားတာနဲ့ တစ်ပြိုင်နက် သတင်းစကားကြားရပါပြီ။ ဘယ်ရွာကဘယ်သူချောင်းထဲပါသွားတာ အလောင်းတောင်ရှာလို့ မရသေးဘူးဆိုတဲ့သတင်းပါပဲ။ ဒါက နှစ်စဉ်ကြားနေကျသတင်းပါ။

အနောက်ရိုးမမှာ မိုးညှိနေရင် အထူးသတိထားရလေ့ရှိပါတယ်။ချောင်းကူးနေရင် အမြန်ကူးကြရတယ်။ တောင်ကျချောင်းဖြစ်တဲ့အတွက် ရေစီးမြန်ပါတယ်။ ခဏနဲ့ ရေတွေရောက်လာတတ်ပါတယ်။ လူတွေကလည်း ချောင်းရဲ့ အထာကိုသိနေကြပါတယ်။

ငလိုက်ချောင်းဟာ လူစားနှုန်းကြမ်းပါတယ်။ တစ်နှစ်ကို ဘယ်နှယောက်စားတယ်ဆိုတာ အတိအကျမသိရပါဘူး။ ၁၉၇၄ ခုနှစ်ဝန်းကျင်က ပျဉ်းမနားမြို့ရဲ့ ငလိုက်ချောင်း ကားကူးတံတားကြီးရဲ့ ဘယ်၊ ညာ လူကူးတံတားပေါ်မှာ ကမ်းပြည့်ကမ်းလျှံလာနေတဲ့ ချောင်းရေကို မြို့ပေါ်ကလူတွေ အထူးအဆန်းလုပ်ပြီး ကြည့်နေကြပါတယ်။ တံတားအပြည့် တိုးဝှေ့ပြီးကြည့်ကြတာပါ။ လူဦးရေ အနည်းဆုံး နှစ်ရာကျော်ရှိမယ်ထင်ပါရဲ့။

ကားလမ်းတံတားမကြီးရဲ့ဝဲယာမှာ လုပ်ထားတဲ့ လူကူးတံတားဟာ များလှတဲ့ လူတွေရဲ့အလေးချိန်ကို ခံနိုင်စွမ်းမရှိတော့ဘဲ အရှေ့ဘက်ခြမ်းက လူကူးတံတားဟာ အောက်ကိုငိုက်သွားပါတယ်။ ကြည့်နေကြတဲ့လူတွေကို သွန်ချလိုက်သလိုဖြစ်ပြီး အကုန်လုံးဝရုန်းသုန်းကားနဲ့ ရေထဲကျကုန်တော့တာပါပဲ။ လူအရေအတွက် အနည်းဆုံး ရာချီပြီး ချောင်းထဲမျောပါကုန်ကြပါတော့တယ်။ မျောပါသူတွေထဲက အနည်းငယ်သာ ကမ်းဘက်ရောက်ပြီးအသက်ရှင်ပါတယ်။ ငလိုက်ချောင်းဟာ သမိုင်းတွင်လောက်အောင် အချိုကြီးစားလိုက်တဲ့နှစ်ပါပဲ။ လူပေါင်းများစွာရဲ့ဇီဝိန်ကို နုတ်ခြွေခဲ့ပါတယ်။ အလွန်ကြောက်ဖွယ်အဖြစ်ဆိုးကြီးပါ။ အဲဒီနေ့ဟာ ဝတ်အသင်းတွေအလှည့်ကျတဲ့ အဖိတ်နေ့ပါ။ ဒါက သတင်းတွေမှာဖတ်လိုက်ရတာပါ။

ကျွန်တော်တို့ ပြန်ကပြေးရွာကြီးရဲ့ အနောက်ပိုင်းရပ်ကွက်တွေဖြစ်တဲ့ ညောင်ပင်ပိုင်း၊ ပြန်ကပြေးလေး၊ မဒေါ်

www.burmeseclassic.com

www.burmeseclassic.com

ပင်၊ ပုံးသည်တိုက်ရပ်ကွက်တွေကိုလည်း ဝါးမျိုမစ်ခဲ့တဲ့အပြင် အဲဒီရပ်ကွက်တွေရဲ့ အလယ်မှာ ဖောက်ထားတဲ့ ပျဉ်းမနား-တောင်ညိုသွား ကားလမ်းမကြီးပါ ဝါးမျိုသွားတာကြောင့် လမ်းသစ်ကို ပြန်ကပြေးရွာဦးကနေ သာယာကုန်းရွာအထိကွေ့ပတ်ပြီးဖောက်ခဲ့ရပါတယ်။ အခုလက်ရှိ လမ်းမကြီးဟာ နောက်ဖောက်တဲ့လမ်းပါ။ မူရင်းလမ်းက ချောင်းစားသွားပါပြီ။

ရပ်ကွက်တွေ ချောင်းကမ်းပါးပြိုပြီး ရေထဲပါကုန်တော့ လူတွေ လက်ရှိကနေ လက်မဲ့ဖြစ်ကုန်ရတာ အများအပြားပါပဲ။ ဒီချောင်းဟာ အတော်ဒုက္ခပေးခဲ့တဲ့ချောင်းပါ။ သို့သော်လည်း ရွာနဲ့ချောင်းဆိုတာခွဲမရပါဘူး။

ငလိုက်ချောင်းဆိုတာဟာ အဲဒီလို အမည်ဆိုးတွေနဲ့ ကျော်ကြားခဲ့တာပါ။ အဲဒါကြောင့် လူတွေကျိန်ဆဲခံရတာ အခါခါပါပဲ။ စေးနှေးဆိုတာ ငါးရက်တစ်စေး ပြန်ကပြေးမှာခင်းတာ။ ချောင်းရေကြီးနေလို့ကတော့ ညောင်ပင်ကြီးစု၊ ဆိတ်နံတုန်း စတဲ့ ရွာကလူတွေ စေးမလိုက်ရတော့ဘူး။ ပြီးတော့ ပြန်ကပြေးအလယ်တန်းကျောင်းမှာလာတက်ရတဲ့ ဆိတ်နံတုန်း၊ ညောင်ပင်ကြီးစုက ကျောင်းသားတွေ ကျောင်းမတက်ရတော့ဘူး။ လူမှုကိစ္စအဝဝတွေလည်းမလာနိုင်ကြတော့ပါဘူး။

ချောင်းရေနည်းနေချိန်ဆိုရင်တော့ တစ်မိုးလုံး ဟိုဘက်ကမ်းဒီဘက်ကမ်း ဖောင်သမားတွေက အခကြေးငွေနဲ့ ဖောင်နဲ့ပို့ပေးတယ်။ ရေကြီးလာပြီဆိုတာနဲ့ သူတို့ဖောင်တွေ မျောပါမသွားအောင် ကမ်းပါးနဲ့ ခပ်လှမ်းလှမ်းမှာ ငုတ်ရိုက်ပြီး ကြိုးနဲ့ချည်ထားရတာပါပဲ။

ငလိုက်ချောင်းကို လူတွေအမြင်ကတ်ကြပေမယ့် ဖောင်သမားတွေကတော့ တစ်မိုးလုံးသူတို့ခွင့်မို့ ငလိုက်ကို ချစ်ကြမှာပါ။ ရေကျွမ်းတော့ ထင်းဆယ်ပြီး ရောင်းရတာကလည်း နေ့တွက်ကိုက်လှပါတယ်။ လူများစုအတွက် ဒုက္ခပေးပေမယ့် လူနည်းစုအတွက်တော့ သုခလို့ဆိုရမှာပါ။ ချောင်းကိုအမှီပြုသူတွေအတွက်တော့ ငလိုက်ချောင်းဟာ သူတို့ရဲ့ ကျေးဇူးရှင် ထမင်းရှင်လို့ ဆိုရမှာပါပဲ။

□ ဝါတွင်းကာလ ဆွမ်းလောင်းပွဲ

ရှေးအခါက ကျွန်တော်တို့ရွာတွေဟာ ပျဉ်းမနားမြို့နယ်မှာ အကျုံးဝင်ကြပါတယ်။ ပြန်ကပြေးက ငလိုက်ချောင်းရဲ့ တောင်ဘက်ကမ်းမှာ ကပ်လျက်တည်ရှိသလို ဆိတ်နံတုန်းကလည်း ငလိုက်ချောင်းရဲ့ မြောက်ဘက်ကမ်းမှာ တည်ရှိပါတယ်။ အလွန်ကြီးတဲ့ရွာကြီးတစ်ရွာကို ငလိုက်ချောင်းက နှစ်ခြမ်းခွဲထားတဲ့ပုံစံပါ။ သို့သော်လည်း ပြန်ကပြေးရွာက ဆိတ်နံတုန်းထက် ပိုပြီးကြီးပါတယ်။ ပျဉ်းမနား - တောင်ညိုသွားကားလမ်းရှိတော့ အချက်အချာလည်းပိုကျပါတယ်။ အဲဒါကြောင့် ရေးမြန်မာဘုရင်တွေ လက်ထက်နဲ့ အင်္ဂလိပ်ဦးပိုင်းလက်ထက်မှာ စေးဟာ ဆိတ်နံတုန်းမှာရှိပေမယ့် အချက်အချာကျတဲ့ ပြန်ကပြေးကိုရွှေ့ခဲ့ခြင်းပါ။ ခုထိ ဆိတ်နံတုန်းစေးလို့ခေါ်ဆဲပါ။

ပြန်ကပြေးစေးကို အင်္ဂလိပ်လက်ထက်မှာ သာယာကုန်းရွာရဲ့ ဖိတ်ဖိတ်ရောင်စေတီတော်ကြီးကို ပြန်လည်မွမ်းမံလှူဒါန်းခဲ့တဲ့ ဘုရားဒါယကာ ဦးငြိမ်း၊ ဒေါ်မမကြီးတို့က တည်ဆောက်လှူဒါန်းခဲ့တာပါ။ မြေကွက်ရော စေးအဆောက်အအုံတွေပါ (၁၃၅)ကျပ်ကုန်ကျကြောင်း ဦးမွတ်တား ပြောပြလို့သိရပါတယ်။ ဦးငြိမ်း၊ ဒေါ်မမကြီးတို့ဟာ ဦးမွတ်တားတို့ရဲ့ ဘေးတော်ကြောင်း သိရပါတယ်။ မှန်ကျောင်းရဲ့အရှေ့တောင်ထောင့်မှာရှိနေတဲ့ ဆွေတော်မျိုးတော်သချိုင်းဟာ ဦးငြိမ်း၊ ဒေါ်မမကြီး အစရှိတဲ့ ဘုရားဒါယကာ၊ ကျောင်းဒါယိကာမများဖြစ်ကြတဲ့ ဦးမွတ်တားတို့အုပ်စုရဲ့ ဆွေတော်မျိုးတော်သချိုင်းပါပဲ။ အဲဒီသချိုင်းထဲမှာ ဦးမွတ်တားရဲ့မိဘတွေ၊ ဦးမွတ်တားတို့ရဲ့ ဆွေစဉ်မျိုးဆက်တွေ၊ ဦးမွတ်တားရဲ့ ဇနီးစသည်ဖြင့် မြုပ်နှံထားပါတယ်။

ပြန်ကပြေးမှာ ဘုန်းတော်ကြီးကျောင်း (၇) ကျောင်းရှိသလို ဆိတ်နံတုန်းမှာလည်း (၅) ကျောင်းရှိပါတယ်။ အဲဒီရွာခံကျောင်းတွေနဲ့အတူ တောင်ဘက်ကမ်းလို့ခေါ်တဲ့ ပြန်ကပြေးရွာပတ်လည်ရှိ ဂုံမင်းအင်း၊ တောက်ထိန်၊ လက်ပံခါးလှ၊ ရွားတော၊ တဲကြီးကုန်း၊ သာယာကုန်း စတဲ့ ရွာတွေရှိ ဘုန်းတော်ကြီးကျောင်းက ရဟန်းသာမဏေတွေရယ် မြောက်ဘက်ကမ်းလို့ခေါ်တဲ့ဆိတ်နံတုန်း ဝန်းကျင်က ရွာသစ်၊ ကံလှ၊ ဝေလံကုန်း၊ မြောက်သပြေကုန်း အစရှိတဲ့ရွာတွေရှိ ဘုန်းတော်ကြီးကျောင်းက ရဟန်းသာမဏေတွေရယ် စုစုပေါင်း(၃၀၀)ခန့်ကို ဝါတွင်းကာလမှာ အဖိတ်နေ့တိုင်း ပြန်ကပြေးရွာဥပုသ်နေ့တိုင်း ဆိတ်နံတုန်းရွာက နံနက်စောစောဆွမ်းတော်ကြီး လောင်းလှူလေ့ရှိပါတယ်။လွတ်လပ်ရေးရပြီးစကနေပြီး နှစ်စဉ်လောင်းလှူခဲ့အကြိမ်ပေါင်း (၆၀) ကျော်ပါပြီ။

တောင်ဘက်ကမ်းက လူမြောက်ဘက်ကမ်းက ရဟန်းသာမဏေတွေ ဖောင်နဲ့ တောင်ဘက်ကမ်းကိုကူးတယ်။ မြောက်ဘက်ကမ်းကလူလည်း တောင်ဘက်ကမ်းက ရဟန်းသာမဏေတွေ ဖောင်နဲ့ကူးကြရတာပဲ။

ရေကမ်းလုံးပြည့်လာနေရင်တော့ မကြွနိုင်ကြတော့ပါဘူး။ ချောင်းထဲနောက်ပြန်လှည့်ကြရတာပါ။ အဲနှောင့်ယှက်တဲ့ချောင်းပါ။ ကူးရတံတားဆိုလို့ ပျဉ်းမနားမြို့ပေါ်တံတားတစ်ခုသာရှိတော့ကာ အပူးတေးတဲ့အတွက် မဆက်သွယ်နိုင်ပါဘူး အချိန်မီ ချောင်းရေကျသွားရင်ဖောင်နဲ့ကူးပြီး ဆွမ်းတွေ၊ ဆွမ်းဟင်းကျောင်းစေ့လိုက်ပြီး လှူဒါန်းကြရတယ်။ ဒါက မိုးရာသီမှာ ကုသိုလ်နှောင့်ယှက်ဖျက်ဆီးတဲ့သဘာဝရဲ့ဟာရာ ငလိုက်ချောင်းဆိုပြီး နာမည်ဆိုးကျော်ကြားနေတဲ့ချောင်းပါ။

□ ဒုက္ခရောက်ရတဲ့ရဟန်းတော်များ

ငလိုက်ချောင်းရဲ့ ချောင်းဖျားတောင်ညိုချောင်းကလည်း လာသောတယ်။ အနောက်ရိုးမရဲ့ ချောင်းတောရိုးငယ်၊ လျှိုမြောင်အသွယ်သွယ်လည်း လာပေါင်းတော့ကာ အနောက်ရိုးမမှာ နှေ့စဉ်တစ်နေရာမဟုတ်တစ်နေရာမှာ မိုးကရွာတတ်လေတော့ ငလိုက်ချောင်းရေရဲ့အတိမ်အနုံးပမာဏဟာ သေလယ်လောက်တော့ရှိနေတတ်ပါတယ်။ ရေနေဇရိယာပေ (၁၀၀) အထက်အမြဲရှိနေပါတယ်။ အဲဒါကြောင့် တစ်မိုးလုံး ဖောင်သမားတွေရဲ့ အကူအညီဖောင်စီးပြီးကူရလေ့ရှိတယ်။ ဖောင်ပိုက်ဆံတစ်မတ်လောက်ကို နှမြောအချို့ယောကျ်ားတွေကတော့ ဒီအတိုင်းပဲ ပုဆိုးမြှောက်ပြီး ဆင်းကူးကြတယ်။ ရေပေါင်လယ်လောက်ဆိုတစ်ဦးတည်းဖောင်ဆွဲနိုင်ပေမယ့် ရင်ဆို့လောက်ဆိုရင်တော့ ရေကျွမ်းဖောင်သမားသုံး၊ လေးဦး စုပေါင်းဆွဲရတယ်။ ဘာလို့လဲဆိုတော့ ရေရင်ဆို့လောက်ဆိုရင် ရေစီးကြမ်းပြီး လှိုင်းတွေလည်း ရှိနေလို့ပါ။ အန္တရာယ်အကြီးတဲ့အနေအထားဆိုပါတော့။

အဲဒီလို ရေစီးကြမ်းရင် ဖောင်တစ်ယောက်တည်း မဆွဲနိုင်တော့ပါ

www.burmeseclassic.com

www.burmeseclassic.com

သောက်က ဖောင်ကြိုးကိုကိုင်ရ
ကျန်တဲ့ (၃) ယောက်က ဖောင်
တွေတနေပြီးထိန်းရတယ်။ ဖောင်
အထိဆွဲယူသွားရတယ်။ ပြီးမှ
တင်ရတယ်။ ရေညာကနေပြီး
ကိုမျှောချကာ တစ်ဖက်ကမ်းကို
ချီးချင်းတွန်းယူလာပြီး သတ်မှတ်
မှာ ဖောင်ကပ်ရပါတယ်။ ဖောင်
ကပ်မိတာနဲ့ တစ်ပြိုင်နက် ဖောင်
မျောပါမသွားအောင် ကြိုးကိုင်
ထုတ်မှာပြေးချည်ရပါတယ်။
တစ်ခါတစ်ရံ အလွန်အရေးကြီးတဲ့
သိရှိရင် ရေအောက်မှာ ခြေထောက်
ရင်တောင်မှ လိုင်းထန်ထန် ရေစီး
ကမ်းမှာ စွန့်စွန့်စားစား ဖောင်ကို
ကြိုးရင်း တစ်ဖက်ကမ်းကိုပို့ပေး
တယ်။ ဒါပေမယ့် ဒီလို သက်စွန့်
ပို့ရတဲ့အခါ ပို့ခလည်း စိုစိုပို့ပို့
တယ်။ ဒါက အစဉ်အလာအား
စဉ်မြေးဆက်ခံသင်စွာကြုံတွေ့
ကြရတဲ့ ငလိုက်ချောင်းရဲ့ဒုက္ခကို
တစ်ဒေသပါ။

ဖောင်ကို ဦးမကူဆွက်တဲ့ အခွံပါး
ကျယ်တဲ့ကြေသောင်းဝါးနဲ့ဖွဲ့စည်း
ယ်။ သုံးထပ်ပြုလုပ်ရပါတယ်။ နှစ်
ရေနစ်ပြီး တစ်ထပ်က ရေပေါ်
အဲဒီအပေါ်မှာ လူထိုင်ဖို့
သောင်းဝါး (၄) လုံးလောက်နဲ့ ထိုင်ခုံ
ားပါတယ်။ ဖောင်စီးသူဟာ
အကျပါတာမို့ ခြေထောက်
ကပ်ရေစိုပါတယ်။

ကျွန်တော်တို့ ပြန်ကပြေးရွာက
ပြီး။ အလယ်ပိုင်း။ အနောက်ပိုင်း
တစ်လည့်စီ အဖိတ်နေ့တိုင်း ဆွမ်း
လောင်းလှူပါတယ်။ ဆိတ်နံတုန်း
တော့ လပြည့်၊ လကွယ်နေ့တိုင်း
လောင်းလှူပါတယ်။

တစ်နေ့မှာ ရေက ရင်စို့လောက်ရှိ
အချိန်နဲ့ကြုံပါတယ်။ ဖောင်သမား
ဟာ ဆိတ်နံတုန်းရွာကပါပဲ။
ယုံးဟာ ဖောင်ကုသိုလ်ယူကြတာ
တယ်။

အဲဒီမှာ သက်တော်ကြီးရင့်ပြီဖြစ်
ပြန်ကပြေးမှန်ကျောင်းဆရာတော်
ဟာ ဖောင်အဆင်းမှာ ဖောင်ကိုကန်
ဆင်းသလိုဖြစ်တာကြောင့် ခြေလှမ်း
တမ်းကိုမမိဘဲ ရေထဲပြုတ်ကျသွား
တော့တယ်။

လူတွေလည်း ချက်ချင်း ဆရာ
ကြီးကို ဆွဲတင်လိုက်နိုင်ပေမယ့်
ဆရာတော်ကြီးရဲ့ ဆွမ်းခံသပိတ်ကတော့
ရေစီးနဲ့အတူမျောပါသွားပါတော့တယ်။
ဆရာတော်ကြီးလည်း ရွှဲရွှဲနစ်သွားပါ
တော့တယ်။ ဒါနဲ့ပဲ ဆရာတော်ကြီး
ဆွမ်းမခံနိုင်တော့ဘဲ နောက်ကြောင်းပြန်
လှည့်ရပါတယ်။ အဲဒီရဲ့နောက်မှာတော့
မှန်ကျောင်းဆရာတော်ကြီးဟာ တစ်မိုး
လုံး ဖောင်နဲ့ကြွရတဲ့ဆိတ်နံတုန်းဆွမ်းကြီး
လောင်းလှူပွဲကို လုံးဝမကြွတော့ပါဘူး။
ဖောင်မစီးရတဲ့ ကိုယ့်ရွာက ဆွမ်းကြီး
လောင်းလှူပွဲကိုသာကြွပါတော့တယ်။
ဒါက တစ်ခါပါ။

နောက်တစ်ခါကြုံရတာကလည်း
တကယ့် သည်းထိတ်ရင်ဖိုပါပဲ။ အဲဒီနေ့
ကလည်း ရေဟာ လည်ပင်းခန့်ရှိတာမို့
(၄) ယောက်ဆွဲရပါတယ်။ ဆိတ်နံတုန်း
ရွာရဲ့ဆွမ်းကြီးလောင်းလှူပွဲပါ။ ဖောင်
ပေါ်မှာ ပြန်ကပြေးမဟာစည်သတိပဋ္ဌာန်
တိုက်ဆရာတော်ဦးဇဋိလ သာသနာ့ဓဇ
သီရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ
(ရန်ကုန်မဟာစည်ရိပ်သာဌာနချုပ်နာယ
ကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ
ဒေါက်တာဇဋိလပါဠိပါရဂူ) ရယ်၊ ဆရာ
တော် ဦးဇဋိလရဲ့ ဖခမည်းတော် ဦးပဉ္စင်း
ကြီးရယ်၊ ကိုခင်စန်းရယ်၊ ကပ္ပိယဦးဓွတ်
တားရယ် ဖောင်ပေါ်မှာပါလာကြပါတယ်။

ရေစီးကြမ်းပြီး လိုင်းထန်နေလေ
တော့ လူ(၄)ယောက် ဖောင်(၄)ထောင့်
မှာ ဖောင်ကိုထိန်းရင်း မြောက်ဘက်
ကမ်းကိုကပ်ပါတယ်။ ကမ်းကပ်မိတယ်
ဆိုရင်ပဲ ကြိုးကိုင်သူဟာ အလျင်အမြန်
ကမ်းပါးပေါ် ပြေးထက်ပြီး ဖောင်ကြိုးကို
ငုတ်တိုင်မှာချည်ပါတယ်။ အဲဒီလို ချည်
နေစဉ်မှာပဲ ဖောင်ကြိုးအုန်းဆံကြိုးတုတ်
တုတ်ကြီးဟာ ထောင်းခနဲပြတ်ထွက်သွား
ပြီး သန်လှတဲ့ရေစီးမှာမျောပါသွားပါတော့
တယ်။ ကမ်းကလူတွေလည်းဆူညံသွား
ပါတယ်။

ဖောင်ထိန်းသူ(၃)ယောက်လည်း
မျှော်လင့်မထားတာမို့ ဖောင်နဲ့အတူ
မျောပါသွားပါတော့တယ်။ ရဟန်းတော်
(၂)ပါးနဲ့ ကပ္ပိယ(၂)ယောက်လည်း လိုင်း
တငြိမ့်ငြိမ့်နဲ့ဖောင်ပေါ်မှာပါသွားပါတယ်။
လူ (၃) ဦးလည်း ဖောင်ကိုကြိုးစားပြီး
ကမ်းကိုကပ်ပေမယ့် မနိုင်ဘဲဖြစ်နေပါ
တယ်။ ဆိတ်နံတုန်းဖောင်ဆိပ်နဲ့အတော်
ဝေးခဲ့ပါပြီ။ နာမည်ကြီးတဲ့ ညောင်ပင်
ညီနောင်ဝဲမှာ ဝဲစုပ်မခံရဘဲလွှတ်ထွက်
လာတာ ကံကောင်းတယ်ခေါ် ရမှာပါ။
အဲဒီညောင်ပင်ညီနောင်ဝဲဟာ နာမည်
ကြီးလှပါတယ်။

ကိုမွတ်တားလည်း ရေမကူးတတ်၊
ကိုခင်စန်းလည်း ရေမကူးတတ်တော့
ဘာမှမကူညီနိုင်ဘဲ ဖောင်ပေါ်မှာ
ရင်တဖိုဖိုနဲ့ပါသွားပါ။ ဦးပဉ္စင်းကြီးက
တော့ လူကြီးပီပီတတွတ်တွတ်နဲ့ပါ။

အဲဒီမှာ ဆရာတော်ဦးဇဋိလဟာ
သပိတ်ကိုချ၊ သင်္ကန်းကိုချွတ်ပြီး ကြိုးဆွဲ
တဲ့နေရာမှာဆင်းပြီးဖောင်ကိုထိန်းကာ
မြောက်ဘက်ကမ်းတစ်နေရာကို ဆွဲတင်
နိုင်ခဲ့ပါတယ်။ အဲဒီနေရာက ဆိတ်နံတုန်း
ရွာရဲ့အရှေ့တည့်တည့် တောထဲမှာရှိတဲ့
ရွာရှေ့ကျောင်းခေါ် ဦးသဒ္ဓမ္မကျောင်းရဲ့
တောင်ဘက်ပြန့်မှာပါ။ ဆရာတော်ရဲ့
ရေကူးကျွမ်းကျင်မှု၊ အားအင်ပြည့်စုံမှုတို့
ကြောင့် အန္တရာယ်ကလွတ်မြောက်ကြ
ခြင်းပါ။ ဒါနဲ့ ဆရာတော်ဦးဇဋိလတို့
လည်း ကသောင်းကနင်းနဲ့ ဆွမ်းခံပျက်
ကြရပါတယ်။ ဦးပဉ္စင်းကြီးကတော့
ငလိုက်ချောင်းကို အတော်ကြောက်သွား
ရှာပါတယ်။

ကိုရင်တွေ ဖောင်ပေါ်မှာ သပိတ်
လွတ်ကျလို့ ရေစီးထဲမျောပါသွားရတာ
တွေ၊ ဆွမ်းဟင်းထည့်တဲ့ခြင်္ဂေါ်မတော်တဆ
လွတ်ကျပြီး ရေထဲမျောပါသွားရတာ
တွေဆိုတာလည်း အမျာအပြားရှိခဲ့ကြပါ
တယ်။

ငလိုက်ချောင်းရဲ့ အနီဌာရုံတွေ
ဆိုတာ အလွန်ပဲများပြားလှပါတယ်။
အင်္ဂလိပ်ခေတ်ကအနောက်ဆိပ်မှာ
(၂)ယောက်သွားလူကူးကြိုးတံတားလေး
ဆောက်ပေးတော့ကာ အတော်လေး
အဆင်ပြေခဲ့ကြဖူးပါတယ်။ ကျွန်တော်
ကလေးဘဝမှာ ခင်းပျဉ်အချို့ကျိုးကျနေ
တဲ့ အဲဒီကြိုးတံတားကို ဘိုးဘွားတွေ
နဲ့အတူ လျှောက်ဖူးပါတယ်။ သိပ်မကြာ
လိုက်ပါဘူး။ ကျွန်တော် (၅) နှစ်သား
လောက်မှာ မြောက်ဘက်ကမ်းဘက်မှာ
ကမ်းပါးပြိုတော့ အဲဒီကြိုးတံတားပြုတ်ကျ
သွားခဲ့ပါတော့တယ်။ တံတားဆိုတာ
အဲဒီကစပြီး ပျောက်ကွယ်သွားခဲ့တော့
တာပါပဲ။

ပါလီမန်ဒီမိုကရေစီခေတ်အခါမှာ
သန့်ရှင်းဖဆပလပါတီက ဒေါ်စောရွှေ
ဟာ ပျဉ်းမနားမြို့နယ်ရဲ့ အမတ်အဖြစ်
ဝင်ပြီးအလွန်းခံမှာပါ။ ဒေါ်စောရွှေက
ကျွန်တော်တို့ပြန်ကပြေး၊ ဆိတ်နံတုန်း၊
ညောင်ပင်ကြီးစုရဲ့ လိုအပ်ချက်ဟာ
ငလိုက်ချောင်းကိုဖြတ်တဲ့တံတားဆိုတာ
သိတော့ အဲဒီအားနည်းချက်နဲ့ မဲဆွယ်ပါ
တယ်။

သူမဲနိုင်ရင် ကြိုးတံတားပြန်
ဆောက်ပေးပါ့မယ်လို့ ကတိခံပြီး မဲဆွယ်

www.burmeseclassic.com

www.burmeseclassic.com

တော့ အပြတ်အသတ် ကျွန်တော်ဆီမှာ နိုင်တာပေါ့။ အခြားနေရာတွေမှာလည်း နိုင်ပါတယ်။ ဒေါ်စောရွှေ အမဲတ်ဖြစ်တော့ကာ ကျွန်တော်တို့ဆီကလူတွေ ငလိုက်ချောင်းတံတားဆောက်နိုးဆောက်နိုးနဲ့ မျှော်ကိုးလိုက်ကြတာ ငုံးကလေးများ အမြီးပေါက်နိုးနိုးနဲ့ မျှော်ကိုးသလို ဖြစ်ခဲ့ကြရပါတယ်။ ဒေါ်စောရွှေဆိုတာ အဲဒီမနိုင်ပြီးကတည်းက မမြင်ကြရတော့ပါဘူး။ ဒီလိုနဲ့ ခေတ်အဆက်ဆက် မိုးရာသီတိုင်း ဖောင်ကိုသာ အားကိုးခဲ့ကြရတာ ကာလရှည်လျားစွာဆိုပါတော့။

❑ ကတိ (၃) ခုနဲ့ ဦးဆောင်ကောင်းများ

ဆရာတော် ဦးဇဋိလရဲ့ ခမည်းတော် ဦးပဉ္စင်းကြီးဟာ သက်တော် (၈၀) ကျော်မှာ ဗျာဓိဆိုတဲ့ နာခြင်းတရားက နှိပ်စက်တာကြောင့် ပျဉ်းမနားမြို့စေးကြီး အရှေ့ဘက်ရှိ သံဃာ့ဆေးရုံမှာ တင်ထားရပါတယ်။

ပုံလွန်တော်မမူမီ ဦးပဉ္စင်းကြီးက သူသား ဦးပဉ္စင်းထံ ကတိ (၃) ခု တောင်းဆိုပါတယ်။ တစ်ခုက ပြန်ကပြေးနဲ့ ဆိတ်နံတုန်းကိုကူးတဲ့ ငလိုက်ချောင်းတံတားဖြစ်အောင်ဦးဆောင်ပါ။ တစ်ခုက ရွာဦးမှာ အများကိုးကွယ်ဖို့ စေတီတော်ကြီးတစ်ဆူတည်ပါ။ တစ်ခုက မဟာစည်ရိပ်သာဝင်ကြတဲ့ ယောဂီတွေကို စမိုက်ငြိမ်း တရားအားထုတ်နိုင်အောင် ဆောင်ရွက်ပါ ဆိုတဲ့ ကတိ (၃) ခုပါပဲ။

ဆရာတော်ဦးဇဋိလလည်း အနန္တဂိဏ်းဝင်ကျေးဇူးရှင်ဖြစ်တဲ့ ခမည်းတော် ဦးပဉ္စင်းကြီးတောင်းတဲ့ ကတိ (၃) ခုကို ဖြစ်အောင်ဆောင်ရွက်မယ်လို့ ကတိပေးပါတယ်။ ဦးပဉ္စင်းကြီးဟာ ဝမ်းမြောက်ဝမ်းသာသာခုခေါ်ရှာပါတယ်။ သူတောင်းတဲ့ကတိပြည့်စုံတာနဲ့ ဦးပဉ္စင်းကြီးဟာ စိတ်ချမ်းသာစွာ ဘဝနာဗွားရင်း ပုံလွန်တော်မူရှာပါတယ်။

အဲဒီအချိန်က ဆိတ်နံတုန်းရွာရဲ့ ဥက္ကဋ္ဌဟာ ကိုခင်မောင်ကြိုင် ဖြစ်ပါတယ်။ ကိုခင်မောင်ကြိုင်ဟာ ဘွဲ့ရစစ်မှုထမ်းဟောင်း တပ်ကြပ်လူထွက်ဖြစ်ပါတယ်။ အရွယ်လည်းငယ်ပါသေးတယ်။ သဘောထားပြည့်ဝပြီး ရွာရဲ့ ဦးဆောင်ကောင်းတစ်ယောက်ဖြစ်တဲ့ စံပြလူငယ်တစ်ဦးပါ။ ရဟန်းရှင်လူတို့လေးစားလောက်တဲ့ ဂုဏ်သတင်းများလည်း မွေးပျိုလျက်ရှိနေပါတယ်။

ဦးပဉ္စင်းကြီးဟာ ငလိုက်ချောင်းမှာ ဖောင်မျောလို့ ထိတ်လန့်ခဲ့ရတာ မမေ့သလို သူဖြစ်ချင်တဲ့ဆန္ဒကိုလည်း မမေ့ပါဘူး။ အဲဒါကြောင့် ရှိသင့်ရှိထိုက်တဲ့ ပြန်ကပြေး-ဆိတ်နံတုန်းတံတားဖြစ်မြောက်အောင် နှုတ်ကတိနဲ့ တောင်းပြီး ဦးဆောင်ခဲ့ခြင်းပါပဲ။

အဲဒီရဲ့နောက်မှာတော့ မဟာစည်ဆရာတော် ဦးဇဋိလဟာ တံတားဖြစ်မြောက်ရေးအတွက် ဆိတ်နံတုန်းဥက္ကဋ္ဌ ကိုခင်မောင်ကြိုင်ထံ နဝကမ္မဌေငါးသိန်းမတည်လျှုဒါန်းပါတော့တယ်။ဆရာတော်ဟာ တံတားဖြစ်မြောက်ရေးအတွက် နှုတိယဦးဆောင်ကောင်းဖြစ်ပါတယ်။ ရွာရဲ့ကောင်းကျိုးကိုဦးလည်မသုန်ဆောင်ရွက်နေတဲ့ ဥက္ကဋ္ဌကိုခင်မောင်ကြိုင်ဟာ သက်ဆိုင်ရာဌာနတွေက ခွင့်ပြုချက်ရယူပြီး အများကောင်းမှု ပေါင်းစုကာ ပေ (၁၆၀) အရှည်ရှိတဲ့ ကျွန်းတံတားကြီး တည်ဆောက်ပါတယ်။ ငွေကြေးလည်း အတော်ကုန်ကျတယ်လို့ သိရပါတယ်။ လမ်းအုကြောင်းတွေဖောက်ရပါတယ်။ တံတားချည်းကပ်လမ်းအတွက် မြေတွေဖို့ရတယ်။ လုပ်အားပေးတွေ၊ ကျွေးမွေးလှူဒါန်းသူတွေနဲ့ စည်းကားလှတဲ့ လုပ်ငန်းခွင်လို့ ဆိုကြပါတယ်။

တံတားကြီးပြီးစီးသွားတဲ့အခါမှာတော့ နှစ်ရှည်တစ်ရွာပေါင်းကူးမိသွားပါပြီ။ ရေးပဝေသဏီကဆည်းက ဒုက္ခပေးခဲ့တဲ့ ငလိုက်ချောင်းကို ဦးဆောင်ကောင်းဖြစ်တဲ့ ကိုခင်မောင်ကြိုင်ရဲ့ ကျေးဇူးနဲ့ အများကုသိုလ်ရှင်တို့ရဲ့ ကျေးဇူးကြောင့် အောင်ပွဲခံနိုင်ခဲ့ပါပြီ။ လူ၊ တိရစ္ဆာန်၊ ဆိုင်ကယ်၊ လှည်း၊ မြင်းလှည်း၊ သုံးတန်ကားများ ချမ်းသာစွာ ကူးဖြတ်နိုင်ကြပါပြီ။

❑ တံတားတစ်ခုရဲ့ကျေးဇူး

ဆိတ်နံတုန်းရွာက မခင်ထွေးရဲ့ ခင်ပွန်း ကိုတင်မောင်လတ်ဟာ ရွာမှာရပ်မိရပ်ဖပါ။ သူ့ရဲ့ဖခင်က ပခုက္ကူမြို့ငင်နယ်၊ မင်းသားကျရွာသားပါ။ တပ်မတော်မှာ အမှုထမ်းရင်း ဆိတ်နံတုန်းရွာမှာ လွတ်လပ်ရေးရပြီးစ ကွန်မြူနစ်တွေသောင်းကျန်းနေချိန်မှာ ဗိုလ်တာရာတပ်နဲ့အတူ ဆရာတော်ကြီးကျောင်းဝင်းမှာ စခန်းချတပ်စွဲတဲ့အခါ ပါလာသူ ရဲဘော်ဖြစ်ပါတယ်။ တပ်ကြပ်ရာထူးနဲ့ပါ။ အဲဒီမှာ ကိုတင်မောင်လတ်ရဲ့မိခင်နဲ့ အကြောင်းပါတာပါပဲ။ဆိုရရင် မြို့သားနဲ့ ဆိတ်နံတုန်းသူတို့ အိမ်ထောင်ကျပြီး ကိုတင်မောင်လတ်ကို မွေးဖွားခဲ့ခြင်းပါ။ သို့သော်လည်း တပ်ကြပ်ကိုဖြူဝင်းဟာ ကိုတင်မောင်လတ်တို့ သိတတ်စအရွယ်မှာပဲ တိုက်ပွဲကျခဲ့ရပါတယ်။

ပခုက္ကူမြို့နယ်ရှိ မင်းသားကျ ကို ကိုတင်မောင်လတ်နဲ့ မခင်ထွေး သွားကြမှာမို့ ကားလတ်မှတ်ဖြတ်ပြီး ပြီ။ မနက်စောစော ပြန်ကပြေးကို ထူး ပျဉ်းမနားမှာကားသွားစီးရမှာပါ။ ရာ က မိုးရာသီပါ။

အဲဒီမှာ မနက်စောစော ပြန်ကူး ကို ကူးဖို့အလာမှာ ချောင်းဟာ ပြည့်ကမ်းလျှံလာနေပါတယ်။ သို့ လည်း မနေ့ကပဲ တံတားကြီးအပြီး ခဲ့တာပါ။ အဲဒါကြောင့် ကူးလို့ရနေပြီ တံတားကြမ်းပြင်နဲ့ ချောင်းရေ တစ်တောင်လောက်သာကွာပါတယ်။

တံတားရဲ့ကျေးဇူးကြောင့် ဘက်ကမ်းကို ချောမောစွာ အလွယ် ကူ ကူးဖြတ်နိုင်ခဲ့ကြပါတယ်။ အကယ် သာ တံတားမရှိခဲ့သော် ပခုက္ကူခရိ ဟာ အဲဒီနေ့ မသွားနိုင်တဲ့အပြင် လက်မှတ်တွေပါ ဆုံးရှုံးကြရမှာ ဖြစ် တယ်။ အဲဒါကြောင့် တံတားတစ် ကျေးဇူးဟာ အလွန်ကြီးများပါကြောင် ကိုတင်မောင်လတ်က မကြာခဏ ပြောလေ့ရှိပါတယ်။ အဲဒီ ပခုက္ကူခရိ မြို့နယ် မင်းသားကျရွာမှာ ဆွေမျိုး ရှိတယ်ဆိုတာကြောင့် ပထမဆုံး ဆွေး ရှာသွားတဲ့ခရီစဉ်လို့သိရပါတယ်။ဆွေး တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

နောက် ဆက်တိုက်ကြုံရတာ ညောင်ပင်ကြီးစုမှာ ဓားထိုးမှုတစ်ခု ပါတယ်။ တောထဲမှောင်ရိုးမှောင်ရီ ဓားထိုးခံရတာပါ။ အချက်ပေါင်းများ ထိုးခဲ့ပေမယ့် သေကွင်းသေကွက် မဟုတ်တာကြောင့် လမ်းမှာလဲတူး မြောနေပါတယ်။ သွေးထွက်လွန်တဲ့ ပါတယ်။

ဒါကို တွေ့သူက လှည်းနဲ့ရွာ ယူလာပြီး မြင်းလှည်းနဲ့ ပျဉ်းမနားဆေး ကို ပို့ရပါတယ်။ ချောင်းရေကမ်းပြ ကမ်းလျှံလာနေချိန်ဖြစ်ပေမယ့် တံတား ရဲ့ ကျေးဇူးကြောင့် အချိန်မီပို့နိုင်ခြင်း

အကယ်၍သာ တံတားမရှိခဲ့ပ အဲဒီဓားထိုးခံရတဲ့လူငယ်ဟာ အဲဒီ မှာပဲ ဆုံးပါးသွားရမှာပါ။ တံတားတ ရဲ့ ကျေးဇူးကြောင့်သာ အဲဒီလူငယ် အသက်ကို အချိန်မီကယ်တင်နိုင်လိုက် တာပါပဲ။ အဲဒီ လူငယ်ဟာ ကျွန်တော် ဆွေမျိုးအသိုင်းအဝိုင်းထဲကပါပဲ။ တံတ တစ်ခုရဲ့ကျေးဇူးမည်မျှကြီးတယ်ဆိုတာ အခုထိပြောစမှတ်ပြုနေပါတယ်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသနှိုင်

အမြစ်ကိုရေလောင်း အညွှန့်တက်စေမှာ

သစ်ပင်တွင် အမြစ်ကိုရေလောင်းသွင် အညွှန့်မျှားတက်လာထွက်လာအံ့မာအောင်မြင်သကဲ့သို့ လူတို့တွင်လည်း မိမိမွေးနေ့နံ၏ အမြစ်ကို ရေလောင်းသကဲ့သို့ ကုသိုလ်အကျိုးဆက်များပြုပေးခြင်းက မိမိဘဝတိုးတက်အောင်မြင်စေမှာ မုချမလွဲပင် ဖြစ်ပါသည်။

ဗေဒင်၊ လက္ခဏာ စသည်ဖြင့် သစ်တိမဝင်စားသူ၊ မွေးနေ့မွေးနံပင် စိတ်မဝင်စားသူ၊ လုံးဝမသိသူများပင် ကုသိုလ်ပြု၊ ကုသိုလ်ဆက်ယကြာများ လက်တွေ့ဆောင်ရွက်စေခဲ့ရာ အကျိုးများစွာခံစားခဲ့ကြရသည်ထက်၊ တွေးထင်ထားသည်ထက် အဆရာထောင် အောင်မြင်ကြီးပွားတက်မှုတွေရသွားပြီး အထူးပင်စိတ်ဝင်စား ပြန်ကြားကျေးဇူးများ ကျွန်ုပ်ရရှိခဲ့ပါ သည်။

နေ့သိသော်လည်း (ဘယ်နေ့သား/ဘယ်နေ့သမီး) နံဆိုသည် ဘာလဲပင် မသိသူများပင် ဖတ်ရှုနားလည်စေနိုင်ရန် တင်ပြ ရေးသားအပ်ပါသည်။ ဆရာသခင်များ၊ ဆရာများအနေဖြင့် ကျွန်ုပ်အား ကဲ့ရဲ့လှောင်ပြောခြင်းကင်းမည်ဟု ယုံကြည်သဖြင့် လူတိုင်းအလွယ်ဖတ်၊ အသာမှတ်မိစေရန် အဓိကရည်ရွယ်ရေးသား တင်ပြပါသည်။

ပထမဦးစွာ နေ့, နာမ်များတင်ပြပါမည်။

တနင်္ဂနွေနေ့၏နံမှာ -
အ၊ ၃၊ ၈။
တနလ်္ဂနွေ၏နံမှာ -
က၊ ၈၊ ၀၊ ယ၊ ငါး
အင်္ဂါနေ့၏နံမှာ -
စ၊ ဆ၊ ၈၊ ဇ၊ ည။
ဗုဒ္ဓဟူးနေ့၏နံမှာ -
ရ၊ ယ၊ လ၊ ဝ။
ကြာသပတေးနေ့၏နံမှာ -
ပ၊ ဖ၊ ဘ၊ ဗ၊ မ။
သောကြာနေ့၏နံမှာ -
သ၊ ဟ။
စနေနေ့၏နံမှာ -
တ၊ ၎၊ ဒ၊ ဓ၊ န။
တို့ ဖြစ်ကြသည်။

ဥပမာအားဖြင့် အောင်ဆန်းသည် တနင်္ဂနွေနေ့သား၏ နာမည်ဖြစ်ပြီး အစွဲအလန်းရှိသော မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ ဤသို့ နေ့, နာမ်ကို သိရှိထားခြင်းဖြင့် ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်ကံကို ကိုယ်တိုင်ပြန်လည်ဆန်းစစ်ကာ ကောင်းကျိုးများကို ရယူနိုင်ကြပါသည်။

ဥပမာ - အောင်ဆန်းသည် တနင်္ဂနွေနေ့သား ဖြစ်သဖြင့် ဗုဒ္ဓဟူးနေ့ သားများနှင့် ရန်ဖြစ်ခြင်း၊ ရန်ခံခြင်းများ ရှိတတ်ကြောင်း၊ ကြာသပတေးနေ့သားများနှင့် ရန်ဖြစ်ခြင်း၊ ရန်ခံခြင်းများ ရှိတတ်ကြောင်း၊ ကြာသပတေးနေ့သားများနှင့် ရန်ဖြစ်ခြင်း၊ ရန်ခံခြင်းများ ရှိတတ်ကြောင်း၊ သောကြာနေ့သားများနှင့် ရန်ဖြစ်ခြင်း၊ ရန်ခံခြင်းများ ရှိတတ်ကြောင်း၊ စနေနေ့သားများနှင့် ရန်ဖြစ်ခြင်း၊ ရန်ခံခြင်းများ ရှိတတ်ကြောင်း၊ တနင်္ဂနွေနေ့သားများနှင့် ရန်ဖြစ်ခြင်း၊ ရန်ခံခြင်းများ ရှိတတ်ကြောင်း၊ ဗုဒ္ဓဟူ

www.burmeseclassic.com

ထိန်လင်းသည် စနေနွေသား၏ နာမည်ဖြစ်သည်။ ဤမျှဆိုလျှင် နေ့နံ့သဘော အကြမ်းဖျင်း သိနားလည်လောက်ပြီဖြစ်သည်။

ဆက်လက်တင်ပြလိုသည်မှာ မိမိမွေးနေ့၏ အမြစ်နှင့်အညွှန့် ရှာဖွေသိရန်ဖြစ်ပါသည်။

မိမိမွေးနေ့၏ ရှေ့မှလာသော နေ့သည် အမြစ်၊ မိမိမွေးနေ့၏ နောက်မှလာသောနေ့သည် အညွှန့်ဟု မှတ်ယူပါ။ ပိုမိုရှင်းအောင်ရေးပြပါမည်။

တနလ်၏ ရှေ့တွင် တနင်္ဂနွေရှိသဖြင့် အမြစ်၊ တနလ်၏ နောက်တွင် အင်္ဂါရှိသဖြင့် အညွှန့်။ သို့အတွက် တနလ်နေ့မွေးဖွား နေ့သားကို 'ကျော်စိန်' ဟု အညွှန့်တင်မှည့်သလို မိန်းကလေးဆိုလျှင် 'ခင်စမ်း'၊ 'ခင်စိန်' ဟူ၍ အညွှန့်တင်မှည့်ခေါ်ကြသည်ကို တွေ့ဖူး၊ ကြားဖူးမည်ထင်ပါသည်။

ဤဥပမာကဲ့သို့ပင် -

အင်္ဂါ၏ အမြစ်သည် တနလ်၊ အညွှန့်သည် ဗုဒ္ဓဟူး။

ဗုဒ္ဓဟူး၏ အမြစ်သည် အင်္ဂါ၊ အညွှန့်သည် ကြာသပတေး။

ကြာသပတေး၏ အမြစ်သည် ဗုဒ္ဓဟူး၊ အညွှန့်သည် သောကြာ။

သောကြာ၏ အမြစ်သည် ကြာသပတေး၊ အညွှန့်သည် စနေ။

စနေ၏ အမြစ်သည် သောကြာ၊ အညွှန့်သည် တနင်္ဂနွေ။

တနင်္ဂနွေ၏ အမြစ်သည် စနေ၊ အညွှန့်သည် တနလ်။

ဤမျှဆိုလျှင် မိမိမွေးနေ့နံ့၏ အမြစ်၊ အညွှန့်များကို နားလည်သိရှိရှာတတ်ပြီဟု ယုံကြည်ပါသည်။

အညွှန့်၊ အမြစ်တို့သိပြီဆိုလျှင် ကုသိုလ်ဆက်ယတြာအဖြစ် အမြစ်ကို မည်သို့မည်ပုံ၊ မည်ကဲ့သို့ရေလောင်းရမည်နည်း တင်ပြပါမည်။

ဥပမာ တနင်္ဂနွေသားသည် မိမိ၏ အမြစ်ဖြစ်သော စနေနံ့ (တ၊ ဋ၊ ဒ၊ ဓ၊ န) တို့တွင် ကုသိုလ်ဆက်ယတြာပြုသည့် အနေဖြင့် တံတားခင်းခြင်း၊ ရပ်ကွက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဒုက္ခိတများကို ပေးကမ်းခြင်း ပြုရပါမည်။

တနလ်နေ့သားသမီးအဖို့ မိမိနေ့နာမ်၏ အမြစ်ဖြစ်သော တနင်္ဂနွေနံ့ (အ၊ ဥ၊ ဇ) တို့ဖြင့် ကုသိုလ်ဆက်ယတြာပြုလုပ်ရပါမည်။ အုန်း၊ အုတ်၊ အဆောက်အုံပျက်များ ပြုပြင်လှူဒါန်းပေးပါ။

အင်္ဂါနေ့သားသမီးအဖို့ မိမိနေ့နံ့၏ အမြစ်ဖြစ်သော တနလ်နံ့ (က၊ ခ၊ ဂ၊ ဃ၊ င) တို့ဖြင့် ကုသိုလ်ဆက်ယတြာပြုလုပ်ရပါမည်။ ဘုန်းတော်ကြီးကျောင်း၊ မိဘတို့၊ ဆရာသမားတို့၏ ခြေဆေးအိုးကို ရေဖြည့်လောင်းပေးပါ။ ငါးလွှတ်ခြင်း၊ ကျောက်ပြားလှူခြင်း၊ ကျီး၊ ခို၊ ခွေးတို့ကို အစာကျွေးခြင်းပြုပေးပါ။

ဗုဒ္ဓဟူးသားသမီးများအဖို့ မိမိနံ့၏ အမြစ်ဖြစ်သော အင်္ဂါနာမ် (စ၊ ဆ၊ ဇ၊ ဈ၊ ည) တို့ဖြင့် ကုသိုလ်ဆက်ယတြာပြုလုပ်ရပါမည်။ စာကြည့်တိုက်များသို့ စာအုပ်စာတမ်းစာပေများ လှူဒါန်းခြင်း၊ စာမူရေးသားလှူဒါန်းခြင်း၊ ကျောင်းများတွင် စာအုပ်လှူဒါန်းခြင်း၊ စိတ်မနှံ့သူများကို ပေးကျွေးဒါနပြုခြင်း၊ ရပ်ကွက်နှင့် လမ်းဘေးဇရပ်များ ပြုပြင်သန့်ရှင်းခြင်းများ ပြုပေးပါ။

ကြာသပတေးသားသမီးများအဖို့ မိမိနံ့၏ အမြစ်ဖြစ်သော ဗုဒ္ဓဟူးနံ့ (ရ၊ ယ၊ လ၊ ဝ) တို့ဖြင့် ကုသိုလ်ဆက်ယတြာပြုလုပ်ရပါမည်။ ရဟန်းတို့အား ရေသန့်ဘူးလှူခြင်း၊ ရေတာကောင်းလှူခြင်း၊ ရေအိုး၊ ရေအိုးစင်၊ ရေကန်၊ ရေတွင်းလှူခြင်း၊ ဘုရားရင်ပြင်သန့်ရှင်းရေးပြုခြင်း၊ ရုပ်ပွားတော်၏ ရင်ဘတ်တော်ကို ရွှေသင်္ကန်းကပ်လှူခြင်း၊ ရေသတ္တဝါများ ဘေးမဲ့လွှတ်ခြင်း၊ အစာကျွေးခြင်းများ ပြုပေးပါ။

သောကြာသားသမီးများအဖို့ မိမိနာမ်၏ အမြစ်ဖြစ်သော ကြာသပတေးနံ့ (ပ၊ ဖ၊ ဗ၊ ဘ၊ မ) တို့ဖြင့် ကုသိုလ် ဆက်ယတြာပြုလုပ်ရပါမည်။ မျက်မမြင်များကို ကျွေးမွေးပေးကမ်းလှူဒါန်းခြင်း၊ မိဘမဲ့ကလေးသူငယ်ကျောင်းများတွင် အာဟာရဒါနပြုခြင်း၊ ပညာဒါနဆိုင်ရာ အလှူများပြုပေးခြင်း၊ ဘုန်းကြီးများကို ဆွမ်းလှူခြင်း၊ မိဘများ၏ ဝတ်ကြေးဝတ်ငယ်ပြုစုခြင်းများ ပြုပေးပါ။

စနေသားသမီးများအဖို့ မိမိ အမြစ်ဖြစ်သော သောကြာနံ့ (သ တို့ဖြင့် ကုသိုလ်ဆက်ယတြာပြုလု မည်။ သရက်ချဉ်၊ သရက်သီး သီးသီး၊ သစ်ကြားသီး၊ သစ်အယ် လှူဒါန်းခြင်း၊ သိမ်ဟောင်းပြုပြင် ပွက်အိုင်၊ လမ်းများတွင် သဲခင် သက်ကြီးဝါကြီးများကိုပေးကွေးလှူ ခြင်း၊ ဟောင်းနွမ်းနေသော သာသ အဆောက်အအုံဘုရားများပြုပြင်လှူ ခြင်းတို့ ပြုပေးရပါမည်။

ဤမျှဆိုလျှင် ခုနစ်ရက်သား တိုင်း မိမိတို့ပြုလုပ်သင့် ပြုလုပ်ရ ကုသိုလ်ဆက်ယတြာကို သိရှိသ ပေါက်ပြီဟု ယူဆယုံကြည်ပါသည်။ ကုသိုလ်ဆက်ယတြာကို တစ်နှစ် တစ်ပတ်တစ်ခါ မိမိမွေးနေ့တိုင်း ပြု ပါ။ ငွေကြေး၊ အချိန်ဆင်းရဲလျှင် တ တစ်ကြိမ်ပြုပေးပါ။ ငါးလွှတ်ခြင်း တွင် သင်္ဘသည့် စိတ်ချမ်းသာ ကျန်းမာ၊ ကြံတိုင်းအောင် ဆောင် မြောက် အထူးပင် တိုးတက် ထွန်း အောင်မြင်သူ ဖြစ်လာပါမည်။

ကျွန်ုပ်၏ မိတ်ဆွေ (ဦး) တနလ်သားမှာ နိုင်ငံခြားပညာ သင်ဘွားရန် စာမေးပွဲဖြေပြီးခါနီ ဆိုင်စွာ ရှာဘုန်းကြီးပျံပွဲအတွက် နေသော 'ဖယ်ဥကျွေးမင်းသမီး နှ ကျွေးပုခက်' ပါဝင်လှူဒါန်းရာ အ ဖြင့် အောင်မြင်ပြီး ဒေါက်တာ သည်။ ထိုအချိန်အခါက ကျွန် ဦးကျော်စိန်ပါ ဘာမှမသိနားမလည် ယခုအခါ ပြန်စဉ်းစားမှ တိုက်ဆိုင် တနလ်သား ဦးကျော်စိန်သည် အမြစ်ဖြစ်သော 'ဖယ်ဥကျွေးမင်း ပုခက်' နှစ်ထပ်လှူ ကုသိုလ်ပြု ရေလောင်းပေးခဲ့ရာရောက်ခဲ့သ ဆင်ခြင်သုံးသပ်မိပါသည်။ (ကျော် တော်လို့ပါဟု ဆိုချင်လည်းဆိုနိုင် သည်။)

မည်သို့ပင်ဖြစ်စေ ယုံမှာကြည် သည်ဟုဆိုသကဲ့သို့ပင် စာရှုသူတို့ နှင့် ယုံကြည်မှုဖြင့် ကုသိုလ်ဆက် အလှူများ အလွယအသာပြု ထင်ပြ ရေးသားလိုက်ပါသည်။

တိုးတက်ကြီးပွားထ

နတ်မောက်မင်း

www.burmeseclassic.com

www.burmeseclassic.com

ယခုလတွင် ဆက်လက်၍ ဇာလီဆောင်ဆရာတော်ကြီးလက်သုံး ဂါထာဆော်ကို ဖော်ပြလိုပါသည်။ ထိုဂါထာသည် ထူးခြားစွာ ဖွဲ့စည်းထားသော ဂါထာတော်ဖြစ်ပါသည်။ ထိုဂါထာတွင် ခုနှစ်ဆူကုန်သောဘုရားရှင်တို့အား ရှိခိုးကန်တော့ခြင်းနှင့် မဟိဒ္ဓိပုဂ္ဂိုလ်တစ်ဆယ့်ငါးပါးတို့ထံမှ အစောင့်အရှောက်ကို ဆောင်းခံခြင်း ဖြစ်ပါသည်။

ဤနေရာတွင် အကြောင်းအလျဉ်းသင့်ပါသဖြင့် ဘုရားရှင်တို့နှင့်ပတ်သက်သော အကြောင်းအခြင်းရာအချို့ကို ဖော်ပြလိုပါသည်။ ဤဂါထာနှင့်ပါဝင်သော ဘုရားခုနစ်ဆူတို့မှာ ဝိပဿီဘုရားရှင်၊ သိခီဘုရားရှင်၊ ဝေဿဘူဘုရားရှင်၊ ကကုသန္ဓဘုရားရှင်၊ ကောဏာဂမုနဘုရားရှင်၊ ကဿပဘုရားရှင်၊ ဂေါတမဘုရားရှင်တို့ဖြစ်၏။ ထိုကဲ့သို့ ဘုရားရှင်ခုနစ်ဆူကို ဂါထာဖွဲ့သီရခြင်း၏အကြောင်းမှာ ခုနစ်ရက်သားသမီးအပေါင်းတို့အတွက် နေ့ခုနစ်နေ့နှင့် ပြည့်စုံကိုက်ညီစေရန်အတွက် ဖြစ်ပါသည်။ ၎င်းတို့မှာ ဂေါတမမြတ်စွာဘုရားသည် သောကြာနေ့ဖွားတော်မူ၏။ ကဿပဘုရားရှင်သည် ကြာသပတေးနေ့သားဖြစ်တော်မူ၏။ ကောဏာဂမုနဘုရားရှင်သည် ဗုဒ္ဓဟူးနေ့သားဖြစ်တော်မူ၏။ ကကုသန္ဓဘုရားရှင်သည် အင်္ဂါနေ့သားဖြစ်တော်မူ၏။ ဝေဿဘူဘုရားရှင်သည် တနလ်ာနေ့သားဖြစ်တော်မူ၏။ သိခီဘုရားရှင်သည် တနင်္ဂနွေနေ့သားဖြစ်တော်မူ၏။ ဝိပဿီဘုရားရှင်သည် စနေနေ့သားဖြစ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ ခုနစ်နေ့ခုနစ်နံသား ဘုရားရှင်တို့အား ရှိခိုးကန်တော့ရသည့် အကျိုးအားကြောင့် လောကရှိ ခုနစ်နေ့သားသမီးအားလုံးတို့သည် ဘေးအန္တရာယ်ကင်းစေခြင်း၊ လိုရာဆန္ဒများပြည့်စုံစေခြင်း စသည့် ကောင်းကျိုးများကို ဖြစ်ထွန်းစေနိုင်မည် ဖြစ်ပါသည်။

မဟိဒ္ဓိပုဂ္ဂိုလ် တစ်ဆယ့်သုံးပါးဆိုသည်မှာ ဘုဒ္ဓဘုရားရှင်များ၊ ပစ္စေကဘုဒ္ဓါများ၊ အာသဝေါကင်းတော်မူကြသည့် ရဟန္တာအရှင်မြတ်များ၊ အရိယာပုဂ္ဂိုလ်များ၊ နတ်ဒေဝါများ၊ သိကြားမင်းများ၊ ဗြဟ္မာမင်းများ၊ နဂါးမင်းများ၊ ဂဠုန်မင်းများ၊ ယက္ခဘီလူးကြီးများ၊ ရက္ခိုက်ကြီးများ၊ ဂန္ဓဗ္ဗနတ်များ၊ ကုမ္ဘဏ်ကြီးများ ဟူသည့်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ဤနေရာတွင် ဘုဒ္ဓဘုရားရှင်တို့အား မဟိဒ္ဓိပုဂ္ဂိုလ်များစာရင်းတွင်ထည့်သွင်းထားသဖြင့် အချို့သောပုဂ္ဂိုလ်တို့အနေဖြင့် ဘဝင်ကျကောင်းမှကျနိုင်မည်ဖြစ်၏။ အချို့က မဟိဒ္ဓိပုဂ္ဂိုလ်ဟုဆိုလိုက်သည်နှင့် ဝိဇ္ဇာဓိရ်ပုဂ္ဂိုလ်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကိုသာ ပြေးမြင်လေ့ရှိကြ၏။ မဟိဒ္ဓိ၏ အဓိပ္ပာယ်မှာ တန်ခိုးကြီးမားသည့်ပုဂ္ဂိုလ် ဟူ၍ အဓိပ္ပာယ်ရှိပါသည်။ ထို့ကြောင့် တန်ခိုးကြီးမားသော၊ တန်ခိုးတော်အနန္တပြည့်စုံတော်မူသော ဘုရားရှင်တို့ကို မဟိဒ္ဓိပုဂ္ဂိုလ်များစာရင်းတွင်ဦးရွက်၍ ထိပ်ဆုံးမှထည့်သွင်းထားခြင်းဖြစ်ပါသည်။

ဤနေရာတွင် မိမိတို့ မိရိုးဖလာ ဘုဒ္ဓဘာသာဝင်များအဖို့ ဘုရားရှင်များဆိုလျှင်လည်း အတူတူပင်မှတ်ယူကြ၏။ ထို့အတူပင် နိဗ္ဗာန်ဆိုလျှင်လည်း အတူတူပဟုပင် အမှတ်ပြုကြ၏။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဝိဇ္ဇာဓရဘုဒ္ဓဘာသာနှင့် မဟာယာန စသည် အခြားသော ဘုဒ္ဓဘာသာဆိုင်ရာ အယူအဆများအရမူ တစ်သဘောတည်း၊ တစ်ခုတည်းဟု သတ်မှတ်ခြင်းမပြုဘဲ သက်ဆိုင်ရာ ပုဂ္ဂိုလ်အလိုက် အဆင့်ဆင့်သော ဘိသေကများဖြင့် ခွဲခြားထားပါသည်။

□ ဘုဒ္ဓဘိသေကနှင့် နိဗ္ဗာန်အဆင့်အတန်းများ

ယခု ဆောင်းပါးဖြင့် ဝိဇ္ဇာဓရနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအကြောင်းကို ဖော်ပြနေခြင်းဖြစ်သဖြင့် မိရိုးဖလာ ဘုဒ္ဓဘာသာဆိုင်ရာရှုထောင့်ကြည့်လျှင် စိမ်းနေကောင်းစိမ်းနေခြင်း၊ မကြားဘူးခြင်း၊ လက်သင့်မခံနိုင်ခြင်းများဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ယခုဆောင်းပါးဖြင့် ဝိဇ္ဇာဓရဆိုင်ရာ ဘုဒ္ဓဘာသာသဘောတရားတို့ကို ရေးသား ဖော်ပြနေခြင်းဖြစ်သဖြင့် အချို့သော မိရိုးဖလာ ဘုဒ္ဓဘာသာနှင့် ခြားနားကောင်းခြားနားနိုင်ပါသည်။ ထိုကဲ့သို့ ခြားနားမှုကို ဘုဒ္ဓဘာသာအား ပျက်ယွင်းစေခြင်းဟူ၍ သဘောမထားဘဲ မတူကွဲပြားသည့် ရှုထောင့်မှ လေ့လာချဉ်းကပ်သည့် အသွင်ကွဲတစ်ရပ်အဖြစ် သဘောထားပါက ပိုမိုကျယ်ပြန့်သော ဘုဒ္ဓဘာသာရပ်ဝန်းကြီးကိုရှုမြင်ရလေခြင်းဟုသဘောပေါက်နိုင်လိမ့်ဖြစ်ပါသည်။ ထို့ကြောင့် ဤဆောင်းပါးအားဖတ်လျှင် မျက်စိကြီးကြီး၊ နားကြီးကြီးထားပေးပါရန် ကြိုတင်၍ မေတ္တာရပ်ခံအပ်ပါသည်။ ဝိဇ္ဇာဓရဘုဒ္ဓဘာသာဆိုသည်မှာ ဝိဇ္ဇာမိုရ်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ လက်ခံကျင့်သုံးလေ့ရှိသည့် ဘုဒ္ဓဘာသာဝင်ဖြစ်ပါသည်။ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များကို အချို့သောသူများ ပြောဆိုစွပ်စွဲကဲ့ရဲ့သကဲ့သို့ ကရော်ကမည်း ပုဂ္ဂိုလ်များ မဟုတ်ကြပေ။

ဝိဇ္ဇာဓရထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်ရန်သည် သာမန်ဒွိဟိတ်ပုဂ္ဂိုလ်အဖြစ်မျိုးနှင့်မရပေ။ တိဟိတ်ပုဂ္ဂိုလ်မျိုးဖြစ်မှသာ ရနိုင်မည်ဖြစ်၏။ ထို့အတူ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိရန်လည်း တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှသာရနိုင်မည်ဖြစ်၏။ ထိုကဲ့သို့ တိဟိတ်၊ ဒွိဟိတ်ကွာခြားရခြင်းသည် ပညာဖြစ်သော အမြောဟယှဉ်ခြင်း၊ မမှန်ခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် အဆိုပါကိစ္စကို ပါရမီစကားနှင့်ပြောပါက ပါရမီအနု၊ အရင့်ကွာခြားသောကြောင့်ပင် ဖြစ်၏။ သို့ပါ၍ ပါရမီရှင်ဖြစ်မှသာ တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်ပေသည်။ ထို့အတွက်ကြောင့် မဂ်ပေါက်ဖိုလ်ဝင် ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာမိုရ်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များသည် ပါရမီရှင်တို့သာဖြစ်ပေသည်။

ပါရမီရှင်တို့တွင်ပင် အဆင့်အတန်း အမျိုးမျိုးအစားစားရှိပါသည်။ အထက်အဆင့်များသို့တက်သွားလေလေ ပါရမီပိုပြီးကြီးမားလေလေရင့်လေလေ ဖြစ်၏။ ထို့ကြောင့် မဂ်ပေါက်ဖိုလ်ဝင် အဆင့်အတန်းမှ အထက်သို့တက်သွားလျှင် အောက်ပါအဆင့်များအတိုင်း တွေ့ရမည် ဖြစ်၏။

မဂ်ပေါက်ဖိုလ်ဝင်ဖြစ်သည်နှင့် ပုဂ္ဂိုလ်သည် အလျော့ဆုံး သောတာပတ္တိမဂ်ကိုရရှိသဖြင့် အရိယာပုဂ္ဂိုလ်အနွယ်ဝင်ဖြစ်သွားပြီး ၎င်းကို အရိယာအဆင့်အတန်းဟု သတ်မှတ်ထား၏။ ထိုအရိယာမှဆက်တက်လျှင် မဂ်လေးခု အမြင့်ဆုံးသောမဂ်ကို ရရှိသူ ပုဂ္ဂိုလ်ကို အရဟာတ္တမဂ်ကိုရရှိသူ ရဟန္တာ ဟုပုဂ္ဂိုလ်အဆင့်အတန်းဟုသတ်မှတ်သည်။ ထိုအဆင့်အတန်းတို့ကို ပထမသာဝကအဆင့်အတန်းဟု သတ်မှတ်ပါသည်။ ထိုမှဆက်တက်လျှင် ဒုတိယသာဝကအဆင့်အတန်း၊ ထိုမှဆက်တက်လျှင် အဂ္ဂသာဝကအဆင့်အတန်း ဟူ၍ တစ်ဆင့်တက်လျှင် ဗောဓိသတ္တဘုရားအလောင်းပုဂ္ဂိုလ်အဆင့်အတန်း ဖြစ်ပါသည်။ ထိုဗောဓိသတ္တပုဂ္ဂိုလ်သည် တစ်ဆင့် ထပ်မံ၍ အထက်သို့တက်လျှင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အဆင့်အတန်းဖြစ်ပါသည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်အဆင့်အတန်းများ မည်သည့်အတွက်ကြောင့် ကွာခြားရပါသနည်းဟူမူ ပြည်ရင့်ကျက်သော ပါရမီရှင်များပင်ဖြစ်ကစား ပိုမို၍ ထိုထက်ကဲလွန်သောပါရမီအရည်အချင်းများကွာခြားသောကြောင့်ပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ပါရမီအလိုက် ပုဂ္ဂိုလ်အဆင့်အတန်းများ ခွဲခြားသတ်မှတ်ခြင်းကို ဘုဒ္ဓဘိသေကအဆင့်အတန်းများဆိုနိုင်ပါသည်။ ဘုဒ္ဓဘိသေကအဆင့်အတန်းဆိုသည်မှာ ဘုဒ္ဓဘိသိက်ခံအဆင့်အတန်းကိုဆိုခြင်းဖြစ်ပါသည်။ ၎င်း ပါရမီစကားဖြင့်ဆိုရမည်ဆိုပါက ဘုဒ္ဓဘိသိက်အဆင့်အတန်းပင်ဖြစ်ပါ၏။

အထက်ပါဘုရားရှင်တို့၏အဆင့်အတန်းတွင်ပင် အဆင့်အတန်းနှစ်မျိုးပါသည်။ ပစ္စေကဘုဒ္ဓါအဆင့်အတန်း သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အဆင့်အတန်းတို့ဖြစ်ပါသည်။ ထိုအဆင့်တို့သည် ဘုရားရှင်အဆင့်အတန်းဖြစ်သော်လည်း ပါရမီချင်းမတူ၍ အဆင့်အတန်းကွာခြားရခြင်း ဖြစ်ပါသည်။ ပစ္စေကဘုရားရှင်တို့၏ ပါရမီဖြည့်ကျင့်ရသောကာလ နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းလည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ ပါရမီဖြည့်ကျင့်ရာကာလသည် သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအကြမ်းဖျင်းဆိုနိုင်ပါသည်။ ထို့ကြောင့် ပါရမီဖြည့်ရာကာလကွာလျှင် ပုဂ္ဂိုလ်အဆင့်အတန်းကွာမည်သာဖြစ်၏။

ထို့ကြောင့် သောတာပတ္တိမဂ်ပါရမီရှင် အရိယာပုဂ္ဂိုလ်အဆင့်အတန်းမှ စတွက်လျှင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဆင့်အတန်းကို အဆင့် (၈) ဘိသေကအဆင့်ဟု သတ်မှတ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

ဘိသေကအဆင့်သည် စုစုပေါင်း အဆင့်(၁၀)ဆင့်သတ်မှတ်ထားပါသည်။ အဆုတ်တွက် လက်ရှိပွင့်တော်မူခဲ့သည့် ဂေါတမဘုရားရှင်၏ ဗုဒ္ဓဘိသေက အဆင့်အတန်းသည် အဆင့် (၈) ဖြစ်ပြီး အဆင့်နှစ်ဆင့်ကျန်နေပါသေး၏။ ဂေါတမဘုရားရှင်သည် ဗောဓိပင်နှင့် ကျောက်ခဲ့သည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိသည်နှင့် ဗုဒ္ဓဘိသေကအဆင့် (၈)သို့ ဆက်ရှိတော်မူခဲ့ပါသည်။ ဤသည်ပင် များအကြွင်းရှိသော သဥပါဒိသေသ နိဗ္ဗာန်ဖြစ်ပြီး ဗုဒ္ဓဂေါတမဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးသောအခါ ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်အဆင့် အဆုံးသို့ ကူးပြောင်းခဲ့ပါသည်။ ဤသည်ပင် ဗုဒ္ဓါဘိသေကအဆင့်အားဖြင့် အဆင့် (၉) ဖြစ်ပါသည်။ ထိုအဆင့် (၉) ဗုဒ္ဓဘိသေကအဆင့်ကို ဝိဇ္ဇာရေ ဗုဒ္ဓ အာသာ အခေါ် အဝေါ် အရ 'ပရနိဗ္ဗာန်' ခေါ် ဝေါ် သတ်မှတ်၏။ ဗုဒ္ဓဘိသေက အဆင့် (၁၀) ကိုကား 'မဟာဖရနိဗ္ဗာန်' ခေါ် ဝေါ် သတ်မှတ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမဘုရားရှင်သည် ကျန်သော ဗုဒ္ဓဘိသေအဆင့်သို့ ဆက်ရှိတော်မူရန် ဆက်လက်ဖြည့်ကျင့်တော်မူရပါဦးမည်။ သို့မှသာ မဟာနိဗ္ဗာန်သို့ ရောက်ရှိတော်မူပါမည်။ ဂေါတမ ဘုရားရှင်သည်ပင်လျှင် ကြွေသို့ပြုတော်မူရဦးမည်ဆိုလျှင် ကျန်နေသော ပစ္စေကဗုဒ္ဓါအဆင့်၊ ဗောဓိသတ္တအဆင့်၊ မဟာသာဝကအဆင့်၊ ပကတိသာဝကအဆင့်တို့သည် နိဗ္ဗာန်သို့ကြွရောက်တော်မူပြီး ဆိုသော်လည်း မဟာဖရနိဗ္ဗာန်အဆင့်သို့ ဆက်ရှိတော်မူရန် ဆက်လက်ဖြည့်ကျင့်တော်မူကြရပါဦးမည်။

သို့ပါ၍ ဝိဇ္ဇာဓရဗုဒ္ဓဘာသာသည် မိမိဖလာဗုဒ္ဓဘာသာနှင့် ကွာခြားနေပါသည်။ မိမိဖလာ ဗုဒ္ဓဘာသာအရမူ ဝေသည့်ပုဂ္ဂိုလ်မဆို အရဟတ္တမဂ်သို့ ဆက်ရှိတော်မူပြီးသော ပုဂ္ဂိုလ်တိုင်းသည် နိဗ္ဗာန်သို့မျက်မှောက်ပြုပြီးသော သူလို၊ သံသရာမှလွတ်မြောက်ပြီးသော သူလို၊ သုံးဆယ့်တစ်ဘုံမှလွတ်မြောက်သော ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားကြသို့ပါ၍ ထိုပုဂ္ဂိုလ်အတွက် အားလုံးသည် ငြိမ်းပြီဟု ယေဘုယျသဘောသာ သတ်မှတ်ထားကြပါသည်။

ဤအယူအဆနှင့် ပတ်သက်ပြီး ဤဗေဒသဘောအရ အနည်းငယ်သုံးသပ်လိုပါသည်။ မိမိဖလာဗုဒ္ဓဘာသာအရယူဆကြသလို ရဟန္တာပဲဖြစ်ဖြစ်၊ ပစ္စေကဗုဒ္ဓါပဲဖြစ်ဖြစ်၊ သမ္မာသမ္ဗုဒ္ဓပဲဖြစ်ဖြစ် နိဗ္ဗာန်စံဝင်သွားကြသည်ချည်းပဲဟု သမားရိုးကျယူဆလျှင် အားလုံးအတူတူပဲဟုသတ်မှတ်သကဲ့သို့ဖြစ်သွားနိုင်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်ကြီးများဖြည့်ကျင့်ခဲ့ရသော ပါရမီသက်တမ်းကွာခြားမှုများကို လျစ်လျူပြုသကဲ့သို့ ရောက်သွားနိုင်သည်ဟူသောအချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

အမှန်တကယ်ကား ပါရမီသက်တမ်းကွာခြားလျှင်ကွာခြားသလောက် အကျိုးရလဒ်လည်း ကွာခြားရမည်ကား မမှတာသော်၊ နိယာမသဘောသာလျှင်ဖြစ်ပါသည်။ ထို့ကြောင့် လိုအပ်နေသေးသော ပါရမီသက်တမ်းကို ထပ်မံဖြည့်ကျင့်ရသည်မှာ သဘာဝကျပါသည်။

ထို့ကြောင့် သံသရာ၏သဘာဝနှင့် နိဗ္ဗာန်၏သဘာဝတို့သည် အလွန်ပင် နက်နဲသိမ်မွေ့လှပါသည်။ သိနိုင်ရန်၊ မြင်နိုင်ရန်၊ နားလည်နိုင်ရန် ခက်ခဲနက်နဲလှပါသည်။ တထစ်ချ အပ်ကျမပ်ကျ ဆိုရန်ကား ပို၍ပင်ခက်ခဲလှမည်ဖြစ်ပါသည်။ နားလည်မှုထွေပြားလျှင်ထွေပြား သလောက်လည်း အမျိုးမျိုးအဖုံဖုံဖြစ်နိုင်ပါသည်။ ထို့အပြင် သံသရာနှင့်နိဗ္ဗာန်သည် အလွန်ပင် နီးကပ်ခဲ့သလောက်လည်း နီးကပ်သွားနိုင်ပါသည်။ ထို့အတူ ဝေးကွာခဲ့တိုင်းလည်း ဝေးကွာသွားနိုင်ပါသည်။ အကယ်၍ သံသရာနှင့်နိဗ္ဗာန်သည် နီးကပ်ခဲ့သလောက် နီးကပ်သွားလျှင်ကား တစ်ခုတည်း၊ တစ်ဆက်တစ်စပ်တည်းလောက်နီးနီး ဖြစ်သွားနိုင်ပါသည်။ ဆက်စပ်နိုင်ရန်သာ လိုအပ်ပါသည်။

ထိုနည်းအတိုင်းပင် သံသရာနှင့် နိဗ္ဗာန်သည် တစ်ခုနှင့်တစ်ခု ကမ်းမြင်လမ်းမြင်သကဲ့သို့ ဝေးကွာခဲ့တိုင်းလည်း ဝေးကွာသွားနိုင်ပါသည်။ ထိုကဲ့သို့အခြေအနေအမျိုးမျိုးသည် ဖြစ်ပေါ်မည်သာဖြစ်ပါသည်။ အထက်တွင်ဆိုသကဲ့သို့ တစ်ခုတည်းလောက်နီးနီးနီးကပ်သော်လည်း ရချင်မှရနိုင်ပါသည်။ ကမ်းမြင်လမ်းမြင် ဝေးကွာနေသော်လည်း ရချင်ရနိုင်ပါသည်။ အဖြေကား သံသရာနှင့် နိဗ္ဗာန်ကို ဆက်စပ်နိုင်ရန်သာလိုပါသည်။ ထိုကဲ့သို့ဆက်စပ်မှုမျိုးကို မိမိတို့ယုံကြည်သလို၊ နားလည်သဘောကျသလို လုပ်တိုင်းလည်းဖြစ်ချင်မှဖြစ်ပေမည်။ ထို့ကြောင့် အဆိုပါ သံသရာနှင့် နိဗ္ဗာန်တို့ကို ဆက်စပ်ရန်အတွက် အသေချာဆုံးနည်းလမ်းကိုအသုံးပြုခြင်းသာ ပုဂ္ဂိုလ်အများစုအတွက် အသင့်လျော်ဆုံးဖြစ်မည်ဟု ယူဆနိုင်ပါသည်။

သို့အတွက် သံသရာနှင့်နိဗ္ဗာန်ကို ဆက်စပ်ရန် အသေချာဆုံး၊ စိတ်အချရဆုံး၊ လုံးဝ လွဲချော်မှုမရှိနိုင်ဆုံးလမ်းကြောင်းမှာ ပါရမီလမ်းကြောင်းသာဖြစ်ပါသည်။ ပါရမီသည်သာ နိဗ္ဗာန်နှင့် သံသရာကို အကောင်းမွန်ဆုံး၊ အသေချာဆုံး ဆက်စပ်ပေးနိုင်မည် ဖြစ်ပါသည်။ သက်ဆိုင်ရာပါရမီသက်တမ်းပြည့်သည်နှင့် လိုလားအပ်သောပန်ဆင်ထားသည့် ဆုသည် မြေကြီးလက်ခတ်မလွဲ ရရှိပိုင်ဆိုင်နိုင်မည်သာဖြစ်ပါသည်။ ထို့ကြောင့် ဆုမပန်ဘဲ၊ ပါရမီမဖြည့်ဆည်းဘဲနှင့် မည်သည့်ဗောဓိဆုကိုမျှ ရနိုင်ကောင်းမည် မဟုတ်ပေ။ အကယ်၍ ဆုပန်ခြင်း၊ ပါရမီဖြည့်ခြင်းမရှိပါက မာလိန်မျှူးမရှိဘဲ၊ တက်မပါဘဲ၊ ရွက်မပါဘဲ ပင်လယ်သမုဒ္ဒရာထဲသွားလာနေသော လှေနာဂါကဲ့သို့ ဦးတည်ရာမရှိ သွားချင်ရာသွား၊ ရောက်ချင်ရောက်သကဲ့သို့မျိုးဖြစ်ပြီး သံသရာသည် ပို၍ရှည်ချင်တိုင်းရှည်ပါတော့မည်။ အကယ်၍ ဆုတစ်မျိုးမျိုး ပန်လျှင် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့်ရသဖြင့် သံသရာရှည်လျားလှသည်မဟု ထင်ကောင်းထင်စရာရှိပါသည်။ အမှန်ကား ထိုသို့မဟုတ်ပေ။ အကယ်၍ ဆုတစ်ခုခုကိုမပန်လျှင် ဦးတည်ချက်လားရာမဲ့သကဲ့သို့ဖြစ်ကာ ထိုဆုပန်ပြီး ပါရမီဖြည့်ရသောကာလထက် အဆပေါင်းများစွာပို၍ ရှည်လျားမြားမြောင်လှသော သံသရာရေအလျဉ်ကြောင့်မျှောပါရန်ပင်ပါသည်။ ထိုအချက်ကိုလည်း အလေးအနက် သတိပြုရန် လိုအပ်ပါသည်။

ဤနေရာ၌ ဆုပန်ခြင်းဆိုသည်မှာ သမ္မာသမ္ဗုဒ္ဓဘုရားဆု တစ်မျိုးတည်းပန်ခြင်းကိုသာဆိုလိုသည် မဟုတ်ပေ။ ဗုဒ္ဓါဘိသိက်ခေါ် ဘိသေကအဆင့် (၁) မှ

www.burmeseclassic.com

www.burmeseclassic.com

သည် အဆင့် (၁၀) အထိ အားလုံးကို ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုအဆင့်များကို မည်သို့ပင်ဖြည့်ကျင့်သည်ဖြစ်စေ ပါရမီဖြည့်ရာကာလကား သတ်မှတ်ချက်ရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဝိဇ္ဇာဓရဘုဒ္ဓဘာသာတွင် ပါရမီဖြည့်ရသောဆုပန်သည့်လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။ အချို့သောပုဂ္ဂိုလ်များ စွပ်စွဲဝေဖန်နေသကဲ့သို့ အယူဝါဒတိမ်းစောင်းနေခြင်း၊ ချွတ်ချော်နေခြင်း၊ လွဲမှားနေခြင်းမျိုး မဟုတ်ပေ။ ဘုဒ္ဓ၏အလိုတော်ကျအတိုင်းသာကျင့်သုံးလိုက်နာနေခြင်း ဖြစ်ပါသည်။

အကယ်၍ ဝိဇ္ဇာဓရဘုဒ္ဓဝါဒအယူအဆတို့သည် ချွတ်ယွင်းသည်၊ တိမ်းစောင်းနေသည်၊ အယူလွဲနေသည်ဟု ဆိုလာတုံပါမူကား ဘုဒ္ဓမြတ်စွာဘုရားရှင်၏ ပါရမီလမ်းစဉ်တော်ကြီးကို စွပ်စွဲပြစ်တင်ရာ၊ မယုံကြည်ရာသက်ရောက်သွားနိုင်သည်ကိုလည်း သတိပြုမိရန်အရေးကြီးလှပါသည်။ ထို့ကြောင့်လည်း ဇာလိတောင်ဆရာတော်ကြီးကဲ့သို့ သောပုဂ္ဂိုလ်များက သူ၏တပည့်ဒကာအပေါင်းတို့အား ဆုကြီးပန်ရန်ကိစ္စအားတိုက်တွန်းခဲ့ခြင်း ဖြစ်၏။ ဆက်လက်ပြီး ဇာလိတောင်ဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်းဂါထာအား ဖော်ပြအပ်ပါသည်။

ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေသောဂါထာတော်မြတ်

၁။ ဗုဒ္ဓေါ မေ သရဏံ အည်နိတ္ထိ။
ဓမ္မော မေ သရဏံ အည်နိတ္ထိ။
သံဃော မေ သရဏံ အည်နိတ္ထိ။

၂။ ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊ မာတာ ပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

၃။ 'ဝိပဿီ' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၄။ 'သိခီ' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၅။ 'ဝေဿဘူ' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၆။ 'ကကုသန္ဓော' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၇။ 'ကောဏာဂမနော' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၈။ 'ကဿပေါ' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၉။ 'ဂေါတမော' ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တက္ခတ္တိ အနန္တဇုတိ။

၁၀။ သတ္တိမေ ဗုဒ္ဓေါ ဘဂဝန္တော အရဟန္တော၊ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညာ၊ အနန္တဉာဏာ၊ အနန္တဂုဏော၊ အနန္တတေဇော အနန္တက္ခတ္တိမန္တာ၊ အနန္တဇုတိမန္တာ၊ မယ္ဟံ နာထာ၊ မယ္ဟံ ဒီပါ၊ မယ္ဟံ တာဏာ၊ မယ္ဟံ လေဏာ၊ မယ္ဟံ ပဋိသရဏာ။

၁၁။ အနန္တ ပုညာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ပုညစက္ကေဟိ မံ ရက္ခန္တု။

၁၂။ အနန္တဉာဏာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ဉာဏစက္ကေဟိ မံ ရက္ခန္တု။

၁၃။ အနန္တဂုဏာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ဂုဏစက္ကေဟိ မံ ရက္ခန္တု။

၁၄။ အနန္တတေဇာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ တေဇစက္ကေဟိ မံ ရက္ခန္တု။

၁၅။ အနန္တက္ခတ္တိမန္တာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ခဏ္ဍိမန္တစက္ကေဟိမံရက္ခန္တု။

၁၆။ အနန္တဇုတိမန္တာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ဇုတိမန္တစက္ကေဟိမံရက္ခန္တု။

၁၇။ သတ္တေ မဟိဒ္ဓိကာ ဗုဒ္ဓါ၊ သတ္တေဟိ ဗုဒ္ဓစက္ကေဟိ မံ ရက္ခန္တု။

၁၈။ သတ္တေ မဟိဒ္ဓိကာ ပစ္စေကဗုဒ္ဓါ၊ သတ္တေဟိ ပစ္စေက ဗုဒ္ဓစက္ကေဟိ မံ ရက္ခန္တု။

၁၉။ သတ္တေ မဟိဒ္ဓိကာ ပစ္စေကဗုဒ္ဓါ၊ သတ္တေဟိ ပစ္စေက ဗုဒ္ဓစက္ကေဟိ မံ ရက္ခန္တု။

၂၀။ သတ္တေမဟိဒ္ဓိကာ အရိယာ၊ သတ္တေဟိ အရိယ စက္ကေဟိ မံ ရက္ခန္တု။

၂၁။ သတ္တေ မဟိဒ္ဓိကာ ဒေဝါ၊ သတ္တေဟိ ဒေဝ စက္ကေဟိ မံ ရက္ခန္တု။

၂၂။ သတ္တေ မဟိဒ္ဓိကာ ဂ္ဃန္ဒာ၊ သတ္တေဟိ ဂ္ဃန္ဒ စက္ကေဟိမံရက္ခန္တု။

၂၃။ သတ္တေ မဟိဒ္ဓိကာ ဗြဟ္မာ၊ သတ္တေဟိ ဗြဟ္မစက္ကေဟိမံရက္ခန္တု။

၂၄။ သတ္တေ မဟိဒ္ဓိကာ နာဂါ၊ သတ္တေဟိ နာဂစက္ကေဟိမံရက္ခန္တု။

၂၅။ သတ္တေ မဟိဒ္ဓိကာ ဂရုဠာ၊ သတ္တေဟိ ဂရုဠစက္ကေဟိမံရက္ခန္တု။

၂၆။ သတ္တေ မဟိဒ္ဓိကာ ယက္ခာ၊ သတ္တေဟိ ယက္ခ စက္ကေဟိမံရက္ခန္တု။

၂၇။ သတ္တေ မဟိဒ္ဓိကာ ရက္ခသာ၊ သတ္တေဟိ ရက္ခသ စက္ကေဟိမံရက္ခန္တု။

၂၈။ သတ္တေ မဟိဒ္ဓိကာ ဂန္ဓဗ္ဗာ၊ သတ္တေဟိ ဂန္ဓဗ္ဗစက္ကေဟိမံရက္ခန္တု။

၂၉။ သတ္တေ မဟိဒ္ဓိကာ ကုမ္ဘဏ္ဍာ၊ သတ္တေဟိ ကုမ္ဘဏ္ဍ စက္ကေဟိမံရက္ခန္တု။

ဤဂါထာတော်ကြီး၏ အနက်အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် ဆက်လက်ဖော်ပြပါမည်။

ဂါထာအမှတ်စဉ် (၁)နှင့် (၂)၏ အဓိဗ္ဘာယ်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကျွန်ုပ်သည် ကိုးကွယ်ဆည်းကပ်ပါ၏။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးမှတစ်ပါး ကိုးကွယ်ဆည်းကပ်စရာမရှိပါ။ ဘုရား၊ တရား၊ သံဃာ၊ အမိအဖ၊ ဆရာသမားစသည် အနန္တောအနန္တငါးပါးတို့၏ ဂုဏ်တေဇာသည် အဆုံးအပိုင်းအခြားမရှိပါဟူ၍ အဓိဗ္ဘာယ်ရှိပါသည်။

ဂါထာအမှတ်စဉ်(၃)မှ အမှတ်စဉ်(၉)အထိဂါထာ၏အဓိဗ္ဘာယ်မှာ ပွင့်လောက်မူပြီးသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသည် ခုနစ်ဆူကုန်သော ဘုရားရှင်တို့ကို ရှိခိုးကန်တော့ခြင်းဖြစ်ပါသည်။ ဘုရားခုနစ်ဆူတို့သည် **ဗုဒ္ဓါ** - သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူသော **ဘဂဝါ** - ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူ၏။ **အရဟံ** - ပူဇော်အထူး ခံတော်မူထိုက်၏။ **သမ္မာသမ္ဗုဒ္ဓေါ** - မဖောက်မပြန် ကိုယ်တော်တိုင် ဥယျောဓိတရားငါးပါးကိုသိတော်မူ၏။

အနန္တ - အဆုံးအပိုင်းအခြားမရှိသော၊ **ပုညော** - ဘုန်းပညာသည်လည်းကောင်း၊ **ဂုဏော** - ဂုဏ်သည်လည်းကောင်း၊ **ဉာဏော** - ဉာဏ်သည်လည်းကောင်း၊ **တေဇော**- အရှိန်အစော်သည်လည်းကောင်း၊ **ဂ္ဃန္ဒိ**- တန်ခိုးသည်လည်းကောင်း၊ **ဇုတိ** - အရောင်အဝါတို့သော်လည်းကောင်း ပြည့်စုံတော်မူသော အဓိဗ္ဘာယ်ရပါသည်။

ဂါထာတော်အမှတ်စဉ် (၁၀)၏ အဓိဗ္ဘာယ်မှာ ခုနစ်ဆူကုန်သော ဤဘုရားရှင်တို့သည် ဘဂဝါဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံတော်မူကြပါသည်။ အပိုင်းအခြားမရှိသော ပုညာ၊ ဂုဏ၊ ဉာဏ၊ ကရုဏာ၊ ဣဒ္ဓိ၊ ဇုတိတို့ဖြင့်ပြည့်စုံတော်မူသည်။ ထိုဘုရားရှင်သည် အကျွန်ုပ်၏ **အာ** - ကိုးကွယ်ရာ၊ **ဒီပါ** - ကျွန်း၊ **တာ** - စောင့်ရှောက်ရာ၊ **လေဏာ** - ကွယ်ရာ၊ **ပဋိသရဏာ** - ကိုးကွယ်လျောင်းရာဖြစ်တော်မူပေ၏ ဟူ၍ အဓိပ္ပာယ်ရပါသည်။

ဂါထာအမှတ်စဉ် (၁၁) မှ (၁၆) အထိ အဓိပ္ပာယ်မှာ အဆုံးအပိုင်းအခြားမရှိသော ပုညာ၊ ဂုဏ၊ ဉာဏ၊ တေဇ၊ ဇုတိတို့ဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် ကျွန်ုပ်ဘဝ၊ ဂုဏ်၊ ဉာဏ်၊ အရှိန်အစေး၊ ကံဒိုး၊ အရောင်အဝါတို့ဖြင့် အကျွန်ုပ်အား စောင့်ရှောက်တော်မူကြပါဟူ၍ အဓိပ္ပာယ်ရပါသည်။

ဂါထာအမှတ်စဉ် (၁၇) မှ (၂၉) အထိအဓိပ္ပာယ်မှာ -

ခပ်သိမ်းကုန်သော တန်ခိုးမဟိဒ္ဓိကြီးများကြသည့် ဘုရားအမျိုးရှိသော ကျိုလ် (၁၃) ဦး၏ အစောင့်အရှောက်ကို တောင်းခံခြင်းဖြစ်ပါသည်။

အဆိုပါ မဟိဒ္ဓိပုဂ္ဂိုလ် (၁၃) ဦးမှာ-

၁။ ဗုဒ္ဓဘုရားရှင်များ၊
၂။ ပစ္စေကဗုဒ္ဓါများ၊
၃။ အာသဝေါကင်းတော်မူကြသည့် ရဟန္တာအရှင်မြတ်များ၊
၄။ အရိယာပုဂ္ဂိုလ်များ၊
၅။ နတ်ဒေဝါများ၊
၆။ သိကြားမင်းများ၊
၇။ ဗြဟ္မာမင်းများ၊
၈။ နဂါးများ၊
၉။ ဂဠုန်များ၊
၁၀။ ယက္ခဘီလူးကြီးများ၊
၁၁။ ရက္ခိုက်ကြီးများ၊
၁၂။ ဂန္ဓဗ္ဗနတ်များ၊
၁၃။ ကုမ္ဘဏ်ကြီးများတို့ဖြစ်ကြ၏။

အဆိုပါ မဟိဒ္ဓိပုဂ္ဂိုလ်များတို့သည် အကျွန်ုပ်အား တန်ခိုးတော်ဖြင့် စောင့်ရှောက်တော်မူကြပါဟု အဓိပ္ပာယ်ရပါသည်။

ဤကဲ့သို့သော ဘေးအန္တရာယ်ကို ကာကွယ်သည့် ဂါထာမန္တန်အစောင့်အရှောက်တို့သည် ဝိဇ္ဇာဓရပညာတွင် အရေးကြီး၏။ မိမိကိုယ်တိုင် ဝိဇ္ဇာဓရဝင်းစဉ်ကို ကျင့်သုံးဆဲ၊ ဖြည့်ကျင့်ဆဲ အချိန်ကာလတွင် ကိုယ်ပိုင်ဖြစ်သော အကိုယ်တိုင်အားထုတ်၍ရသောသိဒ္ဓိတို့သည် အထုံ၊ အဆက်၊ အလေ့အကျင့်၊ အချိန်ကာလ နည်းပါးနေသေးသောကြောင့် အားနည်းနေသေး၏။ ပို၍ရှင်းအောင်ဆိုရလျှင် ကိုယ်သိဒ္ဓိကိုကိုယ်ပြန်သုံး၍မရသေးသောအခြေအနေမျိုးတွင် ရှိ၏။

ထိုအခါ သိဒ္ဓိပေါက်ပြီးသော ပုဂ္ဂိုလ်တို့၏အားကို အကာအကွယ် အစောင့်အရှောက်အဖြစ်လည်းကောင်း၊ အခြားလိုလားအပ်သောလုပ်ငန်းများပြီးစီးအောင်မြင်စေမှုအတွက်လည်းကောင်း၊ လတ်တလော အစားထိုးသဘောအဖြစ် ယူငင်သုံးစွဲရ၏။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သော မဟိဒ္ဓိပုဂ္ဂိုလ်များ၏ အားကိုယူ၍ မိမိဖြစ်စေလိုသောအလို ဆန္ဒများ အောင်မြင်စေရန် အသုံးပြုရသည့်သဘောရှိပါသည်။ ထို့ကြောင့် အဆိုပါမဟိဒ္ဓိပုဂ္ဂိုလ်များနှင့် မိမိတို့သည် ဆက်ဆံရေးအဆင်ပြေစေရန် အထူးပင် လိုအပ်လုပါသည်။ ဆက်ဆံရေးအဆင်ပြေလျှင်ပြေသလို ချောမောအောင်မြင်နိုင်ပါသည်။ထိုအဆိုပါပုဂ္ဂိုလ်များ ကြိုက်နှစ်သက်သည့်အလုပ်များကို လုပ်ကိုင်သူတို့မကြိုက်မနှစ်သက်သည့်လုပ်ငန်းများကို အထူးရှောင်ရှားကြရန် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်တို့၏အကြိုက်ကို အကြမ်းအားဖြင့်ဆိုရပါမူ သီလ၊ သမာဓိ၊ ပညာ လုပ်ငန်းများပင်ဖြစ်ပါသည်။

ထိုတွင် ဦးစွာပထမမှာ သီလစောင့်ထိန်းရန်ဖြစ်၏။ သီလကို တစ်ပါးပါးမှသည် နှစ်ပါး၊ သုံးပါး စသည်ဖြင့် မိမိထိန်းနိုင်သလောက်ထိန်းသွားရန်ဖြစ်၏။ သီလအပေါင်းတို့သည် ထိန်းနိုင်လေ အကျိုးကြီးလေဖြစ်၏။ သမာဓိလုပ်ငန်းတွင် ဂါထာမန္တန်များရွတ်ပွားခြင်း၊ ပုတီးစိပ်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်းတို့ပါဝင်၏။ ဤတွင် ဂါထာမန္တန်များရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် သမာဓိလုပ်ငန်း၏ အလွယ်ကူဆုံး လုပ်ကိုင်နိုင်ခြင်းဖြစ်၏။ ပရိတ်တော်များ၊ သုတ်တော်များ၊ ပဌာန်းဒေသနာတော်များကို ရွတ်ဖတ် ပွားများပြီး ရရှိလာသော ကုသိုလ်အဖို့ဘာဝများကို အထူးအားဖြင့် အထက်ဖော်ပြပါ မဟိဒ္ဓိပုဂ္ဂိုလ် (၁၃) ပါးတွင် အထက်ပိုင်းပုဂ္ဂိုလ်အမှတ်စဉ်(၁)မှ သည် (၄)အထိသည် ဗုဒ္ဓဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓမျာ၊ ရဟန္တာကြီးများနှင့် အရိယာပုဂ္ဂိုလ်တို့ဖြစ်ကြ၍ ထိုပုဂ္ဂိုလ်တို့ကိုကြဉ်ပြီး အမှတ်(၅)မှ (၁၃)အထိကျန်သောပုဂ္ဂိုလ်များကို ကုသိုလ်အဖို့ဘာဝများ အမျှဝေပေးလျှင် ထိုပုဂ္ဂိုလ်ကြီးများက မိမိအား ချစ်ကြ၏။ ခင်ကြ၏။ စောင့်ရှောက်ကြတော့၏။ အဆိုပါအမှတ်စဉ် (၅) မှ မဟိဒ္ဓိပုဂ္ဂိုလ်အမျိုးအစားသည် နတ်ဒေဝါများဖြစ်ကြသဖြင့် ထိုနတ်ဒေဝါများကိုပင် ကျန်သော ပုဂ္ဂိုလ်အားလုံးတို့အားခြုံငုံကိုယ်စားပြုပြီး နတ်ဒေဝါအုပ်စုဟု အမည်ကင်ပွန်းတပ်နိုင်၏။ ထိုနတ်ဒေဝါအုပ်စုသည် ဝိဇ္ဇာဓရလမ်းစဉ်အားလိုက်နာကျင့်သုံးသည့်ပုဂ္ဂိုလ်အဖို့ အထူးပင် အရေးကြီးပါသည်။

ထို့ကြောင့် ဝိဇ္ဇာဓရကျင့်စဉ်နှုန်းယ်သေးသည့်ပုဂ္ဂိုလ်အဖို့ ကိုယ်ပိုင်သိဒ္ဓိမရသေးမီ ဒေဝါသိဒ္ဓိကို အဌားအသုံးချရသဖြင့် မဖြစ်မနေလိုအပ်မည်သာဖြစ်ပါသည်။ ထိုကဲ့သို့ သီလလုပ်ငန်း၊ သမာဓိလုပ်ငန်းများကို ဟန်ချက်ညီအောင် အားထုတ်လုပ်ကိုင်သွားပါက ပညာ၏သဘောသည် လမ်းပွင့်လာပါလိမ့်မည်။

ဝိဇ္ဇာဓရအန္တေဝါသိကလမ်းစဉ်၌ တပည့်ဖြစ်သူသည် မိမိအတွက် ဆရာဖြစ်သူ ဂုရုပုဂ္ဂိုလ်ကိုရှာရ၏။ ဂုရုမရှိဘဲ စစ်မှန်၍ အဆင်အတန်းရှိသော ဝိဇ္ဇာဓရပညာကို မရရှိနိုင်ပေ။ ထို့ကြောင့် ဂုရုဖြစ်မည့်ဆရာအား မတွေ့တွေ့အောင် ရှာရမည်သာဖြစ်၏။ သို့သော် တပည့်ဖြစ်လိုသည့်ပုဂ္ဂိုလ်၏ပညာအဆင့်သည် အလွန်ပင် နုနယ်သေးသဖြင့် ပညာအဆင့်အတန်းမြင့်မားသည့် ဂုရုပုဂ္ဂိုလ်ကိုရှာတွေ့ရန်ဆိုသည်မှာ အလွန်ခက်ခဲလှသောကိစ္စ ဖြစ်၏။

အကယ်၍ တပည့်ဖြစ်သူနှင့် ဂုရုဖြစ်သူတို့ မမျှော်လင့်ဘဲ ဆုံစည်းမိကြသည်ဖြစ်လင့်ကစား တပည့်သည် ပညာအား၊ ပါရမီအားနည်းသေးသဖြင့် ဂုရုကို ဂုရုမှန်းပင် မသိနိုင်ပေ။ ထို့ကြောင့် ဂုရုနှင့် လွဲချော်နေမည်သာဖြစ်တော့၏။ ထိုသို့ လွဲချော်မှုသည် နှစ်ပေါင်းများစွာလည်း ကြာချင်ကြာနိုင်ပါသည်။ သို့တည်းမဟုတ် တစ်ဘဝလုံးလည်း မတွေ့ဘဲဖြစ်ချင်ဖြစ်သွားနိုင်ပါသည်။ ထိုကဲ့သို့သော အဖြစ်မျိုးနှင့်မကြုံတွေ့စေရန်နှင့် မိမိနှင့် ဝိဇ္ဇာဓရပါရမီဆက်ရှိသောဂုရုပုဂ္ဂိုလ်နှင့် အမြန်ဆုံးတွေ့ရန်အတွက် တပည့်ဖြစ်သူသည် လိုက်နာ ကျင့်သုံးမှုအချို့ကို ကြိုတင် ကျင့်သုံးရမည် ဖြစ်၏။

(ရှေ့လဆက်ဖတ်ပါရန်)

ဆရာဦးဆက်ထွန်းလင်း
(အာယုဒ္ဒေဒ)

www.burmeseclassic.com

www.burmeseclassic.com

ကိုသာကျော်၊ မည်ိလှတို့တွင် မြယဉ်ညိုု ဟူသော သမီးချောလေး တစ်ယောက်ရှိသည်။ ထိုသမီးချောလေး မွေးပြီးစတွင် စီးပွားရေးအဆင်မပြေ ချောမွေ့သည်ဟု ဆိုရပေမည်။ နွားတစ်ရှဉ်းမှ နှစ်ရှဉ်းဖြစ်သာသလို လယ်ယာမြေကွက်များကိုလည်း ထပ်ဝယ်နိုင်သည်။ ရွာတွင်းက အိမ်နှင့် ငှက်ပျောခြံက အလှမ်းဝေးသဖြင့် ငှက်ပျောခိုင်များ မကြာခဏဆိုသလို သူခိုးနောက်သို့ပါသွားသည်။ လယ်လုပ်ငန်းက တစ်ဖက်၊ ခြံလုပ်ငန်းကလည်း တစ်ဖက်ဆိုတော့ လယ်လုပ်ငန်းကို အငှားသားများနှင့် ထားပြီး ခြံလုပ်ငန်းကို ကိုသာကျော်က ဦးစီးဦးဆောင်ပြုလုပ်မှ တော်တော့်မည်ဟု မည်ိလှနှင့်တိုင်ပင်ပြီး ငှက်ပျောခြံထဲ၌ တဲတစ်လုံးဆောက်၍ သူတို့မိသားစု ပြောင်းရွှေ့နေထိုင်ကြသည်။ ခြံထဲတွင် နွားတစ်ရှဉ်း၊ လှည်းတစ်စီးလည်းယူဆောင်ထား၏။ ရွာထဲမှာဆောက်ထားသော ပျဉ်ထောင်သွပ်မိုးအိမ်နှင့် နွားတစ်ရှဉ်းကိုတော့ မည်ိလှ၏မိဘများက စောင့်ရှောက်ထားလေသည်။ ကိုသာကျော် စိုက်ပျိုးထားသော ဖီးကြမ်းငှက်ပျောနှင့် နံ့သာပုငှက်ပျောတို့က အားကျစရာပင်။ ခိုင်ထွက်သီးအားကောင်းကြသည်။ ရောသီလဲခေါ် ရခိုင်ငှက်ပျောကတော့ ထင်သလောက်မဖြစ်။ သီးမွှေးနှင့် ခိုင်ဝါတို့ကလည်း အသင့်အတင့်ကောင်းကြပါသည်။ ကိုသာကျော်နှင့် မည်ိလှတို့နေအိမ်တဲ၏နောက်ဘက်တွင် တောင်ပို့ကြီးတစ်ခုရှိသည်။ ထိုတောင်ပို့ကြီးက တစ်နှစ်တစ်ခါ တောင်ပို့မို့များပေါက်သည်မှာ စားလို့မကုန်နိုင်ဆိုသလို ရောင်းလို့ပင် ဝင်ငွေရလေသည်။ ကိုသာကျော်က ထိုတောင်ပို့ကို ရာဇမတ်ကာ၍ အမွှေးတိုင်များကိုလည်း ထွန်းညှိပေးပြီး -

"တောင်ပို့စောင့်နတ်များ၊ ကျွန်ုပ်တို့မိသားတစ်စုကို စောင့်ရှောက်ကြပါ။ မှားတာရှိလျှင်လည်းဗွေမယူပါနှင့်၊ စီးပွားလာဘ်လာဘများကိုလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့တိုးပွားအောင်ပေးကြပါ"

ဟု ရှိသေစွာ တောင်းဆိုသည်။

မည်ိလှနှင့် ကိုသာကျော်တို့လှည်းတစ်စီးဖြင့် ငှက်ပျောခုတ်တိုင်း သမီးလေးမြယဉ်ညိုက ထမင်းအိမ်စောင့်အဖြစ် အမြဲတမ်းကျန်ခဲ့ဖြစ်သည်။ မြယဉ်ညိုသည် ငယ်သိတတ်စအရွယ်တည်းက အသားမစား။ သက်သတ်လွတ် အသီးအရွက်တို့ကိုသာစားလေသည်။ တစ်နေ့ မည်ိလှကို တောင်ပို့စောင့်နတ်

www.burmeseclassic.com

www.burmeseclassic.com

ရောမြေ-ကျော်ဝေ

ထူးဆန်းသောပတ္တမြားနှစ်လုံးနှင့် သိုက်တို့၏မာယာ



ော်ပေးပါသည်။

"ဟဲ့-မည်လှ၊ နင်တို့မိသားစုတွေ ကားရှားမြဲတာကို ငါသိသည်။ ငါ သည်း ရှိသေသမှုပြုသည်။ ငါတို့ ပေါ်သည်၊ နင်တို့ မိသားစုအတွက် ငွေ့ရှောက်ပါမည်။ တစ်ခုတော့ ပေးချင်သည်။ နင်တို့ သမီးလေး ည်ကို အထူးဂရုစိုက်ပါ။ သိုက်က သောသူဖြစ်သည့်အတွက် အသက် ကျော်လျှင် ပြန်ခေါ်လိမ့်မည်။ ဒီ အပိုင် ရွှေဂျို့ပင်သိုက်က ညီအစ်မ ောက်က သူတို့ညီမလေးကို မွေး ငါ်ဆောင်ပြီးလာကြည့်နေတာ ငါ ကြရသည်။ ငါတို့က ဒီခြံတွင်းရှိ ငါပို့မှာနေရတဲ့ခြံစောင့်တောင်ပို့နှတ် သာ ဖြစ်သည်။ ဒီခြံတွင်းသာပိုင် ည်၊ သူတို့က ဥစ္စာစောင့်များ ဖြစ်ကြ ည်။ အကြီးမက ယဉ်ခွဲသူ၊ အလတ်မ ငယ်သွဲ့မူ၊ အငယ်မလေးဖြစ်တဲ့ အလှ ဝိုတ့် မြယဉ်ညိုကို သူတို့က လူဘဝ ပောပိုက်နေမှာကို စိုးရိမ်ကြသည်။ ုက သူတို့နှင့်ယှဉ်လျှင် ဘယ်လိုမှ ငံသည့်အတွက်ကြောင့် သတိပေးရ ခြင်းဖြစ်သည်"

ဟု မည်လှကို အိပ်မက်ပေး၍ ပျောက်သွားလေသည်။

မည်လှသည် အိပ်မက်ထဲတွင် တွေ့ခဲ့ရသော တောင်ပို့စောင့်နတ် သတိ ပေးစကားဖြင့် ပြောကြားခဲ့သည်ကို ကိုသာကျော်ကို ပြောပြသောအခါ ကိုသာကျော်က -

"မည်လှ၊ မင်းအိပ်မက်ကို သမီး လေးကို ပြောပြသေးလား"

ဟု မေးသောအခါ မည်လှက -

"ကျွပ်သမီးလေးကိုမပြောပါဘူး။ သမီးလေးသိရင် စိတ်အပြောင်းအလဲဖြစ် သွားမှာစိုးရိမ်လို့ပါတော်။ သမီးလေး အတွက် ရှေ့ရေးက စိတ်မအေးရဘူး တော်။ သမီးလေးက အခုအသက် (၁၆) နှစ်ဆိုတော့ နောက်လေးနှစ်ကျော်ရင် စိုးရိမ်ရတယ်လေ"

မည်လှ၏ ပြောစကားကို ကိုသာကျော်သည် အတန်ငယ်စဉ်းစား ပြီး -

"ငါတို့မိသားစုတွေ ထန်းလေးပင် ရွာထဲကအိမ်မှာပြောင်းရွှေ့နေရင်ကောင်း မလား။ ရွာဦးထိပ်က ကျောင်းထိုင်ဆရာ တော်နဲ့တိုင်ပင်ကြည့်ရင်ကောင်းမလား"

ဟု ဆိုသောအခါ မည်လှက -

"ကိုသာကျော် ပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဒီငှက်ပျော်ခြံ တွေကို ပစ်ထားလို့လည်းမဖြစ်သေးဘူး လေ။ လောလောဆယ်နေလို့ရပါသေး တယ်။ သမီးကိုခေါ်ပြီး ဆရာတော်ထံကို ကျွပ်သွားပါ့မယ်။ ငှက်ပျောခိုင်လုလု နှစ်ခိုင်နဲ့ ကျွပ်ကိုလည်းဆင်ပေးပါ"

(အောက်အရပ်တွင် နွားနှင့်လှည်း ကိုတပ်ပြီးမောင်နှင်ခြင်းသည် လှည်း ဆင်၍မောင်းခြင်းဟု ခေါ်ပါသည်။)

အထက်အညာဒေသအပိုင်းတွင် အိမ်ခြံမြေကို ဝိုင်းဟုခေါ်သလို နွားနှင့် လှည်းတပ်ဆင်ပြီးမောင်းခြင်းကိုလည်း လှည်းကဝိုင်းဟု ခေါ်ပါသည်။ ကိုသာ ကျော်က လှည်းဆင်ပေးပြီး မည်လှက သမီး မြယဉ်ညိုနှင့်အတူ ဖီးကြမ်းငှက်

www.burmeseclassic.com

www.burmeseclassic.com

ပျောတစ်ခိုင်နှင့် နံ့သာပုဌ်ပျောတစ်ခိုင်လှမ့ေဆိုသည်တို့ကို တင်ဆောင်ပြီး ထန်းလေးပင်ရွာရှိ ဘုန်းတော်ကြီး ကျောင်းသို့ ဦးတည်၍ မောင်းနှင်သွားလေတော့သည်။ ဘုန်းတော်ကြီးက မြယဉ်ညို၏လည်ပင်းတွင် ပရိတ်ကြိုးကို ချည်ပေးပြီး ပရိတ်သဲ၊ ပရိတ်ကျောက်တို့ကို နေအိမ်ခြံပတ်ပတ်လည်တွင်ထား ရန်ပေးလိုက်လေသည်။ မြယဉ်ညိုက ဘုန်းတော်ကြီးကပေးလိုက်သော ရေဆူပရိတ်ရေပုလင်းကို ဘုရားကျောင်းဆောင်ပေါ်တွင်တင်ထားပြီး နေ့စဉ်မပျက် ထန်းလျက်၊ သကြား၊ ငှက်ပျောသီးတို့ဖြင့် သက်လွတ်ဆွမ်းကို ကပ်လှူပူဇော်ပြီး ဤကဲ့သို့ ဆုတောင်းလေသည်။

"ဤဆွမ်းကပ်လှူရသောအကျိုးတရားကြောင့် ဘုရားတပည့်တော်မသည် ယခုဘဝတွင် ဒီအမိဒီအဖနှင့် အိုအောင်မင်းအောင် ဥမင္ဂဲသိုက်မပျက် နေရပါလိုသ၏ အရှင်ဘုရား။ ဘဝဟောင်းက တော်စပ်ခဲ့ဖူးသော မိဘဘိုးဘွား ဆွေမျိုး ညီအစ်ကိုမောင်နှမများလည်း ဘုရားတပည့်တော်၏ ကြေးစည်သံ၊ အမျှဝေသံကြားရပါက သာဓုခေါ်ဆိုနိုင်ပြီး မကျွတ်မလွတ်သေးသူများ ကျွတ်လွတ်ပါစေသား"

မြယဉ်ညို၏ ဘုရားရှိခိုးပြီး အမျှဝေသံသည် နေ့စဉ် ဝတ္တရားမပျက်ပင်ရှိလေသည်။

တစ်နေ့တွင် ဆရာတော် ဦးဝိမလထံသို့ သိုက်နန်းရှင် ညီအစ်မ မယဉ်ခွဲသူနှင့် ခင်သွဲ့မူက အိပ်မက်ပေးလေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ ညီမငယ်လေးဖြစ်တဲ့ မြယဉ်ညိုသည် လူဘဝတွင် ပျော်ပိုက်နေပါပြီ ဘုရား။ သူမသည် သူကြီးဦးဘုန်းရွှေလှ၊ ဒေါ်နှင်းမြတ်နွယ်တို့၏သား ဘုန်းမြတ်နေလနှင့် လူငယ်တို့သဘာဝချစ်သူများဖြစ်နေကြပါပြီဘုရား။တပည့်တော်တို့သိုက်ပြောင်းရမည်ဖြစ်တဲ့အတွက် ညီမတော်ကိုထားခဲ့လို့မဖြစ်နိုင်ပါဘုရား။ အခိုန်စေ့ရင် ပြန်ခေါ်မှာပါဘုရား။ တပည့်တော်တို့ကို သနားသောအားဖြင့် အရှင်ဘုရားထံကို သိုက်ကြိုးဖြတ်ဖို့ ဆရာများက ခွင့်ပြုဖို့ တောင်းခံလျှင် ခွင့်မပြုပါနှင့်ဘုရား။ အရှင်ဘုရားကနေတတ်သလိုနေပေးပါ။ ယခုအရှင်ဘုရားတည်သော(၂၇)တောင် ဘုရားကိုလည်း အရှင်ဘုရားသတ်မှတ်ထားသော အခိုန်ထက်ပြီးအောင် တပည့်တော်မတို့ တာဝန်ယူပါတယ် ဘုရား"

ယဉ်ခွဲသူနှင့် ခင်သွဲ့မူတို့ သိုက်နန်းရှင်ညီအစ်မနှစ်ယောက်က ဆရာတော်ကို ဦးခိုက်ပြီးပျောက်သွားလေတော့၏။

ဆရာတော် ဦးဝိမလသည် ထိုအိပ်မက်မှ တစ်ရေးနိုးပြီး စဉ်းစားရလေတော့သည်။ သူကြီးဦးဘုန်းရွှေလှက ဆရာတော်ကြီး၏ ညီအရင်းဖြစ်ပြီး ဘုန်းမြတ်နေလက တူအရင်းဖြစ်သည်။ တူနှင့်ပတ်သက်ပြီး တူမဖြစ်လာမည့် မြယဉ်ညိုဆိုသော မိန်းကလေးအတွက် စိုးရိမ်မိသည်။ နံနက်မိုးသောက် အလင်းရောက်လာတော့ ညီဖြစ်သူ သူကြီးဘုန်းရွှေလှနှင့် ဇနီးဖြစ်သူ နှင်းမြတ်နွယ်တို့ကိုခေါ်ပြီး ဆရာတော်က ညကမက်ခဲ့သောအိပ်မက်ကို ပြောပြသည်။ သိုက်ကလာသော မိန်းကလေးကိုမယူဖို့၊ မိဘများက ဘုန်းမြတ်နေလကိုအဆက်ဖြတ်ရန်ပြောသည်။

ဘုန်းမြတ်နေလက သိုက်တို့၊ ဥစ္စာစောင့်တို့ဆိုတာကို မယုံ၊ သူချစ်သော မြယဉ်ညိုက လူသားစင်စစ်။ လူလူချင်းအတန်းအစားခွဲသည်ဟုထင်သည်။ ဘုန်းမြတ်နေလတစ်ယောက် မြယဉ်ညို၏အလှတွင် အယဉ်ဆင့်ဆိုသကဲ့သို့ မြယဉ်ညိုနှင့်ခွဲရမှာကို စိုးရိမ်ပြီး နွယ်နီရိုးရွာရှိ မိခင်ဖြစ်သူ၏ ညီမရင်း ဒေါ်လှယမင်းခင်ထံသို့ ခိုးပြေးလေတော့သည်။ ဘုန်းမြတ်နေလ၏ အသက်က (၂၄) နှစ်၊ မြယဉ်ညို၏ အသက်က (၂၂) နှစ်ဆိုတော့ သူတို့နှစ်ယောက် အတွက် ဒေါ်လှယမင်းခင်က ခင်ပွန်းဖြစ်သူ ဦးဘုန်းမြတ်ကျော်နှင့် တိုင်ပင်ပြီး သူကြီးဦးဇေယျာပိုင်ထံတွင် အသိအမှတ်ပြုလက်မှတ်ရေးထိုးထားသည်။

ထန်းလေးပင်ရွာဦးထိပ်က ကျောင်းမြေကွက်တစ်နေရာတွင် (၂၇) တောင် ဘုရားက ပြီးလုပြီးခင်မှာပင် အခိုန်အခါမဟုတ်သောမိုးရွာသွန်းခြင်း၊ လေနီကြမ်းခြင်းတို့ကြောင့် (၂၇) တောင်ဘုရားမှာ အလယ်တည့်တည့်မှနေပြိုကျလေတော့သည်။ဆရာတော်ဦးဝိမလသည် အဖျက်ဝင်ပြီဟုသိလိုက်ရသည်။ ကိုသာကျော်နှင့် မည်လှတို့ကလည်း သူတို့သမီးလေးကို ပြန်အပ်ပေးပါရန် သူကြီးဦးဘုန်းရွှေလှနှင့် သူကြီးကတော် ဒေါ်နှင်းမြတ်နွယ်တို့ကို အပူကပ်လေသည်။

မိဘတို့ ဝတ္တရားရှိသည့်အတိုင်း သီတင်းကျွတ်လ၏ နေ့ကောင်းရက်သာရွေးပြီး မင်္ဂလာဆောင်ပေးရလေတော့သည်။ တစ်နေ့တွင် မြယဉ်ညိုက ခင်ပွန်းဖြစ်သူ ဘုန်းမြတ်နေလကို သူ၏မိဘများရှိရာ ငှက်ပျောခြံထဲသို့လိုက်ပို့ပါရန်အ
တောင်းသောအခါ ချစ်ဇနီးအလိုက
ကျ နွားလှည်းဆင်ပြီးလိုက်ပို့လေသ
ခြံထဲမှ တဲတွင် မိဘနှစ်ယောက်စလုံး
မတွေ့ကြရပါ။ တခြားငှက်ပျောခြံ
တွင် ငှက်ပျောခုတ်သွားကြပါသည်။

မြယဉ်ညိုက -

"ဟောဟို ဘုရားကျောင်းဆော
ပေါ်က ပရိတ်ရေက ရေဆူပရိတ်
ကိုဘုန်းမြတ်နေလ။ အစွမ်းထက်တ
လေ။ တစ္ဆေသရဲမပြောနဲ့၊ ပရိတ်ရေ
ဖျန်းမိရင် ဥစ္စာစောင့်တို့၊ နတ်စိန်
တောင်ထွက်ပြေးရတယ်"

ဘုန်းမြတ်နေလသည် ဘု
ကျောင်းဆောင်ပေါ်မှ ပရိတ်ရေပုလ
ကိုယူကြည့်ပြီး -

"တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ယုံ
ခြင်းဆိုတဲ့ဂါထာမန္တန်တွေရဲ့ အ
အာနိသင်တွေက လက်တွေ့အကျိုး
ပါတယ်ကွာ"

မြယဉ်ညိုသည် ဆန်ပုတ်ထဲ
ထည့်ထားသော ငှက်ပျောသီးဖီးကြ
အမှည့်တစ်ဖီးကိုယူပြီး ဘုန်းမြတ်နေ
ကို ကျွေးလေသည်။

"ကိုဘုန်းမြတ်နေလ စားပါ
တောထဲမှာ ဒါပဲကျွေးစရာရှိတာ
မြယဉ်ညိုက ရာသက်ပန်သက်သာ
လွတ်ဆိုတော့ ဒီအသီးအနှံတွေနဲ့
ရင်းနှီးပြီးသားပါ"

ဘုရားကျောင်းဆောင်တွင် ေ
လျှူထားသော ငှက်ပျောသီးတစ်
ကြွက်များက ကိုက်ဖောက်ထားသည်
မြင်ရတော့ မြယဉ်ညို မနေသာ
ငှက်ပျောသီးကို စွန့်ရပေတော့
ခွေးခြေခုံပြီး ငှက်ပျောသီးလင်ပန်း
အယူတွင် နဖူးတည့်တည့်သို့ ြ
ချောင်းနေသော မြွေဟောက်က
လိုက်လေတော့သည်။

"အမ့ေ"

မြယဉ်ညိုတစ်ယောက် တဲ
ပြင်ပေါ်တွင် ခွေခွေလေးလဲပြီး အ
ပြန်မဝင်တော့။ ဘုန်းမြတ်
တစ်ယောက် မြယဉ်ညိုအတွက် ယ
မရဖြစ်ခဲ့ရလေသည်။ မြွေဟောက်
သည် မြယဉ်ညိုကိုပေါက်ပြီး တဲနေ
ဘက်က တောင်ပို့အတွင်းသို့ ဝင်
လေတော့သည်။ ကိုသာကျော်နှင့်
လှတို့ဇနီးမောင်နှံပြန်ရောက်လာ
အခါ သမီးဖြစ်သူ မြယဉ်ညို၏အသ
ခန္ဓာကိုသာတွေ့လိုက်ရတော့
သည် ငိုရင်းနှင့်တက်သွားလေသ

www.burmeseclassic.com

www.burmeseclassic.com

ကို ငိုလည်းငို၊ သမက်ဖြစ်သူ
နေလကိုလည်း မည်လျှင်၏
ကြောင်းကိုပြောပြလေသည်။
နေလတစ်ယောက် ငယ်ငယ်
နှင့် မုဆိုးဖို့ဖြစ်ခဲ့ရလေသည်။
ကြီး ဦးဝီမလသည် ဘုရား
ပြိုလိုက်ဖြစ်နေသည်ကို
မြင်။ တူမဖြစ်သူ မြယဉ်ညို၏
မြေကျပြီး ရက်လည်သော
ဆရာတော်ကို ညီအစ်မသုံး
အိပ်မက်ပေးလေသည်။
ဆရာတော်ဘုရား တပည့်တော်
တွေ စိတ်တူကိုယ်တူပြန်
ရပါပြီဘုရား။ တပည့်တော်တို့
နောက်ပြန်ဆို ဒီရွှေကျို့ပင်သိုက်က
ရတော့မှာပါဘုရား။ အရှင်
ကြီးလက်စ ဘုရားကိုလည်း
အယ့်မရှိ တည်လို့ရပါပြီ။
တော်တို့ သိုက်နန်းရှင်အဖွဲ့က
အုတ် (၉) ဆင့်တည်ထားခဲ့
ငွေဒင်္ဂါးအပြား (၉၀) ကိုလည်း
ရင်ပြင်တောင်ဘက်ထောင့်
စနဲ့ထုပ်ပြီးထားပါတယ် အရှင်
ယူပြီး ဘုရားအတွက် အသုံးပြု

ဟု ယဉ်နွဲ့သူ၊ ခင်သွဲ့မူနှင့် မြယဉ်
ဦးတိုက်ပြီး ပျောက်ကွယ်သွား
သည်။ ဆရာတော်သည် ကျောင်း
မြေးမောင်းတိုင်ကပ်နာရီကိုကြည့်
သောအခါ နံနက် (၂) နာရီပင်
သဖြင့် တည်လက်စဘုရားသို့
ကြည့်သောအခါ ၎င်းတို့ညီအစ်မ
သည့်အတိုင်းပင် ငွေဒင်္ဂါးထုပ်ကို
တွေ့ရသလို ဘုရားကိုလည်းအုတ်
ဆင့်တည်ထားသည်မှာ သေသပ်
ပေသည်။ ရပ်ရွာထဲမှ မယုံသူတို့
ကြည့်ကြသည်။ ဆရာတော်ကို
သည်ဟုဆိုကြသည်။ (၂၇)တောင်
သည် ဌာပနာပြီး တစ်လအတွင်း
ပြီးမြောက်သွားခဲ့လေသည်။ သိုက်
လိုက်ရသော အောက်လမ်းဆရာ
ဆရာတော်ကို မကျေနပ်၊ ဆရာ
ကို အတတ်ပညာနည်းမျိုးစုံဖြင့်ပြု
ကြသည်။ ဆရာတော့်၏ ဝိပဿနာ
သော ကျင့်ကြံသောတရားက ထိုသူ
အနှိုင်ယူခဲ့လေပြီ။ ဒီထန်းလေးပင်
သော ရွာကလေးတွင် ဆရာတော်၏
သတင်းသည် ထုံသင်းလျက်ရှိနေ
သည်။ ရဟန္တာဟုပင် သမုတ်ခြင်းကို
ခံရလေသည်။ ဆရာတော်က ဘယ်သူ
ဘုရားပျက်ပျက် ကိုယ်မပျက်နဲ့၊ အမြဲ
တမ်း မေတ္တာသုတ်ကို ရွတ်ပွားကြပါဟု
ဘုရားရေစက်ချ၊ ကျောင်းရေစက်ချ
တွင် တရားဟောကြားပါသည်။ ပရိတ်
တန်ခိုးသည် ရွှတ်ဖတ်ဆူတို့အတွက်
အမြဲတမ်း အရိပ်ထိုး၍နေပေမည်။
တူတော်- ဘုန်းမြတ်နေလသည် သူ၏
ဇနီးကိုသတ်သော မြွေဟောက်များကို
အငြိုးအထေးထားပြီးထောင်ဖမ်းသည်
ကို ကြားရသဖြင့် ဆရာတော်ကတရားချ
မှရလေသည်။

"ဒကာရဲ့ဇနီး မြယဉ်ညိုက သိုက်
ကလာတဲ့သူဖြစ်တဲ့အတွက် သိုက်ကပဲ
မြွေဟောင်ဆောင်ပြီးပြန်ခေါ်သွားတာ
ပါ။ မြွေဟောင်ဆောင်ထားတဲ့ ဥစ္စာ
စောင့်လို့မှတ်လိုက်ပါ"

တစ်ခါတစ်ရံ (၂၇) တောင်ပြည့်
ဘုရားသို့ မြွေကြီးသုံးကောင် ပါးပျဉ်း
ထောင်၍ဘုရားဖူးလာကြသည်ကိုလည်း
ဆရာတော်က တွေ့ခဲ့ရသဖြင့် ဘုရားဖူး
လာသောမြွေဧည့်သည်တွေဟု မေတ္တာ
ပို့ပြီး အမျှပေးဝေပါသည်။ သိုက်ကလာ
သောသူတို့သည် များသောအားဖြင့်
နဂါးသိုက်ကလာကြသူများ ဖြစ်ကြပါ
သည်။ (၁) ယဉ်နွဲ့သူ၊ (၂) ခင်သွဲ့မူ၊ (၃)
မြယဉ်ညိုတို့သည်လည်း နဂါးသိုက်မှ
ဥစ္စာစောင့်များဖြစ်ကြပါသည်။ ကျောက်
သံပတ္တမြား၊ ရွှေ၊ ငွေ၊ ရတနာ မြေပေါ်
ရေအောက် အစိုးရသော ဘုမ္မိရသိုက်
နန်းရှင်များဟု သတ်မှတ်ရပေတော့
မည်။ တစ်ခါနိုက ဖြစ်ပျက်တွေ့ကြုံခဲစား
ရသော ဖြစ်ရပ်မှန်များသည် ကိုယ်တွေ့
ကြုံသူတို့အတွက် ယုံကြည်မိသော်လည်း
မကြုံဘူးသူတို့အတွက် ယုံရုပ်ရေးပြလျှင်
တောင် ယုံကြမည်မဟုတ်ပါ။ ယခုခေတ်
အိုင်တီခေတ်ကြီးထဲမှာ မယုံကြည်သူတို့
က ပုံပြင်ဟုပင်မှတ်ကြပါလိမ့်မည်။

မြယဉ်ညို သေဆုံးပြီး တစ်လ
ပြည့်ဆွမ်းသွတ်သောနေ့တွင် မိုးကြီးရွာ
သွန်းသည်။ ကိုသာကျော်နှင့် မည်လှတို့
ခြံထဲတွင်ရှိသော တောင်ပို့သည်
တဖြည်းဖြည်းပြိုသွားပြီး အရိုးကျနေ
သော မြွေသေကောင်၏ မျက်လုံးနှစ်လုံး
နေရာတွင် နီရဲတောက်ပသော ကျောက်
နီကြီးနှစ်လုံးကို ထူးဆန်းစွာတွေ့ရသည်။
ကိုသာကျော်က မြွေသေအရိုးများကို
ဖယ်ရှားပြီး ထိုကျောက်နှစ်လုံးကိုယူကာ
ဆရာတော်၏လက်ထဲသို့ထည့်ပေးသော
အခါ ထိုထူးဆန်းသော ကျောက်နှစ်လုံး
သည် အေးစက် မာကျောပြီး မီးခိုးများ
ထွက်သည်မှာ ဆောင်းရာသီ လူတို့၏
ပါးစပ်မှ အအေးဒဏ်ကြောင့်ထွက်သော
အခိုးအငွေ့များနှင့်ပင်တူလေသည်။

ဆရာတော်က -

"ဒါတန်ဖိုးထိုက်တဲ့ပတ္တမြားနှစ်လုံး
ပဲ။ ဒကာကြီး ဦးသာကျော်နဲ့ ဒကာမကြီး
ဒေါ်ညိုလှတို့အတွက် ထိုက်လို့ရတဲ့
ပတ္တမြားပါ။ ဒီပတ္တမြားနဲ့ ပတ်သက်ပြီး
မြယဉ်ညိုအတွက် ရည်စူးပြီး လှူဒါန်း
ပေးပါ"

ဟု ဆရာတော်က ဆိုသောအခါ
ဦးသာကျော်နှင့် ဒေါ်ညိုလှက ပြုံးတူ-

"ဒီပတ္တမြားနှစ်လုံးကို ဆရာတော်
လက်ခံပြီး (၂၇) တောင်ဘုရားမှာ
ဌာပနာပေးပါ။ တပည့်တော်တို့ သမီး
လေးအတွက် ရည်စူးပြီး လှူဒါန်းပါ
တယ် အရှင်ဘုရား"

ဟု စိတ်တူကိုယ်တူ ရေစက်ချ၍
လှူလိုက်လေတော့သည်။ ထိုပတ္တမြား
နှစ်လုံးကို ဌာပနာပြီးသည့်နောက်ပိုင်း
တစ်လကြာသောအခါမှ (၂၇) တောင်
ဘုရားကြီးက ပြီးမြောက်အောင်မြင်သွား
ပါသည်။ မြွေသုံးကောင်ကိုလည်း မတွေ့
ရတော့ပါ။ သိုက်ပြောင်း၍ပဲသွားလေ
သလား သို့မဟုတ် အကျွတ်အလွတ်
စာရင်းထဲတွင်ပဲပါသွားပြီလားဟုထင်မှတ်
လိုက်ရပေတော့သည်။ ဥစ္စာစောင့်ဟု
ခေါ်ဆိုလေ့ရှိသော သိုက်နန်းရှင်တို့၏
မာယာသည် ပြောမပြနိုင်လောက်
အောင် အယောင်ဆောင်ကောင်းလှပါ
၏။ မြယဉ်ညိုကို နူဖူးတည့်တည့်
ပေါက်သော မြွေသည်လည်း အယောင်
ဆောင်မြွေပင် ဖြစ်ပေမည်။ ညီမဖြစ်သူ
မြယဉ်ညိုကို လူပြည်တွင် အိမ်ထောင်
သည်အဖြစ် သူတို့မလိုလားကြပါ။ လူ
ဘဝ၏ရှေ့ရေး ဒုက္ခသုက္ခတွေနှင့် သား
သမီးရတနာတို့ တိုးပွားလာဦးမည်။
သံယောဇဉ်ဖြင့် ခင်တွယ်နေလျှင်
တော်တော်နှင့် ပြန်လာနိုင်မည်မဟုတ်
သည်ကို သူတို့ကြိုတင်သိနေကြသဖြင့်
ယခုလို ပြန်လည်ခေါ် ရခြင်းဖြစ်ညီမဟု
ဆရာတော်ဦးဝီမလကို အိပ်မက်ပေး
သလို ဆရာတော်ကလည်း နှစ်ဖက်မိဘ
များဖြစ်ကြသော သားရှင် ဦးဘုန်းရွှေလှ
နှင့် ဒေါ်နှင်းမြတ်နွယ်၊ သမီးရှင်
ဦးသာကျော်နှင့် ဒေါ်ညိုတို့ကိုခေါ်ပြီး
အိပ်မက်ကို ပြောပြလေသည်။ ဖြစ်ရပ်က
မှန်နေတော့ မယုံ၍ဓလေ့ပေ။ ယနေ့
ထက်တိုင် မမေ့ရက်နိုင်သူက ယခု
အသက် (၇၀) အရွယ် လူကြီး ဦးဘုန်း
မြတ်နေလပင်ဖြစ်ပေတော့သည်။

ဧရာမြေ-ကျော်ဝေ

www.burmeseclassic.com

www.burmeseclassic.com

ယခုခေတ်သို့ လက္ခဏာကွန်ရက် အဆုန်

လက္ခဏာပညာ

လက္ခဏာပညာရပ်သည် ကျွန်ုပ်တို့၏ မွေးရာပါ 'ပင်ကိုစရိုက်' များအား ထိုးထွင်းသိမြင်နိုင်ရန် အကူအညီပေးသောပညာရပ် ဖြစ်သည်။ ကျွန်ုပ်တို့၏ နေ့စဉ် လူနေမှုဘဝအတွင်း မကြာခဏပေါ် ပေါက်တတ်သော အကောင်းအဆိုးကိစ္စများအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များ ကြိုတင်ပြင်ဆင်နိုင်ရန် လက္ခဏာပညာရပ်ကပင် အတိုင်ပင်ခံအဖြစ် ရပ်တည်ပေးပါသည်။

ဤစာအုပ်တွင် လက္ခဏာပညာရပ်နှင့်ပတ်သက်၍ -

palm Lines - လက်ဝါးပြင်ပေါ်ရှိ လမ်းကြောင်းများ၊

hand shape - လက်ဝါးပြင် တည်ဆောက်ပုံ၊

fingers - လက်ချောင်းများအနေအထား၊

skin-ridge fatterns - လက်ဝါးပြင်ပေါ်ရှိကြွက်သားခုံများတည်ဆောက်ပုံ

ဟူ၍ (၄) မျိုးခွဲခြားတင်ပြထားပြီး ဘဝတစ်သက်တာအတွက် အဓိကအရေးပါသော အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် 'အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်နေသည့်' အခြေအနေများအား ဦးစားပေး ဖော်ပြထားပါသည်။

လက်ဝါးပြင်ပေါ်ရှိ လမ်းကြောင်းများ အပြောင်းအလဲ

လက်ဝါးပြင်ပေါ် ပါရှိသော လမ်းကြောင်းများက အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲဖြစ်ပေါ်နေပါသည်။ အချို့သော လမ်းကြောင်းများက လပိုင်းအတွင်း ပြောင်းလဲတတ်ပြီး အချို့သော လမ်းကြောင်းများက နှစ်အလိုက် ပြောင်းလဲခြင်းရှိတတ်သည်။

လက်ဝါးပြင်ပေါ်ရှိ လမ်းကြောင်းအနေအထားများကို ကြည့်ရှု လေ့လာ၍ 'အာရုံကြောဖွဲ့ စည်းမှုစနစ်' ၌ ပြဿနာရှိ-မရှိ၊ နှလုံးနှင့်ပတ်သက်သောရောဂါရှိ-မရှိတို့ကိုပါ ကြိုတင်ရိပ်စားမိနိုင်ပါသည်။

လက်ဗွေရာများ

လက်ချောင်းအသီးသီးတွင်ပါရှိသော လက်ဗွေများကလည်း လူတစ်ဦးချင်းစီ၏ တစ်သက်တာအခြေအနေအရပ်ရပ်အား (လမ်းကြောင်း Lines များကဲ့သို့ပင်) အဓိပ္ပာယ်ဖွင့်ဆိုပေးနိုင်ပါသည်။ လက်ချောင်း၌ ထိခိုက်ရှနာဖြစ်ခဲ့သည့်တိုင် လက်ဗွေများ(အနာကျက်ပြီးနောက်) မူလပုံစံအတိုင်းပြန်လည်ပေါ်ပေါက်လာစမြဲဖြစ်သည်။ လက်ချောင်းရှိ လက်ဗွေရာများ၏ ထူးခြားချက်မှာ လက်ဝါးပြင်ပေါ်ပါ လမ်းကြောင်းများကဲ့သို့ ပြောင်းလဲမှုမရှိခြင်းပင်ဖြစ်သည်။

လက္ခဏာပညာရပ်နှင့်ပတ်သက်၍ ဝဲဘက်လက်နှင့်ယာဘက်လက်သည် အမျိုးသားနှင့်အမျိုးသမီး၊ တက်ကြွခြင်းနှင့် အေးဆေးတည်ငြိမ်ခြင်း၊ သိစိတ်မသိစိတ်တို့အား ကိုယ်စားပြုထားဟု အချို့ကဆိုသည်။ အထက်ပါအဆများကို ဤစာအုပ်က လက်ဝါးလျားလျား ဆန့်ကျင်ပါသည်။ ဝဲဘက်လက်နှင့်ယာဘက်လက် (နှစ်စလုံး) က လက္ခဏာပညာရပ်၌ နှစ်ခုဆက်စပ်နေပြီး လူတစ်ဦး၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ စလုံးအတွက် ကိုယ်စားပြုနေခြင်း လေ့လာတွေ့ရှိရသည်။

ဝဲဘက်လက်ကဖော်ပြသော အခြေအရာများ

- လက်ရှိကာလ စိတ်ပိုင်းဆိုင်း အခြေအနေ
- အတွင်းစိတ်သဘာဝ
- စိတ်ပုပန်မှု၊ စိုးရိမ်သောကများ
- ပင်ကိုအကျင့်စရိုက်
- မွေးရာပါစွမ်းဆောင်ရည်
- မသိစိတ်နယ်ပယ်အတွင်းရှိ အခြေအနေ
- အချစ်ရေးနှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



Palm Print (2)
ဝဲဘက်နှင့်ယာဘက်ရှိ ကံထမ်းကြောင်း(၂)ခုအား နှိုင်းယှဉ်ခြင်း

စိတ်ခံစားမှု

ယာဘက်လက်ကဖော်ပြသောအကြောင်းအရာများ

- လူဘောင်အသိုင်းအဝန်းအတွင်း ဆက်ဆံရေးအခြေအနေ
- အပေါ်ယံကြည့်ရုံဖြင့် သိသာထင်ရှားသောစရိုက်လက္ခဏာများ
- ပညာရပ်တစ်ခုခုဌ ကျွမ်းကျင်လိမ္မာမှု
- သီစိတ်နယ်ပယ်အတွင်း စိတ်အခြေအနေ
- လက်ရှိကာလဌ ဘဝအပေါ် ရှုမြင်ပုံ
- အချစ်ရေးနှင့် ပတ်သက်သော အတွေ့အကြုံ

တစ်ဖန် ဝဲဘက်လက်သည် တစ်သီးပုဂ္ဂလသဘော၊ ပုဂ္ဂလမိဌာန်ကျသည့် သဘော၊ အေးဆေးတည်ငြိမ်စွာဖြင့် အနှောင့်အယှက်ကင်းသည့်သဘော၊ စိတ်ဓာတ်ရေးရာနှင့် ဆိုင်သည့်သဘောကို ဖော်ပြထားပြီး ယာဘက်လက်ကမူ အများနှင့် ပေါင်းသင်းဆက်ဆံ၊ ပြောဆိုဆက်ဆံသည့်သဘော၊ တက်ကြွစွာ လှုပ်ရှားတတ်သည့်သဘောတို့ကို ဖော်ပြထားသည်။

ထိုအပြင် ဝဲဘက်လက်သည် ဦးထွင်းဥာဏ်၊ စိတ်ခံစားမှု၊ မှတ်ဉာဏ်ကောင်းခြင်း၊ စိတ်ကူးယဉ်တတ်ခြင်း၊ ဖန်တီးခြင်း၊ တိုက်တွန်းခြင်းတို့ကို ဖော်ပြထားသည်။ ဝဲဘက်လက်အား ဦးနှောက်၏ယာဘက်အခြမ်းက ထိန်းချုပ်ထားသည်။

ယာဘက်လက်သည် ဘာသာစကားကျွမ်းကျင်သူ၊ သိပ္ပံဆိုင်ရာဗဟုသုတစုံလင်စွာရှိသူ၊ အတွက်အချက်၊ ဆင်ခြင်တုံတရားရှိခြင်းတို့ကို ကိုယ်စားပြုထားသည်။ ယာဘက်လက်အား ဦးနှောက်၏ ဝဲဘက်အခြမ်းက ထိန်းချုပ်ပေးထားသည်။

လက္ခဏာစတင်ကြည့်ရှုပုံ

လက္ခဏာ စတင်ကြည့်ရှုရာတွင် ပထမဆုံး ဝဲဘက်လက်ကိုဖြစ်၍ အသေးစိတ် စစ်ဆေးပါ။ ပြီးနောက် ယာဘက်လက်နှင့်နှိုင်းယှဉ်၍ တစ်ဖန်ပြန်ကြည့်ပါ။ ထို့အခါ ဘယ်ညာနှစ်ဖက်စလုံး၏ လက်ဝါးပြင်တည်ဆောက်ပုံ၊ အရွယ်အစားနှင့် လက်ချောင်းများ၏အရှည်တို့ ထူးထူးခြားခြား ကွဲပြားမှုမရှိသည်ကို တွေ့ရပါမည်။ ထို့နောက် ဘယ်ညာလက်ဝါးပြင်(၂)ဖက်ပေါ် ရှိအရေးအကြောင်း(Lines)များကို သေချာစွာစစ်ဆေးပါ။ ဘယ်ညာလက်ဝါး (၂)ဖက်ပေါ်ရှိ Line များ၏ တစ်ခုနှင့်တစ်ခုကွဲပြားပုံကို လေ့လာပြီးနောက် အောက်ပါဆိုလိုရင်းများကို နားလည်သဘောပေါက်အောင်လေ့လာရ ပါမည်။

ဝဲဘက်လက်ဝါးပေါ်ရှိ ဦးခေါင်းလမ်းကြောင်း မေးမှိန်အားနည်းနေသော်လည်း ယာဘက်တွင်ရှိ ဦးခေါင်းလမ်းကြောင်း ရှင်းလင်း ထင်ရှားစွာဖြင့် အားကောင်းနေပါက အသက်မွေးဝမ်းကျောင်းအလုပ်အရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ အမြဲတစေ အောင်မြင်မှုရနေပါမည်။

အကယ်၍ ဝဲဘက်လက်ရှိ ကံလမ်းကြောင်း ပြတ်တောက်နေခြင်း ရှိပါက အလုပ်အကိုင်နှင့် လူမှုရေးပိုင်း၌ ပြဿနာရှိလာနိုင်ပါသည်။ သို့သော် ယာဘက်လက်ရှိ ကံလမ်းကြောင်းပြတ်တောက်နေသော်လည်း အလုပ်အကိုင်၊ ရာထူးကိစ္စများ အနှောင့်အယှက်နည်းပါး၍ ပုံမှန်အတိုင်း အဆင်ပြေနိုင်ပါသည်။

နမူနာလက်ဝါးပြင်ပုံစံ (၂) ကို ဝေ့လာပါက အပေါ်ယံအမြင်အားဖြင့် တစ်ပုံစံတည်းဟု ထင်ရသော်လည်း ကံလမ်းကြောင်းအား အာရုံစိုက်စိစစ်ပါက ယာဘက်လက်၏ ကံလမ်းကြောင်းသည် လက်ဝါးပြင်အလယ်မှ အားကောင်းထင်ရှားစွာဖြင့် 'လက်ခလယ်' အထိတိုင် တက်သွားပြီး ဝဲဘက်လက်၏ ကံလမ်းကြောင်းက (၂) လိုင်းခွဲထွက်၍ လိုင်းတို့တစ်ခုအဖြစ် အပေါ်သို့တက်သွားသည်ကိုတွေ့ရပါမည်။ ထိုအနေအထားသည် လက္ခဏာရှင် အသက်(၃၂)နှစ်အရွယ်၌ တစ်ဖက်သားအပေါ် အယုံလွယ်တတ်ခြင်းသဘောကို ဖော်ပြနေပါသည်။ အကယ်၍ ကွဲထွက်သွားသော ကံလမ်းကြောင်းတိုတစ်ခုက လက်ညှိုးဆီသို့ ဦးတည်သွားလျှင် မိမိဘဝကိုမိမိနားလည်

www.burmeseclassic.com

www.burmeseclassic.com

သူ၊ ကိုယ်ထူးကိုယ်ချွန်ရသူဖြစ်ပါသည်။

Part (1)လက်ဝါးပြင်ပါလက္ခဏာအရေးအကြောင်းများအား သရုပ်ခွဲလေ့လာခြင်း

Palm Priet (3) ကိုလေ့လာပါက Palms-Aနှင့် Palms-B ရှိသည့်အနက် Palm-Bပေါ်ရှိ လက္ခဏာအရေးအကြောင်းများက ပိုမိုများပြားရှုပ်ထွေးလျက်ရှိနေသည်ကိုတွေ့ရမည်။ Palm-B လက္ခဏာရှင်မှာ အလုပ်များလွန်းသူ၊ စိတ်ရောကိုယ်ပါမအားလပ်သူ၊ ရုပ်ရှင်မင်းသမီး (သို့) လူထုဆက်သွယ်ရေးအရာရှိကဲ့သို့သော အလုပ်အကိုင်ဖြင့် အသက်မွေးသောကြောင့် စီးရိမ်သောကများ၍ နာမကျန်းဖြစ်ရတတ်သည့်အနေအထားကို ဖော်ပြနေပါသည်။ Palms-A အနေဖြင့် လက္ခဏာအရေးအကြောင်းများ၊ Palms-Bလောက်မပါရှိဘဲ ရှင်းလင်းနည်းပါးနေပါသည်။ "Palms-A" လက္ခဏာရှင်သည် အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး အသက် (၃၃) နှစ်အရွယ်၌ မူလအလုပ်ဌာနမှနုတ်ထွက်ကာ စွန့်စားမှုပါသော စီးပွားရေးလောကသို့ ဆုံးဖြတ်ချက်ပြတ်သားစွာ ဝင်ရောက်ခဲ့သူ ဖြစ်သည်။

အမျှင်အကောက်လိုင်းများစွာပါရှိနေသော လက္ခဏာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဆတ်ဆတ်ထိမခံတတ်သူ၊ အဝေဖန်မခံနိုင်သူ၊ စိတ်ခံစားချက်ပြင်းထန်သူဖြစ်ပြီး အသေးအဖွဲ ပြဿနာတို့အား ပုံကြီးခွဲခံစားတတ်သူဖြစ်ပါမည်။ ၎င်းပြင် မသမာသူတို့မှ မိမိအားနည်းချက်၊ ပျော့ကွက်အပေါ် အနိုင်ယူခြင်းအား ခံနိုင်စွမ်းမရှိသူ၊ စိတ်အပြောင်းအလဲ အတက်အကျမြန်ဆန်တတ်သူဖြစ်ပါမည်။

အရေးအကြောင်း နည်းပါးစွာ ပါရှိသည့် လက္ခဏာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

စိတ်ပူပင်သောက၊ စိတ်ရှုပ်ထွေးမှုများမရှိသလောက်နည်းပါးသူ၊ ကိုယ်စိတ်နှစ်ပါး ပေါ့ပါးပျော်ရွှင် လန်းဆန်းမှုအတွက် အစားအသောက်၊ အနေအထိုင်ကအစ သတိထားတတ်သူဖြစ်ပါမည်။ ၎င်းပြင် လက်တွေ့ကျကျ ပြောဆိုလုပ်ကိုင်တတ်ပြီး အဖြူ အမည်းသဲကွဲ (ပြတ်သား) စွာ စိမ်ဆုံးဖြတ်ရဲသူလည်းဖြစ်သည်။ ကိုယ်ကာယကျန်းမာရေးအတွက် စိတ်ချရသောအနေအထားဖြစ်အောင်ထိန်းသိမ်းနိုင်သူဖြစ်ပြီး စိတ်ဖိစီးမှုဖြစ်စေမည့် စိတ်ထိခိုက်နိုင်မည့်အရာမှန်သမျှအား မေ့ဖျောက်နိုင်သူလည်းဖြစ်ပါမည်။

Palm Print (3)



Palm (A)



Palm (B)

လက်ဝါးပုံစံ (Palms Print- 4) ကို လေ့လာရာ၌ Palms- A သည် မိသားစုစီးပွားရေးလုပ်ငန်းအား မိမိကိုယ်မိမိယုံကြည်စိတ်ထားကာဦးဆောင်ပေးနိုင်သည့် လက္ခဏာရှင်အဖြစ်ဖော်ပြပြီး Palms-B အနေဖြင့် လိမ္မာပါးနပ်သော အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်ဖြစ်ကြောင်း ဖော်ပြပါသည်။

Palm- A ကို လေ့လာပါက ထင်းနေသော (သို့) ထင်ရှားသိသာနေသောလိုင်းများက တစ်သက်တာအတွင်း အတွေ့အကြုံသာပေါ် မူတည်၍ စိတ်ဆုံးဖြတ်ချက်ခိုင်မာခြင်း၊ ရည်ရွယ်ချက်အတိုင်း မဖြစ်မနေလုပ်နိုင်ခြင်းသဘောကို ပြသနေပြီး Plams- Bပေါ်ရှိ မထင်ရှားသော (သို့) အားနည်းမှုနှင့်ပါးသော လိုင်းများက (မိမိ၏လိမ္မာပါးနပ်မှုရှိခြင်းမှလွဲ၍) လုံလုံလျှိုမှုစွမ်းရည်နည်းပါးနေသည်ကို ပြသနေပါသည်။

အားကောင်းရှင်းလင်းထင်ရှားသောလိုင်းများ

ရည်မှန်းချက်ကြီးခြင်း၊ မိမိကိုယ် မိမိ တွန်းအားပေးနိုင်ခြင်း၊ စိတ်ဓာတ်ခွန်အားကောင်းခြင်း၊ ပိုင်နိုင်သောဆုံးဖြတ်ချက်ချနိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်ကြောင့် အရာရာရင်ဆိုင်ရဲခြင်း စသည့် အရည်အသွေးများကိုဖော်ပြနေပါသည်။

လူသားတိုင်းအနေဖြင့် လက်ဝါးပုံစံတွင် ကြုံတွေ့ရသော စိန်ခေါ်မှုအခက်အခဲအတားအဆီးမျိုးစုံ၊ လောကဓံရိုက်ခတ်မှုများအားအပြုသဘောဆောင်ရင်ဆိုင်လျက် အောင်မြင်မှုရရှည်တည်တံ့ရှင်သန်ရပ်တည်သွားရန်လိုအပ်ပါသော ဘဝနေထိုင်မှုပုံစံ တစ်ဖက်စွန်းမသေစေဘဲ အဘက်ဘက်၌ သင့်တင့်မှုရှိ (ကောင်းတစ်ခါဆိုးတစ်လှည့်) ရှင်သွားနိုင်ရပါမည်။

အားနည်းသောလိုင်းများ

နေ့စဉ်လှုပ်ရှားအသိုင်းအဝန်းနှင့်တွေ့ဆက်ဆံမှုကင်းနေခြင်း၊ အစီအစဉ်တကျဝင်စားမှုနည်းပါး၍ ထိုင်းမှိုင်းကန်နေခြင်း၊ အလုပ်လုပ်ရာ၌ စိတ်ပျက်တပါဖြစ်နေခြင်း၊ ကျရှုံးရမည်ကိုကြောက်လန့်တတ်ခြင်း၊ ကိုယ်ကိုယ်ထိခိုက်မှုအခြေအနေရှိနိုင်ခြင်း၊ အသောက် ရွေးချယ်မှု(ဓာတ်စာ)များခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းလုပ်

Palm Print (4)



Palm (A)

Palm (B)

www.burmeseclassic.com

www.burmeseclassic.com

အားနည်းခြင်း၊ ဦးတည်ချက်မဲ့ခြင်း၊ ရည်ရွယ်ချက်ပျောက်တတ်ခြင်း၊ စိတ်ဓာတ်ခိုင်မာစွာ ဆုံးဖြတ်ချက်မချနိုင်ခြင်း၊ စကောင်းမြင်နေတတ်ခြင်း စသည့် ထက္ကဏာများကို ဖော်ပြပါသည်။

အားနည်းနေသောလိုင်း (အရေးအကြောင်း) များ၊ အားကောင်းထင်ရှားသာစေရန် တစ်ရက်ချင်းစီအလိုက် (နေ့စဉ်) စိတ်ဓာတ်ခွန်အားကောင်းအောင် ပြုပြင်နေထိုင်ရပါမည်။ အတိတ်ကာလ၌ ကျဆုံးခဲ့ရသည်များအား မေ့ဖျောက်ထုတ် လက်ရှိကာလမှစ၍ အခွင့်အရေးကောင်းများအား လက်လွတ်မခံမိစေရန် သတိပြုရပါမည်။ မိမိရောက်နေရာအခန်းတွင်းမှ အကောင်းဆုံးဖြစ်အောင်ကြိုးစားရပါမည်။

ထက္ကဏာပညာရှင်တစ်ဦး ဖြစ်လာရန် အဓိကသိရှိထားရမည့်အချက်များ

လက္ခဏာပညာရပ်၏ အတွင်းသဘော(အနှစ်သာရ)ကို သိရှိနားလည်ရန် အဓိကအခြေခံကျသော အောက်ပါအဆင့်(၄)ဆင့်အား မဖြစ်မနေသိရှိထားရပါမည်။

၁။ လက်အရွယ်အစားနှင့် တည်ဆောက်ပုံအနေအထား၊

၂။ လက်ဝါးပြင်၏အဓိကကျသော လမ်းကြောင်း(Major palm lines) များ၊

၃။ လက်မနှင့် အခြားလက်ချောင်းများ၏အနေအထား၊

၄။ လက်ဗွေတည်ဆောက်မှုပုံစံအမျိုးမျိုးတို့ပင်ဖြစ်သည်။

၁။ လက်အရွယ်အစားနှင့် တည်ဆောက်ပုံသည် (နမူနာပုံတွင်ပြထားသည့်အတိုင်း) လက်သန်းအောက်ခြေနေရာနှင့် လက်ဝါးပြင်အောက်ခြေတို့အကြား အကွာအဝေး (သို့) အမြင့်-အကျယ်ကို တိုင်းတာခြင်းဖြင့် သိနိုင်ပါသည်။

၂။ လက်ဝါးပြင်၏ အဓိကကျသောလမ်းကြောင်းများ (Major Lines) များမှာ ပုံတွင်ပြထားသည့်အတိုင်း -

(Head Line)
ဦးခေါင်းလမ်းကြောင်း၊
(Heart Line)
နှလုံးလမ်းကြောင်း၊
(Life Line)
အသက်လမ်းကြောင်း။

လက္ခဏာ၏ ပင်မလမ်းကြောင်း (၃) ခုကို ဆိုလိုသည်။

၃။ လက်ချောင်းများနှင့် လက်မ (ပုံတွင်ပါရှိပြီး)

၄။ လက်ဗွေတည်ဆောက်မှုပုံစံအမျိုးမျိုးမှာ လက်ချောင်းများ၏အပေါ်ဆုံးလက်ဆစ်တွင်ရှိ လက်ဗွေများကိုဆိုလိုသည်။

၁။ လက်အရွယ်အစားနှင့်တည်ဆောက်ပုံ

လက်အရွယ်အစားနှင့် တည်ဆောက်ပုံကိုလေ့လာရာ၌ လက်အရွယ်အကြီးအသေး၊ လက်ဝါး၏ ထောင့်မှန်စတုဂံ (သို့) လေးထောင့်ပုံ၊ လက်ချောင်းအတို-အရှည် စသည်အားဖြင့် **အမျိုးမျိုး**တွေ့မြင်နိုင်ပါသည်။ ၎င်းပြင် လက်တည်ဆောက်ပုံအနေအထား၊ လက်ဝါးပြင်ရှိ ပြိုဟ်ခုံများနှင့် ဓာတ်ကြိုး (၄) ပါးတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်းကိုပါ လေ့လာတွေ့ရှိရပါသည်။

လက်အရွယ်စားအကြီးအသေးနှင့် သာမန် (အလယ်အလတ်) ပုံစံများ

လက်အရွယ်အစားကိုတိုင်းတာရာ၌ အနီးစပ်ဆုံးသောနည်းလမ်းမှာ လက်အရွယ်အစားအား မျက်နှာနှင့်နှိုင်းယှဉ်တိုင်းတာခြင်းပင်ဖြစ်သည်။ သာမန်လက်အနေအထားဖြစ်ပါက မေးစေ့မှ နဖူးအလယ်တည့်တည့်နေရာထိ အရွယ်အစားရှိရပါမည်။

အကယ်၍ သာမန်ထက်ကြီးသော လက်အရွယ်အစား (ကြီးသောလက်) ဖြစ်ပါက မိမိ၏ဝန်းကျင်အပေါ် ထိန်းချုပ်နိုင်ခြင်း၊ ဩဇာရှိန်ဝါကြီးမားခြင်း၊ ပရောဂျက်ကြီးများအား စီမံအုပ်ချုပ်နိုင်ခြင်း စသည့် အရည်အသွေးများရှိကြောင်း ဖော်ပြနေပါသည်။

သာမန်ထက်ငယ်သော (သေးသောလက်) ပိုင်ရှင်များအား လျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်ရတတ်သော၊ လုပ်ငန်းသဘာဝအရ လျင်မြန်ဖျတ်လတ်ရသော အလုပ်များ၌ အများဆုံး တွေ့ရတတ်သည်။ ၎င်းအပြင် စိတ်ကူးတွေးခေါ်၍ လုပ်ရသောအလုပ်များ၊ ချက်ချင်းလက်ငင်း ဆုံးဖြတ်ချက်ချရသောအလုပ်များ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် လိုက်ဖက်ကြောင်းလည်း လေ့လာတွေ့ရှိရသည်။

လေးထောင့်ပုံကျသောလက်ဝါးပုံစံများ

လက်ဝါးပြင်အကျယ်ကို တိုင်းတာရာတွင် လက်သန်း၏ အောက်ဘက်ရှိ အကျယ်ဆုံးနေရာမှ လက်ဝါးပြင်နှင့် လက်မထိစပ်သော (ထောင့်) နေရာအထိ တိုင်းတာခြင်းဖြင့်သိနိုင်ပါသည်။

(Palm Print-5) တွင်ဖော်ပြထားပြီး)

လက်ဝါး၏အရည်ကို တိုင်းတာလျှင် လက်သူကြွယ်၏အောက်မှ စတင်၍ လက်ကောက်ဝတ်၏ အောက်ခြေအထိ တိုင်းတာခြင်းဖြင့်သိနိုင်ပါသည်။

လက်ဝါး၏အရှည်ကိုတိုင်း၍ သိသိသာသာရှည်နေပါက သင့်လက်ဝါးပြင်ပုံစံ ထောင့်မှန်စတုဂံပုံရှိနေပြီး လက်ဝါးအကျယ်နှင့် လက်ဝါးအမြင့် သို့မဟုတ် လက်ဝါးအရှည်တို့ အတိုင်းအတာတူညီနေပါက သင့်လက်ဝါးပြင်လေးထောင့် (စတုရန်း) ပုံရှိနေကြောင်း ထင်ရှားစွာတွေ့မြင်ရပါမည်။

စတုရန်း(လေးထောင့်ပုံ)ကျသော လက်ဝါးသည် လက်တွေ့ကျသည့် သဘာဝရှိကြောင်းဥွန်ပြနေပြီး ထောင့်မှန်စတုဂံပုံကျသောလက်ဝါးက ထိုးထွင်းသိမြင်တတ်သည့်ဉာဏ်ရှိကြောင်းဖော်ပြနေပါသည်။

လက်တွေ့ကျသော (စတုရန်းလေးထောင့်ပုံ)လက်ဝါး

လေးထောင့်ကျသောလက်ဝါးပိုင်ရှင်များ၏ ထူးခြားသော အရည်အသွေးများအရ နေ့စဉ် လူနေမှုဘဝအတွင်း ပြဿနာ အခြေအနေအရပ်ရပ်အား အဆင်ပြေချောမွေ့စွာ ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း၊ မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် အများအားအကျိုးဖြစ်ထွန်းစေခြင်း၊ လက်တွေ့ကျကျပြောဆိုလုပ်ကိုင်တတ်ခြင်းတို့ဖြင့် တစ်သက်တာအချိန်များအား အကျိုးရှိရှိ ကုန်လွန်စေတတ်သူများဖြစ်သည်။

စတုရန်းပုံ(လေးထောင့်ကျ)သောလက်ဝါးပိုင်ရှင် (အမျိုးသမီး) ၏ လက်ဝါးပုံစံနှင့် ထောင့်မှန်စတုဂံပုံရှိလက်ဝါးပိုင်ရှင်(အမျိုးသား)၏ လက်ဝါးပုံစံ

အမျိုးသမီး၏လက်ဝါးပုံစံ - စတုရန်းကျ၍ လက်တွေ့ကျသူဖြစ်သည်။

အမျိုးသား၏လက်ဝါးပုံစံ -သတင်းမီဒီယာလောကတွင် အလုပ်လုပ်ပြီး

Palm Print (6)



စတုရန်းပုံ(လေးထောင့်ကျ)သော ထက်ဝါးပိုင်ရှင် (အမျိုးသမီး) ၏ လက်ဝါးပုံစံ

Palm Print (7)



ထောင့်မှန်စတုဂံပုံရှိ ထက်ဝါးပိုင်ရှင် (အမျိုးသား) ၏ ထက်ဝါးပုံစံ

ကိုယ်ရောစိတ်ပါအနားမရသူ၊ ဆတ်ဆတ်ထိမခံတတ်သူ၊ စိတ်ထိခိုက်လွယ်တတ်သူ။

နမူနာပုံပါ အမျိုးသမီး၏ လေးထောင့်ကျသောလက်ဝါးပြင်၌ လက္ခဏာအရေးအကြောင်းများ (ရွှပ်ထွေးမှုမရှိ) ရှင်းလင်းစွာရှိနေပြီး အမျိုးသား၏ လက်ဝါးပြင်ပါလက္ခဏာအရေးအကြောင်းများက သူ၏စိတ်နှင့်ထပ်တူရွှပ်ထွေးလျက်ရှိနေသည်ကို တွေ့ရပါမည်။

ထိုးထွင်းသိမြင်တတ်သော (ထောင့်မှန်စတုဂံပုံရှိ) လက်ဝါး

ထောင့်မှန်စတုဂံပုံကျသော လက်ဝါးပိုင်ရှင်များသည် နေ့စဉ်လူနေမှုဘဝအတွင်း စတုရန်းကျသောလက်ဝါးပြင်ပိုင်ရှင်များကဲ့သို့ လွတ်လပ်ရှင်းလင်းစွာ နေထိုင်ရပ်တည်ခွင့်မရဘဲ ထိုးထွင်းဉာဏ်မျိုးစုံသုံး၍ ကျင်လည်ကျက်စားရသည့် လုပ်ငန်းများအတွင်း ကိုယ်ရောစိတ်ပါနစ်မြုပ်နေရသူများ ဖြစ်သည်။ ၎င်းတို့ထိတွေ့ဆက်ဆံရာဝန်းကျင်နှင့် လုပ်ငန်းအပေါ် မူတည်၍ အလျင်အမြန်ဆုံးဖြတ်ချက်ချရတတ်သည့် အခြေအနေကြောင့် စိတ်လှုပ်ရှားစရာ၊ စိတ်ရှုပ်ထွေးစရာများစွာရှိနေကြောင်း၎င်းတို့လက္ခဏာများက ဖော်ပြနေပါသည်။

တိုသောလက်ချောင်းနှင့် ရှည်သောလက်ချောင်း

တိုသောလက်ချောင်း - ပြဿနာတစ်ရပ်အား လျင်မြန်စွာဖြေရှင်းနိုင်ခြင်းရှိပြီး တိုလွန်းသောလက်ချောင်းဖြစ်ပါက တစ်ဖက်သားနားဝင်ဆိုးအောင် တဲ့တိုးပြောတတ်ခြင်း၊ တုံးတိုပြတ်ပြတ်ပြော တတ်ခြင်းသဘာဝရှိတတ်သည်။

ရှည်သောလက်ချောင်း - တစ်ဖက်သားအပေါ် အပြစ်ရှာတတ်သည့်သဘာဝရှိခြင်းကြောင့် ဆက်ဆံရေးတွင်ပြဿနာရှိတတ်ပြီး မိမိကြောင့် တစ်ဝါးသူစိတ်ရှုပ်ထွေးစေတတ်သည်။

ရှည်သောလက်ချောင်းနှင့်လက်ဝါးတည်ဆောက်ပုံ

လက်ဝါးပြင် လေးထောင့်ကျပြီး ရှည်သောလက်ချောင်းများပါရှိပါက မိမိအတွက် ယုံကြည်စိတ်ချရသူများကို ပိုင်းဆိုင်တတ်သည်။

ထောင့်မှန်စတုဂံပုံလက်ဝါးရှိပြီး ရှည်သောလက်ချောင်းပါရှိပါက စိတ်ကူးယဉ် (အတွေး) သမားဖြစ်ကြောင်းဖော်ပြနေပါသည်။

တိုသောလက်ချောင်းနှင့် လက်ဝါးတည်ဆောက်ပုံ

စတုရန်းပုံ (လေးထောင့်ကျ)သည့် လက်ဝါးနှင့် တိုသောလက်ချောင်းပါရှိပါက မိမိဘဝတစ်သက်တာစိတ်ချလုံခြုံရေးအတွက် လက်တွေ့ကျကျစီစဉ်သုံးသပ်ဆန်းစစ်တတ်သူ၊ အနာဂတ်အရေး စိတ်အေးရအောင် ကြိုတင်စီစဉ်အုတ်မြစ်ချသူဖြစ်ပါမည်။ ထောင့်မှန်စတုဂံပုံရှိလက်ဝါးနှင့်တိုသောလက်ချောင်းပါရှိပါက ပရောဂျက်အသစ်များအား လျင်မြန်စွာ စတင်နိုင်သူ၊ ရေရှည်စီမံကိန်းချ၍လုပ်တတ်သူဖြစ်ပါမည်။

ဘသုန်

Ref;

Palmistry 4 today
Frank c.clittord

www.burmeseclassic.com

www.burmeseclassic.com

မြွေနှင့်ပတ်သက်၍ ကျွန်ုပ်ကိုယ် တွေ့ကြုံခဲ့ရသောအဖြစ်များနှင့် ကြုံတွေ့ခဲ့ရဖူးသူပြောပြခဲ့သော ဖြစ်ရပ်မှန်ကို သူရဇ္ဇမဂ္ဂဇင်းမှတင်ပြရန် စိတ်ကူးမိခဲ့ပါသည်။

ဖြစ်ရပ်မှန်ဖြစ်သော်လည်း ကာယ ကံခွင်များအားလည်း ထိခိုက်မည် ဟုတ်သောကြောင့် အမည်ရင်းအတိုင်း ဖော်ပြလိုက်ရပါသည်။

❑

မြွေသည် နဂါးမျိုးနွယ်ဖြစ်၏။ ဆောင်နည်းအရ(စနေပြုတ်)ကို ကိုယ်စား ပြုပါသည်။ စနေသည် ဂဗ္ဗီရဆန်၍ အကောင်း၊ အဆိုး ဒွန်တွဲရှိနေတတ်ပါသည်။

များသောအားဖြင့် မြွေများကို ဘုရားကျောင်းကန်များ၌ အတွေ့များတတ်ပါသည်။ အထင်ကရအားဖြင့် မန္တလေးတောင် မြွေကြီးနှစ်ကောင်တက်ခဲ့သည့်မှတ်တမ်း အားလုံးသိပြီးမြင်ပြီးဖြစ်ပါလိမ့်မည်။

ကံနိမ့်သူ မြွေကိုက်ခံရသတဲ့။ ကံမြင့်သူ မြွေအိပ်မက်ကြောင့် ထီပေါက်သတဲ့။

သည်အကြောင်းနှစ်ချက်သည်ကား ကျွန်ုပ်မျက်မြင်ကိုယ်တွေ့အဖြစ်နှင့် ကိုက်ညီနေ၍ ဤစာအား ရေးသားဖြစ်ခြင်းဖြစ်ပါတော့သည်။

ကြာတော့ကြာခဲ့ပါလေပြီ။

❑ မြွေအိပ်မက်နှင့်တစ်ပု

ထီတစ်စောင်နှစ်ကျပ်ခေတ်ကဖြစ်၏။

မမြင့်မြင့်သန်း (တစ်ပု) သည် ဝါးခယ်မမြို့စွေးသွားရင်း ထီလက်ပွေ့ ရောင်းသူတစ်ဦးနှင့်ဆုံခဲ့ရသည်။

ညကအိပ်မက်ထားသည်။မြွေကြီး တစ်ကောင်က ပါးပျဉ်းထောင်ပြသွားခဲ့

၄၀ (စိုးခယ်မ)
ကျော်မိုးလွင်
မြွေပညာနှင့်မြွေဆရာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုပါးပျဉ်းမှာ ဂဏန်းများရေးထိုး ထားသည်။

တက်ပုတစ်ယောက် ထိုလက်ပွေ့ ထီရောင်းသူထံမှ အိပ်မက်ဂဏန်းရှာကာ ထိုးလိုက်သည်။

ထီဆုထွက်လာသောအခါတွင် ထိုဂဏန်းပါသော ထီလက်မှတ်က တစ်သိန်းဆုပေါက်သွားခဲ့၏။ လက်ဖက်ရည်တစ်ခွက် နှစ်ကျပ်ခေတ်တွင် ထိုငွေ တစ်သိန်းသည် ကောင်းစွာ ရင်းနှီး စားသောက်နိုင်ခဲ့ပါတော့သည်။

□ အိတုံနှင့်မြွေ

ဆယ်တန်းကျောင်းသူ အိတုံသည် ကျွန်ုပ်အိမ်၏ မျက်နှာချင်းဆိုင်တွင်နေ သူတစ်ယောက်ဖြစ်ပါသည်။

အိမ်က ဝါးခယ်မမြစ်ဘေးတွင်ရှိ၍ ရေဆင်းတံတားတွင် ဖိုက်များ၊ ဗေဒါ များ ရေစီးနှင့်ပါလာကာ ကပ်တတ်ပါ သည်။

တစ်မနက် -

အိတုံတစ်ယောက် ရေဆင်း တံတားဆင်းကာ မျက်နှာသစ်ခဲ့သည်။ တံတားဖျားမှာက မျောပါလာသော ဗေဒါနှင့် ဖိုက်များကပ်နေခဲ့သည်။ သို့ဖြစ်၍ အိတုံက မျက်နှာသစ်ရန် ဗေဒါနှင့်ဖိုက်များကို လက်နှင့်ကိုင်ကာ ဖယ်ရှားလိုက်သည်။

ထိုအခိုက် လက်မှာ ဘာကြောင့် ရယ်မသိ ပူသလိုခံစားလိုက်ရသည်။

အိတုံ ထိုအဖြစ်ကိုမိဘနှစ်ပါးအား ပြောပြလိုက်သည်။ မိဘများက အတွေ့ အကြုံရှိသူများဖြစ်၍ ဗေဒါ၊ ဖိုက်များ အကြားရောက်နေသောမြွေက အိတုံ လက်ကိုပေါက်လိုက်ကြောင်း သဘော ပေါက်လိုက်ကြသည်။

ထို့ကြောင့် မြွေကုရာတွင် နာမည် ကြီးနေသော ရွာထဲရှိ ဆရာဦးမြင့်ရွှေထံ ခေါ်သွားကာ ကုသမှုခံယူလိုက်သည်။

အိတုံ သေဘေးမှလွတ်ကင်းခဲ့ပါ သည်။ ယခုအခါ ဘွဲ့ရ၊ အိမ်ထောင်ကျ ကာ အမြွာသားနှစ်ယောက်ပင်ရနေပြီ ဖြစ်ပါသည်။

ရန်ကုန်မှာနေ၍ မွေးရပ်မြေ ရောက်တိုင်း အသက်သခင်ကျေးဇူးရှင် ဆရာဦးမြင့်ရွှေကို သွားကန်တော့တတ် ပါသည်။

□ သန်းအေးနှင့် ဆရာအာလီမြိုင်

ဆရာ ဦးအာလီမြိုင်ကား အိန္ဒိယ နွယ်ဖွား မြွေကုဆရာတစ်ဦးပင် ဖြစ်ပါ သည်။

အသက်လေးဆယ်ကျော်ငါးဆယ် ဝန်းကျင်ရှိ၍ ကျွန်ုပ်နေသော ရွာသစ်ရွာ အနောက်လမ်း ယခုအခါ ခိုင်ရွှေဝါလမ်း တွင်နေပါသည်။

ပင်မလုပ်ငန်းမှာ ဥယျာဉ်လယ် ယာခြံလုပ်ငန်းပင်ဖြစ်ပါသည်။

ဆရာဦးအာလီမြိုင်နှင့် ကျွန်ုပ် တွေ့ဆုံရပုံကား ဤသို့ဖြစ်ပါသည်။

သန်းအေးနှင့် ကျွန်ုပ်သည် ရွာသစ်ကမ်းနားလမ်း ယခု ယမုံသီတာ လမ်းနေ ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ပါသည်။ တစ်လမ်းတည်းနေသူ၊ အတန်းတူသူများဖြစ်၍ ကျောင်းသွား အတူဖြစ်ပါသည်။

တနဂ်နွေနေ့ ကျောင်းပိတ်ရက် မနက်ခင်းတွင်ဖြစ်ပါသည်။ ထိုစဉ်က ရွာဦးတွင် ဘဘဦးကုလား၏ သစ်စက် သူရိယသစ်စက်ရှိပါသည်။ သစ်များကို သစ်စက်ဝင်းတွင်မဆုံ၍ ရွာသစ်ကမ်းနား လမ်း မြစ်ကမ်းစပ်တွင်ထားပါသည်။ သစ်လုံးများစီထားခြင်းဖြစ်၍ ကျွန်ုပ်တို့ အတွက် ရေချိုးရန်တံတားနှယ်ဖြစ်နေ ခဲ့ပါသည်။

အရှေ့မှ အနောက် စီတန်းထား သည်မှာ ရွာလယ်ကူးတို့ဆိပ်ထိရောက်ပါ သည်။ ကလေး၊ လူကြီး ထိုသစ်တုံးများ ပေါ်တွင် ရေချိုးကြသည်၊ အဝတ်လျှော် ဖွပ်ကြသည်။ ကျွန်ုပ်တို့ကလေးများကမူ တုံးပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးချကြပါ သည်။ ပျော်စရာအလွန်ပင်ကောင်းလှ ၏။

"အား"

သန်းအေး အော်သံကြားလိုက်ရ သည်။

"ကျော်မိုး၊ ငါ့ခြေသလုံးကို ဂျုပ် ကိုက်လိုက်ပြီကွ"

သန်းအေးက သူ့ခြေသလုံးကို ငုံ့ကြည့်ကာ ပြောလိုက်သည်။

ကျွန်ုပ်မှာ မျက်လုံးပြူးသွားမိပါ သည်။

မြွေကို ကျွန်ုပ်ကြောက်ပါသည်။ ဘာလုပ်ရမည်မသိတော့။

"ကျော်မိုး၊ ဆရာဦးအာလီမြိုင်ဆီ သွားမယ်ကွာ။ မင်းပါလိုက်ခဲ့"

ဦးအာလီမြိုင်မှာ ရွာသစ် အနောက်လမ်း ယခု ခိုင်ရွှေဝါလမ်း အနောက်ခြမ်းမှာနေပါသည်။ မြွေကိုက် ခံရသူကိုကုရာတွင် နာမည်ကြီးလှ၏။ ရုပ်ရှင်မင်းသားကြီး ဦးစိုးရွှေညီ ဝိုလ်ကြီး တစ်ယောက် ပြီး(မြွေ)ထိခံရစဉ်က ကုရန် တောင်းဆိုခဲ့ဖူးသည်။ ကာယကံရှင်က အကြောင်းမပြန်၍ ကုသခွင့်မရခဲ့ပါ။

ဦးအာလီမြိုင်သည် အခကြေးငွေ မယူဘဲကုသသော ဆရာတစ်ယောက် ဖြစ်ပါသည်။

သန်းအေး တော်သည်ဟုဆိုရမည်။

သန်းအေးကြောင့် ဦးအာလီမြိုင် မြွေကိုကိုခံရသူကိုကုသပုံ မျက်မြင်ကြီး တွေ့လိုက်ရပါသည်။

ဆရာဦးအာလီမြိုင်က မြွေကိုက်ခံ ရသောသန်းအေး၏ခြေသလုံးကိုကြည့် သည်။ ပြီး-ကိုက်ခံရသည့်နေရာအထက် မှ ကြိုးနှင့်စည်းလိုက်သည်။

သမီးကြီးဖြစ်သူ မမြင့်က အထေ အကြဲရှိပြီးသူဖြစ်၍ ဆရာဦးအာလီမြိုင် ခိုင်းစရာမလို။ သူ့ခြံထဲမှ ငှက်ပျောရွက် ကြီးကြီးတစ်ရွက်ကိုခူးလာခဲ့၏။ အေး ဖြစ်သူ ဆရာဦးအာလီမြိုင်ကိုလှမ်းပေး လိုက်သည်။

"မောင်သန်းအေး၊ ဒီဇက်ပျောရွက် ပေါ်နင်း"

သန်းအေးက ဆရာကြီးပြော သည့်အတိုင်း နင်းလိုက်သည်။

ဆရာကြီးက အိမ်အဝင်ဝခေါင်း တွင်ထိုးထားသောအရာတစ်ခုကို လှမ်း ယူလိုက်သည်။ ကျွန်ုပ် အနားတိုးကာ ကြည့်လိုက်သောအခါ ငါးဖောင်ခိုးခေါင်း ခြောက်တစ်ခုဖြစ်နေသည်ကိုတွေ့လိုက် သည်။

ဆရာဦးအာလီမြိုင်ပြုလုပ်နေသည် က မြန်သည်။ ငါးဖောင်ခိုးခေါင်းခြောက် ကို အပ်သဖွယ်အသုံးပြုကာ မြွေကိုက် ထားရသည့်နေရာကို လက်နှင့်တောက် နေခဲ့သည်။

အံ့ဩစရာအလွန်ကောင်းလှ၏။ ဆရာဦးအာလီမြိုင် ငါးဖောင်ခိုး ခြောက်နှင့်တောက်သည့်နေရာမှ အမည်း ရောင်အရည်များထွက်ကာ ငှက်ပျော ဖက်ပေါ်သို့ စီးကျနေခဲ့သည်။

မြွေဆိပ်များပင်ဖြစ်တော့၏။ မိနစ်အနည်းငယ်သာကြာပါမည် စီးကျနေသောအမည်းရည်များ အနီရောင်သို့ပြောင်းသွားတော့၏။

"ကဲ - ရပြီ အိမ်ပြန်။ မင်းအေး က သနပ်ခါးသွေးပြီးသားသွားယူခဲ့"

ကျွန်ုပ်မျက်မြင်မှာ သည်အတိုင်း ပင်ဖြစ်သည်။ မြွေကုသခမဲ့ပေးရာ သနပ်ခါးသွေးပြီးသားသာပေးရသည်။

သန်းအေး၏ မိခင်ဖြစ်သူတာ အသက်ကယ်သူဖြစ်၍ ကျေးဇူး သည့်အနေနှင့် ငွေပေးသည်ကိုမယူခဲ့

www.burmeseclassic.com

www.burmeseclassic.com

"ဒီပညာကို ဆရာ့ဆီကယူစဉ်က အခကြေးငွေမယူရဘူးလို့ ဆရာကမှာပါတယ်။ မင်းတို့ဘာသာ ရွာနဲ့ပြောရရင် ကံငါးပါးလည်းလုံရ တယ်၊ မင်းတို့ငယ်သေးတယ်။ ဒီပညာ ကို ထက်ဆင့်ကမ်းချင်တယ်။ သင်ပေး ချင်တယ်။ လွယ်တော့မလွယ်ဘူးဟေ့"

ဆရာဦးအာလီမြိုင် ထိုစဉ်ကပြော ခဲ့သည်ကို နားမလည်ခဲ့ပါ။

ကျွန်ုပ် စာရေးဆရာဖြစ်၏။ မြေ ပြင်တော်သက်လေ့လာကြည့်သောအခါ ဆရာဖြစ်ရန်မလွယ်ကြောင်းသိလာ ခဲ့ပါတော့သည်။

❑

ဆရာဦးမြင့်အောင်မှာ ကွယ်လွန် သူပီဖြစ်ပါသည်။

ဆရာမကွယ်လွန်မီက သူ့အဘိုး ဖော်သူ ဦးလှဖေအကြောင်းကို ပြောပြ ခဲ့သည်။ပြောပြခဲ့သောအကြောင်း မြေွန့်ပတ်သက်နေ၍ ဆက်စပ်ကာ ဆင်ပြလိုက်ခြင်းဖြစ်ပါသည်။

ဦးလှဖေ၏အဖေမှာ လယ်ယာ မြေများစွာပိုင်သော သူဌေးတစ်ယောက် ဖြစ်ပါသည်။

ဦးလှဖေမှာ သားရင်းတစ်ယောက် တည်ပါ။ မွေးစားသားတစ်ယောက်ပင် ရှိပါသည်။

မွေးစားသားဖြစ်သော်လည်း သား ရင်းတစ်ယောက်ကဲ့သို့ပင် မွေးစားဖခင် ကို ချစ်ခဲ့သည်။

ထိုခေတ်က ကိုယ်ပိုင်ကားဒီးနိုင် သူမှာ ဦးလှဖေတစ်ယောက်ပင်ရှိခဲ့သည်။

ဝါးခယ်မမြို့မှာ မြင်းဒီး၍ ပတ္တမြား ရောင်းရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်သူမှာ ဦးလှဖေပင်ဖြစ်သည်။ ရုပ်ချောသူဖြစ်၍ မိန်းမများသူတစ်ယောက်လည်းဖြစ်ခဲ့ သည်။

ဦးလှဖေ လူပျိုပေါက်စအရွယ် တွင် ဝါးခယ်မမြို့အပိုင် ရွှေလောင်းမြို့ သူဌေးဦးကို ရွှေငွေလက်ဝတ်ရတနာ များစွာနှင့်တင်တောင်းကာယူခဲ့ဖူးသည်။ ဆင်းချင်၍ကွာတော့လည်း လက်ဝတ် ရတနာများပေးကာ ကွာရှင်းခဲ့သည်။

ကြာတော့ မိန်းကလေးများက ဦးလှဖေကိုမယူရဲကြတော့။ ဝေးဝေးက ရှောင်ကြတော့၏။

ဦးလှဖေကား မိန်းမများကို ဂရု စိုက်တော့ပါ။ မိန်းမအစား အရက်နှင့် ဘား ပေါ့ပိုက်နေတော့သည်။

ကျွတ်ခိုနိုတန်၍ထင်၏။

ဦးလှဖေတစ်ယောက် ဘုံထပ် ကျောင်းဆရာတော်နှင့်တွေ့သွားခဲ့သည်။

"လှဖေ၊ လူရိုသေရှင်ရိုသေဖြစ် အောင် ငါ မင်းကို ပညာတစ်ခုပေးမယ် ယူမလား"

ဦးလှဖေကား ပျော်ပျော်နေတတ် သူပီပီ ယူမည်ဟု အလွယ်တကူပင် လျှောက်လိုက်သည်။

တစ်ရာမှာတစ်ယောက်ရခဲသော မြွေမှော်ပညာ ဦးလှဖေ ရသွားခဲ့သည်။

(ဆရာ ဦးမြင့်အောင်၏ အစ်မ အငြိမ်းစားဆရာမ ဒေါ်အုန်းမြင့် ပြောပြ ချက်အရ ဘုံထပ်ဆရာတော်မှာ ဝိဇ္ဇာ ပညာအင်ပြီးမြောက်သူဟုသိခဲ့ရသည်။ ဆရာတော် ပုံလွန်တော်မူသောအခါ တွင် ပြောင်ပြောင်လက်လက်အရာများ ကောင်းကင်တက်သွားသည်ဟု ဆိုပါ သည်။)

ဦးလှဖေ မြွေနှိုင်ပုံကား -

အံ့ချီးဖွယ်ပင်ဖြစ်တော့သည်။

မြွေများကို ပုဆိုးခါးပုံထဲထည့်ကာ ဒေါ်အုန်းမြင့်တို့ ကလေးတစ်သိုက်ကို ခြောက်လှန့်တတ်ခဲ့သည်။

တစ်ခါတော့ -

ရွာသစ်ဘက်ကမ်းမှ ဒေါ်မိက ဦးလှဖေကို အကူအညီတောင်းခဲ့သည်။

(ဒေါ်မိမှာ စာရေးသူ၏ အဘွား ဖြစ်ပါသည်။)

အဘွားက လယ်များရှိ၍ လယ် ထွက်စပါးများကို အိမ်မှာ ဂိုဒေါင်နှင့် ထားပါသည်။

စပါးရှိရာကြွက်လာပါသည်။

ကြွက်ရှိရာ ကြောင်၊ မြွေလာပါ သည်။

အဘွားက ကြောင်လာသည်ကို မကြောက်ပါ။

မြွေလာသည်ကို ကြောက်ပါ သည်။

အဘွားမြေး ကျွန်ုပ်တို့ကလေး တစ်သိုက်က အဘွားအလစ်တွင် စပါး ဂိုဒေါင်ထဲဝင်ကာ ကစားတတ်ကြပါ သည်။

ဒါကို အဘွားကသိ၏။

ဒါကြောင့် သူမြေးများ မြွေ အန္တရာယ်ကင်းရန် ဦးလှဖေကိုခေါ်ခြင်း ဖြစ်ပါတော့သည်။

ကျွန်ုပ်တို့က ကလေးများဖြစ်၍ ဘာမှမသိပါ။ ဦးလှဖေဆိုသောလူကြီး ဂိုဒေါင်ထဲမှမြွေများကို လည်ပင်းမှာဆွဲ ကာ ထွက်သွားသည်ကိုသာ မြင်တွေ့ခဲ့ရ ပါသည်။

မြွေပညာယူရန် မလွယ်ကြောင်း ကျွန်ုပ်ဆုံ့ရသော ဆရာဦးအာလီမြိုင် က ပြောခဲ့ဖူးပါသည်။

ယခု ကျွန်ုပ်ဆက်ရေးနေသည့် ဦးလှဖေအဖြစ်က ထိုအဆုံးနှင့်ညီညွတ် နေတော့၏။ မြွေဆရာ မြွေနှင့်သေသည် ဟု ဆိုရိုးစကားရှိခဲ့ပါသည်။

မြွေဆရာတိုင်း မြွေနှင့်မသေပါ။

ကတိသစ္စာပျက်၍သာ သေရခြင်း ဖြစ်ပါသည်။

ဦးလှဖေသည် မြွေမှော်အောင် သော်လည်း ကတိသစ္စာမအောင်ခဲ့ပါ။ ပျက်ခိုနိုတန်၍ထင့် အရက်ဖြတ်ထားရာ မှပြန်သောက်ကာ ဆရာတစ်ယောက် ရှိသင့်သည့် လူမူရေးကိစ္စများ ပျက်ပြား လာခဲ့ရသည်။

"အဘိုးလေးက သိတယ်။ သူမူး လာရင် အိမ်ပေါ်တက်မအိပ်တော့ဘူး။ ငါနဲ့တန်တာ ဒီနေရာပဲဆိုပြီး အိမ်ခြေရင်း မှာ အိပ်တယ်။ ဆရာမတို့က သူအိပ်မှ ဝိုင်းမရွှေ့ပေးရတာပေါ့"

ဆရာမ ဒေါ်အုန်းမြင့်က ပြောပြ ရင်း ရယ်နေခဲ့သည်။ ကျွန်ုပ်ရေးနေ သော မြွေမှော်အောင်သူ ဦးလှဖေ မြွေ ကိုက်၍မသေခဲ့ပါ။

ရယ်စရာသံဝေဂရစရာကောင်းပါ ၏။

ဦးလှဖေသေသည်ကား သူ့ဆရာ ရင်းဖြစ်သော ဆရာတော်၏ကျောင်းရှေ့ ရေကန်နားတွင် ကြိုးပြတ်ကျနေသော ဓာတ်ကြိုးနှင်းမိရာက ဓာတ်လိုက်သေရ ခြင်းပင်ဖြစ်ပါတော့သည်။

ထိုစဉ်က ဦးလှဖေအရက်သောက် ထား၍ သေဘေးကို မမြင်တွေ့ခြင်းပင် မဟုတ်ပါလော။

ဆရာဦးအာလီမြိုင် ကျွန်ုပ်တို့ကို သူပညာသင်ပေးချင်ခဲ့သည်မှာ အမှန်ပင် ဖြစ်နိုင်ပါသည်။

ထိုစဉ်က ဘာကြောင့်သင်ပေးမည် ဟုမဆိုခဲ့သနည်း။ ဦးလှဖေအဖြစ်က ကျွန်ုပ်သိချင်သောအဖြေကိုပေးသွားပြီး ဖြစ်ပါတော့သည်။

(ပြောပြသွားသော ကွယ်လွန်သူ ဆရာဦးမြင့်အောင်နှင့်အငြိမ်းစားဆရာမ ကြီး ဒေါ်အုန်းမြင့်ကို အထူးကျေးဇူး တင်ရပါကြောင်း။)

လေးစားစွာဖြင့်

ကျော်မိုးလွင်-ဝါးခယ်မ

www.burmeseclassic.com

www.burmeseclassic.com

သန့်ဇင်

ကာမဘုံချောက်ကမ်းပါးမှ အပါယ်လေးဘုံသို့လက်တစ်လုံးအလို

အနှစ်(၂၀)ဟူသောအချိန်ကာလသည် တချို့သောသူများအတွက် လွန်စွာမှကြာညောင်းလှလွန်းပါသည်ဟုထင်ကြပေလိမ့်မည်။ ကျွန်ုပ်အတွက်မူကား မနေ့တနေ့ကဲ့သို့ ထင်မှတ်နေဆဲ။ အသည်းနှလုံးထဲအထိ ထဲထဲဝင်ဝင် စွဲထင်မှတ်မိနေသော အကြောင်းအရာတစ်ခုသည် တော်ရုံ အချိန်ကာလပိုင်းလောက်နှင့် ပျောက်ပျယ်ခြင်းငှာမစွမ်းနိုင်။ ပြန်တွေးမိတိုင်း နှလုံးသားသည် နွေးထွေးလာသကဲ့သို့ ဦးနှောက်သည် ကြောက်စိတ်အား နှိုးဆွ၏။ ကြည်နူးခြင်း၊ ကြောက်ရွံ့ခြင်း၊ ရင်ခုန်ခြင်း၊ တပ်မက်မောခြင်း၊ အံ့သြခြင်းများနှင့်အတူ နောက်ဆုံးတော့ အများက မှတ်ချက်ပေးသလို ကံကြီးပေလို့ဟုသတ်မှတ်ရင်း မသိစိတ်ကစွဲမြဲနေခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုတိုင်ခဲ့ပါချေပြီ။

(၃၁) ဘုံသားတို့တွင် လူတို့မျက်မြင်ဒိဋ္ဌ မြင်တွေ့နိုင်သည်က လူဘုံ၊ တိရစ္ဆာန်ဘုံ၊ မမြင်နိုင်သူတွေက ပြဟ္မာဘုံ နှစ်ဆယ်၊ နတ်ပြည်ခြောက်ထပ်၊ ငရဲပြည်၊ ပြိတ္တာ၊ အသူရကာယ်ဘုံသားတို့အား သာမန်လူသားတို့ တွေ့မြင်နိုင်ဖို့က မလွယ်။ ဘုရား၊ ရဟန္တာနှင့် အဘိညာဉ်တန်ခိုးရတော်မူကြသော သူတော်စင် သံဃာတော်အရှင်မြတ်များ၊ ဝိဇ္ဇာမဟိဒ္ဓိတန်ခိုးကြီးမားသော ဆရာအရှင်များကတော့ လူသာမန်တို့မြင်နိုင်စွမ်းမရှိသော ထိုထိုလောကအား ထိုးဖောက်မြင်နိုင်စွမ်း၏။

သာမန်လူများကိုယ်ကျင့်သီလနှင့် ပြည်စုံလာ၍ သမထ၊ ဝိပဿနာတရားများအားထုတ်ပြီး အဆင့်တစ်ခုအထိ ရောက်လာကြသောအခါ ထိုလောကအားမြင်လိုလျှင် မြင်နိုင်စွမ်းကြပါသည်။

ထို့အတူ သာမန်လူများထဲတွင်လည်း ကံအလွန်နိမ့်နေသူသည် ပရလောကသား ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲစသည်များအား ကြုံကြိုက်လျှင်တွေ့ရနိုင်၏။ တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်ပြီး ထိုလောကသားများအားတွေ့ချင်လည်း တွေ့ရနိုင်၏။

မြန်မာရာဇဝင် အင်းဝခေတ် ဆင်ဖြူရှင်တရဖျား (၇၆၂-၇၆၃) သည် အောင်ပင်လယ်တောတွင် ဇော်ဂျီနှင့်တွေ့ရှိပြီး ဇော်ဂျီက ဂါထာရွတ်ဆို မန်းမှုတ်ပေးသဖြင့် လုပသောနတ်သမီးတစ်ပါးပေါ်လာကြောင်း၊ နတ်သမီးနှင့် မင်းကြီးလည်း ပျော်ပါးပြီးသောအခါ နတ်သမီးကွယ်လေလျှင် တရဖျားဘုရင်သည် စိတ်ဝေဒနာခွဲကပ်ပြီး စိတ်ဖောက်ပြန်လျှင်အနိစ္စရောက်ကြောင်း မဟာရာဇဝင်ကြီးမှာတွေ့ရ၏။

ဟံသာဝတီမွန်ဘုရင် သုရှင်တကာသောကြောင့် အန္တရာယ်တစ်စုံတစ်ရာ မတွေ့ရဘဲ ချမ်းသာရခဲ့သည်ကိုပြန်တွေးမိတိုင်း ကျောချမ်းရ၏။

သို့သော် ထိုအရာသာသည် ကြောက်မက်ဖွယ်ရာကောင်းသလောက် ရင်ခုန်ကြည်နူးခြင်းတို့လည်းဖြစ်ရသည်။ ထို့ကြောင့် မေ့၍မရဘဲ ပြန်ပြန်တွေးနေမိ ခြင်းဖြစ်ပါသည်။

အကြောင်းက ဤသို့တည်း။

❑

၁၉၉၀ပြည့်နှစ်ကျော်ကဖြစ်သည်။ ထိုအချိန်က ပျဉ်းမနားနယ်သည် နေပြည်တော်မဖြစ်သေးပါ။ ကျွန်ုပ် သာဝဏ္ဏကျေးရွာမှတစ်ဆင့် စမတောင်သို့ လာကြောင်း၊ ယာခင်း၊ အင်တိုင်းကုန်းတောလယ်အတိုင်း ခရီးနှင်ခဲ့သည်။ ခပ်ဝေးဝေးအနောက်တစ်ခိုမှ စမတောင်ဆွယ်ရိုးရေတံခွန်တောင်ကြောသည် တောင်းငွေ့တို့ကြားဝယ် မှုန်ပျပျမြင်နေရသည်။

မီးသွေးဖုတ်သမားများ၏ မီးခိုးငွေ့တောင်ကြောအား မြွေတစ်ကောင်ရစ်ပတ်လျက်။ ကြုံဖိုစွန်မှကြက်တူရကလေးငိုသံသဲ့သဲ့ကြားရသည်။ ရောင်ကွင်းစပ်မှ ရိုးပြတ်များအကြားမြက်နုများအား နွားတစ်အုပ်...

www.burmeseclassic.com

www.burmeseclassic.com

ပါတပါစားနေကြ၏။ နွားကျောင်းသားသည် အသီးများဖူးစပြုနေပြီဖြစ်သော နှင်းခင်းထဲသို့ နွားအုပ်မဝင်စေရန် ခြေတစ်လက်ဖြင့် ခြောက်လှန့်နေ၏။

အမယ်အိုတစ်ယောက်နှင့်ကလေးတစ်ယောက် ကြံခင်းဘေးလူသွားလမ်းပေါ်တွင် လျှောက်လာနေကြသည်။ အင်တောသာရွာသူတွေဖြစ်နိုင်သည်။

"စမတောင်ကိုလာကြတာလား"

ဟု နှုတ်ဆက်၏။

"ဟုတ်ကဲ့ပါ"

ဟု အလိုက်သင့်ဖြေလိုက်ရင်း အင်တောသာဘုန်းကြီးကျောင်းရှေ့ရှိ ရေအိုးစင်မှာ ခဏနားကြသည်။ တပည့်ကြီးဖြစ်သူ သာဝတ္ထိသား စိုးပိုင်သည် ဘုန်းကြီးကျောင်းသားကလေးတွေအား သူကိုယ်သူ -

"ဒွေးနဲ့တူလား"

ဟု မေးနေသည်။

"ဒွေးနဲ့မတူဘူး၊ ခင်လှိုင်ကြီးနဲ့တူတယ်"

ဟုပြောသောကလေးတစ်ယောက်အား လက်ထဲမှတုတ်နှင့်ရိုက်မည်ဟု ခြိမ်းခြောက်သည်။ ပေါတောတောနိုင်လှသောစိုးပိုင်သည် ဒွေးရူးရူးနေသူသာတည်း။

ခရီးဖော်ပါလာသူ ဆရာသိန်းနှင့် ကိုအေးကြူတို့က ဝါးရုံပင်ရိပ်မှာနားကြရင်း ဆေးလိပ်သောက်သူသောက်၊ ကွမ်းစားသူစားနှင့်ရှိချေ၏။ ဝါးရုံပင်ထိပ်ဖျားမှ ချိုးငှက်တစ်ကောင်သည် ကူသံပေးရင်း တယောထိုးနေသည်။ နေစောင်းပြီဖြစ်၍ ဆောင်းနှောင်းလေသည် အအေးဓာတ်နှင့်အတူ ဝေ့ယမ်း၍လာသည်။ ကြံရွက်တို့ လေပွေငယ်နှင့်အတူ ကတော့ထိုး၍ အမြင့်သို့ပုံတက်ကြသည်။ ခုတ်သိမ်းပြီး ကြံခင်းများပင် သားတက်များ အညောက်ထွက်စပြုနေကြပြီ ဖြစ်သည်။

ခရီးဆက်ထွက်လာကြရင်း ဘသုံရေတွင်းမှာ ရေချိုးနေသူတစ်ဦးစနှစ်ဦးစအား တွေ့ရသည်။ အနီးရှိ တောင်ကမူထက်မှ ဘသုံ၏တဲနန်းသည် လူသံတိတ်နေသည်။ ဘသုံတစ်ယောက် ဓားမတစ်ချောင်း ခါးကြားထိုးပြီး တောထိုးနေသည်ထင်ရ၏။ အာသောကကုန်းလွန်တော့ ကိုစိန်ဝင်း၏တီးရှော့ပီမာန်သို့ရောက်သည်။ ကိုစိန်ဝင်းကတော် မမြိုင်က အသံစာစာဖြင့် နှုတ်ဆက်သည်။ ကိုစိန်ဝင်းမရှိ၊ သူ၏မြို့နေသော သီဟိုဠ်သရက်စိုက်ခင်းသို့သွားသည်ဟုသိရ၏။ တစ်ဆက်တည်းမှာပင် ဆရာတော်မရှိပါတဲ့။ ကြက်ဆူအိုင်သို့ကြွသွားသည်ဟု ဆိုသည်။ ကိစ္စမရှိ။ စမတောင်မှာ အဓိဋ္ဌာန်ကိစ္စပြီးမှ ဆရာတော်ရှိရာ ကြက်ဆူအိုင်သို့လိုက်သွားမည်။ တောင်ပေါ်ရောက်တော့ အမေစမုံက အပြုံးဖြင့်နှုတ်ဆက်သည်။ ဆရာတော်၏ဘယ်လက်ရုံး၊ ညာလက်ရုံး ကိုယ်တော်နှစ်ပါးဖြစ်သည့် ဦးပဉ္စင်းလယ်ဝေးနှင့် ဦးပဉ္စင်းတောင်တွင်းကြီးတို့အား ဦးချကန်တော့ပြီး အားပါးတရ စကားပြောရသည်။ ဦးပဉ္စင်းနှစ်ပါးက -

"ဒကာကြီးတစ်ခေါက်ခရီးထွက်တာ တော်တော်ကြာတာပဲ။ ဘယ်နိုင်ငံတွေကို ပတ်နေတာလဲ"

"နိုင်ငံစုံပါပဲဘုရား၊ ကမ္ဘာတစ်ပတ်ဆိုပါတော့"

ဦးပဉ္စင်းတို့ကျန်းမာရေးကောင်းကြပုံရ၏။ ဆရာတော်ကျောင်းပေါ်မှာတင် နေရာချပြီး ခဏနား၏။ ပြီးတော့ စေတီကြီးအား ဦးခိုက်ကန်တော့၊ သုခမွာဇရုပ်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ အဖေနဲ့၊ အဘိုးလူတို့ပုံတော်တွေအားကန်တော့၊ တောင်ပိုင်ကြီးနန်းမှာ ဦးခိုက်ကန်တော့ပြီး ရေချိုးဖို့ တောင်အောက်ဆင်းလာခဲ့ကြသည်။ အမေစမုံကား ကျွန်ုပ်တို့စားဖို့ မျှစ်တာလပေါ်ဟင်းချက်ဖို့ ပြင်ဆင်နေလေပြီတည်း။

❑

စမတောင်၌ ကန်တော့ပွဲကပ်သည့်ကိစ္စ၊ အဓိဋ္ဌာန်ကိစ္စများပြီးသွားသောအခါ ကျွန်ုပ်တို့အုပ်စု ပျဉ်းမနားတောင်ညိုဒေသ ကြက်ဆူအိုင်သို့ ခရီးဆက်ခဲ့ကြသည်။ ဆရာတော်သည် ကြက်ဆူအိုင်ရှိ '၀'အက္ခရာများပေါ်သည့် စေတီနှစ်ဆူအား ထီးတော်ပြန်တင်ပြီး အောင်မြင်သွားသောအခါ အနီးနားရွာများရှိ ဒကာများနှင့် မမြင်ရသည့် ပရလောကသားများကပါ ဆရာတော်အား ကြက်ဆူအိုင်၌ တောရဆောက်တည်ပြီး သီတင်းသုံးပါဟု လျှောက်ကြသည်။ ထို့ကြောင့် ဆရာတော်လည်း စမတောင်နှင့် ကြက်ဆူအိုင်မှာ တစ်လှည့်စီ သီတင်းသုံးနေရသည်။ ကြက်ဆူအိုင်သည် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးကားလမ်းမှ ကြက်ပြေးအလွန် လက်ယာဘက်တောထဲ အင်တိုင်းကုန်းပေါ်တွင်တည်ရှိသည်။ ဝအက္ခရာများပေါ်သည့် စေတီတော်နှစ်ဆူသည် ဆရာတော်သီတင်းသုံးသည့်တဲကျောင်းအလွန် မြို့ရိုးကျုံးသဏ္ဌာန်ဝိုင်းပတ်နေသော ချောင်းတစ်ဖက်တောင်ကုန်းပေါ်၌ရှိ၏။ စေတီထီးတော်များ ပြိုကျပျက်စီးနေပြီး ထီးတော်ပြန်တင်သော ဆရာတော် ဆယ့်တစ်ပါးတိတိ ပုံလွန်တော်မူသွားပြီး ဆရာတော်ထီးတင်မှ အောင်မြင်ခဲ့သောစေတီများဖြစ်သည်။ ဆရာတော်နှင့် ထိုဒေသမှ ပရလောကသားများအလွန်သဟဇာတဖြစ်ပုံရ၏။

ထိုစဉ်က ထိုနေရာသည် နေပြည်တော်မပေါ် ပေါက်သေးဘဲ အင်တိုင်းတောကြီးဖြစ်နေ၍ ယာခင်း၊ ကြံခင်းတို့သည် တစ်ကွက်စီသာတည်ရှိနေခဲ့သည်။ ဆရာတော်က ကျွန်ုပ်အား မိန့်ခဲ့ဖူးသည်မှာ ထိုနေရာသည် ဗိသနိုးပျူနေပြည်တော်ကြီး သရေခေတ္တရာပြည်မှ လာရောက်တိုက်ခိုက်စဉ် ရိုးမအား ဖြတ်ကျော်ပြေးလာကြသည့် ပျူလူမျိုးများ ပုန်းအောင်းပြီး မြို့ရွာတည်ခဲ့သည်။ ထို့ကြောင့် မြို့ရိုးကုန်းကျုံးပတ်ပတ်လည် ပုံသဏ္ဌာန်သည် ယခုအချိန်ထိတည်ရှိနေသေးသည်ဟုဆိုသည်။ ကျွန်ုပ်ရောက်ခဲ့စဉ် တောရကျောင်းပတ်လည်အား လေ့လာသောအခါ တောင်ကုန်းအခြေပတ်ပတ်လည်၌ ကျုံးသဏ္ဌာန်စမ်းချောင်းအား တွေ့ရသည်။ တောကြက်များ ကျက်စားသဖြင့် ကြက်ဆူအိုင်ဟုအမည်တွင်လေသလား မပြောတတ်။

ကျွန်ုပ်ဆရာတော်နှင့်တွေ့ရသည့် ကိစ္စက ထိုနေရာ၌ ဆရာတော်သီတင်းသုံးဖို့ ကျောင်းဆောက်မည့်ကိစ္စ၊ စေတီတော်တစ်ဆူတည်မည့်ကိစ္စဖြစ်သည်။ တစ်ခေါက်သာရောက်ဖူးပြီး ဒေသနှင့် သိပ်ရင်းနှီးမှုတော့မရှိ။ သာဝတ္ထိမှ စမတောင်ခရီးကဲ့သို့ မျက်စိမှိတ်၍သွားလို့မရ။

ပျဉ်းမနားမြို့ ဆင်ရုပ်ကြီးရှိရာတောင်ညိုလမ်းကားလမ်းဆုံမှ တောင်ညိုဘက်သို့သွားသော ကျောက်သယ်၊ သစ်လုံးတင်သည့်ကားများကို စောင့်ပြီး စီးမှ ကြက်ဆူအိုင်သို့ ရောက်သည်။ ပျဉ်းမနား-တောင်ညိုလိုင်းကားကလည်း ရှားပါးပါဘိ။ သစ်လုံးတင်သည့် တီအီးကားပက်လက်ကြီးတွေပေါ်မှာလိုက်ရပြီး ကားခငါးကျပ်ခရီးဆိုသည်ကို တစ်ဖက်သူ စဉ်းစားကြည့်ပါတော့။

ပျဉ်းမနားလမ်းဆုံမှ ကားကြဲဖြင့် နှစ်နာရီခန့်စီးပြီးသော် ကြက်ဆူအိုင်သို့ ရောက်သည်။ သို့သော် တောရကျောင်းသို့မရောက်သေး။ ကြက်ဆူအိုင် မိုးကုတ်ဝိပဿနာကျောင်းဘေး တောင်ကုန်းလမ်းအတိုင်း စတင်တက်ရသည်။ ပြီးနောက် ကြံခင်းအင်တိုင်းတောလမ်းအတိုင်း လှည်းလမ်းကိုအားပြုသွားရသည်။ လှည်းလမ်းသည် ကွေ့လယ်ကြီးရွာအထိ ခရီးပေါက်သည်။ ကိုအေးကြူ၊ ဆရာသိန်းနှင့် စိုးပိုင်တို့က စကားတပြောပြောနှင့် ကျွန်ုပ်အားကျော်ပြီး ရှေ့မှသွားကြသည်။ စိုးပိုင်၏ ပေါက်ကရလေးဆယ်ဇာတ်လမ်းများအားနားထောင်ပြီး တဟားဟားရယ်လိုက်၊ ခရီးဆက်လိုက်ဖြင့် ခရီးအမောကိုဖြေရင်းသွားနေကြသည်။ ကျွန်ုပ်သည် လမ်းဘေး၀ဲ၊ ယာရှိ နွမ်းခင်းများ၊ ကြံခင်းများ၊ အင်ပင်အမြင့်ကြီးများ ရံခါ ဒီဒူး၊ မျောက်ချော၊ ပျဉ်းမပင်ကြီးများအား ငေးမောရင်း တဖြည်းဖြည်းလျှောက်လာခဲ့သည်။ ရှေ့မှသွားနေသည့် သုံးယောက်ကတော့ လှည်းလမ်းအကွေ့ ၌ ပျောက်သွားခဲ့၏။ လှည်းလမ်းက အရှေ့မှအနောက်သို့ ဖြူးနေသည့်အတွက် လမ်းမှားစရာမရှိပါ။

တဖြည်းဖြည်း လျှောက်လာရင်း လှည်းလမ်းသည် လမ်းချိုင့်ရာနှစ်ဖုန်ထူထပ်ခြင်းမရှိတော့ဘဲ မြက်ထူသည်လှည်းလမ်းရာသာရှိတော့သည်။ ထိုဘေး၀ဲ၊ ယာ အင်တိုင်းတောသည်လည်း ထူထပ်စပြုလာ၏။ တောကျေးငှက်များ၊ တောကြက်တိန်ညင်တို့၏ တွန်သံများကို ကြားနေရသည်။ ရှေ့ကသွားနေသည့်အုပ်စု ကျွန်ုပ်ကိုမစောင့်ဘာကြောင့်များ ခရီးပြင်းနှင်နေကြသလဲဟု စဉ်းစားမိသည်။ ရေကလည်းငတ်လာ၏။ ရေဘူးက စိုးပိုင်ဆီမှာသွားသည်မဟုတ်လား။

လျှောက်နေသည့် လှည်းလမ်းသည် မြက်ခင်းစပ်စပ်ဖြင့်ယောင်မှားတော့သည်။ ဘေးဘီကြည့်တော့ ချုံတို့ထူထပ်နေပြီး အင်ပင်၊ ပျဉ်းမကြီးများက မိုးထိုးနေသည်။ ကျွန်ုပ်မြင်သည်က ဤတောအုပ်လွန်လျှင် ဆရာတော်၏ တောရကျောင်းရှိရာ တောကုန်းကိုရောက်မည်ဟုထင်သည်။ ဤသို့ဖြင့် လှည်းလမ်းစပ်စပ်လေးအတိုင်း လျှောက်လာရင်း ကညင်ပင်ကြီးတစ်ပင်အောက်၌ တဲငယ်တစ်လုံးအားတွေ့ရသည်။ တောထဲမှာ တောင်ယာလုပ်သည့်တဲဖြစ်ပုံရသည်။ ရေငတ်နေသောကြောင့် ရေတောင်းသောက်မည်စဉ်းစားလိုက်သည်။

"တဲရှင့်တို့၊ တဲရှင့်တို့ ဘယ်သူမှကြဘူးလား"

ကျွန်ုပ် အသံပေးလိုက်သည်တဲထဲမှအဘိုးအိုတစ်ဦးထွက်လာသည်။ အကျီင်္ဘလာဖြင့် ပုဆိုးကွက်ကျဲတိုတိုထားသော သျှောင်ထုံးကြီးနှင့်အသည် မြင်ရသည်မှာ အလွန်ခံ့ညားလှသည်။ ထူးဆန်းသည်က ထိုအသည် ခန္ဓာကိုယ်အနှံ့အပြား ထိုးမင်ကြောင်များထိုးထားခြင်းပင်တဲပေါင်မှာလည်း ထိုးကွင်းတွေအပြည့်ကိုယ်ပေါ်မှာလည်း အင်းနီ၊ အင်းအင်းကွက်များဖြင့်အပြည့် နှုတ်ခမ်းကလည်း ကော့ပျံနေသည်။

ကျွန်ုပ်သည် အဘိုးအိုအား အဆန်းသဖွယ်ငေးကြည့်နေမိသည်။

"မြေးမလေးရေ ဧည့်သည်တော်အဘိုးအိုသည် တဲနောက်သို့မှိန်းအော်လိုက်သည်။

"ရှင် - လာပြီ အဘိုး"

အသံနှင့်အတူ မိန်းမပျိုထွက်လာသည်။ တဲနောက်ဖေးမှထွက်လာသည်။ ဝင်းပသော မိန်းမပျိုတစ်ယောက်ကို တောထဲမှာတွေ့ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com

သည် ပါးစပ်အဟောင်းသားဖြင့် စကား
ဆန်ဆန် ဘဲအုံ့အားသင့်နေ၏။ အဘိုးအို၏
ဦးကျွန်၊ မိန်းမပျို၏ချောမောလှပမှု
သည် ဤတောအုပ်နှင့်ဘယ်လိုမှမလိုက်
ဘူး။ ဒီလောက်လှတဲ့မိန်းမပျိုလေးကို
ဘယ်လို့ဒီတောထဲမှာတွေ့နေရတာလဲဟု
အံ့ဩစာတတ် အောင်ဖြစ်ရသည်။

"ဘာကိစ္စရှိလို့လဲ မောင်ရင်"

"ဟိုဟို - ကျွန်တော်ရေတော်နေလို့
ဆေးတောင်းသောက်ရအောင်ဝင်လာတာ
ပါ။ စမတောင်ဆရာတော်သီတင်းသုံး
နေတဲ့ တောရကျောင်းကိုလာတဲ့သူပါ
အိုး"

"ဩော်- စမတောင်ဆရာတော်ရဲ့
ဘာလား။ လာပါမောင်ကြီး၊ တဲပေါ်ကို
တက်ပါ"

ချိုလွင်သောမိန်းမပျို၏စကားသံ
သည် ခရီးပန်းလာသောကျွန်ုပ်ရင်အား
အေးမြသွားစေခဲ့ပါသည်။ ချည်သား
အင်္ကျီရောင်ထဘီ၊ ပင်နီရောင်ချည်
အင်္ကျီတို့ဝတ်ဆင်ထားသော မိန်းကလေး
၏ အသားအရေမှာ ဖြူစင်ဝင်းပထွန်းလှ
သည်။ တောသူလေးဖြစ်လို့ ခန္ဓာကိုယ်
က တင်းတင်းရင်းရင်းနှင့်လှနေသည်
ထားမယိ။ ကျွန်ုပ်သည် မိန်းကလေးအား
ဒီတိုတိုကြည့်လိုက်ပြီး မျက်စိလွဲလိုက်
ခြင်း တကယ်တော့ သူမအား မျက်တောင်
ခတ်စတမ်း ကြည့်ချင်နေမိသည်မှာ
အမှန်ပင် ဖြစ်ပါသည်။ ထက်ထက်မိုးဦး
နှင့် နန္ဒာလှိုင်တို့ချောသည်ဆိုသည်မှာ
ဤမိန်းကလေးကိုမီမည်မထင်ပါ။ အဘိုး
အနုဝတ္ထုတိုက်တန်သော ပတ္တမြားရတနာ
သည် တောထဲမှာသာရှိသည်ဆိုပါလား။

"လုံမရေ၊ ဧည့်သည်ကို အကြမ်း
သေး၊ လက်ဖက်လေးလုပ်ပေးပါကွယ်။
သူလေး-ခဏနားဦး။ဆရာတော်ကျောင်း
က သိပ်မဝေးတော့ပါဘူး။ အကြမ်း
သောက် လက်ဖက်စားပြီးမှသွားပေါ့"

အဘိုးအို၏ဧည့်ဝတ်ပျံုလှောကား
ကြောင့် ကျွန်ုပ်လည်း ဤနေရာ၌
ခဏကြာကြာကလေး နေလိုသည့်ဆန္ဒ
အတော်လေးဖြစ်သွား၏။အဘယ်ကြောင့်
ဆိုသော် ကျွန်ုပ်သည် မိန်းကလေးအား
တစိမ့်စိမ့်ကြည့်ချင်နေသောဆန္ဒကြောင့်
ဖြစ် ပါသည်။

ကျွန်ုပ်သည် ကမ္ဘာအနှံ့အပြား
သူမျိုးပေါင်းစုံ မိန်းကလေးများအား
တွေ့ခဲ့ဖူးပါသည်။ ချောသည်ဆိုသော
ဘုန်မလေးများ၊ ရုပ်ရှားမလေးများ၊
ဘာရီးမလေးများ၊ ဒီယက်နမ်မလေး
များရှိပါသည်။ သို့သော် ဤမိန်းကလေး
လှသည်ကိုမမီကြ။ ဖြူစင်ဝင်းပနေသည့်
နို့နှစ်ရောင်အသားရေ၊ ခုံညားသည့်မဟာ
နဖူး၊ ထူထဲကွေးညွတ်နေသည့် မျက်ခုံး
နက်နက်၊ အရည်လဲ့နေသည့် မျက်ဝန်း
နက်နက်၊ နီမြန်းစွတ်စိုနေသော နှုတ်ခမ်း
အိအိနှင့် ချောမောလှပသော သူမ၏
မျက်နှာလေးအား တစိမ့်စိမ့်ကြည့်နေမိ
သည်။ ကျွန်ုပ်၏စိတ်၌ ရန်ကုန်မှာရှိနေ
သော ဇနီးနှင့်သမီးအား သတိမရတော့။
သူမ၏အလှကွန်ရက်သည် ရှုန်းထွက်မရ
သော ပင့်ကူမျှင်၌တွယ်မိသောပိုးကောင်
သဖွယ် ကျွန်ုပ်အား ဖမ်းစားနေပါတော့
သည်။ မျက်တောင်ကော့ကော့အောက်
မှ ရွှန်းစိုနက်မှောင်သော မျက်ဝန်းလဲ့လဲ့
ဖြင့် ပြုံးစစေကြည့်နေသောကြောင့် ကျွန်ုပ်
မှာ ပို၍ပင်နေမထိထိုင်မထိဖြစ်လာရပါ
သည်။ ကျွန်ုပ်အနီးမှာ ကျဲကျဲလေးထိုင်
နေသောကြောင့် ပြည့်တင်းသော လက်
မောင်းသားအလှ၊ ခါးသေးရင်ချိုချို
တင်းရင်းပြည့်ဖြိုးသော သူမ၏ခန္ဓာကိုယ်
အောက်ပိုင်းအလှသည် ကျွန်ုပ်မပြော
နှင့် မြင်လိုက်ရသော ပုရိသအပေါင်းတို့
အား မိန်းမူး၍ မေ့မြောသွားစေနိုင်ပါ
သည်ဟု တင်စားလိုက်ချင်ပါသည်။

"အစ်ကို၊ အကြမ်းရည်လေးနဲ့
လက်ဖက်သုံးဆောင်ပါဦး"

"ဟုတ်. . . ဟုတ်ဘဲ့"

စကားမပြောနိုင်ဘဲ သူမအား
ငေးမောကြည့်နေသာကျွန်ုပ်သည် သတိ
ဝင်လာပြီး ခပ်ရွက်ရွက်ဖြင့် ရေနွေးပူပူ
အား ပူမှန်းသိလျက် သောက်ချလိုက်ပါ
တော့သည်။

"လုံမရေ၊ အဘိုး ယာထဲန္တားသွား
သိမ်းလိုက်ဦးမယ်။ ဧည့်သည်လူကလေး၊
အေးအေးဆေးဆေး နားပြီးမှသွားပေါ့။
ဆရာတော်ကျောင်းကနီးပါပြီ"

အဘိုးအိုက ပြောပြောဆိုဆိုဖြင့်
စကားကိုခါးထိုး၍ အင်တိုင်းတောထဲဝင်
ရောက်ပျောက်ကွယ်သွားသည်။ တော
အုပ်အလယ် တဲငယ်ထဲမှာက ကျွန်ုပ်နှင့်
မိန်းမပျိုနှစ်ယောက်တည်း။

❑

တဲငယ်အနီး ပျဉ်းမပင်၊ အင်ပင်
ကြီးတွေအောက်ခြေမှ ခွာညိုပင်တို့ နွယ်
တက်နေကြသည်။ ခွာညိုပန်းရနံ့သည်
လေသင့်လျှင် တဲငယ်သို့လွှင့်မျောစီးဝင်
လာသည်။ ပန်းရနံ့နှင့် မိန်းမပျို၏
ကိုယ်သင်းရနံ့သည် ကျွန်ုပ်၏နှလုံးသွေး
တို့အား ဆူပွက်အောင်မြှူဆွယ်နေကြ
၏။ တဲအနီး ကညင်ပင်အထက်မှ ဥဩ
ငှက်တစ်ကောင်က လွမ်းလွမ်းဆွေးဆွေး
တွန်သံပေးနေ၏။ ခပ်လှမ်းလှမ်းမှ
ထူးဆန်းသော ငှက်ထစ်ကောင်၏
အော်သံကိုကြားရသည်။

"ယောက်ဖခွေးခေါ် - အောင်
ကျော်လေးထမ်း"

ဒီငှက်ကလည်း ကြဲကြဲဖန်ဖန်
ဘယ်လိုအော်နေမလဲမို့။

"အစ်ကိုက ဘယ်မြို့ဘယ်ရွာမှာ
နေတာပါလဲ"

"ကျွန်တော် ရန်ကုန်မြို့ကပါ"

"ဩော် - ရွှေမြို့တော်ကြီးသား
ပေါ့။ ညီမတို့ကတော့ တောထဲမှာနေရ
တဲ့ တောသူတွေပါ"

"ညီမက တောသူနဲ့မတူပါဘူး။ မြို့
သူရှဲ့အောင်လှပါတယ်ဗျာ"

"အစ်ကိုက မြောက်နေပြန်ပါပြီ။
ကျွေးစရာလက်ဖက်နဲ့ ရေနွေးကြမ်းပဲရှိပါ
တယ်"

"တကယ်ပြောတာ၊ ညီမကလှ
လွန်းအားကြီးတော့ အစ်ကို ဒီနေရာက
တောင် မပြန်ချင်တော့ဘူး"

"အစ်ကိုက ဘာဖြစ်လို့မပြန်ချင်ရ
တာလဲဟင်"

"သိပ်လှတဲ့ မိန်းကလေးတစ်
ယောက်ရဲ့အနားကနေ ဘယ်ယောက်ျား
ကခွာချင်မှာလဲ"

"အစ်ကိုတကယ်ပြောနေတာလား။
ညီမတို့နဲ့အတူနေရင် တောထဲမှာနေရ
မှာနော်"

"တောထဲမှာတော့ ဘယ်နေမှာလဲ၊
ညီမကြည်ဖြူမယ်ဆိုရင် မြို့ကိုခေါ်သွား
မှာပေါ့"

"မြို့ကိုလိုက်လို့မဖြစ်ပါဘူး အစ်ကို
ရယ်။ အဘိုးက ဒီမှာပဲနေရမယ်တဲ့။
အစ်ကို ညီမနဲ့အတူနေချင်တယ်ဆိုရင်
ဒီမှာပဲနေပါလား"

ကျွန်ုပ်စိတ်ထဲမှာတစ်မျိုးဖြစ်သွား
၏။ သူမနှင့်အတူနေ၍ စည်းရုံးလို့ရမှ
မြို့ကိုခေါ်သွားမည်။ လောလောဆယ်
လှလွန်းနေသောမိန်းကလေးနှင့်မခွဲချင်
တော့။

"ညီမကသာ လက်ခံမယ်ဆိုရင်
အစ်ကိုဒီမှာပဲနေပါတော့မယ်"

"တကယ်ပြောတာလား အစ်ကို
ရယ်"

ကျွန်ုပ်သည် ထိုင်နေရာမှညောင်း
လာ၍ ကိုယ်တစောင်းလှဲပြီး မိန်းကလေး
အား စိုက်ကြည့်နေမိသည်။ ဝန်းကျင်
သည် တိတ်ဆိတ်လွန်းလှသည်။ နေရာ
က အင်တိုင်းတောထဲ၊ တဲအိုကလေး

www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးထဲမှာ ယောကျ်ားနှင့် မိန်းမပျိုနှစ်ယောက်တည်း။ လွတ်လပ်လွန်းသော အနေအထားက ကျွန်ုပ်၏စိတ်အား အဖြစ်အပျက်တစ်ခုဆီသို့ တွန်းပို့မှန်းမသိ တွန်းပို့နေကြသည်။ မိန်းမပျိုသည် မျက်လွှာလေးချ၍ ကျွန်ုပ်အနီးမှာ ကျုံ့ကျုံ့လေးထိုင်နေရှာသည်။

ထိုစဉ် -

"နောင်. . . ဒူ. . . ဝေ့. . . ဝေ"

"တောက်"

ကြေးစည်သံနှင့်အတူ တောက်ခေါက်သံခပ်ပြင်းပြင်းတစ်ချက်ကြားလိုက်ရသည်။

ထို့နောက် ကျွန်ုပ်သည် တစောင်းလှဲနေရာမှ ရုတ်တရက် အိပ်ပျော်သလို ဖြစ်သွား၏။

❑

"သန့်ဇင်၊ သန့်ဇင် ဟေ့ကောင်"

"အစ်ကို၊ အစ်ကို ထ၊ ထလေ"

ကျွန်ုပ်ခန္ဓာကိုယ်အား ခပ်ပြင်းပြင်းလှုပ်သည်နှင့်အတူ နာမည်ခေါ်သံများကြောင့် ကျွန်ုပ်လည်းနိုးလာသည်။

"ဟင် - ကျွန်တော်ဘယ်ရောက်နေတာလဲ၊ ဟာ - သူလည်းမရှိတော့ပါလား။ ကိုအေးကြူ ကောင်မလေးတစ်ယောက်ကို တွေ့မိလား"

ကျွန်ုပ် အိပ်ချင်မူးတူးဖြင့် မျက်စိအားပွတ်သပ်ပြီး ပတ်ဝန်းကျင်အားကြည့်သည်။ ကျွန်ုပ် ခေတ္တခဏနားခိုနေသော တဲငယ်သည် ဘယ်ရောက်သွားပြီလဲ။ ပြီးတော့ မိန်းမချောလေးသည် ဘယ်ရောက်နေပြီလဲ။ ဘာတွေဖြစ်ကုန်တာလဲ။

ဘာတွေမှန်းမသိ၍ စိတ်ထဲမှာ ကတုန်ကယင်ကြီးဖြစ်လာသည်။ ကျွန်ုပ် အိပ်ပျော်နေသည်က ကညင်ပင်ကြီး အောက်မှာဖြစ်သည်။

"ကိုသန့်ဇင် လာ လာ အမြန်လာ၊ ဒီအင်တိုင်းတောထဲက မြန်မြန်ထွက်ရအောင်။ ကိုသန့်ဇင် ဒီနေရာမှာရှိနေတယ်ဆိုတာ ဆရာတော်ကြီးသိနေတယ်။ ဆရာတော်ညွှန်လိုက်လို့ ကျွန်တော်တို့ ဒီနေရာကိုရှာတွေ့တာ"

ဆရာသိန်းက ပြောလည်းပြော၊ လက်ကိုဆွဲပြီး လမ်းစပ်စပ်လေးမှ အမြန်ပြန်ထွက်သည်။

ကျွန်ုပ် ထိုတောစပ်မှပြန်ထွက်လာရင်း လှည့်ကြည့်တော့ သစ်ပင်ကြီးတွေထက်မှာ နွယ်တက်နေသောခွာညိုပန်းတို့က အစွမ်းကုန်မွှေးမြေနေကြ၏။ ကညင်ပင်ကြီးပေါ် မှဥဩကြက်တစ်ကောင်က လွမ်းအောင်တွန်နေပါတော့သည်။

❑

သူတို့ ကျွန်ုပ်ကိုခေါ်လာကြစဉ် လမ်းမှာပြောပြကြ၏။

"မင်းပါမလာတော့ ဆရာတော်ကြီးကမေးတယ်။ မောင်သန့်ဇင် ဘယ်ကျန်နေခဲ့လဲတဲ့။ နောက်မှာပါဘုရားလို့ လျှောက်ပြီး တော်တော်လေးကြာတဲ့အထိ မင်းပေါ်မလာတော့ ဆရာတော် ဘုရားဆောင်ထဲဝင်သွားတယ်။ တရားထိုင်နေရင်း ကြေးစည်တစ်ချက်ထုပြီး တောက်ခေါက်သံကိုကြားလိုက်ရတယ်။ ပြီးတော့ ထလာပြီး ငါတို့ကို လာလမ်းအတိုင်းပြန်သွား၊ ညာဘက်အင်တိုင်း တောအုပ်ကိုတွေ့ရင်၊ လှည်းလမ်းဟောင်းအတိုင်းဝင်သွားရင် ကညင်ပင်ကြီးအောက်မှာ မင်းကိုတွေ့ရလိမ့်မယ်။ မြန်မြန်သွားဆိုပြီးခိုင်းတယ်။ ဒါနဲ့ပဲ ငါတို့အမြန်ထွက်လာကြတာ"

ကိုအေးကြူက အကြောင်းစုံရှင်းပြ၏။

စိုးပိုင်က -

"အစ်ကို နောက်ကနေ အေးအေးဆေးဆေး လိုက်လာမယ်ထင်နေတာ။ ဒီနေရာက အခြောက်အလှန့်ပေါတယ်။ ကျွန်တော်တောင် ဆရာတော်ခေါ်တာ မနေရဲလို့ စမ်းတောင်ကိုပြန်ပြေးရတာ။ ပျူမြို့ဟောင်းလို့လည်း ပြောတယ်။ ဦးပဉ္စင်းကြီးတစ်ပါးကို ခွေးနက်ကြီးထွက်ကိုက်လို့ ပုံလွန်တော်မူသွားတာဒီနေရာပဲ အစ်ကို"

စိုးပိုင်ပြောမှ ကျွန်ုပ်သည် ကြက်သီးတဖြန်းဖြန်းထလာ၏။ စောစောတုန်းက ကြည်နူးမှုလေးတွေသည် ဘယ်ဆီလွင့်ပျံသွားသည်မသိ။ မိန်းကလေး၏ကိုယ်သင်းနံ့က ကျွန်ုပ်၏ကိုယ်မှာစွဲနေတုန်းပင်။

"ကိုသန့်ဇင်ရဲ့ကိုယ်က ရေမွှေးနံ့လို မွှေးနေပါလား။ ဒီလောက်ချွေးတွေပြန်နေတာတောင်"

သူတို့တွေ့ ကျွန်ုပ်ကို အံ့အားသင့်စွာဖြင့် ဝိုင်းကြည့်နေကြသည်။ ကျွန်ုပ် သူတို့ကို ဘာတစ်ခွန်းမှပြန်မပြောတော့ဘဲ ဆရာတော်သီတင်းသုံးရာ တောရကျောင်းဆီသို့ ခပ်သွက်သွက်လှမ်းနေမိသည်။ တောရကျောင်းပရိဝုဏ်အစပ်ရောက်တော့ ကျွန်ုပ်ကိုယ့်ဘို့လွှင့်နေသောအမွှေးနံ့သည် ရုတ်ခြည်းပျောက်သွား၏။ သူတို့တွေ့ သတိမထားမိပေမယ့် ကိုယ့်ကိုယ်ကိုယ်သိလိုက်ပါသည်။ လွမ်းသလိုလိုဆွေးသလိုလိုဖြင့် အင်တိုင်းတောကြီးရှိရာသို့ လှမ်းမျှော်ကြည့်နိုင်သည်။ တောရကျောင်းပရိဝုဏ်အင်တိုင်းတောကြီးရှိရာသို့ လှမ်းမျှော်ကြည့်မိသည်။ တောရကျောင်းပရိဝုဏ်အား စည်းသတ်မျဉ်းသဖွယ်ဖြစ်နေသော ကျုံးဟောင်းလိုလို စမ်းချောင်းဖြတ်တူးသစ်သားတံတားပေါ်မှ ဖြတ်ကူးလာခဲ့သည်။ စမ်းချောင်းကမ်းစပ် ဝါးရုံပင်နီးနီး၌ ရေကြက်တစ်အုပ်ဆူညံစွာရှိနေကြသည်။ နေလုံးကြီးသည် ပဲခူးရိုးမရှိ မင်းတောင်ထိပ်၌ တွဲလဲခိုရှိ၍ နီရဲစွာကြည့်နေပါသည်။ ငလိုက်ဆည်ကြီးအနီး ထွေလယ်ကြီးရွာဘက်မှ ကြက်တွန်သံသဲ့သဲ့အား ကြားလိုက်ရသည်။

❑

တောရကျောင်းပေါ် ရောက်ရောတခြင်း ဆရာတော်က ရေတစ်ခွက်တိုက်သည်။ နောက်ကျိနေသောစိတ်တို့ ရွှတ်ခြည်း လန်းဆန်းသွားသည်။ ဆရာတော်သည် ကျွန်ုပ်ခေါင်းအား တစ်ချက်ပုတ်လိုက်ပြီး -

"ကိုယ်မရောက်ဘူးတဲ့ဒေသတို့ တစ်ယောက်တည်း စွတ်ရွတ်ဝင်သွားတာကိုး။ တော်သေးတာပေါ့။ အသိမြန်လို့။ အေးအေးဆေးဆေးနားဦး၊ ရေမခိုးနဲ့တော့။ ခြေလက်ဆေးပြီး ဘုရားဝတ်ပြု"

ပြောဆိုမိန့်ကြားပြီး ဆရာတော်သည် ဘုရားကျောင်းဆောင်၌ ဘုရားဝတ်ပြုနေ၏။

ကျွန်ုပ်တို့လူစုလည်း ကြက်ဆူအိုင်တောရ၏ ပင်တိုင်ဟင်းဖြစ်သော ချဉ်ပေါင်ဟင်းနှင့် ငရုတ်သီးထောင်းနှင့် ထမင်းစားကြသည်။ ဦးပဉ္စင်းကရင်ကြီးက ကျောင်းရှေ့မြေကွက်လပ်၌ ထင်းပုံကြီးဖို့နေလေသည်။ နေပြည်တော်ဧရိယာမဖြစ်သေးသော ကြက်ဆူအိုင်သည် ထိုစဉ်က ငှက်ဖျားအလွန်ထူသောအရပ်ဒေသဖြစ်၏။ ကျွန်ုပ်လည်း ခြင်မကိုက်သောလိမ်းဆေးအား တစ်ကိုယ်လုံးလိမ်းပြီး အေးစိမ့်လာသော ဆောင်းညအားကာကွယ်ရန် မီးပုံဘေးသို့ဝင်ထိုင်လိုက်သည်။ တဲကျောင်းရှေ့မီးပုံမှ အလင်းရောင်နှင့် ဘုရားကျောင်းထောင့်မှာ ပူဇော်ထားသော ဖယောင်းတိုင်အလင်းရောင်မှလွဲ၍ ပတ်ဝန်းကျင်သည် မှောင်မိုက်လွန်းလှသည်။ ပိုးမွှားကောင်လေးများ၏ တကျိကျိမြည်သံသာ

www.burmeseclassic.com

www.burmeseclassic.com

ဦးဒီတတစ်ပုဒ်နှယ် ဝန်းကျင်မှာ ပျံ့နှံ့သွားတစ်ခါတစ်ရံ ညဉ့်ငှက်တို့၏တဂီဂီ ညည်းသံများကိုကြားရ၏။ တောကြက်တို့ အိပ်တန်းတက်ရင်း နေရာလုရာမှ သားတောင်နှင့်တစ်ကောင်ဆိတ်ကြရင်း သက္ခတ်ကွတ်အော်သံများလည်းကြားရ သည်။

ပါလာသောလက်ဖက်အကြော်စုံ အားသုပ်ပြီး စိုးပိုင်က ရေနွေးကြမ်းပိုင်း သောက်ချသည်။ စိုးပိုင်သည် တခြားအ ကြောင်းအရာများအား စိတ်မဝင်စားဘဲ နေရင်းသာရှိမည်။ မိန်းကလေးကိစ္စဆို ပွင့် သူအလွန်စိတ်ဝင်စားသည်။

"အစ်ကို၊ နေ့လယ်ကတွေ့ခဲ့တဲ့ ကောင်မလေးက တော်တော်ချောလား"

"မင်း ထက်ထက်မိုးဦးနဲ့နန္ဒာလှိုင် ကိုသိတယ်မဟုတ်လား"

"သိတာပေါ့ အစ်ကိုရာ၊ မင်းသမီး ချောတွေပဲ"

"ခင်သန်းနုတို့ စိုးမြတ်သူဇာတို့ကို ချောသီလား"

"အစ်ကိုကလည်း မင်းသမီးတွေ သာ အမိုက်စားကိုယ်လုံးကိုယ်ပေါက် ဆွဲပဲတာ။ မသိဘဲနေပါ့မလား"

"အေး- ငါတွေ့ခဲ့တဲ့ကောင်မလေး က အဲဒီမင်းသမီးတွေကိုရောမွှေလိုက်ရင် ဆွဲရတဲ့ပုံမျိုး"

စိုးပိုင် ခဏတွေဝေသွားသည်။ သူစိတ်ကူးထဲ၌ ခင်သန်းနုကိုယ်လုံးမျိုး နှင့် နန္ဒာလှိုင်မျက်နှာ၊ ထက်ထက်မိုးဦး ဆွဲနှာနှင့် စိုးမြတ်သူဇာကိုယ်လုံးတွဲ၍ ပေးနေမည်လားမသိ။

"အဲဒီလောက်တောင်လှတာလား"

"အေး- ငါတစ်သက်နဲ့တစ်ကိုယ် ဒီလိုချောတာမျိုး တစ်ခါမှမတွေ့ဖူး ဘူး ငါတက္ကသိုလ်ကျောင်းသားဘဝက ဆုံးစားထားခဲ့တာတွေလည်း ချောချော လေးတွေပဲ။ ငါ့ဇနီး မင်းအစ်မကလည်း ခိုင်းမချောတစ်ယောက်ပဲ။ ဒါပေမယ့် အဲဒီကောင်မလေးလှတာကို ငါတစ်ခါမှ မတွေ့ဖူးဘူး"

"ကိုသန့်ဇင်ရယ်၊ ဥစ္စာစောင့်ဆိုမှ တော့ သူမူလရုပ်ကိုဖျောက်ထားမှာပေါ့။ ဘွန်တော်တို့လူလောကက လူတွေနဲ့ အမှတ်မထင်ဆုံစည်းရင် သူတို့တွေက ဘုန်းကံအောင် ဖန်ဆင်းထားမှာပေါ့"

ဆရာသိန်းက စကားဝင်ထောက် သည်။

"ဟော - ဆရာတော် ဘယ်သူနဲ့ စကားပြောနေသည်လဲမသိဘူး။ တိုးတိုး ဝှေးတိုးနဲ့ စကားပြောနေတယ်"

ကိုအေးကြူ သတိပေးလိုက်မှ အမှတ်မထင် တဲကျောင်းပေါ် သို့ကြည့်မိသည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ဆရာတော်သည် ပုတီးစိပ်နေ၏။ ဒါပေမယ့် ပုတီးကို လက်မှကိုင်ထားရင်း မတိုးမကျယ်စကားပြောနေသည်။ သဲသဲ ကွဲကွဲတော့မကြားရ။

"ကိုသန့်ဇင်၊ ခင်ဗျားသွားဗျာ။ ကျုပ်တို့တော့ မသွားရဲဘူး။ ဆရာတော် ဘာတွေပြောနေလဲဆိုတာ"

ဆရာသိန်းက အတင်းတွန်းလွှတ် သည်။ ကျွန်ုပ်သည် ဆရာတော်၏ သား သမီးတပည့်ရင်းလိုလည်းဖြစ်နေ၊ ဒကာ ရင်းလည်းဖြစ်နေ၍ ကျွန်ုပ်အနီးသို့ ရောက်သွားလျှင်လည်း ဆရာတော် အပြစ်ပြောမည်မဟုတ်ပေ။ ဤသို့ဖြင့် ဆရာတော်အနီးသို့ ခြေသံမကြားရ အောင်ကပ်သွားပြီး အသာလှမ်း၍နား ထောင်နေလိုက်သည်။ ဘုရားကျောင်း ဆောင်တစ်ခုလုံး ပန်းနံ့လိုလို အမွှေးရနံ့က ပျံ့လွင့်နေသည်။

"ငါ့ဆီကိုလာတဲ့ ငါ့ဒကာရင်း၊ ငါ့ သားတပည့်ဆိုတာ မသိဘူးလား"

"× × × × × ×"

"သူကနေချင်တယ်ပြောတိုင်း နင် တို့က ခေါ် လို့ရမလား"

"× × × × × ×"

"နင် သူနဲ့သိပ်အတူနေချင်ရင် လူဘဝထဲကိုလာခဲ့ပါလား။ လူဝင်စားပြီး (၁၆)နှစ်လောက်ဆိုရင် သူရှိတဲ့နေရာကို ရောက်အောင်သွားပေါ့"

"× × × × × ×"

"နင့်ကို လူပြည်ကိုမလွှတ်ဘူးဆို ရင် စိတ်လျှော့လိုက်တော့။ အဲဒါမှစိတ် မလျှော့ဘူးဆိုရင် ဒီနေရာကိုစောင့်နေတဲ့ နတ်ဘီလူးလေးကောင်ကို ငါပြောလိုက် မယ်။ နင်တို့နေရာမရှိဘူးဖြစ်သွားလိမ့် မယ်။ သူက ဒီနေရာကို သာသနာ့မြေ ဖြစ်လာအောင် ဘုရားကျောင်းကန်တွေ နဲ့စည်ပင်လာအောင်လုပ်မယ့် ဒကာတစ် ယောက်။ နင်တို့ကိုကြောက်ပြီးမလာ တော့ရင် နင်တို့သာသနာဖျက်တာပဲ။ ငါ ပြောတာရှင်းလား"

"× × × × × ×"

"အေး- နောက်တစ်ခါ သူလာရင် နင်တို့ အရိပ်အခြည်တောင်မပြကြနဲ့။ သူ ဒုက္ခတစ်စုံတစ်ရာမတွေ့အောင် နင်တို့ သူ့ကိုစောင့်ရှောက်ကြ။ သူတစ်ခုခုဖြစ်လို့ ကတော့ ငါ့အဆိုးမဆိုကြနဲ့ ဒါပဲ"

ဆရာတော်စကားသံ တိတ်ဆိတ် သွား၏။ အမွှေးရနံ့သည် ကျောင်းပေါ် မှနေ၍ တဖြည်းဖြည်းပျောက်ကွယ်သွား သည်။

"ဝူး ဝူး အူး အူး"

ခပ်ဝေးဝေးမှ တောခွေးတစ် ကောင်သည် ဆွဲဆွဲငင်အူနေပါသည်။ ဆရာတော်ကျိန်းဖို့ ကျွန်ုပ်အိပ်ရာခင်း ပေးသည်။ ကျွန်ုပ်တို့က ဆရာတော့်ခြေ ရင်းမှာ တန်းစီအိပ်ကြမည်ဖြစ်သည်။ ညဉ့်နက်လာလေ အအေးကပိုလာတော့ မည်။ ဦးမင်း၏ပြာသိုလဆောင်းဥတုသည် ခိုက်ခိုက်တုန်အောင်ချမ်းတော့မည်။ ဗီရိ ထဲမှ ဂွမ်းကပ်စောင်များအထုပ်လိုက်ချ ပြီး နှစ်ထပ်၊သုံးထပ်ခြုံကြသည်။ ဆရာ တော်သည် မည်သည့်အဓိပ္ပာယ်မှန်းမသိ ဘဲ သူဂွမ်းစောင်အား ကျွန်ုပ်အပေါ် လာ ခြုံပေးသွားသည်။ထိုညက အိပ်မက်မက် တော့ မိန်းကလေးသည် ကညင်ပင်ကြီး အောက်မှာ ငိုကြွေးနေသည်ဟုမက် သည်။

❑

"မင်းကိုကောင်မလေးကသဘော ကျတာနဲ့ တောစပ်ကနေ လမ်းမှားအောင် လုပ်လိုက်တာ။ အဲဒါကို စမတောင်ပိုင် ကြီးကသိတော့ အန္တရာယ်မဖြစ်အောင် ကာထွယ်ဖို့ ငါ့ကိုလှမ်းပြောတယ်။ မင်း မှာလည်း ကံကရှိနေသေးတော့ မဖြစ် သင့်တာတွေမဖြစ်တော့ဘူးပေါ့။ ဒါပေ မယ့် လူဆိုတာပြောလို့မရဘူး။ အမှောင် တကာ့အမှောင်ထဲမှာ ကာမအမိုက်မှောင် ကအဆိုးဆုံး။ ကောင်မလေးက မင်းကို မြူဆွယ်ပြီး အိပ်ခန်းထဲကိုခေါ် မလို့လုပ် တုန်း ငါသိသိချင်းလှမ်းပြီးတားလိုက် တာ။ ဒီပြင်ဆို မင်းသွားပြီ"

"တပည့်တော်လည်း အဲဒီကောင် မလေးကအရမ်းလှတော့ ဘာမှမသိ တော့ဘူး ဘုရား"

ကျွန်ုပ်လည်း ရှက်ရှက်နှင့် ဆရာ တော်အားလျှောက်ရင်း -

"ငါသိသိချင်း ကြေးစည်ထုပြီး အချက်ပေး၊ မြီးတော့ ဒီမြို့ဟောင်းကို စောင့်နေတဲ့ နတ်ဘီလူးလေးကောင်ကို မင်းရှိနေမယ့်နေရာကိုသွားပြီး စောင့် ရှောက်ဖို့ပြောရတယ်"

"သြော် - ဒါကြောင့် တောက် ခေါက်သံကိုကြားရတာကို"

"မောင်သန့်ဇင်ရယ်၊ ဥစ္စာစောင့်တို့ ဘာတို့ဆိုတာ ဖုတ်၊ ပြိတ္တာအနွယ်ဝင် တွေပါ။ လူဘဝနဲ့ ဘယ်လိုမှမပတ်သက် တော့ပါဘူး။ မင်း အဲဒီကောင်မလေးရဲ့ မူလရုပ်ကိုမြင်ချင်လား"

www.burmeseclassic.com

www.burmeseclassic.com

"တော်ပါပြီဘုရား၊ မကြည့်ချင်တော့ပါဘူး"

"အေး - ဒါဆိုရင်လည်းမေ့လိုက်တော့။ မင်း နောက်တစ်ခါကြက်ဆူအိုင်ကိုလာရင် သူတို့မနှောင့်ယှက်ရဲတော့ဘူး။ မင်းကို ဘေးဥပဒ်မဖြစ် ကောင်းကောင်းကာကွယ်ပေးကြမှာပါ။ မနက်စာစားပြီးရင် ဘုရားဆောင်ကိုလာခဲ့။ မင်းအတွက် အင်းတစ်ချပ်စီရင်ထားတယ်။ အဲဒီအင်းကိုသောက်ရမယ်။ ပြီးတော့ စမကြိုးတစ်ချောင်းလည်းလုပ်ထားတယ်။ ကိုယ်နဲ့မကွာဆောင်ထား"

"တင်ပါဘုရား"

ဆရာတော်ကြီးက ကျွန်ုပ်အား သရဏဂုံအင်းတစ်ချပ်အား ပြာချ၍ တိုက်သည်။ အထုံးလေးတွေနှင့် စမကြိုးတစ်ချောင်းအား စလွယ်သိုင်းစွပ်ပေး၏။

"မင်းက သင်္ဘောသားဖြစ်နေလို့ တစ်ခါတလေ ဘီယာတွေဘာတွေသောက်တာခွင့်လွှတ်ဖို့ ငါမိန့်ထားတယ်။ အမဲသားကိုတော့ ရာသက်ပန်လျှောတော့ကြားလား။ အမဲသားစားရင်မကြိုက်ဘူး"

"တင်ပါဘုရား၊ တပည့်တော် အမဲသားရှောင်ပါ့မယ်"

ကျွန်ုပ်တို့ ကြက်ဆူအိုင်တောရမှ ပျဉ်းမနားမြို့ပေါ် သို့ ပြန်လာခဲ့ကြသည်။ မန္တလေး - ရန်ကုန် အစုန်ရထားကြီးစီးလာခဲ့ကြ၏။ ကြုံဆုံခဲ့ရသောမိန်းကလေး၏မျက်နှာလှလှလေးက ကျွန်ုပ်အာရုံမှာပေါ် လာလိုက်၊ ပျောက်သွားလိုက်ဖြင့်ရှိနေခဲ့လေပြီတည်း။

❑

ရန်ကုန်ကို ပြန်ရောက်တော့ ဗိုလ်တထောင်ဘုရားပွဲကျင်းပနေသည်နှင့် ကြုံ၏။ ကျွန်ုပ်နေသောအိမ်ဘည် ဗိုလ်တထောင်စေတီတော်နှင့်နီးကပ်လှသော ဆိပ်ကမ်းအရာရှိရိပ်သာဖြစ်နေ၍ ပျဉ်းပျင်းရှိလျှင် ဘုရားပွဲတော်မှာပဲအချိန်ကုန်နေခဲ့၏။ အိမ်ရှေ့မထွက်ပြီး ခြေလှမ်းတစ်ရာခန့်လှမ်းလိုက်လျှင်ပင် ဘုရားပွဲစျေးသို့ရောက်နေပြီ ဖြစ်သည်။

တစ်ညနေ၌ ကျွန်ုပ်၏မိတ်ဆွေတစ်ယောက်သည် သူလက်ဆောင်ရသော အာမိရမ်တစ်လုံးအား ကျွန်ုပ်ကို လာပေးရင်း သူနှင့်အတူသောက်မည်ဟု ဆိုသည်။ ကျွန်ုပ်ဇနီးသည် ထိုမိတ်ဆွေအား အမြင်မကြည်လင်သဖြင့် အာမိရမ်အရက်ပုလင်းအား အိမ်နောက်ဖေး သမံတလင်း၌ ရိုက်ခွဲလိုက်သည်။ ထိုအခါ ကျွန်ုပ်နှင့် ဇနီးဖြစ်သူ စကားများရပါတော့သည်။ ထိုညနေက မိန်းမနှင့်စိတ်ဆိုးပြီး ထိုမိတ်ဆွေဖြစ်သူနှင့် စားသောက်ဆိုင်သို့ရောက်သွားပါတော့သည်။ နှစ်ယောက်သား စားကြသောက်ကြဖြင့် ကျွန်ုပ်လည်း မိန်းမနှင့်စိတ်ဆိုးသည်ကို အကြောင်းပြု၍ ပို၍သောက်ဖြစ်သည်။ ဗိုလ်တထောင်ဘုရားပွဲစျေး ပြန်ရောက်တော့ မိုးဝင်း၊ မိုးမင်းဇာတ်ပွဲမှ စတိတ်ရှိုးသီချင်းသံများကို ကြားနေရ၏။ ဇာတ်ရုံရှေ့မှာ လှည်းလည်ကြည့်ရှုရင်း ဗိုက်ဆာလာသည်နှင့် ပွဲစျေးမှာ စားစရာဆိုင်ကြည့်ရာ မွေးကြိုင်လှသော အမဲအူပြုတ်အနံ့က ဆာလောင်နေသည်ကို ပို၍ဗိုက်ဆာစေလာ၏။ ဆရာတော်ကြီးအား ကတိပေးထားခဲ့သည်ကိုမေ့သွားပြီး အမဲအူပြုတ်တစ်ပွဲ၊ အူစုံသုပ်တစ်ပွဲ ထမင်းတစ်ပန်းကန်မှာ၍စားလိုက်သည်။ ဗိုက်ပြည့်သွားတော့ အိပ်ချင်လာ၍ အိမ်ဘက်ပြန်လှည့်သည်။

အိမ်ရောက်တော့ ကျွန်ုပ်ဇနီးသည်နှင့် ယောက္ခမကြီးမှာ မအိပ်ကြသေးဘဲ ည့ေခန်း၌စကားပြောနေကြသည်။ စိတ်ဆိုးသည့်အရှိန်ကမကုန်သေးသဖြင့် မိန်းမအား တစ်ချက်စောင်းကြည့်ပြီး အိပ်ခန်းထဲဝင်လာခဲ့သည်။ ခုတင်ဘေး စာကြည့်စားပွဲအားမျှိပြီး စီးကရက်တစ်လိပ်အား မီးညှိ၍သောက်သည်။ စီးကရက်တစ်ဝက်ကျိုးခန့်တွင် -

"ဗုန်း"

"ဒုန်း"

"အောင်မလေးဗျ"

တစ်စုံတစ်ယောက်၏ကန်ထဲလိုက်သည့်အသံ၊ ခုတင်စောင်းမှပြုတ်ကျပြီး ကျွန်ုပ်နဖူးနှင့် စာကြည့်စားပွဲစောင်းထိခိုက်မိသည့်အသံ၊ ပြီးတော့ ကျွန်ုပ်၏နာကျင်စွာအော်ဟစ်သံများက စီကာစဉ်ကာ ပေါ် ထွက်လာပါသည်။ ကျွန်ုပ်ဇနီးနှင့် ယောက္ခမဖြစ်သူလည်း အလန့်တကြားဖြင့် အိပ်ခန်းတွင်းပြေးဝင်လာရာ ခုတင်ဘေးတွင် ဒူးထောက်လျက်သား နဖူးကို လက်ဝါးနှင့်အုပ်လျက် ကျွန်ုပ်ကို တွေ့ကြရသည်။ ကျွန်ုပ်လက်များကြားမှ သွေးစက်တို့က တစက်စက်ကျလျက်။

"ငါကိုဘယ်သူကန်တာလဲ"

ပြောသာပြောရသည်။ အိပ်ခန်းတွင်းမှာက ဘယ်သူမှမရှိ။ သမီးငယ်သည်လည်း ဘွားအေနှင့်အတူအိပ်သည်ဖြစ်သည်။ ကျွန်ုပ်တစ်ယောက်တည်းရှိသည့်အခန်းအတွင်း၌ ကျွန်ုပ်၏နံစောင်းအား ပိတ်ကန်လိုက်သူသည် ဘယ်သူနည်း။ ဇနီးနှင့် ယောက္ခမသည် ကျွန်ုပ်အား ထူးဆန်းအံ့သြစွာကြည့်နေကြသည်။ သူတို့လည်း ကန်လိုက်သည့်အကိုကြောင်လိုက်ရသည်။ ယောက္ခမနှင့် ဇနီးကလည်း အခန်းထဲတိတ်တဆိတ်ဝင်လာပြီးကန်ရအောင်က ကျွန်ုပ် ခုတင်စောင်းကိုမှီထိုင်နေသည်က အခန်းပေါက်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ နဖူးမှသွားသောဒဏ်ရာအား ဇနီးဖြစ်သူက အရက်ပြန့်ဖြင့် ဆွတ်၍ ဆေးထည့်ပတ်စတာကပ်ပေးသည်။ အရက်တွေပြေသွားပြီး ကြောက်စိတ်ကြီးလာသည်။ အမှုပြေသွားမှ သွား၍သတ်ရလိုက်သည်။

အမဲအူပြုတ်။

'မင်း အမဲသားကို ရာသက်ပန်ရှောင်၊ ကတိပေး'

ဆရာတော်ကြီး၏စကားကို သတိရလိုက်သည်။ ဒါပေမယ့် ကိုယ်ကလွဲသွားပြီ။ ဘုရားကျောင်းဆောင်ရှေ့သွားပြီး ဆရာတော်ကြီးရှိရာရည်မှန်းရှိခိုးကန်တော့ပြီး ခွင့်လွှတ်ဖို့ တောင်းပန်သည်။ ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်နေသောကျွန်ုပ်အား မိန်းမဖြစ်သူက အားပေးရင်း ချော့သဖြင့် စိတ်ဆိုးပြေသွားပြီး ဇနီးမယားရင်ခွင်ထဲမှာပဲ အိပ်ပျော်သွားခဲ့သည်။

ထိုညက အိပ်မက်ဆိုးတွေလိုက်သည်ကလည်း မပြောပါနှင့်တော့။ ကျွန်ုပ်နောက်က ခွေးနက်ကြီးတစ်ကောင်သည် တစ်ရှူးထိုးလိုက်နေ၏။ ကျွန်ုပ်လည်း လွတ်ရာလွတ်ကြောင်းပြေးရင်း စမ်တောင်သို့ရောက်လာသည်။ စမ်တောင်ကပ်ကျော်စေတီတော်ကြီးအနီးလေးကြိုးကိုင် အဖေနွဲ့၏ ကျောင်းလေးပေါ် သို့တက်ပြေးပြီးပုန်းနေမိလေသည်။ ကျွန်ုပ်ပုန်းအောင်းနေစဉ် လေးကြိုးကိုင်ကျောင်းသည် မြေကြီးထဲသို့ တဖြည်းဖြည်းနစ်ဝင်လာနေသည်။ ကျွန်ုပ်လည်း ကြောက်လန့်တကြားဖြင့် -

"အဘိုးလူရေ ကယ်ပါဦးဗျ၊ ဆရာတော်ကြီး ကယ်ပါဦး၊ မြေကြီးထဲနစ်ဝင်နေပြီ"

"လူလေး လာ လာ၊ မင်းသိပ်ဆိုးတာကိုးကွ။ နောက်မဆိုးနဲ့တော့နော်"

ပြောပြောဆိုဆိုဖြင့် အဘိုးသည် ကျွန်ုပ်ဆံပင်များအား ဆွဲမလိုရာ ခန္ဓာကိုယ်နှင့်တကွ လေးကြိုးကိုင်ကျောင်းပါ မြေကြီးထဲက်ပြန်ပေါ် လာသည်။

ကျွန်ုပ်လည်း အိပ်မက်မှ ပြန်လာပြီး ဇောချွေးများပြန်နေပါသည်

www.burmeseclassic.com

www.burmeseclassic.com

အပ်ရှိမရတော့သဖြင့် မျက်နှာသစ်
ထားယူ၍ ဗိုလ်တထောင်ဘုရားဘက်
ခဲ့လေသည်။ ဘုရားပွဲစျေးကား
လူလာတို့အနည်းငယ်သာရှိတော့
။ မိုးဝင်းဇာတ်ပွဲရုံပင် ဝင်ပေါက်
ခွင့်ထားသည်ကို တွေ့ရသည်။
ပိုင်း ဇာတ်မင်းသားအား ပါးကွက်
သားက နှိပ်စက်သည်လား၊
ားက နှိပ်စက်သည်လားမသိပါ။
း၏ငိုချင်းချသံသည် မျောက်မင်း
ဲ့ရှိလှသည်။ မြန်မာ့ဇာတ်သဘင်
သည် စတိတ်ရှိုးယဉ်ကျေးမှု
ခံရသည်မှစ၍ မြေကြီးထဲသို့
ထိုးဆင်းလေပြီလားမသိ။ မုန့်
ွေသည်က မီးဖိုရှေ့မှာအထပ်လိုက်
သော မုန့်ချပ်များအားငေးကြည့်
ငိုက်မျဉ်းနေသည်။ တောက်လောင်
သောထင်းချောင်းများက အငွေ့
လူထလျက်။ ဆိုက်ကားသမား
ယောက် မီးဖိုဘေးမှာ ပုဆိုးခြုံရင်း
သည်မျှော်နေ၏။ ရန်ကုန်မြစ်ပြင်
း တိုက်ခတ်လာသောလေနုအေးက
ကွဲတဲ့နေသော ကျွတ်ကျွတ်အိတ်များ
း တိုသည်ရွေ့စေလျက်ရှိသည်။

❑

နံနက် (၆) နာရီမထိုးမီ ရန်ကုန်
ူကြီးသို့ပြေး၍ နံနက် (၆) နာရီ
ာသော ရန်ကုန် - မန္တလေး အမှတ်
(၁) အဆန်ရထားလက်မှတ်အားရ
ောင် ဝယ်လိုက်သည်။ ရန်ကုန်ဘူတာ
ကြီး၌ ထောက်လှမ်းရေးတပ်မှရဲဘော်
ူသည် ကျွန်ုပ်နှင့်မိတ်ဆွေဖြစ်လျက်ရှိ
ောကြောင့် လက်မှတ်က အခက်အခဲ
ဲ့။

နေ့လယ် (၂)နာရီခွဲ၌ ရေနီဘူတာ
ောက်၍ ဆင်းလိုက်ပြီး မြင်းလှည်းငှားပြီး
ဘဝတ္ထိလမ်းဆုံသို့လာခဲ့သည်။လမ်းဆုံ
ဘုံဖက်ရည်ဆိုင်မှာ ခေတ္တနားပြီး
သည်ကျော် စိုးပိုင်အား အခေါ် လွှတ်ရ
သည်။ စိုးပိုင် အူယားဖားယားရောက်
ာပြီး -

"အစ်ကို၊ ဘယ်လိုဖြစ်တာလဲ။
ြန်သွားတာ ရက်ပိုင်းပဲရှိသေးတယ်။
ဘုရားတော်ကြီးတောင် စမတောင်
ောက်နေတယ်"

"စကားများမနေနဲ့၊ ရော့ - အိတ်
ီးယူ။ တောင်ကိုအမြန်သွားမယ်။ ဟို
ောက်မှပြောပြမယ်"

နှစ်ယောက်သား ရထားလမ်း
းဖြတ်ပြီး သရက်ကုန်းရွာအနီး
ဇော်ထိုးချောင်းအတိုင်း လျှောက်လာ
ခဲ့ကြသည်။ ဆောင်းမြေပဲခင်းများကား
ရင့်မှည့်နေကြလေပြီ။ ပေါင်းလိုက်နေ
သောမိန်းကလေးများအား သီချင်းတ
ကြော်ကြော်နှင့်တွေ့ရ၏။ စိုးပိုင်က
ထိုမိန်းကလေးများအား လှမ်းစသော
အခါ -

"သာဝတ္ထိက ဦးဗိုက်ကလေးခွေး၊
တောင်ပေါ် တက်မှာလား"

မိန်းကလေးတွေက စိုးပိုင်အား
ဗိုက်ကလေးခွေးဟုအော်သဖြင့် စိုးပိုင်က
ဆဲသည်။ သူကိုခွေးဟုခေါ်လျှင် အလွန်
သဘောကျပြီး တကယ်မှာ ခွေးနှင့်မတူ
ဘဲ ခင်လှိုင်လိုလို၊ တွတ်ပီကာတွန်းထဲက
ဗိုက်ကလေးလိုလိုဖြစ်နေ၍ လူတွေက
စကြခြင်း ဖြစ်သည်။

စမတောင်ကြောပေါ် မှကပ်ကျော်
စေတီကြီးအား ပျဟုလေးဖူးမြင်ရတော့မှ
ရင်ထဲကအပူလုံး ငြိမ်သက်သွားသည်။
တောင်ခြေ ကိုစိန်ဝင်းတဲရောက်တော့ -

"ဟောဗျာ - ဘယ်လိုဖြစ်တာလဲ။
ပြန်သွားတာ တစ်ပတ်တောင်မရှိသေး
ဘူး၊ ဆရာတော်ကြီးကတောင်ပြောနေ
တယ်။ ဒီကောင်ကံကောင်းလို့တဲ့။ ကြက်
ဆူအိုင်မှာ ဘာဖြစ်လာတာလဲ။ အဲဒီနေ
ရာက ကြမ်းတယ်နော်။ ဓာတ်မတည့်ရင်
တစ်ခါတည်းကြွသွားလိမ့်မယ်"

ကိုစိန်ဝင်းက ရေနွေးအိုးလာချ
ရင်းပြောသည်။ အဘသုံက ပြုံးပြုံးကြီး
ကြည့်ရင်း -

"ကိုသန့်ဇင်ကို အဘိုးလေးတို့၊
တောင်ပိုင်ကြီးတို့က စောင့်ရှောက်ပါ
တယ်။ ဘာမှဖြစ်မှာမဟုတ်ပါဘူး"

"တောင်ပေါ်မှာ ဆရာတော်ကြီး
ရှိတယ် မဟုတ်လား"

"ရှိပါဗျာ၊ ဦးပဉ္စင်းလယ်ဝေးလည်း
ပြန်ရောက်နေတယ်။ ခဏနားပြီးမှ
တက်တာပေါ့"

ယခုလောက်ဆိုရင်ဖြင့် ကျွန်ုပ်
ရောက်နေသောသတင်းကို တောင်ပေါ်
မှသိလောက်ပြီထင်ပါသည်။ စားဖို
ဆောင်မှ ဦးမောင်ကိုသည် ကျွန်ုပ်စားဖို
တောထဲသို့ မျှစ်တို့မို့တို့အရှာထွက်ပြီ
ထင့်။ ဆရာတော်ကျောင်းပေါ် ရောက်
တော့ ဆရာတော်ကြီးနှင့် ဦးပဉ္စင်း
လယ်ဝေး စကားပြောနေကြသည်။ ဦးချ
ကန်တော့ပြီး စကားစလိုက်သည်။

"ဘာဖြစ်လာပြန်ပြီလဲ မောင်သန့်
ဇင်"

"တပည့်တော် ရန်ကုန်ပြန်ရောက်
တော့ ဗိုလ်တထောင်ဘုရားပွဲစျေးမှာ မေ
ပြီး အမဲအူပြုတ်သွားစားမိတယ် ဘုရား။
အဲဒါ အိမ်ပြန်ပြီးထိုင်နေတုန်းရှိသေး
တယ်၊ ဘယ်သူကကုန်လိုက်လဲမသိဘူး၊
နံစောင်းကိုကန်လိုက်တာ ထိုင်နေတဲ့
ခုတင်ပေါ် နေပြုတ်ကျတာ စားပွဲစောင်း
နဲ့နဖူးထိသွားပြီး ဒီမှာ ဒဏ်ရာတောင်
မပျောက်သေးဘူးဘုရား"

ဆရာတော်ကြီးအား ပလတ်
စတာကပ်ထားသောနဖူးမှ ဒဏ်ရာကိုပြ
၏။ ဆရာတော်ကပြုံး၍ကြည့်နေပြီး -

"မယုံတာလည်း မဟုတ်ပါဘူး။
သတိလက်လွတ်သလိုဖြစ်သွားတာပဲ။
နောက်မလုပ်နဲ့ လာ၊ လာ"

ကျွန်ုပ်အား အနီးသို့ခေါ်ပြီး
ဦးခေါင်းအား သုံး၊ လေးချက်ခန့်ပုတ်
လိုက်သည်။

"နောက်စားဦးမှာလား အမဲသား"

"မစားတော့ပါဘူးဘုရား၊ ကြောက်
ပါပြီ"

"အဲဒါ မင်းကိုတိုက်လိုက်တဲ့အင်း
စောင့်ကမကြိုက်လို့ ဒဏ်ပေးတာ။
နောက်တစ်ခါထပ်လုပ်ရင် ဒီထက်ပိုဆိုး
မယ် သိလား"

"သိပါပြီ ဘုရား"

ကျွန်ုပ်လည်း အလွန်ကြောက်ပြီး
ထိုအချိန်မှစ၍ ယခုအထိ အမဲသား
မစားဝံ့တော့ပါ။ ဆရာတော်ကြီးက စမ
တောင်မှာ ကိုးရက်အဓိဋ္ဌာန်ဝင်ရမည်ဆို
၍ အဓိဋ္ဌာန်ပုံတိုးကိုးရက်စိပ်ခဲ့ရသည်။

အချိန်တွေလည်း ကြာခဲ့ပါပြီ။
ဆရာတော်ကြီးလည်း ကြက်ဆူအိုင်မှာ
ဝန်ကြီးအိမ်တွေ၊ အစိုးရမှူးတွေဆောက်
မည်ဆို၍ ကျွန်ုပ်လှူခဲ့သော နှစ်ထပ်
ကျောင်းကြီးအားဖျက်၍ ပျဉ်းမနားမြို့
ပေါ် သို့ ရွှေ့ပေးရ၏။ စေတီကြီးကတော့
ကျန်ခဲ့သည်။ ယခုတော့ ဆရာတော်ကြီး
လည်း ပျံလွန်တော်မူခဲ့ပါပြီ။ တပည့်
ကျော် စိုးပိုင်လည်း ကွယ်လွန်ခဲ့ပြီ။ ကိုစိန်
ဝင်းလည်းဆုံးပြီ။ ဂမ္ဘီရဆရာသိန်းလည်း
အနိစ္စသဘောနှင့်ကိစ္စချော၏။ စားဖို
ဆောင်မှ ဦးမောင်ကိုလည်း မရှိတော့။
ကိုအေးကြူနှင့် အဘသုံကတော့ သက်ရှိ
ထင်ရှားရှိနေသေးသည်။ စမတောင်
သည်လည်း ယခင်ကနှင့်မတူတော့။
အစစအရာရာပြောင်းလဲခဲ့ပြီတည်း။

စမတောင်မှမိတ်ဆွေများအား
သတိရလျက်

သန့်ဇင်

www.burmeseclassic.com

www.burmeseclassic.com

မောင်လွမ်းမိုး
(ချောင်းဆို)
နောင်ဖွဲ့မှမှစ်းမျောလာသော သမုဒယနှံ

အနမ်းပင်ကျေးရွာ။

တစ်ရွာလုံး အနမ်းပင်များ အုပ်ဆိုင်းသိုင်းဖွဲ့နေသည်မဟုတ်ပေမယ့် လည်း အိမ်ခြံဝိုင်းအတော်များများတွင် အနမ်းပင်များစွာပေါက်နေသည့်အတွက် အနမ်းပင်ကျေးရွာဟု အမည်ပေးထားကြသည်ထင်ပါသည်။ ကျေးရွာသည် အိမ်ခြေနှစ်ရာခန့်ရှိပါသည်။ အများစုမှာ လယ်ယာမြေကို အဓိကလုပ်ကိုင်ကြပြီး ခိုင်းနွား၊ မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြသည့် မွန်တိုင်းရင်းသားများနေထိုင်သောကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ရွာသူရွာသားများသည် မိမိတို့အချင်းချင်းပြောဆိုရာတွင် မွန်ဘာသာစကားဖြင့်ပြောဆိုကြပြီး မွန်စကား မတတ်သော ဧည့်သည်များနှင့် ပြောဆိုရာတွင် မြန်မာစကားဖြင့် ခြေခြေမြစ်မြစ် ပြောဆိုတတ်ကြသည်မှာ ချစ်ခင်လေးစားစရာပါပဲ။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းနှင့် အပတ်စဉ်စနေနေ့တိုင်း ဖွင့်လှစ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုလည်းရှိသည်။ အလှူဒါနပြုကြရာတွင် တစ်ခုတည်းသော ဘုန်းတော်ကြီးကျောင်းတွင်ပြုလုပ်ကြ၍ သိုင်းသိုင်းဝိုင်းဝိုင်းဖြင့် စည်ကားပါသည်။ အနမ်းပန်းများပွင့်ချိန်တွင်၊ အနမ်းပန်းရနံ့များ တစ်ရွာလုံးမွှေးကြိုင်နေပါသည်။ သစ်ရိပ်ဝါးရိပ်နှင့်တောရိပ်တောင်ရိပ်များကြောင့် ရွာသူရွာသားများ၏အသားအရေမှာ စိုပြေကြည်လင်နေပါသည်။ လပြည့်ညများတွင် အခြားသော ရွာနီးချင်းကျေးရွာများမှ လူငယ်များအုပ်စုဖွဲ့၍ အလည်အပတ်လာကြသည်မှာ အနမ်းပင်ကျေးရွာ၏ ထူးခြားသောဓလေ့ ဖြစ်ပါသည်။

တစ်ကေမျှသော ခြံဝင်းအတွင်းတွင် သွပ်မိုး၊ ပျဉ်အခင်းအကာ၊ ခြေတံရှည်အိမ်တစ်လုံးနှင့် ခြံကြီးအတွင်း သီးနှံမျိုးစုံနှင့် ပန်းမျိုးစုံ စနစ်တကျ စိုက်ပျိုးထားသောခြံအတွင်း တစ်ကြိမ်မျှဝင်ရောက် ကြည့်ရှု လေ့လာခဲ့ပါလျှင် ပြန်မထွက်နိုင်အောင် ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိသော ခြံတစ်ခြံပါပဲ။ ခြံပိုင်ဖြစ်သည့် နိုင်ထွန်းမောင် ဒေါ်မေခင်တို့သည် ဓနအင်အားပေါကြွယ်ဝသော်လည်း ရင်သွေးရတနာမရှိ၍ ရွာဦးကျောင်းဆရာတော်ကြီးပြုစုစောင့်ရှောက်ထားသည့် ရှုပ်အသွင်ခံညားပြီး အကျင့်စာရိတ္တ ကောင်းမွန်သော အသက် (၁၂)

အရွယ် မိဘမဲ့မင်းသိုက်စိုးအား ...
သားအဖြစ် ဆရာတော်ထံမှ ...
မွေးစားခဲ့ပြီး လယ်ယာလုပ်ငန်း ...
လေ့လာသင်ယူစေ၍ လယ်ဦးစီ...
လုပ်ကိုင်စေခဲ့ပြီး ရင်သွေးအရင်း...
ကဲ့သို့ဖြစ်လာခဲ့၍လည်း ...
နိုင်ထွန်းမောင်နှင့် ဒေါ်မေခင်...
ခြောက်သွေ့ပြီး အထီးကျန်ဆန်ခဲ့...
ဘဝသည် သာယာစိုပြည်၍ အမြဲ...
သောဘဝဖြစ်လာစေခဲ့ပါသည်။

❑

"ဘဘ၊ ကျွန်တော်ရောက်...
ပြီ"

"သိချင်တာလေးတစ်ခုနှိုက်...
ခိုင်းလိုက်တာကွယ်"

မင်းသိုက်စိုးရင်ထဲမှာ ထိ...
သွားပါသည်။ စင်စစ် မင်းသိုက်...

www.burmeseclassic.com

www.burmeseclassic.com

ဘွင့်စာရိတ္တကောင်းမွန်သူ၊ လယ်ယာ
ငန်းကျွမ်းကျင်သူ၊ ဖောက်ပြန်
လိုခြင်းမရှိသူ။ ပကတိရိုးသားဖြူစင်
ခြမ်းပြီး နိုင်ထွန်းမောင်၊ ဒေါ်မေခင်
းလည်း ကျေးဇူးရှင် မိဘအရင်း
ားများကဲ့သို့ ပြုစုယုယလုပ်ကိုင်
စောင့်ရှောက်နိုင်ခဲ့သူ၊ လယ်ယာလုပ်ငန်း
များကိုလည်း မျက်နှာလွဲလုပ်ကိုင်နိုင်ခဲ့သူ
လည်းဖြစ်ပြီး ယခုအခါတွင် အသက်
(၂၀) ပြည့်ပြီးသူလည်း ဖြစ်ပါသည်။

မင်းနဲ့ ရွာအနောက်ပိုင်းက
နိုင်လုံးရဲ့တူမ မိချမ်းထောတို့ကြိုက်နေ
ကြတယ်ဆို"

နိုင်ထွန်းမောင်၏ ဆိုင်းမဆင့်ဗုံ
မဆင့် နဲဒါန်းမပါသော မေးခွန်းတစ်ခု
ကြောင့် မင်းသိုက်စိုး တုန်လှုပ်သွားပါ
သည်။ လိမ်လည်လှည့်ဖြားရှာ စကား
မဆိုတတ်သော မင်းသိုက်စိုးသည်
အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်လည်
ပြောဆိုလိုက်ပါသည်။

"ဟုတ်. . . ဟုတ်ကဲ့ပါ အဘ"

"ဟုတ်တယ်၊ မိချမ်းထောလေး
လည်း မင်းလိုပဲ မိဘမဲ့တစ်ဦးဖြစ်ခဲ့သလို
အလွန်သိမ်မွေ့ပြီး အိမ်မှုကိစ္စတွေအပြင်
လယ်ယာလုပ်ငန်းခွင်ရဲ့သဘာဝတွေကို
ကျွမ်းကျင်တဲ့ကလေးမလေးတစ်ဦးပါပဲ။
မင်းနဲ့လည်း ဘဝတူတွေမို့ ငြင်းစရာမရှိ
ပါဘူး"

နိုင်ထွန်းမောင် စကားကိုရပ်လိုက်
ပါသည်။

မင်းသိုက်စိုး၏ရင်တွေ တုန်ခါ
နေပါသည်။ ချွေးများထွက်၍ အာခေါင်
တွေခြောက်သွေ့လာပါသည်။ သွေးတိုး
စမ်းသည့်သဘောဖြင့် နိုင်ထွန်းမောင်
အား မဝံ့မရဲမေးလိုက်ပါသည်။

"ဟုတ် . . . ဟုတ်ရဲ့လား ဘဘ
ရယ်"

"မင်းတို့နှစ်ယောက်လည်း အရွယ်
ရောက်နေကြပြီမို့ စပါးသိမ်းပြီးရင် မင်း
တို့ကို လက်ထပ်ပေးဖို့ စီစဉ်ပေးမယ်"

စပါးသိမ်းပြီးသောအခါ အကျဉ်း
ချုံး၍ ရွာဦးကျောင်းဆရာတော်နှင့်
လူကြီးများ၏ရှေ့မှောက်တွင် မင်္ဂလာ
ဆွမ်းကပ်လှူ၍ မင်္ဂလာပွဲကျင်းပပေး
လိုက်ပါသည်။

"လောလောဆယ်မှာ မင်းတို့
နှစ်ယောက် လယ်ထဲမှာပဲ တစ်ရာသီ
လောက်နေကြပြီး စပါးသိမ်းပြီးရင်
ခြံဝိုင်းထဲမှာ မင်းတို့အတွက် အိမ်တစ်လုံး
စီစဉ်ပေးမယ်"

လမင်းတစ်ရာ ထိန်ထိန်သာသာ
သောညများမှာ ရေခဲမြစ်ထဲလျှောစီးရ
သလို နှစ်ဦးသား၏ရင်မှာ လှိုက်ဖိုသော

www.burmeseclassic.com

www.burmeseclassic.com

ဝီတိုက္ဘေပြင် တစ်မ်ိဳးစီမ်ိဳးခံစားနေမိကြပါသည်။

❑

ဆောင်းလေ၏သည် သူသဘော သူဆောင်၍ သူပိုင်သောရာသီတွင် တသွင်သွင်တည်းငြိမ် မြူဆွေးနေသလို တစ်ခါတစ်ခါတွင်ပိ စည်းမဲ့ကမ်းမဲ့ ရုပ်တည်ရာမရှိ တိုက်ခတ်နေသည်မှာ ခြံလှောင်ထားသောမြင်းများကို လွတ်ထုတ်လိုက်သလို ဦးတည်ရာမဲ့ ပြေးလွှားခုန်ပေါက် ဆော့ကစားနေသည်နှယ်။ ဆောင်းလေအေး၏ ပွေ့ဖက်သိမ်းပိုက်ခြင်းခံလိုက်ရသော ဝင်းမှည့်ရွှေရည်အိုနေသည့် ရွှေဝါရောင်စပါးပင်များ ဘယ်ညာယိမ်းကနေကြသည်ကိုငေးမောကြည့်နေသော မင်းသိုက်စိုး၏ရင်နှစ်သည်းခြာကို လွယ်ထားရသည့် မိချမ်းထော၏ရင်သည် အေးမြကြည်နူးနေပါသည်။

"ဟေး-ချမ်းထောလေး၊ ဘာတွေငေးမောနေတာလဲ"

"ဒီလိုပါပဲ ကိုသိုက်ရယ်၊ ဆောင်းလေအေးရဲ့မြူဆွယ်ဆော့ကစားခြင်းခံရတဲ့ရွှေဝါရောင်စပါးပင်လေးတွေ ဘယ်ပြောင်းညာနဲ့ ယိမ်းကနေကြပုံတွေကကြည်နူးပြီး ဘဝင်စိတ်ဝမ်းငြိမ်းချမ်းလိုက်တာ အစ်ကိုသိုက်ရယ်"

"ဘာတို့ အိမ့်ခဏသွားလည်ကြမယ်နော်"

မိချမ်းထောလေး ခေါင်းလေးညိတ်ပြလိုက်ပါသည်။

"လူလေး၊ ဘာက ကတိတည်ပါတယ်နော်"

"ဟုတ်ကဲ့ပါ ဘာ"

နိုင်ထွန်းမောင်သည် ခြံဝိုင်းအတွင်း အသစ်ဆောက်လုပ်ထားသောအိမ်ကို ဝင်ကြည့်၍ သော့တစ်စုံလုံးပေးလိုက်ပါသည်။ မင်းသိုက်စိုးတို့ဇနီးမောင်နှံသည် သူတို့၏နေအိမ်အသစ်စက်စက်လေးကို မြင်လိုက်ရသောအခါ အုံသြခြင်းနှင့်အတူ ဝမ်းသာခြင်းတွေ ရောယှက်နေသော ခံစားမှုတစ်ခု ရင်းတွင်မှာဖြစ်တည်လာပါသည်။ ဘာနိုင်ထွန်းမောင်၏ကြီးမားသော မေတ္တာစေတနာတွေပေးဆပ်၍ ကုန်နိုင်မည်မထင်ပါ။

"စပါးသိမ်းပြီးရင် မင်းတို့စပါးကျီမှာ တင်းတစ်ရာထည့်လိုက်။ အဲဒါမင်းတို့အတွက် ဘာဘတို့ရဲ့မင်္ဂလာလက်ဆောင်ပဲ"

အိပ်မက်တွေများလား။ သူတို့၏ဘဝတွင် တစ်ခါမျှ မမျှော်လင့်ခဲ့ဘူးသော ဆုလာဘ်တွေဖို့ ဝမ်းသာကြည်နူးနေကြသူတွေသည် မင်းသိုက်စိုးနှင့် မိချမ်းထောတို့ပါပဲ။

"ကဲ - ဘာရပ်လုပ်နေကြတာလဲ၊ မင်းတို့ရဲ့မင်္ဂလာနေအိမ်လေးကိုဝင်ကြည့်ကြဦးလေ"

မင်းသိုက်စိုးတို့ ဇနီးမောင်နှံသည် မတ်တတ်ရပ်လျက်ပင် ဘာဘနိုင်ထွန်းမောင်အား လက်အုပ်ချီမိုး၍ ဂါရဝပြုလိုက်ကြပါသည်။ ဘာနိုင်ထွန်းမောင်ပေးသော သော့တစ်စုံဖြင့် အိမ်တံခါးကို ဖွင့်လိုက်ကြပါသည်။

"အို - ကြည့်ပါဦး၊ ကိုသိုက်ရယ်"

သေသပ်လှပသော ဘုရားဆောင်အတွင်းတွင် အတုမရှိမြတ်ဗုဒ္ဓ၏ပုံတော်သီတင်းသုံး ကိန်းဝပ်နေတော်မူပုံကို ရှိုးရိုးပုဇော်လိုက်ကြပါသည်။ ဘုရားဆောင်တွင် ကပ်လျူထားသော ပန်းထိမ်ငိုပန်းတွေက လှလှပပ။ ပန်းပွင့်ကြီးများဖြင့် ရိုက်နှိပ်ထားသော အခန်းဆီးအား ဖယ်ရှားလိုက်သောအခါ ခန်းဆီးပိတ်စနှင့် အဆင်တူ၊ ခေါင်းအုံး၊ ခြင်ထောင်၊ အိမ်ယာခင်းအလှနှင့် ခန်းဝင်ပစ္စည်းအစုံတို့သည် သူတို့ဇနီးမောင်နှံအား အသင့်ကြိုဆိုလက်ခံနေကြသည့်အလား။

"ချစ်တယ်၊ မိချမ်းရယ်"

မင်းသိုက်စိုးသည် ချစ်ဇနီးလေးအား တယုတယ ဆွဲငင်ပွေ့ဖက်၍ ညင်သာစွာဖြင့် အကြင်နာပန်းများခွေချပေးလိုက်ပါသည်။

"ဟိုး - ဆရာကြီး ဒီမှာလေ"

မင်းသိုက်စိုး ပွေ့ဖက်ထားသည်ကို လုံးဝငြင်းဆန်ခြင်းမပြုဘဲ လွယ်ထားရသော ကိုယ်ဝန်ကို လက်ညှိုးဖြင့် ညွှန်ပြလိုက်ပါသည်။

"အိုကွာ"

"ဩော် - ကိုသိုက်ရယ်"

ဒါပဲ ပြောနိုင်ပါသည်။ အချစ်မိုးကြိုးသဲသဲမဲမဲရွာနေပါပြီ။ သူတို့၏ချစ်ကမ္ဘာတွင် ရွာနေသော အချစ်မိုးကြိုးသည် တော်ရုံနှင့်စဲနိုင်မည်မထင်ပါ။

❑

မင်းသိုက်စိုးသည် ရွှေနိုရောင် တစ်ကိုယ်လုံးလွှမ်းခြုံထားပြီး ပြောက်တိပြောက်စက်အဖြူရောင်အကွက်ငယ်လေးများရောစွက်ထားသော ချစ်စဖွယ်ဝက်ငယ်တစ်ကောင်ကို ရင်ခွင်ပိုက်၍ အိမ်ပြန်လာပါသည်။

"ဟောတော် အစ်ကိုသိုက်၊ ဘယ်ကယူလာတာလဲ၊ ဘယ်သူ့အတွက်လဲ"

"ဝက်ကလေးက ချစ်စရာ... နော်။ သူ့အမေကြီးမရှိတော့လို့ အိမ်မွေးဖို့ဝယ်လာတယ်လေ"

လက်ထဲမှ ဝက်ကလေးကို မှာချလိုက်လျှင် ဝက်ကလေး... မင်းသိုက်စိုးနှင့် မိချမ်းထော... တစ်လှည့်ဆီငေးမော့ကြည့်နေပါ... ဝက်ကလေး၏ကျောပြင်ကို အကြိမ်... ပွတ်သပ်ပေးလိုက်သောအခါ ငြိ... ၍ မြေတွင်ဝပ်ချလိုက်ပါသည်။

"ဖေဖေတို့ဘာလုပ်နေကြ... အို- ဒီမှာလည်းဝက်ကလေးတစ်... "

"ဟုတ်တယ် သားရယ်၊ တစ်ယောက်တည်း ပျင်းနေမှာ... ကစားဖော်ရအောင် ဖေဖေဝယ်... တယ်"

"ဝက်ကလေးက ချစ်စရာ... နော်။ သူနာမည်ဘယ်လိုခေါ်လဲ... "

"သြော်-သားရယ်၊ တစ်ကို... ရွှေနီရောင်ဆိုတော့ ရွှေနီလေးလေ... "

ကျောင်းမှပြန်လာသော မင်... သိုက်သည် ရွှေနီလေး၏တစ်ကိုယ်... ပွတ်သပ်ပေးလိုက်သောအခါ ရွှေ... မင်းသိုက်စိုးတို့သားအဖကို အကြိ... ကြည့်နေသည်မှာ သနားစဖွယ်... နောက်ဆုံး မင်းဗညားသိုက်အနီ... ၍ ခြေအစုံကို နမ်းရှုပ်နေပါသည်။ ... လေးနှင့် မင်းဗညားသိုက်တို့၏ ... ရင်းနှီးမှုများမှာ ဆက်နွယ်သော... ဇာတိတို့သည် ခွဲခြမ်းမြော နောင့်... ဖြင့် ရစ်ပတ်ငြိတွယ်နေကြပြီဆို... မင်းသိုက်စိုး ရိပ်စားမိလိုက်ပါသည်။

"ရွှေနီလေးရေ"

"အွစ်... အွစ်... အွစ်"

ဗညားသိုက် နေစဉ် ကျော... ပြန်လာချိန်တွင် အိမ်ခြံဝင်ဆော... သည်နှင့် ရွှေနီလေးကိုခေါ်လိ... နားရွက်ဖားဖားလေးကိုထောင်ပြီး ... ကို ယမ်းခါ၍ကြိုဆိုနေပုံများသည်... သော ဘဝပေါင်းများစွာမှ အတူ... သော ကံ၏အကြောင်းများပင်... ထင်ပါသည်။ မင်းဗညားသိုက်... လေးတို့၏ တစ်ဦးအပေါ် တစ်ဦး... ကြသောသံယောဇဉ်တို့သည် အ... ချည်နောင် ရစ်ပတ်မိသွားကြ... အမှန်ပါပဲ။

❑

ရာသီစက်ဝန်းတို့သည် တ... လည်ပတ်နေ၍ ကုန်ဆုံးသွား... ဟောင်းကုန်ကျ၍ နှစ်သစ်...

www.burmeseclassic.com

www.burmeseclassic.com

ထူးပြောင်းလာခဲ့ရသည့် ဖြစ်ပျက်အစဉ်သဲသရဲစက်ဝန်းကြီးတစ်ခုပါဝဲလား။ မင်းဗညားသိုက်သည်လည်း ပဉ္စမတန်းကျောင်းသားတစ်ယောက်ဖြစ်လာပြီး ရွှေနီလေးသည် အရပ်မြင့်မြင့် အလှားသည်ရှည် ဝဝကစ်ကစ်လေးမို့ ချစ်စရာအလွန်ကောင်းပါသည်။ ကျောင်းမှပြန်လာသော မင်းဗညားသိုက်အား နေ့စဉ်ခြံဝမှ ဆီးကြိုနေသော ရွှေနီလေးကို ခြံဝင်းတစ်ပတ်စီးရသည်မှာ အလွန်ပျော်ရောကောင်းပါသည်။ ကျောင်းကြီးဝိတ်ခြံနံတွင် မင်းဗညားသိုက်အား ရှစ်ပါးခရိုက္ခရာစုံလင်စွာဖြင့် ရှင်သာမဏေအဖြစ် သွတ်သွင်းခြီးမြှင့်ပြီး ဗုဒ္ဓအမွေခံသူ၍ သာသနာ့ဘောင်ဝင်ရောက်ရန်လည်း စီစဉ်ထားပြီး ဖြစ်ပါသည်။

"သားသား ကိုရင်ဖြစ်သွားရင် အဖေတို့ကို ဘယ်လိုခေါ် ရမလဲ"

"သြော် - ဒါလေးများ သားရယ် အဖေ့ကို ဒကာကြီး၊ မေမေ့ကို ဒကာမကြီးပေါ့"

"ဒကာကြီး၊ ဒကာမကြီး ဟုတ်ဘယ်နော်"

သားအမိတွေမျော်နေကြပါသည်။ နောက်အပတ်တွင် ဆရာတော်ကြီးကျောင်းမှာ ရှင်သာမဏေပြုရန်လည်း သွားတက်ထားပြီးဖြစ်၍ လိုအပ်သည်များကိုလည်း စုဆောင်းဖြည့်တင်းထားခြင်းဖြင့် အချိန်တွေကုန်ဆုံးခဲ့ပါပြီ။

"အစ်ကိုရယ်၊ ရွှေနီလေးဟာ သားရဲ့ဘစားဖော်လေ။ ရွှေနီလေးကိုပေါ်ကိုတ်ရင် သားလေးစိတ်မချမ်းမသာဖြစ်သွားမှာပေါ့။ စဉ်းစားပါဦးကွယ်"

အလျှမှာ လိုအပ်သောအသားကို ရွှေနီလေးအား ဝတ်ပေါ်ပြီး ကျွေးမွေးနေ့ပြောသောအခါ မိချမ်းထောသည် ဦးဇယ်စွာဖြင့် ပြန်ပြောလိုက်ပါသည်။

"အစ်ကိုလည်း အကြိမ်ကြိမ်စဉ်းစားပါတယ်ကွယ်။ ငွေလိုနေလို့ပါ။ ကန ဦးဘ အဲဒီအစီအစဉ်ကြောင့် ရွှေနီလေးကို ဝယ်မွေးခဲ့တာ။ အခုတော့လည်း သားလုံးစီစဉ်ပြီးဖြစ်နေလို့ ခွင့်လွှတ်ပါကွာ"

မိချမ်းထော ဘာမှမပြောတော့ပါ။ မျက်ခန်းထဲဝင်သွားပါသည်။ ခဏကြာတော့ အိပ်ခန်းဆီမှ ရှိုက်သံသဲ့သဲ့လေး ကြားပေါ်လာပါသည်။

❑

"ရွှေနီရေ ရွှေနီ ရွှေနီ"

မင်းဗညားသိုက်၏ ရှင်ပြုမင်္ဂလာအကြိုနေ့ဖြစ်ပါသည်။

ညနေရောက်လျှင် ဆရာတော်၏ ကျောင်းတွင် သင်္ကန်းဆီးရမှာမို့ မင်းဗညားသိုက် ပျော်နေပါသည်။ အိပ်ရာမှနိုးလျှင် နေ့စဉ်ပြုနေကျအတိုင်း သူ၏ကစားဖော်ရွှေနီလေးကိုခေါ်နေပါသည်။ ရွှေနီလေး၏ ခွန်းတုံ့ပြန်နေကျ အသံလုံးဝထွက်ပေါ်လာခြင်းမရှိပါချေ။ အိမ်ရှေ့တံခါးကို ဖြည်းဖြည်းချင်း တွန်းဖွင့်၍ ခြံဝိုင်းအတွင်းသို့ဆင်းခဲ့ပါသည်။ နေရာအနှံ့ရှာဖွေသော်လည်း ရွှေနီလေးကို လုံးဝမတွေ့ရပါ။ မင်းဗညားသိုက် ကိုယ်ရောစိတ်ပါလေးလံလာပါသည်။

"ရွှေနီလေးရေ"

ရွှေနီလေးကို နောက်တစ်ကြိမ် ထပ်မံခေါ်ယူပြီး နောက်ဆုံးအကြိမ် ခြံဝိုင်းအတွင်း လှည့်ပတ်ရှာဖွေကြည့်ပါသည်။ အချည်းနှီးပါပဲ။ နေအိမ်ရေသုံးနေရာနှင့်ခပ်လှမ်းလှမ်း ငှက်ပျောတောအနီး ထမင်းစားခုံတစ်လုံးအပေါ်တွင် ဖျာကြမ်းစဖြင့် ဖုံးအုပ်ထားသော တစ်စုံတစ်ခုကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်လိုက်ပါသည်။ စားပွဲခုံ၏ပတ်လည်တွင် ရွှေနီလေး၏အမွေးတွေ ပြန့်ကျဲနေပါသည်။ ဖျာကြမ်းစအား ဆွဲဖယ်လိုက်သောအခါ အမွေးခြေစ်ထားပြီး လက်ဝဲဘက်စောင်း၍ လှဲထားသော ဝက်တစ်ကောင်၏နံရိုးအကြားမှ သွေးများယိုစီးထွက်နေသော အပေါက်တစ်ပေါက်တွေ့ရ၏။

သေချာသွားပါပြီ။ ရွှေနီမှ ရွှေနီအစစ်ပါပဲ။ မင်းဗညားသိုက်၏ရင်အစုံသည် လှိုင်းထန်သော ပင်လယ်ပြင်လို ဖိုလှိုက်နေပြီး နှလုံးသားအစုံကို လက်ကြမ်းကြမ်းဖြင့် ဆွဲညှစ်လိုက်သလို မခံသာသော နာကျင်မှုဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရ၍ ရင်ကို လက်ဖြင့်အသာဖိကာ မျက်လုံးကိုမှိတ်၍ ဖြည်းဖြည်းနှင့်မှန်မှန်ညည်သာစွာရှူနေပေမယ့် နာကျင်မှုတွေသက်သာခွင့်မရခဲ့ပါချေ။

"မနက်ဖြန် ဝက်ပေါ်မယ်"

မနေ့က မင်းသိုက်စိုးနှင့် လူနှစ်ယောက်ပြောနေသည့် စကားသံတွေ မင်းသိုက်စိုးအာရုံထဲမှာပြန်ပေါ်လာပါသည်။ (ဝက်ပေါ်သည်ဆိုသည့်စကားမှာ ကျေးလက်ဒေသများတွင် သုံးနှုန်းသောစကားဖြစ်ပြီး ဝက်သတ်ခြင်းအဓိပ္ပာယ်ရပါသည်။)

မင်းသိုက်စိုးသည် မင်းဗညားသိုက်ကိုမတွေ့၍ ခြံဝိုင်းအတွင်းရှာဖွေကြည့်မိသည်။

"သားကြီး ဒီကိုရောက်နေတာကိုး"

မင်းဗညားသိုက်သည် ချက်ချင်းပြန်မပြောဘဲ သူ့အဖေ မင်းသိုက်စိုး၏မျက်နှာကို မမြဲတ်သောမျက်လုံးများဖြင့် စိုက်ကြည့်နေပါသည်။ အတန်ကြာမှ အသံထွက်လာပါသည်။

"ရွှေနီလေးကို ဖေဖေတို့သတ်လိုက်ကြပြီနော်"

မင်းဗညားသိုက် ဒါပဲပြောနိုင်ပါသည်။ မျက်လုံးအိမ်တွင် မျက်ရည်တွေအပြည့်။ မျက်တောင်တစ်ချက်ပုတ်ခတ်လိုက်ရာ မျက်ရည်တွေတောင်ပြိုကမ်းပြိုသလိုလိမ့်ဆင်းလာပါသည်။ အသံမထွက်ပေမယ့်လည်း မင်းဗညားသိုက်ငိုနေတာအမှန်ပါပဲ။

"သား၊ သားကြီး ငိုလိုက်လေ။ အဖေ မှားသွားပြီ သားရယ်၊ ရွှေနီလေးနဲ့သားတို့ရဲ့ဆက်နွယ်မှုသံယောဇဉ်တွေကို ဖေဖေဖြတ်တောက်လိုက်မိတယ်။ သားကြိုက်တဲ့အပြစ်ဒဏ်မျိုး ဖေဖေ့ကိုပေးပါကွယ်။ ခွင့်မလွှတ်ပါနဲ့"

မင်းသိုက်စိုးသည် သားကြီး၏ခန္ဓာကိုယ်အား ပွေ့ဖက်ပြီး လက်နှစ်ဖက်ကိုလှုပ်ကိုင်၍ ကြေကွဲဝမ်းနည်းစွာပြောဆိုနေပေမယ့် လှုပ်ရှားလာမှုလုံးဝမရှိဘဲ မျက်လုံးများလည်းပွင့်လျက်နှင့် ရွှေနီလေးအပေါ်ထားရှိသော နှောင်ဖွဲ့သည့် သမုဒယသံယောဇဉ်သည် သူချစ်သော ရွှေနီလေး၏ဆွဲယူခေါ်ဝင်ရာနောက်သို့ လိုက်ပါသွားပြီ မဟုတ်ပါလား။

"သား အဖေ့သားကြီး၊ အဖေလူမိုက်ကြီးကိုထားခဲ့ပြီလားကွယ်"

မင်းသိုက်စိုးနှင့် မိချမ်းထောတို့၏ကြေကြေကွဲကွဲ ငိုရိုက်သံများသည် ကမ္ဘာကြီးတုန်ခါသွားအောင်မြည်ဟည်းနေပေမယ့် မင်းဗညားသိုက်သိနိုင်ကြားနိုင်မည်မဟုတ်ပါ။

နှောင်ဖွဲ့မှုဆိုသော သံယောဇဉ်မြစ်ဖျားခံရာမှ သမုဒယသစ္စာအကြောင်းခံကြောင့်ဖြစ်ပေါ်လာသော သမုဒယနွံတို့သည် ဆင်းရဲခြင်းအမှန်ဖြစ်သော ဒုက္ခသစ္စာနွံအိုင်အတွင်း စီးမျောကြရောက်လာကြသော ပုထုဇဉ်တို့သည် မရဏလမ်းသို့မြန်းကြရပြီး ငိုကြွေးပူဆွေးခြင်း သောကပရိဒေဝမီးတို့၏ လောင်ကျွမ်းခြင်းတွေသာ ကျန်ရစ်ခဲ့ကြသည်မဟုတ်ပါလား။

မောင်လွှမ်းမိုး(ချောင်းဆင်)

www.burmeseclassic.com

www.burmeseclassic.com



ကိုဆောင်းဦး
(အလိန်လည်ကျေးရွာ)

တောလိုက်မှဆိုးနှင့် ထူးဆန်းသောအလင်းရောင်များ

ညသည် တိတ်ဆိတ်အေးမြနေသည်။ ဆောင်းနှင်းမှုန်တွေကလည်း တဖွဲဖွဲကျဆင်းနေကြသည်။ ရွာလေးသည် ဆောင်းနှင်းမှုန်တွေရဲ့အောက်တွင် အေးစက်တိတ်ဆိတ်နေသည်။ မြောက်လေရူးတွေက တစ်ချက်တစ်ချက် ဝုန်းတိုက်ခတ်လိုက်သဖြင့် အရိုးကွဲမတတ် အေးစက်လှသည်။ အဝေးမှ ကြက်တွန်သံကြောင့် သက်ကြီးခေါင်းချခိုန်ဆိုတာသိလိုက်ရသည်။ ဆပ်သွားဖူးပွင့်တွေကလည်း တစ်ရွာလုံးကို မွှေးကြိုင်နေတော့သည်။ တောင်မုဆိုးပန်းနုံနှင့် ဆပ်သွားဖူးပန်းရနံ့တွေသည် ဆပ်သွားဖူးရွာလေးကို ဖုံးလွှမ်းထားသည်။ ရွာလေး၏ လယ်ကွင်းပြင်များဆုံးလျှင် အရှေ့ဘိုးမတောင်တန်းကြီးက ထီးထီးကြီးတည်ရှိနေသည်။ ညို့မှိုင်းနေသောတောအုပ်ကြီးထဲမှ တောခွေးအူသံများသည် တိတ်ဆိတ်သောညတွင် ချောက်ချားဖွယ်ရာပင်ဖြစ်သည်။ ကောင်းကင်ပြင်ကြီးထဲမှ အလင်းတန်းကြီးသည် ဖြူဖွေးနေသော နှင်းမှုန်များကို ဖောက်ထွင်းပြီး တဝင်းဝင်းတလက်လက်ဖြင့် ရေတံခွန်တောင်ဘက်သို့ ထိုးကျသွားသည်။ ရေတံခွန်တောင်ကြီးနှင့် တောအုပ်ကြီး တစ်ခုလုံး နွေခင်းဘက်အလားလင်းထိန်သွားတော့သည်။ တစ်နာရီသာသာကြာ အောင်လင်းထိန်ပြီးမှ အလင်းရောင်များ ပျောက်ကွယ်သွားသည်။

ဆပ်သွားဖူးရွာကလေးကတော့ အိပ်မောကျနေသဖြင့် အလင်းတန်းကြီးကို မမြင်လိုက်ပါ။ ဒါပေမယ့် တောလည်နေသော ဆပ်သွားဖူးရွာသား မုဆိုးကြီး ဦးမှတ်ကြီးနှင့် တူလေး မောင်စိုးတင့်တို့လည်း အံ့သြလွန်းသဖြင့် သွေးပင်ကုန်းမှ ရေတံခွန်တောင်သို့ အပြေးအလွှားသွားရောက်ကြည့်ကြသည်။ သွေးပင်ကုန်းနှင့် ရေတံခွန်တောင်သည် တစ်ခေါ်လောက်သာဝေးသဖြင့်သွားကြည့်ကြခြင်းဖြစ်သည်။ ရေတံခွန်တောင်မှ ရေစီးသံများကို အဝေးကပင်ကြားနေရသည်။

ဦးမှတ်ကြီးနှင့် မောင်စိုးတင့်တို့ နှစ်ယောက်လည်း တောင်ပိန္ဓပင်ကြီးကို အကာအကွယ်ယူပြီး ရေတံခွန်တောင်ရေစီးနေသော ရေကန်ထဲသို့ကြည့်လိုက်ရာ တောင်ပေါ်မှ တဝေါဝေါဆင်းသော ရေကန်ထဲတွင် ဖြူဖွေးဝင်းသော အလင်းရောင်များထွက်ပေါ်ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းထိန်နေသည်။ ဝါးတောတွေက ထူထပ်ပေါက်နေသဖြင့် တောင်ပိန္ဓပင်ကြီးနောက်တွင်ရှိသော ဦးမှတ်ကြီးနှင့် မောင်စိုးတင့်တို့ကို မမြင်နိုင်ခဲ့ကြာတော့ ရေအောက်မှရောင်စုံအလင်းရောင်များထွက်လာပြီး ယာဉ်ပျံတစ်စီးလုံးကို ရေတံခွန် တောင်ပေါ်ရှိ သဘာဝလိုဏ်ခေါင်းတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း မှောင်မည်းတိတ်ဆိတ်သွားတော့သည်။

"မောင်စိုးတင်ရေ၊ တောခြောက် တာနဲ့တူတယ်ကွ"

"ဟုတ်တယ် အဘရေ၊ ထူးဆန်းလိုက်တာ"

"ကဲကဲ - တို့ဒီနေရာကသွားရအောင်။ ဒီနေရာမှာ ဘာကောင်မှရှိမှ မဟုတ်တော့ဘူး"

"အဘ၊ ဘယ်ဘက်သွားကြမလဲဟင်"

"အင်း-နတ်တောင်ဘက်သွားကြမယ်ကွာ။ နတ်တောင်က ဒီနေရာနဲ့က လှမ်းလည်းလှမ်းတယ်။ တောလည်း ပိုနက်တယ်။ ဒါကြောင့် အဲဒီဘက်မှာတော့ တောကောင်ရနိုင်တယ်"

မုဆိုးခြေထောက်ဖြင့် ထမင်းတစ်အိုးချက်လောက်သွားလိုက်ရတော့ နတ်တောင်ပေါ် သို့ စတင်တက်နေပြီဖြစ်သည်။ ပျဉ်းကတိုးပင်ကြီးအောက်တွင် ခေတ္တနားလိုက်ပြီး မောင်စိုးတင် လွယ်ထားသော ပလိုင်းထဲမှ ကောက်ညှင်းထုပ်ဖြေစားလိုက်သည်။ ကောက်ညှင်းထုပ်စားပြီးတော့ လက်ဖက်ကျကျနှင့်နှပ်ထားသော ရေနွေးကြမ်းအေးကို ဘူးလိုက်မော့သောက်လိုက်သည်။ အဘဦးမှတ်ကြီးသောက်ပြီးမှ မောင်စိုးတင်လည်း ရေနွေးကြမ်းဘူးကို မော့သောက်လိုက်သည်။

နတ်တောင်ကြီးသည် ထီးထီးကြီးမိုးသို့ထိုးထွက်နေသည့်အလား မြင့်မားလှသည့် နတ်တောင်၏ခင်တန်းအတိုင်း လျှောက်လာရာ တောင်စောင်းတစ်နေရာတွင် တညင်းသီးများစားနေသော ဆတ်ဖားကြီးကို လရောင်မှန်မှန်မွှားမွှားတွင် တွေ့နေရသည်။ ကျွဲတညင်းသီးများ လှိုင်လှိုင်ပေါသောရာသီ၌ တညင်းသီးလာစားနေခြင်းဖြစ်သည်။ တဖြောက်ဖြောက်တပျပ်ပျပ်နှင့်ကျွဲတညင်းသီးများစားနေသောအသံကို အတိုင်းသားကြားနေရသည်။

"စိုးတင်၊ မင်း မီးဖွင့်ရင် မိုးပေါ်ထောင်ပြီးမှ တဖြည်းဖြည်းအောက်ကိုချနော်"

"ဟုတ်ကဲ့ အဘ"

မီးရောင်ထဲတွင် ကျွဲတညင်းသီးများစားနေသော ဆတ်ဖားကြီးကို အထင်းသားတွေ့နေရသည်။ ဆတ်ဖားကြီးကလည်း မီးရောင်ကို မျက်လုံးစိမ်းကြီးဖြင့် စူးစမ်းသလိုကြည့်နေသည်။ ဦးမှတ်ကြီးနှင့် မောင်စိုးတင်တို့လည်း ကနစိုပင်ကြီးကို အကာအကွယ်ယူပြီး ဆတ်ကြီး၏ရင်အုံနေရာကို နှစ်လုံးပြူးသေနတ်နှင့်ပစ်ထဲလိုက်သည်။

ဖောင်းခနဲအသံကြီးမြည်သွားပြီး ဆတ်ကြီးလည်း တစ်ပတ်လည်ထွက်သွားသည်။ နောက်ထပ်တစ်ချက်ထပ်ပစ်ထဲလိုက်သော် ရှဉ်ထိသွားသည်။ လဲသွားသောဆတ်ကြီးလည်း ထခုန်လိုက်ပြီး ပြေးထွက်သွားသဖြင့် နောက်မှ ဦးမှတ်ကြီးနှင့် မောင်စိုးတင်တို့လည်း လိုက်သွားကြသည်။ ဝါးတစ်ရိုက်လောက် ရောက်မှ ဆတ်ဖားကြီးလဲသွားတော့၏။ လဲကျသွားသော ဆတ်ဖားကြီးနားရောက်တော့ ဆတ်ဖားကြီးကသေနေပြီဖြစ်သည်။ ဆတ်ဖားကြီး၏အမြီးများ၊ နားရွက်များဖြတ်တောက်ပြီး တောပိုင်တောင်ပိုင်တွေကို ဖက်ရွက်ခူး၍ တင်မြောက်လိုက်သည်။

"ကဲကဲ - မောင်စိုးတင်ရေ၊ ဒါနဲ့ပဲ တော်ကြတာပေါ့ကွာ။ ရောင်နီတောင်လာတော့မယ်"

နတ်တောင်အောက်ဘက်ချောင်းထဲဆင်းရန် ကိုယ်လက်သုတ်သင်ပြီး အိတ်မှာထည့်သော ကောက်ညှင်းကျည်တောက်ကို ခွဲပြီး နံနက်စာစားကြသည်။ အနီးအနားတွင်ရှိသော ဝါးရုံပင်များမှ ဝါးတစ်လုံးခုတ်ပြီး ဆတ်ကြီးကို ရှေ့နောက်ထမ်းလာကြပြီး ဆပ်သွားဖူးရွာလေးသို့ ပြန်လာကြသည်။ ဆတ်ကြီးကိုထမ်းလာရင်း တောပြီးတစ်တောတစ်တောင်ပြီးတစ်တောင်တက်လာသဖြင့် မောင်စိုးတင်လည်းမောလာသဖြင့်ခေတ္တနားကြသည်။ မောင်စိုးတင်သာ ခဏခဏနားရပြီး အဘဦးမှတ်ကြီးက မောင်စိုးတင်နားမှ လာနားသည်။ မောပန်းခြင်းမရှိဘဲ ကွမ်းနှင့်ဆေးကို ပါးစောင်တွင်ငုံပြီး ဆတ်ကြီးကို အသာအယာပင် ထမ်းလာခဲ့သည်။

"အဘ-ခဏနားရအောင်၊ တော်ကြာ အဘမောနေလိမ့်မယ်"

"အမယ် - မင်းနားချင်ရင်နား၊ ငါ့ကိုဆွဲမထည့်နဲ့၊ ငါမမောဘူး"

"အဘရယ်၊ တောင်နှစ်လုံးတောင် ကျော်ခဲ့ပြီလေ၊ မောပြီပေါ့ဗျာ"

"အေး- မင်းတို့ခေတ်ကလေးတွေ တယ်မောတတ်သကိုးကွ။ မင်းအရွယ်က ငါဆိုရင် ဒီဆတ်ကြီးကို တစ်ယောက်တည်းထမ်းပြန်လာတာကွ"

"ဟာ - အဘကလည်း၊ အဘတို့က ဆေးတို့၊ လက်ဖွဲ့တို့၊ အင်းအိုင်၊ ခါးလှည့်တို့တွေထိုးထား၊ ဆောင်ထားတော့ အမောလုံးနေတာနေမှာပေါ့"

ဟုတ်လည်းဟုတ်နေသည်။ အဦးမှတ်ကြီးတစ်ကိုယ်လုံးတွင် အင်းဆေးအိုင်ဆေး တစ်ကိုယ်လုံးထားတာ ရဲထွေးနေသည်။ ပေါင်တွင်လည်းထိုးကွင်းဆေးအပြင် ကြောင်တက်ကြောင်ဆင်းတွေ့ထိုးထားသည်။

"အေး- မင်းတို့ခေတ်က လောဘတပ်ပညာ (သိပ္ပံ) ထွန်းကားနေတော်ရဲ့တန်ရဲ့ဆိုမယုံတော့ဘူး။ ဒါကြောင့်လည်း လောကကြီးမှာ နက်နဲတဲ့ထူးတွေ ပျောက်ကွယ်ကုန်တာပေါ့။ ထူးပြီးဆေး၊ ဓားပြီးဆေးတို့ တစ်ပွဲပြန်မန်း၊ ဆီမန်းဆိုတဲ့ ပညာရပ်တွေလည်း အခုခေတ်မှာ ကွယ်ပျောက်သွားပြီကွာ။ အခုတော့ ဒီပညာရပ်တွေကို တော့ဘူး။ ရှိတယ်လို့ကြားပြန်ရင်လည်း လိမ်စားတဲ့ညာစားတဲ့သူတွေပဲ တွေ့နေရတယ်"

လိပ်ဥကုန်းပြီးတော့ မြောက်ကုန်းကိုလွန်လျှင် ရွာခြေတောစပ်ရောက်ပြီဖြစ်သည်။ မြောက်ချောအခြေမှလှမ်းကြည့်လျှင် လယ်ကွင်းအဆုံးတွင် ဆပ်သွားဖူးရွာလေးကိုတွေ့နေရသည်။ မောင်စိုးတင်တို့ ရွာဝင်သွားတော့ နံနက် (၉) နာရီပင်ထိုးပြီဖြစ်သည်။ အိမ်ပိုင်းထဲလည်းရောရော ထမ်းထားသောဆတ်ကြီးကိုချပြီး အိမ်ရှေ့ကွပ်ပျစ်တွင် ပက်လက်ထ၍ အနားယူလိုက်သည်။ အဘကရေနွေးကြမ်းကျကျတစ်ခွက်ကို သောက်ပြီး ခေါင်းရင်းတွင်ရှိပက်လက်ကုလားထိုင်တွင် ခေတ္တလိုက်သည်။ ခဏကြာတော့ နောက်ခြံထဲတွင်ရှိသောရေတွင်းတွင် ရေချိုးလိုက်သည်။ အဘရေချိုးပြီး မောင်စိုးတင်လည်း ရေတွင်းမှာ ရေလိုက်သည်။

အမေဒေါ်မြရင်က ထမင်းကို ခေါ်လိုက်သည်။ မနေ့ကရထားတောကြောင်သားဟင်းတစ်ခွက်၊ ဟင်းခါးဟင်းချိုတစ်ခွက်၊ မိုးဟင်းခွက်၊ တောတညင်းသီးတွေပြုတ်တာက ဇလုံလေးတစ်လုံးပါ။ မီးဖုတ်မိုးမျှော်ငရုတ်သီးထောင်းထားသောရည်ကျဲတစ်ခွက်၊ ကရင်ပလင်ရွက်ပြုတ်မာလာဖူးပြုတ်တို့စရာတွေနှင့် စားတာ ဗိုက်ကိုတင်းကားသွားသည်။ မှတ်ကြီးတွင် သားသမီးမထွန်းထားဦးမှတ်ကြီး၏ညီမမှမွေးသော မောတင်လေးကိုသာ သားသမီးအရွယ်မွေးစားထားသည်။ အမေဒေါ်မြ

www.burmeseclassic.com

www.burmeseclassic.com

လည်း သားသမီးမရှိသဖြင့် မောင်စိုးတင့်ကို သားလေးအရင်းပမာ ချစ်ရှာပါသည်။

အဘဦးမှတ်ကြီးသည် ထမင်းစားပြီးတော့ ငါးရံခြောက်ဖုတ်ဆီဆမ်း၊ ထမင်းခြောက်ကြော်၊ ထန်းလျက်ခဲနဲ့ ရေနွေးကို အရသာခံမြည်းနေသည်။ အဘတို့ခြံကြီးသည် အကြီးကြီးဖြစ်သည်။ (၂) ဧကကျော်ကျော်လောက်ရှိသည်ထင်သည်။ ခြံကြီးထဲတွင် သီးပင်စားပင်အစုံရှိသည်။ ခြံ၏အရှေ့ဘက်တွင် တောင်မုဒိုးပင်ကြီးရှိပြီး တောင်မုဒိုးပန်းရနံ့တွေကလည်း မွှေးကြိုင်နေသည်။ ခြံထဲတွင် သရက်ပင်များ၊ မာလကာပင်များ၊ ပိန္နဲပင်များ၊ မရန်းပင်များ၊ ဒူးရင်းသီးပင်များ၊ တညင်းသီးပင်များနှင့် ခြံ၏ခေါင်းရင်းထောင့်တွင် ဆပ်သွားဖူးရုံကြီး ရှိပြီး ဆပ်သွားဖူးပန်းရနံ့တွေကလည်း ကြိုင်လိုင်နေသည်။ ခြံ၏အနောက်ဘက်တွင် တောင်သလဲသီးပင်တွေနှင့် ဝါးရုံပင်တွေရှိပြီး ရေတွင်းနားတွင် ကွမ်းသီးပင်တွေ အစုလိုက်ပေါက်နေသည်။ ခြံကြီးသည် သီးပင်စားပင်တွေစုံနေအောင် ပေါက်သဖြင့် နေပြောက်မထိုးအောင်ပင် အုံဆိုင်းနေသည်။

စိုးတင်လည်း ထမင်းစားတာများသွားသဖြင့် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် လှဲလျဲလဲနေလိုက်၏။ အမေခေါ်မြရင်တော့ ညနေစာအတွက် ချက်ပြုတ်နေသဖြင့် မီးဖိုထဲတွင် တကုပ်ကုပ်ဖြစ်နေသဖြင့် မီးခိုးတွေက မီးခိုးခေါင်းတိုင်မှ အထွက်နေသည်။ မီးဖိုက နောက်ဖေးဘက်တွင်မဟုတ်ပါ။ အိမ်ရှေ့ခြေရင်းဘက်ကွက်လပ်တွင် တစ်ဖက်ယပ်အဖီအားထိုးထားသောမီးဖိုဖြစ်သည်။ ခဏကြာတော့ အသားရောင်းသော ကိုမြဆောင်နှင့် သူ့သားသံခဲတို့ရောက်လာကြသည်။ သူတို့နှစ်ယောက်လည်း ဆတ်ကြီး အိမ်ရှေ့တွင်ရှိသော ကျောက်ပြားပေါ်တင်၍ ဆတ်ကြီးကိုဖျက်နေကြသည်။ ကလီစာ၊ ဆတ်ခေါင်းနှင့် အသား (၁) ပိဿာ အိမ်အတွက်ချန်ထားပြီး ကျန်သောအသားတွေကို ကိုမြဆောင်ရောင်းပစ်လိုက်သည်။

အဘဦးမှတ်ကြီးနှင့် အမေခေါ်မြတို့သည် ဝမ်းစာရေးအတွက်သာ အလုပ်ကိုလုပ်ကိုင်နေသော်လည်း သားတရားတော့ ရှိသေကိုင်းရှိုင်းကြသည်။ ယခုလည်း နံနက်အရုဏ်တွင် သားကျောင်းဆရာတော်အားကပ်ရန် သားကို ချက်ပြုတ်ရန် စီစဉ်နေကြသည်။ အဘသည် ထုပ်တန်းတွင်ဆွဲထားသော ကွမ်းသီးခိုင်မှ ကွမ်းသီးမှည့်တစ်လုံးကို အခွံခွာပြီး အိမ်ရှေ့တွင်ရှိသော သရက်ပင်တွင်ကပ်ပေါက်နေသည့်ကွမ်းပင်မှ ကွမ်းရွက်နှစ်ရွက်ခူးပြီး ရေစင်စင်ဆေးကာ ဝါးနှင့်ပြုလုပ်ထားသော ကွမ်းအစ်ထဲသို့ထည့်လိုက်ပြီးမှ ကွမ်းသီးကို ကွမ်းညှပ်နှင့်ညှပ်၊ ကွမ်းရွက်တွင် ထုံးသုတ်၊ ဆေးရွက်ကြီး (၁)ရွက်ထည့်ပြီး ကွမ်းသီးနှင့်ရော၍ ပါးစောင့်တွင်ငုံထားလိုက်သည်။ အဘသည် အသက် (၅၀) ကျော် (၆၀)နီးပါးဖြစ်သော်လည်း တောအလုပ်လုပ်သူဖြစ်သဖြင့် ကြွက်သားအပြိုင်းပြိုင်းနှင့် အသားညှပ်ညှပ်ထောင်ထောင်မောင်းမောင်းနှင့်သွောင်တစောင်းနှင့်ဆိုတော့ အလွန်ကြည့်ကောင်းလှသည်။ ပေါင်တွင်လည်း ထိုးကွင်းတွေထိုးထားပြီး တစ်ကိုယ်လုံးတွင်လည်း အင်းစမတွေ ထိုးထားသဖြင့် • အာဂယောက်ဂုဏ် တစ်ယောက်ပင်ဖြစ်သည်။ အဘက ရှေးမြန်မာ့သိုင်းပညာလည်းတတ်မြောက်ထားပြီး ဆေးဝါးအတတ်ကိုလည်းတတ်မြောက်ထားသည်။ ရွာထဲမှ ရွာသားတွေ မနာမကျန်းဖြစ်ပါက သဘာဝသစ်သီးသစ်ဥတွေရှာပြီး အခမဲ့ကုသပေးတတ်သည်။

အဘလည်း ငုံထားသောကွမ်းကို တစ်ချက်နှစ်ချက်ဝါးပြီး တံတွေးပျစ်ခနဲထွေးလိုက်ပြီး -

"မြဆောင်ရေ၊ ပြီးပလားကွ"

"အသားတွဲတွေတွဲပြီးရင် ပြီးပါပြီ အဘ"

"အေး၊ အေး - အချိန်ရှိတုန်းလုပ်ထား၊ နေမြင့်လာပြီ"

သံခဲက အသားထည့်မည့်ခြင်းထောင်းထဲတွင် ငှက်ပျောဖက်တွေခင်းနေသည်။

"အာ - ဒီကောင်လေး ကြောင်တောင်တောင်နဲ့ လက်ကြောမတင်းဘူး။ မိန်းမကျတော့ ငမ်းတာတအား"

"အဖေကလည်း သားက ငမ်းတာမဟုတ်ပါဘူး။ အနုပညာမျက်စိနဲ့ကြည့်တာပါနော်"

"အေးအေး- မင်းတို့သားအဖကတော့ သူငယ်ချင်းတွေကျနေတာပဲ"

"ဒါမှလည်း အသက်ရှည်မှာ အဘရဲ့။ ပျော်ပျော်နေသေခဲ၊ ရယ်သောသူ အသက်ရှည်၏တဲ့ အဘရဲ့"

ပြောပြောဆိုဆိုပင် ကိုမြဆောင်တို့သားအဖနှစ်ယောက် အသားတွဲများကို တောင်းတွေထဲထည့်ပြီး ဆိုင်ထမ်းနှစ်ထမ်းနှင့်ရောင်းချရန် ထွက်သွားကြသည်။

အဘနှင့် မောင်စိုးတင်တို့လည်း (၅) ရက်လောက် တောထဲမသွားတော့ပါ။ မြက်ရိုင်းများပေါက်နေပြီး မလုပ်တာကြာပြီဖြစ်သော အမေခေါ်မြရင်တို့၏ ဘိုးဘွားများပိုင်ဆိုင်ခဲ့ပြီး အမေခေါ်မြရင်အမွေရသော (၃) ဧကလောက်ရှိသော တောင်ယာကိုရှင်းလင်းနေကြသည်။ တောင်ယာရှင်းလင်းနေရင်း တောင်ယာအစပ်တွင်ရှိသောတောင်ပိန္နဲပင်ကြီးအနီးရောက်သောအခါ သရဲကြီးအတွင်းမှ ယုန်ညိုကြီး (၂) ကောင် ရုတ်တရက်ထပြေးပြီး တောင်ပိန္နဲပင်ကြီး၏အခြေတွင်ရှိသော ပိုးစားထားသည့် အပေါက်ထဲသို့ဝင်ပြေးသဖြင့် အလွယ်တကူဖမ်းမိခဲ့သည်။ ခွေးကြီးကျားညိုက ဟိန်းဟောက်နေသဖြင့် ယုန်ညိုကြီးတွေထွက်မပြေးရဲသဖြင့်သာ အလွယ်တကူဖမ်းမိခဲ့ခြင်း ဖြစ်သည်။ အဘတို့အိမ်တွင် ခွေး(၃)ကောင်ရှိသည်။ ခွေးမ မိနှင့် အောင်နက်က အိမ်မှာကျန်ခဲ့ပြီး ကျားညိုတစ်ကောင်သာ ခေါ်ခဲ့ခြင်းဖြစ်သည်။ အကောင်ပလောင်လေးတွေကို အမဲလိုက်ရာမှ ကျားညိုကပို့တော်သည်။ ညနေစောင်းတော့ တောင်ယာရှင်းတာသိမ်းပြီးပြန်လာကြသည်။

အမေ ခေါ်မြရင်အား ယုန်(၂) ကောင်ပေးလိုက်သည်။ ရေမိုးချိုးပြီး ခေတ္တနားနေကြသည်။ ခဏကြာတော့ အမေခေါ်မြရင်က ထမင်းစားဖို့ခေါ်သည်။ ထမင်းဝိုင်းတွင် ယုန်သားကြော်၊ ယုန်သားချက်နှင့် သခွားသီး၊ ငရုတ်သီးအစိမ်းတောင့်တစ်ပန်းကန်၊ ကွဲတည်းသီးနုနုလေးများ၊ ငါးပိရည်ကျိုကောင်းကောင်းနှင့် အတိုအမြှုပ်အစုံဖြင့်စားလိုက်ရသဖြင့် ဗိုက်လေးသွားသည်။

အချိန်က မောင်သွားပြီဖြစ်သည်။ အဘက ဘုရားရှိခိုးနေသည်။ မောင်စိုးတင့်လည်း ကွပ်ပျစ်ပေါ်တွင် တုံးလုံးလဲနေရင်း ခြံထောင့်ရှိ တောင်သလဲသီးပင်ကြီးနှင့် တောင်မုဒိုးပန်းပင်ကြီးအကြားကူးလူးသွားလာနေသော ပိုးစုန်းကြူလေးများ၏တလက်လက်အလင်းရောင်လေးများကို ကြည့်နေမိသည်။ ပိုးစုန်းကြူလေးများက ခြံစည်းရိုးနဘူးချဲ့များပေါ်တွင်လည်း ဟိုမှဒီတလင်းလင်းတလက်လက်ဖြင့် သွားလာနေကြသည်ကို ကြည့်နေမိသည်။

အဘဦးမှတ်ကြီးလည်း ဘုရားရှိခိုးပြီး အိမ်လည်လာသော တစ်ခြံကျော်မှ

www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်မြနှင့် စကားလက်ဆုံကြနေကြသည်။ အမေဒေါ်မြရင်က လက်ဖက်သုပ်ထမင်းခြောက်ကြော်နှင့် ထန်းလျက်များချက်ကျွေးနေသည်။

"ကိုမောင်မြရေ၊ တစ်လောက ကျုပ် တောထဲသွားတဲ့အခိုန် ရေတံခွန်တောင်မှာ ထူးဆန်းတဲ့ အလင်းရောင်တွေ တွေ့ခဲ့ရတယ်ဗျ"

"ဟုတ်တယ် ဦးမှတ်ကြီးရဲ့၊ ကျန်ခဲ့တဲ့လက တံခွန်တိုင်ရွာက တင်ဆောင်တို့အုပ်စုလည်း တွေ့ခဲ့တယ်လို့ပြောသံကြားတယ်၊ရေတံခွန်တောင်က နတ်ကြီးတယ်၊ မြေကြမ်းတယ်။ ဒါကြောင့် တောခြောက်ခံရတာနေမှာ။ ဒါကြောင့် တောတက်တဲ့သူတွေအားလုံး ရေတံခွန်တောင်ကို ရှောင်ကြတယ်။ အဲဒီဘက်ဘယ်သူမှမသွားတော့ဘူး"

"အေးဗျာ၊ ကျုပ်လည်း ဒီမုဆိုးအလုပ်ကြီးကို စွန့်လွှတ်ချင်ပါပြီဗျာ။ အသက်ကြီးလာတော့ ဒီအကုသိုလ်အလုပ်တွေမလုပ်ချင်တော့ပါဘူးဗျာ"

"ခင်ဗျားအကုသိုလ်အလုပ်တွေစွန့်ချင်ရင် အခုလည်း စွန့်နိုင်ပါတယ်ဗျာ။ ခင်ဗျားဝါသနာကိုမစွန့်နိုင်သေးတာပါ"

"အင်း - ဒါလည်းဟုတ်မှာပါပဲ။ ကျွန်တော်စွန့်နိုင်အောင် ကြိုးစားပါ့မယ်ဗျာ"

ည၌နက်လာတော့ ဦးမောင်မြလည်း ပြန်သွားတော့သည်။အဘလည်း အိပ်ရာဝင်သွားပြီဖြစ်သည်။မောင်စိုးတင့်လည်း သူ့အတွက်ထောင်းပေးထားသော ခြင်ထောင်ထဲဝင်၍ အိပ်ပျော်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် အေးစက်တိတ်ဆိတ်နေသည်။ကောင်းကင်အနက်ရောင်ကြီးထဲတွင် ကြယ်ကလေးများသည် စိန်ပွင့်လေးများအလား ပြည့်နှက်နေသည်။ ကြယ်ရောင်တွေကြောင့် ပတ်ဝန်းကျင်သည် မှိန်မှိန်လေးလင်းနေသည်။ တောင်မုဇွန်းပန်းရနံ့တွေကလည်း မွှေးကြိုင်လွန်းလှသည်။ ဆောင်းလေစာစ်ချက်အဝေ့တွင် တောင်မုဇွန်းပန်းရနံ့များက ပတ်ဝန်းကျင်တစ်ခုလုံးကိုဖုံးလွှမ်းသွားသဖြင့် မွှေးကြိုင်စူးရှနေသည်။

ထိုအခိုန် ရေတံခွန်တောင်ပေါ်မှ ပြိုးပြိုးပြက်ပြက်အရောင်များလင်းလက်နေသည်။ ခဏကြာတော့ ဖြူဖွေးသော အလင်းတန်းကြီးလည်း ကောင်းကင်ယံထဲသို့ ထိုးတက်သွားသည်။ ဆပ်သွားဖူးရွာလေးကတော့ အေးစက်နေသောနှင်းမှုန်များကြားတွင် တိတ်ဆိတ်စွာအိပ်မောကျနေသည်။ နံနက်လင်းတော့ အဆာပြေထမင်းနှင့် ဆတ်သားခြောက်ကြော်၊ ရေနွေးကြမ်းနှင့် စားသောက်ပြီး တောင်ယာကိုသွားရောက်ရှင်းလင်းကြပြန်သည်။ နောက် (၂) ရက်ကြာတော့ တောင်ယာတစ်ခုလုံး မြောင်းပေါင်တွေတင်လိုက်ပြီး မြောင်းပေါင်မော်တွင် ပြောင်းပင်များစိုက်ပျိုးလိုက်သည်။ ရေကိုတော့ တောင်ယာခင်းဘေးမှ ဖြတ်သန်းစီးဆင်းနေသော မြလေးချောင်းမှရေခပ်လောင်းကြသည်။ ငရုတ်ပင်များကိုလည်းအနည်းငယ်စိုက်ထားလိုက်သည်။ မြေကောင်းသဖြင့် ပြောင်းပင်များရော ငရုတ်ပင်များပါ ဖြစ်ထွန်းကြသည်။ နောက်(၂)ရက်လောက်တွင် ရွာထဲ၌ အဖျားရောဂါများထသဖြင့် အဘဦးမှတ်ကြီးနှင့် မောင်စိုးတင်တို့လည်း ဆေးပင်ဂမုန်းများပေါသော ရေတံခွန်တောင်ကြီးလျှိုကြီးထဲသွားကြသည်။

"မောင်စိုးတင်ရေ၊ ရွာထဲကလူတွေတော့ ရာသီပြောင်းတော့မှာမို့ အဖျားတွေဝင်လာနေပြီ။ ဒါကြောင့် ငါတို့ ရေတံခွန်တောင်လျှိုကြီးထဲက ဆေးပင်တွေ၊ ဆေးမြစ်တွေ၊ ဆေးဂမုန်းတွေသွားတူးယူကြရအောင်"

"အာ-အဘ၊ ရေတံခွန်တောင်က နတ်ကြီးတယ်နော်။ အဘလည်းသိတဲ့အတိုင်းပဲ။ အခုတစ်လော ဘယ်သူမှ ရေတံခွန်တောင်ဘက်မသွားကြတော့ဘူး။ လူများပါတယ်ဆိုတဲ့ တံခွန်တိုင်ကတင်ဆောင်တို့တောင် ရေတံခွန်တောင်ကို မသွားကြတော့ဘူး။ ဟိုတစ်နေ့က ကျွန်တော်နဲ့ မြောင်ဌရွာမှာတွေ့လို့ပြောတယ်"

"ဟာ - ဒါတွေကိုကြောက်မနေစမ်းပါနဲ့ကွာ။ ငါတို့က ကောင်းမှုကုသိုလ်လုပ်ဖို့သွားတာပဲ။ အကုသိုလ်အလုပ်အမဲသွားလိုက်တာမှမဟုတ်တာ။ မင်းကြောက်ရင် ဘုရားစာရွတ်ပေါ့ကွ"

"အင်း - ပြောမယ့်သာပြောတာ အဘရဲ့၊ အဲဒီညကဖြစ်ခဲ့တာတွေကို ကျွန်တော် နေ့ခင်းမှာဘာလဲဆိုတာသိရအောင် ပြန်ကြည့်ချင်နေသေးတယ်။ ကြောက်လည်းကြောက်တာပေါ့နော်"

အဘဦးမှတ်ကြီးနှင့်မောင်စိုးတင်တို့လည်း ဆပ်သွားဖူးရွာလေးမှထွက်လာပြီးကြာမီမှာပင် တောင်၏တောစပ်သို့ရောက်လာကြသည်။ ရေတံခွန်တောင်ဘက်သွားရန်အတွက် မြေနီတောင်ဘက်ထွက်လာကြသည်။ တဖြည်းဖြည်းနှင့် မြေနီတောင်တောထဲသို့ရောက်ကြသည်။ မြေနီတောင်သည် သိပ်မမြင့်သဖြင့် တက်ရတာသိပ်မမောပါ။ တဖြည်းဖြည်းတက်လာရင်း မြေနီတောင်ထိပ်ကျော်လာတော့ နတ်တောင်ကြီးကအဝေးမှလှမ်းမြင်နေရသည်။ နတ်တောင်ကြီးသည် မြင့်မားမတ်စောက်လှသည်။ နတ်တောင်ကြီးပေါ် သို့မတက်တော့ဘဲ တောင်နှာမောင်းအတိုင်းပတ်သွားကြသည်။ နတ်တောင်၏ တောင်ခါးပန်းလှမ်းကြည့်လိုက်လျှင် သာယာလှပသောအခင်းကြီးကိုမြင်နေရသည်။ တစ်ဖက်တွင် မြေပြန့်လွင်ပြင်ကြီးဖြစ်ပြီး တစ်ဖက်တွင်တော့ တောင်ဆွယ်တောင်တန်းတို့ကို အထပ်လိုက်အထပ်လိုက်တွေ့မြင်နေရသည်။ တောင်ဆွယ်တောင်တန်းကလည်း ကောင်းကင်ပြာကြီးထဲသို့ ထိုးထွက်နေကြသည်။ အပြာရောင်ကောင်းကင်ကြီးကလည်း ကြည်လင်တောက်ပနေပြီး တိမ်တောင်တိမ်လိပ်ပြူကြီးတွေကလည်း ကောင်းကင်ထဲတွင် အလိပ်လိုက်အခွေလိုက် လှပသောပုံစံတောင်ကြီးများသဖွယ်မြင်တွေ့နေရသည်။ အေးမြသော လေပြည်လေညင်းတို့ကိုခတ်လိုက်သဖြင့် တောပန်းတောပန်းရနံ့တွေက ကြိုင်လှိုင်မွှေးမြနေသည်။

"တောင်တောရယ်သာ၊ မာယာကင်ဖူး၊ တစ်ပင်ကိုတစ်ပင်ယှက်တယ်ကျေးဌက်ကမြူး"

ငယ်ငယ်တုန်းက ကြားဖူးသောကဗျာလေးကိုညည်းဆိုရင်း မောင်စိုးတင်လည်း အဘဦးမှတ်ကြီးနောက်ကနေလိုက်လာနေသည်။ ထိုနေရာခင်းတစ်ကြောတွင် တောသရက်ပင်ကြီးများ၊ ပျဉ်းကတိုးပင်ကြီး၊ တောင်ပိန္နဲပင်ကြီးများပေါက်ရောက်နေပြီး တောင်ခါးပန်းများတွင်ပေါက်နေသော တောင်သရက်ပင်ကြီးပေါ်တွင် သဇင်ပန်း အပြာ အဖြူ အနီ၊ အပြာလေးတွေကလည်း အလိုက်အပြုံလိုက်ပွင့်နေကြသည်။ ချုံများပေါ်တွင်လည်း စပယ်ကြက်နဲ့ကြေးဖွေးဖွေးလှုပ်နှင့်နေကာ မွှေးကြိုင်နေသည်။ လေပြည်အသုတ်မှာ တောပန်းတောင်ပန်းရနံ့တွေကလည်း သင်းထုံနေသည်။

တောင်ခါးပန်းနေရာမှ ဆက်လျှောက်လာရာ ဆတ်ဖားကြီးရဲ့ခေါ်ကျွဲတည်ပင်ကြီးနားရောက်လာသည်။ အမြင့်မှာလှမ်းကြည့်ရာ ကျွဲတည်းကြီးအောက်တွင် တောဝက်တွေအုပ်လိုက် ကြေကျနေသော တည်းသံကို တခွပ်ခွပ်နှင့်ကိုက်ဝါးနေကြသော တောပစ်ရန်ထွက်လာခြင်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

အကြီးလမ်းမှနေ၍ ရေတံခွန်တောင်ဘက်သို့ တက်လာကြသည်။ ရေတံခွန်တောင်ပေါ်မှ ရေကျသံက အဝေးကပင် ကြားနေရသည်။ ရေတံခွန်ကြီးကိုမမြင်ဝေးပေမယ့် ရေကျသံတဝေါဝေါကတော်တောင်ကျော်ကတည်းကကြားနေရသည်။ ရေတံခွန်တောင်မှ ရေတွေကျတဲ့အောက်တွင် ရေအိုင်ကြီးဖြစ်နေ၏။ ရေအိုင်ကြီးမှ အနောက်ဘက်သို့ စမ်းချောင်းလေးအဖြစ်နှင့် ရေတွေစီးဆင်းသွားသည်။ ရေကျနေသောရေတံခွန်ကြီးအောက်တွင် သဘာဝကျောက်ဂူကြီးရှိသည်။ အဘမှတ်ကြီးသည် ထိုရေတံခွန်ကျနေသောအိုင်ဆီသို့မသွားဘဲ စမ်းချောင်းကလေးအတိုင်းလိုက်သွားရာ ရေတံခွန်ကြီး၏တစ်ဖက်သို့ရောက်သွားသည်။ စမ်းချောင်းလေးသည် ထိုနေရာတွင် မြေပြန့်သွားပြီး မြေပြင်တွင် ဂမုန်းပင်များ၊ ဆေးပင်များ၊ ဖလံတောင်ဝေးများ ထူထပ်စွာပေါက်နေကြသည်။ ဂမုန်းတောကြီးကလည်း မျိုးစုံနေအောင် ထူထပ်စွာပေါက်နေကြသည်။ အဘတော့ ဆေးပင်တွေခွဲခြားပြီး ရွေးယူပြီး ပလိုင်းထဲသို့ထည့်နေသည်။ မောင်စိုးတင်ကတော့ အဘတူးယူနေသည့် ဆေးပင်ဆေးမြစ်ဆေးဥတွေကို ဝိုင်းလွယ်ထားသောပလိုင်းထဲသို့ထည့်နေသည်။ ဆေးပင်များတူးယူပြီးတော့ ချန်မြင့်လေးနားတွင်ပေါက်နေသော ဆောင်သလဲပင်ကြီးအောက်တွင် အိမ်ဆူလာသော ကောက်ညှင်းကျည်ဆောက်နှစ်ခွေးကို ခေးနှင့်ခွဲပြီး ဆတ်သားခြောက်ဖုတ်ဆီဆမ်းထားသော ဆာဒုပ်ကိုဖြေပြီး ကောက်ညှင်းကျည်ဆောက်နှင့် ဆတ်သားခြောက်ဖုတ်ကို ဆာပိုင်တောင်ပိုင်တွေကို အရင်မြှောက်ထင်လိုက်ပြီးမှ စားသောက်ကြသည်။

နံရံပွတ်သိပ်နေအောင်သီးနေသော ဆောင်သလဲသီးပင်ကြီးကိုပေါ်တက်ပြီး ဆောင်သလဲသီးတွေကို ဆွတ်ယူစားကြသည်။ စားသောက်ပြီးတော့ စမ်းချောင်းရေကို တဝကြီးသောက်လိုက်ပြီး စားနေလိုက်သည်။ ပလိုင်းထဲတွင်ထည့်ထားသော ကွမ်း၊ ထုံး၊ ဆေး၊ ကွမ်းသီးတို့ကို ထုပ်ပြီး တစ်ယောက်တစ်ယာစားကြတော်သည်။ အဘက ကွမ်းဝါးရင်း သူ့ဆေးထဲမှ ဆေးပြင်းလိပ်ကြီးထုတ်ယူပြီး ခဲတံကျောက်နှင့်မီးညှိပြီး ဆေးပြင်းလိပ်ဖွာ၍ အပန်းဖြေနေသည်။ လေပြည်ဆေးကလည်း တသုတ်သုတ်တိုက်ခတ်နေသဖြင့် ပင်ပန်းသမျှတွေကယူပစ်သလို ပျောက်ကွယ်သွားသည်။

ခေတ္တအနားယူနေတုန်းမှာပင် ဟီးဟီးဟီးဆိုသော အသံကြီးကြားလိုက်ရပြီး တောကြီးတစ်ခုလုံးတုန်လှုပ်သွားသည်။ ငှက်တွေလည်း လန့်ဖျပ်ပြီး ကောင်းကင်ထဲသို့ပျံတက်ကုန်သည်။

"ဟဟ - မောင်စိုးတင်၊ သတိနဲ့နေနော်။ တောခြောက်တာလား၊ ငလျင်လှုပ်တာလားမသိဘူ"

ထိုအချိန်တွင် ရေတံခွန်တောင်၏ မြင့်မားမတ်စောက်သော ကျောက်ထရံကြီးမှာ တံခါးကြီးတစ်ချပ်အလား ဘေးတိုက်ရွေ့သွားပြီး ဂူပေါက်ကြီးတစ်ခုဖြစ်ပေါ်လာသည်။ မြေကြီးတွေကတုန်ဟည်းနေသည်။ အဘဦးမှတ်ကြီးနှင့်မောင်စိုးတင်လည်း အံ့သြလွန်းသဖြင့် ကြောင်ကြည့်နေကြသည်။ ဂူကြီးအတွင်းပိုင်းဝိမ္ဘတဝီဝီမြည်သံများကြားလာရပြီး ပြောင်လက်နေသောယာဉ်ပျံများ ကောင်းကင်ပြာပြာထဲသို့ပျံတက်သွားကြပြီး တဖြည်းဖြည်း ဝေး၍ဝေး၍ပျောက်ကွယ်သွားတော့သည်။ ကျောက်ထရံကြီးလည်း တဂျိမ်းဂျိမ်းမြည်ဟည်းသံကြီးနှင့်အတူ ဂူပေါက်ကြီးပြန်ပိတ်သွားသည်။ ခဏကြာတော့ ဂူပေါက်ကြီးဖြစ်ခဲ့တဲ့ကျောက်ထရံကြီးမှာ နဂိုအတိုင်းပြန်ဖြစ်သွားပြီး ဂူပေါက်ကြီးကို မည်သည့်နေရာတွင်မျှ မတွေ့ရတော့ပါ။ တက်ရောက်ကြည့်ရှုရအောင်လည်း ကျောက်ထရံကြီးကမတ်စောက်လှသဖြင့် သာမန်လူတွေမတက်နိုင်ပါ။ကျောက်ထရံကြီးတွင်တွေ့ရသော ဂူပေါက်ကြီးကတော့ မည်သည့်နေရာရောက်သွားမှန်းမသိပါ။

"ဟာ- ဒီမှာကြည့်စမ်း မောင်စိုးတင်ရေ"

ခြောင်းကမ်းပါးကြီးက တောကြီးတစ်ခုလုံး တုန်ခါသွားသဖြင့် ပြိုကျသွားသည်။ ထိုခြောင်းကမ်းပါးဘေးတွင် လက်ညှိုးသာခန့်ရှိပြီး အရှည် (၃) ပေကျော်ကျော် အဖြူရောင်အတုံးတွေကို (၁၀) ခြောင်း၊ (၁၅) ခြောင်းလောက် ကျောက်သားအတွင်းမှပေါ်လာသည်။

"ဒါ ဒါတွေက ရွှေခြောင်းတွေကွ မောင်စိုးတင်ရ။ အရင် ငါတို့အဘိုးလက်ထက်က ဒီရေတံခွန်တောင်ခြောင်းထဲမှာ ရွှေတုံးလေးတွေတွေ့တယ်ဆိုတာ ဒီလို ရွှေခြောင်းတွေက ရေတိုက်စားပြီး ပြတ်ထွက်လာတာနေမှာ"

အဘမှတ်ကြီးနှင့်မောင်စိုးတင်တို့လည်းပါလာသောဓားတွေနှင့် ရွှေခြောင်းတွေကိုရသလောက်တူးယူလိုက်ကြ၏။ ရွှေခြောင်းတွေကို အနီးအနားတွင်ရှိသော ဝါးရုံပင်မှာ ဝါးခုတ်၍ ဝါးဆစ်တွေထဲသို့ပိုင်းဆစ်ထည့်လာပြီး ထမ်းချပြန်လာကြသည်။ ရွှေခြောင်းအားလုံးယူလာရသဖြင့် တော်တော်လေးနေ့ပြီးဖြစ်သည်။

"မောင်စိုးတင်၊ ဒီအကြောင်းတွေကို ရွာထဲမှာမပြောနဲ့နော်။ ဘယ်သူ့ကိုမှ လဲမပြောနဲ့။ ဒါအန္တရာယ်ရှိတယ်"

ထိုအချိန်ကစပြီး အဘမှတ်ကြီးနှင့် မောင်စိုးတင်တို့လည်း တော့လိုက်သည့်မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်တော့သည်။ ရှိပြီးသားတောင်ယာ (၃) ဧကနှင့် လယ် (၅)ဧကထပ်ဝယ်ပြီး ခိုင်းနွား (၄) ကောင်၊ နို့စား (၂) ကောင်နှင့် စိုက်ပျိုးရေးပစ္စည်းအစုံဝယ်ယူပြီး စိုက်ပျိုးစားသောက်ကြသည်။ မုဆိုးအလုပ်ကိုတော့ အပြီးအပိုင်စွန့်လွှတ်လိုက်တော့သည်။ နောက်နှစ်တွင် မောင်စိုးတင်နှင့် ရွာမှ ဆွေရိပ်မျိုးရိပ်မကင်းကလေးတွေပါ ရဟန်းခံရှင်ပြုပေးလိုက်သည်။နောက် (၃)နှစ်ခန့်ကြာတော့ ရွာဦးကျောင်းကို အသစ်ပြန်လဲ၍ ဆောက်လုပ်လျှူဒါန်းပြီး စေတီလေးတစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။

ရေတံခွန်တောင်မှ ထူးဆန်းသော အဖြစ်အပျက်များကတော့ ယနေ့ထက်တိုင် မည်သူမျှမသိနိုင်တော။ ဒါပေမယ့် အဘမှတ်ကြီးနှင့် မောင်စိုးတင်တို့ဘဝကတော့ ကောင်းမွန်လှပသွားသည်။ ဘုရားမကြိုက်သော အကုသိုလ်အလုပ်ကြီးကိုလည်း စွန့်လွှတ်နိုင်ခဲ့သည်။ အလွန်အေးသော ပြာသိုလည်ပတ်ည်တွင် ဆပ်သွားဖူးရွာလေးသည် နှင်းမှုန်များကြားတွင် အေးစက်တိတ်ဆိတ်စွာ အိပ်မောကျနေကြသည်။ ဆောင်းလေတစ်ချက်အဝှေ့တွင် တောင်မုဇွီးပန်းရနံ့တွေကလည်း စူးရှစွာမွှေးကြိုင်နေသည်။ ထိုအချိန် ရေတံခွန်တောင်မှ အလွန်လင်းထိန်သော အလင်းရောင်များ ကောင်းကင်ထဲသို့ အရှိန်အဟုန်နှင့် ထိုးတက်သွားပြီး ပျောက်ကွယ်သွားတော့သည်။ အဲဒီညကစပြီး ရေတံခွန်တောင်တွင် အလင်းရောင်များ မည်သည့်အခါမျှမတွေ့ရတော့ပေ။

သတ္တဝါများကျန်းမာချမ်းသာ၍
အကျိုးအတည်းမှလွတ်မြောက်ပါစေ
ကိုတောင်ဦး
(အလင်္ကာသည်ကျေးဇူး)

www.burmeseclassic.com

www.burmeseclassic.com

ရှင်မထီးဆရာတော်ကြီးနှင့် မောင်ထွန်းမြိုင်

"ဒါဆို ဒီရွှေတိဂုံကုန်းတော်မြတ်ဟာ အရှင်ဘုရားရဲ့ အောင်မြေပဲပေါ့နော်"

"ဟုတ်တယ်ကွယ့်၊ ဒါကြောင့် ငါကိုယ်တိုင် ပေါက်ရောက်အောင်မြင်ခဲ့တဲ့ဓာတ်လမ်းကို မှတ်တမ်းပုရပိုက်ပြုပြီး ဘုရားမှာဌာပနာခဲ့တာပဲ။ ပြီးတော့ ဒီ ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ ငါ ရှင်မထီးရဲ့ အောင်ရာမြေမြတ် ဓာတ်အမှတ်မှန်း နောင်လာနောက်သား တွေသိအောင် ရှင်မထီးတန်ဆောင်းနဲ့ ရှင်မထီးဘုရားကို ဒီကုန်းတော်ပေါ် မှာပဲ တည်ထားခဲ့တာပဲပေါ့ကွယ်"

ဟု ဆရာတော်က ရှင်းပြလေရာ မောင်ထွန်းမြိုင်လည်း တစ်စုံတစ်ခုကို စဉ်းစားမိပြီး လေးနက်သောအမူအရာ မျိုးဖြင့် -

"အခုလို အရှင်ဘုရားမိန့်ကြားခဲ့တဲ့အထဲမှာ အရှင်ဘုရားနဲ့ တပည့်တော်တို့ဟာ ဟိုးပုဂံခေတ်ကတည်းက ပဋ္ဌာန်းဆက်ရှိခဲ့တာပေါ့နော်"

"ဒါပေါ့ မောင်ထွန်းမြိုင်ရဲ့။ အဲဒီ ပဋ္ဌာန်းဆက်ဟာ ပုဂံခေတ်ကမှ စတင်ခဲ့တာမဟုတ်ဘူးကွယ့်။ မင်းနဲ့ ငါဟာ ပုဂံခေတ်မတိုင်ခင် သရေခေတ္တရာခေတ်စတဲ့ပျူခေတ်တွေမှာလည်းရှိခဲ့တယ်။ ဒီပျူခေတ်တွေမတိုင်ခင် တကောင်းခေတ်ကတည်းကလည်း ပဋ္ဌာန်းဆက်ရှိခဲ့တယ်။ ဒါ အခု ဂေါတမဘုရားရှင်ရဲ့ လက်ထက်ကိုပြောတာ။ ဒါထက်ပိုပြီးပဋ္ဌာန်းဆက်ရှိသေးတယ်လို့ ပြောလို့တောင်ရသေးတယ်။ ဗုဒ္ဓဂေါတမဘုရားရှင်လက်ထက်မတိုင်မီ ဒီဘဒ္ဒကမ္ပာရဲ့ အခြားဘုရားရှင်တွေလက်ထက်တော်တွေတုန်းမှာလည်း မင်းနဲ့ငါတွေ့ခဲ့ကြသေးတယ်။ ကကုသန်ဘုရားလက်ထက် အခု တကောင်းမြို့ခေါ်တွင်တဲ့မြို့ကြီးဟာ သသ်ယလို့ခေါ်တယ်။ အဲဒီမှာလည်း တွေ့ခဲ့တယ်။ နောက်ကောဏာဂုံဘုရားရှင်လက်ထက်တော်မှာ ဒီတကောင်းမြို့ကြီးဟာ ရွှေ

ကျေးဇူးရှင်စိန်ကွင်းဆရာတော်ကြီးဒါယကာပညာ

မဟာပဒေသမိဘုရားတော်၏မြေပြင်ကိုလှန်းခဲ့ပုံ

၁၅

ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပဒေသမိဆရာဦးအေးရှေ

www.burmeseclassic.com

www.burmeseclassic.com

အမည်တွင်တယ်။ အဲဒီမှာ မင်းနဲ့ငါ ဆွေခဲ့ကြသေးတယ်။ နောက် ကဿပ ဘုရားရှင်လက်ထက်တော်မှာတော့ ဒီ သောင်းမြို့ကြီးကို သင်းတွဲလို့ခေါ်ဝေါ် သုတ်ခဲ့တယ်။ အဲဒီသင်းတွဲမြို့တော် ကြီးမှာတွေ့ခဲ့ကြပြီး အလုပ်တစ်ခုတောင် ဆွဲပြီးလုပ်ခဲ့ကြသေးတယ်ကွယ့်။ ဒါပေ မယ့် မင်းနဲ့ငါဟာ ပညာပါရမီစခန်းတစ်ခု ထဲက မဟုတ်လေတော့ အနီးကပ် အာစရိယဝါဒဆိုင်ရာဆက်ဆံမှုမျိုးတော့ မရခဲ့ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ ငါတို့ငါကသံယောဇဉ်အရမ်းကြီးတယ်။ ဒါကြောင့် အခု ငါပေးမယ့်ဓာတ်လုံးကို ဆော့ မင်းလက်ခံယူလိုက်ပါ။ အရေးကြုံ ဆော့လည်းသုံးရတာပေါ့”

“အရှင်ဘုရား၊ ဓာတ်လုံးပေးထား ခဲ့တာတော့ ဟုတ်ပါပြီ။ ဒါကို တပည့် ဆော်အနေနဲ့သိမ်းဖို့ကတော့ အခက်အခဲ နှိမ့်မယ်ဘုရား။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်မှာ ထားစရာသိုစရာ၊ ထည့် စရာဆိုလို့ ဘာမှမရှိပါဘူးဘုရား။ နောက် ပြီးတော့ တပည့်တော်မှန်းဆကြည့်ရ သလောက်ဆိုရင် ဒီဓာတ်လုံးတန်ဖိုးက ဆော်တော်ကြီးလိမ့်မယ်။ ဒါကြောင့် သတ်မခံပါရစေနဲ့ဘုရား”

“ဒါဆို ဒီလိုလုပ် မောင်ထွန်းမြိုင်။ မင်းလည်း တာဝန်မကြီးရအောင်၊ မင်း ဘိုယ်တိုင်လည်းသိမ်းမထားရတဲ့နည်းနဲ့ မင်းလိုတဲ့အခါမှာလည်း အချိန်မရွေး သူငယ်သုံးစွဲလို့ရတဲ့ နည်းလမ်းတစ်ခုကို ဆော့ ငါစဉ်းစားမိထားတယ်ကွယ့်၊ ဘယ့်နှယ်လဲ”

ဟု မေးလိုက်ရာ မောင်ထွန်းမြိုင် က-

“ဘယ်လိုနည်းမျိုးလဲ ဘုရား”

“အင်း - နည်းကတော့ဒီလိုကွယ့်။ ဒီဓာတ်လုံးကို မင်းဆီမှာလည်းသိမ်း ထားနဲ့။ ဟောဒီရွှေတိဂုံဘုရားကြီးထဲ မှာ သိမ်းထားလိုက်။ သိမ်းထားပုံသိမ်း ထားနည်းနဲ့ အသုံးလိုတဲ့အခါပြန်ခေါ် သုံးတဲ့နည်းလမ်းတွေကို သင်ပြပေးမယ်။ ဒါဆို လက်ခံလို့ရပြီမဟုတ်လား”

ဟု မိန့်ကြားပြီးနောက် ရှင်မထီး ဆရာတော်ကြီးသည် မောင်ထွန်းမြိုင် အား ဂြိုဟ်တိုင်တစ်ခုနောက်သို့ ခေါ် သွားပြီးနောက် သူ၏ဓာတ်လုံးကိုထုတ် သုံလိုက်ကာ တစ်စုံတစ်ရာရွတ်ဖတ်ပြော ဆိုလိုက်ရာ ဓာတ်လုံးသည် ဘုရားကြီး ၏ဘက်ဆီသို့ လေပေါ်မှာပင် ဦးတည် ရွေ့လျားသွားပြီး စေတီကြီး၏အုတ်သား များအတွင်းသို့ ဝင်ရောက်ကာ ပျောက် ကွယ်သွားလေတော့၏။ ထိုသို့ ဓာတ်လုံး ဝင်ရောက်ပျောက်ကွယ်သွားပြီး ခေတ္တအမျှ ကြာသောအခါ ဆရာတော် ရှင်မထီး သည် တစ်စုံတစ်ရာကို ရွတ်ဖတ်ပြောဆို လိုက်သောအခါ ဓာတ်လုံးသည် တဝင်း ဝင်းတထိန်ထိန်ဖြင့် စေတီတော်ကြီးထဲမှ ဖြည်းညင်းစွာထွက်လာပြီး လေဟာနယ် ထဲတွင်ပင်တည်နေလေတော့၏။

ထို့နောက် ရှင်မထီးဆရာတော် ကြီးသည် မောင်ထွန်းမြိုင်အား အဆိုပါ ဓာတ်လုံးအား ဘုရားကြီးအတွင်းသွင်း၍ သိမ်းနည်း၊ ပြန်လည်ခေါ်ထုတ်ယူနည်း များကို သင်ကြားပေးလိုက်၏။

(ဤကိစ္စနှင့် ပတ်သက်ပြီး ယခု စာရေးသူအား ဆရာကြီး ဦးထွန်းမြိုင်က ပြောပြခဲ့ပြီး ထိုနေရာသို့ခေါ် ဆောင်သွား ကာ လက်တွေ့ပြခဲ့သဖြင့် ကိုယ်တိုင်တွေ့ မြင်ခဲ့ရဖူး၏။ ထိုနေ့ကအဖြစ်အပျက်ကို စာရေးသူနှင့်အတူ အခြားသော ပုဂ္ဂိုလ် လေးဦးပါ အတူတကွတွေ့မြင်ခဲ့ကြရခြင်း ဖြစ်၏။ ဆရာတော်ရှင်မထီးဓာတ်လုံး သည် ဆရာကြီးဦးထွန်းမြိုင်ကခေါ်ထုတ် လိုက်သောအခါ စေတီတော်ကြီးထဲမှ ထွက်လာပြီး လေထဲတွင်ပင်တည်ကာ တဝင်းဝင်းတထိန်ထိန်ဖြစ်နေတော့၏။ ခေတ္တအမျှကြာသောအခါ ဆရာကြီးကပြန် လွှတ်လိုက်သဖြင့် စေတီထဲသို့ဝင်သွား လေတော့၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး စာရေးသူ က စိတ်ဝင်စားလှသဖြင့် ဆရာကြီး ဦးထွန်းမြိုင်အား -

“ဒါနဲ့ ဆရာကြီး ကျွန်တော်သိချင် လို့ တစ်ခုမေးပါရစေ။ ဒီဓာတ်လုံးကို ရထားပြီးကတည်းကရော၊ ခုနောက်ပိုင်း မှာရောယူမသုံးတော့ဘူးလား”

ဟု မေးလိုက်ရာ ဆရာကြီးက -

“ဒီမယ် မောင်အေးရွှေ၊ အခု အချိန်မှာတော့ ငါဟာ ပထမံလမ်းစဉ် ကိုပဲစိတ်လိုက်မတ်တတ်လုပ်နေပြီကွယ့်။ ဒါကြောင့် ဓာတ်လုံးကို အသုံးမလိုတော့ ဘူး။ မင်းတို့ ဒီပညာရပ်တွေနဲ့ပတ်သက် ပြီး သိထားရအောင်လို့သာ ခေါ်ပြတာ ကွယ့်။ ထုတ်ယူသုံးစွဲဖို့မဟုတ်ပေဘူး။ နောက်တစ်ခုက တို့ရဲ့ဒီလမ်းစဉ်တွေကို လုပ်ကိုင်တဲ့ပုဂ္ဂိုလ်တွေဟာ တိဟိတ်ပုဂ္ဂိုဟ် အမျိုးအစားတွေပဲဆိုတာသဘောပေါက် ထားရမယ်။ တိဟိတ်ပုဂ္ဂိုလ်ဆိုတာ ဒီဟာ လုပ်မယ်လို့ဆုံးဖြတ်ပြီးတာနဲ့ ဒီဟာကိုပဲ မဖြစ်ဖြစ်အောင်လုပ်တယ်။ ဒီဟာလုပ် နေရာကနေပြီး ဟိုဟာကောင်းနိုးနိုး၊ ဒီဟာကောင်းနိုးနိုး ဘယ်တော့မှဒီဟာ မဖြစ်ဘူးကွယ့်။ ဒီတစ်ခုဆို စိုက်လိုက် မတ်တတ် ဒီတစ်ခုပဲကွယ့်၊ ငါပြောတာ သဘောပေါက်လား”

ဟု မေးလိုက်ရာ တပည့်ဖြစ်သူ မိမိတို့က -

“ပိုပြီးရှင်းသွားအောင် နည်းနည်း လောက် ထပ်ရှင်းပြပါဦးခင်ဗျာ”

“ဒီလိုလေကွယ့်။ ငါဟာ အခု ပထမံလမ်းစဉ်ကိုလုပ်နေတယ်။ ဒီလမ်း စဉ်ကို လုပ်နေရင်း အင်း - ဒီလမ်းစဉ်က ကြာပါတယ်ဆိုပြီး ဆရာတော်ရှင်မထီး ရဲ့ဓာတ်လမ်းစဉ်နဲ့ ဖြတ်လမ်းကနေပြီး ထွက်ရင်ကောင်းမလားဆိုပြီး ဘယ်တော့ မှ ဓာတ်လမ်းဘက်ကိုပြောင်းပြီးမလုပ် ဘူး။ ပထမံလမ်းစဉ်ကိုသာ ဆုံးခန်းတိုင် အောင်လုပ်သွားမယ်လို့ ဆိုလိုတာပဲ။ ဒါကြောင့် ဓာတ်လုံးကိုယူပြီးသုံးစရာမလို ဘူးလို့ပြောတာ ရှင်းပြီလား”

ဟူ၍ ရှင်းပြခဲ့ဖူး၏။

ဤကား စကားချပ်ဖြစ်၏။)

ထို့ပြင် ရှင်မထီးဆရာတော်ကြီး ၏ဆန္ဒမှာ မောင်ထွန်းမြိုင်အား အဂ္ဂိရတ် ပညာရပ်ကို ကောင်းစွာနားလည်တတ် ကျွမ်းစေလိုသ၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်ထံ မကြာခဏ ကြွလာ တတ်ပြီး -

“ဒီမယ် မောင်ထွန်းမြိုင်၊ မင်းရဲ့ ပဌာန်းဆက်ကတော့ အင်း၊ စမလမ်းစဉ် ပဲ။ ဒါပေမယ့် ဝိဇ္ဇာခရေလမ်းစဉ်ကိုလိုက် တဲ့ပုဂ္ဂိုလ်ဆိုတာ တစ်ကြောင်းတည်းတစ် စွဲယဉ်နဲ့မရဘူးတော့မဟုတ်ဘူး။ မုန် သောက်မာတင် စွဲယဉ်စုံပညာရှင်ဆိုတာ ဝိဇ္ဇာပညာဝင်လမ်းစဉ်တွေအားလုံးတော့ ကျွမ်းကျင်ထားရမယ်ကွယ့်။ အထူးပြု ထားတာကတော့ တစ်ခုပေါ့ကွယ်။ အထူးသဖြင့် အဂ္ဂိရတ်ပညာရှင်ဖြစ်ဖို့ဆို တာကတော့ မလွယ်ဘူး။ ကျယ်လည်း ကျယ်ဝန်းတယ်၊ နက်လည်းနက်နဲတယ်။ တကယ့်ဆရာကောင်းနဲ့ မတွေ့မချင်း တော့ တလယ်လယ်ဖြစ်နေမှာပဲ။ အဲဒါ ကြောင့် ဝိဇ္ဇာခရေပညာရပ်တွေထဲမှာ အဂ္ဂိရတ်ပညာရပ်ဟာ လေ့လာခွင့်ရဖို့ လည်း မလွယ်ကူသလို နားလည်ဖို့လည်း မလွယ်ကူဘူး။ ဒါ့အပြင် ဘယ်ဝိဇ္ဇာခရေ လမ်းစဉ်ကိုလိုက်သည်ဖြစ်စေ အဂ္ဂိရတ် ပညာရပ်ကိုမတတ်မဖြစ်တတ်ထားသင့် တဲ့အကြောင်းတစ်ရပ်လည်းရှိသေးတယ်”

ဟု မိန့်ကြားပြီး ဆရာတော် ရှင်မထီးက စကားစကိုဖြတ်ထားလိုက် ၏။

ထိုအခါ စိတ်ဝင်တစားနှင့်နားစိုက်

www.burmeseclassic.com

www.burmeseclassic.com

ထောင်နေသော မောင်ထွန်းမြိုင်သည် သိလိုစိတ်ပြင်းပြလာသဖြင့် ဆရာတော်ကြီး စကားဆက်ပြောမည်ကိုပင်မစောင့်နိုင်တော့ဘဲ -

"ဆရာတော်ကြီးဘုရား၊ အဂ္ဂိရတ်ပညာရပ်ကို ဘာကြောင့်တတ်ထားသင့်တာလဲ ဘုရား"

"ဒီလိုကွယ့် မောင်ထွန်းမြိုင်ရဲ့။ ဝိဇ္ဇာဧရပညာရပ်ဆိုတာတွေကို လေ့လာကြည့်လိုက်။ အဂ္ဂိရတ်ပညာရဲ့အခြေခံကလည်း ဓာတ်လေးပါးဖြစ်သလို ကျန်တဲ့ အင်းပညာ၊ မန္တန်ပညာ၊ ဆေးပညာ စတဲ့ ပညာရပ်အားလုံးတာလည်း ဓာတ်လေးပါးကို အခြေခံရတာချည်းပဲကွယ့်။ အဲဒီ ဓာတ်လေးပါးဆိုတာလည်း အချုပ်ကတော့ ဓာတ်ပဲပေါ့ကွယ်။ အင်းပညာဆိုလည်း ဓာတ်တွေပဲ။ ဥပမာဆိုပါတော့ စ-ခ-ဇ-ဝ ကိုပဲကြည့်။ စလုံးက ဝါယောဓာတ်၊ ခအောက်ခြိုက်က တေဇောဓာတ်၊ ဇထက်ခြိုက်က ပထဝီဓာတ်၊ ဝလုံးက အာပေါဓာတ်တွေပဲပေါ့။ နောက် ဋ္ဌ၊ ဿ၊ ည၊ က ကိုကြည့် ဋ္ဌက တေဇောဓာတ်၊ သက အာပေါဓာတ်၊ ညက ဝါယောဓာတ်၊ ကက ပထဝီဓာတ်တွေပဲ။ မန္တန်ဆိုလည်း ဓာတ်လေးပါးရဲ့ သတ်မှတ်တဲ့ အခေါက်အရေအတွက်အတိုင်းပြည့်မီအောင်ရွတ်ရတာပဲမဟုတ်လား။ ဆေးပညာဆိုလည်း ဓာတ်တွေရဲ့အရေးပါမှုက ပိုပြီးတော့တောင်ထင်ရှားသေးတယ်မဟုတ်လား"

ဟု ဆရာတော်ကြီးက မေးလိုက်သောအခါ -

"ဟုတ်ပါတယ် ဘုရား။ ဓာတ်လေးပါးက အရေးကြီးမှန်းတော့ သိပါတယ်။ ဒါပေမယ့် အဲဒီဓာတ်လေးပါးကို သိရမှာချင်းအတူတူမှာ အဂ္ဂိရတ်က ဘာကြောင့် ပိုပြီးသိထားသင့်တာလဲ ဘုရား"

"အေး - အဲဒီကိစ္စကိုပြောပြချင်လို့ပဲ။ ဥပမာ ကိုယ်အသုံးပြုတဲ့ ဓာတ်တစ်ခုရဲ့အကြောင်းကို သိချင်တယ်ဆိုပါတော့။ ဒီနေရာမှာ သိချင်တယ်ဆိုတာထက် အဲဒီဓာတ်ရဲ့အကြောင်းရင်းဇာစ်မြစ်ကို အသေအချာသိကိုသိရမယ်။ အပေါ်ယံ မျက်စိအမြင်၊ နားအကြား၊ နှာခေါင်းအနံ့၊ လျှာအရသာ၊ ကိုယ်အထိအတွေ့ စတာတွေလောက်နဲ့ ခိုင်မာပြီ၊ သေချာပြီလို့ ဘယ်တော့မှ အပြီးအပြတ်ဆုံးဖြတ်ဖို့ဆိုတာမဖြစ်နိုင်ဘူးကွယ့် ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"ဒါဆို မိမိလိုအပ်သော၊ လွှေးချယ်သောဓာတ် အမှန်တကယ်ဟုတ်၊ မဟုတ် အတည်ပြုဖို့လိုလာပြီမဟုတ်လား။ အဲဒီတော့ မန္တန်ဆိုလည်းမိမိဦးတည်တဲ့ဓာတ်ဟုတ်၊ မဟုတ်သိရအောင် လန့်နှစ်နဲ့ခြီပြီး ရွတ်ကြည့်ရမယ်။အင်းပညာဆိုရင်လည်း အသုံးပြုတဲ့ဓာတ် ဟုတ်၊ မဟုတ် အချိန်တော်တော်ကြာအောင် စောင့်ရမယ်။ နောက်တစ်ခု က ဆေးပညာပဲ။ လူနာကို စမ်းပြီးတိုက်ကြည့်ရမယ်၊ ကုကြည့်ရမယ် သဘောဖြစ်နေတယ်။ အဲဒီမှာ ရောဂါရဲ့လိုအပ်တဲ့ဓာတ်နဲ့ ကိုယ်လိုအပ်လို့ထည့်လိုက်တဲ့ဓာတ်က ကွက်တိမှန်နေရင် တော်သေးတယ်။ အဲ - လွဲချော်သွားပြီဆိုလို့ကတော့ လူနာအတွက် ဒုက္ခဖြစ်ပြီ။ ဒီနေရာမှာ ဒုက္ခဖြစ်ပြီဆိုတာ လူနာအတွက် အသက်အန္တရာယ်မရှိဘူးဆိုရင်တောင် မလိုလားအုပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေတော့ရှိလာတော့မှာပဲလေ။ ဒီလိုဆိုတော့ အဂ္ဂိရတ်က ဒီနေရာမှာ အားသာသွားပြီ။ လိုတဲ့ဓာတ်ကို ဖိုထဲထည့်ထိုးကြည့်လိုက်ရုံပဲ။ ဟုတ်၊ မဟုတ် ချက်ချင်း အဖြေထွက်လာလိမ့်မယ်။ ဟုတ်ရင်တော့ ပြီးပြေပေါ့။ အဲ - မဟုတ်ရင်လည်း လူနာတွေရဲ့ အသက်တွေ အပါအဝင် ဘာမှကြိုးကြိုးကျယ်ကျယ် ထိခိုက်စရာမရှိနိုင်ဘူးလေ။ သဘောပေါက်ပြီလား မောင်ထွန်းမြိုင်"

"ဟုတ်ကဲ့ - ခုတော့ ဘယ်သူမဆို ဓာတ်ပညာကိုသိထားသင့်တယ်ဆိုတာ ရှင်းသွားပါပြီ။ ဒါကြောင့် ကျွန်တော် နယ်ကဘုန်းကြီးကျောင်းမှာနေတုန်းက ဆရာတော်ခင်ကြီးဖျော်ရဲ့ အာဒီကပ္ပဒွါဒသိန်ကျမ်းကို သင်ဖူးပါတယ်။ ဒါကြောင့်ဖြစ်ပါလိမ့်မယ်။ အဲဒီထဲမှာ ဆရာတော်ခင်ကြီးဖျော်က ဘယ်လိုမိန့်ထားသလဲဆိုတော့ လုပ်ရတ်မကျွမ်းသူနာခန်းမလှမ်းပါနဲ့ဦးလို့ အသေအချာမှာထားတာတွေ့တယ်ဘုရား"

"ဟုတ်တာပေါ့ မောင်ထွန်းမြိုင်ရယ်အမှန်ဆုံးပေါ့။ ဓာတ်တွေရဲ့သဘောကို အဂ္ဂိရတ်ပညာနဲ့ အရင်ဆုံးသိအောင် လုပ်ပြီးမှ လူနာတွေကို ကုသခြင်းပြုတာဟာ အသင့်လျော်ဆုံးနဲ့ ဘေးအန္တရာယ်အကင်းဆုံးပဲ။ ဒါကြောင့် လုပ်ရတ်ပညာကို ဝိဇ္ဇာဧရပညာလမ်းစဉ်လိုက်စားသူတိုင်းသိသင့်တယ်လို့ ပြောတာပေါ့"

"သဘောပေါက်ပါပြီ ဘုရား။ ဒါကြောင့် တပည့်တော်ကို အဂ္ဂိရတ်ပညာရဲ့အခြေခံတွေကိုလည်း နှိုးနှိုးနည်းပါးပါးလောက် မိန့်ပါဦးဘုရား"

"ဒီလို မောင်ထွန်းမြိုင်ရဲ့။ တို့ရဲ့ အဂ္ဂိရတ်ပညာက တကယ် လေ့လာတော်တော်စိတ်ဝင်စားဖို့ကောင်းထားကွယ်။ ဓာတ်တွေရဲ့အမည်တွေကိုထားတာတောင် သတ္တဝါတွေရဲ့အမည်တွေနဲ့ယှဉ်တွဲပြီး ပေးထားတယ်။ နောက်ပြီး သတ္တဝါတွေရဲ့ စရိုက်နဲ့ ဓာတ်တွေရဲ့ စရိုက် ချိန်ကိုက်ပြီး သုံးထားတာကို စင်တွေ့ရလိမ့်မကွယ့်။ ဥပမာဆိုပါတော့ ကွာ တနင်္ဂနွေဆိုရင် ဘယ်လိုဓာတ်ပါသလဲဆိုတော့ နာရယ်၊ ခဲပုပ်ရသလွဲမည်းရယ်၊ ဆားရယ်ပါတယ်။ ဒါကြောင့် ဒီဓာတ်တွေ ဂဠုန်ရဲ့ဓာတ်ဆိုပြီး သင်္ကေတပြုထားတယ်။ ဒီလိုပဲ တနင်္လာမှာဆို ကြွပ်ပဲ။ အဲဒါကို ကျားနဲ့သင်္ကေတပြုထားတယ်။ အင်္ဂါဆိုရင် သံပဲ။ အဲဒါကို ခြင်္သေ့နဲ့ သင်္ကေတပြုထားတယ်။ ဗုဒ္ဓဟူးမှာဆို ဘဉ်၊ သလွဲဖြူ။ ခဲမပြူးပေါ့တယ်။ သင်္ကေတအနေနဲ့ စွယ်စုံဆင်ဆိုပြီးပြတယ်။ ကြာသပတေးဆို ပြဒါး (နဂါးနို့ရည်) ပဲ။ ကြွက်နဲ့ သင်္ကေတပြုထားတယ်။ သောကြာဆို သွပ်ပဲ။ ပူးဆင်နဲ့ သင်္ကေတပြုထားတယ်။ စနေကြေးနီ ဒန်ပဲ။ ရေနဂါးမင်းနဲ့ သင်္ကေတပြုထားတယ်။ ရာဟုကတော့ ဘော်၊ သင်္ကေတကတော့ ဆင်အစွယ်မပါ ဟိုင်းဆင်ပဲပေါ့။ အဲဒါတွေကို ရှုပ်ဓာတ်တွေ လို့ခေါ်တယ်။ အခုပြောခဲ့တာ (၈) ခုရှိတယ်။ အဲဒီထဲမှာ ကိတ် (ရွှေ) ကို ထပ်တည့်ရင် (၉) ခုဖြစ်သွားမယ်။ ဒါကြောင့် ရှုပ်ဓာတ်စုစုပေါင်း (၉) ခုပဲတယ်။ အဲဒါတွေပြီးတော့ ကျန်တာနာမ်ဓာတ်တွေပဲကွယ့်"

ဟု ရှင်းပြလေ၏။

"ဆရာတော်ဘုရား၊ ရှင်းလင်းစွာ အဲဒီနာမ်ဓာတ်ဆိုတာတွေကိုလည်းဆက်မိန့်ပါဦးဘုရား"

"အေးပါ-ဟုတ်ပါပြီ၊ ဆက်ပြောမယ်ကွယ်။ မင်းအနေနဲ့ အဂ္ဂိရတ်ပညာကို စိတ်ဝင်စားလာတဲ့အတွက် ငါမြောက်လှတယ်ကွယ်။ သေသေချာချာမှတ်ထားပေတော့။ နာမ်ဓာတ်တွေသေသေချာချာ တွက်စစ်ကြည့်လိုက်ရင် (၂၄) ပါးတောင်ရှိတာကလားတွေ့။ အဲဒီနာမ်ဓာတ်တွေကို တစ်နည်းအားဖြင့် အာကာသဓာတ်လည်းခေါ်ကြတယ်။ အဲဒီဓာတ်တွေကတော့ -

၁။ ယမ်းစိမ်း
၂။ ကျောက်ချဉ်
၃။ လက်ချား
၄။ ကျောက်မြင်းသီလာ

www.burmeseclassic.com

www.burmeseclassic.com

ဆေးဒန်းမြင်းသီလာ
ပါဒဒုတ္ထာ
ဒုတ္ထာငယ်
ဟင်းရိုင်းဖြူ
ဟင်းရိုင်းနု
ထန်းသားဟင်းရိုင်း
ဆေးဒန်းရွှေဝါ
ကျောက်ဆေးဒန်း
စိန်နီကြက်တူရွေးနှုတ်သီး
စိန်နီမြင်းသွား
စိန်ဖြူဆင်ဦးနှောက်
ထန်းသားကန့်
ကန့်ဝါကြမ်း
ဆား
ဇဝက်သာ
သိန္ဓော
ပရုတ်
ဆပ်ပြာ
ထုံး

ပြဒါးရည်တွေပဲ ဖြစ်တယ်ကွယ့်။ အဲဒီထဲမှာ ပြဒါးက ရုပ်ထဲမှာရော စိမ်ထဲမှာပါ အသွင်နှစ်ခုစလုံးကို ယူသုံးတယ်ကွယ့်။ ဒီအာကာသဓာတ်တွေတွေ့မှာတော့ အနုဆုံးဓာတ်တွေကတော့ ဆက်သာတို့၊ ကန့်တို့တွေပဲ"

ဟု ရှည်လျားစွာ ရှင်းပြလေ၏။

ထိုအခါ မောင်ထွန်းမြိုင်က ဆရာတော်အား အသေအချာမေးလျှောက်လိုက်ပြီး -

"အရှင်ဘုရားနဲ့ တပည့်တော်ကားပြောရင်းနဲ့ အရှင်ဘုရားနဲ့ ဆက်သက်ပြီး တပည့်တော်ရဲ့စိတ်ထဲမှာ သိရှိနားလည်ဖြစ်ပြီးခံစားလာရသလိုပဲ"

"ဘယ်လိုများဖြစ်လို့တုံး၊ ဆိုစမ်းဦး"

"ခံစားမိတာက ဒီလိုပါ ဘုရား။ အရှင်ဘုရားနဲ့ တပည့်တော်တို့ဟာ ဘဝခြိုးနှုန်းတည်းက အတော်ကြီး ရင်းရင်းနှီးနှီးနဲ့ ထဲထဲဝင်ဝင်ခံစားချက်မျိုးခံစားလာရသလိုမျိုးဖြစ်လာလို့ပါဘုရား"

"အေး - ဟုတ်တယ်၊ မင်းနဲ့ငါဟာ ဘဝချောစွာမှာ ရင်းနှီးခဲ့ကြတာမှ တော်ရုံတုတ်ဘူး။ တကယ့်မှကို တကယ်ပဲ ဆက်ပွန်းတတီးရှိခဲ့ကြတဲ့ ပဌာန်းဆက်ဖြစ်ပါပဲကွယ့်။ ပဌာန်းဆက်က ဘယ်လောက်ထိအောင်လဲဆိုရင် အတူတူတွဲတဲ့ ဘုရားတွေတည်ခဲ့ကြတာလည်း များသားဘူး"

"ဟုတ်လား။ ဘုရားတပည့်တော်တို့ ဘုရားတွေအတူတူတည်ခဲ့ကြတယ်။ ဘယ်နှစ်ဆူလိုက်တာနော်။ သြော် - ဒါနဲ့ အရှင်ဘုရား၊ ဘုရားတည်တယ်ဆိုစာ ဘယ်လိုသဘောတရား ဒါမှမဟုတ် ဘယ်လိုအထိမ်းအမှတ်မျိုးနဲ့တည်တာ ပါလဲဘုရား"

"မင်းကလည်း တကယ့်ပုဂ္ဂိုလ်ပါပဲ။ အရေးအကြီးဆုံးကိုမှ မေးတတ်လိုက်တာ။ ငါကလည်း မင်းကို ဒီကိစ္စနဲ့ ပတ်သက်ပြီးပြောချင်နေတာနဲ့ အတော်ပဲ။ ဒီနေရာမှာ ဘုရားတည်တဲ့ အထိမ်းအမှတ်ကတော့ မင်းလည်းသိပြီးဖြစ်မှာပါ။ ပုဒ္ဓဘုရားရှင်ကို ရည်ရွယ်ပြီး ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ အနေနဲ့ ပူဇော်ဖို့ရာ တည်တာပဲကွယ့်။ အဲဒီမှာ ဓာတုစေတီဆိုတာက ဘုရားရဲ့ ဌာပနာတိုက်ထဲမှာ ဓာတ်တော်မွေတော်တွေကို ဌာပနာပြီးတည်တာပဲ။ နောက် ဥဒ္ဒိဿစေတီဆိုတာက- ရည်ရွယ်မျှော်မှန်းပြီးတည်တာ။ သာသနာထွန်းကားဖို့တို့၊ အေးချမ်းသာယာဖို့တို့ဖြစ်စေဖို့နဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတွေကို ရည်ရွယ်ပြီးတည်တာပဲ။ပရိဘောဂစေတီဆိုတာ ဘုရားရှင်ရဲ့ ရေစစ်တော်တို့၊ ခါးပန်းကြိုးတို့၊ တောင်ဝှေးတော်တို့၊ ရေသနုပ်တော်တို့စတာတွေကိုရည်ရွယ်ပြီး တည်တာပဲ။ နောက်တစ်ခုက ဘုရားတည်တဲ့သဘောတရားကိုမေးထားတာရှိတယ်။ အဲဒီကိစ္စက အရေးကြီးတယ်"

"ဘုရားတည်တဲ့သဘောတရားက အရေးကြီးတယ် ဟုတ်လားဘုရား၊ မိန့်ပါဦးဘုရား"

"ဒီလိုကွယ့်၊ ဘုရားတည်တယ်ဆိုတာ လောကီပညာရပ်တွေပေါ် အခြေခံယူပြီး ဝိမုတ္တိလို့ခေါ်တဲ့ လွတ်မြောက်မှုကို ရယူလိုတဲ့သဘောတရားပဲကွယ့်"

"လောကီပညာရပ်တွေပေါ် အခြေခံပြီး ဝိမုတ္တိကိုသွားတဲ့ သဘောတရားက ဘုရားတည်တဲ့သဘောတရားဟုတ်လား ဘုရား။ တပည့်တော် နားလည်အောင် ထပ်ရှင်းပြပါဘုရား"

"ဒီလိုကွယ့် မောင်ထွန်းမြိုင်ရဲ့။ ဝိမုတ္တိဆိုတာက လောကုတ္တရာကို ဆိုလိုတာပဲ။ လောကုတ္တရာ ဆိုတဲ့ ဝိမုတ္တိကို သွားဖို့အတွက် လောကီကိုပဲ အခြေခံရတယ်။ အဲဒီမှာ လောကီပညာဆိုတာ ဝိဇ္ဇာဓရပညာကိုပြောတာ။အဲဒီမှာဘုရားတည်တယ်ဆိုတာ ဓာတ်လေးပါးပြည့်စုံရမယ်ဆိုတာ ပထမဦးဆုံး ပထဝီဓာတ်က စရမယ်၊ အဲ - အခြေခံရမယ်၊ နောက် သူအပေါ်က အာပေါဓာတ်ကို ကိုယ်စားပြုရမယ်။ အဲဒီအာပေါဓာတ် အပေါ်က နေပြီး တေဇောဓာတ်ပေါ့။ နောက် အပေါ်ဆုံးမှာ ဝါယောဓာတ်ပေါ့ကွယ်။ အဲဒီဓာတ်လေးပါးကို သင်္ကေတနဲ့ဖော်ပြမယ်ဆိုရင် ပထဝီဓာတ်ကို ထောင့်မှန်စတုဂံပုံနဲ့ဖော်ပြတယ်။ အာပေါဓာတ်ကို တော့စတုရန်းပုံနဲ့ဖော်ပြတယ်။ တေဇောဓာတ်ကိုတော့ စက်ဝိုင်းပုံနဲ့ပေါ့ကွယ်။ နောက် အဲဒီတေဇောဓာတ်ရဲ့ အပေါ်မှာတော့ ဝါယောဓာတ်ကို တြိဂံပုံနဲ့ပေါ့ကွယ်။အသီးသီးသင်္ကေတပြုထားတယ်။ ဒါကြောင့် ပထဝီထောင့်မှန်စတုဂံဆိုတာက စေတီတစ်ဆူရဲ့ အောက်ခံအုတ်မြစ်ပန္နက်တော်၊ ပစ္စယာသုံးဆင့် စတာတွေပဲပေါ့။ သူ့အပေါ်က အာပေါစတုရန်းဆိုတာက ခေါင်းလောင်း (သပိတ်မှောက်)နဲ့ ဖောင်းရစ်တွေပဲပေါ့။ သူ့အပေါ်က တေဇောစက်ဝိုင်းပုံဆိုတာ အထက်ဌာပနာတိုက်တို့ ရွှဲသီးတို့၊ ကြာမှော်တ်၊ ကြာလန်တွေပဲပေါ့။ သူ့အပေါ်မှာက ဝါယောတြိဂံဆိုတာက ငှက်ပျောဖူးတို့၊ ပိန္နဲ့တိုင်တို့၊ ထီတော်တို့၊ ငှက်မြတ်နားတို့ ဆိုတာတွေပဲပေါ့။ ဒါတွေက လောကီအစီအရင် ဝိဇ္ဇာဓရပညာရပ်တွေဆိုပေမယ့်လည်း ချုပ်လိုက်ရင် ဓာတ်လေးပါးပဲမဟုတ်လား။ ဒါကြောင့် ဘုရားစေတီတော်ဆိုတဲ့ သဘောတရားမှာ ဓာတ်လေးပါးရဲ့စွမ်းအားတွေ၊ အဲဒီဓာတ်လေးပါးဆိုင်ရာ သင်္ကေတတွေရဲ့အစွမ်းသတ္တိတွေနဲ့ ဘုရားရှင်တို့ရဲ့ ဓာတ်တော်မွေတော်တွေရဲ့ တန်ခိုးစွမ်းအင်တွေ ပေါင်းထားတာပဲမဟုတ်လား"

ဟု ဆရာတော်က ရှည်လျားစွာ ရှင်းပြလေ၏။

ထို့နောက် စကားကို ခေတ္တမျှ ဖြတ်ထားပြီး မောင်ထွန်းမြိုင်၏မျက်နှာကို အသေအချာကြည့်ကာ အကဲခတ်လိုက်၏။ ထိုအခါ မောင်ထွန်းမြိုင်သည် ဆရာတော်မိန့်ခဲ့သမျှကို ခေတ္တမျှတွေ့၍ တစ်ချက်စဉ်းစားလိုက်ပြီး -

"ဒါဆို ဒါဆို ဘုရားတည်တဲ့ နေရာမှာလည်း ဓာတ်လေးပါးက အရေးပါတာပဲလားဘုရား။ တော်တော်အံ့သြဖို့ကောင်းတာပဲနော်။ စဉ်းစားလေကျယ်လေပါဗဲနော်"

"ဟုတ်တာပေါ့ မောင်ထွန်းမြိုင်ရယ်။ ဓာတ်လေးပါးက အခရာပဲ။ အဆုံးအဖြတ်ပြုတဲ့အရာလည်း ဖြစ်တယ်။ ဓာတ်လေးပါးကို ဝိဇ္ဇာရေထွက်ရပ်ပေါက်ဖွဲ့လမ်းစဉ်မှာလည်းသုံးသလို လောကုတ္တရာဝိမုတ္တိဆိုင်ရာမှာလည်းသုံးတယ်ကွယ့်။ ပြီးတော့ ဓာတ်လေးပါးကိုလည်း ကုန်

www.burmeseclassic.com

www.burmeseclassic.com

ဌာန်းလုပ်ငန်းမှာ ပထဝီကသိုက်၊ အာပေါကသိုက်၊ တေဇောတသိုက်၊ ဝါယောကသိုက်ဆိုပြီး အဓိကလမ်းစဉ် အဖြစ် သုံးသေးတယ်ကွယ့်။ ဒါကြောင့် ဓာတ်လေးပါးရဲ့အသုံးကတော့ ကျယ်ပြန့်တယ်။ ကမ္ဘာစကြဝဠာလုံးဆိုင်ရာ သဘောတရားပဲ။ တစ်နည်းပြောရရင် တော့ လောကလုံးဆိုင်ရာသဘောတရား ပဲ"

"ဒီလိုဆိုရင် ဓာတ်လေးပါးကို ပဓာနသုံးရတဲ့ အကြောင်းရင်းက ဘာပါလဲဘုရား"

"မောင်ထွန်းမြိုင်ကတော့ တကယ်ပါပဲ။ လက်ရင်းကျကျမို့မေးတတ်လိုက်တာ။ ဒီလိုကွယ့် ဓာတ်လေးပါးကို သုံးတယ်ဆိုတဲ့ အကြောင်းအရင်းတွေမှာ ပဓာနကျတဲ့အကြောင်းအရင်းကတော့ ဖောင်သဘောအဖြစ်သုံးတယ်လို့ဆိုရင် ပိုပြီးတော့နားလည်လွယ်မယ်ထင်တယ်။ ဖောင်ဆိုတာ ဤမှာဖက်ကမ်းမှ ဟိုမှာ ဘက်ကမ်းကို ကူးဖို့ပဲမဟုတ်လား"

"မှန်ပါ့ ဘုရား"

"တို့ရဲ့အင်္ဂါရုတ်လမ်းစဉ်နဲ့ယှဉ်ပြီး ပြောမယ်။ တို့လမ်းစဉ်မှာ ဓာတ်လေးပါးနဲ့ဆိုင်တဲ့ ဓာတ်တွေကိုစုပြီး ဓာတ်တည်တယ်။ နောက်အင်္ဂါရုတ်ပညာနဲ့ဆက်တိုးသွားရင် တစ်ချိန်မှာ အဲဒီဓာတ်လုံးဟာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောစတဲ့ ဓာတ် (၄) ပါးစလုံး ပြည့်စုံကုံလုံပြီးမြောက်သွားတဲ့အခြေအနေမှာ ဓာတ်တစ်ပါးချင်းစီရဲ့ လက္ခဏာ၊ ရသပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဆိုတဲ့ သမုဋ္ဌာန်တွေအားလုံး ပျောက်သွားတယ်။ အဲဒီအခြေအနေကို နားလည်အောင်ပြောရရင် အာကာသ အခြေအနေလို့ပဲပြောရမယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အင်္ဂါရုတ်ကျမ်းမှာဆိုထားတာကို ပြောပြမယ်"

"မှန်ပါ့ ဘုရား၊ စိတ်ဝင်စားပါတယ်ဘုရား။ ဆက်ပြီးမိန့်ပါဦးဘုရား"

"ကျမ်းထဲမှာ ဘယ်ဆိုထားသလဲဆိုတော့ 'ရုပ်အဋ္ဌနှင့် ဘုတ်ကလေးလီနာမ်မိုဒ်ကပ် ထိုနှစ်ရပ်ကို လိုအပ်အရင်းနာမ်ရုပ်စင်း၍ အချင်းတူစွ မယွင်းရအောင် နာမ်ယူဆောင်၍ ရုပ်ကောင်လေးပါး နီဗ္ဗာန်လားသည် နာမ်ရုပ်ပီမှ နီဗ္ဗာန...' လို့ဆိုထားတယ်ကွယ့်။ ငါ့ရဲ့ ဓာတ်လမ်းကတော့ 'ခြင်္သေ့နှင့်ကျား ပေါင်းခါထား ကြွက်နှင့် ဟိုင်းမင်းအတူ သွင်းဟု ဆိုခြင်းလင်္ကာ အရင်းရှာ၍ ဖြေရှင်းအံ့' ဓာတ်အမည်နှင့် နာမ်တည် ရုပ်ဖက် ထိုအချက်ကို နက်နက်နဲနဲ ဦးကာဖွဲ့၍ မလွဲစေရန် စည်းကမ်းမှန်နှင့် တည်ရန်အစ ခြင်္သေ့ပြသည် မင်္ဂကိုအဋ္ဌ ခြင်္သေ့ရဟု...' ဆိုထားတည်လေ။ ဒါကြောင့် ဓာတ်လုံးတစ်လုံးတည်းမို့ ရုပ်တွေနာမ်တွေ၊ အဖိုအမတွေ၊ ဓာတ်လေးပါးတွေအားလုံးကို အသေအချာ စဉ်းစားတွက်ချက်ပြီးမှဖြစ်မယ်"

"ဩော် - ဒါနဲ့ အရှင်ဘုရား၊ စောစောက အရှင်ဘုရားမိန့်သွားတဲ့ အထဲမှာပါတယ်။ အင်္ဂါရုတ်ပညာဆိုတာ သင်္ကေတတွေနဲ့အဓိပ္ပာယ်ဖော်သွားတယ်ဆိုတာလေ။ ကျွန်တော်က အဲဒီသင်္ကေတတွေမှာပါတဲ့ ကျားတို့၊ ခြင်္သေ့တို့၊ ဂဠုန်တို့၊ နဂါးတို့ စတာတွေကို စိတ်ဝင်စားတယ်။ အဲဒါတွေကကော တကယ်ပဲ အသုံးတွင်ကျယ်ရဲ့လား ဘုရား"

"ဒီသင်္ကေတတွေက သိပ်အသုံးဝင်တာပေါ့ကွယ်။ အသုံးဘယ်လောက်တွင်ကျယ်တယ်၊ မတွင်ကျယ်ဘူးသိရအောင် လာ-မောင်ထွန်းမြိုင်၊ လက်တွေ့ပြမယ်"

ဟု မိန့်ပြီးနောက် ရှင်မထီးဆရာတော်ကြီးသည် မောင်ထွန်းမြိုင်အား ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ဘက်ဆီသို့ ခေါ်ဆောင်သွားလေ၏။ ထိုသို့ ရင်ပြင်တော်ပေါ် လမ်းလျှောက်ရင်း ရာဟုထောင့်ဂြိုဟ်တိုင်အနီးသို့ ရောက်ရောက်သောအခါ ရှင်မထီးဆရာတော်က တစ်စုံတစ်ခုကို လက်ညှိုးညွှန်ပြပြီး -

"မောင်ထွန်းမြိုင် ဟိုးကတွေ့ရတဲ့ ရုပ်ပုံတွေကဘာပုံတွေလဲတွေ့လားကွယ့်"

"ဘယ်ပုံတွေကိုပြောတာလဲဘုရား"

"ဟိုလေကွယ်၊ ဆီမီးပူဇော်တဲ့စင်တွေနောက်ကပုံတွေကိုပြောတာ"

ဟု မိန့်လိုက်သောအခါတွင် မောင်ထွန်းမြိုင်သည် ပထမတော့ အမှုမဲ့အမှတ်မဲ့ကြည့်လိုက်၏။ နောက်မှ တစ်စုံတစ်ခုကို သတိရသဖြင့် အသေအချာကြည့်လေ၏။ ကြည့်ပြီးသောအခါတွင်မှ -

"ဩော် - တွေ့ပါပြီဘုရား။ ဟို အရုပ်တွေကိုပြောတာမဟုတ်လား။ နဂါးရဲ့အမြီးကို ခြင်္သေ့ကကိုက်ထားတာ မဟုတ်လား။ ဒါအင်္ဂါရုတ်သင်္ကေတတွေ မဟုတ်လား ဘုရား"

ဟု မေးလိုက်ရာ ဆရာတော်က ခေါင်းညိတ်ပြပြီး ဆက်လက်၍ မောင်ထွန်းမြိုင်အား တနင်္ဂနွေထောင့် ဘက်သို့ တစ်ဖန် ခေါ်ဆောင်သွားပြန်လေ၏။ တနင်္ဂနွေထောင့်သို့အရောက် တွင် ဆရာတော်သည် ဓမ္မစေတီဘုရား ဘက်သို့ချိုးဝင်သွား၍ မောင်ထွန်းမြိုင်လည်း လိုက်ဝင်သွားလိုက်၏။ ထို့နောက် ဆရာတော်နှင့် မောင်ထွန်းမြိုင်တို့သည် ဓမ္မစေတီဘုရားအား ရှိခိုးဝတ်ချပူဇော်လေ၏။ ပြီးလျှင် ရှင်မထီးဆရာတော်က ဓမ္မစေတီဘုရားအနီးရှိ ဘုရားရှေ့ရှိ ရုပ်တုများကို လှမ်းပြလေ၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"အရှင်ဘုရား ဟိုအရုပ်နှစ်မျိုးခြင်္သေ့ပုံနဲ့ ကျားပုံပဲမဟုတ်လား ဘုရား ဒီပုံတွေလည်း အင်္ဂါရုတ်သင်္ကေတပဲလား ဘုရား"

"ဟုတ်တယ်လေကွယ့်"

"ဒီဘုရားကိုတည်ခဲ့တဲ့ ဓမ္မစေတီမင်းဟာ အင်းပညာရပ်နဲ့ပဲ ထွက်ပေါက်ခဲ့တာမဟုတ်လား ဘုရား။ ဘယ်လိုကြောင့် ဒီဘုရားရဲ့ရှေ့မှာ အင်္ဂါရုတ်သင်္ကေတတွေရောက်နေတာလဲဘုရား"

ဟု မေးလိုက်သောအခါ ဆရာတော်က သဘောကျ နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး -

"ဓမ္မစေတီမင်းဟာ အင်းစမယ်ရပ်တွေနဲ့ ထွက်ရပ်ပေါက်ခဲ့တာ တယ်ကွယ့်။ ဒါပေမယ့် ဓမ္မစေတီဟာ အင်္ဂါရုတ်ပညာကိုလည်း အတော်ဝါသနာကြီးတယ်။ တော်တော်လည်း လိုက်စားတယ်။ နောက်ဆုံး အင်္ဂါရုတ်နဲ့ဆိုင်တဲ့ကိစ္စအတော်များများကိုပြီးခဲ့တယ်လို့လည်းဆိုရမယ်။ ကြောင့် သူတည်ခဲ့တဲ့ဘုရားမှာ အတွေကို ဌာပနာပြီး အပြင်ကတော့ အရတ်သင်္ကေတတွေကို အစောင့်အထားတဲ့သဘောပဲ"

"ဒါပေမယ့် ဘုရား၊ သူရဲ့အစောင့်ရုပ်က သာမန်အရုပ်တွေတော်ဘူး။ အင်္ဂါရုတ်သင်္ကေတတွေပဲ။ အင်္ဂါသင်္ကေတတွေထဲမှာမှ အရှင်ဘုရား တကယ်အင်္ဂါရုတ်လမ်းစဉ်သင်္ကေတပဲ မဟုတ်လား။ ဘာတဲ့ - ခြင်္သေ့နဲ့ အတူထား၊ ကြွက်နဲ့ဟိုင်းမင်း အတူပဲပေါ့"

ဟု ဆိုလိုက်သောအခါ ဆရာတော်သည် ကျေနပ်စွာပြုံးလိုက်နောက် ထိုတန်ဆောင်းအကြောင်းကို ထွက်ခွာခဲ့ကြလေ၏။

(ရွှေလဆက်ဖတ်ရန်)

ပထမံဆရာဦး

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ မွန်လအတွက်
ဓနသိဒ္ဓိနက္ခတ်မဂ်လာအခါတော်
ရှိန်းအောင်(ကမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လင်းဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းအခါသုံးပါး သိဒ္ဓိနက္ခတ်တို့၌ အဓိဌာန်ဘာဝနာပွားများခြင်း၊ အဓိဌာန်ပုတီးစိပ်ခြင်း၊ အဓိဌာန်မန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဿဝဏ်တော်ကြီး အပါအဝင် ဓနံလာဘံဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ပါလျှင် ကောင်းသော အကျိုးကျေးဇူးများ ခံစားရမည်မှာ ကေန်ဖြစ်ပါသည်။

၂၃-၆-၂၀၁၆ နေ့ ညဉ့် (၈း၅၃) နာရီခန့်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး ၂၄-၆-၂၀၁၆နေ့ (၈း၂၁၁၁) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်နေမည်ဖြစ်ကာ ၂၄-၆-၂၀၁၆ နေ့ ညဉ့် (၈း၅၂)နာရီခန့်တွင် ထွက်သွားသည် ဓနသိဒ္ဓိနက္ခတ်မှ စတွက်မည်ဖြစ်သည်။

နောက် (၂၃-၆-၀၁၆) နေ့ ညဉ့် (၂း၄၅၂၆)နာရီမှ (၂း၅၁၀း၃၇) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်ကို လင်းဖြတ်ကျော်ဖြတ်ပြီး (၂၄-၆-၂၀၁၆) နံနက် (၃း၁၆း၀၃)နာရီမှ (၄း၀၅း၀၃) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

	လင်းဖြတ်ကျော်ချိန်		မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်		
အိုင်	စဝင်ချိန်	စထွက်ချိန်	စဉ်	စဝင်ချိန်	စထွက်ချိန်
၁	၂၃း ၁၁း ၄၆	၂၃း ၁၇း ၅၉	၁။	၄း ၄၆း ၃၁	၅း ၃၆း ၃၀
၂	၂၃း ၀၇း ၅၀	၂၃း ၁၄း ၀၃	၂။	၄း ၄၂း ၃၅	၅း ၃၂း ၃၅
၃	၂၃း ၀၃း ၅၄	၂၃း ၁၀း ၀၇	၃။	၄း ၃၈း ၃၉	၅း ၂၈း ၃၉
၄	၂၃း ၀၀း ၅၈	၂၃း ၀၆း ၁၁	၄။	၄း ၃၄း ၄၃	၅း ၂၄း ၄၃
၅	၂၃း ၅၆း ၀၂	၂၃း ၀၂း ၁၅	၅။	၄း ၃၀း ၄၇	၅း ၂၀း ၄၇
၆	၂၃း ၅၂း ၀၆	၂၃း ၅၈း ၁၉	၆။	၄း ၂၆း ၅၁	၅း ၁၆း ၅၁
၇	၂၃း ၄၈း ၁၀	၂၃း ၅၄း ၂၃	၇။	၄း ၂၂း ၅၅	၅း ၁၂း ၅၅
၈	၂၃း ၄၄း ၁၄	၂၃း ၅၀း ၂၇	၈။	၄း ၁၈း ၅၉	၅း ၀၈း ၅၉
၉	၂၃း ၄၀း ၁၈	၂၃း ၄၆း ၃၀	၉။	၄း ၁၄း ၀၃	၅း ၀၄း ၀၃
၁၀	၂၃း ၃၆း ၂၂	၂၃း ၄၂း ၃၄	၁၀။	၄း ၁၀း ၀၇	၅း ၀၀း ၀၇
၁၁	၂၃း ၃၂း ၂၆	၂၃း ၃၈း ၃၉	၁၁။	၄း ၀၆း ၁၀	၄း ၅၆း ၁၀
၁၂	၂၃း ၂၈း ၃၀	၂၃း ၃၄း ၄၃	၁၂။	၄း ၀၂း ၁၄	၄း ၅၂း ၁၄
၁၃	၂၃း ၂၄း ၃၄	၂၃း ၃၀း ၄၇	၁၃။	၃း ၅၉း ၁၉	၄း ၄၉း ၁၉
၁၄	၂၃း ၂၀း ၃၈	၂၃း ၂၆း ၅၁	၁၄။	၃း ၅၅း ၂၃	၄း ၄၅း ၂၃
၁၅	၂၃း ၁၆း ၄၂	၂၃း ၂၂း ၅၅	၁၅။	၃း ၅၁း ၂၇	၄း ၄၁း ၂၇
၁၆	၂၃း ၁၂း ၄၆	၂၃း ၁၈း ၅၉	၁၆။	၃း ၄၇း ၃၀	၄း ၃၇း ၃၀
၁၇	၂၃း ၀၈း ၅၀	၂၃း ၁၄း ၀၃	၁၇။	၃း ၄၃း ၃၄	၄း ၃၃း ၃၄
၁၈	၂၃း ၀၄း ၅၄	၂၃း ၁၀း ၀၇	၁၈။	၃း ၃၉း ၃၉	၄း ၂၉း ၃၉
၁၉	၂၃း ၀၀း ၅၈	၂၃း ၀၆း ၁၁	၁၉။	၃း ၃၅း ၄၃	၄း ၂၅း ၄၃
၂၀	၂၂း ၅၇း ၀၄	၂၃း ၀၂း ၁၅	၂၀။	၃း ၃၁း ၄၇	၄း ၂၁း ၄၇
၂၁	၂၂း ၅၃း ၀၈	၂၂း ၅၈း ၁၉	၂၁။	၃း ၂၇း ၅၁	၄း ၁၇း ၅၁
၂၂	၂၂း ၄၉း ၁၂	၂၂း ၅၄း ၂၃	၂၂။	၃း ၂၃း ၅၅	၄း ၁၃း ၅၅
၂၃	၂၂း ၄၅း ၁၆	၂၂း ၅၀း ၂၇	၂၃။	၃း ၁၉း ၅၉	၄း ၀၉း ၅၉
၂၄	၂၂း ၄၁း ၂၀	၂၂း ၄၆း ၃၀	၂၄။	၃း ၁၅း ၀၃	၄း ၀၅း ၀၃
၂၅	၂၂း ၃၇း ၂၅	၂၂း ၄၂း ၃၄	၂၅။	၃း ၁၁း ၀၇	၄း ၀၁း ၀၇
၂၆	၂၂း ၃၃း ၂၉	၂၂း ၃၈း ၃၉	၂၆။	၃း ၀၇း ၁၀	၃း ၅၇း ၁၀
၂၇	၂၂း ၂၉း ၃၃	၂၂း ၃၄း ၄၃	၂၇။	၃း ၀၃း ၁၄	၃း ၅၃း ၁၄
၂၈	၂၂း ၂၅း ၃၇	၂၂း ၃၀း ၄၇	၂၈။	၂း ၅၉း ၁၉	၃း ၄၉း ၁၉
၂၉	၂၂း ၂၁း ၄၁	၂၂း ၂၆း ၅၁	၂၉။	၂း ၅၅း ၂၃	၃း ၄၅း ၂၃
၃၀	၂၂း ၁၇း ၄၄	၂၂း ၂၂း ၅၅	၃၀။	၂း ၅၁း ၂၆	၃း ၄၁း ၂၆

www.burmeseclassic.com

www.burmeseclassic.com



ပန်ထွာဘုရင်မကြီး၏သချိုင်းတွင် ဘိုးဘွားစဉ်ဆက်က ပြောစမှတ်ရှိလာသော စကားတစ်ခုရှိပါသည်။

လပြည့်၊ လကွယ်နေ့တိုင်းတွင် နဂါးမြွေကြီးတစ်ကောင် အမောက်ထောင်ပြီး သချိုင်းမြေနှင့်တကွ သရေခေတ္တရာမြို့ပျက်ကြီးကို ကာကွယ်စောင့်ရှောက်နေသည်ဆိုသည့်စကားပင် ဖြစ်သည်။ ဟုတ်သည်။ မကြာခဏတွေ့မြင်ရပါသော ထိုနဂါးမြွေကြီးသည် အဘယ်မည်သောအရပ်ကလာ၍ အဘယ်ကဲ့သို့သောအကြောင်းကြောင့် ဒီသရေခေတ္တရာနှင့် ပန်ထွာသချိုင်းမြေကို ကာကွယ်စောင့်ရှောက် ကာကွယ်နေပါသနည်း။ မိမိနှင့်တကွသော စာဖတ်သူများသိချင်ကြပေလိမ့်မည်။ သိရပါမည်။ ၎င်းနဂါးမြွေကြီးသည် အစပျိုးရာ ရာဇဝင်အထောက်အထားများအရ ပျူတို့၏ဖခင် ဒွတ္တဘောင်နှင့် ပျူတို့၏မိခင်ဟု စံထားရမည့် ပန်ထွာဘုရင်မတို့မှ စတင်ခဲ့ပေသည်။ ဇာတ်လမ်းကား ဤကဲ့သို့တည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

မနှင်းပွင့် (ဖြူ)

ပန်းတိမ်ပုရားသခင်ဘုရားမှ အတောင့်နဂါးမြို့ကြီး သိဂီစန္ဒာဒေဝီနဂါးမနှင့် နန်းတွင်းအန်စာတိုး



ဒီညသည်ကား လပြည့်နေ့တည်း။ အချိန်က ည၇်ဦးယံဟု ဆိုထိုက်သော ည (၁၂း၀၀) နာရီဝန်းကျင် ဖြစ်၏။ ထိုအချိန်တွင် သရေခေတ္တရာ၏ အရှေ့ဘက်မှ တဟီးဟီးရွှန်းရွှန်းရဲရဲဖြင့် အော်မြည်သံကို တစ်ခက်တစ်ချက်ကြားလိုက်ရသော မသက်ဆွေတစ်ယောက် နားကို စွင့်ပြီး နားထောင်နေမိပါသည်။ သူမ နေထိုင်သည်က တစ်ချိန်က ပျဉ်နိုင်ငံတော်၏မြို့တော် ရွှေဟောင်းသရေခေတ္တရာမြို့ကြီးတွင် တံခါး (၉) ပေါက်ရှိသည့် အနက် ရွှေတံခါးကွက်သစ်တွင်နေထိုင်ခြင်းဖြစ်သည်။

အဓိးရက ရွှေတံခါးကွက်သစ်ရိုက်ပေးခါစကဆိုလျှင် မည်သူမျှမနေရဲကြပေ။ မိသားစုနှင့် အေးအေးဆေးဆေးနှင့် ခြံစိုက်စားချင်သောသူများသာသွားရောက်နေထိုင်ကြသည်။ ထိုသူများထဲတွင် မသက်ဆွေတို့မိသားစုလည်း ပါဝင်ခဲ့ပါသည်။

မသက်ဆွေ၏ မိခင်နှင့် ဖခင်တို့သည် လပြည့်၊ လကွယ်နေ့တိုင်း ရွာဦးဘုန်းတော်ကြီးကျောင်းသို့ လှည်းဖြင့်သွားရောက်ပြီး ဆွေမျိုး ဘကြီးဘုန်းတော်ကြီး၏ ဝေယျာဝစ္စများကို ညှာအိပ်သွားရောက်လုပ်ကိုင်ပေး၍ အိမ်မှာမရှိကြပေ။ မသက်ဆွေ၏အိမ်တွင် သူမ၏အဘွားဖြစ်သူနှင့် သူမသာလျှင်ရှိနေသောအချိန်လည်းဖြစ်၏။

ထိုအချိန်တွင် သရေခေတ္တရာမြို့နိုးကြီးအရှေ့ဘက်မှ တရွှန်းရွှန်းတရဲရဲ အသံသည်လည်း သူမအိမ်နှင့် အတော်နီးလာသလိုခံစားရ၏။တစ်ဦးတစ်ယောက် ဒေါသဖြစ်နေ၍ အော်မြည်သံလိုလို၊ နောက်ပြီး ရှေ့မှ ရန်သူကိုမြင်၍ နောက်မှ အတင်းပြေးလိုက်သံလိုလိုထင်ရပါသောအသံများကိုကြားရ၏။ အိမ်ထဲတွင်လည်း အဘွားနှင့် သူမနှစ်ယောက်တည်း။ သူမတော်တော်လန့်သွားခဲ့သည်။ ဘာသံတွေလဲ။ ထို့နောက် အသံတို့ပြန်၍ငြိမ်သက်သွားပြန်ပါသည်။ သူမစူးစူးစိုက်စိုက်နားထောင်နေမိသည်။ သူမသည် အောက်ထပ်ကိုလည်း မဆင်းရဲပေ။ အောက်ထပ်တွင်ရှိသော သူမ၏အဘွားဖြစ်သူမှာ အိပ်မျော်နေသည်မှာ ဟောက်များပင်ဟောက်နေသေးသည်။

သူမ မနေနိုင်။ အသံနက်ကြီးက တဟီးဟီးဖြင့် မိမိ၏အိမ်နှင့် ပို၍ပို၍နီးလာပြီဟု ထင်မှတ်ရပါသည်။ သူမသည် စိတ်ထဲ၌ ချက်ချင်းဆုံးဖြတ်ချက်တစ်ခုကိုချလိုက်မိတော့ပါသည်။ ဖြစ်ချင်ရာဖြစ်ပါစေတော့ ဒီအသံနက်ကြီးသည်ကား မည်သူ၏အသံဖြစ်ပါသနည်း။သူမထ၍လာပြီး အပေါက်ကလေးမှကြည့်လိုက်ရာ ထိုအသံရှင်၏ပုံရိပ်ကို ထီးထီးမားမားကြီး မြင်လိုက်ရပါတော့၏။

အင်မတန်ကြီးမားသော မွေကြီး (သို့) နဂါးမွေကြီးတစ်ကောင်ပင် ဖြစ်ပါတော့သည်။

ထိုနဂါးမွေကြီးကား မည်သည့်ရန်သူကိုရှာနေသည်မသိပေ။ တွန့်လိမ်ကောက်ကွေးလိုက်၊ ဆန့်လိုက်၊ တစ်ခါလွှားခနဲခုန်လိုက်၊ အရှေ့ဘက်သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com

ရှိပါက တစ်ဖန်ပြန်ပြီး အနောက်ဘက်သို့ ပြန်လှည့်လာလိုက်လုပ်နေပြန်သည်။ သူမနေထိုင်ရာအိမ်ရှေ့သို့ ခေါက်တုံ့ခေါက်ပြန်လုပ်နေသည်မှာ (၃) ခေါက်လောက်ပင်ရှိပေရော့မည်။ ထိုနဂါးမြွေကြီးသည် မည်သည့်အတွက် ဒေါသမုန်တိုင်းထနေသည် မသိပေ။

နဂါးမြွေကြီးဟု သူမတင်စားခေါ်ဝေါ်လိုက်သည်မှာ အကြောင်းရှိသည်။ မြွေပုံစံ အလျားရှည်သည်။ ကြေးနီရောင်၊ ကြေးစိမ်းရောင်အကွက်များပါရှိသည်။ ထိုမျှသာမကသေးပါ ဦးခေါင်းတွင် အမောက်သဏ္ဌာန်ပါရှိသည်။ ထို အမောက်၏အောက်မှ မျက်လုံးနှစ်လုံးသည်ကား မီးဝင်းဝင်းတောက်လျက် အနေအထားများကို တွေ့ရပေသည်။

တရှူးရှူးနှင့် ဒေါသမုန်တိုင်းထန်နေသည်မှာ သနားစရာပင်ကောင်းနေသေးတော့သည်။ လရောင်၏အောက်တွင် လင်းခနဲတွေ့လိုက်ပြီးနောက် ပျောက်သွားလိုက်၊ နောက်ပြန်ပေါ်လာလိုက်နှင့် ထိုနဂါးမြွေကြီးမှာ တစ်ခုခုကို ရှာဖွေလျက်ရှိနေသည်မှာ သေချာလှပါသည်။

သူမ စိတ်ကို တည်ငြိမ်စွာထားလိုက်သည်။ ပြီးမှ အောက်ထပ်ကို ခြေဖွဖွနင်းပြီး သူမ၏အဘွား၏ခြင်ထောင်ထဲသို့ ချက်ချင်းဝင်ရောက်ကာ သူမ၏အဘွားကို လှုပ်နိုးလိုက်ပါသည်။ သူမ၏အဘွားသည် လန့်နိုးလာကာ -

"ဘာ . . . ဘာဖြစ်လို့လဲ မြေးလေး"

ဟု မေးလိုက်ရာ ညဉ့်နက်နေပြီမို့ အသံတို့သည် ဟိန်းထွက်၍လာပါတော့၏။ ပြီးမှ သူမသည် အဘွား၏ပါးစပ်ကို လက်ဖြင့် လှမ်းပိတ်ထားပြီး -

"အဘွား၊ အဘွား အပေါ်ထပ်ကို ခဏလိုက်ခဲ့ပါ"

ဟု ပြောလိုက်ရာ သူမ၏အဘွား လုပ်သူမှ သူမကိုကြောင်ပြီးကြည့်နေပါတော့သည်။ ပြီးမှ သူမကဆက်၍ -

"သမီးထူးဆန်းတာပြချင်လို့ပါ"

ဟု ပြောလိုက်သောအခါ အဘွား လုပ်သူမှ -

"ဘာထူးဆန်းတာလဲ မြေးရဲ့၊ အပေါ်ထပ်ကို မတက်ပါရစေနဲ့ကွယ်"

ဟု ပြောလိုက်သော အဘွား၏ စကားမဆုံးသေးခင်မှာဘဲ သူမက -

"လမ်းမပေါ်မှာ နဂါးမြွေကြီးလိုကောင်မျိုး တွေ့ရလို့ပါအဘွားရာ။ သမီးကြောက်လည်းကြောက်တယ်၊ ပြီးတော့ ကြည့်လည်းကြည့်ချင်တယ်။ တက်ကြည့်ရအောင်လာပါ"

ဟု သူမမှ ထပ်၍ခေါ်လိုက်သော အခါတွင် အဘွားထံမှ မထင်မှတ်သော စကားကို ကြားလိုက်ရ၏။

"သြော် - လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော်လောက်က ပျောက်သွားတဲ့မြွေကြီး ပြန်လာပြီထင်ပါရဲ့"

ဟု ပြောလိုက်သောအခါ သူမ မနေနိုင်တော့ပါ။

"ဟင်"

ဟုသာ အံ့သြစွာ အဘွားကို ကြည့်ပြီး နေရပါတော့သည်။ ပြီးမှ -

"ဒါဆို ဒီမြွေနဂါးအကြောင်းကို အဘွားသိနေတာကြာပြီပေါ့နော်"

ဟု မေးလိုက်သောအခါ အဘွားက မိမိ၏ ခေါင်းလေးကိုပုတ်လိုက်ပြီး -

"သိတာကြာပြီပေါ့ကွယ်"

ဟု အဘွားက သူတွေ့ကြုံခဲ့ရပါသော အကြောင်းအရာများကို ပြောပြတော့သည်။

"အဘွားတို့ မျိုးရိုးစဉ်ဆက်က သရေခေတ္တရာမြို့ဟောင်းနားမှာ ဟိုနားနေလိုက်၊ ဒီနားနေလိုက်နဲ့ နေလာတာ ရာစုနှစ်မက ကြာခဲ့ပါပြီကွယ်။ ဟိုရွာနားရောက်လိုက်၊ ဒီရွာနားရောက်လိုက်နဲ့ သရေခေတ္တရာနဲ့ ပတ်သက်သမျှကို ကုန်စင်အောင်သိရှိနေတာပေါ့မြေးလေးရဲ့။ တစ်နေ့ အဘွားနဲ့ ဒီနဂါးမြွေကြီးဟာ လပြည့်နေ့တစ်နေ့မှာ ပက်ပင်းတိုးဖို့ အကြောင်းဖန်လာပါတော့တယ်ကွယ်။ မှော်ဇာရွာနားက တူမတစ်ယောက် မျက်နှာမြင်လို့ ညကြီးအချိန်မတော် အရေးပေါ်လာခေါ်ရင်း နဂါးမြွေကြီးကို တွေ့လိုက်ရတာပဲကွယ်"

သူမက အဘွား၏ ကိုယ်တွေ့ပြောပြနေသည်ကို နားထောင်ရင်း မချင့်မရဲ အဘွား၏မျက်နှာ၊ လက်ကိုဆုပ်ကိုင်ရင်း -

"ဒါနဲ့ အဘွား၊ ပက်ပင်းတိုးတော့ ထွက်မပြေးဘူးလားဟင်"

ဟု မေးလိုက်မိ၏။

ထိုအခါ အဘွားမှ -

"ပြေးဖို့သတိမရပါဘူးအေ။ အဲဒီနားမှာတင် ကြောက်လန့်ပြီး လုံချည်ထဲမှာဆီးတွေကတပြန်းပြန်းကျနေတော့တာပဲ။ အဖော်လည်းပါတယ်၊ သူလည်း ထိုအတိုင်းပါပဲ မြေးလေးရဲ့"

ဟု ပြောပြနေသော အဘွားမှာ ယနေ့ထိ ထိုခံစားချက်ပေါ်လွင်နေပေသည်။

သူမကလည်း -

"နဂါးမြွေကြီးက အဘွားကို ဘာလုပ်လိုက်သေးလဲ အဘွား"

ဟု အလျင်စလိုမေးလိုက်ရာ အဘွားက တစ်ခုခုကို သဘောကျစရာ အတွေး ဝင်လာသလားမသိ ပြုံးပြီး -

"ဒီလိုကွယ်၊ အဲဒီနဂါးမြွေကြီးဟာ ဘွားလေးတို့ရဲ့ ဆီးကြောင့်လား၊ အနဲ့အသက်တွေကြောင့်လားမသိပါဘူးကွယ်၊ အဘွားတို့ကို သေသေချာချာစိုက်ကြည့်ပြီး ပြန်လှည့်သွားတာ ပြန်တောင်လှည့်မကြည့်တော့ပါဘူးကွယ်"

ဟု ပြောပြီး သဘောကျစွာရယ်နေသောအဘွားကိုကြည့်ပြီး သူမသည်လည်း ဘာရယ်မဟုတ် လိုက်၍ရယ်လိုက်မိပါတော့သည်။ စိတ်ထဲမှာတော့ 'တော်သေးတာပေါ့ အဘွားရယ်' ဟု ပြောနေမိပါတော့သည်။ ပြီးမှ အဘွားက ဆက်ပြောပြပါ၏။

"ဘွားလေးရဲ့အဖေက ပြောသူတယ်။ ဒီနဂါးကြီးဟာ တစ်ခါတစ်ခါလပြည့်၊ လကွယ်နေ့ဆိုရင် ပန်ထွာမိဖုရားသချိုင်းမှာလည်း တွေ့ရတယ်တဲ့ မြေးလေးရဲ့။ အဲဒီတုန်းက အဘွားနဲ့အဖေကလည်း ဒီမြွေကြီးရဲ့အကြောင်းတွေကို ပြောပြခဲ့တယ်သမီး။ ဒီမြွေကြီးဟာ ဘယ်သူ့ကိုမှ ရန်မရှာပါဘူးကွယ်။ ဒါပေမယ့် သရေခေတ္တရာမြို့ပျက်ထဲမှာ မြေတူးတာတို့၊ မဟုတ်မမှန်လုပ်ပြီး ရှေးဟောင်းပစ္စည်းတွေတူးဖော်တာတွေ့ရင် ဒီနဂါးမြွေကြီးဟာ အဲဒီလူနောက်အမြဲလိုက်တော့တာပဲ။ တိုင်းပြည်နဲ့လူနေအတွက် ယဉ်ကျေးမှု လူမျိုးဂုဏ်ကို ပြုတင်ပေးနေတဲ့ သုတေသနရှင်တွေတော့ ဒီနဂါးမြွေကြီးက ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးဘူး။ ဒါပေမယ့် လပြည့်၊ လကွယ်တွေဆိုရင် တဟီးဟီးတဟဲဟဲနဲ့ အခုမြေးလေးတို့မြင်သာပြေးလွှားလိုက်၊ ခုန်လိုက်၊ အသံကြီးအော်လိုက်လုပ်နေတာ ပန်ထွာဘုရင်ရဲ့ သချိုင်းပတ်ဝန်းကျင်တွေမှာ တွေ့နေတယ်ဆိုတာပါပဲ။ ကဲ - မြေးလေး၊ ဒီမြွေကြီးရှိသေးလား ကြည့်ပါဦး"

ဟု ပြောလိုက်သောအခါတွင် သူမ လျင်မြန်စွာ အပေါ်တက်ပြီး အပေါက်ငယ်မှ လှမ်းကြည့်လိုက်ရာ သို့သော် ခုနအနေအထားနှင့်တခြားဘာမှမဖြစ်သလို အားလုံးငြိမ်သက်လျက်ရှိပါသည်။ ညသည် သာယာယာနှင့် တိတ်ဆိတ်၍သွားပြန်တော့သည်။ သူမ ဒီအစောင့်မြွေကြီး

www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့်ပတ်သက်၍ နောက်နေ့ သူမ၏ သူငယ်ချင်းတစ်စုကို မြေပဲနုတ်ရင်း သူမ ပြောပြရပေဦးမည်။

ထိုမြွေနဂါးကြီး၏ အတိတ်ဇာတ်လမ်းကိုလည်း မှီရာလူကြီးသူမများအား မေးမြန်းပြီး ထိုနဂါးမြွေကြီးသည် သရေခေတ္တရာမြို့နှင့် ပန်ထွာဘုရင်မကြီး သခ္ခိုင်းမြေအား အဘယ်ကဲ့သို့သော အကြောင်းကြောင့် လုပြည့်၊ လကွယ်တိုင်း ခုနှစ်ပေါက်လိုက်ပြေးလိုက်၊တွန့်လိမ်ကောက်ကွေးလိုက်လုပ်နေရပါသနည်း။ သူမအရပ်းသိချင်နေမိပါတော့၏။

နောက်တစ်နေ့တွင် သူမ၏မိခင်နှင့် ဖခင်တို့သည် ရွာဦးကျောင်းမြို့ရိုး ဟောင်းနားရှိ ဇီးတောကျောင်းမှ ပြန်လာကြသည်။ သူမက ညကထူးဆန်းပြီး ကြောက်မက်ဖွယ်ကောင်းသောဖြစ်အင်များကို ပြန်လည်၍ ပြောပြလိုက်သည်။ သူမ၏ဖခင်နှင့် မိခင်တို့က -

"သမီး ဒီနဂါးမြွေကြီးက သိပ်သနားစရာကောင်းတာပဲတဲ့။ သူဟာ မြို့ရိုးနားနဲ့ ပန်ထွာဘုရင်မကြီးရဲ့သခ္ခိုင်းမြေကို အမြဲကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ကျိန်စာသင့်နေသလားကောင်မသိပါဘူးကွယ်။ ဒီအကြောင်းတွေကို သရေခေတ္တရာမြို့နားမှာ ကျောင်းဆောက်ပြီး တရားအားထုတ်နေတဲ့ လူအမည်ဦးတင်အောင်၊ ရဟန်းဘဝရောက်တော့ဦးတိက္ခဆိုတဲ့ တောထွက်ရဟန်းကြီး တစ်ပါးက ဒီနဂါးကြီးနဲ့ပတ်သက်ပြီးပြောပြတာ စိတ်ဝင်စားဖို့ကောင်းသလို သနားစဖွယ်လည်းကောင်းတယ်။ အဲဒါပန်ထွာဘုရားနဲ့ ဒွတ္တဘောင်မင်းတို့နဲ့ သက်ဆိုင်သော နဂါးမြွေကြီးပဲကွယ်။ ဒွတ္တဘောင်မင်းကြီးရဲ့ ကျိန်စာသင့်တဲ့နဂါးမြွေကြီးဆိုသည်း မမှားပေဘူးပေါ့ သမီး"

ဟု သူမ၏ဖေဖေမှ ပြောပြရာ သူမကလည်း -

"ဘာကျိန်စာကြောင့်လဲ ဖေဖေ" မေးလိုက်ပါ၏။

ထိုအခါ သူမဖေဖေက -

"ဒါတော့ ဖေဖေကောင်းကောင်း သိဘူးသမီး။ ဘုန်းကြီးဦးတိက္ခက အဖေ့ကိုပြောဖူးလို့ပါ"

ဟု ပြောလိုက်ပြီး ဇာတ်လမ်းပြန်စလိုက်၏။

"နောက်ပြီး သမီး၊ ဒွတ္တဘောင်မင်းကြီးကိုယ်စား ဒီနဂါးမြွေကြီးက ဆက်သက်ပြီး ဒီသခ္ခိုင်းမြေကြီးနဲ့ သရေခေတ္တရာမြို့ကြီးကို ခုချိန်ထိ ကာကွယ်စောင့်ရှောက်နေတဲ့အကြောင်းကို ဦးတိက္ခဆိုတဲ့ တောထွက်ရဟန်းကြီးက ပြောပြတယ်။ သရေခေတ္တရာမြို့ကြီးကို တည်ထောင်ခဲ့တဲ့ ဒွတ္တဘောင်မင်းနဲ့ သူရဲ့ တစ်ဖက်သတ်ချစ်ရတဲ့ ပန်ထွာဘုရင်မ (တစ်နည်း)ဒီသာနီးဘုရင်မကြီးရဲ့သခ္ခိုင်းကို အဲဒီနဂါးမြွေကြီးက လုပြည့်၊လကွယ်နေ့တိုင်း ဘယ်ကဘယ်လိုရောက်လာပြီး ကာကွယ်စောင့်ရှောက်နေတာကို ဘယ်သူမှမသိနိုင်ဘူး"

ဟူ၍ သူမ၏ ဖခင်ဖြစ်သူက သေချာစွာ ရှင်းပြပေးသည်။ သူမက လည်း သူသိချင်သောအကြောင်းများကို မေးကြည့်ချင်၍ မေးမိလိုက်ပါသည်။ ထို့အကြောင်းသည်ကား ထိုမြွေကြီးသည် မည်သည့်နေရာ၌ခိုအောင်းနေပါသနည်း ဟူ၍ သူမသိပ်သိချင်နေမိပါသည်။

"ဒါဆို မြွေကြီးက ဘယ်နေရာမှာ ခိုအောင်းနေတတ်သလဲ ဖေဖေ၊ သိရင် ပြောပြပေးပါလား"

ဟု သူမ ဖေဖေကို မေးလိုက်မိပါသည်။

ထိုအခါ သူမ၏အဖေဖြစ်သူက -

"အင်း - ပြောရမယ်ဆိုရင် သမီးသိပါတယ်။ သရေခေတ္တရာမြို့ဟောင်းနန်းဦးဘုရားနားမှာရှိတဲ့ လိုက်ဝူထဲမှာတွေ့လိုက်ရတဲ့ လူတော့်တော်များများအရင်ကရှိခဲ့ဖူးတယ် သမီး။ ဒါပေမယ့် နောက်ပိုင်းကို ဒီမြွေကြီးကို လူတွေ့မတွေ့ရတော့ဘူး။ နောက်ပိုင်း သူနဲ့ ပဋ္ဌာန်းဆက်ပါတဲ့လူတွေမှ တွေ့နိုင်တော့တယ် သမီး"

ဟု သူမအဖေက သေသေချာချာ ရှင်းပါသည်။ သူမခဏစဉ်းစားပြီး -

"ဟင် - ဒါဆို ဖေဖေ ညကတွေ့လိုက်ရတဲ့မြွေကြီးက သူနဲ့ သမီး ပဋ္ဌာန်းဆက်ပါတယ်လို့ ဖေဖေပြောနိုင်သလား"

ဟူ၍ မေးလိုက်သောအခါ သူမအဖေက -

"ဟာ - သမီးသိပ်ဖြစ်နိုင်တာပေါ့။ ပဋ္ဌာန်းဆက်ပါတဲ့သူတိုင်းမြင်နိုင်တယ်။ ဒါနဲ့ သမီးသူငယ်ချင်း ပြည်မြို့ထဲမှာနေတဲ့ ဘယ်သူ မနှင်းဖြူဆိုလားဘာလား"

ဟု သူမအဖေမှာ နာမည်ကို ဇဝေဇဝါမေးလိုက်ရာ -

"ဟာ-ဖေဖေကလည်းမနှင်းဆီဖြူပါ ဖေဖေ။ သူလည်း ပဋ္ဌာန်းဆက်ပါနိုင်တယ်။ သူက အမြဲတမ်းပြောဖူးတယ်။ သရေခေတ္တရာက ပျူတစ်ဦးဝင်စားတယ်လို့"

ဟု ပြောလိုက်ရာ သူမဖေဖေမှ-

"ဖေဖေအဲဒါပြောမလို့ပေါ့။ အင်း- ဒီကောင်မလေးက ဖေဖေတို့ကို ခဏခဏပြောဖူးတော့ မှတ်မိနေတယ်။ ဘာတဲ့၊ သူက ပျူမင်းသမီးတစ်ယောက် ဝင်စားတာတဲ့။ သူ့အမေရဲ့အိပ်မက်အရ သူက သရေခေတ္တရာမြို့ကြီးကောင်းစားစဉ်အချိန်အခါတုန်းက ပျူမင်းသမီးတစ်ယောက်တဲ့"

ဟု သူ၏အဖေပြောမှ သူမသည် သူငယ်ချင်းဖြစ်သူ၏ အကြောင်းကို သတိရနေပါတော့သည်။ သူငယ်ချင်းဖြစ်သူ မသက်ဆွေ၏ သူငယ်ချင်းဖြစ်သူဆိုသည်မှာ အခု စာရေးနေသူ မိမိကို ရည်ရွယ်ခြင်းဖြစ်ပါသည်။ မိမိ၏အတိတ်အကြောင်းသည်သာ ထူးခြားလှပေစွ။ ဒီမြွေနဂါးကြီး၊ မြွေကြီး၏အထုံအဆက်ပါသူဟုဆိုခဲ့ပါလျှင် မည်သူတစ်ဦးတစ်ယောက်တလေ့မှ ယုံမှားသံသယဖြစ်စရာမလိုအောင်ပင် မိမိကြိုတင်၍ပြောနိုင်ပါသည်။ အကြောင်းမူကား ဤသို့တည်း။

မိမိ၏ မိခင်ဖြစ်သူသည် မိမိကို ကိုယ်ဝန်ဆောင်မိ တစ်လအလိုက အိပ်မက်မက်ခဲ့သည်။ ထိုအိပ်မက်ထဲတွင် စာရေးသူ၏မိခင်သည် သရေခေတ္တရာမြို့ဟောင်းကြီးကို မိမိ၏အိမ်အမြင့်ကြီးမှ တိုက်ရိုက်လှမ်းမြင်နေရသည်ဟုပြောပြသည်။ သရေခေတ္တရာမြို့ဟောင်းကြီးဆိုက နဂါးပုံသဏ္ဌာန် အင်္ဂေ့မီးခိုးမီးမှိုင်းများ၊ အလင်းတန်းကြီးလိုလို ကောင်းကင်ပေါ်သို့ တစ်ရှိန်ထိုးတက်သွားသည်ကို မျက်စိတစ်ဆုံး ကြည့်နေမိတော့သည်။ ထိုအရာသည် ကောင်းကင်မှ တဖြည်းဖြည်းအောက်သို့ဆင်းနေ၍ ပြတင်းပေါက်အနားရောက်သောအခါ ပန်းပေါင်းစုံခြံရံလျက် မြွေနဂါးတစ်ကောင်ရစ်ခွေပတ်ထားသော မိန်းကလေးတစ်ဦးကို တွေ့လိုက်ရ၏။

ထိုအခါမှ -

"ဟယ် - သမီးကလေးတော့ အောက်ကိုပြုတ်ကျတော့မယ်"

ဟု ပြောရင်း ခမ်မိဖခင်တော်ရမည့်သူကို လှမ်းဆွဲတင်ရန်ပြောပြီး နှစ်ယောက်သား ကလေးငယ်ကို လှမ်းပြီး ဆွဲတင်ပါတော့သည်။ ထိုအိပ်မက်ပြီး စာရေးသူကို ကိုယ်ဝန်လွယ်ခဲ့ရသည်ဟု ပြောပြပါသည်။

ပန်းတွေနှင့် ဝေဆာစွာလာခဲ့သူဖြစ်၍ မိမိကိုလည်း ပန်းအမည်ပေးခဲ့ပါသည်။ သရေခေတ္တရာ ပျူလူမျိုးတစ်ယောက်ယောက် ဝင်စားသည်ဟု မိခင်နှင့် ဖခင်တို့က ပြောကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့သည် နိဗ္ဗာန်မရောက်မချင်း သံသရာလည်နေမည် ဖြစ်ရာ ထိုကိစ္စကို မိမိသည်၊ ဟုတ်သည် မဟုတ်သည်-မပြောလိုတော့ပါ။ မိခင်၏ အိပ်မက်အရသာ ပြန်ပြောပြခြင်း ဖြစ်ပါသည်။ မိမိသည် ယခုဘဝတွင် ခေတ်ပညာတတ်တစ်ဦးဖြစ်၍ စွဲစွဲလမ်းလမ်း မည်သည့်အရာမျှမထားတတ်ပါ။ ရှိပါစေတော့။ မိမိသည် တစ်ခါတစ်ရံတွင် သူငယ်ချင်းမသက်ဆွေရှိရာ ရွှေတံခါးကွက်သစ်သို့ရောက်ခဲ့ပါသည်။ ထိုသို့ရောက်တိုင်း အမျိုးအမည်မသိရပါသော ခံစားမှုမျိုးကို ခံစားနေရပါသည်။ မည်သူကို သတိရနေမှန်းမသိ၊ ရင်ထဲတွင် တစ်စို့စို့ကြီးဖြစ်နေတတ်သည်။ ယခုလည်း မသက်ဆွေ၏အိမ်သို့ မိမိညအိပ်ညနေအလည်သွားခဲ့ပါသည်။မိမိရောက်တဲ့နေ့က မသက်ဆွေသည် အားရဝမ်းသာပြေး၍ဖက်ပါသည်။ ပြီးမှ -

"ဟယ် - သူငယ်ချင်းနှင်းဆီဖြူရယ် မျှော်နေတာ၊ မင်းစာရေးဖို့ အကြောင်းတွေပြောပြရဦးမယ်"

ဟု မိမိအားပြောပါသည်။ သူမသည် တစ်လောက သူမကြုံလိုက်ရသော အဖြစ်သနစ်တို့ကို မိမိအား ဖြစ်ကြောင်းကုန်စင်ပြောပြပါတော့၏။

မိမိကလည်း -

"ဒါဆို ဒီနဂါးမွေးကြီးက လပြည့်၊ လကွယ်နေ့ဆိုရင် မြင်ရတွေ့ရတယ်ဆိုတော့ ဒီနေ့က လကွယ်နေ့ဆိုတော့"

ဟု ပြောလိုက်ရာ မသက်ဆွေက ခုမှသတိရပြီး -

"ဟယ်-ဟုတ်ပါရဲ့။ ဒီနေ့လကွယ်နေ့ မွေးနဂါးကြီး လာရင်ကောင်းမယ်နော်"

ဟူ၍ ပြောလိုက်ရာ မိမိကလည်း-

"အေး - တို့ ဒီညစောင့်ကြည့်ကြတာပေါ့"

ဟု ပြောရင်း ညဉ့်ဦးယံသန်းခေါင်တစ်နေ့ကို ချက်ချင်းဆိုသလို ရောက်ချင်နေမိပါတော့သည်။

ထိုညက (၁၂) နာရီအထိ အကြောင်းကမထူးသေးပေ။ ကောင်းကင်ကြည့်လိုက်တော့ လကွယ်နေ့ဖြစ်၍ မှောင်မည်းလျက်ရှိသည်။ ကဆုန်လကွယ်နေ့ဖြစ်၍ မိုးတဖြောက်ဖြောက်ကျသောအသံကို တစ်ခါတစ်ခါကြားရပြီး တစ်ခါတစ်ခါရပ်တန့်၍ သွားပြန်ပါသည်။ လျှပ်စီးတို့ကိုလည်း တစ်ချက်ချက် လင်းခနဲလက်ခနဲရှိ၏။ မိမိနှင့်အတူ မအိပ်ဘဲစောင့်နေသူမှာ မသက်ဆွေပင်ဖြစ်ပါသည်။

မိမိက -

"ဟာ - မဆွေရေ၊ အခုထိလည်း နှင့်နဂါးမွေးကြီးကမရောက်လာသေးပါလားဟာ"

ဟုပြောလိုက်ရာ မဆွေကလည်း-

"နင်ကလည်း အလျင်မလိုပါနဲ့ဟာ။ ငါတို့ပဋ္ဌာန်းဆက်ပါ၊ မပါ နင် ဒီညသိရမှာပေါ့"

ဟု ပြောလိုက်၏။

ထိုသို့ပြောပြီး မကြာပါခဲ့။ သရေခေတ္တရာအရှေ့ဘက်ဆီမှာ တရွာရွာ တရဲရဲအသံများလိုလိုအဆက်တို့သည်ကား ဝေးရာမှ နီးရာသို့ မိမိတို့အိမ်ရှေ့ရှိရာသို့ ရောက်လာခဲ့ပေသည်။ မိမိနှင့် သူငယ်ချင်း မသက်ဆွေနှစ်ဦးသည် မည်သူမျှ မသိအောင် အိမ်အပေါ် ထပ်မှ ပြတင်းတံခါးကို မှန်ပြီးကြည့်လိုက်ရာ မိမိတစ်ကြိမ်တစ်ခါမှ မမြင်ဘူးပါသော မွေးနဂါးကြီးဖြစ်နေတော့သည်။ မှန်ပေသည်။ မွေးနဂါးကြီးသည် မဆွေပြောသလိုမျိုး ကြေးနီရောင်၊ ကြေးစိမ်းရောင်တို့လို အကြေးခွံများကို မည်းမှောင်နေ၍ ပြတ်ပြတ်သားသားမမြင်ရပါ။ သို့သော် ရှည်လျားသော ခန္ဓာကိုယ်နှင့် အမောက်ထောင်နေသော် အမောက်အောက်မှ မျက်လုံးနှစ်လုံးသည်ကား အမှောင်ထဲတွင် ထင်ရှားစွာ မီးဝင်းဝင်းတောက်လျက်ရှိသည်။ နဂါးမွေးကြီးသည်ကား တရွာရွာနှင့် ဒေါသမုန်တိုင်းထန်နေသလို ထင်ရပေလော့၏အောင် အသံတို့သည်ကား ကြောက်စရာကောင်းလှ၏။

မဆွေက -

"ရှူး. . . တိုးတိုး သူငယ်ချင်း၊ သူ မျက်လုံးတွေက မီးဝင်းဝင်းတောက်နေတာနော်။ ငါတော့ ကြောက်လိုက်တာ။ ငါတို့ကိုသေချာကြည့်နေသလိုပဲနော်"

ဟု ပြောလိုက်ပြီး အောက်ထပ်သို့ ခြေဖော့ကာဆင်းသွားပါတော့သည်။ မိမိထင်ပါသည်။ အောက်ထပ်တွင် သူမ၏ အဖေနှင့် အမေကို သွားနှိုးတာဖြစ်မည်ဟု မိမိတွေးလိုက်ပြီး မွေးနဂါးကြီးအား မိမိဆက်လက်ကြည့်နေပါတော့သည်။

မွေးနဂါးကြီးသည်ကား မိမိတို့၏ အိမ်ရှေ့မှ ဟိုးအဝေး သရေခေတ္တရာမြို့ဟောင်းဆီသို့ ပြေးလွှားလိုက် တစ်ဖန် အနောက်ဘက်သို့တွန့်လိမ်ကောက်ကွေးလိုက်နှင့် မွေးအကကနေသလိုမျိုးဟူ၍ ထင်မြင်နေမိတော့သည်။ မိမိမွေးနဂါးကို ကောင်းကောင်းမြင်နေပုံမှာကား မိုးအရမ်းမသည်းပါဘဲနှင့် တစ်ခါတစ်ရံ ကဆုန်လ၏ လျှပ်ပြက်ခြင်းမျိုးကြောင့် ၎င်းမွေးနဂါးကို တစ်ချက်ချက်မြင်ရခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် -

"ဟီး. . . ဟီး . . . ရှူး. . . ရှူး. . . ငါ့သခင်ရဲ့နန်းတွင်း အန်စာတုံး။ ဟီး . . . ဟီး. . . ရှူး. . . ရှူး. . . ငါ့သခင်ရဲ့ နန်းတွင်းအန်စာတုံး

ဆိုသည့် မွေးနဂါးကြီးဆီမှလူသံထွက်မျိုးအသံကို မိမိကြားလိုက်ပါတော့သည်။ ထိုအသံတွေကြောင့် ကိုယ့်ကိုယ်ကိုယ်တောင် မယုံမိပါခဲ့။ ဒါတကယ့်အသံအစစ်။ ဒီနဂါးမွေးကြီးက ပြောနေတာလဲ ငါ့သခင်ရဲ့နန်းတွင်းအန်စာတုံးတဲ့။ ဒါဘာလဲ ဒါဘာလဲ ဟူ၍ မိမိသည် နောက်ထပ် မွေးနဂါးကြီးဆီမှ ဘာများကြားရလိမ့်မည်နည်း ဟူသော မျှော်လင့်နေဆဲမှာပင် မွေးနဂါးကြီးသည် မိမိမျက်စိရှေ့မှာတင် ဟိုးသရေခေတ္တရာမြို့ဟောင်းကြီးဆီသို့ ပြေးထွက်သွားတော့သည်။ ထိုအခါမှ အပေါ်ထပ်တက်လာသော ခြေသံများကြားလိုက်ရ၏။ ထိုခြေသံတို့ကြောင့် မိမိနောက်လှည့်ကြည့်လိုက်သောအခါတွင် မဆွေ၏ မိခင်နှင့် ဖခင်ကို တွေ့လိုက်ရတော့၏။ မိမိကိုလည်း မဆွေက -

"ဘယ်မှာလဲ မွေးနဂါးကြီးရှိသေးလား မနှင်း"

ဟူ၍ မိမိကိုမေးနေတော့ မိမိကြောင်ပြီး မဆွေကိုသာ ကြည့်နေတော့၏။

ထိုအခါမှ မဆွေက -

"ဟဲ့-မနှင်း၊ နင်ဘာဖြစ်နေတာလဲ ပြူးကြောင်ကြောင်နဲ့ နင်ဘာဖြစ်နေတာလဲ"

ဟူ၍ ပြောပြီး မိမိလက်ကိုလှုပ်မေးနေပါတော့၏။ မိမိသည်လည်း သတိရပြီး -

"မဆွေ၊ မွေးနဂါးကြီးမရှိတော့ဘူး ဒါပေမယ့် သူစကားတွေပြောသွားတယ် အင်း-ဘာတဲ့၊ ငါ့သခင်ရဲ့နန်းတွင်းအန်စာတုံးဆိုပြီးပြောသွားတယ်။ ငါနားနဲ့ဆက်ဆက်ကြားလိုက်တာ မဆွေ"

ဟု ပြောလိုက်ရာ အနားရောက်လာသော မဆွေ၏အဖေအမေကပါ -

"သမီး၊ သမီး သတိထားပါ။ နွေကြီးက စကားပြောခိုင်ပါ့မလား သမီးရယ်"

ဟု မဆွေအမေက စိုးရိမ်စွာ အားကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

မဆွေအဖေကလည်း -

"ဟဲ့ - သမီးမဆွေ၊ သွား သွား အုန်းကြီးရဲ့ရေမန်းပေးစမ်း၊ ပေးစမ်း"

ဟူ၍ ရေမန်းကိုသွားယူခိုင်းနေသည်။ မိမိသည် ဘာဖြစ်သွားသည်မသိ၊ သို့သော် သတိတော့ရှိနေပါသည်။ သို့သော် မဆွေတို့မိသားစုက မိမိကို အရမ်းစွာကြည့်နေဆဲ။ သူတို့တိုက်သောရေမန်းကိုလည်း သူတို့စိတ်ကျေနပ်အောင် သောက်ပြလိုက်ပါသည်။ ပြီးမှ-

"ဒေါ်ဒေါ်နဲ့ ဦးလေး သမီးဘာမှ မဖြစ်ပါဘူး။ သမီးတကယ်ပဲမွေးနဂါးကြီးနဲ့ ပြောလိုက်တဲ့အသံကို ပီပီသသကြီးကို ကြားလိုက်ရတာ။ သမီးပြောတာယုံပါ ဒေါ်ဒေါ်"

ဟု ပြောလိုက်ရာ မဆွေက -

"ဟဲ့ - နဂါးမွေးကြီးက ဘာပြော တုံးတာလဲ"

ဟု ဝိုင်း၍ မေးနေကြပါသည်။

မိမိကလည်း -

"နဂါးမွေးကြီးက ပြောလိုက်တာ က 'ငါ့သခင်ရဲ့နန်းတွင်းအန်စာတုံး' တဲ့။ အဲဒါဘာအဓိပ္ပာယ်လဲမသိဘူး"

ဟု ပြောလိုက်ရာ မဆွေက မိမိကို သနားကြည့်ပြီး -

"ငါတို့တော့ ဘာမှကိုမကြားလိုက်ဘာမှန်ပါပဲ မနှင်း။ ဒါပေမယ့် နှင့်ကိုကြည့်ရတာ ဒီစကားအမှန်ပဲလို့ ငါထင်သယ်"

ဟူ၍ မိမိဘက်မှ ရပ်တည်သောစကားကို ပြောပါသည်။

မဆွေ၏ အဖေနှင့်အမေက -

"ကဲကဲ - သမီးတို့အိပ်တော့နော်။ နက်စောစောထပြီး သရေခေတ္တရာမြို့ဘောင်းနားက ဇီးတောကျောင်းကိုသွားဆီးမယ် နွားလှည်းလည်း အဆင်သင့်ပြင်ထားပြီးပြီ အိပ်ကြ၊ အိပ်ကြတော့"

ဟု ပြောပြီး အိမ်အောက်ထပ်သို့ ဆွေ၏မိဘနှစ်ပါးဆင်းသွားပါတော့သည်။

ထိုညက ကောင်းစွာ အိပ်မပျော်ဘော့ချေ။ တကယ်တော့ မိမိသေချာစဉ်းစားမိပါက မွေးနဂါးကြီး၏ စိတ်ထဲမှညှိပြီးပြောလိုက်သောအသံကို မိမိက ကြားခြင်းဖြစ်ပါ၏။ ဒါဆိုလျှင် မိမိသည် နဂါးမွေးကြီးနှင့် မည်ကဲ့သို့သော ပဋ္ဌာန်းဆက်ပါနေသနည်း။ စဉ်းစားစရာဖြစ်နေဘော့သည်။ မွေးကြီးက အဘယ်ကြောင့် သခင်ရဲ့နန်းတွင်းအန်စာတုံးလို့ ဘာလို့ပြောရသနည်း။ မိမိသည် အတွေးဆင်းစုံနှင့်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ သွားပါတော့သည်။

မကြာခင် မိမိအိပ်မက်မြင်မက်တော့ပေ၏။ အိပ်မက်ထဲတွင် ညကကိုယ်တိုင်ကြုံတွေ့ခဲ့သော နဂါးမွေးကြီးသည် မိမိ၏အိပ်မက်ကမ္ဘာထဲသို့ရောက်လာတော့သည်။ မိမိနှင့်တွေ့နေရသော နဂါးမွေးကြီးသည် နဂါးမွေးအထီးဟုထင်ယောင်ရှိခဲ့သော်လည်း ယခု မိမိ၏အိပ်မက်ထဲတွင် နဂါးမွေးကြီးသည် အင်မတန်လှပနေသော ပျူဝတ်စုံဝတ်ဆင်ထားသော ပျူမိန်းမပျိုတစ်ယောက်၏ပုံကို တွေ့မြင်လိုက်ပါတော့သည်။

ပထမဆုံး မိမိက သရေခေတ္တရာမြို့၏ အထင်ကရ နန်းတော်ကုန်းဘုရားစေတီကြီး၏ စနေထောင့်တွင်ရပ်နေစဉ် နောက်မှနေ၍ ခေါ်သံလိုလိုကြားလိုက်ရ၏။ ထို့နောက်မှာတော့ မိမိက နောက်လှည့်ပြီးကြည့်လိုက်စဉ်မှာပင် ကြီးမားလှသော နဂါးမွေးကြီးအသွင်မှ လှပသော ပျူမိန်းမပျိုတစ်ဦးဖြစ်သွားပြီး မိမိကိုလည်း -

"ညီမတော်"

ဟူ၍ ခေါ်သံကိုပါ တစ်ဆက်တည်းကြားလိုက်ရပါသည်။

"မျှော်လိုက်ရတာ ညီမတော်ရယ်၊ အစ်မတော် မျှော်လိုက်ရတာ။ စိတ်နဲ့တိုက်ပေးရတာလည်းအမောပါပဲ ညီမတော်ရယ်။ ဒီနေရာကို ညီမတော်ရောက်လာအောင် အမျိုးမျိုးစိတ်ညှို့ပေးနေတာ ဒီနေ့မှပဲတိုက်ဆိုင်တော့တယ် ညီမတော်ရေ"

ဟူ၍ မြောလည်းပြော ထိုပျူအမျိုးသမီးမှ မိမိကိုလည်းဖက်၍ထားပါသည်။ မိမိကလည်း ယောင်ပြီးပြန်ဖက်လိုက်မိပါ၏။ သူမ၏လက်သည် ထုံးဖြူဖြူဖွေးဖွေးကဲ့သို့သောလက်ဖြစ်နေတာ အထူးဆန်းဆုံးဖြစ်နေပါသည်။ လက်သည် အေးစက်နေပါ၏။ မိမိခန္ဓာကိုယ်မှ နွေးဓာတ်နှင့် သူမ၏ အေးစက်နေသော လက်နှင့် ထိတွေ့လိုက်သောအချိန်တွင် ကြက်သီးမွေးညင်းမျှပင် ဖြန်းခနဲထသွားရပါတော့သည်။

ထို့နောက် သူမကပင် -

"ချစ်ညီမတော်ရေ၊ အစ်မတော် အကူအညီတစ်ခု အရေးပေါ်လိုအပ်လှပါတယ်။ ညီမတော် ကူညီပေးပါ"

ဟု တောင်းဆိုသံကြားလိုက်ရပါသည်။

မိမိက အံ့သြစွာနှင့် -

"ဟင် - ဘွန်မ အဲ - ညီမက အစ်မကိုဘာများကူညီရမှာလဲ။ နောက်ပြီး အစ်မကကူညီခိုင်းပြီး မကူညီနိုင်ရင် ဘယ်လိုဖြစ်သွားနိုင်လဲ"

ဟူ၍ မိမိဆက်တိုက်မေးလိုက်ရာ အစ်မတော်ဆိုသူမှ -

"မခက်ခဲလှပါဘူး ညီမတော်ရယ်။ အခက်အခဲမရှိအောင်လည်း ကူညီပံ့ပိုးပေးမှာပေါ့။ မကြောက်ပါနဲ့ ကူညီပေးနိုင်၏။ မပေးနိုင်၏သာပြောပါ ညီမတော်ရယ်"

ဟု ရွှင်ပျသောအမူအရာများဖြင့် မိမိအား တောင်းဆိုပါတော့သည်။

မိမိသည် ခုမှ သူမကိုရင်နှီးလာပြီး -

"အင်း"

ဟု ပြောပြီး မိမိ၏မူလအကျင့်အတိုင်း -

"ပြောကြည့်ပါ အစ်မ"

ပြောလိုက်ရာ သူမက -

"ညီမတော်ရယ်၊ အစ်မတော်လုပ်စမ်းပါ။ ညီမလေးက အရင်ဟိုးဘဝကတည်းက ညီမအရင်းခေါက်ခေါက်တော်ခဲ့ဖူးတာပါ ညီမတော်။ နောက်ပြောပြပါ့မယ်။ တို့ညီအစ်မတွေက ဒွတ္တဘောင်မင်းနဲ့ ပန်ထွာမင်းသမီးခေတ်က နန်းတွင်းသူတွေပေါ့။ ညီမလေးက သိပ်ထက်မြက်တဲ့ ပျူကချေသည်မင်းသမီးလေးတစ်ပါးပေါ့ကွယ်။ မမကတော့ ကျိန်စာသင့်ခဲ့တဲ့အတွက် ဒီဘဝထိ ဒီသရေခေတ္တရာမြေကြီးတည်နေသရွေ့ ရွှေဟောင်းပစ္စည်းတွေ၊ နန်းတွင်းပစ္စည်း ပန်ထွာသချိုင်းမြေတွေကိုအစ ကာကွယ်စောင့်ရှောက်နေရတာ ညီမတော်ပေါ့။ ဒါကြောင့်လည်း ညီမတော်ကို ခုကိစ္စအကူအညီတောင်းခံနေတာပေါ့ကွယ်"

ဟု ပြောလိုက်ရာ မိမိကလည်း တော်တော်စိတ်ဝင်စားသွားပြီး -

"ဟာ-အစ်မတော်ရေ၊ ညီမတော်တော်တော်စိတ်ဝင်တစားရှိလှပါဘိတော့ အစ်မတော် ပြောသာပြောပါ ကူညီပါမယ်"

ဟု မိမိသည် နန်းတွင်းသုံးစကားတချို့ပါဝင်ပြောလိုက်ပါတော့သည်။

ထိုအခါမှ -

"ကောင်ပြီ ညီမတော်၊ ကောင်ပြီ။ ဒွတ္တဘောင်မင်းကြီးနဲ့ ပန်ထွာဘုရင်မတို့ရဲ့ နန်းတွင်းအသုံးအဆောင်တွေတူးဖော်ခံလိုက်ရတယ်။ ဒီထဲမှာ ပျူနန်းတွင်းအန်စာတုံးလည်းပါသွားတယ် ညီမတော်။ ဒါတွေကို ညီမတော်ဖော်ထုတ်ပေးပါ။ အစ်မက နောက်က လမ်းညွှန်ကြားချက်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်၏။

ထိုအခါမှ မိမိက -

"သြော် - ညက နဂါးမြွေကြီးက ပြောလိုက်တဲ့ ငါ့သခင်ရဲ့နန်းတွင်းအန်စာတုံးဆိုတာ အစ်မတော် ပြောတာကိုး။ ခုမှပဲသိရတော့တယ်"

ဟု မိမိကပြောပြီး မှတ်ချက်ပြုလိုက်စဉ် သူမက -

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က သရေခေတ္တရာနန်းမြို့ အနောက်ခြမ်း မြေကွက်လပ်မှာ ဦးပိန်ဆိုတဲ့ ရွှေကျင်သမားတစ်ဦး ရွှေကျင်တယ်။ အဲဒီမှာပဲ အန်စာတုံးပုံသရေခေတ္တရာပျူနန်းတွင်း သုံး ရွှေတုံးတစ်တုံးကို တူးဖော်ရရှိခဲ့တယ် ညီမတော်။ သူနာမည်က အပြင်မှာလည်း ဦးပိန်ပါပဲ စုံစမ်းပါ။ တခြားရောက်မသွားအောင်၊ တိုင်းတစ်ပါး မရောက်အောင် ဆောင်ရွက်ပေးပါ။ ရှေဟောင်းယဉ်ကျေးမှုဌာနကိုအရောက် ပို့ပေးဖါ ညီမတော်"

ဟူ၍ မိမိကို အိပ်မက်ပေးပါသည်။

မိမိကလည်း -

"ကူညီပါမယ်လို့ ပြောထားပြီးပြီပဲလေ ကူညီပါ့မယ်။ သူ့ကို ဘယ်မှာရှာတွေ့နိုင်မလဲပြောပါ အစ်မတော်"

ဟု ပြောလိုက်ရာ -

"ဒီမှာ ညီမတော်၊ ပြည်မြို့အတွင်းက မိုးဆိုတဲ့ ရတနာရွှေဆိုင်ကို ရောက်အောင်သွားပါ။ သက်ဆိုင်ရာလူကြီးတွေကိုလည်း အကြောင်းကြားပါ။ ဒီအန်စာတုံး (လေးဘောင်ကျင်) ဟာ အဲဒီရွှေဆိုင်ကို အဲလူဆီကိုသွားရောင်းခဲ့တယ်။ ခုထိရှိနေသေးတယ်။ ဒီရွှေဆိုင်ကို ရောက်အောင်သွားပါ။ ညီမတော်က ရှေဟောင်းပစ္စည်းဝယ်ချင်ယောင်ဆောင်ပါ။ ဈေးကောင်းပေးဝယ်မယ်ပြော။ အစ်မတော်နှုတ်ဆီးပေးပါ့မယ်ညီမတော်။ အချိန်မီလေးပါ သွားမှာသာသွားပါ"

ဟု ပြောလိုက်ပါသည်။

အိပ်မက်ထဲတွင် သူမပြောသော ရွှေဆိုင်နာမည်ကို မှတ်သားထားလိုက်ပါတော့သည်။ အချိန်နာရီအတိုအကျလည်း ပြောပြပါသည်။ နောက်နေ့ညနေ (၃) နာရီအချိန်တိတိဟူ၍ စေ့စပ်သေချာလှစွာ မြွေနဂါးကြီးအဖြစ်လဲအစ်မတော်မှ မိမိကို လမ်းညွှန်ချက်ပေးပါတော့သည်။ ထို့နောက် မိမိအိပ်မက်မှလန့်နိုးပြီး နာရီကြည့်လိုက်တော့ (၄)နာရီပင်ထိုးနေပြီ။ မိမိဆက်မအိပ်လိုက်တော့ပြီ။ အိပ်ရာထက်တွင်မှိန်းနေရင်း ညက ကိုယ်တွေ့ဖြစ်စဉ်များနှင့် အိပ်မက်တို့ကို ဆက်စပ်တွေးနေရင်း ဆုံးဖြတ်ချက်တစ်ခုခုကို ဆုံးဖြတ်လိုက်ပါတော့သည်။ ဒီကိစ္စကိုအကောင်အထည်ဖော်မှဖြစ်မည်။ မိမိတိုင်းပြည်မှ ရှေးဟောင်းပစ္စည်းတွေ ပြည်ပမရောက်အောင် ကာကွယ်စောင့်ရှောက်ရမည်မှာ မိမိတစ်ယောက်တည်း တာဝန်ရှိသည်မဟုတ်ပေ။ လူတိုင်းလူတိုင်းမှာ တာဝန်ရှိပေသည်။ ဒီရှေဟောင်းပစ္စည်းတွေ မပျောက်ပျက်အောင် တတ်နိုင်သလောက် မိမိကာကွယ်ပေးမည်ဟု ဆုံးဖြတ်ချက်ကတိကို တစ်ယောက်တည်း ချနေမိပါတော့သည်။

နောက်နေ့မနက် ခပ်စောစော အချိန်တွင် သူငယ်ချင်း မဆွေ၏ အဖေနှင့် အမေတို့၏ အစီအစဉ်ဖြင့် သရေခေတ္တရာမြို့ရဲ့အနီး ဇီးတောကျောင်းသို့ လှည်းဖြင့်ထွက်လာကြပါသည်။ လှည်းလမ်းကြောင်းတစ်လျှောက် နှမ်းခင်းတို့ကို တွေ့ရ၏။ မိမိကတော့ ညကအိပ်မက်အကြောင်းကို မဆွေအား ပြောပြရင်းလိုက်ဖါလာပါသည်။ ညက နဂါးမြွေကြီးမှ အစ်မတော်၏ဖြစ်ရပ်တို့ကိုလည်း ကန့်ကွက်ဆန့်ဆန့်ပြောရင်း မဆွေ၏ အကြံဉာဏ်တို့ကိုပါ တစ်ဆက်တည်းတောင်းခံလိုက်ပါတော့၏။

မဆွေက -

"ဒီအကြောင်းတွေက အရမ်းထူးဆန်းနေတယ်။ ဟုတ်၊ မဟုတ်ကိုလည်း တို့တွေစမ်းသပ်ရမယ်။ နှင့်အိပ်မက်ကို လည်း တို့ရဲ့ဘဘုန်းကြီးကို လျှောက်တင်ရမယ်"

ဟု မဆွေက စိတ်အားထက်သန်စွာ ပြောပြပါ၏။ မကြာမီ ဘကြီးဘုန်းကြီးရှိရာ ဇီးတောကျောင်းသို့ ရောက်လာပါတော့၏။ ဘကြီးဘုန်းကြီးမှ မိမိတို့ကို ရင်းနှီးပျူငှာစွာ နှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးပါ၏။ အမောပြေ နှမ်းနက်ယိုနှင့် ကရေကရာ၊ ပေါက်ပေါက်ဆုပ်နှင့် ရေနွေးကြမ်းတို့နှင့် ဧည့်ခံပါ၏။ မိမိက ဟိုနည်းနည်းဒီနည်းနည်းစားရင်း ဘုန်းကြီးဦးတိကို မှ -

"ဒီဒကာမလေးက ဘယ်သူတုံး"

ဟူ၍ မိမိကိုမေးလိုက်ပါ၏။

ထိုအခါ မဆွေမှ -

"ဘဘုန်းကြီးဘုရား၊ သူက ပြည်မြို့ထဲမှာနေပါတယ်ဘုရား။ တပည့်တော်ရဲ့သူငယ်ချင်း မနှင်းဆီဖြူလို့ခေါ်ပါတယ် ဘုရား။ ပြီးတော့လည်း. . . "

ဟု မဆွေကပြောပြီး မိမိကိုလှည့်ကြည့်လိုက်ပါသည်။ 'ဘယ်လိုလဲ ပြော' လိုက်ရမှာလား' ဟူသော အကြည့်မျိုးကြည့်ခြင်းဖြစ်ကြောင်း မိမိသိလိုက်ပါသည်။

ထိုအခါ ဘဘုန်းကြီးဆိုသူမှ -

"ဟဲ့-ပြီးတော့လည်းဘာဖြစ်သလဲ ဒကာမလေးမဆွေရဲ့ ပြောပါဦး၊ ဘာဆို ရပ်ထားတာလဲ"

ဟူ၍ ဘဘုန်းကြီးမှမိမိနှံ့ရာ မဆွေက မိမိကိုလက်တို့ပြီး -

"ဟဲ့ - မနှင်း ဟိုနဂါးမြွေကြီးကိစ္စရယ်၊ အိပ်မက်အကြောင်းရယ် ပြောလိုက်ပါလား။ နင်ကိုယ်တိုင် ဘုန်းဘုန်းကိုလျှောက်တင်ဟာ"

ဟု မဆွေကပြော၍ မိမိကလည်း သူစကားကို အခွင့်ကောင်းယူကာ ဘဘုန်းအား ညကကိစ္စတွေအားလုံး တစ်ခုမကျန်အောင် ဘဘုန်းကြီးအား လျှောက်တင်လိုက်ပါတော့သည်။ မိမိလျှောက်တင်ချက်ပြီးဆုံးသောအခါတွင် ဘဘုန်းကြီးဦးတိကမှ -

"အိမ်း"

ဆိုပြီး သက်ပြင်းချသံကိုကြားရပါသည်။ ပြီးမှ ရေနွေးကြမ်းထည့်ထားပါသော သံမဏိခွက်ကြီးကိုကိုင်ထားတစ်ကျိုက်ကျိုက်မော့သောက်ရင်း -

"ဒကာကြီး ဦးသာအောင်ရေ"

ဟု ဘုန်းဘုန်းက လှမ်းခေါ်လိုက်ပါသည်။ ထို့ဒကာကြီးသာအောင်ဆိုသည်မှာ မဆွေ၏ဖခင်ပင် ဖြစ်ပါသည်။

"ကျွဲ၀်အကြောင်းကို ဒီဒကာမလေးကို နည်းနည်းတောင်ပြောမပြဘူးလား"

ဟူ၍ မေးလိုက်ပါသည်။ ထိုအခါမှ မဆွေဖခင်ဖြစ်သူမှ -

"အရှင်ဘုရား၊ အကြောင်းစုံတပည့်တော် ပြောမပြခဲ့ပါဘူး ဘုရား၊ သမီးမဆွေက ပြောမယ်ထင်နေတာပါဘုရား"

ဟု ဦးသာအောင်မှ တင်လျှောက်လိုက်၏။

မဆွေမှ -

"တပည့်တော်က ဘုန်းဘုန်းရဲ့အကြောင်းကို ခုနလေးတင် လှည်းပေါ်မှာပြောမိပါသေးတယ်ဘုရား"

ဟု ပြောပြီး မိမိကို ဟုတ်မှန်ကြောင်း မေးငေါ့ပြပါသည်။ မိမိကလည်း -

"ဘဘုန်းဘုရား၊ ဘဘုန်းကလည်း ဒီသရေခေတ္တရာမြေကြီးနဲ့ အကျိုးဆက်အကြောင်းဆက်ရှိနေတယ်လို့ မဆွေပြောပြတယ်ဘုရား။ ဒီမြွေနဂါးကြီး

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းလည်း ဘိုးဘွားစဉ်ဆက် ပြောလာတာတွေကို အရင်ဘုရားက အကြောင်းစုံသိနေပြီး သရေခေတ္တရာရဲ့ အာယုဖြစ်ရပ်မှန်သမိုင်းကြောင်းရာဇဝင် ထုပ်ဟောင်းများရှိတယ်လို့ ပြောပါ သေးဘုရား"

ဟု မိမိက မဆွေးမြေးသမျှ အားထောင်လျှောက်လိုက်ပါသည်။

ဘုန်းဘုန်းမှ -

"အိမ်း-ဟုတ်တယ်ကွယ့်။ ဒီသရေခေတ္တရာနဲ့ ဘုန်းဘုန်းက အရင်ဘဝက သားတွေဖြစ်ခဲ့သလဲတော့ မသိပါဘူးကွယ်။ ပြည်မြို့ထဲမှာ ဥယျာဉ်စုကျောင်း အကျယ်ကြီးပဲ။ အဲဒီမှာ ဘုန်းဘုန်းညီရှိသေး။ ဘုန်းဘုန်းကို ကျောင်းထိုင်ခိုင်းသေး။ ဒါပေမယ့် မဲနေခိုင်ဘူး။ ဒီမြို့ရိုးနားက ဒီဇီးတောကျောင်းကိုပဲ ရောက်သွားတယ်။ ဒီမှာနေရတာပိုပြီး ဘဝင်ကျသွားတယ်"

ဟု ပြောရင်း စကားရပ်ပြီး မိမိကို ကြည့်တာ -

"ဒကာမ မနှင်းပြောတဲ့အတိုင်း ဘုန်းဘုန်းလည်း တစ်ခါက ပက်ပင်းတိုးသွားတယ်။ ဒါပေမယ့် မွေးနဂါးထိုးလား၊ မွေးနဂါးမလားမသိပါဘူးကွယ်။ ကြည့်ရင်းကြည့်ရင်းပျောက်သွားတာပဲ။ တွေ့သွားတော့ အသေအချာပါပဲ။ လပြည့်နေ့သည်းဖြစ်တော့ ထင်ထင်ရှားရှားပါပဲ။ နောက်ပြီး ညနေနေဝင်ရီတရောဆိုရင် သည်း မြို့ရိုးအနားက သဲလမ်းကြောင်း တစ်လျှောက်မှာ လှည်းသံတွေ၊ ချွဲသံတွေ မကြာခဏကြားရတယ် ဒကာမလေး။ ဒကာမလေးပြောတဲ့ 'ငါ့သခင်ရဲ့ နန်းတွင်းအံ့စာတုံး' ဆိုတဲ့ကိစ္စကို ဘုန်းဘုန်းလည်း စိတ်ဝင်စားတယ်ကွယ့်။ ဒါကြောင့် ဘုန်းဘုန်းတို့ ဒီကိစ္စကိုစုံစမ်းဖို့အတွက် ပြည်မြို့က မိုးဆိုတဲ့ရွှေရတနာဆိုင်ကိုသွားကြတာပေါ့"

ဟု ဘုန်းဘုန်းမှ အားတက်သရော ပြောလိုက်ရာ မိမိကလည်း အစ်မတော်ခိုင်းတာကို ကတိသာပေးလိုက်ရတာ အားငယ်စိတ်ကတော့ အတိုင်းအတာတစ်ခုထိ ရင်ဝတွင်းတစ်ဆို့နေခဲ့သည်။ ခုလိုဆိုတော့လည်း အားငယ်ဖို့မလိုတော့သလို ပိုပြီးအားအင်များရှိလာပြီး သရေခေတ္တရာမှ မိုးရွှေဆိုင်သို့ ထွက်လာပါတော့သည်။ မိမိနှင့်အတူ မဆွေ၊ ဘုန်းဘုန်းတို့ပါပြီး မဆွေမိဘများက သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ပါသည်။

လွယ်လွယ်ကူကူပါပဲ။အစ်မတော်မွေးနဂါးမမှ ကူညီလို့လားမသိပေ။ မိုးရတနာပိုင်ရှင်မှ အလွယ်တကူထုတ်ပြ၏။ မိမိကလည်း ရွှေဟောင်းပစ္စည်း စစ်မစစ်ကို လေ့လာသုံးသပ်ရင်း ကြည့်ရှုနေချိန်တွင် ချိန်ကိုက်ကွက်တိပါပဲ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ထိုသရေခေတ္တရာပျူနန်းတွင်းသုံးရွှေအန်စာတုံး (လေးဘောင်ကျင်) ရွှေထည်ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပေသည်။ မိမိသည် စိတ်ထဲမှ 'အစ်မတော်ရေ ညီမတော် တာဝန်ကျေပြီပေါ့နော်' ဟု ပြောရင်း ဒီအချိန်မှာ ဝမ်းသာပီတိဖြစ်ရဆုံးသူတစ်ယောက်ကိုပြောပါဆိုလျှင် မိမိကိုသာ လက်ညှိုးထိုးပြောပြရပေလိမ့်မည်။ ထိုပစ္စည်းကိုလည်း ရန်ကုန်မြို့ ရွှေဟောင်းယဉ်ကျေးမှုဌာနသို့ သွားရောက်ပေးပို့အပ်နှံထားခဲ့ပေသည်။ ထိုရွှေအန်စာတုံးမှာ ယနေ့တိုင်ရွှေဟောင်းယဉ်ကျေးမှုပြတိုက်တွင် ရှိနေပါသည်။

(မှတ်ချက် - ပစ္စည်းသိမ်းစဉ်အခါက နေ့စွဲ ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာ ၂၃ရက် ဖြစ်ပြီး မိမိပါဝင်ခဲ့ခြင်းမရှိပါကြောင်းနှင့် ဖြစ်ရပ်မှန်နှင့် တွဲဖက်ကာ ဂဇ္ဇီရပုံစံရေးဖွဲ့ထားပါကြောင်းနှင့် ထိုလေးဘောင်ကျင် အန်စာတုံးတွင် အရုပ် (၄) ရုပ်ပါဝင်ပြီး (၆) မျက်နှာပါရှိပါသည်။ နွားလား ဥသဘရုပ်ကြွပုံ၊ ဂဠုန်မင်းရုပ်ကြွပုံ၊ ဆင်ရုပ်ကြွပုံ၊ ခြင်္သေ့ရုပ်ကြွပုံတို့ကို အဆင့်မြင့်ထုဆစ်လုပ်ထားပေ၏။ သရေခေတ္တရာ ပျူတို့၏ ရွှေဟောင်းအနုပညာလက်ရာမြောက်စွာဖြင့်သေသေသပ်သပ်လှလှပပ ရုပ်လုံးကြွအားမာန်အပြည့် အဝသဏ္ဌာန်ပါရှိသည့် တော်ဝင်အဆင့်ရှိသော သတ္တဝါလေးကောင်၏ပုံဖြစ်၏။ ထိုပစ္စည်းသည် ပျူတို့၏ တန်ဖိုးမဖြတ်နိုင်သော ရွှေထည်ပစ္စည်းဖြစ်၍ မိမိတို့မြို့ သရေခေတ္တရာ၏ လက်ရာဂုဏ်ကို ဖော်လျက်ရှိပါကြောင်း - စာရေးသူ)

ထိုညက တစ်နေ့လုံး ပင်ပန်းသမျှ အတိုးချပြီး ခြေပစ်လက်ပစ်အိပ်ပစ်လိုက်ပါတော့သည်။ ထိုညကပေါ့ မိမိ၏ အစ်မတော်မွေးနဂါးဇသည် မိမိအိပ်မက်ထဲသို့ ရောက်ရှိလာပါတော့သည်။ အိပ်မက်ထဲတွင် တကယ်ဖြစ်နေသကဲ့သို့ ထင်ရပါသည်။

"ဝမ်းသာလိုက်ပါဘိ ညီမတော်ရယ်၊ ဝမ်းသာလိုက်ပါဘိတော့။ ပျော်တနော့ပေါ့" တဲ့။

အစ်မတော်သည် ထိုကဲ့သို့ပြောပြီး မိမိ၏ပါးပြင်နှစ်ချက်ကိုနမ်းနေပါတော့သည်။ မိမိ၏ပါးပြင်ကို မိမိ၏ မိခင်ဖခင်တို့မှလွဲ၍ မည်သူမျှအနမ်းမခံဘူး၍ သူမကနမ်းစဉ် အမျိုးအမည်မသိ ခံစားရပါတော့သည်။ မိမိက -

"အစ်မတော် ဝမ်းသာပီတိဖြစ်သလို ညီမတော်လည်း ဝမ်းသာပါတယ် အစ်မတော်ရယ်။ ဝမ်းသာနေပါတယ်။ ဒါနဲ့ ညီမလေးနဲ့ မမဘယ်လိုပတ်သတ်မှုမျိုးရှိသလဲဆိုတာကို သိချင်လှပါပြီ အစ်မတော်၊ သိချင်လှပြီ"

ဟူ၍ ပြောလိုက်သောအခါတွင် မွေးနဂါးမတုဖြစ်လဲ အစ်မတော်မှာ ချက်ချင်းဆိုသလို မျက်နှာတွင် ညိုရောင်သန်းသွားပါရတော့သည်။ မိမိက အခြေအနေကြည့်ပြီး -

"ဘာဖြစ်လို့လဲ အစ်မတော်၊ ပြောလို့မရရင်လည်း မပြောပါနဲ့တော့ အစ်မတော်ရေ၊ မပြောပါနဲ့တော့"

ဟူ၍ ပြောလိုက်သောအခါတွင် အစ်မတော်မှ -

"မပြောချင်လို့မဟုတ်ပါဘူး ညီမတော်ရေ၊ စိတ်မကောင်းဖြစ်ပြီး ပြောမထွက်လို့ပါ ညီမတော်"

သူမ၏မျက်နှာမှ မျက်ရည်တို့သည် တလိမ့်လိမ့်စီးဆင်းလာပါတော့၏။ မိမိလည်း သူမကိုကြည့်ပြီး အလိုလို မျက်ရည်များ မျက်လုံးအိမ်မှလျှံထွက်၍ လာပါတော့၏။ ပြီးမှ -

"ညီမလေး၊ ဒီမှာကြည့်ပါဦးကွယ်။ ဒီမျက်နှာတွေကို ညီမလေးမှတ်မိလား ကြည့်စမ်းပါဦး မှတ်မိလား"

ဟူ၍ ပြောလိုက်ပြီး အမျိုးသမီးတစ်ယောက် ပျူမင်းသမီးဝတ်စုံ အပြာရောင်ထက်အောက်ကို ဆင်မြန်းထားပြီး လက်တို့တွင် ကွင်းလက်ကောက်အကျပ်ပြားများ နှစ်ဖက်စလုံး အပြည့်ဝတ်ဆင်ထားပါသည်။ လက်ချောင်းတွင်လည်း လက်စွပ်အပြည့်ဝတ်ထား၏။ လည်ပင်းတွင် ဒေါင်းဘယက်အထပ်ကို ဝတ်ဆင်ထား၏။ လက်ကလည်း ကမ်းညှပ်ဟန်ပန်အနေအထားတွင် ခြေထောက်တို့တွင်လည်း ခြေဝတ်တန်ဆာများ ဝတ်ဆင်မြန်းထားပါ၏။ ဒီမျက်နှာကို မိမိကောင်းစွာ မှတ်မိပါသည်။ လှပနိုးစင်းသော မျက်နှာလေး။

"ဟင် - ဒါ ဒါညီမရဲ့ မျက်နှာပဲ အစ်မတော်။ ညီမတော်ရဲ့မျက်နှာမှတ်မိတယ်။ အစ်မတော် ညီမ နန်းတွင်းပျူကကနေတဲ့ဝတ်စုံလေးနဲ့ ညီမသိပ်ကြိုက်တဲ့ အပြာရောင်ပျူဝတ်စုံလေး မှတ်မိပါတယ်"

ဟု ပြောပြီး အစ်မတော်ကို မိမိကတင်းကျပ်စွာ ဖက်ထားလိုက်ပါတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးမှ အစ်မတော်မှ မိမိကို မှတ်မိ အောင်ရှင်းပြနေပါသည်။

"သရေခေတ္တရာမြို့ကြီး ကောင်းစားစဉ်အခိုန်ကာလကပေါ့ ညီမလေး။ တိုင်းပြည်ကြီးဟာ အလွန်သာယာဝပြောခဲ့တယ် ညီမလေး။ ဒွတ္တဘောင်မင်းကြီးဟာ အလယ်နန်းမိဖုရားဖြစ်တဲ့ ပန်ထွာမိဖုရားကို တခြားမိဖုရားတွေထက် မတူအောင် အချစ်တွေပိုခဲ့တယ် ညီမလေး။ ဒွတ္တဘောင်မင်းကြီးဟာ မြောက်နန်းမိဖုရား၊ တောင်နန်းမိဖုရားနဲ့ အလယ်နန်းမိဖုရားဆိုပြီး မိဖုရား (၃) ယောက်ရှိတယ်။ ညီမလေးက နန်းတွင်းသူ ပျူအကမယ် 'အိုရူပစ်ဇီ' လို့ခေါ်တယ်ကွယ့်။ 'ရူပစ်ဇီ' ပေါ့ကွယ်။ 'အို' ဆိုတာ ခုခေတ် 'မ' နေရာကို သုံးသလိုမျိုးပေါ့။ အိုရူပစ်ဇီပေါ့ ညီမလေး။ မမက အိုရှင်ပပဝတီပါ။ ခုနဂါးမြွေကြီး ဘဝကနာမည်ကတော့ သီရိစန္ဒာဝရ ဒေဝီနဂါးပါ ညီမလေး"

ဟု ပြောရင်း မိမိ၏ပုံရိပ်တို့ကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်လာမိပါတော့သည်။

"ညီမတော်လေး အိုရူပစ်ဇီဟာ ပျူအကမှာ တစ်ဖက်ကမ်းတော်အောင် ကတတ်ပါတယ်ညီမလေး။ ခုကပြနေရတာဟာ မြောက်နန်းဒေဝီမိဖုရားကြီး ဥမ္မာရဒေဝီရဲ့ အသက် (၅၀)ပြည့်မွေးနေ့မှာ ကပြနေရတဲ့မြင်ကွင်းပါ ညီမလေး။ ညီမလေးက ပျူအကကရာမှာ အရမ်းတော်လွန်းတော့ ညီမလေးဟာ အဲဒီနေ့က ဆုတော်လာဘ်တော်တွေ အများကြီးရလိုက်တယလေ"

ဟူ၍ ပြောပြရှာပါသည်။

မိမိသည် တဖြည်းဖြည်း မှောင်မည်းနေသော ဝင်္ကပါထဲသို့ ရောက်ရှိသလို အဖြစ်မျိုး ခံစားရပြီး တဖြည်းဖြည်းနှင့် အမြင်အာရုံတို့သည် ထင်ရှားပြတ်သားစွာ မြင်နေရပါတော့သည်။

❑

"ဟုတ်တယ်၊ သရေခေတ္တရာမြို့ကြီးရဲ့ နာမည်ကြီးပျူအကမယ်ပဲ။ ဟုတ်တယ်၊ ငါ့ကို သရေခေတ္တရာပျူလူမျိုးတွေ သိပ်ကြိုက်ကြတယ်။ အကတော်လို့ မှတ်နှာသာပေးကြတယ်။ မနာလိုတဲ့သူတွေလည်း အများကြီးပဲ ငါကြုံတွေ့ရတယ်။ ငါ့ကို တရုတ်ပြည်သွားကဖို့ ပန်ထွာမိဖုရား တစ်နည်း အလယ်နန်းမိဖုရားက ငါ့ကိုရွေးတော်မူတယ်။ ငါသွားကရတော့မှာပေါ့။ တရုတ်ပြည်ခရီးကိုငါသွားကပြမယ်"

ဟု ဆိုရင်း မိမိသည် တရုတ်ပြည်မကြီးဆီသို့ ခရီးစတင်ထွက်ရပါတော့၏။ မိမိနှင့်အတူ သရေခေတ္တရာမြို့တော်မှ ပျူမင်းသား၊ အမတ်ကြီးတို့ဦးဆောင်၍ အဖွဲ့ဝင် (၃၅) ဦးပါ ပျူအနုပညာသံအဖွဲ့သည် ချစ်ကြည်ရေးစတင်ထွက်ခွာလာခဲ့ကြပါတော့သည်။ ခရီးစဉ်တွင် သရေခေတ္တရာ၊ မိုင်းမော၊ သီပေါ်၊ ဝမ်ထိန်း၊ ကျူကုတ်၊ ကျဲဖန်၊ လုန်လိန်၊ ပေါင်ရွန်း၊ တာလီ၊ ခွဲ(ငှ်)ကူ၊ ချန်အန်းနေပြည်တော်တို့ ဖြစ်ပါသည်။ မိမိနှင့်အတူပါသော တူရိယာပစ္စည်းများမှာ သတ္တူ၊ ခရု (သင်း)၊ ကြိုး၊ ဝါး၊ ဘူး၊ သားရေ ဆင်စွယ်နှင့်ချိုတို့ပါဝင်ပြီး စည်း၊ သံပြား၊ ခရုသင်း၊ ရစ်ခေါင်းပုံစောင်း၊ မိကျောင်းခေါင်းစောင်း၊ နဂါးခေါင်းဗျစ်စောင်း၊ မိုးသားခေါင်းဗျစ်စောင်း၊ ကြိုးတစ်ချောင်းတပ်ဘူးဗျစ်ချောင်း၊ ဘူးကလေးဗျစ်စောင်း၊ ကန့်လန့်မှတ်ပလွေ၊ နှစ်ဖက်မှုတ်ပလွေ၊ ဘူးကြီးချည်ချောင်း၊ ချိုနှစ်ချောင်းပွါချည်ချောင်း ဆိုသည့် တူရိယာပစ္စည်း (၃၈) ခု ပါဝင်၍ တရုတ်တို့မျှားစွာမှပင် မိမိတို့ပျူအဖွဲ့ကိုအံ့သြကုန်ပါ၏။ မိမိဝမ်းသာရပါသည်။ မိမိတို့၏သရေခေတ္တရာယဉ်ကျေးမှုအနုပညာဘယ်လောက်တိုးတက်ကြောင်း တရုတ်တို့ကိုပြသနိုင်ခဲ့သည်မှာ ဂုဏ်ယူ၍မဆုံးနိုင်တော့ပေ။

မိမိတို့ ထိုညက ကပြဖျော်ဖြေခဲ့သည့် ပျူအက၊ သီချင်းမှာ ကြိုးကြာငှက် လှည့်လည်ခြင်းဆိုသည့် သီချင်းနှင့်စခဲ့၏။ ထို့နောက်မှာတော့ မိမိ၏ ပျူအကဝတ်စုံသည် ဒူးကိုဖုံးလွှမ်းထားသော ချည်ပိတ်ပါးကို ဝတ်ဆင်ထားပါ၏။ ချည်ပိတ်ပါးကို ပခုံးနှစ်ဖက်အပေါ်မှာ ချိုင်းအောက်သို့ လျှိုလျက်လွှမ်းရုံထား၏။ ကျောက်မျက်ဖြင့် စီကပ်ထားသော ရွှေလက်ကောက်ကျပ်နှင့် ခြေချင်းများ ဝတ်ဆင်ထားပါ၏။ ရွှေဦးပေါင်းကိုလည်း ဆောင်ထားပါသေး၏။ မိမိ၏ ပျူဝတ်စုံမှာ အဖြူရောင်နှင့် အပြာရောင် ရောစပ်ထားသောဝတ်စုံ ဖြစ်ပါသည်။ လက်ဝဲ၊ လက်ယာတွင် ကြေးခြေချင်းများကို ဝတ်ဆင်ထား၏။ လက်ချောင်းအသီးသီးတွင် လက်စွပ်များအပြည့် ဆင်မြန်းထားပါ၏။ လက်ဝဲ၊ လက်ယာ နားနှစ်ဖက်တွင် နားဆွဲများဆင်ယင်ထားပါ၏။ လည်တိုင်တွင် ဖန်ပုတီးကို သုံးကွေး ဆင့်ဆွဲထားပါ၏။ ပန်းများကို သီကုံးပြီး ဆံထုံး၊ ဆံညှပ်နှစ်ခုပါ၍ အမွေးနုဖြူ တန်ဆာဆင်ထားပါ၏။ မိမိအစ်အစ်ပြီးဆုံးသွားပါက တရုတ်ပြည်သူတို့က တန်တေ့ကြရပါ၏။ ထိုညက မိမိ၏ အကကောင်းလွန်းသဖြင့် တရုတ်နန်းတွင်းရေး အတွင်းဝန် ကဗျာစာဆို ပေါ် ကျူယိက မိမိကို ရာဇဝင်မော်ကွန်တင်ပြပြီး 'ပန်းဘယက်တစ်ကုံး' ဆုတော်အဖြစ် ပေးခဲ့ပါသေး၏။

မိမိသည် အကအတော်အတန်ကပြီး မောပန်းနေစဉ်မှာပင် အိပ်မက်လန့်နိုး၍ လာပါတော့သည်။ ပြီးမှ နာရီလှမ်းကြည့်လိုက်သောအခါတွင် မနက် (၂) နာရီထိုးနေပြီဖြစ်၏။ ရှည်လျားသော ထိုအိပ်မက်ကို မိမိသည် နှလုံးနေမိပါတော့သည်။ 'အစ်မတော် သိန်နဂါးမကို နှုတ်တောင်မဆက်လိုက်ရပါလား' ဟု စိတ်ထဲတွင် အမျိုးအမည်မသိရသောခံစားချက်တစ်မျိုး ဖြစ်ပေါ်လာရပါတော့သည်။

နောက်တစ်နေ့တွင် မိမိသည် ထူးဆန်းလှပါသော ထိုအိပ်မက်ကို မိမိ၏ မိခင်ဖြစ်သူအား ပြောပြလိုက်ပါ၏။ မိမိ၏ မိခင်ဖြစ်သူမှ -

"သမီးရယ် အမေသမီးကိုပြောခဲ့ဖူးပါတယ်။ ငါ့သမီးက အဲဒီသရေခေတ္တရာပျူတစ်ဦးဝင်စားတာပါလို့"

ဟု မိမိ၏ ဦးခေါင်းကိုပုတ်လိုက်ပြီး မိမိ၏ဆံနွယ်များကိုပွတ်သပ်ပေးသူ မိခင်ကို မိမိသည် မျက်ရည်ဝဲပြည့်နေမိပါတော့၏။ ဩော်-ဟိုဘဝပျူကချေသည်မင်းသမီးကလေးဖြစ်ခဲ့သော သံသရာလည်နေရသော လူသားကြီးကိုလည်း သံဝေဂရမိလိုက်ပါ၏။ နောက် မိမိ၏ အစ်မတော်သူသည် အဘယ်ကြောင့် ဒီလိုမကျွတ်မလွတ်သော ဘဝများစွာဒီသရေခေတ္တရာမြေကြီးတွင်ရှိနေရပါသနည်း။ မိမိသည် တွေးတိုင်း ဝမ်းနည်းရပါ၏။ အစ်မတော် သိန်စန္ဒာဝရဒေဝီနဂါးမကိုလည်း ကျွတ်ထင်ဝင်စေချင်ပါ၏။ မည်ကဲ့သို့လုပ်ပေးမည်နည်း။ မိမိသည် အိပ်မက်ထဲသော ကိုယ်တွေ့ပါ တကယ့်ဖြစ်ရပ်တွေလို ခံစားနေရပါ၏။

တစ်နေ့ မိခင်ဖြစ်သူ၊ သူငယ်ချင်းမဆွေတို့နဲ့အတူ သရေခေတ္တရာဇီးကောကျောင်းသို့ မိမိရောက်သွားပါသည်။ ရောက်ရောက်ချင်း ဘုန်းဘုန်းကြီးလည်း ဆီးလို့ကြိုပါ၏။ ထို့နောက် မိသိချင်လှပါသော ဒွတ္တဘောင်နှင့်ပန်းမင်းသမီးအကြောင်းကို ဘုန်းဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆောက်တင်ရာ ဘုန်းဘုန်းမှ သူဖတ်ဖူးသမျှ မိမိနှင့်အတူ မဆွေ၊ မိခင်နှင့် ရွာခံလူတချို့ကို ပြောပြခဲ့ပါ၏။ ထိုအကြောင်းဖွယ်ကောင်းလေစွပါတကား။

ဘုန်းဘုန်းမှ -

"အိမ်း-သိချင်လို့မေးတော့လည်း ပြောပြရသေးတာပေါ့ကွယ်"

ဟု ပြောပြီး -

"ဒီလိုကွယ့် ဒွတ္တဘောင်မင်းကြီးရဲ့ အတိတ်ဘဝက ပွေးဖိုဖြစ်ခဲ့ဖူးတယ်။ ဆောက်ပြီး ပန်ထွာဘုရင်မက ပွေးမပေါ့ဘူး။ သူတို့က ချစ်သူတွေကွယ့်။ သိပ်ခင်ကြွတာလို့ သမိုင်းကဆိုထားတယ်။ အခြိန်မှာ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူခြစ်ကြောင်း သိလိုက်ရတဲ့အခါ ပွေးမဆီးဟာ ဖျတ်ဖျတ်လူးဆိုပဲ ဘုရားရှင်ဆီ တွေ့ချင်တယ်။ တစ်ဦးနဲ့တစ်ဦးလည်း တိတွေ့ပြုထားခဲ့ကြတယ်လေ။ သူ့ အရင်တွေ့လည်းပြော၊ ငါအရင်တွေ့လည်းပြောပေါ့။ လူတွေလိုဆိုရင် အရင်ပဲတွေ့တွေ့ ငါအရင်ပဲတွေ့တွေ့ ပေါ့။ ဒီလို နဲ့ တကယ်တမ်း မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရတဲ့အခြိန်မှာ ပွေးမဆီးကို ရှာမရ၊ ခေါ်မရ၊ အော်မရ၊ အနီးအနားတွင် ပေါက်ထဲမှာလည်းမရှိ၊ ဆွေးမြိုလေးရဲ့စိတ်ထဲနှလုံးသားထဲ ပွေးမဆီးရှိနေပေမယ့် မြတ်စွာဘုရားက ဟန်ချက်ကြွနေတဲ့အခြိန်အခါဆိုတော့ ပွေးဖိုဆီးဟာ သစ်သီးသစ်ဥများပင်မကပ်ခဲ့ဘဲ မိရာမြေကြီးခဲလေးကို ကိုင်တွယ်ပြီး သူလိုက်ရတယ် ဒကာမလေးတို့"

ဟု ဘုန်းဘုန်းကပြောပြီး မောလို့ ဆင်ပါရဲ့၊ မတ်ခွက်ထဲမှ ရေနွေးကြမ်းကို မော့သောက်ရင်း -

"အလျှုနဲ့ပတ်သက်လာရင် တစ်ခုပြောရဦးမယ်ကွယ့်။ မိမိစိတ်ထဲမှာ ချက်ချင်းပေါ်လာတဲ့ ဒါနလောက် မြတ်တဲ့ သနမရှိဘူးကွယ့်။ ဒါကြောင့် ဘာပဲလှူ သူ့ စိတ်သန့်အောင်ထား။ ကဲ-လှူပြီးတဲ့ ဆွေးမြိုလေးကို မြတ်စွာဘုရားက ဗျာဒိတ်ပေးလိုက်ပြီလေ။ နောင်တစ်ချိန် သရေခေတ္တရာမှာရှိနေတဲ့ဒေသမှာ အသင်ဟာ နန်းစိုက်ပြီး ငါ၏သာသနာကို ဆက်သက်ထိန်းသိမ်းမယ့်မင်းဖြစ်လိမ့်မယ်လို့ ဗျာဒိတ်ပေးခဲ့ပါတာပဲ။ သူကလည်း ခင်းသာအားရနဲ့ ပွေးမလေးလည်းတွေ့ရော ဘယ်သွားနေလဲပေါ့။ ခုပဲ ဘုရားဘဏ္ဍာသွားပြီး ဗျာဒိတ်တော်ပေးခဲ့လို့ ငါးအတွက်ပါ ဆုတောင်းပေးလိုက်ဘယ်ပေါ့လို့ပြောလိုက်ရာ ပွေးမလေး မှာ ခင်းနည်းပက်လက်နဲ့ သစ္စာမရှိတဲ့ ချစ်သူ။ သေချာစွာ အတူတကွဖူးရပါစေလို့ ပြောထားပါရဲ့နဲ့ဆိုပြီး ငိုကြွေးပြီး ဒေါသသီပ်ကြီးလွန်းတဲ့ ပွေးမလေးဟာ မြတ်စွာဘုရားကိုတိုင်တိုင်တိုင်ငိုကြွေးပြီး သစ္စာကတိမတည်ပါသော ဒီပွေးဖိုနဲ့ဘဝ ဆက်တိုင်းဆက်တိုင်း အတူမနေရ။ မတွေ့ရပါလို့၏လို့ ဆုတောင်းပြီး တွေ့ရပါကလည်း သူ၏အကျိုးကို ဖျက်ဆီးရသူဖြစ်ရပါစေလို့ ဆုတောင်းပြီး သေဆုံးသွားခဲ့တယ်။ ဒါကိုကြည့်ပြီး ပွေးထီးလေးဟာ သူ့ရဲ့ဖြူစင်သန့်ရှင်းပါသော အလှူဒါနကို စိတ်ထဲရည်စူးပြီး 'ပွေးမလေးအပေါ် ခွင့်လွှတ်ပါတယ်ဘုရား။ ဘဝဆက်တိုင်းဆက်တိုင်း တပည့်တော်ရဲ့အသံ၊ တပည့်တော်ရဲ့ရုပ်ကြားရုံဖြင့် တပည့်တော်ထံပါးသို့ရောက်လာပါစေသတည်း။ ဆုတွေ့ရပါစေ'လို့ မြတ်စွာဘုရားထံ သစ္စာဆိုတိုင်တည်ပါတယ်။ တကယ်တော့ ပွေးမလေးအပေါ် ရမ္မက်မပါတဲ့အချစ်တွေထားခဲ့တာကွယ့်"

ဟု မိမိတို့အား ဘုန်းဘုန်းဦးတိက္ခမှ ရှင်းပြပါသည်။ မိမိက သိချင်သော အကြောင်းများကို ဘုန်းဘုန်းအား လျှောက်တင်လိုက်ပါ၏။

"ဒါဆိုရင် ပန်ထွာဘုရင်မကို ဒွတ္တဘောင်က ချစ်လို့သိမ်းပိုက်တော့ ဒွတ္တဘောင်ရဲ့ အကျိုးမှန်သမျှ ဖျက်ဆီးတာပေါ့နော်"

ဟူ၍ ပြောလိုက်ရာ ဘုန်းဘုန်းမှ-

"အိမ်း - ဒါကြောင့် မဲ့ရှုပ်ပျောက်သွားပြီး ဒွတ္တဘောင်မှာ စောင့်ရှောက်နေတဲ့ နဂါးနှစ်သမီးလည်း ပျောက်သွားတာပေါ့ကွယ်။ ဒါကိုမသိတဲ့ ဒွတ္တဘောင်က အခွန်ဘဏ္ဍာတွေကို ကိုယ်တိုင်ကိုယ်ကျဖောင်နဲ့စီးပြီးသွားတောင်းတယ်လို့ ဦးကွလားရာဇဝင်မှန်နန်းရာဇဝင်မှာ ဖတ်လိုက်ရတယ်။ ဒီလို ရေလမ်းခရီးသွားရင်း အမှတ်မထင် နဂါးတွေရှိတဲ့နေရာမှာ တံတွေးထွေးမိလို့ နဂါးတွေသူဘုန်းကံလည်းနိမ့်ရော အရှင်လတ်လတ် နဂါးတိုင်းပြည်ကိုဆွဲခေါ်သွားပြီး သတ်ပစ်လိုက်တယ်လို့ ဆိုထားတယ်။ ဒါကြောင့် ဒွတ္တဘောင်နဲ့ပန်ထွာမင်းသမီးမှာ မွေးနဂါးတွေနဲ့ ဆက်စပ်နေရတာပေါ့"

ဟူ၍ ရှင်းပြပါသည်။

ထို့နောက် ဘုန်းဘုန်းမှ -

"ကဲကဲ - ဒီပန်ထွာမိဖုရားသခ္ခိုင်းကို ဘုန်းဘုန်းတို့ရောက်တုန်းသွားကြည့်ကြတာပေါ့"

ဟု ပြောရင်း မိမိတို့လည်း လှည်းကြောင်းခရီးဖြင့် ပန်ထွာမိဖုရား၏သခ္ခိုင်းကို ရောက်ရှိသွားပါတော့သည်။

ဘဘုန်းကြီးမှ -

"သရေခေတ္တရာပျူတွေဟာ သေဆုံးသူရဲ့ ရုပ်ကလာဝ်ကို မီးရှို့ပြာချပြီး အိုးများနဲ့ အထူးခြားဆုံးမြှုပ်နှံကြတဲ့ အလေ့ရှိတယ်ကွယ့် ဒကာမလေးတို့ရဲ့။ ဆွေတော်မျိုးတော်တွေသေဆုံးတဲ့အခါမှာလည်း တစုတဝေးတည်း နှစ်အိုး၊ သုံးအိုး၊ ခြောက်အိုးအထိ မြှုပ်နှံကြတယ်။ ဒီမှာကြည့် ဒီဗီဿနိုးမိဖုရားသခ္ခိုင်းမှာရှိတဲ့ ကျောက်အရိုးအိုးတွေဟာ နှစ်အိုး၊ သုံးအိုးကနေ ခြောက်အိုးအထိ တွေ့ရတယ်။ တွေ့ရဲ့လား ဒကာမလေး"

ဟု ပြောလိုက်ရာ မိမိနှင့်အတူပါလာသော မဆွေကလည်းသေချာကြည့်ပြီး ကျောက်အရိုးအိုးကို ကိုင်ကြည့်ရာ သေချာသပ်သပ်ရပ်ရပ်ပြုလုပ်ထားသည်ကို တွေ့ရပါသည်။

"တင်ပါ့ ဘုရား။ ကျောက်အရိုးအိုးတွေက ထုထည်ကြီးတယ်နော်"

ဟူ၍ ပြောလိုက်ပါသည်။

ဘုန်းဘုန်းက -

"ဒီအရိုးအိုးတွေဟာ ဒွတ္တဘောင်နဲ့ ပန်ထွာမင်းသမီးရဲ့ ကျောက်အရိုးအိုးတွေပဲ ဒကာမလေးတို့။ ကဲကဲ - လာကြလာကြ၊ နဂါးတွန့်ပေါက်ရှိစဲ့အရပ်ကို သွားကြတာပေါ့"

ဟု ပြောရင်း ဘုန်းဘုန်းကြီးသည် ရှေ့မှ ခြေလှမ်းကျဲကြီးဖြင့်လှမ်းကာ သရေခေတ္တရာ၏ အထင်ကရ နဂါးတွန့်ပေါက်ရှိရာသို့ မိမိတို့ထွက်လာပါတော့သည်။ မိမိစာအုပ်တစ်အုပ်ထဲတွင် ဖတ်မှတ်ရဖူးပါသည်။ ဟိုးလွန်ခဲ့ပါသော နှစ် (၅၀) လောက်က ပြည်ပြို့ သုဒ္ဓဿနဆရာတော် ဦးဝိသုဒ္ဓဟာ ပြည်သရေခေတ္တရာအကြောင်းနှင့် ပတ်သက်ပြီး ရာဇဝင်သမိုင်းကျမ်းကျင်လှသော ဆရာတော်တစ်ဦးဖြစ်သည်။ ဆရာတော်၏ စာအုပ်ထဲတွင်ဖတ်ရသည်က သရေခေတ္တရာတွင် တံခါးပေါက် (၁၂) ပေါက်ရှိသည်။ ထိုတံခါးပေါက် (၁၂) ပေါက်မှ (၉) ပေါက်ကိုသာ တူးဖော်ရရှိခဲ့သည်။

ထို (၉) ပေါက်မှာ -

၁။ နတ်ပေါက်၊
၂။ နဂါးတွန့်ပေါက်၊
၃။ ရွှေတံခါးပေါက်၊
၄။ မွတ်ရည်ပေါက်၊
၅။ ရဟန္တာပေါက်၊
၆။ ဘီလူးမပေါက်၊
၇။ သာယာဝတီပေါက်၊

www.burmeseclassic.com

www.burmeseclassic.com

၈။ မဒ္ဒေပေါက်နှင့်
၉။ ငြပေါက်တို့ ဖြစ်ကြ၏။

တံခါးပေါက်တိုင်းတွင် ပရိတ်ကျောက်စာတိုင်များကို စိုက်ထူထားပါ၏။ ရွှေတံခါးပေါက်တွင် ကျောက်စာတိုင်တစ်တိုင်မှာလည်း မောရသုတ်၊ မဂ်လသုတ်၊ ပရိတ်တော်၊ ပါဠိဂါထာတော်များ ရေးထားသည်ကို တွေ့ရ၏။ ထို့အတူ နဂါးတွန့်ပေါက်အနီးတွင်လည်း ရတနသုတ်ကိုတွေ့ရပြီး ကွင်းပြပေါက်တွင် မင်္ဂလသုတ်နှင့် ရတနသုတ်ကိုတွေ့ရပြီး တွင်းပြပေါက်တွင် မင်္ဂလသုတ်နှင့် ရတနသုတ်ကို တွေ့ပေသည်။ သရေခေတ္တရာမြို့သူမြို့သားတွေသည် မြို့တွင်းတွင်သာ နေထိုင်ကြသည်။ မြို့ရိုးတစ်ပတ် (၉) မိုင်ကျော်ရှိသည်။ မြို့ကို ပတ်လမ်းလျှောက်ပါက တစ်နေကုန်ဖတ်ရသည်။ မြို့သည် အဝိုင်းပုံဖြစ်နေသည်။ ပျူတို့တည်ထောင်သော မြို့မှန်သမျှ အဝိုင်းပုံဖြစ်နေသည်။ မိမိသည် နဂါးတွန့်ပေါက်နားကို ရောက်ရှိစဉ် စာဖတ်ထားသည်များ ခေါင်းထဲရောက်ရှိလာ၍ ပြန်လည်တွေးနေခြင်း ဖြစ်သည်။ ဘုန်းတော်ကြီးဦးတိက္ခနှင့်အတူ ထိုနေ့က သရေခေတ္တရာမြို့ရိုးပတ်ကို ပတ်ရသည်မှာ တစ်နေကုန်ခဲ့ပါတော့သည်။ ကျောင်းရောက်တော့ ညနေစောင်းပြီမို့ ဘုန်းဘုန်းဦးတိက္ခမှ -

"ကဲ-ဒကာမကြီးတို့၊နားနားနေနေ နေကြပါဦး။ နောက်နေ့မှပြန်ကြပေါ့"

ဟု မိန့်မှာ၍ မိမိတို့မှာ ထိုညတွင် ဒီးတောကျောင်းမှာပင် ညအိပ်ရာ ဝင်ခဲ့ပါတော့သည်။

ထိုဒီးတောကျောင်းသို့ ညအိပ်သောအခါမှ သရေခေတ္တရာမြို့၏အငွေ့အသက်တို့နှင့် ပိုနီးစပ်သွားသည်ထင်ပါ၏။ မိမိ၏အစ်မတော် သီရိစန္ဒာဒေဝီ နဂါးမသည် အိပ်မက်ထဲသို့ လျင်လျင်မြန်မြန်ပဲ ရောက်ရှိလာပါတော့သည်။

"ညီမတော်"

ဟူ၍ လွမ်းဆွတ်ဖွယ်အသံတို့ ကြားလိုက်ရပါသည်။

မိမိကလည်း -

"အစ်မတော်ရေ၊ မနေ့ကတောင် ပန်ထွာမင်းသမီးသိရီငိုးကိုရောက်ခဲ့သေးတယ် အစ်မတော်"

ဟု မိမိကပြောလိုက်သောအခါတွင် သူမမှရယ်ပြီး -

"သိတာပေါ့ ညီမတော်ရယ်။ အဲဒီနားမှာ အစ်မရပ်နေတာကို မြင်မှမမြင်ကြဘဲကိုး ဟား ဟား ဟား"

ဟု ရယ်မောစွာပြောလိုက်သော အခါ မိမိက အစ်မတော်ကို ချစ်စဖွယ် အမူအရာဖြင့် မျက်စောင်းထိုးလိုက်ပါတော့သည်။ မိမိ၏ အစ်မတော်မှ ဒီနေ့တော့ ပြုံးပြုံးရွှင်ရွှင်နှင့်ဖြစ်နေ၏။ ပြီးမှ -

"ညီမတော်၊ အစ်မတော်ဟာ ပန်ထွာမိဖုရားရဲ့ အမှန်းတော်ခပြီး မှားယွင်းအသတ်ခံခဲ့ရတယ်။ အဲဒီအချိန်က ငါညီမလေးက အစ်မတော်ကိုမလုပ်ကြဖို့ အတင်းဖက်တောင်းပန်ပါတယ်။ မရပါဘူး။ အကြောင်းက ဒီလိုပါ ညီမတော်"

ဟု ခုနပျော်ရွှင်နေသောမျက်နှာမှာ တစ်မှုတ်ချင်း ညှိုးငယ်သွားပါတော့သည်။

"စိတ်ဝင်စားလား ညီမတော်"

ဟူ၍လည်း မိမိအားမေးပါသည်။

မိမိကလည်း -

"အင်း-စိတ်ဝင်စားတာပေါ့ အစ်မတော်ရယ်။ ဘာကြောင့် ပန်ထွာမင်းသမီးက အပြီးထားမုန်းမာန်ဖွဲ့ပြီး အစ်မတော်ကို သတ်ရပါသလဲဆိုတာ သိရအောင် ပြောပြပေးပါ အစ်မတော်"

ဟူ၍ မိမိ၏ဆန္ဒကို တစ်ပါတည်း တင်ပြလိုက်ပါ၏။

"ဒီလို ညီမလေး"

ဟု ပြောရင်း အစ်မတော်မှ အကြောင်းစုံပြောပြပါတော့သည်။

အစ်မတော်မှ -

"ပန်ထွာမင်းသမီးရဲ့ နန်းတွင်းလျှို့ဝှက်ချက် ပေါက်ကြားသွားလို့ပါ ညီမတော်"

ဟု ပြောပါသည်။

"ဟင် - ဘာလျှို့ဝှက်ချက်လဲ မမသိခွင့်ရမလား"

ဟု မိမိက မေးလိုက်သောအခါတွင် အစ်မတော်မှ -

"ပြောပြပါမယ်၊ ညီမလေးကဘယ်မှတ်မိပါ့မလဲ။ အတိတ်ကိုပြန်ချင်ပါတယ်။ ဒါပေမယ့် ညီမလေးက သမာဓိအင်အား နည်းနေသေးတယ်လေ မမပြောပြပါ့မယ်။ ညီမလေး၊ ဒွတ္တဘောင်မင်းကြီးဟာ အရမ်းဘုန်းကြီးခဲ့ပါတယ်။ သူတစ်ဖက်သတ်ချစ်ရတဲ့ပန်ထွာက သူ့ကိုမချစ်ဘူး၊ မချစ်တဲ့အပြင် သူ့ကို မတရားသိမ်းပိုက်ရမလားဆိုပြီး အပြီးထားပြီးတော့ မကောင်းတဲ့ မျက်နှာသုတ်ပဝါကို ဆက်သတာပေါ့။ ဒါကြောင့် ဒွတ္တဘောင်မင်းကြီးရဲ့မဲ့ဟာ ပျောက်သွားခဲ့တယ်ဆိုတာ ညီမလေးသိမှာပေါ့"

ဟု ပြောလိုက်ရာ မိမိက ဦးခေါင်းညိတ်ပြလိုက်၏။ ပြီးမှ -

"ညီမတော်ရေ၊ တစ်နေ့ နဂါးဦးရေပိုင်နက်ထဲကိုရောက်သွားတော့ မင်းကြီးဟာ အမှတ်မထင် ရေထဲကို တံတွေးထွေးမိတယ်။ ဘုန်းကြီးနေရင် ဘာမှလုပ်လို့မရနိုင်ဘူး။ ဘုန်းလည်းမရှိတဲ့အခါမှာတော့ နဂါးတွေဟာ ရေအောက်ကနေအမျက်ဒေါသချောင်းချောင်းဖြစ်ပြီး -

'တောက် - ငါတို့ရဲ့ပိုင်နက်ထဲ မင်းကြီးရောက်လာပြီး သူရဲ့စကြာဝေးကိုလွှဲချပြီး နဂါးတိုင်းပြည်ကိုခေါ်သွားအောင်ဟေ့'

ဆိုပြီး အကြီးဆုံးနဂါးကပြောင်ဖောင်ကိုမှောက်သွားအောင် ဆွဲခွလိုက်ပါတော့တယ် ညီမလေး။ နဂါးတွေဟာ ဒွတ္တဘောင်ကို အခွင့်အရေးပေးတဲ့အခါနဲ့ သေတမ်းစာမှာခဲ့နိုင်တယ်လည်းရှိရော ဒွတ္တဘောင်ဟာ ကျိန်စာတိုက်တယ်။ အဲဒီကျိန်စာတာတော့ ဒီလိုကွယ် ညီမတော်"

ဟု အစ်မတော်မှ ပြောပြနေသည်။ မိမိက နားမရှင်းတာတစ်ခုရှိနေ၍ အစ်မတော်အား ဒွတ္တဘောင်နှင့်ပတ်သက်၍ မေးလိုက်ပါသည်။

"အစ်မတော်၊ ဒွတ္တဘောင်မင်းကြီးက ရေထဲ တံတွေးထွေးတာနဲ့ ဘုရင်ကြီးကို နဂါးတွေကသတ်လိုက်ရောလား"

ဟု ပြောလိုက်ရာ အစ်မတော်မှ စိတ်ရှည်စွာဖြင့် ပြန်လည်ရှင်းပြပါသည်။

"ဒီလို ညီမတော်ရေ။ ဘုန်းတန်ခိုးတာ ရှိတုန်းလုပ်ချင်တိုင်းလုပ်လို့ရမယ်ဆိုပေမယ့် ဘုန်းကံနိမ့်တဲ့အခါမှာခံရတာမျိုး။ ဒွတ္တဘောင်မင်းက သူ့ရဲ့တံတွေးဟာ ရေထဲကျရင် နဂါးတွေနေလို့မရဘူး ဘုန်းကြီးလို့လေသူက ရေထဲရောက်ထားအမြွေးမွေးချတယ် ညီမတော်ရေ။ အဲဒါကြောင့် နဂါးတွေက သူတို့မကျေနပ်ဖြစ်ပြီး ဖောင်ပါနစ်ခေါ်သွားခဲ့တာလေ ညီမတော်ရေ"

မိမိက ခုမှ ရှင်းပြီး -

"ဩော် - ဒါကြောင့် ဒွတ္တဘောင်ကို မာန်ပြိုးတော်ဖွဲ့တာကိုး၊ အစ်မတော်ရက်စက်လိုက်တာနော်"

အစ်မတော်ကဆက်လက်ပြောပြသည်။

"ဒွတ္တဘောင်မင်းကြီးဟာ နဂါးတွေရဲ့သတ်မည့်ဆဲဆဲမှာ ကျိန်စာတိုက်ပါတယ်။ 'အသင်နဂါးတို့၊ ငါဘုရင်အား တိုင်ခဲ့ပါသည်။ ငါ၏ချစ်စွာသော အလယ်နန်းမိဖုရားကြောင့် ငါ၏ရှင်မဲ့ဟာ ပျောက်ပြီးသေရပါတော့

www.burmeseclassic.com

www.burmeseclassic.com

သော ငါ၏မိဖုရားကို စိတ်မဆိုးရက်ကြောင်းပြောပေးပါ။ နောက် ငါ့အားဆောင်တော်ပြုခဲ့တဲ့ နဂါးတို့ကိုလည်း အခါနောက်ဆုံးကျိန်စာဆိုခဲ့ပါ၏။ ငါချစ်သော သရေခေတ္တရာကြီးဟာ မြို့ကြီးမှတယ်၊ မြို့ငယ်မှ ရွာငယ်၊ ရွာငယ်မှ အိမ်ခြေငြင်းအဆင့်ဆင့် ကျရောက်သည့်တိုင် သည်နေရာ ဒီမြေကြီးနှင့် ငါ၏ဝန်းရံပန်ထွာ၏ သက်ကြွေခန္ဓာတို့ ရှိနေမယ့်နေရာတွေကို အသင်တို့အစဉ်အဆက်စောင့်ရှောက်ကြပါကုန်လေ့' ဆိုပြီး ကျိန်စာတိုက်ခဲ့တယ် ညီမလေး"

ဟု အစ်မတော်မှ ရှင်းပြရာ -

"ဒါဆိုရင် အစ်မတော်က ဘယ်လို သူ့နဂါးဖြစ်သွားရတာလဲ"

ဟူ၍ မေးလာသောမိမိကို ယုယကြင့် ခေါင်းလေးပွတ်ကာ ဆက်ပြောသွားပါသည်။

"ဒီလိုပါ။ ပန်ထွာမင်းသမီးဆီ နဂါးသွားတုန်းကနေ နဂါးတွေဟာ ဒွတ္တဘောင်ရဲ့အိုးအိုးကို တိတ်တဆိတ်လာပို့ခဲ့တာ ဟေ့။ ဒါကို တိုင်းပြည်က မသိဘူး။ နဂါးတွေဟာ ပန်ထွာရဲ့လက်ထဲ ဒွတ္တဘောင်ရဲ့အရိုးအိုးကို ထည့်ပေးလိုက်တယ်။ ဒွတ္တဘောင်ကို ကျောက်အရိုးအိုးနဲ့ထမ်းပြီး ပန်ထွာမင်းသမီးဟာ ကောင်းစွာသဂြိုဟ်ပေးခဲ့ပါတယ်။ ဒါကို အစ်မကနန်းတွင်းကနေကြားပြီး ပြန်လည်ပြောပြရာကနေ အစ်မတော်ကို မနာလိုတဲ့ဘုန်းတိုက်စကားတွေကြောင့် အစ်မတော်ဟာ ပန်ထွာဘုရင်မရဲ့ ကွပ်မျက်ခြင်းခံခဲ့ရတာ။ သရေခေတ္တရာတိုင်းပြည်လည်း ဆုံးရှုံးသွားခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့ဒွတ္တဘောင်သေတာကို သရေခေတ္တရာပြည်သူတွေဆီသွားတော့ သူတို့ဘုရင်ကိုလုပ်တဲ့ ပန်ထွာဘုရင်မကို မကျေနပ်ကြအသံတွေ ထွက်ပေါ်လာတော့တယ်။ အစ်မတော်ကြောင့် ဒီသတင်းပေါက်ကြားတယ်ဆိုပြီး စစ်ဆေးခြင်းတောင်မပြုဘဲဘဲ သတ်မိန့်ချတယ် ညီမလေး။ အစ်မတော်ဟာ သေအံ့ဆဲဆဲမှာ ဒေါသနဲ့သေခဲ့တဲ့အတွက် ဘတ္တာနဝတီမင်းသမီးဆိုတာ သမိုင်းမှာအထင်အရှားရှိတယ်ကွယ်။ သူရဲ့မြေးတော် မြစ်တော်နဂါးရဲ့ဝိုက်ထဲမှာ အစ်မဟာဝင်စားခဲ့တယ်။ အစ်မတော်က ဒေါသကြီးခဲ့တယ်။ ခုဆို နဂါးဘဝနဲ့ပဲ ဒီသရေခေတ္တရာကြီးကို နဂါးဘိုးဘွားအစဉ်အဆက်စောင့်ရှောက်ခဲ့ရတယ် ညီမတော်"

ဟု အစ်မတော်၏ဇာတ်လမ်းကို ခုမှပင် ခရေစေ့တွင်းကျသိရပါတော့သည်။ မိမိကလည်း စိတ်မကောင်းဖြစ်သွားသော အစ်မတော်ကိုကြည့်ပြီး -

"ညီမတော် စိတ်မကောင်းဖြစ်ရပါတယ်အစ်မတော်ရေ။ ဘယ်လိုများ အကူအညီပေးရမလဲပြောပြပါ။ ကူညီနိုင်သရွေ့ကူညီပေးပါမယ်"

ဟူ၍ မိမိသည် မရဲမနားဆက်တိုက်ပြောပြရာ အစ်မတော်မှသက်ပြင်းရှည်ကြီးတစ်ချက်ကိုချပြီးပြောလိုက်ပါသည်။

"အစ်မတော် ကျွတ်တမ်းဝင်ချိန်တော့လိုသေးတယ်။ ဒါပေမယ့် ညီမတော်ဟာ အစ်မတော်ကိုသာ ကူညီရင်းတကယ်ကျွတ်တမ်းဝင်မှာပါ"

ဟု ပြောလိုက်ပြီး မိမိ၏မျက်နှာကို ကြင်နာယုယစွာသောအကြည့်ဖြင့် ကြည့်နေပါတော့သည်။

မိမိကလည်း -

"ဘယ်လိုမျိုး ကူညီရဦးမှာလဲ အစ်မတော်ပြောပါ"

ဟု မိမိသည် အားတက်သရော ပြောလိုက်ရာ အစ်မတော်က -

"ဒီလိုပါ။ ညီမလေးက သီလရှင် ဘဝနဲ့ (၄၅) ရက် ဝိပဿနာကို ကြိုးစားအားထုတ်ပြီး အဓိဋ္ဌာန်ပြည့်တဲ့နေ့မှာ ဒီသရေခေတ္တရာနယ်မှာ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ပြည့်စုံတဲ့ သံဃာတော် (၁၀၈) ပါးကို ဆွမ်းဆက်ကပ်လှူဒါန်းပြုပြီး အစ်မတော်ကို ဆုတောင်းပေးပါညီမတော်"

ဟု သူမသည် မိမိကိုဖြစ်နိုင်ပါ့မလားဆိုသည့်အကြည့်နှင့်ကြည့်နေပါတော့သည်။ မိမိကလည်း -

"ဖြစ်နိုင်တာပေါ့။ ဘာလို့မဖြစ်နိုင်ရမှာလဲ"

ဟု ကတိစကားပေးလိုက်ပါတော့၏။ ထို့နောက်မှာပင် မိမိသည် အိပ်မက်ကမ္ဘာမှပြီးဆုံးသွားတော့၏။ အိပ်မက်မှလန့်နိုးပြီး မောပန်းနွမ်းနယ်နေ၍ မိမိ၏မိခင်ဖြစ်သူကို ထိုအကြောင်းအရာများကို ညတွင်းချင်းမှာပင် ဖွင့်ပြောမိပါတော့သည်။

နောက်တစ်နေ့တွင် မိမိ၏မိခင်သည် သရေခေတ္တရာဇီးတောကျောင်းမှ ဘဘုန်းအား ထိုအကြောင်းအရာများကို လျှောက်တင်လိုက်ပါသည်။ မိမိ၏ မိခင်ဖြစ်သူမှ ဘုန်းဘုန်းအား အိပ်မက်ထဲမှ အစ်မတော် သီရိစန္ဒာနဂါးမ၏ အဖြစ်အနစ်များကို တစ်ခုချင်းရှင်းပြလိုက်ရာ ဘုန်းဘုန်းက -

"အိမ်း-ကောင်းပြီ၊ ဒကာမကြီးတို့ဖြစ်ချင်တဲ့ဆန္ဒအတိုင်းလုပ်ပါ။ ဒကာမလေးကို (၄၅) ရက် မဟာစည်မှာ တရားဝင်ခိုင်းလိုက်ပါ။ နောက်ပြီး အလှူကို ဒီသရေခေတ္တရာမြေမှာ လာရောက်ပြီးလုပ်ကြတာပေါ့"

ဟု ဘုန်းဘုန်းမှ မိမိတို့ကို မိန့်ကြားတော်မူခဲ့ပါ၏။

မိမိသည် မဟာစည်တွင် (၄၅)ရက်လုံးလုံး တရားစခန်းဝင်ခဲ့ပြီး ယောဂီနှင့်မဝင်ဘဲ သီလရှင်ဝတ်ဖြင့်တရားထိုင်ခဲ့ရာ ဝိပဿနာဉာဏ်စဉ်ကို ထိထိရောက်ရောက် အတိုင်းအတာတစ်ခုထိကြိုးစားအားထုတ်နိုင်ခဲ့ပါသည်။ ထို (၄၅) ရက်နေ့မှ လွန်မြောက်၍သွားသောအခါတွင် မိမိသည် ဆရာလေးဝတ်စုံနှင့်ပင် သရေခေတ္တရာပန်ထွာမိဖုရားသချိုင်းမြေတွင် သံဃာအပါး (၁၀၈) ပါးကို ဒွိမာအစုံဖြင့် ဘဝခြားနေသောအစ်မတော်ဖြစ်သူ သီရိစန္ဒာဒေဝီနဂါးမကို အမျှပေးဝေကာ ဆုတောင်းမှုများ ပြုလုပ်ခဲ့ပါ၏။ ထိုနေ့မှာပင် မိမိသည် ဆရာလေးဘဝမှ လူဝတ်လဲလိုက်ပါတော့သည်။ ထိုနေ့ထိုအချိန်မှစ၍ တစ်လတိတိတိုင် သီရိစန္ဒာဒေဝီနဂါးဆိုသည့် မိမိ၏အစ်မတော်သည် မိမိ၏အိပ်မက်ထဲတွင် ရောက်ရှိ၍မလာတော့ပေ။

သို့သော် တန်ဆောင်မုန်းလပြည့်နေ့တစ်ရက်မှာတော့ ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မြင်မက်မိပါသည်။ ထို အိပ်မက်သည်ကား အစ်မတော်မှာ နဂါးအသွင်မှပျောက်ပြီး လူဘဝမှ မိခင်တစ်ဦးဦးထံတွင် ဝင်စားတော့မည်ဖြစ်ကြောင်း မိမိကို လာရောက်ပြီးနှုတ်ဆက်ရင်း အစ်မတော်မှာချက်ချင်းဘဝပြောင်းသွားပါသည်။ အစ်မတော် နဂါးမြွေကြီးသည် ပန်းပေါင်းစုံခြံရံသော ပန်းခြင်းထဲတွင် ကလေးလေးတစ်ယောက်အသွင် သဏ္ဌာန်ဖြင့် ကောင်းကင်ယံသို့တက်သွားပြီး သူမ၏ သံသရာခရီးကို ဆက်လက်လျှောက်ရန် မိမိကိုနှုတ်ဆက်ပြီး ထွက်ခွာသွားပါတော့သည်။ မိမိကတော့ စိတ်ထဲမှ သီရိစန္ဒာဒေဝီနဂါးအစ်မတော်ရေ၊ သံသရာတစ်ကွေ့မှာ ပြန်လည်၍ဆုံချင်ပါသေးတယ်ဟူ၍သာ လွမ်းဆွတ်တမ်းတပြီးနေသူဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ မိမိခံစားနေရသောခံစားမှုမျိုးကို မခံစားဘူးမှာ အမှန်ပါပဲဟူ၍သာ။

မှန်းမွှဲ(ပြည်)

www.burmeseclassic.com

www.burmeseclassic.com

နံနက်(၅)နာရီအချိန်ကတည်းက မောင်းမကြိုတစ်ရွာလုံးလှုပ်လှုပ်ရွရွဖြစ်နေသည်။ နွားစာကျွေးသူ၊ ထမင်းဟင်းထပြီးချက်ကြပြုတ်ကြသူ၊ ဟိုအိမ်က မီးခွက်ကလေးတလက်လက်၊ သည်အိမ်က မီးခွက်ကလေးတလက်လက်။

နံနက် (၉) နာရီအချိန် အားလုံးအဆင်သင့်ဖြစ်ကြပြီ။

လှည်းပေါ်မှာ ကောက်ရိုးများဖြန့်ခင်းထားသည်။ ကောက်ရိုးများပေါ် က ဖျာတစ်ချပ်တင်ထားပါ၏။ လှည်းဦးမှာ ထမင်းအိုးတောင်း၊ ဟင်းအိုးတောင်းနှင့် စောင်ထုပ်များတင်၏။ ရေအိုးတောင်းလည်းပါ၏။

ကိုချစ် နွားစာကျင်းမှ နွားနှစ်ကောင်ကို ဆွဲယူလာပြီး လှည်းမှာ ကသည်။ လှည်းဦးထောက်တင်ပြီးချိန် ကိုချစ်ညီမနှစ်ယောက်နှင့်ညီတစ်ယောက်က လှည်းပေါ် တက်သည်။ ညီမောင်သစ်လက်ထဲကို ကိုချစ်က နွားနှစ်ကောင်ကြိုးများလှမ်းပစ်ပေးပါသည်။ လှည်းအိမ်ထိပ်မှကြိမ်ကို လက်တစ်ဖက်ကဆွဲယူရင်း နွားကြိုးများ မောင်ဆစ် ဖမ်းယူသည်။

နွားနှစ်ကောင်က ကြော့်ကြော့်မော့မော့။ ကြိမ်လုံးဝင့်သည်နှင့် ပြေးထွက်ဖို့အဆင်သင့်။ မောင်ဆစ်ပါးစပ်က ကျွတ်. . . ကျွတ်ဆိုလျှင် နွားနှစ်ကောင်ကြိုးများတင်းတင်းဆွဲလိုထားပါသည်။

မောင်ချစ်တို့အမေ ဒေါ်စိမ်းမြ လှည်းပေါ် ရောက်မလာသေး။

"လှည်းကိုပြင်မမောင်းနဲ့၊ မှန်မှန်မောင်း၊ နွားတွေကိုလည်းဖိရိုက်မနေနဲ့ဦး"

ဟု ညီကို မောင်ချစ်မှာသည်။

"ဟဲ့ဟဲ့-စောင်ထုပ်ရောက်ပြီလား"

ဒေါ်စိမ်းမြ လှည်းအနီးရောက်လာပြီးမေးသည်။

"လှည်းပေါ် တက်တော့ အမေ၊ စောင်ထုပ်တင်ပြီးတာကြာပြီ"

ဟု သမီးကြီးပြောမှ ဒေါ်စိမ်းမြ လှည်းပေါ် တက်သည်။ ဒေါ်စိမ်းမြ အထိုင်ကျသည်နှင့် မောင်သစ် နွားကြိုးများလျှော့ပြီး အိမ်ဝိုင်းထဲမှလှည့်ထွက်သည်။

စိုင်နိုင်ကြီးရွာ ဆုတောင်းပြည့်ဘုရားပွဲ၊ မန္တလေးဇာတ်ပါသည်။

ဟိုဘက်အိမ်သည်ဘက်အိမ်များမှ လည်း ပွဲလှည်းများလမ်းမပေါ် တက်လာကြပြီး ဖုန်တထောင်းထောင်း ပွဲလှည်းပွဲသွားအပြိုင်မောင်းကြဦးမည်။

မောင်းမကြိုရွာပွဲလှည်းပွဲသွားများ ကားလမ်းပေါ် တက်ခဲ့၏။ မိုင်ဝက်အကွာမှာ သားနားရွာရှိ၏။ သားနားရွာမှလည်း ပွဲလှည်းများထွက်လာကြပြီ။

ကားလမ်းပေါ် ဆုံကြပြီ။

လှည်းအပြိုင်မောင်းနှင်ကြသည်။ တစ်စီးနှင့်တစ်စီးကျော်တက်ကြသည်။ ကျော်တက်သောလှည်းက ငြာသံပေးကျော်သည်။ အကျော်ခံရသောလှည်းကလည်း တစ်ဖက်လှည်းမကျော်နိုင်စေခြင်းငှာ နွားကိုဖိမောင်း၊ ဖိရိုက်၊ ငြာသံပေးသည်။

လူငယ်များပျော်ကြသည်။

မခံချင်အောင် စကြပြောင်ကြ၊ နောက်ကြသဖြင့် ရန်ဖြစ်ကြခြင်းများရှိသည်။ သို့ဖြစ်၍ မောင်ချစ်က မောင်သစ်ကို လှည်းအပြိုင်မမောင်းရန် မှာခြင်း ဖြစ်သည်။

ညမှ မောင်ချစ်သူငယ်ချင်းများနှင့် အတူ စက်ဘီးဖြင့်ပွဲလာမည်။

မောင်ချစ်တို့အဖေ ဘချမ်းညိုက အိမ်စောင့်ကျန်ခဲ့ရသည်။

နှစ်စဉ်ကျင်းပမြဲ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၁၁ ရက်နေ့ စိုင်နိုင်ကြီးရွာ ဆွမ်းတော်ပွဲလှူ ဆုတောင်းပြည့်ဘုရားပွဲက စည်ကားသည်။

မန္တလေးနာမည်ကြီးဇာတ် ဖြစ်သဖြင့် ယခုနှစ် အထူးစည်ကားသည်။

စိုင်နိုင်ကြီးရွာ၏အနောက်ဘက်ကျွဲဇင်း၊ မိတ္ထီလာ၊ အုတ်ပုံ၊ မဲတောကုန်း၊ ကောက်ကွေ့တော၊ မင်းကျီရွာများ၊ မြောက်ဘက် စိုင်နိုင်လေးရွာ၊ ဘုန်းဘွက်ရွာ၊ အုန်းဘုတ်ရွာ၊ စင်းတဝဲရွာများ၊ အရှေ့ဘက် ကျေးသီးကုန်း၊ ရင်းတော၊ ပုဏ္ဏား၊ မုဆိုးခြံရွာများ၊ တောင်ဘက် သားနားရွာ၊ မောင်းမကြိုရွာ၊ အေးကုန်း၊ ထိန်ကန်၊ မျက်နှာပန်း၊ ရေတွက်ရွာများ။

ရွာပေါင်းအစုံမှ ပွဲလှည်းများ ရောက်လာကြသဖြင့် ပွဲထုကြီးသည်။

ရွာတောင်ဘက် ဘုရားဝိုင်းကျယ်သည်ဆိုရုံးငြား နောက်ကျလျှင် နေရာရဖို့မလွယ်။

မြေဝိုင်းကိုပတ်ပြီး ခုတင်ဝိုင်း၊ ခုတင်ဝိုင်းက နှစ်ထပ်၊ သုံးထပ်၊ ခုတင်ဝိုင်းများနောက်က လှည်းဝိုင်း။ လှည်းထုကကြီးသည်။

လှည်းဝိုင်းက လေးထပ်ကျော်ပြီး ငါးထပ်ဖြစ်သောနှစ်ရှိ၏။

လှည်းနောက်ဆုံးထပ်မှာ ဇာတ်ပွဲ၏ရုပ်ကို မှုန်မှုန်သာမြင်ရလျက် အသံမှ သာကြားရ၏။ မြေဝိုင်းမှာ လူငယ်များဆင်းကြနားကြရ၏။

သည်မှ စိုင်နိုင်ကြီးရွာ ဆုတောင်းပြည့်ဘုရားပွဲ တန်ဆောင်တိုင်ပွဲတော်စည်ကားပါ၏။

ပွဲဝိုင်းကိုရောက်သည်နှင့် လှည်းကိုနေရာကြည့်ချတ်ကြရသည်၊ ထိုးရသည်။ လှည်းအောက်မှာ ဖျာခင်းကြ၊ နားကြသည်။ ကောက်ရိုးများခင်းဘေးမှ နွားများကျွေးသည်။ ပွဲစေ့ထမှ အကြော်ဝယ်ပြီး အိမ်မှပါလာထုပ်ထားသောထမင်းနှင့် ညနေစာစားကြရပါ၏။

စိုင်နိုင်ကြီးရွာမထဲမှအိမ်များတွင် လာသောအသိမိတ်ဆွေများ၊ ဆွေမျိုးများကို လက်ဖက်ရည်တိုက် ဧည့်ခံကြသည်။ ထမင်းကျွေးသောအိမ်များလည်းရှိပါသည်။

ပွဲဝိုင်းနှင့်ရွာထဲအိမ်များကလူများအပြည့်အသိပ်ဖြစ်သည်။

ညနေငါးနာရီမှာ စိုင်နိုင်ကြီးရွာဆွမ်းတော်ပွဲလှည်းသည် အဆိုအကအခုန်များလည်းပါသည်။

ပွဲဝိုင်းအရှေ့ဘက် မန်းမထေရုပ်ရှင်ရုံကရှိနေသည်။ ဖျာခင်းဖျာထားဖြစ်သည်။ သုံးကားတွဲ၊ လေးကားတွဲ

www.burmeseclassic.com

www.burmeseclassic.com

သည်။ နာမည်ကျော် နာမည်ကြီးဇာတ်ကားများပြသဖြင့် ရုံပြည့်သည်။

ရုပ်ရှင်ပြီးချိန် ဇာတ်ကပြဇာတ်ဆွတ်နေပြီဖြစ်သည်။

ညနေ လေးနာရီမထိုးမီ စောပြီး မောင်ချစ်အိမ်မှ စက်ဘီးဖြင့်ထွက်လာသည်။ ပွဲစျေးတန်းမှအကြော်ဝယ်သည်။ နန်းသိုင်းခြံဝယ်သည်။ အကြော်တွဲနှင့် နန်းသိုင်းခြံထုပ်ကို ရွာတစ်ခေါက်ပြန်ပို့ရသည်။

အဘဦးချမ်းညိုက အကြော်စား၊ ရေနွေးကြမ်းသောက်ပြီး အိမ်စောင့်ရပါလေသည်။မောင်းမကြီးတစ်ရွာလုံး စိုင်နိုင်ကြီးတန်ဆောင်တိုင်ပွဲထွက်ကြသဖြင့် မီးခိုးတိတ်ဖြစ်သည်။

အဘကို အကြော်နှင့် မုန့်သိုင်းခြဲပေးပြီး စက်ဘီးဖြင့် မောင်ချစ်ပြန်ထွက်သည်။ သူငယ်ချင်းကျော်ဟန်နှင့်ကိုထွေးတို့ကိုဝင်ခေါ်သည်။

သူငယ်ချင်းနှစ်ယောက်နှင့်အတူ စက်ဘီးကိုယ်စီဖြင့်ထွက်လာခဲ့ကြ၏။

ပွဲစျေးတန်းက အသိဆိုင်တစ်ဆိုင်မှာ စက်ဘီးများအပ်ကြရသည်။

ပွဲဝိုင်းတစ်ခုလုံး လျှပ်စစ်မီးများဖြင့် ဝင်းဝင်းလက်နေပြီ။ ဆွမ်းတော်ကြီးပွဲအလှည့်ကမပြီးသေး။

လှည်းထုထဲဝင်ခဲ့သည်။အိမ်လှည်းက ဒုတိယထပ် မြောက်ဘက်မှာတွေ့သည်။ မောင်ချစ်တို့ကို ဒေါ်စိမ်းမြက ထမင်းကျွေးသည်။

မောင်သစ်က အလှည့်ကျထွက်သွားပြီဆို၏။ ညီမနှစ်ယောက်က ရုပ်ရှင်ကြည့်ချင်သဖြင့် ခေါ်ခဲ့ရသည်။ ရုံဝင်လက်မှတ်ဖြတ်ပြီးဝင်ခဲ့ရ၏။ ရုံထဲမှာ နမူနာကားများပြနေပြီ။ ဇာတ်ကားမပြသေး၊ မထွက်သေး။ ဧည့်ခံဆိုင်းတီးနေပြီ။

ရုပ်ရှင်ကို မောင်ချစ် မကြည့်ချင်သဖြင့် သူငယ်ချင်းနှစ်ယောက်နှင့် ညီမများထားလျက် မောင်ချစ်တစ်ဦးတည်း ရုံထဲမှထွက်လာသည်။

မောင်ချစ်သူငယ်ချင်းနှစ်ယောက်က ညီမများ၏ အစ်ကိုအရင်းသဖွယ် ခင်မင်ကြသူများဖြစ်သဖြင့် မောင်ချစ် စိတ်ချသည်။

ပွဲစျေးတန်းက လူရှင်းနေသည်။ ပွဲခင်းထဲမှာလည်းမရှိသေး။ ပရိသတ်များ ရုပ်ရှင်ရုံထဲရောက်နေကြသည်။

❑

ကိုဇော်ဝင်း (လှဘော)

အရုဏ်ကြီးကိုချစ်ပြီးတော်အသစ်ကသောညနှင့် ချစ်သမီးလေးမို့ဂျေရည် ပျောက်ဆုံးခြင်း

ဆုတောင်းပြည့်ဘုရားပေါ်သို့ မောင်ချစ် တက်ခဲ့၏။

လှေကားအထက်တစ်ဖက်တွင် အလှူခံစားပွဲတစ်လုံးနှင့် ဘုရားလူကြီးနှစ်ယောက်ထိုင်နေကြသည်။

ဆုတောင်းပြည့်ဘုရားရင်ပြင်တော်မှာလည်း လူမရှိ။

ရောင်စုံမီးလုံးများ၊ အမွှေးတိုင်များမှ ပျံ့လွင်လာသောရနံ့များ၊ ပန်းရနံ့များ ဆုတောင်းပြည့်ဘုရား၏မျက်နှာတော်ကား တည်ငြိမ်သပွာယ်လှပါဘိခြင်း။

မောင်ချစ် ထိခြင်းငါးပါးဖြင့် ရှိသေစွာကန်တော့သည်။

ဘုရားရှိခိုးခြင်းပြီး၏။ သီလဆက်ယူဦးမည်။ သီလမယူရသေး။ နောက်မှာ တစ်စုံတစ်ယောက်ရှိနေသလား၊ ရောက်နေသလား။ လှုံ့ဆော်သောအသိစိတ်ကြောင့် မောင်ချစ် လှည့်ကြည့်ခဲ့၏။

ဩော် - မိန်းကလေးတစ်ဦး။

အထက်အောက် အစိမ်းရောင်

www.burmeseclassic.com

www.burmeseclassic.com

ပိုးသားပျော့အင်္ကျီ၊ လုံချည်နှင့်ရပ်လျက် မောင်ချစ်ကိုကြည့်နေသည်။

မိန်းကလေး၏ လည်ပင်းတွင် အဖြူရောင်ကျောက်ကြိုးက မီးရောင်ဖြင့် တဖျတ်ဖျတ်လက်နေကြောင်းတွေ့ရ၏။ မြင်ရပါလေ၏။

"အစ်ကိုက ရတနာသုံးပါးကိုသိပ် ကြည်ညိုတာပဲနော်"

ဟု မိန်းကလေးက ဆို၏။

မောင်ချစ် အံ့ဩသွားခဲ့ပါလေ၏။

ထိုမိန်းကလေးကို မောင်ချစ်မသိ။ မြင်ဖူးခြင်း၊ တွေ့ဖူးခြင်းလည်းမရှိ။ အနီးမှ တစ်စုံတစ်ယောက်ကိုများပြောလေသလားဟု မောင်ချစ်ကြည့်သည်။

မည်သူမျှမရှိ။ မတွေ့မမြင်။

"အစ်ကို၊ သမီးကိုဂရုစိုက်နော်"

နောက်ထပ် ပြောလာသော မိန်းကလေးစကားကြောင့် မောင်ချစ် ပိုပြီးအံ့ဩခဲ့ရသည်။

မောင်ချစ်မသိသော၊ မြင်ဖူးတွေ့ဖူးခြင်းမရှိပါသော အစိမ်းရောင်ပိုးသားပျော့အင်္ကျီ၊ ထဘီနှင့် မိန်းကလေး။ ထိုမိန်းကလေးက 'အစ်ကို၊ သမီးကိုဂရုစိုက်နော်' ဟု ပြောနေပြီ။

မောင်ချစ်အကြားများမှားသလား။ သို့မဟုတ် မိန်းကလေး လူများမှားနေ၍လား။

မောင်ချစ် မူလတန်းပြဆရာဘဝနှင့် ပတ်ဝန်းကျင်ရွာများ၏ကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ရပါ၏။

ရွာကို မူလတန်းကျောင်းအုပ်ရာထူးတိုဖြင့် ပြန်ရောက်သည်ကမကြာသေးပါ။ ထိုမိန်းကလေးကား မောင်ချစ်တို့ရွာသူမဟုတ်ဟန်မျှမက ပတ်ဝန်းကျင်ရွာများကလည်းမဟုတ်။ ဧည့်သည်ဖြစ်၍ ချို့မှ်မည်။ လူမှားခြင်းသာဖြစ်ချို့မှ်မည်။

ရှိစေတော့။

ထိုမိန်းကလေး၏ အကြည့်က မောင်ချစ်အတွက်တော့ဆန်းလှသည်။ အကြည့်စိမ်းများပါတကား။

မောင်ချစ် ဘုရားဘက်မျက်နှာပြန်လှည့်ခဲ့၏။ငါးပါးသီလဆက်ယူသည်။ ပြီးနောက် မေတ္တာပို့အမျှအတန်းပေးဝေပါသည်။

မိန်းကလေးကို မောင်ချစ် သတိရသွား၏။ ကြည်လင်သောစိတ်ဖြင့် မောင်ချစ် နောက်ကိုပြန်လှည့်ကြည့်သည်။

မိန်းကလေးက ရပ်နေဆဲ။ ခပ်စိမ်းစိမ်းကြည့်နေဆဲ။

မောင်ချစ် ဘုရားကန်တော့ရာမှ မတ်တတ်ထရပ်ချိန်နှင့်တစ်ပြိုင်နက် ထိုမိန်းကလေးက ခုခနဲလှည့်လျက် ဘုရားကုန်းတော်ပေါ်မှဆင်းသွားပါသည်။

မောင်ချစ် မှင်တက်ငေးမောကျန်ခဲ့ရပါသည်။

သတိရပြီး မိန်းကလေးနောက် မောင်ချစ်လိုက်ခဲ့၏။ မိန်းကလေးကို မောင်ချစ်မမြင်ရတော့၊ မတွေ့ရတော့။

အလျှံခံစားပွဲနှင့် ဘုရားလူကြီးနှစ်ယောက်ကရှိနေဆဲ။

"အဘ စောစောက မိန်းကလေး တစ်ယောက်ဆင်းသွားတာ မြင်လိုက်ရပါသလား။ ဘယ်အရပ်ကဆိုတာကော သိပါသလား"

ဟု မောင်ချစ် ရှိသေစွာ ဘုရားလူကြီးနှစ်ယောက်ကို မေးကြည့်သည်။

ဘုရားလူကြီးနှစ်ယောက်က 'ဟေ' ဟု တစ်ပြိုင်နက်အသံထွက်၏။ အဖြေစကားကဆန်းပါ၏။

"ဘုရားရင်ပြင်တော်မှာ မောင်ရင်လေးတစ်ဦးတည်းရှိတာပါကွယ်။ ဘယ်သူမှ တက်မလာသလို ဘယ်မိန်းကလေးမှလည်း မမြင်ရပါဘူး။ မရှိပါဘူး။ အဘတို့ ဘယ်မှထမသွားတာမို့ အမှန်ပါကွယ်"

ဟု ဖြစ်သည်။

မောင်ချစ် ကပျာကယာ ကုန်းတော်ပေါ်မှဆင်းသည်။ ပွဲစျေးတန်းဝင်သည်။ ရုပ်ရှင်ရုံမှ ဇာတ်ကားပြီး လူများထွက်လာကြသဖြင့် ပွဲစျေးတန်းကတိုးမရအောင်ဖြစ်သွားခဲ့ရပါ၏။

မောင်ချစ် ကြိုးစားရှာသည်။ ဇာတ်စင်ထောင့်ပါမကျန် ပွဲခင်းတစ်ခုလုံး ပွဲစျေးတန်းတစ်ခုလုံး အထပ်ထပ် မောင်ချစ်ရှာခဲ့၏။

ထိုမိန်းကလေးကို မောင်ချစ် မတွေ့ရတော့။

"ဟာ - မောင်ချစ်ရာ၊ ရှာလိုက်ရတာကွာ။ မင်းညီမတွေ လှည်းကိုပြန်ပို့ခဲ့ပြီးပြီ။ မင်းကဘယ်တွေလျှောက်သွားနေမှန်းမသိဘူး။ ဟင် - မောင်ချစ်၊ မင်းမျက်နှာက ဖြူဖပ်ဖြူရော်နဲ့ နေမကောင်းဘူးလား"

ဟု မောင်ချစ်၏ သူငယ်ချင်း ကျော်ဟန်က ဆွဲထားရင်းမေး၏။

မောင်ချစ် ရုတ်တရက် ပြန်ပြီး စကားမပြောနိုင်။

နီးရာအကြော်ဆိုင်ကိုဝင်လိုက်ကြရ၏။ အကြော်တစ်ပွဲမှာ၏။ ကျော်ဟန်နှင့်မောင်ထွေးက မောင်ချစ်ပြောသမျှ စိတ်ဝင်စားစွာ နားထောင်ပါသည်။

"ယနေ့ည ကပြမည့် ပြဇာတ်က အသစ်ဖြစ်ပါတယ်။ ဘယ်မြို့ဘယ်ရွာမှာမှမပြရသေးပါ။ပရိသတ်များအကြိုက်တွေ့ကြပါလိမ့်မယ်ခင်ဗျား"

ဇာတ်စင်ထက်မှ ကြေညာသံ ထွက်လာသည်။

ပွဲကြည့်ပရိသတ်များအားလုံးထဲ ပွဲခင်းထဲရောက်ကြပြီး စျေးတန်းထဲရှိကြတော့။ ပြဇာတ်စနေပြီ။

မောင်ချစ်ကိုကူပြီး သူငယ်ချင်းနှစ်ယောက်ကရှာပေးသည်။

ပွဲဝင်းထဲရှာသည်။ စျေးတန်းထဲရှာသည်။ ဘုရားရင်ပြင်တော်ပေါ် တက်ခဲ့သည်။ ဇာတ်စင်ထောင့်တိုးဝင်ရှာခဲ့ကြ၏။

ထိုမိန်းကလေးကို မတွေ့ကြရ။

မိုးစင်စင်လင်းချိန် အနီရောင်ပြည်ဖုံးကားချပါမှ -

မောင်ချစ်တို့ပြန်ခဲ့ကြသည်။

နောက်ညမှာလည်း မောင်ချစ်ဦးထိုမိန်းကလေးကိုရှာခဲ့ကြ၏။

ထိုမိန်းကလေးနှင့်တူသူပင်မတွေ့ကြရ မမြင်ကြရ။

နောက်ည ပြဇာတ်ပြီးချိန် စိတ်ပျက်လက်ပျက်နှင့် မောင်သစ်ဦးပြန်သည်။ မောင်ချစ်ကြောင့် ကျော်ဟန်နှင့် မောင်ထွေးတို့ ပွဲမကြည့်ခဲ့ကြရ။

စစဦး မောင်ချစ်နောက်နေသည် စနေသည်ဟုထင်ခဲ့ကြ၏။ မောင်ချစ် စတတ်၊ နောက်တတ်ခြင်းမရှိတာကိုသိကြ၏။

စိတ်လှုပ်ရှားနေသမျှကိုကြည့်ပြီး ရင်မောစွာ၊ သူငယ်ချင်းကောင်းပီသစွာ မောင်ချစ်အတွက် ဝိုင်းဝန်းခဲ့ကြငြား -

မောင်ချစ်ကိုပို့ပြီး ကျော်ဟန်နှင့် မောင်ထွေး ပြန်သွားခဲ့ကြသည်။

အဘချမ်းညိုက ရေနွေးကြမ်းသောက်နေသည်။

"ပွဲကမကောင်းလို့လား လူထေ"

ဟု မေးနေသေး၏။

မည်သို့မျှ မောင်ချစ် ပြန်မဖြေနိုင်။ အိပ်ရာထဲမှာ အိပ်နေပါလျက် မောင်ချစ် အိပ်မရ။ စိတ်က ပွဲခင်းထဲရောက်နေသည်။ အစိမ်းရောင်ပိုးသားပျော့အင်္ကျီ၊ လုံချည်နှင့် မိန်းကလေးသည် မောင်ချစ်မျက်ဝန်းထဲကမထွက်။

❑

မိုးစင်စင်လင်းခဲ့၏။

မောင်ချစ် တစ်ရေးမျှအိပ်မရသေး။

ပွဲလှည်းများပြန်ဝင်လာကြသော အသံများကို အိပ်ရာထဲမှ မောင်ချစ်ကြားနေရသည်။ အိမ်မှလှည်းသည်များ အိမ်ဝိုင်းထဲဝင်လာပါပကောလား။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့တည့်တည့်မှာ မောင်သစ်ရပ်သည်။

မောင်ချစ် အိပ်ရာမှထပြီး ရှေ့ကို

"ဟောများ-အစ်ကိုကဖြင့်အိမ်ပြန်အိပ်တောင်ပြီးနေပြီ။ ဘို့အမေကြီးကတော့ သူသားကြီးလှည်းတောင်းလို့ တဖျစ်တောက်နဲ့ပါများ"

ဟု မောင်သစ်ကဆို၏။

ရှေ့နွားနှစ်ကောင်ကို မောင်ချစ်ညှဉ်း။ လှည်းဦးထောက်ပြီး နွားနှစ်ကောင် နွားစာကျင်းပို့သည်။ ရေတိုက်

ဒေါ်စိမ်းမြက ထမင်းအိုးတောင်းမီးဖိုထဲဝင်သွားသည်။

"ဟောတော်-လာကြပါဦးလာကြလေးလေးပါတော့"

ဟု အငယ်မအော်သံထွက်လာပါကြောင့် -

အားလုံး လှည်းရှိရာ အပြေးအလာတ်ခဲ့ကြရသည်။

ရှေ့လှည်းအိမ်အတွင်း စောင်ထုပ်ကြားတွင် ပိတ်ဖြူအနီးဖြင့်ထုပ်သော ကလေးငယ်လေးကိုတွေ့ရပါသဖြင့် အိုခနဲဟင်းခနဲဖြစ်သွားသည်။ နှင်းများဖြင့်စိုရွှဲနေပါသောကြောင့် ကလေးငယ်အထုပ်ကလေးတ အမှန်ပင်ပါလာခဲ့၏။

ဒေါ်စိမ်းမြမှာ ကလေးအထုပ်ကိုသည်။ ပိတ်နီးများကိုဖြေသည်။ ဖွေးဖွေး အသားကလေးက နီနီစွေးသည်မို့

"ဟယ်တော့ - ကလေးကလေးတဲ့"

ဟု ဒေါ်စိမ်းမြအော်ပြောသည်။

ဒေါ်စိမ်းမြလက်တွင် ကလေးကတန်လက်ကန်ဖြင့် လက်မလေးကို ကျတ် မျက်တောင်များခတ်လျက် ဆိုင်းလည်သော မျက်ဝန်းများဖြင့် အားလုံးကိုကြည့်နေသကဲ့သို့ ကလေးမ

"ဟ- ကလေးကိုအိမ်ထဲဝင်ခေါ်ခဲ့"

ဟု အဘချမ်းညှိပြောပါမှ သတိရခဲ့ကြလျက် အိမ်မထဲဝင်ခဲ့ကြပါသည်။

"ကလေးကိုဘယ်လိုလုပ်မှာလဲ"

ဟု မိသားစုများ ဝိုင်းဝန်းအဖြေရှာကြသည်။ မွေးစားချင်သူရှိလျှင် ပေးလိုက်ရန် မောင်သစ်က ပြောသည်။

သို့သော် မောင်ချစ်က 'ဘယ်သူကိုမပေး သူမွေးမည်' ဟု ဆိုလာပါသောကြောင့် ဒေါ်စိမ်းမြ ရင်ဘတ်ဖိလျက်-

"အိမ်မရှိဘဲ ခွေးမွေးဆိုတာ မောင်ချစ်မှအစစ်ပါတော်"

ဟု ဆိုသည်။

မူလတန်းကျောင်းအုပ်ဆရာကြီး မောင်ချစ်သည် လူပျိုကြီးဖြစ်ပါ၏။

စိုင်နိုင်ကြီးရွာတန်ဆောင်တိုင်ပွဲ၊ ဆုတောင်းပြည့်ဘုရားပွဲတော်အဝင်ည ကပြသော ပြဇာတ်သည် 'ကျွန်တော် ချစ်သော မှဲ့ရွှေရည်' ဖြစ်ပါ၏။

သို့ဖြစ် မောင်ချစ်က သူမွေးစားသမီးလေးကို မှဲ့ရွှေရည်လေး၊ ချစ်သမီးမှဲ့ရွှေရည်ဟု အမည်ပေးခဲ့ပါသည်။

မှဲ့ရွှေရည်လေး မောင်ချစ်မွေးစားသည်ဆိုရခြား ညီမများက လိုအပ်သမျှ လှုပ်ကိုင်ပေးကြရသည်။ နို့ဘူးဖျော်တိုက်ရ၏။ သေးဝတ်ခွေးဝတ်လျှော်ကြရ၏။ မောင်ချစ်က ဆိတ်မတစ်ကောင်ဝယ်ပေးသဖြင့် ညီမောင်သစ်မှာ ဆိတ်နို့ညှစ်ရသောအလုပ်ပိုလာ၏။

အားလုံးက မှဲ့ရွှေရည်လေးကို လက်ပေါ်က မချနိုင်လောက်အောင် ဝိုင်းဝန်း ချစ်ခင်ယုယကြပါသောကြောင့် မှဲ့ရွှေရည်လေးက်ကောင်းသည်။

သည်အထဲမှ မှဲ့ရွှေရည်လေးသည် သူမွေးစားအဖေကို အချစ်ပိုသည်ထင်၏။ မောင်ချစ်ကိုမမြင်ရလျှင် မှဲ့ရွှေရည် အော်ပြီးငိုတတ်ပါသည်။

မှဲ့ရွှေရည်လေး ပြေးပြေးလွှားလွှား အရွယ်ရောက်ချိန် မောင်ချစ်သွားလေရာလိုက်၏။ ကျောင်းစာသင်သွားရာတွင် သမီးမှဲ့ရွှေရည်ပါသည်။ တစ်လတစ်ခေါက် မြို့လစာထုတ်သွားသည်ပင် စက်ဘီးနောက်က သမီးလေး မှဲ့ရွှေရည်ပါ၏။

မှဲ့ရွှေရည်သည် မောင်ချစ်နှင့် အတူအိပ်၏။ မောင်ချစ်နှင့် ထမင်းအတူစား၏။ အဘွားဒေါ်စိမ်းမြနှင့် အဒေါ်နှစ်ယောက်ကို ခင်တွယ်မှုနည်း၏။ ဦးလေး မောင်သစ်သည် မောင်ချစ်ပြီးလျှင် မှဲ့ရွှေရည်လေးကိုအချစ်ဆုံးဖြစ်၏။

စိုင်နိုင်ကြီးရွာ ဆုတောင်းပြည့်တန်ဆောင်တိုင်ဘုရားပွဲမီးထွန်းပွဲပြီးလျှင် ရင်းတောရွာကုန်းပြတ်ကြီးဘုရားပွဲတော်၊ သားနားရွာ ရွာဦးဘုရားပွဲတော်၊ မောင်းမကြီးရွာ ရှစ်မျက်နှာဘုရားပွဲတော်နှင့် ဘောင်းတော်ကျဘုရားပွဲ၊ ရေထွက်ရွာ ပိုက်ကျိုင်းဘုရားပွဲတော်၊ ပင်းဇင်းရွာ ရွှေကူကြီးဘုရားပွဲတော်များ ဆက်တိုက်လှုပ်ပါကျင်းပသည်။

စိုင်နိုင်ကြီးရွာက မန္တလေးမှ နာမည်ကြီးဇာတ်ကြီးများ ငှားရမ်းကျင်းပသည်။ ကျန်ရွာများက မန္တလေးဇာတ်ကြီးများထက် မုံရွာဇာတ်လေးများကို အကြိုက်ပိုငှားရမ်းသည်။ မောင်းမကြီးနှင့် သားနားရွာမှ မုံရွာမင်္ဂလာစိန်ကျော်တင့်၊ နှစ်စဉ် ပင်းဇင်းရွာမှ စိန်သောင်း၊ ရင်းတောရွာမှ အောင်ကျော်တင့်ဇာတ်ပွဲနှစ်စဉ်ငှားသည်။

ကိုယ့်ရပ်တိုယ်ရွာ ကိုယ့်ဇာတ်အစွဲရှိသည်။ အစွဲကြီးသည်။

မောင်းမကြီးရွာသည် အလှူပွဲမင်္ဂလာပွဲများတွင် ဇာတ်ထည့်လိုပါက မုံရွာမင်္ဂလာစိန်ကျော်တင့်ကို သာငှားသည်။ အခြားဇာတ်ကိုမထည့်၊ မငှား။ အခြားဇာတ်များဝင်၍မရ။

သူရွာပွဲကိုယ်သွား၊ ကိုယ်ရွာပွဲသူလာ၊ တတ်နိုင်သမျှ ကျေးမွေးဧည့်ခံ၊ တစ်ရွာနှင့်တစ်ရွာ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ညီညွတ်မှုတသည်။

ပွဲသွားသည့်အခါတိုင်း မောင်ချစ်နှင့်အတူ သမီးမှဲ့ရွှေရည်ပါသည်။

သို့ဖြင့် မှဲ့ရွှေရည်လေး မောင်ချစ်မွေးစားခဲ့ရာ လေးနှစ်မျှကြာခဲ့၏။

စိုင်နိုင်ကြီးရွာ ဆုတောင်းပြည့်ဘုရားပွဲ ပထမညဖြစ်ပါ၏။

ဘုရားရင်ပြင်ပေါ် မောင်ချစ် ဘုရားကန်တော့နေချိန် မှဲ့ရွှေရည်လေး အနီးမှာ ဆော့ကစားနေရာမှ ရုတ်တရက်အော်ငိုပြီး မောင်ချစ်ကိုဝင်ဖက်သည်။

"ဖေချစ် ဖေချစ်၊ ဟိုမှာ ဟိုမှာ ဟိုမိန်းမက သမီးကိုခေါ်နေတယ်"

ဟုလည်းပြော၏။

မောင်ချစ် လှည့်ကြည့်သည်။ ဟင်ခနဲ မောင်ချစ်နှုတ်ကထွက်သွားပါ၏။

အစိမ်းရောင်ပိုးသဲ်းပျော့အင်္ကျီ၊ ထဘီနှင့်မိန်းကလေးက မောင်ချစ်ကို စိမ်းစိမ်းကြီးကြည့်နေသည်။ ပြီးနောက် ချာခနဲလှည့်ပြီး ဘုရားကုန်းတော်ပေါ်မှ ဆင်းသွားသည်။ မောင်ချစ်အမြန်ထလိုက်ငြား မမီတော့။

ဘုရားပွဲစျေးတန်း လူများကြားမှာ ပျောက်သွားပါသည်။ မှဲ့ရွှေရည်လေးကို အဘွားဒေါ်စိမ်းမြနှင့်ထားခဲ့ပြီး ပွဲခင်းတစ်ခုလုံး မောင်ချစ်ရှာသည်။

မိုးသာစင်စင်လင်းသွားပါ၏။

ထိုမိန်းကလေးကို မတွေ့တော့၊ မမြင်ရတော့။

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးကိုမြင်လိုက်ရခြင်းဖြင့် မောင်ချစ်ရင်သည် ဆွေးဆွေးမြေမြေဖြစ်ခဲ့ရပါလေသည်။

ရက်တော်တော်ကြာအထိ ထိုဆွေးမြေဝေဒနာသည် မပျောက်။

❑

နောက်နှစ် နောက်နှစ်များ မည်သည့်ဘုရားပွဲကိုမျှ မုံရွှေရည်လေးကို ခေါ်၍မရတော့ပြီ။

မုံရွှေရည်လေး အိမ်မှအထွက် စက်ဘီးနောက်မှ ပျော်ပျော်ရွှင်ရွှင်လိုက်ပါ၏။ ပွဲစေ့မှကျွေးသမျှစား၏။

သို့သော် ဘုရားရင်ပြင်ပေါ် တက်မည်ဆိုလျှင် မိုရာကိုတင်းတင်းဆွဲသည်။ ပြီးနောက် ထိမ်းမနိုင်သိမ်းမနိုင်အော်ပြီး ငိုတော့သည်။

"သမီးကြောက်တယ်၊ ဖေချစ် ပြန်ကြရအောင်။ ပြန်ကြမယ်နော် ဖေချစ်"

ဟု ငိုရင်းက တဖွဖွပြောတတ်ပါသည်။

သို့ဖြစ်၍ -

မောင်ချစ် ဘုရားပွဲများကို မရောက်ဖြစ်တော့။

အိမ်မှာ သမီးလေးကို မောင်ချစ် စာစပြီးသင်သည်။ သမီးလေး မုံရွှေရည်က ဉာဏ်ကောင်းသည်။

သင်သမျှ မှတ်မိသည်။ အရလွယ်သည်။

လာမည့်နှစ်တွင် ကျောင်းအပ်နိုင်ပြီ။သူငယ်တန်းမှစ၍ သင်၍ရတော့မည်။ အချိန်ရသမျှ နွေမှာ သမီးကို မောင်ချစ် စာသင်ပေးခဲ့၏။

မောင်ချစ်ပျော်နေသည်။

ရန်ကုန်မှာ ကျောင်းထိုင်နေသော ဆရာတော်ဦးစန္ဒာ ရွာကိုပြန်ကြွလာသည်။ ရွာအလှူပွဲမှပင်၍ဖြစ်သည်။

ဦးစန္ဒာသည် မောင်ချစ်နှင့် ညီအစ်ကိုဝမ်းကွဲဖြစ်၏။ မောင်ချစ်အဖေ ဦးချမ်းညို၏အစ်ကို ဦးချမ်းပို့မွေးသောသားဖြစ်ပါ၏။ အလှူပွဲပြီး ရန်ကုန်ကိုပြန်ကြမည်။ ထိုအခါ ရွာမှဆွေမျိုးများက ရန်ကုန်ကို ဘုရားဖူးလိုက်ချင်ကြသည်။

ကားကြီးတစ်စီးစီစဉ်ပေးရသည်။

ရွာဘုရားဖူးအဖွဲ့ကို အဘ ဦးချမ်းညို ဦးဆောင်သည်။ မိသားစုအားလုံး လိုက်ပါခဲ့ကြ၏။

ဦးစန္ဒာ၏ကျောင်းသည် ရွှေတိဂုံဘုရားကုန်းအခြေမှာရှိသည်။

တပေါင်းလ ရွှေတိဂုံဘုရားပွဲနှင့် ဆုံပါ၏။

ဘုရားဖူးအဖွဲ့တစ်ဖွဲ့လုံး ပျော်ရွှင်ကြသည်။ တစ်မြို့လုံးအနှံ့ထွက်ကြ၊ ကျောင်းမှာ ချက်ပြုတ်စားကြ၊ ဘုရားစုံဖူးခဲ့ကြ၏။

နေရာအနှံ ဦးစန္ဒာ လိုက်ပို့သည်။

နံနက် (၇) နာရီအခါခြိန် ရွှေတိဂုံကုန်းပေါ် အားလုံးရောက်ရှိဖူးမြော်နေကြသည်။ ရင်ပြင်တော့တစ်ခုလုံး ပွဲတော်ရက်မို့ ပြည့်သိပ်နေသည်။

သမီးမုံရွှေရည်လက်ကို ဆွဲလျက် မောင်ချစ် လူအုပ်ကြားမှာတိုးသည်။

"ဖေချစ် ဖေချစ် ဟိုမှာ ဟိုမှာ"

ဟု သမီးမုံရွှေရည် အသံလေးနှင့် အတူ လက်ဖြင့်ညွှန်ပြသည်။

မောင်ချစ် ရင်တစ်ခုလုံး ပြောင်းဆန်သွား၏။ အံ့ဩထိတ်လန့်ရ၏။

အစိမ်းရောင်ပိုးသားအင်္ကျီ၊ ထဘီနှင့် ကျောက်ကြိုးဝတ်ဆင်ထားသော မိန်းကလေး။ ထိုမိန်းကလေးက မောင်ချစ်ကို စိမ်းစိမ်းကြီးကြည့်နေရာမှ သမီးမုံရွှေရည်လေးကို လက်ယပ်ခေါ်နေသည်။

ရုတ်တရက် သမီးမုံရွှေရည်က မောင်ချစ်လက်ကိုလွှတ်ပြီး ထိုမိန်းကလေးရှိရာပြေးသွားသည်။

မိန်းကလေးက မုံရွှေရည်လက်ကလေးကိုဆွဲပြီး လူအုပ်ကြား တိုးဝင်သွားသည်။ ရွှေတိဂုံဘုရားအနောက်မုခ်ကို လူအုပ်နှင့်အတူ ရောဆင်းသွားပါသည်။

မောင်ချစ် အံ့ဩနေရာမှ အပြေးလိုက်၏။

သို့သော် မောင်ချစ် မမီတော့ပြီ။

ဦးစန္ဒာကျောင်းမှာ ဖြစ်သမျှပြောပြီး မောင်ချစ် ငိုသည်။ ဆုရားဖူးအဖွဲ့တစ်ဖွဲ့လုံးဖြန့်ပြီးရှာသည်။ မတွေ့ကြ။

သမီးလေး မုံရွှေရည်က ပျောက်သွားပါပြီ။

နောက်ရက်ပြန် ရန်ဖြစ်ကြခြင်း ရက်တစ်ပတ်မျှ ကြာသွားသည်။

(၇) နှစ်မျှ သမီးမုံရွှေရည်နှင့်အတူ နေခဲ့ရ၏။

နေရာတိုင်းမှာ မုံရွှေရည်လေး မြင်နေခဲ့ပါသည်။ အအိပ်ပျက်၊ အစားသောက်ပျက်ခဲ့၏။ အလုပ်မှ မောင်ချစ် ထွက်လိုက်သည်။

မောင်ချစ်ကို မည်သူမျှပြော၍မရပြီ။

သွားချင်သောနေရာ မောင်ချစ် သွားသည်။ ပြောချင်သည့်စကား မောင်ချစ်ပြောသည်။ မောင်ချစ် ငိုချင်ငိုသည်။ရယ်ချင်သည့်အခါလည်း အတော်မသတ်နိုင်အောင် ရယ်ပါ၏။

"ဟင်းဟင်း အစ်ကိုတဲ့ဗျာ သမီးကိုဂရုစိုက်နော်တဲ့။ ဟင်းဟင်း-မောင်ချစ်က သမီးမုံရွှေရည်ကို ဂရုမစိုက်လို့လား ဂရုစိုက်ပါဗျာ၊ စိုက်လိုက်သမှ ဟိုဘက်တောင်လွန်သေး မယ်မင်းကြီးမ၊ မယ်စိမ်းကြီး သမီးမုံရွှေရည်ကိုပြန်ပေးပါ။ ဦးသမီးမုံရွှေရည်ကိုပြန်ပေး"

မောင်ချစ် အမြဲပြောနေကျစကား 'မယ်မင်းကြီးမ မယ်စိမ်းကြီး၊ ဦးသမီးမုံရွှေရည်ကိုပြန်ပေး' ဟူ၍ ဖြစ်သည်။

နေကလွန်စွာပူ၏။

အရိပ်ကောင်းသော ကုတ္တိုင်ကြီးတစ်ပင်အောက်တွင် ကလေးများ ဆော့ကစားနေကြသည်။

ထိုနေရာသို့ လူတစ်ယောက်လာနေသည်။

ထိုလူသည် အင်္ကျီအဖြူကိုဝတ်ထား၏။ အပြာကွက်လုံချည်နှင့်ဖြစ်၏။ လွယ်အိတ်တစ်လုံးလွယ်ထားသည်။

ဝတ်ဆင်ထားသော အင်္ကျီနှင့် လုံချည်က အရောင်မရှိတော့။

အင်္ကျီအိတ်ထောင်တွင် ဖောင်တိန်က ဆယ်ချောင်းထက်မနည်းခိုတ်ဆွဲထားသည်။ လွယ်အိတ်ထဲမှာ ပြဌာန်းစာအုပ်အစုတ်များအပြည့်ပါ၏။

ကုတ္တိုင်ပင်အောက်မှကလေးများကို သူတွင်ပါလာသောမုန့်များတွေ့သည်။ ကလေးများလည်းစားသည်။

"စာသင်ပေးမယ်၊ စာအုပ်ထုတ်ကြ"

ဟု ပြောသည်။

ကလေးများ၏တစ်ဦးချင်းမှတ်စုများကိုကြည့်သည်။

"ဟင် - ငါ့သမီး မုံရွှေရည်လည်း မပါပါလား"

ဟုပြောပြီး ဝမ်းနည်းပမ်းနည်းသည်။

ကလေးများကလည်း လိုက်ပြောကြသည်။

ထိုအဖြစ် ထိုမြင်ကွင်းသည် မောင်းမကြီးရွာမှာ အဆန်းမဟုတ်တော့ပြီ။ ထိုသူသည် မောင်ချစ်ဖြစ်၏။

ကလေးတိုင်းက မောင်ချစ်ကို သိကြပြီးဖြစ်၏။ ချစ်ကြ၏။

တစ်ခါတစ်ရံ ကလေးများက မောင်ချစ်ကို မုန့်ကျွေးသည်။ ရေတိုက်၏။ တစ်ခါတစ်ရံ မောင်ချစ်က ကလေးများကို မုန့်ကျွေးသည်။ ရေတိုက်သည်။

ကလေးများရှိရာ အဆင်းမြင် မောင်ချစ်လာသည်၊ ရောက်သည်။ အဆန်းမဟုတ်တော့ပြီတည်း။

ကိုဇော်ဝင်း (လှတော)

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းသွင်

ချမ်းသာရေးတရား

"မီးဖိုချောင်လုံမှ -

ဆိုတာ များသောအားဖြင့် မီးဖိုချောင်သုံးပစ္စည်းတွေ အလေအလွင့်မရှိရေးကို ရည်ညွှန်းကြတယ်လို့ထင်ပါတယ် ဒကာကြီး"

နောက်နေ့တွင် ချမ်းသာရေးတရားဟောသော ကိုယ်တော်လေးသည် ကျွန်ုပ်ရှိသေးသည့် မီးဖိုချောင်နှင့် အိမ်သာအကြောင်းဆက်ပြောရန် ဤသို့ စကားလှိုက်ပါသည်။

ကျွန်တော်က -

"မီးဖိုချောင်ယိုပေါက်နဲ့ပတ်သက်ပြီး တပည့်တော် ဗဟုသုတလေးတွေရှိပါတယ်။ ဒဲဒါ ဦးပဉ္စင်းကို လျှောက်ထားခွင့်ပါတယ်၊ သတိရတုန်းပို့ပါ။ နောက်တော့ မေ့သွားမှာစိုးလို့ပါ။ စကားဖြတ်ပြောတာကို ခွင့်လွှတ်ပါဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။

ကိုယ်တော်လေးက -

"ဟာ - - ပြောပါ ဒကာကြီး၊ ကောင်းတာပေါ့။ ဒကာကြီးတို့က အတွေ့အကြုံများလှပြီလေ။ ဦးပဉ္စင်းတို့က ဒကာကြီးတို့လို အတွေ့အကြုံရှိသူတွေဆီက ကြားနာမှတ်သားပြီး ဦးပဉ္စင်းတို့လို အတွေ့အကြုံနည်းသေးသူတွေကို ပြန်ပြောပြရတာ။ ဖတ်၊ မှတ်၊ နာကြားနဲ့ ဗဟုသုတပွားရတာ့။ အလိုလိုလိုသိတာဘုရားပဲရှိတယ်။ ကျန်သူအားလုံးက ဖတ်၊ မှတ်၊ နာကြားနဲ့ သိလာရတာချည်းပဲ"

ဟု ဝမ်းသာအားရ လက်ခံပါသည်။

ကျွန်တော်က -

"လွန်ခဲ့တဲ့နှစ်(၄၀)ကျော်လောက်က တပည့်တော် ဆောင်းပါးတစ်ပုဒ်ဖတ်ဖူးပါတယ်။ ရေးသူ၊ ခေါင်းစဉ်၊ အချက်အလက်အပြည့်အစုံကိုမမှတ်မိတော့ဘူး။ မှတ်မိသလောက်ကတော့ မြန်မာတစ်နိုင်ငံလုံးရဲ့ တစ်နေ့တာ စားကြွင်းစားကျန်ကို သူ သုတေသနလုပ်တာ တွဲ (၁၁) တွဲပါတဲ့ ရထားတစ်စင်းစာရှိတယ်။ အခုဆိုရင် လူဦးရေက (၂) ဆလောက် ဖြစ်လာတော့ ရထား (၂) စင်းစာဖြစ်လာလိမ့်မယ်။

အဲဒါကို ငွေကြေးတန်ဖိုးနဲ့တွက်ရင် နည်းမလား၊ စားကြွင်းစားကျန်ကြောင့် ဆုံးရှုံးရတဲ့တန်ဖိုးဟာ ငွေကြေးတင်မဟုတ်ဘူး၊ စားကြွင်းစားကျန်စွန့်ပစ်

www.burmeseclassic.com

www.burmeseclassic.com

ထားတာကို အမှီပြုပြီး အထူးသဖြင့် ကြွက်နဲ့ ခွေးလေခွေးလွှဲငှဲပေါများတယ်။ သူတို့ရဲ့အန္တရာယ်ကအများသိတဲ့အတိုင်း အဆိုးဆုံးပဲ။ ခွေးရူးရန်နဲ့ ရောဂါပေါင်းစုံ ဒဏ်ကို ခံရတယ်။

လွန်ခဲ့တဲ့ အနှစ် (၃၀) လောက်က တပည့်တော် ဂျပန်ကို လေ့လာရေးခရီး အဖြစ် ခေတ္တရောက်ဖူးတယ်။ ကျောင်း ဆရာဘဝက တပည့်ဖြစ်ခဲ့ဖူးသူက အဲဒီမှာ ကြယ်ငါးပွင့်သင်္ဘောကိုယ်စားလှယ် အဖြစ်ရောက်နေတယ်။ သူတို့အိမ်ကို သွားလည်ခိုက် စကားစပ်ပြီး ခွေးလေခွေးလွှဲငှဲမတွေ့ရကြောင်း ပြောတော့ တပည့်က ခွေးလေခွေးလွှဲငှဲဆိုတာ စားကြွင်းစားကျန်ပေါ် မှီပြီးအသက်ရှူရတာ။ ဂျပန်မှာ စားကြွင်းစားကျန်ဆိုတာ လုံးဝ မသိဘူး။ မရှိဘူး။ ကျွန်တော်တို့ဆီမှာလို ချည်သည်တစ်ယောက်ရောက်လာလို့ကတော့ ထပ်မချက်ရဘူး။ အမြဲပိုတယ်လို့ ဂုဏ်ယူပြီးမပြောဘူး။ ပိုတော့ ဘာဖြစ်သလဲ လွှင့်ပစ်ရတာပဲ မဟုတ်လား။ ခွေးလေခွေးလွှဲငှဲလည်းမရှိဘူး၊ စားကြွင်းစားကျန်တွေနဲ့ ခွေးလေခွေးလွှဲငှဲတွေမွေးထားပြီး အမဲသားတုံးကျွေးသတ်ရတဲ့အလုပ်လည်းမရှိဘူး။ ငရဲကြီးတစ်ခုလွတ်သွားတာပေါ့လို့ပြောပါတယ်။

ကြွက်က စားကြွင်းစားကျန်အပေါ် မှာပဲ မှီခိုရတယ်လို့ မဟုတ်ပေမယ့် အိမ်ထဲကို ရောက်လာတာကတော့ အိမ်နောက်ဖေးက စွန့်ပစ်လိုက်တဲ့ စားကြွင်းစားကျန်တွေကဆက်ပြီးရောက်လာတာပဲလို့ ပြောနိုင်ပါတယ်။ ခွေးတို့၊ ကြွက်တို့ကြောင့် ဆေးကုရတဲ့ကုန်ကျစရိတ်ကျတော့ မီးဖိုချောင်ယိုပေါက်လို့ မြင်သူနည်းပါတယ်”

“ဦးပဉ္စင်းချင်တာ အဲဒါပါပဲ။ မီးဖိုချောင်ယိုပေါက်ဆိုတာ အလေအလွင့် ကိုချည်ပြောတာမဟုတ်ဘူး။ အခြေးဆိုးကျိုးတွေလည်း အများကြီးရှိသေးတယ်ဆိုတာပဲ”

ကျွန်တော့် စကားအဆုံးတွင် ကိုယ်တော်လေးက ဤသို့ပြောပြီးဆက်ကာ -

“ဦးပဉ္စင်း ကျောင်းသားဘဝက ဆွမ်းလိုက်ရင်းနဲ့ မီးဖိုချောင်တော်တော်များများကိုဝင်ခဲ့ဖူးတယ်။ မီးဖိုချောင်တွေမှာ ငါးပိ၊ ငံပြာရည်၊ ဆား၊ ဆန်ခွင်း၊ ငရုတ်သီးမှုန့် စတာတွေကို အထုပ်လိုက်ပဲထားတာများတယ်။ အရင်ကတော့ စက္ကူတို့၊ ဖက်တို့ပေါ့။ နောက်တော့ ပလတ်စတစ်အိတ်ပေါ့။

ဆားကတော့ များသောအားဖြင့် တစ်ဝက်သာသာပဲသုံးရပြီး နောက်ပိုင်း အစိုပြန်ပြီးလွှင့်ပစ်ရတာပဲ။ မလွှင့်ပစ်ခင်မှာတောင် အစိုပြန်လျက်နဲ့သုံးလိုက်ကြသေးတယ်။ ဆားဟာ ရေစိုရင် ခါးတတ်တဲ့သဘောရှိတယ်။ ရေစိုဆားသုံးရင် ဟင်းအရသာအနည်းနဲ့အများပျက်တာပဲ။ ဒါကြောင့် စားသောက်ဆိုင်တွေမှာ သိပ်သတိထားကြသတဲ့။ များသောအားဖြင့် ငံပြာရည်ကလွဲရင် အကုန်အထုပ်လိုက်ထားကြတာပဲ။ ငံပြာရည်ပဲပုလင်းနဲ့တော့ထားပါရဲ့။ ဒါပေမယ့် သုံးပြီး ချက်ချင်းပြန်မပိတ်ဖြစ်တော့ မှေပြီး အဖုံးပွင့်ရက်သားဖြစ်နေတာများတယ်။

ဒီအထဲ ယင်ဘယ်နှကောင်ဝင်ဥလဲမသိဘူး၊ ကျသေနေလဲမသိဘူး။ အိမ်မြှောင်ချေးကျနေရင်လည်း မသိဘူး။ ချက်ချင်း ဘာမှမဖြစ်နိုင်ပေမယ့် ကြာတော့ ကျန်းမာရေးကို အနည်းနဲ့အများ ထိခိုက်တာပဲ။ ဒါပေမယ့် ဒါကြောင့်လို့တော့ ဘယ်သူမှမထင်ကြဘူးပေါ့။

ဆန်ခွင်းတို့ဘာတို့လည်း မဖုံးဘဲထားရင် ဒီလိုပဲ မသင့်တာတွေဝင်ပြီး အန္တရာယ်ဖြစ်တာပဲ။ ကြောင်တို့က်၊ ကြွက်တို့က်နဲ့ ကိုယ်တိုင် မတော်တဆ တိုက်မိတာတွေကြောင့် မျောက်လို့ ဖိတ်လို့ ဆုံးရှုံးတာတွေလည်းရှိသေးတယ်။ တချို့ ဆီကိုတောင် ပန်းကန်လုံးထဲထည့်ပြီး ဒီအတိုင်းထားတတ်ကြတယ်။ ပြီးဟပ် ဝင်သေနေတာလည်းတွေ့ရတယ်။

ဒီနေရာမှာ ဆုံးရှုံးမှုက နှစ်မျိုးပဲ။ တစ်မျိုးက အကုန်မသုံးရလို့ဆုံးရှုံးတယ်။ နောက်တစ်ခုက ကျန်းမာရေးထိခိုက်လို့ ဆုံးရှုံးတယ်။ အကုန်မသုံးရလို့ ဆုံးရှုံးတာကို တန်ဖိုးတွက်လို့ရနိုင်တယ်။ အတိုင်းအဆရှိတယ်။ ကျန်းမာရေးဆုံးရှုံးတာက တန်ဖိုးတွက်လို့မရဘူး။

အချို့မီးဖိုခန်းဟာ ချက်တုန်းပြုတ်တုန်းအချိန်ဆိုရင် ခြေချရာမရှိဘူး။ ဒါမျိုးကများတယ်။ တချို့ကျတော့ ချက်တုန်းပြုတ်တုန်းမှာလည်း သပ်သပ်ရပ်ရပ်ပဲ။ အဲဒါ ဘာကွာသလဲဆိုရင် လုပ်စရာရှိတာကို ချက်ချင်းလုပ်လိုက်တာနဲ့ နောက်မှလုပ်မယ်ဆိုတာကွာတာပဲ။ ငံပြာရည်တူးကို ဖွင့်သုံးတယ်။ ချက်ချင်းပြန်မပိတ်ဘူး။ တစ်ခုပြီးတစ်ခု ဆက်လုပ်သွားတော့ မှေသွားပြီးအားလုံးပြီးမှ ပြန်ပိတ်ဖြစ်တယ်။ အဲဒီအချိန်မှာ ယင်ဘယ်နှကောင်ဥသွားပြီလဲ။ ပြီးဟပ်၊ အိမ်မြှောင် ဘယ်လိုလုပ်သွားကြသလဲ ဘာမှမသိဘူး။

အဲဒါတွေသာမက ထမင်းစားဟင်းအိုးစတာတွေကို အဖုံးဖွင့်ပြီး ခွက်ချင်းပြန်မပိတ်မိဘူး။ တခြားနေရာတွေထားရင်လည်း ချက်ချင်းနေရာပြန်မပေးဘူး။ ယောက်မတို့၊ ဇွန်းတို့ဆိုလည်း ချက်ချင်းပြန်မဆေးမိဘူး။ ဒီတော့ ထင်နား၊ ကြွက်တက်ထားတဲ့ ယောက်မတို့ ဇွန်းတို့နဲ့ပဲ အလျှင်လိုတော့ မဆေးမှတ်တမဲ့ပြန်သုံးမိတယ်။ အဲဒီတော့ ရှုပ်ပွတာရယ်၊ မသန့်တာရယ်နဲ့ပဲပြည့်နေတာပေါ့။

အရေးကြီးတာက လုပ်ပြီးတာနဲ့ ချက်ချင်းသိမ်းတဲ့အကျင့်ကိုလုပ်ထားခဲ့ငံပြာရည်ခတ်ပြီးတာနဲ့ ဘူးပြန်ပိတ်နောက်ထပ် တစ်အိုးချက်လို့ထပ်ထည့်တော့ထပ်ဖွင့်ပေါ့။ နောက်ဖွင့်ဖို့ရှိနေတယ်ဆိုပြီး ပစ်ထားတော့ အကြောင်းဖြစ်သွားတာပေါ့။ ဘာမဆို အလေအကျင့်လိုတာပဲ။ လေ့ကျင့်ရင်ရပါတယ်။ မလေ့ကျင့်လို့ဖြစ်တာပါ။ ပြီးတော့ အလေးအနက်မထားတဲ့ စရိုက်ကြောင့်ပဲ။ အားလုံးကို မဖြစ်စလောက်သဘောထားလို့ပဲ လေလွင့်မှုတွေကြာတော့ ကိန်းဂဏန်းကြီးလာတယ်။ မသန့်ရှင်းမှုတွေက ကြာတော့ ကျန်နေရေးထိုခိုက်မှုအားကြီးလာတယ်။

ဒါလောက်ဆိုရင် မီးဖိုခန်းသပ်သပ်ရပ်ရပ်ထားသင့်တယ်၊ ဘယ်ထားသင့်တယ်ဆိုတဲ့ သဘောပေါ်လောက်ပြီ။ အထူးသတိပြုဖို့က အလေအဖွဲဟာ အကြီးကြီးဖြစ်လာတတ်တယ်ဆိုတာပဲ”

“တပည့်တော် နည်းနည်းမြင်ပြပါရစေဘုရား”

ဟုခွင့်တောင်းလိုက်တော့ ဦးပဉ္စင်းလေးက လိုလိုလားလားခွင့်ပြုပါသည်။

ကျွန်တော်က -

“တပည့်တော် ငယ်စဉ်က မီးများ ခြဲဥယျာဉ်လုပ်ကိုင်ပါတယ်။ အခင်းကွမ်းစိုက်ပါတယ်။ ခြံက သုံးဧကခွဲထားတယ်။ ရေလောင်းချိန်မှာ စိုက်တွေနဲ့ ရေနီးအောင်ဆိုပြီး ရေတွင်း (၇) တူးထားတယ်။ ရေအလွန်ပေါပါတယ်။ အဲဒါ အမေက သောက်ရေကို အကြိုခပ်ပြီး မကုန်လို့သွန်ပစ်တာမျိုးရဘူး။ ဘယ်နေရာမှာဖြစ်ဖြစ် သင့်တဲ့ချွေချွေတာတာသုံးရတယ်။ တော်က အမေရယ်၊ ရေဒါလောက်တာလို့ ပြောတော့ အမေက မချွေတာတဲ့အကျင့်က ရှားတာလိုက်ပြီးပါသွားလိမ့်မယ် မူးရှိး၊ ပဲဖို့ ငါး

www.burmeseclassic.com

www.burmeseclassic.com

ဘွန်ဖြစ်တဲ့ မုတ်ထားလို့ ပြောပါတယ်။ ဘစ်မူး တစ်ပဲသုံးတဲ့ခေတ်ကိုး။

ငဖြူးဆို တာက သူကြွယ်ကိုပြော ဘာ တပည့်တော်တို့ရွာနားက အိမ်ခြေ (၁၀၀) မပြည့်တဲ့ ကန်ဖျားဆိုတဲ့ ရွာမှာ ကန်ကျောင်းဆိုတဲ့ ဘုန်းတော်ကြီး ကျောင်းရှိတယ်။ အဲဒီကျောင်းကို ဦးထွန်တဲ့ ကန်ဖျားရွာသားတွေဟာ ဘဝင်ခက်တိုင်း ဆန်တစ်ဆုပ် (လက်ဘစ်ဆုပ်) စီဖယ်ပြီး တစ်လတစ်ခါစု ဆောင်းတယ်။ အဲဒီပိုက်ဆံနဲ့ သောင်းကျွန်တန် ဆွမ်းစားကျောင်းကြီးတစ် ကျောင်းဆောက်နိုင်ခဲ့တယ်။

ရွှေတိဂုံဘုရား အနောက်ဘက် ဘောင်းတန်းကို ဇစ်ပြားတန်ဆောင်းလို့ ခေါ်တယ်။ အဲ၊ သိမ်ကြီးစေးသူစေး သားများဆီက တစ်နေ့ (၂)ပြားကောက် ပြီးဆောက်ထားလို့ပဲ။ စရည်းအိုး (စဉ့်အိုး ကြီး) ရွယ်၊ ကြီးစွာလျက်လည်း တစ်စက် ကျများပြည့်သောလားလို့ဆိုတဲ့အတိုင်း ပဲဘုရား။ စုတယ်ဆိုတာ ကြာရင်အပုံကြီး ဖြစ်လာတာပဲ"

ဟု ဖြည့်ပြောလိုက်ပါသည်။

ဦးပဉ္စင်းလေးက -

"ကဲ - မီးဖိုခန်းအကြောင်းတော့ ထုံလောက်ပြီထင်တယ်။ ဒကာကြီးပါ ပြောတော့ ပိုပြီးပြည့်စုံသွားတာပေါ့။ နောက်ဆုံးအချက်ဖြစ်တဲ့ အိမ်သာ အကြောင်းပြောရအောင်"

"အိမ်သာကို ဘာလို့ အိမ်သာလို့ ခေါ်သလဲ ဒကာကြီး"

ဦးပဉ္စင်းလေးကဖြတ်မေးပါသည်။

ကျွန်တော်က -

"အဲ - တပည့်တော်လည်း အတိ အကျမသိဘူးဘုရား။ အထင်နဲ့ပြောရရင် မြန်မာမှုနယ်ပယ်မှာ ပြောင်းပြန်ပြောတဲ့ အလေ့ရှိပါတယ်။ အကျည်းတန်သူကို မချော၊ အသားမည်းသူကို ပိုးဟပ်ဖြူ စသဖြင့်ခေါ်လေ့ရှိတယ်။ မဟုတ်ပညတ်ပေါ့။ သူကိုလည်း အဆောက်အအုံတစ်ခု ဖြစ်လို့ အိမ်လို့ပညတ်လိုက်ပြီး သူဆီမှာ နေတဲ့အခိုက်ကတော့ အလွန်ပဲမသာ မယာနဲ့ နံစော်ပြီးနေရတာမို့ အိမ်သာ လို့ခေါ်သလားမသိဘူး။

တပည့်တော်တို့ တောအရပ် ဒေသမှာတော့ အိမ်ကျဲတဲ့နေရာဆိုရင် အိမ်နဲ့ဝေးရာမှာ ကျင်းတူးပြီး အိမ်သာ ဆောက်ကြပါတယ်။ အိမ်စိပ်တော့ နီးနီး ပဲပေါ့။ ကျင်းက ကြာတော့ မိလ္လာနဲ့ပြည့် ပြီး ဝင်သွားတာနဲ့ တအားနံတာပေါ့။ လူမမြင်အောင် အလုံပိတ်ထားရတော့ ပိုဆိုးတာပေါ့။ ရန်ကုန်မြို့မှတော်ဝင် လွတ်လပ်ရေးရပြီး (၁၀) နှစ် (၁၅) နှစ် လောက်အထိ မိလ္လာပုံးစနစ်နဲ့နေတာပဲ။ လူများပြီး ပုံမှန်မသိမ်းတာမျိုးဆိုရင် အိမ် ခန်းထဲပါနံတယ်။ မိလ္လာသိမ်းသူက တစ်ခါတလေ ပိုက်ဆံ (အပိုဆု) မရရင် ဆွဲမှောက်သွားတာမျိုး ကြုံရသေးတယ်။

တောရပ်တွေမှာ မြစ်ချောင်းထဲ သွားတာတို့၊ ကန်သင်းဘေးသွားတာတို့ရှိ ခဲ့တယ်။ အဲဒါကို ယင်လုံအိမ်သာစနစ်ကို အထူးဂရုစိုက်ပြီး အကောင်အထည်ဖော် တာတွေ့ရတယ်"

ဦးပဉ္စင်းလေးက -

"အိမ်သာကို ပြောင်းပြန်အမည် ပေးထားတာကို အတည့်လုပ်လိုက်ရင် ပြီးပြီ။ မသက်မသာ၊ မသာမယာထိုင်ရ လို့ အိမ်သာခေါ်ရာက သက်သက်သာ သာ၊ သာသာယာယာထိုင်ရလို့ အိမ်သာ ခေါ်တယ်ဆိုရင်ပြီးပြီ။

ညစ်ညမ်းတဲ့လေထု ရှူရရှိုက်ရ တဲ့အထဲမှာ မိလ္လာနံ့ညစ်ညမ်းမှုက အဆိုး ဆုံးပဲ။ မသန့်ရှင်းတဲ့၊ ဆိုးရွားတဲ့အိမ်သာ ကို အသုံးပြုနေရသူအားလုံးဟာ ကျန်းမာ ရေးကို နည်းမျိုးစုံနဲ့ ထိခိုက်နေမှာပဲ။ ကျန်းမာရေးမကောင်းတဲ့ အိမ်ဟာ သာယာပါဦးမလား။ ဒီတော့ အိမ်သာကို အသန့်ရှင်းဆုံးဖြစ်အောင်ထားရမယ်။ ဘယ်လိုထားရမယ်ဆိုတာ အသေးစိတ် ပြောဖို့မလိုတော့ပါဘူး။ အားလုံးသိကြ တာ ပဲ"

"ကဲ - ဒါဆိုရင် ဦးပဉ္စင်းပြောတဲ့ အချက် (၆) ချက်ပြီးသွားပြီ။ ဘုရား ကျောင်းတော်၊ သောက်ရေအိုး၊ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ အိမ်သာ။ အဲဒီ (၆) နေရာကို ပြောခဲ့သလိုထားနိုင်ရင် အဲဒီ အိမ် ချမ်းသာပြီ။

ဒီနေရာမှာ ချမ်းသာဆိုတာကို အဓိပ္ပာယ်ဖွင့်ဖို့လိုလာပြီ။

ခြံကြီးဝင်းကြီး၊ တိုက်ကြီးတာကြီး နဲ့နေ၊ ကားကောင်းကြီးတွေစီးပြီး ငွေကို ရေလိုသုံးဖြုန်းနိုင်တာကို ချမ်းသာခြင်းလို့ အဓိပ္ပာယ်ဖွင့်ရင်တော့ ဦးပဉ္စင်းလျှာဖြတ် ခံရဖို့သေချာပြီ။

ချမ်းသာတာကို ဒီလိုပဲ မှားမှား ယွင်းယွင်း အဓိပ္ပာယ်ဖွင့်ကြတာများပါ တယ်။ အဲဒီလိုလူမျိုးတွေမှာ တစ်ရာ တစ်ယောက်ဆိုသလို ချမ်းသာသူမရှိကြ ပါဘူး။ အကြောင်းကြောင်းကြောင့် အပြင်ချမ်းသာ၊ အတွင်းဆင်းရဲတွေများ ပါတယ်။ ကိုယ်ချမ်းသာ၊ စိတ်ဆင်းရဲပေါ့။ ပြီးတော့ ဒီလိုချမ်းသာမျိုးက

ဉာဏ်နဲ့ ဝိရိယနှစ်မျိုးတည်းနဲ့မရပါဘူး။ ကံပါရပါတယ်။ ကံဆိုတာ အတိတ်ကံကို ပြောတာ။ အခုဦးပဉ္စင်းပြောတဲ့ ချမ်းသာ က ဉာဏ်နဲ့ဝိရိယကြောင့်ရတဲ့ ချမ်းသာ မျိုးပဲ။

ချမ်းသာတယ်ဆိုတာ မိမိရရှိထား တဲ့အဆင့်မှာ -

၁။ ကိုယ်ဆင်းရဲခြင်းမရှိဘဲ (လက်ရှိ ရထားတဲ့အဆင့်ထက် နိမ့်ကျပြီး ငွေကြေးပစ္စည်းဥစ္စာ ရှာပါးခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်းမရှိဘဲ)

၂။ စိတ်ဆင်းရဲခြင်းမရှိဘဲ (ကိုယ်ဆင်း ရဲခြင်းကြောင့်ဖြစ်သော စိတ်ဆင်းရဲ ခြင်းမရှိဘဲ)

၃။ အဆင့်နဲ့အညီ ကိုယ်၊ စိတ်နှစ်ပါး ချမ်းသာနေခြင်းတို့ပဲ ဆိုလိုပါတယ်။

လူတွေဟာ များသောအားဖြင့် မိမိပယောဂကြောင့် ပစ္စည်းဥစ္စာလေလွင့် ဆုံးရှုံးရခြင်း၊ ကျန်းမာရေးဆုံးရှုံးရခြင်း စတာတွေကြောင့် ဝင်ငွေရဲ့သုံးပုံတစ်ပုံ လောက်ဟာ အလေအလွင့်ဖြစ်နေရ တယ်။

ပြောခဲ့တဲ့အချက်(၆)ချက်နဲ့အညီ နေထိုင်ရင် ဝင်ငွေမှာ အလေအလွင့်မရှိ တဲ့အတွက် လူလည်းချမ်းသာမယ်။ စိတ် လည်းချမ်းသာမယ်။ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့အတွက် လူလည်း ချမ်းသာ မယ်။ စိတ်လည်း ချမ်းသာတယ်။ လောကီမှာ တတယ်လိုအပ်တဲ့ချမ်းသာ က ကိုယ်စိတ်နှစ်ပါးချမ်းသာဖို့ပဲမဟုတ် လား။ ချမ်းသာချင်ရင် ဒီအတိုင်းကျင့်ပေ တော့ပေါ့"

ဦးပဉ္စင်းလေးက ချမ်းသာရေး တရားကို ဤသို့ နိဂုံးချုပ်လိုက်ပါသည်။

ချမ်းသာလိုသူတိုင်း လက်တွေ့ လိုက်နာကျင့်သုံးကြည့်ပါ။ မုချ ချမ်းသာ ရပါမည်ဟူ၍။

ချောင်းဆုံအုန်းညွှန့်

www.burmeseclassic.com

www.burmeseclassic.com

ဤစာစုကို ရေးသားနေသည့် ခရစ်နှစ် ၂၀၁၅ ခု၊ ဧပြီလဆိုလျှင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့ ၏ သက်တမ်းသည် (၂၅) နှစ်ပြည့်ခဲ့ပြီးဖြစ်သည်။ ဒဂုံမြို့သစ်မြောက်ပိုင်း၏သက်တမ်း (၂၅) နှစ်ပြည့်ခဲ့သလို ကျွန်တော်လည်းအငြိမ်းစားသက်တမ်း (၁၀) နှစ် ရောက်ခဲ့ပြီဖြစ်၏။ သို့အတူ ကျွန်တော်၏ရင်ထဲတွင် မျိုသိပ်ထားခဲ့ရသော လျှို့ဝှက်ထားခဲ့ရသည့် အကြောင်းအရာဖြစ်ရပ်ကလေးသည်လည်း ဆယ်စုနှစ်တစ်ခုကို ဖြတ်သန်းခဲ့ပါပြီ။ ဤသို့ လျှို့ဝှက်ထားခဲ့ရသည်ကလည်း ကျွန်တော်၏ ရာထူးနှင့် တာဝန်အရ သူရဲဘောကြောင်သူ၊ ကြောက်တတ်သူဟူ၍ အထင်ခံရမည်စိုး သောကြောင့်ပါတည်း။

ထိုစဉ်က ဒဂုံမြို့သစ်မြောက်ပိုင်းတည်ခဲ့သည်မှာ မကြာလှသေးသဖြင့် သက်တမ်းရင့် မြို့ပြကြီးများကဲ့သို့ ပြည့်စုံမှု၊ လုံခြုံစိတ်ချရမှုအပြည့်အဝမရောက်သေးပေ။ သို့အတွက် ညရေးညတာများတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့သူမြို့သားများ စိတ်အေးချမ်းမြေ့စွာအိပ်စက်အနားယူနိုင်ကြစေရန် ကျွန်တော်တို့အဖွဲ့နှင့် ရပ်ကွက်တာဝန်ရှိအဖွဲ့အစည်းတို့ပူးပေါင်း၍ ညလုံးပေါက်တာဝန်ယူစောင့်ရှောက်ကြရပါသည်။

ကျွန်တော်တို့အဖွဲ့နှင့် ရပ်ကွက်တာဝန်ရှိသူတို့ ပူးပေါင်းကာကွယ်စောင့်ရှောက်မှုကြောင့် လည်းကောင်း၊ အိမ်တိုင်းအိမ်တိုင်း နေထိုင်သူအပြည့်အဝ မရှိသေးသောကြောင့်တစ်ကြောင်း အမှုအခင်းကြီးကြီးမားမားဟူ၍ မကြုံတွေ့ရပါ။ ထို့ကြောင့်လည်း တာဝန်ကျသော ရပ်ကွက်အပိုင်းအခြားလောက်သာ ပုံမှန်လှည့်ကင်းလှည့်ခြင်းနှင့် အထိုင်ကင်း၊ မီးကင်းတို့ကို စစ်ဆေးခြင်းပြုရပါသည်။ လှည့်ကင်းဆိုသော်လည်း ကားဖြင့် မဟုတ်ပါ။ဒုစရိုက်သမားများမသိအောင် လှည့်ရသည်ဖြစ်၍ ခြေကျင်တစ်မျိုး၊ စက်ဘီးဖြင့်တစ်သွယ်၊ ရဲဖန်ရဲခါ မော်တော်ဆိုင်ကယ်စီး၍ လှည့်ကင်းတာဝန်ထမ်းကြရပါသည်။ အချက်အချာနေရာဖြစ်သော ရာဇသင်္ကြန်ထိပ်ရှိ ကြိုးတံတားလိုနေရာမျိုး၌ အထိုင်ကင်းအဖြစ်ညရောနေပါချထားရ၏။ ဒုစရိုက်သမားများကို လျှောတွက်၍မရ။ လိုအပ်ပါက ရပ်ကွက်အတွင်းမှ တာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်ရသည်လည်းရှိ၏။ နေပူသည်၊ မိုးရွာသည်ဟူ၍ ရှောင်လွှဲ၍မရချေ။ ဒုစရိုက်လောကသားများနှင့် ရင်ဆိုင်၍ ထိုးနှက်လုံးထွေးသတ်ပုတ်ဖမ်းဆီးရသည့်အခါ သူတို့နှာသလို ကိုယ်လည်းနာသည့်အခါရှိ၏။ ကိုယ့်ဘက်က အပြဿတိရှိနေဖို့သာလိုအပ်၏။

ဒဂုံမြို့သစ်တည်ထားသောနေရာသည် ယခင်က မြို့စွန်ချောင်းခြားဇနပုဒ်နေရာများဖြစ်၍ လူဆိုးဒုစရိုက်သမားတို့ မကောင်းမှုပြုခဲ့သောနေရာများလည်းရှိ၏။ (×××) ရပ်တွက်မှုမှန်ကျည်းကိုင်နေရာသည် နာမည်ကြီး၏။ အခြောက်အလှန့်များ၏။ ထိုနေရာလည်း ထွေတွက်၍မရပေ။ ပရလောကသားဆိုလျှင် လူတို့က ကြောက်လန့်ကြစမြဲမို့ ဒါတို့အခွင့်ကောင်းယူကာ ဒုစရိုက်သမားတို့က အယောင်ဆောင်၍ မကောင်းမှုပြုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သတိကိုမလွတ်စေဘဲ တာဝန်ထမ်းဆောင်နေပါလျက် တဒင်္ဂသုခတစ်ပြက်မြင်ကွင်းကြောင့် နှလုံးခုန်စေသော သွေးပျက်လုနီးပါးဖြစ်ရပ်ကို ကြုံတွေ့ခဲ့ရပါသည်ဆိုလျှင် ကျွန်တော်သည် ကြောက်တတ်ရန်ကော၊ သူရဲကောင်းသူတစ်ဦးပေလောဟု ထင်ကြမည်။ သို့ဖြစ်၍ ထိုဖြစ်ရပ်အား ရင်ထဲတွင် လျှို့ဝှက်ထားခဲ့သည်မှာ ဆယ်စုနှစ်ခန့်ကျော်ခဲ့ပါပြီ။

ထိုညက ကျွန်တော် ဦးဆောင်ရသော လှည့်ကင်းအဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရပ်ကွက်ကြီးများဖြစ်သော (၄၉၊ ၅၀၊ ၅၁) ရပ်ကွက်များတွင် တာဝန်ကျ၏။ မိုးရာသီဝါခေါင်လဖြစ်သော်လည်း ထိုညက မိုးမရွာဘဲ မိုးတိမ်များသာ ကောင်းကင်တစ်ခွင်လုံး ဖုံးအုပ်ထားသောကြောင့် မဟူရာညဟု ဆိုနိုင်သလို လကွယ်ညလည်း ဖြစ်ပြန်သဖြင့် ဟိုတစ်လုံး ဒီတစ်လုံး နီကြင်ကြင် လမ်းမီးတို့သည် အမှောင်ထုကို အနှံမတုန်ခိုင်ရှာပေ။

(၄၆) ရပ်ကွက်ထိပ်ရှိ ပြည်ထောင်စုလမ်းမကြီးအတိုင်း တောင်ဘက်သို့ လျှောက်ခဲ့ကြပြီး ဗိုလ်မှူးဗထူးလမ်းနှင့် ဆုံရာရောက်သောအခါ အနောက်ဘက်သို့ ချိုးကွေ့ခဲ့၏။ ဗိုလ်မှူးဗထူးလမ်းသည် ငမိုးရိပ်ချောင်းကူးတံတား၏ ဒဂုံမြို့သစ်မြောက်ပိုင်းအစမှသည် ဒဂုံတက္ကသိုလ် အဝိုင်းအထိရောက်၏။ ငမိုးရိပ်ချောင်းကူးတံတား၏ မြောက်ဥက္ကလာပအခြမ်းတွင် ခေမာသီလမ်းဖြစ်၏။ ဗိုလ်မှူးဗထူးလမ်းအတိုင်း လျှောက်လာခဲ့ရာမှ (၄၆) ရပ်ကွက်အဆုံး တောင်၊ မြောက်တန်းနေသည့် မဟာပန္ထလလမ်းနှင့် ဗိုလ်မှူးဗထူးလမ်းတို့ဆုံရာ ရောက်လာ၏။ လမ်းထောင့်တွင်ရှိသော မီးကင်းတွင် သတင်းယူရင်း ခေတ္တနားကြ၏။ မီးကင်းမှထွက်ခဲ့ကြပြီး ရာဇသုံကြိုန်လမ်းနှင့် မဟာပန္ထလလမ်းဆုံရာပွိုင့်သို့ရောက်ချိန် ၌ ည ၉ (၁၂) နာရီ သံချောင်းခေါက်သံ ထွက်လာ၏။

ဒု-တပ်ကြပ်အောင်စောနှင့်ရဲသားတင့်ဆွေတို့အား ဒေသန္တရဆေးခန်းရှေ့မှ မီးကင်းတွင်နားနေစေကာ ကျွန်တော်နှင့် ရဲတပ်သားအောင်စိန်တို့က ကြိုးတံတားထိပ်ရှိ အထိုင်ကင်းအားစစ်ရန် မီးကင်းတွင်းအပ်ခဲ့သည်။ စီးတော်မြဲ ယမဟာမော်တော်ဆိုင်ကယ်စုတ်ကလေးဖြင့်ထွက်ခဲ့ကြပါသည်။ ကြိုးတံတားသည် ဒဂုံမြို့သစ်တည်စဉ်က တစ်ပါတည်း တည်ဆောက်ခဲ့ခြင်း ဖြစ်၏။ ရာဇသုံကြိန်လမ်းအဆုံးတွင် ငမိုးရိပ်ချောင်းကိုဖြတ်လျက် မြောက်ဥက္ကလာပရှိ ဂရုဏာလမ်းသို့ ဆက်သွယ်ထားခြင်း ဖြစ်၏။ ကြိုးတံတားထိပ်ရှိ ကင်းတဲရှေ့သို့မရောက်မီပင် ကင်းသမားပြေးထွက်လာရင်း အလေးပြုကာ -

"ဆရာကြီးထူးခြားဖြစ်စဉ်ရှိ"

ဟု သတင်းပို့ပါသည်။

ကျွန်တော်လည်း သာမန်ဖြစ်လေဖြစ်ထရှိသောအိမ်သို့ သူခိုးဝင်သည့်ကိစ္စလောက်ဟုတွေးရင်း -

"ဆို၊ ဘယ်အိမ်သူခိုးဝင်တာလဲ"

မေးရာ -

"သူခိုးမဟုတ်ဘူးဆရာကြီး။ ငမိုးရိပ်ချောင်း ကျွန်တော်တို့ဘက်ကမ်းမှာ လူသေအလောင်းလာတင်နေတယ်လို့ ငါးဖမ်းလှေသမားတွေလာပြောတယ်"

သပိတ်ကျင်း-ကျော်ကျော်ထွန်း

သချိုင်းထဲမှာ သရဲနဲ့ရင်ဆိုင်တွေ့တော့

www.burmeseclassic.com

www.burmeseclassic.com

"အေးအေး - ကောင်းပြီ။ ဒါဆို သွားကြည့်ကြစို့"

ဆိုကာ ကင်းသမားအား ဦးဆောင်စေလျက် သွားကြည့်ကြပါသည်။ အလောင်းမှာ လောလောလတ်လတ် သေသောအလောင်း မဟုတ်နိုင်ချေ။ ယမန်နေ့လောက်ကဟု မှန်းဆရပြီး အချို့နေရာများတွင် ငါးပူတင်းကိုက်ထားသဖြင့် အသားများအကွက်လိုက်ပဲ့ထွက်နေ၏။ လိုအပ်သော ပဏာမစစ်ဆေးမှုများပြုလုပ်ကာ စခန်းမှူးထံ စကားပြောအင်တာကွန်းစက်ဖြင့်သတင်းပို့၏။ (ထိုစဉ်က လက်ကိုင်ဖုန်းများမရှိသေးချေ။) ထုံးစံအတိုင်း စစ်ဆေးပြီးပါက ဆေးရုံ မော်ကျူရီ (Mortuary) သို့ ပို့ရန် ပြုန်ကြားပါသည်။

"ကဲ - အောင်စိန်ရေ၊ ကြားတဲ့အတိုင်းပဲ။ ဒီဟာကြီးမော်ကျူရီပို့ဖို့ ဘယ်ကကားရမလဲ။ အကာလသန်းခေါင်ယဲ့အချိန်မတော်ကြီး ဘယ်လိုရှာမလဲ"

ဟု စိတ်ပျက်စွာဖြင့် ညည်းလိုက်ရာ-

"ဆရာကလည်း ဆားပုလင်း Surveillance လုပ်နေပြီး ဒါလေးများ ခက်တာမှတ်လို့"

"မခက်မှန်းတော့သိတာပေါ့ကွာ။ ခုဟာက ညဉ့်နက်သန်းခေါင်ယံမို့ပြောတာပေါ့"

ဆိုလိုက်ရာ အောင်စိန်က ထပ်ကွန့်လာပြန်၏။

"အဲဒါကြောင့် ပြောတာပေါ့။ အလွယ်လေးပါလို့"

ဆိုရာ -

"ကဲ - ဒီလိုဆိုလည်း မောင်မင်းကြီးသား သံတော်ဦးတင်စေဗျား"

ဟု အပြန်းဖောက်လိုက်ရ၏။

"ဆရာကလည်း ထားဝယ်ချောင်သုသာန်က နှုတ်ခမ်းမွေးရဲ့နိဗ္ဗာန်ယာဉ်သွားဆွဲကြတာပေါ့"

ဆိုသည့် အကြံပေးချက်အတိုင်း နှစ်ယောက်သားစီးတော်ယာဉ် ယမဟာမော်တော်ဆိုင်ကယ်လေး တဘုတ်ဘုတ်ဖြင့် ရာဇသင်္ကြန်လမ်းအတိုင်း ထွက်ခွာခဲ့ကြပါသည်။

မော်တော်ဆိုင်ကယ်၏ ရှေ့မီးကြီးကလည်း လမ်းမီးနီကြင်ကြင်များထက် သာရုံမျှသာရှိ၏။ ရာဇသင်္ကြန်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီးဆုံရာအရောက် ၌ မီးများပြတ်သွားပါသည်။ လက္ခဏာသန်းခေါင်းယံကလည်းဖြစ်၊ မိုးမှောင်ကလည်းကျနေပေရာ တစ်လောကလုံး အမှောင်ထုက ဖုံးလွှမ်းနေပါသည်။ ထားဝယ်ချောင် သုသာန်အဝင်လမ်းသည် ခပ်ကြမ်းကြမ်းဖြစ်သည်ကြောင့် ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းသာမောင်းခဲ့ရ၏။ သုသာန်အဝင်ဝအရောက်တွင် -

"ဖလူး. . . ဖတ်. . . ဖတ်. . . ဖတ်. . . တစ်. . . တစ်. . . တစ်. . . တီ. . . တူး"

ဟု လန့်ဖျပ်ထပျံရင်း အော်သွားသော တစ်တီတူးအသံကြောင့် ကြက်သီးမွေးညင်းထကာ ကျောချမ်းသွား၏။

မော်တော်ဆိုင်ကယ်ရှေ့မီးအလင်းတန်းဖြင့်မြင်နေရသည်က မီးသင်္ဂြိဟ်စက်၏ခေါင်းတိုင်ကြီးသည် သခဲကြီးတစ်ကောင်ရပ်နေသည့်အသွင်ရှိသည်။ သချိုင်းဆိုသော အရိုးနှင့်အဝါကြောင့် မြင်မြင်သမျှ ကြက်သီးထဖွယ်သာတည်း။

သုသာန်သင်္ချိတ်အဖြစ် မသတီစရာ ပုပ်အဲ့အဲ့အနံ့ဆိုးနှင့် မီးသင်္ဂြိဟ်သည့် ညှော်နံ့လိုလိုတို့ကလည်း စိတ်ကို ချောက်ချားစေသည်မှာ အမှန်ဖြစ်၏။ နေရာတကာတွင် 'ငါဆားပုလင်းကွ' ဟု မာန်တင်းခဲ့သမျှ ဤသုသာန်မြေ၏ သန်းခေါင်ယံညတွင်တော့ ကျောချမ်းလာမိသည်အမှန်ဖြစ်၏။

အဆောက်အအုံတစ်ခု၏ရှေ့တွင် ရပ်ကာ ဆိုင်ကယ်စက်သတ်လိုက်သည့် ခဏတွင် သချိုင်းတစ်နေရာမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးကြောင့် ခါးမှ ပစ္စတိုကို ယောင်ယမ်း၍ ဆုပ်လိုက်မိသေး၏။

သုသာန်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသဖြင့် ဆိုင်ကယ်ရှေ့မီး၏ အလင်းတန်းကျရာမှလွဲ၍ ဟိုဟိုဒီဒီ မကြည့်ရဲပေ။ မီးရောင်ဖြင့်မြင်နေရသည်ကလည်း အသုဘထည့်ရန် အသင့်လုပ်ပြီးသား ခေါင်းတလားများ၊ လုပ်လက်စပျဉ်တိုပျဉ်စမျှား၊ တစ်ဖက်ယပ်အမိုးအောက်တွင် ရပ်ထားသော နိဗ္ဗာန်ယာဉ်၊ ခေါင်းတလားများထပ်တင်ထားသော ဘေးနားရှိ ကွပ်ပျစ်ပေါ်တွင် ဟောက်သံပေးရင်း အိပ်မောကျနေသည့် နှုတ်ခမ်းမွေး။

"နှုတ်ခမ်းမွေး၊ ဟော့-နှုတ်ခမ်းမွေး"

ဟု အသံကျယ်ကျယ်ဖြင့်အော်၍ နှိုး၏။ နှုတ်ခမ်းမွေးကား တုတ်တုတ်မျှ မလှုပ်ချေ။ မအိပ်မီ ယမကာမိုဝ်ထားပုံရ၏။ ထို့ကြောင့် အသံကို အမြင့်ဆုံးထား၍-

"ဟော့-နှုတ်ခမ်းမွေး၊ ဟော့-နှုတ်ခမ်းမွေး"

ဟု ခေါ်ရင်း မလုံမလဲစိတ်ဖြင့် အသုဘခေါင်းတလားများ စီထားရာဘက်သို့ စောင်းငဲ့ကြည့်မိခိုက် -

"ရှော. . . ရှလပ်"

ဤသောအသံနှင့်အတူ ခေါင်းတလားဘစ်လုံး၏ အဖုံးသည် ကြွတက်လာသည့်ကိုမြင်လိုက်ရာ တစ်ကိုယ်လုံးဖြန်းခနဲကြက်သီးထကာ နှလုံးခုန်နှုန်းသွားသည်ထင်လိုက်ရ၏။ ခေါင်းတလားအဖုံးအောက်မှ ပေါ်လာသည်က ငုတ်တုတ်ထိုင်လိုက်သော အသုဘကောင်ကြီးပေတည်း။ တစ်ကိုယ်လုံးရှိအကြောများ လေသင်ခုန်းဖြတ်သလိုလှုပ်ရှားရှု့မရတော့ချေ။ ခါးမှ ပစ္စတိုသေနတ်ထုယူရန်ပင် လှုပ်ရှားနိုင်စွမ်းမရှိတော့၊ အကြောက်လွန်ကာ သတိမရှိသူတစ်ဦးပမာ မျက်လုံးပြူး၍ သာကြည့်နေမိတော့၏။

ဤဖြစ်ရပ်သည် စက္ကန့်ပိုင်းတစ်မျှသာ ကြာ၏။ ထိုထက်ပိုလျှင် နှလုံးခုန်ရပ်ကာ သေသွားနိုင်သလို သတိလစ်လွတ်ရူးသွပ်၍ လည်းသွားနိုင်၏။ အသုဘကောင်ကြီးထံမှ -

"ဖေကြီး ဖေကြီး ဖေကြီး ရဲတွေ့လာနှိုးနေတယ်"

ဆိုသော ကလေးသံကြားလိုက်မှ-

"ဟင်း. . . "

ဟူသော သက်ပြင်းချသံနှင့်အတူ သတိဝင်လာပါသည်။

ခေါင်းတလားအဖုံးဖွင့်၍ ငုတ်တုတ်ထိုင်လိုက်သည်က အသုဘကောင် မဟုတ်ဘဲ ခြင့်ကိုက်သက်သာစေရန် ခေါင်းတလားအသစ်ထဲဝင်အိပ်နေသော နှုတ်ခမ်းမွေး၏ သားလေး ဖြစ်ပါတော့သတည်း။

အရာရာမှာ 'ငါဆားပုလင်းကွ' ဟု မာန်တင်းခဲ့လေသမျှ သချိုင်းထဲသရဲနဲ့ရင်ဆိုင်တွေ့တော့ မတ်တတ်ထမေ့ခဲ့ရတဲ့ဖြစ်ရပ်သည် ကျွန်တော်သူရဲဘောကြောင် သူတစ်ဦးပေလော ကြောက်တတ်သူပေလောဟု အထင်ခံမည်စိုး၍ ရင်ထဲမှာ ဆယ်စုနှစ်တစ်ခုကျော် မျိုသိပ်ခဲ့ရသည့် ဖြစ်ရပ်မှန်ကို ပြောပြသူ ဆားပုလင်းမြင့်အောင်ကိုယ်စား သူရဇ္ဈမဂ္ဂဇင်းကြီး၏ ပရိသတ်သို့ တင်ပြအပ်ပါကြောင်း။

သပိတ်ကျင်း-ကျော်ကျော်ငယ်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)

ကမ္ဘာကျော် ဂျာမန်လူမျိုး ဗီသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ? " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ ဆုံးတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ ခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော်ဘုရား သက်တော် အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆ခုနှိုဝင်ဘာလထုတ် ဇောတိသဝေဒမဂ္ဂဇင်း (၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

အမှတ်တရရဲ့ အမှတ်တရ -ကမ္ဘာကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တကရှိအိတိုစံ**ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ -၁၃၂- ၁၃၃ -၁၃၄-၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(TTI BALANOORA)** ဆိုတဲ့ နာမည်ကြီး သိချင်းရေးဆရာ ပရိဂ္ဂုဏာကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ ထိုင်းဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို ယုံကြည်စားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ ထိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ- ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်- ၂၈၈၊ -၂၃- ၂၄- ၂၅- ၂၆- ၂၇- ၂၈)"

း-ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း (တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း၊)
-ကြီးရိပ်သာ (VIP) ရွေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)Ph-09 8516520

ဦးခင်းအလင်းလက္ခဏာ-အမှတ် (၁)

ပညာအလင်းပြစာအုပ်ဆိုင်
အမှတ် (၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်းထိပ်၊
ရန်ကုန်မြို့၊ ဖုန်း -၂၉၀၉၂၇/ ၀၉ ၅၀၂၈၇၅

ခင်းခိုင် (သိမ့်ထိုက်စာပေ)
(၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)
မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း ၀၉ ၅၀၅၉၂၁၄

လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်
ဦးခင်းအလင်းလက္ခဏာ အမှတ် (၂)
မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။

၂၁ နှစ်မှ ၃၅ နှစ်အတွင်း ဘွဲ့မရ၊ ဆယ်တန်းမအောင်သော်လည်း လက္ခဏာဗေဒင် ဝါသနာပါ၍ တွန်ပျုတာ ကျွမ်းကျင်သူ စာရေး ရေးမတစ်ဦး အလိုရှိသည်။ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။ (ဥပုသ်နေ့မှအပ-မွန်းလွဲ ၃ နာရီမှ ၅ နာရီအတွင်း)

www.burmeseclassic.com

www.burmeseclassic.com

ညက မှောင်မည်းမနေသော်လည်း တိတ်ဆိတ်နေသည်။ ရွာဓလေ့အတိုင်း မနက်အလုပ်ခွင်ဝင်နိုင်ဖို့ စောစီးစွာ အိပ်ရာထဲဝင်ကြပြီး အိပ်မပျော်သူတချို့သာ ရေနွေးကြမ်းသောက်၊ ဆေးလိပ်ဖွာလုပ်ရင်း အချိန်ဖြုန်းနေကြ၏။

ဖိုးချစ် အိမ်ပေါ်မှ အမေမသိအောင်ခြေဖွနင်းရင်း ရွာလမ်းမကြီးအတိုင်းလျှောက်ခဲ့သည်။ ဘွားလေးက ဘယ်သူမှမသိအောင်လာခဲ့သားဟုခေါ်ထားလို့လာခဲ့ရသော်လည်း ရုတ်တရက် ခွေးတစ်အုပ်၏ ဟောင်သံက ဆူညံစွာထွက်ပေါ်ရင်း ရွာအစွန်ဖက်အုပ်စုလိုက် ပြေးလွှားသွားတာကြောင့် ခြေလှမ်းတန့်သွားမိသည်။

"ကြောက်လိုက်တာ သရဲများတွေ့လို့လား"

နှုတ်က အသံထွက်ရွတ်မိရုံမက ဘွားလေးအိမ်ရှိရာ အပြေးထွက်ခဲ့၏။

ဝါးကပ်များဖြင့်သပ်ရပ်စွာစည်းရိုးကာထားပြီး သစ်သားတံခါးလေးကို သော့ခတ်ထားတတ်ပေမယ့် ဒီညတော့ ဖိုးချစ်လာမှာသိလို့လား၊ ခြံဝင်းတံခါးပွင့်လျက်သားတွေ့ရသည်။

ကြောက်စိတ်နှင့်အတူ ခြံတံခါးမှ ပြေးဝင်ရင်း အပေါ်ထပ်ဆီ လှေကားတွေကျော်တက်လိုက်မိပြီး နှုတ်ကအသံထွက်အော်ခေါ်မိသည်။

"ဘွားလေး၊ ဖဘားလေး"

"ဘွားလေးရေ၊ သားလာတယ်"

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေတာကြောင့် ဖိုးချစ်ပါလာသည့်ဓာတ်မီးနှင့် တစ်အိမ်လုံး လှည့်ပတ်ထိုးကြည့်ဖြစ်သည်။

"ဟင် - ဒါ သွေး၊ သွေးစက်တွေလား"

ကြောက်စိတ်ဝင်ကာ အသံတွေလည်းတုန်လာသည်။

"ဘွားလေး၊ ဘွားလေး အထဲမှာရှိလား"

ပြန်ထူးသံမကြားရဘဲ ငြိမ်သက်မြဲငြိမ်သက်နေသောအိမ်ကြီးပေါ်မှာ ဖိုးချစ်ဆက်မနေရဲတော့ပါ။ အလာတုန်းက ခုန်ကျော်တက်လာခဲ့သောလှေကားတွေကို ယခုလည်း ခုန်ကျော်ဆင်းလျက် ရွာလယ်လမ်းမအတိုင်း ပြေးထွက်ခဲ့သည်။

"အမေ၊ အမေ ဖွားလေးမရှိတော့ဘူး။ ဘွားလေးအိမ်တံခါးကြီးလည်းပွင့်လို့ဟု။ အိမ်ပေါ်မှာသွေးစက်တွေတွေ့ခဲ့တယ်"

"ဟင်-လုပ်ကြပါဦး ဦးလေးသက်ထွန်း၊ ဦးလေး တရုတ်ကြီး လာကြပါဦး။ အမေ့အိမ်ကိုလိုက်ခဲ့ကြပါဦးရှင်"

တစ်ယောက်စကား တစ်ယောက်ကြားပြီး ညဘက်ကြီး လူအုပ်စုလိုက် ဘွားလေးအိမ်ဘက်ရောက်လာကြသည်။ ပါလာသည့် ဘက်ထရီမီးရောင်လေးဖြင့် အခန်းဘက်လှည့်ပတ်ကြည့်လိုက်တော့ တစ်အိမ်လုံး ပစ္စည်းတွေဆွဲဖွေနှောက်ရှာထားသည့်ပုံစံက အဖိုးတန်ပစ္စည်းလိုချင်သူဖြစ်လိမ့်မည်။

ဘွားလေးရဲ့ အခန်းထဲ ဝင်ကြည့်တော့လည်း သံသေတ္တာငယ်ကအစ ထန်းခေါက်ဖာအဆုံး သွန်မှောက်ရှာထားသည့်ပုံစံ။ ပစ္စည်းတွေလှန်လှောရှာသူက ဘွားလေးကို ဘယ်ခေါ်သွားပါလိမ့်။

အိပ်ရာထဲမှာသွေးတွေတွေ့တော့ မနှင်းစိန် စိတ်မထိန်းနိုင်ဘဲ အော်ငိုပစ်မိသည်။

"အမေ၊ အမေရေ အမေ့ဘယ်ခေါ်သွားကြတာတုံး"

ကိုသိန်းမောင်နှင့် မိခင်တို့မတည့်တာကြောင့် ဒီအိမ်မှာ မိခင်ဖြစ်သူတစ်ယောက်တည်း သီးသန့်နေခြင်းပါ။ ရွာထဲမှာ အားလုံး မိသားစုတွေလိုဖြစ်နေတော့ သိပ်ကြောက်စရာ၊ ပူစရာမရှိတော့လျက် သီးသန့်နေမိသောကိုယ့်ကိုယ်ကိုပင် ဒေါသဖြစ်မိသည်။

"ငိုနေလို့မပြီးဘူး မနှင်းစိန်၊ သွေးစက်တွေအတိုင်း လိုက်ကြည့်ရအောင်၊ မဖွားစိန်ကိုတွေ့မှာပါ"

သွေးစက်တွေက ခြံစည်းရိုးအပြင်ဘက်မှာပို့များလာသဖြင့် မနှင်းစိန်နှင့် ဖိုးချစ်တို့ အငို့မတိတ်နိုင်တော့ပါ။

"ရွာပြင်ရောက်ပြီဟေ့၊ သွေးစက်တွေရပ်မသွားဘူး"

ဓာတ်မီးရောင်အောက်မှာ သွေးစက်တွေက အထင်အရှားပါ။ သို့သော်လည်း ကြာကြာဆက်မလျှောက်လိုက်ရဘဲ ဒေါ်ဖွားစိန်ကို ခွေခွေလေးလဲနေတာတွေ့ရတော့သည်။

"ဟင်- ဓားတန်းလန်းစိုက်နေတာပဲ။ ကျောကုန်းတောင်ထိုးထွက်နေတာပါလား။ ဖြစ်ရလေ မဖွားစိန်ရယ် ရက်ရက်စက်စက် ဘယ်သူသတ်သွားတာပါလိမ့်"

"အမေ ဒီနေရာရောက်အောင် လျှောက်လာတာ သတ်တဲ့လူနောက်လိုက်တာလား၊ ကုတ္တိတောရွာမှာရှိရင် အမျိုးဆီ အားကိုးပြေးတာလား။ ပြောပြမယ့်သူလည်းမရှိ၊ မြင်သူလည်းမရှိ အဖြစ်ဆိုးလိုက်တာ အမေရယ်"

www.burmeseclassic.com

www.burmeseclassic.com

(ကဗျော) ခင်မမလင်း

မုန်းပြီးပြေပါ

နှင်းစိန် အမေ့အလောင်းဘေး
လေလဲကျသွားတော့သည်။ လူဆို
သေမျိုးမှန်ပေမယ့် အဖြစ်ဆိုးနှင့်
မြင်ရတော့ ဘယ်သားသမီးမှ
နှိုင်မှာမဟုတ်ပါ။

ဘာတစ်ခုမှ သဲကွဲစွာမသိရသဲ
နှင်းစိန်တစ်ယောက် လူလောကကြီး
ကြောက်လန့်နာကျင်စွာထွက်ခွာ
ခဲ့ပြီ။

❑

ဘွားလေး သေဆုံးသွားတာ လူ
အများစုဟု အားလုံးက ထင်မြင်သတ်မှတ်
ကြသော်လည်း ဒီရွာဘက်ပိုင်းလူတွေက
သတ်သမားဟုသိလျှင် အသတ်ခံရ
သူ့မိသားစုက အခွင့်အရေးရသည်နှင့်
နှုတ်ခံကိုပြန်သတ်ကြသည့်လူတွေက
များသည်။

သို့သော်လည်း ဖွားစိန်ဘက်က
ဆွေမျိုးအရင်းအချာဆိုလို့ ဖိုးချစ်နှင့်သူ
အမေသာရှိသည်။ ကျန်ခဲ့သည့်သမီးက
အိမ်ထောင်ကွဲ၊ သားက ရှင်ပြုဖို့ပြင်ဆင်
နေသည့်ငယ်သေးသည့်အရွယ်၊ တရားခံ
ကိုတုံ့ပြန်ပေးမည့်သူမရှိရှာ။

"ဘွားလေးက သားကိုခေါ်တာ
ရှင်ပြုချိန်ရောက်ပြီ။ သူသိမ်းဆည်းထား
တာပေးချင်လို့တဲ့"

"အမေ့မှာ ဒီပစ္စည်းတွေကြောင့်
ဒုက္ခရောက်ရတာ။ အဖေ့ညီဝမ်းကွဲတွေ
က မုဆိုးမဖြစ်သွားပြီးကတည်းကချေးပါ
ငှားပါလို့ ခဏခဏလာပြောကြတယ်။
အမေကလည်း သူ့မိဘတွေလက်ထက်
ကပစ္စည်းဆိုတော့ ယောကျ်ားအမျိုးတွေ
ဘယ်ပေးချင်ပါ့မလဲ။ သားအဖေသာ
ရှိရင် ဒီလိုဘာမှမတတ်နိုင်တဲ့အဖြစ်မျိုး
ကြုံရမှာမဟုတ်ဘူးပေါ့"

"အမေ၊ သားရှင်ပြုချိန်လေးတော့
အဖေပြန်လာပါစေ။ မြို့ကလူကြုံလာလို့
စာပေးလိုက်တယ်"

ဖိုးချစ်က မျက်နှာငယ်စွာ သူမကို
တောင်းပန်နေတာ ဘာပြန်ပြောရမှန်း
မသိ။ အမေအသက်ရှင်စဉ်က တစ်အိမ်
စီနေကြပေမယ့် သမက်နှင့် ယောကျ်မ
တည့်သည့်အချိန်မရှိ။ အကြောင်းအရာ
တစ်ခုပြောလို့ ကိုသန်းမောင်အကြောင်း
မိတိုင်း -

"အလကားကောင် မြို့မှာပေါ်တီး
ပေါ့ရွက်နေပြီး ငါ့သမီးလာယူသေးတယ်။
လယ်တွေငါးကန်တွေဦးစီးလုပ်ကိုင်မယ်
မရှိဘူး။ အလုပ်သမားတွေအကုန်ခိုင်းပြီး
ခပ်ပေါ့ပေါ့နေချင်တာ"

"မင်းအမေကတော့ကွာ၊ ငါ့ကို
ရွံထဲငွက်ထဲ ကျွဲ၊ နွားလိုခိုင်းချင်နေတာ။
အလုပ်သမားတွေခိုင်းပြီး ငါကအိမ်မှာ
အိပ်နေတာမှမဟုတ်ဘဲ ဒီလောက်ပဲလုပ်
နိုင်မှာပေါ့။ ရွာသူယုတိုင်း ရွာသားတွေနဲ့
နင်လားငါလားလုပ်နိုင်ပါ့မလား။ တော်
တော်ဆိုးတဲ့ ယောကျ်မကြီး"

ကြာတော့ မနှင်းစိန် အမေ့အိမ်
သွားတော့ အမေ့စကားကြောင့်စိတ်ညစ်
ရသလို ယောကျ်ားနှင့်စကားပြောတော့
အမေ့အပေါ် မကြည်လင်သည့်စကား
ကြောင့် စိတ်ညစ်ရသည်။

နောက်ပိုင်း မိခင်က ကိုသိန်း
မောင်ကိုခေါ်ပြီး ဘာတွေပြောကြငြင်းခုံ
ကြမှန်းမသိ ဘွားလေးအော်သံတွေကြား
တယ်လို့ သူများပြန်ပြောတာပဲသိရ
သည်။

လိုက်သွားပြီးနားထောင်ချင်စိတ်
လည်းမရှိ၊ စိတ်ဆိုးပြီး မြို့တက်သွားသည့်
ယောကျ်ားလည်း ဘာတစ်ခွန်းမှမမေး
ဘဲ မနှင်းစိန်တစ်ယောက် သမက်နှင့်
ယောကျ်မနှစ်ယောက်လုံးကို ဝင်ဖျန်ဖြေ
ဖို့ စိတ်ကုန်စွာ အိမ်ထောင်ကွဲမိန်းမ
တစ်ခုလပ်အဖြစ်သာနေလိုက်တော့တ်။

❑

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့-မနှင်းစိန်၊ နင့်ယောကျ်ားပြန်မလာတော့ဘူးလား။ သားအမိနှစ်ယောက်တည်း လုပ်ကိုင်စားသောက်ဖို့ ခက်တာပေါ့။ နင့်သားလေးရှင်ပြုခါနီး အစ်မ သူလက်ဝတ်လက်စားတွေပေးခဲ့မှာပေါ့ သေချာသိမ်းနော်"

"လာပြန်ပြီ ဦးလေးသန်း၊ အမေသေတာလည်း ဒီပစ္စည်းတွေကြောင့်ဖြစ်မှာ။ ကျွန်မဘာမှရမထားဘူး။ ဦးလေးသန်း။ ရွာစပ်မှာ အမေသေနေတာထူးဆန်းလို့ တချို့တွေက အမျိုးမျိုးထင်ကြေးပေးနေကြတာ"

"အောင်မယ်- ကျုပ်ကိုတော့အမှုမပတ်ပါနဲ့ဗျာ။ ညည်းအမေကို လူသတ်သမားဆွဲခေါ်လာတာလည်းဖြစ်နိုင်တာပဲ။ အဲဒီနေ့က ကျုပ် မြို့ရောက်နေတာသက်သေပြရမလား"

"ကဲကဲ - ရှိတဲ့အမျိုးလေးတွေသွေးမကွဲကြပါနဲ့။ မဖွားစိန်က စိတ်လည်းကြီး၊ သတ္တိလည်းရှိတဲ့မိန်းမ၊ သူသတ်တဲ့လူကို အလွတ်ပေးပါ့မလား"

မနှင်းစိန် ငြိမ်ဝှက်နားထောင်ရင်း အမေ့လက်ဝတ်လက်စားတွေ ဘယ်မှာထားခဲ့လဲ။ သူလည်းသိချင်သည်။ တွေ့ရင်တော့ အမေ့အသက်တစ်ချောင်းပေးဆပ်ခဲ့သည့်ပစ္စည်းမို့ ရွာဦးကျောင်းပဲလျှမ်းပါ။

သားရှင်ပြုဖို့ နှစ်ရက်အလိုမှာ မနှင်းစိန်ယောကျ်ားပြန်လာသည်။ သားက ဝမ်းသာလွန်းလို့ ခုန်ပေါက်နေသော်လည်း မနှင်းစိန်အတွက်တော့ သူ့ယောကျ်ားမြင်တိုင်း အမေ့ကို ပိုသတိရသည်။

အမေက လူကဲခတ်တော်သလို စည်းကမ်းကြီး၊ စနစ်လည်းကျသည်။ သူ့ယောကျ်ားကိုကြည့်မရတာ အကြောင်းတော့ရှိလိမ့်မည်။

သို့ပေမယ့် မနှင်းစိန်က ရိုးတာလွန်းလို့ ခပ်အအမိန်းမဖြစ်နေသည်။ အမေဘာပြောပြော 'ဟုတ်ကဲ့ ဟုတ်ကဲ့' ခေါင်းညိတ်တတ်သလို ယောကျ်ားဘာပြောပြော 'အင်းအင်း' ခေါင်းညိတ်တတ်သူပါ။

မနှင်းစိန်ယောကျ်ား မြို့တက်သွားကတည်းက အမေက ရွာမှာရှိသည့် ငါးကန်တွေရောင်းပစ်သည်။ သားအမိနှစ်ယောက် ငါးမရှိလည်း လယ်တွေဦးစီးလုပ်ကိုင်တတ်ရင် တစ်ဘဝလုံး ထမင်းမငတ်ဘူးဟုပြောခဲ့သည်။

အခု မနှင်းစိန်၏ ယောကျ်ားက ငါးကန်တွေကိုရောင်းလိုက်ရပါ့မလားဟု အော်ဟစ်သောင်းကျန်းနေတော့သည်။

"အဲဒါကြောင့် မင်းအမေနဲ့ ငါ့မတည့်တာ၊ သမက်လည်း သားပဲ။ ငါ့လက်ထဲ ငါးကန်တွေရှိနေတော့ ဘာဖြစ်သွားမှာလဲ။ သုံးမှာစားမှာကြောက်နေမှာပေါ့။ သုံးပစ်ရုံမက သူ့ရှိတာတွေဖြုန်းပစ်ဦးမယ်"

"အဖေ အဲဒီလိုလုပ်တော့ သားတို့ ဒုက္ခရောက်မှာပေါ့"

"ရောက်ရောက်ပေါ့ကွာ။ မင်းအမေကိုအသုံးမကျတာ။ တစ်ဦးတည်းသောသမီးတဲ့။ မိဘကျန်ခဲ့တဲ့လက်ဝတ်ရတနာတောင် ဘယ်ထားလို့ထားခဲ့မှန်းမသိဘူး။ သူသာစောစောကတည်းက ဒီပစ္စည်းတွေရထားပါလား၊ သူ့အမေအသတ်ခံရမှာတောင်မဟုတ်ဘူး"

"ဟင်"

မနှင်းစိန် အံ့သြခြင်းနှင့်အတူ ရင်နင့်သွားမိသည်။ ကိုသိန်းမောင် ဒီလောက်စိတ်ဆိုးလိမ့်မည်၊ အပြစ်တင်လိမ့်မည်ဟု ထင်တောင်မထင်မိပါ။ တကယ်ပဲ ဒီပစ္စည်းတွေသူ့ကို အမေကလွှဲပေးခဲ့လျှင် အသတ်ခံရမယ် မဟုတ်ဟုတွေးမိပြီး မျက်ရည်ကျလာသည်။

သား ကိုရင်ဝတ်ကာ လူထွက်လာတော့-

"အဘွားအိမ်သွားနေမယ်။ သူ့အိမ်လာခဲ့လို့ သားကိုအိပ်မက်ထဲမှာခေါ်တယ်"

ပြောပြီး မကြာခဏ ပူဆာတော့သည်။

"ဟုတ်သားပဲ နှင်းစိန်ရယ်၊ ယောကျ်မကြီးဆုံးသွားတော့ ဒီအတိုင်းပိတ်ထားရတာ၊ ရွာနဲ့လည်းလှမ်းတော့ သူဦးသူဌက်ဝင်မွေရင်တောင်သိမှာမဟုတ်ဘူး။ သားစိတ်ချမ်းသာအောင်ပြောင်းနေကြရမယ်ကွာ"

မနှင်းစိန် ရှည်ဝေးစွာ ပြောဆိုငြင်းခုံတာမလုပ်တော့ဘဲ ရွာထိပ်က အမေ့အိမ်ရှိရာ သားအမိသုံးယောက်ပြောင်းလာခဲ့သည်။

အမေတစ်ယောက်တည်းနေပေမယ့် အိမ်က ကြီးမားခိုင်ခံ့လွန်းသည်။ နှစ်ပေါင်း သုံးဆယ်နီးပါး ဒီအိမ်မှာနေခဲ့ပြီးကာမှ ယောကျ်ားရတော့ အိမ်ခွဲပေးလိုက်ခြင်းပါ။ ကြီးမားသည့်ပျဉ်ထောင်အိမ်ကြီးထဲမှာ ရှေးကျသည့်ဗီရိုမှန်တင်ခုံတွေရှိသလို အဖေအိပ်ခဲ့သော ကျွန်းခုတင်ဟောင်းကြီးက ဘုရားဆောင်ဘေးအောက်မှာ ဖျင်စောင်ဟောင်းကြီးနှင့် အုပ်ထားသည်။

အဖေ ဆုံးပါးသွားပြီးကတည်းက ဖျင်စောင်ဟောင်းကြီးနှင့် ခုတင်ကိုကြီးတွေနှင့်တွဲတုပ်ကာ တစ်ခါမှဖွင့်မကြည့်ဖြစ်တော့ပါ။ အဖေ့ခုတင်ကြီးကို အမှတ်တမဲ့ကြည့်လိုက်စဉ် အမေ့ကို ခုတင်ဘေးမှာရပ်လျက်မြင်လိုက်သည်။

"အမေ၊ အမေ"

ကြောက်စိတ်ဖြင့် မျက်လုံးမှိတ်လိုက်ပြီး ဖျတ်ခနဲ ပြန်ဖွင့်ကြည့်တော့ ဘာမှမရှိပါ။

သူစိတ်စွဲနေတာပါလား။ အမေသူ့အိမ်ပေါ် လာနေစေချင်လို့ သားလေးတောင် အိပ်မက်ပေးသေးတာပဲ။မကျွတ်လွတ်သေးလျှင် နေ့စဉ်ကုသိုလ်ပြုအမျှဝေဖို့ ဆုံးဖြတ်ထားလိုက်သည်။

❑

"နှင်းစိန်ရေ၊ ငါရွာထဲခဏသွားဦးမယ်။ စောစောအိပ်တော့၊ အပြန်နောက်ကျမှာ။ အသုဘအိမ်သွားစောင့်ပေးမှကောင်းမှာ"

"တံခါးအပြင်က သော့ခတ်သွားသားကလည်း စာကျက်ပြီးအိပ်တော့မယ်"

ယောကျ်ားလက်ထဲ သော့ထည့်ပြီး ဘုရားဆောင်ရှေ့ထိုင်၊ ဘုရားရှိခိုးအမေ့အတွက် အမျှဝေတာတွေလုပ်ပြီး စောစောအိပ်ရာဝင်ဖြစ်သည်။

"အဖေကလည်း အသုဘအိမ်နေ့လယ်ဘက်သွားလည်းရသားနဲ့။ သားကြောက်တယ်"

"မကြောက်ပါနဲ့သားရယ်၊ အဘွားခမျာ ဘဝမကူးခင် စွဲလမ်းမှုတွေကြောင့် မကျွတ်မလွတ်ဖြစ်သွားမလားစိုးရိမ်နေတာ။ အသံတွေကြားရင် အဘွားနာမည်ခေါ်ပြီး အမျှပေးနော်"

သားကို ဘေးမှာထားအိပ်ရင်း မနှင်းစိန် သူ့စိတ်ထဲရှိတာတွေပြောပြမိသည်။ တိုက်ဆိုင်စွာ အဲဒီညက အမေ့အခန်းထဲမှာ ပစ္စည်းတွေဟိုရွှေ့ဒီရွှေ့အသံတွေကြားရသည်။ အိပ်ရာဘေးမှာ သားက အိပ်မောကျနေပေမယ့် ကိုသိန်းမောင်က ပြန်မရောက်သေးပါ။

"အမေ၊ အမေ သမီးပြုသမျှကောင်းမှုတွေအမျှဝေပါတယ်။ သာဓုခေါ်ပါနော် အမေရေ အမျှ၊ အမျှ၊ အမျှ"

ခပ်ကျယ်ကျယ်ထွက်လာသော မနှင်းစိန်အသံကြောင့် အမေ့အခန်းထဲက လှုပ်ရှားသံတွေငြိမ်သွားသည်။

ပြန်အိပ်မပျော်တော့သဖြင့် မနှင်းစိန် ယောကျ်ားဖြစ်သူပြန်အလာကို

www.burmeseclassic.com

www.burmeseclassic.com

ဆောင့်လျက် အိမ်ရှေ့က တံခါးပေါက်ကြားမှ ခွင့်သံနားစွင့်နေမိသည်။ သို့သော် သည်း ခွေးဟောင်သံအိမ်နောက်က ကြားတာကြောင့် မနှင်းစိန် စိတ်ထဲထင့်သွားသည်။ အိမ်နောက်စပါးကျီထဲမှာ ခိုတွေအပြည့်။ သူခိုးများကပ်သလား၊ ဆောက်ပြန်မလာသေးတော့ ထွက်သည်းမကြည့်ရဲပါ။

အနောက်ဘက်မီးဖိုထဲက အိမ်ရှေ့ ဆွောက်လာသည့်ခြေသံကြားရပြန်၏။

"ဘယ်၊ ဘယ်သူလဲ"

"ငါပါ နှင်းစိန်ရယ်၊ စောစောပြန် ဘို့လုပ်ပေမယ့် ဟိုကောင်တွေဝိုင်းဆွဲ ထားလို့ ရှေ့ကဝင်လာရင် သားအမိတွေ ကျွန်မှာစိုးလို့ နောက်ဖက်ပေါက်ကဝင် လာတာ"

"လန့်လိုက်တာတော်၊ စောစောက သင် အမေ့အခန်းထဲကအသံတွေကြား ညီ အိပ်မပျော်ဘဲ ရှင့်ကိုစောင့်နေတာ။ ကိုသိန်းမောင်၊ ဖကစားနေတာတော့ ဟုတ်ပါဘူးနော်။ အမေက ဖကစား သာမကြိုက်လို့ ခဏခဏစကားများရ သား။ ဖဲတော့မကစားပါနဲ့"

"အေးပါကွာ အေးပါ။ အိပ် အိပ် ပါလည်းအိပ်ချင်ပြီ"

နောက်တစ်ညရောက်ပြန်တော့ သည်း ကိုသိန်းမောင် အသုဘအိမ်ထွက် သွားပြန်သည်။ သားအမိနှစ်ယောက် သည်း ညမအိပ်ရဲဘူးပြောပေမယ့် -

"ကိုယ့်အိမ်ဘာကြောက်နေတာလဲ။ ခင်းအမေအရင်းမဟုတ်လား။ ကြောက်ရင် ဘာသံကြားကြားထမကြည့်နဲ့။ နိုးနေရင်လည်း အမျှဝေပေါ့။ သာခုခေါ်နိုင်ရင် ကောင်းရာရောက်မှာပဲ"

"အင်းလေ - ဘာပဲပြောပြော ဒီညတော့ သွားချင်သွား။ နောက်ညသွားရင် အိမ်ပြန်မလာနဲ့တော့။ ရွာထဲက တခြားသူခေါ် အိပ်တော့မယ်"

"အေးပါကွာ အေး အေး၊ နောက်ညာ မသွားတော့ဘူး"

မနှင်းစိန် လင်မယားစကားများလျှင် သားလေးစိတ်မကောင်းဖြစ်မှာစိုး ဘာကြောင့် ဆက်မပြောတော့ဘဲငြိမ်နေလိုက်သည်။ အအိပ်ဆတ်သူမို့ အသံသဲ့သဲ့ကြားတာနှင့်လန့်နိုးလာသည်။

မနေ့ညကလိုပဲ အမေ့အခန်းထဲတ လှုပ်ရှားသံ။ သေသေချာချာနားစိုက်ထောင်ကြည့်တော့ အမေ့အဝတ်သေတ္တာတွေဖွင့်သံပါ။

"အမေ၊ အမေရေ အမျှ၊ အမျှ အမျှ"

မနှင်းစိန် ငိုလည်းငို၊ အသံထွက် အမျှဝေလိုက်တော့ လှုပ်ရှားသံတွေတိတ်သွားသည်။ ဒီညလည်း အိမ်နောက်ဖက်က ခွေးဟောင်သံတွေကြားရပြန်သည်။ ကိုသိန်းမောင် ပြန်မရောက်သေးပါလား။

❑

"ဟဲ့ - နှင်းစိန်၊ အိမ်လိုက်ခဲ့စမ်း။ အရေးကြီးတာပြောမလို့"

ရွာစျေးလေးကအပြန် လမ်းမှာ စောင့်နေသည့် အရီးလေးကြောင့် မနှင်းစိန်လန့်သွားသည်။ ရွာစျေးလေး ဆိုပေမယ့် ငွေကြေးတတ်နိုင်သောပြီးဖြိုးမှုနှုန်တစ်အိမ်တည်းသာ စားသောက်စရာ မီးဖိုချောင်ပစ္စည်းလေးရောင်းချသည့်နေရာ။

"အလန့်တကြား အရီးလေးရယ်၊ ဒီမှာပြောလို့မဖြစ်ဘူးလား"

"သူများကြားလို့ကောင်းတဲ့စကား မဟုတ်ဘူးဟဲ့ လာ၊ လာ"

အရီးလေးဆွဲခေါ်ရာသို့လိုက်ရင်း အိမ်ပေါ် ထိတက်ခဲ့ရသည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသောကြောင့် အောက်ထပ်မှာမထိုင်စေဘဲ ဒီအပေါ် အထိခေါ်လာတာ တော်ရုံကိစ္စတော့မဖြစ်နိုင်။

"နင့်ယောကျ်ားရှိလား နှင်းစိန်၊ အိမ်မှာလား၊ လယ်ထဲလိုက်သွားလား"

"မြို့ခံသွားစရာရှိလို့တဲ့။အစောကြီးထွက်သွားတာပဲ"

"ငါ ညကမက်တဲ့ အိပ်မက် အကြောင်းပြောမလို့ ခေါ်လာတာ နှင်းစိန်"

"အရီးလေးရယ်၊ အိပ်မက် အကြောင်းပြောတာများ အလန့်တကြား ဘာများဖြစ်တုံးလို့ ရင်ထိတ်သွားလိုက်တာ။ ဘာအိပ်မက်မို့လဲ ပြောပါဦးတော်"

ခုမှ စိတ်ပေါ့သွားသလိုဖြစ်သွားပြီး ပြုံးနိုင်သည့်မနှင်းစိန် အရီးလေးအိပ်မက် အကြောင်းပြောပြတော့ ရင်ဖိုလျက် ဘုရား,တမိတော့သည်။

အိပ်မက်ထဲမှာ အမေ့ တန်းလန်းနှင့် သူ့အိမ်ရှေ့ ေ သူ့ကိုကူညီဖို့ငိုယိုပြောတာ ေးစုံး တဲ့လူသတ်သမားကို ပြန်မသတ်နိုင် သရွေ့ ဘဝမကူးဘူးတဲ့။

အသက်ရှူင်စဉ်ကတည်းက စိတ်မာသည့်အမေ အိပ်မက်က တကယ်ဖြစ်နိုင်သည်။

သူ့ကိုသတ်တဲ့လူက ညဘက်မှာ မရလိုက်တဲ့ လက်ဝတ်ရတနာရှာနေတုန်းတဲ့။ ညည်းအသံတွေမကြားမိဘူးလား"

အမလေး - အရီးလေးရယ်၊ နှင်းစိန်မအိပ်ရဲအောင်လုပ်နေပြီ။ ရွာထဲလည်းပြန်လာလို့မဖြစ်သေးဘူး။ သူ့အမေ မကွဲတ်မလွတ်လို့ ကြောက်ပြီး ပြေးလာတယ်ဆိုပြီးကဲ့ရဲ့ကြမှာ။ ကိုသိန်းမောင်ကို အပြင်မထွက်ဖို့တားမှဘဲ"

အရီးလေးက နောက်တစ်ကြိမ် မနှင်းစိန်နားဆီအသာတိုးကပ်သွားရင်း-

"ညည်းလန့်မသွားနဲ့ဦး၊ ငါ့အခေါ် ကိုသတ်တဲ့လူသတ်သမားပြောပြရမလား။ ဟုတ်၊ မဟုတ်တော့မသိဘူးနော်။ အဲဒါလည်း အိပ်မက်ပဲ"

"ပြောပါ အရီးလေးရယ်၊ ပြောပြစမ်းပါ။ အမေအိပ်မက်ပေးတဲ့နောက်တော့ သူ့ကိုသတ်တဲ့လူမှားပြောပါ့မလား။ ဘယ်သူတုံး ပြော၊ ပြော"

ဒီတစ်ခါတော့ အရီးလေးခဏမျှ ငြိမ်သွားသည်။ ကြိမ်းကျွံရင်နှတ်လို့ရပေမယ့် စကားကျွံ နှုတ်မရတဲ့။ ပြောမိလို့ ပြဿနာတွေတက်ကုန်လျှင် ဒုက္ခ။

"မပြောတော့ပါဘူးဟယ်။ နောက်တော့ ညည်းလည်းသိလာမှာပါ။ ပြဿနာတွေတက်ကုန်ရင် မကောင်းဘူး"

"စိတ်ချ၊ နှင်းစိန် နှုတ်လုံအောင် ထိန်းမှာပါ။ သိထားရအောင်ပြောစမ်းပါ အရီးလေးရယ်"

ထပ်ခါတလဲလဲမေးနေသည့်နှင်းစိန်ကို အရီးလေးက ခပ်တိုးတိုးပြောပြလိုက်သည်။

"အဲဒီလူသတ်မားက(×××)တဲ့"

မနှင်းစိန် ရင်ဖိရင်း ထိုင်နေရာက လဲကျသွားတော့သည်။

❑

"ကိုသိန်းမောင် မြွေကိုက်ခံရလို့တဲ့"

"ကိုသိန်းမောင် မြွေကိုက်ခံရလို့ မနေ့ညကဆုံးသွားပြီတဲ့"

မနက်အစောကြီး - ရွာလယ်ရောက်လာသည့်သတင်းက ရွာနောက်ဂိုင်း၊ အရှေ့ပိုင်းသာမက တခြားရွာတွေပါ သတင်းပြန့်သွားတော့သည်။

ဒေါ်ဖွားစိန်ဆုံးပြီး တစ်နှစ်အကြာ သမက်ဖြစ်သူ ဆုံးသွားခြင်းပါ။ ကိုသိန်းမောင်မသေခင် ရှစ်လ၊ ကိုးလမှာ လင်မယားနှစ်ယောက် စကားများရန်ဖြစ်ကာ မနှင်းစိန်ကို 'သတ်ပစ်မယ်၊ သတ်ပစ်မယ် သက်သား' ဟု ကြိမ်းနေသော ကိုသိန်းမောင် ခုတော့ မြွေကိုက်လို့သေပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com

"အလောင်းက မြွေဆိပ်တဲက်ပြီး မည်းပွနေတာပဲ။ မသေမရှင်ဖြစ်နေတဲ့ မြွေဟေက်ကြီးက ဒေါသတကြီးကိုက်ခဲထားတာ။ သူ့သားလေးက ကြောက်ကြောက်နဲ့ အဝတ်ရိုက်တုတ်နဲ့ ထပ်ခါတလဲလဲရိုက်မှငြိမ်သွားတာ"

"ဟဲ့ - မသေမရှင် မြွေကြီးက ဘယ်ကရောက်လာတာလဲ"

ရွာထဲမှာ ဟင်းချက်စရာတွေကိုင်ပြီး အိမ်မပြန်သေးဘဲ သတင်းထူးကို ထိမ်ပင်ကြီးအောက်မှာ ပြောသူတစ်ယောက် နားထောင်သူတစ်သိုက်ဖြစ်နေကြသည်။

"အေးလေ၊ သူတို့အိမ်ကမြင့်တယ်။ ဒဏ်ရာရနေတဲ့မြွေတက်ဖို့က မလွယ်လောက်ဘူး"

"ဒဏ်ရာနဲ့မြွေက သူ့ဘာသာသူ တက်လာစာမဟုတ်ဘူးတဲ့။ သူတို့အရီးလေးသေ့အိမ်က ကြောင်မလေးလေ ဖြူကြားမ လက်ချက်ပေါ့။ ညဘက်ကြီး အဲဒီမြွေကိုကိုက်၊ မသေမရှင်ဖြစ်နေတာ ကိုသိန်းမောင်ခြင်ထောင်ထဲ သူကိုက်ခဲလာတာတဲ့"

"အမလေး အမလေး၊ ဒါဆို ကျွဲပ်ကြားရတဲ့သတင်းမှန်နေပြီပေါ့။ မသေခင်ကတည်း မုန်းပြီးတွေ သေတောင်မပြေတာပါလား"

"မလုမေ၊ ရှင်ဘာတွေသိလို့လျှောက်ပြောနေတာလဲ။ မနှင်းစိန်ကြားသွားရင် အားနာစရာတွေဖြစ်ကုန်တော့မယ်"

"ငါ့စကား အလကားမဖြစ်စေရဘူး။ နင်မယုံရင် အရီးလေးအိမ်ပြန်ခေါ်လာတဲ့ ဖြူကြားမကျောကုန်းကအမွေးတွေဖယ်ကြည့်။ ကျောမှာ ဓားဒဏ်ရာအမှတ်ကြီးနဲ့ မွေးလာတဲ့ကြောင်မလေး၊ အရီးလေးအချစ်တော်ပေါ့"

"ဟဲ့ဟဲ့- ဒီစကားတွေအထိတော့ ငါတို့မပါတော့ဘူးနော်။ လှမေပြောတာ။ လှမေ ငါတို့တော့ အိမ်ပြန်ဟင်းချက်ပြီတော့။ အသုဘလည်းသွားပို့ရဦးမှာ"

အားလုံး လူစုကွဲသွားပြီး အသုဘပို့ချိန်မှာပြန်ဆုံပေမယ့် ဘာစကားမှထွက်မလာတော့။ ဒေါ်ဖွားစိန်ကို အားနာတာလား၊ ကိုသိန်းမောင်ကို သနားတာလား၊ မနှင်းစိန်ကို မသိစေချင်တာလား သူတို့ကလွဲပြီး ဘယ်သူမှမသိနိုင်ပါ။

ကိုသိန်းမောင် ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့ အရီးလေးအိမ်မှာလိုက်နေဖို့ မနှင်းစိန်တို့သားအမိ ပစ္စည်းတွေသိမ်းကြသည်။ ဒီအိမ်ကြီးနှင့် မြေကွက် ဘယ်လောက်တန်တန် မမက်မောဘဲ ရွာဦးကဆရာတော်ကိုလျှမည်။

"အရီးလေး၊ အဖေ့ခုတင်ကြီး လည်းရှင်းလင်းပြီး ကျောင်းပဲလိုရာသုံးဖို့ ပို့ရအောင်"

"အေးအေး - နင့်အမေထုပ်ပိုးထားတဲ့စောင်ခေါက်တွေလည်းခါလိုက်ပြီး နေလှန်းထား။ ညနေသွားပို့ကြမယ်"

သားအမိနှစ်ယောက် အရီးလေးနှင့် ငယ်သူငယ်ချင်းမြွေကဲ့ စောင်ခါဖုန်ခါလုပ်နေစဉ် စောင်ခေါက်ထဲက အဝတ်ဝတ်လေးထွက်ကျလာသည်။

"ဟဲ့ - ဘာထုပ်ကြီးလဲ"

"အင်္ကျီအဟောင်းနဲ့ထုပ်ထားတာ၊ ဘာလဲဖွင့်ကြည့်ပါဦး"

"ဟယ်-ကျားခေါင်းလက်ကောက်နဲ့ ဒေါင်းဘယက်ကြီးပါလား။ ငါ့အဒေါ် ပစ္စည်းတွေလုံအောင်အသိမ်းကောင်းပေမယ့် အသေမလုရှာဘူး ဒုက္ခ ဒုက္ခ"

မနှင်းစိန် ဒီသတင်းမပြန့်အောင် ထိန်းထားဖို့တောင်းပန်ရင်း အရီးလေးနှင့်အတူ ရွာဦးဆရာတော်ကျောင်းပြေးလျှောက်ဖြစ်သည်။

"တပည့်တော် ဆန္ဒအတိုင်းဆိုရင်တော့ သေသွားတဲ့အမေ့မြေပုံထဲထည့်ပေးလိုက်ချင်သလို လောဘတက်ပြီး ယောကျ်ားမကိုပြန်သတ်တဲ့ယောကျ်ားမြေပုံထဲလည်း ထည့်ပေးလိုက်ချင်ပါတယ် ဘုရား။ ကြောက်စရာကောင်းတဲ့အဖြစ်မျိုးတွေမကြုံချင်ပါဘူးဘုရား။ နောက်ထပ်လောဘတက်သူတွေမရှိရအောင် ဒီရတနာတွေရောင်းပြီး သိမ်အလျှမှာထည့်တဲ့အကြောင်း ရေစက်ချတဲ့နေ့မိန့်ပေးပါ ဘုရား"

"သာဓုကွယ်၊ သာဓု၊ သာဓု"

❑

"ဟဲ့ ဟဲ့- သတင်းကြားပြီးကြပြီလား။ မနှင်းစိန်ရဲ့အရီးလေးကြောင်သေလို့တဲ့တော်။ ဒီမနက်မှကြားရတာ"

"သြော်-မလုမေကလည်း၊ ကြောင်သေတာသတင်းလားဟဲ့"

"အေးလေ၊ ထူးထူးဆန်းဆန်း ဘာများလဲလို့ သိသားပဲ"

"နင်အကုန်မသိပါဘူး။ လင်သေတုန်းက မျက်ရည်လေးမကျချင်တာ၊ တဘက်ပဝါနဲ့သုတ်သုတ်ငို၊ နှပ်လေးမရမကညှစ်နေတဲ့မနှင်းစိန်ဟာ ကြောင်မလေးလည်းသေရော အော်ဟစ်ငိုလိုက်တာ အိမ်နားကလူတွေတောင်လန့်တယ်"

"ဟုတ်တယ် ဟုတ်တယ်၊ ဆွေမျိုးသားချင်းသေတဲ့အတိုင်းပဲတဲ့"

ထုံးစံအတိုင်း စျေးအပြန် ထိမ်ပင်အောက်မှာ တစ်ထောက်နားသူ့ကျေစကားဝိုင်းဖွဲ့ပြီး သူသိငါသိသတင်းပေးကြသည်။

အရီးလေးကြောင်မလေးက ပြောလည်းပြောစရာ။ သိမ်အလျှူတရားနာချိန် မနှင်းစိန်ဘေးမှာ ငြိမ်ဝပ်နေသည်သာမုခေါ်ကြတော့ မျက်ရည်တွေငိုးကျလာတာ မြင်တဲ့သူတိုင်း စိတ်မကောင်းဖြစ်ကြသည်။

သိမ်ပြီးလို့တစ်လမကြာဘဲ အဘအသောက်မစား ညှိုးညှိုးငယ်ငယ်နဲ့ မနှင်းစိန်သားလေး သွားလေရာ ပုခုံးဆွဲလိုက်နေရှာသည်။

"သေချာပါတယ်ဟယ်၊ ကြောင်မလေးက အဘွားလေးစိန်ဝင်စားတာ"

"ဟုတ်မှာပေါ့။ ဒါကြောင့် သမက်သေအောင် မြွေဟောက်ကြီးကိုက်ခိုင်းပြီး ခြင်ထောင်ထဲထည့်ပေးတာ"

သူတို့သိသလောက်ပြောပြီး မျောက်သွားတဲ့ဒီဇာတ်လမ်းထဲမှာ အကိုသတ်တဲ့လူက ကိုသိန်းမောင်ဆိုတာ မနှင်းစိန် နှုတ်ပိတ်ထားဖြစ်သည်။ သားလေးသိလျှင်ကြေကွဲရမှာ၊ ရှက်ကြောက်နေမှာ။

အမေလည်း မုန်းပြီးမပြေတဲ့စိတ်နှင့် သူတတ်နိုင်သလောက် လက်စားချေခဲ့ပြီးတဲ့နောက် 'ကောင်းတဲ့ဘဝကိုတော့ ပြောင်းပါ အမေ' ဟု ညတိုင်း အမှတ်ရဆုတောင်းပေးခဲ့သည်။ တိုက်ဆိုင်တာပြောရမလား။ နောက်ရှစ်နှစ်ပြည့်တဲ့နှစ် သားလေးမိန်းမ ကလေးမွေးတာ ဆရာအပါအဝင် နှစ်ဖက်ကအမေတွေကြားထဲမှာ ချစ်စရာအော်ဟစ်ငိုနေသော သမီးလေးကို ရေချိုးပေးဖို့ပြင်ဆင်ရင်း ကျောဘက်ကဒဏ်ရာကြောင့် ဘဲတကြီးဖြစ်သွားကြသည်။

"ဟဲ့ဟဲ့ - ကျောဘက်မှာ ဒဏ်ရာကြီးနဲ့ပါလား"

အဘွားစိန်ဆိုတာ အားလုံးသိလိုက်ကြသည်။ သို့ပေမယ့် ဒီကလေးမလေး သူ့ဘဝဟောင်းတွေကို၊ မသိပါစေနဲ့ဟု အားလုံး နှုတ်ပိတ်ထားဖို့ သဘောတူလိုက်ကြသည်။

အမုန်းတွေ၊ အငြိုးတွေမရှိတဲ့အမှာ ကောင်းမွန်စွာကြီးပြင်းပါ သမီးလေး

ခင်မမလင်း (ကတေး

www.burmeseclassic.com

www.burmeseclassic.com

မျော်လင့်ချက်နဲ့ အသက်ရှင်ကြတယ်။ အချစ်နဲ့ အသက်ရှင်ကြတယ်။ အချစ်ရှိမှ ပျော်ရွှင်ကြတယ်။ အချစ်မရှိရင် ခြောက်သွေ့တယ် စတဲ့ ဝေဂျ်ရွှင်မှုဖြစ်ခြင်းရဲ့ အကြောင်းကို အမျိုးမျိုးပြောဆိုနေကြတယ်။ လောကလူသားများဟာ ပျော်ရွှင်မှုမရှိရင် အသက်ရှင်ရတာလည်း အဓိပ္ပာယ်မရှိသလို ခံစားကြရတယ်။ ပျော်ရွှင်မှုရှိရင် ဘဝမှာ နေရတာ အဓိပ္ပာယ်ရှိတယ်လို့ ပြောဆိုကြပါတယ်။

ပျော်ရွှင်တာ ကောင်းတဲ့အရာတစ်ခုပါ။ ဒါကြောင့်လည်း အချို့သူများဟာ ပျော်ရွှင်မှုကို နည်းမျိုးစုံနဲ့ ဖန်တီးယူကြခြင်းဖြစ်တယ်။ အချို့က ကာမဂုဏ်နဲ့ ပျော်ကြတယ်။ ဇနီးမယား၊ သမီးသား၊ လင်သားများနဲ့လည်း ပျော်ရွှင်ကြတယ်။ စည်းစိမ်ဥစ္စာများ ပိုင်ဆိုင်မှုများလာလို့လည်း ပျော်ရွှင်ကြတယ်။ အနာရောဝါကင်းပြီး စိတ်သွားတိုင်းကိုယ်ပါလို့လည်း ပျော်ရွှင်ကြတယ်။ ဒါပေမယ့် ကာမဂုဏ်တွေ ဆုံးရှုံးပျက်စီးသွားရင် မပျော်နိုင်တော့ဘဲ စိတ်ဓာတ်ကျ နှလုံးတွေညှိုးနွမ်းကြတယ်။ ဒါကြောင့်လည်း ကာမဂုဏ်နဲ့ပျော်ရွှင်တာဟာ အနှစ်မရှိတဲ့ ပျော်ရွှင်မှုဖြစ်တယ်။

ဒါဖြင့် အနှစ်ရှိတဲ့ပျော်ရွှင်မှုဆိုတာ ဘယ်လိုဟာလဲလို့ မေးစရာရှိတယ်။ အနှစ်ရှိတဲ့ပျော်ရွှင်မှုဆိုတာ ကုသိုလ်နဲ့ ပျော်ရွှင်တာ၊ တရားနဲ့ပျော်ရွှင်တာကို ပြောခြင်းဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ကုသိုလ်ဓမ္မနဲ့ မွေ့လျော်ပျော်ပိုက်နေတဲ့သူဟာ လက်ရှိပစ္စုပ္ပန်ဘဝမှာလည်း ငြိမ်းချမ်းတဲ့အတွက် အသက်ရှင်ရတာ အဓိပ္ပာယ်ရှိသလို သေလွန်ထဲ့နောက်မှာလည်း လူ၊ နတ်၊ နိဗ္ဗာန်ကို ရောက်ရှိပြီး ငြိမ်းချမ်းမှုရရှိသွားနိုင်တဲ့

ဥပေက္ခာဝိဒ္ဒ (ဒို့မာ)
ဝမ်းသာခြင်းကင်းပျော်ရွှင်ခြင်းစေချင်

www.burmeseclassic.com

www.burmeseclassic.com

အတွက်ကြောင့် ဖြစ်တယ်။ တရားနဲ့ ပျော်ရတာ ငြိမ်းချမ်းမှုရှိတဲ့အတွက် အဓိပ္ပာယ်ရှိတယ်။ ဒါကြောင့် ကာမဂုဏ်နဲ့ပျော်တာက အနှစ်မရှိတဲ့ ပျော်ရွှင်မှုဖြစ်ပြီး တရားနဲ့ပျော်တာက အနှစ်ရှိတဲ့ ပျော်ရွှင်မှုဖြစ်တယ်။

ဘုရားရှင်လက်ထက်တော်အခါက အနာထပိဏ်သူဌေးဟာ ဘုရားရှင်နဲ့ တကွ သာသနာတော်အတွက် ရည်ရွယ်ပြီး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့တယ်။ ဒါတင်မက ဘုရားရှင်နဲ့အတူ သံဃာတော်များအတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး လိုလေသေးမရှိ လှူဒါန်းသမှုပြုခဲ့တယ်။ ကျောင်းဒကာကြီးဟာ သူ့ဘဝမှာ အနှစ်ရှိတဲ့ ပျော်ရွှင်မှုရရှိဖို့ အတွက် ကိုယ်တိုင် ဖန်တီးယူခဲ့ရတာပါ။ လူ့ဘဝတစ်ခုဆိုတာ ခဏတာလေးမို့ သာသနာတော်ကို အစွမ်းကုန်ဦးမြှောက်ထောက်ပံ့လို့ အားမရသေးမီမှာ သူဌေးကြီးဟာ ဘဝနေဝင်ချိန်ကို ရောက်လုနီးဖြစ်လာခဲ့ရတယ်။ သူဌေးကြီးဟာ ကျန်းမာရေးကောင်းစဉ်က ဇေတဝန်ကျောင်းကို တစ်နေ့ကို အနည်းဆုံး နှစ်ခေါက်ရောက်ခဲ့ပေမယ့် အခုလို အိပ်ရာထဲလဲနေတဲ့အချိန်မှာ ကျောင်းကို မသွားနိုင်တော့။ ဒီလိုနဲ့ အိမ်မှာနေတဲ့ လူတစ်ယောက်ကိုခေါ်ပြီး ဘုရားရှင်နဲ့ တကွ အရှင်သာရိပုတ္တရာကို ကိုယ်စားရှိခိုးပေးဖို့နဲ့ အရှင်သာရိပုတ္တရာကိုလည်း သနားသဖြင့် အိမ်ကိုကြွတော်မူဖို့ အကြောင်းကိုလည်း လျှောက်ထားခိုင်းလိုက်ပါတယ်။

ထိုလူလည်း ဇေတဝန်ကျောင်းတော်ကိုသွားပြီး စေခိုင်းလိုက်တဲ့အတိုင်း ဘုရားရှင်နဲ့အတူ အရှင်သာရိပုတ္တရာကို ရှိခိုးဦးချကာ အိမ်ကိုကြွဖို့အကြောင်း အရှင်သာရိပုတ္တရာကို လျှောက်ထားပါတယ်။ အရှင်သာရိပုတ္တရာလည်း နောက်ပါ အရှင်အာနန္ဒာကိုခေါ်ပြီး သူဌေးကြီးအိမ်ကို ကြွတော်မူလာပါတယ်။ အိမ်ရောက်တဲ့အခါမှာ အရှင်သာရိပုတ္တရာက အိပ်ရာထဲလဲနေတဲ့သူဌေးကြီးကို -

"ဒကာကြီး၊ ဘယ်လိုလဲ နေကောင်းပါရဲ့လား၊ ဂ္လာနဖျားမှုတပါရဲ့လား၊ ရောဂါတွေတိုးပြီးလာသလား ဆုတ်ယုတ်မှုကောမရှိဘူးလား"

ဆိုပြီး မေးပါတယ်။

အရှင်သာရိပုတ္တရာ မေးတော်မူတဲ့မေးခွန်းထဲမှာ ဂ္လာနဖျားမှုတ်ဆိုတာနဲ့ စပ်လို့ပြောချင်ပါသေးတယ်။ စာချစ်သူများ လမ်းလျှောက်လို့ညောင်းလာတဲ့အခါ ထိုင်လိုက်ရင် သက်သာသွားပါတယ်။ ထုံကျဉ်တဲ့အခါ ထိုင်ရာကနေ ထလိုက်ရင်လည်း ထုံတာကျဉ်တာ ပျောက်သွားတယ်။ ဒါကို ဂ္လာနဖျားပုတ် မှုတတယ်လို့ခေါ်တယ်။ တကယ်လို့ ဖြစ်ပေါ်နေတဲ့ရောဂါက ဘယ်ညာတစောင်း ပြောင်းရွှေ့ပေမယ့် မသက်သာဘဲနေမယ်ဆိုရင် ဂ္လာနဖျားပုတ်မမှုတဘူးလို့ ဆိုပါတယ်။

ဒီလို မေးတော်မူတဲ့အခါမှာ သူဌေးကြီးက -

"အရှင်ဘုရား၊ တပည့်တော် နေမကောင်းဘူးဘုရား။ ဂ္လာနဖျားပုတ်လည်း မမှုတဘဲဖြစ်နေပါတယ်။ ဒါ့ပြင် တပည့်တော်ရဲ့ ဆင်းရဲဒုက္ခဝေဒနာတွေဟာ သက်သာတယ်လို့ကိုမရှိဘဲ တိုးတိုးပြီးတော့လာနေပါတယ်ဘုရား"

လို့ အရှင်သာရိပုတ္တရာအား ပြန်လည်လျှောက်ထားပါတယ်။ ဆက်လက်ပြီး သူဌေးကြီးက ရောဂါဝေဒနာခံစားရပုံကို ဥပမာပေးပြီးပြောပါတယ်။

"ဥပမာ အားရှိတဲ့လူတစ်ယောက်ဟာ အလွန်ထက်တဲ့ခက်ရင်းနဲ့ ထိပ်ကို ထိုးပြီးနှိပ်ထားသလိုပါပဲ။ တပည့်တော်ရဲ့ဦးထိပ်မှာ ပြင်းထန်တဲ့လေတွေထိုးကျင်ပြီး ခေါင်းထိုးတဲ့ဝေဒနာဖြစ်နေပါတယ်။ ပြင်းထန်တဲ့လေတွေဟာဦးခေါင်းကို တက်ပြီးထိုးနေတာဖြစ်တယ်။ အခံခက်လှတဲ့ ဦးခေါင်းထိုးရောဂါဟာလည်း မသက်သာတဲ့အပြင် တိုးတိုးပြီးတော့ ခံစားနေရတာ ထင်ရှားပါတယ်ဘုရား"

လို့ ခံစားနေရတာတွေကို ရှင်သာရိပုတ္တရာအား လျှောက်ထားပြောဆိုပါတယ်။

ဒုတိယ ဥပမာတစ်ခုက -

"အားရှိတဲ့ယောကျ်ားတစ်ယောက်က မြဲမြံခိုင်ခံ့တဲ့ သားရေကြိုးပိုင်းပြတ်နဲ့ ရစ်ပစ်ပြီးဆွဲဆောင့်နေသလိုပါပဲ။ တပည့်တော်ရဲ့ ဦးခေါင်းခဲဝေဒနာ ခံစားနေရတယ်။ အခံခက်လှတဲ့ ဦးခေါင်းခဲရောဂါဟာလည်း မသက်တာတဲ့အပြင် တိုးပြီးတိုးပြီးတော့ ခံစားနေရတာ ထင်ရှားလှပါတယ်ဘုရား"

လို့ သူဌေးကြီးက လျှောက်ထားတယ်။

တတိယ ဥပမာတစ်ခုက -

"ကျွမ်းကျင်လိမ္မာတဲ့ နွားသတ်သမားနဲ့ နွားသတ်သမားရဲ့တပည့်ဟာ ထက်လှတဲ့ သားလှီးဓားနဲ့ ဝမ်းကိုရစ်ပြီး လှီးထားသလိုပါပဲ။ ပြင်းထန်တဲ့လေတွေက တပည့်တော်ရဲ့ဝမ်းဗိုက်ကို ထိုးရစ်ပြီး နေပါတယ်။ ဒီရောဂါကလည်း သက်သာမှုမရှိပါဘူး။ ဒုံအပြင် တိုးပြီးတိုးပြီး ခံစားနေရပါတယ်။ ရောဂါတိုးလာတာကြီးက ထင်ထင်ရှားရှားပါပဲဘုရား"

လို့ လျှောက်တယ်။

စတုတ္ထဥပမာတစ်ခုက -

"အားရှိတဲ့ယောကျ်ားနှစ်ယောက်ဟာ အလွန်အားနည်းနေတဲ့လူတစ်ယောက်ကို လက်မောင်းတစ်ဖက်တစ်ချက်ကိုင်ပြီး ပြင်းထန်တဲ့ မီးပုံပေါ်မှာ ကင်ထားသလိုပါပဲ။ တပည့်တော်ရဲ့နှလုံးကိုယ်ဟာ ပြင်းပြင်းထန်ထန် ပူလောင်ပြီး တော့နေတယ်။ အလွန်ပူလောင်နေတဲ့ ရောဂါကလည်း သက်သာမှုမရှိဘဲတိုးပြီး တိုးပြီး ခံစားနေရတာ အထင်အရှားပါပဲ ဘုရား"

လို့ လျှောက်ထားပါတယ်။

သူဌေးကြီး ခံစားရသလိုပဲ စာရေးသူနဲ့တကွ စာချစ်သူများလည်း တစ်နေ့နေ့တစ်ချိန်ချိန် ခံစားရမှာဖြစ်တယ်။ ဒီလို သေခါနီးပြင်းထန်တဲ့ဝေဒနာကို ဘယ်လို ကျော်ဖြတ်ကြမလဲ။ အလိုလေး၊ အမယ်လေးလို့ ညည်းညူပြီး သေခြင်းတရားကို ရင်ဆိုင်မလား၊ လူတိုင်း ခံစားရဖို့ကတော့ သေချာနေပါတယ်။ ဒါကြောင့်လည်း မိုးကုတ်ဆရာတော်ကြီး ပျံတော်မူခါနီး ခုတင်ပေါ်မှာ နောက်ဆုံးစကားလေး တစ်ခုကိုဖတ်ခဲ့ရတယ်။ ဒါက 'ဝေဒနာကျော်အောင် အားထုတ်ထားကြ' ဆိုတဲ့ မိန့်တော်မူထားခဲ့တဲ့ စာကြောင်းလေးပါ။

မှန်ပါတယ်။ လူတိုင်းလူတိုင်းဟာ မသေခင် ဆင်းရဲတဲ့ဝေဒနာကို ခံစားကြရမှာဖြစ်တယ်။ အဲဒါကြောင့် အခုလို ကျန်းမာရေးအသင့်အတင့်ပြည့်စုံနေအချိန်မှာ ဒုက္ခဝေဒနာကို သည်းခံနိုင်ရည် (ဝေဒနာကျော်တဲ့) အထိ တရားအားထုတ်ထားနိုင်မှ တော်ကာကြမယ်။ အခုက ဘယ်သူဟာဖြင့် သေတာမြန်လိုက်တာ ဝေဒနာသိပ်မခံစားလိုက်ရဘူး ငါတို့အလှည့်ရောက်ရင် ဒီလိုမျိုးဖြစ်သွားရင်ကောင်းမယ်ဆိုပြီး ပြောတတ်ကြတယ်။ တကယ်တော့ သေဆုံးတာကမြန်တာပဲဖြစ်စေ၊ ကြာတာပဲဖြစ်စေ အသက်ဇီဝိန်ဆွေမယ့် ဝေဒနာဆိုတာ ပေါ့ပေါ့သေးသေး မဟုတ်ဘူးဆိုတာတော့သတိထားဖို့လိုပါတယ်။ ဒါကြောင့် ခုလို ကျန်းမာရေးကောင်းပြီး ငယ်ရွယ်တဲ့အချိန်မှာ တရားအားထုတ်စေချင်တယ်။

အရှင်သာရိပုတ္တရာက -

www.burmeseclassic.com

www.burmeseclassic.com

"သူဌေးကြီးပြောတဲ့အတိုင်းဆိုရင် သူဌေးကြီးဟာ မကြာခင်မှာ ကွယ်လွန်သွားမယ်"

ဆိုတာကို တွေးမိပြီး သူဌေးကြီး လေးနက်တဲ့တရားများ ဟောကြားတော်မူခဲ့ပါတယ်။ တရားဆုံးတဲ့အခါ အရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာတို့ ကျောင်းကို ပြန်လည်ကြွတော်မူလာခဲ့ကြပါတယ်။ (ဒီနေရာမှာ စာမျက်နှာအတော်အခဲနဲ့မို့ အကျဉ်းချုံးဖော်ပြပေးသွားပါတယ်။) မကြာခင်မှာပဲ သူဌေးကြီး ကွယ်လွန်အနိစ္စရောက်ပါတယ်။

အိပ်နေတဲ့ယောကျ်ား နိုးလာသလိုပါပဲ။ တုသိတာနတ်ပြည်မှာ 'အနာထပိဏ္ဍိကဒေဝပုတ္တ' အနာထပိဏ်နတ်သားဖြစ်လာရတယ်။ ဒီလိုနဲ့ ဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေခိုက် ညသန်းခေါင်ယံအချိန်မှာ အနာထပိဏ်နတ်သားရောက်လာပြီး-

"အရှင်ဘုရား၊ ဒီဇေတဝန်ကျောင်းဟာ ရဟန်းအပေါင်းတို့ အမြဲသီတင်းသုံးတဲ့နေရာလည်း ဖြစ်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးရာနေရာလည်း ဖြစ်တယ်။ ဒါကြောင့် ဘယ်တော်ရဲစိတ်ဟာ အလွန်ပဲနှစ်သက်နှစ်ပြဲ ဝမ်းမြောက်မှုကိုဖြစ်စေပါတယ် ဘုရား"

လို့ ဘုရားရှင်အား လျှောက်ထားပါတယ်။ ဒီလိုလျှောက်ထားခြင်းဟာ လူဘဝတုန်းက လျှဒါန်းခဲ့တဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ ရဟန်းအပေါင်း အရိယာအပေါင်း သူတော်ကောင်းတွေ အမြဲသီတင်းသုံးတဲ့နေရာလည်းဖြစ်သလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း သီတင်းသုံးတော်မူနေတယ်ဆိုတာကို ဒီဥစ္စာအဘိညာဉ်နဲ့ တွေ့မြင်ရတဲ့အတွက် နှစ်သက်ပျော်ရွှင်မှုတွေဖြစ်ရတာပါ။ ဒါဟာ နတ်သားအတွက် အနှစ်နှံ့တဲ့ပျော်ရွှင်မှုကို ရရှိနေတာပါပဲ။

ဒီလို အနှစ်ရှိတဲ့ပျော်ရွှင်မှုမျိုးရရှိအောင် လျှဒါန်းတဲ့အခါမှာ သတိထားဖို့လိုတယ်။

ဒါနဲ့စပ်လို့ တစ်ခါတုန်းက ဆရာတော်ကြီးတစ်ပါးဟာ -

"ဒကာ၊ ဒကာမတို့ ကိုယ်လျှလိုက်တဲ့အလျှ 'မအ' တဲ့အလျှဖြစ်ပါစေ၊ 'အ' တဲ့အလျှမဖြစ်စေနဲ့"

လို့ တပည့်ဒကာများကို ဆုံးမဩဝါဒပေးလေ့ရှိတယ်။ နားလည်အောင် ပြောရရင် 'အ' တဲ့အလျှဆိုတာ ကိုယ်လျှဒါန်းလိုက်တဲ့ ကျောင်းဆောင်မှာ

သံဃာတော်များ သီတင်းမသုံးကြဘူး၊ ဒီကျောင်းဟာ အပိုဖြစ်နေတယ်ဆိုရင် လျှလိုက်တဲ့ ကျောင်းဒကာဟာ ထို ကျောင်းနဲ့စပ်ပြီး ဝမ်းမြောက်ပီတိဖြစ်မှုဟာ နည်းပါးလှပါတယ်။ ဒါကိုပဲ အလျှ 'အ' တယ်လို့ ဆိုပါတယ်။ ဒါမှမဟုတ် လျှလိုက်တဲ့ကျောင်းဆောင်က သံဃာတော်များ သီတင်းသုံးနေထိုင်တော်မူကြတယ်ဆိုရင် -

"ငါလျှဒါန်းထားတဲ့ ကျောင်းမှာ သံဃာတော်များ ချမ်းသာစွာသီတင်းသုံးနေထိုင်တော်မူနေကြပါကလား"

ဆိုပြီး ပြန်တွေးမိတိုင်း ကျောင်းနဲ့စပ်လို့ အလျှဒကာမှာ နှစ်သက်ပျော်ရွှင်မှုတွေ၊ ဝမ်းမြောက်မှုတွေဖြစ်ကြရတယ်။ ဒါကိုပဲ 'မအ' တဲ့အလျှလို့ဆိုပါတယ်။

ဒါကြောင့် ကိုယ့်အလျှနဲ့စပ်ပြီး ဝမ်းမြောက်မှု (မအတဲ့အလျှ) ဖြစ်ဖို့အတွက် အလျှခံပုဂ္ဂိုလ်များအတွက် တကယ်အသုံးဝင်ပြီး အကျိုးများတဲ့ပစ္စည်းဖြစ်မယ်။ တကယ်လည်း လိုအပ်နေတဲ့ပစ္စည်းဖြစ်မယ်ဆိုရင် ထိုအပ်စပ်တဲ့ပစ္စည်းကို လျှဒါန်းပါက ပိုကောင်းပါတယ်ဆိုတာ ပြောပါရစေ။

အခုလည်း သူဌေးဘဝက ကွယ်လွန်လို့ အနာထပိဏ်နတ်သားဖြစ်တဲ့အခါ လူဘဝတုန်းကလျှခဲ့တဲ့ ဇေတဝန်ကျောင်းတော်ကို ပြန်ကြည့်မိပါတယ်။ ဘုရားရှင်နဲ့အတူ သံဃာတော်များ သီတင်းသုံးနေတာကိုမြင်တော့ နတ်သားဟာ နှစ်သက်ရွှင်လန်းမှုပီတိတွေဖြစ်ရတယ်။ ဒီလိုပျော်ရွှင်မှုဟာ လူပဲဖြစ်စေ၊ နတ်ပဲဖြစ်စေ ကုသိုလ်ရနေတဲ့အတွက် အနှစ်ရှိတဲ့ပျော်ရွှင်မှုဖြစ်တယ်။ ဒီလို အားရ ပျော်ရွှင်မှုမျိုး မကြာမကြာဖြစ်ဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း တစ်နေရာမှာ နတ်သားတစ်ဦးက နေ့နေ့ည အမြဲကုသိုလ်ရနေတဲ့သူ၊ တရားမှာ တည်သူ၊ သီလနဲ့ပြည့်စုံသူ၊ သေလွန်တဲ့အခါ လူ့ရွာနတ်ထံနိဗ္ဗာန်အထိရောက်တဲ့သူဆိုတာ ဘယ်လိုလူမျိုးပါလဲလို့ ဘုရားရှင်အား လျှောက်တယ်။

ထိုအခါ ဘုရားရှင်က -

"နတ်သား၊ ပန်းမန်ဥယျာဉ်စိုက်ပျိုးမယ်၊ ခရီးသွားသူများ အရိပ်ခိုပြီး အေးမြစေဖို့ အရိပ်ရတဲ့သစ်ပင်တွေကို စိုက်ပျိုးကြမယ်၊ လမ်းမကောင်းတဲ့နေရာမှာ လမ်းပြင်ကြမယ်၊ တံတားခင်းကြမယ်၊ ခရီးသွားများ အေးမြတဲ့ရေကို သောက်သုံးနိုင်ဖို့ ရေချမ်းစင်ကို ဆောက်လျှကြမယ်၊ အများအသုံးပြုနိုင်ဖို့အတွက် လိုအပ်တဲ့ရေတွင်းရေကန်တွေကိုလည်း တူးဖော်ကြမယ်။ အရိပ်အာဝါသအတွက် ဇရပ်တန်ဆောင်းကျောင်းတွေကိုလည်း စွမ်းနိုင်သလောက် ဆောက်လုပ်လျှဒါန်းကြမယ်ဆိုရင် ထိုပုဂ္ဂိုလ်ဟာ နေ့နေ့ည်ည အမြဲကုသိုလ်တွေ တိုးပွားနေတဲ့သူ၊ ကုသိုလ်ဆိုတဲ့တရားမှာတည်သူ၊ သီလနဲ့ပြည့်စုံသူ၊ လူ့ရွာနတ်ထံနိဗ္ဗာန်အထိရောက်နိုင်တဲ့သူများဖြစ်ကြတာယ်"

လို့ မိန့်တော်မူပါတယ်။

တကယ်တော့ နေ့နေ့ည်ည ကုသိုလ်ရနေတယ်ဆိုတာက ကိုယ်စွမ်းဆောင်ထားတဲ့အရာကို ပြန်လည်တွေးမိမှသာပျော်ရွှင်မှုများခံစားရမှာဖြစ်တယ်။ ပျော်ရွှင်မှုလည်းကုသိုလ်ရမှာပါ။ အဲဒါကြောင့် အမြဲကုသိုလ်တိုးပွားချင်တယ်ဆိုရင် သတိရတိုင်းပြုထားတဲ့ကုသိုလ်ကို အမြဲတွေးပေးဖို့ပါပဲ။

စာချစ်သူများလည်း အနှစ်ပါတဲ့ပျော်ရွှင်မှုမျိုးဖြစ်စေဖို့ သာသနာတော်မှာ တကယ်လိုအပ်နေတဲ့အရာကို လျှဒါန်းရပါမယ်။ အထက်မှာဆိုခဲ့တဲ့အတိုင်း လျှဒါန်းမယ့်အရာများဟာ တကယ်တမ်းကြည့်ရင် ကိုယ်ကျိုးအတွက်မဟုတ် အများအကျိုးအတွက်ဖြစ်နေတာသိထားရပါမယ်။ အများအကျိုးအတွက် အလျှပြုလုပ်နိုင်တယ်ဆိုရင် ဒီအလျှဟာ ပါရမီမြောက်အလျှဖြစ်တဲ့အတွက် ပိုပြီးတော့လည်း မွန်မြတ်ပါတယ်။ ဒါကိုသိကြပြီး အနှစ်ရှိတဲ့ ပျော်ရွှင်မှုမျိုးကို ပိုင်ဆိုင်ကြတဲ့ စာချစ်သူများဖြစ်ကြပါစေလို့ဆိုရင်း. . . ။

(ဥပရိပဏ္ဏာသပါဠိ၊
အနာထပိဏ္ဍိကောဝါဒသုတ်၊
သဂါထာဝဂ္ဂသံယုတ်၊
ဝနရောပသုတ်၊ ဇေတဝနသုတ်)

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဦးကောဓိဒ (မြိတ်)

www.burmeseclassic.com

www.burmeseclassic.com

သုသုသ

သိမ်ပန်းကံအစွမ်း

"ဖြန်း"

အပေါ်ထပ်မှထွက်လာသောအသံဖြစ်ပါတယ်။ စားပွဲကို ဝါးခြမ်းပြားနဲ့ရိုက်လိုက်လို့ထွက်လာတဲ့အသံမျိုး။

ဦးမြတ်မင်း အိမ်ပေါ် မော့ကြည့်ပြီး မေးလိုက်ပါတယ်။

"ဟေ့ - မခင်ထား၊ ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

"အပေါ်ကအသံကြားလို့"

"ကျုပ်လည်း အဲဒီအသံကြားလို့ လန့်သွားတာ၊ ဘယ်ကအသံလဲလို့ စဉ်းစားနေတာ"

"ငါက မင်းစားပွဲကုံရှိက်လိုက်တယ်ထင်လို့"

"ဟာ - ဘယ်ကဟုတ်ရမှာလဲ။ ကျုပ်က ဘုရားရှိခိုးနေတာ။ ဘာပြလို့ ကျုပ်ကိုအပြစ်ရှာနေရတာလဲ"

"မသိလို့ပြောတာပါကွာ။ မင်းက ဘာပြလို့စိတ်ဆိုးနေရတာလဲ"

"စိတ်ဆိုးမှာပေါ့၊ မဟုတ်တာပြောတာကို"

အခုတစ်လော ဘာပြလို့လဲမသိဘူး။ လင်မယားနှစ်ယောက် စကားပြောရတာ အဆင်မပြေပါ။ မကြာခဏ ကတောက်ကဆတ်ဖြစ်ရတယ်။ အိမ်မှာ နှစ်ယောက်တည်းရှိတာ။ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းမဆိုင်ချင်ဖြစ်နေကြပါတယ်။

သားသမီးသုံးယောက်က အိမ်ခထောင်ခွဲသွားကြပြီဆိုတော့ အိမ်မှာ လင်မယားနှစ်ယောက်တည်းကျန်ခဲ့တာ။ မြေးတွေကျောင်းပိတ်လို့ အိမ်လာလည်မှ စည်စည်ကားကားဖြစ်တာပါ။

ဒေါ်ခင်ထားက အငြိမ်းစားကျောင်းဆရာမ။ ဦးမြတ်မင်းကတော့ ကုမ္ပဏီဝန်ထမ်း၊ အချိုရည်စက်ရုံက ထုတ်လုပ်ရေးမှန်နေကျ။ ခုလို ပွင့်လင်းရာသီမှာ အချိုရည်က ရောင်းအားကောင်းတယ်။ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်တောင် အနိုင်နိုင်နားရတာ။ အခု တနင်္ဂနွေနားရက်မှာ အေးအေးဆေးဆေး အောက်မှာထိုင်နေတုန်း မမျှော်လင့်ဘဲ လင်မယားနှစ်ယောက် စကားများရတဲ့အတွက် ဦးမြတ်မင်း စိတ်မကောင်းဖြစ်ရတယ်။

ဒေါ်ခင်ထား ဘုရားရှိခိုးပြီးတဲ့အခါ စေးသွားရန်ပြင်ဆင်ပါတယ်။ စေးမသွားခင် ဦးမြတ်မင်းကို အလုပ်ပေးသွားသေးတယ်။

"ကိုမြတ်မင်း၊ နောက်ဖေးမှာ ငရုတ်ပွရေစိမ်ထားတယ်။ ဒါတွေကို အခွံနွှာပြီး ငရုတ်တစ်ဆုံထောင်းထားလိုက်"

ကြက်သွန်နီသုံးလုံး၊ ကြက်သွန်ဖြူသုံးမြွာနဲ့ ချင်းလက်တစ်ဆစ်ထည့်ထားသောဇလုံငယ်ကို ဒေါ်ခင်ထားပေးသွားပါတယ်။ စကားနည်းရန်စဲ ဦးမြတ်မင်း ဘာမှပြန်မပြောလိုက်ဘူး။ တကယ်တော့ စက်ရုံမှာသာ ဦးမြတ်မင်းက မန်နေဂျာ၊ အိမ်မှာကတော့ ဒေါ်ခင်ထားက မန်နေဂျာပေါ့။

စေးကမဝေးပါဘူး။ ဦးမြတ်မင်း နှစ်ထပ်တိုက်ရှေ့က ရန်ကုန်ပြည်လမ်းကြီးကိုကျော်လိုက်ရင် စေးကိုရောက်ပါပြီ။ ဒေါ်ခင်ထား စေးမှပြန်မရောက်ခင် ဦးမြတ်မင်း ငရုတ်သီးထောင်းပြီးသွားပါပြီ။ နေ့လယ်စာ ထမင်းစားပြီးခဲ့ပြီးတော့ တစ်ပတ်လုံးပင်ပန်းခဲ့သမျှ အားလုံးချပြီး ဦးမြတ်မင်းတစ်ယောက် စိတ်လက်ပိုယ်လွတ် အိပ်စက်အနားယူပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ကိုမြတ်မင်း၊ ကိုမြတ်မင်း ထ တော့။ ငါးနာရီကျော်ပြီ"

ဦးမြတ်မင်း ရေခဲ့ိုးပြီးသည့်အခါ ညစာထမင်းစားပါတယ်။ တော်ပါသေးရဲ့။ ညအိပ်ရာဝင်သည်အထိ ဦးမြတ်မင်းနဲ့ ဒေါ်ခင်ထားတို့ - နောက်တစ်ကြိမ် စကားများခြင်းမရှိတော့ပါဘူး။

❑

ဦးမြတ်မင်းမှာ အကျင့်တစ်ခုရှိတယ်။ ညမအိပ်ခင် စာဖတ်ခြင်းပါပဲ။ ဦးမြတ်မင်း စာဖတ်ဝါသနာပါတဲ့အတွက် မိတ်ဆွေတစ်ယောက်က စာရေးဆရာ 'ဇေယျမင်းသွင်'ရေးတဲ့ 'ဂန္ဓိရအောင်မြေ' အမည်ရှိတဲ့ဝတ္ထုတို (၆) ပုဒ်ပါတဲ့ဝတ္ထုစာအုပ်ကိုဖတ်ဖို့ပေးလိုက်ပါတယ်။

ပထမဆုံးဝတ္ထုတိုမှာ 'ဂန္ဓိရအောင်မြေ' စာဖတ်လိုက်ကတည်းက လက်က မချနိုင်အောင်စွဲသွားတယ်။ နဝတအစိုးရလက်ထက်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရဲ့ နန်းတော်နေရာမှာ နန်းတော်ပြန်ဆောက်နိုင်ဖို့အတွက်ဆောင်ရွက်ရာ တွေ့ကြုံရတဲ့ ဂန္ဓိရဖြစ်ရပ်ဆန်းများအကြောင်း ရေးထားတဲ့ ဖြစ်ရပ်မှန် အခြေခံဝတ္ထုဖြစ်ပါတယ်။ ည (၁၁) နာရီထိုးမှ ဝတ္ထုပြီးသွားတယ်။ နောက်ဝတ္ထုများကို ဆက်ဖတ်ချင်ပေမယ့် မနက်အလုပ်ဆင်းရမှာမို့ အိပ်ရာဝင်ခဲ့ပါတယ်။ ဒေါ်ခင်ထားက အိပ်ပျော်နေပါပြီ။ အိပ်ရာထဲရောက်ပြီး မကြာခင်မှာပဲ ပစ္စည်းတစ်ခုကျသံကြားလိုက်ရပါတယ်။

"ခွမ်း"

တိတ်ဆိတ်သော ညလယ်ချိန်ဖြစ်သဖြင့် အသံက အလွန်ကျယ်ပါတယ်။ ဒေါ်ခင်ထားလန့်နိုးသွားပါတယ်။

"ကိုမြတ်မင်း၊ ဘာသံကြီးလဲ"

"ပစ္စည်းတစ်ခုခုကျတာထင်တယ်။ မီးဖွင့်ကြည့်လိုက်မယ်"

မီးဖွင့်ပြီးကြည့်လိုက်တဲ့အခါ ကြမ်းပြင်ပေါ်တွင်လဲနေတဲ့ လေးထောင့်မုန့်ပုံးကိုတွေ့လိုက်ရပါတယ်။ တော်ပါသေးရဲ့၊ အဖုံးမပွင့်လို့ မုန့်တွေကတော့ထွက်မကျဘူး။

"ကိုမြတ်မင်း၊ ဘာကျတာလဲ"

"မုန့်ပုံးကျတာ"

"မုန့်ပုံးကဘယ်လိုကျတာလဲ"

"အေး - အဲဒါကို ငါစဉ်းစားနေတာ"

ဆန်းတော့ဆန်းပါတယ်။ညဘက်မှာ ဆာရင်အဆာပြေစားဖို့ မုန့်ပုံးနဲ့ ရေသန့်တစ်ဘူး အိပ်ရာနားက စားပွဲပေါ်မှာတင်ထားတယ်။ သားသမီးတွေကန်တော့တဲ့မုန့်ပုံးတွေကလည်း အိမ်မှာမပြတ်ဘူး။ ဒီပုံးက ဘာပြုလို့အောက်ကျသွားတာလဲ။ အိမ်မှာ ကြောင်လည်းမွေးမထားဘူး။ အိမ်လုံတော့ တခြားကြောင်တွေလည်းမဝင်နိုင်ဘူး။ ကြွက်ကလည်း ဒီလောက်လေးတဲ့မုန့်ပုံးကို အောက်ကျအောင်မတိုးနိုင်ဘူး။ စိတ်ရှုပ်စွာနဲ့ မီးကိုပိတ်ပြီး အိပ်ရာထဲ ဦးမြတ်မင်း ပြန်ဝင်ခဲ့ပါတယ်။ ဒေါ်ခင်ထားကတော့ အိပ်ပျော်သွားပါပြီ။

အိမ်မှာတင်မဟုတ်ဘူး။ အလုပ်ထဲမှာလည်း ပြဿနာတွေရှိနေတယ်။ မနေ့ကအကြောင်းကို ဦးမြတ်မင်း ပြန်စဉ်းစားမိပါတယ်။ စက်ရုံမှာက ထုတ်လုပ်ရေးလိုင်း (၃) ခုရှိတယ်။ Line (1), Line (2), Line (3) တို့ရှိတဲ့အနက် Line (2) က ပုလင်းဆေးစက် (Washer) က driving sprocket ကြိုးကွဲသွားတယ်။ ဈေးကွက်ထဲပြန်လာတဲ့ပုလင်းခွံတွေကို ပုလင်းထည့်ခွက်တွေပါတဲ့တန်းတွေထဲ ထည့်ရတယ်။ အဲဒီတန်းတွေကို Chain ကြိုးနဲ့ လှည့်ပတ်ပြီး အပူပေးထားတဲ့ ဆပ်ပြာရည်ကန်ထဲဖြတ်ပြီး ဆေးကြောရတာပါ။ ဈေးကွက်ကပြန်ဝင်လာတဲ့ ပုလင်းခွံတွေထဲမှာ အချိုရည်ကိုစုပ်ပြီး သောက်တဲ့ ပလတ်စတစ်ပိုက်တွေပါလာတယ်။ အဲဒီပိုက်တွေကို ပုလင်းဆေးစက်ထဲမရောက်ခင် အလုပ်သမားတွေက ဖယ်ထုတ်ရတယ်။ ဒါပေမယ့် ပိုက်တွေကများတဲ့အတွက် စက်ထဲပါသွားတာတွေရှိတယ်။

အချိန်ကြာလာတဲ့အခါ ပုလင်းဆေးစက်ထဲမှာ ပလတ်စတစ်ပိုက်တွေများလာတယ်။ စက်ထဲမှာကျကွဲတဲ့ ပုလင်းတွေကလည်းရှိတယ်။ အဲဒီပိုက်တွေရယ် ပုလင်းကွဲတွေရယ် ရစ်ပတ်လုံးထွေးသွားပြီး လည်ပတ်ရွေ့လျားတဲ့ ပုလင်းသယ်တန်းတွေနဲ့ငြိသွားတဲ့အတွက် driving sprocket ကွဲသွားတာဖြစ်ပါတယ်။ ပုလင်းဆေးစက်က လည်ပတ်လို့ မရတော့ပါဘူး။

အထဲက ဆပ်ပြာရည်တွေကို ဖောက်ချရတယ်။ ပြီးတော့ လူဝင်ပေါက် (man hole) တွေကိုဖွင့်ပြီး လူကိုယ်တိုင် ခက်ခက်ခဲခဲဝင်ပြီး ပလတ်စတစ်ပိုက်တွေနဲ့ ပုလင်းကွဲတွေကိုရှင်းရတယ်။ စက်တစ်လိုင်းရပ်လိုက်ရတဲ့အတွက် အချိုရည်ထုတ်လုပ်မှုထိခိုက်သွားပါတယ်။ မနက်ဖြန် ဘာဖြစ်ဦးမလဲတွေးတောစိတ်ပူရင်း ဦးမြတ်မင်း အိပ်ပျော်သွားပါတယ်။

မနက် (၇း၃၀) နာရီမှာ အိမ်နေကို ဖယ်ရီကားရောက်လာလို့ ဦးမြတ်မင်း စက်ရုံကိုလာခဲ့ပါတယ်။ စက်ရုံရောက်တော့ (၈း၀၀) နာရီထိုးပြီ။ ပထမဦးဆုံး ညဆိုင်းမှတ်တမ်းတွေကို ကြည့်ရတယ်။ ထုတ်လုပ်ရေးလိုင်းတွေက တနင်္ဂနွေမှာစတယ်။ အဆိုင်း (၂) ဆိုင်းနဲ့ လည်ပတ်တာ။ ညဆိုင်း (၂း၀၀ - ၀၆း၀၀) ညနေဆိုင်း (၁၄း၀၀ - ၂း၀၀) ဆိုတွေဖြစ်တယ်။(၀၆း၀၀-၁၄း၀၀) အဆိုကတော့ ထုတ်လုပ်မှုမရှိဘူး။ စက်ပြုပြင်ထိန်းသိမ်းရေးလုပ်ရတယ်။

Line (2) လိုင်းရဲ့အဆိုင်းမှတ်တမ်း (၂) ခုကိုကြည့်လိုက်တဲ့အခါ Line (2) က ည (၂း၀၀) နာရီမှာ လိုင်းရပ်သွားတာ တွေ့လိုက်ရတယ်။ 'အချိုရည်ပြည့်စက် (Filler) အတွင်းပိုင်းက Pin တစ်ခုပဲသွား၍လိုင်းရပ်သည်' လို့ အဆိုတာဝန်ခံက မှတ်ချက်ရေးထားတာလေ့လိုက်ရပါတယ်။ ဒါဆိုရင် အချိုရည်ပြည့်စက်ကို တစ်စစီဖြုတ်ပြီးပြင်ရတော့မယ်။ ဒီနေ့လည်း ကုမ္ပဏီဥက္ကဋ္ဌ (သူဌေး) ဦးမှာပဲ။ အရင်က တစ်လတစ်ခေါက်မလာတဲ့ ဥက္ကဋ္ဌက အခုဆိုနေ့တိုင်းကို စက်ရုံကိုရောက်လာတယ်။ ဥက္ကဋ္ဌက လူကြီးလူကောင်းဆန်အပြောအဆိုယဉ်ကျေးပေမယ့် အောက လူများကတော့ စိတ်ဖိစီးမှုဖြစ်ပါတယ်။ စနေနေ့က Line (2) ရပ်သွားတယ်၊ အခု တနင်္ဂနွေနေ့ညမှာ Line ထပ်ရပ်သွားတဲ့အတွက် Line တစ်လိုင်းသာ လည်ပတ်နိုင်ပါတယ်။

ရပ်ထားတဲ့လိုင်း (၂) လိုင်းလည်နိုင်ရန်အတွက် တစ်ပတ်အပြင်းအထန် လုပ်ဆောင်ကြရတယ်။ စိတ်မောလူမောဖြစ်ကြရတယ်။ Line ကတော့ အင်္ဂါနေ့မှာပြန်လည်နိုင်မယ့် Line (2) ကတော့ သောကြာထုတ်လုပ်နိုင်မှုပြန်စနိုင်တယ်။သောနေ့မှာ ထုတ်လုပ်ရေးလိုင်း (၃)လိုင်းအနေအထားပြန်ရောက်သွားပါတယ်။

ဦးမြတ်မင်း စက်ရုံထဲမှာ စိတ်ရသလို အိမ်မှာလည်း ညစဉ်ညတိုင်း တစ်နေ့တစ်မျိုးမရိုးရအောင် စိတ်စရာကြုံရတယ်။ အိမ်ခေါင်မိုးခဲကျတဲ့ညရှိသလို အိမ်ကြမ်းပြင်ပစ္စည်းပြုတ်ကျတဲ့ညလည်းရှိခဲ့ပါတယ်။ အိမ်နံရံကိုရိုက်တဲ့အသံကိုကြားရတဲ့ညလည်းရှိခဲ့ပါတယ်။ ထူးခြားတာတာ တစ်ညတော့

www.burmeseclassic.com

www.burmeseclassic.com

အနောင်၊ နေမရအောင် နှောင့်ယှက်ဘာမျိုးမရှိဘူး။ ဒါ့အပြင် အသံနဲ့သာ နှောင့်ယှက်တတ်ပြီး အကောင်အထည်ပြုပြီး နှောင့်ယှက်တာမျိုးတစ်ခါမျှမရှိခဲ့ပါဘူး။

တနဂ်္ဂနွေပိတ်ရက်မှာ မနက်စာကြီးပြီး အောက်ထပ်မှာထိုင်နေရင်း တစ်ပတ်လုံး ဖြစ်ပျက်ခဲ့တာတွေကို ဦးမြတ်မင်း ပြန်ပြီးစဉ်းတောနေပါတယ်။ ယခင်က အလုပ်ထဲမှာလည်း အဆင်ပြေတယ်။ ဘာပြဿနာမှဆိုးဆိုးရွားရွားမကြုံခဲ့ဘူး။ အိမ်မှာလည်း ဘင်မယားနှစ်ယောက်က အေးအေးဆေးဆေး စိတ်ချမ်းသာစွာနေခဲ့ကြတယ်။ အခုတစ်လောမှ ဘာပြုလို့ အိမ်မှာ ထူးခြားမှုတွေကြုံနေရတာလဲ။ သေသေချာချာ စဉ်းစားကြည့်တဲ့အခါ ဦးမြတ်မင်းမျက်စိထဲ ဝတ်ဖြူစင်ကြယ်တဲ့အဘိုးအိုတစ်ဦး ပုံပေါ်လာပါတော့တယ်။

❑

အိမ်ရှေ့လမ်းမကြီးပေါ်တွင် ခုဒဟိုသွားလာနေသော မော်တော်ကားများ၊ ဆိုင်ကယ်များကို ဦးမြတ်မင်း ငေးမောကြည့်နေပါတယ်။ ရန်ကုန်-ပြည်လမ်းမကြီးဘေး နှစ်ထပ်စျေးကြီးရှေ့မှာတော့ ဆိုင်ကယ်ရိပ်များ တန်းစီရပ်နေကြတယ်။ ဦးမြတ်မင်းတို့အိမ်ဘက်ခြမ်းကတော့ ကားကြီးကားငယ်များကုန်တင်ကုန်ချပြုလုပ်နေကြပါတယ်။

ဦးမြတ်မင်း နေထိုင်တဲ့ မြို့ကရန်ကုန်မြို့တော်နဲ့ မိုင် (၃၀) ဝေးပြီး ယခင်က မင်းနေပြည်တော်ဖြစ်ခဲ့ပါတယ်။ ထို့ခေတ်က ရေလမ်းကိုသာအဓိကထားသွားလာကြလို့ မြို့တော်ကို ချဉ်းဘေးမှာတည်ထားတာ တွေ့ရပါတယ်။ ဘိုးဘိုးကြီးနတ်စင်လမ်းနောက်ဘက်မှာ မြို့ရိုးဟောင်းနဲ့ ကျုံးဟောင်းတွေ အခုအချိန်ထိရှိနေတုန်းပါပဲ။ မြို့ရိုးနေရာမှာ အုတ်များကိုမတွေ့ရတော့ဘဲ မြေဝါကုန်းကြီးအဖြစ်သာတွေ့ရပါတော့တယ်။

အဲဒီမြို့မှာ 'သုရှင်တကာရွှတ်ပိ' ဦးစံစဉ်က နတ်စင်တံခါးမှ ကျိုက်ဒေးသွန်ဘုရားကုန်း အရှေ့မျက်နှာအထိ လမ်းဖောက်လုပ်ထားပြီး ဥပုသ်နေ့ဦး ဘုရားဖူးသွားသည်လို့ ကျိုက်ဒေးသွန်ဘုရားသမိုင်းမှာရေးထားတာကို ဦးမြတ်မင်း ဖတ်ရပါတယ်။

ရန်ကုန်-ပြည်ကားလမ်းမကြီးကို မြို့ရိုးဟောင်းပေါ် ကိုဖြတ်ပြီးဖောက်ထားတဲ့အတွက် ကားလေးဂိတ်နေရာမှာ ကားလမ်းကမြင့်နေပြီး စျေးဘက်သို့ အကွေ့မှာ တဖြည်းဖြည်းနိမ့်ဆင်းသွားပါတယ်။ ဒါပြင် မြို့ထဲဖြတ်ဝင်တဲ့အပိုင်းမှာ ကားလမ်းက အကွေ့အကောက်အလွန်များပါတယ်။ အထက(၁)အလွန်မှစပြီး မြို့အထွက် ရထားလမ်းဆုံအထိ အကွေ့အကောက်၊ အတက်အဆင်း အလွန်များတာကို တွေ့ကြရပါတယ်။ အကွေ့အကောက်၊ အတက်အဆင်းများတာနဲ့အမျှ ယာဉ်တိုက်မှုလည်း မကြာခဏဖြစ်တတ်ပါတယ်။

တောင်ကျချောင်းက ရန်ကုန်-ပြည် ကားလမ်းကိုဖြတ်ပြီး စျေးဘေးမှ ကပ်ပြီး စီးဆင်းနေပါတယ်။ ချောင်းကူးတံတားမှစပြီး စျေးအလွန်အထိ ရန်ကုန်-ပြည်ကားလမ်းပိုင်းက လူများ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနဲ့ ရှုပ်ထွေးလှပါတယ်။ နေ့စဉ် ယာဉ်ထိန်းရဲ (၂)ဦးနဲ့ ပြည်သူရဲတစ်ဦး စျေးရှေ့မှာလမ်းရှင်းပေးနေသော်လည်း ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပြီး အသက်သေဆုံးသည့် အထိဖြစ်ကြပါတယ်။ ဒါကြောင့် နဝတ အစိုးရလက်ထက်မှာ နှစ်ထပ်စျေးနဲ့ ကားလေးဂိတ်ကို တိုးချဲ့ (၄) ရပ်ကွက်ထဲရွှေ့ပြောင်းရန် စဉ်းစားခဲ့ကြပါတယ်။ တိုးချဲ့ (၄) ရပ်ကွက်ထဲမှာ စျေးနေရာ၊ ကားလေးဂိတ်နေရာများအတွက် မြေနေရာများသတ်မှတ်ထားရှိခဲ့ကြပါတယ်။ သို့သော် ခုအချိန်အထိ ထိုအစီအစဉ်က အကောင်အထည်မပေါ်သေးပါ။

ဦးမြတ်မင်း ရောက်တတ်ရာရာများတွေးတောနေစဉ် မြင်ကွင်းအတွင်း ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ဦး ဝင်ရောက်လာပါတယ်။ အသက် (၇၅)နှစ်အရွယ်ခန့် အသားဖြူပြီး မျက်နှာဝိုင်းပါတယ်။ အသားအရေပြည့်ပြည့်တင်းတင်းရှိပြီးအရပ်မြင့်ပါတယ်။ ထူးခြားတာက ရှုပ်ပုံတွေထဲမှာတွေ့ရတဲ့ ဘိုးဘိုးအောင်တောင်းတော်မျိုးကို ခေါင်းမှာစွပ်ထားခြင်းပါပဲ။

"လူကလေး အဘဝင်ခဲ့မယ်နော်"

"လာပါအဘ၊ ဘာကိစ္စရှိလို့ပါလဲ"

"ကိစ္စကအထွေအထူးတော့မရှိပါဘူးကွယ်။ လူကလေးကို ထိန်ပါတ်ပေးချင်လို့ပါ"

ဦးမြတ်မင်း အံ့သြသွားပါတယ်။ ဆွေမျိုးလည်းမဟုတ်၊ အသိအကျွမ်းလည်းမဟုတ်။ တစ်ကြိမ်တစ်ခါမှမမြင်ဘူးတဲ့သူက ထိန်ပါတ်လာပေးနေလို့ပါ။

"အဘနာမည်က ဘယ်လိုခေါ်ပါသလဲ။ ဘယ်မှာနေတာပါလဲ"

"အဘနာမည်ကို အဘလို့ပဲမှတ်ထားပေါ့ကွယ်။နေတာကတော့ အတည်တကျမရှိဘူး။ ဂန္ဓရီခရီးသည်ဆိုတော့ အထက်အမိန့်အရ လှည့်လည်သွားလာနေရတာပဲ"

"အဘာ၊ ကျွန်တော်က ထီထိုးတာဝါသနာမပါဘူး။ ဒီမှာကြည့်၊ ကျွန်တော့် အဖေထိုးခဲ့တဲ့ထီလက်မှတ်တွေကိုဖောက်ပြီး ကြိုးနဲ့သီထားတာ ကြိုးတန်းအပြည့်ပဲ။ ထီတစ်စောင် (၂) ကျပ်ခေတ်က ထည်းကထိုးခဲ့တာ အဖေသေသာသွားရော ထီတစ်ကြိမ်မျှမပေါက်ခဲ့ဘူး"

ဦးမြတ်မင်းက ကြိုးတန်းသဖွယ် တန်းထားတဲ့ ထီလက်မှတ်တွေကိုပြလိုက်ပါတယ်။

"ဒီလိုပြောလို့လည်းမရသေးဘူး လူကလေးရဲ့။ ထုသိုလ်ကဆိုတာပြောလို့မရဘူး။ လူကလေးမှာ ထီပေါက်မယ့်ကံပါရင်ပေါက်မှာပဲ။ အဘပေးတဲ့ထီနံပါတ်တွေကိုထိုးကြည့်ပါ"

"အဘာ၊ ဒီခေါင်းရင်းဘက်မှာထိုင်ပါ"

အဘိုးအိုကို နေရာချထားပေးပြီး ထီနံပါတ်များရေးထားသောစာရွက်ကို ဦးမြတ်မင်းယူလိုက်ပါတယ်။ နှစ်လုံးထီဂဏန်းများဖြစ်ပြီး (၁၀) ကွက်ရေးထားပါတယ်။ မီးဖိုချောင်ထဲမှ မခင်ထားကို အော်ပြောလိုက်ပါတယ်။

"မခင်ထားရေ၊ အန္တာအတွက် အိုဇာတင်းဖျော်ခဲ့ပါ"

ဒေါ်ခင်ထားက အိုဇာတင်းတစ်ခွက်နဲ့ ဘီစကစ်မုန့်တစ်ပန်းကန်ချပေးပြီး နောက်ဖေးကို ပြန်ဝင်သွားပါတယ်။ခဏအကြာ ရေနွေးတစ်ပန်းကန်နဲ့ လက်သုတ်ပဝါလာချပေးပါတယ်။ ထိုင်ခုံမှာဝင်ထိုင်ပြီး အဘိုးအိုကိုပြောပါတယ်။

"အဘာ၊ ထမင်းစားပြီးမှပြန်ပါ။ ဆမီးစီစဉ်လိုက်ပါမယ်"

"ထမင်းမစားတော့ဘူး ဆမီးရယ်၊ အဘာက် တစ်နေရာမှာစီစဉ်ထားပြီးသားဖြစ်နေလို့ပါ"

ဒေါ်ခင်ထား နောက်ဘက်သို့ပြန်ဝင်သွားပါတယ်။

"အဘာ အိုဇာတင်းသောက်လိုက်ပါဦး၊ မုန့်လည်းစားပါ"

အဘိုးအိုက အပြောအဆိုယဉ်ကျေးသလို အမူအရာကလည်း သိမ်မွေ့ပါတယ်။ အိုဇာတင်းသောက်ပြီး မုန့်တစ်ချပ်ယူစားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ- လူလေးရေ၊ အဘကိုသွားခွင့်ပြုပါဦး။ စီစဉ်ထားတာလေးတွေရှိလို့ပါ"

ဦးမြတ်မင်းက အဘိုးအိုကို ငွေငါးထောင်ကျပ် ကန်တော့လိုက်ပါတယ်။ အဘိုးအိုက ဆုပေးပြီး ထွက်သွားပါတယ်။ အဘိုးအိုက အသက်ကြီးပေမယ့် ကျန်းမာရေးကောင်းပါတယ်။ တောင်ပေးမပါဘဲသွားနိုင်ပါတယ်။

ဦးမြတ်မင်းထံ အဘိုးအို နောက်ထပ်နှစ်ကြိမ်ရောက်လာပြီး နှစ်လုံးထိ နံပါတ်များ ထပ်မံပေးပါတယ်။ ဦးမြတ်မင်းရော ဒေါ်ခင်ထားပါ နှစ်လုံးထိထိုးလေ့မရှိသဖြင့် အဘိုးအိုပေးတဲ့ နံပါတ်များကိုမထိုးမိပါ။ နံပါတ်များထွက်၊ မထွက်ကိုလည်း မေးမြန်းစုံစမ်းခြင်းမပြုခဲ့ပါ။ နောက်ဆုံးအကြိမ်အဖြစ် အဘိုးအိုရောက်လာတဲ့အချိန်မှာတော့ ထီနံပါတ်မပေးတော့ပါ။

"လူကလေးရေ၊ အဘ ဂန္ဓာရီခရီးရှည်ထွက်ဖို့ရှိတယ်။ ဒါကြောင့် လူကလေးကို လာနှုတ်ဆက်တာ"

"ဘယ်ကိုသွားမှာလဲ အဘ"

"အဲဒါကိုတော့ အဘပြောခွင့်မရှိဘူး လူလေးရဲ့၊ အဘကိုခွင့်လွှတ်ပါ"

"အဘဘယ်နေ့သွားမှာလဲ"

"အခုပဲသွားမှာ လူကလေးရဲ့၊ အဘမသွားခင် လူလေးကို အဆောင်တစ်ခုပေးခဲ့မယ်"

"ဘာအဆောင်လဲ အဘ"

"အဆောင်ရဲ့အစွမ်းသတ္တိကို လူကလေး မကြာခင် သိရပါလိမ့်မယ်။ တစ်ခုတော့ရှိတယ် လူကလေးရဲ့"

"ဘာများလဲ အဘ"

"ဘူးထဲကပစ္စည်းကိုတော့ ဖွင့်မကြည့်ပါနဲ့။ ဘူးကိုဖွင့်လိုက်ရင် အဆောင်ရဲ့အာနိသင်ပျောက်သွားလိမ့်မယ်။ အဲဒါကိုတော့ ဂရုပြုပါ"

"စိတ်ချပါ အဘ၊ ဖွင့်မကြည့်ပါဘူး"

ကြည်ညိုဖွယ်ရုပ်သွင်၊ နူးညံ့သိမ်မွေ့သော ဟန်အမူအရာ၊ အပြောအဆိုတို့ကြောင့် ယုံကြည်စိတ်ချစွာ ကတိပြုလိုက်ပါတယ်။ အဘိုးအိုက ကော်ဘူးအဝိုင်းလေးတစ်ခုကိုကမ်းပေးရင်းပြောပါတယ်။

"လူကလေး၊ ဒီအဆောင်ကို ဘုရားကျောင်းဆောင်ပေါ်မှာထားပါ"

"ဟုတ်ကဲ့ပါ အဘ၊ အဘကို သားလမ်းစရိတ်ကန်တော့ပါရစေ"

ဦးမြတ်မင်းက အဘိုးအိုကို ငွေတစ်သောင်း ကန်တော့လိုက်ပါတယ်။ အဘိုးအိုက ယခင်တွေ့နေကျအတိုင်း ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး ဘိုးဘိုးအောင်ဦးထုပ်ကိုဆောင်းထားပါတယ်။ ဒီတစ်ခါထူးခြားတာက အဖြူရောင်လွယ်အိတ်တစ်လုံးကို လွယ်ထားခြင်းပါပဲ။ ခရီးထွက်မယ့်သင်္ကေတပေါ့။ အဘိုးအို ထွက်သွားပြီး အချင်းတစ်လက်မသာသာရှိတဲ့ ကော်ဘူးအဝိုင်းလေးကို ဘုရားကျောင်းဆောင်ပေါ်မှာ တင်ထားလိုက်ပါတယ်။

❑

အဘိုးအိုကို နောက်ထပ်မတွေ့ရတော့ပါဘူး။ ဒါပေမယ့် အဘိုးအို့ပေးခဲ့တဲ့အဆောင်ကို ဘုရားကျောင်းဆောင်ပေါ် တင်ထားပြီးတဲ့နောက်ပိုင်းမှာ လင်မယားနှစ်ယောက် မကြာခဏ စကားများရတယ်။ အိမ်မှာ အကောင်အထည်မတွေ့ရဘဲ အသံမျိုးစုံကိုကြားရတယ်။ အလုပ်ထဲမှာလည်း ပြဿနာပေါင်းစုံကြုံလာရတာကို သတိပြုမိလာတယ်။ ဒါကြောင့် အဆောင်ဘူးကိုဖွင့်ကြည့်ဖို့ အိမ်ပေါ် ထပ်သို့ ဦးမြတ်မင်းတက်ခဲ့ပါတယ်။ လေ့ကားတစ်ဝက်ရောက်တဲ့အချိန်မှာ အိမ်ရှေ့ကအသံကြားလိုက်ရပါတယ်။

"ဆရာ"

"ဆရာ ဦးမြတ်မင်း"

ဦးမြတ်မင်း လေ့ကားမှဆင်းပြီး အိမ်ရှေ့ကိုထွက်ကြည့်လိုက်တယ်။ အိမ်ရှေ့မှာ ဖယ်ရီယာဥ်မောင်း ကိုနေမျိုးကို တွေ့လိုက်ရပါတယ်။

"ကိုမနမျိုး၊ ဘာကိစ္စရှိလို့လဲ"

"စက်ရုံမှူးက ခေါ်ခိုင်းလိုက်လို့ ဥက္ကဋ္ဌလာပြီး စည်းဝေးလုပ်မယ်တဲ့။ အဲဒါ စက်ရုံမှူးက အခုလိုက်ခဲ့ပါတဲ့"

ဦးမြတ်မင်း နာရီကြည့်လိုက်တော့ ဆယ်နာရီခွဲနေပြီ။

"ကိုနေမျိုး ခဏစောင့်ပါ။ ကျွန်တော် အဝတ်အစားလဲလိုက်ဦးမယ်"

အဝတ်အစားများလဲပြီးတဲ့အခါ နောက်ဖေးခန်းကိုဝင်ပြီး ဒေါ်ခင်ထားကို အကျိုးအကြောင်းပြောပြီး စက်ရုံကို ထွက်ခဲ့ပါတယ်။

"မခင်ထားရေ၊ စက်ရုံမှူးခေါ်လို့ ငါ လိုက်သွားလိုက်ဦးမယ်။ မနက်စာကို စက်ရုံရောက်မှစားတော့မယ်"

(၁၁) နာရီကျော်မှာ စက်ရုံကို ရောက်ပါတယ်။ စက်ရုံမှူးကိုဝင်တွေ့တယ်။

"ဦးမြတ်မင်း၊ ရောက်လာပြီလား။ မနေ့ကျတွေအားလုံးခေါ်ထားတယ်။ ဥက္ကဋ္ဌက ဆယ့်နှစ်နာရီကျော်မှရောက်လာမှာ"

"ဘာကိစ္စစည်းဝေးမှာလဲ စက်ရုံမှူး"

"စက်တွေကို အကြီးစားပြင်ဆင်ဖို့ကိစ္စပါ။စည်းဝေးတက်တဲ့လူတွေအတွက် နေ့လယ်စာစီစဉ်ထားတယ်။ ဦးမြတ်မင်းတို့ ထမင်းစားကြပါ"

ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ရုံပိုင်းမှာ ထုတ်လုပ်မှုမရှိဘူး။ ထုတ်လုပ်မှုက ညဆိုင်းကစမှာ။ နေ့ဘက်မှာစက်ပြုပြင်အဖွဲ့တွေပဲရှိတယ်။ စက်ရုံမှာက ထမင်းတစ်နပ်ကျွေးတယ်။ နေ့ဘက်ဆင်းတဲ့သူက မနက်စာစားရတယ်။ ညဆိုင်းသမားတွေကို ညစာကျွေးတယ်။ OT သမားတွေကို အဆာပြေကျွေးတယ်။

ထမင်းစားဆောင်မှာ မန်နေဂျာတွေ စုံစုံလင်လင်ရောက်နေပါပြီ။ စက်ပြင်ဝန်ထမ်းများ၊ လျှပ်စစ်ဌာန၊ လုံခြုံရေးဌာနတို့မှ အဆိုင်းဝန်ထမ်းများလည်း ထမင်းစားနေကြပါတယ်။ လျှပ်စစ်ဌာနမှ မန်နေဂျာ ကိုသောင်းထွန်းအန်းက ဦးမြတ်မင်းသွားရောက်ထိုင်ပါတယ်။ သောက်ဖွယ်ရာများကို မချွမ်းမကာ လာပေးပါတယ်။

ဥက္ကဋ္ဌက နေ့လယ် (၁၂၃၀)နာရီမှာ ရောက်လာပါတယ်။ဘဏ္ဍာရေးဌာနက ဒေါ်သန်းသန်းထွေးလည်း ပါလာတယ်။ ဒေါ်သန်းသန်းထွေးက အသက်လေးဆယ်အရွယ်အပျိုကြီး။ဥက္ကဋ္ဌနဲ့အမြဲပါတယ်။ ဒေါ်သန်းသန်းထွေးက တခြားဝန်ထမ်းတွေနဲ့မတူဘူး။ သူက လစာကို ဒေါ်လာငွေနဲ့ရတာ။ သူ့ဌေးက သူ့ကို အထူးအခွင့်အရေးပေးထားတာပါ။

စည်းဝေးခန်းထဲမှာ ဥက္ကဋ္ဌက စကားစတယ်။

"ကျွန်တော်က ကုမ္ပဏီဥက္ကဋ္ဌပေမယ့် ဒီစက်ရုံအကြောင်းကိုတော့ ခင်ဗျားတို့က အသိဆုံးပါ။ အခုဆိုရင် စက်တွေခဏခဏပျက်နေတယ်။ ထပ်ပူတိုက်ပြီး ပြင်လိုက်ပျက်လိုက်နဲ့သံသရာလည်နေတယ်။ ပြင်လို့ကိုမဆုံးတော့ဘူး။ ဒီစက်ရုံရပ်သွားလို့ ကျွန်တော်အတွက်ကတော့ မထိခိုက်ပါဘူး။ တခြားစက်ရုံတွေရှိတယ်။ ပြီးတော့ သူတွေနဲ့ INGO အဖွဲ့တွေကို ဒေါ်လာနဲ့ထားတဲ့ အဆောက်အအုံတွေရှိတယ်။ ဒါကြောင့် ဒီစက်ရုံရပ်သွားလို့ ကျွန်တော်မိသားစုကို မထိခိုက်ဘူး။ ထိခိုက်မှာ ခင်ဗျားတို့ပဲ။ ဒီစက်ရုံရပ်သွားရင်ဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ခဲပြားဆိုဓာသိလိုက်ရတယ်။ သတ္တုပြားပေါ်မှာ ဇယားကွက်တွေရေးဆွဲထားတယ်။ အလယ်ကဇယားကွက်မှာ ပုဏ္ဏာကဆိုတဲ့စာကို ရေးထားတာ တွေ့လိုက်ရပါတယ်။ ဘေးက ဇယားကွက်တွေမှာတော့ (၁၊ ၂၊ ၃) စတဲ့ ဂဏန်းတွေကို ရေးသွင်းထားတာကို တွေ့ရတယ်။ အဆောင်တစ်ခုအနေနဲ့သာလက်ခံထားပြီး ပစ္စည်းကို သေသေချာချာတွေ့ရတဲ့အခါ ဘာပစ္စည်းမှန်း ဦးမြတ်မင်းမသိပါ။ ဒေါ်ခင်ထားကို အော်ပြီးခေါ်လိုက်ပါတယ်။

"မခင်ထားရေ၊ ဒီမှာလာကြည့်ပါဦး"

ဒေါ်ခင်ထား အပေါ်ထပ်ကို ရေးကြီးသုတ်ပျာတက်လာပါတယ်။

"ဘာတွေ့နေလို့လဲ ကိုမြတ်မင်းရဲ့၊ ရှင်ကလည်း အလန့်တကြား"

"ဒီမှာ ဟိုအဘပေးသွားတဲ့ပစ္စည်းကိုကြည့်ပါဦး"

"ဟယ် - သတ္တုပြားလေးပါလား။ ဇယားကွက်တွေလည်းပါတယ်"

"အေး - ဟုတ်တယ်၊ အလယ်မှာ ပုဏ္ဏာကလို့ စာရေးထားတယ်"

"အဲဒါဘာလဲ"

"ငါလည်းမသိဘူး။ ဦးဝါယမကို သွားမေးမလားလို့စဉ်းစားနေတာ"

"ဟုတ်တယ်၊ ဦးဝါယမကိုသွားမေးကြမယ်"

ဦးဝါယမက ဇေတဝန်စာသင်တိုက်က စာချကိုယ်တော်။ မမွာစရိယအောင်ပြီးသား။ လောကီပညာတွေကိုလည်း နှံ့စပ်တယ်။ ပြီးတော့ ဦးမြတ်မင်းတို့နဲ့ ရပ်ဆွေရပ်မျိုးတွေ အလွန်ရင်းနှီးတယ်။ မော်တော်ဆိုင်ကယ်ထုတ်ပြီး ဦးမြတ်မင်းတို့လင်မယား ဦးဝါယမရှိရာ ဇေတဝန်စာသင်တိုက်ကို လာခဲ့ကြပါတယ်။

ဦးဝါယမကို ရေချိုးပြီးစ တဘက်နဲ့ ရေသုတ်နေတာကို တွေ့လိုက်ရတယ်။ ဦးဝါယမက စတင်နှုတ်ဆက်တယ်။

"ဒကာကြီးတို့ ရေးကြီးသုတ်ပျာနဲ့ ဘာအရေးပေါ်လာလို့လဲ"

"အရှင်ဘုရားကို ပစ္စည်းတစ်ခုပြချင်လို့ပါ"

"ဒကာကြီးတို့ ခဏစောင့်ပါဦး"

စာချမမွာရုံကြီးနဲ့တွဲပြီး ဘေးဘက်မှာ အခန်းတွေဖွဲ့ထားပါတယ်။ ဝါကြီးတဲ့ကိုယ်တော်တွေ သီတင်းသုံးရန်ဖြစ်ပါတယ်။ ဦးဝါယမ အခန်းထဲဝင်သွားတဲ့အတွက် ဦးမြတ်မင်းတို့ ဓမ္မာရုံထဲမှာ ထိုင်စောင့်နေပါတယ်။ ခဏကြာတော့ ဦးဝါယမ သင်္ကန်းလဲပြီး အပြင်ထွက်လာပါတယ်။

"ဒကာကြီး၊ ဘာပစ္စည်းပြမလို့လဲ"

ဦးမြတ်မင်းက ကော်ဘူးအဖုံးကို ဖွင့်ပြီး အထဲကပစ္စည်းကိုပြလိုက်ပါတယ်။

ဦးဝါယမက သေသေချာချာကြည့်ပြီး အံ့သြဟန်နဲ့မေးလိုက်ပါတယ်။

"ဟာ - ဒါ ပုဏ္ဏာအင်းပဲ။ ဒကာကြီး ဘယ်လိုရတာလဲ"

ဦးမြတ်မင်းက ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုရောက်လာတဲ့အခိုန်ကစပြီး ကော်ဘူးလေးပေးသွားသည်အထိ အကြောင်းစုံလျော်ကာထားလိုက်ပါတယ်။

"ဒါ ပုဏ္ဏာကတိုက်တာလို့ခေါ်တယ်။ ဒကာကြီးတို့ကို မကောင်းကြံတဲ့သူရှိနေပြီ။ ဒကာကြီးတို့ကို မနာလိုတဲ့လူရှိလား။ ဒါမှမဟုတ် ရန်ဖြစ်ဖူးတဲ့သူရှိလား"

ကျောကိုချမှ ၄ ပြမှန်း ဦးမြတ်မင်း သိလိုက်ရပါတယ်။ ဒေါင်းယောင်ဆောင်တဲ့ကျီးကို ဒေါင်းအစစ်လို့ထင်ခဲ့မိပါတယ်။

"တပည့်တော်တို့နဲ့ ရန်ဖြစ်တဲ့သူ မရှိပါဘူး။ မနာလိုတဲ့လူလည်းမရှိပါဘူး။ ပြီးတော့ တပည့်တော်က အိမ်မှာအနေနည်းတယ်။ စက်ရုံထဲမှာပဲအချိန်ကုန်တာ"

ဒေါ်ခင်ထားက တစ်ချက်စဉ်းစားပြီး ထအော်ပါတယ်။

"ကိုမြတ်မင်း ကျုပ်သိပြီ၊ ကျုပ် စဉ်းစားလို့ရပြီ"

ဆရာကတော်က မေးပါတယ်။

"ဒကာမကြီး စဉ်းစားမိတာပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ကိုမြတ်မင်း အလုပ်သွားနေတဲ့ အချိန်က အိမ်ကို မိန်းမတစ်ယောက် ရောက်လာတယ်။ တပည့်တော်နဲ့တော့ မသိဘူး။ သူက စျေးဆိုင်ဖွင့်ချင်လို့ တပည့်တော်တို့အိမ်ကိုရောင်းပါလို့ပြော တယ်။ တပည့်တော်က ဒီအိမ်က ကိုမြတ်မင်းမိဘတွေအမွေပေးခဲ့တာ၊ပြန်မရောင်း ပါဘူးလို့ ပြောလိုက်တယ်။ နောက်ထပ် နှစ်ခါ ရောက်လာပြီး ရောင်းပါလို့ အတင်းပြောတယ်။ တပည့်တော် လည်းငြင်းလိုက်ပါတယ်။ အဲဒီမိန်းမက အိမ်ဝယ်မရလို့ မကောင်းကြံပြီး တပည့် တော်တို့ အိမ်မှာမနေရဲအောင်လုပ်တာ ဖြစ်မယ်ဘုရား"

"ဒကာမကြီးပြောတာ ဖြစ်နိုင်ပါ တယ်"

ဦးမြတ်မင်း သဘောပေါက်လိုက် ပါတယ်။ ဦးမြတ်မင်းတို့အိမ်နေရာက အချက်အချာကျတဲ့ နေရာကောင်း။ ရန်ကုန် - ပြည်ကားလမ်းမကြီးဘေး။ နှစ်ထပ်စျေးကြီးရှေ့မှာရှိတာ။ ရွှေလှေ ကြီး၊ လှည်းဆိပ်၊ မြို့ချောင်းကျေးရွာ တွေကလာတဲ့ကားတွေက ဦးမြတ်မင်းတို့ အိမ်မျက်စောင်းထိုးလောက်မှာ ဂိတ်ထိုး တာ။ ဟိုတုန်းကတော့ မြင်းလှည်းဂိတ် ပေါ့။

ဦးမြတ်မင်းအဖေ ဦးဖိုးခရှိစဉ်က လည်း အိမ်မှာကုန်စုံရောင်းတာ။ ဆန်၊ သားစိမ်းငါးစိမ်း၊ ဟင်းသီးဟင်းရွက်ကလွဲလို့ ငါးပိ၊ ငါးခြောက်ကအစ ဟင်းချက် စရာပစ္စည်းအစုံရောင်းတယ်။ မြင်းလှည်း နဲ့လာတဲ့ရွာတွေက စျေးဝယ်တဲ့သူတွေဆို ရင် စျေးထဲမသွားတော့ဘူး။ နီးနီးနားနား ဦးဖိုးခဆိုင်မှာပဲဝယ်ကြတယ်။ ဦးဖိုးခဆိုင် က ပစ္စည်းမှန်၊ စျေးမှန်၊ အလေးချိန်မှန် တယ်ဆိုပြီး ဝယ်ယူအားပေးတဲ့သူများ တယ်။ ဦးဖိုးခလည်း အရောင်းအဝယ်နဲ့ စီးပွားဖြစ်တဲ့အတွက် မူလသစ်သားအိမ် ကိုဖျက်ပြီး နှစ်ထပ်တိုက်ဆောက်ခဲ့တယ်။ ဦးမြတ်မင်းတို့ မောင်နှမတွေကိုလည်း စျေးရောင်းပြီး ဘွဲ့ရပညာတတ်တွေဖြစ် အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ ဦးမြတ် မင်းအဖေ ဦးဖိုးခဆုံးမှ စျေးရောင်းတဲ့ လုပ်ငန်းကိုရပ်လိုက်တာ။ အဲဒီအချိန်က ဦးမြတ်မင်းတို့လည်း လခစားဝန်ထမ်း တွေဖြစ်နေကြပါပြီ။ ဦးမြတ်မင်းတို့နေရာ က အကွက်အကွင်းကျတဲ့အတွက် စီးပွားရေးသမားတွေလိုချင်လို့ မကောင်း ကြံတာသေချာသွားပါတယ်။

"တစ်ခုထူးဆန်းနေတယ် ဒကာမ ကြီး"

"အမိန့်ရှိပါ ဘုရား"

"ပုဏ္ဏကတို့က်တယ်ဆိုတာမျိုးက ခဲနဲ့ပေါက်ရင်တစ်လုံးနှစ်လုံးတည်းပေါက် တာမဟုတ်ဘူး။ အဆက်မပြတ်ပေါက် နေတာ။ အိမ်နံနံရံကိုရိုက်ရင်လည်း အဆက်မပြတ်ရိုက်နေတာ။ ဒကာကြီး တို့က တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲဖြစ် တာဆိုတော့ အဲဒါ စဉ်းစားရခက်နေ တယ်"

"တင်ပါဘုရား"

"ဒါနဲ့ ဒကာကြီးက ပုဏ္ဏကအင်း ကို ဘုရားကျောင်းဆောင်ပေါ်မှာ ဘယ် လိုထားတာလဲ"

ဆရာတော်ကမေးသည့်အတွက် ဦးမြတ်မင်းမေ့နေတာကို သတိရလိုက်မိ ပါတယ်။ ဦးမြတ်မင်းမှာ ဝါသနာတစ်ခုရှိ တယ်။ ဦးမြတ်မင်းက နိုင်ငံ့ဝန်ထမ်းဘဝ မှာ နေရာတော်တော်များများရောက်ဖူး ပါတယ်။ ရောက်တဲ့မြို့မှာ သိမ်ပန္နက် ရှိက်တယ်လို့ကြားတာနဲ့ အဲဒီနေရာကို အရောက်သွားတယ်။ ပြီးရင် သိမ်ပန္နက် သစ်သားသေးသေးတစ်ခုကိုရအောင်ယူ တတ်တယ်။ အခုအချိန်မှာ အရှည်လေး လက်မလောက်ရှိတဲ့ လက်ညှိုးအရွယ် သိမ်ပန္နက်သစ်သားချောင်း (၅) ခုရရှိနေ ပါပြီ။

အဲဒီ သိမ်ပန္နက်သစ်သားချောင်း ငါးခုကို ဖန်ခွက်တစ်ခုထဲမှာထောင်ထည့် ပြီး ဘုရားကျောင်းဆောင်ပေါ်မှာ ထား ခဲ့ပါတယ်။ အဘိုးအိုထံမှ ကော်ဘူးဝိုင်း ရတဲ့အခါ အဲဒီကော်ဘူးကို ဖန်ခွက် အောက်ဆုံးမှာထားပြီး အပေါ်ကသိမ် ပန္နက်ငါးခုကိုတင်ပြီးဖိထားခဲ့ပါတယ်။

"တပည့်တော်က အင်းပါတဲ့ကော် ဘူးဝိုင်းကို ဖန်ခွက်အောက်ခြေမှာထား ပြီး အပေါ်ကသိမ်ပန္နက်ငါးချောင်းနဲ့ဖိ ထားပါတယ် ဘုရား"

"ဟာ - ဒကာကြီးသိပ်ကံကောင်း သွားတယ်။ အပေါ်ကသိမ်ပန္နက်နဲ့ဖိထား တော့ သိမ်ပန္နက်ရဲ့အစွမ်းကြောင့် ပုဏ္ဏ ကအင်းက ထင်တိုင်းကြွလို့မရတော့ဘူး။ ဒါကြောင့် ဒကာကြီးတို့သက်သာသွား တာ။ ဒါမှမဟုတ်လို့တော့ ဒကာကြီး တို့အိမ်မှာ မနေနိုင်ဘဲ ထွက်ပြေးရမှာ"

အခုတော့ ဦးမြတ်မင်းတို့လင် မယားနှစ်ယောက် ဇာတ်ရည်လည်သွား ပါပြီ။ ဒါပေမယ့် ကိစ္စကမပြီးသေးဘူး။ ဆက်လုပ်စရာတွေရှိနေသေးတယ်။ ဒါ ကြောင့် ဆရာတော်ကို လျှောက်ထား မေးမြန်းရပါတယ်။

"အရှင်ဘုရား၊ ဒီပစ္စည်းကိုတပည့် တော်တို့ဘယ်လိုဆက်လုပ်ရမလဲဘုရား"

"ဒီလိုရှိတယ် ဒကာကြီးရဲ့၊ အဲ ပုဏ္ဏကအင်းကို မီးရှို့လိုက်ရင် မကောင်း ကြံတဲ့သူပြန်ခံရတယ်။ ဒါပေမယ့် အဲဒီ မလုပ်ပါနဲ့။ ဒကာကြီးတို့လည်း ဘာ ပြင်းပြင်းထန်ထန်ခံရတာမရှိပါဘူး။ တို့ကိုခွင့်လွှတ်လိုက်ပါ။ အားလုံး အေး အေးချမ်းချမ်းဖြစ်သွားအောင် အင်းခွ ကို ရေထဲမှာမျှောလိုက်ပါ။ မျှောတဲ့အခ မှာ မေတ္တာပို့ပေးပါ"

"တင်ပါဘုရား၊ အရှင်ဘုရားခြေ ကြားတဲ့အတိုင်း ဆောင်ရွက်ပါမယ် အရှင်ဘုရားကိုလည်း ကျေးဇူးတင် တယ်"

ဦးမြတ်မင်းတို့လင်မယား ဆရာ တော်ဦးဝါဝင်းမကို ရှိခိုးကန်တော့ပြီး ဇရပ်ဝန်ကျောင်းတိုက်မှ ပြန်ထွက်ခဲ့ ပါတယ်။

❑

ဦးမြတ်မင်းတို့လင်မယားဟာ မော်တော်ဆိုင်ကယ်က စျေးဘေးမှာ သန်းစီးဆင်းနေတဲ့ တောင်ကျောင်း အနီးရောက်လာပါပြီ။ ရန်ကုန်-ပြည်လမ်း ပေါ်မှာရှိတဲ့ ချောင်းကူးတံတားပေါ် မော်တော်ဆိုင်ကယ်ကို ရပ်လိုက် တယ်။ လင်မယားနှစ်ယောက် ဆိုင်ကယ် ပေါ်မှဆင်းလိုက်ပါတယ်။

လင်မယားနှစ်ယောက် တံတား လက်ရန်းဘေးမှာရပ်ပြီး ဦးမြတ်မင်း ကော်ဘူးအဖုံးကိုဖွင့်ပါတယ်။ အထဲ အင်းပြားကိုထုတ်ပြီး လက်မှကိုင်၍-

"သတ္တဝါအားလုံး ကျန်းမာခြင်း သာကြပါစေ၊ ဘေးရန်ကင်းပါစေ။ ပုဏ္ဏကအင်းကို စီရင်သူလည်း ကျန်း ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ"

မေတ္တာပို့ပြီး အင်းခွပ်ကို ရေထဲချလိုက်ပါတော့တယ်။ ဦးမြတ်မင်း စိတ်ထဲလေးလံနေတာတွေလည်းပေျာ့ သွားပါတယ်။

ဦးမြတ်မင်းတို့လင်မယား စိတ်ခ သာစွာနဲ့ အိမ်သို့ပြန်လာကြပါတယ်။ အဲဒီအချိန်ကစပြီး တစ်ယောက်မှတ် တစ်ယောက် မကြည့်ချင်တဲ့စိတ်ေ ပျောက်သွားပြီး အေးချမ်းသာယာ နေနိုင်သွားကြပါတော့တယ်။ အရင် ကြားရတဲ့အသံများလည်း မကြားရေ ပါ။

ဘုရား

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့နေအိမ်ရှိ ဘုရားကျောင်းဆောင်ပေါ်တွင် ပူဇော်ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရှင်သီဝလိရဟန္တာနှင့် ရှင်ဥပဂုတ္တရဟန္တာ ထေရ်မြတ် ရုပ်ပွားတော်များ စသည့် ရုပ်ပွားတော်တို့သည် အကြောင်းအမျိုးမျိုးကြောင့် အိမ်အတွင်းဘက်သို့လှည့်ခြင်း၊ အိမ်အပြင်ဘက်သို့လှည့်နေခြင်းတို့ကို စာတော်ပရိသတ်များထဲမှ တချို့ကြုံဖူးသူ ဆွေရှိကြပါလိမ့်မယ်။

တချို့ ဘုရားကျောင်းဆောင်မှ ရုပ်ပွားတော်များမှာ ဘေးအကာအရံမရှိသောကြောင့် ကြွက်၊ အိမ်မြွေတို့ အစရှိသော သတ္တဝါတို့နှင့် ပွတ်တိုက်ထိခိုက်မိခြင်း အရပ်မျက်နှာတစ်ခုခုဘက်သို့ လှည့်ကောင်းလှည့်သွားတတ်တာမျိုးလည်းရှိပါတယ်။ တချို့ ဘုရားကျောင်းဆောင်တွေကျပြန်တော့ မှန်တွေနဲ့ အလုံပိတ်ထားပြီး ဘယ်အရာနဲ့မှပွတ်တိုက်ထိခိုက်မိစရာအကြောင်းမရှိပေမယ့် တုန်ခါမှုတစ်ခုခုကြောင့် ရုပ်ပွားတော်များမှာ တစ်ဖက်ဖက်သို့ လှည့်သွားတတ်တာမျိုးလည်းရှိကြပါတယ်။

'နိမိတ်' ဆိုသော ခေါင်းစဉ်ဖြင့် ဖော်ပြပေးခဲ့ဖူးပြီး ဖြစ်ပါတယ်။ ထိုအချိန်မှစ၍ စာရေးသူဟာ နေအိမ်ဘုရားကျောင်းဆောင်ပေါ်ရှိ ရုပ်ပွားတော်များကိုအမှတ်တမဲ့မနေဘဲ အမြဲတမ်းသတိထားကြည့်တတ်လာတဲ့ အကျင့်ကောင်းလေးတစ်ခု ရရှိခဲ့ပါတော့တယ်။

ယခုတစ်ကြိမ်တွင်လည်း စာရေးသူနေအိမ်တွင် ကိုးကွယ်ပူဇော်ထားသော ရှင်သီဝလိရဟန္တာမထေရ်အကြောင်းကို ဖြစ်ရပ်မှန်တစ်ခုနဲ့ ယှဉ်တွဲပြီး ရေးသားတင်ပြချင်ပါတယ်။

စာရေးသူတို့ အိမ်ခေါင်းရင်းမှာ ပူဇော်ထားတဲ့ရှင်သီဝလိရဟန္တာမထေရ် ရုပ်ပွားတော်လေးမှာ တစ်ခါတစ်ရံ အိမ်အတွင်းလှည့်နေတတ်ပါတယ်။ စာရေးသူမှာ ပထမတစ်ကြိမ်ကြုံထားဖူးသူမို့ အခုတစ်ကြိမ်တွင်လဲညီး ထိုရှင်သီဝလိရုပ်ပွားတော်လေး အိမ်အတွင်းလှည့်နေသည်မှာ အတိတ်နိမိတ်တစ်ခုခုပေးခြင်းသာ ဖြစ်မယ်လို့မှတ်ယူပြီး သတိထားကြည့်နေမိပါတော့တယ်။ ပိုထူးခြားတာက ရှင်သီဝလိကျောင်းဆောင်ဟာ မှန်ပူဇော်ဖြစ်ခဲ့ပုံလေးမှာလည်း ထူးဆန်းလွန်းလို့ စာဖတ်ပရိသတ်များအား အနည်းငယ် တင်ပြပေးချင်ပါတယ်။

စာရေးသူတို့ နေအိမ်ခေါင်းရင်း ဘုရားကျောင်းဆောင်ရဲ့ ဘယ်ဘက်ခြမ်းမှာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ကြေးလင်ပန်း၊ ကြေးပြာသာဒ်ဖြစ် ပူဇော်ထားရှိပါတယ်။ သက်ကြီးရွယ်အိုများနဲ့ ဘာသာရေးအကြောင်း နားလည်သူများမှ အိမ်ကိုအလည်လာတဲ့အခါမှာ ရှင်ဥပဂုတ္တကို ပူဇော်ကိုးကွယ်ရင် ရှင်သီဝလိရဟန္တာမထေရ်ကိုလည်း ပူဇော်ကိုးကွယ်

ဓနဥ်း (အပိုင်း-၁ ဆောင်ဆောန်း)

နိမိတ်ပေးသော ရှင်သီဝလိရုပ်ပွားတော်

ဒါပေမယ့် တချို့ရုပ်ပွားတော်များကတော့ အကြောင်းကိစ္စကြီးငယ်တစ်စုံတစ်ခု (အဆိုး/အကောင်း) ပေါ်ပေါက်ခါနီးအချိန်တွေမှာ ရှေ့ပြေးနိမိတ်အနေဖြင့်အိမ်အပြင်သို့လှည့်ခြင်း၊ အိမ်အတွင်းဘက်သို့လှည့်ခြင်းမျိုးကို စာဖတ်သူတွေထဲက ကိုယ်တိုင်ကြုံဖူး၊ ကြားဖူးသူတွေ ရှိကောင်းရှိလိမ့်မယ်လို့ ထင်မိပါတယ်။ စာရေးသူကိုယ်တိုင်လည်း တစ်ချိန်တုန်းက အိမ်တွင် ကိုးကွယ်ပူဇော်ထားရှိသော ရုပ်ပွားတော်များအနက်မှ မဟာမြတ်မုနိရုပ်ပွားဆင်းတုတော်တစ်ဆူမှာ အိမ်အပြင်ဘက် မကြာမကြာလှည့်နေတာကို သတိထား အကဲခတ်နေစဉ်မှာပဲ စာရေးသူတို့ မိသားစုအားလုံး ထိုအိမ်ထိုအရပ်ဒေသမှ အပြီးပိုင်ပြောင်းရွှေ့ထွက်ခွာခဲ့ရသော ဖြစ်ရပ်တစ်ခုကို သူရဇ္ဈမဂ္ဂဇင်း အတွဲ (၁၄) အမှတ် (၂) ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် အလုံပိတ်ဖြစ်ပြီး အိမ်မြွေတ်၊ ပိုးဟပ်မပြောနဲ့ လေတောင်တိုးမဝင်တဲ့ကျောင်းဆောင်ငယ်လေးပါ။ တုန်ခါမှုတစ်ခုခုကြောင့် လှည့်တယ်လို့ပြောရအောင်လည်း စာရေးသူတို့နေအိမ်နဲ့ အနီးပတ်ဝန်းကျင်မှာ တုန်ခါစေနိုင်တဲ့ အကြောင်းအရာ ထွေထွေထူးထူးမရှိပါဘဲနဲ့ ထိုရှင်သီဝလိရုပ်ပွားတော်လေးမှာ အိမ်အတွင်းသို့ တစ်ခါတစ်ရံလှည့်နေတတ်ပါတယ်။

သတိထားမိတဲ့ အချက်ကတော့ ရှင်သီဝလိရုပ်ပွားတော် အိမ်အတွင်းဘက်သို့လှည့်တိုင်းမှာ အကြောင်းအမျိုးမျိုးနဲ့ ငွေဝင်တတ်ပါတယ်။ ဒါမှမဟုတ် နေအိမ်ရှေ့တွင်ဖွင့်ထားတဲ့ စာရေးသူရဲ့ စျေးဆိုင်လေးမှာ အရမ်းကိုစျေးရောင်းကောင်းနေတတ်ပါတယ်။

ထိုရှင်သီဝလိရုပ်ပွားတော်လေး အိမ်ကို စတင်ကြွရောက်ပြီး စာရေးသူတို့

www.burmeseclassic.com

www.burmeseclassic.com

သင့်တယ်လို့ ပြောကြပါတယ်။ နောက်တစ်ခုက စျေးဆိုင်လေးဖွင့်ထားတာကြောင့် ရှင်သီဝလိရဟန္တာကို ကိုးကွယ်ပူဇော်ပါက စျေးဆိုင်အတွက် လာဘ်ပွင့်တယ်၊ စျေးရောင်းကောင်းတယ်လို့ ပြောကြဖန်များလာတာကြောင့် စာရေးသူလည်း ရှင်သီဝလိရဟန္တာမထေရ်မြတ်အား ကိုးကွယ်ပူဇော်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။

သည်လိုနဲ့ တစ်နေ့မှာ နေအိမ်ခေါင်းရင်းဘုရားကျောင်းဆောင်ရဲ့ ညာဘက်ခြမ်းအိမ်နံရံက နေရာလွတ်လေးမှာ ရှင်သီဝလိကျောင်းဆောင်ဆောက်လုပ်ရန်အတွက် စိတ်ကူးနဲ့ ပုံဖော်ကြည့်နေမိပါတယ်။ ကျောင်းဆောင်ပုံစံကို လက်ရှိနေရာအနေအထားနဲ့ ကိုက်ညီအောင် ဘယ်လိုပုံစံမျိုးဆောက်လုပ်ရင် ကောင်းမလဲပေါ့။ ဒီလို စိတ်ကူးယဉ်ပုံဖော်နေတုန်းမှာပဲ စာရေးသူရဲ့ စျေးဆိုင်အရှေ့ကို . ချာတိတ်လေးတစ်ယောက် ရောက်လာပြီး စာရေးသူကို အသံကုန်ဟစ်လှမ်းခေါ်နေတာကြောင့် အခုနက စိတ်ကူးယဉ်ပုံဖော်နေတဲ့ ရှင်သီဝလိကျောင်းဆောင်ပုံစံလေးတောင် ဘယ်မျောက်သွားမှန်းမသိဘဲ စျေးဆိုင်ရှိရာသို့ ခပ်မြန်မြန်လေးသွားခဲ့မိပါတော့တယ်။ ဆိုင်ထဲရောက်တော့ အခုနက လှမ်းခေါ်နေတဲ့ ချာတိတ်လေးက သူ့လက်ထဲကိုင်ထားတဲ့အရာတစ်ခုကို စာရေးသူအား ထောင်ပြရင်း -

"ဦးလေး၊ ကျွန်တော် ဒီဟာလေး ရောင်းချင်လို့ ပေးချင်သလောက်ပေးပါ"

ပြောလာတာနဲ့ စာရေးသူလည်း သူ့လက်ထဲကိုင်ထားတဲ့ အရာလေးကို ယူကြည့်လိုက်တဲ့အချိန်မှာ အံ့အားသင့်ပြီး မှင်တက်နေမိပါတော့တယ်။ဘာကြောင့်လဲဆိုတော့ ထိုချာတိတ်လေးလာရောင်းတဲ့အရာလေးမှာ ကြေးဝါနဲ့သွန်းလုပ်ထားတဲ့ ရှင်သီဝလိရုပ်ပွားတော်လေးဖြစ်နေလို့ပါပဲ။ ဒါနဲ့ စာရေးသူလည်း ထိုချာတိတ်လေးရဲ့ မိဘအုပ်ထိန်းသူများအားခေါ်ပြီး ဝယ်ယူပူဇော်လာတာသည်နေ့အတိုင်းပါပဲ။

စာရေးသူ ရှင်သီဝလိကျောင်းဆောင်ဆောက်လုပ်ရန်အတွက်ကျောင်းဆောင်ပုံစံကို စိတ်ကူးယဉ်ပုံဖော်နေတဲ့အချိန်နဲ့ ဟိုချာတိတ်လေး ရှင်သီဝလိရုပ်ပွားတော်လာရောင်းတဲ့အချိန်ဟာ တိုက်ဆိုင်နေတာကြောင့် ထူးခြားမှုတစ်ခုအနေနဲ့ စာဖတ်ပရိသတ်များကို တင်ဆက်ပေးခြင်း ဖြစ်ပါတယ်။

သည်လိုနဲ့ နေအိမ်ခေါင်းရင်းတွင် ပုဒ္ဓရုပ်ပွားတော်၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တရုပ်ပွားတော်တို့အား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီးတို့အား ယုံယုံကြည်ကြည်ဖြင့် ကပ်လှူရင်းနေလာခဲ့ရာ တစ်နေ့မှာတော့ စာရေးသူသည် စျေးရောင်းနေရင်း စိတ်ပင်ပန်းသလိုရှိတာကြောင့် အိမ်ပေါ် သို့တက်ကာ ပက်လက်ကုလားထိုင်တွင် ခဏအနားယူရင်း ဘာရယ်မဟုတ်ဘဲ ဟိုကြည့်သည်ကြည့်လိုက်ကြည့်နေရင်း နေအိမ်ခေါင်းရင်းဘက်ရှိ ရှင်သီဝလိကျောင်းဆောင်ဘက်အကြည့်ရောက်သွားတဲ့အချိန်မှာတော့ ထိုကျောင်းဆောင်အတွင်းရှိ ရှင်သီဝလိရုပ်ပွားတော်လေးမှာ ပုံမှန်ရှိနေကျ အရှေ့အရပ်ကို ကျောခိုင်းပြီး အနောက်အရပ်ကို မျက်နှာမူနေရာမှ နေအိမ်၏အပြင်ဘက် (ပြတင်းပေါက်တည့်တည့်) ဘက်ကို မျက်နှာမူနေတာ တွေ့လိုက်ရပါတော့တယ်။

အရင်တုန်းက ထိုရှင်သီဝလိရုပ်ပွားတော်လေးမှာ အိမ်အတွင်းဘက်ကို မကြာခဏလှည့်စဉ်တုန်းကတော့လာဘ်တွေဝင်၏။ စျေးဆိုင်စျေးရောင်းကောင်း၏။ ယခု အိမ်အပြင်ဘက်ကိုလှည့်နေတာဆိုတော့ ဘယ်လိုအကျိုးဆက်တွေဆက်ဖြစ်လာနိုင်မလဲပေါ့။ အနီးနားမိတ်ဆွေသူငယ်ချင်းတွေကို မေးမြန်းကြည့်တော့လည်း တိကျတဲ့အဖြေမရခဲ့ပါဘူး။ တချို့လူတွေကျပြန်တော့ အဲဒါတွေမကြုံဘူးတော့ သိပ်ပြီးမယူမရှိဘူးပေါ့။ ဒါပေမဲ့ယ် စာရေးသူရဲ့စျေးဆိုင်မှာ စျေးဝိုင်းရောင်းပေးနေသော အားအကိုးရဆုံးတပည့်လေး မောင်ဇင်မျိုးအောင်ကတော့ -

"ဘာမှစိတ်မပူပါနဲ့ ဆရာ။ ရှင်သီဝလိကိုယ်တော်မြတ်က အိမ်အပြင်ဘက်ကိုလှည့်နေတယ်ဆိုပေမယ့် အိမ်အပြင်က ဆရာ့စျေးဆိုင်ဘက်ကို မျက်နှာမူနေတာပါ။ စျေးဆိုင်ကို လာဘ်ခေါ်ပေးတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ"

လို့ ပြောလာသောကြောင့် စာရေးသူလည်း မောင်ဇင်မျိုးအောင်ပြောတာဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်ထဲမှာတော့ အနည်းငယ် ပေါ့သလိုရှိသွားပါတယ်။

ဒီလိုနဲ့ အဲသည်နေ့ ညနေ(၅)နာရီခွဲကျော် (၆) နာရီထိုးခါနီးလောက်မှာတော့ -

"မီးတျို့. . . မီး. . . မီး. . . မီးတွေလောင်နေတယ် လုပ်ကြပါဦး"

ဟု အော်သံကြားလို့ စာရေးသူလည်း အထိတ်တလန့်ဖြစ်ကာ အပြာထွက်ပြီး လှမ်းကြည့်လိုက်တဲ့အချိန်မှာတော့ စာရေးသူရဲ့နေအိမ်ခြေရင်းဘက် ခုနစ်အိမ်ကျော်လောက်ကစပြီး မီးတောက်စတင်လောင်ကျွမ်းနေပါပြီ။ မီးရဲ့အရှိန်ကတော့ လူအင်အားနဲ့ငြိမ်းသတ်နိုင်လောက်တဲ့ အခြေအနေမရှိတော့ပါဘူး။ မီးညွှန့်ကတော့ စာရေးသူရဲ့နေအိမ်ဘက်ဆီ တစ်ရှိန်ထိုးတောက်လောင်လာနေပါပြီ။ ဒါနဲ့ ဆိုင်ထဲကပစ္စည်းတွေကို ဘာမှယူချိန်မရတော့ဘဲ အိမ်ပေါ်အပြေးလေးလှမ်းတက်ကာ ခေါင်းရင်းဘက်ရှိ ဗုဒ္ဓဆင်းတုတော်၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ စတဲ့ရုပ်ပွားတော်များနဲ့တာ အရေးကြီးပစ္စည်းများ၊ စာရွက်စာတမ်းတို့အား လက်လှမ်းမီသလောက် ဆွဲယူကာ နေအိမ်ပေါ်မှ ပြေးဆင်းခဲ့ရပြီး မကြာခင်မှာပဲ စာရေးသူရဲ့အိမ်နဲ့ စျေးဆိုင်ပါ မီးကျွမ်းလောင်ခဲ့ရပါတော့တယ်။

အများအမြင်မှာတော့ ရှင်သီဝလိရုပ်ပွားတော်မှာ အိမ်အပြင်ဘက်လှည့်ပြီး မကြာခင်မှာပဲ နေအိမ်နဲ့ စျေးဆိုင်မီးစွဲလောင်သွားသည့်ဖြစ်ရပ်မှာ တိုက်ဆိုင်မှုတစ်ခုလို့ ထင်မြင်ယူဆနိုင်သော်လည်း စာရေးသူကတော့ လက်တွေ့မြင်ပြီး ကိုယ်တွေ့ခံစားခဲ့ရတာ နှစ်ကြိမ်တိတိပြီပဲ ယခုလို ရှင်သီဝလိရုပ်ပွားတော်အိမ်အပြင်ဘက်လှည့်သွားခြင်းမှာ အကျိုးတစ်ခုခု ကြုံတွေ့လာနိုင်ကြောင်း ကြိုတင်၍ နိမိတ်ပြခဲ့ခြင်းပဲဖြစ်ကြောင်း မှတ်ယူမိပါတယ်။ ဘာဖြစ်လို့လဲဆိုအတိတ်တွေ့နိမိတ်တွေဆိုတာ နေတိုင်းမှာ သူနေရာနဲ့သူ အနည်းအများတော့ ဖြစ်ပေါ်နေကြတယ်ဆိုတာ သတိထားကြည့်တတ်တဲ့သူအားလုံး ကြုံဖူးကြပါလိမ့်မယ်လို့။

၁၀ ရက်၊ ၈ လ၊ ၂၀၁၀ ပြည့်နှစ် ညနေ (၅) နာရီခွဲကျော်တွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် သစ္စာလမ်းရှိ စည်ပင်ဝန်ထမ်းလိုင်စင်အမှတ် (၁၈) ခန်းနှင့် ရွာသာရာရပ်ကွက် အတွင်းရှိ နေအိမ်တချို့ မီးစွဲလောင်ခဲ့စဉ်က စာရေးသူကိုယ်တိုင် ကြုံတွေ့ခံစားရတဲ့ဖြစ်ရပ်မှန်လေးကို ရေးသားတင်ပြပေးလိုက်ပါတယ်။

စာဖတ်ပရိသတ်အားလုံး သာဓုခေါ်ပေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးကြပါစေ။

ခန့်ဦး (အ-စ အောင်ဆန်း)

www.burmeseclassic.com

www.burmeseclassic.com

ဝ(ရန်ကုန်)င်
စောမိသွင်
ဆရာကောင်းသမားကောင်းနှင့်
တွေ့ကြုံကြပါစေ

နံနက်ဆွမ်းကပ်ပြီး တစ်ပါးလျှင် ငွေနှစ်သောင်းနှီးပါး စာရေးတံမဲဖောက်လျှက်ရသည်။ လာသမျှဧည့်သည်ကို မိုင်းကျောင်းမှာပင် ဆွမ်းဆန်စိမ်းမလောင်းလျှခင် ထမင်းအရင်ကျွေးကြသည်။ ထိုင်သို့လျှိုင်ရန် မိုင်းမြို့တွင်းသို့ပတ်ကာ အလှူခံကြလေသည်။ အိမ်တော့ဖိတ်မကျွေးကြပါဗေ။ ရွာကတော့ ဘုရားပွဲဆို မုန့်ဖောက်ကြော်၊ မုန့်ဆီကြော်၊ ပဲခွေ ရုံးမှ နေ့စားလေးများက အိမ်မှာစားဖို့ရာ သူတို့ယာခင်းထွက် ချဉ်ပေါင်ရွက်၊ ခရမ်းသီး၊ ဘူးသီး၊ ဘူးရွက်၊ ခရမ်းချဉ်သီး၊ မြေပဲစိမ်းများကအစ လာပေးတာမြဲကြသည်။ ရုံးတွင်လည်း နေ့စားအလုပ်လာလုပ်ကာ အားသည့်အခါခြင်း သူတို့ယာခင်းများတွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူလည်းစိုက်ကြသေးသည်။

ရွာတွင် ဘုရားပွဲရှိလျှင် အဆိုင်းခေါင်းဆောင်များနှင့် ရုံးအဖွဲ့ကို အိမ်ခေါ်ထမင်းကျွေးတတ်ကြသည်။ တစ်ခါတလေ ဘီယာလေးပင်ပါလိုက်သေးသည်။ ဘုရားပွဲလုပ်သည့်ရွာသို့သွားရန် အနီးဆုံးရွာက တစ်မိုင်ခန့်ဝေးပြီး အဝေးဆုံးရွာကတော့ သုံးမိုင်လောက်ဝေးကာ ယမားချောင်းကို ကူးသွားရသည်။အစားရှောင်သော မလေးခင်က ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါးခြောက်မစား၍ ဘုရားပွဲဆိုသည်က ဝက်သားအတုံးကြီးတွေက အဆီတဝင်းဝင်းနှင့် ငါးခြောက်ထိုးကြော်၊ ပဲဟင်းရည်ကဲ့ကဲ့လေး၊ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ်တို့ဖြင့် ထမင်းကျွေး၍ ထိုဟင်းများနှင့်တည့်သောသူများအတွက် ထမင်းမြိန်စေသော ဟင်းများ ဖြစ်ပါသည်။ ဘုရားပွဲလိုက်သွား၍ ဝက်သားမစားဟုဆိုလျှင် သူတို့မှာ ဒုက္ခများရတော့သည်။ ကိုယ့်အတွက် ဟိုဟာစီစဉ်ရဒီဟာစီစဉ်ရနှင့်အလုပ်ပို၍ မလေးခင်ကတော့ ဘုရားပွဲအိမ်ဖိတ်လျှင် မလိုက်တော့ပါ။

တစ်ခါက ဖောင်းကားရွာရှင်ပြုအလှူသို့သွားရာ ကိုယ့်ရုံးတွင်လုပ်သော ဦးအောင်မိုနှင့် စကားပြောဖြစ်ကြသည်။ အလှူက သူမြေးရှင်ပြုတိုး။

"ခင်ဗျားတို့မိုင်းကလူတွေကတော့ ဗျာ။ မိုင်းဘုရားပွဲတော့ ဘာမှဖိတ်မကျွေးဘဲ ရွာဘုရားပွဲတွေကိုတော့ အိမ်တကာလှည့်စားကြတာပဲ"

မိုင်းဆိုသည်က နယ်တကာရပ်တကာက လာအလုပ်လုပ်သောသူများဖြစ်သည်။ ဒီမြို့သူဒီရွာသူ ရွာသားများမဟုတ်၊ နယ်ခံလည်းမဟုတ်၍ မိုင်းမြို့သူမြို့သားများ ကိုးကွယ်သောမိုင်းကျောင်းဆိုသည့်ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် မိုင်းကျောင်းအနီးရှိ စေတီတစ်ဆူရှိရာ ထိုစေတီကို မိုင်းကျောင်းဘုရားပွဲအဖြစ် ကဆုန်လပြည့်နေ့တိုင်း တစ်နှစ်တစ်ခါ ဘုရားပွဲဖော်ကြသည်။ သံယာအပါး (၈၀) ကျော်ခန့်ပင့်ကာ ကြော်များကြော်ကာ လာသမျှလူကို ဧည့်ခံသည့်အပြင် ဘုရားပွဲမုန့်ဆိုကာ ထည့်ပေးလိုက်တတ်ကြသေးပါသည်။ စေတနာကောင်းလှပါသည်။

သူက ထိုသို့ပြောတော့ ဘုရားပွဲသွားဖို့ နောက်တွန့်သွားရသည်။ မစားနိုင်ဘဲ လူမြင်တယ်ဟူသောအတွေးဖြင့် မသွားဖြစ်တော့ပါ။ မသွားဖြစ်လျှင် အိမ်အထိ ထမင်းချိုင့်လာပေးသည့်လူကရှိသည်။ သူ့ကို မလေးခင်က အလုပ်သွင်းပေးထား၍ ဘုရားပွဲရှိတိုင်း လေးဆင့်ချိုင့်ကြီးဖြင့် ဟင်းလာပို့ ဘုရားပွဲမုန့်လာပေးတတ်သည်။ သူတို့ရွာက ဘုန်းကြီးကျောင်း သုံးကျောင်းခန့်ရှိ၍ ဘုရားပွဲသုံးကြိမ်လောက်လုပ်ရာ ဘုရားပွဲတိုင်း လာလာပေးနေ၍ အားနာရသည်။

"မောင်အေးသန့်ရယ် တစ်ခါလာပေးရင် ရပါပြီ။ ဘုရားပွဲတိုင်း လာလာပေးနေတာ အားနာပါတယ်"

"အန်တီလေးက မလာတော့ လာပေးရတာပေါ့။ သားတို့က ကျွေးချင်လို့ပါ"

ထိုသို့စေတနာကောင်းသောသူတို့

www.burmeseclassic.com

www.burmeseclassic.com

ကို အားနာရပါသည်။ သူနှင့်အတူပါလာသော ရုံးမှ ဦးခင်ဝင်းကလည်း မုန့်လာပေးရင်း သူတို့လေးကိုလည်း အလုပ်သွင်းချင်လို့တဲ့လေ။

"ကလေးက ငယ်ပါသေးတယ်။ (၁၈) နှစ်ပြည့်သေးရဲ့လား"

"မပြည့်သေးပါဘူး၊ ကျောင်းထားလို့မရတော့လို့ အလုပ်ထဲသွင်းချင်တာပါ။ ဆယ်တန်းရောက်နေပါပြီ။ (၁၇) နှစ်တော့ရှိပြီ"

"အလုပ်ထဲဝင်ရင် (၁၈) နှစ်ပြည့်မှရတယ်လေ။ နောက်ပြီး အလုပ်သမားတွေခန့်ရင် ရုံးက်နေခန့်လို့မရတော့ဘူး။ မြေကိစ္စ၊ လျော်ကြေးကိစ္စတွေနဲ့ မြေယာအသိမ်းခံရတဲ့သူတွေကို ဦးစားပေးခန့်နေလို့ ကိုယ့်ရွာကလူကြီးထောက်ခံချက်နဲ့ခန့်နေကြတာ။ ကျောင်းဆက်ထားလိုက်ပါ။ သူလည်း ဆယ်တန်းအောင်ရော (၁၈) နှစ်လည်းပြည့်ရော အတော်ပဲဖြစ်မှာပေါ့။ အသက်ပြည့်မှ လျှောက်လွှာတင်ထား။ လူလိုရင် ရွာတွေကို အကြောင်းကြားတော့ လူကြီးကနေထည့်ပေးတာ။ ကျောင်းထားလို့မရတော့လို့ဆိုတာ ဘာဖြစ်လို့လဲ၊ စီးပွားရေးမပြေလည်လို့ မထားနိုင်တော့လို့လား"

"ဗဟုတ်ပါဘူး အန်တီရယ်။ ဘယ်လိုပြောရမလဲ၊ သူက အိမ်မှာနေရင် အကောင်းပဲ။ ကျောင်းသွားဖို့တို့၊ ကျူရှင်တက်ဖို့တို့ အိမ်ကထွက်သွားတာနဲ့ လမ်းမှာတင်ခေါင်းတွေမူး၊ ပိုက်တွေအော်ငှဲ့နဲ့ ကျောင်းတက်လို့ကိုမရဘူး။ ဆရာဝန်တွေလည်း ပြတာပဲ။ ဆရာဝန်ကတော့ အစာအိမ်လို့ပြောတာပေါ့။ ဆရာဝန်ဆေးစားပြီး အိမ်မှာနေအကောင်း၊ နေကောင်းပြီဆိုပြီး အိမ်ကထွက်တာနဲ့ ပြန်ဖြစ်တော့တာပါပဲ။ ဒါကြောင့် ကျောင်းထားလို့မရမယ့်အတူတူ အလုပ်လုပ်ခိုင်းမလားလို့ပါ။ ကျောင်းကတော့ မထွက်ရသေးပါဘူး။ မတက်လိုက်၊ တက်လိုက်ပါဘဲ"

ကလေးကိုအဲကဲခတ်ကြည့်တော့ ပိန်ပိန်သေးသေးလေးနှင့် ခပ်ငုံငုံလေး ထိုင်နေသည်။ သူဦးလေး အိမ်သာဘက်ထသွားတုန်း မေးရသည်။

"မင်း ကျောင်းမနေချင်လို့များ ဒီလိုဖြစ်နေတာလား၊ စာမလိုက်နိုင်ဘူးလား သား။ အနည်းဆုံး ပညာအရည်အချင်း ဆယ်တန်းလောက်အောင်မှ လုပ်ငန်းခွင်ဝင်တဲ့အခါလည်း သက်သာတဲ့နေရာလုပ်ရမှာပေါ့။ ပညာမတတ်ရင် ဆဲ(လ်)လိုင်းပေါ် တို့လုပ်ရရင် နေပူထဲမှာ ဘယ်လောက်ပင်ပန်းလဲ၊ အနှံ့ကလည်း နံသေး၊ ခေါင်းမူးမူး၊ ပိုက်အောင့်အောင့် ကျောင်းကို အရင်ရောက်အောင်သွားကြည့်ပါ။ အဲဒါမှ မသက်သာရင် တခြားတစ်နည်းစဉ်းစားကြတာပေါ့ ဟုတ်လား။ လမ်းသွားရင်းဖြစ်ဖြစ်၊ ကျောင်းသွားရင်းဖြစ်ဖြစ် အလကားမသွားနဲ့၊ ကိုယ့်ရဲ့နှုတ်ကနေ ဘုရားစာတွေဆိုသွား၊ ဓာတ်ခြားဘုရားစာမရရင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုသွားနော်"

"ကျောင်းသွားတိုင်း ခဏခဏဖြစ်နေလို့ ကျောင်းသွားရမှာကိုကြောက်လာတယ်။ အန်တီပြောတဲ့အတိုင်းရွတ်သွားပါ့မယ်"

သူတို့ပြန်သွားတော့ စဉ်းစားမိသည်။ ကျောင်းသွားမှဖြစ်သည်ဆိုတော့ ပညာသည်နှင့်မျှားလုပ်ထားသလားလို့ပေါ့။ မလေးခင်ရဲ့မောင်က ဆရာဝန်ဖြစ်သည်။ ခွဲစိတ်ဆရာဝန်ဖြစ်၍ သူ့အတွေ့အကြုံတစ်ခုကို အိမ်တွင်ပြောပြသည်။မလေးခင်တို့မောင်နှမ(၂)ယောက်မှာ (၂) နှစ်ကျော်သာကွာ၍ တက္ကသိုလ်တက်စဉ်ကလည်း သူကျောင်းကိုပျက်အလည်လိုက်၊ ကိုယ့်ကျောင်းသူလာလည်လိုက်နှင့် တတွဲတွဲပါပဲ။ စကားပြောလည်း နင်နှင့်ငါနှင့်သာပြောကြသည်။ မောင်တွေကို အစ်မ မခေါ်ခိုင်း၍ အမေကိုပြောမိရာ ငါသမီးကို ကြီးတယ်ထင်မှာစိုးလို့မခေါ်ခိုင်းတာလို့ ပြောတတ်သည်။ မောင်နှမသုံးယောက်က တစ်နှစ်ကျော်စီသာကွာတာကိုး။

"မလေး၊ ငါ ဒီနေ့ ဆေးရုံမှာ အထူးအဆန်းတစ်ခု တွေ့ခဲ့တယ်။ ဘယ်လို့မှကိုစဉ်းစားလို့မရဘူးဟာ"

"ဘာတွေ့ခဲ့ရလို့လဲ ထူးဆန်းနေရအောင်။ ရင်ချင်းဆက်အမြွာပူးတွေ ခွဲမွေးပေးခဲ့ရလို့လား"

"မဟုတ်ပါဘူး၊ ဆရာလေးတစ်ပါးကိုခွဲပေးခဲ့ရတာပါ။ သူက ဒီအတိုင်းနေရင် ဘာမှမဖြစ်ဘူး။ စာကျက်တာနဲ့ ပိုက်က အော်ငှဲ့အော်ငှဲ့လာလို့ စာကျက်လို့ကိုမရဘူး။ စာလည်းတော်တယ်တဲ့။ အဲဒီလိုဖြစ်နေတော့ စာမေးပွဲလည်း မဖြေရတော့ဘူးတဲ့လေ။ သူ့ကို စမ်းသပ်စစ်ဆေးပြီး ပိုက်ခွဲဖို့လိုတယ်ဆိုပြီး ခွဲစိတ်ကုတော့ အစာအိမ်ထဲမှာ ဘာတွေ့တယ်ထင်လဲ"

"ဘာတွေ့တာလဲ၊ အကျိတ်တွေ အလုံးတွေလား"

"ဘယ်ဟုတ်မလဲ။ ဘီလပ်ရည်ပုလင်း မဖောက်ရသေးတဲ့ပုလင်းအသေးကိုရတာ အံ့သြလွန်းလို့။ ဘယ်လိုကနေ ဘယ်လိုဝိုက်ထဲရောက်နေသလဲလို့ တွေးလို့ကိုမရဘူး။ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲလေ။ ငါတို့တစ်တွေလည်း ဦးနှောက်ကိုခွဲကြောက်ရော"

မောင်လေး ပြောပြဖူးသော အကြောင်းကို ပြန်သတိရ၍ အဖြစ်ခဲ့ဟူသည်ဟု ထင်မိသည်။ ထိုဆရာလေးက ဝိုက်အောင့်လို့က်၊ ဆရာဝန်ပြလို့က်နှင့် ခွဲစိတ်ပြီးသော်လည်း ဝိုက်ကပြန်ပြီး အောင့်နေ၍ မကြာမကြာပြန်လာတတ်ကြောင်း သိရသည်။

ထိုအကြောင်းကို အမေက သူ့သားကာ အမွေအတွေ့အကြုံကို ပြောပြသည်။

"လမ်းထဲက ရွှေပန်းထိမ်အိမ်မှာ အထက်ဂိုဏ်းဆရာတစ်ယောက် သေကုန်တယ်ဆိုလို့ သွားကြည့်ခဲ့တာ။ ဆရာအိမ်နဲ့နှင့် ကွမ်းယာကိုမန်းပြီး စားခိုင်းတယ်။ လူနာက မစားချင်ဘူးလို့ အုတင်းငြင်းတာ။ ဘုရားသောက်တော်ရေတိုက်လည်း အတင်းရုန်းကန်နေပြီး တယ် ပူတယ်နဲ့အော်နေတာ။ လူနာရိုက်မကုဘဲ မေတ္တာရပ်ခံပြီးကုတာ။ ပညာသည်ကို ပြုစားထားတာတွေ့ပြန်ထုတ်ခိုင်းတော့ အဲဒီလူက အဆက်မပြတ်အန်တော့တာပဲ။ သွားလေးတစ်အိတ်၊ ဆံပင်ခြည်ထွေးတစ်အိတ်၊ စစ်ဖိနပ်အသေးလေးတစ်ရန် အန်တဲ့အထဲပါလာတာ သိပ် အံ့သြစရာကောင်းတာပဲ။ လူတွေ့ထူးဆန်းလို့ လာကြည့်လိုက်ကြတာလေ အမေကတော့ ကိုယ်တိုင်ကြုံဖူးလို့တော့ ပညာသည်ရှိတယ်ဆိုတာ ယုံနေတယ်"

အမေက ထိုအဖြစ်မျိုးကြုံခဲ့ဖူးခဲ့ဆရာလေးက သိတတ်နားလည်သော အထက်ဂိုဏ်းဆရာများနှင့် မကုပါကြောလျှင် ဒုက္ခရောက်မည်ကို စိုးရိမ်နေလေသည်။

ထိုကလေးလေး ဝိုက်အောင့်သည်ကလည်း ထိုသို့ အကြောင်းပေလာစဉ်းစားရင်း သူတို့နှင့် အဆက်ပြတ်သွားပြန်သည်။ တစ်ညနေတွင် ကလေးဘဲ ဦးခင်ဝင်းရောက်လာခဲ့လေသည်။ သူတူလေး မသက်သာ၍ ဆေးကုခဲ့ကြောင်းနှင့် အထက်ဂိုဏ်းဆရာများ ရှိလျှင် ဘယ်နေရာသို့သွားရမည်ကို မေးလာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သူတစ်ပါး အောက်လမ်းအတတ်ပညာဖြင့်လုပ်ထား၊ မထား ဓာတ်စစ်ကြည့်၍ ရပါသည်။ အဘိုးဖြစ်သူ ဦးသန်းမောင်သည် မနောမယိဒ္ဓိဝိဇ္ဇာမိုရ်ဂိုဏ်းမှ ငါးကံထိန်းဂိုဏ်းထောက်ဆရာဖြစ်ပါသည်။ အဘိုးဆေးကုပေးသည်ကို ကိုယ်တိုင်တွေ့ကြုံဖူး၍ ဓာတ်စစ်ကြည့်လျှင် သူတစ်ပါး မကောင်းသည့် အောက်ဓာတ်များဖြစ်လုပ်၊ မလုပ်ပေါ်လာမည် ဖြစ်ပါသည်။ မနောယိဒ္ဓိပညာသည် မြတ်စွာဘုရားရှင်၏ သြဝါဒနှင့်ကိုက်ညီပြီး လူပေါင်းများစွာကို အနန္တဂါပါးကို မပြစ်မှားစေဘဲ သီလကံ(လူကျင့်ဝတ်)များထိန်းပေးခြင်း၊ သူတစ်ထူးလွဲလပယောဂကြောင့်ဖြစ်ပေါ်ခံစားရသောဝေဒနာများကိုကုသပေးခြင်းစသည့် ကုသိုလ်ကိုလည်းယူသောဂိုဏ်းတော်ကြီး ဖြစ်ပါသည်။ မေတ္တာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ အမိန့်အာဏာဖြင့်ဖြစ်စေ ကုသပေးပါသည်။

သူတစ်ပါးမကောင်းသည့်အောက်ဓာတ်များဖြင့် ပြုလုပ်ထားပါက လက်ချောင်းများကွဲပါစေဆိုလျှင် လက်ဖဝါးနှစ်ဖက်ကို ပက်လက်လှန်ကာဖြန့်ပြီးစေ့ထားလျှင် အတင်းစေ့ထားလည်းမရဘဲ လက်သြး၊ လက်ချောင်း၊ လက်ခလယ်ကအစ ကွဲထွက်သွားပါသည်။ ထိုသို့ဓာတ်စစ်ပေးမည့်ဆရာ၊ ကုပေးနိုင်မည့် အထက်လမ်းဆရာကိုရှာရမည် ဖြစ်ပါသည်။ မလေးခင်က ယခင်ကုပေးတတ်သောဆရာများကို စုံစမ်းပေးရာ သူတို့ယခင်မကုတော့ဘဲ ဘုရားတရားအလုပ်သာလုပ်တော့ကြောင်းပြော၍ အမရပူရတွင် မနောမယိဒ္ဓိဝိဇ္ဇာမိုရ်ဂိုဏ်းမှ ဆရာ (၂) ဦးရှိ၍ စုံစမ်းကြည့်ရာ တစ်ယောက်မှာဆုံးသွားပြီး ကျန်တစ်ယောက်မှာကျန်းမာရေးမကောင်းကြောင်းသိလိုက်ရ၍ လမ်းစပြတ်သွားပါတော့သည်။

အဘိုးကိုသတိရမိသည်။ အဘိုးကသူကိုယ်တိုင် လိုက်မကုနိုင်လျှင်တောင်မှ အာဏာတစ်နာရီတည်ရမည်ဆိုကာ လက်ဝါးချင်းရိုက်ပေးလိုက်ပြီးအကုလွတ်လိုက်တတ်သည်။ ဂိုဏ်းဝင်လိုသောလူများ၊ အပြုစားခံရသူများကို နောင်ထပ်မံမပြုစားနိုင်အောင် မနောမယိဒ္ဓိဝိဇ္ဇာဂိုဏ်းသို့ဝင်ခိုင်းတတ်သည်။ ကွမ်းယာ၊ အလင်းတိုင်တို့လျှကာ ဘုရားကပ်ထားသော သောက်တော်ရေတို့ဖြင့်ဖျန်းပြီး လက်ဝါးတွင် နေလတ်ဆိပ်ရေးပေးသည်။ ဂိုဏ်းတော်သို့ဝင်သည့်သူက ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရကံနှစ်ကံထိန်းရသည်။ စောင့်ရှောက်မည့်သူကိုလည်း အပ်ပေးလေသည်။

အဘိုးနှင့်နီးနီးနားနားနေခဲ့ရသော်လည်း အလုပ်နှင့်နယ်ဘက်သို့ရောက်သွားသည့်အခါ အဆက်ပြတ်သွားခဲ့သည်။ ထိုသို့ အောက်လမ်းပညာဖြင့် ပြုစားခံရသည်ဟု ထင်ရသောသူများကို တွေ့ရသည့်အခါ ဓာတ်စစ်သည့်ပညာကိုတတ်အောင်မသင်ခဲ့နိုင်၍ ကိုယ့်ကိုယ်ကိုယ်အားမရဖြစ်မိသည်။ဆေးမကုတတ်လျှင်တောင် စစ်တတ်လျှင်ဘာဖြစ်သည်ကို သိနိုင်သည် မဟုတ်ပါလား။

တချို့လက်တွေ့ကြုံရသောကိစ္စများသည် ထူးဆန်းလှသည်။ ယခုခေတ်လူငယ်များကတော့ စုန်း၊ တစ္ဆေ၊ မြေဖုတ်ဘီလူးဖမ်းစားသည်ကိုလည်း အယုံအကြည်မရှိဟု ပြောကြသည်။ အဘိုး၏အိမ်တွင် အဘိုး၏သမီးလတ်ဖြစ်သူ မသီတာသည် အိမ်သာသို့သွားရာတွင် ချော်လဲပြီး ခြေထောက်မထောက်နိုင်ဖြစ်သွားခဲ့သည်။ ခြေထောက်က အတွင်းဘက်သို့ ကောက်ဝင်သွားကာ လမ်းမလျှောက်နိုင်၍ပွဲခေါ်ခဲ့ရသည်။ ဆေးလိမ်းဆေးထိုးသော်လည်း မသက်သာ၍ အဘိုးဦးသန်းမောင်က -

"ဆရာ့အိမ်မှာတောင် စားချင်သောက်ချင်လို့လုပ်သေးတာ"

ဟု ဆိုကာ ခြေထောက်ကိုရေမန်းဖြင့်တောက်ရာ ဆရာ့အမိန့်ချက်ချင်းပျောက်စေရမည်ဟုဆိုကာ ကုလေတော့သည်။ အံ့သြဖွယ်ရာ ခြေမထောက်နိုင်သောခြေထောက်သည် လမ်းထလျှောက်စမ်း ပြောလိုက်သည်နှင့် ထလျှောက်နိုင်လေသည်။

"ချော်လဲတော့ မြေဖုတ်ဘီလူးဖမ်းစားတာပါ။ စားချင်သောက်ချင်လို့လုပ်တာ။ ထမင်းနဲ့ အသားဟင်းကို စလောင်းဖုံးထဲထည့်ပြီး ချော်လဲတဲ့နေရာမှာသွားချပြီး စားကြပါသောက်ကြပါလို့ ပြောခဲ့"

ဟု ခိုင်းပါသည်။

အဘိုးကုခဲ့သော တချို့အတွေ့အကြုံများကို မှတ်မိထား၍ ပြန်လည်ရေးနိုင်းခြင်း ဖြစ်ပါသည်။

မိန်းမကြီးတစ်ယောက် မျက်လုံးကအမြဲအနီရောင်သန်းနေပြီး သူကပြုစားတတ်သောပညာသည်ဖြစ်နေလေသည်။ အဘိုးက ကုပေးနေစဉ် သူလုပ်ထားသောအမျိုးသမီးကို သူကိုယ်တိုင်ဝင်ပူးကပ်ကာ မုန်း၍လုပ်ကြောင်းပြော၍ အဘိုးက ပညာတွေကိုထုတ်ပေးရန်ပြော၍ ထုတ်ပေးပါသည်။ ထိုပညာများကို ဘုရားကိုလျှုရန်ပြောသည့်အခါ ရိုက်ကြီးတငင်ငိုပြီး ပိုက်ဆံပေး၍သင်ထားရသောပညာဖြစ်၍မလျှုပါရစေနှင့်ဟုပြောပါတော့သည်။

အဘိုးက -

"ပညာသည်တွေဆိုတာ အပါယ်ငရဲကျမယ့်သူတွေပဲ။ သူတစ်ပါးကို ဒုက္ခရောက်အောင်လုပ်တဲ့ပညာကို မသင်ကောင်းဘူး။ ဂိုဏ်းဝင်ထားတဲ့လူတွေကလည်း နှစ်ကံထိန်းပါမယ်ဆိုရင် သေချာထိန်းရမယ်။ မဖောက်ဖျက်ရဘူး။ တစ်နေ့ကို စိတ်ပုတီးသုံးပတ်ဖြစ်စေ၊ ကိုးပတ်ဖြစ်စေ စိပ်ပါ့မယ်လို့ အမိဋ္ဌာန်ပြုထားရင်လည်း မုန့်မှန့်စိပ်ရမယ်"

ထိုကျောင်းသားလေးနှင့်ပတ်သက်၍ သူတစ်ပါးအောက်ဓာတ်ဖြစ်လုပ်ထားသည်မှာ ဖြစ်နိုင်၊ မဖြစ်နိုင်ငြင်းကြပါသေးသည်။ မလေးခင်ကတော့ အတွေ့အကြုံအရ အောက်လမ်းနည်းပညာဖြစ်လုပ်ထားသည်လို့ ယုံကြည်မိသည်။ ယခုခေတ်လူငယ်တွေကတော့ မကြုံဘူး၍ အယုံအကြည်မရှိကြပါ။ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်ခန့်လောက်ကထင်သည်။ နာမည်က နှင်းနွယ်စိုးဆိုလား။ သူဗိုက်နာနာနေပြီး ဗိုက်ကြီးပူနေ၍ ဓာတ်မှန်ရိုက်ကြည့်ရာ သူ့ဗိုက်ထဲတွင် ကလေးအသေးလေးတစ်ယောက်ရှိနေရာ ခွဲထုတ်လိုက်ရသည်လို့ သတင်းစာထဲတွင် ဖတ်ဖူးကြသည်တဲ့။ ထိုမိန်းကလေးမှာ (၂) နှစ်အရွယ်ခန့်ရှိသေးသည်ဟု ဆိုပါသည်။ အမြွာဖြစ်ရမှာကို သန်သည့်ကလေးဘက်ကလွှမ်းသွား၍ ထိုသို့ဖြစ်ရသည်ဟု အမေက ကြားဖူးကြောင်းပြောပြပါသည်။ စစ်ဖိနပ်အသေးလေးနှင့် ဘီလပ်ရည်ပုလင်းကတော့ ထိုအဖြစ်နှင့် ဘာမှမဆိုင်ဟု ထင်မိသည်။

ထမင်းစားစား၊ ဘာကိုစားစားသရဏာဂုံသုံးပါးကိုရွတ်ပြီးမှ စားသောက်ပါ။ သူတစ်ပါး မကောင်းသည့် အောက်ဓာတ်ဖြင့် မပြုစားနိုင်ကြောင်း သွန်သင်ဆုံးမခဲ့သည့် အဘိုးဦးသန်းမောင်ကို သတိရမိပါသည်။ အဘိုးဖြစ်သူဆုံးသွားပြီ ဖြစ်ပါသည်။ အဘိုး၏ ပညာအမွေကို ဘယ်မြေးမှမရခဲ့ပါပေ။ ထိုကျောင်းသားလေးအကြောင်း စဉ်းစားမိလျှင် စိတ်မကောင်းပါ။ ဆရာကောင်းသမားကောင်းနှင့် တွေ့ကြုံကြပါစေဟုသာ မျှော်လင့်မိပါတော့သည်။

စောမိသွင်(ရန်ကုန်)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

"အမယ် - တယ်ဟုတ်ပါလား"

"ဟုတ်ပါ့တော်၊ ချစ်သူတွေဘာ တွေတွေ့လို့။ အဲဒီရွာမှာ ဆယ့်လေးငါး ရက်ကြာခဲ့တယ်။ ပြန်ရောက်လာတော့ ဘယ်သူနဲ့မှစကားမပြောဘဲထထပြေးလို့ မနည်းလိုက်ဖမ်းကြရတယ်။ လူက အမြဲတမ်း ငူတူတူကြီးနဲ့ အိမ်အပြင်ဘက်ပဲ ငေးငေးကြည့်နေတယ်။ လူတွေသွားသွား လာလာရှိတဲ့အချိန်ဆို ဒါလောက်မဟုတ်ဘူး။ လူခြေတိတ်ရင် သူမနေတော့ဘူး။ ယောက်ယက်ခတ်လာတော့တာပဲ။ မထင်ရင်မထင်သလိုထပြေးရော"

"ဘယ်ကိုပြေးတာလဲ"

"အဲဒီကျတ်ရွာက သူချစ်သူဆီပေါ့။ ရွာပြင်မှာ ကုက္ကိုပင်အကြီးကြီး တစ်ပင်ရှိတယ်။ အရိပ်တော်တော် ကောင်းတယ်။ သူအရိပ်အောက်ဝင်ရင် နေပြောက်တောင်မထိုးဘူးလို့တင်စားကြ တယ်။ အဲဒီလောက် အရိပ်ကောင်းတာ။ အဲဒီအပင်ကြီးနားကိုရောက်ရင် သူပုံစံ ပြောင်းသွားရော၊ ရယ်လို့မောလို့။ အိမ်မှာနေနေတဲ့မျက်နှာနဲ့ ဘာမှမဆိုင်ဘူး။ အိမ်မှာဆို လူမမာကြီးကျနေတာပဲ။ အမယ်-အဲဒီအပင်ကြီးနားရောက်တာနဲ့ လျှောက်သွားတာ ဟိုးအဝေးကြီး ဖြူးနေ တာပဲ။ လူတွေကို လှည့်တောင်မကြည့် တော့ဘူး၊ စကားတပြောပြောနဲ့။ မသိရင် ဘေးနားကတစ်ယောက်နဲ့ အချီအချ ပြောသွားသလိုပဲ။ အမယ် - လက်တွေ ဘာတွေနဲ့တောင်လှမ်းပုတ်လိုက်တာတို့၊ တွန်းလိုက်တာတို့၊ ကာလိုက်တာတို့နဲ့ ဟုတ်နေတာပဲ သားရေ"

"အဲဒီကုက္ကိုပင်ကြီးနဲ့ ဘယ်လို ပတ်သက်နေလဲ အမေ"

"အဲဒီ သူနေခဲ့ဖူးတဲ့ ကျတ်ရွာက သူချစ်သူလိုက်ပို့တာ အဲဒီထိပ်ပဲတဲ့"

"သြော် - ဒါကြောင့်"

"သူချစ်သူက အဲဒီကုက္ကိုပင်ကြီး နားက လာလာခေါ်ပြီဆို သူကြားရ တယ်"

"သူပဲကြားရမှာပေါ့နော်"

"သူပဲကြားတာပေါ့။ ကြားရင် မနေတော့ဘူး၊ ဝုန်းဒိုင်းကိုကြဲနေတာပဲ။ သူတို့က တော်တော်မေတ္တာမျှခဲ့ကြပုံရ တယ်။ သူ့ကိုကျကျနနထားတာတဲ့။ အရမ်းဂရုစိုက်တာပဲတဲ့။ တော်တော် ကောင်းကောင်းလည်းစားရတယ်တဲ့။ ရွာကြီးကလည်း အကြီးကြီးပဲတဲ့။ တစ်ရက် သူလျှောက်ကြည့်တာ ရွာကြီးက မဆုံးဘူးတဲ့။ သူသာ ညောင်းလို့ ပြန်လျှောက်လာရတယ်တဲ့။ သူပြောပြ တယ်သိလား၊ သူ လျှောက်သွားတော့ တွေ့တဲ့အိမ်ကြီးတွေက နှစ်ဆောင်ပြိုင် ကြီးတွေများတယ်တဲ့။ ဒီလိုပဲ သူအလုပ် သူလုပ်နေကြတာပဲတဲ့။ ကလေးလေး တွေလည်းရှိသတဲ့။ ကလေးကို ခါးထစ် ခွင်ပြီး ရပ်ကြည့်နေကြတဲ့ ကလေးတွေ လည်းရှိတယ်တဲ့။ ဆံတောက်ကလေး တွေများ လှလိုက်တာမှတဲ့"

"သူကိုဘာမှမလုပ်ကြတာအံ့ရော နော်"

"ဘာမှမလုပ်ကြဘူး။ ရွာကြီးက အကြီးကြီးပဲတဲ့။ စွေးဆိုင်ကြီး တွေလည်းရှိပါ့။ မြေဝိုင်းအကပွဲလေး တွေဆို နေ့တိုင်းလိုလိုရှိတယ်တဲ့"

"သူတော်တော်ကြဲခဲ့တာပဲနော်"

"အမလေး- ဘာမှတ်လို့လဲ၊ မနည်းကုယူရတယ်။ ဆရာမနိုင်ရင် ရူးသွားမှာ။ ကြာအင်းမှာ ဦးပေါ်ဆိုတာ ရှိသေးတယ်။ အမေတို့က ကလေးတွေပဲရှိသေး တယ်။ ဦးပေါက အဖေ့ဆီအမြဲလာ တယ်လေ။ ဟေ့ - မောင်ပေါ်၊ ဟိုဟာ လေးလုပ်လိုက်စမ်းကွာ ဆိုရင်လည်း ဟုတ်ကဲ့ - စာရေးကြီး၊ ဒီဟာလေးလုပ် လိုက်စမ်းကွာ ဆိုရင်လည်း ဟုတ်ကဲ့ - စာရေးကြီးနဲ့ ပျာနေတာပဲ။ တစ်နေ့ သူ ပျောက်သွားတာ ရက်(၂၀)ကျော်ကျော် လောက်ကြာတယ်။ ပြန်တွေ့တော့ နွားတင်းကုပ်ထဲမှာ အိပ်ရက်လေး"

"ဟင် - အိပ်ရက်"

"အေး - မထဘူး။ ဟိုဘက်လှည့် အိပ်လိုက် ဒီဘက်လှည့်အိပ်လိုက်နဲ့ နှစ်ရက်လောက်ကြာမှ ထတယ်။ စကားတွေ ဘာတွေပြောတော့ မူက မမှန်တော့ဘူး။ အဖေ့ကိုပြောပြောပြ တယ်၊ သူစိတ်ကောင်းဝင်ချိန်ဆို။ အဖေ မေးရင် အကုန်ပြောတယ်။ စာရေးကြီး ရယ်၊ ကျွန်တော်ဟာ သူ့ကိုပဲ သတိရရ နေတယ်ဟာတဲ့။ စားလို့လည်းမဝင်၊ အိပ်လို့လည်းမပျော်ဘူးတဲ့။ သူနဲ့ကျွန်တော်နဲ့ မေတ္တာမျှနေကြတာ။ ကျွန်တော် ရွာကို ခဏပြန်ချင်တာနဲ့ ပြန်လာတာ။ အခု ပြန်သွားဖို့ လမ်းပျောက်နေတယ်တဲ့။ နာမည်က မယ်ညိုတဲ့"

"သြော်-စိတ်မကောင်းစရာနော်"

"ဟုတ်တယ် သား။ ဒါမျိုးတွေက သနားဖို့ကောင်းတယ်။ လူကိုဒုက္ခမပေး

www.burmeseclassic.com

www.burmeseclassic.com

ကြပါဘူး။ ဒုက္ခပေးတာလည်းရှိရင်ရှိမှာ
ပေါ့လေ။ အမေသိရသလောက်တော့
မရှိပါဘူး။ သူတို့ကိုနှိုင်တဲ့ဆရာတွေနဲ့
တွေ့ရင်၊ အဲဒီဆရာက ပြောင်းခိုင်းရင်
ရွာလုံးကျွတ်ပြောင်းပြေးရတာတဲ့"
(ကျတ်ရွာပြောင်ခြင်းနှင့်ပတ်သက်
၍ မြေလတ်ဒေသ မြို့တစ်မြို့တွင်ကြုံခဲ့
ရဖူးပါသည်။ လူနေရပ်ကွက် မြို့သစ်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

ပညာရှင်
(အင်္ဂလိပ်စာဂမ္ဘီရအဓိပ္ပာယ်ဆက်ဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

တည်ရန် အမျိုးမျိုးအခက်အခဲများဖြစ်လွန်း၍ သူတို့ကို မင်းမိန့်အာဏာနှင့် ရွှေ့ပစ်ရခြင်း ဖြစ်ပါသည်။ ရှေးက R.T.C ကားကြီးများ (၆) စီးခန့်နှင့်ပြောင်းရခြင်း ဖြစ်ပါသည်။ ကားကြီးများပင် အိနေ၏။ တချို့ကားမောင်းသူများမှာ ကားမောင်း၍ မရလွန်းသောကြောင့် တာဝန်ရှိသူကိုပြောရ၏။ တာဝန်ရှိသူမှ 'ဟေ့-နည်းနည်းနေခဲ့၊ နောက်တစ်ခေါက်မှလိုက်' ဟု ခပ်မာမာပြောမှ ကားများမောင်းထွက်၍ရ၏။ ကားကြီး (၆) စီးဖြင့် ခေါက်တုံခေါက်ပြန်သယ်ပေးရ၏။ အရှေ့ဘက် ပဲခူးရိုးမဘက်သို့သွားပို့ပေးရပါသည်။ ဤသို့ ကားကြီးများအလွတ်မောင်းသွားသော်လည်း ဘေးနားမှ လိပ်ပြာနှုသူများ၊ ကလေးများက တွေ့ရ၏။ လက်တွေ့ပြကြ၊ နှုတ်ဆက်ကြ၊ လှမ်းခေါ်ကြနှင့်ဖြစ်နေကြ၏။ ဘေးလူများက မမြင်ကြ။ အထူးသဖြင့် ကလေးများက တွေ့ရ၏။ ဟိုမှာ သားတို့သူငယ်ချင်းတွေပြောင်းသွားကြပြီ။ သားကို လက်ပြနေတယ်၊ သမီးကိုလက်ပြနေတယ်ဟုပြောပြီး ခုန်ကာပေါက်ကာ အော်ဟစ် နှုတ်ဆက်ကြ၏။ အချို့ကလေးများက သူတို့သူငယ်ချင်းတွေပါသွားပြီဆိုပြီးငိုကြ၏။ သူတို့ပြောသည်မှာ ကားများတွင် လူများပြည့်ကျပ်လွန်းပြီး မတ်တတ်တွေလိုက်ကြရ၏။ တွယ်စီးသူကစီးကြ၏။ အသက်အရွယ်ကြီးသူတွေရော ငယ်သူတွေပါစုံနေသည်ဟု ဆို၏။ ကားတန်းကြီးနှင့် နှစ်ခေါက်သယ်အပြီး နောက်ဆုံးကားတွင် ဆိုင်းများ၊ ဗုံများပါတင်သွားကြသည်ဟု ဆို၏။

မြေလတ်ဒေသတွင်ပင်ဖြစ်၏။

ရွာတစ်ရွာတွင် ညနေစောင်းလူတစ်ယောက် လှည်းလာငှား၏။ သူ့မိသားစုပြောင်းချင်၍ဟု လာပြော၏။ လှည်းဆရာလည်း လိုက်သွားပါသည်။ သို့သော် လှည်းလာငှားသူသည် သူပြောသောနေရာအရောက် လူနေအိမ်ခြေမရှိပါဘဲလျက် ခဏဟုရပ်ခိုင်းပြီး သစ်ပင်တစ်ပင်အနောက်ဝင်သွား၏။ လှည်းဆရာက ဩော် - သူတပိုတပါးသွားတာပဲဟုထင်ထားပြီး စောင့်နေလေရာ မကြာခင် လှည်းငှားသူပြန်လာ၏။ ကဲ-သွားကြမယ်ဟု ပြောလည်းပြော နွားများတရှုးရှုးဖြစ်ကာ ထလန့်ကြသောကြောင့် လှည်းဆရာမှာ ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ ကြောင်တောင်တောင်နှင့် လှည်းကိုစထွက်ရာ လှည်းမှာ အတော်လေးသောဝန်ကိုတင်ပြီးနွားများ ရုန်းနေရသလိုဖြစ်နေ၏။ လှည်းဆရာလည်း ဘာမှန်းမသိမောင်းလျက်။

လိုသောနေရာသို့အရောက်တွင် အတော်မှောင်နေချေပြီ။

လှည်းငှားလာသူသည် ကျသင့်ငွေပေးလိုက်ပြီး လှည်းကို ခဏရပ်ခိုင်းထား၏။ ပြီးမှ ရပြီ၊ သွားတော့ဟုပြောလည်းပြော လှည်းဆရာ ဒုန်းမောင်းသလိုမောင်းလာနိုင်တော့လေရာ ရွာသို့ခဏလေးပြန်ရောက်သွားသည်ဟု ဆို၏။

ဤလို ကျတ်အပြောင်းအလဲများကို မကြာခဏ ကြားဖူးခဲ့ရပါသည်။ အောက်လမ်းဆရာများ၊ ခုလပ်ဆရာများနှင့် တော်တော် နီးနီးကပ်ကပ် ခင်မင်ပေါင်းသင်းခဲ့ရဖူး၍ ကျတ်ရွာများအကြောင်း၊ ကျတ်ရွာသို့ရောက်သွားခဲ့ကြရသူများအကြောင်း၊ ကျတ်နှင့်လူမေတ္တာမျှကြသည့် အကြောင်းများကို မကြားချင်မှအဆုံး ကြားခဲ့ရဖူးပါသည်။ စိတ်ဝင်စားသည်ရှိသလို အမှုမဲ့အမှတ်မဲ့နေခဲ့သည်လည်းရှိပါသည်။

ခပ်ငယ်ငယ် -

ကချင်ပြည်နယ် စိန်လုံသို့ အဖေတာဝန်ထမ်းဆောင်ရန်အသွား အမေနှင့် သားအမိနှစ်ယောက်လိုက်သွားကြစဉ်က ကျတ်အကြောင်း တစ်ကြိမ်ကြားခဲ့ဖူးပြီး စတင်သတိထားခဲ့ပါသည်။ ပြောပြသူမှာ ဗန်းမော်မြို့ ဂါတ်သစ်တွင်နေထိုင်သော အဖေဆရာ ရဲမျှူးတစ်ဦးဖြစ်၏။ သူပြောပြသည်မှာ အညာဘက်တွင် ကျတ်ဖြစ်နေသော လူတစ်ယောက်သည် သူဇနီးအား ထန်းတက်ကျွေးသည် ဆို၏။ ကလေးနှစ်ယောက်ရသည်ထိ ပေါင်းသင်းလာခဲ့ရာ တစ်နေ့ ရှမ်းပြည်နယ်ဘက်မှ ဆရာကြီးတစ်ဦးသည် ထိုရွာလေးမှ ဖြတ်သွားစဉ် ထန်းပင်တက်သွားသောသားအဖသုံးယောက်ကို မော့ကြည့်ပြီး 'ဟ-ဒါကျတ်တွေပါလား' ဟု ပြောလိုက်သည်နှင့် သုံးယောက်စလုံး ပြုတ်ကျကာ အရိုးပေါ် အရေတင်များအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားသည်ဟု ဆို၏။)

သက်ရှိပြီးသည့်နောက်ပိုင်း -

လူမှာ အနည်းငယ်ငြိမ်လာ၏။ သက်ရှိတွင်း ကျင့်ကြံအားထုတ်ခဲ့မှုများကြောင့်ဖြစ်မည်ထင်ပါသည်။

"ကောင်လေး"

"ဟာ - အစ်ကို ကိုငယ်"

"အေး - မင်းဘယ်ကလာတာလဲ၊ ငါ့အိမ်လာတာလား အခု"

"မဟုတ်ဘူး အစ်ကို"

"မကျင်ပြိုင်ကပြောတယ်။ မင်းကို ဒီနားမှာတွေ့တွေ့နေတယ်ပြောတယ်၊ ဒါပေမယ့် ဘေးနားမှာ ဟိုဘက်နားက လူတွေနဲ့ရင်းနှီးတဲ့ဆရာကြီးပါပါနေတာတဲ့"

"ဟုတ်တယ် အစ်ကိုရဲ့၊ ကျွန်တော် အဘစိန်နဲ့ ဒီနားကိုပြန်ဖြတ်သွားနေတာ"

"အဘစိန် အဘစိန်၊ ဩော်-သြော် - ဟိုဆရာကြီး။ အေးအေး - သိတယ်။ ကလေးတွေ သူငယ်နာ မာန်တွေဘာတွေ သူလုပ်လုပ်ပေးတယ်၊ ဗေဒင်ဟောတာတော့မဟုတ်ဘူး"

ကျောက်စာတော်ဘုရားအနီးပင် နေထိုင်သော ကိုငယ်ဖြစ်သည်။ ထိုကိုငယ်နှင့် မကျင်မြိုင်တို့၏အိမ်အကြိမ်ကြိမ် ရောက်ခဲ့ဖူးပါသည်။ သို့သော် ကျွန်ုပ်တစ်ယောက်တည်း မဟုတ်။ ဘိုစိန်နှင့် ကိုမျိုးမြင့်ပါ ပါ၏။

ဗောင်းဆောင်းဘွဲ့ရ ဆရာဝေထံတွင် (၃၇) မင်းနှင့်ဆိုင်သော ဗေဒများ၊ ဗဟုသုတများ အနီးကပ် လေ့လာသင်ယူခဲ့စဉ်က ကိုငယ်တို့အိမ်သောက်ပွဲကျင်းခဲ့ဖူးပါသည်။

ကျွန်ုပ်လည်း မည်သို့ရေရာမှုရှိသည်မသိ၊ ဤနေရာလေးတွင် တဝဲလည်လည်ဖြစ်နေ၏။

သို့သော် -

ဤတစ်ကြိမ် တဝဲလည်လည်ခြင်းမှာ အဘစိန်နှင့်သွားအတူလာကြောင့်ဖြစ်သောကြောင့် ကိုငယ်ကို မကူးတော့ခြင်းဖြစ်ပြီး သီးသန့်ခပ်ဆွေးနေလိုက်ခြင်း ဖြစ်ပါသည်။

(၃၇) မင်းနတ်ပညာများလေ့လာစဉ်ကရောက်ခဲ့ရပုံနှင့် ယခုရောက်နေမတူပါ။

ယခုရောက်နေရသည်မှာ ...လို လူမိုက်ဆန်၍မရ၊ အဘနီးသည်။ အဘအမြင်စောင်းသွား၍မဖြစ်ထို့ကြောင့် -

ယခုရောက်ခြင်းသည် ပညာစတင်သင်ကြားခဲ့ပါလျက် အမှန်အတိုင်းပြောဆိုနေထိုင်၍မရဖြစ်နေရပါသည်။

"ဟာ - ကိုသိန်း"

"အေး - ငါလာရှာတာ နှစ်ခါ"

"ဟုတ်လား"

ကျွန်ုပ်နှင့် သင်ဖော်သင်ဘက်ပြော၍ရသော်လည်း ကျွန်ုပ်ထက် ရှေးကျသော ဆရာသခင်၏ တပည့်ဖြစ်၏။ ဆရာသခင်၏စကားကို

www.burmeseclassic.com

www.burmeseclassic.com

ဒီသေစွာ နာခံတတ်သော ကျွန်ုပ်သည် ဆရာသခင် သင်ကြားပြသ ဆိုဆုံးမသည့်အတိုင်း ကိုသိန်းကို လေးစားစွာ ဆက်ဆံ၏။ သူက အရင်တပည့်ကြီးဖြစ်၍ ကျွန်ုပ်က မောက်မောက်မာမာတစ်ခါမှမပြောရဲခဲ့။

"အေး - ဟိုနင်းကွာ၊ ဆရာသမားလွတ်လိုက်လို့"

ခေါင်းနှားပန်းမျှားကြီးသွား၏။

"လွတ်လိုက်တယ်ဆိုတာက မင်းကိုတွေ့အောင်သွားစောင့်ပြီးပြောလိုက်ဘဲ မှာလိုက်တယ်။ လတွေလည်းနည်းနည်းရလာပြီတဲ့၊ လုပ်စရာရှိတာတွေကို သုပ်ရတဲ့အခါ မလိုတာတွေ မရောယှက်နဲ့တဲ့ ဒါပဲမှာလိုက်တယ်။ ငါလည်း ဆရာသမားပြောလိုက်တဲ့အတိုင်း ပြန်ပြောပြတာပဲ။ ဘာလဲတော့ ငါလည်း သေဘူး"

"ဟုတ် - ဟုတ်ကဲ့ အစ်ကိုသိန်း"

"အေး - မင်းတော့သိမှာပေါ့။ ငါတော့ ဘာမှမသိဘူး"

"ဟုတ်ကဲ့"

"အေး - ဒါဆိုလည်းပြီးရောလေ၊ ငါသွားမယ်"

"ဟုတ်ကဲ့ - ကိုသိန်း"

ဆရာသခင်၏ တပည့်များသည် စကားကို အပိုပြောလေ့မရှိကြ။ ကိစ္စပြီးသည်နှင့် ခြာကလဲပြန်လှည့်သွားတော့၏။

ကိုသိန်းသည် ဆရာ၏တပည့်ဖြစ်သော်လည်း စာဖတ်အားအလွန်ကောင်း၏။ သူတွင် အခြားဆရာများလည်းရှိ၏။ သို့သော် ဆရာ့ကိုသာ အလွန်ရိုသေ၏။ ကိုအတော်ကောင်းသူဖြစ်သောကြောင့် ကိုသိန်းကို အလွန်သဘောကျ၏။ လူက ပုပျပါပျပ်၊ အသားလတ်လတ်၊ ဆံပင်က ခပ်ကြမ်းကြမ်း၊ ခပ်ထောင်ထောင်၊ စကားပြောလျှင်လည်းမြန်၏။ ဆရာသွားလေရာ သူပါတတ်၏။

ကိုယ်ခံပညာအလွန်ကျွမ်းကျင်သောကြောင့် ဆရာကလည်း သူ့အားသွားလေရာခေါ် ခေါ် သွား၏။

တစ်ခါက ကျွန်ုပ်နှင့်အတူ ကျူးဘန်းကျွန်းတွင် လက်လွတ်ခြေလွတ်တိုက်ခိုက်ကစားရာ သူ၏ညိုသကျည်း၊ ဒူးဆစ်များကို ကျွန်ုပ်၏ ခြေသလုံးနှင့် လှမ်းခိုက်ချိုးသလိုကန်လိုက်တိုင်း သူ၏ကိုယ်မှာ ဖက်ရွက်လေးတစ်ရွက်နှယ် လေးပေခန့် စွေ့ခနဲစွေ့ခနဲမြောက်တက်သွား၏။ စုံခုန်ခြင်းဖြစ်၏။ တစ်ချက်မှမထိ။

သူတတ်ထားသည်မှာ သိုင်းလား၊ ကွန်ဖူးလား ကျွန်ုပ်မသိပါ။ သို့သော် လျှပ်စီးလက်သလို လှမ်းလှမ်းထိုးသော သူ့လက်သီးများကို သတိကြီးစွာထား၍ ဆုတ်ခွာခွာနှင့်ရှောင်ခဲ့ရဖူးပါသည်။

ကျွန်ုပ် သူ့ကို လျှော့မတွက်ပါ။

ယခု -

ကိုသိန်းကိုလွှတ်ပြီးပြောခိုင်းလိုက်ပြီ ဖြစ်၏။ 'လုပ်စရာရှိတာကိုလုပ်ရတဲ့အခါ မလိုတာတွေမရောယှက်နဲ့'ဟူသော စကားကို ကျွန်ုပ်စဉ်းစားနေ၏။

ဆရာခိုင်းစေလိုက်သော ကိစ္စကို ကျေပွန်စွာ ထမ်းဆောင်နေပါသည်။ သို့သော် ဆရာအရှင်သူမြတ်နှင့်အတူ အဓိဋ္ဌာန်ကြီးများဝင်ခြင်း၊ သာသနာပြုခရီးများသို့ လိုက်ပါ ပါရမီဖြည့်ခြင်းများ ပြုခဲ့သည်သာရှိ၏။ ဆရာနှင့်မတွေ့သည့်ကြား အဓိဋ္ဌာန်ကြီးများအတော်ဝင်ဖြစ်၏။ ကေလာသခရီးလိုက်ပါဖြစ်ခဲ့၏။ ကျန်တာကျွန်ုပ်ဘာမှမလုပ်မိပါ။ စဉ်းစားရင်း -

ခေါင်းထဲတွင် လက်ခနဲတစ်ခုဝင်လာ၏။

မနှင်း။

အန်တိပန်းသမီး မနှင်းအား လူငယ်တို့ဘာသာဘာဝ ဝေ့လည်ဝေ့လည်ရစ်သီရစ်သီလုပ်ခဲ့၏။ အင်္ဂါဇာပညာခန်းမ ဆပွတ်များကိုသုံး၍ မနှင်းနှင့် ရင်းနှီးမှုကိုရအောင်ယူခဲ့၏။

ဟုတ်ပြီ -

ဆရာသည် မိန်းကလေးများကို ကြည့်မိလျှင်၊ အရောဝင်မိလျှင်၊ စကားလက်ဆုံကျမိလျှင် လုံးဝ မကြိုက်ပါ။ ကျွန်ုပ်ဘဝတွင် ဤကိစ္စများသည် ပညာသင်၍မတတ်တော့သည်ထိ အနှောင့်အယှက်ပေးမည့်အဖျက်များဟု ဆို၏။

ကျွန်ုပ်မှာ အလွန်အနေခက်ရပါသည်။

ဆရာ၏ စကားကို မြေဝယ်မကျနားထောင်တတ်သူ ဖြစ်သောကြောင့် ဆရာ့ထံ လာရောက် မေးမြန်းကြသူများတွင် ကျွန်ုပ်နှင့်ရွယ်တူမိန်းကလေးများ ပါလာခဲ့လျှင်ပင် စေ့စေ့မကြည့်ရဲခဲ့သူဖြစ်၏။

သွားပြီပေါ့ မနှင်း။

အိပ်မက်လှလှလေးများမက်မည်ဟု အစပြုရုံရှိသေး၊ အိပ်ရာမှလန့်နိုးသွားရခဲ့ပြီ။

❑

"လူလေး"

"ဗျာ - အဘ"

"ဟိုနေ့က အဘာပြောတာ ဒီအိမ်လေ"

"ဟုတ်ကဲ့"

"အဘကတော့ ပြောသင့်သလောက်ပြောပါတယ်။ တချို့စကားတွေကျ အဘမပြောချင်ဘူး။ အလေးထားခြင်း၊ အလေးမထားခြင်းဆိုတာရှိတယ်။ 'ပေါ့ပြက်ပြက်နားထောင်တတ်တဲ့သူအဖို့ လေးလေးနက်နက်စကားတွေက အချည်းနှီးပဲ လူလေး' "

"ဟုတ်ကဲ့"

အဘသည် စကားတပြောပြောနှင့် အိမ်ပေါ်လှမ်းတက်သွား၏။ အိမ်လေးမှာ လှလှလေးဆောက်ထားသော နှစ်ထပ်အိမ်လေး ဖြစ်၏။

"ဆရာကြီး၊ ထိုင်"

အသံခပ်ပြာပြာနှင့်လူတစ်ယောက် ထွက်လာပြီး ဖျာခင်းပေး၏။ အိမ်နောက်ဘက်အခန်းထဲတွင် မိန်းမသံများကြားရသောကြောင့် ကျန်သောအိမ်သားများ ရှိနိုင်၏။

"လူလေး၊ ဒါ မောင်စိန်ဝေ"

"ဟုတ်ကဲ့ - အဘ"

သိလိုက်ပါပြီ။ အဘအကြောင်းကို ကျွန်ုပ်အသိဆုံးဖြစ်၏။ တစ်ခုခုစပေးလိုက်ခြင်းသည် ထိုသူအား ပြောလိုက်လူလေးဟု ခွင့်ပေးလိုက်ခြင်းသာ ဖြစ်၏။

"စကားပြောရတာ တော်တော်လက်ပေါက်ကတ်မယ်အဘ"

ကျွန်ုပ်ခပ်တည်တည်နှင့်ပြောလိုက်ပြီး ကိုစိန်ဝေ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ သူ့မျက်နှာကြောမှာမာသော်လည်း မရယ်ချင့်ရယ်ချင်ပြုံးစိစိနှင့်။

"ဟုတ်လား လူလေး"

"ဟုတ်တယ်အဘ၊ သာမိကာရကနာမည်မျိုးထဲမှာမှ ဒီနာမည်တွဲဟာအဆိုးဆုံးပဲ။ စကားပြောရင် အရမ်းငြင်းတတ်တယ်၊ သူသိသူတတ်ပဲ၊ သူသာဆရာကြီး။ သူပြောတာမှအမှန်"

ရယ်ရယ်မောမောနှင့်ပြောလိုက်သော်လည်း စကားသံကိုမယိုင်အောင် ခပ်ထန်ထန်ပြောလိုက်၏။ 'ဥရ' ဌာန်နှင့်ပြောလိုက်၏။

"ကျွန်တော့်အကြောင်းတွေတော်တော်ပြောပြထားတယ်ဟလားဆရာကြီး"

"အမယ်-စိန်ဝေ့နှယ်၊ လူလေးကိုများ မင်းကတောထင်တောင်ထင်"

"မဟုတ်လို့လား"

အဘရယ်နေ၏။ ပြီးမှ ကျွန်ုပ်ဘက်သို့ကြည့်နေ၏။ အဘ၏မျက်လုံးတို့ကို ကျွန်ုပ်သိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုစိန်ဝေတို့နော် ရှာသမျှ တစ်ပြားမှအဖတ်မတင်ဘူး"

နောက်ဘက်အခန်းထဲမှအသံများ တိတ်ပြီး လိုက်ကာကြားမှ ခေါင်းလေးများ ပြူတစ်ပြူတစ်ဖြစ်လာကြ၏။

"ဘာဖြစ်လို့လဲ ညီလေး"

"ဒီမှာလေ အိမ်ရှေ့တံခါးမကြီးနဲ့ နောက်ဖေးတံခါးပေါက်နဲ့တန်းနေတာပဲ။ ပြီးတော့ နောက်ဖေးတံခါးဖွင့်လိုက်တာနဲ့ အိမ်သာကြီးကတန်းနေတာပဲ၊ နည်းနည်းလေးတောင်မရွှေ့ဘူး။ အိမ်ခန်းဝနဲ့ ကွက်တိလိုဆောက်ထားတာ"

ကိုစိန်ဝေမျက်နှာမှာ အိမ်ရှေ့တံခါးမှသည် နောက်ဖေးဘက်ဆီသို့ လည်သွား၏။ မျက်လုံးက အိမ်သာမှာ။

"အေး - ညီလေးပြောမှသတိထားမိတယ်၊ ဟုတ်သားဟ"

"ဒီလိုအိမ်မျိုးတွေခဏခဏတွေ့ဖူးတယ် ကိုစိန်ဝေ။ တွေ့တဲ့အိမ်တိုင်း ဘယ်လိုမှရှာမရဘူး။ ပြီးတော့ လူတွေ မတည့်ကြဘူး၊ အိမ်သားတွေ။ တည့်ပြန်ရင် တစ်ယောက်မဟုတ်တစ်ယောက် ချူချာရော"

"ဟယ် - ဟုတ်တယ်တော်၊ ဟုတ်တယ်၊ ဟုတ်တယ်"

လိုက်ကာကြားမှ မျက်နှာလေးသာထွက်ကြည့်နေသောအစ်မထွက်လာ၏။ ကိုစိန်ဝေ့မိန်းမဖြစ်ပုံရ၏။ ပုပျပ်ပျပ်နှင့် ခပ်သွက်သွက်ထွက်လာပြီး အဘဘေးတွင်ကပ်ထိုင်ရင်း ကျွန်ုပ်ကို တအံ့တသြနှင့်ကြည့်နေ၏။

"ကျွန်တော် ခဏခဏတွေ့ဖူးတယ်။ ဒီလိုအိမ်မျိုးတွေမှ ပြဿနာတက်ကြပြီဆိုရင်ထိန်းမနိုင်သိမ်းမရဘဲ။ ဘီလူးသရဲစီးသလိုလို၊ မကောင်းဆိုးဝါးကပ်သလိုလိုနဲ့ ဘယ်လိုမှဆွဲမရလွဲမရဘဲ။ သားသမီးတွေကလည်း. . . အဘပြောရမလား"

"ပြောရမယ်လူလေး၊ ပြောရမယ်။ ဒါ လူလေး မောင်စိန်ဝေတို့ကောင်းဖို့ ပြောပေးနေတာလေ၊ ပြောရမယ်"

"သားသမီးတွေကလည်း တစ်ယောက်မှမလိမ္မာဘူး။ တော်လှန်ချင်ကြတာချည်းပဲ။ ရိုင်းချင်တယ်။ ပြီးတော့ မိဘဘာမှအဖော်မရဘူး။ ကိုစိန်ဝေမှာ ကလေးရှိ၊ မရှိ ကျွန်တော်မသိဘူးနော်။ ကျွန်တော်က အမြင်အတိုင်းပြောတာ"

"အမလေး - မောင်လေး၊ မှန်လိုက်တာမှ သွေးထွက်အောင်ကိုမှန်တယ်။ မြေကြီးကို လက်ဝါးနဲ့. . .

"နေပါဦး အရွေ့ရယ်၊ သူပြောပါစေဦး"

ကိုစိန်ဝေ့စကားကြောင့် မရွှေငြိမ်သွား၏။ သို့သော် မျက်နှာမှာ ဘေးဘယ်၊ ညာ မေးထိုးသလိုယမ်းနေပြီး မျက်လုံးက ကိုစိန်ဝေကို မျက်စောင်းတခဲခဲ မေးကတထိုးထိုး။ 'သူပေါ့၊ ရိုင်းနေတာ သူ့ကြောင့် ဖြစ်နေတာ' ဟူသည့်သဘော။

"ဒါတွေက သိရုံနဲ့မပြီးဘူး ကိုစိန်ဝေ"

ဤစကားကို ကျွန်ုပ် တမင်ပြောလိုက်ခြင်း ဖြစ်၏။ သူ၏အမူအရာမှာ ငါသိပါတယ်ဟု အဓိပ္ပာယ်ထွက်နေသောကြောင့်ပင်။

"သိရင်လည်းပြင်မှဖြစ်မယ်"

"အေး -ငါလည်း အစကတော့ ဒီဘက်မှာ ငါးထပ်သားကြီးတစ်ချပ်ကာထားတယ်။ ခုလို ညီလေးပြောသလိုတိုးလျှိုပေါက်ကြီးမဖြစ်ဘူး။ ဘာမှသိလို့တော့မဟုတ်ဘူး။အိမ်သာမမြင်ရအောင်ကာတာ။ ခု အဲဒီငါးထပ်သားက အရွှေ့တို့ အခင်းလုပ်လိုက်လို့။ ဟုတ်ရော့ ဟုတ်တယ်၊ ငါးထပ်သားကာထားတုန်းက. . . အေး - ဟုတ်သားကွ"

"ဒါဆို မောင်လေး၊ အစ်မကြီး အဲဒီ ငါးထပ်သားနဲ့ ပြန်ကာလိုက်မယ်လေ"

"မလုပ်နဲ့ အစ်မကြီး။ ခင်ပြီးသားကို အိမ်ရှေ့ပြန်ကာလို့ မရတော့ဘူး။ အရမ်းခိုက်တယ်"

"ဟုတ်လား"

"ဟုတ်တယ်"

"မမရွှေတို့တော့ ဗဟုသုတနည်းပါးရန်ကောကွယ်၊ မကြားမိဘူး"

(၅)လိုမျိုး အကြိမ် ၄၊ ၅ ကြိမ် ထက်မနည်းကြုံခဲ့ဖူးပါပြီ။ မှတ်မှတ်ရရ လူတစ်ယောက်ဆိုလျှင် အလွန်သန်မာတောင့်တင်းသော အားကစားသမားဖြစ်၏။ အမြဲတမ်း တက်ကြွပျော်ရွှင်နေသူလည်း ဖြစ်၏။

တစ်နေ့ ဈေးလေးတစ်ဈေးတွင် အမှတ်မထင်ဆုံမိလေရာ အလွန်အရွယ်ကျသွားသော သူ့အား ကျွန်ုပ်အံ့အားသင့်ပြီး ဘာပြောရမှန်းပင် မသိတော့။ တောင်ပြောမြောက်ပြောပြောကြရင်း -

"ညီလေးရာ၊ အစ်ကို အိမ်လည်း နှစ်ထပ်ဆောက်ပြီးရော ဒီလိုဖြစ်တော့တာပဲ။ လူဟာ ကိုယ့်ကိုယ်ကိုယ်နေသေမလား၊ ညသေမလားလို့တောင်တွေးပြီး စိတ်ဓာတ်တွေကျနေပြီ"

ဟု အစခံ၏။

ကျွန်ုပ်လည်း သူ့ကိုအကဲခတ်လိုက်ပြီး -

"အစ်ကို့အိမ် ကျွန်တော်လာခဲ့မယ်"

ဟု ပြောလိုက်၏။

ရောက်သွားပါသည်။ စိတ်ထဲက သံသယတွေများလာသောကြောင့် အပေါ်ထပ်သို့တက်ကြည့်ရာ သစ်ဟောင်းများ အပေါ်ထပ်ခန်းလုံးပြည့်ခင်းထားသည်ကို တွေ့ရ၏။ အောက်ထပ်အခင်းမှာ သစ်လွင်တောက်ပနေပြီး အိမ်လေးမှာ တကယ့်နင်းရက်စရာပင်မရှိအောင် ကြမ်းများလှပစွာခင်းထားခြင်း ဖြစ်၏။

"ဒီအပေါ်က ကြမ်းဟောင်းတွေက ဘယ်ကလဲ၊ အောက်ထပ်အခင်းကို အပေါ်တင်ထားတာလား"

"ဟုတ်တယ် ညီလေး၊ အဲဒီကြမ်းတွေက ပျဉ်းကတိုးတွေ။ တအားကောင်းတယ်။ ဒါကြောင့် အစ်ကိုကြီးလွှင့်မစဘဲ အပေါ်ထပ်က ကြမ်းဟောင်းတွေဖယ်ပစ်ပြီးခင်းပလိုက်တာ"

"ခင်းပေးတဲ့ပုဂ္ဂိုလ်ကဘာမှမပြောဘူးလား"

"မပြောဘူး၊ အစ်ကိုကြီးကလည်း ဒီလိုလိုချင်တယ်ပြောတော့ သူလည်း ခင်းပေးတာပေါ့"

"ဒါတွေဖယ်လိုက်ပါ အစ်ကိုကြီး"

"ဟင် - ဘယ်လို"

"အောက်က ခင်းပျဉ်ကို အပေါ်ယူမခင်းရဘူး အစ်ကိုကြီး"

"ဘာဖြစ်တတ်လဲ"

"တဖြည်းဖြည်းနဲ့ထိထိလာရင်းကနောက်ဆုံး အစ်ကိုကြီးရဲ့အသက်ထိခိုက်သွားပါလိမ့်မယ်"

"ဟာ - ဒါဆိုမဖြစ်ဘူး။ အကုန်ပြန်ဖယ်ပစ်မယ်။ ဒီအောက်မှာ အသစ်ခင်းထားတာတွေကရော အန်စာကွတ်လေးတွေပါ လှလှပပဖော်ထားပြီးသားဖြစ်နေလို့"

"အဲဒါက ရတယ် ထားလိုက် ဒီအပေါ်သာလုပ်"

ထိုနေ့မှစ၍ ထိုအစ်ကိုကြီးကိုယ်တိုင် ဘေးကထိုင်ပြီး လက်သမားများခေါ်၍ပြန်ပြင်လေရာ အစ်ကိုကြီးရုပ်သွင်အဂီသည် တစ်လကျော်ကျော်မှာ နေ့ယခင်ကအတိုင်း ပြန်လည်စိုပြည်ကျန်းကျန်းမာမာ ချောချောမောမောဖြစ်သွားလေတော့၏။

အစ်ကိုကြီးအိမ်ကဲ့သို့ အောက်ခင်းပျဉ်ကို နှမြောရ၍ဟုဆိုကာ အပေါ်ထပ်ခင်းပျဉ်ပြောင်းခင်းကြသူနှစ်ဦးလည်း ထပ်မံကြုံခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်း ရှင်းပြခဲ့ပါ၏။

သို့သော် သူတို့ကိုယ်တိုင် အယုံအကြည်မရှိသလိုလို၊ ပြက်ရယ်ပြုသလိုလို နှင့် 'က' - လုပ်စမ်းပါဦးကွာ၊ အဲဒီအင်းတွေ အထက်အောက်ပြန်လဲခင်းပါက်မယ်။ ဘယ်နှရက်အတွင်း ထီပေါက်မလဲပြော' ဟူသော ပြက်ရယ်ပြုစကားများပြောလာကြ၏။ ကျွန်ုပ်ဘာမျှ မပြောပါ။ ဆရာသခင်၏ဆုံးမမှုအတိုင်း သူအတွက်ပြောတာလား၊ ကိုယ့်အတွက်ပြောတာလားကိုမသိသောသူများအား ကောင်တောင်ကြည့်နေရမည် ဟူသည့် အဆိုအမိန့်နှင့်အညီ နှုတ်ဆိတ်စွာနေထိုင်ပါသည်။ သူတို့ကို အပြစ်မပြောပါ။

(၉) ဝန်းကျင် လူငယ်တစ်ယောက်ကို (၁၀) ကျော်အရွယ်များက မယုံခြင်းမှာ သဘာဝကျပါသည်။ ကျွန်ုပ်လည်း ထင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်ပြောတစ်နှစ်မပြည့်တပြည့်တွင် ထိုပုဂ္ဂိုလ်ကြီးတော်သို့ ခရီးဆက်သွားသည့်အခါ ကျွန်ုပ် လိုက်ပါပို့ဆောင်ပေးခဲ့ပါသည်။ သူ၏ အိမ်အပေါ် ထပ်က သူနှမြောခဲ့သော ခင်းပျဉ်များကို သူယူမသွားနိုင်ခဲ့။

တစ်ဦးဆိုလျှင် ဆရာများသူဖြစ်၏။ အထူးသဖြင့် အပူးအခွာပုဂ္ဂိုလ်များနှင့် ဘာမဆိုတိုင်ပင်သူ ဖြစ်၏။ သူ၏ အားသည် ကျွန်ုပ်၏သူငယ်ချင်းနှင့်အတူ ယောရာက စကားစပ်မိ၍ ပြောရင်း သူ့အိမ် ကြမ်းပြင်အသစ်လဲပြီး ထပ်ခိုးသည့် အောက်ကြမ်းခင်းပျဉ်များပြောင်းလဲခြင်းကို ကျွန်ုပ်သိလိုက်ရ၏။

သူငယ်ချင်း၏ မေတ္တာရပ်ခံချက်နှင့် လိုက်သွားပြီးကြည့်မိပါသည်။ ထိုအိမ်မှလူများသည် ကျွန်ုပ်၏ အရွယ်ကြည့်၍ ဘာကိုစိတ်မချသည်မသိ ဆောက်တတကောက်ကောက်လိုက်ပြီး နောက်ခြည်မပြတ်ကြည့်၏။ ထပ်ခိုးဆိုသော်လည်း လူငါးယောက်၊ ခြောက်ယောက်ခန့် ကောင်းကောင်းအိပ်၍ရ၏။ အပေါ် တွင်ခင်းထားသော ကြမ်းခင်းများ ကို လက်တစ်ဝါးခန့် လျှာထိုးပျဉ်ချပ်ကြီးများဖြစ်ပြီး အတော်ကောင်းလှ၏။ ချောင်လက်နေ၏။ ကျွန်ုပ်က 'ကောင်းသားကောင်းပါရဲ့။ ဒါပေမယ့် ရွှေလိုက်ဆိုကောင်းပါတယ်'ဟု ပြောလိုက်လျှင် သူကိုရွှေရမလဲ၊ ဒါလောက်အတောင့်ခြင်းထားတာကို ပြန်ဖျက်ပစ်ရမယ်တော်လား'ဟုထွေငေါ့ကြ၏။ အချင်းချင်းသဘောကြပြီး ပြုံးစိစိနှင့်ခေါင်းများယမ်းကြ၏။ ဘာတွေလာပြောနေမှန်းမသိဘူး ဟူသည်သဘော ဖြစ်၏။ ကျွန်ုပ်ကပြောလိုက်၊ ဆန့်ကျင်ဘက်ပြောလိုက်နှင့် ကြာလာသော် နှုတ်ဆိတ်စွာနေလိုက်ပါတော့သည်။

ဦးဆုံး အိမ်ထောင်ဦးစီး စ၍ လေဖြတ်၏။ နောက် သူ့အောက်က ဒုတိယအကြိုးဆုံးလူ ရုတ်တရက်သွေးဆောင့်တိုးပြီး ကံကုန်သွား၏။ သူတို့၏ကလေး အပေါ် ထပ်မှလှေကားအတိုင်း လိမ့်ကျကာ လက်ကျိုးသွား၏။ ထို့အဖြစ်အပျက်တို့ဖြစ်ပြီးခါနီး ကျွန်ုပ်၏ သူငယ်ချင်းနှင့်ခင်သော ထိုအိမ်မှ သူငယ်ချင်းထပ်ရောက်လာ၏။ ပြောပြ၏။ သူတို့မှာ ဆရာများကြောင်း၊ အကြိုက်လိုက်ပြောပြီး ငွေသာတောင်းကာ ပြန်သွားကြသူကများကြောင်း၊ ယခု အစ်ကိုလို ရဲရဲတင်းတင်း ဘယ်သူမှ အမုန်းခံပြီးမပြောကြောင်း ပြောပြ၏။

ကျွန်ုပ်က ပြုံးကာ နားထောင်နေလိုက်ပါသည်။

ဆရာ၏ ဆုံးမစကားအတိုင်း ခပ်မဆိတ်နေလိုက်ပါသည်။)

"လူလေး"

"ဗျာ - အဘ"

"ကတဲကွယ် - အပေါ် ထပ်မှာ ကြည့်နေတာမပြီးတော့ဘူး။ ပြောလိုက်ဦးလေ မရွှေကို"

"ဘာကိုလဲ အစ်မကြီး"

"သြော် - အစ်မကြီးတို့တော့ ဗဟုသုတနည်းလို့ မကြားဖူးဘူးလို့"

"ဟုတ်ကဲ့-အစ်မကြီး၊ ဒီလိုမျိုးက ထိရင် အိမ်ထောင်ဦးစီးကိုထိတယ်။ အောက်ကြမ်းခင်းဟာ အပေါ်ကိုမခင်းကောင်းဘူး။ ထိရင်တော့ ကျန်းမာရေးက စထိတာပဲ"

"ကိုစိန်ဝေလေ သွေးတွေတိုးလို့ ကုလိုက်ရတာနည်းလား။ အိမ်ပြင်ဆောက်မယ်ဆိုတုန်းကလည်း ဆရာကြီးစိန်ကမရှိဘူးလေ၊ ဘုရားဖူးသွားတယ်။ တိုင်ပင်စရာကလည်းမရှိ၊ ဆောက်ပြီးပြန်တော့လည်းမတွေ့ဖြစ်၊ တွေ့ပြန်တော့ စကားမစပ်မိ၊ မပြောမိ။ အဲဒါ ခုမှပဲ"

"ဟုတ်ကဲ့ - အဘသင်ပေးထားတဲ့ အတွေးအခေါ်တွေ၊ ပညာတွေပါ။ ဒါလည်း အဘခွင့်ပြုမှုပြောရဲတာပါ။ အဘက ပြောလိုက်ဆိုရင်တော့ ပြောပါတယ် အစ်မကြီး"

"အေးလေ၊ ကိုစိန်ဝေဟာ သွေးတိုးရှိတာမဟုတ်ဘူး။ အဲဒီမရှိတဲ့လူဟာ ခေါင်းကိုက်ပြီးအော်နေရတယ်။အသားအရေတွေဆို ဖြူဆုတ်ဆုတ်ကြီးဖြစ်ဖြစ်သွားပြီး ချွေးက ဆယ့်နှစ်ရာသီပြန်နေတော့တာပဲ။ အဲဒါ ပြီးခဲ့တဲ့လကမှမနည်းကုထားရတာ။ ကောင်းရင် တစ်လပဲ၊ ထပ်ဖြစ်ပြန်တာပဲ။ သူကိုပဲပူနေရတာ၊ ဘယ်နေ့ ဘယ်နေရာမှာမူးလဲနေမလဲလို့။ ပြောလိုက်ရင် ငါ့အတွက်မပူနဲ့ချည်းပဲ"

"အေးလေ၊ ခုညီလေးပြောပြီလေ။ အဲဒီဟာတွေပြန်ဖယ်ရတော့မှာပေါ့"

အပေါ် ထပ်သို့ မော့ကြည့်ကာ ပြောနေသော ကိုစိန်ဝေကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေမိပါသည်။ လူကတဲ့ဖြူကြီးတော့ မှန်သည်။ သို့သော် သူသိသလောက်လေးသာ သူကွက်ငြင်းခုံတတ်သူဖြစ်ပြီး သူမသိသည်ကို ရှင်းပြလျှင် လက်ခံရှာပါသည်။

"လူလေး"

"ဗျာ - အဘ"

"လူလေးဟာ ပညာကိုလက်ထပ်မသင်ခဲ့ရရှာပေလို့ဘဲ"

ပြုံး၍ပြောရင်းလျှောက်နေသော အဘကိုလှည့်ကြည့်မိလိုက်၏။ အဘ၏ မျက်နှာသည် အတွေးများစွာနှင့်ပြည့်နေပုံရ၏။ စဉ်းစားနေပုံလည်းရ၏။ အလေးအနက်စဉ်းစားနေပုံရ၏။

"ကျွန်တော် မနေတတ်ဘူး အဘ။ စာတွေ့မေတွေ့ကို မရမကလေ့လာစူးစမ်း၊ မရမကရှာဖတ်၊ ကြားလိုက်ရင် မတွေ့တွေ့အောင် သဲသဲမဲမဲရှာဖတ်၊ ဖတ်လို့စဉ်းစားမရရင် ပြောနိုင်ဆိုနိုင်တဲ့ပုဂ္ဂိုလ်တွေကိုစုံစမ်း၊ ရှိရှိသေသေ ချဉ်းကပ်မေး၊ အဲဒါဒီလေးတွေမှတ်ထားပြီး လက်တွေ့ကြုံတဲ့နေရာတွေမှာ လက်တွေ့နဲ့ယှဉ်ကြည့် အဲလိုပါ အဘာ"

"အေး - လူလေးတကယ်ကြိုးစားပါတယ်။ အဘသဘောကျတယ်။ မသိရင် ပညာကိုလက်ထပ်သင်ထားတဲ့အတိုင်းပဲ။ ပညာစကားအဝင်အထွက်၊ ပညာစကားအထားအသို၊ အတိုးအဆုတ် အင်မတန်မှ သပ်ရပ်ပါပေတယ်"

အချို့စကားများ၏ အဓိပ္ပာယ်ကို ကျွန်ုပ်မသိပါ။

"အေးပေါ့ လူလေးရယ်၊ လူဆိုတာ လျှောက်ရင်ရောက်မှာပဲ။ ဒါကို လူလေးသိမှာပါ။ မလျှောက်လို့ရှိရင် ဘယ်လောက်နီးတဲ့ခရီးဖြစ်တာတောင် မရောက်နိုင်ဘူး"

ဆရာသခင် မကြာခဏ သွန်သင်ဆုံးမသောဩဝါဒများ ဖြစ်၏။ ကြားဖူးနေရုံမက မှတ်သားခဲ့ရသော၊ လိုက်နာ

www.burmeseclassic.com

www.burmeseclassic.com

နေရသောသြဝါဒများ ဖြစ်ပါသည်။

"အေး - လူလေး စိန်ဝေတို့အိမ်ရဲ့ တည်ဆောက်ပုံစနစ်ကိုပြောစဉ်တုန်းက အဘတောင်အုံသြမိပါရဲ့၊ ဟုတ်နေတာကိုး။ သူတို့အဲလိုဆောက်လိုက်တုန်းကလည်း အဘမရှိတော့ အဘမသိခဲ့ဘူးလေ။ ဒါက 'ဂေဟ'သဘောနဲ့ဆိုင်တယ်။ ပြီးတော့ လူလေးသတိထားမိလား။ အဲဒီအိမ်မျက်နှာမူထားတာက အနောက်အရပ်တည့်တည့်ပဲ"

"ဟာ - ကိုစိန်ဝေရဲ့ဘုမွိအရပ်ကြီးပါလား"

အဘ ဖျတ်ခနဲ လှည့်ကြည့်၏။ သဘောကျနေသော မျက်နှာအမူအရာမှာ အလွန်ချစ်စရာကောင်း၏။ ကျွန်ုပ်ကို ကြည့်နေရင်းမှ ကျွန်ုပ်၏ပခုံးအား သူ၏ ညာဘက်လက်ကလေးနှင့်ထိရုံလေးပုတ်လိုက်ပြီး -

"လူလေးကို သဘောကျတာအဲဒါပဲ။ လူလေးဟာ မတွေ့ဝေဘူး။ ဘာလိုပဲဖြစ်ဖြစ် မဆိုင်းမတွပြောနိုင်တယ်။ ပြောနိုင်အောင်လည်းအားထုတ်တယ်။ ပြောလိုက်ရင် ဒေါက်ခနဲပဲ"

"ဟုတ်ကဲ့ပါ အဘ"

"အဲဒီလိုတွေဆိုတော့ စိန်ဝေထိပြီပေါ့။ မရွေ့လည်းရုပ်မပေါ်ဘူး။ ဒါကို လူလေးထောက်ပြခဲ့တာ အဲဒါ လူလေးကယ်လိုက်တာပဲ"

"ကျွန်တော် အဲဒီလောက်မခံယူရဲပါဘူး အဘ။ အဘခွင့်ပြုချက်နဲ့သာသိထားတဲ့ဗဟုသုတလေးတွေပြောပြခဲ့တာပါ"

"ပြောရမယ်၊ ကိုယ်သိထားတာလေးတွေကို သိထားတဲ့အတိုင်းပြောတာ တစ်ဖက်သားရဲ့ လိုအပ်တဲ့ ကွက်လပ်လေးတွေကို ဖြည့်ဆည်းပေးတာပဲကွယ့်။ ကုသိုလ်အင်မတန်ရတယ် ယူတတ်ရင်"

"ဟုတ်ကဲ့ပါ အဘ၊ မှတ်သားပါ့မယ်"

"သိသိနဲ့မပြောဘဲ ပွဲဖိုးငါးကျပ်တင်ရမယ်၊ တစ်ဆယ်၊ တစ်မတ်တင်ရမယ်ဆိုပြီးလာပေးမှပြောရင်တော့လည်း တစ်မျိုးပေါ့။ ပညာကိုတန်ဖိုးထားပြီး လိုက်နာစေ့ချင်လို့ ပြောတာတော့ မှန်ပါရဲ့။ ပွဲမတင်နိုင်တဲ့လူတွေဆိုသွားပြီ။ မသိကြတော့ဘူး။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ဘူး"

"ဟုတ်ကဲ့ - အဘ"

"ဒါကြောင့် ကိုယ်သိထားတာလေးတွေနဲ့၊ ကိုယ်တတ်ထားတာလေးတွေနဲ့ တစ်ဖက်သား အကျိုးကျေးဇူးများ

အောင်လုပ်ပေးရမယ်။ ဒါ ပရဟိတကျိုးဆောင်တာပဲ။ သူများအကျိုးကိုဆောင်နိုင်တဲ့ပါရမီဟာနည်းမှတ်လို့။ ကိုယ့်အကျိုးတော့လုပ်နိုင်မှာပေါ့ကွယ်။ တစ်ဖက်သားအကျိုးကိုဆောင်နိုင်ဖို့မနောဖြူမှဖြစ်မှာ။ ခု လူလေးဟာ အဘရဲ့မိတ်ဆွေတွေ၊ သားသမီးလိုနေကြသူတွေကိုပြောပြောပေးနေတာ တော်တော်များပြီ။ ငွေရေးကြေးရေးကိစ္စများယောင်လို့တောင်ပြောသံမကြားဘူး။ တစ်ခါတစ်ခါ ဟိုထမင်းဆိုင်လေးရောက်လို့ အဘကျွေးဆိုရင် ဆာဆာနဲ့စားလိုက်သမှ အဘစိတ်တောင်မကောင်းဘူး။ ညော့-လူလေး၊ လူလေး သူဟောပေးနေတဲ့အိမ်တွေမှာ သူဗိုက်ဆာမှန်းမသိအောင် ကြိတ်မှိတ်နေတယ်လို့"

"အဘ၊ ကျွန်တော်ဘယ်လိုမှမနေပါဘူးအဘ။ အဘကျွေးရင်သာစားတာပါ"

"အေးလေ - ဟုတ်တယ်လေ"

"ဟို-ငွေကြေးကိစ္စစိတ်ထဲတောင်မရှိပါဘူး အဘ။ ကျွန်တော်က စာအုပ်လေးဘာလေးလေ့လာခဲ့ပြီး အဘနဲ့တွေ့မှဟောတတ်တော့ ပိုက်ဆံမယူရဲပါဘူး အဘရယ်။ စိတ်တောင်မကူးရဲပါဘူး။ ကျွန်တော်က အဘနားမှာနေရရင်ပြီးရော။ အဘက သွားလေရာတကောက်ကောက်ခေါ်နေပြီပဲ။အဲလို အဘနောက်လျှောက်လိုက်နေရရင် ထမင်းမစားဘဲလည်းနေနိုင်ပါတယ် အဘ"

"တကယ်"

"တကယ်ပါ အဘ"

"အေးပြီးရော၊ ဟိုမှာသက်နိုးကျွန်းဘက်ထွက်တဲ့လမ်းကိုရောက်ပြီ။ အဲဟိုတစ်ဖက်ယပ်ထမင်းဆိုင်ကလေးထဲမှာ အဘနေခဲ့မယ်၊ထမင်းစားမယ်။ လူလေးကကော ကဲ . . ."

"ကျွန်တော်၊ ကျွန်တော် အဘရဲ့ခါးကို ဟောလိုဖက်ထားပြီး ထမင်းဆိုင်ကိုလိုက်မှာပေါ့"

အဘ အားရပါးရရယ်တော့၏။ ရယ်လိုက်သည်မှ အသံများပင်ထွက်ရယ်၏။ ကျွန်ုပ်က အဘ၏ခါးကို လက်နှစ်ဖက်နှင့်ဖက်ထားပြီးပြောသောကြောင့် အဘမှာဟိုယိုင်ဒီယိုင်ဖြစ်နေ၏။

ကျွန်ုပ်သည် အဘ၏လက်ကလေးကိုဆွဲ၍ စုတ်ချာချာထမင်းဆိုင်လေးထဲသို့ ဝင်လိုက်ရန်ဟန်ပြင်ရင်း၊ အဘကိုကြည့်ရင်း အားရပါးရပြုံးလိုက်မိပါတော့သတည်း။

"အကင်၊ ဘယ်လဲ"

"နှင့်ကိုလာရှာတာ"

"ငါက အဘစိန်နဲ့ အမြဲရှိနေတာပဲ။ ဒီမှာပဲရှိတယ်လေ"

"အေး-အဖေကြီးကခဏလောက်တဲ့"

"တော်ပါပြီ အကင်ရယ်။ ဘာဆိုဦးတိုးတင်နဲ့ မကျေပွဲကြည့်ချင်ပြန်ပြီနဲ့တယ်။ ငါမလိုက်ဘူး၊ လိုက်ချင်စိတ်မရှိဘူး"

"မဟုတ်ဘူး၊ ဒီတစ်ခါက အဲဒီမဟုတ်ဘူး။ သူညီမဝမ်းကွဲတစ်ယောက်အိမ်မှာဘာတွေဖြစ်နေမှန်းမသိလို့"

"ဟ - ငါဘယ်သိမှာတုံးအကင်ရဲ့အဘရှိတယ်လေ"

"အဖေကြီးက အဘစိန်ကြီးကအကူအညီတောင်းခဲတယ်။ သိပ်မပြောလိုဘူး ငမောင်ရဲ့။ ငါသိတာပေါ့။ နှင့်တော့ အဖေကြီးစိတ်ဝင်စားတယ်၊ ဦးတိုးတင်လိုတော့မဖြစ်စေရပါဘူးဟာ"

ကျွန်ုပ် ဘာမှမပြောလိုတော့ပါ။ ကိုယ်သိထားကိုယ်တတ်ထားတာလေးတွေနဲ့ တစ်ဖက်သား အကျိုးကျေးဇူးများ အောင်လုပ်ပေးရမယ် ဟူသော အဘဆုံးမစကားကိုလည်း ကြားယောင်နေ၏။

"ဒီအိမ်ပဲ ငါ့တူ"

"ဟုတ်ကဲ့"

ထုံးစံအတိုင်း ဘယ်အိမ်မှာထမင်းပိုးရှိသည်၊ ဘယ်အိမ်မှာ ငါးခြိတ်ရှိသည်များကိုကြည့်ထားရင်း အိမ်လေးတစ်အိမ်ဆီသို့ ရောက်လာပြီးဆင့်က ရှေ့ကတက်၏။ အတင်းကျွန်ုပ်၏ ရှေ့က။

အစ်မကြီး၏ အသက်မှာ (၆၀) ကျော်နှင့် (၄၀) ကြားလောက်သာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုမှ်မည်။ ရုပ်ရည်မှာသန့်ပြန့်၏။

"ကဲ - ပန်းအိ၊ နင်ငါ့ကိုပြတာတွေ ဘာတွေလဲ ယူခဲ့စမ်း၊ သူပြလိုက်စမ်း"

"ဟင် - သူက လှေ့ငွေရဲ့ . . . "

"အေး- ဒါပေမယ့် နင်တို့မသိတာ တွေ့ သူသိတယ်၊ ပြလိုက်"

မပန်းအိ ယူလာပါသည်။ ခဲဖျက်ပြား၊ ခဲဖျက်တုံးကို ပင်အပ်ခြောက်ချောင်း ကြာပုံထိုးဆိုက်ထား၏။

"အစ်မကြီး၊ ဒါဘယ်ကရတာလဲ"

"အစ်မကြီးအိပ်ရာမှာတွေ့တာ"

ကျွန်ုပ်သိလိုက်ပါပြီ။

ပင်အပ်မှာ ပန်းအိနှင့်နံတူဖြစ်၏။ ခဲဖျက်မှာ မူလကို ပစ္စပ္ပတ်နှင့်တွဲထားသောနံဖြစ်ပြီး အဖျက်သဘောဆောင်သောဓာတ် ဖြစ်၏။ ၎င်းအဖျက်သဘောဓာတ်တွင် ပန်းအိနှင့်နံတူ ပင်အပ်များကို နေရာအနှံ့ထိုးဆိုက်ထားခြင်း ဖြစ်၏။ တွေ့သည့်နေရာမှာ အိပ်ရာဖြစ်သောကြောင့် အိမ်ထောင်ရေးနှင့်နှိုင်းနေလောက်ပြီမှန်း၊ အတွင်းအတိုက်ဓာတ်မှန်းကို ချက်ချင်း သိလိုက်ပြီ ဖြစ်၏။ သို့သော် ဆရာသခင်၏ ဆိုဆုံးမမှုအတိုင်း ဘာမှမသိသလိုနေလိုက်ပြီး နှုတ်ကိုစောင့်ထိန်းကာ တိတ်ဆိတ်စွာနေလိုက်၏။

"ပြီးတော့ နင် ဟိုနေ့က ငါ့ကိုပြတာရော"

မပန်းအိ ဆတ်ခနဲ ထသွားပြီး ပစ္စည်းတစ်ခုယူလာပြ၏။ ပစ္စည်းမှာ စလောင်းဖုံးထဲကို အုန်းဆံဖတ်များပြည့်သိပ်နေအောင်ထည့်ထားပြီး အပေါ်က သင်အုန်းကြိုးအထပ်ထပ်နှင့်သပ်သပ်ရပ်ရပ် ပတ်ထားသောပစ္စည်း ဖြစ်၏။

"ဘာကြီးလဲ ဒါ"

"အေး- အဲဒါပဲမောင်လေး။ အဲလိုကြီးတွေ့တာ"

"ဘယ်နားမှာတွေ့တာလဲ"

"မကြီးအိပ်ရာခုတင်အောက်ပဲ။ ခေါင်းရင်းဘက်နားမှာ"

ကျွန်ုပ်စဉ်းစားကြည့်၏။

ပစ္စည်းများမှာ ဘာမှတန်ဖိုးမရှိပါ။ သို့သော် တန်ဖိုးမရှိသောပစ္စည်းများကို သေသပ်စွာ ပြုလုပ်ထားသည်ဖြစ်၍ လျှော့တွက်၍မရတော့။ ထိုပစ္စည်းမှာ ဖုန်များပင်တက်နေချေပြီ။

ကျွန်ုပ်လည်း ထိုပစ္စည်းကိုကိုင်၍ စဉ်းစားမရဖြစ်နေ၏။

ထို့ကြောင့် -

ထိုပစ္စည်းကိုကိုင်၍ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော်ကို အာရုံပြုလိုက်၏။ အင်္ဂါဝိဇ္ဇာဆရာအရှင်သူမြတ်များကို စိတ်တွင်းမှ အာရုံပြုလိုက်၏။ အမေ့ကို အာရုံပြုလိုက်ပြီး ဆရာအရှင်သူမြတ်နှင့် ဆရာသခင် ကျေးဇူးအရှင်ကို အာရုံပြုလိုက်၏။

"ဟာ - ဒါ. . . "

ကျွန်ုပ်၏နှုတ်တို့ ဟ,မလိုလိုနှင့် ပြန်တိတ်ဆိတ်သွားပြန်၏။ ဟုတ်ပြီ၊ ဤပစ္စည်းသည် မပန်းအိကို အလဲထိုးသောပစ္စည်းမှန်း ကျွန်ုပ်သိလိုက်ပါပြီ။ စလောင်းဖုံးသည် မပန်းအိအတွက် မူလကိုပြန်ဝင်သောဆပ္စတ်ဖြစ်၏။ အုန်းဆံသည် အင်္ဂါနံကိုပြန်ဝင်သောဆပ္စတ်ဖြစ်၏။ သင်အုန်းကြိုးမှာ တနင်္လနွေနံကိုပြန်ဝင်သောဆပ္စတ်ဖြစ်လေရာ မူလကို ဆပ္စတ် အုပ်ရိုက်သော ဓာတ် (၃) ချက်ဆင့်သွားပြီ ဖြစ်၏။

အိပ်ရာ၏ သဘောသည် လဲလျောင်းခြင်းနှင့်ဆိုင်သောကြောင့် -

"အစ်မကြီး ဒါမတွေ့ခင်က ခဏခဏနေမကောင်းဖြစ်လား"

"ဆေးရုံနှစ်ခါတက်လိုက်ရတယ်လေ"

"ဟာ-ဒါလောက်တောင်မှပဲလား"

"အမလေး - သေပြီကိုမှတ်တာ။ တစ်ခါများ အပေါ်သွေးဆို (၄၀) ပဲရှိတော့တယ်၊ ဆေးရုံအရောက်မြန်လို့။ ဒီနောက်ပိုင်း ဖြစ်တာပဲ ခဏခဏ။ ဖြစ်လာပြီဆိုရင် အိမ်မှာမနေချင်ဘူး၊ ထွက်ပြေးချင်တယ် ဘာဖြစ်မှန်းမသိဘူး။ အိမ်ထောင်ဖက်ကိုစကားကိုမပြောချင်တော့ဘူး။ သူမျက်နှာကိုကြည့်တောင်မကြည့်ချင်တော့ဘူး။ ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့ကို မရဘူး"

"ဩော် - အဲသလောက်တောင်ဖြစ်နေတာကိုး"

ပါးစပ်ကသာပြောနေသော်လည်း အင်္ဂါဝိဇ္ဇာပညာဖြင့် ဆပ္စတ်အုပ်ကာ ဒုက္ခပေးပုံကိုသိနေသောကြောင့် အိမ်ထောင်ပြုကွဲသည့်ထိုဖြစ်သွားနိုင်သည်ကိုသိနေ၏။ ခဲဖျက်သည် အဖျက်သဘောဆောင်လေရာ မပန်းအိအတွက် လူအဖျက်၊ စိတ်အဖျက်များသာ ဆက်တိုက်ဝင်နေတော့မည်မှာ သေချာ၏။

"အစ်ကိုကြီးနာမည်က"

"ငါ့တူရယ် သူ့ကိုအများခေါ်တာက ဝကြီး၊ ဝကြီးပဲခေါ်ကြတာ။ နာမည်ရင်းက လှဆောင်"

"ဩော် - ဒါဆို အစ်မကြီးသတိမထားမိသေးတဲ့ပစ္စည်းတွေများရှိဦးမလားဘဲ"

"အေး - ဦးလေး အဲဒါကိုပြောချင်လို့ ငါ့တူကိုဒီခေါ်လာတာပဲ။ သူတို့က သွေးသားတွေဆိုတော့ ဦးလေးပြောရင် သိပ်လက်မခံချင်တာတွေရှိတယ်လေ။ ကဲ - ငါညီမ၊ ဘယ်မလဲ နင်ပြောတဲ့ဟာတွေ"

ထသွားပြီး ယူလာပြန်၏။ ယခုတစ်ကြိမ်ယူလာသည်မှာ လက်ရာမြောက်လှ၏။ နဂါးပုံလေး၊ လက်လေးလုံးခန့် ဖြစ်၏။

ထန်းသားကို နဂါးပုံထုထားပြီး အဆောင်ဆောင်ထားခြင်းဟု ဆို၏။

"အစ်မကြီး၊ သူမှာ အပူနာတွေ မပေါက်ဘူးလား။ အထူးသဖြင့် မျက်နှာမှာ"

"ဟာ - ပေါက်တာပေါ့။ ဝက်ခြံမှ အသီးအသီးကြီးတွေပေါက်သလားမမေးနဲ့။ မွေးကျွတ်နာတွေဆို နဖူးတွေမှာ တစ်လုံးပြီးတစ်လုံး၊ ဟယ်-ဟုတ်တယ်"

မဆန်းပါ။ ဗုဒ္ဓဟူးတည်းဟူသော ရေကြည်ကို စနေမီးတောက်ကြိုယ်နှစ်ထပ်အဆောင်ပြုပြီးပေးထားသောအဆောင် ဖြစ်၏။ ထန်းသားလည်းဖြစ်၊ နဂါးပုံလည်းဖြစ်၊ စနေနှစ်ထပ်ဖြစ်ပြီး မီးများမီးနိုင်ကိန်းဖြစ်နေချေပြီ။

သို့သော် နဂါးရုပ်လေးကိုကိုင်ပြီး ဘာမှမပြောတော့ပါ။

"ငါ့တူ၊ အဲဒါတွေကျ ဘယ်လက်နဲ့ညှိယူပြီး အဟောထုတ်တာလဲ"

"ကျွန်တော်မဟောလိုက်မိပါဘူး ဦးလေး"

"ခုန မင်းပြောတယ်လေ။ အပူနာတွေမပေါက်ဘူးလားဆိုတာ အဲဒါဟောတာပေါ့"

"ဩော် - ကျွန်တော့်စိတ်ထဲမှာ နဂါးဆိုတော့ နဂါးငွေ့လွှတ်တယ်ဆိုပြီး၊ အပူငွေ့လွှတ်တယ်ဆိုပြီး. . . "

အမှန်အတိုင်းမပြောချင်၍လိမ်ရသည်မှာ ခက်လှ၏။ ဘာဆက်လိမ်၍လိမ်ရမှန်းမသိ။ စကားကမဆုံး။

"ဩော်-သိပြီသိပြီ။ နဂါးဆိုတော့ အင်း - ဘာပဲပြောပြော ဒါအနီးဆင့်ပွေ့ပြန်ပဲမို့လား"

"အဲ - ဟုတ်တယ် ဦးလေး၊ အနီးဆင့်ပွေ့ပြန်"

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ငင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးတွင် တစ်ခါတစ်ရံ သဘာဝတရားက အလွန်ဆန်းကြယ်နေတတ်သည်။ အခုလည်း နော်ခေလ်တစ်ယောက် သုံးနှစ်သမီးအရွယ်တွင် တမလွန်မှအမွေတွေကိုရလိုက်သည်ဟု ဆိုလျှင် ယုံရခက်ခက်ဖြစ်ကြပေလိမ့်မည်။ နော်ခေလ်တစ်ယောက်ကတော့ တကယ်ကိုရလိုက်ခြင်းကြောင့် ကျွန်တော်က နော်ခေလ်၏ ဖြစ်ရပ်မှန်ကို သွားရောက် အင်တာဗျူးလိုက်သည်။

နော်ခေလ်၏ဘဝဟောင်းနေရာက ကုက္ကိုတောရွာ။ ဒီရွာကလူတွေ အားလုံး ကိုင်းလုပ်ငန်းကိုအမှီပြုပြီး ဝမ်းရေးကိုဖြေရှင်းနေသည့်ရွာကလေး။

ကုက္ကိုတောရွာတွင် ကိုဖိုးစိန်၊ မမယ်တင့်၊ မမယ်ခင်တို့မောင်နှမသုံးယောက်က အသက်ငယ်ငယ်နှင့် ကိုယ်ဝမ်းကိုယ်ကျောင်းနေရသည့်လူငယ်တွေ။ မိဘနှစ်ပါးက သူတို့ငယ်ငယ်ရွယ်ရွယ်တွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။ ဒီအချိန်က ကိုဖိုးစိန်က ပန်းလှကွင်း၊ ကျားချောင်း၊ ပိန္နဲကွင်းရွာတွေကိုသွား၍ လယ်ယာခွင်သို့ဝင်ကြသည်။ ကိုင်းလုပ်ငန်းက စပါးမရ။ ပဲစိုက်၍သာ အဆင်ပြေသည်။ ဝမ်းစာဖူလုံရေးအတွက် လယ်လုပ်ငန်းကို မမှီခိုရ်ဖြစ်။

သည်နှစ် မိုးရာသီတွင် မမယ်တင့်တို့တစ်ဖွဲ့လုံးကို ပိန္နဲကွင်းရွာက စပါးတစ်ရာသီစာ ပုတ်ပြတ်ခေါ်ထားသည်။ ဒီလို ပုတ်ပြတ်ခေါ်ထားလျှင် တလင်းထဲစပါးရောက်တော့မှ လုပ်အားခစပါးကို ချင့်တွယ်ပြီးယူကြရသည့်စနစ်။ ဒါက မြန်မာပြည်က လယ်ယာခွင်တွေကျင့်သုံးနေသည့်ဓလေ့။ မယ်တင့်တို့အုပ်စုက (၁၀)ယောက်ရှိသည်။ ကုက္ကိုတောရွာမှ ပိန္နဲကွင်းရွာသို့ မနက်မိုးမလင်းမီထွက်ရသည်။ ရွာနှစ်ရွာက (၁)နာရီခရီးလောက် သွားကြရ၍ မိုင်အားဖြင့် (၃) မိုင်ကျော်တော့ဝေးပေမည်။ ထို့ကြောင့် မိန်းကလေးတွေက ရွာမှထွက်လျှင် အဖွဲ့လိုက်ထွက်ကြသည်။ ပြန်တော့လည်း အတူတူပင်ပြန်ကြ၏။

ကောက်စိုက်ရမည့်နေ့တွင် မမယ်တင့်ကို ဘယ်ကရောက်လာမှန်းမသိသည့် ဌက်ဖျားကဒုက္ခပေးနေသည်။ တစ်ကိုယ်လုံး ပူလိုက်ချမ်းလိုက်နှင့်။ မမယ်တင့် ဌက်ဖျားတက်ချိန်က ည (၆) နာရီက (၇)နာရီ။ အလုပ်သိမ်းချိန် အဖျားတက်သောကြောင့် အလုပ်တော့မပျက်။ ညစာတော့ အစားပျက်နေသလိုလို၊ သည်လိုနှင့် ဟိုဆေးဒီဆေးသောက်ရင်း အာဂန္တုရောဂါကိုကုကြည့်၏။ ပျောက်လိုက်ပေါ်လိုက်နှင့် ခန္ဓာကိုယ်ကလည်း ပူလိုက်၊ အေးလိုက်ပင်။ မိမိကိုယ်တွင် ဌက်ဖျားရောဂါအမြစ်တွယ်လာသည်ကို တော့ မမယ်တင့်က သတိမထားဖြစ်။

မမယ်တင့်သောက်နေကျ ဆေးခါးကြီးလည်းသောက်လို့မတိုးတော့။ ယခင်နေ့တွေက နေဝင်မှအဖျားတက်ပေမယ့် ဒီနေ့တော့ မနက်ပိုင်းကတည်းက တုန်နေအောင်ချမ်းနေသည်။ ကိုယ်ကတော့ ချစ်ချစ်တောက်ပူလျက်။ အရက်ခိုန် အရောက် စိန်ခင်တို့အုပ်စုက -

"ဟဲ့ကောင်မ၊ ဆင်းလာခဲ့လေ"

ဟု အိမ်အောက်ကခေါ်နေသံကို ကြားလိုက်သည်။

"နောက်ကလိုက်လာမယ်။ သွားနှင့်ကြ"

ဟု ညီမဖြစ်သူကိုပြောခိုင်းလိုက်ရသည်။ မယ်တင့်က သူဖျားနေသည်ကို လူမသိစေချင်။

စိန်ခင်တို့အုပ်စု ကျွက်စီကျွက်စီဖြင့် ပိန္နဲကွင်းရွာကိုသွားနေကြောင်း မယ်တင့်က အိပ်ရာထဲက စိတ်ကူးဖြင့် တွေးကြည့်နေသည်။ ဒီအချိန်လောက်ဆို စမ်းတောင်ကုန်းရောက်လောက်ပြီ။

(၁၆) နှစ်သား။ မိဘထားခဲ့သည့်အိမ်တစ်လုံး ကိုင်းလယ် (၉) ဧက ဥယျာဉ်တစ်ကွက်ကျန်ခဲ့သည်။ ကိုဖိုးစိန်ဦးကြီး၏ ဖေးမကူညီမှုကြောင့် ကိုင်းကိုလည်းလုပ်တတ်လာသည်။ ကိုင်းလုပ်ငန်းသည် မိုးအကုန် ရေကျချိန်ရောက်မှ ပဲကစိုက်၍ရသည့်မြေအမျိုးအစား။ ကိုင်းလုပ်ချိန်သည် (၄) လလောက်သာအလုပ်များသောကြောင့် မိုးကာလတစ်လျှောက်တွင် ကုက္ကိုတောတစ်ရွာလုံး နီးစပ်ရာရွာတွေတွင် ကောက်စိုက်ကြ၊ ပျိုးနုတ်ကြနှင့် ဝမ်းရေးကိုဖြည့်ရသည်က နှစ်စဉ်လုပ်နေက၊

မိုးများသည့် ဧရာဝတီတိုင်းဒေသကြီးတွင် မိုးတွင်းရောက်သည်နှင့် မမယ်တင့်တို့ကိုင်းတွေက ပင်လယ်ပြင်လိုဖြစ်သွားသည်။ (၇) လလောက် ဘာအလုပ်မှမရှိတော့။ ဒီတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်ဆိုရင်တော့ သခ္ခိုင်းကုန်းကို ဖြတ်နေပြီ စသဖြင့် အတွေးထဲတွင် စိတ်နှစ်ထား၍ တဒင်္ဂရောဂါဝေဒနာတွေ ပျောက်နေသလိုလို။ 'ဒီနေ့တော့ ငါလုပ်အားတွေအဖြတ်ခံရတော့မယ်။ နောက်နေ့တွေရော ငါဆင်းမှဆင်းနိုင်ပါ့မလား။ အို-ကောင်းသွားမှာပါ' ဟု အားတင်းထားသော်လည်း ဌက်ဖျားရောဂါက အထွတ်အထိပ်သို့ရောက်နေသည်ကို မယ်တင့်က လုံးဝမသိ။ သည်လိုနှင့် နေ့လယ်ပိုင်းလောက်တွင် အမောဖောက်၍ မယ်တင့်တစ်ယောက် မထင်မှတ်ဘဲ လူလောကမှထွက်ခွာသွားတော့သည်။

❑

ခရစ်ယာန်ဘာသာကိုးကွယ်သည့် ပိန်ကွင်းရွာက စောသာမောင်နှင့်နော်စိန်ထွေးတို့၏ တတိယသမီး နော်ခေလ်ကို မွေးစဉ်က ပါးတွင်အမှတ်မည်းတစ်ခုပါလာသည်။

"ကျွန်မ အမေနဲ့နေပါရစေ၊ ကျွန်မက ကုက္ကိုတောရွာကပါ"

ဟု အိပ်မက်အတိုလေးနှင့်ရောက်လာသည့်မိန်းကလေး။ စကားပြောတတ်စအရွယ်၌လည်း လူဝင်စားဖြစ်ကြောင်း တစ်ခွန်းမှဟခြင်းမရှိ။ ဒီလိုနှင့် (၃) နှစ်သမီးအရွယ်ရောက်မှ အမှတ်မထင် စကားတွေကို စတင်ပြောလာသည်။

"ငါ အရင်နေခဲ့တဲ့ရွာက ကုက္ကိုတောရွာ။ ဒီရွာနဲ့ (၃) မိုင်လောက်ဝေးပါလိမ့်မယ်။ ငါတို့မှာမောင်နှမ(၃)ယောက်ရှိတယ်။ အကြီးဆုံးက ငါ့အစ်ကို ဖိုးစိန်၊ ညီမက မယ်ခင်၊ ငါ့နာမည်က မယ်တင့်။ ဒီရွာကိုကောက်စိုက်ဖို့ စိန်ခင်တို့သွားကြတော့ ငါက ဌက်ဖျားတက်နေတယ်။ ရောဂါဖြစ်နေတာတော့ တစ်လလောက်ရှိနေပြီ။ ငါကပေပြီး ဆေးမြီးတို့ နဲ့ကုနေတာ ဘယ်လာပျောက်ပုံမလဲ။ ပြီးတော့ ငါက ရောဂါဖြစ်တာကိုရှက်ပြီး ဘယ်သူမှမပြောဘဲ ကိုတ်ပြီးကိုယ့်ဘာသာကုကြည့်တယ်။ ဒီလိုနဲ့ ငါ ဌက်ဖျားရောဂါတက်တဲ့နေ့မှာ စိန်ခင်တို့ကလည်း ပိန္နဲကွင်းရွာသွားဖို့ဝင်ပြီးခေါ်ကြတယ်လေ။

ဒီအချိန်မှာ ငါက လူပ်တောင် မလူပ်နိုင်ဘူး။ စိန်ခင်တို့အိမ်ပေါ်တက်လာမှာစိုးလို့ နောက်ကလိုက်လာမယ်၊ သွားနှင့်ကြလို့ မယ်ခင့်ကိုပြောခိုင်းလိုက်ရတယ်။ တကယ်တော့ ဒီရောဂါဖြစ်တာကို စိန်ခင်တို့ကိုဖွင့်ပြောသင့်တာပေါ့။ ငါ့အဖွဲ့က လူ (၁၀)ယောက်တောင်ရှိတာ။ တစ်ယောက်ယောက်ကတော့ အကြံကောင်းညာဏ်ကောင်းတွေထွက်လာနိုင်ပါတယ်။ ငါ့စိတ်ထဲမှာ ဌက်ဖျားရောဂါဟာ ကူးစက်တတ်တဲ့ရောဂါမှတ်ပြီး ဘယ်သူကိုမှဖွင့်မပြောဖြစ်တာ ငါ့အမှားပါပဲ။

ငါ အဖျားရောဂါတက်နေချိန်မှာ စိတ်ကတော့ နင်တို့ရွာကိုရောက်နေတယ်။ ငါလည်း အသက်ထွက်သွားရောတစ်ခါတည်း ကောက်စိုက်တဲ့လယ်ကွက်ထဲရောက်နေတော့တာပဲ။ ဒီကောင်မတွေအနားရောက်တော့ ငါက 'ဟေ့ - ငါလည်းကောက်စိုက်မယ်' ဆိုတာကို

ဝိုးတိုးဝါးတား (ဥပဒေ)
တမလွန်မှအမွေကိုရလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှမကြားသလိုလုပ်နေတယ်။ ငါကတော့ 'ဒီကောင်မတွေ့ သူတို့နဲ့အတူတူမလိုက်လို့ စိတ်ကောက်နေတာလို့ထင်တာပေါ့။ ငါ့ကိုယ်ငါ့ ဘယ်တော့မှသိသလဲဆိုရင် ကောက်ပင်တွေကိုစိုက်ဖို့ကိုင်လိုက်တော့မှ ငါ့လက်တွေက ကိုင်လို့မရတော့ဘူး။

ဒီတော့မှ ငါဘာဖြစ်နေတာလဲလို့ တွေးလိုက်တော့ ငါ့ကံဖျားဖြစ်ပြီး ဒီကိုရောက်နေတာပါလားလို့ သိလာတယ်။ ငါက ဟိုဟိုဒီဒီကြည့်နေတုန်း နော်စိန်ထွေးက ကောက်စိုက်သမတွေ စားဖို့ထမင်းလာပို့တယ်။ ငါလည်းဘယ်သွားရမှန်းမသိတာနဲ့ နော်စိန်ထွေးနောက်ကို တကောက်ကောက်လိုက်တော့တာပါပဲ။ နော်စိန်ထွေးက ကိုယ်ဝန်ရှိခါစ။ ငါက နင်နဲ့အတူတူနေချင်တော့ နင့်ဝိုက်ထဲဝင်မှဖြစ်မယ်လို့ အလိုလိုသိလာတယ်။

နင်မုန့်စားနေတုန်း ငါက အမှိုက်ကလေးယောင်ဆောင်ပြီး မုန့်ထဲမှာ ပထမနေကြည့်တယ်ဟ။ နင်က အမှိုက်လို့ သိသွားပြီး ထွေးထုတ်လိုက်တာ အောက်ကိုပြုတ်ကျသွားတာပေါ့။ ငါလေ ခါးရိုးတောင်မနည်းနာသွားတယ်။ နင်ကတအားထွေးထုတ်လိုက်တာကိုး။ ဒီနည်းမအောင်မြင်တော့ ငါက နောက်တစ်နည်းကြံရတာပေါ့။ နင်တို့အိမ်က ညဘက်ဆို ဧည့်ခန်းမှာ မှန်အိမ်တစ်လုံးပဲ ထွန်းတယ်မဟုတ်လား။ သောက်ရေအိုးစင်နားက မှောင်နေတယ်။ ဒါကြောင့် နင်လည်းရေသောက်ရော ငါက အမှိုက်သေးသေးလေးလုပ်ပြီး နင့်ဝိုက်ထဲကိုဝင်လိုက်တာပေါ့။ ဒီလိုဝင်ခဲ့လို့လည်း နင့်သမီးဖြစ်သာတာလေ။ ငါ့ရဲ့ဘဝဟောင်းက အစ်ကိုကြီးဖိုးစိန်ဆီကို လိုက်ပို့ပေးပါဟယ်။ ငါ့အစ်ကိုကို သိပ်တွေ့ချင်တယ်။ ငါ့ကိုတွေ့ရင် ဖိုးစိန်က မှတ်မိမှာပါ။ မယ်တင့်ဘဝတုန်းက ပါးမှာ အမည်းမှတ်ကလေး ရှိတယ်။ အခု ငါ့မှာလည်း ဒီအမှတ်လေး ပါပါတယ်။ လိုက်ပို့နော် အမိုး"

(အမိုးဆိုသည်မှာ အမေကို ကရင်လို ခေါ်ခြင်းဖြစ်ပါသည်။)

နေ့စဉ်ရက်ဆက် ပူဆာနေ၍ စောသာမောင်က မနေသာတော့။ လှည်းတစ်စီးပြင်၍ မိသားစုလိုက် ကုက္ကို တောရွာသို့ထွက်လာသည်။ ကုက္ကိုတောရွာက ရွာတစ်ရွာလမ်းတစ်လမ်းသာရှိ၍ သိပ်မရှာလိုက်ရ။ နော်ခေလ်ကိုယ်တိုင် လမ်းပြလုပ်နေ၍ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့သည်။ ကိုဖိုးစိန်က နွားလှည်းနှင့်လာသူတို့ကိုမသိ၍ စူးစမ်းသလိုကြည့်နေသည်။ စောသာမောင်က အခြေအနေကိုရိပ်မိလိုက်၍ -

"ဒီလိုပါ၊ ကိုဖိုးစိန် ဟုတ်တယ်နော်။ ကျွန်တော့်သမီး နော်ခေလ်က ခင်ဗျားညီမ မယ်တင့်ဝင်စားတာလို့ပြောပါတယ်။ ကုက္ကိုတောရွာမှာ သူ့အစ်ကိုကြီး ဖိုးစိန်ရှိသေးတယ်။ လိုက်ပို့ပေးပါဆိုတာနဲ့ အခုလိုထွက်လာကြတာပါ။ ခင်ဗျားညီမ ဟုတ်၊ မဟုတ်တော့ ခင်ဗျားပဲ စစ်ဆေးကြည့်ပေါ့ဗျာ"

ဖိုးစိန်က နော်ခေလ်ကို အံ့ဩသလိုကြည့်နေစဉ် -

"ဟဲ့-အစ်ကိုကြီး၊ ငါနင့်ညီမလေ။ မယ်တင့်ဘဝတုန်းကလည်း- ညာဘက်ပါးမှာ အမည်းစက်ကလေးပါတယ်။ အခုငါ့ပါးမှာလည်း အမည်းစက်ကလေးပါပါတယ်ဟဲ့။ အဲဒါ မယ်တင့်ရဲ့သင်္ကေတလေ။ နင်ကြိုက်တတ်တဲ့ အုန်းထန်းလျက်ဝယ်လာတယ်။ အိမ်ပေါ် ကိုတက်ဖို့ခေါ်ပါဦးဟ။ ငါနဲ့ပါလာတာ ငါ့ပါးပါးနဲ့အမိုးပဲ"

အခုမှ ကိုဖိုးစိန်က သဘောပေါက်သွားသည်။ မယ်တင့်ပါးတွင် အမှတ်မည်းလေးပါသလို နော်ခေလ်တွင်လည်း အမှတ်မည်းလေးက အသားဖြူဖြူတွင် အထင်းသား ပေါ်လွင်နေသည်။ အုန်းထန်းလျက် ကြိုက်တာကလည်း တကယ်အမှန်။ အိမ်ကိုရှာဖွေလာသလိုပါး အမှတ်နှင့် အုန်းထန်းလျက်ကတော့ တည့်တည့်ကြီးမှန်နေ၍ ကိုဖိုးစိန်က နောက်တစ်မျိုးစမ်းသပ်သည့်သဘောနှင့် -

"ကဲ - မယ်တင့်ဖြစ်ကြောင်း ဒီပြင်အချက်ကလေးတွေရှိရင်ပြောပါဦး"

"အမယ် အစ်ကိုကြီးက ငါ့ကိုမယုံသလိုမကြည့်နဲ့ဟာ။ ငါအိပ်ခဲ့တဲ့အခန်းထဲမှာ ငါ့သေတ္တာတစ်လုံးရှိတယ်။ အဲဒီအထဲမှာ ထဘီ (၁၀) ထည်နဲ့ အင်္ကျီ (၁၅) ထည် အနွေးထည် (၂) ထည် အခုထိရှိသေးတယ်။ ငါ့ပစ္စည်းတွေကို အမှတ်တရ မရောင်းဘဲသိမ်းထားတာ ငါသိတာပေါ့။ ကဲပါ အခုပြောတဲ့ကိစ္စ မှန်၊ မမှန် ဖြေပါဦး"

"အမလေး - ကွက်တိကိုမှန်ပါတယ်။ ငါ့ညီမသေချာသွားပါပြီ"

"ငါ့စိတ်ထဲမှာထင့်နေတယ်။ ဒါကြောင့်မေးရအောင် တမင်လာခဲ့တာ။ ငါ့ကိုအမှန်အတိုင်းပြောပါဟယ်။ ဒီနှစ်စီးပွားရေးအခြေအနေဘယ်လိုလဲ"

"ငါညီမဆိုတော့ အမှန်အတိုင်းပြောရတော့မှာပေါ့။ ဒီနှစ်ကိုင်းလယ်ကပဲမအောင်ဘူး။ ပိုးကျတယ်။ ရှိတဲ့ပဲခင်းကို တစ်ဝက်လောက်အခိုးခံရတယ်။ နှင့်ညီမမယ်ခင်ကလည်း ကျန်းမာရေးမကောင်းလို့ လယ်ထဲမဆင်းတစ်လှည့်ဆင်းတစ်လှည့်။ ဒါကြောင့် ဝမ်းစာတောင် ဒီနှစ်မဖူလုံဘူး။ အဲဒါ နင်သိချင်တဲ့ ငါ့စီးပွားရေးအခြေအနေပဲ"

"ဒါကြောင့် ငါ့စိတ်တွေထင့်နေတာကိုး။ နင်ပြောတဲ့ကိစ္စတွေက ငါအလိုလိုသိနေသလိုပဲ။ ဒါကြောင့် ငါ့အစ်ကိုကြီးရွာကို လိုက်ပို့ပေးကြပါဦး (၅) ရက်တောင်ဆက်ပြီး ပူဆာရတာကဲ့ - လိုရင်းကိုပြောမယ်။ တို့အိမ်ကြီးရဲ့ဥရုတိုင်အပြင်ဘက်က တစ်တောင့်ထွာလောက်ခွာပြီးတော့တူးလိုက်။ အနက်တစ်တောင်လောက်ရောက်ရင် ဒန်အိုးဖုံးတစ်ခုတွေ့လိမ့်မယ်။ ဒန်အိုးဖုံးကိုဖယ်လိုက်ရင် မြေအိုးလေးတစ်လုံးထပ်ပြီးတွေ့လိမ့်မယ်။ အဲဒီအိုးထဲမှာ ငါစုထားတဲ့ရွှေဒင်္ဂါး (၃) ပြားရှိတယ်။ အဲဒီရွှေဒင်္ဂါး (၃)ပြားကို အစ်ကိုကြီးယူလိုက်။ လိုအပ်တဲ့ဝမ်းစာကို အဲဒါနဲ့ဖြည့်လိုက်လေ။ ငါ့အတွက်တော့ မိဘတွေအမွေပေးခဲ့တဲ့ တစ်ယောက်ကိုင်း (၃)ဧကရှိတယ်မဟုတ်လား။ ငါ့တစ်ဖို့စာပြန်ပေးလိုက်ပါဟယ် နော် အစ်ကိုကြီး"

ကိုဖိုးစိန်က ဒီနှစ်ဝမ်းစာကို ဘယ်လိုဖန်တီးရမှန်းမသိအောင် အခက်တွေ့နေသည်။ လက်ရှိအခြေအနေအရ ဥယျာဉ်ဖြစ်ဖြစ်၊ ကိုင်းလယ်ဖြစ်ဖြစ် တစ်ခုခုတော့ရောင်း၍ ဝမ်းစာစပါးပြည်ရမည့်အချိန်။ အခုတော့ နော်ခေလ်ကျေးဇူးကြောင့် လက်မတင်ကလေး အကျပ်အတည်းကလွတ်သွားလေသည်။ ထို့ကြောင့် မယ်တင့်ဘဝက ပိုင်ဆိုင်သည့် ကိုင်းလယ် (၃) ဧကကိုလည်း သူ့မိဘများရှေ့၌ပင် အမွေအဖြစ်ပြန်၍ လိုက်သည်။

ကျွန်တော်နှင့်ဆုံတွေ့သည့်အချိန်တွင် နော်ခေလ်တစ်ယောက် အသက် (၅၄)နှစ်ပင်ရှိနေသည်။ ဗမာတိုင်းရင်းသားဘဝမှ ဘဝခြားပြီး ကရင်တိုင်းရင်းသားဖြစ်နေသော်လည်း ယခင်ဘဝက အစ်ကိုကြီးကို တစ်ရက်မှမမေ့။ ယခုတောင် မောင်နှမအရင်းလို ချစ်ခင်နေသည်။ ဓာတ်ပုံတွေကိုမထည့်ပါနှင့်ဟု ခါးသီးခြင်းနေ၍ မထည့်ဖြစ်တော့မည်သို့ဆိုစေ နော်ခေလ်တစ်ယောက် တမလွန်မှအမွေကို (၃) နှစ် သမီးအနေကပင်ရခဲ့သည့်မိန်းကလေးဟု မှတ်တမ်းတင်လျှင်မှားရန်အကြောင်း မရှိနိုင်ပေ။

စိုးထွန်းညွှန့်

www.burmeseclassic.com

www.burmeseclassic.com

ဝေဒပညာရှုထောင့်က
အစိုးရသစ်၏ပထမရက်ပေါင်းတစ်ရာနှစ်ရာ

မင်းရှိန်အောင်



၈-၁၁-၂၀၁၅ နေ့ နံနက် (၆း၀၀) နာရီ ဟူးရားဆာယနဇာတာခွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ ပြီးလုပ်ကျင်းပသော ၈-၁၁-၂၀၁၅ နေ့ နံနက် (၆း၀၀) နာရီ ဟူးရာဇာတာဟောကိန်းအရ စနေနံနာမည်ပိုင်ရှင်ဖြစ်သော နာယက ဦးတင်ဦး ဦးဆောင်သည့် စနေနံဒေါင်းတံဆိပ်ပါတီက တောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးအစိုးရတာဝန်ကို လွှဲပြောင်းရယူကာ ၂၀ - ၃ - ၁၉၄၆ နေ့ မွေးဖွားသူ စနေသား၊ စနေနာမည်ပိုင်ရှင် ဦးထင်ကျော်ကို နိုင်ငံတော်၏ ကိုးကြိမ်မြောက်သမ္မတအသစ်အဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့ပါသည်။

တစ်ခါ ၁-၂-၂၀၁၆ နေ့နံနက် (၁၀း၀၀) နာရီတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမအကြိမ်အစည်းအဝေးကို စတင်ကျင်းပနိုင်ခဲ့သည်။ သို့လိုပင် (၃-၂-၂၀၁၆) နေ့ နံနက် (၁၀း၀၀) နာရီတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမအကြိမ်အစည်းအဝေးကို စတင်ကျင်းပနိုင်ခဲ့သည်။ ယင်းသို့ပင် ၈-၂-၂၀၁၆ နေ့နံနက် (၁၀း၀၀)နာရီမှာ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမအစည်းအဝေးကို စတင်ကျင်းပနိုင်ခဲ့သည်။

စိတ်ဝင်စားစရာအကောင်းဆုံးကတော့ (၃၀-၃-၂၀၁၆) နံနက် (၁၀း၀၈) နာရီတွင် နိုင်ငံတော်သမ္မတသစ် ဦးထင်ကျော်သည် သမ္မတသစ်အဖြစ် ကျမ်းကျိန်ဆိုသည်။ ထိုသမ္မတသစ် ဦးထင်ကျော် ဦးဆောင်သော အစိုးရသစ်အဖွဲ့သည် ၎င်း (၃၀-၃-၂၀၁၆) နေ့ နံနက် (၁၀း၄၈) နာရီတွင် ကျမ်းကျိန်ဆိုသည်ဆိုခြင်းက ရှေ့ပြည့်ရှင်မင်းကို ရာဇာဘိသေကခံယူသည်နှင့် အဆိုပါကျမ်းကျိန်ဆိုမှုဆိုသည် ထပ်တူထပ်မျှဟုညွှန်းဆိုချင်ပါသည်။ သို့ဖြစ်သောကြောင့် ဤနေရာမှာ သမ္မတသစ်ကျမ်းကျိန်ပွဲဟူးရားဇာတာနှင့် အစိုးရသစ်ကျမ်းကျိန်ပွဲဟူးရားဇာတာတို့ကိုချကြည့်ကြပါမည်။

သမ္မတသစ် ဦးထင်ကျော်ဦးဆောင်သော အစိုးရသစ်အဖွဲ့သည် သူတို့၏ ပထမရက်ပေါင်းတစ်ရာအတွင်းတွင် မိမိတို့တိုင်းပြည်အတွက် အပြောင်းအလဲတချို့တို့ကို ဖော်ဆောင်ပေးမည်ဟု ကြွေးကြော်ထားသည်။ ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်ပေါ်လာသည်က



သမ္မတသစ်၏ကျမ်းကျိန်ပွဲဟူးရားသာယနဇာတာခွင်

www.burmeseclassic.com

www.burmeseclassic.com



အစိုးရသစ်အဖွဲ့၏ကျမ်းကိုန်ပွဲ ဟူးရားသာယနဇာတာခွင်

အဆိုပါအပြောင်းအလဲတို့သည် မည်သို့မည်ပုံ ပေါ်လွင်နိုင်မလဲ ဟူ၍ ဖြစ်၏။ တကယ့်တကယ်ပဲ ထိုအပြောင်းအလဲတို့ ဖြစ်နိုင်ပါ့မလား။

သို့အတွက်ကြောင့် ယမ္မတကျမ်း ကျိန်ဟူးရားဇာတာနှင့် အစိုးရသစ်အဖွဲ့ ကျမ်းကျိန်ဇာတာတို့ကို စိစစ်စေ်းကြောလျက် အစိုးရသစ်အဖွဲ့၏ ပထမရက်ပေါင်း တစ်ရာ၊ နှစ်ရာအတောအတွင်းတွင် တိုင်းပြည်၌ ဆိုးဆိုးကောင်းကောင်း ဘာများဖြစ်ထွန်းလာနိုင်မလဲဆိုသည်ကို ရှာဖွေဆန်းစစ်ကြည့်ကြပါမည်။ ဤနေရာမှာ ဗေဒင်ပညာဆိုင်ရာ ဂြိုဟ်မြင်ဂြိုဟ်ယှဉ်၊ ဂြိုဟ်ပူးဂြိုဟ်ထပ် စသော နည်းနိသယအယူအဆများကို မပြဆိုတော့ဘဲ ဟောကိန်းဟောကွက်ကိုပဲ ပြည့်ဆန်းတော့ပါမည်။

ယေဘုယျအားဖြင့် အခက်အခဲရှိသည့်တိုင်ဆိုရလျှင် ဤအစိုးရသစ်အဖွဲ့၏ပထမရက်ပေါင်းတစ်ရာသည် အဆင်ပြေချောမွေ့သလောက် ဒုတိယရက်ပေါင်းတစ်ရာသည် အကျပ်အတည်းစိန်ခေါ်မှုတို့နှင့်ကြုံဆုံရနိုင်သည်ဟုဆိုချင်ပါသည်။

တိတိပပပြောရလျှင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အမျိုးသားရေး၊ တိုင်းရင်းသားအရေး၊ ယဉ်ကျေးမှုအရေး၊ ဘာသာရေး၊ ကျန်းမာရေး စသည်တို့နှင့် နှီးနွယ်နေသော အဖွဲ့အစည်း (၀၆) အရပ်ဘက်လူအဖွဲ့အစည်းတို့နှင့် စောစောပိုင်းတွင် သဘောထားချင်း ထပ်တူကျမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် သိသိသာသာ ကွဲပြားခြားနားမှုများ တို့ပြန်သက်ရောက်မှုများ ရှိမည်။ ၎င်းတို့သည် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်နွယ်မှု ရှိလျှင် ပိုမိုပြင်းထန်တက်မည်။ ပြည်ပနှင့် ဆက်နွယ်နေသော ရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ ပြည်ပနှင့်ဆက်နွယ်နေသော ဒုက္ခသည်များကိစ္စ၊ နယ်စပ်ရေးရာတိုင်းရင်းသားရေးရာတို့နှင့် ဆက်နွယ်နေသောဒုက္ခသည်များကိစ္စ၊ လက်နက်ကိုင်ပဋိပက္ခကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ အခြေခံလူတန်းစားကိစ္စ၊ ဆင်းရဲနွမ်းပါးမှုကိစ္စ၊ မီဒီယာကိစ္စတို့သည် ဖြေရှင်းလေ ဖြေရှင်းစရာများ ပိုတွေ့လေဖြစ်နေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အစိုးရသစ်အဖို့ လွတ်တော်သစ်အဖို့ ပထမရက်တစ်ရာ ကာလတွင် အများအားဖြင့် ဆောင်ရွက်မှုများသည် အများပြည်သူတို့၏ စိတ်နှလုံးကို ကျေနပ်နှစ်သိမ့်မှုကို တစ်စုံတစ်ရာအတိုင်းအတာထိဖြည့်ဆည်းပေးနိုင်လိမ့်မည်။ အထူးသဖြင့် ဆက်သွယ်ရေးကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စတို့တွင် အားရဖွယ်ရာ တွေ့လာရမည်။ အမျိုးသမီး၊ ကလေးသူငယ်တို့နှင့် ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ ဖြေရှင်းနိုင်မှု၊ ဥပဒေပြုနိုင်မှုများ ထိရောက်မှုအနည်းငယ်ရှိလာလိမ့်မည်။ နိုင်ငံတကာဆက်ဆံရေး၌ အစပိုင်းတွင် သဟာဇာတ အညမညဖြစ်သော်လည်း နောက်ပိုင်း၌ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှုများရှိမည်။ တရားစီရင်ရေး၊ ဒေသန္တရအုပ်ချုပ်ရေးတို့၌ စည်းချက်ခုံရီကျသလိုလိုနှင့် အားမလိုအားမရစရာဖြစ်လာလိမ့်မည်။ သို့သော် အများပြည်သူများ အထူးသဖြင့် အခြေခံလူတန်းစားများအတွက် စားဝတ်နေရေး၊ ကျန်းမာရေးအသင့်တင့်ရရှိနိုင်ဖွယ်ရှိသည်။ မီဒီယာလောကမှထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်၏။

တစ်ဖန် အစိုးရသစ်အဖွဲ့၏ဒုတိယရက်တစ်ရာကာလတွင် အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှု၊ ငွေရေးကြေးရေးမရှိုးဖြောင့်မှုတို့နှင့်နှီးနွယ်နေသော အခွင့်အထွေးများကြောင့် အစိုးရသစ်အဖွဲ့မြွေလမွာယ်ကစားရသလိုဖြစ်နေလိမ့်မည်။ မြေယာအမှုအခင်းများ၊ ပညာရေးဆိုင်ရာအငြင်းပွားမှု၊ အလုပ်သမားဆိုင်ရာအငြင်းပွားမှုများ၊ လယ်သမားဆိုင်ရာအငြင်းပွားမှု၊ မီဒီယာဆိုင်ရာအငြင်းပွားမှုများ ရှင်းလေရှုပ်လေ တုံ့ပြန်ချက် မနှံ့ခြိုက်စရာရှိနေလိမ့်မည်။ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရန် မလွယ်မှုများကြုံရမည်။ နယ်စပ်လုံခြုံရေးကိုလက်နက်ကိုင်ပဋိပက္ခကိစ္စ၊ ဒုက္ခသည်စခန်းကိစ္စ၊ ရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ တိုင်းရင်းသားအရေးကိစ္စ၊ စီးပွားရေးဆိုင်ရာပဋိပက္ခကိစ္စ စသည်တို့က အကြီးစားစိန်ခေါ်မှုများကို ဖော်ဆောင်ပေးနေလိမ့်မည်။ နိုင်ငံတကာနှင့်ပတ်သက်နေလျှင် ပိုမိုခက်ထန်နေလိမ့်မည်။

ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ တည်ဒိုနေရေးဆိုင်ရာ စသော လူစည်ကားသောနေရာဌာနများ၌ မတော်တဆဘေးလက်နက်ဘေး၊ မီးဘေးကြုံတတ်မည်၊ တောင်ပြိုမြေပြိုဘေး၊ လက်နက်ဘေး မီးဘေးကြုံတတ်မည်။ တောင်ပြိုမြေပြိုဘေး၊ ငလျင်ဘေးကြုံနိုင်သည်။ နိုင်ငံရေးထင်ရှားသူ (အမျိုးသမီး) တစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။ နိုင်ငံရေးထိပ်သီးတချို့ပုဂ္ဂိုလ်ရေးထိပါးပွတ်တိုက်မှု ခံရတတ်မည်။

မှတ်သားစရာတစ်ခုက -

၁-၉-၂၀၁၆ နေ့တွင် နေအသွင်ကြတ်ပြီး ၁၇-၉-၂၀၁၆ ရက်နေ့တွင် လအသွင်ကြတ်မည် ဖြစ်သည်။

မင်းကြီးနွယ်အောင်

www.burmeseclassic.com

www.burmeseclassic.com

လနယုန်မိုး

ထူးလည်းထူးတဲ့ မြွေဖူးစာ



'သုံးတောင်'ပေါ် တော်မူဘုရားမှာ မြွေကြီးတွေ ဘုရားဖူးလာကြလို့တဲ့လို့ သတင်းကြားတော့ ကိုသက်နိုင် ကျူရှင် အလုပ်၊ တခြားအလုပ်တွေဖျက်ပြီးမှ သူ့ရဲ့ ခွေးဘီလူးကားအဖြူလေးနဲ့ သုံးတောင်ကို တောက်လျှောက်ဆင်းလာခဲ့တာ (၄)နာရီတောင်မှကျော်နေပြီ။ ခါတိုင်းလို အဖော်တွေဘာတွေလဲခေါ် မနေတော့ပါဘူးလေ။

"လမ်းဖွင့်ပွဲ၊ အာစရိယပူဇော်ပွဲ၊ ကောက်ရိတ်သိမ်းပွဲသတင်းတွေဆိုတာ ထက် ဒီသတင်းထည့်လိုက်လို့ အများပြည်သူအတွက် အကျိုးရှိမယ့်သတင်းတွေ ဦးစားပေးရေးကြပို့ကြပါ"

"ခေတ်အခြေအနေအရ သတင်းစာတိုက်၊ ဂျာနယ်တိုက်တွေက အပြိုင်ပေါ် နေလေတော့ သတင်းကဦးဖို့ထူးဖို့ တော့လိုတာပေါ့။ တိုက်မှာ အင်တာနက်က (၂၄)နာရီဖွင့်ထားပါတယ်။ ခင်ဗျား တို့ အချိန်မရွေး အီးမေး(လ်)နဲ့သာပို့ကြပါ"

"ဒါနဲ့ ကိုသက်နိုင်၊ ခင်ဗျား အရင် တစ်ပတ်ကပြောတဲ့ကားနဲ့အမှိုက်သိမ်း တဲ့သတင်းကိစ္စကရော ထူးခြားပြီးလား"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် သေချာစုံစမ်းပြီးတာနဲ့ အချိန်မီရေးပို့ပေး လိုက်ပါ့မယ်"

"အဲဒီလိုလုပ်စမ်းပါ ကိုယ့်ဆရာ ရယ်"

အဝေးပြေးကားတွေက နေ့ခင်း နေပူတော့ ခရာနား၊ ဒီလိုနေညိုချိန်ကျ

www.burmeseclassic.com

www.burmeseclassic.com

တော့ မောင်းရတာခရီးတွင်လို့ လမ်းပေါ်မှာ ကားအသွားအလာတွေများနေတာမို့ ကိုသက်နိုင် သတိကားမောင်းနေရပါတယ်။ တော်ပါသေးရဲ့၊ ဒီဒွေးလမ်းမကြီးပေါ် လာလို့ပေါ့။ ဩော် - ဒွေးလမ်းမဆိုတာ အသွားတစ်လမ်း၊ အပြန်တစ်လမ်း နှစ်လမ်းယှဉ်ဖောက်တာကိုပြောတာပါ။ အေးရှဲ့ဝေါကုမ္ပဏီကလိုးတွေဖောက်ခါစကတော့ ရွာက လူတွေ သူမြေကိုယ့်မြေ၊ သူ့ခြံကိုယ့်ခြံ လမ်းမြေထဲပေးလိုက်ရလို့ ဘယ်ကလာသဘောကျကြပါ့မလဲ။ ဒါပေမယ့် ဟော - ကတ္တရာလမ်းမကြီးတွေ အကျအနုဖွင့်တော့၊ ကိုယ့်အိမ်ရှေ့မှာ်နှာစာလမ်းသာတော့ အိမ်ပိုင်ရှင်တွေ ဝိတိဖြစ်ရတော့တာပေါ့။ ကောင်းပါလေရဲ့ဗျာ။

"တီ. . . တီ. . . တီ. . . တီ. . တီ တီ"

ရှေ့ကသွားနေတဲ့ဇိမ်ခံကားအဖြူလေးဟာ လိုတာထက်နှေးနေတာမို့ ကိုသက်နိုင်တော့ ဟွန်းသံပေးပြီးကျော်တက်လာခဲ့ပါတယ်။ ခုတစ်လော ကားတွေပေါတော့ တတ်နိုင်တဲ့လူတွေက ကားတွေဝယ်စီးကြ၊ မောင်းကြဆိုတော့ အဲဒီအထဲ မိန်းကလေးတွေမောင်းတဲ့ကားနဲ့ကြုံလို့ကတော့ ရှေ့ကနေအတော်နဲ့ဖယ်မပေး။ သူတို့က နောက်ပြီး ကားမောင်းနေတာပေမယ့် နွားလှည်းသာသာမောင်းနေတာမျိုးကြတော့ ကိုသက်နိုင်တို့ယောက်ျားလေးတွေကစိတ်မရှည်ချင်ဘူး။

ခုလည်းကြည့်လေ မြို့ထဲမှာ၊ ရပ်ကွက်ထဲမှာလူတွေက သုံးတောင်းကစပါးကြီးမြွေတွေအကြောင်းပြောနေသံကြားကြားချင်း သတင်းဦးချင်ထူးချင်တာကြောင့် ထထွက်လာခဲ့ပါတယ်ဆိုမှ ရှေ့က ကားလေးကတစ်မှောင့်။ အနီးစခန်းကိုကျော်လာတော့ ဒီအခြံန် လမ်းပေါ်မှာက လူရှုပ်တဲ့အချိန်လေ။ ဆေးဝါးစက် ရုံကပြန်လာကြတဲ့ ဝန်ထမ်းတွေ၊ ရတနာပုံတက္ကသိုလ်က ပြန်လာတဲ့ကျောင်းသားတွေ၊ တောင်သူတွေရဲ့ တစ်နေ့သာ ခြံစိုက်ရာပြန်လာကြ၊ အိမ်ရှေ့တွေမှာ အနားယူနေကြချိန်၊ တော်ကြာနေ ဟိုကဒီကထွက်လာကြတဲ့ကလေးတွေ၊ ကျွဲ၊ နွားတွေကလည်းရှိတော့ ကိုသက်နိုင်မတော့ တိုက်က အယ်ဒီတာချုပ်ကြီးရဲ့ပြောစကားကိုကြားယောင်ရင်းက ကားကို သတိနဲ့ထိန်းမောင်းလာခဲ့ပါတယ်။

ကားရှေ့ခန်းရဲ့ဒက်ဘုတ်ပေါ်မှာ စာနယ်ဇင်းဆိုတဲ့စာတန်းပါ ကတ်ပြားကလေး အရန့်သင့်ပါပေမယ့် ကိုသက်နိုင်ကတော့ သုံးခဲပါတယ်။ သတင်းထူးသတင်းဦးရဖို့ သူထက်ငါ အလျင်လိုမှပဲ အဲဒီကတ်ပြားကို ကိုသက်နိုင်သုံးတာပါ။ ခုလိုအခြေအနေကြတော့ ကိုသက်နိုင်ရဲ့ခွေးဘီလူးခေါင်းနဲ့ကားအဖြူလေးဟာ သူလိုငါလို သာမန်ခရီးသည်ကားတွေအများကြီးထဲက ကားလေးတစ်စီးလိုပါပဲ။ မြားလေးတစ်စင်းလို လှစ်ခနဲလှစ်ခနဲပြေးနေလေရဲ့။

သုံးတောင်တဲ့။ အနီးစခန်းနဲ့ပြင်စာကြားကရွာကလေး။ တခြားအရပ်တွေနဲ့စာရင် သုံးတောင်ရွာက သစ်ပင်သစ်တောတွေနဲ့နီးတဲ့ရွာပေါ့။ ဘယ်ညာကြည့်လိုက်ရင် ဟိုမှာဒီမှာစိုက်ခင်းတွေချည်းပဲ။ စိုက်ခင်းရဲ့အစပ်ရောက်တာနဲ့ သစ်ပင်တွေသစ်တောတွေနဲ့ချည်း။ ကြည့်ရတာ အစိုးရသစ်တောကြိုးဝိုင်းထဲမှာပါသလားမှမသိတဲ့ဟာ။ သစ်ပင်သစ်တောတွေနဲ့ ~ ထူထပ်နေပုံများပြောပါတယ်။

ရွာရောက်တော့ သိပ်မမေးလိုက်ရပါဘူး။ ကိုသက်နိုင် ပေါ်တော်မူဘုရားတည်ထားတဲ့နေရာ ရောက်ကရောပဲ။ လူတချို့လည်း တွေ့ရတယ်။ ဘုရားရဲ့ရင်ပြင်တော်မှာက ဧရာမစပါးကြီးမြွေတစ်ကောင်။ ကြည့်ရတာ ဒဏ်ရာရထားတဲ့ပုံပါ။ သိပ်မလှုပ်နိုင်တော့ပါဘူး။

"ကျေးဇူးပြုပြီး ကျွန်မကို အနီးစခန်းမပို့ကြပါနဲ့။ ပြန်လွှတ်ပေးပါ။ သစ်တောဌာနမပို့ပါနဲ့။ ပြန်လွှတ်ပေးပါ။ လွှတ်ပေးကြပါ"

ရွာမြောက်ပိုင်းက ဦးမောင်ငွေရဲ့သမီးလေးကိုပူးပြီးမှပြောပါတယ်။ ဒါနဲ့ ရွာကလူတွေ မြွေကို မူလကတွေ့တဲ့ပေါ်တော်မူဘုရားနားမှာပဲထားရဲ့ပါတယ်။ အစကနေပြောရရင် ဒီစပါးကြီးမြွေက ကားလမ်းဖြတ်အကူး ကားတစ်စီးနဲ့တိုက်လိုက်မိတော့ မြွေက ဒဏ်ရာရသွားပါတယ်။ ကားသမားလည်း အတိုက်ခံရတဲ့မြွေကိုဆင်းကြည့်၊ မြွေကမသေပါဘူး။ လူကိုလည်း အန္တရာယ်မပေးတာနဲ့ ဒဏ်ရာရနေတာသနားလို့ အသာပွေ့။ ကားပေါ် တင်။ နောက်တော့ နီးစပ်ရာအိမ်တစ်အိမ်ကို သေချာအပ်။ ဘေးကင်းရာတစ်နေရာရာကိုပို့ပေးဖို့ လိုအပ်ရင် ငွေကြေးပါပေးပြီးထားခဲ့တော့ အိမ်ရှင်တွေမှာ ထစီစဉ်ကြရပါရောလား။

အဲဒီမှာ စပါးကြီးမြွေမက အစောကပြောသလို ကိုမောင်ငွေရဲ့သမီးကို ဝင်ပူးပြီးပြောတော့တာပါပဲဗျာ။

လူကြီးသူမတွေအပြောအရဆိုရင် မြွေဆိုတာ လူဘဝနဲ့ အတော်နီးစပ်သတဲ့။ ကြည့်ပါလား။ ပုံပြင်တွေထဲမှာ မြွေမင်းသားက လူသားမိန်းကလေးကြိုက်တော့ ညတိုင်းလာ၊ မင်းသားဆောင်တာမျိုးတောင်ရှိပါသကော။ အဟာကလည်း ကားသမားအပ်ခဲ့တဲ့ရှင်က မြွေကို ဒီအတိုင်းထားလို့မဖြစ်ချေဘူးဆိုပြီး သစ်တောဌာနနဲ့အနီးစခန်းကို ကားနဲ့လာအပို့ ကိုယ်တွေသမီးကို ဝင်ပူးပြောတော့တာပါပဲ။

ထင်တဲ့အတိုင်းပါပဲ။ အနီးစခန်းရောက် မြွေကိုအပ်တော့ သစ်တောဌာနကလူတွေက မြွေကိုသေချာစစ်ဆေးကြည့်တဲ့အခါမှာ ဒဏ်ရာဒဏ်ချက်တွေ့နေတာနဲ့ လက်မခံကြပါဘူး။ မြွေကို သုံးတောင်ရွာပြန်သယ်လာ၊ မူကမြွေတွေ့တဲ့ အနီးဆုံးနေရာဖြစ်တဲ့ ပေါ်တော်မူဘုရားအနီးမှာပဲ မြွေကိုပြန်ထားလိုက်ကြပါတယ်။

အချိန်ကား မိုးအကုန် ဆောင်းအကူးပါ။ ရာသီဥတုက ကြည်လင်သာယာတော့ ဘုရားဖူးတွေ၊ ခရီးသွားတွေ အင်မတန်စည်လှုတဲ့အချိန်ပါ။ လမ်းဆက်သွယ်ရေးကလည်းကောင်း၊ ဟိုအရင်ကလို ဂိတ်တွေဘာညာအဆိုးအတားလည်းမရှိတော့ နေ့နေ့ညည လူတွေသွားနေလိုက်ကြတာ ကားတွေမှ ဥဒေါနဲ့ ပျော်စရာပါ။ လူထွေတင်မပြောနဲ့ တောသတ္တဝါတွေဖြစ်တဲ့ မြွေတို့၊ ငှက်ဆတ်၊ သမင်တို့ဟာ မိုးကာလက ဘိုးမသွားရသမျှ ဆောင်းရောက်တာနဲ့ လွတ်လွတ်လပ်လပ်သွားလာ၊ လမ်းသာညာဖြတ်အကူးမှာ ဒီစပါးကြီးမြွေမခင်ကားအတိုက်ခံလိုက်ရတော့တာပါပဲ။ ကိုသက်နိုင်တော့ ရွာကကြားခဲ့ရတဲ့သတင်းတွေမှတ်၊ ဒဏ်ရာရတဲ့မြွေကို ဓာတ်ရိုက်နဲ့ ဇယ်ဆက်သလိုလုပ်လိုက်ပါတယ်။ သတင်းရတော့ အိမ်ပြန်၊ တိုက်ကိုအမြီးပို့နိုင်အောင် ဓာတ်ပုံကူး၊ သတင်းအိုးမေးလင်္ကာလည်းပို့ရဦးမယ် မဟုတ်လား။

"ဟာ - သတင်းထောက်ကြီးနဲ့ကျုပ်တို့သုံးတောင်ကိုလာခဲ့ပါဦးဗျာ။ ခုစပါးကြီးမြွေတွေမှ တစ်ကောင်မက နှစ်ကောင်မက သုံးကောင်တောင်ပဲ။ ဘယ်သဘောတော့မဆိုနိုင်ဘူး။ လာကြည့်ပါဦးဗျာ"

ကိုသက်နိုင်က လိုရာသတင်းထူးရင်ထူးသလိုရေးနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

နှာခေါင်းသွေးယိုခြင်းကာကွယ်နည်း

နွေရာသီအပူရှိန်အလွန်ပြင်းထန်ကာ တံလျှပ်လှိုင်းများထချိန်၌ အချို့သော ကလေး၊ လူကြီးတို့မှာ နှာခေါင်းသွေးယိုစီးခြင်းဖြစ်တတ်ပါသည်။ ထိုသို့ နှာခေါင်းသွေးယိုလျှင် ကျေးလက်ဒေသများ၌ ရှေးအခါက နွားချေးအခြောက်ခဲကို ရှူတတ်ပါသည်။ ထိုသို့ နှာခေါင်းသွေးယိုသည်ကို နွားချေးခြောက်ကောက်ရှူသဖြင့် အဆင်မသင့်သောအခါ မေးခိုင်ပိုးဝင်ပြီး အသက်သေဆုံးသူများရှိခဲ့ဖူးပါသည်။ ထိုအခါ နှာခေါင်းသွေးယိုလျှင် သေတတ်သည်၊ သေသည်ဟုလွဲမှားစွာ ထင်မြင်အယူလွဲခဲ့ပါသည်။

သို့အတွက် နှာခေါင်းသွေးယိုလျှင် အရေးပေါ်အခြေအနေအရ လက်နှစ်ဖက်မြှောက်ထားပြီး ဦးခေါင်းကို အနည်းငယ်မော့ထားပါ။ ရေကြည်ရေအေးသန့်သန့်ဖြင့် နှာခေါင်းကိုဆေးပေးပါ။ ရေခဲရနိုင်သောနေရာဖြစ်ပါက ရေခဲတုံးကပ်ပေးပါ။

နှာခေါင်းသွေးယိုတတ်ကြသူများကြိုတင်ကာကွယ်ရန်အတွက် နည်းစနစ်ဆောနည်းမှာ -

ဆီးဖြူသီးကို အစေ့မပါစေဘဲ ထောင်းပြီး အခြောက်လှန်းဆောင်ထားပါ။ ၎င်းဆီးဖြူသီးခြောက်အမှုန့်တစ်မတ်သားနှင့် ရေနွေစ်ကျပ်သား (တစ်ဆ၊ရွှစ်ဆအချိုး) ကို ညှပိုင်းတွင်စိမ်ထားပါ။ နောက်နေ့နံနက်တွင် သကြားသင့်ရုံထည့်ပြီးသောက်ပေးပါ။ တစ်ပတ်ခန့် သောက်ထားလျှင် နွေရာသီ နှာခေါင်းသွေးယိုခြင်းလုံးဝမဖြစ်တော့ပါ။

အလွန်လွယ်ကူပြီး နှာခေါင်းသွေးယိုတတ်သူများအတွက် ထိရောက်အစွမ်းထက်ကာကွယ်နည်းဖြစ်၍ တင်ပြရေးသားအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ပေါ် တော်မူဘုရားနားကအိမ်တစ်အိမ်က အသိတစ်ယောက်ကို ဖုန်းနံပါတ်ပေး၊ ဆက်သွယ်ဖို့မှာခဲ့ရာက ခုအရေးတကြီး ဖုန်းသံကြားလိုက်ရတော့တာပါ။

လောလောဆယ်တော့ ဒီသတင်းက HOT-NEWS ဖြစ်နေတာမို့ သတင်းစာတိုက်ကလည်း အလိုက်ခိုင်းတာနဲ့ ထထွက်အလာ လူတွေ့ဝိုင်းအုံနေတဲ့ကြားက ထူးဆန်းတဲ့မြင်ကွင်းကို ကိုသက်နိုင် မြင်လိုက်ရတော့တာပါပဲ။ ဘုရားရင်ပြင်မှာ ဒဏ်ရာရနေတဲ့မွေ့က မွေ့မပါ။ မွေ့မရှိတဲ့နေရာကိုလာတာက စပါးကြီးမွေ့အထီးကြီးပါ။ တစ်သက်နဲ့တစ်ကိုယ်ကို သက်နိုင် ဒါလောက်ကြီးတဲ့မွေ့ထီးကို တစ်ခါမှမမြင်ဖူးပါဘူး။ မွေ့မနဲ့အနီးဆုံး သစ်ပင်တစ်ပင်ပေါ် ကနေ စပါးကြီးမွေ့ကြီးဟာ တရှူးရှူးနဲ့ မွေ့မလည်းမြင်ရော မာန်တွေထ၊ ခေါင်းတွေထောင်၊ ပါးပျဉ်းတွေခွက်ပြန့် တကယ့်ကြောက်စရာကြီးပါဗျာ။ ဒါပေမယ့် မွေ့ကြီးကတော့ အနားမှာရှိနေ၊ ဝိုင်းအုံကြည့်နေကြတဲ့လူတွေကို အန္တရာယ်မပြုဂရုတောင်မှမထား ဘဲ တရှူးရှူးနဲ့လုပ်နေတာကိုကြည့်ပြီး ရွာထဲက သက်ကြီးရွယ်အို့တစ်ယောက်ရဲ့ စကားသံကိုကြားရပါတယ်။

"ကြည့်နေ ကြည့်နေ၊ အဲဒီစပါးကြီးမွေ့ကြီးဆိုတာ မွေ့မကိုတွေ့လိုက်၊ မြင်လိုက်တာနဲ့ ပျော်နေတာ၊ ဟန်ရေးပြနေတာ၊ ဖိုသံပေးနေတာ ကြည့်ပါဦး"

နောက်တော့ သစ်ပင်ပေါ် က စပါးကြီးမွေ့ကြီးဟာဆင်းလာပြီး ဘုရားရင်ပြင်နားက မွေ့မဆီရောက်လာ၊ မွေ့နှစ်ကောင်လုံးနေကြတော့တာပါ။ ရာသီက မွေ့တွေမိတ်လိုက်တဲ့ရာသီလို့လည်း သိတဲ့လူတွေကပြောပြပါတယ်။ မွေ့မရှိရာ တောထဲက မွေ့ထီးကရောက်လာပါတယ်။ ထူးဆန်းတာက အဲဒီမွေ့တွေဟာ ပေါ် တော်မူဘုရားအနီးမှာ ရောက်လာကြတာရယ် နောက်ပြီး တခြားဘယ်နေရာမှမသွားတော့တာပါပဲ။

"ဟာ- ဟိုမှာကြည့်ပါဦးဗျို့။ စပါးကြီးမွေ့တစ်ကောင် တောထဲကထွက်လာနေပြန်ပြီ။ ဟော - လာတာမှ ပေါ် တော်မူဘုရားရှိတဲ့ဆီကိုဗျ။ သေချာတယ်။ တန်းတန်းမတ်မတ်ကိုလာနေတာ၊ ဟောဟိုမှာ တွေ့လား"

အစောက မွေ့ထီးကြီးနဲ့စာရင် နောက်ရောက်လာတဲ့မွေ့ကအလုံးအဖန် သေးတော့ ဧကန္တ - ဒီမွေ့ကအမဖြစ်လောက်တယ်။ အစောကမွေ့မက ဒဏ်ရာနဲ့ရောက်လာတယ်။ မွေ့မရှိနေမှန်းသိတော့ မွေ့ထီးက သူ့အလိုလိုနဲ့ မွေ့မရှိတဲ့နေရာကိုရောက်လာတယ်။ တစ်ခါ ခုမွေ့မက ဒီနေရာမှာ မွေ့ထီးတစ်ကောင်ရှိနေမှန်းသိတော့ သူ့အလိုလို ရောက်လာလိုက်တော့ ခုဆိုရင် စပါးကြီးမွေ့ချည်း သုံးကောင်တောင်မှပါ။ ပြန်လည်းမပြန်ကြတော့ဘူး။ ပေါ် တော်မူဘုရားနားက သစ်ပင်တွေပေါ် မှာပဲ တက်နေခွေနေကြ၊ ဇေဝရဲ့၊ ဂေါပကလူကြီးတွေကတော့ မွေ့ကြီးတွေကို တခြားမသမာ တဲ့လူတွေက အန္တရာယ်မပြုနိုင်အောင်၊ ဘုရားအစောင့်သဘောမျိုးလည်းဖြစ်အောင် သံစကာကျဲကျဲတွေ ကာရံထားပြီး စောင့်ရှောက်ထားပေးကြလေရဲ့။

ကိုသက်နိုင် ပြောတာကတော့ ခုနောက်ပိုင်း မန္တလေးကနေ ဘုရားဖူးတက်လာတဲ့ကားတွေဟာ သုံးတောင်ရွာကမွေ့သထင်းကြားလို့ ဝင်ကြည့်ကြရင်းက လူတွေစည်နေသတဲ့။ တစ်နေ့ကတောင် ကျွန်ုပ်အဆင်းမှာ အဆောင်ကမိန်းကလေးတစ်သိုက်က -

"ဆရာ၊ ကျွန်မတို့ကို သုံးတောင်မွေ့တွေရှိတဲ့နေရာလိုက်ပို့ပေးပါ။ ပေါ် တော်မူဘုရားလည်းဖူးချင်လို့"

ဆိုပြီး ပူဆာတာနဲ့ တတိယတစ်ခေါက် ကိုသက်နိုင် သုံးတောင်ရွာကို ရောက်ခဲ့ရပါပကောလား။

(သတင်းထောက် - သက်နိုင် (ပြင်ဦးလွင်) ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်း)

လနယုန်မိုး

www.burmeseclassic.com

www.burmeseclassic.com

ကျောက်စက်ရေးပါ ပတ်သက်လို့
ကျဲငမန်း၏ယတြာဓာတ်လေးအင်
ထင်ကျော်စွာ(ဂမ္ဘီရရွာစု)

လင်းအရုဏ်တွင် ဆောင်းနှမနှင်းသဘောအလိုကျထားခဲ့ဟန်ရှိသော်လည်း တစ်နေ့တွက်တာ ဝတ္ထရားမပျက် ထမ်းရွက်နိုင်ရန် ခရီးဆက်ထွက်ခွာတော့မည်မှာ ကိုရွှေနေမင်းပင်။ တစ်ထောင်သောရောင်ခြည်တို့ကို အားကုန်လွှတ်တင်သည်ဆိုတော့ မှုန်ရီရီနှင်းနှမ၏အလှပြိုကွဲစပြုပြီ။

နံနက်အဆာပြေ စားသောက်သုံးဆောင်ပြီးကတည်းက စာအုပ်ထူတစ်အုပ်ကို တစူးတစိုက်ဖတ်နေသော ကျဲငမန်းကို သူနေထိုင်ရာ ဖခင်ကျဲငထန်းအိမ်ဧည့်ခန်းတွင် တွေ့မြင်နိုင်ပါသည်။ ထိုခဏမှာပင် အိမ်ရှေ့တံခါးပေါက်မှ တက်လာသော ရက်ကန်းသမ မလေးမို့ နှင့် အသက် (၅၀) ခန့်လူကြီးတစ်ဦးတွေ့လိုက်ရသည်။

"အစ်ကိုမန်းရေ၊ ရွာကဦးလေးစွေးဘက်လာရင်း မလေးဆိုဝင်လာတာ ကိုမန်းကိုလည်းတွေ့ချင်လို့တဲ့။ လာမယ်နော်"

"လာပါ မလေးရယ်၊ မသိကျွမ်းတဲ့သူတွေမှမဟုတ်တာ။ ကြွပါ ဦးလေး"

ကိုမန်း၏ ဖော်ရွေပျူငှာ အပြုံးကြောင့် မလေးမို့ဦးလေး ဦးအောင်ကြိုင်မှာ အားတက်သရောစကားစပါတော့သည်။ ဝင်ရောက်နေရာယူထိုင်ရင်းမှ -

"ဒီလိုဆရာလေးရေ၊ ပြီးခဲ့တဲ့အပတ်က ဝါးဖြူချောင်းဘက်ကနေ ဝါးတောတက်တဲ့ လှည်းတွေနဲ့ပါသွားတယ်။ ပြန်လာတော့ ကတောင်ကယောင်ဖြစ်ချင်သလိုဖြစ်နေလို့ စွေးက ပရဆေးဆိုင်မှာ ဆေးလည်းဝယ်ရင်း ဆရာလေးဆီလည်းမေးရင်း ဝင်လာတာပါ"

ဦးအောင်ကြိုင်၏စကားဆုံးတော့ ကျဲငမန်းမှာ သူ၏ချီစောင်းကို ညာဘက်လက်ညှိုးဖြင့် ညင်ညင်သာသာ သုံးချက်မျှတို့ပြီး စဉ်းစား၍ပြောလိုက်သည်။

"ဦးလေး တောင်ပေါ်မှာ တစ်ခုခု အစားအသောက်မှားလာခဲ့တာဖြစ်မယ်ခင်ဗျ။ အဲ - အထူးသဖြင့် ဘယ်ရေတွေသောက်သုံးခဲ့သလဲ"

"ငါ့တူရယ်၊ တို့ဒီကခပ်ထည့်သွားတဲ့ ရေကျည်တောက်တွေအများဆုံးသောက်တယ်။ မလောက်ငမှ တောင်ပေါ်မှာ သန့်ပြန့်တဲ့နေရာက ရေတွေရွေးချယ်ပြီးသောက်ဖြစ်တာပါပဲ"

"မဟုတ်သေးဘူး ဦးလေး၊ ကိုယ်ကတော့ သန့်ပြန့်တယ်လို့ထင်ထားတာပဲ။ ဆိုးကျိုးပေးနိုင်တဲ့ ရေအမျိုးအစားတွေလည်းရှိသေးတယ်နော်။ သေချာစဉ်းစား၊ ဘယ်ရေမျိုးသောက်မိသေးလဲ"

"အင်း - မင်းပြောမှငါစဉ်းစားမိတယ်။ ဒီလိုတော့ရှိတယ်။ ပြန်ခါနီး ရေမလောက်ငတော့လို့ လှည်းသမား ငချစ်သောင် ငါကိုရေခပ်ပေးတယ်"

"ဘယ်ကရေတဲ့လဲ ဦးလေး"

ကိုမန်းက ပျာပျာသလဲမေးသည်။

"ဟိုးကျောက်ဂူချောင်းကျောက်လွှာကျောက်ထပ်ကြားကကျတဲ့ကျောက်စက်ရေတဲ့ကွ"

"အဲဒါအဖြေပဲ ဦးလေး။ အဲဒီကျောက်စက်ရေဟာ ဦးလေးကို အခုလို စိတ်ချောက်ချားစေတာပဲ။ ခပ်လာတဲ့သူကောသောက်ဖြစ်သေးလား"

"သူပြောတာတော့ ကျုပ်တော့ ငှက်ဖျားမိတဲ့ရေဖြစ်နေမှာကြောက်လို့ မသောက်ရဲဘူးဗျာလို့တော့ ပြောတယ်။ ငါကတောင် ဟကောင်ရ၊ စိမ့်တွင်းစမ်းတွင်းရေမဟုတ်ရင် ငှက်ဖျားမပါလောက်ပါဘူးကွာလို့တောင်ပြန်ပြောသေးတယ်။ ငါလည်းဟော့ ပြန်ခါနီး ရွာခြေကရေရောက်မှသောက်ဖို့။ မအောင့်နိုင်ဘဲသောက်လိုက်တာ အဲ့ရေဘူးသေးတစ်ဘူးလုံးကုန်ရောကွာ"

"ကဲ-စိတ်ချောက်ချားသလိုဖြစ်နေတာ ဦးလေးတစ်ယောက်တည်းမို့လား။ အဖြေကရှင်းနေပါတယ်၊ ကျောက်စက်ရေစင်သည် စိတ်ချောက်ချားစေ၏တဲ့"

ဦးအောင်ကြိုင်မှာ တုန်လှုပ်သွားပုံရပါသည်။

"ကိုမန်းလေး၊ သည်လိုဆို ဟန်ကျပါ့ဦးမလား။ ဘယ်လိုလုပ်ရပါ့ပြောပါဦး"

"သိပ်လည်း မစိုးရိမ်ပါနဲ့ ဦးလေး။ အနာသိဆေးရှိပါတယ်။ ဆေးနာမည်ကနတ်မင်းကြီးငါးပါးဆေးတော်တဲ့။ ရှာရခက်တဲ့ဆေးမြစ်တွေပါတယ်။ မြင်းခေါင်းနာရောင်မြစ်တို့၊ စန္ဒကူးနီတို့ပါတယ်။ အဲသည်ဆေးအထိဖော်မနေပါနဲ့။ လွယ်ကူလျင်မြန်တဲ့ဓာတ်ပညာနည်းစဉ်တွေပြောပါ့မယ်"

"ဆရာမန်းရယ်၊ ကျောက်စက်ရေအာနိသင်ငါမသိရိုးအမှန်ပါ။ ရှေးလူကြီးသူမအဆိုလား၊ ကျမ်းထဲမှာပါသလား"

"ပြောပါ့မယ် ဦးလေး၊ 'သရပ္ပတုန်းကျမ်း'လာအဆိုအမိန့်ဆိုပါတော့။ ကျမ်းထဲက ကျောက်စက်ရေအပါအဝင်အခုတ်အလက်အချို့ပြောပြမယ်"

ကိုမန်းက ရှင်းပြပါသည်။

ကျောက်စက်ရေစင်သည် စိတ်ချောက်ချားစေသည်။ တစ်ခါတစ်ရံဆာသောမိုးရေ ကိုယ်လက်ပေါ်ပါးစေသည်။ သည်းခြေအနာ၊ မေးအနာပျောက်၏။ သလိပ်နာပျောက်၏။ မိုးဦးနှစ်သစ်ရေ လျင်စွာခပ်ယူ၍သောက်သော် အိုင်းနာ ပရမေဟအနာ လျင်မြန်စွာဖြစ်တည်သည်။ အင်းရေသည် သည်းခြေအနာပျောက်စေ၏။ ဆီးနှင်းရည်သောက်သောသူ မခြောက်သောကိုယ်ရောင်နှံသည်။ ကိုယ်သွေးကိုယ်သားကောင်းသည်။ ကိုယ်ပူနာပျောက်သည်ဟု ပါဠိကြောင်း ပြောပြလေသည်။

ထိုစဉ် တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော မလေးမို့က စကားဝင်ဆိုပါသည်။

"မလေးတို့ မိန်းကလေးတွေကအသားအရေ အသွေးအသားလှချင်တာဆိုတော့ ဒါကိုမှတ်ထားရမယ်ကိုမန်းရေ"

"မှတ်ပါဗျာ မှတ်ပါ။ သောက်ဖြစ်အောင်လည်းသောက်ပေါ့။ ဒါမှ ဒီထက်ပိုလှပိုချောမှာပေါ့။ တော်ကြာ ဂေါ်ရင်ကုလားကြီး သဘောကျနေမှ ဘယ်လုပ်မလဲ"

"ဆရာလေးမန်း၊ အူတိုနေတာလား၊ အပိုပူနေတာလား၊ ပြောမပြောချင်ပါဘူးနော"

ဦးအောင်ကြိုင်မှ သူ့စိတ်ထဲတွင်ထင့်နေသောမေးခွန်းနှင့် မေးမြန်းပါသည်။

"ဆရာလေးရေ အစားအသောက်မှားတယ်လို့ပြောရအောင် တွက်ကြည့်လို့ရတဲ့ ပညာခန်းများရှိရင် ပညာပေးပါ ဦးလား"

"ရှိသပါဗျာ"

လက်ရှိရောက်ရှိနေသော သက်တမ်းတွင် ဘယ်အစာတွေကို ရှောင်ရမည်ကို ပြောပြနိုင်သော တွက်နည်းနှင့်ကြောင်း ကိုမန်းမှ ရှင်းပြပါသည်။

ထိုတွက်နည်းကား ဂျပ်သိုဖြစ်၏။ အသက်ကိုတည် (၆) နှင့်မြှောက်ပါ။ (၇) နှင့်စားပါ။ အကြွင်းကိုကြည့်၍ မတည့်သောအစာရှောင်ပါ။

(၁) ကြွင်း ကြက်သား၊
(၂) ကြွင်း မုန့်ပဲသရေစာ၊
(၃) ကြွင်း နို့၊
(၄) ကြွင်း ဥ၊
(၅) ကြွင်း ဝက်သား၊
(၆) ကြွင်း ကြံရည်(သစ်သီးရည်)
(၀) ကြွင်း လက်သုပ်စာ

တို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ကြိုင်၏အသက်ကိုမေးရာ (၄၉) နှစ်ဟု ဖြေသည်။

ထိုတွင် ကိုမန်းက တွက်ပြပြန်ပါသည်။

ရောက်သက် ၄၉
× ၆
၂၉၄ + ၇

အကြွင်း (၀)

(၀) အကြွင်းအရ လက်သုပ်အစာရှောင်ရမည်ဟု ပြောပြပါသည်။

ဤသို့ တွက်ပြပြီးသော် ဦးအောင်ကြိုင်မှ ထပြောလိုက်ပါသည်။

"ဟာ - ဟုတ်လိုက်လေ ဆရာမန်းရယ်။ ရွာလယ်က မိကျေးတို့လက်သုပ် နေ့တိုင်းသွားစားပြီး ပြန်လာတိုင်း နေမကောင်းချင်နေတာ"

ထိုအခါ ကျွဲမန်းမှ ခန့်မှန်း၍ ပြောလိုက်ပါသည်။

"ဒါဆို အခုထိ ဦးလေးတရှောင်ရှောင်ဖြစ်နေတယ်ပေါ့"

"ဟုတ်ပါ့ ဆရာလေးရေ၊ ဟောပြောရာမှာရော သူတစ်ပါးနားလည်အောင်သင်ပြတဲ့နေရာတိုင်း နည်းတို့လေးတွေသုံးပြီး ရှင်းလင်းရာမှာပါ နာမည်ရလို့ မေးပါရစေဦး ဆရာလေး"

"ဆရာလို့ အခေါ်ခံနိုင်အောင် ကြံဆမှန်းဆတွက်ဆနိုင်ရမယ်။ ကြား၊ ကြံ၊ မေး၊ ပြောနိုင်ရမယ်။ ပီသ ညီမျှမှုရှိ၊ မရှိမေးကြည့်ရမှာပေါ့။ မေးပါ ဦးလေး"

"ဒီလိုဆရာရယ်၊ ကျွဲဝစိတ်ပူတတ်သူဖြစ်တော့ အခုအသက်(၄၉)နှစ်ထဲမှာပေါ့ ဆရာရယ်။ နာတာရှည်မယ်၊ ပြန်ကောင်းသွားမယ်၊ အသက်အန္တရာယ်ရှိမယ် စသည်ဖြင့် စသည်ဖြင့်ပေါ့လေ ကျန်းမာရေးအနေအထားကို တွက်ပြီး ဟောပြောနိုင်တဲ့နည်းရှိလား အဲဒါသိချင်သဗျာ။ ရှိရင်လည်း ဆရာ့ထုံးစံအတိုင်း တစ်ထိုင်တည်း သိမှတ်လောက်အောင် ရှင်းပြပါလား ဆရာလေး"

"ဦးလေးက နှိုက်နှိုက်ချွတ်ချွတ် အူမချေးခါးမကျန်မေးတတ်တော့လည်း ကျွန်တော်ကလည်း စေ့စေ့စပ်စပ်ရေရေရာရာပြောပြသင့်နေပြီပေါ့။ ကျန်းမာရေးအနေအထားတွက်နည်းဆိုတာရှိပါတယ်။ ဘယ်အသက်အရွယ်မှာ ဦးလေးမေးသလို နာတာရှည်လား၊ ပြန်ကောင်းမလား၊ အသက်လုမလားဆိုတာတွက်ယူတဲ့နည်းပေါ့"

ထို့နောက် ကျွဲမန်းက စာရွက်လွတ်တစ်ခုပေါ်တွင် မင်တံဖြင့်ရေးခြစ်၍ ရှင်းလင်းတွက်ပြပါတော့သည်။

နည်းစနစ်မှာ သိလိုသူ ဇာတာရှင်အသက်ကို ရောက်ဆဲကောဇာသတ္တရာဇ်ဖြင့် ပေါင်းရပါသည်။ ပေါင်းပြီးက (၃) နှင့် ထပ်၍မြောက်ပါ။ မြောက်ပြီးရသောကိန်းကို မွေးနံသခ်ျာနှင့်ပေါင်းရပါမည်။ ထိုသို့ပေါင်းပြီးကိန်းကိုမှ (၇) ဖြင့်စားပါ။ အကြွင်းဂဏန်းကိုကြည့်ပါ။ အကြွင်းများ၏အညွှန်းကို မှတ်ပါ။

(၃) နှင့် (၆) ကြွင်းလျှင် -
နာတာရှည်မည်။
(၁)၊ (၂)၊ (၄)၊ (၅) ကြွင်းလျှင် -
ပြန်ကောင်းသွားမည်။
(၀) ကြွင်းလျှင် -
အသက်အန္တရာယ်ရှိသည်။

နမူနာ ဦးအောင်ကြိုင်အားတွက်ပြပါသည်။ ကောဇာနှစ် ၁၃၃၂ ခုနှစ်နှင့် တွက်ပြလိုက်ပါသည်။ မြန်မာလပြက္ခဒိန်ကိုမယူရပါမည်။ ခရစ်သက္ကရာဇ်ကိုမယူရပါ။

ရောက်ဆဲကောဇာ ၁၃၃၂
ရောက်သက် + ၄၉
၁၃၈၁
× ၃
၄၁၄၃
မွေးနံ + ၁
၄၁၄၄
+ ၇
အကြွင်း ၀

တွက်ပြပြီးသော် ဦးအောင်ကြိုင်မှာ အသက်အန္တရာယ်ရှိသည့်အသက်တွင်ရောက်နေပါသည်။ လိုက်၍ကြည့်ရှုမှတ်သားနေသော ဦးအောင်ကြိုင်မှ စကားတစ်ခွန်းထပြောလိုက်သည်။

"ထင်တယ်ဆရာ၊ ထင်လို့ကို ဆရာ့ကို တွက်နည်းမေးရတာပဲ။ ဒီတော့ ဆရာမန်း၊ ဆက်ပြီးဘာတွေလုပ်သင့်တယ်ဆိုတာကို အမိန့်ရှိပါဦး"

"ဘယ်လိုအကန့်တွေနဲ့ သွားနေတယ်ဆိုတာ အရင်ရှင်းပြချင်တယ် ဦးလေး။ တွက်ချက်မှုကို 'ဂဏိတဝေဒင်' လို့ခေါ်တယ်။ တွက်ချက်မှုကို ရတဲ့အဖြေနဲ့ဟောပြောမှုကိုတော့ 'ဖလိတဝေဒင်' လို့ ခေါ်ပြန်တယ်။ အဟောမှာ အကျိုးအပြစ်တို့ပါလာလို့ ဘာကိုလုပ်ကိုင်ဆောင်ရွက်ရင် ပြေပျောက်အကျိုးများသွားဖို့ရာ ပေးတဲ့ယဇ်ဘာအစောင်အရွက်အစီအမံကိုတော့ 'သံဟိကာဝေဒင်' လို့ ခေါ်တယ်။ သည်တော့ သံဟိတာဝေဒင်လို့ခေါ်တဲ့ ပြုပြင်စီရင်မှုအတတ်ပညာအား အရေးပါတာကို တွေ့ရပါမယ်"

"ဆရာရေ၊ သံဟိတာဝေဒင်နဲ့ အသက်ခန္ဓာမပျောက်မပျက်တဲ့နည်းကို ပေး ပါဦး"

"နာမ်တူအသားကို အရင်ရှာရမယ်။ တနင်္ဂနွေဆိုတော့ အင်၊ အုန်းပေါ့။ ပထဝီ၊ တေဇော၊ အာပေါ။ ဝါယောလို့ခေါ်တဲ့ ဓာတ်ကြီး (၄) ပါးအခြေအနေ (၄) မျိုးစလုံးမှာလုပ်ရမယ်။ မြေ၊ ရေ၊ လေ၊ မီးလို့ အလွယ်မှတ်လို့ရတယ်"

ကျွဲမန်းမှ ဆက်လက် ရှင်းပြရာတွင် မွေးနံအသားကို လူနာ၏အရပ်နှင့်တိုင်းပြီးဖြတ်ရကြောင်း၊ လူနာမွေးနေ့မတိုင်မီတစ်ညမှာ အိပ်ရာဘေးထားအိပ်ရမည်ဖြစ်ကြောင်း၊ တစ်ပိုင်းကို မြေမြှုပ်၊ တစ်ပိုင်းကို မီးရှို့၊ တစ်ပိုင်းကို ရေမျှော၊ တစ်ပိုင်းကို ယပ်တောင်နှင့် (သက်စေ့အချက်ရေ) ခတ်ပေး၊ အပိုင်းအစကျန်များကို ဘုမ္မိကျရာအရပ်မှာ စွန့်ရကြောင်း ပြောပါသည်။

ဘုမ္မိကျရာအရပ်၊ မွေးနံသားတို့လည်း စာရွက်တွင်ဆွဲပြလေသည်။

ဦးအောင်ကြိုင်မှာ ရေးမှတ်သောစာရွက်များကို ယူဆောင်၍ အားလုံးကို နှုတ်ဆက် ထွက်ခွာသွားပါတော့သည်။ မလေးမှံလည်း ရက်ကန်းရုံသို့ပြန်သွားပြီး ကိုမန်းလည်း အပြင်သို့ထွက်ခဲ့ပါတော့သည်။

နောက်များ မကြာမီ တစ်ပတ်ခန့် တစ်ခုသောညနေခင်းဝယ် ဒေါ်စိမ်းခင် ရက်ကန်းရုံရှေ့တွင် နွားလှည်းတစ်စီး ရောက်ရှိလာပါသည်။ လှည်းပေါ်မှ ဧရာမငှက်ပျောခိုင်ကြီးတစ်ခိုင်နှင့် ဆန်အိတ်တို့ကို ကျွဲမန်း၏အိမ်ပေါက်သို့ သယ်ပို့စေပါသည်။ လာရောက်၍ မောင်ကြီးပင့်ပါခေါ် ဖီးကြမ်းငှက်ပျောခိုင်နှင့် ကောက်ညှင်းဆန်တစ်အိပ်ကို ပို့သူမှာကား မလေးမှန်၏ ဦးလေးဖြစ်သူ ဦးအောင်ကြိုင် ဖြစ်ပါသည်။ ကြည်သာရွှင်လန်းသောမျက်နှာဖြင့် ဒေါင်ဒေါင်မြည်နေကောင်းသွားပြီ ဖြစ်ကြောင်း ဆရာမန်းအား ပြောပြလိုက်ပါတော့သတည်း။

ထင်ကျော်စွာ(ဂဏ္ဍီရွာစု)

၁-နွေ	၂-လယ်	၃-ဂိ	၄-ဟူး	၅-တေး	၆-ကြာ	၀-နေ
အင်	ကျွန်း	ဆီး	ဝါး	ပေါက်	သီဟိုဠ်	ထန်းလက်
တောင်	အနောက်တောင်	အနောက်	အနောက်မြောက်	အရှေ့မြောက်	အရှေ့တောင်	မြောက်

www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုး-ရွှေအာရုဏ်ဦး
(အားဆေးဆေဒေသီ) စိုးအောင်း

တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
(အဓိကကားချပ်များ / Major Arcana)
XIII. The Death - သေခြင်း

❑ *မှက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော့ပုံပြင်*

(၁) ဆောင်းပါးအား ဖတ်ရှုပြီးမှ တားရော့ကားချပ်ဆောင်းပါးများအား လေ့လာ ဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မည် ဖြစ်ပါသည်။

XIIII. The Death သေခြင်း

အခြားအမည်ကွဲများ

- ❑ Time
- ❑ The Skeleton
- ❑ A zrail

ဟတ်သက်ဆက်နွယ်မှုများ

- ❑ Hebrew "Mem"
- ❑ Seorpio - ငြိဆွာရာသီ
- ❑ Saturn - စနေဂြိဟ်
- ❑ Capricon - မကာရရာသီ
- ❑ Namber - XIII

ကားချပ်ရဲ့ နောက်ခံအရောင်အပေါ် သုံးပုံနှစ်ပုံခန့်ကို လိမ္မော်ရောင်လွှမ်းတဲ့အဝါရောင်နဲ့ ရေးခြယ်ထားပြီး အောက်ပိုင်း သုံးပုံတစ်ပုံကျော်ကျော်ခန့်ကို အနက်ရောင်နဲ့ ဖော်ပြထားပါတယ်။

လူတစ်ယောက်ရဲ့ အရိုးစုကဥရောပသုံး မြက်ရိတ်/စပါးရိတ်တဲ့ဓားကောက်ကိုကိုင်ထားပါတယ်။ ဓားကို အနီရောင် ဖော်ပြထားပါတယ်။ အရိုးစုလက်နဲ့ တင်ပါးဆုံတွေကို အဝတ်နဲ့ဖုံးလွှမ်းထားပါတယ်။ မြေပြင်ပေါ်မှာ ဦးခေါင်းပြတ် ၅၂) ခု။ တစ်ခုက သရဖူဆောင်းထားတဲ့ခေါင်း၊ နောက်တစ်ခုက သာမန်လူတစ်ယောက်ရဲ့ခေါင်း။ အခြားသော ခြေပြတ်၊ လက်ပြတ်တွေ၊ အပြာရောင်ခြယ်မှုန်းထားတဲ့အပင်ပေါက်လေးတွေနဲ့ အဝါရောင်အပင်ပေါက်တွေ။

အနောက်နိုင်ငံက အင်မတန်ရွံ့တဲ့ နံပါတ် (၁၃)။ ခရစ်တော်ရဲ့ နောက်ဆုံးညစာစားပွဲမှာ လူ (၁၃) ယောက်ပါခဲ့လို့ နိမိတ်မကောင်းဘူး။ နံပါတ်(၁၃) ကိုမြင်ရင် သေရတော့မယ်လို့ ယူဆယုံကြည်ခဲ့ကြလို့သူတို့ကြောက်ကြတာ။ ခရစ်တော်ကိုလည်း မကိုးကွယ်၊ နံပါတ် (၁၃) ကို ဘာကြောင့်ကြောက်ရသလဲဆိုတာမသိဘဲနဲ့ အရှေ့တိုင်းသားတွေကလည်း ကြောက်ကြတယ်။ မြန်မာတွေလည်း ကြောက်ကြတယ်။ သူများကြောက်လို့ ကြောက်ကြတာ။ သူများစကားမှာ ကိုယ့်နားဆုံးနေကြတာ။ ဘာကြောင့်လဲဆိုတာ မလေ့လာဘူး။ ဒီအကြောင်းက ကြောက်သင့်သလား/မကြောက်သင့်ဘူးလားဆိုတာ ဆက်မစဉ်းစားဘူး။

ကားချပ်နံပါတ်ကလည်း (၁၃)ဖြစ်ပြန်၊ ကားချပ်မှာ သရုပ်ဖော်ပုံကလည်း အရိုးစုကြီးက ဓားကောက်ကြီးကိုင်ထားတဲ့ပုံဆိုတော့ ပိုကြောက်ကြလေတယ်။ ဒါကြောင့် ဒီကတ်ထုပ်ထဲမှာတောင် ဒီကတ်ကို နာမည်စာတန်းထိုးမထားဘူး။ အချို့ကတ်ထုပ်တွေမှာဆို နံပါတ်မတပ်ဘူး။ အချို့ကတ်ထုပ်တွေမှာ နံပါတ်ရော အမည်ပါတပ်မထားဘူး။ အဲ့လောက်ကြောက်ကြတယ်။

ဒီလောက်ကြောက်စရာမလိုပါဘူး။ ဒီကားချပ်+ဒီနံပါတ်ရဲ့အဓိပ္ပာယ်ကိုသိရင် ကိုယ့်အတွက် အကျိုးရှိစွာ ထိရောက်စွာ အသုံးပြုနိုင်ပါတယ်။

တားရော့ကားချဖ်များအတွက် မိတ်ဆက်နိဒါန်း ဆောင်းပါးများကျွန်တော်တင်ပြခဲ့သလို ဒီကားချပ်တွေဟာ Numerologyနဲ့လည်း ဆက်နွယ်နေတော့ Numerology ဘာသာရပ် ပိုင်းဆိုင်ရာ ဆရာကြီးကိုင်ရှိရဲ့ ယူဆချက်က ဦးစွာ တင်ပြလိုပါတယ်။

"This is a number indicating change of plans,place, and such-like. and is not unfortunate, as is generally supposed. In some of ancient withings it is said," He who understands the number 13 will be given power and dominiin."

ဒီစာပိုဒ်ကို ကျွန်တော် နားလည်သလိုပြန်ဆိုရရင် (အကြံအစည်များပြောင်းလဲခြင်း၊ နေရာထိုင်ခြင်းပြောင်းလဲခြင်း၊ အလားတူကိစ္စရပ်များ ပြောင်းလဲခြင်းများကို ဒီနံပါတ်က ရည်ညွှန်းပါသည်။ လူအများလက်ခံယုံကြည်ထားသလို ကံမကောင်းခြင်း၊ ကြမ္မာဆိုးကို ရည်ညွှန်းတာမဟုတ်ပါဘူး။ ရှေးဟောင်းကျမ်းစာများထဲမှာဆိုရင် နံပါတ် (၁၃) ရဲ့အဓိပ္ပာယ်ရဲ့စွမ်းရည်တွေကို သိရှိနားလည်ထားသူဟာ (လောကကြီးကို)လွှမ်းမိုးအုပ်ချုပ်နိုင်တဲ့ တန်ခိုးအာဏာကိုရရှိလိမ့်မယ်) လို့တောင် ရေးသား အမွှမ်းတင်ခဲ့ပါတယ်။

ဒီကားချပ် ဒီနံပါတ်က အဓိကပြောင်းလဲခြင်း/အချိန်တန်၍ ပြောင်းလဲခြင်း၊ အကြောင်းအကျိုးညီညွတ်စွာ ပြောင်းလဲခြင်းကို ညွှန်းဆိုပါသည်။ ပြောင်းလဲဖို့အချိန်ကျရောက်ပြီ။ တားဆီးလို့မရနိုင်တော့ဘူး။ ဒါပေမယ့် ဘယ်လို ပြောင်းမလဲ၊ ဘယ်ကိုပြောင်းလဲမလဲဆိုတာကိုတော့ ပြင်ဆင်ဖို့အချိန်ရှိပါသေးတယ်။ ပြင်ဆင်ထားပါ။ ကောင်းသော ပြောင်းလဲခြင်းဖြစ်အောင် ပြုပြင်ယူလို့ရနိုင်ပါတယ်။

ဥပမာပြောရရင် သစ်သီးမှည့်တစ်လုံး ကြွေကျလာတယ် ဆိုပါစေ့။ ဒီအသီးဟာ အပင်ကိုမှီခိုနေရမယ့်အခြေ

www.burmeseclassic.com

www.burmeseclassic.com

အနေမဟုတ်တော့ဘူး။ နုရာမှရင့်၊ ရင့်ရာမှမှည့်၊ မှည့်ပြီးရင် နောက် Next Generation မျိုးဆက်သစ်ဖြစ်လာမယ့်အပင်လောင်းကလေးကို အပင်ပေါက်လာနိုင်တဲ့အချိန်အထိ သဘာဝကပေးအပ်တဲ့အခွံမာတွေနဲ့ ကာကွယ် စောင့်ရှောက်ထိန်းသိမ်းပေးထားမယ်။ အခွံမာထဲက ပျိုးပင်ပေါက်လောင်းကလေးကလည်း အပင်သစ်အဖြစ် ထွက်ပေါ် လာဖို့ သက်တမ်းရင့်လာတဲ့အချိန် ရေ၊ မြေ၊ လေ၊ မီး (နေရောင်) ဆိုတဲ့ ဓာတ်ကြီးလေးပါး ကလည်း မျှတစွာပေါင်းစပ်ပေးလိုက်တဲ့အခါ အစေ့အခွံမာထဲက အညောက်လေးထွက်လာပြီး မျိုးဆက်သစ်အပင်ကလေး ပေါက်လာပါတယ်။ ဒီအပင်ကလေးက ဓာတ်ကြီးလေးပါးကို အမှီပြုပြီး ကြီးထွားလာမယ်။ အရွယ်ရောက်တဲ့အခါ အဖူးလေးတွေဖူးလာမယ်။ အဖူးလေးတွေကနေပြီး အပွင့်လေးတွေပွင့်လာမယ်။ ဝတ်မှုန်ကူးပြီး မျိုးပွားဖို့အတွက် ဆောင်ရွက်မယ်။ မျိုးအောင်သွားတဲ့အခါ အပွင့်ကလေးတွေကြွေကျပြီး အသီးနုလေးတွေဖြစ်ပေါ် လာမယ်။ နုရာမှ ရင့်၊ ရင့်ရာမှည့်၊ မှည့်ပြီးကြွေကျ။ နောက်ထပ် Generation တစ်ခုစတင်ပြီး ဒီဇနီယာမတစ်ခုရဲ့သံသရာစက်ဝန်းကို လည်ပတ်စေမယ်။ သဘာဝဓမ္မရဲ့ဆင့်ကဲဖြစ်စဉ်တွေအတိုင်း ဖြစ်၊ တည်၊ ပျက်ဆိုတဲ့ Process အနေနဲ့ လည်ပတ်နေရလိမ့်မည်။

အဲဒီ Procession ထဲက နောက်တစ်ဆင့်မရောက်မီ ပြောင်းလဲနေတဲ့ကာလဖြစ်စဉ်တွေကို Death (၁၃) ကရည်ညွှန်းပါတယ်။

တော်လှန်ရေး ဆိုတဲ့ဝေါဟာရကို အဓိပ္ပာယ်ဖွင့်တဲ့အခါ (မသိမသာတရွေ့ရွေ့ပြောင်းလဲလာရာမှ အခြေအနေတစ်ခု/အချိန်အခါတစ်ခုကို ရောက်ရှိလာတဲ့အခါ ရုတ်တရက် အရှိန်မြင်းစွာ လုံးဝပြောင်းလဲခြင်းကို တော်လှန်ရေးဟု ခေါ် သည်။ Evolution to Revolution အဲဒီ Evolution = The way in which living Things change and develop,or a gradual process of change and development = တစ်စတစ်စ ပြောင်းလဲတိုးတက်မှု။

လောက (၃) ပါးရှိတဲ့အနက် သတ္တလောကနဲ့ ဩကာသလောကတွေဟာ သခီါရလောကရဲ့ သဘောတရား အရ အမြဲထာဝရပြောင်းလဲဖြစ်ပျက်နေပါတယ်။ သက်ရှိသတ္တဝါအားလုံး၊ သက်မဲ့နာမ်ဝတ္ထုအားလုံးဟာ အခြေအနေတစ်ခု၊ နေရာတစ်ခုမှာ ထာဝရရပ်တည်လို့ မရနိုင်ပါဘူး။ ကျွန်တော်တို့တစ်တွေ့မွေး၊ အို၊ နာ၊ သေဆိုတဲ့ Process တွေကို လေ့ကျားထစ်တွေ့ပေါ် တက်သလို ဒါက မွေးတဲ့အဆင့်၊ ဒါက အိုတဲ့အဆင့်၊ ဒါက နာတဲ့အဆင့်၊ ဒါက သေတဲ့အဆင့်ဆိုပြီး သိသာထင်ရှားစွာ ပြောင်းလဲခြင်းမဟုတ်ပါဘူး။ တစ်ပြိုင်နက်ထဲမှာ ပျက်တာတွေကပျက်၊ အသစ်ဖြစ်လာတာတွေက ဖြစ်နေကြလို့ ရင့်မှန်းမသိရင့်၊ အိုမှန်းမသိအိုလာကြတာပါ။ အိုရာမှနာ၊ နာရမှ ဓာတ်ကြီးလေးပါးဟာ ကံ၊ စိတ်၊ ဥတု အာဟာရတွေရဲ့စီမံမှုကြောင့် အမျိုးမည်ဖောက်ပြန်နေရာက ထိုထက်ပို၍သော်လည်းကောင်း၊ လုံးဝဖောက်ပြန်ပျက်စီးတဲ့အခါ သေခြင်းဆိုတဲ့အဆင့်ကိုရောက်ရှိရတာပါ။သံသရာကိုယုံသူတွေအတွက်တော့ တစ်ဘဝချုပ်ငြိမ်းပြီးရာက နောက်ဘဝသစ် အစုအစပြုပြီး မဆုံးနိုင်သော သံသရာအဝိဇ္ဇာတဏှာတွေနဲ့ နပန်းလုံးလို့ မြုပ်ချည်ပေါ် ချည်လည်တော့တာပေါ့။

ဒီတော့ ရုတ်တရက် ရပ်တန့်ပြောင်းလဲခြင်းဆီကို ဦးတည်နေတဲ့ တရွေ့ရွေ့ပြောင်းလဲခြင်းဆိုတာ လောကနိယာမတစ်ခု ကလလရေကြည် ပဋိသန္ဓေတည်တဲ့အချိန်ကစပြီး တရွေ့ရွေ့ပြောင်းလဲကြီးထွားလာတဲ့ သန္ဓေသားကလည်း (၉) လကျော် (၁၀) လစေ့တဲ့အခါ အူဝအသံပေးပြီး လူကလေးအဖြစ် အသစ်မွေးဖွားလာခြင်းဟာလည်း Death ကားချပ်ရဲ့ သဘောသဘာဝထဲမှာ အကျုံးဝင်ပါတယ်။ ထို့အတူ ဇာတိ-ဇရာ-ဗျာဓိ-မရဏ အိုခြင်း၊ နာခြင်းဆိုတဲ့အခြေအနေတွေ တစ်ဆင့်ပြီးတစ်ဆင့် မသိမသာဖြတ်ကျော်ပြောင်းလဲလာရာက သေခြင်းဆိုတဲ့ အခြေအနေတစ်ရပ်အထိ ပြောင်းလဲခဲ့ခြင်းဖြစ်စဉ်ဟာလည်း Death ကားချပ်ရဲ့သဘောသဘာဝပါပဲ။ ကောင်းခြင်း၊ ဆိုးခြင်းဆိုတာကတော့ ရှုမြင်သူရဲ့ရပ်တည်ချက်/ခံစားချက်နဲ့ အဖြစ်အပျက်အခြေအနေပေါ် မှာ မူတည်ပါတယ်။

လူတစ်ယောက်ဟာ ရုပ်နဲ့နာမ်နဲ့ပေါင်းစပ်ဖွဲ့စည်းထားတဲ့အတွက်ရုပ်ဝတ္ထုတွေရဲ့တရွေ့ရွေ့ပြောင်းလဲခြင်းဖြစ်စဉ်နဲ့ နာမ် (ခေါ်) စိတ်တွေရဲ့တရွေ့ရွေ့ပြောင်းလဲဖြစ်စဉ်နဲ့ နာမ်(ခေါ်)စိတ်တွေရဲ့တရွေ့ရွေ့ပြောင်းလဲခြင်းဖြစ်စဉ်ရယ်လို့ ခွဲပြီးကြည့်နိုင်၊တွေးနိုင်ပါတယ်။ကောင်းသောတိုးတက်မှုဖြစ်စဉ်/ဆိုးသော ဆိုးယုတ်မှုဖြစ်စဉ်ခရယ်လို့လည်း ကွဲပြားနိုင်ပါတယ်။

သင်္ကေတအနေနဲ့ပြောရရင် စနေဂြိုဟ်ရဲ့သင်္ကေတသဏ္ဌာန်အဖြစ် အရိုးစုရဲ့လက်နဲ့ ဓားကောက်တို့ရဲ့အနေအထားကဖြစ်ပေါ် နေပါတယ်။ နက္ခတ်ပညာမှာ စနေဂြိုဟ်ဟာ ကောင်းရင် (တပ)၊ မကောင်းရင် (တမ) လို့သတ်မှတ်ကြပါတယ်။ တပ-ခြိုးခြံ-ပြင်းထန်စွာ ဘာဝနာပွားခြင်း/တရားအားထုတ်ခြင်းလို့သတ်မှတ်ပြီး မကောင်းတဲ့အနေနဲ့ အဓိပ္ပာယ် ယူဆရရင် တမ - မိုက်မဲတွေဝေ၊ ပျင်းရိခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ရန်ဖြစ်ခြင်း စတဲ့အဓိပ္ပာယ်တွေဖြစ်ယူပါတယ်။ စနေဂြိုဟ်နဲ့လည်း ဆက်နွယ်မှုရှိပါတယ်။

နောက်တစ်ဖန် ငြိစွာရာသီနဲ့လည်း ဆက်နွယ်ပါတယ်။ ရာသီ (၁၂) ပါးကို ဘာဝ (၁၂) ပါးလို့ယူဆခဲ့ရင် ငြိစွာရာသီဟာ မရဏဘာဝမှာကျရောက်ပါတယ်။ မရဏ - သေခြင်း ဆိုပေမယ့် (သေခြင်းတရားနဲ့ ပတ်သက်လို့ (တယ်) လို့ပြောမှပိုပြီးပြည့်စုံပါမယ်) အသက်ရှူည်ခြင်း/အသက်တိုခြင်းကို မရဏဘာဝကပေးပါတယ်။ သေခြင်းတရားကို ကျော်လွန်နိုင်တာကလည်း မရဏဘာဝကပဲ ပေးပါတယ်။

ခန္ဓာကိုယ်ကြီးဟာ ဖြစ်-ပျက်မှုအစဉ် တရားသဘောအရ စက္ကန့်တိုင်း၊ အချိန်တိုင်းမှာ (ခဏိက-မရဏ) ဆိုတဲ့ သေခြင်းတရား - ပျက်မှုတရားတွေကို အံ့ချိန်ပြည့် ဖြတ်ကျော်နေကြရတယ်လို့ ဆိုပါတယ်။ ဒါဆိုရင် အချိန်နဲ့အမျှ မရဏသဘောနဲ့ ထိတွေ့နေကြရတဲ့ကျွန်တော်တို့တစ်တွေ့အတွက် မရဏဆိုတဲ့ သေခြင်းတရားဟာ မထူးဆန်းပါဘူး။ ခန္ဓာကိုယ်ကြီးအတွင်းက ရုပ်ကလာပ်စည်းလေးတွေ Cell စဉ်ဆက်မပြတ် ပျက်ပြီး စဉ်ဆက်မပြတ် ပြန်ဖြစ်နေကြတယ်။ တစ်ဘဝချုပ်ငြိမ်းပြီးပြန်တော့ နောက်တစ်ဘဝအသစ်ပြန်စကြရတယ်။ ဒါဟာ ပုထုဇဉ်တွေရဲ့ပုံမှန်ခရီးပါ။

သေခြင်းဆိုတာကိုသိရင် မသေအောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်မလဲ။ ကျန်းမာရေးကာကွယ်/ကုသ၊ စောင့်ရှောက်မှုဆိုတာ ဘာကြောင့်လုပ်တာလဲ။ သူတော်စင်ကြီးတွေဟာ ဘာကြောင့်မသေတဲ့အဖြစ်ကိုရှာကြတာလဲ။

ဟောင်းနွမ်းဆွေးမြည့်နေတဲ့အရာ

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေကို စွန့်ပစ်ပြီး အသစ်တွေကို ဘာကြောင့်လိုချင်ကြသလဲ။ ဒီလိုဆိုရင် အဆင်မပြေတဲ့/ဒုက္ခတွေများတဲ့ဖြစ်စဉ်တစ်ခု/လုပ်ငန်းတစ်ခုကို ရပ်တန့်ပြီး အောင်မြင်တဲ့၊ ပြည့်စုံတဲ့၊ သာယာတဲ့ဖြစ်စဉ်တစ်ခု/လုပ်ငန်းတစ်ခု/ဘဝသစ်တစ်ခုကို စတင်လိုက်ရမယ်ဆိုရင် ဘယ်လို သဘောထားမလဲ။

အဲဒီ မေးခွန်းပေါင်းများစွာကို လက်ထွေ့ ဟောကွက် ဖြစ်စဉ်လေးတွေနဲ့ယှဉ်ပြီး စဉ်းစားကြည့်ကြရအောင်။

❑ အဟောနမူနာ (၁)

"ဟေ့ကောင် ကိုစိုး၊ ဒါ ငါ့အစ်မ ဝမ်းကွဲပဲ။ မင်းကတ်တွေနဲ့ ဗေဒင်ကြည့်ချင်လို့တဲ့"

ကျောင်းနေဖက်သူငယ်ချင်း၊ ညီအစ်ကိုဝမ်းကွဲ၊ လေဖြတ်ပြီး အိပ်ရာထဲလဲနေရာက တိုင်းရင်းဆေးဖြင့်နာလန်ထူပြီး တုတ်ကောက်အကူနဲ့ လမ်းလျှောက်ကျင့်နေသူ။ သူကလည်း ဘယ်လို ကြေညာထားသလဲမသိ။ ကျွန်တော်က လည်း တားရော့နဲ့ဟောချင်နေတာ လက်ယား၊ ပါးစပ်ယားဖြစ်နေတာနဲ့ အတော်ပေါ့။

ထုံးစံအတိုင်း ပြဖွယ်ကိစ္စတွေ ဆောင်ရွက်ပြီး တားရော့ကားချပ်ကို ရွေးခိုင်းတော့ ယခုလောလောဆယ် ဆောင်ရွက်ရမယ့်ကိစ္စဆိုတဲ့ နေရာမှာ Death ကားချပ်။

"အစ်မကြီး အခုအပြောင်းအလဲ ကိစ္စတစ်ခုလုပ်ဖို့ရှိနေလို့မ်ိမယ်။ အလုပ်တစ်ခု/အဲနေအထားတစ်ခုပြောင်းလဲဖို့ လည်းဖြစ်နိုင်တယ်။ ဟိုတုန်းကတည်းက လုပ်မယ်လို့ စဉ်းစားထားပြီးမလုပ်ဖြစ်ခဲ့တာ။ အခုတော့ မဖြစ်မနေလုပ်တော့မယ်လို့ဆုံးဖြတ်လိုက်တာမျိုး၊ မဖြစ်မနေလုပ်မှရတော့မယ့်အခြေအနေမျိုး ကြောင့်ဖြစ်နိုင်တယ်"

"နင်ပြောတာ ငါမရှင်းဘူး။ ဘာ အပြောင်းအလဲလုပ်ဖို့ရှိတာလဲ။ ငါက အလုပ်က ပင်စင်ယူထားပြီဆိုတော့ အလုပ်ပြောင်းစရာလည်းမရှိဘူး။ ဘာ စီးပွားရေးမှလည်းမလုပ်တော့။ ရောင်းဝယ်ရေးလုပ်ငန်းလည်း ပြောင်းလဲစရာ မရှိဘူး . . . "

အဲဒီမှာပြဿနာကစတော့တာပဲ။ ကိုယ်ကလည်း တားရော့ကို ကျွမ်းကျွမ်းကျင်ကျင်မဟောတတ်သေး။ မေးတဲ့သူကလည်း (ရာဇဖွား/သိုက်ဖွား/ရှားမီးကိန်း/သူအို ယာယီကိန်း) စတဲ့ ရိုးရာအဟောတွေကိုပဲယဉ်ပါးနေသူ။

"အစ်မကြီး၊ဒီကားချပ်ရဲ့အဓိပ္ပာယ်က ပြောင်းလဲခြင်းကိုပြောတယ်။ အချိန်ကျလို့ပြောင်းလဲတာ၊ မဖြစ်မနေပြုပြင်ပြောင်းလဲပေးရတာကို ပြောတာပါ။ ဥပမာပြောရရင် အစ်မကြီးနေတဲ့အိမ်က ဘိုးဘွားလက်ထက်ကတည်းက နေလာခဲ့တာကြာပြီဆိုပါတော့။ သက်တမ်းကြာလာတော့ ယိုင်တဲ့နေရာယိုင်၊ ရွဲ့တဲ့နေရာရွဲ့၊ ခြစားတဲ့နေရာကစားနဲ့ ပြင်ဆောက်သင့်နေပြီဆိုပါတော့ . . .

"အေးအေး - အဲဒါတော့ဟုတ်တယ်။ ဒီအိမ်တော့မဟုတ်ဘူး။ ရွာထဲက အိမ်လေးကို ပြန်ပြင်ဆောက်ဖို့ စဉ်းစားနေတာကြာပြီ။ ဒီနှစ်တော့မဖြစ်မနေပြင်မှဖြစ်တော့မယ်။ တပ်ထဲက သားအကြီးက ငွေပို့ပေးလို့ အုတ်၊ သဲ၊ ကျောက်တွေတော့ ဝယ်ပုံထားပြီးပြီ။ အခုနွေမှာ ဆောက်ဖြစ်မယ်။ အုတ်ပတ်ကားလေးခံပြီးဆောက်မယ်မှန်းထားတယ်။ အဲဒီအိမ်ပြင်ဆောက်ပြီးရင်တော့ အခုအိမ်ကိုအိမ်ငှားထားခဲ့ပြီး ရွာထဲကအိမ်မှာပဲ ကျယ်ကျယ်ဝန်းဝန်းပြောင်းနေတော့မယ်။ နင့်ကတ်တွေက ဟုတ်သားပဲ"

လက်နဲ့စမ်းမိရာ လက်ဖက်ရည်ပိုင်းထဲက လက်သုတ်ပဝါနဲ့ မျက်နှာက ချွေးတွေကို ကုပ္ပာကသီကောက်သုတ်ရင်း သက်ပြင်းချလိုက်မိတယ်။

"ဟေ့ကောင်၊ ဒါလက်သုတ်ပဝါကြီး။ မျက်နှာသစ်ချင်ရင် အပြင်က ကျောက်စည်မှာ မျက်နှာသွားသစ်။ ဟဲ့-မျက်နှာသုတ်ပဝါတစ်ထည်ပေးလိုက်ပါဦး"

"အေးကွာ၊ မင်းတို့နွေကအတော် ပူတာပဲ"

ရင်ထဲက အပူကြောင့် ထွက်လာတဲ့ဇောချွေးတွေကို မြေလတ်ရဲ့နွေအပူနဲ့ ရောချလိုက်ရပါတယ်။

အဟောနမူနာ (၂)

တားရော့ဗေဒင် ဟောပြောမှုလေ့ကျင့်ရေးကွင်းမှာ ကျွန်တော့်ကို လေ့ကျင့်ပေးနေသူ မေးနေကျ ဖောက်သည် ဆရာမတစ်ဦး။

"အစ်ကိုကြီး အရေးကြီးကိစ္စတစ်ခုရှိတယ်။ တားရော့နဲ့ကြည့်ပေးပါ။ လုပ်သင့်/မလုပ်သင့်သိချင်လို့ပါ"

ဘာကိစ္စလဲမပါ။ ကားချပ်က Death။ အနီးဆုံး အနာဂတ်ကိုဖော်ပြတဲ့ နေရာမှာ။ အဝေးအနာဂတ်မှာ Tower။ မကြာခင် အနေအထားတစ်ခုပြောင်းလဲတော့မယ်။ အဟောင်းတွေရပ်တန့်သွားပြီ။ လုံးဝအသစ်တစ်ခုစတင်ရတော့မယ်။

ဒီပြောင်းလဲမှုကို တားဆီလို့မရဘူး။ ကောင်းသောပြောင်းလဲခြင်းဖြစ်အောင် သာ ပံ့ပိုးကူညီပြင်ဆင်လို့ရမယ်။

ပြောနေကျလူရင်းတွေ၊ တားရော့ အကြောင်းသိပြီးသားလူတွေမို့ အရှည်မချဲ့တော့ဘူး။ ကားချပ်ရဲ့လိုရင်း အဓိပ္ပာယ်ကိုပဲပြောလိုက်ပါတယ်။

"အဖြစ်အပျက်က ဒီလို အစ်မကြီးရေ။ အိပ်ရာထဲလဲနေတဲ့လူနာတစ်ကာပူကိုသွားပြီးဆေးကုရင်ကောင်းမကောင်းသိချင်လို့။ ထူးခြားလာမလားကောင်းသွားမလား။ အဲဒါ သိချင်လို့ အဆုံးအဖြတ်လိုချင်လို့"

"ကတ်တွေရဲ့ နိမိတ်နဲ့ အဓိပ္ပာယ်အရဆိုရင် သွားမကုနဲ့တော့။ ဘဝကောင်းစေဖို့ ကုသိုလ်ကောင်းမှုတွေသာတတ်နိုင်သလောက်လုပ်ပေးပြီး အာမခံခိုင်း။ ကောင်းသောဘဝကိုရောက်အောင် ပြောရတာတော့ စိတ်မကောင်းဘူး။ ကတ်တွေကပြောတဲ့ ရည်ညွှန်းချက်တွေနဲ့ ဆန့်ကျင်ပြီး ညည်းတို့စိတ်ချမ်းသာအောင် ပြောလို့လည်းမဖြစ်ဘူး"

နောက် (၄) ရက်အကြာမှာ လူနာဆုံးပါးသွားကြောင်း ကြားသိရတယ်။ Death ကတ်ရဲ့နောက်မှာ (ရုတ်တရက်ပျက်စီးခြင်း) ဆိုတဲ့ Tower ကပ်က Death ကတ်ကို သေခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပေးခဲ့တာပါ။

အဟောနမူနာ (၃)

"ဦးလာတာနဲ့အတော်ပဲ။ သမီးရဲ့မောင်လေးကို တားရော့နဲ့ ကြည့်ပေးပါဦး"

တူမအရင်းနှင့်မခြား ခင်မင်သူအိမ်ကိုအလည်အသွားမှာ ရောမဆိုက်ပြောလာပါတယ်။ ပြဖွယ်ကိစ္စတွေကို ဆောင်ရွက်ပြီး သူမောင်လေးကတ်တွေချိုးခိုင်းလိုက်တဲ့အခါ Death

"ကဲ - ကလေးရေ၊ တားရော့တော့ ပြောင်းလဲခြင်းဆိုတာကို ပြောပြီ။ ဒီပြောင်းလဲခြင်းကို တားဆီလို့မရဘူး။ ကြိုတင်ပြင်ဆင်ဖို့တော့ရနိုင်တယ်။ အလုပ်တစ်ခုရပ်တန့်ပြီး နောက်အလုပ်သစ်တစ်ခုကို ကူးပြောင်း။ နေရာတစ်ကနေပြီး နောက်နေရာသစ်တစ်ခုကို ပြောင်းလဲဖို့ ပြင်ဆင်ထားတော့. . .

"ဟုတ်တယ် ဦးရေ၊ အရင်လုပ်နေတဲ့အလုပ်မှာ တက်လမ်းမရှိတော့သလောက်လည်းမတိုးနိုင်တော့တာနဲ့ အလုပ်ကထွက်လာတာ။ ဒီမှာပဲ သမီးက အလုပ်ထဲမှာ ခရာ့မှေးပြီးလုပ်နိုင်ခဲ့ရင် တခြားသင့်တော်မယ့်အလုပ်တစ်

www.burmeseclassic.com

www.burmeseclassic.com

ရှာပေးမလို့ ဒီမှာခေါ်ထားတာ။ သူ အတွက် ရည်ရွယ်ထားတဲ့အလုပ်မှာ ပြောတော့ထားပြီးပြီ။ အဲဒီမှာ ရ၊ မရ ကြည့်ပေးပါဦး"

Death ဆိုတဲ့တားရော့ကားချပ်က အဲဒီလိုပြောင်းလဲခြင်းအမျိုးမျိုးကို ပေးပါတယ်။ အထက်နမူနာလေးတွေမှာ (၁) အိမ်ဟောင်းကိုဖျက်ပြီး၊ အိမ်အသစ်ဆောက်ရခြင်း၊ (၂) ခန္ဓာကိုယ် အဟောင်း(တစ်ဘဝ)ချုပ်ငြိမ်းပြီး ဘဝသစ်တစ်ခုစရခြင်း၊ (၃) အလုပ်တစ်ခု (လူမှုဘဝတစ်ခု) ချုပ်ငြိမ်းပြီး အလုပ်သစ်တစ်ခုစတင်ရခြင်းဆိုတဲ့ ပြောင်းလဲခြင်းအမျိုးမျိုးကို တွေ့ရမှာဖြစ်ပါတယ်။

Death ကားချပ်တွေတိုင်းကို သေမယ်လို့ပြောလို့မရပါဘူး။ ကမ္ဘာကျော် ဂန္ဓိရပညာရှင်ကြီးဆရာကြီးကိုင်ရိမှအစ ပညာရှင်ကြီးတွေက Death ကားချပ်ကိုတွေ့တိုင်း သေမယ်လို့ ဟောကိန်းမထုတ်ဖို့ အလေးအနက်မှာခဲ့ပါတယ်။

ကျွန်တော်ရဲ့တားရော့ဟောသက် (၉) နှစ်အတွင်းမှာ Death ကားချပ်နဲ့ ဟောခဲ့ရတာတွေ မရေမတွက်နိုင် လောက်အောင်ပါဘဲ။ အဲဒီအထဲကမှ လူ-သေခြင်း ဆိုတဲ့အဓိပ္ပာယ်ကို ပုံဖော်ခဲ့တာ နှစ်ကြိမ်တည်းပဲရှိပါသေးတယ်။ ဒါတောင် ကျန်းမာရေးအတွက်မေးတဲ့ မေးခွန်းလည်းဖြစ်တယ်။ နောက်ပြီး ဒီကားချပ်ကို သေခြင်းဆိုတဲ့ အဓိပ္ပာယ် ရောက်အောင် Tower ဆိုတဲ့ကားချပ်က ကူညီထောက် ခံပို့ဆောင်ပေးခဲ့တာပါ။

အခြေအနေတစ်ခုတော့ ရှိတာပေါ့။ ရောဂါကျွမ်းနေသူလူနာတစ်ဦး/အသက်ကြီးပြီး မီးစာကုန်ဆီခမ်းနေတဲ့ သက်ကြီးရွယ်အိုနာတာရှည်ရောဂါသည် တစ်ဦးရဲ့ ကျန်းမာရေးအတွက် နိမိတ်ဖတ်တဲ့အခါ ဒီကားချပ်ပေါ် ထွက်လာရရင်တော့ သေခြင်းအဓိပ္ပာယ်ဖြစ်နိုင်ကောင်းပါရဲ့။

အကောင်း/အဆိုးနဲ့ အကြောင်း/အကျိုး

အရင်ကားချပ်တွေအရကတော့ နမူနာတွေရေးပြီး နိဂုံးချုပ်ခဲ့တာပါ။ ဒီကားချပ်မှာ ဒီလောက်နဲ့ နိဂုံးချုပ်လို့မရအောင် ရေးချင်တာတွေများနေပါတယ်။ နည်းနည်းဆက်ပြီးကွန့်ပါရစေ။

နိမိတ်ဖတ်တဲ့ပညာ ဆိုတော့ ကောင်း/ဆိုးနိမိတ်က အဓိကကျတာပေါ့။ အမည်ကလည်း Death သေခြင်း၊ အရုပ်ပုံတွေကလည်း အရိုးခေါင်းနဲ့လူသေတွေနဲ့ ဓားကြီးနဲ့ဆိုတော့ မကောင်းဘူးပေါ့။ အနိဋ္ဌာအာရုံပေါ့။ သာမန်အားဖြင့်မှန်ပါတယ်။ မကောင်းတဲ့နိမိတ်ပုံပါ။ ဒါပေမယ့် ဘာကိစ္စအတွက်/ဘယ်အကြောင်းအရာအတွက် နိမိတ်ဖတ်ဟောမှာလဲ။ အဲဒါလေးကိုတော့ မမေ့ပါနဲ့။

"ဆရာ၊ ကျွန်တော်အလုပ်သစ်တစ်ခုလျှောက်ထားတာ အားလုံးလူတွေ့စစ်ဆေးတာတွေလည်း ပြီးသွားပါပြီ။ လစာနှုန်းညှိနှိုင်းတာလည်း အဆင်ပြေတယ်။ နှုတ်နဲ့တော့ ကတိပေးပြီးပြီ။ ခေါ်မယ်၊ ခန့်မယ်လို့။ ဒါပေမယ့် အခုလုပ်နေတဲ့အလုပ်က အသာတကြည်ထွက်ခွင့်ပေးပါ့မလား"

"ဆရာ၊ ကျွန်မတို့စက်ရုံက ထုတ်လုပ်တဲ့ပစ္စည်းတွေကို ဒီဇိုင်းရော Packing ပုံစံပြောင်းပစ်ဖို့ စီစဉ်နေပါတယ်။ ပြောင်းသင့်/မပြောင်းသင့်သိချင်ပါတယ်"

"ဆရာ ကျွန်တော်သဘော်ဘတက်ဖို့ကြိုးစားနေပါတယ်။ သင်တန်းတွေလည်းတက်ပြီးပြီ၊ စာရွက်စာတမ်းတွေလည်းအားလုံးစုံပြီ။ တင်ထားပြီးပြီ။ ကျွန်တော်သဘော်တက်ရပ့်မလားဆရာ ရယ်။ အိမ်ကလည်း ချမ်းသာတာမဟုတ်ပါဘူး။ ရှိစုမဲ့စုလေးတွေနဲ့ ရင်းနှီးထားရတာ"

ဤကဲ့သို့သော် ပြောင်းလဲခြင်းကို အလိုရှိနေသော/မဖြစ်မနေ ပြောင်းလဲမှုလိုအုပ်နေသူများ၊ အခြေအနေများအတွက် ဤကားချပ်ထက် ပိုကောင်းသည့် ကားချပ်၊ အံဝင်ခွင်ကျဖြစ်သည့် ကားချပ်မရှိပါ။ ဤသို့သော မေးခွန်းများအတွက် ကောင်းပါသည်။

လူဘဝလူ့ကိစ္စတို့သည် အင်မတန်ရှုပ်ထွေးပါသည်။ ပုံမှန်တထစ်ချမှတ်ယူ၍မရပါ။ သဘောအဓိပ္ပာယ်ကိုယူရပါမည်။ မေးခွန်း၏သဘာဝကို နားလည်ပြီး ကားချပ်များ၏ သဘာဝကိုပါ စေ့စေ့စပ်စပ် နားလည် သဘောပေါက်ပြီး သဘာဝကျစွာ ဆက်စပ်အဖြေထုတ်နိုင်ပါက ကောင်းသည့်ကတ်၊ ဆိုးသည့်ကတ် ဟူ၍ ပုံသေမရှိနိုင်ပါကြောင်း ကိုယ်တွေ့လက်တွေ့တွေက သက်သေထူပါလိမ့်မယ်။

ဇွေဒေခရုဇာဦး-ဆရာစိုး
(တားရော့သုတေသီ)
မိုးကောင်းစေတီတော်
ဖုန်း-၃၀၃၅၉၆၈၇

ပင်ပန်းနွမ်းနယ်မှုအပြန်ပြေပျောက်နည်း

နတ်မောက်မင်းသန့်နိုင်

တစ်ခါတစ်ရံတွင် - အိပ်ရေးပျက်မှုများခြင်း၊ ကောင်းစွာစားမဝင်ခြင်း၊ အလုပ်ဒဏ်ပိခြင်း၊ စဉ်းစားတွေးတောမှုများပြီး စိတ်ပင်ပန်းလေးလံခြင်း၊ မလုပ်ချင်မကိုင်ချင် အိပ်စက်မပျော်နိုင်နှင့် မင်ပန်းနွမ်းနယ်ကာ နုံးချည့်နေသည်များ ကြုံတွေ့ရတတ်ပါသည်။

ထိုသို့ ပင်ပန်းနွမ်းနယ်နုံးချည့်နေသည့်အချိန်တွင် မည်သည့်အားဆေးစားစား အင်အားချက်ချင်းမပြည့်နိုင်ပါ။ ထို့အပြင် ပင်ပန်းနွမ်းနယ်မှုလည်းမပြေပျောက်ပါ။

ယင်းသို့ပင် ပင်ပန်းနွမ်းနယ်နေခြင်းအတွက် ချက်ချင်း နာရီအတွင်း လက်တွေ့ပြေပျောက်စေသောနည်းစနစ်မှာ အစာလည်းဆေး ဆေးလည်းအစာဆိုသည့်နည်းလေး တင်ပြလိုပါသည်။

၁ ပထမနည်း

ကြက်သွန်နီဥကြီးနှစ်ဥကို မီးဖိုပြာပူတွင် အုံးလိုက်၊ ဖုတ်လိုက်ပါ။ ကျက်နပ်ပျော့အိလာလျှင်ပြန်ထုတ်ယူ၍ ပြာများကင်းအောင် အပေါ်ယံလွှာကိုဖယ်ခွာ၍ နှမ်းဆီထဲတွင် ကြက်သွန်နီမီးအုံးကို စိမ်ထားပါ။ အေးသွားပြီဆိုလျှင် ဝါးစားကာ ရေနွေးကြမ်းဝဝသောက်လိုက်ပါ။ ချက်ချင်းပင် ရွှင်လန်းအားပြည့်လာပါသည်။

ဒုတိယနည်း

ခရမ်းချဉ်သီးမီးဖုတ်ကိုထောင်း၍ ကြက်သွန်နီဥကြီးကြေတစ်လုံး အခွံသင်အကွင်းလိုက်လျှီးပြီး ဆီ၊ ဆားတို့နှင့် သုပ်စားလိုက်ပါ။ အမြန်အားပြည့်လန်းဆန်းသွားပါမည်။

ကျေးလက်တောင်သူသုံး လက်စွဲနည်းဖြစ်၍ တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)
အိုင်စိအက်(စ်)ဦးကာ

၁၉၃၈ ခုနှစ်၊ ဖေဖော်ဝါရီလဟု ထင်ပါသည်။ နေ့ရက်ကိုမူ ကောင်းစွာ မမှတ်မိတော့။ မှတ်မှတ်ရရ ကျွန်တော် တို့မြို့ကလေးတစ်မြို့လုံးလှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ သူပြောကိုယ်ပြော ပါးစပ်သတင်းများ၊ စျေးဂေဇက်များအရ မင်းဘူးမြို့မှ အိုင်စိအက်(စ်)အရေးပိုင် ဗြိတိသျှအမျိုးသား မစ္စတာဩချပ်သည် ကျွန်တော့်ဇာတိ စကုမြို့ပိုင်နှုန်းနှင့်ငွေတိုက်သို့ စစ်ဆေးကြည့်ရှုရန် လာရောက်မည်ဟုဆိုသည်။

ဗြိတိသျှအာဏာပိုင်များတို့သည် ကျွန်တော်တို့မြို့ကိုတည်ဆောက်ရာတွင် စနစ်ကျသည်ဟုဆိုရမည် ဖြစ်သည်။ ကျွန်တော်တို့ အိုးရ အထက်တန်းကျောင်း (ယခု အလယ်တန်းကျောင်း) နှင့် မြို့အုပ်ရုံး (ယခု မြို့နယ်အုပ်ချုပ်ရေးမှူးရုံး) တို့မှာ ကပ်လျက်တည်ရှိပြီး ဂါတ်တဲ (ယခု ရဲစခန်း) နှင့် ငွေတိုက်မှာမူ မြို့အုပ်ရုံးအရှေ့မြောက်ဘက် မင်းဘူး-စကုမော်တော်ကားလမ်းကိုကျော်၍တည်ဆောက်သည်။ စာတိုက်မှာမူ ပုလိပ် ဂါတ်တဲ (ရဲစခန်း) ၏ မျက်နှာချင်းဆိုင်တွင်ထားရှိသည်။ မြို့အကွင်းအကွက်တည်နေရာကို ဗြိတိသျှအာဏာပိုင်များက စနစ်တကျ စီမံခဲ့ဟန်ရှိသည်။

ထိုနေ့ကမူ အိုင်စိအက်(စ်)အရေးပိုင် ဗြိတိသျှလူမျိုး ညြချပ်ကိုကြည့်သော ကျွန်တော်တို့ မူလတန်းကျောင်းသားများသည် မြို့အုပ်ရုံးရှေ့ရှိ သက်သေများခေတ္တနားရန် ဆောက်ထားသော သက်သေရုံတွင် ဇွဲကောင်းကောင်းဖြင့် နံနက်စောစောကပင် စောင့်နေကြ၏။ ထိုစဉ်က ပါးစပ်ဂေဇက်သတင်းများအရ အိုင်စိအက်(စ်)အရေးပိုင်ကြီး မစ္စတာ ညြချပ်နှင့်အတူ မင်းဘူးမြို့မှ ခရိုင် ရာဇဝတ်ဝန် (ခရိုင်ရဲမှူး) အိုင်ပီအက်(စ်) မစ္စတာဟီ(လ်)လိုက်ပါလာပြီး စကုဂါတ် (ရဲစခန်း) ကို စစ်ဆေးမည်ဟုဆိုသည်။ ကျွန်တော်တို့မူလတန်းကျောင်းသားများအဖို့ အိုင်စိအက်(စ်)ဆိုသော ဝေါဟာရနှင့် အိုင်ပီအက်(စ်)ဟူသော ဝေါဟာရများမှာ အသစ်အဆန်းဖြစ်နေသည်။ ဗြိတိသျှအမျိုးသားဆိုသည်မှာ မည်ကဲ့သို့လူသားနည်း၊ သိလိုသည်၊ မြင်လိုသည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် မြို့အုပ်ရုံးရှေ့ရှိ သက်သေရုံမှ ဇွဲကောင်းကောင်းနှင့် စောင့်၍နေခဲ့ကြခြင်း ဖြစ်၏။

နံနက် (၁၀) နာရီခန့်ရှိမှပင် အိုင်စိအက်(စ်)အရေးပိုင် မစ္စတာညြချပ်နှင့် အိုင်ပီအက်(စ်) ရာဇဝတ်ပန် မစ္စတာဟီ(လ်)တို့သည် အရေးပိုင်၏ မောရစ်မိုင်နား ကိုယ်ပိုင်မော်တော်ကားဖြင့် မြို့ပိုင်ရုံးသို့ ရောက်ရှိလာခဲ့သည်။ ခေါင်းပေါင်းပေါင်းထားသောမြို့အုပ်နှင့်တရားမြို့အုပ်နှစ်ယောက်တို့သည် ကျိုးကျိုးနှဲ့နှဲ့နှင့် အိုင်စိအက်(စ်) အရေးပိုင်မင်းအားကြိုဆိုကြသည်မြင်ကွင်းအား ကျွန်တော်သည် ယနေ့အထိမြင်ယောင်နေမိသည်။ ထိုကာလက အိုင်စိအက်(စ်) အရာရှိများ၏ ဘုန်းတန်ခိုးကြီးမားမှုကား အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။

အိုင်စိအက်(စ်)ဆိုသော အုပ်ချုပ်ရေးအရာရှိများအပေါ် တွင် စိတ်ဝင်စားခဲ့မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ကျွန်တော် အလယ်တန်းကျောင်းသားဖြစ်လာသောအခါတွင် ဒေါ်အမာ (နောင် - လူထုဒေါ်အမာ) ဘာသာပြန်ဆို၍ ကြီးပွားရေးပုံနှိပ်တိုက်မှထုတ်ဝေသော အိုင်စိအက်(စ်) အရေးပိုင်ဟောင်း မောရစ်ကောလစ် ရေးသားသည့် Trials in Burma (မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ စာအုပ်ကို ဖတ်ရှုခဲ့ရသောအခါ အိုင်စိအက်(စ်)အုပ်ချုပ်ရေးအရာရှိများအပေါ်



www.burmeseclassic.com

www.burmeseclassic.com

တွင် အထူးစိတ်ဝင်စားခဲ့မိသည်။

အမှန်အားဖြင့် အိုင်စီအက်(စ်)မှာ (Indian Civil Services) အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းကိုခေါ်ခြင်းဖြစ်၍ ကျွန်တော်တို့ မြန်မာအများကမူ အိုင်စီအက်(စ်)ဟု သိနားလည်ထားသည်။ အရပ်အခေါ် မိုးကျွန်ကိုယ် (Heaven born) ဟုလည်း သိနားလည်ထားကြ၏။ အတိတ်သမိုင်းကြောင်းများအရ ဗြိတိသျှဘုရင်မကြီး ဝိတိုရိယအစိုးရသည် ခရစ်နှစ် ၁၈၅၈ ခုနှစ်တွင် အိန္ဒိယတိုက်ငယ်၌ ဖြစ်ပွားခဲ့သော အိန္ဒိယတပ်၌ ပုန်ကန်မှုကြီးကို အကြောင်းပြု၍ အိန္ဒိယတိုက်ငယ်တွင် အုပ်ချုပ်လျက်ရှိသော အရှေ့အိန္ဒိယကုမ္ပဏီအား ဖျက်သိမ်းစေခဲ့ပြီး ဘုရင်မကြီး၏ အိန္ဒိယနှံ့တော်က တိုက်ရိုက်အုပ်ချုပ်ရန်စီစဉ်ခဲ့သည်။ ဤတွင် အိန္ဒိယတိုက်ငယ် အပါအဝင် ဘုရင်မကြီး၏ အင်ပါယာနိုင်ငံများအား အုပ်ချုပ်ရန် အထက်ဖော်ပြပါ အိုင်စီအက်(စ်)အရာရှိများအား စနစ်တကျ စာမေးပွဲစနစ်ဖြင့် ယှဉ်ပြိုင်ရွေးချယ်ကာ သင်တန်းပေး၍ အုပ်ချုပ်ရေးအရာရှိများအဖြစ် ခန့်အပ်ခဲ့သည်။ မှန်ပါသည်။ ထိုအိုင်စီအက်(စ်) အုပ်ချုပ်ရေးအရာရှိများသည် ဗြိတိသျှနယ်ချဲ့သမားနှင့် ကိုလိုနီနိုင်ငံသားပြည်သူတို့အကြား ကိုလိုနီအုပ်ချုပ်ရေးယန္တရားအား အပတ်စေ့ခိုင်လည်စေသည့် ခွေးသွားစိပ်များသာဖြစ်သည်ဟု ဆိုကြသည်။

ဗြိတိသျှတို့သည် ကျွန်တော်တို့နိုင်ငံအား ကျူးကျော်စစ်သုံးပွဲဆင်နွှဲခဲ့ပြီး အုပ်ချုပ်ရေးအမူထမ်းများကိုခန့်ထား၍ အုပ်ချုပ်စေခဲ့၏။ မြန်မာနိုင်ငံကိုလည်း အိန္ဒိယတိုက်ငယ်၏ ပြည်နယ်ခွဲတစ်ခုအဖြစ် သတ်မှတ်၍ အိန္ဒိယဘုရင်ခံအား အုပ်ချုပ်စေခဲ့၏။ မြန်မာနိုင်ငံ၏ဒုတိယဘုရင်ခံသည် အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် ရုံးစိုက်သော အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံဖြစ်လေသည်။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် အတိုင်း အရှေ့အိန္ဒိယကုမ္ပဏီကို ဖျက်သိမ်းပြီးသည့်နောက် ဗြိတိသျှတို့သည် အိန္ဒိယနိုင်ငံအား အိုင်စီအက်(စ်) အရာရှိများဖြင့် အုပ်ချုပ်စေခဲ့သည်။ ထိုစဉ် ကာလကပင် ဗြိတိသျှအမျိုးသားပညာတတ်များသည် အိုင်စီအက်(စ်) ရာထူးများကို များစွာမက်မောကြ၏။ အိုင်စီအက်(စ်)ဖြစ်ရေးအတွက် တစိုက်မတ်မတ်ကြိုးစားကြရ၏။ နာမည်ကျော် အစဉ်အလာကြီးမားသော တက္ကသိုလ်ကြီးများဖြစ်သည့် အောက်(စ်)ဖို့(ဒ်)နှင့် ကင်းဘရစ်(ခ်)တို့မှ ပညာဆည်းပူးခဲ့သူများသည် အိုင်စီအက်(စ်)ရာထူးများကို ရရှိကြသည်။ အိုင်စီအက်(စ်)အပြင် အထက်ဆောင်းပါးအစတစ်နေရာတွင် ဖော်ပြခဲ့သော အိုင်ပီအက်(စ်) Indian Police Service၊ အိုင်အမ်အက်(စ်) Indian Medical Service နှင့် အိုင်အီးအက်(စ်) Indian Educational Service အိန္ဒိယပညာရေးဝန်ထမ်းစသည်တို့ရှိသည်။ ဥဒဟာ ခုနှစ်တွင် မြန်မာနိုင်ငံအား အိန္ဒိယပြည်နယ်အဖြစ်မှ ခွဲထုတ်ခဲ့သောအခါ အိုင်စီအက်(စ်) ရာထူးများသည် ဘီစီအက်(စ်) Burma Civil Service ဖြစ်လာသည်။

အမှန်အားဖြင့် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား အိန္ဒိယတိုက်ငယ်မှ ခွဲမထုတ်မီကပင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးရခဲ့သူများနှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဆောက်ခဲ့သူများ စာမေးပွဲယှဉ်ပြိုင်ရာတွင် အောင်မြင်သူများကို အင်္ဂလန်နိုင်ငံသို့ပို့ရန် အိုင်စီအက်(စ်)သင်တန်းတက်စေသည်။ သင်တန်းအောင်မြင်သည်နှင့် ရာထူးလက်ခံရတော့၏။ နယ်ပိုင်၊ အနေပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) တိုင်းမင်းကြီး၊ အတွင်းဝန်၊ အတွင်းဝန်ချုပ် စသောရာထူးများရရှိကြ၏။ ကံထူးသူများမှာမူ ဘုရင်ခံ စသောရာထူးများရရှိကြ၏။ အမှုထမ်းသက် (၂၅) နှစ်ပြည့်လျှင် အငြိမ်းစားယူခွင့်ရကြသည်။ ၁၉ ရာစုနှောင်းပိုင်း မှတ်တမ်းများအရ အိုင်စီအက်(စ်)ရာထူးမှ အငြိမ်းစားယူကြသူများသည် တစ်နှစ်လျှင် အငြိမ်းစားလစာ ပေါင်တစ်ထောင် ရခဲ့ကြသည်ဟု သိရ၏။ သို့ဖြစ်၍ ပညာတတ်လူငယ်များငမ်းငမ်းတက်လိုချင်ကြသော

www.burmeseclassic.com

www.burmeseclassic.com

ရာထူး ဖြစ်၏။ ဒုတိယဘုရင်ခံရာထူးရ ကြသူများသည် တစ်နှစ်လျှင် ပြိတိသျှသုံး ငွေ ပေါင် (၈၀၀၀) ရရှိသည့် ဟုဆိုရာ အိုင်စီအက်(စ်)ရာထူးရကြသူများသည် အာဏာပိုင်များစိတ်ကြိုက်ဆောင် ရွက် ကြရလေ့ရှိ သည်။

ထို့ကာလက သမီးရှင်အများ သည် အိုင်စီအက်များကို သားမက် တော်လိုကြသည်။ အရပ်ဂေဇက်အရ သမီးရှင်များသည် အိုင်စီအက်(စ်)သမက် အား စိန်တစ်ဆင်စာ၊ လယ်ဧက (၁၀၀) နှင့် ကျပ်ငွေတစ်သောင်းတင်တောင်းရ သည်ဟု ဆိုသည်။ ဆိုလည်းဆိုလောက် ပါပေသည်။ အိုင်စီအက်(စ်)အများမှာ အငြိမ်းစားယူခဲ့သည့်အခါမှာပင် ဂုဏ်ထူး ဘွဲ့ထူးကြီးများရလေ့ရှိကြသည်။ အချို့ အိုင်စီအက်(စ်)အငြိမ်းစားများကို စီးပွား ရေးလုပ်ငန်းရှင်ကြီးတို့က တောင်းတောင်း ပန်ပန်နှင့်ခေါ် ယူ၍ ဂုဏ်ထူးဆောင်ရာထူး များပေးထားကြသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်တို့ငယ်စဉ် ပြိတိသျှကိုလိုနီ ခေတ်ကအငြိမ့်လူရွှင်တော်များ၏ဟာသ ပြက်လုံးကို သွားသတိရ၏။ လူရွှင်တော် တစ်ဦးက မင်းသမီးဖြစ်သူမှာ ချစ်သူ ရွေးချယ်ရာတွင် မာနအလွန်ကြီးကြောင်း၊ (၁၀) တန်းကျောင်းသားဆိုလျှင် ဖယ်စမ်း ဟုဆိုကြောင်း အိုင်အေအောင်မြင်သူ (ယခု တက္ကသိုလ်ဒုတိယနှစ်) ကိုပင် ထိုင် နေပါဟုဆိုသည်။ ဘီအေ(ဝိဇ္ဇာဘွဲ့)ရသူ များက သူ့အားချစ်ခွင့်ပန်ပါက 'ဒီမလေ' ဟူ၍ သာဆိုသည်။ သူမျှော်မှန်းထားသူ မှာ အိုင်စီအက်(စ်)ဖြစ်သည်ဟု ဆိုသည်။ အိုင်စီအက်(စ်)ခေတ်တစ်ခေတ်ဟုဆိုနိုင် ပါသည်။ သို့ဖြစ်၍လည်း ပညာတတ် လူငယ်အများက အိုင်စီအက်(စ်)ရာထူး ကို တမ်းတမ်းစွဲဖြစ်ကြသည်။

ပြိတိသျှအာဏာပိုင်များကလည်း သူတို့အုပ်ချုပ်ရေးယန္တရားကြီးကိုလည် ပတ်မည့် အိုင်စီအက်(စ်)များကို တကယ့် လူတော်လူကောင်း လက်ရွေးစင်များကို ဆန်ကာတင်ရွေးချယ်လေ့ရှိသည်။ အိုင်စီ အက်(စ်) ရာထူးများ စတင်ခန့်ထားရန် စီစဉ်ဆောင်ရွက်စဉ်ကမူ ပြိတိသျှ အာဏာပိုင်များသည် အိုင်စီအက်(စ်) ဝင်ခွင့်စာမေးပွဲစာဖြေဌာနကို အင်္ဂလန် နိုင်ငံ လန်ဒန်မြို့တွင်သာဖွင့်လှစ်ထားရာ အိုင်စီအက်(စ်)စာမေးပွဲဝင်ရောက်ဖြေဆို သူများသည် ငွေကုန်ကြေးကျအကုန်ခံ၍ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့သွားရောက် ဖြေဆိုကြရသည်။ ရွေးချယ်ခန့်ထားသူ ဦးရေမှာလည်း အလွန်နည်းပါးသည်ဟု သိရ၏။နောင်အခါတွင်မှ အိုင်စီအက်(စ်) စာဖြေဌာနကို အိန္ဒိယနိုင်ငံ ဒေလီမြို့ တွင်ဖွင့်ပေးသဖြင့် အိန္ဒိယနှင့် မြန်မာနိုင်ငံ တို့မှ အိုင်စီအက်(စ်)စာမေးပွဲဖြေဆိုလို သူအများသည် ရှေးယခင်ကကဲ့သို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်သို့ သွားရောက်ဖြေဆိုရန်မလိုတော့။ အိန္ဒိယ နိုင်ငံ ဒေလီမြို့သို့ သွားရောက် ဖြေဆိုနိုင် ကြသည်။ မြန်မာနိုင်ငံမှ အိုင်စီအက်(စ်) စာမေးပွဲဖြေဆိုရန် အရည်အချင်းပြည့်မီ သူများသည် ရှေးယခင်ကသို့ အင်္ဂလန် နိုင်ငံ လန်ဒန်မြို့သို့ စရိတ်အကုန်ခံ၍ သွားရောက်ဖြေဆိုရန်မလို။ အိန္ဒိယနိုင်ငံ ဒေလီမြို့သို့ သွားရောက် ဖြေဆိုနိုင်ကြ ၏။ မှတ်တမ်းများအရ ပြိတိသျှအစိုးရ အဖို့ ကိုလိုနီနိုင်ငံများအား စနစ်တကျ အောင်မြင် ပေါက်ရောက်စွာ အုပ်ချုပ် နိုင်ရေးမှာ ပြိတိသျှယဉ်ကျေးမှုကိုအထင် ကြီး၍ ပြိတိသျှအလိုတော်ရိ အုပ်ချုပ် ရေးအရာရှိများ အလုံအလောက်မွေး ထုတ်ရန် လိုအပ်လာသည်။ သို့ဖြစ်၍ ပြိတိသျှအိန္ဒိယနုံးတော်၏ရာထူးဝန်အဖွဲ့ သည် နှစ်စဉ် အိုင်စီအက်(စ်)များကို လိုအပ်သော ဦးရေအလိုက် နှစ်စဉ်ခေါ် ယူခဲ့သည်။

၁၉၂၉ ခုနှစ်တွင်မူ ပြိတိသျှ အစိုးရအာဏာပိုင်များသည် ပထမဆုံး မြန်မာနိုင်ငံတွင် အိုင်စီအက်(စ်)အလွှေခံ စာမေးပွဲစာဖြေဌာနကို ရန်ကုန်တွင်ဖွင့် ပေးခဲ့သဖြင့် မြန်မာနိုင်ငံမှ အိုင်စီအက်(စ်) စာမေးပွဲဝင်လိုသောအရည်အချင်းပြည့်မီ သူများသည် ရန်ကုန်စာဖြေဌာနတွင် ဖြေဆိုခွင့်ရခဲ့ကြသည်။ မှတ်မှတ်ရရ ထိုနှစ်က ဦးစိုးညွှန့်၊ ဦးပိုင်၊ ဦးကျော့ခိုင်၊ ဦးအောင်စိုးနှင့် ဦးတင်တို့ (၅) ယောက် အိုင်စီအက်(စ်)ဝင်ခွင့်စာမေးပွဲအောင်မြင် သဖြင့် အားလုံးပင် အိုင်စီအက်(စ်)အဖြစ် အလွှေခံကြရ၏။

ထိုစဉ်ကာလက အိုင်စီအက်(စ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများသည် အသက်(၂၁)နှစ်ပြည့်ပြီးဖြစ်၍ အသက် (၂၃) နှစ်ထက် ကျော်လွန်ခြင်းမရှိရ။ ကျန်းမာရေးနှင့် ပညာရေးပြည့်စုံသည်။ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရသူများသာ ဖြစ်သည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ အရည် အချင်းမီသူအများသည် ဝင်ရောက် ဖြေဆိုနိုင်ကြ၏။ ထိုစဉ်ကာလက ပြိတိသျှ အာဏာပိုင်များ၏ ခွင့်တူညီမျှရေး သဘောထားအရ ငွေကြေးချမ်းသာ သော သူဌေးကြီး၏သား၊ အရာရှိကြီး များ၏သား၊ ဂုဏ်သရေရှိ မင်းပေါ် စိုးပေါက်မျက်နှာကြီးများ၏သားများဖြစ် စေ သတ်မှတ်ထားသော အရည်အချင်း မရှိပါက အိုင်စီအက်(စ်)စာမေး ဝင်ရောက်ဖြေဆိုခွင့်မရ။ အလုပ်သမား လယ်သမား၏သားပင်ဖြစ်စေ အချို့ အရေးတန်းတူရသောကြောင့် မည်သူ မဆို ပခုံးချင်းယှဉ်၍ အိုင်စီအက်(စ်) စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပေသည်။

ကျန်းမာရေးအရ အိုင်စီအက်(စ်) စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူသည် အရပ် (၅) ပေ၊ (၃) လက်မထက် မနိမ့်ရပေ။ ကိုယ်အလေးချိန် ပေါင် (၁၀၀ အောက်ကျခြင်းလည်းမရှိရ။ ကျန်းမာ ရေးဆေးစစ်ဆေးရာတွင် ပြိတိသျှ အမျိုးသား အိုင်အမ်အက်(စ်) ဆရာဝန် ကြီးများကိုယ်တိုင် စနစ်တကျ ကြပ်မတ် စစ်ဆေးခြင်း ဖြစ်သည်။ သာမန်ဆေး လက်မှတ်မျိုးဖြင့် ဝင်ခွင့်စာမေးပွဲဖြေ ခွင့်မရ။ ထိုဆရာဝန်ကြီးများမှာလည်း ချဉ်းကပ်၍ တံစိုးလက်ဆောင်ပေး ငွေပေး၍မရဟုသိရ၏။

ဤအိုင်စီအက်(စ်)စာမေးပွဲဝင် စာဖြေဌာနကို မြန်မာနိုင်ငံ ရန်ကုန်တွင် စာဖြေဌာနဖွင့်ခွင့်ရခဲ့ပါသော်လည်း စာမေးပွဲနှင့်ပတ်သက်၍ ကိစ္စအားလုံး ကို အိန္ဒိယနိုင်ငံ ဒေလီမြို့တော်ရှိ ရာထူး ဝန်အဖွဲ့က လုံးဝတာဝန်ယူသဖြင့် မြန်မာ နိုင်ငံအစိုးရ မြန်မာနိုင်ငံ အိုင်စီအက်(စ်) စာစစ်ဌာနနှင့် သက်ဆိုင်ခြင်းမရှိသော ၁၉၂၂ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံ လန်ဒန် မြို့နှင့် အိန္ဒိယနိုင်ငံ ဒေလီမြို့တို့တွင် တစ်ပြိုင်တည်း တစ်ချိန်တည်း အိုင်စီ အက်(စ်)စာမေးပွဲများကျင်းပခဲ့သည်ဟု သိရ၏။

မှတ်တမ်းများအရ ၁၉၂၂ ခုနှစ် မတိုင်မီကဆိုလျှင် အိုင်စီအက်(စ်)ရာထူး များခန့်ထားရာတွင် စည်းစနစ်မကျသေး သိရ၏။ ယထမကမ္ဘာစစ်ကြီး၏ စစ်ဒဏ် စစ်ငွေ့များယှက်လာခဲ့ချိန်တွင် ပြိတိသျှ ပါလီမန်အတွင်း အိုင်စီအက်(စ်)များ ခန့်ထားမှုနှင့်ပတ်သက်၍ အငြင်းပွားမှု ဝေဖန်ဆွေးနွေးမှု မေးခွန်းထုတ်မှုများ ရှိခဲ့သဖြင့် ပြိတိသျှအစိုးရသည် ပြိတိသျှ အစိုးရ ကိုလိုနီနိုင်ငံများတွင် အုပ်ချုပ် ရေးအရာရှိအဖြစ် ခန့်ထားသော အိုင်စီ အက်(စ်) များခန့်ထားရေးနှင့်ပတ်သက် ၍ စုံစမ်းစစ်ဆေးရေးကော်မတီတစ်ခု ဖွဲ့စည်းစေကာစုံစမ်းစစ်ဆေးမှုများပြု၍ ထိုအဖွဲ့က ပါလီမန်အား အစီရင်ခံ တင်သွင်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

၁၉၁၄ ခုနှစ်၊ ဩဂုတ်လတွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့် အတွက် အထက်ဖော်ပြပါ အိုင်စီအက်(စ်) ခန့်ထားမှု အစီရင်ခံစာပါအချက်များကို အကောင်အထည် ပေါ်ပေါက်လာခြင်း မရှိဘဲ ၁၉၂၂ ခုနှစ်မှပင် အိုင်စီအက်(စ်) ခန့်ထားမှုကို စနစ်တကျ စီမံလာခဲ့၏။ ရှေးယခင်ကမူ အိုင်စီအက်(စ်)ရာထူးများကို ဆွဲခန့်သူများရှိသကဲ့သို့ အောက်ခြေအဆင့်မှ ရာထူးတိုးပေးသူများရှိခဲ့၏။ စာမေးပွဲနှင့် အိုင်စီအက်(စ်)ရာထူးခန့်ထားခြင်းမံရသူလည်းရှိသည်ဟုသိရ၏။

ထိုစဉ်ကာလက မြန်မာနိုင်ငံ အိုင်စီအက်(စ်)စာဖြေဌာနတွင် ဝင်ရောက်ဖြေဆိုသူများသည် အိန္ဒိယရာထူးဝန်အဖွဲ့က စာမေးပွဲအတွက် သတ်မှတ်ထားသော အောင်မှတ် (၇၅၀) ရမှသာ အောင်မြင်ကြသည်ဟု ဆိုသည်။ ဤကဲ့သို့ အောင်မှတ်သတ်မှတ်ရာတွင်လည်း တစ်နှစ်နှင့် တစ်နှစ်မတူကြ။ အချို့နှစ်များတွင် အတိုးအလျှော့ရှိခဲ့၏။ သာဓကအားဖြင့် ၁၉၃၁ ခုနှစ် အိုင်စီအက်(စ်)စာမေးပွဲ အောင်မှတ်မှာ (၇၀၀) ဖြစ်ရာ ထိုနှစ်က ရန်ကုန် အိုင်စီအက်(စ်)စာဖြေဌာနမှ အောင်မြင်သူတစ်ယောက်မှမရှိ၍ ထိုနှစ်တွင် မြန်မာနိုင်ငံသားအိုင်စီအက်(စ်) တစ်ယောက်မှ အရွေးမခံရဟုသိရ၏။

အိုင်စီအက်(စ်)စာမေးပွဲတွင် ဖြေဆိုရမည့်ဘာသာရပ်များကို အိန္ဒိယ ရာထူးဝန်အဖွဲ့က နှစ်စဉ်ခွဲ၍ သတ်မှတ်ထား၏။ တစ်စုမှာ မယ္ယမနေရဘာသာရပ် (Compulsary Subjects) များ ယင်းဘာသာရပ်များကိုမူ အိုင်စီအက်(စ်) စာမေးပွဲဖြေဆိုသူတိုင်း ဖြေကြရ၏။ အခြားဘာသာရပ်တစ်ခုမှာ မိမိစိတ်ကြိုက် ရွေးချယ်ထားသည့် ဖြေဆိုရမည့် ဘာသာဖြစ်သည်။ ထိုစဉ်ကာလက မှတ်တမ်းများအရ မဖြေမနေရ ဘာသာရပ်များ၏ အမှတ်စုစုပေါင်းမှာ (၁၀၀၀) မှတ် ဖြစ်၏။

၁။	ဓာတ်စာကုံး	အမှတ် ၁၅၀
၂။	အင်္ဂလိပ်ဘာသာ	အမှတ် ၁၅၀
၃။	အထွေထွေဗဟုသုတ	အမှတ် ၂၀၀
၄။	အထွေထွေသိပ္ပံ	အမှတ် ၁၀၀
၅။	မြန်မာစာ	အမှတ် ၁၀၀
၆။	လူတွေ့နှုတ်ဖြေ	အမှတ်၃၀၀
	စုစုပေါင်း -	၁၀၀၀

မဖြေမနေရ ဘာသာရပ်များမှာ စာမေးပွဲဝင်သူအားလုံးက မဖြစ်မနေရ မည့်ဘာသာများဖြစ်၍ အခွင့်အလမ်း ညီတူညီမျှပင် ဖြစ်၏။ အထွေထွေဗဟုသုတဘာသာ၊ အင်္ဂလိပ်စာစီစာကုံးနှင့် နှုတ်မေးဖြေတို့မှာမူ တစ်ဦးနှင့်တစ်ဦး ထူးထူးခြားခြား ကွာခြားမည်မဟုတ်။ ကံအတိုင်းသာဖြစ်ကြမည်ဟု ယူဆရဖွယ် ဖြစ်၏။ ထိုခွဲခြံကာလကမူ ရန်ကုန် တက္ကသိုလ်တွင် သင်ကြားနေကြသော ပါမောက္ခကထိကများသည် နိုင်ငံတကာနှင့် ယှဉ်မည်ဆိုပါက စံချိန်မှီအောင် သင်ကြားနိုင်ကြသဖြင့် ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဘွဲ့ရသူ၊ သာမန်ဘွဲ့ရသူများသည် အခြားနိုင်ငံမှဘွဲ့ရသူ၊ ဂုဏ်ထူးဘွဲ့ရသူများနှင့် အိုင်စီအက်(စ်)စာမေးပွဲတွင် ယှဉ်နိုင်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

အိုင်စီအက်(စ်)ဝင်ခွင့်ရေးဖြေနှုတ်ဖြေစာမေးပွဲများမစမီ အိုင်စီအက်(စ်) စာမေးပွဲဖြေဆိုသူအားလုံးအား ကျန်းမာရေးစစ်ဆေးပွဲများကို ရန်ကုန်ဆေးရုံကြီးရှိ အင်္ဂလိပ်အမျိုးသား အိုင်စီအက်(စ်) ဆရာဝန်ကြီးများကိုယ်တိုင် မျက်စိ၊ နှလုံး၊ ဆီး၊ ဝမ်း စသည့်အရေးကြီးသည့်ရောဂါရှိ မရှိကို အသေးစိတ် စစ်ဆေးကြ၏။ ၎င်းကျန်းမာရေးစစ်ဆေးပွဲကား အလွန်အရေးကြီးသည့် ပွဲဦးထွက်စာမေးပွဲဖြစ်သည်။ ၎င်းဆေးစစ်စာမေးပွဲကျဆုံးပါက ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲသို့ဝင်ခွင့်မရတော့ပေ။

ဤဆောင်းပါးအထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်တက္ကသိုလ်မှ ဆရာများသင်ကြားပြသမှုနှင့် ကျောင်းသားများ၏ ကြိုးစားသင်ယူမှုမှာ နိုင်ငံတကာနှင့်ယှဉ်နိုင်သည်ဟု ရေးသား ဖော်ပြခဲ့ပါသည်။ သို့သော် ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်အိုင်စီအက်(စ်) စာဖြေဌာနမှ ဝင်ရောက် ဖြေဆိုသူများ အားလုံး အောင်မြင်သူတစ်ယောက်မှ မရှိ၍ ထိုနှစ်က မြန်မာနိုင်ငံသား အိုင်စီအက်(စ်)အရွေးမခံရ။ မှတ်တမ်းများအရ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် အိုင်စီအက်(စ်) ဝင်ခွင့်စာမေးပွဲစာဖြေဌာနတိုးချဲ့ဖွင့်သည် နှစ်မှစ၍ နှစ်စဉ် အိုင်စီအက်(စ်)စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ (၅၀) ခန့်ရှိသည်ဟု ဆိုသည်။ အထက်ဖော်ပြပါ ၁၉၃၀ ပြည့်နှစ်တွင်မူ အိုင်စီအက်(စ်)ဝင်ရောက်ဖြေဆိုသူအားလုံး ကျရှုံးခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်မှာ မျက်နှာငယ်ခဲ့ရ၏။ ရန်ကုန်ယူနီဗာစီတီ (ရန်ကုန်တက္ကသိုလ်)မှ သင်ကြားပြသသူများနှင့် ဘွဲ့ရသူများမှာ သိကွာကျခဲ့ရ၏။ သို့ဖြစ်၍ ၁၉၃၂ ခုမှစ၍ အိုင်စီအက်(စ်)စာမေးပွဲဝင်ရောက်ဖြေဆိုသူများကို ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး (ပါမောက္ခချုပ်) ကိုယ်တိုင်အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်ဘာသာကို သင်ကြားပို့ချမေးခဲ့သည်ဟု ဆိုသည်။

ဗြိတိသျှအစိုးရ ပုံနှိပ်ထုတ်ဝေသော မှတ်တမ်းများအရ ကျွန်တော်တို့ မြန်မာအမျိုးသားထဲမှ ပထမဆုံးအိုင်စီအက်(စ်) အရွေးခံရသူမှာ ဦးတင်ထွဋ်ဖြစ်သည်ဟု သိရသည်။ ဦးတင်ထွဋ်သည် ၁၉၂၁ ခုနှစ်က လန်ဒန်တွင် ဥပဒေပညာသင်ယူနေစဉ် ခန့်ထားခြင်းခံရသည်။ ဦးတင်ထွဋ်မှာ နောင်အခါ မြန်မာနိုင်ငံ၏နိုင်ငံရေးဇာတ်ခုံတွင် အထူးအရေးပါအရာရောက်သောအထင်ကရ ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ ဗြိတိသျှအာဏာပိုင်များကလည်း ဦးတင်ထွဋ်အား လေးစားကြသည်။ ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ အားကိုးရသောရဲဘော်ရဲဘက်တစ်ဦးဖြစ်သည်။ အောင်ဆန်း - အက်တလီ စာချုပ်ချုပ်ဆိုနိုင်ရေးတွင် ဦးတင်ထွဋ်သည် အထူးကြိုးပမ်းဆောင်ရွက်ခဲ့သော မြန်မာမျိုးချစ်အိုင်စီအက်(စ်)တစ်ဦးဟု ဆိုကြ၏။ ဗိုလ်ချုပ်အောင်ဆန်း၏ ကြားဖြတ်အစိုးရအဖွဲ့နှင့် သခင်နု၏ အစိုးရအဖွဲ့တို့တွင် ဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရ၏။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးနောက် လပိုင်းမှာပင် အိုင်စီအက်(စ်) ဦးတင်ထွဋ်မှာ လုပ်ကြံခံခဲ့ရ၏။

မြန်မာနိုင်ငံအား ဗြိတိသျှတို့ ပြန်လည်သိမ်းပိုက်ပြီး ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှစစ်အစိုးရပုံနှိပ်ထုတ်ဝေရေးဌာနမှထုတ်ဝေသော အရာရှိများစာရင်းစာအုပ်တွင် အိုင်စီအက်(စ်)နှင့် ဘီစီအက်(စ်) အဆင့် (၁) အရာရှိ စုစုပေါင်း (၁၁၃) ဦးရှိသည်ဟု ဖော်ပြထား၏။ ထိုအရာရှိများအားလုံးတွင် ကျွန်တော်တို့ မြန်မာအမျိုးသားစစ်စစ်အရေအတွက်မှာ (၃၆) ဦးသာရှိသည်ဟု ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -

၁။ The Journey up.
By. - M.Collis

၂။ Heaven Born in Burma (vol.I)

၃။ ကျွန်တော်အိုင်စီအက်(စ်)
ဦးချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

နန္ဒဝင်းကျော်ခေါင်
(စကော-လူဖြူသို့)
မေဇော်ဂျိုနှင့်ဆုံခဲ့သည့် ကျွန်တော့်သူငယ်ချင်း

ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာဟူ၍ ဝိဇ္ဇာအမျိုးမျိုးရှိကြသည့် အထဲတွင် ကျွန်ုပ်သူငယ်ချင်းတစ်ဦးသည် ဝိဇ္ဇာဟုခေါ် သည့် ဖေဇော်ဂျိတစ်ဦးနှင့် နဖူးတွေ့ဒူးတွေ့တွေ့ခဲ့ဖူးပါ၏။

တွေ့ခဲ့ဖူးသည့် ထိုလူမှာလည်း နိုင်ငံကျော်အဆိုတော်ဖြစ်၏။ သူ၏ဇနီးဖြစ်သူမှာလည်း ကျွန်ုပ်တို့ဗုဒ္ဓဘာသာကိုးကွယ်သူမဟုတ်သလို လူမျိုးခြားတစ်ယောက်လည်းဖြစ်နေပြန်၏။

သို့သော် ထိုလူမျိုးခြား ကျွန်ုပ်သူငယ်ချင်းနှင့်မှ ဖေဇော်ဂျိဟုခေါ် သည့် ဝိဇ္ဇာစစ်စစ်တစ်ဦးနှင့် အမှန်တကယ် တွေ့ခဲ့ဖူးပါသည်ဟု ဆိုပါလျှင် အသင်စာဖတ်သူ ယုံနိုင်ပါအံ့လော။

ယုံလိုက်စမ်းပါ မိတ်ဆွေစာဖတ်သူ။

ဤနေရာ၌ အနည်းငယ်ကြား ဖြတ်၍ပြောပါရစေ။

ကျွန်ုပ်၏သူငယ်ချင်းဖြစ်သူသည် လူမျိုးခြားတစ်ယောက်ဖြစ်သည့်အပြင် ဘာသာကွဲတစ်ဦးဖြစ်နေသည်ကတစ်ကြောင်း၊ တစ်ဖန် သူ၏ဇနီးဖြစ်သူမှာလည်း ဘာသာကွဲသည့်အပြင် လူမျိုးပါကွဲနေလေ၍ ကျွန်တော်သူငယ်ချင်း၏ အမည်နာမကို အမှန်အတိုင်း ဤဝတ္ထု၏ ဇာတ်လမ်းထဲ ထည့်သွင်းရေးသားဖော်ပြသွားမည်မဟုတ်ပါကြောင်း ဝန်ခံပါရစေ။

ထို့ကြောင့် ကျွန်ုပ်သူငယ်ချင်းအဆိုတော်၏နာမည်အား မောင်ကကြီးဟူ၍သာ ရေးသား ဖော်ပြသွားပါမည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်ကကြီးနှင့် ကျွန်ုပ်သည် လွန်စွာခင်မင်ကြသော သောက်ဖော်စား ဖက် သူငယ်ချင်းနှစ်ယောက်ဖြစ်လေ၏။

ဤဝတ္ထု၏ အစတွင်လည်း မောင်ကကြီးနှင့်ကျွန်ုပ်တို့နှစ်ယောက်သည် မကွေးမြို့ မြသလွန်ဘုရားကြီးသို့ ဘုရားပွဲတော်ရက်များအတွင်း အဆိုတော် မောင်ကကြီးအား ဇာတ်ပွဲကြီး တစ်ပွဲမှ စတိတ်ရှိုးပိုင်းတာဝန်ယူဖျော်ဖြေပေးရန် အခကြေးငွေပေး၍ ငှားရမ်းခဲ့သည့်အတွက် ကျွန်ုပ်စာရေးသူမှာလည်း ပြဇာတ်ပိုင်းတွင် ပြဇာတ်တို့လေးဖန်တီး၍ မင်းသမီး နန်းကလျာလှိုင်၊ အဆိုတော် မင်းယျာ၊ ဟာသသရုပ်ဆောင် ဗေလုဝတို့ ပါဝင်ကာ လက်ခစားအနုပညာရှင်များအဖြစ် ကျွန်ုပ်သူငယ်ချင်းနှိုင်ငံတော် အဆိုတော် မောင်ကကြီးနှင့်အတူ သွားရောက်ဖျော်ဖြေနေစဉ်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်အဆိုတော်မောင်ကြီးသည် ဇာတ်အဖွဲ့တွင် ပါဝင်ဖျော်ဖြေနေကြသော်လည်း သာမန်အရပ်သူအရပ်သားများသဖွယ် ပွဲစျေးတန်းကြီးအတွင်း နေပိုင်းလည်းလျှောက်၍ကြည့်၏။ညနေပိုင်းတွင်လည်း စားသောက်ဆိုင်များအတွင်းဝင်ကာ ယမကာများသုံးစွဲကြ၏။

အနုပညာသမားနှင့် အရက်ဟူသည် သိပ်ချစ်ကြသောသမီးရည်းစားစုံတွဲများသဖွယ် ခွဲ၍မရသောချစ်သူများပင် ဖြစ်လေ၏။

သို့သော် ကျွန်ုပ်သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်လည်းဖြစ်နေလေကာ ဘယ်အရပ်ရောက်ရောက် တန်ခိုးကြီးဘုရားများကို သွားရောက်ရှိခိုးလေ့ရှိသည့်အတွက် ထိုရက်ကလည်း မကွေးမြသလွန်ဘုရားကြီးကိုရောက်ခိုက် တက်ရောက်ဖူးမြော်လေသည်။

ဤတွင် ကျွန်ုပ်သူငယ်ချင်း မောင်ကကြီးသည်လည်း ဘာသာတူသည်၊ မတူသည် ဂရုမစိုက်ပါချေ။ သူငယ်ချင်းနှစ်ယောက် သောက်စားပျော်ပါးနေရလျှင် လွန်စွာကျေနပ်နေသူသာ ဖြစ်လေ၏။

ကျွန်ုပ် ဘုရားဝတ်ပြုနေလျှင်လည်း မတ်တတ်ရပ်ကာစောင့်ပေး၏။ ကျွန်ုပ်မှ -

"ဟော့ကောင်-လာ၊ ဘုရားဇတ်ပြု"

ဟုခေါ်လျှင်လည်း လက်ကလေးကာ၍ တစ်လှမ်းနှစ်လှမ်းခန့် နောက်သို့စပ်ဖြဲဖြဲဖြင့်ဆုတ်၏။ ကျွန်ုပ်သည် ကျွန်ုပ်သူငယ်ချင်း မောင်ကကြီးအား လွန်စွာခင်မင်လေ၍ ကျွန်ုပ်သူငယ်ချင်းအား ကျွန်ုပ်ကိုးကွယ်သောဘာသာကိုကိုးကွယ်စေချင်၏။ သစ္စာလေးပါးမြတ်တရားကိုသိစေလိုင်၏။

သို့ပေမယ့် ကျွန်ုပ်သူငယ်ချင်းသည်ကား အဟေတုကဝါဒသမားဖြစ်နေလေရော့သလား ကျွန်ုပ်မသိပါချေ။

ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက် မြသလွန်ဘုရားကြီးပေါ်မှ တောင်ဘက်စောင်းတန်းအတိုင်းဆင်း၍လာခဲ့သည်။ ကျွန်ုပ်သူငယ်ချင်းမှာ မြသလွန်ဘုရားကြီး၏ခပ်လှမ်းလှမ်းတွင် လှမ်း၍တွေ့နေရသော LATRINE သို့ ခပ်သွက်သွက်လေး မပြေးရုံသဖွယ်သွားနေရာမှ တောင်နှစ်လုံးကြားသို့ရောက်သောအခါ မအောင့်ထားနိုင်၍ထင်၏။ ဘေးဘယ်ညာကိုတစ်ချက်လှမ်း၍ အကဲခတ်လိုက်ပြီး ပုဆိုးလေးကို အသာအယာမကာ အမြန်ထိုင်၍ချလိုက်ပြီး အပေါ့သွားလေတော့၏။

"အား - အခုမှ ပေါ့သွားတယ် နဲ့ဒုရာ"

ကျွန်ုပ်မှာလည်း ဆီးသွားချင်နေသူမို့ သူငယ်ချင်းမောင်ကကြီးကဲ့သို့ပင် ခပ်သွက်သွက်လေး အပေါ့သွားမိလေတော့၏။

ဤတွင် စူးရှလှသော မိန်းမသားကြီးတစ်သံ ထွက်ပေါ် လာလေတော့၏။

"ဟဲ့ - ငမိုက်သားနှစ်ကောင်၊ ဒီမြေဒီတောင်ဟာ သာသနာ့မြေသာသနာ့တောင်ဆိုတာ နှစ်ယောက်စလုံးမသိကြဘူးလားဟဲ့။ နင်တို့နှစ်ယောက်စလုံး သေသွားချင်သလား-ဟင်"

ကျွန်ုပ်တို့နှစ်ယောက်မှာ လွန်စွာကြောက်မက်ဖွယ်အသံကြီးကို ထူးထူးဆန်းဆန်းကြားလိုက်ရပြီး ကြောင်တောင်တောင်ပင်ဖြစ်ကာ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်များသို့ပင် လှည့်ပတ်ကြည့်မိကြလေ၏။ သို့သော် မည်သူမျှမတွေ့ရှိရပါချေ။ အဘယ်သို့သောအရပ်ဆီမှ ကြိမ်းဝါးပြောဆိုနေမှန်းမသိရ၍ လွန်စွာလည်း အံ့သြနေမိလေ၏။

ထိုအချိန်မှာပင် တောက်ခေါက်သံကြီးတစ်ချက်ကိုလည်း ပြင်းပြင်းထန်ထန်ကြားလိုက်ရသော ကျွန်ုပ်တို့နှစ်ယောက်မှာ ဤတောင်လေးနှစ်လုံးကြားမှ ခပ်သွက်သွက်ခွာထွက်၍ မြသလွန်ဘုရားကြီး၏ တောင်ဘက်စောင်းတန်းဆီသို့ ခပ်မြန်မြန်လေးသွားကြလေတော့၏။

ထိုအချိန် မြသလွန်ဘုရားကြီး၏ တောင်ဘက်စောင်းတန်းအတိုင်း ယောဂီအည်ရောင်ဝတ်အဘွားကြီးတစ်ဦးမှာလည်း ကျွန်ုပ်နှင့် အဆိုတော်မောင်ကကြီးတို့ရှိရာသို့ မျက်နှာချင်းဆိုင်ဆင်းလာနေသည်ကို မြင်တွေ့လိုက်ရလေ၍ ကျွန်ုပ်မှာ ရိုရိုသေသေအမူအရာဖြင့် မေးမြန်းစုံစမ်းရတော့၏။

"အမေ၊ ကျွန်တော်တို့ကို စကားလေးနည်းနည်းမေးမြန်းခွင့်ပြုပါ"

ယောဂီအည်ဝတ်အဘွားကြီးမှာ ကျွန်ုပ်နှင့် အဆိုတော်မောင်ကကြီးတို့နှစ်ယောက်အား အနည်းငယ်အကဲခတ်ကြည့်ရှုပြီး -

"မေးပေါ့ သားတို့ရဲ့၊ ဘာမေးမှာလဲ"

"ကျွန်တော်တို့ ဘုရားဖူးလာတာပါ။ အဲဒါ ဘုရားဖူးပြီး တောင်ဘက်စောင်းတန်းအတိုင်းဆင်းလာရင်း ကျွန်တော့်သူငယ်ချင်းက အရမ်းကိုအပေါ့သွားချင်တာနဲ့ ဟိုးလှမ်းမြင်နေရတဲ့ တောင်လေးနှစ်လုံးကြားမှာ ကျွန်တော်တို့နှစ်ယောက် အပေါ့သွားမိပါတယ်"

ဤစကားအရောက်၌ ယောဂီအည်ရောင်ဝတ်အဘွားကြီးမှာ ပြုံးလိုက်သည်ကို မျက်စိလျင်သောကျွန်ုပ်မှ မြင်တွေ့လိုက်ရလေသည်။

"အဲဒါ လူလည်းမမြင်ရဘဲ မိန်းမသံကြီးတစ်သံနဲ့ ဟဲ့ - ငမိုက်သားနှစ်ကောင်၊ ဒီမြေဒီတောင်ဟာ သာသနာ့မြေ၊ သာသနာ့တောင်ဆိုတာ နင်တို့နှစ်ယောက်စလုံး မသိကြဘူးလားဟဲ့။ နင်တို့နှစ်ယောက်စလုံးသေသွားချင်သလား လို့ပြောတယ်အမေ။ အသံကြီးကလည်း မာမာထန်ထန်နဲ့ ကြောက်စရာအသံကြီးနဲ့ဗျာ"

ယောဂီရောင်ဝတ် အမေအို့မှာ ကျွန်ုပ်နှင့် အဆိုတော်မောင်ကကြီး၏ စကားတို့ကိုကြားပြီးပြုံး၏။ ပြီးသော် ဆေ၏။

"လူလေးတို့က ဘယ်မှာနေတာလဲကွယ့်"

"ရန်ကုန်မှာနေတာပါ"

အမေအို့မှာ ကျွန်တော်၏အဖြေစကားကိုကြားပြီး ခေါင်းလေးညိတ်၏။ ပြုံး၏။

"လူလေးတို့ ဘောကျော၊ ဘောသောနဲ့ ဘောသူရ၊ ဘောရသဆိုတဲ့ ဘီလူးညီနောင်တွေကိုတော့ ကြားဖူးမှာပေါ့နော်"

"ဟုတ်ကဲ့ ကြားဖူးပါတယ် အမေ၊ မြသလွန်ဘုရားရဲ့ဘုရားဒကာဘီလူးညီအစ်ကိုတွေမဟုတ်လားအမေ"

အမေအို့မှာပြုံးကာခေါင်းညိတ်ပြ၏။

"အဲဒါဆိုရင် ယက္ခသာဂီနဲ့ ယက္ခဒါလီဆိုတဲ့ ဘီလူးညီအစ်မကိုကောကြားဖူးသလား"

"ဘောကျော၊ ဘောသောဘီလူးညီနောင်တို့ရဲ့ညီမနှစ်ယောက်မဟုတ်ဘူးလား အမေ"

"သိပ်မှန်တာပေါ့ကွယ်။ ဒါဆို မင်းတို့နှစ်ယောက် အပေါ့သွားခဲ့တဲ့တောင်ကိုကော မင်းတို့မသိဘူးလား"

ကျွန်ုပ်နှင့် ကျွန်ုပ်သူငယ်ချင်း မောင်ကကြီးတို့နှစ်ယောက်မှာ ပြိုင်တူပင် မသိပါကြောင်း ဖြေကြားလိုက်တော့၏။

"မှတ်ထား လူကလေးတို့၊ အဲဒီတောင်ဟာ မြသလွန်ဘုရားကြီးရဲ့ဘုရားဒကာဘီလူးမင်းညီနောင်တို့ရဲ့ အငယ်ဆုံးညီမ ယက္ခဒါလီပိုင်တဲ့ ပန်းရံတောင်ညီ

www.burmeseclassic.com

www.burmeseclassic.com

ခေါ်တယ်ကွယ့်"

"ဗျာ"

ကျွန်ုပ်နှင့် ကျွန်ုပ်၏ သူငယ်ချင်း မောင်ကကြီးတို့ နှစ်ယောက်မှာ 'ဗျာ' ဟူသော အာမေဋိတ်သံသာ ပြိုင်တူပြုလိုက်နိုင်၏။

နှစ်ယောက်စလုံးမှာ ပြိုင်တူပင် ယောဂီရောင်ဝတ် အမေအိုအား ငွေတစ်ထောင်ဖြင့် ဦးချကန်တော့လိုက်ပြီး စောင်းတန်းအတိုင်း အပြေးတက်ရောက်၍ ကန်တော့ပွဲဝယ်ရန် စိုင်းပြင်းကြပါတော့၏။

မြသလွန်ဘုရားကြီး၏ ဆိုင်တစ်ဆိုင်မှ ကန်တော့ပွဲတစ်ပွဲကို ရှားရှားပါးပါး ဝယ်ယူရရှိခဲ့ပြီး ပန်းရစ်တောင်သို့ ကျွန်ုပ်နှင့် အဆိုတော် မောင်ကကြီးတို့ နှစ်ယောက်မှာ တစ်ယောက်တစ်လှည့် ကန်တော့ပွဲကိုပွေ့ပိုက်၍ သယ်ဆောင်ခဲ့ကြပြီး ယက္ခဒါလီဘီလူးမကို တောင်းပန်ကန်တော့လိုက်မှ ဟင်းဟူသော သက်ပြင်းချသံကြီးတစ်ချက် ပြင်းပြင်းကြီးကြားလိုက်ရပြီး ကျွန်ုပ်နှင့်အဆိုတော် မောင်ကကြီးတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် တအံ့တသြကြည့်မိလိုက်ကြပါတော့၏။

ဤသို့ဖြင့် မကွေးမြသလွန်ဘုရားပွဲတော်ကြီးပြီး၍ ကျွန်ုပ်နှင့်အဆိုတော် မောင်ကကြီးတို့နှစ်ယောက်မှာ တပုံးပုံးတွဲတွဲဖြင့် ရန်ကုန်သို့ပြန်ဆင်းလာခဲ့ကြလေ၏။

ရန်ကုန်သို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်မှာ နေခင်္ဂဒီဒီယိုထုတ်လုပ်ဖြန့်ချိရေးမရှိက်ကူးသည့် နတ်မိကျောင်းသဲသုမာအမည်ရှိ ဒွိဒီယိုဇာတ်ကားကို ဝါးတစ်ရာရွာကြီးသို့ ရုပ်ရှင်မင်းသား ရန်ကျော်၊ မင်းသမီး မေထွဋ်ခေါင်၊ သရုပ်ဆောင် ကြည်သာတို့ဖြင့် သွားရောက်ကာ ရိုက်ကူးနေ၍ အဆိုတော် မောင်ကကြီးနှင့် ခေတ္တခဏကွဲကွာနေ၏။

သို့သော် အဆိုတော်မောင်ကကြီးမှာ မကြာမကြာ အရက်ပုလင်း၊ အစိမ်းကြော်တို့ဖြင့် သူ၏ကိုယ်ပိုင်ကားလေးဖြင့် ကျွန်ုပ်ရိုက်ကွင်းသို့ ရောက်ရောက်လာတတ်၏။

ကျွန်ုပ် ကားရိုက်ပြီး၍ နေအိမ်သို့ ပြန်ရောက်လေလျှင် မောင်ကကြီးမှာ ရွှေနတ်တောင်ဘုရားပွဲသို့ ဇာတ်ကြီးတစ်ဖွဲ့နှင့်အတူ သွားရောက် သီဆိုဖြေဖျော်ရမည်ဖြစ်ကြောင်း ကျွန်ုပ်အား သူနှင့်အတူလိုက်ခဲ့ရန် ခေါ်လေတော့၏။

သို့သော် ကျွန်ုပ်အား နတ်မိကျောင်း သဲသုမာ ဒီဒီယိုဇာတ်ကား၏ ပိုင်ရှင်၊ ထုတ်လုပ်သူ IDEA မြင့်ဦးမှာကား အမြန်ဆက်ပေးရန် တောင်းဆိုနေ၍ ကျွန်ုပ်မှာ အဆိုတော်မောင်ကကြီးနှင့် လိုက်ပါရန် မဖြစ်တော့ချေ။ အဆိုတော်မောင်ကကြီးနှင့်အတူ အဆိုတော် မောင်ဂဠုန်၊ အဆိုတော် လွမ်းမိုးတို့မှာ ရွှေနတ်တောင်ဘုရားပွဲတော်သို့ ခရီးတက်သွားကြပါတော့၏။

မှတ်ချက် ။ ။ အောက်ပါအပြစ်အပျက်တို့မှာ အဆိုတော်မောင်ကကြီးနှင့် ဖေဖော်ဂျီအစစ်တို့ တွေ့ဆုံခဲ့ပုံများသာ ဖြစ်ပါသည်။ ကျွန်ုပ် စာရေးသူကို ရွှေနတ်တောင်ဘုရားပွဲသို့ သွားရောက် သီဆိုဖျော်ဖြေပြီး အပြန်ခရီးတွင် ဝိဇ္ဇာခေါ် ဇော်ဂျီနှင့်တွေ့ခဲ့ပုံများအားထပ်ဆင့်ပြောပြခဲ့လေ၍ ကျွန်ုပ်မှ သူရဇမဂ္ဂဇင်းကြီးမှတစ်ဆင့် ရေးသားတင်ပြလိုက်ခြင်းသာဖြစ်ပါကြောင်း။

❑ ဖေဖော်ဂျီနှင့်ဆုံခဲ့သည့် ကျွန်တော့်သူငယ်ချင်း

ရွှေနတ်တောင်ဘုရားဟူသည်ကား ရွှေတောင်မြို့တွင်ရှိ၏။ ရန်ကုန်မှသွားသော် ကားလမ်း၏ဘယ်ဘက်ခြမ်းတွင် တည်ရှိ၍ ပြည်မြို့မှလာသော် ကားလမ်း၏ညာဘက်ခြမ်းတွင်တည်ရှိနေပါသည်။

ထိုနှစ်က ရွှေနတ်တောင်ဘုရားပွဲ၌ ကြည့်ချင်ပွဲများအဖြစ် နန်းဝင်းဇာတ်ပါဝင်ကပြသည်ကို တွေ့ရ၏။

ထိုပွဲတွင် နာမည်ကျော် အဆိုတော်များဖြစ်သည့် မောင်ဂဠုန်၊ လွမ်းမိုးနှင့် ကျွန်ုပ်စာရေးသူ၏ သူငယ်ချင်း မောင်ကကြီးတို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်၏။

လူတို့မှာ ပွဲမကမီ ရွှေနတ်တောင်ဘုရားကြီးရင်ပြင်ပေါ်တွင် ဘုရားရှိခိုးကြ ပြိုဟ်ပြေ၊ နာမ်ပြေ၊ မွေးနံ့ထောင်များတွင် ရေသပွာယ်ကြဖြင့် ရှုပ်ထွေးနေကြလေ၏။

မောင်ဂဠုန်၊ လွမ်းမိုးနှင့် အဆိုတော် မောင်ကကြီးတို့မှာ နန်းဝင်းနှင့် အဖွဲ့ အော်ပဒါပြီးခါနီတွင် တေးသံသာများဖြင့် ဖျော်ဖြေရမည်ဖြစ်၏။

ပထမဦးဆုံးဖျော်ဖြေဖို့အလှည့်ကြသူကတော့ မောင်ဂဠုန်ဖြစ်၏။ မောင်ဂဠုန်မှာ တေးသီချင်းလေး၊ ငါးပုဒ်ခန့် ဖျော်ဖြေပြီး လွမ်းမိုးမှာ သူ၏အောင်မြင်ကျော်ကြားခဲ့သည့်သီချင်းများဖြင့် သီဆိုပြီးသည်နှင့် အရက်သောက်ချင်နေ၍ မောင်ဂဠုန်နှင့်နှစ်ယောက်အတူ မောင်ကကြီးကို အသိမပေးဘဲ ဇာတ်ရုံပြင်ပသို့ ထွက်ကာ အရက်သွားသောက်လေ၏။

အဆိုတော်မောင်ကကြီးမှာ သူ၏အောင်မြင်ကျော်ကြားခဲ့သောတေးသီချင်းလေး၊ ငါးပုဒ်ကို သီဆိုဖြေဖျော်ပြီး မောင်ဂဠုန်တို့နှစ်ယောက်ကို ပွဲခင်းထဲလိုက်ရှာလေသည်။ ပွဲခင်းထဲရှိကြဲရည်ဆိုင်တွင် အရက်ရောင်းသည့်ဆိုင်ကိုသွားမေးတော့ ရွှေနတ်တောင်ဘုရားကြီးဘက်သွားကြသည်ဆို၍ အဆိုတော်မောင်ကကြီးမှာ ရွှေနတ်တောင်ဘုရားကြီးသို့ လိုက်သွားလေ၏။

သို့သော် ရွှေနတ်တောင်ဘုရားကြီးရင်ပြင်တော်ပေါ်တွင် မောင်ဂဠုန်နှင့် လွမ်းမိုးကိုမတွေ့ချေ။

ထိုအချိန်မှာ ပွဲများထွက်နေပြီဖြစ်၍ ရွှေနတ်တောင်ဘုရားရင်ပြင်ပေါ်တွင် လူရှင်းနေလေ၏။

ညဉ့်ဆယ့်နှစ်နာရီခန့်ရှိနေပြီဖြစ်၏။

အဆိုတော် မောင်ကကြီးမှာ ရွှေနတ်တောင်ဘုရားရင်ပြင်တော်ပေါ်တွင် လူများရှင်းလင်းနေ၍ လှည့်ကာပြန်မည်ပြုစဉ်မှာပင် လူတစ်ယောက်၏ခေါ်သံကြောင့် လှည့်၍ကြည့်လိုက်မိ၏။

"ဟေ့-သူငယ်"

မောင်ကကြီး လှည့်၍ကြည့်လိုက်စဉ်မှာပင် ဇော်ဂျီလိုလိုအဝတ်အစားနှင့် ဦးထုပ်အနီလေးဆောင်းထားပြီး တောင်ဝှေးတစ်ချောင်းကိုင်ဆောင်ကာ ရုပ်နေသောလူတစ်ယောက်ကို တွေ့လိုက်ရလေ၍ လွန်စွာအံ့သြတကြီးဖြစ်သွားလေ၏။ တစ်ဆက်တည်းမှာပင် မေးမြန်းမိ၏။

"ခင်ဗျားက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ငါကဇော်ဂျီပေါ့ကွ"

"နန်းဝင်းဇာတ်ထဲကဇော်ဂျီလား"

"ဟား ဟား ဟား ဟား - မင်းက မယုံဘူးနဲ့တူတယ်"

အဆိုတော် မောင်ကကြီးမှာ မြန်မာလူမျိုးများ၏ ပုဂ္ဂိုလ်ထူးများ၊ ဇော်ဂျီ၊ တပသီများ၊ ဝိဇ္ဇာမိုရ်များ အကြောင်းကို နားရည်ဝဖတ်သုတရှိပြီး ဖြစ်၍ ရယ်မောပြီး မယုံသင်္ကာစိတ်ဖြင့် ပြန်၍မေးမြန်းမိသည်။

"ဇော်ဂျီဆိုရင် မြေလျှိုးမိုးပျံတတ်တယ်။ ခင်ဗျားကော မိုးပျံတတ်လား"

"ဇော်ဂျီပဲ မိုးပျံတတ်သလို မြေလည်းလျှိုးတတ်တာပေါ့ကွ"

"ဟင်းဟင်းဟင်းဟင်း ဇော်ဂျီဆိုရင် လုပ်ပြလေဗျာ"

အဆိုတော် မောင်ကကြီးမှာ ဇော်ဂျီဆိုသူလူကြီးအား မခံချင်အောင် ပြော၍ ပြုံးစိစိဖြင့်နေ၏။ သို့သော် ထိုလူကြီးမှာလည်း အဆိုတော်မောင်ကကြီးအား ခနဲတဲ့တဲ့ပြန်၍ပြော၏။

"ဟင်း ဟင်း ဟင်း ဟင်း၊ ငါ့ရဲ့ အလောင်းအစားကြေးကို လက်ခံတယ်ဆိုရင် မင်းစိန်ခေါ်တာကို ငါလက်ခံတယ်"

"ဇော်ဂျီကလည်း အလောင်းအစားဝါသနာပါတာပဲကိုးဗျ"

အဆိုတော် မောင်ကကြီးက ဇော်ဂျီလိုလိုလူကြီးအား ခနဲတဲ့တဲ့ပြန်၍ ပြော၏။ ပြီးသော် အဆိုတော်မောင်ကကြီးအား ပြုံးစစဖြင့်ပြန်၍မေး၏။

"ငါ့မြေလျှိုးလို့မိုးပျံပြနိုင်ရင် မင်းဗုဒ္ဓဘာသာထဲဝင်မလား"

ဇော်ဂျီလိုလိုလူကြီး၏ မထင်မှတ်သောစကားကိုကြားလိုက်ရသည့် အဆိုတော်မောင်ကကြီးမှာ ခေတ္တခဏ ငေးကြောင်သွား၏။ ခေတ္တခဏလည်းတွေဝေသွား၏။

ဇော်ဂျီ ဟူသည် တန်ခိုးရှိသည်ဟုကြားဖူးထား၏။ ယခု မမျှော်လင့်ဘဲ ဇော်ဂျီဆိုသူလူကြီးနှင့် လာကြုံတွေ့နေရ၍ အကယ်၍ ဗုဒ္ဓဘာသာဝင်ဇော်ဂျီတို့၏ အစွမ်းအစကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်လိုက်ရမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်အဖြစ် ဗုဒ္ဓကိုပြောင်းလဲကိုးကွယ်လိုက်မည်ဟု ရဲရဲဝင့်ဝင့်ဆုံးဖြတ်လိုက်၏။

"ကျွန်တော်ယုံအောင်လုပ်ပြမယ်ဆိုရင် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလိုက်မယ်ဗျာ။ ကတိပေးတယ်"

"ကတိတည်ရမယ်နော်။ ကတိမတည်ရင် ဒုက္ခလှလှတွေ့လိမ့်မယ်"

"ကျွန်တော်ယောကျ်ားပါဗျ"

သူကိုယ်သူ ဇော်ဂျီဆိုသူလူကြီးမှာ ပြုံး၍ခေါင်းညိတ်ပြလိုက်ပြီး သူ၏လက်တွင်းမှ ဆေးတောင်ဗူးဖြင့် မြေပြင်ကို ဆောင့်ချလိုက်၏။ ဆောင့်လိုက်သည့် နေရာမှ မီးခိုးငွေ့များထွက်လာသလို ဇော်ဂျီလိုလိုလူကြီးမှာ လူကောင်သေးသေးလေးအရွယ်သို့ ပြောင်းလဲသွား၏။ လက်မလေးအရွယ်သို့ရောက်သွားသော အခါ မြေကြီးထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏။ ငါးမိနစ်ခန့်အကြာတွင် ဇော်ဂျီလိုလိုလူကြီး တိုးဝင်ပျောက်ကွယ်သွားသည့်နေရာတစ်ဝိုက်တွင် မြေကြီးများ ပွစာကြပြီး ဇော်ဂျီလိုလူကြီးမှာ မြေကြီးထဲမှ ပြန်၍ထွက်လာပြီး တဖြည်းဖြည်းကြီးထွားလာပြန်၏။

အဆိုတော်မောင်ကကြီးမှာ ဇော်ဂျီလိုလိုလူကြီးအား အံ့သြဘနန်းစူးစိုက်ကြည့်နေစဉ်မှာပင် ဇော်ဂျီလိုလိုလူကြီးမှာ ရုတ်ခြည်းခဏမှာပင် တဖြည်းဖြည်းချင်း ကြီးထွားလာပြန်၏။ အရပ်ရှစ်ပေကျော်ကျော်သို့အရောက်တွင် မိုးပေါ်သို့ စူပါမင်းသဖွယ်ပုံ၍တက်သွားပြီးပျောက်ကွယ်သွားပြန်လေတော့၏။

အဆိုတော်မောင်ကကြီးမှာ ထူးဆန်းအံ့သြဖွယ်ရာများကို မျက်ဝါးထင်ထင်မြင်တွေ့နေရသဖြင့် တွေဝေစဉ်းစားမနေတော့ဘဲ ဇော်ဂျီကြီးအားပေးထားသည့်ကတိအတိုင်း ဗုဒ္ဓဘာသာသို့ကူးပြောင်းရန် ဆုံးဖြတ်လိုက်လေတော့၏။

ထိုအချိန်တွင် ဇော်ဂျီကြီးမှာ မိုးပေါ်မှခုန်ဆင်း၍ အဆိုတော်မောင်ကကြီးအနားသို့ ရောက်ရှိလာလေ၏။

"ဘယ်လိုလဲ လူလေး၊ မင်းဗုဒ္ဓဘာသာဝင်ဖို့ စိတ်ဆုံးဖြတ်လိုက်ပြီလား"

အဆိုတော် မောင်ကကြီးမှာ ဇော်ဂျီကြီးအား သေသေချာချာကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"မင်းကို ဘာကြောင့်ဗုဒ္ဓဘာသာထဲဝင်ဖို့ စည်းရုံးရတာလဲဆိုတာ မင်းသိလား"

အဆိုတော် မောင်ကကြီးမှာ ခေါင်းကိုသွက်သွက်ခါပြန်လိုက်၏။

"မင်းနဲ့ ငါဟာ ဘဝတစ်ခုမှာ ဆရာတပည့်ဖြစ်ခဲ့ဖူးတယ်ကွ။ မင်းကျေးဇူးတွေ ငါ့မှာရှိခဲ့ဖူးလို့ ခုလို ငါဘဝမြင့်မားချိန်မှာ မင်းရဲ့အယူမှားနေတဲ့ ဘဝကို ငါစောင့်ရှောက်ကယ်တင်ခဲ့တာပဲ။ ကဲ - ငါတာဝန်တော့ကျေပြီဟေ့။ မင်းတာဝန်ပဲကျန်တော့တယ်"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ဗုဒ္ဓဘာသာဝင်ဖို့ ကတိပေးပါပြီ"

အဆိုတော်မောင်ကကြီး၏စကားအဆုံး ဖေဇော်ဂျီကြီးသည် ဖြုတ်ဆို ပျောက်ကွယ်သွားလေ၏။ မောင်ကကြီးတစ်ယောက်တည်း ထီးထီးကြီးကျန်ရစ်လေ၏။

မူလကိုးကွယ်သည့်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည့် ကျွန်ုပ်၏ သူငယ်ချင်းအဆိုတော် မောင်ကကြီး၏ အကြီးဆုံးပေးဆပ်ရသည့် အရင်းအနှီးမှာ ပထမဆုံး ဇနီးမယားနှင့် ကွာရှင်းခဲ့ရ၏။ ဆွေမျိုးအသိုင်းအဝိုင်းတို့၏ စွန့်ဖျင်ခြင်းခံရ၏။

ကျွန်ုပ်သူငယ်ချင်း အဆိုတော် မောင်ကကြီးမှာ ထိုနှစ်မှာပင် ရှင်ကုသလဟူသောဘွဲ့ဖြင့် ကိုရင်ဝတ်၏။ ထိုမှ တစ်ဆင့် ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်သွားပြီး ရဟန်းဘောင်သို့ ကူးပြောင်းသွားလေတော့၏။

- ပဥ္စသီဥပုသ်၊ မယုတ်အားကြီး
- ဤကျင့်ရိုးကား၊ ကောင်းကျိုးကုသိုလ်
- မကင်းလိုတည့်၊ နေ့တွင်စောင့်က
- နေဖို့ရာ၏၊ ညလည်းထိုတူ၊
- စောင့်လေမူလော့၊ ဆယ်ဆူသီလ
- နိယမလည်း၊ ကာလပိုင်းခြား
- နေ့ရက်အားဖြင့်၊ မမှားမှန်စွ
- စောင့်အပ်လှ၏
- ကောင်းကျိုးကိုယ်၌တည်စေမင်း၊
- ကောင်းကျိုးကိုယ်၌တည်စေမင်း၊
- ကောင်းကျိုးကိုယ်၌တည်စေမင်း။

နန္ဒာဝင်းကျော်ခေါင်
(ခတ္တာ-ဇလပြည်)

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုစဏ္ဏ)

တရုတ်ကမ္ဘာ့ဖုန်းရွှေပညာ

အချစ်ရေး၊ အိမ်ထောင်ရေးအခြေအနေ ခွဲခြားသိနိုင်ရန် KUA Number ဖြင့် ခွဲခြမ်းလေ့လာခြင်း

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မင်္ဂလာနှင့် အ,မင်္ဂလာနေရာ(အရပ်ထောင့်) များအား စိစစ်ရွေးချယ်ရန် ကွေ(KUA) နံပါတ်များကို အောက်ဖော်ပြပါပုံစံအတိုင်း ရွေးချယ်နိုင်ပါသည်။ ရွေးချယ်ရာ၌ အမျိုးသားနှင့် အမျိုးသမီးကွဲပြားမှုရှိပါသည်။ ကျား-ဖြစ်စေ၊ မ-ဖြစ်စေ မိမိမွေးသက္ကရာဇ်၏ နောက်ဆုံးဂဏန်းနှစ်ခုကိုပေါင်းပါ။ ပေါင်း၍ရသောကိန်းကို ဂဏန်းတစ်လုံးတည်းဖြစ်သည်အထိပင် ဆက်ပေါင်းပါ။ ဥပမာ သင်သည် ၁၉၆၅ တွင် မွေးဖွားပါက နောက်ဆုံး နှစ်လုံး (၆၅) ကို ပေါင်းပါ။ (၆ + ၅ = ၁၁) ၎င်းကို ဂဏန်းတစ်လုံးတည်းဖြစ်အောင် (၁+၁ = ၂) ဟု ပေါင်းပါက နောက်ဆုံးတစ်လုံးတည်းသောကိန်းရရှိလာပါမည်။

အမျိုးသားများအတွက် အထက်ပါ (တစ်လုံးတည်းသောဂဏန်း)ကို (၁၀) ထဲမှနုတ်ပါ။ အကယ်၍ သင်သည် ၂၀၀၀ ပြည့်နှစ်မတိုင်မီမွေးဖွားသူဖြစ်ပါက (၉) ထဲမှနုတ်ပေးပါ။ အဖြေက သင် (အမျိုးသား) ၏ ကွန်ပါတ်ဖြစ်ပါသည်။

အမျိုးသမီးများအတွက် အထက်ပါ တစ်လုံးတည်းသောဂဏန်းကို (၅) ဖြင့် ပေါင်းပါ။ အကယ်၍ သင်သည် ၂၀၀၀ ပြည့်နှစ်မတိုင်မီ မွေးဖွားသူဖြစ်ပါက (၆) ဖြင့် ပေါင်းပါ။ အဖြေက သင်(အမျိုးသမီး) ၏ ကွန်ပါတ်ဖြစ်ပါသည်။

အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွန်ပါတ်အသီးသီးက ဂဏန်းနှစ်လုံးဖြစ်နေပါကလည်း တစ်လုံးတည်းဖြစ်သည်ထိ ဆက်ပေါင်းပါ။

အသေးစိတ်ဥပမာ (၁)

၂၈၊ ဩဂုတ်လ၊ ၁၉၅၇ တွင် မွေးဖွားသူဖြစ်ပါက -

နောက်ဆုံးကိန်းနှစ်ခု (၅)၊ (၇) အား တစ်လုံးတည်းဖြစ်အောင်ပေါင်းပါ။

ထိုအခါ (၅+၇=၁၂)၊ (၁+၂=၃) ဟူ၍ရမည်။ ၎င်းကို အမျိုးသားအတွက် (၁၀) မှနုတ်သော် (၁၀ - ၃ = ၇) ဟူ၍ရမည်။ ၎င်း (၇) က အမျိုးသား၏ ကွန်ပါတ်ဖြစ်ပါသည်။

အမျိုးသမီးအတွက် သက္ကရာဇ်မှနောက်ဆုံး ဂဏန်းနှစ်လုံးပေါင်းခြင်း (၃) ကို (၅) ဖြင့်ပေါင်းသော် (၃ + ၅ = ၈) ဟူ၍ရမည်။ ၎င်း (၈)က အမျိုးသမီး၏ ကွန်ပါတ်ဖြစ်ပါသည်။

အသေးစိတ်ဥပမာ (၂)

၂၊ ဇန်နဝါရီ၊ ၁၉၆၂ တွင်မွေးဖွားသူဖြစ်ပါက တရုတ်နှစ်သစ်ကူးမတိုင်မီကာလဖြစ်ခြင်းကြောင့် နောက်ဆုံးဂဏန်းနှစ်လုံးမှ (၁)နုတ်၍ ၁၉၆၁ အဖြစ်သာယူရပါမည်။ ထိုအခါ (၆၁) ကို (၆ + ၁ = ၇) ဟူ၍ တစ်လုံးတည်းဖြစ်အောင်ပေါင်းပြီး အမျိုးသားအတွက် (၁၀ - ၇ = ၃) (ကွန်ပါတ်) ရရှိပြီး အမျိုးသမီးအတွက် (၇+၅= ၁၂၊ ၁+၂=၃) (ကွေ) ဟူ၍ရရှိပါမည်။ ထိုအခါ အောက်ပါဇယားအတိုင်း သင့်အချစ်ရေးနှင့် အိမ်ထောင်ရေးဆိုင်ရာ ဆက်ဆံရေးကောင်းမွန်မည်၊ မင်္ဂလာရှိမည့် အရပ်ထောင့်နှင့် သင်၏ကွန်ပါတ်အလိုက် ဓာတ်ကြီးငါးပါးမှ အသီးသီးကိုယ်စားပြုထားပုံကို တွေ့မြင်ရပါမည်။

အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်၍ အနောက်တောင်အရပ်ဒေသ၌ အစီအရင်မျိုးစုံလုပ်နိုင်ပုံကို ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ အနောက်တောင်(သို့)ခွန်အရပ်သည် အိမ်ထောင်ရေးသုခနှင့်တိုးတက်ထွန်းကားစေခြင်းသဘောများကို ကိုယ်စားပြုသည်။ ဖုန်းရွှေပညာအရ အနောက်တောင်အရပ်၌ စိရင်္ဂမူများအပြင် KUA Number (ကွန်ပါတ်)အလိုက် ခွဲခြားစိတ်ဖြာအဖြေရှာသည့်နည်းဖြင့်လည်း မိမိ၏ဇနည့်ခန်း၊ အိပ်ခန်းအတွင်း လိုအပ်သော ချီဓာတ်စွမ်းအင်များကို မြှင့်တင်ပေးနိုင်ပါသည်။

ကွန်ပါတ် (၁) ပိုင်ရှင်အနေဖြင့် မိမိအိမ်၏ တောင်အရပ်အားကိုယ်စားပြုသည့် မီးဓာတ်နှင့် သစ်သားဓာတ်တို့အား စွမ်းအင်မြှင့်တင်ပေးရပါမည်။ထိုသို့ဆောင်ရွက်ရာ၌ တောင်ဘက်နံရံအားဆေးအဖြူ၊ အနီ၊ အဝါရောင်သုတ်ပေးပါ။ ပျော်ရွှင်ခြင်းနှစ်ဆအဓိပ္ပာယ်ရှိစာတန်းပါ မီးပုံးအနီရောင်တစ်လုံးချိတ်ဆွဲပေးပါ။

တောင်ဘက်အရပ်ထောင့်တွင် မန်ဒရင်းဘဲ (သို့) ဘဲငန်းမောင်နှံပုံကားချပ်တစ်ချပ် ချိတ်ဆွဲပေးပါ။ ဘဝကြောင်ဖော်(ချစ်သူ)ရှာတွေ့ရန် အခွင့်အရေးပေါ်လာအောင် ဖီးနိတ်စ်ဂျက်ပုံ ပန်းချီကားထားရှိပါ။

အကယ်၍ အမျိုးသားဖြစ်ပါက ယင်းဖီးနိတ်စ်(သို့) ဖီးနိတ်စ်အမပုံထားရှိပေးပါ။ (သို့) နဂါးနှင့် ဖီးနိတ်စ်မျက်နှာချင်းဆိုင်ပုံကားချပ်ထားရှိနိုင်ပါသည်။

ကွန်ပါတ် (၂) ပိုင်ရှင်အနေဖြင့် အိမ်၏ အနောက်မြောက်အရပ်အား

သင်၏ KUA(ကွေ)နံပါတ်	သင့်အတွက်ဆက်ဆံရေးပြေပြစ်ကောင်းမွန်စေသည့် "nien yen"(နီယင်ယန်)အရပ်ထောင့်	ကိုယ်စားပြုထားသော ဓာတ်ကြီး(၅)ပါး
1. East group	တောင်	မီး၊ သစ်သား
2. West group	အနောက်မြောက်	သတ္တု၊ မြေ
3. East group	အရှေ့တောင်	သစ်သား၊ ရေ
4. East group	အရှေ့	သစ်သား၊ရေ
5. West group	အမျိုးသား- အနောက်တောင် အမျိုးသမီး- အနောက်	သတ္တု၊ မြေ
6. West group	အနောက်တောင်	မြေ၊ မီး
7. West group	အရှေ့မြောက်	မြေ၊ မီး
8. West group	အနောက်	သတ္တု၊ မြေ
9. East group	မြောက်	ရေ၊ သတ္တု

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားပြုသည့် သတ္တုဓာတ်နှင့် မြေဓာတ်အား စွမ်းအင်မြှင့်တင်ပေးရပါမည်။ ထိုအခါ သတ္တုချောင်းခြောက်ချောင်းပါ (Windchime အသံညံထားသည့်ဆည်းလည်း) ချိတ်ဆွဲထားပေးပါ။ ပြီးလျှင် အနောက်မြောက်နံရံအား သတ္တုရောင် (metallic colour) ဆေးရောင်သုတ်ထားပေးပါ။

အနောက်မြောက်အရပ်၌ မြေပန်းအိုး(သို့) ကြေးပန်းအိုးတစ်ခုထားရှိပေးပါ။

ကွန်ပါတ် (၃) ပိုင်ရှင်အနေဖြင့် အိမ်၏အရှေ့တောင်အရပ်အားကိုယ်စားပြုသော သစ်သားဓာတ်နှင့် ရေဓာတ်အားစွမ်းအင် မြှင့်တင်ပေးရပါမည်။ ထို့ကြောင့် ဇောက်နက်၍ အဝကျယ်သော ခွက်၊ ဖလားနှုတ်ခမ်းဖျားအထိ ရေအပြည့်ထည့်၍ ထိုရေထဲ၌ အစိမ်းရောင်ရှိ အပင်ငယ်တစ်ပင်စိုက်ထားပေးပါ။ ထည့်သည့်ရေက ကြည်လင်သန့်ရှင်း၍ အပင်ငယ်က ကျန်းမာသန်စွမ်းနေရပါမည်။

အလှမွေးငါးကန်ငယ်တစ်ခုအတွင်း ရွှေငါးတစ်စုံထားရှိ၍ အောက်ဆီဂျင်ပေးထားပါ။ အောက်ဆီဂျင်ကြောင့် ရေပူပေါင်း(ပလုံစီ)ထနေခြင်းက နှိမ်တ်ကောင်းပါသည်။

ပန်းအဖြူ၊ အနီ၊ ပန်းရောင်တို့အား ပန်းအိုးအကြီးတွင်ထည့်၍ လှုမြင်သောနေရာ၌ထားရှိပေးပါ။

ကွန်ပါတ်(၄)ပိုင်ရှင်အတွက် အိမ်၏ အရှေ့အရပ်အား ကိုယ်စားပြုသည့် သစ်သားဓာတ်နှင့်ရေဓာတ်အားစွမ်းအင် မြှင့်ပေးရပါမည်။ ထိုသို့ ဆောင်ရွက်ရာ၌ ကျန်းမာသန်စွမ်းစွာ ဖူးပွင့်နေသော အပင်တစ်ပင်ပြထားပေးပါ။

နဂါးရုပ်ပုံချိတ်ဆွဲထားရှိပါ။

ကျောက်စိမ်းဖြင့် စီခြယ်အလှဆင်ထားသည့်အရာတစ်ခုထားရှိပေးပါ။

ကွန်ပါတ် (၅) ပိုင်ရှင်အတွက် အမျိုးသားဖြစ်ပါက အနောက်မြောက်အရပ်၊ အမျိုးသမီးဖြစ်ပါက အနောက်အရပ်အားကိုယ်စားပြုသည့် သတ္တုဓာတ်နှင့် မြေဓာတ်တို့၏စွမ်းအင်ကို မြှင့်တင်ပေးသင့်ပါသည်။ သက်ဆိုင်ရာအရပ်၌ သတ္တုချောင်း ခြောက်ချောင်း (သို့) ခုနစ်ချောင်းပါ (သံစဉ်ညီထားသည့်ဆည်းလည်း) ချိတ်ဆွဲထားပေးပါ။

အမျိုးသားအတွက် အနောက်မြောက်အရပ်၌ သလင်းဖြင့်ပြုလုပ်သော ဘောလုံးသဏ္ဌာန် လုံးဝန်းချောမွတ်နေသည့် သလင်းကျောက်လုံးခြောက်လုံးထားရှိ၍ အမျိုးသမီးအတွက် အနောက်အရပ်၌ ခုနစ်လုံးထားရှိပါ။

လမင်းပုံသဏ္ဌာန်အမှတ်သင်္ကေတတစ်ခုထားပေးပါ။

ကွန်ပါတ် (၆) ပိုင်ရှင်အနေဖြင့် အိမ်၏အနောက်တောင်အရပ်ကိုယ်စားပြုသော မြေဓာတ်၊ မီးဓာတ်တို့အား စွမ်းအင်မြှင့်တင်ပေးရပါမည်။ ထိုသို့မြှင့်တင်ရန် -

သဘာဝသလင်းကျောက်အရွယ်မျိုးစုံအား ပြထားပေးပါ။

သလင်းဖြင့်ပြုလုပ်သော မီးပန်းဆိုင်းငယ်တစ်ခု ချိတ်ဆွဲပေးပါ။

ဟင်းပဒါးရောင်ကဲ့သို့ အနီရောင်တောက်နေသည့် မီးအိမ်တစ်ခု ပြသထားပေးပါ။

ကွန်ပါတ် (၇) ပိုင်ရှင်အနေဖြင့် အိမ်၏အရှေ့မြောက်အရပ်ကို ကိုယ်စားပြုသော မြေဓာတ်နှင့် မီးဓာတ်အား စွမ်းအင်မြှင့်ပေးရန် လိုအပ်ပါသည်။ ကွန်ပါတ်(၇)အတွက် စွမ်းအင်မြှင့်တင်ပေးပုံက ကွန်ပါတ်ခြောက်နှင့် လုံးဝဆင်တူပါသည်။ (သီးခြားမဖော်ပြတော့ပါ။)

ကွန်ပါတ်(၈)ပိုင်ရှင်အတွက် အိမ်၏ အနောက်အရပ် ကိုယ်စားပြုသော သတ္တုနှင့် မြေဓာတ်ကို စွမ်းအင်မြှင့်ပေးသင့်ပါသည်။ ကွန်ပါတ် (၈) အတွက် စွမ်းအင်မြှင့်ပုံကလည်း ကွန်ပါတ်(၅)နှင့် အလားတူပါသည်။



ကွန်ပါတ် (၉) ပိုင်ရှင်အနေဖြင့် အိမ်၏ မြောက်အရပ် ကိုယ်စားပြုသော ရေဓာတ်နှင့် သတ္တုဓာတ်အား စွမ်းအင်မြှင့်ပေးရပါမည်။ ထိုသို့ပြုလုပ်ရန် ရေငုးလှုင်မြန်သည့် (ရွှေငါး) အပါအဝင် ငါးများပါရှိသည့် အလှမွေးငါးကန်အား တောက်ပသော မီးအလင်းရောင်ထွန်းထားပေးပါ။

အတိတ်နိမိတ်ကောင်းသောဒီဇိုင်းဖြစ်ရန် သတ္တုပန်းအိုးတစ်အိုးထားပေးပါ။ ရေပါသော၊ ရေနှင့်ဆိုင်သောပန်းချီကားချိတ်ဆွဲပေးပါ။

အချစ်ရေး (သို့) အိမ်ထောင်ရေးအတွက် ကောင်းသော ချီဓာတ်များ စီးဆင်းဝင်ရောက်လာစေခြင်း

အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းစေရန် အနောက်အရပ်၌ သလင်းကျောက်ဖြင့် စီမံထားသော မီးပန်းဆိုင်းထားရှိပေးခြင်းဖြင့် ကောင်းသောချီဓာတ်များကို ဖိတ်ခေါ်နိုင်ပါသည်။ ထိုသို့သော ဖုန်းရွှေအစီအရင်သည် မြေဓာတ်၏ ယန်စွမ်းအင်အား သက်ဝင်လှုပ်ရှားလာစေပြီး ကောင်းသော ချီဓာတ်များကိုဖြစ်စေပါသည်။ သင့်အနေဖြင့် မီးပန်းဆိုင်းအကြီးမထုတ်နိုင်ပါက မိမိတတ်နိုင်သလောက် အရွယ်စားငယ်သော မီးပန်းဆိုင်းကိုသုံးနိုင်ပါသည်။

Chapter Four

ထိမ်းမြားမင်္ဂလာပြုခြင်းနှင့် မွေးနေ့ပွဲများအတွက် အောင်နိမိတ်ဆောင်သော ရိုးရာဓလေ့ထုံးတမ်းများ

ဇာတာခွင်များ စစ်ဆေး၍ လက်ဆက်စေခြင်း

တရုတ်ရိုးရာ ပုံပြင်တစ်ခုအရ လမင်းထဲတွင်ရှိသည့် အဘိုးအို (သို့) အိုထောင်ရေးကိုအစောင့်အရှောက်ပြုသည့်

www.burmeseclassic.com

www.burmeseclassic.com





နတ်သခင်က ယောကျ်ားကလေးနှင့် မိန်းကလေးဟူသမျှအား ငယ်စဉ်ကပင် တစ်တွဲစီတွဲပေးပြီး ကျားနှင့်မ ခြေချောင်း (ခြေထိပ်) ၌ မမြင်ရသော အနီရောင် ပိုးကြိုးဖြင့် ချည်ထားပေးလေ့ရှိကြောင်း၊ ၎င်းတို့ကြိုးပြင်းလာပြီးနောက် (အဝေးရောက်နေသည့်တိုင်) ပြန်လည်ဆုံတွေ့စေပြီး ဘဝကြင်ဖော်အဖြစ် လက်ထပ်ပေါင်းသင်းဖြစ်ကြောင်း အိမ်ထောင်ရေးနတ်သခင်(အဘိုးအို)အနေဖြင့် ကျားနှင့်မတို့အား စတင်မွေးဖွားချိန်မှစ၍ သင့်တင့်လိုက်ဖက်ရာ စုံတွဲတစ်တွဲစီ ကြိုတင်တွဲပေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

သို့သော်လည်း လက်ထပ်မည့် စုံတွဲတိုင်းအနေဖြင့် အထက်ပါနည်းလမ်းအတိုင်း မလွဲမသွေဖြစ်လာသည်ချည်းမဟုတ်ပေ။ ဖုန်းရွှေရူထောင့်အရ လက်ဆက်ပေါင်းဖက်မည့် ချစ်သူနှစ်ဦးတို့အကြား မမြင်ရသော အခက်အခဲ

အတားအဆီးများလည်း ရှိနေပါမည်။ ထို့ကြောင့် ယောကျ်ား၊ မိန်းမတစ်ဦးချင်းစီ၏ ဇာတာခွင်အသီးသီးအား စစ်ဆေးပြီးမှသာ အကောင်း၊ အဆိုး ခွဲခြား၍ လိုက်ဖက်ရာစုံတွဲအဖြစ် တိကျသော အဖြေထုတ်နိုင်ပါမည်။

အိမ်ထောင်ရေးဆိုင်ရာ ကောင်းသော ချီဓာတ်နှင့်ဆိုင်သော အရည်အသွေး (၇)မျိုး

အိမ်ထောင်ရေး ချီဓာတ်နှင့်ဆိုင်သော အရည်အသွေးများတွင် မွေးဖွားဖြစ်တည်ခြင်းစက်ဝိုင်းနှင့် သေဆုံးပျက်စီးခြင်းစက်ဝိုင်းသဘောနှင့် ဓာတ်ကြီးငါးပါး တို့၏ တစ်ခုနှင့်တစ်ခု အကျိုးပြု (သို့) ပျက်စီးစေမှုသဘောတို့ကိုတွေ့မြင်နိုင်ပြီး ဆန့်ကျင်ဘက်လိင်တို့ တစ်သက်တာ လက်တွဲရန် အခြေအနေကောင်း၊ မကောင်း ကြိုတင် ချိန်ဆနိုင်ပါသည်။ အသေးစိတ်သိရှိနိုင်ရန်အတွက် -

ကံကြမ္မာဦးတည်ချက်တိုင်ကြီးလေးတိုင်

နာရီ၊ ရက်၊ လ၊ နှစ်အပြင် ဓာတ်ကြီးငါးပါး တစ်ခုချင်းစီအလိုက် ယင် (Yin) နှင့် ယန် (Yang) တို့မှ ကိုယ်စားပြုစိုးမိုးထားပုံနှင့် နာရီ၊ ရက်၊ လ၊ နှစ် အလိုက် မိုးကောင်းကင်ပင်စည်နှင့် မြေပြင်အကိုင်းအခက်တို့က ကိုယ်စားပြုထားပုံတို့ကို မသိမဖြစ် လေ့လာထားရပါမည်။

အထက်ပါဇယားမှ ကံကြမ္မာတိုင်ကြီးလေးတိုင် နာရီ၊ ရက်၊ လ၊ နှစ်နှင့် ဓာတ်ကြီးဓါးပါးတစ်ခုချင်းအလိုက် ယင်နှင့်ယန်က ကိုယ်စားပြုထားပုံအရည် အသွေးရှစ်မျိုးအား သိမြင်နိုင်ပါသည်။

မင်္ဂလာပွဲ၌ အပြန်အလှန်လက်ဆောင်ပေးခြင်း

တရုတ်လူမျိုးတို့၏ ထုံးစံအရ ဖုန်းရွှေနှင့်အညီ မင်္ဂလာပွဲ၌ သတို့သမီး၊ သတို့သားနှစ်ဦး အပြန်အလှန် လက်ဆောင်ပေးသည့်သဘော တစ်ဦးနှင့် တစ်ဦး သဟဇာတဖြစ်စေသည့်သဘော ဖြင့် ၎င်းတို့၏ ဇာတာခွင်အသီးသီး အပေါ် အခြေခံကိုယ်စားပြုသည့်အမှတ်သင်္ကေတများ ပြုလုပ်ပေးရသည်။ ထို့အတွက် မင်္ဂလာသတို့သား၊ သတို့သမီး၏ အိပ်ခန်း၊ ပရိဘောဂအဆုံး အဆောင်နှင့်အိပ်ရာတို့၌ ဘဲငန်း (သို့) မန်ဒရင်းဘဲမောင်နှံပုံများ ရေးဆွဲထုထွင်းပုံဖော်ပေးရသည်။

မင်္ဂလာဇနီးမောင်နှံတို့အနေဖြင့် သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းနိုင်ရန်နှင့် အိမ်ထောင်ရေးခရီးချောမွေ့ဖြောင့် ဖြူးစေရန်အတွက် ကွဖော်ပြုလာအတိုင်း အိမ်ရှစ်အိမ်အားစစ်ဆေး၍ မိမိတို့အတွက် ပေါင်းသင်းဆက်ဆံရေးပြေပြစ်မှုကိုယ်စားပြု နီယင်ယန် (Nien Yen) အရပ်အား ခေါင်းရင်းထား၍ အိပ်ရပါမည်။သို့မှသာ ထိုအရပ်မှ မိမိတို့အ

www.burmeseclassic.com

www.burmeseclassic.com

တွက် ကောင်းခြင်းမင်္ဂလာပြည့်စုံသော ခရီးဓာတ်များ ဝင်ရောက်လာနိုင်ပါမည်။ သို့သော် နီယင်ယန်အရပ်သည် ယောကျ်ားနှင့် မိန်းမကွဲပြားမှုရှိနေပါက အိမ်ထောင်စု အကြီးအကဲဖြစ်မည့် (ဖခင်လောင်း) လင်ယောကျ်ား၏ နီယင်ယန်အရပ်ကို သာရွေးချယ်သတ်မှတ်၍ ခေါင်းရင်းပေးအိပ်ပါ။

ဖုန်းရွှေနှင့်အညီ အပြန်အလှန်လက်ဆောင်ပေးခြင်း

မင်္ဂလာပွဲ၌ သတို့သား - သမီးတို့ အပြန်အလှန် လက်ဆောင်ပေးရာ၌ သတိပြုစရာ အနည်းငယ်ရှိပါသည်။ ဇာတာခွင်အရ သတို့သမီးသည် ရေဓာတ်လိုအပ်နေသူ (သို့) ရေဓာတ်အား နည်းသူဖြစ်ပြီး သတို့သားက မြေဓာတ်လွန်ကဲနေပါက သေဆုံးပျက်စီးခြင်း စက်ဝိုင်းသဘောအရ မြေက ရေကိုဖျက်ဆီးပစ်ပါမည်။ ထိုအခါ သတို့သမီးအတွက် သေဆုံးပျက်စီးခြင်းနိမိတ်ဆောင်သောကြောင့် သတို့သားပေးသောလက်ဆောင်က ရေဓာတ်ကိုယ်စားပြု လက်ဆောင်သာဖြစ်ရပါမည်။ ဥပမာအားဖြင့် ဇနီးဖြစ်သူအား အပြာရောင်ရှူးဖိနပ်တစ်ရံ၊ အနက်ရောင်ညနေခင်းဝတ်စုံ၊ အပြာရောင်မျက်တောင်ဆိုးဆေး၊ အပြာရောင်ရှိ နီလာနားဆွဲနားကပ်၊ ရွှေငါးတစ်စုံပါ အလှမွေးငါးကန်တစ်ကန် စသည်ဖြင့် တစ်ခုခုရွေးချယ်လက်ဆောင်ပေးနိုင်ပါသည်။

ကျန်ရှိနေသေးသော ဓာတ်ကြီးလေးပါးအတွက် ကိုယ်စားပြုလက်ဆောင်ပေးလိုပါက -

မီးဓာတ်ချို့တဲ့အားနည်းလျှင် - သန္တာကျောက်၊ ဂေါ်မုတ်နီ၊ ပတ္တမြား၊ ကော်နီလီယန်ကျောက်နီ စသည့်ရတနာတန်းဝင်ပစ္စည်းများ လက်ဆောင်ပေးပါ။ (သို့) မီးပန်းဆိုင်းနှင့် မီးသီးမီးလုံး လက်ဆောင်ပေးပါ။

မြေဓာတ်ချို့တဲ့အားနည်းလျှင် - ရတနာတန်းဝင်ကျောက်မျက် (သို့) မြေဓာတ်ကိုယ်စားပြု သလင်းကျောက်တစ်ခုခုလက်ဆောင်ပေးပါ။

သစ်သားဓာတ်အားနည်းလျှင် - လန်းဆန်း ရှင်သန်စွာပွင့်နေသော ပန်း (သို့) အပင်ငယ်တစ်ပင်လက်ဆောင်ပေးပါ။

သတ္တုဓာတ်အားနည်းလျှင် - ရွှေထည်လက်ဝတ်ရတနာများလက်ဆောင်ပေးပါ။

ဖုန်းရွှေပညာ ရှုထောင့်အရ အတိတ်ကောင်းနိမိတ်ကောင်းဆောင်မင်္ဂလာရှိသောကိန်းဂဏန်းက (၈)ဂဏန်းဖြစ်ပါသည်။ မင်္ဂလာသတို့သားဘက်မှ သတို့သမီးအတွက် အောက်ပါ မင်္ဂလာခန်းဝင်ပစ္စည်းရှစ်မျိုး ဝယ်ပေးရပါမည်။

(၁) သတို့သမီးဦးခေါင်းတွင် နိမိတ်ကောင်းအဖြစ်ဆင်မြန်းရန် ရွှေထည်ပစ္စည်း။

(၂) မင်္ဂလာဆိုးရွားများနှင့် မကောင်းသော ခရီးဓာတ်မှ ကာကွယ်ရန် ရွှေချထားသည့်ကြည့်မှန်။

(၃) ချို့မြဲနိုင်သော ဘဝခရီးလမ်းလျှောက်လှမ်းနိုင်ရန် ချောကလက်ဘူး တစ်ဘူး။

(၄) အိမ်ထောင်သုခ ပျော်ရွှင်မှုများ တည်တံ့ခိုင်မြဲစေရန် အနီရောင်ပိုးထည်။

(၅) ဇနီးဖြစ်သူ၏မိဘနှင့် ညီအစ်ကို မောင်နှမများအတွက်သုံးရန် သဘောငွေစအဖြေကြေးအနည်းငယ်။

(၆) ကလေးနှင့် ငါး တွဲလျက်ပုံ (သားရတနာအောင်မြင်စွာမွေးဖွားသန့်စင်နိုင်ရန်)

(၇) တစ်သက်တာပျော်ရွှင်မှုရစေရန် Peonies (ပန်းရောင်၊ အနီရောင် ပန်း)

(၈) တစ်သက်တာအတွင်း လင်ယောကျ်း၏ အပြုအစုနှင့် ခင်ပွန်း၏ အကာအကွယ်ရရှိစေရန်အတွက် စန္ဒကူးယပ်တောင်တစ်ချောင်း။

Qua (ကွ) သို့မဟုတ် သတို့သမီးမင်္ဂလာဝတ်စုံ

မင်္ဂလာသတို့သမီးအနေဖြင့် မင်္ဂလာဆောင်၌ ထုံးစံအရ အနီရောင် qua ဝတ်စုံကိုသာ ဝတ်ဆင်ရပါမည်။ သတို့သမီးဝတ်စုံများအား ပုတီးစေ့များ စိန်ခြယ်အလှဆင်ထားပြီး ငွေကြေးတတ်နိုင်သူများအနေဖြင့် အဖိုးတန် ကျောက်မျက်ရတနာများဖြင့် စိန်ခြယ်ထားတတ်ကြသည်။ ၎င်းပြင် ဝတ်စုံပေါ်တွင် နဂါးနှင့် ဖီးနိုတ်ခွေးပုံများ (အတိတ်ကောင်းနိမိတ်ကောင်းအဖြစ်) ရေးထိုးထားတတ်သည်။ Qua ခေါ် သတို့သမီးဝတ်စုံသည် ပထမဆုံး (ဇနီးဦး) (သို့) အပျိုစင်ဘဝမှ ဘဝသစ် (အိမ်ထောင်ရှင်) အမျိုးသမီး အဖြစ်စတင်တော့မည့်သဘောကို Qua (ကွ)က ကိုယ်စားပြုထားသည်။ မည်သို့ပင် ခေတ်မီသော အမျိုးသမီးဖြစ်စေ တရုတ်လောကီပညာ(ဖုန်းရွှေ)နှင့်အညီ မင်္ဂလာသတို့သမီးဝတ်စုံ Qua ဝတ်ဆင်၍သာ မင်္ဂလာဆောင်သင့်ပါသည်။

အကယ်၍ အမျိုးသမီးဖြစ်သူသည် အိမ်ထောင်ပြုရန် တိကျသောအစီအစဉ်ရှိနေသည့်တိုင် Qua မင်္ဂလာဝတ်စုံကို ကြိုတင်ဝယ်မထားသင့်ပါ။ ကြိုတင်ဝယ်ထားမိပါက (ဘိုးဘွားတို့၏ ဆိုနိုးစကားအရ) မင်္ဂလာကိစ္စပျက်ပြယ်ခြင်း သတို့သားဘက်မှ မင်္ဂလာဆောင် (လက်ထပ်)ရန် ငြင်းဆိုခြင်း စသည့် မကောင်းသော နိမိတ်အာရုံများ ဝင်ရောက်လာတတ်ပါသည်။

သတို့သမီးဖြစ်သူက Qua (မင်္ဂလာဝတ်စုံ) မဝတ်လိုလျှင် အနည်းဆုံး အနီရောင်တောက်တောက်ဝတ်စုံကိုဝတ်ဆင်ရပါမည်။ သို့သော် အနက်ရောင် လုံးဝ မဝတ်ရ။ အကြောင်းမှာ Yang (ယန်) ဓာတ်ဦးဆောင်လျက်ရှိနေရမည့် မင်္ဂလာပွဲ၌ Yin (ယင်) ဓာတ် လွှမ်းမိုးသော အနက်ရောင် ဝတ်ဆင်ခြင်းကြောင့် ဆွေမျိုးသားချင်းထဲမှ ဦးလေး၊ ဘကြီးဖြစ်သူ တစ်ယောက်ယောက် သို့မဟုတ် ဖခင်ကိုယ်တိုင်ပင် အသက်ဆုံးရှုံးသည်အထိ ခိုက်တတ်ပါသည်။ တရုတ်မင်္ဂလာဆောင်ထုံးစံအရ သတို့သား၊ သတို့သမီးတို့အပြင် အခမ်းအနားတက်ရောက်လာသူများသည်သည်များပါ အနက်ရောင်ဝတ်စုံဝတ်ဆင်ခြင်းမှ အထူးရှောင်ကြဉ်တတ်ကြသည်။

ကံကောင်းခြင်းအမှတ်သင်္ကေတများဖြင့် အလှတန်ဆာဆင်ထားသော အနီရောင်ကားကိုသုံးခြင်းဖြင့် ဇနီးမောင်နှံတို့အတွက် အတိတ်နိမိတ်ကောင်းစေပါသည်။

သတို့သမီးအားလာရောက်အပ်နှင်းပုံ

ရှေးယခင် (ထုံးစံများအရ) သတို့သားဘက်မှ တာဝန်ရှိသူများက သတို့သမီးအား အနီရောင်ဝတ်ရုံ ခြုံလွှမ်းခဲ့

The *Qua*, or ceremonial wedding dress, for the Bride

www.burmeseclassic.com

www.burmeseclassic.com

ဝေါဟာရဖြင့်သယ်ဆောင်ကာ မင်္ဂလာပွဲသို့ပို့ပေးရသည်။ အဆိုပါ ဝေါဟာရ၌ အတိတ်နိမိတ်ကောင်းစေမည့်သင်္ကေတဖြစ်သောမီးပုံးများ၊ ငြောက်အိုးများတွဲလျက်ပါရှိသည်။ သို့သော် ယနေ့ခေတ်၌ အနီရောင်ကားကို မင်္ဂလာမောင်နှံစီးရန် ကားအဖြစ် သတ်မှတ်ထားကြသည်။ မင်္ဂလာမောင်နှံစီးသော ကားတစ်စီးလုံးကိုလည်း အနီရောင်ဖဲကြိုးများထုံးလျက် အလှဆင်ထားလေ့ရှိသည်။ ယင်းမှာ ထာဝရ မခွဲမခွာချစ်ခင်ကြည်ဖြူနေမည့် သဘောကို ဖော်ပြပါသည်။

ရှေးခေတ် မင်္ဂလာဆောင်အခမ်းအနားများ၌ သတို့သမီးဘက်မှပတ်သက်သူဆွေမျိုးများစီတန်းလျက် သတို့သားနေအိမ်သို့ သတို့သမီးဝေါဟာရနှင့်အတူ လိုက်ပါပေးရသည်။ သတို့သမီးက ဝေါဟာရအတွင်းမှမဆင်းရသေးမီ သတို့သမီး၏ အစ်ကိုဖြစ်သူက လမ်းတစ်လျှောက် ဝေါဟာရဘေးမှလမ်းလျှောက်လိုက်ပေးရသည်။ သတို့သမီး၏မျက်နှာအား ခေါင်းဆောင်းဆောင်း၍ ဖုံးကွယ်ထားရသည်။ သတို့သမီးနှင့်စီတန်းလိုက်ပါလာသူဆွေမျိုးများက သတို့သားအိမ်သို့ရောက်သောအခါ ငြောက်အိုးများဖောက်၍ မင်္ဂလာနိမိတ်ယူကြရသည်။ သတို့သမီးဝေါဟာရပေါ်မှဆင်းသောအခါ သတို့သား၏ မိသားစုဝင်ထဲမှ အငယ်ဆုံးသားဖြစ်သူက ကြည့်မှန်တစ်ချပ်ကိုင်၍ သတို့သမီးအားကြည့်စေခြင်းဖြင့် ခရီးဦးကြိုပြုပေးရသည်။ သတို့သမီးအနေဖြင့် ၎င်းကြည့်မှန်အားကြည့်ပြီး အပျိုခေါင်းနှင့် နောက်တော်ပါအဖွဲ့က သတို့သမီးအား အခန်းတွင်းသို့ဦးဆောင်ခေါ်သွားပေးကြသည်။ သတို့သမီးက သတို့သားအိမ်သို့ ချောမောစွာရောက်ရှိပြီး သတို့သားအိမ်၏မိသားစုဝင်သမီးအသစ်တစ်ဦးအဖြစ် သတ်မှတ်လိုက်ကြသည်။ သတို့သားအိမ်မရောက်မီ လမ်းတစ်လျှောက်ဘေးမှ လမ်းလျှောက်လိုက်လာသူ သတို့သမီး၏ အစ်ကိုသည် သတို့သားဖြစ်သူနှင့် ၎င်း၏ မိသားစုဝင်တို့အား ရတနာပစ္စည်းလက်ဆောင်အဖြစ်ပေးနိုင်ရန် စောင့်ရှောက်လိုက်ပါပေးသည့်သဘောကိုပြပါသည်။

ထက်ဖက်ရည်သောက်ပွဲ အခမ်းအနားကျင်းပခြင်း

ဂျပန်-တရုတ် စသည့် အာရှနိုင်ငံများ၏ ယဉ်ကျေးမှုအရ လက်ထက်ရည်သောက်သုံးခြင်း (သို့) လက်ထက်ရည်ဖြင့် ဧည့်ခံခြင်းကို ယဉ်ကျေးမှုတစ်ရပ်

အဖြစ် ထုံးတမ်းကို မင်္ဂလာပွဲများ၌လည်း ကျယ်ပြန့်စွာတွေ့ရှိရသည်။ မင်္ဂလာဆောင်ပြီးကာလ အသစ်ဆက်ဆက်ဇနီးမောင်နှံတို့က နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက် ဒူးထောက်အရိုအသေပြု၍ လက်ဖက်ရည် တည်ခင်းပေးရသည်။ မိဘများအနေဖြင့် ၎င်းတို့၏ သားသမီး (သားသမက်၊ သမီးချွေးမ) တို့အဖြစ် အပြန်အလှန် ဆွေမျိုးတော်စပ်သွားပြီး နောက်ပိုင်း အနီရောင်အဝတ်စက္ကူဖြင့် ထုပ်ထားသောငွေအပြည့်ပါသည့်အထုပ်အား ဇနီးမောင်နှံတို့အတွက်ပေးအပ်ကြသည်။

သားရတနာများမွေးဖွားခြင်း

တရုတ်ထုံးစံအရ သားရတနာတစ်ဦးမက မွေးဖွားပိုင်ဆိုင်နိုင်ခြင်းက အဖိုးမဖြတ်နိုင်သော အတိတ်ကောင်းနိမိတ်ကောင်းကိုဆောင်ပါသည်။ သမီးမိန်းကလေးမွေးလာခြင်းက သားယောကျ်ားကလေးမွေးခြင်းထက် အရေးမပါရခြင်းမှာ မိန်းကလေးသဘာဝအရ အခိုင်တန် အိမ်ထောင်ကျပြီးနောက် မိခင်၊ ဖခင်နှင့် မောင်နှမများအား စွန့်ခွာ၍ ခင်ပွန်းဖြစ်သူဘက်သို့ လိုက်ပါသွားရသော ခလေ့ထုံးတမ်းကြောင့်ပင် ဖြစ်သည်။

မွေးနေ့ပွဲကျင်းပခြင်းဆိုင်ရာသတိပြုစရာများ

တရုတ်လူမျိုးတို့၏ ရှေးထုံးအရ ဘဝတစ်သက်တာ အခက်အခဲများအား ထင်ရှားပေါ်လွင်သိသာစေမည့် မွေးနေ့ဖြစ်သော (၃၉) နှစ်၊ (၄၉) နှစ်နှင့် (၅၉) နှစ်မြောက် မွေးနေ့ပွဲများကို မကျင်းပကောင်းပါ။ ကျင်းပလိုပါက အတိတ်နိမိတ်ကောင်းသော (၆၀) နှစ်၊ (၇၀)နှစ်နှင့် (၈၀) နှစ်မြောက်မွေးနေ့ပွဲများကိုသာ ကျင်းပကောင်းပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးအတွက် မင်္ဂလာရှိသောလက်ဆောင်မွန်

ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်သူက အိပ်မက်ထဲတွင် ဝက်ဝံအဖြူ၊ အညို၊ အမည်း စသည်ဖြင့် တစ်မျိုးမျိုးမြင်မက်ပါက ၎င်းမိခင်လောင်း (ကိုယ်ဝန်သည်)မှ သားရတနာမွေးဖွားလိမ့်မည်ဖြစ်ပြီး မြွေများမြင်မက်ခဲ့ပါက သမီးမိန်းကလေးမွေးဖွားနိုင်မည့်နိမိတ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ သားရတနာမွေးဖွားလိုသူတရုတ်အမျိုးသမီးအတွက် အကောင်းဆုံးသောလက်ဆောင်မွန်မှာ ကလေးငယ် (ယောကျ်ားကလေး) ပေါင်း (၁၀၀) ကပန်းခြံအတွင်း ပျော်ရွှင်မြူးထူးစွာဆော့ကစားနေပုံ ပန်းချီကားချိတ်ဆွဲရန် လက်ဆောင်အဖြစ်ပေးခြင်းပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးအနေဖြင့် ၎င်းပန်းချီကားကို အာရုံထင်အောင်စူးစိုက်ကြည့်၍ သားရတနာထွန်းကားရန် လိုသလိုဆုတောင်းပေးပါ။ ၎င်းပြင် အဘိုးအိုနှင့် ကလေးငယ်တစ်ဦးတွဲလျက်ရှိသည့် ပန်းချီကားထားရှိခြင်းဖြင့်လည်း သားလိမ္မာမွေးဖွားနိုင်မည့်နိမိတ်ကို ရရှိပါသည်။ သားရတနာမွေးဖွားရန် အခွင့်အလမ်းများစွာပေးသည့် အခြားပန်းချီကားများမှာ နဖူးတွင် ချိုတစ်ချောင်းပါသည့် ဒဂ္ဂာရီလာ မြင်းပေါ် ယောကျ်ားကလေး (ကလေးငယ်) က တက်စီးနေပုံ၊ ကြာပန်းကိုင်ဆောင်ထားသည့်ယောကျ်ားကလေးပုံ၊ ယောကျ်ားကလေး (၁၂) ဦးနှင့် မက်မွန်သီးများပုံတို့ပင် ဖြစ်သည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး ပြကျောက် ၄

❑ကျောက်ဆင်တောင်

မိုးကုတ်မြို့၏ ပတ်ပတ်လည်တွင် တောင်တန်းကြီးတွေဝန်းရံပတ်ထားတော ၏။ ထိုအခါ မိုးကုတ်မြို့လေးသည် ဒယ်အိုးသဏ္ဌာန်ခွက်ကလေးထဲ၌တည် ထားသကဲ့သို့ရှိသည်။

ထိုသို့ ဝန်းရံထားသော တောင် တန်းတို့တွင် မိုးကုတ်မြို့၏ အနောက် ဘက်မှ ကျောက်ဆင်တောင်တန်းလည်း အပါအဝင်ဖြစ်သည်။ မိုးကုတ်၏အမြင့် ဆုံးဖြစ်သော မီးတောင်ဟောင်းတစ် ဖြစ်ခဲ့သည့် တောင်မင်းတောင်နှင့် ကျောက်ဆင်တောင်တို့အား လှိုဏ်တစ် က ခြားနားပေးထား၏။ ထိုလှိုဏ်သည် တောင်မင်းတောင်းကြီး၏ အနောက် ဘက် ဆင်ခြေလျှော ပြောင်ခေါင်းဒေ သို့သွားရာ ဝင်ပေါက်၊ ထွက်ပေါက် ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

မြင့်မားသော ကုန်းထိပ်ဒေသရှိ ပြောင်ခေါင်းဒေသသို့သွားပါလျှင် ထိုလျှို အတက်ကြီး၏ တောင်ဘက်၌ စကျင် ကျောက်သားတို့အတိပြီးသော ကျောက် ဆင်တောင်ဟူခေါ်ဝေါ်ကြသည့် တောင် မည်းမည်းကြီးသည် မြင့်မြင့်ထောင် ထောင်တည်ရှိနေလေ၏။ ထိုတောင် ကြီး၌လည်းကောင်း၊ တောင်၏အခြေ ဆင်ခြေလျှောတို့၌ လည်းကောင်း သစ်တောများ၊ စိမ့်စမ်းချောင်းများ သဘာဝအလျောက် ဖြစ်ပေါ်၍နေ၏။

ကျောက်ဆင်တောင်ဟု ခေါ်ကြ သည့် ထိုတောင်မည်းမည်းကြီးအား ရှုထောင့်တစ်ထောင့်မှကြည့်ပါက ဆင် ကြီးဝပ်နေသည်နှင့်တူသဖြောင့်ရှိသဖြင့် ကျောက်ဆင်တောင်ဟု ရှေးကတည်းက ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုကျောက်ဆင်တောင်တန်းသည် မိုးကုတ်ဒေသနှင့် ပြောင်ခေါင်းဒေသ အား စည်းခြားထားသကဲ့သို့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် မိုးကုတ်သည် ချိုင့်ဝှမ်းထဲ၌တည်ရှိလျက် ပြောင်ခေါင်း ဒေသကား တောင်ထိပ်ပြန့်လွင်ပြင်၌ တည်ရှိခြင်းဖြစ်ပြီး ပြောင်ခေါင်သည် ဆောင်းရာသီ၌ စိမ့်စမ်းချောင်းမြောင်း များပင်လျှင် ရေခဲအသွင်ပြောင်းအောင် အေးသောဒေသ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမျှအေးသော ပြောင်ခေါင်း ဒေသတစ်ခွင်တွင် အစဉ်အလာ စိုက်ပျိုးရေးဖြင့် အသက်မွေးမြူနေထိုင်ခဲ့ကြသည်မှာ လီဆူတိုင်းရင်းသားများဖြစ်ကြလေ၏။ သူတို့သည် မုန်ညင်း၊ ဂျူး၊ အာလူး၊ ကြက်သွန်ဖြူ၊ ပဲလိပ်ပြာ၊ တရုတ်ပဲ စသည် စိုက်ပျိုးရောင်းချကြသည်။ ထွက်ကုန်တို့ကို မြင်း၊ လားတို့ဖြင့် သယ်ပို့၏။

ထို့ပြင် မြင်း၊ ကြက်၊ ဝက် မွေးမြူခြင်းလည်းပြုလုပ်၍ ထိုမြင်း၊ ဝက်၊ ကြက်တို့အတွက် ပြောင်းဖတ်များရစေရန် ပြောင်းအရက်လည်းချက်၍ရောင်းကြ၏။ ထိုအရက်အား လီရှောအရက်ဟုခေါ်ဆိုကာ မိုးကုတ်၌ နာမည်ကြီး၏။

ထိုကျောက်ဆင်တောင်တန်းကြီး၏ မြောက်ဖျားအရှေ့ဘက် ဆင်ခြေလျှောဌ ကျောက်နဂါးဟူသောရွာရှိ၏။ ထိုရွာ၏တောင်ဘက်ဌမူ ဘော်ဗဒန်း၊ သဖန်းပင်၊ ကျောက်ပုတ်၊ မြေမြဴ စသောရွာတန်းရှည်ကြီးသည် ကျပ်ပြင်သို့တိုင်၏။

ထိုအရှေ့ဘက် ဆင်ခြေလျှောရှိရွာတို့မှာ ကျောက်တုံးခြင်းအလုပ်ဖြင့် အသက်မွေးမြူကြကုန်၏။ သဘာဝရေထွက်များ၊ ကျောက်ဆင်တောင်ကြီးမှ ထွက်သဖြင့် ထိုရေကို အမှီပြုကာ မျှောတွင်းများ၊ ဖောက်တွင်းများ လုပ်ကြ၏။ မြေအောက်ကမ္ဘာ လူးတွင်းများလည်း လုပ်ကိုင်ကြသည်။

❑ ကျောက်ဆင်ရွာ

ထိုကျောက်ဆင်တောင်တန်းကြီးမှ တောင်လက်မောင်းတစ်ခုသည် အနောက်သို့ ဆန့်ထွက်လျက်ရှိသည်။ ထိုတောင်လက်မောင်းပေါ်တွင် ကျောက်ဆင်တောင်ကြီးအား အစွဲပြုလျက် ကျောက်ဆင်ရွာ ဟူသော လီရှောရွာကလေးတည်ရှိသည်။

ထိုကျောက်ဆင်ရွာသို့ ပြောင်ခေါင်းဒေသ၏ အစအဆုံးတည်ရှိသော အင်းချောက်ရွာမှ လည်းကောင်း၊ ကျပ်ပြင်ဒေသမှ လည်းကောင်း ခြေသွားလမ်းပေါက်သည်။ ထိုရွာသည် အင်းချောက်ရွာ၏ တောင်ဘက်၊ တောင်တန်း၏ ထိပ်ပေါ်တွင် တည်ရှိသည်။ ကျပ်ပြင်ကသည်းရပ်၏ မြောက်တွင်တည်ရှိပြီး ခရီးမှာအတန်ပင်လှမ်းပါသည်။

ကာလမှာ မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီးစကာလဖြစ်ရာ လမ်းပန်းများ ဖွံ့ဖြိုးမှုမရှိသေးသလို တိုးတက်မှုလည်း အားနည်းနေသေးချိန် ဖြစ်၏။

လီဆူတိုင်းရင်းသားတို့၏ ရိုးရာကိုးကွယ်မှုမှာ နတ်ကိုးကွယ်မှုဖြစ်သည်။ မြန်မာများ သူကွန်ဖြစ်၍ တိုင်းတစ်ပါးသားအုပ်ချုပ်မှုလက်အောက်ရောက်သော အခါတွင်မူ ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးတို့သည် တောင်တန်းနေလူမျိုးစုတို့အား ခရစ်ယာန်ဘာသာသို့ အချို့အဝက်သွတ်သွင်းနိုင်ခဲ့ကြ၏။

မိမိတို့၏ အရိုးစွဲမိရိုးဖလာနတ်ကိုးကွယ်မှုတို့ကို ခုံမင်စွာ ဖက်တွယ်သူတို့က ဖက်တွယ်ထားရာ လီဆူအချို့ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းကုန်သော်လည်း အချို့မှာ နတ်ကိုးတို့အဖြစ် ကျန်ရစ်ကြသည်။

ထို့ကြောင့် လီဆူတို့သည် လီဆူရွာတိုင်း၌ လူမျိုးနှင့်စကားတူကြသော်လည်း ကိုးကွယ်မှုတွင် ခရစ်ယာန်နှင့် နတ်စား ဟူ၍ နှစ်မျိုးနှစ်စားကွဲထွက်လျက်ရှိသည်။ ခရစ်ယာန်များက နတ်ကိုးကွယ်သူတို့အား နတ်စားများ ဟူ၍ ခေါ်တွင်လေ၏။ ခရစ်ယာန်တို့တွင် တရားဟောဆရာဘုန်းတော်ကြီးရှိသကဲ့သို့ နတ်စားတို့တွင်လည်း လူမှုကိစ္စအဝဝတို့ကို စီစဉ်ညွှန်ကြားပေးသောနတ်ဆရာဟူ၍ ရှိလေ၏။

တောင်လက်မောင်းသည် အရှေ့မှ အနောက်သို့ လျှောကျသည်ဖြစ်ရာ ရွာလေးသည် အရှေ့မှသည် အနောက်သို့ နိမ့်လျှောနေ၏။ အိမ်ခြေမှာ ထိုစဉ်က (၃၀) မျှသာရှိပြီး လီဆူများသာ နေထိုင်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအပြင် ကျောက်တွင်းလုပ်ငန်းကိုပါ အားလပ်ချိန်၌ လုပ်ကိုင်ကြရာ အကျိုးပေးသူတို့သည် ပျဉ်ထောင်အိမ်ကြီးများဆောက်၍ နေနိုင်ကြ၏။ အကျိုးပေးနည်းသူတို့မှာမူ မြေကပ်နံရံတွင် သက်ငယ်အထူကြီးများမိုးကာ မိုးဒဏ်၊ လေဒဏ်၊ အအေးဒဏ်တို့ကိုခံနိုင်စေရန် စီမံ၍ နေထိုင်ကြလေ၏။

❑ ဝက်တာဝန်

အရက်ချက်ပြီးလျှင် စွန့်ပစ်ပစ္စည်းအဖြစ် ပြောင်းဖတ်များထွက်လာ၏။ ထိုပြောင်းဖတ်တို့သည် အိမ်မွေးတိရစ္ဆာန်တို့၏ အဓိကအစားအစာဖြစ်သည်။ သို့သော် နံပါတ် (၁) ဦးစားပေးရသည်မှာ မြင်းနှင့် လားတို့ဖြစ်သည်။ ဝက်တို့ကိုမူ ပြောင်းဖတ် အနည်းငယ်ထည့်ကာ ဂျက်ပျောအူကိုပြုတ်၍ ဖွဲနှင့်နယ်ကာ ကျွေးကြရ၏။ သို့ကြောင့် ဝက်စာအတွက် တောထဲမှတောထဲမှတောင့်ကပျောပင်တို့ကိုသွား၍ ခုတ်ကြရသည်။

ပြောင်ခေါင်းဒေသနှင့် ကျောက်ဆင်တွင် ဂျက်ပျောအယဉ်စိုက်လေ့မရှိရာ ဝက်စာဂျက်ပျောတုံးကို တောထဲမှသွား၍ထမ်းယူကြရပါသည်။ ဝက်မွေးမြူသူတိုင်း မဖြစ်မနေ တောဂျက်ပျောပင် သွားထမ်းကြရသည်မှာ ဓမ္မတာဖြစ်သည်။

ဝက်ဟူသည်မှာ လီဆူတို့အတွက် မရှိမဖြစ်သော်အရာ ဖြစ်သည်။ ခရစ်ယာန်ဖြစ်စေ၊ နတ်စားဖြစ်စေ အိမ်တိုင်းတို့၌ ကြက်၊ ဝက်၊ မြင်း၊ လား မမွေးရ မဖြစ်ကြပေ။ မြင်းမမွေးနိုင်ခဲ့သော်မှ ကြက်နှင့်ဝက်ကိုတော့ မွေးကြရသည်။

အဘယ်ကြောင့်ဆိုသော် ရပ်ခလေ့ရွာလေ့၌ နှစ်သစ်ကူးပွဲတော်တို့တွင်လည်းကောင်း၊ မင်္ဂလာကိစ္စတို့၌လည်းကောင်း၊ အသုဘကိစ္စတို့၌လည်းကောင်း၊ နတ်တင်ရာတို့၌လည်းကောင်း၊ လိပ်ပြာခေါ်ပွဲတို့၌လည်းကောင်း၊ မွေးနေ့ပွဲတို့၌လည်းကောင်း စသည်ဖြင့် လူမှုကိစ္စအဝဝရှိခဲ့သော် အိမ်တွင်ရှိသောဝက်ပေါ်၍ ကျွေးမွေးကြသည်မှာ ထုံးစံဖြစ်သည်။

သူတို့သည် ဈေးထဲမှ ဝက်သားကို ဝယ်စားလေ့မရှိကြပေ။ တစ်အိမ်တစ်လှည့်ဆိုသလို ဝက်များများရှိသူတို့မှ ဝက်ပေါ်ကာ ရွာထဲသို့ရောင်းချပေးခြင်းပြုကြ၏။ မိုးကုတ်ဈေးမှ ဝယ်စားကြသည်မှာ ငါးခြောက်နှင့် ငါးပိကောင်တို့သာဖြစ်သည်။ သူတို့အားလုံး ငါးပိလုံးဝစားလေ့မရှိကြပေ။ နေထိုင်မှုလေ့သည် တရုတ်နှင့် ဆင်ဆင်တူ၏။ စားသောက်ပုံလည်း ဆင်၏။ တရုတ်ဟူသည် တောတရုတ်တို့ကို ဆိုလိုပါသည်။

ဝက်စာမှာ အခြား ပိန်းပင်၊ ဝက်ကျွတ်ပင်တို့ကိုကျွေး၍ရပါသော်လည်း ထိုအပင်တို့မှာ များများသယ်ရန်ခက်ပါသည်။ တောဂျက်ပျောမှာမူ အပင်ကြီးတစ်ပင်ကို ရအောင်ထမ်းလာနိုင်ပါက နှစ်ရက်၊သုံးရက်မျှကျွေးရ၏။ ဂျက်ပျောတုံးကို နူးလွယ်အောင် ပါးပါးရစ်ရစ်လိုး၍ ကျွေးရပါသည်။

ထိုမလွဲမသွေလုပ်ကြရသော ဝက်မွေးခြင်းအလုပ်ကို တာဝန်ယူရသည်မှာ အိမ်ရှိအမျိုးသမီးများသာ ဖြစ်ပါသည်။ ဝက်စာရှာခြင်း၊ ဝက်ကျွေးမွေးခြင်းတို့သည် ဓလေ့အားဖြင့် အမျိုးသမီးတို့၏ အလုပ်၊ အမျိုးသမီးတို့၏ တာဝန်သာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

❑ ကွမ်းကြိုက်ကြသူများ

ကွမ်းစားသောဓလေ့သည်အိန္ဒိယမှ မြန်မာသို့ ကူးစက်လာဟန်ရှိသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအများစုသည်လည်း ကွမ်းစားသောဓလေ့ရှိကြလေ၏။ ထိုကွမ်းစားခြင်းဟူသည်မှာ ကွမ်း၌ထည့်၍စားရသော ဆေးရွက်ကြီးသည် အဓိကကျလေ၏။ ဆေးရွက်ကြီး၏မူးယစ်တွေဝေမှုကို ခံစားကြခြင်းသာဖြစ်သည်။ အချို့မှာ ကွမ်းစား၍မမူးယစ်ဘဲ ဆေးရွက်ကြီးသက်သက်ကိုငုံ၍ မြုံ့ကာ မူးယစ်ခြင်းအရသာကို ခံစားလေ့ရှိသည်။ ထိုသူတို့ကို ဆေးငုံသူများဟု ခေါ်ကြလေ၏။

လီဆူများလည်း ကွမ်းစားသောဓလေ့ရှိကြပါသည်။ သို့သော် အခြားသောကွမ်းစားသူတို့နှင့်မတူဘဲ တစ်မူထူးခြားသူများဖြစ်ကြလေ၏။သူတို့သည် မိုးကုတ် ကွမ်းပစ္စည်းဆိုင်မှ ထုံးနှင့် ဆေးရွက်ကြီးကိုသာ ဝယ်လေ့ရှိကြ၏။ ပြီးလျှင် ပရဆေးဆိုင်မှ ပိတ်ချင်းသီးဝယ်ကြသည်။ ဤသည်ပင်လျှင် ကွမ်းဝယ်ခြင်းကိစ္စပြီး၏။

ပိတ်ချင်းသီးကို လီဆူတို့က တွယ်တောင့်ဟုခေါ်၏။ ထိုတွယ်တောင့်ကို ကွမ်းနေရာတွင် သုံး၏။ ကွမ်းသီးနေရာတွင် မျောက်လှုပ်ပင်မှ မျောက်လှုပ်ခေါက်ကိုခွာ၍သုံး၏။ မျောက်လှုပ်ခေါက်မှာ ကွမ်းသီးကဲ့သို့ အလွန်ဖန်၏။ တောထဲတွင် မျောက်လှုပ်ပင်အလွန်ပေါ၏။ သို့ကြောင့် ကွမ်းသီးအတွက် ပူစရာမလိုပေ။

ထိုပိတ်ချင်းသီးခြောက်၊ မျောက်လှုပ်ခေါက်အခြောက်၊ ထုံး၊ ဆေးရွက်ကြီးတို့ကို ဒန်ဘူး (သို့) သံဘူးကလေးထဲတွင်ထည့်ကာ ပေါ့ပါးစွာ သယ်ယူသွားနိုင်ကြ၏။ ကွမ်းစားလိုသော် တွယ်တောင့်အနည်းငယ်ကို ပါးစပ်ဖြင့်ကိုက်လိုက်၏။ ပြီးလျှင် ထုံးအနည်းငယ်ကော်၍ ပါးစပ်ထဲထည့်လိုက်၏။ ပြီး မျောက်လှုပ်ခေါက်အသင့်အတင့်နှင့် ဆေးရွက်ကြီးကို ပါးစပ်ထဲထည့်ကာ တစိမ့်စိမ့်ဝါးနေပါက ကွမ်းကဲ့သို့ပင် နီရဲသော ကွမ်းတံတွေးတို့ထွက်လာတော့၏။ အရသာမှာ ကွမ်းနှင့်မခြားပေ။

ဤသည်မှာ တောနေ လီဆူတို့ ကွမ်းစားသောဓလေ့ ဖြစ်ပေ၏။ ကွမ်းစရိတ်များများ ကုန်ကျစရာမလိုဘဲ အနည်းငယ်မျှသော ငွေကြေးဖြင့် ကွမ်းစားနိုင်ကြပေ၏။ ပိတ်ချင်းသီးခြောက်မှာလည်း ကွမ်းကဲ့သို့ ပုပ်မှာရိမ့်မှာမစိုးရသလို ပိတ်ချင်းသီးတစ်ထောင့်ဆိုပါက အနည်းဆုံး ကွမ်း (၃) ကြိမ်စားနိုင်ရာ ပိတ်ချင်းသီးတစ်ခါဝယ်ပါက အကြာကြီးစား၍ရ၏။ သို့တွက် ထားသိရာဝန်ကျင်းသလို စရိတ်လည်းကျင်းသဖြင့် တွက်ခြေကိုက်လှပေ၏။ သူလူမျိုးနှင့်ဓလေ့ ကွမ်းအတွက် အဆင်ပြေလှပါသည်။

❑ ဝက်စာရာရန်

ဝက်ဟူသည်မှာ လီဆူတို့၏ငွေကြေးလည်းဟုတ်၏၊ ဂုဏ်သရေလည်းဟုတ်၏။ ဝက်များများရှိသူသည် ငွေများများရှိသကဲ့သို့ဖြစ်ချေ၏။ သို့သော် ဝက်များများမွေးနိုင်ရန် လွယ်ကူသည်မဟုတ်ပေ။ ဝက်စာဟူသည် ငှက်ပျောတုံး၊ ပိန်းရွက် စသော တောထွက်ပစ္စည်းများရှာနိုင်ရုံဖြင့် မပြီးပါ။ အရောအနှောဖြစ်သည့် ဖွဲ၊ ပြောင်း၊ နှမ်းဖတ်များကို ငွေနှင့်ရင်းနှီးကာ ဝယ်ရပါသေးသည်။

သို့တွက် သာမန်လက်လုပ်လက်စားဖြစ်သော ဘွားဆာတို့အိမ်တွင် ဝက် (၂) ကောင်သာရှိသည်။ ထိုဝက် (၂) ကောင်အတွက် အသက် (၅၀) ကျော်ပြီဖြစ်သော ဘွားဆာကတာဝန်ယူရသည်။ သားဖြစ်သူ မုအွမ်သည် ထုံးစံအတိုင်း သူ့အဖော်များနှင့် နတ်ဖိတ်ဘက်ရှိ တွင်းတောသို့ မျှောတိုက်ရန်သွားခဲ့ပြီဖြစ်သည်။ သူ့ချွေးမဖြစ်သူ သွားသားမီးမှာ ကလေးတစ်အုံတစ်မကို ထိန်းသိမ်းစောင့်ရှောက်ကာ အိမ်အလုပ်တို့ဖြင့် အချိန်ကုန်ရ၏။ ဝက်စာအတွက် လိုအပ်သော ငှက်ပျောတုံးကိုမူ ဘွားဆာကတောထဲမှ အမြဲယူပေးရ၏။ ငှက်ပျောတစ်တုံးထမ်းခဲ့ပါက ဝက်စာ(၂)ရက်စာရ၏။

လီဆူအမျိုးသား၊ အမျိုးသမီးတို့သည် ရိုးရာလီဆူအဝတ်တို့ကိုသာ အမြဲဝတ်ဆင်လေ့ရှိရာ အပြာရောင်ဘောင်းဘီ၊ အင်္ကျီများဝတ်သဖြင့် တစ်ရွာလုံး အပြာရောင်သာ လွှမ်းမိုးနေလေ့ရှိ၏။

သို့သော် လီဆူမတို့သည် ခေါင်းပေါင်းနှင့် ခါးစည်းကြိုးကိုမူ အနက်ရောင်သုံးလေ့ရှိကြသည်။ ခေါင်းပေါင်းပိတ်မှာ (၁၀) တောင်ရှိသကဲ့သို့ ခါးစည်းကြိုးမှာလည်း (၁၀) တောင်ရှည်သည်။ ကြိုး၏ အဆုံးအနားသတ်တွင် ပန်းပွားများလုပ်၍ ရှည်လျားစွာ ခါးအလယ်တည့်တည့်တွင်ချထားလေ့ရှိရာ ကြည့်၍ အလွန်ကောင်းလေ၏။ သို့သော် ထိုပန်းပွားများပါသော ခါးစည်းကြိုးကို အိမ်တွင်နေစဉ် လည်းကောင်း၊ ပွဲလမ်းသဘင်ရှိမှလည်းကောင်း ဝတ်ဆင်ချည်နှောင်ကြပါသည်။ အမှန်သော် ခါးစည်းကြိုးသည် ရှမ်းဘောင်းဘီကဲ့သို့သော ဘောင်းဘီမြဲမြံစေရန် ချည်နှောင်သောကြိုးသာဖြစ်ချေသည်။ အောက်တွင် ဘောင်းဘီအပြာ၊ အထက်တွင်သင်တိုင်းအင်္ကျီရှည်အပြာကို ဝတ်ဆင်လျက် အင်္ကျီရော ဘောင်းဘီပါတွဲ၍ ခါးစည်းလိုက်ခြင်းဖြစ်၏။ အင်္ကျီစမှာ ခြေသလုံးအထိရှည်သောအင်္ကျီဖြစ်ရာ အေးသောဒေသနှင့် လိုက်လျောညီထွေလှပေ၏။ အဝတ်တို့ကို တက်ထရက် အထူစများဖြင့်ချုပ်ရာ နှစ်ရှည်လများအဝတ်ခံသော အဝတ်တို့ ဖြစ်သည်။

ဘွားဆာသည် ကွမ်းစားသူဖြစ်ရာ တောထဲဝင်မည်ဖြစ်၍ ကွမ်းဘူးကိုဖွင့်၍ စစ်ဆေးကြည့်ရှုသည်။ ထိုဒန်ဘူးကလေးသည် အောက်မြန်မာပြည်၌ ဘုန်းတော်ကြီးများ ဆွမ်းခံရာတွင်သုံးသော ဆွမ်းဟင်းထည့်သည့် ဒန်ဘူးကလေးများဖြစ်သည်။ ထိုဒန်အစ်ကလေးများသည် သူတို့လီဆူများအတွက် အဆောင်ကွမ်းဘူးအဖြစ် အသုံးလွန်စွာဝင်၏။ ကွမ်းဘူးထဲတွင် အထိုက်အလျောက် ရှိသည်ဖြစ်ရာ ကွမ်းဘူးကို ထုံးစံအတိုင်း ခေါင်းပေါင်းစကိုဖြေလျက် အဖျားတွင်ချည်ကာ ခေါင်းပေါ်ပြန်တင်လိုက်၏။ ပြီးသည်နှင့် ဓားချွန်းကိုယူကာ ရွာ၏အထက်ဘက် တောင်ကြောပေါ် သို့ တက်ခဲ့လေ၏။ တောမှာကြာလေနက်လေနက်လာ၏။

တောငှက်ပျောတောများ

ကြီးမားစွာ တည်ရှိနေသော ကျောက်ဆင်တောင်ကြီး၏ အနောက်ဘက်တွင် လျှိုမြောင်စိမ့်စိမ်းတို့အသွယ်သွယ် စီးဆင်းနေပါသည်။ လျှိုများ၊ တောင်စောင်းများတွင် တောငှက်ပျောတောများ သန်စွမ်းစွာ ပေါက်ရောက်လျက်ရှိသည်။ ရှေးအခါက ထိုတောငှက်ပျောတော့များတွင် ဝက်ဝံကြီးများ၊ တောဝက်များ ကျက်စားလေ့ရှိသဖြင့် သတိကြီးစွာထားရသော်လည်း တောလိုက်မုဆိုးတို့မှ နိုင်လာသောအခါ ဝံကြီးများနှင့် တောဝက်တို့ကို မြင်ခွင့်၍သော်မှ မြင်ခွင့်ရရန် မလွယ်ကူတော့ပေ။ သို့ကြောင့် အမျိုးသမီးများ အေးချမ်းစွာ ဝက်စာရှာနိုင်ခြင်း ဖြစ်သည်။

တောငှက်ပျောပင်ကိုယူရာတွင် အားလုံးက စည်းစနစ်ရှိကြသည်။ ငှက်

www.burmeseclassic.com

www.burmeseclassic.com

ပျောပင်ကို အခြေမှကပ်၍ မခုတ်ဘဲ အောက်ပိုင်းတစ်ထွာခန့်ချန်ကာခုတ်ကြ၏။ ငှက်ပျောပင်သည် ခုတ်ပြီးမကြာမီမှာပင် အရွက်ပြန်ထွက်ကာ အပင်သစ်ကို ပြန်လည် တည်ဆောက်၏။ လအနည်းငယ်အတွင်းတွင် ငှက်ပျောပင်တစ်ပင်အဖြစ် ပြန်လည်ရပ်တည်၏။ ငှက်ပျောပင်သည် ငှက်ပျောသီးမသီးသေးသမျှ ရပ်တည်နိုင်သော်လည်း ငှက်ပျောသီးပြီးသည်နှင့် ငှက်ပျောတစ်ပင်၏ သက်တမ်းကုန်ရလေ၏။

သို့ကြောင့် လီဆူတို့၏ ဝက်မွေးမြူရေးအတွက် တောငှက်ပျောတောကြီးများသည် အထူးအားထားရာဖြစ်ခဲ့ပါသည်။ ဘွားဆာသည် သူယူနေကျ ငှံက်ပျောတောထဲသို့ဝင်ခဲ့ကာ အလောတော်ငှက်ပျောပင်တစ်ခုတ်ကို ခုတ်ယူလျက် ငှက်ပျောတောထဲမှ ထွက်ခဲ့ပြီး ကုန်းထိပ်သို့ပြန်တက်ပြေး၏။

လျှိုမြောင်တစ်ခုပြီးတစ်ခုကိုဖြတ်တက်ရရာ လူအတော်ပင်ပန်းသွားသဖြင့် ခေတ္တအနားယူရန် သင့်တင့်သောနေရာတစ်ခုကို မျက်စိရှာနေမိ၏။ သဘာဝအားဖြင့် ဖြစ်ပေါ်နေသော ကျောက်ဆောင်ကျောက်တုံးကြီးများကလည်း နေရာတိုင်း၌ ပြန့်ကျဲလျက်ရှိရာ ခန်းဝက်မျှရှိသော လိပ်ကျောခုံးသဏ္ဌာန် ကျောက်တုံးကြီးကို မြင်မိလေ၏။

❑ လုံးထမျော်လင့်သော

ငှက်ပျောပင်တူသည် ကျစ်လျစ်သိပ်သည်းမှုကို ရေတို့ဖြင့်ဖွဲ့စည်းထားသဖြင့် အခြားသော သစ်ပင်၊ ဝါးပင်တို့ထက် လေးသည်။ အပင်တကာ့အပင်တို့တွင် ရေပမာဏအများဆုံးဖြစ်ရာ ထမ်းရာတွင် လေးလံလှပေ၏။

ဘွားဆာသည် ငှက်ပျောတုံးကို ထမ်းကာ တက်လိုက်ဆင်းလိုက်တောလမ်းရှာလျက်သွားနေရရာ မော့ဟိုက်လာ၏။ ထို့ကြောင့် လိပ်ကျောခုံးသဏ္ဌာန် ကျောက်တုံးကြီးအနီးရှိ ကျောက်တုံးတွင် ငှက်ပျောတုံးကိုထောင်ကာ မှီထားလိုက်ပြီး ခန်းဝက်မျှရှိသော ကျောက်တုံးကြီးပေါ် တက်ကာ အနားယူလိုက်၏။

ကျောက်တုံးကြီးပေါ်မှ ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။ တိတ်ဆိတ်နေသော တောအတိုက်သာ မြင်ရပါသည်။ ပါးစပ်ထဲတွင် ကွမ်းကုန်နေသောကြောင့် ကွမ်းစားရန် ခေါင်းပေါ်တွင် တင်ထားသော ကွမ်းဘူးကိုထုတ်ကာ ဘေးတွင်ချထားလိုက်ပြီး ဦးစွာခေါင်းပေါင်းစဖြင့် ချွေးကိုသုတ်လိုက်၏။ ပြီးမှ ကွမ်းဘူးဖွင့်ကာ ကွမ်းစားခြင်းအမှုကို ပြုသည်။

ဘွားဆာမျက်စိရောက်သွားသည်မှာ မိမိဘေးနားမှ တစ်ထွာခန့်ရှိကျောက်ပြားလေးဖြစ်သည်။ ထိုကျောက်ပြားလေးသည် ဤလိပ်ခုံးကျောက်တုံးကြီးပေါ်တွင် မည်သို့ရောက်နေသနည်း။ မည်သူကတင်ထားပါလိမ့်ဟုလည်း မဆီမဆိုင်တွေးကာ ကောက်ယူကြည့်ရှုမိလေ၏။

ကျောက်ပြားကိုယူလိုက်သည်နှင့် ကျောက်ပြားအောက်ရှိ နှီရဲနေသော အရာထို့က ဘွားဆာကို ဖမ်းစားလိုက်လေ၏။ မြင်မြင်ချင်း ဘွားဆာသိလိုက်၏။ ထိုနီရဲသောအရာတို့သည် ပတ္တမြားများသာ ဖြစ်ချေ၏။ မိုးကုတ်ပတ္တမြားမြေတွင် မွေးဖွားသူမှန်သမျှ သိတတ်သောအရွယ်မှစ၍ ပတ္တမြားကို ပတ္တမြားမှန်းသိကြသည်သာ ဖြစ်သည်။

အဝန်းအဝိုင်းသည် လက်တစ်ရှိုက်စာအဝန်းအဝိုင်းဖြစ်ကာ ပန်းတစ်ပွင့်ပမာ ရဲရဲနီလျက်ရှိပြီး နေပဏ္ဍာအောက်၌ ဖိတ်ဖိတ်တောက်လျက်ရှိ၏။ မဃဲ့မရဲသောစိတ်ကြောင့် တုန်ယင်သောလက်ဖြင့် ပတ္တမြားတစ်ပွင့်ကိုနှိုက်ယူကာ နေရောင်ပဏ္ဍာတွင် ထောင်ကြည့်မိသည်။ လှပကြည်ရွင်းလျက် တန်ဖိုးကြီးကျောက်မှန်း မြင်မြင်ချင်းသိသည်။ ဝမ်းသာလိုက်သည်မှာ ပြောစရာမရှိတော့ပေ။

'အင်း - ဒါဟာပတ္တမြားတွေပဲ။ ငါတို့ကိုးကွယ်တဲ့နတ်တွေက ငဲ့ကိုပေးတာ။ ကျောက်ထည့်စရာ ငါမှာလည်း မပါခဲ့ဘူးဘဲ။ အင်း ကွမ်းဘူးတော့ပါရဲ့။ ကွမ်းတွေသွန်ထားခဲ့ပြီး ကျောက်တွေထည့်သွားတော့မယ်'

ဟု တွေးကာ ကွမ်းပစ္စည်းများဖြစ်သည့် တွယ်တောင့်၊ ထုံး၊ မျောက်လှုပ်ခါက်၊ ဆေးရွက်ကြီးတို့ကို အသေအချာ ကျောက်တုံးပေါ်သွန်လိုက်ပါသည်။ နောက်နေ့တွေ့လာလျှင် ပြန်စားလို့ရတာပဲဟုလည်း နှမြောစွာတွေးမိလေ၏။

ပတ္တမြားတို့ကို ကွမ်းဘူးလေးထဲကုတ်၍ထည့်သည်။ ပတ္တမြားတို့သည် ဒန်ဘူးသာပြည့်သွားသည် နှိုက်၍မကုန်ချေ။ အောက်၌ ကျယ်သွားကာ အိုးသဏ္ဌာန်ဖြစ်၍နေသဖြင့် ကျောက်အိုးဖြစ်ကြောင်း ဘွားဆာသဘောပေါက်ပါသည်။ အထဲ၌ မည်မျှများပြားသော ပတ္တမြားတို့ရှိမည်ကို မခန့်မှန်းနိုင်ခေ။ တစ်ခဲမျှလော၊ တစ်တင်းမျှလော (သို့) စပါးထည့်သိုသည့်ပုစွန်မျှလောက်လော မခန့်မှန်းနိုင်ပေ။

'ငါတို့တော့ သူဌေးဖြစ်ပြီ။ ငါ့သား တွင်းလုပ်နေတာတောင် ကျောက်ကောင်းတစ်ပွင့် တစ်နှစ်နေလို့ တစ်ခါတောင် ရဖို့ခက်တာ။ ခုဟာက တောထဲတောင်ထဲမှာ ကျောက်တွေအိုးလိုက်တွေ့ထားပြီ။ ဒီတော့ ငါတို့ရွာမှာ အခုသာဆုံးဖြစ်ပြီ။ အိမ်ကြီးဆောက်မယ်။ မြင်းတွေ၊ လားတွေဝယ်မယ်။ လိပ်ပြာခေါ်ပွဲတွေကျင်းပမယ်။ အရက်ဖိုကြီးကြီးတည်ပြီး စိတ်တိုင်းကျချက်သောက်မယ်

စသည်ဖြင့် ဘွားဆာတွေးချေကျေနပ်နေလေ၏။ သို့နှင့်ပင် ဘွားဆာသည် ကျောက်အုပြည့်ထည့်ထားသော ဒန်ဘူးကလေးကို ထုံးစံအတိုင်း ခေါင်းပေါင်းစဖြင့်ထုပ်ကာ ဦးခေါင်းပေါ်ပြန်တင်လိုက်၏။ ပြီးနောက်တွင်မူ ကျောက်ပြားကလေးဖြင့် ကျောက်အိုးအဝအားနဂိုပုံစံပြန်၍အုပ်ထားလိုက်သည်။အမောတို့ ဘယ်ဆီရောက်သည်မသိတော့ပေ။ ငှက်ပျောတုံးကို ကောက်ထမ်းကာ ရွာဆီ သုတ်သုတ်ပြန်ခဲ့လေ၏။ ပခုံးပေါ်တွင် လေးလံသောငှက်ပျောတုံးကြီးပါလာသည်ဟုပင် မထင်မိဘဲ အားအင်ထို့အလိုလိုပြည့်၍နေလေ၏။

❑ လူတို့လောဘ

"သွားသားမီးရော့"

"ဘာတုံးအမေ"

"ဘာလုပ်နေတာလဲ"

"ခြံထဲမှာ အပင်တွေမြေထောင်မြောက်နေတာ"

"ဒီမှာအရေးကြီးတယ် အမြန်လာ အရေးကြီးသည်ဆိုသဖြင့် သွားသားမီး ခပ်သွက်သွက်ရောက်လာသည်။ အိမ်နှီးနောက်ဘက်တွင် မုန်ညင်းမှုန့်စိုက်ထားခြင်း ဖြစ်၏။

"တောထဲမှာ ဘာဖြစ်ခဲ့လို့လဲ"

"ငါတောထဲမှာ ကျောက်အိုးတစ်အိုးတွေ့ခဲ့တယ်။ အဲဒါလာကြည့်စမ်း ငါနည်းနည်းထည့်ခဲ့တယ်"

ဟု ပြောကာ ခေါင်းပေါ်မှဘူး ဒန်အစ်ကလေးကို ခေါင်းပေါင်းဖြေကာ ဖွင့်၍ပြလိုက်သည်။

"အို ဟင် - များလိုက်တာပါလား အမေရယ်။ မုအွမ်တစ်သက်လုံးလုပ်တောင် ဒီလောက်ရမှာမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ကျောက်အိုးရဲ့အဝပဲရှိသေးတာ။ အထဲမှာဘယ်လောက်များမယ်မသိဘူး။ အဲဒါ နင်နဲ့ငါ ဂုန်နီအိတ်တစ်လုံးစီယူသွားပြီး ပလိုင်းနဲ့ကျောပိုးသယ်မှရမှာ။ ကဲ - ဂုန်နီအိတ်နဲ့ ပလိုင်းတွေယူပြီးသွားကြစို့"

ဟု ပြောကာ ဆန့်ထည့်ရာတွင် သုံးသော ဂုန်နီအိတ်တစ်လုံးစီ ပလိုင်းထဲထည့်ကာ တောင်ကြောပေါ် သို့ခပ်သွက်သွက် တက်ခဲ့ကြတော့သည်။ လောဘစိတ်ကြောင့် အားမာန်များတက်နေကြသဖြင့် စိုးစဉ်းမျှပင် မောရမှန်းမသိကြချေ။ ကျောက်ဘူးကိုမူ အိမ်ထဲရှိ နတ်စင်ပေါ်တွင် တင်ထားခဲ့ကြလေ၏။

သည်တော့၊ သည်တောင်၊ ဒီရေ၊ ဒီမြေတို့ဟူသည် သူတို့အတွက် အဆန်းမဟုတ်ချေ။ နေရာအနှံ့နီးပါးရောက်ဖူးသွားဖူးကြသည်သာ ဖြစ်သည်။ ဘွားဆာရှေ့မှ အားတက်သရော်သွားရာ နောက်သို့ သွားသားမီးသည် မနည်းအမီလိုက်နေရ၏။ လောဘကြောင့် အားမာန်တို့ ပြည့်လျက်ရှိသည်။ မျက်နှာကလည်း ပြုံးနေလေ၏။ တစ်သက်လုံး ဆင်းရဲခြင်းဖြင့်နေခဲ့ရသောဘဝမှ လွတ်မြောက်ရပြီ မဟုတ်ပါလား။

နာရီဝက်ခန့်အကြာတွင် သူနားခဲ့ရာ လိပ်ကျောခုံးကျောက်တုံးကြီးသို့ ရောက်သည်။ ဘွားဆာ ခပ်သွက်သွက် တက်လိုက်သည်။

"ဟဲ့-လာစမ်းပါ။ နင့်ဟာ တုံ့နေးတုံ့နေးနဲ့"

"လာပါပြီ အမေရဲ့"

"ဟောဒီမှာ ငါကွမ်းတွေသွန်ထားခဲ့တာ။ ဟောဒီကျောက်ပြာလေးနဲ့ ကျောက်တွင်းလုံးကလေးကို ဖုံးထားတာဟဲ့။ ငါလည်း လက်ဆော့ပြီး ဒီခဲပြားလေးကို ဆွဲဖယ်ကြည့်လိုက်တာကျောက်တွေဆို ရဲနေတာပဲဟယ်။ ကဲ-ငါပြမယ် ကြည့်"

ဟု ဆိုကာ ခဲပြားကလေးကိုဆွဲဖယ်ပြလိုက်သည်။

"ဟင်"

ဘွားဆာ အရမ်းအံ့သြသွားသည်။ ကျောက်တွင်းလုံးသဏ္ဌာန် ကျောက်အိုး၏အပေါက်ဝကား မရှိတော့ပေ။ ပကတိကျောက်သားအသွင်ကိုသာ မြင်တွေ့ရသောကြောင့် ဖြစ်သည်။ ဘွားဆာမှာ မိမိမျက်စိကိုပင် မိမိမယုံနိုင်အောင် ဖြစ်နေရချေ၏။ သို့ကြောင့် ကြီးစွာတုန်လှုပ်သွားရတော့သည်။

သို့ကြောင့် ထိုနေရာလေးကို တသမက်မောစွာ လက်ဖြင့်ကုတ်၍ ကြည့်နေမိ၏။ မာကျောသော ကျောက်သားကိုသာ ထိတွေ့နေရလေ၏။ သွားသားမီးမှာမူ မျက်စိဖြင့် တပ်အပ်မြင်တွေ့ရသူမဟုတ်၍ တုန်လှုပ်ခြင်းမဖြစ်မိပေ။ သို့သော် အားတက်သရော ယူခဲ့သည့် ပလိုင်းကိုမူ ပစ်ချထားလိုက်တော့၏။ မျှော်လင့်ချက်က လုံးဝမရှိတော့ပြီဖြစ်သည်။

"ငါ အစောတုန်းက ဒီနေရာလေးမှာ အမှန်တကယ်ကျောက်အိုးတွေ့ခဲ့တာဟဲ့။ ဘယ်လိုဖြစ်သွားတာလဲဟယ်၊ ငါ့နှယ် အံ့ရော"

"ဩော်-အမေရယ်၊ ဒါက အမွေကို နတ်ကပေးတာလေ။ နတ်ဆိုတာ နှစ်ခါမပေးဘူး အမေရဲ့။ သူတို့ပေးတုန်း အများကြီးယူထားရတယ်လို့ နတ်ဆရာကလည်းပြောထားတာပဲဥစ္စာ။ အမေကိုက အ,ကို အ,ပါတယ် အမေရယ်"

"ငါ့မှာထည့်စရာက ကွမ်းဘူးပဲပါတဲ့ဟာ"

"အမွေရဲ့ ခေါင်းပေါင်းပိတ်စက အရှည်ကြီးပါအမေရယ်။ တစ်ကိုက်ပိတ်ဆယ်တောင်ဆိုတဲ့ ခေါင်းပေါင်းပိတ်ထဲကျုံးထည့်လိုက်စမ်းပါ။ အမေအများကြီးရတာပေါ့။ ထမ်းလို့တောင်မနိုင်အောင်ရမှာ"

"အေး-ဟုတ်သားဟယ်၊ ငါ့နှယ် မေ့နေလိုက်တာ"

"ဌက်ပျောတုံးထားခဲ့ပြီး ပတ္တမြားတွေထမ်းပြန်လာတော့ကော ဘာဖြစ်မှာတုံးအမေရဲ့"

"အေးဟယ် ဟုတ်သားပဲ။ ငါ့နှယ် မေ့တတ်လိုက်တာ။ ငါက ဝက်စာလာရှာတာဆိုတော့ ဝက်စာပဲစိတ်စွဲနေတာလေဟယ်။ နင့်လိုအတွေးမျိုးမပေါက်ဘူးဟဲ့။ ငါ့နေရာမှာသာ နင်ဆိုရင် ဟန်ကျမှာဟယ်"

"ကဲပါ အမေရယ် ပြန်ကြပါစို့။ ဒါမျိုးအခွင့်အရေးဆိုတာ နှစ်ခါမရဘူးအမေရဲ့"

ဟု ပြောဆိုကာ ပလိုင်းကိုယ်စီလွယ်လျက် ပြန်ခဲ့ကြတော့၏။ အပြန်လမ်းတွင်မူ သွက်လက်ခြင်းမရှိကြတော့ပေ။ ဘွားဆာမှာမူ ခဲလေသမျှ သဲရေကျဖြစ်သွားခဲ့သဖြင့် တန်ခိုန်ပူဆွေးသောက ရောက်နေရလေ၏။ ကျောက်အိုးမှာ မျက်စိထဲက မထွက်တော့ပေ။

❑ ပြကျောက်များ

"ဩော် . . . ဟဲ့ - သွားသားမီး၊ ငါတို့အိမ်မှာထားခဲ့တဲ့ကျောက်တွေရှိမှရှိသေးရဲ့လားမသိဘူး။ လာဟဲ့ - အမြန်သွားကြည့်ရအောင်။ မရှိတော့ရင် ငါတော့ ရူးများသွားမလားမသိပါဘူးဟယ်"

ဟု အိမ်တွင်ထားခဲ့သောကျောက်မျက်တို့ကိုသတိရကာ ဘွားဆာခပ်သုတ်သုတ်သွားလေသော် သွားသားမီးမှာလည်း ပူလောင်စိတ်တို့ဖြင့် ခပ်သုတ်သုတ်လျှောက်ပြန်၏။ အပြန်လမ်းတွင် အဆင်းတွေဖြစ်ရာ တောထဲဝယ် မပြေးရုံတမည်လာခဲ့ကြသည်မို့ မကြာမီပင် အိမ်သို့ရောက်ရှိကြ၏။ သူတို့သားအမိရေးကြီးသုတ်ပျာသွားလာနေကြသည်ကို အချို့က အထူးအဆန်းစူးစမ်းကြည့်နေကြလေ၏။ ပလိုင်းကိုပစ်ချကာ ဘွားဆာသည် နတ်စင်ပေါ်ရှိ ကျောက်များထည့်ထားသော ဒန်ဘူးကလေးကို တုန်ယင်သောလက်တို့ဖြင့်ယူလိုက်၏။ ကျောက်မျက်တို့ကြောင့် ဒန်ဘူးကလေးမှာနှင့်နေအောင်လေးနေသည်ကို တွေ့ရသဖြင့် စိတ်ထဲသက်သာရာရလေ၏။

သို့သော် ရုတ်တရက်မဖွင့်ရဲသေးပေ။ အကယ်၍ ကျောက်မျက်ပတ္တမြားတို့မဟုတ်ဘဲ ကျောက်စရစ်ခဲတို့ဖြစ်နေခဲ့ပါမူဟူသော အသိအတွေးက ရုတ်တရက်လာသဖြင့် စိတ်ထဲတထင့်ထင့်ဖြစ်နေမိပြန်၏။ ကျောက်တွင်းလုံးပျော်က်ကွယ်သလို ဒန်ဘူးထဲမှ ကျောက်မျက်တို့ ပျောက်ကွယ်ကုန်မှာလည်း အလွန်စိုးရိမ်နေမိ၏။ ကြည့်မှသိမှာဖြစ်သည့်အတွက် အဖုံးကို မရဲတရဲဖွင့်ကြည့်မိသည်။ ရင်တွေတဒိတ်ဒိတ်ခုန်နေဆဲရှိ၏။

နီရဲသော ပတ္တမြားတို့ကို မြင်တွေ့ရလေမှ သက်ပြင်းဟင်းခနဲချနိုင်လေတော့၏။ အနီးဘဲ့ရှိနေသော သွားသားမီးမှာလည်း သောကတို့ ငြိမ်းအေးသွားလေ၏။

"အမေ၊ သူများတွေမြင်ကုန်မယ်။ သိသွားလို့ကတော့ ဓားပြလက်ထဲအကုန်ပါသွားမှာ အမေ။ မတော်လို့ ပစ္စည်းသာယူသွားရင် အကြောင်းမဟုတ်ဘူး။ လူပါသတ်သွားရင် ကိုယ်ကျိုးနည်းမှာ။ အဲဒါ ဘယ်သူမှမသိအောင် ဝှက်ထားမှရမှာ"

"အမေ သိပါတယ် သမီးရယ်။ မုဆွမ် ပြန်လာမှ တိုင်ပင်ကြတာပေါ့။ လောလောဆယ် အမွေ့သေတ္တာထဲထည့်ထားလိုက်တော့မယ်"

"ဟုတ်ကဲ့ အမေ"

www.burmeseclassic.com

www.burmeseclassic.com

ဝက်စာကျွေးခြင်း၊ ခြံအလုပ်လုပ်ခြင်း၊ အိမ်အလုပ်ချက်ရေးပြုတ်ရေးတို့ဖြင့် ညနေသို့ရောက်သော် တွင်းပြန်ခိုနိုက်တွင် မုအွမ်ရောက်လာ၏။ နေပဒ္ဓာရှိနေသေးသဖြင့် ကျောက်ဘူးကိုထုတ်ကာ ကြေးလင်ပန်းဖြစ်သည့်ထာထဲ၌ကျောက်တို့ကိုထည့်ကာ မုအွမ်က စစ်ဆေးကြည့်ရှုသည်။ ဒန်ဘူးတစ်ဘူးစာ ကျောက်တို့ကား နည်းနည်းနောနောမဟုတ်ချေ။ သူတစ်သက် ဤမျှများပြားသောကျောက်တို့ကို ဤအခိုန်မှသာမြင်ဖူးခြင်း ဖြစ်လေ၏။ ဘွားဆာက ဖြစ်ပျက်ခဲ့သမျှတို့ကို ပြောပြနေ၏။

မုအွမ်က ကျောက်စစ်ကျောက်ကောင်းများအား သီးခြားသန့်ကြည့်သည်။ ဆယ်ရတီခန့်မှသည် တစ်ရတီခန့်အထိ ကျောက်ကောင်းများပါသကဲ့သို့ အချို့အဝက်မှာ လုံးချောသားများဖြစ်ကြသည်။ တန်ဖိုးများမှာ တစ်ပွင့်၏ တန်ဖိုးသည်ပင်လျှင် များစွာရရှိနိုင်ကြောင်း မုအွမ် သဘောပေါက်လေ၏။ မိမိတို့သည် မိခင်ကြီး၏ကံကိုမှီလျက် ချမ်းသာခဲ့ပြီဖြစ်ကြောင်း သဘောပေါက်ရပါသည်။

"အမေ၊ သားတို့ ကျောက်တွင်းလောကမှာ ပြကျောက်ဆိုတာရှိတယ် အမေရဲ့။ နတ်တွေက ကျောက်တွေကို စောင့်ရှောက်ထားပုံရှိပါတယ်။ မျှောခွက်ထဲမှာ ကျောက်ကို အသေအချာမြင်လို့ကောက်လိုက်ပါတယ်။ လက်ကချော်ကျပြီး မျှောခွက်ထဲပြန်ကျပြီး ဘယ်လိုမှ အဲဒီကျောက်ကို ပြန်မရတဲ့အဖြစ်တွေ ကျောက်တွင်းလောကမှာ အများကြီးရှိတယ် အမေရဲ့။ ကျောက်ကို လက်ထဲရောက်တာနဲ့ ပါးစပ်ထဲမှာထည့်ပြီး ငုံထားရတယ်။ တံတွေးနဲ့ထိပြီးရင် အဲဒီကျောက်ကို နတ်ကပြန်မသိမ်းနိုင်တော့ဘူး။ အမေသာ အဲဒါကို သိတတ်ရင် ကျောက်အိုးထဲ တံတွေးသုံးကြိမ်လောက် ထွေးထည့်ခဲ့ရင် အဲဒီကျောက်အိုးကို နတ်တွေပြန်သိမ်းနိုင်မှာမဟုတ်တော့ဘူး။ အဲဒါဆို အဲဒီကျောက်အိုးကို အမေပိုင်ပြီပေါ့"

"ဩော် - ကျောက်ရရင်ပါးစပ်ထဲထည့်ရတာတော့ သိတာပေါ့ သားရယ်။ အဲဒီလို တံတွေးနဲ့ထိမှ ကိုယ်ပိုင်တယ်ဆိုတာအထိသိရင် ကျောက်အိုးကြီးတစ်ခုလုံးကို ပိုင်တာပေါ့ သားရယ်။ မုတော့် ကိုယ်ထိုက်သလောက်ပဲရခဲ့ဘော့တာပေါ့ သားရယ်"

"အမေရယ် ခုရခဲ့တဲ့ ကျောက်လည်းမနည်းပါဘူး အမေရယ်။ ဘားထိုလိမ္မာရင် တစ်သက်စာရနိုင်ပါတယ်။ အဲဒါကြောင့် သားအိမ်တွေဘာတွေ ဆောက်ပြီးရင် ကျောက်ကုန်သည်ဘဝကို ကူးပြောင်းဖို့ စိတ်ကူးထားတယ်"

"ကောင်းတာပေါ့ သားရယ်။ ကဲကဲ - ကျောက်တွေ အသေအချာပြန်သိမ်းလိုက်တော့။ ကဲ-ရော့၊သားလက်ထဲ အမေအပ်လိုက်ပြီနော်"

"စိတ်ချပါ အမေ။ ဒီလိုအခွင့် အရေးဆိုတာ တစ်သက်မှာ တစ်ခါသာ ရတာမို့ ဆင်းရဲတဲ့ဘဝကို သားပြန်မသွားပါဘူး။ စိတ်ချပါ အမေ"

သားအမိနှစ်ဦး၏ ကြည်နူးဖွယ် မြင်ကွင်းဖြစ်လေ၏။

❑ လွှသမားများ

မုအွမ်သည် ကျောက်ကောင်းတစ်ပွင့်အား မိုးကုတ်မြို့သို့တက်၍ ရောင်းရာ ရွာတွင် သိသူတစ်ဦးမှမရှိပေ။ မိခင်နှင့် ဇနီးသာ သိပါသည်။ မြေစိုက်ထရံအိမ်နံရံမြေကြီးသုတ်ထားသောအိမ်ကလေးအားဖျက်၍ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး တည်ဆောက်ရန် အဓိက လိုအပ်သည်မှာ လွှသမားများဖြစ်သည်။

မိုးကုတ်တောဒေသတွင် တောရွာအများစု၌ အနီးတွင် သစ်တောကြီးများ အလျှံပယ်ရှိရာ ထိုတောတို့မှ ကြိုက်ရာ သစ်ပင်ကြီးများအား လွှသမားတို့ကို ငှား၍ အိမ်တစ်လုံးစာလိုအပ်သော သစ်တို့ရစေရန် လှဲ၍ ပျဉ်တိုက်ကြရ၏။

လွှသမားတို့မှာ ရွှေဘို မုရွာနယ်မှ လူများဖြစ်ကာ အိမ်တစ်လုံးစာရစေရန် လွှသမားနှစ်ဦးနှင့် လိုအပ်သောပျဉ်များ ခွဲပေးနိုင်စွမ်းရှိသော ကျွမ်းကျင်လွှသမားတို့ဖြစ်သလိုအိမ်ဆောက်ရန် လက်သမားတို့ကိုလည်း ဆက်သွယ်မှာကြားပေးနိုင်ကြ၏။

သို့နှင့် ဦးစွာ လွှသမားများကို ရှာဖွေဆက်သွယ်ရပါသည်။ ကျပ်ပြင်အသိမိတ်ဆွေများထံမှ အဆက်အသွယ်ဖြင့် မှာခိုင်း၏။

တစ်လခန့်အကြာတွင် မုရွာနယ်မှ လွှသမားနှစ်ဦး ရောက်လာလေ၏။ ကိုချစ်ဦးနှင့် ကိုမောင်ကြီးတို့ ဖြစ်သည်။ သူတို့သည် ပွင့်လင်းရာသီ၌ ရှမ်းပြည်နယ်တစ်ခွင်ပြုပြုစင်အောင် လှည့်ပတ်သွားလာကာ အိမ်ဆောက်ရန် ပျဉ်များ တိုက်ပေးနေကြဖြစ်၏။

လွှသမားတို့က အိမ်၏အကျယ်အဝန်း၊ ဆောက်လုပ်လိုသည့်ပုံစံတို့ကို ဦးစွာမေး၏။ မုအွမ်က လိုအပ်သောပုံစံကိုပြောရာ လိုအပ်သော (၈) ပတ်လည် တိုင်များနှင့် ပျဉ်များကို တွက်ချက်၍ပြသည်။ လုပ်နေကျအလုပ်မို့ အခက်အခဲမရှိ တွက်ချက်ပေးသည်။

နောက်နေ့တွင် ကျောက်ဆင်တောင်ကြောနှင့် လျှိုများသို့လှည့်လည်ကာ သစ်ရွေးကြသည်။ တောင်ပေါ်အမြဲစိမ်းသစ်တောများဖြစ်သဖြင့် ကွန်းပိတောက်၊ သစ်ရာ၊ အင်ကြင်း စသော သစ်မာတို့မရှိပါ။

တောင်ပေါ်ဒေသ၌ နောကျေနေသော ကိုချစ်ဦးနှင့် ကိုမောင်ကြီးတို့ကား အကောင်းဆုံးသစ်တို့ကို ပြသပါသည်။ သစ်၏အရည်အသွေးများကိုလည်း ရှင်းပြကြသည်။ သစ်ဟူသည် ချက်ချင်းခုချက်ချင်းဆောက်၍ မကောင်းပေ။ သင့်တင့်သောအသားသေမှုဖြစ်စေရန် ပျဉ်များခြောက်အောင် အချိန်ပေး၍စောင့်ရ၏။

ကိုချစ်ဦးတို့တွင် ပျဉ်တိုက်လွှကြီးသစ်လုံငါးမန်းလွှ၊ ဓားမကြီး၊ သံချောင်းရှည်၊ ရဲတင်း၊ ချိန်သီး၊ တံစဉ်း၊ ဓားအိစားခွက်၊ အဝတ်အနည်းငယ်၊ စောင်ဟောင်းသာပါရာ ခြေနိုင်လက်နိုင်ဖြစ်သည်။ သူတို့သည် မုအွမ်တို့အိမ်မှာပင်တည်းခိုကာ လွှတိုက်လုပ်ငန်းကို လုပ်ကိုင်ကြသည်။

ဦးစွာ တိုင်တို့ကိုတိုက်သည်။ ပြီးသမျှတို့ကို ကျွမ်းငှားကာ အိမ်သို့ဆွဲယူရသည်။ နေရောင်ရသောနေရာတွင် စီထပ်၍ အခြောက်ခံရ၏။ အိမ်တစ်လုံးစာပျဉ်ဟူသည် နည်းနည်းနောနောမဟုတ်ချေ။ မုအွမ်ဆောက်လိုသည်မှာ ဆယ်ပေသုံးခန်းပတ်လည် နှစ်ထပ်အိမ်ကြီးဖြစ်ရာ ကိုချစ်ဦးတို့ နှစ်လမျှတိုက်ရပေမည်။

စမ်းချောင်းထဲမှ

လွှသမားတို့သည် မိမိတို့တိုက်မည့် သစ်ပင်၏အနိမ့်ပိုင်းတွင် လွှစင်ဆောက်ရသည်။ လိုအပ်သောအပင်ကို လှဲ၍ အဖျားပယ်ပြီးသော် သစ်လုံးကို လွှစင်ပေါ် ရောက်အောင် သံတူးရွင်းဖြင့် လှိမ့်၍ တင်ရသည်။ တင်ပြီးလျှင် သေဖက်မျက်နှာကို ပါးပတ်လိုက်ရာ ထောင့်သဏ္ဌာန်သစ်တုံး ဖြစ်သွား၏။

ထိုလေးထောင့်သစ်တုံးကို မိမိသောသစ်ပမာဏအတိုင်း (၃×၂-၄ စသည် မျဉ်းရိုက်ရ၏။ ထိုမျဉ်းကြောင်းအတိုင်း လွှတိုက်ကြရခြင်းဖြစ်ပြီး ဖြစ်သူက အပေါ်မှလွှကြောင်းယူရ၏

www.burmeseclassic.com

www.burmeseclassic.com

တပည့်က အောက်မှအားစိုက်ကာ လွှဲကြိုးကို မြှောက်တင်ရ၏။ အလွန်ပင်ပန်းသောအလုပ် ဖြစ်ပါသည်။ ထို့ကြောင့်လည်း လှေထိုးလွှဲတိုက်လူမိုက်အလုပ်ဟု စကားပုံရှိနေခြင်း ဖြစ်သည်။ အချို့ကလည်း လူမိုက်အားကိုး လှေထိုးလွှဲတိုက်ဟု ဆိုကြလေ၏။

ကိုချစ်ဦးတို့သည် လွှဲစင်ကို စိမ့်ရေထွက် စမ်းချောင်းလေးကိုခွ၍ ရေမြေအခြေအနေအရ တည်ဆောက်ထားလေ၏။ အိမ်ကြီးတစ်လုံးစာအတွက် အနီးနားရှိ သစ်ပင်ကြီးများဖြင့် ဖူလုံပါသည်။ ထို့ကြောင့် ထိုနေရာကိုရွေး၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ သစ်ရှားပါးသောနေရာတို့တွင်မူ သစ်များရှိရာသို့ လွှဲစင်ကိုရွှေ့၍ ဆောက်ကြရရာ အခ်ိန်ကုန်လူပန်းဖြစ်ရသည်။ ဤမြေမှာမူ သစ်တောကြီးတို့သည် မပျက်မယွင်း တည်ရှိနေသေးရာ လွှသမားတို့အဆင်ပြေလှ၏။ ထောက်ကြန့်၊ စံကားစိမ်း၊ တောင်တမာ၊ စစ်စေး စသည်နှစ်ရှည်ခံသစ်ပင်တို့ကိုသာရွေး၍ လွှတိုက်၏။ တောင်တမာသားများကိုမူ အတွင်းခန်းကန့်ရာတို့၌သုံးရန်တိုက်ပေးခြင်းဖြစ်၏။ တောင်တမာသားသည် ရွှေဘော်ထိုးလိုက်ပါက လှုပသောအကွက်တို့ထကာ အရောင်တင်စရာမလိုအောင်ပင်လှ၏။ ထို့ကြောင့် တောင်ပေါ် ကျွန်းဟုတင်စားခေါ်ဝေါ်ကြလေ၏။

အောက်မှနေရသော မောင်ကြီးသည် ချက်မှန်မှန်ပင့်တင်လှုက်ဆွဲနေရ၏။ စမ်းချောင်းလေးမှာ ရေတသွင်သွင်စီးလျက်ရှိရာ ထိုရေထဲ၌ပင် ခြေတရွှေ့ရွှေ့ပြုလျက်ဆွဲနေရ၏။ ထိုတရွှေ့ရွှေ့ပြုလျက်ဆွဲနေရသောအခါ အပေါ် သို့မော့ကြည့်စရာမလိုပေ။ အပေါ်မှ မျှဉ်းကြောင်းအတိုင်းခွဲရမည်မှာ အထက်လူ၏တာဝန်ဖြစ်သည်။ အောက်မှ ချက်မှန်မှန်ပင့်တင်ပေးရုံသာ ဖြစ်သည်။

ထို့ကြောင့် မောင်ကြီး၏ မျက်စိအာရုံက မိမိခြေချထားရာ စမ်းချောင်းလေးထဲရောက်နေ၏။ ရေမှာ မြေဓာတ်ကြောင့် အလွန်ကြီးအေးခြင်းမရှိပေ။ ချောင်းလေးထဲတွင် ရေစပ်စပ်မျှသာရှိရာ ခြေဖဝါးမြုပ်ရုံမျှရှိ၏။ ချောင်းထဲတွင် သဲများ၊ ကျောက်စရစ်ခဲများ မြင်နေရလေ၏။

ထိုသို့ တရွှေ့ရွှေ့ ရှေ့သို့ရွှေ့လျားလျက်ဆွဲနေစဉ် မောင်ကြီးမျက်စိထဲ၌ နီရဲသောအရာတစ်ခုက ရဲခနဲပေါ်လာ၏။ ထို့ကြောင့် ချက်ချင်းပင် -

"ဟိုး- ချစ်ဦးရေ ခဏလေး။ ဒီမှာ ကျောက်ထင်တယ်။ ငါခြေထောက်ရှေ့မှာ ပေါ်လာတယ်။ ငါကောက်လိုက်ဦးမယ်"

ဟု ပြောကာ နီရဲလုံးဝန်းသော ကျောက်နီနီလေးကို ကောက်လိုက်၏။ ကျောက်မှာ လက်ညှိုးဖျားခန့်အရွယ်ရှိသည်။

"အိုး - လှလိုက်တာကွာ။ သွေးကျနေတာပဲ၊ နီရဲလို့ဟ"

ကျောက်နီနီလေးအား ပတ္တမြားဟူသည်ကို သူတို့သိကြပါသည်။ ချက်ချင်းပင် ကိုချစ်ဦးက လွှစင်ပေါ်မှဆင်းလာခဲ့၏။

"ပြစမ်း ဟေ့ကောင်"

"ကောင်းကောင်းကိုင်နော်။ တော်ကြာကျသွားလို့ ငတ်ပေါက်တိုးနေမယ်။ ဒါဟာ တန်ဖိုးရှိမှာကွ"

"ရှိတာပေါ့ဟာ၊ ဒီလောက်လှတာ။ ဒါ ပတ္တမြားမြေကွ။ ပတ္တမြားထိုက်ရင် နေရာတိုင်းမှာ ကျောက်ရှိတယ်။ ဒါကို အဝတ်စနဲ့ အသေအချာထုပ်ပြီး လွယ်အိတ်ထဲထည့်ထား။ တို့ ကိုမှုအွမ်နဲ့တိုင်ပင်ပြီး ရောင်းရအောင်။ ဟန်ကျတယ်ကွာ။ ပတ္တမြားမြေမှာ လွှတိုက်ရတာ။ ကျောက်လည်းရ၊ လွှတိုက်ခလည်းရနဲ့ ငါတော့ ဒီရေ ဒီမြေမှာ နေချင်စိတ်တောင်ပေါက်လာပြီ"

"တော့်စမ်းပါဟာ၊ တောခေါင်ခေါင် တောင်မြင့်မြင့်အရပ် ငါတော့ မနေချင်ပါဘူး။ ဒီမှာနေရင် မျက်စိပိတ်နားပိတ်နဲ့ တောကြက်တောငှက်လေးတွေလို ဖြစ်နေမှာပေါ့"

"သဘောပြောတာပါ မောင်ကြီးရာ။ မိုးကုတ်နဲ့ကျပ်ပြင်လိုမြို့ထဲမှာဆိုရင်တော့ မဆိုးဘူးကွ"

"ကဲကဲ - မိုးကုတ်တွေ၊ ကျပ်ပြင်တွေနောက်ထား။ တစ်နေ့တာ သတ်မှတ်ထားတဲ့ပျဉ်ကျအောင် ငါတို့တိုက်ကြဦးစို့"

ဟု ပြောကာ မောင်ကြီးသည် တံစဉ်းထုပ်ထားသော အဝတ်စဖြင့် ကျောက်ကို အသေအချာထုပ်ကာ လွယ်အိတ်ထဲထည့်လိုက်လေ၏။ ပြီးလျှင် လွှပြန်တိုက်ကြပြန်သည်။ မောင်ကြီးသည် စမ်းချောင်းလေးထဲ၌ ပတ္တမြားရှိမှန်းသိသွားပြီဖြစ်ရာ လွှကိုပုံမှန်ဆွဲလျက် မျက်စိကစမ်းချောင်းလေးထဲရောက်နေ၏။ အရင်နေ့က မတွေ့ပါဘဲနှင့် ယနေ့မှတွေ့သည်ဖြစ်ရာ စိတ်ထဲဆန်းကြယ်နေမိ၏။ ညာခြေကို ရှေ့တင်လျက် ဘယ်ခြေကိုနောက်ထားကာ ဟန်ချက်မပျက်ဆွဲလျက်ရှိစဉ် ညာဘက်ခြေဖျားဌ နီရဲသောပတ္တမြားတစ်ပွင့်က ထပ်မံပေါ်လာပြန်ရာ အံ့သြစွာပင် -

"ဟိုးထား ဆရာရေ့။ ဟောဒီမှာ ကျောက်နီတစ်ပွင့် ပေါ်လာပြန်ပြီဗျို့။ ဒီနေ့ ငါတို့ကံတွေအရမ်းကောင်းနေပါလားဟ"

ဟု ပြောပြီး လွှကိုလွှတ်ကာ ကျောက်နီနီကိုကောက်လိုက်လေ၏။

"လာဟာ ချစ်ဦးရ၊ ခုန ကျောက်အတိုင်းပဲ လုံးလုံးကလေးကွ။ ကျောက်နီတွေ တယ်ပေါပါလားကွာ။ ဒီကလူတွေ ဒီမှာကျောက်ရှိမှန်းသိပုံမပေါ် ဘူး"

ကိုချစ်ဦးသည် လွှစင်ပေါ်မှဆင်းလာရပြန်၏။

"အင်း - ဒီနေ့ ပတ္တမြားတွေတွေ့တွေ့နေတာနဲ့ လွှကိုကောင်းကောင်းမဆွဲရပါဘူးကွာ။ ဒီကျောက်က ခုနကျောက်နဲ့ ပုံစံအတော်တူတာနော်။ ကျောက်ဆိုတာ ဒီလိုပုံစံတွေချည်းလားမသိပါဘူး။ ဒါလည်း ခုနကျောက်လို အတော်လှတယ်။ ဒါမျိုးကျောက်တွေသာ အများကြီးရရင်တော့ မင်းနဲ့ ငါ ပွဲပြီပေါ့ကွာ။ ကဲကဲ - ဟိုကျောက်နဲ့ပေါင်းထုပ်ထားရအောင်"

ဟု ဆိုသည်နှင့် မောင်ကြီးက လွယ်အိတ်ထဲမှ ကျောက်ထုပ်ကိုဖြေလိုက်ရာ နှစ်ဦးသား မျက်လုံးပြူးသွားကြတော့၏။ အဝတ်စနှင့်ထုပ်ထားသော အထုံးထဲတွင် ကျောက်ကမရှိတော့ပေ။ အဝတ်ထုံးလေးသာဖြစ်၍နေလေသည်။

ထို့ကြောင့် မောင်ကြီးက -

"ဟာ ဟေ့ကောင်၊ ဒီကျောက်ဟာ ငါထုပ်ထားတဲ့ကျောက်ဟ"

"အေးဟာ၊ ဒီကျောက်က ဆန်းလိုက်တာ။ ရေထဲပြန်ပြီးခုန်ဆင်းသွားတာပဲ။ တန်ခိုးရှိတဲ့ကျောက်ပဲကွ။ ဒီလိုလုပ် ဟေ့ကောင်။ အဲဒီကျောက်ကို မင်းပါးစပ်ထဲငုံထားလိုက်။ ပါးစပ်ထဲကနေပြီးတော့ ဒီကျောက်ထွက်ပြေးနိုင်ပုံမပေါ်ဘူး။ ကဲ - ငါတို့ဒီနေ့အဖို့ လွှသိမ်းပြီးပြန်ရအောင်။ အိမ်ရောက်မှ ကိုမှုအွမ်နဲ့ တိုင်ပင်ရအောင် ဟုတ်လား"

"အေးကွာ၊ ဒါလည်းကောင်းတာပဲ။ နောက်နေ့မှ ပျဉ်ဆက်ခွဲကြတာပေါ့"

ဟု တိုင်ပင်ကာ လွှနှင့်ပါလာသော ပစ္စည်းများထမ်းကာ ပြန်ခဲ့ကြတော့၏။ ပတ္တမြားရလာသော လွှထမ်းနှစ်ဦးမှာမူ ပျော်ရွှင်၍နေကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

❑ ပတ္တမြားအစစ်

"ဒါဟာ ကျောက်ကောင်းတစ်ပွင့် ပါပဲ ကိုချစ်ဦး"

ကိုမုအွမ်သည် ကျောက်ကိုထား ခဲ့၍ နေရောတွင်းကြည့်ရှုစစ်ဆေးနေ၏။ သူတွင်ရှိသော ကျောက်တို့ထက်ပင် သာလွန်၍လှပကောင်းမွန်သောကျောက် ဖြစ်၍နေ၏။ ကျောက်၏ဆန်းကြယ်ပုံကို ပြောပြထား၍သိပြီးဖြစ်ရာ ဤကျောက် သည် သာမန်ကျောက်မဟုတ်ဘဲ အိမ်သို့ မပြန်ပြန်အောင် အစွမ်းပြလိုက်သော ကျောက်ဖြစ်မှန်းသိလိုက်၏။ ကျောက် မှာ (၈) ရတီအပြည့်ရှိသည်။

ဤကျောက်သည်လည်း ကျောက် စစ်ကျောက်ကောင်းဖြစ်ရာ ပြကျောက် တွင်ပါဝင်ကြောင်း နှစ်ကြိမ်တိုင်ပြသော ကျောက်ဖြစ်သဖြင့် ယခုသော် မိမိလက် ဝယ်ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပြီဖြစ် ၍ မိမိနှင့်ထိုက်သောကျောက်ဟူသည် ကို ကိုမုအွမ် သိပြီးဖြစ်သည်။

"ကျွန်တော်၊ အခုကျောက်ကုန် သည်ဆိုတော့ ကျောက်စုံဝယ်ပါတယ်။ အဲဒါ ကိုချစ်ဦးတို့ စေးဘယ်လောက် ခေါ်မှာလဲ"

"အိုဗျာ၊ ကျွပ်တို့က ခုမှကျောက် မြင်ဖူးတာ ဘယ်လိုလုပ်ပြီး စေးခေါ် တတ်မှာလဲ။ ကျွပ်တို့လည်း မနစ်နာ အောင်၊ ကိုမုအွမ်လည်းမနစ်နာအောင် ကြည့်ပေးပေါ့ဗျာ"

"ဒါဆို ဒီလိုလုပ်ပါ။ ကျွန်တော် ဒီကျောက်ကို ငါးထောင်ပေးမယ်။ ငါး ထောင်ဆိုတာ မနည်းပါဘူး။ အခု ရွှေ စေးက အပျက်ရွှေ (၁၈၀) ကျပ်ရှိပြီး အခေါက်ရွှေက (၂၀၀) ကျပ်ဆိုတော့ ရွှေအစိတ်သားရမှာပါ"

"ကဲပျာ - ကိုမုအွမ်၊ ကျွန်တော် တို့က ဘာမှသိကြတာမဟုတ်တော့ တစ်ထောင်တိုးပေးလိုက်ပါ။ (၆၀၀၀) ပေါ့။ ဒါဆို ကျွပ်တို့တစ်ယောက်ကို ရွှေ (၁၅) ကျပ်သားစီရမယ်"

"ကောင်းပြီလေ၊ ကျွန်တော် ခြောက်ထောင်နဲ့ယူလိုက်မယ်။ ဒါပေ မယ့် ကျွန်တော့်အိမ်အတွက် ပျဉ်တွေ တော့ ပြီးအောင်တိုက်ပေးပါ။ ပိုက်ဆံ အခုချေရမှာလား"

"မချေပါနဲ့။ ကျွပ်တို့လွှဲလိုက်ပြီးမှ အားလုံးစုပေါင်းပြီးရှင်းပေးပါ။ လွှဲဆွဲလို့ ပြီးသွားခဲ့ရင် ကျွပ်တို့ရွာခဏပြန်မယ်။ အိမ်ဆောက်ဖို့ လက်သမားတွေခေါ်ခဲ့ရ ဦးမယ်လေ။ အဆင်သင့်ရင် လက်သမား ပြန်ဝင်ကြဦးမှာပါ"

"အသုံးလိုရင်ပြောနော် အားမနာ နဲ့"

ဟု ပြောသော်လည်း ထုတ်မသုံး ရက်ကြပါ။ အခေါက်ရွှေ (၁၅) ကျပ်သား မဆိုထားဘိ။ မိမိတို့၏ဇနီးများအား ရွှေ တစ်မူးသားပင် ဝယ်ပေးနိုင်ဖို့လွယ်ကူ သည်မဟုတ်ချေ။ ယခုသော်မူ မိမိတို့၏ ဇနီးနှင့်ကလေးများအား ရွှေများဆင်ပေး နိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် ပျော်သောအားဖြင့် လီရှောအရက် တစ်ယောက်လျှင် တစ်ကျပ်ဖိုးသောက် ကာ ကြည်နူးကြလေ၏။

သူတို့ကြည်နူးသကဲ့သို့ပင် ကိုမုအွမ် လည်း အရမ်းကြည်နူးနေတော့၏။ ကံက ပေးလာသောအခါ ပတ္တမြားအစစ်သည် မိမိလက်ဝယ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့တော့၏။ မိမိဝယ်လိုက်ရသော ကျောက်တန်ဖိုးမှာ ကျောက်၏ ပွဲခမျှပင် မရှိချေ။ အလကားရလိုက်သကဲ့သို့ရှိ ချေ၏။ ရတနာဟူသည် ထိုက်သူထံ သွားစမြဲသာ ဖြစ်ပါသည်။

❑ အထင်နှင့်အမြင်

ခြောက်ထောင် ဟူသောငွေသည် ကိုချစ်ဦးနှင့် ကိုမောင်ကြီးတို့အား လောဘစိတ်ကိုဆွပေးသကဲ့သို့ရှိချေ၏။ သို့ကြောင့် နားနေခိုန်တို့တွင် စမ်းချောင်း လေးထဲရှိ သဲများအား ပက်တင်၍ ကျောက်ရှာလေ့ရှိကြသည်။

သို့သော် ကျောက်နီမှုန်မှုန်မွှား မွှားများနှင့် ကျောက်ပြာအသင့်အတင့် အရွယ်တို့ကို တွေ့ရလေ၏။ ထိုကျောက် တို့ကိုလည်း ကိုမုအွမ်သို့သာ ရောင်းပေး ပါ၏။ နီလာတို့မှာ အထိုက်အလျောက် အရည်အသားတို့ရှိကြသည်။

တောင်တန်းဒေသ အမြဲစိမ်းသစ် တောတို့တွင် လှည့်လည်လှတိုက်ခဲ့သော ကိုချစ်ဦးနှင့် ကိုမောင်ကြီးတို့သည် ပတ္တ မြားမြေလောက် ပိုက်ဆံအရလွယ်သော ဒေသ ဟူသည် မကြုံခဲ့စဖူးပေ။ ဘဝ တစ်ခုလုံး ပင်ပန်းကြီးစွာ ရှာဖွေခဲ့ရသော သူတို့သည် ရသမျှကိုကျစ်ကျစ်ပါအောင် စုကြလေ၏။

သို့နှင့်ပင် အိမ်တစ်လုံးစာ ပျဉ်တို့ တိုက်၍ပြီးခဲ့၏။ အိမ်ဆောက်ရန် လက် သမားများခေါ်ပေးမည်ဟု တာဝန်ယူ ထားသော ကိုချစ်ဦးနှင့်ကိုမောင်ကြီးတို့ သည် မုံရွာနယ်ရှိ သူတို့ဒေသသို့ ပျော် ရွှင်စွာ ပြန်သွားကြလေ၏။

(၁၅) ရက်မျှအကြာတွင် ကိုချစ်ဦး နှင့် ကိုမောင်ကြီးတို့သည် လက်သမား များခေါ်ကာ ပြန်ရောက်လာကြလေ၏။ အိမ်ဟောင်းလေးဖျက်ကာ အိမ်သစ်ကြီး ဆောက်ကြပါသည်။ ကိုချစ်ဦးတို့လည်း နောက်လိုက်တပည့်အဖြစ် ဝင်၍လုပ်ကြ ပါသည်။

သွပ်မိုးနှစ်ထပ်အိမ်ကြီးမှာ အထက် တွင် ပျဉ်ထောင်၍ အောက်တွင်နံကပ် တိုက်ခံကာဆောက်ပါသည်။ ရွာတွင် အကောင်းဆုံးအိမ်ဖြစ်ခဲ့ပြီး ကိုမုအွမ် လည်း ကျောက်ကုန်သည်ဘဝသို့ ကူးပြောင်းနေခဲ့ပြီ ဖြစ်သည်။

အိမ်ပြီးသော် မိုးဦးပင်ကျခဲ့ပြီဖြစ် ရာ ကိုချစ်ဦးနှင့် ကိုမောင်ကြီးတို့သည် မိမိတို့ကျောက်များရခဲ့ရာ လွှစင်နေရာ ဝန်းကျင်၌ တွင်းလုပ်ရန် ဆန္ဒရှိသဖြင့် လီဆူကျင်းဆရာတစ်ဦးကို ဦးဆောင်စေ ကာ မျှော်တိုက်ပါသည်။ ထိုဝန်းကျင် အား လွှစင်လျှိုဟူ၍ အမည်တွင်ပါ သည်။ ပေါလဲမှာ ကိုမုအွမ်ဖြစ်ရာ ကိုချစ်ဦးတို့မှာ တွင်းသားများဖြစ်ကြပါ သည်။

ထိုလွှစင်လျှိုအား အောက်ခြေမှ စ၍ မျှော်တိုက်တက်ရာ မိုးရာသီသာ ကုန်သွားသည် ကျောက်မှန်ကျောက်မွှား များမှလွဲ၍ ကျောက်ကောင်းဟူ၍ တစ်ပွင့်ပင်မရတော့ပေ။ အထင်နှင့် အမြင် တက်တက်စင်လွဲသွားခဲ့ကြတော့ ၏။

ထို့အခါကျမှ ပတ္တမြားဟူသည် ကံထိုက်မှရကြောင်းကို လွှဆရာနှစ်ဦး သဘောပေါက်သွားကြရလေ၏။ ရတနာ ထိုက်စဉ်က မြင်အောင်ပြသောပြကျောက် ကို ထိုက်ထိုက်တန်တန် ရခဲ့ဖူးလေ၏။ နောက်နောင်လည်း ထိုသို့လွယ်လွယ်ရ မည်ထင်ခဲ့၏။ လက်တွေ့လုပ်ကြည့်မှ ပတ္တမြားတို့၏ ဆန်းကြယ်ပုံကို လွှဆရာ တို့ သဘောပေါက်ရပါတော့သည်။

တစ်မိုးမျှလုပ်ကြည့်ပြီး လွှဆရာ များဖြစ်ကြသည့် ကိုချစ်ဦးနှင့် ကိုအောင် ကြီးတို့သည် ရွာသို့ပြန်ကုန်ကြတော့၏။ မိုးကုတ်ပတ္တမြားမြေ ကျောက်ဆင်ရွာ လေးသို့ တစ်ခါမှပြန်မလာတော့ပေ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

(ပြောင်ခေါင်းဒေသ အင်းချောင်း ရွာ ဦးကျင်ချောက် (ကွယ်လွန်) အကြီး သည်တို့ကို ပြန်လည် မှတ်တမ်းတင်ပေး သည်)

www.burmeseclassic.com

www.burmeseclassic.com

မနုင်းဆိုး

(ရေပြည်တော်)

အဝတ်နီမျက်နာစည်းပေဒင်ဆရာ

လွန်ခဲ့သော (၁၀) နှစ်ခန့်က ၂၀၀၅ ခုနှစ်၊ မေလဆန်းမှာ သားငယ်ကို ကလောမြို့ ဆေးဝက်ပါကျောင်းမှာ ရှင်ပြုခဲ့ပါတယ်။ ကလောမြို့ဟာ စာရေးသူတို့ဇာတိမဟုတ်။ တူမဖြစ်သူ မီးရထားရုံပိုင်ကတော်မနွယ်က ရှမ်းလိုင်းမှာတာဝန်ကျနေသော ခင်ပွန်းသည်၏ နောက် (၁)နှစ်ဘူတာ၊ (၂)နှစ်ဘူတာ စသဖြင့်ပြောင်းရွှေ့နေရသောကာလဖြစ်ပြီး မနွယ်ဟာ အဲဒီနှစ်က သူမခင်ပွန်း နောက်မလိုက်ဘဲ သားသမီးများပညာရေးအတွက် ကလောမြို့ရပ်ကွက် (၃) ထဲအခြေချပြီး အရောင်းအဝယ်အလုပ်နဲ့နေထိုင်ခဲ့ပါတယ်။ ထိုနှစ် နွေရာသီမှာ စာရေးသူရဲ့ မိခင်ကြီးက သမီးဖြစ်သူ (စာရေးသူ၏အစ်မကြီး) နဲ့ မြေးများ၊ မြစ်များရှိရာ ကလောကို သွားရောက်နေထိုင်တဲ့ကာလဖြစ်လို့ နှစ်ဖက်မိဘများထဲမှ တစ်ဦးတည်းကျန်ရှိနေတဲ့ မိခင်ကြီးရှိရာ ကလောမှာပဲ (ရပ်ကွက် လူကြီးဦးကြည်ဝင်းနဲ့ရပ်ကွက်သာမှုနာမှုအသင်းတို့ရဲ့လက်ကို၊ ကုန်ကျငွေအပ်ပြီး) သားငယ်ကို ရှင်ပြုပေးလိုက်ပါတယ်။

ရှင်မပြုခင်တုန်းကတော့ ခင်ပွန်းသည်ဘက်၊ ကိုယ့်ဘက် ဘယ်အရပ်မှာ ရှင်ပြုမယ်လို့မရည်ရွယ်ဘဲနဲ့ စာရေးသူရဲ့ စိတ်ထဲမှာဖြစ်နေတဲ့ ဆုတောင်းနေတဲ့ အရာကဘာလဲဆိုတော့ -

'တပည့်တော်တို့၏ သားကလေးကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ထံတွင် ရှင်ပြုပေးရပါလို၏'

ဟုသာ ဆုတောင်းနေမိပါတယ်။ မရည်ရွယ်ဘဲနဲ့ အမေ့ကိုငဲ့ပြီး ကလောမှာရှင်ပြုဖြစ်သွားတာက စာရေးသူရဲ့ ဆုတောင်းပြည့်တယ်လို့ပဲ ယူဆပါတယ်။

စာရေးသူတို့မိသားစု ကလောကို မီးရထားနဲ့တက်လာတော့ လမ်းဘေးတောတောင်ချောက်ကမ်းပါးတွေကို ရထားပေါ်ကနေပြီး ကြည့်နေရင်းက စာရေးသူရဲ့စိတ်ထဲမှာ အတွေးတစ်ခုဝင်လာပါတယ်။ ဒီတောဒီတောင်တွေမှာ မကျွတ်မလွတ်သော ပုဂ္ဂိုလ်တွေရှိနေပါက အစာအာဟာရကိုဘယ်လိုများရနိုင်ကြမလဲမသိဘူးလို့ တွေးမိပါတယ်။ ဘဝဘဝက ဆွေတွေမျိုးတွေရှိနေလို့များ ဒီလိုတွေးမိခဲ့သလား မသိပါဘူး။

သားငယ်ကိုရှင်ပြုတော့ ဆံချတဲ့ညနေပိုင်းမှာ ဓာတ်ပုံဆရာက ဆံချတဲ့နေရာကဘယ်နေရာလဲလို့ ကျောင်းမှာတွေ့တဲ့ ပအိုင်၀်၊ ပလောင်ကိုရင်လေးတွေကိုမေးတော့ ကိုရင်လေးတွေက ဆန်အိတ်တွေချတဲ့နေရာကိုလိုက်ပို့လို့ ရယ်စရာဖြစ်နေကြတာပေါ့။

ကျောင်းထိုင်ကိုယ်တော်က မွန်တိုင်းရင်းသားလို့ပြောပါတယ်။ ကျောင်းထိုင်ရော ခန်းနေဦးပဉ္စင်း(၂)ပါးစလုံးက အေးဆေးတည်ငြိမ်ပြီး ကြည်ညိုစရာကောင်းကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆဲချပြီးတဲ့ညနေပိုင်းမှာ ဆေးဝက်ဘာကျောင်းဝိုင်းထဲမှာရှိနေတဲ့ ကုန်းမြင့်ကလေးပေါ်က ဘုရားစေတီကလေးကို တက်ဖူးကြပြီး အရှေ့ဘက်ကမိုးနေတဲ့ မှိုင်းလုံးတောင်မှိုင်းပြာပြာကြီးကို လွမ်းမောဖွယ်တွေ့ရပါတယ်။ စာရေးသူရဲ့ အတွေးထဲ စိတ်ကူးထဲမှာပေါ်လာတဲ့ အတိုင်း အဲဒီစေတီကလေးမှာ ဘုရားရှိခိုးပြီးတော့ -

"ဤတော ဤတောင်များတွင်ရှိကြကုန်သော မြင်အပ် မမြင်အပ်သော သုခီတာဒုက္ခီတဝေနေယျသတ္တဝါအပေါင်းတို့အား မနက်ဖြန်နံနက်တွင် တပည့်တော်မတို့၏အလျှူကို တရားနာလာရန် ဖိတ်ကြားပါသည်။ ဤကျောင်းစောင့်နတ်၊ ကျောင်းဝင်းစောင့်နတ်တို့နှင့် နယ်တော်ရှင်ပယ်တော်ရှင်အပေါင်းတို့အား ကြိုတင်၍ တောင်းပန်ပါသည်။ တပည့်တော်ဖိတ်ကြားထားသောဧည့်သည်များအား ဤကျောင်းဝင်းအတွင်း တရားနာလာရန် ခွင့်ပြုတော်မူပါ"

ဟု တောင်းပန်ခဲ့၊ ဖိတ်ကြားခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် စာရေးသူရဲ့စေတနာက ရင်ကြပါစေ အမျှဝေကြ၏ဆိုတဲ့ ဘုရားရှိခိုးစာသားထဲကလိုပါပဲ။ အမျှရစေချင်တဲ့စေတနာကြောင့် အိမ်မှာ ဘုရားရှိခိုးရင် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးရဲ့ နည်းအတိုင်း တရားနာဖိတ်တဲ့အခါ-

"နတ်ကောင်းနတ်မြတ်တွေနဲ့ ဝိဇ္ဇာဇော်ဂျီ၊ တပသီ၊ နဂါး၊ ဂဠုန်၊ ဂုဏ်၊ ကုမ္ဘဏ်ယက္ခအစရှိသော ဥပါသကာဥပါသိကာ အပေါင်းတို့နှင့်တကွ အပါယ်လေးပါး သတ္တဝါအပေါင်းတို့အား တရားနာလာရန် ဖိတ်ခေါ်ပါကုန်၏"

လို့ဆိုပြီး တရားနာဖိတ်ပြီး နံနက်တိုင်း ဘုရားရှိခိုးမေတ္တာပို့ပါတယ်။

ပြီးတော့ ဘဝသစ်၊ ဘဝဟောင်းမှ အမိအဖ၊ ဆရာသမားများနဲ့ ဆွေမျိုးညာတကာဆရာသမားတို့နှင့် မကျွတ်မလွတ်သောပုဂ္ဂိုလ်တို့အား အမျှဝေပေးပါတယ်။ အဲဒါမှ တစ်နေ့တာအတွက် တာဝန်ကျေတယ်လို့ထင်ပါတယ်။

နောက်တစ်နေ့မှာ အလှူက နံနက် (၈)နာရီကျမှ စကြရတာပါ။ မြေပြန့်မှာဆိုရင် နံနက်အစောကတည်းက စပြီးကျွေးမွေးဧည့်ခံကြတာပါ။ ဒီမှာကရာသီဥတုအေးတော့ (၈)နာရီနေထွက်မှ အလှူကစတာပါ။ ဒါပေမယ့် နံနက်အစောကတည်းက ခပ်လှမ်းလှမ်းကရှမ်း အိုးစည်သံကို ကြားနေရပါတယ်။ အဲဒါနဲ့ စာရေးသူလည်း အစ်မကြီးကို-

"ဘာပွဲရှိလို့ ဒီအသံတွေကြားနေရတာလဲ"

လို့မေးတော့ -

"ဘာပွဲမှရှိတယ်လို့ မကြားမိပါဘူး။ တစ်ခါတလေ ရူပါဝမ်းမိုတယ် ဘက်က ညဘက်တွေမှာကြားရတတ်တယ်"

လို့ ပြောပါတယ်။ နံနက်ပိုင်းတွေမှာကြားရခဲ့တယ်လို့ ပြောပြပါတယ်။

အလှူနေ့က အစ်မကြီးတို့ ရပ်ကွက်(၃)က ဧည့်သည်တွေရယ်၊ မီးရထားဝန်ထမ်းတွေရယ်နဲ့ဆိုတော့ ဧည့်သည်က အလွန်မများလှပါ။ ဒါပေမယ့် တရားနာပြီးလို့ အမျှဝေတဲ့အခါမှာ စာရေးသူ ပီတိဖြစ်ခဲ့ရပါတယ်။ ဘာလို့လဲဆိုတော့ သာဓုခေါ်သံက ရှိတဲ့ပရိသတ်ရဲ့အသံထက်များနေတာကိုကြားရတော့ စာရေးသူဖိတ်ထားတဲ့ ပရိသတ်က တကယ်လာကြတာပေါ့ဆိုပြီး ပီတိဖြစ်မိပါတယ်။ ဒါဆိုရင် မနက်အစောကကြားရတဲ့ ရှမ်းအိုးစည်သံတွေကရော အလှူကိုလာတဲ့ ပုဂ္ဂိုလ်တွေများဖြစ်နေမလားလို့တွေးနေမိပါတယ်။ ကလောမြို့ ရပ်ကွက်(၃)က ရပ်ကွက်လူကြီးဦးကြည်ဝင်းနဲ့ ရပ်ကွက် (၃) လူမှုရေးအသင်းတို့ရဲ့ကူညီမှုတို့ကြောင့် အစစဆင်ပြေစွာနဲ့ အလှူပြီးမြောက်ခဲ့ပါတယ်။ အဲဒီအဖွဲ့ကိုလည်း သတိရတိုင်း ကျေးဇူးတင်နေမိပါတယ်။

အဲဒီနောက် အလှူပြီး(၂)လနီးပါးကြာတော့ စာရေးသူ ပျဉ်းနားကို စွေးဝယ်သွားရင်း ရိုးမဘက်ရွေ့ ရှမ်းကန်ဘေးက သစ်ပင်ရိပ်အောက်မှာ လူတွေစုစုရုံးရုံးနဲ့တွေ့လို့ ခဏဝင်ပြီးလေ့လာကြည့်ပါတယ်။ ဘာတွေ့ရသလဲဆိုတော့ မျက်နှာကို အဝတ်အစိန်စည်းပြီး ဗေဒင်ဟောနေတဲ့ပုဂ္ဂိုလ်ကိုတွေ့ရတယ်။

ဘေးက သူ့တပည့်ကမေးပေးပါတယ်။ စာအုပ်တွေထဲမှာဖတ်ဖူးခဲ့တာက အလံရွှေတွေရှိတတ်တယ်ဆိုတော့ ပြောရရင် သိပ်မယုံပါဘူး။ ဗဟုသုတအနေနဲ့ လေ့လာတဲ့သဘောပါပဲ။ ဒါပေမယ့် စာရေးသူဝင်သွားပြီး ရပ်ကြည့်နေတဲ့အခါမှာ အဲဒီလူရဲ့နောက်ဘက်က ဟိန္ဒူအမျိုးသမီးတစ်ဦးဝင်လာပါတယ်။ အဲဒီလူရဲ့ တပည့်ဖြစ်သူ ကောင်ကလေးက အခု ကျောဘက်ကဝင်လာတာ ဘယ်သူပဲ လို့မေးတော့ အဝတ်အစိန်စည်းထားတဲ့လူက-

"အိန္ဒိယနွယ်ဖွား အမျိုးသမီးကွာ။ ကိုယ်ဝန်ကြီးနဲ့ ဘာလေးမွေးမှာလဲပြောလိုက်ရမလား"

လို့ ပြောပါတယ်။ အဲဒါလည်း သူတို့လူဖြစ်နိုင်တာပဲ။ ဒါပေမယ့် ရေဆင်းက စာရေးသူသိနေတဲ့ ကောင်လေးရဲ့ အကြီးအရောင်နဲ့ဦးထုပ်အရောင်၊ တံဆိပ်တို့ကိုလည်း အကုန်မှန်အောင်ပြောနိုင်တော့စာရေးသူအံ့သြမိပါတယ်။ ဝင်လာသမျှလူတော်တော်များများကိုမှန်အောင်ပြောနိုင်ပါတယ်။ လူတစ်ယောက်ကို အဲဒီတုန်းက ငွေ (၂၀၀) ကျပ်ပေးရပါတယ်။ မေးချင်တဲ့လူက ပိုက်ဆံ (၂၀၀) ကျပ်ကို သွားထပ်ထားရပါတယ်။ ပြီးမှ အလှည့်ကျဟောပေးပါတယ်။ အများကြီးတော့ မဟောပါဘူး။

စာရေးသူရဲ့အလှည့်ရောက်တော့ အဝတ်အနီစည်းထားတဲ့ပုဂ္ဂိုလ်က ဘာပြောသလဲဆိုတော့ -

"ဒီပုဂ္ဂိုလ်က (၄၅) ရက်အတွင်း အလှူကြီးလှူခဲ့ပြီးပြီ"

လို့ ပြောပါတယ်။ အဓိကသိချင်တာက စာရေးသူ ဗေဒင်ဟောတတ်တာနဲ့ပတ်သက်ပြီး ဘာပြောမလဲလို့ သိချင်တာပါ။

စာရေးသူက ဘာမှမမေးခင် သူက -

"ဒီပုဂ္ဂိုလ်က သာမန်ပုဂ္ဂိုလ်မဟုတ်ပါဘူး။ သာသနာပြုရမယ့်ပုဂ္ဂိုလ်ပါ။ သာသနာပြုဖို့ အချိန်တန်ပါပြီ။ သာသနာပြုပါတော့"

လို့ ပြောပါတယ်။ အဲဒီလိုဟောလိုက်တဲ့အတွက် ကိုယ့်ကိုမြှောက်ဟောသလိုမျိုးဆိုတာ မှန်တာ၊ မမှန်တာအပထား။ ပုထုဇဉ်ပီပီ သဘောကျမိပါတယ်။ ဒါပေမယ့်လည်း တခြားအကြောင်းအရာတွေကို ဟောတာတွေလည်း တော်တော်တိုက်ဆိုင်ပါတယ်။ ပိုတိုက်ဆိုင်တာက -

"ဒီပုဂ္ဂိုလ်က (၄၅) ရက်အတွင်း အလှူကြီးလှူခဲ့ပြီးပြီ"

လို့ပြောတဲ့စကားကပိုမှန်ပါတယ်။ စာဖတ်သူတွေက သိချင်ပါလိမ့်မယ်၊ ဘယ်လောက်ကြီးလဲအလှူလဲလို့။

စာရေးသူက ဖြေပေးပို့မယ်။ လွန်ရောပေါ့၊ လူ (၁၅၀) အပြင် မပို့ပါဘူး။ စာရေးသူတို့က ဧည့်သည်အလှူဆိုတော့ တူမလင်မယားရဲ့ အဝန်းအဝိုင်းဖြစ်ဘဲ မီးရထားဘူတာကအဖွဲ့ရယ်၊ သူ့ရပ်ကွက်ထဲက ရင်းနှီးတဲ့လူတစ်ဦးရယ် အလှူရဲ့ ပရိသတ်က ဒီလောက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွန်ဆေး)
ယားယံအဖုအပိမ့်များအသုံးတည့်သည့် နွားမြက်ရင်းမြစ်

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူခဲ့သည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သည် စာရေးသူနှင့် အစ်မကြီးတစ်ဦးကဲ့သို့ ခင်မင်ရင်နှီးရသူ ဖြစ်ပါသည်။ ယခု ရေးသားတင်ပြမည့် ဆေးမြီးတိုမှာ ဆရာမကြီးကိုယ်တိုင် ခံစားပျောက်ကင်းခဲ့ရသော လက်တွေ့ဆေးနည်းကောင်းတစ်ခု ဖြစ်ပါသည်။

ဆရာမကြီးငယ်ရွယ်စဉ် ဘက်ရဲအ-ထ-ကတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အဒေါ်တစ်ဦးထံနေခဲ့ရသည်။ အဒေါ်၏ အိမ်နောက်ဘက်တွင် ပန်းခြံးခြောင်း၊ အရှေ့ဘက်လမ်းကျော်လျှင် ကျောင်းရှိသည်။ နွေရာသီအခါကာလတွင် ခြောင်းအတွင်း သဲတွင်းရေဖြင့် ရေချိုးရသည်။ သဲတွင်းရေမချိုးချင်လျှင် ကျောင်းဝင်းထဲမှာရှိသည့်တွင်းမှာ ရေချိုးကြရသည်။

ကျောင်းပြန်နောက်ကျသည့်တစ်ရက်တွင် မှောင်စပျိုးချိန်ရောက်မှ ရေချိုးဖြစ်သည်။ မှောင်နေသည့်အတွက် ခြောင်းအတွင်း မဆင်းလို၍ ကျောင်းဝင်းထဲကတွင်းမှာ ရေချိုးဖြစ်သည်။ အဖော်ဆရာမတစ်ဦးနှင့် အောက်ခြေမှာ အနည်းငယ်မျှသာရှိသော ရေကို အခေါက်အခေါက်အခါခါ ခပ်ယူကြရသည်။ တွင်းရေဖြင့် ရေချိုးရသည်မို့ သဲတွင်းရေချိုးသလို အိမ်မှာရေသန့်ဖြင့် ထပ်မံမချိုးဖြစ်တော့။

ကိုယ်လက်သုတ်သင်ကာ အဝတ်အစားလဲလှယ်ပြီးချိန်တွင် လက်၊ မေးစေ့၊ ခါး၊ နားရွက်တို့ အနှံ့မနေနိုင်အောင် ယားယံလာသည်။ ဟိုကုတ်သည်ကုတ် နှင့် တစ်ညလုံးမအိပ်နိုင်အောင် ခံစားရသည်။ နံနက်ပိုင်းတွင် အသိမိတ်ဆွေများက စစ်ဆေးကြည့်ရှုပြီး ယားယံခြင်းမှာ တွင်းရေမှာပါလာသည့် ခရုယားများကြောင့်ဟု ပြောကြသည်။ အတူနေဆရာမတစ်ဦးက နှင်းခူကြောင့် ယားယံတာမို့ ခါးကိုပတ်မိသွားလျှင် သေနိုင်သည်ဟု ပြောဆိုကာ အန်းအနားမှာရှိသည့် ရွှေဝန်းထိမ်မှ ရွှေစားငရဲမီး (အပျော့) ကိုယူလာပေးသည်။ ဇာဂနာတွင် ဂွမ်းစည်ပတ်၍ ငရဲမီးနှင့်ထိရုံမျှဆွတ်ကာ လက်ဖျံတစ်လျှောက် ပါးပါးလေး သုတ်လိမ်းပေးသည်။ ငရဲမီးအပျော့လိမ်းပေးပြီးနှင့် လက်နှစ်ဖက်စလုံးမှာ မခံမရပ်နိုင်အောင် ပူလောင်လာသည်။ ပူလွန်း၍ အနားမှာရှိသည့် ရေပုံးထဲသို့ လက်နှစ်ဖက်စလုံး နှစ်ထားရသည်။ အပူသက်သာသည့်အခါ ရေပုံးထဲမှ လက်ကိုပြန်နုတ်ပြီး အဝတ်သန့်သန့်နှင့် ခပ်ဖွဖွလေးသုတ်ပေးသည်။ မကြာမီ လက်နှစ်ဖက်စလုံးတွင် အဖုအပိမ့်များထွက်လာကာ ပေါက်ပြကုန်၏။ အဖုအပိမ့်များပေါက်ပြသည်နှင့် အသားနီလန်ကာ အနာချိုင့်များဖြစ်ပေါ်လာသည်။ ဆေးခန်းသွားပြသည့်အခါ ဆေးမျူးက ဆေးပြာလိမ်းပေးသည်မို့ ယားယံခြင်းများ၊ နာကျင်ခြင်းများ လျော့ပါးသွားခဲ့သည်။

လက်တစ်ဖက်ကို ကြိုးသိုင်းထားလျက်နှင့် ကလေးများကို စာသင်ပေးရသည်။ ဆရာမကြီး၏အဖြစ်ကို ကြားသိမြင်တွေ့နေရသော ကျောင်းသားကျောင်းသူများထဲမှ အုတ်ရှစ်တောင်တာကြီးတန်းမှာနေသည့် တပည့်ဖြစ်သူ မောင်သောင်းတန်က ဆေးမြစ်တစ်ခု ယူလာပေးပါသည်။ မောင်သောင်းတန်၏အဘိုးမှာ မြန်မာတိုင်းရင်းဆေးဆရာကြီး ဦးဖိုးဆိတ်ဖြစ်ပြီး အဘိုးထံမှ တောင်းယူကာ ဆရာမကြီးကိုပေးခြင်းဖြစ်သည်။ ထိုဆေးမြစ်ကိုရေသန့်သန့်ဖြင့် ကျောက်ဖျဉ်မှာသွေးလျက် ဆေးရည်ကို လက်နှစ်ဖက်စလုံး လိမ်းကျံပေးရသည်။ ဆေးမြစ်သွေးလိမ်းပြီးသည်နှင့် အေးမြသည့် ခံစားမှုကိုရရှိခဲ့သည်။ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် လိမ်းမိသည်နှင့် အသားအရေအေးမြလျက် သိသာထူးခြားစွာ ပျောက်ကင်းသက်သာလာခဲ့သည်။ ရက်သတ္တနှစ်ပတ်ခန့်လိမ်းပေးပြီး နောက်ပိုင်း အဖုအပိမ့်များ၊ အနာချိုင့်များ၊ အမာရွတ်များ ကင်းစင်ပျောက်ကင်းခဲ့ရသည်။

ဆရာမကြီးက ဆေးမြစ်၏အစွမ်းအာနိသင်ထိရောက်မှုကို အားရကျေနပ်စိတ်ဝင်စားသည့်အလျောက် တပည့်ဖြစ်သူမှ တစ်ဆင့်လည်းကောင်း၊ ဆရာမကြီးကိုယ်တိုင်လည်းကောင်း၊ ဦးဖိုးဆိတ်အား ဆေးမြစ်အမည်ကိုမေးခဲ့ရာ ပြောမပြခဲ့ပါ။ နောင် ဦးဖိုးဆိတ်နှင့် ရင်းနှီးခင်မင်သည့်အခါမှသာ ဆေးမြစ်အမည်ကို ပြောပြပါသည်။

ယားယံအဖုအပိမ့်အနာရွတ်များ ပျောက်ကင်းလိုလျှင် နွားမြက်ရင်းအမြစ်ကိုသာသွေးလိမ်းပါ။ မြန်မာပရဆေးဆိုင်များတွင် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်သည်ဟု ဖွင့်ဟပြောကြားခဲ့ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း (လွန်ဆေး)

အလှူကြီးဖြစ်သွားရတဲ့ အကြောင်းက တရားနာပြီးလို့ သာမုခေါ်တဲ့အသံကနဲတဲ့ပရိသတ်ထက် ပိုများနေပါတယ်။ အဲဒီအကြောင်းကို စာရေးသူက ခင်ပွန်းသည်ကိုပြောပြတော့ ခင်ပွန်းသည်က စိတ်ကူးထဲကပရိသတ်က ဖိတ်တဲ့အတိုင်း တကယ်လာခဲ့တယ်ဆိုတော့ မအေကြီးရဲ့ စိတ်ကူးယဉ်အလှူကြီးက တကယ် အောင်မြင်တယ်လို့ပြောရမှာပေါ့လို့ပြောပါတယ်။

ဒါကြောင့် စာရေးသူဖိတ်ထားတဲ့ မြင်အပ်၊ မမြင်အပ်တဲ့ပရိသတ်က တကယ်လာခဲ့တာပဲလို့ တွက်ဆမိတဲ့အတွက် အနီရောင်ပိတ်စမျက်နှာစည်းပြီးဟောတဲ့ပုဂ္ဂိုလ်ရဲ့ ဟောကိန်းက ဒီတစ်ချက်တည်းနဲ့ တော်တော်ကလေးကိုမှန်ပါတယ်။ ပျဉ်းမနားကိုရောက်တဲ့အခါတိုင်း အဝတ်နီမျက်နှာစည်းထားတဲ့ ဗေဒင်ဆရာကို ရှာကြည့်မိပါတယ်။ ဒါပေမယ့် အကြောင်းမတိုက်ဆိုင်လို့လားမသိပါ။ နောက်ထပ်မတွေ့ရ တော့ပါ။

ဤအဖြစ်အပျက်သည် စာရေးသူ၏ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ရေးသားထားခြင်းဖြစ်ပါသည်။

မနှင်းဆီ (နေပြည်တော်)

www.burmeseclassic.com

www.burmeseclassic.com

ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ မေထုန်ရာသီပြောင်း

မန်ဒိန်းဇာတာဟောကိန်း

(၁၅-၆-၂၀၁၆) မှ (၁၅-၇-၂၀၁၆) နေ့အထိ





၁၅-၆-၂၀၁၆ နေ့နံနက် (ဝေးဂုး ၃၂) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် မေထုန်ရာသီခွင်သို့ စတင်ကူးဝင်ချိန်၌ ဥဒယဂ်သည် သာယနဇာတာခွင်မှာ ဥဒယလဂ်သည် မိန်ရာသီ၊ နိယာနဇာတာခွင်တွင် ဥဒယလဂ်သည် ကုံရာသီ၌ ထွက်ပေါ်သည်။ ဤမန်ဒိန်းဇာတာခွင်ကို မေထုန်ရာသီ စူဠသင်္ကြန်ဇာတာခွင်ဟူ၍လည်းခေါ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ (၃) ဒီဂရီအတွင်း ပူးယှဉ်နေကြသော နက်ပကျွန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် ဥဒယလဂ်နှင့် (၆) ဒီဂရီအတွင်း ပူးယှဉ်နေသည်။ ၎င်းနက်ပကျွန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် (၂) ဒီဂရီအတွင်း ပူးယှဉ်နေကြသော ရာဟုဂြိုဟ်၊ ကြာသပတေးဂြိုဟ်တို့နှင့် (၁၈၀) ဒီဂရီဝိသမတ်အမြင်မြင်နေကြသည်အပြီး (၃)ဒီဂရီအတွင်း ပူးယှဉ်နေကြသော တနင်္ဂနွေဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ကို ယူရေးနပ်ဂြိုဟ်က (၆၀) ဒီဂရီအမြင်ဖြင့် မြင်ထားကြသည်။

ထိုယူရေးနပ်ဂြိုဟ်က ပူးယှဉ်နေသော ရာဟုဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ (၁၄၄) ဒီဂရီအမြင်၊ ထိုရာဟုဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ တနင်္ဂနွေဂြိုဟ်နှင့် သောကြာဂြိုဟ်က တနင်္လာဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ တနင်္လာဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်တို့ဖြင့် မြင်ထားကြသည်တို့ကိုတွေ့ရှိရပေသည်။

အဆိုပါတို့ကိုအနှစ်ချုပ်၍ လိုရင်းကို ကောက်ချက်ချရလျှင် ပြည်ပနိုင်ငံများနှင့်ဆက်နွယ်နေသောတိုင်းရင်းသားဆိုင်ရာနှင့်ဆက်နွယ်နေသော အရပ်ဖက်လူအဖွဲ့အစည်းဆိုင်ရာ၊ ပရဟိတဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာတို့နှင့်ဆက်နွယ်နေသော ဒုက္ခသည်များအရေး၊ ရွှေ့ပြောင်းနေထိုင်သူများအရေး၊ ရွှေ့ပြောင်းလုပ်သားများအရေးများတင်းမာလှုပ်ရှားသော အသွင်ကိုဆောင်လာမည်။ ဘာသာရေး၊ အမျိုးသားရေး၊ ဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးတို့နှင့် နီးနွယ်နေလျှင် ပိုမိုပြင်းထန်လာမည်။ ပြည်ပအဖွဲ့အစည်းတချို့နှင့် နိုင်ငံတကာတို့၏ ဖိအားပေးမှုထိုးနှက်မှုများကိုပါခံရတတ်မည်။

စိုက်ပျိုးမြေ၊ သတ္တုတွင်းမြေ၊ ရေကာတာမြေ၊ သစ်တောမြေ၊ အိမ်ရာမြေတို့နှင့်ပတ်သက်နေသောပြဿနာများ အငြင်းပွားမှုများ ပိုမိုရှုပ်ထွေးလာမည်။ အလုပ်သမား၊ လယ်သမားအပါအဝင် အခြေခံလူတန်းစားတို့၏ တောင်းဆိုချက်၊ လိုလားချက်များနှင့်ပတ်သက်သောအရေးဆိုမှုများ ပိုမိုကျယ်လောင်လာမည်။

လက်ရှိအစိုးရအဖွဲ့အဖို့ အောင်မြင်မှုရသလို အခက်အခဲအဟန့်အတားအတိုက်အခိုက်ကို ကြုံရလိမ့်မည်။ အစိုးရအဖွဲ့အား လည်းကောင်း၊ အစိုးရဌာနဆိုင်ရာများကို လည်းကောင်း ပြုပြင်ရာတွင် သဘာဝတမကျမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှု၊ ကဏ္ဍကောစဖြစ်မှုများ ကြုံရလိမ့်မည်။ အထူးသဖြင့် တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ် (မန်းတက္ကသိုလ်)
နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာ တည်သောအခါ၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သောသစ္စာစကားတစ်ခု ဖြစ်ပါ၏။ ဤကမ္ဘာမြေကြီးသည် အလွန်အဖိုးတန်သောရတနာတုံးကြီးဖြစ်ပါပေ၏။ ဤကမ္ဘာမြေကြီးက စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြား စသည့် အဖိုးတန်ရတနာများကိုလည်းထုတ်ပေးပါ၏။ ရေနံ၊ ဓာတ်ငွေ့၊ သောက်ရေ၊ သုံးရေတို့ကိုလည်းထုတ်ပေးနေပါ၏။ ထို့အပြင် သတ္တုအမျိုးမျိုးကိုလည်း ထုတ်ပေးနေပါ၏။

ယင်းကြောင့်လည်း ဤကမ္ဘာမြေကြီးသည် အဖိုးတန်သောရတနာတုံးကြီးဖြစ်ပါ၏။ လူသားတို့၏ အသက်ပေါင်းများစွာကို ကယ်တင်လာခဲ့သော နွယ်မြက်သစ်ပင်တို့ကိုလည်း ဤကမ္ဘာမြေကြီးကပင် ရရှိကြပါ၏။

ဤသို့ဆိုပါလျှင် ကမ္ဘာမြေကြီးသည် လူသားတို့အတွက် ကျေးဇူးရှင်တစ်ဦးဖြစ်ပါ၏။ မြင်သမျှသောနွယ်မြက်သစ်ပင်တို့သည် ဆေးပင်အတိုဿဖြစ်ပါ၏။ ဆေးပင်တို့က လူသားများကို အမြဲတမ်း အခွံန်ရှိတိုင်း ကူညီထောက်ပံ့ရန် ကြိုဆိုလျက်ရှိကြ၏။

ဤနေရာတွင် အလွန်အစွမ်းထက်သော ဆေးတစ်လက်ကို ဖော်ပြပေးပါမည်။ ဆေးအမည်ကတော့ အစာအိမ်ရောဂါဆေးပင် ဖြစ်ပါသည်။ ဤဆေးသည် အစာအိမ်ရောဂါသက်သက်ကိုသာ ပျောက်ကင်းစေသည်သာမက ဒူလာရောဂါ၊ ပါဒရက်ရောဂါ၊ မီးယပ်ရောဂါအမျိုးမျိုး၊ ဌက်ဖျားနှင့် အဖျားအမျိုးမျိုး၊ ခြေအေးလက်အေးရောဂါများ၊ အဆုတ်ရောဂါတို့ကို လက်တွေ့ပျောက်ကင်းနိုင်သော အစွမ်းထက်မြက်သည့်ဆေးတော်တစ်လက်လည်း ဖြစ်ပါသည်။

ရှေးရိုင်းသမားတော်ကြီးများသည် ဤဆေးတော်ကို အမြဲတမ်းဖော်စပ်ကာ ဆောင်ထားကြပါ၏။ အရေးကြုံလျှင်ကြုံသလို ဆေးတော်ကို အသုံးပြုတတ်ကြ၏။ အသုံးပြုသမျှ ရောဂါများပျောက်ကင်းကြသည်သာ ဖြစ်ပါ၏။ လက်တွေ့ဖော်စပ်ပြီး အသုံးပြုနိုင်ပါသည်။

ဤဆေးကိုအသုံးပြုသောအားဖြင့် ဆေးထွက်ဆိုးကျိုးကို မဖြစ်စေနိုင်ပါ။ ရောဂါမှန်သမျှ မိမိဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်၍ အသုံးပြုကြပါရန် မေတ္တာရပ်ခံပါသည်။

ဆေးကိုတွေ့သော်လည်း ဆေးကို အသုံးမပြုတတ်ကြ၍ ရောဂါမပျောက်ဘဲလည်းရှိတတ်ပါ၏။ 'အနာနှင့်ဆေး' သင့်ရာပေး ပျောက်ကင်းရမည်သာဆိုသောဆောင်ပုဒ်ကို အမြဲတမ်း နှလုံးသားထဲဝယ် စွဲမြဲစွာ ကိန်းအောင်းထားဖို့လိုပါလိမ့်မည်။

ဆေးကား -

နန္ဒင်းခါး	လေးကျပ်သား၊
မန်ကျည်းမှည့်အနှစ်	နှစ်ကျပ်သား၊
ပျားရည်စစ်စစ်	သုံးကျပ်သား၊
ထောပတ်	တစ်ကျပ်သား

တို့ဖြစ်ကြ၏။

ပြုလုပ်နည်းမှာ -

နန္ဒင်းခါးဥကို အခြောက်လှန်းပါ။ ခြောက်သွေ့လာသောအခါ အမှုန့်ညက်စွာထောင်းထားပါ။ တစ်ဖန် မန်ကျည်းမှည့်အနှစ်ကို (အစေ့မပါ) အနှစ်သီးသီးဖြစ်ပါ၏။

ဆေးအားလုံးကို ပေါင်းစပ်လိုက်ပါ။ သမအောင်မွှေပေးပါ။ သမသွားပြီဆိုလျှင် လေလုံသောပုလင်း၌ထည့်ပြီး သိမ်းဆည်းထားပါ။ ဆေးတော်ကိုရပါ၏။

ဆေးတော်ကိုအသုံးပြုရန်မှာ -

ဆေးတော်ကို ဆီးစေ့ခန့်တိုက်ပေးပါ။ အချဉ်အလိုက်ချင့်ချိန်ပြီးတိုက်ပေးပါ။ အထက်၌ဖော်ပြခဲ့သော ရောဂါမှန်သမျှ ပျောက်ကင်းပါလိမ့်မည်။ လက်တွေ့ဖြစ်ပါ၏။ ဆေးကို တစ်နေ့ (၃) ကြိမ်တိုက်ပေးနိုင်ပါ၏။

တိုင်းရင်းဆေးပညာကို လေ့လာမှတ်သား အကျိုးများပါလိမ့်မည်။ တိုင်းရင်းသား ဗဟုသုတပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

စစ်မှန်သော
စေတနာမေတ္တာမှန်တို့ဖြင့်

ကျန်းမာချမ်းသာကြပါစေ

မဟာနွယ် (မန်းတက္ကသိုလ်)

သားအရေး၊ ပဋိပက္ခအရေး၊ စီးပွားကူးသန်းအရေး၊ အခွန်ဘဏ္ဍာအရေး၊ ငွေရေးကြေးရေးနှင့် ဘုတ်ဂျက်အရေး၊ အဂတိလိုက်စားသည့်အရေး၊ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေး၊ ပညာရေး၊ ဘာသာရေး၊ အမျိုးသားရေးတို့နှင့် ရောထွေးယှက်တင်ဖြစ်နေလျှင် ပိုမို အခက်ကြုံတတ်မည်။ လွတ်တော်ထဲ၌လည်း အဆိုပါ အရေးကိစ္စတို့နှင့် နှီးနွယ်လျက် အငြင်းပွားရမှုများ၊ သဘောထားကွဲလွဲမှုများရှိမည်။ ထင်ရှားသောပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မကောင်းဖြစ်ရမည်။

ခရီးသွားလာရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာတို့၌ မီးဘေး၊ လက်နက်ဘေး၊ မတော်တဆဘေးများ ကြုံတတ်မည်။ မီဒီယာဆိုင်ရာ၌ အပေးအယူမတည့်မှုများရှိနေဦးမည်။

ရာသီဥတု ပုံမှန်မဟုတ်နိုင်။ စိုက်ပျိုးရေးသမားများ စိတ်ပျက်ရမည်။ လေပြင်းတိုက်ခတ်မည်။ မြေငလျင်လှုပ်မည်။ သတ္တုတွင်းဆိုင်ရာများပြိုပျက်မည်။ လူစည်ကားရာနေရာဌာန၌ သာမန်မဟုတ်သော ဘေးဥပဒ်ကြုံတတ်မည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

အဓိပတိ (အုန်းချော)

အရေးကြုံမှ ယုံကြမ်းလား

ကျွန်ုပ် ယခုရေးသားသော အဖြစ်အပျက်သည် မကြာသေးသောအချိန်ကာလမှသည် ယခုအချိန်ထိကြုံတွေ့နေရသောဖြစ်ရပ်အမှန်အား အုပည်များအနည်းငယ်ပြောင်း၍ ကျွန်ုပ်ကဲ့သို့သော ဗေဒင်ဝါသနာရှင်များအား အထောက်အကူရစေခြင်းငှာ ကျွန်ုပ်၏ အဖြစ်အပျက်များကို မျှဝေခံစားရေးသားရပေသည်။

၁၃၇၆ ခုနှစ်၊ ကဆုန်လ၊ ကြာသပတေးနေ့ နေလယ် (၂) နာရီ၊ မိနစ် (၄၀) ခန့်တွင် ကျွန်ုပ်တို့မိုးနှင်းလိုက်ပါလာသော လိုက်ထရစ်ကားလေးသည် အုန်းချောရွာ အမှတ် (၄) ရပ်ကွက်ရှိ ဦးတင်မှတ်၏တိုက်အိမ်ရှေ့သို့ ဆိုက်ရောက်လာလေသည်။ ကားပေါ်တွင်ပါသောလူများမှာ များများစားစားမဟုတ်ပေ။ ကျွန်ုပ်ရယ်၊ ဦးတင်မှတ်၊ ဦးငွေသန်းနှင့် ဦးရွှေသီးတို့ ဖြစ်ကြလေသည်။ ကျွန်ုပ်သည် ဗေဒင်ဝါသနာပါသည့်အလျောက် ကျွန်ုပ်ကိုယ်တိုင် အခါပေး ရက်ရွှေ့၍ ထိမ်းမြားပေးခဲ့သော ဦးတင်မှတ်၏သား အကြီးဆုံးဖြစ်သည့် မောင်တင်နိုင်ထွန်းနှင့် မမြင့်သန္တာ၏မင်္ဂလာဦးခံပွဲမှ ပြန်လာကြခြင်း ဖြစ်လေသည်။

မင်္ဂလာပွဲကို မမြင့်သန္တာ၏မွေးရပ်ဇာတိဖြစ်သော ကျောက်ဆည်မြို့နယ် သံလွှာအုပ်စုမှ ညွှန့်ပင်ဟူသောရွာတွင် ကျင်းပသောကြောင့် အုန်းချောရွာနှင့် ဆိုလျှင် တစ်နာရီကျော်ကျော် နှစ်နာရီနီးပါးမျှ ကားစီးရလေရာ ဦးတင်မှတ်၏ အိမ်ရှေ့သို့ ကားဆိုက်ရောက်လာသည်နှင့် ကျွန်ုပ်တို့သည် အောက်ဆင်း၍ ခြေဆန့်လက်ဆန့်လုပ်ကာ အညောင်းဖြေကြလေသည်။ ဆိုရလျှင် ကျွန်ုပ်တို့လေးဦးတွင် ကျွန်ုပ်သည် ဗေဒင်ဝါသနာပါသည့်အလျောက် ဗေဒင်နှင့်ပတ်သက်သည့်နေရာများတွင် ဆရာအဖြစ် သတ်မှတ် လက်ခံထားကြလေသည်။ ဦးရွှေသီးသည် အချက်အပြုတ်ကျွမ်းကျင်၍ ဦးငွေသန်းက အတွေ့အကြုံပိုင်းဆိုင်ရာတွင် ရင့်ကျက်သောကြောင့် အကြံပေးဉာဏ်ပေးနှင့် ဦးတင်မှတ်သည် သတို့သား၏ ဖခင်ဖြစ်သောကြောင့် လေးဦးစလုံးသည် မင်္ဂလာပွဲအတွက် အရေးပါသည့်သူများဖြစ်ကြလေသည်။

"ကဲ - စိတ်ရောကိုယ်ပါ တကူးတကနဲ့ လိုက်လံကူညီပေးကြတဲ့ နောင်တော်ကြီးတို့ရော ဟောသည်က ဆရာလေးရော အားလုံးကို ဝမ်းလည်းဝမ်းသာ သလိုကျေးဇူးလည်းတင်ပါတယ်။ အိမ်ထဲဝင်ကြပါဦး။ ရေနွေးသောက် နားပြီးမှ ပြန်ကြပေါ့"

ဟု ဦးတင်မှတ်ကပြောလေရာ -

"မထိုင်တော့ဘူး ဦးမှတ်ရေ့ အိမ်ပြန် ရေမိုးချိုးပြီးမှပဲ နားတော့မယ်ဗျ"

ဟု အားလုံးရဲ့ကိုယ်စား ကျွန်ုပ်က ပြောလေရာ -

"ကျုပ်က ဆရာလေးကိုလည်း မရှင်းတာလေးတွေ မေးချင်သေးတယ်ဗျ"

"ဦးမှတ်သားနဲ့ပတ်သက်ပြီးမေးမှာဆိုရင်ဖြင့် မနက်ဖြန် ဦးငွေသန်းတို့ရဲ့ အိမ်က စကားဝိုင်းမှာဆုံမှမေးလည်းရပါတယ်ဗျာ"

"ဆရာလေးဗိုက်ထဲ ပုဏ္ဏားများပါနေသလားမသိဘူး၊ အကုန်ကြိုသိနေသလိုပဲ။ ကောင်းပါပြီလေ၊ ဒါဆို မနက်ဖြန်မှတွေ့ကြတာပေါ့"

ဟု ဆိုလေရာ ကျွန်ုပ်တို့အသီးသီး နှုတ်ဆက်၍ပြန်ခဲ့ကြလေသည်။

နောက်နေ့နံနက်တွင် ကျွန်ုပ်တို့ ဆုံနေကျ ဗဟုသုတစကားဝိုင်းအဖြစ် သတ်မှတ်ထားသော ဦးငွေသန်းနေအိမ်၌ ဆုံကြလေသည်။ ကျွန်ုပ်ရောက်သော အခါတွင် ဘကြီးသောင်း၊ ဦးငွေသန်း၊ ကိုခင်ဇော်၊ ဦးသိန်းဟန်၊ ဦးစိန်သောင်း၊ ကိုဘိုဝင်း၊ ဦးရွှေသီးနှင့် ဦးတင်မှတ်တို့ဖြင့် လူစုံတက်စုံရောက်နှင့်နေကြလေသည်။

"မြန်မြန်လာဟေ့ စိုးကြီးရေ၊ ကိုတင်မှတ်ခမျာ ရောက်ကတည်းက မင်းကိုတမျှော်မျှော်လုပ်နေတာ။ လည်ပင်းညောင်ရေအိုးဖြစ်လုပြီ"

ဘကြီးသောင်းက ထုံးစံအတိုင်း ဖိတ်ခေါ်ရင်း စကားလမ်းခင်းပေးလေသည်။

ဦးတင်မှတ်ကလည်း ရှက်ရယ်ရယ်လျက် -

"မျှော်ဆို၊ ဘကြီးသောင်းလည်း စဉ်းစားကြည့်ဗျာ။ ကိုယ့်ဆရာလေးက မင်္ဂလာရက်ရွှေးဆို ရွှေရုံရွှေသွားတာဗျ။ နည်းနည်းပါးပါးလောက်မှ ဟောချက်ထုတ်မသွားတော့ ခိုးလိုးခုလုပေါ့ဗျာ"

ဟု ပြောလေရာ -

"ဒီလိုရှိတယ် ဦးမှတ်ရဲ့၊ ကျွန်တော်က စကတည်းကတွက်ပြီးသားပါ။ ဒါပေမယ့် မင်္ဂလာယူတဲ့အချိန်မှာ စိတ်အနှောင့်အယှက်မကြုံစေချင်လို့ ဘာမှမပြောခဲ့တာပါ"

"ဒီလိုဆို ကျုပ်သားမှာ စိုးရိမ်စရာတစ်ခုခုများကြုံနေရော့လားဗျာ ဆရာလေး"

"ကြုံပါပြီကောဗျာ၊ အသက်အန္တရာယ်ကို စိုးရိမ်ရတယ်ဗျ"

"ဟာ - ဒီလိုဆိုရင်တော့ ပေါ့နေလို့မဖြစ်ဘူးဗျော့။ လုပ်ဦး၊ တို့လည်း နားလည်အောင်ရှင်းပြဦး"

ဦးငွေသန်းက ဆော်ဩလေတော့သည်။

"ကျွန်တော် တွက်ပြပါ့မယ်လေ။ တွက်ပြချင်လွန်းလို့ စာအုပ်ရော ဘောလ်ပင်ပါ အဆင်သင့်ထည့်ယူလာတာဗျ"

ဟုဆို၍ ကျွန်ုပ်က ဗလာစာအုပ်နှင့်ဘောလ်ပင်ကိုထုတ်၍ အဆင်သင့်ပြင်လိုက်သည်ဆိုလျှင်ပဲ ကိုခင်ဇော်က ထုံးစံအတိုင်း ကျွန်ုပ်အနားသို့ရွှေ့လာလေတော့သည်။ နှုတ်မှလည်း -

"ကိုမောင်စိုးနားပဲကပ်နေတော့မယ်ဗို့။ ဒါမှကျွန်တော်လည်းပညာရမှာဗျ"

ဟု ပြောလေသည်။

"ဦးမှတ်ရဲ့သား တင်နိုင်ထွန်းက ၁၃၄၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ စနေသား ဟုတ်တယ်နော်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သည်တော့ သူမွေးနံ့ စနေဂြိုဟ်သက် (၂၀) နှစ်ကနေ စပေါင်းလိုက်ရင် အသက် (၂၉) နှစ်ကနေ အသက် (၄၁) နှစ်အထိ ရာဟုဂြိုဟ်စီးနေတယ်ဗျ။ ရာဟုဂြိုဟ်စီးရင် ညံ့တတ်တယ်ဆိုတာ တော်တော်များများသိကြပေမယ့် သူရဲ့ မူလမဟာဘုတ်မှာ ရာဟုဂြိုဟ်က အဓိပတိဂြိုဟ်ခံမှာရောက်နေတာကတစ်ချက်၊ အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်းဆိုတဲ့စာချိုးအရ တော်ရင်းဆိုတဲ့ စနေနဲ့ ရာဟု မိတ်ဖက်ကျတာကတစ်ချက်ဆိုတော့ ဆိုးတာကတစ်ချက်၊ ကောင်းတာကတစ်ချက်ဖြစ်နေတဲ့အတွက် ညံ့တော့ညံ့မယ်။ တခြားလူတွေတစ်ရာဖိုးညံ့တဲ့နေရာမှာ သူက လေးဆယ်ဖိုးလောက်ပဲ ညံ့မယ်လို့ ယူဆရတယ်ဗျ။ကြံဆကြည့်ရတာပေါ့"

"ငါမသိလို့မေးရဦးမယ်။ ညံ့မယ်ဆိုတာတယ်နေရာညံ့မှာလဲ။ စီးပွားရေးကျန်းမာရေး အိမ်ထောင်ရေးခွဲလို့ရသလား"

ဟု ဦးစိန်သောင်းက ဝင်မေးလေရာ-

"ကျန်းမာရေးမှာ ညံ့မှာဗျ။ ဘာကြောင့်ကျန်းမာရေးမှာ ညံ့သလဲဆိုရင် နောက်တော့မှ တခြားနည်းတွေနဲ့ရှင်းပြပါ့မယ်။ အခုလောလောဆယ်တော့ ရာဟုဂြိုဟ်ရဲ့ပရိယာယ်မှာ သားသတ်သမားဂြိုဟ်၊ လူသတ်သမားဂြိုဟ်လို့ဆိုထားတဲ့အတွက်ကြောင့်လို့ပဲ မှတ်ထားပေတော့"

"ဆက်ရှင်းပါဦး ဆရာလေးရေ၊ တော်တော်စိတ်ဝင်စားတဲ့အပိုင်းရောက်လာပြီဗျ"

ဟု ဦးတင်မှတ်က မအောင့်နိုင်ဘဲ ပြောလေရာ -

"ကောင်းပါပြီဗျာ။ ဒီတစ်ခါ သက်ရောက်ဂြိုဟ်ကို ပြန်ကြည့်ရအောင်ဗျ"

ဟု ဆိုကာ ကျွန်ုပ်က ချတွက်ပြလေသည်။



"အသက်က (၃၂) နှစ်ဆိုတော့ ဂြိုဟ်ရှစ်လုံးရှိတဲ့အတွက် (၈) နဲ့စားရင် သုညကြွင်းပါတယ်။ သုညက ဗေဒင်သဘောတရားအရ (၇) နဲ့တူညီတဲ့အတွက် မွေးနံ့စနေကနေ စတင်ရေတွက်တဲ့အခါမှာ ခုနစ်ခုမြောက်မှာ အင်္ဂါကိုရောက်တဲ့အတွက် သက်ရောက်ဟာ အင်္ဂါလို့မှတ်ရမယ်။ အင်္ဂါဂြိုဟ်ဟာ ပါပဂြိုဟ်ဖြစ်တဲ့အတွက် ညံ့ပါတယ်ဆိုနေမှ သူရဲ့ မူလမဟာဘုတ်နဲ့ ပြန်ညီတဲ့အခါ အင်္ဂါက မရဏဂြိုဟ်ခံမှာ ရောက်နေတဲ့အတွက် သက်ရောက်အနေအထားက စိုးရိမ်စရာကောင်းနေတယ်ဗျ"

ဟု ဆိုကာ ကျွန်ုပ်တ အာခေါင်ခြောက်လှသည်ရှိသောကြောင့် ကိုခင်ဇော်ငဲ့ပေးထားသော ရေနွေးပန်းကန်အားယူ၍ တစ်ငုံမော့သောက်နေမိ၏။

"ကိုရီးယားဇာတ်ကားတွဲကြည့်ရတာကျနေတာပဲတော့။ စိတ်ဝင်စားပါတယ်ဆိုနေမှ"

ဟု ကိုဘိုဝင်းက ဝင်၍ နောက်လေသည်။

"ဘိုဝင်း၊ ဖြည်းဖြည်းလုပ်ပါကွယ့်။ မင်းမလည်းလောလိုက်တာ။ အားလုံးကို နားလည်အောင် ရှင်းပြနေရတာ လွယ်တာမှတ်လို့။ သူလည်း မောရှာမပေါ့"

ဟု ဘကြီးသောင်းက အကြီးဆုံး ပီသစွာဝင်ထိန်းလေသည်။

"ရပါတယ် ဘကြီးသောင်းရယ်၊ တတ်ပြီး၊ သိပြီးသားသူတွေအတွက် လွယ်ကူပေမယ့် မသိသေး၊ မတတ်သေးတဲ့သူတွေအတွက်တော့ ဗဟုသုတတစ်မျိုးတိုးတာကိုးဗျ။ ကျွန်တော်ကလည်း တကယ်အရေးကြီးပြီး ကိုယ့်လူတွေ တကယ်နားလည်စေချင်လို့ ရှင်းပြနေတာပါ။ မောတယ်ရယ်ဘယ်ဟုတ်ပါ့မလဲ"

"ကျွန်တော်လည်း ဗေဒင်ပညာကို "ဘုဂ္ဂ ခုနှစ်ဆိုတော့ သုညကြွင်းတယ်ဗျ။ မူလမဟာဘုတ်မှာ ဘင်္ဂဖွားပေါ့ဗျာ။ ဒီမှာကြည့် ဦးမှတ်"

ဟု ဆိုကာ မဟာဘုတ်ထူပြလေသည်။

"အဲဒါမူလမဟာဘုတ်ပဲ။ ဗေဒင်ဟောတဲ့နေရာမှာ ဗေဒင်အချုပ်မဟာဘုတ်လို့ဆိုထားလေတော့ ဘယ်တော့ဖြစ်ဖြစ် သည်မဟာဘုတ်ကို လွှတ်ဟောဖို့မသင့်ဘူးဗျ"

ဟု ဆိုပြီး ကြည့်လေရာ အားလုံးသောသူတို့သည် ကျွန်ုပ်ရေးပြသောစာအုပ်ပေါ်တွင် အာရုံရောက်လျက်ရှိလေရာ အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

"ဆက်သာရှင်းပေတော့ စိုးကြီးရေ။ အသက်ကြီးရင် တစ်နည်းသာတယ်ဆိုပေမယ့် ဒီနေရာမှာတော့ မသာသေးဘူးဟေ့"

ဟု ဦးငွေသန်းက ပြောလေသည်။

"တစ်ခါ ဂြိုဟ်စားနဲ့သက်ရောက်ဂြိုဟ်ကိုပြန်တွက်မယ်ဗျာ"

ဟု ဆိုကာ တွက်ပြလေသည်။

ကောဇာသက္ကရာဇ် ၁၃၇၆
မွေးသက္ကရာဇ် ၁၃၄၄
၃၂

အဲဒီလို နုတ်လိုက်တဲ့အခါမှာ တင်နိုင်ထွန်းဟာ (၃၂) နှစ်ကို တပေါင်းလပြည့်ကျော် ၅ ရက်ရောက်မှပြည့်မယ်ဆိုတော့ အခု (၃၂) နှစ်ထဲမှာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းပါးပါး လိုက်စားထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ တစ်မျိုးတစ်ခုကောင်းကိုင်ပြီးဟောတော့ ကိုမောင်ဝိုးလို့ ညှိနှိုင်းခိုနှိုက်ဆပြီးဟောတာကို ကြည့်ရ၊ နားထောင်ရတာ ပညာတစ်မျိုးရတယ်ဗျ။ ဆက်ရှင်းပါဦးဗျာ"

ဟု ကိုခင်ဇော်က ဝင်ပြောလေသည်။

"ရှင်းပါမယ်ဗျာ၊ ဒီလိုဗျ။ တင်နိုင်ထွန်းရဲ့ကံကြမ္မာက အည့်ဘက်ကို ဦးတည်နေတော့ အသက်အန္တရာယ်ရှိနိုင်၊ မရှိနိုင် ဆက်ပြီးခိုနှိုက်ဆကြည့်မိတယ် ကိုခင်ဇော်ရဲ့"

ထိုအချိန် တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေသောဦးသိန်းဟန်က -

"ငါမရှင်းလို့မေးပါဦးမယ်။ မင်းဗေဒင်ဟောရင် ဒီလိုပဲတစ်ကွက်ချင်းရှင်းပြနေတာပဲလား"

"ကိုသိန်းဟန်နယ် စဉ်းစဉ်းစားစားမေးစမ်းပါ။ ဒီလိုသာလိုက်ရှင်းပြနေရင် တစ်ခါမေးတိုင်းတစ်နေကုန်တော့မပေါ့"

ဟု ဦးရွှေသီးက ဝင်ဟန့်လိုက်လေသည်ကြောင့် ကျွန်ုပ်က -

"ဒီလိုတော့ ဘယ်ရှင်းပြနေမလဲဗျာ။ အခုဟာက အသက်အန္တရာယ်အရေးကြီးတာရော၊ ကိုယ့်လူတွေနားလည်စေချင်တာရောကြောင့် စေ့စေ့စပ်စပ် ရှင်းပြနေတာပါ"

"ကဲပါ - နောင်တော်ကြီးတို့ရယ်၊ အသာနေကြပါဦး။ ကျုပ်ဆရာလေးဆက်ရှင်းပါရစေဦး"

ကာယကံရှင်ဖြစ်သော ဦးတင်မှတ်က ဝင်ရောက်ပြောဆိုလေမှ ငြိမ်သွားကြလေသောကြောင့် ကျွန်ုပ်လည်း လိုရင်းကိုပြန်ဆက်ရလေသည်။

"ဒီလိုဦးမှတ်ရဲ့။ အသက်တည်ပြန်၊ နာမ်အမှန်၊ တစ်ဖန် ဂြိုဟ်သက်ရော၊ တြိသုံးတန်မြောက်ဘုံပြန်၊ စားရန်ကိုးနှင့်ပြော၊ အကြွင်းသုည၊ မြင်လေကာ မုချသေမည်ဟောလို့ဆိုတဲ့စာချိုးအတိုင်းချတွက်ကြည့်မိတယ်ဗျ။ ဒီမှာ"

ဆိုတဲ့ စာချိုးအရ သုည၊ ကြွင်းတာမှန်ပေမယ့် ဧကန်မုချသေရမယ်မဆိုလိုတောင်မှ ခက်ခက်ခဲခဲကုရတတ်တယ်ဗျ။ ဒီတော့ နောက်တစ်မျိုးထပ်ပြီး တွက်ကြည့်တော့-



ဒါကြောင့် အားလုံးပေါင်းရင် သုညက (၅) လုံးတောင်တွေ့ပါတယ်။ အဲဒါကိုမှအစကိုပြန်ကြည့်ရင် ရာဟုဂြိုဟ်စား၊ အင်္ဂါသက်ရောက်ဖြစ်နေတယ်။ ဒီတော့ သက်ရောက်မဟာဘုတ်ပြန်ထူကြည့်ရမယ်။ သက်ရောက်မဟာဘုတ်ကတော့ အသက်ကိုတည် (၇) နဲ့စား အကြွင်းကစထူရတယ်။



သက်ရောက်မဟာဘုတ်

သက်ရောက် မဟာဘုတ်အရ (၄) ခုကြွင်းတဲ့အတွက် မွေးနံ့ စနေက မရဏာဂြိုဟ်ခုံမှာရောက်နေတယ်။ အဲဒါကြောင့် အန္တရာယ်များတယ်။ ဒီတော့ ဒီနှစ်အတွက် ကောဇာမဟာဘုတ်ပြန်ထူကြည့်မယ်။ ကောဇာသက္ကရာဇ်ကိုတည် (၇) နဲ့စားတဲ့အခါမှာလည်း (၄) ပဲကြွင်းတယ်။ ဒါကြောင့် (၄) ကြွင်းနဲ့ပဲမဟာဘုတ်ပြန်ထူရမယ်။



www.burmeseclassic.com

www.burmeseclassic.com

	၁	
၃	၆	၂
(၀)	၄	၅

ကောဇာမဟာဘုတ်

ကောဇာမဟာဘုတ်မှာလည်း မွေးနံ့ စနေက မရဏမှာပဲရှိနေတဲ့အတွက် တင်နိုင်ထွန်းအနေနဲ့ ဒီနှစ်ပိုင်းမှာ အသက်အန္တရာယ်သေချာပေါက်ကြုံရတော့မယ်ဗျ။ ဒါမျိုးက တစ်ခုတလေတွေ့ရကြုံရရင်တောင် အန္တရာယ်များတာပဲ။ အကုန်ဆုံးကျနေတော့ စဉ်းစားကြည့်ပေါ့ဗျာ"

ဆိုပြီး ကြည့်လိုက်ရာ ဦးတင်မှတ်သည် အင်မတန်မှ တည်ငြိမ်နေသည်ကို တွေ့ရသည်။

"ဘာမှန်းမသိရခင်ကတော့ သိချင်တဲ့ဆန္ဒတွေကြောင့် စိတ်လှုပ်ရှားပေမယ့် ခုလိုကြိုသိရတော့လည်း တစ်မျိုးတော့ကောင်းပါတယ်။ ဆင်ခြင်နိုင်တာပေါ့"

ဟု တစ်ယောက်တည်းမှတ်ချက်ပြုလေလျှင် ဦးငွေသန်းက -

"ဘယ်လိုင်းလောက်ဆိုတာရောမှန်းဆနိုင်မလား စိုးကြိုး"

ဟု ပြောလေရာ -

"အဲဒီလောက်ထိ အတိအကျဘယ်လိုသိနိုင်မှာလဲဗျ"

"ကျုပ်ကလည်း အတိအကျလို့ပြောသလား၊ အနီးစပ်ဆုံးခန့်မှန်းကြည့်ဖို့ပြောနေတာ"

ဟု တစ်ယောက်တစ်ခွန်းငြင်းခုံနေကြသောကြောင့် ကျွန်ုပ်ကပင် -

"အနီးစပ်ဆုံးတော့ တွက်လို့ရပါတယ်။ အတိအကျတော့ တန်ခိုးရှင်မဟုတ်လေတော့ ကျွန်တော်လည်း မပြောတတ်ပေဘူးဗျ"

"လုပ်ပါ၊ကိုမောင်စိုးသိသလောက်ပါ။ ကျွန်တော့်အတွက်လည်း အတွေ့အကြုံရတာပေါ့"

ကိုခင်ဇော်မှ ဝင်ပြောလေသည်။

"ဒါကလည်း ဇေဒင်ပညာမှာလျှို့ဝှက်တဲ့ပညာတစ်မျိုးဗျ။ အသုံးပြုသူအတော်နည်းတယ်။ နှစ်တစ်နှစ်ကို ဘယ်လမှာဘာဖြစ်မယ်ဆိုတာကို အနီးစပ်ဆုံးဟောလို့ရတဲ့နည်းဗျ"

ဟု ဆိုကာ ချတွက်ပြလေသည်။

"ပထမဆုံး အသက်ကိုတည်၊ (၇) နဲ့စားရတယ်။ ပြီးရင် မဟာဘုတ်ထူရတယ်။ မဟာဘုတ်ထူပြီးရင် အထွန်းကြိုဟ်ခုံက နံကိုယူပြီးပြန်တွက်ရတယ်။ သည်မှာကြည့် -

		၄
၃	၃	၂
	၂၈	
	(၄)ကြွင်း	
		၁
(၃)	၆	၂
	၀	၄

(၄)ကြွင်းတဲ့အတွက် မဟာဘုတ်က အထွန်းကြိုဟ်ခုံမှာ အင်္ဂါထွန်းတယ်။ ဒါကြောင့် အင်္ဂါကစပြီးချရတယ်။ ချပုံချနည်းကတော့ မဟာဘုတ်လိုပဲ။ စစ်၊ သူ၊ ကြီး၊ ပွဲဆိုပြီး တိုင်နံပါတ် (၁) ကနေ (၄) အထိ ချသွား။ (၄) ရောက်ရင် တိုင်ခြေအထိ ဆုံးအောင်ရေတွက်သွားရုံပဲ။ ဘာမှတော့မခက်ဘူး။ အလွယ်နည်းလေးတွေပဲ။ သည်မှာကြည့်ကြ။

ဇေယျံ	၃	၆	၂	၅	ဇေယျံ	= အောင်မြင်ခြင်း
သုခံ	၆	၂	၅	၁	သုခံ	= ချမ်းသာခြင်း
လာဘံ	၂	၅	၁	၄	လာဘံ	= လာဘ်ရွှင်ခြင်း
မိတ္တံ	၅	၁	၄	၀	မိတ္တံ	= မိတ်ဆွေပေါခြင်း
သောကံ	၁	၄	၀	၃	သောကံ	= သောကရောက်ခြင်း
ဗျာကံ	၄	၀	၃	၆	ဗျာကံ	= အပူဗျာပါဒများခြင်း
မရဏံ	၀	၃	၆	၂	မရဏံ	= သေခြင်း
	၁	၂	၃	၄		

ပုံမှာမြင်တဲ့အတိုင်းပဲ ဇေယျံ၊ သုခံ၊ လာဘံ၊ မိတ္တံ၊ သောကံ၊ ဗျာကံ၊ မရဏံ ဆိုပြီး အစဉ်လိုက်ချသွားရတယ်။ ပြီးရင် တစ်နှစ်မှာ ဆယ့်နှစ်လရှိတဲ့အတွက် တိုင်တစ်တိုင်ကို သုံးလနှုန်းနဲ့ မိမိမွေးလ၊ မွေးရက်ကစပြီးတော့ ရေတွက်ရတယ်။ တင်နိုင်ထွန်းက တပေါင်းလပြည့်ကျော် ၅ ရက်နေ့ဖြစ်တဲ့အတွက် မွေးလကစချရတယ်။

၁။ တပေါင်းလပြည့်ကျော် ၅ ရက် မှ နယုန်လပြည့်ကျော် ၅ ရက်အတွင်း။

၂။ နယုန်လပြည့်ကျော် ၅ ရက်မှ တော်သလင်းလပြည့်ကျော် ၅ ရက် အတွင်း။

၃။ တော်သလင်းလပြည့်ကျော် ၅ ရက်မှ နတ်တော်လပြည့်ကျော် ၅ ရက် အတွင်း။

၄။ နတ်တော်လပြည့်ကျော် ၅ ရက်မှ တပေါင်းလပြည့်ကျော် ၅ ရက် အတွင်းဆိုပြီးချတဲ့အခါမှာ -

တင်နိုင်ထွန်းရဲ့ မွေးနံ့ စနေဟာ နံပါတ် (၁) တိုင်မှာ မရဏရောက်နေတဲ့အတွက် တပေါင်းလပြည့်ကျော် ၅ ရက်မှ နယုန်လပြည့်ကျော် ၅ ရက်အတွင်းမှာ အထူးဂရုစိုက်ရမယ့်လတွေ ဖြစ်တယ်။ အဲလိုပဲ နံပါတ်(၂) တိုင်မှာ ဗျာက်၊ နံပါတ် (၃) တိုင်မှာ သောက် အသီးသီးရောက်နေတဲ့အတွက် သတိထားရမယ့်လတွေ ထဲမှာပါတယ်။ သည်တော့ ဦးမှတ်လုပ်ရမှာက ယတြာချေတာတို့၊ အသွားအလာသတိထားတာတို့ကို တင်နိုင်ထွန်းကို လုပ်ခိုင်းရင်ကောင်းတယ်။ ပိုတယ်ဆိုတာ မရှိဘူးပေါ့ဗျာ"

ဟု ဆိုကာ ကျွန်ုပ်သည် ရေနွေးတစ်ခွက်သောက်ရင်း လက်ဖက်တစ်ဇွန်းပါးစောင်တွင်းကပ်ကာ အမောဖြေနေမိသည်။ ဝါသနာအလျောက် ကိုယ်သိသလို သိစေချင်တဲ့ဆန္ဒနှင့်သာ ရှင်းပြနေရသော်လည်း မောတော့အမောသားပင်။

"ယတြာလည်း လုပ်ပါ့မယ်ဗျာ။ ယတြာကောင်းရင် မင်းလောင်းတောင်ဖြစ်သေးတာပဲ။ ကျုပ်သားကိုလည်း အသေအချာရှင်းပြပြီး ဖြစ်နိုင်ရင် ဒီပဲခေါ်ထားလိုက်မယ်ဗျာ"

ဟု ဦးတင်မှတ်ပြောလေရာ -

"ကောင်းပါတယ်၊ ကိုယ့်မျက်စိရှေ့ဆိုတော့ သွန်သင်လို့ကောင်းတာပေါ့။ လူငယ်ဆိုတော့ ခပ်ပေါ့ပေါ့တွေးရင် အခက်သား"

ဟု ဦးငွေသန်းက ဝင်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အဖွဲ့သည် စကားစပြတ်သွားပြီး အခြားအကြောင်းများ၊ ရပ်ရေးရွာရေးအကြောင်းများပြောဆိုနေကြလေသည်။ ကိုခင်ဇော်နှင့် ဦးရွှေသီးကတော့ ကျွန်ုပ်ရေးထားပေသောဗလာစာအုပ်ကို ရွေးချကာ နှစ်ယောက်သားခေါင်းချင်းဆိုင်ထိုင်ကာ ကြည့်နေကြလေသည်။ ထိုသို့ရှိစဉ် ကျွန်ုပ်တို့၏စကားဝိုင်းရှိရာ ဦးငွေသန်းအိမ်ရှေ့သို့ စူပါကပ်ဆိုင်ကယ်ကို ဝုန်းဒိုင်းကြဲအောင်ဒုန်းစိုင်း၍ ကိုလင်းဆိုသူ ရောက်လာလေသည်။ ကျွန်ုပ်သည် ကိုလင်းဆိုသူအား မြင်ဖူးသော်လည်းမရင်းသဖြင့် ဘာမှဝင်မပြောမိဘဲ သူတို့ပြောသည်များကိုသာ နားထောင်နေမိလေသည်။

"ဟ- မောင်လင်းရဲ့၊ ဘယ်နှယ်ဖြစ်လာသတုံး။ ဆိုင်ကယ်ကို ထော်လဂျီမောင်းသလိုမောင်းလို့ပါလား"

ဟု ထုံးစံအတိုင်း ဘကြီးသောင်းကပင် နှုတ်ဆက်၍ နေရာထိုင်ခင်းပေးကာ စကားဝိုင်းထဲသို့ဆွဲသွင်းလေတော့သည်။

"စိတ်တိုလို့ ဘကြီးသောင်းရေ။ အိမ်က မိန်းမကစွာစ်မျိုး၊ ဈေးဖိုးပိုက်ဆံတွေကတောင်းမရတာတစ်မျိုးနဲ့။ သည်နေ့ကတော့ ပြဿဒါးနဲ့တူပါရဲ့ဗျာ"

"ဘယ်နှယ်ပြဿဒါးရမှာလဲ။ ရက်ရာဇာပါကွယ့်"

ဟု ဦးငွေသန်းက ဝင်ပြောလေရာ-

"ရက်ရာဇာမဟုတ်ဘူး နောင်တော်ကြီးရဲ့၊ ကိုလင်းပြောသလိုပြဿဒါးမှအစစ်ဗျ"

ဟု ဦးတင်မှတ်က ထင်ပြောလေသည်။

"ဟုတ်လိမ့်မယ်ဗျ။ နယုန်ညွန်းစလို့ ဆိုထားတာကြောင့် ရက်ရာဇာက အင်္ဂါဖြစ်ရမှာ။ သည်နေ့က သောကြာဆိုတော့ ရက်ရာဇာမဖြစ်နိုင်ဘူး"

ဟု ကိုလင်းကဝင်ပြောလေသည်။ ကျွန်ုပ်လည်း ဝင်မပြောဘူးဟု ဆုံးဖြတ်ထားရာ ကိုယ့်ရှေ့တွင် မှားယွင်းစွာငြင်းခုံနေကြသောကြောင့် မနေနိုင်ဘဲဝင်ပြောမိလေတော့သည်။

"မနေ့ကမှ ဦးမှတ်ရဲ့သားမင်္ဂလာဆောင်လေ။ ဦးမှတ်ရဲ့သားက ကြာသပတေးနေ့ မင်္ဂလာဆောင်ဆိုတော့ ဒီနေ့သောကြာနေ့က ပြဿဒါးနေ့ကတော့ ဟုတ်ပါရဲ့ဗျာ"

"မင်းကဟုတ်ပါရဲ့ဆိုတော့မဟုတ်တာဘာများရှိသေးလို့လဲ"

ဟု ကျွန်တော်စကားမဆုံးခင်မှာ ကိုလင်းက အလိုမကျသောလေသံဖြင့် ဖြတ်ကာဝင်ပြောလေသည်။

"ဒီလက ကဆုန်လလေ ကိုလင်းရဲ့။ ကဆုန်လမို့ သောကြာနေ့ကို ပြဿဒါးလို့ ပြောတာပေါ့။ နယုန်လမဟုတ်သလို နယုန်လရဲ့ ရက်ရာဇာကလည်း အင်္ဂါတစ်ရက်တည်းဆိုတာ မှားနေတယ်ဗျ"

ဟု ကျွန်ုပ်က ပြောလေရာ ဘကြီးသောင်း၊ ဦးတင်မှတ်နှင့် ဦးရွှေသီးတို့သည် ပြိုင်တူခေါင်းယမ်းကြလေတော့သည်။

"ပညာရှိသဒိုးဖြစ်ခဲ့ဆိုသလို ငါ့တူစိုးကြီးတော့ မှားနေပြီထင်တယ်။ နယုန်ဆွန်းစလို့ ဆိုထားမှတော့ အင်္ဂါတစ်ရက်တည်းရှိမှာပေါ့ကွယ်"

ဟု ဦးသိန်းဟန်က ဝင်ပြောသလို-

"မင်းက ဘယ်လောက်မျှားတတ်နေလို့လဲ မောင်စိုး။ ဒီဝိုင်းထဲလည်းကြည့်လိုက်ဦး၊ လူကြီးတွေချည်းပဲ။ ပြီးတော့ မင်းတစ်ယောက်ကွဲနေတယ်"

"ကျွန်တော်လည်း ဒီလိုပဲ လေ့လာဖူးတယ်၊ ကိုစိုး သေချာစဉ်းစားဦး"

ဟု ကျွန်ုပ်ကို ဆရာတစ်ဆူတစ်ဖွယ်နေသော ကိုခင်ဇော်ဝင်ပြောသလို အခြားသူများကလည်း တစ်ယောက်တစ်ပေါက်ဝင်ပြောလေရာ ထုံးစံအတိုင်း ဘကြီးသောင်းက အကြီးဆုံးပီသစွာ ဝင်ထိန်းလေသည်။

"ငါ့တူ မောင်လင်းကလည်း စိတ်ကိုနည်းနည်းလျှော့ကွယ်။ မင်းဟာ ကရန်လိုသလိုဖြစ်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် မသိတာကို သိတဲ့သူတွေနဲ့ ဖလှယ်ကြမှအကျိုးရှိမှာ။ ငြင်းခုံနေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူးကွယ့်"

"မဟုတ်ပါဘူး ဘကြီးသောင်းရယ်။ ဒီဝိုင်းမှာ ထိုင်နေတာ အားလုံးပေါင်း ဆယ်ယောက်ရှိတဲ့ဟာ။ ကျန်ကိုးယောက်နဲ့ သူတစ်ယောက်ဖြစ်နေတဲ့အပြင် အားလုံးက လူကြီးပိုင်းတွေချည်းမို့ပြောတာပါ"

ကိုလင်းကပြောလေရာ -

"ဒီလိုကွယ့် မောင်လင်းရဲ့။ အသက်ကြီးတယ်ဆိုပေမယ့် ဗဒင်နဲ့ ပတ်သက်လာရင် စိုးကြီးက လေ့လာမှုအားကောင်းတော့ အားလုံးထက်သာတယ်ဆိုတာ တစ်ဝိုင်းလုံးကလက်ခံထားကြပါတယ်။ ဒီတစ်ခါတော့ သူလည်း လူပဲကွာ၊ မှားတဲ့အခါမှားမှာပေါ့"

ဟု ဦးရွှေသီကဆိုလေရာ ကျွန်ုပ်သည် မိမိသိသမျှလေးများကို အမျှားသူဗာသိစေလိုသော တတ်စေလိုသောဆန္ဒနှင့် စေတနာရှေ့ထားကာ ပြောပြ ရှင်းပြခဲ့ပါသော်လည်း သည်တစ်ခါတော့ စိတ်ထဲတွင် မခံချင်စိတ်နှင့်အတူ ကိုယ်မှန်သည်ဟု ယူဆပါက နောက်ဆုတ်အနှံ့မပေးလိုသောစိတ်များဖြစ်လာလေရာ-

"ကဲ - ကိုခင်ဇော်၊ ကျွန်တော်တို့ ဗလာစာအုပ်နဲ့ ဘောလ်ပင်ခဏပြန်ပေးပါဦး"

ကျွန်ုပ် ရေးလက်စ စာအုပ်သည် ကိုခင်ဇော်ယူဖတ်နေသောကြောင့် လှမ်းတောင်းလိုက်ပြီးလျှင် -

"ကိုလင်း၊ ဒီမှာလာကြည့်ရင် ကြည့်လှည့်လည်။ ကျွန်တော်ရှင်းပြမယ်။ ငြင်းဖို့ခုံဖို့မဟုတ်ဘူး။ မှားနေတဲ့သူတွေကို မှန်အောင်ပြင်ပေးလိုတဲ့စေတနာပဲ"

ဟု ပြောလေရာ -

"ပြင်ပါ ပြင်ပါ ငါ့လူရာ၊ မင်းဟာ မင်းပဲပြင်ပါ"

ဟု ငါ့တော့်တော့်ပြောသလို ကျွန်တဲ့သူများကလည်း ကျွန်ုပ်အားသနားသလိုလို၊ ကရုဏာသက်သလိုလို ဝိုင်းကြည့်နေကြသောကြောင့် ဘာမှပြောမနေတောဘဲ ကိုယ့်အလုပ်ကိုဆက်လုပ်နေသည့်အနေဖြင့် စာအုပ်ထဲတွင် ချရေးနေလျှင် ကိုခင်ဇော်နှင့် ဦးရွှေသီးသဘလျှင် ဘေးတွင်လာကြည့်လေသည်။

"ဒါ ခင်ဗျားတို့မှတ်ထားတဲ့ရက်ရာဇာရွေးနည်းနဲ့ ကျွန်တော် လေ့လာထားတဲ့ဇယားပဲ။ ဘယ်နားလွဲသလဲဆိုတာ ကိုယ့်ဘာသာကိုယ်ကြည့်ကြပေတော့"

ဟု ဆိုကာ ကျွန်ုပ်က ရက်ရာဇာရွေးနည်းနှစ်မျိုးစလုံးကို ချရေးပြလိုက်လေသည်။ ပြီးလျှင် စာအုပ်ကို ဝိုင်းအလယ်သို့ပါလိုက်သောကြောင့် မျက်လုံးပေါင်းမြောက်မြားစွာသည် ဝိုင်းအုံ၍ကြည့်နေကြလေတော့သည်။

သည်တစ်ခါတော့ ကျွန်ုပ်သည် အခါတိုင်းလို စိတ်ဓာတ်မျိုးမဟုတ်ဘဲ အနိုင်ရလိုက်သော စစ်သူကြီးတစ်ယောက်ပမာ မိန့်မိန့်ကြီးကြည့်နေလိုက်လေသည်။

"ထားပေါ့လေ။ ဒါပေမယ့် မင်းရွေးထားတဲ့ရက်ရာဇာက မှန်ပါတယ်လို့ ဘာနဲ့သက်သေပြမလဲ"

ဟု ကိုလင်းကပြောလေရာ ကျွန်ုပ်နှစ်ခြိုက်တွေပြုံးနေမိတော့သည်ဆိုရလျှင် ကျွန်ုပ်ပက်ပက်စက်စက်ပြောထားသော ကိုလင်းတစ်ယောက် ချောင်ပိတ်မိနေသော ကြွက်တစ်ကောင်ပမာ ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com

ရက်ရာဇာရွေးနည်းအများ	ရက်ရာဇာရွေးနည်းအမှန်
တန်ခူးသာကျော်	ထန်ခူး သာလှ
ထွန်းပေါ်ကဆုန်	ထွန်းပ ကဆုန်
နယုန် ညွှန်းစ	နယုန် ညွှန့်မ
အောင်လှ ဝါဆို	အောင်လှ ဝါဆို
သာလို ဝါခေါင်	သာလို ဝါခေါင်
မြတောင် တော်သလင်း	မြတောင် တော်သလင်း
သီတင်းကျွတ် ဆီ	သီတင်းကျွတ် ဆံမှီ
သောရီ တန်ဆောင်မုန်း	အောရီ တန်ဆောင်မုန်း
ချမ်းတုန်း နတ်တော်	သန်းလုံး နတ်တော်
မနော် ပြာသို	မနော် ပြာသို
မိညို တန်ပို့တွဲ	မိညို တန်ပို့တွဲ
ထဲဝင် တပေါင်း	အဲဝင် တပေါင်း

တတ်လေရာ -

"ကျွန်တော်က အနိုင်လိုစိတ်နဲ့ ရှင်းပြတာမဟုတ်သလို အထင်သေးစော်ကားစိတ်မရှိတာလည်း အမှန်ပဲ။ ကျွန်တော် ရှင်းပြလိုက်လို့ ကိုလင်းတို့ တစ်တွေ နည်းစနစ်အမှန် အမြင်မှန်ရသွားတယ်ဆိုရင် ကျွန်တော်ကျေနပ်ဝမ်းသာပါတယ်။ မှားတယ်၊ မှန်တယ်ဆိုတာသိချင်ရင် ဦးမှတ်အနောက်ဘက် ထရံမှာညှပ်ထားတဲ့ ပြက္ခဒိန်ကိုယူပြီး တိုက်ကြည့်ပေတော့"

ဟု ပြောလိုက်ရာ ကိုလင်းခမျာ ကြက်ဖကြီးလည်လိမ်ခံရသလိုဖြစ်နေတော့သည်။ ပြီးလျှင် ပြက္ခဒိန်ယူ၍တိုက်ကြည့်ကြလေတော့သည်။ အတန်ကြာသော် -

"ဘယ့်နှယ် - မှန်ကြရဲ့လားဗျာ"

ဟု ကျွန်တော်ကမေးပါမှ ပြိုင်တူခေါင်းညိတ်ကြလေတော့သည်။

"အစကတော့ ဆရာလေးအရှက်ကွဲပြီထင်နေတာ။ အခုတော့လည်း ဟုတ်နေတာပဲဗျ။ ကျုပ်တို့မှတ်ထားတဲ့ ရက်ရာဇာရွေးနည်းက, အများတွေကိုးဗျ"

ဟု ဦးထင်မှတ်က ဝန်ခံလျှင် -

"အေးဗျ၊ ကျုပ်လည်း ဒီလိုပဲ။ နမော်နမဲ့နဲ့မှတ်နေလို့ကိုတာ အခုမှ မှားမှန်းသိရတော့တယ်"

ဟု ဦးရွှေသီးကပြောလေရာ -

"ဒီလို ဦးလေးရ၊ အမှန်က ရှေးဆရာတွေက မှားတာမဟုတ်ဘူး။ ပုံနှိပ်ရိုက်တဲ့သူတွေရဲ့ ပြီးစလယ်ရိုက်တဲ့ ချို့ယွင်းချက်ကြောင့် ဒီလိုဖြစ်ရတာလို့ ထင်တယ်ဗျ။ ဥပမာ တန်ဆောင်မုန်းလမှာ ရက်ရာဇာ တနင်္ဂနွေနဲ့ ဗုဒ္ဓဟူးဆိုတာကို ရှေးပညာရှိတွေက သြဂီတန်ဆောင်မုန်းလို့ ဆိုခဲ့ကြတယ်။ ဒါပေမယ့် နှစ်တွေပြောင်းလာလို့ စာလုံးမပီတာလည်း ဖြစ်နိုင်သလို ဗမာဖြစ်လျက်နဲ့ ဗမာစာ မကျွမ်းကျင်ဘဲ သဃရစ်ကို 'အော'လို့မထွက်ဘဲ 'သော'လို့ထွက်လိုက်တော့ နောက်ပိုင်းခေတ်တွေမှာ လေ့လာတဲ့သူတွေ မျက်စိလှည့်ကုန်တာပေါ့ဗျာ။ သောရီဖြစ်သွားတော့ အလွယ်မှတ်ရင် သောကြာနဲ့ ဗုဒ္ဓဟူးဖြစ်နိုင်သလို နှစ်ခုပေါင်းပြီး သောရီလို့ခေါ်ပြန်ရင် စနေဖြစ်ပြန်ရော။ ရှုပ်ကုန်တာပေါ့။ အမှန်က ရှေးပညာရှိတွေမမှားဘူး။ မှားတာက ဗမာစာသတ်ပုံသတ်ဥွန်းနားမလည်ဘဲ ပြီးစလွယ်ပြန်ကူးရေးတဲ့သူတွေမှားခဲ့တာလို့ ကျွန်တော်ထင်တယ်ဗျ"

"ဘယ်သူမှားမှား၊ မမှားမှား ငါတို့မှားခဲ့တာတော့ဝန်ခံတယ်။ အမှန်ပြင်ပေးတဲ့မင်းကိုလည်း ကျေးဇူးတင်တယ်။ ဒါပေမယ့် ရက်ရာဇာဖြစ်ဖြစ်၊ ပြဿဒါးဖြစ်ဖြစ် သူကောင်းချင်ကောင်းသွားသလို၊ ဆိုးချင်လည်းဆိုးတာပါပဲကွာ"

ထုံးစံအတိုင်း ကိုလင်းက ဝန်ခံသလိုလိုနှင့် စောဒကတက်ပြန်လေရာ ကျွန်ုပ်က -

"ဘယ်နေရာများဆိုးလို့ ဘယ်နေရာများညံ့ခဲ့တာလဲဆိုတာ ပြောကြည့်ပါလား။ ကျွန်တော်သိတာဆိုရင် အကြံဉာဏ်ပေးနိုင်တာပေါ့"

"ခုလ ကဆုန်လထဲမှာ လက်တွေ့ပဲဟော့။ စနေနေ့ရက်ရာဇာကျတယ်ဆိုပြီး ငါ့အစ်ကို ထော်လာဂျီသွားဝယ်တာ ဝယ်တော့လည်း ထစ်ထစ်ငေါ့ငေါ့နဲ့ အဆင်မပြေသလို အိမ်ရောက်တော့လည်း ခဏခဏပျက်နေရတာနဲ့ ခိုင်းစားရတယ်ကိုမရှိဘူး။ ဒါတောင် ငါ့အစ်ကိုက စက်ပြင်ဆရာနော်။ အကုန်နားလည်တယ်။ ကဲ-ဘယ်နှယ်လဲ မင်းရက်ရာဇာ"

"ဒါနဲ့ ကိုလင်းအစ်ကိုက ထော်လာဂျီကို ဘယ်သွားဝယ်လဲ"

"ဆည်တော်လေးရွာကို သွားဝယ်တာ"

"ဆည်တော်လေးဆိုတာ ကိုလင်းတို့နေတဲ့အိမ်ရဲ့အရှေ့မြောက်ထောင့်ကျတာပေါ့"

"ဒါပေါ့။ အုန်းချောရွာရဲ့အရှေ့မြောက်ထောင့်မှာ ဆည်တော်လေးရွာရှိတာ လူတိုင်းသိနေတာပဲ"

"ကျွန်တော်က သေချာအောင်မေးကြည့်တာပါ။ ကိုင်း - ဒါဖြင့်ရင် ကျွန်တော်ရေးပြမယ်။ ကြည့်ပေတော့"

ဟု ဆိုကာ ကျွန်ုပ်က နတ်နေသောအရပ်၊ လာဘ်နေသောအရပ်ကို ပြသောဇယားအား ချရေးပြလိုက်လေသည်။

* နိ ဂုံး ရွာ

လေ မှာ

ဆောက် သာ အိမ်

နတ်နေသောအရပ်

* ၁ ၅ ၃

၆ ၂

၄ ၈ ဝ

လာဘ်နေသောအရပ်

"အဲဒါ နတ်နေတဲ့အရပ်နဲ့ လာဘ်နေတဲ့အရပ်ပဲ။ အဲဒီဇယားကိုသေချာကြည့်ထား။ နောက်ဘာပဲလုပ်လုပ် အဲဒီဇယားလေးနဲ့ ချိန်ဆလုပ်ကြည့်။ အဆင်ပြေတာကများတယ်။ အလွယ်နည်းလေးတွေပဲ မှတ်ရလွယ်ပါတယ်။ ကိုယ်သွားမယ့်နေ့ဟာ ဘာနေ့လဲ။ ဘယ်အရပ်မှာနေသလဲ။ နတ်နေသလား၊ လာဘ်နေသလားဆိုတာ စဉ်းစား။ နတ်နေတဲ့အရပ်နဲ့ကြုံနေရင်ရှောင်လိုက်၊ အဆင်မပြေတာကများတယ်။ လာဘ်နေတဲ့အရပ်နဲ့ ကြုံရင်သွား။ အဆင်ပြေတယ်။ ကိုလင်းအစ်ကိုက စနေနေ့မှာ ရက်ရာဇာကျတာမှန်ပေမယ့် သွားတာက အရှေ့မြောက်ထောင့်ဆိုတော့ နတ်နေတဲ့အရပ်

www.burmeseclassic.com

www.burmeseclassic.com

ကိုသွားတာပဲ။ ဝယ်တာက ထော်လာဂျီစနေနံဆိုတော့ ပိုဆိုးတာပေါ့။ စနေနေ့ ရက်ရာဇာဖြစ်လို့ ဝယ်ချင်တယ်ဆိုရင် လာဘ်နေအရပ်ဖြစ်တဲ့အနောက်တောင် ဘက်ကိုသွားဝယ်ကြည့်ပါလား။ အဆင် ပြေတာပေါ့ဗျာ။

တစ်ခါ ပစ္စည်းဝယ်တဲ့စာချိုးတစ်ခု ရှိသေးတယ်။ 'လွမ်း၊ ပုံ၊ သာ၊ ဝယ်ပါလေ။ အောင်၊စံ၊ကျော်၊နှောင်း မဝယ်ကောင်း' တဲ့။ 'လွမ်းပုံသာ' ဆိုတာက ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့တွေမှာ ဝယ်ရင် အဆင်ပြေတယ်။ အပြစ်အနာ အဆာလွတ်တယ်၊ မြဲမြံတယ်လို့ ရွှေဆရာဆရာတွေအဆိုရှိတယ်။ 'အောင်စံကျော်နှောင်း' ဆိုတာကတော့ တနင်္ဂနွေ၊ အင်္ဂါ၊ တနလာ၊ စနေနေ့တွေများဝယ်ရင် အဆင်မပြေတာများတယ်။ အပြစ်အနာ အဆာမလွတ်ဖြစ်တတ်တယ်လို့ အဆိုရှိတယ်။ ဒါပြင် မိမိနဲ့အတူ တစ်မိုးအောက်ထဲ တစ်အိမ်ထဲ အတူနေတွေထဲမှာ နှုတ်ပိုက်ကိုယ်ဝန်ဆောင်ထားရတဲ့အမျိုးသမီးရှိရင် ယာဉ်ရထားမဝယ်ကောင်းဘူး။ ခိုက်တတ်တယ်လို့အဆိုရှိတယ်။ ဒါတွေကို နားလည် တတ်ကျွမ်းတဲ့သူတွေနဲ့ မတိုင်ပင်ဘဲ အဝင်တော်သလား။ မဲတော်သလား မချိန်မဆဘဲ ရက်ရာဇာဖြစ်ပြီး ရောဆိုပြီးရမ်းဝယ်ပြီးမှ ပေဒင်ပညာကို အပျက်မဆိုသင့်ဘူး။ မိမိကိုယ်ကိုပဲ အပြစ်တင်သင့်တယ်။ ဘယ်ပညာမဆို အပေါ်ယံလောက်သိရုံနဲ့ မဝေဖန်နဲ့။ ခြေခြေမြစ်မြစ်သိအောင် အရင်လေ့လာသင့်တယ်ဗျ"

ကျွန်ုပ်သည် ကိုလင်းအား ရှင်းပြရင်း စကားကို မရပ်တမ်းပြောမိလေရာ အတော်ပင်မောလာမှ သတိထားပြီး ခဏနားရင်း ရေနွေးတစ်ခွက်သောက်လျက် အိတ်ကပ်ထဲမှကွမ်းတစ်ယာထုတ်ကာမြုံနေမိတော့သည်။ တော်တော်ကြာမှ ကိုလင်းသည် ဆွံ့ပေးသောအမူအရာလုပ်ပြကာ -

"တောင်းပန်ပါတယ် ကိုယ့်ဆရာ၊ ဘယ်ပညာကိုမှ အထင်သေးစော်ကားစိတ်မရှိပါဘူး။ အပြောမတတ်လို့ဖြစ်သွားတာပါ။ ပြီးတော့ ထော်လာဂျီဝယ်တုန်းကလည်း ငါ့အစ်ကိုရဲ့ခွေးမမှာ ကိုယ်ဝန်အရင့်အမာနဲ့ရှိနေတုန်းတော့ ကိုယ့်ဆရာပြောတာတွေ မှန်ပါတယ်။ ရက်ရာဇာရွှေးနည်းကိုလည်းလက်ခံပါတယ်။ ကူးလည်းကူးသွားပါဦးမယ်။ တစ်ဆက်တည်း ပြဿဒါးရက်ရွှေးနည်းလေးပါ မိန့်ပါဦး ဆရာရယ်။ ကူးမယ့်ကူး အကုန်ကူးသွားရတာပေါ့"

"ပြဿဒါးရွှေးနည်းက မခက်ပါဘူးဗျာ။ ပြဿဒါးရွှေးနည်းတင်မကပါဘူး။ ရက်ရာဇာထက် ကောင်းမွန်တဲ့ ရက်တံခွန်ရွှေးနည်းပါပြောလိုက်ပါ့မယ်။ ပညာဆိုတာ လိုချင်တဲ့သူ တန်ဖိုးထားတဲ့သူတွေကို ဖြန့်ဝေရတာ ကုသိုလ်ရပါတယ်။ တွန့်တိုကောင်းတဲ့အရာမှ မဟုတ်တာ"

ဟု ကျွန်ုပ်ကဆိုလျက် ပြဿဒါးရွှေးနည်းနှင့်အတူ ရက်တံခွန်ရွှေးနည်းပါ ပြလိုက်လေသည်။

ပြဿဒါးရွှေးနည်းအလွယ်		ရက်တံခွန်ရွှေးနည်း	
တန်ခူး	တမာ	ကျော်	တန်ခူး
ကဆုန်	သက်လင်း	ပ	ကဆုန်
နယုန်	အင်ကြင်း	စံ	နယုန်
ဝါဆို	ဆူးရစ်	အေး	ဝါဆို
ဝါခေါင်	တမာ	သား	ဝါခေါင်
တော်သလင်း	သက်လင်း	ဖြူ	တော်သလင်း
သီတင်းကျွတ်	အင်ကြင်း	ညို	သီတင်းကျွတ်
တန်ဆောင်မုန်း	ဆူးရစ်	သွယ်	တန်ဆောင်မုန်း
နတ်တော်	တမာ	သေး	နတ်တော်
ပြာသို	သက်လင်း	မြ	ပြာသို
တပို့တွဲ	အင်ကြင်း	ပယ်	တပို့တွဲ
တပေါင်း	ဆူးရစ်	ဦး	တပေါင်း

ပြဿဒါးရွှေးနည်းက တမာ၊ သက်လင်း၊ အင်ကြင်း၊ ဆူးရစ်ဆိုပြီး တန်ခူးလကစပြီးအစဉ်တိုင်းရေးရတယ်။ ဆုံးသွားရင် အစကပြန်စရေးရတယ်။ အဓိကကြည့်ရမှာက ဆူးရစ်ပဲ။ ဆူးရစ်ကျတဲ့လမှာ အင်္ဂါတစ်ရက်ပဲ ပြဿဒါးရှိတယ်။ အဲဒီအတွက် မိမိရွှေးတာ မှားတယ်လို့မထင်နဲ့၊ ဆိုလိုတာက အင်္ဂါနဲ့ ရာဟုကို ပြဿဒါးလို့ဆိုလိုခြင်းဖြစ်တယ်။ ရက်တံခွန်ကတော့ လျှို့ဝှက်နည်းတစ်မျိုးပဲ။ မသိတဲ့သူတွေတော်တော်များတယ်။ ကောင်းလည်းကောင်းတယ်။ ရက်ထဲမှာတော့ တံခွန်ပဲလို့ဆိုလိုတယ်။ ခုနစ်ရက်တစ်ပတ်မှာ တစ်ရက်တည်းရတယ်။ တန်ခူးလကစပြီး အစဉ်အတိုင်းကျက်ထားလိုက်ရုံပဲ"

ဟု ကျွန်ုပ်ကပြောလျှင် -

"ဗျို့ - ဘကြီးသောင်း၊ ဒီကနေ့တော့ ကျုပ်အတွက် ရက်ရာဇာတျတယ်ထင်တယ်ဗျို့။ စိတ်တိုပြီးဒီလောမှအကျိုးရှိမှန်းသိတော့တယ်။ နောင်လည်း စိတ်တိုရင် ဒီလောမှထင်တယ်ဗျို့"

ဟု ကိုလင်းကစ,လေရာ လာတုန်းက အာဠာဝကစီးလာသောကိုလင်း၊ ရန်လိုသောကိုလင်း အခုတော့ ပြုံးရွှင်နေရာ ကိုလင်းကိုကြည့်ပြီး အားလုံးပင် ပြုံးမိကြသလို-

"မောင်လင်း၊ မင်းဆိုတဲ့ကောင်က တကယ်တတ်လည်းစာတ်နိုင်တဲ့ကောင်ပဲ။ အခုပဲ ရက်ရာဇာ၊ အခုပဲ ပြဿဒါးနဲ့"

ပြောလေမှ အားလုံးပင် ကိုလင်းကိုကြည့်၍ မပြုံးဘဲ ဝါးလုံးကွဲရယ်မိကြလေသည်။ တော်တော်ကြာမှ -

"ကိုလင်း၊ ခင်ဗျားက ရက်ရာဇာဆိုရင် ကျုပ်က ရက်တံခွန်ဗျ။ မယုံရင် ကြည့်ထား"

ဟု ကိုခင်ဇော်မှ ပြောလေရာ အားလုံးပင် နားလည်ရခက်သောမျက်လုံးများဖြင့် ကိုခင်ဇော်အား ဝိုင်းကြည့်မိကြလေသည်။ ဦးစိန်သောင်းက -

"ပြောပါဦး ဘာဖြစ်လို့ရက်တံခွန်ဖြစ်ရတာလဲ"

"ဟောဗျာ-ဦးလေးဦးစိန်သောင်းကလည်း ကိုလင်းတင်မကဘူး၊ တစ်ပိုင်းလုံးကလူတွေက မသိသေးတာတွေသိရလို့ ကူးယူနေကြတယ်လေ။ ဒါကြောင့် တစ်ပိုင်းလုံးရက်ရာဇာပေါ့။ကျုပ်ကတော့ မကူးတော့ဘူး"

"မင်းက တော်တော်တတ်နေလို့လား"

"ဖြတ်ဖြတ်မပြောနဲ့ ဦးလေးရဲ့၊ ဆုံးအောင်နားထောင်ဦး။ မကြားဘူးလား၊ ကိုမောင်စိုးပြောတာ။ ရက်ရာဇာကျတယ်ဆိုပြီး ကူးယူနေကြပေမယ့် ကျွန်တော်က မကူးယူဘဲ ကိုမောင်စိုးရေးတဲ့စာအုပ်ကိုပဲ အပိုင်တောင်းထားလိုက်ပြီဗျ။ ဒါကြောင့် ရက်တံခွန်လို့ပြောတာ"

ဟု ရှင်းပြလေမှ တစ်ပိုင်းလုံးအပြုံးကိုယ်စီဖြစ်ကုန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

POWER.
ခြနှင်ဆေးမှုန့်
ခြတွေ့ရှင်သတ်စရာမလိုဘဲ

ဖြန့်ချိရေးဆိုင်များ
- ဝင်းရတနာအောင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဝင္ ၄၉၂၂၆၈၈
- မင်းမိုး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဝဘ ၉၆၉ ဝ၃၉၀
- ကျော် II အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဝင္ ၅၁ ဝ ၂၉၆၆၊ ဝင္ ၅၁ ၇၅၄၅၃

ပင်ရင်းဆိုင်
- ပညာရွှေတောင်စာအုပ်တိုက် ဝဘ ၁၈၈၃၁၈

"ကိုင်း - ဆယ်နာရီလည်း ထိုးပြီ ပြန်မှပဲဗျို့"

ဟု ဆိုကာ မိမိနှစ်သက်ရာ ကူးယူထားသော့စာရွက်ကလေးကို ခမောက်ထဲတွင်ထည့်၍ဆောင်းကာ တောင်ဝှေးကိုင်၍ပြန်ဖို့ပြင်နေသော ဘကြီးသောင်းကို ကိုဘိုဝင်းက -

"ထုံးတမ်းစဉ်လာမပျက် ပြန်ခတ်လေးမခတ်တော့ဘူးလားဗျ"

"ခတ်ထောပါဘူး မောင်ရာ၊ တော်ကြာ မောင်လင်းက ထော်လာဂျိန့် နောက်ကလိုက်တိုက်နေဖြင့်"

"ဆိုင်ကယ်ပါ ဘကြီးသောင်းရဲ့"

"သူကမှ ဆိုင်ကယ်လိုမမောင်းဘဲ မောင်ရဲ့"

ဟု ပြောပြီး ပြန်သွားလေရာ ကျွန်ုပ်တို့အဖွဲ့လည်း တဖြည်းဖြည်းနှင့် လူစုခွဲခဲ့ကြရလေတော့သည်။

ထိုနေ့လေးသည် ကျွန်ုပ်တို့စကားဝိုင်း၏ လူစုံနှင့် ပျော်စရာကောင်းခဲ့ကြသော နောက်ဆုံးနေ့လေး ဖြစ်ပါသည်။ နောက်နေ့များတွင် ကျွန်ုပ်သည် စကားဝိုင်းဘက်သို့ မရောက်ဖြစ်သော်လည်း ဦးတင်မှတ်နှင့်တော့ လမ်းတွင် မကြာခဏဆုံမိလေရာမှ -

"ဘယ့်နှယ်လဲ ဦးမှတ်ရဲ့။ ကျွန်တော်ပေးတဲ့ယဘြာလေးတွေလုပ်ဖြစ်ရဲ့လား"

"မပြောစမ်းပါနဲ့ ဆရာလေးရယ်။ အလကားကောင်၊ မိဘစေတနာကိုနားမလည်ဘူး။ ကျုပ်ဆယ်ခါမကဘူး ဖုန်းဆက်ခေါ်တာ။ အကြောင်းပြချက်အမျိုးမျိုးနဲ့ရောက်မလာဘူး။ ကိုယ့်ကျန်းမာရေးထက် ဘယ်အရာကများ အရေးကြီးနေလဲမသိဘူး"

"ဩော် - သူလည်း အခုမှ ကြင်စဉ်းဆိုတော့ ဘယ်ခွဲခွင်မှာတုံးဗျာ"

"ကျုပ်ကလည်းမခွဲခိုင်းပါဘူးဗျာ။ ဖုန်းထဲမှာ ပြောပြလို့မကောင်းလို့ ဒီရောက်မှပြောမယ်ဆိုပြီး ခေါ်တာ။ လင်မယားနှစ်ယောက်လုံး အတူတူလာခဲ့။ ဒီရောက်မှ ကျကျနနရှင်းပြပြီးယဘြာလေးဘာလေးချေပြီးပြန်သွားဦး၊ ကျုပ်မတဲားဘူး။ အခုဟာက ဆင်ခြေကိုများလွန်းတယ်။ ပြောနေရရင် ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းသလိုဖြစ်တော့မယ်"

"ဒီလိုပါပဲဗျာ။ လူငယ်ဆိုတာ ကတုံးဆိုတိုက်၊ ကျားဆိုကိုက်ပဲမဟုတ်လား။ ကဲ-သွားဦးမယ်ဗျို့၊ ကျွန်တော်လည်း ဒီရက်ပိုင်းအတွင်း ခရီးထွက်ဖို့ပြင်ဆင်နေရတာနဲ့ စကားဝိုင်းဘက်လည်း မရောက်ဖြစ်ဘူးဗျ"

"ဆရာလေးက ဘယ်ခရီးထွက်မလို့လဲ"

"ကလေးဝမြို့ဘက်ပါ။ အထက်ချင်းတွင်းပိုင်းပေါ့။ ကိုယ့်မွေးရပ်ဇာတိဖြစ်ပေမယ့် မရောက်တာ ဆယ့်ငါးနှစ်နီးပါးရှိနေပြီဗျ"

"ကျုပ်ကတော့ ဆရာလေးမရှိရင် အရေးအကြောင်းဆို အားကိုးစရာမဲ့ဦးတော့မှာပဲဗျ။ ဆရာလေးရှိနေရင် ဘာပဲဖြစ်ဖြစ် တိုင်ပင်ဖော်တော့ရတာပေါ့ ဗျာ"

"ကျွန်တော်လည်း မကြာပါဘူးဗျာ၊ အများဆုံး တစ်လ၊ နှစ်လပါပဲ။ ကဲ-သွားပြီဗျို့"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ဦးမှတ်အား နှုတ်ဆက်ပြီး ကျွန်ုပ်လည်းထွက်လာခဲ့ရာ နောက်ပိုင်းတွင် ခရီးထွက်နေသောကြောင့် မည်သူနှင့်မျှ မဆုံဖြစ်တော့ပေ။

(ဆက်ရန်)

အခ်ိဳပတိ(အုန်းချော)

www.burmeseclassic.com

www.burmeseclassic.com

လှုပ်ပေါ်စ

နှန်းတွင်းဝိညာဉ်များ

၁၉၈၃ ခုနှစ်လောက်ကလို့ထင်ပါတယ်။

လွတ်လပ်ရေး အထိမ်းအမှတ် မြို့နယ်ပေါင်းစုံ Tennis ပြိုင်ပွဲကို မန္တလေးနန်းတွင်းက အကျဉ်းဦးစီးဌာန Tennis ကွင်းမှာ ကျင်းပပါတယ်။ လာပြိုင်ကြတဲ့ မြို့နယ်ပြိုင်ပွဲဝင်တွေကို နန်းတွင်းထောင်နဲ့ မလှမ်းမကမ်းက ဧည့်ရိပ်သာတွေမှာ နေရာချထားတော့ ကျွန်တော်တို့အဖွဲ့က ထံခံ့ကာ၊ သွပ်မိုး၊ ခြေတံရှည်အိမ်သစ်တစ်လုံးမှာနေရာရပါတယ်။ လုံးချင်းအိမ်လေးပါ။ ဒါမျိုးလေးတွေ လေး၊ ငါးလုံးလောက် စီတန်းဆောက်ပေးထားတယ်ထင်ပါတယ်။ ဝန်ထမ်းတွေအတွက် ဆောက်ပေးထားပါ။ လူမနေသေးပါဘူး။

အားကစားသမားတွေဆိုပေမယ့် ကြေးစားတွေလည်းမဟုတ်။ မန္တလေးလို မြို့ကြီးကို အဖွဲ့ဝင်တစ်ယောက်ကိုယ်ပိုင်ကားနဲ့ လွတ်လွတ်လပ်လပ်လာရတဲ့ ယောကျ်ားသားတွေချည်းလည်းဖြစ်ပြန်ဆိုတော့ ညနေ ရေမိုးချိုးပြီးချိန်မှာ မြို့ထဲက စားသောက်ဆိုင်ကို တဖျော်တပါးချီတက်ကြတော့တာပါပဲ။ ပြိုင်ပွဲက နောက်နေ့မှပြိုင်ရမှာပါ။

တချို့ကလည်း ပုံမှန်သောက်နေကျ၊ တချို့က ကြုံသောက်၊ အများစုက မသောက်တတ်ကြပါဘူး။ မသောက်တတ်ပေမယ့် ခုလိုပွဲမျိုးမှာ သူတို့လည်း အပျော်သဘော် တစ်ပက်၊ နှစ်ပက်တော့ မျက်စိမှိတ်မျို့ချပေးကြပါတယ်။ နောက် နောက်ပြောင်ပြောင် ဟေးလား ဝါးလားပေါ့။ အားကစားက ဗန်းပြသဘောဖြစ်သွားပြီးတော့ စိတ်လွတ်ကိုယ်လွတ်အနားယူ ထွက်လာကြသလိုတောင် ဖြစ်နေကြပါတယ်။ ရယ်စရာတွေပြောကြ၊ ငယ်မူ ပြန်ကြ၊ ရယ်ကြမောကြ၊ စကြနောက်ကြပေါ့။ အားလုံးက ကိုယ်ပိုင်အလုပ်ကိုယ်စီနဲ့မို့ ဒီခရီးဟာ အပန်းဖြေခရီးတစ်ခုလိုတောင် ဖြစ်နေပါတယ်။ နည်းဗျူဟာတွေ၊ သက်လုံတွေ၊ လက်ပြန်ရိုက်ချက်တွေ၊ လက်မှန်ရိုက်ချက်တွေ၊ ဆားဗစ်(စ်)တွေ၊ lown the line တွေ ဘယ်သူမှမပြောကြဘူး။ ဘယ်သူမှလည်း ဟုတ်တိပတ်တိမရိုက်တတ်

www.burmeseclassic.com

www.burmeseclassic.com

ကြပါဘူး။ အဖွဲ့ခေါင်းဆောင် သွားဆရာဝန် ဒေါက်တာ ဦးအေးဝင်းနိုင်နဲ့ တခြားတစ်ယောက်လောက်သာ စနစ်တကျ ရိုက်တတ်သူတွေပါ။ ဦးအေးဝင်းနိုင်က အလွန်အကျွံမသောက်ကြဖို့ သတိပေးရင်း ဝိုင်းကိုထိန်းပေးနေရပါတယ်။

ဝိုင်းသိမ်းတော့ ည (၈) နာရီလောက်ထင်တယ်။ ဆောင်းတွင်းမို့ နေ့တာတိုတယ်။ မနက်မှာ ကွင်းဖွဲ့ပွဲရော ပြိုင်ပွဲပါ တစ်ဆက်တည်းလုပ်မှာမို့ ပြန်ရောက်ရောက်ချင်း အိပ်ရာပြင်ကြပါပြီ။ ကျွန်တော်လည်းအိပ်ရာပြင်ပြီးပါပြီ။ အပေါ့အပါးသွားချင်တာနဲ့ အောက်ခဏဆင်းလိုက်တော့ အိမ်တိုင်မှာ မို့ထောင်ထားတဲ့ စက်ဘီးတစ်စီးတွေ့ပါတယ်။ ပိုင်ရှင်က ထောင်ဝန်ထမ်းဖြစ်ဟန်တူပါရဲ့။ ကျွန်တော်တို့အဖွဲ့လိုတာ ကူညီရအောင် အဆင့်သင့်လာစောင့်ပေးနေသူပေါ့။ ကျွန်တော်ကလည်း ရံဖန်ရံခါ နှစ်ပက်၊ သုံးပက်လောက်သောက်တတ်ပေမယ့် စောစောက အပျော်လွန်ပြီး လေးပက်လောက်တော့ သောက်မိထင်ပါရဲ့။ စိတ်ကကြွနေပါပြီ။ ဒါနဲ့ပဲ စက်ဘီးဆွဲယူပြီး မင်္ဂလာတံတားဘက် ဦးတည်မိပါတော့တယ်။

မန္တလေးရောက်ရင် ပျော်ပေမယ့် မန္တလေးကို မကျွမ်းကျင်ပါဘူး။ နှစ်နှစ်မှ တစ်ခေါက်လောက် ရောက်ဖူးတာပါ။ စာဖတ်ဝါသနာကြောင့် သမိုင်းဝင်နေရာတွေကိုတော့ မြင်လိုက်တာနဲ့သိပါတယ်။ ရာဇဝင်ကြောင်းနဲ့စပ်မိပြီးလည်း အတွေးနယ်ချဲ့တတ်ပါတယ်။ ဒါက မင်္ဂလာတံတား၊ ဘုရင်တွေဝင်ထွက်တဲ့တံတား။ ဒါတွေက သုဓမ္မာဇရပ်၊ ဒါက ကျောက်တော်ကြီးဘုရား၊ ဒါက ရွှေအင်ပင်ကျောင်း။ ဒါက လူထုတိုက် စသဖြင့်ပေါ့။

သည်တုန်းက နန်းတွင်းထဲကနန်းတော်အုတ်ခုံက ဟာလာဟင်းလင်းကြီးပါ။ခုလိုအဆောင်ဆောင်အနန်းနန်းတွေ ပြန်မဆောက်ရသေးပါဘူး။ ပြတိုက်လို့လို့၊ အုတ်တိုက်ကြီးတစ်ခုပဲ အတွင်းဘက်ကျကျမှာရှိနေတာပါ။

မြို့ရိုးရဲ့အပြင်ဘက်ရောက်တော့ main ဘက်ကိုထွက်ခဲ့ပါတယ်။ ယမကာအရှိန်လေးနဲ့ စက်ဘီးကို ခပ်သွက်သွက်နင်းလို့ပေါ့။ ရည်းစားကိုလည်း သတိရမိပါတယ်။ ရည်းစားက ကျောင်းပြီးသွားပြီမို့ အုပ်ထိန်းတစ်နေရာမှာပါ။ ဒါနဲ့ ရည်းစားနေခဲ့ဖူးတဲ့ဘော်ဒါဆောင်သွားဖို့ စိတ်ကူးပေါက်လာပါတယ်။ အဲဒီမှာ သူနဲ့ ရင်းနှီးတဲ့ လင်မယားလည်း အဆောင်ဌာနေကြပါတယ်။ လင်မယားဆိုပေမယ့် ယောကျ်ားအစစ် မဟုတ်ပါ၊ ယောကျ်ားလျာပါ။ ဟိုရောက်တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲ။ ငုတ်တုတ်ကလေးတွေ စကားပြောနေကြတော့ ကျွန်တော်လည်း နှုတ်ဆက်ရင်း ရှေးဟောင်းနှောင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တွေပြောမိကြပါတယ်။ ဧကျာင်းသူတွေ အကြောင်း ရောက်တတ်ရာရာပြောရင်း အချိန်က ဂုန်မှန်းမသိဂုန်သွားပါရော။ တကယ်က ယမကာအရှိန်နဲ့ ကျွန်တော် ကချည်း ပြောနေတာ။ ကြာလို့ကြာမှန်း မသိတာ ကျွန်တော့်အပြစ်ပါ။ သတိရလို့ နာရီကြည့်လိုက်တော့ (၁၂)နာရီဝန်းကျင် ဖြစ်နေပါပြီ။ အားကစားသမားက အိပ်ရေးဝဝအိပ်ရပါတယ်။ အုပ်ချုပ်သူဆရာ လည်း စိတ်ပူနေရောပေါ့။

ယောကျ်ားလျာဘော် ဒါကြီးက လိုက်ပို့ပေးရမလား မေးပါသေးတယ်။ ဟန်ကိုယ်ဖို့ ကျွန်တော်ကု နေပါစေ၊ ပြန်တတ်ပါတယ်ပြောပြီး စက်ဘီးကို ခပ်သုတ်သုတ်ပြန်နင်းခဲ့ပါတယ်။

မင်္ဂလာတံတားက ဂိတ်ပေါက် ဝိတ်ပါပြီ။ အာဠဝိတံတားဘက်ဆီကွေ့ ပတ်သွားရတော့ အချိန်ကပိုကြာပါ တယ်။ ရာသီဥတုက အအေးဆုံးလ ဇန်နဝါရီမို့ ချမ်းစိမ့်နေပါပြီ။ လူသွား လူလာလည်းမရှိ၊ တိတ်ဆိတ်လို့ပါ။

အာဠဝိတံခါးက နှစ်ကြိမ်သုံးကြိမ် လောက် ကျွန်တော်ဝင်ခဲ့ဖူးပါတယ်။ အရှေ့တည့်တည့်သွားရုံပါပဲ။ တည့် တည့်သွားရင် နန်းတော်အုတ်ခုံရောက် တယ်၊ ထောင်ကြီးဘက်သွားချင်ရင် တော့ အုတ်ခုံမရောက်မီ ဘယ်ဘက်ချိုး ရမယ်လို့ မှတ်သားထားပါတယ်။ သည် ညမှာ ဘယ်လိုဖြစ်တယ်မသိပါဘူး၊ နန်း တွင်းထဲလည်းရောက်ရော စက်ဘီးက ရှေ့တည့်တည့်ဆက်နင်းလို့မရတော့ဘဲ ဘယ်ဘက် (မြောက်ဘက်အရပ်) ဆီ သူ အလိုလိုချိုးကွေ့သွားပါတော့တယ်။ ကိစ္စ မရှိဘူး။ တစ်နေရာရာရောက်ရင် (ညာ ဘက်) အရှေ့ဘက်ချိုးတဲ့ လမ်းတစ် လမ်းတွေ့မှာပဲ အဲသည်ကျရင် တွေ့တဲ့ လမ်းအတိုင်းလိုက်ပြီး ထောင်ကြီးဘက် သွားမယ်ပေါ့။

ကျွန်တော်သိပ်မမူးပါဘူး။ သည် လောက်တော့ခံနိုင်ပါတယ်။ သတိလည်း ကောင်းပါတယ်။ လမ်းသာဆုံးသွား ရော ညာဘက် (အရှေ့ဘက်သွားတဲ့ လမ်း) လုံးဝမတွေ့မိဘူးခင်ဗျာ။ ဒါနဲ့ လာလမ်းအတိုင်း စက်ဘီးကိုပြန်နင်းခဲ့ပါ တယ်။ အာဠဝိတံခါးထိပ် လမ်းမကြီး ရောက်တော့ ဘယ်လိုဖြစ်ပြန်တယ် မသိ ပါဘူး။ ဘယ်ဘက် (အရှေ့ဘက်) ကွေ့ မရဘဲ တောင်ဘက်တည့်တည့်ကြီး လက်ကိုင်က ဆွဲခေါ်သွားပြန်ရော။ ကျွန်တော်လည်း အုတ်ကြောင်ကြောင်နဲ့ လမ်းဆုံးသွားတဲ့အထိနင်းနေမိပါတယ်။ လမ်းဆုံးတော့ ရွာမရောက်တဲ့အပြင် ဘယ်ရောက်နေမှန်းကို မသိတော့ပါဘူး။ အနားတစ်ဝိုက်လည်း မှောင်မည်းလို့ပါ။ ဖောက်ထွက်စရာ လမ်းကြားဆိုလို့လည်း တစ်လမ်းမှမတွေ့၊ လူလည်းခွေးခွေးမပြပြီ။ လာလမ်းအတိုင်းပဲပြန်မှာပါလို့ သတိ ဝင်လာတာကြောင့် မှောင်မည်းမည်းထဲ မှာပဲ အာဠဝိလမ်းဖက်တစ်ကျောပြန် နင်းခဲ့ပါတယ်။ တံခါးနားရောက်တော့ စက်ဘီးက မြောက်ဘက်တည့်တည့်ဆွဲ ခေါ်နေပြန်ရော။ ကျွန်တော်မှတ်မိ သလောက် အဲသလို တောင်နဲ့မြောက် (နန်းတွင်းဟိုဘက်သည်ဘက်အစအဆုံး နီးပါး) သုံးခေါက်လောက် ခပ်သွက်သွက် စက်ဘီးနင်းနေခဲ့ရတယ်ထင်တာပဲ။ လူ လည်းမောပြီး အမှောင်ထဲမှာ ခွေးတွေ လည်းရွံနစ်နေပါပြီ။

သည်တစ်ခေါက် မြောက်ဘက် လမ်းဆုံးကလှည့်ပြန်လာပြီး တံခါးနား ရောက်တော့ စက်ဘီးပေါ် ကခုန်ချကာ ဘာဆက်လုပ်ရင်ကောင်းမလဲ စဉ်းစား ရပါပြီး စက်ဘီးခေါ် တိုင်းသာလိုက်နေရ ရင် မိုးလင်းပါလိမ့်မယ်။

မြို့ရိုးပေါ်မှာ ထန်းပင်ကြီးပေါက် နေတာ သတိထားမိပါတယ်။ အခြား ထွေထွေထူးထူးဘာမှတော့မမြင်မိပါဘူး။ လူကတော့ နုံးချည့်နေပြီ။ သောက်ထား ဘမျှလည်းကုန်ပါပြီ အမူးပြေသလောက် ဖြစ်နေပါပြီ။ ဘာဆက်လုပ်ရမှန်းလည်း မသိတော့ပါဘူး။ အာဠဝိလမ်းပေါ် (နန်း ဘွင်းထဲ)ရောက်နေပါလျက် အရှေ့တည့် တည့်ဆက်သွားရင် လမ်းမှန်ပဲဆိုတာ လည်း ခေါင်းထဲပေါ် မလာတော့ပါဘူး။ ထန်းပင်ကြီးတွေကိုပဲ မောမော့နဲ့ (အား ငယ်စွာ) ငေးကြည့်နေမိပါတယ်။

အဲသည်နောက် စက်ဘီးပေါ်ပြန် ခွလိုက်တော့ ဘီးက သူ့အလိုလိုဆွဲခေါ် သွားသလိုပဲဗျာ၊ တည်းခိုတဲ့ခြေတံရှည် အိမ်သစ်ကိုလေးဆီ တန်းတန်းမတ်မတ် ကို ရောက်သွားတော့တာပဲ။ (တကယ် ဆို အဲသည်အိမ်ကလေးကမှ ညဘက် ရှာရဖွေရခက်တဲ့နေရာမှာဆိုတာ မနက် မိုးလင်းမှသိရပါတယ်) အာဠဝိတံခါးက နေ သည်အထိဖြူးလို့ပါဗျာ။ စက်ဘီး ရှင်က အိပ်ပျက်ခံပြီးတော့ကို သူ့စက်ဘီး စောင့်နေရှာတာ၊ သူကလည်းဘီးပျောက် ပြီထင်နေတာတဲ့၊ အုပ်ချုပ်သူ ဒေါက်တာ က အဖွဲ့သားတစ်ယောက်လည်းပျောက် နေကြောင်းသူယူသွားတယ်ထင်ကြောင်း စောင့်လက်စနဲ့ ဆက်စောင့်နေပါလို့မှာ ထားတယ် ဆိုပါတယ်။

အသစ်ပြန်ဆောက်တဲ့ နန်းတော် အဆောင်တွေထဲမှာ မကျွတ်မလွတ် သေးတဲ့ ဝိညာဉ်တွေ (တစ်နည်း) နာနာ ဘာဝ သို့မဟုတ် ဓမ္မတွေ အတော် များများကျန်နိုင်ပါသေးတယ်။ နန်းလုပ္ပဲ တုန်းက ဆင်ဖြူမရှင်နဲ့ ဝန်ကြီးတချို့ လက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့ရတဲ့ မဟာဆီမဟာသွေး နန်းညွှန့်နန်းလျာ တွေ (၆၀) ကျော်လောက်ရှိဆိုလားပဲ။ နောက်ပြီး အဲသည်ခေတ်က အကြောင်း အမျိုးမျိုးနဲ့သေဆုံးခဲ့တဲ့ အနွယ်တော်တွေ ရဲ့ဝိညာဉ်တွေလည်း နန်းမြို့နေရာအနှံ့ သွားလာလှုပ်ရှားနေဦးမှာပါဝဲ။

အာဠဝိတံခါးဆိုတာ ရှေးကလူသေ တွေထုတ်တဲ့တံခါး၊ မသာချတဲ့တံခါးလို့ လည်း ကြားဖူးပါတ်ယ်။

ကျွန်တော်ဟာ အဲဒီညက သူရာ မေရီယက်ကျူးလွန်ထားလို့ သီလမလုံ ဘူး။ သီလမလုံသူတွေကို ပေတတွေက အလွယ်တကူလှည့်စားတတ်တယ်ဆိုတာ အရွယ်ရမှသဘောပေါက်လာပါတယ်။

ကျွန်တော်လှည့်စားခံခဲ့ရတာဖြစ် ဖို့များပါတယ်။ သရဲခြောက်ခံရတာမျိုး တော့မဟုတ်ဘူးခင်ဗျာ။ ဘာကြောင့်ဆို သောက်ထားတယ်ဆိုပေမယ့် အဲသည် ညဖြစ်စဉ်တွေကို နှစ်(၃၀)ကြာတဲ့အထိ အားလုံးမှတ်မိနေလို့ပါ။ ခြောက်တဲ့လှန့် တဲ့လက္ခဏာ လုံးဝမရှိပါဘူး။

တကယ်တော့ မကျွတ်ရှာသေးတဲ့ မင်းညီမင်းသားတွေကို ကျွန်တော်က အရူးလုပ်ခံပြီး ပျော်တော်ဆက်ခဲ့ရတဲ့ သဘောပါပဲ။ မင်းညီမင်းသားတွေမှာ လူဘဝကောင်းစားခဲ့ကြစဉ်က ပျော်တော် ဆက်တွေ၊ လူပျိုတော်သားအပေါင်း အသင်းတွေရှိကြပါတယ်။ နာနာဘာဝ မှာတော့ သူတို့လည်း ပျော်ခွင်ရှာမယ် ထင်ပါတယ်။ ကျွန်တော့်ကို မခြောက် မလှန့်ဘဲနဲ့ တောင်နဲ့ မြောက် (၁) မိုင် နီးပါးခရီး သုံးခေါက်လောက် ခေါက်တဲ့ ခေါက်ပြန် စက်ဘီးနင်းစေပြီး လျှာထွက် ကာ အလန့်တကြားဖြစ်နေတဲ့ လူသား ငမူးကို မြို့ပိုးထိပ်က သူတို့ထိုင်ကြည့်ရင်း ရယ်ကြပျော်ကြမယ့်သဘောပါ။

စက်ဘီးလက်ကိုင်က အာဠဝိ တံခါးလမ်းဆုံရောက်တိုင်း ကွေ့မရဘဲ တန်းတန်းကြီးတောင့်တောင့်ကြီး ရှေ့ဆက် ရွှေ့ရွှေ့သွားတာ ခုထက်ထိမှတ်မိနေပါ သေးရဲ့။

လှမောင်ပင်

www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေစင်)ချောက်

လေ့လာမှတ်သားလိုက်နာ ကျန်းမာစေရာ တိုင်းရင်းဆေးပညာ

ကမ္ဘာပေါ်တွင် အယ်(လ်)နီညို့ခေါ် သမုဒ္ဒရာရေနွေးစီးကြောင်းကြောင့် ရာသီဥတုဖောက်ပြန်သဖြင့် လူအများ ကျန်းမာရေးဂရုစိုက်ကြရန် ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှ ရှောင်ရန်၊ လိုက်နာရန်တို့ကို ဟောပြောလျက်ရှိပါသည်။

စာရေးသူသည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဖွင့်လှစ်သော အခြေခံတိုင်းရင်းဆေးပညာ (၁) လသင်တန်းသို့ တက်ရောက် သင်ကြားခဲ့ပါသည်။ ထိုသင်တန်းမှ တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများနှင့် ကျန်းမာရေးအတွက် ရာသီအလိုက် ရှောင်ရန်/ဆောင်ရန်တို့ကို မှတ်သားလေ့လာခဲ့ရပါသည်။

သို့ပါ၍ လူတိုင်းနားလည်နိုင်သော အသုံးအနှုန်းဖြင့် တိုင်းရင်းဆေးပညာမှ ကျန်းမာရေးအတွက် ရှောင်ရန်/ဆောင်ရန်တို့ကို အောက်ပါအတိုင်း အခန်းခွဲ၍ ရေးသားပါသည်။

၁။ တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများ
၂။ ဥတုရာသီအလိုက် ယေဘုယျဖြစ်တတ်သောရောဂါများ
၃။ တိုင်းရင်းဆေးပညာဖြင့် ရှောင်ရန်/ ဆောင်ရန်၊ သတိပြုရန် နည်းလမ်းများ
၄။ မီးဖိုချောင်သုံး ဆေးဖက်ဝင် ပစ္စည်းများအသုံးပြုပုံ
၅။ မိမိပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင် အပင်များအသုံးပြုပုံ

ဤရေးသားဖော်ပြချက်များသည် စာရေးသူ၏ အတွေးအခေါ် အယူအဆများမဟုတ်ပါ။ တိုင်းရင်းဆေးပညာဦးစီးဌာနမှပို့ချသောပို့ချချက်များမှ စာရေးသူထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါ၍ ယုံကြည်စိတ်ချစွာလိုက်နာကျင့်သုံးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

❑ အခန်း(၁)
တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများ

သက်ရှိ သက်မဲ့အားလုံးသည် အရင်းခံရုပ်အနေဖြင့် ဓာတ်(၅)ပါးအစုအဝေးမျှသာ ဖြစ်သည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကြီးသည်လည်း ဓာတ်(၅)ပါးအစုအဝေးမျှသာ ဖြစ်သည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကြီးသည်လည်း ဓာတ်(၅) ပါးအစုအဝေးပင် ဖြစ်သည်။ ထို ဓာတ် (၅) ပါးတို့ ညီညွတ်မျှတလျှင် ကျန်းမာသည်။ မညီညွတ်ဘဲ ဖောက်ပြန်လျှင် အနာရောဂါရသည်။ ထို့ကြောင့် ထိုဓာတ် (၅) ပါး၏ အခြေခံသဘောကို ဦးစွာ သိနားလည်ထားရန် အရေးကြီးသည်။

ဓာတ်ကြီးငါးပါး

၁။ ပထဝီ (မြေဓာတ်)
၂။ အာပေါ (ရေဓာတ်)
၃။ တေဇော (မီးဓာတ်)
၄။ ဝါယော (လေဓာတ်)
၅။ အာကာသ (အပိုင်းအခြားဓာတ်)

'ဓာတ်' ဟူသော အဓိပ္ပာယ်မှာ မိမိသဘောကို မိမိဆောင်တတ်သဖြင့် ဓာဟ်ဟု ခေါ်ခြင်း ဖြစ်သည်။ ထိုဓာတ် (၅) ပါးတို့တွင် အာကာသဓာတ်သည် မဟာဘုတ်ခေါ် ဓာတ်ကြီး (၄) ပါးနှင့် အတူယှဉ်တွဲနေသောကြောင့် ဓာတ်ကြီး (၅) ပါးဟု ခေါ်ခြင်းဖြစ်သည်။ အာကာသဓာတ်မှကြွင်းသော မြေ၊ ရေ၊ လေ၊ မီး ဟူသော ဓာတ်ကြီး (၄) ပါးတို့သည် သဘောအားဖြင့် လည်းကောင်း၊ မျက်မြင်ယုတ္တိအားဖြင့် လည်းကောင်း အလွန်ထင်ရှားသောကြောင့် ယင်းထို့ကို မဟာဘုတ်ဟုလည်း ခေါ်သည်။

သဘောတရားများ

ထိုဓာတ်ကြီး (၄) ပါးတို့သည် -

၁။ အတူယှဉ်တွဲ၍ ဖြစ်တတ်သော သဘော
၂။ အချင်းချင်း ကျေးလူပြုတတ်သောသဘော
၃။ တစ်ပါးကိုတစ်ပါးအား ပြုမှီတွယ်နေရသောသဘော
၄။ တစ်ပါးရှိလျှင် တစ်ပါးရှိရသော သဘော
၅။ တစ်ပါးနှင့်တစ်ပါး ကင်း၍ကွာ၍ မရသောသဘောများရှိသည်။

❑ ပထဝီ(မြေဓာတ်)အကြောင်း

ပထဝီဓာတ်မည်ပုံ

အတူတကွ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော ရုပ်တရားတို့၏ တည်ရာမှီရာဖြစ်သောကြောင့် ပထဝီဓာတ်မည်၏။

အမျိုးအစား

၁။ နူးညံ့ပထဝီ
၂။ ခက်မာပထဝီ

ဟူ၍ အကျဉ်းအားဖြင့် (၂) မျိုး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

□ အာပေါ(ရေဓာတ်)အကြောင်း

အာပေါဓာတ်မည်ပုံ

ရုပ်တရားတို့၏အတွင်းသို့စိမ့်ဝင်တတ်၊ ပျံ့နှံ့တတ်သောကြောင့် အာပေါမည်၏။

အမျိုးအစား

၁။ ဖွဲ့စည်းအာပေါ

၂။ ယိုစီးအာပေါ

ဟူ၍ အကျဉ်းအားဖြင့် (၂) ပါးရှိသည်။

□ တေဇော(မီးဓာတ်)အကြောင်း

တေဇောဓာတ်မည်ပုံ

ရင့်ကျက်စေတတ်သော၊ လောင်စေတတ်သောကြောင့် တေဇောမည်၏။

အမျိုးအစား

၁။ သိတတေဇော

၂။ ဥဏှတေဇော

ဟူ၍ အကျဉ်းအားဖြင့် (၂) ပါးရှိသည်။

□ ဝါယော(လေဓာတ်)အကြောင်း

ဝါယောဓာတ်မည်ပုံ

ရုပ်တရားတို့ကို တန့်နေရာမှ တစ်နေရာသို့ရောက်အောင် ပို့ဆောင်တတ်သောကြောင့် ဝါယောဓာတ်မည်၏။

အမျိုးအစား

၁။ ထောက်ကန်ဝါယော

၂။ လှုပ်ရှားဝါယော

ဟူ၍ အကျဉ်းအားဖြင့် (၂) ပါးရှိသည်။

□ အာကာသ (အပိုင်းအခြားဓာတ်) အကြောင်း

အာကာသဓာတ်မည်ပုံ

ရှေးခြေ၍မရကောင်းသောကြောင့် အာကာသမည်၏။

အမျိုးအစား

၁။ အပိုင်းအခြားအာကာသ

၂။ ကောင်းကင်အာကာသ

၃။ ကသိုဏ်းနိမိတ်အာကာသ

ဟူ၍ အာကာသသည် အချုပ်အားဖြင့် (၃) မျိုးရှိသည်။

(ဆေးဝါးကုသရေးအတွက် အပိုင်းအခြားအာကာသသာလျှင် ပမာနဖြစ်သည်)

□ မိတ်ဓာတ်၊ ရန်ဓာတ်ခွဲခြားပုံ

မိတ်ဓာတ်

၁။ ပထဝီနှင့် အာပေါဓာတ်သည် မိတ်ဓာတ်။

၂။ တေဇောနှင့် ဝါယောဓာတ်သည် မိတ်ဓာတ်။

၃။ ဝါယောဓာတ်နှင့် အာကာသဓာတ်သည် မိတ်ဓာတ်။

ရန်ဓာတ်

၁။ ဥဏှတေဇောနှင့် သီတတေဇော သည် ရန်ဓာတ်။

၂။ ပထဝီဓာတ်နှင့် ဝါယောဓာတ် သည် ရန်ဓာတ်။

၃။ ဖွဲ့စည်းအာပေါနှင့် အာကာသဓာတ်သည် ရန်ဓာတ်။

□ အလေးဓာတ်နှင့်အပေါ့ဓာတ်ခွဲခြားပုံ

အလေးဓာတ်

ပထဝီဓာတ်နှင့် အာပေါဓာတ်တို့သည် အလေးဓာတ်။

အပေါ့ဓာတ်

တေဇောဓာတ်၊ ဝါယောဓာတ်နှင့် အာကာသဓာတ်တို့သည် အပေါ့ဓာတ်။

□ အကြောင်းဓာတ်နှင့် အကျိုးဓာတ်ခွဲခြားပုံ

အကြောင်းဓာတ်

သီတတေဇောနှင့် ဥဏှတေဇော သည် အကြောင်းဓာတ်။

အကျိုးဓာတ်

ကြွင်းသောဓာတ် (၄) ပါးသည် အကျိုးဓာတ်။

အပူနှာ၊ အအေးနှာ

အနာရောဂါတွင် အကျဉ်းအားဖြင့် အပူနှာနှင့် အအေးနှာဟူ၍ (၂) မျိုးရှိ၏။

အပူနှာ (၄) မျိုးရှိသည်။

အအေးနှာ (၄) မျိုးရှိသည်။

□ အရသာ (၆) ပါး

၁။ အချို

၂။ အချဉ်

၃။ အငန်

၄။ အစပ်

၅။ အခါး

၆။ အဖန်တို့ ဖြစ်ကြသည်။

သာယာအပ်၊ နှစ်သက်အပ်သောကြောင့် 'အရသာ' ဟု ခေါ်သည်။

ဒေါသအုပ်စု

ခန္ဓာကိုယ် ဆိုသည်မှာ ဒေါသအုပ်စု၊ ဓာတ်အုပ်စု၊ မလအုပ်စုဟူသော အုပ်စုကြီး (၃) မျိုးတို့ဖြင့် တည်ဆောက်ထားသောအရာ ဖြစ်သည်။

အနာရောဂါဖြစ်မှု၊ ဖကျွန်းမာမှု ဆိုသည်မှာလည်း ယင်းအုပ်စု (၃) မျိုးမညီညွတ်ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။

ဒေါသ (၃) မျိုး

ထိုအုပ်စုသုံးမျိုးအနက် ဒေါသအုပ်စုသည် လုပ်ငန်းအနေဖြင့် လည်းကောင်း၊ စွမ်းရည်သတ္တိအနေဖြင့် လည်းကောင်း ခန္ဓာကိုယ်အတွက် ပိုမိုရှိပမာနကျသည်။

ခန္ဓာကိုယ်အတွက် ဒေါသသုံးမျိုး ဆိုသည်မှာ -

၁။ လေဒေါသ

၂။ သည်းခြေဒေါသ

၃။ သလိပ်ဒေါသတို့ပေတည်း။

ယင်း (၃) မျိုး မဖောက်ပြန်လျှင် ခန္ဓာကိုယ်ကျန်းမာမှုရှိသည်။ ဖောက်ပြန်လျှင် ဓာတ်မလများကိုဖျက်ဆီးကာ ခန္ဓာကိုယ်ကိုအနည်းနှင့်အများပျက်စီးအောင် ပြုတတ်သည်။

ခန္ဓာကိုယ်တွင် နူးညံ့သိမ်မွေ့သည်ထက် နူးညံ့သိမ်မွေ့သော အစိတ်အပိုင်းကလေးဖြစ်စေကာမူ ဤဒေါသ(၃)မျိုးတို့နှင့် ကင်း၍ဖြစ်သော အစိတ်အပိုင်းဟူသည် အနည်းငယ်မျှမရှိပေ။

၃၁။ လေဒေါသ

လေ၏ဂုဏ်(၅)ပါး

ထိုလေ၌ -

၁။ ခြောက်သွေ့ခြင်း

၂။ ပေါ့ပါးခြင်း

၃။ သိမ်မွေ့ခြင်း

၄။ လှုပ်ရှားခြင်း

၅။ အေးမြခြင်း

ဟူသော ဂုဏ်များသည် လေ၏ဂုဏ်များ ဖြစ်သည်။

လေ၏အဓိကလက္ခဏာများ

၁။ အသားအရေခြောက်သွေ့ခြင်း

၂။ ကိုယ်လက်များတုန်လှုပ်ခြင်း

၃။ အအိပ်နည်း၊ အအိပ်ပျက်ခြင်း

၄။ ခံတွင်းပျက်ခြင်း

၅။ မူးဝေခြင်း

၆။ နားလေထွက်ခြင်း၊ နားအူခြင်း

၇။ သမ်းဝေခြင်း

၈။ အကြောအခြင်တောင့်တင်းခြင်း

လေဒေါသကုသနည်းအကျဉ်းချုပ်

ဆီသောက်ခြင်း၊ ချွေးထုတ်ခြင်း၊ အချို၊ အချဉ်၊ အငန်၊ အပူဖြစ်သော ဆေးနှင့်အစာများကိုစားသောက်ခြင်း၊ နှမ်းဆီသုတ်လိမ်းခြင်း၊ နှမ်းဆီလိမ်းပြီး နောက် ကြပ်ထုပ်စည်းခြင်း၊ ဒုသမူပြုကျင့်ရာ စသည် ဆွတ်ဖျန်းခြင်း စသည်တို့သည် ယေဘုယျအားဖြင့် လေဒေါသ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရာကုသနည်းများ ဖြစ်လေသည်။

၂။ သည်းခြေဒေါသ

သည်းခြေ (၂) မျိုး

၁။ အိတ်ဖွဲ့၍တည်ရှိသော (ဗဒ္ဓ) သည်းခြေနှင့်

၂။ တစ်ကိုယ်လုံး ပျံ့နှံ့၍တည်နေသော (အဗဒ္ဓ) သည်းခြေဟူ၍ (၂) မျိုးရှိသည်။

သည်းခြေ၏ ဂုဏ် (၅) ပါး

၁။ ထက်မြက်ခြင်း

၂။ ပူနွေးခြင်း

၃။ ချဉ်ခြင်း

၄။ စပ်ခြင်း

၅။ ဆီးဝမ်းရွှင်ခြင်း

သည်းခြေ၏အဓိကလက္ခဏာများ

၁။ ကိုယ်သားကိုယ်ရေပူခြင်း၊ ဝါခြင်း

၂။ လေချဉ်ပြန်ခြင်း၊ စားချဉ်ပြန်ခြင်း

၃။ ကျင်ငယ်၊ ကျင်ကြီးဝါခြင်း

၄။ ရေငတ်ခြင်း

၅။ ခံတွင်းချဉ်ခြင်း

သည်းခြေဒေါသကုသနည်းအကျဉ်းချုပ်

ထောပတ်သောက်ခြင်း၊ ချိုဆိမ့်အေးမြသောဆေးတို့ဖြင့် ဝမ်းနုတ်ခြင်း၊ ချိုခါးဖန်အရသာရှိသော ဆေးအစာတို့ကို စားသောက်ခြင်းတို့မှာ သည်းခြေဒေါသကုသနည်းများ ဖြစ်သည်။

၃။ သလိပ်ဒေါသ

သလိပ်၏ဂုဏ် (၅) ပါး

၁။ ချိုခြင်း

၂။ ငန်ခြင်း

၃။ အေးခြင်း

၄။ လေးခြင်း

၅။ ပျစ်ခွဲခြင်း

သလိပ်၏အဓိကလက္ခဏာများ

၁။ ကိုယ်လက်လေးလံခြင်း

၂။ အအိပ်လွန်ကဲခြင်း

၃။ ခံတွင်းချိုခြင်း

၄။ တံတွေးချိုခြင်း

၅။ ခြေလက်များအေးခြင်း

၆။ ကျင်ကြီး၊ ကျင်ငယ်ဖြူခြင်း၊ များခြင်း။

သလိပ်ဒေါသကုသနည်းအကျဉ်းချုပ်

ထက်သောအနှစ်ဆေး၊ ဝမ်းနုတ်ဆေးသောက်ခြင်း၊ လူခဂုဏ်ရှိပြီး မထက်လွန်း မပူလွန်းဘဲ စပ်၊ ခါး၊ ဖန်၊ ဆေးအစာများကျွေးခြင်းတို့သည် သလိပ်ဒေါသကို ကုသနည်းအကျဉ်းချုပ် ဖြစ်သည်။

ဓာတ် (၇) မျိုး

သရီရဓာတ် (၇) မျိုး

၁။ ရသာဓာတ်ရည်

၂။ သွေးဓာတ်

၃။ အသားဓာတ်

၄။ အဆီဓာတ်

၅။ အရိုးဓာတ်

၆။ ခြင်ဆီဓာတ်

၇။ သုက်ဓာတ်တို့ ဖြစ်ကြ၏။

ဓာတ် (၇) မျိုး ခန္ဓာကိုယ်ကိုဆောင်ရွက်ပုံ

၁။ ရသဓာတ်သည် ပွားများခြင်း

၂။ သွေးဓာတ်သည် အသက်ရှင်ခြင်း

၃။ အသားဓာတ်သည် ပြေပြစ်အောင်လိမ်းကျံခြင်း

၄။ အဆီဓာတ်သည် စေးကပ်ငြိတွယ်ခြင်း

၅။ အရိုးဓာတ်သည် တည်တံ့ခိုင်ခဲ့ခြင်း

၆။ ခြင်ဆီဓာတ်သည် ပြည့်ဖြိုးခြင်း

၇။ သုက်ဓာတ်သည် ကိုယ်ဝန်ကိုတည်စေခြင်း

စသည်ဖြင့် အသီးသီးဆောင်ရွက်ကြသည်။

မလကြီး (၃) မျိုး

၁။ ကျင်ကြီး

၂။ ကျင်ငယ်

၃။ ချွေး

ခန္ဓာကိုယ်ကို ညစ်နွမ်းအောင် ပြုလုပ်သောကြောင့် မလဟုခေါ်သည်။

ဝမ်းမီးနှံလျှင် မလပွားး၍ ဝမ်းမီးထက်လျှင် မလခန်းခြောက်သည်။ ထိုမလများပွားခြင်း၊ ခန်းခြင်းဖြစ်လျှင် အနာရောဂါရတတ်သည်။

ဝမ်းမီး (၄) မျိုးအကြောင်း

၁။ ထက်သောဝမ်းမီး

၂။ နှံသောဝမ်းမီး

၃။ မညီညွတ်သောဝမ်းမီး

၄။ ညီညွတ်သောဝမ်းမီး

ဝမ်းမီးနှင့်ဒေါသ (၃) မျိုး

၁။ သည်းခြေလွန်လျှင် ဝမ်းမီးထက်၏။

၂။ သလိပ်လွန်လျှင် ဝမ်းမီးနှံ၏။

၃။ လေလွန်လျှင် ဝမ်းမီးမညီမညွတ်ဖြစ်၏။

ဒေါသ (၃) ပါးငြိမ်ဝပ်လျှင် ဝမ်းမီးညီညွတ်၏။

ခန္ဓာကိုယ်တွင်အစားအစာများပျံ့နှံ့ပုံ

ပီးစာ၊ လောင်မီး၊ ကျင်ကြီး၊ ကျင်ငယ်တစ်သွယ်သွေးသား ဤငါးပါး။

၁။ ခန္ဓာကိုယ်တွင်းရှိပိုးများမှ (၁) ပုံ

၂။ အခိုးအငွေ့ဖြင့်လောင်မီး (၁) ပုံ

၃။ ကျင်ကြီး (၁) ပုံ

၄။ ကျင်ငယ် (၁) ပုံ

၅။ သွေးသား (၁) ပုံ

တို့ဖြစ်ပါသည်။

အခန်း (၂)
ဥတုရာသီအလိုက် ယေဘုယျဖြစ်တတ်သောရောဂါငယ်များ

နွေရာသီ၌ဖြစ်တတ်သော ရောဂါငယ်နှင့်ကုထုံးများ

၁။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်း

နွေရာသီ အပူသက်သာအောင် လေအေးစက်အခန်းတွင်နေခြင်း၊ ရေခဲရေသောက်ခြင်း၊ လေထန်သောနေရာတွင် အအေးခံအိပ်စက်ခြင်း၊ နေပူနေစဉ် နေ့ခင်းနေ့လယ် ရေချိုးခြင်းတို့ကြောင့် ရုတ်တရက်ဖြစ်တတ်ပါသည်။

၁။ အဝတ်ပါးကို လုံခြုံစွာဝတ်ဆင်ပါ။

၂။ ချွေးထွက်စေရန် ကွမ်းရွက်နှင့်ထန်းလျက်ပြုတ်ရည်ကို ပူပူမွတ်သောက်ပါ။

၃။ ရေနွေးငွေ့ရှူပါ။

၄။ ဆားရည်ကြည် (သို့) ကွမ်းရွက်စိမ်းရည်ဖြင့် မျက်စဉ်းခတ်ပါ။

၅။ ရေကျက်အေးများများသောက်ပါ။

၆။ တိုင်းရင်းဆေးနံပါတ် (၁၇၊ ၂၄၊ ၂၅) တို့ကို သောက်နိုင်သည်။

၂။ အပူဝင်၊ အပူဝင်ရောဂါများ

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲပြင်းထန်လျှင် အပူဝင်၊ အပူဝင်ဖြစ်တတ်ပါသည်။ အတွင်းအပူငြိမ်းစေရန် ရေများများသောက်ပေးရပါမည်။ မျက်စိပူပြီး ကျိန်းစပ်နေသည်အထိ ဆိုးရွားလျှင် ညဘက်၌ မန်ကျည်းသီးမှည့်နှင့် ထန်းလျက်ဖော်ရည်လုပ်သောက်သင့်သည်။

နံနက်နှင့် နေ့တွင် သွေးဆေးခိုကြိုး (ဆေးနံပါတ်-၁၇) ကို ထန်းလျက်ပြုတ်ရည်နှင့်တိုက်ပါ။ နံနက်နှင့် ည အစာစားပြီးတိုင်း မတဲမြင်းမိုရ်ကုန်း (ဆေးနံပါတ်-၂၅) ကို တိုက်ပါ။

၃။ မျက်စိကျိန်း၊ မျက်စိနာပြုစုကုသနည်း

၁။ မန်ကျည်းနီခေါက်နှင့် ဆားကိုသွေး၍ နဖူးကိုလိမ်းပါ။ မျက်စိကို ကွင်းပါ။

၂။ ဆင်တုံးမန္ဓယ်နှင့် ဆားသွေး၍ မျက်စိကိုကွင်းပါ။

၃။ ဆီးဖြူသီးနှင့်ဆားသွေး၍ကွင်းပါ။

၄။ ငှက်ပျောသီးဖီးကြမ်းပျော်ပျော်ကို စားပါ။

www.burmeseclassic.com

www.burmeseclassic.com

၅။ နံနက်အချိန် နွားနို့ကို ဆားငန်ငန် ခတ်ပြီးသောက်ပါ။

၆။ ညတွင် မန်ကျည်းဖော်ရည်ဆား ငန်ငန်ခတ်ပြီးသောက်ပါ။

၇။ မျက်နှာသစ်သည့်အခါတွင် ခြေထောက်ကို ရေနွေးစွာ ရေလောင်းပြီးမှ သစ်ပါ။

၈။ မျက်စိစူးလျှင် နွားနို့ကို ရေနွေးနှင့် မှိုင်းခံပါ။

၉။ ဟလိဒ္ဓစုဏ္ဏဇန်းဆေး (ဆေးနံပါတ်-၆)နှင့် အပူပြင်းသွေးဆေး (ဆေးနံပါတ်-၁၆) ကို အညွှန်းအတိုင်းသောက်၍ အကင်း(၁၀)ပါးဆေး (ဆေးနံပါတ်-၄၃) ကို လိမ်းပါ။

၄။ ဆီးပူ၊ ဆီးအောင့်

တာရှည်စွာထိုင်၍အလုပ်လုပ်ကိုင်ခြင်းနှင့်အပူဆေးအပူစာတို့ကိုရှောင်ပါ။

၁။ နံနက်အိပ်ရာထ ရေကိုဝအောင်သောက်ခြင်း

၂။ ဆန်ဆေးရည်၊ ဆန်ဝါးရည်တစ်ခွက်ကို သကြားအနည်းငယ်ထည့်၍ သောက်ခြင်း

၃။ ဆူးလေပွင်းပါးကို ပြုတ်၍ သောက်ခြင်း စသည်များကို ပြုလုပ်လျက် အခြားဆီးသက်အုပ်စုတွင် ဆေးပင်များနှင့် ဆီးဆေးဖြူ (ဆေးနည်းအမှတ်-၂၁) တို့ကို လည်း သောက်နိုင်ပါသည်။

(ထိကရုံးဆူးပေါက်၊ မြေဆီးဖြူ၊ သံမနိုင်ကျောက်မနိုင်၊ ကုလားမျက်စိပွင်းပါးပြုတ်ရည်များ သောက်နိုင်ပါသည်။

၅။ နာခေါင်းသွေးလွှဲခြင်းပြုစုကုသနည်း

နာခေါင်းမှ သွေးများကို စင်ကြယ်အောင် သန့်ရှင်း၍ အနှံ့ပြင်းသည့် ဆေးပစ္စည်းတစ်ခုခုဖြစ်စေ၊ သွေးဆေးအေးတစ်မျိုးမျိုးဖြစ်စေရမည်။

၁။ သပြေ၊ ညြောင်၊ မာလကာရွက်များကို ပွတ်ခြေ၍ ရှူပါ။

၂။ နံ့သာတစ်မျိုးမျိုးကိုရှူပါ။ ရေအေးကိုရှူပါ။

၃။ သွေးဆေးအေးကိုတိုက်ပါ။ (အပူပြင်းသွေးဆေး)

၄။ သကြားနှင့် သံပရာရည်ချိုချိုကို ဖော်၍တိုက်ပါ။

၅။ ကျောက်ဖရုံသီးကိုခြစ်၍ အစပ်မပါဘဲသုပ်စားပါ။

အထူးသဖြင့် အပူပြင်းသွေးဆေး (ဆေးနံပါတ်-၁၆) ကို ရွေးကြီးစေ့ခန့် မကြာမကြာတိုက်၍ပေးပါက အလွယ်နှင့်ပျောက်ကင်းနိုင်ပါသည်။

မိုးရာသီတွင်ဖြစ်တတ်သော ရောဂါငယ်နှင့်ကုထုံးများ

၁။ လေထိုး၊ လေအောင့်ရောဂါပြုစုကုသနည်း

ဤကဲ့သို့ဖြစ်လာသောအခါတွင် ဝမ်းဗိုက်ကို လွန်မင်းစွာမနှိပ်မိစေရန်နှင့် အတွင်းကောင္ဆာသများ ပျက်စီးမှုရှိ၊ မရှိသုတေသီပြုရန် အထူးလိုအပ်ပါသည်။

ဥပမာ အစာအိမ်ပေါက်ခြင်း၊ အူပေါက်ခြင်း၊ အူအတက်ပေါက်ခြင်း စသည့် ကောင္ဆာသများ ပျက်စီးပါက နာကျင်သည့်နေရာ မရွေ့ပြောင်းသည့်ပြင် ဝမ်းခေါင်းလည်းတဖြည်းဖြည်းတင်းလာတတ်သည်။ ထိုအခါ နီးရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့သင့်သည်။

လေထိုးလေအောင့်သူ၌ ခြေဖျားအေးတတ်သဖြင့် ခြေဖျားများပူအောင် မီးကင်ခြင်း၊ ကြပ်ထုပ်ထိုးခြင်း၊ ဆေးပူလိမ်းခြင်းလုပ်ပေးရပါမည်။

သာမန် ထိုးအောင့်ရာ၌ ဝမ်းအလျင်အမြန်သက်သာစေရန် -

၁။ ဆားခါးကို ရေနွေးဖြင့်ဖျော်၍ဖြစ်စေ၊

၂။ ကန်ကလာကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်တို့ဖြစ်စေ၊

၃။ သင်္ဘောဖိုမြစ်ကို သုံးခွက်တစ်ခွက်တင်ကျိ၍ဖြစ်စေ၊

၄။ လေမျိုး (၈၀) ဆေးရည်ဖြစ်စေ၊ လွယ်ကူရာတစ်မျိုးမျိုးကို တိုက်ကျွေးပေးရမည်။

၅။ ရေနွေးအိတ်ကပ်ပေးခြင်း။

၆။ အိုးငယ်ဖြင့် လေချုပေးခြင်းဖြင့် လည်းသက်သာရာရစေနိုင်သည်။

၇။ အစာကြမ်းများကို မကျွေးဘဲ စွတ်ပြုတ်ရည်ကျဲကျဲတစ်မျိုးကို တိုက်ကျွေးပေးရမည်။

၈။ လေမျိုး ၈၀ (ဆေးနံပါတ်-၂) မတဲမြင်းမိုရ်ကုန်းဆေး (ဆေးနံပါတ်-၂၅)၊ ဆားငါးပါးဆေး (ဆေးနံပါတ်-၃) တို့ကို အညွှန်းအတိုင်းသောက်နိုင်ပါသည်။

၂။ အစာမကြေရောဂါပြုစုကုသနည်း

၁။ အစာကိုဖြတ်ပါ။

၂။ အစာအိမ်တွင်း၌ အစာများ ခိုအောင်းနေပါက အန်အောင်ပြုလုပ်ပါ။

၃။ ပူ၊ စပ်၊ ငန်၊ ခါးသောဆေး၊ အစာတို့ကို တိုက်ကျွေးပါ။

၄။ သံပရာရည် (၂) ဇွန်းနှင့် ဆားမီးဖုတ် တစ်မတ်သား ရောစပ်၍ တိုက်ကျွေးပါ။

၅။ သံပရာရည် (၁) ဇွန်း၊ ထန်းလျက် (၁) ကျပ်၊ ရေနွေးပူပူ (၅) ကျပ်နှင့် ရောစပ်၍ လည်းကောင်း၊ ထန်းလျက်ပြုတ်ရည်တွင် သံပရာအနည်းငယ်ဆတ်၍လည်းကောင်း တိုက်ကျွေးပါ။

၆။ သဗ္ဗဇေယျဆေးစပ်ကြီး (ဆေးနံပါတ်-၂၉) တစ်ကျပ်သားလျှင် သကြား(၈)ကျပ်သားရောစပ်ပြီး အစာမစားမီနှင့် အစာစားပြီး ဇွန်းငယ်တစ်ဇွန်း ရေနွေးနှင့်တိုက်ပါ။

၇။ လေမျိုး(၈၀)လျက်ဆား၊ မတဲမြင်း - မိုရ်ကုန်းဆေး (ဆေးနံပါတ်-၂ နှင့် ၂၅) ကို မကြာမကြာလျက်နိုင် တိုက်နိုင်ပါသည်။

၈။ ကြက်သွန်ဖြူ ငရုတ်ကောင်းဟင်းခါးသောက်ပေးပါ။

၃။ ဝမ်းပျက်ဝမ်းကိုက်ရောဂါပြုစုကုသနည်း

၁။ ကြက်သားစွပ်ပြုတ်ရည်သောက်ပါ။

၂။ ကြက်သားကြော်ကို ပါးပါးလှီးပြီး ကြက်သွန်ဖြူများများ ရှောက်သံပရာဖြင့် သုပ်စားပါ။

၃။ ငှက်ပျောသီးဖိုးကြမ်းကိုပြုတ်၍ ဖြစ်စေ၊ မီးကင်၍ဖြစ်စေ စားပါ။

၄။ သရက်ရွက်နု၊ မရန်းရွက်နုကိုပြုတ်၍ နှမ်းလှော်များများနှင့်သုပ်စားပါ။

၅။ ထမင်းမီးဖုတ်ကို ရေနှင့်ဖျော်ပြီး အရည်သောက်ပါ။

ဝမ်းကိုက်ရောဂါဖြစ်လာပါက -

၁။ ကြက်သားပြုတ်ကြော်ဖြစ်စေ၊

၂။ ထားဝယ်မိုင်းရွက်ကိုဖြစ်စေ၊

၃။ သင်္ဘောဖိုရွက်နုနုကိုဖြစ်စေ၊

၄။ မင်စေး (ခေါ်) ကျဲကျောင်းမင်စေးရွက်ကိုဖြစ်စေ ရေနွေးတွင်ဖျော်၍ ကြက်သွန်ဖြူ၊ နှမ်းလှော်တို့ဖြင့်သုပ်ကျွေးပါ။

၅။ ဝမ်းကိုဗျော့ဗျော့သက်သာအောင် နုတ်ပေးပါ။

၆။ ထုံးရည်ကြည်၊ နှမ်းဆီ၊ ပျားရည်၊ သံပရာရည် ဆတူစပ်သောက်ပါ။

၇။ ဆေးနံပါတ်-၂ (လေမျိုး - ၈၀ နှင့် ဆေးနံပါတ် - ၈ (သွေးဆေး) တို့ကို ရောစပ်၍ ဆီပြန်ခန့် ရေနွေးဖြင့်တိုက်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၄။ သန်ကောင်၊ တုတ်ကောင် ရောဂါပြုစုကုသနည်း

သန်ကောင်ရောဂါရှိသည့်ကလေးများ၌ အင်အားကုန်ခန်းချည့်နဲ့ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်ပူရောဂါရှိခြင်း၊ အတက်ရောဂါရှိခြင်း၊ ဝမ်းသွားစဉ် သွေးပါခြင်း စသည့်ဆင့်ပွားရောဂါများရှိနေတတ်သဖြင့် ထိုရောဂါတို့ ရှိ/မရှိ စိစစ်ဆုံးဖြတ်ပြီး အောက်ပါအတိုင်း ပြုစုကုသရပါမည်။

၁။ ဆင့်ပွားရောဂါများ မရှိခဲ့သော် သန်ချဆေးကို အသက်အရွယ်အလိုက် တိုက်ကျွေးပါ။

၂။ ကိုယ်သားကိုယ်ရေများပူနေပါက လိမ်းဆေးလိမ်းပါ။

၃။ အားနည်းနေပါက သန်ငြိမ်ဆေးလိမ်း၍ အားရှိအောင်ပြုပြင်ပေးပါ။

၄။ ချောင်းဆိုးလျှင် ချောင်းဆိုးပျောက်ဆေးသောက်ပါ။

၅။ နှာဝိတ်နေလျှင် နှာပွင့်ဆေးများကို လိမ်း၊ တိုက်၊ ရှူပေးပါ။

သန်ကျဆေးများ

၁။ မြင်းခွာ၊ ကျောက်ဆေးဒန်း(၂)မျိုးကို ဆတူထောင်းပြီး တစ်နှစ်သားအရွယ် ရွေးငယ် (၃) ရွေးစသည်ဖြင့် ချင့်ချိန်၍တိုက်ပါ။

၂။ ပုတာတ်စာဥကို သကြားနှင့် ဆတူရောစပ်ပြီး ရွေးကြီး (၁) ရွေးမှ (၃) ရွေးအထိ တိုက်ပါ။

၃။ ကိုင်းမှို(သို့)ဝါးနှာမှိုနှင့်ပျားရည်ကိုဖျော်စပ်၍ ဇွန်းငယ် (၁) ဇွန်းမှ (၃) ဇွန်းအထိ တိုက်ကျွေးပါ။

၄။ သင်္ဘောစေးနှင့် ထန်းလျက်ကို တေ၍ ရွေးကြီး(၁)ရွေးမှ (၃)ရွေးအထိ တိုက်ကျွေးပါ။

၅။ (၇) ပါးဆေးဝါလေး (ဆေးနံပါတ် ၄၇) ကို ရွေးကြီး (၁) ရွေးမှ (၃) ရွေးအထိ တိုက်ကျွေးပါ။

ကိုယ်ပူကျစေသည့်လိမ်းဆေး

ဆေးဒန်းအမှုန့် သို့မဟုတ် (၇)ပါးဆေးဝါလေး (၁) ရွေးခန့်ကို သနပ်ခါးရည်ကဲ့ကဲ့ဖြင့် ဖျော်လိမ်းပေးပြီး စောင်ပါးပါးခြုံ၍ လေလုံရာ၌သိပ်ထားပါ။ မကြာမီ ကိုယ်ပူကျသွားလိမ့်မည်။

သန်ငြိမ်စေသည့်ဆေး

မြင်းသတ္တဝါမှရသော မြင်းခွာကို ဆန်ဆေးရည်ဖြင့်သွေး၍ လည်မျိုရင်ဝ၊ ဝမ်းဗိုက်များကို လိမ်းပေးပါ။ သို့မဟုတ် (၇)ပါးဆေးဝါလေးကို အုန်းဆီဖြင့်ဖျော်၍ လိမ်းပေးပါ။

ချောင်းဆိုးပျောက်စေသည့်ဆေး

ကွမ်းရွက်၊ ကသော့ရွက်သတ္တုရည်ဆားအနည်းငယ်ထည့်၍ တစ်နေ့ (၃) ကြိမ်တိုက်ပါ။

နာပွင့်စေသည့်ဆေး

ရှိန်းခိုကို အုန်းဆီဖြင့်ဖျော်၍ နှာဝနှင့် ငယ်ထိပ်တို့ကို အုပ်လိမ်းပေးပါ။

ဆောင်းရာသီ၌ဖြစ်တတ်သော ရောဂါငယ်နှင့်ကုထုံးများ

၁။ ဝမ်းချုပ်ခြင်းပြုစုကုသနည်း

ဝမ်းမချုပ်စေရန် -

၁။ နံနက်တိုင်း ရေကိုဝအောင်သောက်ပါ။

၂။ အအိပ်၊ အထိုင်နည်းပါစေ။

၃။ ဆီး၊ ဝမ်း၊ လေတို့၏ အဟုန်ကို မတားဆီးပါနှင့်။

၄။ ဝမ်းချုပ်စာနှင့် အဆီအစေးများသည့်အစာများကို ရှောင်ကြဉ်ပါ။

၅။ ဝမ်းချုပ်လျှင် မန်းကျည်းဖျော်ရည်ကို ညအိပ်ရာဝင်တိုင်းသောက်ပါ။

၆။ ကင်ပွန်းရွက်၊ ကန်စွန်းရွက်တို့ကို မန်ကျည်းမှည့်နှင့် ချဉ်ရည်ကျိုချက်စားသောက်ပါ။

၇။ ဆေးနံပါတ်-၉၊ ၁၀ ဖြင့် ဝမ်းနုတ်ပေးပါ။

၂။ ချမ်းဖျား၊ တုန်ဖျားများ ပြုစုကုသနည်း

ဤအဖျားသည် အပြင်မှအအေးပတ်ဖွဲ့ထားသည့်အတွက် အာကာသမရရှိဘဲ အတွင်း၌အပူငုပ်လျှိုကွယ်ပျောက်လျက်ဖြစ်နေသော အဖျားမျိုးဖြစ်သဖြင့် အာကာသပွင့်လာစေရန် အထူးလိုအပ်ပါသည်။

၁။ နံနက်ဆေး

မြက်မုန်ညင်း၁၊ ကွမ်းရွက်၊ကျပ်ဦး၊ နန်းငုံး (၄) မျိုး ပေါင်းစပ် ဖော်စပ်ထားသည့် ရာသီဆေးကို ထန်းလျက်ပြုတ်ရည်တွင် ချင်းအနည်းငယ်ထည့်ပြီး (၃) လုံးမှ (၅) လုံးအထိတိုက်ပါ။ တိုင်းရင်းဆေးခန်းသုံး သွေးဆေးနီကြီး (ဆေးနံပါတ်-၁၇) (၁) ပဲသားကို အထက်ပါနည်းအတိုင်းတိုက်ပါ။

၂။ နေ့ဆေး

အထက်ပါရာသီဆေးကိုကွမ်းရွက်ပြုတ်ရည်တွင် ချင်းအနည်းငယ်ထည့်၍ တိုက်ပြီး လေလုံရာ၌ အဝတ်ထူထူဝတ်စောင်လုံခြုံစွာခြုံ၍ ချွေးဖြိုင်ဖြိုင်ထွက်အောင် ချွေးထုတ်ပါ။ တိုင်းရင်းဆေးခန်းမတဲမြင့်မိုရ်ကုန်းဆေး (ဆေးနံပါတ်-၂၅) ၁-ပဲသားကို အထက်နည်းအတိုင်း တိုက်ကျွေးပြုလုပ်ပါ။

ဤနေ့ဆေးတိုက်သည့်အခါ ကွမ်းရွက်နှင့် ထန်းလျက်ပြုတ်ပူပူကိုတိုက်ပါ။ နှာရှူဆေးပေးပါ။ ကွမ်းရွက်သတ္တုရည်ဖြင့် မျက်စဉ်းခတ်ပေးပါ။

၃။ ညနေဆေး

ညနေ (၅) နာရီအချိန်ခန့်တွင် အထက်ပါရာသီဆေးကို ဆားပြုတ်ရည်ဖြင့် တိုက်ကျွေးပါ။ တိုင်းရင်းဆေးခန်းသုံး မတဲမြင့်မိုရ်ကုန်းဆေး(ဆေးနံပါတ်-၂၅) ကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တိုက်ပါ။ ဝမ်းချုပ်နေပါက ညရောက်သည့်အခါ ဆားဖြင့်ဖြစ်စေ၊ ဆေးနံပါတ်-၉၊ ၁၀ဖြင့်ဖြစ်စေ ဝမ်းနုတ်ပါ။

၄။ နာဆေး၊ ချောင်းဆိုးရောဂါပြုစုကုသနည်း

၁။ အဖျားမဝင်ရောက်စေရန် ယခင်က ချမ်းဖျားတုန်ဖျား၌ ဆိုခဲ့ပြီးသော ဆေးများကို ဖော်ပြပါအချိန်အတိုင်း တိုက်ကျွေးပါ။

၂။ နှာစေးနေပါက နန္တင်းမှုန့်စစ်စစ်ကို ရေဖြင့်ဆူအောင် ကျိုချက်၍ ရေနွေးမိုင်းခံပေးပါ။ နှာတံကို ကြပ်ထုပ်ထိုးပါ။

၃။ မန်ကျည်းမှည့် (၈) ပဲသား၊ ဆား (၄)ပဲသား၊ ရေဟင်းစားဇွန်း (၂)ဇွန်းဖြင့်ဖျော်ပြီး မကြာမကြာ ရှူပေးပါ။

၄။ ချောင်းခြောက်ဆိုးနေပါက ဇဝက်သာ (၁)ကျပ်၊ ကွမ်းရွက် (၁)ကျပ်ကို သုံးခွက်တစ်ခွက် တင်ကျိုပြီးသောက်ပါ (သို့) တိုင်းရင်းဆေးခန်းသုံး ဆေးနံပါတ် - ၁ နှင့် ၂ (သေမှုပုတိကနှင့် လေမျိုး-၈၀) တို့ကိုပေါင်းစပ်ပြီး မကြာမကြာလျက်ပေးပါ။ မတဲမြင့်မိုရ်ကုန်း (ဆေးနံပါတ်-၂၅) လေးညှင်းကလာပ်ဆေး (ဆေးနံပါတ်-၂၄) ကို ရေနွေးထန်းလျက်ပြုတ်ရည်တို့နှင့် သောက်ပါ။

ဤတိုင်းရင်းဆေးနံပါတ်များနှင့် ဖော်ပြသောဆေးများမှာ တိုင်းရင်းဆေးခန်းများမှ အခမဲ့ပေး၍ ပြင်ပ ပရဆေးဆိုင်များတွင် ဖော်စပ် ရောင်းချလျက်ရှိပါသည်။

(ဆက်ရန်)

ဦးကြည်ဝင်း(ရွှေစင်)ချောက်

www.burmeseclassic.com

www.burmeseclassic.com

လှမြင့် (စက်မှု-၂ ငြိမ်း)

ပရလောကသားများနှင့် ကိုယ်တွေ့ ဖြစ်ရပ်မှန်

စာရေးသူသည် အသက် (၆၀) ပြည့် ပင်စင်ရပြီး မိမိတာဝန်များထမ်း ဆောင်မှုမရှိတော့သောအခါ စာပေများ လေ့လာလိုက်စားဖတ်ရှုခြင်းနှင့် အချိန်ကုန်နေတော့သည်။ ၎င်းစာပေများထဲမှ သူရဇ္ဈ နက္ခတ္တရောင်ခြည်၊ ဂမ္ဘီရတို့ကို အများအားဖြင့်ဖတ်ဖြစ်ပါသည်။ ထိုအထဲမှ သူရဇ္ဈမဂ္ဂဇင်းများထဲတွင် ပရလောကသားတို့နှင့်ထိတွေ့ပုံ၊ အကျိုးပေးပုံ၊ နှောင့်ယှက်ပုံ၊ ခံစားရပုံများကိုဖတ်ရပြီး ဟိုလွန်ခဲ့သော အနှစ်လေးဆယ်လောက်က ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကလေးတစ်ခုအား သတိရပြီး ရေးသားရခြင်း ဖြစ်ပါသည်။

အချိန်မှာ ၁၉၇၆ ခုနှစ်တုန်းက ကျွန်တော်သည် အမှတ် (၂) စက်မှုအလုပ်သမားများ အပန်းဖြေကစားရန် ဘော်လီဘောကွင်းတစ်ကွင်းကို ပြုလုပ်ထားပါသည်။ တစ်နေ့ ကျွန်တော်တို့၏ ဌာန ဌာနမှူးမှ အလုပ်တွေအရေးကြီးပါသဖြင့် အချိန်ပိုဆင်းပေးပါရန် အကြောင်းကြားလာသဖြင့် ကျွန်တော်နှင့် ကျွန်တော့်တပည့်များ အချိန်ပိုဆင်းပေးရပါသည်။

အချိန်ပိုဆင်းသည်ဆိုသည်မှာ ည နေ့(၄) နာရီအလုပ်ဖြုတ်ခ်ိန်မှစပြီး ည (၈) နာရီအထိ ဆက်ပြီးအလုပ်လုပ်ရပါသည်။ အချိန်ပိုမဆင်းမီ (၄)နာရီအလုပ်ဖြုတ်ပြီး မိနစ် (၃၀) အနားပေးရပါသည်။ ထိုအနားပေးချိန်မှာ တပည့်လေးများက အညောင်းအညာပြေ စက်ရုံပြင်ပရှိ ကျွန်တော်ပြုလုပ်ပေးထားသော ဘော်လီဘောကွင်းတွင် ဘော်လီဘော ထွက်ပြီး ကစားပါသည်။ ကျွန်တော်လည်း ပျင်းပျင်းရှိသဖြင့် တပည့်များ ကစားရာသို့ သွားရောက် ကြည့်ရှုနေပါသည်။ ထိုအချိန် တပည့်တစ်ယောက်က ဘော်လီဘော ဘောလုံးကိုပုတ်လိုက်ရာ ကျွန်တော်ရပ်နေသော အနောက်ဘက်ချုံတောထဲသို့ ဘောလုံးကျသွားပါသည်။ ကျွန်တော်လည်း ကျွန်တော့်ခြေထောက်တွင် စစ်ဖိနပ်ကြိုးစီးထားသောကြောင့် ကျသွားသောဘောလုံးကို ထိုချုံပုတ်ထဲသို့ဝင်ကာ သွားကောက်ပေးခဲ့ပါသည်။

အမှန်မှာ ထိုချုံပုတ်သည် မြေသားနှစ်တောင်ခန့်မြင့်ပြီး အပေါ်မှ ဆီးပင်သေးသေးလေးပေါက်နေသော တောင်ပူစာလေးဖြစ်နေသည်။ထိုသို့ ကျွန်တော်သွားကောက်စဉ် လက်နှစ်လုံးလောက်ရှိသောဖားလေးတစ်ကောင်အား စစ်ဖိနပ်နှင့်နင်းမိကာ ဖားတွေကို မြွေကိုက်သည့်အခါတွင် အော့သောအသံနှင့်အော်ပြီး ပေါင်တစ်ဖက်ကျိုးသွားသည်ကို တွေ့လိုက်ရပါသည်။ ကျွန်တော်လည်း မပြေနိုင်သော ဖားကလေးအား ကောက်ယူပြီး လက်ပေါ်တင်ကာ -

"ဖားကလေးရယ်၊ ငါမင်းကိုတမင်သက်သက်နင်းတာ မဟုတ်ပါဘူး။ မမြင်လို့တက်နင်းမိတာ ခွင့်လွှတ်ပါကွာ"

ဟု ဆိုပြီး တောင်ပို့လေးပေါ်သို့ တင်ပြီးထားခဲ့ပါသည်။

သို့နှင့် နားချိန်အချိန်စေ့သဖြင့် အလုပ်တက်ခေါင်းလောင်းခေါက်သဖြင့် အလုပ်သမားများအားလုံး မိမိတို့တာဝန်ကျရာနေရာများတွင် အလုပ်ဝင်လုပ်နေ

ဝန်ကြီးဌာန အမှတ် (၃) စက်ရုံအကြီးစားစက်မှုလုပ်ငန်း ထုတ်လုပ်ရေးဌာန (၃) လက်အောက်ရှိ လက်နှိပ်ဓာတ်မီးနှင့် ဗိုင်နမိုအလုပ်ရုံဓာတ်ရည်စိမ် (Torch & Dynamo Plating Shop (2) တွင် အလုပ်ရုံတာဝန်ခံဖြင့် တာဝန်ယူရသောအချိန်ဖြစ်ပါသည်။ ဓာတ်မီးဗိုင်နမိုအလုပ်ရုံနှင့် ဓာတ်ရည်စိမ်အလုပ်ရုံကြားတွင် တစ်ဧကမျှလောက်ကျယ်သော မြေကွက်လပ်ရှိပါသည်။ ကျွန်တော်တို့မြေကွက်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com

ကြပါတော့သည်။ ကျွန်တော်လည်း သူတို့နောက်က လမ်းလျှောက်ပြီး စက်ရုံထဲသို့ဝင်လိုက်သွားရာ စက်ရုံအဝင်အရောက်မှာ ညာဘက်ခြေထောက်ခြေသပ္ပတ်တိုင်လည်သလို၊ အကြောတင်သလိုဖြစ်ပြီး ခွေခနဲဖင်ထိုင်လဲကျသွားပါတော့သည်။ ကျွန်တော့်အဖြစ်ကို မြင်ရသောတပည့်များက ပြေးလာပြီး ဆွဲယူသော်လည်းထ၍ မရပါ။ ကျွန်တော့်ကို အားလုံးဝိုင်းထူမပြီး ကျွန်တော်၏ ဌာနမှူးဆီအကြောင်းကြားပြီး အိမ်သို့ကားဖြင့်လိုက်ပို့ပေးပါသည်။ ကျွန်တော်လည်း သွေးရိုးသားရိုးအကြောတင်သည်ထင်ပြီး ဒဏ်ကြေလိမ်းဆေးတွေလူးကာ ပတ်တီးစည်းထားပါသည်။

သို့သော် ကျွန်တော်၏ဒဏ်ရာမှာ မသက်သာဘဲ ညာဘက်ခြေဖမိုးတစ်ခုလုံးရောင်ကိုင်းပြီး ခြေထောက်အတွင်းပိုင်းမှလည်း နာကျင်ကိုက်ခဲ၍ လာပါတော့သည်။ ထိုင်ပြီးမနေနိုင်သဖြင့် အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့်နေနေရသည်။ ခါတိုင်းဆိုလျှင် ကျွန်တော်သည် နေ့စဉ်နေ့တိုင်း အိပ်ရာမဝင်ခင် ဘုရားကျောင်းဆောင်သို့သွားပြီး ဆီမီး၊ ပန်း၊ သောက်တော်ရေချမ်းများကပ်လှူပူဇော်၍ ငါးပါးသီလခံယူကာ မေတ္တာပို့၊ အန္တရာယ်ကင်းပရိတ်ရွတ်၊အမျှအတန်းပေးဝေပြီးမှအိပ်သည်။ ယနေ့အဖို့ ထလည်းမထနိုင်သဖြင့် အိပ်ရာပေါ်မှာ ပက်လက်အနေအထားကနေ နဖူးပေါ်လက်တင်၊ လက်အုပ်ချီပြီး စိတ်ထဲကမှန်း၍ဝတ်ပြုရပါတော့သည်။ သို့ဖြင့် ဒဏ်ရာကိုက်လာသောကြောင့် တော်တော်နှင့်အိပ်မရပါ။ ည၌(၁၂)နာရီကျော်လောက်မှ မှေးခနဲ အိပ်ပျော်သွားရာ အိပ်မက်မက်ပါတော့သည်။

အိပ်မက်ထဲတွင် ညနေတုန်းက ကျွန်တော်တက်နင်းမိသော ဖားကလေးထားရာ တောင်ပို့တွင် အသက် (၅၀) ပတ်ဝန်းကျင်လောက်ရှိ အသားမည်းမည်း၊ ဆံပင်ဖားလျားခြုံကာ၊ လုံချည်ရင်ရှားကြီးနဲ့ မိန်းမကြီးတစ်ဦးရဲ့ ရင်ခွင်ထဲမှာ ကလေးတစ်ယောက် အံသည်းအသန်ငိုနေတာကိုတွေ့၏။ ကျွန်တော်လည်း အနားကိုသွားပြီး -

"အဒေါ်ကြီး၊ ခင်ဗျားကလေးကို အငိုတိတ်အောင် မချော့ဘူးလား"

လို့မေးတော့ ကျွန်တော့်ကိုမကျေနပ်တဲ့မျက်လုံးနှင့်စိုက်ကြည့်ပြီး -

"ဘယ်ချော့လို့ရမလဲဗျ့"။ နင်ညနေက ငါ့သားလေးပေါင်ကို ဖိနပ်နဲ့နင်းလို့ အခု ငါ့သားပေါင်ကျိုးပြီးနာလို့ငိုနေတယ်။ နင့်ကိုလည်း ငါ့သားလေး ပေါင်ကိုသလိုဖြစ်အောင်၊ နင်လည်း ပေါင်ကျိုးပြီးမသွားနိုင်အောင် ကလဲ့စားချေတာ။



www.burmeseclassic.com

www.burmeseclassic.com

နင်က ရတနာသုံးပါးဆည်းကပ်ကိုးကွယ်တဲ့သူဆိုတော့ ကံကောင်းထောက်မစွာနဲ့ ပေါင်မကျိုးဘဲ ခြေထောက်မထောက်နိုင် အကြောတင်တာလောက်ခံရတာ ကံကောင်းတယ်မှတ်ပါ"

ဟု ပြောတော့ ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နှင့် -

"အဒေါ်ကြီးရယ်၊ ကျွန်တော် ညနေက တက်နင်းမိတာ ဖားကလေးပါ အဒေါ်ရယ်"

လို့ပြောတော့ -

"အဲဒီဖားကလေးဟာ ငါ့သား"

"ဒါဆိုရင် ကျွန်တော်ဟာ အဒေါ်သားလေးကို တမင်သက်သက်တက်နင်းတာမှမဟုတ်ပါ။ မမြင်လို့ မတော်တဆ နင်းမိတာပါ။ ကျွန်တော့်စိတ်ထဲမှာ သေစေဖျက်စေဆိုတဲ့စိတ်လုံးဝမရှိပါဘူး။ အဒေါ်ကြီးကို ကျွန်တော် အနှေးအည္ဇတ် တောင်းပန်ပါတယ်။ အဒေါ်ကြီးတို့ ကျေနပ်အောင် ကျွန်တော့်ဘက်က ဘာလုပ်ပေးရမလဲပြောပါ"

လို့ ကျွန်တော်ကပြောတော့ အဒေါ်ကြီးက -

"ဒါဆိုရင် နောက်တစ်နေ့ည နေ (၆) နာရီကျော်လို့ရှိရင် အခုငါတို့နေတဲ့ နေရာတောင်ပို့နားလာပြီးတောင်းပန်မှ ကျေနပ်မယ်"

ပြောတော့ -

"အဒေါ်ကြီး စိတ်ချ၊ ကျွန်တော် အဒေါ်ကြီးပြောတဲ့အချိန်ကျရင် လာပြီး တောင်းပန်မယ်လို့ ကတိပေးတယ်"

လို့ပြောတော့ -

"နင်လည်း အခုအိပ်ရာကနိုးရင် ဘုရားကျောင်းဆောင်မှာ ဘုရားကိုကပ်ထားတဲ့သောက်တော်ရေကို ယူစွန့်ပြီး ဘုရားဆေးလို့ အာရုံပြုပြီးသောက်လည်းသောက်ပါ။ ပြီးတော့ အခုဖြစ်နေတဲ့ ခြေထောက်ကိုလည်းလိမ်းပေးလိုက်ပါ။ နံနက်မိုးလင်းရင်ပျောက်သွားလိမ့်မယ်"

ဟု ပြောပြီး ကျွန်တော်လည်း အိပ်ရာကလန့်နိုးတော့ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲစိုနေတော့သည်။

သည်တော့မှ ကျွန်တော်၏ဇနီးကိုနှိုးပြီး အကျိုးအကြောင်းပြောကာ ဘုရားကျောင်းဆောင်မှ ဘုရားအား ကပ်လှူထားသော သောက်တော်ရေခွက်ကိုစွန့်ခိုင်းပြီးသောက်လည်းသောက်ပါသည်။ ခြေထောက်ကိုလည်း လိမ်းလည်းလိမ်းပေးလိုက်ပါသည်။ အဲဒီအချိန်ကစပြီး ခြေထောက်မှာ သိသိသာသာကိုက်တာတွေပျောက်ကင်းပြီး နံနက်ရောက်တဲ့အခါ ညကခြေဖမိုးတစ်ခုလုံး ရောင်ကိုင်းနေတာတွေလည်း လုံးဝမရှိတော့ဘဲ အကောင်းပကတိအတိုင်းတွေ့မြင်ရတော့သည်။ လမ်းလျှောက်သွားတော့လည်း ခါတိုင်းလို ကောင်းကောင်း မွန်မွန်သွားနိုင်တော့သည်။ နောက်နေ့တွင် တစ်မနက်ခွင့်ယူပြီး အိမ်မှာနားနေကာ နေ့လယ်ထမင်းစားပြီး အလုပ်ရုံသို့ အလုပ်ဆင်းရန်သွားသော ကျွန်တော့်ကို တပည့်များက အံ့အားသင့်ကာ မည်သို့မည်ပုံ အလုပ်ဆင်းနိုင်ကြောင်းကိုမေးရာ ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ပြောပြတော့မှ သူတို့လည်း သဘောပေါက်ကာ တပည့်အားလုံး ၎င်းဖြစ်ခဲ့သော နေရာကို ကြောက်သွားပါတော့သည်။

ကျွန်တော်လည်း ညနေအချိန်ပို ခါတိုင်းလိုဆင်းပြီး ညနေ (၆) နာရီကျော်သောအခါ မနေ့ကဖားလေးကိုတက်နင်းမိသောနေရာနားသို့ တစ်ယောက်တည်း သွားပြီး ညကအိပ်မက်ထဲကအတိုင်း ၎င်းနေရာမှာရှိကြသော ပုဂ္ဂိုလ်အားလုံးကို မနေ့က ကျွန်တော်သည် မတော်တဆဖြစ်ခဲ့ပါကြောင်း၊ ဒီအတွက် လာရောက် တောင်းပန်ပါကြောင်းနှင့် ကျေအေးပါရန်နှင့် ခွင့်လွှတ်ကြပါရန် ကျွန်တော်ပြုသမျှ ဒါန သီလ ဘာဝနာ ကုသိုလ်အဖို့ကို အမျှလည်းပေးဝေပြီး သာဓုခေါ်ခဲ့ပါသည်။

ကျွန်တော့်ကိစ္စဖြစ်ပြီး ကျွန်တော်ရဲ့တပည့်များကို ၎င်းနေရာကိုမသွားရန် အားလုံးကို သတိပေးထားခဲ့ပါသည်။ စဉ်းစားမိသည်မှာ ကျွန်တော်တို့အလုပ်လုပ်နေသော စက်ရုံနှစ်ရုံကြားမှာ ပရလောကသားများရှိနေခြင်းဟာ တစ်နေ့မဟုတ် တစ်နေ့တော့ တစ်ယောက်ယောက်နှင့် ထိတွေ့ခဲ့လျှင် ၎င်းတို့က သည်းညည်းခံမှာမဟုတ်ပါ။ ကျွန်တော်ဖြစ်သလိုမျိုးဖြစ်ခဲ့လျှင် အားလုံးဒုက္ခရောက်ရပေလိမ့်မည်။ သည်အတွက်ကြောင့် နောက်တစ်နေ့တွင် ကျွန်တော်၏ဌာနမှူးနှင့် စက်ရုံမှူးတို့ကို အကြောင်းစုံရှင်းပြပြီး ၎င်းနေရာအား နိုင်ငံပိုင် စက်ရုံနယ်မြေဖြစ်သည့်အတွက် နိုင်ငံတော်အမိန့်ပြန် တမ်းတစ်စောင်အား ထုတ်ပေးပြီး ၎င်းနေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ပေးပါရန် အမိန့်ထုတ်ပေးရန် ပြောပြသောအခါ စက်ရုံမှူးလည်း ချက်ချင်းပင် နိုင်ငံပိုင်မြေဖြစ်သည့်အတွက် ၎င်းနေရာမှ အမြန်ဆုံးခုနစ်ရက်အတွင်း ပြောင်းရွှေ့ပေးရန် နိုင်ငံတော်အမိန့်ဆိုပြီး ဈာအမှတ် ရက်၊ လ၊ ခုနှစ်တို့ကိုရေးပြီး စက်ရုံမှူးကိုယ်တိုင် လက်မှတ်ရေးထိုးကာ ကျွန်တော့်အား အမိန့်ပြန်ကြားရန် အမိန့်စာကိုပေးလိုက်ပါသည်။ ကျွန်တော်လည်း အမိန့်စာရရချင်း စက်ရုံသို့ပြန်လာကာ ကျွန်တော်ဖြစ်ခဲ့သောနေရာမှာ တောင်ကမူလေးနားသွားကာ ပထမအမိန့်စာမပြန်ခင်-

ဒီနေရာမှာရှိတဲ့ပုဂ္ဂိုလ်များခင်ဗျား၊ ကျွန်တော့်ကိုတောင် မတော်တဆဖြစ်ခဲ့တာကို သည်းညည်းမခံနိုင်ရင် တပည့်များက တစ်နေ့မဟုတ်ထစ်နေ့ ခင်ဗျားတို့နဲ့ထိတွေ့တဲ့အခါ ခင်ဗျားတို့က သည်းညည်းခံမှာမဟုတ်ကြောင်း၊ ဒီအတွက်ကြောင့် ခင်ဗျားတို့တို့ ဒီနေရာကနေ နိုင်ငံတော်အမိန့်ပြန်တမ်းနဲ့ အခြားတစ်နေရာကို ပြောင်းရွှေ့ပေးရန်ဖြစ်ကြောင်း ပြောပြီး အမိန့်စာထည့်ထားသော စာအိတ်ကိုဖောက်ကာ နိုင်ငံတော်အမိန့်ဆိုပြီး -

"ယခုသင်တို့နေသောနေရာသည် နိုင်ငံပိုင်စက်ရုံနယ်မြေဖြစ်ပါသဖြင့် သင်တို့နှင့် လုံးဝမသက်ဆိုင်တော့ပါ။ သင်တို့၏ သက်ဆိုင်ရာပုဂ္ဂိုလ်များထံနေရာများ တောင်းခံပြီး ယခုလက်ရှိနေရာ ခုနစ်ရက်အတွင်းပြောင်းရွှေ့ပေးရန် အမိန့်ချမှတ်လိုက်သည်။ စာအမှတ် (-)၊ (-) ရက်၊ (-) လ၊ (-) နှစ်၊ ပုံ စက်ရုံမှူး၊ နိုင်ငံတော်ကိုယ်စားဆိုပြီး ကျွန်တော်ကိုယ်တိုင် ၎င်းအမိန့်စာကိုဖတ်ပြီးလျှင် အမိန့်စာကို သူတို့ရှိရာ ချဲ့လေးထဲသို့ထည့်ပြီးထားခဲ့ပါသည်။ နောက်သုံးရက်မြောက်သောနေ့တွင် ကျွန်တော်အိပ်မက်မက်ပုံပါတော့သည်။ အိပ်မက်ထဲတွင် လှည်းသုံးစီးနှင့် ကျွန်တော်တို့စက်ရုံမှ စက်ရုံနောက်ကျော တောင်တန်းပေါ်သို့ ပြောင်းရွှေ့သွားပါတော့သည်။ ကျွန်တော်နှင့်စကားပြောရသော အဒေါ်ကြီးကလည်း လှည်းပေါ်မှာထိုင်လျက် ကျွန်တော့်ကိုလှမ်းပြီး-

"နင်တို့က တို့ကိုမနေစေချင်လို့ နှင်တော့ တို့လည်း ဒီနေရာကနေအပြီး အပိုင်ပြောင်းသွားပြီဟေ့"

ဟု အော်ပြီး လှည်းပေါ်မှာစီးရင်း သွားပါတော့သည်။ သို့နှင့် ခုနစ်ရက်မြောက်သောနေ့တွင် ၎င်းနေရာအား ချဲ့များရှင်းလင်းလိုက်ပါတော့သည်။

(စာရေးသူ ကျွန်တော်ကိုယ်တိုင် ပရလောကသားများနှင့် ထိတွေ့ခံစားခဲ့သော ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်ပါသည်)

လှမြင့် (စက်မှု၌၊ ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com

တားရော ဖြန့်ခင်းပုံနည်းဝန်းကျင် ဆရာကြီး

မေးခွန်း (၆)

ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးမတော်မတရားလုပ်ခဲ့ကြသလား။

အဖြေ

(The Hanged Man) - Joanie သည် တစ်ဖက်သား၏ အလိုဆန္ဒကို လိုက်၍ သူမကိုယ်ကို အံနစ်နာ (စတေးခံ) ခဲ့သူ ဖြစ်သည်။ ကြိုးချည်ခံထားရသည့် အပြစ်သားတစ်ဦးလို ပြုသမျှ နုခဲ့ရသည်။ သူမ၏စိတ်ကူးယဉ်ခြင်း၊ ထင်ယောင်ထင်မှားခြင်းများက သူမ၏ စဉ်းစားတွေးခေါ်မှုများကို ဖုံးလွှမ်းလျက် အခြေအမြစ်မရှိ(ယုတ္တိမရှိ)သောအတွေးများနှင့်သာ ဝန်ပိနေခဲ့သည်။ သူမကထိုအခြေအနေဆိုးများကို လက်လွှတ် (ဖယ်ရှား) နိုင်ပြီဆိုပါက သူမအပေါ် မည်သူကမျှ မတော်မတရားမပြုလုပ်နိုင်ဆိုသည်ကိုနားလည်ရပါမည်။

မေးခွန်း (၇)

ကျွန်ုပ်တို့ ပြဿနာ၌ တခြားသူပါဝင်ပတ်သက်နေသလား။

အဖြေ

Six of wands ပြောင်းပြန် - Joanie ၌ မောင်နှမရင်းချာများအပြင် ဆွေမျိုးသားချင်းများလည်းရှိသည်။ သူမဖခင် (မကြာသေးမီက) ကွယ်လွန်ပြီးနောက် အမွေဆိုင်ပြဿနာများပေါ်ပေါက်ခဲ့ရသည်။ သူမပိုင်ဝေစုအား အပြည့်အဝလိုချင်ခဲ့သည်။

မေးခွန်း (၈)

ငွေကြေးပြဿနာက ကျွန်ုပ်တို့ ဆက်ဆံရေးထိခိုက်စေပါသလား။

အဖြေ

Ten of swords - Joanie၏ ပြဿနာ၌ အပြောင်းအလဲများစွာရှိပါသည်။ သူမရပိုင်ခွင့်ရှိသောအမွေရရှိပြီးနောက် ယခင်ထက် ပြဿနာများပိုမိုကြီးထွားခဲ့သည်။ သို့သော်လည်း ဘဝသစ်တစ်ခုစတင်နိုင်ခြင်းဖြင့် ပျော်ရွှင်ဖွယ်ကောင်းသောဘဝကို ပိုင်ဆိုင်နိုင်ပါသည်။

မေးခွန်း (၉)

ယခုဆက်ဆံရေးက အဆုံးသတ်တော့မည်လား။

အဖြေ

Page of wands - ဤကားချပ်ကလွတ်လပ်မှုသဘောကိုကိုယ်စားပြုသည်။ Joanie အနေဖြင့် လေးနက်သောဆက်ဆံရေးထားရှိတော့မည်မဟုတ်ပေ။

Comments (ထင်မြင်ယူဆချက်များ)

Joanie အဖို့ အနာဂတ်ကာလ၌ ယခင်ဆက်ဆံရေးပုံစံမျိုးဖြင့် မရပ်တည်တော့ပေ။ သူမအား မည်သို့ပင်ဆန့်ကျင်တိုက်ခိုက်နေသော်လည်း အလုပ်ထဲတွင်သာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားတော့မည် ဖြစ်သည်။

Ann အတွက်ဆက်ဆံရေးပြဿနာဖတ်ကြားခြင်း

မေးခွန်း (၁)

ပြဿနာကဘာလဲ။

အဖြေ

Three of cups ပြောင်းပြန်။ Ann က စိတ်ခံစားမှုအကျပ်အတည်းနှင့်ကြုံတွေ့နေရသည်။ သူမဘဝကို ဖန်တီးနိုင်စွမ်းမရှိဘဲ စိတ်ဓာတ်ကျဆင်းခြင်း၊ မပျော်ရွှင်ခြင်းများနှင့်သာ အချိန်ကုန်လွန်နေရပါသည်။

မေးခွန်း (၂)

ပဋိက္ခကဘာလဲ။

အဖြေ

Two of swords - Ann က ပြဿနာဒုက္ခအဝဝကို မတွေ့မမြင်မကြားလိုပါ။ အဖြေမှန်ထုတ်နိုင်ရန် အတွက် သူမစိတ်တည်ငြိမ်အောင် ကြိုးစားဖို့လိုပါသည်။ သူမ၏ပြဿနာအခြေအနေများရှင်းလင်းရန် စိတ်အားငယ်စွာစောင့်ဆိုင်းနေရမည့်အစား လိုအပ်သောလှုပ်ရှားမှုလုပ်ပေးရပါမည်။

မေးခွန်း (၃)

ပြဿနာကို ကျွန်ုပ်ဖန်တီးခဲ့တာလား။

အဖြေ

Seven of wands - Ann အနေဖြင့် သူတကာထက်သာလိုသော

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	ဖလား (၃) လုံးကားချပ် (ပြောင်းပြန်)
ဒုတိယကားချပ်	ဓား (၂) လက်ကားချပ်၊
တတိယကားချပ်	တောင်ဝှေး (၇) ချောင်းကားချပ်၊
စတုတ္ထကားချပ်	ငါးမြှောင့်ကြယ် (၈) ခုကားချပ်၊
ပဉ္စမကားချပ်	မိဖုရားဖလားကားချပ်၊
ဆဋ္ဌမကားချပ်	ဧကရာဇ်ကားချပ် (ပြောင်းပြန်)
သတ္တမကားချပ်	ဖလား (၆) လုံးကားချပ်၊
အဋ္ဌမကားချပ်	သူရိယကားချပ်
နဝမကားချပ်	ဖလား (၅) လုံးကားချပ်၊

www.burmeseclassic.com

www.burmeseclassic.com

နေရာတကာအနိုင်ယူလိုသောစိတ်မှာတ်မထားရှိဘဲ တာဝန်ယူရဲသောစိတ်ဖြင့် မျှတစွာ ဖြေရှင်းတတ်ရပါမည်။ သူမ၏ အတ္တကို ရှေ့တန်းမတင်ဘဲ မှန်ကန်သောနည်းလမ်းဖြင့် အောင်မြင်မှုရအောင် ကြိုးစားရပါမည်။

မေးခွန်း (၄)

ကျွန်ုပ်ပြဿနာကို ငြင်းပယ်ရမည်လား။

အဖြေ

Eight of Pentacles - ကျွန်ုပ်တို့ အခက်အခဲနှင့်ကြုံသောအခါ တစ်ခါတစ်ရံ မဖြေရှင်းနိုင်လောက်သောအခြေအနေများနှင့် ကြုံတွေ့ရတတ်ပါသည်။ သို့သော်လည်း ကျွမ်းကျင်လိမ္မာမှုနှင့် ခွန်အားပေါင်းစပ်၍ အတွေ့အကြုံအမျိုးမျိုးကို ထိန်းချုပ်သွားနိုင်ပါမည်။ အကောင်းနှင့် အဆိုး ဒွန်တွဲနေတတ်သည့်အလျောက် ပြဿနာကိုရှောင်လွှဲမရဘဲ အကောင်းဆုံးအခြေအနေထိ ဖြေရှင်းရမည်သာ ဖြစ်သည်။

မေးခွန်း (၅)

ကျွန်ုပ်၏အဖော်နှင့်ယခင်ကတွေ့ကြုံပတ်သက်ခဲ့ဖူးပါသလား။

အဖြေ

Queen of cups-မိဖုရားကားချပ်သည် ဗြိစ္ဆာရာသီကို ကိုယ်စားပြုသည်။ အချစ်နှင့် စိတ်ခံစားမှုအပိုင်းကိုရည်ညွှန်းသည်။ Ann သည် စိတ်ဓာတ်ခွန်အားကြီးမားသူ၊ ဉာဏ်ကောင်းသူတစ်ဦး ဖြစ်သည်။ သူမ၌ မိတ်ဆွေတောင်းများရှိသလို အန္တရာယ်ပေးမည့်သူများလည်းရှိသည်။ သူမ၏ခင်ပွန်းကွယ်လွန်သွားပြီးနောက် သူမအလုပ်ကိုသာဆက်တိုက်လုပ်ပြီး မအားမလပ်ခြင်းနှင့်သာ ရပ်တည်ခဲ့သည်။

မေးခွန်း (၆)

ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး မတော်မတရားလုပ်ခဲ့ဖူးသလား။

အဖြေ

The Emperor ပြောင်းပြန် -Ann က သူမတွေ့ကြုံလာနိုင်သည့်အခြေအနေများကို သဘောမပေါက်နိုင်ပါ။ သူမ၏ အစီအစဉ်အတိုင်း ပျံဝင်ရခြင်း၊ ကြောက်လန့်ခြင်းမရှိဘဲ သူမကိုယ်ကို အားကိုးလျက် ရပ်တည်သွားမည်သာ ဖြစ်သည်။ တစ်ဖက်သားအပေါ် ထိခိုက်နစ်နာစေလိုသည့်အစီစဉ်များမပါရှိပါ။

မေးခွန်း (၇)

ကျွန်ုပ်တို့ပြဿနာ၌ တခြားသူပါဝင်ပတ်သက်နေလား။

အဖြေ

Six of cups - Ann အတွက် အချစ်နှင့် စိတ်ခံစားမှုအပိုင်းကို ဤကားချပ်က ဖော်ပြသည်။ ၎င်းပြင် ဆက်ဆံရေးစသစ်ပုံစံများနှင့် တာဝန်ယူရမှုအပိုင်းများပေါ် လာဦးမည်ဖြစ်သည်။

မေးခွန်း (၈)

ငွေကြေးပြဿနာက ဆက်ဆံရေးကို ထိခိုက်စေပါသလား။

အဖြေ

The Sun - Ann က အမှန်တရားနှင့် ပျော်ရွှင်မှုကိုရှာဖွေနေသူ ဖြစ်သည်။ ငွေကြေးကိစ္စအဆင်ပြေခြင်း၊ မိမိကိုယ်မိမိယုံကြည်ချက်ရှိခြင်း၊ ခရီးထွက်ရခြင်း ကိစ္စများ ထပ်မံ ကြုံတွေ့ရဖွယ်ရှိသည်။ အထက်ပါကိစ္စများ၌ ကန့်သတ်ချက်များရှိသော်လည်း ရုပ်ဝတ္ထုပစ္စည်းဆုံးရှုံးမှု ကျန်းမာရေး ထိခိုက်မှုပြဿနာများမရှိကြောင်း ဤကားချပ်က ဖော်ပြသည်။

မေးခွန်း (၉)

ယခုဆက်ဆံရေးက အဆုံးသတ်တော့မည်လား။

အဖြေ

Five of cps ပြောင်းပြန် - Ann အဖို့ ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားရခြင်းအတွက် ဆုံးရှုံးမှုတစ်ခုလို ခံစားရပါသည်။ အနာဂတ်ရေးအတွက် အနည်းငယ် ကြောက်ရွံ့မှုနှင့် အချစ်ရေးအတွက် ယုံကြည်မှုအားနည်းနေပါမည်။

Comments (ထင်မြင်ယူဆချက်များ)

Ann က ငယ်ရွယ်သေးသူဖြစ်ပြီး အခွင့်ရေးကောင်းများနှင့်တွေ့ကြုံကာ ဘဝတက်လမ်းများစွာရှိနေပါသည်။

Marriage Spread အိမ်ထောင်ရေးအတွက် မေးမြန်းခြင်း



၁။ ကျွန်ုပ်အိမ်ထောင်ကျလိမ့်မလား။

၂။ ဘယ်လို အိမ်ထောင်ဖက်မျိုးက လိုက်ဖက်ပါသလဲ။

၃။ အကောင်းဆုံး ဆက်ဆံရေးပုံစံထားရှိရမည်လား။

၄။ ကျွန်ုပ်တို့(၂)ဦးစလုံး အပြန်အလှန်ကတိစကားထားရှိပါသလား။

၅။ ကျွန်ုပ်တို့ (၂) ဦး ကြိုက်တာချင်းတူ၊ မကြိုက်တာချင်းတူတာတွေရှိပါသလား။

၆။ တစ်ဖက်ပုဂ္ဂိုလ်၏ - မိဘများက ကျွန်ုပ်ကို လက်ခံနိုင်မည်လား။

၇။ ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုများဆုံးဖြတ်ကြမလဲ။

၈။ ကျွန်ုပ်တို့ပိုင်စီးပွားဖြင့် စပ်တူလုပ်ငန်းလုပ်နိုင်မည်လား။

၉။ ကျွန်ုပ်အိမ်ထောင်ဖက်ကို စောင့်မျှော်နေစဉ်အတွင်း ဘာလုပ်ရနိုင်မလဲ။

၁၀။ အကျိုးရလဒ်ကဘာလဲ။

Laura အတွက် အိမ်ထောင်ရေးဖတ်ကြားခြင်း

မေးခွန်း

ကျွန်ုပ်အိမ်ထောင်ကျလိမ့်မလား။

အဖြေ

The Tower ပြောင်းပြန် - Laura က အိမ်ထောင်ရေးနှင့် ပတ်သက်၍ သူမ၏ အတွေးအခေါ်ဟောင်းများကို ပြောင်းလဲရမှာ စိုးရိမ်နေပါသည်။ သူမအနေဖြင့် အိမ်ထောင်တစ်ခါပျက်ခဲ့ဖူး၍ နောက်တစ်ကြိမ် အလားတူ ထပ်မံကြုံတွေ့ရမည်ကို ကြောက်နေပါသည်။ လွတ်လပ်မှုများလက်လွတ်ဆုံးရှုံးရမှာကိုလည်း စိုးရိမ်သည်။ မည်သို့ပင်ဖြစ်စေ (လတ်တလောအခြေအနေအရ) အိမ်ထောင်သစ်ထူထောင်ရန် အခြေအနေပေးနေပါသည်။

မေးခွန်း (၂)

ဘယ်လို အိမ်ထောင်ဖက်မျိုးက လိုက်ဖက်ညီစေပါသလဲ။

အဖြေ

Temperanceပြောင်းပြန် - Laura၏စိတ်ခံစားမှုအပိုင်းကို ဤကားချပ်က ကိုယ်စားပြုဖော်ပြနေပါသည်။ သူမသည် မေထုန်ရာသီဖွားဖြစ်ပြီး ယခုကားချပ်၏ ရာသီခွင်က ဗြိစ္ဆာရာသီကို ကိုယ်စားပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

Laura အတွက် အိမ်ထောင်ရေး-

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	မျှော်စင်ကားချပ် (ပြောင်းပြန်)
ဒုတိယကားချပ်	စောင့်ထိန်းခြင်း (သီလ) ကားချပ် (ပြောင်းပြန်)
တတိယကားချပ်	မိဖုရားဓားကားချပ် (ပြောင်းပြန်)
စတုတ္ထကားချပ်	တောင်ပေး (၅) ချောင်းကားချပ်
ပဉ္စမကားချပ်	မိဖုရားငါးမြောင့်ကြယ်ကားချပ် (ပြောင်းပြန်)
ဆဋ္ဌမကားချပ်	ဓား (၄) လက်ကားချပ်
သတ္တမကားချပ်	မင်းလုလင်ဓားကားချပ်
အဋ္ဌမကားချပ်	ကံကြမ္မာလှည်းဘီးကားချပ်
နဝမကားချပ်	ငါးမြောင့်ကြယ် (၄) ခုကားချပ် (ပြောင်းပြန်)
ဒသမကားချပ်	ဘုရင့်ဓားကားချပ် (ပြောင်းပြန်)

မေထုန်နှင့် ပြိုစ္ဆာက ဆန့်ကျင်ဘက်အနေအထားဖြစ်သည်။

ပြိုစ္ဆာသည် လွတ်လပ်မှုသဘောဆောင်ပြီး ခရီးထွက်ခြင်းနှင့် လူတွေနှင့် ဆက်ဆံခြင်းတို့ကို လိုလားသည်။ မကြာသေးမီက Laura တွေ့ဆုံရသော အမျိုးသားများက လွှမ်းမိုးချုပ်ကိုင်တတ်သောပုံစံမျိုးရှိပါသည်။ ထိုအနေအထားများကြောင့် Laura က အချစ်ရေး (အိမ်ထောင်ရေး) တွင် အထိနာရမည်ကို ကြောက်နေကြောင်း ဝန်ခံပါသည်။

မေးခွန်း (၃)

အကောင်းဆုံးဆက်ဆံရေးပုံစံထား ရှိရမည်လား။

အဖြေ

Queen of swords ပြောင်းပြန်- Laura ဘက်က ခိုးသားဇင်လင်းခြင်းမရှိပေ။ အိမ်ထောင်ပြုလိုသော်လည်း အမှားတွေ့မှာကို စိုးရွံ့နေသည်။ တာရှည်တည်မြဲသော အိမ်ထောင်ရေး တည်ဆောက်ရန်ရည်ရွယ်ပါက အကောင်းဆုံးဆက်ဆံရေးပုံစံထားရှိပေးရပါမည်။

မေးခွန်း (၄)

ကျွန်ုပ်တို့ (၂) ဦး အပြန်အလှန် ကတိစကားထားရှိပါသလား။

အဖြေ

Five of Wandsဤကားချပ်သည် ခိုက်ရန်ဖြစ်ပွားခြင်း၊ အယူအဆကွဲပြားခြင်းသဘောကို ပြနေပါသည်။ Laura က လွတ်လွတ်လပ်လပ်နေလိုသေးပြီး မည်သူတစ်ဦးနှင့်မျှမပတ်သက်လိုသေးပေ။ ထိုကာလအတွင်း ချစ်သူ၊ အိမ်ထောင်ဖက်တွေ့ခဲ့ပါကလည်း ကတိစကားပြောနိုင်ဦးမည်မဟုတ်ပေ။ သူမ၏ အတ္တလိုအပ်ချက်များအတွက်သာ မဖြစ်မနေ ကြိုးစားနေပါမည်။

မေးခွန်း(၅)

ကျွန်ုပ်တို့ (၂) ဦးကြိုက်တာချင်း မကြိုက်တာချင်းတူတာတွေရှိပါ့မလား။

အဖြေ

Queen of Pentaclesပြောင်းပြန်- Laura အနေဖြင့် အိမ်ထောင်ပြုသော်လည်း သားသမီးရရှိရေးကို စိတ်မဝင်စားပေ။ ထိုအချက်က သူမအတွက်စိုးရိမ်စရာပိုမိုဖြစ်စေပါသည်။ ခရီးထွက်ခြင်း၊ လွတ်လပ်စွာနေလိုခြင်းဆိုသည့်အချက်များက သူမ၏လက်တွဲဖော်နှင့်အကြိုက်ချင်းတူသော်လည်း သားသမီးရယူရေးကိစ္စ၌ ကွဲပြားသွားပါသည်။

မေးခွန်း (၆)

တစ်ဖက်ပုဂ္ဂိုလ်၏ မိဘများက ကျွန်ုပ်ကို လက်ခံနိုင်မည်လား။

အဖြေ

Four of swords-ဤကားချပ်က Laura ၏စိတ်ခံစားမှုအပိုင်းကို ဖော်ပြပါသည်။ သူမ၏ချစ်သူသစ် (အိမ်ထောင်ဖက်အသစ်) သည် အရှေ့ကမ်းရိုးတန်း ဒေသရှိ ချမ်းသာကြွယ်ဝသော မိသားစုအသိုင်းအဝန်းမှလာသူ ဖြစ်သည်။ Laura အတွက် အဆိုပါ မိသားစုအသိုင်းအဝန်းမှ လက်ခံကြိုဆိုမည့်အခြေအနေမသေချာသည်ကို စိတ်တွင်ခံစားမိနေသည်။

မေးခွန်း (၇)

ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုများဆုံးဖြတ်ကြမလဲ။

အဖြေ

Page of swords - Laura နှင့်သူမ၏ ချစ်သူသစ်တို့တွေ့ဆုံပြီးနောက်ပိုင်း ပြင်ပ (ဘေးဘန်း) စကားမျိုးကို အာရုံမထားဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရပ်တည်ခဲ့ကြသည်။ Laura က ကလေးဆန်ပြီး လွတ်လပ်မှုဆုံးရှုံးရမည်ကို စိုးရွံ့နေပါသည်။

မေးခွန်း (၈)

ကျွန်ုပ်တို့ပိုင်စီးပွားဖြင့် စပ်တူလုပ်ငန်းလုပ်နိုင်မည်လား။

အဖြေ

The Wheel of fortune-ဤကားချပ်သည် အခွင့်အရေးလောင်းကစားနှင့် ခရီးသွားခြင်းသဘောများကို ကိုယ်စားပြုသည်။ သူမ၏ ငွေကြေးအခြေအနေများက အနာဂတ်ကာလတစ်လျှောက်လင်းလက်တောက်ပနေပါမည်။

မေးခွန်း (၉)

အိမ်ထောင်ဖက်ကို စောင့်မျှော်နေစဉ်အတွင်း ကျွန်ုပ်ဘာလုပ်နိုင်မည်လဲ။

အဖြေ

Four of Pentacles ပြောင်းပြန်- Laura အနေဖြင့် သူမ၏ငွေကြေးနှင့် ကျန်းမာရေးကိစ္စအား မျှတမှုရှိအောင် လုပ်ပေးဖို့ လိုပါသည်။ သူမ၏စိတ်ကူးများက အမှန်တကယ်ဖြစ်လာလိမ့်မည်ဟု ဤကားချပ်က ဖော်ပြပါသည်။

မေးခွန်း (၁၀)

နောက်ဆုံးရလဒ်ကဘာလဲ။

အဖြေ

King of swords ပြောင်းပြန် - ဤပြောင်းပြန်ကားချပ်သည် ပြောင်းလဲတတ်သည့်သဘော၊ အပေါ်ယံဆောင်သည့်သဘောကိုပြနေပါသည်။ အိမ်ထောင်ဖက်အသစ်သည် Laura ကဲ့သို့ပင် မေထုန်ရာသီဖွား ဖြစ်သည်။ ယင်းသည် အနာဂတ်ကာလ၌ သူမဖြစ်စေချင်သောဆန္ဒအားလုံးလက်ဝယ်ရရှိလာလိမ့်မည်ဟု ဖော်ပြနေပါသည်။

Comments (ထင်မြင်ယူဆချက်များ)

ဖြန့်ခင်းထားသော ကားချပ်များအနက် အများစုက ပြောင်းပြန်ကားချပ်များ ဖြစ်သည်။ Laura နှင့် သူမ၏လက်တွဲဖော်တို့ အမှန်တကယ်ချစ်ခင်နှစ်သက်

www.burmeseclassic.com

www.burmeseclassic.com

ပါက မှန်ကန်တိကျသောဆုံးဖြတ်ချက် ချနိုင်သွားမည် ဖြစ်သည်။

Glenda အတွက် အိမ်ထောင်ရေး

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	မြင်းစီးသူရဲကောင်းငါးမြောင့်တြယ်ကားချပ်
ဒုတိယကားချပ်	တောင်ဝှေး (၅) ချောင်းကားချပ်
တတိယကားချပ်	မင်းလုလင်တောင်ဝှေးကားချပ်
စတုတ္ထကားချပ်	ဇောက်ထိုးဆွဲခံထားရသူကားချပ်(ပြောင်းပြန်)
ပဉ္စမကားချပ်	တောင်ဝှေး (၄) ချောင်းကားချပ် (ပြောင်းပြန်)
ဆဋ္ဌမကားချပ်	ကံကြမ္မာလှည်းဘီးကားချပ် (ပြောင်းပြန်)
သတ္တမကားချပ်	ရသေ့ကားချပ်
အဋ္ဌမကားချပ်	ဘုရင့်ဓားကားချပ်
နဝမကားချပ်	ဖလားလေးလုံးကားချပ်
ဒသမကားချပ်	မိဖုရားဓားကားချပ် (ပြောင်းပြန်)

ဖတ်ကြားခြင်း

မေးခွန်း (၁)

ကျွန်ုပ်အိမ်ထောင်ကျလိမ့်မလား။

အဖြေ

Knight of Pentacles - Glenda အနေဖြင့် သူမကိုယ်တိုင်နှင့် အိမ်ထောင်ဖက်တို့ (၂) ဦးစလုံးအတွက် အပြန်အလှန် ထောက်ပံ့မှုပေးနိုင်သော ပုဂ္ဂိုလ်မျိုးကိုသာ အလိုရှိသည်။ သူမအားလပ်ရက်တွင် ခရီးထွက်လိုပြီး ရည်မှန်းထားသူက ကုန်ကျစရိတ်အားလုံး အကုန်ကျခံမည့် အခွင့်အရေးကိုစောင့်နေပါသည်။

မေးခွန်း (၂)

ဘယ်လို အိမ်ထောင်ဖက်မျိုးက လိုက်ဖက်ညီစေပါသလဲ။

အဖြေ

Fire of wands-အလုပ်ခွင်အတွင်း အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ရတတ်ခြင်းကို ဤကားချပ်က ဖော်ပြသည်။ Glenda ဘက်က ရည်မှန်းချက်ကြီးမားစွာကြိုးစားသူ၊ ငွေရှာတတ်သူကို လိုလားသည်။ သူမကိုယ်တိုင် အောင်မြင်လိုသူဖြစ်သည့်အလျောက် မိမိအိမ်ထောင်ဖက်အဖြစ် ရွေးချယ်မည့်သူကိုလည်း (မိမိနှင့်လိုက်ဖက်ညီစွာ) အောင်မြင်စေလိုပါသည်။

မေးခွန်း (၃)

အကောင်းဆုံး ဆက်ဆံရေးပုံစံထားရှိရမည်လား။

အဖြေ

Page of Wands - ဤကားချပ်သည် မရင့်ကျက်သေးသောသဘောကို ဖော်ပြပါသည်။ လက်ရှိအခြေအနေအရ Glenda နှင့် သူ့အဖော်တို့ အတူနေနိုင်ရန် အချိန်နည်းပါးနေပါမည်။ ၎င်းအမျိုးသားအနေဖြင့် အလုပ်ကိစ္စခရီးထွက်ရခြင်းများဖြင့် အလုပ်ရှုပ်နေပါလိမ့်မည်။

မေးခွန်း (၄)

ကျွန်ုပ်တို့အပြန်အလှန်ကတိစကားထားရှိပါသလား။

အဖြေ

ဇောက်ထိုးဆွဲခံထားရသူကားချပ် ပြောင်းပြန် - Glenda အတွက် ကောင်းမွန်သော ပုဂ္ဂိုလ်အဖြစ်လက်ခံရန် ကတိပြုလိုသော်လည်း အမျိုးသားဘက်က မသေချာသေးပေ။ မျှော်လင့်ထားသည်များအပြောင်းအလဲရှိတတ်ပါသည်။

မေးခွန်း (၅)

ကျွန်ုပ်တို့ (၂) ဦး ကြိုက်တာ၊ မကြိုက်တာ၊ တူတာတွေရှိပါသလား။

အဖြေ

Four of wands ပြောင်းပြန် - Glenda၏အဖွေးများက တစ်ဖက်သတ်ဆန်နေသည်ကို ကိုယ်တိုင်သိပုံမရပေ။ ယခုဖြန့်ခင်းသည့်ကားချပ်က ပြောင်းပြန်ဖြစ်သောကြောင့် တည်ငြိမ်မှုမရှိခြင်း၊ အလိုဆန္ဒမပြည့်ဝခြင်းနှင့် အိမ်ထောင်ကျကိန်းမရှိခြင်းတို့ကို ဖော်ပြနေပါသည်။ Glenda နှင့် သူမ၏အိမ်ထောင်ဖက်ဖြစ်မည့်သူတို့ကအတော်များများကြိုက်ခြင်း၊ မကြိုက်ခြင်း တူညီသော်လည်း အိမ်ထောင်ရေး၏အခြေခံအုပ်ငုံများ၌ ကွဲလွဲမှုရှိနေပါသည်။

မေးခွန်း (၆)

တစ်ဖက်ပုဂ္ဂိုလ်၏ မိဘများက ကျွန်ုပ်အား လက်ခံနိုင်မည်လား။

အဖြေ

The Wheel of fortune ပြောင်းပြန် - လက်ရှိအနေအထားအရ အမျိုးသားဘက်မိဘအသိုင်းအဝန်းမှ Glenda အား လက်ခံမည့်အခြေအနေမရှိသေးပေ။ ပထမခြေလှမ်းအဖြစ် လေးနက်စွာ (သတိထား) ဆက်ဆံကြည့်ရပါမည်။ သူမရည်မှန်းထားသူသည် ကွာရှင်းပြတ်စဲထားသူ (အိမ်ထောင်ကွဲ) တစ်ဦးဖြစ်ပြီး သမီး(၂)ယောက်ရှိနေသည်ကို သတိပြုပါ။ ယင်းကပင် လောလောဆယ် ပြဿနာတစ်ရပ်ဖြစ်နေပါသည်။

မေးခွန်း (၇)

ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ်ယောက်ဘယ်လိုများ ဆုံးဖြတ်ကြမလဲ။

အဖြေ

The Hermit - Glenda သည် ကွာရှင်းပြတ်စဲထားသူဖြစ်ပြီး သူမအတွေ့အကြုံအရ အတွေးအခေါ်ကောင်းများရရှိခဲ့ပါသည်။ သူမအဖို့ အမှန်တကယ်ချစ်ခင်မြတ်နိုးသူကိုသာ ရှာတွေ့ရန် လိုလားပါသည်။

မေးခွန်း (၈)

ကျွန်ုပ်တို့ပိုင်စီးပွားဖြင့် စပ်တူလုပ်နိုင်မည်လား။

အဖြေ

King of swords - ရှေ့နေဖြစ်ကြောင်းသဘောကိုပြသည့်ကားချပ် ဖြစ်သည်။

Glenda မှ မိမိကိုယ်မိမိ ကာကွယ်တတ်ရန်လိုကြောင်းနှင့် အစစအရာရာ သတိထားရန်လိုကြောင်း ရည်ညွှန်းပါသည်။ အထူးသဖြင့် ငွေကြေးဆိုင်ရာ ကိစ္စများအထူးဂရုပြုရပါမည်။

ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

ရေတွင်းကို ဘယ်လိုတူးကြမလဲ

နေပြည်တော်ကျောက်ကျောဝိုး

၂၀၁၅ နဲ့ ၂၀၁၆ မှာ မြန်မာနိုင်ငံဟာ အားအကောင်းဆုံး အယ်လ်နီညိုရာသီဥတုနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ဘာ့ကြောင့် ဖောက်ပြန်တဲ့ အယ်လ်နီညိုရာသီဥတုတွေဖြစ်ရသလဲဆိုတော့ ကမ္ဘာနဲ့ မြန်မာမှာ သစ်တောပြုန်းတီးမှုတွေ၊ စက်ရုံအလုပ်ရုံ၊ ယာဉ်ရထားတွေကနေ အစဉ်အမြဲ စွန့်ထုတ်နေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကြောင့်ပါပဲ။ အဲဒီ သစ်တောပြုန်းတီးမှု၊ အဆိပ်ဓာတ်ငွေ့တွေ ပြည့်ကျပ်နေမှုကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ဝင်ရိုးစွန်းဒေသက ရေခဲတွေအရည်ပျော်နေပါတယ်။ အိုဇုန်းလွှာတွေပေါက်ကုန်ပါတယ်။ နောက်တော့ ဖောက်ပြန်တဲ့ အားကောင်းတဲ့ အယ်လ်နီညိုရာသီဥတုကို ဖြစ်ပေါ်စေတာပါပဲ။ ဒါကို နိုင်ငံတော်က အစဉ်သတိပေးလျက်ရှိပါတယ်။

အဲဒီအားကောင်းတဲ့အယ်လ်နီညိုရာသီဥတုဟာ ၂၀၁၅ ရဲ့ မိုးရာသီမှာ တစ်သက်မှာ တစ်ခါသာ ကြုံရဖူးတဲ့ မိုးနည်းရပ်ဝန်းအညာဒေသတွေမှာ ရေကြီးရေလျှံမှုတွေ များစွာဖြစ်ပေါ် စေခဲ့ပါတယ်။ အသက်အိုးအိမ်စည်းစိမ်တွေ၊ လယ်ယာတွေများစွာဆုံးရှုံးခဲ့ရပါတယ်။ ဘယ်လိုမှမျှော်လင့်မထားတဲ့အရာပါ။ ခုထိ နိုင်ငံတော်က ပြန်လည်ထူထောင်ပေးမှုတွေ ဆောင်ရွက်နေဆဲပါ။

ဟော -- ခုဆို ရာသီဥတုက ပူပြင်းစပြုပါပြီ။ အခု ၂၀၁၆ ထဲမှာ အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ရန်ပါတယ်။ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေတွေ အခက်တွေ့နိုင်ပါတယ်။

မိုးနည်းရပ်ဝန်းမဟုတ်တဲ့ ဒေသတွေမှာတောင် ရှိမြဲရေမှုတ်ထုတ် အောက်ကျသွားရင် အခက်ကြုံနိုင်ပါတယ်။ ဥပမာ ဆယ်တောင်နဲ့ ရေလုံလောက်လို့ ဆယ်တောင်တူးထားတဲ့ ရေတွင်းဆိုရင် ရှိမြဲရေထွက်မှုတ် ဆယ်မာတ်ငွေ့တွေ ပြည့်ကျပ်နေမှုကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ဝင်ရိုးစွန်းဒေသက ရေခဲတွေအရည်ပျော်နေပါတယ်။ အိုဇုန်းလွှာတွေပေါက်ကုန်ပါတယ်။ နောက်တော့ ဖောက်ပြန်တဲ့ အားကောင်းတဲ့ အယ်လ်နီညိုရာသီဥတုကို ဖြစ်ပေါ်စေတာပါပဲ။ ဒါကို နိုင်ငံတော်က အစဉ်သတိပေးလျက်ရှိပါတယ်။

အဲဒီအားကောင်းတဲ့အယ်လ်နီညိုရာသီဥတုဟာ ၂၀၁၅ ရဲ့ မိုးရာသီမှာ တစ်သက်မှာ တစ်ခါသာ ကြုံရဖူးတဲ့ မိုးနည်းရပ်ဝန်းအညာဒေသတွေမှာ ရေကြီးရေလျှံမှုတွေ များစွာဖြစ်ပေါ် စေခဲ့ပါတယ်။ အသက်အိုးအိမ်စည်းစိမ်တွေ၊ လယ်ယာတွေများစွာဆုံးရှုံးခဲ့ရပါတယ်။ ဘယ်လိုမှမျှော်လင့်မထားတဲ့အရာပါ။ ခုထိ နိုင်ငံတော်က ပြန်လည်ထူထောင်ပေးမှုတွေ ဆောင်ရွက်နေဆဲပါ။

ဟော -- ခုဆို ရာသီဥတုက ပူပြင်းစပြုပါပြီ။ အခု ၂၀၁၆ ထဲမှာ အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ရန်ပါတယ်။ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေတွေ အခက်တွေ့နိုင်ပါတယ်။

မိုးနည်းရပ်ဝန်းမဟုတ်တဲ့ ဒေသတွေမှာတောင် ရှိမြဲရေမှုတ်ထုတ် အောက်ကျသွားရင် အခက်ကြုံနိုင်ပါတယ်။ ဥပမာ ဆယ်တောင်နဲ့ ရေလုံလောက်လို့ ဆယ်တောင်တူးထားတဲ့ ရေတွင်းဆိုရင် ရှိမြဲရေထွက်မှုတ် ဆယ်မူပေါင်းအကြိမ်အတော်များများဖြစ်ပေါ် စေခဲ့ပါပြီ။ ဆုံးရှုံးလိုက်ပုံကတော့ အလွန်ကို ဝမ်းနည်းဖွယ်ကောင်းလောက်အောင်ပါပဲ။

၂၀၁၆ ရဲ့ မတ်၊ ဧပြီ၊ မေတို့ဆိုတာ အယ်လ်နီညိုရဲ့ ဖိအားကြောင့် အရင်နှစ်တွေထက်ပိုပြီး ပူပြင်းပါလိမ့်မယ်။ ပူပြင်းရင် ရေအရင်းအမြစ်တွေ ခြောက်ခန်းနိုင်တာကြောင့် မိုးနည်းရပ်ဝန်းတွေမှာ ရေရှားပါးမှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေတွေ အခက်တွေ့နိုင်ပါတယ်။

မိုးနည်းရပ်ဝန်းမဟုတ်တဲ့ ဒေသတွေမှာတောင် ရှိမြဲရေမှုတ်ထုတ် အောက်ကျသွားရင် အခက်ကြုံနိုင်ပါတယ်။ ဥပမာ ဆယ်တောင်နဲ့ ရေလုံလောက်လို့ ဆယ်တောင်တူးထားတဲ့ ရေတွင်းဆိုရင် ရှိမြဲရေထွက်မှုတ် ဆယ်တောင်အောက်ကျသွားတာနဲ့ အဲဒီရေတွင်း ရေခန်းသွားတော့မှာပါ။ ဒါဆိုရင် ရေထွက်အောင် ဆယ့်လေးငါးတောင် လိုက်တူးရတော့မှာပါ။

ရောဘုံဘိုင်နဲ့ စုပ်ထုတ်တဲ့ ပိုက်တွင်းတွေကို မဆိုလိုပေမယ့် ကျောက်ခွေချတဲ့ ရေတွင်းတူးတော့မယ်ဆိုရင် အချို့က ရေထွက်အားကောင်းသည်အထိ မြေတွင်းတူးပြီးမှ ကျောက်ခွေတွေကို ကြိုးနဲ့ချကာ စီတတ်ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြပါတယ်။ အဲဒါပြုတ်ကျရင် အလွန်အန္တရာယ်ကြီးသလို မြေသားချည်းတူးဆင်းရင်လည်း မြေပြိုမည့်အန္တရာယ်ရှိနိုင်ပါတယ်။

ကျောက်ခွေရေတွင်းတူးတော့မယ်ဆို အရင်ဆုံး ကျောက်ခွေတစ်ခွေစာ ဖြောင့်ဖြောင့်တန်းတန်း တိုင်းထွာတူးပြီး ကျောက်ခွေကိုချလိုက်ပါ။ အဲဒီကျောက်ခွေပေါ်ကို ညီညီညာညာနောက်တစ်ခွေ တင်ပြီး အောက်က မြေစာတွေတူးပြီး တင်ပါ။ ဖြည်းဖြည်းချင်း ဘေးနံရံတွေကို အထက်ကဖိအားနဲ့ကျအောင် တစ်ရစ်ချင်းယူပေးပါ။ ကျောက်ခွေက တအိအိထိုင်ဆင်းလာပါမယ်။ ဒုတိယခွေ မြေပြင်ညီရင် တတိယခွေထပ်တင်ပါ။ အောက်ကယူပေးလိုက်၊ ဖိအားနဲ့ ဆင်းလိုက်ဖြစ်တာမဟုတ်မို့ တစ်ခွေပြီးတစ်ခွေတင်ပေးနေရုံပါပဲ။ စိတ်တိုင်းကျ ရေထွက်မှတ်ရောက်မှရပ်ပါ။ ဒါဆိုရင် သက်လည်းသက်သာ၊ အန္တရာယ်လည်းကင်းပါတယ်။

ပိုက်တွင်းတွေတူးကြတဲ့အခါမှာတော့ ဘယ်လောက်တူးတူး အန္တရာယ်မရှိပါဘူး။ ဒါပေမယ့် ဒေသအချို့မှာကျတော့ ပိုက်တွင်းရေတွေဟာ သံဓာတ်ပါဝါများတဲ့အတွက် ရေကိုစစ်ပြီးမှသုံးလို့ရပါတယ်။ ရေစစ်နှစ်၊ ရေစစ်အိုးထဲထည့်ပြီးမှ ထွက်လာတဲ့ရေကို သုံးလို့ရတာကြောင့် အလုပ်တော့ရှုပ်ပါတယ်။ ရေကို ဒီအတိုင်းထားကြည့်လိုက်ရင် မကြာမီ ရေမျက်နှာပြင်မှာ အဆီပြင်လို သံချေးအမြှေးတားလာပါတယ်။ အောက်ထဲကရေကလည်း ခပ်ဝါဝါအသွင်ပြောင်းသွားလေ့ရှိပါတယ်။ အဲဒီပိုက်တွင်းထဲက တိုက်ရိုက်ထွက်တဲ့ရေနဲ့ အဝတ်တွေလျှော်ရင် အဝတ်တွေ ဝါသည်ဆွဲဖြစ်ကုန်ပါတယ်။ သံချေးရောင်ပြောင်းလဲသွားတာပါ။

ရေတွင်းတွေကျတော့ ထွက်သမျှရေတွေ အိုင်ထွန်းပြီး သံဓာတ်တွေအောက်ခြေမှာထိုင်ကုန်တာကြောင့် ရေကြည်ကို တိုက်ရိုက်ရနိုင်ပါတယ်။ ရေတွင်းရေဟာ စစ်စစ်ရာမလိုဘဲသုံးနိုင်ပါတယ်။ အဲဒါက ရေတွင်းရဲ့အားသာချက်ပါ။ ဒါပေမယ့် ရေတွင်းက ကုန်ကျစရိတ်များတာကြောင့် အများစုဟာ သက်သာတဲ့ တုံကင်ပိုက်တွင်းကိုပဲတူးသူများပါတယ်။ ပိုက်တွင်းကနေရာလည်း ကျဉ်းပါတယ်။

ပိုက်တွင်းပဲတူးတူး၊ ခွေချတွင်းပဲ

တူးတူး၊ အုတ်စီတွင်းပဲတူးတူး၊ အဝိစီတွင်းပဲတူးတူး ရေတွင်းတူးတော့မယ်ဆိုရင် ရေတွင်းတူးကျွမ်းကျင်သူတွေက ဦးစွာ ရေတွင်းတူးရမယ့်နေရာကို ပထမဆုံးရှာတာပါ။ ဒါကလည်း တစ်သက်လုံး ရေတွင်းတူးစားသူတွေသာ နားလည်ကြတာပါ။

ရေရှာကျွမ်းကျင်သူတွေကျတော့ ရေတွင်းတူးရာမှာ နံသင့်၊မသင့် အဓိကမထားပါဘူး။ အိမ်ဝိုင်းတစ်ခုရဲ့ ဧရိယာအတွင်းမှာ ဘယ်နေရာဟာ ရေကြောကောင်းတယ်ဆိုတာကို အဓိကထားတာပါ။ မြေကြီးအောက်မှာ ရေဆိုတာရှိပေမယ့် အဲဒီရေမှာ ရေအားကောင်းတဲ့ ရေကြောဆိုတာရှိတယ်။ ရေကြောမိတဲ့နေရာမှာတူးမှ ရေရွှားပါးတဲ့ နွေရာသီအထိ ရေပေါပေါရနိုင်တာပါ။ ဒီရေကြောမိထားတော့ သူများတွင်းတွေခန်းပေမယ့် သူကတော့ မခန်းနိုင်ပါဘူး။

ရေတွင်းဆိုတာ အိမ်နဲ့လွတ်ရာမှာတူးရတာပါ။ ဒီတော့ ဦးစွာရေကြောကို ရှာကြရပါတယ်။ ရေကြောရှာတဲ့နည်းက ဝါဂွမ်းအနည်းငယ်လုံးပြီး ကြွေပန်းကန်သို့မဟုတ် အုန်းမှုတ်ခွက် စသည်ဖြင့် အုပ်လို့ရတဲ့အရာနဲ့ ရေတွင်းတူးချင်တဲ့နေရာတွေမှာ အုပ်ထားရပါတယ်။ တစ်ညလောက်သိပ်ထားပေးလိုက်ပါ။

နောက်နေ့ရောက်ရင် အုပ်ထားတဲ့ ခွက်လေးတွေလှန်ကြည့်လိုက်ပါ။ ဝါဂွမ်းခြောက်သွေ့နေရင် ရေကြောင်းအား နည်းပါတယ်။ ဝါဂွမ်းစိုနေတယ်ဆိုရင် အဲဒီနေရာဟာ ရေကြောရှိတဲ့နေရာပါ။ ရေကြောရှိတဲ့နေရာမှာတူးရင် အယ်လ်နီညိုဖြစ်လို့ သူများတွေ ရေခန်းခဲ့ရင်တောင်မှ သူကတော့ ရေတွေလှိုင်လှိုင်ထွက်နေမှာပါပဲ။

အဲဒီမှာ ရေတွင်းတူးချင်တဲ့နေရာတွေမှာ ဦးစွာစမ်းကြည့်ပါ။ အဆင်မပြေရင် နေရာပြောင်းပြီးစမ်းရမှာပါ။ ရေတွင်းတူးရာမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးသင့်ပါတယ်။ ဒါမှ ရေတွင်းအောင်မှာပါ။ ရေတွင်းတူးတယ်ဆိုတာ ရေတွင်းအောင်ပါမှ စိတ်ချမ်းသာတာပါ။ တစ်ကွင်းမအောင်လို့ နောက်တစ်ကွင်းပြောင်းတယ်ဆိုရင် ကုန်ကျစရိတ်ကြီးမားလွန်းပါတယ်။ ပြီးတော့ ရေတွင်းတူးပြီးရင် မဖို့ကောင်းဘူးဆိုတဲ့ အယူလည်းရှိကြပါတယ်။

ရေကြောရှာစရာလုံးဝမလိုတဲ့ကတော့ ပေလေးငါးရှစ်ရာတစ်ထောင်တူးရတဲ့ အဝိစီတွင်းတွေပါပဲ။ ပေအနက်ကြီးစက်နဲ့တူးတဲ့အခါ အောက်ခြေသဲကျောက်ထဲက ရေကြည်ရေသန့်ကို ရနိုင်ပါတယ်။ သို့သော်လည်း သိန်း (၂၀) ဝန်းကျင်ကုန်ကျတာမို့ လူတိုင်းလက်လှမ်းမမီနိုင်ပါဘူး။ ပြီးတော့ အဝိစီတွင်းထဲက ရေကို မူတ်ထုတ်နိုင်ဖို့ စက်ကိုသုံးရာမှာ လျှပ်စစ်မီးကလည်းရှိမှဖြစ်ပါတယ်။ ဒီတော့ အဝိစီတွင်းဆိုတာက သာမန်လူတွေ အလှမ်းဝေးလှပါတယ်။ နည်းတဲ့အရင်းအနှီးမဟုတ်ပါဘူး။

အဝိစီတွင်း၊ ပိုက်တွင်းတွေကျတော့ အချိန်ခါ[illegible]တူးလို့ရပါတယ်။ ခွေချတွင်းနဲ့ အုတ်စီတွင်းတွေကျတော့ ရေအဆုတ်ယုတ်ဆုံးအချိန်ဖြစ်တဲ့ ကဆုန်နယုန်လတွေမှာတူးမှအဆင်ပြေတာပါ။

၂၀၁၆ ရဲ့ မတ်၊ ဧပြီ၊ မေလတွေမှာ အမြင့်မားဆုံးသော အယ်လ်နီညိုရာသီဥတုကိုခံရမှာမို့ အလွန်ကိုပူပြင်းပါလိမ့်မယ်။ အဲဒီမှာ ရေတွင်းအချို့ရေတွေခန်းနိုင်ပါတယ်။ ခန်းလို့ ရေတွင်းတူးတော့မယ်ဆိုရင် အထက်ပါနည်းလေးသုံးကြည့်စေချင်ပါတယ်။ရေဟာ အလွန်အရေးကြီးတာပါ။ ရေအသက် တစ်မနက်လို့တောင်ဆိုထားတာပဲလေ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်ဦး

(ပြောပြသူ ဦးထွန်းလှိုင်အား အထူးကျေးဇူးတင်လျက်)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇွန်လ
ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

ဇွန်လ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၅)။ ဝိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်အနေအရပ် တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနလ်း။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉)ခါရွတ်ဆိုပါ။

ဇွန်လ ၂ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၆)။ ဝိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော(၉)ခါ ရွတ်ဆိုပါ။

ဇွန်လ ၃ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၇)။ ဝိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၄ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၈)။ ဝိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သားက ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၅ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၉)။ ဝိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ပုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၆ ရက်၊ တနလ်းနေ့-လာဘ်ဂဏန်း(၁)။ ဝိုးမိုးဂဏန်း(၁၊ ၅)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၇ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၂)။ ဝိုးမိုးဂဏန်း (၂၊ ၀)။လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်း။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၈ ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း(၃)။ ဝိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၉ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၄)။ ဝိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်း။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ ဒေ့ဝဘက်လှည့်၍ သတ္ထာ ဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

ဇွန်လ ၁၀ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၅)။ ဝိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

ဇွန်လ ၁၁ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၆)၊ ဝိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဇွန်လ ၁၂ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၇)၊ ဝိုးမိုးဂဏန်း (၁၊ ၄)။

www.burmeseclassic.com

www.burmeseclassic.com

လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေသား တနလ်၁၊ စနေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၁၃ ရက်၊ တနလ်ာနေ့ - လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၀၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သဗ္ဗာဒေဝါမနုဿာနံ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၁၄ ရက်၊ အင်္ဂါနေ့-လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က နီညိုရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမော တဿ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၁၆ ရက်၊ ကြာသပတေးနေ့-လာဘ်ဂဏန်း (၂)၊ စိုးမိုးဂဏန်း (၂ ၈)။ လာဘ်နေအရပ်မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနလ်၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ(၉)ခါရွတ်ဆိုပါ။

ဖွန်လ ၁၇ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၁၈ ရက်၊ စနေနေ့-လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က နီညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၁၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၂ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓံ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၀ ရက်၊ တနလ်ာနေ့ - လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သံဃာ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၁ ရက်၊ အင်္ဂါနေ့-လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၂ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသ ဓမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၃ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၄ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနလ်၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၅ ရက်၊ စနေနေ့-လာဘ်ဂဏန်း (၂)၊ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က နှံသွေးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၆ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၂ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၇ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန်နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၈ ရက်၊ အင်္ဂါနေ့-လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၃၊ ၈)။လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၂ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

ဖွန်လ ၃၀ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စိုးသူ (B.Sc

www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဗ္ဗဃဲ စယဲ
ဂတံ ဇတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုဂံဝ ဂဝံ။ ။

တနင်္ဂနွေသားသမီးများ

ဒွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တဟိ်တဟိ်ဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကိုဓာတ်မရိုက်ရ။ ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်' ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ တနင်္ဂနွေထောင့်တွင် 'အရဟံ' ဂုဏ်တော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့် သွပ်ပြားအဟောင်းအစုတ်များ၊ သံတိုသံစများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ မကြာမကြာသွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ပန်းခြောက်များစွန့်ပစ်ပေးခြင်းပြုပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
ကျန်းမာရေး - နွမ်းပါးသူများကို ဓနဝါး၊ ဓာတ်စာများလှူပါ။
ထီကံကောင်းလိုသူများ - ကြာသပတေးနံထီဆိုင်တွင် (၁) အစ (၁) အဆုံး ထီလက်မှတ်လေးများ ဝိုင်းသလောက် ကံစမ်းထားလိုက်ပါ။

တနင်္လာသားသမီးများ

ဒွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ့ သစ်သီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင်ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'တနလ်ာ' နဲ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ထီကံကောင်းလိုသူများ - စုက်ဘီး၊ ဆိုင်ကယ်၊ ကားများနှင့်ရောင်းသော ထီသည်များနှင့် တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုဂံး (၃) ပတ် နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ဆေးဝါးများ လှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားစက်ဖုန်းကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'စနေ' နံ့ ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ၂၄-ပစ္စည်းကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
ကျန်းမာရေး - နံနက်တိုင်း ရေကို ဖုဋ္ဌဿဂါထာရွတ်မန်းပြီး သောက်ပါ။
ထီကံကောင်းလိုသူများ - စနေနံထိဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာ ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ကံ့ကော်ညွှန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'တနလ်ာ' နံ့ ဘွဲ့အမည်ရှိသော ဘုရား၊ စေတီ၏ တနင်္ဂနွေထောင့်တွင် ပန်း၊ ရေချမ်းများကပ်လှူပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်လှည်းရန်အတွက် တံမြက်စည်းများ တစ်နိုင်ဝယ်လှူပါ။ လှည်းလည်းလှည်းခဲ့ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကိုတစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။
ထီကံကောင်းလိုသူများ- တနလ်ာနံထိဆိုင်တွင် (၉)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုဂံး (၃) ပတ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို သစ်သီးလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်အဝင်ဝ ခြေရင်းတွင် ဆီးခက် (၃) ခက်ကို ချည်ထားပါ။
ကားရောင်းလိုသူများ - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ အင်္ဂါနာမည်ရှင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အင်္ဂါ' နံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မုဒ္ဒေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
ကျန်းမာရေး - ထမင်းစားပြီးတိုင်း ဗောဇျင်္ဈသုတ်ရွတ်ဖတ်ရင်း (၁၅) မိနစ် လမ်းလျှောက်ပါ။
ထီကံကောင်းလိုသူများ - စနေနံထိဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို တနလ်ာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ ရေဒီယို၊ ကက်ဆက်၊ ဆောင်းဘောက်အဟောင်းအပျက်များကို ပြင်ပါ။ ပြင်မရလျှင်စွန့်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည်ခြင်းများ မကြာမကြာပြုပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
ကျန်းမာရေး - လိပ်စာ၊ ငါးစာကျွေးပါ။ လမ်းလျှောက်ပေးပါ။
ထီကံကောင်းလိုသူများ - တနလ်ာနံထိဆိုင်တွင် (၉) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို သစ်သီးလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
ကားရောင်းလိုသူများ - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အင်္ဂါ' နှံ့ ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - နေ့စဉ် သမ္ဗုဒ္ဓေ (၁၀၈) ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ သွားရင်းလာရင်းမှတ်ရွတ်ပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
ကျန်းမာရေး - ထမင်းစားပြီးတိုင်း ဗောဇျင်္ဈသုတ်ရွတ်ဖတ်ရင်း (၁၅) မိနစ်ခန့် ဖြည်းညင်းစွာလမ်းလျှောက်ပါ။
ထီကံကောင်းလိုသူများ - စနေနံထိဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယခုလတွင်-
စနေစ-သောကြာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
တိုးသံ၊ ထင်ဟိန်း၊ နှင်းသစ်

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည်သိန်းကျော်

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း
(ရန်ကုန်အားရှိစေသား)

ဘာလုပ်လုပ် ဘာမှဖြစ်မလာသူများအတွက် သူရဲ့လက်ဆောင်

တစ်ခါတစ်ခါကျ -

ဘာလုပ်လုပ် ဘာမှဖြစ်မလာတာတွေ ကြုံဖူးကြပါလိမ့်မယ်။

အဲဒီ ဘာလုပ်လုပ်ဆိုတဲ့အထဲမှာ အမျိုးမျိုးပါနေပါတယ်။

လူမှုရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ် ပါနေပါတယ်။

ဘာလုပ်လုပ်လို့ ဘာလို့ပြောရလဲဆိုတော့ -

ဆိုကြပါစို့ -

လူတစ်ယောက်ဟာ အထည်ဆိုင်ဖွင့်တယ်။ ရောင်းရင်းရောင်းရင်းနဲ့၊ စိုက်စားရင်းစိုက်စားရင်းနဲ့ ငွေတွေဘယ်ရောက်လို့ဘယ်ရောက်ကုန်မှန်းမသိတာကြုံဖူးကြမှာပါ။ ကြားဖူးရင်လည်းကြားဖူးကြမှာပါ။ တချို့ စားသောက်ဆိုင်ဖွင့်တယ် ဖွင့်ထားတာပဲ၊ ရောင်းနေရတာပဲ။ စစ်ကြည့်တော့ လက်ထဲမှာ ဘာမှမစုမိဘူး။ ရောင်းရသမျှ ဘယ်ရောက်ကုန်လဲ။ ဟော-သုံးတာကျတော့လည်းကွက်တိ။ ဘယ်လိုကုန်လို့ဘာတွေကုန်နေမှန်းမသိဘူး။

တချို့များ အိမ်ဆိုင်လေးတည်ထားတယ်။ တဖြည်းဖြည်းနဲ့ လုံးပါးပါးလာပြီး ဘာမှမရှိတော့ဘူး။

ကားဂိတ်တွေထောင်၊ ဘာမှန်းညာမှန်းမသိ တဖြည်းဖြည်းကုန်။ ကားဂိတ်ရပ်လိုက်ပြီးတဲ့နောက်ပိုင်း ကုန်ကူး။ အဆင်ကမပြေ။ ဟိုမိတ်ဆွေကပြော ဒီမိတ်ဆွေကပြောနဲ့ ငွေတိုးလေးပေးစား။ လက်ကျန်ငွေလေးမပျောက်ပျက်အောင် ဘာမှမလုပ်ရဲ။ ဟော-အဲဒီအခါကျမှ ရှိတာပါအကုန်ကုန်တော့တာပဲ။

စီးပွားနှစ်မျိုး၊ သုံးမျိုးပြောင်းလာပြီး ဘာမှန်းညာမှန်းမသိဖြစ်သွားရသူတွေ ဒုနဲ့ဒေး။

ကျွန်မတို့ကိုယ်ကျွန်မတို့ အိပ်မက်များမက်နေသလားလို့တောင်ထင်မိတဲ့အထိ ကိုယ့်ဘဝကိုယ် အံ့သြမိပါရဲ့။ ဘယ် - အရင်က ဘယ်ဒီလိုဟုတ်မလဲ။ နေတာထိုင်တာ၊ ဝတ်တာစားတာပဲ့နေတာပဲ။ ခုများ ကုန်းကောက်စရာလည်းမရှိရော ပေးရကမ်းရမှာစိုးလို့ ဘယ်ဆွေမျိုးကမှတောင် ဆေးဖော်ကြောဖက်မလုပ်တော့ဘူး ဆိုတဲ့စကားမျိုးတွေ ကြားဖူးကြမှာပါ။

လူဆိုတာ လုပ်မှားကိုင်မှားရှိကြတာမဆန်းပါဘူး။ အလုပ်လုပ်တဲ့သူဟာ အမှားနဲ့မကင်းပါဘူး။ လုပ်ငန်းတစ်ခုကို ထိထိမိမိတွက်ဆထားပေမယ့် အခြေအ

www.burmeseclassic.com

www.burmeseclassic.com

နေအကြောင်းကြောင်းကြောင့် လုပ်ငန်းရပ်သွားခဲ့ရသူတွေ မြင်ဖူးမှာပါ။ ကြုံဖူးမှာပါ။

ဒါကြောင့် တချို့ပြောကြလေ့ရှိပါတယ်။

သူတို့ကျတော့ အကျိုးပေးလိုက်တာအရမ်းပဲ။ တစ်ဆိုင်က နှစ်ဆိုင်ဖြစ်လာတယ်။ တို့ကျတော့ဘယ်လိုမှအကျိုးမပေးဘူး။

တချို့များ စီးပွားတွေ ချက်ချင်းတက်လာပြီး အိမ်တွေ နှစ်လုံး၊ သုံးလုံးဖြစ်လာတယ်။

နောက်တော့ လုပ်ရင်းကိုင်ရင်း လုပ်မှားကိုင်မှားတွေဖြစ်ပြီး အိမ်တစ်လုံးပြီးတစ်လုံးပြန်ကုန်တယ်။နေစရာတောင်မရှိကြတော့ဘူး။

တချို့ကျတော့ သူများအကျိုးပေးရင် ကိုယ်လည်းအကျိုးပေးပြီဟဆိုပြီး သူများလုပ်သလိုတွေလိုက်လုပ်၊ စေး ကွက်လည်းမသိ၊ ကျွမ်းကျင်မှုလည်းမရှိ၊ အတွေ့အကြုံကလည်းမရှိ၊ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

တော့ လုပ်ငန်းရပ်သွားရတာပဲ အဖတ်တင်တယ်။

တချို့က စပ်တူ -

သူများပြောရင် ဟုတ်နိုးနိုးထင်ပြီး စပ်တူတွေဝါသနာပါ၊ စပ်တူလုပ်ငန်းတွေမှာ ငွေတွေထည့်၊ လုပ်ငန်းက ဘာမှန်းညာမှန်းနားမလည်၊ သူများပြောစကား အားကျပြီးတော့သာ ငွေတွေထည့်၊ နောက်ဆုံး စပ်တူရှယ်ယာတော်တော် များများတို့ရဲ့ထုံးစံအတိုင်း ဒုံရင်းဒုံရင်း ပြန်ဖြစ်၊ တချို့ဆိုရှိတာတွေကုန်၊ ပိုက်ဆံပြန်တောင်းမရတော့တာတို့ဘာတို့ဖြစ်။

ဒါနဲ့ပဲ -

ဘာလုပ်လုပ် ဘာမှဖြစ်မလာတော့ -

ဘာတွေဖြစ်လို့ဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ်အားမရတော့ဘူး။ တချို့ဆိုစီးပွားတက်လာတုန်းက သူများက မနာလိုလို့လုပ်ထားတာ။ ဒါကြောင့် စီးပွားပြန်ကျသွားတာဆိုတဲ့ ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ပြောနေကြတဲ့စကားကိုယုံပြီး စိတ္တဇတွေဖြစ်တော့တာပါပဲ။

သူများမနာလိုလို့လုပ်ထားတယ် ဆိုတဲ့စကားကို ကန်ထရိုက်ဆွဲထားတဲ့သူတွေ တော်တော်များပါတယ်။ ဘာလို့လဲဆိုတော့ တော်တော်လေးပြောလို့ကောင်းတဲ့စကားမို့ပါ။

မျက်လုံးမှိတ်ပြီးအဲဒီစကားကိုများပြောလိုက်ရင် ဘေးကနားထောင်တဲ့သူက ဟုတ်၏၊ မဟုတ်၏၊ မချင့်ချိန်တော့ဘူး။ အင်း-ထင်သားပဲ။ ကိုယ့်အထဲကပဲမို့လား၊ အတွင်းလူမို့လားဆိုတဲ့ ရှေ့ကကြိုပြီးဖော်ပေးနေတဲ့ စကားပရိယာယ်နဲ့ မေးကြတော့တာပါပဲ။

လူဆိုတာ လုပ်ချင်တိုင်းလုပ်လို့ မရပါဘူး။

လူမှာ အတိတ်ကံဆိုတာရှိပါတယ်။

ခုလက်ရှိ မျက်မှောက်ပြုနေတဲ့ ကောင်းမှုကုသိုလ်တွေရဲ့ 'အား' တွေလည်းရှိပါတယ်။

ကံနိမ့်ချိန်၊ ကံမြင့်ချိန်ဆိုတာလည်း ရှိပါတယ်။

မမြင်ရတဲ့ပဋိပက္ခိလ်တွေဆိုတာလည်း ရှိပါတယ်။ အလွယ်ဆုံးရှင်းအောင်ပြောရရင် အစောင့်အရှောက်ပေါ့။

ကြားဖူးကြမှာပါ။ ဒီကောင် အစောင့်အရှောက်ကောင်းတယ်။ဘာမှလုပ်လို့မရဘူးဆိုတာမျိုးတွေ ကြားဖူးမှာပေါ့။

လုပ်ချင်တိုင်းလုပ်လို့မရပါဘူး။

ကာလဒေသဆိုတာရှိပါတယ်။

ခပ်လွယ်လွယ်နဲ့ ရမ်းပြောနေကြတာတွေပါ။

တစ်ဖက်ကလည်း အဲဒီလိုပညာနဲ့ လုပ်ခံထားရတယ်ဆိုတာကို ပြောစေ့ချင်တဲ့သဘောနဲ့ ရေလာမြောင်းပေးစကားတွေပြော၊ ဟုတ်နေကြတာပဲ။ ကြောင်ကလည်းခံတွင်းပျက်တဲ့အချိန်၊ ဆက်ရက်ကလည်း တောင်ပံကျိုးနဲ့ ဟုတ်နေတာပဲ။

အဲဒါပြောတာပေါ့။

ဘာလုပ်လုပ် ဘာမှဖြစ်မလာတဲ့အခါ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူးဆိုတာ -

ဒါက စီးပွားရေးတစ်ခုပဲ စဉ်းစားဖို့ -

လူမှုရေးစဉ်းစားလည်းဒီတိုင်းပါပဲ။ မိသားစုတွေမတည့်ကြဘူး။

ကိုယ်ဘာလုပ်လုပ် အကောင်းမမြင်ဘူး။ သားသမီးတွေက ဦးကနင်းပဲ့ကထောင်၊ ပဲ့ကနင်း ဦးကထောင်။ တစ်ယောက်တစ်ပေါက်နဲ့ အုပ်မနိုင်စီးမရ။

ဘယ်စကားကိုပြောပြော ပိတ်ပင်ရတာနဲ့၊ ဟန့်ရတာနဲ့၊ ပြက်ရယ်ပြုရတာနဲ့၊ ရိရတာနဲ့၊ ကန့်လန့်တိုက်ရတာနဲ့ -

အဲဒီမိသားစုရဲ့ ကြီးကဲသူကိုယ်တိုင် အဲသလိုခံစားနေရပြီဆိုရင် အဲဒီကြီးကဲသူဟာ စိတ်ဝေဒနာဖြစ်ရပြီ။

သူစကားတွေမအောင် -

မိသားစုက သူကိုအထင်သေး -

သူကျေးဇူးတွေကန်း၊ သူမေတ္တာတွေကို အသိအမှတ်မပြု၊ သူမှာ ဘယ်သူကိုမှ မပြောရဲမဆိုရဲ မဆုံးမရဲနဲ့ သူရင်ထဲမှာ ဘယ်လိုနေမလဲဆိုတာ စဉ်းစားသာကြည့်။ သူမဟလိုက်နဲ့ ဟမယ်ကြံတာနဲ့ သူ့ကိုလိုက်ပိတ်၊ ပြဿနာရှာ။ ကြာတော့ သူဟာ မိသားစုမှာ ဘေးရောက်နေတဲ့သူဖြစ်နေပြီ။ ဒီထက်ပိုညှဉ်းရရင် တန်ဖိုးမရှိတဲ့သူဖြစ်နေရပြီ။

သူ့ရင်ထဲမှာ ဘယ်လိုနေမလဲ။

သူဘယ်လိုခံစားနေရမလဲစဉ်းစားသာကြည့်တော့။

သူဘယ်လိုကောင်းအောင်နေနေ၊ ဘာတွေလုပ်ပေးလုပ်ပေး သူ့အတွက် ကောင်းကျိုးချမ်းသာမင်္ဂလာမရှိတော့တဲ့အခါကျ သူတွေးပြီ။

ငါ ဘာတွေလုပ်နေလုပ်နေ၊ ငါ ဘယ်လိုကောင်းအောင်နေနေ၊ ဘာတွေလုပ်ပေးနေလုပ်ပေးနေ၊ ငါ့အပေါ်မှာ ဒါလောက်တောင်ဖြစ်နေကြပါလားဆိုပြီး -

သူဘာလုပ်လုပ် ဘာမှအကောင်းဖြစ်မလာတာတွေကို စဉ်းစားပြီး သူစိတ်တွေလျော့ရဲလာရပြီ။

ဒါက -

လူမှုရေးအပိုင်းကကြည့်တဲ့ ဘာလုပ်လုပ် ဘာမှဖြစ်မလာတာတွေပါဘဲ။

အဲဒီအခါမှာ တစ်ဆင့်တက်ပြီး စဉ်းစားပြီ။

ငါဒါလောက်စိတ်ကောင်းကောင်းထားတဲ့ကြားထဲကဆိုပြီး စိတ်ကောင်းထားခြင်းကို ထိခိုက်အောင်တွေးလာပြီ။

ငါဒါလောက်ရွတ်ဖတ်နေတဲ့ကြားထဲကဆိုပြီး ဘာသာတရားကိုင်းရှိုင်းမှုကို ထိခိုက်အောင်တွေးလာပြီ။

ဒါကို ဘာလုပ်လုပ် ဘာမှဖြစ်မလာတဲ့သူတွေလို့ မြင်ကောင်းမြင်ကြပါလိမ့်မယ်။

ဟုတ်ပါတယ်။

ခမျာများဟာ ဒီလိုခံစားနေကြရရှာပါတယ်။ အများကြီးရှိနေပါတယ်။ အဲဒီကစပြီး စိတ်ကျခြင်းတွေဖြစ်လာတော့တာပါပဲ။ စိတ်ကျပြီဆိုတာနဲ့ လူဟာ သေရမှာမကြောက်တော့ပါဘူး။ ဒါလောက် ခံစားနေရတာထက်စာရင် သေရတာကမှကောင်းသေးတယ်၊ ဝင့်ကျွတ်သေးတယ်ဆိုတဲ့စိတ်တွေဝင်လာတော့တာပါပဲ။

ဒီလို အနှုံးစိတ်တွေ ကြိမ်ဖန်များစွာ လွှမ်းမိုးလာရတဲ့အခါ ကိုယ့်ကိုယ်ကိုယ်သတ်သေရမှာ ဝန်မလေးကြတော့ပါဘူး။

ဒါဟာ -

ဘာလုပ်လုပ်ဘာမှဖြစ်မလာတော့ပါလားဆိုတဲ့ စိတ်ဓာတ်တွေကြောင့်ပါပဲ။

အခု -

ဒီလပေးချင်တဲ့သူရဇ္ဈလက်ဆောင်ကတော့ -

အဲဒီလို ဘာလုပ်လုပ်ဘာမှဖြစ်မလာပါလားဆိုတဲ့ ခံစားချက်ရှိသူတွေအတွက်ပါပဲ။

ဟုတ်ပါတယ်။

ဒီလိုပုဂ္ဂိုလ်တွေဟာ အနိဋ္ဌတွေနဲ့တွေ့ကြုံခံစားနေရရှာတဲ့အတွက် သူတို့မှာ အနိဋ္ဌအရိပ်အငွေ့တွေချည်းဖြစ်နေရှာပါတယ်။ ရုပ်ရည်၏မှိုင်းခြင်း၊ စိတ်ဓာတ်မှိုင်းခြင်းတွေနဲ့ မကင်းတော့ပါဘူး။ တစ်ခါတစ်ခါ စိတ်ကျမှုတွေကြောင့် မအိပ်ချင်၊မစားချင်တာတွေတောင်ဖြစ်ဖြစ်လာတတ်ပါတယ်။

သူတို့ကိုယ်တိုင် သူတို့ရဲ့ကံကို မယုံနိုင်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဒါဖြင့် -

ဘာလုပ်မလဲ။

ဒီလိုဖြစ်လာပြီဆိုရင် ကိုယ့်ကိုယ် ကိုယ်ညာမနေပါနဲ့တော့။

ဘယ်လိုမညာမလဲ။

နီးစပ်ရာကို စဉ်းစားပါ။ ဘုရား စေတီပုထိုးတစ်ဆူဆူရှိတဲ့နေရာကိုစဉ်း စားပြီး ခြေကျင်လျှောက်ပါ။ ကား၊ ဆိုင်ကယ်၊ စက်ဘီးမစီးပါနဲ့။

လမ်းလျှောက်ပါ။ လမ်းလျှောက် တဲ့အခါ ခွေးထွက်ပြီးမောလာပါလိမ့် မယ်။ စဉ်းစားပါ။ ဟာ-ငါဟာခွေးထွက် အောင် ပင်ပင်ပန်းပန်းလမ်းလျှောက်ပြီး ဘုရားသွားဖူးနေတာပါလားဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ်စဉ်းစားလိုက်ပါ။

အဲဒီအချိန်မှာ ပီတိတစ်မျိုးစပြီး ခံစားလာရပါလိမ့်မယ်။

ရောက်အောင်သွားပါ။

ရောက်ချင်တဲ့စိတ်သာ ပြင်းပြပါ စေ။

ကုသိုလ်စိတ်နဲ့သွားပါ။

ဘာကိုမှမတွေးပါနဲ့။

ဘုရားစေတီကိုရောက်ပြီဆိုတာနဲ့ ကာယကုသိုလ်နဲ့ဆိုင်တာမှန်သမျှ အကုန် လုပ်ပါ။ သူများစွန့်ပစ်ထားတဲ့ အမွှေး တိုင်၊ ဖယောင်းတိုင်၊ ပလတ်စတစ်တွေ၊ တုတ်ချောင်းတွေ၊ အမှိုက်တွေကို အကုန် သာကောက်ပေတော့။ ပြီးမှ တံမြက်စည်း လှည်းပါ။

ဒီလိုလုပ်နေတာကို ပျော်ရွှင်တဲ့ စိတ်၊ ပီတိဖြစ်တဲ့စိတ်နဲ့ ကြည်နူးနေလိုက် ပါ။ စိတ်ချမ်းသာမှုတွေနဲ့ ခံစားနေလိုက် ပါ။

ဘယ်သူမှမလုပ်တဲ့အလုပ်ကိုလုပ် နိုင်တဲ့ ကိုယ့်ကိုယ်ကိုယ် ချီးကျူးစကားဆို ပါ။ ကုသိုလ်တွေကိုရအောင်ယူတတ် တာပဲဆိုပြီး ပီတိဖြစ်ပါ။

အဲဒီအချိန်ကစပြီး စိတ်ဖိစီးမှုတွေ တဖြည်းဖြည်းလျော့လာတာ ကိုယ်တိုင် ခံစားရပါလိမ့်မယ်။

ဘာမှမရွှတ်ချင်ရင်လည်း မရွှတ် ပါနဲ့။ ဒါပေမယ့် မေတ္တာတော့ပို့ပါ။ ဘုရားဖူးလာကြသူတွေ သန့်သန့်ရှင်းရှင်း နဲ့ ဆူးခြောင့်ခလုတ်ကင်းကင်း ဘုရား ကြည်ညိုနိုင်ကြပါစေ၊ ပူဇော်နိုင်ကြပါစေ ဆိုတဲ့ မေတ္တာကိုပို့ပါ။ ဒီမေတ္တာတရား ကြောင့် ကိုယ်ဟာ အေးချမ်းနေတာ၊ စိတ်ချမ်းသာနေတာ ကိုယ်တိုင်ကြုံရပါ လိမ့်မယ်။

ငါသည် ဘုရားကိုရောက်အောင် ခြေကျင်သွားမယ်ဆိုတဲ့ စိတ်ဓာတ် ကြောင့်ရောက်ခဲ့ပါပြီ။

တစ်မင်္ဂလာကို အပင်ပန်းခံပြီး မရောက် ရောက်အောင်သွားခဲ့တာမို့ ဘုရားသွား မယ်ဆိုပြီးထွက်လာတဲ့ခြေလှမ်းများဟာ တန်ဖိုးမဖြတ်နိုင်တော့ပါဘူး။ အင်မတန် မှ တန်ဖိုးကြီးတဲ့ခြေလှမ်းတွေဖြစ်နေပါ ပြီ။

ရောက်အောင်သွားခဲ့တဲ့အတွက် ကိုယ့်စိတ်ကိုလည်း ကိုယ်နိုင်နင်းနေပြီ ဆိုတာ ပြောစရာမလိုတော့ပါဘူး။ ဟုတ်တယ်လေ၊ ဘုရားသွားမယ်ဆိုပြီး ဟိုဆို ဒီရောက်သွားတာမှမဟုတ်တာ။ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတာ ကိုး။

ဒါလေးတွေဟာ ပေါ့ပေါ့တန်တန် မတွေးပါနဲ့။

ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူလိုက်ပါ။ အားလုံးပြီးပြီဆိုမှ လက်တွေ့ဆေး ပါ။

ပြီးရင် ရုပ်ပွားတော်တစ်ဆူဆူ ရှေ့မှာ အထက်ဆောင်ပန်းတွေကို အကောင်းဆုံးဖြစ်အောင်လှူပါ။

ဆိုကြပါစို့ -

တနင်္ဂနွေသားသမီးက လှူမယ်။

ပန်းသီးတွေ၊ ပိန္နဲသီးတွေ၊ သင်္ဘော သီး၊ သစ်တော်သီး၊ သရက်သီးတွေ။ ပြီးရင် ကြဲ၊ ကြဲပန်းခိုင် ဒါမှမဟုတ် ကြဲကို လက်နှစ်ဆစ်လောက်အတုံးကလေးတွေ လုပ်၊ ဒီလိုမှ အဆင်မပြေသေးရင်တော့ ကျောက်ကျောပေါ့။

လှူရင်ဘယ်လိုလှူမလဲ။

ကော်ပန်းကန်ပြားတွေဝယ်သွား သုံးချပ်။ တစ်ချပ်စီမှာ တစ်မျိုးစီသန့်သန့် ပြန့်ပြန့် လှလှပပထည့်လှူ။ ပန်းကန်တွေ ပါလှူခဲ့။ သစ်သီးတွေကိုရေဆေး၊ အခွံ ခွာ ခွဲစိတ်ပြီးမှလှူပါ။

ဒီလိုမှမဟုတ်သေးဘဲ လင်ပန်း ကြီးထဲကို သုံးမျိုးလုံးထည့်လှူမယ်ဆို လည်းလှူ။

အကောင်းဆုံးကတော့ မဟာ ဝေဒဗွမန္တန်တော်ကြီးကို (၂၇) ခေါက် ရွတ်ဖတ်ပူဇော်ပြီး ဘုရားဝတ်ပြုနိုင်ရင် အကောင်းဆုံးပါပဲ။ ဘယ်လိုမှအချိန်မရ ပါဘူးဆိုရင်တော့ (၉) ခေါက်ပေါ့။ ဖြစ် နိုင်ရင်တော့ (၂၇) ခေါက်ရအောင် ရွတ် ပါ။

ဒါကြောင့် -

ဘုရားစေတီများဆီကို လမ်း လျှောက်သွားပြီး ကုသိုလ်တွေပြု၊ ပြီးရင် အထက်ဆောင်ပန်းဆွမ်းတော်တွေနှင်ကပ် လှူတော့မယ်ဆိုရင် အချိန်ပေးရပါလိမ့် မယ်။ အားလပ်အောင် အချိန်ယူပြီးမှ ပြုလုပ်ပါ။

ရွတ်ဖတ်ပြီးပြီ၊ ပူဇော်ပြီးပြီဆိုရင် မေတ္တာတွေပို့၊ အမျှအတန်းတွေဝေပြီး ဆွမ်းတော်စွန့်ပြီး လင်ပန်းပြန်ယူသွားလို့ ရပါပြီ။

ဒီနေရာမှာ ပြောချင်တာက ဖြစ် နိုင်သမျှ အသီးအနှံတွေနဲ့သာပူဇော်ပါ။

ဥပမာ တနင်္လာနံဆိုရင် ကော်ဖီ အစား ကြဲ၊ ကြဲရည်တို့နဲ့ပူဇော်ပါ။

ဘာလုပ်လုပ် ဘာမှအဆင်မပြေ ပါလားဆိုတဲ့ညည်းတွားသံတွေ တဖြည်း ဖြည်းမျောက်ကွယ်သွားပါလိမ့်မယ်။

ဒီကောင်းမှုကုသိုလ်အစီအရင်နဲ့ အထက်ဆောင်ပန်းအာဟာရများပူဇော် တာ ဘယ်လောက်ထိအောင်မြင်နိုင်ပါ တယ်လို့ မညွှန်းလိုပါဘူး။ ရန်ကုန်ကနေ ဇရပ်ကွင်းထိ လမ်းလျှောက်နိုင်သူက ဇရပ်ကွင်းရောက်သွားမှာဖြစ်သလို အင်း တကော်ထိဆက်လျှောက်သူက အင်းတ ကော်ကိုရောက်သွားမှာပါ။ ပဲခူးအထိ သွားချင်စိတ်ရှိသူဆိုရင်လည်း ပဲခူးကို ရောက်သွားပါလိမ့်မယ်။

ဖြစ်အောင်လုပ်မယ်ဆိုတဲ့ 'စိတ်' ပါပဲ။

မိတ်ဆွေတော်တော်များများကိုပေး နိုင်ခဲ့ပါပြီ။

တော်တော်များများလည်းအောင် မြင်ခဲ့ကြပါပြီ။ အောင်မြင်နေကြပါပြီ။ ပီတိဖြစ်ရပါတယ်။

ဒီလိုတွေ အောင်မြင်ပါများလာ တော့ -

ဟိုး-ဝေးလံတဲ့ဒေသတွေမှာနေကြ တဲ့ သူရဇ္ဈကိုချစ်ကြတဲ့ ကျေးဇူးရှင် ပရိသတ်ကြီးအတွက် စဉ်းစားပါပြီ။

ဒါကြောင့်လည်း -

ဒီလအတွက် သူရဇ္ဈလက်ဆောင် ဖြစ်ခဲ့ရတာပါ။

တစ်ခါက သူငယ်ချင်းတစ်ယောက် ဟာ လူမှုရေးကိစ္စတွေနဲ့ စိတ်ဖိစီးမှုတွေ တအားများပြီး သူ့ကိုယ်သူတောင်သတ် သေချင်ချင်တဲ့စကားတွေ အကြိမ်ကြိမ် ပြောလာခဲ့ပါတယ်။

မှန်ပါတယ် - သူ့သားသမီးတွေ၊ ညီအစ်ကိုမောင်နှမတွေရဲ့ဒဏ်ကို သူခံ စည်းခံရလွန်းလို့ သူ့ခမျာ ရုပ်တောင် မပေါ်ရှာတော့ပါဘူး။

ဒါကြောင့် ကျေးဇူးရှင် အာစရိယ ဆရာသခင်ကို ရိုသေစွာ ဦးတိုက်ပြော ကြား အကူအညီတောင်းပြီးမှ ဆရာခွဲ ခွင့်ပြုချက်နဲ့ အခုပေးခဲ့တဲ့ ကုသိုလ်ပြု

www.burmeseclassic.com

www.burmeseclassic.com

အစီအရင်ကို သူငယ်ချင်းကိုပေးခဲ့ပါတယ်။

သူငယ်ချင်းက ငါကနေလို့မထူးတော့ဘူး။ ဘာလုပ်လုပ် ဘာမှဖြစ်လာတော့တာမှမဟုတ်တာ။ သေမယ့်လူပဲကွာ၊ ဒါတွေလုပ်စရာလိုသေးလားလို့ ပြောပါတယ်။

အေးပါ။ သေတာတော့သေပါ။ ဒါပေမယ့် မသေခင်မှာ ဒါလောက် စိတ်ဖိစီးမှုခံနေရတဲ့ ကံကြမ္မာကို မီးခိုးလွင့်ပြယ်သွားသလို ငါလုပ်ချင်လို့ မင်းကူညီတဲ့အနေနဲ့လုပ်ပေးပါ သူငယ်ချင်းရယ်၊ မင်းနဲ့အတူ ငါပါလမ်းလျှောက်ပြီး ဘုရားသွားကြတာပေါ့ဆိုပြီး မနည်းပြောခဲ့ရပါတယ်။

သူတကယ်လုပ်ခဲ့ပါတယ်။

သူက အင်္ဂါသား။ သူ့အတွက် အုန်းသီးစိတ်တွေနဲ့ ထန်းသီးလေးတွေကို ကိုယ်တိုင်ပဲဝယ်ပေးခဲ့ရပုံတယ်။ သူ့ကိုတော့ ရွှင်လှည့်ဖွဲ့ရေစိမ်ပြီး အဲဒီရေနဲ့ သစ်သီးတွေကို ပက်ဖျန်းပြီး လျှုခိုင်းခဲ့ပါတယ်။ အဲဒီအချိန်က လိမ္မော်သီးမထည့်ဖြစ်လို့ပါ။ လိမ္မော်သီးထည့်ရင်တော့ ရွှက်လှည့်ဖွဲ့ရေစိမ်ပြီးဖျန်းစရာမလိုတော့ဘူးပေါ့။

တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မထူးခြားသေးပါဘူး။ ငါးကြိမ်မြောက်ကျမှပဲ သူ့မျက်နှာမှာ လပေါင်းတော်တော်ကြာကြာပျောက်ကွယ်ခဲ့တဲ့ ပြုံးခြင်း၊ ရယ်ခြင်းတွေ မြင်ရပါတော့တယ်။

ပီတိဖြစ်လွန်းလို့ သူငယ်ချင်း ပခုံးလေးကိုဖက်ပြီး မျက်ရည်တောင်လည်ခဲ့ရပါတယ်။

သူဟာ ဒီလိုပူဇော်တဲ့နည်းကို အရမ်းအံ့သြပြီး ခုထိ တစ်လတစ်ကြိမ် မပျက်မကွက်ပြုခဲ့တာ နှစ်ပေါင်းတောင် မနည်းတော့ပါဘူး။ စိတ်ဆင်းရဲစရာတွေနဲ့ သူနဲ့ကြားမှာ ဒီနည်းက သံကွန်ချာကြီးလိုကာပေးထားပါပြီ။ တံတိုင်းကြီးကာထားသလိုဖြစ်နေလို့ မတိုးနိုင်တော့တဲ့ စိတ်ဆင်းရဲစရာတွေဟာ တဖြည်းဖြည်းနဲ့ လွင့်လွင့်ဝေးဝေးသွားကြပါပြီ။

သူလိုပဲ စိတ်ချမ်းသာသွားကြသူတွေ အများကြီးပါ။

ဒါပေမယ့် ဖြစ်နေတဲ့ဖြစ်စဉ်ပေါ်မူတည်ပြီး တချို့က နှစ်ကြိမ်၊သုံးကြိမ်မှာထူးသွားတယ်။ တချို့ကျ ရှစ်ကြိမ်၊ကိုးကြိမ်ကျမှထူးကြသူတွေရှိပါတယ်။

စိတ်ဓာတ်မကျပါနဲ့။

စိတ်မညစ်ပါနဲ့။

ဇွဲရှိရှိနဲ့ပြုပါလေ။

အောင်ကိုအောင်မြင်လာမှာလုံးဝ မလွဲပါဘူး။

ဘာလုပ်လုပ် ဘာမှဖြစ်မလာတဲ့ ဘာတွေဖြစ်နေမှန်းမသိတာတွေအတွက် စိတ်ညစ်စရာမလိုတော့ပါဘူး။

လုပ်ဖြစ်ဖို့သာ အဓိကပါ။

တနလ်ာသားသမီး

သရက်သီး၊ သစ်တော်သီး၊ ဆီးသီး၊ နှင်းသီး၊ ထန်းသီး၊ နဂါးမောက်သီး၊ ထောပတ်သီး၊ စတော်ဘယ်ရီ။

အင်္ဂါသားသမီး

နှင်းသီး၊ ထန်းသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ အုန်းသီး။

ဗုဒ္ဓဟူးသားသမီး

အုန်းသီး၊ ပန်းသီး၊ မရန်းသီး၊ မက်မန်းသီး၊ ပိန္နဲသီး၊ ကြဲ၊ ကြံရည် (မရမကျောက်ကျော)။

ကြာသပတေးသားသမီး

ကြဲ၊ ကြံရည်၊ သရက်သီး၊ သစ်တော်သီး၊ ဆီးသီး၊ စတော်ဘယ်ရီသီး၊ ထန်းသီး၊ ထောပတ်သီး၊ နှင်းသီး၊ နဂါးမောက်သီး၊ လိမ္မော်သီး။

သောကြာသားသမီး

ဆီးသီး၊ စတော်ဘယ်ရီသီး၊ ထန်းသီး၊ ထောပတ်သီး၊ နှင်းသီး၊ နဂါးမောက်သီး၊ လိမ္မော်သီး။

စနေသားသမီး

လိမ္မော်သီး၊ အုန်းသီး၊ ပန်းသီး၊ ပိန္နဲသီး၊ မက်မန်းသီး၊ မရန်းသီး။

ဒီလို အထက်ဆောင်ပန်း အသီးအနှံ အာဟာရဆွမ်းတွေ ဘုရားပူဇော်ပါ။

ကိုယ့်ဒေသ ကိုယ့်ဝေါဟာရနဲ့ ခေါ်ဝေါ်တဲ့နဲသင်္ဘအသီးအနှံတွေနဲ့လည်း ပူဇော်ပါ။ ရပါတယ်။

ဒီအစီအရင်ဟာ အာဟာရဆွမ်းတွေနဲ့ ပူဇော်တာဖြစ်ပါတယ်။ ပန်းတွေ မပါပါဘူး။ ဆွမ်းတော်ကပ်တာပါ။ ဒါလေးတော့ သတိထားပေးဖို့ပါ။

ဒါကြောင့် -

ဒီအစီအရင်နဲ့ ဘုရားပူဇော်တော့ မယ်ဆိုရင် မနက်ပိုင်းက အကောင်းဆုံးပါပဲ။

တချို့က ပြောကြပါတယ်။ သောကြာနဲ့ သလဲသီးတို့၊ တနလ်ာနဲ့ ကွဲကောသီးတို့ဟာ မပူဇော်သင့်ဘူးလို့ ပြောကြပါတယ်။

ဘုရားရှင်ကို သစ်သီးပေါင်းစုံနဲ့ သန့်သန့်ပြန့်ပြန့် ပူဇော်တာပဲလေ။ ရေဆေး၊ အခွံခွာပြီး ကျကျနနခွဲခြမ်းစိတ်ဖြာပြီးပူဇော်တာပဲ၊ အစွမ်းထားပါနဲ့။ သစ်သီးဆွမ်းအနေနဲ့သာ ကုသိုလ်အများကြီးယူလိုက်ပါ။

ရေငန်းသီးလည်းရပါတယ်။ ကြာပင်ကသီးတဲ့ ကြာခွက်အသီးလေးတွေလည်းရပါတယ်။ တော်တော်လေးကို အသီးစုံစုံနဲ့ ပူဇော်ကြတာ နယ်တွေရောက်ခဲ့တုန်းက ပီတိများစွာနဲ့ စောင့်ကြည့်ပေးခဲ့ရပါတယ်။ ဘယ်လိုစုံစုံလဲဆို တော့ ဒေါင်းလန်းကြီးထဲမှာ အဲဒီအထက်ဆောင်ပန်း (၃) မျိုးကို ပူဇော်တာပါပဲ။ ဒါပေမယ့် ပန်းသီး၊ ပန်းသစ်တော်၊ မက်မန်းသီး အဲဒါတွေခွဲစိတ်ပြီးတော့ လိမ္မော်သီးတွေအများကြီးခွဲ၊ အမြွှာတွေနဲ့ ပူဇော်ပြီးတော့ ရေငန်းသီးတွေ အများကြီး အများကြီး၊ ဒေါင်းလန်းကြီးတွေကို ပြည့်နေတာပဲ။ အဲသလိုပူဇော်ကြတာပါ။ အဲဒီမှာ သလဲသီးတွေရော၊ စပျစ်သီးတွေရော စုံနေအောင် တွေ့ရပါတယ်။

သူတို့မပြောနဲ့။ သူတို့ကို ဒီလို ပူဇော်ခိုင်းတဲ့သူတောင်၊ ပူဇော်ဖို့အကြံပေးတဲ့သူတောင် ပီတိတွေဖြစ်လွန်းလို့ ဆွမ်းတော်ကပ်လို့ကို မဝနိုင်လောက်အောင် ကုသိုလ်ယူခဲ့မိပါတယ်။

ဒါကြောင့် -

ဘာလုပ်လုပ် ဘာမှဖြစ်မလာတဲ့ သူတွေအတွက် -

ဖြစ်လာစေတဲ့လမ်းကိုပြလိုက်ပါပြီ။

စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ အောင်မြင်ကြဖို့သာ စဉ်းစားထားလိုက်ကြပါ။

ဖြစ်နိုင်တာတွေကိုသာပေးလေ့ရှိတဲ့ သူရဇ္ဈရဲ့ထုံးစံအတိုင်း ဘာလုပ်လုပ် ဘာမှဖြစ်မလာသူတွေအတွက် သူရဇ္ဈလက်ဆောင်ပါးလိုက်ပါပြီ။

အားရပါးရ ပြုံးပျော်ကြည်နူးရင်း-

အောင်မြင်တဲ့နေ့သစ်ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း

(ဧင်ကိုအေးမြစောသူး)

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများတွင် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ဝင်ငွေကောင်းနေပါမည်။ အကုန်အကျလည်းများနေပါမည်။ သူတစ်ပါးကို ငွေချေးမည်ဆိုပါက စဉ်းစားပါ။ စကားများရတတ်ပါသည်။ စကားခဏာခဏာမှားတတ်၍ စကားပြောဆင်ခြင်ပါမှ တော်ကာကျမည်။ အနုပညာနှင့်ဆိုင်သော အသံထွက်ပစ္စည်းများ မကြာခဏာပျက်နေတတ်သည်။ သွေးသားနှင့်ဆိုင်သော ကျန်းမာရေးဂရုစိုက်ပါ။ ဌက်စာများများကျွေးပါ။ ကိုယ်လက်လေ့ကျင့်ခန်းများများလုပ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ဆက်ကာဆက်ကာ အောင်မြင်ပါလိမ့်မည်။ လုပ်ငန်းခွင်တွင် မည်သည့်အလုပ်ဖြစ်ဖြစ် တစ်ကြိမ်တစ်ခါနှင့်မပြီးဘဲဖြစ်နေတတ်ပါသည်။ သူများ၏အလုပ်များကိုလည်းလုပ်ပေးနေရတတ်ပါသည်။ ချစ်ရေးချစ်ရာကိစ္စများတွင် ငယ်ရွယ်သူများတွေ့ပြန်လျှင်လည်း ပြဿနာရှာချင်၊ လူချင်းခွဲပြန်ကြလျှင်လည်း စိတ်ထိခိုက်နေ၊ လွမ်းနေဖြစ်နေတတ်၍ ဌက်စာများများကျွေး၊ မေတ္တာများများပို့ပေးနေပါ။ စိတ်မကစားပါနှင့်။ စိတ်နှစ်ခွမဖြစ်ပါစေနှင့်။ စက်ဟောင်းများမဝင်ပါစေနှင့်။ စက်ဘီး၊ ဆိုင်ကယ် အကြမ်းပတမ်းမစီးပါနှင့်။ ထိထိုးရန်အတွက် ကြာသပတေးနံထိဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကစ်မိုးပါလေ။

ယတြာ ။ ။ *မသန်မစွမ်းဖြစ်နေသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကောင်းသောအတွေး၊ ကောင်းသောအကြံအစည်များနှင့် မင်္ဂလာရှိစွာ နေထိုင်ပြောဆိုပါ။ အောင်မြင်မှုများရရှိပါလိမ့်မည်။ စကားကြောင့် အမှုန်းပွား၊ စီးပွားရေးများထိခိုက်၊ အိမ်ထောင်ရေးတွေပြိုကွဲတတ်သောကြောင့် အထူးဆင်ခြင်ပြောဆိုဆက်ဆံပါ။ ကျန်းမာရေးများကောင်းနေစေရန်အတွက် လွန်ကဲစွာအဆာမခံပါနှင့်။ အပူအစပ်များလွန်ကဲစွာမစားပါနှင့်။ ရေကူးမကျွမ်းကျင်သူများ ရေမကူးပါနှင့်။ အတိုက်အခံများလွန်းလျှင် ဂုဏ်တော်ကွန်ချာပုတီးစိပ်ပါ။ ပညာရေးကံများကောင်းပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ချစ်တတ်သူများလည်း ကံကောင်းနေပါသည်။ သို့သော် ဘာမဆို ကိုယ့်သဘောအတိုင်း မဆုံးဖြတ်ပါနှင့်။ အနိုင်ယူပြီးပြောရင်းက တစ်ဖက်သားအပေါ် အပြောအဆိုတင်းမာမှုများဖြစ်လာပါက စိတ်ကုန်သွားတတ်၍ အထူးဆင်ခြင်ရပါမည်။ ရွှေဟောင်းရွှေပျက်များဝတ်ရန်မဝယ်သင့်ပါ။ ညီအစ်ကိုမောင်နှမများနှင့်လည်း စကားကြောင့် စိတ်ဝမ်းကွဲတတ်၍ စကားပြောမမာပါနှင့်။ ဂုဏ်တော် (၉) ပါးကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ထီထိုးရန်အတွက် မင်္ဂလာသီချင်းများဖွင့်နေသော ထီဆိုင်၊ ထီကားများနှင့်ကြုပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ ဦးခေါင်းကျန်းမာရေးမကောင်းသူများကို ဆေး ၄၉၊ အာဟာရလုံလောက်ပါ။

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အပေါင်းအသင်းကြောင့် ဂုဏ်တက်တတ်သလို အပေါင်းအသင်းကြောင့် ဂုဏ်ပျက်တတ်ပါသည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ထီဆုကြိုးများပေါက်တတ်ပါသည်။ ခရီးသွားလာရန် ကိစ္စများရှိပါက အထစ်အငေါ့ အခက်အခဲဖြစ်တတ်ပါသည်။ သွေးသားနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပါ။ အိပ်ရေးပျက်မခံပါနှင့်။ အချို့အဆိမ့်များလွန်ကဲစွာမစားပါနှင့်။ ပညာရေးအတွက် မြင်းကောင်းခွာလိပ်မဖြစ်စေရန် ကိုယ့်အသိစိတ်နှင့်ကိုယ်ကြိုးစားပါ။ အိမ်ထောင်ရှင်များဖြစ်ပါက အခြံပွာယ်မရှိသော်ကိစ္စများအတွက် ငြင်းခုံစွပ်စွဲသောကိစ္စမျိုးမပြုပါနှင့်။ စကားပြောဆင်ခြင်ပါ။ ချစ်ရေးချစ်ရာကိစ္စများအဆင်ပြေစေရန် ခဲလေးများကို မကြာမကြာအစာကျွေးပါ။ ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။ မြေကွက်ဝယ်မည့်သူများ အရှေ့အရှင်းရှိတတ်၍မဝယ်သင့်ပါ။ အိမ်ဆောက်ခြင်း၊ အိမ်ပြင်ခြင်းကိစ္စများဆောင်ရွက်ပါက အကျိုးပေးသောနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇၊ ၁၊ ၂ ၉) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ ခြေထောက်၊ ခါး မကောင်းသူများကို ငွေ၊ အာဟာရလုံလောက်ပါ။

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်ပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဆိုင်ကယ်အကြိမ်းမစီးပါနှင့်။ အင်းပျက်များ၊ အဆောင်ပျက်များရှိပါက ခိုက်တတ်၍ စွန့်ပစ်လိုက်ပါ။ အိမ်ဆောက်မည့်သူများ လိုတာထက်ပို၍ ငွေကုန်ကျတတ်ပါသည်။ စက်ရုံလုပ်ငန်းများ၊ ဆေးပစ္စည်း၊ ဆေးရောင်းဝယ်ရေးများ၊ အဆောက်အအုံလုပ်ငန်းများထစ်ငေါ့နေတတ်ပါသည်။ စာကလေးများကို နေ့စဉ်အစာကျွေးခြင်း၊ ဘုရားစေတီများသို့ရောက်တိုင်း စာကလေးလွတ်သောကုသိုလ်များရယူခြင်းများဆောင်ရွက်ပါ။ ကျန်းမာရေး လိုအပ်ပါက အာနာပါနရှုမှတ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ ဦးခေါင်းနှင့်ဆိုင်သောဝေဒနာရှင်များကို ဆေး ၄၉၊ အာဟာရလုံလောက်ပေးပါ။ လေအောင့်တတ်ပါသည်။ အဆာမခံပါနှင့်။ အဆာလွန်၍ခေါင်းမူးတတ်ပါသည်။ ပညာရေးကောင်းမည်။ အောင်မြင်မှုများရရှိနေမည်။ စားချိန်၊ အိပ်ချိန်မှန်ပါစေ။ ချစ်တတ်သူများလည်း ကံကောင်းနေပါသည်။ စကားကြောင့် အများမဖြစ်အောင်သတိထားပါ။ ဘုရားစေတီများသို့ရောက်အောင်သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ မွေးနံ့ထောင့်တွင် ရေသပ္ပာယ်ခြင်းများဖြင့် အညှဉ်းများကင်းစင်သွားပါမည်။ ထီထိုးရန်အတွက် တနလ်ာနံထီဆိုင်တွင် (၉) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ ဘုရားရှင်အား ပန်းပေါင်းခဲ့ (၅) မျိုးနှင့်ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးအောင်မြင်ပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြော အစည်းဆင်ခြင်ရပါမည်။ လုပ်ငန်းရှင်များဖြစ်ပါက ကိုယ့်မိတ်က သူများမိတ်ဖြစ်သွားတတ်ပါသည်။ အလုပ်ကိစ္စစကားပြောရင်းနှင့် စိတ်ဝမ်းတွေကွဲသွားတတ်ပါသည်။ အိမ်ထောင်သည်များဖြစ်ပါက ဆွေမျိုးသားချင်းများကြောင့် ခဏခဏစကားများရခြင်း၊ အိမ်ပေါ် ကဲဆင်းရခြင်းများဖြစ်တတ်ပါသည်။ တန်ဖိုးမရှိသောကျောက်များမဝင်ပါစေနှင့်။ တန်ဖိုးကြီးမားသောကျောက်များဝင်၍ရပါသည်။ ကျန်းမာရေးအတွက် အရမ်းပူသော၊ စပ်သောအစာများမစားပါနှင့်။ ဓာရကာပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ဆေးမကြာခဏလှူပေးပါ။ ပညာရေးကဲများကောင်းနေသော်လည်း အပေါင်းအသင်းခုံမင်မှုကြောင့် စိတ်လေနေတတ်ပါသည်။ ထိန်းပါ။ အိပ်ရေးပျက်လွန်စွာမခံပါနှင့်။ ချစ်တတ်သူများအတွက် ခဏခဏစကားငြင်းခုံနေခြင်းများရှောင်ပါ။ ကိုယ်ကလျှော့ပေးပါ။ လာဘ်လာဘအတွက် ငွေဝင်စေမည့်ဂါထာများ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ မွေးနေ့တွင် အသားစားရှောင်ပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ လေရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများတွင် တနလ်္ဂာနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကောင်းဆုံးအောင်မြင်သွားမည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လောင်းကစားကိစ္စများရှောင်ရပါမည်။ လောင်းကစားမှရသောငွေသည် လောင်းကစားကြောင့် ချက်ချင်းပြန်ကုန်သွားပြီးရှိတဲ့တွေပါ အဆစ်ထပ်ပါသွားတတ်ပါသည်။ တန်ဖိုးမရှိသောကျောက်လုံးဝမဝင်ပါစေနှင့်။ လာဘ်ပိတ်သွားတတ်ပါသည်။ တန်ဖိုးရှိမှဝယ်ပါ။ စီးပွားရေးအဆင်ပြေလာပါလိမ့်မည်။ စကားပြောမောက်မာလာတတ်ပါသည်။ သတိထားဆင်ခြင်ပါ။ ကျန်းမာရေးအတွက် အပူအစပ်များအလွန်အကျွံမစားပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ လမ်းများများလျှောက်ပေးပါ။ ဂုဏ်တော်ပုတီးစိပ်ပါ။ ဦးခေါင်းမကောင်းသူများကိုရှာဖွေပြီး ဆေး၊ ငွေ၊ အာဟာရ ထောက်ပံ့ပေးပါ။ ပညာရေးကောင်းပါသည်။ ခန္ဓာကိုယ်ထိမိခိုက်မိအောင်အရမ်းမဆော့ပါနှင့်။ ချစ်တတ်သူများအတွက် မျက်နှာပွင့်လွန်းနေပါသည်။ စကားကြောင့် အမှားမဖြစ်ပါစေနှင့်။ ထီဝါသနာရှင်များ တနလ်ာနံထီဆိုင်တွင် (၉) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ မွေးနေ့တွင် ကောင်းမှုကုသိုလ်များ မမေ့မလျော့ပြုပေးပါ။ အောင်မြင်မှုမှားရရှိပါလိမ့်မည်။

ယတြာ ။ ။ (၉) ရက် သို့မဟုတ် (၃)ရက် အဓိဋ္ဌာန်တစ်ခုခုဝင်လိုက်ပါ။

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်မှုရရှိပါမည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အင်း၊ အဆောင်တွေမဝင်ပါစေနှင့်။ ရိုပြီးသား ပျက်နေလျှင်စွန့်ထုတ်ပစ်ပါ။ အိမ်ကိစ္စ၊ မြေကိစ္စ၊ ရွှေကိစ္စတွေနှင့်ပတ်သက်၍ မည်သူ့ကိုမျှအာမမခံပါနှင့်။ ကိုယ်ကကြားချပ်သွားတတ်ပါသည်။ ရွှေလုပ်ငန်း၊ ရေလုပ်ငန်း၊ အဆောက်အအုံလုပ်ငန်းများလုပ်ကိုင်နေသူဖြစ်ပါက အကျိုးပေးသူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကျန်းမာရေးအတွက်လိုအပ်ပါက စိတ်ဝေဒနာရှင်များကိုတွေ့အောင်ရှာ၍ ငွေ၊ အာဟာရထောက်ပံ့ပါ။ ပညာရေးကဲများကောင်းပါသည်။ အိပ်ရေးပျက်မခံပါနှင့်။ အာရုံကြောများညောင်းညာသည်အထိမဆော့ပါနှင့်။ မိဘ၊ ဆရာများကို ပြန်မပြောပါနှင့်။ စကားပြောဂဏာခဏာများတတ်ပါသည် ဆင်ခြင်ပါ။ ချစ်တတ်သူများအဆင်ပြေကြပါလိမ့်မည်။ စကားပြောမာသွားတတ်၍ သတိလေးတော့ထားပါ။ ထီကံကောင်းနေပါသည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများ၊ ထီပေါက်စေသောဂါထာများအဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပုတီးများစိပ်ပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ ဘုရားရှင်၏ ဂုဏ်တော်များကို နှုတ်မှအသံထွက်၍ နေ့စဉ်ကြည်ညိုစွာပူဇော်ပါ။ (၁၅) မိနစ်အနည်းဆုံးပူဇော်ပါ။

ရင်ကိုင်းအား မြေစာဇာ

ဆရာဦးမောင်မောင်သန်း

အမှတ် (၈၂) ကုန်းကောင်း(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com